www.burmeseclassic.com

အတွဲ (၁၆) အမှတ် (၁၀)
၂၀၁၆ ခုနှစ် အောက်တိုဘာလ

မဂ္ဂဇင်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

# သရဖူ

မဂ္ဂဇင်း

အတွဲ (၁၆) အမှတ် (၁၀) ၂၀၁၆ ခုနှစ် အောက်တိုဘာလ


[illegible]
[illegible]ောင်မောင်သန်း
([illegible])
[illegible]

ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမွန်ထွန်း၊ နင်းသဉ္ဇာကျော်၊
ဆန်းထွန်းမြင့်။
ရုံးအဖွဲ့
အေးအေးစန်း၊ စုမွန်၊ ထွေးစန္ဒာ
စုစုစံ၊ နန္ဒ၊ ဖြိုးရတနာ၊ ယုယုထွေး
ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁- ၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၈၈၇၁၈

မျက်နှာဖုံးနှင့် အတွင်းပန်းချီ
စိုးအောင်
သရုပ်ဖော်စာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color kingထုတ်ဝေသူ
ဦးအောင်မြတ်
(၀၀၀၈၄)
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁- ၂၉၈၆၇၄

မျက်နှာဖုံး
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်းဦးစာပေ
နေပြည်တော်ပျဉ်းမနား-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရှမ်းတောင်ကြီး-ဂဠုန်၊ မီလျံ့မှာ
ပဲခူး- သဇင်စာပေ
ဟသ်ာတ-တာလေးမောင်၊ ရွှေယောင်း
မကွေး -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
မြန်အောင်-လှထုမေ[illegible]
အုပ်ရေ ၁၀၀၀
ထက်ကားဖြန့်ဈေး ( ၃၀၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## ဘာသာရေးဆောင်းပါးများ


၆ ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသော
ထွက်ပေါက်
(ကထာစာပေါင်းသိုက်)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၉ မြန်ပြည်အဝှမ်း ဘေးဘယာမသန်း
အေးချမ်းစေမည့်
ပြည်လုံးအေးစေတီတော်မြတ်ကြီး
**အောင်မြင့်ထွန်း(မသုံးလုံး)**

၂၉ မျှော်စင်ကျွန်းမှမျှော်ရစ်ဘုရား
**မောင်စိမ်းတွေး(ထားဝယ်)**

၃၉ ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၄၁ ရွှေဘိုမြို့မှ
ဖားမဲ့ဆရာတော်ထွက်ရပ်ပေါက်ကုန်း
**သန်းဆွေ(ရွှေဘို)**

၄၅ လေ့လာရန်ခက်ခဲရှားပါး
စဉ့်ကိုင်မြို့မှအန္တဂူရုပ်ကြွဘုရား
**တိုက်ကြည်(စဉ့်ကိုင်)**

၄၇ သံသယဆိုးနှင့်ရန်ငြိုးများ
အောင်ဂါထာနှင့်တား
**အံ့ကြွယ်**

၅၁ ပုံတောင်ပုံညာဒေသ ထီးလင်းမြို့က
သီပေါဘုရင်၏ကောင်းမှုတော်
ဆုတောင်းပြည့်
မာန်အောင်ရတနာစေတီတော်
**ကိုယောဂ(ဘောဂဗေဒ)**
**စာပေဆုများရှင်**

၆၇ ရုပ်ကိုမသုံး နာမ်ကိုသာသုံးတဲ့
ဓာတ်ပေါင်းဦးသျှောင်
အောင်မင်းခေါင်နှင့်
အတွင်းရှေကြာအိုင်သိုက်မှ
သိုက်နန်းရှင်တို့၏သာဓုခေါ်သံ
**အဘဝ(သာသနာ့အလင်းရောင်)**

၇၉ ဇေဂ္ဂသုတ်တော်အစွမ်း အံ့မခန်း
**မိုးမြင့်မိုး(မြိတ်)**

၈၁ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၁၂)
**ကံဝင်း**

၈၇ ဗုဒ္ဓမှုဒြာဟန်ကိုးဖြာ
**တော်တော်တည်**

၉၀ အင်းလေး
ရွှေဥဒေါင်းတောင်ဆရာတော်ကြီး
ချီးမြှင့်တော်မူခဲ့သော
ဓနသိဒ္ဓိဂါထာတော်
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၉၁ ရွှေကက္ကူဆံတော်ရှင်၊ စွယ်တော်ရှင်၊
ပြဒါးရှင် တြိဖလဆေးဘုရား
ပန္နက်တင်မင်္ဂလာကျင်းပခြင်း
ဆောင်းပါး၏နောက်ဆက်တွဲ
ရွှေကက္ကူ ဆံတော်ရှင်၊ စွယ်တော်ရှင်၊
ပြဒါးရှင်၊ တြိဖလစေတီတော်
ထူးခြားမှုများစွာနှင့်ထီးတော်တင်ပွဲ
ကျင်းပပြီးစီးပြီ
**ဘိုဘို(ရွှေကက္ကူ)**

၁၀၇ ဂမနဝတ္ထုနာ
ဘုရားရှိခိုးဂါထာတော်များနှင့်
စပ်လျဉ်း၍
**မြဝင်း(ဒဿန)**

၁၃၂ ဘုန်းကံကြီးမားမင်းကေရာဇ်များနှင့်
အစီအရင်အဆောင်ဂါထာများ(၂၁)
**သစ္စာဝါဒီ-ဦးမြင့်အောင်**


## သုတရသဆောင်းပါး


၃၆ ပညာရှိနှင့်ပညာမဲ့
**ချောင်းဆုံအုန်းသွင်**

၄၆ အဓိဋ္ဌာန်တန်ခိုးဖြင့်
ဒိဗ္ဗအကျိုးခံစားရပြီ
**ဘုန်းခေါင်**

၅၆ ဓနတိုင်းရင်းသားတို့၏ရှေးဘုရား
အောင်သိဒ္ဓိရွှေပုထိုးဘုရားပွဲတော်
**ခင်(တောင်ကြီး)**

၆၂ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမံပညာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၁၉)
**ပထမံဆရာဦးအေးရွှေ**

၁၁၆ လူတိုင်းနှစ်သက်သည့်မေတ္တာ
**ဆောင်းကလေး**

၁၃၇ ရွှေတိဂုံပန်းချီအနုပညာ
**ယောနကဘိုးထောင်**


၁၆၄ ဆရာကြီးရွှေဥဒေါင်း၏
ကိုယ်တွေ့ဂျာနယ်မာရေး
လမ်းညွှန်ချက်
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၁၇၂ ပဲခူးရိုးမအကျဉ်းသား
**လှမိုး(ပညာရေး)**

၁၇၆ ဂင်းနစ်မှတ်တမ်းဝင်ပုဂ္ဂိုလ်များနှင့်
မင်းသားငယ်၏
အံ့ချီးဖွယ်ဖြစ်ရပ်ဆန်းများ
**ချစ်ဖိုး(မော်ကျွန်း)**

၁၉၉ မြန်မာ့ရိုးရာ
နတ်ယုံကြည်မှုဓလေ့(၈၃)
**မောင်သန်းဆွေ(ထားဝယ်)**

၂၀၉ ထမင်းရည်ချောင်းစီး
တစ်သောင်းခရီး
မောင်းတီးတဲ့အလှူကြီး
**ကိုညီလုံး**

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


[illegible] ပေးချင်သောစိတ်ရှိလျှင်
ပေးနိုင်ပါသည်၊
**သက်လိုင်မျိုး(စက်မှုတက္ကသိုလ်)**

[illegible] ရခိုင်ရာဇဝင်ထဲက
ဝေသာလီခေတ်ဆိုင်ရာပုံရိပ်များ(၂)
**ဖုန်းရှိအောင်**

[illegible] ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်
စင်ကာပူ-မလေးရှားခရီးစဉ်(၃)
**မောင်ပွင့်ညထဲ(မောရ)**

[illegible] ရှားငှတ်ခယောင်းတောမှ
သာမထော
**ညွန့်ဝေယျာ**

[illegible] မြင်းခြံ စွန်းလွန်းဂူကျောင်း
ဆရာတော်ဘုရားကြီး
ဦးကဝိအမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၂၉၇ [illegible]
မေတ္တာရပါမည်
**ရတနာခေဇီ**

၃၁၃ မေ့မရသောသမိုင်းစာမျက်နှာများ
**လျှမ်းထက်**

၃၂၅ ပဏ္ဍိတာရာမ
ရွှေတောင်ကုန်းဆရာတော်ကြီး
(၁၂၈၃-၁၃၇၇)
**ဦးစန္ဒိမ(စလင်း)**

၃၃၉ တံဆိပ်ခေါင်းဆိုင်ရာ
ဂင်းနစ်ကမ္ဘာ့စံချိန်များ
**ကြည်လွင်**

၃၄၆ စွဲလမ်းခြင်းဟူသည်
**ငွေလသာ(တွံတေး)**

၃၉၃ တန်ရာတန်ရာ
**ချောင်းဆုံအုန်းသွင်**

၃၉၅ ဘဝနှင့်လောကဓံတရား
(အပြန်-အပြန်-အပြန်လားဟေ့)
**မင်းဘူး-မိုလ်ဥတ္တမ**


## သုရဇ္ဇတိုင်းရင်းဆေး


၁၄၀ နှင်းခူအနာမခက်ပါ
**စိုးမင်း(မြောက်စည်း)**

၁၅၇ သင်ဒူးနာနေသလား
စိတ်ဓာတ်မကျနဲ့
ဆေးရှိတယ်
**ပန်းမော်ညိုသူ**

၁၇၁ သဘော်ဖိုရွက်၏ဆေးဖက်ဝင်ပုံ
**မနှင်းဆီ(ရေဆင်း-နေပြည်တော်)**

၂၃၀ သွေးဝမ်းသွားတာ
ကြောက်စရာမဟုတ်ပါ
**ပညာကျော်**

၂၆၉ ရောဂါထွေလီ ပျောက်စေမည့်
ကန်းဇော်ဆီ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၂၈၆ သိဒ္ဓိဝင်ပျားရည်၏နောက်ဆက်တွဲ
ရောဂါပျောက်ဆောင်းပါးများ
**အောင်စကြာ**
**အရှင်သုခမ္မသာရ**
**အငြိမ်းစားကျန်းမာရေးမှူး**

၃၁၀ ကလေးအတက်ရောဂါပျောက်)
ဆေးတစ်နည်း
**ကိုသက်ရှည်**

၃၁၇ ဟင်းငုတ်ပင် သို့မဟုတ်
အဆိပ်ပြေပင်
**အေးချမ်းအောင်(ရမည်းသင်း)**

၃၂၂ မိုးရာသီကျန်းမာရေးနှင့်
တိုင်းရင်းဆေးပညာ
**ဒေါ်နေနေနိုင်ရည်**
**(တိုင်းရင်းဆေး)**

၃၂၇ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်းလောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၁၉)
**ရွှေနုဝင်း(ပုသိမ်)**

၃၆၁ လမ်းနောက်ပြန်လျှောက်ခြင်းဖြင့်
**နေပြည်တော်ကျော်ကျော်စိုး**


၃၇၁ ကျောက်တည်ရောဂါနဲ့ရှုံးပွဲသေး
**စိုးမင်း(မြောက်စည်း)**

၃၉၉ လေ့လာမှတ်သားလိုက်နာ
ကျန်းမာစေရာ
တိုင်းရင်းဆေးပညာ
**ဦးကြည်ဝင်း(ရွှေစင်)ချောက်**

၄၀၁ ဘူးသီးဆေး
**ဦးကိုကိုကြီး(စစ်ဆေးရေး)**
**ကစစ(၁၂)၊ ထုံးဘို**

၄၁၀ ဝမ်းကိုက်ပျောက်ဆေးအလွယ်လေး
**ရွှေနှယ်စိုး**

၄၂၂ အစွမ်းထက်မြက်ကုက္ကိုရွက်
**ဦးကိုကိုကြီး(စစ်ဆေးရေး)**
**ကစစ(၁၂)၊ ထုံးဘို**

## သုရဇ္ဇရုပ်ပြဇာတ်လမ်း


[illegible] အသက်ကြွေးပေးဆပ်ခြင်း
**ကောင်းသော်**
**ပန်းချီစိုးအောင်**


www.burmeseclassic.com

www.burmeseclassic.com

## သုရဒ္ဓဝတ္ထုတို


၁၁၀ အကျဉ်းကျပိညာဉ်များ
သန့်ဇင်

၁၂၂ ကလျာဏမိတ္တကိုသာရှာ
ရဲမြတ်တင်(အမျိုးသားစာပေဆုရ)

၁၄၂ ကျွဲချေးခါး
မဟာသျှံ

၁၅၀ ဥပါဒါန်အစွဲလား၊
တိုက်ဆိုင်မှုလား
ပွင့်ဖြူ-ခင်မောင်ဌေး

၁၅၄ ထောင်တွင်း၌
ဆရာကြီးမင်းသိခ်နှင့်တွေ့ဆုံခြင်း
ထောင်မှူးကြီးသိန်းဝင်း

၁၅၇ ကျောက်ဆင်သိုက်လော၊
ညီမချည်တိုင်သိုက်လော
စိုးလင်းအောင်(မြန်အောင်)

၁၆၆ လိပ်နှင့်တောမီး
ရွှေပြည်စိုး(မိုးကုတ်)

၁၈၆ တာချီလိတ်မြို့မှအခန်းနံပါတ်(၉)
မ(တာချီလိတ်)

၁၉၀ သောကကျိန်စာ
ကျွန်းစဉ်မြေစောခက်
(အမျိုးသားစာပေဆုရ)

၂၀၂ သဒ္ဓါလွန်ကဲ ယုံကြည်လွဲလို့
ကြေကွဲဖွယ်ရာ
ဇာတ်လမ်းလေးတစ်ပုဒ်
မြင်သာ-သောင်းတင်

၂၂၂ အတိတ်ကံ
ထွန်း(နောင်ချို)

၂၃၂ အစီအရင်တန်ပြန်ခြင်း
စိုးထွန်း(ဥပဒေ)

၂၃၅ မလျော့သောမေတ္တာများဖြင့်
ပေးဆပ်သူ
မောင်လွမ်းမိုး(ချောင်းဆုံ)

၂၅၀ အာဋ္ဌာဝကမော်
နန္ဒဝင်းကျော်ခေါင်(ခတ္တ-လှ.ပြည်)

၂၅၆ တန်ပြန်သက်ရောက်မှု
မောင်မောင်ညွန့်(သရက်)

၂၇၀ ယက္ခမယ်တော် တကယ်စောင်မတယ်
ဇာတ်ပုံ-မောင်မောင်အေး

၂၇၈ ကြံ့ရဆုံရဝိဇ္ဇာဓရ
ဒေါ်သုမနဝိစိတ္တ
(B.Sc,H.G.P,Dip.Ed)

၂၈၂ ဓုတင်ဒေါ်ဖွားနှစ်နှင့်
ဆင်ခလောက်ရွာသုသာန်ကြမ်း
ကိုသဲယု(ပုဂံမြေ)

၂၉၄ ကံတူအကျိုးပေး
အေးမင်း(ကျိုင်းတုံ)

၃၀၀ ဂိုဒေါင်ထဲကအဖြူရောင်ပရဝိညာဉ်
အောင်ဆန်းလင်း(ဘီအေ)

၃၀၆ မီးပြသရဲ၏ပရိယာယ်
တင့်ထူး(ဇေယျာဝတီ)

၃၁၈ သရဲခြောက်ပုံဆန်းသည့်ရေကန်ကြီး
မောင်မောင်မိုးအောင်

၃၃၄ ဂမ္ဘီရဆန်သောပိုက်ဆံအိတ်
မောင်မောင်သန်းထွန်း

၃၃၇ ပင်းတယရွှေဥမင်လိုဏ်ဂူက
ထူးဆန်းသောကိုရင်ကြီး
မျိုးတင့်(ညောင်လေးပင်)

၃၅၀ ခရီးကြုံခဲ့ရစဉ်က
မင်းထက်ရတနာညီ

၃၇၈ ပြကျောက်(ဂ)
နေပြည်တော်ကျော်ကျော်စိုး

၄၁၀ အသက်ဥဏ်စောင့်
သော်တာအောင်(ကျောက်တော်)


## သုရဒ္ဓအခန်းဆက်ဝတ္ထုရှည်


၁၇၈ ဟူးကောင်းကျား
ဗိုးကျော့

၄၀၂ ပညာရှင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)


## သုရဒ္ဓ ပညာရပ်


၁၉၅ တားရှေ့ဖြန့်ခင်းပုံနည်းစနစ်
ဆရာကြီး

၂၁၇ နာမည်များနှင့်ငြင်းခုံခြင်း(၁၃)
နေဝိဇ္ဇာ

၂၂၇ ဝိဇ္ဇာဓရမြန်မာ့အင်္ဂရုတ်ပညာ(၆၇)
ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)

၂၄၃ ၂၀၁၆ ခုနှစ်အောက်တိုဘာလအတွက်
နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရှိန်းအောင်(ဂမ္ဘီရ)

၂၈၀ လက္ခဏာပညာ၏
လျှို့ဝှက်နက်နဲမှုများ
ဦးအောင်မင်း

၃၀၄ သွပ်ဓာတ်၏ပရိယာယ်နှင့်
သွပ်ဒက္ခ(၂)
မင်းချမ်းမြေ့(ပုသိမ်)

၃၃၀ အားနာတတ်သူများ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၅၅ ယနေ့ခေတ်သုံးလက္ခဏာကွန်ရက်
ဘသုံ

၃၇၂ တရုတ်ဂမ္ဘီရဖုန်းရွှေပညာ
ဦးအောင်လှိုင်(သုဝဏ္ဏ)

၃၇၇ ဒေါ်နယ်ထရမ့်သည် (၄၅) ဦးမြော…
သမ္မတဖြစ်နိုင်၊ မဖြစ်နိုင်
ဆရာချမ်းမင်း(LL.B)

၃၉၀ ကုသိုလ်တူ
မင်းပြည့်


## သုရဒ္ဓလက်တွေ့အသုံးချ


၃၈ အိမ်ကောင်းရလိုလျှင် ဤသို့ဆောက်…
မြင့်ဆုလှိုင်

၁၃၆ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၁၄၉ ပြည်မြန်မာ၏
၂၀၁၆ ခုနှစ်၊ တူရာသီပြောင်း…
မန္တိန်းဇာတာဟောကိန်း
မင်းရှိန်အောင်

၁၆၁ ဩဇာအာဏာ လာဘ်များစွာ
ရစေနိုင်သော လိပ်ကျောက်စမ…
အဆောင်ထားကြ
ပညာကျော်

၂၉၉ လာဘ်ပွင့်လူလာ
စရေးအခါ ဆောင်ရွက်ပါ
ဆရာဦးစိန်လှိုင်(ကျိုက်သတ်)

၃၁၁ ရတနာများစွာ
ရောက်ရှိလာစေနိုင်သော
မဏိရတနာအိုးစမဆောင်ထား…
သုဓ္ဓ(နဝင်းမြို့)

၃၂၉ ၂၀၁၆ ခုနှစ်အောက်တိုဘာလအ…
စီးပွားရေးဗေဒင်ဟောကိန်း
မင်းရှိန်အောင်

၄၁၂ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ…
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ(B.Sc)


၄၁၄ ကုသိုလ်ဆက်-ကံတက်
သုရဒ္ဓလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၄၁၉ ၂၀၁၆ ခုနှစ်၊ အောက်တို…
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်

၄၂၃ ၂၀၁၆ ခုနှစ်အောက်တိုဘာလ…
ခုနှစ်ရက်သားသမီးဟောစာတမ်း…
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)


www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာရပ်ခံပန်ကြားလွှာ

အနန္တကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့နယ် ရွှေနှစ်တောရတွင် အေးချမ်းစွာ သီတင်းသုံးနေတော်မူပါသည်။

၁၃၇၈ ခုနှစ် တန်ခူးလကွယ်နေ့ နောက်ဆုံးထားပြီး အဝေးနေပရိသတ်များအတွက် ဆွမ်းခံကြွချီတော်မူခဲ့ပါသည်။

၁၃၇၈ ခုနှစ် ကဆုန်လဆန်း (၁) ရက်နေ့မှ စတင်၍ အဓိဋ္ဌာန်ဝင်တော်မူပါသည်။

ဆရာတော်ဘုရားကြီး ဆိတ်ငြိမ်စွာ တရားအားထုတ်တော်မူနိုင်စေရန်အတွက် ဆန္ဒတော်မြတ်ကို အဝေးမှ မေတ္တာခံယူလိုက်နာခြင်းဖြင့် ပါရမီကုသိုလ်ယူကြပါရန်နှင့် အဖူးမြော်ခံခြင်းမရှိသေးပါကြောင်း လေးစားစွာ ပန်ကြားအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

❑ ဗဟုလ္လာ မမ သန္တိကေ၊
တက္က ဝစရ ဝတ္တုနိ။
ဓမ္တေ တမ္ဗိ ရာသိ ဓကော၊
ဓကေ ကော ဓမ္မာ ဘိသယော။

**မမသန္တိကေ** - ငါ့ထံဝယ်. . .

**တက္က ဝစရ ဝတ္တုနိ** - တွေးစရာ ခေါ်စရာ အကြောင်းရာတို့သည်ကား၊ **ဗဟုလ္လာ** - စာပေါင်းသိုက်နှယ်မခြား များမှများ. . .။

**ဓမ္တေ** - အတွေးခေါင်းဆိုက် ဤစာပေါင်းသိုက်ထဲ၌၊ **တေမ္ဗိ** - ထွက်ပေါက်ဆိုသော ဤစကားလုံးလေးကလည်း၊ **ကောရာသိ** - သမန်းမြက်စု ကျမ်းငယ်လေးတစ်ခုပေပဲ။

**ဓကေကော ဓမ္မာ ဘိသယော** - တစ်ခုနှင့်တစ်ခုယှက်၍ ဆက်ထွက်လာသောတရားပွဲတစ်ပွဲ။

**❑ ထွက်လိုသူများ၏အပေါက်သည် ထွက်ပေါက်**

သတ္တဝါတို့ ဓာတ်ဆွဲငင်အားဖြင့် ဘဝနှင့်ဘုံကို လာရောက် ခိုလှုံနေကြရ၏။ ခတ်ဖက်အာရုံတို့၏အတိုက်အစိုက် ခံယူ၍ အသက်ရှင်ခွင့်ရနေကြ၏။ ထိုစဉ် . . . ထိုအာရုံက ဤသတ္တဝါကို . . .

ချော့သိပ်၊ ချော့နှုးနေသော အမြူး လက်နက်ဖြင့်လည်း ဖျက်ဆီးနေတတ်၏။

ကြိမ်းမောင်း ထိုးနှက်သော ပိုးစိုးပက်စက် လက်နက်ဖြင့်လည်း ဖျက်ဆီးနေတတ်၏။

မပြောဆို မထိပါး ရိပါး ပါးစေသော အတွေးလက်နက်ဖြင့်လည်း ဖျက်ဆီးနေတတ်၏။

ထိုစဉ် . . . . . ချော့မြူခံများ၌ ဆုဒဏ်၊ ကြိမ်ဒဏ်မခံရသူများက ဤကာမမှောင်ထောင်တွင်းက လုံးဝမထွက်လို။ တစ်ဖန် အကြိမ်း၊ အထိုး ပိုးစိုးပက်စက်ခံကသာများပြီး အချော့၊ အနှုးကား တစ်မူးသား၊ တစ်ပဲသားမျှလောက်သာ ခံစားခွင့်ရသူများက ထောင်ဆိုကြောက်၊ ဖောက်ထွက်ဖို့ကိုချည်း ကြိုးစားပေရော့မည်။

နှုးချချ၍ ပ,ထုတ်ပစ်နေသော သုခသည် အကြိုက်ပေး ညှဉ်းသော ကြိုက်ညှဉ်းမျိုးဖြစ်သဖြင့် မည်သူမဆို ချစ်သမျှကို သီဆို၍ ကျေကျေနပ်နပ်ကြီး ခံယူလေ့ရှိကြရာ ထောင်သက်ရှည်ကြာတတ်၏။ ယင်းကို ဒင်းက. . . ဒုက္ခပေးနေသည်ဟူ၍လည်းမထင်။ အပျက်ကိုလည်း မမြင်။ တစ်ဖန် . . . အကိုင်အတွယ်သရမ်း၍ နှုတ်အာကြမ်းကြမ်း ဖမ်းစေသည့်ဒုက္ခသည် အမုန်းတည့်ညှဉ်းသောတိုက်ညှဉ်းမျိုးဖြစ်နေသဖြင့် မည်သူမဆို သည်အကောင် ရှောင်သမျှဆို၍ ဖြုံသွားတတ်သောကြောင့် ထောင်သက်တို၏ ထိုကို သည်က ဒုက္ခမှ ဒုက္ခအစစ်ဟူ၍ တထစ်ချသတ်မှတ်၏။ သူညှဉ်းဒဏ်ကျောကော့အောင်ခံနေသည်ကလည်း အထင်အရှား။ သို့ကြောင့် ထောင်ပိုင်ကြီးက ထောင်ကနေ အပြင်ဘက်ဘယ်သူထွက်ချင်သလဲ အော်မေးခဲ့သော်. . . ကျွန်တော်၊ ကျွန်တော်နှင့် ဒုက္ခကောင်ကသာ လက်ညှိုးထောင်ပြလိမ့်မည်။

သုခကောင်ကား မကြားချင်ယောင်ဆောင် မယောင်မလည်ဖြင့် ရှောင်သွားတော့၏သာ. . .။

သို့ကြောင့် ထွက်ပေါက်ဆိုသော စကားသည် ဒုက္ခ ဒုက္ခမုန်း သိတတ်သူများထွက်ဖို့ ဖောက်ထွင်းသောအပေါက်ကိုသာ ရည်ညွှန်းမည်။ သို့မဟုတ် . . .



## ကျေးဇူးတော်ရှင်
## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
### ရေးသားတော်မူသော
# ထွက်ပေါက်
## (ကာထာစာပေါင်းသိုက်)



www.burmeseclassic.com

www.burmeseclassic.com

ဒုက္ခသည်များအား ကယ်ထုတ်မည့် ထွက်ပေါက်။

**□ ဒုက္ခသည်တွေ သည်လာ သည်လာ**

ဒုက္ခကို ဒုက္ခမှန်းသိတတ်သော အရာသည် စိတ်။

ထိုစိတ်သည် ဒုက္ခ ဒုက္ခမှန်းလည်း သူသိ၏။ မိမိဒုက္ခရောက်နေသည်ကိုလည်း သူအကြွင်းမဲ့ယုံကြည်၏။ ထိုဒုက္ခမှလွတ်မြောက်လိုသောဆန္ဒလည်း သူ၌ပြင်းပြစွာရှိနေ၏။ သို့ဆိုသော်. . . ဤထောင်ကျ ဒုက္ခသည် ထောင်ဖောက်ကိရိယာများ ဧကန်စုဆောင်းတော့မည်ဖြစ်ရာ . . . သူ့လက်ဝယ် ဆောက်တစ်လက်တက်လာပြီ။ သည့်နောက် လက်ရိုက်တုတ်။ သည့်နောက် ဓား။ ထိုသုံးလက် လက်နှင့် တွဲဖက်ပေးလိုက်သောအခါ ထောင်နံရံကိုထွင်းရာ၌ ဆောက်နှင့် လက်ရိုက်တုတ်သည် အရေးပါ၏။ အကာအရံများ ဖြတ်တောက်ပစ်ရာ၌ ဓားသည် အရေးပါ၏။ ထိုဓားရန်သူရှင်းရာ၌လည်း အရေးပါ၏။ ဤ၌ . . .

စိတ်ကိုင် ဆောက်သည် သတိ၏ စကားလုံး။

သတိရိုက်သွင်းအား လက်ရိုက်တုတ်သည် အာတာပီ ဝီရိယ၏ စကားလုံး။

ဖြတ်တောက်ရှင်းလင်းရာ၌ အသုံးချားသည် အသိ၏ စကားလုံး။

သို့ကြောင့် အစွဲ၊ အဆွဲတို့မှ စိတ်လွတ်မြောက်ရေး ကိရိယာများသည် သတိ၊ ဝီရိယ၊ အသိ ဤသုံးမျိုး။

စိတ်ကို သုံးဦးပေါင်း၍ တစ်ကြောင်းတည်းသောလမ်းမှ ခေါ်ထုတ်မည်။

စိတ်သွားစရာ လမ်းပေါက် ထိုသုံးယောက်က အပေါက်ဖောက်ပေးကြမည်။

ထောင်နံရံသည် ထုထည်ကြီးမားလွန်းလှ၏။ သို့ကြောင့် သာသာဖြင့်မရ။ ထောင်နံရံသည် မတ်စောက်သော အမြင့်ရှိ၏။ သို့ကြောင့် ကျော်တက်ရန်လည်း မလွယ်. . . ။

ဝိ-အထူး၊ ပဿနာ-ရှုရခြင်းသည် . . . ဒင်းကြောင့်။

ဝိ-အမျိုးမျိုး၊ ပဿနာ-ရှုရခြင်းသည်. . . ဒင်းကြောင့်။

သို့ကြောင့် စိတ်ထွက်ပေါက် ရလိုသူတိုင်း ဝိပဿနာတရား ရှုစားကြရမည်သာ။

ဤဝိပဿနာသည်. . .

ဒါန၏ ထောင်ဝင်စာ လာတွေ့ပုံမျိုးကဲ့သို့ သာမန်ဖြင့် ခရီးမရောက်။

သီလ၏ ထောင်တွင်း ဆေးစစ်ခံပုံမျိုးကဲ့သို့ သာမန်ဖြင့် မထိရောက်။


သမထ၏ ထောင်ဆေးရုံ တက်ရောက် ကုသပုံမျိုးကဲ့သို့ သာမန်ဖြင့် မသိသာ။

ထိုဝိပဿနာသည်. . . အာတာပီနောက်ကူဖြင့် သတိသည် စေ့စပ်အား၊ စူးစိုက်အား အသုံးချတတ်မှရ၏။ သမ္ပဇာနော နောက်ကူဖြင့် သတိသည် ရှုမှတ်အား၊ အောက်မေ့အား အသုံးချတတ်မှရ၏။ ထိုစဉ် စေ့စပ်အားက အတွေးကို မြှုပ်ပေး၍ စူးစိုက်အားက အတွေ့ဖော်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီးထက်ရှိသီတင်းသုံးတော်မူသော
ရွှေနှစ်တောရ သို့သွားရာ ဖန်းမောက်မြို့နယ်ရှိ ဇလုံတောင်တော်

ထုတ်ပေးသည်။ ရှုမှတ်အားက အာရုံ တစ်ခုထားပေး၍ အောက်မေ့အားက ထိုအာရုံ ထိပါးပေးသည်။

အတွေးတစ်ချက်ရပ်က ဒုက္ခ တစ်ချက်ပြတ်၏။

အတွေ့တစ်ခုမိက အသိတစ်ခု တိုး၏။

သို့ဖြင့် စေ့စပ်အား ကြားခံ၍ စူးစိုက်အားဖြင့် ပါးအောင် လှန်ပစ်နေရ၏။ တစ်ဖန် ရှုမှတ်အားဖြင့် ဈာန်လမ်း ဖောက် အောက်မေ့အားဖြင့် ဉာဏ်လမ်း လျှောက်ရ၏။ ဝိပဿနာသည် အထူးရှု။ သာမန်ကာလျှံကာ အပြုအမူမျိုးမဟုတ်။ ဘာကြောင့်. . . ။

**❑ လမ်းရိုးခွဲ ရုတ်တရက် ဖြဝင်လာသော အပေါက်**

ဝိပဿနာသည် ပြုရိုးပြုစဉ်သော ဒါန၊ သီလ၊ သမထတို့ကဲ့သို့ လမ်းရိုးသွား မဟုတ်။ ထိုလမ်းရိုးမှ ခွဲထွက်သော လမ်း တစ်မျိုးဖြစ်နေ၍။

ဆိုပါစို့. . .

မြေအောင်းသတ္တဝါ ဖြစ်သော ပုတတ်သည် တွင်းယက်နေထိုင်လေ့ ရှိ၏။ ထိုသူ့တွင်းကို တွင်းဝတည်နေဟန် အရာကိုကြည့်၍ တစ်စုံတစ်ယောက် သောသူက. . . ယက်ဖော်ခြင်းဖြင့် သူ့ အား ဖမ်းဆီးသောအခါ သို့မဟုတ် တူးဖော်ခြင်းဖြင့် သူ့အား ဖမ်းဆီးရန် ကြိုးစားလာသောအခါ မထင်မှတ်သော နေရာမှနေ ရုတ်တရက်ထွက်၍ လွတ် မြောက်သွားရန်အတွက် အသက်ကယ် ပေါက်တစ်ပေါက်ထားလေ့ရှိ၏။ ယင်းကို ဂယ်ပေါက် (ကယ်ပေါက်) ခေါ်၏။ မလွယ်ပေါက်လည်း ခေါ်၏။ အကယ် တိတိ တစ်စုံတစ်ဦး အထင်အရှားတွေ့ ရသော သူ့ဝင်ပေါက်အားတူးဆွ၍သော် လည်းကောင်း၊ ယက်ဖော်၍သော် လည်းကောင်း ကြိုးစားလာချိန် ထိုပုတတ် ဂယ်ပေါက်(ထိုမလွယ်ပေါက်)မှပင် ထွက် ပြေး လွတ်မြောက်သွားတော့၏. . . ပမာ . . .


သမထသမားများ သွားလာ ကျက်စားရာ ဖြစ်လျက်မြင်ရိုးစွဲလမ်းမ ကြီးထဲမှပင် ရုပ်၊ နာမ်ကွဲအမြင် မြင်စေ ခြင်းဖြင့် ရုတ်တရက်ခွဲထွက်သွားရသည်။ ဖြစ်၊ ပျက်မြင် (နိမိတ်မြင်) ဖြင့် စိတ်ကို တည်ပေးထားလျက်ကနေ ရုပ်ကွဲ၊ နာမ် ကွဲသိဖြင့် တည်ပြီးကိုစွဲ၍ အထဲဝင်ကြည့် ရခြင်း. . . ။

ထိုစဉ်. . . တည်ပြီး သမာဓိစိတ် ကို ဝီရိယ အပူပေး၍ ဖူးမြော်ကြည့်ချိန် သမာဓိနှင့် ဝီရိယနှစ်ကောင်က နွားကဲ့သို့ အထမ်းမညီက သမာဓိမှ ပညာမဆက်။ တစ်ဖန် တည်ပြီး သမာဓိစိတ် ပြန့်ကျဲ



www.burmeseclassic.com

www.burmeseclassic.com



သွားရန်ဆိုကာ ဝီရိယအပူပေးလိုနေသေးကလည်း အလုံးကမကွဲ၊ အမြုံအမြုံအတိုင်းဖြင့်ပွဲသိမ်းရတတ်၏။

သို့ကြောင့်. . .

သမာဓိမှ ပညာသို့ဝင်ရာ တံခါးပေါက်သည် မလွယ်ပေါက်။

သမထမှ ဝိပဿနာသို့ ကူးရာ တံခါးပေါက်သည် မလွယ်ပေါက်။

တစ်ဖန် . . . ဝိပဿနာ ဉာဏ်ညောမှ မဂ်ပညာ၊ဖိုလ်ပညာသို့ကူးထွက်ရာ၌လည်း ရုပ်၊ နာမ်သိမှုနေ ရုပ်နာမ်မဲ့ထဲ လွဲဝင်ရမည်ဖြစ်၍ သမာဓိ၊ ဝီရိယ၊ သဒ္ဓါနှင့် ပညာတို့သည် လေးကောင်ကခြင်းများကဲ့သို့ တညီတည်းဟီ တညွတ်တည်း မလွတ်တတ်က မြို့တော်လမ်းတန်းမဝင်။

ထိုသူ . . . ပင်လယ်ထဲ ဝဲနှင့်ကြုံအားကုန်သော် နောက်ကြောင်းပြန်လှည့်လာရတတ်သည်။ သို့ကြောင့် ဝိပဿနာသည် ဉာဏ်အလွန်အသုံးချတတ်မှအရာထင်သောတရား။ ဝိပဿနာ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယအားကြီးမှပွားစီးသောတရား။

### ❑ ထွက်ပိတ် တံခါးကြီး သုံးဆင့်

ထွက်ပေါက်ရှာများအတွက် ထွက်ပေါက်သုံးခုရှိသဖြင့် ပိတ်တံခါးရွက်များလည်း သုံးဆင့်ပင်ရှိ၏။ ယင်းတို့မှာ. . .

ပထမ အပါယ်ဝဋ်မှ ထွက်ခွင့်မရရန် ဒိဋ္ဌိကပိတ်သည်။ သို့ကြောင့် ပထမပိတ်ရွက်သည် တစ်ချပ်တပ် သစ်တံခါး။

မှတ်ချက်။ ။ ဝိစိကိစ္ဆာကား ဒိဋ္ဌိသေရာ အလိုလိုပါဖြစ်နေ၍ အပိုရွက်။ တစ်ဖန်. . .

ဒုတိယ ကာမဝဋ်မှ ထွက်ခွင့်မရရန် ကာမရာဂဗျာပါဒတို့က ပိတ်သည်။ သို့ကြောင့် ဒုတိယပိတ်ရွက်က နှစ်ချပ်တပ်သံတံခါး။ နောက်တစ်ဖန်. . .

တတိယ ဘဝဝဋ်မှ ထွက်ခွင့်မရရန်ကို ဘဝရာဂ၊ မာန၊ အဝိဇ္ဇာတို့က ပိတ်၏။ သို့ကြောင့် ထိုတတိယမြောက်တံခါး၌ သံမဏိသုံးရွက်တပ်ဆင်ထားသည်။

ထိုစဉ် . . . ထွက်ပေါက်သို့ ထွက်လျှောက်သွားသူကို ကံချိုး ငါးခိုးပက်ခိုးချက်စားရာမှ ထဖြစ်လေ့ရှိသော ငါခင်စိတ် ဒိဋ္ဌိသည် ဘယ်သွားမလို့လဲ မေးသူရှိက ငါရိပ်သာဝင်မလို့ဖြင့် ဒိဋ္ဌိလွန် ထိုငါစွဲကြီးက ဖြခြောက်လေ့ရှိသည်။ သုံးရိုးသုံးစပ်ထက်ပိုသောအပိုဖြင့်။ သည့်အတူတရားစခန်းဝင်ရာ၌လည်း ငါတရားအားထုတ်နေသည့်ဆိုသောအစွဲ၊ ငါ့ဆရာထံ ငါတရားအစစ်ခံနေသည်ဆိုသော အစွဲစသည် စသော အပိုစွဲ ထိုအစွဲများသည် အသဲ(အသည်း)ကြားမှနေ ဖြခြောက်နေတတ်လှချေသည်။ ငါခင်ဒိဋ္ဌိဖြင့်ကျူးလွန်မိခဲ့သောအပြစ်များကို ဆေးကြောသုတ်သင်ရာ. . . ထိုငါသည် မပါမပြီး/ဆို့ပိတ်နည်းဖြင့် ခရီးဟန့်တားနေခြင်း။

ဤယောဂီ ရုပ်ကွဲ၊ နာမ်ကွဲ၊ ဉာဏ်အမြင်ဖြင့် ဒိဋ္ဌိတံခါးရွက် ဖွင့်ထွက်ရာ၌လည်းကောင်း၊ ကြောင်းကျိုးဆက်တို့၏ မျက်နှာတစ်ပြင်လုံးဒေါသရောင်လွှမ်းနေတတ်ပါသည်။ ယင်းမှာ ပိတ်ထားသည့် တံခါး ဖျက်ပစ်ရကောင်းလား၏ သရုပ်သကန်တည်း။

တစ်ဖန် ရှေ့တစ်ဆင့်တက် ထွက်ပေါက် ထွက်လျှောက်သွားသူကို သူခင်တဏှာမှ ဖြစ်လေ့ရှိသော ချစ်၊ မုန်းနှစ်ပါးသည် အတွေးများစွာဖြင့် ပိတ်ဆီးထားတတ်ကြ၏။ နှစ်ရွက်တပ် တံခါးပေါက်မယောင်မလည်လျှောက်မသွားနှင့်။

ကာမတဏှာက သာသနာကြီးအတွက် ဘယ်လိုပြုစုလိုက်မည်ဖြင့်။

ဒေါသတဏှာက ဘာသာဖျက်အန္တရာယ်ဘယ်လို ကာကွယ်လိုက်မည်ဖြင့် ဤအဆင့်များ၌ မယားလို သားလိုမခိုတတ်။ ယင်းတို့အစား မိမိမြတ်နိုးသော ဘာသာသာသနာ၌ အလိုများအလားအထွတ်တက်နေခြင်းပင်။

တစ်ဖန်လည်း ထိုတံခါးမှထွက်ရှေ့ဆက်မည့်သူကို ဘဝခင်တဏှာမှ ထဖြစ်လေ့ရှိသော စိတ်ကြီးဝင်မှုများနှင့် ဖက်ပြိုင်လိုခြင်းလည်း အားကြီးနေတတ်လှ၏။ ကိုယ်တိုင်ရှု ပရမတ်အရာထက် သူတစ်ပါးများအား ဟောကြားလို့မှု ပညတ်က ကြီးစိုးနေတတ်လှ၏။ ယင်းကို. . .

ဘာသာရေး အသင်းအဖွဲ့များ ထူထောင်ခြင်းဖြင့်လည်း အကောင်ထည်ဖော်၏။

ဘာသာရေးသင်တန်းများ ဟောပြောပို့ချခြင်းဖြင့်လည်း အကောင်ထည်ဖော်၏။

မြို့တိုင်း ရွာတိုင်းသို့ ဘာသာရေးတရားပွဲများ ကျင်းပပေးခြင်းဖြင့်လည်း အကောင်ထည်ဖော်၏။ သူ့ပုံသဏ္ဌာန်ကိုကြည့်လျှင် တက်ကြွခြင်း၊ သွက်လက်ခြင်းများကသာ ကြီးစိုးနေ၏။ ဤသုံးချပ်ပိတ် တံခါးကြီးကား ၃၁-ဌာနရှိ ဘုံလုံးတောင်၏အချက်အချာကျသော တံခါးမကြီးပင်ဖြစ်ရာ သာမန် သီလ၊ သိက္ခာအားဖြင့် ဖွင့်မထွက်နိုင်။ သည့်အတူ သာမန် သမာဓိ၊ ပညာတို့ဖြင့်လည်း အနားသီခွင့်ပင် မရနိုင်ကြပါ။

မှတ်ချက် ။ ။ ပူပျံ့ခြင်း စသည့် အဟန့်အလှန့်များသည် အဝိဇ္ဇာ စသည်များ၏နောက်လိုက်မျှသာ။

ဘဝနာသဖြင့် ဘာဝနာဘက်ခရီးတက်လာသော ယောဂီသည်. . . သို့တံခါးကြီးသုံးဆင့် ဖွင့်ထွက်ရမည်ဖြစ်ရာ . . . မိမိလက်ကိုင် လက်နက်ကား ဝီရိယ၊ အသိ၊ သတိ သုံးမျိုး။ စီးနင်းလိုက်ပါရမည့်ယာဉ်ကား မဂ္ဂင်။ ထွင်း၍ ထွင်း၍ ဖျင်း၍ သွားရမည့်လမ်းကား ဖြစ်ပျက်မြင်လမ်းမကြီး. . . ။

ထိုစဉ်. . . ထိုယောဂီ [illegible]စိမှတ်သတိအသင့်အနေ ထားလိုက်ပြီဆိုသည်နှင့် အတွေးတို့သည် ထိုသတိကို ထွက်ပေါက်မရရန် ဝိုင်းပိတ်ဆို့ကြပါတော့



www.burmeseclassic.com

www.burmeseclassic.com

မည်။ သတိက ထိုးဆွ ထွင်းဖောက်တိုင်း ခန္ဓာနေ ဓာတ်သွေးများက ဆူပူတက်ကြွလာကြ၏။ ဓာတ်သွေးများ ဆူတိုင်းလည်း ဓာတ်ဉာဉ်များ စိတ်အစဉ် ဝင်စီးလာကြ၏။ စိတ်ခါချလိုက်တိုင်းလည်း ထိုသတိ လွှင့်စဉ်ပြုတ်ကျသွားရမြဲ။ ယင်းမှာ ဓမ္မတာ။ ယင်းမှာ သဘာဝ။ လူတိုင်း၏ ဝါသနာအနုအရင့်၊ ပါရမီအနုအရင့် လိုက်၍သာ ဖြစ်နှုန်းကွာခြားမည်။ ဖြစ်မှာကားဖြစ်မှာပင်။

ထိုစဉ် ဝင်တယ် မှတ်ချက်ယူချိန် အောက်မေ့မှုမှ မဝင်ရသေး အတွေးက ပြေးပိတ်ပြီးသား ဖြစ်သွားပြီ။ ထွက်တယ်လို့ မှတ်ချက်ဖော်လိုက်ဆဲ ထွက်ဘယ်လိုနေလဲ အောက်မေ့စိတ်မှ မဆင်ခြင်ရသေး။ အတွေးဝင်ပိတ်သွားပြီ။ သည်အထိ ဣရိယာပုတ်ကပြင်မပေးဘဲထား၍ ခန္ဓာ့ ဒုက္ခ အဟုတ်ပြခွင့်ရများကလည်း ပျဉ်ပြားနှင့် တင်ပါးတို့ ဖိအားကြီးရာ၊ သေးရာ များစွာတို့မှနေ၍ ဒုက္ခအကြီးစား၊ အသေးစားများဖြင့် ဝိုင်းဝိုင်းလည်ထပြလိုက်ကြ၏။ ရာဂကြီး၊ ဒေါသကြီး၊ မောဟကြီးသမားများ အထိနာကြ၏။ ထိုအခါ. . .

ငါ ရှေ့ဆက် ထိုင်မှ ထိုင်နိုင်ပါတော့မလား . . . ပိတ်တံခါးကြီးပေါ်လာပြီ။

ငါ ယခင်က ရခဲ့ဖူးသော ဒဏ်ရာက ပြန်ပေါ်လာတာပဲလား. . . ပိတ်တံခါးကြီးပေးလာပြီ။

တစ်ဖန် သတိကြောက်သော ဉာဉ်စိတ်က ဟိုပြေးသည်ပြေး ပြေးနေသေး၏။ စိတ်ကစားနေခြင်းကြောင်း အနံ့နှင့် အသံဗလံများက တံခါးဆီးကြပြန်သေး၏။ သို့ကြောင့် ခရီးသည် လည်ပတ်လိုသူများအတွက် ရှောရှောရှူရှူရှိသလောက်. . .။ အပြီးတွက်လိုသူများအတွက်ကား သက်သက်သာသာသွားလာခွင့် ခွင့်ပြုလိမ့်မည် မဟုတ်ချေ။

**□ ထုပ်ဆီးတိုးတမ်းကစားမယ်**

ထွက်လိုသူများအတွက် ထွက်ပေါက်ပိတ် တံခါးကြီး သုံးဆင့်ရှိသည်။

ထွက်ဟန်ပြင်သူများအား အတားကြီး ငါးမျိုးက စည်းထိုးထားနှင့်ပြီး . . .

ကလေးငယ်တို့ ကစားပွဲများ၌ ထုပ်ဆီးသည်လည်း တစ်ခုအပါအဝင်ဖြစ်ရာ. . .

ယင်းသည် အိမ်၏လေးခန်းပန္နက်နှင့် အလားတူသည်။ ထိုစဉ် ခန်းဖွင့်လေးခန်းထား အိမ်တွင် ထုပ်ငါးခုရှိရမည်။ ခန်းဖွင့်များ၏ တစ်ဖက်တစ်ချက်တွင် လျှောက်နှစ်ခုရှိရမည်။ တစ်ဖန် ခန်းဖွင့်များ၏ အလယ်တည့်တည့်၌ ခေါင်လျှောက်လည်းရှိရမည်။ တစ်ဖန် ခန်းဖွင့်များ၏ဦးထိပ်၌ကား မြင်းမိုရ်ပိတ်လည်းရှိရဦးမည်. . . ပမာ. . .

ဤ၌လည်း ထိုပုံစံကျအတိုင်း စည်းခြစ်ရပြီ။ ဆီးမည့်ဘက်ကလည်း ကြီး၊ လတ်၊ ငယ်စဉ်ကာ ငါးယောက်ပြည့်ရှိနေရ၏။ ထိုးမည့်ဘက်ကလည်း ထိုနည်းရင်းအတိုင်း ငါးယောက်ပြည့်ရှိရ၏။ ဆီးမည့်ဘက်က ထိပ်စည်းတာဝန်ခံသည် ခေါင်သူကြီး။ ဤခေါင်သူကြီး (ဂေါင်သူကြီး) က . . .။

၁။ သူနှင်းထားသည့် ထိပ်စည်းကိုလည်း ပိုင်၏။
၂။ အလယ်မှ ရှေ့နောက်တစ်တန်းတည်းထားသော ခေါင်လျှောက်ကိုလည်း ပိုင်၏။
၃။ ထိပ်စည်းနှင့် ဒုစည်းအကြားရှိ ကြက်လျှာစည်းကိုလည်း ပိုင်၏။

ယင်းကို ထုပ်ပေါ်ကနေ ဆီးရခြင်းကြောင့် ထုပ်ဆီးခေါ်၏။ တစ်ဖန် ထုပ်ကို စည်းအဖြစ်လုပ်၍ ဆီးရခြင်းကြောင့်လည်း ထုပ်စည်းခေါ်သေး၏။

အလုပ်ပေါ် အားရစိတ်ဖြစ်မလာစေရန် အလိုမကျစိတ်က တာဝန်ယူ . . .

အလုပ်ပေါ် ရှုအား ညှိသွားစေရန် ထိုင်းမှိုင်းပျင်းရိစိတ်က ဆီးကြိုပိတ်. . .

အလုပ်ကို သက်သာစွာ မလုပ်သာရန် ပျံ့လွင့်စိတ်က ဖျက်ထုတ်ပေး . . .။

အလုပ်ကပ်၍ သုံးသပ်မှု မပြုသာရန် ချီတုံချတုံစိတ်က ကစားပေး. . .


သို့ဖြင့် ထွက်လိုစိတ်အား ထုပ်စည်းပေါ်မှနေ ဆီးကြိုပိတ်ထား တားကြလေရာ. . .။ အဓိပတိမတပ်သောစိတ်ဆိုက စည်းပေါ်မှာပင် အသက်ငင်ရတော့သည်။ မိမိဉာဉ်စရိုက်အထားကြမ်းလေ အတားကြမ်းလေလေ။

အတားသည် မိမိသွေးမှုထဖြစ်သော အစွဲ၊ အတွေးများ၏လက်ချက်ပင်။

အတားငါးပါးသည် အစွဲ၊ အတွေးများ၏ဘက်က။

စျာန်ငါးပါးသည် မှတ်ချက်ယူသတိဘက်က။

သို့ကြောင့် ထုပ်ဆီးသမား ဘယ်



သည်သို့ ထုပ်စည်းတိုးတမ်းကစားကြရာ၌ ကြီး၊ လတ်၊ ငယ်ရွယ်စဉ် တန်းအလိုက် တာဝန်ယူ ဆီးဟယ်၊ တိုးကြလုပ်ရ၏ပမာ. . .

ဤထွက်ပေါက်သို့ ဖောက်ထွက်လိုသူများ၌လည်း . . . နီဝရဏခေါ် အတားငါးမျိုးတို့သည် အလုပ်ပေါ်မှနေ ဆီးတားကြတော့သည်။

သမာဓိမရစေရန် တရားလိုချင်စိတ်က ခေါင်းဆောင်တား. . .။


သူလဲမေး. . . သင်။ ထုပ်ဆီးတိုးသမား ဘယ်သူလဲမေး. . . သင်။ သင်နှစ်ကိုယ်ခွဲ. . .။

ထိုအတားအုပ်စုသည် စိတ်ကတရားလိုချင်ခြင်းဖြင့် များခေါ်၏။ စိတ်ပါသွားသောအခါ လိုချင်စိတ်ကြောင့် တရားမြင်စေသောထွက်ပေါက်ပိတ်သွားပြီ။ ထိုစဉ်. . . လိုသည် ဖြစ်မလာတိုင်း (မမြင်ရတိုင်း) အလိုအားမရ စိတ်ဖြင့် နှိပ်ပြီ။ ထိုအခါ တရားမြင်စေသော



www.burmeseclassic.com

www.burmeseclassic.com



…တ်ပေါက်ပိတ်ပိတ်ပိန်းပိတ်သွားတော့ …. . . စိတ်မပါလက်မပါတော့သော …ရှိပ်ကြောင့် ထိုင်းမှိုင်းပျင်းရိလာတော့ …။

ဖိအား တွန်းအားသုံးမိရာမှ စိတ် … အပူလွန်၍ ပျံတက်နေ၏။

တရားအပေါ် နည်းအပေါ် ကိုယ့် …အပေါ် သံသယဝင်လာနေပြန်၏။


တရားအလုပ်ကို ရွာအလုပ်ကဲ့သို့ …ဘာနှင့်ရင်းမိသောကြောင့် အသွား …တ ခေါင်းဆောင်ရောနောက်လိုက် တို့ပါ တွဲခနဲ အဆီးခံကြရခြင်းတည်း။

ထိုအသွားသမားများ အတားတို့၏ထုပ်စည်းအကြားပိတ်မိသွားပြီ။ သတ္တိရှိမှစိန်ခေါ်ပါ ဤနေရာကနေပြောလိုက်ချင်ပါ၏။

ဤ၌ အဓိပတိသည် အလုပ်ပြီးစီးခြင်း၏ အဓိကသော့ဖြစ်နေခြင်းကြောင့် သင့်စိတ် အဓိပတိလေးမျိုးတို့လက်ထိုးအပ်ထားသင့်၏။ ယင်းမှာ. . . အားထုတ်လိုသောဆန္ဒအား ယုံချက်ပြင်းထန်မှုကိုမှီ၍ တဖွားဖွားထားသင့်၏။ အားထုတ်လိုမှုသည် ရလိုမှုနှင့် ဆန့်ကျင်ဘက်ဆိုသည်ကိုသင်သတိပြု။ ဆန္ဒအားဖွားဖွားလိပ်လိပ်တက်နေသော် ရဲရင့်သောဝီရိယအား ထွားကျိုင်းလာ၏။ ဝီရိယသည် ဆန္ဒမှီခိုနေရသည်ကို သတိပြုပါ။ ရဲတင်းပြင်းကြောင့် အတားလန့်၍ အသွားသန်လာချိန် စိတ်ဝင်စားမှုကြီးဝင်လာ၏။ မှတ်စိတ်သည် ဝီရိယမှီခိုနေရသည်ကို သတိပြုပါ။ စိတ်ဝင်တစား ရှုပွားခြင်းကြောင့်အရှုတွင်အမြင်သန်လာစေတော့၏။ သိစိတ်သည် မှတ်

www.burmeseclassic.com

www.burmeseclassic.com



စိတ် မှိုခိုနေရသည်ကိုလည်း သတိပြုပါ။

သည်သို့ ဆန္ဒနိုး၍ တိုးတိုးဆွဆွ လုပ်လာရာမှ ဝီရိယ၊ စိတ်၊ ဝိမံသတို့ပါ နိုးကြွားထကြွလာကြသောအခါ သမား ရိုးကျအမြင်မှ သဘာဝအမြင်ဘက်ထွက် မိလာသဖြင့် အဆန်းကြိုက်သောစိတ် ကြိတ်လိုက်ကာ ဒါမှ ငါ့လူ ဖြစ်သွားပြီ။ သို့သော် ရေးပြသည်ကလွယ်၏။ တကယ့် တကယ်တွင်ကား. . .

သံသရာအဆက်ဆက်ဘဝအဆက် ဆက် စိတ်နှင့်မကွာ တွဲဖက်လာခဲ့သော တဏှာ. . . ထိုတဏှာမှတရားဘက်ဖြစ် နေသဖြင့် ကာမစ္ဆန္ဒအဖြစ် လှစ်ဝင်လာ သည်ဖြစ်ရာ. . . သည်ဘဝမှာပင် အချိန် နှင့်စက်၍ စိတ်နှင့်တွဲဖက်နေပါသည်။ ဉာဉ်၊ ဝါသနာ၊ စရိုက်များနှင့်ဖက်၍ လည်း စိတ်နှင့်ပတ်သက်နေပါသည်။ ဓာတ်သွေး၊ ဓာတ်ကောင်၊ ဓာတ်ဆောင် များနှင့်ဖက်၍လည်း စိတ်မိတ်ဖက်လုပ် နေပြန်ပါသည်။ သူတို့. . .

"အကုသိုလ်ပြုကြမယ်ဟေ့"

ဆိုက တဏှာနှင့် ယှဉ်သောစိတ်။

"ကုသိုလ်ဘက်ဆက်ကြမယ်ဟေ့"

ဆိုသောအခါ ကာမစ္ဆန္ဒနှင့် ယှဉ် သောစိတ်။ သည်သို့ ရှင်မကွာ သေအတူ အချင်းချင်းကြည်ဖြူနေကြတော့ရာ. . . အဓိပတိတပ်သောစိတ်အသွားက အတား ကျော် အောင်နိုင်သူဖြစ်သွားခြင်းဆို သောစကား အတားဘက်ကကြား ဟားတိုက်ရယ်ကြမည်သာ။

ကိုယ့်ဘက်က မသေသေး သူ့ ဘက်က မွေ့ပေး။

သူ့ဘက်က မသေသေး ကိုယ့် ဘက်က မွေ့ပေး။

အသွားနှင့် အတားတို့သည်. . .

ပထမ . . . တံခါးတစ်ရွက်တပ် အပေါက် မရောက်မချင်းလည်း ကစား ကြမည်။

ဒုတိယ . . . တံခါးနှစ်ရွက်တပ် အပေါက် မရောက်မချင်းလည်း ကစား ကြမည်။

တတိယ. . . တံခါးသုံးရွက်တပ် အပေါက် မရောက်မချင်းလည်း ကစား ကြမည်။

ထိုစဉ်. . . ဘောလုံးသမားများတို့ လို အသင်းလိုက် ကစားနည်းကိုလည်း သုံးကြ၏။ လက်ဝှေ့သမားများကို အတွဲ လိုက် အတွဲလိုက်လည်း ကစားပြကြ၏။ ထုပ်ဆီးတိုးကဲ့သို့ တစ်ယောက်ထိ အကုန် သေကား မဟုတ်။ သို့ဖြစ်ရာ. . .

ပထမပွဲစဉ်အဖြစ် တစ်ရွက်တံခါး ပိတ်အတွင်း ဖွင့်ရန်ပိတ်ဆို့ကြိုးစားသော ပွဲများ၌ နှစ်ဖက်စလုံး ငါးပါးစုံ အကုန်ပါ ဝင်ကစားကြမည်။ အသွားငါးပါးတို့က သတိအားပြုသွားလေတိုင်း အတားငါး ပါးတို့က အတွေး သွေးတိုးဖြင့် တားလေ့ ရှိ၏။ သည်မှာတွင် အသွားဘက်က မှတ်ချက်ယူ သတိဖြင့် အသင့်အနေ အထားချထားရကာရှိသေး . . . ငါ အားထုတ်နိုင်ပါ့မလား၊ ငါ အချိန်ပြည့် ထိုင်နိုင်ပါ့မလား . . . စသည့်အတွေး များသည် သတိထားလေ အားကြီးလေ ဖြစ်လာတတ်ကြသည်။

ဒိဋ္ဌိအထွတ်တပ်ထားသော ဝိစိ ကိစ္ဆာအတား. . . သည့်နောက်. . .

'ငါ တရားရအောင် အားထုတ် မည်'က. . . ကာမစ္ဆန္ဒအဖြစ် ဝင်၍တား။

ထင်သလိုဖြစ်မလာတိုင်း အံကြိတ် ကြိုးစားပေးသည်က ဗျာပါဒ။

ထင်တိုင်း ခရီးမပေါက်၍ သဒ္ဓါ၊ ဆန္ဒအားများ နှစ်ဖက်စလုံး မြှောက်ပြ သည်က ထိနမိဒ္ဓ။

အလုပ်၌ စိတ်မဝင်စားတော့၍ စိတ်ပူပြန့်မှုအဆိပ်ဖြစ်လာခြင်းက ဥဒ္ဓစ္စ ကုက္ကုစ္စ။

ဒင်းငါးပါးတို့သည် လွှားခနဲ လွှားခနဲ စိတ်ကို ဝင်ရောက်ကစားကြ တော့ရာ. . .

ထိုသည့်စိတ် သတိနှင့်တွဲ မဒိပ် တော့ပါ။ သတိခေါ်ရာ မလိုက်တော့ပါ။

ထိုအခါ တစ်ခုတည်းသော အာရုံ ကို တွန်းတင်ပေးနေသည့် ဝိတက်စိတ် နှင့် အဆက်ပြတ်တော့သည်။ တစ်ခု တည်းသောအာရုံခြောက်ပ် သုံးသပ်ပေးနေ သည့် ဝိစာရ သုံးသပ်စရာ အလုပ်မရ တော့ပါ။ ခေါင်းဆောင်အားထား ဤ



www.burmeseclassic.com

www.burmeseclassic.com



ဖန်းမောက်မြို့နယ်ရှိ ဇလုံတောင်တော်သို့သွားရာလမ်းခရီးရှိ ကျောက်ပလ္လင်နှင့်စေတီတော်

အသွားနှစ်ပါးတို့ ဖဝါးထား မမှန်တော့သောအခါ မိမိအလုပ်အပေါ် နှစ်လိုအားရ သဘောကျစေသောပီတိအရည် မလျှံတော့ပါ။ လုပ်အားခအဖြစ် ရရှိခံစားရမည့် သုခသည်လည်း လက်သို့ ရောက်ရှိမလာတော့ပါ။ အာရုံတစ်ခုဆို တစ်ခု နားခွင့်ပြုသည့် ဧကဂ္ဂတာလည်း အာရုံသို့ကပ်မလာနိုင်တော့ပါ။ အတားငါးခုတို့က စိတ်ကို ကစားပေးနေခြင်းကြောင့်။


သည်သို့ အသွားငါးပါးတို့ စိတ်နားမကပ်သာချိန် ... ယောဂီသည် ချောက်ရည်ယိုဗုံး ပစ်ချထားရာအကြား ခရီးသွားနေသူပမာ... ရုန်းရင်းဆန်ခတ်အကြား ကျပျောက်သွားသောငွေ ထိုက်ရှာနေသူပမာ ... မိလ္လာသယ်ထားကြီးများ ဥဒဟိုသွားလာရာအကြား ထမင်းဝိုင်းဖွဲ့စားနေသူပမာ မွန်ထွန်စိတ်ဖြင့် မှုန်ဝါးဝါးမြင်ကွင်းကြား ကျက်စားနေရတော့ရာ... ဆရာမကြောက်က နောက်ဆုတ်ရန် မခဲယဉ်း။ သံသရာမကြောက်ကလည်း နောက်လှည့်ပြန်ရန် မခဲယဉ်း...။

ဤ၌ အနီးကပ် ကြီးကြပ်ပေးနေသည့် ဆရာကြောက်နှင့် အဝေးပြသံသရာကြောက် ဤကြောက်နှစ်လုံး အသုံးဝင်လာပြီ။ သင့်မြက်မှိုက်စည်းကြီးကို အနီးကပ် ရှို့မြိုက်ပစ်နေခြင်းသည် သင့်ဆရာပါ။ သင် စီးသွားနေသော မီးဖောင်ကို ရှေ့မှနေ အယောင်ပြ၍ ခွာချပေးနေခြင်းသည် သင့်ဆရာပါ။ သို့ကြောင့် သင့်ဆရာ၌ ဥပဇ္ဈာယ်ဆိုသော ဘွဲ့ဆက်ကပ်ထားရသည်။

သင့်ထံနေ အသွားငါးပါး နာမည်တပ်ထားသည့်အရာများသည် ဈာန်။ သည်ဈာန်က ကပ်တား၊ ဖြတ်တား ကိလေသာကို ရှို့ပစ်တတ်၏။ သို့တစေလည်း... သင်စိတ်ထားမတတ်သေးသည်ကို အခွင့်ကောင်းယူ၍၊ သင်အာရုံမပြုတတ်သေးသည်ကို အကွက်ချောင်း၍ အတားငါးပါးအမည်ခံထားသော ကိလေသာတို့က သူတို့ကြိုးကိုင်ခိုင်းစားနေကျ စိတ်ကလေးကို လိုသလို ကစားပြနေတော့ရာ ... မယ်ခုံချီမည့်ကျားခွေးကြောက်၍ ပြန်ပြေးသွားပမာ... သင့်ဈာန်များ ရှေ့မသွားရဲချိန် သင်သည် သင့်ဥပဇ္ဈာယ်ဆရာကို ကြောက်ခြင်းဖြင့် ဈာန်လက်သင်ဝင်ရမည်။ ဆရာ[illegible]အား၊ တွန်းအားပါ ငေါက်ငမ်းခြင်း[illegible] ကြောက်သဖြင့် သတ်တစ်လုံး [illegible]ကိုင်သုံး၍ တုံးဆိုတိုက် ကျားဆို[illegible]ကိုက် စိန်ခေါ်လိုက်

www.burmeseclassic.com

www.burmeseclassic.com





ခြင်းပင်။

သတိသာရှိ ဈာန်အားများ သင့်၌ ရှိနေ၏။

သတိသာများများတိုက် ဈာန်အားများလည်း နောက်က အားကုန်လိုက်နေ၏။

ဆရာ့အကြောက်နည်းတူ သံသရာကြောက်သည်လည်း ဈာန်ဘက်ကအကူဝင်မည်။ ဘဝနာနေသူသည် ဘဝမှာပင် နောက်ပြန်လှည့်မကြည့်ရဲလောက်အောင် ကြောက်နေတော့၏။ ဘဝနာနေသူ နောက်ဆိုလျှင် နက်ဖြန်ပင် မကြားလို။ သည်မျှ လောကနှင့် ဘဝအပေါ် အမျှော်ကင်းမဲ့စွာ ကြောက်နေသူသည်လည်း ဘာအတားတွေ့တွေ့ စုတ်စုတ်ပြတ်ပြတ် ဝှေ့ပစ်တော့မည်မှာသေချာ၏။ အပြင်တား၊ အတွင်းတား လာမတားနှင့်။ ဝါးစားပစ်လိုက်မည်ဖြင့်။

ယင်းသံသရာကြောက်သမားသည်လည်း လက်ကိုင်သတိကို သန်လျက်ဓားကဲ့သို့ ထိုးစိုက်သုံး၊ ခါတွက်သုံးများဖြင့် ရဲဝံ့စွာ လမ်းထွင်ပေးတော့၏။ သို့ဖြင့် ဈာန်ငါးပါးတွင် မှတ်အားနှင့် ကပ်အားနှစ်မျိုးတို့ တိုးခွင့်ရလာတော့ရာ ရှုကွက်တွင်းက ဖြစ်၊ ပျက်၊ မြင်အာရုံတန်းက လမ်းအဖြစ်ပေါ်ခဲ့ပြီ။ အာရုံတန်းလမ်းပေါ်မှာပင် အတွေ့အာရုံ၏ ပေါ်တင်နိမိတ်က ဈာန်ယာဉ်အဖြစ် အသုံးချခံနေပြီ။

ထိုယောဂီ. . . . . ဤပြချက်မြင်ကြောင့် မှားနေသောစိတ်ထား မှန်သွားတော့ရာ မောသမျှ အမောပြေသွားပြီ။ မှားနေသော အာရုံထား မှန်သွားတော့ရာ မောသမျှအမောငြိမ်သွားပြီ။ စိတ်မပါ လက်မပါမှ စိတ်ပါလက်ပါဘက် ခရီးထွက်ခဲ့ပြီ။ ကိုယ့်အလုပ်ကို အားမရခဲ့ရာမှ အားရသည့်ဘက် ခရီးထွက်ခဲ့ပြီ။ ဒုက္ခဝေဒနာတို့အကြား ခရီးသွားနေရာမှာ သုခကြား ဖဝါးတားခွင့်ရခဲ့ပြီ။ သို့သော် ပွဲသိမ်းခရာမမှုတ်မီ သူရှုံးပြီ. . . . သင်မထင်ပါလေနှင့်။

ဘောလုံးပွဲမည်သည် ပွဲစမှ ပွဲဆုံးအထိ အနိုင်မခံအရှုံးမပေးဆိုသောဆန္ဒစွဲများဖြင့် နှစ်ဖက်နေအားလုံး ရေကုန်ရေခန်းကစားကြရမြဲပမာ. . . ။ ဤ၌လည်း သတိအားများသလောက် တွေးအားများကလည်း ပွားစီးနေတော့ရာ အသွားသန်သလောက် အတားဘက်က လည်းထန်လာသည်။ သင့်စိတ်သည် ဘောလုံးလေးတစ်လုံးအလား အတားဘက်ပါသွားလိုက်၊ အသွားဘက်လာနားလိုက်။ သို့ဖြင့် အခြေခံ သမာဓိပိုင်းရေလှိုင်းများ အတော်အကျပမာ ကစားကြပါမည်။ သို့ဖြင့် ဥပစာသမာဓိပိုင်း

www.burmeseclassic.com



ထုပ်ဆီးကြား အတိုးနှင့် အဖမ်းပမာ တစားကြပါမည်။

သို့ဖြင့် အသွားများဘက်က အပ္ပနာသမာဓိသို့ တက်ခွင့်ရသွားသော အခါ အတားတို့သည် သူနှင့် သူတာဝန် ယူကပ်ထားသည့် အတားတစ်ခုကသာ တပ်ပါနေပြီး ကျန်အတားများကား နောက်ကျန်နေရစ်ခဲ့ကြပြီ။ အသွားများ ကား အားဆိုသောအမည်ကို ပြောင်းလဲ ခံယူကြကာ သတိ (ရှုမှတ်မှု၊ အောက်မေ့ မှု ယင်းသည် စျာန်စိတ်နှစ်ခုပေါင်းထား သည်။) ၏ စေ့စပ်ညှိနှိုင်းမှုကို ကျန်ဗိုလ် တို့က ခံယူကြ၏။ ညီပြီလား ညီပြီဟော့ ဆိုသည်နှင့် ဝပ်ကျင်းထ ယုန်ပမာ လမ်း ပေါ်သို့ တစ်ဟုန်ထိုး ထိုးပြေးလိုက်ရာ အစွဲကဖြစ်သော ရုပ်ပြဖြစ်စဉ်သည် လွှတ်ခနဲ တစ်ချက်ပြတ်တောက်အသွား [illegible]စိတ်ကလည်း လှစ်ခနဲ တစ်ချက်မျှဖြစ် အသွား . . . ဟော-တံခါးတစ်ချပ်ပွင့် သွားပြီ။ ထွက်ပေါက် . . .။ ယင်းသည် ငါသွေးမှ ပစ်ချပို့လွှတ်သော အပါယ တောင်၏အပေါက် ပွင့်ထွက်သွားခြင်း ပင်။

သို့မဟုတ် ငါ့ကိုမှီ၍ဖြစ်သော ဘဉ်စရိုက်ဆိုးများ ကျိုးပေါက်သွားတော့ ခြင်း။

သည့်မှနောက် သူမှဖြစ်သော ချစ်၊ မုန်းနှစ်ပါး တစ်ချပ်လှပ်ရဦးမည်။ ပြီးသော် ဘဝမှီ၍ဖြစ်သော ခန္ဓာမာန်၊ ကိလေသာမာန်သုံးပါး တစ်ချပ်လှပ်ရဦး မည်။ သို့လှပ်ရန် ကြိုးစားတိုင်း အတား ငါးပါးတွင် ချစ်၊ မုန်းနှစ်ပါး တံခါးဖွင့်လို ရာ၌ ကာမစ္ဆန္ဒက ဦးဆောင်၊ ကျန် နောက် လိုက်။ ဘဝခင် မာန်ဝင်တံခါး ဖွင့်လိုရာ ၌ ဥဒ္ဓစ္စက ဦးဆောင်၊ ကျန်နောက်လိုက်။ ထိုစဉ် . . .။

အသွားပယ်ပြီးသား အတားများ က အရိပ်ယောင်ပြဖြင့်လိုက်ကြမည်။

အသွားပယ်ဆဲ၊ မပယ်ရသေးများ က ကိုယ်ထင်ရှားပြ၍ လိုက်ကြမည်။

ယင်းကို သင်သဘောပေါက် အောင် ရောပြရသော် . . . ဒိဋ္ဌိ ငါသည် ပထမတံခါးဝမှာပင် ဝိစိကိစ္ဆာနှင့်အတူ ပြတ်ကျန်ရစ်ခဲ့ပြီ။ သို့တစေလည်း တွေး လိုက်တိုင်း ငါကား မလွတ်ချင်တတ်။ သို့မဟုတ် စေတနာကံ အဆန်ကျွတ် သွားသောထိုသည့်ငါ အခွံဗလာအတိုင်း လိုက်နေဦးမည်။

တစ်ဖန် . . . ကာမ၊ ရာဂ၊ ဗျာပါဒ တို့သည်လည်း တတိယတံခါး[illegible]ပင် ပြတ်ကျန်နေခဲ့ပြီ။ သို့တစေ[illegible]သည်း လိင် အရာမဝင်သော သာသ[illegible]စိတ်များ ဖြင့် အသွားမရပ်ရမ[illegible] ဖဝါးနင်းလိုက် နေဦးတော့မည်။ သို့ကြောင့် စတုတ္ထ

www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ရန်ကြိုးစားရာ၌ သူနှင့်ခတ်ဖက်များဖြစ်ကြသော ဘဝရာဂ၊ မာန၊ ဥဒ္ဓစ္စ တို့ကသာတွန်းတွန်းတိုက်တိုက်လုပ်တတ်ကြပြီး ပယ်ပြီး အတားများကား ဗြာသံပေးအဖြစ် နောက်က လိုက်ဟစ်နေကြမည်။

သည်လောက်ဆို. . . လွှားပြေး၊ ဝါးပြေး၊ နားမဝေးသော သင့်အဖို့ လုံလောက်သွားပြီ။

**❑ ကစားကွင်း အားချင်းပြိုင် နိုင်လျှင် တံခါး ရှုံးလျှင်ဓား**

သင့်အတွေးမှ ထဖြစ်သော အတားငါးမျိုးနှင့် သင့်အမှတ်မှထဖြစ်သော အသွားငါးမျိုးတို့သဘော ပြောခဲ့ပြီးပြီ။

ဤ၌ကား . . . အသွား၊ အတား တို့ အပြန်အလှန်ကစားကြပုံကိုသာပြောခွင့်ရတော့မည်။

ထိုစဉ်. . .

အသွားကား ပဟာယက ပယ်တတ်သောတရားဖြစ်၍ ထိုးစစ်ဆင်သမား။

အတားကား ပဟာတဗ္ဗ ပယ်သတ်ရမည့်အရာဖြစ်နေ၍ ခံစစ်သမား။


သို့ဖြစ်ရာ . . . နည်းပြ သတိလက်အောက်ရှိ အသွားသည်သာ အခရာ အညာ။ အသွားအားကောင်းလျှင် အသွားတို့က အနိုင်။ အသွားအားညံ့သော် အတားတို့ဘက်က အနိုင်။ သို့မဟုတ် အသွားရှုံး။ အတားတို့ဘက်မှကား ကိုယ့်ဘက် အသွားမကျော်သာအောင် ခံစစ်ကို လုံစွာကစားရင်းက တစ်ဖက်ကို မျှားခေါ် လေ့ရှိ၏။ အတားအမျှားသန် အသွားတို့ အမျှားဒဏ်ခံရတော့သည်သာ။ ယင်းမှာ အသွားတို့၏ အင်အား ညံ့ဖျင်းခြင်းကြောင့် ခံရသည့် မျှားဒဏ်။

ထိုစဉ်. . . အတားတို့သည် သူ့ကို အပိုင်စည်းရုံးထားသောစိတ်ကို မျှားစာ နေရာထား၍ . . . တရားလိုချင်စိတ်ဖြစ်စေခြင်းဖြင့်လည်း မျှား၏။ တရားရှာမချင်း အားထုတ်မည်။ စိတ်ဖြူသည်းများ၏တက်စိတ်ကို ကျစိတ်ဖြစ်စေခြင်းဖြင့်လည်းမျှား၏။ တည်အေးစိတ်ကို ပျံ့ပူစိတ်အဖြစ် ပြောင်းလဲ၍လည်း မျှား



www.burmeseclassic.com

www.burmeseclassic.com



…ကပ်စိတ်ကို ချီတုံချတုံသံပေး၍ …ည်း ခြောက်လှန့်သေး၏။ ထိုအားလုံး …ကို အာရုံထား၊ စိတ်ထား မတတ်သေး …သောစိတ်ဖြင့် အသွားအားလုံးကို ကစဉ့် …ဖြစ်သွားအောင် အတားတို့ကပြု …၏။ ယင်းကို. . .

စကတည်းက သဒ္ဓါအင်အား …ပါးသူများ ကြံ့ကြံ့မခံနိုင်ကြ။

တရားအားထုတ်လိုမှု ဆန္ဒအား …ပါးသူများ ကြံ့ကြံ့မခံနိုင်။

ရဲတင်းစွာ အားထုတ်ခြင်း ဝီရိယ …နည်းပါးသူများ ကြံ့ကြံ့မခံနိုင်။

သို့ဖြင့် သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယနည်းပါး …၏ ကျင့်ကွက် အတားများချက်ထိ …ရာ. . . သတိက ဝင်သည်၊ တွက်ပြီဖြင့် တည်ပေးလိုက်သည်။ ထိုစဉ်. . . တစ်ခါမှ မသွားဘူးသေးသော ဈာန်လမ်း၌ တာဝန်ထမ်းရမည့်အသွားတို့သည် သိမ်ငယ်စိတ်ဖြင့် အားထုတ်တော့ရာ. . . ခေါင်းဆောင်ဝိတက်က စိတ်မပါ့တပါဖြင့် အားထုတ်မိခြင်းကြောင့် လက်ထောက်ဝိစာရကလည်း စိတ်မချတချဖြင့် လိုက်ပါလာ၏။ ထိုအခါ စိတ်အထိုင်ချမရ ကိုယ်အထိုင်ချမရ ဒုက္ခဝေဒနာကစွာတော့ရာ အလုပ်၌အားရမှုမှ အားမရမှုထဲ လွဲဝင်သွားချေပြီ။ စိတ်အေးကိုယ်ငြိမ်နေရာမှ စိတ်ပျံ့ကိုယ်ပူထဲ လွဲဝင်သွားချေပြီ။ တရားအားထုတ်လိုမှုကို ရလိုမှုဘက် အမျှားခံလိုက်ရခြင်းကြောင့်။

အသွားများ ကိုယ်အားဖြင့် ကိုယ့်ကိုပြန်ပတ်လိုက်ခြင်းတည်း။ သို့မဟုတ် မှတ်ရာအပေး အတွေးကဝင်လုသွားခြင်းတည်း။

သို့ဖြင့် အတားနှင့် အသွားနှစ်သင်းသည် ဝိပဿနာဘာဇာဆောက်ပိုင်း၌ ကြမ်းကြမ်းတမ်းတမ်းကစားပြကြ၏။ အသွားရှေ့ထိုးဖောက်ချိန် အတားက စိတ်ကို ငါတွေးအတွေးခိုင်း၍လည်း တားကြမည်။ မြ၊ ကောင်း၊ ပိုင်အတွေးတွေး၍လည်းတားကြမည်။ ဖြစ်ခရီး၏ အကြီးမားဆုံး လမ်းရှည်ကြီးဖြင့်လည်း တားကြမည်။

ယင်းကို အသွားကို့ဘက်က မှန်ရှိန်မြှင့်၍ ရဲဝံ့စွာထိုးဖောက်ခဲ့သော်. . .

နာမရူပမှ ဥဒယဗ္ဗယ အထိသော ဉာဏ်အဆင့်တို့ပွင့်စေကာ အတွေးပြောသောငါ. . . ဘယ်မှာလဲမေး၍ အနိုင်ယူ၏။ ကျိုးကြောင်းဆက်ပြ၍ ငါမလုပ်ကြောင်း သက်သေပြ အနိုင်ယူသည်။ လက္ခဏာအချက်ထိုသုံးကွက်ပြ၍လည်း အနိုင်ယူ၏။ ချက်ချင်းဖြစ်၍ ချက်ချင်းပျက်ကျသည်ကိုပြ၍လည်း အနိုင်ယူ၏။ သို့ဖြင့် တွန်းတွန်း တိုက်တိုက် ထိုးထိုးဖောက်ဖောက်ပွဲများစဲသွားတော့ရာ. . . တစ်ဖန် အတားတို့သည် အလင်း၊ ပီတိစသည့် ဆယ်ချက်တို့ဖြင့် မျှားပြန်၏။ အသွားမတတ်ကြသော ဈာန်များ ထပ်မှားကြရလေပြီ။

ယင်းမှာ. . . ဖြစ်၊ ပျက်မြင်ထက်ထင်ရှားသော အလင်း၊ ပီတိများဘက် ဖဝါးထွက်မိခြင်းပင်။ အသွားတို့သည် လမ်းမှားကြား အားကုန်သုတ်၍ တုတ်လိုက်ကြရာ. . . ဖြစ်၊ ပျက်ကား တမျှဉ်းမျှဉ်းဖောက် လမ်းဖောက်ရပြီ။ အလင်းလည်း တမျှဉ်းမျှဉ်းပျောက် လမ်းမှောက်ရပြီ။ ထိုစဉ်. . .

အင်း - ငါလိုက်နေတာက လမ်းမှားပေပဲ. . .။

အင်း - ငါလိုက်နေကျ ဖြစ်၊ ပျက်မြင်ကမှ လမ်းမှန်ပဲ. . သို့ သတိဝင်ကာ ပျောက်သွားသော အလင်းနောက် ထပ်မလိုက်တော့ဘဲ ပျောက်သွားသော ဖြစ်၊ ပျက်မြင်အစုံ အာရုံပြု၍ လမ်းမှန်ဘက်ဆက်ကြရသည်။

အတားတို့ မနိုင်သော်မှ ရှုံးချိန်ပေါ် နည်းနည်းနောက်ကျသွားစေခြင်းဖြင့် အနိုင်ယူပြလိုက်ခြင်းပင်။ ထို့. . . အပျက်အုပ်စုကြီးထဲရောက်သွားကြပြီ။ ဤပွဲကား ညင်သာ၏။ အကမ်းအစောင်း



www.burmeseclassic.com

www.burmeseclassic.com



မခံသောပွဲစဉ်များ ဖြစ်ကြ၏။

ဤ၌ အကျင့်လမ်းမှန်နေသဖြင့် မစောင်းတော့ဟု မထင်လေနှင့်။

ခွေးဖြူ တောမတိုးရဲပမာ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယနည်းသူများ ဤနေရာများဝယ် တန့်ကျန်နေခဲ့တတ်သည်။

အချို့က အပျက် ထိတ်လန့်ရာမှ အကြောက်ဝင်လာပြီး ပျက်။

အချို့က ဘဝအပျက်မြင်လာရာမှ ငြီးငွေ့လွန်သွားပြီး ပျက်။

အတားတို့ပရိယာယ် မလည်မဝယ် အသွားများ ခံရဖို့ရာသာပြင်ထား။ အကယ်တိတိ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့ ထက်မြက်ခဲ့ပါမူ. . . ရန်သူများသောလမ်း ဘယ်လောက်ပင် ကြမ်းတမ်းပါစေ၊ ရွံစရာကောင်းသောလမ်း ဘယ်လောက်ပင် ရွံစရာတွေပြွမ်းနေပါစေ ဘာဖြစ်ဖြစ် ရဲတင်းစိတ် မျက်စိမှိတ် အားမွေး၍ တွန်းတွန်းတိုက်တိုက် ပြေးထွက်ရဲသောသူ တားကွက်အပျက်မှ လွတ်မြောက်ခွင့်ရတော့၏။

ပျက်ကွက်များက တဖြည်းဖြည်း မှိန်အကျ၊ ဖြစ်၊ ပျက်ကွက်များက တစ်ဆင့်ပြီးတစ်ဆင့်တက် ထွက်ပြလာခြင်းဖြင့် . . . တစ်ဖန် ဖြစ်၊ ပျက်၊ မြင်ဘက်ထွက် မိလာချိန် အသွားအားသာ အထားအားမပါဖြစ်လာတော့ရာ ခံစစ်ဖြင့်သာကစားခွင့်ရသော အတားများ ပါးလျားလာချေပြီ။

အရှေ့ပိုင်းလောက် အလယ်ပိုင်း အတားများ အားမကောင်း။ တစ်ဖန် . . .

အလယ်ပိုင်းလောက် ဤအထက်ပိုင်းအတားများ အားမကောင်း။

သို့တစေလည်း မသွားဘူးသေး၍ မသွားတတ်သေးသော လမ်းမကြီးပေါ်ဝယ် အသွားများကပင် အတားထဖြစ်လေ့ရှိတတ်ကြရာ. . . ဤ၌လည်း သတိစေ့စပ်အားသာကောင်း၍ စူးစိုက်အားမကောင်းခဲ့သော ယောဂီ၌ ဈာန်အကျိုးခံစားရင်းက. . .

ရံတစ်ခါ ဥပေက္ခာစိတ်ဖြင့် ဘိန်းမိန်းသလို မိန်းနေတတ်၏။

ရံတစ်ခါ ပီတိ၊ ပဿဒ္ဓိစသည်တို့ဖြင့် မိန်းနေတတ်၏။

ရံတစ်ခါ ဝီရိယလွန်ခြင်း၊ လိုခြင်းများဖြင့်လည်း ကစားနေတတ်၏။

ထိုအားလုံး အသွားထဲက ထဖြစ်သော အတားများချည်း ဖြစ်နေကြ၏။ သို့ဖြင့် . . . ပညာလွန်၍ သဒ္ဓါနောက်တွန့်အတွန့်လွန်လိမ်တော့သည်။ သမာဓိလွန်၍ ဝီရိယနောက်တွန့် အတွန့်လွန်လိမ်တော့သည်။ သို့ကြောင့် 'အတားဟူသည် အသွားဖဝါး မထားတတ်ရာမှ ထပေါ်၏' ဆိုသည်ကို ဤအထက်ပိုင်း၌ပို၍ ထင်ရှားပြီ။

အောက်ပိုင်းတုန်းက အာရုံမှန်၊ စိတ်မှန်မထားတတ်ခဲ့၍. . .။

အထက်ပိုင်း၍ နေရာမှန်၊ အားမှန်မထားတတ်၍. . .။

ဤနေရာ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယအားမသန် လန်ကျတတ်သောနေရာ။ သို့မဟုတ် သွားရင်းလမ်းပျောက် အောက်ပြန်ရောက်သွားတတ်သောနေရာ. . .။

ယင်းကိုလည်း သတိ၏အောက်မေ့အားကို တွင်တွင်အသုံးချ၍. . . ပညာအဖိခံထားရသောသဒ္ဓါကိုဖော်ထုတ်ပေးနိုင်ခဲ့သော်၊ သမာဓိစီးပိုးထားသည့်ဝီရိယကိုလှုပ်ပေးနိုင်ခဲ့သော် . . . သိစိတ်သည် ဝပ်ကျင်းထ ယုန်လေးသို့ရှိရာဘက်မှ မရှိရာဘက်သို့ ထွက်ပြေးပြတော့သည်။ ရုပ်၊ နာမ်တို့အပျောက် ဟင်းလင်းပြင် အပေါက်. . . ဟောဒါ. . . ထွက်ပေါက်။

လမ်းသည် တစ်လမ်းထီးတည်းရှိ၏။ ရုပ်နာမ်ဖြစ်ပျက်လမ်း. . .။

စိတ်ကလည်း တစ်ခုတည်းစိတ်ဖြစ်ခဲ့လျှင် ထွက်ပေါက်မပွင့်မရှိ။ ပွင့်၏။

သို့သော် ထိုထွက်ပေါက်ကား မလွယ်ပေါက်။

သို့ဖြစ်ရာ. . . သင်သည် ပုတတ်ထိုးစား မုဆိုးသားပမာ မလွယ်ပေါက်ကနေ ဆီးကြိုဖမ်းတတ်မှသာ. . .

ငါဆိုလည်းမိ သတ်ပြီးလည်း ဖြစ်တော့၏။

သူဆိုလည်းမိ ချစ်၊ မုန်းနှစ်ပါးလွှားပြီးလည်း ဖြစ်တော့၏။

ဘဝဆိုလည်းမိ ခန္ဓာ့မာန်၊ ကိလေသာ့မာန်တန်ပြန်ပြီးလည်း ဖြစ်တော့၏။

အရေးကြီးသည်မှာ. . . သင်သည် အပါယထောင်၊ ကာမထောင်၊ ဘဝထောင် ဤထောင်ကြီး သုံးထောင်တို့မှ ထွက်ချင်မထွက်ချင်ပင်. . .။

□ ဗဟုလ္လာ မမ သန္တိကာ၊
ဝတ္ထုနိ တက္ကရေ၊
ဧတ္တေ တင်္ဂရာသိ ဧကော၊
ဧကောကော ဓမ္မာ ဘိသယော။ ။

၁၃၇၃ ခုနှစ်
ဝါဆိုလဆန်း ၅ ရက်၊ အင်္ဂါနေ့



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင့်ထွန်း(မသုံးလုံး)

## မြန်ပြည်အစုမ်း အေးဘယာမသန်း အေးချမ်းစေမည့်

# ပြည်လုံးအေးစေတီတော်မြတ်ကြီး

ဗောဓိပင်ကြီးနှစ်ပင်တို့၏အုပ်ဆိုင်းဆိုင်းညောင်ရွက်တို့ကို လေတိုးသံတို့က ဗေလုဝစောင်းညှင်းသံလို။ ထို့အတူ စေတီတော်မြတ်ကြီး၏ ဆည်းလည်းလှုပ်ခါသံလေးများသည် နတ်ဗြဟ္မာတို့၏ တူရိယာတီးမှုတ်သံလေလား ထင်မှတ်မှားရလောက်ပါပေ၏။ ကောင်းကင်ပြာကြီးနောက်ခံထားလျက် ပြည့်တော့မည့် လဝန်းကြီးသည် ကမ္ဘာမြေပြင်ပေါ်ကို အပြည့်အဝအလင်းရောင်မဖြာနိုင်ရှာခဲ့။ အဘယ်ကြောင့်ဆိုသော် အချိန်ရာသီကား မိုးသားမိုးရိပ်တို့မကင်းသေးသည့် သီတင်းကျွတ်လဖြစ်တော့သည်။ မိုးသားတိမ်မင်ခိုးလေးများ ကြိုကြားကြိုကြားလေယူရာသို့ ရွေ့လျားကုန်ကြလျက် ဖုံးလမင်းကြီးရှေ့မှာကာဆီးနေသလိုလို။

ဒီအချိန်မှာ မိဘနှစ်ပါးနှင့်အတူ ဘုရားကို ကြည်ညိုနေချိန် ဖြစ်ပါသည်။ လွန်ခဲ့သောနှစ် (၅၀) ကျော်က စာရေးသူက သျှောင်ပေစူးအရွယ်။ အသက်အားဖြင့် (၁၀) နှစ်သားဝန်းကျင်ခန့်ကဖြစ်လေ၏။ ဘုရားဖူးရန် စာရေးသူငယ်ရွယ်စဉ်က ကမ္ဘာလုံးဘုရားဟု ခေါ်ခဲ့သည့် ပြည်လုံးအေး စေတီတော်မြတ်ကြီး၏ ခြေတော်ရင်းသို့ ရောက်ရှိနေစဉ်က ဖြစ်ပါသည်။ ဘုရားဖူးရသည်မှာ အလွန်ပင် အေးချမ်းလေစွ။ အလွန်ပင် ကြည်ညိုဖွယ်ကောင်းလေစွ။ ပြည်လုံးအေးစေတီတော်မြတ်ကြီးသည် မြောင်းမြမြို့ (၇)လမ်းရှိ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့အနီးတွင်ရှိပါသည်။

ပြည်လုံးအေးစေတီတော်မြတ်ကြီး ကြည်ညိုရာတွင် တိတ်ဆိတ်အေးချမ်းနေလေ၏။ ဘုရားပရိဝုဏ်နယ်နိမိတ်အတွင်း၌ ဓမ္မာရုံများ၊ တန်ဆောင်းများ ဆောက်လုပ်ကနည်းပါးသည်၊ ယခုအခါ တရားထိုင်သူများ၊ ဥပုသ်သီတင်းသီလစောင့်ကြသူများ၊ သာသနာရေးလုပ်ရှားမှု အတက်တက်ကြွကြွ ပါဝင်လာကြသဖြင့် ဓမ္မာရုံများ၊ တန်ဆောင်းများ လှူဒါန်းသူများသည်း အလျှိုလျှိုပေါ်ပေါက်လာကြသည်။ မိုးလုံလေလုံဓမ္မာရုံများတွင် စိတ်အေးချမ်းမြေ့စွာ တရားထိုင်နိုင်၏။ ဥပုသ်သီတင်းသီလတို့ ကောင်းစွာ ဆောက်တည်လာနိုင်ကြ၏။ တရားဘာဝနာကို စိတ်တိုင်းကျကျင့်ကြံကြိုးကုတ်အားထုတ်လာနိုင်ကြပြီ ဖြစ်ပါ၏။

မြောင်းမြမြို့သည် သာသနာ ထွန်းကားသောမြို့လေး ဖြစ်လေသည်။ ဘုရားစေတီများ၊ တရားရိပ်သာများစွာတို့က သက်သေခံနေကြပါသည်။

မြို့ဦးမြို့ထိပ်မြောင်းမြမြစ်ကမ်းနဖူးပေါ်က စကြာသီဟ၊ စကြာနန္ဒညီနောင်စေတီ၊ မြို့လယ်တွင် ရွှေသာလျောင်းဘုရားကြီး၊ ရွှေမြင့်မိုရ်ဘုရား (ခေါ်) တာဝတိံသာဘုရား၊ ပြည်လုံးအေးစေတီတော်မြတ်ကြီး၊ မြောင်းမြမြို့နှင့်ခရီးလမ်းတစ်ဆက်တည်း မြို့ဟောင်းကျေးရွာရှိ ရွှေဘုံသာစေတီ၊ ရွှေစည်းခုံစေတီနှင့် မြစိမ်းရောင်တောင်တော်တွင် မြတိဂုံ (ရွှေတိဂုံပုံစံတူ) စေတီတော်မြတ်ကြီးတို့




ပြည်လုံးအေးစေတီတော်မြတ်ကြီး




လေးကျွန်းယာန်အောင်စေတီတော်

www.burmeseclassic.com


www.burmeseclassic.com




မြို့လုံးချမ်းသာစမ္မာရုံတွင် အမြဲသီတင်းသုံးနေသည့် တင်ပျဉ်ခွေကိုယ်တော်မြတ်




မြို့လုံးချမ်းသာစမ္မာရုံတွင် ယာယီသီတင်းသုံးနေသည့် ကြေးဆင်းတုကိုယ်တော်မြတ်




ဘုရားပရဝဏ်အတွင်းရှိ မတ်ရပ်ကိုယ်တော်

သာသနာ့အလင်းရောင် ထွန်းလင်းထိန်လျက်ရှိကြ၏။

ထို့အတူ တရားရိပ်သာတို့သည်လည်း အချိန်အခါအလိုက် အမြဲမပြတ်တရားစခန်းများဖွင့်ကာ အကြိမ်ကြိမ်အလီလီ ကျင်းပပေးလျက် တရားစခန်းဝင်သူယောဂီအပေါင်းတို့ တရားအားထုတ်နေကြသည်မှာလည်း သာသနာတော်ကြီးအဓွန့်ရှည်တည်တံ့နေမည့်လက္ခဏာဖြစ်ပါတော့၏။ မြောင်းမြမြို့တွင် တရားစခန်းဌာနများ မြောက်မြားစွာရှိနေပါ၏ရွှေသာလျောင်းဘုရားကြီးဝင်းအတွင်း၌ မိုးကုတ်ဝိပဿနာတရားစခန်းအဖွဲ့ခွဲအမှတ်(၂၆)၊ ထောင်ကုန်းလမ်းတွင် ပဏ္ဍိတာရုံမိုးကုတ်တရားစခန်း၊ ကုန်းမြင့်သာယာလမ်းတွင် လယ်တီဆရာတော်၏နည်းနိဿယအတိုင်း ဦးဂိုအင်ကာ၏တရားစခန်းအဝေးပြေးကားဝင်းအနီးတွင်သဲအင်းဂူတရားစခန်း၊ မဟာစည်ရပ်ကွက်တွင် မဟာစည်သာသနာ့ရိပ်သာတရားစခန်းတို့ရှိကြလေကုန်၏။

ဘုရားအဆူဆူ၊ တရားရိပ်သာအသီးသီးတို့ဖြင့် သာသနာရောင်ဝါရှိန်လင်းထိန်သောမြောင်းမြမြို့၏အမှတ်တရမှတ်တမ်းများရှိသင့်ပါသည်။ စာရေးသူအနေဖြင့် မိမိလက်လှမ်းမီသရွေ့ လှံ့လပြုမှတ်တမ်းတင်ခဲ့ပြီးသည်များလည်းရှိခဲ့ဖူးပြီး မှတ်တမ်းတင်ထိုက်သောအရာကိုမှတ်တမ်းမှတ်ရာများထားရှိသင့်ကြပေ၏။ မြို့နယ်အတွင်း ထူးခြားဖြစ်စဉ်မှတ်တမ်းဘာသာရေး၊ သာသနာရေးဆောင်ရွက်ချက်မှတ်တမ်းတို့ကို ခိုင်မာသောမှတ်တမ်းထားရှိပါက နောင်လာနောက်သားတို့ အကျိုးရှိရှိ သိခွင့်ရကြပေလိမ့်မည်။ ခိုင်မာသောမှတ်တမ်းမရှိပါက ပါးစပ်ရာဇဝင်အဖြစ်သာ လေဖမ်းတရားနာကြရပေတော့မည်။ ထို့ကြောင့် မြို့နယ်တိုင်းတွင် မှတ်တမ်းမှတ်ရာရှိသင့်သည်ဟုစာရေးသူ ယုံကြည်ပါ၏။

မြို့နယ်၏သမိုင်းကြောင်းမကျန်ရစ်သောမှတ်တမ်းမှတ်ရာမရှိခဲ့သောမြို့များရှိကြောင်းကိုလည်းကြားသိရသောကြောင့်ကိုယ့်မြို့အကြောင်းကိုယ်မသိလိုက်ရသောထိုမြို့သားအဖို့ ဝမ်းနည်းဖွယ်ကောင်းလေစွ။ ထို့ကြောင့် မိမိတို့မြို့၏ သမိုင်းကြောင်းကို မှတ်တမ်းမှတ်ရာထားရှိရာ စာရေးသူတို့တွင် တာဝန်ရှိသည်ဟု ခံယူမိပါတော့သည်။

ယခု သာသနာတော်ထွန်းကားသောကြောင့် မြောင်းမြမြို့မှ ပြည်လုံးအေးစေတီတော်မြတ်ကြီး၏သမိုင်းအကျဉ်းကို



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ မှတ်တမ်းရယူ တင်ပြနိုင်ခဲ့ပြီ ဖြစ်ပေသည်။


**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မြစိမ်းရောင်တောင်ဆရာတော်ကြီးထံမှ ၂၀၀၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် စတင်တာဝန်ယူသော ဂေါပကအဖွဲ့မှ ဩဝါဒခံယူရာတွင် ဆရာတော်ကြီး၏မိန့်ကြားချက်**

ဓာတ်ပေါင်းဦးသျှောင် အဘဘိုးမင်းခေါင်သည် မြန်မာတစ်ပြည်လုံး တစ်ကြိမ်သုံးပါးဘေးမှ ကင်းဝေးကြစေရန်နှင့် လာဘ်မိုးစည်းစိမ်တထိန်ထိန်ဖြင့် ကြာသိန်တိုးတက် ဖြိုးလက်စေရန် စိတ်ရည်သန်ပြီး သားတပည့်ဖြစ်သူ သာမြို့မှ ဦးကိုကိုကြီးအား ဘုရားစေတီတည်ရန် အမိန့်ဖြင့် စေလွှတ်လိုက်လေရာ ဧရာဝတီတိုင်းဒေသကြီး ကြောင်းမြို့သို့ ကောဇာနှစ် ၁၃၁၀ ပြည့်နှစ်တွင် ရောက်ရှိလာခဲ့သည်။ ထို့နောက် ဆေးဝတ်ဝန်ဦးထွန်းခင်နှင့်တွေ့ဆုံခဲ့ကြရာ ဘုရားစေတီတည်ဖို့အရေး အကြိမ်ကြိမ် အခါခါ တိုင်ပင်ဆွေးနွေးခဲ့ကြသည်။


ယခု ရဲစခန်းအနီးရှိနေရာတွင် ဉာဏ်တော်အမြင့် (၁၀) တောင်ရှိသည့် စေတီတစ်ဆူကို အမိန့်ဖြင့်တည်ခဲ့ကြသည်။ မြန်မာတစ်ပြည်လုံး ရန်ဘယာဘေးမသန်းဘဲ အေးချမ်းစေလိုသော ကောင်းအတိတ်အောင်နိမိတ်ဖြင့် အမိန့်ဖြင့် တည်ထား ကိုးကွယ်ကြခြင်းဖြစ်၍ မှတ်သွားရာ ဓာတ်သက်ပါ ဟူသော စကားအရ စေတီတော်၏ဘွဲ့အမည်ကို ပြည်လုံးအေးစေတီဟု ခေါ်ဝေါ် သမုတ်ကြကြောင်း။

မြန်မာနှစ် ၁၃၁၃ ခုနှစ်၊ ခရစ်နှစ် ၁၉၅၂ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မြစိမ်းရောင်တောင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူပြီး တည့်ဒါယကာဖြစ်သူ ဦးတင်မောင်နှင့် အဖွဲ့တို့ တိုင်ပင်ဆွေးနွေးခဲ့ကြပြီး ယခင်ဉာဏ်တော်(၁၀)တောင်မြင့်သည့် စေတီတော်ကို အတွင်းငုံသွင်း၍ ဉာဏ်တော်အမြင့် (၂၇) တောင်အဖြစ် တိုးမြှင့်ကာ ပြုပြင်တည်ထားခဲ့သည်။


စေတီအရံလေးဆူရှိပြီး စေတီတော်ကြီး၏ လေးဖက်လေးတန်တို့တွင် နှစ်ကျိပ်ရှစ်ဆူဘုရားများသည် ဘုရား၏ တိုက်ငယ်လေးများတွင် ကိန်းဝပ်စံပယ်တော်မူခြင်း၊ ရွှေရောင်တဝင်းဝင်း ထွန်းလင်းကြည်ညိုဖွယ်ကောင်းခြင်း၊ ဘုရားရှင်၏ ဓာတ်တော်မွေတော်များ




ပြည်လုံးအေးစေတီတော်မြတ်ကြီး




ပြည်လုံးအေးစေတီတော်မြတ်လုံးတော်ရှိ နှစ်ကျိပ်ရှစ်ဆူဘုရားများ



တောင်ဘက်ဗောဓိညောင်ပင်ရင်း စံပယ်တော်မူနေသည့် မြတ်စွာဘုရား




www.burmeseclassic.com

www.burmeseclassic.com



နတ်မင်းကြီးလေးပါးတံခွန်တိုင်



ရှင်လေးပါးတံခွန်တိုင်



ကမ္ဘာလုံးတံခွန်တိုင်

ဌာပနာသွင်းလျှ ပူဇော်ထားရှိခြင်းတ ကြောင့် ယုံကြည်သဒ္ဓါထက်သန်မှုဖြ ရှိခိုးဖူးမြော်ပူဇော်ကန်တော့ပြီး အဓိဋ္ဌာ ပြုဆုတောင်းပါက လိုရာဆန္ဒပြည့်ဝေ နိုင်ခြင်း အစရှိသည့် တန်ခိုးတော်ဂုဏ အစုံစုံတို့နှင့် ပြည့်ဝတော်မူလေသည်။

စာရေးသူ၏ ဘိုးဘွားအစ အဆက်တို့ပြောလာခဲ့ကြသည့် ကမ္ဘာလုံး စေတီခေါ် ပြည်လုံးအေးစေတီတော်မြ ကြီးဘုရားတည်ရန် ဦးကိုကိုကြီးရောက လာခဲ့စဉ်က အဖြစ်အပျက်တစ်ခုက အမှတ်ရမိနေပါသည်။ ထိုအဖြစ်အပျ သည် ထူးခြားဖြစ်စဉ်အဖြစ် ယနေ့တိ လက်ဆင့်ကမ်းပြောနေကြဆဲ ဖြစ်သည အဖြစ်အပျက်မှာ ဤသို့ဖြစ်လေ၏ အဘဘိုးမင်းခေါင်၏ ညွှန်ကြားချက်ပြ ကသာမြို့မှဦးကိုကိုကြီးရောက်လာသည ပြည်လုံးအေးစေတီတော်တည်ရန် နေရာအနေအထားကြည့်ရှုရွေးချယ်ကြ သည်။လေးကျွန်းမာန်အောင်စေတီအန ရှိဘုရားတည်ရန် စီစဉ်သူတို့ နှစ်သက်ကြ ကုန်၏။

ထိုနေရာမှတစ်ပါး အခြားနေရာ များတွင်တည်ရန် မည်သူမျှ မလိုလားကြ ကုန်။ သို့သော် ထိုနေရာ၌ အခက်အ တစ်ခုနှင့် ကြုံကြရလေ၏။ ဦးကိုကိုကြ တို့ ဘုရားတည်လိုသည့် မြေနေရာတွ စိမ်းလန်းစိုပြည်သော ညောင်ပင်ကြ တစ်ပင် ထီးထီးရပ်တည်နေပါ၏။ ဒီ အပင်ကြီးမျိုးကို ဘုရားတည်မည့်သူ မည်သူမျှ မပယ်ရှားဝံ့ကြကုန်။ ဦးကိုကိုကြ တို့ ကြီးမားသော အခက်အခဲကြီးန ရင်ဆိုင်ကြုံတွေ့ရတော့၏။ အဘဘိုးမင ခေါင်ကလည်း ဘုရားတည်ရမည် အဓိဋ္ဌာန်ပြုပြီးဖြစ်၏။ တည်ရမည့်နေရာ ကလည်း မပယ်ရှားဝံ့သည့် ညောင်ပ ကြီး။ ဦးကိုကိုကြီး အကြံအိုက်လေ၏ အဘဘိုးမင်းခေါင်ထံ အမြန်ပြန်လည် တင်ပြမှသာ ဖြစ်ပေတော့မည်။ ဦးကိုက ကြီး မနက်ဖြန် ကသာသို့ပြန်ရချိမ့်မည ဘုရားတည်ရမည့်အချိန်တုံ့ဆိုင်းမှုဖြစ ပါတော့မည်။

အဘဘိုးမင်းခေါင် အဓိဋ္ဌာန်ပြု ထားသည့်အချိန်နှင့်လွဲတော့မည်ထင် သော်လည်း သူတော်ကောင်းနတ်ကော မ,လေသည်ထင့်။ နံနက်အရှေ့ သော် ဦးကိုကိုကြီးသည် လေးကျွန်းမာ အောင်စေတီတော်ကို မြင်လောက်သည နေရာမှ လှမ်းမျှော်ကြည့်ရှုရာ စေ တော်ကို ကောင်းစွာ မြင်တွေ့ဖူးမြော် သည်ကို သတိပြုလိုက်မိသည်။ ဤတွ



www.burmeseclassic.com

www.burmeseclassic.com

အုံအားသင့်စရာ မြင်ကွင်းတစ်ရပ်ကား ဦးကိုကိုကြီးကို ဆီးကြိုနေပါသည်။ သူတွေ့ရှိလိုက်ရသော မြင်ကွင်းကား စိမ်းစိမ်းစိုစိုနှင့် ညောင်ပင်ကြီးသည် လေမိုးပြင်းထန်စွာတိုက်ခတ်မှုမရှိပါဘဲ သူ့ကို အလိုအလျောက်လဲကျနေလေပြီ တော။ မြေပြင်ထက်ဝယ် ဝပ်စင်းခဲ့လေ ပြီ နတ်သိကြားတို့ မ,စလေသလော။ အနီးဝန်းကျင်တစ်ဝိုက်ရှိဘုရား၊ ကျောင်း၊ ကန်၊ ဓမ္မာရုံတို့နှင့်လည်း လွတ်ကင်းစွာ ဝပ်စင်းနေပါ၏။ ဘုရားတည်ရန်မြေနေ ရာရွေးချယ်မှု ဤတွင်အဆင်ပြေလေ၏။ ဦးကိုကိုကြီး ကသာပြန်စရာမလိုတော့ ပြီ။

အဘဘိုးမင်းခေါင်၏အဓိဋ္ဌာန်ပြု ဆည့်နှလိုက်သည့်ကိစ္စရပ်တိုင်း ဦးကိုကို ကြီး၏လုပ်ဆောင်ချက်များအောင်မြင်ခဲ့ သည်ချည်းသာ။

❑

ပြည်လုံးအေးစေတီတော်ဂေါပက အဖွဲ့သားတို့၏ သာသနာ့ရေးလုပ်ငန်း ဆောင်တာများကို တက်တက်ကြွကြွ ဆောင်ရွက်ကြလေကုန်၏။ ဘက်စုံလုပ် ငန်းများ မလစ်ဟင်းစေဘဲ ဆောင်ရွက် နိုင်နေကြသလို ရာသီအလိုက်ပွဲ တော်များလည်း ကျင်းပကြကုန်သည် ။ သာသနာစည်ပင်ဖွံ့ဖြိုးတိုးတက် လျက်ရှိပါ၏။ ပြည်လုံးအေးစေတီတော် ကြီးကို လာရောက်ဖူးမြော်သူ၊ ပုတီး စိပ်သူ၊ တရားထိုင်သူများနှင့်လည်း စည်ကားလျက်ရှိနေပါသည်။ ပန်း၊ ဆီမီးနှင့် နံ့သာတိုင်ကပ်လှူ ဒါန်းကြသူများလည်း မပြတ်လပ်ကြ ပါ။ ပြည်လုံးအေးစေတီတော်မြတ် ကြီးနှင့်ပတ်သက်သည့်မှတ်တမ်းတင်ရန် စာရေးသူသည် ၂၇-၆-၂၀၁၆ နေ့တွင် ဂေါပကအဖွဲ့ဝင်အချို့နှင့် ဆွေးနွေးခွင့် ရခဲ့၏။ ဂေါပကရုံးခန်းရှိ ဂေါပက အဖွဲ့စာရင်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။


ကြီးကြပ်ဆရာတော်ကြီးများ - မြစိမ်း ကျောင်းဆရာတော်ကြီး၊ မြို့မပရိယတ္တိ ကျောင်းတိုက်ဆရာတော်။

နာယကလူကြီးများ - ဦးသန်းဝင်း၊


ဦးအောင်ငွေအောင်၊ ယုဇနရွှေဆိုင်၊

ဦးစိုးလွင်၊ ကျင်မိသားစုဆန်စက်၊

ဦးမြင့်ထွေး၊ ဇွဲ-ဆန်ရောင်းဝယ်



ဘိုးတော်အောင်မင်းခေါင်ဝတ်ရွတ်ဓမ္မာရုံအတွင်းရှိဘုရားများ



မူလဓာတ်ပန္နက်အောင်မြေဓာတ်ခန်းရှိ အဘဘိုးဘိုးအောင်နှင့် အဘဘိုးမင်းခေါင်




ဘိုးတော်အောင်မင်းခေါင်ဝတ်ရွတ်ဓမ္မာရုံအတွင်းရှိ အလောင်းတော်[illegible]သား



www.burmeseclassic.com


www.burmeseclassic.com




မြို့လုံးချမ်းသာမွှာရုံ




အရှေ့ဘက်အရပ်တည်ရှိသော ဗောဓိညောင်ပင်ကြီးအောက်ရှိ သိကြားမင်းရုပ်တု




အရှေ့ဘက်အရပ်တည်ရှိသော ဗောဓိညောင်ပင်ကြီးအောက်ရှိ ဗြဟ္မာမင်းရုပ်တု

ရေး၊ အတွင်းရေးမှူး။

ဦးအောင်ဖြိုးဝင်း၊ စူပါဆန်ရောင်းဝယ်ရေး၊ တွဲဖက်အတွင်းရေးမှူး။

ဦးအောင်သန်း၊ ပန်းပညာရှင်၊ စာရင်းကိုင်။

ဦးသန်းထွဋ်၊ ရိုးမဘဏ်လီမိတက်၊ စာရင်းစစ်။

ဦးအောင်နိုင်၊ ဦးလှရွှေဆေးဆိုင်၊ ဘဏ္ဍာရေးမှူး။

ဦးဟိန်းမင်းကျော်၊ ပေါက်ပေါက် ပီနံအိတ်ရောင်းဝယ်ရေး၊ တွဲဖက်အတွင်းရေးမှူး။


ဂေါပကအဖွဲ့အနေဖြင့် အလှူခံကာ ဘုရားဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပါသည်။ ဂေါပကအဖွဲ့ဝင်များသည် လိုအပ်လျှင်လိုအပ်သလို စေတနာထက်သန်စွာ ပါဝင်လှူဒါန်းကြသည်များလည်းရှိပါ၏။ ဘုရားပရိဝုဏ်အတွင်း ဓမ္မသာလတန်ဆောင်းတော်ကြီး (ထဆင်ထူးတန်ဆောင်း)တွင် ဝါတွင်း၊ ဝါပ၊ လပြည့်၊ လကွယ်ဥပုသ်နေ့များ၌ သီလယူနိုင်ကြစေရန် အထူးစီစဉ်ပေးထားပါ၏။ ဥပုသ်သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်သည်များကို သက်လွတ်ဆွမ်းဖြင့် အာဟာရဒါနလှူဒါန်းသမှုပြုကြကုန်၏။ ဂေါပကအဖွဲ့ဝင်တို့သည် နေ့စဉ်နေ့တိုင်း ည (၈း၃၀) နာရီအချိန်၌ ဘုရားဝတ်တက်ကြကုန်သည်။ဘုရားဝတ်တက်ပြီးနောက် တရားထိုင်ကြလေ၏။ ဤကား နေ့စဉ်မပျက် ဘုရားတရားအလုပ် ကြိုးကြိုးကုတ်ကုတ် လုံ့လပြုကြကုန်၏။

ဘုရားပရိဝုဏ်အတွင်း၌ ပြည်လုံးအေးစေတီ၊ လေးကျွန်းမာန်အောင်စေတီ၊ မတ်ရပ်ကိုယ်တော်၊ တင်ပျဉ်ကိုယ်တော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားကိုယ်တော်အပေါင်း ဖူးမြော်မဝနိုင်သော ဘုရားအဆူဆူ ကိန်းဝပ် စံပယ်တော်မူလျက်ရှိကြကုန်၏။ ထို့ပြင် ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ၊ ရဟန္တာမထေရ်ကိုယ်တော်မြတ်များလည်း ကျောင်းပြာသာဒ်အသီးသီးတို့၌ သီတင်းသုံးလျက်ရှိကြကုန်၏။ ကမ္ဘာလုံးတံခွန်တိုင်၊ နတ်မင်းကြီးလေးပါးတံခွန်တိုင်နှင့် ရှင်လေးပါးတံခွန်တိုင်တို့သည် လည်း တစ်မျှော်တစ်ခေါ်မြင့်မားကြကုန်လျက် ထည်ဝါစွာရှိနေ၏။ ဓမ္မာရုံကြီးများအနေဖြင့် မြို့လုံးချမ်းသာမွှာရုံ ဓမ္မသာလတန်ဆောင်းတော်ကြီး(ထဆင်ထူးတန်ဆောင်း) ဝတ်ရွတ်ဓမ္မာရုံတို့သည် လည်း ဘုရားအလုပ်၊ တရားအလုပ် ကောင်းမှု ပြုလုပ်ဆောင်ရွက်နိုင်ကြ




www.burmeseclassic.com


www.burmeseclassic.com




ရှင်ဥပဂုတ္တမထေရ်မြတ်




ရှင်သီဝလိမထေရ်မြတ်




ဓမ္မသာလတန်ဆောင်းတော်ကြီး ထဆင့်ထူးဘုရားခန်း

၏။

မြို့လုံးချမ်းသာဓမ္မာရုံအတွင်းတွင် ဂေါပကဥက္ကဋ္ဌ လှူဒါန်းသောကြေးဆင်းတုကိုယ်တော်မြတ်ကြီးကို သပ္ပာယ်ကြည်ညိုစွာဖူးတွေ့ရသည်။ စာရေးသူထိခြင်းငါးပါးဖြင့် ဦးခိုက်ပူဇော်ခဲ့ပါသည်။ ထိုကြေးဆင်းတုကိုယ်တော်မြတ်ကြီးကို ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့် (အင်္ဂါနေ့) တွင် ဓမ္မသာလတန်ဆောင်းတော်ကြီးအတွင်းရှိ ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်မည်ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ ဓမ္မသာလတန်ဆောင်းတော်ကြီးအတွင်း ပလ္လင်သုံးခုရှိသည့်အနက် အလယ်ပလ္လင်တော်၌ ကြေးဆင်းတုကိုယ်တော်မြတ်ကြီး သီတင်းသုံး စံပယ်တော်မူပါမည်။

ပြည်လုံးအေးစေတီတော်မြတ်ကြီး၊ လေးကျွန်းမာန်အောင်စေတီတော်မြတ်ကြီးနှစ်ကျိပ်ရှစ်ဆူဘုရားကိုယ်တော်များနှင့်အခြားဘုရားအဆူဆူတို့ကို ရွှေသင်္ကန်းကပ်လှူရာတွင် ရှေးယခင်စတင်ကပ်လှူသည်မှ ယနေ့တိုင် ရွှေသင်္ကန်းအစစ်ဖြင့်သာ ကပ်လှူလျက်ရှိပါသည်။


ဘုရားဝင်းအတွင်း၌ ဘုရားဖူးသူအပေါင်းတို့ အမောပြေစေရန်နှင့် အန္တရာယ်ကင်းစေသော ရေချမ်းစင်တစ်ခုလည်းရှိပါ၏။ အများပြည်သူသောက်သုံးရန် ရေဒါနလှူဒါန်းထားသည်။ ရေအိုးစင်ရှိ သောက်ရေမှာ သာမန်ရေရိုးရိုးမဟုတ်ပါ။ ဆရာတော်ကြီးတို့၏ပရိတ်အစွမ်းထုံမွမ်းထားသော အလွန်မြင့်မြတ်တန်ခိုးအစွမ်းထက်သည့် ပရိတ်တော်ရေဖြစ်ပါ၏။ ရေချမ်းစင်မှသောက်ရေသုံးဆောင်ကြသူအပေါင်းတို့ သုခချမ်းသာခြင်းနှင့်ပြည့်စုံကြပြီးလျှင် ဘေးဘယရန်အပေါင်းတို့မှ ကင်းဝေးကြစေသတည်း။

❑


အသံမစဲပဌာန်းပွဲကို နှစ်စဉ်ကျင်းပ၏။ဂေါပကအဖွဲ့သားတို့၏မွန်မြတ်သောစေတနာတစ်ရပ် ဖြစ်ပါ၏။ ကျေးဇူးတင်ဝမ်းမြောက်ရပါတော့သည်။ အကျင့်သီလထက်မြက်သော ရဟန်းသံဃာတော်တို့၏ ပဌာန်းအစွမ်းကြောင့် သတ္တဝါအပေါင်းတို့ ဘေးရန်အပေါင်းမှ ကင်းဝေးနိုင်ကြကုန်၏။ ကပ်ကြီးသုံးပါးဖြစ်သော သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်ဟု ခေါ်ဆိုကြကုန်သော ကပ်ကြီးသုံးပါးဘေးမှ ကင်းဝေးနိုင်ကြပါစေ။ လွတ်မြောက်နိုင်ကြပါစေ။ နှစ်စဉ်ဒီဇင်ဘာလ ၃၁ ရက်နေ့မှ ဇန်နဝါရီလ

www.burmeseclassic.com


www.burmeseclassic.com





ပြည်လုံးအေးစေတီတော်မြတ်ကြီး ပရိဂုဏ်အဝင်မုခ်ဦး





ပြည်လုံးအေးစေတီတော်မြတ်ကြီးရှိ ဂေါပကရုံးခန်း





မုလဓာတ်ပန္နက်အောင်မြေ




ဘိုးတော်အောင်မင်းခေါင်ဝတ်ရွတ်ဓမ္မာရုံ



အရှေ့အရပ်တည်ရှိသော ဗောဓိညောင်ပင်ကြီး



တောင်ဘက်အရပ်တည်ရှိသည့် ဗောဓိညောင်ပင်ကြီး

၄ ရက်နေ့အထိ ငါးရက်တိုင်တိုင် အသံမစဲ ပဋ္ဌာန်းရွတ်ပူဇော်ကြပါသည်။ ထိုရက်ကို ပုံသေထား၍ နှစ်စဉ်ပဋ္ဌာန်းရွတ်ဖတ်ကြပါသည်။

ရက်ရှည်ပဋ္ဌာန်းပွဲကိုလည်းကျင်းပနိုင်ခဲ့ကြပါသည်။ ၂၂-၄-၂၀၀၇ ရက်မှ ၃၀-၄-၂၀၀၇ ရက်နေ့အထိ (၉) ရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ကြပါသည်။ နှစ်စဉ် ကဆုန်လပြည့်နေ့တိုင်း ကဆုန်ညောင်ရေသွန်းပွဲတော်ကို အစဉ်အလာမပျက် ကျင်းပမြဲဖြစ်ပါသည်။ ကဆုန်ညောင်ရေသွန်း ကုသိုလ်ယူကြသော ပုဂ္ဂိုလ်အပေါင်းတို့အား အချိုရည်ဒါနလှူဒါန်းကြကုန်၏။ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပမြဲဖြစ်သော ပွဲတော်များထဲ၌ သီတင်းကျွတ်လပြည့်ပွဲတော်ည၊ တန်ဆောင်တိုင်ပွဲတော်လပြည့်ညတို့၌ ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲတို့သည်လည်း အပါအဝင်ဖြစ်တော့သည်။

ပြည်လုံးအေးစေတီတော်မြတ်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူကြကုန်သော နှစ်ကျိပ်ရှစ်ဆူဘုရားများအား နှစ်စဉ်တပေါင်းလ၌ နှစ်ကျိပ်ရှစ်ဆူဘုရားလှူည့်လည်ပူဇော်ပွဲကိုစည်ကားသိုက်မြိုက်စွာကျင်းပကြ၏။ ရှေ့ဆုံးမှ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရဟန္တာရုပ်ပွားတော်မြတ်ကြီးတို့ကို ရောင်ခြည်တော်စက်ဝိုင်း၊ ရောင်စုံမီးများဖြင့် တပ်ဆင်ပူဇော်သမှုပြုသည်။ ဒေသစာရီလှည့်လည်စဉ် မဟာပဋ္ဌာန်းကျမ်းတော်မြတ်နှင့် ဥပ္ပါတသန္တိကျမ်းတော်မြတ်ပရိတ်ခွေဖွင့်ကာ ပြည့်လည် အပူဇော်ခံပါသည်။ မြစိုင်ရောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တကဿရိယ မဟာထေရ်မြတ်ကြီး၏ဩဝါဒကို ခံယူပြီး ယခုလို နှစ်စဉ်



www.burmeseclassic.com

www.burmeseclassic.com


တပေါင်းလတွင် ကျင်းပလေ့ရှိပါသည်။ နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပွဲကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာပြည်တစ်ပြည်လုံးရှိပြည်သူပြည်သားအပေါင်း ရန်ဘယာဘေးမသန်းဘဲ အေးချမ်းသာယာစွာရှိကြစေရန်နှင့် ကောင်းကျိုးလိုရာဆန္ဒအဝဝတို့ဖြင့် ပြည့်စုံကြွယ်ဝကြစေရန် ကျင်းပခြင်း ဖြစ်ပါသည်။

ပြည်လုံးအေးစေတီတော်မြတ်တွင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်၏ဓာတ်တော်မွေတော်များ ကိန်းဝပ်စံပယ်တော်မူလျက်ရှိကြသောကြောင့် ရံဖန်ရံခါတွင် ရောင်ခြည်တော်ကွန့်မြူးခဲ့ကြောင်းသိရှိရပါသည်။ ယုံကြည်စွာဖြင့် အဓိဋ္ဌာန်ပြုဖူးမြော်ကြည်ညိုပြီး မိမိအလိုရှိရာ ဆန္ဒပြု ဆုတောင်းပါက ပြည့်စုံနိုင်ပါ၏။

ပြည်လုံးအေးစေတီတော်မြတ်တွင် မဟာပဋ္ဌာန်းရွတ်ပူဇော်ပွဲပထမအကြိမ်အဖြစ် စတင်ရွတ်ဖတ်ခဲ့ကြသည့်နေ့ရက်မြတ်မဟာမှာ ၃၁-၁၂-၁၉၉၉ ရက်နေ့မှ ၄-၁-၂၀၀၀ အထိ (၅) ရက်ရွတ်လေ့ရှိကြ၏။ ထိုနေ့ရက်ကို ပုံသေထားကာ နှစ်စဉ် (၅) ရက် ရွတ်လေ့ရှိကြပါသည်။ ထိုနေ့ရက်ကို ရွေးချယ်ရွတ်ဖတ်ရခြင်းမှာ နှစ်ဟောင်းမှ နှစ်သစ်ဆီသို့ ပဋ္ဌာန်းကျမ်းမြတ်ဖြင့်ပူဇော်ကူးပြောင်းခြင်းဖြစ်ကြောင်း ရည်ရွယ်ချက်ကောင်းမွန်ပုံကိုလည်း အထူးမှတ်သားရပါတော့သည်။ ဂေါပကအဖွဲ့တို့၏ စိတ်ကူးထူးမြတ်သည်ကို အမှတ်ထင်ထင် သိမြင်ခွင့် ရရှိလိုက်ပါ၏။

ပြည်လုံးအေးစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့နှင့် အကျိုးတော်ဆောင်အဖွဲ့တို့ စုပေါင်းပြီး ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်များအား အခကြေးငွေမယူဘဲ ရောင်တော်ဖွင့်ပေးခြင်းကုသိုလ်တော်တို့ကို ၆-၉-၂၀၀၆ ရက်နေ့က စတင်ခဲ့ကြသည်။ မြောင်းမြမြို့ပေါ်နှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ ကြေးဆင်းတုတော်များ၊ ပဲခူးမြို့မှ ဥမ္မာဒန္တီမိဖုရားကြီး၏ ကောင်းမှုတော် သော်ကပြည်လုံးချမ်းသာစေတီတော်ကြီးနှင့် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးတို့ကိုပါ ရောင်တော်ဖွင့်ကုသိုလ်ဖြစ် ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်းသိရပါ၏။


ဂေါပကအဖွဲ့ဝင်တို့သည် ပြည်လုံးအေးစေတီတော်မြတ်ကြီးတွင် ညစဉ် (၁၃၀)နာရီမှ (၉း၃၀) နာရီအထိ တရားထိုင်ကြပါသည်။ အစဉ်အလာမပျက် တရားပျက်ကွက်မှုမရှိစေဘဲ အာစိဏ္ဏကုသိုလ်ဖြစ်စေခဲ့သည်မှာ ယနေ့တိုင်အောင်ဖြစ်ချေ၏။ အားလုံးစုပေါင်းတရား



အရှေ့ဘက်ညောင်ပင်ရှိ ခြံဝင်းဘက် ညောင်တံခါးပေါက်



အရှေ့ဘက်ညောင်ပင်ရှိ ဘုရားဘက်ညောင်တံခါးပေါက်


သူရဿတီမယ်တော်ဇာတ်နန်း



www.burmeseclassic.com

www.burmeseclassic.com




**ကျိုးကျလာသော ညောင်ကိုင်းကြီး တည့်မတ်စွာ ထောင်နေပုံ**

ထိုင်ပြီး မေတ္တာပို့ အမျှဝေခြင်း စသည့် ဘာဝနာကုသိုလ်များကိုပါ ပြုလုပ်မြဲ ဖြစ်ကြပါ၏။ ဂေါပကအဖွဲ့ဝင်များသည် ပြည်လုံးအေးစေတီတော်မြတ်ကြီးတွင် ရာသီအလိုက် ပြုလုပ်ကျင်းပသော ဗုဒ္ဓပူဇနိယပွဲ၊ ပဋ္ဌာန်းပွဲ၊ သီတင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲ၊ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲများ၌ ဝေယျာဝစ္စအဖွဲ့သားများအား ကျွေးမွေးစရိတ်နှင့် အထွေထွေအသုံးစရိတ်များကို ဘုရားဘဏ္ဍာငွေထဲမှထုတ်ယူသုံးစွဲလေ့မရှိကြပါ။

အမာခံဂေါပကအဖွဲ့ဝင်များက ပွဲတော်တစ်ရပ်အတွက် တစ်ဦးလျှင် (၅၀၀၀၀)ကျပ်ဝန်းကျင် သဒ္ဓါထက်သန်စွာ စိုက်ထုတ်လှူဒါန်းမှုဖြင့် ကုသိုလ်ယူကြသည်ကို သိရှိရ၍ စာရေးသူ ကြည်နူးစွာ သာဓုခေါ်ပါသည်။

❑

ထူးခြားမှုဖြစ်စဉ်တစ်ရပ်ကို နိဂုံးချုပ်အားဖြင့် တင်ပြလိုပေ၏။ ၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့ည (၁) နာရီခန့်က ဖြစ်ပါသည်။

ပြည်လုံးအေးစေတီတော်ပရိဝုဏ်အတွင်း၌ ဗောဓိညောင်ပင်ကြီးနှစ်ပင် ရှိလေ၏။ အရှေ့ဘက်တွင် တစ်ပင်၊ တောင်ဘက်တွင်တစ်ပင် ထီးထီးမားမား ရပ်တည်လျက်ရှိကြကုန်၏။ ထိုဗောဓိပင်ကြီးနှစ်ပင်အနက် အရှေ့ဘက်အရပ်ရှိ ဗောဓိညောင်ပင်ခြေရင်းတွင် အုမြစ်တို့တည်နေပုံမှာ တံခါးပေါက်များသဖွယ် ဖြစ်ပေါ်လျက်ရှိနေပါ၏။ တံခါးပေါက်များအရည်အတွက်ကို စေ့စေ့စွာ ရေတွက်ကြည့်မည်ဆိုပါက တံခါးပေါက်(၉)ပေါက်ပေါ် ထွန်းလျက်ရှိ၏။ အခြားဗောဓိပင်တို့တွင် တွေ့မြင်ရခဲသောအရာ ဖြစ်ပေသည်။ ဂေါပကတစ်ဦးအား ဘုရားနှင့်ပတ်သက်သည့်အကြောင်းအရာအချက်အလက်များ ဆွေးနွေးပြောဆိုကြရာမှ ထိုဂေါပက၏ ပြောပြချက်များတွင် အနီ့ဗောဓိပင်အကြောင်းပါလာ၏။

သူကိုယ်တိုင် စာရေးသူအား ဗောဓိပင်သို့ခေါ်လာကာ သေချာစွာပြသ၏။ ရှင်းပြ၏။ စာရေးသူကိုယ်တွေ့ဖြစ်ခဲ့ရသည်ကို ဓာတ်ပုံမှတ်တမ်းပြုလျက် ယခု တင်ပြအပ်ပါသည်။

အထက်ကတင်ပြခဲ့သည့်အတိုင်း ယနေ့ အဖိတ်နေ့ဖြစ်ပေ၏။ မနက်ဖြန်တွင် ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြတော့မည် ဖြစ်ပါသည်။ ကုသိုလ်ယူလိုသူများ၊ ယောဂီလုပ်အားပေးများစွာ ပရိဝုဏ်အတွင်းခင်းထားသော ကျောက်ပြားများမှ ရေညှိရေမှော်ပင်များခြစ်ထုတ်ခြင်း၊ အချို့နေရာများတွင် မြက်နုတ်ခြင်း၊ သစ်ရွက်နှင့်အမှိုက်များကောက်ယူရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းခြင်းတို့ကို တစ်ညနေလုံး တက်ညီလက်ညီဆောင်ရွက်လျက်ရှိကြကုန်၏။ လုပ်အားပေးများပြန်သွားကြပြီဖြစ်သည့် ညချမ်းချိန် ခါသမယဝယ် တရားထိုင်သူ၊ ပုတီးစိပ်သူများနှင့် ပြန်လည်သက်ဝင်လာပြန်၏။ ည(၉း၃၀)နာရီအချိန်တွင် ထုံးစံအတိုင်း ဘုရားပရဝုဏ်အတွင်း၌ လူခြေတိတ်ဆိတ်သွားပြီဖြစ်လေ၏။ တိတ်ဆိတ်ငြိမ်သက်နေသော ည (၁၀) နာရီခန့်တွင်-

"ဝုန်း"

ဆိုသော သစ်ကိုင်းကျိုးကျသံကြီးကို ထိတ်လန့်ဖွယ်ရာ ကြားလိုက်ကြရ၏။ ဘုရားသို့လူအုပ်ကြီးလာရောက်ကြည့်ရှုကြ၏။ မြင်ကွင်းကိုကြည့်၍ အံ့အားသင့်ကုန်ကြသည်။ အရှေ့ဘက်ဗောဓိပင်မှ ရှည်လျားကြီးမားသော ညောင်ကိုင်းကြီးသည် ကျိုးကျလာသော်လည်း ယိုင်လဲခြင်းမရှိ တည့်မတ်စွာထောင်နေသည်။ ညောင်ကိုင်းကြီးသာလဲကျမည်ဆိုလျှင် အနီးကပ်ဆုံးရှိနေသော ဓမ္မသာလတန်ဆောင်းသော် လည်းကောင်း၊ လေးကျွန်းမာန်အောင်စေတီတော်သော် လည်းကောင်း၊ ဘုရားဝင်းအုတ်တံတိုင်းသော် လည်းကောင်း တစ်ခုခုထိခိုက်ပျက်စီးတော့မည်မှာ သေချာ၏။

မည်သည့်အရာကိုမျှ ထိခိုက်ပျက်စီးခြင်းမရှိချေ။

ဗောဓိညောင်ရွက်များသာလျှင် အောက်ခြေကျောက်ပြားပေါ်မှာ ပြန့်ကျဲလျက်ရှိကြကုန်၏။ လာရောက်ကြည့်ရှုသူအပေါင်းတို့က ဗောဓိညောင်ကိုင်းကြီးကို စုပေါင်းလုပ်အားဖြင့် ထိုနေရာမှ ဖယ်ရှားပစ်လိုက်ကြ၏။ အမှိုက်များကို ရှင်းလင်းလိုက်ကြသောအခါ -

ဗောဓိညောင်ကိုင်းကြီးထိုးကျလာသောနေရာတည့်တည့်ရှိအခင်းကျောက်ပြားမှာ ကွဲအက်ကြေမွခြင်းမရှိ ပကတိအကောင်းအတိုင်းသာလျှင် ရင်သပ်ရှုမောမြင်တွေ့လိုက်ကြရကုန်သတည်း။

ညောင်ကိုင်းကျိုးကျစဉ်က ဖုန်းဖြင့်ဓာတ်ပုံရိုက်ယူထားသည်ကို စာရေးသူအား ပြသပေးသည်။ ထိုပုံကို Cannon Camera ဖြင့် မှတ်တမ်းဓာတ်ပုံရိုက်ယူကာ ဖော်ပြအပ်ပါသည်။

စာရေးသူတို့၏ သာသနာရောင်ဝါရှိန်ထိန်လင်းသော မြောင်းမြမြို့တွင် အတိတ်ကောင်း၊ နိမိတ်ကောင်းဖြင့် တည်ထားကိုးကွယ်ခဲ့သည့်ပြည်လုံးအေးစေတီတော်မြတ်ကြီး၏ တန်ခိုးရှိန်စော်အာနုဘော်တော်ကြောင့် မြန်မာတစ်ပြည်လုံး ရန်ဘယာဘေးမသန်းဘဲ အေးချမ်းကြပါစေကြောင်း ဆုတောင်းလျက် စာရေးသူ၏ ပြည်လုံးအေးစေတီတော်မှတ်တမ်း ဤတွင် ပြီးပြည့်စုံပြီ ဖြစ်၏။

*ပြည်ထောင်စု*
*သမ္မတမြန်မာနိုင်ငံတော်ကြီး*
*ငြိမ်းချမ်းပါစေ*

*သုခီအတ္တာနံပရိဟရန္တု*

အောင်မြင့်ထွန်း (မသုံးလုံး)

**ကျမ်းကိုး -**

၁။ ဂေါပကအဖွဲ့ဝင်အချို့နှင့်စာရေးသူ ဆွေးနွေးချက်
၂။ ၁၃-၁၁-၂၀၀၉ နှင့် ၂၁-၅-၂၀၁၀ နေ့ထုတ် နေလရောင်နယ်



www.burmeseclassic.com

www.burmeseclassic.com



## မောင်စိမ်းထွေး(ထားဝယ်)

# မျှော်စင်ကျွန်းမှ မျှော်ရစ်ဘုရား

ကျွန်တော်တို့ မောင်းမကန်ရွာ ရောက်ချိန် နံနက် (၉) နာရီသာသာရှိ သော်လည်း အယ်နီညိုမင်းမူနေသဖြင့် အပူဒဏ်ကို သိသိသာသာ ခံစားရ၏။ ထားဝယ်-မောင်းမကန် (၈) မိုင်ခရီးမှာ လမ်းကောင်း၍ (၂၅) မိနစ်ခန့် ဆိုင်ကယ် မောင်းရသည်။ နာမည်ကျော် မောင်းမ ကန်ကမ်းခြေသွားလမ်းခွဲမှ တောင်စူးစူး မျှော်ရစ်ဘုရားသို့ နေပူပူ၊ လေပူပူ ခရီး ဆက်ကြသည်။ မောင်းမကန်နှင့်မျှော်ရစ် (၁၀) မိုင်ဝေး၏။ ကျောက်ဆင်၊ သဘော် ဆိပ်၊ ပြင်ကြီး၊ ကရင်ကြီး၊ ကမ်းပနီရွာ ကြီးများကိုဖြတ်သွားရသည်။ပင်လယ်ရေ နှင့်တိုက်ရိုက်ထိတွေ့သောရွာကြီးများဖြစ် သောကြောင့် ရွာအားလုံးလိုလို၌ ငါးဖမ်း စက်လှေ၊ ငါးဖမ်းပိုက်များကို မြင်ရ၏။ စိမ်းစိမ်းစိုစိုနှင့်အရိပ်အာဝါသကောင်း ကောင်း ရော်ဘာခြံ၊ ကွမ်းခြံ၊ ဥယျာဉ်ခြံ တချို့လည်းလမ်းဘေးဝဲယာတစ်လျှောက် မြင်လိုက်၊ ပျောက်လိုက်ရှိသည်။ မျှော်ရစ် မရောက်ခင် (၃) မိုင်ခန့် ကတ္တရာလမ်း



အောင်တော်မူဓာတုစေတီတော်



အရိုးအိုးပေါ်စေတီတစ်ဆူ




www.burmeseclassic.com


www.burmeseclassic.com



နဂါးရုံရုပ်ပွားတော်နှစ်ဆူ လက်ဝဲ၊ လက်ယာရံလျက် ဖူးမြော်ရသော ဇိနမာန်အောင်ရုပ်ပွားတော် (မြောက်ဘက်အာရုံခံတန်ဆောင်း)



နောက်ခံပန်းချီကားချပ်ကြီးနှင့် ထိုင်တော်မူရုပ်ပွားမြတ်
(တောင်ဘက်အာရုံခံတန်ဆောင်း)



စကျင်ကျောက်ဆင်းတုတစ်ဆူ
(ကုန်းတော်ပတ်လမ်းအနီး)

ပေါက်များကြောင့် အားမလိုအားမရဖြစ်မိသေးသည်။

ကမ်းပနီရွာအထွက် ပင်လယ်ကမ်းခြေနှင့်အပြိုင်ပြေးသော ကားလမ်းသည် တံငါတဲတန်းစုစုကိုကျော်သည်နှင့် တောင်ပူစာတစ်လုံးကို ကွေ့ဝိုက်တက်သွားပြီးနောက် တစ်ဖက်အဆင်းလမ်းဆုံးလျှင် မျှော်ရစ်ကမ်းခြေရောက်သည်။ ဘုရားဖူးမော်တော်ယာဉ်၊ ဆိုင်ကယ်များ ရပ်နားနေရာနှင့် စားသောက်ဆိုင်များ ရှိသည်။ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ထားဝယ်မုန့်ဟင်းခါးနှင့်ရိုးရာမုန့်၊ အအေးဆိုင်၊ ဒေသထွက် ပင်လယ်အစားအစာများရသည်။ကြံရည်ချိုအေးအေးသောက်ရင်း ကျွန်တော်တို့ ခဏတစ်ဖြုတ်နားကြ၏။ ကမ်းခြေမှ ကျွန်းငယ်သို့ထိုးထားသည့်တံတားပေါ်တွင် ပင်လယ်လေသန့်သန့်ရင်ခေါင်းအပြည့်ရှူရှိုက်ကြသည်။ တစ်ချိန်က ကျောက်တန်းစီတံတား၊ သစ်သားတံတားမှသည် ၁၉၉၀-၉၁တွင် (၁) ခန်း (၁၈) ပေအရှည်ရှိ (၃၂) ခန်းပါ အခိုင်အခံ့အင်္ဂတေတံတားဆောက်လုပ်ပြီးစီးသဖြင့် ဘုရားဖူးများအန္တရာယ်ကင်းကင်း စိတ်ချမ်းသာစွာ သွားလာနိုင်ကြပေပြီ။

ကျွန်တော်တို့သည် လှေကား (၂၀) ထစ်တစ်ခုတည်းသောစောင်းတန်းမှ ကုန်းတော်ပေါ်သို့ တက်လာကြပြီး စောင်းတန်းထိပ် မြောက်ဘက်လှည့် အာရုံခံတန်ဆောင်းအတွင်း သီတင်းသုံးသော ဇိနမာန်အောင်ရုပ်ပွားတော်မြတ်အားဖူးမြော်ကန်တော့ကြသည်။ အရှေ့တူနဂါးရုံရုပ်ပွားနှစ်ဆူ လက်ဝဲ၊ လက်ယာရံလျက် အလယ်ထိုင်တော်မူဇိနမာန်အောင်ရုပ်ပွားတော်မှာ မကိုင်ရှု၊ စလွယ်နားတောင်း၊ ရှေးမင်းညီမင်းသားများ

www.burmeseclassic.com


ဝတ်စားဆင်ယင်ပုံစံ ဖြစ်သည်။ ရုပ်ပွားမြတ်သုံးဆူစလုံး အုတ်စီအင်္ဂတေဘုရားများဖြစ်ကြပြီး မှန်စီရွှေချပလ္လင်တော်ပေါ်တံကဲတော်မပါ ထီးဖြူနှစ်ချောင်းစိုက်ထူကာ သီတင်းသုံးလျက်ရှိ၏။ ဗုဒ္ဓရုပ်ပွားတော်များသည် ဘယ်ခြေပေါ် ယာခြေတင် လက်ကို မြေသို့ထိထားကြသည့် တင်ပျဉ်ခွေထိုင်ဘူမိဖဿမုဒြာဟန် ဖြစ်၏။ ဤမုဒြာဟန်ရုပ်ပွားတော်သည် ရန်အပေါင်းကို အောင်မြင်စေရန်၊ အတိုက်အခိုက် အနှောင့်အယှက်ကင်းဝေးစေရန်၊ အတိုင်အတောပြဿနာများအနိုင်ရစေရန်၊ လုပ်ငန်းတွင်းပဋိပက္ခများ အေးငြိမ်းသွားစေရန်၊ ဘေးရန်ဥပဒ်အန္တရာယ်အသွယ်သွယ် ကင်းရှင်းစေရန် အဓိဋ္ဌာန်ပြုဆုတောင်းခြင်းဖြင့် ကောင်းကျိုးချမ်းသာ ခံစားရရှိစေနိုင်ပါသည်။ ရုပ်ပွားတော်များအား ဒါယိကာမဖြစ်သူ ဒေါ်စောမြ၊ အိုးလုပ်ရပ်၊ ထားဝယ်မြို့နှင့် ဆက်လက် ကုသိုလ်ရှင် ဒေါ်ရှုကြည် (ငါးမုန့်)အနောက်ရပ်၊ ထားဝယ်မြို့တို့က လှူဒါန်းပူဇော်ခဲ့ကြသည်။

အာရုံခံတန်ဆောင်းလက်ယာနံရံ၌ တပုဿ၊ ဘလ္လိကညီနောင်နှစ်ဦးအား ဗုဒ္ဓရှင်တော်မြတ်ဆံတော်ဓာတ်မြတ်စွန့်တော်မူပုံ၊ နဂါးမင်းနှင့် အခြွေအရံများ ဆံတော်ဓာတ်မြတ်ကို ပူဇော်နေကြပုံ၊ အလောင်းစည်သူမင်းကြီး မျှော်ရစ်ကုန်းတော်၌ ဆံတော်ရှင် စေတီတော်မြတ်တည်ထားပုံကို ကြည့်ရှုကြည်ညိုနေပုံ ပန်းချီကားချပ်ကြီးများ ချိတ်ဆွဲပြသထားပါသည်။ ပန်းချီစောအဲအယ်လက်မှတ်ကားချပ်အောက်နားတွင် ရေးထိုးထားသည်ကိုတွေ့ရ၏။ ဆရာကြီးရွှေဝယ်ဇေယျာ၊ ထားဝယ်ရာဇဝင်သမိုင်းစာအုပ်ရောင်းချနေသည်။ ကျွန်တော်တို့အလှူခံဌာနသို့ရောက်၍ နဝကမ္မအလှူငွေထည့်ဝင်ကြ၏။ ထိုနေရာတွင် ဂေါပကအဖွဲ့အား တွေ့ဆုံမေးမြန်းခွင့် ရရှိပါသည်။


ခိုင်မာသော အထောက်အထားမရှိသော်လည်း စိတ်ဝင်စားဖွယ်ပါးစပ်ရာဇဝင်ဘုရားသမိုင်းအရ မြတ်စွာဘုရား၏ ဆံတော်ကို ခိုးယူကိုးကွယ်နေသော ... ထံမှ ဆံတော်ဌာပနာ၍ စေတီတည်သည်ဟု အဆိုအမိန့်ရှိသော မျှော်ရစ်ဘုရားစေတီတော်ကို ကျွန်းမော့မော့ ကုန်းတော်ထက်၌ သပ္ပာယ်စွာဖြင့် ဦးနှိမ့်ဖူးမြော်ကြည်ညိုရပါသည်။ ကျောက်စာ၊ ... ကြေးစာ၊ မြေအုတ်စာ၊ ကျောက်... ကြေးဝတ္ထု၊ မြေအုတ်ဝတ္ထု စသော ... သက်သေခံမရှိ၍ မျှော်ရစ်ကို



ကျောက်လုံးပေါ် စေတီတော်များ တည်ထား



စေတီတန်ဆောင်းနှင့်တံခွန်တိုင်




ကုန်းတော်ပတ်လမ်းမှမြင်ကွင်း

အဝတ္ထုကရာဇဝင်ခေါ် သင့်ပေသော်ငြားရှည်လျားသောသမိုင်းကြောင်းကိုမူ လုံးဝလျစ်လျူရှု၍မရပါချေ။ ကုန်းတော်ပတ်လမ်းတောင်ဘက် အာရုံခံတန်ဆောင်းကို သော့ခတ်ပိတ်ထားသဖြင့် ပေါက်ရာပြောက်နောက်ခံ ပန်းချီကားချပ်ကြီးနှင့် ထိုင်တော်မူရုပ်ပွားတော်မြတ်တစ်ဆူကို သံတိုင်ကြားမှ ဓာတ်ပုံရိုက်ယူရသည်။




www.burmeseclassic.com


www.burmeseclassic.com




ထီးတော်ဟောင်းအား တွေ့ရစဉ်




နဂါးရုံဘုရားနှင့် ရှင်ဥပဂုတ္တမထေရ်




ကျောင်းဆောင်နှင့်ဆင်းတု



မုခ်ဦးနှင့်တံတား



အတက်စောင်းတန်းတစ်နေရာ



မျှော်စင်နှင့်ဧည့်ပရိသတ်နားနေဆောင်


တောင်နှင့် မြောက် အာရုံခံတန်ဆောင်း နှစ်သွယ်အလယ်တွင် အမြင့်(၃)တောင် (၁) ထွာ၊ အနားတစ်ဖက် (၂၁) တောင် ရှိသော စတုရန်းပုံအုတ်ခုံဖိနပ်ပေါ် စေတီ တည်ထားသည်။ စေတီရင်ပြင်ပေါ် တက် သည့်လှေကားမတွေ့ရှိရပါ။ လေးထောင့်ပုံအုတ်ခုံရင်ပြင်စကြံ၌ ကြွေပြားခင်းလည်း မရှိပါ။ စေတီတော်ပစ္စယာထောင့်လေး ထောင့်၌ လည်ဆံမွေးအခေါက်အဖတ်နှင့် ခြင်္သေ့တစ်ကောင်စီ တန်ဆာဆင် ထားသည်။စေတီအရှေ့ဘက်တွင် တံခွန် တိုင်ရှိသည်။ ပစ္စယံနှစ်ဆင့်ပြုလုပ်ထား ကာ ပထမပစ္စယံ အလျား (၁၃) တောင် အနံ (၁၃) တောင်၊ အမြင့် (၂) တောင် (၁) မိုက်လေးထောင့်ပုံ၊ ဒုတိယပစ္စယံ အလျား (၆) တောင်၊ အနံ (၆) တောင် အမြင့် (၁) တောင် (၁) ထွာ (၁) မိုက် လေးဆစ်ချိုးထောင့်စွန်းရှိသည်။ ရှစ် မြှောင့်အောက်ခြေလုံးပတ်အတောင်(၃၀) ရှစ်မြှောင့်မှငှက်ပျောဖူးအထိ ဉာဏ်တော် (၁၄) တောင် (၂၁ ပေ) အတိုင်း အထ ရှိ၏။ သပိတ်မှောက်၌ ညောင်ရွက် အင်္ဂတေပန်းထုထားသည်။ နတ် ကပ်မရှိသဖြင့် စေတီလုံး တော်မှာ ရှင်းနေသည်။


ကမ်းပနီရွာ ဂေါပကဥက္ကဋ္ဌ ဦးအောင်သန်း အဖွဲ့ဝင်ဦးကျော်ဝင်း တို့က တော ဘက်တန်ဆောင်းထော



www.burmeseclassic.com

www.burmeseclassic.com





ကုန်းတော်ပေါ်မှ စီးမြင်ရသော ပင်လယ်ပြင်ရှုခင်း

ခိုးတွင် စုပုံထားသော ထီးတော်ဟောင်းအား လိုက်လံပြသသည်။ ထီးသား (၁၀) ၊ ထီးဝအကျယ် အချင်း (၁) တောင် (၁) ထွာ၊ ပိန္နဲတိုင် (၅) တောင် (၁)ထွာ၊ ထီးတော်ဟောင်းမှာ အရွယ်အစားသေးငယ်နေ၍ စူးစမ်းသောအခါ ဦးကျော်ဝင်းက ယခင်မျှော်ရစ်စေတီကပင် သေးငယ်သည်ဟု မှန်းဆရပြီး ချုံနွယ်ပိတ်ပေါင်းတောဖုံးနေသည်ကို ရှာဖွေတွေ့ရှိရပြီးနောက်မှ နောက်လူတို့က တစ်စတစ်စပြန်လည် ပြုပြင်လာခဲ့ကြခြင်း ဖြစ်သည်ဟု ရှေးလူကြီးတို့၏ သားစဉ်မြေးဆက်မှတ်စကားကို ရှင်းပြ၏။ အားကစားအတ်ဆိုင်ရာနှင့်ပတ်သက်သူဟုသာသိရှိရသော ဦးကိုကိုကြီးဆိုသူ ထီးတော်တင်လှူခဲ့ဖူးကြောင်း၊ လက်ရှိ ထီးတော်ကိုဒေါ်စောမြ (အိုးလုပ်-ထားဝယ်) တင်လှူထားကြောင်း၊ နှစ် (၃၀) ခန့်ကြာပြီ ဖြစ်ကြောင်းဆိုသည်။ ၁၉၈၇-၈၈ ခုနှစ်တွင်ထိုစဉ်က တနင်္သာရီတိုင်းဒေသကြီးပါတီကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး အောင်မြင့်ဦးစီး၍ အများကောင်းမှုဖြင့် မျှော်ရစ်စေတီကို ထပ်မံပြုပြင်ခဲ့ပါသည်။

ဝေါပကဦးအောင်သန်းပြောအရဆိုသော် ခေတ်ကာလမတည်မငြိမ်၍ ဘိုလူဆိုးတို့ရန်မှရှောင်တိမ်းလာသည်ဆိုသော လူအမည်၊ ဘွဲ့အမည်မမှတ်မိသည့် ပြင်ကြီးရွာမှ ဘုန်းကြီးတစ်ပါးသည် ရောက်ရှိကြွလာပြီး စေတီကုန်းတော်တစ်ဝိုက် တဖြည်းဖြည်း ခုတ်ထွင်



ကျွန်းစောင့်နတ်နှင့် ကျွန်းစောင့်သခင်မ



www.burmeseclassic.com

www.burmeseclassic.com



တပုဿ၊ ဘလ္လိက ညီနောင်နှစ်ဦးအား ဗုဒ္ဓရှင်တော်မြတ် ဆံတော်စွန့်တော်မူပုံပန်းချီကား



နဂါးမင်းနှင့်အခြွေအရံများ ဆံတော်မြတ် ပူဇော်နေကြပုံပန်းချီကား



အလောင်းစည်သူမင်းကြီး မျှော်ရစ်ကုန်းတော်၌ ဆံတော်ရှင်စေတီမြတ် တည်ထားပုံကို ကြည့်ရှုနေပုံ ပန်းချီကား

ခဲ့သူ ဖြစ်၏။ ရဟောင်းဝရွာမှပင် တောထွက် ဦးပဉ္စင်းကြီး တင်ရွှေသည်လည်း မျှော်ရစ်ဘုရားတွင် ပျံလွန်တော်မူသည်အထိ တစ်ပါးတည်း သာသနာပြုသွားခဲ့သည်ဟုသိရသည်။

လွန်ခဲ့သောလေးနှစ် (၂၀၁၂ ခုနှစ်) နွေနှောင်းကာလ ညတစ်ညတွင် နီစိမ်းဝါမီးလုံးကြီး မြတ်ရှင်မော်ဘုရားတည်ရာ တောင်ဘက်ဆီသို့ ဦးတည်ပျံသန်းသွားသည်ကို နောက်ဆုံး ဖူးမြင်လိုက်ရပြီး ဦးကျော်ဝင်းကိုယ်တိုင်နှင့် ကမ်းပနီရွာမှ လူကြီး (၅) ဦးတို့ ထိုကဲ့သို့ဘုရားရောင်ခြည်လွှတ်ခြင်းအား (၄) ကြိမ်ထက်မနည်း ယခုအရွယ်အထိဖူးတွေ့မြင်ရပြီးဟုဆိုပါသည်။ တစ်ခါက "အထက်မြို့မှ ဘုရားဖူးခရီးသည် အမျိုးသမီးတစ်ဦး ဘုရားကန့်တော့ရင်းမှ သည်းသည်းထန်ထန်ချုံးပွဲချငိုကြွေးလေရာ အနီးအနားလူအားလုံး မျက်ကလဲဆန်ပြာ ပျာယာခတ်ကုန်၏။ ဘာကြောင့် ငိုသည်ကို သူမသိကြောင်း ငိုနေမှန်းအသိလည်းမရှိကြောင်း၊ အလိုလိုဝမ်းနည်းစိတ်ဖြစ်ပေါ်ကြောင်းသာ ထိုအမျိုးသမီးက မတင်မကျဖြေသည်။

အချို့သောလောကီထွက်ရပ်လမ်းလိုက်စားသူ သို့မဟုတ် အဓိဋ္ဌာန်ဝင်ကြသူများက မျှော်ရစ်ဘုရားသို့တကူးတကလာရောက်ကာ သက်သတ်လွတ်မီးလွတ်စားသုံးလျက် တြင်းကျေနဝင်းကျောင်စဉ်အားထုတ်ကြသည်မှာ ယခုအချိန်အထိဖြစ်၏။ အလှူအတန်းပြုလုပ်သည့်အခါလာသမျှဧည့်ခံကျွေးမွေးရာ၌ မလောက်မငဟူ၍ အစဉ်အဆက်မရှိဘူးသည်မှာလည်းထူး၏။ ကျွန်းအနောက်ဘက်ခြမ်းကိုမြောင်လျက်ဆွမ်းစားကျောင်းနှင့်တွဲ၍ တစ်ထပ်အုတ်တိုက်ဓမ္မာရုံ၊ လူပရိသတ်နားနေဝတ်ကျောင်းဆောင်များရှိသည်။ ကျွန်းတောင်ဘက်ခြမ်း၌ ကမ်းစပ်အထိ ကျောက်လုံးကျောက်ဆောင်များပြည့်နှက်နေပြီး ပင်လယ်ရှုခင်းကောင်းကြည့်ရှုနိုင်သည်ဖြစ်ရာ ခရီးသွားများအကြိုက်နေရာဖြစ်၏။ ထို့အပြင် လှိုင်းတံပိုးတဝုန်းဝုန်းဆောင့်တွန်းနေသောကျောက်လုံးကျောက်ချွန်းထိပ်ပေါ် ကုသိုလ်ရှင်တို့၏စေတီများ အမိုးအကာကျောင်းဆောင်နှင့်ဆင်းတုတော် ရုပ်ပွားတော်များဖူးနိုင်ပါသည်။ အစွန်းဆုံးကျောက်လုံးတွင် အောင်တော်မူဓာတုစေတီတော်ရှိသည်။

တောင်ပူစာကျွန်းနှင့် ရေခြားကျွန်းမြေကလေး အပါအဝင် မျှော်ရစ်ဘုရားဝတ္တကမြေဧရိယာ (၃၅) ဧကကျယ်ဝန်း


ရှင်းလင်းကာ သီတင်းသုံးနေထိုင်သည်။ ထို့နောက် ရဟောင်းဝရွာဇာတိ လူအမည် ဦးသင်းဖေ (ခေါ်) ဦးရသေ့ကြီး ထပ်မံရောက်ရှိလာသည်။ ဦးရသေ့ကြီးသည် ပန်းရန်ဆရာ ဦးထွန်းရွှေ၊ သားမောင်စိန်လှိုင်တို့၏လက်ရာ ဇိနမာန်အောင်ရုပ်ပွားတော်ရှေ့၌ ၎င်း၏လက်သန်းကိုဖြတ်၍ ထူးထူးခြားခြား ဆီမီးခွက်နှင့် မီးပူဇော်




www.burmeseclassic.com

www.burmeseclassic.com





ပင်လယ်ကမ်းပြင်အောက် ရုံးအဖွဲ့ဝန်ထမ်းပျိုမေများ
(မောင်းမကန်ကမ်းခြေ)

မောင်းမကန်ကမ်းခြေတစ်နေရာ
ရုံးဝန်ထမ်းများ အေးအေးလူလူ အနားယူ

... တောင်ပူစာကုန်းဆင်းလမ်းတစ်ဝက် ...ဘက်တွင် ယခင် နာယကဆရာ ...ဦးကုမာရအရှိုးအိုးစေတီတွေ့ရ၏။ ...ရှိ နာယကဆရာတော် ပန်းတက် ...အတိ ဦးသီလနန္ဒနှင့် ဂေါပကအဖွဲ့ ...(၁၂)ဦးတို့က မျှော်ရစ်ဘုရားဝေယျာ ...အလှည့်ကျစေတနာ့ဝန်ဆောင်နေပေ ...။ နေ့စဉ် ပျမ်းမျှ ဘုရားဖူးကား ...ခန့် အဝင်အထွက်ရှိပြီး အားလပ် ...ည် မဟာသကြိန်ရက်များအတွင်း ...(၁၀၀)လောက်ရောက်ကြောင်း ...ည်။ မောင်းမကန်ကမ်းခြေ ...ည်အပတ်ရောက်ရှိလျှင် သွားလမ်း ...သာသော မျှော်ရစ်ဘုရားသို့ လွန်းထိုးခရီးဆက်ကြသည်မှာ ဒီဘက် ခေတ်ပုံစံအပြောင်းအလဲဟု ဆိုရပေမည်။

ကမ်းခြေမှ ပေ (၆၀၀) ပင်လယ်ရေခြားလျက် ကမ်းဦးရေတိမ်ကျွန်းငယ်တစ်ကျွန်းပေါ် တည်ထားသော မျှော်ရစ်ဘုရားကို ထိုကျွန်းငယ်အား တံငါငါးဖမ်းလှေများကွေ့ဝိုက်ရစ်ပတ်သွားကြရသဖြင့် ဒေသနေသူများက မော်ရစ်ဘုရားဟုလည်း ခေါ်ကြသည်။ ပုဂံမင်းဆက်တွင် ဘုန်းတန်ခိုးကြီး မင်းတစ်ပါးဖြစ်သည့် အလောင်းစည်သူမင်းကြီးသည် ပုဂံမင်းတို့၏တန်ခိုးအာဏာခိုင်မာအောင် မိဖုရားမောင်းမမိဿံမှူးမတ်အခြွေအရံများနှင့် မြန်မာပြည်တောင်ဘက်ပိုင်းသို့ တိုင်းခန်းလှည့်လည်ကြွချီပြီး ပြန်သောအခါ ၎င်း၏မောင်းမငယ်တစ်ဦးမျှော်ကျန်ရစ်ခဲ့၍ ထိုနေရာအား မျှော်ရစ်တွင်သည်ဟုဆိုပါသည်။ ကဗ္ဗီးပင်စုအနီးရှိ မောင်းမမိဿံတို့ ရေကစားပျော်မြူးရာကန်ကို အမှတ်သညာပြု၍ မောင်းမကန်ခေါ်ရာမှ ယခုအခါ ထင်ရှားသော မောင်းမကန်ကမ်းခြေဖြစ်လာသည်။ မောင်းမကန်ကမ်းခြေမှကြည့်လျှင် အနောက်တောင်စွန်း၌ လွမ်းဆွတ်စဖွယ် မျှော်စင်ကျွန်းငယ်နှင့် မျှော်ရစ်စေတီအား ဖူးမြင်ရပါသည်။

မောင်စိုင်းထွေး (ထားဝယ်)

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

## ပညာရှိနှင့်ပညာမဲ့



"အဘိုး၊ ပညာရှိနဲ့ ပညာမဲ့တို့ရဲ့ ကွာခြားချက်ကို စာစီစာကုံးရေးရမှာမို့ အဲဒီအတွက်အထောက်အထားဖြစ်မယ့် ပုံပြင်၊ အကြောင်းအရာတစ်ခုလောက် ပြောပြပေးပါ"

တစ်နေ့တွင် (၉) တန်းကျောင်းသူ အတူနေ မြေးမလေး ဝင်းလဲ့လဲ့ဖူးက တောင်းဆိုလာပါသည်။

အဘိုးအဘွားများက မြေးများကို ပုံပြောပြကြသည်မှာ ရှေးအစဉ်အလာ ဓမ္မတာဖြစ်သော်လည်း ယခုခေတ် အဘိုးအဘွားများသည် များသောအားဖြင့် ရုပ်ရှင်အကြောင်းပင်ပြောနိုင်လိမ့်မည်ထင်ပါသည်။

ပညာရှိနှင့် ပညာမဲ့တို့၏ ကွာခြားချက်သာဓကမှာ ပြောမကုန်အောင်များပြားလှသော်လည်း ရုတ်တရက်မေးလာတော့ ကျွန်တော် ဘာပြောရမှန်းမသိပါ။ စဉ်းစား၍လည်း မည်မည်ရရရုတ်တရက်ထွက်မလာ။ ဒီတော့ မိမိကိုယ်ကို မြေးဘဝသို့ပြန်ပို့လိုက်ပြီး ငယ်စဉ်က အဘိုးအဘွားများ ပြောဖူးသည့်ပုံပြင်များကို ပြန်စဉ်းစားကြည့်ပါသည်။ (၁၀)မိနစ်ကျော်တော့ အဘိုးပြောသည့်ပုံပြင်တစ်ခုကို တွေ့ရှိရပါသည်။ သူက ဆီလျော်မည်ဟု ထင်ပါသည်။

ထို့ကြောင့် -

"ဟိုးရှေးရှေးတုန်းက ရတနာပူရ ဆိုတဲ့နိုင်ငံမှာ ဓမ္မပါလ ဆိုတဲ့ ဇနပုဒ်ရွာတစ်ရွာရှိတယ်။ များသောအားဖြင့် ဇနပုဒ်ကို ရွာသိမ်ရွာငယ်၊ တောရွာသေးသေးလေးလို့ ထင်တတ်ကြတယ်။ တကယ်တော့ မြို့လောက်နီးနီးကြီးတဲ့ ရွာမျိုးကိုခေါ်တာ။ မြို့မှာ ဈေးရှိခြင်း၊ မြို့ရိုးရှိခြင်း၊ မြို့စားရှိခြင်းဆိုတဲ့အင်္ဂါရပ်များနဲ့ ပြည့်စုံရတယ်။ မရှိမဖြစ်ကတော့ မြို့စားပေါ့။ အဲဒီလောက်ကြီးပေမယ့် အဲဒီအင်္ဂါရပ်များနဲ့ တစ်ခုခုမပြည့်စုံရင် ဇနပုဒ်လို့ခေါ်တယ်။

အဲဒီရွာမှာ ဦးဘောဂဆိုတဲ့သူဌေး တစ်ဦးရှိတယ်။ သူဟာ အဲဒီရွာမှာ အချမ်းသာဆုံးလည်းဖြစ်ပြီး အုပ်ချုပ်သူရွာသူကြီးလည်း ဖြစ်တယ်။ သူ့မှာ သုစိတ္တာဆိုတဲ့ သမီးတစ်ယောက်တည်းရှိတယ်။ ဗမာလိုတော့ မစိတ်ကောင်းပေါ့။ နာမည်နဲ့လိုက်အောင်စိတ်ကောင်းနှလုံးကောင်းရှိတယ်။ အလွန်ချောမောလှပပြီး ယဉ်ကျေးသိမ်မွေ့တယ်။ အကျင့်သီလနဲ့လည်း ပြည့်စုံတယ်။ သူ့အသက် (၁၈) နှစ်ပြည့်တော့ ဖခင်သူဌေးကြီးက သူ့ကို အိမ်ထောင်ချပေးဖို့ စီစဉ်တယ်။ အဲဒီမှာ ဘယ်လိုလူမျိုးနဲ့ အိမ်ထောင်ချပေးရမလဲဆိုတာ သူဆည်းကပ်ထားတဲ့ ပညာရှိများနဲ့ တိုင်ပင်တယ်။

ကျုပ်သမီးကို တခြားရွာက ကျုပ်ထက်ချမ်းသာသူ၊ ကျုပ်လောက်ချမ်းသာသူတွေရဲ့သားတွေနဲ့ လာမြန်းကြတယ်။ ကျုပ်လက်မခံဘူး။ ဘာကြောင့်လဲဆိုတော့ ကျုပ်သမီးကိုထည့်လိုက်ရမှာ။ တစ်ဦးတည်းသောသမီးဆိုတော့ မထည့်နိုင်ဘူး။ ဒီရွာသားနဲ့ပဲထိမ်းမြားပေးမယ်။ အိမ်ပါသမက်ဖြစ်ရမယ်။ ဒီရွာမှာလည်း ကျုပ်လောက်နီးနီး ချမ်းသာသူတွေရှိတယ်။ ကျုပ်က ချမ်းသာသူကို စိတ်မဝင်စားဘူး။ ပညာရှိကိုလိုချင်တာ။ ကျုပ်ရဲ့စည်းစိမ်ဟာ ကျုပ်သမီးဆယ်သက်စားမကုန်ဘူး။ ဒါပေမယ့် ပညာမဲ့လက်ထဲရောက်သွားရင် ဆယ်ရက်လောင်ခံချင်မှ ခံမှာ။ ပညာရှိဆိုတာ ဆရာဆီကသင် လာတဲ့ပညာမျိုးကို ပြောတာမဟုတ်ဘူး။ ကိုယ်ပိုင်တွေးခေါ်ဆင်ခြင်နိုင်တဲ့ အသိပညာကိုပြောတာ။

သမက်လောင်းရွေးချယ်ဖို့အတွက် ကျုပ်စဉ်းစားထားတဲ့အချက်တွေရှိတယ်။ အဲဒါတွေက အသက် (၂၀) နဲ့(၃၀)ကြား

www.burmeseclassic.com

www.burmeseclassic.com

မှာရှိရမယ်။ ငယ်လွန်းရင်လည်း မတင့်တယ်ဘူး။ ကြီးလွန်းရင်လည်းမတင့်တယ်ဘူး။ အကျင့်စာရိတ္တကောင်းမွန်ရမယ်။ အကျင့်စာရိတ္တအတွက်တော့ အခြားအချက်တွေနဲ့ ညီညွတ်လို့ သဘောကျပြီဆိုရင် သီးခြားစုံစမ်းယူမယ်။ ယောက်ျားပီသတဲ့ ကိုယ်အင်္ဂါ လက္ခဏာရှိရမယ်။ ဒါလောက်ဆိုရင်လုံလောက်ပြီထင်တယ်။

ကိုယ်ပိုင်အသိဉာဏ်ပညာအတွက် ပညာရှိများဖြစ်ကြတဲ့ အသင်တို့ (၅) ဦးက ဘယ်လိုစမ်းသပ်ရမလဲဆိုတာကို စဉ်းစားပေးကြပါ။ စဉ်းစားဖို့အတွက် အချိန် (၁၀) ရက်ယူကြပေါ့။

သူဌေးကြီးက သူဆည်းကပ်ထားတဲ့ ပညာရှိ (၅) ဦးတို့ကို အထက်ပါအတိုင်း ပြောလိုက်တယ်။ ပညာရှိများက ကောင်းပါပြီဆိုပြီး အချိန်ယူစဉ်းစားကြတယ်။ အမျိုးမျိုးအကြံထုတ်ပြီး ညှိနှိုင်းကြတယ်။ နောက်ဆုံး အများသဘောတူအကြံတစ်ခုကိုရွေးပြီး သူဌေးကြီးကို -

'သူဌေးကြီး၊ ကျုပ်တို့ရတဲ့အကြံက လူ့မစင်ဟာ ဘယ်လိုအရသာရှိသလဲဆိုတာကို အဖြေပေးဖို့ပဲ။ လူတိုင်းကတော့ လျှာနဲ့တို့ကြည့်ရင်သိမှာပေါ့လို့ ပြောကြမယ်၊ အမှန်အတိုင်းဝန်ခံရရင် ကျုပ်တို့လည်း အဲဒီလိုပဲဖြေနိုင်မယ်။ လျှာနဲ့တို့ကြည့်ရဘဲ တိကျမှန်ကန်တဲ့အဖြေကို ...သေသာဓက ယုတ္တိယုတ္တာနဲ့တကွ ...တဲ့လူတွေ့ရင် အဲဒီလူဟာ သူဌေး...စည်းစိမ်နဲ့ တစ်ဦးတည်းသောသမီး...တ် စိတ်ချလက်ချမျက်နှာလွှဲရပြီ'

လို့ တင်ပြကြတယ်။

သူဌေးကြီးက သဘောတူ လက်ခံ ...ပြိုင်ပွဲကို အဆင့်အတန်းမရွေး ...ရောက် ယှဉ်ပြိုင်နိုင်ကြောင်းကိုပါ ...သဘောတူကြတယ်။

အဲဒီလို သဘောတူဆုံးဖြတ်ကြပြီး ... သတ်မှတ်ထားထားတဲ့အချက် ...ညီညွတ်သူ မည်သူမဆို သူဌေးကြီး ... လာရောက် စာရင်းပေးနိုင် ...၊ စာရင်းပေးရမည့်ရက်မှာ ယခု ...သည့်ရက်မှ (၇) ရက်အတွင်း ...ကြောင်း၊ စာရင်းပေးသူများသည် ...ညာအရည်အချင်းနှင့်ပတ်သက် ...ခွန်းကို ဖြေဆိုရမည်ဖြစ်ကြောင်း၊ ... အားလုံးအတွက် တစ်ခု ...ပြီး စာရင်းပိတ်ပြီးနောက်နေ့ ...ခွန်းကိုကြေညာမည်ဖြစ်ကြောင်း ...ထုတ်တယ်။ ရွာသားများ ...ဖြစ်ပြီး အမျိုးမျိုးထင်မြင် ...ကြတယ်။ အချို့ကလည်း သူ့ဟာသူ သတ်မှတ်ပြီးသားဖြစ်မှာပါ။ ဒါလောက်ချမ်းသာပြီး ဂုဏ်မြင့်တဲ့သူကို မေးခွန်းတစ်ခုဖြေနိုင်ရုံနဲ့သမက်အဖြစ်ရွေးမယ်ဆိုတာ မယုံနိုင်စရာဘဲ။ အပင်ပန်းခံပြီး မသွားတာကောင်းမယ်ဟုဆိုသူကဆိုပြီး ဘာပဲဖြစ်ဖြစ် အရှုံးမရှိပါဘူး။ အနည်းဆုံး တစ်ခါမှမရောက်ဘူးတဲ့ သူဌေးကြီးအိမ်ကို ရောက်ရမယ်။ ကံကောင်းရင် သူဌေးသမီးကိုပါတွေ့နိုင်တယ်။ ကံစမ်းလိုက်ဦးမယ်ဟုဆိုသူကဆိုကြတယ်။ စာရင်းပိတ်သည့်နေ့တွင် သတို့သားလောင်းအဖြစ် စာရင်းသွင်းသူ (၃၀) ကျော်ရှိတယ်။

ရွာစွန်ရွာဖျားမှာ အသက် (၂၅) နှစ်အရွယ် မောင်ဥတ္တရ ဆိုသူ မုဆိုးမသား ဆင်းရဲသားတစ်ဦးရှိတယ်။ မြန်မာလို ေ မာင်မြင့်မြတ်လို့ ခေါ်နိုင်တယ်။ မုဆိုးမမိခင်ကြီးကို ပြုစုလုပ်ကျွေးနေရသူဖြစ်တယ်။ သူလသားလောက်မှာ သူ့ဖခင်ကွယ်လွန်သွားခဲ့တယ်။ မိခင်ရဲ့အဖေဖြစ်သူ အဘိုးလည်းရှိသေးတယ်။ အဘိုးရဲ့မိဘဘိုးဘွားများဟာ သူကြွယ်မျိုးနွယ်ဖြစ်ပြီး အဘိုးရဲ့အဖေလက်ထက် စီးပွားပျက်ကာ ဆင်းရဲသားဘဝသို့ရောက်ရှိနေခြင်း ဖြစ်တယ်။

အဘိုးဟာ ပညာဗဟုသုတနဲ့ပြည့်စုံပြီး သီလသမာဓိနဲ့လည်း ပြည့်စုံသူဖြစ်တယ်။ မြေးကလေးဟာ ရုပ်ဆင်းအင်္ဂါလက္ခဏာနဲ့ ပြည့်စုံတဲ့အတွက် အဆင်းရော အချင်းပါရှိသူဖြစ်အောင် ပြုစုပျိုးထောင်ရမယ်လို့ အဘိုးက တွေးပြီး နာမည်ကို မောင်ဥတ္တရ (မောင်မြင့်မြတ်)လို့ အမည်ပေးလိုက်တယ်။ အချင်းဆိုတာက အရည်အချင်းကိုပြောတာ။ အဓိကက စိတ်ထားမြင့်မြတ်ခြင်းဆိုတဲ့ အရည်အချင်းရှိရမယ်။ အဲဒီအတွက် မေတ္တာ၊ ကရုဏာ၊ မုဒိတာဆိုတဲ့တရားကိုလက်ကိုင်ထားရမယ်။ နောက်ပြီး လောကအကြောင်း၊ ဓမ္မအကြောင်းတို့မှာ သင့်တင့်တဲ့ ဗဟုသုတရှိရမယ် ဆိုပြီး အဘိုးက ပုံသွင်းပေးခဲ့တယ်။ ဆရာထံမအပ်နိုင်လို့ သူသိသမျှ ဗဟုသုတတွေပဲ သင်ကြားပေးတယ်။

'ငါ့သား၊ သူဌေးကြီး ကြေညာထားတဲ့အချက်အလက်တွေနဲ့ ငါ့သားမှာ အကုန်ပြည့်စုံနေတယ်။ ပြီးတော့ အဆင့်အတန်းလည်းမရွေးဘူးဆိုတော့ ငါ့သား စာရင်းသွားပေးသင့်တယ်'

လို့ သူ့အမေက ပြောတယ်။

မောင်ဥတ္တရက အတန်တန်စဉ်းစားပြီးနောက် သဘောတူပြီး စာရင်းသွားပေးခဲ့တယ်။ စာရင်းပေးသူတွေထဲမှာ သူဟာ နောက်ဆုံးပဲ။

မောင်ဥတ္တရစာရင်းပေးပြီးနောက်နေ့မှာ မေးခွန်းကိုကြေညာတယ်။

မေးခွန်းကိုကြားတော့ သူဌေးကြီးက ဘာရည်ရွယ်ချက်နဲ့ ဒီလိုမေးတာလဲ မသိဘူး။ အဓိပ္ပာယ်မရှိတဲ့မေးခွန်းဘဲလို့ ပြောသူကပြော။ လူ့မစင်ရဲ့အရသာကို လူကိုမေးလို့ ဘယ်သိမလဲ။ သိချင်ရင် ခွေးကိုသာ မေးပေါ့လို့ပြောသူကပြော။ လျှာနဲ့တို့ကြည့်ရင်သိနိုင်တာပေါ့။ သူဌေးသမက်ဖြစ်ဖို့ ဒါလောက်တော့လုပ်နိုင်ရမှာပေါ့လို့ပြောသူကပြောနဲ့ တစ်ရွာလုံးဆူညံသွားတယ်။

မောင်ဥတ္တရက သူ့အဘိုးကို ပြန်ပြောပြတော့ သူ့အဘိုးက သူဌေးကြီးဟာ ပညာရှိကိုလေးစားတယ်။ သူဆည်းကပ်ထားတဲ့ပညာရှိတွေရှိတယ်။ အဲဒါတွေနဲ့ တိုင်ပင်ပြီး စီစဉ်တာဖြစ်မယ်။ ပေါ့ပြက်ပြက်လုပ်တာမဟုတ်ဘူး။ မင်းကော ဘယ်လိုစဉ်းစားမိသလဲလို့ သူ့ထင်မြင်ချက်ကိုပြောပြီး မောင်ဥတ္တရ ထင်မြင်ချက်ကို မေးတယ်။

မောင်ဥတ္တရက -

"လျှာနဲ့တို့ကြည့်ရင်သိနိုင်တယ်ဆိုတာ လူတိုင်းသိတဲ့ကိစ္စပဲ။ ဒီလိုနည်းနဲ့သိတာကို လက်ခံမှာမဟုတ်ဘူး။ တခြားနည်းလမ်းရှာရမယ်"

လို့ပြန်ပြောတယ်။

အဘိုးက -

"ဟုတ်တယ်၊ နည်းလမ်းရှာရမယ်။ အဲဒီမှာ ငါဝင်မပါတော့ဘူး။ မင်းဟာ မင်းရှာ။ တကယ်လို့ ငါ့အဖြေနဲ့မင်း အောင်မြင်သွားတယ်ဆိုရင် နောက်ပိုင်းမှာ မင်းအခက်တွေ့မယ်။ အရှက်ရနိုင်တယ်"

လို့ ပြောလိုက်တယ်။

မောင်ဥတ္တရက ကောင်းပါပြီဆိုပြီး သူ့နည်းသူ့ဟန်နဲ့ (၁၅) ရက်လုံးလုံးသိအောင် ကြိုးပမ်းတယ်။ စာရင်းပေးကြတဲ့အစီစဉ်အတိုင်း (၁၅) ရက်ပြည့်ပြီးတော့ သွားဖြေကြတယ်။ ဖြေသူအားလုံးဟာ လူ့မစင်ဟာ ချိုတဲ့အရသာရှိတယ်လို့ ဖြေကြတယ်။ ဘယ်လိုသိသလဲလို့မေးတော့ အားလုံးက လျှာနဲ့တို့ကြည့်ပြီးသိတာလို့ ဖြေကြတယ်။

မောင်ဥတ္တရက နောက်ဆုံးဖြေသူပဲ။

သူ့ကိုမေးတော့ -

'လူ့မစင်ဟာ နံနက်ပိုင်းသွားထားတဲ့မစင်ဆိုရင် မနက်ပိုင်းမှာ ချိုတဲ့

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းဆုသျှင်

# အိမ်ကောင်းရလိုလျှင် ဤသို့ဆောင်ရွက်

မိမိနေထိုင်စရာ ခက်နေ၍လည်းကောင်း၊ မိသားစုများပြီး နေရာထိုင်ခင်း ကျပ်တည်းနေ၍လျှင်လည်းကောင်း၊ နေရာထိုင်ခင်းရစေဖို့ မိမိအား သစ်တံခါးဆရာတော် ဘဒ္ဒန္တ မဏိဇောတ (ယော) ချီးမြှင့်ခဲ့ဖူးသည့် အောက်ဖော်ပြပါအဓိဋ္ဌာန်ကို ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည် ရေးသား တင်ပြလိုက်ပါ၏။ ကိုယ်တွေ့ နေရာထိုင်ခင်း အိမ်အမြန်ရရှိသွားကြသူများရှိကြပါ၏။

သို့ဖြစ်ပါ၍ ဆောင်ရွက်ပုံဆောင်ရွက်နည်းသည်ကား . . .

မိမိအိမ်နှင့်နီးသော ဘုရားဝိုင်း၊ ကျောင်းဝိုင်းနေရာတို့မှာသော် လည်းကောင်း၊ ကြီးမား ဝေဆာ ဖြာထွက်နေသော ဗောဓိညောင်ပင်ကြီးတွေ၊ လမ်းဆုံလမ်းခွ ညောင်ပင်ကြီးတွေမှာသော် လည်းကောင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကိုယ်နိုင်သရွေ့ သပ်သပ်ရပ်ရပ် စနစ်တကျ ဆောင်ရွက်ထားသော ရုက္ခစိုးနတ်စင်လေးတွေလှူပေးပါ။ ကိုယ်ရလိုသောအိမ်ကိုလည်း ဆုတောင်းပါ။ နေထိုင်ရန် အိမ်အမြန်ရလိုပါ၏။ ရပါစေသားဟု ဆုတောင်းပြီး နေ့သားအလိုက် ပန်းလှူပါ။ ကွမ်းယာလှူပါ။ အမွှေးတိုင်လှူပါ။ လှူပြီး ဆုတောင်း၊ အမျှဝေပါ။

နေ့သားအလိုက်လှူရမည့်ပန်းမှာ-

တနင်္ဂနွေ - ကံ့ကော် (၂) ညွန့်၊
တနင်္လာ - စံပယ် (၃) ကုံး၊
အင်္ဂါ - ရွက်လှ (၄) ညွန့်၊
ဗုဒ္ဓဟူး - မေမြို့ပန်း (၅) ပွင့်၊
ကြာသပတေး - သပြေ (၆) ညွန့်၊
သောကြာ - နှင်းဆီ (၇) ပွင့်၊
စနေ - အုန်းညွန့် (၁) ညွန့်
တို့ ဖြစ်ပါသည်။

ဤကဲ့သို့ နေ့နံသားသမီးအလိုက် ပန်း၊ အမွှေးတိုင်၊ ကွမ်းယာလှူပြီး (၂) ပတ်၊ (၃) ပတ်တစ်ခါ တစ်ကြိမ်သော်လည်းကောင်း သွားရောက်၍ 'သင်ရုက္ခစိုးနတ်မင်းကြီး၊ ကြည့်ရှုစောင့်ရှောက်ပါ။ အမြန်အိမ်ပိုင်ရပါစေ။ အဆင်ပြေစွာနေရပါစေ' ဟု ဆုတောင်းပါ။ ရုက္ခစိုးနတ်များသည် သီလရှိ၍ ရုက္ခစိုးဖြစ်နေခြင်းဖြစ်၏။ လူတွေ၏အမှုကိစ္စများကို အနီးကပ်သိရှိပြီးရှိနေကြပါ၏။ တကယ်ကူညီနိုင်သော အစွမ်းသတ္တိလည်းရှိပါသည်။

ထို့ပြင် အောက်ဖော်ပြပါ ဂါထာမြတ်ကို ရွတ်များပါ။ ပုတီးစိပ်လည်းရပါ၏။

## ❑ လက်ရုံးဂါထာ (ခေါ်) သံသာရစက္ကဂါထာကြီး

❑ သံသာရစက္ကဝိဒ္ဓံသံ၊
သံသုဒ္ဓ မသဿြရသံ။
သံဆိန္နကံ ဘဝေ အာသံ၊
သံယံ အပိ သုမာနသံ။

နေ့စဉ်ရွတ်ပွားပါ။နေ့စဉ်နိုင်သရွေ့ ပုတီးစိပ်ပါ။ အိမ်အမြန်ရပါစေ၊ ပိုင်ရပါစေ၊ အဆင်ပြေပါစေဟုပြောပါ။ ညောင်ပင် စောင့်ရုက္ခစိုးနတ်ကို အမျှဝေပါ။ အဓိဋ္ဌာန်လုပ်နေစဉ်အတွင်း အကြော်များလှူပါ။ ဘုရား၊ ဘုန်းကြီး၊ ဘိုးမင်းခေါင်တို့ကိုဖြစ်ပါ၏။ ဆောင်ရွက် ကြည့်ပါ။ အောင်မြင်ပါလိမ့်မည်။

ရုက္ခစိုးစင်လှူမည်ဆိုပါက သွားသင့်သောအချိန်ကား နတ်နဝင်းတက်ချိန်၊ သူတို့အလှူခံချိန်၊ ရုက္ခစိုးနတ်ရှိချိန်ကား အင်္ဂါနေ့တွင် မနက် (၆း၀၀) နာရီမှ (၇း၃၀) နာရီအတွင်းတစ်ခါ၊ စနေနေ့တွင် မနက် (၆း၀၀) နာရီမှ (၇း၃၀) နာရီအတွင်းတစ်ကြိမ်နှင့် မနက် (၉း၀၀) နာရီမှ (၁၀း၃၀) နာရီအတွင်း တစ်ကြိမ်ဖြစ်ပါ၍ ထိုအချိန်များအတွင်းလှူပါကပိုကောင်းပါ၏။ ယုံကြည်စွာ ဆောင်ရွက်ကြည့်ပါ။ ကူညီပါလိမ့်မည်။ အောင်မြင်ပါလိမ့်မည်။ ရုက္ခစိုးဂါထာ ရွတ်ပွားလိုပါကလည်း -

## ❑ ရုက္ခစိုးဂါထာ

အာကာသဋ္ဌာ ဘူမဋ္ဌာစ၊
ရုက္ခဋ္ဌာစ မဟိဒ္ဓိကာ။
ကုမ္ဘဏ္ဍာ စ ယေ ဒေဝါ
မံ ပါလေတု ယထိစ္ဆိတံ။

(၃၇) ခေါက်ရွတ်ပါ။ တကယ်ကို ထူးခြားပြီး မိမိဖြစ်လိုတာ ဆုတောင်းပြည့်ပါမည်။ ဆောင်ရွက်ကြည့်ပါ။ ဆောင်ရွက်၍ အောင်မြင်သူတွေရှိကြပြီဖြစ်၍ ပြန်လည် ရေးသားတင်ပြရခြင်းဖြစ်ပါသည်။ အိမ်ခက်ခဲသူဟူသမျှ အောင်မြင်ကြပြီး အေးချမ်းစွာ အဆင်ပြေကြပါစေဟု ဆုစကားပြုဆိုရင်းဖြင့်။

❑ *နေအိမ်ခက်သူ များဗိုလ်လူတို့*
*သီလရုက္ခစိုး အိမ်ဆောက်လှူကာ*
*အဓိဋ္ဌာန်ပြု ဆောင်ရွက်ချက်ကြောင့်*
*မနှေးမကြာ အမြန်ရပြီး*
*အေးချမ်းရသည်မှာ အမှန်ပါတည်း*
*ဟူ၍သာ။*

ငြိမ်းဆုသျှင်

---

အရသာရှိတယ်။ နေ့လယ်ပိုင်းမှာ ချဉ်တဲ့အရသာရှိတယ်။ ညနေပိုင်းမှာ ခါးတဲ့အရသာရှိတယ်'

လို့ ပြန်ဖြေတယ်။

ဘယ်လိုသိသလဲမေးတော့ သူက-

'နံနက်ပိုင်းမှာ ယင်ကောင်အမဲကြီးတွေကလာအုံကြတယ်။ ယင်မဲကြီးတွေရဲ့အကြိုက်ကိုသိဖို့ ချိုတာ၊ ချဉ်တာ၊ ခါးတာတွေကို အတူထားတော့ ချိုတဲ့ဆီမှာပဲအုံတာတွေ့ရတယ်။ နေ့ခင်းပိုင်းကျတော့ ဖြုတ်ကလေးတွေလာအုံတာတွေ့ရတယ်။ ချို၊ ချဉ်၊ ခါး (၃) မျိုးကိုထားကြည့်တော့ ဖြုတ်ကလေးတွေက ချဉ်တဲ့ဆီမှာ အုံတာတွေ့ရတယ်။ ညနေပိုင်းကျတော့ ကင်းလိပ်ချောတွေလာစားတာတွေ့ရတယ်။ ကင်းလိပ်ချောကိုလည်း ချို၊ ချဉ်၊ ခါးနဲ့စမ်းကြည့်တော့ ခါးတာကိုပဲ စားတာတွေ့ရတယ်။ အဲဒါကြောင့် လူမစင်ဟာ နံနက်မှာချို၊ နေ့လယ်မှာချဉ်၊ ညနေမှာ ခါးတယ်လို့လေ့လာတွေ့ရှိရတယ်'

လို့ ဖြေတယ်။

သူဌေးကြီးနဲ့တကွ ပညာရှိ... ဟာ အရည်အချင်းပြည့်ဝတဲ့ ပညာ... သမက်ကိုရပြီဆိုပြီး အားရ...ကြတယ်။ ပညာမဲ့တွေကတော့ မစင်စားလိုက်ရတာပဲ အဖတ်...သွားပါတယ်။

ချောင်းဆုံအုန်းသ...




www.burmeseclassic.com

www.burmeseclassic.com

(ကျိုက်လတ်) **ဆရာဦးစိန်လှိုင်**

(ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ-၉)

# အောင်နိုင်ခဲ့သည့်စစ်ပွဲကိုအောင်ချ



ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ် အက္ကောသ ဘာရဒွါဇပုဏ္ဏားသည် သူ့အစ်ကိုပုဏ္ဏား မြတ်စွာဘုရားထံ ရဟန်းပြုသည်ဟု ကြားသဖြင့် စိတ်ဆိုးအမျက်ထွက်ကာ မြတ်စွာဘုရားထံလာပြီးလျှင် မဖွယ်မရာ ရိုင်းရိုင်းကြမ်းတမ်းသော စကားတို့ဖြင့် ဆဲရေးလေ၏။

မြတ်စွာဘုရားသည် အေးအေး ဆေးဆေးပင် ပုဏ္ဏားအား မေးမြန်းပြော ဆိုလေသည်။

"ပုဏ္ဏား၊ သင့်အိမ်ကို ဆွေမျိုးမိတ် သင်္ဂဟဧည့်သည်များလာဖူးပါသလား"

"တစ်ခါတစ်ရံ လာဖူးပါသည်"

"ထိုဧည့်သည်များကို ခဲဖွယ်ဘောဇဉ်များ ကျွေးမွေးပေးကမ်းဖူးသလော"

"တစ်ခါတစ်ရံ ကျွေးမွေးဖူး၊ ပေးကမ်းဖူးပါသည်"

"ထိုဧည့်သည်တို့ သင့်ပေးသည်ကို မယူလျှင် ထိုပစ္စည်းတို့သည် ဘယ်သူ့ထံသို့ရောက်သနည်း"

"ဧည့်သည်တို့က မခံယူလျှင် ထို



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းတို့သည် ကျွန်ုပ်ထံသို့ပင်ရောက်သည်"

ဟု လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားက -

"ပုဏ္ဏား၊ ဤဥပမာအတူပင် သင်သည် မဆဲရေးထိုက်သောငါတို့ကို ဆဲရေး၏။ သင်၏ဆဲရေးခြင်းကို ငါတို့ မခံယူကုန်။ ပုဏ္ဏား၊ ဤဆဲရေးခြင်းသည် သင့်အားသာရောက်၏။ ပုဏ္ဏား၊ အကြင်သူသည် မိမိအား ဆဲရေးသောသူကိုပြန်၍ဆဲရေး၏။ မိမိအား ရန်လိုသောသူကို ပြန်၍ရန်လို၏။ ထိုသူကို အတူခံစားသူ၊ ပြုတုံ့ပြုသူဟူ၍ ဆိုအပ်၏။ ငါတို့သည် သင်နှင့်အတူ ခံစားဘက် မဟုတ်ကုန်။ ပြုတုံ့မပြုကုန်။ ပုဏ္ဏား ဤသင်၏ဆဲရေးခြင်းသည် သင့်အား သာလျှင်ရောက်၏။

*▫အကြင်သူသည်(မိမိအား)အမျက်ထွက်သူကို ပြန်၍အမျက်ထွက်၏။ ထိုသူသည်သာ အမျက်ထွက်သူကိုပြန်၍ အမျက်ထွက်ခြင်းကြောင့် သာ၍မိုက်ရာကျ၏။ မိမိအား အမျက်ထွက်သူကို ပြန်၍ အမျက်မထွက်သောသူသည်သာ* ***အောင်နိုင်ခဲသည့် စစ်ပွဲကို အောင်သူ ဖြစ်၏။***

(သဂါထာဝဂ္ဂသံယုတ်၊
၇ ဗြဟ္မဏသံယုတ်၊
၁-အရဟန္တဝဂ်၊
၂-အက္ကောသသုတ်)

## မတိုက်ဘဲနှင့်အောင်နိုင်သူ

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ်အခါက အက္ကောသဘာရဒွါဇပုဏ္ဏားက သူ့အစ်ကိုရဟန်းပြုသည်ဟုကြားသဖြင့် မြတ်စွာဘုရားထံလာ၍ ဆဲပြီးနောက် သူ၏ ညီဖြစ်သူ အသုရိန္ဒကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားထံသို့သွားပြီး မဖွယ်မရာ ရုန့်ရင်းကြမ်းတမ်းသော စကားတို့ဖြင့် ဆဲရေးပြန်သည်။ ယင်းသို့ ဆဲရေးသောအခါ မြတ်စွာဘုရားသည် တစ်စုံတစ်ရာ ဘာမှပြန်မပြောဘဲ ဆိတ်ဆိတ်နေတော်မူလေ၏။

ထိုအခါ အသုရိန္ဒကပုဏ္ဏားက မြတ်စွာဘုရားအား -

"ရဟန်း၊ သင့်ကို ကျွန်ုပ်အောင်နိုင်ပြီ။ ရဟန်း သင့်ကို ကျွန်ုပ်အောင်နိုင်ပြီ"

ဟု ဆိုလေ၏။

ထိုအခါ မြတ်စွာဘုရားက -



*▫ လူမိုက်သည် စကားအားဖြင့် ရုန့်ရင်းကြမ်းတမ်းစွာ ဆဲရေးပြောဆိုရသည်ကို ငါအောင်နိုင်သည်ဟု မှတ်ထင်လေ၏။* ***သည်းခံခြင်း၏ အကျိုးကျေးဇူးကို သိသော ပညာရှိပုဂ္ဂိုလ်၏ နှုတ်တုံ့မပြန်ဘဲ သည်းခံနေခြင်းကသာလျှင် အောင်နိုင်ခြင်း အစစ် ဖြစ်လေသည်။***

(သဂါထာဝဂ္ဂသံယုတ်၊
၇-ဗြာဟ္မဏသံယုတ်၊
၁-အရဟန္တဝဂ်၊
၃- အသုရိန္ဒကသုတ်)

## ချစ်ခြင်းမှလွတ်ကင်းလျှင်
## (တိုတိုထွာထွာမှတ်စရာ)

ချစ်ခြင်းကြောင့် သောကဖြစ်ရ၏၊
ချစ်ခြင်းကြောင့် ဘေးတွေ့ရ၏၊
ချစ်ခြင်းမှ လွတ်ကင်းသူမှာ
သောကဖြစ်ရတော့မည်မဟုတ်။
ဘေးတွေ့မှုကား အဘယ်မှာရှိ
တော့မည်နည်း။

(ဓမ္မပဒ၊ ပိယဝဂ်)

## ကိုယ့်ကိုယ်ကို ကိုယ်ချစ်လျှင်

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်းကြီးအား ဤသို့ဟောတော်မူ၏။

"ဒကာတော် မင်းကြီး၊ အကြင်သူတို့သည် ကိုယ်ဖြင့် မကောင်းသောအမှုကိုပြု၏။ နှုတ်ဖြင့်မကောင်းသောအမှုကိုပြု၏။ စိတ်ဖြင့် မကောင်းသောအမှုကိုပြု၏။ ထိုသူတို့သည် မိမိကိုယ်ကိုမချစ်သောသူတို့ဖြစ်၏။ ထိုသူတို့က ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုယ်ချစ်ပါသည်ဟုဆိုကြစေကာမူ အမှန်ကား ထိုသူတို့သည် မိမိကိုယ်ကိုမချစ်သောသူတို့သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မချစ်သောသူသည် မိမိမချစ်သောသူအတွက် ပြုလုပ်ရမည့်အမှုမျိုးကို (ထိုသူတို့သည်) မိမိအတွက် ကိုယ်တိုင်ပြုလုပ်နေသောကြောင့် ဖြစ်သည်။

ဒကာတော်မင်းကြီး၊ အကြင်သူတို့သည် ကိုယ်ဖြင့်ကောင်းသောအမှုကိုပြု၏။ နှုတ်ဖြင့်သောအမှုကိုပြု၏။ စိတ်ဖြင့်ကောင်းသောအမှုကိုပြု၏။ ထိုသူတို့သည် မိမိကိုယ်ကိုချစ်သောသူတို့ဖြစ်၏။ ထိုသူတို့က ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုယ်မချစ်ပါဟု ဆိုကြစေကာမူ အမှန်ကား ထိုသူတို့သည် မိမိကိုယ်ကိုချစ်သောသူတို့သာ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ချစ်သောသူသည် မိမိချစ်သောသူအတွက် ပြုလုပ်ရမယ့်အမှုမျိုးကို (ထိုသူတို့သည်) မိမိအတွက် ကိုယ်တိုင်ပြုလုပ်နေသောကြောင့် ဖြစ်သည်။

မိမိကိုယ်ကိုချစ်အပ်၏ဟုနားလည်လျှင် မိမိကိုယ်ကို မကောင်းမှုနှင့်မယှဉ်စေရာ။ မကောင်းမှုကိုပြုလေ့ရှိသောသူသည် ချမ်းသာသုခကိုရဖို့ရန်ခဲယဉ်း၏။

သေမင်းနှိပ်စက်၍ လူ့ဘဝကိုစွန့်သွားရသောသူအတွက် သူ့ကိုယ်ပိုင်ဥစ္စာကား အဘယ်နည်း။ အဘယ်ဥစ္စာကိုယူဆောင်သွားရသနည်း။ အဘယ်အရာသည် ယူသွားရာသို့ အရိပ်ပမာပါသွားသနည်း။ သေမင်းနှိပ်စက်၍ လူ့ဘဝကိုစွန့်လွှတ်ရသောသူအတွက် သူ့ကိုယ်ပိုင်ဥစ္စာကား မသေခင်က သူပြုခဲ့သည့် ကောင်းမှု၊ မကောင်းမှုပင်တည်း။ ထိုကောင်းမှု မကောင်းမှုကိုပင် ယူဆောင်၍သွားရ၏။ သူပြုခဲ့သည့် ကောင်းမှု မကောင်းမှုသည် သူသွားရာသို့ အရိပ်ပမာပါသွားလေ၏။

(သဂါထာဝဂ္ဂသံယုတ်၊
၃- ကောသလသံယုတ်၊
ပဌမဝဂ်၊ ၃-ပိယသုတ်)

ဆရာဦးရိုင်ဝိုင် (ကျိုက်လတ်)

www.burmeseclassic.com

www.burmeseclassic.com

ရွှေဘိုမြို့မှ

# ဗားမဲ့ဆရာတော်ထွက်ရပ်ပေါက်ကုန်း

သန်းဆွေ(ရွှေဘို)

မြန်မာနှစ် ၈၀၀ - ၉၀၀ အချိန်ခန့်က မြန်မာပြည်တွင် ဗား(၄)ဗား ခေတ်ပြိုင်ပေါ်ထွန်းခဲ့သည်။

ယင်းတို့မှာ -

၁။ ဗားမဲ့ဆရာတော်
၂။ ဗားမြိုက်ဆရာတော်
၃။ ဗားတမွတ်ဆရာတော်
၄။ ဗားတမော့ဆရာတော်

တို့ ဖြစ်ကြသည်။

စာရေးသူရေးသားတင်ပြမည်မှာ **ဗားမဲ့ဆရာတော်**အကြောင်းဖြစ်ပါသည်။


ဗားမဲ့ဆရာတော်ကို သက္ကရာဇ် ၈၈၄ ခုနှစ်တွင် ရာမညတိုင်း၌ ဖွားမြင်ခဲ့ပါသည်။ ရှေးပါရမီအရ ဝိဇ္ဇာယနပညာ၊ လောကီပညာတို့ကို ဝါသနာထုံသဖြင့် လေ့လာ ဆည်းပူးခဲ့သည်။ ယင်းသို့ လေ့လာ ဆည်းပူးနေရာမှ ဟံသာဝတီ ငါးဆူဒါယကာမင်းလက်ထက်တော်တွင် ကြေးပုရပိုက်တစ်ဆူ လက်ခံရရှိခဲ့သည်။ ယင်းပုရပိုက်တွင် တန္တရယာန၊ မန္တရယာန၊ ဝိဇ္ဇာယာနလောကီပညာဖြစ်သော အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန်၊ ယတြာခာတ်ရိုက်ခာတ်ဆင်အစီအရင်များ ပါရှိရာ ဆရာတော်ကို လောကီပညာ တစ်ဖက်ကမ်းခပ်တတ်လာအောင် တွန်းဆောင်ပေးသကဲ့သို့ဖြစ်သည်။

ယင်းကြေးပုရပိုက်ကို ဟံသာဝတီမြစ် နတ်မိကျောင်းက ကိုက်ချီဆက်သပေးခဲ့သည်ဟု အဆိုရှိသည်။ သက္ကရာဇ် ၉၅၅ တွင် ဟံသာဝတီ ငါးဆူဒါယကာက ဆရာတော်ကို အလိုမကျသဖြင့် ညောင်ရမ်းသို့ ပို့ဆောင် သီတင်းသုံးစေခဲ့သည်။ ညောင်ရမ်းမြို့စား မင်းရဲနန္ဒမိတ်ခေါ် မောင်သစ္စာက ဆရာတော်ကို ကိုးကွယ် ဆည်းကပ် ပူဇော်ခဲ့သည်။


ထိုသို့ ကိုးကွယ် ဆည်းကပ် ပူဇော်ရာမှ ဆရာတော်က မောင်သစ္စာခေါ် ညောင်ရမ်းမြို့စားအား အောင်ခြင်း(၈)ပါး အချုပ်ဂါထာတော်ကို သင်ပေးခဲ့ သည်။ မောင်သစ္စာသည် အချုပ်ဂါထာတော်ကို ယုံယုံကြည်ကြည်ဖြင့် တစ်နေ့ (၂) ကြိမ် ရွတ်ဖတ်ခဲ့သည်။ သက္ကရာဇ် ၉၅၉ တွင် မင်းဖြစ်ပြီး အင်းဝနေပြည်တော်ကြီးကို တစ်ဖန် ပြန်လည် တည်ဆောက်ခဲ့ပြီး ညောင်ရမ်းမင်းတရားကြီးဟူ၍ မြန်မာ့သမိုင်းတွင် ထင်ရှားလာခဲ့သည်။ အင်းဝခေတ်၊ ညောင်ရမ်းခေတ်ကို စတင်တည်ထောင်ခဲ့ရုံသာမက မြန်မာ့သမိုင်းတွင် ကျော်ကြားသော စာဝင်ကမ္ပည်းထိုးခံရသူဖြစ်လာခဲ့သည်။ သူလုပ်ခဲ့သော စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် အောင်မြင်သည်သာများလှသည်။ ယင်းတို့မှာ ဗားမဲ့ဆရာတော်၏ အစီအရင်ကြောင့်သာဖြစ်ကြောင်း ဆရာစဉ်ဆက်အမှတ်အသားရှိခဲ့သည်။ ယင်းဗားမဲ့ကျမ်းများသည် ညောင်ရမ်းခေတ်ပေမူမှနေ၍ ကုန်းဘောင်ခေတ် ဘကြီးတော်မင်းတရားလက်ထက် ကူးယူထားသော ပေမူအစီအရင်များ ဖြစ်ပါသည်။

ညောင်ရမ်းမင်း နတ်ရွာစံသော်သားတော် အနောက်ဘက်လွန်မင်းတရားကြီးမှ ကိုးကွယ်ရာမှ သက္ကရာဇ် ၉၇၂ တွင် အင်းဝမှာ ပျံလွန်တော်မူခဲ့ပါသည်။

ဗားမဲ့ဆရာတော်ထွက်ရပ်ပေါက်ကုန်းသည် ရွှေဘိုမြို့မှ မြောက်ဘက်



နေတားဘုရားဘေးမှတွေ့ရပုံ




မိုးကောင်းဘုရားဘေးမှဖူးမြော်ရပုံ




www.burmeseclassic.com

www.burmeseclassic.com




တံခွန်တိုင်



လတားဘုရား




နေတားဘုရား



မိုးကောင်းဘုရားအား အဝေးမှ ဖူးမြော်ရပုံ

(၃) မိုင်အကွာတွင်ရှိသော မဟာနန္ဒာကန်၏ အရှေ့မြောက်ဘက်တွင် တည်ရှိပါသည်။ ကန်တွင်းရွှေဘော်ကျွန်းဘုရားကြီး၏ မြောက်ဘက်စည်းရိုးမှ တစ်ခေါ်သာသာအကွာအဝေးတွင်တည်ရှိသည်။ ၎င်းကန်တွင်းရွှေဘော်ကျွန်းဘုရားကို မြို့သူမြို့သားများက အပြင်ရွှေဘော်ကျွန်းဘုရား ဟူ၍ ခေါ်ဆိုကြသည်။ မြို့တွင်းတွင် အတွင်းရွှေဘော်ကျွန်းဘုရားတစ်ဆူရှိသည်။

၎င်းဗားမဲ့ကုန်းသို့ သွားလိုပါက ရွှေဘိုမြို့အရှေ့ဘက် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ရုပ်တုကြီး မြောက်ဘက်လမ်းမှ မြောက်ဘက်သို့ ဆည်မြောင်းရုံး၊ အ-မ-က (၁၄)စစ်သားစုဆောင်းရေးတပ်နောက်ဂေါက်ကွင်းမှ တပ်ရင်း (၁၁) အတွင်းမှ လည်းကောင်း၊ ဘေးမှလည်းကောင်း ဖြတ်သန်း၍ သွားရောက်နိုင်ကြပါသည်။

ပထမဦးဆုံး အရှေ့ဘက်မှ ဝင်ရောက်လာသောအခါ မိုးကောင်းဘုရားကို ဖူးတွေ့ရပါမည်။ ၎င်းဘုရား၏ မြောက်ဘက်အုတ်တံတိုင်းနှင့်ကပ်လျက်နေရာတွင် သိုက်နန်းရှင်များ၊ အစောင့်အရှောက်ရုပ်တုများကို အုတ်တိုက်လေးများနှင့် တွေ့ရပါမည်။ ၎င်းအနောက်ဘက်တွင် နေတားဘုရားတစ်ဆူကို ဖူးတွေ့ရပါမည်။ ၎င်းနေတားဘုရားရာဇဝင်မှာ ဗားမဲ့ဆရာတော်ကြီးသည် တစ်ရက်တွင် ဆွမ်းဘုဉ်းပေးရာ အချိန်နောက်ကျနေပြီဖြစ်ရာ နေမင်းကိုတား၍ ဆွမ်းစားပါသည်။ ပြီးမှ တားထားသောနေကိုပြန်လွှတ်လိုက်ပါသည်။ ထိုအထိမ်းအမှတ်ဖြင့် နေတားဘုရားတည်ထားခဲ့ပါသည်။ ၎င်းမြောက်ဘက်တွင် နဂါး(၂) ကောင်ရေအိုင်နှင့် ဘုရားတစ်ဆူ ဖူးတွေ့ရပါမည်။ လတားဘုရားဖြစ်သည်။ ၎င်းဘုရားက က၊ ဏ၊ ဠ၊ ဃ ကြီးလေးကြီးစမကို အင်းကွက်ဖြင့် ဖော်ပြထားသည်။ ယင်းဘုရားကို ထုံးသုတ်ထားသဖြင့် အင်းကွက်များကို ထင်ရှားစွာ မမြင်ရပါ။ ယင်းဘုရားအနောက်ဘက်တွင် ရသေ့များ တရားထုတ်ရာ ဝိဇ္ဇာမယပညာများကျင့်ကြံရာအုတ်တိုက်ငယ်တစ်လုံးကို တွေ့ရပါသည်။ ယင်း မိုးကောင်းဘုရား၏မြောက်ဘက် အုတ်တံတိုင်းနှင့်ကပ်လျက် ဗားမဲ့ဆရာတော်



www.burmeseclassic.com


www.burmeseclassic.com



ကုန်းအရှေ့ဘက်မှ ရေလျှံတွင်း




သိုက်နန်းရှင်ဒေဝီများအုတ်တိုက်



ဘုရားရှေ့မှ ဖူးမြော်ရုံ



အဆောင့်အရှောက်များ



ဆွမ်းစားကျောင်း




…နှင့် အဆောက်အအုံများ


လက်ထက်မှ တစ်တောင်ခန့်အမြင့်ရှိ အုတ်ရိုးများကို တွေ့ရမည်။ ယင်းအရှေ့ဘက်တွင် လျှပ်စစ်မီးမလို၊ မော်တာမလိုသော ရေအမြဲတမ်းထွက်ရှိနေသည့် ရေလျှံတွင်းတစ်တွင်းရှိပါသည်။ ယင်းရေကို ရေလျှံတွင်းမှ ပိုက်ဖြင့်သွယ်ယူ၍ မြောက်ဘက် ဆီဆုံကုန်းတစ်ရွာလုံး သုံးစွဲကြပါသည်။ ယောကျ်ား၊ မိန်းမများ ချိုးရေကန်များကို အမိုးများနှင့်သီးသန့်စီ ခွဲခြားထားသည်။ ယင်းရွာမှာ မူလတန်းကျောင်းရှိပြီး အိမ်ခြေ (၈၅) ခန့်ရှိပါသည်။

မိုးကောင်းဘုရား ဖြစ်တည်လာပုံမှာ ယခင်က ယခုဘုရားနေရာတွင် နဂါးကျစ်တွင်းကြီးရှိသည်။ ဘုရားတည်ထိုးသော ဒါယကာများမှ မြေများဖို့ကြရာ ဖို့သမျှမြေအားလုံး နဂါးကျစ်တွင်းထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားကြသည်။ ထိုအခါ တရားအားထုတ်သူ ဘရသေ့ထံ အကူအညီတောင်း၍ ဘရသေ့မှ အင်း


www.burmeseclassic.com


ဘုရားရှေ့မှအာရုံခံ


ရသေ့များ အားထုတ်ရာ အုတ်တိုက်


ဆရာတော်ဦးဝေပုလ္လ


ဆရာတော်များ ဆွမ်းဘုဉ်းပေးနေပုံ


ဘိုးမင်းခေါင်ရုပ်တု


ဆရာတော်ကျောင်းနှင့်အဆောက်အအုံများ

တစ်ချပ်ပစ်ထည့်လိုက်ရာ နဂါးကျစ်တွင်းကြီးကန်းသွားပြီး မြေဖို့၍ရသွားသည်။ ဘရသေ့ဟူ၍ စာရေးသူတို့ ငယ်စဉ်က ကိုးကွယ်သူတွေများလှသည်ကို ကြားသိရဖူးသည်။ ၎င်းဘုရားကို စေတနာရှင်များ၊ ဘိုးမင်းခေါင်နှင့်ပဋ္ဌာန်းဆက်ရှိသူများ၊ ဦးဩဘာသပဋ္ဌာန်းဆက်များက လှူဒါန်းပူဇော်ထားကြသည်။ ဗားမဲ့ကုန်းမှာ အကျယ်အဝန်းအားဖြင့် (၈) ဧကနီးပါးရှိသည်။ ၎င်းကို အုတ်တိုင်များ၊ သံဆန်ကာကွက်များဖြင့် ကာရံထားရှိသည်။ ကျောင်းဝင်းထဲတွင် ဆရာတော်ဘုရားနေသော အုတ်တိုင်နှင့် အခြားအဆောက်အအုံများ တွေ့ရပါမည်။

ဆရာတော်ဘုရား၏ ဘွဲ့တော်မှာ ဦးဝေပုလ္လဖြစ်ပါသည်။ ကျောင်းတိုက်အမည်မှာ ဗားမဲ့အောင်မြင်ကျောင်းဖြစ်သည်။ ဆရာတော်ဘုရားသည် ငယ်ဖြူဖြစ်၍ သက်တော် (၇၀) ခန့်ရှိပြီး ဝါတော်မှာ (၄၀) ဖြစ်သည်။ ဤကျောင်းတွင် သာမဏေကျော်တစ်ပါးပေါ်ထွက်ခဲ့လေသည်။ နေပြည်တော်အဆင့် (၁၀)၊ မန္တလေးတိုင်းအဆင့် (၉) ဖြစ်သည်။ ကျန်နှစ်ပါးမှာ သာမဏေကျော်ဖြေဆိုရန် သင်ယူနေကြဆဲ ဖြစ်သည်။ တစ်ပါးမှာ ဓမ္မာစရိယဖြစ်ပါသည်။

အမှန်တကယ်တော့ အင်းဝ နေပြည်တော်နှင့် ရွှေဘိုမြို့သည် အလှမ်းသိပ်မဝေးပါ။ ဗားမဲ့ဆရာတော်သည် ဤကုန်းမှပင် ထွက်ရပ်ပေါက်သွားခဲ့ပါသည်။

ရွှေဘိုသို့အလည်တစ်ခေါက်လာ
ခဲ့ပါက တိတ်ဆိတ် ငြိမ်သက်လှသော
မိုးကောင်းဘုရားတွင် ပုတီးစိပ်ခြင်း
တရားထိုင်ခြင်းများ ပြုလုပ်နိုင်ပါသည်
ကျောင်းဝင်းတွင်းရှိ ဘုရားများနှင့် ဆ
တော်ကို ဖူးမြော် ကြည်ညို လှူဒါန်းနိုင်
ကြပါသည်။ ထို့ကြောင့် ရွှေဘိုရော
လျှင် လာရောက်ကြပါဟု ဖိတ်ခေါ်လို
ရပါတော့သည်။

သန်းဆွေ (ရွှေဘို)


ကိုးကား -

ဗားမဲ့ကျမ်းရင်း (ပထမတွဲ)



www.burmeseclassic.com

www.burmeseclassic.com



# လေ့လာရန် ခက်ခဲရှားပါး စဉ့်ကိုင်မြို့မှ အန္တရုရုပ်ကြွဘုရား

တိုက်ကြည်(စဉ့်ကိုင်)

နိုင်ငံတစ်နိုင်ငံနှင့် လူမျိုးတစ်မျိုး ...ယဉ်ကျေးမှုသည် ယင်းတို့၏ ပင်မ ...သက်သွေးကြောပင်ဖြစ်၏။ ယဉ်ကျေး ...အမွေအနှစ်များအား ယင်းတို့၏ ဓလေ့ ...အားသိမြင်ကြည့်ရှုခြင်းဖြင့် ခန့်မှန်း ...လာနိုင်မည် ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ...တိုင်းတွင် ရိုးရာဓလေ့ ယုံကြည် ...ကွယ်မှုများရှိကြလေသည်။ မြန်မာ ...အနှံ့အပြားတွင်တွေ့မြင်လေ့လာနိုင် ... ယဉ်ကျေးမှုအမွေအနှစ်များမှာ ...ကြည်ကိုးကွယ်မှု ဘုရားပုထိုးစေတီ၊ ...တော်နှင့် ရုပ်တုတို့ပင် ဖြစ်လေ ... မြန်မာနိုင်ငံသည် ထေရဝါဒ ...နိုင်ငံဖြစ်သည်နှင့်အညီပင် ဗုဒ္ဓ ...ဆိုင်ရာစေတီပုထိုးများ၊ ကျောင်း ... ဆင်းတုရုပ်တုတော်များကို ...သ အနှံ့အပြား၌ တည်ထား ...ခဲ့ကြလေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံအား The Land of Pogoda စေတီပုထိုး ပေါကြွယ်ဝသောနိုင်ငံဟု တင်စားခေါ် ဝေါ်ကြခြင်း ဖြစ်လေသည်။

ဗုဒ္ဓရုပ်ပွားတော်၊ ဆင်းတုတော်တို့အား ကျောက်ဆစ်အနုပညာတို့ဖြင့် ထုလုပ်ပူဇော်ခဲ့ခြင်း ဖြစ်သည်။ ဗုဒ္ဓရုပ်ပွားတော်များအား ထုလုပ်ပူဇော်ထားခြင်းကို ဘီစီပထမရာစုနှင့် ဒုတိယရာစုလောက်ကဟု သုတေသီများမှခန့်မှန်းထားကြပါသည်။ ဗုဒ္ဓဆင်းတုတော်ရုပ်ကြွလက်ရာများဖြစ်သည့် အန္တရုရုပ်ပွားတော်များသည် ကျောက်ဆစ်ပန်းတမော့အနုလက်ရာများစွာ ပါဝင်ဆက်နွှယ်လျက်ရှိပြီး ယခုအခါတွင် တွေ့မြင်ဖူးမြော် လေ့လာနိုင်ရန် အလွန်ရှားပါးနေပြီ ဖြစ်ပါသည်။ မြ...နိုင်ငံအနှံ့အပြားတွင် အန္တရုရုပ်ကြွကျောက်ဆစ်ပန်းတမော့လက်ရာတို့ဖြင့် တည်ထားကိုးကွယ်ခဲ့ကြ သည်မှာ အဆူ (၃၀) ခန့်ဟု စာရင်းများသာရှိနေသော်လည်း ယခုအချိန်တွင် ယင်းအဆူ (၃၀) ကိုပင် ပြည့်စုံစွာ တွေ့မြင်လေ့လာဖူးမြော်နိုင်မည် မဟုတ်တော့ချေ။ အကြောင်းမှာ မသမာသော ဝိသမလောဘသားတို့၏ အတ္တဆန်မှုနယ်မြေခံများ၏ယဉ်ကျေးမှု အမွေအနှစ်များ၏ တန်ဖိုးကြီးမားမှုများအား မသိနားလည်မှုနှင့် တူးဖော်ရရှိသော အန္တရုများအား ဌာပနာများအဖြစ် ပြန်လည်ထည့်သွင်းပူဇော်မှုများကြောင့် အန္တရုရုပ်ကြွဘုရားများအား တွေ့မြင်လေ့လာ ဖူးမြော်နိုင်မှု ရှားပါးသွားခြင်း ဖြစ်ပါသည်။

အန္တရုရုပ်ကြွဘုရား ဆိုသည်မှာ အန္တရုကျောက်ကိုထုဆစ်ထားခြင်းကြောင့် အန္တရုကျောက်ဆစ်ရုပ်ကြွဟု ခေါ် ဆိုခြင်းဖြစ်လေသည်။ ဘော်ဆိုင်းအရပ်မှထွက်သော Doiomite Stone (ခေါ်) အန္တရုကျောက်ကို ဗုဒ္ဓဝင်ရှစ်ခန်း အပါအဝင် အနုစိတ် သေးငယ်လှသော ဗုဒ္ဓဝင်ခန်းများကို လက်ရာမြောက်စွာထုဆစ်ပုံဖော်ထားသော ကျောက်ဆစ်လက်ရာ ဖြစ်ပါသည်။ အန္တရုရုပ်ကြွရုပ်ပွားတော်များမှာ အဖြူရောင်၊ ဆင်စွယ်ရောင်၊ ပန်းရောင်၊ မီးခိုးရောင်များ စသည်ဖြင့် အရောင်အမျိုးမျိုးဖြစ်သည်။ အန္တရုရုပ်ပွားတော်များတွင် ဗုဒ္ဓဝင်ရှစ်ခန်းအန္တရုနှင့် ဆယ့်ခြောက်ခန်းအန္တရုဟူ၍ (၂) မျိုး ရှိသည်။

ယခုအခါတွင် ကျောက်ဆစ်အနုလက်ရာဖြစ်သည့် အန္တရုရုပ်ကြွဆင်းတုတော်များအား တွေ့မြင်လေ့လာနိုင်ရန် ခက်ခဲရှားပါးနေပြီး ဖြစ်ပါသည်။ ယင်းရုပ်ကြွဆင်းတုတော်များအား လေ့လာခြင်းအားဖြင့် အနုစိတ်လက်ရာ မြန်မာ့သုခုမပန်းတမော့ (ကျောက်ဆစ်) လက်ရာနှင့် မြန်မာ့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ယုံကြည်ကိုးကွယ်မှုဓလေ့စရိုက်များကို လေ့လာနိုင်မည် ဖြစ်ပါသည်။ အန္တရုရုပ်ကြွများရှားပါးနေပြီ ဖြစ်သော်လည်း ကျောက်ဆည်ခရိုင် တမုတ်ရွှေဂူကြီးဘုရားတွင် အန္တရုတစ်ဆူနှင့် စဉ့်ကိုင်မြို့နယ် မက္ခရာမြို့ဟောင်းတွင် အန္တရုတစ်ဆူအား တွေ့မြင် လေ့လာ ဖူးမြော်နိုင်မည် ဖြစ်ပါသည်။ တွေ့မြင်လေ့လာဖူးမြော်နိုင်ရန်ခက်ခဲရှားပါးသည့်အန္တရုရုပ်ကြွဘုရားများအား စဉ့်ကိုင်မြို့နယ်အတွင်း တွေ့မြင် ဖူးမြော်နိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

တိုက်ကြည် (စဉ့်ကိုင်)

www.burmeseclassic.com

# ဘုန်းခေါင်

## အစိတ္တာနုတန်ခိုးဖြင့် ဒိဋ္ဌအကျိုးခံစားရပြီ

နေစကြဝဠာကြီးအတွင်း နေထိုင်ကြသော၊ ကမ္ဘာပေါ်တွင် နေထိုင်ကြရသော လူသားအားလုံး အပါအဝင် သတ္တဝါများတို့မှာ ကမ္ဘာကြီးပူနွေးလာသည်နှင့် ရာသီဥတုတို့၏ ဆိုးဆိုးဝါးဝါး တိုက်ခိုက်နေကြသောအယ်နီညိုစသည်တို့ နှိပ်စက်မှုကိုခံစားနေရချိန် ဖြစ်ပါသည်။

ရှေးအခါကာလကဆိုလျှင် မြန်မာတို့၏ ကောဇာနှစ်အရ နောက်ဆုံးလရောက်လာသည်နှင့်'တပေါင်းမိုးနှောင်း' ဟု စာဆိုနှင့်အညီ မိုးရွာမြဲဖြစ်လေသည်။ နှစ်ဆန်းနှစ်ဦး တန်ခူးလဆိုလျှင်လည်း တန်ခူးမိုးဦးဟု ဆိုစမှတ်ပြုကြခဲ့ပါသည်။ နှစ်မကူးမီ မဟာသင်္ကြန်ကာလသမယမှာပင် သင်္ကြန်မိုးဟု ရွာလိုက်ပါသေးသည်။

ဒီနှစ်ထဲမှာဆိုလျှင် မိုးလေဝသ ပညာရှင် ဒေါက်တာဦးထွန်းလွင်၏ သုံးသပ်ချက်များမှာ တိကျလှပါသည်။ လွန်စွာလေးစားရပါသည်။

ရာသီဥတုအကြောင်းကိုဦးစွာရေးသားရသည်မှာ အရေးထဲမှာအရာပေါ် ဆိုစကားလိုဖြစ်နေ၍ မှတ်မှတ်ထင်ထင် ဖြစ်နေခဲ့သဖြင့် ရေးသား တင်ပြရခြင်း ဖြစ်ပါသည်။

အကြောင်းက-

ကျွန်ုပ်သည် ဝါးထရံအကာ၊ -ဝါးကပ်အမိုးနှင့် အောက်ခံအုတ်ခင်းထားသည့်လေးပင်နှစ်ဆောင်ပြိုင်အိမ်တစ်လုံးဖြင့် နေထိုင်ခဲ့ပါသည်။ အိမ်၏သက်တမ်းကိုပြောရလျှင် နှစ် (၇၀) ပင် ကျော်လွန်ခဲ့ပါပြီ။ ဒုတိယ အကြိမ်ပြုပြင်ခဲ့သည်မှာလည်း နှစ်(၅၀)လောက်ကြာနေပြီဖြစ်၍ အိမ်အိုကြီးဖြစ်နေပါပြီ။ 'ရှေးကတော့ အိမ်အိုလျှင် ရေနံ့သုတ်' ဟုဆိုစမှတ်ရှိပါသည်။ အညာဒေသ ဆိုစကားပါ။

ကျွန်ုပ်အိမ်ကိုတော့ ရေနံလည်း မသုတ်နိုင်ပါ။ ယိုင်ရွဲ့နေပြီဖြစ်သည့်အိမ်ကို တိုင်များနှင့် ထောက်ကန်ထားရပါသည်။ အိမ်အမိုးဝါးကပ်ကဆွေးပြီးကြွေကျနေပြီဖြစ်၍ ရေမလုံမိုးမလုံ ကြယ်မြင်လမြင်ဖြစ်နေပါပြီ။

ကျွန်ုပ်မှာ ဒုက္ခရောက်မှဘုရား,တတော့မဟုတ်ပါ။ ထေရဝါဒဗုဒ္ဓဘာသာဝင် ဖြစ်ပါသည်။ ရတနာသုံးပါးနှင့် အနန္တငါးပါးကို အစဉ်ယုံကြည်လေးစားစွာဖြင့် ဦးထိပ်တင်သူပါ။ အခါအားလျော်စွာ ဘုရားရှင်၏အာဝေနိကဂုဏ်တော်များ၊ ပရိတ်ပဌာန်းတို့ကိုအမိဌာန်ထင်ပြီး အောင်မြင်အောင် ဆောင်ရွက်နေသူဖြစ်ပါသည်။

ယခုလို အရိပ်အမြွက် ဖွင့်ဟခြင်းမှာလည်း သုံးလောကသခင် ဘုရားရှင်၏ဟောပြဆုံးမခဲ့သည့်စကားအရ ဝစီသစ္စာကို ထိန်းခြင်းပင် ဖြစ်ပါသည်။ ပရိသတ်လေးပါး အလယ်မှာပင် အမှန်ကိုပြောရဲရပါသည်။

အထက်တွင်တင်ပြခဲ့သည့်အတိုင်း အိမ်အိုကို တိုင်ထောက်ထားရသဖြင့် လေမိုးဆင်လာလျှင် စိုးရိမ်တကြီးနှင့် ရင်မောနေရပါသည်။ သို့နှင့်ပင် အိမ်အိုကြီးကို ဖျက်လိုက်ပါသည်။

အိမ်ဟောင်းဖျက်ပြီး အသစ်ဆောက်ရန်ဖြစ်သော်လည်း ရုတ်တရက် ပြန်မဆောက်နိုင်သေးပါ။ အိမ်ပတ်လည်တွင် အရိပ်ရပင်နှင့်စားပင်သီးပင်ကြီးများ (၇)ပင်၊ (၈)ပင်ရှိနေခဲ့ပါသည်။ အုန်းပင်ကလည်း (၂)ပင် ရှိသေးသည့်အတွက် ခုတ်လှဲရဦးမည် ဖြစ်ပါသည်။ (အကျဉ်းဦးစီးစားဖို့ဆောင်အတွက် သစ်ပင်များခုတ်လှဲယူရန် လှူဒါန်းလိုက်ရပါသည်။)

အိမ်ဆောက်ရန်အတွက် လက်သမားအဖွဲ့မအားလပ်သဖြင့် ရွက်ဖျင်တဲထိုးပြီးဖြစ်သလိုနေရပါသည်။ မိုးကာအကြီး(၂)ချပ်ကိုတဲထိုးထားတာမို့ ပစ္စည်းများကတော့ မိုးလုံပါသည်။ မိသားစုကတော့ အခွင့်သင့်သလိုအိပ်စက်ရသည်။

ရွက်ဖျင်တဲနှင့်ရက်(၆၀)ကျော်နေထိုင်စဉ်တွင် မိုးသည်း(၂)ကြိမ်ရွာချလိုက်ပါသေးသည်။ ထိုတဲနှင့်နေစဉ်အခါ ကာလတဆိုလျှင် အပူချိန်မှာ ၄၂ ဒီဂရီဆဲဆီးယပ်လောက်တော့ အနည်းဆုံးရှိမည်ထင်ပါသည်။ ပူလိုက်သည့်ဖြစ်ခြင်းတဲရှေ့တွင်ရှိသောသရက်ပင်ပျို (၃) ပင်၏ကျေးဇူးကြောင့် အရိပ်ရနေခဲ့ပါသည်။

စာဖတ်သူ မိတ်ဆွေများသိကြပြီးဖြစ်သည့်အတိုင်း ကျွန်ုပ်ကိုယ်တိုင်က ဘာသာရေးသမားဖြစ်သလို ခုနစ်နေ့သားသမီးတို့ဆင်းရဲမှုချက်ချင်းလွတ်ကင်းအောင် ကူညီပေးနေသည့် ဂမ္ဘီရသမားဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

□ **အဓိဋ္ဌာန်ဝင်ခြင်း**

ကျွန်ုပ်သည် အရင်ကပင် သူရဋ္ဌမဂ္ဂဇင်းတွင် အရဟံမဟာသိဒ္ဓိအဓိဋ္ဌာန်ကျင့်စဉ်ကြီးကိုဝင်ရောက်ပုံနှင့် ရေးသားခဲ့ဖူးပြီး ဖြစ်ပါသည်။

စာအလှမ်းဝေးသွားသဖြင့် စာချစ်သူမိတ်ဆွေများအနေဖြင့် ပြန်လည်သတိရစေနိုင်ရန်အတွက် အောက်တွင် ပြန်လည် ဖော်ပြပေးလိုက်ပါသည်။

**□ အရဟံမဟာသိဒ္ဓိ**
**အဓိဋ္ဌာန်ကျင့်စဉ်ကြီး**

□ စင်ကြယ် သန့်ရှင်းသောရက် (ရက်မြတ်များ) တွင် စတင်ပါ။

**နေ့စဉ်ပြုဖွယ်များ**

□ စတုလောကပါလနတ်မင်းကြီးများ၊ သိကြားမင်း၊ ဗြဟ္မာမင်း၊ လူတို့သနင်းပြည့်ရှင်မင်း၊ သမ္မာဒေဝနတ်မင်းများ၊ တန်ခိုးထန်ပြင်း နတ်မင်းကြီးများ ဖိတ်ထားပါ။

□ဘဝများစွာသံသရာမှပတ်သက်ခဲ့သူများ၊ ပါရမီဖြည့်ဖက်များ၊ အရပ်ရပ်အမြဲကူညီပေးနေကြသူများအားဖိတ်ကြားပါ။

□ ဘုရားရှင်အား ရှိခိုးပူဇော်ကန်တော့ခြင်း၊ သီလခံယူခြင်းတို့ပြုလုပ်ပါ။

အောက်ပါ ဂုဏ်တော်ကို ပုတီး (၅)ပတ်စိပ်ရန် ဖြစ်ပါသည်။ ပုတီးစိပ်ရာတွင် (၁၀၈) လုံး ဂုဏ်တော်ပုတီးကို အသုံးပြုရပါမည်။

**သောဘဂဝါ ဣတိပိ အရဟံ။**

*လူနတ်ဗြဟ္မာသတ္တဝါတို့၏ပူဇော်ခြင်းအထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။ ။*

**သောဘဂဝါ ဣတိပိ အ,ရဟံ။**

*ဆိတ်ကွယ်ရာ အရပ်တို့တွင် မကောင်းမှုကို ပြုလုပ်တော်မမူသော မြတ်စွာဘုရား။*

**သောဘဂဝါ ဣတိပိ အရ,ဟံ။**

*တစ်ထောင့်ငါးရာကိလေသာကို အရဟတ္တမဂ်ဓားသန်လျက်ဖြင့်ပယ်ဖြတ်နိုင်သော မြတ်စွာဘုရား။*

**သောဘဂဝါ ဣတိပိ အရိဟံ။**

*ရန်အပေါင်းကိုအောင်မြင်တော်မူနိုင်သော မြတ်စွာဘုရား။*

**သောဘဂဝါ ဣတိပိ အရဟံသိဒ္ဓိ။**

*စိတ်တော်မှအလိုရှိတိုင်း အလုံးစုံပြည့်စုံသောမြတ်စွာဘုရား။*

ထိုဂုဏ်တော်တစ်ပါးချင်းကို ပါဠိလို ရွတ်ဆိုပြီးသည်နှင့် မြန်မာလို နှလုံးသွင်းလိုက်ပါ။ ပြီးမှ ပုတီးတစ်လုံးချသောစနစ်ဖြင့် ဂုဏ်တော်ပုတီးတစ်ပတ်စိပ်ရမည်ဖြစ်ပါသည်။

ပုတီး (၅) ပတ်စိပ်ပြီးသည်နှင့် မိမိပြုခဲ့သောကုသိုလ်အမှုကို သစ္စာပြု၍ မိမိလိုသောဆုကို တောင်းခံရပါမည်။

□ ဝေနေယျများစွာတို့အားကုသိုလ်အမျှပေးဝေပါ။

□ မူလက ဖိတ်ထားခဲ့သူများကို နေရပ်ဌာနပြန်လည်ပို့ပေးရန်ဖြစ်ပါသည်။

□ အရဟံငါးမျိုး ပုတီးစိပ်ရသော 'အရဟံမဟာသိဒ္ဓိအဓိဋ္ဌာန်ကျင့်စဉ်ကြီးသည် **ဝါရကြီး (၃) ဝါရ** ရှိပါသည်။

ဝါရကြီးတစ်ဝါရတွင် ဝါရငယ်များအဖြစ် (၁၈) ခု ဖွဲ့စည်းထားပါသည်။ ဝါငယ်တစ်ခုလျှင် (၉) ရက်သတ်မှတ်ပါသည်။

အကျိုးအပေါက်၊ အပျောက်အကြားမရှိအောင် ပြီးမြောက်သည်အထိဆောင်ရွက်နိုင်သူသည် မိမိလိုလားတောင့်တသောဆုကို မုချပိုင်ပိုင်ရစေနိုင်ကြောင်းကို ခိုင်မာတိကျစွာ တင်ပြလိုက်ပါသည်။

**အဓိဋ္ဌာန်ကျင့်စဉ်နှင့် အကျိုးသက်ရောက်မှုများ**

ကျွန်ုပ်သည် ဖော်ပြခဲ့ပြီးသော အရဟံမဟာသိဒ္ဓိအဓိဋ္ဌာန်ကျင့်စဉ်ကြီးကို ပြောင်းလဲပြီး တစိုက်မတ်မတ်အားထုတ်လာခဲ့သည်မှာ (၁၇) ကြိမ်မြောက်သို့ပင် ရောက်ရှိနေပြီဖြစ်ပါသည်။

ယခု ရောက်ဆဲအဓိဋ္ဌာန်ကာလတွင် မိမိ၏ အထူးတလည် လိုအပ်နေသော အိမ်သစ်လေးတစ်လုံးဆောက်လုပ်ရန်အတွက် အထူးအားစိုက်နေရချိန်ဖြစ်ပါသည်။

ကျွန်ုပ်အဓိဋ္ဌာန်ဝင်ရောက်နေသည့် အရဟံမဟာသိဒ္ဓိအဓိဋ္ဌာန်ကျင့်စဉ်ကြီး၏ တတိယဝါရကြီးအရောက် ပထမဆုံး (၉) ရက်အဓိဋ္ဌာန်မှစတင်ပြီး သိသိသာသာ ထူးခြားလာခဲ့ပါတော့သည်။

ပထမ - မိမိမမျှော်မှန်းခဲ့သော ငွေကြေး (၁၀)ကြိမ်ဂဏန်းတို့ ဝင်ရောက်လာခြင်း။

ဒုတိယ - သစ်ပင်များခုတ်လှဲရာတွင် (၃)သိန်းမျှကုန်ကြမည့်စရိတ်မကုန်ကျဘဲ ပြီးမြောက်သွားခြင်း။

တတိယ - အလုပ်အကိုင်အခွင့်အလမ်းများ အထူးတိုးတက်ကောင်းမွန်လာခဲ့ခြင်းတို့ ဖြစ်ပါသည်။

ကျွန်ုပ်သည် နိစ္စဓူဝကျင့်ဝတ်နှင့် အရဟံမဟာသိဒ္ဓိအဓိဋ္ဌာန်ကျင့်စဉ်ကြီးကို နေထိုင်မကောင်းဖြစ်နေစဉ်မှာပင် ဆေးဝါးသောက်ပြီး အပျက်မခံဘဲ ပြီးပြတ်အောင်ဆောင်ရွက်ခဲ့သည့်အတွက်ကြောင့် ဗုဒ္ဓသိဒ္ဓိ၊ ဓမ္မသိဒ္ဓိ၊ သံဃသိဒ္ဓိ၊ မာတာပိတုသိဒ္ဓိ၊ အာစရိယသိဒ္ဓိ၊ သဗ္ဗသိဒ္ဓိတို့ဖြင့် ရရှိသည်ဟုပင် ခံစားခဲ့ရပါတော့သည်။

ယခု ကျွန်ုပ်အဓိဋ္ဌာန်အောင်သည့်အတွက် ဆောက်ခဲ့ပြီးသောအိမ်မှာ ကွန်းခံလေးပင်အိမ်ဖြစ်ပါသည်။ အဖီပါဝင်သဖြင့် လေးပင်×ငါးပင်အိမ်ဟု ခေါ်ပါသည်။ ဝါးထရံကာ၊ သွပ်မိုး၊ မျက်နှာဝ (၂၇) ပေရှိပြီး တောင်မြောက်မှာ (၄၃) ပေရှိသောအိမ်ဖြစ်ပါသည်။

စာချစ်သူမိတ်ဆွေများကို မေတ္တာလက်ဆောင်အဖြစ် အဓိဋ္ဌာန်ကျင့်စဉ်ကို 'ဆောင်ရွက်နိုင်ကြစေရန်အတွက် ရေးသား တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

စာချစ်သူများအနေဖြင့် သိသူနည်းပါးနိုင်မည်ဟု ယူဆ၍ သုတပိုင်းအနေဖြင့် တင်ပြလိုပါသည်။ ကျွန်ုပ်၏ အာစရိယဝါဒ အလိုအရနှင့် အိမ်အဆောက်အအုံ (ဘုံဗိမာန်) တို့ဆောက်လုပ်ရာတွင် ကွန်းခံအိမ်ကိုလည်း (၄)ပင်×(၅)ပင်၊ (၅)ပင်×(၇)ပင်၊ (၇)ပင်×(၉) ပင် စသဖြင့် ဖွဲ့စည်းတည်ဆောက်ကြရပါသည်။ ထိုအဆောက်အအုံများကိုလည်း ရှေးမင်းများမှ ခွဲခြမ်းသတ်မှတ်ပြဋ္ဌာန်းထားခဲ့ပါသည်။

□ ရဟန်းသံဃာတော်များသီတင်းသုံးရာကျောင်း၊

□ မှူးကြီးမတ်ရာတို့ နေထိုင်ရန်ဗိမာန်၊

□ သူဌေးသူငယ်များ နေထိုင်ရန်အိမ်ကြီးအိမ်ကောင်း စသည်ဖြင့် ခွဲခြားသတ်မှတ်ထားခြင်းကို လက်သမားဆရာကြီး ဘကြီးဘထိုက် (ဦးဘထိုက်) ၏ လက်ရေးမူမှတ်စုနှင့် ပုရပိုက်တစ်ခုတို့တွင် ဖတ်ခဲ့ရဖူးပါသည်။

စကားလက်ဆောင်တစ်ခုပေးလိုပါသည်။

□ နှံ့တော့နှံ့စပ်တယ်၊ ဘယ်တော့မှမထူးချွန်ဘူး။ တစ်ခုတည်းပဲ ထူးချွန်အောင် ဆောင်ရွက်ပါ။

ဆိုသည့် ရှေးပညာရှိများ၏ စကားကို လက်ဆောင်ပါးလိုက်ပါသည်။

*ပညာတိုး[illegible]၍*
*အကျိုးမ[illegible]တွေ့ပါစေ*

ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

ယခုနှစ် နွေရာသီတွင် လွိုင်ကော်မြို့၏ပူပြင်းမှုမှာ မောင်အုံ့ နေထိုင်လာခဲ့သည့် (၃၅)နှစ်ကျော်ကာလအတွင်း အဆိုးဝါးဆုံးဟု ခံစားရပါ၏။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ(၂၉၅၀)တွင် တည်ရှိသည်။ တောင်ပေါ်မြို့ဟု ခေါ်ဆိုနိုင်သည့် လွိုင်ကော်မြို့၏ အပူချိန်မှာ ခါတိုင်းနှစ်များတွင် (၃၀) စင်တီဂရိတ်ပတ်ဝန်းကျင်တွင်ရှိသော်လည်း ယခုနှစ်တွင်မူ (၄၀) စင်တီဂရိတ်ထိပင်ရှိနေခဲ့သည်။ အမြင့်ဆုံး အယ်နီညိုဖြစ်စဉ်ကြောင့်ဟု သတ်မှတ်ကြပါ၏။

မည်သို့ပင်ဆိုစေ တစ်နှစ်ပတ်လုံး အပေါ်အကျီနှင့်သာနေထိုင်လာခဲ့သော မောင်အုံ့တစ်ယောက်မှာ ယခုတော့ စွပ်ကျယ်လက်ပြတ်နှင့်နေရင်း အပူဒဏ်ကို ရင်ဆိုင်နေခဲ့ရသည်။ သင်္ကြန်ကာလအပြီးမှစတင်ကာ မိုးမပြတ်တတ်သည့် ဒေသမှာ အခုတော့ သင်္ကြန်မိုးကိုလည်း မတွေ့ခဲ့ရပါ။ ယပ်တောင်တဖျတ်ဖျတ်ခတ်လျက် တစ်ယောက်တည်းရောက်တတ်ရာရာ စိတ်အလျဉ်အတွေးနယ်ချဲ့ရင်း အပူဒဏ်ကိုခံနိုင်ရန် ရေနွေးကြမ်းတစ်အိုးဖြင့်ဖိမ်ယူနေမိ၏။ ယပ်တောင်ခတ်ရင်း မျက်တောင်စင်းကာမှေးခနဲဖြစ်နေစဉ် -

"ဦးအုံ့၊ ဦးအုံ့ရှိပါသလားရှင်"

ဟု အမျိုးသမီးတစ်ဦး၏အသံကို ကြားလိုက်ရသဖြင့် -


"အေး-ဘယ်သူလဲကွယ်၊ ရှိတယ်၊ ရှိပါတယ်။ ဝန်းတံခါးကိုတွန်းပြီးသာဝင်လာခဲ့ဟေ့"

လို့ အသံပေးရင်း ဝင်လာမည့်သူကို စောင့်ကြည့်နေမိသည်။

အလင်းရောင်ကို ကျောပေးဝင်လာသဖြင့် မည်သူမည်ဝါမသဲကွဲချေ။ ရှုံးဝတ်စုံဖြစ်သော အကျီအဖြူ၊ လုံချည်နက်ပြာနှင့် တူညီဝတ်စုံဝတ်လာသော သားသားနားနား အသက် (၅၀) ပတ်ဝန်းကျင် အမျိုးသမီးနှစ်ဦးကို တွေ့ရသည်။အသက်များကြီးလာတော့ မျက်စိများကမကောင်းချင်တော့။ အနီးရောက်လာတော့ စူးစူးစိုက်စိုက်ကြည့်မိမှ -

"ဩော် - ဘယ်သူတွေများလဲလို့ စန်းစန်းမြနဲ့သန်းသန်းမြင့်ဆိုပါလားဟ။ ဘယ်ကများမျက်စိလည်လမ်းမှားလာကြတာလဲကွ။ ညည်းတို့ပြန်တမ်းဝင်အရာရှိတွေ ဖြစ်သွားကြပြီဆိုတာတော့ကြားမိသား။ ဝမ်းသာပေမယ့်

# အုံကြွယ်
## သံသယအိုးနှင့်ရန်ငြိုးများ
## အောင်ဂါယာနဲ့တား





www.burmeseclassic.com

www.burmeseclassic.com

ဘယ်မှမသွားဖြစ်လို့ မတွေ့ရဘူးပေါ့ကွယ်"

မောင်အုံ့ဝမ်းသာအားရနှုတ်ဆက်မိသည်။ ရောက်လာသည့် အမျိုးသမီးနှစ်ဦးမှာလည်း ဝမ်းသာစိတ်ဖြင့် ချက်ချင်းစကားပြောမထွက်ဖြစ်နေကြဟန်တူ၏။ ခဏကြာမှ အရပ်အနည်းငယ်နိမ့်သောအမျိုးသမီးက -

"ကျွန်မတို့လည်း ဦးအုံ့ကိုအမြဲသတိရပါတယ်။ အလုပ်မအားတာရော အထွေထွေဗာဟီရကိစ္စတွေကြောင့်သာ မရောက်ရတာပါ"

ဟု ဆိုသည်။

ကျန်တစ်ယောက်ကလည်း -

"ဟုတ်တယ် ဦးအုံ့ရေ၊ မစန်းမြပြောသလိုပဲ စိတ်ကသာရောက်ပြီးမလာနိုင်ခဲ့ဘူးလေ။ အခုတောင် လျှပ်စစ်ရုံးကိုမီတာခဆောင်ဖို့လာရင်း မရောက်ရောက်အောင်သွားမယ်ဆိုပြီး ဝင်လာခဲ့ကြတာပဲ"

လို့ ပြောခဲ့သည်။

"အေးကွယ်၊ ဘာပဲဖြစ်ဖြစ်လာသည်ကြတာကိုပဲဝမ်းသာလှပါပြီ။ ငါကခင်စင်စားလူပိုကြီးဖြစ်နေပြီမို့ ညည်းတို့ကို ဘာမှတော့ဧည့်မခံနိုင်ဘူး။ အားမနာဘူးဆိုရင်တော့ ငါ့ရှေ့ဓာတ်ဘူးထဲကရေနွေးကြမ်းပဲသောက်သွားကြတော့"

မောင်အုံ့က အရွှန်းဖောက်လိုက်တော့ နှစ်ဦးလုံးက အားရပါးရရယ်ကြသည်။ မောင်အုံ့ ဝန်ထမ်းဘဝတာဝန်ထမ်းဆောင်စဉ်က အနီး စန်းစန်းမြနှင့် သန်းသန်းမြင့်တို့မှာ အငယ်တန်းဝန်ထမ်းအဆင့်မှ ဦးစီးမှူးထိ ရာထူးအဆင့်ရှိကြပြီး နှစ်ပေါင်း (၂၀) ကျော် မောင်ရင်းနှမများ အတူလက်တွဲတာဝန်ထမ်းဆောင်ခဲ့ကြသူများ ဖြစ်သည်။ တာဝန်အရ ဆက်ဆံလိုက်ရှိခဲ့သလို ရယ်လိုက်မောလိုက်ဖြင့်လည်း မဝရေစာ လစာလေးများကိုခံစားရင်း ပြောမနာဆိုမနာနှင့် ရေနွေးကြမ်းကို အပြုံးမပျက်လျှောက်ခဲ့သူများပင် ဖြစ်သည်။

တွေ့တုန်းဆုံခိုက် ရှေးဟောင်းနှောင်းဖြစ် အာလာပသလ္လာပပြောဆိုကြရင်း အတန်ကြာမှာတော့ စန်းစန်းမြက -

"အချိန်လည်းနည်းနည်းကြာသွားပြီ၊ ပြန်မှဖြစ်မယ်ထင်တယ် သန်းသန်းမြင့်ရေ။ တော်ကြာ ရုံးက ငထောင်တွေ၊ အစ်မတွေက ပြည်နယ်မှူးကိုသွားချွန်နေကြောက်ရသေးတယ်"

လို့ပြောတော့ -

"နေရာတကာကြောက်မနေနိုင်ပါဘူး။ ကိုယ့်အစ်ကိုကြီးနဲ့ တစ်ခါတလေမှတွေ့ရတာ။ ပြည်နယ်မှူးကို အကျိုးအကြောင်းပြောပြရင် နားလည်လက်ခံပါတယ်။ ခင်ဗျားဟာတွေကလည်း တစ်ချိန်လုံး မျက်လုံးဒေါက်ထောက်ကြည့်ပြီး ပြဿနာရှာနေကြတော့တာပဲ"

ဟု သန်းသန်းမြင့်က ပြန်ပြောသည်။

"အမယ် - ငါ့ဟာတွေမဟုတ်ပါဘူးနော်။ သူတို့ဘာသာမနာလိုတိုရှည်ဖြစ်ပြီး မစ္ဆရိယစိတ်နဲ့ရန်လုပ်နေကြတာပါတော်။ ငါ့ကိုတော့ပြောပြီး တော်နေကြာ ညည်းယောကျ်ားကြီး ရုံးကိုလာလို့ မိန်းမကိုမတွေ့ရင် သံသယဝင်ပြီး အရင်တစ်ခါလို အရိုက်ခံရမှာက ညည်းပါနော်"

"ကျုပ်ရဲ့ ယောကျ်ားကြီးက သက်သက်ရန်ရှာတာမဟုတ်ပါဘူး။ ချစ်လွန်းလို့ မျက်စိအောက်ကအပျောက်မခံတာပါ။ မိန်းမဖြစ်သူက ချောတော့ တစ်ခါတလေ စိတ်မချဘဲ သူ့အတွေးနဲ့ သံသယဖြစ်တာတော့ရှိတာပေါ့လေ"

သူတို့နှစ်ယောက် အချေအတင်ပြောနေသည်ကို ပါးစပ်အဟောင်းသားနှင့် မောင်အုံ့နားထောင်နေမိသည်။မနေနိုင်တော့သည့်အဆုံးမှ -

"ဟဲ့ - ညည်းတို့ဘာတွေပြောနေကြတာလဲ။ အပျိုကြီးကလည်း အတိုက်အခိုက်အထိုးအနှက်တွေခံရ၊ တက္ကသိုလ်ကျောင်းသူဖြစ်နေတဲ့ သမီးရဲ့ အမေကလည်း ဒီအချိန်ကျမှ ယောကျ်ားက စိတ်မချ၊ သံသယဖြစ်မှာကြောက်ရနဲ့ ဘာတွေဖြစ်နေကြတာလဲ။ ငါ့ကိုလည်း ရှင်းပြကြပါဦးကွယ်"

ဟု ဆိုမိသည်။

စန်းစန်းမြက -

"မပြောချင်တော့ပါဘူး ဦးအုံ့ရယ်။ ရုံးမှာက ပြည်နယ်မှူးတို့၊ လက်ထောက်တို့လူကြီးတွေက ကောင်းပါတယ်။အလုပ်လုပ်တဲ့လူကို မြှောက်စား အရေးပေးတယ်။ တရင်းတနှီးဆက်ဆံကြတယ်။ ဒါကိုပဲ ဝန်ထမ်းအချို့က ကြည့်မရဘဲ မနာလိုမရှုစိမ့်ဖြစ်နေကြတာလေ။ ကျွန်မတို့ကိုပဲ ဟိုဟာလုပ်ပြန်ပြီ၊ ဒီဟာလုပ်ပြန်ပြီနဲ့ ပုတ်ခတ်၊ စွပ်စွဲ၊ သိက္ခာချ၊ ဣဿာ မစ္ဆရိယစိတ်နဲ့ အပုပ်ချနေတော့ပဲရှင်"

ဟု ပြောပြီး သန်းသန်းမြင့်ကတော့ -

"ကျွန်မကတော့ တစ်မျိုးတစ်ဘာသာပဲ ဦးအုံ့ရေ။ အိမ်ကလူကြီး ကိုမောင်မောင်လှက ခုလို အသက်(၅၀)လောက်ရောက်မှ ဘယ်လိုဖြစ်သလဲမသိဘူး။ မိန်းမကို အပျောက်မခံဘဲ သွားရင်သွားပြန်ပြီ၊ တခြားလူတွေနဲ့ အလုပ်ကိစ္စတို့ သာရေးနာရေးတို့ပြောရင်လည်းပြောပြန်ပြီနဲ့ အမြဲတမ်း စိတ်တိုစိတ်ဆိုးရန်ရှာနေတော့တာပဲ။ သံသယမျက်လုံးနဲ့ပဲကြည့်နေတော့တာပဲရှင်။ တစ်ခါတလေ သာသနာ့ဘောင်ဝင်ပြီး သီလရှင်ဝတ်မယ်တောင် စိတ်ကူးမိပါရဲ့"

ဟု ညည်းညူခဲ့ရှာသည်။

"ဩော် - ညီမတို့ရယ်၊ ဒီလိုလောကဓံတရားဆိုတာ ဘုရား၊ ရဟန္တာမဟုတ်ကြတဲ့ ညည်းတို့ ငါတို့လို သာမန်ပုဂ္ဂိုလ်တွေအားလုံး မလွဲမသွေကြုံတွေ့ရမှာပဲလေ။ ဒါတွေက စိတ်ပျက်အားငယ်စရာတွေမဟုတ်ပါဘူး။ ကိုယ့်ဘဝအတွက် အတွေ့အကြုံကောင်းတွေလို့ ခံယူလိုက်ကြပါ။ ခံယူတတ်ရင် အမြတ်ကျန်ပါတယ်ကွယ်။ တို့များရဲ့ကိုးကွယ်အားထားရာ မြတ်ဗုဒ္ဓဘုရားသခင်တောင်မှ အတိုက်အခိုက်၊ အထိုးအနှက်၊ အပုတ်အခတ်တွေခံခဲ့ရသေးတာပဲ။ တန်ခိုးရှင်တွေဖြစ်တဲ့ မာရ်နတ်လို၊ ဗကဗြဟ္မာလို၊ အာဠဝကဘီလူးလို၊ နန္ဒောပနန္ဒနဂါးမင်းလိုပုဂ္ဂိုလ်တွေက ဖက်ပြိုင်ရန်သတ္တရုပြုခဲ့ကြတယ်။ အင်္ဂုလိမာလ၊ စိဉ္စမာဏ၊ သစ္စကပရိဗိုဇ်လိုလူပုဂ္ဂိုလ်တွေကလည်း ပုတ်ခတ်စွပ်စွဲ၊ နိုင်လိုမင်းထက်ပြု ရန်သူသဖွယ် ဝါဒပြိုင်လိုကြတာ ညည်းတို့သိနေကြတာပဲလေ။ နောက်ဆုံး နာဠာဂီရိလို အဟိတ်တိရစ္ဆာန်ကတောင် နင်းမယ်ခြေမယ်၊ သတ်မယ်ဖြတ်မယ်နဲ့ပြုခဲ့သေးတာမဟုတ်လား။ နောက်ဆုံးတော့ ဘုရားရှင်ရဲ့ တန်ခိုးတော်၊ ဂုဏ်တော်နဲ့ မေတ္တာတော်တို့ကြောင့် အားလုံးကို အနိုင်ရခဲ့တာ အထင်အရှားပါကွယ်။ ဒါကြောင့် ဘယ်သူတွေဘယ်လိုပဲရန်ပြုစော်ကားထိုးနှက်တိုက်ခိုက်နေကြပါစေ မေတ္တာနဲ့သာ အနိုင်ယူကြပါ။ မှန်မြတ်သောမေတ္တာဆိုတာ ခွင့်လွှတ်ခြင်းလို့ဆိုထားတာမို့ ကိုယ့်အပေါ် မလိုမုန်းထားရှိတဲ့သူတွေကို များများမေတ္တာပို့၊ များများသည်းခံကြပါလို့ မှာလိုက်ပါရစေနော်။

ငါ့ညီမများအတွက် မေတ္တာဓာတ်နဲ့ အောင်ခြင်းတွေအမြဲရရှိနိုင်ဖို့ လက်ဆောင်ကောင်းလေးပေးလိုက်ပါတယ်။ ဒါကတော့ ဦးအုံ့ အမြဲတမ်း နှုတ်ကိုင်ထားပြီးရွတ်ပွားပူဇော်နေတဲ့အောင်ခြင်းရှစ်ပါးအချုပ်မန္တန်' ဂါထာ (၂) ပုဒ်ပါပဲ။ ဒီဂါထာမန္တန် (၂)ပုဒ်က ဗားမဲ့ဆရာ

www.burmeseclassic.com

တော်ဘုရားကြီး ပြုစုစီရင်ဖွဲ့ဆိုပူဇော်ခဲ့တာမို့ ကိုယ့်ဘက်ကမှန်ရင် ဘယ်လိုအခက်အခဲ၊ အတိုက်အခိုက်တွေဖြစ်ပါစေ အောင်မြင်ရမှာမလွဲပါဘူး။ ဒီဂါထာတွေကိုတော့ ဒီမှာလိုက်ရေးကြပေတော့။

**အောင်ခြင်းရှစ်ပါးအချုပ်မန္တန် (၁)**

- မာရံ ယက္ခံ ဂဇံ စောရံ၊
  စိဉ္စမာနန္ဒ.သစ္စကံ၊
  နာဂံမကံ ဇိနိုင်နေ့ာ၊
  ဟောတု မေ ဇယမင်္ဂလံ။

**အောင်ခြင်းရှစ်ပါးအချုပ်မန္တန် (၂)**

- မာရံ အာဠဝကံ ဟတ္ထိံ၊
  အင်္ဂုလိမာလ စိဉ္စမာ၊
  ကုဒန္တံ နာဂရာဇဉ္စ၊
  ဗကံ အဇိနိ တေဇသာ။

ဂါထာလေးတွေက တိုတိုလေးမို့ ဖတ်ရမှတ်ရလွယ်ပါတယ်။ ရပြီးသား တောင်ဖြစ်နေမှာပါ။ တိုတိုလေးဆိုပြီး အထင်မသေးကြပါနဲ့။ အဖိုးအနဂ္ဃထိုက်တန်ပါတယ်နော်။ အဓိဋ္ဌာန်နဲ့ရွတ်ပွားပါ။ အချိန်ရတိုင်းရွတ်ဆိုပါလို့မှာချင်ပါတယ်"

မောင်အံ့က လက်ဆောင်ကောင်းတွေ ဆင့်ပွားဖြန့်ဝေပေးသည်။

"ဒါအောင်ခြင်းရှစ်ပါးဂါထာပေါ့နော်။ ဒီဂါထာတွေထဲမှာပါတဲ့ ဂဇံတို့၊ စောရံတို့၊ ကုဒန္တံတို့၊ ဟတ္ထိံတို့၊ နာဂရာဇဉ္စတို့ကိုတော့ ဘာကိုဆိုလိုမှန်းမရှင်းဘူးဖြစ်နေတယ်လေ။ အဲဒါလေးတွေကို အဓိပ္ပာယ်ပေါက်အောင် ရှင်းပြပေးပါဦး"

တောင်းဆိုလာကြပြန်သည်။

"အေး - အောင်ခြင်းရှစ်ပါးမှာ ပါဝင်ခဲ့တဲ့ပုဂ္ဂိုလ်၊သတ္တဝါတွေအမည်ကို ပြောပြီးခဲ့တဲ့စကားတွေထဲမှာပါသွားပြီမို့ အထူးမပြောတော့ပါဘူး။ ညည်းတို့မေးတဲ့ ပါဠိစကားလုံးတွေကိုပဲ ပြောကြရအောင်နော်။ မာရံ ဆိုတာက မာရ်နတ်၊ ယက္ခံ အာဠဝကံ ဆိုတာ အာဠဝကဘီလူး၊ ဂဇံဟတ္ထိံဆိုတာ နာဠာဂီရိဆင်ကိုခေါ်တာပါ။ စိဉ္စမာနဉ္စ စိဉ္စမာဆိုတာကတော့ ရှင်းပါတယ်၊ စိဉ္စမာနမိန်းမယုတ်ပေါ့။ စောရံ အင်္ဂုလိမာလ ဆိုတာက အင်္ဂုလိမာလလူဆိုးကြီးကို ခေါ်တာပါဗျာ။ သစ္စကံ ကုဒန္တံ ဆိုတာက ကုဒန္တလို့ အမည်ရတဲ့ သစ္စကပရိဗိုဇ်၊ နာဂံနာဂဆိုတာ နန္ဒောပနန္ဒနဂါးမင်းကို ခေါ်တာပေါ့။ ဗကံ ဆိုတာကတော့ ဗကဗြဟ္မာကြီးကိုခေါ်တယ်ဆိုတာကတော့ ရှင်းပါတယ်နော်။ ဗားမဲ့ဆရာတော်ကြီးက ဒီပုဂ္ဂိုလ်တွေအမည်ကိုမှတ်လို့လွယ်အောင် အတိုကောက်စီရင်ခဲ့တာပဲပေါ့"

မောင်အံ့က တတ်သလောက် မှတ်မိသလောက်ရှင်းပြသည်။

"ဒီအောင်ခြင်းရှစ်ပါးဂါထာနှစ်ပုဒ်ကို တစ်ပုဒ်ချင်းပဲဖြစ်စေ၊ တွဲလျက်ပဲဖြစ်စေ အမြဲရွတ်ပွားနိုင်သလို အဓိဋ္ဌာန်ပုတီးများလည်းစိပ်နိုင်တယ်လို့ဆိုထားတာမို့ ညည်းတို့အဆင်ပြေသလို ရွတ်ဆိုပူဇော်ကြပေါ့ကွယ်။ တစ်ခါတစ်ရံမှလာကြတဲ့ ငါ့ညီမများ လာရကျိုးနပ်စေဖို့ အောင်ခြင်းရှစ်ပါးဂါထာတွေသာမကဘဲ ညည်းတို့ကြုံနေရတဲ့ ကိစ္စတစ်ခုချင်းအလိုက် သင့်တော်တဲ့ အောင်ခြင်းဂါထာများလည်း လက်ဆောင်ပေးလိုက်ပါဦးမယ်ဗျာ။

ကဲ - အပျိုကြီးစန်းစန်းမြက ကိုယ်နဲ့တန်းတူ၊ ကိုယ့်အောက်နိမ့်သူများရဲ့ ပုတ်ခတ်စွပ်စွဲ၊ သိက္ခာချ၊ အပြိုင်အဆိုင်လုပ်နေကြတယ်လို့ဆိုတယ်နော်။မြတ်စွာဘုရားသခင်ကို ဝါဒစွဲနဲ့ တစ်ယူသန်ပြိုင်ဆိုင်လာတဲ့ အယူလွဲသူ ငရဲမီးစွာ သစ္စကပရိဗိုဇ်ကို ဝါဒစွဲတွေချေချွတ်ပြီး အောင်တော်မူခဲ့တယ်လေ။ ဒီလိုပဲ ပြိုင်လာသူတွေ အရှုံးပေးရစေဖို့ 'သစ္စကပရိဗိုဇ်ကို အောင်ခြင်း' ဆိုတဲ့ ဂါထာလေးကိုပေးလိုက် မယ်။

- သစ္စံဝိဟာယ အတိသစ္စက ဥါဒ ကေတုံ၊
  ဝါဒါဘိရောပိတမနံ အတိအန္ဓဘူတံ၊
  ပညာပဒီပဇလိတောဇိတဝါမုနိန္ဒော၊
  တံ တေဇသာ ဘဝတုမေ ဇယ မင်္ဂလဂ္ဂံ။

ကဲ-ဒီဂါထာကိုအမြဲရွတ်၊ မေတ္တာပို့နေရင် ညည်းရဲ့ပြိုင်ဆိုင်လာသူတွေက ဦးညွတ်လာပါလိမ့်မယ်ဗျား။ အိမ်ထောင်ကျစေဖို့တော့မပါဘူးနော်"

မောင်အံ့က အပျိုကြီးကို စ,လိုက်သည်။

"ဒီအရွယ်မှာ ဒါတွေကအရေးမပါတော့ပါဘူးရှင်။ စိတ်အေးချမ်းသာစွာနဲ့ နေထိုင်လုပ်ကိုင် ဆောင်ရွက်ရရင် ကျေနပ်လှပါပြီ"

ဟု စန်းစန်းမြက ရယ်ကျဲကျဲနှင့် စကားပြန်ခဲ့သည်။

"ကဲပါ၊ သူ့အလှည့်ပြီးရင် ကျွန်မနဲ့ သင့်တော်တဲ့လက်ဆောင်ကောင်းလေး တွေပေးပါဦး"

ဟု ယောကျ်ားကြောက်ရသူ သန်းသန်းမြင့်က တက်ကြွစွာဆိုလာခဲ့သည်။

"ညည်းအတွက်ကတော့ သီးခြား လက်ဆောင်မလိုပါဘူး။ နေ့တိုင်း ယောကျ်ားကို နင်းနှိပ်ပေး၊ အိပ်ရာခင်း အိပ်ရာထ ရှိခိုးရင်ရပြီပေါ့"

ဟု စ,မိသည်။

"ဟာ - ဦးအံ့ရယ် ၊ စ,မနေပါနဲ့တော့။ ခဏခဏ အဆူအဆဲ၊ အရိုက်အနှက်ခံနေရတော့ စိတ်ညစ်လှပါပြီ။ သံသယကင်းကင်း အမှန်တရားသိသိ သိက္ခာရှိရှိနေချင်လွန်းလို့ သင့်တော်တဲ့ အဆောင်ကောင်းများရှိရင် ချီးမြှင့်ပေးဖို့ တောင်းခံပါတယ်နော်"

လို့ သနားစဖွယ်တောင်းဆိုလာခဲ့သည်။

"ကဲကဲ - ဒါဆိုရင်လည်း ဦးအံ့သိထားတဲ့အောင်ခြင်းဂါထာတစ်ပုဒ်ကို ဆင့်ပွားလက်ဆင့်ကမ်းပေးလိုက်ပါမယ်။ စိဉ္စမာနဝိကာဆိုတဲ့မိန်းမယုတ်အကြောင်းကိုတော့ ညည်းတို့သိပြီးသားပါ။ တို့မြတ်ဘုရားရှင်ကို လူ့ဘုံအလယ်မှာ စွပ်စွဲသိက္ခာချပြီး အများက သံသယဝင်အောင် ပြုမူလုပ်ဆောင်ခဲ့ပေမယ့် မြတ်ဗုဒ္ဓက အပြစ်မယူဘဲ မေတ္တာဓာတ်နဲ့နိုင်ခဲ့တယ်မဟုတ်လား။ အေး - အဲဒီလို သံသယတွေပျောက်၊ အမှန်ဘူဝရောက်စေနိုင်တဲ့ စိဉ္စမာနကို အောင်ခြင်းဂါထာလေးကတော့ ညည်းနဲ့အလိုက်ဖက်ဆုံး လိုက်ကူးပေတော့ဗျား။

- ကတွာန ကဋ္ဌမုဒရံ ဣဝ ဂဗ္ဘိနီယ၊
  စိဉ္စာယ ဒုဋ္ဌဝစနံ ဇနကာယမဇ္ဈေ
  သန္တေန သောမဝိဓိနာ ဇိတဝါ မုနိန္ဒော၊
  တံ တေဇသာ ဘဝတုမေ ဇယမင်္ဂလဂ္ဂံ။

ဒီဂါထာကိုအချိန်ရတိုင်းရွတ်ပေါ့။ ဂါထာရွတ်ဆိုနေစဉ်မှာ မြတ်စွာဘုရားရှင်က စိဉ္စမာနမိန်းမယုတ်အား အောင်မြင်တော်မူပုံကိုမြင်လာအောင် ရည်မှန်း ပူဇော်နိုင်ရင်တော့ ပိုကောင်းတာပေါ့ကွယ်"

"ဒီကနေ့ ဦးအံ့ဆီလာရတာ အတိုင်းမသိကျေးဇူးရှိပါတယ်။ များများ မေတ္တာပို့ပြီး ဒီဂါထာတော်တွေကို အမြဲ ရွတ်ပွား ပူဇော်ပါမယ်လို့ ကတိပြုပါ တယ်"

ကျေးဇူးတင်စကားများပြောရင်း နှုတ်ဆက်လျက် ရွှင်လန်းတက်ကြွစွာ ပြန်သွားကြသော လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့ဖူးသည့် ညီမငယ်နှစ်ဦးကိုကြည့်ကာ မောင်အံ့တစ်ယောက်ပီတိပွား၍ အေး တရားများ ခံစားနေပါတော့သည်။

အံ့ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

### ကိုယော(ဘောဂဗေဒ)စာပေဆုများရှင်

## ပုံတောင်ပုံညာဒေသ ထီးလင်းမြို့က သီပေါဘုရင်၏ ကောင်းမှုတော်

# ဆုတောင်းပြည့် မာန်အောင်ရတနာစေတီ

နာမည်ကျော် ဂန္ထဝင် ပုံတောင်၊ ပုံညာတောင်တန်းညီနောင်တို့တည်ရှိရာ ယောရှေးပြည်ရပ်ဝန်းဆီ အခါသင့်အခွင့်သာ၍ရောက်ခဲ့ရသည်။

သွားခဲ့ရ၊ ရောက်ခဲ့သည့်ခရီးကား စာပေဟောပြောပွဲခရီး။


ယောဒေသ ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့ကြီး၏ တစ်ဖက်ကမ်းရှိ ရှုံးရှီကျေးရွာကြီးက ရှုံးရှီ အ-ထ-က နှစ်တစ်ရာပြည့်ပွဲတော်ခရီး။

ဟောပြောရန်ဖိတ်ကြားခဲ့၍သွားရောက်ခဲ့ကြသူက (၃) ဦး။ မန္တလေးမြို့က စာရေးဆရာ ဦးဘုန်း (ဓာတု)၊ ရန်ကုန်မြို့က ဆရာအော်ပီကျယ်နှင့် ကျွန်တော် ကိုယော (ဘောဂဗေဒ) တို့ဖြစ်သည်။

နာမည်ကျော် ပုံတောင်၊ ပုံညာဒေသ။ 'လူသားအစ မြန်မာက' ဟု ကြွေးကြော်နိုင်ခဲ့ရာဒေသ။ မြန်မာနိုင်ငံ၏ မြစ်များစွာတို့က မြောက်ဘက်ဒေသမှ တောင်ဘက်ဒေသသို့ စီးဆင်းကြသည်မှာများသော်လည်း ပုံတောင်၊ ပုံညာဒေသ ယောမြေရပ်ဝန်းက နာမည်ကျော် မြစ်သာမြစ် ဆိုသည်က တောင်ဘက်အရပ်မှ မြောက်ဘက်အရပ်ဆီ စီးဆင်းသည်ဖြစ်၍ 'ပြောင်းပြန်စီးသော မြစ်' ဟု ကျော်ကြားသည့် မောရဝတီတစ်ဖြစ်လဲ မြစ်သာမြစ်ရှိရာနယ်မြေ။

မြစ်သာမြစ်က ယောရှေးပြည်၏ မြို့တော်ဟုတင်စားခေါ်ဝေါ်နေကြသော ဂန့်ဂေါမြို့ (ကံ့ကော်မြို့) ၏ အလယ်မှ ဖြတ်သန်းစီးဆင်းသည်။ ထို့ကြောင့် အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါဟူ၍ ဖြစ်ခဲ့ရကာ အရှေ့ဂန့်ဂေါဘက်အခြမ်းက ဂန့်ဂေါမြို့ကြီးအဖြစ်နှင့်ဖြစ်လာခဲ့ရပြီး အနောက်ဂန့်ဂေါဘက်အခြမ်းက အနောက်ဂန့်ဂေါကျေးရွာကြီးဖြစ်ခဲ့ရချေသည်။

ယင်းအနောက်ဂန့်ဂေါဘက်ခြမ်းရှိရာ အနောက်ဂန့်ဂေါကျေးရွာကြီးနှင့် တစ်ဆက်တစ်စပ်တည်းလိုဖြစ်နေပြီဖြစ်



သီပေါဘုရင်၏ မာန်အောင်ရတနာစေတီတော်




ပြုပြင်ဆဲ အာရုံခံတန်ဆောင်းအတွင်းရှိ မြတ်စွာဗုဒ္ဓရုပ်ပွားတော်




www.burmeseclassic.com

www.burmeseclassic.com



သီပေါဘုရင်၏ မာန်အောင်ရတနာစေတီတော်



ပြုပြင်ဆဲ အာရုံခံတန်ဆောင်းအတွင်း

သော ရှုံးရှီကျေးရွာကြီးရှိ အထက်တန်းကျောင်းကြီး၏ နှစ်တစ်ရာပြည့် ရာပြည့်ပွဲတော်အထိမ်းအမှတ်စာပေဟောပြောပွဲခရီးသို့ ရောက်ခဲ့ရ၏။ ၂၈-၄-၂၀၁၆ နေ့ညဥ့် ဟောပြောခဲ့ရ၏။ စာပေဟောပြောပွဲကြီးကား ခြိမ့်ခြိမ့်သဲ၏။ စာပေပရိသတ်ကြီးကား တကယ့်အားရစရာ။

စာရေးဆရာ (၃) ဦးတို့အတွက် ဒေသခံ ရှုံးရှီကျေးရွာသူကျေးရွာသားများက ဝမ်းမြောက်ဂုဏ်ယူစွာနှင့် အစစအရာရာ လိုလေသေးမရှိအောင်ဖြစ်စေသည်။ အလာခရီး၊ အပြန်ခရီးအတွက် လေယျာဉ်ပျံ(Flight)ဖြင့် စီစဉ်ပေးသည်။ ရန်ကုန်မှ မန္တလေး၊ မန္တလေးမှကလေးမြို့သို့ လေယာဉ်ခရီး၊ ကလေးမြို့မှ ဂန့်ဂေါမြို့နယ် ရှုံးရှီကျေးရွာကြီးသို့ မိုင် (၉၀) ကျော်ခန့် ခရီးအတွက် ကားအကောင်းစားဖြင့် လာရောက် ကြိုဆို။ ဟောပြောပြီးနောက်တစ်ရက်၌လည်း လေယာဉ်စီးရမည့်ကလေးမြို့သို့ ပြန်လည်ပို့ဆောင်ပေးသည်။

စာပေကို လေးစားမြတ်နိုး ချစ်ခင်တန်ဖိုးထားကြသည့် ယောဒေသရှိ ရှုံးရှီကျေးရွာကြီးက ပုဂ္ဂိုလ်တွေ အဖွဲ့အစည်းတွေအားလုံးကို ကျေးဇူးတင်ရသည်။

ထားပါတော့။

စာပေဟောပြောပွဲ ပြီးဆုံးခဲ့၍ အပြန်ခရီးမှာ ဆရာဦးဘုန်း(ဓာတု)နှင့် ဆရာအော်ပီကျယ်တို့က လေယာဉ်ပျံ (Flight) ဖြင့် စီစဉ်ပေးသည့်အတိုင်း ပြန်ခဲ့ကြသော်လည်း ကျွန်တော်ကတော့ တစ်ဘာသာ။ တစ်မျိုးတစ်ဖုံ တစ်ကိုယ်တော် ခရီးနှင်ဖြစ်ခဲ့သည်။

ပြောပါရစေ။ လျှပ်တစ်ပြက်ခရီးအဖြစ် ထီးလင်းမြို့ကလေးဆီ ခြေဆန့်ဖြစ်ခဲ့သည်။

ယောမြေရပ်ဝန်း ယောရွှေပြည်မှာ ယောသုံးယောရှိသည်။ မြောက်ယော၊ အလယ်ယောနှင့် တောင်ယောဟူ၍ဖြစ်သည်။ ယောမြေဒေသ ဆိုသည်က နယ်မြေအနေအထားအရ တောင်၊

မြောက် ရှည်မျောမျောသဏ္ဍာန်ဖြစ်၍
တည်နေရာအလိုက် မြောက်ဘက်အ
ဆုံးမြို့နယ်ဖြစ်သည့် ဂန့်ဂေါမြို့နယ်အ
မြောက်ယောဟု လည်းကောင်း၊ အလ
တွင် ထီးလင်းမြို့နယ်ကို အလယ်ယေ
ဟု လည်းကောင်း၊ တောင်ဘက်ကျေ
ဆောမြို့နယ်မြေအား တောင်
ဟူ၍ ခေါ် ဆိုနေကြသည်။ မ
ဒေသကြီးအတွင်းတွင်ပါဝင်တည်ရှိသ
နယ်မြေမြို့များလည်းဖြစ်သည်။

ဂန့်ဂေါမြို့မှ ရန်ကုန်မြို့သို့ အပြ
ခရီးတွင် မြောက်ယောဖြစ်သော ဂန့်
မြို့မှနေ၍ ကျွန်တော်သည် အလ



www.burmeseclassic.com

www.burmeseclassic.com

သောဖြစ်သော ထီးလင်းမြို့ကို မော်တော်ကားလမ်းခရီးအားဖြင့် ရောက်ရှိခဲ့၊ တစ်ညတာ အိပ်စက်ခဲ့ဖြစ်သည်။ နားနေဖြစ်ရသည့်အကြောင်းရင်းကား ကျွန်တော်နိုင်ငံ့ဝန်ထမ်းဘဝက မြို့နယ်စီမံကိန်းဦးစီးဌာနမှူးအဖြစ် (၇) နှစ်ခန့် တာဝန်ထမ်းရွက်ခဲ့ရာ မြို့တစ်မြို့ဖြစ်ခဲ့ရသည့်အပြင် ကျွန်တော်၏ ဆွေမျိုးများရှိရာလည်းဖြစ်၍ တစ်ညတာရပ်နားခဲ့ခြင်းလည်း ဖြစ်ရလေသည်။

ဆက်လက်၍ပြောပါရစေ။

**ထီးလင်းမြို့**

ထီးလင်း ဆိုသည့် မြို့လေးကား သာမညမဟုတ်။ အကြောင်းမသိသူတို့အဖို့ သာမန်မြို့ကလေးတစ်မြို့သာဟု သိထားကြသည်ထက် ပို၍ကြီးကျယ်သောမြို့ ဖြစ်ချေသည်။


ထီးလင်းမြို့ကို ရှေးရှေးအခါက 'သူရဲမြို့' ဟု စတင်ခေါ်ခဲ့ကြသည်ဟု ဆိုပါ၏။ သူရဲကောင်းတို့ မွေးဖွားရှင်သန်ရာဟု ဆိုကြဆို၏။

ရာဇဝင်လာ သူရဲမြို့ကလေးကား ကောဇာနှစ် ၁၁၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၅) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဟောနန္ဒရာဇာစော်ဘွားတည်သည်ဟု သိရ၏။

ကောဇာနှစ် ၄၅၃ ခုသို့ရောက်သော် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်စဉ် မြစ်သာမြစ် မြစ်ဖျားခံရာ မောချောင်းအတိုင်းဖောင်တော်ဖြင့် ဆန်တက်စဉ် နားနေသည့်အခိုက် ရွှေစကြာဖောင်တော်ဦးရှိထီးဖြူတော်အလိုလို ပွင့်လင်းလာတော်မူခဲ့သည်နှင့် 'ထီးလင်း' ဟု ခေါ်တွင်စေခဲ့ကြောင်း ရှေးရာဇဝင်သမိုင်းမှာပါသည်။

တစ်ဆက်တည်း ရွှေစကြာဖောင်တော်ရှင် ရပ်နားခိုက် ရေယာဉ်ဝယ် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များက ရွှေငါးကြင်းရောင် တူစွာဆောင်၍ ကွန့်မြူးထားသည်ကို ရှိုးရှိုးကွန်ဖြင့် ဖမ်းသော်မရ။ ပုရောဟိတ်ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့၏ အလိုအရ ရွှေကွန်ဖြင့်အုပ်ဖမ်းပါမှ ရရှိလာသော မြတ်စွာဘုရားရှင်၏ဓာတ်တော်မွေတော်တို့ကိုဌာပနာ၍ 'ရွှေကွန်အုပ်စေတီတော်' ဟု အမည်နာမသတ်မှတ် တည်ထားကိုးကွယ်စေကြောင်း ကျောက်စာရေးထိုးထားစေခဲ့လေ၏။

ထိုကျောက်စာကို အများပြည်သူ ကျယ်ကျယ်စွာ သိရှိမှတ်သားနိုင်ကြစေရန် ကုန်းဘောင်ခေတ် အလောင်းဘုရား ဦးအောင်ဇေယျ၏ သားတော်အငယ် ဘိုးတော်ဦးဝိုင်းခေါ် ဗဒုံမင်းလက်ထက် အခါတွင် 'ထီးလင်းမြို့ ရွှေကွန်အုပ်ဘုရားသမိုင်း ဘိုးတော်စပ်ထိုးကျောက်စာ' ဟု ကမ္ပည်းထပ်မံရေးထိုးစာခဲ့သည်ကို လေ့လာ သိရှိနိုင်ပါ၏။ မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးကျောက်စာတိုက်တွင် စိုက်ထူထားရှိသည်တွင် 'ဒါယကာ ရွှေကူလောင်းစည်သူသည် ဗိုလ်လူများ



သီပေါဘုရင်၏ မာန်အောင်ရတနာစေတီတော်




ထီးလင်းမြို့အစွန်တစ်နေရာ




ပရဝဏ်အတွင်းက ခေါင်းလောင်း



www.burmeseclassic.com

www.burmeseclassic.com



နေဝင်မိုးချုပ်စ အနောက်ချင်းမိုးမတောင်တန်းကြီးကို လှမ်းမြင်ရပုံ

စွာ မတ်ပေါင်းကာလျက် ထွက်ခွာတိုင်း ခန်းလှည့်လည်မြန်းရာ စခန်းကွန်းထောက် ယောနေရောက်လာ'ဟုလည်း ရေးသား ထားသည်။

သက္ကရာဇ် ၁၁၂၀ တွင် မူလမြို့ ဟောင်းမှ မြောက်ဘက်သို့ အနည်းငယ် ရွှေ့ပြောင်းကာ မြို့တည်ထောင်မှုအင်္ဂါရပ် များနှင့်အညီ စနစ်တကျစီမံလျက် သတ်မှတ်ချဲ့ထွင် မူလအမည်နာမ ထီးလင်းဟုပင် ကမ္ပည်းတွင်ခဲ့လေသော ရှေးရှေးက မြို့ကလေးသည်ကား သာမည မဟုတ်၊ ရှေးရာဇဝင်လာ မြို့ကလေးတစ်မြို့ ဖြစ်ပေတော့၏။

ဤသည်တို့ကို ထားပါဦးတော့။

ထီးလင်းမြို့ကလေးသည် သရေခေတ္တရာ ပျူမြို့တော်တွင် ပျူတို့နေရာ (၂၉၈)၊ ထင်ရှားကျော်ကြားသောနေရပ် (၃၂)၊ ပျူတပ်မြို့(၉)မြို့၊ လက်အောက်ခံ နိုင်ငံ (၁၈) တို့ရှိကြောင်း ဖော်ပြချက်များ အရ သိရှိရသည်မှာ ထင်ရှားကျော်ကြား နေရပ် (၃၂) ခုတို့၌ (ထိထိလန်းခေါ် ထီးလင်း) ဒေသသည် ပါဝင်နေပါ၏။ မြန်မာ့သမိုင်းတွင် ပျောက်ကွယ်သွားခဲ့ လေသော ပျူလူမျိုးတို့နှင့်စပ်လျဉ်း၍ ထီးလင်းမြို့နယ်မြေသည် စိတ်ဝင်စား ဖွယ်ရာလည်းဖြစ်ရသေးပေ၏။

တစ်ဖန်လည်း ထီးလင်းမြို့လေး သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်း၌ ပြည်ထောင်စုဖွားတိုင်းရင်းသား များ ချစ်ကြည်စည်းလုံးညီညွတ်ကြရေး တွင် ဂန္ထဝင်မြောက် မြို့ကလေးတစ်မြို့ ဖြစ်ခဲ့၏။ ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စု တိုင်းရင်းသားများညီလာခံ (ပင်လုံ ညီလာခံ) အောင်မြင်စွာ ချုပ်ဆိုပေါ် ထွန်းရေး တစ်စိတ်တစ်ဒေသတွင် 'ချင်း-ဗမာ ချစ်ကြည်ရေးညီလာခံ' ကျင်းပခဲ့ရာ မြို့လေးဖြစ်ခဲ့ရပြီး မြန်မာနိုင်ငံလွတ်လပ် ရေးရရှိရေးအတွက် ကြိုးပမ်းခဲ့ကြသော ခေါင်းဆောင်ကြီးများအနက် ဒီဒုတ် ဦးဘချို ခေါင်းဆောင်သောအဖွဲ့သည် ထီးလင်းမြို့လေးတွင် ချစ်ကြည်ရေး စာချုပ်ကို သဘောတူ အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ကြရာ သမိုင်းထဲက ဂန္ထဝင် မြို့လေးတစ်မြို့ ဖြစ်နေသည်မှာလည်း ထူးခြားလှပေ၏။

**□ မာန်အောင်ရတနာစေတီတော်**

ရှေးရှေးကပင် ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့ရာ ထီးလင်းမြို့လေး၌ သာသနာပြုမင်း ပုဂံပြည့်ရှင် ရွှေနန်းရှင် အလောင်းစည်သူမင်းကြီး တည်ထား ကိုးကွယ်ခဲ့သော ရှေးဟောင်း သမိုင်းဝင် ရွှေကွန်အုပ်စေတီတော်သာမက အခြား နာမထင်ရှား စေတီဘုရားများရှိရာတွင် မာန်အောင်ရတနာစေတီတော်သည်လည်း တစ်ဆူအပါအဝင် ဖြစ်လေ၏။

ပြောပြပါမည်။

ပဉ္စမသင်္ဂါယနာတင် မင်းတုန်း မင်းကြီး၏ မိဖုရားတစ်ပါးဖြစ်သော လောင်းရှည်မိဖုရား နန္ဒာဒေဝီအား သတိရလာမိသည်။ မာန်အောင်ရတနာ ဘုရားနှင့် ဆက်စပ်ကာလည်း တွေးလာ မိရသေးသည်။

လောင်းရှည် (ယောဒေသ ဆော မြို့နယ်တွင်းရှိ) မိဖုရားသည် ပုဂံမင်း မင်းတုန်းမင်း၊ အိမ်ရှေ့စံ ကနောင်မင်း သားကြီး၊ စကြာဒေဝီမိဖုရားခေါ်ကြ အလယ်နန်းမိဖုရား ဆင်ဖြူမရှင် မင်းတုန်းမင်းကြီး၏ မကွေးမိဖုရား အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင် နှင့် မောင်နှမတစ်ဝမ်းကွဲတော်စပ်သည် ဘာသာ၊ သာသနာရေးကိုင်းရှိုင်းသော လောင်းရှည်မိဖုရားသည် ဒေဝီဘွဲ့ အပ်နှင်းခြင်းခံရသူဖြစ်သည်ကို သမိုင်း တွင် လေ့လာ၍ရသည်။

တစ်ဆက်တည်း မာန်အောင် ရတနာစေတီတော်၏ ဒါယကာအစ် သီပေါဘုရင်သည် ဘာသာရေးကိုင်းရှိုင်း လှသောမင်းတစ်ပါး ဖြစ်သည်။ မင်း မယ်တော်ဖြစ်သူ လောင်းရှည်မိဖုရား ကိုယ်တိုင်လည်း ဘာသာရေးကိုင်းရှိုင်း လှသည့်အားလျော်စွာ သားတော် သီပေါ မင်းသားလေးအား အစစအရာရာ ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့၊ အတတ် ပညာတွေကို တတ်မြောက်စေရအောင် လုံ့လပြုပေးခဲ့သည်ကိုကြည့်လျှင် သိနိုင်



www.burmeseclassic.com

www.burmeseclassic.com

သည်။

တကယ့်သေရေးရှင်ရေး အရေးအခင်း မြင်ကွန်း၊ မြင်းခုန်တိုင်အရေးတို့၏အောမှ သီပေါမင်းသားလေးကို ပြုစုစောင့်ရှောက်ပေးခဲ့သည့် မိခင်မေတ္တာအားအင်ကြီးမားလှပုံကို သမိုင်းတွင်သာတော်ကြည့်ကြပါတော့ဟု ပြောရမည်ပင်ဖြစ်သည်။

ဘာသာရေးကို ယုံကြည်လှသော လောင်းရှည်မြို့စားမိဖုရား၏ သားတော်အမို့ ယောဒေသရှိ လောင်းရှည်မြို့လေးနှင့်အလှမ်းမဝေးလှသော ထီးလင်းမြို့ကလေး၌လည်း အထိမ်းအမှတ်စေတီတစ်ဆူကို တည်ထားစေခဲ့သည်ဟုဆိုပေသည်။

ရှေးပဒေသရာဇ်မြန်မာဘုရင်များနန်းတက်သောနှစ်၊ ဘိသိက်ခံသောနှစ်များတို့တွင် နိုင်ငံတော်အတွင်းစေတီများတည်ကြ၏။ ပျက်စီးနေသည်များတို့ကိုလည်း ပြုပြင်မွမ်းမံကြ၏။ နန်းတက်အထိမ်းအမှတ်၊ ဘိသိက်ခံအထိမ်းအမှတ်၊ ကုသိုလ်တရားအထိမ်းအမှတ်ဖြစ်ပါသည်။ အသစ်တည်၊အဟောင်းပြုပြင်ခြင်းအစဉ်အလာရ သီပေါမင်းရာဇဘိသေကခံတော်မူမည့်အရေး လွှတ်တော်မှအမိန့်ပြန်တမ်းထုတ်၏။

ဘိသိက်မခံမီ ရွှေပြည်တော်အဝန်းရှိ ပျက်စီးယိုယွင်းနေသောစေတီများ၊ အဓိကရအထင်ကရနတ်ကွန်း၊ နတ်အိမ်များအားလည်း ရှေးယခင်မူလအတိုင်းပြုပြင်ကြရမည်။ ပြန်လည်ပြုပြင်ကြရသည့်စာရင်းကို လွှတ်တော်သို့တင်သွင်းကြရမည်။ ထိုသို့ ပြုပြင်ခြင်းအတွက် ငွေတော်ထုတ်ပေးမည်ဖြစ်ကြောင်း၊ ဒေါင်းတံဆိပ်ရိုက်နှိပ်ထားသော လွှတ်တော်မှ ထုတ်ပြန်သည့်အမိန့်များစာ၊ ပေးစာတို့လည်းရှိသည်ဟု သမိုင်းတွင်တွေ့ရသည်။

သို့နှင့် ရသမျှ အချိန်ကလေးမှာ ရှာဖွေတွေ့လိုလှသော သီပေါမင်း၏ ကောင်းမှုတော်မာန်အောင်ရတနာစေတီတော်ကို ကျွန်တော် သွားရောက်ဖူးမြော်ခဲ့သည်။ မြို့ကလေး၏ အရှေ့တောင်အရပ် ထီးလင်း-ကျောက်ထု-ပေါက်-ပခုက္ကူသွားမော်တော်ကားလမ်းဘေးတွင်တည်ရှိသည်။ အာရုံခံတန်ဆောင်းကို ပြင်ဆင်တည်ဆောက်ဆဲလည်း ဖြစ်လေသည်။

သွားရောက်ဖူးမြော်သည့်အခိုက်အတန့်မှာ ရှေးဟောင်း လောင်းရှည်မြို့ကလေးရှိ သုံးမည်ရဘုရားဖြစ်သည့် ရှင်ဘုရင်ဘုရား (ခေါ်) ရာဇာမုနိ(ခေါ်) သီရိမာန်အောင်ဘုရား၏ဒါယကာအစစ်သီပေါဘုရင်၏ စေတီတော်နှင့် အခြားအလားသဏ္ဌာန်ညီစွာရှိသည်ဟု မှန်းကာ မြင်ယောင်မိသည်။

(ရှင်ဘုရင်ဘုရားဆောင်းပါး ၂၀၁၃ခုနှစ်၊ ဩဂုတ်လထုတ်၊ သူရဋ္ဌမဂ္ဂဇင်း)

သီပေါမင်းသည် ၁၂၄၀ ပြည့်နှစ် နှစ်၌ မန္တလေး ရတနာပုံနေပြည်တော်ဝယ် ထီးနန်းစိုးစံ၏။ သက်တော်(၂၇)နှစ်တွင် စေတီပေါင်း(၂၇)ဆူတည်စေဖြစ်စေကာ ထီးလင်းမြို့လေးမှ မာန်အောင်ရတနာဘုရားသည် တစ်ဆူအပါအဝင်ဖြစ်ကြောင်း သိရပေ၏။ ရှားရှားပါးပါးဖြစ်ရပါ၏။

စေတီတော်၏ အမြင့်သံတောင် (၁၁) တောင်ခန့်၊ ဖိနပ်တော်မှ စိန်ဖူးတော် ချရားသီးအထိဆိုလျှင် (၁၃)တောင်ခန့်ရှိသည်ဟု သိရပါ၏။ မြေစိုက်စေတီတော်တစ်ဆူ ဖြစ်ပါ၏။

မာန်အောင်ရတနာစေတီတော်ကား ထီးလင်းမြို့ အမှတ် (၁) ရပ်ကွက်တွင် တည်ရှိကာ ဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ပြာသိုလဆန်း ၁၂ ရက်၌ ကျင်းပကြသည်။ မြို့လုံးကျွတ် ဆွမ်း၊ ဆွမ်းဆန်စိမ်းနှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် သံဃာတော်များအား လောင်းလှူလှူဒါန်းကြ၊ သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်အား သက်န်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင် စုံလင်စွာတို့ဖြင့် လှူဒါန်းပူဇော်ကာ ကုသိုလ်ယူကြသည်ကား ခြိမ့်ခြိမ့်သဲရှိလှသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီလည်း ဖြစ်လေသည်။

ဘုရားလေးက ငယ်ပင်ငယ်သော်ငြားလည်း ဆုပန်ခြင်းများကို ပြည့်ဝစေသည်ဟု အပြောများသည်။ ရတနာပုံခေတ် ရွှေနန်းရှင် ဘုရင်သီပေါ၏ ရှေးဘုန်းရွှေကံ စေတနာပါရမီအဟုန်ကြောင့်လားမသိနိုင်။ ဆုပန်ခြင်းများတွင် အောင်မြင်ပြည့်စုံလှသည်ဟု ဆိုကြလေသည်။

မာန်အောင်ရတနာဘုရားပွဲတော်ကျင်းပနေပုံမြင်ကွင်းကား မမေ့နိုင်စရာဖြစ်ရသည်ကို ကြုံဖူးသည်။ မြို့မှ လှမ်းမြင်နေရသော ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့်ပေ (၇၀၀၀)ကျော်ရှိ အနောက်ချင်းရိုးမတောင်တန်းကြီးကို နောက်ခံထားလျက် မြို့လေး၏ ကတ္တရာလမ်းမတစ်လျှောက်မှသည် စေတီတော်ပရိဝုဏ်သို့တိုင် ပရိသတ်ကား ဖွေးဖွေးလှုပ်။ ဘုရားပွဲတော်ကျင်းပရက်ကာလည်း ဆောင်းရာသီ။ တောင်ပေါ်မြို့လေးမို့ ဆောင်းအေးအေးမှာ လှူရေးတန်းရေးအတွက် ဒါနမျက်နှာလေးများက ချမ်းမြေ့စွာနှင့် အလွန်တရာလည်း စည်ကားလှလေသောမြင်ကွင်းကား ရောက်ဖူးကြုံဖူးသူတို့သာသိကြပေလိမ့်မည်။

အချုပ်အားဖြင့် ဆိုရပါသော် နာမည်ကျော် ယောဒေသ(ယောရွှေပြည်)သို့ ရောက်ခဲ့ကြပါလျှင် ထီးလင်းဆိုသည့်ရာဇဝင်ထဲက မြို့ကလေး၊ သမိုင်းထဲက ဂန္ထဝင်မြို့လေးက မြန်မာရာဇဝင်တွင် နောက်ဆုံးသော ရွှေနန်းရှင် သီပေါ၏ ကောင်းမှုတော်မာန်အောင်ရတနာစေတီတော်မြတ်အား ဖူးတွေ့နိုင်ပါကြောင်း၊ အနောက်ချင်းရိုးမတောင်တန်းကြီးကို နောက်ခံထားလျက် သာမောဖွယ်အထူးအထွက်တိုး စပါးစိုက်ခင်းပြင်ကျယ်နှင့် သာယာစိုပြည်သော ယောမြေဒေသက ထီးလင်းမြို့လေးဆီ ရာသီမရွေး သွားလာနိုင်သည်တွင် ပခုက္ကူ-ပေါက်-ကျောက်ထု-ထီးလင်း-ဂန့်ဂေါမော်တော်ကားလမ်းဖြင့် သွားရောက်နိုင်ပါကြောင်းကို အလျဉ်းသင့်၍ တင်ပြလိုက်ရပေသည်။

ကိုယော(ဘောဂဗေဒ)
(စာပေဆုများရှင်)

**ကျမ်းကိုး -**

ထီးလင်းမြို့ရွှေကွန်အုပ်ဘုရားသမိုင်း (ဦးထွန်းကြီး)
ထီးလင်းမြို့နယ်မဂ္ဂဇင်း
ယော
(အငြိမ်းစားကျောင်းဆရာကြီး - ဦးကြာထွန်း)
ပျူတွေဘယ်ပျောက်သွားလဲ (ဒေါက်တာသန်းထွန်း)
မှန်နန်းရာဇဝင်တော်ကြီး
မဟာရာဇဝင်တော်ကြီး (ဦးကုလား)
ယောစေ့
(စောကြူမောင်-ယောမြေ)
ကုန်းဘောင်ရှင်းတမ်း (မောင်သန်းဆွေ-ထားဝယ်)
ရတနာပုံတော် ထိပ်တန်းနန်းတွင်းအရာရှိကြီးများ (တင်နိုင်တိုး)



www.burmeseclassic.com

www.burmeseclassic.com


ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့နယ်အတွင်းရှိ တောင်ရွှေပုထိုးကျေးရွာ၏ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ဆင်ယင်ကျင်းပမြဲဖြစ်သော အောင်သိဒ္ဓိရွှေပုထိုးဘုရားပွဲတော်သို့ တစ်ခေါက်ရောက်ရှိခဲ့ရဖူးပါလေသည်။ သာသနာနှစ် ၂၅၆၀ ပြည့်ဖြစ်သော ထိုနေ့သည် ကြီးကျယ်ခမ်းနားလှသော သာသနာ့အဓိပ္ပာယ်ပေါင်းများစွာနှင့် ပြည့်စုံလျက်ရှိသော နေ့ထူးနေ့မြတ်တစ်ခုလည်း ဖြစ်လေသည်။


အောင်သိဒ္ဓိရွှေပုထိုးတော်စေတီကြီးသည် ရှေးအတိတေကာလကပင် မနုအမျိုးသားတို့၏နယ်မြေတွင် ထွန်းပေါ်အပူဇော်ခံခဲ့ကြလေသောဘုရားပင် ဖြစ်ပါ၏။ ပင်းတယမြို့နယ် တောင်ရွှေပုထိုးကျေးရွာအောင်သိဒ္ဓိရွှေပုထိုးဘုရားသမိုင်းစာအုပ်ပါအချက်အလက်တို့အရ ရာဇဝင်လာမင်းမြတ်ဖြစ်သော အနော်ရထာမင်းသည် ပြည်သူ့ပြည်သားတို့၏ကောင်းကျိုးအဖြာဖြာကိုဆောင်ရွက်တော်မူခဲ့ရာတွင် ကျောင်းကန်ဘုရားများကိုတည်ထားပေးတော်မူခြင်းများကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်ဆိုပါ၏။

မင်းကြီးသည် နိုင်ငံတော်တစ်လွှားတိုင်းခန်းလှည့်လည်တော်မူခြင်းများကိုလည်း ပြုလုပ်တော်မူပြီး ကန်ချောင်းဆည်မြောင်းများ တူးဖော်ပေးခြင်း၊ ဂူကျောင်းများ ပြုပြင်တည်ထားခြင်းများလည်း ပြုလုပ်တော်မူခဲ့လေသည်ဟုလည်း ဖော်ပြပါရှိခဲ့လေသည်။ ထိုဘုရားသမိုင်းစာအုပ်တွင် ဖော်ပြထားချက်များအရ ထိုရွှေပုထိုးစေတီတော်မြတ်ကြီးအား တည်ထား ပူဇော်တော်မူရာတွင် သိကြား ဝိသကြုံနတ်မင်းများတို့က ကူညီတည်ထားပေးခဲ့ကြကြောင်းသိရှိရသည်။ ထို့ကြောင့် ထိုစဉ်ကာလကပင် ရွှေပုထိုးစေတီတော်မြတ်ကြီးသည် ဌာပနာတွင်းအနက် (၆) တောင်၊ (၁) မိုက်တူးခဲ့ပြီး


# မနုတိုင်းရင်းသားတို့၏ရှေးဘုရား
# အောင်သိဒ္ဓိရွှေပုထိုးဘုရားပွဲတော်

ခင်(တောင်ကြီး)





အနုစိတ်ပုံဖော်ထားမှုများမှာ. . .



ကျောင်းကြီးပေါ်မှ ရှေးဘုရားကိုယ်စားတော်

အချိုးကျနပြေပြစ်စွာဖြင့် သပ္ပာယ်လှသော ရှေးလက်ရာ ရွှေပုထိုးစေတီတော်မြတ်ကြီး




www.burmeseclassic.com

www.burmeseclassic.com


အတွင်းတွင် ဗုဒ္ဓဘုရားရှင်တော်မြတ်၏ ဓာတ်တော်မွေတော်များ၊ ပတ္တမြားနား အောင်ငါးခု၊ သိကြားမင်းမှဖန်ဆင်းဆက် ထပ်သော ရွှဲတော်(၁၂)လုံး၊ ဘော်သား အစင်အကြွယ်အချိန် (၁၀၀)၊ ဝိသကြုံ နတ်သားမှ ဆက်ကပ် လှူဒါန်းသော ကျ အဖိုးတစ်သိန်းထိုက်တန်သည့် ပ႒မြား (၄)လုံးတို့ကို သွတ်သွင်းလှူဒါန်းတော် မူကာ ဌာပနာတွင်းကိုလည်း လုံခြုံစွာ ပိတ်တော်မူခဲ့ပါလေသည်ဆိုပါ၏။

ထိုသို့ ဌာပနာတွင်းကို လုံခြုံစွာ ပိတ်သွင်းပြီးသောအခါ ထိုဌာပနာတွင်း၏ အထက်တည့်တည့်၌ စေတီတော်မြတ်ကြီးကို တည်ထား ပူဇော်တော်မူခဲ့ကြကြောင်း ရာဇဝင်မှတ်တမ်းတို့အရ သိရှိကြရပါလေသည်။


အခြားသော ရွှေပုထိုးဘုရားသမိုင်းတစ်မျိုး၏အဆိုအရ မိန့်ကြားချက်အချို့တို့ကိုလည်း မှတ်သားကြရပြန်ပါသေး၏။ ထိုအဆိုအရ ရွှေပုထိုးစေတီတော်ကြီး၏ ဘုန်းတန်ခိုးပွင့်လန်းမည့် အခြေအနေအကြောင်းအရာနှင့်အတိတ်နိမိတ်အနေအထားမျိုးကိုလည်းလေ့လာနိုင်ကြပြန်ပါလေသေး၏။ ထိုအဆိုကို ဘုရားသမိုင်းစာအုပ်ပါအတိုင်း ဖော်ပြရပါလျှင် -



အောင်သိဒ္ဓိရွှေပုထိုးစေတီတော်မြတ်ကြီးအနီးရှိ အရံရှေးဘုရားတစ်ဆူ



မြေနီကျောင်းဝင်းစိမ်းစိုသောမြင်ကွင်းများနှင့် နေလုံမပျိုလေးများ၏ဝတ်စုံလိုက်ဖက်ပုံများမှာ



စေတီတော်ကြီးပေါ်ရှိ ဘီလူးရုပ်နှင့်ပန်းဆွဲအနုလက်ရာများ



ရိုးရာဓလေ့ကို ဆက်လက်ထိန်းသိမ်းထားကြမည့် မျိုးဆက်သစ်ကလေးငယ်များ




www.burmeseclassic.com

www.burmeseclassic.com


ရွှေပုထိုးဘုရားပတ်လည်
ကျားတွန်လတ္တံ့၊
ကျားတွန်လျှင်
သာသနာပြောင်လင်းမည်၊
ကျားတွန်မှ ဝက်ထိုးမည်၏
ဝက်ထိုးမှ ကြွက်အောင်းမည်၊
ကြွက်အောင်းမှ ပူးရက်မည်၊
ပူးရက်မှ နဂါးမှုတ်မည်၊
နဂါးမှုတ်မှ ဂဠုန်သုတ်မည်၊
ဂဠုန်သုတ်မှ ပြီးဆုံးမည်၊
ပြီးဆုံးမှ အနောက်တောင်ရိုး ဟိုးဟိုးကျော်မည်၊
ဟိုးဟိုးကျော်မှ ထင်ပေါ်မည်၊
ထင်ပေါ်မှနတ်မျှော်မည်၊
နတ်မျှော်မှ ခြင်္သေ့မင်းကြီး နေလ စီး၍ ဟောက်လိမ့်မည်၊
ခြင်္သေ့ဟောက်မှ သာသနာရောင်ဝါ နေသို့ထွန်းလိမ့်မည်
ဟူ၍ ဖြစ်လေသည်။

ထိုအဆိုအရ ရွှေပုထိုးဘုရား ပတ်လည် ကျားတွန်မည် ဆိုသည်မှာ ရှေးဦးစွာ ရွှေပုထိုးဘုရားကို စတင်ပြုပြင်မည့်သူမှာ တနင်္လာသားဟူ၍ ဆိုလိုလေသည်။ တနင်္လာသားပြုပြင်ခြင်းကြောင့် ဘုရားသာနာတော်သည် ထွန်းလင်းတောက်ပလာမည်။ ကျားကို ဝက်ထိုးမည် ဆိုခြင်းကြောင့် ထိုစေတီအား ဗုဒ္ဓဟူးသားမှ ထပ်မံပြုပြင်မည်။ ဝက်ထိုးမှ ကြွက်အောင်းမည်ဆို၍ ကြာသပတေးသားမှ ထပ်မံပြုပြင်လိမ့်မည်။ ကြွက်အောင်းမှ ပူးရက်မည်ဟုဆိုပြန်၍ ထို ရွှေပုထိုးစေတီတော်ကြီးအား သောကြာသားတစ်ဦးမှ ထပ်မံပြုပြင်မည်။ ပူးရက်မှ နဂါးမှုတ်မည်ဟုဆိုပြန်၍ စနေသားတစ်ဦးမှ ထပ်၍ပြုပြင်မည်။ နဂါးမှုတ်မှ ဂဠုန်သုတ်မည်ဆိုပြန်၍ စေတီတော်အား တနင်္ဂနွေသားမှ ထပ်မံပြုပြင်မည်။

ဆိုလိုသည်မှာ ထိုအောင်သိဒ္ဓိ ရွှေပုထိုးဘုရားသမိုင်းအရ တနင်္လာသား၊ ဗုဒ္ဓဟူးသား၊ ကြာသပတေးသား၊ သောကြာသား စသည့် (၇) ရက်သားသမီးတို့ စုပေါင်းပြုပြင်တည်ပေးကြမည်ဟူ၍ဖြစ်လေသည်။ ထို့နောက် သမိုင်းအရပင် အင်္ဂါသားလက်ထက်သို့ရောက်သည့်အခါတွင်မှ အထူးအားဖြင့် သာသနာတော်ကြီး ပွားထွန်းလင်းတောက်ပလာမည်ဖြစ်လေသည်ဟု ဆိုပါ၏။ အင်္ဂါနေ့ဖွား၏ သာသနာတော်ကို ပြုစုမှုကြောင့် သာသနာပိုမိုပြန့်ပွားထွန်းတောက်လာမည်ကို တင်ကြိုခန့်မှန်း အပြောထွက်ထားခဲ့ကြလေသည်။ ထိုအင်္ဂါနေ့ဖွား


တစ်ပါးနေသီတင်းသုံးတော်မူရာ ကျောင်းသခ်မ်းငယ်များ


ရှေးကလက်ရာများဖြစ်သော သုမေ္ဓဝတီ ပိဋကပြတိုက်နှင့်
ရွှေပုထိုးစေတီတော်ကြီးတို့ကို နောက်ခံမြင်တွေ့ကြရစဉ်


ရှေးလက်ရာ၊ ရှေးပြတိုက်၊ ရှေးက တစ်ပါးနေကျောင်းများနှင့် အတူ
ခေတ်ပြယုဂ်ဖြစ်သော စက်တစ်ယာဉ်မျိုးစုံများကိုလည်း ပွဲတော်တွင်တွေ့ရစဉ်



www.burmeseclassic.com


www.burmeseclassic.com



ခနုတိုင်းရင်းသားတို့သည် ဆွမ်းတော်ကြီးပွဲကို အဆင့်ဆင့် ပြင်ဆင်ကပ်လှူလေ့ရှိကြရာ ပုံတွင် အရှေ့ဆုံးဖြစ်သော ဆွမ်းတော်ကြီးပွဲတွင် အပေါ်ဆုံးပန်းလှူထားသည်ထိ အဆင့်ကိုးဆင့်ဖြစ်သည်ကို တွေ့နိုင်၏



ဘုရားအားပူဇော်ရာတွင် ဆွမ်းတော်ကြီးပွဲများနှင့်အတူ ကန်တော့ပွဲများလည်းပါသည်



ဘုရားဒကာကြောင့် လူအပေါင်းတို့၏ သဒ္ဓါတရားများ ပိုမိုတိုးပွားကြလျက် လှူဒါန်းမှု၊ ပေးကမ်းမှု၊ သီတင်းသီလ ဆောက်တည်မှုတို့မှတစ်ဆင့် ကမ္မဋ္ဌာန်းတရားဘာဝနာများ ပွားများအားထုတ်လာကြပေလိမ့်မည် ဟူ၍ သမိုင်းမှတင်ကြိုအဟောထွက်ခဲ့ပါလေသည်။

ထိုရွှေပုထိုးစေတီတော်ကြီးသည် ဉာဏ်တော်အတောင် (၉၀)၊ ထီးအဝ (၆) တောင် (၉) လက်မ၊ ဘုံ (၉) ဆင့်၊ ဆွဲထီးစိန်ဖူးတော်အဆင့်အထိ (၁၈) တောင်၊ ဖိနပ်တော်အဝန်း(၂၅၄)တောင် ရှိကြောင်းကို မှတ်သားသိရှိရပါသည်။ စာရေးသူမှာ သမိုင်းသုတေသီမဟုတ်မူ၍ ခုနစ်သက္ကရာဇ်တို့ကို မခန့်မှန်းတတ်သော်ငြား ရွှေပုထိုးစေတီတော်ကြီးပေါ်ရှိ နဝရတ်ပန်းကုံးများကို ဘယ်ညာဆွဲကိုင်လျက် ဘုရားရှင်အား ရည်စူးပူဇော်နေကြဟန် ဘီလူးယက္ခပုံရိပ်လက်ရာများကိုတွေ့မြင်ရသည်မှာ အလွန်ရှေးကျ၍ အလွန်မှပင် အနုလက်ရာမြောက်လှကြောင်း ံ ဘားမိလိုက်ရပါသည်။

အောင်သိဒ္ဓိ ရှေးဘုရား ရွှေပုထိုးစေတီတော်ကြီး၏ညောင်ရေသွန်းပွဲတော်နှင့် တာတက်ပွဲကို နှစ်စဉ်ပင် ကဆုန်လပြည့်နေ့တိုင်း ဆင်ယင်ကျင်းပခဲ့ကြမြဲ ဖြစ်ပါ၏။ ရှေးအစဉ်အလာကြီးမားသော၊ ယဉ်ကျေးမှု မြင့်မားခိုင်မာသော၊ ပြန့်ပွားနေထိုင်ကြသည့်လူဦးရေများပြားလှသော ခနုတိုင်းရင်းသားများ၏ ချစ်မြတ်နိုးဖွယ်ရာကောင်းလှသော ရိုးရာပွဲတော်တစ်ခုလည်း ဖြစ်ပါသည်။ တာတက်ပွဲတော်တွင် ရှေးရိုးရာမီးလုံးကြီးများကို တစ်ရွာနှင့်တစ်ရွာယှဉ်ပြိုင်လွှတ်တင်ကြရင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုကျွမ်းဝင်စေနိုင်ခွင့်ရရှိစေတတ်သော ပွဲတော်တစ်မျိုးဖြစ်ပါ၏။ ပွဲတော်ကို ရှေးဦးစွာ ခနုတိုင်းရင်းသားတို့၏ သာသနာအပေါ်၌ ရှိသေဆည်းကပ်လေ့ရှိတတ်သော ရိုးရာအတိုင်း ဆွမ်းတော်ကြီးဝင်ခြင်း၊ ဆွမ်းတော်ကပ်ခြင်း၊ ဘုရားစေတီတော်အားလက်ယာရစ်သုံးပတ်ပတ်၍ ပူဇော်ခြင်းတို့ဖြင့် စည်ကားစွာ လှူပ်ရှားပူဇော်ကြပါသည်။

ရှေးဦးစွာ ရွာစဉ်များအလိုက် ဘုရားကျောင်းဝင်းအတွင်း အလှည့်ကျဝင်ရောက်နေရာယူကြပါသည်။ တစ်ရွာနှင့်တစ်ရွာ လှပသော ခနုဝတ်စုံများကိုယ်စီဖြင့် အစဉ်လိုက်ဝင်ရောက်လာကြပုံများမှာ ကြည့်ရှု၍မဝနိုင်လောက်အောင် လှပလှသော ရိုးရာပန်းချီကား

www.burmeseclassic.com

တစ်ချပ်သဖွယ် မြင်တွေ့ကြရ၏။ ကိုယ့်ရွာသူ့ရွာအလိုက် ပြင်ဆင်လာကြသော ဆွမ်းတော်ကြီးပွဲများ၊ ဆွမ်းတော်အုပ်များကလည်း အဆင်တန်ဆာမျိုးစုံ၊ ပုံသဏ္ဌာန်မျိုးစုံတို့ဖြင့် တင့်တယ်လှပကြလျက်ရှိပါသည်။ အချို့ဆွမ်းတော်ပွဲများသည် ကျွမ်းကျင်သူတို့၏ လက်ရာများအလိုက် ပုံသဏ္ဌာန်ကွဲပြားခြားနားသွားကြလေ့ရှိသည်။ အချို့လက်ရာလက်စွမ်းပြမှုများသည် ဘုံခုနစ်ဆင့်သဖွယ်အလွန်လှပကြသည်ကို တွေ့ကြရသည်။


ငြိမ့်ညောင်းညင်သာစွာ စီတန်းလှည့်လည်ကြရင်း ရွှေပုထိုးစေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်မှာ ရှုမဆုံးနိုင်အောင်ပင်ရှိလှပါ၏။ ဓနုအမျိုးသား၊အမျိုးသမီးတို့၏ ဘာသာသာသနာအပေါ်၌ ရှိသေကိုင်းရှိုင်းမှု၊ ညွတ်တွားပူဇော်မှုတို့အား ထိုကဲ့သို့သော ဘုရားပွဲတော်တို့တွင် တွေ့မြင်နိုင်ပါ၏။ ရွာအလိုက် တီးခတ်လာကြသော သူတို့၏အခေါ်အားဖြင့် အိုးစယ်ဝိုင်း' ခေါ် ဓနုအိုးစည်ဝိုင်းတို့ကလည်း မြူးကြွသွက်လက်လွန်းလှသည်။ သူ့ရွာကိုယ့်ရွာ အိုးစည်ခြင်းလည်းမတူကြ၍ အသံထွက်ပုံချင်းလည်းမတူကြသဖြင့် အတီးသံ၏ ရှင်ပုံချင်းလည်း မတူဘဲရှိတတ်ကြောင်း တွေ့မြင်ကြားသိကြရသည်။

ဓနုအိုးစည်သည် ရှမ်းအိုးစည်နှင့် မတူပါ။ ရှမ်းအိုးစည်က အလျားရှည်သည်။ ရှမ်းအိုးစည်၏တီးခတ်မှုမှထွက်လာသောအသံသည် ဓနုအိုးစည်တီးခတ်မှုမှထွက်လာသောအသံနှင့်ကွဲပြားသည်ကို သာမန်အားဖြင့်ပင် သိသာနိုင်ကြပါသည်။ ဓနုအိုးစည်တွင် အိုးစည် အကြီး၊ အငယ် အမျိုးအစားကိုလိုက်၍ သားရေကိုတပ်ဆင်ရပါသည်။ အိုးစည်မှထွက်သောသံစဉ်ကိုလိုက်၍လည်း မောင်းကိုရွေးချယ်ကြရသည်။ ဝါးလက်ခုပ်ကိုမူ တစ်ခုမက ထည့်ဝင်တီးခတ်ခြင်းပြုကြသည်။ မောင်းကို အိုးစည်တီးချက်နှင့် လိုက်ဖက်ရန် အလေးချိန်ဖြင့်ညှိ၍ဝယ်ယူကြရလေ့ရှိပါသည်။ နှစ်ပိဿာမောင်းနှင့်လိုက်ဖက်သောအိုးစည်သံ၊ သုံးပိဿာမောင်းနှင့်လိုက်ဖက်သော အိုးစည်သံဟူ၍ ဓနုအိုးစည်ပညာရှင်တို့က ဆုံးဖြတ်ပေးကြလေ့ရှိ၏။ နှစ်ပိဿာ၊ သုံးပိဿာဆိုသည်မှာ ကြေးချိန်ပိဿာတို့ကို ဆိုလိုရင်း ဖြစ်သည်။


ထို့ကြောင့် အိုးစည်သားရေမျက်နှာပြင်မှ ထွက်ပေါ်လာသော အိုးစည်သံနှင့်လိုက်ဖက်သော မောင်းသံ၊



ထူးခြားသည့် ဓနုအိုးစည်ပုံသဏ္ဌာန်နှင့်
မြည်ဟိန်းထွက်လာသည့်အသံကလည်း မြူးမြူးကြွကြွရှိလှသည်



ကြေးမောင်းသည် ဓနုအိုးစည်ဝိုင်းအတွက် မပါမပြီး အရေးကြီးသော တူရိယာဖြစ်ကာ
အိုးစည်မှာ ထွက်သောသံစဉ်ကိုလိုက်၍ နှစ်ပိဿာမောင်း။ သုံးပိဿာမောင်းဟူ၍ ရှိတတ်ကြ[illegible]



ရွှေပုထိုးစေတီတော်ကြီးပတ်ပတ်လည် စီတန်းပူဇော်နေကြစဉ်

www.burmeseclassic.com




ကပ်လှူပူဇော်မှုမျိုးစုံတို့ဖြင့် တွေ့မြင်နိုင်သည်



ရိုးသားတည်ငြိမ်မှုရှိလှသည့် ချစ်စဖွယ် ခနုလုံမေပျိုများ



ဒေသပွင့် မိုးကြိုးပန်းလေးများဖြင့် ပြင်ဆင်ပူဇော်ထားကြသော
ရိုးရာဆွမ်းတော်ပွဲလေးများ၏ လှပနေပုံမှာ



ပင်းတယမှ နေသူယုနိုင်ဦးစီးသော သောက်ရေသန့်အလှူမှာလည်း
'စိတ်တူကိုယ်တူ' ဟူသည့်အတိုင်း မွန်မြတ်ညီညာလှပါ၏

င်းကွင်းသံ၊ ဝါးလက်ခုပ်သံတို့သည် လောကလုံး လွှမ်းမိုးနိုင်သည်အထိ ကြွကြွလှသည်။ ထိုလက်သံတို့ဖြင့် ငယ်လေးများ၏ တက်ကြွလန်းရွှင် တို့ကို အကဲခတ်နိုင်ကြပါလေသည်။ တိုင်းရင်းသားတို့၏ရှေးသမိုင်းကြောင်း ကြည့်ကြလျှင်လည်း အစဉ်အလာ ဗုဒ္ဓဘာသာကို ဦးထိပ်ထားကြ တိုင်းရင်းသားလူမျိုးဟူ၍ ပြောဆို ၏။

ပုဂံပြည် ပုဂါရာမမှ မွန်ဂိုတာတာ ကြောင့် မြန်မာပြည်အနှံ့ ရှောင်တိမ်း ပြေးလာကြရသောကာလက ခနု တို့အထိ အုပ်စုသုံးခုခွဲဖြာ၍ထွက် ခဲ့ကြရာတွင် ဦးဆောင်ခေါ်ငင် ခဲ့ကြသူများမှာ ရဟန်းတော်များဖြစ် ကြောင်း မှတ်တမ်းများအရ သိကြား ရသည်များရှိပါသည်။

ထိုရဟန်းတော်များကပင် ရှေးပုဂံ တို့မှ ရှေးဘုရားရှေးလက်ရာပစ္စည်း အချို့တစ်ဝက်တို့ကို ထိန်းသိမ်း ဆောင်ခဲ့ကြသည်ကိုလည်း မှတ်တမ်း တို့အရ သိနိုင်ခဲ့ကြ၏။ ထို့ကြောင့် ဒေသတွင် ရှေးဘုရားများ၊ ရှေးအနု လက်ရာများဖြစ်သော ဥပမာ ရှေးဆင်စွယ်ယပ်တောင်၊ ခြေတစ်ဖက်ချဘုရား စသည်တို့ကို တွေ့ရှိနိုင်ကြခြင်း ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ထိုကဲ့သို့ ရှေးအစဉ်အလာ ကြီးမားလှသော၊ ရှေးကသမိုင်းအနေအထားကောင်းမွန်လှသော၊ ယဉ်ကျေးနူးညံ့၍မေတ္တာတရားထားနိုင်တတ်လှသော၊ ရိုးသားမှုဖြင့် ရပ်တည်တတ်သော ခနုတိုင်းရင်းသားများသည် အမှန်ပင် လေးစားချစ်ခင်ဖွယ်ရာကောင်းလှပါလေသည်။ ဘာသာစကား လေယူလေသိမ်းဝဲပုံတို့မှာလည်း အခြားတစ်ပါးသော တိုင်းရင်းသားလူမျိုးတို့နှင့် တူနိုင်မှုမရှိသည်ကို တွေ့မြင်ကြရသည်။ ပမာအားဖြင့် ရှမ်းတောင်ဒေသ အင်းလေးကန်တို့မှ စကားသံဝဲမှုတို့သည် ထားဝယ်မောင်းမကန်တို့ဘက်နှင့် စကားသံဆင်တူဝဲတတ်သည်ကို တွေ့ရှိကြရသည်။

ဤတွင် အံ့ဩဖွယ်ရာ တစ်ချက်ကိုတွေ့ရှိရသည်မှာ ခနုတိုင်းရင်းသားတို့၏ လက်ရှိပြောဆိုသုံးနှုန်းနေကြသော ဝေါဟာရများ၊ ပေါရာဏများသည် ထိုရှေး ပုဂံခေတ်မှ ပုဂံနေပျူလူမျိုးတို့၏ ဝေါဟာရ ပေါရာဏအသုံးအနှုန်းအချို့တို့နှင့် ထပ်တူရှိနေကြခြင်းပင် ဖြစ်ပါသည်။ ခနုတိုင်းရင်းသားတို့၏ ချစ်စဖွယ်အမူအကျင့်အလေ့အထများသည်လည်း ပျူလူမျိုးနှင့် ထပ်တူကျသည်ဟုလည်း စာရေးသူခံစားမိပါသည်။ အထင်ရှားဆုံးအချက်တစ်ခုမှာ ခနုတိုင်းရင်းသားတို့သည် ရန်မပြုတတ်သော၊ ရန်ပြုလာတတ်သူကိုလည်း လက်တုံ့မပြန်တတ်သော မေတ္တာအားကြီးစွာနေတတ်သူများဖြစ်၍ ခနုတို့၏ ဒေသသည် လက်နက်ကိုင်မရှိသော ရပ်ဝန်းဒေသတစ်ခုဖြစ်နေခဲ့ပါလေသည်။

ထို့ကြောင့်လည်း စေတီတော်၊ တန်ဆောင်း၊ ယဉ်ကျေးမှုအပေါင်းတို့စုဝေးတည်ရှိကြရာ ရိုးသားသော ခနုတိုင်းရင်းသားများ၏ ပွဲတော်မြင်ကွင်းများကို ဂုဏ်ယူနှစ်လိုစွာ လက်ဆင့်ကမ်းရှာဖွေစုဆောင်းရင်း တင်ပြလိုက်ရပါလေသည်။

ခင် (တောင်ကြီး)



www.burmeseclassic.com

www.burmeseclassic.com

**❑ သူယောင်ကြီးနှင့်တွေ့ရခြင်း**

မောင်ထွန်းမြိုင်နှင့် အတူပါလာသော အဘဘိုးမင်းခေါင်၏ မွေးစားသားဖြစ်သူ စန္ဒသူရိယရသေ့လေးသည် မောင်ထွန်းမြိုင်ပြသလို ပညာစွမ်းတစ်ခုကို ပြလိုစိတ်ပြင်းပြလာသဖြင့် သူသည် မောင်ထွန်းမြိုင်၏ ဆွေမျိုးများအိမ်သို့ အလည်သွားရောက်ပြီး ထိုဆွေမျိုးထဲမှ အမျိုးသားတစ်ဦးအား စကားစကြည့်လိုက်၏။

"ကျုပ်လည်း ကိုထွန်းမြိုင်နဲ့အတူ ပါလာတဲ့သူပဲ။ ကိုထွန်းမြိုင်ရဲ့ပညာစွမ်းတွေကိုတော့ ခင်ဗျားတို့မြင်ပြီးကြပြီ။ ကျုပ်ကိုကော ခင်ဗျားတို့ဘယ်လိုထင်ကြလဲ။ သူ့လိုပဲ စွမ်းမယ်ထင်လား"

ကိုတော့တွေ့ခဲ့ပြီးပြီ။ ဒီတစ်ခါ သူယောင်ကိုကြည့်မလား"

ဟု မေးလိုက်ရာ -

"ဟာ-ကြည့်ချင်တာပေါ့ဗျ။ ဒါနဲ့နေပါဦး ရသေ့လေး၊ သူယောင်ဆိုတာ ဘာလဲဗျ။ ကျွန်တော်တို့က သူယောင်ဆိုတဲ့နာမည်တော့ကြားဖူးပါရဲ့။ ဒါပေမယ့် သူယောင်ဆိုတာ ဘယ်လိုဟာမျိုး ခေါ်တယ်လို့ အသေအချာမသိဘူးဗျ"

ဟု ပြောလိုက်ရာ ရသေ့လေးက-

"ဒီမယ် သူယောင်ဆိုတာ ပေါ့သေးသေးတော့မဟုတ်ဘူး။ အင်း-ခင်ဗျားတို့ နားလည်အောင်ပြောရမယ်ဆိုရင်တော့ အကြမ်းဖျင်းပေါ့။ သရဲအကြီးစားကို သူယောင်ရဲ့ပုံသဏ္ဌာန်ကိုတော့ ပြလို့မသင့်ဘူး။ ဘာလို့လဲဆိုတော့ ဒီဝေမာနိကဆိုတဲ့ပုဂ္ဂိုလ်တွေရဲ့ သဏ္ဌာန်ဟာ အင်မတန်မှဆိုးဝါးပြီး ကြောက်စရာကောင်းတယ်။ တကယ်လို့ ရုတ်တရက်တွေ့လိုက်ရရင် မြင်ရတဲ့သူဟာ အရမ်းကို ကြောက်ရွံ့ထိတ်လန့်ပြီး လိပ်ပြာလွင့်သွားတတ်တယ်။ ဒါကြောင့် ခေါ်သွင်းပေးမယ်။ သူ့ရုပ်တော့မြင်ရမှာမဟုတ်ဘူး။ သူ့ကိုမေးချင်တာမေးလို့ရတယ်၊ ပြောလိုရာပြောလို့ရတယ်"

ဟု ဆိုလေ၏။

ထိုသို့ ရသေ့လေး ပညာစွမ်းပြမည့်ကိစ္စသည်လည်း တစ်ရွာလုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့၏။

ကျေးဇူးရှင်စစ်ကျွင်းဆရာတော်ကြီး၏တပည့်

## မဟာပထမံပညာဂေါ်မြေပြင်ဂိုဏ်းချုပ်

၁၉

# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပထမံဆရာဦးအေးရွှေ



ဟု မေးလိုက်ရာ မောင်ထွန်းမြိုင်၏ဆွေမျိုးအမျိုးသားက -

"ဟာ - ရသေ့လေးကလည်း၊ ကိုထွန်းမြိုင်ရဲ့မိတ်ဆွေပဲလေ။ မိတ်ဆွေအပေါင်းအဖော်ဆိုမှတော့ အသွင်တူမှ ပေါင်းလို့ရတာမဟုတ်လား။ ဒါကြောင့် ကိုထွန်းမြိုင်စွမ်းသလို ရသေ့လေးလည်း စွမ်းမယ်လို့ထင်ပါတယ်"

"ဒါဆို ကိုထွန်းမြိုင်ပညာစွမ်းပြသလို ကျုပ်ပညာစွမ်းကိုပြရမလား"

ဟု မေးလိုက်ရာ အိမ်ရှင်အမျိုးသားကလည်း -

"ရသေ့လေးက ပညာစွမ်းပြမယ်ဆိုတော့ကောင်းတာပေါ့။ ကျွန်တော်တို့ကြည့်ချင်ပါတယ်။ ပြပါ ရသေ့လေး။ ပြပါ"

ဟု ထောက်ခံလိုက်ရာ ရသေ့လေးလည်း အားတက်သွားပြီး -

"ခင်ဗျားတို့ စုန်းတွေ၊ ကဝေတွေ သဘက်ခေါ်တယ်။ အဲဒီသဘက်ထက်ကြီးတဲ့အမျိုးအစားကိုတော့ သူယောင်ခေါ်တယ်"

ဟု ရှင်းပြရာ -

"ဟင် - ဒါဆို အဲဒီသူယောင်ဆိုတာပေါ့သေးသေးမှမဟုတ်တာဘဲ။ သရဲထက် အများကြီးကြီးတာပဲ။ ကြည့်ချင်တာပေါ့။ ဘယ်တော့ခေါ်ပြမှာလဲ ရသေ့လေး"

ဟု မေးလိုက်ရာ ရသေ့လေးက-

"ပြဆို ဒီနေ့ သန်းခေါင်ကျော်လောက်မှာ ခေါ်တာပေါ့။ ဩော်-ဒါပေမယ့် သူယောင်ခေါ်တယ်ဆိုတာ အဲဒီ

ထို့ကြောင့်လည်း ညဉ့်သန်းခေါင် သူယောင်ခေါ်မည့်နေရာသို့ လူအတော်များများပင် ရောက်ရှိလာကြလေ၏။ ထိုအခါ ရသေ့လေးလည်း သူယောင်ခေါ်မည့်အချိန်သို့ ရောက်ရှိသော အခါ ရောက်လာသောသူများထဲမှ တောင့်တောင့်တင်းတင်းနှင့် ကျန်းမာပြီး သတ္တိရှိပုံပေါ်သော အမျိုးသားတစ်ဦးအား ရွေးထုတ်လိုက်ပြီး ရသေ့လေးက-



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားကို သူယောင်ဝင်ပူးခိုင်းမယ်။ လုပ်နိုင်ဝံ့ပါမည်လား"

ဟု မေးလိုက်ရာ ထိုသူကလည်း ဆိုင်းမတွပင်လုပ်ဝံ့ပါသည့်အကြောင်း ပြောသဖြင့် ရသေ့လေးလည်း ထိုဒေသ၏ အကြီးဆုံးသော သူယောင်ကိုဝင်လာခိုင်းလိုက်၏။ သို့သော် သူယောင်သည် တော်တော်နှင့်ဝင်မလာသဖြင့် ရသေ့လည်း စဉ်းစားရကျပ်သွား၏။ ခေတ္တမျှကြာသောအခါတွင် တစ်စုံတစ်ခုကိုသွားသတိရပြီး -

"ဟော့-မင်းမှာအဆောင်တွေများ ဆောင်ထားသေးလား"

ဟု ရသေ့ကမေးလိုက်ရာထိုအခါတွင်မှ ထိုသူလည်း သတိရသွားပြီး -

"အဆောင်လား၊ ဆောင်ထားတယ်။ ဟိုတစ်နေ့က ကိုထွန်းမြိုင်စီရင်ပေးတဲ့အိတ်ဆောင်အင်းတော့ရှိတယ်"

"အဲဒီ - အင်းကို တစ်နေရာရာမှာ သွားထားလိုက်"

ဟု ရသေ့လေးက ပြောသဖြင့် ထိုသူလည်း ထိုအိတ်ဆောင်အင်းကို တစ်နေရာတွင်သွားသိမ်းထားလိုက်၏။ ထိုအခါတွင်မှ ရသေ့လေးက အမိန့်ပေးလိုက်သည်နှင့် သူယောင်သည်ဝင်လာလေတော့၏။ သူယောင်ဝင်ပူးသည်နှင့် ထိုအပူးခံရသူ၏ မျက်နှာသွင်ပြင်နှင့် အသံနေအထားပါ ပြောင်းသွားလေတော့၏။

ထိုအခါ ရသေ့လေးက အနီးရှိ အခြားသူများအား တစ်ချက်ကြည့်လိုက်ပြီး -

"ကဲ - သူယောင်တော့ဝင်လာပြီ။ သူပြန်မထွက်ခင် ခင်ဗျားတို့သိချင်တာမေးကြပါ။ စကားပြောကြည့်နိုင်ပါတယ်"

ဟု ခွင့်ပြုလိုက်သဖြင့် မလှမ်းမကမ်းရှိ လူနှစ်ဦး၊ သုံးဦးက -

"ကျွန်တော်တို့ စကားပြောကြည့်ရင်ရမလားခင်ဗျာ"

ဟု မေးလိုက်ရာ ရသေ့လေးက-

"ရပါတယ်။ ခင်ဗျားတို့ မေးလိုတာရှိရင် မေးကြပါ။ ပြောလိုတာပြောနိုင်ပါတယ်"

ဟု ဆိုသဖြင့် သတ္တိကောင်းဟန်တူသော လူတစ်ယောက်သည် ရှေ့သို့ထွက်လာပြီး စတင်မေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ခုဝင်လာတဲ့သူက သူယောင်ဆိုတာဟုတ်ပါသလား"

"ဟုတ်ပါတယ်၊ သူယောင်မှ သူယောင်အစစ်ပါ"

"ခင်ဗျားက သူယောင်ဆိုတော့ ဘယ်မှာနေတာလဲ"

"ဥမ္မာဒန္တီဘုရားမှာနေတယ်"

"ဟင်-ဘုရားမှာဆိုတော့ဘာလုပ်တာလဲ"

ဟု တစ်ဆက်တည်း မေးလိုက်ရာ သူယောင်က-

"ဘုရားမှာ ဘာလုပ်ရမှာလဲ။ သိုက်စောင့်ပေါ့ကွ သိုက်စောင့်၊ သိုက်စောင့်"

စိတ်မရှည်သောပုံစံဖြင့် သူယောင်ကဖြေလိုက်၏။ ထိုအခါ မေးခွန်းမေးသည့်သူသည် ရုတ်ခြည်းပင် မျက်နှာမကောင်းဖြစ်သွား၏။ သို့သော် သူသည် ဣန္ဒြေပျက်သွားသည်ကိုသတိပြုမိသဖြင့် ချက်ချင်းပင် ပြန်ထိန်းလိုက်ပြီး ဟန်မပျက်ဆက်မေးလေ၏။

"ခင်ဗျားက သိုက်စောင့်ဆိုတော့ ဘယ်အချိန်လောက်ကတည်းက သိုက်စောင့်ဖြစ်တာလဲ။ အတော်တော့ကြာပြီနေမှာပဲနော်"

ဟု မေးလိုက်၏။

ထိုအခါသူယောင်က -

"ကြာတာတော့ ပြောမနေနဲ့။ ဘယ်အချိန်ကတည်းက သိုက်စောင့်ဖြစ်တာလဲဆိုတော့ အဲဒီဥမ္မာဒန္တီဘုရားစတည်ကတည်းကဆိုပါတော့"

"ဒါဆို အဲဒီသိုက်စောင့်မဖြစ်ခင်တုန်းကရော ဘယ်လိုဘဝမျိုးမှာဖြစ်ခဲ့လဲ။ လူပဲလား"

"ဟုတ်တယ်၊ လူ့ဘဝမှာဖြစ်ခဲ့တယ်"

"လူ့ဘဝတုန်းက ဘယ်လိုအဆင့်အတန်းမျိုးနဲ့ လူဖြစ်ခဲ့တာလဲ"

"အဲဒီဘဝတုန်းကတော့ စစ်သူကြီးပဲ"

"စစ်သူကြီးဘဝကနေ သိုက်စောင့်ဖြစ်လာတာဆိုတော့ အဲဒီဘုရားသိုက်ကိုတော်တော်လုံခြုံအောင်ကာကွယ်နိုင်မှာပဲနော်"

ဟု မေးသူက ပြောလိုက်သောအခါ သူယောင်သည် အတော်ပင်စိတ်ဆိုးသွားသည့်ဟန်ဖြင့် အသားများတဆက်ဆက်တုန်လာလေတော့၏။

ထို့နောက် သူယောင်က -

"ဒီမယ် မင်းရဲ့စကားက တော်တော်စော်ကားတာပဲ။ မင်းဟာကိုယ်လုပ်ခဲ့တဲ့ကိစ္စကိုမေ့နေတာလား။ ဒါမှမဟုတ် တမင်တကာ မသိချင်ယောင်ဆောင်ပြီး ငါ့ကိုစော်ကားတာလား"

ဟု ပြောလိုက်ရာ ထိုသူလည်း ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး-

"ကျွန်တော် ဘာ. . . ဘာလုပ်ခဲ့လို့လဲ"

ဟု ပြန်မေးလိုက်ရာ သူယောင်လည်း ပိုစိတ်ဆိုးသည်ထက်ဆိုးသွားပြီး-

"ဘာလုပ်ခဲ့လို့လဲဟုတ်လား။ ဒီမယ် ပော့ကောင် မင်းလွန်ခဲ့တဲ့ (၁၂) နှစ်တုန်းက ငါ့ရဲ့ဥမ္မာဒန္တီဘုရားသိုက်ကို ပုသိမ်က သိုက်ဆရာတစ်ယောက်နဲ့ပေါင်းပြီး သိုက်လာတူးခဲ့တာ မမှတ်မိဘူးလား။ အဲဒီတုန်းက ငါအပြင်းအထန်ကာကွယ်လိုက်လို့ မင်းတို့တွေပြန်ဆုတ်သွားကြတယ်မဟုတ်လား။ အဲဒါတောင် မင်းတို့က ဘုရားဌာပနာပစ္စည်းသုံးခုကိုပါအောင်ယူသွားသေးတယ်မဟုတ်လား။ ဘယ့်နှယ်လဲ မေ့နေပြီလား။ မမေ့နဲ့၊ ဒီကိစ္စကမေ့လို့ရတဲ့ကိစ္စမဟုတ်ဘူး။ ဒါတွေကဘာမှတ်လဲ။ ဘုရားပစ္စည်းတွေကွ။ ဘုရားပစ္စည်းတွေ။ စားကောင်းတဲ့အရာတွေမဟုတ်ဘူးဆိုတာ နားမလည်ဘူးလား။ အဲဒီဘုရားဌာပနာတွေ ခုပြန်ပေး၊ ပြန်ပေး"

ဟု တောင်းလေ၏။

ထိုအခါ အဆိုပါ မေးခွန်းမေးသူလည်း လွန်စွာပင် ရုပ်ပျက်ဆင်းပျက်ဖြစ်လောက်အောင်ပင် ကြောက်ရွံ့ထိတ်လန့်သွားပြီး -

"အဲ. . . အဲ ဒီပစ္စည်းတွေ . . . မ. . . မရှိတော့ဘူး"

ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြန်ဖြေလိုက်ရာ သူယောင်လည်း ပို၍စိတ်ဆိုးသွားပြီး -

"ဘာ - မရှိတော့ဘူး ဟုတ်လား။ မရှိလို့မရဘူး။ ဒါက ကမ္ဘာကြေပေမယ့် ဥဒါန်းကျေလို့မရတဲ့ပစ္စည်းတွေကွ။ ပစ္စည်းတွေမရရအောင်ပြန်ရှာပေး"

ဟု ပြောလိုက်ရာ ထိုသူလည်း ပို၍ထိတ်လန့်သွားပြီး -

"ပြန်ရှာလို့လည်းမရ၊ မရနိုင်တော့ပါဘူး"

ဟု ပြောလိုက်ရာ သူယောင်လည်း ဒေါသပေါက်ကွဲမှုမှာအထွတ်အထိပ်သို့ရောက်သွားပြီး လက်နှစ်ဖက်ကိုဆန့်တန်းလိုက်ကာ ထိုသူ၏ လည်ပင်းကိုညှစ်လေတော့၏။ ထိုအခါတွင် အခြေအနေသည် အတော်ပင် ရုတ်ရုတ်သဲသဲဖြစ်သွားတော့၏။

သူယောင်၏နှုတ်မှလည်း -

"မင်း ဘုရားပစ္စည်းတွေ ပြန်မပေး နိုင်တော့ဘူးဆိုရင်း မင်းရဲ့အသက်ကိုပြန် ပေးတော့ကွ"

ဟု နှုတ်မှအော်ဟစ်ကြိမ်းမောင်း နေလေ၏။

ထိုအခါတွင်မှ ရသေ့လေး စန္ဒ သူရိယလည်း သတိဝင်လာပြီး နှုတ်မှ လည်း -

"ဟ. . . ဟ လုပ်ကြပါဦးကွ ဒီသူယောင်ကို ဝိုင်းဆွဲကြပါ။ ဝိုင်းဆွဲကြ ပါ"

ဟု ပြောဆိုပြီးနောက် နှုတ်မှ လည်း သူယောင်ကို ပြန်လည်ထွက်ခွာ သွားရန် အမိန့်ပေးလိုက်၏။

ရသေ့လေးသည် သူယောင်အား တစ်ကြိမ်အမိန့်ပေး၏။ မထွက်ပေ ထို့ကြောင့် သုံး၊ လေးကြိမ်ဆက်ပြီး အမိန့်ပေး၏။ သို့သော် သူယောင်အား မသိကျိုးကျွန်ပြု၍ ပူးမြဲအတိုင်းပင်ပူးနေ ၏။ သူ၏လက်များ၊ ခြေများကလည်း ဘေးလူများက ဝိုင်းဝန်းထိန်းချုပ်နေ သည့်ကြားမှပင် ဘုရားဌာပနာတိုက် ဖောက်ထွင်းခိုးယူသူအား ထိုးကြိတ်က ကျောက်နေလေတော့၏။ ထိုအခါတွင် ရသေ့လေးလည်း အကြံအိုက်ကာ မည် သို့မျှ မတတ်နိုင်အောင်ရှိလေတော့၏။ နောက်ဆုံးတွင် သူသည် မောင်ထွန်းမြင့် အား အမြန်လာရောက်ပါရန် လူတစ် ယောက်အား အခေါ် ခိုင်းလိုက်ရတော့ ၏။

မကြာမီတွင် မောင်ထွန်းမြင့်သည် ရောက်ရှိလာခဲ့ပြီး အခြေအနေအရပ်ရပ် ကို ချက်ချင်း သုံးသပ်လိုက်ပြီးနောက် သူယောင်အား အသေအချာစိုက်ကြည့် ကာ လက်ညှိုးငေါက်ငေါက်ထိုးလိုက်ပြီး-

"ခုချက်ချင်း ဒီနေရာကထွက် သွား"

ဟု အမိန့်ပေးလိုက်၏။

ထိုအခါ သူယောင်လည်း စောစော တုန်းကကဲ့သို့ သောင်းကျန်းမနေတော့ ဘဲ ချက်ချင်းငြိမ်ကျသွားလေတော့၏။ သို့သော် သူသည် လူကသာငြိမ်ကျသွား သော်လည်း သူ၏နီရဲသောမျက်လုံးများ က မျက်ထောက်နီကြီးဖြင့် ဘုရားဌာပနာ ခိုးယူသူအား စားမတတ်ဝါးမတတ်ကြည့် နေသေး၏။ ထို့ကြောင့် မောင်ထွန်းမြင့် ကလည်း နောက်တစ်ကြိမ်-

"ဒီနေရာက ချက်ချင်းထွက်သွား လို့ အမိန့်ပေးနေတာ မကြားဘူးလား ခုချက်ချင်း ထွက်သွား"



www.burmeseclassic.com

www.burmeseclassic.com

ဟု ထပ်မံအမိန့် ပေးလိုက်၏။

ထိုတွင် ထူးခြားသော အဖြစ်အပျက်တစ်ရပ်ပေါ် ပေါက်လာလေတော့၏။

ဤတွင် သူယောင်ဝင်ပူးခိုင်းသော နေရာသည် ရွာ၏အစွန်ဇရပ်ထဲတွင် ဖြစ်၏။ ပထမပိုင်း ငြိမ်သက်သွားသော သူယောင်သည် မောင်ထွန်းမြိုင်မှ ဒုတိယအကြိမ် အမိန့်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် သူယောင်သည် ထခုန်လိုက်ရာ ဇရပ်အမိုးကိုပင် ဖောက်ထွက်သွားလေ၏။ ထိုအခါတွင် -

"ဝုန်း"

ဟူသော အသံကြီးနှင့်အတူ သူယောင်သည် အမြင်သို့ဖောက်ထွက်သွားခြင်း ဖြစ်၏။ ဇရပ်အမိုးကြီးလည်း ကွင်းနေပြီ ဖြစ်၏။ ထို့ကြောင့် သူယောင်သည်အပြင် မည်သည့်နေရာတွင်ကျမည်နည်းဟူသောအထင်ဖြင့် ဇရပ်ထဲမှလူများသည် အပြင်သို့ ပြေးထွက်ပြီးကြည့်ကြ၏။ သို့သော် အနီးအနားတွင်မည်သည့်ထူးခြားအံ့သြသည့်အရိပ်အယောင်ကိုမျှ မတွေ့ရသဖြင့် လူများသည် အလွန်ပင် အံ့သြစိုးရိမ်သွားကြ၏။ အဘယ်ကြောင့်ဆိုသော် သူယောင်ဝင်အပူးခံထားရသူသည် သူယောင်နှင့်အတူပါသွားသောကြောင့် ဖြစ်သည်။ သူယောင် အမိုးဖောက်ပြီးပျောက်သွားခြင်းနှင့်အတူ ထိုသူပါပျောက်သွားခြင်း ပင် ဖြစ်၏။ ထို့ကြောင့်လည်း လူအများစိုးရိမ်စိတ်ကလည်း မြင့်မားသွားသဖြင့် အယောက်တစ်မျိုးထင်ကြေးပေးသော အသံသည် ထိုဇရပ်အနီးတစ်ဝိုက်တွင် ဆူညံပွက်လောရိုက်နေတော့၏။

ထိုအချိန်တွင် မောင်ထွန်းမြိုင်သည် ဖြစ်စဉ်ကို အသေအချာ သုံးသပ်ပြီးနောက် လူအများအား -

"ကဲ - ဒီလိုနေလို့တော့မဖြစ်ဘူး။ သူလှမ်းလှမ်းနေရာအထိလိုက်ရှာကြမှ ဖြစ်မယ်။ ဒါကြောင့် လူခွဲပြီး မြန်မြန်ရှာကြရအောင်"

ဟု ပြောလိုက်သဖြင့် အားလုံးသည် မောင်ထွန်းမြိုင်ခိုင်းသည့်အတိုင်း အမြန်ပင် ထွက်သွားကြတော့၏။ ထိုသို့ ထွက်သွားကြပြီးနောက် မောင်ထွန်းမြိုင်သည် လက်ရှိအခြေအနေကို စဉ်းစားမိပြီး ချက်ချင်းပင် ဇရပ်ကို ပြန်ဝင်ကြည့်လိုက်ရာ စောစောက သူယောင်နှင့် ပြဿနာတက်ခဲ့သူသည် ထဲ၌ ပက်လက်လန်လဲနေပြီး သတိချက်ရတစ်ချက်နှင့်ဖြစ်နေသဖြင့် မောင်ထွန်းမြိုင်လည်း ထိုသူအား ကူသပေးရလေ၏။ ရသေ့လေး စန္ဒသူရိယကလည်း လိုအပ်သည်များကို ဝိုင်းဝန်းလုပ်ကိုင်ပေးလေ၏။ ရသေ့လေးသည် ဖြစ်ပျက်ခဲ့သမျှသောအခြင်းအရာများကို ချိန်ဆသုံးသပ်ကာ အတော်စိတ်မကောင်းဖြစ်နေလေတော့၏။ သူ၏နှုတ်မှလည်း သူသည် အေးအေးဆေးဆေးမနေဘဲ ဆတ်ဆတ်ဆော့ဆော့နှင့်လျှောက်လုပ်မိသဖြင့် လူများ အခုကဲ့သို့ ဒုက္ခရောက်ကြရကြောင်း ပြောဆိုကာ စိတ်ထိခိုက်နေသည်ကိုတွေ့ရသဖြင့် မောင်ထွန်းမြိုင်က -

"အို - ရသေ့လေးကလည်း ဘယ်သူကတမင်လုပ်ရမှာလဲ။ ကိုယ်ကသိပါစေ၊ မြင်ဖူးပါစေ၊ တွေ့ဖူးပါစေဆိုတဲ့ စေတနာကောင်းနဲ့လုပ်ခဲ့တာပဲ။ ခုဟာက သူတို့ရဲ့အကြောင်းအကျိုးတွေတိုက်ဆိုင်လာကြတာတော့ကပါပဲ"

ဟု ပြောဆိုနှစ်သိမ့်ပေးလေ၏။

ထိုအချိန်တွင် ပြဿနာဖြစ်ခဲ့သူသည် အဖျားသွေးပါဝင်လာသဖြင့် ကယောင်ကတမ်းပင် ပြောဆိုနေလေတော့၏။

"အ. . . မ. . . လေး. ကြောက်ပါပြီဗျ။ ဘုရားပစ္စည်းတွေ. . . နောက်နောင်မလုပ်တော့ပါဘူး"

ဟု တွင်တွင်သာပြောနေ၏။

ထို့ကြောင့် မောင်ထွန်းမြိုင်လည်း ထိုသူ၏ အခြေအနေကို သုံးသပ်လိုက်ပြီး-

"အင်း-ဒီလူ့အခြေအနေကတော့ ဒီအတိုင်းထားလို့မရဘူး။ ဆေးတိုက်မှ ဖြစ်တော့မယ်"

ဟု သုံးသပ်ကာ သူ့အိတ်ထဲမှ ဆေးပုလင်းကိုထုတ်ပြီး ဆေးတစ်လုံးကို ယူလိုက်ကာ ထိုသူ၏ပါးစပ်ထဲသို့ထည့်လိုက်၏။ ဆေးပါးစပ်ထဲသို့ထည့်ပြီး မကြာမတင်မီပင် ထိုသူသည် နှစ်ခြိုက်စွာအိပ်ပျော်သွားလေ၏။

ထိုအချိန်တွင် ဇရပ်ပေါ်သို့ လူသုံး၊ လေးယောက် ပြေးလွှားတတ်လာသည်ကို တွေ့ရသဖြင့် ကြည့်လိုက်ရာ စောစောက သူယောင်ကိုသွားရှာကြသည့်သူများထဲတွင်ပါသည့်သူများဖြစ်ကြောင်း သိလိုက်ရသဖြင့် မောင်ထွန်းမြိုင်က-

"ဘယ်လိုလဲဟေ့ - တွေ့ခဲ့ကြပြီလား"

ဟု ခရီးရောက်ဆိုက်ပင်မေးလိုက်သဖြင့် ထိုသူတို့သည် အပြေးအလွှားလာခဲ့ကြရသဖြင့် ဟောဟဲဆိုက်နေသည့်ကြားမှ-

"တွေ့ခဲ့ပါပြီ။ ဟိုမောင်တင့်လယ်အစပ်မှာတွေ့ပါတယ်"

ဟု ဖြေလိုက်သဖြင့် မောင်ထွန်းမြိုင်က -

"ဟင် - ကိုတင့်လယ်ဆို ဒီကနေ နည်းနည်းလှမ်းတာပဲ။ အဲဒီတော့ ဟိုသူယောင်ဝင်အပူးခံရတဲ့သူကော ဘာဖြစ်သွားသေးလဲ"

ဟု တစ်ဆက်တည်းမေးလိုက်၏။ ထိုအခါ ထိုသူများက -

"သူ့ကိုကြည့်ရတာတော့ ဘာမှဖြစ်ပုံမရဘူး ကိုထွန်းမြိုင်။ သေသေချာချာတော့စကားမပြောခဲ့ရဘူး"

ဟု ဖြေလိုက်သဖြင့် မောင်ထွန်းမြိုင်က -

"ဒီလိုဆို မင်းတို့နှစ်ယောက်က အဲဒီလူကိုသွားခေါ်လာခဲ့။ ကျန်တဲ့နှစ်ယောက်က ငါတို့နဲ့ ဒီလူကို သယ်သွားမယ်။ ငါ့အိမ်မှာတွေ့ကြမယ်"

ဟု ပြောဆိုစီစဉ်လိုက်၏။

မောင်ထွန်းမြိုင်တို့ သူ့အိမ်ပြန်ရောက်ပြီးမကြာမီတွင်ပင် သူယောင်ဝင်ပူးခံသည့်သူသည်လည်း ရောက်လာသဖြင့် မောင်ထွန်းမြိုင်က -

"ခင်ဗျားဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ပါဘူး ကိုထွန်းမြိုင်၊ အားလုံးကောင်းပါတယ်။ ခါတိုင်းအတိုင်းပါပဲ"

"ဒီလောက် ဇရပ်အမိုးကိုဖောက်ထွက်ပြီး အမြင့်ကြီးကနေ အဝေးကြီးရောက်အောင်ကျတာ မနာဘူးလား"

ဟု မေးလိုက်ရာ -

"မနာပါဘူးဗျ၊ အခု ကိုယ့်ကိုယ်ကိုယ်လည်း သတိထားပြီးကြည့်တယ်။ ခန္ဓာကိုယ်ရဲ့ဘယ်နေရာမှာမှနာတာကျင်တာမျိုးမရှိပါဘူး။ အကောင်းအတိုင်းပါပဲ"

ဟု ပြောဆိုပြီး ထိုသူလည်း သူ့အိမ်သို့သူပြန်သွားလေတော့၏။ ထို့အတူ သူယောင်နှင့် ပြဿနာဖြစ်သူလည်း နောက်တစ်နေ့နံနက် အိပ်ရာမှနိုးသောအခါတွင် အကောင်းပကတိအတိုင်းပင် ဖြစ်သွားလေတော့၏။

သို့ဖြင့် မောင်ထွန်းမြိုင်တို့လည်း သူ၏ဇာတိရွာတွင် အချိန်ကာလ (၃)လ မျှကြာအောင်ပင် နေထိုင်သွားကြ၏။ ထို့နောက်တွင်မှ ရန်ကုန်သို့ပြန်သွားကြ၏။

ဤတွင် အထက်ပါ သူယောင်



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စနှင့်ပတ်သက်သည့် နောက်ဆက်တွဲ အဖြစ်အပျက်တစ်ခုကို ထပ်မံဖော်ပြလို ပါသည်။ ထိုအဖြစ်အပျက်မှာ မောင်ထွန်း မြိုင်တို့ပြန်သွားပြီး တစ်နှစ်ခန့်အကြာ တွင် သူယောင်နှင့်ပြသနာဖြစ်ခဲ့ဖူးသော ဘုရားဌာပနာတိုက်ဖောက်ခဲ့သူသည် သူ့ အိမ်တွင်ပင် ရုတ်တရက်လေဖြတ်သကဲ့ သို့ဖြစ်ကာ တဖြည်းဖြည်း အခြေအနေ ဆိုးသထက်ဆိုးလာပြီး ဆေးကု၍ပင်မခံ ဘဲ သေဆုံးသွားခဲ့ခြင်းပင် ဖြစ်၏။

ထို့ကြောင့်လည်း ဤကိစ္စနှင့် ပတ်သက်ပြီး ရွာတွင် ထိုသူ သေဆုံးခြင်း သည် ဘုရားဌာပနာပစ္စည်းများခိုးယူသုံး စွဲခြင်းနှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နိုင်ကြောင်းထင်ကြေးပေးပြော ဆိုနေကြပါတော့သတည်း။

**၁တစ်ထေရာတည်းတူသည့်ကိုယ်ပွား**

မောင်ထွန်းမြိုင်သည် သူ၏ဇာတိ မွေးရပ်မြေမှ ပြန်လာပြီးနောက် ဆရာ တော်ဦးပညောဘာသနှင့် အတူနေထိုင် ကာ ရွှေတိဂုံဘုရား၌အဓိဋ္ဌာန်ဝင်လေ၏။ မောင်ထွန်းမြိုင်သည် သူတစ်ခါမျှမဝင်ရ ဘူးသေးသော အဓိဋ္ဌာန်များဝင်ရခြင်းကို နှစ်သက်သဖြင့် အဓိဋ္ဌာန်အသစ်ကို စတင်ရရှိသောနေ့၌ပင် အချိန်မဆိုင်းဘဲ အဓိဋ္ဌာန်ဝင်လေ့ရှိ၏။

ထို့ကြောင့် သူသည် အဓိဋ္ဌာန် သစ်တစ်ခုကို ရရှိသဖြင့် အားထုတ်ခဲ့၏။ ထိုအဓိဋ္ဌာန်မှာ သုဂတောင်းချက် အဓိဋ္ဌာန်ပင် ဖြစ်၏။ မောင်ထွန်းမြိုင် သည် ထိုသုဂတောင်းချက်အဓိဋ္ဌာန်ကို ဝင်ရာတွင် ခါတိုင်းနှင့်မတူ တစ်မူထူးခြား စွာဝင်ခဲ့ခြင်း ဖြစ်၏။ ဤတွင် အဓိဋ္ဌာန် ကို တစ်မူထူးခြားစွာဝင်ခြင်းဆိုသည်မှာ အဓိဋ္ဌာန်အစမှအဆုံးတိုင် ရွှေတိဂုံစေတီ တော်၏ကုန်းတော်ပေါ်မှ အောက်သို့ တစ်ဖဝါးမျှမဆင်းခြင်းပင် ဖြစ်လေ၏။ ထို့ကြောင့် မောင်ထွန်းမြိုင်သည် စား လည်း ကုန်းတော်ပေါ်တွင်သာစား၏။ အိပ်လည်း ကုန်းတော်ပေါ်တွင်သာအိပ် ၏။ ကိုယ်လက်သုတ်သင်လျှင်လည်း ကုန်းတော်ပေါ်တွင်ပင်သုတ်သင်၏။

ထို့ကြောင့်လည်း အခြားကိစ္စများ ကြောင့် အချိန်ကုန်လွန်သက်သာသွား ပြီး အဓိဋ္ဌာန်လုပ်ချိန်မှာများပိုမိုရရှိသဖြင့် အင်တိုက်အားတိုက်လုပ်နိုင်သဖြင့် မိမိ ကိုယ်မိမိလည်း ကျေနပ်အားရခြင်းများ ဖြစ်မိ၏။ ထိုသို့ အဓိဋ္ဌာန်ဝင်နေရင်းပင် သေးငယ်သော အခက်အခဲအချို့ကို မမျှော်လင့်ဘဲကြုံတွေ့ရလေ၏။ အဆိုပါ သေးငယ်သော အခက်အခဲလေးများဆို သည်ကို သာဓကအားဖြင့်ဖော်ပြရပါက သွားတိုက်ဆေးကုန်သွားသည့်အဖြစ်မျိုး တွင်ပင်ကြည့်နိုင်ပါသည်။ ထိုသွားတိုက် ဆေးကို ရွှေတိဂုံကုန်းတော်ပေါ်တွင်ဝယ် ၍မရပေ။ ဝယ်ချင်လျှင် ဗဟန်းဈေးထဲ သွားဝယ်မှရမည်ဖြစ်၏။ အခြားသော အစားအသောက်ဆိုင်ရာများကား အခြား သူများနှင့်မှာ၍ရနိုင်ပါသေး၏။ တစ်ကြိမ် ၌ မောင်ထွန်းမြိုင်အိပ်သောခြင်ထောင် ပေါ်သို့ ကြောင်များလုံးထွေးသတ်ပုတ် ရင်း ပြုတ်ကျလာခဲ့၏။ ထိုအခါ ထောင် ထားသောခြင်ထောင်သည် အတော်ပင် စုတ်ပြဲသွားခဲ့၏။ ထိုခြင်ထောင်ကိုလည်း အောက်ဆင်းဝယ်မှရနိုင်မည် ဖြစ်၏။ သို့သော် မောင်ထွန်းမြိုင်ကား ရွှေတိဂုံ ကုန်းတော်ပေါ်မှ အောက်သို့ခြေမချပါ။ အဓိဋ္ဌာန်ထားသဖြင့် သွားဝယ်၍မရဖြစ် နေတော့၏။

ထိုသို့ အခက်အခဲတွေ့ကြုံရပြီး နောက်တစ်နေ့သို့ ရောက်သောအခါ ရန်ကုန်မြို့ပေါ်တွင် နေထိုင်သည့် မောင်ထွန်းမြိုင်နှင့် ရင်းနှီးသူတစ်ဦး သူအဓိဋ္ဌာန်ဝင်ရာသို့ ရောက်ရှိလာခဲ့၏။ ထိုသူကလည်း ခရီးရောက်မဆိုက်ပင် -

"ကိုထွန်းမြိုင်ရေ မနက်ကတည်း ကလာပို့မလို့ပဲဗျာ။ ကိစ္စပေါ်လာလို့ အခု မှပဲလာရတာကိုတော့ ခွင့်လွှတ်ပါဗျာ"

ဟု ပြောလာသဖြင့် မောင်ထွန်း မြိုင်လည်း ဘာမသိဘာမသိဖြင့် ဘာကို ဆိုလိုနေမှန်းနားမလည်ပေ။ သို့သော် လည်း ပြန်မပြောလျှင် ရိုင်းရာကျမည်စိုး သောကြောင့် အလိုက်သင့်ပင် -

"ဩော်-ကိစ္စမရှိပါဘူး ရပါတယ်"

ဟု ပြန်ဖြေလိုက်၏။

ထိုအခါ ထိုသူက မောင်ထွန်းမြိုင် ပြန်ဖြေသောစကားကြောင့် အထူးပင်



ပျာပျာသလဲအမူအရာသို့ပြောင်းလဲသွား ပြီး-

"ဟာ-ဘယ့်နှယ်ကိစ္စမရှိရမှာလဲ ခင်ဗျား တကယ်လိုအပ်တဲ့အရာမှန်းသိ ပါတယ်။ ဒါကြောင့် ဒီနေ့မနက်အစော ကြီးကတည်းက သိမ်ကြီးဈေးမှာသွား ဝယ်ထားပါတယ်။ ကိစ္စပေါ်လာလို့ အခု မှလာပို့ရတာပါဗျာ။ စိတ်မရှိပါနဲ့"

ဟူ၍ မောင်ထွန်းမြိုင် စိတ်ဆိုး သွားသည်အထင်နှင့် တောင်းပန်လေ၏။ ထိုအခါ မောင်ထွန်းမြိုင်လည်း စဉ်းစား မရအောင်ဖြစ်သွား၍ ဘာပြန်ပြောရမှန်း မသိဘဲဖြစ်ကာ တွေးပြီး ထိုသူအားကြည့် နေလိုက်မိ၏။ထိုအခါတွင်မှ ထိုသူလည်း သူ့အား အတော်ပင် စိတ်ဆိုးနေသည် အထင်နှင့် ထပ်၍တောင်းပန်ပြန်ပါလေ တော့၏။

"ခင်ဗျားအနေနဲ့က ဟုတ်ပါတယ် ဘယ်ကိစ္စမဆို အကူအညီတောင်းခဲ့မှန်း သိပါတယ်။ အကူအညီတောင်းပြီဆိုက တည်းကအရေးကြီးမှန်းလည်းသိပါတယ် မနေ့ညနေတုန်းကတည်းက သွားဝ မလို့ပါပဲ။ အဲဒီမှာ မိန်းမက အလုပ်တစ် ခိုင်းလိုက်လို့ မလွှဲမရှောင်သာဘဲသွာ လုပ်နေရတာနဲ့ ဈေးပိတ်သွားလို့ပါဗျ ဒါကြောင့်ပါ။ ဒါဆို ခင်ဗျားမနေ့ည ခြင်ထောင်မရှိဘဲ ခြင်ကိုက်ထဲမှာအိပ် ရမှာပေါ့။ အားနာလိုက်တာဗျာ"

ဟု ဆိုလိုက်သောအခါတွင် မောင်ထွန်းမြိုင်ကိုယ်တိုင်လည်း အံ့အာ သင့်သွားပြီး -

"ဒါနဲ့ ကျွန်တော် ညတုန်းက ခြ ထောင်မရှိဘဲ အိပ်ခဲ့ရတာကို ခင်ဗျား ဘယ်လိုလုပ်ပြီးသိတာလဲ"

ဟု မေးလိုက်သောအခါ ထိုသ က-

"သိပါပြီကောဗျာ။ ခြင်ထော လာဝယ်ခိုင်းပါပြီ။ ချက်ချင်းဝယ်ပေး ဆိုကတည်းကိုက ခင်ဗျားမှာ ညကျ အိပ်စရာခြင်ထောင်မရှိတော့လို့ပေါ့ ကျုပ်ကိုယ်ကည့်ပါတယ်ဗျာ"

ဟု ပြောလိုက်ရာ မောင်ထွန်းမြ လည်း ပိုပြီးအံ့သြကာ ဇဝေဇဝါဖြစ်သွ ပြီး-

"ခင်ဗျားကို ခြင်ထောင်လာဝ ခိုင်းတယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ခင်ဗျားအ က ဒီလောက်အထိ စိတ်မဆိုးပါ စိတ်ဆိုးပြေပါတော့ဗျာ"

ဟု စိတ်ဆိုးနေသေးသည်အထ နှင့်တောင်းပန်နေပြန်၍ မောင်ထွန်းမြ

www.burmeseclassic.com

www.burmeseclassic.com

ည်း ထိုအခါတွင်မှ တကယ်ပင် ကျွဲမြီးတို ပြလာတော့၏။

"ဒါဆိုကျုပ်မေးမယ်။ ခင်ဗျားကို အဲဒီခြင်ထောင်လာဝယ်ခိုင်းတာ ဘယ် သူဝယ်ခိုင်းတာလဲ"

ဟု ခပ်တင်းတင်းလေသံဖြင့်မေး လိုက်ရာ ထိုသူလည်း အံ့ဩသည့်မျက်နှာ ဖြင့် ရုတ်ခြည်းပြောင်းသွားပြီး သူ၏ မျက်လုံးများကလည်း မောင်ထွန်းမြိုင်ကို အံ့ဩသည့်အကြည့်မျိုးဖြင့်တွေပြီးကြည့် နေမိလိုက်၏။ ထိုအခါတွင်မှ မောင်ထွန်း မြိုင်လည်း စိတ်မရှည်နိုင်တော့ဘဲ အသံ မြင့်ကာ -

"ခင်ဗျားကို မေးနေတယ်လေ။ အဲဒီခြင်ထောင်ကို ဘယ်သူကလာဝယ် ခိုင်းတာလဲလို့"

ဟု ဒုတိယအကြိမ်မြောက်ထပ်မံ မေးလိုက်သောအခါတွင်မှ ထိုသူက အထစ်ငေါ့ငေါ့အသံမျိုးဖြင့် -

"ခြင်ထောင်. . . .ခြင်ထောင်ဝယ် ခင်ဗျားပဲ လာခိုင်းတာလေ။ ဩော်- မှာပိုတဲ့ပိုက်ဆံရောပါ"

ဟု ပြောပြီး ထိုသူသည် သူ့အိတ် ထဲသို့နှိုက်လိုက်၍ ငွေအချို့ကိုထုတ် ကာ မောင်ထွန်းမြိုင်လက်ထဲသို့ထည့် လိုက်၏။ မောင်ထွန်းမြိုင်လည်း လက်ထဲရှိ ငွေများကိုကြည့်ကာ ခေါင်းကို ယမ်းလိုက်ပြီး -

"မဟုတ်သေးပါဘူး၊ ခင်ဗျားကို ကျုပ်ခြင်ထောင်လာဝယ်ခိုင်းတယ်ဟုတ် ။ ဒီငွေတွေကကော ဘာတွေလဲ"

ဟု မေးလိုက်သဖြင့် ထိုသူက -

"ခင်ဗျားမေ့နေပြီနဲ့တူပါတယ်။ မနေ့ နေ့လယ်စာစားပြီးချိန်လောက်မှာ ကျွန်တော့်ဆီလာတယ်လေ။ ခြင်ထောင် လုံးလောက် ဝယ်ပေးပါဆိုပြီးပြော ယ်၊ ပြီးတော့ ခြင်ထောင်ဝယ်ဖို့ငွေ ည်းပေးတယ်။ လမ်းစရိတ်လည်းပေး ယ်လေ။ အဲဒီငွေတွေက ခြင်ထောင် ည်က ဈေးဦးပေါက်ဆိုပြီး ပုံမှန်ဈေး က်လျှော့ပေးလိုက်လို့ပိုတဲ့ငွေတွေပါ"

ထိုသို့ပြောပြီးနောက် ထိုသူသည် မောင်ထွန်းမြိုင်အား နားမလည်နိုင်ဟန် ကြည့်နေလေ၏။ ထိုအခါတွင်မှ မောင်ထွန်းမြိုင်လည်း အတော်အတန် အံ့ဩသွားပြီး ထိုသူအား -

"အာ-ဒီလိုဆိုတော့လည်း ခင်ဗျား ကျေးဇူးတင်ပါတယ်"

"ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်ပြောမယ်၊ ခင်ဗျားဆီကိုလာ တော့ ကျွန်တော်ဆိုတာလုံးဝမဟုတ် ဘူး။ ခင်ဗျားလူမှားတာများလား။ ဒါပြင် လူတစ်ယောက်မေးရမှာကို ကျွန်တော့် ကိုလာမှာပေးတာလား"

"ဟာ-လူမှားစရာလည်းမရှိပါဘူး။ ဘယ်နည်းနဲ့မှမှားလည်းမမှားနိုင်ပါဘူး။ ခင်ဗျားမှခင်ဗျားပါပဲ၊ သေချာပါတယ်"

ဟု ဆိုသဖြင့် မောင်ထွန်းမြိုင် လည်း ထိုသူကို အသေအချာစိုက်ကြည့် ပြီး-

"ဒီမယ် ကျွန်တော်ပြောမယ်။ ကျွန်တော် ဒီရွှေတိဂုံကုန်းတော်ပေါ်မှာ အမိဋ္ဌာန်ဝင်နေတာ လအတော်ကြာပြီ ဗျ။ အဲဒီအမိဋ္ဌာန်ထဲမှာ ရွှေတိဂုံကုန်း တော်ပေါ်ကလွဲပြီး ပြင်ပကိုခြေတစ်ဖဝါး မှမချပါဘူးဆိုတဲ့အဓိဋ္ဌာန်လည်းပါတယ်။ ဒါကြောင့် ကျွန်တော် ခင်ဗျားဆီလာပြီး ခြင်ထောင်ဝယ်ခိုင်းဖို့ဆိုတာ ဘယ်နည်းနဲ့ မှမဖြစ်နိုင်ဘူး။ ပြီးတော့ ကျွန်တော်ဆိုတဲ့ လူဟာ ဘယ်နည်းမှခြင်ထောင်တစ်လုံး အတွက်နဲ့ ကိုယ့်အဓိဋ္ဌာန်ကိုမဖျက်ဘူး ဆိုတာတော့ သူတစ်ပါးက မသိရင်သာ ရှိမယ်။ ကိုယ့်ကိုယ့်ကိုယ်တော့အသိဆုံး ပဲ၊ ဒါကြောင့် ကျွန်တော့်ဘက်ကလည်း မဟုတ်ဘူးလို့ အခိုင်အမာပြောတာပေါ့"

ဟု မောင်ထွန်းမြိုင်က ရှင်းပြ လိုက်ရာ ထိုသူလည်း ခေါင်းကိုကုတ် လိုက်ပြီး -

"ခင်ဗျားဘက်ကလည်း ဟုတ် တော့ ဟုတ်ပါတယ်။ ကျွန်တော်ဘက် ကလည်း မမှားဘူး။ ခင်ဗျားမှ ခင်ဗျား ပါပဲ။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်လေ လောလောဆယ် ခင်ဗျားမှာထောင်အိပ် စရာခြင်ထောင်မရှိဘူးမဟုတ်လား။ ဒီ အချက်ကလည်း တိုက်ဆိုင်မှုတော့ မဟုတ်နိုင်ဘူး။ အဲဒါကြောင့် အခု ကျွန်တော်ဝယ်လာတဲ့ ခြင်ထောင်ကို ခင်ဗျားပဲသုံးလိုက်ပါ"

ဟု ဆိုပြီး ထိုသူသည် ခြင်ထောင် ထုပ်ကို မောင်ထွန်းမြိုင်လက်ထဲသို့ရောက် သွားသောအခါတွင်မှ မောင်ထွန်းမြိုင် သည် တစ်စုံတစ်ခုကိုသတိရကာ ထိုသူ အား လက်ခုပ်တီးပြီး လှမ်းခေါ်လိုက်၏။ ထိုသူပြန်ရောက်လာသောအခါတွင်မှ မောင်ထွန်းမြိုင်သည် တစ်စုံတစ်ခုကို သတိရကာ ထိုသူအား လက်ခုပ်တီးပြီး လှမ်းခေါ်လိုက်၏။ ထိုသူပြန်ရောက်လာ သောအခါ မောင်ထွန်းမြိုင်က -

"ဩော်-ဒီမှာ ခင်ဗျားပိုက်ဆံတွေ တော့ ပြန်ယူသွားပါ"

ဟု ပြောပြီးပေးသဖြင့် ထိုသူက လည်း -

"ဟာ - ဒီငွေက ကျွန်တော့်ဟာ တွေမှမဟုတ်တာ။ ခင်ဗျားပဲယူထား လိုက်ပါ"

ဟု စိုးရိမ်ကြောင့်ကြသံမျိုးဖြင့် ငြင်းဆိုပြီးထွက်သွားလေတော့၏။ ဤ အဖြစ်အပျက်ဖြစ်ပွားပြီး မရေးမနှောင်း အချိန်များတွင်လည်း မောင်ထွန်းမြိုင်ထံ သို့ သူ၏အသိမိတ်ဆွေများထံမှ စားစရာ သောက်စရာများလာပေးသူလည်းရှိ၏။ သွားတိုက်ဆေးလာပေးသူလည်းရှိ၏။ အခြားအခြားသောပစ္စည်းများကိုလည်း အသိမိတ်ဆွေများထံမှ လာပေးကြသူ များစွာပင်ရှိ၏။ ထိုသို့ပစ္စည်းလာပေးသူ များမှ ပြောသွားကြသည့် စကားတစ်ခွန်း ရှိ၏။

ထိုစကားမှာ -

ကိုထွန်းမြိုင်တစ်ယောက် သူတို့ ထံသို့ မလာစဖူး အလာထူး၍ ဝမ်းသာ ကြောင်းပြောသွားကြခြင်းပင် ဖြစ်၏။ ဤအဖြစ်အပျက်အခြင်းအရာများကြောင့် မောင်ထွန်းမြိုင်သည် ပထမပိုင်းတွင် ခေါင်းရှုပ်သွားသော်လည်း နောက်ပိုင်း တွင် သူနှင့်တူသူတစ်ယောက် ကျိန်းသေ ရှိသည်ဟုတွက်လိုက်ပြီး မေ့မေ့ပျောက် ပျောက်ထားလိုက်ကာ အဓိဋ္ဌာန်ပြီးအောင် ဆက်ဝင်လေ၏။

ဤသို့ဖြင့် မောင်ထွန်းမြိုင်၏ အဓိဋ္ဌာန်ပြီးရန် တစ်ရက်အလိုသို့ရောက် ရှိလာလေ၏။ထိုနေ့တွင် မောင်ထွန်းမြိုင် သည် စောစီးစွာထပြီး အဓိဋ္ဌာန်ဝင်လေ ၏။အဓိဋ္ဌာန်ပြီး၍မေတ္တာပို့နေစဉ် သူ့ရှေ့ ၌ လူရိပ်တစ်ခုကို တွေ့လိုက်ရသဖြင့် မော့ကြည့်လိုက်ရာ သူ့ထံသို့ လူတစ်ဦး လမ်းလျှောက်လာသည်ကို တွေ့လိုက်ရ ၏။ ထိုအခါ မောင်ထွန်းမြိုင် ရုတ်ခြည်း ထိုသူအား သတိပြုပြီးကြည့်လိုက်ရာ ထိုသူသည် အရပ်အမောင်းရော အရွယ် အစား အသွင်အပြင်ပုံသဏ္ဍာန်ပါ သူနှင့် တူလွန်းလှသဖြင့် ထိုပုဂ္ဂိုလ်၏မျက်နှာ ကိုပါ အသေအချာကြည့်လိုက်လေရာ သူ့မျက်နှာနှင့် ချွတ်စွပ်ပင်တူနေသဖြင့် အံ့ဩသွားပြီး သူ့နှုတ်မှလည်း -

"ဟေ့လူ၊ ခင်ဗျားနာမည်ဘယ်လို ခေါ်လဲ"

ဟု မေးရာ ထိုသူက -

"ကျုပ်နာမည် ထွန်းမြိုင်"

(ရှေ့လဆက်ဖတ်ပါရန်)

ပထမ်းဝေရာဦးအေးရွှေ



www.burmeseclassic.com

www.burmeseclassic.com

အထက်ကောင်းကင်ယံဆီတွင် ဝိုင်းစက်ပြည့်ဝန်းနေပြီး ထိန်ထိန်သာနေသော ဖိုးလမင်းကြီးသည် ကမ္ဘာမြေတစ်ခွင်ပေါ်သို့ ည၏ အမှောင်ထုကိုစွမ်းအားရှိသလောက် ဖယ်ရှား၍အလင်းရောင်များ ဖြန့်ဝေပေးနေ၏။ ယခုလို ညအချိန်တွင် ကျွန်ုပ်လျှောက်လှမ်းနေသော ရိုးမတောကြီးအတွင်း၌ပင် ပတ်ဝန်းကျင်မြင်ကွင်းအားလုံးတို့သည် မာကျူရီမီးလုံးထွန်းပေးထားသည့်အလား လင်းလင်းထင်းထင်း မြင်တွေ့နေရပါသည်။ ကျွန်ုပ်လည်း ယခုရောက်ရှိနေသော တောကြီးအတွင်း၌ အဖော်မပါ တစ်ယောက်တည်း မည်သည့်ရည်ရွယ်ချက်များဖြင့် ဘယ်လမ်းဘယ်စခန်းသို့သွားနေသည်ကို ကျွန်ုပ်ကိုယ်တိုင်မသိရှိဘဲ ခြေဦးတည့်ရာသို့ ရည်ရွယ်ချက်ကင်းမဲ့စွာဖြင့် ဆက်လက်လျှောက်လှမ်းနေပါသည်။ ထိုသို့ လျှောက်လှမ်းလာရင်းဖြင့် ခဏအကြာ၌ တစ်တောင်နှင့်တစ်တောင်တောင်ချင်းထိစပ်နေသည့်တောင်တန်းရှည်ကြီး၏အပေါ်တွင်တည်ရှိနေသော တောင်နှာမောင်းလမ်းကျဉ်းလေးပေါ်သို့ရောက်ရှိလာပြီး ဆက်လက်လျှောက်လှမ်းနေသည်ကို ထိန်ထိန်သာနေသော လမင်းကြီး၏ ကျေးဇူးကြောင့်ကျွန်ုပ် သိရှိခွင့်ရရှိနေပါသည်။


ထိုတောင်ပေါ်လမ်းကျဉ်းကလေးပေါ်တွင် လျှောက်လှမ်းနေရင်း ခဏအကြာ၌ လမ်းဆုံးသွားပြီး ပန်းမျိုးစုံတို့

အဘ၀(သာသနာ့အလင်းရောင်)

# ရုပ်ကိုမသုံး နာမ်ကိုသာသုံးတဲ့ ဓာတ်ပေါင်းဦးသျှောင် အောင်မင်းခေါင်နှင့် အတွင်းရွှေကြာအိုင်သိုက်မှသိုက်နန်းရှင်တို့၏သာဓုခေါ်သံ



အေးငြိမ်းချမ်းသာတောရမွှေ့ရိပ်သာအတွင်းရှိ နဂါးရုံဘုရား



ကန်တော့ပွဲနှင့် မှန်ကန်သောသစ္စာတိုင်တည်မှုပြုလုပ်ပါက ဆရာသခင်များနှင့် သူတော်စင်ကြီးများ ကြားသိရသည်ဟု အဆိုရှိသော ကမ္ဘာ့ဓာတ်တိုင်စေတီတော်

ဝေဝေဆာဆာဖူးပွင့်နေကြသောပန်းခင်းကြီးနှင့် ထိုပန်းခင်းကြီး၏အဆုံး၌ စေတီငယ်တစ်ဆူတည်ရှိနေသည်ကို ကျွန်ုပ်လှမ်းမြင်လိုက်ရပါသည်။ တောင်ထွတ်ပေါ်ရှိ စေတီငယ်ကို တွေ့မြင်လိုက်ရသောအခါ ကျွန်ုပ်သည် မတ်တတ်ရပ်၍ အဝေးမှပင် လက်ဆယ်ဖြာ ထိပ်မှာမိုးကာ သုံးလောကထွတ်ထား သဗ္ဗညုတမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ တုနှိုင်းမမီသော ဂုဏ်တော်များကိုစိတ်ဝယ်ရည်မှန်း၍ ဖူးမြော်ကြည်ညိုကန်တော့လိုက်ပါသည်။

ထိုကဲ့သို့ ဖူးမြော်ကြည်ညိုမှုအပြီး တောင်ထွတ်ပေါ်ရှိ စေတီတော်အားထပ်မံ၍ လှမ်းမျှော်ကြည့်ရှုမိသောအခါ စောစောတုန်းက မြင်ကွင်းမျိုးမဟုတ်တော့ဘဲ စေတီရင်ပြင်တော်ပေါ်တွင် လူအများသည် -


"နှောင်. . . နှောင်. . . နှောင်ဗွေ. . . နှောင်. . . နှောင်ဗွေ. . . နှောင် . . ."

ဟု ရှမ်းအိုးစည်များတီးကာ စေတီတော်အား ဆီမီးပူဇော်နေကြပါသည်။ ထိုအခါ ကျွန်ုပ်၏စိတ်ထဲမှ ထိုလူများနည်းတူ တောင်ထွတ်ပေါ်တွင်တည်ရှိနေသော စေတီတော်အား ဘုရားဆီမီးပူဇော်လိုစိတ်များတဖွားဖွားပေါ်ပေါက်လာသဖြင့် ကျွန်ုပ်၏ရှေ့တွင်တည်ရှိနေသော ပန်းခင်းကြီးထဲသို့ တိုးဝင်း၍လျှောက်လှမ်းလာခဲ့ပါသည်။ ထိုကဲ့သို့ တိုးဝင်လျှောက်လှမ်းလာပြီး ပန်းခင်းကြီးအလယ်သို့ရောက်ရှိသောအခါ လမင်း


www.burmeseclassic.com



အတွင်းရွှေကြာအိုင် သိုက်ဘုရားအား ပြန်လည်မွမ်းမံကာ တည်ထားသော အနီးကပ်မြင်ကွင်းပုံ



အေးငြိမ်းချမ်းသာတောရစမ္မရိပ်သာဆိုင်းဘုတ်



အတွင်းရွှေကြာအိုင်ဘုရားမုခ်ဦး



စာရေးသူအိပ်မက်ထဲ၌ မြင်တွေ့ခဲ့ရသော တောင်နှာမောင်းလမ်းပေါ်မှနေ၍ ဓမ္မမိတ်ဆွေများနှင့်အတူ အတွင်းရွှေကြာအိုင်သိုက်ရှိရာသို့အသွား



အေးငြိမ်းချမ်းသာတောရစမ္မရိပ်သာကျောင်းဝင်းအတွင်းတစ်နေရာ

...လင်းရောင်အောက်တွင် အရောင် ...ဘိတ်ဖိတ်တောက်ပနေသော ရွှေ ...တော့ာက်သံပတ္တမြားအစုအပုံလိုက် ... ကျွန်ုပ်မြင်တွေ့လိုက်ရပါတော့ ...ထိုရတနာအပုံလိုက်ကြီးကို ကျွန်ုပ် ...တွေ့လိုက်ရသော်လည်း လိုချင် ...ကော်သော လောဘရမ္မက်စိတ်များ လုံးဝဖြစ်ပေါ်မလာဘဲ အမြင်ကိုအမြင် အတိုင်းပဲ ကြည့်လိုက်မိပြီး ထိုရတနာပုံ ကြီးကို ရှောင်ကွင်း၍ မူလပထမ ကျွန်ုပ်၏စိတ်ဆန္ဒဖြစ်ပေါ်ရာတောင်ထွတ်ပေါ်ရှိ စေတီတော်သို့သွားရန် ဆက်လက် ထွက်ခွာလာခဲ့ပါသည်။

ထိုသို့ ထွက်ခွာလာပြီး ရွှေတောင်ပုံကြီးအား ကျော်ခိုင်းလိုက်သော အနေအထားသို့အရောက်တွင် ကျွန်ုပ်၏ နောက်ကျောဘက်ဆီမှ သြဇာသံပါသောအသံဖြင့် -

“လူလေး၊ ခဏနေပါဦး”

ဟု ကျွန်ုပ်အား လှမ်းခေါ်လိုက်သောအသံကို ကြားလိုက်ရပါသည်။ ထိုခေါ်သံကြောင့် လျှောက်လှမ်းနေသောခြေလှမ်းအစုံကို ကျွန်ုပ်ရပ်တန့်လိုက်ပြီး အသံထွက်ပေါ်လာရာ နောက်ကျောဘက်ဆီသို့ လှည့်ကြည့်မိလိုက်သောအခါ စောစောတုန်းက ကျွန်ုပ်မြင်တွေ့ခဲ့ရသော ရတနာမျိုးစုံနှင့် ရွှေတောင်ပုံကြီးကို မတွေ့ရတော့ဘဲ ရတနာရွှေတောင်ပုံကြီး၏ နေရာတွင် တောင်ဝှေးကိုင်ထားသော ဝတ်ဖြူစင်

www.burmeseclassic.com



စာရေးသူအား
အဘအောင်မင်းခေါင်အကြောင်း
ရှင်းပြခဲ့သော ဆရာတော် ဦးဉာဏဝရ



စာရေးသူနှင့် အိပ်မက်ထဲတွင်
ဆိုင်ကယ်အတူစီးခဲ့သော သံဃာ (ယခု
ကထိန်သင်္ကန်းဆက်ကပ်လိုက်သောဆရာတော်)



ဘုရှိရတို့ ကုသိုလ်ရရှိစေရန် စာရေးသူ
ကပ်သောဆွမ်းကို သံဃာ (၅) ပါးမှ
ဆွမ်းဘုဉ်းပေးနေပုံ

ကြယ်နှင့် သူတော်စင်ကြီးတစ်ပါးကိုတွေ့ရှိလိုက်ရပါသည်။ ထိုသူတော်စင်ကြီးကို မြင်တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် အလွန်တရာမွှေးကြိုင်သော ပန်းပေါင်းစုံရနံ့တို့သည် ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံသွားပါသည်။ ထိုမွှေးရနံ့များနှင့် တစ်ဆက်တည်းဆိုသလိုပင် ဝတ်ဖြူစင်ကြယ်သူတော်စင်ကြီး၏ဘေးဘက်ပန်းချုံထဲမှ ဆံပင်ရှည်များကို ဖားလျားချ၍ တောစံပယ်ပန်းများကို ဝေဝေဆာဆာ ပန်ထားကြပြီး ချောမောလှပသော အစိမ်းရောင်ဝမ်းဆက်ဝတ်ဆင်ထားသည့် မိန်းမပျိုလေး (၅) ဦးတို့သည် ကျွန်ုပ်နှင့် သူတော်စင်ကြီးအနားသို့ ရောက်ရှိလာပါသည်။ ထိုသို့ ရောက်ရှိလာကြသော အစိမ်းရောင်ဝမ်းဆက်နှင့် မိန်းမပျိုလေး (၅) ဦးထဲမှ အုပ်ထိန်းသူဖြစ်ဟန်တူသည့် အမျိုးသမီးတစ်ဦးက သူတော်စင်ကြီးကို -

"အဘ၊ အဘပြောပြထားတဲ့သမီးတို့ဆွေတော်မျိုးတော်တွေအားလုံး သာဓုခေါ်နိုင်မယ့် ကုသိုလ်ဒါနအကျိုးတရားတွေကို ပြုလုပ်ဆောင်ရွက်ပေးမယ့် မောင်လေးထင်တယ်"

"သိပ်မှန်တာပေါ့ လုံမလေးတို့။ ခုရောက်ရှိလာတဲ့လူလေးက သာသနာတော်အတွင်းမှာ ဂန္ဓာရီခရီးလမ်းအကျင့်စခန်းကို အားထုတ်လျှောက်လှမ်းရမယ့် ပုဂ္ဂိုလ်လေးပီသလှပေတယ်ကွယ်။ အဘကိုယ်တိုင် လူလေးရဲ့စိတ်အာရုံကို စမ်းသပ်စစ်ဆေးပြီးသွားပါပြီ။ စမ်းသပ်မှုကို လူလေးကအောင်မြင်သွားတယ်။ သူ့ရဲ့



စာရေးသူမိသားစုနှင့် မေမွမိတ်ဆွေများ သံဃာတော်များကို ဆွမ်းကပ်နေစဉ်

အရှေ့တည့်တည့်မှာ လူတိုင်း လိုချင်တပ်မက်မှုရှိတဲ့ ရတနာပစ္စည်းမျိုးစုံအပုံလိုက်ကြီးကို မြင်တွေ့ရက်နဲ့ လူလေးက နည်းနည်းလေးမှ လိုချင်ရမ္မက်လောဘစိတ်ကလေး တစ်ချက်တောင်မဖြစ်ဘူးကွယ့်။ အဲဒါကြောင့် လူလေးရဲ့စိတ်ဆန္ဒဖြစ်ပေါ်နေတဲ့ လုံမလေးတို့တစ်တွေ နှစ်ပေါင်းများစွာ နေထိုင်ကိုးကွယ်ထားကြတဲ့ စေတီတော်ကို ဖူးထိုက်ခွင့်ရတဲ့သူဖြစ်ပေတယ်။ ဒါကြောင့် လုံမလေးတို့က လူလေးကို ကိုယ်တိုင်ကိုယ်ကျ တာဝန်ယူစောင့်ရှောက်ပြီး စေတီတော်ရှိရာကို ခေါ်ဆောင်သွားလိုက်ပါ"

ဟု သူတော်စင်ကြီးမှ ပြောလိုက်သည်နှင့် ခေါင်းဆောင်အမျိုးသမီးမှ -

"ဟုတ်ကဲ့ပါ အဘ။ သမီးတို့ ဒီမောင်လေးကို ဘေးအန္တရာယ်မဖြစ်ရ လေအောင် အစစအရာရာတာဝန်ယူ... တယ်၊ ကတိလည်းပေးပါတယ်"

"အေးအေး - ဒါဆိုရင် အခ... မလင့်ခင်သွားကြတော့။ အရေးတ... တစ်ရာကြုံတွေ့ခဲ့ရင် အဘဆီကို အာ... ပြုပြီး လျှောက်ထားလိုက်ပါ"

"ဟုတ်ကဲ့ပါ အဘ"

အစိမ်းရောင်ဝမ်းဆက်နှင့်အုပ်ထိ... သူအမျိုးသမီးမှ ပြန်လည်ဖြေကြားလို... ပြီးသည်နှင့် ကျွန်ုပ်အား -

"လာ. . . မောင်လေး၊ အစ်... နှစ်ပေါင်းများစွာ ကိုးကွယ်... စေတီတော်ရှိရာကိုသွားရအောင်"

ဟု ပြောသဖြင့် ကျွန်ုပ်လည်း... ထိုမိန်းမပျိုလေး(၅)ဦးနောက်သို့ လိုက်... သွားပါသည်။

ထိုသို့လိုက်ပါသွားပြီး ခဏအ...



www.burmeseclassic.com


www.burmeseclassic.com



ဦးပဥ္စင်းဝတုတ်နှင့် စာရေးသူတို့မိသားစု အမှတ်တရ



စာရေးသူတို့မိသားစုမှ ဝတ္ထုငွေများ ဆက်ကပ်နေပုံ



စာရေးသူ၏မိသားစုသုံးဦးနှင့်အတူ စာရေးသူယောက္ခမမှ ပါဝင်၍ ကထိန်သင်္ကန်းနှင့်အတူ ဆွမ်းဆန်စိမ်း ဆက်ကပ်နေစဉ်

ခြင်းကြီးထဲမှအထွက် တောင်ထွတ်ဘောက်ခြေရှိ စေတီတော်၏ အတက်လှေကားထိပ်သို့ ရောက်ရှိလာပါ စေတီတော်၏ အတက်၊အဆင်း လှေကားခြေရင်းတွင် အရပ်အမောင်းက (၁၀) ပေခန့်ရှိမည်ထင်သည်။ အသားညိုညို၊ အရပ်ဆိုးဆိုး၊ ယောက်ျားလူထွားကြီးနှစ်ယောက်သည် တင်းပုတ်ကြီးတစ်ခုစီကို ပခုံးတွင်ထမ်းထားကာ လှေကား၏ဘယ်ဘက်၊ ညာဘက်တွင်မတ်တတ်ရပ်နေပြီး ကျွန်ုပ်တို့အား စားမည့်ဝါးမည့်ပုံသဏ္ဌာန်မျက်နှာအမူအရာနှင့် မီးကျီးခဲကဲ့သို့ ရဲရဲနီနေပြီး ပြူးထွက်နေသော မျက်လုံးများဖြင့် မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေပါသည်။ ထိုလူကြီးနှစ်ဦးအနားသို့ ကျွန်ုပ်တို့အားလုံးရောက်ရှိကြသောအခါ အခြေအနေအရပ်ရပ်ကို ကြိုတင်၍သိရှိနေသည်ထင်၏။ ကျွန်ုပ်အား တာဝန်ယူကာ ခေါ်ဆောင်လာသော အုပ်ထိန်းသူ အမျိုးသမီးက စတင်၍ -

"အို. . . အစောင့်အရှောက်ကြီးနှစ်ဦးတို့။ ယခု ငါတို့နှင့်လိုက်ပါလာသူသည် အဘ၏အမိန့်ဖြင့်၊ အဘ၏ခွင့်ပြုချက်ဖြင့် ခေါ်ဆောင်လာရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ယခုလိုက်ပါလာသောသူအား ငါတို့သည် ကတိကဝတ်များပေးကာ တာဝန်ယူ၍ ခေါ်ဆောင်လာရခြင်းဖြစ်သောကြောင့် နှောင့်ယှက်ဟန့်တားခြင်း၊ ရန်ပြုမှုခြင်း မပြုလုပ်ရ။ အကယ်၍ အစောင့်အရှောက်ကြီးတို့ကိုယ်တိုင် အကြောင်းအရင်းအလုံးစုံကို သိရှိလိုပါက အဘအား ကိုယ်တိုင်ကိုယ်ကျ အာရုံပြုကာ လျှောက်ထားကြည့်လိုက်ပါ အစောင့်အရှောက်ကြီးတို့"

ဟု ပြောလိုက်သည်နှင့် တင်းပုတ်ထမ်းထားသောလူထွားကြီးနှစ်ဦးတို့သည် သူတို့၏မီးကျီးခဲကဲ့သို့ နီရဲပြီး ပြူးထွက်နေသော မျက်လုံးတို့ကို မှိတ်လိုက်ကြပါ သည်။ မျက်စိမှိတ်ပြီးခဏအကြာ၌ တင်းပုတ်ထမ်းထားသော လူထွားကြီးနှစ်ဦးသည် စေတီပေါ်သို့ တက်ရမည့်လှေကားခြေရင်းမှ မျက်စိအရှေ့တွင်ပင် ပျောက်ကွယ်သွားပါသည်။ ထို့နောက် ကျွန်ုပ်တို့သည် လှေကားမှ စတင်၍ စေတီရင်ပြင်ပေါ်သို့ တက်ရောက်ခဲ့ကြပါသည်။ ကျွန်ုပ်တို့ တက်ရောက်ခဲ့သော လှေကားထစ်၏ဝဲယာများတွင် ရတနာပစ္စည်းမျိုးစုံတို့ ပြန့်ကျဲစွာခင်းထားသည်ကို ကျွန်ုပ်တွေ့ရှိနေရပါသည်။

ဤသို့ဖြင့် ကျွန်ုပ်သည် စေတီရင်ပြင်ပေါ်သို့ရောက်ရှိခဲ့ပါသည်။ စေတီရင်ပြင်ပေါ်တွင် လူအများတို့သည် -

"နှောင်. . . နှောင်. . . နှောင် ဗေ့. . . နှောင်. . . နှောင်. . . နှောင် . . . နှောင်. . . ဗေ့. . . နှောင်. . ."

ဟူသော ရှမ်းအိုးစည်များတီးကာ စေတီတော်ကို ဆီးပူဇော်နေကြပါသည်။ ကျွန်ုပ်လည်း သူတို့နည်းတူ ဆီမီး

www.burmeseclassic.com

ပူဇော်လိုက်ပြီး လက်ဆယ်ဖြာ ဟူသော ရှမ်းအိုးစည်များတီးကာ စေတီတော်ကို ဆီမီးပူဇော်နေကြပါသည်။ ကျွန်ုပ်လည်း သူတို့နည်းတူ ဆီမီးပူဇော်လိုက်ပြီး လက်ဆယ်ဖြာထိပ်မှာမိုး၍ စေတီတော်အား ဖူးမြော်ရန်အတွက် ကြည့်ရှုလိုက်သောအခါ ဘုရားရင်ပြင်နှင့် ကျွန်ုပ်၏ မျက်နှာပြင်ပေါ် သို့အစိမ်းရောင်များလာရောက်ထင်ဟပ်နေသော ကျောက်စိမ်းနဂါး (၉) ကောင် ရစ်ပတ်ခွေထားသည့် (၉) တောင်ပြည့် ရွှေသားအစစ်စေတီတော်ဖြစ်နေသည်ကို ကျွန်ုပ်တွေ့ရှိလိုက်ရပါသည်။

ထို့နောက် စေတီတော်အား ဖူးမြော် ကြည်ညိုကာ ကန်တော့လိုက်ပြီး ကျွန်ုပ်မှ -

"ဘဝသံသရာ များစွာတွင် ကျင်လည်ခဲ့ရသမျှ ဘုံဘဝအထိုထိုတို့တွင် ပြုကျင့်ခဲ့သော ကောင်းမှုကုသိုလ်များနှင့် ယခုဘဝ၌ ပြုလုပ်ဆဲ၊ ပြုလုပ်လတ္တံ့၊ ပြုလုပ်ပြီးသောကောင်းမှုကုသိုလ်အစုစုတို့ကို (၃၁) ဘုံ ကျင်လည်ကြကုန်သော ဝေနေယျများစွာ သတ္တဝါအနန္တတို့ကို ပေးဝေပါကုန်၏။ အားလုံး . . . ကြားကြသမျှ အမျှ. . . အမျှ . . . အမျှ ယူတော်မူကြပါကုန်တော်"

ဟု ကောင်းမှုအစုစုတို့ကို အမျှအတန်းပေးဝေလိုက်သောအခါ ဘုရားရင်ပြင်တစ်ခုလုံးသည် ချက်ချင်းပင် လျှင်လျှပ်သကဲ့သို့ တုန်ခါလာပြီး -

"သာဓု၊ သာဓု၊ သာဓု"

ဟု ခေါ်သံများ ဘဝင်သို့ညံသွားပြီး သာဓုခေါ်သံပြီးသည်နှင့်တစ်ပြိုင်နက် လူအများစု၏အော်သံများသည် ဘုရားရင်ပြင်တော်ပေါ်တွင် အရပ်လေးမျက်နှာမှ ဤကဲ့သို့သံပြိုင်ထွက်ပေါ်လာပါတော့သည်။

"ကျွတ်ခွင့်ရပြီ၊ လွတ်ချိန်တန်ပြီ၊ သာဓုခေါ် ခွင့်ရပြီ၊ အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီဟေ့"

ဟု ဆိုသော ကြွေးကြော်သံများ သံပြိုင်ထွက်ပေါ်လာပြီး ထိုအသံများ ပြီးဆုံးသွားသည်နှင့် ချက်ချင်းပင် မြူခိုးငွေ့များ ထူထပ်စွာ ကျရောက်လာ၍ -


"ဝုန်း. . ."

ဆိုသောအသံကြီး မြည်ဟည်းကာ ဘုရားရင်ပြင်တော်တစ်ခုလုံး ထပ်မံ၍ သွက်သွက်ခါ လှုပ်ယမ်းသွားပြီး ဘုရားရင်ပြင်တော်ပေါ်တွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရှိရတော့ဘဲ ကျွန်ုပ်တစ်ယောက်တည်းသာ ဘုရားရင်ပြင်ပေါ်တွင် ကျန်ရစ်ခဲ့ပါသည်။ ထိုမြင်ကွင်းထိုအဖြစ်အပျက်များကြောင့် ကျွန်ုပ်တွေဝေနေသောအချိန်၌ ပန်းခင်းကြီးထဲ၌ တွေ့ဆုံခွင့်ရခဲ့သော ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင်ကြီးကို သူ၏ ရုပ်ခန္ဓာကိုယ်ကြီးကို မမြင်မတွေ့ရဘဲ သူတော်စင်ကြီး၏စကားပြောသံကိုသာ ဤသို့ကြားလိုက်ရပါသည်။

"လူလေး၊ လူလေးအခုရောက်ရှိနေတဲ့ဒီတောင်ထွတ်နဲ့ လူလေးလျှောက်လှမ်းလာတဲ့ တောင်ပေါ်လမ်းလေးကို မှတ်သားထားပါ။ အခု ဒီတောင်ထွတ်ရဲ့ စေတီမှာ နှစ်ပေါင်းများစွာ စောင့်ရှောက်နေကြတဲ့ ဘုမ္မိရတွေအားလုံးအတွက် သူတို့အတွက် ရည်စူးပြီးတော့ ကောင်းမှုကုသိုလ်အလှူဒါနတွေ ပြုလုပ်ဆောင်ရွက်ပေးရမယ် လူလေး။ သူတို့တစ်တွေဟာ အဘနဲ့ လူလေးကို အမှီပြုပြီးတော့ သူတို့လောကထဲမှာရှိတဲ့ကျွတ်လွတ်သင့် ကျွတ်လွတ်ချိန်တန်တဲ့ ဘုမ္မိရသားတချို့တွေဟာ ကျွတ်တမ်းလွတ်တမ်းဝင်ကြလိမ့်မယ်ကွယ့်။ သံသရာဆိုတာ တကယ့်ကိုရှည်လျားပြီး ကြောက်ဖို့ကောင်းတယ် လူလေး။ သံသရာတစ်ကွေ့ဘုံဘဝတစ်ခုမှာ အဘတို့တစ်တွေအားလုံးဟာ ဆွေမျိုးတွေပဲလူလေး။ ပြီးတော့ လူလေးအနေနဲ့ ဒါနပါရမီတွေဖြည့်စွက်ရမယ့်အချိန်အခါ ကောင်းပဲ။ ဒါမှ လူလေးအနေနဲ့ မကြာခင်အချိန်ကာလမှာ လျှောက်လှမ်းကျင့်ကြံအားထုတ်ရမယ့် ပညာစခန်းမှာ ဒီအကြောင်းတရားတွေဟာ လူလေးအတွက် အထောက်အပံ့ရရှိစေမယ့် အကျိုးတရားတွေပဲ။ အဘ အခုပြောတဲ့ စကားတွေနဲ့ ဒီတောင်တန်းတစ်ဝိုက်ထဲ နေရာတွေကို သေသေချာချာမှတ်သားထားကွယ့် ကြားလား"



စာရေးသူမှ ဓာတ်ပိုင်ဆိုင်ရာ၊ နတ်ပိုင်းဆိုင်ရာ၊ သိုက်ပိုင်းဆိုင်ရာ၊ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာများ ပင့်ဖိတ်ရန်အတွက် ရေးသားပေးနေစဉ်




အိပ်မက်ထဲ၌ မြင်တွေ့မှတ်သားထားသော တောင်နှာမောင်းလမ်းနှင့် ပန်းခင်းကြီး တည်ရှိသောနေရာ



www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းပေါ်သို့ ထိုးဖောက်ထားသော မြေနီလမ်းတောင်ထိပ်အရောက် အိပ်မက်အတိုင်း တွေ့ရှိရသောမြင်ကွင်းပုံ



အိပ်မက်ထဲ၌ စာရေးသူနှင့်သံဃာတစ်ပါး အတူတကွ ဆိုင်ကယ်ဖြင့်ထိုးတက်ခဲ့သော တောင်ကုန်း

"ဟုတ်ကဲ့ပါ အဘ"

"အေးအေး၊ သာဓု သာဓု သာဓု ... - လူလေးလည်း အချိန်မလင့်ခင် ...တော့"

ဟု စကားသံကြားလိုက်ရပြီးသည် ... အိပ်မက်မှနိုးသွားပါတော့သည်။

ကျွန်ုပ်လည်း အိပ်ရာထက်မှပင် ...က်အကြောင်းအရာများကိုပြန်လည် ...ကြည့်လိုက်သောအခါ ရုပ်ရှင် ...ရသလိုမျိုး အထင်းသားကြီး ...ည်ကာ မြင်ယောင်နေမိပါသည်။ ...တ် ကျွန်ုပ်သည် ရေချိုးသန့်စင်၍ ...မှထလိုက်ပြီးရေချိုးခန်းသို့အသွား ...ဖေးမီးဖိုချောင်ချက်ပြုတ်ခန်းတွင် ...စာအဆာပြေစားသုံးရန်ပြင်ဆင်နေ ... ဇနီးဖြစ်သူမှ ကျွန်ုပ်အား မြင်တွေ့ ...သည်နှင့် -

"ယော - အစ်ကိုတောင်နိုးလာပြီ ...အစ်ကိုနိုးရင်စားဖို့ နံနက်စာ အဆာ ...ဆင်နေတာ။ ညတုန်းက အစ်ကို ...တော်လေးကို အိပ်မောကျတယ် ...ယ်။ ညက အိပ်နေရင်းနဲ့ယောင် ...ဟုတ်ကဲ့ပြောလိုက်၊ ခေါင်းညိတ် ... ပြီးတော့ တစ်ခါတစ်ခါဆိုရင် ...တွေဘာတွေတောင်ချီလိုက် ...ယ်၊ အခုလိုမျိုး အိပ်နေရင်းနဲ့ ...ယောင်တာ ဒီတစ်ခါပဲ သေသေ ... မြင်ဖူးတော့တယ်"

...ပြောသောအခါ ကျွန်ုပ်မှ -

"အင်း-ဟုတ်လိမ့်မယ်။ အိပ်မက်ထဲမှာ ဖြစ်ပျက်နေသမျှ အပြုအမူတွေဟာ အပြင်ဘက်မှာ ပုံရိပ်ထင်ဟပ်နေတာဖြစ်လိမ့်မယ်"

ဟု ပြန်လည် ပြောကြားလိုက်သည်နှင့် ဇနီးဖြစ်သူမှ အစပ်အဆက်မရှိသော ကျွန်ုပ်၏ ပြောစကားကြောင့် သဘောမပေါက်သည့်မျက်နှာအမူအရာဖြင့် ကျွန်ုပ်အား လှမ်းကြည့်လိုက်သောအခါ ကျွန်ုပ်မှ ဆက်လက်၍ -

"ဪ - ဒီလိုပါ။ အစ်ကို ညက ဘုမ္မိရပိုင်းနဲ့ ပတ်သက်ဆက်နွယ်မှုရှိတဲ့ ထူးထူးဆန်းဆန်း အိပ်မက်တစ်ခုမက်တယ်"

ဟု အစချီကာ ညကမြင်မက်ခဲ့သော အိပ်မက်အကြောင်းကို ခရေစေ့တွင်းကျ စုံလင်အောင် ပြောပြလိုက်သောအခါ ဇနီးဖြစ်သူမှ အံ့ဩစွာဖြင့်-

"အင်း - အစ်ကို့အိပ်မက်က ထူးထူးဆန်းဆန်းပဲ။ မရောက်ဘူးတဲ့နေရာဒေသ၊ မသွားဘူးတဲ့တောတောင်ကြီးတွေထဲမှာ၊ ပြီးတော့ သိုက်ပိုင်းဆိုင်ရာတွေနဲ့ ပတ်သက်ဆက်နွယ်နေတော့ သေသေချာချာကို သတိထားပြီးတော့ လုပ်ကိုင်ဆောင်ရွက်ပေးရမယ်ထင်တယ်။ လှူချိန်တန်တဲ့အချိန်ကျရောက်လာရင်တော့ မရှာဖွေရဘဲ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရမှာပဲ။ အဲဒီအချိန်ကျတော့ လှူတန်းပေးလိုက်တာပေါ့။ ကဲ... - အခုတော့ ရေချိုးတော့။ ...ခန်းထဲမှာ အဆာပြေစားဖို့ ...ပြင်ပေးထား



www.burmeseclassic.com

www.burmeseclassic.com

ယ်

ဟု ပြောသဖြင့် ကျွန်ုပ်လည်း ရေချိုးခန်းထဲသို့ဝင်၍ ရေချိုးသန့်စင်လိုက်ပါသည်။ ရေချိုးသန့်စင်ပြီးသောအခါ ဘုရားရှိခိုးလိုက်ပြီး နံနက်စာ အဆာပြေစားရန် ဧည့်ခန်းထဲသို့ထွက်လာခဲ့ပါသည်။ ထိုအခါ ဧည့်ခန်းထဲ၌ ဇနီးဖြစ်သူနှင့်အတူ အဆာပြေစားသောက်နေရင်းဖြင့် ကျွန်ုပ်မှ ဒီနှစ်တွင် ပထမဦးဆုံး ကပ်လှူမည့် ကထိန်သင်္ကန်းအစီအစဉ်ကို ဤကဲ့သို့ပြောလိုက်ပါသည်။

"အစ်ကိုတို့ ဒီနှစ်မှ ပထမဦးဆုံး ကပ်လှူမယ့် ကထိန်သင်္ကန်းကို အများနဲ့မတူဘဲ တစ်မူထူးခြားသွားအောင်လို့ အစ်ကိုတို့မိသားစုရဲ့ ဘဝတစ်လျှောက်လုံးကို လမ်းညွှန်ပဲ့ကိုင်ပေးတဲ့ ကျေးဇူးရှင် ဘိုးတော်အောင်မင်းခေါင်ကြီးကို ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းရမယ့် ဘုန်းကြီးကျောင်းကို တည်နေရာနဲ့တကွ အိပ်မက်ပေးဖို့ဆုတောင်းမယ်။ တကယ်ပဲဆုတောင်းတဲ့အတိုင်း အိပ်မက်မြင်မက်လာခဲ့ရင် အဘချီးမြှင့်မြှောက်စားချင်တဲ့ ဘုန်းကြီးကျောင်းဟာ ဘယ်နေရာဘယ်ဒေသဖြစ်စေ၊ ဘယ်လောက်ပဲဝေးဝေး မရမက လိုက်လံရှာဖွေပြီးတော့ ကထိန်သင်္ကန်း ဆက်ကပ်မယ်လို့ စိတ်ဆန္ဒဖြစ်ပေါ်နေတယ်"

ဟု ပြောလိုက်သောအခါ ကျွန်ုပ်၏ဇနီးမှ -

"အစ်ကို့ရဲ့စိတ်ကူးက အရမ်းကောင်းတဲ့အစီအစဉ်ပဲ။ ဒီအစီအစဉ်ကို ညီမအနေနဲ့လည်း နှစ်သက်သဘောကျတယ်၊သဘောလည်းတူတယ်။ ဒါပေမယ့် တစ်ခုတော့ရှိတယ်နော်။ အစ်ကိုထင်ထားသလိုမျိုး အဘဆီက အိပ်မက်မရခဲ့ရင်ကော ဘယ်လိုဆက်ပြီးလုပ်ဆောင်မယ်လို့ ကြိုတင်ပြင်ဆင်ထားသလဲ၊ ကြိုတင်ပြင်ဆင်မှုလေးကိုပါ ပြောပြပါဦး"

"ဒီကိစ္စအတွက်တော့ ဘာမှစိတ်မပူနဲ့။ အစ်ကိုလည်း ဒီအခြေအနေအတွက် ကြိုတင်ပြီးတော့ တွေးထားတယ်။ တကယ်လို့ အဘအောင်မင်းခေါင်ကြီးက အိပ်မက်မပေးခဲ့ရင် ပဲခူးရိုးမအစပ်မှာရှိတဲ့ ဝိဇ္ဇာတောင်ကိုသွားတဲ့ တောလမ်းခရီးမှာ အေးငြိမ်းချမ်းသာတောရဓမ္မရိပ်သာဆိုတဲ့ ဝိပဿနာဘုန်းကြီးကျောင်းတစ်ကျောင်းကိုသွားရင်းလာရင်းနဲ့ အစ်ကိုသတိထားမိတော့ ဒီလိုမျိုး စိတ်ကူးထားတယ်။ တကယ်လို့ အဘအောင်မင်းခေါင်ကြီးက သီတင်းကျွတ်လပြည့်နေ့ညအထိ အိပ်မက်မပေးခဲ့ရင် အခုပြောတဲ့ အေးငြိမ်းချမ်းသာတောရဓမ္မရိပ်သာကျောင်းမှာ သီတင်းသုံးနေတဲ့ ဆရာတော်ဆီကို လပြည့်ကျော်(၁)ရက်နေ့မှာသွားပြီးတော့ ကထိန်သင်္ကန်းကပ်လှူဖို့ သွားရောက် လျှောက်ထားမယ်။ တကယ်လို့များ အဲဒီဘုန်းကြီးကျောင်းမှာလည်း တိုက်တိုက်ဆိုင်ဆိုင်ပဲ ကထိန်လက်ခံပြီးသွားပြီလို့ ဆရာတော်က အမိန့်ရှိလာခဲ့ရင်တော့ နောက်ဆုံးအစီအစဉ်ကတော့ ရိုးမတောထဲကိုတိုးဝင်ပြီး ပံ့သကူကထိန်သင်္ကန်းအဖြစ် တောရဆောက်တည်နေတဲ့ အာရုံကျရာတောကျောင်းတစ်ကျောင်းကိုဝင်ပြီးတော့ ကထိန်သင်္ကန်း ဆက်ကပ်ဖို့အတွက် လျှောက်ထားမယ်လို့ ကြိုတင်စိတ်ကူးပြီးတော့ စီစဉ်ထားပါတယ်"

ဟု ကျွန်ုပ်မှ ပြောပြလိုက်သောအခါ ဇနီးဖြစ်သူမှလည်း အစီအစဉ်အားလုံးကို သဘောကျနှစ်သက်သဖြင့် ကျွန်ုပ်လည်း ယခုအစီအစဉ်ကို အကောင်အထည် စတင်ဖော်ဆောင်ရန်အတွက် နံနက်အဆာပြေစားသောက်ပြီးသည်နှင့် သာသနာ့အလင်းရောင်ဘုရား ဥက္ကလာဦးစေတီရှိ စာရေးကြီးဦးထွန်းမြင့်ထံသို့ ကန်တော့ပွဲတစ်ပွဲ ဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် ဖုန်းဆက်၍ အကူအညီတောင်းကာ ကြိုတင်စီစဉ်ခိုင်းလိုက်ပြီး ဘိုးတော်အောင်မင်းခေါင်ကြီးတည်ထားကိုးကွယ်ခဲ့သောသာသနာ့အလင်းရောင် ဥက္ကလာဦးစေတီရှိရာသို့ ထွက်လာခဲ့ပါတော့သည်။

ဥက္ကလာဦးစေတီတော် သာသနာ့အလင်းရောင်ဘုရားသို့ ရောက်ရှိသောအခါ ကျွန်ုပ်သည် စာရေးကြီးဦးထွန်းမြင့်ကို နှုတ်ဆက်လိုက်ပြီး ကန်တော့ပွဲအတွက် ကျသင့်ငွေများရှင်းပေးသောအခါ စာရေးကြီးဦးထွန်းမြင့်မှ ကျွန်ုပ်အား ကန်တော့ပွဲ ဆက်ကပ်လှူဒါန်းရခြင်းအကြောင်းအရင်းကို မေးမြန်းလေသည်။ ထိုအခါ ကျွန်ုပ်မှ ဘိုးတော်အောင်မင်းခေါင်ကြီးအား ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းရမည့် ဘုန်းကြီးကျောင်းကို အိပ်မက်ဖြင့် ညွှန်ကြားပြသပေးရန် အိပ်မက်တောင်းသော အဓိဋ္ဌာန်ပွဲဖြစ်သည်ဟု ပြောပြလိုက်သောအခါ စာရေးကြီးဦးထွန်းမြင့်မှ ပြုံးရွှင်စွာဖြင့် -

"အဘဝကတော့ သူများနဲ့မတူ ထူးထူးဆန်းဆန်းတွေလုပ်ချလိုက်ပြန်ပြီ။ ဘာပဲဖြစ်ဖြစ် ဒီကုသိုလ်ပွဲကို အဘတို့လည်းလိုက်မယ်ဟော့"

ဟု ပြောသောအခါ ကျွန်ုပ်မှ စာရေးကြီးဦးထွန်းမြင့်အား -

"လိုက်ရမှာပေါ့ဗျာ၊ ကျွန်တော် ဘဝရဲ့ ဆရာသခင်ကျေးဇူးရှင်ကြီးဖြစ် အဘအောင်မင်းခေါင်ရဲ့ပွဲပဲ။ ဒါကြော အဘသားသမီးတပည့်တွေအားလုံးလို ခွင့်ရှိတယ်။ ဒီအလှူပွဲကို လိုက်သာလို ခဲ့ပါ။လိုက်ပါလာတဲ့ပရိသတ်တွေအား အတွက် နေထိုင်စားသောက်ရေး အဝဝကို အစစအရာရာမလစ်ဟင်း အောင် ကျွန်တော် တာဝန်ယူပါတ ဗျာ"

ဟု ပြန်လည် ပြောကြားလိုက် အဓိဋ္ဌာန်ကန်တော့ပွဲကို ယူဆောင် ကမ္ဘာ့ဓာတ်တိုင်စေတီရှိရာသို့ထွက်လာ ခဲ့၏။ ကမ္ဘာ့ဓာတ်တိုင်စေတီသို့ ရောက် သောအခါ ကျွန်ုပ်သည် ဖယောင်းတိုင် ဆီမီးများ၊ အမွှေးနံ့သာတိုင်များ ပူဇော်လိုက်ပြီး အဓိဋ္ဌာန်ကန်တော့ပွဲ လက်မှကိုင်မြှောက်၍ -

"အကျွန်ုပ်သည် ကျေးဇူးတော် အနန္တ၊ ဘုန်းတော်အနန္တ၊ ဂုဏ်တော် အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော် အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့် တော်မူသော သုံးလောကထွတ်ထား သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီး ရတနာသုံးပါး၊ အနန္တောအနန္တငါးပါး ကို ဦးထိပ်ထား၍ သိကြား၊ ဗြဟ္မာ၊ န ဒေဝါအားလုံးနှင့်တကွ ထွက်ရပ်ပေါ သိဒ္ဓိရှင်မဟာသိဒ္ဓိရှင် ဝိဇ္ဇာရှစ်သောင်းဆ သခင်အပေါင်းတို့ကို သစ္စာအရာ၌ထား ၍ ဤမှန်ကန်သော သစ္စာစကား အကျွန်ုပ်ဆိုပါ၏။

အကျွန်ုပ်သည် လူမှန်းသိတ သည့်အရွယ်မှစ၍ ဘုရား၊ တရား သံဃာ ရတနာမြတ်(၃)ပါးကို ယုံကြ ကိုးကွယ် ဆည်းကပ်တာ ဖြူစင်သော ကံ (၃) ပါးဖြင့် ရိုသေရှိခိုး လက်စုံမိုး ဆည်းကပ်ပူဇော်ခဲ့ပါသည်။ ဤသ စကားသည် ဧကန်စင်စစ် မှန်ကန်သော သစ္စာစကား ဖြစ်ပါသည်။

အကျွန်ုပ်သည် ငယ်ရွယ်စဉ်အ ကစားပြေးလွှားသောအချိန်က တွေ့ ဆုံတွေ့ခွင့်ရခဲ့သော အဘဘိုးပေါက် ဆိုသော သူတော်စင်ကြီးသည် လွယ်အိတ်ထဲမှ သကြားလုံးမျာ ကျွန်ုပ်အားကျွေးပြီး သူ၏တော ဖြင့် ကျွန်ုပ်၏ဦးခေါင်းကို ညင်သာစွာ လာရောက်ရှိ ပါသည်။ ထိုအချိန်က မှစတင်၍ ဆက်၊ ပဉ္စာန်းဆက်၊ ဓမ္မဆက်မျာ တွေ့ဆုံ ကြုံတွေ့ခွင့်ရရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သစ္စာစကားသည် ဇောက်စင်စစ်မှန်ကန်သော သစ္စာစကား ဖြစ်ပါသည်။

ထိုသို့ တွေ့ဆုံကြုံတွေ့ခွင့်ရရှိခဲ့သည့် နောက်ပိုင်းမှစ၍ ထွက်ရပ်ပေါက်သူတော်စင်ကြီးများ၏ မိန့်မှာကြားချက်အတိုင်း ဒါနအလှူအတန်းများပေးလှူ၍ ဒါနပါရမီများကို မိန့်ကြားထားသည့်အတိုင်း တစ်သဝေမတိမ်း ချွတ်ယွင်းချက်မရှိ ပြုလုပ်ခဲ့ပါသည်။ ဤသစ္စာစကားသည် ဇောက်စင်စစ် မှန်ကန်သော သစ္စာစကား ဖြစ်ပါသည်။

ကျွန်ုပ် ယခုဆိုခဲ့ပြီးသော သစ္စာအဓိဋ္ဌာန်သည် မှန်ကန်မှုရှိခဲ့သော် ကျွန်ုပ် သင်္ကန်းသက်န်း ဆက်ကပ်လှူဒါန်းရမည့် ကျောင်းအား အဘအောင်မင်းခေါင်ကြီး ရွေးချယ်မှုပြု၍ သံဃာတော်၏ ရုပ်နှာပုံသဏ္ဍာန်နှင့်တကွ ဘုန်းကြီးကျောင်းတည်ရှိသော နေရာဒေသကို အိပ်မက်များပေး၍ ပြသပေးပါ အဘအောင်မင်းခေါင်ကြီးခင်ဗျား"

ဟု ကန်တော့ပွဲကို ကိုင်မြှောက်၍ ဆုတောင်းအဓိဋ္ဌာန်ပြုကာ ကမ္ဘာ့ဓာတ်တိုင်စေတီ၌ ကန်တော့ပွဲကို ဆက်ကပ်လှူဒါန်းလိုက်ပါသည်။

ဤနေရာ၌ စာဖတ်ပရိသတ်များ ကြားဖြတ်၍ရှင်းလင်းတင်ပြရသော အချက်မှာ ကျွန်ုပ်သစ္စာဆို တိုင်တည်ခဲ့သောအဘဘိုးပေါက်ပွင့်ဆိုသည့် သူတော်စင်ပုဂ္ဂိုလ်ကြီးမှာ ကျွန်ုပ်ငယ်ရွယ်စဉ်အချိန်ကာလကပင် အသက်အရွယ်အားဖြင့် (၉၀) ကျော်ခန့်ရှိပြီး ယခင် ဓနိစင်ဘောက်ထော်ဟု ခေါ်တွင်သည့် ကျွန်းမြို့နယ် ဇ/တောင်ရပ်ကွက်တွင် တည်ရှိသော သမိုင်းဝင် ရွှေနားပန် စေတီတော်မြတ်ကြီးတွင် သာသနာပြု စခန်းအဖြစ် အထိုင်ချကာ လှည့်လည် သာသနာပြုခဲ့သော သူတော်စင် အဘဘိုးပေါက်ပွင့်ကို ဆိုလိုခြင်းဖြစ်ပါသည်။

ယခု ကျွန်ုပ် တင်ပြနေသော အဘဘိုးပေါက်ပွင့်မှာ လက်ရှိရုပ်ခန္ဓာကြီးကို မစွန့်ခွာဘဲ မူလပထမ ဆိုထားအတိုင်း သူတော်စင်စခန်း ထွက်ရပ်လမ်းသို့ အရှင်ထွက် ကြွမြန်းသည်ဟု အများက ပြောနေကြသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးကို ဆိုလိုခြင်း ဖြစ်ပါသည်။ သူတော်စင် အဘဘိုးပေါက်ပွင့်နှင့်ကျွန်ုပ်သည် ကတိသစ္စာ ထားရှိခဲ့ကြပါသည်။

ယခု တင်ပြခဲ့သော ထွက်ရပ်ပေါက် သူတော်စင် အဘဘိုးပေါက်ပွင့်နှင့် ကျွန်ုပ်၏ တွေ့ကြုံခဲ့ရသော အကြောင်းအရာများအားလုံးကို အခါအခွင့်သင့်ချိန်၌ ဖော်ပြ ရေးသားသွားမည်ဟု စာဖတ်ပရိသတ်ကြီးအား ကတိပေးပါသည်။)

ဤသို့ဖြင့် ကျွန်ုပ်သည် ကမ္ဘာ့ဓာတ်တိုင်စေတီ၌ အဓိဋ္ဌာန်ကန်တော့ပွဲဖြင့် သစ္စာဆိုတိုင်တည်မှုကိစ္စ ပြီးဆုံးသွားသောအခါ နေအိမ်ရှိရာသို့ ပြန်လာခဲ့ပါသည်။ ရက်အနည်းငယ်ကြာသောအခါ၌ ကျွန်ုပ်သည် အဘအောင်မင်းခေါင်မှ ပထမဆုံးပေးထားအိပ်မက်ကို စတင်၍ မြင်မက်ပါတော့သည်။

**□ ပထမအိပ်မက်**

ကျွန်ုပ်သည် တောင်ပေါ်လမ်း တစ်နေရာ၌ ဆိုင်ကယ်စီး၍ ခရီးနှင်နေပါသည်။ ထိုသို့ ဆိုင်ကယ်မောင်းနေစဉ် တောင်တစ်ဆစ်ချိုးအကွေ့နေရာဆီသို့ အရောက်တွင် ရဟန်းတော်တစ်ပါးသည် သပိတ်ပိုက်ထားပြီး မတ်တတ်ရပ်နေ၏။ ထို့နောက် ရပ်နေသောရဟန်းတော်မှ ကျွန်ုပ်ဆိုင်ကယ်အား လမ်းကြုံလိုက်ရန် အတွက် လှမ်းတားလိုက်ပါသည်။ ထို့ကြောင့် ကျွန်ုပ်လည်း စီးလာသော ဆိုင်ကယ်ကို ရပ်တန့်ပေးလိုက်ကာ ထိုရဟန်းတော်နှင့်အတူ ခရီးဆက်လက်၍ထွက်ခွာခဲ့ပါသည်။ ထိုသို့ ဆိုင်ကယ်မောင်းနေရင်း ခဏအကြာ၌ တောင်ကုန်းမြင့်ကြီးအပေါ်သို့ မြေနီလမ်းကြီး ထိုးဖောက်ထားသည်ကို ကျွန်ုပ်ဆိုင်ကယ်မောင်းရင်းဖြင့် အဝေးမှလှမ်းမြင်နေရပါသည်။ ထို့နောက် ကျွန်ုပ်နှင့်ရဟန်းတော် စီးလာသော ဆိုင်ကယ်သည် တောင်ကုန်းမြင့်ကြီးပေါ်သို့တက်ရန် ဖောက်လုပ်ထားသော မြေနီလမ်းမကြီးပေါ်တွင် အရှိန်မြင့်ကာ တိုးတက်သွားသည်နှင့် ကျွန်ုပ်သည် အိပ်မက်မှ နိုးသွားပါတော့သည်။ အိပ်ရာမှနိုးသောအခါ ကျွန်ုပ်သည် ရေမိုးချိုးသန့်စင်လိုက်ပြီး ဘုရားဝတ်ပြုကာ နံနက်စာအဆာပြေကို ဇနီးဖြစ်သူနှင့် အတူတကွ စားသုံးရင်းဖြင့် ကျွန်ုပ်မှ ဇနီးဖြစ်သူအား -

"အစ်ကို ညက အိပ်မက်တစ်ခု မက်ပြီးမက်တယ်"

ဟု ပြောကာ အိပ်မက်အကြောင်းကို ပြောပြလိုက်ပါသည်။ ထို့နောက် ကျွန်ုပ်မှပင် ဆက်လက်၍ -

"ခက်တာက အိပ်မက်မြင်မက်ပေမယ့် ရဟန်းတော်ရဲ့မျက်နှာကိုသာ ဖူးတွေ့ရပြီး ဘယ်အရပ်ဘယ်ဒေသက ဘုန်းကြီးကျောင်းဆိုတာကို မသိရတဲ့ အချက်ကခက်နေတယ်။ ကျောင်းနာမည် မသိ၊ နေရာဒေသမသိဆိုတော့ ဘယ်လိုလုပ်ပြီး စုံစမ်းရမလဲ၊ ကောက်ရိုးပုံထဲကျသွားတဲ့အပ်ကိုရှာသလိုမျိုးဖြစ်နေတယ်"

ဟု ပြောလိုက်သောအခါ ဇနီးဖြစ်သူမှ -

"ဒါဆိုရင်လည်း အဘအောင်မင်းခေါင်ကြီးကို အိပ်မက်ထပ်မံပြီးပေးဖို့ ဆုတောင်းလိုက်ပေါ့"

"အေး - ဟုတ်တယ်၊ ဒီလိုမျိုးပဲ လုပ်ရတော့မှာပေါ့"

ဟု ဇနီးဖြစ်သူအား ပြန်လည်ပြောကြားလိုက်ပါသည်။ ဤသို့ဖြင့်ပင် သုံး၊ လေးရက်အကြာ၌ ထပ်မံ၍ အိပ်မက်ရရှိပြန်ပါသည်။

**□ ဒုတိယအိပ်မက်**

ကျွန်ုပ်သည် ကျေးငှက်သာရကာ မျိုးစုံတို့ ပျော်ရွှင်မြူးကြွစွာ ဟစ်ကြွေးနေကြသော တောအုပ်ကြီးတစ်ခုအတွင်း၌ တစ်ယောက်တည်း လမ်းလျှောက်နေ၏။ ထိုသို့ တောထဲ၌ လမ်းလျှောက်လာရင်း ခဏအကြာ၌ ယခု လမ်းလျှောက်နေသော တောအုပ်ကြီးအတွင်း၌ပင် ရွှေဟောင်း ဘုရားပြိုဘုရားပျက်စေတီများစွာတို့ တည်ရှိနေသောနေရာသို့ ရောက်ရှိလာပါသည်။ ထိုနေရာသို့ ရောက်ရှိသောအခါ၌ ကျွန်ုပ်သည် မတ်တတ်ရပ်၍ လက်ဆယ်ဖြာထိပ်မှာမိုးကာ ရှိခိုးပူဇော်မှုပြုလုပ်လိုက်ပါသည်။ ထိုကဲ့သို့ ရှိခိုးပူဇော်နေစဉ် ဘုရားပြိုဘုရားပျက်ကြားထဲမှ သစ်ခေါက်အညိုရောင်သင်္ကန်းကိုရုံထားပြီး ဦးခေါင်းပေါ်ရှိ ဆံပင်များကို ညာတစောင်းထုံးထားတာ အရှေ့၊ အနောက် တောင်ကြီးနှစ်တောင်းကို ထမ်းပိုးဖြင့်ထမ်းထားသော ရသေ့ဟုထင်ရသော ပုဂ္ဂိုလ်ကြီးတစ်ပါးသည် မေတ္တာသုတ်ကိုရွတ်ဆိုကာ ဘုရားပြိုဘုရားပျက်များကြားမှ ထွက်လာပါသည်။ ထိုရသေ့ကြီးထွက်လာသောအခါ ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်ဆုံတွေ့မိကြပါသည်။

ထိုအခါ ကျွန်ုပ်မှ -

"အရှင် ဘုရား၊ ဘယ်လမ်းဘယ်စခန်းသို့ ကြွလှမ်းမလို့လဲ ဘုရား။ အရှင်ဘုရားကြွရောက်မယ့်နေရာဒေသအထိ ရောက်ရှိအောင် တပည့်တော်အနေနဲ့ အရှင်ဘုရားထမ်းထားတဲ့ဝန်ထုပ်တောင်း နှစ်တောင်းကို တပည့်တော်ထမ်းပေးပြီး လိုက်ပို့ပါရစေဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"အေးအေး- သာဓု သာဓု သာဓု။ လူလေးမှတ်ထားကွယ့် သာသနာ့တာဝန်ဆိုတာ အခုလိုမျိုး ပခုံးပြောင်းလွဲယူရတယ်ကွယ့်။ ကတိသစ္စာများထားရှိခဲ့ကြရင်တော့ ပိုလို့တောင် တာဝန်လွှဲယူရသေးတယ်ကွယ့်"

ဟု ပြောပြီး ထမ်းထားသော တောင်းနှစ်တောင်းအား ကျွန်ုပ်ဆီသို့ လွှဲပြောင်းပေးလိုက်ပါသည်။ ကျွန်ုပ်လည်း ရသေ့ကြီးဆီမှ တောင်းနှစ်တောင်းအထမ်းအား လွှဲယူလိုက်သောအခါ မဖော်ပြနိုင်သော ငြိမ်းချမ်းမှုကို ရရှိခံစားလိုက်ရပါသည်။ တောင်းနှစ်လုံးထမ်းထားသောအထမ်းကို ကျွန်ုပ်လွှဲယူလိုက်ပြီးသည်နှင့် ရသေ့ကြီးသည် အရှေ့မှကြွလှမ်းသွားသဖြင့် သူ၏နောက်မှ ထက်ကြပ်မကွာ ကျွန်ုပ်လိုက်ပါသွားပါတော့သည်။ အရှေ့မှကြွသွားသော ရသေ့ကြီးရွှတ်ဆိုနေသော မေတ္တာသုတ်သည် တစ်တောလုံးသို့ပျံ့နှံ့ကာ ပဲ့တင်သံများပင် ပြန်လည်ကြားနေရပါသည်။ ဤသို့ဖြင့် ကျွန်ုပ်သည် အိပ်မက်မှ နိုးသွားပါတော့သည်။

ဤအိပ်မက်သည်လည်း ပထမအိပ်မက်အတိုင်းပင် ဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ကထိန်သင်္ကန်းကပ်လှူရမည့်ပုဂ္ဂိုလ်မည်သည် ကျွန်ုပ်သိရှိနားလည်သည်က ဘုရားသားတော် ရဟန်းသံဃာဖြစ်ရမည်။ ယခုမူကား ဆံပင်ကို သျှောင်တစောင်းထုံးထားသောရသေ့ဖြစ်နေပါသည်။ ဤအချက်ကြောင့် ကျွန်ုပ်အခက်တွေ့နေရပါသည်။

မည်သို့ပင်ရှိစေကာမူ အဘအောင်မင်းခေါင်ကြီးသည် အကြောင်းမဲ့သက်သက် အိပ်မက်ပေးမည်မဟုတ်၊ အကြောင်းအရင်းရှိကိုရှိရမည်။ အချိန်တန်လျှင် ထိုအကြောင်းအရာများကို ကျွန်ုပ်သိရှိခွင့်ရရှိလိမ့်မည်ဟု ယုံကြည်ပါသည်။ ဤသို့ဖြင့်ပင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့သို့ရောက်ရှိလာသဖြင့် ကျွန်ုပ်တို့မိသားစုသည် ကြိုတင်စီစဉ်တွက်ချထားသည့်အတိုင်း ဒေးစွန်ပါဘုရားအနောက်ဘက် တောင်ပေါ်တစ်နေရာတွင်တည်ရှိသော အေးငြိမ်းချမ်းသာကောရမမ္မရိပ်သာရာသက်ပန်သက်သတ်လွတ်ဝိပဿနာဘုန်းကြီးကျောင်းရှိရာသို့ ကထိန်သင်္ကန်းကပ်လှူဒါန်းမှုလျှောက်ထားရန်အတွက် ခရီးထွက်ခွာလာခဲ့ပါသည်။

ဒေးစွန်ပါသို့ ရောက်ရှိသောအခါ သီတာရုံကျောင်းမှ ဦးဇောတိကခေါ် ဦးပဥ္စင်းဝတုတ်ကိုဝင်ရောက်ခေါ်ဆောင်၍ ခရီးဆက်လက်ထွက်ခွာခဲ့ပါသည်။ ဒေးစွန်ပါဘုရားမုခ်ဦး၏ ညာဘက်သို့ ချိုးကွေ့လိုက်ပြီး (၁၅) မိနစ်ခန့် ကားမောင်းလာပြီးသောအခါ အေးငြိမ်းချမ်းသာတောရမမ္မရိပ်သာဘုန်းကြီးကျောင်းသို့ ရောက်ရှိခဲ့ပါသည်။

ထိုကျောင်းသို့ရောက်ရှိသောအခါ ကျောင်းထိုင်ဆရာတော် ဦးဉာဏဝရ သီတင်းသုံးရာ ကျောင်းသခ်မ်းဆီသို့ လျှောက်လှမ်းခဲ့သည်။ ဆရာတော် သီတင်းသုံးရာ ကျောင်းအတွင်းသို့ ရောက်သောအခါ ဆရာတော်မှ ကျွန်ုပ်အား မြင်တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် -

"ဒကာလေးက သူတော်စင်ပုဂ္ဂိုလ်ကြီးတွေနဲ့ တော်တော်လေးကို ပဋ္ဌာန်းဆက်ရှိတာပဲ"

ဟု ဆရာတော်မှ စတင်၍ပြောကြားလိုက်သောအခါ ကျွန်ုပ်မှ အံ့အားသင့်သွားပါသည်။ ထိုသို့ ဆရာတော်မှ အမိန့်ရှိလိုက်ပြီးသည်နှင့် ကျွန်ုပ်မှ စတင်ကာ ဤသို့လျှောက်ထားလိုက်ပါသည်။

"မှန်လှပါ ဘုရား။ ဆရာတော်အမိန့်ရှိလိုက်တဲ့အတိုင်းပါပဲ၊ တပည့်တော်ဟာ သူတော်စင်ကြီးတွေနဲ့ အခါအခွင့်သင့်ရင် တွေ့ကြုံရပါတယ်ဘုရား။ အခုလည်း အဘအောင်မင်းခေါင်ကြီးကို ကထိန်သင်္ကန်းကပ်လှူဖို့အတွက် အိပ်မက်တောင်းတာ အိပ်မက်တော့မက်ပါတယ်။ ဘုရားကျောင်းနာမည်နဲ့ နေရာဒေသ အတိအကျမသိရှိရတဲ့အတွက်ကြောင့်မို့ တပည့်တော်ရဲ့ အစီအစဉ်အတိုင်း အရှင်ဘုရားရဲ့ကျောင်းမှာ ကထိန်သင်္ကန်းကပ်လှူဖို့အတွက် လာရောက် လျှောက်ထားခြင်း ဖြစ်ပါတယ်ဘုရား"

"ဒါဆိုရင် ဒကာလေးက ဘိုးမင်းခေါင်ကြီးနဲ့ တွေ့ကြုံဖူးတာပေါ့ ဟုတ်လား"

"မှန်ပါ့ ဘုရား၊ အဘအောင်မင်းခေါင်က ဖူးတွေ့ခွင့်ပေးရင် တွေ့ဆုံခွင့်ရရှိပါတယ်ဘုရား"

"ဒါဆို ဒကာလေးကို ဘုန်းကြီးတစ်ခုလောက်မေးမယ်"

"မေးပါဘုရား။ တပည့်တော်သိတဲ့အရာကို သိတဲ့အတိုင်းလျှောက်ပြီး မသိတဲ့ကိစ္စကို မသိဘူးလို့ဘဲ တပည့်တော်အမှန်တိုင်း လျှောက်တင်ပါ့မယ်ဘုရား"

"ကဲ - ဒါဆိုရင် ဘိုးမင်းခေါင်ဆိုတဲ့ပုဂ္ဂိုလ်ကြီးဟာ ဆံပင်အတိုနဲ့လား အရှည်နဲ့လား။ ပြီးတော့ အသားဖြူသလား၊ အသားမည်းသလား၊ ပိန်သလား၊ ဝသလား။ ကဲ-ပြောကြည့်စမ်းပါဦး ဒကာလေး"

"မှန်ပါ့ ဘုရား၊ အဘအောင်မင်းခေါင်ကြီးဟာ တပည့်သားသမီးတွေကို အမိန့်ရှိခဲ့ပါတယ်ဘုရား။ အဘကြွလာခဲ့ရင် ဒီရုပ်ကြီးကို အသေမှတ်မထားနဲ့၊ အဘက ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ကြွလာခဲ့မယ်။ အဘက ရုပ်ကိုမသုံး၊ နာမ်ကိုသာသုံးတယ်လို့ အမိန့်စကားရှိခဲ့ပါတယ်ဘုရား။ ဒါကြောင့် အဘအောင်မင်းခေါင်ကြီးကို အသွင်သဏ္ဌာန်အမျိုးမျိုး ပုံစံအမျိုးမျိုးနဲ့ ကြုံတွေ့ရပါလိမ့်မယ်ဘုရား"

"အေး - ဒကာလေးရဲ့အဖြေ မှန်ကန်ပါတယ်။ အမှန်အတိုင်းဝန်ခံရရင် ဘုန်းကြီးအနေနဲ့ ဒီဝိဇ္ဇာပုဂ္ဂိုလ်ကြီးတွေ လုံးဝကိုအယုံအကြည်မရှိခဲ့ဘူး။ တစ်နေ့ ဘုန်းကြီးတရားမှတ်နေတာ ညဉ့်(၁၂)နာ ကျော်ကျော်လောက်ရှိမယ်ထင်တယ် အဲဒီလိုတရားမှတ်နေရင်းနဲ့ ဘိုးမင်းခေါ ကြီးဟာ ဘုရားစေတီတွေမှာ ထုလု ပူဇော်ထားတဲ့ ပုံစံအတိုင်းပဲ ဆံပင်တို ချည်ပုဆိုးအကွက်နဲ့ ပင်နီတိုက်ပုံ ရင်ဘတ်ဟဝတ်ထားပြီးတော့ ဘုန်းကြီး တရားမှတ်နေတဲ့ အရှေ့တည့်တည့် ရောက်လာပြီး အရှေ့ဘက်က ဘုန်းကြီးရဲ့ခေါင်းကို လက်ညှိုးထိုး တော့ မောင်ပဥ္စင်း၊ မောင်ပဥ္စင်းရဲ့ခေါ မှာ အင်းကွက်တွေနဲ့ပါလားလို့ပြော မျက်စိရှေ့မှာတင်ပျောက်ကွယ်သွားတယ ဒါနဲ့ပဲ ဘုန်းကြီးလည်း တရားရှုမှတ် တာကနေ တရားဖြုတ်လိုက်ပြီး (၃၁) ကို အမျှအတန်းပေးဝေလိုက်ပါတယ ပြီးတော့ ဘိုးမင်းခေါင်ကြီး သွားသလို ဟုတ်နေလားမသိဘူးဆို တော့စဉ်းစားပြီး ပြတင်းပေါက်မှ ဆင်ထားတဲ့ သရုပ်ကပ်မှန်နဲ့သွားကြ လိုက်တဲ့အခါမှာတော့ ဘိုးမင်းခေါ ပြောသွားတဲ့အတိုင်းပဲ ဘုန်းကြီးရဲ့ခေ တစ်ခုလုံးမှာ အနီရောင်အင်းကွက် တစ်ခေါင်းလုံးအပြည့်ပဲ။ အဲဒီအင်း တွေလည်း ဘုန်းကြီးတွေ့လိုက် ဟာ - ဒုက္ခပါပဲ ဘယ်လိုလုပ်ရပါမ ဝိပဿနာကျောင်းထိုင်ဘုန်းကြီးလု ပြီးတော့ ခေါင်းပေါ်မှာ အင်းကွက် ဘယ်လိုလုပ်ရပါမလဲဆိုပြီးတော့ ခေ ပေါ်မှာ လဲကျောင်းစဉ်းစားရင်းက ပျော်သွားတယ်။ မနက်မိုးလင်း

www.burmeseclassic.com

အိပ်ရာနိုးနိုးချင်း ကပျာကယာ ပြတင်းပေါက်ဆီသွားပြီး ဦးခေါင်းကိုပြန်ဖြီးကြည့်လိုက်တော့ ဘာအင်းကွက်မှမရှိတော့ဘူး ဒကာလေး။ အဲဒီအချိန်မှ ဘုန်းကြီးလည်း စိတ်နှလုံးတုံးတုံးချနိုင်တော့တယ်။ အဲဒီကိစ္စတွေဖြစ်ပြီးကတည်းက ဒီပုဂ္ဂိုလ်ကြီးတွေတကယ်ရှိတယ်ဆိုတာ ဘုန်းကြီးလည်း လက်ခံ ယုံကြည်သွားတော့တယ် ဒကာလေး"

"မှန်လှပါ ဘုရား။ အရှင်ဘုရားလို ဆရာတော်ကြီးတစ်ပါးက အခုလိုပြောတယ်ဆိုတာ တချို့လူပုဂ္ဂိုလ်တွေကို ပြန်ပြောရရင် ယုံကြည်မှုရှိမှာမဟုတ်ပါဘူး ဘုရား။ တပည့်တော်ကို လုပ်ကြံပြီး မဟုတ်မမှန်တာတွေ ပြောနေတာပဲလို့ သုံးသပ်ဝေဖန်ကြမှာ အမှန်ပါပဲ ဘုရား"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ဒကာလေး။ သမထနဲ့ ဝိပဿနာဆိုတာ ခွဲခြားပြီးဝေဖန်လို့မရပါဘူး။ ဘယ်လမ်းကတက်တက် နိဗ္ဗာန်ရောက်ကြောင်းတရားရဲ့ အထောက်အပံ့တွေပါပဲ။ ဝိဇ္ဇာကြီးတွေဟာ သာသနာတော်ကို စောင့်ရှောက်နေကြတာ သာသနာ့တာဝန်တွေကို သူ့နေရာနဲ့သူ တာဝန်ယူထားကြတဲ့ ပုဂ္ဂိုလ်ကြီးတွေဆိုတာကို ဘုန်းကြီးအနေနဲ့တော့ လက်ရှိကျင့်ကြံအားထုတ်ဆဲဖြစ်တဲ့ ဝိပဿနာတရားအလုပ်စခန်းမှာ ကြားခဏဆိုသလိုတွေ့ကြုံရတဲ့အတွက် ယုံကြည်သွားပြီ ဒကာလေး"

"မှန်ပါ့ ဘုရား။ အရှင်ဘုရားတို့လို ဆရာတော်ကြီးတွေကိုယ်တိုင် ယုံကြည်မှုရှိတယ်ဆိုတော့ တပည့်တော်အနေနဲ့ အတိုင်းမသိ ဝမ်းသာမိပါတယ် ဘုရား"

"အေးအေး - ဒါနဲ့ ဒကာလေး စောစောတုန်းက ဘုန်းကြီးကို ကထိန်သင်္ကန်းကပ်ဖို့အတွက် လာပြီးလျှောက်ထားတာလို့ ဘုန်းကြီးကြားမိလိုက်တယ်"

"မှန်ပါ့ ဘုရား"

"အေး- ဘုန်းကြီးတို့ ဒီကျောင်းက ရှေးယခင် ကျောင်းထိုင်ဆရာတော်ကြီး အဆက်ဆက်ကတည်းက ကထိန်သင်္ကန်းကို တစ်ဦးတစ်ယောက်တည်းကို ခွင့်မပြုခဲ့ဘူး။ ခုနစ်ရက်သားသမီးအများစု ကုသိုလ်ရစေရန်အတွက် စုပေါင်းကပ်တဲ့ ကထိန်သင်္ကန်းကိုပဲ နှစ်စဉ်နှစ်တိုင်း ခွင့်ပြုလာခဲ့တာ။ ဒါကြောင့် ဒကာလေးလည်း တစ်ဦးတစ်ယောက်တည်းကပ်တဲ့ကထိန်ဖြစ်နေတဲ့အတွက် ခွင့်ပြုလို့မရဘူး ဒကာလေး"

"မှန်ပါ့ ဘုရား။ ဒါဆိုရင်လည်း စုပေါင်းကထိန်အတွက်ပဲ ပါဝင်လှူဒါန်းခဲ့ပါ့မယ်ဘုရား"

ဟု လျှောက်ထားပြီး ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ထို့နောက် ကျွန်ုပ်တို့လည်း ဒုတိယအစီအစဉ်ဖြစ်သည့် ပုံသကူဟု လျှောက်ထားပြီး ဝတ္ထုငွေများဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်တို့လည်း ဒုတိယအစီအစဉ်ဖြစ်သည့် ပုံသကူကထိန်သင်္ကန်းအတွက် တောထဲတိုးဝင်ရန်ရှိသေးသောကြောင့် အေးငြိမ်းချမ်းသာတောရမွေ့ရိပ်သာကျောင်းမှကျောင်းထိုင်ဆရာတော် ဦးဉာဏဝရကို ရှိခိုးဦးချကန်တော့ကာ ဆက်လက်၍ ခရီးဆက်ခဲ့ကြပါသည်။ မိနစ် (၃၀) ခန့် တောင်တက်၊ တောင်ဆင်း ကားမောင်းပြီးသောအခါ ရွှေစေတီသို့ရောက်ရှိ၍ ရွှေစေတီ၌ ကားကိုထားခဲ့ကာ ခြေကျင်ခရီးဖြင့် ဆက်လက်လျှောက်လှမ်းခဲ့ကြပါသည်။

ခြေကျင်ခရီးဖြင့် (၁၅) မိနစ်ခန့် တောထဲတိုးဝင်လိုက်သောအခါ မြင်ကွင်းတစ်ခုကြောင့် ကျွန်ုပ် အလွန်ပင်ဝမ်းသာသွားပါသည်။ အဘယ်ကြောင့်ဆိုသော် အိပ်မက်ထဲ၌ မြင်မက်ခဲ့သော ကျွန်ုပ်နှင့် ဘုန်းကြီးတစ်ပါး ဆိုင်ကယ်ဖြင့် တောင်ပေါ်သို့ အရှိန်ဖြင့်ထိုးတက်သွားသော တောင်ပေါ်တက်ရသည့် မြေနီလမ်းကြီးကို ကျွန်ုပ် စတင်တွေ့ရှိလိုက်ရသောကြောင့် ဖြစ်ပါသည်။ ထိုမြေနီလမ်း ထိုးဖောက်ထားသော တောင်ကြီးကို ခြေကျင်ခရီးဖြင့်တက်သွားပြီး တောင်ထိပ်သို့ရောက်ရှိသောအခါ ထင်မှတ်မထားသော မြင်ကွင်းများကို ထပ်မံ၍ တွေ့ရှိလိုက်ရပါတော့သည်။ ကျွန်ုပ်ကို အိပ်မက်ထဲ၌ ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင်ကြီး အသေအချာ မှတ်သားထားခိုင်းသော တောင်ချင်းထိစပ်နေသည့် တောင်ပေါ်တွင်ဖောက်လုပ်ထားသော တောင်နှမောင်းလမ်းကျဉ်းလေးနှင့် ထိုလမ်း၏အဆုံး၌ ဤတောင်ကြောပေါ်တွင် အပေါ်သို့သိသိသာသာကြီး ထိုးထွက်နေသောတောင်ထွတ်တစ်ခုနှင့် ထိုတောင်ထွတ်ပေါ်တွင် စေတီတစ်ဆူတည်ရှိနေပြီး ထိုစေတီ၏ဘေး၌ကျောင်းသင်္ခမ်းတစ်ခုကိုပါ တွေ့ရှိလိုက်ရပါသည်။

ထိုမြင်ကွင်းအဖြစ်အပျက်များကြောင့် ကျွန်ုပ်သည် အားရဝမ်းသာစွာဖြင့် စေတီရှိရာသို့ လျှောက်လှမ်းလာခဲ့ပါသည်။ စေတီရှိရာသို့ ရောက်ရှိသောအခါ အဝင်မုခ်ဦး၌ ရွှေကြာအိုင်မင်္ဂလာစေတီတော်ဟု ရေးသားထားသော 'ရွှေကြာအိုင်ဘုရား' ကို ဖူးတွေ့လိုက်ရပါသည်။ ထို့နောက် ရွှေကြာအိုင်စေတီဘေးမှာရှိသော ကျောင်းသင်္ခမ်းသို့ဝင်ရောက်လိုက်သောအခါ ကျွန်ုပ်နှင့် အိပ်မက်ထဲတွင် ဆိုင်ကယ်အတူစီးပြီး တောင်ကုန်းပေါ်သို့တက်ခဲ့သော ဘုန်းကြီးဖြစ်နေသည်ကို မြင်တွေ့လိုက်ရပါတော့သည်။ ကျွန်ုပ် ပထမတုန်းကပြောခဲ့သလို အဘအောင်မင်းခေါင်ကြီးသည် အကြောင်းမဲ့သက်သက် အိပ်မက်ပေးခဲ့ခြင်းမဟုတ်ကြောင်း ယခုအချိန်တွင် သိရှိလိုက်ရပါတော့သည်။

ဆက်လက်၍ ဆရာတော်နှင့် စကားစမြည်ပြောဖြစ်ကြသောအခါ ဤတောင်ထွတ်သည် ရှေးယခင်တုန်းက ကိုးတောင်ပြည့်စေတီတစ်ဆူရှိခဲ့၍ ယခုအခါ ထိုစေတီငယ်အားငုံကာတည်ထားခြင်းဖြစ်ကြောင်း၊ ယခု စေတီကုန်းနေရာသည် အစောင့်အရှောက်ကြီးကြောင်း၊ ပြီးတော့ အတွင်းရွှေကြာအိုင်သိုက်ကြီးတည်ရှိသော ဘုမ္မိရတို့၏ နေရာဒေသဖြစ်ကြောင်း အစရှိသည်တို့ကို ဆရာတော်မှ ရှင်းပြပါသည်။ ထို့နောက် ကျွန်ုပ်တို့သည် ဆရာတော်အား ကထိန်သင်္ကန်းအတွက် လျှောက်ထားရာ ဆရာတော်မှ လက်ခံသဖြင့် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမည့်အလှူနေ့ကိုသတ်မှတ်ကာ ရန်ကုန်သို့ ပြန်လာခဲ့ပါသည်။

ဤသို့ဖြင့် ကျွန်ုပ်တို့မိသားစုသည် အဘအောင်မင်းခေါင်ရွေးချယ်ပြသပေးခဲ့သော အတွင်းရွှေကြာအိုင်ဘုရားမှ ဆရာတော်ကို ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းလိုက်ပြီး ဓမ္မမိတ်ဆွေများနှင့် အတူ ရေစက်သွန်းချ အမျှအတန်းပေးဝေလိုက်ကာ သာဓု (၃) ကြိမ်ခေါ်ဆိုပြီး ကထိန်သင်္ကန်းကပ်လှူမှု အောင်မြင်စွာပြီးဆုံးသွားပါသည်။ ကျွန်ုပ်တို့အားလုံးလည်း အတွင်းရွှေကြာအိုင်ဘုရားမှ ရန်ကုန်သို့ ပြန်လည်ထွက်ခွာခဲ့ပါသည်။ ရန်ကုန်သို့ ည(၈)နာရီခန့်တွင် ပြန်လည်ရောက်ရှိသဖြင့် ကျွန်ုပ်သည် ရေမိုးချိုးသန့်စင်လိုက်ပြီး ဘုရားရှိခိုးကာ ယနေ့ပြုပြုသမျှကုသိုလ်ဒါနအစုစုတို့ကို ထွက်ရပ်ပေါက် ဆရာသခင်ကျေးဇူးရှင်ကြီးများနှင့် ဝေနေယျသတ္တဝါအားလုံးနှင့်တကွ (၃၁) ဘုံသို့ အမျှအတန်းပေးဝေကာ အိပ်ရာဝင်ခဲ့ပါသည်။ ထိုည၌ ကျွန်ုပ်သည် ထပ်မံ၍ ဤကဲ့သို့ အိပ်မက်မြင်မက်လေတော့သည်။

ကျွန်ုပ်သည် ယခင်က အိပ်မက်မြင်မက်ခဲ့သော ပန်းချင်းကြီးဆီသို့သွားရန် ညအချိန်၌ ထပ်မံ၍ လျှောက်လှမ်း



www.burmeseclassic.com

www.burmeseclassic.com

နေပါသည်။ ပန်းခင်းကြီးအရှေ့သို့ ရောက်ရှိသောအခါ ဆုံတွေ့ဖူးသော ဝတ်ဖြူစင်ကြယ်သူတော်စင်ကြီးကိုထပ်မံ၍တွေ့ဆုံကြပြန်သည်။ ထိုသို့ ကျွန်ုပ်နှင့် ထပ်မံတွေ့ဆုံသောအခါ သူတော်စင်ကြီးမှ ကျွန်ုပ်ကို စတင်၍ -

"ဒီနေ့ လူလေးပြုလုပ်လိုက်တဲ့ အလှူဒါနရဲ့ အမျှပေးဝေမှုကို အဘ အပါအဝင် ဒီအတွင်းရွှေကြာအိုင်မှာရှိကြတဲ့ ကျွတ်လွတ်သင့်၊ ကျွတ်လွတ်ချိန်တန်တဲ့သူတွေအားလုံး သာဓုခေါ်ပြီးတော့ ကျွတ်တမ်းဝင်ကြပြီ။ ဟောဟိုမှာ ကြည့်လိုက်စမ်း"

ဟု ပြောလိုက်ပြီး ညွှန်ပြသဖြင့် ညွှန်ပြသောနေရာသို့ ကျွန်ုပ်ကြည့်လိုက်သောအခါ ယခင်က ဆုံတွေ့ခဲ့ဖူးသော မိန်းမပျို (၅) ဦးအပါအဝင် လူအများတို့သည် သူတော်စင်ကြီးနှင့် ကျွန်ုပ်ရှိရာသို့ ပြုံးပြပြီး ကျေးဇူးတင်စကားပြောကာ လက်ပြနှုတ်ဆက်ကြပါသည်။ ကျွန်ုပ်မှလည်း ပြန်လည်၍ ပြုံးပြပြီး နှုတ်ဆက်နေခိုက်မှာပင် မြူနှင်းများထူထပ်စွာကျရောက်လာပြီး ထိုလူအများတို့သည် မြူနှင်းများနှင့်အတူ ပျောက်ကွယ်သွားကြပါသည်။ ကျွန်ုပ်၏ ရှေ့တွင်ရပ်နေသော သူတော်စင်ကြီးသည်လည်း မြူနှင်းများ ရှင်းသွားသည်နှင့် ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင်ကြီးမဟုတ်တော့ဘဲ အဘ အောင်မင်းခေါင်ကြီးအဖြစ် တွေ့ရှိလိုက်ရပါသည်။ ထိုအခါ ကျွန်ုပ်မှ အဘ အောင်မင်းခေါင်ကြီးအား -

"အဘ၊ စောစောတုန်းက ဝတ်ဖြူစင်ကြယ်နဲ့ သူတော်စင်ကြီးက အဘပဲလား"

ဟု မေးလိုက်သောအခါ အဘမှ-

"အေး - မှန်တာပေါ့ ငါ့သားရ။ အဘက ရုပ်ကိုမသုံး၊ နာမ်ကိုသာသုံးတဲ့အတွက် အသွင်သဏ္ဍာန်အမျိုးမျိုးနဲ့ အဘကို တွေ့နိုင်တယ်။ ဒီနေ့ ငါ့သားရဲ့ အလှူကပေးဝေလိုက်တဲ့ အမျှအတန်းကို သာဓုခေါ်ခွင့်ရပြီး ကျွတ်တမ်းဝင်သွားကြတဲ့ ဘုမ္မိရသားတွေကလည်း ငါ့သားနဲ့ သံသရာတစ်ခုမှာ ဆွေတော်မျိုးတော်တွေပဲ။ ဒါကြောင့် ဝေနေယျသတ္တဝါအားလုံးဟာ ဘဝသံသရာလို့ခေါ်တဲ့ (၃၁) ဘုံဇာတ်စင်ကြီးပေါ်မှာ ဖြစ်လိုက်ပျက်လိုက်သင်္ခါရသဘောတရားအတိုင်း အဖန်ဖန်တလဲလဲ တဝဲဝဲလည်ပတ်ရင်းနဲ့ပဲ ပါရမီတွေကို ဆည်းပူးဖြည့်တင်းခဲ့ကြရတယ်။ အဓိကအချက်ကတော့ မနုဿတဒုလ္လဘဆိုတဲ့အတိုင်း လူ့ဘဝဆိုတာရဖို့ အင်မတန်မှ ခဲယဉ်းတယ်။ မျက်မှောက်ခေတ် ယခုအချိန်ကာလဆိုရင် ပိုပြီးတော့ဆိုးလာပြီ။ လူသေ လူပြန်ဖြစ်ဖို့ သိပ်ကိုခဲယဉ်းသွားပြီ။ (၇) ရက်သားသမီးအများစုဟာ ရရှိလာတဲ့ လူ့ဘဝကို တန်ဖိုးမထားကြတော့ဘူး။ လူ့ဘဝဆိုတာ အင်မတန်မှ မွန်မြတ်လှပေတယ်။ ငါ့သား၊ သုံးလောကထွတ်ထား အတုမရှိ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ နတ်ပြည်ကနေဖြစ်လာတာမဟုတ်ဘူး။ နတ်ပြည်က စုတေပြီး လူ့ပြည်မှာ လူဖြစ်မှ ဘုရားဖြစ်ရတယ်။ ဒါကြောင့် လူဖြစ်ဖို့ခဲယဉ်းသလို လူဖြစ်ခဲ့ရင်လည်း သာသနာတော်အတွင်း ကြုံကြိုက်ဖို့ ခဲယဉ်းတယ်။ သာသနာတော်အတွင်း ကြုံကြိုက်ပါရက်နဲ့ တရားနဲ့မွေ့လျော်ပြီး အားထုတ်နိုင်ဖို့ ခဲယဉ်းပြန်တယ်။ ဒါကြောင့် လူ့ပြည်ဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သလို အပါယ်လေးဘုံ ဆင်းဖို့အတွက်လည်း လမ်းပွင့်နေတယ်။ အခုအချိန်ကာလဆိုရင် ပိုလို့တောင်ဆိုးလာပြီ။ (၇) ရက်သားသမီးတွေဟာ ရရှိလာတဲ့လူ့ဘဝကို အကျိုးရှိရှိအသုံးမချကြတော့ဘူး။ သာသနာတော်နဲ့ ကြုံကြိုက်နေတဲ့ ဒီလိုအချိန်အခါမျိုးမှာတောင် သမထ၊ ဝိပဿနာ၊ ကမ္မဋ္ဌာန်းတရားတွေကို ကျင့်ကြံအားထုတ်ဖို့ မကြိုးစားကြတော့ဘဲ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေနဲ့ပဲ အချိန်တွေကုန်နေကြပြီး အကျင့်သီလတွေ ပိုပိုပြီးပျက်စီးလာကြတာကြောင့် လူ့ပြည်နဲ့ နတ်ပြည်ကိုလာတဲ့လူနည်းသွားပြီး အပါယ်ငရဲကိုသာအဆင်းများကြတယ် ငါ့သား။ အဲဒီလို အပါယ်ငရဲကို ရောက်သွားပြီဆိုရင် သံသရာမဆုံးတော့ဘူး။ ဘာကြောင့်လဲဆိုတော့ အပါယ်လေးဘုံမှာ ရတနာသုံးပါးမရှိဘူး၊ သီလမဆောက်တည်နိုင်ကြဘူး။ ဒါ့ကြောင့် ငါ့သားကို သံသရာဝဲဂယက်ကနေ ရုန်းထွက်နိုင်အောင်လို့ အဘက ဒါနပါရမီတွေဖြည့်ခိုင်းရတာပဲ။ ကဲ - အဘအနေနဲ့ လူလေးကနေတစ်ဆင့် (၇) ရက်သားသမီးအပေါင်းကို မှာကြားလိုက်မယ်ကွယ့်။ (၇) ရက်သားသမီးတွေအားလုံးဟာ သာသနာတော်ကြီးနဲ့ကြုံကြိုက်တုန်းမှာ သမထ၊ ဝိပဿနာကမ္မဋ္ဌာန်းတရားတွေကို ဝီရိယအားပိုမိုစိုက်ထုတ်ပြီး ကျင့်ကြံပွားများအားထုတ်ကြပါ။ ပြီးတော့ မဂ္ဂင်ဖောင်ကြီးကို အားလုံး အတူတကွ စီးနိုင်ဖို့အတွက် တရားဖက်အသိဖက်ပြီး သာသနာတော်ကြီးအစစ်အမှန်နဲ့ ကြုံကြိုက်တဲ့အခါလည်းဖြစ်၊ သူတော်ကောင်းကြီးများကလည်း ပိုက်ကွန်နဲ့ဆယ်ယူသလို သတ္တဝါအားလုံးကို ကယ်တင်နေတဲ့အချိန်မှာ မိမိတို့ ပါဝင်နိုင်ဖို့ရာအတွက် သံသရာဝဲဂယက်ထဲမှာ ပျင်းရိကာ အအိပ်မကြီးကြဘဲ နိဗ္ဗာန်ရွှေပြည် ထွက်ရပ်လမ်းသို့ ရောက်ရှိအောင် ကြိုးစားကြပါလို့ အဘ မှာကြားလိုတယ် ငါ့သား"

ဟု ပြောကြားသွားကာ ကျွန်ုပ်၏ အရှေ့မှ ကျောခိုင်းထွက်ခွာသွားပြီး -

□ *ကိုးနဝင်းမိုးလင်းမှသိမည်*
*သုံးချက်တီးပြီမို့*
*အုံးစက်တွင်မမိုးကြနှင့်*
*ကြက်ကြီးနှစ်ခါတွန်ပေါ့*
*တံငါကွန်ခေါင်း ရေဝဲလည်က*
*ဆွဲလျက်သာကွယ်*
*ဘယ်ညာမလပ်အောင်ပ*
*ဆယ်ခပ်ခါ ရေသာလိုက်ပါလို့*
*ပိုက်စိပ်တိုက် အများသတ္တဝါ*
*ဘုရားဘဂဝါရဲ့ ထိုသာသနာပွဲ*
*လွှဲမထွက်သာ ဝဲဘက်ယာပါမှ*
*ဇာတ်မဟာရုပ်စုံဖြင့်ခင်းပြီမို့*
*မိုးလင်းလျှင်*
*ဓာတ်တော်မြင့်သိမ်းပါလိမ့်*
*ပတ်ဆော်ပြီး ကပ်ကျော်တဲ့ကိန်းဟာ*
*ငြိမ်းစရာအမြဲပါဗျ ထိန်းစမတွဲပါ...*
*လူလေးတို့ ငါ့မြေးတို့ကွယ်*
*သိမ်းလို့ခေါင်ဆွဲ. . .*

ဟု တဘောင်ရွတ်ဆို၍ ကျွန်ုပ်၏ အရှေ့မှပင် ပျောက်ကွယ်သွားပါတော့သည်။

ယခုစာမူရေးပြီးသော 'အတွင်းရွှေကြာအိုင်သိုက်ဘုရား' တွင် အလှူဒါန ပြုလုပ်ပြီး (၄) ရက်အကြာ၌ အဘ အောင်မင်းခေါင်ကြီး၏ ခွင့်ပြုချက်ကြောင့် 'အပြင်ရွှေကြာအိုင်သိုက်' မှ လာရောက် ဖိတ်ခေါ်သဖြင့် '**ဆုထူးပန် ဓာတ်ပေါင်းဦးသျှောင် အောင်မင်းခေါင်နှင့် အပြင်ရွှေကြာအိုင်သိုက်မှ သိုက်နန်းရှင်တို့၏ ဖိတ်ခေါ်သံ**' ကို ဆက်လက်ကြိုးစား၍ ရေးသား တင်ပြသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

*သတ္တဝါမှန်သရွေ့ တရားတွေ့*
*အေးငြိမ်းချမ်းသာရှိကြပါစေ*

*ဗုဒ္ဓမြတ်စွာ့သာသနာ*
*ရောင်ဝါနေသို့ထွန်းစေသော်*

အဘဝ (သာသနာ့အလင်းရောင်)



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့၏ တနင်္သာရီတိုင်း ဒေသကြီး မြိတ်ခရိုင် မြိတ်မြို့သည် လွန်ခဲ့လေပြီးသော နှစ်အစိတ်ဝန်းကျင် အခြေအနေနှင့် ယခုလက်ရှိအခြေအနေ တို့သည် အရာရာတိုင်းမတူ ကွဲပြား လွန်စွာမှပင် ခြားနားခဲ့ပြီ ဖြစ်သည်။ ရေလုပ်ငန်းကြီးများအပြင် အခြားသော အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းကြီး များ၊ ကုမ္ပဏီလုပ်ငန်းကြီးများ၊ ဘဏ် လုပ်ငန်းကြီးများ၊ Super Market များဖြင့် သူဦးရေထူထပ်များပြားကာ စည်ကား လျက်ရှိပေရာ ကမ္ဘာလှည့်ခရီးသွားများ သည်း ဝင်လာမစဲတသဲသဲပင်ရှိနေပေ သည်။


ထိုကဲ့သို့ မြို့ရွာဖွံ့ဖြိုးတိုးတက်၍ နေချင့်စဖွယ် စည်ကားနေပါသော်လည်း အရာရာတိုင်း အကျိုးအကြောင်း၊ အဆိုး အကောင်းမှာ အတူတွဲလျက်သာရှိပေရာ မြို့ရွာစည်ကားသဖြင့် တစ်မြို့လုံးကွင်းရှိ လမ်းကြီး၊ လမ်းငယ်အသွယ်သွယ်တွင် မော်တော်ယာဉ်ကြီး၊ ငယ်များမှာလည်း မြို့ကြီးပြကြီးများကဲ့သို့ ပြည့်သိပ်ကျပ်ညပ် ကာ နေ့စဉ်သွားရေးလာရေးခက်ခဲသကဲ့ သို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ မလိုက်နာသဖြင့် နေ့စဉ် ယာဉ်မတော် တဆမှုများ၊ ယာဉ်မကြာခဏတိုက်မိမှု များကြောင့် အသက်ဆုံးရှုံးရသူ၊ လူစဉ် မမီ ဒုက္ခိတဘဝသို့ ရောက်ရှိကြရသည် မှာလည်း အနမတဂ္ဂပင်ဖြစ်ပေသည်။

မြို့ထဲတွင် Opening ရောင်းချနေ ကြသော CarShowRoom နှင့် ဆိုင်ကယ် ShowRoom တို့မှလည်း နောက်ဆုံး ပေါ် ကားများ၊ ဆိုင်ကယ်များကို အပြိုင် အဆိုင် ရောင်းချနေကြသဖြင့် မြို့ပေါ် လမ်းအားလုံးပေါ်တွင် တင်းကျမ်းပြွတ် သိပ်နေသည့်ကြားမှ ဆေးလုံးကြောင် များ၏ဆိုင်ကယ်များကလည်း တဝေါဝေါ ဖြင့် မြွေလိမ်မြွေကောက်အရှိန်ပြင်းစွာ မဆင်မခြင် မောင်းနှင်မှုများကြောင့် အပြစ်မဲ့သူတချို့ Accident ဖြစ်ကာ ရင်နင့်ဖွယ်အဖြစ်ဆိုးကြီးများနှင့် ရင်ဆိုင် ကြရသည်မှာ စိတ်မသက်သာဖွယ်ပင် ဖြစ်ပေတော့သည်။

ထို့ကြောင့်ပင် စာရေးသူ၏ဘွဲ့ရ အစိုးရဝန်ထမ်းများဖြစ်ကြသော သမီး များက သွားရေးလာရေးလွယ်ကူစေရန် သူတို့ကိုယ်တိုင် ဆိုင်ကယ်စီးသင်၍ ကိုယ်တိုင်မောင်းကြမည်ဟု ဆိုလေတိုင်း မိမိနှင့်မိခင်ဖြစ်သူတို့မှာ ယာဉ်အန္တရာယ် ဖြစ်မည်ကို လွန်စွာစိုးရိမ်ကြသောကြောင့် လုံးဝခွင့်မပြုခဲ့ပေ။

(မြိတ်) မိုးမြင့်မိုး

# ဓဇဂ္ဂသုတ်တော်အစွမ်း အံ့မခန်း





www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့ လင်မယားနှစ်ဦးတို့သည် လွန်ခဲ့သောတစ်နှစ်ခန့်က ယာဉ်အန္တရာယ်နှင့် ကြောက်ခမန်းလိလိကြုံတွေ့ခဲ့ရသည်ကို ပြန်လည်တွေးမိတိုင်း သည်းတုန်အူတုန်ဖြစ်ရပါသည်။ တစ်ခုရှိသည်မှာ စာရေးသူနှင့်မိသားစုအားလုံးတို့သည် ဘာသာရေးကို အထူးအလေးထားလုပ်ဆောင်ကြပြီး နေ့စဉ်နံနက်တိုင်း အိပ်ရာထပါက ဘုရားခန်းတွင် ဘုရားဝတ်ပြုကြပြီး အချိန်ရသလောက် ဗုဒ္ဓ၏ဂုဏ်တော်၊ ပရိတ်တရားတော်များကို တတ်နိုင်သလောက် ရွတ်ဖတ်သရဇ္ဈာယ်မှုကို ဝတ်မပျက် ပြုလုပ်ကြပါသည်။

စာရေးသူမှာ မိသားစုဈေးသွားဈေးလာ၊ ရုံးဆင်းရုံးတက် ထမင်းပို့ဟင်းပို့နှင့် တခြားများပြားလှသော မိသားစုသွားရေးလာရေးကိစ္စအားလုံးအတွက် ဖွားဖက်တော်ကဲ့သို့ဖြစ်နေသော Dream 125 ရွှေလိုင်းမော်တော်ဆိုင်ကယ်လေးဖြင့် မနေမနား သွားလာပို့ဆောင်ပေးရသဖြင့် အန္တရာယ်ကင်းဘေးရှင်းစေရန် မြတ်ဗုဒ္ဓ၏ ပရိတ်တရားတော်များကို ဘေးဆိုးအန္တရာယ်ဆိုးတို့ မကျရောက်စေရန် သတိရတိုင်း ရွတ်ပွားပူဇော်လျက်ရှိနေတတ်ပေသည်။ အထူးသဖြင့် ပရိတ်ကြီး (၁၁) သုတ်မှ ဓဇဂ္ဂသုတ်တော်ကို အခါမလပ် ရွတ်ပွားနေလေ့ရှိပါသည်။

ဆရာတော်ကြီးများမှ ပရိတ်တရားနာကြားသူများကို ရှင်းပြရာတွင် ဓဇဂ္ဂသုတ်တော်ကြီးကို အမြဲမပြတ်ရွတ်ပွားနေသူတို့သည် မတော်တဆ အမြင့်မှကျသော်လည်း မြေပေါ်တွင် ခြေလျင်သွားနေဘိသကဲ့သို့ အသက်အန္တရာယ်၊ အနာတရဖြစ်စေခြင်းမှ အကာအကွယ်ပေးတတ်ပေကြောင်း နာကြားသိထားရလေသဖြင့် နံနက်အိပ်ရာထ ဘုရားရှိခိုးတိုင်းတွင် အမြဲရွတ်ပွားတတ်သကဲ့သို့ ဆိုင်ကယ်ပေါ်သို့ ရောက်လေတိုင်းလည်း ဆိုင်ကယ်စီးမထွက်မီ ဓဇဂ္ဂသုတ်တော်၏ နောက်ဆုံးအပိုဒ်ဖြစ်သော -

- ဧဝံ ဗုဒ္ဓံ သရန္တာနံ၊
  ဓမ္မံ သံဃဉ္စ ဘက္ခဝေါ။
  ဘယံဝါဆမ္ဘိတတ္တံဝါ၊
  လောမဟံ သောန ဟေဿတိ။

ဟူသော အပိုဒ်ကို ရွတ်ဖတ်ပြီးမှသာ လိုရာခရီးကို စထွက်တတ်သော အလေ့အကျင့်တစ်ခု အမြဲရှိနေပေတတ်ရာ ဆိုခဲ့ပြီးသည့်တစ်နှစ်ခန့်က တစ်နေ့တွင် စာရေးသူနှင့် ဇနီးဖြစ်သူတို့သည် မြိတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာသို့ ကထိန်သင်္ကန်းကပ်လှူပြီး အိမ်သို့



မပြန်သေးဘဲ ရေပုန်းရပ်တွင်ရှိသော မိမိအား စန္ဒရားတီးသင်ပေးသည့် ဆရာဦးလှအေး (ဆရာသည် အသက် (၇၅) နှစ်ကျော် (၈၀) နီးနီးခန့်ရှိလေပြီ) လူကြီးရောဂါဖြစ်နေသဖြင့် ဆရာ့အိမ်သို့ လူနာမေးရန်သွားကြသည်။ လူနာအိမ်ရောက်ရှိပြီး နေ့လည် (၁) နာရီထိုးခါနီး အိမ်ပြန်ကြရာ ဆိုင်ကယ်ကို မြောက်မှတောင်သို့ တည့်တည့်ဦးတည်ပြီး ခပ်ဖြည်းဖြည်းပုံမှန်မောင်းနေရင်း တပ်ပြင်ဘုရားကြီးလမ်းဆုံအရောက် အကျဉ်းထောင်လမ်းခွဲတွင် အရှေ့မှမြောက်သို့ကုန်းအတက်ကို အရှိန်ဖြင့်မောင်းတက်လာသော မာ့ခ်တူးကားဖြူလေးနှင့် လမ်းဆုံတည့်တည့်သို့ရောက်နေပြီဖြစ်သော မိမိတို့ဆိုင်ကယ်ကို ကားဦးတည့်တည့်ဖြင့် တိုက်မိလိုက်ရာ မိမိတို့ဆိုင်ကယ်မှာ ထိန်းမရတော့ဘဲ သွက်သွက်ခါတုန်ယမ်းပြီး တစ်ဖက်ကုန်းအဆင်းသို့ ဒရောသောပါးဖြင့်လိမ့်ဆင်းသွားပြီး တင်ပလ္လင်ထိုင်နေသော ဇနီးသည်မှာ ဆိုင်ကယ်ပေါ်မှခါချလိုက်သလိုဖြစ်ပြီး ကုန်းစောင်းတစ်ဖက်ပလက်ဖောင်းအတွင်းသို့ ပြုတ်ကျသွားကာ 'ဖောင်း' ဟူသော ကျယ်လောင်သည့်အသံတစ်ခုကိုသာ စာရေးသူကြားလိုက်ပြီး မိမိမှာကား ဇနီးသည်နှင့်နှစ်လံအကွာလောက်တွင် ဆိုင်ကယ်ရောလူပါ ပစ်လဲကာ ပလက်ဖောင်းအတွင်းဘက်ရှိ မြစ်ဖုတ်များပေါ်တွင် ထိုင်လျက်ကျသွားလေတော့သည်။

အရှိန်တန့်၍ ရပ်လျက်ရှိသော မိမိတို့ကို တိုက်ချလိုက်သည့်ကားမှာ လမ်းလေးဆုံတွင်ရှိနေပြီး ကားအတွင်းမှ ကားမောင်းသူ လူငယ်နှင့် အမျိုးသမီးနှစ်ယောက်တို့ မိမိတို့လဲပြိုသွားရာသို့ ဒရောသောပါးနှင့် ပြေးဆင်းလာကြပြီး ထူမတ်ပေးကြကာ အနူးအညွတ်တောင်းပန်ကြတော့သည်။ကံကောင်းထောက်မစွာ ဇနီးသည်ဖြစ်သူသည် ဆိုင်ကယ်ပေါ်မှ မှောက်လျက်ကျသွားသော်လည်း မြေပြင်နှင့် နဖူးကို တိုက်ရိုက်မဆောင့်မိဘဲ တစ်လံနှစ်လံမျှရှိ ဆွေးမြည့်နေသော ဝါးလုံးတစ်လုံးပေါ်သို့ နဖူးနှင့်အပ်လျက်ကျသွားသောကြောင့် နဖူးနှင့်ဝါးလုံးဆွေးတို့ အပ်လျက်ကျသွားရာမှ 'ဖောင်း' ဟူသော ဝါးလုံးကွဲကြေသွားသည့်အသံထွက်ပေါ်လာပြီး ဇနီးသည်၏နဖူးမှာ မည်သည့်ဒဏ်ရာမှမရရှိခဲ့ဘဲ ပွန်းရာလေးလောက်သာ ထိခိုက်ခဲ့လေသည်၊ မိမိမှာလည်း မြက်ဖုတ်ပေါ်သို့ထိုင်လျက်ကျပြီး အကျိကြယ်သီးတစ်လုံးသာပြုတ်သွား၍ ခြေဖမိုးတွင် အနည်းငယ်ပွန်းရုံမှအပ မည်သည့်ဒဏ်ရာမျှမရရှိခဲ့ပေ၊ မိမိအနားနှစ်တောင်လောက်အကွာတွင် စက်နှိုးလျက်က တုံးလုံးလေးလဲနေသော ဆိုင်ကယ်မှာလည်း ပျက်စီးမှုတစ်စုံတစ်ရာမှမဖြစ်ခဲ့ဘဲ ပကတိအကောင်းအတိုင်း ပင် ရှိနေပေသည်။

ဤကဲ့သို့ အသက်အန္တရာယ်ဖြစ်နိုင်လောက်သည့် ယာဉ်တိုက်မှုကြီးနှင့် သည်းထိတ်ရင်ဖိုကို စာရေးသူနှင့် ဇနီးဖြစ်သူတို့ တွေ့ကြုံရပါသော်လည်း ကြီးမားသော ဒဏ်ရာအနာတရမခံစားကြရပဲ ပွန်းပဲ့ရုံလောက်သာ အန္တရာယ်ဆိုးကြီးမှ လွတ်မြောက်ရခြင်းသည် မြတ်ဗုဒ္ဓ၏ဂုဏ်တော်၊ပရိတ်တော်တို့ကို ယုံကြည်မြတ်နိုးကိုးစားကာ မပြတ်ရွတ်ပွား နှလုံးသွင်းရသော အကျိုးအားကြောင့်ဖြစ်သည်ဟု တထစ်ချပြောဆိုနိုင်သည်ဖြစ်ရာ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းသည်လည်း မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ပရိတ်တော်များကို ရိုသေမြတ်နိုးစွာ နေ့စဉ် ရွတ်ပွားသရဇ္ဈာယ်ခြင်းဖြင့် စီးပွားလာဘ်လာဘတိုးကာ ဘေးအန္တရာယ်ရန်အသွယ်သွယ်မှကင်းပကြစေကြောင်း စေတနာကောင်းဖြင့် သူရဇ္ဇမဂ္ဂဇင်းကြီး တစ်ဆင့် ဆုတောင်း မေတ္တာပို့သကာ ရေးသားလိုက်ရပေသည်။

သတ္တဝါဝေနေယျအပေါင်း
သုခချမ်းသာပြည့်ဝကြပါစေ

မိုးမြင့်မိုး(မြိတ်)



www.burmeseclassic.com

www.burmeseclassic.com

စာရှုသူ ဓမ္မမိတ်ဆွေများအတွက် သခုလ ရေးသား တင်ပြမည့် ထင်ရှား ကျော်ကြား စေတီကတော့ စွယ်တော် မြတ်စေတီတော် ဖြစ်တော်မူပါသည်။ အနယ်နယ်အရပ်ရပ်မှ ရန်ကုန်မြို့သို့ ဘုရား လာရောက် ဖူးမြော်သူများသည် စွယ်တော်စေတီတော်သို့ မဖြစ်မနေ လာရောက်ကာ ဖူးမြော်ကြပါသည်။ စွယ်တော်မြတ်စေတီတော်သည် ရန်ကုန် တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၅/ ရပ်ကွက်၊ ဓမ္မပါလကုန်းမြေတွင် တည်ရှိပါသည်။ အရှေ့တောင်အာရှတွင် ဘာသာရေးတက္ကသိုလ်အဖြစ် နာမည်ကြီး ထင်ရှားလှသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ကြီးနှင့်ကားလမ်း သာခြား၍ တည်ရှိပါသည်။ အနောက် အရပ်တွင် ကလေးဝတောရစာသင်တိုက် နှင့် ကလေးဝဆရာတော် တည်တော်မူ ခဲ့သော နာဂလိုဏ်ဂူဘုရား တည်ရှိပါ သည်။

စွယ်တော်မြတ်စေတီတော်နှင့် ပတ်သက်၍ နောက်ခံသမိုင်းအကြောင်း အရာများ စဉ်းစားကြည့်နေရင်း ဦးစွာ ပထမ သတိတရဖြစ်နေမိသည်ကတော့ ခုနစ်ပြည်ထောင်မင်းတို့၏ ဆရာဖြစ်ခဲ့ဖူး သော 'ဒေါဏ' အမည်ရှိ ပုဏ္ဏားကြီးကို သတိရလိုက်ပါ၏။ စွယ်တော်မြတ်နှင့် ပတ်သက်၍ ရေးသားမည်ဆိုပါလျှင် ဒေါဏပုဏ္ဏားကြီးကို မေ့ပျောက်ထား၍ မဖြစ်တော့။ ဗုဒ္ဓမြတ်၏ဓာတ်တော်များ

ကံဝင်း


## ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ (၁၂)

# စွယ်တော်မြတ်စေတီတော်





မြတ်၏ လက်ဝဲအထက်စွယ်တော်မြတ်






www.burmeseclassic.com

www.burmeseclassic.com





သစ်သီး (၉) မျိုး ကပ်လှူထားပုံ



လိုဏ်အတွင်းမှ ရွှေတိုင်ကြီးများ

ကိုရလိုမှုများဖြင့် စစ်မက်အင်္ဂါရန်သတ္တု ပြုကြတော့မည်၊ စစ်ဖြစ်ကြခါနီးတွင် ဒေါဏပုဏ္ဏားကြီးသည် အချိန်မီရောက်ရှိလာလျက် စစ်ပြေငြိမ်းတရားဟောပြီး ရှစ်ပြည်ထောင်မင်းများကို ဓာတ်တော်များ အညီအမျှ ခွဲဝေပေးနိုင်ခဲ့လေ၏။ ရှစ်ပြည်ထောင်သောမင်းများကလည်း ကျေကျေနပ်နပ်ဖြစ်ခဲ့၏။

ထိုသို့ ရှစ်ပြည်ထောင်မင်းများအား ဓာတ်တော်မြတ်များ ဝေငှစဉ်မှာ ဒေါဏပုဏ္ဏားကြီးသည် မိမိကိုးကွယ်ရန်အတွက် ဓာတ်တော်များ ဝေငှနေရင်း စွယ်တော်မြတ်များကို မိမိဦးခေါင်း ဦးရစ်ကြား၊ ခြေမကြား၊ ဝတ်ရုံကြားတို့၌ ဝှက်ယူထားခဲ့၏။ ဒေါဏပုဏ္ဏားကြီးသည် ကြည်ညိုသဒ္ဓါတရားတို့ ပြင်းပြစွာဖြင့် ကိုးကွယ်ရန် စွယ်တော်မြတ်များဝှက်ယူထားသော်လည်း ကိုးကွယ်ရန်မထိုက်၍ လောမသိ ပထမစွယ်တော် '**လက်ယာအထက်စွယ်တော်**'ကို ဒေါဏပုဏ္ဏားကြီး၏ ဦးခေါင်း၊ ဦးရစ်၊ ခေါင်းပေါင်းကြားမှနေ၍ သိကြားမင်းသည် တာဝတိံသာနတ်ပြည်သို့ တန်ခိုးတော်ဖြင့် ပင့်ဆောင်သွားပြီး စူဠာမုနိစေတီတော်၌ ဌာပနာခဲ့တော်မူပါသည်။

ခြေမကြား၌ညှပ်၍ဝှက်ထား...
စွယ်တော် '**လက်ယာအောက်စွယ်တော်**...
မြတ်ကို နာဂပူရနဂါးပြည်မှ ဇေယျ...
အမည်ရှိသော နဂါးမင်းသည် နဂါး...
အထိပင့်ဆောင်ကာ 'ရတနာစေ...
တွင် ဌာပနာတော်မူခဲ့ပါသည်။

ကိုယ်ရုံဝတ်ရုံကြား၌ သို့ဝှက်ထား...
သောစွယ်တော် '...အထက်စွယ်
**တော်မြတ်**'ကို ဂန္ဓာရတိုင်းမှ ရဟန်း...
တစ်ပါး တွေ့ရှိတော်မူပြီးနောက် ပုဏ္ဏား...


www.burmeseclassic.com




စွယ်တော်စေတီအနောက်ဘက်မှ
ရက္ခစိုးနတ်ကွန်း



စွယ်တော်စေတီအနောက်ဘက်ဝင်းမှ
အဖေကြီးပုံ




ရန်ကုန် စွယ်တော်မြတ်စေတီ



အောက်ပစ္စယံရှိ ဓမ္မာရုံများ



အမိုးမျက်နှာကြက်မှ ယွန်းအနုပညာ



စေတီတော်ခြေရင်းပတ်လမ်းမှ ဓမ္မာရုံများ

...အား ထိုရဟန်းနှင့်အတူ ပါလာသူ ...ဝင်ရောက် တိုးဝှေ့စေပြီး ကိုယ် ...ကြားမှ စွယ်တော်မြတ်ကို ရယူ ...နိုင်၏။ ထို **လက်ဝဲအထက်စွယ် တော်မြတ်**ကို ဂန္ဓာရတိုင်းမှ ရဟန်းတော်သည် ဥဇနာနိုင်ငံအထိ ပင့်ဆောင်သွားပြီး ကိန်းဝပ်စံပယ်တော်မူစေပါသည်။

မြတ်စွာဘုရားရှင်၏ ရုပ်ကလာပ်တော်သည် စန္ဒကူးနံ့သာမီးတို့အလယ်၌ တောက်လောက်နေတော်မူပြီးနောက် ဓာတ်တော်များ ကျလာချိန်အခါတွင် ‘ခေမာ’ ဟု အမည်ဘွဲ့တော်ရှိတော်မူသောရဟန္တာမထေရ်မြတ်သည် ‘လက်ဝဲအောက်စွယ်တော်မြတ်’ ကို ရယူပင့်ဆောင်သွားတော်မူခဲ့ပါသည်။ ခေမာရဟန္တာမထေရ်မြတ်သည် ဗုဒ္ဓမြတ်၏ လက်ယာတော်ရံ ရှင်သာရိပုတ္တရာ ရဟန္တာမထေရ်မြတ်ကြီး၏ တပည့်ရဟန်းဖြစ်တော်မူပါသည်။

ဤသို့ဖြင့် စွယ်တော်လေးဆူမြတ်သည် တာဝတိံသာ နတ်ပြည်ရှိ စူဠာမုနိ စေတီတွင် **‘လက်ယာအထက်စွယ်တော်’** တစ်ဆူ၊

နာဂပူရခေါ် နဂါးပြည် ရတနာစေတီတော်၌ **‘လက်ယာအောက်စွယ်တော်’** တစ်ဆူ၊

ဂန္ဓာရတိုင်းမှ ရဟန်းတော် ပင့်

www.burmeseclassic.com

ဆောင်သွားပြီးသကာလ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်း ရွှေစေတီ၌ ကိန်းဝပ်စံပယ်တော်မူနေသော **'လက်ဝဲအထက်စွယ်တော်'** တစ်ဆူ၊

မြတ်ဗုဒ္ဓ၏ လက်ယာတော်ရံ ရဟန္တာမထေရ်ကြီး ရှင်သာရိပုတ္တရာမထေရ်ကြီး၏တပည့်ရင်း ခေမာရဟန္တာမထေရ်မြတ်ကြီးပင့်ဆောင်တော်မူသွားသော (သီဟိုဠ်ကျွန်း) သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ စွယ်တော်တိုက်၌ **'လက်ဝဲအောက်စွယ်တော်'** တစ်ဆူ၊

စုစုပေါင်း စွယ်တော် (၄) ဆူရှိတော်မူခဲ့ပါသည်။


ထိုစွယ်တော် (၄) ဆူတို့အနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ အနောက်တောင်ဘက် ကုန်းတော်ပေါ်ရှိ မြတ်ဗုဒ္ဓ၏ လက်ဝဲအထက်စွယ်တော်မြတ်သည် နှစ်ပြည်ထောင်အုပ်ချုပ်သူများ ချစ်ကြည်ရေးအဖြစ် မြန်မာနိုင်ငံသူနိုင်ငံသားများ ဗုဒ္ဓမြတ်စွယ်တော်အစစ် ဖူးမြော်ရစေခြင်းအကျိုးငှာ မြန်မာနိုင်ငံသို့ အကြိမ်ကြိမ် ကြွတော်မူ အပူဇော်ခံတော်မူပါသည်။

## ❑ လက်ဝဲအထက်စွယ်တော်မြတ်အား အနော်ရထာမင်းကြီးပမ်းမှု

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်၏ လက်ဝဲအထက်စွယ်တော်မြတ်ကို ရှေးယခင် သာသနာပြုမင်းများ လက်ထက်ကတည်းက ကြိုးပမ်းခဲ့သည်များရှိခဲ့သည်ကို တွေ့မြင်ရပါသည်။

ပုဂံခေတ်အခါကာလ ပုဂံမှာ ဘုန်းရှင်ကံရှင် မင်းတစ်ပါးဖြစ်သော အနော်ရထာဘုရင်သည် တရုတ်ပြည်၌ 'လက်ဝဲအထက်စွယ်တော်' ကိန်းဝပ်တော်မူကြောင်း သိရသောအခါ ထိုစွယ်တော်မြတ်ကို ဉတည်ဘွားမင်းထံတောင်း၍ ကိုးကွယ်ရသော် ပုဂံနေပြည်တော်နှင့် အနီးဒေသအသီးသီးတွင် သာသနာ အတိုင်းထက်အလွန် ထွန်းလင်းစွာဖြင့် သာသနာ့ငါးထောင်တိုင် ပွင့်ထွန်းတော်မူမည်ဟု စိတ်အကြံရှိသဖြင့် နိုင်ငံတော်တစ်ဝန်း တပ်စွဲထားသော ဆင်မြင်းဗိုလ်ပါတပ်တော်များကို စုရုံးစေ၍ ရေကြောင်း၊ ကြည်းကြောင်း သုံးကုဋေခြောက်သန်းစီရှိသောစစ်အင်အားနှင့်အတူ မြန်မာ့လူစွမ်းကောင်းများကို အကုန်ခေါ်စေ၍ ခရစ်နှစ် ၁၀၅၇ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်နေ့တွင် တရုတ်ပြည်သို့ စစ်ချီတော်မူခဲ့ပါသည်။ တရုတ်ပြည် နန်းတော်မြို့တံခါးဝသို့ ရောက်သောအခါ ဉတည်ဘွားသည် မြို့တံခါးပိတ်၍ အကြောင်းမပြန် တင်းခံနေလေ၏။

ထိုအခါ အနော်ရထာမင်းသည် လူစွမ်းကောင်းများဖြစ်သော ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး၊ ရွှေဖျဉ်းညီနောင်တို့ကို ခေါ်တော်မူပြီးသကာလ နတ်မြင်းကြီးစီးပြီး ဉတည်ဘွားဆရာရသေ့ကျောင်းသို့သွားတော်မူခဲ့၏။ ဉတည်ဘွားဆရာရသေ့သည် အရံတစ်သိန်းကျော်နှင့် ကျောင်းတွင်နေကြောင်း တွေ့ရလေ၏။ ဉတည်ဘွားထံ ထိုဆရာရသေ့မှတစ်ဆင့် စွယ်တော်ရလို၍လာကြောင်း အကြောင်းကြားသော်လည်း အနော်ရထာမင်း၏ တောင်းဆိုချက်ကို အလေးမထား အကြောင်းမပြန်သဖြင့် အနော်ရထာသည် ရွှေဖျဉ်းညီနောင်ကို စေလွှတ်၍ တရုတ်မင်းဉတည်ဘွား အိပ်စက်နေစဉ်



စွယ်တော်ကုန်းမှ ဗောဓိပင်



ဗောဓိပင်အား အနီးကပ် ဖူးတွေ့ရစဉ်



ဘိုးဘိုးကြီးနတ်နန်းသို့အတက်အဆင်းလှေကား



ဓမ္မပါလဘိုးဘိုးနန်း



www.burmeseclassic.com

www.burmeseclassic.com

အခန်းတွင်းဝင်ကာ ဥတည်ဘွားကိုယ်အား ထုံးသုံးချက်ထားစေပြီး နံရံတွင်လည်း -

"ငါကဲ့သို့မင်းကို မလေးမစားလုပ်သော ဤထုံးသားရာကို ဖြတ်ပိုင်းပစ်ည်"

ဟူ၍ ဥတည်ဘွား အိပ်ခန်းနံရံမှာ စာရေးထားခဲ့၏။


ဥတည်ဘွားနိုး၍ကြည့်သောအခါ မိမိကိုယ်ပေါ်တွင် ထုံးသားထားသည်ကို တွေ့ရသည့်အပြင် နံရံမှာပင် စာရေးထား၍ တုန်လှုပ်သွားလေ၏။ ကျန်စစ်သားမင်းကလည်း ဥတည်ဘွားကိုးကွယ်သော 'စန္ဒီနတ်ကြေးရုပ်' ကို ကြိုးတုပ်၍ အရိုန္ဒမာကြိမ်ဖြင့် ရိုက်စေသောအခါ စန္ဒီနတ်ကြေးရုပ်က အော်ဟစ်နေလေ၏။

". . . ပုဂံရာမပြည်ကြီး အုပ်ချုပ်မင်းလုပ်သော အနော်ရထာမင်းကြီးသည် · စွယ်တော်ဖူးမြော်လိုချင်မှုအားကြီးစွာဖြင့် ရောက်လာကြပြီ။ ဥတည်ဘွား မှူးမတ်ကြီး၊ ပြည်သူပြည်သားများလေးစားမှုမရှိ၍ ငါ့ကို အပြစ်ပေးနေကြ၍ ငါနာကျင်လှသည် . . ."

နတ်ကြေးရုပ်၏ ငယ်သံပါအော်ဟစ်သံကြောင့် ဥတည်ဘွားကြားလေလျှင် အနော်ရထာမင်းကို တောင်းပန်တွေ့ဆုံပြီးနောက် အနော်ရထာမင်းအား စွယ်တော်မြတ် ကိုးကွယ်လိုပါက ပင့်ဆောင်မှုပါဟု ပြောဆို၍ ပင့်ဆောင်စေပါသည်။

အနော်ရထာမင်းသည် စိတ်ကြည်သာစွာ အဓိဋ္ဌာန်ပြု၍ စွယ်တော်မြတ်ကို ပင့်ဆောင်တော်မူသောအခါ စွယ်တော်မြတ်သည် ရောင်ခြည်တော်များကွန့်မြူး၍ တောင်းကင်တက်၍ စကြာကြွတော်မူနေ၏။ ကြိမ်ဖန်များစွာ ပင့်ဆောင်တော်လည်း အနော်ရထာမင်း၏ဦးခေါင်းထက်က ရတနာပန်းတောင်းအတွင်း မကြွပါ။ ကောင်းကင်မှဆင်းသက်တော်မူလာ၍ နေတော်မူပါသည်။

အနော်ရထာမင်းသည် 'ဗုဒ္ဓမြတ်စွာ ပင့်ဆောင်၍ မရလေသော် နှလုံးမကြွလှုမကတ် ခံစားခဲ့ရပါသည်။ ထိုအကြောင်းအရာကို သိကြားမင်းမှကောင်းကင်မှ တွေ့ရသောအခါ 'ဤမင်းသည် သာသနာတော်ကို ကောင်းစွာ ဆောင်ရွက်နိုင်လတ္တံ့' ဟု ဆိုတော်မူ၍ ကောင်းကင်ယံ စကြာကြွချီနေတော်မူသော မြတ်စွယ်တော်နှင့်အတူ မြနှင့်ပြီးသော ဗုဒ္ဓဓာတ်တော်တစ်ဆူသည် စကြာကြွ



စွယ်တော်စေတီအနောက်ဘက် ကြာကန်တော်



စွယ်တော်စေတီအဝင်လမ်း

ပူဇော်ခံနေပါ၏။ ၎င်းနောက် မြဗုဒ္ဓဆင်းတုတော်မြတ်သည် အနော်ရထာမင်း၏ ဦးခေါင်းထက်မှ ရတနာပန်းတောင်းအတွင်းသို့ ကြွတော်မူဆင်းသက်တော်မူလာပါသည်။

အနော်ရထာမင်းသည် ဗုဒ္ဓမြတ်၏စွယ်တော်အား ပင့်ဆောင်ယူ၍ မရတော့သည့်အဆုံးမှာဖြင့် သိကြားမင်းချီးမြှင့်သော မြဆင်းတုတော်မြတ်ကိုသာ ပုဂံသို့ ပင့်ဆောင်ခဲ့ရပါတော့သည်။

ထိုနည်းတူ အလောင်းစည်သူမင်းသည် တရုတ်ပြည်မှ စွယ်တော်မြတ်ကို ပုဂံသို့ပင့်ဆောင်ရန် ကြံစည်အားထုတ်ခဲ့ဖူးလေ၏။ သို့သော်လည်း ဘေးလောင်းတော် အနော်ရထာမင်းကြီးကဲ့သို့ ဗုဒ္ဓစွယ်တော်မြတ်အစစ်ကို ပင့်ဆောင်ခွင့်မရခဲ့။

ဂန္ဓာလရာဇ် တရုတ်ပြည်မှ ဗုဒ္ဓစွယ်တော်မြတ်သည် တရုတ်ဥတည်ဘွားမင်းမှ ပင့်ဆောင်ပါရန် ခွင့်ပြုသော်လည်း အနော်ရထာမင်းကြီးနှင့်အလောင်းစည်သူမင်းတို့သည် သဒ္ဓါထက်သန် စိတ်အားသန်စွာဖြင့် အကြိမ်ကြိမ် ဗုဒ္ဓစွယ်တော်မြတ်ကို ပင့်ဆောင်သော်လည်း ကြွချီတော်မမူခဲ့ပါ။ အကြောင်းရင်းကို စုံစမ်းသော် 'ဘုရားရှင်တော်မှ စွယ်တော်မြတ်သည် သာသနာတော် ငါးထောင်တိုင်တိုင် ဂန္ဓာလရာဇ်တိုင်း၌ တည်ရစ်လတ္တံ့' ဟူ၍ ဗျာဒိတ်တော်ထားတော်မူခဲ့ခြင်းကြောင့် ဖြစ်လေသည်။

## ❑ မြန်မာနိုင်ငံသို့ စွယ်တော်မြတ် ဒေသစာရီ ကြွချီတော်မူလာခြင်း

ဂန္ဓာလရာဇ်ကိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ အနောက်တောင်ဘက် ကုန်းတော်ပေါ်ရှိ ရွှေစေတီစွယ်တော်တိုက်တွင် ကိန်းဝပ်တော်မူသော လက်ဝဲအံထက်စွယ်တော်သည် မြန်မာနိုင်ငံတော်သို့ မြန်မာနှစ် ၁၃၁၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်နေ့



www.burmeseclassic.com

www.burmeseclassic.com

တွင် ဒေသစာရီကြွတော်မူလာပါသည်။ ထိုအချိန်ထိုကာလသည် ဗုဒ္ဓဘာသာသမိုင်းတွင် ထင်ရှားထူးခြားလှသော ဆဋ္ဌသင်္ဂါယနာတင်နေတော်မူသော အချိန်ကာလဖြစ်သည့် အားလျော်စွာ သာသနာတော်နှစ် ၂၅၀၀ ပြည့်မြောက်ချိန်လည်းဖြစ်ပါသည်။ တရုတ်နှင့် မြန်မာနှစ်နိုင်ငံအစိုးရနှင့် ဗုဒ္ဓဘာသာဝင်များ ပူပေါင်းဆောင်ရွက်မှုများကြောင့် ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံတော်တွင် (၈) လတိုင်တိုင် ကိန်းဝပ် အပူဇော်ခံခဲ့ကြောင်း သိရပါသည်။

### ❑ ဒုတိယအကြိမ် ဒေသစာရီကြွချီတော်မူခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်သည် ခရစ်နှစ် ၁၉၉၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ဒုတိယအကြိမ် ဒေသစာရီကြွချီပြီး (၄၅) ရက်ကြာ ကိန်းဝပ် စံပယ် အပူဇော်ခံခဲ့ပါသည်။

ဗုဒ္ဓမြတ်၏ လက်ဝဲအထက်စွယ်တော်မြတ်သည် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် ဒေသစာရီကြွချီတော်မူစဉ်ကာလအတွင်း မြန်မာနိုင်ငံမှအနေဖြင့် စွယ်တော်ပွားနှစ်ဆူကို ဗုဒ္ဓမြတ်၏ လက်ဝဲအထက်စွယ်တော်နှင့်အတူကိန်းဝပ်စံပယ်အပူဇော်ခံခဲ့ပါသည်။ စုစုပေါင်း (၄၅) ရက်ကြာ အပူဇော်ခံခဲ့ပါသည်။

### ❑ ပြည်သူလူထုကောင်းမှုတော် စွယ်တော်မြတ်စေတီတော်

ဗုဒ္ဓမြတ်၏ အထက်လက်ဝဲစွယ်တော်မြတ်နှင့်အတူ (၄၅) ရက်ကြာ ကိန်းဝပ် စံပယ်တော်မူခဲ့သော မြန်မာနိုင်ငံမှ စွယ်တော်ပွား (နှစ်ဆူ) အား ရန်ကုန်နှင့် မန္တလေးမြို့များတွင် စွယ်တော်စေတီများတည်တော်မူရန် စိတ်ကြံသမူအစီအစဉ်ပြုခဲ့သည့်အတိုင်း ရန်ကုန်မြို့ ကမ္ဘာအေးစေတီတော်နှင့် မဝေးကွာလှသော နာဂလိုဏ်ဂူဘုရားအနီး ကုန်းမြင့်မြင့်၌ စွယ်တော်မြတ်စေတီတစ်ဆူ၊ မန္တလေးမြို့ အောင်ပင်လယ်ကွင်း၌ စွယ်တော်စေတီတစ်ဆူ၊ စုစုပေါင်း စွယ်တော်စေတီနှစ်ဆူတော်ကို ရဟန်းရှင်လူ ပြည်သူပြည်သားများ၏ ကျောက်သံပတ္တမြား၊ ရတနာရွှေငွေများနှင့် တည်တော်မူခဲ့သည်ဖြစ်ရာ ယခုအခါမှာ



စွယ်တော်ဖူးကြသူများ

ရန်ကုန်စွယ်တော်စေတီတော်နှင့် မန္တလေးစွယ်တော်စေတီတစ်ဆူ စုစုပေါင်း နှစ်ဆူ စွယ်တော်စေတီတည်ထားကိုးကွယ်နိုင်ခဲ့ပါပြီ။ ဓမ္မမိတ်ဆွေများ သွားရောက် ဖူးမြော် ကုသိုလ်တော်ယူနိုင်ကြပြီ ဖြစ်ပါသည်။

### ❑ စွယ်တော်မြတ်ကိုဖူး ထူးရမည်

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၅) ရပ်ကွက်မှာ တည်ရှိနေတော်မူသော ဝရဒါဠာဓာတုစေတီယ စွယ်တော်မြတ် စေတီတော်ကြီးသည် အကျယ်အဝန်းဧရိယာ (၆၉. ၉၂၀)ဧကအကျယ်အဝန်း၌ ဉာဏ်တော်အားဖြင့် (၁၆၂)ပေ မြင့်တော်မူသည်။ ဂူဏ်တော် (၉) ပါး ဦးထိပ်ထားဟန် အမိုကဝင်ပေါက်ကြီး(၉)ပေါက်ရှိပါသည်။ လိုဏ်ဂူအတွင်းဝယ် ဗုဒ္ဓစွယ်တော်မြတ်ကို သိကြား၊ ဗြဟ္မာ့ရုပ်တု (၉) ခုမှ ဝန်းရံထားရှိပြီး အများပြည်သူမှ ထင်ရှားစွာ ဖူးမြော်နိုင်ရန် မီးဆလိုက်များဖြင့် စီစဉ်ဆောင်ရွက်ထားပါသည်။ ယခု ဖူးမြင်ရသော ဗုဒ္ဓစွယ်တော်မြတ်ကို ဦးစွာပထမ တန်ခိုးတော်ကြီး ရွှေတိဂုံရင်ပြင်တွင် ရင်ငွေလှူသည့်သဘော ချမ်းသာကြီးဘုရားတန်ဆောင်း စံကျောင်းတော် ရတနာပလ္လင်ထက်၌ အပူဇော်ခံထားရှိခဲ့ပါသည်။ စွယ်တော်မြတ်စေတီတည်စဉ်က ဗုဒ္ဓဘာသာနွယ်ဝင်များ ကုသိုလ်ယူ အုတ်၊ သဲ၊ ကျောက်များသယ်ယူ၍ ဝေယျာဝစ္စကုသိုလ်ပါဝင်လုပ်ဆောင်ခွင့်ရကြခြင်းက သဒ္ဓါကြည်ဖြူ အလှူဒါနပြုသူများ ဝမ်းပန်းတသာရှိခဲ့ကြလေ၏။

ဝရဒါဠာဓာတုစေတီယစွယ်တော်မြတ်စေတီတော် (ရန်ကုန်) ၏ ရွှေထီးတော်တင်လှူပွဲမဟာမင်္ဂလာအခမ်းအနားကို ၁၉၉၆ ခု၊ နိုဝင်ဘာလ ၂၄ ရက် တနင်္ဂနွေနေ့တွင်ကျင်းပတော်မူပါသည်။ ရွှေထီးတော်မြတ်ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်တော်မူခဲ့ပါသည်။

မြန်မာနိုင်ငံတော်သို့ စွယ်တော်မြတ်စေတီတော် ကြွရောက်၍ အပူဇော်ခံစဉ်မှစ၍ စွယ်တော်မြတ်အားရည်မျှော် လှူဒါန်း၍ ဆုတောင်းကြသောအ... အောင်ဘာလေသိန်းဆုကြီးပေါက်သူ... ပေါက်ကြ၏။ ရစရာရှိသောလာဘ် လာဘတွေ ရရှိလာကြ၏။ အရောင်း အဝယ်သမားများ အရောင်းအဝယ် ကောင်းလာကြ၏။ စာမေးပွဲဖြေဆိုသူ များ စာမေးပွဲအောင်ကြ၏။ အင်တာဗျူး ဖြေဆိုသူများချောမွေ့စွာဖြေဆိုနိုင်ကြ... ကျန်းမာရေးမကောင်းသူများ ထူးခြား စွာ ကျန်းမာရေးကောင်းလာကြ... အနည်းဆုံး သွားရောဂါရှိသူပင် စွယ် တော်မြတ်ကို အဓိဋ္ဌာန်ဖြင့် သော... တော်ရေကပ်ပြီးတော့ ပြန်စွန့်သော... သွားရောဂါ ချက်ချင်းပျောက်သွား... တချို့ အထက်လူကြီးနှင့် တွေ့စ... စကားပြောစရာရှိသူများ စွယ်တော် ဘုရားအဓိဋ္ဌာန်သွားသောအခါ အား... မှာ စိုပြည် အဆင်ပြေစေပါသည်။ စွယ် တော်ဘုရား စွယ်တော်စေတီသို့ နေ့စဉ် သွားရောက်ဖူးမြော်ခြင်းဖြင့် ကျန်း... ချမ်းသာ ပြည့်စုံစွာဖြင့် အစစအရာရာ အောင်မြင်ပြီးမြောက် ခရီးရောက်ကြ... ကြောင်း ထူးမြတ်သော ကုသိုလ်သတင်း ပေးရင်း ဗုဒ္ဓမြတ်၏စွယ်တော်များ ဖူး၍ ထူးကြပါစေ။

မေတ္တာများစွာ...

ကံဝင်း...

ကျမ်းကိုး -

၁။ မှန်နန်းရာဇဝင်တော်ကြီး (ပ-တွဲ)
၂။ စွယ်တော်စေတီဂေါပကထုတ် လက်ကမ်းစာစောင်
၃။ သူရမြင့်မောင်ရေး မြန်မာတို့၏ရွှေနိုင်ငံ
၄။ တက္ကသိုလ်မျိုးရေး ဗုဒ္ဓမြတ်စွယ် တော်။
၅။ ပန်းချီ မျိုးမာန်ကျော် မိုးဇော်... မြတ်စွယ်တော်လေးဆူဘုရားသမိုင်း
၆။ ကိုယ်တိုင်ကွင်းဆင်းလေ့လာ...



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ တရားဟော မုဒြာဟန်ပန်များထဲမှ မုဒြာ(၉)မျိုး အကြောင်းကို မသိရှိမိသေးသူများ ဗဟုသုတရ၍ ကြည်ညိုသဒ္ဓါစိတ် ထပ်ဆင့်ပွားနိုင်ကြပါစေရန် ဝေမျှတင်ပြအပ်ပါသည်။

ထိုဟန်ကိုးဖြာ၏အနက်အဓိပ္ပာယ် အပြည့်အစုံတို့မှာ -

**(၁) ဓမ္မစကြမုဒြာ**


ဓမ္မစက္ကပဝတ္တနမုဒြာဟု လည်းကောင်း၊ ဗျာချာနမုဒြာဟု လည်းကောင်း ခေါ်သည်။

တရားဦးကို ဟောကြားနေဟန်ဖြစ်သည်။ တရားစက်ဝိုင်းလှည်းဘီးကို လှည့်တော့မည်ဟန်မျိုး ဖြစ်သည်။

ဉတ္တရဗောဓိမုဒြာဟန်နှင့် ဆင်တူသိုများဖြစ်သည်။ လက်ယာဘက်လက်မနှင့် လက်ညှိုးတို့ကို လက်ဝဲလက်မ၊ လက်ညှိုးတို့နှင့်ထိထားကာ လက်ယာလက်က စက်ဝိုင်းလှည်းဘီးတစ်ခုကို ထည်ပတ်လှည့်ပေးတော့မည့်ဟန်မျိုးဖြင့် ရှိသည်။

# တော်တော်တည်

## ဗုဒ္ဓမုဒြာ ဟန်ကိုးဖြာ



လက်နှစ်ဖက်စလုံး ရင်ညွန့်အထက်နားလောက်ရောက်အောင်မြှင့်ထားသည်။ များသောအားဖြင့် လက်ဝဲလက်သည် လက်ယာလက်ကို အုပ်ထားလေ့ရှိသည်။

ဂေါတမမြတ်စွာဘုရားရှင်သည် တရားဓာသိပြည် ဣသိပတန မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီရဟန်းများအား ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောကြားနေဟန် သရုပ်ဖော်ပြခြင်း ဖြစ်သည်။

တရားဦးဟောဟန်ဖြစ်၍ အဦးအမှန်မြတ်၍ မင်္ဂလာရှိသည်ဟု ယုံကြည်ကိုးကွယ်ကြသည်။

ကာလေနဓမ္မသဝနမင်္ဂလာ၊ ဓမ္မေသုအပ္ပမာဒမင်္ဂလာ၊ ဓမ္မသာကစ္ဆာမင်္ဂလာ၊ တပေါစသဿတာမင်္ဂလာ၊ အရိယသစ္စာနဒဿနမင်္ဂလာ၊ နိဗ္ဗာနသစ္ဆိကိရိယမင်္ဂလာ များကို သရုပ်ဖော်ပြထားခြင်း ဖြစ်သည်။

ဝိမုတ္တိရသကို ပေါ်လွင်စေသည်။ သန္တရသကို ပေါ်လွင်စေသည်။ ပညာပါရမီ၊ သစ္စာပါရမီ၊ ဝီရိယပါရမီစခန်းများသို့ ညွှန်ပြထားခြင်း အနက်သဘောကို ဆောင်လေသည်။

ဓမ္မစကြာမုဒြာပါသော ရုပ်ပွားဆင်းတုကို ကိုးကွယ်သူသည် တရားထူးကိုရရှိခြင်း၊ ဉာဏ်ပညာထွန်းကားတိုးတက်ခြင်း၊ အမှန်တရားကို သိလွယ်မြင်လွယ်ခြင်း၊ ယုံမှားသံသယကင်းရှင်းခြင်း၊ သိဒ္ဓိအမျိုးမျိုးပြီးပြည့်စုံခြင်း၊ ရာထူးဌာနန္တရတိုးတက်ကြီးပွားခြင်း၊ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်ငြိမ်းချမ်းသာခြင်း၊ ရန်သူများ၏ အကြံအစည် အဖျက်အဆီးတို့ကို လွှမ်းမိုးကျော်လွှားနိုင်ခြင်း၊ တန်ခိုးအာဏာစက်ပြင်းပြခြင်း၊ တိုင်းပြည်နိုင်ငံသာယာဝပြောခြင်း စသော အကျိုးထူးများကို ရရှိနိုင်သည်

ဟု ဝဇီရာယာနကျမ်းဂန်များ၌ အကျယ်တဝင့် ဖွင့်ဆိုထားလေသည်။

**(၂) မဟာကရုဏာမုဒြာ**

လက်ဝဲလက်ကိုဖြစ်စေ၊ လက်ယာလက်ကိုဖြစ်စေ၊ ရင်ဘတ် သို့မဟုတ် ရင်အုံအထက်ပိုင်းလောက်ဆီသို့ မြှောက်ချီထားကာ လက်ဝါးကို အတွင်းဘက်သို့လှည့်၍ ရင်ဘတ် ရင်အုံ ပခုံးစပ်ကို ဖုံးအုပ် ဖိနှိပ်ပြထားခြင်း ဖြစ်ပါသည်။ မြတ်စွာဘုရားပုံတော်တွင် တွေ့ရပါမူ မဟာကရုဏာတော်ရှင် ဖြစ်ကြောင်း ဖော်ပြလိုရင်းဖြစ်ပါသည်။

လက်ယာလက်က မဟာကရုဏာမုဒြာပြလျှင် လက်ဝဲလက်က ဘူမိဖဿမုဒြာဖြင့်ပြလေ့ရှိပါသည်။

မြတ်စွာဘုရားသခင်သည် သချ်ေများစွာ၊ ကမ္ဘာများစွာပတ်လုံး



www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါများ အပေါ်၌ မဟာကရုဏာတော်ကြီးမား လှသဖြင့် ပါရမီတော်တို့ကို ဖြည့်ဆည်းခဲ့ သည်မှာ အမှန်ပင်ဖြစ်ကြောင်း ဤသစ္စာ တရားကို ပထဝီမြေကြီးက သက်သေ အရာ၌ရပ်တည်ပါစေသတည်း ဟူသော သစ္စာအဓိဋ္ဌာန်ပြုတော်မူခန်း အတွက် ရည်စူးပူဇော်ထားခြင်း ဖြစ်ပါသည်။

ကရုဏာရသ၊ သန္တရသတို့ကို ပေါ်လွင်စေပါသည်။

ပညာပါရမီ၊ ခန္တီပါရမီ၊ မေတ္တာ ပါရမီ၊ သစ္စာပါရမီစခန်းများသို့ ရည်ညွှန်း ပါသည်။

ဉာတကာနဥ္စသင်္ဂဟမင်္ဂလာ၊ အပ္ပ မာဒေါစဓမ္မေသုမင်္ဂလာ၊ သမဏာနဉ္စ ဒဿနမင်္ဂလာ၊ ဖုဋ္ဌဿလောကဓမ္မေဟိ စိတ္တံယဿနကမ္ပတိ စသော မင်္ဂလာ တရားတော်များကိုရည်ညွှန်းဖော်ဆောင် ထားပါသည်။

ဤမုဒြာကို မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းကြွတော်မူပုံများနှင့် ပူဆွေး ဒုက္ခ သောကပရိဒေဝ ခံစားနေရသူများ အား တရားဓမ္မဟောပြနေပုံများ စသည် တို့တွင် အများဆုံး တွေ့ရတတ်ပါသည်။

ဤမဟာကရုဏာမုဒြာပုံတော်များ ကို ကိုးကွယ်ခြင်းအားဖြင့် ကယ်ဆယ် ကူညီစောင်မသူများပေါ်ပေါက်လာခြင်း၊ စိုးရိမ်ပူကြွေးပူဆွေးမှုမှလွတ်ငြိမ်းချမ်းသာ ရာရခြင်း၊ ရန်သူများကပင် မိမိအား သနားကြင်နာခွင့်လွှတ်လာခြင်း၊ ရန်ပြေ မာန်ပြေဖြစ်ခြင်း၊ တရားတဘောင်အမှု အခင်းများ၌အောင်နိုင်ခြင်းမင်းအာဏာ တန်ခိုးတေဇောကြီးမြင့်ထက်မြက်ခြင်း၊ ဘုန်းကြီးခြင်း၊ ကြည်ညိုလေးစားသူများ ခြင်း၊ မိမိအား ချီးမြှင့်မြှောက်စားမည့် ပုဂ္ဂိုလ်မြတ်ပေါ်ပေါက်လာခြင်း စသော အကျိုးထူးများကိုရရှိနိုင်သည်ဟု တန္တရာ ယာနကျမ်းများ၌ ပြဆိုထားပါသည်။

## (၃) ဈာနမုဒြာ

တရားအားထုတ်ဟန် သို့မဟုတ် ဈာန်ဝင်စားဟန်ဖြစ်သည်။ ယောဂမုဒြာ ဟုလည်း ခေါ်သည်။

လက်နှစ်ဖက်ကို ပေါင်ခွင်ပေါ်တွင် လက်ဝါးနှစ်ဖက်စလုံးလှန်၍ လက်ယာ လက်ဝါးသည် လက်ဝဲလက်ဝါးပေါ်တွင် ထပ်ပြီးလျှင် မထောင့်မတင်းစေဘဲ အကြောများကို မလျှော့ထားကာ သက်သက်သာသာဖင်ထားသောပုံဟန် ဖြစ်သည်။

ဈာန်ဝင်စားနေပုံ၊ သမာဓိရနေပုံ မျိုးပေါ်လာအောင် စီရင်ထားသည်။ ဤ ပုံများတွင် တစ်ခါတစ်ရံ လက်မနှစ်ခု ထိပ်ချင်းတေ့ဆိုင်ထားခြင်း၊ ကျန်လက် ချောင်းများဖြန့်တင်ထားခြင်းများကို တွေ့ ရတတ်သည်။

တပေါ်စမင်္ဂလာ၊ ဗြဟ္မစရိယမင်္ဂ လာ၊ အရိယသစ္စာနဒဿနမင်္ဂလာများ ကို ရည်ဆောင်ပုံဖော်ပြထားခြင်း ဖြစ် သည်။

သန္တရသနှင့် ဝိမုတ္တိရသတို့ကို ပေါ်လွင်စေရန် ရည်ညွှန်းပေသည်။

ဗောဓိပက္ခိယတရားများအနက် ဈာန်တရားများကို ပဓာနအားဖြင့် ရည်ညွှန်းထားသည်ဟု အဆိုရှိသည်။ သမထလုပ်ငန်းအကျင့်စခန်းကို ညွှန်ပြ လျက်ရှိပေသည်။

ဈာနမုဒြာပါသော ရုပ်ပွားဆင်းတု များကို ကိုးကွယ်သူသည် တည်ကြည် ငြိမ်သက်ခြင်း၊ ဓာတ်သဘောအပြည့်အဝ ရှိခြင်း၊ စိတ်ဝေဒနာသောကပရိဒေဝကင်း ငြိမ်းခြင်း၊ ဉာဏ်ပညာတိုးတက်ပွင့်လင်း ခြင်း၊ တရားထူးကိုရလွယ်ခြင်း၊ သမထ ပေါက်လွယ်ခြင်း၊ ထွက်ရပ်ပေါက်လွယ် ခြင်း၊ သိဒ္ဓိပြီးခြင်း၊ မကောင်းကျိုး ဟူသမျှ လောင်ကျွမ်းဟူသမျှ လောင်ကျွမ်းချုပ် ငြိမ်းသွားခြင်း စသော အကျိုးထူးများ ရနိုင်ကြောင်းဖြင့် ဝဇီရာယာနကျမ်းဂန် များ၌ ဖွင့်ဆိုထားပေသည်။

## (၄) ဉာဏမုဒြာ

လက်နှစ်ဖက်စလုံးကို နှလုံးသား တည်ရာ ရင်ဘတ်ဆီသို့ မြှောက်ချီကာ လက်ဝါးများကို ရင်ဘတ်ဘက်သို့လှည့် ထားပြီးလျှင် လက်မနှင့်လက်ခလယ်တို့ကို ထိ၍ထားသောလက်ဟန်အနေအထား ဖြစ်သည်။

အသိဉာဏ်ပညာ ဗောဓိဉာဏ်၊ သဗ္ဗညုတဉာဏ်၊ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တည်း ဟူသော သဘော တရားများကို ညွှန်ကြားဟောပြလိုသော အနက်အဓိပ္ပာယ်ကိုဆောင်ပေသည်။

အချို့ပညာရှိများ၏ အလိုအရ ဤမုဒြာသည် ဓမ္မစက္ကပဝတ္တနမုဒြာ တစ်မျိုးပင်ဖြစ်သည်ဟု ဆိုသည်။

ဗာဟုသစ္စမင်္ဂလာ၊ သိပ္ပမင်္ဂလာ၊ အတ္တသမာပဏိဓိမင်္ဂလာများကိုသင်္ကေတာန် ပုံဟန်ဆောင်ထားခြင်း ဖြစ်ပေသည်။

အဗ္ဘုတရသနှင့် သန္တရသများကို ပေါ်လွင်ထင်ရှားစေသည်။

ပညာပါရမီကို အဓိကအားဖြ...

ရည်ညွှန်းထားပေသည်။

ပဋိစ္စသမုပ္ပာဒ်နှင့် ဗောဓိဖျင်တရား များကို ပဓာနအားဖြင့် ရည်ညွှန်းထား လေသည်။

ဉာဏမုဒြာပါသောရုပ်ပွားဆင်းတု တော်ကိုကိုးကွယ်ပါက အသိဉာဏ်ပညာ ပွင့်လင်းတိုးပွားခြင်း၊ တရားအဆင့်တက် ခြင်း၊ ပညာရှိဖြစ်ခြင်းအကျိုးများကို ရရှိ နိုင်သည်ဟု တန္တရာယာနကျမ်းများ၌ ဖော်ပြထားပေသည်။

## (၅) ဝိတက္ကမုဒြာ

ကြံစည်ဆွေးနွေးဟန် ဖြစ်သည်။

လက်ယာလက်မောင်းကိုကွေး၍ လက်ဝါးကို အပြင်ဘက်သို့ လှန်ပြ ထားကာ လက်ညှိုးနှင့် လက်သူကြွယ် တစ်ချောင်းချောင်းကို လက်မထိပ်နှင့် ထိထားသည်။ ကျန်လက်ချောင်းများကို အပေါ်သို့ထောင်ထားသောဟန်ဖြစ်၏။ တြိပိတကဟတ္ထပုံတွင် လက်သူကြွယ်ကို လက်မဖြင့်ဖိထား၍ ကျန်သုံးချောင်းကို ထောင်ပြထားသည်ကို နှိုင်းယှဉ်ကြည့် သင့်သည်။

ဓမ္မသု အပ္ပမာဒမင်္ဂလာ၊ ဓမ္မသာ ကစ္ဆာမင်္ဂလာများကို သရုပ်ဖော်ပြထား သည်။

အဗ္ဘုတရသ၊ သန္တရသတို့ကို ပေါ်လွင်စေသည်။

ဈာနပါရမီ၊ ပညာပါရမီစခန်းများ သို့ ညွှန်ပြရည်ဆောင်ပေသည်။

ဝိတက္ကမုဒြာပုံဟန်ဖြင့် ရုပ်ပွား ဆင်းတုများကို ထုလုပ်စီရင်ကိုးကွယ် သောသူသည် အကြံအစည်ထိုးထွင်း အောင်မြင်ခြင်း၊ စိတ်ကူးဉာဏ်ဆန်းသစ် ပွင့်လင်းခြင်း၊ အဘိဓမ္မာသဘာဝတရား ကို ဟုတ်တိုင်းမှန်စွာ ပေါက်ရောက် သိမြင်ခြင်း၊ ဗဟုသုတကြွယ်ဝခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်း၊ သမာဓိစျာန် အဘိညာဉ်ရရှိခြင်း၊ အယူဝါဒထူးခြား ဆန်းပြားချက်များကို သိရှိနားလည်ခြင်း၊ တီထွင်မှုအောင်မြင်ခြင်းစသောအကျိုးထူး များကိုရရှိနိုင်သည် ဟူ၍လည်းကောင်း ဤမုဒြာဟန်ဖြင့် ရုပ်ပွားတော်ရှိသော ရုပ်ရွာဒေသပြည်နယ်တို့တွင် ပညာရှိ သူတော်စင်များ ပေါ်ပေါက် ထွန်းကား တတ်သည် ဟူ၍လည်းကောင်း ... သိပ္ပံကျမ်းများ၌ မြွက်ဆိုဖော်ပြထားပေ သည်။

## (၆) ဘူမိဖဿမုဒြာ

မြေကြီးကိုလက်များထိထားသော ဟန်ဖြစ်သည်။ ဝသုန္ဓရေမြေကြီး...



www.burmeseclassic.com

www.burmeseclassic.com

သက်သေညွှန်းသောဟန် ဟူ၍လည်း ခေါ်သည်။

လက်ယာလက်သည် လက်ယာ ဒူးမှ အောက်သို့ တွဲလဲချ၍ထားသည်။ လက်ဝါးကို အတွင်းဘက်သို့ လှည့်ထား ပြီးလျှင် လက်ချောင်းများအားလုံးကိုဖြန့် ၍ အောက်တည့်တည့်ကိုစိုက်ကာ ကြာ ပလ္လင်ကိုဖြစ်စေ၊ မြေကြီးကိုဖြစ်စေ၊ ထိုင်ခုံ တစ်ခုခုကိုဖြစ်စေထိထားသောဟန်ဖြစ် သည်။ လက်ဝဲဘက်မှာ ပေါင်ခွင်ပေါ် တွင် လက်ဖဝါးလှန်၍ တင်ထားလေ့ရှိ ၏။ လက်ယာလက်ဖမိုးကိုမြင်ရသည်။ လက်ဝဲလက်ဖဝါးကိုလည်းမြင်နိုင်သည်။

ဤမုဒြာ ဖြစ်ပေါ်လာရပုံမှာ ဂေါတမမြတ်စွာဘုရားရှင်သည် ဗောဓိ ပင်ရင်း၌ ဘုရားအဖြစ်သို့ ရောက်၍ အပရာဇိတပလ္လင်ထက်ဝယ်စံနေတော်မူ စဉ် မာရ်နတ်သားက လာရောက် တိုက် ခိုက်လေသည်။

ထိုအခါ ဘုရားရှင်က ဝသုန္ဓရေ ဟု မြေကြီးကို သက်သေညွှန်းခြင်းဖြင့် မာရ်စစ်သည်အပေါင်းကို အောင်နိုင် တော်မူခဲ့လေသည်။

ဤအဖြစ်အပျက်ကိုစွဲ၍ မာရ်နတ် ကို အောင်မြင်တော်မူခန်းကို သရုပ်ဖော် ရာ၌ ဤမုဒြာကို တီထွင်ခဲ့သည်ဟု ဆိုရိုးရှိခဲ့လေသည်။ ထို့ကြောင့် မြန်မာအနုပညာသဘင်တွင် ဝသုန် ဓာမြေ သိကြားစေသက်သေညွှန်း ဟူ၍ ဆိုခဲ့ကြပါသည်။

တိဗက်-မြန်မာအယူအဆအရဆို လျှင် ပထဝီမြေကြီးဓာတ်သည် မကုန် နိုင်သောသဘော၊ ခိုင်မာခက်ကျော သောသဘော၊ ထောက်ခံသောသဘော၊ တွေ့ကိုင်တွယ်၍ရနိုင်သောသဘော စသည်ဟူသော ဂုဏ်ထူးဝိသေသနများ ဖြင့် ပြည့်စုံသည်။ ထိုပထဝီမြေထုကို ညွှန်ပြထားသော မုဒြာ၏ဆိုလိုရင်း ဤရုပ်ပွားတော်သည်လည်း အထက် ဂုဏ်ထူးဝိသေသနများနှင့် ပြည့်စုံ တော်မူသော အက္ခောဘျမြတ်စွာဘုရား ရှင်၏ပုံတော်ဖြစ်သည်ဟူ၍ နိမိတ် ကြောင်း တိဗက်ဘာသာကျမ်းရင်း ၌ မိန့်ဆိုထားလေသည်။

မန္တလေးမြို့မဟာမုနိရုပ်ရှင်တော် ကြီးသည် ဘူမိဖဿမုဒြာဟန်ဖြစ် သည်။

ပဒ္ဒေစကတပုညတာမင်္ဂလာ၊ အတ္တ ိမင်္ဂလာ၊ ခန္တီမင်္ဂလာ၊ ဖုဋ္ဌဿ မြေ့ဟိ စိတ္တံ ယဿ နကမ္ပတိ တို့ကို သရုပ်သဏ္ဌာန်ဆောင်ပြ ထားလေသည်။

သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ ဥပေက္ခာပါရမီစခန်းများသို့ ညွှန်ပြသည်။ ဝီရရသ၊ အဗ္ဘုတရသများကို ပေါ်လွင် စေသည်။

လောကီဂုဏ္ဍာရီအလိုအရမူကား- ရန်သူတကာကိုအောင်မြင်နိုင်ခြင်း၊ တရားအမှုတွင် မိမိဘက်မှ လွတ်လွတ် ကျွတ်ကျွတ်အနိုင်ရခြင်း၊ အစိမ်းသရဲ သင်းကွဲပြိတ္တာနတ်မိစ္ဆာတို့၏ ပယောဂ နှောင့်ယှက်မှုကို နှိမ်နင်းနိုင်ခြင်း၊ သေလု မြောပါးဖြစ်နေသောလူနာအား အသက် မသေ ဝေဒနာမှ ချမ်းသာရစေခြင်း၊ ဆင်ကြမ်းမြင်းကြမ်းနွားကြမ်းသရဲကြမ်း တို့ကိုအောင်နိုင်ခြင်း၊ မြို့နယ်အိမ်မြေ ကျောင်းနေရာ စသည်တို့ကို ရှင်းလင်း ခုတ်ထွင်ရာ၌ မြေကြမ်းကို အောင်နိုင် ခြင်း၊ ရဲရင့်စေခြင်း၊ စစ်ထိုးစစ်ဆင်စစ်ချီ ရာ၌ ရန်သူတကာကို အောင်ပွဲရခြင်း၊ သုံ့ပန်းများကို အရှင်လတ်လတ်ဖမ်းဆီး ရမိခြင်း၊ တစ်နိုင်ငံလုံးကို စိုးမိုးလွှမ်းခြုံ ၍ အာဏာတန်ခိုးထက်မြက်ခြင်း၊ ဘုန်း တန်ခိုးအာနုဘော်ကြီးခြင်းစသည့်အကျိုး ထူးများကို မုချအောင်မြင်ရရှိနိုင်ပေ သည်။

## (၇) ဝရဒမုဒြာ

ကောင်းချီးပေးဟန်၊ ဆုပေးဟန် ဟု ခေါ်သည်။

ဝရမုဒြာ၊ ဝရဒမုဒြာ၊ ဒါနမုဒြာ၊ ဝရဒဟတ္ထ ဟူ၍ ပရိယာယ်ပုဒ်အမျိုးမျိုး ဖြင့် ခေါ်ဝေါ်တတ်ကြသည်။

လက်ယာဘက်လက်ကို အောက် သို့ချကာ လက်ဝါးကို အပြင်ဘက်လှည့် ပြီး လက်ချောင်းများကို ဖြန့်ချထားသော ဟန်ဖြစ်သည်။ လက်ဝဲလက်ကို ပေါင်ခွင် ပေါ်တွင်တင်ထားသည်။

လိုသောဆုများနှင့် တစ်လုံးတစ်ဝ တည်းပြည့်စုံကြပါစေဟု ဆိုလိုသော အနက်သဘောကို ဆောင်ပေသည်။ ထို့ကြောင့် ဆုတောင်းပြည့်ဘုရားများ တွင် ဤဝရဒမုဒြာမျိုးကို တွေ့ရတတ် သည်။ သားဆုတောင်းလျှင် ရရှိနိုင်သည် ဟု ကိုးကွယ်ယုံကြည်ထားကြသော နတ် ဘုရားသိကြား စသည်များ၏ ရုပ်ပွား ဆင်းတုတို့တွင် ဤမုဒြာကိုတွေ့ရှိနိုင်ပေ သည်။

ပုဗ္ဗေစကတပုညတာမင်္ဂလာ၊ ဒါန မင်္ဂလာ၊ ဉာတကာနံသင်္ဂဟမင်္ဂလာ၊ ပုတ္တ ဒါရဿသင်္ဂဟမင်္ဂလာများကို ပေါ်လွင် စေသည်။

ဒါနပါရမီ၊ မေတ္တာပါရမီစခန်းများ သို့ ရည်ညွှန်းထားလေသည်။

ဝရဒမုဒြာပါရှိသောရုပ်ပွားဆင်းတု တော်များကို ကိုးကွယ် ပူဇော်သူသည် ကောင်းချီးမင်္ဂလာဆုလာဘ်များကို ရရှိ စေခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုရာ၌ ထိရောက် ခြင်း၊ ဓာတ်သက်ဝင်ခြင်း၊ ဓာတ်စီးခြင်း၊ ရာထူးဌာနန္တရတိုးတက်ခြင်း၊ စည်းစိမ် တိုးပွားခြင်း၊ ကုန်ရောင်းကုန်ဝယ်မြတ် စွန်းခြင်း၊ စစ်ချီစစ်တက်ရာ၌ အောင်မြင် ခြင်း၊ ပူဇော်သက္ကာရကို ရရှိစေခြင်း၊ လက်ဆောင်ပဏ္ဏာခွန်တုပ်များရရှိခြင်း၊ အခြွေအရံသင်းပင်းပေါများကြွယ်ဝခြင်း စသော အကျိုးထူးများ ရနိုင်သည်ဟု တန္တရာယာနကျမ်းဂန်များ၌ ဖွင့်ဆိုထား ပါသည်။

## (၈) ဒါနမုဒြာ

အလှူပေးဟန်ဟု ခေါ်သည်။ ကောင်းချီးပေးဟန်၊ ဆုပေးဟန်နှင့် ဆင်တူဖြစ်သည်။

လက်ယာလက်ကို မြေကြီးသို့ အောက်စိုက်ချထားကာ လက်ဝါးကို အပြင်ဘက်သို့ ညွှန်၍ပြထားသည်။ လက်ချောင်းများကိုဖြန့်ပြထားပြီး တစ်စုံ တစ်ခုပေးတော့မည့်ပုံဟန်ကို ဆောင် သည်။ ဘူမိဖဿမုဒြာနှင့် လက်ဝါးထား ပုံပြောင်းပြန်ဖြစ်မည်။

အနှစ်သာရအားဖြင့် ဒါနမင်္ဂလာ၊ ပူဇာစပူဇနေယျာနံမင်္ဂလာများကို သရုပ် ဆောင်ထားခြင်း ဖြစ်သည်။

ဒါနပါရမီစခန်းသို့ ညွှန်ပြလေ့ရှိ သည်။ ဝီရရသ၊ သန္တရသများကို ဖော်ဆောင်သည်။

ပုံစံအားဖြင့် ရပနသမ္ဘဝဈာန်ိ ဗုဒ္ဓဘုရားပုံတော်ကို ဤဒါနမုဒြာဖြင့် တွေ့ရတတ်သည်။ ဖူးမြော်လာသူအား ကိုးကွယ် လဲလျောင်း အားထားစရာ ရတနာသုံးပါး တည်းဟူသော ဘုရား၊ တရား၊ သံဃာတို့ကို ပေးတော်မူ၏။ ခံယူကိုးကွယ်ကြပါလော့ဟု တိုက်တွန်း သတိပေးသည့် အနက်အဓိပ္ပာယ်ကို ဆောင်ပေသည်။

ဒါနမုဒြာပါသော ရုပ်ပွားဆင်းတု တော်ကို ထုလုပ်ကိုးကွယ်သူသည် လာဘ် ရွှင်ခြင်း၊ ရွှေငွေဥစ္စာရတနာ ဆင်မြင်း စသော စီးပွားရေးတွင် အောင်မြင်ခြင်း၊ ကြွေးမြီးဟောင်းကို တောင်းရာ၌ လွယ်လင့်တကူရနိုင်ခြင်း၊ သူတစ်ပါးထံမှ လက်ဆောင်ပဏ္ဏာများကို ရရှိနိုင်ခြင်း၊ အခွန်တုပ်များပေါများကြွယ်ဝစွာရရှိနိုင်



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# အင်းလေး ရွှေဥဒေါင်းတောင်ဆရာတော်ကြီး ချီးမြှင့်တော်မူခဲ့သော

# ဓနသိဒ္ဓိဂါထာတော်

**ဓနသိဒ္ဓိဂါထာတော်**

- ဉုံ - ဦးသျှောင်ပါးနား၊ နှုတ်လျှာဖျားက၊ စောင့်ထသူရဿတီ၊ အညီမကွာ၊ ပညာဉာဏ်နှင့် အကြံပေးတတ်၊ ကိုယ်စောင့်နတ်က၊ လာဘ်လည်းမကွာ၊ လိုရာတတိုင်း၊ ရစေသော။ ငါ၏အသံ၊ တစ်ရံကြားက၊ သားနှင့်အညီ၊ ညီနှင့်အဖျှ နှမအလား၊ ချစ်ထွေပွားကာ၊ စီးပွားချမ်းသာ၊ ငါ့ကိုဆောင်စေသောဝ်။
- ဉုံ တစ်ရာသိဒ္ဓိ၊ ဝဒ္ဒါမိ၊ လေးကျွန်းလေးမျက်နှာ၊ နေက ငါ့အဖ၊ လကအမိ၊ သွားလေရာရာ၊ မဟာဂီရိနတ်မင်းကြီးသမီး ငါ့ကိုမ,စေသော်။
- ဉုံ တုဋ္ဌေဟိ၊ တုဋ္ဌေဟိ၊ မမတုဋ္ဌေဟိ၊ ပိယေဟိ ပိယေဟိ မမပိယေဟိ၊ တုံယုံ တုံယုံ ခိပ္ပသိဒ္ဓိ၊ ခိပ္ပသိဒ္ဓိ၊ ဓာရေယျ၊ ဓာရေယျ၊ ဝါရေယျ၊ ဝါရေယျ၊ ဖုဿဋ္ဌ၊ ဖုဿဋ္ဌ၊ ဗန္ဓတ္ထ ဗန္ဓတ္ထ၊ ဒူရေသွာလေ ဟုံ ဟုံ။
- ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော၊ ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရာဒိသံ၊ စတ္တာရော တေ၊ မဟာရာဇာ၊ လောကပါလ ယသဿိနော၊ တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေနစ။

(အထက်ပါ ဂါထာတော်ကို သမ္ဗုဒ္ဓေဂါထာ(၃)ခေါက်နှင့်တွဲရွတ်ပါ။)

**ရှင်သီဝလိလာဘ်ခေါ်ဂါထာ**

- ဩြောင်း - နမော သိဒ္ဓိ သီဝလိ ရာဇာ၊ ဧဟိ မိတ္တံ၊ ဧဟိ လာဘံ၊ ဧဟိ နာနာလသပ္ပကံ ဧဟိနာနာ ဘောဇနာယံ သကလသရီယံ၊ ဝဏ္ဏမတ္တံ ပိယေ ဟောန္တု။
  ယာ ဣတ္ထိယောဝါ ပုရိသောဝါ ဒူရေဝါ အဝိဒူရေဝါ၊ ဗုဒ္ဓံ နမာမိ တိသုလောတေသု ပကတော ဒေဝါဟ ပူဇိတာ။ ဣန္ဒာဒေဝါ ဗြဟ္မာလောကေ သဗ္ဗဒေဝရာဇနော ပဿေယာံ ဟောန္တု မေ။

ရောင်းလိုသော ကုန်ပစ္စည်းကို မြန်မြန်ရောင်းလိုပါက ရှင်သီဝလိရဟန္တာမြတ်ကို အာရုံပြု၍ ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူပါ။

ထိုကောင်းမှုကို သမ္မာဒေဝနတ်များကို အမျှဝေပါ။ အမျှဝေပြီး ဖန်ခွက်ထဲတွင် ရေထည့်၍ ဤဂါထာတော်နှင့် ရှင်သီဝလိအရှင်မြတ်ကို အာရုံပြုပြီး (၇) ခေါက်မန်းပါ။ ၎င်းရေထဲတွင် နံ့သာရည်ထည့်၍ ရောင်းမည့်ကုန်များကို ပက်ဖျန်းပါ။

*ခုနစ်နေ့သားသမီးများ*
*ကြွယ်ဝချမ်းသာကြပါစေ*

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

---

ခြင်း၊ တိုင်းပြည်နိုင်ငံအတွင်း ဆန်ရေစပါးပေါများခြင်း စသော အကျိုးထူးများကို ခံစားရသည်ဟု တန္တရာယာနကျမ်း၊ လောကီကျမ်းများ၌ ဖော်ပြထားပေသည်။

**(၉) ဥတ္တရဗောဓိမုဒြာ**

အထွတ်အထိပ်သို့ရောက်၍ ပွင့်တော်မူဟန်ဖြစ်သည်။

လက်ဝဲလက်ညှိုးနှင့် လက်မတို့ကို ထိထား၍လည်းကောင်း၊ လက်ယာလက်ညှိုးနှင့် လက်မတို့ကိုလည်း ထိထား၍လည်းကောင်း၊ နှလုံးသားရှိလောက်ရာ အရပ် ရင်ဘတ်ကိုထိလုနီးပါးမျှထောင်ပြထားသော လက်ဟန်အနေအထားမျိုးဖြစ်သည်။ ကျန်လက်ချောင်းများကိုမူ အပေါ်သို့ထောင်ထားသည်။ ဓမ္မစကြာမုဒြာပုံနှင့် ဆင်တူယိုးမှားဖြစ်သည်။

အရိယသစ္စာနဒဿနမဂ်လာနှင့် နိဗ္ဗာနသစ္ဆိကိရိယမဂ်လာများကို သရုပ်ဆောင်ထားခြင်း ဖြစ်လေသည်။

ဝိမုတ္တိရသနှင့် သန္တရသတို့ကို ပေါ်လွင်ထင်ရှားစေသည်။

ပါရမီဆယ်ပါးတို့၏ပြီးပြည့်စုံခြင်းကိုလည်း ညွှန်ပြထားခြင်းသဘောရှိလေသည်။

ဗောဓိပက္ခိယတရား (၃၇) ပါးတို့၏ ပြီးဆုံးခြင်းအထွက်အထိပ်သို့ရောက်တော်မူခြင်းတို့ကို ညွှန်ပြသရုပ်ဆောင်ထားခြင်းဖြစ်သည်ဟု အချို့ပညာရှိကြီးများက မိန့်မှာခဲ့ကြသည်။

ဥတ္တရဗောဓိမုဒြာပါသော ဘုရားကို ကိုးကွယ်သူသည် ဉာဏ်ပညာကောင်းခြင်း၊ စာမေးပွဲစာပြန်ပွဲတို့၌ အဖျက်အဆီး အဟန့်အတားမရှိအောင်မြင်ခြင်းအကျိုးကို ရရှိနိုင်ကြောင်း တန္တရာယာနကျမ်းများ၌ ဖော်ပြပါရှိပါသည်။

ထိုသို့အတိုင်း ဗုဒ္ဓမုဒြာဟ... ကိုးဖြာရှိသည်ဟု လေ့လာမှတ်သားရ... ကြောင်း ဖော်ကျူးရေးသီလိုက်ပါသည်...

*သက်ရှည်ကျန်းမာစိတ်ချမ်းသာ...*
*လိုရာကောင်းကျိုးပြည့်စုံ...*

တော်တော်တ...

**ကိုးကား -**

- ဆရာတော် ဦးနရန္ဒ (ငြိမ်းချမ်း...) (ဗုဒ္ဓမြတ်စွာဘုရားရှင်၏တ... မုဒြာဟန်ပန်များထဲမှ မုဒြာ (၉) ... အကြောင်း)
- EXCELLENT Aquarium S... Centre၏ အွန်လိုင်းပေါ်မှကုသိုလ်... ဗဟုသုတ Fb page.



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ရွှေကံကူတြိဖလစေတီတော်သည်ကား မတည်မီကတည်းက ထူးခြားမှုများဖြစ်ပေါ်ခဲ့ပြီး ယခုတည်ထားချိန်၌လည်း ဤမျှ ထူးခြားသည့် အကြောင်းအရာတို့ဖြစ်ပေါ်ခဲ့ပြန်ရာ စာရေးသူ၏ ထူးခြားသော အတိတ်ဘဝအကြောင်းဆက်တို့မှန်ကန်ပေသည်တကားဟု ဝမ်းသာပီတိဖြစ်ရပါသည်။

ထိုအချိန် ရာသီဥတုမှာ မနေနိုင်မထိုင်နိုင်အောင် ပူပြင်း၍လာနေရာက မှတ်မှတ်ရရ တန်ခူးလပြည့်နေ့၌ စဉ့်ကိုင်မြို့အပါအဝင် မန္တလေး စစ်ကိုင်းပတ်ဝန်းကျင်နှင့် သပိတ်ကျင်းမြို့နယ် မိုးမိတ်မြို့တို့တွင် လေပြင်းမုန်တိုင်းများတိုက်ခတ်ပြီး တစ်သက်နှင့်တစ်ကိုယ်မကြုံဘူးသော မိုးသီးတို့ကြွေကျ၏။ စဉ့်ကိုင်မြို့နယ် ကံကြီးရွာနှင့် အနီးတစ်ဝိုက်ဆိုလျှင်



ဘိုဘို(ရွှေကံကူ)

ရွှေကံကူ သံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင် တြိဖလသေးဘုရား ပန္နက်တင်မင်္ဂလာကျင်းပခြင်းဆောင်းပါး၏နောက်ဆက်တွဲ


# ရွှေကံကူ သံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင် တြိဖလစေတီတော်

ထူးခြားမှုများစွာနှင့် ထီးတော်တင်ပွဲ ကျင်းပပြီးခဲ့ပြီ



www.burmeseclassic.com

www.burmeseclassic.com



စကျင်ကျောက်သားပလ္လင်တော်ဖြင့်
ရွှေကံကူဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်၊ တြိဖလရုပ်ပွားတော်



ရွှေထီးတော်တင်လှူနေသည့်မြင်ကွင်း

တစ်ပေခွဲခန့်အထိ ကြီးမားသော မိုးသီးကြီးများကြွေကျ၏။ လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ခေါင်မိုးများ အချပ်လိုက်ပြုတ်ပါသွားပြီး နှစ်ပေါင်းများစွာရှိနေခဲ့သောသစ်ပင်ကြီးတို့ကျိုးပြတ်၏။ အမြစ်မှကျွတ်လဲ၏။ မိုးသီးကြောင့် အာစီစလစ်ပြင်ခေါင်မိုးမှလွဲ၍ သွပ်မိုး၊ ကပ်မိုး၊ သက်ကယ်မိုးများ ပေါက်ပြဲကုန်၏။ အိမ်ပြတင်းမှန်များ၊ ကားမှန်များကွဲ၏။ ကားဘော်ဒီတို့ ပိန်ရှုံ့ကုန်၏။ စေတီပုထိုးများစွာ၊ ငှက်ပျောဖူးမှ လည်းကောင်း ဖောင်းရစ်မှလည်းကောင်း ပြုတ်ကျကုန်၏။

စာရေးသူတို့၏ ရွှေကံကူတြိဖလစေတီတော်မှာ ကုန်းထိပ်တွင် လေကွယ်မရှိ ထီးထီးကြီးတည်ရှိနေရာ သာမန်ဝါးငြမ်းဆိုလျှင် ကိစ္စမရှိ။ ယခု ဖျာများကာရံထားသည်ဖြစ်ရာ ကျိုးပြတ်ပြုတ်ထွက်နိုင်သည်ဖြစ်သော်လည်း ငြမ်းအနည်းငယ်ယိုင်သွားသည်မှအပ ဘာမှထိခိုက်ပျက်စီးခြင်းမရှိ၍ ရွှေသင်္ကန်းတာဝန်ယူကပ်လှူသော ဦးကျော်ကျော်မှ -

"ဒီဘုရားတော်တော်တန်ခိုးကြီးတယ်ဗျာ။ ငြမ်းတွေပြုတ်ပါပြီး စေတီတော်ပါ ထိခိုက်ပျက်စီးတော့မှာပဲလို့ထင်ထားတာ ဘာမှမဖြစ်ဖူးဗျာ"

ဟု ဆိုပါသည်။

လေကြမ်းတစ်ကြိမ်တစ်ခါတည်းလည်းမဟုတ်ပါ။ အကြိမ်ကြိမ်တိုက်ခတ်လာခဲ့ခြင်း ဖြစ်ပါသည်။

စဉ့်ကိုင်မြို့ပေါ်မှာပင် လေကြမ်း(၃) ကြိမ်ထက်မနည်းတိုက်ခတ်ခဲ့၍ သစ်ပင်ကြီးများပြိုလဲခြင်း၊ လူနေအဆောက်အအုံများပျက်စီးခြင်း၊ စေတီပုထိုးများပြုတ်ကျခြင်းတို့ရှိပါသည်။ သို့သော် အောင်မြေကျောင်းတော်ကြီးတွင် ပြတင်းမှန်တစ်ချက်သော်မျှ အက်ကွဲခြင်းမရှိ၊ တြိဖလစေတီတော်၏ ဖျာငြမ်းကြီးသည်လည်း ဘာမှမဖြစ်။ ကြေးပြားကပ်ရွှေချလုပ်ငန်းတို့ ဆက်လက် ဆောင်ရွက်နိုင်ခဲ့ကြ၏။

စေတီတော်၊တံခွန်တိုင်နှင့်ကမ္ဗည်းကျောက်စာတိုင်တို့ပြီးစီးသွားသောအခါ မယ်တော်ကြီးက လှေကားကိုလည်းပြင်မည်၊ မုခ်ဦးဆိုင်းဘုတ်လည်းထည့်မည်၊ မုခ်ဦးတိုင်ကို နဂါးတစ်စီးစီ၊ လှေကားဘေးတစ်ဖက်စီတွင် နဂါးတစ်စီးစီထည့်မည်၊ ရင်ပြင်တော်ကို စကျင်ကျောက်ပြားများခင်းမည်ဟုပြော၍ ပန်းရန်ကို ဈေးညှိနှိုင်းရာ နဂါးတစ်စီး (၄) သိန်း၊ ... လှေကား (၄) သိန်းဟုပြော၏။ လက်... သိန်း(၂၀)ကျမည် ဖြစ်သည်။ ဤအတိုင်းဆိုလျှင် ပန်းရန်ခဈေးများနေပြီဖြစ်သည်။ ပန်းရန်သည် စေတီ (၁၃)ဆူဆေးမသုတ်ရသောအခါမှစ၍ ကျေညက်ဟန်မတူပါ။ ဈေးများသည်ဟုထင်လျှင် အခြားသူတို့ကိုအပ်ပါဟု ကိုမြင့်ဦးတို့ကို ပြောကြောင်း ပြန်လည် သိရှိရသည်။

ထိုအခါ ဆေးသုတ်လုပ်အား...ကသိုလ်ရှင် မောင်နိုင်က သူ၏ပန်း...ကြောင်း၊ ထိုပန်းရန်ဆရာသည် (၇)သိန်း...နှင့်ပင်လုပ်ပေးနိုင်ကြောင်း သိရသည်... ပထမပန်းရန်ဆရာ မောင်နိုင်ကလည်း... အပ်လိုရာအပ်ပါ ဟူသော စကား... ထားပြီးဖြစ်သည့်အပြင် ၎င်းသည်... စာရေးသူအားလည်း လာရောက်တွေ့... ခြင်းမရှိသည့်အတွက် လည်းကောင်း... စေတီတွင် ၎င်းပါဝင်ခွင့်အခွင့်... ဆုံးပြီဖြစ်ပြီ။ နောက်ရောက်လာ... ပန်းရန်ဆရာဦးညွန့်...သည်လည်း... ဘုရားတွင် ပါရမီဖြည့်ရန်အကြောင်း... မည်ဟုယူဆ၍ ကိုညွန့်လွင်ကို လုပ်...



www.burmeseclassic.com

www.burmeseclassic.com

အပ်နှံလိုက်သည်။ သို့သော် စာရေးသူသည် (၇)သိန်းဟု ပြောထားသော်လည်း (၁၀) သိန်းနှင့်လုပ်ပါ။ စိတ်ချမ်းသာပါရစေ။ ခင်ဗျားတို့လည်း စိတ်ချမ်းသာရပါစေမည်ဟုဆိုကာ လုပ်ငန်းတို့ကို စတင်စေလိုက်သည်။ ဤသို့ဖြင့် ပန်းရန်ဆရာနောက်တစ်ဦးပြောင်းလိုက်ရတော့သည်။ အကြောင်းမဲ့တော့ မဟုတ်တန်ရာ အကြောင်းရှိ၍ ဖြစ်ပေလိမ့်မည်။

ဦးညွန့်လွင်တို့အဖွဲ့မှာ နားအေးသူသည်။ ခိုင်းသမျှလုပ်၏။ ဘာမှပြန်မပြောရ။ မဖြစ်ဘူးဟူ၍မရှိ။ စကျင်ကျောက်ထည်များ နေရာချထားစဉ်က ၎င်းတို့လုပ်ငန်းကိုရပ်ဆိုင်းပြီး (၅)ရက်ခန့် ကျောင်းသမားများကိုကူရသည့် လေးလံသော စကျင်ပစ္စည်းများနေရာချထားသယ်ယူရာ၌ ထိခိုက်ပျက်စီးမှုများကိုလည်း ပြင်ပေး၏။ ထီးတော်များတင်လှူရာတွင် လည်းကောင်း၊ ထီးကြိုးဆိုင်းရာ၊ ထီးငြမ်းဆင်ရာမှ ငြမ်းဖျက်သိမ်းဆည်းပြီးသည်အထိ မခေါ်ယူရဘဲ အလိုက်သိစွာလာရောက်လုပ်ကိုင်ပေးသဖြင့် ၎င်းတို့နှင့် လုပ်ငန်းလုပ်ရသည်ကို ကျေနပ်မှုရှိခဲ့ရပါသည်။ လူတို့၏စေတနာထားရှိမှုကို အလုပ်က သက်သေပြ၏။ စေတနာသည်လည်း မေတ္တာကို အကြောင်းပြု၍ ဖြစ်ပေါ်လာရခြင်းပင် ဖြစ်သည်။ မေတ္တာတရားသည်လည်း ပုဂ္ဂိုလ်ရေးရာ ကြည်ညိုလေးစားမှုတို့အပေါ် အကြောင်းခံခြင်း




ရွှေကံကူမောင်နှမများမှ စိန်ဖူးတော်အား ပင့်ဆောင်စဉ်



စေတီတော်သို့ ငှက်မြတ်နားတော် ပင့်ဆောင်စဉ်



စေတီတော်မုခ်ဦး




စေတီတော်ကမ္ပည်းကျောက်စာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေကံကူမိသားစုမှ ဆရာတော်ဘုရားများအား ကံထပ်မင်္ဂလာပြုလုပ်စဉ်



ဝါခင်းကုန်းဆရာတော်ဘုရားကြီးအား ကံထပ်မင်္ဂလာပြုလုပ်စဉ်



၉-၆-၂၀၁၆ ရက်နေ့တွင် စေတီတော်ရင်ပြင်၌ အနေကဇာတင်ပူဇော်စဉ်

ဖြစ်ပါသည်။ စာရေးသူတို့အပေါ် ၎င်းတို့၏ စေတနာမေတ္တာထားရှိမှုကို သိရှိရသောအခါ စာရေးသူတို့ကလည်း ၎င်းတို့၏ စေတနာမေတ္တာပြန်လည်ထားရှိမိပါတော့သည်။ ထို့ကြောင့် ၁၁-၁-၂၀၁၇ တွင် စာရေးသူတို့မွေးရပ်ဇာတိ မြို့သာ အ-ထ-ကကျောင်းဝင်းအတွင်း၌ စာရေးသူတို့ လှူဒါန်းမည့် စာသင်ဆောင်ကြီးကို ပန္နက်ချတော့မည်ဖြစ်ပြီ (၅)လနှင့်အပြီး တည်ဆောက်သောအခါ၌လည်းကောင်း၊ ၂၀၁၆ (၁၀) လပိုင်းတွင် မြို့သာမြို့နှင့် မထီးအောင်မြေတွင် ပုဂံခေတ် နရပတိစည်သူဘုရားကန်တော့ဟန်နှင့်မြက်စားနေသော မြင်းရုပ်တုနှင့် ကျောက်ဖျာတံတိုင်းထက်တင်မည့် စေတီတော်ကိုလည်းကောင်း ၎င်းတို့ကို လုပ်ငန်းအပ်နှံရန်လျာထားစိတ်ကူးထားလိုက်မိပါသည်။

သို့ဖြင့် အချိန်တို့လည်း တရွေ့ရွေ့
ကုန်ဆုံးလာခဲ့ရာ နောက်ပိုင်းရောက်လာ
လေအားစိုက်ထွန်းရလေဖြစ်သည်။ အခ
တို့သည် မည်သို့ကုန်သွားမှန်းမသ
ထီးတင်ပွဲရက်သည် ရှုတ်တရက်ရောက်
ရှိလာသည်ဟုပင် ထင်မှတ်ရသည်
မေလ ၂၉ ရက်နေ့သို့ ရောက်ရှိလာ
သည်။ ရုပ်ရှင်တော်မြတ်သည်လည်း
ထီးတင်ပွဲနီးကပ်လာပြီဖြစ်၍ ရန်ကုန်မြို့
မှ ပြန်လည် ကြွမြန်းလာတော့မည်
(၆) နာရီခွဲလေယာဉ်ဖြစ်၍ စာရေးသူ
နှင့် ဦးအေးကိုကိုသွန်း၊ မန္တလေးမြို့
မောင်နိုင်ထွန်းဝင်း၊ ခင်စိုးကျော်တို့
တစ်စီး၊ နိုင်နိုင်နှင့် မမျိုးတို့က တစ်စီး
မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်
(တံတားဦး) သို့ သွားရောက် ကြိုဆိုကြ
သည်။ရုပ်ရှင်တော်မြတ်သည် ပြည်တွင်း
ပြည်ပ ဒေသစာရီခရီးစဉ်များတွင် သော
ကြောင်းလိုင်းခရီးဖြင့် ကြွမြန်းတော်မူ
ကများလှ၍ ရောက်လေရာ လေဆိပ်
များတွင် လေယာဉ်လေဆိပ်ဝန်ထမ်း
များ၊ လေဆိပ်လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ
အကောက်အခွန် ဝန်ထမ်းများအား
က ကုသိုလ်ယူပိုင်းဝန်းကူညီစောင့်ရှောက်
ကြသဖြင့် လေဆိပ်မှ အဆင်ပြေချော
မွေ့စွာထွက်ခွာကြွမြန်းတော်မူနိုင်ခဲ့သည်။

စာရေးသူတို့ စဉ့်ကိုင်မြို့အောင်
မြေသို့ရောက်ရှိသောအခါ ဘုရားဖူး
သည်များ ကြိုတင်ရောက်ရှိနေသည်ကို
တွေ့ရသည်။ ဤသည်မှာလည်း ရုပ်ရှင်
တော်မြတ်၏ ကြီးမားသောတန်ခိုးတော်
ပင်ဖြစ်သည်။ ရုပ်ရှင်တော်မြတ်ပြန်လည်
မကြွမြန်းမီ (၃) ရက်ခန့်မှစ၍ အောင်မြေ
သို့ နေ့စဉ်ဘုရားဖူးပရိသတ်တို့ ရောက်ရှိ
လာတတ်ပြီး ရုပ်ရှင်တော်မြတ်ကြွရောက်
တော်မူသောနေ့ဆိုလျှင် ဆွမ်းပွဲများ ပန်း
များ၊ သစ်သီးများစုံလင်စွာဖြင့် ကြိုဆို
နေသောပရိသတ်ကြီးကို ကြုံတွေ့ရမည်
သည်။ နေ့စဉ် ဆွမ်းကပ်အလှူရှင်တို့
၏။ မိမိတို့အိမ်မှ စီမံချက်ပြုတ်လာ
တို့နည်းပါးပြီး စဉ့်ကိုင်မြို့ အိတ်ဇဲလ
စားသောက်ဆိုင်မှ မှာယူပေးကြခြင်း
ဖြစ်သည်။ ရုပ်ရှင်တော်မြတ်အား ဆွမ်း
တစ်ရက်ကပ်လျှင် (၂၅၀၀၀) မျှ ကုန်
ပါသည်။

စာရေးသူလည်း နေ့စဉ်ဆွမ်း
ပြီးမှသာ ရွှေကြက်ယက်သို့သွားရော
ပြီး မီးဆင်ခြင်း၊ ဆေးသုတ်ခြင်းတို့အပြင်
ထီးတင်ပွဲအတွက် လိုအပ်သည်တို့ကို
စီစဉ်ရပါသည်။ ဖိတ်စာကိစ္စ၊ ဗီနိုင်းကိစ္စ
သာသနာ့အလံကိစ္စ၊ ရထားပျံစီစဉ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

ညှိခံဖျော်ဖြေရေး၊ ဆွမ်းကပ်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ နေရာထိုင်ခင်းချထားရေး အားလုံးကို မလစ်ဟင်းအောင်စဉ်းစားပြီး စီစဉ်ရပါသည်။

၂-၆-၂၀၁၆ နေ့တွင် ရန်ကုန်မြို့မှ မောင်ရဲလေး ရောက်ရှိလာသည်။ မောင်ရဲလေးသည် ယခုထီးတင်ပွဲတွင် သည်း ၁၂-၆-၂၀၁၆ နေ့အထိ လုပ်အားလုပ်အားဒါနပြုရန် ရောက်ရှိလာခြင်းဖြစ်သည်။ စာရေးသူတို့ဘုရားတွင် ကိုးကွယ်ကြသူတို့မှာ ငွေကြေးချမ်းသာသူများနှင့် ရာထူးရာခံကြီးမားသူများ‌တို့သာဖြစ်ရာ အောက်ခြေသိမ်းဝေယျာဝစ္စလူလုပ်အား ဒို့အပ်လျက်ရှိသည်။ သာဝကများသည် အား ဘုရားသို့ရောက်လာကြလျှင်တော့ သင်းတို့၏ငွေဂုဏ်ကြေးဂုဏ်၊ ရာထူးဂုဏ်တို့ကိုဘေးချိတ်ထားပြီး အောက်ခြေသိမ်းသည့်အလုပ်မရွေး ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ၎င်းတို့သည် ဘုရားဝန်းတော်သန့်ရှင်းရေးမှအစ လုံခြုံရေးအတွက်ပါ စိတ်ချသွားရသည်။

၄-၆-၂၀၁၆နေ့တွင် စာရေးသူတို့ ကျောင်းတန်းတစ်လျှောက်နှင့် ထီးတော်တင်မည့်စေတီတော်ဘေးပတ်လည်စေတီများအားလုံး ပိုးအောင်လံများသွယ်တန်းသည့် သာသနာ့အလံ (၂၀၀) ကျော်မှာ တစ်သိန်းခွဲဖိုးခန့် ဖြစ်သည်။ မုခ်ဦးနှင့် ဆိုင်းထိပ်တွင် ထီးတင်ပွဲကြော်ငြာဗီနိုင်းဆိုင်းဘုတ်များလည်းချိတ်ဆွဲသည်။ မူလရေးပိုက်တို့မှာ မည်သူတို့က ဖြုတ်ယူသွားသည်မသိ။ ရေပိုက်အသစ်များဝယ်၍ သွယ်တန်းရ၏။ ရုပ်ရှင်တော်မြတ်သည် ထီးတော်တင်ပွဲရက်အတွင်း မမ္မာရုံ အိုက်သစ် ရှမ်းကျောင်းပဥ္စလောဟာ အားဘုရားမမ္မာရုံအတွင်း ပူဇော်မည်ဖြစ်သောရာ ရှမ်းကျောင်းဆရာတော်ထံ သွားရောက် လျှောက်ထားပြီး နေရာထိုင်ခင်းတို့ကို စီစဉ်ရ၏။

၅-၆-၂၀၁၆ ရက်နေ့တွင် ထီးတင်ရထားပျံအဖွဲ့ရောက်ရှိလာသည်။ ၎င်းတို့သည်း မနားဇာမ်းပြင်ဆင်ကြ၏။ လိုအပ်သောပစ္စည်းတို့ကို ကိုမြင့်ဦးအား စီစဉ်ပေးစေ၏။ တကယ်တော့ ဤဝိဇယထီးတော်တင်ရထားပျံအဖွဲ့ကို ကိုမြင့်ဦးအား စီစဉ်ပေးစေ၏။ တကယ်တော့ ဤဝိဇယထီးတော်တင်ရထားပျံအဖွဲ့ကို စာရေးသူမသိရှိပါ။ ကျောက်ဆည်မြို့ ဇာတ်ဆင်အဖွဲ့မှ မောင်ကျော်သူနိုင်က ညွှန်းပေးခြင်း ဖြစ်ပါသည်။ ထိုအခါ အဖွဲ့ခေါင်းဆောင် ဦးထွန်းမှ ထုံးတမ်းစဉ်လာဆောင်ရွက်ဖွယ်တို့ကို ပြောပြပြီး ဤဝိဇယထီးတင်အဖွဲ့မှာ ရွှေပေါ်ကျွန်း


၉-၆-၂၀၁၆ ရက်နေ့တွင် စေတီတော်ရင်ပြင်၌ အနေကဇာတင်ပူဇော်စဉ်


၉-၆-၂၀၁၆ ရက်နေ့တွင် စေတီတော်တည်ခြင်း၊ ကံထပ်ခြင်း၊
ဒါနကုသိုလ်တို့အား ရေစက်သွန်းချစဉ်

ဆရာတော်ဘုရားကြီးတည်ထောင်ဦးစီးခဲ့သောအဖွဲ့ဖြစ်ကြောင်း၊ ဆရာတော်ဘုရားကြီး ထိုစဉ်က ဘုရားအဆူတစ်ထောင်ကျော် ဦးထွန်းကိုယ်တိုင်လိုက်ပါ၍ ထီးတော်တင်လှူခဲ့ကြောင်း၊ ဆရာတော်ဘုရားကြီးဘဝနတ်ထံပျံလွန်တော်မူသောအခါတွင် ဤထီးတော်တင်ရထားပျံအဖွဲ့ကို ဦးထွန်းမှဆက်လက်ဦးဆောင်ထီးတော်တင်လှူခဲ့ရာ ယခု ရွှေကံကူကြီဖလစေတီတော်မှာ အဆူ (၁၆၀) မြောက်ဖြစ်ကြောင်းသိရသည်။

ဤသည်မှာလည်း ထူးခြားသောတိုက်ဆိုင်မှုပင် ဖြစ်သည်။ စာရေးသူသည် ဤအဖွဲ့ကို မသိသော်လည်း ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး၏အဖွဲ့ဖြစ်နေသည်မှာ စာရေးသူဤစေတီတော်တည်ထားရန် အကြောင်းအရာတို့ဖြစ်ပေါ်စဉ်က ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးက နန္ဒင်းမတေဖြစ်ပေးခဲ့ပေသည်။ ယခုစေတီတော်တည်ထားပြီး ထီးတော်တင်သောအခါ ဆရာတော်ဘုရားကြီးမှ လာရောက် စောင့်ရှောက်သည့်သဘောပင် ဖြစ်ပါသည်။ ဤသို့ဆိုလျှင် ဤထီးတင်ပွဲကြီးသည်ကားအောင်မြင်စွာပြီးစီးမည်မှာ သေချာလှပါ၏ဟု အားတက်ဝမ်းသာဖြစ်ခဲ့ရသည်။

စာရေးသူသည် လူ (၂၀) ခန့်ပါရှိသော ထီးတင်အဖွဲ့သားများအတွက် နေထိုင်စားသောက်ရေး၊ ရေမိုးချိုးရန်၊ လက်ဖက်ရည်သောက်ရန်မှအစ အဆင်ပြေအောင် စီစဉ်ပေးရသည်။ ဆေးအဖွဲ့သည်လည်း ရွှေငြမ်းဖျာများကာထားစဉ်က ကျန်ရှိရစ်သော စေတီတော်အစိတ်အပိုင်းနေရာတို့ကို ဆေးသုတ်လျက်ရှိကြ၏။

၆-၆-၂၀၁၆ နေ့တွင် စေတီတော်အတွင်း မီးဆိုင်းများ၊ ပန်ကာများအပြီးတပ်ဆင်စေ သည်။ ထိုနေ့ညနေတွင် နှမ်းမနဲ (၃၁၀) ပြည်ထိုးရမည်ဖြစ်သည်။ တစ်ပြည် (၂၀၀၀) နှုန်းနှင့် (၆ ၂၀,၀၀၀) တန်ဖိုးရှိပြီး မြေပဲဆန်၊ နှမ်း၊ အုန်းသီးဖိုးမှာ (၂၂၅၀၀၀) ကျော်ဖြစ်ပြီး ထိုးခ (၁၂၀၀၀၀) ပေးရသည်။ ထီးတင်အဖွဲ့ဝေယျာဝစ္စအဖွဲ့တို့အား ကျွေးမွေးရန်



www.burmeseclassic.com

www.burmeseclassic.com

ဆန်နှစ်ပိုင်း (၇၆၀၀၀) ကျပ်၊ ဆီဆယ် ပိဿာ(၅၀၀၀၀)ကျပ် ဟင်းချက်စရာဖိုး နှင့် ဝေယျာဝစ္စလုပ်ကိုင်သူများအတွက် အားလုံး (၃၀၀၀၀၀) ကျပ်ပေးရသည်။ နှမ်းမနဲ့အတွက် ဆီ (၄၅) ပိဿာ (၂၂၅၀၀၀) ကျပ်ပေးရသည်။ ရွှေကူ လေပုံ့သစ်တော်ရုပ်ရှင်တော်မြတ်သီတင်း သုံးပူဇော်ရာတွင် ပူဇော်ရန် သစ်သီး (၉) မျိုး၊ ပန်း (၉)မျိုး၊ ပွဲ (၅) ပွဲနှင့် အောင်ပန်း များ၊ ပန်းအိုးမှအစ ပွဲဇလုံ၊ ပွဲတင်ခုံတို့ကို ပါ အသစ်များချည်း စီစဉ်ရာ (၁) သိန်း (၂) သောင်း ကုန်ကျ၏။ ထိုညကလည်း စာရေးသူတို့ ညဥ့်နက်သည့်တိုင်အောင် ရွှေကြက်ယက်တွင် စီစဉ်ပြင်ဆင်ကြရ သည်။

ရာသီဥတု၏ သဘာဝနိယာမ တရားအတိုင်းပင် အပူရှိန်ပြင်းထန်လွန် ကဲသောအခါ လေဖိအားနည်းရပ်ဝန်း တို့ဖြစ်ပေါ်ပြီး လေပြင်းမုန်တိုင်းများကျ ရောက်၏။ ထို့နောက် မိုးသီးများကျ ရောက်၏။ ထိုသို့ ဖြစ်ပေါ်ပြီးသည်၏ နောက်တွင်တော့ မိုးဦးရာသီရောက်ရှိ ပြီဖြစ်ကာ ခေါင်သောနှစ်လည်းခေါင်၏။ မေလတတိယအပတ်တွင်မှစ၍ စဥ့်ကိုင် မန္တလေးတစ်ဝိုက်တွင် မိုးများသည်းထန် စွာရွာသွန်း၏။ အချို့ရက်များဆိုလျှင် နံနက်မလင်းမီမှ တစ်နေကုန်ရွာ၏။ မိုးကြီးပြီး ရေလည်းပါ၏။ နားလျှင် (၁) ရက်ရွာလျှင် (၃)၊ (၄)ရက်ဆက်တိုက် ဖြစ်နေ၏။


ယခုလည်း မိုးကောင်းကင်တစ်ခု လုံး မိုးသားတိမ်လိပ်တို့ ဖုံးလွှမ်းလျက် ညကပင်မိုးရွာထားသေး၏။ ဤနေ့တွင် ရုပ်ရှင်တော်မြတ်သည် ရွှေကြက်ယက်သို့ ကြွမြန်းရတော့မည်ဖြစ်သည်။ ထို့ကြောင့် စာရေးသူ၊ ရဲလေး၊ ဦးအေးကိုကိုသွန်း၊ မောင်ဝင်းနိုင်၊ မောင်ဇော်နိုင်ဝေ၊ မချိုတို့ ကား(၃)စီးဖြင့် မန္တလေးသို့ ခပ်စောစော သွားရောက်ကြပြီး ဝယ်စရာရှိသည်တို့ကို လှည့်လည်ဝယ်ယူကြသည်။ ထို့နောက် ထီးတော်များပင့်ဆောင်ခဲ့ကြသည်။

ရှမ်းကျောင်း ပဥ္စလောဟာဆေး ဘုရားဓမ္မာရုံတွင် ထီးတော်များကို နေရာ ချထားသည်။ ရုပ်ရှင်တော်သီတင်းသုံး စံပယ်တော်မူရန် နေရာပြင်ဆင်သည်။ ပွဲများ၊ ပန်းများ၊ သစ်သီးများကို အပြီးသတ် ပြင်ဆင်သည်။ ထို့နောက် ရုပ်ရှင်တော် မြတ်ကို ပင့်ဆောင်ရန် စဥ့်ကိုင်မြို့သို့ ထွက်ခဲ့ကြသည်။ ထိုအချိန်၌ စဥ့်ကိုင်မြို့ အောင်မြေတွင် ရုပ်ရှင်သရုပ်ဆောင် အေးအေးခိုင်နှင့် ဒေါ်ဂွမ်းဘုံတို့လည်း ရောက်ရှိနေပြီဖြစ်ပြီး ရန်ကုန်မြို့မှ ခိုင်ခိုင်၊ ဒေါ်ထုရော်၊ စန္ဒာတို့လည်းရောက်နေကြ ပြီ ဖြစ်သည်။ မောင်အောင်ကျော်ညွှန့်၊ မဆွေဇင်မျိုးတို့ကတစ်စီး၊ မောင်သန်းရွှေ - မဆင့်တို့ကတစ်စီး၊ မောင်ဇော်နိုင်ဝေ - မမျိုးတို့ကတစ်စီး၊ မောင်ဝင်းနိုင်၊ ဦးအေး ကိုကိုသွန်းကတစ်စီးဖြင့် စာရေးသူနှင့် ဦးဝင်းကို၊ မြင်းခြံမြို့မှရောက်ရှိနေသော ဦးညီညီတို့ လိုက်ပါလျက် စာရေးသူက ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်လျက် အောင်မြေမှ စတင်ထွက်ခွာလာခဲ့ကြ၏။ အောင်မြေမှအထွက်မှာပင် မိုးပေါက်လေး များ တဖွဲဖွဲကျလာသည်။ တိုးဂိတ်သို့ ရောက်သောအခါ မိုးသည်းလာပါသည်။


လမ်းတစ်လျှောက်တွင် ပို၍မိုး သည်းလာပါသည်။ လေလည်းအနည်း ငယ်ကြမ်းလာပါသည်။ ဤပုံအတိုင်းဆို လျှင် တောင်ပေါ်တွင် ထီးတင်အပွဲ အခမ်းအနားပြင်ဆင်ရာတွင် နှောင့်နှေး ကြန့်ကြာပေတော့မည်။ တောင်ပေါ်တွင် ကြွေပြားကျောက်ပြားများခင်းထားသည်



ဆရာဘိုဘိုမှ စိန်ဖူးတော်ကိုပင့်ဆောင်၍ ပန်းရထားနှင့်အတူ လိုက်ပါပူဇော်စဥ်



စိန်ဖူးတော်တင်လှူအပြီး ဆရာဘိုဘိုမှ ရတနာရွှေမိုးငွေမိုးများ သွန်းချစဥ်



ရတနာရွှေမိုးငွေမိုးများ ကောက်ယူကြသော ဗုဒ္ဓပရိသတ်များ



www.burmeseclassic.com

www.burmeseclassic.com



ရွှေထီးတော်တင်အမှတ်တရ ရွှေဆွဲပြားပေါက်သည့် ကံထူးရှင် (၅) ဦးနှင့် ရွှေကံကူမောင်နှမများ



၉-၆-၂၀၁၆ ရက်နေ့ညတွင် ရွှေကံကူအောင်မြေ၌
ရွှေကံကူသာသနာပြုညီအစ်ကိုများ အမှတ်တရ

မြင်၍ မိုးရေနှင့်ချောနေမည်ဖြစ်ရာ သွားနေလာရေးခက်ခဲမည်ဖြစ်သည့်အပြင် ရေသစ်ပတ်ကုန်မည်မှာသေချာပါ၏။ အတွက် စိတ်ပူမိရပါသည်။ ဤသို့ဖြင့် မြှန်လမ်းအောက်သို့ အရောက်တွင် တော့ မိုးတိတ်သွားသည်။ ထိုနေရာ သည် ရွှေကြက်ယက်တောင်တော်ကို မော်မြင်နေရပြီဖြစ်ပြီး ရွှေကြက်ယက် တောင်တော်ပေါ်တွင် နေသာလျက်ရှိ ပါသည်။ လမ်းပေါ်တွင်လည်း မိုးရေ မတွေ့ရပါ။ ရွာပြီးတိတ်သွားခြင်း တော့။ မိုးမရွာထားသည့်အနေအထား ပါ၏။ ထိုအချိန်တွင် စစ်ကိုင်းဘက် လည်းကောင်း၊ မန္တလေးတွင် လည်းကောင်း မိုးများသည်းထန်စွာရွာ သွန်းလျက်ရှိပါသည်။

သို့ဖြင့် ရွှေကြက်ယက်သို့ရောက် သွားသည်။ ရွှေကြက်ယက်တွင် မနေ့ ကသာ မိုးရွာ၍ ယနေ့မနက်တွင် စပေါက်မှမကျဟု သိရသည်။ မောင်ရဲလေးနှင့် မောင်ဝင်းမိုးတို့သည် ရွှေကြက်ယက်မှစောင့်ကြိုလျက်ရှိသည်။ ကျောင်းအတွင်း၌လည်း ဧည့်ပရိသတ်တို့ စောင့်ကြိုလျက်ရှိပါသည်။ ရန်ကုန်မှ မောင်ရဲလေး၏ မိခင်နှင့် အစ်မများ လည်းထွက်လာကြပြီဟုသိရပြီး နေပြည် တော်မှ မချောတို့အဖွဲ့နှင့် SkyNet ဓာတ်ရိုက်ကူးရေးအဖွဲ့တို့လည်း ထွက် လာကြပြီ။ ရန်ကုန်မြို့မှ ပိုလ်မှူးလှမိုးနှင့် နန်းဆီခမ်းတို့လည်း ထွက်လာကြ ပြီ မေဇွန်လည်းထွက်လာကြပြီ။ ပြည် ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့ လည်း ပြင်ဦးလွင်သို့ရောက်ရှိနေကြပြီ။ စက်မှု (၁) ညွှန်ချုပ် ဦးသန့်ဇင်၊ ဒေါ်ခင် စန်းခင်၊ လမ်းတံတားညွှန်ချုပ်ဖြစ်သော ဦးခင်မောင်ကျော်၊ ဒေါ်ဝေဝေမာတို့ လည်းထွက်လာကြပြီး ရန်ကုန်မြို့ လှိုင်မြို့ နယ် အရိန္ဒမာကျောင်းတိုက်မှ မူလ ဆံတော် အလှူရှင် ဦးဝိစိတ္တသာရလည်း တပည့်သာဝက (၁၅) ယောက်ခန့်နှင့် ထွက်လာကြပြီဟု သိရပါသည်။

စာရေးသူတို့မသိရှိသော ရွှေကံကူ သာဝကများ၊ သူရဇ္ဇစာဖတ်ပရိသတ်များ စွာတို့လည်း ရောက်ရှိနေကြပြီဟုသိ၏။ ထို့ကြောင့် စာရေးသူလည်း ဧည့်သည် များနေရချထားရေးအတွက် စစ်ကိုင်းမြို့ မှ ရွှေကံကူသာဝကဖြစ်သော ဦးစန်းမောင် (ပွင့်သစ်စကြက်စာဆိုင်နှင့် စက်သုံးဆီ ဖြန့်ချိရေး) အား တာဝန်ပေးအပ်ထား သည့်အတိုင်း ဦးစန်းမောင်ထံ စေလွှတ် ရပါသည်။ ဦးစန်းမောင်သည် ဆင်များ ရှင်ဘုရားဝင်းအတွင်း၌ လူ (၂၀၀) ဆံ့ တည်းခိုဆောင်ဆောက်လုပ်လှူဒါန်းထား ရှိရာ ရေ မီးအစုံပါဝင်၍ အိမ်သာ၊ ရေချိုး ခန်း၊ မီးဖိုဆောင်၊ လေလုံမိုးလုံကားပါကင် တို့ပါဝင်ပြီး သစ်သားကြမ်းခင်းဖြင့်သန့် ရှင်းသပ်ရပ်၍ ပန်ကာများပင်ပါဝင်၏။ သန့်ရှင်းရေး နေ့စဉ်ပြုလုပ်ထားသဖြင့် သန့်ရှင်းလျက်ရှိသည်။ သာမန်ဧည့်သည် များကိုတော့ စောင်၊ ခေါင်းအုံး၊ သင်ဖြူး တို့ စီစဉ်ပေးခြင်းမရှိသော်လည်း စာရေး သူတို့ဧည့်သည်များဖြစ်၍ ဦးစန်းမောင် နှင့် ဦးကျော်ဇောတို့မှ အားလုံးစီစဉ် ပေးပါသည်။ ထိုမျှသာမက ဦးစန်း မောင်သည် ဧည့်သည်တို့အား ညပိုင်း တွင် စစ်ကိုင်းမြို့၏ နာမည်ကျော် အသုပ်



www.burmeseclassic.com

www.burmeseclassic.com

စုံများဖြင့်ပင် ကျွေးမွေးဧည့်ခံပါသေးသည်။

ရုပ်ရှင်တော်မြတ်သည် နေ့လယ် (၂) နာရီခန့်မှ ဓမ္မာရုံအတွင်းပင့်ဆောင် ပူဇော်နိုင်ပါသည်။ ဧည့်သည်များများလှသဖြင့် စာရေးသူလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် နှောင့်နှေးလျက်ရှိပါ၏။ သို့ဖြင့် ညနေ (၄) နာရီခန့်သို့ ရောက်ရှိသွားသည်။ ထိုစဉ် ကျောက်ဆည်မိုးဇော်ဆင် ကျော်သူနိုင်၏ဇနီး ဝင်းဝင်းအေးမှ ဖုန်းဆက်ပါသည်။ ဆင်အဖွဲ့ပစ္စည်းများ တင်ထားသည်မှာ ကြာပြီဖြစ်ကြောင်း ကျောက်ဆည်တွင် မနက်(၁၀)နာရီခန့်ကတည်းက မိုးရွာလျက်ရှိသည်မှာ မတိတ်သေးကြောင်း၊ မိုးတိတ်သည်နှင့်ချက်ချင်း ထွက်လာခဲ့မည်ဖြစ်ကြောင်း စာရေးသူစိတ်ပူနေမည်စိုး၍ အကြောင်းကြားခြင်းဖြစ်ကြောင်းပြောသည်။

တော်ပါသေးသည်။ရွှေကြက်ယက်တောင်ပေါ်တွင်တော့ ယခုတိုင် မိုးလေကင်းစင်လျက်ရှိနေပါသည်။ စဥ့်ကိုင်မြို့လွင်အနုပညာမှ ဗွီဒီယိုမှတ်တမ်းတင်အဖွဲ့လည်းပါရှိခဲ့လေရာ ကိုလွင်သည် မှတ်တမ်းအချို့ ရိုက်ကူးပြီးသည်နှင့် စေတီတော်ရင်ပြင်ပေါ်တွင် မောင်ရဲလေးနှင့်အတူ ရင်ပြင်တော်ဆေးကြောသန့်ရှင်းခြင်း၊ (၁၀၈) မီးပွဲအတွက် ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ရှိသည်။

ကန်တော့ပွဲများတာဝန်ပေးအပ်ထားသော ဆရာမကြီး ဒေါ်ခင်စန်းမြင့် (မြန်မာစာပါမောက္ခ) ဒေါ်ဟန်ကြာစီ၊ မတီတို့အဖွဲ့လည်း နေ့လယ်တစ်နာရီခန့်ကတည်းက စောင်းတန်းထဲတွင် ပွဲများပြင်ဆင်လျက်စောင့်ဆိုင်းနေကြောင်းသိရ၍ စာရေးသူလည်း အားနာစွာဖြင့် စောင်းတန်းအတွင်းသို့လိုက်သွားသည်။

ပွဲ (၁၄) ပွဲပြင်ထားပါသည်။ ရွှေနီ (၅) ဖီး (တစ်ဖီး ၅၀၀၀) ကျပ်၊ ရွှေအုန်းတစ်လုံး (၃၀၀၀ ကျပ်)၊ ခုံမြင့်တစ်လုံးစီ (တစ်လုံး ၇၁၀၈ ကျပ်) ခုံစွတ် (ဖဲစဖြင့် ချုပ်ထားသည်၊ တစ်ထည် ၃၀၀၀ ကျပ်) ဖြစ်ကြောင်းသိရသည်။ ထိုပွဲများကို ရွှေကြက်ယက်၊ ရွှေကြက်ကျ၊ သောကြာနံ့၊ ဗိုလ်ပြည့်၊ ဗိုလ်အောင်စွာပန်းရထားဆွဲရန် ကြိုးဆိုင်းထားသည့် စာရေးသူတို့ ရှေးကံကူတြိဖလစေတီတော်တောင်ပေါ်မှ အစောင့်အရှောက်များ၊ အဘယရှာကြီးနှင့် နဂါးမယ်တော်ကြီးများ အစရှိသဖြင့် ပွဲများကို နေရာချခွဲတမ်းချပေးလိုက်သည်။

စာရေးသူလည်း အခြားပြုဖွယ်ကိစ္စများ ဆောင်ရွက်ရန်ရှိနေ၍ မယ်တော်ကြီးတို့ ရွှေကြက်ယက်ဘုရားသို့ ပွဲလှူသွားသောအခါ မလိုက်ဖြစ်ခဲ့ပါ။ ထိုအချိန်၌ စာရေးသူသည် ထီးဆိုင်းကြိုး (စတီးကြိုး) ဝယ်ရန် မောင်ဝင်းနိုင်နှင့် မန္တလေးသို့ထွက်ခွာသွားပြီ ဖြစ်သည်။ မန္တလေးသို့ရောက်ရှိသောအခါ မယ်တော်ကြီးထံမှဖုန်းဆက်လာပါသည်။ ရွှေကြက်ယက်ဘုရားတွင် ပွဲလှူလျက်ရှိစဉ် ပြဒါးရှင်လုံးကလေး (ရွှေးစေ့ခန့်) ကျရောက်ရရှိသည်ဟု သိရပါသည်။

စာရေးသူ ရွှေကြက်ယက်သို့ ပြန်လည်ရောက်ရှိသောအခါ မီးများပင်ထွန်းညှိထားပြီ ဖြစ်သည်။ စေတီတော်မှ ဆလိုက်များလည်းထွန်းထားပြီဖြစ်သည်။ စေတီတော်ပတ်လည်မီးချောင်းများတပ်ဆင်ထွန်းညှိခမှာ (၅၀၀၀၀) ပေးရသည်။

ဝေယျာဝစ္စဆောင်ရွက်သူများနှင့် သာဝကရင်းများကို တူညီဝတ်အစုံ (၁၅၀) (တစ်စုံ ၁၅၀၀၀) ဝေငှပါသေးသည်။ လက်ဖက်(၁၅)ပိဿာ (၅၀၀၀၀) ကျပ်၊ အကြော်စုံ (၁၀)ပိဿာ (၃၀၀၀၀) ကျပ်တို့ကိုလည်း ဝေယျာဝစ္စသမားများထံအပ်နှံရ၏။ ရေစက်ခွက်များကိုလည်း စီစဉ်ပေးရသည်။ သို့ဖြင့် ည (၁၁) နာရီတွင်မှ မောင်ဝင်းမိုး၊ မောင်နိုင်နိုင်တို့နှင့် အောင်မြေသို့ပြန်ခဲ့ကြ၏။လွင်အနုပညာကိုလွင်မှာမူ အောင်နေလင်း၊ ကိုနိုင်တို့နှင့် လိုက်ပါသွားသည်။ စာရေးသူသည် တစ်နေကုန် ပင်ပန်းထား၍ အိမ်တွင် ခေတ္တနားပြီး ရေချိုး၊ အဝတ်အစားလဲ၍ (၁၂) နာရီခန့်တွင် ရွှေကြက်ယက်သို့ ပြန်မည်ဟု ပြောထားသည်။ သို့သော် ထိုအချိန် ရွှေကြက်ယက်ပြန်သွားလျှင်လည်း လုပ်စရာသိပ်မရှိတော့ပြီဖြစ်၏။ စာရေးသူတို့ တောင်ပေါ်ကမဆင်းမီမှာပင် မိုးဇော်ဆင်ကားကြီးလည်းရောက်လာပြီဖြစ်ရာ အခြားနောက်ဆံတင်းစရာဘာမှမရှိပြီဖြစ်၍ (၃)နာရီခန့်မှ အောင်မြေကထွက်ခွာတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုသို့ဖြင့် ခေတ္တမှေးခနဲအိပ်ပျော်သွားရာ ကိုလွင်ထံမှ ဖုန်းလာ၏။ နာရီကိုကြည့်လိုက်ရာ ည၌ (၁၂) နာရီတိတိဖြစ်သည်။ ယခုမသွားဖြစ်သေးကြောင်း၊ နံနက် (၃) နာရီမှသွားတော့မည်ဟုပြောလိုက်ရာ ကိုလွင်မှ -

“ကျွန်တော် အခုထိ မအိပ်သေးဘူး။ ထီးတင်ပွဲမှာ ရှေးကံကူဘုရားပုံတွေ ဧဝဖို့ပုံတွေထုတ်နေတာ။ (၃) နာရီလောက်ဆိုရင်တော့ ပြီးလောက်ပါပြီ။ ကျွန်တော့်ဆီကို ကားကြုံမလွှတ်ပါနဲ့။ ကျွန်တော့်ဘာသာ ကားစီစဉ်ခဲ့ပါ့မယ်”

ဟု ပြောပါသည်။

စာရေးသူသည် ကိုလွင်၏ သဒ္ဓါ... တရားမှာမသေးလှကြောင်း နဂိုကတည်း... က ရိပ်စားမိပြီး ဖြစ်၏။ ယခုတစ်ညလုံး... မအိပ်ဘဲ ဘုရားပုံတော်များကိုထုတ်နေ... သည်ဟုသိရသောအခါ ၎င်း၏သဒ္ဓါထက်... သန်မှုကို အံ့သြယူရသည်အထိ ဖြစ်ရ... ၏။

ဤသို့ဖြင့် နံနက် (၃) နာရီတွင်... စာရေးသူတို့အိပ်ရာထ၊ ရေချိုး၊ အဝတ်... အစားလဲကြပြီး မန္တလေးတွင် မမျိုး... ဝင်ခေါ်ရမည်ဖြစ်၍ မန္တလေးသို့ထွက်... ကြရင်း တံခွန်တိုင်မိုးထက်မြင့်အလင်း... ဆိုင်တွင် လက်ဖက်ရည်သောက်ကြ၏။ ထို့နောက် မမျိုးကိုခေါ်၍ ရွှေကြက်ယက်... သို့ထွက်ခဲ့ကြသည်။ (၅) နာရီခန့်တွင်... ရွှေကြက်ယက်သို့ ရောက်ရှိကြသည်။ မယ်တော်ကြီးတို့လည်း မရောက်သေး... ဘုရားတွင် အစ်ကိုကြီး ဦးမောင်မောင်... ဦးဝင်းကို၊ ဦးညီညီ၊ မောင်ရဲလေးတို့... အိပ်စက်ကြပြီး မယ်တော်ကြီးနှင့်... အန်တီအေးတို့က စစ်ကိုင်းဆင်များရှင်... ဧည့်ဆောင်မှာပင် တပည့်သားသမီးများ... နှင့် သွားရောက် အိပ်စက်ပါသည်။ မန္တလေးမြို့ မင်းသားကြီးဟိုတယ် ကိုကို... လွင်မှာလည်း မနှစ်က ရှေးကံကူအောင်... မြေသို့ရောက်ရှိလာခဲ့ပြီး ရုပ်ရှင်တော်... မြတ်အား စွဲစွဲမြဲမြဲ ကိုးကွယ်သူဖြစ်ရာ... ယခုတစ်ခေါက် ရုပ်ရှင်တော်မြတ်အောင်... မြေသို့ ကြွမြန်းရောက်ရှိတော်မူလာ... သောအခါ အောင်မြေသို့ လာရောက်... ဖူးမြော်ခဲ့ကြပြီး ယခုညလည်း ရွှေကြက်... ယက်သို့ လာရောက် ဖူးမြော်ခဲ့ပါသည်။

ထိုအခါ ကိုကိုလွင်မှ မယ်တော်... ကြီးနှင့် အန်တီအေးတို့ကို ဟိုတယ်တွင်... အခန်းစီစဉ်ပေးပါမည်ဟု ဆိုသည်... မယ်တော်ကြီးက သားသမီးများနှင့်အတူ... တစ်ပြန့်တံည်းအတူတကွအိပ်စက်လို၍... ဆင်များရှင်ဧည့်ဆောင်ကို ရွေးချယ်ထား... ခြင်းဖြစ်ကြောင်း၊ ဦးစန်းမောင်ကလည်း... ၎င်း၏ဧည့်ဆောင်ကို မယ်တော်ကြီးလာ... ရောက်အိပ်စက်မည်ဆို၍ ဂုဏ်ယူဝမ်း... မြောက်လျက်ရှိကြောင်းပြောပြီးငြင်းဆန်... လိုက်ပါသည်။ မယ်တော်ကြီးတို့လည်း... တစ်ယောက်စောင့်တစ်ယောက်စောင့်နှင့်... (၆) နာရီခန့်မှ ရောက်ရှိလာပါသည်...

ထိုအချိန်တွင် ကိုမြင့်ဦး၊ ... အဖွဲ့မှ ဆွမ်းများပြင်ဆင်... ပြီဖြစ်ပြီး... မကြာမီမှာပင် သံ... တော်များလည်း... ကြွရောက်တော်မူ... သည်။ (၆) နာရီ... ခန့်တွင် ဆွမ်း... ဆက်ကပ်ပါသည်... ထို့နောက် ... တော်များထံမှ သီ...



www.burmeseclassic.com

www.burmeseclassic.com

ခံယူကြသည်။ ထို့နောက် စာရေးသူတို့ ရွေကာ်ကူမိသားစုမှ ထီးတော်၊ စိန်ဖူး တော်၊ ငှက်မြတ်နားတော်တို့ကို ဆရာ တော်များကို လှူဒါန်းသည်။ တစ်ဖန် ဆရာတော်များက စာရေးသူတို့အား ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နား တော်တို့ကို ပြန်လည်ချီးမြှင့်ပေးအပ်ပြီး အလိုရှိရာဆောင်ရွက်နိုင်ကြောင်း အခွင့် ပေးပါသည်။ ထိုအခါမှ စာရေးသူက စိန်ဖူးတော်၊ မယ်တော်ကြီးက ငှက်မြတ် နားတော်၊ အခြားသာဝကများက ထီး တော်ဘုံအဆင့်များကို တစ်ဆင့်စီ ပင့်ဆောင်လာကြပါသည်။ ခေတ္တယာယီ အပူဇော်ခံ ရေသပ္ပာယ်မည့်မဏ္ဍပ်သို့ ရောက်ရှိသောအခါမှ ထီးတော်တင်အဖွဲ့ ကို လွှဲပြောင်းပေးအပ်လိုက်သည်။

ထိုအချိန်တွင် စောင်းတန်းထဲတွင် သည်းကောင်း၊ ရင်ပြင်တော်ပေါ်တွင် သည်းကောင်း၊ ဧည့်ပရိသတ်ကြီးမှာ ကြက်ပျံမကျ ကျိတ်ကျိတ်တိုး စည်ကား လျက်ရှိပြီ ဖြစ်သည်။ မိုးဇော်ဆင်အဖွဲ့ ထီးဝိုင်းကလည်း ရောင်တော်ဖွင့်ထား သီချင်းများတီးခတ်လျက်ရှိနေပြီဖြစ်ကာ ယွင်အနုပညာအဖွဲ့၊ Skynetရုပ်သံရိုက် ကူးရေးအဖွဲ့တို့မှလည်း မလွတ်တမ်း ဗီဒီယိုဓာတ်ပုံမှတ်တမ်းများရိုက်ယူလျက် နေကြပြီ ရတနာပုံသတင်းဌာန၊ အထက် မြန်မာသတင်းဌာနနှင့် အခြားသော သတင်းဌာနများကလည်း သတင်းများ ယူလျက်ရှိပါသည်။

ထီးတင်အဖွဲ့မှ မဏ္ဍပ်တွင် ထီးတော် အစိတ်အပိုင်းများကို ရေသပ္ပာယ်ပြီး နောက် ပန်းများချိတ်ဆွဲခြင်း၊ ရေမွှေး ဖျန်းခြင်းတို့ပြုလုပ်ပါသည်။ ပန်းများ တစ်သိန်းဖိုး ဝယ်ယူထားသည့်အပြင် သာဝကများမှလည်း ပန်းကုံးများစွာယူ ဆောင်ခဲ့ကြပါသည်။ ရေမွှေးပုလင်းများ လည်း တစ်သိန်းဖိုးဝယ်ထားပါသည်။

စာရေးသူသည် ပန်းရထားလွတ် သည့်နေရာသို့ သွားရောက် နေရာယူရ ၏။ မောင်ရဲလေးမှ ထီးတင်ပွဲအစီအစဉ် ကို ကြေညာလျက်ရှိ၏။ ရှေ့တော်ပြေး သာသနာ့အလံကိုင် (၅) ဦး၊ ထီးဖြူကိုင် (၅) ဦးတို့တန်းစီထွက်ပေါ်လာပြီးနောက် ထီးတော်၏ပထမအောက်ခြေဘုံဆင့်ကို ပင့်ဆောင်လာကြ၏။ ထို့နောက် စာရေးသူ က လက်ခံယူရပြီး စာရေးသူမှတစ်ဆင့် ထီးတင်အဖွဲ့ကို လွှဲပြောင်းပေးအပ် သည်။ ထီးတင်အဖွဲ့သည် ပန်းရထား ထက်တွင် ထီးတင်ဘုံအဆင့်ကို ပူဇော် ပြီးနောက် သာဝကများမှ ပန်းများချိတ် ဆွဲကြသည်။ ရေမွှေးများဖျန်းကြသည်။

စာရေးသူလည်း ရေမွှေးများပက်ဖျန်းပြီး နောက် ထီးတော်ဘုံအဆင့်ကို ပူဇော် ကန်တော့သည်။ ဦးထွန်းမှ ရေမွှေးများ ပက်ဖျန်းပြီး တိုင်တည်ဆုတောင်းသည်။ ထို့နောက် ပရိသတ်တို့ကို နောက်ဆုတ် စေပြီး အချက်ပြလိုက်ရာ ပန်းရထားကြီး သည် တရွေ့ရွေ့တက်သွားပါတော့သည်။

ထိုအချိန်တွင် ထူးခြားမှုစတင်ဖြစ် ပေါ်ပါသည်။ တိမ်တိုက်ကြီးတစ်ခုသည် ရပ်တန့်လျက်ရှိနေပြီး အခြားတိမ်တို့ သည် တောင်မှမြောက်သို့ တရိပ်ရိပ်ပြေး လွှားလျက်ရှိပါသည်။ စာရေးသူတို့ တောင်ကုန်းပေါ်တွင်တော့ လေပြည် လေညင်းကလေးမျှသာ တိုက်ခတ်နေ သော်လည်း ကောင်းကင်တွင်တော့ လေကြမ်းမည်ထင်ပါသည်။ တိမ်တို့ပြေး လွှားလျက်ရှိနေပါသည်။ (၆) နာရီတွင် နေထွက်သော ဤလရာသီတွင် (၈)နာရီ အချိန်သည်ကား နေလည်းမြင့်လှပြီဖြစ် ပြီး နေလည်း ပူပြင်းနေပြီ ဖြစ်ပါသည်။ ယခုမူ တိမ်တိုက်ကြီးက ထီးသဖွယ်အုပ်မိုး ထားသဖြင့် နေရိပ်ရကာ အေးမြလျက် ရှိပါသည်။ ပထမဘုံဆင့်တင်ပြီးသော အခါတွင် ပန်းရထားကြီး အောက်သို့ တဖြည်းဖြည်း ဆင်းသက်လာပါသည်။ ဒုတိယဘုံအဆင့် ဆက်လက် ပင့်ဆောင် လာကြပြန်ပါသည်။ ရှေးနည်းတူပင် ဒုတိယဘုံအဆင့်သည်လည်း ပန်းရထား ကြီးဖြင့် တရွေ့ရွေ့တက်သွားပြန်၏။ ထီးတော်ထိပ် မှုခ်ဦးဖဲစတို့ကလည်း တလွင့်လွင့်၊ ပန်းရထား၊ ရထားဘီးတို့က လည်းလည်၏။ ထီးတော်ဘုံအဆင့်က လည်း လည်၏။ စေတီတော်နောက်ခံ တွင် တိမ်တိုက်တို့ကလည်း အဆုပ်ဆုပ် ဖြင့် ဖြစ်ထွန်းလျက်ရှိရာ ပန်းရထားကြီး သည် နတ် ့်နတ်နန်းတိမ်ယံကြားသို့ တက်သွားသည်ဟု ထင်ရ၏။

ထိုအချိန်တိုင် စာရေးသူ၏ စိတ်အစဉ်တွင် မည်သို့မျှ မဖြစ်ပေါ်ဘဲ တည်ငြိမ်အေးချမ်းလျက်ရှိရာမှ တတိယ ဘုံအဆင့်ပန်းရထားဖြင့်တက်သွားသော အခါ စာရေးသူ၏ရင်ထဲတွင် လှိုက်လှိုက် တက်လာပြီး မည်သို့ဝမ်းနည်းလာသည် မသိပါ။ မျက်ရည်များအတောမသတ် အောင်ကျလာမိပါတော့သည်။ထိုအချိန် ၌ စာရေးသူ၏အတိတ်ဘဝပဋ္ဌာန်းဆက် ပါရှိသူများ၊ ယခုထီးတင်ပွဲသို့လာရောက် ကြသူ အားလုံးတို့မှာလည်း အတိတ်ဘဝ ပဋ္ဌာန်းဆက်ပါရှိသူများဖြစ်ပါ၍ အားလုံး ငိုကြသည်။ စာရေးသူကဲ့သို့ပင် ထပ်ဖူ ထပ်မျှ ခံစားနေကြရကြောင်း နောင်တွင် သိရှိရပါသည်။

အမှန်တကယ်တော့ စာရေးသူ၏ ဘဝတစ်သက်တာတွင် ယခုဘုရားတည် ခြင်းမှာ ပထမဆုံးဦးဆုံးဖြစ်ပြီး ဤကဲ့သို့ ထီးတင်ပွဲကြီးကို ကိုယ်တိုင်ဦးဆောင်၍ တင်ရသည်မှာလည်း ပထမဆုံးအကြိမ် သာဖြစ်သော်လည်း စာရေးသူ၏စိတ်ထဲ တွင် ပထမဆုံးအကြိမ်အဖြစ်မခံစားရပါ။ ဤနေရာတွင် ဤကဲ့သို့ ယခင်ကလည်း ပြုလုပ်ခဲ့ဖူးသည်သို့ ခံစားနေရပြီး စာရေး သူတို့၏ မသိစိတ်တွင် အတိတ်ဘဝ အကြောင်းအရာတို့ ထင်ဟပ်၍လာဟန် ရှိပါ၏။ ထို့ကြောင့် စာရေးသူတို့သည် ရင်ထဲတွင် နာကျင်စွာ ခံစားကြရပြီး ဤကဲ့သို့ ငိုကြွေးကြခြင်းဖြစ်ပေလိမ့် မည်။ ထို့အပြင် အတိတ်ဘဝပဋ္ဌာန်း ဆက်ကြောင့် ဤဘုရားကို လာရောက် စောင့်ကြပ်နေဖြစ်ကြသော ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော်များ၊ သိုက်နန်းများ တို့သည်လည်း ယခု ၎င်းတို့စောင့်ရှောက် ကြရသော ဤစေတီတော်ကြီးအောင် မြင်စွာပြီးစီးသွား၍ ဝမ်းသာဝမ်းနည်းဖြစ် ကြရသော ၎င်းတို့၏ ခံစားမှုတို့သည် စာရေးသူတို့အား ရိုက်ခတ်ခြင်းလားမသိ ပါ။ အချို့ဆိုလျှင် မူးမေ့လဲကျသွားသည် အထိ ငိုကြွေးကြကြောင်း နောက်မှသိ ရပါသည်။

သတ္တမအခေါက်တွင်တော့ စိန်ဖူး တော်ကို နောက်ဆုံးတင်လှူမည် ဖြစ်ပါ သည်။ ထို့ကြောင့် ကြွရောက်လာကြ သော ဧည့်ပရိသတ်တို့ နောက်ဆုံးအနေ နှင့် အားရကျေနပ်စွာ ဖူးတွေ့နိုင်ကြရ စေရန် စေတီတော်အား တစ်ပတ်ပတ် ၍အပူဇော်ခံမည်ဖြစ်သည်။ ဤတစ်ကြိမ် တွင်တော့ စာရေးသူသည် ပန်းရထား အနီးမှ စောင့်နေရုံမျှမဟုတ်တော့ဘဲ မဏ္ဍပ်ထိတိုင် သွားရောက် ပင့်ဆောင်ပါ သည်။ စာရေးသူ၊ မယ်တော်ကြီး၊ အန်တီအေး၊ ကိုဝင်းကိုနှင့် အစ်ကိုကြီး ဦးမောင်မောင်တို့ မောင်နှမများအားလုံး ပင့်ဆောင်၍ စေတီတော်ကို တစ်ပတ် ပတ်ပါသည်။ စောင်းတန်းတစ်လျှောက် တွင် လည်းကောင်း၊ စေတီတော်ကို ပတ်ရာတွင် လည်းကောင်း လူတို့သည် ပူဇော်ကန်တော့၍မဝနိုင်အောင်ရှိနေကြ ပါ၏။ စိန်ဖူးတော်ပူဇော်ထားသော ဖလားကလပ်တော်ကို လူတို့သည် လက်ဖြင့်တို့ထိ၍ ဆုတောင်းကြ၏။ ထို့နောက် သာဝကများမှ လွှဲပြောင်း ပင့်ဆောင်ကာ ရထားပျံဆီသို့ရောက်ရှိ လာ၏။

စာရေးသူသည် ရထားပျံပေါ် မတက်ရောက်မီ စိန်ဖူးတော်ကို ပူဇော်



www.burmeseclassic.com

www.burmeseclassic.com

ကန်တော့၏။ ယခု တည်ထားသော တြိဖလစေတီတော်ကို လည်းကောင်း၊ ကြီးဆိုင်းထားသော စေတီတော်နှစ်ဆူ (ရှေ့မျက်နှာနှင့် နောက်ကျောဘက်ရှိ စေတီတော်တို့ကို လည်းကောင်း၊ ရွှေကြက်ယက်၊ ရွှေကြက်ကျ၊ သောကြာနံ ဗိုလ်ပြည့်၊ ဗိုလ်ကျော်စွာနှင့် ရွှေကြက်ယက်၊ ရွှေကြက်ကျတောင်တော်ပေါ်မှ စေတီတော်များကိုလည်း ကန်တော့၏။

ဘိုးတော်သိကြားမင်းကြီးနှင့်တကွ သာသနာစောင့်နတ်မင်းကြီးလေးပါးနှင့် နတ်ဘုံ (၆) ထပ်မှ နတ်အပေါင်း၊ မာရ်နတ်မင်းကြီးနှင့်တကွ ယမမင်းကြီးကိုလည်းကောင်း တောစောင့်နတ်၊ တောင်စောင့်နတ်အပေါင်းတို့ကို လည်းကောင်း မေတ္တာပို့သတိုင်တည်၏။

ကျွန်ုပ်သည် အတိတ်ဘဝဆုတောင်းထားရှိမှုတို့ကြောင့် ယခုတည်ထားသော ဘုရား၏ဒါယကာဖြစ်ရပေ၏။ ထို့ကြောင့်ပင်လျှင် ဤစိန်ဖူးတော်ကို ပင့်ဆောင်၍ ရထားပျံဖြင့်လိုက်ပါရန် ကျွန်ုပ်တွင် တာဝန်ကျရောက်ပေ၏။ မဖြစ်မနေ လိုက်ပါရမည်ဖြစ်ပါသောကြောင့် ကျွန်ုပ်သည် ဤရထားပျံကို စီးနင်းရပေတော့မည်။ မရှိမသေကြွားလိုဝါလို၊ ဂုဏ်ယူလို၍ မဟုတ်ပါ။ လူတို့ အထင်ကြီးစေလို၍ မဟုတ်ပါ။ ကျွန်ုပ်သည် စိန်ဖူးတော်အား ရိုသေလေးစား တန်ဖိုးထားပါသောကြောင့် ဤခရီးသည် အသက်အန္တရာယ်ကြီးမားလှသော်လည်း စိန်ဖူးတော်ကို ရထားပျံပေါ်တွင် အလွတ်တင်ဆောင်ရပါက စိန်ဖူးတော်ကို လက်လွှတ်စပယ် မလေးစားရာရောက်မည်ဟု ထင်မြင်ခံစားရပါ၍ စိန်ဖူးတော်ကို ကိုယ်နှင့်မကွာ ပင့်ဆောင်ပူဇော်၍လိုက်ပါရခြင်း ဖြစ်ပါသည်။ ကျွန်ုပ်အား အပြစ်မယူ ခွင့်ပြုကြပါကုန်လော့။ အကယ်၍ ဤလမ်းခရီး၌ ကျွန်ုပ်သည် အသက်ဘေးအန္တရာယ်ကျရောက်ပါက ကျွန်ုပ်၏ အသက်ကို လှူဒါန်းပါ၏။ အဘရှင်မထီး၊ အဘအောင် မင်းခေါင်၊ အဘရွှေပေါ်ကျွန်းနှင့် အဘရသေ့ကြီး ဦးခန္တီအစရှိသော အဘဆရာသခင်အပေါင်းတို့ သားတော်သည် အဘတို့လမ်းညွှန်ချက်ဖြင့် ဤစေတီတော်ကို တည်ထားကိုးကွယ်ခြင်းဖြစ်ပါ၍ အဘတို့၏မေတ္တာ၊ အဘတို့၏ စောင့်ရှောက်မှုဖြင့် သားတော်သည့် ဘေးမသီရန်မခဘဲ ဤစိန်ဖူးတော်ကို စေတီတော်တွင် စိုက်ထူပူဇော်နိုင်ရပါလို၏ဟု ဆုတောင်းပြုကာ စာရေးသူသည် ပန်းရထားကြီးပေါ်သို့ တည်ငြိမ်အေးချမ်းစွာ တက်ထိုင်လိုက်ပါသည်။

ထိုအချိန်မှာပင် ထူးခြားမှုစတင်ဖြစ်ပေါ်ပါတော့သည်။ စာရေးသူတို့ ပန်းရထားကြီးဆိုင်းထားသည့် ရွှေကံကူ တြိဖလစေတီတော်နှင့် မျက်နှာချင်းဆိုင် ဘုရားကြီး၏ စိန်ဖူးတော်မှ ရောင်ခြည်တော်များ အဆက်မပြတ် ထွက်ပေါ်ကွန့်မြူးပါမည်။ ဖူးမြော်ကြရသူတို့က လူတို့ကိုအော်ပြော၍ ဖုန်းကင်မရာဖြင့် ဗီဒီယိုရိုက်ကူးထားသည်ကို နောက်မှ သိရှိကြည်ညိုရပါသည်။

စာရေးယူသည် အသက်ခန္ဓာကို ဘုရားအားလှူဒါန်းပြီးသည့်နောက်တွင် ဝမ်းနည်းစိတ်တို့လည်းမရှိပါ။ ငိုကြွေးခြင်းလည်းမရှိတော့ပါ။ ကြောက်ရွံ့စိုးရိမ်စိတ်လည်းမရှိတော့ပါ။ ပကတိစိတ်ထဲတွင် အေးမြကြည်လင်အေးချမ်းစွာပင် စေတီတော်ပေါ်သို့ ရောက်ရှိသွားပါသည်။

တကယ်တော့ စာရေးသူ ရထားပျံပေါ်သို့ လိုက်ပါရခြင်းမှာ အန္တရာယ်ကြီးမားလှပါသည်။ ရထားပျံကို ထမ်းသောကြိုးနှစ်ချောင်းမှာ သံမဏိကြိုးများဖြစ်သော်လည်း (၅) ပဲ ပမာဏမျှသာရှိပြီ ထိုကြိုးတို့၏သက်တမ်းမှာလည်း မည်မျှကြာမြင့်ပြီမသိရပါ။ ထို့အပြင် ရထားပျံ၏ ကြံ့ခိုင်မှုကိုလည်း ထည့်တွက်ရပါဦးမည်။ ထို့အပြင် ဤရထားပျံသည် ထီးပေါင်းတစ်ထောင်ကျော်ပင့်ဆောင်ပူဇော်ထားရှိခဲ့ပြီဖြစ်ပြီး ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးနှင့်တကွ သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့လိုက်ပါထားသော ရထားပျံဖြစ်ခြင်းကြောင့် စာရေးသူသည် ဘုန်းကံနည်းပါးသူဖြစ်ပါက စာရေးသူတွင် တစ်နည်းနည်းနှင့် အန္တရာယ်ရှိသွားပြီး စေတီတော်ပေါ်မှ ဝိဇ္ဇာလထီးတင်အဖွဲ့သားများနှင့် ဦးအေးကိုကိုသွန်းနှင့် မောင်ဝင်းမိုးတို့က စိန်ဖူးတော်ကို ဆီးကြိုပင့်ဆောင်ကြပြီး စာရေးသူကို ရထားပျံထက်မှ ဖေးမထိန်းသိမ်း၍ ငြမ်းပေါ်သို့ခေါ်ဆောင်ကြ၏။ စာရေးသူသည် စိန်ဖူးတော်မစိုက်ထူမီ စိန်ဖူးတော်ကို ကိုင်ဆောင် ဦးတိုက်၍ တောင်းဆုပြုသည်။

"တပည့်တော်သည် ယခုဘဝမှစ၍ ဘဝဆက်တိုင်း ခုနစ်ရက်သားသမီးတို့ကို ကူညီစောင့်ရှောက်နိုင်ရပါလို၏။ တပည့်တော်သည် ဘဝဆက်တိုင်း ခုနစ်ရက်သားသမီးတို့အား ကူညီကယ်တင်စောင့်ရှောက်နိုင်ပြီး သစ္စာလေးပါးတရားတို့ကို သိရှိဖွားများကျင့်ကြံအားထုတ်ဖေါက်မြောက်ရပြီး ခုနစ်ရက်သားသမီးတို့ကိုလည်း သစ္စာလေးပါးတရားတော်တို့ကို ပြန်လည်ညွှန်ကြားပြသနိုင်ပါစေ"

ဟု ဆုခြွေပြီးသည်နှင့် စိန်ဖူးတော်ကို ထီးမဏ္ဍိုင်တွင် စိုက်ချလိုက်ပါသည်။

ထို့နောက် 'ဗိုလ်မေ' ဟု စာရေးသူကတိုင်လိုက်လျှင် 'အောင်ပြီ' ဟု အများက သံပြိုင်ဆိုလိုက်ကြသည်။ ထိုသို့မတိုင်တည်မီ မဏ္ဍိုင်တွင် စိန်ဖူးတော်စိုက်ထချိန်မှာပင် ရထားပျံကြီးဆိုင်းထားသည့် စေတီတော်ကြီးမှ ရောင်ခြည်တော်တိ ထိန်ညီးစွာထွက်ပေါ်ပါသည်။ အောင်ပြီ၊ အောင်ပြီ ဟူသော ကြွေးကြော်သံတို့သည်ကား တာဝတိံသာနတ်ပြည်သာမက ဘဝဂ်သို့တိုင် ရောက်ရှိသွားပါသည်။ နတ်ဗြဟ္မာအပေါင်းတို့ကလည်း ကောင်းချီးပေးကာ သာဓုခေါ်ဆိုကြမည်ဖြစ်ပါ၏။

စာရေးသူ၏ ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော် သံဝေကတို့သည် ထိုအချိန်ရောက်မှသာ ဝမ်းနည်းမှ ဆို့ကျပ်မှု တို့ပြေပျောက်ပြီး မျက်ရည်များ ရပ်တန့်ကာ ပြုံးပျော်နိုင်ကြပါတော့သည်။ မောင်ရဲလေးမှ ရွှေမိုးငွေမိုးကြ ချတော့မည်ဖြစ်ပါ၍ နေရာယူကြပါကု တစ်ဦးကို တစ်ဦး မထိခိုက်မိကြစေ သူတစ်ပါးအား အန္တရာယ်မဖြစ်အောင် ကောက်ကြပါရန် မေတ္တာရပ်ခံ ကြေညာ ပေးပါသည်။ စာရေးသူတို့သည် ငွေ (၁၂) သိန်းကြမည်ဖြစ်ရာ တစ်ဖလာ လျှင် နှစ်သိန်းနှုန်းနှင့် (၆) ဖလား၊ (၆ ကြိမ်ကျဲမည် ဖြစ်သည်။ ရွှေဒင်္ဂါး (၁ ပြား (လဲလှယ်ရန်ကတ်ပြားများ) ပါ မည်ဖြစ်၍ ဖလားတစ်လုံးလျှင် ရွှေဒ (၃)ပြား (လဲလှယ်ရန်ကတ်ပြား) ထ သွင်းကြချမည် ဖြစ်သည်။

ဦးအေးကိုကိုသွန်း၊ မောင်ဝင်း နှင့် မောင်ရဲလေးတို့က ပြင်ဆင်ပေး မောင်ရဲလေးထံတွင် ငွေ (၂) သိန်း (၆) ထုပ် အဆင်သင့်ထုတ်ထားပြီး သည်။ ငွေစက္ကူများကိုလည်း အခေ ကလေးများ ခေါက်ထားပြီး ဖြစ်ပါသည် စာရေးသူထံတွင် ရွှေဒင်္ဂါးကတ်ပြား( ခုရှိပါသည်။ စာရေးသူတို့ ပိုက်ဆံကြ ပြင်ဆင်လျက်ရှိစဉ်မှာပင် အော ပရိသတ်ကြီးမှာ လှုပ်လှုပ်ရွရွနှင့် ေ တော်ရှေ့မျက်နှာစာရင်ပြင်နှင့် ေ တော်ပတ်လည်တွင် တိုးဝှေ့နေ လျက်ရှိနေကပြီး ဒီဘက်ကြဲပါ ဘက်ကြဲပါဗျို့ဟု အော်ကြ၏။ မိုး ဆင်တီးဝိုင်းအဖွဲ့မှလည်း အောင်ေ စေနိုင်စေသီချင်းကို စိတ်ပါလ တက်တက်ကြွကြွ သီဆိုတီးမှုတ်လ ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ တစ်ဆုပ်ပြီးတစ်ဆုပ် ကြဲချလိုက်သည်။ လူတို့သည် ငါးကန်အတွင်းသို့ ငါးစာပစ်ချလိုက်သကဲ့သို့ ဝိုင်းအုံလုယက်ကောက်ကြ၏။ လူတို့ပြုံလဲကုန်၏။ ဖလား (၂) လုံး ရွှေဒင်္ဂါး (၆) ပြားကျဲပြီးချိန်အထိ ပရိသတ်သည် ထိုကတ်ပြားလေးသည် ရွှေဒင်္ဂါးနှင့် လဲလှယ်ယူရမည့်ကတ်ပြားဟုမသိသဖြင့် ဝိုက်ဆံတို့ကိုသာ လုယက်ကြပြီး အချို့ကတ်ပြားရရှိသူတို့ကလည်း ဘာမှမဟုတ်ဟုထင်၍ ပစ်ချကြ၏။ မကောက်ဘဲနေကြ၏။ တတိယဖလားကြဲချတော့မည့်အခါမှသာ မောင်ရဲလေးက ယခုကြဲချမည့် ငွေစက္ကူများအထဲတွင် ရွှေဒင်္ဂါးရရှိမည့်ကတ်ပြားများပါဝင်ကြောင်း ကြေညာလိုက်သောအခါ ပရိသတ်ကြီးသည် ထိန်းမနိုင်သိမ်းမနိုင် ရုတ်ရုတ်သဲသဲဖြစ်နေပြီး စာရေးသူကြဲချမည့်နေရာ၊ ကြဲချမည်ဟုထင်သောဘက်ဆီသို့ ပြေးလွှားတိုးဝှေ့နေရာယူလျက်နေကြပါ၏။

မိုးဇော်တီးဝိုင်းတွင် ကျော်သူနိုင်ကိုယ်တိုင် (၆) လုံးပတ်ဝင်တီးလျက်ရှိရာ ၎င်းသည် စိတ်အားထက်သန်လျက်အားမာန်အပြည့်ဖြင့် 'အားကုန်တီးခတ်လျက်ရှိပြီး ၎င်းသည် လူပြောင်လူနောက်ဖြစ်ရာ ၎င်းထံ ရွှေဒင်္ဂါးကြဲချပေးရန် ခေါင်းဆက်၍ပြနေ၏။ သို့သော် မည်သည့်အရာမဆို ပေးတိုင်းလည်းရမည်မဟုတ်။ စာရေးသူသည် ကျော်သူနိုင်ထံသို့ (၂) ပြားတိတိပစ်ချပေးလိုက်သည်။ သို့သော် ၎င်းသည် ရွှေဒင်္ဂါးကိုမရရှိပါ။ လူတို့တိုးဝှေ့ကြသဖြင့် ၎င်းတို့အားရန်ချထားပေးသော နှမ်းမနဲ့ဇလုံကြီးမှောက်သွားသည်။ ဆိုင်းဝိုင်းပစ္စည်းများပြုလဲကုန်သည်။

ရွှေဒင်္ဂါးကတ်ပြားလေးများကြဲချလိုက်သည်နှင့် လေထဲတွင် ဝေ့ဝဲပြီးသလက်လက်ဖြင့် အရောင်များထွက်ကာ အဝေးသို့တိုင်လွင့်ပါသွားသည်။ လူတို့သည် ငွေစက္ကူထက် ရွှေဒင်္ဂါးကောက်သို့သာလိုက်ကြပါ၏။ ယခုကြဲချခြင်းသည် တကယ့်ရွှေမိုး၊ ငွေမိုးဖြစ်ပါသည်။ ထိုသို့ကြဲချစဉ်၌ ခံစားရသော ပျော်ရွှင်မှုပီတိတို့မှာ မဖော်ပြတတ်အောင်ပင် ဖြစ်ပါသည်။ ဤသို့ဖြင့် ရွှေမိုး၊ ငွေမိုးကျဲခြင်းကိစ္စ ပြီးစီးသွားပါသည်။ မောင်ရဲလေးက ရွှေဒင်္ဂါးကတ်ပြားရရှိသူများသည် ယခုနေ့ (၁၂) နာရီမထိုးမီ ပဋ္ဌာနဟာဆေးဘုရားဓမ္မာရုံအတွင်း လာရောက်ပြီး လဲလှယ်နိုင်ပါကြောင်း၊ (၁၂) နာရီကျော်ပါက လဲလှယ်ပေးတော့မည်မဟုတ်ကြောင်း (ကွန်ပျူတာဖြင့် ကတ်ပြားအတုပြုလုပ်ချိန်မရရှိရန်) ကြေညာပါသည်။

ထို့နောက် စာရေးသူတို့လည်း ဓမ္မာရုံသို့လာခဲ့ကြသည်။ စာရေးသူတို့ရောက်ရှိပြီး မကြာမီမှာပင် ရွှေဒင်္ဂါးရရှိသူတို့ အလျှိုလျှိုရောက်ရှိလာပြီး ကတ်ပြားနှင့် ရွှေဒင်္ဂါးတို့ကို လဲလှယ်ယူကြပါသည်။ Skynet အဖွဲ့နှင့် လွင်အနုပညာတို့မှ မလွတ်တမ်း မှတ်တမ်းရိုက်ယူကြ၏။ ရွှေဒင်္ဂါးကတ်ပြားများမှ မန္တလေးမြို့ယုအော့ဖ်ဆက် မောင်ဇော်ထွန်းဦးမှ အတုအပ အလွယ်တကူ ပြုလုပ်၍မရအောင် စီစဉ်ဆောင်ရွက်ပေးထားသည့်တိုင် မယ်တော်ကြီးသည် ဇေ့စပ်သေချာပါ၏။ ရွှေဒင်္ဂါးကတ်ပြားတို့တွင် နံပါတ်စဉ်ပါရှိပြီး အပြားတိုင်းမှ အပိုင်းတစ်ခုစီဖြတ်ယူထားပြီး လာရောက် ပြသသောကတ်ပြားကိုဖြတ်ယူထားသောအပိုင်းဖြင့် ဆက်စပ်ပြီးမှ ရွှေဒင်္ဂါးနှင့် လဲလှယ်ပေးခြင်း ဖြစ်သည်။

ယခု လာရောက် ပရိသတ်ကြီးမှာ လူပေါင်းထောင်ချီရှိသော်လည်း ရွှေဒင်္ဂါး (၁၈)ပြားကြဲချရာ၌ လူတစ်ဦးမှာ ကံထူးလှစွာ (၂) ပြားရရှိသွားပါသည်။ ထူးခြားမှုတစ်ခုမှာလည်း ရွှေဒင်္ဂါးရရှိသူတို့မှာ အားကောင်းမောင်းသန်လုယက်နိုင်သည့်အရွယ်များမဟုတ်ကြဘဲ အသက်အရွယ်ကြီးသူများနှင့် အင်အားချည့်နဲ့သူများသာ ဖြစ်သည်။ တစ်ဦးဆိုလျှင် ကြုံလှီချည့်နဲ့လှသော ကိုယ်ဝန်ဆောင်အမျိုးသမီးငယ်တစ်ဦးဖြစ်ပြီး အများစုမှာ ဆင်းရဲနွမ်းပါးသူများသာ ဖြစ်နေပါသည်။

ထို့နောက် Skynet အဖွဲ့သည် ဤဘုရားတည်ရခြင်းအကြောင်းတို့ကို ရှင်းလင်း ပြောပြပေးပါရန် တောင်းဆိုသဖြင့် စာရေးသူလည်း စေတီတော်သို့ ပြန်လည်သွားရောက်ပြီး ၎င်းတို့မေးသမျှကို ဖြေကြားပေးရပါသည်။ ထိုအချိန်တွင် မိုးဇော်ဆင်အဖွဲ့က စေတီတော်ရင်ပြင်တွင် ပူဇော်ကပြလျက်ရှိပါ၏။ ဤစေတီတော်တည်ထားရသည့်အကြောင်းနှင့် တည်ထားစဉ် ထူးခြားစွာ အဆန်းတကြယ်ကြုံတွေ့ရသည်တို့မှာ များပြားလှပါ၍ စာရေးသူလည်း အကျဉ်းချုပ်မျှသာ ပြောကြားပေးလိုက်ပါသည်။ ပြီးစီးသောအခါ၌ စာရေးသူလည်း ဓမ္မာရုံအတွင်းသို့ ပြန်လည် သွားရောက်ပြီး သာဝကများစွာနှင့် ရုပ်ရှင်တော်မြတ်အား ဆွမ်းကပ်ကြပါသည်။

ဆွမ်းဆက်ကပ်နေဆဲကာလမှာပင် ရန်ကုန် - နေပြည်တော်သာဝကများမှ ရွှေဒင်္ဂါးပြားများကို အထွတ်အမြတ်အမှတ်တရအဖြစ် ပြန်လည်ဝယ်ယူကြရာ တစ်သိန်းခုနစ်သောင်းဖြင့် ဝယ်ယူသွား၏။ နောက်တစ်ဦးမှ ဝယ်ယူရာ ရောင်းသူမရှိသဖြင့် (၂) သိန်းခွဲအထိ တိုးမြှင့်ပေး၏။ ထို့နောက် (၃) သိန်းမှ (၅) သိန်းအထိ တိုးမြှင့်ဝယ်ယူကြသော်လည်း ရွှေဒင်္ဂါးပေါက်သူများမှာ ဝမ်းသာပျော်ရွှင်ပြီး ပြန်ပြေးကုန်ကြပြီဖြစ်၍ ရောင်းချမည်သူမရှိတော့ပါ။ သာဝကများထဲမှရှိကြသူများကမူ 'ဒါဟာ အလွန်ကံထူးလို့ရတာ။ ရောင်းဖို့ရာ စိတ်ကူးထဲတောင်မထည့်ဝံ့ဘူး။ ဘုရားကျောင်းဆောင်မှာ ရိုရိုသေသေ ပူဇော်ထားမှာ' ဟု ပြောကြပါသည်။ အချို့ကလည်း ရွှေဒင်္ဂါးရတဲ့သူတွေထီထိုးကြဟု ပြောကြပါသည်။

ဘုရား၏ တန်ခိုးပင် ဖြစ်ပါသည်။ ရွှေထည်ပစ္စည်းဟူသည်မှာ ယခုဝယ်ပြီး ယခုပြန်ရောင်းလျှင်ပင် ဝယ်ရင်းဈေးမရဘဲ ရှုံးရမြဖြစ်ပါသည်။ ယခုရွှေဒင်္ဂါးများမှ တစ်ကျပ်သားလျှင် (၅) ပြားထုတ်ထားသည်ဖြစ်၍ (၁) သိန်း (၇) သောင်းမျှသာ ပကတိတန်ဖိုးရှိသော်လည်း ထီးတင်ပွဲအမှတ်တရ ရွှေဒင်္ဂါးများဖြစ်၍ ယခုကဲ့သို့ အမြတ်ပေး၍ ဝယ်ယူကြခြင်းဖြစ်ပါသည်။ နှစ်ကာလတို့ကြာမြင့်သောအခါ ဤရွှေဒင်္ဂါးတို့သည် သမိုင်းဝင်တန်ဖိုးဖြတ်မရသော ပစ္စည်းတို့ဖြစ်လာမည်။ သို့ပါ၍ ရိုသေစွာသိမ်းဆည်းထားသင့် ပါသည်။

ဓမ္မာရုံထဲတွင် သာဝကများ စုံညီနေဆဲရှိနေပြီး မကြာခင်က ပြီးဆုံးသွားသော ထီးတင်ပွဲအကြောင်း ပြောမဆုံးအောင်ရှိနေကြပါသည်။ ရန်ကုန်မှ ရွှေကံကူရုပ်ရှင်တော်မြတ်အား ၂၀၀၃ ခုနှစ်မှ ယခုတိုင် နှစ်စဉ်ပင့်ဆောင် ပူဇော်ခဲ့ကြသူများ ဖြစ်သည့် မမိမိအောင် (ဗိုလ်တစ်ထောင်)အဖွဲ့၊ ဗိုလ်မှူးလှမိုး-ဒေါ်နန်းဆီခမ်းနှင့် သမီးကလေး၊ ရန်ကုန်မြို့မှ ခိုင်ခိုင်၊ ဒေါ်ထုရာ၊ မစန္ဒာ၊ မန္တလေးမြို့မှ မောင်ဝင်းနိုင်-မနှင်းနှင်းအေး၊ မောင်ဇော်နိုင်ဝေ-မမျိုး၊ မောင်အောင်ကျော်ညွန့်-မဆွေဇင်မျိုး၊ မောင်သန်းရွှေ - မဆင့်၊ ဦးအေးကိုကိုသွန်း၊ ဦးညီညီ၊ စဉ့်ကိုင်မြို့မှ ကိုမောင်နိုင်-မသန္တာ၊ မောင်အောင်နေလင်းတို့နှင့် သာဝကများအားလုံးနှင့် စာရေးသူတို့ကို သိရှိနေကြမည်ဖြစ်သော်လည်း စာရေးသူတို့မှ သိရှိခြင်းမရှိသော ငြိမ့်ပရိသတ်အတွင်းလူများစွာနှင့် ရုပ်ရှင်သရုပ်ဆောင်များဖြစ်သော ဂွမ်းပုံနှင့် အေးအေးခိုင်တို့အားလုံးကြသည်ဟုသိရ၏။ နေပြည်တော်မှ မောင်ဇော်လင်း

www.burmeseclassic.com

မောင်နှင့် မချောတို့အဖွဲ့၊ ဆေးသိဒ္ဓိသစ္စာရေအလှူရှင် ကိုမင်းအောင်-မနန်းဆိုင်ဖောင်၊ ဆရာမကြီးဒေါ်ခင်စန်းမြင့်၊ ဒေါ်ဟန်ကွာစီ၊ မတီအားလုံးတို့ ငိုကြွေးကြကြောင်း၊ စိတ်ကိုထိန်းနိုင်သူများပင် ရင်ထဲတွင်ဆို့၍ မျက်ရည်တို့ တလိမ့်လိမ့် ကျဆင်းကြရကြောင်းပြောပြကြပါသည်။

ထိုအခါ မောင်ဖော်နိုင်ဝေမှ -

"ဆရာ၊ အဲဒါတော်တော်ထူးတာပဲ။ တချို့ဆို လဲကျသွားတာတွေရှိတယ်။ တချို့ဆို မထိန်းနိုင်တော့မှာစိုးလို့ထွက်ပြေးသွားကြတာတွေရှိတယ်။ ကျွန်တော်တို့ဆို ထီးတော်ပွဲတွေ ခဏခဏကြုံဖူးတာပဲ။ ကျွန်တော်တို့စိတ်ထဲမှာဘယ်လိုမှမနေဘူး။ ငိုတဲ့လူရယ်လို့လည်းမတွေ့ရဘူး။ တချို့လား ဘယ်ဘုရားရောက်ရောက် ပူးပြီးငိုတတ်တဲ့သူမျိုးတွေပဲငိုကြတယ်။ ဒီမှာက ဘယ်တုံးကမှ မငိုဘူးတဲ့သူတွေ ယောကျာ်းရင့်မာကြီးတွေကိုက ငိုနေကြတယ်"

ဟုပြောပါသည်။

မည်သို့ပင်ရှိစေ ထီးတင်ပွဲကြီး အောင်မြင်စွာ ပြီးဆုံးသွား၍ အဓိက စာရေးသူ၊ မယ်တော်ကြီး၊ အန်တီအေးတို့နှင့် သာဝကများအားလုံး ကြီးလေးသောတာဝန်ကြီးတစ်ခု အောင်မြင်စွာ ဆောင်ရွက် ပြီးစီးသွားသဖြင့် လွတ်လပ်ပေါ့ပါးသွားကြရပြီး စိတ်လက်ပေါ့ပါးစွာ ပြုံးရွှင်ရယ်မောနိုင်ကြပါတော့သည်။

စာရေးသူသည် ထမင်းစားကြပြီးသောအခါ စေတီရင်ပြင်တော်သို့ သွားရောက်ကြည့်ရှုပါသေးသည်။ ငြမ်းများအားလုံး ဖြုတ်ချနေကြပြီဖြစ်ပြီး ပန်းရန်ဆရာကြီးမှ အရန်စေတီတော် (၈) ဆူကို ထီးတော်များတင်နေပါသည်။ ဤယနေ့၌ ထီးတော်တင်လှူရုံသက်သက်မျှသာ ဖြစ်ပါသည်။ မနက်ဖြန်မှ ဘုရားအနေကဇာတင်မည် ဖြစ်သည်။ ထို့ကြောင့် စာရေးသူသည် စေတီတော်အတွင်းသို့ ဝင်ရောက်ပြီး (၁၀၈) ဖီးပွဲ (ငှက်ပျောတစ်ဖီး တစ်ထောင်နှုန်း)ကြီးကို ကြည့်သည်။သစ်သီးအလှပန်းအလှ(အပြီးအစီး (၂)သိန်း(၂)သောင်းကျသည်)ဆင်ပူဇော်ထားသည်တို့ကိုလည်း ကြည့်ညို၏။ အားလုံးလိုလေသေးမရှိပါ။

စေတီတော်အတွင်းမျက်နှာကြက်ကိုလည်း ကွန်းလျှာထိုးများဖြင့် အလှဆင်ထားပြီး နံရံနှင့်အခင်းတို့ကိုလည်း တန်ဖိုးကြီးမားသော ကြွေပြား၊ ကျောက်ပြားများကပ်ထားသည့်အပြင် ကောဇောခင်းထားပါသေးသည်။ စာရေးသူလည်း ယခု ထီးတင်ပွဲတွင် စိတ်ရောကိုယ်ပါအားစိုက်ထုတ်ခဲ့ရသည်ဖြစ်၍ ပင်ပန်းနွမ်းနယ်လျက်၊ ခေါင်းများမူးနောက်လျက်ရှိပါ၍ ခြေသည်အားလုံးကိုပင် နှုတ်ဆက်နိုင်ခြင်းမရှိတော့ပါ။ မောင်နိုင်နှင့် အောင်နေလင်းတို့ကို ပစ္စည်းများအားလုံး စောင့်ကြပ်သိမ်းဆည်းကြရန် မှာကြားပြီး စာရေးသူ မောင်သန်းရွှေကားနှင့် စဥ့်ကိုင်သို့ပြန်ခဲ့ပါသည်။

စာရေးသူ တစ်ရေးခန့်အိပ်လိုက်ပါသည်။ ရေမိုးချိုးပြီးသောအခါမှ ပြန်လည်ကြည်လင်လန်းဆန်းသွားပါသည်။ ညနေ(၄)နာရီခန့်လောက်တွင် စာရေးသူ ရွှေကြက်ယက်သို့ပြန်ခဲ့ပါသည်။ ယနေ့ညအဖို့ရာတော့ ပေါ့ပေါ့ပါးပါးပင် ဖြစ်ပါသည်။ မနက်ဖြန် အနေကဇာတင်ရန်၊ ကံထပ်ရန်တို့မှာ ထွေထွေထူးထူးပြင်ဆင်စရာမရှိတော့ပါ။ လှူရန်ပစ္စည်းများမှာလည်း ထီးတင်ပွဲမတိုင်ခင် (၄)၊ (၅) ရက်ခန့်ကတည်းက ကြိုတင်ပို့ဆောင်ထားပြီဖြစ်ပါ၍ အားလုံးအဆင်သင့်ဖြစ်နေပေပြီ။ စာရေးသူတို့ ရွှေကြက်ယက်ရောက်သည်နှင့် ဦးညီညီ၊ ဦးဝင်းကို၊ ဦးအေးကိုကိုသွန်း၊ မောင်ဝင်းနိုင်၊ မောင်ရဲလေး၊ ဦးဝင်းကို၊ ဦးမောင်မောင်၊ လွင်ဗိုဒီယိုတို့ လက်ဖက်ရည်ဆိုင်တွင် ထိုင်လျက်ရှိစဥ်မိုးကြီးရွာချပါသည်။

အစ်ကိုကြီး ဦးမောင်မောင်နှင့် ဦးညီညီတို့က လက်မထောင်၍ -

"ဒါတကယ်တန်ခိုးကြီးဘုရားစစ်မှန်တာ။ တန်ခိုးကြီးဘုရားမှန်ရင် ပွဲပြီးတာနှင့် မိုးကြီးရွာတာပဲ ပလ္လင်ဆေးမိုးလို့ ခေါ်တယ်"

ဟုပြောပါသည်။

မှန်ပါသည်။ မိုးမှာ အမျှင်တန်းမနေပါ။ တစ်နာရီခန့်သာ သဲသဲမဲမဲရွာချလိုက်ခြင်း ဖြစ်ပါသည်။ ထို့နောက် ချက်ချင်း တိမ်များလွင့်ပြယ်သွားပြီး ကောင်းကင်ကြီးကြည်လင်သွားပါသည်။

စာရေးသူတို့လည်း လက်ဖက်ရည်ဆိုင်မှထွက်ခဲ့ကြပြီး ဘုရားကုန်းပေါ်တက်ခဲ့ကြသည်။

"ဆရာဘို၊ ကျွန်တော်တို့ နွမ်းမနဲ့တွေဖိတ်ထားလို့၊ ရေခဲဆေးဖို့ စိတ်ကူးနေ့တာ။ အခု အားလုံးသန့်ရှင်းသွားပြီး ကျွန်တော်တို့မပင်ပန်းရတော့ဘူး"

ဟု ပြောပါသည်။

မှန်ပါသည်။ နေ့ခင်းက ငြမ်းဖြုတ်ထားသဖြင့် ကြိုးစကြိုးနများ၊ အမှိုက်သရိုက်များပေပွနေသော ရင်ပြင်တော်မှာ သန့်ရှင်းလျက်ရှိပါသည်။ ရပ်ဝေးသာဝကများအားလုံးရှိနေကြပါသေးသည်။

ညပိုင်းတွင် စေတီတော်ကိုတက်ရောက်ကြည်ညိုကြသည်။ စာရေးသူတို့သာဝကများ စုံလင်စွာရှိနေချိန်တွင် ဩဖလစေတီတော်စိန်ဖူးတော်မှ ရောင်ခြည်တော်များ ဖြာထွက်လာပါသည်။ အရံစေတီထီးတော်များလည်း စုံလင်လျက်ရှိပြီဖြစ်ကာ ရွှေသင်္ကန်းအသစ်စက်စက်ကို ဆလိုက်မီးများ ပူဇော်ထားရှိရာ ဝင်းလက်တောက်ပြောင်းလျက် သပ္ပာယ်တော်မူလှပြီး စိန်ဖူးတော်အားလုံးမှာ စလင်းစိန်ဖူးတော်များချည်းဖြစ်ရာ ဖြူဖွေးလင်းလက်လျက်ရှိပါသည်။ စာရေးသူတို့သည် ရင်ပြင်ပေါ်တွင်ထိုင်နေကြရင်း စေတီတော်၏ တင့်တယ်သပ္ပာယ်မှုတို့ကို ကြည်ညိုမဆုံးဖြစ်ကြရသည်။ ဤတောင်ပေါ်တွင် ဤမျှကျယ်ဝန်းသောနေရာမရှိပါ။ စေတီတော်၊ တံခွန်တိုင်၊ ကမ္ဗည်း၊ ကျောက်စာတိုင်၊ မုခ်ဦးတို့မှာ သူ့နေရာနှင့်သူ့အံကျရှိနေပုံမှာ မြေလွတ်ကွင်းပြင်တစ်ခုတွင် စိတ်ကြိုက် နေရာယူထားသကဲ့သို့ရှိပါသည်။ ထိုသို့ ကျယ်ဝန်းအဆင်ပြေသောနေရာမရရှိပါက စာရေးသူတို့သည် စေတီတော်ကို မည်မျှခမ်းနားတင့်တယ်အောင် တည်ထားသည်ဖြစ်စေ ထီးတော်ကို ဤသို့ ရထားပျံနှင့်တင်နိုင်မည်မဟုတ်။ ငြမ်းတွင် လက်ဆင့်ကမ်းပြီးတင်ရမည် ဖြစ်ပါသည်။

ယခုမူ နေရာထိုင်ခင်း အတက်အဆင်းလမ်းတို့မှ အစအားလုံး အဆင်ပြေလျက်ရှိ၍ ကျေနပ်အားရမဆုံးရှိရပါသည်။

ထိုညကလည်း (၁၀) နာရီခန့်မှ ပြန်မည်ဖြစ်၍ ပဥ္စလောဟာဆေးဘုရားဓမ္မာရုံအတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီး ဆေးသိဒ္ဓိသစ္စာရေသာ တွဲကာ သစ္စာပြုကာ ဆေးသိဒ္ဓိများ တောင်းခံပါသည်။

၂၀၀၈ ခုနှစ်တွင် မယ်တော်ကြီးအား ရှင်မထီးဆရာတော်ဘုရားကြီးမှ နာမ်ကိန်း၍ -

"မင်းကို ရွှေကြက်ယက်တောင်ပေါ်မှာ သင်္ကန်းဝတ်ခိုင်းရတာက မင်းဟာ အခုဘဝတင် တန်ခိုးကြီးဘုရားဒါယကာဖြစ်နေတာမဟုတ်ဘူး၊ အတိတ်ဘဝတုန်းကလည်း မင်းဟာ တန်ခိုးကြီးဘုရားဒါယကာပဲ။ အဲဒီတောင်ပေါ်မှာ မင်းတည်ခဲ့တဲ့ဘုရားတွေရှိတယ်။ မင်းကိုးကွယ်ခဲ့တဲ့ တန်ခိုးကြီးဘုရားရှိတယ်။ အဲဒါတွေကို မင်းသိချိန်တွေ ရောက်လို့ ငါကဝတ်ခိုင်းတာ။ မင်းအကြောင်းတွေ လာလိမ့်မယ်။ သိလာလိမ့်မယ်"

ဟုမိန့်ကြားခဲ့စဥ်က မယ်တော်ကြီးတွင် ရှင်မထီးဆရာတော်ဘုရားကြီးနာမ်



www.burmeseclassic.com

www.burmeseclassic.com

ထိန်းတာတကယ်မှဟုတ်ရဲ့လား၊ စာရေးသူ ဒုလ္လဘရဟန်းဝတ်ရှိန်ငြင်းဆန်နေသောကြောင့် ရှင်မထီးဆရာတော်ဘုရားကြီး ကြွမြန်းတော်မူဟန်ဆောင်၍ပြောခြင်းဖြစ်သလော။ ထိုကဲ့သို့ကော တကယ်တွေ့မည်လော၊ သိမည်လောဟု မယုံမရဲ ဖြစ်ခဲ့မိပါသည်။ ထိုစကားတို့မှာ ပုဂ္ဂိုလ်ဆတ်မရှိသူအဖို့တော့ ပုံပြင်လော၊ စိတ်ကူးယဉ်လော၊ အိပ်မက်လောဟုဆိုသာ ပြက်ရယ်ပြုကြမည်သာ ဖြစ်ပါ၏။

၂၀၁၂ တွင် ရှင်မထီး၏လမ်းညွှန်ချက် မယ်တော်ကြီး၏အာရုံဖြင့် စာရေးသူ၏ အတိတ်ဘဝ ဝဋ်ကြွေးကံကြွေးတို့ ကျေချိန်တန်ပြီ ဖြစ်သည်။ ရွှေကြက်သက်တောင်ပေါ်တွင် ဘုရားတည်ပါ။ အတိတ်ဘဝတုန်းကလို ဝဋ်ကြွေးမကျန်ရစ်စေရန် ဘုရားတည်လျှင် အောက်ခံလွှင်ကို အပြီးသတ်အချောလုပ်ပြီးမှ ရုပ်ပွားတော်ကို အပြီးသတ်ပါ။ စိတ်တိုင်းကျအားလုံးမပြီးစီးမီ သက်တော်ထင်ရှားဘုရားဟူ၍ မအောက်မေ့ပါနှင့်။ စောန်တော့ပါနှင့်။ ဘာမှမပြုပြင်စရာမကျန်ရှိတော့ဘဲ စိတ်တိုင်းကျဖြစ်ပြီဆိုမှ အားရပါးရပူဇော်ကန်တော့ပါ။ ဘုရားတည်ပြီဆိုလျှင်လည်း ထူးခြားသော ဥာပနာပစ္စည်းများ ဥာပနာသွင်း ပူဇော်နိုင်ပြီး အကောင်းဆုံးသော ပူဇော်မှုဖြင့် ထူးခြားသောစေတီတော် ဖြစ်မည်။ ထိုစေတီတော် တည်ထားသောအခါ၌လည်း ထူးခြားမှုများစွာတို့ ဖြစ်ပေါ်မည်ဟု မိန့်ကြားခဲ့ပါသည်။ ထိုမိန့်ကြားချက်တို့သည်လည်း ယုံနိုင်စရာမရှိ။ ထို့ကြောင့် စာရေးသူ ယခင် သိဒ္ဓိသစ္စာရေနှင့် ရွှေကံကူတြိဖလစေတီတော်ဆောင်းပါးတို့ ရေးသားခဲ့စဉ်က ဤအကြောင်းအရာတို့ကို ထည့်သွင်းမရေးသားခဲ့ပါ။ စာရေးသူ၏ဆောင်းပါးများသည် ဖြစ်ပြီးသော အကြောင်းအရာတို့ကိုသာလျှင် အဓိကရေးသားခြင်းဖြစ်ပြီး မဖြစ်လာသေးသော အကြောင်းအရာများဆိုလျှင် မိမိတို့သိရှိထားသရွေ့ မရေးသားပါ။ မဖြစ်လာခဲ့လျှင် ကြွားဝါရာကျမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။

ယခုမူ တစ်ချိန်က စိတ်ကူးယဉ် အိပ်မက်သို့သာ ယူဆကြမည် ဖြစ်သော အကြောင်းအရာတို့ တကယ်ဖြစ်လာပြီဖြစ်ပါ၍ ဝမ်းသာမဆုံးဖြစ်ရပါသည်။ စာရေးသူ၏ အတိတ်ဘဝက ဘုရားဟုဆိုနိုင်သော ပဉ္စလောဟာတြိဖလဆေးဘုရားနှင့်စာရေးသူ၏ ယခုဘဝရွှေကံကူဘုရားတို့ အတူယှဉ်၍ဖူးမြော်ရသော အခွင့်သည်ကား ရခဲလှပါ၏။ တစ်သက်တွင် တစ်ကြိမ်သာကြုံရခြင်းဟု ဆိုနိုင်ပါ၏။ တန်ခိုးကြီးရုပ်ပွားတော်နှစ်ဆူသည်ကား နေ၊ လနှစ်ပါးအပြိုင် ထွန်းလင်းလျက်ရှိသည်ကို နှစ်ဆူစလုံး ကြည်ညို၍ မဆုံး၊ ဖူးမြော်၍မဆုံးအောင် တင့်တယ်သပ္ပာယ်တော်မူလွန်းလှပါ၏။ ရုပ်ရှင်တော်မြတ်သည် မျက်လုံးတော်ပွင့်တော်မူခြင်း၊ မျက်တောင်ခတ်တော်မူခြင်းတို့ကို မင်းသားကြီးဟိုတယ်မှ ကိုလွင်၏ ဖုန်းကင်မရာတွင် ဗွီဒီယိုမှတ်တမ်းရရှိလိုက်ပါသည်။

ပဉ္စလောဟာ ဆေးဘုရားရုပ်ပွားတော်မှလည်း မျက်လုံးတော်ဖွင့်တော်မူရာ ဓမ္မာရုံတိုက်သစ်ရှမ်းကျောင်းဆရာတော်က -

"အရင်က မျက်လုံးတော်ဖွင့်တာ မကြုံဖူးဘူးဗျ။ ဒါရွှေကံကူဘုရားကခတ်ကူးပြီးပွင့်တော်မူတာ"

ဟု မိန့်တော်မူပါသည်။

ယနေ့ညသည် ဘုရားနှစ်ဆူယှဉ်တွဲသီတင်းသုံးခြင်း၏နောက်ဆုံးညဖြစ်၍ ဘုရားဖူးဧည့်ပရိသတ်တို့ ပိုမိုများပြားပါသည်။ ယခုဘုရားလာရောက်ဖူးမြော်သူတို့သည် ဘုရားတစ်ကြိမ်ကန်တော့ရုံမျှနှင့်၊ ဘုရားတစ်ဆူကို ကန်တော့လိုက်သည်နှင့် နှစ်ဆူကန်တော့ပြီးသားဖြစ်ရ၍ အကျိုးများလှပါ၏။ ထိုသို့ကန်တော့ခွင့်ရရှိသူတို့တွင် ကန်တော့လိုက်ရသူတို့တွင် ပဉ္စလောဟာဆေးဘုရားထံမှ ဆေးသိဒ္ဓိတို့ရရှိ၍ ရောဂါဝေဒနာတို့ကင်းရှင်းကြရပါလိမ့်မည်။ ရွှေကံကူရုပ်ရှင်တော်မြတ်ထံမှ ရှင်သန်ခြင်း၊ ပွင့်လန်းခြင်းစသော အရှင်ဓာတ်အပွင့်ဓာတ်တို့ရှိကြမည်ဖြစ်ပါ၏။ ထို့ကြောင့် အကျိုးထူးလှသည်ဟု ဆိုရပါမည်။

ရုပ်ပွားတော်နှစ်ဆူ နီးနီးကပ်ကပ် အတူယှဉ်တွဲပြီး (၂) နေ့နှင့် (၂) ညတာ အပူဇော်ခံခြင်းမှာ အပြန်အလှန်ဓာတ်ပေါင်းသကဲ့သို့ဖြစ်ပြီး တစ်ဆူမှ ထူးခြားသော ဓာတ်တော်၊ တန်ခိုးတော်တို့သည် တစ်ဆူသို့ ကူးလူးရောက်ရှိ၍သွားပြီဖြစ်ရာ အပွင့်ဓာတ်၊ အရှင်ဓာတ်တို့ပါရရှိမည်ဖြစ်သကဲ့သို့ ရွှေကံကူရုပ်ရှင်တော်မြတ်ကို ဖူးမြော်သူတို့တွင်လည်း ဆေးသိဒ္ဓိများရရှိကြမည် ဖြစ်ပါသည်။ နံနက်က ထီးတင်ပွဲအပြီးတွင် ဘုရားဖူးလာရောက်သူ၊ ထီးတင်ပွဲလာရောက်သူ ဧည့်ပရိသတ်အပေါင်းတို့က ဆေးသိဒ္ဓိသစ္စာရေဘူးပေါင်း လေးထောင့်ငါးရာ (တစ်ဘူး ၁၀၀ ကျပ်နှုန်းနှင့် ငါးသိန်းငါးသောင်းဖိုး) ဝေငှခဲ့ပြီး နှမ်းမနဲများလည်း ဝေငှခဲ့ပါသေးသည်။

ထိုညက စာရေးသူလည်း (၁၀) နာရီခန့်မှ မောင်ဇော်နိုင်ဝေကို အဖော်ပြုပြီး စဉ့်ကိုင်သို့ပြန်ခဲ့သည်။

ဤယနေ့တွင် ဘုရားအနေကဇာတင်နှင့် ကံထပ်မင်္ဂလာပြုလုပ်မည်ဖြစ်၍ ထီးတင်ပွဲကဲ့သို့ စိတ်မောရခြင်း၊ စိတ်လောရခြင်းမရှိတော့ပါ။ အေးအေးဆေးဆေးပင် နံနက် (၄) နာရီမှ စဉ့်ကိုင်မှထွက်ခဲ့ကြသည်။ ကျောင်းရှိ သံဃာ၊ သာမဏေအားလုံးတို့ကို အရုဏ်ဆွမ်းဆက်ကပ်သည်။ (၆) နာရီတွင် စာရေးသူတို့အားလုံး ရင်ပြင်တော်ပေါ်သို့ရောက်ရှိကြပြီး ကောဇောများ ခင်းကျင်း၍ အနေကဇာတင်ရန် ပြင်ဆင်ကြသည်။ (၇) နာရီတွင် မန္တလေးတိုင်းဒေသကြီး သံဃနာယကဉက္ကဋ္ဌဆရာတော်ဘုရားကြီး ကြွရောက်တော်မူလာ၏။ မရှေးမနှောင်းမှာပင် မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဝါခင်းကုန်းဆရာတော်ဘုရားကြီး ကြွရောက်တော်မူလာ၍ စာရေးသူ မြောက်စောင်းတန်းမုခ်ဦးသို့ သွားရောက်ကြိုဆိုပြီး ဆရာတော်ကြီးကို ဖေးမတွဲကူ၍ ပင့်ဆောင်ခဲ့ပါသည်။ ဆရာတော်ကြီးသည် သက်တော် (၇၆) နှစ်ရှိပြီဖြစ်သော်လည်း ကျန်းမာဖျတ်လတ်လျက်ရှိပါသေးသည်။ သီလတန်ခိုးပင် ဖြစ်ပါ၏။

တောင်ပေါ်ကျောင်း ဆရာတော် (၅) ပါးမှာ စုံညီစွာ ရောက်ရှိပြီးဖြစ်၍ ဆရာတော်ဘုရားကြီး ရောက်ရှိတော်မူလာသောအခါ ခရီးရောက်မဆိုက်ပင် အနေကဇာတင် ပူဇော်ပါသည်။ အနေကဇာတင်ခြင်းမှာ မကြာမြင့်မှာ နာရီဝက်မျှနှင့် ပြီးစီးသွား၍ ဆရာတော်ဘုရားကြီးများကို ရွှေကြက်ယက်စေတီတော်ရင်ပြင်တော်ရွှေကြက်ယက်စေတီတော်ကြီးအနီးရှိ သိမ်သို့ပင့်ဆောင်ခဲ့ကြသည်။ ထိုအချိန်၌ ရုပ်ရှင်တော်မြတ်မှာ ရွှေကံကူတြိဖလစေတီတော်ဂန္ဓကုဋိတိုက်တော်အတွင်း သီတင်းသုံး စံပယ်တော်မူလျက်ရှိ၍ ရုပ်ရှင်တော်မြတ်ထံတွင်လည်း အစောင့်များထားခဲ့ပါသေး၏။

ဝါခင်းကုန်းဆရာတော်ကြီး၊ မစိုးရိမ်ဆရာတော်ဘုရားကြီး၊ တောင်ပေါ်ကျောင်း ဉက္ကဋ္ဌဆရာတော်နှင့် ဓမ္မာရုံတိုက်သစ်ရှမ်းကျောင်းဆရာတော်တို့ကို ကံထပ် ရဟန်းခံ ပူဇော်၍ ကိုရင်ကြီးဦးပညာသာမိ (ကိုမြင့်ဦး) ကိုလည်း ရဟန်းဘောင်သို့ သွတ်သွင်းပါသည်။ ကိုမြင့်ဦးအား ထီးတော်မတင်မီ (၁) ရက်က ကိုရင်ကြီးဝတ်ပေးခဲ့ဖြစ်သော်လည်း ကိုမြင့်ဦးသည် ဝေယျာဝစ္စဆောင်ရွက်ရာ



www.burmeseclassic.com

www.burmeseclassic.com

၌ အဓိကကျသူဖြစ်၍ ထီးတင်ပြီးသောညမှ ကိုရင်ကြီးဝတ်စေရပြီး ဤယနေ့တွင် ရဟန်းခံရခြင်း ဖြစ်ပါသည်။ ကိုမြင့်ဦးအား ရဟန်းဝတ်စေရခြင်းမှာ စဉ့်ကိုင်မြို့ တရုတ်စုရပ်ကွက်မှ ဆရာကြီးဦးချစ်ခိုင် (ရွှေကံကူရုပ်ရှင်တော်မြတ်ပွင့်ထွန်းတော်မူစက ရုပ်ရှင်တော်မြတ်မှာ တန်ခိုးတော်ကြီးမားလှ၍ လူတို့မှ ဘွဲ့တံဆိပ်အမည် ဆက်ကပ်ပေးအပ်ရန် မလိုပါ။ အလိုအလျောက်ပေါ် ပေါက်လာပါလိမ့်မည်ဟု မိန့်ကြားခဲ့ဖူးပြီး ထိုမိန့်ကြားချက်အတိုင်းလည်းတကယ်ပေါ် ပေါက်လာခဲ့သည်။) မှ စာရေးသူအား ဘုရားထီးတော်တင်လှူမည့်သူသည် အကြီးမြတ်ဆုံး ကုသိုလ်မှုကို ဆောင်ရွက်မည်ဖြစ်၍ ထီးတော်မတင်မီ ရှင်တစ်ပါး ဒါယကာခံလိုက်ပါ။ သို့မှသာ ထီးတော်တင်ခြင်း ဟူသည့် ကြီးမားသည့် ကုသိုလ်ဂုဏ်ဒြပ်ကြီးကို ခံယူနိုင်လိမ့်မည်ဟု လမ်းညွှန်သဖြင့် ထိုအကြောင်း ကိုမြင့်ဦးကို ပြောပြပြီး ကိုရင်ဝတ်မည့်ကလေးတစ်ယောက်ရှာပေးပါဆိုသောအခါ ကိုမြင့်ဦးက မိမိဝတ်မည်ဟု ပြောပါသည်။ ထို့ကြောင့် ယခုကဲ့သို့ ကိုမြင့်ဦးကိုပါ ရဟန်းခံပေးခြင်းဖြစ်ပါသည်။

ဤသည်မှာလည်း မမျှော်လင့်သည့်ထူးခြားမှုပင်ဖြစ်သွားရပြန်ပါသည်။ ပထမဦးဆုံး ရွှေကံကူတြိဖလစေတီတော် ယခုကဲ့သို့ ပေါ်ပေါက်လာစေရန် အကြောင်းစတင်ခဲ့စဉ်က ကိုမြင့်ဦးမှ ဤရှမ်းကျောင်းတွင် ဒုလ္လဘရဟန်းဝတ်ရန် စာရေးသူအား လာရောက် ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ စာရေးသူမှ ငြင်းဆန်ရာ ရှင်မထီးဆရာတော်ဘုရားကြီးက ပင်ရောက်မိန့်ကြားသဖြင့် စာရေးသူ ဤရှမ်းကျောင်းမှာဝင် ဒုလ္လဘရဟန်းဝတ်ဖြစ်ခဲ့သည်။ ထိုအခါ ထူးဆန်းသော အကြောင်းအရာ အဖြစ်အပျက်တို့ကို ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့်ပင် (၈) နှစ်ကြာမြင့်ပြီးသော ယနေ့အချိန်တွင် စာရေးသူသည် ရွှေကံကူတြိဖလစေတီတော်ကို တည်နိုင်ခဲ့ပြီး ကိုမြင့်ဦးကို ပြန်လည် ဒုလ္လဘရဟန်းခံပေးနိုင်ရုံသာမကဘဲ ဘုန်းတန်ခိုးကြီးမားတော်မူသော ဆရာတော်ဘုရားကြီး(၄)ပါးတို့ကို ကံထပ်မင်္ဂလာပြုကာ ရဟန်းဒါယကာအဖြစ် ခံယူနိုင်ခဲ့ပါသည်။ မမြင်နိုင်၊ မသိနိုင်သော ကံအကြောင်းတရားတို့သည်ကား ဆန်းကြယ်လွန်းလှပါပေ၏။

ဆရာတော်ဘုရားကြီးများ သိမ်အတွင်းသို့ဝင်ရောက်သွားအခါ စာရေးသူတို့ သိမ်၏အပြင်ဘက် ဘုရားရင်ပြင်တော်တွင် ထိုင်စောင့်နေကြပါသည်။ စာရေးသူတို့သည် သာသနာ့အမွေကို ခံယူထိုက်၍ ယခုကဲ့သို့ သာသနာ့အမွေကို ခံယူကြရခြင်း ဖြစ်ပေ၏။ စာရေးသူတို့သည် ဤယနေ့တစ်ရက်တည်းမှာပင် စာရေးသူတို့သည် ဘုရားဒါယကာအဖြစ်၊ ရဟန်းဒါယကာအဖြစ်တို့ကို ခံယူရရှိလိုက်ပါသည်။ ထူးမြတ်လွန်းလှပါပေ၏။

ရပ်ဝေးသာဝကတို့မှာလည်း မပြန်ကြသေးပါ။ မန္တလေးမြို့မှ သာဝကများ၊ စဉ့်ကိုင်မြို့မှစာရေးသူ၏လက်ရင်းတပည့်များအားလုံး စုံညီစွာရှိနေကြသည်ဖြစ်၍ စည်ကားလှပါသည်။ ဆရာတော်ကြီးများ သိမ်မှထွက်သောအခါ စာရေးသူတို့မှ သင်္ကန်းပရိက္ခရာတစ်စုံစီ၊ ကျန်းမာရေးခေါင်းအုံးနှင့် အိပ်ရာခင်း၊ စောင်တစ်စုံစီ၊ ဝတ္ထုငွေ(၃)သိန်းကျပ်စီလောင်းလှူ၍ သိမ်ထွက်လောင်းလှူသောအတန်းကြီးမှာ ရှည်လျားလှပါသည်။ ထီးတင်ပွဲတွင်လည်းကောင်း ဤယနေ့တွင် လည်းကောင်း ရွှေသင်္ကန်းဒါယကာကိုဇော်နိုင်သည် အလုပ်တာဝန်များမအားလပ်ပါသဖြင့် မလာရောက်နိုင်သော်လည်း ကိုဇော်နိုင်၏ ဇနီး မအေးအေးမြတ်နှင့် မိခင်ဆရာမကြီးတို့ကတော့ မပျက်မကွက်လာရောက် ကုသိုလ်ယူကြပါသည်။

ဓမ္မာရုံအတွင်းသို့ ရောက်သောအခါ ဆရာတော်ဘုရားကြီး ဦးတိက္ခမှ လှူဒါန်းမှုအစုစုနှင့် ရဟန်းဒါယကာခံယူခြင်း၊ ကျွေးမွေးဧည့်ခံခြင်း၊ စေတီတော်တည်ထားခြင်း၊ ရွှေဒင်္ဂါးနှင့်ငွေများကြဲချလှူဒါန်းခြင်း၊ ကန်တော့ပွဲများနှင့်ပန်းများလှူဒါန်းခြင်း၊ သစ်သီးများလှူဒါန်းခြင်း၊ ဆရာတော်သံဃာတော်များအားဆွမ်းကပ်ခြင်းအစရှိသော ကုသိုလ်ကောင်းမှုတို့အတွက် သာဓုအနုမောဒနာတရားဟောကြားတော်မူပြီး ရေစက်ချတရားဟောတော်မူရာ မယ်တော်ကြီး၊ အန်တီအေး၊ စာရေးသူနှင့် သာဝကများတို့က ရေစက်သွန်းချ၍ အမျှပေးဝေပါသည်။ ထို့နောက် ဆရာတော်များကို ဆွမ်းဆက်ကပ်သည်။ ဤသို့ဖြင့် စာရေးသူတို့၏အလှူပွဲကြီးလည်း အောင်မြင်စွာပြီးစီးသွားပါတော့သည်။

ရပ်ဝေးသာဝကများလည်း ရွှေကံကူရုပ်ရှင်တော်မြတ်ကြီးအား ကန်တော့၊ ပဉ္စလောကဆေးဘုရားအားကန်တော့၊ စာရေးသူ၊ မယ်တော်ကြီးနှင့် အန်တီအေးတို့ကို ကန်တော့ပြီး ၎င်းတို့၏ ဆိုင်ရာနေရပ်များဆီသို့ ပြန်လည်ထွက်ခွာသွားကြပါသည်။ ဝေးလံသောခရီးမှ တကူးတက စာရေးသူတို့၏ အလှူပွဲကို လာရောက်ကြသည့်အတွက် ကျေးဇူးလည်းတင်ပါသည်။ ဝမ်းလည်းသာပါသည်။ သာဓုလည်းခေါ် ဆိုပါသည်။ ပုပ္ပားမှ အမေကြူ၊ ကျောက်ပန်းတောင်းမှ မြင့်မြင့်ကြည်တို့လည်း လာရောက်ကြ၏။ အမေကြူသည် ပုပ္ပားတောင်ကလပ်အနီး စိမ့်သင်းကြိုင်ခြံမြေတစ်ဝက်ကို ဦးပဥ္စင်းလေးအား လှူဒါန်းထားရာ ထိုဦးပဥ္စင်းလေးသည် ထိုခြံကြီးထဲတွင် ကျောင်းဆောက်နေသည်ဖြစ်၍ မယ်တော်ကြီးမှ ဝတ္ထုငွေ (၁၀)သိန်းကျပ် လှူဒါန်းပါသည်။ ထီးတော်မတင်မီရက်က အားလုံး ပျော်ရွှင်တက်ကြွစွာဖြင့် ရပ်ဝေးသာဝကများ တဖွဲဖွဲရောက်ရှိလာကြ၏။ ယခု ပြီးစီးသွားသောအခါ၌ ပြန်လည်ထွက်ခွာသွားကြရာ မတည်မြဲသည့် လောကဓမ္မတရားပင် ဖြစ်သော်လည်း ဝမ်းနည်းသလိုတော့ဖြစ်မိပါ၏။ ဖြစ်ပြီးလျှင် ပျက်ရသည်သာဖြစ်ပါသော်လည်း ကောင်းမှုကုသိုလ်အမှုဖြင့် မိမိတို့ဘဝကို ဖြတ်သန်းကြလျှင်ဖြင့် နောင်သံသရာဘဝတို့တွင် ကြီးပွားချမ်းသာခြင်းအကျိုးတရားတို့ရရှိမည် ဖြစ်၏။ ထိုအတူ မကောင်းမှုအကုသိုလ်အလုပ်တို့ဖြင့် ကျော်လွှန်ဖြတ်သန်းလျှင်တော့ နောင်သံသရာဘဝတို့တွင် ဆင်းရဲဒုက္ခအကျိုးတို့ ရရှိခံစားကြရမည်ပင် ဖြစ်ပေသည်တကားဟု ဆင်ခြင်မိပါ၏။

စာရေးသူတို့လည်း ထမင်းစားပြီးကြသောအခါ ပစ္စည်းများကို သိမ်းဆည်းစေပါသည်။ ရုပ်ရှင်တော်မြတ်သည် ကိုမြင့်ဦးတို့အိမ်သို့ ပြောင်းရွှေ့ကြွမြန်းတော်မူမည် ဖြစ်၏။ ဓမ္မာရုံတိုက်သစ်နှင့် ကိုမြင့်ဦးတို့အိမ်မှာ မဝေးလှသဖြင့် မော်တော်ယာဉ်များဖြင့်၊ မပင့်ဆောင်တော့ဘဲ ခြေကျင်ပင့်ဆောင်သွားပါ၏။ အန်တီအေး၊ မယ်တော်ကြီးတို့ဦးဆောင်လိုက်ပါသွားသည်။ စာရေးသူလည်း မယ်တော်ကြီးတို့နောက်သို့လိုက်မည်ပြုစဉ် ခိုင်ခိုင်မှ ဆရာကို စောင့်နေတာကြာပြီ။ ပဝါလှူပေးပါဦးဟုဆို၏။ မှန်သည်။ ခိုင်ခိုင်၊ ဒေါ်ထုရာ၊ မစန္ဒာနှင့် အမှတ်(၃) အခြေခံပညာဒု/ညွှန်ချုပ်၏ဇနီးတို့သည် ရွှေကြက်ယက်ရုပ်ပွားတော်မြတ်ကြီးအား ပဝါလှူရန်ဆန္ဒပြင်းပြနေခဲ့ကြသူများဖြစ်၏။ စာရေးသူသည် နရပတိစည်သူ အိမ်ရှေ့မင်းဘဝ နောင်တော်ဘုရင်မိဖုရားဝေဠုဝတီကို သိမ်းပိုက်ပြီး ဥပါယ်တံမျဉ်ဖြင့် တိုင်းပြည်မှနှင်ထုတ်ခဲ့စဉ် နရပတိစည်သူသည် ရွှေကြက်ယက်ရုပ်ပွားတော်ကြီးကို သစ္စာပြု၍ ပဝါလှူပြီး ဆုတောင်းခဲ့ရာ ဆုတောင်းပြည့်ဝ၍



www.burmeseclassic.com

www.burmeseclassic.com

...တီကို ပြန်လည်ရရှိသည့်အပြင် ...ဖြစ်ကိုရရှိခဲ့သည်။

ထိုရာဇဝင်ကို အကြောင်းပြု၍ ...သူသည် ခုနစ်ရက်သားသမီးတို့၏ ...ဆောင်ရေး၊ မိသားစုအိမ်တွင်းရေး၊ ...င်မြဲ အေးချမ်းစေရန် ပဝါလှူပြီး ...ောင်းပေးခဲ့ရာ အောင်မြင်မှုများ ...သည်။ ထိုအကြောင်းတို့ကို ရန်ကုန် ...တတို့သိရှိထား၍ ယခု ရွှေကြက် ...သို့ရောက်ရှိခိုက် ပဝါလှူလိုကြခြင်း ... ၎င်းတို့ ဆန္ဒပြည့်ဝစေရန် စာရေး ... ရွှေကြက်ယက်စေတီတော်ဆီသို့ ...ခဲ့ကြ၏။ ထူးထူးခြားခြား ရန်ကုန် ...ထဲတွင် မန္တလေးမြို့မှ မမျိုးလိုက် ...၏။

ရွှေကြက်ယက်ရုပ်ပွားတော်မြတ် ...အား ၎င်းတို့(၅)ဦး၏ ပဝါ (၅)ထည် ...တစ်ထည်ချင်း လှူဒါန်းပေးပါသည်။ ...နောက် သောကြာနံစေတီတော်ကို ...တော့သည်။ ထို့နောက် ရွှေကံကူ ...လစေတီတော်ကိုကန်တော့ကြသည်။

“ရွှေကြက်ယက်တောင်တော်ကို ...တို့ချည်းရောက်ခဲ့လို့ရှိရင် ပထမ ... ရွှေကြက်ယက်စေတီတော်ကို ...တော့ပြီး လိုတဲ့ဆုတောင်းလိုက် ...ကြက်ယက်ရုပ်ပွားတော်မြတ်ဆီမှာ ...တောင်းပြီးရင် သောကြာနံစေတီကို ...တော့လိုက်။ ဒါဆိုရင် ရွှေကြက် ...ဘုရားမှာတောင်းခဲ့တဲ့ဆုတွေပြည့် ...မှာဖြစ်တယ်။ ပြီးရင် ရွှေကံကူ ...လစေတီတော်ကို ကန်တော့။ ဒါဆို ... အတိတ်ဘဝ ဝဋ်ကြွေးကံကြွေးတွေ ...ပျောက်ပြီး အားလုံးပြီးပြည့်စုံသွား ...မယ်။ အဲဒါဟာ နရပတိစည်သူရဲ့ ...ဖြစ်စဉ်ကို အခြေခံတဲ့ ရွှေကြက် ...တောင်တော်ဘုရားကန်တော့နည်း

ဟု စာရေးသူမှရှင်းပြရာ ခိုင်ခိုင်မှ-

“ဆရာဘိုဘို ဘာလို့ အဲဒီလို ...ကန်တော့ရတာလဲ၊ ရှင်းပြပါဦး”

ဟု ဆိုသဖြင့် စာရေးသူလည်း ...သို့ အတိုချုပ်ပြောပြလိုက်ရပါသည်။

နရပတိစည်သူသည် ပထမဆုံး ...ကြက်ယက်ရုပ်ပွားတော်ကြီးကို ဆု ...တောင်းသည်။ ဆုတောင်းပြည့်ဝ၍ ...သောကြာနံစေတီတော်ကို တည်ထား ...ခြင်းဖြစ်၍ ရွှေကြက်ယက်ဘုရားတွင် ...ဆုတောင်းခဲ့သူတို့သည် သောကြာနံ ...စေတီကို ဝင်ရောက် ဖူးမြော်လိုက်လျှင် ...တို့ဆုတောင်းများ သေချာပေါက် ...ပြည့်ဝကြရမည် ဖြစ်သည်။ ဆုတောင်း ...ပြည့်ဝကြရသော်လည်း အတိတ်ဘဝ ဝဋ်ကြွေးကံကြွေးများ ကုန်ဆုံးစေရန် ရွှေကံကူ တြိဖလစေတီတော်မြတ်ကို ဆက်လက် ကန်တော့ရမည်ဟု ရှင်းပြသောအခါမှ ၎င်းတို့လည်း နားလည်သဘောပေါက်သွားကြပါသည်။

ရုပ်ရှင်တော်မြတ်သည် နဂိုက ကိုမြင့်ဦးတို့အိမ်တွင် တစ်ညတာသီတင်းသုံးစံပယ်တော်မူရန် ဖြစ်သော်လည်း စာရေးသူတို့လည်း ပင်ပန်းလှပြီ၊ မယ်တော်ကြီးတို့လည်း ပင်ပန်းလှပြီ၊ သာဝကများလည်း ပင်ပန်းလှပြီ ဖြစ်သည့်အပြင် ကိုမြင့်ဦးမှာလည်း သက်နားဝတ်နေသဖြင့် နွဲ့နွဲ့ရီတစ်ယောက်တည်းရှိနေသည် ဖြစ်သည်။ ကိုမြင့်ဦးနှင့် နွဲ့နွဲ့ရီတို့သည်လည်း ပန္နက်မရိုက်ခင်မှစ၍ ထီးတော်တင်ပြီးသည့်တိုင် ဝေယျာဝစ္စများကို ဆောင်ရွက်သည့်အခါတိုင်း ထမင်းကျွေး၏။ အချိုပွဲ၊ ဆေးလိပ်၊ ကွမ်းယာမှအစပြည့်စုံစေ၏။ ပန်းရန်၊ လက်သမား၊ မီးသမား၊ ဆေးသုတ်အဖွဲ့၊ ရွှေသက်န်းအဖွဲ့၊ ထီးတော်တင်အဖွဲ့တို့၏ လိုအပ်သည်များကိုလည်း ဆောင်ရွက်ပေးကြသေး၏။ လိုအပ်သော ပစ္စည်းများကိုလည်း ရှာဖွေဝယ်ယူပေးရသေးသည်။ စားရေး၊ နေရေး၊ ရေချိုးရန်မှအစ စီစဉ်ပေးကြရ၏။ တောင်ပေါ်မှ ပစ္စည်းများကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရသေး၏။ စေတီတော်တည်ထားစဉ်က ရာသီဥတုမှာ မခံနိုင်အောင် ပူပြင်းနေသော်လည်း စာရေးသူတို့ တောင်ပေါ်ရောက်နေသည်ကို သိရှိလျှင် ရေခဲဗူးများ ယူဆောင်၍ တောင်ပေါ်တက်လာကြ၏။ ဤစေတီတော်ကြီးနှင့်ပတ်သက်၍ ကိုမြင့်ဦး၊ နွဲ့နွဲ့ရီ၊ သား အောင်ပြည့်စုံ၊ သမီးရွှေပြည့်စုံတို့သည် စိတ်ရောကိုယ်ပါ အားထည့်၍ ကုသိုလ်ယူဆောင်ရွက်ခဲ့ကြသူများ ဖြစ်ပါ၏။ ကိုမြင့်ဦးတို့ကဲ့သို့ အချိန်ပြည့် ရက်လရှည်ကြာပါရမီဖြည့်ဆည်းမည့်သူတို့ ရွှေကြက်ယက်မှာမရှိခဲ့လျှင် စာရေးသူတို့ အတော်ပင်ပန်းကြရမည် ဖြစ်၏။ ထို့ကြောင့် နွဲ့နွဲ့ရီလည်း ပင်ပန်းနေပြီဖြစ်၍ ရုပ်ရှင်တော်မြတ်အား နာရီပိုင်း၍သာ ကြွမြန်းတော်မူတော့မည်ဟု မယ်တော်ကြီးက ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပါသည်။

စာရေးသူတို့သည် (၇) ရက်နေ့မှစ၍ အိမ်တွင် အစ်မကြီးနှင့် အိမ်စောင့်တူ၊ တူမများသာကျန်ရှိခဲ့ရာ၊ ရုပ်ရှင်တော်မြတ် ပြန်လည် ကြွမြန်းတော်မူရန်အတွက် သန့်ရှင်းရေးမှအစ ကန်တော့ပွဲနှင့် အောင်ပန်းများ စီစဉ်ပြင်ဆင်ထားရန် လိုအပ်ပါသည်။ ထို့ကြောင့် စာရေးသူသည် ကိုမြင့်ဦးတို့အိမ်သို့ လိုက်ပါသွားခြင်းမပြုတော့ဘဲ နိုင်နိုင်၊ မမျိုးတို့နှစ်ဦးနှင့် စဥ့်ကိုင်မြို့အောင်မြေသို့ ပြန်ခဲ့ပါတော့သည်။

မမျိုးကိုအောင်မြေတွင်ထားခဲ့ပြီး စာရေးသူနှင့် နိုင်နိုင်တို့ ကျောက်ဆည် အေးမြကြည်လင်ဈေးသစ်သို့ထွက်ခဲ့၏။ ကားပေါ်မှဆင်းကာ ဈေးထဲသို့ လမ်းလျှောက်ဝင်သွားကြ၏။ နေ့လယ်ဈေးကွဲချိန်ဖြစ်၍ လူသွားလူလာမရှိသလောက်ဖြစ်နေရာ စာရေးသူတို့နှစ်ဦးကို ဈေးသည်များအားလုံးက ဝိုင်းအုံကြည့်ကြပြီး တီးတိုးပြောဆိုနေကြ၏။ စာရေးသူတို့လည်း ကမန်းကတန်းထွက်လာခဲ့ကြသည်ဖြစ်၍ အဝတ်အစားမလဲဖြစ်ခဲ့ကြပါ။ စာရေးသူသည် ရွှေဖလားရောင်ချိတ်နှင့် နုံသာရောင်အင်္ကျီလက်ရှည်၊ နိုင်နိုင်သည် မီးခိုးရောင်ဖိုးလုံချည်၊ အင်္ကျီအဖြူလက်ရှည်နှင့်ဖြစ်ရာ ဈေးသည်များကလည်း သဘောကောင်း ဖော်ရွေစွာဖြင့် ဆက်ဆံကြသည်။ စာရေးသူတို့ ပွဲ၊ ပန်းနှင့် သစ်သီးများ ဝယ်ယူသည်ဖြစ်ရာ ဇာတ်မင်းသားများဟုထင်နေကြကြောင်း သိရပါသည်။

စာရေးသူသည် ထီးတင်သည့်နေ့က အစိမ်းနုရောင်ရှမ်းဝတ်စုံ၊ အင်္ကျီမှာ ရင်ဖုံးလက်စကဖြစ်ပါသည်။ အင်္ကျီရောဘောင်းဘီဇွင်ပါ ကြိုးပန်းထိုးများပါရှိသည်။ ထိုဝတ်စုံနှင့်ဆိုလျှင် လူတို့ပိုဝိုင်းကြည့်ကြည်မည်မှာ သေချာပါသည်။ ထို့နောက် စာရေးသူတို့အောင်မြေသို့ ပြန်ခဲ့ကြသည်။ ပွဲများ၊ ပန်းများ၊ သစ်သီးများ ပြင်ဆင်ကြသည်။ မန္တယ်နှင့် မောင်ထွန်းလင်းတို့လည်း ရောက်နှင့်နေကြပြီး သန့်ရှင်းရေးမှအစ ဆောင်ရွက်ထားနှင့်ကြပြီး ရေနွေး၊ ရေအေး၊ ဗယာကြော်၊ လက်ဖက်တို့ဖြင့်ပြင်ထားပြီဖြစ်ပါသည်။

ညနေ (၅) နာရီခန့်တွင် ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းတော်မူလာရာ သာဝကများအားလုံး စုံညီစွာလိုက်ပါလာကြ၍ စည်စည်ကားကားသိုက်သိုက်ဝန်းဝန်းရှိလှပါသည်။ သာဝကများသည် ကိုယ့်အစုနှင့်ကိုယ်ထီးတော်တင်ပွဲအကြောင်း ပြန်လှန်ပြောဆိုလျက်ရှိကြပြီး ဖုန်းကင်မရာဖြင့် ရိုက်ကူးခဲ့သောဓာတ်ပုံတို့ကိုပြန်ကြည့်ကြ၊ အပြန်အလှန်ကူးယူကြဖြင့် မမောနိုင်အောင်ရှိနေကြပါသည်။

မယ်တော်ကြီးသည် ရွှေဒင်္ဂါး(၂၃)ပြားအနက် ထီးတင်ပွဲတွင် (၁၈) ပြားသာကြဲခဲ့စေပြီး (၅) ပြားချန်ထားခဲ့စေပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သာဝကရင်းများသည် ထီးတင်ပွဲတွင် ဝေယျာဝစ္စဆောင်ရွက်ကြရသည်ဖြစ်၍ ပိုက်ဆံမကောက်နိုင်ကြပါ။ ၎င်းတို့ကို ယခု ရွှေဒင်္ဂါး (၅) ပြား မဲဖောက်မည်ဖြစ်၍ မန္တလေးမြို့ ကိုသိန်းလင်း၊ မခင်စုမာနှင့် ရှေ့နေကြီး ဦးသိန်းထွန်း၊ ဆရာမကြီး ဒေါ်ခင်စန်းမြင့်တို့ကို ဖုန်းဆက်ခေါ် ယူလိုက်ပါသည်။ ကျန်သောသာဝကများမှာ အောင်မြေတွင်စုံလင်နေပြီ ဖြစ်သောကြောင့် ယခုညနေ (၇) နာရီတွင် မဲဖောက်ရန် မယ်တော်ကြီးမှ စီစဉ်လိုက်ခြင်း ဖြစ်သည်။

စာရေးသူမှ ကြိုးစဉ်ငယ်လိုက်အမည်စာရင်းကိုရေးပြီး မယ်တော်ကြီးက အမှတ်အစဉ်အတိုင်း ခေါ်ယူကာ မဲလိပ်များကို နှိုက်ယူစေ၍ မဲလိပ်များကို ဖြေမကြည့်ရန် မှာကြားထားပါသည်။ အားလုံး မဲလိပ်များယူပြီးသောအခါမှ စာရေးသူက အမှတ်အစဉ်အတိုင်းခေါ်ယူရာ မယ်တော်ကြီးထံသို့ မဲလိပ်ကို ပြန်အပ်ရပြီး မယ်တော်ကြီးကမှ မဲလိပ်ကို ဖြေကြည့်ပြီး ကြေညာတာ လူအများမြင်သာအောင် ထောင်ပြပါသည်။ ရွှေဒင်္ဂါးပေါက်မဲ(၅)လိပ်နှင့် ကျန်မဲလိပ်များအားလုံး (၅၀၀၀) ကျပ်ချည်းသာ ဖြစ်ပါသည်။

မဲလိပ်တစ်လိပ်ဖြေပြီးသည့်အခါတိုင်း ပျော်ရွှင်စွာဖြင့် အော်ဟစ်ကြပြီး လက်ခုပ်သြဘာပေးကြပါသည်။ စာရေးသူ၏ သဘောအရဆိုလျှင် စာရေးသူတို့ ရွှေကံကူမိသားစုဝင်တို့ကိုမထည့်လိုသော်လည်း၊ မကျေမနပ်ဖြစ်မည်စိုး၍ ဦးမောင်မောင်၊ ဦးဝင်းကိုနှင့် ဒေါ်နွဲ့နွဲ့ရီတို့ကို ထည့်ပေးထားပါသည်။ သို့သော် ၎င်းတို့သည် အမှတ်စဉ် ၁၊ ၂၊ ၃ အဖြစ် ဦးဆုံးမဲနှိုက်ကြရသူများဖြစ်သော်လည်း ၎င်းတို့ရွှေဒင်္ဂါးမပေါက်ပါ။ (၅၀၀၀) ကျပ်စီသာရရှိကြပြီး ဦးအေးကိုကိုသွန်း၊ မောင်ထွန်းလင်း၊ မစိုးစိုး၊ လွင်အနုပညာနှင့် မတီတို့ (၅) ဦး ရွှေပြားများရရှိသွားကြပါသည်။

မယ်တော်ကြီးက ရွှေတံဆိပ်ပြားမရတဲ့သူတွေ ဝမ်းမနည်းကြပါနှင့်။ ဒီငွေ (၅၀၀၀) ကို အဆောင်အဖြစ် သိမ်းထားကြပါ။ ဆောင်ထားကြပါ။ ဒီထီးတင်ပွဲ စေတီတော်အောင်ပွဲအထိမ်းအမှတ်အနေနှင့်ရတဲ့ဒီငွေဟာ, တန်ဖိုးဖြတ်လို့မရပါဘူး။ စောင့်ကြည့်ကြပါ။ သိန်း(၅၀၀၀) အထိ စီးပွားဥစ္စာတွေရရှိတိုးပွားကြပါလိမ့်မည်ဟု ပြောပါသည်။ ယခုစေတီတော်တည်ထားကိုးကွယ်ခြင်းနှင့် ထီးတော်တင်ပွဲတွင် သာဝကအားလုံးတို့သည် ၎င်းတို့ကျရာအခန်းမှ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများ၊ တာဝန်ကျေပွန်ကြသူများသာ ဖြစ်သော်လည်း ရွှေပြားမှာ (၅) ပြားသာပါရှိ၍ ထိုက်ရာသင့်ရာ သူတို့သာရရှိသွားကြခြင်းဖြစ်ပေသည်ဟု အားလုံးမှ နားလည် လက်ခံကြကာ ပျော်ရွှင်လျက်ရှိနေကြပါသည်။ ဤသို့ဖြင့် ရွှေကံကူတြိဖလစေတီတော်ကြီးကို အောင်မြင်စွာတည်ထားကိုးကွယ်နိုင်ခြင်းသို့ အပြီးတိုင် ရောက်ရှိပါတော့သည်။ ဤယနေ့တိုင် မိုးရွာသွန်းမှုမရှိဘဲ ရာသီဥတုမှာ အေးမြလျက်ရှိနေပါသေးသည်။

ဤစေတီတော်ကြီးထီးတင်ပွဲတွင် အထူးခြားဆုံးနှင့်ပြုလုပ်ဖန်တီး၍မရသော ပြောစမှတ်တွင်ကျန်ရစ်စေသောအချက် (၃) ခုမှာ ရွှေကြက်ယက်တောင်တော်တွင် မိုးမရွာဘဲ ဘေးပတ်လည်တွင် မိုးရွာခြင်း၊ တိမ်တိုက်ကြီးတစ်ခုသည် စေတီတော်ကို အမိုးကာထား၍ မရွှေ့မလျား ထီးပမာ နေရိပ်မိုးပေးခြင်းနှင့် စိန်ဖူးတော်ပင့်ဆောင်သည်နှင့်ကြိုး (-- )ထားသော စေတီတော်ကြီး၏စိန်ဖူးတော်မှ ရောင်ခြည်တော်များ အချိန်ကြာမြင့်စွာထွက်ပေါ် ကွန့်မြူးတော်မူခြင်း ဖြစ်သည်။

ထို့အပြင် ထီးတော်တင်ပွဲမတိုင်မီ တစ်ပတ်ခန့်အလိုတွင် စိတ်မချမ်းမြေ့စရာအကြောင်းအရာအဖြစ်အပျက်တို့ ပေါ်ပေါက်ခဲ့ပါသေးသည်။ အစ်မကြီး ဒေါ်နွဲ့ရီသည် ဆီးချို၊ နှလုံး၊ သွေးတိုး ရောဂါတို့ဖြစ်ပွားနေသော နာတာရှည်လူမမာတစ်ဦးဖြစ်သည်။ ဆေးမသောက် အစားအသောက်တို့ မဆင်ခြင်သဖြင့် စာရေးသူတို့ဒုက္ခများလှ၏။ စာရေးသူ၏ သစ္စာရေကြောင့်သာလျှင် ဤမျှအထိ အသက်ရှည်နေခြင်း ဖြစ်သည်။ ထိုရက်ပိုင်းက သရက်သီးမှည့် (၃) လုံးစားလိုက်သဖြင့် ဆီးချိုဂိတ်ဆုံးသို့ ရောက်ရှိကာ ပုံလဲသွားခဲ့သည်။ ထီးတင်ခါနီးတွင် မိသားစုအတွင်းမှ စနေသမီးပျက်စီးကိန်းရှိ၍ စိုးရိမ်မိသည်။

သို့သော် အစ်မကြီးသည် ပြန်လည် ကျန်းမာလာပြီး မန္တလေးမြို့မှ အန်ကယ်ကြီးဦးတင်ထွန်း ရုတ်တရက် ဆုံးသွားခဲ့သည်။ ဦးတင်ထွဋ်သည် စနေသားပင် ဖြစ်ပါ၏။ အန်ကယ်ကြီးသည် ၂၀၀၁ ခုနှစ်တွင် သစ်တောရေးရာ အထက်မြန်မာပြည်ဒု/ထွေဂျာဖြစ်ပြီး ထိုစဉ်မှစ၍ ရုပ်ရှင်တော်မြတ်ကိုလည်း ၎င်း၏နေအိမ်သို့ (၃) ကြိမ်တိုင်တိုင် ပင့်ဆောင် ပူဇော်ခဲ့ပြီး အောင်မြေသို့လည်း အမြဲမပြတ်လာရောက်၍ စာရေးသူတို့မိသားစုနှင့် ဆွေမျိုးရင်းချာ
ခင်မင်ရင်းနှီးသူ ဖြစ်ပါသည်။ စာရေး
တို့၏ ရွှေကံကူသာသနာပြုလုပ်ငန်း
အောင်မြင် ထွန်းကား၍ လျှမ်းလျှ
တောက်ဖြစ်လာသောအခါ အန်
ကြီးသည် သူကိုယ်တိုင် ခံစားရသ
ဝမ်းသာပျော်ရွှင်လျက်ရှိနေပြီး အ
သဖြင့် စာရေးသူကို ပိုမိုချစ်ခင်ပါသ

၂၀၁၁ ခုနှစ်က ရုပ်ရှင်တော်
ကို ဗုဒ္ဓဂယာသို့ပင့်ဆောင်ပူဇော်တ
ယူခဲ့သူလည်း ဖြစ်ပါသည်။ သစ်
လည်းပေးဖူးပါသည်။ ယခုတည်
သော စေတီတော်ကြီးကိုလည်း အ
ကျေနပ်လျက် ထီးတင်ပွဲတွင် စာရေ
နှင့်အတူနေ၍ ပါဝင်ဆင်နွှဲမည်ဟု အ
ခဲ့ထားပါ၏။ သို့သော် စနေသားဖြစ်
ဦးတင်ထွဋ်သည် ထီးတော်တင်
(၇) ရက်အလို၌ ရုတ်တရက် ကွယ်
အနိစ္စရောက်ရှိသွားခဲ့၏။ ဦးတင်ထ
သည် နေ့စေ့၍ပေလော၊ ဤဘုရား
ပတ်သက်နေ၍ပေလောမသိပါ။
ဘုရား အောင်မြင်စွာ ပြီးစီးရေးအတွ
ရတက်မအေး၊ စာရေးသူကိုလ
စိတ်မချဖြစ်နေခဲ့သော အန်ကယ်
ဦးတင်ထွဋ်သည် အောင်မြင်စွာ
တော်တင်လှူနိုင်ခဲ့ပြီကို မသိနိုင်တေ
သည့်အတွက် စိတ်မကောင်းဖြစ်မိပါ
ရေစက်ချ၊ အမျှဝေစဉ်က အန်ကယ်
ကို မှတ်မှတ်ရရ အမျှပေးဝေခဲ့ပါသေ
သည်။

မည်သို့ပင်ဖြစ်စေကာမူ စာရေ
သူတို့၏ဘဝတစ်သက်တာတွင် မှတ်တို
ထူနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ဤစေတီတော် ပြီးစီးအောင်မြ
ရေးအတွက် အဘက်ဘက်မှ ပါဝင်
ဒါန်းကြသူ၊ ဝေယျာဝစ္စလုပ်အားဒါန
သူ၊ ပါရမီဖြည့်ဆည်းကြသူပေါင်း၊ ပန
တင်ပွဲမှသည် ထီးတော်တင်ပွဲအထိ
ရောက်ချီးမြှင့်ပေးတော်မူကြသောဆ
တော်ဘုရားကြီး၊ ဤစေတီတော်တည
ထားရာ၌ ပါဝင်ခဲ့ကြသော အတတ်
ပညာရှင်များ၊ ထီးတင်ပွဲသို့ ကြွရော
ဖူးမြော်ကြည်ညိုကြသော ရပ်ဝေး၊ ရပ်နီး
မှ ဒေည့်ပရိသတ်များအားလုံး၊ အားလုံး
သော ပဋ္ဌာန်းဆက်ဆွေတော်များတို့
ကျေးဇူးတင်၍ သာဓုခေါ် ဆိုပါကြော
ဤဆောင်းပါးဖြင့် မှတ်တမ်းတင်
သည်။

မြတ်ဗုဒ္ဓ၏သာသနာရာထောင်
နေဦးမည်ပင်းပါစေသော်

ဘိုဘို(ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com

ဝါခင်းတစ်မနက်ခင်းတွင် အိမ်ရှေ့ ...ရိပ်၌ ကျွန်တော် စာဖတ်နေစဉ် ...တော့်တပည့်နှင့် လူငယ်နှစ်ဦးတို့ ...ရောက်လာကြပါသည်။ ကျွန်တော့် ...ပည့်က ရောက်လျှင်ရောက်ချင်း ...သို့စကားစပါသည်။

"ကျွန်တော်တို့ကသာလာခဲ့ရတာ ... ဆရာ့ကိုတွေ့မှတွေ့ပါ့မလားလို့"

"ဒီကနေ့ ဧည့်သည်တစ်ယောက် ...လာမယ်လို့ပြောလို့ သူ့ကိုစောင့်ရင်း ...ဖတ်နေတာပါ"

"ဒီကနေ့ ဘုရားကိုမရောက်တော့ ...ပါ"

"မပြောတတ်သေးဘူး တပည့်တို့ ... ရောက်ဖြစ်ဖို့များတယ်။ ဒါထက် ...ပည့်တို့လာရင်းကိစ္စကို ပြောပြပါဦး"

"လာရင်းကိစ္စကတော့ ခရီးသွား ...ထာတစ်ပုဒ်အကြောင်း မေးချင်လို့ပါ ...ရာ"

"ဘယ်ဂါထာများလဲ တပည့်ရယ်"

"ပါသာဏ သက္ခရာစေဝ၊
ကထာလာခါဏုကဏ္ဍကာ။
သဗ္ဗေမဂ္ဂါ ဝိဝဇ္ဇန္တိ၊

# မြဝင်း(ဒဿန)

## မနုဝဏ္ဏနာဘုရားရှိခိုးဂါထာများနှင့် စပ်လျဉ်း၍



(၄)

ဂစ္ဆန္တေ လောကနာယကေ
ဆိုတဲ့ဂါထာပါ ဆရာ။ ကျွန်တော် ...အိမ်ကနေ တစ်နေ့ရာရာကိုသွား ...မယ်ဆိုရင် အဲဒီဂါထာကိုရွတ်ပြီးမှ ...ပါတယ်။ ဂါထာရဲ့အနက်လည်း ...တယ်။ ကျွန်တော့်သူငယ်ချင်း ...ယောက်က အဲဒီဂါထာကို ဘယ်သူ ...တာလဲလို့ ဆရာ့ကိုမေးပေးပါဆိုလို့ ...ဆီလာပြီးမေးတာပါ"

"ဆရာ အဲဒီဂါထာအကြောင်းကို ...ခဲ့ဖူးတယ်။ ပဏ္ဏာသအဋ္ဌကထာမှာ



www.burmeseclassic.com

www.burmeseclassic.com

လာတဲ့ဂါထာတော်တွေပါ။ ပဏ္ဍာသအဋ္ဌကထာ ဆရာကြီးရေးခဲ့တယ်လို့ဆိုနိုင်ပါတယ်။ ဆရာ အဲဒီဂါထာတွေကိုတွေ့ခဲ့တာကတော့ မန်လည်ဆရာတော်ဘုရားကြီးရဲ့ဘုရားရှိခိုးပေါင်းချုပ်ကျမ်းမှာပါ။ ဂမနဝဏ္ဏနာဘုရားရှိခိုးပါဠိအနက်တဲ့။ ဂါထာ (၁၁) ပုဒ်ရှိတယ်။ တပည့်တို့ရထားတဲ့ ပါသာဏာ သက္ခရာစေဝ ဆိုတဲ့ ဂါထာ (၅) ခု မြောက်ဂါထာပါ။ အဲဒီဂါထာကို အတော်များများရကြပါတယ်"

ကျွန်တော် ထိုသို့ပြောလိုက်သောအခါ ကျွန်တော့်တပည့်နှင့်အတူပါလာသော လူငယ်တချို့က ဤသို့ပြောပါသည်။

"ကျွန်ုပ်တို့ဂါထာ (၁၁) ပုဒ်လုံးကိုလိုချင်ပါတယ် ဆရာ"

"လိုချင်ရင် ရပါတယ်ဗျာ။ ဆရာ့ဆီမှာ မန်လည်ဆရာတော်ဘုရားကြီးရဲ့ဘုရားရှိခိုးပေါင်းချုပ်ကျမ်းကြီးရှိပါတယ်။ ယူသွားပြီးမိတ္တူကူးကြပေါ့။ မိတ္တူကူးကြီးရင်တော့ မှတ်မှတ်ရရပြန်ပို့ကြပေါ့"

"စိတ်ချပါ ဆရာ၊ ကျွန်တော်တို့မှတ်မှတ်ရရပြန်ပို့မှာပါ"

"ကဲ - နေကြဦး၊ ဆရာစာအုပ်သွားယူလိုက်ဦးမယ်"

ကျွန်တော်သည် ကျွန်တော့်စာကြည့်ခန်းသို့သွား၍ စာအုပ်စင်၌အသင့်ထားရှိသော ဘုရားရှိခိုးပေါင်းချုပ်ကျမ်းစာအုပ်ကိုယူခဲ့ပါသည်။ ကျွန်တော်စာအုပ်ယူပြီး ပြန်ရောက်လာသောအခါ အခြားလူငယ်တစ်ဦးက ဤသို့မေးပါသည်။

"ဂါထာတွေကိုတစ်ခေါက်လောက်တော့ဖတ်ပြပါ ဆရာ။ ပုဒ်ပါဠိအဖြတ်အတောက်မှန်အောင် ရွတ်တတ်ဖို့ပါ ဆရာ"

"ကောင်းပါပြီဗျာ၊ ဖတ်ပြပါ့မယ်။ ပါဠိရောအနက်ပါဖတ်ပြပါ့မယ်"

"ကျေးဇူးပါဆရာ"

**ဂမန ဝဏ္ဏနာ ဘုရားရှိခိုးပါဠိအနက်**

၁။ ဇဝံ သဗ္ဗင်္ဂသမ္ပန္နော၊ ကမ္ပ ယန္တော ဝသုန္ဓရံ။
အဟေဌ ယန္တော ပါဏာနိ၊ ယာတိ လောကေ ဝိနာယကော။

၂။ ဒက္ခိဏံ ပဌမံပါဒံ၊ ဥဒ္ဓရန္တော နရာသဘော။
ဂစ္ဆန္တော သိရိသမ္ပန္နော၊ သောဘတိ ဒွိပဒုတ္တမော။

၃။ ဂစ္ဆတော ဗုဒ္ဓ သေဋ္ဌဿ၊ ဟေဋ္ဌာ



၄

ပါဒတလံ မုဒု။
သမံ သမ္ဖုသတေ ဘူမိံ၊ ရဇသာ နုပလိမ္ပတိ။

၄။ နိန္နံ ဌာနံ ဥန္နမတိ၊ ဂစ္ဆန္တေ လောကနာယကေ။
ဥန္နတဉ္စ သမံဟောတိ၊ ပထဝီစ အစေတနာ။

၅။ ပါသာဏာ သက္ခရာစေဝ၊ ကထာလာ ခါဏုကဏ္ဋကာ။
သဗ္ဗေ မဂ္ဂါဝိဝဇ္ဇန္တိ၊ ဂစ္ဆန္တေလောက နာယကေ။

၆။ နာတိဒူရေ ဥဒ္ဓရတိ၊ နစ္စာ သန္နေစ နိက္ခိပိ။
ဘယဥ္စယန္တော နိယျာတိ၊ ဥဘော ဇာဏူစဂေါပ္ဖကေ။

၇။ နာတိသီဃံ ပက္ကပတိ၊ သမ္ပန္န စရဏောမုနိ။
နစာပိ သဏိကံ ယာတိ၊ ဂစ္ဆဟာနော သမာဟိတော။

၈။ ဥဒ္ဓံ အဓောတိရိယဉ္စ၊ ဒိသဉ္စ ဝိဒိသံ တထာ။
နပေက္ခာ မာနောသော ယာတိ၊ ယုဂမတ္တံ ဟိ ပေက္ခတိ။

၉။ နာဂဝိက္ကန္တစာရောသော၊ ဂမနေ သောဘတိ ဇိနော။
စာရု ဂစ္ဆတိ လောကဂ္ဂေါ၊ ဟာသယန္တော သဒေဝကေ။

၁၀။ ဥဠုရာဇာဝ သောဘန္တော၊ စာတု စာရိဝ ကေသရီ။
တောသ ယန္တော ဗဟူသတ္တေ၊ ပု... သေဋ္ဌံ ဥပါဂမိ။
(ဤကား အဋ္ဌကထာရှိဂါထာ)

၁၁။ ဇဝံ သဗ္ဗညု ဌာနမှိ၊ သတ္ထံ ဝ... သောဘဏံ။
ကာယေန ဝါစာ စိတ္တေန၊ ဝန္ဒေ ... လောက သီခရံ။
(ဤကား ပဏ္ဏာမပြုရန်ထည့်လို... သည့်ဂါထာ)

၁။ **ဇဝံ** - ဤသို့၊ **သဗ္ဗင်္ဂသမ္ပန္နော** - လုံးစုံသွယ်သွယ်ကြီးငယ်အင်္ဂါလက္ခဏာတို့နှင့် ပြည့်စုံတော်မူသော၊ **လောကေ** - လောကသုံးပါး၌၊ **ဝိနာယကော** - လူနှင့်ပြဟ္မာသတ္တဝါကို၊ ခေမာကျွန်းတော်နိဗ္ဗူသောင်သို့ ပို့ဆောင်ကယ်တင်တော်မူသော မြတ်စွာဘုရားသည်။ **ဝသုန္ဓရံ** - မဟာပထဝီမြေကြီးကို၊ **ကမ္ပယန္တော** - သာယာငြိမ့်ငြိမ့် တအိမ့်အိမ့်ဖြင့် တသိမ့်သိမ့်တုန်လှုပ်စေလျက်။ **ပါဏာနိ** - ပုရွက်ဆိတ်စသည်များစွာ သတ္တဝါတို့ကို၊ **အဟေဌ ယန္တော** - မညှဉ်းဆဲဘဲ၊ **ယာတိ**-ကြွသွားတော်မူတတ်၏။

၂။ **နရာသဘော** - လူတို့၏ဦးစီး အကြီးဆုံး အာသဘဖြစ်တော်မူသော **သိရိသမ္ပန္နော** - ကျက်သရေအပုံ ရှုဖွယ်ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော၊ **ဒွိပဒုတ္တမော** - အခြေနှစ်ချောင်း လူအပေါင်း...ထက် မြတ်တော်မူသော မြတ်စွာဘုရားသည်၊ **ဒက္ခိဏံ** - လက်ယာဖြစ်သော **ပါဒံ** - ခြေတော်ကို၊ **ဥဒ္ဓရန္တော** - ချီ... မြောက်မကြွတော်မူလျက်၊ **ဂစ္ဆန္တော** - လှမ်းတော်မူသည်ဖြစ်၍၊ **သောဘတိ** - တင့်တယ်တော်ဟူ၏။

၃။ **ဂစ္ဆတော** - ယင်းသို့ရှုဖွယ် တင့်တယ်စွာကြွတော်မူသော၊ **ဗုဒ္ဓသေဋ္ဌဿ** - ဘုရားမြတ်၏၊ **မုဒု**-နူးညံ့စွာသော **ဟေဋ္ဌာပါဒတလံ**-အောက်ဖဝါးခြေတော်အပြင်သည်၊ **ဘူမိ** - မြေကြီးကို၊ **သမံ** - ညီညွတ်စွာ၊ **သမ္ဖုသတေ** - ဖြည်းညင်းသာယာ ကောင်းစွာထိတော်မူ၏။ **ရဇသာ** - မြူဖြင့်၊ **နုပလိမ္ပတိ** - မလိမ်းကျံ...

၄။ **လောကနာယကော** - လူသုံး... တို့၏ အမျိုးစင်စစ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ **ဂစ္ဆန္တေ** - ကြွ... မူသည်ရှိသော်၊ **ပထဝီစ**-မဟာပထဝီမြေကြီးသည်လည်း၊ **အစေတနာ**-စိတ်မရှိ... လျက်၊ **နိန္နံဌာနံ**-နိမ့်ရာအရပ်သည်။ **ဥန္နမတိ**-မြင်၏။ **ဥန္နတဉ္စ**-မြင်ရာအရပ်သည်လည်း။ **သမံ**-ညီညွတ်စွာ၊ **ဟောတိ**-ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

၅။ **လောကနာယကော** - လူသုံးဦးတို့၏အမျိုးခေါင်ဖျား မြတ်ဘုရားသည်။ **ဂန္ထဗ္ဗော** - ကြွရောက်ဟုသည်ရှိသော်၊ **သဒ္ဒေ** - ခပ်သိမ်းကုန်သော၊ **ပါသာဏာ**- ကျောက်ခဲတို့သည်လည်းကောင်း၊ **သက္ခရာစေဝ** - ကျောက်စရစ်တို့သည်လည်းကောင်း၊ **ကဏ္ဋကာ**-အိုးခြမ်းကွဲတို့သည်လည်းကောင်း၊ **ခါဏုကဏ္ဋကာ**-သစ်ငုတ်ဆူးငြောင့်တို့သည် လည်းကောင်း။ **ဇျိ**- ဘုရားမြတ်စွာ၊ စကြာဖြန့်လွှမ်းခရီးသွားမှု၊ **ဝိဝဇ္ဇန္တိ** - ခွာကြည်ဖဲကာ ရှောင်လွှဲရှာကြကုန်၏။

၆။ **နာတိဒူရ** - မကွာမဝေးလွန်းသောအရပ်၌၊ **ဥဒ္ဓရတိ**-ချီကြွတော်မူ၏။ **နာသန္နေ** - မနီးမကြုံ့လွန်းသောအရပ်၌ **နိက္ခိပိ**-ချတော်မူ၏။ **ဥဘော** - နှစ်ဖက်ကုန်သော၊ **ဇာဏုစ**-ဒူးတော်တို့ကိုလည်းကောင်း၊ **ဂေါပ္ဖကေစ** - ဖမျက်တော်တို့ကိုလည်းကောင်း၊ **အဃဋ္ဋယန္တေ** - မပွတ်တိုက်မခိုက်မငြိမထိပါးစေဘဲ၊ **နိယျာတိ**-ယာမွေ့ညက် ရွှေစက်ချိမြန်းကြွလှမ်းတော်မူတတ်၏။

၇။ **သမ္ပန္နစရဏော** - စရဏ တစ်ဆယ့်ငါးရပ် မြတ်သောအကျင့်နှင့် ပြည့်စုံတော်မူသော၊ **သမာဟိ** - တောင်သုံးခုံလောက် မြင်းမိုရ်ထက်သို့ လှုပ်ရှားတ်မနိုင် ကြံ့ခိုင်တည်စွာသောသမာဓိရှိတော်မူသော။ **မုနိ** - မြတ်စွာဘုရားသည်၊ **ဂစ္ဆမာနော** - ကြွတော်မူသည်ရှိ၊ **နာတိသီဃံ** - မလျင်မမြန်လွန်း၊ **ဂစ္ဆတိ**-ကြွတော်မူ၏။ **နစာပိသဏိကံ**-နှေးမဖြည်းလွန်း၊ **ယာတိ** - ကြွတော်မူ၏။

၈။ **ဥဒ္ဓံ**-အထက်ကိုလည်းကောင်း၊ **အဓော** - အောက်ကိုလည်းကောင်း၊ **တိရိယဉ္စ**- ဖီလာကိုလည်းကောင်း၊ **ဒိသဉ္စ**-အရပ်မျက်နှာကိုလည်းကောင်း၊ **နပေက္ခတိ**-ထိုမှုတစ်ပါး။ **ဝိဒိသံ**-အတောင်အရပ်တို့လည်းကောင်း၊ **နပေက္ခမာနော**-ကြည့်တော်မမူဘဲ၊ **သော** - ထိုမြတ်စွာဘုရားသည်၊ **ယာတိ**-ကြွတော်မူ၏။ **ယုဂမတ္တံ** - ထမ်းပိုးတစ်ပြန် လေးတောင်မှန်မျှသာလျှင်၊ **ပေက္ခတိ** - ရှုတော်မူ၏။

၉။ **သောဝိနော** - ထိုမြတ်စွာဘုရားသည်၊ **နာဂဝိက္ကန္တစာရော**-ဆဒ္ဒန်ဆင်မင်းကြွနင်းတင့်တယ်ခြင်းကဲ့သို့ တင့်တယ်စွာ ကြွလှမ်းခြင်းရှိသည်ဖြစ်၍၊ **ဂမနေ**-ကြွသွားခြင်း၌၊ **သောဂတိ** - ယဉ်ကျေးတင့်တယ်တော်ဟု၏။ **တိလောကဂ္ဂေါ** - လောကသုံးဆူ လူတို့ထွဋ်ဖျား မြတ်စွာဘုရားသည်။ **သာဒေဝကေ**-နတ်နှင့်အတူ သုံးပါးလူတို့ကို၊ **ဟာသယန္တော** - ကြည်လင်နှစ်လို ရွှင်ပျို့ခြင်းကိုဖြစ်စေလျက်၊ **စာရု** - တင့်တယ်စွာ၊ **ဂစ္ဆတိ** - ကြွတော်မူ၏။

၁၀။ **သောသန္တော** - ကောင်းကင်မိုးလယ်လွန်တင့်တယ်သော၊**ဥဠုရာဇာဝ**-ကြယ်များသနင်း ငွေလမင်းကဲ့သို့၊ **စာကုစာရီ** - အခြေလေးဖက်ငြိမ်သက်သိမ်မွေ့ ကွန့်မြူးလေ့ရှိသော၊ **ကေသရီစ** - ကေသရာဇာခြင်္သေ့မင်းကဲ့သို့။ **ဗဟူ**-များစွာကုန်သော၊ **သတ္တေ** - တိရစ္ဆာန်လူနတ်ယုတ်မြတ်များစွာသတ္တဝါခပင်းတို့ကို၊ **တောသယန္တော**-မဟာကုသိုလ်ကြည်ညိုစေတနာစိတ်သဒ္ဒါဖြင့်၊ **ဖရဏာ** - ပီတိရွှန်းအိလျှမ်းဝေနှစ်သက်စေလျက်။ **ပုရသေဋ္ဌံ** - ကပိလဝတ်ပြည်တော်မြတ်သို့၊ **ဥပါဂမိ** - ကပ်တော်မူ၏။

၁၁။ **ဧဝံ** - ဤသို့ခြင်းရာ၊ ဤသို့သာလျှင်၊ **သဗ္ဗတ္ထဒ္ဒာနုမိ** - အလုံးစုံသောအရပ်သို့။ **သန္တံ** - ငြိမ်သက်စွာ၊ **ဂမနသောဘဏံ** - တင့်တယ်စွာကြွသွားခြင်းရှိတော်မူသော၊ **လောကသီဘံ**-လူသုံးပါးတို့၏ထက်ဖျားရောင်လျှံဖြစ်တော်မူသောရှင်စောဘုရားကို၊ **အဟံ**-အကျွန်ုပ်သည်၊ **ကာယေန** - ကာယဒွါရဖြင့်၊ **ဝန္ဒေဝန္ဒာမိ**-ပုဆစ်ညွှတ်တုပ် လက်အုပ်ချီမိုး ရှိညွှတ်ကျိုး၍ ရှိခိုးပူဇော်ပါ၏။ **ဝါစာဝါစာယ** - နှုတ်ဟုဆိုအပ်သောဝစီဒွါရဖြင့်၊ **ဝန္ဒေဝန္ဒာမိ** - နှုတ်ကထွက်ထွက်ဆိုရွတ်ရွှင်ဖြိုးမြွက်ဖော်ပျိုး၍ ရှိခိုးပူဇော်ပါ၏။ **စိတ္တေန**-စိတ်ဟုဆိုအပ်သောမနောဒွါရဖြင့်၊ **ဝန္ဒေဝန္ဒာမိ** - အောက်မေ့ဆင်ခြင် ကြည်ရွှင်မြတ်နိုး သဒ္ဒါပျိုး၍ ရှိခိုးပူဇော်ပါ၏"

"ဆရာအတော်မောသွားရောပေါ့"

"မမောပါဘူး တပည့်ရယ်။ ဆရာ ရွတ်ဖတ်ပူဇော်နေကျပါ"

"ဆရာ အခုလို ရွတ်ဖတ် ပူဇော်ပြတာကိုနာရတော့ ကျွန်တော်တို့ပုဒ်ပါဠိမှန်အောင်ရွတ်နိုင်တာပေါ့ ဆရာ"

"ဒါ့ထက် တပည့်တို့ကိုပြောရဦးမယ်။ အခုစကားပြောနေတုန်း လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးဘာသာပြန်တဲ့ သာသနသမ္ပတ္တိဒီပနီကို သတိရလာတယ်"

"ဆရာဦးမောင်ကြီးက ဘယ်သူရေးတဲ့ကျမ်းကို ဘာသာပြန်တာလဲ ဆရာ"

"လယ်တီဆရာတော်ဘုရားကြီးစီရင်တဲ့ကျမ်းကိုဘာသာပြန်ထားတာပါ။ အဲဒီသာသနသမ္ပတ္တိဒီပနီထဲမှာ မြတ်စွာဘုရားဆွမ်းခံကြွတော်မူပုံကို ပြတဲ့အခါ ဂမနဝဏ္ဏနာဘုရားရှိခိုးဂါထာတွေကိုပြထားတယ်။ဆရာဦးမောင်ကြီးက အများမှတ်မိလွယ်အောင် ဂါထာ (၁) ပုဒ်စီရဲ့ အနှစ်ချုပ်ကို ဆောင်ပုဒ်ကလေးတွေနဲ့ ပြထားတယ်။ နေပါဦးကွာ၊ဆရာစာအုပ်ယူလိုက်ပါဦးမယ်"

(ကျွန်တော်သည် ကျွန်တော့်စာကြည့်ခန်းသို့သွား၍ သာသနသမ္ပတ္တိဒီပနီကိုယူခဲ့ပြီး ဆောင်ပုဒ်များကို ဖတ်ပြပါသည်။)

"ကဲ - ဂါထာ (၁) ပုစီရဲ့ဆောင်ပုဒ်ကလေးကို ဆရာဖတ်ပြပ့်မယ်။ ဂါထာ (၁) ရဲ့ဆောင်ပုဒ်က ဘုရားကြွရာမြေလှုပ်စွာတဲ့။ ဂါထာ (၂) ရဲ့ဆောင်ပုဒ်က လက်ယာကမှတ် ညာခြေကြွတဲ့။ ဂါထာ (၃) ရဲ့ဆောင်ပုဒ်က နင်းကွက်ချရာ မြေညီညာတဲ့။ ဂါထာ (၄) ရဲ့ဆောင်ပုဒ်က နိမ့်မြင့်မထင် တညီတည်းပင်တဲ့။ ဂါထာ (၅) ရဲ့ ဆောင်ပုဒ်က ဘေးအန္တရာယ်လမ်းမှားဖယ်တဲ့။ ဂါထာ (၆) နဲ့ ဂါထာ (၇) ကိုတော့ တစ်ပေါင်းတည်း ရေးထားတယ်။ မစိပ်မကျဲ မနှေးမမြန် ခြေလှမ်းပြန်တဲ့။ ဂါထာ(၈)ရဲ့ဆောင်ပုဒ်ကတော့ ထမ်းပိုးတပြန် ကြည့်လေဟန်တဲ့။ ဂါထာ (၉) ရဲ့ ဆောင်ပုဒ်ကတော့ သဒ္ဒါပန်းပွင့် လွန်ဆန်းတင့်တဲ့။ ဂါထာ (၁၀) ကိုတော့ ရေးပြထားတာမတွေ့ရဘူး"

"ကျွန်တော်တို့ အဲဒီဆောင်ပုဒ်ကလေးတွေကိုကူးသွားချင်ပါတယ်ဆရာ"

"ကူးသွားပါဗျာ"

(ကျွန်တော်သည် ကျွန်တော့်တပည့်အား သာသနသမ္ပတ္တိဒီပနီကို လှမ်းပေးလိုက်ပါသည်။ ကျွန်တော့်တပည့်နှင့်အတူပါလာသောလူငယ်နှစ်ဦးသည် ဆောင်ပုဒ်ကလေးများကိုကူးကြပါသည်။ ဆောင်ပုဒ်များကို ကူးပြီးသောအခါ ကျွန်တော်တပည့်က ဤသို့ပြောပါသည်)

"ကျေးဇူးပါ ဆရာ၊ ကျွန်တော်တို့ သိလိုတဲ့အချက်တွေကိုသိရပါပြီ"

"နောင်လည်း လာခဲ့ကြပါဗျာ။ တပည့်တို့ အခုလိုလာတာဝမ်းသာပါတယ်။ ဆရာလည်းဖတ်ထားတဲ့စာတွေကို ပြန်ဖတ်ရတာပေါ့"


ထို့နောက် ကျွန်တော့်တပည့်နှင့် လူငယ်နှစ်ဦးသည် ကျွန်တော့်ကို ကန်တော့ပြီးပြန်သွားကြပါသည်။

ပြီးပြီ (ဒဿန)



www.burmeseclassic.com

www.burmeseclassic.com



# သန်းဇင်

# အကျဉ်းကျဝိညာဉ်များ

ညသည် တိတ်ဆိတ်နေ၏။ ပုရစ်သံ၊ ပိုးကောင်တို့၏မြည်သံများက တစ်ခါတစ်ရံ ထွက်ပေါ်နေသည်။ ဟိုအဝေး ကမ်းနားဘက်မှ ခွေးအူသံတို့ ရံဖန်ရံခါကြားရ၏။ ဗဟိုကင်းမျှော်စင်ကြီးမှ ကိုးနာရီထိုးသည့် အချက်ပေးသံချောင်းခေါက်သံကြားရပြီး အဆောင်စောင့်ဗာရာများက အားလုံးကောင်းပါသည်ခင်ဗျားဟု လုပ်ရိုးလုပ်စဉ်တင်ပြ အချက်ပေးသည့်အသံများကလည်း နာရီအလိုက် စည်းချက်ညီစွာ ထွက်ပေါ်နေသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးသည် သရဲသဘက်ကြီးတစ်ကောင် လွင်ပြင်မှာ လဲလျောင်းနေဘိသကဲ့သို့ အရုပ်အဆိုးအကျည်းတန်စွာဖြင့် ညအားဖြတ်သန်းနေ၏။

"အား ဝူး ဟေး ဟေး ဟေး"

အဆောင်(၁)မှစ၍ကြားရသော အသံ ဖြစ်သည်။ ထိုအသံများသည် အဆောင်(၁)၏မည်သည့်အခန်းစတင်ဖြစ်ပေါ်လာသည် မသိရသော်လည်း အကျဉ်းကျအခန်းများသို့ တစ်ခန်းပြီး တစ်ခန်းကူးစက်လာသည်။

"ဘုန်း. . . . ဘုန်း"

"အား အမလေး ကြောက်ပါပြီဗျ"

"ရိုက်ရိုက် အဲဒီကောင်က စအော် တာ"

နှစ်ရှည်အကျဉ်းကျနေပြီး အခန်းလူကြီးဖြစ်နေသောသူအား တန်းစီးများကပြောသဖြင့် အခန်းလူကြီးသည် စအော်သည့်အကျဉ်းသားအား ပယ်[illegible] နယ်နယ်လက်စွမ်းပြနေ၏။

"တော်ပြီ တော်ပြီ ဒီအဆောင်မှာ ပဲ။ ငြိမ်သွားပြီ၊ ဆက်မရိုက်နဲ့တော့"

အော်သံများသည် ထိုအဆောင် (၁)မှာပင် ငြိမ်သက်ပျောက်ကွယ်သွားခဲ့သည်။ တိတ်ဆိတ်သောညဉ့်ဆိုကဲ့သို့ အော်သံ



www.burmeseclassic.com

www.burmeseclassic.com



များအား တခြားအဆောင်များကလည်း ကြားနေရပါသည်။ အကျဉ်းသားများသည် ဆိုင်ရာအခန်းလူကြီးများ၏ တိတ်တိတ်နေ၊ စကားမများနဲ့ လုပ်တဲ့သူ အချိတ်ခံရမယ်ဟူသော တစ်ချက်လွှတ် အမိန့်ခြောက်လှန့်မှုကြောင့် တုတ်တုတ်မှ မလှုပ်ရဲကြပါ။ ဗာရာတွေကလည်း ကော်ရစ်ဒါမှာ ဖိနပ်သံတဒေါက်ဒေါက်နှင့် လူးလာတဲ့ခေါက်လျှောက်ရင်းက အကျဉ်းသားများ၏ အခြေအနေကို စောင့်ကြည့်နေကြသည်။ မကြာမီ အဆောင် (၁) မှ အသံများ ပြန်လည်ငြိမ်သက်သွားကြသည်။ အစောင့်ဗာရာ၏ အားလုံးကောင်းပါသည်ခင်ဗျားဟူသောအသံတွေ ပြန်လည်ထွက်ပေါ်လာပြီး အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးသည် နေမြဲတိုင်းအခြေအနေဖြင့် တိတ်ဆိတ်သွား၏။ တာဝန်ကျ ထောင်မှူး၊ ထောင်ပိုင်တွေလည်း စိုးရိမ်နေရသော ရင်ထဲမှ သောကအလုံးကြီးတို့ ပြုတ်ကျသွားခဲ့ရသည်။ ထောင်အပြင်ဘက် ရန်ကုန်-ပြည်ရထားလမ်းမှ ပြည်စာပို့ရထားကြီး၏ဥသြသံကို သဲ့သဲ့ကြားလိုက်ရပါတော့သည်။

❑

အင်းစိန်ထောင်မှာ တစ်ပတ်လျှင် တစ်ကြိမ် အသားကျွေး၏။ အမဲသားကျွေးသည့်နေ့သည် အကျဉ်းသားများအတွက် အူစိုသောနေ့တစ်နေ့ ဖြစ်ပါသည်။ တချို့အကျဉ်းသားတွေဟာ မိမိရရှိသော အမဲသားတုံးအား နည်းနည်းသာစား၍ နေ့ဖို့ညစာချန်ထားကြသည်။ တချို့အကျဉ်းသားများက နေ့စဉ်ကျွေးသော သဲတရှပ်ရှပ်၊ ဖွဲနုနိုင်းချင်းနှင့် ငန်ကျိကျိစိမ်းစားငါးပိ၊ အရောရော အထွေးထွေးဖြစ်နေသော ကန်စွန်းရွက်ရေလုံးပြုတ်ကိုသာစားကြပြီး ရလာသော အမဲသားတုံးအား ဆေးလိပ်ဖြင့် လဲသောက်ကြ၏။ သူတို့သည် ထောင်ဝင်စာလာမတွေ့နိုင်သော မျက်နှာမွဲများ ဖြစ်ကြ၏။ ထောင်ကျနေသော တရုတ်လူမျိုးတွေက ထောင်ထဲမှာပင် စီးပွားရေးလုပ်ကြသည်။ ဆေးလိပ်ဆိုင်၊ မုန့်ဆိုင်၊ ပုဆိုး၊ အကျီအရောင်းအဝယ်မှစ၍ အပတ်စဉ်ကျွေးသောအမဲသား၊ဝက်သား အထိအရောင်းအဝယ်လုပ်ပြီး ဟင်းချက်၍ ပြန်ရောင်းစားကြသည်။ ချမ်းသာပြီး အပတ်စဉ် ထောင်ဝင်စာလာတွေ့နိုင်သော အကျဉ်းသားများက ထောင်မှ ကျွေးသည့် အသားဟင်းကို ဂရုမစိုက်။ နီးစပ်ရာ မရှိသည့်သူများကို စွန့်ကြဲတတ်ကျသည်။ ထောင်သည် ပိုက်ဆံရှိသူ အကျဉ်းသားများအတွက် ဥပဒေစည်းရိုးအတွင်းမှ ဆန့်ကျင်ဘက် ဣတ္ထိလိင်မရှိသော အပန်းဖြေစခန်းတစ်ခုသာတည်း။

အမဲသားကျွေးသည့်နေ့ဆိုလျှင် တာဝန်ကျ ထောင်မှူး၊ ထောင်ပိုင်မှစ၍ လုံခြုံရေးဘာယာအစောင့်များနှင့်အကျဉ်းသားတာဝန်ရှိသူ တန်းစီး၊ အခန်းလူကြီးများပါမကျန် ထိုနေ့သည်အား အသည်း



www.burmeseclassic.com

www.burmeseclassic.com

တထိတ်ထိတ် ရင်တဖိုဖိုဖြတ်သန်းကြရ၏။ ထိုညသို့ရောက်လျှင် မည်သည့်အဆောင်မှစသည်မသိ လန့်၍အော်သံများအား ကြားရတတ်ပါသည်။

သို့သော် အမြဲတမ်းတော့မဟုတ်ပါ။ ရံဖန်ရံခါဖြစ်တတ်သောထောင်တွင်းအခြောက်အလှန့်များဖြစ်၏။ အမဲသားကျွေးသည့်နေ့သို့ရောက်ခဲ့လျှင် ညနေဘက်၌ အခန်းများ သော့ပိတ် လူစစ်ပြီးသည်နှင့် အခန်းလူကြီးများက ခေါင်းရင်းဘက်ဘုရားခန်း၌ အကျဉ်းသားများအား စုဝေးစေပြီး ဘုရားရှိခိုးခိုင်း၏။ အခန်းလူကြီးသည် လွတ်လပ်သည့် အပြင်လောက၌ လူသတ်၊ မုဒိမ်း၊ ဓားပြမှုများကျူးလွန်၍နှစ်ရှည်ထောင်ဒဏ်ကျခံလာခဲ့ရသော်လည်း အကျဉ်းထောင်အတွင်း၌မူ အကျဉ်းသားများအား နေ့စဉ်မလုပ်မနေရ ဘုရားဝတ်ပြုသည့်အလုပ်အား အတင်းအကျပ်စေခိုင်းနေပါသည်။ ရယ်စရာတော့ အကောင်းသားပင်။

အမဲသားကျွေးသည့်နေ့ရောက်ခဲ့လျှင် ဘုရားဝတ်ပြုသည့် အလုပ်အား ပို၍တင်းကျပ်သည်။ အင်းစိန်ဗဟိုအကျဉ်းထောင်၏ အမျိုးသမီးဆောင်၊ အကျဉ်းကျ အချုပ်သားများထားရာအဆောင်ငါးခုစလုံး ညနေဘက်ရောက်သော် ဘုရားရှိခိုးသံများဖြင့်ဝေစည်နေပါသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်မိန်းဂျေးတံခါးဝကြီးမှဝင်လာခဲ့သော် ဖြောင့်တန်းနေသောလမ်းရှိ၍ ဘယ်၊ ညာတွင် အုတ်နံရံကြီးရှိသည်။ ထိုမှာဟိုမှာဘက်ခြမ်းတွင် အရေးကြီးအကျဉ်းသားများအားထားရာတိုက်များရှိသည်။ ဘန်ဂလိုဆန်ဆန် ဆောက်လုပ်ထားသောတိုက်လေးတစ်လုံးပင်ရှိသည်။ နိုင်ငံတော်အတွက် အရေးကြီးပုဂ္ဂိုလ်အကျဉ်းသားထားရာဟု သိရသည်။ ပြီးတော့ မိန်းမဆောင်။ ထို့နောက် လမ်းဆုံလမ်းခွတွင်ထမင်းချက်သည့်ဖိုကြီး။ ဖိုကြီးအဆောက်အအုံ၏ခေါင်မိုးထက်၌ ရုပ်တော်မူဘုရားတစ်ဆူတည်ထား၏။

ထိုရုပ်ပွားတော်အား ထောင်မှလွတ်သည့် အကျဉ်းသားများနှင့် အချုပ်ကျ၍ အာမခံရသည့် အချုပ်သားများသည် လွတ်သည့်နေ့တွင်ဖြစ်စေ၊ အာမခံအတွက်ရုံးထုတ်သည်ဖြစ်စေ မိန်းဂျေးဝသို့သွားရသည့်အခါ လှည့်မကြည့်ရဲကြပါ။ လှည့်ကြည့်ပြီး ဖူးမိသော် နောက်တစ်ခါပြန်လာရတတ်သည်ဟု အဆိုရှိသည်။ ယခုခေတ်မှာတော့ ထိုအယူသီးသည့်အစွဲအား အကျဉ်းသားအချို့ဖြစ်သော ခိုးဆိုးကား လူသတ်၊ ဓားပြ၊ မုဒိမ်းကောင်များက မကြောက်ကြတော့။

အင်းစိန်ထောင်သည် အယူအဆမတူသဖြင့် ဆန့်ကျင်အာခံဆန္ဒပြမိသည့် နိုင်ငံရေးအကျဉ်းသားများအတွက် နှစ်ရှည်တရားစခန်းဝင်ရာ တောရဖြစ်နေသော်လည်း လူ့ပတ်ဝန်းကျင်မှာ ဘယ်လိုမှ လက်မခံနိုင်စရာဖြစ်သည့် ရက်စက်ကြမ်းကြုတ်သော လူသတ်သမားများ၊ မုဒိမ်းကောင်များ၊ သူခိုး၊ ဓားပြများအတွက်မည်မျှပင် နှစ်ရှည်ကျခံစေရသည်ဖြစ်စေ မကြာမီ လွတ်ငြိမ်းချမ်းသာခွင့်ဟူသော အောင်ဘာလေဆုကြီးက အကြိမ်ကြိမ်အခါခါထုတ်ပြန်နေ၍ သူတို့က ထောင်အား အိမ်ဦးနှင့်ကြမ်းပြင်လိုပြုမူလာကြ၏။ ထပ်ကာထပ်ကာပြစ်မှုကျူးလွန်ရမှာကိုလည်း မကြောက်ကြတော့ပါ။

တကယ်တော့ ထောင်သည်ပြန်လည်ပြုပြင်ရေးစခန်းသာဖြစ်သင့်သလို လူ့ပတ်ဝန်းကျင်အား ဒုက္ခပေးနေသော လူ့ဗာလများအား ချုပ်နှောင်ထားရာနေရာတစ်ခုဖြစ်သင့်ပါသည်။ ယခုတော့ ထောင်ဆိုသည်မှာ အယူအဆမတူသူများအား ချုပ်နှောင်ထားရာ နရသိမ်ငရဲခန်းတစ်ခုဖြစ်နေခဲ့သည်မှာ ဆယ်စုနှစ်ပေါင်းများစွာပင်ဖြစ်နေခဲ့ပါပြီကော။

❑

နားလည်တတ်ကျွမ်းသည့် ဆရာတော်ကြီးများက ဤကဲ့သို့ အမဲသားကျွေးသည့်ည၌ ထောင်တွင် ဘာမှန်းမသိဘဲ ဆင့်ကာဆင့်ကာ အော်ဟစ်ကြခြင်းမှာ မကျွတ်မလွတ်ကြသေးသည့် အကျဉ်းသားများက သူတို့လည်း အမဲသားစားလို၍ ပူးကပ်ပြီး အော်ကြကြောင်းပြောပြပါသည်။



အကျဉ်းသားတစ်ယောက်အား စတင်ပူးကပ်ပြီး သူတို့လည်း စားလိုကြောင်း အော်ဟစ်သည်နှင့် ဘေးကအကျဉ်းသားသည် ရောယောင်ကြောက်လန့်၍လိုက်အော်သည်နှင့် အကျဉ်းသားများဆင့်ကဲဆင့်ကဲအော်ကြပါတော့၏။ ထိုအခါ မျက်ခြေမပြတ်စောင့်ကြည့်နေသော တန်းစီး၊ အခန်းလူကြီးများကစအော်သည့်အကျဉ်းသားအား ထိုးကြိတ်ကန်ကျောက်ကြပါတော့၏။ ထိုအကျဉ်းသားများလည်း အအော်ရပ်သွားပါတော့သည်။

အကယ်၍များ စအော်သည့်သူကိုမသိရှိပါက ဟင်းချက်ဖိုကြီးကို ဗဟိုပြု၍ တည်ဆောက်ထားသော တိုက်တန်းလျားရှည်အဆောင် (၁) မှ(၅)အထိ အဆောင်များသည် တစ်ဆောင်ပြီးတစ်ဆောင် ကူးစက်အော်ကြခြင်းဖြင့် အင်းစိန်ထောင်ကြီးတစ်ခုလုံး အော်ဟစ်ကြီး ဆင်နွှဲကြပါတော့သည်။ ထိုအခါတွင် အင်းစိန်ထောင်ပိုင်ကြီးသည်လည်း ထုချေလွှာတင်ရပြီး ပတ်ဝန်းကျင်ရပ်ကွက်များက အင်းစိန်ထောင်တွင်းမှာဘာတွေဖြစ်နေသလဲဟု သို့လောသို့လောဖြစ်ကြရ၏။

ထိုအဖြစ်အပျက်များဖြစ်သော ဂမ္ဘီရဖြစ်စဉ်များသည် အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးတွင် မကြာခဏဖြစ်ပွားခဲ့ပါသည်။ သဘောကတော့ ထောင်အတွင်း၌ မကျွတ်မလွတ်သေးသော ဝိညာဉ်လောကသားများရှိနေကြောင်း သာဓကဆောင်နေပါ၏။

တချို့က ထောင်ကျနေစဉ် ဆုံးပါးသွားကြသည်။ တချို့က ကြိုးပေးခံရသည်။ တချို့က သေဆုံးသွားပေမယ့် မင်းအာဏာဖြင့် လွတ်ငြိမ်းချမ်းသာခွင့်မရဘဲ အချုပ်အနှောင်ခံနေရသည်။ ထိုသူတို့၏ဝိညာဉ်များက ထောင်အားစွဲလမ်းပြီး ပူးကပ်၍နေထိုင်ကြမည်ထင်ပါသည်။ ထောင်ထဲမှာ မကြာခဏ သရဲခြောက်သည်ဟု ထောင်ကျခဲ့ဖူးသော နိုင်ငံရေးအကျဉ်းသားတစ်ယောက်ပြောပြသည်ကို ကြားသိခဲ့ရဖူး၏။

ကျွန်ုပ်သည် မိမိနေထိုင်ရာရပ်ကွက်အတွင်းရှိ မိတ်ဆွေဇနီးမောင်နှံအား အကြောင်းပြုပြီး ၎င်းတို့အဖွဲ့မှကြီးမှူးကျင်းပသော အကျွတ်အလွတ်ပွဲ၌ တစ်ခါတစ်ရံ ဝင်ရောက်ကူညီခဲ့ဖူးပါသည်။ သူတို့အဖွဲ့က သီတင်းကျွတ်

www.burmeseclassic.com

www.burmeseclassic.com

ည့်နေ့ရောက်တိုင်း ညနေဘက်တွင် သာန်သချိုင်းသို့ သွားရောက်ကြပြီး တ်မလွတ်သေးသော ပရလောက များအား အစာအာဟာရ ဟင်း၊ င်များ လှူဒါန်းကျွေးမွေးကြသည်။ င်းနှင့် အမဲသားဟင်း၊ ဒံပေါက်၊ လားဟင်းများအပြင် တစ္ဆေမှင်စာ များအတွက် မုန့်ပဲသရေစာများကို သီးသန့်နေရာလုပ်၍ ကျွေးမွေးကြ သည်။

ယခင် မဆလခေတ်က ကြံတော သာန်တွင် ကျင်းပခဲ့ရာမှ ၁၉၈၈ ခုနှစ် အစိုးရတက်လာပြီးနောက်ပိုင်းတွင် ဝေးသုသာန်၌ ကျင်းပလာခဲ့သည်မှာ ၁) ကြိမ်မြောက်တိုင်ခဲ့၏။ တန်ဆောင် လရောက်တိုင်း ထိုအဖွဲ့မှပင် ရန်ကုန် ပုဇွန်တောင်မြို့နယ်အတွင်း ရွှေဘုန်း စေတီတော်ဝင်းတွင်း သိမ်ကြီးထဲတွင် သာတော်များအား ပင့်ဖိတ်၍ အလှူ ပြီး သိုက်နန်းရှင်များအား အမျှပေး ကြပြန်ပါသည်။ ထို့နောက် ဒီဇင်ဘာ ရောက်လျှင် မွန်ပြည်နယ် ကျိုက်ထိုမြို့ သာန်သို့ သွားရောက်ကာ အကျွတ် လွတ်ပွဲကျင်းပကြပြန်ပါသည်။ ဤသို့ နှစ်စဉ်နှစ်တိုင်း သုံးကြိမ်သုံးခါ ကျွတ်အလွတ်ပွဲကျင်းပခဲ့ကြ၏။

ယခုနှစ်တွင် ကြုံကြိုက်၍ ကျွန်ုပ် ဝင်ကူညီပြီး ကုသိုလ်ပြုခဲ့ရပါသည်။ အချိန်မှာ မထင်မှတ်သော ထူးဆန်းမှု စ်ခုနှင့် ကြုံတွေ့ခဲ့ရ၏။ ထိုအကျွတ် လွတ်အဖွဲ့တွင် စမ်းချောင်း၊ မြောက် ဥက္ကလာ၊ မင်္ဂလာတောင်ညွန့်နှင့် ပုဇွန် တောင်မြို့နယ် ဟူ၍ အဖွဲ့ခွဲလေးခုရှိ သည်။

စမ်းချောင်းမြို့နယ်မှ လူငယ်လေး များက ထမင်း၊ အမဲသားဟင်းများအား ခင်း၍ အုတ်ဂူထက်၊ မြေပုံများပေါ် တွင် ကျွေးမွေးနေကြ၏။ မိန်းကလေး ယ်များက တာဝတိံသာမှ ကြွချီလာ ည့် ဘုရားရှင်အား ရည်မှန်းပြီး အလင်း င်များ ပူဇော်ရန် ဖယောင်းတိုင်၊ မွေးတိုင်းတိုင်များအား မီးထွန်းညှိပေး ကြသည်။ လူငယ်လေးတစ်ယောက်က န်းဖုန်းဖြင့် မှတ်တမ်းတင်ဓာတ်ပုံရိုက် နေပါသည်။ မှောင်မိုက်နေသော ရေဝေး သုသာန်ခုံအုတ်ဂူများပေါ်တွင် ထွန်းညှိ ထားသော ဖယောင်းတိုင်များ၏ လင်း တက်သောအရောင်များက သုသာန် တစ်ခုပြင်အား မထင်မရှားမြင်တွေ့နိုင် ပါသည်။ အုတ်ဂူများပေါ်တွင် အလှူ နေပြုထားသော ထမင်းဟင်းစားဖွယ် များက အပုံပုံဖြင့် စားချင့်စဖွယ်ဖြစ်၏။

အလှူအတန်းပြီး၍ ပြန်မည်ပြင် ကြစဉ် ထိုလူငယ်လေးက သူမှတ်တမ်း တင်ထားသော ဓာတ်ပုံများအား ဟန်း ဖုန်းကို ပွတ်သပ်လျက်ကြည့်၏။

"ဟာ-ဒီမှာဘာပုံကြီးလဲဟ၊ လာ ကြည့်ကြဦး"

ကျွန်ုပ်လည်း ထိုလူငယ်လေး၏ အသံကြောင့်သွားကြည့်ရာ ထမင်းနှင့် အမဲသားအား အုတ်ဂူပေါ်တွင်ပုံ၍ကျွေး မွေးနေစဉ် ထိုလူနှစ်ယောက်ကြား၊ အုတ် ဂူအကြားတွင် မည်းမည်းအရိပ်ကြီးက ထင်ထင်ရှားရှားပေါ်နေပါသည်။ လူလို လို၊ မျောက်ဝံလိုလို၊ မည်းမည်းခြောက် ခြောက်အရိပ်ကြီး၊ မျက်နှာကလည်း မွဲခြောက်ခြောက်နှင့် မသဲကွဲပါ။

ကျွန်ုပ်သည် ဤအဖြစ်အပျက် အား လက်တွေ့မြင်လိုက်ရသဖြင့် ဘုရား ရှင်ဟောကြားသော(၃၁)ဘုံတွင် ကျွန်ုပ် တို့မမြင်နိုင်သော ဘုံဘဝတွေရှိနေပါ သလားဟု သိလိုက်ရပါတော့သည်။ နောက်တစ်ခါ ကြားသိလိုက်ရသည့် ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာ တစ်ခုက ၁၉၇၈ ခုနှစ်လောက်ကဖြစ်ပွား ခဲ့သော အင်းစိန်ထောင်တွင်းဖြစ်ရပ်ဆန်း တစ်ခုဖြစ်ပါ၏။ ယင်းဖြစ်ရပ်သည် ထိုစဉ် က မဆလတစ်ပါတီခေတ် ပြည်ထဲရေး နှင့် သာသနာရေးဝန်ကြီး ဦးစိန်လွင် (နောင် သမ္မတဟောင်း၊ ကွယ်လွန်) လက်ထဲအထိ ထိုပြဿနာသတင်းပို့လွှာ က ရောက်ရှိသွားခဲ့ပြီး နက္ခတ်ဗေဒင် လက်ရိုးအား ဝါသနာပါ၍ ဂမ္ဘီရပညာရပ် များအား စိတ်ဝင်စားသူ ထိုပုဂ္ဂိုလ်ကြီး ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းခဲ့ရသော ပြဿနာဖြစ်ရပ်ဆန်းတစ်ခုဖြစ်ခဲ့သည်။

❑

၁၉၇၈ ခုနှစ်။

အင်းစိန်ထောင်အတွင်း၌ သီးသန့် ထားရမည့် အကျဉ်းသားများအား ချုပ် နှောင်ရာတိုက်ခန်းလေးများရှိ၏။ အချုပ် ရမန်ယူသူ အချုပ်သားများနှင့်ထောင်ကျ အကျဉ်းသားများက အမျိုးသမီးဆိုလျှင် မိန်းမဆောင်၊ ယောကျ်ားအကျဉ်းသား များဆိုလျှင် ငါးဆောင်ရှိ၏။

သီးသန့်ဝင်းကြီးထဲတွင် ကြိုးသမား များ၊ ဆိုးသွမ်း၍ တိုက်ပိတ်ခံရသူများနှင့် နိုင်ငံရေးအကျဉ်းသားများအားထားရာ တိုက်လေးများရှိ၏။ ထိုတိုက်လေးများ တွင် ယနေ့ နိုင်ငံရေးအကျဉ်းသားတိုင်း လိုလို ချုပ်နှောင်ခံရဖူး၏။ တိုက်ဆို၍ အထင်မကြီးလိုက်ပါနှင့်။ တကယ့်ငရဲခန်း များဖြစ်သည်။

တစ်နေ့ -

ညနေဘက်ရောက်သော် အကျဉ်း ကျတိုက်ခန်းများအား သက်ဆိုင်ရာ တာဝန်ကျထောင်မှူးနှင့် အမှုထမ်းများ က လူစစ်ပြီး တိုက်ဝင်းတံခါးအားပိတ် လိုက်ကြသည်။ တချို့တိုက်ခန်းလေးများ ၌ တစ်ယောက်တည်းထား၍ တချို့ အခန်းများ၌ နှစ်ယောက်ထားရှိသည်။ ခရမ်းချဉ်သီးသာသာ အလင်းရောင်ရှိ သော နှစ်ဆယ့်ငါးဝပ်မီးလုံးလေး၏ အလင်းရောင်ပျပျဝယ် အကျဉ်းသား သည် သံတိုင်များကာရံထားသော ပြတင်းဝမှ အပြင်လောကသို့ ငေးကြည့် နေကြ၏။ သူတို့အတွက် အပြင်လောက မြင်ကွင်းသည် လေးထောင့်ပြတင်း ပေါက်သာသာတည်း။ ကွက်ကွက်လေး မြင်နေရသော ကောင်းကင်ဟင်းလင်း ပြင်၌ လက်ချိုးရေ၍ရသော ကြယ်တချို့ မှိန်ပျပျ တည်ရှိနေပါသည်။ သူတို့၏ အဖော် ပတ်ဝန်းကျင် သက်ရှိအသိုင်း အဝန်းဖြစ်သော မြေကြွက်၊ တောက်တဲ့၊ ပုရွက်ဆိတ်များသည် သူတို့အား နှုတ်ဆက်ရန် တစ်နည်းအားဖြင့် သူတို့ အား ဒုက္ခပေးရန်လာနေကြချေ၏။ ခြင် များကလည်း အားကျမခံ နှုတ်ဆက် ရင်း သွေးအလှူခံရန် ရောက်လာကြကုန် ၏။ အကျဉ်းသားသည် ထိုသတ္တဝါများ ရန်မှလွတ်အောင်ရှောင်ရင်း ထွက်ပေါက် မရှိသည့်အခန်းကျဉ်းလေးထဲမှစိတ်ထွက် ပေါက်အလို့ငှာ ပြတင်းပေါက်အား ငေးကြည့်နေပါ၏။

"ဟာ - ဘာတွေလဲဟ"

"ဟာ-ဘာကြီးတွေလဲ"

ထိုအသံများသည် အခန်းများ စီတန်းနေသော တိုက်တန်းလျားရှည်မှ ဆင့်ကာဆီကာဖြင့် ပေါ်ထွက်လာခြင်း ဖြစ်ပါတော့သည်။ ထိုအသံများက တိုက် ပိတ်သည့်အခန်းများအဆုံး၌ ရပ်တန့် သွားပြီးနောက် -

"ဟေး. . . ဟေး. . . ဟေး . . . ဟေး"

တိုက်ပိတ်ထားသည့်အခန်းများဆီ မှ တဟေးဟေးနှင့် အသံကြီးများသည် ဟိန်း၍ထွက်လာတော့၏။ ဝင်းအပြင် ဘက်၌အစောင့်ကျနေသော တ[illegible]ကျ ဗာရာအမှုထမ်းသည် ဆူဆူညံညံအသံ များကြောင့် ဝင်းတံခါးသော့အားပြေးဖွင့် ပြီး တိုက်ခန်းများဆီသို့ပြေးလာနေသည့် တိုက်ခန်းတံခါး[illegible]များအား လက်မှ

www.burmeseclassic.com

တုတ်ဖြင့်ရိုက်ခတ်ရင်း ဘာဖြစ်တာလဲဟု မေး၏။

"ခေါင်းပြတ်ကြီးတွေ"

တိုက်ခန်းများဆီမှ အကျဉ်းသား များ၏ ဖြေဆိုသံ တညီတညွတ်တည်း ထွက်ပေါ်လာသည်။ တာဝန်ကျထောင် မှူးနှင့် လုံခြုံရေးရဲဘော်များ ဘာဆက် ပြောရမှန်းမသိဖြစ်သွားကြ၏။

"အားလုံးငြိမ်၊ အိပ်ကြတော့"

ထောင်မှူးက အမိန့်ပေးပြီး ပြန် ထွက်သွားသည်။ တာဝန်ကျရဲဘော်တွေ သူ့နောက်မှာ ကုပ်ကုပ်လေးပြန်ပါသွား ကြသည်။ သူတို့လည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ်ဆိုတော့ ကြောက်တတ်မှာ အမှန်ပင် ဖြစ်ပါသည်။

ထို့နောက် နောက်တစ်ပတ် အသားကျွေးသည့်နေ့။

သည်တစ်ခါက အမျိုးသမီး အဆောင်မှာဖြစ်သည်။ မည်မျှပင် စိတ်ကြမ်းကိုယ်ကြမ်းမိန်းမတွေဖြစ်သော် လည်း နဖူးတွေ ဒူးတွေ ရင်ဆိုင်လာရ သောအခါ နဂိုဗီဇစိတ်တွေပေါ်လာကြ သည်။

"ဟေး. . . ဟေး. . .အား. . . အား. . . ဟေး"

မိန်းမဆောင်မှဆူညံစွာအော်တစ် လိုက်သောအသံများမှာ အင်းစိန်ထောင် အုတ်ရိုးလေးဖက်မှ ပဲ့တင်သံများရိုက် ခတ်ပြီး အသံလှိုင်းများက တုန်လှုပ် ချောက်ချားစရာအတိဖြစ်နေ၏။ ထောင် တွင်းကုက္ကိုပင်ကြီးများပေါ်မှ ကျီးငှက် တို့လန့်ပြီးပြိုကျသည်။ အင်းစိန်ထောင် ၏ တိတ်ဆိတ်နေသောညသည် မိန်းမ ဆောင်မှ အော်သံများကြောင့် လှုပ်လှုပ် ရွရွဖြစ်သွားသည်။ တာဝန်မှူး၊ ဆောင် မှူးအမျိုးသမီးနှင့် အမျိုးသမီးဗာရာ အစောင့်များအပြင် ဘူးဝမှ အမျိုးသား ထောင်မှူးတွေပါ မိန်းမဆောင်တံခါး အားဖွင့်ပြီးပြေးဝင်လာကြသည်။ သူတို့ ဝင်လာတော့ အော်သံတွေတိတ်ဆိတ် သွားပြီ ဖြစ်၏။

သို့သော် အကျဉ်းကျမိန်းမတွေ၏ မျက်နှာများသည် သွေးမရှိသကဲ့သို့ဖြူဖပ် ဖြူရော်ဖြစ်နေကြ၏။ တချို့က အလွန် ကြောက်လန့်နေသည့်ပုံသဏ္ဍာန်များဖြင့် တုန်လှုပ်နေကြသည်။

"အားလုံးငြိမ်၊ ဘာဖြစ်လို့အော် ကြတာလဲ"

ထောင်မှူးမိန်းမ၏ စူးရှရှအသံက မိန်းမဆောင်အတွင်း ဟိန်းထွက်လာ သည်။ ဂျမ်းတောမအခန်း၊ လူကြီးတွေ



သော့ပိတ်ထားရာအခန်းဝအနီး ရောက် လာကြပြီး မြင်တွေ့လိုက်ရသည်များကို အစီရင်ခံတင်ပြကြသည်။

"ခေါင်းပြတ်ကြီးငါးလုံး အချုပ် ခန်းအပြင်ဘက် ကော်ရစ်ဒါကနေ ဖြတ် သွားတယ်။ ခေါင်းပြတ်ကြီးတွေ တညီ တညာတည်း အချုပ်ခန်းတွေကို လှည့် ကြည့်သွားကြတယ်။ သျှောင်ထုံးကြီး တွေနဲ့ နှုတ်ခမ်းမွေးတွေအရှည်ကြီးပဲ"

တစ်ယောက်တစ်ပေါက်ဝိုင်းပြော ကြသည်။

"တော်ကြတော့ အားလုံးအိပ်ကြ၊ ဘုရားတရားအာရုံပြုပြီးအိပ်ကြ"

ဆိုးသွမ်းသူတွေကို မိုက်ကန်းသူ တွေက ဘုရားတရားအာရုံပြုဖို့ပြော သွားသည်။ ရယ်ဖို့တော့ အကောင်း သား။

❑

နောက် ရက်သတ္တပတ် အမဲသား ကျွေးသည့်နေ့ -

ထောင်ကျ အကျဉ်းသားများထား သည့် အဆောင် (၁) ဘက်မှ ဖြစ်သည်။ ထုံးစံအတိုင်း ညဘက်ရောက်သော် အခန်း လူကြီးတွေကလည်းပို၍တင်းကျပ်ကြ၏။ အစောင့်ဗာရာများကလည်း ကော်ရစ် ဒါမှ ဖိနပ်သံတဒေါက်ဒေါက်ပေးကာ လူးလာတုံ့ခေါက် လမ်းလျှောက်ရင်း မျက်ခြည်မပြတ်စောင့်နေကြ၏။ ဘူးဝ ကြီးမှ သံချောင်းခေါက်သံ ကိုးချက် ထွက်ပေါ်လာသည်။ အဆက်မပြတ် လမ်းလျှောက်ရင်း မျက်ခြည်မပြတ် စောင့်ကြည့်နေရသော ဘာယာများ ညောင်းပြီဖြစ်၍ ကော်ရစ်ဒါထိပ်မှထိုင် ပြီး ဝရန်တာအားမှီလိုက်ကြသည်။

"ဝိုး. . . ဟီး. . . ဟီး"

"ဟာ - ဘာတွေလဲဟ၊ အောင်မ လေးဗျ"

ဗာရာများ၏ အလန့်တကြား အော်သံများနှင့်အတူ အချုပ်ခန်းအ[illegible] မှ ထောင်ကျအကျဉ်းသားများ၏ အ[illegible] တကြားအော်သံများက ဆူညံပွက်[illegible] ကြပါတော့သည်။

"ဝေး. . . ဟေး. . . ဝူး. . . အား. . . အား"

ခေါင်းပြတ်ကြီးငါးလုံးမှာ ရုပ်[illegible] ကြီးများဖြင့် တညီတညာတည်း အ[illegible] ခန်းများဘက်လှည့်ကြည့်ပြီး ကော်[illegible] ဒါတစ်လျှောက် လေထဲမှာ ပျံဝဲသွား[illegible] သည်။ ထိုအရာများသည် ကော်ရ[illegible] အစွန်မှအခန်းများရှေ့တစ်လျှော[illegible] ဖြတ်သန်းသွားပြီး အခန်းတွင်းမှ အ[illegible] သားများအား လှည့်ကြည့်သွားကြသ[illegible] သျှောင်ထုံးကြီးများထုံးထားပြီး နှုတ်[illegible] မွေးကျင်စွယ်ကြီးများက ကော့ပျံနေ[illegible] သည်။ မျက်နှာသေကြီးများဖြင့် [illegible] သွားသည့်အကြည့်အား ဘယ်အ[illegible] သားကမှအခံနိုင်ကြဘဲလန့်အော်ကြ[illegible] ဖြစ်သည်။ ခေါင်းပြတ်ကြီးငါးလုံးတို့[illegible] အခန်းစောင့် ဗာရာများအပေါ်၌ [illegible] ပျံသန်းရင်း အပြင်ဘက်သို့ ထိုးဖော[illegible] ပျောက်ကွယ်သွားပါတော့၏။ ယော[illegible] ထောင်ကျဆောင်ဖြစ်၍ အော်သံတ[illegible] ပို၍ဆူညံနေသည်။ တာဝန်ကျထော[illegible] များအပြင် ထောင်မှူးကြီးတွေပါ အ[illegible] အလွှားရောက်လာကြပြီး အချုပ်[illegible] အား ကာရံထားသော သံုးတစ်ခွဲ[illegible] သားချောင်းကြီးများအားကိုင်ထား[illegible] လက်ကိုင်တုတ်များဖြင့်တဖြောင်းဖြော[illegible] ရိုက်လျက်အော်နေသောအသံများ[illegible] သွားအောင်လုပ်ကြ၏။

"အားလုံးတိတ်၊ အားလုံးတိတ်"

တုတ်ဖြင့် ရိုက်သံများနှင့်အ[illegible] 'အားလုံးတိတ်' ဟူသော အမိန့်သံ[illegible] ကြောင့် အော်နေသောအသံများ[illegible] တဖြည်းဖြည်းငြိမ်သက်သွား၏။ ဒီတ[illegible] အစီရင်ခံစာတင်ပြသူတွေက ထော[illegible] အကျဉ်းသားများမဟုတ်ဘဲ တာဝ[illegible] ဝန်ထမ်းဗာရာများဖြစ်နေကြသည်။

"ထောင်မှူးကြီး၊ ခေါင်းပြတ်[illegible] တွေဗျ။ ကော်ရစ်ဒါတစ်လျှောက် [illegible] ဝဲလာတာ။ ကျွန်တော်တို့အပေါ် [illegible] ပျံသွားတယ်။ ခေါင်းတွေအားလုံး အ[illegible] ခန်းတွေကို လှည့်ကြည့်နေကြ[illegible]

"ဟုတ်တယ်ဗျ [illegible] ရှေးတုန်းကမြန်မာကြီးတွေ[illegible] ထုံးကြီးတွေနဲ့ နှုတ်ခမ်းမွေးတွေက[illegible] ကော့နေတာပဲ"

ထောင်မှူးကြီးနှင့်ထောင်မှူး[illegible] ဘာပြောရမှန်းမသိတွေဝေသွားကြ[illegible]

www.burmeseclassic.com

"တဲကဲ - အိပ်ကြတော့၊ အခန်း ကြီးတွေ ကိုယ့်အခန်းကို ငြိမ်အောင် သိန်း၊ ဗာရာတွေ သတိရှိကြ ဒါပဲ"

ထောင်အရာရှိတွေပြန်ထွက်သွား ကြသည်။ တခြားအဆောင်တွေကတော့ ဆောင် (၁) မှ ပေါ်ထွက်လာသော သံများအား ဘာဖြစ်ကြပါလိမ့်ဟု သလောသို့လော်တွေးပြီး လှုပ်လှုပ်ရွရွ နေကြသည်။ ဆိုင်ရာအခန်းလူကြီး တွေက ကိုယ့်အခန်းကိုယ်ငြိမ်အောင် နေကြရသည်။ အင်းစိန်ထောင် ယံ ငရဲပွက်သံများက ကြိုးတိုက်မှ တစ်ဆောင်ပြီးတစ်ဆောင် ကူးစက် ပြီကော။

❑

ထိုသို့ ညဘက် ညဘက် အော်သံ သည် အပတ်စဉ်ဆက်သွားပြီးနောက် ထောင်ပိုင်ကြီးလည်း ဘာဆက်လုပ်ရ မသိ၍ ပြည်ထဲရေးနှင့်သာသနာရေး ကြီးဌာနသို့ အစီရင်ခံစာတင်ပို့လိုက် တော့သည်။ ထိုစဉ်က ပြည်ထဲရေး သာသနာရေးဝန်ကြီးမှာ ဦးစိန်လွင် ၏။

ဦးစိန်လွင်သည် ဗေဒင်ယတြာ အား ယုံကြည်၍ ထိုပညာရပ်များ သည်း အထူးတလည်လေ့လာလိုက် ၏၊ ပရလောကနှင့်ပတ်သက်၍လည်း ကြည်သူ ဖြစ်သည်။ ကန်တလူဆရာ တို့မှတစ်ဆင့် မန္တလေးမြင်းဝန်ဆရာ တော်ကြီး (ရွှေရင်မျှော်ဆရာတော်အား သည်းကပ် ကိုးကွယ်သူ ဖြစ်၏။ ဆရာ တော်ကြီး၏ လောကီ၊ လောကုတ္တရာ ကျွမ်းကျင်မှုသည် ထိုစဉ်က မြန်မာ ဝေဒပညာရှင်များ အံ့ဩတုန်လှုပ် ဘောက်အောင် တတ်သိနေ၏။ ယခု တော်အကြံပေးဗေဒင်ယတြာအထူး ကျွမ်းကျင်သူ ဆရာတော်ကြီးပင်လျှင် ရွှေရင်မျှော်ဆရာတော်ကြီး၏တပည့်သား သာတည်း။)

တစ်ရက် ဝန်ကြီးဦးစိန်လွင်သည် ဘက်ပါအခြွေအရံအရာရှိကြီးများနှင့် အတူ အင်းစိန်ထောင်အတွင်းသို့ ရုတ်တ က်ပေါက်ချလာပါသည်။ အကျဉ်းသား အား လိုက်လံ စစ်ဆေး ကြည့်ရှုပြီး အပ်သည်များမေးသည်။ အထူးသဖြင့် ငံရေးအကျဉ်းသားများအား ဘာလို သလဲဟုမေးကြသည်။ နေမကောင်း သူ ဆောဂါဝေဒနာရှင် နိုင်ငံရေးအကျဉ်း များက ဆေးရုံထမင်းဟင်းရလို ကြောင်းပြောကြသည်။ တိုက်ပိတ်ခံထား ရသည့် နိုင်ငံရေးအကျဉ်းသားများက သမံတလင်းမှာ မအိပ်နိုင်၍ ဖျာကြမ်းရ လိုကြောင်း၊ သောက်ရေအိုးထားပေးဖို့ တင်ပြကြသည်။

ဝန်ကြီးဦးစိန်လွင်အား တိုက်ရိုက် ပြောခွင့်ရသွားကြသဖြင့် တိရစ္ဆာန်သာ သာ အချုပ်အနှောင်ခံနေကြရသောဘဝ မှ သက်သာသွားကြသည်။ ဦးစိန်လွင် သည် တိုက်ပိတ်ခံထားရသော နိုင်ငံရေး အကျဉ်းသားများအတွက် လိုအပ်သလို ဆောင်ရွက်ပေးရန် ညွှန်ကြားသွားသည်။ ထို့နောက် ဦးစိန်လွင်သည် ထောင် ဘူးဝကြီးရှိ ရုံးခန်း၌ နှစ်ပရိစ္ဆေဒကြာမြင့် နေပြီဖြစ်သော ဝါကြင့်ကြင့်အစီရင်ခံစာ စာရွက်မှတ်တမ်းများအား မွှေနှောက် ရှာဖွေဖတ်ရှုပါတော့သည်။

ထိုအခါ သူသည် ဘာကိုရှာဖွေရှိ သွားသနည်းဆိုသော် အင်္ဂလိပ်ဘာသာ ဖြင့် ရိုက်နှိပ်ထားသော ဗြိတိသျှကိုလိုနီ ခေတ် အင်းစိန်ထောင်ကြီးစတင်တည် ထောင်စဉ်က အမိန့်ပြန်တမ်းတစ်စောင် အား တွေ့ရှိသွားပါတော့သည်။

ထိုပြန်တမ်းအား မြန်မာလိုဘာသာ ပြန်ရသော အကျဉ်းချုပ်မှာ -

နယ်ချဲ့အစိုးရအား ဆန့်ကျင် တော်လှန်တိုက်ခိုက်သော ရဲရင့်သတ္တိရှိ သည့်မြန်မာကြီးငါးဦးအား ဦးခေါင်းဖြတ် ၍အင်းစိန်ထောင်ကြီးစတင်တည်ထောင် သောအခါ ယခုလက်ရှိ အကျဉ်းကျ၊ အချုပ်ကျ အဆောင်ငါးဆောင်အုတ်မြစ် ချရာနေရာတွင် မြေကျင်းတူး၍ စဉ့်အိုး ကြီးများမြှုပ်ပြီး စဉ့်အိုးကြီးတစ်လုံးစီတွင် တစ်ခေါင်းစီထည့်လျက် မြေမြှုပ်ပြီးမှ အဆောင်များအား အုတ်မြစ်ချ၏။

ထို့နောက် ဘုရင်ခံ၏အမိန့်ခံဖြင့် ကွပ်မျက်ခံရသောသူများသည် အင်းစိန် ထောင်ကြီးအားစောင့်ကြပ်ရမည့်ဝိညာဉ် များ ဖြစ်သည်။ သူတို့သည် ဘုရင်ခံ၏ အမိန့်ကြောင့် လွတ်ရာကျွတ်ရာ နောင် တမလွန်သို့ ထွက်သွားခွင့်မရှိပါ။ ထိုသူ ငါးဦးအား နှစ်စဉ်နှစ်တိုင်း အမဲသား ကျွေးမည်ဟု ကတိခံခဲ့သည်။

ယခု အင်းစိန်ထောင်၏ အချုပ် ဆောင်၊ အကျဉ်းဆောင် (၁၊ ၂၊ ၃၊ ၄၊ ၅) တို့၏ ကြမ်းပြင်အောက်တွင် စဉ့်အိုး ကြီးများထဲ၌ ခေါင်းပြတ်များထည့်ပြီး မြှုပ်ထားပါသည်။ နှစ်ပေါင်းများစွာကြာ လာသောအခါ သူတို့ကိုလည်း ထောင် ပိုင်ကြီးအဆက်ဆက်တို့ မေ့သွားကြပြီ ဖြစ်သည်။ ကိုလိုနီခေတ်အဆက်ဆက် အင်းစိန်ထောင်အား အုပ်ချုပ်လာကြ သော အင်္ဂလိပ်၊ ကုလားလူမျိုးထောင်ပိုင် ကြီးတွေကလည်း လွတ်လပ်ရေးရပြီး နောက် မြန်မာထောင်ပိုင်များအား နှစ်စဉ် ကျွေးမွေးရသည့် အစဉ်အလာအား လက်ဆင့်ကမ်းသွားခြင်းမရှိဟု ထင်မိပါ သည်။

ထို့အတွက်ကြောင့် အင်းစိန် ထောင်တွင် အမဲသားကျွေးသည့်နေ့ ညဘက်တွင် အော်ကြဟစ်ကြသည့် အသံများ ရုံဖန်ရံခါကြားနေရခြင်း ဖြစ် မည်ဟု ထင်မိပါသည်။

ပြည်ထဲရေးဝန်ကြီး၏ အမိန့်ဖြင့် မကျွတ်လွတ်သေးသူ ထိုငါးဦးအား အမဲ သားငါးဟင်းလျာများဖြင့် ကျွေးမွေး လိုက်ပြီးနောက် ထောင်တွင်းအော်သံ များ ပြန်လည် တိတ်ဆိတ်သွားခဲ့ရပါ သည်။

ထောင်၊ ဆေးရုံ စသည့် နေရာ များမှာ အကုသိုလ်အတုံးအခဲလိုက်ဝင် သူများသာ ရောက်ရှိသည့်နေရာများဖြစ် သောကြောင့် လည်းကောင်း၊ အစည်း အတား အကာအရံမရှိ ဝင်ချင်သလိုဝင် ထွက်ချင်သလိုထွက်ဖို့ ပရလောကသား များအတွက် အလွန်လွယ်ကူ၏။ မှိုခို ကပ်ရပ်နေထိုင်ကြသလို တချို့လည်း စိတ်စွဲပြီး အဝေးသို့ခွာလို့မရသည့် နေရာများ ဖြစ်သည်။

အကြံပြုတင်ပြလိုသည်မှာ ယနေ့ ကျွန်ုပ်တို့နိုင်ငံတွင် မကျွတ်မလွတ်သေး သောဝေနေယျများအတွက် အလှူဒါန ပြုပြီး အကျွတ်အလွတ်ပွဲများ စီစဉ် ဆောင်ရွက်နေကြသော ပရဟိတဒါန အဖွဲ့များသည် ထောင်များ၊ ဆေးရုံများ သို့သွားရောက်ပြီး အကျဉ်းကျဝိညာဉ်၊ စွဲကပ်နေသော ဝိညာဉ်များအား အလှူ ဒါနပြုပြီး ကောင်းရာမွန်ရာဘဝသို့ ရောက်အောင် ဆောင်ရွက်ကြစေချင် ပါသည်။ သို့မှသာ ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြသော တစ်ချိန်ချိန် က ဆွေမျိုးတော်စပ်ခဲ့ဖူးသူများအတွက် တာဝန်ကျေပွန်မည် ဖြစ်ပါသည်။ မင်းမိန့် ဖြင့် ဘယ်သောအခါမှထွက်ခွာသွားခွင့် မရှိဟု ချုပ်နှောင်ခံရသူ ဝိညာဉ်များအ တွက်ကတော့ နိုင်ငံတော်သမ္မတကြီး၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်တွင် အကျဉ်း ကျဝိညာဉ်များလည်း သက်ဆိုင်ရာဘ ဘဝသို့ လွတ်လွတ်ကျွတ်ကျွတ်ထွက် သွားနိုင်ကြပြီဟုပါရှိခဲ့လျှင် မကောင်းပေါ လား ခင်ဗျာ။

သန့်ဇင်

www.burmeseclassic.com

www.burmeseclassic.com

# ဆောင်းကလေး ၆

## လူတိုင်းနှစ်သက်သည့်မေတ္တာ



မေတ္တာကို လူတိုင်း၊ သတ္တဝါတိုင်း နှစ်သက်မြတ်နိုးကြသည်။ မေတ္တာဆိုသည့်အသံလေးကြားရုံမျှနှင့် စိတ်နှလုံးတွင် အေးချမ်းသွားသည်။ ကြည်နူးသွားသည်။ မေတ္တာသည် အအေးဓာတ်ဖြစ်သည်။ အအေးမြဆုံးသည် မေတ္တာပင် ဖြစ်သည်။ အအေးတွင် မေတ္တာ၊ အပူတွင် ရာဂကိလေသာ ဆိုသကဲ့သို့ စိတ်အေးချမ်းမှု၊ စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်သည်မှာ မေတ္တာပင်ဖြစ်သည်။ လောကနယ်ပယ်၌ ဟိုလူက မိမိအပေါ်မှာ မေတ္တာထားတယ်၊ ဒီလူကြီးက မိမိအပေါ် မေတ္တာရှိတယ် စသည်ဖြင့် သုံးနှုန်းပြောဆိုကြသည်။ လူတိုင်း မေတ္တာကို ခံယူချင်ကြသည်မှာ မမှတာပင် ဖြစ်ပါသည်။ သီလ၊ သမာဓိနှင့် ပြည့်စုံတော်မူသော ဆရာတော်ကြီးများကို သွားရောက် ဖူးမြော်သည့်အခါ တပည့်တော်၊ တပည့်တော်မတို့အား မေတ္တာများ ပို့သပေးတော်မူပါဘုရား ဟူ၍ လျှောက်ထားတတ်ကြသည်။

ရဟန္တာဟု ထင်ပေါ်ကျော်ကြားတော်မူခဲ့သော သထုံခရိုင် ,ပေါင်မြို့ အပိုင်မှ သပိတ်အိုင်တောရဆရာတော်ကြီး ဦးကိတ္တိထံသို့ စာမေးပွဲအောင်ချင်သူများ၊ ရောဂါပျောက်ချင်သူများ၊ ဒုက္ခရောက်နေသူများ၊ လုပ်ငန်းကိုင်ငန်း အဆင်ပြေချင်သူများလာရောက်ဖူးမြော် လျှောက်ထားကြပါသည်။ထိုအကြောင်းနှင့်ပတ်သက်၍ ဆရာတော်အချို့က လောကီဆန်သည်ဟုယူဆပြီး ဆရာတော်တစ်ပါးက လျှောက်ထားရာ ဆရာတော်ကြီး ပြန်လည်မိန့်ရှိလိုက်သည့်စကားမှာ အလွန်ပင် မှတ်သားစရာဖြစ်ပါသည်။

"ဟ - ဝါသဝရ၊ သူတော်ကောင်းဆိုတာ မေတ္တာမထားရတော့ဘူးလား။ ငါက သူတို့ကို ဘာဖြစ်စေညာဖြစ်စေ မရည်ညွှန်းပါဘူးကွ။ မေတ္တာပဲ ပို့လိုက်တာပဲ"

ဟု မိန့်ကြားပါသည်။

လူအတော်များများသည် သူတစ်ပါး၏မေတ္တာကိုသာခံယူချင်နေကြသည်။ မိမိကိုယ်တိုင် မေတ္တာပို့ဖို့ကိုတော့ မေ့နေတတ်ကြသည်။ မေတ္တာပို့သူများ အလွန်ရှားပါသည်။ မေတ္တာသည် အအေးဓာတ်၊ အဆွဲဓာတ် ဖြစ်သည်။ ဓာတ်သဘာဝတွေ ဆိုသည်မှာ တုံ့ပြန်တတ်သည့်သဘောရှိသည်။ တောထဲတောင်ထဲ၌အသံတစ်ခုကို ကျယ်လောင်စွာနှင့် ဟေ. . . အော်လိုက်လျှင် ထိုအသံနှင့်ထပ်တူ အသံလှိုင်း ဟေ. . . ဟု ပြန်လာသည်။ တုံ့ပြန်မှုနိယာမအရဖြစ်လေသည်။

နိယာမ ဆိုသည်မှာ မြဲသည့်သဘောဖြစ်သည်။ မပြောင်းမလွဲ ပင်ကိုသဘောကိုဆောင်သည်။ မေတ္တာသည် မနောကံဖြစ်၍ ပကတိမျက်စိဖြင့် မြင်နိုင်စွမ်းမရှိပါ။ မြင်ရသည့်အရာနှင့် မမြင်ရသည့်အရာတွင် မမြင်ရသည့်အရာက

ပို၍အစွမ်းသတ္တိထက်
သည်။ အစွမ်းသ
ကြီးမားသည်။အရာဝ
များတွင် သေးငယ်
ပို၍ သတ္တိကြီးမား
အဖျက်စွမ်းအားကြီး
သောအဏုမြူဗုံးသ
အလွန်သေးငယ်သ
အက်တမ်များဖြင့် ဖွဲ့စည်းတ
ဆောက်ထားခြင်းဖြစ်သည်။ ထိုရုပ်ဝ
တို့ထက် မနှိုင်းယှဉ်သာသည့်၊ မမြင်
သည့် စိတ်စွမ်းအား နာမ်တရားသ
လောကတွင် အကြီးမားဆုံး
သည်။ မေတ္တာသည် နာ
တရား၊ မေတ္တာစိတ်ဖြစ်
လိုသလို အသုံးချ၍ ရသည်
မေတ္တာကို အနီးသို့လည်း ပို့လွှတ်
ရသည်။ အဝေးသို့လည်း ပို့လွှတ်၍
သည်။ မိုင်ပေါင်းမည်မျှပင် ဝေးကွာ
ပါစေ လိုသလိုပို့လွှတ်၍ရသည်။ မေတ္တာ
ဓာတ် မရောက်နိုင်သည့်နေရာ ဟူ၍
မရှိပေ။

လိပ်မကြီးသည် လိပ်ဥကလေး
များကို ဝပ်ကျင်းများတွင်ဥ၍ထားခဲ့ပြီး
အစာရှာထွက်သွားရာ အဝေးတစ်



www.burmeseclassic.com

www.burmeseclassic.com

မှ မေတ္တာပို့လွှတ်ပေးနေသောကြောင့် အချိန်တန်သည့်အခါ လိပ်ဥလေးများ ပေါက်လာသည်။ လိပ်မကြီး အစာရှာထွက်သွားရင်း သေဆုံးသည့်အခါတွင် လိပ်ဥကလေးများလည်း အကောင်ပေါက်မလာဘဲ အလိုလိုပုပ်သိုးပျက်စီး၍ သွားပါသည်။

မေတ္တာပို့သူသည် အကာလိကော ဖြစ်သည့် တရားတော်၏ဂုဏ်ရည်အတိုင်း ချက်ချင်းလက်ငင်း စိတ်ချမ်းသာမှုကို ရ၏။ မိမိစိတ်ချမ်းသာခြင်းကြောင့် အပို့ခံရသူလည်း အလိုလိုချမ်းသာသွား၏။ မေတ္တာပို့ရာတွင် တစ်လုံးတည်းနှင့်ထိမိနိုင်သည်။ ထိုတစ်လုံးတည်းကို ကြိမ်ဖန်များစွာ ပွားများအားထုတ်သင့်သည်။ တစ်လုံးတည်းကို ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာပွားများအားထုတ်နိုင်လေ ဘာဝနာသည် ထိရောက်လေ ခရီးရောက်လေပင်။

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ကြီးမှ 'သတ္တဝါတွေချမ်းသာကြပါစေ' ဟုဆို၍ မေတ္တာပို့လျှင် တစ်လုံးတည်းနှင့်တာသွားသည်ဟု အမိန့်ရှိပါသည်။ 'သတ္တဝါတွေ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ'၊ 'ဘေးရန်ကင်းကြပါစေ'၊ 'ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာရှိကြပါစေ'၊ လိုရာဆန္ဒပြည့်ဝကြပါစေ' မိမိကြိုက်သလိုပို့၍ရပါသည်။ စိတ်အဆိုအတိုင်း မိမိ၏နှလုံးသားက ထိရောက်အောင်ပို့တတ်ဖို့ အရေးကြီးပါသည်။ စိတ်အဆိုသည် သမာဓိကိုတည်ကြည်စေ၏။ အခြားအာရုံသို့ စိတ်ပျံ့လွင့် မှုမရှိစေဘဲ နှလုံးသားက ပို့လွှတ်နိုင်လေ ထိရောက်လေ၊ ကြာကြာပို့လေ သမာဓိခိုင်မြဲလာလေ၊ သမာဓိတည်ရန်မှာ စိတ်အဆိုအတိုင်း စိတ်က ရည်မှန်းထားသည့် ပညတ်ကို ပညတ်အာရုံကိုရအောင်ယူ၍ ငြိဖို့ရန်သာ ပဓာနဖြစ်သည်။ သတ္တဝါတွေဟုဆိုလျှင် သတ္တဝါအားလုံးကို ပညတ်အာရုံယူရ၏။ မိတ်ဆွေတွေဟု ဆိုလျှင် မိတ်ဆွေအားလုံးကို ပညတ်အာရုံထားရ၏။ မိမိပို့လွှတ်မည့်ပညတ်အာရုံကို မိအောင်ဖမ်းနိုင်ဖို့က အရေးကြီးသည်။ ပညတ်အာရုံမမိဘဲ စိတ်က ဟိုရောက်ဒီရောက်နှင့်ပို့နေလျှင်ကား ထိရောက်မှုရှိမည်မဟုတ်ပါ။ ပညတ်အာရုံ ထင်ရှားလေလေ ခရီးရောက်လေလေ၊ မေတ္တာပို့ရာတွင် နေ့အခါထက် ညအချိန် သို့မဟုတ် နံနက်စောစောပို့သင့်၏။ ည (၂)နာရီ၊ (၃) နာရီ၊ (၄)နာရီ၊ (၅) နာရီအချိန်တို့သည် မေတ္တာပို့ရန် အကောင်းဆုံးအချိန်များ ဖြစ်သည်။ အပြင်အာရုံ အသံဗလံများမရှိခြင်းကြောင့် သမာဓိပို၍ရ၏။ အပို့ခံရသည့် ပုဂ္ဂိုလ်သည်လည်း လှုပ်ရှားမှုမရှိခြင်းကြောင့်၊ အိပ်နေစဉ် ငြိမ်သက်နေသောကြောင့် ပို၍ထိရောက်၏။ မိမိ၏မေတ္တာဓာတ်က အပို့ခံရသူ၏အပေါ် တိုက်ရိုက်သွား၍ ထိခိုက်၏။

ဤနေရာ၌ မမြင်ရသော ဓာတ်သဘာဝတို့၏ ထိခိုက်မှု၊ ရိုက်ခတ်မှုသဘောကို တင်ပြလိုပါသည်။ ထိခိုက်မှု၊ ထိတွေ့ခြင်းသဘောကို ပါဠိလို ဖဿဟုခေါ်ပါသည်။ ဥပမာအားဖြင့် သဒ္ဒါရုံဟူသောအသံနှင့်နားအကြည်တို့ကြောင့် ဖြစ်ပေါ်လာသောကြားသိစိတ်တို့ပေါင်းဆုံလိုက်သည့်အခါ သဒ္ဒါရုံ၊ သောတပသာဒ၊ သောတဝိညာဏ်တို့ ဆုံစည်းမှုကြောင့်ဖြစ်ပေါ်လာသော ဖဿ၊ ပဋိစ္စသမုပ္ပာဒ်နည်းအရဆိုလျှင် 'တိက္ကသင်္ဂတိ ဖဿော' ဤသုံးခု ပေါင်းဆုံမှုကြောင့် ဖြစ်ပေါ်လာသော ဖဿ။ ဖဿဟူသည် စိတ်နှင့်အာရုံကို တိုက်ရိုက်ဆက်သွယ်ထားသည့်တရား၊ ဆက်သွယ်ပေးသည့်တရား။ အာရုံနှင့်စိတ်တို့ ထိခိုက်မှုပြင်းထန်လေ ခံစားမှုက ပို၍ထင်ရှားလေလေ။ ဖဿပစ္စယာဝေဒနာ၊ ဖဿတည်းဟူသော အကြောင်းကြောင့် ဝေဒနာဟူသော ခံစားမှုဖြစ်ပေါ်လာရသည်။ ဝေဒနာသည် ဖဿကြောင့် ဖြစ်သည်။ ပဋ္ဌာန်းဒေသနာတော်တွင် စက္ခုဝိညာဏဓာတု၊ သောတဝိညာဏဓာတု၊ ဃာနဝိညာဏဓာတု၊ ဇိဝှါဝိညာဏဓာတု၊ ကာယဝိညာဏဓာတု၊ မနောဝိညာဏဓာတု စသည်၍ ဓာတုသဒ္ဒါဖြင့် ဟောကြားထားပါသည်။

မြန်မာစကား၌ ဓာတ်ခိုက်သည်၊ နတ်ခိုက်သည်ဟု ပြောဆိုသုံးနှုန်းကြသည်။ ဓာတ်ခိုက်ခြင်းမှာ ထိခိုက်ခြင်း၊ ထိခတ်ခြင်းသဘောဖြစ်၍ သံပရာသီးကို တစ်ယောက်ယောက်က အားရပါးရဝါးစားနေတာကိုမြင်သောသူသည် ပါးစပ်တွင် သွားရည်တများများစားချင်စိတ်များပေါ်လာသည်။ သွေးရဲရဲသံရဲရဲကို မြင်ရလျှင် အလိုလိုကြောက်လန့်စိတ်များ ပေါ်လာသည်။ တရားသံ၊ မေတ္တာပို့သံ၊ အမျှဝေသံ၊ တြေးစည်သံတို့ကို ကြားရလျှင် စိတ်များအလိုလိုအေးချမ်းသွားသည်၊ ကြည်နူးသွားသည်။ ဖဿ၏ ထိခိုက်မှုသဘောပင်ဖြစ်သည်။ မေတ္တာက အေးချမ်းမှုကိုဆောင်သည်။ မေတ္တာဓာတ်၏ထိခိုက်မှုကြောင့် မေတ္တာပို့လွှတ်နေသော သူတော်ကောင်းတို့နေရာ ပတ်ဝန်းကျင်သည် အေးချမ်း၏၊ အန္တရာယ်ကင်း၏။ ဝေဘူဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က နိဗ္ဗာန်ဆော်လုပ်နေသော ဦးမောင်ကြီး၏ ကိုယ်တွေ့ဖြစ်ရပ်မှာ အံ့ဩစရာကောင်းလှ၏။ တစ်နေ့တွင် ဦးမောင်ကြီးသည် လမ်းမပေါ်သို့ထွက်လာရာ နွားသိုးနှစ်ကောင်မှာ တစ်ကောင်နှင့်တစ်ကောင် အနိုင်မခံအရှုံးမပေးဘဲ ဝှေ့လိုက်၊ ပြေးလိုက်၊ လိုက်လိုက်ဖြင့် နှစ်ကောင်စလုံး သွေးရဲရဲသံရဲရဲဖြစ်ကာ ဝေဘူချောင်ဘက်သို့ တဖြည်းဖြည်း ရောက်လာပါသည်။ တစ်ကောင်နှင့်တစ်ကောင်လိုက်ရင်း ကျောင်းဝင်းထဲကို ရောက်သွားသည့်အခါတွင် အလိုလိုရပ်ကာ အပြန်အလှန် တစ်ကောင်နှင့်တစ်ကောင် သွေးစသွေးနများကို လျှာနှင့် ကြင်နာယုယစွာ လျက်၍ပေးနေသည်ကို ဦးမောင်ကြီး ကိုယ်တိုင် အံ့အားသင့်စွာ ငေးမောကြည့်နေရပါသည်ဟု ဆိုပါသည်။

သီတိုင်ဥ္ကျွန်း (သီရိလင်္ကာ) ၌ သူကြွယ်ဘဝက ရဟန်းပြု၍လာသော ဝိသာခဟူသည့် မထေရ်တစ်ပါးရှိ၏။ ရဟန်းငါးဝါရသောအခါ ဝိသာခမထေရ်သည် ကမ္မဋ္ဌာန်းတရားကို မထေရ်ကြီးများထံမှ တောင်းယူ၍ တစ်နေရာ၌ လေးလစီသီတင်းသုံးကာ လှည့်လည်၍ မေတ္တာကမ္မဋ္ဌာန်းဖြင့် နေတော်မူ၏။

စိတ္တာလတောင်သို့ရောက်သည့်အခါ လေးလပြည့်၍ တခြားနေရာသို့ ကြွမည်ပြုသည့်အခါ ကျောင်းအနီးမှ သပြေပင်စောင့်နတ်က အခြားသို့မကြွရန် ငိုယို၍ တောင်းပန်သောကြောင့် ဆက်လက်သီတင်းသုံးရပြန်သည်။ လေးလပြည့်တိုင်း တောင်းပန်သောကြောင့် နောက်ဆုံးတွင် ထိုတောင်၌ပင် ပရိနိဗ္ဗာန်ပြုတော်မူရပါသည်။ အကြောင်းမှာ အရှင်မြတ်သီတင်းသုံးနေထိုင်တော်မူခြင်းကြောင့် နတ်များအချင်းချင်းခိုက်ရန်ဒေါသဖြစ်ပွားမှုမရှိကြဘဲ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် သင့်သင့်မြတ်မြတ်ဖြင့် အေးအေးချမ်းချမ်းနေကြရသောကြောင့် ဖြစ်ပါသည်။

မေတ္တာကမ္မဋ္ဌာန်း ပေါက်မြောက်အောင်မြင်ထားသည်ဟု ယူဆရသော မိုးညှင်းဆရာတော်ကြီး ဦးသုမန သီတင်းသုံးရာ မိုးညှင်းတောရရှိ တိုက်တော်ကြီးအတွင်းသို့ ဒုတိယကမ္ဘာစစ်ကြီးကြောင့် စစ်ဘေးဒဏ်ပုန်းရှောင်ရန် လာရောက်ခိုလှုံနေကြသူအပေါင်းသည် ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ကြီး၏မေတ္တာရှိပ်ကြောင့် ဖုံးရန်အန္တရာယ်မှ ကင်းလွတ်ခဲ့ကြပါသည်။ မိုးညှင်းတိုက်တာအတွင်းသို့ကျလာသည့်ဖုံးများသည် ကပ်ကျော်သမ္ဗုဒ္ဓစေတီတော်ကြီးတည်ရန်ပုံထားသော သဲပုံကြီးများပေါ်သို့ ကျရောက်၍ တစ်လုံးမှပေါက်ကွဲခဲ့ခြင်းမရှိပါ။

မဟာဗောဓိမြိုင်ဆရာတော်ကြီးက မေတ္တာနှင့်ပတ်သက်၍ဟောကြားသည်မှာ -

"တကယ်တော့ မိမိရဲ့မေတ္တာကျင့်စဉ်ဆိုတာ ခွေးနှစ်ကောင်နဲ့တူတဲ့ ရာဂနဲ့ဒေါသကို ချည်နှောင်ထားခြင်းသာ။ မေတ္တာပို့လွှတ်နေတယ်ဆိုရာမှာ မိမိရဲ့ ရာဂနဲ့ ဒေါသခိုးတွေ မှုတ်လွှင့်ပစ်နေခြင်းသာ အဓိက၊ သတ္တဝါတွေကျန်းမာချမ်းသာကြပါစေ ဆိုတာက ဒုတိယ၊ မိမိတို့လွှတ်တဲ့မေတ္တာဟာ ကိလေသာကင်းပြီး ကိုယ်ချင်းစာစိတ်ပြည့်နေဖို့လိုပါတယ်။ တစ်ဦးတည်းသောသားအပေါ်ထားတဲ့ မိခင်ရဲ့စိတ်ဓာတ်မျိုး၊ မေတ္တာမျိုးဖြစ်ရမယ်။ မေတ္တာဓာတ်ရဲ့ အေးမြတဲ့အရသာကို ရန်သူလည်းကြိုက်၊ မိတ်ဆွေလည်းကြိုက်၊ မိမိကိုယ်တိုင်လည်း နှစ်ခြိုက်တယ်"

လို့ ဆိုပါတယ်။

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသ၏ တရားတော်တွင် -

"မေတ္တာဆိုသည်မှာ အဝေရာ ရန်မရှိဘူး။ ရန်မရှိခြင်း။ ရန်ဆိုသည်မှာ ပုဂ္ဂလဝေရနှင့် အကုသလဝေရ ဟူ၍ နှစ်မျိုးရှိ၏။ ပုဂ္ဂိုလ်ရန်သူမှာ ပုဂ္ဂလဝေရ။ အကုသလဝေရဆိုသည်မှာ စိတ်တွင်ဖြစ်ပေါ်လာသည့် အကုသိုလ်ရန်သူ၊ မေတ္တာပွားနေသည့်ပုဂ္ဂိုလ်တွင် ဒေါသဟူသည့် အကုသိုလ်ရန် ကင်းနေသောကြောင့်၊ အကုသိုလ်ဒေါသ မရှိသောကြောင့် အကုသလဝေရ။ မေတ္တာသည် ကန့်သတ်ပိုင်းခြား၍မထားသောကြောင့် အကျိုးပေးရာတွင် အကန့်အသတ်အပိုင်းအခြားမရှိ။ မေတ္တာဘာဝနာကုသိုလ်သည် အကြီးမားဆုံးသောကြောင့် နတ်ပြည်ခြောက်ထပ်ကိုကျော်၍ သေသည့်အခါ ဗြဟ္မာဘုံသို့ရောက်၏။ ကာမာဝစရကုသိုလ်တို့၏သတ္တိသည် နတ်ပြည်ခြောက်ထပ်အထိသာအကျိုးပေးနိုင်၏။ ထို့ထက်မကျော်နိုင်။ မေတ္တာစျာန်ဖြင့်နေသောပုဂ္ဂိုလ်၊ မေတ္တာအမြဲပွားနေသူကို လူတွင်သာမက နတ်များကပါ ကြည်ညို ချစ်ခင်စောင့်ရှောက်ကြ၏။

မေတ္တာဘာဝနာဖြင့်အမြဲနေသော တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရကို တောင်စောင့်နတ်ကြီးနှင့် တောတွင်းဝိဇ္ဇာဓိုရ်များ လာရောက်ဖူးမြော်ကြောင်း ဘဝနေနည်းစာအုပ်တွင်ရေးသားထားပါသည်။ မေတ္တာထားသောသူနှင့် မထားသောသူကို လူတွေထက် တိရစ္ဆာန်တွေက ပို၍သိသည်။ ကျား၊ ဆင် စသည့် တိရစ္ဆာန်တို့သည် မိမိအား ရန်ပြုမည့်သူ ဟုတ်၊ မဟုတ်ကို ကြိုတင်၍သိသည်။ အဆိပ်ပြင်းသော မြွေပွေး၊ မြွေဟောက်တို့သည် လူနှင့်ရင်ဆိုင်ပက်ပင်းတွေ့သည့်အခါ ရန်သူလား၊ မိတ်ဆွေလား ခွဲခြား၍သိသည်။ ခွေးများသည် မိမိတို့အသားကိုစားသောသူ ရွာထဲသို့ဝင်လာလျှင် စူးစူးဝါးဝါးဖြင့် စားတော့ဝါးတော့မတတ် ထိုသူနောက်သို့လိုက်၍ဟောင်ကြ၏။

ငန်းမြွေများသည် မိမိတို့ဥစားသည့်သူကို နောက်ယောင်ခံ၍လိုက်ပြီး ပေါက်သတ်သည်။ အခြားသူများနှင့် ရော၍ အိပ်နေသော်လည်း မိမိတို့ဥကိုစားသွားသည့်သူကိုရွေး၍ ပေါက်သတ်သည်မှာ တိရစ္ဆာန်တို့တွင် လူတို့ထက်ထူးခြားသောအသိများရှိသည်ကိုသိနိုင်၏။ မြွေ၊ ဆင်တိရစ္ဆာန်တို့သည် မှတ်ဉာဏ်လည်းအလွန်ကောင်း၏။ ကတိသစ္စာကိုလည်း အလေးထား၏။ သစ္စာလည်းအလွန်ရှိသည်။ တောထဲကမြွေကို အလမ္ပာယ်ပြုရန် သုံးနှစ်ကတိထား၍ ဖမ်းယူပြလျှင် သုံးနှစ်ပြည့်သည့်အခါ သူ့နေရာသို့ပြန်မပို့လျှင် အလမ္ပာယ်ဆရာကို ပေါက်သတ်သည်။ မှတ်ဉာဏ်လည်း အလွန်ကောင်း၏။

ပေါင်းတည်မြို့၌ သုံးနှစ်တစ်ကြိမ်မြို့ထဲသို့လှည့်လည်၍ အပူဇော်ခံသော စွယ်တော်လှည့်ပွဲတွင် ဆင်တစ်ကောင်သည် မူလနေရာမဟုတ်ဘဲ မိမိအားထားသည့်နေရာ မှားနေသောကြောင့် ရှေ့သို့မသွားဘဲရပ်နေ၍ နေရာမှားနေကြောင်းသိရှိပြီး ပြန်လည်၍ မူလနေရာကိုချရသည်ဟု သိရပါသည်။ တိရစ္ဆာန်တို့သည် လူတို့၏မေတ္တာကိုသိသည်။ ခွေးချစ်သောသူကို မည်သည့်ခွေးကမျှ မကိုက်။ မြွေမသတ်သောသူကို ဘယ်မြွေမှမကိုက်။ သူတစ်ပါး၏အသက်မသတ်လျှင် ကိုယ့်အသက်ကိုလည်း မည်သူမျှသတ်မည်မဟုတ်။

ဤနေရာ၌ မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ ရေးသားချက်ကို စာဖတ်သူများ လိုက်နာကျင့်သုံးနိုင်စေရန် မူရင်းအတိုင်း ဖော်ပြပေးပါမည်။

"ကိုယ့်ကျင့်မကောင်းသူ လူလူချင်းတောင်မဟုတ်ဘူး၊ တိရစ္ဆာန်တွေတောင် အယုံအကြည်ကင်းမဲ့နေတတ်ကြတယ်။

ဆိုပါစို့၊ ဗျိုင်းတစ်အုပ် လယ်ကွင်းပြင်ကြီးထဲ အစာဆင်းကောက်စားနေကြတာ မကြာမီ ကျွဲတစ်ကောင် သူတို့အနားလာတယ်။ သူတို့ယုံတော့ ပုံမပျက်ဘူး။

ဟော - လူတစ်ယောက် အဝေးကနေ လယ်ကွင်းဘက်ဦးတည်လာနေပြီ။ မြင်တာနဲ့ ဗျိုင်းအားလုံးပြေးကုန်ကြပြီ။ မယုံတာကတော့ဖြင့် အနားတောင်အကပ်မခံရဲဘူး။ ကျွဲကျတော့ မပြေးတဲ့အပြင် တချို့ဗျိုင်းကတော့ ကျွဲပေါ်တတ်ပြီးတောင်စီးလိုက်နေသေး"

ဒါ လူတွေအကျင့်ကို တိရစ္ဆာန်များကမယုံပုံ၊ စိတ်မချပုံသက်သေပဲ။ အချို့အနံ့ခံတတ်တဲ့သားကောင်ကြီးများကျတော့ လေအထက်ကနေ လူဆိုးလူကောင်းအနံ့ ရှူကြည့်တယ်။

ရန်မမူတဲ့သူတော်ကောင်းမျိုးဆိုခြေသံမကြားရအောင် ဖွဖွလေးနင်းပြီးသာသာလေးရှောင်ပေးသွားလေတယ်။

အဲ - နှာခေါင်းထဲ အနံ့ဆိုးတိုးလို့ ဒီလူသားဟာ အကျင့်ဆိုးရှိတဲ့သူရယ်လို့သိသွားရင်တော့ဖြင့် လက်ဦးဖို့အသင့်ရင်လည်းစောင့်နေတတ်တယ်။ ဟိန်းဟောက်ပြီးတော့ရင်လည်း ခြောက်လှန့်ထုတ်တတ်တယ်။ သွားရင်းလာရင်းက လူအကျင့်ဆိုးနဲ့ပက်ပင်းတိုးမိရင် စိန်ခေါ်ပွဲကြီးပေါ့။

အဲ - လူ့အကျင့်ကောင်းအဖြစ်သွားပုံလာပုံ ကျွန်ုပ်ဆောင်ပုံကို လူတဲ့ ခတ်မိရင်တော့ ဒီလူ လူကောင်းပေပဲဆိုပြီး အသံမကြားရအောင် ခြေလုံလုံနဲ့သွားရင်သာသွားမယ်။ မသွားသာ ဘေးတင်ရပ်နေတတ်တယ်။

တောတွင်းတိရစ္ဆာန်များဟာ လူတွေထက် အကဲခတ်ကောင်းကြတယ်။ လူတွေထက်လည်း ပေါင်းလို့သင်းလို့ကောင်းကြတယ်။ ဘုရားရှင် သုဝဏ္ဏသာမအလောင်းတော်ဘဝနဲ့တုန်းက သမင်တွေနဲ့သာပေါင်းသင်းနေတာသိကြည့်ကွယ့်။

ဒါကြောင့် ဘုန်းတို့၊ သမီးတို့ အကျင့်ကောင်းကြောင်း လူတွေမသိချင်နေပစေ တိရစ္ဆာန်များသိအောင်တော့ ကြိုးစားထားကွယ့်။ တိရစ္ဆာန်များက



www.burmeseclassic.com

www.burmeseclassic.com

ဆောင် သားတို့ကို ဆေးဖော်ကြောဖက် လုပ်ကြတော့ဘူးဆိုရင်တော့ အင်း - များစရာကြီးပဲဗျ"

'ဒါ သီလပျက်သူနဲ့ မပျက်သူခြား အချက်'

ငါးစာကျွေးခြင်း၊ လိပ်စာကျွေး ခြင်း စာကလေးများ၊ နို့များလွှတ်ခြင်း၊ ငါးလွှတ်ခြင်း၊ ခွေးများအား အစာကျွေး ခြင်း ဒုက္ခရောက်နေလျှင်ကယ်တင်ခြင်း၊ နွေအခါ၌ ရေချမ်းစင်တည်ခြင်း၊ ခရီး သွားများ ခလုတ်မထိဆူးမငြိစေရန် လမ်းမပေါ်၌ ခဲများ၊ တုတ်ချောင်းများ၊ ဆူးခက်များတွေ့လျှင်ကောက်ယူ၍ ဖယ် ရှားပစ်ခြင်း၊ လူအများသွားသည့်လမ်း အား တံမြက်စည်းလှည်းခြင်း၊ လမ်းပြင် ခြင်း တံတားခင်းခြင်းတို့သည် ကာယကံ မေတ္တာ၊ ဝစီကံမေတ္တာသည် တစ်ဦး၏ ကောင်းရာကောင်းကျိုးကိုသာပြောကြား ခြင်း အကြံပေးခြင်း၊ လမ်းညွှန်ခြင်း၊ ဆုံးမ ခြင်း မေတ္တာနှင့်ယှဉ်သည့်စကားကိုသာ ပြောခြင်း၊ အကျိုးစီးပွားနှင့်စပ်သည့် စကားသာပြောခြင်း၊ စိတ်ချမ်းသာမှုရှိစေ သည့်စကားသာပြောကြားခြင်း၊ မှန်သော စကားသာပြောခြင်း၊ မနောကံမေတ္တာ သည် မေတ္တာပွားခြင်း၊ မေတ္တာဘာဝနာ၊ မေတ္တာဘာဝနာပွားများမည့်ပုဂ္ဂိုလ်၌ ရှိရ သည့်အရည်အချင်းများ၊ အရည်အသွေး များကို မေတ္တာသုတ်၌ ဖော်ပြထား၏။ မေတ္တာသုတ်ကျင့်စဉ်ကြောင့် ရရှိလာမည့် အကျိုးတရားများကို စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာဆရာတော်ကြီး၏ ပဒေသာ ဆုံးမစာများ၌ ဖော်ပြထားပါသည်။

- မေတ္တာတရား ကိုယ်၌ထား၊ စီးပွား တိုးတက်ရာ၊
- လူရော၊ နတ်ရော၊ ချစ်သူပေါ၊ ပွားသော ဤမေတ္တာ၊
- လက်နက်ဆိပ်မီး၊ တကယ်ပြီး၊ ဆေးကြီး ဤမေတ္တာ၊
- မျက်နှာကြည်လှ၊ စိတ်တည်ရ၊ ပွားက ဤမေတ္တာ၊
- နိုးအိပ်ချမ်းသာ၊ အိပ်မက်မှာ၊ ကောင်းစွာမက်တတ်ပါ၊
- သေချိန်ကာလ၊ မတွေရ၊ သေက ထက်နတ်ရွာ၊
- မေတ္တာကျေးဇူး၊ ဆွတ်၍ခူး၊ အထူးပွားများရာ၊
- ကိုယ်နှင့်မခြား၊ မေတ္တာပွား၊ အများ သတ္တဝါ၊
- အများသတ္တာ၊ ချမ်းသာမှ၊ ရကြ ကိုယ့် ချမ်းသာ။

မေတ္တာသုတ်ရွတ်ဖတ်ပူဇော်သည့် အခါ အနက်အဓိပ္ပာယ်ကို သိရှိနားလည် ၍ သတ္တဝါများအပေါ် မေတ္တာဓာတ်ဖြန့် ကြက်ကာ မေတ္တာစိတ်အပြည့်ဖြင့် ရွတ် ဖတ်မှသာ အကျိုးများမည်ဖြစ်ပါသည်။ မေတ္တာသုတ်ကို ဗုဒ္ဓဘာသာဝင်တိုင်းလိုလို သိကြပါသည်။ ရွတ်ဖတ်သည့်အခါ ပါဠိ တော်၏ တစ်လုံးချင်းအနက်အဓိပ္ပာယ် ကို နှလုံးသွင်းဆင့်ခြင်၍ မေတ္တာဖြန့်ကြက် ပြီး ဖြည်းဖြည်းနှင့်မှန်မှန် ရွတ်ဖတ်ဖို့လို ပါသည်။ ရွတ်ဖတ်သူ၏ သီလ၊ သမာဓိ အဆင့်အတန်းမြင့်မားလေ ပို၍အာနိသင် ထက်မြက်လေဖြစ်ပါသည်။

ပါမောက္ခချုပ် ဒေါက်တာနန္ဒ မာလာဘိဝံသဆရာတော်ကြီး၏ 'မေတ္တ သုတ်အနှစ်ချုပ်' တရားဒေသနာတော်၌ တွင် ဟောကြားထားသည်မှာ အလွန် မှတ်သားစရာ ဖြစ်ပါသည်။ ဟောတရား တော်၏ မူရင်းအတိုင်း ပြန်လည်ဖော်ပြ ပေးပါမည်။

"မေတ္တာဆိုတဲ့တရားဟာ ရွတ်ရ မယ့်တရားမဟုတ်ဘူး။ ပွားများရမယ့် တရားဖြစ်တယ်။ မေတ္တာဟာ ကမ္မဋ္ဌာန်း ပဲ။ များသောအားဖြင့် ဝိပဿနာတရား အားထုတ်တာမှ ကမ္မဋ္ဌာန်းလို့ယူဆနေ ကြတယ်။ မေတ္တာပို့နေတာဟာလည်း ကမ္မဋ္ဌာန်းပဲပေါ့။ သမထကမ္မဋ္ဌာန်းထဲမှာ ပါတယ်။ ဒါကြောင့် မေတ္တာသုတ်နဲ့ပတ် သက်လာလို့ရှိရင် ရွတ်ရမှာသက်သက် မဟုတ်ဘူး။ နာရမှာသက်သက်မဟုတ် ဘူး။ မေတ္တာသုတ်ကို နေ့စဉ်ရွတ်ဖတ်လို့ ရှိရင် အန္တရာယ်တွေကင်းတယ်။ နာရင် အန္တရာယ်တွေကင်းတယ်လို့ ဒီမေတ္တာသုတ် ထဲမှာပြဆိုထားတဲ့စကားတစ်လုံးမှမပါ ဘူး။ သို့သော် အများက ဒီအတိုင်းပဲ ယုံကြည်နေကြတယ်။ မိုးကုတ်ဆရာ တော်ကြီးပြောတဲ့စကားလုံးနဲ့ပြောရမယ် ဆိုလို့ရှိရင် 'တို့လူတွေက သောက်ဆေး ကို လိမ်းဆေးလုပ်နေကြတယ်' ပေါ့။ သောက်ရမှာကို မသောက်ဘဲနဲ့ လိမ်း ဆေးအဖြစ်အသုံးပြုနေလို့ရှိရင် အကျိုး သက်ရောက်မှု အားနည်းမှာပေါ့နော်။ သောက်ရမယ့်ဆေးက သောက်ကို သောက်မှ အကျိုးသက်ရောက်မှုဖြစ်မှာ ပေါ့။ ဒါကြောင့် မေတ္တာဆိုတာ ဘာဝနာ တရားဖြစ်လို့ ပွားများကြရမယ်"

မေတ္တာစိတ်ကို များများဖြစ်ပေါ် လာစေရန် လေ့ကျင့်ပေးရပါမည်။ မည်သည့်အရာမဆို လေ့ကျင့်ယူလျှင်ရ ပါသည်။ အလေးမသမားများသည် မ,စဉ်က ဝိတ်ပြားတစ်ပြားနှစ်ပြားမှစ၍ နောက်ဆုံး ပြိုင်ပွဲဝင်နိုင်သည့်အဆင့်သို့ ရောက်လာပါသည်။ လေ့ကျင့်ဖန်များ လာသည့်အခါ မိမိအလုပ်၌ ကျွမ်းကျင် နိုင်နင်းလာသည်။ စိတ်ကိုလည်း လေ့ကျင့် ပေးဖန်များလာလျှင် စိတ်က သူ့ဘာသာ သူ့အလိုလိုအလုပ်လုပ်သွားသည်။ သွား နေ၊ ထိုင်နေ၊ ရပ်နေရင်းလည်း မေတ္တာ ပို့ပြီးသားဖြစ်သွားသည်။ စိတ်သည် အလွန်မြန်သောကြောင့် စိတ်၏မြန်နှုန်း ကို ဘုရားသည်ပင် ဥပမာပြရန်မလွယ်။ စိတ်ကညွှတ်လိုက်သည်နှင့် အလိုလို ရောက်သွားသည်။ လေ့ကျင့်ဖန်များလာ သည့်အခါ စိတ်စွမ်းရည်တက်လာသည်။

၁။ စွဲစွဲမြဲမြဲလုပ်ဖို့လိုသည် (သက္ကစ္စကာရီ)
၂။ ထိုစိတ်ကို တစ်ကြိမ်မျှမက ဆက်လက်ဖြစ်ပွားအောင်ထားရ မည် (ပဒဟာတိ)၊
၃။ ခိုင်ခိုင်မြဲမြဲ အဓိဋ္ဌာန်၍ထားရမည် (အဓိဋ္ဌာတိ)
၄။ ကြိမ်ဖန်များစွာ အကြိမ်ကြိမ်အခါ ခါ အထပ်ထပ်အမြဲမပြတ်ပွားများ အားထုတ်၍နေရမည်။ (ဗာဝိတာ၊ ဗဟုလီကတာ)

မေတ္တာသုတ်ကျင့်စဉ်ကို သေသေ ချာချာ ကျင့်ကြံတော့မည်ဟုဆိုလျှင် အောက်ပါ အင်္ဂါ (၈) ချက်ကို လိုက်နာ ရပါမည်။

၁။ မိမိမှာဖြစ်သောမေတ္တာစိတ်ကို ပျက်မသွားရအောင် တရိုတသေ ဂရုတ စိုက်ရှိစေရမည်။

၂။ မေတ္တာစိတ်ကိုလျော့မသွားစေ ဘဲ တိုးပွားလာအောင်လုပ်ရမည်။

၃။ မေတ္တာကို တစ်ခါတလေ သာမက အကြိမ်ကြိမ်ဖြစ်စေရမည်။

၄။ စီးစရာယာဉ်လိုသဘောထား ပြီး မိမိသွားလေရာ မေတ္တာအမြဲပါရ မည်။

၅။ မေတ္တာသည် ငါ၏တည်ရာ၊ မှီရာဟု စိတ်၌ထားရမည်။

၆။ မေတ္တာကိုရှေ့သွားပြုရမည်၊ ဘာလုပ်လုပ်၊ ဘယ်သွားသွား မေတ္တာကို ရှေ့ကထားရမည်။

၇။ မိမိ၏ဝန်းကျင်တွင် မေတ္တာ စိတ်ဖြင့် ဝိုင်းရံထားရမည်။

၈။ မေတ္တာကို ကောင်းစွာပြုရ မည်။ ကောင်းစွာအားထုတ်ရမည်။

ပစ္စုပ္ပန်ကောင်းကျိုး၊ တမလွန် ကောင်းကျိုးများကိုအလိုရှိပါလျှင်၊ သမ္မာ ဒေဝနတ်ကောင်းနတ်မြတ်များ၊ မမြင်ရ သည့်ပုဂ္ဂိုလ်များ၏ အစောင့်အရှောက် ကို ခံယူလိုလျှင် မေတ္တာကိုကျင့်သုံးပါ။

www.burmeseclassic.com

www.burmeseclassic.com

လက်ကိုင်ထားပါ။ မေတ္တာပွားခြင်းကြောင့် ရုက္ခစိုးနတ်များက ရဟန်းများအား ရေမှုရေချမ်းကမ်းလှမ်းခြင်း၊ ဝေယျာဝစ္စများပြုလုပ်ပေးခြင်း၊ ကူညီစောင့်ရှောက်ခြင်းပြုလာကြသည့် မေတ္တသုတ္တန်လာဝတ္ထုသည် ထင်ရှားသည့်သာဓကဖြစ်သည်။ ဘာသာရေးအကျင့်စခန်းကို ကျင့်ကြံနေသူများ မေတ္တာကိုလက်လွှတ်၍မရပါ။ လူမှုနယ်ပယ်၌ တစ်ဦးနှင့်တစ်ဦး ဆက်ဆံကြရာတွင် မေတ္တာထား၍ မေတ္တာစိတ်ဖြင့် ဆက်ဆံကြည့်ပါ။ အရာအားလုံးအဆင်ပြေချောမွေ့သွားပါလိမ့်မည်။ မေတ္တာဆိုတာ အရာရာလိုရာသိဒ္ဓိပြီးပါသည်။ ဖခင်ကြီးဟသ်ာတမြို့ မြစ်ကွေ့ကျောင်းတိုက်၌ စာသင်သားဘဝနှင့်နေစဉ် မနက်စောစော ကျောင်းရှေ့မှဖြတ်သွားသော မုန့်ဟင်းခါးသည်၏ အသံကိုကြား၍ ဦးပဥ္စင်းတစ်ပါးမှ -

"ကိုယ်တော်တို့ မုန့်ဟင်းခါးဘုဉ်းပေးချင်ကြလား"

ဟု မေးရာ စားချင်ကြောင်း ဦးပဥ္စင်းများကပြော၍ 'မကြာမီဘုဉ်းပေးစေရမည်'ဟုပြောပြီး သိပ်မကြာမီ မုန့်ဟင်းခါးသည်ကြီးမှာ ခံတောင်းကြီးကို ခေါင်းပေါ်ရွက်၍ ကျောင်းထဲသို့ ဝင်လာပြီး ဦးပဥ္စင်းများအား မုန့်ဟင်းခါးဆွမ်းကပ်သွားသည်ကို ငယ်စဉ်က ပြောပြ၍ မှတ်သားခဲ့ရပြီး ထိုဦးပဥ္စင်းမှာ မေတ္တာကမ္မဋ္ဌာန်းအောင်ထားသည်ဟု ပြောပါသည်။ မေတ္တာနှင့်ပတ်သက်၍ လယ်တီဆရာတော်ဘုရားကြီးအမိန့်ရှိပုံမှာလည်း မှတ်သားစရာဖြစ်ပါသည်။

"မြတ်စွာဘုရားက သံယုတ်ပါဠိတော်ကြီးမှာ မေတ္တာပွားနေတဲ့ပုဂ္ဂိုလ်ကိုမြည့်နေအောင်ထက်တဲ့နှစ်ဖက်သွားလှံနဲ့တူတယ်လို့ ဟောထားတယ်။ အဲဒီလှံသွားကိုချိုးမယ်၊ ခေါက်မယ်၊ လိပ်မယ်ဆိုပြီးလုပ်ရင် လုပ်တဲ့သူသာရှုံမှာပဲ။ ဒါကြောင့် မေတ္တာပွားနေတဲ့ပုဂ္ဂိုလ်ကို ဘယ်အမနုဿကမှမထိရဲဘူး။ ထိရင်ထိတဲ့သူပဲဒုက္ခရောက်တာ သူတို့သိတယ်ကွယ့်။ စိတ်ဖောက်ပြန်ပြောင်းလဲအောင်လုပ်နိုင်ဖို့ဆိုတာ အဝေးကြီးပဲ။ အဲဒါကိုကြည့်ရင် မေတ္တာဟာ အကာအကွယ်တင်မဟုတ်ဘူး။ တန်ပြန်လက်နက်ကြီးကလား။ မေတ္တာအကျိုး (၁၁) မျိုးဟာ ပြောဟောကောင်းရုံမဟုတ်ဘူး။ တကယ်ယုံကြည်ပြီးသုံးရင် ဘယ်တန်ခိုး၊ ဘယ်လက်နက်၊ ဘယ်အဆိပ်မှကြောက်စရာမရှိပါဘူး။ မေတ္တာသည် ရန်အပေါင်းကိုလည်း အောင်နိုင်၏။ ဘုရားရှင်သည် အလွန်ခက်ထန်ကြမ်းကြုတ်လှပါသည်ဆိုသော အာဠဝကနတ်ဘီလူးကြီးနှင့် နာဠာဂီရိဆင်ကြီးတို့ကို မေတ္တာလက်နက်ဖြင့်သာ အောင်နိုင်တော်မူခဲ့သည်မှာ အထင်အရှားဖြစ်ပါသည်။

သာမညဆရာတော်ဘုရားကြီးက 'ချမ်းသာချင်ရင် မေတ္တာပွားကြ' ဟု မိန့်ကြားခဲ့ပါသည်။ 'မေတ္တာကိုသာများများထားပြီး များများပို့လွှတ်ပါ။ အရာရာကိုပြီးမြောက် အောင်မြင်စေနိုင်ပါတယ်' ဟူ၍ ဆရာတော်ကြီးတစ်ပါးက လမ်းညွှန်ထားပါသည်။ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရက 'ဘဝလုံခြုံရေးအတွက် မေတ္တာတရားလောက်စိတ်ချရသော အဆောင်ကောင်း၊ လက်နက်ကောင်းဟူ၍ မရှိနိုင်ပါ။ သံသရာတစ်ခွင်မှာလည်း ကြည်လင်ချမ်းမြေ့စွာကျင်လည်ရေးအတွက် မေတ္တာကဲ့သို့ အားကိုးလောက်၊ အားထားလောက်သော မှီခိုရာရုပ်နာမ်ဝတ္ထုမျိုး သတ္တလောကကြီးထဲမှာ အခြားဘာမှမရှိနိုင်ပါ' ဟူ၍ မိန့်ကြားခဲ့ပါသည်။ မေတ္တာပွားခြင်းသည် စိတ်ကိုစင်ကြယ်အောင်ပြုခြင်း၊ စိတ္တဝိသုဒ္ဓိဖြစ်၍ အလွန်အကျိုးထူး၏။ အံ့ဩလောက်အောင် ဆန်းကြယ်၏။ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌဇမ်းဗေ့ဆရာတော်ကြီးဒေါက်တာ အရှင်ကုမာရာဘိဝံသ၏ တရားတော်တွင်ပါရှိသော အဖြစ်အပျက်တစ်ခုကို ဆရာတော်ကြီး ဟောပြ၍ သိရသည်မှာ ဤသို့ဖြစ်ပါသည်။

မန္တလေးမြို့ကြီးတွင် စာဝါလိုက်နေသော ဦးပဥ္စင်းကြီးတစ်ပါးသည် ဗုဒ္ဓါနုဿတိနှင့် မေတ္တာကမ္မဋ္ဌာန်းကိုပွားများ၍ နှစ်အတန်ကြာလာသည့်အခါ သူ၏ ဇာတိဖြစ်သော တိုးကြောင်ကြီးရွာမှ စာတစ်စောင်ရောက်လာပါသည်။ စာမှာ ရွာကဘုန်းကြီးပျံလွန်တော်မူ၍ ကျောင်းထိုင်ဘုန်းကြီးမရှိသောကြောင့် ရွာသို့ ဘယ်နေ့ဘယ်ရက်တွင် ပြန်ကြွရန် အကြောင်းကြားသည့်အတွက် မန္တလေးမှ ရက်မှန်သင်္ဘောကြီးဖြင့်ပြန်လာရာ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်သည့်အခါ ကမ်းလုံးညွတ်နေအောင်ကြိုဆိုနေသော လူအုပ်ကြီးကို သင်္ဘောပေါ်မှမြင်နေရ၏။ ဦးပဥ္စင်းကြီးစိတ်ထဲတွင် ဘုရင်ခံ၊ ဝန်ကြီးတစ်ပါးပါးထွက်သည့်အတွက်ဟုထင်မိသည်။ လူအများဆင်းသွားပြီး သင်္ဘောပေါ်၌ ဦးပဥ္စင်းကြီးတစ်ပါးသာ ကျန်တော့၍ ဆင်းမည်ပြုသည့်အခါ သူ့ဌေးကြီးလေးဦးနှင့် ဒါယိကာ၊ ဒါယိကာမများ သင်္ဘောပေါ်သို့တက်လာကြပြီး ဦးပဥ္စင်းကြီး၏ပစ္စည်းများကို သယ်ယူ၍ ကြွပါဟုဆိုပြီး ပင့်ဆောင်ကာ ကမ်းပေါ်ရောက်သည့်အခါ ပရိတ်အဖွဲ့၊ ဓမ္မစကြာအဖွဲ့များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ကားကြီးကားငယ်များနှင့်ကြိုဆိုနေသည်ကိုတွေ့ရာ ဦးပဥ္စင်းကြီးက -

"မင်းတို့လူမှားနေပြီ"

ဟုပြောသော်လည်းမရဘဲ ကားပေါ်သို့ပင့်ကာ သုံးထပ်တိုက်ကျောင်းကြီးပေါ်သို့ခေါ်သွားပြီး ဆွမ်းပွဲကြီးနှင့် အချိုပွဲကြီးနှစ်ပွဲကိုပြင်ထားပြီး ကျကျနနကပ်ပါသည်။

ဦးပဥ္စင်းကြီးက -

"တစ်ခုခုတော့လွဲနေပြီထင်တယ်။ မင်းတို့ကိုငါတစ်ယောက်မှမသိဘူး။ မင်းတို့ကကော ငါ့ကိုသိရဲ့လား"

ဟု မေးသည့်အခါ -

"ဦးပဥ္စင်းကြီးကိုသိတယ်"

ဟု ပြော၍ -

"ဘယ်လိုသိတာလဲ"

ဟုမေးရာ သူဌေးကြီးလေးဦးက-

"လွန်ခဲ့တဲ့ (၇) ရက်ကစပြီး တပည့်တော်တို့ ညတိုင်းလိုလို အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ လူသူတော်ကြီးတစ်ဦးပေါ်လာပြီး မန္တလေးကနေ ရန်ကုန်ရက်မှန်သင်္ဘောကြီးတစ်စင်း ဒီနေ့မှာဆိုက်လိမ့်မယ်။ အဲဒီသင်္ဘောပေါ်မှာ ရဟန္တာတစ်ပါးပါတယ်။ အဲဒီရဟန္တာကို ကျောင်းဆောက်ပြီးကိုးကွယ်လိုက်ကြလို့ အိပ်မက်မက်တယ်"

ဟု လျှောက်ပါသည်။

"အိပ်မက်ထဲကရဟန္တာပုံသဏ္ဌာန်ကလည်း အရှင်ဘုရားအတိုင်းပဲ။ အဲဒါကြောင့် အရှင်ဘုရားကို ရန်ကုန်မှာကျောင်းဆောက်ပြီးကိုးကွယ်မှာ"

ဟုပြောရာ ဦးပဥ္စင်းကြီးက -

"ဒါကတော့မဖြစ်နိုင်ဘူး။ ကျုပ်ရွာတိုးကြောင်ကြီးဘုန်းကြီး ပျံတော်မူလို့ ကျောင်းထိုင်ဘုန်းကြီးမရှိလို့ ပြန်လာပင့်သောကြောင့် ပြန်လာရတာ"

ရှင်းပြရာ ဒကာများက -

"ဒါဆို တိုးကြောင်ကြီးရွာလိုက်ပြီး တပည့်တော်တို့လေးယောက် ကျောင်းဆောက်လှူမယ်"

ဟုပြောပြီး ကျောင်းဆောက်၍ လှူဒါန်းကြသည်ဟုဆိုပါသည်။စိတ္တဝိသုဒ္ဓိ စိတ်စင်ကြယ်လာလျှင် နတ်ကောင်း နတ်မြတ်များက အလိုလိုစောင့်ရှောက်လာသည့်သာဓကဖြစ်ပါသည်။ မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com

နှင့်ပတ်သက်၍ ထင်ရှားကျော်ကြားသော ဆရာတော်များမှာ မိုးညှင်းဆရာတော်၊ ဝေဘူဆရာတော်၊ သေက္ခတောင်ဆရာတော် ဦးတိလောက၊ တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရ၊ ဒုတိယကမ္ဘာစစ်မဖြစ်မီက မြဝတီဆရာတော် ဦးအဂ္ဂဝံသ၊ မိုးညှင်းဆရာတော်၏ 'မေတ္တာအလုပ်နှင့်ကမ္ဘာငြိမ်းချမ်းရေးတရားတော်' မှ အချို့ကို ထုတ်နုတ်တင်ပြပေးပါမည်။

'မနောကံမေတ္တာပို့နည်းမှာ ထင်ရှား ကျော်ကြား၍ လူသိများပါသည်။ စိတ်အတွေးအကြံများသည် မေတ္တာဓာတ်ဖြင့်လွှမ်းခြုံကာ လူသားအားလုံးကို နိုင်ငံအားလုံးကို သမာဓိကြီးကြီးဖြင့် ကျွတ်တမ်းဝေးပါစေ ဟူသော စေတနာမေတ္တာသဘောထားကို အာရုံပြုလျက် ပို့လွှတ်တတ်ရမည်။ သမာဓိရရှိရန် အရေးကြီးသည်။ သို့မှသာ ဆင်းရဲသူ၊ ချမ်းသာသူဟူ၍ မရွေးချယ် မကန့်သတ်တော့ဘဲ သတ္တဝါမှန်သမျှ ဘေးရန်ကင်းကြပါစေဟု စေတနာမွန်ကြီးကို ထားရှိနိုင်တော့၏။ ကိုယ်ကျိုးစွန့်နိုင်၊ အနစ်နာခံနိုင်လာကြပေသည်။ အရေးကြီးနေသော ဆိုင်ရာနိုင်ငံ၊ လူသားတို့ကို စူးစိုက်ကြည့်ရှုမေတ္တာပို့သရမည်။ မေတ္တာကိုနှုတ်၊ စိတ်ဖြင့်ပွားနေစဉ် ပုဂ္ဂိုလ်ကိုအာရုံပြုစူးစိုက်၍ မေတ္တာဓာတ်ပို့လွှတ်ရမည်။ ထို့ပြင် ပုဂ္ဂိုလ်ကို အာရုံထဲမှာ ထင်လာမြင်လာအောင် အာရုံပြုပေးရသည်။ သင်သည် ဘေးရန်ကင်းပါစေ၊ ချမ်းသာပါစေ၊ စိုးရိမ်ခပ်သိမ်း ကင်းဝေးပါစေဟု အကြိမ်ကြိမ်ဆို၍ မေတ္တာစိတ်ပွားနေရမည်။ လူအများကို ခြုံငုံအာရုံပြု၍ မေတ္တာပို့လျှင် အလွန်ကောင်းသည်။ သင်တို့သည် ချမ်းသာကိုယ်စိတ်မြဲပါစေဟု အကြိမ်များစွာပို့သနေမှ အကျိုးရှိသည်။ မြို့၊ ရွာ၊ နိုင်ငံများသို့ ဤနည်းကို အတုယူပြီး မေတ္တာပို့သနေရမည်။ ကိုယ်ချင်းစာနာစိတ်ပင်ဖြစ်၍ အလွန်ကောင်းသည်။ မြင့်မြတ်စိတ်များပေါ်ထွန်းပျံ့နှံ့သွားသည်။ ကရုဏာစိတ်က အစပြု၍ မေတ္တာစိတ်ကို ပွားယူလျှင်လည်း မှန်ကန်ပါသည်။ အာရုံစူးရှ ထိရောက်မှသာ ပမာနကျသည်။ စိတ်အာရုံထဲမှာပေါ်နေရမည်။ စိတ်ထဲမှာ တကယ်စေတနာပေါ်ပေါက်သောကုသိုလ်ထူးအလုပ်ဖြစ်၍ ဒါနထက် ဘာဝနာက ပိုမြတ်သည်'

လူအများ မေတ္တာခန်းခြောက်လာ၍ ကမ္ဘာကြီးပူနွေး၍လာပုံကို ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသက ဤသို့ ဟောကြားထားပါသည်။ 'ကမ္ဘာကြီးပူနွေးလာတာသာ လူတွေကမသိကြတယ်၊ မေတ္တာခန်းလာတာ သိပ်မသိကြဘူးနော်။ သတိမထားကြဘူး။ လူတွေရဲ့ သန္တာန်မှာရှိတဲ့ မေတ္တာတွေဟာ ခန်းခြောက်လာလို့ ရင်ထဲနှလုံးထဲမှာ ပူနွေးလာတာကို သတိထားဖို့ လိုအပ်တယ်ပေါ့။ မဟိဒ္ဓလောကကမ္ဘာကြီးပူနွေးနေတာကို ဆွေးနွေးဖြေရှင်းဖို့လုပ်နေကြတယ်။ ရင်ထဲကပူနေတာတော့ ဘယ်သူမှမဆွေးနွေးဘူး။ ရင်ထဲပူနွေးတာကပိုဆိုးတယ်တဲ့။ အေးချမ်းအောင်လုပ်ရမယ်။ ဒါကြောင့်မို့လို့ မေတ္တာစိတ်ဓာတ်တွေကိုယ်သန္တာန်မှာ ဖြစ်ပေါ်စေရမယ်လို့ မြတ်စွာဘုရားကဟောတယ်။ မေတ္တာသုတ်ရဲ့အဓိပ္ပာယ်က အင်မတန်မှကောင်းတယ်။ ရွတ်တဲ့အခါမှာ ဒီလိုအဓိပ္ပာယ်လေးတွေကို ဆင်ခြင်စဉ်းစားပြီး ရွတ်ရမယ်။ ပြီးတော့ ကိုယ်တိုင်ကျင့်သုံးမှုပြုရမယ်။ ပထမသိအောင်လုပ်တယ်။ နောက်ကျင့်သုံးရမယ်ပေါ့။ မေတ္တာစိတ်ရဲ့သဘောကိုနားလည်အောင် ဘုရားရှင်က ဆက်ပြီးဟောတယ်။

သားသမီးတစ်ယောက်တည်း ထွန်းကားတဲ့မိခင်ဟာ ထိုသားသမီးကို အသက်ပေးပြီး စောင့်ရှောက်သလိုပဲတဲ့။ သူသေချင်သေပါစေတဲ့၊ ငါ့သားသမီး မသေပါစေနဲ့ဆိုတဲ့စိတ်ဓာတ်မျိုး မွေးတယ်ပေါ့။ အဲဒါကိုအသက်ပေးပြီးတော့ စောင့်ရှောက်တယ်လို့ပြောတာပေါ့နော်။ အဲဒီလိုကလေးအပေါ်မှာထားတဲ့မိခင်ရဲ့ မေတ္တာဟာ ဘယ်လောက်ကြီးမားသလဲ။ အဲဒီမိခင်ရဲ့မေတ္တာလိုပဲ သတ္တဝါတွေပေါ်မှာ မေတ္တာထားနိုင်အောင်ကြိုးစားပါတဲ့။ 'မာနသံဘာဝယေအပရိမာဏံ'အတိုင်း အတာအကန့်အသတ်မရှိတဲ့ မေတ္တာမျိုးကို သတ္တဝါတွေအားလုံး အပေါ်မှာဖြစ်အောင်လုပ်ပါတဲ့။ 'ဘာဝယေ' ဆိုတာ ဖြစ်အောင်လုပ်ပါ။ တိုးပွားလာအောင် လုပ်ပါလို့ပြောတာ။

စိတ္တေန နီယတိ လောကော ဆိုသည့်အတိုင်း လောကကြီးကို စိတ်ကသာ ဦးဆောင်နေပါသည်။ မေတ္တာသည် စိတ်အလုပ်ဖြစ်၍ လောကကြီးတစ်ခုလုံးကို လွှမ်းခြုံသိမ်းကျုံးစိုးမိုးနိုင်၏။ အရှင်နာဂသိန်က မိလိန္ဒမင်းကြီးအား -

"မင်းကြီး၊ အကုသိုလ်သည် အင်အားနည်း၏၊ ကုသိုလ်ကား အင်အား ကြီးမား၏။ အကုသိုလ်သည် အင်အားနည်းသောကြောင့် ပြုလုပ်သူကိုသာလျှင် သိမ်းခြုံလွှမ်းမိုးနိုင်၏။ ကုသိုလ်ကား အင်အားကြီးမားသောကြောင့် (ပြုလုပ်သူကိုသာမက) လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် တစ်လောကလုံးကိုပင် သိမ်းကျုံး လွှမ်းမိုးနိုင်၏"

သတ္တလောက၌မရှိလျှင် မဖြစ်သော လောကကြီးကို စောင့်ရှောက်အပ်သောတရားဖြစ်သည့် မေတ္တာတရားများ ပျက်သုဉ်းသွားလျှင် ကမ္ဘာလောကကြီး ပျက်စီးသွားမည် ဖြစ်ပါသည်။

နိဂုံးချုပ်ရပါလျှင် သရက်သီးများသည် သီးခါစအချိန်က အကင်းလေးပင် ဖြစ်ပါသည်။ ရက်လကြာလာသည့်အခါ တဖြည်းဖြည်းနှင့် ရင့်သည်ထက် ရင့်လာပြီး နောက်ဆုံး၌ မှည့်ဝင်းလာကာ အသင့်ဆွတ်ခူးစားနိုင်သောအခြေအနေသို့ ရောက်ရှိလာသလို လူတိုင်းအတွက် လိုအပ်သည့်မေတ္တာ၊ လူတိုင်းမြတ်နိုးသည့်မေတ္တာကို ပွားများအားထုတ်ကြည့်ပါလျှင် မေတ္တာ၏ စွမ်းပကားများကို အံ့သြလောက်အောင် ကိုယ်တိုင်သိလာပါလိမ့်မည် ဖြစ်ပါသည်။

**❑ ဆောင်းပါးရှင်အာဘော်**

ယနေ့ခေတ် အချိန်ကာလသည် သာသနာငါးထောင်၏ တစ်ဝက်ကျော်ဖြစ်၍ ဆုတ်ကပ်ခေတ်ကာလသို့ရောက်နေသောကြောင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် မေတ္တာတရားများ ပျက်သုဉ်း၍လာကာ ငါကောင်းစားလျှင်ပြီးရော၊ ငါချမ်းသာလျှင်ပြီးရောဆိုသည့် အတ္တဝါဒများကြီးထွားလာပြီး ကိုယ်ချင်းစာတရားများ ခေါင်းပါးလာနေပါသည်။ မေတ္တာစိတ်ကင်းမဲ့လာသောကြောင့် ရက်ရက်စက်စက်သတ်ဖြတ်မှုများ၊ အဓမ္မပြုကျင့်၍ လူသတ်မှုများကို ကျူးလွန်လာကြပါသည်။ ကမ္ဘာကြီးတွင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ၊စစ်မီးများတောက်လောင်နေပြီး နယ်မြေချဲ့ထွင်မှု၊ အာဏာကြီးစိုးမှုတို့ ကြီးထွားလာနေပါသည်။ ထိုအခြေအနေတို့၏ အဓိကအကြောင်းအရာမှာ မေတ္တာစိတ်များကင်းမဲ့လာသောကြောင့်ဖြစ်၍ လူသားတိုင်းတွင် တစ်ဦးအပေါ် တစ်ဦးထားရှိသောမေတ္တာမှာ အထူးလိုနေပါသည်။

မေတ္တာဆိုတာ
အရာရာလိုရာသိဒ္ဓိပြီး

ဆောင်းကလေး



www.burmeseclassic.com

www.burmeseclassic.com



# ရဲမြတ်တင်
(အမျိုးသားစာပေဆုရ)

# ကလျာဏမိတ္တကိုသာရှာ

အချိန်မှာ မိုးတွင်းကာလအတွင်း၌ ဖြစ်လေသည်။ ထိုရက်များအတွင်း မိုးကအထူးကောင်းလျက်ရှိသည်။ နေ့စဉ်ရက်ဆက်ဆိုသလို ရွာချလျက်ရှိသည်။ ရွာလိုက်သောမိုးကလည်း မိုးပေါက်သည်းပြီး မိုးလုံးကြီးလှသည်နှင့်အညီ ရှိလေသမျှ လမ်းများ၊ လယ်ကွင်းများတွင် ရေတွေတဖွေးဖွေးနှင့်ဖြစ်ကုန်လေသည်။ ဘယ်ကိုကြည့်ကြည့် ရေတွေကိုသာမြင်တွေ့နေရသည်။ ထိုရေဓာတ်ကြောင့်ပင် သစ်ပင်၊ တောတောင်၊ လူနေအိမ်ခြေအစရှိသော အရာဝတ္ထုမှန်သမျှသည်လည်း စွတ်စိုထိုင်းမှိုင်းသောအသွင်ကိုသာ အသီးသီးဆောင်ယူနေကြလေသည်။

ဒေါက်တာအောင်သော် စက်လှေဆိပ်အနီးရှိ လက်ဖက်ရည်ဆိုင်ထဲတွင် ထိုင်နေရင်း လက်မှနာရီကိုအသာမြှောက်ကြည့်လိုက်သည်။ နာရီလက်တံများက ညနေ (၅) နာရီခွဲအချိန်ကို ညွှန်ပြလျက်ရှိသည်။ နာရီကြည့်ရင်း သူသက်ပြင်းတစ်ချက်ချလိုက်မိသည်။ ပြီး ဆုံးဖြတ်ချက်တစ်ခုကိုပါချလိုက်မိသည်။ ဘုရားသုံးဆူမှ ကြာအင်းဆိပ်ကြီးသို့ ထွက်ခွာမည့် 'ရဲမာန်အောင်' စက်လှေက ယနေ့မွန်းလွဲ(၂)နာရီတွင် ထွက်ချိန် သတ်မှတ်ထားသည်။ ထွက်ချိန်မတိုင်မီ သူအပါအဝင် ခရီးသည်များက အစုံအလင်ရောက်ရှိလာကြသည်။ သို့သော်လွတ်ခါနီးမှစက်လှေက ဘာချို့ယွင်းသွားသည်မသိပါ။ စက်လှေသားများအင်ဂျင်နိုက်ရင်း အလုပ်ရှုပ်နေကြသည်။ စက်ပြင်သောအလုပ်က တော်တော်နှင့် မပြီး



www.burmeseclassic.com

www.burmeseclassic.com



…ဘဲဖြစ်နေသည်။ မပြီးဆို ယခုတိုင် …သေးပေ။ သည်ပုံအတိုင်းဆိုလျှင် …လေ့က မနက်မှသာထွက်နိုင်တော့ …တော့သည်။ ခရီးသည်များ သည်ည …လှေဆိပ်တည်းခိုဆောင်၌ပင် ည …ရတော့မည်ဖြစ်ရာ သူလည်းသည် မှာပင် ညအိပ်လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်သည်။

မကြာမီ သူ့အတွေးမှန်သွားသည်။ စက်လှေသားကောင်လေးတစ်ကောင်က ခရီးသည်များအား စက်လှေ ယနေ့ မထွက်နိုင်တော့ကြောင်း၊ မနက်မှသာ ထွက်ပေးနိုင်တော့မည့်အကြောင်း၊ မနက်စောစောကြီးထွက်ပေးမည်ဖြစ်၍ ခရီးသည်များကို လာရောက်ဆော်ဩပေးမည့်အကြောင်းများ လာပြောသွားလေသည်။

ခရီးဆောင်အိတ်ကို မ,ကာ လက်ဖက်ရည်ဆိုင်လဲမှထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

လမ်းတစ်ဖက်ရှိ တည်းခိုဆောင်ထဲသို့ လှမ်းဝင်သွားလိုက်သည်။ ထိုတည်းခိုဆောင်မှာ စက်လှေလိုင်းပေါင်းစုံဌာနမှ ဆောက်လုပ်ထားခြင်း ဖြစ်သည်။ အမိုး၊ အကာ၊ အခင်းစသော အဆောက်အအုံ၏အစိတ်အပိုင်းအားလုံးတို့မှာ သပ်သပ်ရပ်ရပ်ရှိသည်။ အတွင်း၌ ဇရပ်သဖွယ် တစ်ပြန့်တည်းတည်ရှိနေသော်လည်း အမျိုးသားနေရာ၊ အမျိုးသမီးနေရာဟူ၍တော့ သီးသန့်စွဲခြားပေးထားသည်။ ခေါင်းရင်းဘက်ဘုရားကျောင်းဆောင်အောက်တွင် သံဃာစင်တစ်ခုကိုပါ သတ်မှတ်ပေးထားသည်။

ဒေါက်တာအောင်သော် လွတ်ရာနေရာတစ်ခုတွင် နေရာယူလိုက်သည်။ သည်မှာ ညအိပ်ရတော့မည်မှာ သေချာနေပြီမို့ ခရီးသည်တချို့လည်း အိပ်ရာများခင်းကာ နေရာယူနေကြလေပြီ။ ခရီးသည်က ဦးရေတော့ များများစားစားမရှိပါ။ စက်လှေတစ်စီးစာမျှသာရှိသည်။ အမှန်တော့ ပုံမှန်အတိုင်းဆိုလျှင် ခရီးသွားမည့်သူများက ဘုရားသုံးဆူမှ ဆိုင်ကယ် သို့မဟုတ် ကားများဖြင့် ဤစက်လှေဆိပ်အရောက် လာရောက်ကြပြီး လိုရာခရီးကိုလိုက်ပါသွားကြမြဲ ဖြစ်သည်။ ယခုလိုခရီးစဥ်ဖျက်ပြီး တည်းခိုဆောင်၌ ညအိပ်လိုက်ရသည့်အဖြစ်မျိုးက ရှားပါးလှသည်။

အမှောင်ကရောက်ရှိလာလေပြီ။ စက်လှေက မိုးချုပ်မှပင်ပြင်ပြီးသွားတော့သည်။ စက်နိုးသံများ ကြားကြရသည်။ အတန်ကြာအောင် စက်သံမှန်၊ မမှန်စမ်းသပ်ပြီးနောက် စက်လှေသမားများက သူတို့လုပ်ငန်းကို အစသတ်လိုက်ကြသည်။ ထိုအချိန်တွင် မိုးကသဲသဲမဲမဲရွာချလာသည်။ မိုးအေးအေးတွင် စောင်ခြုံအိပ်တော့မည်ဟု စိတ်ကူးကာ ဒေါက်တာအောင်သော် အိပ်ရာပေါ် လဲချလိုက်သည်။

ဤတွင် ခေါင်းရင်းဘက်ဆီသို့ အကြည့်ရောက်သွားရာမှ သံဃာစင်ပေါ်တွင်ရှိနေသော ဘုန်းကြီးတစ်ပါးကို သူသတိပြုမိလိုက်သည်။ ဘုန်းကြီးက ထိုတစ်ပါးတည်းသာဖြစ်သည်။ ဘုန်းကြီးဘေးတွင် ပစ္စည်းပစ္စယဟူ၍ များများစားစားမရှိ။ သပိတ်၊ သားရေနယ်၊ ဒုကုဋ်သင်္ကန်းနှင့် လွယ်အိတ်ကလေးတစ်လုံးသာတွေ့ရသည်။ သူသည်လည်း မနက်စက်လှေဖြင့် လိုက်ပါမည့်ခရီးသည်ဖြစ်ဟန်တူသည်။ ထို့နောက် ဒေါက်တာအောင်သော်က ထူးထူးထွေထွေမစဉ်းစားတော့လည်း စောင်ခေါင်းမြီးခြုံပြီး အိပ်လိုက်တော့သည်။

ညဥ့်က တဖြည်းဖြည်းနက်လာသည်။ မိုးကလည်းတိတ်သွားလေပြီ။ ဝန်းကျင်၌လည်း တိတ်ဆိတ်လျက်ရှိလေပြီ။ ဖားအော်သံနှင့် အခြားအကောင်ဗလောင်တို့၏ အော်မြည်သံတို့ကသာ ဟိုမှသည်မှထွက်ပေါ်လျက်ရှိလေသည်။ ညသန်းခေါင်လောက်ရောက်လာတော့ ဒေါက်တာအောင်သော်တစ်ရေးနိုးလာသည်။ စောင်ကိုဖွင့်၍ ဘေးဘီကိုလှည့်ပတ်ကြည့်လိုက်မိသည်။ ယောကျ်ား၊ မိန်းမ ခရီးသည်အားလုံး အိပ်မောကျနေကြသည်။ ဟောက်သံ၊ ယောင်သံများပင် ဟိုမှသည်မှထွက်ပေါ်လျက်ရှိသည်။ သူ့မျက်လုံးများက သံဃာစင်ဘက်သို့ပါ ရောက်သွားမိသည်။ ဤတွင် သူ၏စိတ်ထဲ ထူးဆန်းသလိုဖြစ်သွားရသည်။ အကြောင်းမှာ သံဃာစင်ပေါ်မှဘုန်းကြီးက ခုထိမအိပ်သေးပေ။ ဘုရားကျောင်းဆောင်အောက်က ဥရူတိုင်ကို ကျောမှီကာ ယခုတိုင် ငုတ်တုတ်ကြီးထိုင်နေလျက် ရှိသေးသည်။ သူ့ဘေးမှ သပိတ်အစရှိသော ပစ္စည်းများကလည်း တစ်ခုမှပုံစံမပျက် ယခင်အနေအထားအတိုင်းပင် ဖြစ်သည်။ သူမအိပ်ချင်သေး၍ ဖြစ်မည် အချိန်တန်က အိပ်လိမ့်မည်ဟူ၍ ခပ်ရိုးရိုးသာတွေးလိုက်မိပြီး ဒေါက်တာအောင်သော် စောင်ကိုပြန်ခြုံကာ ဆက်အိပ်လိုက်သည်။

သို့သော် အိပ်ရာပြောင်းဖြစ်နေ၍လားမသိ။ သူနှစ်နှစ်ခြိုက်ခြိုက်အိပ်မရဘဲဖြစ်နေသည်။ အိပ်လိုက်၊ နိုးလိုက်ဖြစ်နေသည်။ ကြက်အိပ်ကြက်နိုးဖြစ်နေသည်။ ထိုသို့အိပ်ရာမှ နိုးလာတိုင်းလည်း သံဃာစင်ပေါ် သို့လှမ်းလှမ်းကြည့်မိရာ ဟိုဘုန်းကြီးကဘယ်တော့မှအိပ်နေသည်ဟု မတွေ့ရပေ။ ငုတ်တုတ်ထိုင်လိုက်၊ စင်္ကြံလျှောက်လိုက်နှင့်သာတွေ့ရသည်။ ကြာလာတော့ ဒေါက်တာအောင်သော် ဘုန်းကြီးကို ငေးကြည့်ရင်း တစ်ကိုယ်တည်း အတွေးနယ်ချဲ့နေမိလေသည်။ ဘုန်းကြီးကိုကြည့်ရသည်မှာ ပုံမှန်ဟုတ်ဟန်မတူ။ ဂနာမငြိမ်ဖြစ်နေဟန်၊ စိတ်မငြိမ်မသက်ဖြစ်နေဟန်တူသည်။ ပြော၍မရပေ။ ဘုရားသုံးဆူဆိုသည်က ဟိုဆေးဝါးတွေ အလွန်ပေါလှသည်။ မဟုတ်မှလွဲရော ဘုန်းကြီးတန်မဲ့ ဆေးကြောင်ပြီး အိပ်မရဖြစ်နေဟန်တူသည်ဟု ကြံကြံဖန်ဖန်အတွေးခေါင်လိုက်[...] သည်။

သည့်နောက်တွင် လုံးဝအိပ်၍[...] တော့ပြီမို့ ဒေါက်တာအောင်[...] အိပ်ရာကအပြီးထလိုက်သည်။ နာ[...] ကြည့်လိုက်ရာ မနက်လေးနာရီထိုး[...] နေလေပြီ။ မျက်နှာသစ်၊ သွားတိုက်[...] နောက် ပစ္စည်းများကိုသိမ်းဆည်း[...] လိုက်သည်။ မကြာပါ၊ စက်လှေ[...] ကောင်လေးတစ်ယောက်က တည်း[...] ဆောင်အပေါက်ဝ၌ပေါ်လာပြီး [...] သည်များကို အော်နှိုးလိုက်သည်။ [...] သည်များကလည်း အသီးသီးနိုးလာ[...] သည်။ ထို့နောက် မျက်နှာသစ်ခြင်း [...] သာတက်ခြင်း၊ ပစ္စည်းသိမ်းခြင်းမျာ[...] ပြုလုပ်ကြသည်။

စက်လှေပေါ် သို့ တက်ခွင့်ပြု[...] သည်နှင့် ခရီးသည်များက စက်[...] ပေါ်သို့ အသီးသီး တက်ရောက်နေ[...] ယူလိုက်ကြ၏။ ဒေါက်တာအောင်[...] က စက်လှေဦးပိုင်းလောက်တွင် နေ[...] ယူလိုက်သည်။ ဟိုဘုန်းကြီးကပါ [...] အနီးတွင် လာရောက် နေရာယူ[...] သည်ကို တွေ့ရသည်။ အားလုံးအ[...] သင့်ဖြစ်လျှင် စက်လှေက စက်နှိုး[...] စတင်မောင်းထွက်လိုက်သည်။

❑

ချောင်းရိုးကျဉ်းကျဉ်းကလေး[...] ဖြည်းဖြည်းချင်းစုန်ဆင်းလာပြီးနော[...] အတန်ကြာသော် မြစ်ပြင်ကျယ်အတွ[...] သို့ရောက်ရှိလာသည်။ မိုးကလ[...] စင်စင်လင်းသွားလေပြီ။ ရေကြောင်[...] ကောင်းသွားပြီဖြစ်သလို မြင်ကွင်[...] လည်း ရှင်းလင်းသွားလေပြီ။ စက်[...] ကိုအရှိန်မြှင့်လိုက်သည်နှင့် နီရဲပြီးနော[...] ကျိုနေသည့်ရေပြင်ကို စက်လှေဦး[...] ခွဲကာ တစ်ဟုန်ထိုးပြေးလွှားနေ[...] သည်။ မြစ်ရေကား ကမ်းလုံးပြည့်[...] လျှံနေရုံမျှမက ကမ်းနဖူးကွင်းပြင်[...] တွင်ပါ ရေများဖုံးလွှမ်းလျက်ရှိသည်[...]

စက်လှေဆရာက ခရီးဖင့်ခဲ့ရ[...] ကိုအတိုးချကာ စက်လှေအားဖိမော[...] နေသည်။ လမ်းတွင် မည်သည့်နေရာ[...] မရပ်ဘဲ တရစပ်မောင်းနေသည်။ [...] အတော်မြင့်၍ ခရီးသည်တချို့က [...] အပါးသွားလိုကြောင်း အ[...] အခါမှ စက်လှေကိုခေတ္တရပ်ပေးသ[...] အပေါ့အပါးကိစ္စပြီးသည်နှင့် စက်လှေ[...] ချက်ချင်းပြန်ထွက်သည်။ သည်[...] မိုးလေကင်းပြီး ရာသီဥတုကလ[...]

www.burmeseclassic.com

www.burmeseclassic.com

သာယာနေပြီမို့ စက်လှေသမားက ပို၍မောင်းအားကောင်းနေရခြင်းဖြစ်သည်။

ထိုသို့ မရပ်မနားမောင်းလာပြီး အချိန်အတော်ကြီးလင့်တော့မှ စက်လှေဆိပ်တစ်ခုတွင် ဝင်ကပ်ပြီးရပ်နားလိုက်တော့သည်။ ထမင်းစားနားခြင်းဖြစ်သည်။ စက်လှေကပ်ထားသောနေရာတွင် ထမင်းဆိုင်နှစ်ဆိုင်၊ သုံးဆိုင်ရှိသည်။ သို့ရာတွင် ထိုဆိုင်များက ကုန်းပေါ်၌မဟုတ်ဘဲ ရေပေါ်ရှိဖောင်များပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ဝါးပိုးဖြင့် ဆောက်လုပ်ထားသော ဖောင်ကြီးများက ရေတိုးလိုက်တိုင်း တလှုပ်လှုပ်ဖြစ်သွားတတ်သော်လည်း နေရာရွှေ့မသွားအောင်တော့ သေချာစွာထိန်းချုပ်ထားသည်။

ခရီးသည်များက ဖောင်ပေါ်သို့ လှမ်းတက်လိုက်ကြသည်။ ဆာလောင်နေကြပြီဖြစ်ရာ သူ့ထက်ငါ ထမင်းများကိုမှာယူနေကြသည်။ ဆိုင်ရှင်များကလည်း ထမင်းဝိုင်းများကို အမြန်ဆုံးပြင်ဆင်ပေးကြ၏။ ဒေါက်တာအောင်သော်ကိုယ်တိုင် ထမင်းဝိုင်းတွင် ခေါင်းမဖော်တမ်း ငုံ့လွေးနေမိသည်။ ထိုအချိန်တွင် ဆိုင်ရှင်တစ်ယောက်က ခေါင်းရင်း၌ထိုင်နေသော ခရီးသည်ဘုန်းကြီးအား သွားရောက်ဦးချကာ တစ်စုံတစ်ရာလျှောက်ထားနေသည်ကိုလည်းကောင်း၊ ဘုန်းကြီးက ဆိုင်ရှင်ကို တစ်စုံတစ်ရာပြန်ပြောပြီး ခေါင်းယမ်းပြနေသည်ကိုလည်းကောင်း ဒေါက်တာ အောင်သော်က ကောင်းစွာ သတိပြုမိလိုက်သည်။ အဓိပ္ပာယ်မှာ ဆိုင်ရှင်က ဆွမ်းကပ်လို၍ သွားရောက် လျှောက်ထားခြင်းဖြစ်ပြီး ဘုန်းကြီးက ပြန်လည် ငြင်းပယ်လိုက်သည့်သဘောဖြစ်ကြောင်းနားလည်လိုက်မိသည်။ ကိုယ့်အရေးမဟုတ်သဖြင့် ထမင်းကိုသာ ဆက်ပြီးငုံ့စားနေလိုက်သည်။

ထမင်းစားပြီးနောက် စက်လှေက ဆက်ထွက်ရန်ပြင်သည်။ ခရီးသည်အားလုံး စက်လှေပေါ်ပြန်တက်ကြသည်။ စက်လှေသမားက စက်နှိုးလိုက်ချိန်တွင် ဆိုင်ရှင်တစ်ယောက်က အချိုရည်ဘူးတစ်ဘူးကိုင်လာပြီး စက်လှေပေါ်မှဘုန်းကြီးအား လာကပ်လိုက်သည်။

"ဦးပဇ္ဇင်း၊ ဆွမ်းမဘုဉ်းတော့ဘူးဆိုရင်လည်း ဒီအချိုရည်ဘူးလေးတော့ ဘုဉ်းသွားပါဦးဘုရား"

ဟု ပြောလိုက်သံကိုပါ ဒေါက်တာအောင်သော်ကြားလိုက်ရသည်။ ဘုန်းကြီးက အချိုရည်ဘူးကို အကပ်ခံလိုက်သည်။ သို့သော် အချိုရည်ဘူး၏အဖုံးကို ဖွင့်ပြီးကာမှ ချက်ချ င်းမသောက်သေးဘဲ ဆိုင်ရှင်အား-

"ဒကာကြီး ဒီအချိုရည်ဘူးကို ပြန်ယူသွားပြီး ဘူးထဲကိုရေနည်းနည်းလောက်ရောပေးပါ။ ပြီးတော့မှ ကျုပ်ကိုပြန်ကပ်ပါ"

ဟု ပြောနေပြန်သေးသည်။

ဘုန်းကြီးက ဆိုသည့်အတိုင်း ဆိုင်ရှင်က အချိုရည်ဘူးကိုပြန်ယူကာ ဆိုင်ထဲပြန်ဝင်သွားသည်။ သောက်ရေအိုးထဲမှ ရေအနည်းငယ်ကို အချိုရည်ဘူးထဲ စွက်ထည့်လိုက်သည်။ ပြီးတော့မှ ကပျာကယာပြန်လာကာ ဘုန်းကြီးထံကပ်လေသည်။ စက်လှေသမားက အစအဆုံး စိတ်ရှည်ရှည်နှင့်စောင့်ပေးနေသည်။ အားလုံးပြီးပြီဆိုတော့မှ စက်လှေကိုဖောင်ဘေးမှခွာလိုက်သည်။ တရိပ်ရိပ်ပြေးနေသော စက်လှေပေါ်မှာပင် ဘုန်းကြီးက အချိုရည်ကို ဖြည်းဖြည်းချင်းဘုဉ်းပေးလာခဲ့သည်။

အခြေအနေကို အစအဆုံးမြင်တွေ့နေရ၍ ဒေါက်တာအောင်သော်အတွက် ပို၍သာစဉ်းစားစရာဖြစ်နေရသည်။ စိတ်ထဲက ဘယ်လိုဘုန်းကြီးမျိုးပါလိမ့်ဟု၍ သံသယပိုပွားနေမိသည်။ သူများအိပ်တော့လည်းမအိပ်၊ သူများစားတော့လည်းမစား၊ အချိုရည်သောက်ပြန်တော့လည်း သူများနှင့်မတူ။ အလုပ်ရှုပ်လှသည်။ ပုံမမှန်၊ စံလွဲပြီးခပ်ကြောင်ကြောင်ဖြစ်နေသည်မှာ သေချာလောက်သည်။ ထို့ပြင် ဥပဓိရုပ်ကလည်း ကပျစ်ကညစ်နိုင်လှသေးသည်။ အသားကညိုညစ်ညစ်၊ မျက်လုံးကခပ်မှေးမှေး။ ဦးပြည်းထက်မှ ရိပ်ပယ်ရန်ရက်လွန်နေသောဆံပင်များကထိုးထိုးထောင်ထောင်နှင့်။ သက်န်းတွေက မည်းညစ်ပေဟောင်းနွမ်းလွန်းလှပြီး သူ့သပိတ်အဖုံးကလည်း နှုတ်ခမ်းပဲ့နေပြန်သေးသည်။ သည်ကြားထဲ အချိုရည်ဘူးကိုကိုင်ထားသော ညာဘက်လက်၏လက်ဖျံပေါ်တွင် သမင်ဖြူအကွက်များကပါ အတော်များများထပ်ရှိနေပြန်ရာ သူ့အတွက်တော့ ထိုဘုန်းကြီးက ကြာလေ အကြည်ညိုတန်လေဆိုသကဲ့သို့ဖြစ်နေရတော့ သည်။

စက်လှေကား မိုးကမ်းလေကင်းလမ်းရှင်းရှင်း၌ လိုရာခရီးသို့စက်ကုန်ဖွင့်၍ ပြေးလွှားနေဆဲပင်။

❑

တာဝန်ကျရာ တံခွန်သာတိုက်နယ်ဆေးရုံသို့ ရောက်လျှင်ရောက်ချင်းပင် ဒေါက်တာအောင်သော်က အလုပ်ကိုတန်းဝင်ခဲ့ရသည်။ တံခွန်သာက မုဒုံမြို့နယ်အတွင်း၌ပါဝင်သည်။ ဒေါက်တာအောင်သော်က လူပျိုလူလွတ်တစ်ဦးဖြစ်သည်။ မော်လမြိုင်ဇာတိဖြစ်သည်။ သို့ကြောင့် မော်လမြိုင်နှင့်အလှမ်းမဝေးသော မုဒုံနယ်အတွင်း၌ တာဝန်ကျသည်မှာ သူ့အတွက်အဆင်ပြေခြင်းတစ်ခုဟု ဆိုနိုင်သည်။ အမှန်တော့ သူကဆရာဝန်ဖြစ်ဖြစ်ချင်း အလုပ်မရသေးခင် ဘုရားသုံးဆူဘက်၌ ကိုယ်ပိုင်ဆေးခန်းကလေးခေတ္တသွားဖွင့်ခဲ့ခြင်း ဖြစ်သည်။ တံခွန်သာတိုက်နယ်ဆေးရုံ၌ အလုပ်ခန့်လိုက်ကြောင်း အကြောင်းကြားစာရရှိသည်နှင့် သူက ဘုရားသုံးဆူကို စွန့်ခွာခဲ့ခြင်းဖြစ်သည်။

တံခွန်တိုင်သာ၌ ဒေါက်တာအောင်သော် အဆင်ပြေပါသည်။ တံခွန်သာက ကျေးရွာကြီးတစ်ရွာဖြစ်ပြီး ရွာသူရွာသားများကရိုးသားပွင့်လင်းကြသည်။ သူ၏ ပညာနှင့် စေတနာတို့ကြောင့်လည်း ကျေးရွာလူထုက သူ့ကိုချစ်ခင်လေးစားကြ၏။ အားကိုးအားထားပြုကြ၏။ ထို့ပြင် သူ့မိဘများရှိရာ မော်လမြိုင်နှင့်လည်း ခရီးကသင့်လျက်ရှိပေရာ အားလပ်ချိန်များတွင် တံခွန်သာနှင့်မော်လမြိုင်ကို ကူးချည်သန်းချည်ပြုရင်း ဒေါက်တာအောင်သော်က အလုပ်တွင်ပျော်ရွှင်နေမိသည်။

သို့နှင့် တံခွန်သာတွင် နှစ်နှစ်ခန့်ကြာမြင့်သွားပြီး တစ်နေ့တွင်မူ တစ်ချိန်သောအခါက ဒေါက်တာအောင်သော် ဘုရားသုံးဆူမှအပြန် စက်လှေပေါ်တွင် အမှတ်မထင်ဆုံတွေ့ခဲ့ဖူးသောခပ်ကြောင်ကြောင်ဘုန်းကြီးနှင့် ဖြစ်တောင့်ဖြစ်ခဲပြန်လည်ဆုံတွေ့ရမည့် ဖြစ်ရပ်တစ်ခုကဆိုက်ဆိုက်မြိုက်မြိုက်ဖြစ်ပေါ်လာသည်။

ထိုဖြစ်ရပ်မတိုင်မီ မုဒုံမြို့နယ်အတွင်း၌ သတင်းတစ်ခုကဖြစ်ပွားလျက်ရှိသည်။ မြို့ပေါ်နှင့်ကျေးရွာတချို့တွင် ကလေးများပျောက်ဆုံးလျက်ရှိသည်။ ကလေးခိုးဂိုဏ်းတစ်ဂိုဏ်းက မုဒုံနယ်အတွင်းရောက်ရှိနေသည်။ ပျောက်ဆုံးနေသောကလေးများကို ပြန်လည်တွေ့ရှိခြင်းမရှိသလို ထိုကလေးခိုးဂိုဏ်းကိုလည်း သက်ဆိုင်ရာမှ ခြေရာလံဖမ်းဆီးရာ လုံးဝခြေရာခံရခက်ဖြစ်နေသည်။

www.burmeseclassic.com

လူထုကအထိတ်တလန့်ဖြစ်နေကြသည် စသည်ဖြင့် သတင်းဖြစ်လျက်ရှိသည်။

အချို့က ထိုသတင်းကို ကောလာဟလဟု ဆိုကြသည်။ အချို့ကလည်း အမှန်တကယ်ဟုဆိုကြပြန်သည်။ မည်သို့ဆိုစေ ထိုသတင်းက တံခွန်သာဘက်သို့လည်း ပျံ့နှံ့လာပြီးနောက် ကျေးရွာအတွင်း ထိတ်လန့်ချောက်ချားမှုကိုဖြစ်စေလျက်ရှိသည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ အားလုံးသတိနှင့်နေကြရန် မသင်္ကာဖွယ် လူစိမ်းတွေ့ပါက အမြန်ဆုံး သတင်းပို့ကြရန် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က ကြေညာချက်ထုတ်ထားသည်။

တစ်ည။

ဒေါက်တာအောင်သော် မိတ်ဆွေတချို့နှင့်အတူ ဆေးရုံအပြင်ဘက်ရှိ အိမ်ဆိုင်လေးတစ်ဆိုင်တွင် စကားလက်ဆုံကျနေမိသည်။ သူတို့ စကားဝိုင်းတွင် ကျေးရွာဥက္ကဋ္ဌနှင့် တံခွန်သာရဲစခန်းမှ စခန်းမှူးကဲ့သို့ ပုဂ္ဂိုလ်များပါ ပါဝင်သည်။ ဤဆိုင်လေးက လက်ဖက်သုပ်၊ ချင်းသုပ်များပါ ရောင်းချလေရာ သူတို့အဖွဲ့က မကြာမကြာဆိုသလို ဤဆိုင်ကလေး၌ အသုပ်စားရင်း ဝိုင်းဖွဲ့မိလေ့ရှိသည်။ ထိုညတွင်လည်း ဆိုင်ဘေးရှိ စိန်ပန်းပင်အောက်က စားပွဲတွင်ဝိုင်းထိုင်ရင်း သူတို့က ထွေရာလေးပါးပြောဆိုနေကြခြင်း ဖြစ်သည်။

စကားအရှိန်ကောင်းနေကြစဉ် စခန်းမှရဲသားတစ်ယောက်ရောက်ရှိလာသည်။ ရဲသားနှင့်အတူ အရပ်သားနှစ်ယောက်ပါလိုက်ပါလာသည်။ ရဲသားက စခန်းမှူးကိုသတင်းပို့လိုက်သည်။

"ဆရာ၊ ဒီလူတွေက ထူးခြားချက်တစ်ခု သတင်းပို့ချင်လို့တဲ့"

"ဟုတ်လား၊ အေးအေး- ပို့တာပေါ့။ ဘာသတင်းများလဲဗျ"

စခန်းမှူးက ရဲသားကိုပြန်ပြောရင်း အရပ်သားများဘက်လှည့်ကာ တစ်ဆက်တည်းမေးလိုက်သည်။

တစ်ယောက်သောအရပ်သားက-

"ကျွန်တော်တို့က သုသာန်စောင့်တွေပါ ဆရာ။ သုသာန်ထဲမှာပဲနေပါတယ်။ အခုတစ်လော သုသာန်ထဲမှာ မသင်္ကာစရာတွေ့ရတာနဲ့ ပတ်သက်ပြီး သတင်းပို့ချင်လို့ပါ"

"ဟာ - ဟုတ်လား ပြောပြစမ်းပါဦး။ ဘာအကြောင်းများလဲ"

စခန်းမှူးကစိတ်အားထက်သန်စွာပြန်မေးလိုက်ရာ ဒေါက်တာအောင်သော်နှင့် ကျန်လူများကပါ စိတ်ဝင်စားသွားကြသည်။

"ဒီလိုခင်ဗျ၊ ကျွန်တော်တို့ ခံကုန်းသုသာန်ထဲမှာ လွန်ခဲ့တဲ့ငါးရက်လောက်ကတည်းကစပြီး မသင်္ကာစရာတစ်ခုတွေ့နေရပါတယ်။ အဲဒါကတော့ ညအချိန်မတော်ကြီး သုသာန်ထဲမှာ လူရိပ်လူခြည်တွေ့ရခြင်းပဲ ဖြစ်ပါတယ်။ ဒီညမှာလည်း ည (၈) နာရီလောက်က အဲဒီလူရိပ်လူခြည်ကိုထပ်ပြီးတော့တွေ့ရပြန်တယ်။ ကျွန်တော့်နာမည်က အုန်းမောင်၊ သူ့နာမည်ကတော့ စံတင်ပါ။ ဟိုတစ်နေ့က မသင်္ကာစရာလူကို ကျွန်တော်တွေ့ရတာဖြစ်ပြီး ဒီနေ့တော့ စံတင်ကတွေ့လိုက်ရတာပါ။ ဒါနဲ့ ကျွန်တော်တို့လည်း လက်နှိပ်ဓာတ်မီးကိုယ်စီ၊ တုတ်ဓားကိုယ်စီနဲ့ အဲဒီတွေ့တဲ့နေရာကိုသွားရှာကြပါသေးတယ်။ ဒါပေမယ့် ညကလည်း လမိုက်ညဖြစ်တယ်။ ဒီကြားထဲ အုတ်ဂူတွေကလည်း အထပ်ထပ်ဖြစ်နေတယ်။ သစ်ပင်တွေ၊ ချုံနွယ်ပိတ်ပေါင်းတွေကလည်း တော်တော်ထူတယ်။ အဲဒါနဲ့ ကျွန်တော်တို့လည်း အုတ်ဂူကြိုအုတ်ဂူကြားထဲလျှောက်သွားကြရင်း ကြောက်သလိုလိုဖြစ်လာမိကြပါတယ်။သရဲတစ္ဆေကိုကြောက်တာမဟုတ်ပါဘူး။ ကျဉ်းမြောင်းတဲ့အုတ်ဂူတွေကြားမှာ မသမာသူတွေက လက်ဦးသွားမှာကိုတွေးမိပြီး ကြောက်မိတာပါ။ အဲဒါနဲ့ ကျွန်တော်တို့လည်း နောက်ကြောင်းပြန်လာခဲ့ကြတယ်။ ပြီးတော့ ဒါသတင်းပို့မှဖြစ်မယ်ဆိုပြီး ဒီကိုထွက်လာခဲ့ကြတာပဲ"

ကိုအုန်းမောင်စကားဆုံးသည်နှင့် စခန်းမှူးက စဉ်းစားခန်းဝင်နေသေးသည်။ သို့သော် ကြာကြာတော့မဟုတ်ပါ။ သူ့ဆန္ဒကိုအားလုံးဘက်လှည့်ကာ ပြောလိုက်သည်။

"ကဲ - ကျွန်တော်တို့လိုက်သွားမှဖြစ်မယ်ထင်တယ်။ ဒါဟာ ဘာရယ်လို့တော့မသိသေးဘူးပေါ့။ ဟိုသတင်းနဲ့လည်း ပတ်သက်ချင်ပတ်သက်နေမှာပေါ့။ မထူးပါဘူး၊ ဒီက ဥက္ကဋ္ဌရော ဆရာဝန်ပါ ကျွန်တော်တို့နဲ့လိုက်ခဲ့ဗျာ။ ကျွန်တော်တို့အင်အားနဲ့ ဝိုင်းပြီးတော နင်းကြရအောင်"

"ကောင်းတယ်၊ လိုက်ခဲ့မယ်ဗျာ"

ဥက္ကဋ္ဌက သွက်လက်စွာပြန်ပြောလိုက်သည်။

သို့နှင့် သူတို့အဖွဲ့က သုသာန်စောင့်များနှင့်အတူလိုက်ရန် ဆုံးဖြတ်လိုက်ကြသည်။ စခန်းမှ ရဲသားအချို့အပြင် ကျေးရွာမှ ပြည်သူ့စစ်အချို့ပါ ပူးပေါင်းလိုက်ရာ သူတို့အဖွဲ့က အင်အားတော်တော်တောင့်သွားသည်။

မကြာမီ ခံကုန်းသုသာန်သို့ရောက်သွားကြသည်။ ခံကုန်းသုသာန်မှာ ရွာသုံးရွာမှ စုပေါင်းပိုင်ဆိုင်သော ဘုံသချိုင်းဖြစ်ရာ အတော်ပင်ကျယ်ဝန်းလှသည်။ ရှေးပုံစံ ဂူပျက်ဂူဟောင်းများဖြင့်လည်း ပြည့်နှက်လျက်ရှိသည်။ လဆုတ်ရက်ဖြစ်သဖြင့် ညကလည်း အထူးမှောင်မိုက်နေသည်။ အမှောင်ထဲမှာပင် သုသာန်စောင့်များခေါ်ရာနောက်သို့ သူတို့အဖွဲ့က တိတ်ဆိတ်စွာ လိုက်ပါလာခဲ့ကြသည်။ မသင်္ကာဖွယ်ရာလူကို တွေ့ရှိရသည်ဆိုသောနေရာအနားမရောက်မီ အားလုံးရပ်တန့်လိုက်ကြပြီး လူစုခွဲလိုက်ကြသည်။ အစီအစဉ်အရ ထိုနေရာတစ်ဝိုက်ကို ဝိုင်းဝန်းပိတ်ဆို့ပြီး ရှာဖွေဖမ်းဆီးကြရန် ဖြစ်သည်။

လူစုခွဲပြီးနောက် တဖြည်းဖြည်းရွေ့တိုးသွားလိုက်သည်။ မကြာမီ ချုံနွယ်များပိတ်ဖုံးနေသော နေရာတစ်ဝိုက်သို့ရောက်ရှိလာပြီးနောက် သုသာန်စောင့်ကိုအုန်းမောင်က စခန်းမှူးကိုတိုးတိုးပြောလိုက်သည်။

"ကျွန်တော်တို့ လူရိပ်တွေ့တာ ဒီနေရာပဲ ဆရာ"

"အေးအေး- ဟုတ်ပြီ။ ဒါဖြင့် တို့လုပ်ငန်းစမယ်"

စခန်းမှူးက ကိုအုန်းမောင်ကိုပြန်ပြောလိုက်သည်။ ထို့နောက် ချက်ချင်းပင် လက်ထဲမှလက်နှိပ်ဓာတ်မီးခလုတ်ကို ဖျတ်ခနဲဖွင့်လိုက်သည်။

နှုတ်မှပါ -

"ဟေ့ - အထဲကဘယ်သူတွေလဲ။ အပြင်ကိုထွက်ခဲ့စမ်း"

ဟု ခပ်မာမာလှမ်းအော်လိုက်သည်။ တစ်ပြိုင်တည်းလိုလိုပင် ဟိုအစွဲသည်အဖွဲ့များမှ လက်နှိပ်ဓာတ်မီးရောင်များပါ ထွက်ပေါ်လာပြီး -

"ဒီဘက်က ဝိုင်းထားပြီ။ တို့ဘက်ကလည်းမလွတ်စေနဲ့"

"ပြေးမယ်မကြံနဲ့နော်။ ပြေးရင် သေဖို့သာပြင်ထား"

အစရှိသော အော်[illegible]သံများပါ မြိုင်မြိုင်ဆိုင်ဆိုင်ထွက်ပေါ်လာသည်။ ထို့နောက် နေရာ[illegible]ပိုက်စိပ်တိုက်ပြီး ရှာဖွေလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် သူတို့အဖွဲ့က ဘာမှ ထူးထူးထွေထွေမတွေ့ရဘဲဖြစ်နေသည်။ ထို့ကြောင့် သေချာစွာ ဝိုင်းဝန်းရှာဖွေကြပါသော်လည်း မသင်္ကာဖွယ် တရားခံကို လုံးဝမတွေ့ရှိရသောကြောင့် ဒီအတိုင်းပင် နောက်ကြောင်းပြန်ရတော့မည့် အခြေအနေမျိုး ဆိုက်ရောက်လျက်ရှိစဉ် တစ်ခုသော အဖွဲ့တစ်ဖွဲ့ထံမှ ရုတ်ရုတ်ရုတ်ရက်အသံများ စီခနဲထွက်ပေါ်လာတော့ သည်။

"ဒီမှာတွေ့ပြီဟေ့ တွေ့ပြီ။ ဟောဒီမှာ လွယ်အိတ်တစ်လုံး၊ ဟောဒီမှာလည်း သပိတ်တစ်လုံးပါလား"

"ဟောဒီမှာ လူကိုပါတွေ့ပြီ။ သတိ-မပြေးနဲ့။ ဟာ - လူမဟုတ်ဘူးကွ။ ဘုန်းကြီးဟေ့၊ ဘုန်းကြီး"

"မီးရင်ဝိုင်းထားဟေ့ မလွတ်စေနဲ့။ အလေးခိုးဂိုဏ်းဆိုရင် သေဖို့သာပြင်ထား"

အသံမျိုးစုံထွက်ပေါ်လာသည်။

စခန်းမှူးက ထိုအဖွဲ့ဆီသို့ လျင်မြန်စွာ ချဉ်းကပ်သွားလိုက်သည်။ ဒေါက်တာအောင်သော်ကပါ စခန်းမှူးနှင့်အတူ လိုက်ပါသွားလိုက်သည်။ ထိုအဖွဲ့နားရောက်သော် လူအုပ်က တစ်နေရာတည်းသို့ လက်နှိပ်မီးများဖြင့် ထိုးထားကြသည်ကို လည်းကောင်း၊ လက်နှိပ်မီးရောင်များ၏အောက်တွင် အုတ်ဂူနှစ်လုံးကြား၌ ဘုန်းကြီးတစ်ပါးက ခေါင်းကိုငုံ့ကာ ပုန်းကွယ်လျက်ရှိသည်ကို လည်းကောင်း ဒေါက်တာအောင်သော် ရှင်းလင်းစွာမြင်တွေ့လိုက်ရသည်။

စခန်းမှူးအသံကပေါ်လာသည်။

"ဟာ - ဘုန်းကြီးတစ်ပါးပါလား။ ကဲ - ဦးပဉ္ဇင်း၊ မျက်နှာမော့စမ်းပါဦး။ ဘာဖြစ်လို့ ဒီလိုနေရာမှာလာနေတာတုံး။ ဘုန်းကြီးအစစ်ကောဟုတ်ရဲ့လား။ ဟေ့- ခင်ဘော်သန်းဝင်း၊ လွယ်အိတ်နဲ့သပိတ်ထဲကို သေသေချာချာရှာကြည့်စမ်း"

စခန်းမှူးက တစ်ဆက်တည်းပြောလိုက်သည်။

ဘုန်းကြီးက မျက်စိကလေး မှိတ်တုတ်မှိတ်တုတ်ပြုကာ အုတ်ဂူကြားမှ မျက်နှာလေးပေါ်လာသည်။ မီးရောင်အောက်တွင် ဘုန်းကြီးမျက်နှာကို အားလုံးသဲသဲကွဲကွဲမြင်လိုက်ကြရသည်။ ဒေါက်တာအောင်သော်ကမူ ဘုန်းကြီးမျက်နှာကို မြင်လိုက်ရကတည်းက စိတ်ထဲတွင် ထိတ်ခနဲဖြစ်သွားရသည်။ ဤဘုန်းကြီးကို မြင်ဖူးသလိုလိုဖြစ်နေမိသည်။ သူသေသေချာချာစဉ်းစားလိုက်တော့မှ အားလုံးကိုမှတ်မိသွားပြီး ခေါင်းထဲတွင် လင်းခနဲဖြစ်သွားရသည်။

ရဲသားအသံ ကထွက်ပေါ်လာသည်။

"လွယ်အိတ်နဲ့သပိတ်ထဲမှာ ဘာမှမတွေ့ဘူး ဆရာ။ ရိုးရိုးပစ္စည်းတွေလောက်ပဲတွေ့တယ်"

"မတွေ့ရင်လည်းပြီးရော။ ကဲ - မေးနေတာဖြေပါဦး ဦးပဉ္ဇင်းရဲ့။ ည အချိန်မတော် ဒီလိုနေရာမျိုးကြီးမှာ ဘာလာလုပ်နေတာလဲ။ ဘာအကြံတွေရှိလို့လဲ"

စခန်းမှူးက ဘုန်းကြီးကိုမေးသည်။

သို့သော် ဘုန်းကြီးက ဘာမှပြန်မဖြေဘဲ မျက်စိကိုမှိတ်၍သာ ငြိမ်သက်နေသည်။ စခန်းမှူးက ထပ်မံ၍မေးခွန်းထုတ်သည်။ ဘုန်းကြီးက တုတ်တုတ်မလှုပ်။ အခြားသူများကလည်း ဘုန်းကြီးကိုကြည့်ကာ တစ်ယောက်တစ်ပေါက် မှတ်ချက်ချနေကြသည်။ အတန်ကြာသော် ဒေါက်တာ အောင်သော်က စခန်းမှူးနှင့် ဥက္ကဋ္ဌကို လက်တို့ပြီး နောက်ဘက်သို့ ခေါ်သွားလိုက်သည်။ သူတို့သုံးဦးတည်းရှိတော့မှ ဒေါက်တာအောင်သော်က ခပ်တိုးတိုး ပြောလိုက်သည်။

"ဒီဘုန်းကြီးကို ကျွန်တော်သိတယ်ဗျ။ ကျွန်တော်ကောင်းကောင်းမှတ်မိတယ်။ ကျွန်တော် ဘုရားသုံးဆူကနေ ဒီကိုပြောင်းလာတုန်းက ဒီဘုန်းကြီးနဲ့ စက်လှေအတူတူစီးခဲ့တာပေါ့။ ဘုန်းကြီးက ခပ်ကြောင်ကြောင်ဖြစ်နေတာပဲ။ သူကြောင်နေတာကို ဟိုတုန်းကတည်းက ကျွန်တော်သိတယ်။ အခုကြည့်လေ ကြောက်စရာကောင်းလှတဲ့သင်္ချိုင်းထဲမှာ သူတစ်ပါးတည်းလာနေတာဟာ ပုံမှန်မဟုတ်လို့ပေါ့။ နေစရာပြုစရာကျောင်းရယ်လို့ အတည်တကျမရှိလို့လည်း ခုလိုရောက်ရာပေါက်ရာလျှောက်သွားနေဟန်တူပါတယ်။ ကျွန်တော်ပြောတာမယုံရင် သူ့ရဲ့လက်ဖျံကိုလှန်ကြည့်လိုက်။ သမင်ဖြူတွေတွေ့ရလိမ့်မယ်။ ကျွန်တော် တကယ်ပြောတာ"

ဒေါက်တာအောင်သော်၏စကားကြောင့် ကျန်နှစ်ဦးက နှုတ်ဆိတ်သွားသည်။ ခဏကြာတော့မှ ဥက္ကဋ္ဌက -

"အေးလေ၊ ဆရာဝန်ပြောတဲ့အတိုင်း မှန်နေရင်လည်းပြီးတာပါပဲ။ ကျွန်တော်တို့က ဘုန်းကြီးကို ဘာမှဆက်လုပ်စရာမလိုပါဘူး"

စခန်းမှူးက -

"သူ့ဆီမှာလည်း မသင်္ကာစရာပစ္စည်းဆိုလို့ ဘာမှမတွေ့ရပါဘူး။ ခင်ဗျားပြောသလို စိတ်မနှံ့လို့သာ လျှောက်သွားနေတာဖြစ်မှာပါ။ ကဲ - ဒါဖြင့် ကျွန်တော်တို့ ပြန်ဖို့ပဲရှိတော့တာပေါ့"

ဟု ဝင်ပြောလိုက်သည်။

ထို့နောက် အားလုံးကိုပါ ပြန်ကြရန် လှမ်းအော်ပြောလိုက်သည်။ မကြာမီ သူတို့တစ်ဖွဲ့လုံး လက်နှိပ်ဓာတ်မီး တဝင်းဝင်း၊ စကားသံတဖောင်ဖောင်ဖြင့် သုသာန်ထဲမှ ပြန်ထွက်လာခဲ့ကြသည်။ အုတ်ဂူကြားမှ ဘုန်းကြီးကား မှောင်မည်းပြီး တိတ်ဆိတ်သော သင်္ချိုင်းနှင့်အတူ ကျန်ရစ်ခဲ့သည်။ သုသာန်စောင့်နှစ်ဦးကလည်း သူတို့နေရာသို့ ပြန်သွားလိုက်ကြလေသည်။

❑

နောက် (၁၅)နှစ်ခန့် အကြာတွင်ဖြစ်သည်။

ပဲခူးမြို့ ငါးမျက်နှာကျောင်းတိုက်၏ ပဓာနနာယကဆရာတော်ဖြစ်သော ဆရာတော်ဦးသောဘိတရှေ့မှောက်သို့ ရဟန်းတစ်ပါး ရောက်ရှိလာကာ ဆရာတော့်အား ရိုရိုသေသေဝတ်ပြုလိုက်လေသည်။ ဆရာတော်သည် ထိုရဟန်းမျက်နှာအား သေသေချာချာ စူးစိုက်ပြီးကြည့်လိုက်မိသည်။ သို့သော် စိတ်ထဲတွင် မြင်ဖူးသလိုလို၊ မှတ်မိသလိုလိုဖြစ်ရရုံကလွဲပြီး မည်သူမည်ဝါမှန်း မသဲကွဲဘဲဖြစ်နေရာ နှုတ်မှဖွင့်ထုတ်၍ မေးမြန်းလိုက်ရတော့သည်။

"နို - ဒီတကိုယ်တော်လေးကိုမြင်ဖူးသလိုလိုတော့ရှိပါတယ်။ ကောင်းကောင်းတော့ မမှတ်မိဘူးဗျ။ ဘယ်သူများလဲ"

"မတွေ့တာကြာပြီဆိုတော့ ဘယ်မှတ်မိတော့မလဲဘုရား။ တပည့်တော်က လူအမည် ဒေါက်တာအောင်သော်ပါ။ လွန်ခဲ့တဲ့ (၆) နှစ်လောက်က ဆရာတော် အဆုတ်ရောင်တဲ့ရောဂါနဲ့ ရန်ကုန်ဆေးရုံလာတက်တော့ ဆရာတော့်ကို တာဝန်ယူကုသပေးလိုက်တဲ့ အထူးကုဆရာဝန် ဒေါက်တာအောင်သော်ပါ။ အခု ရဟန်းဘွဲ့ကတော့ ဦးဒေဝိန္ဒပါ ဘုရား"

"ဩော် - ဟုတ်သားပါလား။ မှတ်မိပြီ မှတ်မိပြီ ကျုပ်မှတ်မိပြီ။



www.burmeseclassic.com

www.burmeseclassic.com

လက်စသတ်တော့ ဆရာဝန်ဒေါက်တာအောင်သော်ကိုး။ နို့- ရဟန်းဝတ်တာက ဒုလ္လဘလား။ ဝတ်တာကော ဘယ်လောက်ကြာပြီလဲ"

ဆရာတော်ဦးသောဘိတ ဝမ်းသာအားရဖြစ်သွားသည်။ ဒေါက်တာအောင်သော်ခေါ် ဦးအရိန္ဒမကိုလည်း ရွှင်လန်းသွက်လက်စွာမေးခွန်းများမေးလိုက်သည်။ ကာယကံရှင် ဦးအရိန္ဒမက, မူ ဆရာတော်နှင့်တွေ့ဆုံရခြင်းအတွက် အထိုက်အလျောက် စမ်းသာဟန်တူသော်လည်း ထိုဝမ်းသာမှုက ပေါ်ပေါ်လွင်လွင်၊ ပွင့်ပွင့်လင်းလင်းကားမရှိပေ။ ထိုမျှမက သေသေချာချာကြည့်ပါက သူ့မျက်နှာတွင်ညှိုးနွမ်းပြီး အားလျော့သော အရိပ်ယောင်တချို့ကို တစ်စွန်းတစ်စအားဖြင့် တွေ့မြင်နိုင်လေ၏။

"တပည့်တော်ဒုလ္လဘမဟုတ်ဘူးဘုရား။ အပြီးဝတ်လိုက်တာပါ။ အလုပ်ကပါ အပြီးထွက်လိုက်ပြီဘုရား"

"ဟင် - ဟုတ်လား၊ ဘယ်လိုကြောင့်လဲ။ ကိုယ်တော်က ငယ်ငယ်ရှိသေးတာပဲ။ ပင်စင်ယူရမယ့်အချိန်လည်း မဟုတ်ဘဲနဲ့"

"မှန်ပါတယ်ဘုရား။ တပည့်တော်ကိုယ့်ဘာသာထွက်ခွင့်တင်လိုက်တာပါ။ တပည့်တော် လူ့လောကမှာမပျော်တော့ဘူးဘုရား။ ပျော်စရာလည်းမရှိတော့ပါဘူး။ တပည့်တော် သံယောဇဉ်အရှိဆုံးသူတွေက တပည့်တော်ကိုစွန့်ခွာသွားကြပြီဘုရား"

"ဟုတ်လား ဘယ်လိုဖြစ်ရတာလဲဗျာ။ အကြောင်းစုံကိုရှင်းပြစမ်းပါဦး"

"ပြီးခဲ့တဲ့နွေကပေါ့ဘုရား။ တပည့်တော်ဇနီးက ကလေးတွေနဲ့အတူသူ့မိဘတွေဆီကို အလည်ပြန်သွားတယ်ဘုရား။ တပည့်တော်ဇနီးက လှိုင်လင်သူပါ။ အဲဒါအပြန်မှာ သူမောင်းလာတဲ့ကားက ချောက်ထဲထိုးကျရာက သူရော ကလေးနှစ်ယောက်ပါ တစ်ခါတည်းသေကြပါရောလားဘုရား"

"အို- ကျွတ်ကျွတ် ဖြစ်မှဖြစ်ရလေဗျာ။ တယ်အဖြစ်ဆိုးပါလား။ ဒါထက် ကိုယ်တော့်အိမ်သူကလည်း ဆရာဝန်မပဲမဟုတ်လား"

"မှန်ပါတယ်ဘုရား။ ဆရာဝန်မပါပဲ။ တပည့်တော် နိုင်ငံခြားမှာအထူးကုဘွဲ့သွားယူပြီး ပြန်လာတော့မှ သူနဲ့လက်ထပ်ဖြစ်သွားတာပါ။ နှစ်ယောက်စလုံး အရွယ်နှောင်းမှ အိမ်ထောင်ပြုဖြစ်ကြတာပါ။ ဒါကြောင့် ကလေးတွေကလည်း ငယ်ငယ်ပဲရှိကြသေးတာပါ။ သားလေးက (၇) နှစ်၊ သမီးလေးက (၄) နှစ်။ တပည့်တော်မှာ ရှိသမျှသံယောဇဉ်တွေက, တစ်အုံလုံးတစ်ပြုံလုံးကိုဆုံးရှုံးသွားတာပါ"

ပြောရင်း - အသံကနစ်ဝင်သွားသည်။ မျက်နှာကို ငုံ့ချလိုက်၍လည်း လက်ကိုင်ပဝါဖြင့် မျက်လုံးတို့ကိုပွတ်သပ်နေသည်။ ဆရာတော်က ဦးအရိန္ဒမကိုကြည့်ပြီး ကရုဏာစိတ်ဝင်သွားရသည်။

"စိတ်မကောင်းလိုက်တာဗျာ၊ စိတ်မကောင်းလိုက်တာ။ ခုလောက်ကြီး ဝိပတ္တိဆိုက်သွားမှတော့ ဘယ်သူမဆို အလွန်ခံစားရမှာပေါ့ဗျာ။ ကျုပ်ဖြင့် ဆေးရုံကဆင်းလာတော့ ပြောလို့ကိုမဆုံးဘူး။ ဒေါက်တာအောင်သော်ဆိုတာ သိပ်တော်တဲ့အကြောင်း၊ သိပ်လည်း စေတနာကောင်းကြောင်းတွေပေါ့။ အေးလေ ဒါဟာ ကံတရားပဲ။ ကံတရားဟာ ဘယ်သူ့ကိုမှမျက်နှာမလိုက်ဘူး။ သူ့ရှိတဲ့အတိုင်း စီရင်သွားတာပဲ။ ကိုယ်တော်သင်္ကန်းဝတ်လာတဲ့အဖြစ်ကိုလည်း ကျုပ်နားလည်ပါပြီ။ ဒီလိုအချိန်မှာ ဒီလိုပဲဖြစ်ရမှာပေါ့။ ရှေ့ဘာဆက်လုပ်ဖို့စဉ်းစားထားလဲ"

"တပည့်တော် တရားအားထုတ်မယ်ဘုရား။ ဘုရားကုဆိုတဲ့စကားကို တပည့်တော်ဟိုတုန်းကသဘောမပေါက်ခဲ့ဘူး။ ခုမှပဲ ကောင်းကောင်းနားလည်တော့တယ်။ တပည့်တော်ရင်ထဲက သောကမီးကို ဘယ်လိုမှမငြိမ်းနိုင်ဘူးဘုရား။ လူ့အသိုင်းအဝိုင်းထဲမှာလည်း ဆက်ပြီးမကျင်လည်ချင်တော့ဘူး။ ထွက်ပေါက်ရှာတဲ့အနေနဲ့ မဟုတ်မဟတ်တွေကိုလည်း တပည့်တော်မလုပ်ချင်ဘူး။ ဒါကြောင့် အလုပ်ကထွက်ပြီး ရှိသမျှပစ္စည်းတွေကိုလည်း တပည့်တော်မိဘတွေဆီပုံအပ်ထားခဲ့ပြီး သာသနာ့ဘောင်ကို ကူးလာခဲ့တာဘုရား။ ရန်ကုန်မှာပဲ ပဉ္စင်းခံဖြစ်ပါတယ်။ အခု ပဉ္စင်းဖြစ်တာ သုံးလပဲရှိသေးတယ်ဘုရား။ ဒီသုံးလအတွင်း ရဟန်းနဲ့ပတ်သက်တာတွေကို ဥပဇ္ဈာယ်ထံမှာ သင်ယူလေ့လာပြီးတဲ့နောက် ဆရာတော့်ဆီကို ခုလိုဆင်းလာခဲ့တာပဲဘုရား။ တပည့်တော်စိတ်ကူးကတော့ ဆရာတော့်ကျောင်းမှာပဲနေ၊ ဆရာတော့်ဆီမှာပဲ တရားတောင်းပြီး အားထုတ်နေမယ်လို့ပေါ့ဘုရား"

"ကောင်းတယ်၊ ကောင်းတယ် အစီအစဉ်ကောင်းတယ်။ သို့သော်လည်းပဲ တရားအားထုတ်မယ့် ပုဂ္ဂိုလ်အတွက် အဓိကကျတဲ့ အချက်နှစ်ချက်ရှိတယ်။ အဲဒါကတော့ ဆရာကောင်း၊ နေရာကောင်းနဲ့တွေ့ရဖို့ပဲ။ ဆရာကောင်းဆိုတာကတော့ မိမိကိုတိတိကျကျလမ်းညွှန်ပေးနိုင်မယ့် ကမ္မဋ္ဌာန်းဆရာမျိုးကိုပြောတာ။ ကလျာဏမိတ္တပေါ့ဗျာ။ နေရာကောင်းဆိုတာကတော့ တရားအားထုတ်ရင် အနှောင့်အယှက်မရှိမယ့်နေရာမျိုးကိုပြောတာ။ ဥပမာအသံဗလံဆူညံမှုမရှိတဲ့နေရာမျိုး၊ အပူအအေးမျှတတဲ့ နေရာမျိုးစသဖြင့်ပေါ့ဗျာ။ တရားအားထုတ်မယ့် ယောဂီအတွက် ပြည့်စုံညီညွတ်တဲ့နေရာမျိုးဖြစ်ဖို့လိုတယ်။

ဒီတော့ ကျုပ်အနေနဲ့ ကိုယ်တော့်ကို တရားပေးတာတော့ တတ်နိုင်[illegible] တယ်။ ကိုယ်တော်မြင်တဲ့အတိုင်းပဲ ကျ[illegible] ကျောင်းဘေးမှာက လူနေအိမ်ခြေတွေ[illegible] ပတ်လည်ဝိုင်းနေတာ။ အသံဗလံတွေ[illegible] လည်း ကျွက်ကျွက်ညံနေတာ[illegible] ကျုပ်ကိုယ်တိုင်ကလည်း အရင်တုန်း[illegible] တော့ ကမ္မဋ္ဌာနာစရိယတစ်ဦးပါပဲ။ [illegible] ကျောင်းမှာပဲ တရားပတ်တွေမှန်မှန်[illegible] ပြီးတော့ ယောဂီတွေကိုတရားပြခဲ့တာ[illegible] ပဲ။ ဒါကြောင့်လည်း ကျုပ်ဆေးရုံတက်[illegible] တုန်းက ကိုယ်တော့်ကို နှောင်တစ်ချိန်[illegible] ရိပ်သာလေးဘာလေးဝင်ချင်ရင် [illegible] လာခဲ့ဖို့ ဖိတ်ခေါ်ဖြစ်ခဲ့တာပေါ့။ ဒါ[illegible] မယ့် အခြေအနေက ဒီသုံး၊ လေး[illegible] အတွင်းမှာကို တော်တော်ပြောင်းလဲ[illegible] တယ်။ ရပ်ကွက်သစ်တွေတိုးလာပြီး[illegible] နောက် လူတွေကပိုပြီးရှုပ်ထွေး[illegible] လာတယ်။ နောက်တော့ ဘယ်လိုမှ[illegible] နိုင်တော့တဲ့အဆုံး ကျုပ်လည်းရိပ်သာ[illegible] တဲ့အလုပ်ကို ရပ်လိုက်တော့တယ်။ [illegible] ကိုယ်တိုင်တောင် ဒီလိုရှုပ်ထွေးတဲ့[illegible] မှာ နေရာတာမပျော်ပိုက်ဘူး။ ဒါပေ[illegible] အသက်ကလည်းကြီး တခြားကို[illegible] ပြောင်းဖို့ကလည်း မဖြစ်နိုင်တော့[illegible] ဒီအတိုင်းသည်းခံပြီးနေရတော့တာ[illegible]

ဒါကြောင့် ဒီနေရာက ကိုယ်တော်[illegible] အတွက် အပ်စပ်မယ့်နေရာမဟုတ်[illegible] သို့သော်လည်း ကျုပ်စီစဉ်ပေးပါ[illegible] ဇင်းကျိုက်ဘက်က ကုသလတော[illegible] ပေါ်မှာ သီတင်းသုံးနေတဲ့ ကျုပ်မိ[illegible] ရဟန်းတစ်ပါးရှိတယ်။ ဘွဲ့[illegible] ဦးဉက္ကံသတဲ့။ အသက်က[illegible] လိုပဲ ရှစ်ဆယ်နားနီး[illegible]ပြီ။ သူ[illegible] တစ်ချိန်တုန်းက[illegible] ရိပ်သာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဦး တရားပြလာခဲ့တဲ့ ကမ္မဋ္ဌာနာစရိယ တစ်ပါးပါပဲ။ ခုတော့ ကျုပ်လိုပဲ တရားပြ ...လိုက်ပြီး တစ်ကိုယ်တည်းပဲအေးအေး ဆေးဆေးနေတော့တယ်။ သို့သော် တရားလိုချင်လို့ ချဉ်းကပ်လာတဲ့ ယောဂီ ...နှ်သမျှကိုတော့ တရားပြပေးတာတို့၊ တရားပြင်ပေးတာတို့ကို မညည်းမညူ ...ပ်ပေးတုန်းပါပဲ။ ဒီတော့ ကိုယ်တော် အဲဒီကိုသွားပါ။ ကျုပ်သေသေချာချာ စာရေးပေးလိုက်မယ်။ အဲဒီတောင်ရိုး ...ာ ကျုပ်ပြောခဲ့တဲ့ အချက်နှစ်ချက်လုံး ...ါ ပြည့်စုံတယ်ဆိုတာ ကိုယ်တော် ...ိုရောက်ရင် သိရပါလိမ့်မယ်။ ဦးဥက္ကံသ ...ာ စာတတ်တာရော၊ ပညာကြီးတာ ရော၊ ရဟန်းသိက္ခာစောင့်စည်းတာရော ...ာမှုကိုပြောစရာမရှိတဲ့ ရဟန်းမြတ် တစ်ပါးပါ"

"မှန်ပါ။ ဆရာတော်ပြောတာနဲ့ပဲ တပည့်တော် အဲဒီတောင်ရိုးကိုသွားချင် ...ပြီဘုရား။ ဒါထက် အဲဒီဆရာတော် ဦးဥက္ကံသက ပုထုဇဉ်မဟုတ်တော့တဲ့ အရိယာပုဂ္ဂိုလ်မျိုးလားဘုရား"

"ဒီလိုတော့ မဆိုလိုပါဘူး။ အဲ - ပြောရရင် ဒီမေးခွန်းကလည်း ဖြေဆိုဖို့ ...တော်တော်ခက်ပါတယ်။ ရဟန်းဖြစ်ဖြစ်၊ ...ဖြစ်ဖြစ် အရိယာပုဂ္ဂိုလ်ဟုတ်တယ်၊ ...ဟုတ်ဘူးဆိုတာ ဘယ်သူမှသေသေ ချာချာမသိနိုင်ဘူးလေ။ အရိယာမှန်ရင် ...ဓိဂမအပ္ပိစ္ဆာဂုဏ်နဲ့ ပြည့်စုံကြတာ ...ည်းပဲ။ မိမိမဂ်ဖိုလ်ရတာကို သူတစ်ပါး ...သွားမှာ အလိုမရှိတဲ့သဘော၊ ရှက်တဲ့ သဘောပေါ့ဗျာ။ ဒီတော့ ဒီကိစ္စကို ...ားလိုက်။ အရေးကြီးတာက ကျုပ် ...ပြောသလို ကလျာဏမိတ္တကိုရရှိဖို့ပဲ။ ဦးဥက္ကံသဟာ ကိုယ်တော်အတွက် ကလျာဏမိတ္တစစ်စစ်ပဲ"

"မှန်ပါဘုရား၊ သဘောကျပါပြီ။ ...သော်လည်း တပည့်တော်ကသောက ...ချမ်းချင်တဲ့သူ၊ တစ်နည်းအားဖြင့် ...သောကတွေကို တရားအမြိုက်ဆေး ...ငြိမ်းသတ်ချင်နေတဲ့သူဆိုတော့ တရား ...ထုတ်ဖို့လည်း အထူးထက်သန်နေ ...ယ်ပေါ့ဘုရား။ ဒီတော့ မေးခွန်းတစ်ခု ...တော့ ထပ်ကွန့်ပြီးမေးခွင့်ပြုပါဦး ...ား တပည့်တော်အနေနဲ့ တကယ် ...ကြိုးစားရင် တကယ်တရားထူးရနိုင် ...ား၊ ဆရာတော်ကိုယ်တိုင်ကော ...ထူးရတဲ့ ပုဂ္ဂိုလ်စစ်စစ်ကို တွေ့ဖူး ...ပါသလားဆိုတဲ့ မေးခွန်းပါပဲ ..."

ထိုမေးခွန်းကြောင့် ဆရာတော်က မျက်စိကိုမှိတ်ကာ စူးစူးစိုက်စိုက်စဉ်းစားနေသည်။ အတန်ကြာတော့မှ -

"ဖြစ်နိုင်တာပေါ့။ တကယ်ကြိုးစားရင် တကယ်တရားထူးရနိုင်တာပေါ့။ အဲဒါကိုတော့ ဘယ်လိုမှယုံမှားမရှိပါနဲ့။ နောက်တစ်ခု အရိယာပုဂ္ဂိုလ်စစ်စစ်ကို တွေ့ဖူးသလားလို့ဆိုရာမှာ ပြောရရင် တွေ့ဖူးတယ်လို့ပဲဆိုရမှာပဲ။ ကျုပ်တွေ့ဖူးခဲ့တယ်။ ဒါပေမယ့် ကျုပ်တွေ့လိုက်ရတဲ့ အဲဒီပုဂ္ဂိုလ်မြတ်ကို တွေ့တွေ့ချင်း အရိယာပုဂ္ဂိုလ်လို့မသိဘူးဗျ။ ထင်လည်းမထင်ဘူး။ နောက်တော့မှ အကြောင်းတိုက်ဆိုင်လို့အဖြစ်မှန်ကိုလည်းသိရရော အချိန်ကလွန်သွားပြီ။ အဲဒီကိုယ်တော်က ပျံလွန်တော်မူသွားပြီဗျ"

"မှန်ပါ၊ ကပ်လွဲသွားတယ်လို့ဆိုရမှာပေါ့။ ကိုယ်တိုင် သိလည်းသိ၊ ကြည်လည်းကြည်ညိုလိုက်ရရင်ဘယ်လောက်ကောင်းလိုက်မလဲနော်"

"အမှန်ပေါ့ဗျာ။ ဖြစ်ပုံကဒီလိုဗျ။ လွန်ခဲ့တဲ့ (၅) နှစ်လောက်ကပေါ့။ ပြောရရင် ကိုယ်တော်ကုသပေးလိုက်လို့ ရောဂါပျောက်ပြီး ကျုပ်ဆေးရုံကပြန်ဆင်းလာခါစ အချိန်လောက်ကပေါ့။ ဆေးရုံကဆင်းပြီး နောက်တစ်နှစ်လို့ပဲ ဆိုပါစို့ဗျာ။ အဲဒီနှစ်မှာ ကျုပ်လည်း စိတ်ပြေလက်ပျောက်ဆိုပြီး ဘုရားတွေလှည့်ဖူးနေမိတယ်။ အဲ - ကျိုက်ထီးရိုးတောင်ပေါ်ကိုလည်းရောက်ရော ထူးခြားတဲ့ ရဟန်းတစ်ပါးနဲ့ ဆုံစည်းရတော့တာပဲ။

ဖြစ်ပုံက ကျိုက်ထီးရိုးတောင်ပေါ်ရောက်တော့ ကျုပ်နဲ့ ကျုပ်ကပ္ပိယက သံဃာဆောင်တစ်ခုမှာ သွားတည်းကြတယ်။ တည်းကြတော့ အဲဒီကျုပ်ပြောတဲ့ရဟန်းက ကျုပ်တို့ထက်အရင်ရောက်နှင့်နေတယ်ဗျ။ ဒါနဲ့ အဲဒီအဆောင်မှာပဲ အတူတူနေဖြစ်သွားတယ်ပေါ့လေ။ နေဖြစ်သွားတော့ ကျုပ်က သူ့ကိုအကဲခတ်ကြည့်တယ်။ သူက ကျုပ်တို့နဲ့သိပ်မရောဘူး။ သူ့ဘာသာနေတာများတယ်။ ကျုပ်က ခင်မင်လိုတဲ့သဘောနဲ့ ဖော်ဖော်ရွေရွေနှုတ်ဆက်ပေမယ့် သူကတိုတိုတုတ်တုတ်ပဲ။ မေးတစ်ခွန်းဖြေတစ်ခွန်း သဘောလောက်ပဲ။ ဒါနဲ့ နောက်ပိုင်းရောက်တော့ ကိုယ်လည်းကိုယ့်ဘာသာပဲနေလိုက်တော့တယ်။ သူက သူ့ဘာသာဆွမ်းခံစားတယ်။ ဆွမ်းခံပြီးပြန်လာ၊ မကြာခင် ဆွမ်းစား၊ ဆွမ်းစားပြီးသပိတ်ကိုဆေး၊ ဆေးပြီးသားသပိတ်ကို နေလှန်းပြီးတာနဲ့ ဘုရားရှေ့မှာမျက်စိမှိတ်ပြီး ငုတ်တုတ်ထိုင်နေတော့တာပဲ။ အဲဒီလို ဘုရားကျောင်းဆောင်ရှေ့မှာ ငြိမ်ပြီးထိုင်နေတာကပဲများတယ်"

ဒီတော့ သူ့အမူအကျင့်ကထူးခြားနေတာပေါ့။ အမူအကျင့်ထူးခြားသလို ဥပမိရုပ်ကြည့်တော့လည်း ထူးခြားနေပြန်တယ်။ မျက်နှာထားက ခပ်မှုန်မှုန် ခပ်ကုပ်ကုပ်ပဲ။ ကမ္မဋ္ဌာန်းရှုလိုလိုရှိပေမယ့် ဒါဟာ သမာဓိကြောင့်လား၊ ဘဝင်ကြောင့်လားဆိုတာတော့ ကျုပ်လည်း မကွဲပြားခဲ့ဘူးပေါ့။ အသားအရောင်က မည်းညစ်ညစ်ရယ်၊ ပါးရေနားရေတွေကလည်း ရှုံ့တွနေတယ်။ ဆံပင်တွေက ထိုးထိုးထောင်ထောင်ဖြစ်နေတဲ့ပြင် သူ့မျက်လုံးတွေကလည်း အတော်လေးမှေးနေပြန်တယ်။ ဒီကြားထဲ ဝတ်ထားတဲ့ သင်္ကန်းတွေကျတော့လည်း ဘာတစ်ခုမှ သစ်သစ်လွင်လွင်၊ သပ်သပ်ရပ်ရပ်မရှိဘူး။ အမြတမ်း နွမ်းဖတ်ပြီးတွန့်ကြေနေတာပဲ။ အဆိုးဆုံးကတော့ သူ့ညာဘက်လက်ဖျံမှာ သမင်ဖြူတွေလားမသိဘူး။ ဖြူဖြူအကွက်တွေကို အများကြီးတွေ့ရတယ်။ အဟမ်း အဟမ်း"

ဆရာတော်က ချောင်းဆိုးပြီးထွေးခံကိုလှမ်းယူလိုက်တယ်။ ဦးအရိန္ဒမက ဆရာတော့်စကား နားထောင်လိုက်ရပြီးနောက် အတိတ်ဆီသို့ ဖျတ်ခနဲ စိတ်ကရောက်သွားသည်။ တစ်ခါက အမှတ်တရဖြစ်ခဲ့ဖူးသော ပုံရိပ်တချို့ကိုလည်း ဝင်းခနဲပင် ပြန်မြင်ယောင်လိုက်မိသည်။ ထိုအခါ ကျောထဲတွင် စိမ့်ခနဲဖြစ်သွားမိခြင်းနှင့်အတူ ကြက်သီးပါဖြန်းခနဲထသွားမိရသည်။

ဆရာတော်က ထွေးခံကိုပြန်ချကာ စကားကိုပြန်ဆက်လိုက်သည်။

"ဒါနဲ့ နောက်သုံးရက်၊ လေးရက်ကြာတော့ အဲဒီပုဂ္ဂိုလ်က သူ့ဘာသာအသာပြန်ကြွသွားတယ်။ ဘယ်ကိုကြွသွားမှန်းလဲမသိဘူးပေါ့။ ကျုပ်တို့လည်း အဲဒီအဆောင်မှာ တစ်ပတ်ကျော်ကျော်လောက်ဆက်နေဖြစ်သွားတယ်။ ဘုရားလည်းဖူးလို့ဝ၊ ဂုဏ်တော်တွေလည်းပွားလို့ဝပြီဆိုတော့မှ ဒီကျောင်းကိုပြန်လာခဲ့ကြတယ်။

အဲ - နောက် တစ်နှစ်လောက်အကြာမှာ သထုံဘက်ကို ကျုပ်ခရီးထွက်ဖြစ်ခဲ့ပြန်တယ်။ သွားရတဲ့အကြောင်းကတော့ ဆတ်သွားဖူးလိုခါ တဲ့ရွာမှာ

www.burmeseclassic.com

www.burmeseclassic.com

သီတင်းသုံးနေတဲ့ ကျုပ်မိတ်ဆွေရဟန်းတစ်ပါးဆီက ဓမ္မာရုံရေစက်ချပွဲအတွက် ဖိတ်စာရောက်လာခဲ့လို့ပဲ။ အဲဒါနဲ့ ဆတ်သွားဖူးကို သွားလိုက်တယ်ပေါ့။ ဟိုမှာ ရေစက်ချပွဲပြီးပေမယ့် ချက်ချင်းပြန်မလာသေးဘဲ ရက်အနည်းငယ်လောက်လည်း နားနေမိတယ်ပေါ့။ အဲ- အဲဒီမှာပဲ သတင်းထူးတစ်ခုကိုကျုပ်ကြားရတော့တာပဲ။ သတင်းက 'ဆတ်က' ဆိုတဲ့ တောရကျောင်းတစ်ကျောင်းမှာ ဘုန်းကြီးတစ်ပါးပျံလွန်တော်မူလို့ အန္တိမ ဈာပနပွဲပြုလုပ်ကြရာက ပြာပုံထဲကနေ ဓာတ်တော်တွေ ထွက်လာတယ်ဆိုတဲ့ သတင်းပဲ။ အဲဒီသတင်းက တော်တော်အုတ်အော်သောင်းတင်းဖြစ်သွားတယ်။ သွားကြည့်လိုက်ကြတဲ့လူတွေ။

ကျုပ်တို့လည်း ဓာတ်တော်ကျတယ်ဆိုတဲ့ သတင်းကြားကြားချင်း မသွားဘဲကိုမနေနိုင်ဘူး။ ဒါက ကြုံတောင့်ကြုံခဲဖြစ်တဲ့ပြင် တကယ်ဟုတ်၊ မဟုတ်ဆိုတာကိုလည်း သွားကြည့်ချင်တယ်လေ။ ဟိုရောက်တော့ အဟုတ်ပါပဲဗျာ။ မြသပိတ်ထဲထည့်ပြီး ပူဇော်ထားတဲ့ ဓာတ်တော်တွေမှာအရွယ်အစားအမျိုးမျိုးပဲ။ ကျုပ်ဖြင့် ဓာတ်တော်တွေကိုဖူးရတော့ ဩော် - ငါတို့သာသနာမှာ ဒီလိုအာဇာနည်တွေရှိသေးပါကလားဆိုပြီး ဝမ်းသာလွန်း၊ ကြည်နူးလွန်းလို့ မျက်ရည်မဆည်နိုင်အောင်ဖြစ်ရတယ်။ အဲဒီနောက် အဲဒီရဟန်းမြတ်ရဲ့ပုံတော်ကိုပါ ထပ်ပြီးဖူးရတယ်။ ပုံတော်ကိုမြင်တော့မှပဲ ကျုပ်လည်း ဒီရဟန်းမြတ်က တခြားသူမဟုတ်ဘဲ ကျိုက်ထီးရိုးတောင်ပေါ်မှာ ဆုံစည်းခဲ့ရတဲ့ ပုဂ္ဂိုလ်မှန်းသိရတော့တာပဲ။ ကျုပ်ဖြင့် ထိတ်လည်းထိတ်လန့် အံ့လည်းအံ့သြပေါ့ဗျာ။

အဲဒီနောက် ဒီရဟန်းမြတ်ရဲ့ အကြောင်းကိုနီးစပ်ရာ ဒကာတွေဆီမှာ စိတ်ဝင်တစား မေးမြန်းကြည့်တော့မှ အကြောင်းစုံကို ပိုပြီးသိလာရတယ်။ ရဟန်းမြတ်ရဲ့ဘွဲ့တော်က ဦးနာရဒတဲ့။ ကရင်တိုင်းရင်းသားတဲ့။ တရားကိုအပြင်းအထန်အားထုတ်ပြီး ကသိုဏ်းတွေကြည့်လွန်းလို့ သူ့မျက်လုံးတွေကမှေးသွားတာလို့ဆိုတယ်။ မီးဖိုဘေးမှာတရားထိုင်နေရင်း မီးက သင်္ကန်းစကိုစွဲလာပေမယ့် မီးလောင်လို့လောင်မှန်းမသိဘဲ ဆက်အားထုတ်နေသတဲ့။ ဘေးကမြင်တဲ့သူတစ်ယောက်က ဦးပဥ္စင်း၊ ဦးပဥ္စင်း သင်္ကန်းမီးလောင်နေပြီလို့ အော်ပြောပြီး ရေနဲ့လာလောင်းတော့မှ မီးကငြိမ်းသွားသတဲ့။ အဲဒီမီးလောင်ဒဏ်ရာကြောင့်လည်းပဲ သူ့လက်မှာ အမာရွတ်တွေက ဖြူဖြူအကွက်တွေအဖြစ်နဲ့ ကျန်ရစ်ခဲ့တာတဲ့။ သိရသမျှက ကြည်ညိုစရာတွေချည်းပဲ။ ဒါနဲ့ ဘာတွေဆက်ပြီးသိရသေးသလဲဆိုတော့ ဦးနာရဒက ဘုရားသုံးဆူဇာတိဖြစ်တဲ့အကြောင်း ရိုးရိုးတရားအားထုတ်ရတာကို ဘယ်လိုမှ မတင်းတိမ်လို့ မွန်၊ကရင်ဒေသတွေက သချိုင်းအတော်များများမှာတောင် သုသာန်ဓုတင်တွေဆောက်တည်ပြီး လှည့်လည်တရားအားထုတ်ခဲ့တဲ့အကြောင်းသိခဲ့ရတယ်။ ဒါနဲ့ ကျုပ်ပြောနေတာတွေကို ဦးအရိန္ဒမကြားရဲ့လားဗျ။ အိပ်များငိုက်နေသလား။ အလို ကိုယ်တော်က ဘယ်လိုဖြစ်သွားရတာလဲ"

ဆရာတော် ဦးသောဘိတက ရှည်လျားစွာ ရှင်းလင်းပြောပြနေစဉ် ရှေ့တွင်ထိုင်နေသော ဦးအရိန္ဒမ၏ ထူးခြားသောအမူအရာကြောင့် အထက်ပါအတိုင်း ရေရွတ်လိုက်ခြင်း ဖြစ်သည်။

မှန်သည်။ ဦးအရိန္ဒမက ဆရာတော်၏စကားကို နားထောင်နေရာမှ ဦးခေါင်းက ဇက်ကျိုးသလိုငိုက်ကျသွားရပြီးနောက် ကိုယ်လုံးကပါ ရှေ့နောက်ယိမ်းထိုးပြီး တုန်ယင်လျက်ရှိသည်။ ဆရာတော်က စကားကိုရပ်ကာ အမေးရှိလိုက်သောအခါတွင်မှ ဦးအရိန္ဒမက မျက်နှာကိုမော့၍ လက်အုပ်ချီပြီး လှိုက်လှဲသောအသံဖြင့် စတင်လျှောက်ထားလိုက်သည်။

"မှန်ပါဘုရား၊ တပည့်တော်အိပ်မငိုက်ပါဘူး။ ဆရာတော်မိန့်ကြားသမျှကိုလည်း အားလုံးကြားပါတယ်။ အံ့သြ



စရာ တိုက်ဆိုင်မှုကြီးတစ်ခုကြော... တပည့်တော်အကြီးအကျယ်ကြောက်လ... သွားမိရာက ဣန္ဒြေမထိန်းနိုင်ဘဲဖြစ်သွ... တာပါဘုရား"

"ဟုတ်လား၊ ဖြစ်ပုံကိုပြောပြပါဦး"

"တပည့်တော် မှားပြီဘုရာ့ မှား... ဆရာတော့်စကားကို နားထောင်လို... ရတော့မှပဲ အတိတ်ကိုလည်း သတိ... အဖြစ်မှန်တွေကိုလည်း ပိုင်းခြားပြီး... လိုက်ရတယ်ဘုရာ့။ ဘာကြောင့်ဆို အဲ... ရဟန်းမြတ်ဦးနာရဒကို တပည့်တော်... လည်း လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀) နီးပါး... လောက်က ကိုယ်တိုင်တွေ့လိုက်ရလို့... ပဲဘုရား"

"ဟင်-ဟုတ်လား၊ သေချာရဲ့လား... ကိုယ်တော်ကတောင် ကျုပ်ထက် အ... အစောကြီး ကြုံပြီးတွေ့ခဲ့တာပါလား... အကြောင်းစုံကိုပြောပြပါဦးဗျာ"

"မှန်ပါ့ဘုရာ့ ပြောပြပါမယ်။ ... သာပြောရမှာ ရင်ထဲမှာတော့မခိုး... ဘုရာ့။ အဲဒီဦးနာရဒကို တပည့်တော်... တွေ့တွေ့ချင်းက ခပ်ကြောင်ကြောင်... ခပ်သွတ်သွတ်၊ စိတ်မမှန်တဲ့ဘုန်းကြီး... ထင်မှားမိခဲ့၊ ပြစ်မှားမိခဲ့ပါတယ်။ သူ... ဘုရားသုံးဆူစက်လှေပေါ်မှာ တ... တံခွန်သာခံကုန်းသုသာန်ထဲမှာတစ်... စုစုပေါင်း နှစ်ခါတိတိတွေ့ခဲ့တာ... နှစ်ခါစလုံးအထင်လွဲပြီး ပြစ်မှားမိခဲ့တာ... ဘုရား"

ထို့နောက် ဦးအရိန္ဒမက ... အတွေ့အကြုံအား ဖြစ်ကြောင်းကုန်... ရှင်းပြလျှောက်ထားလိုက်လေသည်။

ဆရာတော်က စူးစိုက်... နားထောင်နေသည်။ ဦးအရိန္ဒမ စ... ဆုံးလေသော် ဆရာတော်က အံ့... သောမျက်နှာ၊ လှိုက်လှဲသောအသံ...

"ကြည့်စမ်း၊ ကိုယ်တော်အဖြ... ကြုံတောင့်ကြုံခဲတိုက်ဆိုင်မှုကြီးပဲဗျ။ ... ဦးနာရဒအမှန်ပဲ။ ဒါပေမယ့် အဲဒီတု... က ရဟန်းကိုစွပြီးသေးဟန်မတူ... အားထုတ်နေဆဲပဲဖြစ်လိမ့်မယ်။ သို့သော်... တစ်မဂ်တစ်ဖိုလ်တော့လည်း အနည်း... ရပြီးသားဖြစ်လိမ့်မယ်။ အဲဒါကြော... အများကျင့်နိုင်ခဲတဲ့ သုသာန်ဓုတင်... ကျင့်နိုင်တာပေါ့"

"မှန်ပါဘုရား၊ တပည့်တော်... နှစ်ကြိမ်နှစ်ခါတိတိပြစ်မှားမိခဲ့တဲ့... ကြီးလေးတဲ့ဒဏ်တွေကိုလှ... မယ်ထင်တာပဲဘုရာ့"

"ဒါက ဒီလိုရှိ...ယ်။ မသိ...

www.burmeseclassic.com

www.burmeseclassic.com

…မိခဲ့ပေမယ့် သိတဲ့အချိန်မှာလိုက်လဲ …မနသီနဲ့ပြန်တောင်းပန်ရင် အရိယူပ …တ်ဆိုတာ ပျောက်ပယ်ရှင်းလင်းနိုင် …တယ်။ တကယ်တော့ ကိုယ်တော်မှ …တ်ပါဘူး။ အရိယာအချင်းချင်း …င် မလွဲသာရင် ပြစ်မှားကျူးလွန်မိ …တ်တယ်လို့ဆိုပါတယ်။ ကိုယ်တော် …အပေါ်မှာ အထင်လွဲခဲ့တာတွေနဲ့ …သက်ပြီးလည်း ကျုပ်ရှင်းပြပါမယ်။ …မအချက် အဲဒီဘုန်းကြီးက တည်းခို …င်ထဲမှာ တစ်ညလုံးမအိပ်ဘဲ စကြံ …တ်လိုက်၊ ငုတ်တုတ်ထိုင်လိုက်နဲ့ပဲ …တယ်လို့ ကိုယ်တော်ပြောခဲ့တယ် …တ်လား။ ဘယ်အိပ်လိမ့်မလဲဗျ။ …ယ်တော်တို့ တည်းခိုဆောင်ထဲမှာက …ဂါမတွေရှိနေတာကိုး။ ရဟန်းတွေ …တ် မာတုဂါမတွေနဲ့ တစ်မိုးတစ်ယံ …အောက်မှာ အတူမကျိန်းစက်ရဘူးလို့ …ပုဒ်ရှိထားတယ်လေ။ အဲဒီအတိုင်း …တာပေါ့ဗျ။ နောက်တစ်ချက်က …လွှနားချိန်မှာ သူများတွေ ထမင်း …ပေမယ့် သူကဘာမှမစားဘူးလို့ …ယ်တော်ပြောခဲ့ပြန်တယ်။ ဒါကတော့ …ပါတယ်။ နေကျော်သွားလို့ပါပဲ …ဗျ။ နေကျော်သွားရင် သူလိုပုဂ္ဂိုလ် … မိနစ်ပိုင်းလောက်ပဲလွန်လွန် …ဘုဉ်းလိမ့်မလဲ။ နောက်တစ်ခုက …ရည်ကပ်ပြန်တော့လည်း ကပ်တဲ့ … အချိုရည်ဘူးထဲ ရေပြန်ရောခိုင်း …မတုတ်လား။ ဒါလည်း လုပ်ထုံး …နည်းအတိုင်းလုပ်သွားတာပဲ။ အပူ … ဓါတ်နဲ့ပြုပြင်ချက်လုပ်ထားတဲ့ …အချိုရည်ဘူးတွေက ဒီအတိုင်းဘုဉ်း …မရဘူး၊ အာပတ်သင့်တာပေါ့။ …ကြောင့် သူဓာတ်ပျက်အောင်လို့ …လိုက်ရတဲ့သဘောပဲ။

နောက်ဆုံးတစ်ချက် သူသာန်ထဲ … သူ့ကိုတွေ့တော့ ကိုယ်တော်တို့ …သမျှကို သူကဘာမှပြန်မဖြေဘဲ … ငုတ်တိုင်တိုင်ထိုင်နေတယ် …တာလည်း သဘာဝကျနေပြန် … သူက ဓုတင်သမားကိုးဗျ။ …ဓုတင်ဆိုတာ လူမသိအောင် …တဲ့သဘောရှိတယ်။ လူသိလိုက် … ဓုတင်ပျက်တယ်။ ကိုယ်တော်တို့ …ကိုမေးလို့ သူက ဓုတင်လာကျင့် …ကြောင်းပြန်ဖြေဖို့ဆိုတာ အဝေး …။ သူက ဘယ်ဝန်ခံလိမ့်မလဲ။ …မြတ်တဲ့အကျင့်ပါ။ ကျုပ်တို့ …ကျင့်ကိုစိတ်တောင်မကူးရဲဘူး။ အခုလောက်ဆို ကျုပ်ရှင်းပြတာတွေကို ကိုယ်တော် လိပ်ပတ်လည်လောက်ပြီ ထင်ပါတယ်"

"မှန်ပါ့ဘုရား လည်ပါပြီ။ တပည့်တော်က ဆရာတော့်ထက်တောင် ပိုနစ်နာတယ်လို့ ဆိုရမလိုဖြစ်နေပါပြီ။ သူတော်ကောင်းနဲ့အကြိမ်ကြိမ်တွေ့ရပေမယ့် သူတော်ကောင်းမှန်း မသိလိုက်တဲ့ အဖြစ်ဘုရာ့။ အဲဒီတုန်းကသာ တပည့်တော်ကလည်း တရားလိုချင်နေတဲ့ အချိန်ဖြစ်၊ ဒီလို တရားကိုထိုးထွင်းပြီး သိမြင်ထားတဲ့ ကလျာဏမိတ္တကောင်းနဲ့ လည်းတွေ့ရဆိုရင် ဘယ်လောက်တောင် ကောင်းလိုက်မလဲဘုရား"

"ဒါပေါ့၊ ဒီလိုအချိန်ကိုက် တိုက်ဆိုင်ဖို့ဆိုတာ အခဲယဉ်းသားပဲ။ အေးလေ၊ အဲဒီအချိန်က ကိုယ်တော်ကလည်း လူ့လောကထဲမှာ ပျော်ပိုက်ကျင်လည်နေတဲ့အချိန်ဆိုတော့ ဘယ်လိုမှကိုတိုက်ဆိုင်စရာအကြောင်းမမြင်ပါဘူး"

"မှန်ပါ၊ ခုတော့ တပည့်တော်ပြစ်မှားမိခဲ့သမျှ လေးလေးနက်နက်ပြန်ပြီး တောင်းပန်ရတော့မှာပေါ့ဘုရား။ တစ်ဖက်ကလည်း ဒီလို ဘုရားအမိန့်တော်ကို တစ်သဝေမတိမ်းလိုက်နာပြီး ရှုပ်ရှုပ်ချွံချွံအားထုတ်အောင်မြင်သွားတဲ့ ပုဂ္ဂိုလ်ထူးတွေ မျက်မှောက်ခေတ်မှာ အထင်အရှားရှိနေသေးပါလားလို့ သိရတဲ့အတွက် တပည့်တော် ဖော်မပြနိုင်လောက်အောင် ကြည်နူးဝမ်းသာမိပါတယ်ဘုရား"

"ဒါပေါ့ ဒါပေါ့။ ဒါဟာဖြစ်သင့်တဲ့ သဒ္ဓါတရားပဲ။ ကိုယ်တော်ရှေ့လျှောက်ပြီး သာသနာတော်မှာ မြင်ရတွေ့ရဦးမှာပါ။ ကျုပ်တို့သာသနာမှာ လူစွမ်းကောင်းတွေ၊ အာဇာနည်တွေ အများကြီးရှိပါတယ်ဗျ။ ဓုတင်ဆိုတဲ့ ခက်ခဲလွန်းတဲ့ အကျင့်ကိုကျင့်ပြီး ကိလေသာမှန်သမျှကို တစ်ရံမလပ် ခါတွက်ပစ်ဖို့ကြိုးစားနေတဲ့ပုဂ္ဂိုလ်တွေ၊ သိက္ခာပုဒ်တစ်ခုကို ဖောက်ဖျက်မိရင် မစင်ကိုကိုင်မိတဲ့ အလား ရွံရှာကြောက်လန့်တဲ့စိတ်နဲ့ နောက်ထပ်ပြုမိမမှားအောင် ကြပ်ကြပ်စောင့်ထိန်းတော်မူကြတဲ့ ဝိနည်းဆောင် ပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်။ ကျုပ်တော့ ဒီလိုပုဂ္ဂိုလ်တွေကို ရော်ရမ်းကြည်ညိုရင်းနဲ့ပဲ ကျုပ်တို့သာသနာတော်အတွက် အလွန်အားတက်မိတယ်။ ကိုယ်တော့်ကိုလည်း လုပ်မယ့်လုပ် ဒီလို အမြတ်စား ရဟန်းမျိုးဖြစ်အောင် ကြိုးစားပါလို့ တစ်ခါတည်း တိုက်တွန်းလိုက်ချင်တယ်"

"မှန်ပါ၊ တပည့်တော် ကြိုးစားပါ့မယ်ဘုရား။ အခုလို ဒီအကြောင်းတွေ ပြောဆိုဆွေးနွေးရတာနဲ့တင် တပည့်တော်မှာ သောကတွေပြေပျောက်ပြီး ထူးထူးခြားခြား ရွှင်လန်းပေါ့ပါးနေမိပါတယ်။ ဒါ့အပြင် တပည့်တော်မျှော်လင့်ရည်မှန်းထားသမျှတွေလည်း တကယ်ပေါက်မြောက် အောင်မြင်လိမ့်မယ်လို့ ပိုပြီး ယုံကြည်လာနေမိတယ်ဘုရာ့"

"ကောင်းပါပြီ၊ ကောင်းပါပြီ။ ကိုင်း- ဆွမ်းစားချိန်လည်းနီးပြီ။ ကျုပ်တို့ နားကြရအောင်။ ကိုယ်တော်လည်း ဒီကျောင်းမှာနားပြီးတာနဲ့ ကျုပ်ရေးပေးတဲ့ စာကိုယူပြီး ဦးဥက္ကံသဆီအမြန်ဆုံးသွားပေတော့။ မအို၊ မနာ၊ မသေတဲ့တရား၊ ဆင်းရဲဒုက္ခ၊ သောကပရိဒေဝတွေမှန်သမျှ ဧကန်ချုပ်ငြိမ်းတဲ့တရားကို အမြန်ဆုံး ရအောင် ရှာဖွေပေတော့"

"မှန်ပါဘုရာ့၊ အမိန့်တော်အတိုင်းပါဘုရာ့"

ထို့နောက် ဆရာတော်က အသာထပြီး ကြွသွားတော်မူသည်။ ဦးအရိန္ဒမလည်း အာဂန္တုဆောင်သို့ ပြန်လာခဲ့သည်။ သူ အမှန်ပင် ရွှင်လန်းနေမိသည်၊ တက်ကြွနေမိသည်။ ပြီးတော့ သူ့ကိုယ်သူလည်း အံ့သြနေမိသည်။ ယခုအချိန်၌ သူ့ရင်ထဲတွင် အမြဲတစေ အမြစ်တွယ်ပြီး စိုးမိုးနေခဲ့သော သောကမှန်သမျှကမြူတစ်မှုန်စာမျှမကျန်အောင် ပျောက်ကွယ်ရှင်းလင်းလျက်ရှိသည်။ ၎င်းတို့အစား ကြည်လင်ခြင်း၊ ငြိမ်းအေးပေါ့ပါးခြင်းတို့ကသာ အစားထိုးနေရာယူလျက်ရှိသည်။

သူတော်ကောင်းတရား ဟူသည် နာယူရုံ၊ ပြောဆိုဆွေးနွေးရုံနှင့်ပင် ဤမျှအကျိုးကြီးသည်ဆိုပါက လက်တွေ့ကျင့်သုံးအားထုတ်သောအခါ ရရှိလာမည့်အကျိုးကား မမျှော်မှန်းနိုင်လောက်အောင်ကြီးမားပေလိမ့်မည်ဟု မျှော်ခေါ်ချင့်တွက်မိရင်း ဦးအရိန္ဒမ ကုသလတောင်ရိုးရှိ ဆရာတော်ဦးဥက္ကံသထံသို့ မနှေးမမြန် သွားရောက်ရန်အတွက် အထူးပင် စိတ်အားတက်ကြွနေ…တော့သတည်း။

ရဲမြတ်တင်(အမျိုးသာ…ပေဆုရ)

www.burmeseclassic.com

သတ္တဝါဒီ-ဦးမြင့်အောင်

ဘုန်းကံကြီးမားမင်းကောရာဇ်များနှင့်အစီအရင်အဆောင်ဂါထာများ(၂၁)

# ဘိုးတော်မင်းနှင့်သတ္တစိဗ္ဗာန်(၁၇)ဂါထာ

ဘိုးတော်ဘုရားခေါ် ဗဒုံမင်းတရားကြီးသည် ဘုန်းကံကြီးမားလှသော မင်းကောရာဇ်တစ်ပါးအဖြစ် မြန်မာရာဇဝင်တွင် စာတင်ခြင်းခံရသော မင်းတစ်ပါးဖြစ်ပါသည်။ အလောင်းမင်းတရားကြီး၏စတုတ္ထမြောက်သားတော်ဖြစ်၍ ငယ်မည်မှာ မောင်ဝိုင်း ဖြစ်ပါသည်။ မြန်မာနှစ် ၁၁၄၄ ခုနှစ်တွင် အင်းဝထီးနန်းကို သိမ်းမြန်း စိုးစံတော်မူပြီး အမရပူရမြို့တော်ကို သီရိခုနစ်ဌာန တစ်ပြိုင်နက် တည်ထောင်ပြီးလျှင် အင်းဝမှ အမရပူရသို့ ပြောင်းရွှေ့ စံမြန်းတော်မူခဲ့ပါသည်။

**□ ဘိုးတော်မင်းတရားကြီးလက်ထက် နိုင်ငံတော်အရေး**

မြန်မာနှစ် ၁၁၄၆ ခုနှစ်တွင် သားတော်မဟာဥပရာဇာကို ရခိုင်ပြည်သို့ အလုံးအရင်းနှင့် ချီတက်သိမ်းပိုက်စေရာ ရခိုင်ပြည်လုံးကိုအောင်နိုင်ခဲ့သောကြောင့် အလွန်ဘုန်းကြီးသောမင်းဟု ဆိုရမည် ဖြစ်ပါသည်။

ဤသို့ သိမ်းပိုက်အောင်မြင်တော်မူပြီးနောက် ရခိုင်တွင် မင်းကြီးမင်းခေါင်ကျော်ကို လူတစ်သောင်းနှင့် အအုပ်အချုပ်ခန့်ထားပြီးလျှင် ရခိုင်မှ မင်းမျိုးမတ်ပညာရှိတို့နှင့်တကွ အလျားအတောင်နှစ်ဆယ်၊ လုံးပတ်ခြောက်တောင်ရှိသော အမြောက်ကြီးနှင့် ခဲယမ်းမီးကျောက် အမြောက်သေနတ်စသောလက်နက်များ၊ ဆင်မြင်းလူသူများတို့နှင့်တကွ ယိုးဒယားလုပ်ကြေးရုပ်သုံးဆယ်ကျော်တို့ကိုဆောင်ယူခဲ့ပြီးလျှင် ရခိုင်မင်းအဆက်ဆက် ကိုးကွယ်ခဲ့သော မဟာမုနိရုပ်ပွားတော်ကြီးကိုလည်း ပင့်ဆောင်ခဲ့ကာ အမရပူရမြို့မြောက်တွင် ရွှေပြာသာဒ်နှင့်တည်ထား ကိုးကွယ်တော်မူခဲ့ပါသည်။

**□ ယိုးဒယားသို့ချီတော်မူခြင်း**

မြန်မာနှစ် ၁၁၄၇ ခုတွင် မင်းတရားကြီးကိုယ်တိုင် ယိုးဒယားသို့ စစ်ချီတော်မူရာ မြိတ်စစ်ကြောင်း၊ ထားဝယ်စစ်ကြောင်း၊ ဇင်းမယ်စစ်ကြောင်း၊ ဘုရားသုံးဆူစစ်ကြောင်းတို့ကို ကိုယ်တော်တိုင် အုပ်ချုပ်ချီတော်မူခဲ့ပါသည်။ ထို့နောက် မြန်မာနှစ် ၁၁၄၈ ခုနှစ်တွင် မင်းကြီးနန္ဒကျော်ထင်ကို အုပ်ချုပ်စေ၍ တစ်ကြိမ် ထပ်မံချီစေခဲ့ပြီး ၁၁၅၃-၁၁၅၄ ခုနှစ်တွင် ထားဝယ်ဝန် နေမျိုးကျော်ထင်နှင့် သားတော် မဟာဥပရာဇာတို့ကို အုပ်ချုပ်စေ၍ တပ်တော်များချီစေရာ ယိုးဒယားမင်းနှင့် အိမ်ရှေ့မင်းတို့ အုပ်ချုပ်ချီလာသော ယိုးဒယားတပ်များနှင့်တွေ့၍ တိုက်ခိုက်ရာ ယိုးဒယားတို့ ဆုတ်ခွာသဖြင့် အရှေ့ဘက်မြို့ရွာကျေးရွာများကို အနေအထားကျအောင် စည်းကြပ်စီရင်တော်မူပြီးမှ ပြန်တော်မူခဲ့သည်။

ထို့နောက် ၁၁၅၉ ခုတွင် လကွန်းစား ကာဝီလ ဇင်းမယ်သို့ဝင်၍ မြို့ပြတည်ထောင်နေပြန်သည်နှင့် တပ်တော်များ စေလွှတ်ခဲ့ရသည်။ သို့ရာတွင် ယိုးဒယားသို့ ဇင်းမယ်က ကူညီသောကြောင့် အလိုတော်မပြည့်ခဲ့ပါ။

**□ မဏိပူရကသည်းပြည်သို့ချီစေခြင်း**

မြန်မာနှစ် ၁၁၆၈ ခုတွင် မဏိပူရပြည်ကို အုပ်စိုးသော မဟာရာဇာဖြစ်သော ချော်ဂျစ်ဆင်နှင့် ဥပရာဇာ မာဂျစ်ဆင်တို့ မသင့်အတင့်ဖြစ်၍ အချင်းဖြစ်ပွားလေရာ ဘိုးတော်ဘုရားလည်း တပ်ဖော်စေ၍ မာဂျစ်ဆင်ကို နန်းတင်ပြီး မြန်မာမင်း၏လက်အောက်ခံအဖြစ် မဏိပူရပြည်ကို အုပ်ချုပ်စေခဲ့လေရာ မဟာရာဇာ ချော်ဂျစ်ဆင် ထွက်ပြေးခဲ့ရလေသည်။

**□ ဘိုးတော်ဘုရားနှင့်အာသံပြည်အရေး**

မြန်မာနှစ် ၁၁၇၈ ခုတွင် အာသံပြည် (ဝေသာလီပြည်) ၌ အမတ်အချို့ ပုန်ကန်ထကြွ၍ အာသံမင်းစန္ဒကန္တရှိန်ကို နန်းချထားသည်ကို ကြားသိရ၍ ဘိုးတော်ဘုရားသည် တပ်တော်ချီကာ အာသံပြည်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ အောင်မြင်တော်မူခဲ့လေ၏။ ထို့နောက် အာသံပြည်တွင် မြန်မာတပ်များကို အစောင့်ချထားပြီးလျှင် စန္ဒရကန္တရှိန်ကို ပြန်လည် နန်းတင်ကာ မြန်မာမင်း၏ လက်အောက်ခံအဖြစ် အုပ်ချုပ်စေခဲ့ပါသည်။

ဘိုးတော်ဘုရားလက်ထက် ...
ဤကဲ့သို့ ရခိုင်၊ မဏိပူရနှင့် အာသံ...
တို့ကို အောင်မြင်ခဲ့ခြင်းကြောင့် မြ...
တို့၏ဂုဏ် ဇာတိမာန် နှလုံးရည်၊လ...
ရည်တို့နှင့် မြန်မာနိုင်ငံ၏တန်ခိုးအာ...
လွှမ်းမိုးတိုးတက်ခဲ့ပါသည်။ အိမ်နီး...
တရုတ်ပြည်နှင့်ကား စစ်မက်ရေးရာ...
သံတမန်ဆက်သွယ် လက်ဆောင်...
အပြန်အလှန် ပို့သ၍ ချစ်ကြည်...
ပါသည်။

**□ နိုင်ငံတော်စည်ပင်ဖွံ့ဖြိုးရေးဆောင်... တော်မူပုံ**

ဘိုးတော်မင်းတရားကြီးသည် ...
တော်ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအ...
ယေးဆောင်ရွက်တော်မူခဲ့သည်။ မ...
အရှေ့ဘက် အောင်ပင်လယ်ကန်...
ထိုကန်၏ မြောက်ဘက်တွင်ရှိ...
မောင်းမကန်ခေါ် နန္ဒာကန်တို့ကို ...
တော်မူခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံ...
အတွင်း လယ်ယာကိုင်းကျွန်းဖြစ်ထွ...
တိုင်းသူပြည်သားတို့ အကျိုးစီးပွား...
ထွန်းခဲ့ပါသည်။

ခရီးသွားလာရေးလွယ်ကူ...
မင်းဘူးဆိပ်ကမ်းမှ ရခိုင်ပြည်သို့ ...
တောင်ကြား လမ်းဖောက်လုပ်...
သည်။ ထို့ပြင် မြို့ရွာနယ်ပယ်လူ...
အိမ်ခြေထွက်သောအသီးအနှံအ...
အဝယ်အခွန်အငှကောက်နှုန်းထား...
တို့ကို စစ်တမ်းပြုစေကာ ပေပု...
တွင် ရေးမှတ်စာရင်းတင် ပြုစု...
သည်။ မင်းတရားကြီး အမှုတော်...
လက်စွဲတော်၊ ကိုယ်ရံတော်၊ ...
ငန်းသား၊ အသည်တိုင်တမ်းတို့...
အစဉ်အဆက်မပျက်စေရန် မင...
စေရ၊ အမှန်အကန် သီးသန့်...
တော်မူလျက် အသည်တိုင်တမ်း...
အိမ်ခြေနှစ်ဆယ့်ငါးအိမ်လျှင် တ...
စည်းကြပ်ဖွဲ့စည်းတော်မူစေခဲ့ပါ...
ထို့ပြင် နိုင်ငံတော်အတွင်း ကျွ...
တို့ကို နိုင်ငံခြားသားတို့အား ...
တည်ဆောက်ခွင့်ပြုတော်မူကာ နို...
ရွှေငွေရတနာတို့ကို နိုင်ငံပြ...
တင်ဆောင်ခွင့်မပြုဘဲ တားမြ...
မူခဲ့ပါသည်။

**□ ဘာသာ၊ သာသနာတော်ထွန်း... ဆောင်ရွက်တော်မူပုံ**

ဘိုးတော်မင်းတရားကြီး...
အမျိုးဘာသာသာသနာတော်ထွန်း...
ထွန်းကားရေးကို အထူးအားပေး...



www.burmeseclassic.com

www.burmeseclassic.com

ရွက်တော်မူခဲ့ပါသည်။ သာသနာတော် ၏ အကျိုးစီးပွားအတွက် စေတီ၊ ပုထိုး ကျောင်းကန်ဇရပ်များကို တည်ထား တော်မူခဲ့ရာ စစ်ကိုင်းအိမ်တော်ရာတွင် အောင်မြေလောက စေတီတော်ကြီးကို လည်း တည်ထားခဲ့ကာ ဇရာဝတီမြစ် အနောက်ဘက်၌ မင်းကွန်းစေတီတော် ကြီးနှင့် မင်းကွန်းခေါင်းလောင်းတော်ကြီး တို့ကိုတည်ထားသွန်းလုပ်တော်မူစေခဲ့ပါ သည်။

ထိုမှတစ်ပါး နိုင်ငံတော်တစ်ဝန်း၌ သာသနာတော်ထွန်းကားရေးအတွက် မြို့ပေါင်း (၅၆) မြို့တွင် တစ်မြို့လျှင် ပိဋကတ်တော်တစ်စုံနှင့် သံဃာတော် (၅) ပါးကို သာသနာပြုစေလွှတ်တော်မူ ခဲ့ပါသည်။ မင်းတရားကြီးလက်ထက် တွင် သီဟိုဠ်နိုင်ငံမှ သံဃာတော်များနှင့် သီဟိုဠ်အမတ်ကြီးတို့ လာရောက်၍ သာသနာပြုပေးပါရန် တောင်းပန်သဖြင့် သီဟိုဠ်သို့ မြန်မာရဟန်းတော်များအား သာသနာပြုကြွရောက်တော်မူစေ၍ ပိဋ ကတ်တော်များပို့ဆောင်လှူဒါန်းတော်မူ ခဲ့ပါသည်။ တရုတ်ပြည်မှ သံဃာတော် များပင့်ဆောင်လာသော စွယ်တော်တစ် ဆူကို မင်းကွန်းဘုရားကြီးတွင် ဌာပနာ တော်မူခဲ့ပါသည်။ ပြည်သူပြည်သားများ ကိုယ်ကျင့်တရား ကောင်းမွန်စေရေး အတွက် အရက်သေစာသောက်စားခြင်း ကိုလည်း ကျပ်တည်းစွာပိတ်ပင်တားမြစ် တော်မူခဲ့ပါသည်။

ထို့ပြင် မြန်မာနိုင်ငံအရပ်ရပ်ရှိ ရှေးမင်းတို့တည်ထားစိုက်ထူခဲ့ကြသော ကျောက်စာတော်များကိုလည်း ပျက်စီး ယိုယွင်းသည်တို့ကို အသစ်ပြင်ဆင်စိုက် ထူခဲ့ပါသည်။ အနောက်ဇမ္ဗူဒီပ မဇ္ဈိမ ဒေသတွင်ရှိ တိုင်းကြီးအရပ်ရပ်သို့လည်း အမတ်သံတို့ကို စေလွှတ်၍ လောကီ ဗေဒကုတ္တရာ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်း၊ နီတိကျမ်း၊ တိရစ္ဆာန်တို့နှင့် ဆိုင်သောကျမ်း စသော သက္ကတ ဘာသာ၊ ဘင်္ဂါလီဘာသာ၊ နာဂရီဘာသာ တို့ဖြင့် ရေးသားစေသည်။ မြန်မာမှူးမတ် ... ဇမ္ဗူဒီပနိုင်ငံတွင် လှည့်လည်ရာ ... (ပဉ္စာလ) တိုင်ရောက်ခဲ့ကြသည်။ ... မဟာဗောဓိမဏ္ဍိုင်သို့ ရောက် ... ဗောဓိပင်ကို ဝင်ရောက်ဖူးမြော် ... ဗောဓိပင်ပွားနှစ်ပင်ကိုလည်း ... ပြည်သို့ ပင့်ဆောင်စိုက်ပျိုးပူဇော် ခဲ့ကြပါသည်။

ဘိုးတော်ဘုရားလက်ထက် ထင်ရှား သော စာဆိုပညာရှင်များ

ဘိုးတော်မင်းတရားကြီးလက်ထက် တွင် ပိဋကတ်ကျမ်းဂန်၊ ကဗျာလင်္ကာ တတ်မြောက်သူတို့ကို မြှောက်စား ချီးမြှောက်တော်မူခဲ့သောကြောင့် ကျမ်းပြု ပုဂ္ဂိုလ်ကျော်ပညာရှိများစွာ ပေါ်ထွန်းခဲ့ ၏။ မင်းတရားကြီးလက်ထက် ထင်ရှား သော ပညာရှင်တို့မှာ လက်ဝဲသုန္ဒရ အမတ်ကြီး၊ တွင်းသင်းမင်းကြီး မဟာ စည်သူ၊ ဦးတိုး၊ ပြင်စည်မင်းသား၊ ဒုတိယ နဝဒေး၊ ဦးပေါ်ဦး၊ ဦးအောင်ဖြိုး၊ မယ်ခွေ၊ ဖိုးသူတော် ဦးမင်း၊ လူဦးမင်း၊ ပုလိပ်စား ဦးဖျော် စသော လူပုဂ္ဂိုလ် ပညာရှင်များနှင့် ရဟန်းတော်ဦးညြ ဘာသဆရာတော်တို့ ဖြစ်ပါသည်။

တွင်းသင်းမင်းကြီးသည် ရှေး ဟောင်း ကျောက်စာကမ္ပည်းများကိုရှေး ကူးခြင်း၊ ရာဇဝင်သစ်တစ်စောင်ကို ရေးသားခြင်းပြု၍ မင်းဘူးဦးညြဘာသ ဆရာတော်သည် ဇာတ်တော်ကြီးဆယ် ဘွဲ့တို့ကို စကားပြေဖြင့် ရှစ်စောင်သော ဝတ္ထုတော်တို့ကို ပြုစုရေးသားတော်မူခဲ့ ပါသည်။

ဘိုးတော်မင်းတရားကြီးသည် လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံ၍ အတတ်ပညာရှိ၏။ ဆင်ခြင်တိုင်းထွာနိုင် သောဉာဏ်ပညာရှိ၏။ ရဲရင့်တည်ကြည် ၏။ ပညာရှိတို့ကိုမြတ်နိုးတော်မူ၍မပြတ် နိုင်ပင်နှိုင်းယှဉ်လေ့ရှိ၏။ အမျိုးဘာသာ သာသနာကို ထွန်းကားအောင် ဆောင် ရွက်တော်မူ၏။ ထို့ကြောင့် ဘိုးတော် ဘုရားကို (ဘုရင့်နောင်ကျော်ထင် နော်ရထာမင်းကြီးမှလွဲလျှင်) ဘုန်းကံ အကြီးဆုံး မင်းဧကရာဇ်တစ်ပါးဟု ရာဇ ဝင်၌ စာတင်ခဲ့ကြပါသည်။ နန်းစံသက် တမ်း (၃၈) နှစ်တိုင် စိုးစံနိုင်ခဲ့သော မင်း ဧကရာဇ်ကြီးတစ်ပါး ဖြစ်ပါသည်။

ဘုန်းကံကြီးမား မင်းဧကရာဇ် တစ်ပါးဖြစ်သော ဘိုးတော်မင်းတရား ကြီးအား မောင်းထောင်သာသနာတော် ဆရာတော်ကသွင်းတော်မူသော နန်းစဉ် တန္တိဂါထာမန္တန်များအနက် အလွန်တရာ နည်းယူမှတ်သားကျင့်ဆောင်ရန်ကောင်း လှသော သစ္စာမိဋ္ဌာန်ပြုနည်းဂါထာ(၁၃) ပုဒ်ကို ဖော်ထုတ်တင်ပြလိုပါသည်။

သစ္စာ ဆိုသည်မှာ မှန်ကန်ခြင်း ဖြစ်၍ သစ္စာဝါစာဆိုသည်မှာ မှန်ကန် သောစကားကိုဆိုခြင်း ဖြစ်ပါသည်။ ရှေးရှေး ဘုရားအလောင်း သူတော် ကောင်းကြီးများသည် အခက်အခဲ အကျပ်အတည်း အရေးကိစ္စကြုံတွေ့ရ သည့်အခါ ထိုအခက်အခဲ အကျပ်အ တည်းကို ကျော်လွှားနိုင်ရန် ဝစီသစ္စာ ဟူသော နှုတ်မြွက်သစ္စာမိဋ္ဌာန်ပြုခဲ့ကြ ကြောင်း ဇာတကဝတ္ထု စသောပိဋကတ် စာပေတို့၌ တွေ့ရှိ မှတ်သားရပါသည်။

သစ္စံဟဝေ သာဓုတရံ ရသာနံ - စင်စစ်အားဖြင့် အရသာဟူသမျှတို့တွင် အကောင်းဆုံး အရသာသည် သစ္စာ တရားတည်းဟု ဗုဒ္ဓမြတ်စွာသည် သံယုတ်ပါဠိတော်၌ ဟောကြားတော် မူခဲ့ပါသည်။

ဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် ဖြည့်ကျင့်ခဲ့သော ပါရမီတော်ဆယ်ပါးတို့ တွင် သစ္စာပါရမီ၏ စွမ်းပကားတို့သည် အထူးထင်ရှားလှသည်ကို ဘုရားဟော စာပေတို့၌ အံ့မခန်းတွေ့ရှိရပါသည်။

- မန္တန်တွင်သစ္စာ၊ အပွင့်တွင် မေတ္တာ၊ တေဇာအလျှံ ကြီးသည်မှန် သောကြောင့်၊ ခုံခံသမျှ ညွတ်လာရ အောင်၊ ရွေလလိုကျင့်ပါတုံလော့ -

ဟု နေမိရကန်၌ လာရှိသည်ကို မှတ်သားဖူးပါသည်။

ဤမည်သော သစ္စာ ဟူသည့် တော်တည့်ဖြောင့်မှန်ခြင်းသည် လူတို့ တန်ဆာဖြစ်ကြောင်း စိန္တကျော်သူ ဦးညြ၏ဝါဒထူး၌ ဤသို့ပြဆိုထားသည် ကိုတွေ့ရှိရပါသည်။

- လူ့ဗိုလ်တဇာ၊ ရှိသေရာသည်၊ သစ္စာခိုင်ကျည်၊ တည်ကြည်ခြင်း လျှင်၊ တန်ဆာဆင်၏ -

ဟူ၍ဆိုထားပါသည်။

ထို့အတူ သစ္စာမန္တန်သည် လွန်စွာအာနုဘော်ကြီးလှပုံကို -

- သစ္စာဝါစာ၊ လေးဆုံးသာတည်း။ သစ္စာဘောက်လှန်၊ မတော်မှန်က၊ ဘေးဒဏ်ရောက်ကာ ပျက်တတ်စွာ သည်၊ သစ္စာနှုတ်သီး၊ မန္တန်ကြီးကား၊ သေပြီးသော်မှ၊ ရှင်ပြန်ရ၏ -

ဟူ၍ ကျေးဇူးတော်ရှင် မန်လည် ဆရာတော်ဘုရားကြီး၏ မဃဒေဝ လင်္ကာ၌ မိန့်ဆိုထားပါသည်။ သစ္စာမန္တန် သည် ရန်တကာကို အောင်နိုင်ပြီး သစ္စာ ဆေးဖြင့် ရောဂါအန္တရာယ်ဘေးအသွယ် သွယ်ကို ပျောက်ကင်းစေနိုင်၍ လူသား တိုင်း သစ္စာအမြုတေကိုဆောင်ကာ မုသားကိုရှောင်၍ မှန်ကန်သော သစ္စာ စကားကိုဆိုခြင်းကြောင့် မျှော်မှန်းမှု၌ အကျိုးပေးနိုင်ကြောင်း ထုံးသာဓက



www.burmeseclassic.com

www.burmeseclassic.com

အချို့ကို ဖော်ထုတ် တင်ပြလိုပါသည်။

ဘုရားအလောင်းတော်နေစဉ်ဘဝ ငုံးမင်းဖြစ်တော်မူသည့်အခါက တောမီးဝိုင်းခံရစဉ် သစ္စာဆို၍ တောမီးကွင်းစေခဲ့ပါသည်။

ငါးရံ့မင်းဖြစ်စဉ်ဘဝတွင်လည်း မှန်ကန်သောသစ္စာစကားကိုဆို၍ မိုးကြီးသည်းထန်စွာသွန်းစေကာ သတ္တဝါအများချမ်းသာခဲ့ပါသည်။

အလောင်းတော် သိဝိမင်းကြီးဘဝ၌ မျက်စိနှစ်လုံးယောက်ပက်ဖြစ်နေသည်ကို သစ္စာဆို၍ မျက်စိအသစ်ပြန်ဖြစ်စေခဲ့သည်။

သောတ္တိသေနမင်း နူနာစွဲနေသည်ကို သမ္ဗုလမိဖုရား မှန်ကန်သောသစ္စာစကားဆိုကာ ရေသွန်းလောင်း၍ မင်းကြီးနူနာပျောက်ကင်းခဲ့ရပါသည်။

ဘုရားအလောင်းတော် သုပ္ပာဒကသဘော်မှူးသည် သမုဒ္ဒရာထဲကျရောက်ပြီးသည့်သင်္ဘောလှေကို သစ္စာစကားဆို၍ အိမ်လှေကားဝသို့ ဦးတိုက်ရောက်စေခဲ့ပါသည်။

သုဝဏ္ဏသျှံသတို့သား မြားမှန်ခံရကာ မြားဆိပ်တက်မိန်းမောနေစဉ်တွင် မိဘနှစ်ပါးနှင့် ဗဟုသုန္ဒရီနတ်သမီးတို့ သစ္စာဆို၍ သတို့သားမြားဆိပ်လျော့ကျ အသက်ရှင်၍ မိဘနှစ်ပါးလည်း မျက်စိပြန်မြင်ခဲ့ကြရပါသည်။

မဟာကပ္ပိနမင်းကြီး ဘုရားရှင်အား ဖူးမြင်ရန်အသွား မြစ်ဆုံးတန်ကို သစ္စာစကားသုံးဂါထာဆို၍ မြေပြင်မှာ သွားသကဲ့သို့ ရေပြင်ကို မြင်းခွာမျှ ရေမစိုစွတ်စေဘဲ ကျော်ဖြတ်နိုင်ခဲ့ပါသည်။

ဓမ္မာသောကမင်းကြီးနှင့် မျှမတ်ပရိသတ်တို့ရှေ့မှောက်တွင် ဗန္ဓုမတီမည်သော ပြည့်တန်ဆာမ သစ္စာစကားဆို၍ ဂင်္ဂါမြစ်ရေကို အောက်မှ အထက်သို့ ဆန်တက်စေနိုင်ခဲ့ပါသည်။

ရှေးအခါက စိန္တိုင်းမှတရုတ်မင်းတို့ မှန်ကန်သော သစ္စာစကားဆို၍ အရှေ့သမုဒ္ဒရာရေ မျက်နှာပေါ်၌ ရထားဖြင့်သွားနိုင်ခဲ့ဖူးပါသည်။

မြန်မာပြည်၌လည်း တောင်ဖီလာဆရာတော် သီလကိုတိုင်တည်သစ္စာဆို၍ အိုင်တစ်ဖက်ဆီသို့ ဓားမကြီးကိုကူးသွားစေခဲ့သဖြင့် ဓားမကူးဆရာတော်ဟု ထင်ရှားခဲ့ပါသည်။

ဤသည်တို့မှာ သစ္စာ၏ အာနုဘော်ကြီးလှပုံကို ဖော်ပြသည့်သာဓကအချို့သာ ဖြစ်ပါသည်။ ဘိုးတော်မင်းတရားကြီးအား မောင်းထောင်သာသနာပိုင်ဆရာတော်ကြီးက သရဏဂုံနှင့် ပဋ္ဌသီတို့ကို အခြေခံပြု ဆောက်တည်၍ သစ္စာပြုနည်းတို့ကို စာရှုသူများသိရှိမှတ်သားဆောင်ရွက်နိုင်ရန် ဝိသေသအားဖြင့် ကောက်နုတ် ဖော်ပြလိုက်ပါသည်။

**မောင်းထောင်သာသနာပိုင်**
**ဆရာတော်ကြီးမှ**
**ဘိုးတော်မင်းတရားကြီးအား**
**ချီးမြှင့်တင်သွင်းခဲ့သော**
**သစ္စာဓိဋ္ဌာန်နည်း (၃) ဂါထာ**

**ဗုဒ္ဓသရဏဂုံနှင့်သစ္စာဓိဋ္ဌာန်ပြုနည်း**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။(၃) ကြိမ်ရွတ်ဆို သရဏဂုံခံယူပါ။ ထို့နောက် ဘုရားဂုဏ်တော် (၉) ပါးကို (၃) ကြိမ် ရွတ်ဆို ပူဇော်ပါ။

**ဘုရားဂုဏ်တော် (၉) ပါး**

- ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ

ဟူ၍ ဘုရားဂုဏ်တော် (၉)ပါးကို (၃) ကြိမ် ပူဇော်ပါ။

ထို့နောက် ဤသို့ သစ္စာဓိဋ္ဌာန်ပြုပါ။

**အနက်မြန်မာပြန်**

**နတ္ထိ မေ သရဏံ အညံ**

**မေ** - ငါ့အား၊ **အညံ** - ရတနာမြတ်သုံးပါးမှတစ်ပါး၊ **သရဏံ** - ကိုးကွယ်ရာသည်၊ နတ္ထိမရှိ။

**ဗုဒ္ဓေါ မေ သရဏံ ဝရံ**

**ဗုဒ္ဓေါ** - သဗ္ဗညုဘုရားရှင်သည်၊ **မေ** - ငါ၏၊ **ဝရံ** - မြတ်သော၊ **သရဏံ** - ကိုးကွယ်ရာတည်း။

**ဧတေန သစ္စ ဝဇ္ဇေန** -

**ဧတေနသစ္စဝဇ္ဇေန**-ဤသို့မှန်ကန်စွာဆိုရသော သစ္စာစကားကြောင့်၊ **မေ**- ငါ့အား။

**ဟောတု မေ ဇယမင်္ဂလံ**

**ဇယမင်္ဂလံ** - အောင်ခြင်းမင်္ဂလာသည်၊ **ဟောတု** - ဖြစ်ပါစေသတည်း။

ဤသစ္စာပြု ဆုတောင်းရာတွင် **ဟောတုမေဇယမင်္ဂလံ** - အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာပြည့်စုံပါစေ နေရာတွင် သက်ရှည်ကျန်းမာရေးအတွက် **ဟောတုမေသုခ**[…]**ဝန်** - အကျွန်ုပ်[…] ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း ဖြစ်[…] သတည်း။ စည်းစိမ်နှစ်ဖြာချမ်းသာ[…] အတွက် **ဟောတု မေ ဘောဂ**[…] အကျွန်ုပ်အား စည်းစိမ်ဥစ္စာတိုးပွား[…] သတည်း။ ဘုန်းကံကျက်သရေတိုး[…] ရေးအတွက် **ဟောတုမေသိရိ**[…] အကျွန်ုပ်အား ဘုန်းကျက်သရေတိုး[…] ပါစေသတည်း။ အနာရောဂါကင်း[…] အတွက်၊ **ဟောတုမေအာရောဂျ**[…] အကျွန်ုပ်အား အနာရောဂါကင်းခြင်း[…] ပါစေသတည်း။ မိမိအတွက် သစ္စာ[…] လျှင် 'မေ'၊ သူတစ်ပါးသစ္စာပြုလျှင် […] ဟု ဆိုပါ။

**ဓမ္မသရဏဂုံနှင့်သစ္စာဓိဋ္ဌာန်ပြုနည်း**

**ဓမ္မံသရဏံဂစ္ဆာမိ** - တရား[…] မြတ်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်[…] ၏။ (၃) ကြိမ်ရွတ်ဆိုသရဏဂုံခံယူ[…]

ထို့နောက် တရားဂုဏ်တော်(၆)[…] ကို (၃) ကြိမ် ရွတ်ဆိုပူဇော်ပါ။

**တရားဂုဏ်တော် (၆) ပါး**

- သွာက္ခာတော ဘဂဝတာဓမ္မော၊ သ[…] ကော၊ အကာလိကော၊ ဧဟိ[…] ကော၊ ဩပနေယျိကော၊ ပစ္စတ္တံ[…] ဒိဗ္ဗောဝိညူဟိ။

ဟူ၍ တရားဂုဏ်တော် (၆) […] ကို (၃) ကြိမ်ပူဇော်ပါ။

ထို့နောက် ဤသို့အဓိဋ္ဌာန်ပြု[…]

နတ္ထိ မေ သရဏံ အညံ၊
ဓမ္မော မေ သရဏံ ဝရံ၊
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

အထက်နည်းအတိုင်း လိုရာ[…] ပြုဆုတောင်းပါ။

**သံဃသရဏဂုံနှင့်သစ္စာဓိဋ္ဌာန်ပြုနည်း**

**သံဃံသရဏံဂစ္ဆာမိ**-သံဃာ[…] မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်[…] ၏။ (၃) ကြိမ်ရွတ်ဆို သရဏဂုံခံယူ[…] ထို့နောက် သံဃဂုဏ်တော် (၉) […] (၃) ကြိမ်ရွတ်ဆိုပူဇော်ပါ။

**သံဃဂုဏ်တော်(၉)ပါး**

- သုပ္ပဋိပန္နော ဘဂဝတော[…] ကသံဃော၊
  ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝ[…] သံဃော၊
  ဉာယပ္ပဋိပန္နော ဘဂဝတော သာဝ[…] သံဃော၊
  သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝ[…]





www.burmeseclassic.com

www.burmeseclassic.com

သံယော။
ယဒိတံ စတ္တာရိ ပုရိသာယုဂါနိ
အဋ္ဌပုရိသပုဂ္ဂလာ၊
ဧသဘဂဝတောသာဝကသံဃော၊
အာဟုနေယျော၊ ပါဟုနေယျော၊
ဒက္ခိနေယျော၊ အဉ္ဇလိ ကရဏီယော
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။
(၃) ကြိမ်ပူဇော်ပါ။

ထို့နောက် ဤသို့ သစ္စာဓိဋ္ဌာန်ပြု
ပါ

၁ နတ္ထိ မေ သရဏံ အညံ၊
သံဃော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

အထက်နည်းအတိုင်း လိုရာသစ္စာ
ပြုဆုတောင်းပါ။ အထက်ဖော်ပြပါ
(၁) နည်းမှာ ရတနာမြတ်သုံးပါးတွင်
တစ်ပါးစီ သရဏဂုံခံယူ၍ သစ္စာပြုနည်း
ဖြစ်ပါသည်။

သီလဆောက်တည်၍ သစ္စာပြု
နည်းမှာ -

□ ပဉ္စမ၊ အဋ္ဌင်္ဂီဥပုသ်နှင့်
သစ္စာအဓိဋ္ဌာန်ပြု နည်း

ပဉ္စသီ-ငါးပါးသီလ၊ အဋ္ဌင်္ဂီ-ရှစ်ပါး
သီလခံယူဆောက်တည်၍ သစ္စာပြုနည်း
မှာ ဤသို့ဖြစ်ပါသည်။

၁ သမာဒိယ ပဉ္စသီလံ၊
အဋ္ဌင်္ဂမ္ပိ သုဒေသိတံ။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

အထက်နည်းအတိုင်း လိုရာသစ္စာ
ပြုဆုတောင်းပါ။

□ အနန္တရာယိကဂုဏ်တော် (၄) ပါးနှင့်
သစ္စာဓိဋ္ဌာန်ပြုနည်း

၁ နဝိဝိတန္တရာယောပိ၊
တာတုံဗုဒ္ဓဿကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။
၂ နညာဏအန္တရာယောပိ၊
တာတုံဗုဒ္ဓဿကေနစိ။
ဧတေန သစ္စဝဇ္ဇေန
ဟောတု မေ ဇယမင်္ဂလံ။
၃ နရသ္မိအန္တရာယောပိ၊
တာတုံဗုဒ္ဓဿကေနစိ။
ဧတေန သစ္စဝဇ္ဇေန။
ဟောတု မေ ဇယမင်္ဂလံ။
၄ နဘိက္ခာအန္တရာယောပိ၊
တာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

အထက်ပါနည်းအတိုင်း လိုရာ
သစ္စာပြု ဆုတောင်းပါ။

ဖော်ပြပါ သုံးလောကထွတ်ထား
မြတ်စွာဘုရားရှင်၏ သက်တော်၊ ဉာဏ်
တော်၊ ရောင်ခြည်တော်၊ ရည်စူးဆောင်
အပ်သော ဆွမ်းတော်တို့ကို မည်သူမျှ
အန္တရာယ်မပြုနိုင်ဟူ၍ ပူဇော်အပ်သော
ဂုဏ်တော်တို့ကို သီကုံးထားသော
ဤ (၄) ဂါထာကို ယုံကြည်လေးမြတ်
ဆင်ခြင်အာရုံပြုရှိခိုးပြီးလျှင် သစ္စာ
အဓိဋ္ဌာန်ပြုခြင်းအားဖြင့် အန္တရာယ်
ကင်းပကောင်းကျိုးချမ်းသာမင်္ဂလာပြည့်ဝ
စေနိုင်သောသစ္စာပြုနည်း ဖြစ်ပါသည်။

□ အသာဓာရဏဂုဏ်တော်နှင့်
သစ္စာပြုနည်း

၁။ ဗုဒ္ဓေါ အဘိဇ္ဈကာယော၀၊
နတ္ထိ လောဟိတ သုဒန်၊
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။
၂။ တိဒိဝေယျာနေ၀ကသံပိ။
သမာပန္နော ဝိနာယကော။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

အထက်ပါနည်းအတိုင်း လိုရာ
သစ္စာပြုဆုတောင်းပါ။

ဖော်ပြပါ ဂါထာတော်များမှာ
မြတ်စွာဘုရားရှင်၏ အသာဓာရဏ
ဂုဏ်တို့ ဖြစ်ပါသည်။ ဤဂုဏ်တော်တို့
တွင် မြတ်စွာဘုရားရှင်၏ ကိုယ်ကာယ
တော်ကို မည်သူရန်သူ၏ လုံ့လပယောဂ
ကြောင့်မျှ မပေါက်မရှသွေးထွက်အောင်
မပြုနိုင်ခြင်း၊ ဘုရားရှင် သမာပတ်ဝင်စား
နေတော်မူ၍ သက်တော်မွေးတော်ရှည်မြင့်
စွာ နေနိုင်ခြင်းဟူသော ဘုရားရှင်နှင့်
သာ သက်ဆိုင်သော ဤအသာဓာရဏ
ဂုဏ်တော်နှစ်မျိုးကို အောက်မေ့ဆင်ခြင်
အာရုံပြုရှိခိုးပြီးလျှင် သစ္စာအဓိဋ္ဌာန်ပြု
ခြင်းအားဖြင့် အနိဋ္ဌဖလမကောင်းကျိုး
ကင်းပ၍ ဣဋ္ဌဖလကောင်းကျိုးမျက်
မှောက်ရောက်စေသောသစ္စာပြုနည်းဖြစ်
ပါသည်။

□ ရတနတ္တယသစ္စာနှင့်
သစ္စာဓိဋ္ဌာန်ပြုနည်း

၁။ သဗ္ဗါမေ ဗုဒ္ဓ သေဋ္ဌမှိ
သံသယောနတ္ထိသဗ္ဗဒါ။
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။
၂။ သဗ္ဗါမေ ဓမ္မသေဋ္ဌမှိ၊
သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေနသစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။
၃။ သဗ္ဗါမေ သံဃ သေဋ္ဌမှိ၊
သံသယောနတ္ထိသဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

အထက်ပါနည်းအတိုင်း လိုရာ
သစ္စာပြု ဆုတောင်းပါ။

ဤသစ္စာဓိဋ္ဌာန်နည်း (၁၃) ဂါထာ
တို့မှာ ဗုဒ္ဓသရဏဂုံဖြင့် သစ္စာအဓိဋ္ဌာန်ပြု
နည်း (၁) ဂါထာ၊ ဓမ္မသရဏဂုံဖြင့်
(၁)ဂါထာ၊ သံဃသရဏဂုံဖြင့်(၁)ဂါထာ၊
ပဉ္စသီ၊ အဋ္ဌင်္ဂီဥပုသ်နှင့် သစ္စာပြုနည်း
(၁) ဂါထာ၊ အနန္တရာယိကဂုဏ်တော်
(၄) ပါးဖြင့် သစ္စာပြုနည်း (၄) ဂါထာ၊
အားဖြင့် စုစုပေါင်း (၁၃) ဂါထာ ဖြစ်ပါ
သည်။

အမျိုးဘာသာသာသနာတော်ကို
စောင့်ရှောက်တော်မူသော သာသနာပြု
မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်သော
ဘိုးတော်မင်းတရားကြီးသည် မိမိအား
ထား ကိုးကွယ်သော မောင်းထောင်သာ
သနာပိုင်ဆရာတော်ကြီး ချီးမြှင့်တင်သွင်း
သော ဤသစ္စာဓိဋ္ဌာန်ပြုနည်းဂါထာတော်
ကို လေးမြတ်စွာ ရွတ်ဆိုဆောင်ရွက်ခဲ့
သည်မှာ မလွဲဧကန်ဖြစ်၏။ ထို့ကြောင့်
လည်း ဘုန်းကြီးသက်ရှည်မင်းဧကရာဇ်
တစ်ပါးအဖြစ် ရာဇဝင်စာတင်ခဲ့ရခြင်း
ဖြစ်ပါသည်။

ထို့ပြင် အောင်မြေလောကစေတီ
တော် ဒါယကာဖြစ်သော ဘိုးတော်မင်း
တရားကြီးသည် အဝမြို့ ရွှေထီးရွှေနန်း၌
နန်းတက်တော်မူပြီး အမရပူရရွှေမြို့
တော်ကြီးကိုတည်ထောင်တာ ရွှေထီး
ရွှေနန်း သိမ်းမြန်းစိုးစံတော်မူစဉ် ရွှေမြို့
တော်တောင်မြင့်ကာစ၍ ကပ်ဖျားကြီး
ကျရောက်ဖြစ်ပေါ်သည့် ကာလတွင်
ဆေးဝါးကုချက်မရ မြို့သူမြို့သားများ
အသေအဆုံးများလှပြီး ထိုမှရွှေမြို့တော်
အရှေ့ပြင်၊ မြောက်ပြင်၊ အနောက်ပြင်
တစ်လျှောက် ထိုမှမြို့တွင်း ရွှေလင်းပင်
ဘုရားအနီး နန်းတော်တောင်၊ ဈေးကြီး
တစ်လျှောက် စက်ရောက်၍နာဖျားသေ
ဆုံးပျက်ပြားကြရာ သမားတော်များ
လည်း မကုသနိုင်၊ မကြံနိုင်ဖြစ်နေကြ၍
သာသနာပိုင် မောင်းထောင်ဆရာတော်
ကြီးက ရှေးလောကီပညာအရေး ဘားမဲ့
ဆရာတော်ကြီး၏ အစီအရင်ဖြစ်သော
အန္တရာယ်ကင်း အစီအထား မြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားပုံတော်ကို ကျနစွာထုလုပ်တော်မူစေ၍ ထိုခုနှစ်နံသစ်သားမြတ်စွာဘုရားရုပ်ပွားတော်အား ဆွမ်း၊ ရေချမ်း၊ ပန်း၊ နံ့သာ စသည်တို့ ပူဇော်လှူဒါန်း၍ ဆုတောင်းကြစေရာ များစွာသော ပြည်သူအပေါင်းတို့မှာ ထိုအဖျားရောဂါကပ်ဆိုးကြီးမှ ကင်းပလျက် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင်လွင့်ပျောက်ချမ်းသာခြင်းသို့ရောက်ကြရ၍ ထိုခုနှစ်နံသစ်သား မြတ်စွာဘုရားရုပ်ပွားတော်ကို ဌာပနာ၍ စေတီတော်တစ်ဆူတည်ထားခဲ့ရာ ကပ်လွတ်ဘုရားဟုအွဲ့တော်မည်တွင်ခဲ့ပါသည်။

(ဤခုနှစ်နံသစ်သားဘုရားထုလုပ်ပူဇော်နည်းအစီအရင်ကို သာလွန်မင်းတရားကြီးနှင့် ဟားမဲ့ဆရာတော်ချီးမြှင့်သောအဆောင်အစီအရင်များတွင်ဖော်ပြခဲ့ပြီးဖြစ်၍ အကျယ်ကို ထပ်မံဖော်ပြခြင်းမပြုတော့ပါ။)

ဖော်ပြပါ ဘုန်းကံကြီးမားမင်းစကြာဝတေးတစ်ပါးဖြစ်သော ဘိုးတော်မင်းတရားကြီး အလေးအမြတ် ရွတ်ဆိုသစ္စာအဓိဋ္ဌာန်ပြုခဲ့သော သစ္စာအဓိဋ္ဌာန်ပြုနည်း (၁၃) ဂါထာနှင့် ခုနစ်နံသစ်သားဘုရားထုလုပ်ပူဇော်နည်းတို့ကို စာရှုသူများ ယုံကြည်လေးမြတ် ရွတ်ဆို ပူဇော်ခြင်းဖြင့် ဘေးရန်ခပ်သိမ်း ကင်းပျောက်ငြိမ်းလျက် ဘုန်းကြီးသက်ရှည် တက်နေပမာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်း ခညောင်းပြည့်ဝနိုင်ကြပါစေသော်ဝ်။

*သဒ္ဒိသံပါက်ဇနေတိ*

**သစ္စာဝါဒီ-ဦးမြင့်အောင်**

**ကျမ်းကိုး -**

၁။ ခေတ်မီမြန်မာရာဇဝင်အကျဉ်း၊ အမျိုးသားပညာဝန် ဦးဖိုးကျားရေးသည်။

၂။ ကျော်ငါးသုံး မြန်မာရာဇဝင် ဦးဘသန်းဘီအေ စီရင်ရေးသားသည်။

၃။ မြန်မာရာဇဝင်သိမှတ်ဖွယ်ရာအဖြာဖြာ၊ ရန်ကုန်တက္ကသိုလ်ပညာရေးဌာန၊ ရာဇဝင်ကထိက ဦးကြည်ဘီအေ (ရာဇဝင်ဂုဏ်ထူး) ရေးလာသည်။

၄။ မြန်မာရာဇဝင်မှတ်စု၊ စီရင်သူ ဦးလှိုင်တုတ်၊ ဘီအေဒီတီ ကျောင်းဆရာကြီး။

၅။ မဟာသမ္ဘိဒ္ဓကျမ်းရင်းကြီး (ပထမတွဲ)

၆။ နန်းစဉ်သုံး ဂါထာမန္တန်ကျမ်း၊ ဆရာဦးမင်းသိမ်း။

# ဆရာဦးမောင်မောင်သန်း
(ဂုဏ်ထူးဆောင်ဗေဒသား)

(၃၃၃) ကြိမ်မြောက် -
ထိဖွင့်ပွဲကြီးနီးပါပြီ။

**တနင်္ဂနွေသားသမီးတို့သည်**

စက်တင်ဘာလ ၄-၇-၁၃-၁၇-၁၉-ရက်များမှာ ထီထိုးပါ။ ကိုယ်တိုင်အလှူပြုလုပ်ပြီးလျှင် (သို့) အလှူကြီးများလှူသောနေရာတွင် ကိုယ်တိုင်ပါဝင်လုပ်အားပေးလှူဒါန်းပြီးလျှင် (သို့) အလှူကြီးများလှူသောနိမိတ်ကောင်းကိုမြင်ပြီးလျှင် ထီထိုးပါ။

အောက်တိုဘာလမှာ ၅-၄-၈-၃ ဂဏန်းများ ကံစပ်နေပါသည်။

**တနင်္လာသားသမီးတို့သည်**

စက်တင်ဘာလ ၈-၁၄-၁၉-၂၂-၂၈ ရက်တို့တွင် ထီထိုးပါ။ လူမှုရေးအရှုပ်အထွေးကိစ္စများကြားပါလိမ့်မည်။ ဆုံပါလိမ့်မည်။ ဆုံရင် လိုအပ်သောကူညီမှုများပေးလိုက်ပါ။ ၎င်းကိစ္စပြီးမှ ထီထိုးပါ။

အောက်တိုဘာလမှာ ၅-၁-၂-၃ ဂဏန်းများကံစပ်ပါသည်။

**အင်္ဂါသားသမီးများတို့သည်**

စက်တင်ဘာလ ၂-၅-၉-၁၅-၁၉-၂၃ ရက်များမှာထီထိုးပါ။

နီးရာ ဘုရားစေတီတစ်ဆူဆူကို ခြေကျင်လျှောက်သွားပါ။ ဘုရားရောက်လျှင် တံမြက်စည်းလှည်း၊ သန့်ရှင်းရေးလုပ်၊ အမှိုက်ကောက်ပါ။ ပြီးမှလက်ဆေးပြီး ပြိုဟ် (၈) ခွင်လုံးမှ ရုပ်ပွားတော်များကို ရေသပ္ပာယ်ပါ။ အပြန်မှာထီထိုးပါ။

အောက်တိုဘာလမှာ ၄-၈-၃-၆ ဂဏန်းများ ကံစပ်သည်။

**ဗုဒ္ဓဟူးသားသမီးများတို့သည်**

စက်တင်ဘာလ ၃-၆-၁၆-၁၉-၂၄ ရက်များမှာ ထီထိုးပါ။ ဘုရားရှင်အား ယခုတစ်လလုံး ကြံ၊ ကြံပန်းခိုင်၊ ကြံရည်များနှင့် ကပ်လှူပူဇော်ပါ။ မရလျှင် ကျောက်ကျောနှင့် ပူဇော်ပါ။

အောက်တိုဘာလမှာ ၅-၄-၈-၃ ဂဏန်းများ ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများတို့သည်**

စက်တင်ဘာလ ၇-၁၀-၁၇-၁[illegible]-၂၅ ရက်များမှာ ထီထိုးပါ။ ရေအိုး[illegible] အပ်သောနေရာတစ်ခုခုမှာ ရေအိုး[illegible] လိုက်ပါ။ ဥပမာ ဘုရားစေတီတစ်ဆူ[illegible] တွင် အများသောက်ရန် အေးမြ[illegible] သောက်ရေအိုးလှူပါ။

အောက်တိုဘာလမှာ ၃-၅-[illegible] ဂဏန်းများကံစပ်သည်။

**သောကြာသားသမီးများတို့သည်**

စက်တင်ဘာလ ၂-၅-၁၀-၁[illegible]-၁၈-၁၉ ရက်များမှာ ထီထိုးပါ။

တစ်နေ့တည်း ဘုရား (၅) ဆူ[illegible] အောင် သွားဖူးပါ။ ဘုရားတိုင်းမှာ [illegible] ပေါင်းစုံ (၃) မျိုးစီလှူခဲ့ပါ။ အပြန်[illegible] ထီထိုးပါ။

အောက်တိုဘာလတွင် ၅-၄-[illegible] ၃-၁ ဂဏန်းများကံစပ်ပါသည်။

**စနေသားသမီးများတို့သည်**

စက်တင်ဘာလ ၂-၆-၉-၁၂-၁[illegible] ၁၉ ရက်များမှာ ထီထိုးပါ။ ဘုရားရှင်[illegible] တော်တစ်ဆူဆူ လှည့်လည် အပူဇော်[illegible] ဒေသစာရီကြွလာသည်ကိုဖူးရပြီဆို[illegible] နှင့် နီးရာဆိုင်မှာချက်ချင်းပြေးထိုး[illegible] ပါ။ ထီထိုးရက်မဟုတ်လျှင်သော်မှ [illegible] အောင်ထိုးပါ။

အောက်တိုဘာလတွင် ၅-၄-၃-[illegible] ဂဏန်းများ ကံစပ်ပါသည်။

စက်တင်ဘာ ၂ ရက်၊ ၁၉ [illegible] များမှာ မည်သည့် (၇) ရက်သား[illegible] မဆိုဖြစ်အောင်ထီထိုးပါ။ ယခုတစ်[illegible] သည် (၃၃၃) ကြိမ်မြောက်ဖြစ်သည်[illegible] မမေ့ပါနှင့်။

ငွေအလုံးအရင်းနှင့် လျှနိုင်[illegible] နိုင်ကြပြီး စိတ်ချမ်းသာကိုယ်ကျန်း[illegible] ပါစေ။

ဆရာဦးမောင်မောင်သ[illegible]
(ဂုဏ်ထူးဆောင်ဗေဒသား)



www.burmeseclassic.com

www.burmeseclassic.com

# ဧယားနုကတို့အတောင်
# ရွှေတိဂုံပန်းချီအနုပညာ

ရွှေတိဂုံပန်းချီအနုပညာကို စတင်ခံစားရေးဆွဲသူများမှာ အင်္ဂလိပ်၊ ဒပ်ချ်၊ ပြင်သစ်၊ ရှုမေနီးယားကုန်သည်များ ဖြစ်သည်။ ရွှေတိဂုံအံ့ဘနန်း ရုပ်ပုံလွှာကို သူတို့နိုင်ငံ သူတို့နေရပ်သို့ ပုံတူကူးဆွဲ တာ ယူဆောင်သွားကြသည်။ မှင်၊ ခဲ၊ ဆေးရောင်တို့ဖြင့် သူတို့တွေ့ရှိသမျှ မြင်ကွင်းအစုံကို မှတ်တမ်းတင် ရေးဆွဲခဲ့ကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်သော Soctt O.Corner ဆိုသူ အင်္ဂလိပ်လူမျိုး စာရေးဆရာတစ်ဦးက သူ၏ The Slilen East ဟူသော စာအုပ်တွင် မြန်မာနိုင်ငံတော်၌ ရှိရှိသမျှသော အခြားဝတ္ထုများ အကယ်၍ ပျက်စီးဆုံးရှုံးသွားသည့်တိုင် ရွှေတိဂုံစေတီတော်မြတ်ကြီးကိုသာ အထင်အရှား ကျန်ရစ်အောင် ထိန်းသိမ်းထားမည်ဆိုပါက မြန်မာလူမျိုးတို့ ဓလေ့စရိုက် အမူအရာများအကြောင်းကို ကမ္ဘာသို့ ပြောပြရန် လုံလောက်သော အကြောင်းအရာများ ကျန်ရစ်နေပေလိမ့်ဦးမည် ဖြစ်ပေသည်ဟူ၍ ရွှေတိဂုံစေတီတော်ပုံပန်းချီခဲခြစ်တောက်ကြောင်း ရေးဆွဲမှတ်တမ်းတင်ထားရစ်ခဲ့သည်။

ကမ္ဘာကျော် စာရေးဆရာကြီး ရုဒ်ယာ့ဒ်ကစ်ပလင်းသည် ၁၉ ရာစုဆယ်စုနှစ်တစ်ခုတွင် ရန်ကုန်ကိုရောက်လာခဲ့သည်။ သူသည် ပင်လယ်ဝမှ ရန်ကုန်မြစ်ကြောင်းအတိုင်း ရေကြောင်းခရီးနှင့် ရောက်ရှိလာခဲ့သည်။ ရန်ကုန်ဆိပ်ကမ်းမရောက်မီ အဝေးမှ လှမ်းမြင်သောမြင်ကွင်းကို သူ၏ အရှေ့တိုင်းမှ စာများတွင် ဤသို့ဤနှယ် ဖော်ပြထားပါသည်။

*Then a golden Mystery Up-...ed it self on the horizon a beau-...ful Winking Wonder that blare in the sun, of a shape theat was neither Muslim doon nor Hindu temple spire. It stood upon a green knoll.*


*"There's the old shway Dagon" said my companion. The golden doon said. "This is Burma, and it will be quite Unlike any you Know about"*

***Rudyard Kipling***

***Letters from the east (1889)***

အဲဒီနောက် မိုးကုပ်စက်ဝိုင်းမှာ ရွှေရောင်တောက်ပနေတဲ့ အခြင်းအရာကြီးတစ်ခု ပေါ်ထွက်လာပါတယ်။ စိတ်နှလုံးကြည်နူးစရာကောင်းကောင်းနဲ့ ဝင်းခနဲလက်ခနဲအရောင်ထွက်နေတယ်။ နေရောင်ထဲမှာ တောက်ပနေတဲ့ အခြင်းအရာကြီးတစ်ခု ဖြစ်ပါပေတယ်။ ပုံသဏ္ဌာန်အမိုးခုံးခုံးလည်း မဟုတ်ပါ။ ဘုရားကျောင်းချွန်ချွန်လည်းမဟုတ်ပါ။ အဲဒီအရာဟာ တောင်ကုန်းစိမ်းစိမ်းပေါ်မှာတည်နေပါတယ်။ အဲဒါက ရွှေတိဂုံစေတီတော်ကြီးလို့ ကျွန်တော့်အဖော်က ပြောပါတယ်။ ရွှေရောင်ခုံးခုံးကြီးကတော့ ဒါဟာ မြန်မာပြည်ဖြစ်တယ်။ သင်တို့သိတဲ့ဘယ်နိုင်ငံနဲ့မှမတူဘဲ လုံးဝကွဲပြားခြားနားလိမ့်မယ်ဟု ညွှန်းဆိုရေးသားထားပါသည်။


အိန္ဒိယနိုင်ငံ မွန်ဘိုင်း (ဘုံဘေ) မြို့မှာမွေးသော ကစ်ပလင်းသည် မြန်မာပြည်ကို ရောက်လာခဲ့သည်။ သူအသက် (၂၀) ကျော်ကျော်မှာဖြစ်သည်။ သူရေးဖွဲ့





www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော Road To Mandalay ကဗျာကြီးသည် အနောက်တိုင်းမှာ မကြာခဏ ကိုးကားဖော်ပြခံရပါသည်။ ရန်ကုန်မြို့ကို ကစ်ပလင်းရောက်လာချိန်မှာ ဒုတိယ အင်္ဂလိပ် - မြန်မာစစ်ပွဲနဲ့ အင်္ဂလိပ်က ရန်ကုန် အပါအဝင် အောက်မြန်မာပြည်ကို သိမ်းပိုက်အပြီး နှစ်ပေါင်း (၃၅) နှစ်ကျော်ကျော်မှာ ဖြစ်ပါသည်။ ရန်ကုန်မြို့ကို အဝင် ရန်ကုန်မြစ်အတွင်းကနေ ကစ်ပလင်း မြင်တွေ့ခဲ့ရသည်မှာ နှစ်ပေါင်း (၁၀၀) ကျော်ကျော်ဖြစ်နေပါပြီ။ သို့ပေမယ့် ရွှေရောင်ဝင်းလက်နေဆဲ ရွှေတိဂုံစေတီတော်မြတ်ကြီးကတော့ ရန်ကုန်မြို့ကြီးကို အပေါ်ကအုပ်မိုးထားဆဲ ဖြစ်ပါသည်။ ကမ္ဘာမှာ အဓိက အရေးပါလှသော တခြားမြို့ကြီးတစ်မြို့ကို တစ်ခုတည်းသော တခြားဘယ်အရာကမှ အခုလို (ရွှေတိဂုံစေတီတော်ကြီးကို) မိုးထားတာမရှိပါလို့ မြန်မာပြည်လမ်းညွှန်စာအုပ်ရေးထားသော ခရီးသွားလုပ်ငန်းပညာရှင်အဖွဲ့တစ်ဖွဲ့က ဆိုခဲ့ပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးဟာ ထုထည်ကြီးမား ထည်ဝါနေတာကြောင့် ထူးကဲဗိသုကာလက်ရာ ကောင်းချီးမင်္ဂလာကြီးတစ်ခုဖြစ်နေသည်သာမဟုတ်ပါ။ ဗုဒ္ဓဝါဒက လူတွေရဲ့ဘဝအတွေ့တွေမှာ ပျံ့နှံ့သက်ရောက်နေတဲ့နိုင်ငံတစ်နိုင်ငံရဲ့ အပြစ်အနာအဆာကင်းပြီးပြည့်စုံနေတဲ့ သင်္ကေတအမှတ်အသားတစ်ခုလည်း ဖြစ်နေပါတယ်။ အဲဒါအမှန်ပါပဲ။ စေတီတော်ကြီးရဲ့တောက်ပနေတဲ့ရွှေပြားတွေအပေါ် ကျရောက်ရာက ပြန်ခုန်ထွက်လာပြီး ကန်တော်ကြီးရဲ့ကြည်လင်တည်ငြိမ်နေတဲ့ရေပြင်မှာ ရောင်ပြန်ဟပ်နေတဲ့ အရုဏ်ဦးပထမဆုံးရောင်ခြည်ဝန်းတွေကို စောင့်ကြည့်ရတာထက် ပိုပြီးအံ့မခန်းစွဲမက်ဖွယ်ကောင်းတဲ့မြင်ကွင်းတစ်ခုကို တွေ့ရဖို့မဆိုထားနဲ့ စိတ်ကူးကြည့်ရတာတောင် ခက်ခဲနေမှာ အမှန်ပါပဲ။ ဒါပေမယ့် တစ်ချိန်က ရန်ကုန်မြို့ရဲ့ဗဟိုအချက်အချာကနေ မြောက်ဘက်သုံးကီလိုမီတာအကွာမှာရှိတဲ့ သိင်္ဂုတ္တရကုန်းတော်ပေါ်ကနေ ရွှေတိဂုံစေတီတော်ကြီးကတော့ ရန်ကုန်မြို့ကြီးကိုမိုးထားနိုင်တယ်ဆိုတာကလည်း တကယ်တော့ အပြည့်အဝပါရှိတဲ့ပြကွက်မဟုတ်သေးပါ။ မပြည့်စုံတဲ့ မြင်ကွင်းတစ်ခုသာဖြစ်နေပါသေးတယ်။

ရန်ကုန်မြို့ရဲ့ အဆောက်အအုံအများစုရဲ့ ဗြိတိသျှကိုလိုနီခေတ် ဗိသုကာလက်ရာတွေဟာ ယိုယွင်းပျက်စီးနေပါပြီ။ အဲဒီဗိသုကာလက်ရာတွေကိုကျော်ပြီးကြည့်လိုက်ရင် ၁၉ ရာစုကတည်းက စွဲမက်နှစ်လိုဖွယ်ကောင်းတဲ့၊ လူမျိုးစုံနေထိုင်ကြတဲ့မြို့ကြီးတစ်မြို့ကို မြင်တွေ့ရပါလိမ့်မယ်။ အဲဒီမြို့မှာ အေးငြိမ်းတိတ်ဆိတ်ပြီး သစ်ပင်တွေသွယ်တန်းပေါက်ရောက်နေတဲ့ရိပ်သာလမ်းတွေ၊ မေတ္တာကရုဏာရှိပြီး ပျော်ပျော်နေရတာကို ခုံမင်တပ်မက်တဲ့လူတွေကိုပြန်ပြီးမြင်ယောင်နိုင်ပါတယ် လို့ ရေးသား မှတ်တမ်းတင်ခဲ့သည်။

ဥရောပတိုက်သား ခရီးသည်များ က ဒဂုံရွှေစေတီတော်ကြီးတည်ထား သောမြို့လို့ ၁၆ ရာစုမှာ ရေးသား ပန်း အနုပညာနှင့် ရေးဆွဲထားခဲ့သည် ဟံသာဝတီ (ပဲခူး) တွင် ဘုရင့်နောင်သာ အနန္တဘုရင် ထီးနန်းစိုးစံစဉ်အချိန်မှာ ၁၅၈၆ ခုနှစ် အင်္ဂလိပ်လူမျိုး ကုန်စည်သမား ရယ်လ်ဖ်ဖစ်ချ်ဟာ ဟံသာဝ ကို ရောက်လာသည်။ သူမြင်တွေ့ခဲ့သ ကို မှတ်တမ်းတင်ပန်းချီရေးဆွဲခဲ့ပါသည် ရွှေတိဂုံစေတီတော်ကြီး၏အကြောင်း ဖစ်ရှ်က သေသေချာချာ တင်ပြထား သည်။

ထို့ပြင် ပဲခူးကနေ နှစ်ရက်လော ခရီးသွားခဲ့ရပြီးနောက်မှာ ပဲခူးသားတွေ ဘုရားဖူးသွားတဲ့ စေတီကြီးရှိပါတယ် 'တိဂုံ'လို့ခေါ်ပါတယ်။ စေတီတော်ကြီး အံ့ဖွယ်ကောင်းလောက်အောင် ကြီးမား ပြီး ဖိနပ်တော်ကနေ ထိပ်ဆုံးအထိ အပြည့် ရွှေချထားပါတယ်။ စေတီတော် ကြီးဟာ ကမ္ဘာပေါ်မှာ အလှပဆုံးနေရာ ဖြစ်တယ်လို့ ကျွန်တော် ယူဆပါတယ် စေတီကြီးဟာ အလွန်မြင့်မားပြီး စေတီ ကြီးဆီသွားရာလမ်းလေးသွယ်ရှိပါတယ် လမ်းတွေတစ်လျှောက် သစ်ပင်ပန်းပင် တွေစိုက်ထားပါတယ်။ လူတစ်ယောက် ဟာ နှစ်မိုင်လောက်ရှည်လျားတဲ့ခရီး



www.burmeseclassic.com

www.burmeseclassic.com

သွားရပါတယ်။ အင်္ဂလိပ်အင်ပါယာကြီးရဲ့နောက်ဆုံးအင်္ဂလိပ်ဘုရင်ခံက ဆာဟူးဘတ်အဲလ်ဗင်ရန်း(စ်) ဖြစ်ပါတယ်။ အင်္ဂလိပ်ကိုလိုနီအဖြစ်ကနေ မြန်မာတို့ဟာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့မှာ လွတ်လပ်ရေးရရှိခဲ့ပါတယ်။

အဲဒီနေ့ လင်းအားကြီးအချိန်မှာ အင်္ဂလိပ်ယူနီယံဂျက်အလံကိုချ၊ လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံ လွှင့်ထူပြီးနောက် အင်္ဂလိပ်ဘုရင်ခံရန့်စ် (Hubert Elvin Rance) ဟာ အိမ်တော်ကထွက်ပါတယ်။ ရန်ကုန်ဆိပ်မှာ အသင့်စောင့်ဆိုင်းနေတဲ့ အင်္ဂလိပ်စစ်သင်္ဘောပေါ် ကိုတက်ပါတယ်။ ဘိလပ်ကိုပြန်ပါတော့တယ်။

ဘုရင်ခံရန့်စ်သည် မြန်မာပြည်ကနေ မထွက်ခွာခင် နှစ်ရက်အလို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်မှာ ရွှေတိဂုံစေတီတော်ကြီးကို သွားရောက်ဖူးမြော်ပါသည်။ အထက်ပစ္စယံပေါ် မှနေ၍ စေတီတော်ကြီးကို လက်ယာရစ်လှည့်ပတ်ကြည့်ရှုပါသည်။ ရွှေတိဂုံစေတီတော်ကြီးကို အင်္ဂလိပ်ဘုရင်ခံဘဝနှင့် နောက်ဆုံး ဖူးမြော်ရင်း သူ၏ခံစားမှုကို ဘုရင်ခံရန့်စ်က ယခုလို ဖော်ထုတ် ရေးသားခဲ့ပါသည်။

*It's beauty and Serenity delights the eye. May I hope that it's peaceful atmosphere is maintained to the fullness of time. The memeory of this day will be forever. May peace and friendship forever be maintained between Burma and Great Britain"*

စေတီတော်ကြီးရဲ့ သပ္ပာယ်မှုနဲ့ တည်ငြိမ်အေးချမ်းမှုတို့က မျက်စိပသာဒဖြစ်စေပါတယ်။ စေတီတော်ကြီးရဲ့ ငြိမ်းချမ်းတဲ့ ဝန်းကျင်အငွေ့အသက်ကို နောက်ဆုံးအချိန်အထိ ထိန်းသိမ်းပေးကြတို့ မျှော်လင့်ပါစေ။ ဒီနေ့ဒီရက်ဆို ကျွန်တော့်ရဲ့စိတ်ထဲမှာ ထာဝရသတိရနေပါလိမ့်မယ်။ မြန်မာပြည်နဲ့ ဗြိတိန်နိုင်ငံတို့အကြား ငြိမ်းချမ်းမှုနဲ့ချစ်ခင်ရင်းနှီးမှုများ ထာဝရတည်တံ့ပါစေသော်။

(ဟူးဘတ်အဲလ်ဗင်ရန့်(စ်))

မြန်မာပြည် နောက်ဆုံး အင်္ဂလိပ်ဘုရင်ခံဆာဟူးဘတ်ရန့်(စ်)က ရွှေတိဂုံစေတီတော်ကြီးရဲ့တည်ငြိမ်အေးချမ်းမှုအတိုင်း မြန်မာနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ ချစ်ခင်ရင်းနှီးမှုကို ဆုတောင်းပေးသွားခဲ့သည်။

မြန်မာပြည် လွတ်လပ်ရေးမရခင် ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်း မြန်မာပြည်ကိုရောက်လာခဲ့သော မဟာဝန်ရှင်တော်မင်းကြီး ဂျိမ်း(စ်)ဘောင်ကာမှလည်း ရွှေတိဂုံစေတီတော်ကြီး ဖူးမြော်ရတာ အတိတ်ကောင်းနိမိတ်ကောင်းဖြစ်သည်ဟု ယုံကြည်နေခဲ့ပါသည်။ သူ၏ရင်တွင်းဖွင့်ဆိုရေးသားချက်မှာ -

*"I have Been Told of the shwe dagon Pagoda. I have read of the shwedagon pagoda. Now I have seen the shwedagon pagoda and that the best of all"*

ရွှေတိဂုံစေတီတော်ကြီးအကြောင်း ကျွန်တော့်ကို ပြောပြကြပါတယ်။ ရွှေတိဂုံစေတီတော်ကြီးရဲ့အကြောင်း ကျွန်တော် ဖတ်ဖူးပါတယ်။ အခုတော့ ရွှေတိဂုံစေတီတော်ကြီးကို ကျွန်တော် ဖူးမြင်ရပါပြီ။ ဒါဟာ အားလုံးထဲမှာ အကောင်းဆုံးဖြစ်နေပါတယ်။ ရန်ကုန်ကို ကျွန်တော်ရောက်လာပြီးနောက်မှာ ကျွန်တော့်ရဲ့ ပထမဆုံးလုပ်ဆောင်မှုတစ်ခုအဖြစ် ဒီအံ့ဩဖွယ်စေတီတော်ကြီးကို သွားရောက်ဖူးမြော်လိုက်ရတာကိုပဲ အတိတ်ကောင်းနိမိတ်ကောင်းအဖြစ် ကျွန်တော် မှတ်ယူပါတယ်။

(ဂျိမ်း(စ်)ဘောင်ကာ)

ရွှေတိဂုံစေတီတော်ကြီးအရိပ်ကို ခိုဝင်လိုက်လျှင် စိတ်အေးချမ်းသာမှုကို ရရှိသွားသည်၊ ကြည်နူးပီတိဖြစ်သွားရသည်ဟု ဘုရင်ခံရန့်(စ်)က ဆိုသည်။ ထို့အတူပင် မဟာဝန်ရှင်တော်မင်းကြီးဘောင်ကာကလည်း အတိတ်ကောင်းနိမိတ်ကောင်းဟုပင် ယူဆထားခဲ့သည်။

အင်္ဂလိပ်ကိုလိုနီဘဝ မြန်မာပြည်လွတ်လပ်ရေးရဖို့ လေးလအလိုတွင် ဗြိတိသျှကာကွယ်ရေးမစ်ရှင်အဖွဲ့တစ်ဖွဲ့ မြန်မာပြည်ကိုရောက်လာခဲ့၏။ ဦးဆောင်လာသူမှာ စစ်ရုံးဒုတိယဝန်ကြီး ဂျွန်ဖရီမင်းဖြစ်သည်။ သူတို့အဖွဲ့က ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်မှာ မြန်မာ့ရွှေတိဂုံစေတီတော်ကြီးကို သွားရောက် ဖူးမြော်ခဲ့သည်။ မစ္စတာဂျွန်ဖရီမင်းက စေတီတော်ကြီးသည် မြန်မာတို့ စည်းလုံးညီညွတ်မှုသင်္ကေတအထိမ်းအမှတ်ဟု ရေးသားခဲ့သည်။

*"We have Looked forword since our arrival in Burman to paying this Visit not only because the pagods is, as a work of art, one the Winders of th world, but also because of its particular significance as a symbol of Burmese Unity"*

စေတီတော်ကြီးဟာ အနုပညာလက်ရာတစ်ခု၊ ကမ္ဘာ့အံ့ဖွယ်တစ်ခုဖြစ်နေရုံတင်မကပါ မြန်မာတို့ရဲ့စည်းလုံးညီညွတ်မှု သင်္ကေတအမှတ်တံဆိပ်အဖြစ် အရေးပါအရာရောက်နေတာကြောင့် မြန်မာပြည်ကို ရောက်လာကတည်းက စေတီတော်ကြီးကိုသွားရောက်ဖူးမြော်ဖို့ ကျွန်တော်တို့က စိတ်စောနေကြပါတယ်။

(ဂျွန်ဖရီးမင်း)

နိုင်ငံခြားသားများသည် သူတို့တတ်စွမ်းသောပညာရပ်တို့နှင့် စာပန်းချီရေးဆွဲမှတ်တမ်းပြုခဲ့ကြသည်။ မှင်၊ ခဲ၊ စုတ်တံ၊ ဆေးရောင်များဖြင့် ရွှေတိဂုံပုံတူပန်းချီရေးဆွဲခဲ့ကြသည်။ ကမ္ဘာ့တစ်ခွင်ဝယ် သူတို့၏ စာပန်းချီနှင့် ရောင်စုံ၊ မင်၊ ခဲ၊ ပန်းချီတို့ကလည်း မြတ်ဘုရားရွှေတိဂုံအကြောင်း ပေါ်လွင်ထင်ရှားခဲ့သည်။

ရွှေတိဂုံစေတီတော်ကြီးကို မြန်မာပန်းချီဆရာများ ရေးဆွဲခဲ့ကြသည်။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးမှာ မြင်ကွင်းမျိုးစုံ၊ ရှုထောင့်အမြင်အမျိုးမျိုးဖြင့် ဆေးပန်းချီရေးခြယ်ကြသည်။ စာပန်းချီအလှမြင်ကွင်းစုံရေးကြတွေ့ကြဖွဲ့ကြနိုင်ကြသည်။ ရွှေတိဂုံပြတိုက်အတွင်းမှ ရွှေတိဂုံစေတီတော် (ဆီဆေး) အရွယ်အစား (၃)ပေ × (၄)ပေ ပန်းချီကားကြီးဖြစ်သည်။ ရွှေတိဂုံစေတီတော်ရောင်စုံဆီဆေးပန်းချီကားကြီးကို ပန်းချီဆရာကြီး ဦးထွန်းလှ M.T.HLa က ရေးဆွဲခဲ့သည်။ မြန်မာနိုင်ငံရွှေတိဂုံစေတီတော်ပန်းချီကားကို ကြည်ညိုသဒ္ဓါပွားနိုင်အောင် ရေးဆွဲရာတွင် ဦးဘဉာဏ်နှင့် ဦးထွန်းလှ နာမည်ကြီးလှသည်။ မြန်မာပန်းချီပညာရပ်မှာ မြန်မာလူမျိုးတို့နှင့်အတူ ယဉ်ကျေးမှုအနုသုခုမပညာရပ်ဖြစ်သည်။ ပုဂံခေတ်မှတိုင် ယနေ့ခေတ်အထိ မြန်မာပန်းချီတော်ဝင်ပန်းကား ဝေဝေဆာဆာပွင့်လန်းလျက်ရှိသည်။

ဆရာကြီးဦးလှထွန်း ရွှေတိဂုံစေတီတော်ဆီဆေးကားကြီးမှာ ခြေတော်ရင်းမှ ရွှေတိဂုံစေတီတော်ကြီးကို ပင့်တင်ရေးဆွဲထားသည်။ ရွှေတိဂုံရင်ပြင်တော်ပေါ်ဝယ် ဘုရားဖူးပြည်သူလူထုအသွယ်စုံကို ရေးခြယ်ထားသည်။ စင်ပြခေတ်ပန်းချီလက်ရာမှန်း သိသာလှသည်။ မြန်မာအမျိုးသားများ ခေါင်းပေါင်းကိုယ်စီနှင့်တွေ့ရသည်။ ရင်ပြင်တော်ပေါ်ဝယ်



www.burmeseclassic.com

www.burmeseclassic.com

## စိုးမင်း(မြောက်စည်း)

# နှင်းခူအနာ မခက်ပါ

ခြောက်ခြောက်သွေ့သွေ့နှင်းခူ၊ စိုစိုစွတ်စွတ် အဆီပြန် ယင်တလောင်း လောင်းနှင်းခူ၊ ထူထူပိန်းပိန်းထွတ်ထွတ် နှင်းခူတို့အား မကြာမကြာ တွေ့ရပါ တယ်။ နှင်းခူခြောက်၊ နှင်းခူစို၊ ဆင် နှင်းခူလို့ လူကြီးတွေပြောဖူးကြတယ်။

ခြေတံကောက်ကွေး၊ လက်ကောက် ဝတ်၊ တံတောင်ကွေး တချို့ လည်မျို ကုပ်တစ်ပြင်လုံးပေါက်ကြတယ်။ အသား စားတဲ့နေ့ အနာကကြွ၊ ယား၊ လက်နဲ့ ကုတ်လို့ အားမရနိုင်။ တချို့ ဘီးနဲ့ခြစ် သွေးတွေယိုမှ အယားပြေသတဲ့။ ပြီးရင် ယင်ကောင်တလောင်းလောင်း၊ နေ့စဉ် ကုတ်ရတဲ့ရောဂါခံစားရတဲ့ဝေဒနာမသက် သာလှပေ။

ဒီလို ဝေဒနာသည်တွေနဲ့ ခရီးကြုံ တွေ့၊ လမ်းမှာဆုံ၊ အိမ်လည်တွေ့၊ ကြုံလို့ ဆေးနည်းပြောကြည့်။ မယုံတဲ့အပြင် ဆင်ခြေတောင်ပေးသေးတယ်ဗျ။ အဲဒါ ကြောင့် အများလည်းသုံးနိုင်အောင်လို့ ဆေးနည်းဖော်ပြရင်း ကျွန်တော် ဆေး အရင်းရှူးခဲ့ပုံလေးနှင့် ဦးစွာဖောက်သည် ချပါရစေ။

စိန်၊ ကန့်၊ ဟင်းရိုင်း၊ ဒုတ္ထာ ဒီ(၄) မျိုးကို အမှုန့်ပြုဖော်လိုက်မိပါရဲ့။ ဤ ဆေးနည်းက ကျွန်တော့်ရဲ့ ဆေးနည်း မဟုတ်ပါ။ နှစ်ကြာပြီဖြစ်လို့ ဖော်ပြပေး တဲ့မဂ္ဂဇင်းအမည်ပင် မေ့လျော့နေတာ ကို ခွင့်လွှတ်စေချင်ပါတယ်။ လွန်ခဲ့သော နှစ် (၂၀) လောက်မှ စတင်သိခဲ့သော်

လည်း နောက်ပိုင်း ကျွန်တော်ရသော ဆရာသိန်းရဲ့ ဆေးကျမ်းနဲ့ ဤဆေး နည်းအား ထပ်ဆင့်သိခဲ့ရပါတယ်။

ဆေးဖော်စဉ် ဆေး (၄) မျိုးထဲ ဈေးအကြီးဆုံးမှာ စိန်နီမြင်းသွာ တစ်ကျပ်သား ကိုးသောင်းကျော်ရှိ ပြီ။ ပါတဲ့ငွေနဲ့ တစ်မတ်သားအားည ဝယ်ခဲ့ရပါတယ်။ ဆေးဖော်ပြီးလို့ မ ပါ။ အသက်အစိတ်လောက် တော ဘက်ရွာက အဲမဆိုတဲ့ကောင်မလေး ဆေးငါးရာဖိုးလောက်တဲ့။ရောင်းလို့မ နိုင်ပါဘူးဆိုတော့ ဒါဖြင့် တစ်ထောင် ပေးပါတဲ့။ ဒါလည်း မဖြစ်နိုင်ဘူး ရှိတဲ့ ဆေးမှုန့် အားလုံးပေါင်းမှ တစ် သားရယ်။ ဒါဖြင့်ရင် ပေးချင်သလော

တန်ဆောင်း၊ ပြာသာဒ်၊ စုလစ်မွမ်းချွန်၊ အာရုံခံများကို ရေးထား၏။ ရွှေတိဂုံ စေတီတော်စေတီရံများကိုလည်း အဝေး မြင်ကွင်းဖြင့် တွေ့ရသည်။ ရွှေတိဂုံစေတီ တော်ကြီးကို ဖိနပ်တော်မှ ရွှေထီးတော်မိုး ကောင်းကင်တစ်ခွင်တစ်ပြင်ကြီးကို မြင်ရ သည်။ ရွှေတိဂုံစေတီတော်ကြီးပနာတင့် စေရန် ပြာသာဒ်များက အလှပေါ်အယဉ် ဆင့်ထားနိုင်သည်။ လက်ယာဘက်ဝယ် တိမ်လှိုင်း၊ တိမ်တောင်၊ တိမ်လိပ်များက ရွှေတိဂုံစေတီတော်ကို ဦးညွှတ်ဝတ်တွား နေသလို ဆေးခြယ်ထားသည်။ လက်ဝဲ ဘက်တွင်မူ ကြည်လင်တောက်ပသော ကောင်းကင်ပြင်ကြီးကို အနားသတ်ထား သည်။ အလင်း၊ အမှောင်၊ အဖွင့်၊ အပိတ် မျှမျှတတရေးဆွဲထား၏။ ရွှေတိဂုံစေတီ တော်ကြီးမှာ ရွှေတောင်ကြီးပေါက်သကဲ့ သို့ ဝင်းဝင်းဝါဝါလင်းရောင်ဖြာအောင် ဆေးခြယ်နိုင်သည်။

အိန္ဒိယလူမျိုး ပန်းချီဆရာများ သည် ရွှေတိဂုံစေတီတော်ကျားတက်ပုံ ပန်းချီမှာ မြန်မာပြည်တစ်ခုလုံးက အုတ်အုတ်ကျက်ကျက်ဝယ်ယူပူဇော်ထား ကြသည်။ ခေတ်မီသူတိုင်း ရွှေတိဂုံစေတီ တော် ကျားတက်ပန်းချီကား အိမ်တိုင်း ထားခဲ့ကြဖူးသည်။ ပန်းချီဆရာ၊ ပန်းချီ ကားပုံနှိပ်ထုတ်ဝေသူတို့ သူဌေးသူကြွယ် ဖြစ်သွားခဲ့ဖူးပါသည်။ ပန်းချီအနုပညာ သည် မြန်မာရှင်တွင်းဝယ် ထင်ပေါ် သတင်းကြီးစွာ ကိန်းဝပ်ဖူးပါသည်။

ဆရာကြီး ဦးထွန်းလှ၏ ဆီဆေး ရွှေတိဂုံပန်းချီကားကြီး ဂေါပကအဖွဲ့ ၏ အထိမ်းအသိမ်းကောင်းမှုကြောင့် ပြတိုက်ထဲတွင် ကြည့်ရှုလေ့လာခွင့်ရရှိ နေပါသည်။ ပန်းချီဆရာကြီးဦးလှထွန်း ကို ရန်ကုန်မြို့ အလုံတစ်ဖက်ကမ်းရှိ ချောင်ဝိုင်းကြီးရွာတွင် မွေးဖွားပါသည်။ အဖ ဦးဖိုးဖေ၊ အမိ ဒေါ်မိတို့မှ ဖွားမြင် သည်။ ငယ်စဉ်က ဘုန်းကြီးပျံများရှိသည့် အခါ လောင်တိုက်တလားပြာသာဒ်များ ဆေးရောင်ခြည်၍ အဆန်းတကြယ် ပန်းချီခြယ်ကြသည်ကိုမြင်၍ သင်ယူ လေ့လာ တတ်မြောက်ခဲ့သည်။

ငယ်စဉ်က မငေးရွာဘုန်းကြီး ကျောင်းတွင်သာ ပညာသင်ကြားခဲ့ရသူ ဖြစ်သည်။ ထိုစဉ်မှာပင် ဘုန်းကြီးပျံ လောင်တိုက်စပ်ပန်းချီလုပ်ငန်းများကို တတ်မြောက်ခဲ့သည်။ ဆရာဦးထွန်းလှ ၏အသက်မွေးဝမ်းကျောင်းပညာရပ်မှာ စပ်ပန်းချီ ဖြစ်သည်။ ရန်ကုန်တွင် ပန်းချီ ပညာ ဆက်လက် လိုက်စားခွင့်ရသည်။ ထိုအချိန်က ညောင်ရွှေစော်ဘွားကြီး၏ ပုံတူရေးဆွဲရာမှစ၍ ဦးထွန်းလှပန်းချီ လုပ်ငန်းများ တိုးတက်လာခဲ့သည်။ ဦးထွန်းလှသည် စမတ်အင်မူကာဒင် စာအုပ်ဆိုင်ကြီးတွင် ပန်းချီကားများ တင်ရောင်းနိုင်လာသည်။ သူအမိကဆွဲ သောလက်ရာမှာ ရေဆေးရှုခင်းများ၊ တိုင်းရင်းသားလူမျိုးစုံပုံများ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံခြားသားများ အလွန်

ကြိုက်ကြသည်။ ဆရာကြီးရေးဆွဲသော ရှုခင်းကားများတွင် မန္တလေးမြို့ ကန်တော်ကြီးမှ ရွှေတိဂုံကို မြင်ရသော ရှုခင်းကားများ၊ အညာလှေ၊ အင်းလေး ရှုခင်းပုံများ၊ ပုဂံဘုရား၊ အာနန္ဒာဘုရား ပန်းချီကားများ ဖြစ်သည်။ ထိုခေတ် လူကြိုက် များလှသည်။ အထက်မြန်မာ ပြည်၊ အောက်မြန်မာပြည်အနှံ့ ခရီးထွက် ၍အောက်ဒိုးဆွဲလေ့ရှိပါသည်။ ရှမ်းပြည် ရှုခင်းကားများ ရေးဆွဲခဲ့သည်။ လန်ဒန် ထုတ်ဝေသောစာအုပ်များတွင် ဆရာ ကြီးလက်ရာများ ဖော်ပြခံရသည်အထိ အောင်မြင်ခဲ့သည်။ ယခု ဆရာကြီး ရွှေတိဂုံဘုရားဆီဆေးကားကြီးမှာ လူ များ ကျော်ကြားခဲ့သော ပန်းချီကား ဖြစ်သည်။ အင်္ဂလန်နိုင်ငံမှ အာရ်ဝေ ရထိုက်သောလက်ရာဟူ၍ ဆရာဦး ကိုင်နှင့် ဆရာဦးစံဝင်တို့က မှတ်ချက် ခဲ့သည်။ အမျိုးသားပြတိုက်တွင်လည်း ဆရာကြီးလက်ရာ တိုင်းရင်းသားဆီဆေး ပန်းချီကားများကို တွေ့မြင်နိုင်သည်။ မြန်မာ့ရွှေတိဂုံပန်းချီအနုပညာရပ်မှာ သစ်၍ ဖူးပွင့်ဝေဆာနေဦးမည် ဖြစ် သည်။

ယောနတောင်းသော

**စာကိုး -**

၁။ မြတ်ဘုရားရွှေတိဂုံ
မောင်သုရှင် (စာပေဗိမာန်)



www.burmeseclassic.com

www.burmeseclassic.com

ဆေးပါ။ တစ်ထောင့်ငါးရာဖိုးတဲ့။ မရမက ဆစ်ဝယ်နေတာ။ ကျွန်တော့်လက်က ဆေးပုလင်းလေးကိုင်ရင်းတုန်နေမိတယ်။ ဘယ်လိုပေးရမှန်းလဲမသိနဲ့။ မျက်လုံး လေးကလယ်ကလယ်လုပ်နေလို့ သနား တာနဲ့ ဆေးမှုန့် (၄) ပုံ (၁) ပုံ အုန်းဆီနဲ့ စပ်ပေးလိုက်တော့ ငွေတစ်ထောင်ပေး၊ ငါးရာက နောက်မှတဲ့။

ဒီလိုနဲ့ နှစ်ပတ်ကြာတော့ ဒီကောင် လေး ပြန်ရောက်လာပြန်တယ်။ နည်း နည်းကျန်သေးလို့ ငါးရာဖိုးရောင်းဦးတဲ့။ မျက်လုံးပြူးသူက ကျွန်တော်ပါ။ ဆေး အရင်းကြီးတယ်။ ငါးထောင်ဖိုးလောက် ဝယ်ပါပြောလည်း ပေးချင်သလောက် ပေးတဲ့။ သက်သက်မဲ့ညစ်တာ။ သူ့လက် ထဲမှာ ငွေတစ်ထောင်တန်တစ်ရွက်ကိုင် ပြီး အရင်တစ်ခေါက်က ငါးရာကျန်နဲ့ ငါးရာ၊ တစ်ထောင်ပေါ့။ မရဘူးပြော လည်းမပြန်ဘူး။ ကလယ်ကလယ်လုပ် နေတော့ စ...ကမကောင်းပြန်ဘူး။ ဒါနဲ့ ...သာအောင် အုန်းဆီနဲ့စပ်ပေးလိုက် တော့ ငွေတစ်ထောင်ပေးပြန်သွားတယ်။

သူပြန်သွားတော့ ရှိတဲ့ဆေးပုလင်း ...ပြန်ကြည့်တော့ တစ်ဝက်ကျိုးနေပြီ။ ...စိုက်ထားတဲ့ အရင်းငွေကိုပေါ်မိ ...တော့ ကြောင်တောင်တောင်ဖြစ်မိပါရဲ့။

တစ်လလောက်ကြာတော့ အဲဒီ ...ပဲ အသက် (၂၀) လောက်အပျို ... မသင်း ကျွန်တော့်ဆီရောက်လာ ...။ သူ့သူငယ်ချင်း အဲမ လွှတ်လိုက် ...တဲ့။ သူ့ညီမကျောင်းသူအပျိုလေးမှာ ...ရှိလို့ ဆေးတစ်ထောင်ဖိုးရောင်းပါ ...

ဗုဒ္ဓါရေ - လုပ်ချလိုက်ပြန်ပြီ ...သောက်။ ကျွန်တော်ရင်တွေထိတ် ...ပြီ၊ အရင်တစ်ခါလည်းခံထားရပြီ။ ...လည်း လာပြန်ပြီ။ ဘယ်လိုလုပ်ရပါ။ ...တည်တည်ပဲပြောလိုက်တယ်။ ဆေး ...ကြီးတယ်။ အနည်းဆုံး ငါးထောင် ...ယ်ပေါ့။

ဒီတော့ သူက ဘာပြောတယ်မှတ် ...။ အဲမ ပြောတာ အဲဒီလိုမဟုတ်ဘူး ... သူလည်း အဲမလို တစ်ထောင်ဖိုး ...ချင်သလောက်ပဲပေးပါတဲ့။ လော ...မှာ၊ ငါးထောင်ဖိုးလောက်ဝယ်ပါ ...နောက်ထပ်ပြောမိသေးတယ်။ မဝယ် ... တစ်ထောင်ဖိုးပဲ၊ ပေးချင်သ ...က်ပေးပဲ တောင်းနေတာ။ ကြာ ... မပေးချင်ပေမယ့် လိမ်းသာ ...င် ဆေးစပ်ပေးလိုက်ရတယ်။

သူပြန်သွားတော့ ဆေးပုလင်းက ဆေးမှုန့်ဖင်ကပ်ရှိတော့တယ်။ နှလုံးတုန် မိပါရဲ့။ နှစ်ပတ်လောက်ကြာတော့ ဒီ ကောင်မလေး ဘွားခနဲပေါ်လာတယ်။ မျက်နှာက ပြုံးစိစိနဲ့။ ကျွန်တော့်ကို ရိုက် တော့မယ့်ပုံပေါ့။

အနာက နည်းနည်းကျန်သေးလို့ ဆေးတစ်ထောင်ဖိုး ပေးချင်သလောက် ပေးတဲ့။ ဒီကောင်မလေးမျက်နှာကြည့်ပြီး ဘာပြောရမှန်း ကျွန်တော်မေ့နေတယ်။ ရင်တွေတုန်လာတယ်။ အရင်လို ငါး ထောင်ဖိုးလောက်ဝယ်ဖို့ပြောရမလား။ အရင်းကြီးတယ်ပြောရလား။ ဇဝေဇဝါ ဖြစ်လို့။ သူကတော့ ခပ်တည်တည်၊ ဆေးမရရင် မပြန်မယ့်ပုံအပြည့်ပဲ။

ညည်းဆေးဖိုးကနည်းလွန်းတယ်။ ဆေးရင်းမရသေးဘူးပြောတော့ စကား တန်းလွှဲတယ်။ သူကတော့ တစ်ထောင် ဖိုးပဲဝယ်တာ။ ပေးချင်သလောက်ပေး၊ ဒါ ပဲတဲ့။ ဆေးပုလင်းသမင်လည်ပြန်ကြည့် လို့ ဒီဆေးရှိနေရင် ဒုက္ခများနေမယ်။ သူ့ ငွေတစ်ထောင်နဲ့ လက်ကျန်ဆေးအကုန် စပ်ပေးလိုက်ပါတယ်။

ပထမ ကောင်မလေးက ဆေးဖိုး နှစ်ထောင်၊ ဒုတိယကောင်မလေးက ဆေးဖိုးနှစ်ထောင် ငွေလေးထောင်ရ လိုက်ပါတယ်။ ကုန်ငွေ ဆေးရင်း သုံး သောင်းကနုတ်ရင် ငွေနှစ်သောင်းခွဲ အရင်းရှုံးသွားပါတော့တယ်။ ဒီဆေးကို ကျွန်တော် စိတ်နာမိပါရဲ့။ နောင်များ ဒီဆေးတော်ဟဲ့ပေါ့။

ဟုတ်ကဲ့ - စာရှုသူအား အမှန် အတိုင်းဝန်ခံပေးတာပါ။ စိန်၊ ကန့်၊ ဟင်း ရိုင်း၊ ဒုတ္တာ ဤ (၄) မျိုးအား ပေါင်ဒါ သားကြိတ်၊ အမှုန့်ပြု၊ အုန်းဆီ၊ မုန်ညင်း ဆီ၊ နှမ်းဆီတို့နဲ့ ပျစ်ပျစ်ဖျော်လိမ်းပါ။ အနာအား ကုတ်၍ခြစ်၍မလိမ်းရပါ။

လက်တွေ့ ပျောက်ကင်းပါတယ်။ အခုဆေးမှာ ကုန်ကျစရိတ်များပါတယ်။ အခု စိန်နီမြင်းသွား (အကောင်းစား) တစ်ကျပ်သား နှစ်သိန်းကျော်ပါတယ်။ ဆင်းရဲသားများအတွက် မလွယ်ကူလှပါ။ ငွေကြေးပြည့်စုံသူများဖော်လိမ်းပါ။

နောက်ထပ် နှင်းခူပျောက်ဆေး တစ်မျိုးအား ပြောပြပါမယ်။ ဒီဆေးက ဆရာသိန်းရဲ့ ရှေးပေစာက ဆေးနည်း ဖြစ်ပါတယ်။ ဈေးနှုန်းသက်သာလှသဖြင့် လူတိုင်းဖော်သုံးနိုင်ပါတယ်။

ဒုတ္တာတစ်မူးကို အညက်ကြိတ်ပြီး ထား၊ ဆီကိုချက်၍ ဒုတ္တာအမှုန့်ထည့်ပါ။ ခဲကိုကျို၍ ဆီချက်ထဲလောင်း၊ အအေး ခံပါ။ ကြက်တောင်နဲ့လူးပါ။ဒုတ္တာနံသည့် အတွက် ဆီလည်းသင့်ရုံ၊ ခဲလည်းသင့် ရုံထည့်ကျိုပါ။ တစ်ဖုံစာနဲ့တင် ရောဂါ ပျောက်ပါတယ်။ ဆီမှာ ပဲ၊ နှမ်း၊ မုန်ညင်း ရရာသုံးပါ။

လိုသော ဒုတ္တာနှင့် ခဲအား ပရ ဆေးဆိုင်မှာ အလွယ်ရပါတယ်။

ကျွန်တော့်မိတ်ဆွေတစ်ယောက် သူကိုယ်တိုင် ကုသပုံအား ဖောက်သည် ချပါမယ်။ သူ့အပြောက ရှမ်းဆေးနည်း လို့ ပြောပါတယ်။

နှင်းခူအစို၊ အခြောက်၊ ဆင်နှင်းခူ ဘယ်လိုနှင်းခူပဲဖြစ်ဖြစ် ဒီဌပျောက်ကင်း ပါတယ်တဲ့။ သူ့မှာ နှင်းခူပေါက်တော့ (၂) ခါလုပ်အပြီး ရောဂါအရှင်းပျောက် ပါသတဲ့။

သူကုပုံက ဒီလိုပါ။

ခန္ဓာကိုယ်မှာရှိတဲ့ နှင်းခူအကွက် ရဲ့ အကျင်း၊ အကျယ် ခန့်မှန်းပါ။ အနာ ကွက်သေးရင်၊ ကြီးရင် ချင့်ချိန်နိုင်ဖို့ဖြစ် ပါတယ်။

လတ်လတ်ဆတ်ဆတ် အမဲသား (ပေါင်သား) အနည်းဆုံး အစိတ်သား ဝယ်၊ ဓားနဲ့ အချပ်လိုက်ရအောင် မထူ မပါးလွှာ၊ အနာပေါ် အုပ်ဖိမှာမို့ မထူမပါး လွှာထားသော အမဲသားဖတ်အား အနာ ပေါ် အကုန်ဖုံးဖိ၍ အဝတ်စကြီးကြီးနဲ့ ကျပ်ကျပ်စည်းထားပါ။ ဆေးစည်းလို့ မကြာသေးအချိန်တွင် အနာမှ ရွစိရွစိ ယားတာလိုလို၊ နာတာလိုလို၊ မအီမသာ ရှိုးတိုးရှန့်တန့်ခံစားရပါမယ်။ သည်းခံပါ။ ခံနိုင်သလောက် အောင့်အည်းခံပါ။ အချိန်တစ်နာရီကျော်ရင် အနာဖြေ၊ အမဲ သားဖတ်အား လူလွှတ်ရာ၊ တိရစ္ဆာန် လွှတ်ရာ မြေတူးမြှုပ်ပါ။

ခြေတံတောက်ကွေးနှစ်ဖက်၊ လက် ကောက်ဝတ်နှစ်ဖက်၊ တံတောင်ကွေး နှစ်ဖက်အထိဆိုရင် အမဲသား (၅၀)သား ကုန်ပါတယ်။

အနာနုသောသူများမှာ တစ်ခါ တည်းသာလုပ်ရသလို နှစ်ပေါင်းကြာ သောနှင်းခူများက နှစ်ခါမျှလုပ်ရပါ တယ်။ အမဲသားနဲ့ ပတ်သက်လို့ အကြံ ပေးရရင် လတ်လတ်ဆတ်ဆတ်လို့ဆို ထားသော်လည်း အမဲပေါ်ပြီးပြီးချင်း ဝယ်ရမယ့်အမဲသားဖြစ်ပါတယ်။ နေမြင့် မှ ဈေးထဲသွားဝယ်တဲ့ အမဲသားက သွေး ဆုတ်နေပါပြီ။ ဉာဏ်သုံးပါ။ နှင်းခူဝေ ပွေးကြီးကျတဲ့သူ ဒီအမဲသားဖတ်စည်း ကြည့်ပါ။ ပျောက်ကင်းပါသည်။

စိုးမင်း (မြောက်စည်း)



www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း အနောက်မြောက်ပိုင်းဒေသသည် အလွန်သာယာလှပပါသည်။ အရှေ့ဘက်တွင် ချင်းတွင်းမြစ် စီးဆင်းနေ၍ မင်းသမီးတောင်တန်းက ဘေးမှကပ်လျက် တောင်၊ မြောက်တန်းနေသည်။ အနောက်ဘက်တွင် ချင်းတောင်တန်းကြီးကမြန်မာပြည်နယ်ခြားတစ်လျှောက် နယ်နိမိတ်မျဉ်းအဖြစ် အောက်ဘက်ရခိုင်ပြည်နယ်အထိ အလျားလိုက်တည်ရှိနေသည်။ တောင်တန်းနှစ်ခုသည် အထက်ပိုင်းတွင် မြားဦးသဏ္ဌာန်စုလာသည်။ ထို့နောက်တွင် တမူးမြို့တွင်လာရောက် ဆုံစည်းပြီး အိန္ဒိယနိုင်ငံအတွင်းသို့ ကသည်းတောင်တန်းကြီးဖြစ်သွားပါသည်။ ထိုတောင်တန်းကြီးနှစ်ခုကြားတွင် ကလေး-တမူးကားလမ်းက တောင်၊မြောက်တန်းလျက် အလျားလိုက် တည်ရှိနေခြင်း ဖြစ်သည်။

ကလေးမြို့မှ ကားနှင့်ထွက်လာလျှင် ကျိုကုန်းရွာခေါ်သော ကလေး-တမူး-ကလေးဝ လမ်းခွဆုံရွာသို့ ရောက်မည်။ ထိုမှတစ်ဆင့် ခုံသာ၊ စခန်းကြီး၊ စော်ဘွားရေရှင်၊ ဖက်ယားရေရှင်၊ ဘုတ်ကန်၊ ခမ်းပတ်ရွာများပြီးသော် တမူးသို့ရောက်သွားပါမည်။ ထိုသို့ ရွာစဉ်အလိုက်လာရာတွင် စော်ဘွားရေရှင်ရွာသည် ကလေးမြို့နယ်အဆုံးနယ်ခြားရွာလေး ဖြစ်သည်။ ကျွန်တော်တို့သည် ထိုစဉ်အခါက စော်ဘွားရေရှင်ရွာကလေးတွင် ကင်းစခန်းဖွင့်ထားရာ ထိုရွာသို့ အလှည့်ကျ သွားရောက် တာဝန်ထမ်းဆောင်ရပါသည်။

ထိုဒေသသည် ရှေးယခင် မြန်မာမင်းများလက်ထက်က ရှမ်းကြီးဟုခေါ်သော မြေပြန့်ရှမ်းများနေထိုင်ရာဒေသတစ်ခုဖြစ်သည်။ ထို့ကြောင့် ရွာအမည်များမှာဆန်းနေသည်။ စော်ဘွားရေရှင်တဲ့။ ဖက်ယားရေရှင်တဲ့။ စော်ဘွားရေရှင်ဆိုသည်မှာ ရေထွက်ခေါ် စမ်းချောင်းကလေးရှိရာရွာ ဖြစ်သည်။ ဖက်ယားရေရှင်ဆိုသည်မှာ ဖက်ယားပင်များကြားတွင် ရေထွက်ရှိရာရွာဖြစ်၏။ စစ်သူကြီးမဟာဗန္ဓုလလက်ထက်က သောင်သွပ်စော်ဘွားကို နောက်လိုက်



နောက်ပါ လက်နက်ကိုင်အင်အားစု
စေပြီး ခေါ်ဆောင်သွားလျက် ရာ
ပန်းဝါသို့ သွားတိုက်သည် ဆိုသည်
သည်နယ်မှလိုက်သွားကြခြင်း ဖြစ်သည်
ယခုတော့ ရှမ်းများမရှိကြတော့ဘဲ ရွာ
နာမည်သာ ရှမ်းနာမည်ဖြစ်ပြီး ရွာများ
ချင်းတိုင်းရင်းသားများနေထိုင်ရာရွာများ
ဖြစ်နေသည်။ရှမ်းများကတော့ လူနည်း
ဖြစ်ပြီး တမူး၊ ကလေး၊ ကလေးဝ၊ မ
ကင်း၊ မော်လိုက် စသောမြို့များသို့တ
နေကြလေပြီ။

ကျွန်တော်တို့ စခန်းချရာနေ
သည် တောင်ကုန်းကလေးတစ်ခုအပေါ်
တွင် ဖြစ်သည်။ စခန်းချရန်နေရာ
သောအခါ ရွာထိပ်ရှိခြံပိုင်ရှင်က သ
သော တောင်ကုန်းကလေးနှင့်ခြံကို
သည်။ ထိုခြံသည် တောင်ကြောကြီး
နောက်ခံပြုလျက် ရွာအစွန်တွင်တည်
ပြီး အဝေးသို့လှမ်းမြင်နိုင်သည်။ စခန်း
ဆောက်သောအခါ ရွာက ရွာသားများ
ရောက်လာပြီး အခိုင်အခံ့အိမ်ဆော
တစ်လုံး ဆောက်ပေးသည်။ ထိုအိမ်
တွင် ဝါးရှားသဖြင့် သစ်လုံးများနှင့် အိမ်
ဆောက်ပေးသည်။ သစ်မှာ အနောက်
ဘက်တောင်ကျောတွင် သွားခုတ်ပါ
လိုသလောက်ရသဖြင့် အကာအရံ
အစ အမိုးပါ သစ်နှင့်မိုးသည်။

အမိုးကိုသစ်နှင့်ဆောက်သည်
ရာတွင် လူတစ်ဖက်စာလောက်ရှိသော
ထောက်ကြံ့ပင်ကို တစ်တောင်လော
အရှည်ဖြတ်ပြီး လက်သုံးလုံးလော
အထူရရန်ပေါက်ခြမ်းခွဲသည်။ ထို့နော
အဖျားပိုင်းတွင် အထစ်လုပ်ကာ အိမ်
ခေါင်မိုးပေါ်တွင် တစ်ချပ်ပြီးတစ်ချပ်
တင်ခြင်း ဖြစ်သည်။ သစ်လုံးခွဲသားများ
ကို ခေါင်မိုးပေါ်တင်ထားခြင်းဖြစ်
အောက်ခံဆင့်ကတော့ အတော်
အောင်လုပ်ရသည်။ ဒါကလည်း အ
အခဲမရှိ။ သစ်ပေါသောဒေသဖြစ်သော
ကြောင့် သစ်ပင်ငယ်များကို တစ်ပင်
ခုတ်ပြီး တန်းလုပ်ခြင်း ဖြစ်သည်။
တန်းများပေါ်တွင် သစ်လုံးကိုခွဲ

www.burmeseclassic.com

www.burmeseclassic.com

# မဟာသျှ

ကျွဲချေးခါး


ပေါက်ခြမ်းများကို တစ်ချပ်အပေါ်တစ်ချပ်ထပ်လျက်တင်ထားခြင်း ဖြစ်သည်။ အလွန်စနစ်ကျသည်။ မီးပွားကျသော်လည်း မီးမလောင်ပေ။ သစ်လုံးအိမ်တည်ဆောက်ပြီးသော် အိပ်ခန်း၊ နားနေခန်း၊ မီးဖိုဆောင်၊ ထမင်းစားဆောင်တို့ကို အကျအနဆောက်ပေးရာ နေချင့်စဖွယ်အိမ်လေးတစ်လုံး ဖြစ်သွားသည်။

ကျွန်တော်တို့သည် ထိုမြေစိုက်အိမ်တွင် စခန်းချနေကြခြင်း ဖြစ်သည်။ စခန်းသည် ကားလမ်းဘေးတွင်ကပ်လျက်ရှိရာ စခန်းပေါ်မှကြည့်လျှင် တမူးမှလာသောကားများ၊ ကလေး-ကလေးဝမှလာသောကားများကို အတိုင်းသားမြင်နေရသဖြင့် အလုပ်အတွက်လည်း အဆင်ပြေပါသည်။

လူနေရုံးခန်းဆောက်လုပ်ပြီးသော် ခေါ်ယူလာသော ဌာနဆိုင်ရာဆိုင်းဘုတ်ကို အဆောက်အအုံရှေ့တွင် စိုက်ထူလိုက်သောအခါ ပြီးပြည့်စုံသောရုံးလေးတစ်ခုဖြစ်သွားပါသည်။ ကျေးရွာတွင်နေထိုင်ကြသူများက သူတို့ရွာတွင် အစိုးရရုံးတစ်ရုံးလာရောက်ရုံးဖွင့်ခြင်းအတွက် ဝက်ယူဝမ်းသာကြပါသည်။ ကျွန်တော်တို့သည် ရုံးသစ်ဖွင့်ပြီးသော် တောထဲသို့သွားပြီး သစ်ပင်ဖြောင့်ဖြောင့်တစ်ပင်ခုတ်ပြန်ပါသည်။ လုံးပတ်ပေါင်လုံးလောက်၊ အရှည်ပေနှစ်ဆယ်ခန့်ရှိသော ထောက်ကြံ့ပင်တစ်ပင်ကိုရှာပြီး ခုတ်လာခဲ့သည်။

ထို့နောက် ကိုင်းဖျားကိုင်းနားများကိုသင်ပြီး သစ်လုံးဖြောင့်ဖြောင့်ရအောင်လုပ်ယူပါသည်။ ပြီးသော် အရင်းပိုင်းတွင် တစ်လံလောက်ချန်ထားပြီး သစ်လုံးကို လွှန်ဖြင့် ထုတ်ချင်းခတ် အပေါက်ဖောက်ပါသည်။ ထို့နောက် မြေပြင်တွင် လူတစ်ရပ်နီးပါး တိုင်နှစ်ချောင်းထောင်ကာ ထိုသစ်ချောင်းကို တိုင်နှစ်ချောင်းကြားတွင်ထားပြီး သံချောင်းတစ်ချောင်းဖြင့်ထိုးလိုက်သောအခါ မောင်းတံတစ်ချောင်းဖြစ်သွားပါသည်။ ချန်ထားသောအရင်းပိုင်းတွင် လေးလာအောင် သံတိုသံစများချိတ်လိုက်ပြီး သစ်လုံးထိပ်တွင်ကြိုးရှည်ရှည်တစ်ချောင်းကိုတပ်လိုက်သောအခါ လမ်းကိုကန့်လတ်ဖြတ်ပိတ်သည့် သစ်လုံးမောင်းတံတစ်ချောင်းရလာပါသည်။ မောင်းတံမှာ ကားလမ်းကိုပိတ်ထားသဖြင့် ကားများဥဒဟိုဖြတ်၍မရတော့ပါ။ သစ်လုံးမောင်းတံကို ဖွင့်ပေးမှ ဖြတ်နိုင်ပါတော့သည်။

ကျွန်တော်တို့က မောင်းတံတစ်ခုပြုလုပ်လိုက်သောအခါ ထိုနေရာသည် ယာဉ်စစ်ဆေးရန်ဂိတ် ဖြစ်သွားသည်။ ဖြတ်သွားဖြတ်လာကားများရပ်ကြသည်။ စစ်ဆေးကြသည်။ ကားကိုစစ်ဆေးနေစဉ် ကားပေါ်ပါလာသူများက ကားပေါ်မှဆင်းကြရာ ရွာထဲမှဈေးသည်များထွက်လာကြသည်။ ချိုချဉ်စားစရာရောင်းသည်။ ဒေသထွက်ကုန်ဖြစ်သော နာနတ်သီးရောင်းသည်။ ခရီးသည်များကလည်း အညောင်းအညာပြေ ကားပေါ်မှဆင်းပြီး ဈေးသည်များထံမှ တိုလီမိုလီဝယ်ယူကြနှင့် ကားများရောက်ခိုက်စည်စည်ကားကားလေးဖြစ်သွားသည်။ ဖက်ယားရေရှင်စခန်း၏ ထူးခြားချက်မှာ တမူး-ကလေး မိုင်(၄၀)တွင် အတိအကျတည်ရှိနေခြင်း ဖြစ်သည်။ ထို့ကြောင့် တမူးနှင့်ကလေး၊ကလေးဝမှထွက်ထွက်လာသော ကားများသည် နေ့လယ် (၁၂) နာရီနှင့် (၁) နာရီအကြားတွင်





www.burmeseclassic.com

www.burmeseclassic.com

တစ်ပြိုင်နက်ရောက်လာကြပြီး ထို့နောက်တွင် မည်သည့်ကားမျှရောက်လာခြင်း မရှိတော့ပေ။ ထို့ကြောင့် ကျွန်တော်တို့သည် ကားများရောက်လာသော နေ့ခင်းပိုင်းအချိန်ကလေးတွင် တက်သုတ်နှင်ပြီး စစ်ဆေးလိုက်လျှင် တစ်နေ့တာအလုပ်ပြီးပါတော့သည်။ ကျန်အချိန်များမှာ ကိုယ်ပိုင်အချိန်ဖြစ်ပြီး စာဖတ်ချင်ဖတ်၊ စုထိုင်ပြီးစကားစမြည်ပြောချင်ပြော၊ ရွာထဲလျှောက်လည်ချင်လည်၊ ကြိုက်ရာလုပ်နိုင်ကြပါသည်။

တစ်နေ့ နံနက်စောစောတွင် ရွာထဲမှ ချင်းတစ်ယောက် ရောက်လာသည်။သူ့လက်ထဲတွင် အနီရောင်ပုလင်းတစ်လုံးပါလာသည်။ ဖက်နှင့်ထုပ်ထားသော အထုပ်တစ်ထုပ်ကိုလည်း ယူလာသည်။ သူသည် ရုံးဝင်းထဲဝင်သွားပြီး မီးဖိုချောင်ဘေးတွင် ပြုလုပ်ထားသော အဆောင်ကလေးတွင် သွားထိုင်သည်။ ထိုစဉ်က ကျွန်တော်တို့က ရွာထဲမှလူတစ်ယောက်ကို ချက်ပြုတ်ရန်အတွက် ခေါ်ထားရာ ထိုလူထံသို့လာခြင်း ဖြစ်သည်ဟုပင်ထင်နေပါသည်။

ခဏအကြာတွင် ထမင်းချက်ကလာခေါ်သောကြောင့် ကျွန်တော်တို့အဖွဲ့ထဲမှ ညွန့်မောင်ဆိုသူကသွားတွေ့ပြီး မကြာမီ ထိုညွန့်မောင်က ခေါ်ပြန်သောကြောင့် ကျွန်တော်တို့လည်း မီးဖိုတဲအတွင်းသို့ရောက်သွားကြသည်။

"ဆရာ၊ ဒီလူက မျောက်သွေးတစ်ပုလင်းယူလာတယ်။ စမ်းကြည့်မလား"

"ဘယ်လိုစမ်းရမှာလဲဗျ။ သူက ဘာစွမ်းလို့လဲ"

"ဆရာကလည်း ယူလာတဲ့အာမီရမ်နဲ့တွဲပြီး သောက်ကြည့်ရမှာပေါ့။ အဖျားအနာကင်းတယ်၊ သွေးအားကောင်းတယ်ပေါ့ ဆရာရယ်"

ထိုစဉ်က ကလေး - တမူးတွင် ငှက်ဖျားရောဂါထူထပ်လှပေရာ ရုံးက အာမီရမ် (၂) ပုလင်းထုတ်ပေးလိုက်သည်။ ကျွန်တော်ကသိမ်းထားပြီး ညနေထမင်းမစားမီ တစ်ယောက်ကို နှစ်ပက်တိုက်ရသည်။ ယခု ထိုအာမီရမ်ဖြင့်စမ်းကြည့်မည်ဟုဆိုနေသည်။

ကျွန်တော်က မျောက်သွေးပါသည်ဆိုသော ပုလင်းကိုယူကြည့်သည်။ ပုလင်းမှာ အဖြူရောင်ဖြစ်ပြီး အထဲတွင် သွေးခဲအချို့နှင့် အနီရောင်အရည်ခပ်ပျစ်ပျစ်ဖြစ်သည်။ သည်အရပ်မှာ အရှေ့ဘက်သွားလျှင် မင်းသမီးတောင်တန်းနှင့်တော။ အနောက်ဘက်သွားလျှင် မဏိပူတောင်တန်းနှင့်တောဖြစ်ရာ တောတောင်ထူထပ်သည့်နေရာဟုဆိုနိုင်သည်။ မျောက်ဆိုသည်မှာ တောရှိလျှင် မျောက်ရှိမြဲဖြစ်ရာ ပုလင်းထဲမှသွေးသည် မျောက်သွေးဖြစ်နိုင်ပါသည်။ သို့သော် ကျွန်တော်က သေချာအောင်မေးကြည့်သည်။

"ခင်ဗျားဟာတွေက မျောက်သွေးစစ်ရဲ့လားဗျ"

"ဟာ - ဆရာကြီး၊ အရင်အပတ်တုန်းက မင်းသမီးတောကိုသွားတယ်။ ကျားပေါ်တယ်ဆိုလို့သွားတာ။ ကျားမတွေ့တာနဲ့ မျောက်ပစ်ပြီးပြန်လာတာ။ မျောက်က အမြီးရှည်ရှည်နဲ့အကောင်ကြီးကြီးမျောက်ပဲ။ ဆရာတို့က ဘယ်လိုခေါ်လဲမသိဘူး။ ကျွန်တော်တို့က ပါးလွှိလို့ခေါ်တယ်"

သူ့အပြောအရ အုပ်စုဖွဲ့နေသော မျောက်များကိုချောင်းပြီး အကြီးဆုံးအကောင်ကို တူမီးနှင့်ပစ်ချခဲ့ခြင်း ဖြစ်ကြောင်း၊ သေနတ်မှန်သဖြင့် မျောက်က သစ်ပင်အောက်သို့ကျလာလျှင် မုဆိုးက ပြေးပြီ မျောက်လည်ပင်းကို ဓားမြှောင်ဖြင့်လှီးရကြောင်း၊ ထိုသို့လှီးပြီးထွက်လာသောသွေးကို တောအရက်ပါသော ပုလင်းနှင့်ခံရကြောင်း၊ သွေးချည်းပဲဆိုလျှင် ပုပ်သွားကြောင်း၊ ထို့ကြောင့် အရက်ပုလင်းနှင့်ခံရကြောင်း၊ ယခုယူလာသောသွေးမှာ ထိုနည်းနှင့်ခံပြီးယူလာသော သွေးဖြစ်ကြောင်း စီကာပတ်ကုံးပြောပြပါသည်။ မျောက်များသည် တောထဲမှာနေသော်လည်း ဘယ်တော့မှ ဖျားနာခြင်းမရှိ။ သစ်ပင်တစ်ပင်နှင့်တစ်ပင် အရပ်အနားမရှိ ခုန်ပေါက်ကူးသွားနိုင်ကြောင်း၊ ကြည့်လိုက်လျှင် အမြဲလန်းဆန်းနေကြောင်း၊ ထို့ကြောင့် သူတို့မုဆိုးများသည် မျောက်သွေးရလျှင် မျောက်မသေမီ ရအောင်ယူရကြောင်း၊ အရက်နှင့်စပ်သောက်လျှင် လန်းဆန်းပြီး အဖျားအနာကင်းကြောင်း ပြောပြပါသည်။

ထို့ကြောင့် ကျွန်တော်တို့တစ်သိုက်တည်း ဖန်ခွက်များတွင် မျောက်သွေးနည်းနည်းစီထည့်ပြီး သောက်ကြသည်။ အနည်းငယ်ညှီသလိုရှိသော်လည်း အရသာခံမသောက်ဘဲမျိုချလိုက်ပါသည်။ နဂိုကလည်း တောအရက်တွင်ထည့်ယူလာပြီး ယခုလည်း ရမ်နှင့်ရောသောက်သောကြောင့် ဝမ်းထဲသို့ ပူခနဲဝင်သွားပြီး နားထင်နားရင်းများပါ ကားထွက်လာသည်ဟုထင်ရပါသည်။

မုဆိုးက ကျွန်တော်တို့သောက်သည်ကိုကြည့်နေပြီး မျက်နှာများရဲလာသော ကျွန်တော့်ကိုကြည့်ပြီး သဘော
ကျနေပါသည်။

"ဗိုလ်လုံ၊ ဘယ်လိုနေလဲ"

"အင်း - ပူခနဲတော့ဖြစ်သွားတာ
ဘဲ"

"အဲဒါ မျောက်သွေးတန်ခိုး
မျောက်သွေးအစစ်ဟာ ဒီလိုပဲဖြစ်ရမယ်
သောက်လိုက်ရင် ရင်ဘတ်ထဲကကို
လာရမယ်။ ဒါမှ မျောက်သွေးစစ်တာ"

"အာ-ကျေးဇူးတင်တယ်၊ ပိုက်ဆံ
ပေးမယ်။ ဘယ်လောက်ပေးရမလဲ"

"မလိုဘူး ဆရာ၊ လက်ဆောင်
လာပေးတာ။ ဆရာတို့သောက်ဖူးတယ်
ရှိအောင်လို့ ကျွန်တော် မျောက်သား
လာဦးမယ် စားမလား၊ မျောက်ချေး
လည်းယူလာမယ်"

သူက မယူပါဆိုသော်လည်း
ကျွန်တော်တို့က ပိုက်ဆံပေးလိုက်
သည်။ အားရင်လာဦး။ စကားလေး
လေးပြောရတာပေါ့ဟု ခေါ်လိုက်
သည်။ ကျားရှိသည်ဆိုသည်ကိုကြား
အမဲလိုက်ထွက်သည်ဆိုသော သူ
စကားကို ကျွန်တော်ကစိတ်ဝင်စားသော
ကြောင့် သူတို့အမဲလိုက်ပုံကိုသိလို
ကျွန်တော်က ဖိတ်ခေါ်ခြင်း ဖြစ်သည်

နောက်နေ့နံနက်ပိုင်းတွင်
ရောက်လာပြန်သည်။ ဒီတစ်ခါ
အင်ဖက်နှင့်ထုပ်ယူလာသော အထုပ်
တစ်ထုပ်နှင့်ဖြစ်သည်။ မီးဖိုချောင်
ရောက်လျှင် အထုပ်ထဲမှာပါလာသော
အရာများကို ထုတ်ပြသည်။ လက်
ဆုပ်ခန့်ရှိသော အသားတုံးသုံးလေး
လက်ဖက်နှင့် တူသော စိမ်းစိမ်းအ
များကတစ်ထုပ်ဖြစ်သည်။

"ဒါက မျောက်သားလေး။
တံစို့ထိုးပြီးမီးကင်ထားတာ"

ဟု အသားတုံးများကိုကိုင်
ပြောသည်။ မီးမြှိုက်ထားသောကြောင့်
အသားတုံးများမှာ မည်းနေသည်။
အသားတုံးများကို ဓါးနှင့်ခြစ်လိုက်သော
အခါ နီရဲသောအသားများပေါ်
သည်။ အသားမျှင်များကြီးပြီး မာ
သည်။ မနည်းဖွဲ့စားရသည်။
အိမ်မှာတော့ ဒီအတိုင်းဖွဲ့စား
အွန်လောက်ဟုခေါ်သော ပဲ
သည့်ပဲနှင့်ရောပြီးပြုတ်စားသည်။
တာတွေကိုတော့ ကျ
ထားပြီး တဖြည်းဖြည်းစားသည်ဟု
သည်။

ထို့နောက် အထုပ်ထဲမှစိမ်း
အဖတ်များကိုပြပြန်သည်။ ဆီအနည်း



www.burmeseclassic.com

www.burmeseclassic.com

ယ်နှင့်စိမ်ထားခြင်း ဖြစ်သည်။ ဆီစိမ်ထားသောလက်ဖက်နှင့်တူသည်။ ဇွန်းနှင့်ခွဲကြည့်လိုက်သောအခါ သစ်ရွက်နုများကို တွေ့ရသည်။

"ဒါက မျောက်ချေးခါးလေ၊ ကောင်းတယ်၊ သိပ်ကောင်းတယ်။ နည်းနည်းပဲရတာ"

သူ့အဆိုအရ မျောက်ရလျှင် မီးဖိုး တစ်ကောင်လုံးကိုမီးမြှိုက်ရသည်။ ပြီးသော် အမွေးများကိုဝါးဖြင့်ခြစ်ချရပြန်သည်။ အမွေးများကင်းစင်သွားသောအခါ ရင်ကိုခွဲပြီး ကလီစာများထုတ်ယူသည်။ လည်ချောင်းမှ တောက်လျှောက် အစာအိမ်၊ အူသိမ်အထိ အူကိုဖြုတ်ယူသည်။ အူသိမ်အောက်မှ အူမကြီးထဲတွင် အစာများရှိသေးသော်လည်း ချေးဖြစ်နေသဖြင့် မယူတော့ပါ။ မြို့မှာရောင်းလျှင်တော့ အူကြမ်းထဲမှအစာများအထိ ယူသည်။ အိမ်မှာစားဖို့ကျတော့ အူသိမ်အထိဘဲယူသည်။ ပြီးလျှင် အူကိုခွဲ၍ အထဲက မျောက်စားထားပြီးတစ်ဝက်တစ်ပျက်အစာကြေနေသော သစ်သီး သစ်ရွက်အနုများကို ထုတ်ယူသည်။ မျောက်များသည် သစ်ပင်ပေါ်တက်ပြီး အဝင်ထိပ်မှ သစ်ရွက်ညွန့်ကလေးများ သာစားခြင်းဖြစ်ရာ အလွန်ဆေးဖက်ဝင်သည်ဟုဆိုသည်။ လည်ချောင်းထဲမှာ သောအစာက လတ်လတ်ဆတ်ဆတ် သစ်ရွက်ညွန့်များ၊ အစာအိမ်နှင့်အူသိမ်တွင်ရှိနေသော် အစာကတစ်ဝက်တစ် အစာချက်ထားသောအရွက်များဖြစ်သည်။

သူတို့မုဆိုးများကတော့ ထိုအစာ ကိုရလျှင် နယ်ဖတ်ပြီး သည်အတိုင်း သည်ဟုဆိုသည်။ ကျန်တာကျမှအိမ် ယူလာပြီး ဆီအနည်းငယ်နှင့်ပြန် တဖြည်းဖြည်းစားသည်ဟုဆို၏။ ကျွန်တော်တို့ဆီယူလာသည်များက အရောက်တွင် ဆီနှင့်ပြန်စိမ်ထား ချေးခါး ဖြစ်သည်။ အနည်းငယ် ကြည့်ပါဟု ဆိုသဖြင့် ဇွန်းနှင့်ခပ်ပြီး လုပ်ပြီးမှ မစားခင် နမ်းကြည့်ရာ ရွှေအနံ့ထွက်နေသော လက်ဖက် နေသည်။ အနည်းငယ်မြည်းကြည့် အခါ လက်ဖက်ဆီစိမ်နှင့်တူသည်။ ဝင်သည်ဆိုသော်လည်း မျောက် ခေါင်းထဲရောက်မှ ထုတ်ယူထား အစာဟောင်းများဖြစ်သဖြင့် စားတော့ပါ။ ကျွန်တော်နှင့်အတူ သူများကတော့ စားရခဲသော ဖြစ်သည်ဆိုပြီး ဆက်စားနေကြ

သူကပြောသေးသည်။

"မျောက်ချေးခါးဟာ မျောက်သွေးလိုပဲ ရှားတယ် ဆရာ။ ရရင်လည်း သူတို့က အူကြမ်းထဲမှာရောက်နေတဲ့ ချေးဖြစ်နေတဲ့ဟာတွေပါရောရောင်းတာ၊ ဒီလိုသန့်သန့်လေးမရဘူး။ ဒီဟာကျတော့ လည်ချောင်းထဲရောက်နေတာတွေရယ်၊ အစာအိမ်ထဲကရယ် အူသိမ်ထဲရောက်နေတာတွေရယ်ကို ဖြတ်ထုတ်ပြီးယူလာတာ"

ထိုနေ့က သူယူလာသောမျောက်သားမီးမြှိုက်ကို ထက်ခြမ်းခွဲပြီးပြန်ကင်သည်။ ထို့နောက် အသားကိုနွှင်ပြီး ဆီရွှဲရွှဲ ဆမ်းကာ အမဲခြောက်ဖုတ်သလိုလုပ်စားလိုက်ကြသည်။ အသားကြမ်းသော်လည်း စားကောင်းပါသည်။ တစ်နေ့ နေ့လယ်တွင် သူရောက်နေသောကြောင့် အရင်တစ်နေ့ကပြောသော ကျားပေါ်သဖြင့် နောက်ကနေလိုက်ချောင်းသည်ဆိုသော စကားကိုဆက်ခိုင်းသည်။

"အရှေ့ဘက်တောမှာ သားကောင်တွေပေါတော့ ကျားက မကြာမကြာလာတယ်။ အဲဒါပေါ်တယ်လို့သတင်းကြားရင် ကျွန်တော်တို့မုဆိုးတွေဝိုင်းလိုက်တာဘဲ။ တစ်ယောက်တည်းတော့မနိုင်ဘူး။ အနည်းဆုံး သုံး၊ လေးယောက်တော့ပါရတယ်။ ကျွန်တော်တို့ကိုင်တာက ဒူးလေးနဲ့ တူမီးသေနတ်တွေကိုး။ တူမီးသေနတ်ဆိုတာက တစ်ချက်ပစ်ပြီးရင် အိတ်ထဲကယမ်းကို ပြောင်းထဲကိုထည့် ထောင်းရသေးတယ်။ ပြီးမှ ခဲသီးထည့်ရတာကိုး။ ရိုင်ဖယ်သေနတ်လို မောင်းတတ်ပြီးပစ်လို့မှမရတာ၊ ဒီတော့ မုဆိုးနှစ်ယောက်သုံးယောက်ဝိုင်းပြီး တစ်ယောက်ကပစ် တစ်ယောက်ကကျည်ထိုးပေါ့ ဒီလိုပဲဝိုင်းပစ်ရတာ"

"ကျားရရင်ဘာလုပ်လဲ"

"အရင်ဆုံးပစ်တဲ့သူ၊ သေအောင်ပစ်နိုင်တဲ့လူက ကျားခေါင်းနဲ့အရေခွံကိုရတယ်။ အရေဆုတ်ပြီးရင် ကျန်တဲ့လူတွေဝေယူကြတာပဲ၊ ဒါက အရင်ထုံးစံပြောတာပါ။ အခုတော့ ကျားရရင် ရောင်းစားတာပါပဲ။ အိန္ဒိယကလူတွေလာဝယ်တယ်။ ဈေးကောင်းပေးတော့ ကျွန်တော်တို့မုဆိုးတွေ ကျားသတင်းပဲ နားစွင့်နေတာ ကျားလည်းရင်းမရရင် မျောက်ပစ်ပြီးပြန်လာတာဘဲ။ မျောက်ကတော့ ပေါတာကိုး"

"မျောက်သားကို ဘယ်လိုရောင်းရတာတုံး၊ အမဲသားရောင်းသလို အသားထုတ်ပြီးရောင်းတာလား"

"အကောင်လိုက်ဝယ်ရင်လည်း ရောင်းတယ်။ များသောအားဖြင့်တော့ ဝါးနဲ့ခုတ်ပြီးအပုံတွေလုပ်ပြီးရောင်းတာဘဲ ဒီမှာက ဈေးမရှိတော့ အသားငါးရှားတယ်။ မုဆိုးပြန်လာမှအသားကရတော့ သူတို့ပြန်လာရင် လာစောင့်ပြီးဝယ်ကြတာပါပဲ"

"ဒါနဲ့ ဒီမှာဈေးမရှိတော့ ဘယ်လိုစားသောက်နေကြတုံး"

"အရှေ့ဘက် လယ်တောသွားတဲ့လမ်းမှာ တောင်ကျချောင်းရှိတယ်။ ချောင်းကအရှည်ကြီး၊ လယ်တောသွားရင်းနဲ့ ငါးတွေ့ရင်ပက်တာပဲ။ တစ်ခါတလေကျရင်လည်း လူစုပြီးမိုင်းခွဲတယ်။ ငါးရတာပေါ့။ ဟင်းသီးဟင်းရွက်ကတော့ ပေါပါတယ်။ တောထဲသွားရင် ခူးလို့မနိုင်ဘူး၊ ဒါတွေစားနေတာပေါ့"

သည်လိုနှင့် ထိုမုဆိုးသည် ရုံးထဲသို့ အချိန်မရွေး ဝင်ထွက်သွားလာနိုင်သည်။ ကျွန်တော်တို့ကလည်း သူ့ကိုတောက်တိုမည်ရခိုင်းသည်။ သူကလည်း ဖင်ပေါ့ပေါ့ဖြင့် သွားလာလုပ်ကိုင်ပေးသည်။

ထိုရွာတွင်ရှိနေစဉ် ထူးဆန်းသော အခြင်းအရာတစ်ခုကိုတွေ့ခဲ့ရသေးသည်။ ညဘက်တွင် လသာသာ၌ ကလေးများက ရုံးရှေ့လာပြီးဆော့ကြသည်။ စိန်ပြေးတမ်းကစားသည်။ ခွေးရူးလုပ်တမ်းကစားသည်။ တစ်ဦးက နောက်ကလိုက်၊ အများကရှေ့မှပြေး စသည်ဖြင့်။ ကျွန်တော်တို့ရုံးရှေ့တွင် သစ်ပင်ဖြောင့်ဖြောင့်ကိုခုတ်ပြီး လမ်းကိုဖြတ်ကာ မောင်းတံပြုလုပ်ထားသည်။ ကလေးများသည် မောင်းတံကိုပတ်ပြီး ပြေးကြလွှားကြသည်။ အဝေးမှပြေးလာပြီး မောင်းတံအောက်သို့ရောက်လျှင် ဖျတ်ခနဲငုံ့ဝင်ပြီး ပြေးရသည်။ ကလေးတိုင်း ထိုအတိုင်း ပြေးလွှားနေကြသည်။ ကျွန်တော်သည် ညပိုင်းအားနေလျှင် ကလေးများ ရုံးရှေ့တွင် လာကစားနေသည်ကို ထိုင်ကြည့်နေတတ်ပါသည်။

တစ်နေ့တွင် ညွှန့်မောင်ဟု ခေါ်သောအမှုထမ်းက ကလေးတစ်ယောက်ကိုခေါ်လာသည်။ ကလေးမှာ (၁၂) နှစ်သားအရွယ်ခန့်ရှိမည်။ စွပ်ကျယ်အကျႌ ဘောင်းဘီတိုအနွမ်းကလေးနှင့်။ ခေါင်းကလေးမော့ပြီးဝင်လာသည်။ ရောက်တော့ သူကပြောသည်။

"ဆရာ၊ သူ့နာမည်က ထင်ချန်တဲ့။ သူ့ကိုကြည့်ဦး ဘာထူးခြားသလဲလို့"

ကျွန်တော်က သူ့ကိုသေသေအချာ ကြည့်လိုက်သောအခါ မျက်လုံးလုံးဝမပါဘဲ ဟောက်ပက်ကြီးဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးနေရာတွင် ဘာမှမရှိဘဲ အချိုင့်ကြီးဖြစ်နေသည်ကိုတွေ့ရသည်။သို့သော် သူသည် လူကောင်းတစ်ယောက်လိုပင် သွားနိုင်လာနိုင်သည်။ ညွှန့်မောင်နောက်က လိုက်လာလိုက်သည်မှာ ဖြောင့်နေသည်။ လှေကားထစ်များကို အေးအေးဆေးဆေးနင်းတက်လာသည်။ စိန်ပြေးတမ်းကစားရာတွင် နောက်ကလိုက်ရမည့်အလှည့်ဆိုပါက သူလိုငါလိုပင်ပြေးလိုက်နိုင်သည်။ အတားအဆီးများကို ကွေ့ရှောင်သွားနိုင်သည်။ လမ်းကိုဖြတ်ချထားသောမောင်းတံအနီးရောက်လျှင် အများသူတကာကဲ့သို့ပင် ငုံ့ဝင်ပြီးပြေးသွားသည်။ ခလုတ်တိုက်ခြင်း၊ တန်းနှင့်တိုးမိခြင်းမရှိပေ။ အံ့သြစရာအလွန်ကောင်းသည်။

ကလေးအုပ်ထဲတွင်သူ ပြေးလွှားနေသည်ကို ကျွန်တော်တွေ့မိပါသည်။ သို့ရာတွင် ယခုကဲ့သို့ မျက်လုံးမရှိသည်ကို သတိမထားမိပေ။ ကျွန်တော်က သူ့ကိုမေးကြည့်သည်။ သူက ဗမာစကားမတတ်သဖြင့် စကားပြန်နှင့်ပြောရသည်။

"သူ ဒီတန်းကြီးကိုဘယ်လိုသိလို့ ငုံ့ဝင်သွားတာလဲ"

စကားပြန်က မေးသောအခါ သူ့က ချင်းလိုပင်ပြန်ပြောသည်။

"သူပြောတာကတော့ တန်းရှိတာကို သူသိတယ်လို့ပြောတာပဲ"

"အေး - ဘယ်လိုသိတာလဲ"

"တန်းနားရောက်ရင် လက်ဆန့်ထုတ်လိုက်ပြီးစမ်းလိုက်တာပဲ။ ပြီးရင် တန်းကိုခိုပြီး အောက်ကငုံ့ဝင်သွားတယ်လို့ပြောတယ်"

"အင်းလေ၊ သူပြေးလွှားနေတာပဲ။ ပြေးရင်းနဲ့သိတာပဲလား"

"သူသိတယ်ဆရာ။ ဖျတ်ခနဲဆိုတန်းကိုကိုင်ပြီး ငုံ့ဝင်သွားလိုက်တာပဲ။ တကယ့်မြင်တဲ့လူလိုပဲ။ ဒါတင်မဟုတ်သေးဘူး ဆရာ၊ တောထဲမှာ ကျွဲဖမ်းတာလည်းကျွမ်းတယ်"

"ဘယ်လိုကျွမ်းတာလဲ ပြောပါဦး"

သူတို့ရွာတွင် လယ်ယာလုပ်ငန်းကို ကျွဲနှင့်လုပ်ကြသည်။ လယ်ထွန်ပြီးပါက ကျွဲကိုတောထဲသို့မောင်းလွှတ်လိုက်သည်။ ကျွဲသည် တောထဲဝင်ပြီးရေစိမ်သည်။ စားကျက်တွင် စားသောက်နေသည်။ လယ်သမားက လယ်ထွန်တော့မည်ဆိုလျှင် ကျွဲကိုလိုက်ရှာပြီးပြန်မောင်းယူလာကြရသည်။ သို့ရာတွင် တိရိစ္ဆာန်များဖြစ်သောကြောင့် စားကျက်ကျော်လွန်ပြီး သွားလာနေကြသည်များရှိလျှင် ခိုင်းစရာရှိပါက ပိုင်ရှင်က တောထဲအထိလိုက်ရှာရသည်။

ထန်းလျှန်တို့အိမ်မှ ကျွဲထီးကြီးတစ်ကောင်သည် မကြာခဏစားကျက်ကျော်ပြီး သွားလာနေတတ်သည်။ ထန်းလျှန်၏အစ်မတစ်ယောက်က လိုက်ရှာရသည်။ ရှာ၍မတွေ့လျှင် ထန်းလျှန်ကိုလာခေါ်သည်။ သူက အစ်မနှင့် တောထဲလိုက်သွားပြီးရှာပေးသည်။ သူရှာပုံမှာ လွယ်လှသည်။ တောထဲရောက်လျှင် သူက အစ်မလက်ကိုဆွဲပြီး ချောင်းရိုးမြောင်းရိုးများကို ခုန်လွှားသွားသည်။ သွားလိုက်သည်မှာ လူကောင်းကပင် အရှုံးပေးရလောက်အောင်မြန်ဆန်သည်။ ကျွဲမှာ တောထဲတွင် အခြားကျွဲများနှင့် ရောနှောပြီးစားသောက်နေ၏။ ထန်းလျှံသည် သူ့ကျွဲရှိရာသို့ တန်းတန်းမတ်မတ်ပြေးသွားပြီး ကျောပေါ်ခုန်တက်လိုက်သည်။ ကျွဲက သူ့သခင်လာခေါ်မှန်းသိသဖြင့် နောက်ကြောင်းပြန်လှည့်လာသည်။ ပြီးသော် မောင်နှမနှစ်ယောက် ကျွဲစီးပြီးပြန်လာကြတော့သည်။ကျွဲပျောက်တိုင်း မကြာခဏရှာပေးနေကျဖြစ်သည်။ သူ့ကိုမေးကြည့်တော့ အနံ့ရသည်ဟုဆိုသည်။ ကျွဲတွေကြားထဲမှာ သူ့ကျွဲ၏အနံ့ကိုသိသည်။ ထိုသို့ အနံ့နှင့်လိုက်ရှာခြင်းဖြစ်သည်။ အံ့စရာပင်ဖြစ်သည်။

ထိုကလေးထူးဆန်းမှုက နောက်တစ်ခုရှိသေးသည်။ ကားများကို ကိုင်စမ်းကြည့်ရုံနှင့် ကားအမည်ကိုပြောနိုင်ခြင်းဖြစ်သည်။ ထိုအရပ်၏ထုံးစံမှာ ကားများကို အမည်တပ်ထားကြသည်။ မြတ်လေးနွယ်၊ ရွှေသစ္စာ၊ ကြံတိုင်းအောင်၊ ချင်းတွင်းမောင်၊ မြတ်နိုးသူ၊ မေတ္တာရောင်ပြန်၊ တင်မြင့်ဝင်း စသည်ဖြင့် ကားတိုင်းနာမည်များကိုယ်စီရှိပြီး ကားဘေးတွင်ရေးထားသည်။ ကားများက ထိုစဉ်က ခေတ်စားသောချက်ပက်လက်ခေါင်းတိုသစ်သားကိုယ်ထည်နှင့်ကားများဖြစ်၏။ ရုံးရှေ့သို့ ကားရပ်လျှင် ထန်းလျှန်သည် ဈေးသည်များနှင့် အတူရောက်လာပြီး ကားကိုလက်ဖြင့်စမ်းကြည့်၏။ သူစမ်းပုံမှာ သာမန်ကာလျှံကာလက်နှင့်လျှောက်ကိုင်ကြည့်ခြင်းသာ ဖြစ်သည်။ အသေအချာကိုင်ကြည့်ခြင်း မဟုတ်ပေ။

ပြီးသော် -

"ဟာ - ကြံတိုင်းအောင် ဂျီးဇက်ကားကြီး"

"ဟာ-မြတ်နိုးသူခံတွန်းကားကြီး"

"ဟာ-မေတ္တာရောင်ပြန်ကလေးဝကား"

စသည်ဖြင့် ကားပိုင်ရှင်အမည်ပါ အကုန်ပြောနိုင်သည်။ မည်သူမျှခိုင်း၍မဟုတ်။ သူ့သဘောနှင့်သူလာပြီး[illegible] ကစားရင်းပြောသွားခြင်း ဖြစ်သည်။

"မင်းဘယ်လိုသိတာလဲ"

ဟု မေးသောအခါ စမ်းကြ[illegible] သည်ဟုပြောသည်။ ဟုတ်ပါသည်[illegible] ကားတစ်စီးဆိုက်လာလျှင် သူသည် [illegible] ကို ဦးခေါင်းမှစ၍ နောက်ပိုင်းအ[illegible] တဖြည်းဖြည်း လက်နှင့် စမ်းသ[illegible] ဘယ်ကားဟုပြောခြင်း ဖြစ်သည်။ [illegible] များမှာ တစ်စီးနှင့်တစ်စီး ဂီယာသံ၊ [illegible] သံမတူဘဲရှိလေရာ ထိုအသံကိုကြား[illegible] လည်း သူသိလေသည်။ ကားသမား[illegible] မှာ တစ်နေ့တစ်နေ့ သူနှင့်အမေးအ[illegible] ပြုလုပ်ပြီး တအုန်းအုန်းနှင့်ပွဲကျ[illegible] လေသည်။ ထိုအရပ်တွင် ထိုစဉ်က မှ[illegible] ကားများကလည်း မပေါ်သေးသ[illegible] ကလေး - ကလေးဝ - တမူးပြေးဆွဲ[illegible] သောကားများမှာ လူစီးကုန်တင်ကား[illegible] လျှင် ချကပလက်ခေါင်းတိုသစ်သ[illegible] ဘော်ဒီနှင့်ကားဖြစ်ပြီး ကုန်တင်သ[illegible] သက်ဆိုပါက ဘေးနံရံအမြင့်ကုန်[illegible] များသာဖြစ်သည်။ သူသည် ထိုကား[illegible] ကို လက်နှင့်စမ်းပြီး စက်သံကိုနား[illegible] တာ ဘယ်ကကား၊ ဘယ်သူ့ကား[illegible] သည်ကိုပြောနိုင်ခြင်း ဖြစ်လေသည်။

ထိုသို့နေလာစဉ် တစ်ရ[illegible] မုဆိုးသည် အင်ဖက်နှင့်ထုပ်ထား[illegible] အထုပ်တစ်ထုပ်ကိုဆွဲပြီးရောက်လာ[illegible] သည်။ ရုံးရောက်သော် အထုပ်ကို[illegible] ရင်းပြောသည်။

ဒီနေ့တော့ ဖြူသားနဲ့ ဖြူ[illegible] ယူလာတယ်"

"ဟင် - မင်းကလည်း ဖြူ[illegible] ရယ်လို့ပဲ၊ စားလို့ရရဲ့လား"

ဟု တစ်ယောက်ကပြောသည်[illegible]

"အာ - ဆရာတို့မသိလို့ ဖြူ[illegible] ဆိုတာ ဆေးဖက်ဝင်တယ်"

ဖြူဆိုသည်မှာ မြေကြွက်ကြီး[illegible] သာအရွယ် တစ်ကိုယ်လုံးဆူးတောင်[illegible] နှင့်အကောင်ဖြစ်ပြီး တွင်းအောင်း[illegible] ဖြစ်သည်။ ဖြူသည် ကုပ်ကုပ်ကုပ်[illegible] သွားတတ်ပြီး သူ့ကို အန္တရာယ်[illegible] ထင်လျှင် ကိုယ်ကိုကျုံ့လိုက်ပြီး ခါ[illegible] လိုက်သည်နှင့် ဆူးတောင်များက [illegible] အောင် အရုပ်ရှစ်မျက်နှာသို့ထွက်[illegible] သည်။ သူ၏ဆူးများမှာ ဂုန်နီအိတ်[illegible] သောအပ်လောက်ရှိသည်။အ[illegible] ကြီးသည်။ ထိလိုက်လျှင် [illegible] အဆိပ်ပါတတ်သည်။

"သူ့ကိုပစ်ရင်ရှောင်းပြီးပစ်ရ[illegible] သေနတ်နဲ့ပစ်လို့မရဘူး"

"ဘာ[illegible]လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

“သူက အကောင်ငယ်တာကိုး၊ သေနတ်နဲ့ပစ်ရင် စုတ်ပြတ်သွားမှာပေါ့။ သူ့ဆူးလည်းကြောက်ရသေးတယ်”

“ဒါဖြင့်ရင် ဘာနဲ့ပစ်သလဲ”

“ပြောင်းနဲ့မှုတ်ရတာ၊ ပြောင်းရှည်ကြီးမှာ မြားတပ်ပြီးမှုတ်လိုက်ရတာ။ မြားမှာ အဆိပ်သုတ်ထားတော့ ထိတာနဲ့ တက်လက်လန်သွားတာပဲ၊ အဲဒါ ပြေးကောက်ပြီး ဗိုက်ကိုဓားနဲ့ခွဲလိုက်ရတယ်။ အစာအိမ်နဲ့ အူသိမ်ကို ဖြတ်ထုတ်လိုက်တာပဲ။ သေပြီမှယူရင် အနံ့မကောင်းလို့ ဒီလိုလုပ်ရတာ အခု အဲဒီချေးခါးကိုယူလာတာစား၊ ဆေးဖက်ဝင်တယ်။ သူက သစ်ဥသစ်ဖုပဲစားတာ”

သူက အပြောကောင်းသဖြင့် စားကြည့်ရပြန်သည်။ မျောက်ချေးခါးလို သစ်ရွက်အညွန့်များကိုသာ စားခြင်းမဟုတ်ဘဲ သစ်မြစ်သစ်ဥတို့ကိုစားထားသဖြင့် အဖတ်ကလေးများပါသဖြင့် ဝါးစားရသည်။ ကျွန်တော်ကတော့ အနည်းငယ်စားကြည့်ပြီး မသတီသဖြင့် အသားကိုသာစားသည်။ ဖြူသားကိုလည်း မီးမှုတ်ထားသောကြောင့် ဓားနှင့်ခြစ်ပြီး ကောင်စားကြသည်။ သူယူလာသော ဖြူမှာ ကြောင်ပေါက်စအရွယ်လောက်ရှိ၏။ ဆေးဖက်ဝင်သည်ဆိုခြင်းကြောင့် တစ်ယောက်ကို အနည်းငယ်စီစားကြသည်။ အသားကတော့ နူးညံ့ပါသည်။ အချိုဓာတ်လည်းရှိသဖြင့် စားကောင်းသည်။

သည်ရွာရောက်မှ တောကောင်အသားများကိုစားနေရသဖြင့် ဟုတ်နေတော့သည်။ မုဆိုးကိုလည်း သူယူလာတိုင်း ငွေသင့်သလိုပေးပါသည်။ သူက ဒိုက်ဆံရသော်လည်း မပြန်သေးဘဲ ရုံးတွင် ဝေယျာဝစ္စလုပ်စရာရှိသည်များကို ထိတိုင်ပေးနေသေး၏။ ညနေစောင်းမှ ပြန်သည်။ သူလာလျှင်လက်ချည်းမလာဘဲ တစ်ခုခုတော့ယူလာမြဲဖြစ်သည်။ သူ့ထံမှ အထူးအဆန်းများလည်း ကြားရသဖြင့် သူမလာလျှင် မျှော်နေရသည်။ ရောက်လာလျှင် ဝိုင်းမေးကြ၊ စားကြသောက်ကြနှင့် စည်းကားနေလေသည်။

တစ်ညနေ အထုပ်တစ်ထုပ်နှင့် ရောက်လာပြန်သည်။

“ဒီတစ်ခါ ဘာယူတာတုံးဗျ”

“အဟဲ ဒီတစ်ခါတော့ ဒရယ်ချေးခါးနဲ့ အသားယူလာတယ်”

သူက ဒရယ်ချေးခါးဆိုသဖြင့် ကောင်များက နှာခေါင်းရှုံ့သွားသည်။

“မင်းကလည်း ဒရယ်ချေးခါးရယ်လို့ ကြားမကြားဘူးမပါဘူးကွာ”

“အဲဒါခက်တာပေါ့၊ ဒရယ်လည်း တောထဲမှာနေတာ။ သူက သစ်ရွက်နုတွေ၊ မြက်ချိုတွေမှစားတာ၊ ဆေးဖက်ဝင်တယ်။ စားရခဲတယ်။ ဆရာတို့ကို ကောင်းလို့စားရတာ၊ ကျွန်တော်မနည်းပြောဆိုပြီးယူလာရတာ၊ စား - ဆရာ၊ ကောင်းတယ်။ ဆတ်ရရင် ချိုနုယူလာဦးမယ်၊ ဆရာတို့တစ်ခါတည်းမြောက်တက်သွားမယ်”

“ဘယ်လိုမြောက်တက်မှာလဲပြောပါဦး”

“အာ - ဗိုလ်လုံ၊ ဆတ်ချိုနုဆိုတာ ရှားမှရှားပဲ။ ရရင်လည်း အရက်နဲ့စိမ်ထား၊ နည်းနည်းချင်းသောက် အားရှိတယ်။ အဖျားအနာဆိုတာ ဘယ်တော့မှ မလာဘူး။ ပေါ့တယ်၊ မြန်တယ်၊ အားကောင်းမောင်းသန်၊ ဘက်စုံကောင်းတယ်”

“အေး - မင်းအပြောကောင်းတာနဲ့ အခုတောင်လိုချင်လာပြီ။ ယူလာခဲ့ကွာ မြည်းစမ်းရအောင်”

“ဒါပေမယ့် မင်းအခုယူလာတဲ့ ဒရယ်ချေးခါးဆိုတာကတော့ မဟုတ်သေးဘူးထင်တယ်”

“ကောင်းတယ်နော်၊ ရခဲတယ် မြည်းကြည့်လိုက်ဦး”

သူကကောင်းတယ်ဆိုသော်လည်း ကျွန်တော်ကတော့မစားပါ။ ဒရယ်သား မီးမြှိုက်ကိုသာစားသည်။ မီးမြှိုက်ထားသောအသားမှာ မျောက်သားလို အသားမကြမ်းဘဲ နူးညံ့သဖြင့် စားကောင်းပါသည်။ ဒရယ်မှာ ဆိတ်သာသာအရွယ်ရှိသော အကောင်ကလေးဖြစ်သည်။ မြို့မှာဆိုလျှင် ဒရယ်သားရောင်းလျှင် ခွာပါသောခြေထောက်ကလေးတစ်ချောင်းကို ပြပြီးရောင်းရသည်။ ဒရယ်အစစ်ဖြစ်ကြောင်း ခြေထောက်ကိုပြခြင်းဖြစ်သည်။ နို့မို့ဆိုလျှင် ဆိတ်သားဆိုပြီး ဝယ်သူမရှိပေ။ သည်မှာတော့ ဆိတ်ကရှားသောကြောင့် ဒရယ်သားအစစ်ရသည်။ သူပြောသော ဒရယ်ချေးခါးဆိုသည်ကိုတော့ ပြောသံမကြားဘူးပေ။

သို့သော် ကျွန်တော့်ရဲဘော်များကတော့ သူပြောစကားကိုယုံပြီးစားကြသည်။ သို့သော် ဒီအတိုင်းမစားဘဲ စားကောင်းအောင်ဆိုပြီး ဒယ်အိုးထဲထည့်ကာ ဆီများများ၊ ကြက်သွန်ဖြူဖြင့် ပြန်နွှေးပြီးစားကြ၏။ သူပြောသလို ဒရယ်မှာ တောထဲတွင် ပြေးရင်းလွှားရင်း သစ်ပင်အနိမ့်ကလေးများထိပ်မှ အညွန့်များကို စားသောကြောင့် သူယူလာသော ချေးခါးတွင် သစ်ရွက်နုလေးများပါနေသည်။ မြက်လည်း ပါသင့်သလောက် ပါသည်။ သို့သော် မြက်ကိုဖယ်ပြီးစားကြသည်။

ဒရယ်ချေးခါးယူလာပြီး ထိုမုဆိုး ပျောက်နေသည်။ ရုံးကိုလည်းမလာ၊ ရွာထဲမှာလည်းမရှိသဖြင့် တောလည်နေသည်ဟု ထင်ရသည်။ ကျွန်တော်တို့ရုံးတွင် လူကိုရှာဖွေသောအလုပ်ကိုလည်း ရံဖန်ရံခါလုပ်ရသည်။ ကလေး-တမူးဆိုသည်မှာ နယ်ခြားဒေသဖြစ်ခြင်းကြောင့် နိုင်ငံခြားသို့ ကျောက်မျက်ရတနာကို ခန္ဓာကိုယ်တွင်သိုဝှက်ပြီးယူတတ်သည်။ ပတ္တမြားအဖြူများကို ခါးပတ်တွင်အိတ်ကပ်ချုပ်ပြီး ပတ်လာတတ်သည်။ အကျႌအောက်နားစတွင် အိတ်အပိုတစ်ခုထပ်ချုပ်ပြီး ထည့်လာတတ်သည်။ အိန္ဒိယမှ ပြန်ဝင်လာလျှင် စိန်ရိုင်းနှင့်မြကျောက်ယူလာတတ်သည်။ မူးယစ်ဆေးဝါးသယ်ဆောင်တတ်သည်။ များသောအားဖြင့် လူရှိုင်းလူမျိုးများလုပ်တတ်သည်။

သူတို့သည် ကလေးမြို့တွင် ရပ်ကွက်တစ်ခု၌စုနေသည်။ သူတို့၏ ပင်ရင်းနိုင်ငံမှာ အိန္ဒိယနိုင်ငံ မီဇိုရမ်ခေါ် လူရှိုင်းပြည်နယ်သားများ ဖြစ်သည်။ ရေကြည်ရာမြက်နုရာ သွားလာရင်းမှ မြန်မာနိုင်ငံ ချင်းပြည်နယ်မှတစ်ဆင့် ကလေးမြို့သို့ဝင်ရောက်နေထိုင်ခြင်း ဖြစ်၏။ သူတို့နေသောအိမ်မှာ အမေရိကန်ရုပ်ရှင်များထဲက ကောင်းဘွိုင်အိမ်များနှင့်တူသည်။ အပြင်ဘက်ကကြည့်လျှင် မွဲစုတ်စုတ်နှင့်။ အတွင်းဘက်မှာတော့ သပ်သပ်ရပ်ရပ် စားပွဲနှင့်၊ ကုလားထိုင်နှင့်နေသည်။ သူတို့ထဲမှအချို့သည် ကောင်းရောင်းကောင်းဝယ်မလုပ်လိုဘဲ မှောင်ခိုအလုပ်လုပ်တတ်သည်။ သူတို့ကားပေါ် ပါလာလျှင် အထုပ်အပိုးများကိုသာမက လူကိုပါ ရုံးခန်းထဲခေါ်လာပြီးရှာရသည်။ ဒီလိုအခါမျိုးဆိုလျှင် မုဆိုးကိုသုံးရသည်။ သူ့ကို ရှာခိုင်းရသည်။ ခန္ဓာကိုယ်ကို အကြိုအကြားပါမကျန် နှိုက်ချွတ်ရှာရဲသောကြောင့် သူ့ကိုရှာခိုင်းခြင်းဖြစ်သည်။ ဒီလိုရှာဖွေရာတွင် သစ္စာရှိဖို့လိုသည်။အကြိုအကြားနှိုက်၍ ပစ္စည်းတွေ့ပြီဆိုလျှင် သူက အနားတွင် စောင့်နေသောတာဝန်ရှိသူကို သတင်းပို့ရ၏။ တာဝန်ကျအမှုထမ်းက အပေါက်ဝတွင် ရပ်စောင့်နေသော်လည်း သူက တွေ့ပြီဆိုတော့မှ တွေ့သည့်ပစ္စည်းကို ထုတ်ပြပြီး အမှုဖွင့်ခြင်း၊ ရေတွက်ခြင်း၊ ချိန်တွယ်ခြင်းများပြုရသည်။ သူက ဘာမှမပြောလျှင် အသာကြည့်နေလိုက်ရခြင်းဖြစ်သည်။ ထို့ကြောင့် သူက သစ္စာရှိရန်လိုခြင်း ဖြစ်သည်။ သူက တွေ့လျက်နှင့်မပြောလျှင် လွတ်သွားနိုင်သည်။ သို့ရာတွင် သူက



www.burmeseclassic.com

www.burmeseclassic.com

မှန်ကန်စွာ ဆောင်ရွက်ပေးတတ်သောကြောင့် သူ့ကိုခေါ် သုံးနေခြင်းဖြစ်သည်။ သူမလာတော့ ထမင်းချက်သည့် ကပူးဆိုသူလူကြီးကိုခေါ် သုံးရသည်။ ကပူးက လူကြီးဖြစ်သောကြောင့် မသွက်လက်။ လေးသည်။ ထို့ကြောင့် သူ့ကိုမျှော်ကြခြင်းဖြစ်သည်။ သူလာသော်လည်း ကားတိုင်းတွင် လူရှိုင်းပါသည်မဟုတ်သောကြောင့် ထွေရာလေးပါး ရယ်စရာမောစရာများ ထိုင်ပြောနေကြပါသည်။

သူ့ထံမှ စကားအထူးအဆန်းလည်းကြားရ၏။

တစ်နေ့ သူက -

"ကျွန်တော်မှာ ကြွေးတွေရှိတယ်။ ဒါကြောင့် မနားမနေအလုပ်လုပ်နေရတာ"

"ဘယ်ကကြွေးတွေလဲဗျ ပြောပါဦး"

"ယောက္ခမကြွေးတွေ"

ယောက္ခမကြွေးဆို၍ စိတ်ဝင်စားပြီးမေးကြည့်သည်။

"ဒီလိုဗျ" ဟု ဆိုကာ -

သူမိန်းမယူသောအခါ မင်္ဂလာကြေးတင်ရသည်။ ကျွဲနှစ်ကောင်၊တောင်ယာနှင့် နေစရာအိမ်အပြင် ငွေပါတင်ရသည်။ တင်ရမည့်ငွေက သုံးထောင်ဖြစ်သည်။ သူ့မှာက ငါးရာပဲရှိသည်။ အပြည့်မတင်နိုင်။ ထို့ကြောင့် မိန်းကလေးမိဘက မပေးစားပေ။ သည်လိုနှင့် တစ်နှစ်နေရသည်။ နောက်နှစ်လည်း မိုးမကောင်းသဖြင့် မင်္ဂလာကြေးကမတင်နိုင်။ သုံးနှစ်ကြာတော့ မနေနိုင်သဖြင့် ခိုးပြေးသည်။ တခြားရွာမှာသွားနေသည်။ သားဦး မိန်းကလေးမွေးတော့ ရွာပြန်လာသည်။ ယောက္ခမက ပြန်လက်ခံသည်။ သို့သော် မင်္ဂလာဖိုးငွေတော့ တဖြေးဖြေးပြည့်အောင် ပြန်ဆပ်ရသည်။ သူတို့ကပေးသောငွေကို မှတ်ထားသည်။ သားဦးက မိန်းကလေးဖြစ်ရာ အားမကိုးလောက်ပေ။ အဖေ့လက်ထက်ကကျန်သော မင်္ဂလာကြေးကို သားစဉ်မြေးဆက်ဆပ်၍ရသည်။ သို့သော် သူက သမီးချည်းသုံးယောက်မွေးထားရာ ကူဆပ်မည့်သူမရှိသဖြင့် ကိုယ်တိုင်ရုန်းကန်နေရသည်ဟု ဆိုပါသည်။

"ခင်ဗျား ယောက္ခမက ဘယ်ရွာမှာနေတာတုံး"

"ဒီရွာမှာပဲနေတာ၊ တစ်အိမ်တည်းနေတာလေ၊ တစ်အိမ်တည်းနေတယ်ဆိုပေမယ့် အကြွေးကအကြွေးပဲလေ။ ဆပ်စရာရှိတာတော့ ဆပ်ရမှာပဲ။ ကျွန်တော့်မှာ ဒီအကြွေးကပူနေတာ"

စသည်ဖြင့် အထူးအဆန်းစကားများလည်း ကြားရသည်။

ထိုသို့မျှော်နေစဉ် အထုပ်တစ်ထုပ်ဆွဲပြီး ရုံးအတွင်းသို့သူဝင်လာပါသည်။ သူ့မျက်နှာမှာ ပြုံးနေသောကြောင့် စားစရာတစ်စုံတစ်ရာပါလာကြောင်း သိနိုင်သည်။

"ဟော - လာပါပြီဗျာ။ လာကျဲအိုကြီး"

"ဒီတစ်ခါ ဘာပါလဲဟေ့"

"အား-ဆရာတို့အကြိုက်တွေ့မှာသိလို့ တမင်စောင့်ယူလာတာ။ ဒီမနက်ရွာမှာ ကောက်သစ်စားပွဲလုပ်တယ်။ ကျွန်တော်ဝိုင်းကူလုပ်ပေးရင်း မနည်းလုယူလာရတာ၊ စားဖူးတယ်ရှိအောင် စားကြည့်ပါဦး"

"ဘာများတုံး လာကျဲအိုရဲ့"

"ကျွဲချေးခါးလေ"

"ဘာတဲ့ - ကျွဲချေးခါးဟုတ်လား။ မင်းဟာကလည်းကွာ"

"လောင်ကျဲကတော့ လုပ်ချလိုက်ပြန်ပြီကွာ"

"ကျွဲချေးခါးရယ်လို့ပဲကွာ"

ကျွဲချေးခါး ဆိုသောအသံ ကြားလိုက်ရသောကြောင့် ကျွန်တော်တို့တစ်သိုက်ပွက်ပွက်ညံသွားခြင်းဖြစ်သည်။

"ဒရယ်ချေးခါးလောက်အထိက လက်ခံသေးတယ်။ မင်းဟာက ကျွဲချေးခါးဆိုတော့ လွန်လာပြီကွာ။ နောက်တစ်ခါဆိုရင် နွားချေးခါးတို့၊ ဆိတ်ချေးခါးတို့လာဦးမလားဘဲ"

ထိုအခါ လောင်ကျဲသည် မျက်နှာကလေးငယ်ငယ်ဖြင့် သူယူလာသောအထုပ်ကိုဖွင့်ပြသည်။

"ဒီမှာကြည့်ဦး၊ ကျွဲပေါ်ပြီးပြီးချင်း ကျွန်တော်ဖြတ်ယူလာတာ၊ ကောင်းတယ် ကြည့်ပါဦး"

သူက အထုပ်ကိုဖွင့်ပြသဖြင့် ကြည့်လိုက်ကြသည်။ ကျွဲသားရေနှင့်ရောပြီးလုံးထွေးနေသော မြက်ဖတ်လုံးကြီးဖြစ်သည်။ တုတ်တစ်ချောင်းဖြင့် မွှေနှောက်ကြည့်ပြန်သော်လည်း မြက်ဖတ်များကိုသာမြင်ရသည်။

"ဆေးဖက်ဝင်တယ်ဆိုရင်လည်း မင်းပဲစားလိုက်ပါကွာ ငါတို့မစားပါဘူး။ အေး - ကျွဲသားတော့စားမယ်"

ကျွဲမှာ အကောင်ငယ်သောကြောင့် နူးညံ့သည်။ ကျွန်တော်တို့သည် ကျွဲသားကိုပြုတ်ပြီးပြန်နွှင်ကာ ငရုတ်သီးစပ်စပ်ဖြင့် ပြန်ကြော်စားလိုက်ကြသည်။ လောင်ကျဲယူလာသော ကျွဲချေးခါးကိုတော့ မယူလိုက်။ ပြန်ပေးလိုက်သည်။

ညနေပိုင်း ထမင်းစားချိန်ရောက်၍ ထမင်းစားကြသောအခါ ထမင်းချက် အဘိုးကြီး ကပူးက ပြောသည်။

"ဆရာတို့က လောင်ကျဲ အကောင်းမှတ်လို့ သူ့ကိုရွာထဲမှာ ပွကြီး လို့ ခေါ်ကြတယ်"

"ဘာဖြစ်လို့တုံး ကပူးရဲ့"

"သူက နေရာတကာပါတယ်လေ တောင်ယာရှိပေမယ့်သူမလုပ်ဘူး။ မိန်းမ လုပ်ရတယ်။ သူက ဒီလိုပဲ လတ်လျ လတ်လျားနဲ့သွားလာနေတာ၊ ကြုံရင် မုဆိုးနောက်လိုက်လုပ်ပြီး မုဆိုးပစ်လာ တဲ့အကောင်တွေဘာတွေဝိုင်းထမ်းပေး တယ်။ မျောက်ချေးခါးတို့၊ မျောက်သွေး တို့ဘာတို့ရရင်တော့ လိုက်ရောင်းပေး တယ်။ ဆရာတို့ဆီယူလာတာလည်း မုဆိုးရောင်းခိုင်းလို့လာရောင်းတာ။သူက ဘာမှပစ်တတ်တာမဟုတ်ဘူး။ နောက် လိုက်"

"ဒရယ်ချေးခါးတို့ဘာတို့ဆိုတာက ကော"

"အဲဒါလည်း သူထွင်တာပါ ဒရယ်ချေးခါးတို့၊ ကျွဲချေးခါးတို့ဆိုတာ မရှိပါဘူး။ ဘယ်သူမှမစားပါဘူး။ ဒီက လက်ချည်းမလာချင်လို့ ထွင်ပြီးယူလာ တာပါ။ ဒီကောင်က လူပေါ်"

"အောင်မယ်လေး ကပူးရယ် စောစောကပြောပါတော့။ ကျွန်တော်တို့ မှာ သူပြောသမျှ အဟုတ်မှတ်ပြီးစားနေ လိုက်ရတာတွေ"

စင်စစ်တွင် လောင်ကျဲသည် ကျွန်တော်တို့ရုံးသို့ အဝင်အထွက် ကောင်းစေရန် လက်ချည်းသက်သက် မလာဘဲ သူတို့တောတွင်အမွှန်းအမြတ် ထားသော စားစရာသောက်စရာများ ယူလာခြင်း ဖြစ်သည်။ တောကောင် လည်း အမြဲမရသဖြင့် နောက်ပိုင်းတွင် စိတ်ထင်ရာကိုလုပ်ယူလာခြင်းဖြစ်သည်။ ဒရယ်ချေးခါး၊ ကျွဲချေးခါး ဆိုသည်မှာ မည်သူမျှလည်းမစား၊ စားစရာလည်း သဘောမထားသောဘေးထွက်ပစ္စည်း များဖြစ်သည်။

သို့သော်လည်း ကျွန်တော်တို့မှာ ရွာတွင်ပေါင်းစရာလူလည်းမရှိ၊ ပေါ့ ပါးပါးနှင့်လုပ်ကိုင်ပေးမည့်သူလည်း သော့ကြောင့် လောင်ကျဲကိုပင် ကောင်းလုပ်ပြီး သူပြောသမျှ သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ရယ်စရာ မောစရာသဘောထား၍နေရပါတော့ သည်။ သူနာမည်ကတော့ နောက်ပိုင်း တွင် လောင်ကျဲမခေါ်ဘဲ ကျွဲချေးခါး သာခေါ်ပါတော့သည်။


မဟာသ


www.burmeseclassic.com


## မြန်မာ၏ ၂၀၁၆ ခုနှစ်၊ တူရာသိပြောင်း

# မန္တလေးဗေဒင်ဟောကိန်း

(၁၇-၁၀-၂၀၁၆) မှ (၁၅-၁၁-၂၀၁၆) နေ့အထိ




### အနောက်တိုင်း (သာယန) စနစ် ဇာတာခွင်

၁၇-၁၀-၂၀၁၆ ရက်နေ့ နံနက် ၇း၂၀း၃၈ နာရီအချိန်ဝယ် တနင်္ဂနွေ ဂြိုဟ်သည် ကန်ရာသီမှ တူရာသီသို့ ဆောင် ကူးပြောင်း ဝင်ရောက်ချိန်တွင် ဥဒယလဂ်သည် ဗြိစ္ဆာရာသီ၌ပေါ်ထွက် သည်။ ၎င်းသည် ၂၀၁၆ ခုနှစ် တူရာသီ၏ စုဋ္ဌသင်္ကြန်ဇာတာခွင်လည်း ဖြစ်ပါ သည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ ရာဟုဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့သည် (၅) ဒီဂရီအတွင်း ပူးယှဉ်လျက်ရှိပြီး ကြာသပတေးဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့သည် (၅) ဒီဂရီအတွင်း ယှဉ်ပူးကာ ၎င်းတို့ အချင်းချင်း (၁၈၀) ဒီဂရီအတွင်း ဝိသမ မြင်နေကြသည်။ ရာဟုဂြိုဟ်နှင့် ဗုဒ္ဓဟူး ဂြိုဟ်တို့က စနေဂြိုဟ်ကို (၉၀) ဒီဂရီ အမြင်၊ ကြာသပတေးဂြိုဟ်က စနေဂြိုဟ် ကို (၆၀) ဒီဂရီအမြင်၊ ရာဟုဂြိုဟ်က ပလူတိုဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ ကြာသပတေးက ပလူတိုဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ စနေဂြိုဟ်က ကိတ်ဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ပလူတိုဂြိုဟ်က နက်ပကျွန်ဂြိုဟ်ကို (၉၀) ဒီဂရီအမြင်တို့ မြင်နေကြသည်။ ယင်းတို့ထက်ပို၍ ထူးခြားချက်က ယူရေးနပ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့က ဂြိုဟ်ပြိုင်ဖြစ်နေ ခြင်း ဖြစ်ပါသည်။

အထက်ပါတို့ကို အနှစ်ချုပ်၍ ဟောကိန်းကို အနှစ်ချုပ်ရလျှင် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသားရေး၊ တိုင်းရင်း သားအရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ဆက်သွယ်ရေး၊ စီးပွားရေး၊ ပြောင်းရွှေ့ နေထိုင်သူများအရေး၊ ပြောင်းရွှေ့လုပ် သားများအရေး၊ အခြေခံလူတန်းစားများ အရေး၊ ဥပဒေပြုရေး စသည်တို့နှင့် နှီးနွယ် လျက် လွှတ်တော်၌ အကျောက်အကန် အငြင်းပွားရသလို အစိုးရအဖွဲ့တွင် သဘောထား ထပ်တူမကျနိုင်သလိုရှိ မည်။ ထိပ်သီးအကြီးအကဲတချို့ထိပါး ပွတ်တိုက်မှုခံရသလို နေရာဌာနနေရာ ထိုင်ခင်းအပြောင်းအလဲများ ဖြစ်ပေါ် တတ်မည်။ အစိုးရအဖွဲ့ ထင်ရှားသော အောင်မြင်မှုတချို့ရမည်။

နိုင်ငံတကာဆက်ဆံရေး၊သံတမန် အရေးတို့နှင့် ဆက်နွယ်နေသော စီးပွား ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒုက္ခသည်အရေး၊ ပြောင်းရွှေ့နေထိုင်သူ အရေး၊ ပြောင်းရွှေ့လုပ်သားများအရေး စသည်တို့ကြောင့် ဖိအားပေးထိုးနှက်ခံရ မှု၊ ဝေဖန်စောကြောခံရမှု၊ အကြီးစား စိန်ခေါ်ခံရမှုများရှိမည်။

အခြေခံ လူတန်းစားများအရေး၊ အလုပ်သမားအရေး၊ လယ်သမားအရေး၊ ဆင်းရဲနွမ်းပါးသူများအရေး၊ ရွှေ့ပြောင်း နေထိုင်သူများအရေး၊ ဒုက္ခသည်များ အရေး စသည်တို့တွင် မတင်းတိမ်မိ ရောင့်ရဲစွာ တက်ကြွလှုပ်ရှားမှုများတို့ ကြောင့် တုတ်ကျွေးတစ်လှည့်၊ မုန့်ကျွေး တစ်လှည့်ပြုလုပ်ရတတ်မည်။ အရပ် ဘက်လူ့အဖွဲ့အစည်း၊ ပရဟိတအဖွဲ့ အစည်း၊ NGO အဖွဲ့အစည်း၊ ဒုက္ခသည် စခန်း စသည်တို့နှင့်ပတ်သက်၍ ဝေဖန် စောကြောမှု၊ ထိပါးတွန်းတိုက်မှု၊ မကောင်း သတင်းထွက်မှုများ ပေါ်ထွက်လာသလို အစိုးရအပေါ် လွှတ်တော်အပေါ်၌ လည်း တုံ့လှယ်သက်ရောက်မှုများရှိမည်။

တိုင်းရင်းသားဆိုင်ရာ၊ လက်နက် ကိုင်များဆိုင်ရာ၊ ငြိမ်းချမ်းရေးဆိုင်ရာ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ၊ ဥပဒေပြုရေး ဆိုင်ရာ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ၊ အမျိုးသားရေးဆိုင်ရာ စသည်တို့၌ ဖြေ ရှင်းလေ ဖြေရှင်းစရာများ ပိုတွေ့လေ့ရှိ မည်။

မီဒီယာလောက၊ စာနယ်ဇင်း လောက၊ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင် ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာတို့တွင် အောင်မြင်မှုများရှိသလို မလိုလားအပ် သောစိန်ခေါ်မှုများ၊ မတော်တဆထိ ခိုက်မှုများ ဖြစ်ပေါ်တတ်မည်။ ပညာရေး ဆိုင်ရာ၊ ဖြေဖျော်ရေးဆိုင်ရာ၊ အနု ပညာဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနေရာ ဌာနတို့၌ မတော်တဆထိခိုက်မှုများ၊ ဥပဒေဖီဆန်မှုများ ဖြစ်ပေါ်တတ်မည်။ ကုန်းကြောင်း ရေကြောင်း ယာဉ်တချို့ ကပ်ဘေးဆန်ဆန် ကြုံရတတ်မည်။ အနုပညာလောကမှ ထင်ရှားသူတစ်ဦး အတွက် ဝမ်းနည်းရတတ်မည်။ ကလေး သူငယ်၊ အမျိုးသမီး၊ မူးယစ်ဆေးဝါးတို့ နှင့်ဆက်နွယ်နေသော ရာဇဝတ်မှုခင်း များ ရှင်းလက်စမဆုံးနိုင်ရှိနေဦးမည်။

ငွေကြေးစီမံခန့်ခွဲမှု၊ ဘတ်ဂျက်၊ ဘဏ္ဍာရေး၊ အခွန်အကောက် စသည် တို့၌ မရိုးဖြောင့်မှု၊ အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှုများကြောင့် အရှုပ် ထုပ်ရှင်းလင်းရာတွင် မြွေနှင့်ကစားရ သလိုဖြစ်နေလိမ့်မည်။

စိုက်ပျိုးရေးအသင့်အတင့်ကောင်း မည်။ မြေယာဆိုင်ရာမှုခင်းများ စိတ် ကျေနပ်မှုတစ်စုံတစ်ရာရမည်။ လျှင် လှုပ်တတ်မည်။ မြေပြို၊ တွင်းပြို၊ တောင် ပြိုတတ်မည်။ ရေကြီးရေလျှံဖြစ်တတ် မည်။ မိုးကြီးတတ်မည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com



# ပွင့်ဖြူ-ခင်မောင်ဌေး

## ဥပါဒါန်အစွဲလား၊ တိုက်ဆိုင်မှုလား

သတ္တလောကကြီးတစ်ခွင် ဂမ္ဘီရဆန်လှသည့် လျှို့ဝှက်ထူးခြားဆန်းကြယ်သောအကြောင်းရပ်များအများအပြားရှိနေပါသည်။ မျက်မြင်မဟုတ်၍ မယုံနိုင်လျှင်လည်း မကြုံဘူး၍ဖြစ်ပေလိမ့်မည်။

စာရေးသူတို့ နေရပ်ဒေသတွင် သုနာပရန္တတိုင်းဟုခေါ်သည့် လယ်ကိုင်းမြို့ဟောင်းရှိသည်။ ၎င်းမြို့နှင့် (၄) မိုင်ကွာအရပ်၌ ကျောင်းတော်ရာကျေးရွာရှိပါသည်။ ကျောင်းတော်ရာကျေးရွာဟုခေါ်ရခြင်းမှာလည်း လွန်ခဲ့သောနှစ်ပေါင်း ၂၅၅၈ နှစ်လောက်က သုနာပရန္တတိုင်းသားကုန်သည်ညီနောင်နှစ်ဦးရှိခဲ့သည်။ အစ်ကိုကြီးအမည်မှာ မဟာပုဏ္ဏဖြစ်၍ ညီငယ်အမည်မှာ စူဠပုဏ္ဏဖြစ်သည်။

တစ်နေ့သောအခါ ညီနောင်နှစ်ဦးဟာ သုနာပရန္တတိုင်းသား လှည်းသားငါးရာနှင့် စားနပ်ရိက္ခာအပြည့်အစုံသယ်ဆောင်၍ အနောက်မဇ္ဈိမဒေသဆီသို့ ကုန်ရောင်းကုန်ဝယ်သွားကြသည်ဟုဆို၏။ အနောက်မဇ္ဈိမဒေသသို့အရောက် တောစောင့်နတ်မင်းက ညွှန်ပြသဖြင့် ဆိတ်ကျောင်းညောင်ပင်အောက်တွင် သုံးလောကထွတ်ထား ဂေါတမမြတ်စွာဘုရားသခင်ပွင့်တော်မူလေပြီဟု ညွှန်ပြသဖြင့် စူဠပုဏ္ဏနှင့် အစ်ကိုကြီးမဟာ[...] ကုန်သည်ညီနောင်နှစ်ဦးသည် ဂေါ[...] မြတ်စွာဘုရားသခင်အား ဝင်ရော[...] ဖူးမြော်ရင်း တရားဒေသနာများ နာ[...] ခဲ့ရပါသည်။

ထိုအခါ ဂေါတမမြတ်စွာဘု[...] ရှင်၏ တရားတော်များ နာကြား[...] သက်ဝင်ယုံကြည်မိတာကြောင့် အ[...] ကြီး မဟာပုဏ္ဏဟာ မဇ္ဈိမဒေ[...] ဘုရားရှင်အား အလုပ်အကျွေ[...] ရဟန်းဝတ်၍ကျန်ခဲ့သည်[...]ဆိုပါသ[...] နောင်အချိန်တွင် ကုန်သည်ညီနော[...] ၏အကြီးဖြစ်သူ မဟာပုဏ္ဏဟာ ဂေါ[...] မြတ်စွာဘုရားသခင်၏တရားတော်[...]



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးရင်း ရဟန္တာမထေရ်ဖြစ်တော်မူသည်ဟု ကျောင်းတော်ရာဘုရားသမိုင်းကျောက်စာမှာလေ့လာတွေ့ရှိရပါသည်။

ညီငယ်ဖြစ်သူ စူဠပုဏ္ဏာဟာ လှည်းသားငါးရာနှင့်အတူ အစ်ကိုကြီးမဟာပုဏ္ဏာအား ထားခဲ့ပြီး သုနာပရန္တတိုင်းသို့ ပြန်ခဲ့ပါသည်။ အစ်ကိုကြီးမဟာပုဏ္ဏာဟာ ညီငယ်ဖြစ်သူ စူဠပုဏ္ဏာအား ဒုက္ခအခက်အခဲဖြစ်ပါက အစ်ကိုကြီးအား တမ်းတလိုက်ပါဟု မှာကြားသတဲ့။ ၎င်းရဟန္တာဖြစ်တော်မူသော မဟာပုဏ္ဏာ၊ ညီတော်စူဠပုဏ္ဏာနှင့် လှည်းသားငါးရာတို့ဟာ ဘုရားပွင့်တော်မူပြီး နောင်အနှစ် (၁၅၀၀) ခန့်မှာ ပေါ်ပေါက်လာမည့် ပုဂံပြည်ရှင် အနော်ရထာမင်စောကာ မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ရဟန္တာအရှင်မြတ်နှင့်ပထမဦးဆုံးသောဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်ဟု ဆိုပါတယ်။

ညီဖြစ်သူ စူဠပုဏ္ဏာဟာ အစ်ကိုဖြစ်သူ မဟာပုဏ္ဏာအား ကျောင်းတော်ဆောက်၍ လှူဒါန်းလိုသဖြင့် အနောက်မဇ္ဈိမဒေသ သီဟိုဠ်ကျွန်း ယခု သီရိလင်္ကာနိုင်ငံကျွန်းသို့သွား၍ စန္ဒကူးနံ့သာသစ်များအား ကျောင်းဆောက်ရန် ခုတ်ယူခဲ့ပါသည်။ ထိုအခါ သီဟိုဠ်ကျွန်းရှိ စန္ဒကူးပင်၌စောင့်သောနတ်ဘီလူးများက အနှောင့်အယှက်ပေးသဖြင့် ညီဖြစ်သူ စူဠပုဏ္ဏာမှ အစ်ကိုဖြစ်သူ မဟာပုဏ္ဏာအား စိတ်ဖြင့်တမ်းတလိုက်ရာ ထိုအချိန်တွင် နောင်တော်ဖြစ်သူ မဟာပုဏ္ဏာမှာ ရဟန္တာအသွင်ဖြင့် လေ့ဦးတွင်ပေါ်လာသည်ဟု ဆိုသည်။ ထိုအခါ နတ်ဘီလူးများသည် မဟာပုဏ္ဏာရဟန္တာရှင်သူမြတ်၏ တန်ခိုးအာနုဘော်ကြောင့် ကြောက်လန့်ကာ ထွက်ပြေးကြသည်ဟု ဆိုသည်။

၎င်းစန္ဒကူးသစ်များအား ယခုအခေါ် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာဒေသ မုန်းချောင်းနံဘေး (ဝါဏိဇ္ဇဝါမ) သစ်တော်ကျေးရွာဆိပ်ကမ်းတွင် သစ်များချကာ ကျောင်းတော်ရာ၊ ဘုရားတည်ထားကိုးကွယ်ရာနေရာတွင် ကျောင်းတော်ကြီးကိုတည်ဆောက်





www.burmeseclassic.com

www.burmeseclassic.com

တော်မူသည်ဟု ဆိုသည်။

ဂူဝင်းကျောင်းတော်ကြီးဆောက်ပြီး သောအခါ မြတ်စွာဘုရားသခင်နှင့်အတူ မဟာပုဏ္ဏရဟန္တာ အပါအဝင် ရဟန္တာ (၅၀၀) မှ ကောင်းကင်ခရီးဖြင့် ကြွချီလာပြီး ဂူဝင်းကျောင်းတော်ကြီးတွင် (၇) ရက် သီတင်းသုံးတော်မူပြီး လူ၊ နတ်၊ ဗြဟ္မာတို့အား (၁) ရက်လျှင် ရှစ်သောင်း တရားရေအေးတိုက်ကျွေးကာ ကျွတ်တမ်းဝင်စေခဲ့သည်ဟု ကျောက်စာသမိုင်းအရ သိရှိရပါသည်။ နောင်အခါ ဂူဝင်းစန္ဒကူးနံ့သာကျောင်းတော်ကြီးမှာ တန်ဖိုးကြီးမားအဖိုးအနမတက္ကထိုက်တန်ရာ စန္ဒကူးသားလက်တစ်သစ်ကို အသျှပြာတစ်သိန်းထိုက်သည်ဟု ဆိုသည်။ သို့ဖြစ်သောကြောင့် ဂူဝင်းကျောင်းတော်ကြီးအား လူသားများ လုယက်ဖျက်ဆီးကာ သတ္တဝါများအသက်သေကျေပျက်စီးမှာကို မလိုလားသဖြင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များက လူသားတို့ အကျိုးမျှော်ကိုးကာ ကွယ်ပျောက်စေသည်ဟုဆိုသည်။ အထက်ပါ အကြောင်းအရာများမှာ စာရေးသူတို့ အရပ်ဒေသတွင် ပေစာများ၊ကျောက်စာများ၌ ကမ္ပည်းတင်ခဲ့သော စန္ဒကူးနံ့သာကျောင်းတော်ကြီးအကြောင်းပင် ဖြစ်သည်။

စန္ဒကူးနံ့သာကျောင်းတော်ရာ သမိုင်းနှင့်အတူ ပါးစပ်ရာဇဝင်သမိုင်း တစ်ခုကျန်ရှိနေပါသေးသည်။အကြောင်းမှာ ဂူဝင်းကျောင်းတော်ကြီးဆောက်ရန် သယ်ဆောင်လာသောအခါ အနှောင့်အယှက်ပေးကြသော နတ်ဘီလူးများမှာ ဘဝများပြောင်းလဲလာပြီး ယခုအခါ မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာဒေသ ဘူးသယ်ကျေးရွာ မုန်းချောင်းနံဘေး ငါးကျွေးဆိပ်တွင် ငါးထွေငါးများအဖြစ် ဝါတွင်းသုံးလ ဘုရားဖူးလာရင်း ဥပုသ်သီလစောင့်သည်ဟုဆိုသည်။ စာရေးသူငယ်စဉ်က ဝါတွင်းကာလ ဘုရားဖူးရင်း ကျောင်းတော်ရာဘုရား ငါးစာကျွေးသွားရသည်မှာလည်း ဒေသန္တရဗဟုသုတတစ်ခုပင် ဖြစ်သည်။ ယနေ့တိုင် ငါးများအား လက်ဖြင့်ကိုင်၍ဓာတ်ပုံရိုက်မှတ်တမ်းတင်ခဲ့ကြသည်ကို မှတ်တမ်းဓာတ်ပုံများကြည့်ခြင်းဖြင့်သိနိုင်ပါသည်။

စာရေးသူ ရည်ရွယ်သည်မှာ ကျောင်းတော်ရာသမိုင်းလည်းမဟုတ်၊ စူဠပုဏ္ဏ၊ မဟာပုဏ္ဏ သုနာပရန္တတိုင်းသား လှည်းသားငါးရာနှင့် ကုန်သည်ညီနောင်အကြောင်းလည်း မဟုတ်ပါ။ အကြောင်းရင်းမှာ စန္ဒကူးပင်အကြောင်းပင် ဖြစ်သည်။

စာရေးသူတို့ဒေသတွင် ယခင်က စန္ဒကူးပင်မရှိခဲ့ပါ။ စိုက်ပျိုးသည့်အလေ့အထလည်းမရှိပါ။ ၁၉၈၈ ခုနှစ် တပ်မတော်အစိုးရ တာဝန်ယူပြီးနောက်ပိုင်း တပ်မတော်အစိုးရမှ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားအား ဘက်ပေါင်းစုံပြုပြင်လှူဒါန်းမှုပြုလုပ်ခဲ့သည်။

ထိုအထဲတွင် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားဟု အမည်နှင့်အညီ စန္ဒကူးပင်များ စိုက်ပျိုးရန် ဘုရားပရိဝုဏ်အတွင်း စိုက်ပျိုးရန် စန္ဒကူးပျိုးဥယျာဉ်များပါ တည်ထောင်ထားခဲ့သည်။

ထိုမှတစ်ဆင့် စာရေးသူတို့ဒေသတွင် ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားပရိဝုဏ်များ၊ စာသင်ကျောင်းများ၊ တချို့သောသူများမှာ အိမ်ဝိုင်းများတွင်ပါ စန္ဒကူးပင်ကို စိုက်ပျိုးလာကြသည်။ စန္ဒကူးပင်များအဆီအနှစ်မှ အမွှေးနံ့သာရပါက တစ်ပင်လျှင် (၃) သိန်းမှ (၈) သိန်းအထိ ရကြသည်။

ထိုအထဲတွင် စာရေးသူလည်း စီးပွားအတွက်တွက်၍ တစ်ပင်စနှစ်ပင်စ စိုက်ပျိုးရန် စိတ်ကူးပေါ်ခဲ့သည်။ တစ်နေ့တွင် မင်းဘူးတွင်နေထိုင်သော အစ်မတစ်ဝမ်းကွဲတော်သူ မခင်ထွေး မျက်စိခွဲရန် စာရေးသူ၏ အစ်မကြီး ဒေါ်သန်းရီနှင့်အတူ (၁) သိန်း သွားလှူခဲ့သည်။ အစ်မဝမ်းကွဲဖြစ်သူ မခင်ထွေး၏အိမ်တွင် စန္ဒကူးပျိုးပင်များတွေ့ရာ တစ်ပင်ငတောင်း ကာ စိုက်ပျိုးခဲ့မိသည်။

ယခင် စန္ဒကူးပင်များ အပင် (၂၀) မျှ စိုက်ပျိုးခဲ့ရာ တစ်ပင်မျှမရှင်ပေ။ စန္ဒကူးပင်မှာ ငယ်စဉ်အခါ မဲဇလီပင်၊ မန်ကျည်းပင်၊ ကုက္ကိုပင်ပေါက်ငယ်များနှင့် တွဲဖက်စိုက်ရသည်။ မဲဇလီပင်ပေါက်ငယ်မှစားသုံးသော ဇီဝအာဟာရများကို



စန္ဒကူးပင်မှ မှီခိုစားသုံးရသည်။ သို့မှသာ စန္ဒကူးပင်ပေါက်များရှင်သန်နိုင်ပေသည်။

ဒီလိုနှင့် စန္ဒကူးပင်ကို စီးပွားရေး အကျိုးငှာ စိုက်ပျိုးခဲ့မိသည်။ ဂူဝင်းအ ၏ ဆိုးကျိုး၊ ကောင်းကျိုးကို သိပ် မလေ့လာမိပေ။ စန္ဒကူးပင်ကြီးလာလျှ အဆီအနှစ်တည်လျှင် ရောင်းစားမည် ဆိုသည့်စိတ်ကူးချိုချိုလေးနှင့်ပေါ့။ စန္ဒကူး ပင်စိုက်သဖြင့် လုံတိုင်းဒုက္ခရောက်မှာ ဟု မဆိုလိုပါ။ စာရေးသူနှင့် နေ့နံမတည့် ၍လား၊ ခိုက်တာလားတော့မပြောတ ပေ။ သို့သော် ဖြစ်စဉ်တော်တော်များများ ကတော့ သဘောမကျစရာပင်။ ဒီလို စန္ဒကူးပင်ဟာ (၁) နှစ်၊ (၂) နှစ်အတွင်း လုံးပတ်လက်ကောက်ဝတ်လောက် လာခဲ့သည်။ အမြင့်ကတော့ လူတ ယောက်ရဲ့လက်တစ်ဖောင်ကျော်တော လောက် အပင်အမြင့်ရောက်လာခဲ့ပါ

စာရေးသူမှာ သားသမီးငါး ထွန်းကားခဲ့သည်။ အငယ်ဆုံးကလေး ယောကျ်ားလေးဖြစ်ပြီး စနေသားဖြစ် အကြီးဆုံးမှာလည်း စနေဖြစ်၏။စနေအ စနေအပိတ်ကောင်းသည်ဟု ဆိုစမှ ပြုကြ၏။စိတ်ထဲမှာတော့ ဝမ်းသာမဆုံး ဒီသစ်ပင်စိုက်ပြီးလို့ တစ်နှစ်ကျော်တော ဘာမှမထူးခဲ့။ ထူးခဲ့တာရှိလျှင်လည်း ဒီသစ်ပင်ကြောင့်ဟု ဘာမှဥပါဒါန်အ မရှိခဲ့ရာမှ တဖြည်းဖြည်းသတိပြုလာ သည်။ တောင်ဘက်အိမ်က ကလေး လည်း သားနှင့်ရွယ်တူ၊ အနောက်ဘ အိမ်က ကလေးနှစ်ယောက်ကလည်း ရွယ်တူပါပဲ။ ဂူဝင်းကလေးများမှာ ဘာမှမဖြစ်ကြပါ။ မိမိအိမ်မှ ကလေး သာ တစ်ယောက်ပြီးတစ်ယောက် နေကြသည်။ အငယ်ဆုံးသားပျော ရှိသေး နို့ညှာတောင် ကိုးတန်းတော သားက ဖျားပြန်၏။ စာရေးသူမှာ ဝင်ငွေ ဆရာဝန်အိမ်ကိုသာပို့နေရ ထူးခြားသည်မှာ အငယ်ဆုံးသား လပတ်စာမေးပွဲဖြေခါနီးတိုင်း ဖျား စာရေးသူစဉ်းစား၏။ ရာသီဥတုဒ ကြရတာချင်းအတူတူ ကျန်းမာ အတွက် သန့်ရှင်းရေးကိုလည်း စဉ်းစား၏။ ညအိပ်ရာဝင်တာတ ခြင်ထောင်နှင့်စောင်နှင့်ဂရုတစိုက် ခဲ့ပါ၏။

"အဖေရေ သားလေ နောက် ရက်ဆို လပတ်စာမေးပွဲဖြေရတော့

ဟု ပြောပြီး နံနက်ပိုင်းပြော ညနေကျ ဖျားတော့သည်။ ခက်တော ခက်နေသည်။ အပြစ်တွေကိုအမှီး



www.burmeseclassic.com

www.burmeseclassic.com

ဉ်းစား၏။ တွေး၏။ ရှာ၏။ မုန်းချောင်း ရေတစ်မြို့လုံးနစ်တာချင်းအတူတူကို ကျွန်တော့်အိမ်တွင်သာ အဖန်ဖန်တလဲ လဲဖြစ်နေ၏။ စဉ်းစားရကျပ်နေပြီပေါ့။ ဒီလိုနှင့် သားအကြီးဆုံးက ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် စတုတ္ထနှစ်တက် နေသည့်သားနှင့်တိုင်ပင်၏။ ဆွေးနွေး ၏။ ခုတ်ပစ်လိုက်လျှင်ကောင်းမလားဟု သားကြီးနှင့်တိုင်ပင်၏။

မကြာပါ၊ တတိယနှစ် တက္ကသိုလ် တက်နေသည့် ဒုတိယသားဆိုင်ကယ် ရောက်ပြန်၏။ ဆိုင်ကယ်စီးဦးထုပ် ကြောင့် ဒုတိယသား ဆေးခန်းနှင့်တင် ကျန်းမာသွား၏။ တော်ပါသေးရဲ့ဟု အောက်မေ့မိ၏။ မိမိထက်အသက်ကြီး သော စာပေဇဟုသုတကြွယ်ဝသော သက်ကြီးရွယ်အို လူကြီးမိဘများနှင့် တိုင်ပင်ဦးမှပဲဟု စဉ်းစားမိ၏။ တွေး၏။ ဆင်ခြင်မိ၏။ သက်ကြီးစကား သက်ငယ် ကြားဟုဆိုပေကိုး။ မိမိထက်ဘဝအတွေ့ အကြုံ သာလွန်ရင့်ကျက်သော လူကြီး သူများနှင့် တိုင်တိုင်ပင်ပင် စဉ်းစဉ်း စားစား ချင့်ချင့်ချိန်ချိန် ပြုလုပ်ခြင်းသည် အမှားနည်းမှာ သေချာပါပေသည်။ အလျှင်တောင် နည်းနည်းအမှားနှင့် များများအမှားကွာပေလိမ့်မည်။

ဥပါဒါန်ကြောင့် ဥပဒ်မရောက်ရ အောင် နောင်ခါလာနောင်ခါ ရှေးခါကွာဟုဆိုကာ စိတ်ထဲတွင် စွဲလမ်း သော စန္ဒကူးပင်အား သားကြီးကို ခိုင်းလိုက်၏။ ငုတ်တော့ကျန်ပေ သည်။ မည်သို့ပင်ဆိုစေ စိတ်ထဲ မှာတော့ ပေါ့ပါးသွားတာအမှန်ပင်။

ရက်များမကြာမီ သစ်ငုတ်ကျန် ဖြစ်သောကြောင့် အငုတ်မှအတက် ပြန်လည်ထွက်လာခဲ့သည်။အတက် တက်များမှာလည်း ဝေဝေဆာဆာပါ စိမ်းလို့စိုလို့ပေါ့။ စာရေးသူလည်း လုပ်နှင့်မိမိဖြစ်တာကြောင့် စန္ဒကူး တို့အတက်တွေပြန်ထွက်လာတာ သတိမထားမိ။ ဂရုမစိုက်အားခဲ့ပေ။

ဒီလိုနှင့် သားငယ်လေးက ကြာနေ့တွင် -

အဖေရေ သားတို့ တနင်္လာ ချင် လပတ်စာမေးပွဲဖြေရမယ်တဲ့ တဲ့။

ညနေကျ သားငယ်လေးမျက်နှာ လေးဖြစ်နေတော့ ဘာဖြစ်တာပါ ပေါ့။ နဖူးစမ်းကြည့်တော့ ကိုယ် ချစ်ချစ်တောက်ပူနေပြန်ရော။ သူလည်း တပ်မတော်သားဘဝ



က သူနာပြုခြေလျင်ဆေးတပ်သားလုပ် ခဲ့ဖူးရာ အထိုက်အလျောက် နားလည် သဖြင့် သားငယ်လေးအား ဆေးတိုက် လိုက်၏။

စန္ဒကူးပင်အား သတိရ၍ကြည့် လိုက်ရာ စိမ်းလို့စိုလို့။ အရွက်နှင့်အခက် နှင့်ဝေဝေဆာဆာပြန်ပေါက်နေတာတွေ့ ရလေသည်။ တိုက်ဆိုင်မှုလား၊ ဥပါဒါန် လားမပြောတတ်။ တိုက်ပဲတိုက်ဆိုင်လွန်း တတ်သည်ဆိုပြီး အိမ်မှာရှိတဲ့ ကိုင်းယမ်း ဓားနဲ့ အပိုင်းပိုင်းပြတ်အောင် ခုတ်ပစ် လိုက်မိတာပေါ့။ မောမောနှင့် ရေမိုးချိုး ထမင်းစားပေါ့။ နေကလည်းဝင်နေပြီ။ မိုးချုပ်တော့မှာဆိုတော့ သားငယ်လေး နောက်နေ့ကျမှာပဲ ဆရာဝန်ပြပြီး ဆေးထိုးကြတာပေါ့ဟု ပြောလိုက်၏။

မနက်လင်းတော့ သားငယ်က လန်းလန်းဆန်းဆန်းလေးပါပဲ။ မနက် လင်းမှ ဆရာဝန်ပြပြီးဆေးထိုးမလို့လုပ် ထားတာ။ ခုတော့အကောင်း။ မနေ့က ကိုယ်ပူနေတာမဟုတ်သလိုပင်။အိမ်ရှေ့ က အတန်းတူသူငယ်ချင်း ကျော်ဇင်မင်း နဲ့ဆော့လို့ကစားလို့။ ပါဝါရိမ်းဂျားဆို လားဘာဆိုလားဇာတ်ကားခွေထိုးကြည့် ကြလို့ပေါ့။

ဆရာဝန်သွားပြပြီး ဆေးထိုးမလို့ ဆိုပြီး နဖူးလေးစမ်းကြည့်။ နဖူးလေးက အေးလို့။ လက်ကလေးစမ်းပြီး အဖျား သွေးစမ်းကြည့်တော့ အဖျားသွေးမရှိ တော့ အေးလို့ပေါ့။ ခါတိုင်း ဆရာဝန် သွားပြပြီး ဆေးပတ်လည်အောင် (၃) ရက်၊ (၄) ရက်ဆေးထိုးမှ ပျောက်တတ် တဲ့သားလေး ပါရာစီတမော့တစ်ခြမ်း၊ ဘာမီတွန်တစ်ခြမ်း၊ အမောက်ဆလင် တစ်ဝက်နှင့်တင် သက်သာသွားပါလား။ ဟန်ကျလိုက်တာ၊ ဒီတစ်ခါဆေးဖိုးမကုန် တော့ဘူးပေါ့။

စာရေးသူ စဉ်းစား၏။ တွေးတော ၏။ ဝေဖန်၏။ ဒါတိုက်ဆိုင်တာလား။ ကြုံကြိုက်တာလား။ မနေ့ကတော့ စိတ် တိုတိုနှင့် စန္ဒကူးပင်ပေါက်တွေကို ဓား နှင့် နုပ်နုပ်စဉ်းပစ်လိုက်မိတယ်။

အချို့ချို့သော ဖြစ်ရပ်မှန် ဖြစ်ရပ် ဆန်းများမှာ တိုက်ဆိုင်မှုလော၊ တကယ် ဖြစ်ခြင်းလော ဆိုသည်မှာ အတော်ပင် ပြောရခက်ပါသည်။ တကယ့်ဖြစ်ရပ်မှန် ဖြစ်ရပ်ဆန်းများသည် သိပ္ပံပညာရပ်နယ် ပယ်တွင် သိပ္ပံပညာရှင်များက သဘာဝ လွန်ဖြစ်ရပ်များဟုသတ်မှတ်ကြပါသည်။ အချို့ဖြစ်ရပ်များသည် သိပ္ပံပညာနယ် ပယ်တွင် တိုင်းတာတွက်ချက်ပြရန်ပင် ခဲယဉ်းလှသည်။

ကျွန်ုပ်သည် စန္ဒကူးပင်အကြောင်း စဉ်းစားရင်း အိပ်ပျော်သွား၏။ ကျွန်ုပ်ကို စိန်းစိန်းကြီး စိုက်ကြည့်နေသည်။ တစ်ခါ မှ မမြင်ဘူးမတွေ့ဘူးတဲ့သူကိုတွေ့နေ ရခြင်းပင်။ အရုပ်ဆိုးလိုက်သည်မှာ စာဖွဲ့ ပြရန် ခက်လှပါ၏။ ထိုသူကဲ့သို့ အရုပ် ဆိုးဆိုး အကျည်းတန်လူကို တစ်ခါမျှ မတွေ့ဘူးခဲ့။ ကျွန်ုပ်အား စိန်းစိန်းကြီး စိုက်ကြည့်နေရင်းမှ မင်းတို့က လက်ဦး သွားတာကိုးဟုဆို၏။ ပါးစပ်ကလည်း တောက်တစ်ချက်ခေါက်လိုက်သေး၏။ မည်းလိုက်သည့်အသားမှာလည်း ဒယ် အိုးဖင်နှင့် နင်လားငါလားပဲ။ ကျွန်ုပ် တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနစ်နေ လေသည်။ ကျွန်ုပ်ကား ကြောက်က မကြောက်။ သို့သော် တစ်ခါမျှ မကြုံ ဘူး၊ မတွေ့ဘူးသော အိပ်မက်တစ်ခုဖြစ် တာကြောင့် ရင်ထဲမှာ တလှပ်လှပ်ခံစား နေရ၏။ ဒီလိုနှင့် မီးဖိုဆောင်မှ ကျွန်ုပ်၏ ဇနီးသည်၏ နံနက်စောစော ထမင်းချက် သည့်အိုးသံခွက်သံကြောင့် ကျွန်ုပ်လန့်နိုး သွား၏။

ကျွန်ုပ်ကား ရွှဲရွှဲစိုနေသော တစ်ကိုယ်လုံးအား မျက်နှာသုတ်ပဝါဖြင့် အသာအယာသုတ်လိုက်၏။ ချွေးသုတ် နေရင်း စဉ်းစားနေမိသည်။ ဥပါဒါန်အစွဲ ကြောင့် ဥပဒ်ဖြစ်တတ်၏။ အစွဲအလမ်း ကြောင့် အယူလွဲတတ်၏။ တိုက်ဆိုင်မှု လား၊ စွဲလမ်းမှုလား၊ ဥပါဒါန်လား၊ အယူ သီးမှုလား ဆိုသည်ကိုတော့ အချိန် ကာလ ပဟေဠိအဖြေညီပေလိမ့်မည်။

(ဤကား ကျွန်ုပ်ကိုယ်တိုင် တွေ့ကြုံ ခံစားခဲ့ရသော ဖြစ်ရပ်မှန် ဖြစ်ရပ်ဆန်း ပဟေဠိဆန်ဆန် ဇာတ်လမ်းတစ်ပုဒ် ဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။)

မှော်ဘီမြို့-ခင်မောင်ဌေး



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ထောင်မှူးဘဝက အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးအတွင်းသို့ ရောက်လာကြသော နာမည်ကြီးပုဂ္ဂိုလ်များမှာ အလွန်များသည်။ စီးပွားရေးပုဒ်မဖြင့် လည်းကောင်း၊ နိုင်ငံရေးနှင့်နွှယ်၍ လည်းကောင်း၊ ဘိန်းဖြူမှုဖြင့် လည်းကောင်း၊ လူသတ်မှုဖြင့် လည်းကောင်း ရောက်လာကြသူများဖြစ်ကြသည်။

ထိုလူများအထဲမှ ကျွန်တော်နှင့်ကြုံခဲ့သော ထိုခေတ်ထိုအခါက နာမည်ကျော် စာရေးဆရာ ဆရာကြီးမင်းသိခ်၏အကြောင်းကို တင်ပြလိုပါသည်။

ဆရာကြီးမင်းသိခ်၏ နာမည်အရင်းမှာ ဦးအောင်ထွန်း ဖြစ်သည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးအရှည်ထားသော်လည်း ဆွတ်ဆွတ်ဖြူနေခြင်းတော့ မဟုတ်သေး။ အဖြူတစ်ဝက်၊ အမည်းတစ်ဝက် အသက်က (၅၀) ကျော်ခန့်။ သူ့အား ကြိုးတိုက်အတွင်း၌တစ်ယောက်တည်း တစ်ခန်းထားသည်။ ကျွန်တော်တို့ တာဝန်မှူးကျ၍ တိုက်ခန်းများအား လှည့်ပတ်စစ်ဆေးလျှင် သူက 'ဉုံ. . .' ဟူသောအသံကြီးကို ကျယ်လောင်စွာ ရွတ်ဆိုပြီး နောက်က ဂါထာတစ်ပုဒ်ကို တိုးတိုးဆိုသည်။ ဘာဂါထာမှန်းတော့ မသိ။ တစ်နေ့လုံး တစ်ညလုံး မအိပ်မချင်း ရွတ်နေတတ်သည်ဟု သိရသည်။ နာမည်ကြီး စာရေးဆရာဖြစ်၍ တွေ့ဆုံစကားပြောလိုပါသော်လည်း သူ၏ရွတ်ဖတ်ခြင်းအဓိဋ္ဌာန်အား မနှောင့်ယှက်လိုသောကြောင့် စကားမပြောဖြစ်ခဲ့ပါ။

တစ်ည ကျွန်တော် တာဝန်မှူးကျ၍ ကြိုးတိုက်အထဲသို့ ည (၁၀) နာရီအချိန်ခန့် ဝင်ရောက် စစ်ဆေးစဉ် ဆရာကြီး၏ဉုံသံပျောက်နေသည်။ ထို့ကြောင့် ကျွန်တော်က သူ့အခန်းရှေ့တွင်ရပ်၍ ကြည့်တော့ သူမအိပ်သေးပါ။ ငုတ်တုတ်ထိုင်၍ တစ်စုံတစ်ရာကိုစဉ်းစားနေဟန်ဖြစ်သည်။ ကျွန်တော်ဆက်လျှောက်မည်ပြုတော့ -

"ဆရာထောင်မှူး၊ ခဏကလေး"

"ဩော် - ဟုတ်ကဲ့၊ ကျွန်တော်က ဦးအောင်ထွန်းတရားထိုင်နေတယ်မှတ်လို့ပါ။ ဘာများပြောချင်ပါသလဲ"

"ဆရာ့မှာ ဆေးလိပ်ကလေးများပါသလား။ ကျွန်တော် ဆေးလိပ်ဖွာရင်း စကားပြောချင်လို့ပါ။ ဆရာအချိန်ရသလား"

"ရပါတယ်။ အချိန်လည်းရတယ်၊ ဆေးလိပ်လည်းပါတယ်။ ကျွန်တော်ကလည်း စာရေးဆရာပိုးပါတော့ ဆရာကြီးနဲ့လည်း စကားပြောချင်ပါတယ်"

ကျွန်တော် ဆေးလိပ်မသောက်တတ်သော်လည်း ရုံးခန်းကတပည့်များပေးထားသော ငါးသုံးလုံးစီးကရက်[...] နှင့်မီးခြစ်တို့ တာဝန်မှူးကျသောနေ့[...] ဆောင်ထားလေ့ရှိသည်။ ယခုကဲ့[...] ဆေးလိပ်ငတ်သူများတောင်းပါက [...] ပြုရန် ဖြစ်သည်။ ကျွန်တော် ဆေး[...] ဘူးကိုဖောက်ပြီး သံတိုင်ကြားကကမ်း[...] တော့ သူတစ်လိပ်ယူပြီး ကျွန်တော်[...] ပေးသောမီးခြစ်မှ မီးတောက်ကို [...] ရင်း နှစ်ဖွာ၊ သုံးဖွာခန့် ရှိုက်၍ဖွာသည်[...] ထို့နောက် အားရကျေနပ်ဟန်ဖြင့် -

"ကျေးဇူးတင်လိုက်တာ ဆ[...] ထောင်မှူးရယ်။ ကျွန်တော်က ဆေး[...] ဖွာရင်း၊ လက်ဖက်ရည်ချိုကို ကိုယ်[...] ဖျော်သောက်ရင်း စကားပြောရတာ[...] အလွန်သဘောကျပါတယ်"

"အေးဗျာ၊ နောက်တစ်[...] ကျွန်တော် တာဝန်မှူးကျရင် လက်[...] ရည်ချိုဆိမ့်ကလေးဝယ်လာခဲ့ပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဆ[...] ထောင်မှူးရယ်။ ကျွန်တော်က ဆ[...] ထောင်မှူးကို ကိုယ်တိုင်လက်ဖက်[...] ဖျော်ပြီးတိုက်ချင်တာပါ။ အချိုးအ[...] ကျကျနနနဲ့ လက်ဖက်ရည်ဖျော်နည်း[...] တယ် ဆရာ။ ဆရာမှတ်သွားပါ"

"ဟုတ်ကဲ့ ခင်ဗျား"

"လက်ဖက်ရည်ဖျော်တဲ့ အ[...]



# ထောင်မှူးကြီးသိန်းဝင်း

## ထောင်တွင်း၌ ဆရာကြီးမင်းသိခ်နှင့်တွေ့ဆုံခြင်း

www.burmeseclassic.com

www.burmeseclassic.com

ခြောက်ကိုနှပ်ရင် အကြမ်းလက်ဖက်ခြောက်ကလေးနည်းနည်းရောပြီးနှပ်ရတယ်။ နို့ဆီ၊ သကြား၊ နို့စိမ်းကတော့ ပုံမှန်ထည့်ဖျော်လို့ရပါတယ်။ အဲဒီအထဲကို အချိုမှုန့်ကလေးနည်းနည်းထည့်၊ သမအောင်မွှေပြီးသောက်ရင် အလွန်အရသာရှိတဲ့ လက်ဖက်ရည်ချိုဆိမ့်တစ်ခွက်ကိုရပါတယ်။ ဒါက လျှို့ဝှက်နည်းပါ ဆရာ။ လက်ဖက်ခြောက်အမျိုးအစားကောင်းရင် ကောင်းသလောက်အရသာထူးကဲပါတယ်"

"ဒါနဲ့ဆရာ့အသက်ဘယ်လောက်ရှိပြီလဲ"

"(၃၀) ပါ ခင်ဗျား"

"ကျွန်တော်က(၅၀)ကျော်ပြီ။ ဆရာ့ရဲ့ အင်္ဂါရုပ်ကိုကြည့်ပြီးတော့ အကြမ်းဖောမယ်။ ခဏ ညာလက်ဝါးလေးပြပါဦး။ အင်း - မှန်ပါတယ်။ ဆရာမကြာခင်နယ်ပြောင်းရမယ်။ အဲဒီမှာ ရာထူးတက်မယ်။ ဒီထောင်ကြီးကိုပြန်လာပြီး နောက်စခန်းတစ်ခုကိုထွက်ရမယ်။ ဆရာ့ဇာတာက ထောင်မှူးကြီးအဆင့်အထိပဲပါပြီး အလုပ်ကထွက်လိမ့်မယ်။ အဲဒါတွေဟာ ဒီနေ့ကနေ (၁၀) နှစ်အတွင်းမှာဖြစ်မှာ။ ဆရာ့လက်က အနုပညာသည်လက်မျိုးဖြစ်လို့ ဒီအလုပ်ကထွက်ပေမယ့် ဆင်းရဲပါဘူး။ ပိုတောင်ကောင်းပါတယ်"

"ဘာဖြစ်မလဲ ဆရာကြီး"

"ကျွန်တော်တို့လိုစာရေးဆရာဖြစ်လိမ့်မယ်။ အတွေ့အကြုံ ဗဟုသုတစုံတော့ အောင်မြင်မှာပါ။ ဒါနဲ့ ကျွန်တော့်စာတွေဖတ်ဖူးသလား"

"ဖတ်ဖူးတာပေါ့ ဆရာကြီးရယ်၊ ဆရာကြီးရဲ့ အစပိုင်းမဂ္ဂဇင်းဝတ္ထုတိုကလေးတွေကအစ ဖတ်ဖူးတယ်။ ဆရာကြီးရဲ့လက်ရာက ကလောင်ဟောင်းကြီးတစ်ယောက်လို အရေးအသားပိုင်တယ်။ ကျွန်တော် အဲဒီကတည်းက ဆရာကြီးကို စိတ်ဝင်စားခဲ့တာပါ"

"အေးဗျာ၊ စာရေးဆရာကောင်းတစ်ဦးဖြစ်လာဖို့ မလွယ်ကူလှပါဘူး။ ဘယ်လောက်ပဲ အရေးအသားကောင်းကောင်း ကလောင်သစ်တစ်ယောက်ဟာ ချက်ချင်းနာမည်မကြီးနိုင်ဘူး။ အချိန်ယူပြီးကြိုးစားရတယ်"

"ဒါနဲ့ ဆရာကြီးစာတွေအထဲမှာ ဗဟုသုတအတော်စုံပါတယ်။ ဆရာကြီး အစိုးရဝန်ထမ်းလည်းလုပ်ခဲ့ဖူးတယ်ထင်တယ်။ နိုင်ငံခြားဘာသာစကားတွေလည်း တတ်ကျွမ်းပြီး ဘယ်နိုင်ငံတွေ ရောက်ခဲ့ဖူးပါသလဲ"

"ဟုတ်တယ် ဆရာထောင်မှူး။ ကျွန်တော်စစ်တပ်ထဲလည်းဝင်ဖူးတယ်။ ရဲလည်းလုပ်ဖူးတယ်။ မြန်မာပြည်တွင်းမြို့ရွာတွေအနှံ့ရောက်ဖူးတယ်။ နိုင်ငံခြားတိုင်းပြည်ဆိုတာကတော့ အိန္ဒိယလောက်ပါပဲ။ အင်္ဂလိပ်စာအရေးအသားနဲ့ စကားပြောရပေမယ့် တရုတ်စာ၊ ကုလားစာတော့မတတ်ပါဘူး။ စကားပြောတော့ရပါတယ်"

"ဆရာကြီးစာအရေးအသားထဲမှာ အင်္ဂလိပ်ခေတ်ကိုနောက်ခံထားပြီး ပီပြင်အောင်ရေးနိုင်တယ်။ အဲဒါဘာကြောင့်လဲ"

"ကျွန်တော်က အင်္ဂလိပ်နှောင်းခေတ်ကိုမီတယ်ဆိုရုံပါပဲ။ အဲဒီတုန်းက ကလေးဘဝပေါ့ဗျာ။ ဘယ်ပီပီပြင်ပြင်ရှိမလဲ။ ရှေးလူကြီးတွေဆိုစကားနဲ့ စာဖတ်တဲ့ အတွေ့အကြုံတွေကို ကိုယ်ထမ်းဆောင်ခဲ့ဖူးတဲ့အလုပ်တာဝန်နဲ့ ဆက်စပ်ပြီးရေးခဲ့တာပါ"

"ဟုတ်ကဲ့ပါ၊ ဒါကြောင့်လည်း ဆရာကြီးက အတွေ့အကြုံနဲ့သင်ခန်းစာတွေ ပေးနိုင်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးစာတွေဖတ်ပြီး အားတက်ရပါတယ်"

"အေးဗျာ၊ အခုလိုကြားရတာ ဝမ်းမြောက်မိပါတယ်။ ကျွန်တော်လည်း မကြာခင် လွတ်တော့မှာပါ။ ဒါက ကျွန်တော့် ယုံကြည်ချက်ပါ။ ဆရာထောင်မှူးလည်းမှတ်စွဲထားပါ။ အလုပ်တစ်ခုလုပ်ရာမှာ မိမိကိုယ်မိမိ ယုံကြည်ချက်ရှိရင် တစ်ဝက်အောင်မြင်တယ်။ ကံဆိုတာက အလုပ်ပဲ။ အောင်မြင်မှုရဖို့အတွက် တစ်ဝက်ကကံ တစ်ဝက်က မိမိကြိုးစားမှုအလုပ်ပါပဲ။ 'ကံကိုယုံလို့ ဆုးပုံမနင်းရ' ဆိုတဲ့ ရှေးစကားပုံလည်းရှိတယ်မဟုတ်လား။ တစ်ဖက်က ပြန်တွေးရင်လည်း 'ကံမရှိဉာဏ်ရှိတိုင်းမွဲ' ဆိုတဲ့ စကားပုံကလည်းရှိသေးသဗျ။ အသိ၊ သတိနဲ့ ဆင်ခြင်တုံတရားကိုတော့ သတိထားရမယ်"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် ဆရာကြီး"

❑

ထိုစဉ်တွင် တာဝန်ကြပ် တပ်ကြပ်ကြီးက ကျွန်တော့်ကို လာခေါ်သည်။ အချိန်က ညဉ့်သန်းခေါင် (၁၂) နာရီပင် ထိုးတော့မည်။ ကျွန်တော်နှင့် ဆရာကြီး မင်းသိခ်တို့ စကားပြောကြသည်မှာ (၂) နာရီခန့်ကြာသွားပေပြီ။

"ဘာအကြောင်းထူးလို့လဲ ဦးလေးမောင်"

"အမျိုးသမီးဆောင်က ဆေးမှူးခေါ်နေတယ်။ ဆရာပါလိုက်မှဖြစ်မှာပါ"

"အင်း - ဗိုက်အောင့်ကြပြန်ပြီထင်တယ်။ ဆေးမှူးမောင်မြအလှည့်ကော ဟုတ်ရဲ့လား"

"ဟုတ်ပ့ါ ဆရာရယ်"

"ကဲ - ဆရာကြီး၊ ကျွန်တော်ပြန်ပါဦးမယ်။ နောက်အပတ်မှတွေ့ကြတာပေါ့။ ကျွန်တော်လက်ဖက်ရည်ချိုဆိမ့်ဆွဲခဲ့မယ်"

"ကျေးဇူးတင်ပါတယ် ဆရာထောင်မှူးရယ်"

ကျွန်တော် ကြိုးတိုက်အတွင်းမှ မိန်းဂျေးသို့ပြန်လာရင်းတွေးနေမိသည်။ ကျွန်တော့်အား ဘိုးတော်တင်ဦးပြောထားသည်နှင့် ဆရာကြီးမင်းသိခ်အပြောက တထပ်တည်းကျနေသည်။ တာဝန်ကြပ်လာခေါ်သဖြင့် ဆရာကြီးမင်းသိခ် ဦးခံ၍ရွက်နေသောဂါထာကို မမေးဖြစ်ခဲ့ပါ။ နောက်အပတ်မှမေးမည်ဟု တေးထားလိုက်သည်။

ကျွန်တော်တို့အဖွဲ့ အမျိုးသမီးအချုပ်ဆောင်အတွင်းသို့ရောက်တော့ ကျွန်တော်ထင်သည့်အတိုင်း ပြည့်တန်ဆာအမှုဖြင့်အဖမ်းခံထားရသော အမျိုးသမီးတစ်ဦး ဗိုက်အောင့်နေခြင်းဖြစ်၏။ ထုံးစံအတိုင်း ဆေးမှူး မောင်မြက ဗိုက်ကိုလှန်၍ ဆေးလူးပေးရုံဖြင့် ငြိမ်သွားသည်။ ကျွန်တော်တို့ မိန်းဂျေးသို့ပြန်ခဲ့ကြသည်။ လမ်း၌ ကျွန်တော်က -

"မောင်မြ၊ ဘာဆေးလူးပေးတာလဲ"

"ပရုတ်ဆီ"

"ကောင်းကွာ၊ မင်းဆေးကတယ်စွမ်းပါလား"

"ဟဲဟဲ - ဆရာကလည်း အဲဒီကောင်မကလေးတွေက ပုရိသယောက်ျားနဲ့ဝေးနေရင်မနေနိုင်ကြဘူး။ ကျွန်တော်က 'အနာသိဆေးရှိ' ဆိုသလို အထာသိတယ်"

ဟုတ်ဟန်တူပါသည်။ အမျိုးသမီးနှင့် အမျိုးသားများ သီးသန့်ထားပါက ထိုကဲ့သို့ပြဿနာမျိုးဖြစ်တတ်ကြောင်း ဆရာဝန်တင်ရွှေ၏ စာအုပ်များတွင် ကျွန်တော် ဖတ်ဖူးသည်။ စိတ်ရောဂါတစ်မျိုးလည်းဖြစ်နိုင်ပါသည်။

ယောက်ျားများ၏အဆောင်တွင်လည်းဖြစ်တတ်သည်။ တိုနာဟုခေါ်သောရောဂါဖြစ်သည်။ အေးလွန်းသော မိုးရာသီနှင့်ဆောင်းရာသီတွင်အဖြစ်များသည်။

မှတ်ချက် - ဤနေရာကစ၍ မရိုသေ့စကားရေးသားရတော့မည်ဖြစ်သောကြောင့် စာဖတ်ပရိသတ်ကြီး နားနှင့်မနာဖဝါးနှင့်နာကြပါရန် တောင်းပန်အပ်ပါသည်။

တိုနာဟူသည်မှာ အေးလွန်းသောကြောင့် ယောကျ်ားတန်ဆာတိုဝင်သွားပြီး ဗိုက်အလွန်အောင့်တတ်သည်။ ဆေးမှူးနှင့်ဆရာဝန်များမကူနိုင်ကြပါ။ အချိန်ကြာမြင့်သွားပါက သေတတ်သည်ဟုအဆိုရှိသည်။ ထိုရောဂါကိုကုသရန် ရှေ့မီနောက်မီ ဆရာကြီး(တပ်ကြပ်ကြီး)များကသိသည်။ တာဝန်ကျစဉ် ကြုံတွေ့ဖူးသဖြင့် ကျွန်တော်ကိုယ်တိုင်လည်းမြင်ဖူးသည်။ ထိုသို့ ရောဂါဖြစ်လျှင် ထောင်အတွင်း၌သုံးသောဆေးပြီးတိုမှာ အလွန်လည်းအစွမ်းထက်သည်။ ဆေးမြစ်ဟူ၍နာမည်ပေးထားသည်။ အမှန်တော့ အမျိုးသမီးများ၏ ဆံးခုံအမွေးဖြစ်သည်။ ထိုသည်ကို အသက်ကြီးသော တာဝန်ကြပ်ဆရာကြီးများက အမျိုးသမီးဆောင် တာဝန်ကြပ်ဆရာမကြီးများထံသို့ အကျဉ်းသားအချုပ်သား တိုနာဖြစ်နေ၍ ဆေးမြစ်ပေးပါရန် သွားတောင်းရသည်။

တာဝန်ကြပ်ဆရာမကြီးများက လည်း ပေးချင်သူထံမှနေတောင်းယူ၍ သတင်းစာစက္ကူဖြင့်ထုပ်ပေး၏။ ထိုသည်ကိုမီးရှို့၍ရှူလျှင် ထိုရောဂါ ချက်ချင်းသက်သာ ပျောက်ကင်းသည်။ ဖိုခါတ်မခါတ်သဘောပင်ဖြစ်ပါလိမ့်မည်။

❑

ဆရာကြီးမင်းသိခ် ဟောသည့်အတိုင်း ကျွန်တော် မကြာမီ ကော့သောင်းဆီအုန်းစခန်းသို့ ပြောင်းရွှေ့ရသည်။ ထိုတွင် ကျွန်တော် တာဝန်ထမ်းဆောင်စဉ် ၁၉၈၅ ခုနှစ်၌ ထောင်မှူးကြီးရာထူးသို့ တိုးမြှင့်ခန့်ထားခံရသည်။ ကျွန်တော် ၁၉၈၆ ခုနှစ်၌ အင်းစိန်ဗဟို အကျဉ်းထောင်သို့ ပြန်လည်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြန်သည်။

ဆရာကြီးမင်းသိခ် လွတ်မြောက်သွားပြီ ဖြစ်သည်။ အကျဉ်းထောင်၌ ဆရာကြီး၏တပည့်၊ တပည့်မများဖြစ်ကြသော အောင်ခိုင်နှင့်ပိုလေး၊ ချိုလေးတို့ညီအစ်မ အပြင် တပ်သားခင်ဇော်တို့ရှိနေကြ၏။ သူတို့က အင်းစိန် ကမ်းနားရပ်ကွက် ထနီးလမ်းတွင်နေကြသည်။ တစ်နေ့တွင် စကားစပ်မိ၍ဆုံကြရင်း တပ်သား ခင်ဇော်က ကျွန်တော့်အား -

"ဆရာ၊ ဦးကြီးက ဆရာ့ကိုတွေ့ချင်တယ်လို့ပြောနေပါတယ်။ ကျွန်တော် အားရက်မှာလိုက်ပို့ပေးမယ်"

"အခု ဆရာကြီးက ဘယ်မှာနေတာလဲကွ"

"သုဝဏ္ဏမြို့သစ် မာကျူရီလမ်းမှာပါ ဆရာ"

"အေးအေး - ပိတ်ရက်တွေ့ကြတာပေါ့။ ဆရာကြီး ငါ့ကိုဟောထားတာတွေမှန်တယ်ကွ။ ငါလည်းတွေ့ချင်ပါတယ်"

သို့နှင့် ပိတ်ရက်တစ်ရက်တွင် တပ်သားခင်ဇော်ဦးဆောင်ပြီး ကျွန်တော်တို့ဇနီးမောင်နှံသွားကြသည်။ မာကျူရီလမ်းရှိ ဆရာကြီး၏ နှစ်ထပ်တိုက်ခန်းလေးမှာ သစ်လွင်နေသည်။ တိုက်ခန်းကလေး၏ အရှေ့မျက်နှာစာ၌ ဗုဒ္ဓ၏ဒုက္ကရစရိယကျင့်ကြံနေပုံ... အပြိုင်းပြိုင်းဖြင့် ရုပ်တုတော်... အသက်ဝင်ပြီး သပ္ပာယ်လှသည်။ ... အိမ်၏အောက်ထပ်တွင် ပေဒင်... ယတြာချေလို့... စည်ကားနေသည်။

ဆံရှည်မုတ်ဆိတ်ကျင်စွယ်အ... အထက်အောက် ဝတ်ဖြူစင်ကြယ်...



www.burmeseclassic.com

www.burmeseclassic.com

# သင့်ဒူးနာနေသလား စိတ်ဓာတ်မကျနဲ့၊ ဆေးရှိတယ်

ကျွန်တော်တို့မြို့လေးဟာ ဇာဒံပင်လေးများနဲ့ သာယာလှပနေပါတယ်။ ကလေး၊ လူကြီးများဟာ ဇာဒံသီးကို အလွန်နှစ်သက်ကြပါတယ်။ ဇာဒံစေ့ဟာ သစ်ကြားစေ့လို ဆိမ့်ပြီး အရသာရှိပါတယ်။ တချို့ ကိတ်မုန့်ဖိုတွေမှာ သစ်ကြားစေ့အစား ဇာဒံစေ့ကိုသုံးနေကြပါတယ်။ ဇာဒံစေ့ဟာ အပင်အပေါက်မြန်ပြီး အရွက်များဖားဖားရားရားရှိပါတယ်။ အကိုင်းအခက်များဟာ အလွန်ဆတ်ပါတယ်။ ဒါပေမယ့် ဇာဒံပင်အရိပ်ဟာ နွေကာလအတွက် လူတို့ရဲ့ခိုနားရာ ဖြစ်နေပါတယ်။ အေးမြမှုကိုပေးနေပါတယ်။

ဇာဒံသီးနဲ့ ဇာဒံရိပ်ဟာ လူတွေအတွက် အသုံးဝင်ကြောင်းကိုသိကြပေမယ့် ဇာဒံရွက်အသုံးဝင်ပုံကို လူတွေက မသိကြပါဘူး။ လွန်ခဲ့တဲ့ (၁၅) ရက်လောက်က ကျွန်တော့်သူငယ်ချင်းဖြစ်သူ ဘာဘီနဲ့ မင်္ဂလာဆောင်တစ်ခုမှာ တွေ့မိကြပါတယ်။ သူက မွတ်စလင်ပါ။

"ဟင် - နင့်ဒူးဟာ ကောင်းသွားပြီလား။ ငါကမကောင်းတော့ဘူးထင်နေတာ ထိုင်ရခက်ထရခက်နေတဲ့ နင့်ဘဝဟာ ဘာဆေးနဲ့ကုကုမရတော့လို့ ဒီရောဂါနဲ့သေမှာပဲလို့ ငါတွက်ထားတာ။ အခုတော့များ ကောင်းနေလိုက်တာ ဘာဆေးနဲ့ကုခဲ့သလဲ ငါ့ကိုပြောပြစမ်းပါ"

ဟု မေးလိုက်ပါသည်။

"ဘယ်ဆရာနဲ့ကုကု မပျောက်တော့လို့ ငါလည်း စိတ်ဓာတ်တွေကျပြီး စိတ်ဆင်းရဲနေတာပေါ့ သူငယ်ချင်းရာ။ တစ်ရက်မှာ ပဟာရီးရပ်က ဒေါ်အရှာဘီဟာ တစ်နေ့မှာ အိမ်ကိုရောက်လာပါတယ်။ ငါ့ကိုမြင်သွားတော့ ဒေါ်အရှာဘီဟာ တော်တော်စိတ်မကောင်းဖြစ်သွားပုံရတယ်။

'ဒီမှာသမီး၊ ဒူးနာတဲ့ကိစ္စ ထိုင်မရထမရတဲ့ကိစ္စအတွက် ဘာမှအားမငယ်နဲ့ အန်တီဆေးပြောမယ်။ သမီးနားထောင်ပြီး သေသေချာချာလုပ်ရမယ်နော်။ ဇာဒံရွက်ကိုသိလား"

"သိပါတယ် အန်တီ"

"သိရင် ဇာဒံရွက်အစိမ်းကို ကောက်ပြီး မီးကင်ပါ။ ညှိုးလာတဲ့အခါ အရွက်ကျောဘက်နဲ့ ဒူးခေါင်းကို ပတ်လိုက်ပါ။ ဒူးခေါင်းလုံအောင် (၁) ရွက်ဖြစ်ချင်ဖြစ်မယ်။ (၂) ရွက်ဖြစ်ချင်ဖြစ်မယ် နောက်ပြီး အဝတ်နဲ့ပတ်တီးစည်းလိုက်ပါ။ ညအိပ်ခါနီးမှာလုပ်ပြီး အိပ်ပါ။ (၁၅) ရက်လောက်လုပ်လိုက်ရင် သိသာလာပါလိမ့်မယ်။ စိတ်တော့ရှည်ရမယ်နော်။ အန်တီ ဒူးနာဖြစ်ခဲ့တာ နှစ်ပေါင်းများစွာကြာခဲ့တယ်။ အခုပြောတဲ့ ဇာဒံရွက်နဲ့ကျမှ တစ်ခါတည်းပျောက်သွားတော့တာပဲ။ ဒါကြောင့် ဒီဇာဒံရွက်နဲ့ အမြန်ဆုံးကုပါ' တဲ့။

ငါဟာ ဒေါ်အရှာဘီပေးသွားတဲ့ (ဆေးနည်း) ဇာဒံရွက် နဲ့ကုလိုက်တာ တဖြည်းဖြည်းသက်သာလာပြီး တစ်လကြာတော့ ယူပစ်သလို ပျောက်သွားခဲ့တယ်။ အခု အကောင်းပကတိဖြစ်သွားပြီ"

ဒါကြောင့် ဒီနေ့ခေတ်မှာ ရောဂါတစ်ခုလိုဖြစ်နေတဲ့ ထိုင်မရထမရဖြစ်နေကြတဲ့ ဒူးနာအတွက် စိတ်ဓာတ်မကျကြပါနဲ့။ ဇာဒံရွက်ရှိနေကြောင်းကို စာရေးသူမှတစ်ဆင့် တင်ပြလိုက်ပါတယ်။

ဗန်းမော်ညိုသူ

---

ဦးက ပရိသတ်အား လက်ခံပြီး ပြောနေသည်။ ဘယ်သူက ဆရာ ခင်းသိန်းမှန်းပင် မသိနိုင်ပါ။

ခင်ဇော်က -

"ဆရာ၊ အောက်ကပုဂ္ဂိုလ်တွေက တပည့်တွေပါ။ ဦးကြီးအတိုင်း ဆင်တူဝတ်ထားကြတယ်။ ဦးကြီး အပေါ်ထပ်မှာ။ အောက်ကလက်ခံ ပေးသမျှကို ဟောပေးရတာပါ။ ဆရာ၊ အပေါ်ထပ်တက်ကြမယ်"

အပေါ်ထပ်ရောက်တော့ ဆရာ ဗေဒင်ဟောသည့်ထိုင်ခုံပုလေး ပြီး စာရေးနေသည်။

"ဟော- ဆရာထောင်မှူးကြီးတို့ လာကြပြီပဲ"

ထိုစဉ်က ကျွန်တော် အရပ်ဝတ် သည်။ ကျွန်တော့်အား ဆရာ မှူးကြီးဟုခေါ်သည်က ထူးဆန်း

"ထိုင်ကြပါ ဆရာတို့၊ ကျွန်တော် တာ မှန်တယ် မဟုတ်လား။ ဇာတာခွင်ကို ပြန်စစ်ဆေးရင် ကျွန်တော်ပြောခဲ့တဲ့ လက်ဖက်ရည်ချိုဆိမ့်ဖျော်နည်းနဲ့ ဧည့်ခံပါ့မယ်"

ဆရာကြီးကိုယ်တိုင် လက်ဖက်ရည်ဖျော်ပြီး ကျွန်တော်တို့ကို ဧည့်ခံသည်။ ပြီးနောက် ကျွန်တော့်ဇာတာခွင်အားစစ်ဆေးပြီး -

"ကျွန်တော် ဆရာ့ကိုထောင်ထဲမှာ ဟောခဲ့တဲ့အတိုင်းပါပဲ။ အခု ဆရာ ထောင်မှူးကြီးဖြစ်ပြီမဟုတ်လား။ ၁၉၉၁ ခုနှစ်ထဲမှာ ဆရာ စခန်းအုပ်ကြီးကို ပြန်ထွက်ရဦးမယ်။ အဲဒီမှာ အသက်အန္တရာယ်ရှိတယ်။ ဆရာအလုပ်ကထွက်ဖြစ်လိမ့်မယ်။ အလုပ်ကထွက်ရင် အေးအေးချမ်းချမ်း မိသားစုနဲ့ တစ်သက်လုံးအတူနေရပြီး ကောင်းစားမှာပါ။ အမွေရကိန်းရှိတယ်။ ကျန်းမာရေးလည်း ကောင်းပါတယ်"

"အင်း - ကျွန်တော်ပြောခဲ့သလို အတွေ့အကြုံ ဗဟုသုတစုံတဲ့ ဆရာဟာ စာရေးဆရာတစ်ယောက်ဖြစ်လာလိမ့်မယ်။ စာရေးဆရာဆိုတာက ဝါသနာအလျောက် စာရေးကြတာ၊ ချမ်းသာအောင်လုပ်တဲ့လိုင်းတော့ မဟုတ်ဘူး။ နာမည်အတော်ပေါက်မှ ဝင်ငွေကောင်းတာ။ ကျွန်တော်တုန်းကလည်း ဒီကတူတော်မောင် ခင်ဇော်တို့အိမ် အင်းစိန်ကမ်းနား ထနီးလမ်းအိမ်မှာအထိုင်ချပြီး ရေးရတာ။ နာမည်ကလေးရလာပေမယ့် မအောင်မြင်ဘူး။ မနုစာရီလုံးချင်းဝတ္ထုထုတ်တုန်းက ရောင်းမကောင်းလို့ ကုလားကို စက္ကူဈေးနဲ့အပုံလိုက်ထိုးရောင်းလိုက်ရတယ်။ နောက်စာအုပ်တွေမှ အောင်မြင်လို့ မနုစာရီနာမည်ကြီးပြီး ပြန်ထုတ်ရတာ။ ကျွန်တော် ဆရာ့ကို ထောင်ထဲမှာပြောခဲ့သလိုပဲ အောင်မြင်မှုရအောင် ကံကိုသာ အားမကိုးဘဲ ဉာဏ်တစ်ဝက်ပါယှဉ်ပြီး အားထုတ်ရတာ၊ အလျင်ကလေးရလာတော့လည်း ရေးချင်တာရေး၊ ပရိသတ်ကလက်ခံတာပါ။ စာဖတ်ပရိသတ်ကိုတော့ မစော်ကားနဲ့။ ကျေးဇူးရှင်လို့မှတ်ပါ။ ပြီးတော့လည်း ပြီးတာပါပဲလေ"

"ဟုတ်ပါ့ဆရာကြီးရယ်၊ ကျေးဇူးတင်ပါတယ်"

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

တစ်ခါက နိုင်ငံတကာရေးရာ ဂျာနယ်တွင် နာဇီ ဟစ်တလာပိုင် ပေါင် ငွေ သန်း (၅၀) တန်ဖိုးရှိ ရွှေချောင်းများ နှင့် စိန်တုံးများ (ရွှေချောင်း ၁၀၀ နှင့် များလှစွာသောစိန်တုံးများ) လျှို့ဝှက် သိမ်းဆည်းရာနေရာကိုတွေ့ပြီ ဟူသော သတင်းဖတ်လိုက်ရပါသည်။

ကမ္ဘာအနှံ့အပြားတွင် သောသိုက်များ၊ တကယ်တူးလှ ရသော ရတနာသိုက်များ အ သည်။ တချို့လည်း တူး၍ရ တချို့ ရတနာသိုက်များမှာ ဒုက္ခအမျိုးမျိုးရောက်သွားကြ



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ လေ့လာ သိရှိရသော သိုက်မှာ မြန်အောင်မြို့နယ် ထူအင်းမ အင်းကျင်တွင်ရှိသောသိုက်ဖြစ်ပါသည်။

ထူအင်းမတွင် သိုက်ရှိသည်ဟု ပါးစပ်ရာဇဝင်များမှ ကြားဖူးနေပါသည်။ နွေရာသီရောက်လာလျှင် အင်းမကြီး ခန်းစစ်ချိန်၌ အင်းထဲတွင် သင်္ဘောခေါင်း တိုင်ကြီးပေါ်လာတတ်၏။ ထိုသင်္ဘော ခေါင်းတိုင်ကြီးကပင် သိုက်နှင့် ဆက်စပ် နေသလားထင်ရသည်။

ပုဂံခေတ်က အနဝရထာမင်းစည်သူ မင်းကြီးဝင်ခဲ့သော ဧရာဝတီမြစ်ခွဲဖြစ် သည့် ကြေးလောင်းချောင်းအစသည် ယနေ့ မြန်အောင်မြို့ မြောက်ဘက်နား ခုနှမ်း မြစ်ကျိုးကျေးရွာအုပ်စုတစ်ဝိုက်) ဖြစ်နိုင်ပြီး မြန်အောင်မြို့ အနောက် ဘက် (၄)မိုင်ခန့်မှနေ၍ တောင်ဘက်သို့ စီးဆင်းသွားကာ ထူအင်းမဖြစ်လာမည့် ဒေသမှတစ်ဆင့် တောင်ဘက်သို့ဆက် လက် စီးဆင်းသွားပြီး အနောက်ချောင်း (ခေါ်) ဝဇန်မြစ် (ပုသိမ်မြစ်) နှင့် ပေါင်း သွားသည်ဟု သိရသည်။

ထူအင်းမမြောက်ဘက်နှင့်တောင် ဘက်တို့တွင် ရေကြောင်းရေပြင်များ မတွေ့ရတော့ဘဲ ထူအင်းမကမူ အဘယ် ကြောင့်ရှိနေပါသနည်းဟု မေးရန်ရှိပါ သည်။ ထူအင်းမသည် ရေနံတောင်၊ သမင်တောင်၊ မျှင်ဝါးတောင် စသော အနောက်ရိုးမ တောင်ကုန်းတောင်ဆွယ် များမှ စီးဆင်းလာသောရေများကြောင့် ရေကန်ကြီး (ရေအိုင်ကြီး) အဖြစ် ကြွင်း ကျန်ခဲ့ခြင်း ဖြစ်၏။

ယင်းသို့စီးဆင်းလာသော စိမ့်စမ်း ရေများမှာ ထူးအင်းမတစ်ဝိုက်ရှိ စမ်း ရွှေညောင်ပင်၊ စမ်းဗောဓိ၊ တံတားကွင်း၊ ဂုန်ကလာချောင် စသောကျေးရွာများ တွင် ရေတံခွန်များ၊ ဆယ်နှစ်ရာသီ သဘာဝရေထွက်များ၊ ရေတွင်းများ အဖြစ် ယနေ့တိုင်ရှိနေပါသေးသည်။

မြန်အောင်မြို့တောင်ဘက် (၁၆) မိုင်ခန့် ဝေးသောနေရာတွင် ထူကန် တော် (သို့) ထူအင်းမရေပြင်ကျယ်ကြီး ရှိသည်။ ယနေ့ မြန်အောင်မြို့နယ် ထူကျေးရွာအုပ်စုဖြစ်သော စိန်ကုန်း၊ ညောင်ကုန်း၊ ဘွက်ကုန်း၊ ဇီးကုန်း၊

# (မြန်အောင်) စိုးလင်းအောင်

## ကျောက်ဆင်သိုက်လော၊ ညီမချည်တိုင်သိုက်လော





www.burmeseclassic.com

www.burmeseclassic.com

ခေါင်းထိုးပေါက်၊ မြောက်ကျားသေ၊ တောင်ကျားသေ၊ ကြခတ်တန်း၊ ဝွေတောက်ကုန်း၊ ဖန်ခါးကုန်း၊ ဘွက်ရိုး၊ ကျွန်းကုန်း၊ ရွာသစ်ကုန်း၊ ဂျမ်းကုန်း၊ မင်းကုန်း၊ အလယ်စု၊ မကျီးကုန်း၊ ကွမ်းခြံကုန်း၊ ကြို့ကုန်း စသောကျေးရွာများ အင်းပတ်လည်တွင်ရှိသည်။

ထူးကျေးရွာအုပ်စုသည် ရထားလမ်း၊ ကားလမ်းဆုံရာဒေသတွင်ရှိသည်။ ထူးအင်းမသည် ရှေးက သဉ္ဇာလီမြစ်မှ ကြွင်းကျန်ခဲ့ခြင်းဖြစ်သည်ဟု ဒေသခံလူတို့က သိုက်စာတစ်ခုကို အထောက်အထားပြု၍ ယုံကြည်ထားကြသည်။ သဉ္ဇာလီမြစ်သည် ကြေးလောင်းချောင်းဖြစ်သည်ဟု ပြောဆိုကြသည်။

ထိုသဉ္ဇာလီသိုက်စာအရ ဘုရားကိုးဆူ၊ ဂူကိုးဂူ၊ ငူကိုးငူ၊ ကုန်းကိုးကုန်း၊ ကျွန်းကိုးကျွန်း၊ အင်းကိုးအင်း၊ ကန်ကိုးကန်၊ ချောင်းကိုးချောင်း၊ ကွင်းကိုးကွင်းဟူ၍ ကိုးနဝင်းကျေ ပိုင်းရံလျက်ရှိသောကြောင့် ထူးအင်းမကို နဝင်္ဂတပင်လယ်တိမ်ဟု ခေါ်ကြောင်းလည်း မှတ်သားထားကြသည်။

ဤသိုက်စာတွင် သဉ္ဇာလီမြစ်ပေါင်းကမ်း၌ ဘုရားကြီးတစ်ဆူ၊ ဓမ္မပါရဂူ တစ်ပါးထင်ရှားပေါ်လိမ့်မည်ဟုပါရှိရာ ထိုဘုရားကြီးကျောင်းတိုက်တည်ရာတွင် ရှေးဘုရားစေတီတော်ကြီးရှိခဲ့ခြင်း၊ အင်းပင်ကျေးရွာအုပ်စု၊ ဂန့်ကလာချောင်း (ထူးအင်းဒေသ)၌ဖွားမြင်ကာ ထူးအလယ်ကျွန်း၌ သီတင်းသုံးခဲ့သော ဆရာတော်ဦးပဏ္ဍိတသည် ဝေဠုဝန်နိကာယဂဏ သမုဒ္ဒပဏဝေဠုဝန်သာသနာပိုင်ဆရာတော်ကြီးဖြစ်ခဲ့ခြင်းကြောင့် သဉ္ဇာလီသိုက်စာကို ပို၍ယုံကြည်ကြ၏။ (သို့သော် ထိုသဉ္ဇာလီသိုက်စာသည် မီးထဲပါသွားပြီဟုသိရသည်။)

မြန်အောင်၊ ရွှေကျင်၊ သပြေကုန်း ရေကာတာကြီးကို မြန်မာနှစ် ၁၂၄၄ ခုတွင် ဖို့လိုက်သောကြောင့် ထူးအင်းမသည်လည်း နှစ်ပေါင်းကြာရှည်ခဲ့ပါပြီ။

ထူးအင်းမထဲမှာ သင်္ဘောခေါင်းတိုင်မှာ ဂျွန်ဦးစောလျှံခဲ့သော သင်္ဘောဖြစ်သည်။ ထူးအင်းထဲတွင် ဒိုက်တွေပြည့်ညပ်နေသည်။ အနီးအနားကျေးရွာများမှ ရွာသားများစုပေါင်း၍ သင်္ဘောသွားရာလမ်းကို ဒိုက်တွေခွဲကြရ၏။ ဒိုက်တွေကို ရွာတွေဘက်ကပ်ခဲ့ကြ၏။ နှစ်ကြာသော် ယခုဥယျာဉ်ခြံတွေဖြစ်သွားသည်။ နောက်ပိုင်းတွင် ဒိုက်တွေညပ်၍သင်္ဘောနစ်မြုပ်သွားသည်။ သင်္ဘောခေါင်းတိုင်နှင့် သိုက်နှင့် မသက်ဆိုင်ပါ။

တစ်ချိန်တစ်ခါက ထူးအင်းစပ်တွင် ကျောက်ဆင်ကြီးတစ်ကောင်ရှိ၏။ ထိုကျောက်ဆင်ကြီးနှင့် မနီးမဝေးကမ်းစပ်တွင် ဆင်းရဲနွမ်းပါးသော၊ လင်မယားနှစ်ယောက်ရှိသည်။ တဲကုပ်ကလေးနှင့်နေသောကြောင့် အနီးအနားကျေးရွာများက အိမ်ကြီးရှင်ဟု ရွဲ့၍ခေါ်ကြသည်။

ယောကျ်ားဖြစ်သူက အင်းထဲတွင် ငါးရှာသည်။ အထူးသဖြင့် ကျောက်ဆင်ကြီးပေါ် တက်ထိုင်၍ ငါးများလေ့ရှိ၏။ ယောကျ်ားရှာဖွေရသော ငါးများကို ဇနီးဖြစ်သူက နီးစပ်ရာကျေးရွာများသို့ ငါးရောင်းထွက်ရသည်။ ဤကား သူတို့၏နေ့စဉ်အလုပ်ဖြစ်သည်။

တစ်နေ့ ညနေတွင် သိုက်စာအရ သိုက်ဆရာတစ်ဦးနှင့် ဘုန်းကြီးတစ်ပါး ကြွလာသည်။

"အိမ်ကြီးရှင်တို့အိမ်ဘယ်မှာလဲ"

ဟု မေး၏။

ရွာသားတို့က အိမ်ကြီးရှင်တို့အိမ်ဆိုတာ တကယ်မရှိပါ။ သူတို့ဆင်းရဲလွန်းအားကြီးသဖြင့် အိမ်ကြီးရှင်ဟု တမင်သက်သက် ရွဲ့ခေါ်တာပါဟု ဆိုသည်။

"ဘယ်လိုပဲဖြစ်ဖြစ် အိမ်ကြီးရှင်အိမ်ကိုသာပြပါ"

ဆို၍ သူဆင်းရဲလင်မယားတဲသို့ ညွှန်လိုက်ကြသည်။ သိုက်ဆရာနှင့် ဘုန်းတော်ကြီးလည်း ထိုတဲသို့သွားလေသည်။

တဲသို့ရောက်လေသော် အိမ်ကြီးရှင်လင်မယားက ဖွယ်ဖွယ်ရာရာညှေ့မခံနိုင်၍ အားနာသည်။ သိုက်ဆရာနှင့် ဘုန်းတော်ကြီးကလည်း -

အားနာစရာမလိုကြောင်း၊ သူတို့ကိုသာကူညီပါ၊ အောင်မြင်ပါက ချမ်းသာအောင်မ,မည်ဖြစ်ကြောင်းပြောကြားပြီး မနက်မိုးလင်းလျှင် ကျောက်ဆင်ကြီးကိုသာပြဖို့ တွင်တွင်ပြောနေပါသည်။

ကျောက်ဆင်ကြီးကို ချည်မန်းကွင်းစွပ်ပေးပါ။ ချည်မန်းကွင်းစွပ်ပေးလျှင် သင်တို့တစ်သက်စားမကုန်အောင် ချမ်းသာမည်ဟု ပြောသော် အိမ်ကြီးရှင်က -

"ဖြစ်ပါ့မလား၊ ချည်မန်းကွင်းစွပ်ရင် အန္တရာယ်ရှိနိုင်မလား"

ဟု မေးရာ သိုက်ဆရာက -

ဘာမှအန္တရာယ်မရှိကြောင်း၊ အဲဒီဟာ အောင်မြင်လျှင် ဘုရားတည်၊ ကျောင်းဆောက်နိုင်ပြီးချမ်းချမ်းသာသာ နေရမှာဖြစ်ကြောင်းပြောပါသည်။

မနက်မိုးလင်း၍ အိမ်ကြီးရှင်… ကျောက်ဆင်ကြီးကိုပြရာ သိုက်ဆရာနှင့် ဘုန်းတော်ကြီးတို့လည်း သူတို့အ… အောင်မြင်မည်ဖြစ်၍ အားရဝမ်းသာ… ဖြင့် -

"အောင်ပြီ၊ အောင်ပြီ"

ဟု လက်သီးလက်မောင်းတန်း၍ အော်ဟစ်ကြသည်။

နောက်တစ်ချက်ကူညီပြီးရင် အိမ်ကြီးရှင်တို့ ချမ်းသာပြီ ကူညီပါဟု ဆို၍ ကျောက်ဆင်ကြီးပေါ် တက်ကာ ချည်မန်းကွင်းစွပ်ခိုင်းလေ၏။

ချည်မန်းကွင်းကိုင်လာသော အိမ်ကြီးရှင်ကို ကျောက်ဆင်(ရုပ်)ကြီး… ကျောပေါ်သို့ အတက်မခံပေ။ သူ… ကပ်သည်နှင့် ကျောပေါ် တက်မရအော… အငြိမ်မနေဘဲ ဘေးလှည့်နေသည်။

ထိုအခါ အိမ်ကြီးရှင်က -

"ဘယ်လိုလဲကွ၊ ငါလာနေ… ကွာ မင်းကလည်း၊ ငြိမ်ငြိမ်နေ… မင်းကို ငါ ဘာမှမလုပ်ပါဘူး"

ဟု ဆိုမှ ကျောက်ဆင်ကြီးငြိမ်… သည်။ ထို့နောက် ကျောက်ဆင်ပေါ် တက်၍ အသင့်ဝှက်ယူလာသော ချည်မန်းကွင်းကို ကျောက်ဆင်ကြီးဦးခေါင်း… ကို စွပ်လိုက်ရာ ကျောက်ဆင်ကြီး… ကျသွားပါတော့သည်။ ထိုအခါ သိုက်ဆရာမှ ကျောက်ဆင်ပေါ် တက်၍ အိမ်ကြီးရှင်ကို -

"လောင်းလှေယူခဲ့"

ဟု ဆိုပြီး ဆင်ကို ချွန်းနှင့်ဖွင့်… ရာ အင်းပြင်တစ်ခွင်လုံးနှင့်အနီးအနား… ကျေးရွာများမှ ဆင်အော်သံကို … ခမန်းလိလိ ကြားလိုက်ကြရသည်။

ဆင်အော်သံကြောင့် အင်း… ကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွား… ပင် ပြောကြသည်။

သိုက်ဆရာက လောင်းလှေ… ငွေများအန်ချခိုင်းရာ လောင်းလှေ… စင်းအပြည့် ငွေ (မှန်) တွေအန်ချ… သည်။ ဘုန်းတော်ကြီးမှ ကျောက်ဆင်… ကြီး၏ မျက်လုံးနှစ်လုံးကို ထုတ်ယူ… ကြပါသည်။ နောက်ပိုင်းတွင် ကျောက်ဆင်ကြီးလည်း အနောက်ရိုးမ… ဆွယ်ဖြစ်သောထုံးတောင်သို့ … သွားလေတော့သည်။

အိမ်ကြီးရှင်လင်မယားသည်… ကြီးရှင်နာမည်နှင့် လိုက်ညီအောင်… အိမ်ကြီးဆောက်ကာ ချမ်းသာ…



www.burmeseclassic.com

www.burmeseclassic.com

### ပညာကျော်

# ဩဇာအာဏာ လာဘ်များစွာ ရစေနိုင်သော လိပ်ကျောက်စမ အဆောင်ထားကြ

ကျွန်ုပ်တို့ နေထိုင်ကြသော စကြဝဠာကြီးသည် သူရိယနေမင်းကြီး၏အကြောင်းပြုထားသည့် နေစကြဝဠာတွင် နေထိုင်ကြသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် လောကသုံးပါး၌ သတ္တလောကကြီးတွင်ပါဝင်နေထိုင်ကြသူများလည်း ဖြစ်ပါသည်။ သတ္တလောကကြီးထဲတွင် လူသားများ အပါအဝင် သတ္တဝါများစွာတို့သည် မူလအစွမ်းသတ္တိရှိကြသောသတ္တဝါများစွာတို့လည်းရှိပါသည်။

ကုန်းသတ္တဝါတို့တွင် ဥဒေါင်း၊ ငှက်သတ္တဝါတို့ရှိကြသကဲ့သို့ ရေသတ္တဝါများစွာတို့တွင်လည်း လိပ်၊ လိပ်ကျောက်၊ ငါးတို့ စသည့် ရေနေသတ္တဝါတို့ရှိကြပါသည်။ အထူးပြုထားသည့် ကုန်းနေ၊ ရေနေသတ္တဝါတို့သည် သဘာဝနိယာမသဘောတရားအရ အစွမ်းသိဒ္ဓိတို့ကို စာပေနှံ့စပ်သူများ၊ သုတေသီများ၊ ပညာရပ်ဆိုင်ရာအထူးပြုကြသောပညာရှင်များတို့သာသိနိုင်သည့်အကြောင်းများ ဖြစ်ပါသည်။

သမထဓူရ ဝိပဿနာဓူရတို့ကို ပေါက်မြောက်အောင် ကျင့်ကြံတော်မူကြသော ဆရာတော်အရှင်မြတ်တို့နှင့် ဝိဇ္ဇာဓရဂမ္ဘီရပညာကိုအပြီးရောက်အောင် ကျင့်ဆောင်နေကြသော မဟာဂန္ဓာရီကြီးများတို့အနေဖြင့်လည်း လောကကြီး၏ လျှို့ဝှက်မှုများစွာနှင့်ခက်ခဲနက်နဲပြီး သိမ်မွေ့သောအကြောင်းများနှင့် ထားရှိသည့်သဘောထားတို့အရ ပိုင်းခြား၍ သိမြင်နိုင်ကြပါသည်။

ရှေးနှစ်ပေါင်းများစွာက လောကီပညာ (၆၄) ရပ်ဖြင့် ပေါက်မြောက်အောင်မြင်သွားကြသည့်ဆရာသခင်များ၏ ပညာနယ်ပယ်မှ ဂါထာမန္တန်များ၊ အင်းစမများ၊ ခါးလှည့်၊ လက်ဖွဲ့များတို့ကို ချီးမြှောက် စောင့်ရှောက်ထိုက်သော ခုနစ်နေ့သားခုနှစ်နေ့သမီးများအတွက် ပညာအမွေကို မျိုးဆက်ရတနာတစ်ပါးအနေဖြင့် ထားရစ်ခဲ့ကြပါသည်။

ကျွန်ုပ်သည် အလယ်တန်းကျောင်းသားအရွယ်ကစ၍ ဝိဇ္ဇာဓရဂမ္ဘီရပညာကို ထမင်းမေ့ဟင်းမေ့ဖြစ်ခဲ့ရပါသည်။ ရေကြောင်းပညာနယ်မှလှော်လောင်းများ၏ပြိုင်ပွဲများကို အဆင့်ဆင့်ပိုင်းခြားကာ တစ်မုန်း၊ နှစ်မုန်းဖြင့် ပန်းမုန်းတိုင်အောင်ကန့်သတ်ထားသည့်အတိုင်း လူ့ဘဝသက်တမ်းကိုလည်း (၁၀)နှစ်တာကာလကို တစ်မုန်းနှုန်းထားမည်ဆိုလျှင် ကျွန်ုပ်သည် ခုနစ်မုန်းကျော်လာခဲ့ပြီ ဖြစ်ပါသည်။ အောင်ပွဲဝင်ရမည့် ပန်းမုန်းသို့

[ ]သည်။ ဘုရားတွေတည်၏။ ကျောင်းတွေဆောက်၏။ လယ်တွေ၊ ကျွဲတွေဝယ်၍ ချမ်းသာစွာ နေထိုင်ကြရသည်။

သို့သော် လယ်တွေ၊ ကျွဲတွေနှင့် [ ]တန်ပြုလုပ်ကိုင်ကြသော်လည်း သူတို့ထံတွင်ရှိသောငွေက သုံး၍မကုန်အောင် အင်မတန်များပြားစွာရှိသည်။ ထိုခေတ်က ဘဏ်ဆိုတာမရှိသေး၊ ခေတ်ကာလကလည်း မတည်ငြိမ်သေးသောကြောင့် ထိုငွေများကို သိမ်းဆည်းဖို့ရန် ခက်ခဲနေကြ၏။ သူခိုး၊ ဓားပြအပြင် သူပုန်ရန်ကလည်းရှိသည်။ သူတို့က ပစ္စည်းရရုံတင်မဟုတ် စိတ်မထင်လျှင် လူကိုပင် ကြက်ကလေးငှက်ကလေးပမာ အလွယ်တကူသတ်ပစ်တတ်ကြသည်။

ထို့ကြောင့် အင်မတန်ဆိုးသွမ်းလှသည့် သူတို့အိမ်မှ ညီမဆိုသော ကျွဲ၏ချည်တိုင်အောက်တွင် တွင်းတူး၍ မြှုပ်နှံထားလိုက်ကြသည်။ ညီမချည်တိုင်တွင် မြှုပ်နှံထားသောငွေများကို အိမ်ကြီးရှင်တို့မသားမသုံးစွဲလိုက်ရဘဲ သေဆုံးသွားကြပါသည်။

နောက်ပိုင်းတွင် ညီမချည်တိုင်သိုက်တို့ သိုက်ဆရာများ ခဏခဏလာရောက်တူးကြသော်လည်း ဘယ်သူမှ တူးမရကြောင်းသိရသည်။ ထူအင်းမကြီးထဲတွင် ရွှေနဖားတုံး၊ ငွေနဖားတုံးကြီးများရှိကြောင်း၊ သိုက်မိကျောင်းကြီးတစ်ကောင်လည်းရှိပြီး ခေါင်းနှင့် အမြီးမှာ (၂) မိုင်ခန့်ရှိကြောင်း ပြောနေကြသည်။

လှည်းလမ်းကြောင်းမှာ မိကျောင်းကြီး၏ ကုပ်တည့်တည့်ဖြစ်၍ အမြီးဖျားရှိသောနေရာနှင့် အလှမ်းဝေးကွာပါသည်။ တစ်ခါတွင် ရေတွင်းတူးကြရာ မိကျောင်း၏ ခါးလယ်လောက်ကိုတူးမိ၍ အခိုးများထွက်လာသောကြောင့်ရပ်ထားကြရသည်။ ယခုအချိန်အထိ ထူအင်းမတစ်ပတ်လည်ရှိ ကျေးရွာများတွင် သိုက်နန်းမှလာသူများဟုဆိုသူ သိုက်နှင့်မကင်းသူများဟု ပြောဆိုနေကြသည့် မစွမ်းမသန် အ,အ၊ အ,ချည့်များ မြောက်မြားစွာရှိကြပါသည်။

တစ်ခါတစ်ရံ ညအချိန်မတော်တွင် 'မိုးလားဟေ့ လေလားဟေ့' နှင့် ဩသံပေးကာ လှေလှော်တိုင်သံများကို ကြားရတတ်သည်ဟု ပြောကြသည်။

သဥ္စာလီသိုက်စာသည် မီးထဲပါသွားသည်ဟု ဆိုထားသောကြောင့် ထိုသဥ္စာလီသိုက်စာထဲမှ သိုက်သည် တူးခဲ့ပြီးသော ကျောက်ဆင်သိုက်ကိုဆိုသလော၊ အိမ်ကြီးရှင်တို့ မြှုပ်နှံထားခဲ့သော ညီမချည်တိုင်သိုက်ကိုဆိုသလောဆိုတာကို သိရှိသူများက ဆက်လက် သုတေသနပြုနိုင်ရန် တင်ပြလိုက်ပါသည်။

(စာကြွင်း - ဦးသန်းမြင့်က သူတို့အဘိုးအေများကိုယ်တိုင် သဘော်သွားရန် ဒိုက်များခွဲပေးရခြင်း၊ လှေလှော်တိုင်သံများကြားသည်ဟု ပြောကြားခဲ့သဖြင့် ၎င်းသိုက်အကြောင်း အသေးစိပ် ထပ်မံသိလိုပါက ဦးသန်းမြင့် ၀၉-၄၉၂၂၃၂၈၆ ထံ ဖုန်းဆက်၍ သိလိုသမျှ မေးမြန်းနိုင်ပါကြောင်း)

*သမ္မာဆန္ဒပြည့်ဝကြပါစေ*

စိုးလင်းအောင်(မြန်အောင်)

**မှီငြမ်းကိုးကား** -

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှထုတ်ဝေသော 'တိုင်းဧရာမော်ကွန်းမဂ္ဂဇင်း'

ဘွက်ရိုးဇာတိဖြစ်သော ကုန်းတလုံးရွာသား ဦးသန်းမြင့်၏ ပြောပြချက်နှင့် အခြားလေ့လာချက်များ။



www.burmeseclassic.com

www.burmeseclassic.com

ဝင်ရန်နီးလာလေလေ ဝိဇ္ဇာရေဂမ္ဘီရပညာပေါ်မှာ လေ့လာရဖတ်ရမှတ်ရရှာဖွေရသည့်အကြောင်းများစွာကို ပို၍ပို၍အားစိုက်လာမိပါသည်။

ယခု လေ့လာခဲ့ရာတွင် သမိုင်းမတင်နိုင်ခဲ့သော ပညာရှင်တစ်ဦး၏အင်းစမလက်ရေးမူကျမ်းများကို လေ့လာရတော့မှ ကျွန်ုပ်တို့အနေဖြင့် လူ့ဘောင်လောကကြီးကို (ကမ္ဘာ့လူသားများအားလုံး) ကူညီစောင့်ရှောက်ပေးနိုင်သော ပညာရပ်တစ်ခုအနေဖြင့် ဝိဇ္ဇာဓရေဂမ္ဘီရပညာကို ပညာရှင်များ၊ သုတေသီများ၊ ဝါသနာရှင်များတို့ဖြင့် စုပေါင်းကာဖော်ပြခဲ့သောပညာကို စုစည်းသင့်သောအချိန်ကောင်းအခါကောင်းဟု ယူဆမိပါသည်။

ဝိဇ္ဇဓရေဂမ္ဘီရပညာကို ကျွန်ုပ်တို့နိုင်ငံ၊ ကျွန်ုပ်တို့လူမျိုးအားလုံး(တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ) မျိုးဆက်ရတနာတစ်ပါးအနေဖြင့် ကွယ်ပျောက်၊ ပျက်စီးခြင်းမရှိရလေအောင် ထိန်းသိမ်းသင့်သော ပညာရပ်တစ်ခုလည်း ဖြစ်ပါသည်။

ကျွန်ုပ် ယခု တင်ပြမည့် စဓဗဝ လိပ်ကျောက်စမ၏ ဦးခေါင်းပိုင်းတွင် ကြီးလေးကြီးစမ၏ တတိယမြောက်ကြီးစမဖြစ်သော ဏကြီးဗျည်းအက္ခရာကိုခေါင်းတပ်ထားသည့်အတွက် ထူးထူးခြားခြား ဖွဲ့စည်းထားသည့် လိပ်ကျောက်ဗျည်းစမအဖြစ်လေ့လာတွေ့ရှိရပါသည်။

ဗျည်းစမများကို လေ့လာရာတွင် မူလပညာရှင်များဖြစ်သော ဆရာသခင်တို့အနေဖြင့် မြန်မာ့ဝိဇ္ဇာပညာဖြစ်သော နံ့သင့်သင်္ချာဖြင့်ကောက်ယူသည့် သင်္ချာဗေဒ ပုံသဏ္ဌာန်မျိုးစုံကို ဖော်ညွှန်းသည့် ဗိသုကာအတတ်၊ ရုပ်လုံးပေါ်အောင်ဖော်ဆောင်တတ်သည့် သုခုမစာပန်းချီအတတ် စသည်များစွာတို့ဖြင့် စီမံထားရှိမှုများကို လေ့လာ တွေ့ရှိရပါသည်။

ရေနေသတ္တဝါများထဲတွင် လိပ်သတ္တဝါသည် ရင်ဘတ်၊ ကျောကုန်းတို့တွင် အကာအခွံသည် မာကျောသော သဘောသဘာဝရှိသည်။ လိပ်ကျောက်သည် အရိုးပျော့များဖြင့် ထူးထူးခြားခြား ဖွဲ့စည်းထားသော ခန္ဓာကိုယ်၏ အသွင်သဏ္ဌာန်မှာ ထူးခြားဆန်းပြားပါသည်။ အမြီး၏ အရင်းတစ်ဖက်တစ်ချက်တွင် စူးတစ်ချောင်းစီ ဖွဲ့စည်းထားပါသည်။ အမြီးသည် ရန်ကိုကာကွယ်သကဲ့သို့ စူးမှာ လူသားတို့၏ ကျန်းမာရေးအတွက် ဆေးမှယ်တစ်မျိုးအဖြစ်သုံးစွဲနိုင်ပါသည်။

သွားလာလှုပ်ရှားမှုမှာ ပျော့ပျောင်းသယောင်နှင့် လွန်စွာ လျင်မြန်လှပါသည်။ ယခုခေတ် ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံကြီးများတွင် လိပ်ကျောက်သတ္တဝါကို ပုံစံတူယူ၍ စစ်ရေးစစ်ရာကို အသုံးပြုသော တိုက်လေယာဉ်ကြီးများအဖြစ် အသုံးပြုနေကြပါသည်။

ကျွန်ုပ်တို့ လေ့လာနေကြရသော ဝိဇ္ဇာဓရေဂမ္ဘီရနယ်မှ လိပ်ကျောက်စမကို လေ့လာကြည့်မည်ဆိုလျှင် ငှသန်းလျှင်းချိတ်နှင့် ဥရင်ကောက်ဗျည်းအက္ခရာနှစ်လုံးကို လိပ်ကျောက်စမကို ထည်အဖြစ်ထားရှိပြီး ထိုဗျည်းနှစ်လုံးကိုပင် ကိုယ်၏ အပျော့ပိုင်းရေယက်အသွင်သဏ္ဌာန်အဖြစ် ဆင့်ပွားစီမံထားသည်ကိုတွေ့ရပါသည်။ ဦးခေါင်းပိုင်းကို ကြီးလေးကြီးဟုအများသိကြသည်။ ဏကြီးဗျည်းစမကို ဦးခေါင်းတပ်ထားပါသည်။ ဦးခေါင်းအလယ်တည့်တည့်တွင် မွေးရှင်တော်နဝင်းအညွှန့်တင်ထားသည်ကို တွေ့ရှိရပါသည်။ ဏကြီးအက္ခရာ၏ ဝဲ၊ ယာနှစ်ဖက်တို့တွင် စလုံးအက္ခရာနှင့် ဝလုံးအက္ခရာတို့ကို မျက်လုံးဝတ်ဆံအဖြစ်စီမံထားရှိသည့်အတွက် ဩဇာအာဏာဉာဏ်ပညာတို့ကိုရှာဖွေနိုင်ခြင်း သဘောအသွင်ကိုဆောင်ထားပါသည်။ လက်ဝဲ၊ လက်ယာနှစ်ဌာနကို ပြီးမြောက်စေပါသည်။ စလုံးနှင့် ဝလုံးဟု ခေါ်ရသောဗျည်းအက္ခရာများကို ဝိဇ္ဇာဓရေဂမ္ဘီရသဘောသဘာဝရအရ ဓာတ်နဝင်းအဖြစ် ဂဏန်းသင်္ချာများမှ (၃)ဂဏန်းကိုလက်ဝဲရစ် ရစ်ထိဆက်ထားခြင်း၊ သင်္ချာဂဏန်း (၄) ကို လက်ယာရစ်ဝိုင်း၍ထိဆက်ထားခြင်းဖြင့် ပည်တ်ဓာတ်သတ်တို့ကိုချေထားသည့် သင်္ချာ (၃)နှင့် (၄) ကို ကျောချင်းကပ်ထားသည့်အတွက် စရေဓာတ်ကိုထိမိစေ၏။ မိမိဆောင်ရွက်လိုသော ကိစ္စအဝဝတို့အတွက် လျင်မြန်စွာအောင်မြင်ပြီးမြောက်ခြင်းသဘောကို ပြဆိုထားပါသည်။

လိပ်ကျောက်စမ၏ဖွဲ့စည်းထားပုံဗျည်းအက္ခရာများ၏ နံ့သင့်သင်္ချာရေကို စုပေါင်းကောက်ယူ၍ကြည့်လျှင် သင်္ချာရေ (၅၈) ကိုရရှိပါသည်။ ဆက်ပေါင်းလျှင် (၁၃) ရရှိပါသည်။ တစ်လုံးတည်းရအောင်ပေါင်းလျှင် သင်္ချာဂဏန်း (၄) ကို ရရှိသည့်အတွက် မူလဓရေသတ္တဝါဖြစ်သောကြောင့် (၄) သင်္ချာ၏ ပရိယာယ်တစ်မျိုးသည် ရေကိုပေးသကဲ့သို့ ဗုဒ္ဓဟူးနံသင့်ဗျည်းအက္ခရာများအလိုအရ လိပ်ကိုပေးထားသည်ကို တွေ့ရပြန်ပါသည်။

အဋ္ဌလဂ်ဂြိုဟ်ခွင်အရ ဗုဒ္ဓဟူးသည် တောင်ဘက်အရပ်ကို စိုးမိုးထားသကဲ့သို့ တနင်္ဂနွေဂြိုဟ်မှအစပြု၍ ရာဟုဂြိုဟ်တိုင်အောင် ဂြိုဟ်ကြီးရှစ်လုံးတို့၏ အဝင်အသိမ်း သို့မဟုတ် အထွက်အသိမ်းတို့ကို ဗုဒ္ဓဟူးဂြိုဟ်ခွင်တွင်သာဆုံးကြသည်ဖြစ်၍ လွန်စွာမှ ထူးခြားသော သဘောထားတစ်ခုကိုတွေ့မြင်ရသည်။

ထိုဖြစ်စဉ်၏သဘောသဘာဝများကြောင့် လိပ်ကျောက်စမ၏ ကိုယ်တွင်းပိုင်းတွင် ဗထက်ခြိုက်အပေါ် ခအောက်ခြိုက်ကိုတင်ထားသည့်အတွက် ဝင်လာလေကုန်သော စီးပွားဥစ္စာလာဘ်များ တို့ကို အဖိတ်အစဉ်မရှိအောင်ဖုံးဖိထားနိုင်စွမ်းခြင်းနှင့် ဂုဏ်သတင်းကြီးခြင်း ဩဇာအာဏာကြီးထွားမှုတို့ကို လျော့သွားခြင်းမရှိအောင် အောက်နှင့်အထက် အထက်နှင့်အောက် အပြန်အလှန်ပိ ဆို့ထားနိုင်စွမ်းသော သတ္တိထူးကို ဝ အမြင်ဖြင့် တွေ့မြင်နိုင်ပါသည်။

ထို့ဆိုပါလျှင် စဓဗဝလိပ်ကျော စမကိုဆောင်ထားနိုင်သူသည် မိမိ ကန်လှုပ်ရှားနေရသော နယ်ပယ်တွ လာဘ်များစွာကိုရရှိခြင်း၊ ဩဇာအာ တို့ကိုလည်း မုချရရှိနိုင်မည်ဖြစ်ပါသ ထိုသဘောတရားများကို ခိုင်မြဲစေ အတွက် ဗုဒ္ဓသိဒ္ဓိ၊ ဓမ္မသိဒ္ဓိ၊ သံဃ သိဒ္ဓိအထူးကိုရရှိအောင် မြတ်စွာဘု ၏ဂုဏ်တော်များမှ အရဟံဂုဏ်တော် အထူးဖွင့်ဆိုထားသည့် ပါဠိတော်အ **'အရဟံသိဒ္ဓိ'** ပုဒ်ကို သဒ္ဓါရဲရင့်စွာ ကသုံးပါးအလုံးစုံဖြင့် ပူဇော်စိပ်ခြင်းအ တစ်နိုင်ဓာတ်ပိုင် အာနာပါနကမ္မဋ္ဌာ ရှုပွားကြရမည်ဖြစ်ပါသည်။ သီလ ဖြင့်လည်း ငါးပါးသီလခံယူခြင်း ( ရဲရင့်သော သဒ္ဓါစိတ်ဖြင့် အာဇီဝဋ္ဌ သီလတို့ကိုထိန်းလျှင် ပိုမိုထက်မြတ် ဖြစ်ပါသည်။

ဆောင်ရွက်မည့် ယောဂီ အခြားအခြားသောသီလကိုထိန်းသ သစ္စာကိုကိုက်ရန် မိမိအနေဖြင့် ပိုင်ပိုင် ထိန်းသိမ်းထားနိုင်သောသီလကိုထိ သည် အကောင်းဆုံးနှင့်အထက်မြတ် ဖြစ်မည်ဟု အကြံပြုပါသည်။

လိပ်ကျောက်စမသည် ကို မကွာဆောင်ထားရမည့်စမဖြစ် ထိုစမကို မိမိကိုယ်တိုင်စီမံ မဆော ရွက်နိုင်သူများ ဤစာစောင်ပါရှိ စမကို မိတ္တူကူးပါ မိမိဆောင်ထား သော အရွယ် အတိုင်းထား ပါသည်။ ယခုခေတ်ကာလ တွင်



www.burmeseclassic.com

www.burmeseclassic.com

သက်သောအရွယ်ပမာဏအတိုင်း သေးငယ်ခြင်း၊ ကြီးအမှုတို့ကို ကွန်ပျူတာဖြင့် စီမံနိုင်ကြပါသည်။) ထိုလိပ်ကျောက်စမပုံ သီးခြားဖော်ပြထားပါသည်။

လိပ်ကျောက်စမကို စီမံဆောင်ရွက်ရန် အချိန်ကာလ (၉)ရက်သတ်မှတ်ရပါမည်။ (၉) ရက်ကာလကို နာရီဖွဲ့လျှင် (၂၁၆) နာရီရှိပါသည်။ မိတ်ဆွေအနေဖြင့် နာရီပေါင်း (၂၁၆) နာရီတွင် (၉)ရက်တာကာလအတွက် (၉)နာရီသာ အချိန်ပေးရပါသည်။ တစ်နေ့တွင် (၂၄) နာရီရှိ၍ မိမိအချိန်ပေးရမည့်အချိန်မှာ တစ်နာရီသာဖြစ်၍ (၁း၂၄) နာရီသာဖြစ်ပါသည်။ တစ်နေ့တာ၏ မိသားစုအရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တို့ကို မိမိ၏ ကျန်းမာရေးအတွက် အိပ်ချိန် (၈) နာရီထား၍ ခွဲဝေပိုင်းပေးသော အခြားကိစ္စများအတွက် (၁၅) နာရီအချိန်ရပါသည်။


သို့အတွက် (၁၅) နာရီထဲမှ တစ်နာရီကို သဗ္ဗသိဒ္ဓိလိပ်စမအတွက် အချိန်ယူခြင်းဖြင့် မိတ်ဆွေအနေဖြင့် ဆောင်ရွက်နိုင်မည်ဟု ယူဆပါသည်။ အချိန်ဟုတောင်းသလောက် အကျိုးများသေသည့်ကျင့်စဉ်ဖြစ်၍ (၉)ရက်အဓိဋ္ဌာန်ကို မပျက်မကွက် အဓိဋ္ဌာန်ဝင်သင့်ကြောင်း ထပ်လောင်း အကြံပြုပါသည်။

စာချစ်သူ မိတ်ဆွေများအနေဖြင့် အဓိဋ္ဌာန်မြောက်အောင် ဆောင်ရွက်ရာတွင် နေ့အလိုအားဖြင့် မကျော်လွန်စေဘဲ မိမိ၏ အပိုင်နိုင်ဆုံး ကိုယ်ပိုင်အချိန်များထဲမှ နေ့၊ ည ခွဲခြားသတ်မှတ်ပြီး တစ်ချိန်တော့အရယူစေလိုပါသည်။

အဓိဋ္ဌာန်ကျင့်စဉ်ကို ထူးထူးခြားခြား မဖော်ပြတော့ပါ။ မိတ်ဆွေ၏နေ့စဉ်မှန်မှန်ဖြစ်သော နိစ္စဓူဝကျင့်ဝတ်သွားနေသည့်ကိစ္စထဲတွင် ယခုလိပ်ကျောက်စမ ဆောင်ရွက်မည့်နေ့ရက်မှစ၍ (၉)ရက်တိုင်တိုင် ပြီးမြောက်အောင် ဆောင်ရွက်မည့်အကြောင်း အဓိဋ္ဌာန်တင်၍ဆောင်ရွက်နိုင်ပါသည်။

စာချစ်သူ မိတ်ဆွေတို့အနေဖြင့် အချို့မှာ နံနက်အရုဏ်တက်တွင် နိစ္စဓူဝကျင့်ဝတ်ကို ဆောင်ရွက်မြဲရှိသလို အချို့မှာ ညဦးယံတွင် ဆောင်ရွက်လေ့ရှိကြပါသည်။ မိမိပြုမြဲအချိန်တွင် ဆောင်ရွက်နိုင်ကြပါသည်။

စာချစ်သူ မိတ်ဆွေအနေဖြင့် အဓိဋ္ဌာန်ကာလ(၉)ရက်တွင် အောက်ပါဂါထာတော်နှင့် ဂုဏ်တော်ကို ရွတ်ဖတ်ပူဇော်ခြင်းနှင့် ပုတီးစိပ်ခြင်းတို့ကို ပြုလုပ်ကြရမည် ဖြစ်ပါသည်။



လိပ်ကျောက်စမ

ဒိဝါတပတိဂါထာတော်ကို တစ်နေ့လျှင် (၉)ခေါက်တိတိ ရွတ်ဖတ်ပူဇော်ပါ။

**သောဘဂဝါ ဣတိပိ သုဂတော** ဂုဏ်တော်ကို ဂုဏ်တော်တစ်ပုဒ်ရွတ်ဆို၍ ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးလုံးရေ (၁၀၈) လုံးပါသော ဂုဏ်တော်ပုတီးကို အသုံးပြု၍ ပုတီးတစ်ပတ်စိပ်ရန် ဖြစ်ပါသည်။ (ထိုဂုဏ်တော်ကို မြန်မာလို နှလုံးသွင်း၍ ပုတီးတစ်လုံးချစနစ်ဖြင့်စိပ်လျှင် ပိုထူးပါသည်။)

အဓိဋ္ဌာန်ကာလ (၉) ရက်ကို အဓိဋ္ဌာန်ထားသည့်အတိုင်း မကျိုးမပေါက်ရလေအောင် ဆောင်နိုင်သော အာဇာနည်အမျိုးကောင်းသားတို့အနေဖြင့် စိတ်အလျဉ်မှ လိုလား တောင့်တတိုင်း ရရှိပြည့်စုံကြမည် ဖြစ်ပါသည်။

မြန်မာ့ဝိဇ္ဇာပညာဖြစ်သောဝိဇ္ဇာဓရဂမ္ဘီရပညာ၏ အင်းစမများ၊ ပညာရပ်ကို မတိမ်မြုပ်မပျောက်ကွယ်စေရန် နှစ်ပေါင်းများစွာရှာဖွေလေ့လာခဲ့ပြီး ပွဲတွေ့ဆောင်ရွက်ခဲ့သော အကျင့်အဓိဋ္ဌာန်များကို နှစ်သက်သည့် စာချစ်သူမိတ်ဆွေများအတွက် အခါအားလျော်စွာ ဆက်လက်ရေးသားပါဦးမည်ဟု ကတိပြုပါအည်။

သူရဇ္ဇမဂ္ဂဇင်းကို ပင်တိုင်အားပေးနေကြသော မိတ်ဆွေများနှင့် ကျွန်ုပ်၏ စာများကို တစိုက်မတ်မတ် ဖတ်ရှု၍ အဓိဋ္ဌာန်ကျင့်စဉ်ဝင်ရောက်နေကြသော မိတ်ဆွေများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

*ပညာတိုးပွား၍*
*အကျိုးများကြပါစေ*

ပညာကျော်

မှီငြမ်း -

အင်းစမများလက်ရေးမူကျမ်း
(သိဒ္ဓိရာဇာဆရာအောင်)

www.burmeseclassic.com

# လှမြင့် (ရန်ကုန်တက္ကသိုလ်)

# ဆရာကြီးရွှေဥဒေါင်း၏ ကိုယ်တွေ့ကျန်းမာရေးလမ်းညွှန်ချက်

မြန်မာ့စာပေလောကနှင့် သတင်းစာလောက၌ ကိုယ်ကျင့်သိက္ခာ၊ သမာဓိနှင့်ပြည့်စုံသော၊ အမှန်တရားကို မြတ်နိုးတန်ဖိုးထားသော ကျန်းမာရေးကို အထူးအလေးထား ဂရုစိုက်၍ စားသောက်နေထိုင်သော စာပေလောကသားတို့၏ ရိုသေလေးစားခြင်းကိုခံရသော သတင်းစာဆရာကြီးလည်းဖြစ်၊ စာရေးဆရာကြီးလည်းဖြစ်သည့် ဆရာကြီးရွှေဥဒေါင်း (ခရစ်နှစ် ၁၈၈၉ - ၁၉၇၃) သည် မြန်မာ့စာပေလောက၌ မိမိ၏တစ်ကိုယ်ရေကျန်းမာရေးကို စာတွေ့ဗဟုသုတများအရင်းခံလျက် ကိုယ်တိုင်စားသောက်နေထိုင်ဂရုစိုက်သူဖြစ်သည်။ မိတ်ဆွေအပေါင်းအသင်းများနှင့်စာဖတ်ပရိသတ်တို့ကိုလည်း မိမိ၏ကိုယ်တွေ့နှင့် စာတွေ့ကျန်းမာရေးဆိုင်ရာဗဟုသုတ၊ ပြုမူလိုက်နာကျင့်သုံးဆောင်ရွက်မှုများကို မုဒိတာတရားဖြင့်ဆော်ဩတိုက်တွန်းလမ်းညွှန်နည်းပေးခဲ့သည်။

ဆရာကြီးရွှေဥဒေါင်း(ဦးဖေသိန်း) သည် ခရစ်နှစ် ၁၈၈၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဖွားမြင်၍ ခရစ်နှစ် ၁၉၇၃ ခုနှစ်၊ ဩဂုတ်လ ၁၀ရက်နေ့တွင် ကွယ်လွန်ခဲ့လေသည်။ (၈၅) နှစ်သက်တမ်းကာလအတွင်း၌ ထိုကိုယ်ကျင့်တရား၊ သိက္ခာ၊ သမာဓိနှင့် ကျန်းမာရေးကိစ္စများကို ဘဝသက်တမ်းတစ်လျှောက်တွင် အစွန်းအထင်းမရှိ ပြုမူကျင့်သုံးနေထိုင်သွားခဲ့သော ဘိုးသက်ရှည်စာပေပညာရှင်ကြီးတစ်ဦးဖြစ်သည်။ ဆရာကြီး၏'တစ်သက်တာမှတ်တမ်းနှင့်အတွေးအခေါ်များ' ဟူသော ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်တွင်လည်းကောင်း၊ 'အာဟာရဖြင့်ကျန်းမာနည်း' စာအုပ်တွင်လည်းကောင်း ကိုယ်တိုင်ကျင့်သုံးနေထိုင်ခဲ့သည်။ ကျန်းမာရေးလမ်းညွှန်ချက်များကို ဖော်ထုတ်တင်ပြခဲ့သည်။ ထို့ပြင် ဆရာကြီးရွှေဥဒေါင်းသည် ပါလီမန်ဒီမိုကရေစီခေတ်ဖြစ်သော ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ကာလအတွင်း၌ မန္တလေးမြို့မှ ထုတ်ဝေသော လူထုသတင်းစာ၏အယ်ဒီတာချုပ်အဖြစ်တာဝန်ယူဆောင်ရွက်နေချိန်၌လည်း ကိုယ်တွေ့ ကျန်းမာရေးလမ်းညွှန်ချက်များကို စာဖတ်ပရိသတ်များအား ကျန်းမာရေးပညာပေးအဖြစ် အလျဉ်းသင့်သည်နှင့် အမျှရေးသားခဲ့သည်။

၁၉၅၅ ခုနှစ်၊ မေလ (၁) ရက်နေ့ထုတ် လူထုဂျာနယ်၌ ဆရာကြီးရွှေဥဒေါင်းသည် မိမိ၏ကိုယ်တွေ့ကျန်းမာရေးအတွက် တစ်သက်တာပတ်လုံး မှန်မှန်ပြုလုပ်ခဲ့သော ဝမ်းမှန်မှန်ချူခြင်း၏ အကျိုးကျေးဇူးများ





www.burmeseclassic.com

www.burmeseclassic.com

ဖော်ထုတ်တင်ပြခဲ့သည်။

ဆရာကြီးရွှေဥဒေါင်းက မိမိသည် ဝန်လည်းမဟုတ်၊ ဆေးဆရာလည်း တ်သော်လည်း ကမ္ဘာတွင် နာမည် သော ကျန်းမာရေးဘက်ဆိုင်ရာ ရိုက်ကန်ဆရာဝန်ကြီးဒေါက်တာဟေး 'အာဟာရဖြင့်ကျန်းမာနည်း'ဟူသော ပ်ကို နက်နဲစွာ လေ့လာရုံမျှမက နှစ်ကျော်မျှ ကိုယ်တိုင်လိုက်နာ သုံး ဆောင်ရွက်ခဲ့ခြင်းကြောင့် မာခြင်း၏ အကျိုးကျေးဇူးများကို တွေ့ခံစားရရှိခဲ့ကြောင်း ဖော်ထုတ် ခဲ့သည်။ ဆရာကြီး ရွှေဥဒေါင်းသည် နှစ် ၁၉၄၄ - ၄၅ ခုနှစ်ခန့်တွင် ဟာရဖြင့် ကျန်းမာနည်း' စာအုပ်ကို သာပြန်ထုတ်ဝေခဲ့၏။ ယင်းစာအုပ် နေ့စဉ် ဝမ်းချုခြင်း၏အကျိုးကျေးဇူး ကို အလေးထားဖော်ပြထားသည်။ မှန်မှန်ဝမ်းချုခြင်းကြောင့် ခန္ဓာ ၌စွဲကပ်နေသော ပွေး၊ ဝဲ၊ နှင်းခူ ကို ပျောက်ကင်းစေသည်။ လက် က်သေသောဝေဒနာများ ပျောက် မှုရရှိစေခဲ့သည်။ နေ့စဉ်မှန်မှန် ချပေးခြင်းကြောင့် ခေါင်းခဲခြင်း၊ င်းကိုက်ခြင်း၊ ဇက်လေးခြင်း၊ ကြာတက်ခြင်း၊ ထိုင်းမှိုင်းတွေဝေခြင်း နာများ၊ ခံတွင်းနံ့၊ ကိုယ်နံ့ဆိုးရှာမှု ကင်းရှင်း၍ စိတ်ကြည်လင်လန်းဆန်း ခံစားမှုရရှိစေသည်ဟူ၍ တင်ပြခဲ့ သည်။

ဝမ်းချုခြင်းသည် လူတို့၏ကျန်းမာ တွင် အခြေခံနည်းလမ်းကောင်းတစ် ဖြစ်ကြောင်းတင်ပြရာ၌ ဝမ်းချုပ်ခြင်း ဓာတ်ချုပ်ခြင်းသည် ရောဂါအပေါင်း ၏ အရင်းအမြစ်ဖြစ်ကြောင်းကို ကိုယ် အကြောင်း ကျွမ်းကျင်နားလည် ဆရာဝန်ကြီးတိုင်းနှင့် မြန်မာ တော်များကိုယ်တိုင် ထုတ်ဖော် ဆိုလမ်းညွှန်ခဲ့သည်။ လူတိုင်းသည် ကိုယ်အတွင်းသို့ နေ့စဉ်နှင့်အမျှ အစာများကိုသွတ်သွင်းလျက်ရှိရာ အစားအစာများမှ သွေးသားဖြစ် သောအာဟာရဓာတ်ကိုထုတ်နုတ် နောက် ကြွင်းကျန်သောအပုပ်အသိုး တ်ပစ်သည်။ ယင်းအပုပ်အသိုးကို သင့်သောအချိန်ထက် တစ်ရက်မျှ လွန်ခဲ့လျှင် ဥပဒ်ဖြစ်စေနိုင်သည်။ ဓာ ရက်လွန်အောင်လွယ်ထား အနာရောဂါနှင့် ဘေးအန္တရာယ် ကိုဖြစ်လာစေနိုင်သည်။ ဆေးရုံ ရောက်လာသောလူနာများကို ဓာတ်

ချုပ်၊ ဝမ်းချုပ်သလောဟု မေးလိုက်လျှင် ချုပ်ပါသည်ဟူ၍ ဖြေဆိုသော လူနာ ရာခိုင်နှုန်းသည် (၉၉) ရာခိုင်နှုန်းရှိ၍ ရှေးဦးစွာ ဝမ်းနုတ်ဆေးတိုက်ကျွေးရ သော လူနာအမြောက်အမြားကို တွေ့ရ သည်။

ဝမ်းနုတ်ဆေးစားခြင်းသည် အစာ ဟောင်းကို အထက်မှဖိချခြင်းဖြစ်၍ ဝမ်းချုခြင်းသည် အောက်မှဖြုချခြင်း ဖြစ်သည်။ ဝမ်းနုတ်ဆေးပြင်းပြင်းစားသူ တို့သည် ပထမတစ်နပ်တွင် ထမင်းစား ပျက်၍ ဒုတိယတစ်နပ်တွင်မှ စားကောင်း တတ်၏။ ဝမ်းချုနည်းသည် ဝမ်းဗိုက်ရှင်း သည်နှင့်တစ်ပြိုင်နက် စားသောက် ကောင်းခြင်းကို တွေ့ရပေလိမ့်မည်။ တစ်ခါတစ်ရံတွင် ဝမ်းနုတ်ဆေးသည် အထက်မှဖိချသော်လည်း အောက်၌ တည်ရှိသောအပုပ်ထုထည်ကို ရုတ်တ ရက် မတွန်းဖြိုနိုင်သည့်အခါ မချိမဆံ့ ဝေဒနာကို ခံစားရတတ်သည်။ ဝမ်းနုတ် ဆေးသည် စားဖန်များလျှင် ဆေးယဉ် သွားတတ်သော်လည်း ဝမ်းချုခြင်းသည် ဆေးယဉ်သည်ဟု မရှိနိုင်။ အောက်မှ သွင်းသောရေဖြစ်သောကြောင့် ထွက် ပေါက်နီး၍ပြန်ဆင်းရန်လွယ်ကူစေသည်။

ထိမိအကျိုးရှိသော ဝမ်းချုနည်း မှာ -

ရင်ဘတ်နှင့် ကြမ်းပြင်ကိုထိစေ၍ တင်ပါးကို မြင့်အောင်ထားသောနည်း ဖြစ်သည်။ ရေနွေးမသုံးဘဲ ရေအေးနှစ် ပုလင်းမျှသုံးရမည်။ ဝမ်းဗိုက်နာလာလျှင် နာသောနေရာကို လက်ဖြင့်ပွတ်ပေးရ မည်။ ရင်ခေါင်းတွင်း၌ အောင့်တောင့် တောင့်ဖြစ်လာမှ ရေပြည့်သည်ဟု သတ် မှတ်နိုင်သည်။ ဝမ်းချုနေကျမဟုတ်သူ များအဖို့တွင် ရေကိုအနည်းငယ်သွင်း လိုက်လျှင်ပင် နာကျင်တတ်၍ ချက်ချင်း ဖြုတ်ချတတ်သည်။ ရေဝင်နည်းလျှင် အကျိုးမများချေ။ နာကျင်သောနေရာ ကို ပွတ်ပေးခြင်းဖြင့် သက်သာလာမည် ဖြစ်သည်။ နာကျင်ခြင်းမှာ အူထဲ၌ ပိတ် ခံနေသောစမြင်းကို ရေတိုက်သဖြင့် နာကျင်ခြင်းဖြစ်သောကြောင့် လက်ဖြင့် နာကျင်သောနေရာကို ပွတ်ပေးခြင်းဖြင့် သက်သာစေသည်။ လူကြီးဖြစ်လျှင် ရေ (၂) ပုလင်းဝင်ပါမှ တင်းပြည့်ကျပ်ပြည့် အကျိုးရှိမည်။ တတ်နိုင်လျှင် ရေထဲသို့ ရောက်သီးတစ်ခြမ်းအရည်ညှစ်ထည့်လျှင် ပို၍ကောင်းသည်။

ယင်းနည်းကို ဆရာကြီးရွှေဥဒေါင်း က ကျန်းမာခြင်းကို လိုချင်သူတိုင်း စမ်း

သပ်ကြည့်ပါဟု တိုက်တွန်းထားသည်။ အချို့က ဝမ်းချုနည်းကို မပြုချင်၊ ပျင်း သည်ဟုဆင်ခြေပေးလေ့ရှိသည်။ ဝမ်းချု ခြင်းဖြင့် အချိန်သည် (၁၅) မိနစ်မျှသာ ကြာနိုင်သည်။ ငွေရရှိရေးအတွက် (၁၅) မိနစ်မျှအချိန်ကုန်သော အလုပ်တစ်ခုကို လူတိုင်းလုပ်ကိုင်ကြမည်ဖြစ်သော်လည်း ကျန်းမာရေးအတွက်တွင်မူ ဤမျှလောက် အချိန်အကုန်မခံလိုခြင်းကား ကျန်းမာ ရေးကို တန်ဖိုးမထားသူဖြစ်ကြောင်း ထင်ရှားနေသည်။ ယုံကြည်သော်လည်း ပျင်း၍ မပြုလုပ်မိလျှင် ဆရာဝန်ခေါ်ရ သောအခါမှ ဆေးရုံတက်ရသောအခါမှ နောင်တရကြမည်ဖြစ်ပေမည်။

ယခုတစ်လော ကင်ဆာသမား များသည် မြန်မာပြည်၌ တစ်နေ့တခြား ပေါ်များနေသည်။ ကင်ဆာသည် လွန်ခဲ့ သော နှစ်ပေါင်း (၁၀) နှစ်၊ (၁၅) နှစ် ကတည်းက သွေးသားအတွင်း၌ အခြေ တစ်ခုတည်ဖြစ်လာခြင်းဟူ၍ ဆရာဝန် ကြီးတစ်ဦးက မိန့်ကြားခဲ့သည်။ သွေး သားအတွင်း၌ အခြေတစ်ခုတည်ရခြင်း မှာ ဝမ်းချုပ်၊ ဓာတ်ချုပ်ခြင်း၏အကြောင်း ရင်းဖြစ်လေသည်။ ထို့ကြောင့် နေ့စဉ် ဝမ်းချုသူတစ်ဦး၏ သွေးသားအတွင်း၌ ကင်ဆာမျိုးစေ့တည်ရန် မဖြစ်နိုင်ဟု ယုံကြည်သင့်သည်။ အသက် (၄၀)၊(၅၀) အရွယ်များ၌ ကင်ဆာဖြစ်မှုများသည်ဟု အဆိုပြုခဲ့ကြသည်။ (၅) နှစ် (၁၀) နှစ်ခန့် ဝမ်းမှန်မှန် ချုသောအလေ့ရှိသူတစ်ဦး အတွက် ကင်ဆာဖြစ်နိုင်ခြေနည်းလမ်း မရှိနိုင်သလောက် ဖြစ်နေသောကြောင့် မိမိက အချိန်ဦးထားနိုင်စေခြင်းငှာ ဤ လမ်းညွှန်ချက်စာကို ဖတ်ရသည့်နေ့မှ စတင်၍ နေ့စဉ် ဝမ်းမှန်မှန်ချုသော အလေ့အကျင့်ပြုလုပ်ကြရန် တိုက်တွန်း အပ်ပါသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး -**


၁။ စာဆိုတော်များအတ္ထုပ္ပတ္တိ (မောင် သုတ) (မောင်ခင်မင် - ဓနုဖြူ တည်းဖြတ် ဖြည့်စွက်)

၂။ ဆရာကြီးရွှေဥဒေါင်း၏ ကျင့်ဝ ချီးကျူးသော ပုဂ္ဂိုလ်နှင့် အခြား ဆောင်းပါးများ (လူထုဒေါင်းစာ နှင့် လူထုဂျာနယ်ဆောင်းပါး များစုစည်းမှု)




www.burmeseclassic.com

www.burmeseclassic.com



(မိုးကုတ်)
# ရွှေပြည်စိုး
# လိပ်နှင့်တောမီး

▫ တောမီး

ကောလာဟလစကား ဆိုတာ တောမီးလိုပဲ ပျံ့နှံ့လွယ်တယ်ဆိုတဲ့စကား ရှိပါတယ်။ မဟုတ်ကဟုတ်က ကြံဖန်ပြီး ပြောတတ်ကြတဲ့ထူးထူးဆန်းဆန်းစကားတွေဆိုရင် အဲဒီကောလာဟလစကားဟာ တစ်တိုင်းပြည်လုံးကို တစ်မဟုတ်ချင်း တောမီးလိုပျံ့နှံ့တတ်ပါတယ်။

ကျွန်တော်တို့ မိုးကုတ်ဒေသတောပိုင်းတွေမှာဆိုရင် နွေရာသီရောက်တာနဲ့ တောမီးမလောင်တဲ့နေရာဆိုတာ အတော်ရှားပါတယ်။ တောမှန်သမျှ တောမီးကူးစက်လောင်ကျွမ်းတော့တာပါပဲ။

ဘာလို့လဲဆိုရင် သစ်ကြီးဝါးကြီး နည်းသွားတဲ့တောတွေမှာ နေကြာရိုင်းတွေရယ်၊ ပြောင်စာမြက်လို့ခေါ်တဲ့ မြက်ရိုင်းတွေရယ် နေရာယူပေါက်လာတတ်ပါတယ်။ နေကြာရိုင်းချုံပင်တွေဟာ နွေမှာ သွေ့ခြောက်နေတတ်သလို အလွန်မြင့်မားပြီး သန်မာထွားကျိုင်းတဲ့ ပြောင်စာမြက်ရိုင်းတွေကလည်း ခြောက်သွေ့ကုန်လို့ပါပဲ။

ပြောင်စာမြက်ပင်တွေမည်မျှသန်မာသလဲဆိုရင် ဓားတောင်မတိုးချင်ပါဘူး။ ပိတ်ပြီးတစ်ပင်နဲ့တစ်ပင်မှီတွယ်ကာ လူလက်ဖက်တစ်ဖောင်မကအောင် မြင့်မားကြတယ်။ မှီတွယ်စရာ အနီးမှာရှိလို့ကတော့ ဝါးတစ်ရိုက်လောက်အထိ လိုက်တတ်တဲ့ မြက်ရိုင်းမျိုးပါ။ တောကျွဲခေါ် ပြောင်ကလွဲရင် ဘာကောင်ကမှ မစားတာကြောင့် ပြောင်မရှိတဲ့ကျွန်တော်

တို့ မိုးကုတ်ဒေသမှာ ... အနှောက်အယှက်က... တာပါပဲ။ မြေဩဇာ...တာလည်း... မှာပေါ့လေ။

သစ်ခုတ်ဖို့ ဝါးခုတ်ဖို့ ပြော... မြက်တောကိုတိုးရမယ်ဆိုရင် အစ...



www.burmeseclassic.com

www.burmeseclassic.com

…း တွန်းလှဲနင်းခြေကာ ဖြည်းဖြည်းချင်း …င်ရပါတယ်။ မြက်ပင်မှာ အမွေးနုတွေ …ါတော့ ယားလည်းယားပါတယ်။ …ပြောင်ခေါင်းဒေသ တောင်မင်းတောင် …ကြီးရဲ့ အရှေ့ခြမ်း မြို့ကြီးလို့ခေါ်တဲ့ …တောထဲမှာ ကျွန်တော်နဲ့ ဦးထွန်းကြိုင်တို့ …တ်တွင်းတူးကြစဉ် တောထဲမှာ …တက်ပြီးနေကြတာပါ။ အဲဒီတဲရဲ့ အမိုးကို အနီးမှာရှိတဲ့ပြောင်စာမြက်ရှည်ကြီး တွေခုတ်ယူပြီး အမိုးမိုးလိုက်တာပါ။ (၈) ပေလောက်ရှိတာမို့ သက်ကယ်လို ဆက်နေစရာမလိုဘဲ တစ်ဆက်တည်းနဲ့ တဲတစ်ခြမ်းရပါတယ်။ လက်တစ်အုပ် အောက်အထူထားပြီးမိုးတော့ ခိုင်ခံ့ပါတယ်။ မိုးများပြီး အေးမြတဲ့မိုးကုတ်ဝန်းကျင်မှာသာ ပေါက်ရောက်တဲ့ အလွန်ထွားကျိုင်းတဲ့မြက်မျိုးပါ။ ထွားပုံကတော့ အမြင့်ကတတ်လောက်အောင်ကိုထွားတာမို့ ကျွန်တော်တို့က အလွန်မုန်းကြတာပါ။

အဲဒီမြက်တွေဟာ နွေရောက်တာနဲ့ ခြောက်သွေ့ပြီး လောင်စာဖြစ်နေကြပါပြီ။လက်ဆော့တတ်တဲ့လူတွေအတွက် တောမီးရှို့ပြီး လက်ဆော့ဖို့အသင့်အနေအထားဖြစ်နေကြပါပြီ။

အမိက တောမီးရှို့တဲ့လူတွေဟာ ဆေးလိပ်သောက်တဲ့လူတွေပါ။ အချို့က အမှတ်တမဲ့ ဆေးလိပ်ကို အမှိုက်ထဲပစ်ချခဲ့ရာက တောမီးထလောင်တယ်။ အချို့လူတွေကျတော့လည်း ရှို့နေကျမို့ သက်သက်ကိုရှို့ကြတာပါ။ ကျွန်တော့်မျက်စိနဲ့ ကြိမ်ဖန်များစွာမြင်ဖူးတယ်။

ကျွန်တော်တို့ တွင်းလုပ်ကြရတာဟာ တောထဲမှာပါ။ တောတွေတောင်တွေဖြတ်ကျော်ပြီးသွားရတာပါ။ အဲဒီမှာ တောမီးရှို့ပြီးပျော်တတ်သူတွေရှိတယ်။ တွင်းသွားလမ်းရဲ့ဘယ်၊ ညာမှာ ချုံပင်မြက်ပင်တွေဆိုတော့ ရှို့ချင်စရာအနေအထားပါ။ ကျွန်တော်တို့တွေ အုပ်စုနဲ့ပြန်လာပြီဆိုရင် တောမီးရှို့တဲ့ကောင်တွေ …နောက်ကလူတွေသွားမရအောင်



www.burmeseclassic.com

www.burmeseclassic.com

လမ်းတစ်လျှောက် မီးရှို့ခဲ့တာပါ။ ဒါဆို ကျွန်တော်တို့ ရှေ့မတိုးနိုင်တော့ပါဘူး။ တောမီးလွတ်ရာမှာထိုင်ပြီး တောမီးရှို့တဲ့ကောင်တွေကို မအေမကျန်နှမမကျန် ဝိုင်းဆဲနေကြတာပါ။ သူတို့ကတော့ လုပ်ချင်တာလုပ်ရလို့ပျော်ပြီး ရွာတောင် ရောက်နေလောက်ပါပြီ။ ကျွန်တော်တို့ကတော့ မီးတောက်တွေဝေးသွားမှ မီးခိုးတအူအူကြား ခပ်သုတ်သုတ်ပြေးပြန်ရတာပါ။ ဒါက နွေကိုရောက်ပြီဆိုတာနဲ့ နှစ်စဉ်ကြုံရတဲ့ တောမီးဒုက္ခပါ။

ကျွန်တော်နဲ့ နှစ်အတော်ကြာတွင်းအတူတူလုပ်တဲ့ ထွန်းဖေဆိုရင် လူချောသလောက် စရိုက်ကကြမ်းတယ်။ ကျောက်တွင်းတူးကြသူတွေတိုင်း အကုသိုလ်အမှုကိုရှောင်ကြတယ်။ ထွန်းဖေကတော့ လွယ်အိတ်ထဲမှာ လေးခွနဲ့ လောက်စာလုံးအမြဲပါတယ်။ တွေ့သမျှအကောင်တွေပစ်တယ်။ မြွေတို့ ဖားတို့တောင်မရှောင်ဘူး။ သူက စားဖို့မဟုတ်ဘူး။ သက်သက်မဲ့ လက်တည့်စမ်းတဲ့ သဘောနဲ့ပစ်တာ။ လက်ကလည်းဖြောင့် သလားမမေးနဲ့။ တကယ့်အကုသိုလ်လက်ပါ။ တစ်ခါက မြွေကြီးတစ်ကောင်က ဖားကြီးကိုမျိုနေတယ်။ ဖားသံကြားလို့သိတာပါ။ မြွေခေါင်းကိုလှမ်းပစ်လိုက်တာ တစ်ချက်ပဲ။ ဖားမျိုလျက်တန်းလန်းနဲ့သေသွားတယ်။ ဒီတော့ မြွေရော ဖားရော နှစ်ကောင်လုံးသေရတာ။ မြွေသေလို့ ဖားပြန်ရှင်တယ်ဆိုရင် တော်သေးရဲ့။ ခုတော့ ဘာမှအကျိုးမရှိဘဲ သက်သက်လက်တည့်စမ်းတာပါ။

ဒီကောင်လည်း သူများ တောမီးရှို့ရင် ကိုယ်ခံရသလို အသေဆဲတာ။ သူလုပ်ရမယ်ဆိုလို့ကတော့ တပြုံးပြုံးနဲ့ပါ။ အဲဒါကြောင့် တောမီးရှို့တိုင်း ကျွန်တော်က အကြီးဆိုတော့ ပြောပြောပြရတယ်။

"ထွန်းဖေရ၊ တောမီးမရှို့ရဘူးကွ။ မုဆိုးတစ်သက် တောမီးတစ်ကွက်တဲ့။ အပြစ်ကအတူတူပဲ။ မုဆိုးတစ်သက်လုံး သူများအသက်တွေသတ်နေတဲ့အပြစ်နဲ့ တောမီးတစ်ကွက်လေးရှို့လိုက်တဲ့အပြစ်ဟာ အတူတူပဲတဲ့ကွ။ တောမီးတစ်ကွက်ရှို့လိုက်ရင် အဲဒီတောမှာမှီခိုနေထိုင်တဲ့ ပိုးကောင်မွှားကောင်တွေ မြေကြီးထဲက တီကောတွေ အများကြီးသေကြရတာ။ အဲဒီတောမီးဟာ တောတောင်အနှံ့ပြန့်သွားမယ်ဆိုရင်တော့ အပြစ်ကပြောစရာမလိုအောင်ကိုကြီးသွားပြီကွ။ မုဆိုးတစ်ရာလုပ်ခဲ့တဲ့အပြစ်ထက်တောင် ပိုကြီးသွားပြီ။

ပြီးတော့ တို့ဗုဒ္ဓဘာသာတွေမှာ မလုပ်သင့်မလုပ်ထိုက်တဲ့အလုပ်တွေပြောထားတာလည်းရှိတယ်။ ပျားဖွပ်၊ သားထိုး၊ မယားခိုး၊ နွားသိုးငွေးရိုက်၊ တောမီးတိုက်တဲ့ကွ။ ပျားလေးတွေပင်ပန်းကြီးစွာ စုဆောင်းသယ်ယူထားတဲ့ သူတို့ရဲ့ ပန်းရည်ဘဏ်တိုက်ကို ဓားပြတိုက်တဲ့ ပျားဖွပ်လုပ်ငန်းပေါ့ကွာ။ ပျားရည်ကိုလည်းလုယူတယ်။ ပျားတွေကိုလည်း သတ်ရတယ်။ ပျားကောင်နုနုလေးတွေရှိတဲ့ ပျားလောင်းလေးတွေနေတဲ့ ပျားသလက်တွေကိုလည်းယူတယ်။သူ့အပြစ်က ဘယ်လောက်ကြီးလဲတွေးကြည့်။ ပြီးတော့ သားထိုးလုပ်ငန်းဖြစ်တဲ့ နွားသတ်၊ ကျွဲသတ်၊ ဝက်သတ်၊ ကြက်သတ်၊ ဆိတ်သတ်ဆိုတဲ့ သားထိုးသားသတ်လုပ်ငန်းပေါ့ကွာ။ ဘယ်လောက်အပြစ်ကြီးသလဲ စဉ်းစားကြည့်။ ကိုယ့်ထိတာကျတော့ ခြင်ကိုက်တာတောင်မှမခံနိုင်ကြဘူးလေကွာ။ သူများကျတော့ သွေးအေးလေးနဲ့ ရက်ရက်စက်စက် သတ်ရက်ကြတာ ဘယ်လောက်အပြစ်ကြီးသလဲ။ သားသတ်သမားတွေ ဘယ်လောက်ချမ်းသာနေပါစေ။ သူတို့ရဲ့ကိုယ်ဟာ ကျက်သရေယုတ်နေတာမို့ အရောင်မပြောင်ဘူးကွ။ ပြီးတော့ သူများမယားကြာခိုတဲ့ကောင်တွေ၊ သူများမယားကို ခိုးယူပေါင်းသင်းနေတဲ့အကောင်တွေ အတော်အပြစ်ကြီးတာဟ။ သူဌေးသားလေးယောက်ရဲ့ ဒု၊ သ၊ န၊ သောဆိုတာလည်း မောင်ရင်ကြားဖူးမှာပါ။ အဲဒီရဲ့ အပြစ်ဟာ ငရဲမှာ နှစ်ငါးရာ၊ မိန်းမပျက်ဘဝငါးရာ၊ မိန်းမကောင်းဘဝငါးရာ၊ အခြောက်ဘဝငါးရာ၊ တိရစ္ဆာန်မဘဝငါးရာ၊ ငွေးသင်းခံရတဲ့ဘဝငါးရာပြန်လည်ခံစားရတယ်ကွ။ ပျော်ရတာ တစ်ခဏပေမယ့် သံသရာမှာ ခံစားရမယ့် ဝဋ်ဒုက္ခကတော့ မသေးဘူး မောင်ရင်ရေ။ ပြီးတော့ နွားသိုးငွေးရိုက်တဲ့လူတွေ။ နွားသိုးမှန်ရင် ငွေးမရိုက်ရင် ခိုင်းမကောင်းဘဲ ကတ်ဖွဲ့ဖွဲ့လုပ်တတ်ကြတော့ကာ ငွေးသင်းပစ်ကြရတယ်။ အဲဒီလို ငွေးသင်းတဲ့လူတွေဟာလည်း အတော်အပြစ်ကြီးတာကွ။ မင်း တို့ငါတို့ ကိုယ့်အသားကို လက်ဖျားနဲ့ပဲတောက်ကြည့်၊ နာတာမဟုတ်လား။ ဟိုဟာက ငွေးဆန်ကိုကြေအောင် ညှပ်နဲ့ညှပ်ပြီးခြေတာ။ အချို့က သစ်သားတုတ်နဲ့ထုပြီးခြေတာ။ ခံရတဲ့ နွားတိုင်း နာလွန်းလို့ အံကြိတ်ပြီးခံရတာ ပါးစပ်ကအမြှုပ်တွေတောင်ထွက်တယ်။ အချို့ဆို သွားတောင်နဲ့ ကုန်ကြသတဲ့ကွ။ အတော်သနားဖို့ကောင်းတယ်။ ဒါက တို့မြန်မာတွေ နွားရှိ... သူတိုင်း ငွေးထုဆရာခေါ်ပြီးလုပ်ကြ... တာဆိုတော့ ဒီလိုလူမျိုးတွေလည်း အများကြီးရှိကြသကွ။ စကားပုံတောင်ရှိသေးတယ်။ ဆရာဆရာနဲ့ဘာဆရာလဲ... နွားငွေးထုတဲ့ဆရာလားဆိုတဲ့ ထေ့ငေါ့... တဲ့စကားပုံပေါ့ကွာ။ နောက်တစ်ခု... တောမီးတိုက်တာပါပဲ။ အပြစ်အကြီးဆုံး... တွေမှာ တောမီးတိုက်တာကိုလည်းထည့်... ထားတယ်ကွ။ ဒီတော့ တောမီးတိုက်... တာကို အတတ်နိုင်ဆုံးရှောင်ရတယ်ကွ"

လို့ ပြောပြပေမယ့် ပိန်းကြာဖက်... တွင် ရေမတင်ဆိုတာလိုပေါ့ဗျာ။ ဘယ်... လိုပြောပြော နားမဝင်ပါဘူး။ ဟောသာ... ဟော မောတာအဖတ်တင်တယ်ဆိုတဲ့... လူမျိုးပါပဲ။ လစ်တာနဲ့ တောမီးရှို့မြဲ... တာပါပဲ။ ဆေးလိပ်က ပါးစပ်ကမချ... တဲ့လူဆိုတော့ သူ့မှာ မီးခြစ်ကအမြဲပါ... နေတာကိုး။ မီးခြစ်ပါတော့ လက်ဆော့... ချင်တာပေါ့။ ဆေးလိပ်လည်းကြိုက်... အရက်လည်းကြိုက်၊ ဘိန်းလည်းကြိုက်... တော့ကာ မိုင်းရှူးရတနာမြေပေါ် တော... မိုင်းရှူးတက်သွားပြီး မကြာလိုက်ပါဘူး... သူ့အဖေလိုပဲ ဘိန်းချေးပန်းပြီးဘဝတစ်... အပြီးသတ်သွားပါတယ်။ သေတော့... လေးဆယ်ကျော်စအရွယ်ပါ။ ထွန်းဖေရဲ့... အဖေရော ထွန်းဖေရဲ့သားပါ ဘိန်းချေး... ပန်းပြီးသေရတာပါ။ ကျွန်တော်နဲ့စရိုက်... မတူပေမယ့် စီးပွားရေးအရတွဲခဲ့ကြတော့... ကာ ထွန်းဖေသေတာမမြင်လိုက်ရပေ... မယ့် သူ့အဖေနဲ့သူ့သားသေတာကိုတော့... မျက်စိနဲ့မြင်လိုက်ရပါတယ်။ သူတို့တွေ... ရဲ့စရိုက်တွေဟာလည်း တောမီးလောင်... ကျွမ်းသလို သားစဉ်မြေးဆက်ကူးစက်... လောင်ကျွမ်းခဲ့ရတာပါပဲ။ တော်သေး... တယ်။ ထွန်းဖေရဲ့မြေးဟာ မိန်းကလေး... ဖြစ်နေလို့ပါပဲ။

တောမီးဆိုတာ နှစ်စဉ် ကမ္ဘာ့... နိုင်ငံအတော်များများမှာ လောင်ကျွမ်း... နေတာမို့ တောနဲ့ဆက်စပ်နေတဲ့မြို့တွေ... ရွာတွေမှာ လူတွေအသက်အိုးအိမ်စည်း... စိမ်တွေ ဆုံးရှုံးကြရတာ မနည်းလှပါဘူး... နှစ်စဉ်လိုလိုပါပဲ။ အဲဒီလို သစ်တော၊ ... တော၊ ချုံတောတွေ မီးလောင်ပြီဆိုရင်... တိုင်းပြည်အတွက် အများကြီးဆုံးရှုံး... တော့တာပါ။

တောမီးလောင်ရာမှာ ... အပြင် သဘာဝရဲ့ပယောဂကြောင့်လည်း... လောင်တတ်ပါတယ်။ ... ဖြစ်နိုင်... ခြေနည်းပါတယ်။ ... ခြောက်သွေ့ ... မှာ လေပုံမှန်တိုက်... နေရင် ဝါးဝါးချင်း...

www.burmeseclassic.com

သစ်သစ်ချင်း ပွတ်တိုက်မိနေရာကနေ အပူရှိန်လွန်ကဲပြီးမီးထပွင့်တာပါ။ ထပွင့်တဲ့မီးကနေ သစ်ခြောက်ဝါးခြောက်ကိုစွဲပြီး သဘာဝရဲ့စေစားချက်ကြောင့် တောမီးလောင်တော့တာပါပဲ။ မီးဆိုတဲ့အမျိုးဟာ သူ့ကိုနိုင်အောင် ငြိမ်းသတ်နိုင်ပါမှ တော်ရုံကျတာပါ။ မငြိမ်းသတ်နိုင်လို့ကတော့ လောင်စာမကုန်မချင်းဝါးမျိုတော့တာပါ။

ကျွန်တော်တို့မိုးကုတ်က တောရွာတွေအတော်များများဟာ တောနဲ့ဆက်စပ်တည်ရှိနေတာမို့ တောမီးတဖြောင်းဖြောင်းလောင်နေပြီဆိုရင် ရွာနဲ့နီးလာပါက ရွာကိုကူးမှာစိုးတာကြောင့် တောမီးစောင့်ကြရပါတယ်။ မြက်ပင်ဝါးပင်တွေလောင်ကျွမ်းရင် မီးပေါက်သံတွေအဝေးကကြားရလေ့ရှိတယ်။

တောမီးလောင်ပြီဆိုရင် တောထဲမှာ မှီတင်းနေထိုင်ကြတဲ့ သဘာဝရဲ့သားကောင်တွေ၊ ပိုးမွှားကောင်တွေများစွာ သေဆုံးပျက်စီးကြရပါတယ်။ အပြေးမြန်တဲ့တောကောင်တွေ၊ ပျံသန်းနိုင်တဲ့ငှက်တွေ ပြေးနိုင်လို့လွတ်ကြပေမယ့် အပြေးမလျင်တဲ့သတ္တဝါအတော်များများကတော့ သေကျေပျက်စီးကြရတာ ထုံးစံပါ။ တောထဲမှာ အနှေးဆုံးသတ္တဝါကတော့ ကုန်းလိပ်တွေပါပဲ။

လိပ်တွေဟာ အသွားနှေးတော့ တောမီးလောင်ပြီဆိုတာနဲ့ သေကြတာပါ။ တောင်စောင်းလိုရောမျိုးကျတော့ ခေါင်းခြေလက်အခွံထဲသွင်းပြီး ကောင်အောက်ကိုလှိမ့်ချပြီးပြေးကြလေ့ရှိတယ်။အကျတော်ရင်ဟုတ်ပါရဲ့။ အကျတော်လို့ ပက်လက်သွားဖြစ်နေပြန်ရင်လည်း ယက်ကန်ယက်ကန်နဲ့ ပြန်ပြီးမှောက်နိုင်တော့တာမို့ သေရပြန်တာပါ။ လူတွေနဲ့တိုးပြန်ရင်လည်း မပြေးတတ်တဲ့သတ္တဝါမို့ အဖမ်းခံ၊ အသတ်ခံရပြန်ပါတယ်။ တောလိပ်လို့ခေါ်တဲ့ကုန်းလိပ်ဆိုတာ မြန်မာနိုင်ငံရဲ့ တောတောင်အနှံ့မှာရှိပြီး အမျိုးအစားတော့ များများသိပ်မရှိပါဘူး။ အဲဒီနွေရာသီရဲ့ တောမီးတွေကြောင့်လည်း မျိုးမသုဉ်းရုံသာ တည်ရှိနေနိုင်ကြတာပါ။

အဲဒီတောမီးနဲ့လိပ်အကြောင်းကို ကျွန်တော့်ညီမအလတ် မဌေးညွန့်က ကျွန်တော့်ကိုပြောပြခဲ့ပါတယ်။ သူတို့ရဲ့ သက်ကယ်တွေ့ပါ။

**သက်ကယ်နဲ့ တောမီး**

"ဆောင်းရာသီရောက်ပြီဆိုရင် ကျွန်မတို့ငယ်စဉ်က သက်ကယ် (သက်ငယ်) ရိတ်ရတာကို သတိရမိတယ်။ အဖေ့ရဲ့သက်ကယ်ကွင်းကြီးက ပိတောက်မြောင်ဘက်မှာ အကြီးကြီးပါ။ အဲဒါကြောင့် ကျွန်မတို့မိသားစုနဲ့ရိတ်လို့မပြီးနိုင်ဘူး။ အငှားတွေပါခေါ်ရိတ်ရတယ်။

အဖေကတော့ အဲဒီသက်ကယ်ရိတ်ချိန်ဆိုရင် သက်ကယ်ကွင်းစပ်ကတဲမှာပဲနေတယ်။ ဘာလို့လဲဆိုတော့ ပွင့်လင်းရာသီရောက်ပြီဆိုရင် တောမီးက အရမ်းကြောက်ရတာလေ။ မတော်တဆ တောမီးသာဝင်လိုက်လို့ကတော့ သက်ကယ်တစ်ကွင်းလုံး တောမီးလောင်ပြီး ပြာပုံဘဝရောက်သွားမှာပါ။

တောထဲဆိုတာက သစ်ရွက်ခြောက်၊ ဝါးရွက်ခြောက်၊ မြက်ခြောက်၊ ချုံခြောက်တွေ အဲဒီရာသီမှာရှိနေပြီး တောထဲလာကြတဲ့လူတွေဟာ လက်ဆော့ပြီး တောမီးရှို့ကြတာများတယ်။ အဲဒီတော့ ကျွန်မတို့ရဲ့သက်ကယ်ကွင်းကြီး တောမီးမကူးစက်ရအောင် အဖေဟာ နှစ်စဉ်မီးတားလမ်းအမြဲလုပ်ပြီးစောင့်တယ်။

မီးတားလမ်းဆိုတာ သက်ကယ်ကွင်းပတ်ပတ်လည်ကို အမှိုက်မရှိဘဲပြောင်နေအောင်ရှင်းထားရတာ။ အကျယ်က လှည်းတစ်စီးမောင်းစာလောက်လုပ်မှရတယ်။ တစ်လံကျော်ကျော်ကျယ်တာပေါ့။ အဲဒီလို မီးတားလမ်းပြောင်နေအောင်ရှင်းထားရင် လောင်စာမရှိတော့ တောမီးမကူးတော့ပါဘူး။

ဒါတောင်မှ မီးလောင်လာပြီဆိုရင် မီးတားလမ်းအစပ်က မီးတောက်တွေကို သစ်ရွက်ပါတဲ့ သစ်ခက်တွေနဲ့ တဖြုန်းဖြုန်းရိုက်ပြီး ငြိမ်းသတ်ရတယ်။ ချွေးတလုံးလုံးနဲ့ အလွန်ပင်ပန်းတာပါ။ အဖေဟာ သူ့သက်ကယ်ကွင်းကြီးကို ဒီလိုပဲ နှစ်စဉ်စောင့်ရှောက်ပါတယ်။ မီးလောင်သွားတဲ့နှစ်ဆိုတာ မရှိခဲ့ဖူးဘူး။

သက်ကယ်ဆိုတာက ကျွန်မတို့ဆီမှာ အဲဒီတုန်းက ဒေသရဲ့မရှိမဖြစ်ပစ္စည်းလေ။ ကျွန်မတို့အိမ် သက်ကယ်မိုးသလို အခြားအိမ်တွေလည်း သက်ကယ်မိုးအတော်များများရှိပြီး သက်ကယ်မိုးနေကြတာများတယ်။ ဒီတော့ ကျွန်မတို့သက်ကယ်ဟာ ရွာမှာ နာမည်ကြီးပါ။ သက်ကယ်ပျစ်ထူတယ်။ အရှည်လည်း စံချိန်မီတယ်။ သူများ သက်ကယ် (၂)နှစ်ခံရင် ကျွန်မတို့သက်ကယ်က (၃)နှစ်ခံတယ်။ အဲဒီတော့ ရွာမှာ သက်ကယ်တောင် မရောက်သေးဘူး။ လိုချင်သူတွေက အဖေ့ဆီမှာ ကြိုတင်လာမှာထား ကြပြီ။

သက်ကယ်ဆိုတာ အမှန်တော့ မြက်မျိုးပါ။ အချို့ဒေသတွေမှာကျတော့ သက်ကယ်ကို သမန်းမြက်လို့ခေါ်ကြတယ်။ ကျွန်မတို့နေပြည်တော်ဒေသမှာကျတော့ သမန်းမြက်ဆိုရင် မသိကြတာများတယ်။ သက်ကယ်ဆိုတဲ့ သမန်းမြက်ဟာ သူ့ကိုရိတ်ရင် ပိုင်ပိုင်နိုင်နိုင် ရဲရဲတင်းတင်း ဆုပ်ကိုင်ပြီးရိတ်မှရတယ်။ သူ့ကိုကြောက်သလို မထိတထိလုပ်ရင်ရှတတ်တာပါပဲ။ သက်ကယ်ရှတာဟာလည်း ဓားထိသလို အများကြီးမဟုတ်ပေမယ့် သွေးတော့ထွက်တာပါပဲ။

အဲဒါကြောင့် စာရေးဆရာတွေက မိန်းကလေးတွေကို သမန်းခြောက်နဲ့တင်စားတာ ဖတ်ဖူးတယ်။ မိန်းကလေးဟာ သမန်းမြက်နဲ့တူတယ်တဲ့။ မထိတထိလုပ်ရင် ရှတတ်တယ်တဲ့။ ရဲရဲတင်းတင်းပြောဆိုမှသာရတယ်တဲ့။ မိန်းကလေးကို ကြောက်စရာမလိုဘူးဆိုတဲ့သဘောပေါ့လေ။ ထားပါတော့။

ဒါနဲ့ ကျွန်မနဲ့သက်ကယ်ရိတ်မယ့် မိန်းကလေး (၃)ယောက် ကျွန်မတို့ (၄)ယောက်ပေါ့လေ။ နေ့တိုင်း သက်ကယ်သွားရိတ်ကြရတယ်။ သက်ကယ်ရိတ်ပြီးလို့ သက်ကယ်တစ်ထုံးစာရရင် အဲဒီသက်ကယ်ပင်နဲ့ပဲ ပြန်ချည်ပြီးအထုံးပြုရတယ်။သက်ကယ်တစ်ထုံးကို လူတစ်ပွေ့စာအနေတော်လုပ်ရပါတယ်။

သက်ကယ်တွေက အစိုတွေဆိုတော့ လေးပါတယ်။ အဲဒီသက်ကယ်စည်းတွေကို အဖေကသွယ်ယူပြီး သစ်ငုတ်တိုတွေမှာ ထောင်ပါတယ်။ အမှန်တော့ အခြောက်လှန်းရတာပါ။ ခြောက်လို့ပေါ့သွားမှ သက်ကယ်ထုံးတွေ လှည်းနဲ့အပြည့်တင်ပြီး အိမ်ကိုသယ်ရတာပါ။ အခေါက်ပေါင်းအတော်များများသယ်ယူရပါတယ်။

လှည်းပေါ်တင်တဲ့နေရာမှာလည်း အများကြီးစနစ်တကျဖြစ်အောင်တင်တဲ့နည်းရှိတယ်။ ပြီးရင် သံကြိုးနဲ့မောင်းနင်းပြီး ကျစ်လျစ်နေအောင်စည်းရတယ်။ လှည်းဟာ သက်ကယ်အပြည့်တင်ပြီးရင် ကောက်ရိုးလှည်းနဲ့ ဆင်ဆင်တူပါတယ်။ အဲဒီလိုခိုင်မာအောင် ချည်နှောင်တုပ်နှောင်ရတာပါ။ လမ်းက လမ်းကြမ်းဆိုတော့ တကျိုးကျိုးနဲ့ လှည်းကဆောင့်သလား မမေးနဲ့။ ချည်နှောင်တာမခိုင်လို့ကတော့ တစ်လမ်းလုံးပြုတ်ကျပြီး ရွာတောင်ရောက်မှာမဟုတ်ဘူး။

ပြီးတော့ သက်ကယ်တံတွေရယ်၊

www.burmeseclassic.com

သက်ကယ်ပျစ်တဲ့နေရာမှာသုံးရတဲ့နှီးတွေရယ် ဒါတွေကိုလည်း အဖေကကြိုတင်ခုတ်ထားပါပြီ။ နှီးတွေလည်းဖြာပြီးပါပြီ။ သက်ကယ်ကွင်းရဲ့ဘေးပတ်ပတ်လည်မှာ သစ်တောဝါးတောကြီးဆိုတော့ သက်ကယ်တံဝါးတို့၊ နှီးတို့အတွက် ပင်ပန်းကြီးစွာမရှာရပါဘူး။ ခြောက်သွေ့ပေါ့ပါးပြီးများများနိုင်အောင် ကြိုတင်စီစဉ်ထားပြီးသားပါ။

သက်ကယ်တွေအိမ်ရောက်တာနဲ့ အဖေဟာ ကျွဲတွေနှာခေါင်းကြိုးဖြုတ်ပြီး သက်ကယ်ကွင်းထဲလွှတ်ခဲ့တော့တာပါပဲ။ လိုအပ်မှ သက်ကယ်ကွင်းဘက်သွားပြီး ပြန်ဖမ်းခဲ့တာပါ။ ဒါက နှစ်စဉ်လုပ်နေကျပါ။

သက်ကယ်ပျစ်ပြီဆိုရင် ကျွန်မတို့ညီအစ်မတွေအပြင် အငှား(၃)ယောက်လောက် အမြဲငှားပြီးပျစ်ရတယ်။ နွေဦးပေါက်စ သက်ကယ်ပျစ်ရာသီဆိုရင် ကျွန်မတို့အိမ်မှာ ပျော်စရာကြီးပါ။ စည်စည်ကားကားဖြစ်နေတော့တာပါပဲ။ ကျွန်မတို့ရဲ့ သက်ကယ်ဆိုတာ ရောင်းမလောက်ပါဘဲ။

တစ်ခါက အဖြစ်ကတော့ ကျွန်မမမေ့လို့မရပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်မတို့ သက်ကယ်ရိတ်ဖို့ သက်ကယ်ကွင်းဝင်တဲ့လမ်းနံဘေးမှာ ကျွန်မတို့အိမ်က အဖေနဲ့ တောထဲလိုက်နေတဲ့ခွေးက လိပ်ခွံကြီးကို ကိုက်နေလို့ပါပဲ။ ကျွန်မရင်ထဲ ဒိန်းခနဲ ခံစားလိုက်ရတယ်။ အဲဒီမှာ ကျွန်မက တအံ့တဩ -

"ဟယ် - လိပ်ခွံကြီးတော့်၊ တို့ဆီလာနေကျလိပ်ကလေးတွေရဲ့အမေကြီးတော့်၊ သေပါပြီတော်"

ပြောမိပါတယ်။

"အို - ဟုတ်ပါ့ရဲ့ဟယ်၊ လိပ်မကြီးနေမှာဟဲ့"

လို့ မတင်ရီကထောက်ခံပါတယ်။

"သနားစရာဟယ်၊ ဘယ်လိုလုပ်ပြီး သေသွားပါလိမ့်"

လို့ မသိန်းက လိပ်ကြီးကံကြမ္မာကိုသိချင်ပြန်ပါတယ်။

"နင်တို့အဖေများ သတ်လိုက်သလား မသိဘူးနော်"

လို့ မမြဝင်းက ပြောတဲ့အခါမှာတော့ အစ်မဖြစ်တဲ့ မခင်ထွေးက-

"ငါတို့အဖေက သူ့အသက်ဆိုကြက်ဥတောင် ဖောက်ပြီးကြော်မကျွေးဘူးဟဲ့။ လိပ်တစ်ကောင်ကိုသတ်ဖို့ဆိုတာအဝေးကြီး"

ဆိုပြီး ကက်ကက်လန် အစ်မဖြစ်သူ မခင်ထွေးက ပြောပါတယ်။ ဟုတ်ပါတယ်။ အဖေဟာ စရိုက်ကြမ်းတယ်လို့ခေါ်လို့ရပေမယ့် သူ့အသက်ကိုတော့ ဘယ်တော့မှသတ်လေ့မရှိပါဘူး။ ကျွဲကျောင်းရာကအပြန်ဆို သူများတွေတောထဲက လေးခွနဲ့ပစ်လို့ရတဲ့ တောကြက်တော၊ ငှက်လေးတွေပါတတ်ပေမယ့် အဖေကတော့ သူ့လွယ်အိတ်ထဲမှာ ဘယ်ခါမဆို လယ်ကန်စွန်းရွက်နဲ့ တောသီးတောရွက်ကလေးတွေသာပါတတ်တာပါ။ သားငါးဆိုတာ ဈေးထဲမှာချရောင်းတဲ့ ပုံသကူသားပဲစားတာပါ။ တောမလေ့ ဧည့်သည်လာရင် အိမ်ကကြက်ရိုက်ချက်ကျွေးတယ်ဆိုတာ ထုံးစံမရှိပါဘူး။ တစ်ခုတော့ရှိတာပေါ့လေ။ အိမ်မွေးကြက်တွေကို ဈေးသုံးလိုတယ်ဆိုရင်တော့ ဖမ်းပြီး ကြက်ကုလားကိုရောင်းတာတော့ရှိတယ်။ ဒါမျိုးကတော့ ကြက်မွေးသူတိုင်းလုပ်ကြရတာကိုး။

တစ်ခါက ပိတောက်မြောင်အောက်က‌ ချောင်းထဲဝဲအိုင်မှာ ငါးကြီးတွေကိုမြင်နေရတယ်။ အဖေ့တူဖြစ်တဲ့ ကိုထွန်းခင်က -

"ဦးလေးကိုတုတ်လှရဲ့သမီးတွေ ငါးဟင်းစားရအောင် ကျွန်တော်ငါးဖမ်းပေးမယ် လိုက်ခဲ့"

ဆိုပြီး ဝဲသေကြီးဆီခေါ်သွားပါတယ်။

နွေရာသီဆိုတော့ ရေကကြည်ပြီး စိမ်းနေတာပါ။ ငါးတွေကို ဒီအတိုင်းမြင်နေရတယ်ဆိုပါတယ်။ ကိုထွန်းခင်လည်း အဖေ့လိုတောထဲအနေများတော့ ဟင်းစားရအောင် ပိုက်ကွန်ဆောင်ထားတာပါ။ အဖေကတော့ ဝဲအိုင်အစပ်မှာ ထိုင်ကြည့်နေတာပါ။ အဲဒီမှာ ဖြစ်ချင်တော့ ငါးတွေမြင်နေရလျက်နဲ့ တစ်ကောင်မှ ဖမ်းမမိဘူးဖြစ်နေပါတယ်။ ဒီလိုနဲ့တစ်နေ့ကုန်ရတာပါ။ ကိုထွန်းခင်လည်း အတော်အံ့ဩနေတာပါ။

ဒီလိုနဲ့ ကိုထွန်းခင်က -

"ဦးလေးကိုတုတ်လှက အကုသိုလ်အကျိုးမပေးဘူးနဲ့တူတယ်။ နောက်နေ့ ဦးလေးမလိုက်နဲ့၊ ကျွန်တော့်ဟာကျွန်တော်လာဖမ်းမယ်"

လို့ပြောပြီး သူတစ်ယောက်တည်းလာဖမ်းတော့ ငါးကြီးတွေတနင့်တပိုးရပါတယ်။ အဖေ့အတွက် ပလိုင်းတစ်လုံးပေးလိုက်လို့ မှတ်မှတ်ရရ တောထဲကပါလာတဲ့ငါးဟင်းတစ်ခါစားခဲ့ဖူးခဲ့ပါတယ်။ ခုတော့ လိပ်ကြီးက အမှန်တကယ်သေနေပြီဆိုတော့ ကျွန်မရင်မှာပူဆွေးတစ်ခု ဖြစ်ခဲ့ပါပြီ။

ဒါနဲ့ ကျွန်မတို့ အဖေ့တဲထဲဝင် ကြပါတယ်။ ဒန်အိုးကြီးနဲ့တည်ထား ဟင်းနံ့ကမွှေးနေပါတယ်။ အဖေ တော့ အေးအေးဆေးဆေးထိုင် ပြောင်းဖူးဖက်ဆေးလိပ်ကြီးသောက် ပါ။

ဒါနဲ့ ကျွန်မက -

"အဖေ၊ ဘာဟင်းအိုးကြီးတုံး"

"လိပ်သား သမီးရဲ့"

"လိပ်ကြီးက အဖေသတ်လို တာလား"

"ဘယ်ကလာ သမီးရယ်၊ ည တောမီးလောင်တယ်လေ။ အဖေလ တောမီးကူးမှာစိုးလို့ မီးတားလမ်းတ မီးတွေငြိမ်းနေရတာ သမီးရဲ့။ မီးငြိမ် သွားမှ အဖေအိပ်ရတာ။ အဲဒါ မိုးလ လို့လိုက်ကြည့်တော့ အဖေတို့မီး လမ်းနားမှာ သစ်တုံးတစ်ခုကိုခေါင်း ပြီးသေနေတဲ့လိပ်ကြီးကို တွေ့ခဲ့တ ကြည့်ရတာ မီးဟပ်မိသွားတယ်ထင် တယ် သမီးရယ်။ ဒါနဲ့ အလကား မယ့်အတူတူဆိုပြီးကောက်လာပြီး အ ချက်နေတာ"

"ဒါဆို သမီးတို့ဆီလာလာနေ လိပ်ကလေးတွေအမေ မရှိတော့ဘူး နော်"

"ဟုတ်ရင်လည်းဟုတ်မှာပေါ့"

လို့ မယုတ်မလွန်ပြောပါတ အဲဒီကျမှ လမ်းတစ်လျှောက် တော လောင်ထားတာကို သတိပြုမိတယ် တောမီးလောင်ရင် မပြေးနိုင်မလွှားနိုင် လိပ်လိုအကောင်တွေသေရတာပါ လို့ တွေးမိပါတော့တယ်။ သနားလို့ အောင်ရှိရတာပါ။

ကျွန်မတို့တွေ သက်ကယ်ရိတ် မကြာမကြာဆိုတာလို လိပ်ပေါက်စ တွေ တချောက်ချောက်နဲ့သွားလာ တာတွေ့ရလေ့ရှိတယ်။

ဒါဆို ကျွန်မတို့က -

"ဟဲ့လိပ်ကလေးတွေ၊ ဝေးရာ ကြဟဲ့ နင်းမိမယ်"

ဆိုပြီး လွတ်တဲ့နေရာမှာ ပို့ လေ့ရှိပါတယ်။ ကျွန်မတို့က လိပ်က တွေတွေ့ရင် အသေအချာ ကြည့်ပြီး စကားပြောပြီးမှ ကြတာ။ ယက်ကန်ယက်ကန်နဲ့ ချစ် လေးတွေပါ။ လက်ဝါးလောက်မရှိ အရွယ်လေးတွေပါ။ ဘာသာဘာ ကြတဲ့ တောခေါ် ကုန်းလိပ်က တွေ ပေါလှပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## မနှင်းဆီ(ရေဆင်း-နေပြည်တော်)

# သဘော်ဖို့ရွက်ဖေါ်ဆေးဖက်ဝင်ပုံ

ပြီးခဲ့သော နွေရာသီ (၄) လပိုင်း နောက်ဆုံးပတ်၏ အပူချိန်မှာ ပိန်သော ပုဂ္ဂိုလ်များက အတန်အသင့်ဒဏ်ခံနိုင်သော်လည်း အဆီများ၍ဝသောပုဂ္ဂိုလ်များအတွက်တော့ အလူးအလဲခံစားနေကြရသောကာလများပင် ဖြစ်တော့သည်။ ထိုအထဲတွင် စာရေးသူ၏ခင်ပွန်းသည်က ထိပ်ဆုံးကပါဝင်နေပါသည်။ အသက်(၅၅)ကျော်လာတော့ ဗိုက်ခေါက်ချက်ချင်းသယောင်ယောင်ဖြစ်နေသော အခြေအနေဖြစ်နေပြီး အဝလွန်သည့် အထဲတွင် မပါသော်လည်း ဝသည့်အထဲတွင်ပါနေပါသည်။

ခင်ပွန်းသည်က ပူသောဒဏ်ကို မခံနိုင်၍ တစ်နေ့ကို ရေ (၄) ထပ်ချိုးနေသဖြင့် စာရေးသူက အသက်ရှည်ရှည် နေချင်လျှင် စိတ်ကိုအလိုမလိုက်သင့်ကြောင်း၊ ရာသီဥတုဒဏ်ကို သည်းခံသင့်ကြောင်း သတိပေးနေသည့်ကြားမှ ... ဖြန်းသလိုဖြစ်သွား၍ ဆေးရုံတိုင် ... ရောက်လောက် တက်လိုက်ရပါသည်။ ... ခါ နာရီပိုင်းအတွင်းမှာ ခြေထောက် ... တက်တရွက်ဆွဲသလိုဖြစ်သွားပြီး နာရီ ... ကျော်တော့ ပြန်ကောင်းသွားပါသည်။ ဆေးရုံကဆင်းပြီး ဆရာဝန်မကြီး ... အထူးကုဆေးခန်းတွင် ပြန်ပြခိုင်းပါသည်။ (၁၅) ရက်တစ်ကြိမ် (၂) ခါပြပြီး နောက်တစ်လခွာချိန်းပါသည်။

ရောဂါတွေက အသည်းအဆီဖုံးတာရယ်၊ သွေးတိုးတာရယ်၊ လေဖြန်းတာရယ်တို့နှင့် စမ်းသပ်ကြည့်လိုက်တော့ ရောဂါကအစုံပေါ်လာပါတော့သည်။

ဒီလိုနှင့်ပေးတဲ့ဆေးတွေစားနေရင်းက စိုက်ပျိုးရေးသမားဆိုတော့ စိုက်ချိန်ပျိုးချိန် မိုးထဲလေထဲဆင်းရင်းက အအေးမိလာတော့၊ နဂိုရောဂါအခံကလည်းရှိဆိုတော့ အရက်လုံးဝမသောက်တဲ့သူက အရက်သမားလို လေတွေတဂေ့ဂေ့တက်လာပြီး လက်မောင်းတစ်ဖက်ကလည်း ကိုက်လာကာ အစားအသောက်လည်း ပျက်လာပါသည်။ ကြာလာတော့ အားမရှိသလိုဖြစ်ပြီး မူးမူးနေတယ်ဟုလည်း ပြောပါသည်။ ရောဂါလက္ခဏာက လေရောဂါဖောက်လာတာဆိုတာကို သိလာရပါသည်။ ကြည့်နေရင်းက အကြံထုတ်ရပါတော့သည်။ အထူးကုဆေးခန်းကို နောက်တစ်ခေါက်ပြန်သွားဖို့ရာက မိုးထဲလေထဲမှာ ညာဘက်ကြီးဖြစ်နေတော့ အခက်တွေ့နေတာပေါ့။ ပေးထားတဲ့ဆေးတွေကိုလည်း သောက်ပါသည်။ ဆေးမတိုးဘူးဖြစ်နေပါသည်။

အဲဒါနှင့်ပဲ စာရေးသူလည်း အကြံထုတ်ရပါတော့သည်။ လွန်ခဲ့သောအနှစ် (၂၀) ကျော်က စာရေးသူ၏ ယောက္ခမကြီးက သားဖြစ်သူ လေအောင့်တော့ သဘော်ဖို့ရွက်ကို ထောင်းတိုက်တာ မိနစ်ပိုင်းအတွင်း သက်သာသွားတာကို မြင်ဖူးတယ်လေ။ အဲဒီအတိုင်း သဘော်ဖို့ရွက်တစ်ရွက်ကို ထောင်းလိုက်တော့ အရည်က ဟင်းစားဇွန်းတစ်ဇွန်းရပါသည်။ အဲဒီအရည်ကိုတိုက်လိုက်တော့ မိနစ်ပိုင်းအတွင်း သက်သာလာပါသည်။ (၃) ကြိမ်လောက်တိုက်လိုက်တော့ လေတဂေ့ဂေ့တက်ခြင်း၊ လက်မြင်အောင့်ခြင်း၊ အစားအသောက်ပျက်ခြင်းတွေ မဖြစ်တော့ဘဲ အစားပုံမှန်ပြန်စားလာပြီး မျက်နှာဖြူဖပ်ဖြူရော်ဖြစ်တာတွေလည်းပျောက်သွားပါသည်။ ကျန်းမာရေးလည်း ပြန်ကောင်းသွားခဲ့ပါသည်။

တစ်ခါတလေမှာ မလွယ်ဘူးလို့ ထင်ရသည့် ခက်ခဲနက်နဲတဲ့ကိစ္စတွေက အလွယ်လေးနှင့်ပြီးသွားတတ်ကြတာမျိုးတွေလည်းရှိတတ်ကြပါသည်။ မိုးလေတွေထဲ ဆေးခန်းသွားဖို့ရာ အခက်ကြုံနေတဲ့အချိန်မှာ လေရောဂါကို ဆေးမြီးတိုဖြစ်တဲ့ သဘော်ဖို့ရွက်ထောင်းတိုက်တာနှင့် ပျောက်ကင်းသွားခဲ့သည့် နွယ်မြက်သစ်ပင်ဆေးဖက်ဝင်တဲ့အကြောင်းကို လေရောဂါရှင်များအတွက် သတင်းကောင်းပါးလိုက်ပါသည်။

မနှင်းဆီ

(ရေဆင်း-နေပြည်တော်)

---

အဲဒီနေ့က ကျွန်မ လိပ်သားမစားခဲ့ပါဘူး။ သနားစိတ်နဲ့ မျိုချလို့လည်းရမှာမဟုတ်ပါဘူး။ ပြီးတော့ ကြားဖူးတာလေ။ လိပ်သားစားရင် နူတတ်တယ် ဆိုတာပါပဲ။ နူတာမနူတာအသာထား၊ ... လို့ကိုမစားရက်တာ။ ကျွန်မတစ်သက် လိပ်သားဆိုတာ အဲဒီတစ်ခါပဲကြုံ ... ပါ။ ပွင့်လင်းရာသီရောက်လို့ ... မီးတွေလောင်ပြီဆိုရင် လိပ်တွေ ... လောက်များသေလိုက်လေမလဲဆို ... တွေးဟာ ခုထိ ကျွန်မအသိစိတ်မှာ ... ပါပဲ"

လို့ မငွေးညွန့်ကပြောပြပါတယ်။

### ... သင့်တဲ့တောမီး

တောင်တန်းဒေသတွေမှာ တော ... အချိန်ဆိုရင် ကောင်းကင်တစ်ပြင်လုံး မီးခိုးတွေဖုံးပြီး တိမ်ထူလိုဖြစ်တာ နေတောင်မမြင်ရလောက်အောင်ဖြစ်ရတယ်။ လေထုကလည်းမွန်ပြီး မသန့်ရှင်းတော့ဘူး။ မီးရှိန်နဲ့ ကောင်းကင်ကိုလွင့်တက်ပြီး ပျံသန်းလာတဲ့သစ်ရွက်ပြာတွေကလည်း လေမှာဝဲပြီး တဖွဲဖွဲကျနေတတ်တယ်။

မီးလောင်တော့ တောတောင်တွေ ပိုးကောင်မွှားကောင်၊ သားကောင်တွေသေရတယ်။ ဒီအခါ ဂေဟစနစ်တွေပျက်စီးရပါတယ်။ သက်ရှိနဲ့သက်မဲ့တွေဟာ ဂေဟစနစ်အရ အညမညဖြစ်ပြီး မှီတည်အသက်ရှင်နေကြရတာပါ။

ဂေဟစနစ်ပျက်တာနဲ့ အပူရှိန်တွေမြင့်မားလာတယ်။ သစ်ပင်တွေ မပေါက်တော့ဘူး။ မိုးရွာရင် မြေဆီမြေနှစ်တွေ တိုက်စားမျောပါကုန်တယ်။ ဒီတော့ ကန္တာရအသွင်ပြောင်းလာတယ်။ ကမ္ဘာကြီး ပိုမိုပူနွေးလာတယ်။ ဒီတော့ ငတ်မွတ်ခေါင်းပါးခြင်းဆိုတဲ့ ဒုက္ခကန္တာရကပ်ကြီးဆိုက်ရတယ်။ ဒါမျိုးနိုင်ငံတွေ အာဖရိကမှာ အများကြီးပါ။

အရင်းစစ်ရင် တောခုတ်ခြင်း၊ တောင်ယာခုတ်ခြင်း၊ တောမီးရှို့ခြင်းဆိုတဲ့အချက်တွေကို အခြေခံတာမို့ အကုသိုလ်များတဲ့ တောမီးရှို့ခြင်းကို အသိတရားနဲ့ ရှောင်ရှားသင့်ကြပါတယ်။

ညီမလတ် မငွေးညွန့်သို့

ချမ်းမြေ့ကြပါစေ

ချေပြည်စိုး (မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

၁၉၄၃ ခု၊ ဒီဇင်ဘာလ။

ဗြိတိသျှတို့၏မြန်မာနိုင်ငံအတွင်း အထူးစစ်ဆင်ရေးတပ်ဖွဲ့ အမှတ် (၁၃၆) မှ ဗိုလ်မှူးဆီဂရင်းသည် ပဲခူးရိုးမအတွင်း တောင်ကြောတစ်နေရာရှိ ပြကောပု ကျေးရွာ မြေစိုက်ဝါးအိမ်လေးအိပ်ခန်း အတွင်း ဘယ်လူးညာလှိမ့်ဖြင့် အချိန် ကုန်ခဲ့သည်။ သူ့အိပ်စင်မှာ ဝါးကြမ်းဖြင့် ခပ်ကျဲကျဲအခင်းပြုထား၏။ အိပ်ရာသို့ ဝင်ခါစတွင်မူ ဗိုလ်မှူးဆီဂရင်းသည် အလွန်ပင်ပန်းနွမ်းနယ်နေသဖြင့် ခေါင်း ချလိုက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက်အိပ် ပျော်သွားလိမ့်မည်ဟု အောက်မေ့မိ ၏။ သို့သော် အိပ်စက်၍မရနိုင်။ မျက်စိ နှစ်လုံးကိုသာမှိတ်ထားသည်။ အိပ်စက် ၍ကားမရ။

သူ့ဦးနှောက်သည် အတိတ်သို့ ပြန်လိုက်၊ ပစ္စုပ္ပန်တွင် ခဏနားလိုက်၊ အနာဂတ်သို့ပြေးသွားလိုက်ဖြင့် အချိန် ကုန်ခဲ့ရ သည်။ လက်ရှိ မြန်မာနိုင်ငံ၏ စစ်ရေးအခြေအနေ၊ သူဦးဆောင်နေ သော ပဲခူးရိုးမကရင်ပြောက်ကျားများ နှင့် မြန်မာနိုင်ငံအတွင်း ဖက်ဆစ်ဂျပန် တိုက်ဖျက်ရေးအင်အားစုများနှင့်ဆက် သွယ်ရေးဂျပန်တို့ ကြိုးကိုင်ထားသော အုပ်ချုပ်ရေးစနစ်ပျက်ပြားရေး၊ ဂျပန်တို့ ၏ လမ်းပန်းအဆက်အသွယ်များအား တတ်နိုင်သလောက်ဖျက်ဆီးရေး၊အိန္ဒိယ အခြေစိုက်တပ်ဖွဲ့ အမှတ်(၁၃၆)မှလေထီး ဖြင့် ချပေးမည့်ဆက်သွယ်ရေးအဖွဲ့ သား များကိုရှာဖွေရေး၊ မြန်မာနိုင်ငံအတွင်းသို့ စစ်ဆင်နေသည့် ဗြိတိသျှတို့၏စစ်ဆင် ရေးနှင့် ဝင်းဂိတ်၏ခရီးဝေးထိုးဖောက် စစ်ဆင်နေသည့် ခြင်ဒစ်ပြောက်ကျား တပ်ဖွဲ့တို့၏စစ်ရေးအခြေအနေများ၊ သူ ဦးဆောင်နေသည့် ကရင်ပြောက်ကျား တပ်ဖွဲ့တို့နောက် အမဲလိုက်ခွေးများကဲ့သို့ ခြေရာခံလိုက်နေသောဂျပန်ကင်ပေတိုင် တို့၏အကြောင်းများကို စဉ်းစားလိုက်မိ သည်နှင့် မျက်လုံးများကျယ်လာပြန် သည်။

ပြကောပုကျေးရွာလေး၏ခပ်လှမ်း လှမ်းမြရာပင်တောအုပ်အတွင်းမှ မျောက် တို့၏အသံ၊ ပြကောပုကျေးရွာမှ ကလေး ငိုသံ၊ စူးစူးဝါးဝါးဟောင်သည့်ခွေးတစ် ကောင်၏အသံကြောင့် ဗိုလ်မှူးဆီဂရင်း အတွေးသည် အတိတ်သို့ ပြန်ရောက် သွားပြန်သည်။ ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့များ မြန်မာနိုင်ငံအတွင်း ယှက်သန်းလာသည့်အချိန်ရောက်သွား သည်နှင့် ထိုစဉ်ကာလက သူပါဝင်ခဲ့ရ သော မြန်မာ့လက်ရွေးစင်ဘောလုံး အသင်းအကြောင်းရောက်သွားပြန်သည် သူတို့အသင်းနှင့် ထိုစဉ်က နာမည်ကျော် ပုလိပ်(ရဲ)ကြီးဘောလုံးအသင်းတို့ သူ ကိုယ်နိုင်ဘောလုံးကစားခဲ့စဉ်က ရန်ကု လူထုက သူတို့အသင်း တစ်ခဲနက်အား ပေးခဲ့ကြပုံမထင်မှတ်ဘဲ ဒုတိယကမ္ဘာစ ကြီး မြန်မာနိုင်ငံသို့ ကူးစက်လာ ဗြိတိသျှအိန္ဒိယတပ်မတော်အမှတ် (၁ စစ်တောင်းမှ ကစဉ့်ကလျားဆုတ်ခွာ ရပုံ၊ စစ်တောင်းတံတားကြီးဖောက်ခွဲ ဗြိတိသျှတပ်သားအများ စစ်တောင်း အား အသက်စွန့်၍ ဖြတ်ကူးရပုံ၊ ရန်ကု မြို့မှ ဗြိတိသျှတို့ ဆုတ်ခွာခဲ့ရသ အကြောင်းများကို စဉ်းစားမိပြန်သည် မျက်လုံးများပြန်ကျယ်လာပြန်သည်။

မည်မျှကြာအောင် အိပ်မော သွားသည်မသိလိုက်။ ပြကောပုကျေးရွာ မှ ကြက်ဦးတွန်သံကြောင့် ဗိုလ်မှူး ဆီဂရင်း အိပ်ရာမှနိုးလာပြန်၏။ ကြ တွန်သံမှာ ဆွဲဆွဲငင်ငင်နှင့်တွန်နေရ လွမ်းမောတသဖွယ်ဖြစ်သည်။ ထိုကြ တွန်သံနှင့်အတူ ပြကောပုရွာအတွင်း မောင်းထောင်းသံ၊ ကလေးငိုသံ၊ တော ယာတောသို့သွားကြမည့်တစ်ဦးနှင့်တ စကားပြောသံ၊ ခွေးဟောင်သံများကြ လာရ၏။

# လှမိုး(ပညာရေး)

# ပဲခူးရိုးမအကျဉ်းသား






ပြကောပုကျေးရွာမှ ဗိုလ်မှူးဆီဂရင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

ထိုအသံများနှင့်အတူ အရှေ့ဘက်
တောင်ရိုးပေါ်မှ ရောင်နီမှိုင်းပျပျသည်
နေရောင်ခြည်များသည် ဗိုလ်မှူး
ဆီဂရင်း၏ တဲထရံကျဲကျဲမှ စိမ့်ဝင်လာခဲ့
ဖြစ်ရကား တစ်မိုးသောက်ခဲ့ပြီဖြစ်ရာ
ဗိုလ်မှူးဆီဂရင်းအဖို့ ရန်ကုန်မှာဖက်ဆစ်
တော်လှန်ရေးအင်အားစုများမှ စေလွှတ်
သည့် ဆက်သားကို စောင့်မျှော်ပြန်ပေ
တော့မည်။

အထက်ဖော်ပြပါ စာပိုဒ်သည်
ရေးဆရာ အိုင်(န်)မော်ရစ်ဆင်
ရေးသားသော 'ဗိုလ်မှူးဆီဂရင်း၏ ဘဝ
အတွေ့အကြုံနှင့်သေဆုံးရခြင်း' ဟူသော
အခုပ်မှ စာပိုဒ်တစ်ပိုဒ်ကို ဆီလျော်
အောင် မြန်မာဘာသာပြန်ဆိုထားသော
စာပိုဒ်ဖြစ်ပါသည်။ ကျွန်တော်တို့မြန်မာ
နိုင်ငံ၏ဖက်ဆစ်တိုက်ဖျက်ရေးနှင့်ပြည်သူ
လွတ်လပ်ရေးတိုက်ပွဲတွင် ဗိုလ်မှူးဆီဂရင်း
သည် ကိုယ်ကျိုးမဖက် မိမိအသက်ကို
စတ်ရွက်ပမာသဘောထား၍ ပါဝင်လှုပ်
ရှားခဲ့သူ ဖြစ်၏။ သူသည် ဗြိတိသျှတို့
မြန်မာနိုင်ငံမှ ဆုတ်ခွာသွားစဉ်ကပင် ပဲခူး
ရိုးမ တရင်အမျိုးသားများနှင့်လက်တွဲ၍
ဖက်ဆစ်ဂျပန်တို့အား အသက်စွန့်၍ ခုခံ
တိုက် နောက်ချန်နေခဲ့သော ဗြိတိသျှဘုရင်
တပ်မတော်မှ အရာရှိတစ်ဦးဖြစ်ရာ
မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှု
သမိုင်းတစ်ကွေ့တွင် သူ့ဖြစ်စဉ်မှာ ဒဏ္ဍာရီ
သဖွယ်ဖြစ်ခဲ့၏။

ဤတွင် အကြောင်းသင့်သဖြင့်
ပါဝင်လှုပ်ရှားခဲ့သော တပ်ဖွဲ့ (၁၃၆)
(Force 136) အကြောင်း စကားပလ္လင်ခံ
၍ လိုအပ်လာပါသည်။ ၁၉၃၉ ခုနှစ်၊
စက်တင်ဘာလတွင် ဥရောပတိုက်၌
စတင်ဖြစ်ပွားခဲ့သော ကမ္ဘာ့စစ်မီးကြီး
သည် ၁၉၄၁ ခုနှစ်လယ်တွင်မူ နာဇီ
ဂျာမန်တို့အဖို့ အောင်ပွဲရရန် သေချာ
သလောက်ဖြစ်ခဲ့သည်။ နာဇီဂျာမန်နှင့်
မဟာမိတ်တပ်များသည် ဥရောပတိုက်
တစ်ခွင်အသီးသီးအား လျှပ်တစ်ပြက်
စစ်ဆင်ရေးဖြင့် သိမ်းပိုက်နိုင်ခဲ့သည်။

ဥရောပတိုက်ရှိ နိုင်ငံငယ်တချို့မှာ
(၂၄) နာရီအတွင်း နာဇီဂျာမန်တပ်မ
တော်ထံ လက်နက်ချခဲ့ကြသည်။ သမိုင်း
တစ်လျှောက်အလာ ကြီးမားခဲ့သော ပြင်သစ်
တပ်မတော်သည်ပင်လျှင် ရက်သတ္တပတ်
သုံးပတ်အတွင်း နာဇီဂျာမန်တပ်မတော်
ထံ လက်နက်ချခဲ့ရ၏။ ထိုစဉ်ကာလက
ဥရောပတိုက်နိုင်ငံအသီးသီး၏ မြို့တော်
များရှိ အဆောက်အအုံများပေါ်တွင်
နာဇီတို့၏ စကြာတံဆိပ်အလံတော်ကြီး



ဗိုလ်ဘကျော်

သည် တလူလူလွင့်နေခဲ့၏။ ဗြိတိသျှတို့
၏ တပ်မတော်ကြီးနှင့် ဥရောပတိုက်
မဟာမိတ်နိုင်ငံများမှ တပ်မတော်များ
သည် ပြင်သစ်နိုင်ငံ ဒန်းကပ်ဆိပ်ကမ်းမှာ
ကစဉ့်ကလျားဆုတ်ခွာခဲ့ရသဖြင့် အင်္ဂ
လန်နိုင်ငံမှာ တစ်ကောင်ကြွက်နိုင်ငံဖြစ်
ခဲ့ရ၏။

နိုင်ငံတကာမှ စစ်ရေးအကဲခတ်
သူအများသည် နာဇီဂျာမန်တပ်မတော်
ကြီး၏ လျှပ်တစ်ပြက်စစ်ဆင်ရေးကို
တအံ့တဩဖြစ်ခဲ့ရသည်။ အင်္ဂလန်နိုင်ငံ
အား ဂျာမန်လေတပ်မတော်မှ ပြင်းပြင်း
ထန်ထန်ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် ဒုတိယ
ကမ္ဘာစစ်ကြီး၏ဒဏ်ကို တစ်နိုင်ငံတည်း
ခါးစည်းခံခဲ့ရသည်။ အင်္ဂလန်နိုင်ငံမှာ
မဟာမိတ်နိုင်ငံမရှိတော့။ ဤသို့သော
အခြေအနေသို့ ရောက်နေသော်လည်း
အင်္ဂလန်နိုင်ငံ စစ်ကက်ဘိနက်အဖွဲ့
သည် နာဇီဂျာမနီနိုင်ငံအား ရေတပ်ဖြင့်
ပိတ်ဆို့ခြင်း၊ ရှိသမျှလေတပ်အင်အား

ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းများပြုလုပ်ခဲ့
သည်သာမက နာဇီဂျာမနီသိမ်းပိုက်ထား
သောနိုင်ငံများနှင့် နာဇီဂျာမနီ၏ မဟာ
မိတ်နိုင်ငံများ၏ အုပ်ချုပ်ရေးပျက်ပြား
အောင်နှောင့်ယှက်ဖျက်ဆီးခြင်းဟူသော
လက်နက်သုံးလက်ဖြင့် အနိုင်တိုက်နိုင်
မည်ဟု စွဲစွဲမြဲမြဲ ယုံကြည်ထား၏။

ထိုယုံကြည်ချက်ဖြင့်ပင် အင်္ဂလန်
နိုင်ငံ၏စစ်ကက်ဘိနက်သည် အက်(စ်)
အိုအီး S.O,E ခေါ် အထူးစစ်ဆင်ရေးကို
ဖွဲ့စည်းခဲ့သည်။ အက်(စ်)အိုအီး၏အမည်
အရှည်ကောက်မှာ Special Operation
Exccutive ဟူ၍ ဖြစ်၏။

ယင်းအဖွဲ့အား စီးပွားရေးဝန်ကြီး
မှတစ်ဆင့် ဝန်ကြီးချုပ်က တိုက်ရိုက်
အုပ်ချုပ်သည်။ ထိုအဖွဲ့သည် မည်သည့်
စစ်အုပ်ချုပ်ရေးအဖွဲ့၏အမိန့်အား နာခံ
ရန်မလိုသည်သာမက ထိုအဖွဲ့တို့လုပ်
ဆောင်နေသော လျှို့ဝှက်ချက်များကို
ဝန်ကြီးချုပ်နှင့်သက်ဆိုင်ရာ စီးပွားရေး
ဝန်ကြီးကိုသာ အသိပေးရသည်။ တပ်ဖွဲ့
အမှတ်(၁၃၆) အထက်ဖော်ပြပါ အက်(စ်)
အိုအီးခေါ် အထူးစစ်ဆင်ရေးဆိုင်ရာ
အဖွဲ့ အစည်း၏အဖွဲ့ခွဲဖြစ်၏။ ထိုတပ်ဖွဲ့
(၁၃၆)၏ အဓိကရည်ရွယ်ချက်မှာ ဂျပန်
ဘုရင်တပ်မတော်၏မြန်မာနိုင်ငံအတွင်း
စစ်ဆင်ရေးသတင်းများ၊ ဂျပန်တို့၏
အုပ်ချုပ်ရေးယန္တရားကြီးပျက်ပြားသွား
စေရေး၊ ဂျပန်တို့အား နည်းလမ်းအမျိုး
မျိုးနှင့် တော်လှန်ရန်ကြိုးစားနေကြသော
မြေအောက်အဖွဲ့အစည်းတို့နှင့်ဆက်သွယ်
၍ လက်နက်ခဲယမ်းမီးကျောက်စသော
စစ်လက်နက်ပစ္စည်းများ၊ ဆက်သွယ်ရေး
ပစ္စည်းများ၊ ဖောက်ခွဲရေးပစ္စည်းများအား
လျှို့ဝှက်စွာ ပို့ဆောင်ပေးရေးနှင့် ဤ
ကဲ့သို့ ဖက်ဆစ်ဂျပန်တို့အား ဆန့်ကျင်
ကြသော အဖွဲ့အစည်းအဝင်တပ်သား
များအား လျှို့ဝှက်သင်တန်းပေးခြင်း
စသည်တို့ကိုလည်း ယင်း (၁၃၆) အဖွဲ့မှ





www.burmeseclassic.com

www.burmeseclassic.com

တာဝန်ယူ ဆောင်ရွက်ရမည် ဖြစ်၏။

ဤတပ်ဖွဲ့ (၁၃၆) အား တာဝန်ယူဆောင်ရွက်ရသူမှာ မစ္စတာကိုလင်မက္ကင်ဇီဆိုသူဖြစ်သည်။ သူသည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီက မြန်မာနိုင်ငံအတွင်း ဗြိတိသျှအမျိုးသားပိုင် သစ်ထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုတွင် အရာရှိအဖြစ် အမှုထမ်းခဲ့သူဖြစ်ရာ မြန်မာအမျိုးသားများနှင့် လက်ပွန်းတတီးနေထိုင်ခဲ့သူ ဖြစ်သည်။ မြန်မာဘာသာစကားကိုအတော်အသင့် ကျွမ်းကျင်တတ်မြောက်သူဖြစ်ရာ မြန်မာ့ဖက်ဆစ်တော်လှန်ရေးအင်အားစုများနှင့်ဆက်ဆံရာတွင် အခက်အခဲမရှိဟု သိရ၏။

ထိုစဉ်က ဆင်မလားတွင် အခြေချထားသော မြန်မာနိုင်ငံ ဂျပန်ပြေးဘုရင်ခံ ဆာဒေါ်မန်စမစ်၏ စစ်ပြေးအစိုးရအဖွဲ့ ဖက်ဆစ်ဂျပန်တို့ သံဖနောင့်အောက်တွင် ကျရောက်နေရသည့် မြန်မာနိုင်ငံ၏ သတင်းအချက်အလက်ပြည့်ပြည့်စုံစုံကို ရရှိခဲ့သည်ဟု သိရ၏။

မြန်မာနိုင်ငံမှ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးအတွက် မဟာမိတ်တို့နှင့်ဆက်သွယ်ရန်ရောက်ရှိနေသော ကိုသိန်းဖေနှင့်သခင်တင်ရွှေတို့သည် အထက်ဖော်ပြပါတပ်ဖွဲ့အမှတ် (၁၃၆) မှ တာဝန်ရှိသူများနှင့်ဆက်သွယ်မိကြသည်။ (ကိုသိန်းဖေမှာ စာရေးဆရာ၊ သတင်းစာဆရာ၊ ဒို့ဗမာအစည်းရုံးဝင်တစ်ဦး ဖြစ်သည်။ နောက် နာမည်ကျော် စာရေးဆရာကြီး ဦးသိန်းဖေမြင့် ဖြစ်သည်။)

ဤသို့ ဆက်သွယ်မိရာမှ သခင်တင်ရွှေအား မြန်မာနိုင်ငံသို့ ပြန်လွှတ်၍ ဖက်ဆစ်ဂျပန်ဆက်သွယ်ရေးခေါင်းဆောင်များနှင့်ဆက်သွယ်မှုရယူနိုင်ခဲ့၏။ ထို့အတူ ရဲဘော်မောင်ကြည်ကိုလည်း လေထီးသင်တန်းပေးကာ ပဲခူးနယ်ဘက်သို့ချပေးပြီး ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုခေါင်းဆောင်ထံ တပ်ဖွဲ့(၁၃၆)နှင့် ကိုသိန်းဖေတို့ထံမှစာများပေးပို့ကာ အဆက်အသွယ်ရယူနိုင်ခဲ့၏။ ရဲဘော်မောင်ကြည်၏အဆက်အသွယ်ဖြင့် ဝိုင်ယာလက်စက်တစ်လုံးကိုချပေးပြီး ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုများနှင့် တပ်ဖွဲ့(၁၃၆)တို့ ပုံမှန်ဆက်သွယ်နိုင်ခဲ့ကြသည်။ ထိုစဉ်က မှတ်တမ်းများအရ တပ်ဖွဲ့အမှတ် (၁၃၆) သည် ဖက်ဆစ်ဂျပန်တော်လှန်ရေးအင်အားစုခေါင်းဆောင်များနှင့် ဝါယာလက်စက်မှတစ်ဆင့် တစ်ပတ်လျှင် နှစ်ကြိမ်ဆက်သွယ်နိုင်ခဲ့ကြသည်။

ဤသို့အတွင်း ကမ္ဘာ့စစ်ရေးအခြေအနေအရပ်ရပ်မှာ ပြောင်းလဲသွားခဲ့ပြီဖြစ်၏။ စစ်ဒီရေသည် မဟာမိတ်တို့ဘက်မှတက်လာခဲ့သည်။ ဥရောပအရှေ့ဘက်စစ်မျက်နှာတွင် နာဇီဂျာမန်တို့ အရှုံးနှင့်ရင်ဆိုင်ရသကဲ့သို့ အာရှပစိဖိတ်စစ်မျက်နှာတွင်လည်း အမေရိကန်ပြည်ထောင်စုတပ်မတော်သည် ဖက်ဆစ်ဂျပန်တို့သိမ်းပိုက်ထားသောကျွန်းများကို သိမ်းပိုက်နိုင်ခဲ့သည်။ အင်္ဂလိပ်နှင့်မဟာမိတ်တပ်ဖွဲ့သည် ဥရောပကမ်းခြေတက်စစ်ပွဲကြီးဆင်နွှဲခဲ့ပြီ။ နာဇီဂျာမန်တပ်များအား ပြင်သစ်နိုင်ငံ၊ ပေါ်လန်နိုင်ငံ၊ ဘယ်(လ်)ဂျီယန်နိုင်ငံတို့မှ မောင်းထုတ်၍ ဂျာမနီနိုင်ငံတော်အတွင်း ထိုးစစ်ဆင်ခဲ့ပြီး ဖြစ်၏။ ထို့အတူ ဗြိတိသျှနှင့်မဟာမိတ်တပ်ဖွဲ့ဝင်များသည် မြန်မာနိုင်ငံပြန်လည်သိမ်းပိုက်ရေးအတွက် ထိုးစစ်ကို ဆင်နွှဲနိုင်ခဲ့ပြီဖြစ်၏။

ဤတွင် တပ်ဖွဲ့အမှတ် (၁၃၆) နှင့် ကိုသိန်းဖေတို့၏ တိုင်ပင်ညှိနှိုင်းဆွေးနွေးချက်အရ မြန်မာနိုင်ငံမှ ရောက်ရှိလာသော တော်လှန်ရေးရဲဘော်များအား ဗြိတိသျှတို့က အထူးစစ်သင်တန်းပေး၍ မြန်မာနိုင်ငံအတွင်း လေထီးဖြင့်ချပေးရန် စီစဉ်ခဲ့သည်။ ဤသို့ဖြင့် ဖက်ဆစ်တိုက်ဖျက်ရေးနှင့် မြန်မာနိုင်ငံ၏လွတ်လပ်ရေးရရှိရေးလမ်းစအကောင်အထည်ပေါ်ခဲ့ရသည်။ မည်သို့ပင်ဖြစ်စေကာမူ တပ်ဖွဲ့ (၁၃၆) သည် ဖက်ဆစ်ဂျပန်တိုက်ဖျက်ရေးတွင် မြန်မာ့ဖက်ဆစ်တော်လှန်ရေးအင်အားစုများအား လေးလေးစားစားထား၍ အကူအညီပေးခဲ့သည်။

ယခုရေးသားဖော်ပြမည့်ဖြစ်ရပ်မှာ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော တစ်ကိုယ်တော်ဖက်ဆစ်ဆန့်ကျင်ရေးကို ၁၉၄၂ ခုနှစ် ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ခွာစစ်ပြုခဲ့သည့်အချိန်မှစ၍ ပဲခူးရိုးမတောတွင် မိမိဆန္ဒအလျောက် နေရစ်ခဲ့သော ပိုလ်မှူးဆီဂရင်း၊ မြန်မာဒေသခံတိုင်းရင်းသားကရင်အမျိုးသားများ၊ မြန်မာဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုများနှင့် တပ်ဖွဲ့အမှတ် (၁၃၆) တို့၏ဆက်ဆံရေးနှင့် ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးအတွက် အသက်စွန့်လွှတ်သွားရသော ပိုလ်မှူးဆီဂရင်းနှင့် ပဲခူးရိုးမဒေသခံကရင်အမျိုးသားများ၏ လွမ်းမောစရာဖွယ်သမိုင်းဖြစ်စဉ် ဖြစ်ပါသည်။

ပဲခူးရိုးမတောင်တန်းများသည် ပေ (၁၈၈၀) အထိမြင့်ပြီး မိုင် (၈၀) ခန့် တောင်နှင့် မြောက်တန်းလျက်ရှိကာ တောင်ငူမြေပြန့်နှင့် ပြည်မြို့အကြားတွင် မိုင် (၃၀) ခန့် ကျယ်ဝန်းသည်။ ပဲခူးရိုး[illegible] ၏တောင်ဘက်စွန်းသည် ပဲခူးမြေပြန့်[illegible] ရန်ကုန်ဘက်သို့ နိမ့်ဆင်းသွားကာ [illegible] ထူထပ်၍သွားလာရန်ခက်ခဲ၏။ များသော[illegible] အားဖြင့် ဝါးတောကြီးများထူထပ်[illegible] ဖုံးလွှမ်းလျက်ရှိရကား သွားလာ[illegible] ခဲယဉ်းသည်။ လမ်းများမှာလည်း ဆင်[illegible] များ၊ ဗြိတိသျှကိုလိုနီခေတ်သစ်ထုတ်[illegible] ရေးကုမ္ပဏီမှ ဆင်များသွားသည့် လမ်[illegible] သာရှိသည်။ မတ်စောက်သောတောင်[illegible] ကြောများ၊ ချောက်များ၊ မုတ်သုံရာသီ[illegible] တွင် ရွှံ့ဗွက်များ၊ တစ်ဟုန်ထိုးစီးဆင်[illegible] သည့် တောင်ကျချောင်းများသာရှိ[illegible] ယင်းရိုးမအတွင်း တောင်ယာစိုက်[illegible] သောကရင်ရွာများသာရှိသည်။ ရွာဟု[illegible] ရသော်လည်း အိမ် (၁၀) အိမ်၊ (၁[illegible] အိမ်ခန့်သာစု၍နေထိုင်ကြခြင်းသာ [illegible] ၏။ အားလုံးမှာလည်း တောင်ယာ[illegible] ဝါး၊ သစ်ခုတ်သည့်လုပ်ငန်းသာ လုပ်[illegible] ကြပြီး ဒေသခံတိုင်းရင်းသားအများ[illegible] ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြ၏။

ဗြိတိသျှအာဏာပိုင်များတို့သည် ဖက်ဆစ်ဂျပန်တို့က အရှေ့တောင်အာ[illegible] ရှိ ဥရောပနယ်ချဲ့နိုင်ငံများပိုင် ကိုလို[illegible] နိုင်ငံများအား ရုတ်တရက် ကျူးကျော်[illegible] တိုက်ခိုက်လိမ့်မည်ဟု ယူဆထား[illegible] မရှိခဲ့။ ဗြိတိသျှနယ်ချဲ့သမားကမူ ဂျပန်[illegible] ဖက်ဆစ်တို့သည် မြန်မာနိုင်ငံအားတိုက်[illegible] ခိုက်သိမ်းပိုက်မည်မဟုတ်။ မြန်မာနိုင်ငံ[illegible] ၏ တောတောင်ရေမြေသဘာဝအ[illegible] ရုတ်တရက် ဝင်ရောက်တိုက်ခိုက်နိုင်မည်[illegible] လည်းမဟုတ်ဟု ခိုင်ခိုင်မာမာ ယုံကြည်[illegible] ထားသည်။ သို့သော် တရုတ်နိုင်ငံ[illegible] စစ်ရေးအကူအညီများပေးရာတွင် အမေ[illegible] ကန်ပြည်ထောင်စုသည် တရုတ်-မြန်မာ[illegible] လမ်းမကြီးမှတစ်ဆင့် အကူများပေးပို့[illegible] သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံသည် ဂျပန်[illegible] တို့၏ပစ်မှတ်ခဲ့ရာ ၁၉၄၂ ဇန်နဝါရီ[illegible] တွင် ဂျပန်ဘုရင်တပ်မတော်နှင့်မြန်မာ[illegible] မျိုးချစ် ဘီအိုင်အေတပ်မတော်တို့သည် မြန်မာနိုင်ငံအတွင်း ထိုးစစ်များဆင်နွှဲ[illegible] ခဲ့ကြသည်။ ဗြိတိသျှအာဏာပိုင်များ[illegible] သည် ထောက်လှမ်းရေးထားရှိမှု[illegible] အားနည်းသည်။ ကြိုတင်ပြင်ဆင်[illegible] လည်းမရှိ။ အထက်ဆောင်းပါး[illegible] တွင် ဖော်ပြခဲ့သည့်အတိုင်း ဗြိတိသျှ[illegible] သည် ထိုစဉ်က အင်္ဂလန်နိုင်ငံအား[illegible] ကြီးစား၍ ခုခံကာကွယ်နေရသည်[illegible] မက ဒုတိယကမ္ဘာစစ်ဇာတ်ကို ခါးစည်း[illegible] ခံနေကြရာ မြန်မာနိုင်ငံကာကွယ်ရေး[illegible] စိတ်ဝင်စားခြင်းမရှိကြ။

www.burmeseclassic.com

ဂျပန်တို့ မြန်မာနိုင်ငံအား ကျူးကျော်ဝင်ရောက်လာခဲ့လျှင် မြန်မာအမျိုးသားများသည် အုံကြွ၍ ဗြိတိသျှတို့ဘက်မှ ခုခံတိုက်ခိုက်ကြလိမ့်မည်ဟု များစွာ ယူဆထား၏။ ဗြိတိသျှတို့၌ စနစ်တကျဖွဲ့စည်းထားသော သူလျှိုကွန်ရက်မရှိပေ။ ပုလိပ်(ရဲ)သတင်းပေးများကို အထူးသဖြင့် အားထားနေရသဖြင့် သတင်းအချက်အလက်အမှန်အကန်မရကြ။ သို့ဖြစ်၍ မြန်မာလူငယ်များသခင်များ၏လှုပ်ရှားမှုသတင်းများ ထိုစဉ်က မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့် လူထုအတွင်း စိမ့်ဝင်နေသော ဂျပန်ရေတပ်ထောက်လှမ်းရေးအဖွဲ့ဝင်များနှင့် အခြားဂျပန်ဘုရင်တပ်မတော်မှထောက်လှမ်းရေးအဖွဲ့ဝင်များ၏မြန်မာလူထုအား စည်းရုံးမှုကို ဗြိတိသျှအာဏာပိုင်များက သတင်းအတိအကျမရရှိကြ။ သို့ဖြစ်၍ ရုတ်တရက် ဂျပန်တို့ စစ်ကြေညာ၍ မြန်မာနိုင်ငံအတွင်းကျူးကျော်ဝင်ရောက်လာသည်နှင့် မြန်မာ့မျိုးချစ်ဘီဒီအေတပ်မတော်နှင့် မြန်မာလူထုသည် ဂျပန်တို့အား အကူအညီပေးခဲ့သည်။

လျင်မြန်စွာ ထိုးဖောက်ချီတက်လာသည့် ဂျပန်ဘုရင်တပ်များသတင်း ရယူရေးအတွက် သူလျှိုကွန်ရက်တစ်ခု တည်ထောင်ရန် လိုအပ်လာသည်ဟု ထိုစဉ်က အိန္ဒိယအမှတ်(၁၇)တပ်မတော် ဗိုလ်ချုပ်စလင်း (နောင်အခါ ဖီး(လ်)မာရှယ်စလင်းဖြစ်လာ)နှင့် ဗြိတိသျှစစ်အာဏာပိုင်များကသဘောပေါက်လာသည်။ ဤတွင် ထိုစဉ်ကာလက မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြပြီး မြန်မာလူမျိုးများနှင့် လက်ပွန်းတတီး နေထိုင်ခဲ့ကြသော ဘုံဘေဘားမားသစ်ထုတ်လုပ်ရေးကုမ္ပဏီ၊ စတီးဘရားသားသစ်ထုတ်လုပ်ရေးနှင့် ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီ၊ မက္ဂရီကာ၊ ပူကာစသော သစ်ထုတ်လုပ်ရေးကုမ္ပဏီမှ ဗြိတိသျှအရာရှိများအား ယာယီဗြိတိသျှတပ်မတော်ရာထူးများပေးကာ သူလျှိုကွန်ရက်တစ်ခု အရေးပေါ်တည်ထောင်ခဲ့ပြီး လှုပ်ရှားမှုများ ပြုလုပ်ခဲ့၏။

ဤတွင် ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ဗိုလ်မှူးဆီဂရင်းသည် ထူးထူးခြားခြား လူသိများလာသော ပုဂ္ဂိုလ်ဖြစ်လာသည်။ ဗိုလ်မှူးဆီဂရင်းသည်ကို ခရစ်နှစ် ၁၉၀၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံ နော့ဖောပြည်နယ်တွင် မွေးဖွားခဲ့၏။ ဖခင်ဖြစ်သူမှာ ခရစ်ယာန်သင်းအုပ်ဆရာတစ်ဦးဖြစ်ခဲ့သော်လည်း သူ့ဆွေစဉ်မျိုးဆက်တို့မှာ အောင်မြင်ပေါက်ရောက်သော စစ်မှုထမ်းများဖြစ်ကြသည်။ ထို့အတူ ဗိုလ်မှူးဆီဂရင်း၏ မိခင်ဘက်မှ ဆွေမျိုးသားချင်းများမှာလည်း ဗြိတိသျှဘုရင်တပ်မတော်တွင် လူသိများသောစစ်မှုထမ်းများ ဖြစ်၏။

သားအငယ်ဆုံးဖြစ်သော ဆီဂရင်းသည် ဘုရင်စစ်တက္ကသိုလ်တက်ရောက်ခဲ့ပြီး အရပ် (၆) ပေ၊ (၄) လက်မရှိသော ဆီဂရင်းသည် အိန္ဒိယတပ်မတော်တွင် တာဝန်ယူခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ကြီး၏စစ်ရိပ်စစ်ငွေ့များ အရှေ့တောင်အာရှသို့ ယှက်သန်းလာနေစဉ် ဆီဂရင်းသည် ဗြိတိသျှကိုလိုနီဖြစ်သော မလေးရှားတွင် တာဝန်ကျခဲ့သည်။ မြန်မာနိုင်ငံတွင် ဗြိတိသျှအာဏာပိုင်များက အရေးပေါ်ကာကွယ်ရေးစစ်ဝန်ထမ်းတပ် (Levy) များတာဝန်ယူဖွဲ့စည်းရန် စီစဉ်ကြသောအခါ မြန်မာဘာသာစကားတတ်ကျွမ်းသူ၊ မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားသူ၊ ကရင်အမျိုးသားများနှင့်ရင်းနှီးသူ ဗိုလ်မှူးဆီဂရင်းအား အထူးတာဝန်ပေးခဲ့သည်။ ဤတွင် ဗိုလ်မှူးဆီဂရင်းသည် အထက်ဆောင်းပါးတစ်နေရာ၌ ရေးသားဖော်ပြခဲ့သော ပဲခူးရိုးမ၏ လူအသွားအလာခက်ခဲသည့် ကရင်ကျေးရွာများမှ ကရင်အမျိုးသားများအား စည်းရုံး၍ ဂျပန်တို့အားဆန့်ကျင်ရန်အတွက် တတ်နိုင်သမျှလက်နက်ခဲယမ်းမီးကျောက်များရယူကာ နောက်ချန်ဗြိတိသျှအရာရှိအဖြစ်နေထိုင်ခဲ့သည်။

ဆီဂရင်းသည် ပြကောပုကရင်ကျေးရွာတွင် သူ၏ တောတွင်းပြောက်ကျားဌာနချုပ်ပြုလုပ်၍ ကရင်အမျိုးသားပြောက်ကျားများအား လက်နက်သင်တန်းပေးခြင်းများပြုလုပ်ပြီး ဖာပွန်ခရိုင်တွင်လှုပ်ရှားခဲ့သည်။ ဖက်ဆစ်ဂျပန်တပ်များအား ချုံခိုတိုက်ခိုက်ခြင်း၊ ဂျပန်တို့၏လမ်းပန်းအဆက်သွယ်များအားဖျက်ဆီးခြင်းများပြုခဲ့၏။ ၁၉၄၃ ခု၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ကရင်စစ်ဗိုလ်ဗိုလ်သာကျော်နှင့် ကရင်တပ်သားသုံးဦးအား ဗိုလ်မှူးဆီဂရင်းနှင့် အဆက်အသွယ်ယူရန် ကရင်ပြည်နယ်အတွင်း လေထီးဖြင့်ချပေးခဲ့သည်။

ဤသို့ဖြင့် မေဂျာဆီဂရင်း၏ ပဲခူးရိုးမပြောက်ကျားတပ်ဖွဲ့မှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာသည်။ ဂျပန်ဖက်ဆစ်ကင်ပေတိုင်တပ်ဖွဲ့များနှင့်နယ်မြေခံဂျပန်အလိုတော်ရိ သတင်းပေးများကလည်း ဗိုလ်မှူးဆီဂရင်းနှင့် ကရင်ပြောက်ကျားတပ်ဖွဲ့နောက်သို့ အမဲလိုက်ခွေးများကဲ့သို့ အနံ့ခံလိုက်ခဲ့သည်။ မြန်မာ့ဖက်ဆစ်တော်လှန်ရေးအင်အားစုများကလည်း ဗိုလ်မှူးဆီဂရင်းနှင့်ဆက်သွယ်ရန်ကြိုးစားခဲ့ကြသည်။ ဤကိစ္စနှင့် ပတ်သက်၍ ဒေါက်တာမောင်မောင်၏ 'မြန်မာနိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း' စာအုပ်စာမျက်နှာ (၂၁၄-၂၁၅) တွင် အောက်ဖော်ပြပါအတိုင်း ရေးသား ဖော်ပြခဲ့ပါသည်။

ကရင်အမျိုးသားခေါင်းဆောင် စောစံဖိုးသင်သည် တောင်ငူဘက်တွင်ခို၍ ပြောက်ကျားတပ်သားများစည်းရုံးနေသော အင်္ဂလိပ်မေဂျာဆီဂရင်းနှင့် ဆက်သွယ်နေသည်ကိုကြားရ၍ ဗိုလ်စကြာက သူ့အား အိန္ဒိယသို့ပို့ပေးပါဟု ကမ်းလှမ်းသည်။ စောစံဖိုးသင်က ဗမာ့တပ်မတော်က တော်လှန်ရေးပြင်ဆင်နေကြောင်းနှင့် ဗိုလ်စကြာ၏ကမ်းလှမ်းချက်ကို ဆီဂရင်းထံပို့သည်။ ဂျပန်များသိရှိသွား၍ စောစံဖိုးသင်ကို ဖမ်းဆီးသည်ဟု ဆိုသည်။

မေဂျာဆီဂရင်းမှာ ဟိုးဟိုးကျော်လာသည်။ သို့ဖြစ်၍ ဂျပန်တို့က ကင်ပေတိုင်ဗိုလ်ကြီးအီနိုအီ ကွပ်ကဲကာ ခြေလျင်တပ်ရင်းတစ်ရင်းအား တောင်ငူပဲခူးရိုးမသို့စေလွှတ်၍ စစ်ဆင်ရေးပြုလုပ်ခဲ့၏။ နောက်ဆုံးတွင် ဗိုလ်မှူးဆီဂရင်းသည် ဒေသခံကရင်အမျိုးသားများအား ဂျပန်တို့ ရက်ရက်စက်စက်ညှဉ်းပန်းမည်ကို သိရှိရသဖြင့် ဂျပန်ကင်ပေတိုင်တို့ထံသွား၍အပ်ခဲ့သည်။ သူ၏ရဲရင့်မှုကြောင့် သူ့အားဝှက်ထားခဲ့ကြသော ဒေသခံလူထုမှာ ဒုက္ခမရောက်ခဲ့။

၁၉၄၄ ခု၊ စက်တင်ဘာ၄ရက်နေ့တွင် ဗိုလ်မှူးဆီဂရင်းနှင့် ကရင်ပြောက်ကျားခုနစ်ယောက်အား ကြည့်မြင်တိုင်သုသာန်တွင် အဆုံးစီရင်ခြင်းခံရ၏။ မည်သို့ပင်ဖြစ်စေကာမူ ဖက်ဆစ်ဂျပန်ခေတ် ဒေါက်တာဘမော်အစိုးရအောက်တွင် သခင်လူငယ်များ၏အမျိုးသားရေးလှုပ်ရှားမှုသည် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်ကြောင်း ဗြိတိသျှအစိုးရသိအောင်ပြုလုပ်ရာတွင် ဗိုလ်မှူးဆီဂရင်းသည် သူ့တာဝန်ကို ကျေပွန်စွာဖြင့် ထမ်းဆောင်ခဲ့သည်ဟုဆိုကြပါကြောင်း။

လှမိုး (ပညာရေး)

Ref;

*The Life and Gallant Death of Major H.P. Seagrim.*



www.burmeseclassic.com

www.burmeseclassic.com

အများသူငါ သာမန်လူများမလုပ်နိုင်သောအလုပ်တစ်ခုကို အများနှင့်မတူ ထူးချွန်ပြောင်မြောက်စွာ စွမ်းရည်ပြနိုင်သော၊ ထူးထူးကဲကဲလုပ်ပြနိုင်သောသူအား ကမ္ဘာ့အထူးချွန်ဆုံးလူသားအဖြစ် ဂင်းနစ်မှတ်တမ်းတင်အဖွဲ့က မှတ်တမ်းတင် ဂုဏ်ပြုချီးမြောက်လေ့ရှိပါသည်။

ထိုကဲ့သို့ ထူးချွန်လိုသောသူတို့သည် မိမိတို့လိုရာရည်မှန်းချက်ပန်းတိုင်ရောက်အောင် အကြိမ်ကြိမ်အခါခါ ဖြည့်ကျင့်ခြင်း၊ လေ့ကျင့်ခြင်းများကို စဉ်ဆက်မပြတ် ပြုလုပ်ကြရပါသည်။ မောင်စကြဝဠာ၊ မယ်စကြဝဠာရရှိခဲ့သူများသည် အားအင်ပြည့်ဖြိုးရန်၊ ခန္ဓာအချိုးအစားလှပပြေပြစ်ရန် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း၊ အရည်အချင်းများနှင့်ပြည့်စုံရန် ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများစွာ အပင်ပန်းခံကာ လေ့ကျင့်ခဲ့ကြရ၏။ ယင်းကဲ့သို့ ကြိမ်ဖန်များစွာ လေ့ကျင့်မှုပြုခြင်းသည် ပါရမီဖြည့်ခြင်းပင် ဖြစ်၏။ ဖော်ပြခဲ့သည့် ပါရမီဖြည့်ဆည်းမှုသည် သာမန်လူသားတစ်ဦးအတွက် တစ်ဘဝတာရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန် ဖြည့်ဆည်းမှု (ဝါ) တစ်ဘဝတာပါရမီဖြည့်ဆည်းမှုသာ ဖြစ်၏။

အချို့သောသူများသည် များစွာ လေ့ကျင့်မှုမပြုရဘဲ အနုပညာ၊ အားကစား၊ ဂီတ၊ စာပေ စသဖြင့် ဘာသာရပ်တစ်ခုခု၊ အလုပ်တစ်ခုခုတွင် အသက်အရွယ်နှင့်မလိုက်အောင် ငယ်ရွယ်စဉ်ကတည်းက ထူးချွန်စွာ ကျွမ်းကျင်တတ်မြောက်သူများလည်း ရှားပါးစွာပေါ်ပေါက်လာလေ့ရှိ၏။ ထိုသူများသည် အတိတ်ဘဝကတည်းက မိမိတို့၏ ဝါသနာစရိုက်အရ ထိုအလုပ်ကို စူးစိုက်စွဲမြဲစွာဖြင့် အားထုတ်လေ့ကျင့်ခဲ့သူများဖြစ်သည်။ ယခုဘဝတွင် မွေးရာပါဗီဇနိယာမအရ ထုံလာခဲ့သည့် အထုံပါရမီဓာတ်ခံများကြောင့် ထူးချွန်ကြခြင်း ဖြစ်၏။

ဆိုခဲ့ပြီးသော လောကီပါရမီများထက် အလုံးစုံပြည့်ဝသည့် ထူးကဲသော အသိဉာဏ်ပိုင်ရှင်ဖြစ်ရန်၊ အနှိုင်းမဲ့ ငြိမ်းချမ်းမှုရရှိရန်၊ မိမိရရှိပြီးသော အသိဉာဏ်ပညာနှင့် ငြိမ်းချမ်းမှုမျိုးကို အခြားတစ်ပါးသူများအား ရရှိခံစားနိုင်စေဖို့ နည်းလမ်းပေးညွှန်ပြနိုင်ရန်ရည်ရွယ်ချက်ဖြင့် လောကုတ္တရာပါရမီ ဖြည့်ကျင့်မည်ဆိုပါက လပေါင်း၊ နှစ်ပေါင်းများစွာဖြင့်မလုံလောက်ဘဲ ဘဝပေါင်းများစွာ၊ကမ္ဘာပေါင်းများစွာ အချိန်တ… အပင်ပန်းအဆင်းရဲခံ၍ ပါရမီဖြည့်… ရမည်ဖြစ်ကြောင်း ယုံမှားသံသယရှိ… မလိုပါပေ။

ဂေါတမဗုဒ္ဓသည် နုစဉ်… ဘုရားဖြစ်သည့်တိုင်အောင် ဘုရား… ရန်စိတ်ဖြင့် ရည်မှန်းကြံစည်မှု … ပေါင်း (၇) အသင်္ချေ၊ နှုတ်ဖြင့်ပြော… ကမ္ဘာပေါင်း (၉) အသင်္ချေ၊ လက်… ပါရမီဖြည့်ဆည်းမှု ကမ္ဘာပေါင်း… (၄)အသင်္ချေနှင့်(၁)သိန်းကာလ ကြာ… ခဲ့ကြောင်း၊ တစ်ကမ္ဘာ၏ သက်တမ်း… အလျား၊ အနံ (၁၂) မိုင်ရှိသော တော… တုံးကို အနှစ် (၁၀၀) လျှင် တစ်ကြိမ်… ဝါးဂွမ်းဖြင့်ပွတ်ခြင်းကြောင့် နောက်… တွင် ထိုကျောက်တုံးပါးလွှာပျောက်… သွားသည့်အချိန်ထက် ပို၍ကြာ… ကြောင်း၊ တစ်အသင်္ချေ ဟူသည်… တစ်နောက်တွင် သုညအလုံး… (၁၄၀) ရှိကြောင်း မှတ်သားခဲ့ရပါသ… ထိုကာလသက်တမ်းအတွင်းဖြစ်ခဲ့ရ… ဘဝပေါင်းများစွာပါရမီဖြည့်ကျင့်ခဲ့… သာမန်အသိဉာဏ်ဖြင့် မှန်းဆ၍မ… ပါပေ။

ယင်းကဲ့သို့ ဖြည့်ဆည်းခဲ့… ပါရမီအဟုန်တို့သည် ဘုရားဖြစ်… သိဒ္ဓတ္ထမင်းသားဘဝတွင် အကောင်း… အထူးခြားဆုံး၊ အမြတ်ဆုံး…



# ချစ်ဖိုး (မော်ကျွန်း)

## ဂင်းနစ်မှတ်တမ်းဝင်ပုဂ္ဂိုလ်များနှင့် မင်းသားငယ်၏အံ့ချီးဖွယ်ဖြစ်ရပ်ဆန်း…

ကောင်းကျိုးများကို နောက်ဆုံး… အကျိုးပေးအဖြစ် အသာလွန်ဆုံး … ခံစားရပေတော့၏။ ဘုရားအလော… တော်၏ဖခင်သည် မဇ္ဈိမဒေသ က… ဝတ်ပြည့်ရှင် သုဒ္ဓေါဒနဘုရင်ကြီး… မိခင်သည် မိဖုရားခေါင် မာယာ… ဖြစ်၏။ မဟာသက္ကရာဇ် ၁၀၁… ကဆုန်လပြည့်၊ သော… ဖွားမြင်တော်မူခဲ့သည်။ မျိုး… ပင်မသန့် ဖူးတံငုံ… အသီး… ဆိုသော စကား…မာအတိုင်း သ… စိုက်ပျိုးရာ၌ မျိုးကောင်းမျိုး… စိုက်ပျိုးမှသာ အဖိုးတန်အသီးအ…

www.burmeseclassic.com

ည်ဖြစ်သကဲ့သို့ လူတို့တွင်လည်း အမျိုးကောင်း၊ အမျိုးညံ့၊ အမျိုးယုတ် ဟူ၍ရှိရာ လူ၊ နတ်တို့ထက် မြင့်မြတ်သော ဘုရားရှင်ဖြစ်မည့်သူသည် မြင့်မြတ်သော သကျသာကီဝင်ဘုရင်မျိုးနွယ်မှဆင်းသက်လာသဖြင့် အမျိုးမြတ်သောဂုဏ်နှင့် ပြည့်စုံပေ၏။

သဗ္ဗညုတဉာဏ်ပိုင်ရှင် ဗုဒ္ဓဘုရားရှင်ဖြစ်မီ သိဒ္ဓတ္ထမင်းသားငယ်သည် လူသားတို့၏ ထုံးစံဓမ္မတာအရ လူသားသူ မိဘနှစ်ပါးမှ မွေးဖွားလာခဲ့ပြီး ဖွားစဉ်ကပင် အညစ်အကြေးကင်းပြီး မိခင်ရောကလေးပါ ချမ်းသာစွာ မြင်ခဲ့ရ၏။ ဤသည်လည်း ထူးခြားချက်တစ်ရပ်ပင် ဖြစ်ပါပေ၏။ မွေးဖွားလျှင်ပြီးချင်း မတ်တတ်ရပ်လျက် -

"လောကဌ် ငါသာလျှင် အကြီးဆုံး ငါသာလျှင် အမြတ်ဆုံး၊ ငါသာလျှင် သာလွန်ဆုံး'

ဟု ကြုံးဝါးခဲ့ခြင်းသည် သာမန်လူသားတို့ထက် သာလွန်ထူးကဲသော အံ့မခန်းသည့် ထူးခြားချက်တစ်ရပ်ဖြစ်ပေသည်။ လူ့သမိုင်းတစ်လျှောက် မွေးပြီးချင်း ကြုံးဝါးဖို့မဆိုထားနှင့် စကားတစ်လုံးမျှပြောနိုင်သည့်ကလေးရှိသည်ဟု၍ တစ်ခါမျှမကြားရဘူးပါပေ။ မိခင်က ကျွတ်လွတ်လျှင် ငိုကြွေးခြင်းဖြင့်သာ ခဲ့ကြရ၏။

မွေးပြီးလျှင်ပြီးချင်း လမ်းလျှောက်သောကလေး ဟူ၍ လုံးဝမရှိခဲ့ပါ။ သိဒ္ဓတ္ထမင်းသားငယ်မှာ မွေးပြီးလျှင်ပြီး ခြေလှမ်းခုနစ်လှမ်းလှမ်းခဲ့ပြီး ခြေလှမ်းတိုင်းတွင် ကြာပွင့်တစ်ပွင့်စီ ထွက်ခံပေါ်လာခြင်းကလည်း အံ့မခန်းသော ထူးခြားချက်တစ်ရပ်ဖြစ်ပါပေ၏။

သိဒ္ဓတ္ထမင်းသားငယ် နို့ချိုစို့သည့် ငယ် ပုခက်ထဲ၌ ပထမဈာန်ဝင်စား ပုခက်အထက်သို့မြောက်တတ်နေ မှာ အံ့မခန်းသောထူးခြားချက် ရပ်ဖြစ်ပါပေ၏။ သာမန်လူသား ဦးအဖို့ ပထမဈာန်ဝင်စားနိုင်ရန် ဋ္ဌာန်းတရားကို ဆရာသမားထံ ခံ၍ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ တာ ဟူသော ဈာန်အင်္ဂါငါးပါးဖြင့် သမာဓိအဆင့်ထိရောက်ရှိအောင် ပေါင်း၊ နှစ်ပေါင်းများစွာ အပြင်း ကြိုးစားအားထုတ်ကြရသည်။ မင်းသားကလေးငယ်မှာ ဘဝ ဆက်က ဖြည့်ကျင့် ဆည်းပူးခဲ့ နိက္ခမပါရမီရင့်ကျက်လာသည့် အဟုန်ကြောင့် ယခုကဲ့သို့ ပထမ ကို ပထမဈာန်ကို အလွယ်တကူ ဝင်စားနိုင်ခြင်း ဖြစ်၏။

ဗြာဟ္မဏဘာသာဝင်ပုဏ္ဏားတို့၏ ဝေဒကျမ်းများတွင် ယောကျ်ားကောင်း ယောကျ်ားမြတ်တို့၌သာ (၃၂) ပါးသော မဟာပုရိသလက္ခဏာ၊ (၈၀) သော လက္ခဏာတော်ငယ်နှင့်(၁၀၈)ကွက်သော ပါဒစက်တော်ရာများရှိကြောင်း။ ထိုလက္ခဏာတော်ကြီးငယ်တို့သည် သာမန်လူသားတို့၌ လုံးဝမရှိဘဲ လွန်စွာ ထူးကဲမြင့်မြတ်သည့် စကြဝတေးမင်းနှင့် ဘုရားအလောင်းတော်များ၌သာရှိသည့် အင်္ဂါရပ်များဖြစ်ကြောင်း ဟောပြောချက်များပါရှိ၏။ သိဒ္ဓတ္ထမင်းသားတွင် ဤလက္ခဏာတော်ကြီးငယ်များ ပြည့်စုံစွာရှိခြင်းသည် ဘဝပေါင်းများစွာက ဖြည့်ကျင့်ခဲ့သော ပါရမီတော်များကြောင့် ဖြစ်ပေ၏။ ယနေ့ခေတ် မျက်မှောက်ကာလတွင်လည်း ထူးချွန်ပြီးထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်အချို့၌ ထူးကဲသော လက္ခဏာသွင်ပြင်များရှိကြောင်း မှတ်တမ်းများတွင် တွေ့ရှိရပေသည်။

သိဒ္ဓတ္ထမင်းသား၏ ခမည်းတော်နှင့် မယ်တော်တို့ ကိုးကွယ်ဆည်းကပ်သော ကာဠဒေဝိလရသေ့သည် ဈာန်အဘိညာဉ်တန်ခိုးရထားသော ဗြာဟ္မဏတစ်ဦးဖြစ်၏။ ထိုရသေ့ကြီးသည် နန်းတော်သို့ကြွလာသောအခါ မိဘနှစ်ပါးက ဦးတိုက်ကန်တော့သော်လည်း သိဒ္ဓတ္ထမင်းသားငယ်က လျင်မြန်စွာဈာန်ဝင်စားပြီး ရသေ့ဦးခေါင်းထက်၌ မတ်တတ်ရပ်ပြခဲ့၏။ လူ့သမိုင်းတစ်လျှောက်တွင် ဈာန်အဘိညာဉ်တန်ခိုးရရှိထားသော ပုဂ္ဂိုလ်တို့၏ ဦးခေါင်းပေါ်သို့ ဈာန်တန်ခိုးဖြင့် တက်ရပ်နိုင်သောကလေးရှိသည် ဟူ၍ မကြားဘူးကြပါပေ။ မင်းသားငယ်၏ ဘုန်းတန်ခိုးအစွမ်းသည် လောကတွင် ပြိုင်ဆိုင်နိုင်မည့်သူမရှိသည့် သဘောလက္ခဏာဖြစ်ပေသည်။ အံ့မခန်းသော ထူးခြားချက်တစ်ရပ်ဖြစ်ပါပေ၏။

လောကကြီးတစ်ခုလုံးကို ဗြဟ္မာက ဖန်ဆင်းထားသည်ဟု အယူအစွဲကြီးသော ဗြာဟ္မဏနွယ်ဝင် ပညာရှိပုဏ္ဏားတို့သည် ပညာမာန်၊ အမျိုးမာန်လွန်စွာကြီး၏။ ဝေဒကျမ်းကိုလည်း လွန်စွာပင် ယုံကြည် တန်ဖိုးထားကြ၏။ ဗေဒင်လက္ခဏာနှင့် နက္ခတ်ပညာကျွမ်းကျင်တတ်မြောက်သော ပုဏ္ဏားရှစ်ယောက်ထဲမှ ကောဏ္ဍညအမည်ရှိ အငယ်ဆုံး ပုဏ္ဏားသည် လက်ညှိုးတစ်ချောင်းထောင်၍ သိဒ္ဓတ္ထမင်းသားငယ်သည် ကျိန်းသေဘုရားဖြစ်မည့်သူဟု ကြိုတင်ဟောကိန်းထုတ်ခဲ့ပြီး ဘုရားဖြစ်လျှင် သစ္စာတရားများကို ဦးစွာနာကြားလိုသဖြင့် ပုဏ္ဏား (၄) ယောက်နှင့်အတူ ရသေ့ဝတ်လျက် မိဂဒါဝုန်တော၌ ကြိုတင်စောင့်ဆိုင်းနေကြ၏။ ဤအချက်သည်လည်း သာမန်လူသားတို့ထက် သာလွန် ထူးကဲသော အချက်တစ်ရပ် ဖြစ်ပါပေ၏။

အရွယ်ရောက်လာသော ကလေးတစ်ဦးကို ခေတ်ကာလနှင့်အညီ လောကီအတတ်ပညာများ တတ်မြောက်စေရန် သက်ဆိုင်ရာ ပညာရပ်များကို သင်ကြားပြသပေးသည့် ကျောင်းများသို့ တက်ရောက် သင်ယူစေရခြင်းသည် အစဉ်အလာတစ်ရပ် ဖြစ်၏။ သိဒ္ဓတ္ထမင်းသားငယ်မှာမူ ထိုအချိန်ကာလကရှိခဲ့သော လူသားတစ်ဦး တတ်မြောက်အပ်သည့် လောကီအတတ်ပညာအားလုံးကို မည်သည့်ဆရာထံမျှ သင်ယူခဲ့ခြင်းမရှိဘဲ အလိုလို ထူးချွန်စွာ တတ်မြောက်ပြီးဖြစ်နေသည်မှာလည်း ဘဝပေါင်းများစွာ ဆည်းပူးခဲ့သော ပညာပါရမီအရှိန်အဟုန်တို့ကြောင့် ဖြစ်ပေ၏။ ဤသည်မှာလည်း ထူးကဲသော အံ့ချီးဖွယ်တစ်ရပ် ဖြစ်ပါပေ၏။

လူ့သမိုင်းတစ်ရပ်တွင် ထူးချွန်သော အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ငယ်ရွယ်စဉ်ဘဝနောက်ခံသမိုင်းကို လေ့လာကြည့်လျှင် သူတို့၏အပြောအဆို၊ အမူအရာ၊ အလေ့အကျင့်နှင့်နေထိုင်ပြုမူပုံများသည် 'တောက်မည့်မီးခဲ တရဲရဲ' ဆိုသည့်စကားပမာ အများနှင့်မတူ တစ်မူထူးခြားနေသည်ကို တွေ့ရမည် ဖြစ်၏။ ထို့သူတို့ထက် အဆပေါင်းမြောက်မြားစွာ မနှိုင်းယှဉ်နိုင်အောင် သာလွန်ထူးကဲသော လူသားတစ်ဦး၊ ကမ္ဘာပေါင်း မြောက်မြားစွာ အသင်္ချေ အနန္တကြာမှ ခဲယဉ်းစွာ ပေါ်ထွန်းလာတတ်သော လောကသုံးပါးမှလွန်မြောက်မည့်သူတစ်ဦး၏ ငယ်စဉ်ဘဝသည် မည်သည့်လူ့သမိုင်းတွင်မျှ မရှိနိုင်၊ မတွေ့နိုင်သော အံ့ချီးဖွယ်များဖြင့် ပြည့်နေမည်မှာ ယုံမှားသံသယမရှိနိုင်ပေ။

ယနေ့ မျက်မှောက်ကာလတွင် ကမ္ဘာ့အံ့ချီးဖွယ်ဖြစ်ရပ်ဆန်းများ၊ လုပ်ရပ်များကို မှတ်တမ်းလေ့ရှိသော ဂင်းနစ်မှတ်တမ်းတင်ပုဂ္ဂိုလ်များသာ သိဒ္ဓတ္ထမင်းသားငယ်ဘဝဖြစ်စဉ်များကို သက်ဆိုင်ထင်ရှားတွေ့မြင်လိုက်မည်ဆိုပါက မည်သို့မည်ပုံ မှတ်တမ်းတင်ကြမည်လဲ သို့မဟုတ် မှတ်တမ်းတင်ရန် မရှိတော့ဘဲ လက်မှိုင်ချနေမည်လား စိတ်ကူးများဖြင့် ဗုဒ္ဓအလောင်းတော်မြတ်အား ထူးမြတ်စွာကြည်ညိုလေးစားမိပါတော့သည်။

ချစ်ဖို့ (မော်ကျွန်း)



www.burmeseclassic.com

www.burmeseclassic.com





# ဖိုးကျော့

## ဟူးကောင်းကျား

မားကိုသွေးထားရမလား။

လှံကိုချွန်ထားရမလား။

လေးကြိုးကိုညှိ၍ ညှို့ကြောကို သစ်စေးတိုက်ထားရမလား။

ဤရက်ပိုင်းတွင် သူ့စိတ်ထဲ ဝေခွဲမရဖြစ်နေ၏။

ဤရက်ပိုင်းအတွင်း ခွန်လွေမှာ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ။ စိတ်နှင့်ကိုယ်နှင့်မကပ်။ သူ့ရင်ထဲမှာ ဒေါသအခိုးအငွေ့တွေလျှံထွက်နေသည်။ ရှက်စိတ်တွေဗလောင်ဆူဝေနေသည်။ နာကြည်းစိတ်၊ ဝမ်းနည်းစိတ်တို့က ရောယှက်နေသည်။ တောကိုကြည့်ကြည့်တောင်ကိုကြည့်ကြည့် သူ့စိတ်ထဲ ဒေါသဖြစ်စရာချည်း မြင်နေမိ၏။

လျှံနေ၊ လျှံထောင်တို့အဘိုးက သူ့အဘိုးကို ဘာလက်နက်(ဖရနာန်)နှင့် သတ်ခဲ့သလဲဆိုသည်ကို ခွန်လွေ စုံစမ်းနေသည်မှာ သီတင်းတစ်ပတ်ကျော်ခဲ့ပြီ။ ရွာရှိအမျိုးတွေကိုမေး၏။ မည်သူကမျှ တိတိကျကျ မပြောပြနိုင်ကြ။ မပြောပြနိုင်ကြဆိုခြင်းထက် မပြောချင်ကြဆိုသည်က ပိုမှန်မည်။ အချို့ကဆို 'မင်းကို ဘယ်လူပြောလဲ၊ ငါတို့တောင်မီလိုက်တာမဟုတ်တာ' ဟု ဘူးကွယ်ကြသောလူကြီးများကဆိုသည်။

အကယ်၍ လျှံထောင်တို့အဘိုးက ခွန်လွေတို့အဘိုးလေးကို လှံနှင့်ထိုးသတ်ခဲ့သည်ဆိုလျှင် ခွန်လွေကလည်း လျှံထောင်ကို လှံနှင့်သာထိုးသတ်ရမည်။ မားနှင့် ခုတ်သတ်သည်ဆိုလျှင်လည်း မားနှင့်သာပြန်၍ခုတ်သတ်ရမည်။တခြားလက်နက်တစ်စုံတစ်ခုနှင့်ပြန်သတ်လျှင် ကလဲ့စားချေရာ၊ ရန်ကြွေးသတ်ကြွေးပြန်ဆပ်ရာရောက်မည်မဟုတ်။ ဤဥပဒေသသည် ရန်ကြွေးသတ်ကြွေးပြန်ဆပ်ရသူတိုင်း၏ ဥပဒေပင်။ ထို့ကြောင့်လည်း ခွန်လွေက ဖရနာန်ခေါ် သူ့အဘိုးလေးအား လျှံထောင်တို့အဘိုးသတ်လိုက်သောလက်နက်ကို စုံစမ်းနေရခြင်း ဖြစ်၏။

အမှန်က ဤရန်ကြွေးကို သူ့အဖေလက်ထက်ကပင်ဆပ်ခဲ့ဖို့ကောင်းသည်။ သို့သော် ခွန်လွေ၏အဖေမှာ ဤတင်နေသောရန်ကြွေးကိုမဆပ်ခဲ့။ ညီအစ်ကိုဆို၍လည်းမရှိသဖြင့် သူ့အဖေမဆပ်ခဲ့သောကြွေးသည် ယခု သားလက်ထက်ကိုကြွေးတင်ထားခဲ့သည်။ အဖေ့တွင် ယောက်ဖသုံးယောက်တောင်ရှိခဲ့လေ၏။ သို့သော် သူတို့က တောင်ပိုင်းသား။ ဤသို့ ဖရနာန်လုပ်ရသည်ကို အလေးထားကြသူများမဟုတ်ခဲ့ကြ။ သူတို့ဆပ်၍လည်း ကြွေးမကျေဟုပြောခဲ့ကြသည်။ သွေးချင်းမတူလျှင် ကြွေးဆပ်၍မရဟူသောဥပဒေရှိသည်ဟုဆိုသည်။

ယခုတော့ ခွန်လွေသည် သူ့အဖေကိုပင် သတ်ကြွေးမဆပ်နိုင်ကောင်းရလားဟု စိတ်ထဲအပြစ်တင်ချင်နေသည်။ အကယ်၍ သူ့အဖေသာ သတ်ကြွေးကို ဆပ်ခဲ့နိုင်လျှင် လျှံထောင်လည်း သူ့ကို ကြွေးမဆပ်ကောင်းရလားဟု စိန်ခေါ်စရာအကြောင်းမရှိတော့။ သို့ဆိုလျှင် လျှံနေနှင့်လည်း ပြဿနာမရှိတော့။ ယခုတော့ အဖေ့ကြွေးသည် သူ့အပေါ် တင်ခဲ့၏။

သို့သော် ယခုအခါ ဤဖရနာန်ကိစ္စ မည်သူ့ဆီကမျှ စုံစမ်း၍မရသေး။ တိတိကျကျမဟုတ်တောင် အရိပ်အ... မျှကိုပင် ပြောပြချင်ကြပုံမပေါ်။ ... လူကြီးတွေကိုလည်း မေးမရ။ က... ချေရသောအစဉ်အလာနှင့် မလေ့... တို့ကို မည်သူကမျှ အားမပေးချ... တော့။ သူကတော့ ဆလိုင်းထန်... အသုဘ၌ လျှံထောင်ကြွေးတောင်း... သောစကားကို သူ့ရင်ထဲ တ... နာကျင်ခံပြင်းနေ၏။

ငါတို့အမျိုးတွေ သွေးနည်း... ကြတာဟုလည်း သူ့အဖေအပေါ်... နပ်ချက်က ဆွေမျိုးတွေဘက်လှ... ၏။ ငါရအောင်စုံစမ်းမည်၊ ငါ့အ... ငါဆပ်ရမည်။ ဖရနာန်ကို ရအော... မည်။ ထိုဆုံးဖြတ်ချက်နှင့် အမျိုး... လူကြီးတစ်ယောက်ဆီရောက်... ၏။

ထိုလူကြီးက -

"ဒီမကောင်းတဲ့ အစဉ်အ... ဘာလို့သိချင်နေရတာလဲ လူလေး..."

ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အမေ့ဘက်ကလူကြီးမို့ သွေးမစပ်၍ ပြောခြင်းဟု နားလည်သဖြင့် ဒေါသနှင့်ပြန်လာ၏။

တောင်သုံး၊ လေးလုံးကျော်တွင်ရှိနေသော လျှံထောင်အဘိုးသတ်သွားသော သူ့အဘိုးလေး၏ရွာအထိသွား၍ ဖရနာန်ကိုစုံစမ်းသည်။ ထိုရွာလူကြီးကလည်း -

"ဆလိုင်းထန်ထောင်ကြီးအသုဘနေ့က ငါတို့ရောက်တယ်။ ဟိုင်ရှူးကောင်က ခေါင်ပေါက်ပြီး မင်းကိုကြုံးဝါးတယ်ဆိုတာ ငါတို့ကြားခဲ့တယ်။ သိတယ် ခွန်လွှေ၊ သူ့မိဘတွေကိုလည်း ငါတို့တိုင်တောခဲ့ပြီ။ အဲဒါ မင်းက ခု ငါ့ကို ဖရနာန်လာမေးတာ လျှံထောင်ကိုပြန်ပြီး ကလဲ့စားချေမလို့လား။ မလုပ်ပါနဲ့ လူလေးရယ်၊ ငါတို့အေးအေးချမ်းချမ်းနေလာခဲ့ကြတာ နှစ်ပေါင်းများစွာကြာလာခဲ့ပါပြီ။ သေတဲ့လူလည်း အရိုးဆွေးရော့ပေါ့။ ဒီမလုပ်သင့်မလုပ်ထိုက်တဲ့ ဒီရန်မီးငြိမ်းနေတာကို မင်းတို့လူငယ်တွေထပ်မမွှေးကြပါနဲ့၊ အသိရှိကြစမ်းပါ။ မင်းအဘိုးလေးကို သူ့အဘိုးက သတ်ခဲ့လို့ဆိုပြီး လျှံထောင်ကို မင်းသတ်ရင် မင်းကိုလည်း လျှံထောင်တို့အမျိုးက ပြန်သတ်လိမ့်မပေါ့။ ဒီလိုသာအစဉ်အဆက်သတ်ကြစတမ်းဆိုရင် ဒီရန်မီး ဒီကမ္ဘာမှာငြိမ်းတော့မှာမဟုတ်ဘူး။ ပြီးတော့ ခုခေတ်အစိုးရနဲ့ တောင်မင်းကြီးတွေကလည်း မင်းကို လူသတ်မှုနဲ့ အရေးယူလိမ့်မယ်။ မင်း ငါပြောတာမယုံရင် မင်းတို့ကျောင်းဆရာ ဆလိုင်ဝါကို သွားမေးကြည့်။ ပွဲတိုင်းမှာ ဆလိုင်ဝါက ဒီကလဲ့စားချေကြတဲ့ ရှေးရိုးစွဲအစဉ်အလာက မကောင်းဘူး။ လူရိုင်းတွေ၊ ဘုရားသခင်မရှိတဲ့ အရိုင်းအစိုင်းတွေ၊ အသိဉာဏ်မရှိတဲ့ လူမိုက်တွေကလဲ့စားချေကြတာလို့ပြောပြောနေတာ မင်းလည်းကြားဖူးပါတယ်။ လူလူချင်း အထူးသဖြင့် ကိုယ့်လူမျိုးချင်း ပြန်ပြန်သတ်နေကြတာလောက်မကောင်းတဲ့အလုပ်ဟာ ဒီကနေ့လူ့ယဉ်ကျေးတွေမှာမရှိတော့ဘူးလို့ ခရစ္စမတ်ရောက်တိုင်း မင်းတို့ကို တရားဓမ္မဟောပြောပြသနေတာပဲမဟုတ်လား။ ဒီကိစ္စ မင်းစိတ်ထဲ စွဲမနေနဲ့ လူလေး။ အင်း- အဘိုးလေးတို့ခေတ်က အကြောင်းအမျိုးမျိုးနဲ့ဖြစ်ခဲ့ကြတဲ့ကိစ္စ မင်းတို့ခုခေတ်လူငယ်တွေဖျောက်ဖျက်ပစ်လိုက်ကြတော့နော်" တဲ့။

အိမ်သစ်တက်ပွဲ၊ ကောက်သစ်စားပွဲ၊ မင်္ဂလာဆောင်ပွဲ စသည်စသည် ပွဲလမ်းသဘင်တိုင်းမှာ စကားစပ်မိတိုင်း ကျောင်းဆရာ ဆလိုင်ဝါက လူလူချင်းသတ်ဖြတ်ကြတာ၊ တစ်မျိုးနှင့်တစ်မျိုး ကလဲ့စားချေကြတာ၊ တစ်ရွာနှင့်တစ်ရွာ စစ်ဖြစ်ကြတာ မကောင်းကြောင်း၊ မဖြစ်သင့်ကြောင်းပြောဟောနေသည်ကိုတော့ ခွန်လွှေလည်း အကြိမ်ကြိမ်အခါခါ ကြားဖူးနာဖူးသည်။

ဆလိုင်ဝါမှာ ကျောင်းဆရာတစ်ယောက်ဖြစ်သလို ဖာသာကြီး အရစ္စတိုတယ်၏ မွေးစားသားလည်းဖြစ်၏။ သူ့အား သာသနာပြုဆရာကြီး အရစ္စတိုတယ်သည် လီဒိုမြို့ကိုပို့၍ ခေတ်ပညာသင်ပေးသည်။ ဆလိုင်ဝါ ပညာတတ်လာတော့ ဖာသာကြီးက သာသနာ့ဘောင်သွင်း၍ ကူပွန်ရွာသို့ခေါ်လာကာ သူ့အမွေကို ဆက်ခံခဲ့သည်။ ကိုယ့်ရွာကိုယ့်ပြည်ဖြစ်၍ ဆလိုင်ဝါစကားကို အားလုံးနားထောင်ကြ၏။ ယခင်က နတ်ကိုးကွယ်သူအချို့ပင် ယခု ဘုရားကျောင်းရောက်နေကြပြီ။ တနင်္ဂနွေနေ့တိုင်း ကလေးများ၏ ဓမ္မတေးသံနှင့် ခေါင်းလောင်းသံတို့ကို ချက်(စ်)မှကြားနေရပြီ။

ဖာသာကြီးလည်း ဤကိစ္စမကောင်းကြောင်း အကြိမ်ကြိမ်ပြောခဲ့ပြီ။ ယခု ဖာသာကြီးသား ဘုန်းတော်ကြီးဆလိုင်ဝါကလည်း ထပ်တူထပ်မျှပြောခဲ့ပြီ။ ခွန်လွှေ လိုက်နာရမည်လား၊ နာခံရမည်လား။

သို့သော် ဆလိုင်းထန်ထောင်အသုဘနေ့က လျှံထောင် ဖရနာန်ကိုစွကြုံးဝါးစိန်ခေါ်သွားသည်ကို ခွန်လွှေ၏ရင်ထဲမှာ လှိုင်းတံပိုးထန်နေတုန်း။ ဤကိစ္စကို ဖာသာကြီးဖြစ်ဖြစ်၊ ဖာသာလေးဖြစ်ဖြစ်၊ ဆလိုင်ဝါဖြစ်ဖြစ်၊ အမျိုးထဲက အကြီးအမှူးထန်ပူးပဲဖြစ်ဖြစ် ခွန်လွှေ လက်မခံနိုင်ဖြစ်နေသည်။

"အစော်ကားခံရတယ်၊ ဆလိုင်းကြီးရဲ့ အသုဘလူပုံအလယ်မှာ သက်သက်အရှက်ခွဲတယ်"

ဟူသော ဒေါသစိတ်က ဤရက်ပိုင်းတွင် သူ့ငယ်ထိပ်တက်ဆောင့်နေသည်။ ဤသို့ ဒေါသမုန်တိုင်းထန်လာတိုင်း -

'မင်းကို ငါသတ်မယ် လျှံထောင်၊ မင်းကိုငါသတ်မယ်။ ငါတို့ရဲ့အဘိုးလေးကြွေး မင်းကိုသတ်ပြီး ငါဆပ်မယ်'

ဟု သူ့နှလုံးသားက အမြဲအော်ဟစ်ကြုံးဝါးနေသည်။ သူ့ဒေါသက လျှံထောင်ကိုသတ်ဖို့ အမြဲတောင်းဆိုနေသည်။ တိုက်တွန်းနေသည်။ လှုံ့ဆော်နေသည်။ သူ့ကိုကြည့်သူတိုင်း၏အကြည့်သည် လျှံထောင်ကို မသတ်နိုင်သေး၍ သရော်ကြည့်အကြည့်ဟုချည်း သူထင် နေသည်။

ခက်နေသည်မှာ သူသတ်ရမည့် သူကလည်း သူ့ချစ်သူ လျှံနေ၏အစ် အရင်းကြီးဖြစ်နေသည်။ အကယ်၍ လျှံထောင်ကိုသတ်မိလျှင် လျှံနေနှင့် ရပြီ။ လျှံနေနှင့်သာမဟုတ်၊ သူ့မိသား သူ့ရွာနှင့်လည်းဝေးရပြီ။ သူတို့မိသား နှစ်ခု ဘယ်လိုမှသင့်မြတ်ကြရန်လည်း အကြောင်းမရှိတော့။

လျှံနေ၏ ချစ်စရာကောင်းသော မျက်နှာကိုမြင်မိတိုင်း သူ့ရင်ထဲ တစ်စ် နာလာ၏။ လျှံနေကိုသူအသက်တမျှချ သည်မှာလည်းအမှန်။ လက်ထပ်ယူမည် ဟုလည်း ဆုံးဖြတ်ပြီးသား။ လျှံ ကြောင့် သူအလုပ်ကြိုးစားခဲ့သည်။ အားလုံး အဆင်ပြေ၍ အခြေအ ကောင်းကြီးကောင်းမဖြစ်ပြီးကာမှ ယ တော့ လျှံထောင်ကြောင့် အားလုံး သဲ ရေသွန်ဖြစ်ရမည့်ကိန်းဆိုက်လာလေ

လျှံထောင်၏အဘိုးက သူ့အဘိုး လေးကိုသတ်ခဲ့သော ဖရနာန်လက်န ကိုလည်း မေးမရ၊ စုံစမ်းမရသောအ စိတ်ဓာတ်ကျချင်လာသည်။ သူကသ မခံချင်စိတ်နှင့် ဤကလဲ့စားချေခြင်း ကို အရေးတယူအပူတပြင်းကြိုးစားစုံ နေသော်လည်း သူ့ကို မည်သူမျှအ မပေးကြ။ ဆွေမျိုးတွေကပါ တားလ ဆီးလားလုပ်လာကြ၏။ သွေးမရှိသော အမျိုး၊ သတ္တိမရှိသောအမျိုး၊ ငကြော ငကြောင်အမျိုးဟု လူတကာကဲ့ရဲ့ မည်ကိုပင် အမျိုးများက လျစ်လျူရှု နိုင်ကြသည်။ သရဲဘောကြောင်သော အမျိုး၊ ဂုဏ်ဖျက်သောအမျိုးဟု လူတ တံတွေးခွက်ပက်‌ ‌က်မျောမည်ကို သူ မစဉ်းစားကြ။ ခေါင်းငုံ့ခံနေရမည်လာ

တစ်ခါတစ်ခါ စိတ်ကောင်း သောအခါမှာလည်း 'ငါ့အဘိုးလေး ငါလည်း မြင်ဖူးလိုက်တာမဟုတ်ဘူ အဘိုးလေးကို လျှံထောင်တို့အဘိုးသ တာ ဘာလက်နက်နဲ့ ဘာကြောင့်သတ် တယ်ဆိုတာလဲ ငါမသိဘူး။ ဖရနာန် မသိဘဲ ရရာကြုံရာနဲ့သတ်လိုက်ရင်လ ကလဲ့စားချေရာမရောက်ဘူး။ အ ဆပ်ရာမရောက်ဘူး။ ဆပ်ရာမည်ပြန်ဘူးတဲ့။ လျှံ ငါသတ်မိရင် သူ့ညီမ လျှံ ငါ့ကိုမုန်းသွားမှာပဲ။ ရွာလူကြီး ပြောကြသလို သူ့ကို သတ်ရင် ငါ့ လည်း သူတို့အမျိုးတစ်ယောက်ယော ကသတ်မှာပဲ။ ငါထွက်ပြေးသွားလို့ ငါ

www.burmeseclassic.com

ခရီးရင် သွေးမရင်းသော်လည်း၊ ဖရနာခ် ဖြစ်သော်လည်း ငါ့အမေဘက်က ညီအစ်ကိုတော်တစ်ယောက်ယောက်ကိုများ လျှံထောင်တို့အမျိုးတစ်ယောက်ယောက် သတ်လေမည်လား။ပြီးတော့ ငါသတ်မှာက ငါ့ချစ်သူရဲ့ အစ်ကိုအရင်း။ အားလုံးပြောကြသလို ငါမသတ်စော့ဘူးလေ။ လျှံထောင်ကိုလည်း လူကြီးတွေက ငါ့ကိုတောင်းပန်ဝန်ချဖို့ပြောနေကြတယ်ဆိုပါလား' ဟူသော အတွေးဝင်လာလျှင်တော့ သူရင်ပူသက်သာ၏။

သို့သော် စိတ်ကောင်းဝင်သည်က ခဏခဏသာ။ လျှံထောင်ကိုသတ်မည်ဟူသောစိတ်ကမူ တစ်ချိန်လုံး ခွန်လွှေကို စိုးမိုးနေတုန်း။

❑

ခွန်လွှေ၏ စိတ်ကြီးမှုသည် လျှံထောင်၏စိန်ခေါ်မှုကြောင့် ဆောက်တည်ရာမရဖြစ်နေသော်လည်း မုဆိုးပီပီ သူထောင်ထားသော ထောင်ချောက်၊ ကျော့ကွင်းတွေနှင့် သူချစ်သူ လျှံနေ့ကိုတော့ သူအမြဲသတိရနေတတ်သည်။ လျှံနေနှင့်မတွေ့အောင် သူအပျိုစုအိမ်ကိုသွားတော့ဘဲ ရှောင်နေနိုင်သော်လည်း သူထောင်ချောက်၊ သူကျော့ကွင်း၊ သူသုတ်ကိုင်းတွေနှင့်တော့ သူကင်းကွာမနေနိုင်။

ထို့ကြောင့် ဆားငွေ့ရှိသော စမ်းချောက်ချောင်းတောတစ်ခုသို့ သူ ထွက်လာရ၏။ သူထောင်ထားသော ထောင်ချောက်၊ ကျော့ကွင်း၊ သုတ်ကိုင်းစသည်တို့ကို တစ်ခုပြီးတစ်ခုလျှောက်ကြည့်၏။ စမ်းချောက်ချောင်း သဲတောထဲ သားကောင်တို့၏ ခြေရာကိုလည်း ကြည့်သည်။

ထောင်ချောက်တစ်ခုတွင် ဆတ်ချိုနှင့် ဆတ်ရိုးတွေကို တွေ့ရ၏။

ထောင်ချောက်တွေကို သူလာမကြည့်မိသောတစ်ရက်၊ နှစ်ရက်ကာလတွင် သူ့ထောင်ချောက်ထဲမိသော ဆတ်ကောင်ကို တောခွေးများ ပွဲတော်တည်သွားကြပြီ။ ဆတ်ချို၊ ဆတ်ရိုးတွေကို တွေ့ရသောအခါ နှမြောစိတ်ကချက်ချင်းဝင်လာသည်။ ထောင်ချောက်တွေ ထောင်ထားခဲ့ပြီး လာမကြည့်မိသည်ကို နောင်တရမိသွားသည်။ သူတို့တစ်ရွာလုံး စားကြရမည့်ဆတ်သားကို ခုတော့ တောခွေးများ လက်ဦးသွားကြလေပြီ။

သူ ဤသို့ ထောင်ထားသော ထောင်ချောက်ကို တစ်ရက်၊ နှစ်ရက်လာမကြည့်ဖြစ်သည်မှာလည်း လျှံထောင်ကို သတ်ဖြတ်ကလဲစားချေနိုင်ရန် ဖရနာခ်ပေးနိုင်သောဆွေမျိုးအဘိုးကြီးတစ်ယောက်ကို ကျောက်ဖျာတောင်ရှိ အလိုင်းရွာတွင်သွားရှာခဲ့သဖြင့်ဖြစ်၏။

သူတို့အမျိုးစပ်သောအဘိုးကြီးကို အလိုင်းရွာတွင် တွေ့တော့တွေ့ခဲ့၏။ သို့သော် ထိုအဘိုးကြီးက တစ်ခါ သူ့ထက်အသက်ကြီးသော၊ သူ့အစ်ကိုကြီးလည်းဖြစ်သော ဆင်ကျချောင်းဘက်က တိန်ခါရွာကိုသွားပြီး ထန်ဖူး ဆိုသော အဘိုးကြီးကိုမေးရန် ညွှန်လိုက်သည်။ သူ့ဦးလေး၏ဘကြီး၊ ခွန်လွှေတို့အဘိုးလေးကို လျှံထောင်တို့အဘိုးသတ်တုန်းက သူမှာ ကောင်းစွာမှတ်မိတတ်သော အရွယ်မဟုတ်သဖြင့် တိန်ခါရွာက ဆလိုင်းထန်ဖူးကိုညွှန်လိုက်ခြင်း ဖြစ်၏။ ထိုစဉ်က ဆလိုင်းကြီးထန်ဖူးမှာ (၁၁)နှစ်သားအရွယ်ဖြစ်သဖြင့် ကောင်းစွာမှတ်မိနိုင်သည်၊ ဖရနာခ်လက်နက်ကိုသိနိုင်သည်ဟုဆို၏။

အမျိုးစဉ်လာထဲက ဤအဘိုးကြီးတစ်ယောက်သာ ခွန်လွှေကို အားပေးမည့်သူရှိ၏။ ခွန်လွှေကို ခုကပင်ဂုဏ်ပြုသောအနေနှင့် သူ့အိမ်က ဝက်ကလေးတစ်ကောင်ပင် လက်ဆောင်ပေးလိုက်သေးသည်။ သို့သော် ဆင်ကျချောင်းဘက်က နိတ်ခါရွာကိုသွားမည်ဆိုလျှင် ကျောက်ဖျာတောင်ဘက်က အလိုင်းရွာမသွားသည်ထက် သူတို့ရွာ ကူပွန်ကသာ ပို၍နီးသဖြင့် မိမိရွာကိုပြန်လာရသည်။

ပိုနီးသည်ဆိုသော်လည်း သူ၏မုဆိုးခြေနှင့် လမ်းတွင် တစ်ညအိပ်ရဦးမည်။ ဖရနာခ်ပြောနိုင်သော သူ့ဘကြီးတော်အဘိုးကြီးရွာကို သူတစ်ခါမှမရောက်ဘူးပေ။ ထို့ကြောင့် တောထောင်ထဲတွင် တွေ့သမျှလူကို မေးရှာရဦးမည်။ ထို့ကြောင့် ရွာကလူကြီးတွေကို တိန်ခါရွာသွားလမ်းကို မေးရဦးမည်။ ဘာကိစ္စသွားမည်နည်းဟုမေးကြလျှင် သူမှာ အဖြေကိုပြောရန် ခက်လှ၏။ ထို့ကြောင့် နောက်တစ်ရက်၊ နှစ်ရက်မှ တိန်ခါရွာသွားလမ်းလာလမ်းကို ဥပါယ်တံမျဉ်နှင့် မေးပြီးသွားတော့မည်ဟု စိတ်ကိုဆုံးဖြတ်ကာ သူထောင်ထားခဲ့သောထောင်ချောက်၊ ကျော့ကွင်း၊ သုတ်ကိုင်းတွေကို သတိရ၍ စမ်းပေါက်များဘက်ထွက်လာခြင်းဖြစ်၏။

ခွန်လွှေသည် တောခွေးအုပ်စားထား၍ အရိုးဦးချိုသာကျန်တော့သော ထောင်ချောက်ကိုငုံ့ကြည့်ပြီး ဆတ်ချိုကို ကောက်ယူလိုက်သည်။ ဆတ်ချိုတစ်စုံကို လီဒိုလမ်းဘက်ကရွာများတွင် သွားရောင်းလျှင် ငွေတစ်ဆယ့်ကိုးကျပ်တော့ ရနိုင်သည်။

ဆတ်မိ၍ ကိုင်းသီးပြုတ်နေသော ထောင်ချောက်ကို ခွန်လွှေ ပြန်မထောင်တော့။ ကျော့ကွင်းတွေကိုသာယူရတော့မည်။ ဆတ်ဖားကြီးမိစဉ်က ဆတ်ဖားကြီးရုန်းကန်၍ အခြေအနေပျက်သွားသောပတ်ဝန်းကျင်တွင် နောက်ထပ် ဘယ်ကျော့ကွင်း၊ ဘယ်ထောင်ချောက် ချချ မည်သည့်သားကောင်မျှ တစ်လ၊ နှစ်လလာကြတော့မည်မဟုတ် ဆိုသည်ကို ခွန်လွှေ သိ၏။ ဆတ်ကောင်အရိုး၊ အရင်းတို့မှ သလင်စို့နံ့လောလောဆယ် မပျောက်နိုင်သလို တော်ခွေးနှင့်ဆတ်ဖားကြီးတို့တိုက်ခိုက်ကြစဉ်က တောခွေးတို့၏သေးနံ့၊ ဆတ်ကန်၍ အပုတ်လိုက်ကျွတ်ကျကျန်ခဲ့သော တောခွေးမွေးတို့၏အနံ့ဆိုးကြောင့် ဘယ်သားရဲတိရစ္ဆာန်မှ ထိုနေရာကို ဖြတ်သွားဖြတ်လာပင် ပြုကြတော့မည်မဟုတ်။

သူ့စိတ်သည် တစ်ချိန်လုံး လျှံထောင်ကိုသတ်ရန်အတွက် ဖရနာခ်ဆိုတာ လိုက်ရှာနေခဲ့သဖြင့် ဆတ်တစ်ကောင် ဆုံးရှုံးသွားခဲ့ရသည်။ ဤရာသီတွင် ကျော့ကွင်း၌ ဆတ်ဖားကြီးတွေ မိတတ်သလို ပြောင်တို့၊ နွားနောက်တို့လည်းမိတတ်သည်။ မြိုင်လိုက်သော နွားနောက်တွေထဲတွင် တစ်ခါတစ်ခါ စိုင်နှင့် ပြောင်တို့ပင် ပါလာတတ်သည်။ သူတို့သည် မျိုးနွယ်စုဖြစ်၍ နွားနောက်မ၏ရာဂနံ့ခံ၍လိုက်လာသော ပြောင်ထီး၊ စိုင်ထီးတွေကို နွားနောက်ထီးတွေက ဝိုင်းဝန်းဝှေ့ခတ်တတ်ကြသည်။ မနောက်လိုက်၍ ပင်ပန်းလွန်း၊ ရေငတ်လွန်းသောနွားနောက်များ၊ ပြောင်များသည် ဆားဓာတ်ပါသော စမ်းပေါက်နားတွင် ဆားငန်မြေလုလျက်ရင်း တစ်ကောင်နှင့်တစ်ကောင် မစိတ်၊ အာလျှစိတ်မွှန်ကာ အသေအကျေဝှေ့ခတ်တိုက်ခိုက်ထားကြသောမြေနေရာတွေမှာ နွားနောက်ခြေရာ၊ ပြောင်ခြေရာတို့နှင့် ဖွာလန်ကြနေတတ်၏။

သူတို့အရပ်၌ အိမ်တိုင်းအိမ်တိုင်း နွားနောက်မွေးထားကြသော်လည်း ထိန်းကျောင်းမှုကိုတော့မလုပ်ကြ။ တောထဲတောင်ထဲ၌သာလွှတ်ထားတတ်ကြ၏။ ပွဲတစ်ခုခုရှိ၍ နွားနောက်ပေးလိုကြတော့မှ လိုက်ရှာ၊ လိုက်ဖမ်းတတ်ကြသည်။ တစ်ခါတစ်ခါ သူတို့နွားနောက်အုပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

တွင် နွားနောက်ကလေးတွေပါလာကြမှ ဤနှစ် နွားနောက်ဘယ်နှကောင်တိုးပွားလာကြောင်း သိကြရသည်။

တောစိတ်ဝင်၍ ရိုင်းနေသောနွားနောက်များကို ဆားပြ၍၊ ဆားနံ့ပေး၍ ခေါ်ရ၏။ နွားနောက်တွေကလည်း ဆားဆို အလွန်ကြိုက်ကြသည်။ ဆားတစ်ပွင့်၊ နှစ်ပွင့်လျက်မိသည်နှင့် အရှင်သခင်နောက် ကောက်ကောက်ပါအောင်ပြန်လိုက်လာတတ်ကြသည်။ ထို့ကြောင့် သူတို့ဆီတွင် လင်ယောကျ်ားတပေပေနေသော်လည်း မပစ်နိုင်မခွဲရက်ဖြစ်နေကြသောမိန်းမများနှင့် မျက်စိနောက်လောက်အောင် တတွဲတွဲချစ်ရေးပိုနေကြသောမိန်းမများကို 'ဒီကောင်မ နွားနောက်ဆားကျွေးထားတာကျနေတာပဲ၊ အမြင်ကိုကတ်ပါတယ်' ဟု ဆိုရိုးစကားတစ်ခုနှင့် တင်စားကြသည်။

နွားနောက်မွေးသူများသည် မိမိတို့၏ နွားနောက် တောစိတ်ဝင်၍ ရိုင်းမသွားအောင် တစ်လ တစ်ခါ၊ နှစ်ခါ ဆားပေးကျွေးတတ်ကြရသည်။ တောထဲတောင်ထဲလွှတ်ထားသော နွားနောက်များကို သူ့နွား၊ ကိုယ့်နွားမှတ်မိအောင် ဦးချိုရင်းတွင် ဓား၊ ဆောက် စသည်တို့နှင့်ရွှေ၍ အမှတ်အသားလုပ်ထားကြရသည်။

လေးထောင့်၊ အဝိုင်း၊ ကြက်ခြေခတ်၊ အစင်းတစ်ကြောင်း၊ နှစ်ကြောင်း၊ သုံးကြောင်း စသည်ဖြင့် မိမိ၏အမှတ်သင်္ကေတလုပ်ထားကြသည်။ ဦးချိုဖျားတွင် ပြုလုပ်ထားပါက နွားနောက်ချိုသေးလျှင် သို့မဟုတ် ယားယံ၍ သစ်ပင်ပင်စည်တို့နှင့် တိုးတိုက်ဖန်များလျှင် ပြေသွားမှာစိုး၍ ဦးချိုရင်း၌သာ အမှတ်အသားကိုလုပ်ထားတတ်ကြသည်။

ခွန်လှေသည် စမ်းပေါက်တစ်ခုနားဆင်းလာ၏။ တိရစ္ဆာန်တစ်ကောင်၏ နှာမှုတ်သံကိုကြားလိုက်ရသည်။ လှမ်းကြည့်သောအခါ သူ့ကျော့တွင်းတွင် နွားနောက်တစ်ကောင်မိနေလေပြီ။

ခွန်လှေ အနားကိုသွားကပ်တော့ ဒေါသဖြစ်နေသော နွားနောက်က လှမ်းဝှေ့ခတ်သည်။ သို့သော် ကျော့ကွင်းက သူ့လည်ပင်းမိနေသဖြင့် ခွန်လှေကိုမမီ၊ မမီ၊ မထိ။ ခွန်လှေနှင့် တစ်တောင်၊ နှစ်တောင်အကွာကသာ ချိုတယမ်းယမ်းလုပ်နေ၏။

ခွန်လှေသည် အသင့်ပါလာသော ဝါးကျည်တောက်ထဲက ဆားအနည်းငယ်ကိုယူပြီး ပထမ အနံ့ပေးလိုက်၏။ ထို့နောက် လက်ခုပ်ထဲထည့်ပြထားသော ဆားကိုကျော့ကွင်းမိနေသောနွားနောက်အား ကျွေးလိုက်သည်။ ဆားလျက်မိသည်နှင့် နွားနောက်က ငြိမ်ကျသွား၏။ ဆားကျွေးလာသူမှာ သူ့အရှင်၊ သူ့သခင်ဟု နွားနောက်က ခွန်လှေကို ချက်ချင်း အသိအမှတ်ပြုလိုက်၏။

ခွန်လှေသည် နွားနောက်၏ ဦးချိုရင်းကိုကိုင်ကြည့်၏။ အမှတ်အသားလုပ်ထားသော အစင်းကြောင်းသုံးကြောင်းကို တွေ့ရသည်။

သူတို့ရွာ သို့မဟုတ် ရွာနီးချုပ်စပ်က တစ်ယောက်ယောက်၏နွားနောက်မှန်းသိလိုက်ရ၏။ တော်သေးသည်။ သူသာ ဤထောင်ချောက်ကို ဤနေ့လာမကြည့်ဖြစ်လျှင် ဤနွားနောက်သည် စောစော ထောင်ချောက်မိထားသောဆတ်နှယ် တောခွေးစာဖြစ်၍ ချိုနှင့်အရိုးတွေကိုသာ ကျော့ကွင်းနားတွင် အပုံလိုက်ကျန်နေခဲ့မည်။

ခွန်လှေသည် ကျော့ကွင်း၌မိနေသောနွားနောက်ကို ကျော့ကွင်းမှဖြုတ်၍ ရေတိုက်သည်။ ဆားအနည်းငယ်ထပ်ကျွေးကာ ရွာထဲခေါ်လာ၏။ ဤနွားနောက်ကို သူက မိမိအိမ်တွင်ချည်ထားရမည်။ နွားနောက်တစ်ကောင်မိထားကြောင်း ရွာသူရွာသားများကိုအသိပေးအကြောင်းကြားရမည်။ ထိုအခါ နွားနောက်ပိုင်ရှင်သည် ဆန်တစ်ပြည်၊ ဆားတစ်ခွက်နှင့် ဤနွားနောက်ကို ခွန်လှေ့ဆီတွင်လာရွေးရမည်။ သို့မဟုတ် ပွဲလမ်းသဘင်လုပ်လိုသူများရှိပါက နွားနောက်ပိုင်ရှင်နှင့် စကားပြောရမည်။ ဈေးငှား၍လည်းကောင်း၊ အခကြေးငွေပေး၍သော် လည်းကောင်း တစ်ကောင်ချင်းလဲလှယ်၍လည်းကောင်း ဤနွားနောက်ကို ပြန်၍ရိုင်းမသွားအောင် ပွဲနေ့အထိ အစာရေစာကျွေး၍ စောင့်ရှောက်ထားရမည်။ ပွဲနေ့ရောက်မှ ဤနွားနောက်ကိုပေါ်၍ပွဲလုပ်ရမည်။

ထို့ကြောင့် ခွန်လှေသည် သူ့ကျော့ကွင်းတွင်မိ၍ တောထဲကဖမ်းခေါ်လာသော နွားနောက်ကို သူ့အိမ်ဝင်းထဲ ချည်ထားလိုက်သည်။ အမိနှင့် နှမငယ်တို့အား သူတောထဲကနွားနောက်တစ်ကောင်ဖမ်းလာ၍ အိမ်၌ ချည်ထားကြောင်း၊ နွားနောက်ပိုင်ရှင်များလာကြည့်လာရွေးနိုင်ကြောင်း ဆော်ဩခိုင်းထားလိုက်သည်။

❑

"ခွန်လှေ"

"ခွန်လှေရေ"

"ဝေး. . . ခွန်. . . ခွန်လှေ"

ရွာထွက်ဝစမ်းပေါက်နားအ[illegible]
တွင် နောက်ကခေါ်သံကြောင့် [illegible]
တုံ့လိုက်ရသည်။ နောက်ကိုလှည့်[illegible]
လိုက်သည်။ သူ့နာမည်ကိုခေါ်၍[illegible]
လိုက်လာသူမှာ လျှံနေဖြစ်နေသ[illegible]
လျှံနေပြေးလိုက်လာသည်ကိုမြင်ရ[illegible]
မှာ လေထဲလွင့်ပါးလာသူတစ်ယော[illegible]
နှင့်ပင်တူနေ၏။ သူ့ကိုကြည့်ရသ[illegible]
ဆောက်တည်ရာမဲ့လွင့်ပါလာသ[illegible]

သူ့ရှေ့လာရပ်သည်အထိ ခွ[illegible]
က လျှံနေကို စိမ်းစိမ်းစိုက်ကြည့်နေ[illegible]

'လျှံနေအသံနှင့်' လျှံနေ[illegible]
ပီပီပြင်ပြင် မြင်လိုက်ရကတည်း[illegible]
တဒိတ်ဒိတ်ခုန်နေသောရင်သည် [illegible]
သူ့အနားရောက်လာသောအခါ [illegible]
အခုန်မြန်လာသည်။

"ဘာလဲဟင် လျှံနေ"

အကြည့်စိမ်းသော်လည်း [illegible]
က ဆို့နင့်သံနှင့်မေးလိုက်၏။

အပြေးလိုက်လာရ၍ မော[illegible]
နေသော လျှံနေက သူ၏ အ[illegible]
ချက်ချင်း မဖြေနိုင်သေးဘဲ [illegible]
ဟောဟဲနှင့် အမောဆို့နေ၏။ လျှံ[illegible]
နိမ့်ချည်မြင့်ချည်လှုပ်ခါနေသောရ[illegible]
ကိုငေးကြည့်ကာ ခွန်လှေပါ ရင်ထဲ[illegible]
သွားသည်။

"ဘာဖြစ်လာလဲ လျှံနေ"

ခွန်လှေ၏ဒုတိယမ္ပိမေးခွန်း[illegible]
မှာ လျှံနေသည် ရုတ်တရက်ထိုင်ချ[illegible]
၏။ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်[illegible]
ကာ တရှုပ်ရှုပ်ငိုချလိုက်သည်။

"ဟင် - လျှံနေ၊ နင်ဘာဖြစ်[illegible]
လဲလို့ ငါ့ကိုပြောစမ်းပါ"

ဘာစကားမှမေးမရပါဘဲ လျှံ[illegible]
ထိုင်ငိုနေသောအခါ သူ့ရင်ထဲမှာ[illegible]
သွား၏။

ထို့ကြောင့် ခွန်လှေ လျှံနေ[illegible]
မှဆိုးဒူးထောက်ထိုင်ချလိုက်ပြီး မျ[illegible]
ကို လက်ဝါးနှင့်အုပ်ကာ ရှိုက်ကြီး[illegible]
ငိုနေသော လျှံနေ၏ ပြည့်ပြည့်[illegible]
လက်ဝါးအစုံကို ဆွဲကိုင်ဆုပ်ဖယ်[illegible]
သည်။

"လျှံ. . . လျှံနေ၊ နင်ဘာ[illegible]
လဲလို့ ငါ့ကိုပြောစမ်းပါဆို[illegible]

"နင့် . . . နင့်ကို[illegible]စောင့်နေ[illegible]
ကြာပြီ ဟင့်. . . [illegible]

ရှိုက်သံနှ[illegible]သည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com

ခွန်လွေက ရှည်လျားသောသက်မ ...ချက်ကို ပင်ပင်ပန်းပန်းချလိုက်မိ၏။

"နင် ငါ့ကိုစောင့်နေတယ်"

"ဟုတ်တယ်"

လျှံနေက ခွန်လွေ၏ မျက်နှာကို ...မော့မကြည့်ဘဲ ခွန်လွေ၏ဒူးကို ...နှင့်တိုက်၍ဆိုလိုက်၏။

"ဘာ. . . ဘာပြောမလို့လဲ"

"ငါ. . . ငါသိတယ်၊ ကြားတယ် ...လွေ။ နင် ငါ့အစ်ကိုကို ဖရနာခ်လုပ် ... မိုင်တို့အိမ်ကိုမလာဘဲ ရှောင်နေ ... မဟုတ်လား"

ခွန်လွေမှာ သက်မချည်းချနေရ ... လျှံနေကို ဘယ်လိုပြောရပါ့။

"ဟင် - ခွန်လွေ၊ ငါမေးတာ နင် ...ပြောနိုင်တော့ဘူးဟုတ်လား။ နင် ငါ့ကို ...စ်တော့ဘူးပေါ့နော်"

"နင့်ကို ငါချစ်ပါတယ်လျှံနေ၊ နင့် ... ငါသိပ်ချစ်. . . ချစ်တယ်"

ချက်ချင်းကြီး ကတုန်ကယင်ပြော ...သော ခွန်လွေ၏ စကားကြောင့် ...နေ၏မျက်နှာဝင်းပပမှာ ထိုအခါမှာ ...မော့လေး သူ့ကိုကြည့်လာ၏။ ...၍ ထွက်ထွက်နီနေသောမျက်နှာ ...ည်း မျက်ရည်စီးကြောင်းတွေနှင့်။ ...င်းပပမျက်နှာပေါ်က မျက်ရည်စီး ...ကြောင်းကို ခွန်လွေလက်နှင့်ထိလိုက်စဉ် ... -

"နင့်. . . ငါ့ကိုချစ်ရင် ငါ့အစ်ကို ... . . . သတ်ပါနဲ့နော် ခွန်လွေ"

လျှံနေက ခွန်လွေ၏ဒူးခေါင်းပေါ် ...လေးထိုးတင်ကာ ခွန်လွေ၏မျက်နှာ ...မျက်ရည်အဝဲသားနှင့်မော့ကြည့်ကာ ...လာ၏။

ဤအမေးကိုတော့ ခွန်လွေက ...ချင်းမဖြေနိုင်။

ထိုမဖြေနိုင်သော အမေးကြောင့် ...ည်း ချစ်သူ၏မျက်နှာမှ ချစ်ရည်ရွှန်း ...အကြည့်ကို ရင်မဆိုင်ရဲဖြစ်သွား ...သည်။ သူ့ရင်ထဲမှာပို၍ဗလောင်ဆူ ...၏။

"ဟင် - ခွန်လွေ နင် ငါ့ကိုချစ် ...ဆိုပါ့"

ဤတစ်ခါတော့ စောစောကလို ...ငါသိပ်ချစ်တယ်' ဟု ပြောရမှာကို ... ခွန်လွေတွန့်ဆိုင်းနေလေပြီ။ ခွန်လွေ ...တုဏှိဘောလုပ်နေသည်ကို လျှံနေ ...ည်း လုံးဝမလိုလားပေ။ ထို့ကြောင့် ... လျှံနေ၏ အားမလိုအားမရမေး ...တာ ထပ်မံပေါ်လာပြန်၏။

"ဟင် - ခွန်လွေ၊ နင် ငါ့ကိုချစ်ရင်



ငါ့အစ်ကိုကို မသတ်တော့ပါဘူးဆိုတဲ့ ကတိ နင် ငါ့ကိုပေးစမ်းပါ။ နင် ငါ့ကို သိပ်ချစ်ပါတယ်ဆို၊ နင် ငါ့ကိုချစ်ရင် ငါ့အစ်ကိုကိုမသတ်ပါနဲ့နော် ခွန်လွေ။ ငါ့အစ်ကိုကလည်း ခေါင်းယယ်ပြီး အော်မိအော်ရာအော်မိပါတယ်ဆိုတာ နင့်ကို လာတောင်းပန်ပါလိမ့်မယ်။ လူကြီးတွေကလည်း အစ်ကို့ကို ဆဲကြဆိုကြတယ်။ နင်ကျေနပ်ပါလားနော်။ ဟင် - ခွန်လွေ ခွန်လွေ၊ နင်. . . နင်ခွဲလွေ. . . ခွန်လွေ ပေး. . . ပေး ခွန်လွေရေ. . . ခွန်. . ."

လျှံနေ့စကားကို ဆက်နားထောင်ရန် ခွန်လွေအင်အားမရှိတော့။ ကြာလျှင် လျှံနေကိုချစ်သောစိတ်ကြောင့် လျှံနေ တောင်းဆိုနေသောကတိကို သူပေးမိလိမ့်မည်။ ထိုအခါ မုဆိုးမှာ ကတိတည်ရမည်။

လျှံနေ၏တောင်းပန်တိုးလျှိုးနေသံကိုကြားနေရတိုင်း သူ့အသည်းမှာ တဆတ်ဆတ်နာကျင်လာ၏။ အံကြိတ်တင်းခံနေသည့်ကြားထဲက မျက်ရည်တို့ ပိုးပိုးပေါက်ပေါက်ကျလာသည်။ သူ့မျက်ရည်ကျသည်ကို လျှံနေ မမြင်စေချင်။ လျှံနေကို အရမ်းချစ်သလို သူ့အစ်ကို လျှံထောင်ကို အရမ်းမုန်းသည်။ အသေကိုသတ်ချင်နေသည်။ သူတို့တစ်မျိုးလုံး ဂုဏ်သိက္ခာကို စော်ကားလာသူအား ချစ်သူနှင့်လဲရမလား၊ လျှံထောင်ကိုသတ်ရမည်လား ကြာလျှင် သူရူးလိမ့်မည်။

ထို့ကြောင့် ခွန်လွေသည် လျှံနေ၏စကားကို ဆက်နားမထောင်နိုင်တော့ဘဲ ရုတ်ခြည်းခုန်ထလိုက်ကာ အရှူးတစ်ယောက်လို ချက်ချင်း တောထဲပြေးထွက်လာခဲ့သည်။

သူ့နားထဲမှာ လျှံနေ၏အော်ခေါ်နေသံ၊ အော်ငိုကျန်ခဲ့သံကို တစ်နေ့လုံး ကြားနေမိသည်။

ထောင်ချောက်ကျော့ကွင်းတွေကို တစ်မနက်လုံး တစ်ခုပြီးတစ်ခုလျှောက်ကြည့်နေရသော်လည်း လျှံနေ၏ငိုရှိုက်သံ၊ လျှံနေ၏ တောင်းပန်နေသံတို့က သူ့နားထဲကမထွက်။ လျှံနေ၏ အရိပ်သည် သူနှင့် တစ်နေ့လုံး လိုက်ပါနေသလိုပင်။

ထောင်ချောက်အသစ်တစ်ခုတွင် ချေယယ်တစ်ကောင်မိနေတာတွေ့မှ သူ့စိတ်ထဲ၊ မျက်စိထဲက လျှံနေ ခဏထွက်သွားသည်။ သို့သော် ချေသေကိုထမ်း၍ အိမ်ပြန်လာတော့လည်း လျှံနေသည် သူနှင့်အတူပါလာသလိုပင်။

အိမ်ပြန်ရောက်တော့ မှောင်စပြင ပြုနေပြီ။

"ကအူး၊ ကအူးဖမ်းလာတဲ့နွားနောက်ကြီး မြောက်ပိုင်းကလျှံထောင်တို့ သားအဖလာရွေးသွားကြပြီ"

သူ့နှမငယ်၏ အားရဝမ်းသာ စကားက သူ့ကိုချက်ချင်း လောင်မီးကျသွားသလိုပင်။

"ဘာ. . . ဘာပြောတယ် ဇရေ"

"ကအူးဖမ်းလာတဲ့ နွားနောက်က သူတို့နွားနောက်တဲ့ ကအူး"

"လျှံထောင်တို့ နွားနောက် ဟုတ်လား"

ဒေါသတကြီးနှင့် နှမငယ်ကို မအော်စဖူး အော်ငေါက်မေးပစ်လိုက်၏။

"ဟုတ်တယ် လူလေး၊ ခုနလေးတင်ပဲ နွားနောက်ကိုလာကြည့်ပြီး ရွေးသွားကြတယ်။ ဆန်ခွက်ဆားခွက်တောင် မသိမ်းရသေးဘူး။ လျှံထောင်က မင်္ဂလာဆောင်တော့မယ်ဆိုပါလား။ အဲဒါကြောင့် သူတို့နွားနောက်လိုက်ရှာနေကြတာ တစ်ပတ်၊ နှစ်ပတ်တောင်ရှိပြီတဲ့။ ဘယ်မှာမှရှာမတွေ့ဘူးပြောတယ်။ မင်္ဂလာဆောင်အတွက် နွားနောက်ဖမ်းမရလို့ သူတို့လည်း ခေါင်းတောက်နေကြပြီတဲ့။ ဒီရာသီ တခြားမှာနွားနောက်ချေးဖို့ ငှားဖို့ဆိုတာကလည်း မလွယ်ဘူးလေ။ ရွာတိုင်းတောင်တိုင်းမှာ မင်္ဂလာဆောင်တွေကရှိနေကြတာကိုး။ အဲဒါကြောင့် လူလေး နွားနောက်တစ်ကောင်ဖမ်းမိတယ်ကြားကြားချင်းလာကြည့်ပြီး သားအဖနှစ်ယောက် လာရွေးသွားကြတာ။ လျှံနေတို့အဖေက လူလေးကို သိပ်ကျေးဇူးတင်တယ်ပြောသွားကြလေရဲ့။ သူ



www.burmeseclassic.com

www.burmeseclassic.com

သားကိုလည်း မိန်းမတော့လိုချင်တယ်၊ ကိုယ့်အိမ်က နွားနောက်တောင် ကိုယ်ရအောင်မဖမ်းနိုင်တဲ့အကောင်၊ ဘာအသုံးကျလဲဆိုပြီး ကြိမ်းမောင်းသွားလေရဲ့"

"တောက်. . ."

သူ့အမေ၏ စကားအဆုံးကိုပင် မအောင့်နိုင်တော့သဖြင့် ခွန်လွေသည် တက်တစ်ချက်ကို ကျယ်ကျယ်လောင်လောင်ခေါက်လိုက်ပြီး ချေငယ်တစ်ကောင်ကိုထမ်းပြီး မှင်တက်မိသွားရာက ချေငယ်ကို သူ့အမေနှင့်နှမကြားထဲ ဝုန်းခနဲပစ်ချလိုက်၏။

တိုက်ပဲတိုက်ဆိုင်လွန်းလှသည်။

လျှံထောင်တို့ နွားနောက်မှန်းသာ သူစောစောကသိခဲ့လျှင် ထိုနွားနောက်ကြီးကို တောထဲမှာ တောခွေးစာကျွေးထားခဲ့မည်မှာမုချပင်။ ခုတော့ လျှံထောင်မင်္ဂလာပွဲအတွက် သူတို့သားအဖရှာမရဖမ်းမရသော နွားနောက်ကို ငါဖမ်းလာရသတဲ့။ ကောင်းကွာ ကောင်းကွာ ကောင်း သိပ်ကောင်း၊ တောက်. . . ဟု စိတ်ဒေါသနှင့် အိမ်ပေါ် ပြေးတက်လာ၏။

ထိုအခါ လျှံထောင်တို့အိမ်ကပေးထားခဲ့သော ဆန်ခွက်၊ ဆားခွက်နှင့် ခလုတ်ဝင်တိုက်မိပြန်၏။ ခွန်လွေသည် ဆန်ခွက်နှင့် ဆားခွက် နှစ်ခုစလုံးကို ဒေါသဖြစ်ဖြစ်နှင့် သိမ်းကျုံးကန်ပစ်လိုက်သည်။

ဤမျှ တစ်ကြိမ်တစ်ခါမျှ ဒေါသမကြီးခဲ့သော ခွန်လွေကို သူ့အမေနှင့် သူ့နှမငယ်တို့က ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေကြ၏။

ခွန်လွေသည် နှစ်ချို့ခေါင်ရည်တစ်အိုးကိုယူကာ တစ်ယောက်တည်း အကုန်သောက်ပစ်လိုက်၏။ ခေါင်မူးပြီး မီးဖိုဝတွင်လှဲအိပ်နေသောသူ့ကို နှမငယ်က ညနေထမင်းစားရန် လက်ကိုလာဆွဲသောအခါ နှမငယ်ကိုပါ ခြေထောက်နှင့် ကြမ်းကြမ်းတမ်းတမ်း ကန်ပစ်လိုက်၏။ ကအူးဟု သူ့နှမငယ်အသံကိုပင် သူမကြားမိ။

ခေါင်မူးနေသော်လည်း သူကား အိပ်မပျော်။ လျှံထောင့်မင်္ဂလာဆောင်ကိုတွေးမိသောအခါ သူနှင့် လျှံနေတို့ မင်္ဂလာဆောင်တစ်ခုမှာ ထမင်းခွံ့ကျွေး၍ ကျီစယ်ခဲ့ကြသည်ကိုသတိရလိုက်ပြန်၏။

❑

ည ခုနစ်နာရီခန့်ရှိပြီ။

ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံးကို အမှောင်ရိပ်က စိုးမိုးထားပြီ။ သတို့သမီး နုကိုင် ချွေးမတက်မသွားနိုင်သေး။ ဆွေမျိုးနှင့်ညီအစ်ကိုမောင်နှမတွေက -

"ခဏနေပါဦး၊ နင့်ကြီးကြီးတစ်ယောက်ကိုစောင့်ပါဦး။ နင့်အစ်မငယ်တစ်ယောက် လာပါစေဦး"

ဟု တားထားကြ၏။

အပျို၊ လူပျိုများကလည်း သတို့သမီးအိမ်ကထွက်ဖို့လုပ်တိုင်း -

"နင်ဘယ်ကိုသွားမလို့လဲ။ နင့်အမေ၊ နင့်အဖေ၊ နင့်ညီမလေးနဲ့ နင့်မောင်လေးတွေကို မချစ်လို့ လင်နောက်လိုက်တော့မပေါ့"

ဟု တစ်ယောက်တစ်မျိုး နောက်ပြောင်ကျီစယ်နေကြ၏။

ထို့ကြောင့် သတို့သမီးခမျာမှာ ရှက်ရွံ့၍ အိမ်ကမထွက်ဖြစ်။ ဤသို့ မထွက်ရအောင်ကလည်း သူတို့ခလေ့အရ ဝိုင်းတားကာ ကျီစယ်နေကြသည်။

သတို့သားအိမ်ပေါ်ကစောင့်နေကြသူတွေနှင့် သတို့သားခမျာမှာလည်း လည်ပင်းညောင်ရေအိုးဖြစ်တော့မည်။ ဘာကြောင့်များ မရောက်လာကြသေးပါလိမ့်ဟု စိုးရိမ်သောကလည်းဖြစ်ကောင်းဖြစ်နေကြလိမ့်မည်။

သူတို့မှာ ရပ်ခလေ့ရွာခလေ့အရ သတို့သမီးကသာ သတို့သားအိမ်ကို ညမှာသွားတက်ရသည်။

သတို့သမီးရှေ့က မင်္ဂလာစကားပြောရမည့်အမျိုးသမီးကြီးတစ်ယောက်က ဝတ်ကောင်းစားလှနှင့် ရှေ့ဆောင်၍ သွားရသည်။ သတို့သမီးအပျိုရံအဖြစ် မိန်းမပျိုနှစ်ယောက်ရံသွားရသည်။ မော်ပီနှင့်မော်တေအကြီးတစ်ယောက်၊အငယ်တစ်ယောက် အပျိုချည်းနှစ်ယောက်ဖြစ်သည်။

သူတို့နောက်မှာ မိဘနှင့် အပျိုအုပ်၊ လူပျိုအုပ်တို့အပြင် ရွာသူရွာသား၊ ဆွေမျိုးများ။ ထိုအပျို၊ လူပျိုအုပ်ထဲတွင် ခွန်လွေနှင့် လျှံနေတို့လည်းပါသည်။ ညဖြစ်သဖြင့် ကညင်ဆီမီးတိုင်၊ ထင်းရှူးမီးတိုင်၊ ပျားဖယောင်းတိုင်တို့နှင့် သတို့သားအိမ်ကို စီတန်းလိုက်ပါလာကြ၏။

သတို့သားအိမ်ရှေ့တွင် ငှက်ပျောပင်၊ ပြောင်းဖူးပင်စိုက်ထူ၍ မင်္ဂလာအခမ်းအနားလုပ်ထားသည်။ အိမ်ရှေ့ကို သတို့သမီးနှင့် သတို့သမီးကိုလိုက်ပို့ကြသူများ စုံညီပရိသတ်များရောက်လာကြသောအခါ သတို့သား၏ အမေ၊ သတို့သမီး၏ယောက္ခမက အကောင်းဆုံးနှစ်ချို့

ခေါင်ရည်အိုးကို မ,ချလာပြီး [illegible] လောင်းကို စတီတိုက်ကာကြိုဆို[illegible] သတို့သမီးက ခေါင်ရည်ကိုစတီသော[illegible] ပြီး ယောက္ခမအိမ်ပေါ် ကိုတက်ရသ[illegible]

အိမ်ပေါ်ရောက်လျှင် သတို့[illegible] ဘက်ကလူကြီးမိဘရှေ့မှာ 'မာန်' မ[illegible] ကြေးပေးရသည်။ သတို့သားနှင့် သ[illegible] သမီးတို့ တစ်ယောက်ကို တစ်ယော[illegible] မင်္ဂလာထမင်း စတီခွံ့ကျွေးကြရသ[illegible] ထမင်းမစားကြရသေးသော ပရိသ[illegible] များကိုလည်း ယင်းအချိန်မှာ ထ[illegible] ကျွေးသည်။

ဤအချိန်သည် လူပျို၊ အပျို[illegible] အတွက် ပျော်စရာအကောင်းဆုံးအ[illegible] ဖြစ်သည်။ ကြိုက်သည်ဖြစ်စေ၊ မကြ[illegible] သည်ဖြစ်စေ ဤအချိန်မှာ စကြ၊ ပြော[illegible] ကြ၊ နောက်ကြသည်ကို စိတ်မ[illegible] စကားကြမ်းကြမ်းတမ်းတမ်းပင်မ[illegible] တစ်ယောက်နှင့်တစ်ယောက် နာ[illegible] လွယ်သောစကားကိုလည်းမဆိုရ[illegible] သလာက်စနောက်ချင်သလောက်နော[illegible] ပြုံးပြုံးကြီးခံနေကြရသည်။ ထို့[illegible] သတို့သားအိမ်တွင် သောသော[illegible] ၏။

ဆွေကြီးမျိုးကြီးထဲကဖြစ်[illegible] သတို့သားနှင့်သတို့သမီးတို့ကို[illegible] နေသော ခွန်လွေကို လျှံနေက ဝ[illegible] နှင့်ပေါင်းထားသော ကောက်ညှင်း[illegible] တစ်ခဲကို ခွန်လွေပါးစပ်ထဲအတင်[illegible] ခွံ့၏။ ရုတ်တရက်ဖြစ်သဖြင့် ခွန်လွေ[illegible] အငိုက်ခံလိုက်ရသည်။ လူပျို၊ အပျို[illegible] က ခွန်လွေကို ဝိုင်းဟားကြ၏။ လျှံ[illegible] သူကပြန်၍ ကောက်ညှင်းပေါင်းခွံ့[illegible] လုပ်သောအခါ လျှံနေက အပျိုအုပ်[illegible] ဝင်ပြေး၏။ အပျိုအုပ်က လျှံ[illegible] ဝိုင်းတွန်းထုတ်ကြသည်။ လျှံနေခွံ့[illegible] ထားခဲ့သော ကောက်ညှင်းပေါင်း[illegible] ခွန်လွေပါးမှာရော နှာခေါင်းမှာပါ[illegible] သွားသဖြင့် ပို၍ဝိုင်းဟားစရာဖြစ်[illegible] ကြ၏။

အမှန်က လျှံနေနှင့်ခွန်လွေတို့[illegible] ဤသို့ ကျီစယ်နောက်ပြောင်နေကြ[illegible] မဟုတ်။ နောက်အပျို၊ လူပျိုများက[illegible] ဤသို့ပင် တစ်ယောက်နှင့်တစ်ယော[illegible] တစ်ဦးနှင့်တစ်ဦး နောက်ပြောင်[illegible] ၍ ကောက်ညှင်းပေါင်းခွံ့ကျွေး[illegible] နေကြသည်မှာ သတို့သား[illegible]အိမ်[illegible] ကျွက်ကျွက်ညံစီနေ[illegible]

လျှံနေဆီ[illegible]လစ်ကို [illegible] ညှင်းပေါင်း[illegible]ခံထားရသောခွန်[illegible] သည် '[illegible]ဦးပေါ့' အငြိုးနှင့် လျှံ[illegible]



www.burmeseclassic.com

www.burmeseclassic.com

အငိုက်အလစ်ကို တစ်ညနေလုံးချောင်းနေ၏။

သို့သော် လျှံနေကား အပါးပင်။ ခွန်လေ့ကို တစ်ချက်ကလေးမျှ အလစ်ပေး။ ခွန်လေ့၏ လှုပ်ရှားမှုကို အချိန်ပြည့်ကြည့်နေ၏။ လှောင်ပြောင်ပြုနေ၏။ ခွန်လေ့ကို သူကဦးထားရသဖြင့် ခွန်လေ့တို့သာမိလျှင်တော့ သက်သာမည်တော်ဆိုသည်ကို သူသိ၏။ သူ့မုဆိုးသတ်ကြမ်းကြီးနှင့် လျှံနေ၏ မျက်နှာတစ်ပြင်လုံးကို ကောက်ညှင်းပေါင်းထဲကောက်ဆီဖတ်၊ ဝက်ဆီတုံးနှင့်ပွတ်လူးမည်မှာ သေချာသည်။ ထို့ကြောင့် လျှံနေက ခွန်လေ့မမိအောင် ရှောင်နိုင်ခဲ့၏။

သည်လိုနှင့် အပျို၊ လူပျိုတို့ လက်ချင်းယှက်ကာ မင်္ဂလာအကဆင်နွှဲကြသည်။ ကပွဲမှာ လျှံနေနှင့် ခွန်လေ့တို့ နှစ်ကြိမ်၊ သုံးကြိမ် တွဲကဖြစ်ကြသည်။ ကပွဲတွင် ယောကျ်ားလေးဖြစ်ပြီး သူ့၏ ကောက်ညှင်းပေါင်းပြန်မခွဲနိုင်သော ခွန်လေ့အားကြည့်၍ကရင်း နောက်ပြောင်သည်။ ခွန်လေ့က သူ့လက်ကို ဆိတ်၏။ လျှံနေက ပြန်ဆိတ်သည်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရယ်ကြသည်။ သီချင်းသံပြိုင်ဆိုကြသည်။ က၍မောလျှင်ခေါင်ရည်သောက်ကြသည်။

ခေါင်ရည်သောက်ရာတွင် ခေါင်ရည်တစ်အိုးကို သုံးလေးငါးယောက်စု၍ သောက်ကြရရာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ခေါင်ရည်တစ်အိုးမကုန်မချင်း မိန်းမပျိုက လူပျိုတုပ်ကိုကိုင်ဖိ၍ မကုန်မချင်း သောက်ခိုင်းသည်။ လူပျိုတွေကလည်း သူတို့အလှည့်ကျသည်နှင့် စောစောက သူတို့တုပ်ကိုဖိကိုင်၍ ခေါင်ရည်တစ်အိုး ကုန်မချင်း ဇက်မဖော်နိုင်အောင်လုပ်သောသူကို သူတို့အလှည့်မှာလည်း ပြန်၍ တုပ်ကိုဖိကိုင်ကာ ခေါင်းဖော်မခံဘဲ သောက်နှင့် နှုတ်ခမ်းပါးစပ်လွတ်မသွားအောင် ဖိထားကြ၏။

သူ့ကို ကောက်ညှင်းပေါင်းခွဲ့ရန် အခွင့်မရလိုက်သောခွန်လေ့က ဤတစ်ခါတော့ တမင်ညစ်၍ ခေါင်ရည်ကုန်သော်လည်း လျှံနေ၏ဇက်ကုပ်ကိုဖိထားသည်။ ထိုအခါ လျှံနေက နောက်ကို လက်လျှို၍ သူ့ခြေဖမိုးကို လက်သည်းနှင့်ကုတ်လိုက်၏။

ထိုအခါ -

"တိုက် ဟိုင်း၊ ငါ့ကိုကင်းကိုက်ပြီ"

ဟု အော်ပြီး ထခုန်လိုက်၏။

"ဟ - မုဆိုးများကင်းကိုက်တာနာတတ်သလား"

အကြောင်းသိမိန်းမပျိုများက ဝိုင်းဟားကြသည်။

သည်လိုနှင့် ခေါင်ရည်သောက်ပြီးလျှင် ကကြပြန်သည်။ က၍မောလာလျှင် ခေါင်ရည်သောက်ကြပြန်သည်။ နောက်တော့ သတို့သား၊ သတို့သမီး မင်္ဂလာမောင်မယ်နှစ်ဦးပါ ဝင်ကလာကြ၏။ ပွဲက ပိုစည်လာသည်။ သီချင်းသံတွေကမူ စောစောကလောက် နှဲ့ဝင်ပီယံမရှိတော့။ ခေါင်ရည်မူးမူးနှင့် ခြေထောက်တွေက အိုးနင်းခွက်နင်းဖြစ်လာသလို သီချင်းသံတွေကလည်း မပီမသအတိအတဖြစ်လာသည်။

လူကြီးတွေကမူ အလျှိုအလျှိုပြန်သွားကြပြီးဖြစ်သော်လည်း အပျိုလူပျိုတို့ကပွဲကား မပြီးနိုင်ကြသေး။ ခေါင်ရည်သောက်လိုက်ကလိုက်နှင့်သန်းယံနီးလာ၏။ တချို့မှာ ခေါင်ရည်မူးပြီး လက်လှုပ်ရုံကိုပင် သူနှင့်တွဲကသူ၏လက်အလှုပ်ကိုလိုက်၍လှုပ်နေရ၏။ ရည်းစားမရှိသူများက ပြန်ကုန်ကြပြီ။

"ဒီတစ်ခါကပြီးရင် ငါပြန်တော့မယ် ခွန်လေ့၊ ငါ့ကာနူးကသိပ်နေမကောင်းဘူး။ ငါ့ကိုနင်အိမ်လိုက်ပို့ပေး"

လက်ချင်းယှက်ကနေကြရာမှ လျှံနေက ခွန်လေ့ကိုတိုးတိုးပြောလိုက်၏။ ခွန်လေ့က လျှံနေ၏မျက်နှာကို အပြုံးနှင့်ကြည့်၍ ခေါင်းညိတ်ပြလိုက်၏။

ကပွဲပြီးသောအခါ ခွန်လေ့က ကတိအတိုင်း လျှံနေကို လိုက်ပို့ရမည်။

ထင်းရှူးမီးတုတ်ထွန်းညှိ၍ ခွန်လေ့ မင်္ဂလာအိမ်ဝင်းကထွက်လာ၏။ လျှံနေက လမ်းကြုံနေသလိုလိုနှင့် မယောင်မလည်ထွက်လိုက်လာသည်။

ဖွဲ့ကောင်းသူများ၊ ရည်းစားအတွဲများကတော့ ကကြခုန်ကြတုန်း။ သီချင်းသံပြိုင်ဆို၍ညံနေကြတုန်း။ ထိုအချိန်မျိုးမှာ သူများအတွဲတွေကြက်ပျောက်ငှက်ပျောက်ပျောက်ကုန်ကြသည်ကိုပင် သတိမထားနိုင်ကြ။ မိမိချစ်သူကို မိမိမည်သို့လှည့်ခေါ် ထုတ်သွားရမည်ကို အချို့က အကြံအဖန်လုပ်ရင်း ကကြခုန်ကြတုန်း။

ညဥ့်နက်မှ ထွက်ပေါ်လာတတ်သော ဆုတ်ပက္ခ၏ တစ်ခြမ်းလသည် ထင်းရှူးပင်အကြိုအကြားက သူတို့နှစ်ယောက်ကို ချောင်းကြည့်နေသလိုပင်။ ဤလိုညမျိုး၌ လျှံနေကိုလိုက်ပို့ရသော ခွန်လေ့က ရင်ခုန်မြန်နေ၏။ လျှံနေတို့အိမ်ရှေ့ကို ရောက်လာကြပြီ။

ခွန်လေ့က မီးတုတ်ကိုမြှောက်ကိုင်ပြီး နောက်ကလိုက်လာသောလျှံနေကို စောင့်နေရ၏။

လျှံနေ မိမိတို့အိမ်ရှိရာ ကမူပေါ်ကို ခွန်လေ့ ရှေ့ကဖြတ်အတက်တွင် ခွန်လေ့က မီးတုတ်ကို လက်ထဲကပစ်ချလိုက်သည်။ ပြီး ရုတ်တရက်ကြောင်သွားသောလျှံနေကို ရွှေ့ခနဲပွေ့ချီကာတအားဖက်နမ်းပစ်လိုက်၏။

ရုတ်တရက်ဖြစ်သဖြင့် လျှံနေလည်း အငိုက်မိသွားသည်။

"မုံ. . . မုဆိုး၊ နင် တော်တော်လည်တယ်။ ငါ ကာနူးနဲ့တိုင်ပြောမယ်။ နင်နေနှင့်ဦး"

"ကျေပါပြီနော် ဟဲ. . . ဟဲ"

ရုန်းထွက်သွားသောလျှံနေက သူ့အိမ်ရှိရာ ကမူပေါ်ပြေးတက်သွားရင်း ခွန်လေ့ကို ချစ်စနိုးကြိမ်းသွားသေးသည်။

ခွန်လေ့ကမူ တခစ်ခစ်ရယ်မောကာ အိမ်ဘက်တက်ပြေးသွားသော လျှံနေကို လှမ်းကြည့်နေ၏။ လျှံနေက အိမ်တက်ဝ လှေကားရင်းတွင်ရပ်ပြီး ခွန်လေ့ကိုပြန်ကြည့်နေ၏။ လဆုတ်ည၏ လရိပ်ဝိုးတဝါးတွင် လျှံနေက ခွန်လေ့ကို လက်သီးဆုပ်ပြပြီး အိမ်ပေါ်ပြေးတက်သွားသည်။

သို့သော် ခွန်လေ့ကား ထိုနေရာကမခွာသေး။ မတ်တတ်ရပ်၍ပင် လျှံနေတို့အိမ်ဘက်ကိုကြည့်နေတုန်း။

လျှံနေသည် အိမ်ဘေးရှိ လသာညတိုင်း ဂျပ်ခုတ်ခတ်နေကျ ရက်ကန်းစင်နားထွက်လာ၏။ ခွန်လေ့ရပ်ကြည့်နေသည်ကိုမြင်တော့ လက်သီးဆုပ်ပြပြန်၏။ ခွန်လေ့ကလည်း ပြန်ပြီး နှာခေါင်းကို ပွတ်ပြလိုက်သည်။ ချက်ချင်း အိမ်ထဲဝင်သွားသောလျှံနေက ဤတစ်ခါပြန်ထွက်မလာတော့။

ခွန်လေ့ အတန်ကြာကြာစောင့်ကြည့်နေသေးသည်။ လျှံနေ၏အရိပ်အယောင်ကို မမြင်ရတော့မှ ခွန်လေ့သည် လွမ်းလွမ်းတတနှင့် မင်္ဂလာအိမ်သို့ပင်ပြန်လာ၏။

ထိုစဉ်ကစ၍ ခွန်လေ့သည် အိပ်မပျော်သောညများကို အတွေးနှင့်မွေးမြူရှင်သန်လာခဲ့လေသည်။

ထိုအတွေးများသည် ယခု တော့. . ။

(ဆက်ရန်)

ဖိုးကျော့

www.burmeseclassic.com



# မ (တာချီလိတ်)
# တာချီလိတ်မြို့မှ အခန်းနံပါတ် (၉)

ဝါတွင်းကြီးမှာပါပဲ။ ဆွေမျိုးတွေ ပြဿနာကြောင့် အသည်းအသန်ပြောင်းရွှေ့ခဲ့ရတယ်။ အစ်မအိမ်ဝိုင်းခြံမှာကပ်နေခဲ့ရတဲ့ဘဝကနေ အိမ်ငှားဘဝကို ရောက်ခဲ့ရတယ်။ ဆွေမျိုးတွေအားကိုးပြီး ကိုယ့်အိမ်ဝိုင်းခြံမြေကို ရောင်းချခဲ့မိတာ အဲဒီအခါကျမှ နောင်တရမိတယ်။ အစ်မရဲ့သားသမီးတွေ ဘန်ကောက်က ပြန်ရောက်လာကြတော့ အဒေါ်ဖြစ်တဲ့ ကျွန်မကို ပြဿနာရှာလာတာကြောင့်ပါ။ ရှိပါစေလေ၊ ဘယ်သူမပြုမိမိမှုပေါ့။

သားအမိနှစ်ယောက် ဝါတွင်းကြီးကို ပြောင်းရွှေ့ခဲ့ကြတာ။ အဲဒီအခန်းနံပါတ် (၉) ကိုပေါ့။ ကြွေပြားခင်းမို့လို့ သန့်ရှင်းပါတယ်။ ဘုရားခန်း၊ အိပ်ခန်းတစ်ခန်း၊ ပန်းကန်ဆေးဘေစင်၊ ရေချိုးခန်းအားလုံး သန့်ရှင်းသပ်ရပ်ပါတယ်။ တာချီလိတ်က ဘတ်ငွေပဲသုံးတာမို့ တစ်လ B/2500 ပေးရပါတယ်။ ရေကြေး B/100၊ မီးကြေးကျသလောက်၊ အမှိုက်ခနဲ့ဆိုတော့ တစ်လ B/3000 လောက်ကျပါတယ်။ ကျော်တဲ့အခါလည်းကျော်ပေါ့။

သမီးက ဆယ်တန်းအောင်ခါစဆိုတော့ အိမ်မှာပဲ တီဗွီကြည့်လိုက်၊ FB ဆော့လိုက်ပေါ့။ ကျွန်မကတော့ မနက်လေးနာရီထပြီး ဈေးကိုသွားရတယ်။ ဒါတောင်မှ ဈေးမှာ အစောင့်ကောင်လေးတစ်ယောက်ရှိလို့။ အခါတိုင်းရင်းသားဈေးသည်တွေက သုံးနာရီ၊ သုံးနာရီခွဲဆိုလာကြပြီ။ အခါတိုင်းရင်းသားတွေကြားမှာ ကျွန်မက ပလတ်စတစ်ပစ္စည်းဆိုင်ဖွင့်ထားတာပါ။

အဲဒီအခန်းနံပါတ်(၉)ကို ပြောင်းလာပြီး ညမှာပဲ ညသန်းခေါင်ကျော်ဆိုရင် တောက်ခေါက်သံလိုလို၊ မီးခလုတ်အဖွင့်အပိတ်လုပ်သလိုမျိုး အသံကြီးကဟိန်းနေအောင်ကြားလို့ ကျွန်မဖျတ်ခနဲနိုးလာပါတယ်။

မီးဖွင့်အိပ်တာမို့ အခန်းထဲမှာ မီးလင်းနေပါတယ်။ သမီးကတော့ အိပ်လိုက်တာသိုးလို့။ ကျွန်မမျက်လုံးပြူး[illegible] ဘယ်နားကအသံထွက်တာလဲလို့ [illegible] လိုက်ကြည့်ပါတယ်။အိပ်ခန်းအပြင်[illegible] ကိုလည်း မီးဖွင့်ပြီးလိုက်ကြည့်ပါ[illegible] ကျွန်မထကြည့်လိုက်ပေမယ့် [illegible] မသွားပါဘူး။ အိပ်ခန်းထဲက နားထော[illegible] ရင်အပြင်ကလိုလို၊ အပြင်ကနားထော[illegible] ရင် အထဲကလိုလိုနဲ့ပါ။ အတော်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြာမှ အသံတိတ်သွားပြီး ကျွန်မလည်း အိပ်ရာထဲ ပြန်ဝင်လာခဲ့ပါတယ်။

ပြန်အိပ်ပျော်သွားတဲ့အခါ အခန်းထဲကို လေကလေးဖြည်းဖြည်းလေးတိုက်လာပါတယ်။ တဖြည်းဖြည်းနဲ့ လေက ကြမ်းလာပြီ။ လူပါလွင့်ထွက်သွားပြီး ခြေကားရားလက်ကားရားနဲ့ ကျွန်မ အော်ဟစ်လိုက်မိတယ်။

ကျွန်မ ရုတ်တရက်နိုးလာတဲ့အခါ နာရီကိုလှမ်းအကြည့်မှာ မနက်လေးနာရီထိုးနေပါပြီ။ ဟုတ်တော့မဟုတ်တော့ဘူးလို့ ကျွန်မတွေးမိပါပြီ။ တစ်ခုခုပဲလို့ ကျွန်မသိလိုက်ပါပြီ။ သမီးက အင်မတန်ကြောက်တတ်တဲ့သူမို့ သမီးကို အသိမပေးဖို့ ဆုံးဖြတ်ထားပါတယ်။

ညက တောက်ခေါက်သံလိုလို၊ မီးခလုတ်အဖွင့်၊ အပိတ်သံလိုလိုဟာ



www.burmeseclassic.com

www.burmeseclassic.com

တိုက်ဆောက်တုန်းက သစ်ခြောက်များ ပါလာလို့များလားလို့ တွေးမိပါတယ်။ သူငယ်ချင်းအပေါင်းအသင်းတွေပြောပြတော့ ပဌာန်း ၂၄-ပစ္စည်းရွတ်၊ ဘုရားဂုဏ်တော်တွေရွတ်ဖို့ အကြံပေးကြပါတယ်။

နောက် ညတိုင်းမှာလည်း အသံက သန်းခေါင်ကျော်တာနဲ့ဟိန်းနေအောင်ကြားရတော့တာပါပဲ။ တစ်ညကနေ နှစ်ညဲ၊ ကျွန်မ ဒေါသထွက်လာပါပြီ။ ညဆို အိမ်မှုကိစ္စနဲ့ မနက်ဆို စျေးသွားရမှာမို့ စောစောထရဆိုတော့ သန်းခေါင်ကျော်တိုင် တစ်ရေးနိုးနေရတာ ကျွန်မ ဒေါသထွက်လာပါပြီ။ အဲဒါနဲ့ ဘုရားစာတွေရွတ်နေတာ။ ဘယ်နှရက်ကြာလဲတော့ မမှတ်မိဘူး။ အသံကပျောက်မသွားဘဲ ဆက်အော်နေတာကြောင့် တစ်ညမှာ ကြိမ်းဝါးပြောမိပါတယ်။

"ဟဲ့ - ငါက မနက်ဆို အစောကြီးထသွားရတာ။ နင်တို့လည်း အကုသိုလ်တော်တော်များပါလား။ ဒီဒါအခန်းကို B/2500 ပေးပြီး ငှားထားရတာဟဲ့။ ဒါ ငါ့အခန်း။ နောက်ရက်အိပ်ရေးဆက်ပျက်ရင်တော့ ငါ့အကြောင်းသိမယ်လို့"

ကျားသားမိုးကြိုး နောက်ရက်ကစပြီး အသံပျောက်သွားပါတယ်။ ဒါပေမယ့် အသံပဲပျောက်သွားတာ ကျန်တဲ့အနှောင့်အယှက်ကတော့ မျိုးစုံအောင်ပေးပါတော့တယ်။

တစ်ရက်က မနက်လေးနာရီမှာ ကျွန်မရဲ့အိပ်ရာဘေးကို ရင်ဖုံးအကျီဝတ်ထားတဲ့မိန်းမတစ်ယောက်လာရပ်ပါတယ်။ ကျွန်မထင်တာက အညာသူမကြီးလို့ထင်လိုက်တာပါပဲ။ ဒါပေမယ့် အဲဒါက မသေချာဘူး။ ရှမ်းတွေကလည်း ရင်ဖုံးဝတ်တတ်တယ်လို့ သူငယ်ချင်းတွေကပြောတယ်။ သေသွားတဲ့ ကျွန်မဲဆွေမျိုးထဲကလည်းမဟုတ်ဘူး။ အသိထဲကလည်းမဟုတ်ဘူး။ အသက်က လေးဆယ်ကျော်လို့ ထင်ရတာပါပဲ။

သူက ကျွန်မခုတင်ဘေးမှာပြုံးပြုံးကြီးရပ်နေပါတယ်။ ကျွန်မက အိပ်ခန်းတံခါးကို ပိတ်အိပ်ပေမယ့် လှမ်းကြည့်လိုက်တဲ့အခါ အခန်းတံခါးပွင့်နေပါတယ်။ အခန်းရှေ့ကနေ သာမန်လူရဲ့ အရပ်လောက်လည်းမရှိ၊ ကုန်းကုန်းကုန်းကုန်းနဲ့ အရပ်အနေအထားအရတော့ ကလေးအရွယ်လို့ ပြောရမှာပဲ။ အဲ့ကလေးငါးယောက်တန်းစီပြီးလျှောက်သွားကြပါတယ်။ ကျွန်မ နှုတ်ကနေ တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်နဲ့ လိုက်ရေနေမိပါတယ်။ အမလေး - ငါးယောက်တောင်မှဆိုပြီး ကျွန်မ ဒေါသနဲ့မိန်းမကိုလှမ်းအကြည့် ဖျတ်ခနဲနိုးလာပါတယ်။

ကျွန်မ စျေးကိုသွားဖို့အတွက် မျက်နှာထသစ်၊ လုပ်စရာရှိတာလုပ်ရင်းစဉ်းစားနေမိပါတယ်။ သေချာပါပြီ။ သရဲကတစ်ကောင်တည်းတောင်မဟုတ်ပါလား။ သားတွေနဲ့တောင်ဆိုတော့ သရဲဘဝမှရလာတဲ့သားတွေလား၊ သေကတည်းက အတူတူသေလာတဲ့သားတွေလား တစ်ခုခုပဲလို့။

တစ်ခုရှိတာက ကျွန်မရဲ့သမီးကို အနှောင့်အယှက်မပေးဘူး။ သမီးက ထူတာပိန်းတာလား၊ အိပ်ရေးကြီးတာလား မသိပါဘူး။ သမီးကို တစ်စုံတစ်ရာအနှောင့်အယှက်ပေးရင်လည်း ကျွန်မ ဒီအခန်းမှာ ဆက်နေဖြစ်မှာမဟုတ်ပါဘူး။ သမီးကိုမထိတဲ့အတွက် သူတို့ကို ကျေးဇူးတင်ရသေး။ ကျွန်မကတော့ ကိစ္စမရှိပါဘူးလေ။

ဒီအသက်ဒီအရွယ်ရောက်နေပြီ။ အတွေ့အကြုံတွေကလည်းများလှပါပြီ။ မကြောက်ဘူးလားဆိုတော့ မဟုတ်ပါဘူး။ အတွေ့နဲ့တော့ကြောက်တတ်ပါ့။ ဒါပေမယ့် ပြူးခနဲပြခနဲလည်းမဟုတ်တော့ သိပ်ဂရုမစိုက်တာရယ်၊ လက်တွေ့ကျတော့ ကျွန်မက အူကြောင်ကြောင်လုပ်နေတာနဲ့ သရဲလည်းအူကြောင်ကြောင်ဖြစ်ထင်ပါရဲ့။

နောက်မိန်းမကြီးနဲ့သားငါးယောက်ကိုမြင်ရတွေ့ရတာ နောက်ဆုံးတစ်ခါက သားငါးယောက်မပါဘူး။ မိန်းမကြီးတစ်ယောက်တည်း။ မနက်လေးနာရီမှာပဲ ကျွန်မအိပ်ရာဘေးလာရပ်တယ်။ ကျွန်မ ဒေါသထွက်ထွက်နဲ့ သူ့ဘယ်ဘက်ရင်အုံကို လက်သီးနဲ့ထိုးလိုက်တယ်။ သူအရယ်မပျက်ဘူး။ တဟားဟားရယ်နေတယ်။ ကျွန်မ သူ့ရဲ့ဘယ်ဘက်လက်ကို ဆွဲပြီး ကုန်းကိုက်လိုက်တာ အားခနဲအော်ပြီး သူလည်းပျောက်၊ ကျွန်မလည်းနိုးရောပဲ။

သူ့ရုပ်ကိုပြတာ အဲဒါ နောက်ဆုံးပဲ။ နောက်ပိုင်းကျတော့ ကျွန်မဘုရားရှိခိုးရင် ဘုရားကျောင်းဆောင်ရဲ့အောက်ထပ်တံခါးကိုလှုပ်ပြတာ၊ နောက်ကျောဘက်ကနေ တစ်ခုခုပြုတ်ကျတာ၊ ပန်းပင်ကို လူတိုက်သွားသလိုမျိုးလုပ်ခါသွားတာ။ အမွှေးတိုင်ကို ယမ်းခါသွားအောင်လှုပ်ပြတာ။ အဲဒါတွေက ကျွန်မအဖို့အဆန်း မဟုတ်တော့ဘူး။

နောက်ပိုင်း တဖြည်းဖြည်းနဲ့ သူ[...] ကျွန်မကို မိတ်ဆွေလိုသဘောထား[...] ကြတယ်နဲ့တူပါရဲ့။ မနက်လေးနာ[...] ကျွန်မစျေးသွားရတော့မယ်ဆိုရင် [...] ကိုပုတ်ပြီးနှိုးလာတယ်။ တစ်ခါတ[...] ကျွန်မနာမည်ကို ကုန်းအော်ပြီး နှိုးသ[...] စျေးကို အစောသွားစရာမလိုဘူးဆို[...] မနှိုးဘူး။ လည်ပ့ါ။

စျေးထဲရောက်ရင်အဲဒီအကြောင်း[...] ပြောပြီး တဝါးဝါးတဟားဟားပဲ။

သုံးလုံးထိထွက်မယ့်ရက်ရော[...] ရင် ပိုဆိုးသေး။ ဟိုဟာလှုပ်ပြဒီဟာ[...] လှုပ်ပြနဲ့။ ကျွန်မကိုပေါက်စေချင်တ[...] တူပါရဲ့။ တစ်ခါတော့ ပေါက်တ[...] အမွှေးတိုင်းမှာကွက်တိပေါ်နေလို့[...] ကျွန်မကသိပ်ဝါသနာပါတာမဟုတ်[...] နည်းနည်းပါပဲ B/700 ဖိုးပဲပေါက်တ[...]

တစ်ခါတလေ စျေးအစောသိ[...] ပြီးပြန်လာလို့ တီဗီရှေ့မှာ ဒရင်းဘ[...] စိတ်အေးလက်အေးကြည့်နေလို့နေ[...] နောက်ကျောကိုလာထုတယ်။ ကျွ[...] လည်း နေ့ခင်းဆိုတော့ မမူပါဘူး။

တစ်ခါက ဘုရားခန်းကြမ်း[...] ပေါ်မှာ ခဏတစ်ဖြုတ်ကျောဆန့်[...] မှေးခနဲ အိပ်ပျော်သွားတာ ခြေထော[...] ကိုလှုပ်နှိုးလို့ အခန်းထဲဝင် အိပ်ရာ[...] သွားအိပ်ရပါတယ်။

သကြံန်တွင်းမှာ မယ်ဆိုင်ဘက်[...] တူလေးက သင်္ကြန်လည်ရအောင် [...] မှာလာအိပ်ပါတယ်။ သူက ဘုရား[...] ဧည့်ခန်းပေါ့။ အဲဒီမှာအိပ်တယ်။ [...] သေတ္တာကလည်း အဲဒီတုန်းက ဧည့်[...] ထဲမှာထားတာဆိုတော့ ရေခဲသေတ္တာ[...] ရှေ့မှာအိပ်တယ်။ မနက်လေးနာ[...] လောက်မှာ ဝူးဝူးဝါးဝါးအော်တ[...] ကျွန်မအခန်းထဲကနေ ကြားတာနဲ့ [...] ပါပြီ။ ကလေးကိုတော့လုပ်ပြီလို့။ [...] တဲ့အခါကျတော့ တူလေးမေးကြည့်[...] အခါ -

"ရေခဲသေတ္တာကို သရဲကဖွင့်[...] သားအော်တာ"

လို့ပြောတယ်။

သမီးတို့ကော ကြောက်မှာစိုး[...]

"ဩော် - မင်းတို့ဟိုဘက်တ[...] ရေခဲသေတ္တာနေမှာပေါ့"

လို့ ကလေးကိုအကြော[...] တယ်။ ကလေးကလည်း [...] ကြောင်နဲ့ အင်း-ဟုတ်[...]ပေါ့။

ကျွန်မ တူ[...]တွေ လာ[...] ရင်လည်း အိပ်[...]ပျော်ဘူးလို့ပဲ [...] တယ်။ ဒါမျိုး[...]တော့ အိပ်ရာပြောင်[...]



www.burmeseclassic.com

www.burmeseclassic.com

ပြန်တတ်တာမို့ ရောချရတယ်။

ကျွန်မနဲ့သမီးက တောင်ကြီးပညာရေးကောလိပ်ကို ကျောင်းသွားတက်တဲ့အခါမှာတော့ အခန်းထဲမှာ ကျွန်မတစ်ယောက်ပဲနေခဲ့ရပါတယ်။

သမီးမရှိတော့ နေ့ခင်းကျွန်မဈေးထဲမှာနေရင် အိမ်မှာဘယ်သူမှမရှိပါဘူး။ ဆိုင်မှာညစောင့်အိပ်တဲ့ ကောင်လေးက ညအိပ်ရေးပျက်တာမို့ နေ့ခင်း ဈေးထဲမှာပြန်အိပ်တတ်ပါတယ်။ သမီးမရှိတော့ အလုပ်သမားကောင်လေးက နေ့ခင်းအိမ်မှာသွားအိပ်ပါတယ်။

အဲဒီကောင်လေးက ခနတိုင်းရင်းသားပါ။ ကျွန်မဆိုင်မှာလုပ်တာကြာလှပြီ အင်မတန်ရိုးသားပါတယ်။ စကားလည်း အင်မတန်နည်းပါတယ်။

အဲဒီကောင်လေးက ပြန်ပြောပြချက်အရတော့ -

"လေတွေက အခန်းထဲကိုတအားတိုက်တာများ လူကိုလွင့်ထွက်သွားတယ်ထို့"

ကျွန်မနဲ့ တစ်ပုံစံတည်း ဖြစ်ပါတယ်။

တစ်ခုထူးခြားတာက သရဲကလေးငါးကောင်ဟာ ကျွန်မအိပ်ရင် အိပ်ရာပေါ်ကိုလည်းမလာဘူး။ မဆော့ဘူး။ အခန်းထဲကိုတောင်မဝင်ပါဘူး။

အဲဒီခနုလေးပြောတာက -

"ကလေးတွေကလည်း အိပ်ရာပေါ်ဆော့လိုက်တာဗျာ။ မအိပ်ရပါဘူး"

လို့ ပြောပါတယ်။

ပြောရရင်တော့ ပြောကုန်နိုင်ဖွယ်ပါ။

တစ်ခါတလေကျပြန်တော့လည်း အကြာကြီးတိတ်ဆိတ်နေပါတယ်။

"အင်း - ဒီကောင်တွေတော့ မရှိတော့ဘူးနဲ့တူပါရဲ့"

လို့ တွေးမိပါတယ်။

ဒါပေမယ့် မထင်တဲ့အခါ ပြန်ပေါ်လာတတ်ပါတယ်။

တစ်ခါက အကြာကြီးပျောက်နေပြီး ကျွန်မတောင် သူတို့ကို ခပ်မေ့မေ့ဖြစ်နေပါပြီ။ သမီးအလတ် ဘန်ကောက်ကနေ ကလေးမွေးပြီး ပြန်လာပါတယ်။ သမီးအငယ်ကလည်း ကျောင်းပိတ်လို့ပြန်ရောက်နေတာဆိုတော့ ကျွန်မအိပ်ရာမှာမဆံ့ပါဘူး။ ဒီတော့ သမီးအလတ်က အိပ်ရာကို ကန့်လန့်ဖြတ်ပြီးအိပ်ရအောင်ဆိုပြီး အိပ်ကြတာပါ။

ပထမ ကျွန်မဘီလူးစီးပြီးထအော်ပါတယ်။ နောက် သမီးငယ်၊ နောက်ဆုံးသမီးလတ်ပါ။ ဘီလူးစီးပြီး ဝူးဝူးဝါးဝါးပေါ့။ သားအမိသုံးယောက်စကားထပြောကြရင်နဲ့ 'အယ် - သုံးယောက်စလုံးဘီလူးစီးတယ်တော့' ပေါ့။ ကျွန်မက သမီးတွေ ရိပ်စားမိမှာလည်းကြောက်၊ မြေးလေးရော၊ သမီးတွေရော အနှောင့်အယှက်ပေးတာလားဆိုပြီး စိုးရိမ်စိတ်နဲ့ ငြိမ်နေမိပါတယ်။

သမီးအလတ်ပြောမှပဲ ရှင်းပါတော့တယ်။

"သမီးကို ဘုရားကျောင်းဆောင်ဘက်ခြေထောက်ထားအိပ်လို့လို့ ပြောတယ် အမေ"

ဆိုမှ -

"အေးအေး - အဲဒါဆိုလည်း ပြန်လှည့်အိပ်ကြတာပေါ့ဟယ်"

ဆိုရပါတယ်။

သရဲသူတော်ကောင်းနဲ့တွေ့နေရတာ ကိုး။

နောက်တော်တော်လေးကြာတော့ သမီးငယ်လည်း ကျောင်းပြန်သွား။ သမီးလတ်လည်း ဘန်ကောက်ပြန်သွားနဲ့ အခန်းမှာ ကျွန်မတစ်ယောက်တည်း ကျန်ခဲ့ပြန်ပါရော။

အဲဒီနေ့က မြို့ထဲမှာ လေကန်ရေးလုပ်ပြီး အိမ်ကို ည (၈) နာရီလောက်မှ ပြန်ရောက်ပါတယ်။ နိုင်ငံခြားကားခွေတွေလည်း အဲဒီနေ့ကယ်လာခဲ့ပါတယ်။ ဂန္ထဝင်ကားတွေ၊ ဒရမ်မာကားကောင်းတွေဆိုရင် ကျွန်မ အိပ်ရေးပျက်ခံပြီးကြည့်တတ်ပါတယ်။ အဲဒီညက ဇာတ်ကားကောင်းတာနဲ့ ည၌ (၂) နာရီကျော်နေပါပြီ။ ဇာတ်ကားလည်းပြီးရော အိပ်ဦးမှပါဆိုပြီး အိပ်ရာပေါ်ကို တုံးလုံးလှဲလိုက်တာနဲ့ မီးခလုတ်က ချောက်ခနဲတက်သွားတဲ့အသံကို ကြားရပါတယ်။

ကျွန်မလည်း မျက်စိမဖွင့်ဘဲ မီးပျက်တာလားမသိဘူးလို့ တွေးမိတယ်။ မီးပျက်တာဆိုရင် မီးခလုတ်ပိတ်သံကြားရစရာ အကြောင်းမရှိပါဘူး။ ဒါပေမယ့် အိပ်ရမှုဖြစ်မှာမို့ ဆက်မတွေးဘဲ အိပ်လိုက်တာ မနက်မိုးနေကျအချိန်မိုးလာတော့ မီးခလုတ်ထဖွင့်ရပါတယ်။

တာချီလိတ်မှာ မီးပျက်ခဲပါတယ်။ ယိုးဒယားမီးမို့လို့ပါ။

မီးခလုတ်ပိတ်ပေးတဲ့သဘောကတော့ ဘယ်လိုသဘောလဲတော့မသိပါဘူး။ အဲဒီခန်းနံပါတ်(၉)မှာ သုံးနှစ်ကြာအောင်နေခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျွန်မ အခန်းပြောင်းခဲ့ရပါတယ်။ သူတို့ကြောင့်တော့ မဟုတ်ရပါဘူး။ ကျွန်မရဲ့ စီးပွားရေးအခြေအနေအရပါ။

ကျွန်မ တောင်ကြီးဘက်ကို ခရီးထွက်ခဲ့တာ လေး၊ ငါးလကြာပြီ။ ပြန်ရောက်လာတဲ့ခါ သူငယ်ချင်းက အသည်းအသန်ခေါ်မေးပါတယ်။ သူ့ရဲ့အမျိုးတစ်ယောက်က ကျွန်မနေခဲ့တဲ့ အခန်း နံပါတ်(၉)မှာ ဆက်နေပါတယ်။ အဲဒီမှာ အမျိုးသားကို သရဲကလေးတွေက မျိုးစုံနှောင့်ယှက်ကြကြောင်း၊ အမျိုးသမီးနဲ့ ကလေးတွေကိုတော့ အနှောင့်အယှက်မပေးကြောင်း၊ သူ့မှာ သရဲကလေးတွေက ဆော့လွန်းလို့ ညအိပ်မရတဲ့အကြောင်း၊ ကျွန်မနေစဉ်က ဘယ်လိုလဲဆိုပြီး မေးတဲ့သဘောပါ။

ကျွန်မလည်း ကြုံတွေ့ခဲ့ရတဲ့အကြောင်းတွေကို ပြောပြလိုက်ပါတယ်။ တစ်နေရာကနေ တစ်နေရာပြောင်းရရွှေ့ရတာဟာ မလွယ်ကူလှတာကြောင့် အဲဒီအခန်းမှာနေတဲ့အမျိုးသားက ဘုန်းကြီးပင့်၊ တရားနာ၊ ကမ္မဝါဖတ်ကြည့်မယ်လို့ ပြောပါတယ်။

အဲဒီတိုက်က အခန်းပေါင်း ဆယ့်ငါးခန်းရှိပါတယ်။ အဲဒီအခန်းနံပါတ်ကိုးမှာပဲ သရဲရှိတာပါ။ ကျန်တဲ့အခန်းတွေမှာမရှိပါဘူး။ အခန်းကိုးကတော့ တစ်လလောက်နေပြီး ပြောင်းပြေးတဲ့သူများပါတယ်။ အကြာဆုံးနေခဲ့တာက ကျွန်မပေါ့။ တိုက်နံပါတ်ကိုတော့ အိမ်ရှင်ကို အားနာလို့ ထည့်မရေးပါဘူး။

ကျွန်မလည်း အမျိုးမျိုးစဉ်းစားပါတယ်။ ဘယ်လိုကြောင့် သူတို့ဒီအခန်းထဲမှာနေတာလဲ။ ရောက်နေရတာလဲ။ ဘာကြောင့်သေဆုံးသွားရတာလဲ။

ကျွန်မတို့လူသာမန်တွေ မှသိနိုင်တဲ့အကြောင်းတရားတွေပေါ့။ ယခုထက်ထိ သူတို့ဟာအဲဒီအခန်းမှာရှိနေကြတုန်းပဲနော်။

ကျွန်မပရိတ်ကြီး (၁၁) သုတ်လုံးရွတ်ခဲ့ပါတယ်။ အမျှအတန်းလည်းဝေခဲ့ပါတယ်။ ဘုရားဂုဏ်တော်တွေလည်း ဆိုခဲ့ပါတယ်။ သမ္ဗုဒ္ဓေ၊ ၂၄-ပစ္စည်းမကျန်အကုန်ရွတ်ခဲ့ဆိုခဲ့ပေမယ့် သူတို့သာဓုမခေါ်နိုင်ခဲ့ကြပါဘူး။

ဒါပေမယ့် ကျွန်မနဲ့ မိတ်ဆွေတွေလို သုံးနှစ်ကြာအောင် နေထိုင်ခဲ့ကြပါတယ်။ တာချီလိတ်မြို့ တိုက် (×××) အခန်း (၉) မှာ သူတို့နဲ့ အတူတူနေထိုင်ခဲ့ရပါတယ်ဆိုတာ ယုံနိုင်ကြပါ့မလား။

မ (တာချီလိတ်)



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်းစဉ်မြေ-တောခက်

## သောကကျိန်စာ

၁၈-၁-၂၀၀၂ နေ့က ဖြစ်သည်။ ကျွန်တော့်မိသားစုဝင်တစ်ဦး ဗဟန်းမြို့နယ် ရှင်ပါကူအထူးကုဆေးခန်းတွင် အစာအိမ်အတွက် ခွဲစိတ်ကုသမှုခံနေချိန်က ကျွန်တော့်မှာ လူနာစောင့်အဖြစ် ဆေးခန်းသို့သွားနေရသည်။ ဤတွင် ဆေးတပ်ရင်းတပ်ကြပ်ကြီးတစ်ဦးသည် ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလထုတ် တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းပါ 'အာဃာတနိဂုံး' ဝတ္ထုကိုဖတ်နေသည်ကို သတိထားမိလိုက်၏။

"ဒီဝတ္ထုက တကယ့်အဖြစ်အပျက်ပဲ။ ကျွန်တော်တို့ မာန်အောင်မှာရှိနေတုန်းကပဲဖြစ်ခဲ့ကြတာ။ ဝတ္ထုထဲမှာ မြစ်ဝရွာဆိုတာမဟုတ်ဘူးဗျ။ အဲဒါမိန်းမကြွယ်ရွာပဲ။ စာရေးဆရာက ရွာနာမည်ပြောင်းထားတာ"

ကျွန်တော်ကတော့ တပ်ကြပ်ကြီးစကားကို တိတ်တိတ်ကလေးနားထောင်နေမိသည်။ အဲဒီရေးတဲ့ စာရေးဆရာဟာ ကျွန်တော်ပါပဲဆိုတာလည်း မပြောမိခဲ့ပေ။

"အဲဒီအဖြစ်အပျက်မှာ ရာဇဝတ်ဖြစ်မှုကိုကျူးလွန်ခဲ့ကြတဲ့ ရွာသားတွေ အတော်များများ ထောင်ကျကြတယ်။ ကျေးရွာဥက္ကဋ္ဌကိုယ်တိုင် သေဒဏ်အပြစ်ပေးခဲ့ရတာလေ။ အဲလိုဖြစ်လို့သိပ်တောင်မကြာဘူး။ ရွာကိုမီးလောင်ပြန်တယ်ဗျာ"

"ဟာ - ဒီရွာက အဖြစ်ဆိုးလှချေလားဗျာ"

ရှင်ပါကူဆေးခန်း အခန်းနံပါတ် (၁၀၃) မှာတော့ ကျွန်တော်တို့နှစ်ဦးနှင့် ကျွန်တော့်လူနာတစ်ဦးသာရှိကြသည်မို့ ဆူဆူညံညံမရှိ တိတ်ဆိတ်နေသည်။

"အဲဒါ ဆရာရေ အဲဒီရွာသားတွေက ကျိန်စာသင့်တာတဲ့။ ကျွန်တော်တို့ကျွန်းမှာ အဲဒီရွာနဲ့ပတ်သက်လို့ ဒဏ္ဍာရီဆန်တဲ့အဖြစ်အပျက် ရှေးစကားတစ်ခုတော့ရှိတယ်ဗျ"

"ဒါဆို ဆရာက မာန်အောင်ကျွန်းသားပေါ့"

"ဟုတ်တယ်ဗျ၊ ကျွန်တော် [illegible] မာန်အောင်ကျွန်းကပဲ"

"ကဲ - ဆရာရေ၊ ဆရာ့ဇာတ် [illegible] လေးပြောပြပေးပါဦး။ နားထော [illegible] အောင်"

❑

မာန်အောင်ကျွန်းသည် ဘင် [illegible] ပင်လယ်ပြင်ထဲတွင် ထီးထီးမား [illegible] ရှိနေပြီး မြန်မာနိုင်ငံ၏ဒုတိယအ [illegible] ကျွန်း ဖြစ်သည်။ အုန်းပင်၊ ကွမ် [illegible] တို့ဖြင့် ပြည့်လျှမ်းနေပြီး တော [illegible] စိမ်းစိုသာယာပိုလျက်ရှိပေ၏။ [illegible] ကမ်းခြေပိုင်း ခပ်ကျကျနေရာ [illegible] တောင် (ဂမုန်းတောင်) ရှိသည်။

ခမုံတောင်ခြေမှာတော့ [illegible] ယာဟင်းခင်းလုပ်ကိုင်ပြီး သတ် [illegible] ကျောင်းပြုကာ ရပ်တည်နေ [illegible]

www.burmeseclassic.com

အဘိုးကြီးလင်မယားနှင့် သမီးလေး တစ်ယောက်ရှိခဲ့ကြသည်။ အဘိုးကြီး လင်မယားမှာ သမီးလေးကို သွေးသား ရင်းခါနီးမှမွေးခဲ့ကြသည်။ တစ်သက်လုံး မှာ သမီးလေးတစ်ယောက်တည်းသာ မွေးခဲ့သည်မို့ ဖူးဖူးမှုတ်ချစ်ခဲ့ကြသည်။ သမီးလေးကလည်း တစ်ယောက်ဆို ဆိုသလောက်ချောမောလှပသည်။ မပြု မပြင်ဘဲထားပေမယ့် အရိုင်းပန်းလေးမှာ သဘာဝအတိုင်း ငွားငွားစွင့်စွင့် လှချင် တိုင်းလှနေပေတော့သည်။

"တဲရှင်တို့၊ ဗျို့ - တဲရှင်တို့"

ယာခင်းရှင် အဘိုးအိုလင်မယား ခေါ်သံကြား၍ တဲပြင်သို့လှမ်းကြည့်လိုက် ကြသည်။ လူရွယ်တစ်ဦး တဲခြံဝင်းအပြင် ဘက်တွင်ရပ်နေသည်။ အထုပ်ကလေး တစ်ထုပ်ကို တုတ်ဖြင့်ကွင်းထိုးထမ်းထား သည်။ ယာခင်းရှင်တို့က အထူးအဆန်း တစ်ခုကို တွေ့နေရသလိုမျိုး ဖြစ်ကာ စိုက်ကြည့်နေလိုက်ကြသည်။ လူပ်ရှားမှု တော့မပြုမိကြ။



www.burmeseclassic.com

"ဗျို့-တဲရှင်တို့၊ တဲရှင်တို့"

"ရှိတယ်ဗျို့၊ ရှိတယ်"

ဒီတစ်ခါတော့ တဲရှင်တို့ လှုပ်ရှားလိုက်ကြပေပြီ။ တဲအပြင်ဘက်သို့ ထွက်လာကြသည်။

"ဦးတို့ဆီမှာ ခဏတာလောက် တည်းခိုပါရစေလား ခင်ဗျာ"

လူရွယ်စကားကြောင့် အဘိုးအိုနှင့် အဘွားအို တဒင်္ဂငြိမ်သက်သွားကြသည်။

"နော်အဘ၊ ကျွန်တော်ခဏ တည်းခိုပါရစေနော်"

"မောင်ရင်ကဘယ်ကလဲ၊ တဲထဲဝင်ပါဦးလေ"

"ကျွန်တော်က ရမ်းဗြဲကျွန်းဘက်ကပါ"

အဘိုးအိုလင်မယားက ရှေ့ကသွားပြီး လူရွယ်က နောက်ကလိုက်လာခဲ့သည်။ လူရွယ်မှာ သူ့အထုပ်ကလေးကို ဝါးကြမ်းခင်းကလေးတွင် အသာအယာချပြီး အုန်းမှုတ်ခွက်ဖြင့် ရေတစ်ခွက်ခပ်သောက်လိုက်သည်။ တဲဘေးတွဲမီးဖိုခန်းကလေးတွင် ထမင်းအိုးတည်ရန် ဆန်တီးပြာနေသော ယာခင်းရှင်၏သမီး မျက်လုံးလှလှလေးနှင့် အကြည့်ချင်းဆုံတွေ့သွားကြသည်။အရိုင်းပန်းလေး၏ နှလုံးသားတွင် သမုဒယသံစဉ်ခေါင်းလောင်းသံလေး လှုပ်ခတ်သွားသလို ချက်ချင်းခံစားသွားသည်။ အကြည့်ချင်းဆုံ ရင်များခုန်ခဲ့ပြီမို့ ယာခင်းရှင်၏ သမီးပျိုမှာ ရှက်သွေးဖြာသွားကာ မျက်နှာကို အောက်သို့ငုံ့ပစ်လိုက်သည်။ ဧည့်သည်လူရွယ်၏ ကြည်လင်သော မျက်ဝန်းက ဆွဲဆောင်အားကောင်းသောညို့မျက်ဝန်းဖြစ်နေပေလို့လားမသိ။ ယာခင်းရှင်၏ သမီးပျိုမှာ နောက်ထပ်ကြည့်လိုစိတ်က



ပြင်းပြနေပြန်သည်။ မဝံ့မရဲဖြင့် တစ်ကြိမ်မော့ကြည့်လိုက်ပြန်၏။ အကြည့်ချင်းဆုံသွားပြန်ရာ ပိုပြီးရင်ခုန်သံမြန်စေခဲ့ပြန်သည်။

"ကျွန်တော်ကတော့ဗျာ၊ ဒီလိုပဲ ဆေးမြစ်ဆေးဥလေးတွေ ရှာဖွေရင်းတောအနှံ့တောင်အနှံ့လျှောက်သွားနေတာပဲ။ ပျံ့ကျပေါ့ဗျာ"

"ကောင်းတယ်၊ ကောင်းတယ်၊ ခုလို ဆေးဝါးလေးတွေနားလည်တော့လည်း ဆေးတစ်လုံးဝါးတစ်လုံးနဲ့နေရတာ ပိုအဆင်ပြေတာပေါ့။ တည်းပါခိုပါနော် ရပါတယ်။ အဘတို့မှာလည်း မိသားစုများများစားစားရှိကြတာမဟုတ်ဘူး။ ဒီသားအမိသားအဖသုံးယောက်တည်းပဲ"

❑

ယာခင်းရှင်ဖြစ်သူ ဦးညိုမှိုင်းနှင့် ဒေါ်ဇာဖြူတို့မှာ ရိုးသားကြသည်။ ဧည့်သည်အပေါ်တွင် ပျူငှာကြသည်။ လောကဝတ်ကျေကြသည်။ ဧည့်သည်ကလည်း နေတတ်ထိုင်တတ်သည်။ အဘိုးအို၊ အဘွားအိုတို့ကို ရေပေးမီးယူကအစ သူပဲလုပ်ပေးသည်။ ယာခင်းသူလေးနှင့်လည်း အဆင်ပြေအောင် ဆက်ဆံသည်။ တောင်ယာလုပ်ငန်းဟူသမျှလည်း သူပဲဒိုင်ခံလုပ်ပေးသည်။ သည်တော့ ဧည့်သည်နှင့်ယာခင်းရှင်မိသားစုတို့မှာ တစ်သွေးတည်းတစ်သားတည်းလိုဖြစ်လာကြသည်။ ဧည့်သည်လူရွယ်ကလည်း လာတုန်းက ခဏတည်းပါရစေပြောခဲ့ပေမယ့် တောကြီးအလယ်မှာ လှချင်တိုင်းလှပြီး စွင့်စွင့်ကားကားဖူးပွင့်နေသော အရိုင်းပန်းကို မြတ်နိုးမဆုံးဖြစ်နေခဲ့ပေပြီ။ သည်သောင်ယံက မခွာနိုင်တော့သည့်အဖြစ်မျိုးပေပေါ့။

ယာခင်းသူကလေး၏ အသည်းနှလုံးသည် သည်ကိုရွှေဧည့်သည်ရောက်လာသည့်အချိန်မှစတင်၍ ရွှေလိပ်ပြာတောင်ပံခတ်သလို တဖျတ်ဖျတ်လူးလွန့်လှုပ်ရှားလာ၏။ ရေတွေ့ကြာနှယ်ငွားစွင့်ဝေဆာဖူးပွင့်လာရန် တာစူလာသည်။ ယာခင်းသူလေးမှာ ဧည့်သည်လူရွယ်အပေါ်ထားရှိသည့် သမုဒယန္ဒယ်သော သံယောဇဉ်တရားတို့ ဖြစ်တည်ကြီးထွားလာခဲ့သည်။ အရိုင်းပန်းကလေးပီပီ မဆွတ်ခင်ကပင် ညွတ်ချင်နေမိသည်။ ဧည့်သည်မှာလည်း ယာခင်းသူလေး၏ အပြုအမူကြောင့် ရင်ထဲတွင် ကျေနပ်ပီတိရိပ်များ ယှက်သန်းနေ၏။

မိုးကလေးတစ်ပြိုက်၊ နှစ်ပြိုက် ... ပြီးပြီမို့ လောကမြေပြင်ဝန်းကျင် ... မြစိမ်းရောင်ကမ္ဘာလာတို့လွှမ်းခြုံစ ... တစ်နွေလုံးနှိပ်စက်ထားသောအပူ ... ကြောင့် ညှိုးနွမ်းနေခဲ့ကြသော သ ... ပန်းမန်တို့လူးလွန့်နိုးထစပြုကြပြီ။

"နှင်းဦးရယ်၊ ခရုကောက် ... ကြရအောင်ကွယ်။ မိုးတွေလည်းရွာ ... ပြီဆိုတော့ ရတော့မှလေ"

"ဟုတ်တယ် အစ်ကို၊ သွာ ... မယ်လေ။ အစ်ကိုက ခရုကောက်၊ နှ ... က မှိုကောက်မယ်လေ"

နှင်းဦးနှင့် ကိုရွှေဧည့်သည် ... နှစ်ယောက် တောင်ကျချောင်း ... ထွက်ခဲ့ကြသည်။

"နှင်းဦးလေးက ဘာရက်သ ... ဟင်"

"နှင်းဦးရဲ့နာမည်ကရက်သ ... ပြောနေတာတဲ့။ အဲဒါ အဖေ ... ပြောပြထားတာ"

"ဟုတ်လား၊ ဒါဆို နှင်းဦးဆို ... စနေသမီးပေါ့။ အစ်ကိုက ဗုဒ္ဓဟူး ... အဲဒါကြောင့် အဖေတို့၊ အမေ ... ရွှေဘန်းလို့ အမည်မှည့်ခဲ့ကြတာ ... စနေနဲ့ ဗုဒ္ဓဟူး ရှုးတောင်မဆင်းရဲ ... သိလား"

မနှင်းဦးမှာ ဧည့်သည် လူညို ... မျက်နှာကိုကြည့်ပြီးပြုံးနေ၏။

"နှင်းဦးရယ်၊ နှင်းဦး ... အစ်ကို သိပ်စွဲလမ်းနေပြီကွာ။ အ ... နှင်းဦးကို ဇနီးမယားအဖြစ် ရာသ ... ပိုင်ဆိုင်ချင်နေပြီကွာ"

"အို - အစ်ကိုကလည်း ရှ ... ကြီး"

"အစ်ကို၊ နှင်းဦးကိုချစ်လို့ပါ ... အစ်ကိုပြောတာ လက်ခံပါနော်"

မနှင်းဦးမှာ ရွှေဘန်းကို တ ... မော့ကြည့်ပြီး ပြုံးရယ်ပြလိုက် ... ရွှေဘန်း မနှင်းဦး၏ ပခုံးသားဝိုင်း ... လေးကိုသိုင်းဖက်ကာ ရင်ခွင်အတွ ... ဆွဲသွင်းထားလိုက်၏။

မာန်အောင်ကျွန်း ခမုံတော ... အုန်းချောင်းနံဘေးမှာတော့ အချ ... ကလေးက မတ်မတ်ခိုင်ခိုင်။

❑

"အစ်ကိုနဲ့နှင်းဦးတို့ရဲ့အို ... သက်ဟာ ဘာလိုလိုနဲ့ (၁)နှစ် ... မှာနော်"

"ပြည့်မှာပေါ့ အစ်ကိုရယ် ... ကြည့်ပါလား ... တော့မယ်လေ"


သူရဇ္ဇမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

မနှင်းဦးက သူမပိုက်ကြီးအား အသာအယာပုတ်ပြလိုက်၏။ နှစ်ဦးသား အဘောတွေ့ကာ ပြိုင်တူရယ်မောလိုက်ကြသည်။

"ဘယ်တော့မွေးမှာတဲ့လဲ နှင်းဦးရယ်"

"အမေကပြောတယ်။ ရှေ့လမှာမွေးမှာတဲ့"

"နှင်းဦးရယ် ကိုယ်မွေးမယ့်ဟာကို သူများပြောမှသိရတယ်ဆို့ကွယ်"

"အို - အစ်ကိုကလည်း နှင်းဦးမှ သိတာ"

"ဪ - ဖြစ်မှဖြစ်ရလေကွယ်"

ရွှေဘန်းမှာ မနှင်းဦးကိုဆွဲယူပွေ့ဖက်တာ ရင်ခွင်တွင်းသွင်းထားလိုက်၏။

"နှင်းဦးရယ် ကိုယ်တို့ ချောင်းဘက်ကမ်း ဟင်းရွက်ခူးသွားကြမယ်နော်"

"အုန်းချောင်းတစ်ဖက်ကမ်းက ဘက်ကိုပြောတာလား"

လင်တော်မောင်ဖြစ်သူ ရွှေဘန်း ခေါင်းညိတ်လိုက်၏။

"ဖြစ်ပါ့မလား အစ်ကိုရယ်၊ အုန်းချောင်းက ရေစီးသန်တယ်။ နှင်းဦးမှာ လည်း ကိုယ်ဝန်ကြီးနဲ့လေ"

"အို - နှင်းဦးကလည်း ရေစစ်ချိန်ရောက်မှာပေါ့။ ဘာဖြစ်လဲ၊ အစ်ကိုနဲ့အတူ သွားကြမယ့်ဟာကို"

"အစ်ကို့သဘောပဲလေ။ အစ်ကို သွားချင်တယ်ဆိုရင် နှင်းဦးလိုက်ပေးပါ မယ်နော်"

"ဒါမှပေါ့ ကလေးရယ်၊ ဒါကြောင့် အစ်ကိုကလေ ဟောဒီကနှင်းဦးလေးကို အချစ်ပိုရတာ"

ရွှေဘန်းမှာ ချစ်ဇနီးအနုအလှ လေးကိုဆွဲပြီး ပါးပြင်မို့မို့ကလေးကို တစ်ချက်မွေးပစ်လိုက်၏။ ရွှေဘန်းနှင့် နှင်းဦးတို့ သမုဒယကမ္ဘာလေးမှာတော့ ဆိုတာဘယ်မှာလဲ၊ လေဆိုတာ ဘယ် မှာလဲ။

"တဲကဲ - ဒါဆိုသွားကြစို့ကွယ်။ ချောင်းရေစစ်ချိန်နီးနေပြီ"

နှင်းဦးကတော့ ငယ်ချစ်လင်ကို မျက်လုံးဝိုင်းဝိုင်းလေးနှင့်မော့ကြည့်နေ၏။

"နှင်းဦး၊ ဘာမှမကိုင်နဲ့။ အစ်ကို့ ခြင်းနှမ်းကလေးပဲခေါင်းပေါင်းပေါင်းယူ မယ်။ ဝါးလုံးရော ပလိုင်းပါ အစ်ကိုပဲ ယူလာခဲ့မယ်"

ရွှေဘန်းနှင့်မနှင်းဦးတို့မှာ အချစ် ကလေးတည်ဆောက်ပြီး ကြင်နာရိပ်တွင် ခိုလှုံခဲ့ကြသည်။ နားလည်မှု၊ အလိုက်သိမှုတို့ကြောင့် အိမ်ထောင်ရေး ခရီးလမ်းကို ကြင်ကြင်နာနာလျှောက်လှမ်းခဲ့ကြသည်။

ရွှေဘန်းတို့ဇနီးမောင်နှံနှစ်ယောက် အတူတွဲလျှောက်လာကြရင်း အုန်းချောင်း နံဘေးသို့ ရောက်လာခဲ့ကြ၏။ ချောင်းရေမှာညင်ညင်သာသာစီးဆင်းနေသည်။ ရေကားမစစ်သေး။ မာန်အောင်ကျွန်းမှာ ဘင်္ဂလားပင်လယ်ပြင်ထဲ ပေါလောပေါ်နေသောကျွန်းဖြစ်ပြီး အုန်းချောင်းမှာလည်း ပင်လယ်ဒီရေအတက်အကျရှိသောချောင်းပင် ဖြစ်သည်။

"ရေကတော့မစစ်သေးဘူးကွာ။ ဒါပေမယ့် ရေစီးက သိပ်မပြင်းတော့ဘူး။ ကူးလို့ရပြီ"

"ဖြစ်ပါ့မလား အစ်ကိုရယ်"

"ဖြစ်ပါတယ်၊ အချစ်ကလေးကလည်း"

"အစ်ကို့လက်ကိုကိုင်ပြီးလိုက်မယ်နော်"

"အစ်ကိုပြောမယ်၊ အစ်ကိုက ရှေ့ကသွားပြီး နှင်းဦးကို ဝါးလုံးလေးကို ကိုင်ပြီး နောက်ကလိုက်ဖို့ကမ်းပေးမယ်နော်"

"အို - အစ်ကိုကလည်း၊ ကိုယ့်ယောကျာ်းနဲ့သွားတာပဲ၊ လက်ချိတ်ပြီး လိုက်မှာပေါ့။ လက်ချိတ်လိုက်တာက ပိုမကောင်းဘူးလား"

"အချစ်ကလေးကို ပြောပြမယ် နားထောင်။ ရေထဲသွားတယ်ဆိုတာ နှစ်ယောက်ပူးပြီး မသွားရဘူးကွယ့်"

"ဪ - ဟုတ်လား၊ ဒါဖြင့် အစ်ကိုရှေ့ကသွားလေ။ အစ်ကို့သဘော ပဲ"

ရွှေဘန်းသည် အုန်းချောင်းရေပြင် ထဲသို့ဆင်းလိုက်၏။

ရေက တော်တော်စီးနေသေး ကြောင်း သတိထားလိုက်မိ၏။

"နှင်းဦး အချစ်ကလေး လာလေ ဆင်းလာခဲ့"

"ဟင့်အင်း - မလာရဲဘူး။ ရေစီး သိပ်ပြင်းနေတယ်"

"ဪ - နှင်းဦးကလည်း ဘယ်က ရေစီးပြင်းတော့မှာလဲ။ မပြင်းတော့ဘူးလေ။ ဟောဒီမှာ အစ်ကိုမတ်တတ် ရပ်နေတာတွေ့တယ်မဟုတ်လား။ လာပါ နှင်းဦးရယ်"

"မှန်တယ်နော်"

"ဪ - ဟုတ်ပါတယ်ဆိုနေမှ။ အစ်ကို ဘယ်တုံးကများ နှင်းဦးကို မဟုတ်တာပြောခဲ့ဖူးလို့လဲ။ လာပါဟာ၊ အစ်ကိုရှိပါတယ်"

ရွှေဘန်း ဇနီးမယားအချောအလှကိုပြုံးပြီး လက်ယပ်ခေါ်လိုက်၏။ မနှင်းဦး ချောင်းရေပြင်ထဲသို့ အရဲစွန့်ဆင်းလိုက်ပေပြီ။

"အစ်ကို အစ်ကို အစ်ကို မြန်မြန် မြန်မြန်"

မနှင်းဦးမှာ နရစီးအားကြောင့် ချောင်းရေထဲမျောပါတော့မလိုဖြစ်သွားရာ လင်တော်မောင်အား အားကိုးတကြီး လှမ်းခေါ်လိုက်သည်။ ရေစီးက ခပ်ပြင်းပြင်းစီးဆင်းနေပေရာ ရှေ့ကိုတိုးရခက်၊ နောက်သို့ဆုတ်ရခက်နှင့် မနှင်းဦးတစ်ယောက် ကိုယ်လေးလက်ဝန်ကြီးနှင့် တော်တော်အခက်ကြုံနေရပေပြီ။

"ရော့ရော့ - နှင်းဦး ဒီဝါးကိုလှမ်း ကိုင်လိုက်၊ လှမ်းကိုင်လိုက်"

ရွှေဘန်းက ဝါးလုံးကိုလှမ်းအပေးတွင် မနှင်းဦးက ဝါးလုံးကို အားကိုးတကြီး လှမ်းဆွဲလိုက်၏။

"အောင်မယ်လေးတော်"

မနှင်းဦးကလှမ်းအကိုင်တွင် ရွှေဘန်းက မသိမသာလေး ခပ်ဆတ်ဆတ် ဆောင့်ဆွဲလိုက်၏။ ဝါးလုံးကွဲမှဖြာထွက်နေသော နှီးစထက်ထက်လေးက ကိုယ်ဝန်အရှင့်အမာကြောင့် ဖွံ့ထွားအိစက်နေသော မနှင်းဦး၏လက်ဝါးပြင်လေးအား နစ်ဝင်ထိရှသွားခဲ့လေပြီ။

"ဟင် - ရှသွားပြီ အစ်ကို"

မနှင်းဦးသည် ဝါးလုံးကို အလန့်တကြားလွှတ်ချလိုက်၏။ မနှင်းဦး၏ လက်ဝါးပြင်ကလေးမှ သွေးစိမ့်ရှင်ရှင်များ ချောင်းရေစီးနှင့်အတူမျောပါသွားခဲ့ကြလေပြီ။ မနှင်းဦးမှာ ချောင်းရေစီး၏ တွန်းအားကြောင့် လဲမလိုပြိုမလိုဖြစ်ကာ ဟိုဘက်ယိမ်းလိုက်ဒီဘက်ယိမ်းလိုက်ဖြစ်နေ၏။ ကိုယ်ဝန်ဆောင်မနှင်းဦး၏ စိတ်အစဉ်မှာ အကြောက်တရားများကြီးစိုးပြီး ပြင်းစွာတုန်လှုပ်နေခဲ့လေပြီ။

တဒင်္ဂဖြစ်ပျက်မှု၏ အကြောင်းတရားကြောင့် ကြီးစွာသော စိတ်ဒုက္ခကို ခံစားနေရသော မနှင်းဦးမှာ လင်တော်မောင်ရွှေဘန်းအား မျက်ရည်စမ်းစမ်းနှင့် အားကိုးတကြီး လှမ်းကြည့်လိုက်သည်။ ရွှေဘန်းမှာ သူနှင့်မသက်ဆိုင်သလို ငူငူကြီး စိုက်ကြည့်နေလေ၏။ ခဏအကြာတွင် ရွှေဘန်းသည် အုန်းချောင်းတစ်ဖက် ကမ်းသို့ တက်ပြေးသွားခဲ့လေပြီကော။

"အစ်ကို အစ်ကို အစ်ကို နှင်းဦးကို ခေါ်ဦးလေ။ နှင်းဦး ရေစီးနဲ့ပါသွားတော့

www.burmeseclassic.com

မယ် အစ်ကိုရဲ့။ နှင်းဦးကိုခေါ်ပါဦး။ နှင်းဦးကိုပစ်မသွားပါနဲ့"

မနှင်းဦးသံကုန်ညစ်ပြီးအော်လိုက်သည်။ ရှေ့တိုးမလွယ် နောက်ဆုတ်မရသောအခြေအနေမျိုးမို့ ရေစီးနှင့်မျောပါမသွားရအောင် အတော်အားစိုက်ပြီး ထိန်းနေရသည်။ လက်ဝါးပြင်ကသွေးတွေက စီးဖြာဆင်းလျက်။ လင်တော်မောင်ကား ဝေး၍ဝေး၍။

"ရက်စက်လှချေလား အစ်ကိုရယ်၊ နှင်းဦးကို ဒီအတိုင်းပစ်ထားခဲ့တော့မှာလား အစ်ကိုရယ်။ မြန်မြန်လာခေါ်လှည့်ပါ ဟီး ဟီး ဟီး ဟီး ဟီး"

မနှင်းဦး၏ ကြေကွဲဖွယ်ရာအသံလေးမှာ အုန်းချောင်းရေပြင်တွင် ပဲ့တင်ထပ်ကာ မြည်ဟည်းနေပေတော့သည်။ စိမ်းညို့သောတောရိပ်ဝန်းကျင်ကတော့ မနှင်းဦးကို သနားကရုဏာသက်စွာစိုက်ကြည့်နေကြလေသယောင်။ မနှင်းဦးအဖို့တော့ ပူတယ်လေ ဆယ်နေကဲခဲ့လေပြီပေါ့။

"ဟင်၊ ဟိုမှာ. . . မိကျောင်းကြီး မိကျောင်းကြီးလာနေပြီ။ လာပါ အစ်ကိုရဲ့၊ ကယ်ပါဦး အစ်ကိုရဲ့"

ဤချောင်းတွင် နတ်မိကျောင်းရှိသည်ဟု မနှင်းဦး ပြောသံကြားဖူးသည်။ မိကျောင်းကြီးမှာ မနှင်းဦး၏လက်မှစီးဖြာကျနေသောသွေးညှီနံ့ကြောင့် ချောင်းရေစီးကိုဆန်တက်ပြီး တဝေါဝေါလာနေချေပြီ။ မနှင်းဦးမှာ ဆောက်တည်ရာမရတော့။ လင်တော်မောင်ကို လှမ်းကြည့်လိုက်ပြန်သည်။ မြင်မင်မမြင်လိုက်ရတော့ပေတကား။

ဩော်. . . ရက်စက်လိုက်ပါဘိ။ မနှင်းဦး၏အသည်းနှလုံးကိုဆွတ်ယူစားသုံးခဲ့သည့် အချစ်သူဖုန်းစား။ အသို့ပြုရက်လေသနည်း။ မနှင်းဦးစဉ်းစားမရတော့။

"အား - ကြောက်တယ် ကြောက်တယ် ကြောက်တယ်"

မနှင်းဦးမှာ သံကုန်အော်ဟစ်ပြီး မေ့မြောလဲကျသွားခဲ့လေပြီ။ ကိုယ်ဝန်ဆောင် စနေသမီး မနှင်းဦး မိကျောင်းကြီး၏ ဝါးမျိုခြင်းကိုခံသွားရရှာလေပြီကော။

❑

မှောင်ရိပ်ပျိုးလာခဲ့ချေပြီ။ သမီးနှင့်သမက်မရောက်သည့်အတွက် ယာခင်းရှင်အဘိုးအိုလင်မယား သောကရိပ်သန်းလာခဲ့ကြပြီ။ ချစ်သောသမီးနှင့် အားကိုးအားထားပြုနေရသည့် သမက်အတွက် စိုးရိမ်စိတ်သည် ရင်နှင့်အမျှဖြစ်တည်လာခဲ့ကြ၏။ အဘိုးနှင့်အဘွားအိုတို့မှာ ခမုံ့တောင်ခြေမှထွက်ကာ သမီးပျောက်ကိုအရှာထွက်ခဲ့ကြသည်။ အုန်းချောင်းကမ်းခြေသို့အရောက်တွင် မြင်လိုက်ရသောမြင်ကွင်းကြောင့် အဘိုးအိုလင်မယားမှာ နှလုံးသွေးပျက်လုမတတ်ခံစားသွားကြရသည်။

အုန်းချောင်းရေပြင်ကြီးကတော့ ဒီရေစစ်ပြီး ခြောက်သွေ့နေလေပြီ။ ချောင်းနံဘေးတွင်တော့ မိကျောင်းကြီးတစ်ကောင် ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ်တည်ရှိနေသည်ကို အထူးအဆန်းတွေ့လိုက်ကြရသည်။ မိကျောင်းကြီး၏သက်မဲ့ရုပ်ဝတ္ထုအနီးတွင်တော့ ကိုယ်ဝန်သည်မနှင်းဦးကလေး၏ ဟင်းချူးပလိုင်းနှင့်ခေါင်းပေါင်းစကလေးတစ်စက နွမ်းလျစွာ ပြေလျော့ကျနေသည်။ ယာခင်းရှင်အဘိုးအဘွားတို့မှာ အံ့သြခြင်းကြီးစွာဖြင့် မိကျောင်းကြီးအား အသေအချာစိုက်ကြည့်လိုက်ကြသည်။

မိကျောင်းကြီးတွင် မျက်လုံးအစုံမရှိတော့။ ဟောင်းလောင်းကြီးဖြစ်နေပေပြီ။ အဘိုးလင်မယား ဆောက်တည်ရာမရဖြစ်နေခဲ့ကြလေပြီ။ အဖြစ်အပျက်တို့မှာ အိပ်မက်ဆန်လွန်းလှပေသည်။ သို့သော် အိပ်မက်ကား မဟုတ်ပါလေခဲ့။

ဦးညိုမှိုင်းငယ်ငယ်လေးကတည်းက ပြောသံကြားဖူးခဲ့သည်။ ဒီချောင်းထဲတွင် သိုက်သမိုင်းဝင် နတ်မိကျောင်းရှိသည်။ သိုက်ဆရာများအောင်မြင်သည့်အချိန်တွင် ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ်ဖြစ်တည်သွားပြီး မျက်လုံးအစုံကိုဖောက်ယူခြင်းခံရမည်။

"ဒါဆို သိုက်ဆရာတို့ သိုက်အောင်သွားပြီပေါ့"

ဦးညိုမှိုင်း၏ အသိအိမ်ထဲတွင် ဆုံးဖြတ်ချက်တစ်ခု ခိုင်ခိုင်မာမာချပြီး သားဖြစ်သွားတော့သည်။

ဦးညိုမှိုင်းနှင့် ဒေါ်ဇာဖြူတို့မှာ နေ့စဉ်ရက်ဆက် သမီးလေးကိုမျှော်ဖြစ်သော်လည်း သမီးလေးကား ဇာပါမလာခဲ့။ ခမုံ့တောင်ခြေတွင် ယာခင်းရှင်ဇနီးမောင်နှံကို သောကလှိုင်းများက အထပ်ထပ်ရိုက်ခတ်ခဲ့ကြလေပြီ။

ကိုယ်ဝန်အရင့်အမာရှိသော စနေသမီး၏သွေးဖြင့် အုန်းချောင်း ရေပြင်ထဲက နတ်မိကျောင်းကိုကျွေး၊ မိကျောင်းသည် ထိုသွေးကိုသောက်မိသည်နှင့် ကျောက်ရုပ်ဖြစ်သွားမည်။ မိကျောင်း၏မျက်လုံးအစုံကိုရလျှင် မြေလျှိုးမိုးပျံနိုင်လိမ့်မည်။

ဤသည်မှာ သိုက်ဆရာတို့၏သိုက်စာ။

ယခု ကိုယ်ဝန်ဆောင် စနေသမီး မနှင်းဦးကလေး၏ ကိုယ့်တွင်းသွေးဖြင့် နတ်မိကျောင်းအားကျွေးပြီး မိကျောင်း မျက်လုံးကို သိုက်ဆရာ ရွှေ... တစ်ယောက် ဖောက်ယူသွားကြော... ယာခင်းရှင်အဘိုးအိုလင်မယားသို့... အဘယ်မျှထိ ကြေကြေကွဲကွဲခံစား... လေမလဲ။

ယာခင်းရှင် သက်ကြီးအိုလင်မယားကတော့ သားသမီးကြောင့်... တည်သော သောကမီးအလျှံကို ပြင်း... ခံစားပြီး ခမုံ့တောင်ခြေတွင် ဘဝနိဂုံး... သွားကြရသည်။ ယာခင်းရှင်တို့၏ ... သင်္ချိုင်းတွင် သောကအဆောက်... ကြီးလာသည့်အချိန်တွင် အပိဋ္ဋက... တို့ လွှမ်းမိုးလာခဲ့သည်။ ရင်တွင်း... ပြင်းပြစွာ ခံစားရင်း ခမုံ့တောင်... တစ်ပိုက်တွင် ကျိန်စာတိုက်ခဲ့ကြ... သည်။

❑

"ဟုတ်၊ မဟုတ်တော့မသိ... ဗျာ။ ခု ဒီမှုခင်းမဂ္ဂဇင်း 'အာယာ... ဝတ္ထုထဲမှာပါတဲ့ ချောင်းဝရွာ (... ကွယ်ရှာ) ဆိုတာ ခမုံ့တောင်ခြေ... ရွာပဲ။ ဒီရွာသားတွေဟာ ခမုံ့တော... သစ်တွေဝါးတွေကို ခုတ်ယူသုံးစွဲခဲ့ကြ... ပေါ့ဗျာ"

စကားပြောကောင်းသော ... တပ်ရင်း တပ်ကြပ်ကြီးမှာ ရေပူ... ရေကို မော့သောက်ချလိုက်သည်။

"ကျိန်စာက ဘယ်လိုတိုက်... လို့လဲ"

"တို့မိသားစုဘဝ ရပ်တည်... ခဲ့ကြသည့် ခမုံ့တောင်က သစ်ဝါး... ခုတ်ယူသုံးစွဲကြသူတွေဟာ တို့လင်... လို သောကဒုက္ခကိုခံစားကြရပါ... ကျိန်စာတိုက်ထားခဲ့ကြသတဲ့ဗျာ"

"ဟာ - စိတ်မကောင်းစရာ... ကျွန်တော်ကတော့ ဆရာ... အဖြစ်အပျက်ကို ဒဏ္ဍာရီပဲဖြစ်... ဆုတောင်းပါတယ်ဗျာ"

ရှင်ပါကူ အထူးကုဆေး... ဆောင်အခန်း (၁၀၃) တွင်... ဆိတ်သွားသည်။

...ရှိန်းစဉ်ငြိမ်း...
(အမျိုးသားစာပေ...



www.burmeseclassic.com

www.burmeseclassic.com



# တားရော့ ဖြန့်ခင်းပုံနည်းစနစ်

ဆရာကြီး

Valery အတွက် ဘဝကံကြမ္မာ

**ဖြန့်ခင်းထားသည့်ကားချပ်အမည်များ**

| | |
|---|---|
| ပထမကားချပ် | ကမ္ဘာလောကကားချပ် |
| ဒုတိယကားချပ် | ဓား (၇) လက်ကားချပ် (ပြောင်းပြန်) |
| တတိယကားချပ် | မင်းလုလင်ဓားကားချပ် (ပြောင်းပြန်) |
| စတုတ္ထကားချပ် | ကံကြမ္မာလှည်းဘီးကားချပ် |
| ပဥ္စမကားချပ် | ဓား (၄) လက်ကားချပ် (ပြောင်းပြန်) |
| ဆဋ္ဌမကားချပ် | တောင်ဝှေး (၅) ချောင်းကားချပ် |
| သတ္တမကားချပ် | မိဖုရားငါးမြှောင့်ကြယ်ကားချပ် |
| အဋ္ဌမကားချပ် | ဘုရင့်ဖလားကားချပ် |

**...တ်ကြားခြင်း**

**မေးခွန်း (၁)**

ကျွန်ုပ်ဘဝ မကြာခင် ပြောင်းလဲ...မည်လား။

**အဖြေ**

The Word - ဤကားချပ်သည် ...ည်ရွယ်ချက်အားလုံးအား ကြိုးစားအား...တ်မှုဖြင့် ပြီးစီးထမြောက်အောင်မြင်...ကြောင်း ကိုယ်စားပြု ဖော်ပြသည်။ Valery အနေဖြင့် ကိုယ်ပိုင်ယုံကြည်မှုရှိ...ရန်သာလိုသည်။ သူမ၏စိတ်ဓာတ်...အားကောင်းလျှင် ကောင်းသလောက်...လုပ်သမျှ (အရာထင်) အောင်မြင်ပါ...။ ခရီးသွားရခြင်း၊ အလုပ်သစ်ရခြင်း၊ ...ရာသစ်သို့ပြောင်းရွှေ့ရခြင်း ဟူသည့် ...ခွင့်အရေးကောင်းများပေါ် လာပါမည်။

**မေးခွန်း (၂)**

အနာဂတ်မှာဆက်ဆံရေးပုံစံသစ်...နေမလား။

**အဖြေ**

Seven of swords (ပြောင်းပြန်) ...က်ဆံရေးပုံစံသစ်ရှိနေပါသည်။သို့သော် ...ရှည်မတည်မြဲနိုင်ပါ။ Valery က ...တာသာပြဿနာဖန်တီးမိသော်လည်း ...သိမှုသာကြုံတွေ့ရပါမည်။ တစ်ဖက် ...အပေါ် ယုံကြည်လွယ်ခြင်းကြောင့် ထိုသူတို့၏လိမ်လည်လှည့်စားမှုကို ဒုက္ခတစ်ခုအဖြစ် ခံစားရနိုင်သည်။ Valery ဘက်မှ ပွင့်လင်းရိုးသားစွာဖြင့် အတွေ့အကြုံအသစ်အမျိုးမျိုးကို ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထားရမည် ဖြစ်သည်။

**မေးခွန်း (၃)**

ချစ်သူဟောင်းနှင့်ပြန်လည်တွေ့ဆုံဖို့အခွင့်အရေးရှိနေမလား။

**အဖြေ**

Page of swords (ပြောင်းပြန်) - လွတ်လပ်စွာမတွေးခေါ်နိုင်သည့်သဘော၊ ဒုက္ခအခက်ခဲများစွာရှိနေသည့်သဘောကို ဤကားချပ်ကဖော်ပြသည်။ Valery အနေဖြင့် သူမလိုချင်သည့်ပုံစံအနေအထားအတိုင်းရှိသူကိုသာ (အဟောင်း - အသစ်) မခွဲခြားဘဲ စစ်ဆေး၍ သူမဘဝအတွင်း ဆွဲခေါ်မည်သာဖြစ်သည်။

**မေးခွန်း (၄)**

ငွေကြေးဝင်ရောက်နိုင်ခြင်း၊ အမွေရခြင်းရှိမည်လား။

**အဖြေ**

The Wheel of fordune - ဤကားချပ်သည် Valery အတွက် စီးပွားရေးလုပ်ခြင်း၊ ခရီးသွားခြင်းနှင့် အခြားငွေကြေးနှင့်သက်ဆိုင်သောကိစ္စရပ်များ၌ အခွင့်အရေးကောင်းများရှိနေကြောင်း ညွှန်ပြနေပါသည်။ စီးပွားရေး၊ လူမှုရေး၊ ယခင်အမူအကျင့်နှင့် အနှောင့်အဖွဲ့များအား စွန့်လွှတ်ဖျောက်ပစ်ရမည့်အချိန်အခါပင် ဖြစ်သည်။

**မေးခွန်း(၅)**

အနာဂတ်မှာ ခရီးထွက်ရကိန်းရှိမည်လား။

**အဖြေ**

Four of swords ပြောင်းပြန် - Valeryအတွက် ယခုအချိန်က ခရီးထွက် ရန် အကောင်းဆုံးဖြစ်သည်။ သူမ၏ ကျန်းမာရေးအတွက်လည်း အထောက် အကူဖြစ်သည်။ သူမ၏ကိုယ်စိတ်နှစ်ပါး အား ဦးစွာရှင်လန်းအောင် ဖန်တီးပြီး သူမ၏ဝန်းကျင်ကိုပါ လိုအပ်သလိုပြုပြင်ပေးသွားနိုင်ပါမည်။

**မေးခွန်း (၆)**

ကျွန်ုပ်၏ကံကြမ္မာအခြေအနေကို တွက်ဆမိနိုင်ပါသလား။

**အဖြေ**

Five of wands -Valery က သူမအလုပ်အကိုင်နှင့် လူမှုဘဝကိုတိုးတက်အောင်မြင်လိုသောဆန္ဒရှိသည်။သို့သော် သူမနှင့်တွဲဖက်လုပ်ကိုင်သူများ၏ယှဉ်ပြိုင်စိန်ခေါ်မှုကိုလည်းခံရပါမည်။ သူမ၏ဘဝကံကြမ္မာကို ပြောင်းလဲပေးနိုင်ရန် တစ်ဖက်သားအပေါ် မေတ္တာမပျက် နားလည်မှုထားနိုင်ရန် ကြိုးစားရပါမည်။

**မေးခွန်း (၇)**

ပျော်ရွှင်မှုတာရှည်သောဘဝ ရပါမည်လား။

**အဖြေ**

Queen of Pentacles - Queen သည် မြေအမှတ်အသားကို ကိုယ်စားပြု



www.burmeseclassic.com

www.burmeseclassic.com

သည်။ ၎င်းကားချပ်ကိုကိုယ်စားပြုပုဂ္ဂိုလ်များအနေဖြင့် ကျန်းမာသန်စွမ်းတတ်ကြသည်။ Valery အနေဖြင့် အသက်ရှည်စွာ ရှင်သန်သင့်သည်။ ကျန်းမာပျော်ရွှင်မှုကသာ မိမိအတွက် အကောင်းဆုံးရွေးချယ်မှုဖြစ်ပါသည်။

**မေးခွန်း (၈)**

နောက်တစ်ကြိမ်အိမ်ထောင်ပြုရကိန်းရှိမည်လား။


**အဖြေ**

King of cups - king သည် စိတ်လှုပ်ရှားခံစားမှု၊ ချစ်ခင်မှု၊ ယုယကြင်နာမှုတို့ကို ကိုယ်စားပြုသည်။ အိမ်ထောင်ကျသောအခါ အိမ်ထောင်ဦးစီးကောင်းတစ်ယောက်ဖြစ်လာပါမည်။ ထိုကဲ့သို့ King ကားချပ်ကို ကိုယ်စားပြုပုဂ္ဂိုလ်အား Valery မှ အိမ်ထောင်ဖက်သာအဖြစ်စဉ်းစား ရွေးချယ်မည်ဆိုလျှင် အလွန်ကောင်းသော အိမ်ထောင်ရေးအဖြစ်ရပ်တည်နိုင်ပါမည်။ထိုအိမ်ထောင်လည်း တည်မြဲနေပါမည်။ ထိုသို့မဟုတ်ခဲ့ပါက နောက်တစ်ကြိမ် အိမ်ထောင်ပြုရကိန်းရှိနိုင်ပါသည်။

**Comments (ထင်မြင်ယူဆချက်များ)**

Valery အတွက် ဖြန့်ခင်းသောကားချပ်များအရ ကိစ္စအတော်များများက အကောင်းဘက်တွင်ရှိနေပါသည်။ သူမအတွက် အနာဂတ်အရေးစိတ်အေးရပါမည်။

**Facing my Fears အကြောက်တရားများကိုရင်ဆိုင်ခြင်း**



၁။ ကျွန်ုပ်ဘာကိုကြောက်ရမည်လဲ။
၂။ ကျွန်ုပ်၏ လုံခြုံစိတ်ချရမှုအတွက် စွန့်စားမှု (အန္တရာယ်) ရှိပါသလား။
၃။ ကျွန်ုပ် ကြောက်ရွံ့သောအရာအတွက် အကူညီပေးနိုင်မည့်သူနှင့် ဆက်သွယ်နိုင်မလား။
၄။ ကျွန်ုပ်အလုပ်လုပ်နေရာ၌ ကျွန်ုပ်အတွက် ကြောက်စရာရှိမည်လား။
၅။ ကျွန်ုပ်၏ အကြောက်တရားက လိင်ကိစ္စ၊ ထိခိုက်ဒဏ်ရာဖြစ်စရာကိစ္စရှိပါသလား။
၆။ အကြောက်တရားများက ကျွန်ုပ်အတွက် ကျန်းမာရေးပြဿနာဖြစ်စေမလား။
၇။ ကျွန်ုပ်ကြောက်ရွံ့ခြင်းများက အခြားသူများနှင့်ပတ်သက်နေသလား။
၈။ ကျွန်ုပ်၏ ကြောက်လန့်ခြင်းများက မိမိကိုယ်ကို ယုံကြည်မှုနှင့်အရည်အချင်းမရှိမှုကြောင့်လား။
၉။ စားစာခံတစ်ယောက်ကဲ့သို့ ဘာကြောင့် ခံစားရပါသလဲ။
၁၀။ ကျွန်ုပ်၏ အကြောက်တရားကို ကျော်လွှားဖို့အတွက် ဘယ်လိုပြောင်းလဲမှုတွေလုပ်ပေးရနိုင်မလဲ။
၁၁။ နောက်ဆုံးရလဒ်ကဘာလဲ။

**Olivia အတွက် အကြောက်တရားကိုရင်ဆိုင်ခြင်း**

| ဖြန့်ခင်းထားသည့်ကားချပ်အမည်များ | |
|---|---|
| ပထမကားချပ် | ငါးမြှောင့်ကြယ် (၁၀) ခုကားချပ် (ပြောင်းပြန်) |
| ဒုတိယကားချပ် | မင်းလုလင်ငါးမြှောင့်ကြယ်ကားချပ် (ပြောင်းပြန်) |
| တတိယကားချပ် | ဧကရီကားချပ်(ပြောင်းပြန်) |
| စတုတ္ထကားချပ် | သူရူးကားချပ် |
| ပဥ္စမကားချပ် | ဖလား (၄) လုံးကားချပ် |
| ဆဋ္ဌမကားချပ် | ဖလား (၉) လုံးကားချပ်(ပြောင်းပြန်) |
| သတ္တမကားချပ် | တောင်ဝှေး (၁) ချောင်းကားချပ် |
| အဋ္ဌမကားချပ် | မြင်းစီးသူရဲကောင်းတောင်ဝှေးကားချပ်(ပြောင်းပြန်) |
| နဝမကားချပ် | တောင်ဝှေး (၇) ချောင်းကားချပ် |
| ဒသမကားချပ် | ဓား (၉) လက်ကားချပ် (ပြောင်းပြန်) |
| ဧကဒသမ | ဖလား(၁၀)လုံးကားချပ်(ပြောင်းပြန်) |

**ဖတ်ကြားခြင်း**

**မေးခွန်း (၁)**

ကျွန်ုပ်ဘာကိုကြောက်ရမည်လဲ။

**အဖြေ**

Ten of Pentacles ပြောင်းပြန်၊ Olivia အနေဖြင့် ငွေကြေးလက်ဝယ်မရှိမှာကို စိုးရိမ်နေတတ်ပြီး သူမအတွက် ငွေကြေးအခြေအနေက အဆင်ပြေခြင်းအဖြစ် မပြောင်းလဲနိုင်တော့ပြီဟု စိုးရွံ့ကြောက်လန့်နေပါသည်။

**မေးခွန်း(၂)**

ကျွန်ုပ်၏ လုံခြုံစိတ်ချမှုအတွက် အန္တရာယ်စွန့်စားမှုရှိပါသလား။

**အဖြေ**

Page of Pentacles (ပြောင်းပြန်) Olivia က အထက်တန်းကျောင်းပြီးဆုံးအောင်မတက်ခဲ့နိုင်ခြင်းကြောင့် အသက်မွေးဝမ်းကျောင်းအလုပ်လည်းမရရှိနိုင်ခဲ့ပါ။ ပညာတစ်ပိုင်းတစ်စဖြင့် အလုပ်လုပ်ပါက ကျေနပ်အားရလောက်သောဝင်ငွေ မရနိုင်ပါ။ အနာဂတ်ကာလ ငွေကြေး လုံခြုံစိတ်ချရမှုအတွက် ကျောင်းတက် ဆုံးအောင် ဆက်တက်ရန်သာရှိပါတော့သည်။

**မေးခွန်း (၃)**

ကျွန်ုပ်ကြောက်ရွံ့နေသောအရာ အတွက် အကူအညီပေးမည့်သူနှင့်ဆက် သွယ်နိုင်မည်လား။

**အဖြေ**

The Emperess (ပြောင်းပြန်) Olivia ၏စိတ်ခံစားမှုအရ သူမ၏မိခင်က သူမအပေါ် တစ်စုံတစ်ရာထောက်ပံ့မပေးခြင်း၊ချစ်ခင်ယုယမှုမပြုခြင်းကြောင့် အထီးကျန်သလို ခံစားရကြောင်း ... ကားချပ်က ဖော်ပြသည်။ သူမဘ... တည်မှု၌ အကြောက်တရားကင်းမဲ့စေ... ကူညီတိုင်ပင်သင့်သူတစ်ဦး မလွဲမသွေ လိုအပ်နေပါမည်။

**မေးခွန်း (၄)**

ကျွန်ုပ် အလုပ်လုပ်ရာနေရာ... ကြောက်ရွံ့စရာရှိမည်လား။

**အဖြေ**

The Fool - သူမအလုပ်အပေါ်... စိတ်ကုန်ပြီး ငြီးငွေ့နေပြီဖြစ်သည်။ သူမ အနေဖြင့် အတွေ့အကြုံသစ်များ... ဘဝကိုစွန့်စားလိုသည်။ သူမဝန်းကျင်... တစ်ဝိုက် အစစအရာရာ သတိ... စောင့်ကြည့်လေ့လာ၍ လိုအပ်... ပြုမှုဆောင်ရွက်ရပါမည်။

**မေးခွန်း (၅)**

ကျွန်ုပ်အကြောက်တရားက ... ကိစ္စ၊ ထိခိုက်ဒဏ်ရာရစရာကိစ္စရှိမည် လား။



www.burmeseclassic.com

www.burmeseclassic.com

အဖြေ

Four of Cups - Olivia၏အတိတ်က အတွေ့အကြုံဖြစ်ရပ်များက ယနေ့ထိုင် စိတ်တွင်လွှမ်းမိုးနေဆဲ ဖြစ်သည်။ ...တ်မှောက်ကာလ၌ အလားတူဖြစ်ရပ်များ မတွေ့ကြုံလိုတော့ပါ။ သူမ၏ ...တွင်းကြံ့စဉ်ဆက်ကိုသာ ကိုယ်တိုင် ...တိုး၍ စိတ်အခြေအနေကို ပြောင်း ...ပြင်ပေးရပါမည်။

မေးခွန်း (၆)

အကြောက်တရားက ကျွန်ုပ် ...တွက် ကျန်းမာရေးပြဿနာဖြစ်စေ ...လား။

အဖြေ

Nine of Cups (ပြောင်းပြန်) - ...ကားချပ်သည် အချစ်ရေးနှင့် ...တ်သက်၍ ပျော်ရွှင်စိတ်ပါမှုမရှိ ...ခြင်း၊ ထိုမကောင်းသောအကျိုးဆက် ... ကျန်းမာရေးထိခိုက်စေကြောင်း ...ယ်စားပြုဖော်ပြသည်။ Olivia အနေ ...င့် အခွင့်အရေးသစ်များစွာရရှိလာပါ ...မည်။ သို့သော် လုပ်ငန်းဆိုင်ရာ ကောင်း ...သောအဆက်အသွယ်များ၊ မတော်တဆ ...တ်လွတ်ဆုံးရှုံးနိုင်မည့်အရေးအတွက် ...၍ပူပင်ကြောက်လန့်နေပါမည်။

မေးခွန်း (၇)

ကျွန်ုပ်၏ကြောက်ရွံ့ခြင်းကအခြား ...များနှင့်ပတ်သက်နေပါသလား။

အဖြေ

Ace of Wands -Olivia အနေဖြင့် ...င့်အရေးသစ်များစွာရရှိလာပါမည်။ ...သော် လုပ်ငန်းဆိုင်ရာကောင်းသော ...တ်အသွယ်များ၊ မတော်တဆလက် ...ဆုံးရှုံးနိုင်မည့်အရေးအတွက် တွေး ...ပူပင်ကြောက်လန့်နေပါမည်။

မေးခွန်း (၈)

ကြောက်လန့်ခြင်းများကယုံကြည် ...ခြင်းနှင့် အရည်အချင်းမရှိမှုကြောင့် ...

အဖြေ

Kinght of wands (ပြောင်းပြန်)- ...နှေးကြန့်ကြာမှုဟူသမျှကို Olivia ...မုန်းတီးပါသည်။ တစ်ခါတစ်ရံ မိမိ ...ယ်မိမိယုံကြည်မှုအားနည်းခြင်းကြောင့် ... ကြောက်ရွံ့စိုးရိမ်စိတ်ဝင်တတ် ...ကြောင်း ဤကားချပ်က ဖော်ပြသည်။

မေးခွန်း (၉)

• ဓားစာခံတစ်ယောက်ကဲ့သို့ ဘာကြောင့်ခံစားရပါသလဲ။

အဖြေ

Seven of wands - ထိုအတော အတွင်း Olivia ၌ အလုပ်ကောင်းမရရှိခြင်းနှင့် အချစ်ရေးကိစ္စလုံးဝရှိမနေခြင်းကို ဤကားချပ်က ဖော်ပြသည်။

တစ်ပါးသူများက သူမအပေါ် လေးစားး ရှိသေခြင်းမရှိသလို ဂရုမစိုက်သလိုမျိုး ခံစားနေရသည်။ သူမဘဝ အပြောင်းအလဲနှင့် ရည်မှန်းချက်ပြည့်ဝရန်အတွက်သာ ဦးစားပေး အာရုံစိုက်သင့်ပါသည်။ Olivia အနေဖြင့် မိမိကိုယ်ကို လေးစားတန်ဖိုးထားတတ်ခြင်းဖြင့်သာ ဓားစာခံကဲ့သို့ ဒုက္ခဝေဒနာခံစားရမှုများအား ချေဖျက်ပစ်နိုင်ပါမည်။

မေးခွန်း (၁၀)

ကျွန်ုပ်အကြောက်တရားတို့ကျော်လွှားရန် ဘယ်လိုပြောင်းလဲမှုတွေလုပ်ပေးရမည်လဲ။

အဖြေ

Nine of Sword (ပြောင်းပြန်) - Olivia အဖို့ အကျပ်အတည်းအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည့်ကာလ ဖြစ်သည်။ မိမိ၏စိတ်ဓာတ်ခွန်အားအပေါ် ယုံကြည်လျက် မိမိပြဿနာအား တစ်ခုချင်းစီ ဖြေရှင်းသွားနိုင်လိမ့်မည်ဖြစ်သည်။ အပြုသဘောဆန်သော လှုပ်ရှားမှုများဖြင့် အကြောက်တရားကို ကျော်လွှားရန် စိတ်ဓာတ်ခွန်အားက အရေးကြီးပါသည်။

မေးခွန်း (၁၁)

နောက်ဆုံးရလဒ်ကဘာလဲ။


အဖြေ

Ten of Cups (ပြောင်းပြန်) - Olivia နှင့် သူမ၏မိသားစုဝင်တို့အကြား ဆက်ဆံရေးပုံစံ အကောင်းဘက်သို့ အလျင်အမြန်ပြောင်းလဲသွားလိမ့်မည်ဟု သူမမျှော်လင့်ထားခဲ့ပေ။ Olivia မိသားစုဘက်က သူမအားကျောင်းပြီးအောင်ဆက်တက်နိုင်ရန်နှင့် အလုပ်ကောင်းရရှိရန်အထောက်အပံ့ပေးခဲ့ကြသည်။ Olivia ၏စိတ်သဘောအရ တစ်ဖက်သားအပေါ်ပြုပြင်ပြောင်းလဲစေလိုခြင်းထက် လောလောဆယ် သူမကိုယ်သူမပြောင်းလဲခြင်းအတွက်သာ တတ်နိုင်ပါသေးသည်။

Comments (ထင်မြင်ယူဆချက်များ)

Olivia ၏ ဘဝတစ်သက်တာတစ်လျှောက် (ယနေ့ကာလအထိ) ခက်ခဲကြမ်းတမ်းသော အခြေအနေများကြုံတွေ့ခဲ့ရခြင်းကြောင့် နောင်အနာဂတ် စိမ်ဆုံးဖြတ်နိုင်မှုများ ရင့်ကျက်လာပါမည်။ ကျောင်းပညာရေးဆက်လက်သင်ယူခွင့်ရရှိလိုက်ခြင်းက သူမအတွက် အခွင့်အခါကောင်းနှင့် ကြုံတွေ့လိုက်ရခြင်းပင်ဖြစ်သည်။

အမူအကျင့်ဟောင်းများ (Old Habit Patterns)



၁။ ကျွန်ုပ်ရဲ့မကောင်းတဲ့အမူအကျင့်ပုံစံကဘာလဲ။
၂။ အဲဒီပုံစံတွေက ကျွန်ုပ်ဘဝကိုဘယ်လိုထိခိုက်စေပါသလဲ။
၃။ အဲဒီပုံစံတွေကို ကျွန်တော်ဘယ်လိုသတိထားမိလာသလဲ။
၄။ ကျွန်ုပ်ပုံစံဟောင်းတွေက အခြားသူတွေနဲ့ပတ်သက်ပါသလား။
၅။ ကျွန်ုပ် ယခု ဘာဆုံးဖြတ်ချက်ချရမလဲ။
၆။ အကူအညီရှာသင့်ပါသလား။
၇။ ပုံစံဟောင်းတွေကို ရင်ဆိုင်ဖို့ ယုံကြည်ချက်ရှိပြီလား။
၈။ အဲဒီမကောင်းတဲ့အမူအကျင့်တွေကို ဖျောက်ဖျက်လိုက်တဲ့အခါ ဘာတွေ ပြောင်းလဲလာမယ်လို့ထင်ပါသလဲ။
၁၀။ နောက်ဆုံးရလဒ်ကဘာလဲ။

Ellie အမူအကျင့်ဟောင်းပုံစံ ဖတ်ကြားခြင်း

မေးခွန်း(၁)

ကျွန်ုပ်ရဲ့ မကောင်းသော အမူအကျင့်ပုံစံကဘာလဲ။

အဖြေ

King of wands - Ellie ၌ သူ...၏ လုပ်ငန်းကိစ္စများအား ကူညီ...ပေးသည့်သူငယ်ချင်းမိတ်ဆွေ...တစ်ဦး ရှိပါသည်။ သို့သော် သူ... အလုပ်တစ်ခုကိုပြီးဆုံးသည်အထိ လက်စသတ်လေ့...

www.burmeseclassic.com

**Ellie အမှုအကျင့်ဟောင်းပုံစံ**

**ဖြန့်ခင်းထားသည့်ကားချပ်အမည်များ**

| | |
|---|---|
| ပထမကားချပ် | ဘုရင်တောင်ဝှေးကားချပ် |
| ဒုတိယကားချပ် | မျှော်စင်ကားချပ် |
| တတိယကားချပ် | ငါးမြောင့်ကြယ် (၆) ခုကားချပ် (ပြောင်းပြန်) |
| စတုတ္ထကားချပ် | ငါးမြောင့်ကြယ် (၉) ခုကားချပ် |
| ပဉ္စမကားချပ် | တောင်ဝှေး (၄) ချောင်းကားချပ် (ပြောင်းပြန်) |
| ဆဋ္ဌမကားချပ် | လမင်းစန္ဒာကားချပ် |
| သတ္တမကားချပ် | ငါးမြောင့်ကြယ် (၄) ခုကားချပ် |
| အဋ္ဌမကားချပ် | ရဟန်းမင်းကြီးကားချပ် (ပြောင်းပြန်) |
| နဝမကားချပ် | မိဖုရားဖလားကားချပ် |
| ဒသမကားချပ် | ကံကြမ္မာလှည်းဘီးကားချပ် (ပြောင်းပြန်) |

မရှိတတ်ပေ။ ၎င်းမိတ်ဆွေက အလုပ်တစ်ခုအစပြုခြင်းကိုသာ နှစ်သက်တတ်ပြီး အဆုံးမသတ်နိုင်ခြင်းအပေါ် Ellie က စိုးရိမ်ပူပန်နေရတတ်သည်။

**မေးခွန်း (၂)**

The Tower ဤကားချပ်သည် Ellie မှ အမှုအကျင့်ဟောင်းများကို စွန့်ပစ်လျက် မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ရပ်တည်သင့်ကြောင်း ဤကားချပ်က ဖော်ပြသည်။ သူမမိတ်ဆွေမှ ကိစ္စပြီးဆုံးအောင်မကူညီဘဲ ထားရှိသွားပါက Ellie ဘဝအတွက် ထိခိုက်စရာများဖြစ်လာနိုင်ပါသည်။

**မေးခွန်း(၃)**

အဲဒီပုံစံတွေကို ဘယ်လိုသတိထားမိလာသလဲ။

**အဖြေ**

Six of Pentacles (ပြောင်းပြန်)- ဤကားချပ်သည် Ellieမှသူမ၏ငွေကြေးကိစ္စအတွက် ဆုံးဖြတ်ချက်မချနိုင်ကြောင်း ဖော်ပြသည်။ Ellie အနေဖြင့် သူတစ်ပါးအပေါ် အားမကိုးဘဲ မိမိဘဝကံကြမ္မာကို ကိုယ်တိုင်ထိန်းချုပ်ပြုပြင်သင့်သည်။ စိတ်တည်ငြိမ်စွာဖြင့် အမှန်တရားအတိုင်းဆောင်ရွက်ပါက မည်မျှခက်ခဲသောကိစ္စပင်ဖြစ်စေ အဆင်ပြေချောမွေ့စွာဖြေရှင်းနိုင်မည်ဟု ကိုယ်တိုင်ရိပ်စားမိလာပါမည်။

**မေးခွန်း (၄)**

ပုံစံဟောင်းတွေက အခြားသူတွေနဲ့ပတ်သက်ပါသလား။

**အဖြေ**

Nine of Pentacles - အများနှင့်ဆက်ဆံရသော စီးပွားရေးလုပ်ငန်းဖြစ်၍ အခြားသူများနှင့်ပတ်သက်ဆက်ဆံနေရပါသည်။ Ellie က အောင်မြင်သောသူဖြစ်သည့်အလျောက် သူမအပေါ်မှီခိုအားထားကြသည်။ သူမအနေဖြင့် ငွေကြေးကြွယ်ဝသော်လည်း လုပ်ငန်းပိုမိုတိုးတက်စေရန်အတွက် စိတ်ကူးစိတ်သန်းပိုင်း လိုအပ်ချက်ရှိနေခြင်းကြောင့် ကျွမ်းကျင်သူတစ်ဦးဦးရှာရပါမည်။

**မေးခွန်း (၅)**

အဲဒီပုံစံတွေကို ကျော်လွှားပစ်နိုင်ပါသလား။

**အဖြေ**

Four of Wands (ပြောင်းပြန်) - ထိုကာလအတွင်း Ellie အဖို့ မသေချာမရေရာသောအခြေအနေ၌ရှိနေသည်။ သူမလုပ်ငန်း တိမ်းစောင်းယိမ်းယိုင်သွားမှာကိုလည်း စိုးရိမ်နေသည်။ ငွေကြေးအကျပ်ရိုက်သည့်ပြဿနာပေါ်ပြီး မည်သူ့ကိုမျှ အားမကိုးနိုင်လောက်သည့်အခြေအနေကို ဆိုက်ရောက်မည်ဟု ဤကားချပ်က ဆိုသည်။ သူမ၏ အပျက်သဘောတွေးခေါ် စဉ်းစားခြင်းများပင် သူမကိုကြောက်ရွံ့မှုဖြစ်စေပါမည်။ အပြုသဘောဆောင်၍ ပြင်ဆင်တွေးခေါ်မှသာလျှင် (မိမိကိုယ်မိမိ ဒီယုံကြည်မှုသာလျှင်) ထိုပုံစံအခက်အခဲများအား အောင်မြင်စွာ ကျော်လွှားနိုင်ပါမည်။

**မေးခွန်း (၆)**

ကျွန်ုပ်ယခုဘာဆုံးဖြတ်ရမလဲ။

**အဖြေ**

လမင်းစန္ဒာကားချပ် - The Moon -သူမ၏အပျက်သဘောဆောင်အတွေးအမြင်များအား ထိန်းချုပ်လျက် တွေ့ကြုံရသမျှထဲမှ အဖြေမှန်ရရန် ရင်ဆိုင်[...] ရှင်းသင့်ပါသည်။ တစ်ဖက်သားအပေ[...] သံသယများခြင်း၊ တွေးကြောက်ခြင်း[...] က သူမ၏ထိုးထွင်းဉာဏ်ကိုသာယုံကြ[...] ကိုးစား၍ ဆုံးဖြတ်ချက်ချနိုင်ပါသည်။

**မေးခွန်း (၇)**

အကူအညီရှာသင့်ပါသလား။

**အဖြေ**

Four of Pentacles-ကိုယ်စိတ်[...] ပါးမှုတစေခြင်း၊ ဘဏ္ဍာရေးဆိုင်[...] အကြံပေးအရာရှိတို့အပေါ် ယုံကြ[...] အားထားခြင်းတို့ဖြင့်သာ မိမိ၏ ၎င်း[...] မြှုပ်နှံမှုလုပ်ငန်းများအရေး ဖြေရှင်း[...] နိုင်ပါမည်။

**မေးခွန်း (၈)**

ပုံစံဟောင်းတွေကို ရင်ဆိုင်ဖို့ [...] ကြည်ချက်ရှိပါသလား။

**အဖြေ**

The Hierophant (ပြောင်းပြ[...] ထိုအတောအတွင်း Ellie မိမိကို[...] ယုံကြည်မှုမရှိခြင်း ကိုယ်ကိုယ်တိုင်[...] ထားမိမည်မဟုတ်ပေ။ သူမအ[...] လုပ်ငန်းတိုးတက်ရေးအတွက် သ[...] အချက်အလက်အသစ်များ ထပ်[...] ဖို့ လိုအပ်နေပါသည်။ မိမိ၌ သို့[...] သောပစ္စည်း ငွေ၊ လူအင်အား[...] အောင်မြင်အောင် အကောင်အ[...] ဖော်သွားနိုင်မည်ဟုလည်း သူမယုံကြ[...] ထားသည်။

**မေးခွန်း (၉)**

မကောင်းသည့် အမှုအကျင့်[...] ဖျောက်ဖျက်လိုက်တဲ့အခါ ဘာတွေ[...] လဲလာမယ်လို့ ထင်ပါသလဲ။

**အဖြေ**

Queen of Cups - ပြင်းထ[...] အားကြီးခြင်း၊ သြဇာအာဏာ[...] ထိုးထွင်းဉာဏ်အားကောင်းခြင်း[...] ကို မိဖုရားကားချပ်ကကိုယ်စား[...] သည်။ Elleie က သူမ၏ ဝန်း[...] ထိန်းချုပ်လိုသည်။ မကောင်းသော [...] နည်းချက်ရှိသည့်) အမှုအကျင့်[...] ဖျောက်ဖျက်လျက် ယုံကြည်မှု[...] ကိုယ်ပိုင်ဆုံးဖြတ်ချက်ချ၍ [...] သွားမည် ဖြစ်သည်။

သ[...]



www.burmeseclassic.com

www.burmeseclassic.com

**ရွှေကျွန်းတောင်ရှင်နှင့်
ကျောက်ဆောင်ကတော်**

မြန်မာပြည်အလယ်ပိုင်း ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌ တည်ရှိသော ဆင်ပေါင်ဝဲမြို့သည် သရက်မြို့ခရိုင်တွင် ပါဝင်သော မြို့လေးတစ်မြို့ ဖြစ်သည်။ ထိုမြို့ကိုစောင့်ကြပ်သော မြို့စောင့်နတ်မောင်နှမမှာ 'ရွှေကျွန်းတော်ရှင်နှင့်ကျောက်ဆောင်ကတော်' ဟုခေါ်သည်။

သမိုင်းဖြစ်စဉ်မှာ ပုဂံပြည် အလောင်းစည်သူမင်းကြီးသည် ဖောင်တော်ဖြင့် ဧရာဝတီဖြစ်ကြောင်း စုန်ဆင်းတော်မူရာ ဆင်ပေါင်ဝဲအနီးရှိ ကြီးမားသောဝဲထဲတွင် ဖောင်တောင်ကျရောက်၍ မရွေ့လျားနိုင်ဖြစ်နေသဖြင့် ဖောင်တော်ကိုရွေ့လျားစုန်ဆင်းနိုင်ရန်အတွက် ကမ်းထက်မှ ဆင်များဖြင့်ဆွဲယူရလေသည်။

ဖောင်တော်ကို ရွေ့လျားရန် ဆင်များဖြင့် အပန်းတကြီး ဆွဲငင်ယူသောအခါတွင် ထီးတော်မိုးတစ်ယောက်သည် ဘုရင်မင်းမြတ်ကို ထီးတော်မိုး၍ပေးရာတွင် အမှုထမ်းလစ်ဟင်း၍ ဘုရင်အား နေပြောက်ထိုးသည့်အတွက် ထီးတော်မိုးကို သတ်ဖြတ်စေသည်။

ထီးတော်မိုးအားသတ်ဖြတ်ရာတွင် ဘုရင်၏ မိဖုရားငယ်တစ်ပါးဖြစ်သော ထီးတော်မိုး၏နှမဖြစ်သူက မောင်ကြီးကို ဘုရင်သတ်ပစ်သည့်အတွက် ဒေါသထွက်ကာ ဖောင်တော်ဦးကိုထွက်၍ ဦးခေါင်းခေါက်လေသည်။ မပြုအပ်သည်ကိုပြုသဖြင့် ဘုရင်အမျက်တော်ရှိပြန်ရကား ထီးတော်မိုး၏နှမကို ကွပ်မျက်ပြန်သည်။

အလောင်းစည်သူမင်းကြီး ဇမ္ဗူဒီပါကျွန်းအထိ ဖောင်တော်လှည့်ပြီးနောက် ပြန်လည်တော်မူခဲ့ရာ ဆင်ပေါင်ဝဲအနီးရောက်သောအခါ ဖောင်တော်မရွေ့မလျားဖြစ်နေပြန်သည်။

ဤအကြိမ် ဖောင်တော်မရွေ့မလျားဖြစ်နေသည်မှာ အကြောင်းထူးရှိရမည်ဟု မင်းကြီးတွေးတောကာ ရေပြင်သို့ ကြိမ်စကြာဖြင့်ရိုက်လိုက်တော်မူရာ ဖောင်တော်ဦး၌ ဒူးတုပ်လျက်ပေါ်လာသော ထီးတော်မိုးအစ်မ်းနတ်မောင်နှမကို တွေ့ရလေသည်။

မိမိတို့နေထိုင်ရန် အပိုင်စားနယ်ပယ်ပေးသနားတော်မူပါမည့်အကြောင်း လျှောက်ထား၍ မင်းကြီးက ထီးတော်မိုးအား ဆင်ပေါင်ဝဲအနီးရှိ ကျွန်းတော်ကိုလည်းကောင်း၊ နှမတော်အား ဆင်ပေါင်ဝဲကမ်းစပ်တွင် စုပုံတည်ရှိနေသော ကျောက်ဆောင်ကျောက်သန့်ကိုလည်းကောင်း အပိုင်စားပေးသနားတော်မူခဲ့သည်။

ကျွန်းတော်ရှင်နှင့် ကျောက်ဆောင်ကတော် နတ်မောင်နှမသည် ယင်းဆင်ပေါင်ဝဲကို အမြဲစောင့်ရှောက်

# မောင်သန်းဆွေ (ထားဝယ်)

## ၇၃

# မြန်မာ့ရိုးရာနတ်ယုံကြည်မှုစလေ့





www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်သည်ဟု ဆင်ပေါင်ဝဲမြို့သူမြို့သားများက အယုံအကြည်ရှိကြသည်။ ရပ်ရွာတွင် ဘေးဥပဒ်အန္တရာယ်တစ်စုံတစ်ခုရှိလျှင် နတ်မောင်နှမက ဝင်ရောက်ပူးကပ်ကာ တင်ကြိုပြောပြတတ်ကြ၏။ ဝဲကြီးများမှာလည်း ကြောက်မက်ဖွယ် ထူးထူးခြားခြားအသံများ အော်မြည်၍ ဝဲနိမိတ်ကိုလည်းပြသတတ်သည်ဟုဆိုသည်။

ကျွန်းတော်ပေါ်သို့ ဆင်များ မတက်ရ။ တက်လာသောဆင်များလည်း အော်ဟစ်ပြေးရတတ်သည်။ ကျွန်းတော်ရှင်နတ်က ဆင်ကို မုန်းခြင်းအကြောင်းမှာ အလောင်းစည်သူမင်း၏ဖောင်တော်ကို ဆင်များနှင့်ဆွဲနေခိုက်ထီးမိုးလစ်ဟင်း၍ အသတ်ခံရသောကြောင့်ဖြစ်သည်။

ဝဲထဲမှဖောင်ကို ဆင်ဖြင့်ဆွဲရသောကြောင့် 'ဆင်ဖောင်ဆွဲ' အရပ်ဟု ရှေးကခေါ်ကြသည်။ကာလကြာ၍ 'ဆင်ပေါင်ဝဲ' ဟု ခေါ်ကြသည်။

## ❑ ဖိုးဝင်းရှင်မ

ရှေးသရောအခါ ရေစကြိုမြို့ ငမျာမည်သောရွာတွင် သူဌေးကြီးတစ်ဦး၌ သား မောင်ဖိုးလွန်း၊ သမီး မနှင်းချိုဟု ရှိသည်။ မိဘနှစ်ပါးဆုံးသော်လည်း ပစ္စည်းများခွဲဝေခြင်းမရှိကြဘဲ မောင်နှမနှစ်ယောက် အတူတကွ ပျော်ရွှင်စွာနေကြရာ တစ်နေ့သောအခါ လေမိုးပြင်းထန်စွာတိုက်ခိုက်ခြင်းကြောင့် ၎င်းတို့၏နေအိမ်ကြီး ပြိုလဲပျက်စီးပြီး မောင်နှမနှစ်ယောက်စလုံးအသက်ဆုံးရာ ပစ္စည်းကိုတပ်မက်မောသောကြောင့် ဥစ္စာစောင့်ဖြစ်ပြီး ဟလင်းကြီးမြို့အနီးတောင်တစ်ခုကိုပြောင်းရွှေ့၍ ပစ္စည်းများကို မြှုပ်ထားကာ အရိမေတ္တေယျဘုရားပွင့်တော်မူသောအခါ ကျောင်းတော်ဆောက်လုပ်လှူဒါန်းရန် အဓိဋ္ဌာန်ပြုထားကြလေသည်။

ကာလအတန်ကြာသော် ကိုယ့်ပစ္စည်းကိုယ်စောင့်ကြစတမ်းဟု သဘောတူပစ္စည်းခွဲဝေကြရာ မနှင်းချိုက လူ့ဘဝတွင် ဖခင်ဖြစ်သူက လက်ဖွဲ့သောပစ္စည်းများကို သီးခြားတောင်းယူသောကြောင့် ၎င်းတောင်ကို 'လက်ဖွဲ့တောင်း'ဟုခေါ်သည်။ ကာလကြာ၍ 'လက်ပတောင်း' တောင်ဟု ခေါ်ကြသည်။လက်ပတောင်းတောင်၏ အနောက်ဘက်ရှိတောင်ကို မနှင်းချို ပြောင်းရွှေ့နေရာ ၎င်းတောင်ကို 'မနှင်းချိုတောင်' ဟု ခေါ်သည်။

တာဝတိံသာနတ်ပြည်မှနတ်သမီး သုစိတ္တာသည် ကုသိုလ်အဟုန်ကုန်၍ စုတေကျပြီးသော် မနှင်းချို၏တောင်၌ ပေါက်လျက်ရှိသော စံကားပင်မှ စံကားပွင့်တွင် သံသေဒဇသန္ဓေယူလေသည်။

သိကြားမင်းသည် ထိုတောင်၌ သီတင်းသုံးနေသော 'သာတဇ' မည်သောရသေ့ကို အကြောင်းသိစေ၍ စံကားပန်းကို ဘေးရန်အပေါင်းမှ စောင့်ရှောက်ရန် တောင်ဝှေးတစ်ချောင်းအပ်ခဲ့လေသည်။ ရသေ့ကြီးက တပည့်ဇော်ဂျီအားအပ်နှင်းပြီး စံကားပန်းကို စောင့်ရှောက်စေသည်။ ဇော်ဂျီကလည်း ရသေ့ကြီးအတွက် သစ်သီးရှာဖွေရေးရှိသေးသောကြောင့် ကျောက်တုံးကြီးတစ်ခုကို နွားလားဥသဘသဏ္ဌာန်ပြုပြီးသော် အသက်သွင်း၍စောင့်ရှောက်စေသည်။

ကောသမ္ဗီပြည် သူရဗလမင်းကို စားတော်အမဲဆက်သရသော မုဆိုးကြီးသည် သမင်လိုက်ရင်း မနှင်းချိုတောင်သို့ရောက်ရှိရာ စံကားပန်းဖူးကြီးကိုတွေ့မြင်လျှင် 'ဤပန်းဖူးကြီးကား ကြီးမားလှပလှ၏။ သံန္ဓေသူတို့ ကိန်းအောင်းရာဖြစ်တန်ရာသည်။ မင်းကြီးအား ဆက်သရသော် ဆုလာဘ်များစွာ ရလတ္တံ့'ဟု ဆွတ်ခူးမည်ပြုရာ ကျောက်နွားလားဥသဘကြီးက လိုက်ဝှေ့သောကြောင့် အသက်ဘေးမှလွတ်ရုံပြေးခဲ့ရသည်။

ကောသမ္ဗီပြည်ရောက်လျှင် မင်းကြီးအားလျှောက်တင်ရာ စံကားပန်းဖူးကြီးကို မိမိကိုယ်တိုင် ဆွတ်ခူးယူမည်ဟု ဗိုလ်ခြေအလုံးအရင်းများစွာနှင့် ချီတက်ဆွတ်ခူးပါသော်လည်း ကျောက်နွားကြီးနှင့် ဇော်ဂျီကိုမနိုင်ဘဲ ပြေးခဲ့ရသည်။

မင်းကြီးသည် သားတော်များဖြစ်ကြသော ဥဇ္ဇေနီပြည် 'သူရိန္ဒ' မင်းနှင့် အာလာတပ္ပပြည် မာဃရိန်မင်းတို့ထံ စစ်ကူတောင်းရာ အလုံးအရင်းနှင့်ချီတက်လာပြီး ခမည်းတော်တပ်နှင့်ပူးပေါင်း၍ မနှင်းချိုတောင်ကို ဝိုင်းကြကုန်သည်။ သို့ရာတွင် ကျောက်နွားနှင့် ဇော်ဂျီကို မနိုင်ဘဲ အရှုံးပေး၍ပြန်ကြရသည်။

ဤကို အစွဲပြု၍ မနှင်းချိုတောင်ကို 'ဗိုလ်ဝိုင်း' တောင်ဟု ခေါ်သည်။ ကာလကြာ၍ 'ဗိုလ်ဝန်း' တောင် 'ဖိုးဝန်း' တောင် ယခု 'ဖိုးဝင်းတောင်' ဟုခေါ်ကြသည်။

စံကားဖူးထဲမှ သန္ဓေသူဖွားချိန်စေ့တော့မည်ဖြစ်၍ ရသေ့ကြီးက -

"မင်းယုတ်မင်းဆိုး ဖြစ်သော ကောသမ္ဗီမင်းနှင့် သန္ဓေသူ ငါ၏သမီး... မထိုက်တန်။ ပုဂံပြည့်ရှင် ပြူမင်းနှင့်... ထိုက်တန်၏။ ငါ၏ သမီးတော်အား... မိဖုရားမြှောက်ရန် အသင်သွားခေါ်ချေ"

ဟု တပည့်ဇော်ဂျီအားခိုင်းလိုက်... လေသည်။

ဇော်ဂျီ ပုဂံပြည်သို့ ရောက်ရှိ... တွင် မင်းကြီးအား လျှောက်တင်... အလွန်အားရနှစ်သက်တော်မူ၍ ညီ... ဥပရာဇာပြူးမင်းနှင့်အတူ ဗိုလ်ခြေများ... ချီတက်လာရာ လမ်းခရီး၌ -

စခန်းချသောအရပ်ကို 'ခ... ထောက်'

ရေရှားပါး၍ ရေကန်တူး... အရပ်ကို 'ကန်တန်း'

ရွာသူရွာသားများ ပန်းဆ... သောအရပ်ကို 'ပန်းဆက်'

ပထမရွာထက် အထူးပန်းဆ... သောရွာကို 'ပန်းထူး' ယခု 'ပဒူ'

သန်လျက်ရင်ခွင်၌ ပိုက်ထား... အရပ်ကို 'ပိုက်သံလျှက်'

ဆံရေပေါများသော အရ... 'မတောင်းတာ'၊ ယခု 'မတောင်းတာ'

မင်းအမတ်ဗိုလ်ခြေစုရုံးရာအ... ကို 'မင်းစု' ဟုခေါ်သည်။

ပြူမင်းသည် ဖိုးဝင်းတောင်... ရောက်ရှိပြီး ရသေ့ကြီးထံ သ... တောင်းဆိုရာ ရသေ့ကြီးကလည်း ... များပေးလိုက်လေသည်။ ညသန်း... ယံအချိန် ပုဂံပြည်သို့ပြန်လည်ချီ... ရာ အရုဏ်တက်ချိန် ရွာတစ်ရွာသို့... ၍ ရောက်ရှိလာသော ခရီးပမာ... ညီတော်ပြူးမင်းအား မှန်းဆလျှော... တင်စေသည်။ ၎င်းအရပ်ကို 'ဆ...' ဟု သမုတ်လေသည်။

စံကားမယ်ကို ပြူမင်းတသိ... သွားကြောင်း ကောသမ္ဗီမင်း သ... ကြားသိသောအခါ အမျက်ဒေါသ... စွာထွက်ပြီး ဗိုလ်ခြေများစွာနှင့် တို... ရာ ပြူမင်း၊ ပြူးမင်းက ခုခံတိုက်ခိုက်... ကြောင့် ကောသမ္ဗီမင်း စစ်ရေး... ကိုယ်လွတ်ပြေးရလေသည်။ ပြူမင်း... မင်းက ငါတို့ကံသာ၍ ရန်သူကိုနိုင်... ဟု ဆိုပြီး ထိုအရပ်ကို 'ကံသာရွာ' ... အမည်ပေးလေသည်။

၎င်းရွာ၏ မြောက်ဘက်... တွင် ကောသမ္ဗီမင်း၏ သား... သော သူရိန္ဒနှင့်မာဃရိန်တို့ကို တွေ့... လေသည်။

ပြူမင်းသည် ခရီးစဉ်အတိုင်း... ရာ ယာကုန်းအရပ်၌ စံကားမယ်အ...



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်လုပ်မောင်းမများ ရှာတော်မူသောအခါ မဗန်း ဆိုသူနှင့် သမီးမဦးဆိုသူကို တွေ့ရှိ၍ ခန့်ထားတော်မူပြီး မဗန်းအား ဘာကုန်းအရပ်၊ မဦးအား လေးရွာကို စားကျွေး သနားတော်မူလေသည်။ ပုဂံသို့ ရောက်ရှိသောအခါ စံကားမယ်ကို တောင်ညာစံမိဖုရားကြီးအရာထား၍ မြှောက်စားတော်မူလေသည်။

ကောသမ္ဗီမင်း သူရဗလသည် မြင်ဘူးသော စံကားမယ်အပေါ် အချစ်ရှိပြီး မရမနေဟု အထွေထွေ ကြံစည်တာ ဖိုးဝင်းတောင်အရပ်သို့သွားကာ 'မိတိုး' ခေါ် ကဝေဆရာကြီးထံတွင် အကြံ ဉာဏ်တောင်းရာ မိကိုးက -

"စိုးရိမ်တော်မူပါနဲ့ ဘုရား၊ ချွန်တော်မျိုးမ ကြံစည်ပေးပါမည်"

ဟု လျှောက်တင်ပြီးသော ပုဂံပြည်သို့သွားရောက်၍ စံကားမယ်၏ အစေအပါးအဖြစ်နှင့်ခစားပြီး စံကားမယ်ကို ရူးသွပ်အောင် ပြုစားလေသည်။

စံကားမယ်လည်း အရူးကြီးရူးပြီး ထွက်သွားနေရင်း ဖိုးဝင်းတောင်သို့ရောက်ရှိလာရာ ဥစ္စာစောင့်မနှင်းချိုက သူနှင့်အတူနေရန် လူသက်ခြွေ၍ နတ်သက်ဖြင့် ...သည်စေ၏။

ပြူမင်းသည် စံကားမယ် ပျောက်ကွယ်သွား၍ ဖိုးဝင်းတောင်အရပ်သို့ လိုက်၍ရှာရာ စံကားမယ်က အစိမ်းဘဝနှင့် ကိုယ်တင်ပြလေသည်။ ပြူမင်းသည် စံကားမယ်၏အလောင်းကို ကောင်းမွန်စွာသဂြိုဟ်ပြီးနောက် တောင်ကုန်းပေါ်၌ နတ်ကွန်းဆောက်လုပ်ပေး၏။ ထိုအခါမှစ၍ 'ဖိုးဝင်းရှင်မ'ဟု ကိုးကွယ်ကြသည်။

ပြူမင်း၊ ပြုံးမင်းတို့သည် ပုဂံပြည်သို့မပြန်တော့ဘဲ စံကားမယ်ရှိရာအရပ်၌ သာနေတော့မည်ဟု 'ဟလင်းကြီး'အရပ်၌ မြို့သစ်နန်းသစ်များတည်ကာ 'ဟံသာ ...ပြည်'ဟုသမုတ်ပြီး အသက်ထက်ဆုံး စံနေလေသည်။

ပြူမင်း၊ ပြုံးမင်းနှင့် နောက်ပါ အခြွေအရံများပါ ဖိုးဝင်းတောင်ပေါ်တွင် တည်ထား ကိုးကွယ်ကြသော စေတီ၊ ရုပ်ပွားဆင်းတုတော်များမှာ -

'ရွှေ လ ဝင်း လင် ရင် ရွှာ'

ဆိုသောလင်္ကာအတိုင်း လေး ...၊ လေးသောင်း၊ လေးထောင်၊ လေး ...၊ လေးဆယ်၊ လေးဆူရှိသည်။

၎င်းပြင် -

ကျောက်ထီး၊ ကျောက်သပိတ်၊ ကျောက်ပလ္လင်၊ ကျောက်သင်ပုတ်စင်၊ ကျောက်ဂူ၊ လိုဏ်နန်း၊ အာရုံခံ၊ မုခ်ဝ အစရှိသော အဆောက်အအုံတို့လည်း များစွာရှိသေးသည်။

စေတီ၊ရုပ်ပွားတော်၊ဆင်းတုတော်များနှင့် အဆောက်အအုံမှန်သမျှတို့ကို ကျောက်သားပကတိ ကျောက်တောင်ကြီးကို ထွင်းဖောက် ဖြိုဖျက်ပြုလုပ်ထားသော ရှေးမြန်မာ့ကျောက်ဆစ်အနုပညာသည်လက်ရာများအပြင် ယခုခေတ်ကျောက်ဆစ်အနုပညာသည်များတို့၏ လက်ရာလည်း အနည်းအကျဉ်းရှိသည်။

ဖိုးဝင်းတောင်အထက်တောင်ပေါ်တွင် နွားလားဥသဘသဏ္ဌာန်ကျောက်တုံးကျောက်ရုပ်ကြီးကား ယခုတိုင်ရှိ၏။

ဖိုးဝင်းတောင်သည် မုံရွာခရိုင် မုံရွာမြို့ အနောက်ဘက်ကမ်း ဆားလင်းကြီးမြို့နယ်တွင် တည်ရှိသည်။

## ◻ ပြာပုံတောင်ရှင်မ

မုံရွာမြို့ အနောက်ဘက်ကမ်း အလောင်းတော် ကဿပဘုရားသွားရာလမ်း ပြာပုံတောင်တွင် နတ်ကွန်းနတ်နန်းနှင့်ရှိသောပြာပုံတောင်ရှင်မသည် ပန့်ကျိုတိုက်၊ ယင်းမာပင် အနောက်နားတွင်ရှိ ပြောင်းပြာရွာသူ မမယ်ဖြူ ဖြစ်သည်။

သမိုင်းဖြစ်စဉ်မှာ မယ်ဖြူ၏မိခင်မှာ လင်မရှိဘဲ ခါချဉ်အနက်ကိုက်၍ ပဋိသန္ဓေရှိပြီး မယ်ဖြူကို မွေးဖွားလေသည်။ ပြောင်ပြာရွာအနီး လက်ကောင်းရွာနေ မောင်ဖြစ်သူက လင်မရှိဘဲ သန္ဓေတည်သည်ကိုရှက်၍ အခေါ်အပြောမရှိ ဖြတ်ထားလေသည်။

မယ်ဖြူကို ကင်ပွန်းတပ်မည်ပြုလုပ်သောအခါ ၎င်း၏အမေက သူ၏မောင်ကိုဖိတ်ကြားထားရာ လာမည်ထင်၍ မုန့်များနှင့် လမ်းကသွားကြိုနေရာ မလာသောကြောင့် ဝမ်းနည်းစိတ်နာပြီး မုန့်များကို အနီးရှိ ချောင်းထဲသို့ပစ်ချလိုက်ရာ ယခုတိုင် 'မုန့်ပစ်ချောင်း'ဟုခေါ်သည်။

မယ်ဖြူ အရွယ်ရောက်သောအခါ အလွန်လှပသဖြင့် ဖြတ်ထားသော မောင်မယ်ဖြူ၏ ဦးလေးက ချစ်ခင်သဘောကျ၍ သူ၏သားနှင့် မောင်နှမဝမ်းကွဲချင်းလက်ဆက်ရန်အကြောင်းကြားရာ မယ်ဖြူ့အမေကစိတ်နာ၍ မပေးစားဘဲနေလေသည်။

မောင်ဖြစ်သူကစိတ်ဆိုးပြီး ပေါက္ကံပြည် ကျန်စစ်မင်းထံ မိန်းမချောရှိကြောင်း လျှောက်လေသော် ဘုရင်က ကောက်ယူမည်ရှိရာ မယ်ဖြူအမေက မင်းနှင့်မဆက်ဆံလိုသောကြောင့် အင်္ဂါမစုံလျှင် မင်းကောက်ယူမည်မဟုတ်သောကြောင့် မယ်ဖြူ၏ လက်ညှိုးကို ကိုက်ဖြတ်လိုက်လေသည်။

ကျန်စစ်မင်းက ကောက်ယူသွားသောအခါ အင်္ဂါမစုံသည်ကိုသိ၍ အိမ်နိမ့်၌ထားစဉ် ကွမ်းရေတော်ကိုင် မောင်ငုံနှင့် မေတ္တာစုံပြီး ပြာပုံတောင်သို့ပြေးခဲ့ကြလေသည်။ မောင်ငုံက 'ဤတောင်ဘာတောင်လဲ' မေးရာ 'အိုဘဲ့ တောင်အိုလင်မလို၊ အိုဘဲ တောင်မ လင်မရ' ဟု မယ်ဖြူက ပြန်ပြောလေသည်။

မယ်ဖြူမှာ ရှေးဘဝက ပြာပုံတောင်တွင် နတ်ဖြစ်ဖူးပြီး အဖော်နတ်သမီးနှင့်နေရာ နတ်သမီးက လင်ယူသည်ကိုမကြိုက်သောကြောင့် မောင်ငုံကို ကျားနှင့်တိုက်သတ်လိုက်သည်။ မယ်ဖြူလည်း မကြာမီသေ၍ နတ်ဖြစ်သည်။

မယ်ဖြူသည် လူ့ဘဝက အဝတ်တန်ဆာကောင်းစွာမဝတ်ရသူဖြစ်၍ သူတစ်ပါးဝတ်ဆင်လာလျှင် မနာလိုတတ်သောကြောင့် ပုတီး၊ လက်ကောက်၊ နားတောင်းစသည်တို့ ဝတ်ဆင်လာသူများသည် ထိုပြာပုံတောင်ရောက်လျှင် ချွတ်၍ သိမ်းဆည်းယူဆောင်ကြရသည်။ သို့မဟုတ်က လေပြင်းမုန်တိုင်း မိုးကြီးမှောင်ကြီးကျ၍ မူးဝေထိတ်လန့်တတ်သည်ဟု ဆိုလေသည်။

ပြောင်းပြာ-မြို့ကြီး အစရှိသော အရပ်ရပ်မှမိန်းမများသည် သူတို့ဝတ်ဆင်သော ပုတီး၊ နားတောင်း၊ လက်ဝတ်လက်စားများကို မယ်ဖြူနတ်ကွန်းတွင် တင်ဆက်မြှောက်သပြီးမှ ဝတ်ဆင်ကြရသည်။

မယ်ဖြူသည် မိမိအဖြစ်နှင့် မိမိရွာကို စိတ်နာ၍ ကျိန်ဆဲခဲ့သည့်အတိုင်း ပြောင်းပြာရွာတွင် တစ်နှစ်သုံးသီးစားရသော်လည်း ကြွေးမြီမကင်းကြသည့်အပြင် သုံးနှစ်အတွင်း မိန်းမချောတစ်ယောက်ထွန်းကားသော်လည်း ကိုယ်ပျက်စီးသွားတတ်သည်ဟု ဆိုကြသည်။

မောင်သန်းဆွေ (ထားဝယ်)

**ကိုးကားချက် -**

The Thirty - seven Nrts A Phase of Spirit Worship prevailing in Burma by SIR R.C. TEMPLE.



www.burmeseclassic.com

www.burmeseclassic.com



□ ဝန်ခံချက်

ဤစာရေးသူ ကျွန်တော်သည် ၁၉၆၅/၆၆ ခုနှစ် ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း (ဖောင်ကြီး) (ယခုဗဟိုဝန်ထမ်းတက္ကသိုလ်)တွင် ရဲအရာရှိငယ်သင်တန်း အပတ်စဉ်(၂)သူရတပ်ခွဲ၌ တက်ရောက်ခဲ့၍ သင်တန်းဆင်းသောအခါ ဒုလုံခြုံရေးမှူး (ယခု - ဒုရဲအုပ်) အဆင့်ဖြင့် နယ်မြေအသီးသီးတွင် တာဝန်ကျခဲ့ပြီး နောက်ဆုံးတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး အဆင့်ဖြင့် အနားယူခဲ့သူ ဖြစ်ပါသည်။

ထိုသို့ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ကျွန်တော် တွေ့ကြုံခဲ့ရသော ဖြစ်ရပ်ဆန်းများ အမျိုးမျိုးရှိခဲ့ပါသည်။ထိုဖြစ်ရပ်ဆန်းများအနက် အများပြည်သူစာဖတ်ပရိသတ်တို့ ဗဟုသုတနှင့် သင်ခန်းစာရယူဖွယ်ကောင်းသောဖြစ်ရပ်ဆန်းများအား ပြန်လည်ရေးသားတင်ပြရန် ဆန္ဒရှိခဲ့ပါသည်။ သို့သော် ထိုဖြစ်ရပ်ဆန်းများအနက် အချို့သောဖြစ်ရပ်ဆန်းများမှာ ကာယကံရှင်တို့၏ ဂုဏ်သိက္ခာထိခိုက်နိုင်သောဖြစ်ရပ်များဖြစ်နေပါသောကြောင့် ဘက်စုံထောင့်စုံမှအမျိုးမျိုးစဉ်းစားခဲ့ရပါသည်။

ယခု ရေးသား တင်ပြမည့် ဖြစ်ရပ်ဆန်းမှာ ကာယကံရှင်တို့၏ ဂုဏ်သိက္ခာထိခိုက်နိုင်သော်လည်း သူရဇ္ဇမဂ္ဂဇင်းစာဖတ်ပရိသတ်များ ဗဟုသုတနှင့် သင်ခန်းစာရယူစေခြင်းငှာ စာဖတ်ပရိသတ်တို့အကျိုးကို ရှေးရှု၍ ရေးသားတင်ပြလိုက်ခြင်းသာ ဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်စေလိုသောဆန္ဒလုံးဝမရှိပါကြောင်း ဝန်ခံအပ်ပါသည်။ စာရေးသူသည် မဟာစည်သာသနာ့ရိပ်သာ၌ တရားစခန်းဝင်စဉ် ၂၂-၅-၂၀၁၂ ရက်နေ့က ကျိုက်မရောဆရာတော်ဟောကြားလိုက်သော 'သဒ္ဓါလွန်ကဲ ပညာနည်း အလွဲယုံကြည်ဖြစ်တတ်သည်' ဆိုသော တရားတော်ကို နာကြားခဲ့ရာ ယခု ရေးသားတင်ပြမည့် ဖြစ်ရပ်ဆန်းအား ထိုစဉ်ကတည်းက ရေးသားရန် ဆန္ဒရှိခဲ့ပါသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မရေးသားဖြစ်ခဲ့ပါ။ ယခုအချိန်တွင် သူရဇ္ဇမဂ္ဂဇင်းစာဖတ်ပရိသတ်များ မှတ်သားသင့်မှတ်သားထိုက်သည်ဟု နှလုံးသွင်းမိပါသောကြောင့် ယခုလို ရေးသား ဖော်ပြခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နယ်မြေဒေသအမည်များမပါရှိခြင်းကို နားလည်ခွင့်လွှတ်ပေးကြပါရန် ကြိုတင်တောင်းပန်အပ်ပါသည်။

ကဲ . . . ဖြစ်ရပ်မှန် အဖြစ်ဆန်းဇာတ်လမ်းလေးကို ခံစားလို့ကြည့်ကြပါစို့။

□

"အထက်ဆရာကြီးများရဲ့အမိန့်၊ ငါ့အမိန့်၊ ငါ့စည်းဝိုင်းထဲ မင်းတို့အမြန်လာရောက်ကြစမ်း...
ဒီနယ်မြေမှာ လူ...
တွေကို အန္တရာယ်ပေးနေတဲ့ မကောင်းဆိုးဝါး၊ စုန်း၊ ကဝေ၊ ဇော်ဂနီ၊ ဇော်ဂနက်၊ သွေးစုပ်ဖုတ်ကောင်၊ မြေဖုတ်ဘီလူး၊ သရဲ၊ တစ္ဆေ၊ ပြိတ္တာ၊ မှင်စာ ပါမကျန်လာခဲ့ကြ"

ဆောင်းချမ်းကာလ...
နံနက် (၇)နာရီပင်ထိုးနေပြီ။ နှင်းမှုန်တွေမကွဲသေး။ ရပ်ကွက်အလယ်ပိုင်းရှိ ခြံဝင်းခတ်ထားသော သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းအိမ်...
တစ်အိမ်၏ ခေါင်းရင်းဘက် အ...
(၄၀) ကျော်ခန့် ပုဂ္ဂိုလ်တစ်ယော...
အသားဖြူ၊ ကိုယ်လုံးသွယ်သွယ်၊ အ...
(၅) ပေ (၄) လက်မခန့်၊ ဆံပင်တု...
ပြဇာတ်မင်းသားများပုံစံမျိုး။ ညာ...
အပေါ် သွားတစ်ချောင်းရွှေရောင်...
ထားလျက်။ အမှတ်တမဲ့ကြည့်လိုက်...
ပြဇာတ်မင်းသားလိုလိုဘာလို...

"ဟဲ့ - မောင်အေး၊ ...
အပြင်လူကောင်းတွေ ...ကိုမလာ...
ဒီကောင်တွေအန်...တဲ့ မိစ္ဆာ...
စက်အဆိပ်...ကုန်မယ်။ စည်း...
ထဲမဝင်စေနဲ့"



www.burmeseclassic.com

www.burmeseclassic.com

# မြင်သာ-သောင်းတင်

## သဒ္ဒါလွန်ကဲ ယုံကြည်လွဲလို့ ကြေကွဲဖွယ်ရာ ဓာတ်လမ်းလေးတစ်ပုဒ်



ထိုပုဂ္ဂိုလ်နှင့် ပရိသတ်ကြားမှာ ဆေးဖယောင်းတိုင်သုံးတိုင်ထွန်း ၏။ တစ်လံကျော်ခန့်ဝေးကွာလျက် ၏ရှေ့မှာက အုန်းပွဲ၊ ငှက်ပျောပွဲ၊ တော့ပွဲက (၅) ပွဲ။ အုန်းသီးပေါ်တွင် ယောင်းတိုင်များစိုက်ပြီး မီးထွန်း အရှိန်ကောင်းစွာဖြင့်တောက် င်နေ၏။ ပုဂ္ဂိုလ်၏တပည့်ဖြစ်သူ င်အေးက အရေးကြီးသည့်အနေ ဖြင့် လူအုပ်ပရိသတ်ကြီးအား သတ်နှစ်ဖက်ကာထားပြီး -

"ဆရာဓာတ်စီးနေတယ်။မကောင်း ဆိုးဝါးတွေကိုခေါ်ပြီး ပညာထုတ်ခိုင်းနေ တယ်။ သရဲတစ္ဆေတွေရဲ့အဆိပ်ကသိပ် ပြင်းတယ်။ လူကောင်းတွေထိသွားမှာစိုး လို့ ဆရာကသတိပေးနေတယ်"

ဟု ဆိုလိုက်တော့ လူအုပ်ကြီး တိုးဝှေ့နေရာကရပ်ပြီး နောက်နည်းနည်း ဆုတ်သွားကြ၏။

"အောင်မာ - ဟိုကောင်ကအာခံ နေတာလား မဝင်ချင်ဝင်ချင်နဲ့ ဝင်ခဲ့စမ်း။ ငါ့အမိန့်၊ အထက်ဆရာကြီးတွေအမိန့်"

ဟု ဆိုလိုက်ပြီးနောက် ကြမ်းပြင် အား ဖြန်းခနဲမြည်အောင်ရိုက်ချလိုက် ၏။

"အေး - မင်းတို့ပညာတွေအကုန် အန်ထုတ်ခဲ့။ ဒီပတ်ဝန်းကျင်က ဘယ်သူ့ ကိုမှ အန္တရာယ်မပေးနဲ့တော့။ အန္တရာယ် ပေးလာရင်တော့ မင်းတို့ကို မီးလောင် တိုက်သွင်းပစ်မယ်"

ပုဂ္ဂိုလ်ကြီး၏နာမည်က ဆရာချစ် သို့မဟုတ် ဘိုးတော်ချစ်တဲ့။ ဓာတ်စီး တယ်ဆိုတာကလည်း အထက်ဆရာကြီး တွေရဲ့ခွင့်ပြုချက်ရမှ ဓာတ်စီးလို့ရတာ ဆိုပဲ။ ဒီနယ်တစ်ဝိုက်မှာရှိတဲ့ မကောင်း



www.burmeseclassic.com

www.burmeseclassic.com

ဆိုးဝါးတွေကို ဆုံးမနေတာဖြစ်၏။ တပည့်ဖြစ်သူ မောင်အေးက လူအုပ် ပရိသတ်ကြီးကို ရှင်းပြနေ၏။

ဆရာချစ်တို့ ဆရာတပည့်နှစ်ယောက် ဤအရပ်ဤဒေသသို့ရောက်လာသည်မှာ (၁၀) ရက်ကျော်ကျော်လောက်ရှိနေပြီ။ နယ်လှည့်သာသနာပြုနေတာတဲ့။ သာသနာပြုရင်း ကျွတ်သင့်ကျွတ်ထိုက်၊ ကယ်သင့်ကယ်ထိုက်တဲ့သူတွေကိုကယ်တင်ပေးနေတာဖြစ်ကြောင်း၊ ဆရာချစ်တို့အား လက်ခံထားသော အိမ်ရှင်မိသားစုမှာလည်း သူတို့အိမ်တွင် ဆရာချစ်အား လာရောက်မေးကြမြန်းကြနှင့် စည်ကားနေသည့်အပြင် ဆရာကြီးကိုကန်တော့ကြတဲ့ စားစရာသောက်စရာတွေလည်း ဆရာချစ်ကပေးထား၏။ ငွေကြေးအချို့ကိုလည်းရနေလေတော့ မော်တပြုံးပြုံးနှင့်ကြေညာမောင်းခတ်နေစရာမလိုဘဲ အခြားရပ်ကွက်များကလူတွေတောင်လာရောက်မေးကြမြန်းကြနှင့် အထူးစည်ကားနေတာပေါ့။ ဒီနေ့က ဓာတ်စီးမယ့်နေ့ဆိုတော့ ပိုပြီးစည်ကားနေတယ်လေ။

ထိုစဉ် ဆရာချစ်က ပရိသတ်ရှေ့ဘက်နားတွင်ထိုင်နေသော အသက် (၂၀)ခန့်ရှိ လူငယ်တစ်ဦးအား ခေါ်လိုက်၏။ ထိုသူငယ်သည် ဆရာ့ခွင့်ပြုချက်ဖြင့် ဆရာ့ရှေ့နေရာလွတ်တွင် ထိုင်လိုက်၏။ ဟိုကြည့်ဒီကြည့် ကြောင်အမ်းအမ်းနှင့်။ ဆရာချစ်က ထိုသူငယ်ပတ်ထားသော နာရီအား ချွတ်ခိုင်းလိုက်ရာ လူငယ်က နာရီပတ်ထားသောလက်ကို တစ်ဖက်လက်ဖြင့်ကိုင်လျက် ဆရာချစ်ကိုကြည့်နေစဉ် ဆရာချစ်တပည့် မောင်အေးက-

"ချွတ်လိုက် ချွတ်လိုက် ငါ့ညီ၊ မင်းကသိုလ်ထူးတယ်။ ဒီလိုအခွင့်အရေးမျိုးရခဲတယ်။ ငါ့ညီနာရီကို ဆရာက သိဒ္ဓိတင်ပေးဖို့ချွတ်ခိုင်းနေတာ။ ချွတ်လိုက် ချွတ်လိုက်"

ဟု ပြောလိုက်တော့ လူငယ်က နာရီကိုချွတ်လိုက်၏။ ပတ်ထားသည့် နာရီကြိုးက သားရေကြိုးအမည်းရောင်။ လူငယ်က နာရီကို ဆရာချစ်လက်ထဲထည့်ပေးလိုက်တဲ့အခါ 'ဟာ၊ ဟင်၊ ဟောဗျာ' ဆိုပြီး ပရိသတ်တွေအံ့အားသင့်ကုန်ကြ၏။ ဆရာချစ်က လူငယ်ချွတ်ပေးလိုက်သောနာရီကို အနီးတွင်ရှိ ဆေးမြစ်တွေထောင်းသည့်သံဆုံထဲထည့်ပြီး သံကျည်ပွေ့နှင့်ထောင်းလိုက်တော့ လူတွေအံ့အားသင့်ကုန်တာပေါ့။ နာရီကြိုးမည်းကလွဲပြီး နာရီအိမ်ကတော့ တစ်စစီဖြစ်ကုန်ပြီ။ ပရိသတ်တွေအားလုံး မြင်နေရသည်။ နာရီပိုင်ရှင်လူငယ်၏ မျက်နှာမှာ ငိုမလိုလိုဖြစ်နေစဉ်မှာပင် ဆရာချစ်က အသာအယာပြုံးလိုက်ပြီးနောက် ထုထောင်းထားသောနာရီကို လက်နှင့်ဆုပ်ကိုင်ပြီး လူငယ်လက်ထဲပြန်ထည့်ပေးလိုက်တဲ့အခါ ဟောဗျာ - နာရီက အကောင်းပကတိအတိုင်း။ ဆရာချစ်က ရွှေသွားပေါ်အောင်ပြုံးရယ်၍ -

"ကဲ - ငါ့သား၊ မင်းနာရီဟုတ်၊ မဟုတ် သေသေချာချာစစ်လိုက်ပါဦး"

လူငယ်က သူ့နာရီကို သေသေချာချာကြည့်ပြီးနောက် -

"ဟုတ်. . . ဟုတ်. . . ဟုတ်ပါတယ်ဆရာ၊ ကျွန်တော့်နာရီအစစ်ပါ"

ပရိသတ်တွေ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ပြီ။ အမျိုးသမီးတွေက လက်အုပ်တွေချီ၍ ရှေ့တိုးလာကြ၏။ သို့သော် မီးထွန်းစည်းချထားသည့်ဖယောင်းတိုင် (၃) တိုင်၏ အတွင်းဘက်အထိတော့ ဝင်ခွင့်မရ။ ဆရာချစ်တပည့် မောင်အေးက -

"ငါ့ညီ၊ ကံကောင်းသွားပြီ။ မင်းနာရီကို ဆရာက သိဒ္ဓိတင်ပေးလိုက်ပြီ"

ဟု ဆိုပြီး အနီးရှိ ရေမန်းပုလင်းထဲက ရေတစ်ခွက်ငှဲ့ပြီး ထိုလူငယ်ကို တိုက်လိုက်၏။ လူငယ်က ရေမန်းကိုသောက်ချလိုက်ပြီးနောက် ပရိသတ်ထဲပြန်ဝင်သွား၏။

ဟော - လာပြန်ပြီ နောက်တစ်ယောက်။ ဒါက အမျိုးသမီးငယ်။ သူ့လက်သူကြွယ်မှာ ရွှေလက်စွပ်တစ်ကွင်း ပြောင်ချောကလေးကိုဝတ်ထားလျက်။ ထိုမိန်းကလေးဝတ်ထားသည့်လက်စွပ်ကိုလည်း ရှေးနည်းအတိုင်းချွတ်ခိုင်းပြီး သံဆုံထဲထည့်ထောင်းလိုက်ပြန်သည်။ အမျိုးသမီးကတော့ လက်အုပ်ချီခေါင်းငုံ့လျက်။ ပရိသတ်တွေ မျက်လုံးပြူးနေကြ၏။ သံဆုံထဲကလက်စွပ်တွန့်လိမ်ပြားချပ်လျက်။ပရိသတ်တွေအံ့အားသင့်နေသည့် အချိန်မှာပဲ ဆရာချစ်ကတွန့်လိမ်ပြားချပ်နေသည့်လက်စွပ်ကိုသူ့လက်ထဲထည့်ပြီး အမျိုးသမီးငယ်ကို လက်ဖြန့်ခိုင်းလို့ ပြန်ထည့်ပေးလိုက်သည့်အခါမှာတော့ လက်စွပ်က အကောင်းပကတိအတိုင်း။ ပရိသတ်တွေ ဟာ၊ ဟင်ဖြစ်ကုန်ကြပြီ။ အမျိုးသမီးငယ်ကိုလည်း ရှေးနည်းအတိုင်း ရေမန်းတိုက်လို့ လက်စွပ်ကို သိဒ္ဓိတင်ပေးလိုက်ပြီ။ ရိုရိုသေသေဝတ်ဆင်ဖို့လည်း ဆရာချစ်ကမှာလိုက်သေး သည်။ လက်စွပ်ကိုလည်း ပိုင်ရှင်အ[illegible] သမီးငယ်အား သေသေချာချာစစ်[illegible] ပါဦးဆိုတော့ -

"ဟုတ်. . . ဟုတ်ကဲ့။ ဒါ [illegible] လက်စွပ်အစစ်ပါပဲတဲ့"

အမျိုးသမီးငယ် ပရိသတ်ထဲ[illegible] ရောက်သွားတဲ့အခါ အမျိုးသမီးငယ်[illegible] မိခင်က-

"ဒီမှာကြည့်ကြစမ်း၊ လက်စွပ်[illegible] ပိုတောင်အရောင်တောက်လာသလို[illegible]"

ဆိုတော့ အခြားအမျိုးသမီး[illegible] ဝိုင်းအုံကြည့်ကြ၏။

❑

ဆရာချစ် ဓာတ်စီးလို့ပြီးသွား[illegible] စည်းချထားတဲ့ဖယောင်းတိုင်ကို ဆ[illegible] တပည့်မောင်အေးက မှုတ်သတ်လို[illegible] နောက် ပရိသတ်တွေ ဆရာချစ်အ[illegible] ရောက်လာကြပြီး ဆရာချစ်ရှေ့မှာ[illegible] ကန်တော့ပွဲ (၅) ပွဲမှာ ငွေစက္ကူတွေ [illegible] ပုံသလို လှူဒါန်းကြတယ်။ (၂၅) [illegible] တန်၊ (၄၅) ကျပ်တန်၊ (၉၀) တန်[illegible] (၁၀၀) တန် ငွေစက္ကူတွေ စုစုပေါ[illegible] (၇၀၀၀) လောက်တော့ ရှိမည်ထင်[illegible] (ထိုစဉ်ကာလက ရွှေ (၁) ကျပ်သား [illegible] (၁၀၀၀၀) ပင်မရှိသေးပါ။) ပရိသတ်[illegible] အနက် အသားဖြူဖြူ ကိုယ်လုံး[illegible] ပေါက်ကောင်းကောင်း၊ ရုပ်ရည်ရှ[illegible] လှပသည့် အမျိုးသမီးတစ်ယောက်[illegible] အသားညိုချော၊ ကိုယ်လုံးသွယ်[illegible] အမျိုးသမီး (၂) ယောက်က ရှေ့[illegible] ဆရာချစ်နှင့် အတော်အကျွမ်းဝင်နေ[illegible] သည့်ပုံစံမျိုး။ ဆရာချစ်၏ပေါင်[illegible] လက်တွေတင်သည့်သူကတင်နှင့်။ သူ[illegible] တွေက ဒီမြို့မှာ စီးပွားရေးသမား[illegible] ရဲ့အိမ်ထောင်ရှင်တွေ။ ဆရာချစ်[illegible] ဒီမြို့ရောက်လာတာ (၁၀)ရက်ပင်ကျော်[illegible] နေပြီဆိုတော့ ရင်းနှီးကြမှာပေါ့။ ဆရာ[illegible] ကလည်း ရွှေသွားတဖြဖြ၊ လက်ဟန်[illegible] ဟန်နှင့် ရယ်ကာမောကာ စကား[illegible] ပြောနေကြ၏။

ညနေပိုင်းရောက်၍ လူတွေအား[illegible] လုံးပြန်သွားသည့်အချိန် အရှေ့[illegible] ရပ်ကွက်က ဒေါ်ခင်မူ ဆရာချစ်ဆီရော[illegible] လာ၏။ သူနှင့်အတူ မိန်းမပျိုသမီး[illegible] လည်းပါလာ၏။ ထိုမိန်းမပျို[illegible] ဆရာချစ် လက်စွပ်ကို သိဒ္ဓိတင်[illegible] လိုက်သည့်မိန်းကလေး။ အသက်[illegible] (၁၈) နှစ်ခန့်၊ မို့မို့မောက်မောက် ဖွံ့ဖွံ့[illegible] ထွား၊ အသားဖြူဖြူ မျက်နှာဖူးဖူး[illegible] မျက်လုံး၊ မျက်ခုံး မျက်တောင်တွေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘော့ရှန်းဝေလျက် (၉)တန်းပညာသင် ကြားနေသူ။ ဆရာချစ် ထိုအမျိုးသမီး ငယ်၏ လက်စွပ်ကိုယူပြီး ထုထောင်း ကိတ်စဉ်က အမျိုးသမီးငယ်၏အလှအပ ကို သတိမထားမိလိုက်။ မာတ်စီးနေတာ ဆိုတော့ ဘယ်သတိထားမိပါ့မလဲ။ ခုမှ သေသေချာချာအကဲခတ်ကြည့်လိုက်မိ ၏။ အမျိုးသမီးငယ်လေးရဲ့အလှအပက ဆရာချစ်ပင် ရင်ခုန်မိသလိုလို။

ဒေါ်ခင်မူက -

"ဒါ ကျွန်မသမီးလေ။ သူ့လက်စွပ် ကို ဆရာသိဒ္ဓိတင်ပေးခဲ့တာပေါ့"

ဒေါ်ခင်မူ ဆက်ပြောလာသည့် စကားက -

"တိုက်တိုက်ဆိုင်ဆိုင် ဆရာရယ်။ မင်းကြီး၊ မင်းလေးအိပ်မက်ပေးတာနဲ့ တစ်ထပ်တည်းပါပဲ။ မင်းကြီး၊ မင်းလေး က ကျွန်မသမီးလေးလက်စွပ်ကို ဆရာ့ ဆီမှာ သိဒ္ဓိတင်ခိုင်းလိုက်တဲ့။ ပြီးရင် ကျွန်မအကြားအမြင်ဟောနေတာတွေ လို့ အစွမ်းထက်လာလိမ့်မယ်တဲ့။ ခု ဆရာကိုယ်တိုင် ကျွန်မသမီးကိုခေါ်ပြီး သမီးရဲ့လက်စွပ်ကို သိဒ္ဓိတင်ပေးလိုက် ပြီလေ။ ကျွန်မပျော်လိုက်တာဆရာရယ်"

ဆရာချစ် အားလုံးကို အကဲခတ် သွားပြီ။ အကွက်ကောင်းဝင်လာပြီပေါ့။

ဒေါ်ခင်မူက ဆရာချစ်နားကို ကပ်၍ တောင်းပန်တိုးလျှိုးပြီး -

"ကျွန်မက ဒီအရပ်မှာ အကြား အမြင်ဟောပါတယ် ဆရာ။ တစ်ဖက်က လည်း ဈေးထဲမှာ ငွေတိုးပေးစားပါတယ်"

ဆရာချစ် ဒေါ်ခင်မူကို အတွဲခတ် လိုက်တဲ့အခါ ဆွဲကြိုး၊ လက်ကောက် တွေနှင့် စီးပွားရေးအဆင်ပြေချောင် လည်နေသူတစ်ယောက်ဖြစ်မှန်းသိသွား ၏။ ဒေါ်ခင်မူပြောသမျှ ဆရာချစ်ငြိမ်ပြီး နားထောင်နေ၏။

"အစ်မကြီး ဘာဖြစ်ချင်သလဲပြော ပါ"

ဟု ဆရာချစ်က စကားထောက် လိုက်တော့ ဒေါ်ခင်မူက -

"ဆရာ၊ ကျွန်မကို ပညာတက်ပေး ပါ ဆရာရယ်။ ကျွန်မကို မင်းကြီး၊ မင်းလေးက အမြဲစောင့်ရှောက်နေပါ တယ်။ ခုလည်း မင်းကြီး၊ မင်းလေးတို့ အိပ်မက်အရ ဆရာနဲ့ကျွန်မတွေ့ဆုံကြ တာပါ"

ဟု ပြောလိုက်တဲ့အခါ ဆရာချစ် က မေးစေ့ကို အသာကလေးပွတ်ပြီး အပေါ်ကိုမော့ကြည့်နေ၏။ ဆရာချစ် ကို သူများက ဒေါ်ခင်မူတို့လို နတ်ရူးတို့၊ ဗေဒင်ရူးတို့၊ ဓာတ်ကြောင်တို့၊ မှော် ကြောင်တို့လိုဆိုတဲ့လူတွေလောက်တော့ ပျင်းတောင်ပျင်းသေး။ ဆရာချစ် ပိုက်ကွန်ထဲ ဒေါ်ခင်မူတို့သားအမိဝင် သွားကြပြီ၊ ဆရာချစ်က မေးစေ့ပွတ်ပြီး အပေါ်ကိုကြည့်နေရာမှ ခေါင်းတဆတ် ဆတ်ညိတ်၍ -

"ဩော်-အကြောင်းကတိုက်ဆိုင် လာပေတာကိုး။ ဘယ်ရှောင်လွှဲလို့ရ ပါ့မလဲ။ ဆရာ ဒီသမီးငယ်ကလေးရဲ့ လက်စွပ်ကို သိဒ္ဓိတင်ပေးလိုက်တာလည်း အကြောင်းတိုက်ဆိုင်လို့ပဲဆိုရမှာပေါ့။ အထက်ဆရာကြီးတွေက အမိန့်ချလိုက် တယ်။ ဆရာနဲ့ အစ်မကြီးက ဘဝတစ်ခု က ပဋ္ဌာန်းဆက်ရှိခဲ့ကြသူတွေတဲ့။ အစ်မ ကြီးဖြစ်ချင်တာလုပ်ပေးလိုက်ပါလို့ အမိန့် ချလိုက်တယ်"

ဒေါ်ခင်မူ ဖင်တရွတ်တိုက်ရွှေ့ပြီး ဆရာချစ်နားတိုးသွားလိုက်တယ်။

"အေး - ဒီည (၇)နာရီမှာ ဆရာ့ ကို လာခေါ်၊ အိမ်မှာ ကန်တော့ပွဲ(၃)ပွဲ ပြင်ထား။ အုန်းသီး(၃)လုံးမှာ ဖယောင်း တိုင်အချောင်းကြီးကြီး (၃) ချောင်းစိုက် ထား။ ကျန်တာ ဆရာဆက်ပြီးလုပ်လိုက် မယ်"

ဒေါ်ခင်မူတို့သားအမိမြူးမြူးကြွကြွ နှင့်အိမ်ပြန်သွားပြီး ဆရာချစ်စားဖို့ ချက်ကြမြုတ်ကြနှင့် အလုပ်ရှုပ်ကုန်ပြီ။ ည(၇)နာရီထိုးတော့ ဒေါ်ခင်မူ ဆရာချစ် ကိုလာပင့်သွား၏။

ဆရာချစ် ဒေါ်ခင်မူအိမ်ရောက်ပြီး ဒေါ်ခင်မူတို့အိမ်အခြေအနေ၊ မိသားစု အခြေအနေ၊ စီးပွားရေးအခြေအနေတွေ ကို အကဲခတ်လိုက်သည့်အခါ ဒေါ်ခင်မူ တို့အိမ်က သွပ်မိုးပျဉ်ကာ၊ ပျဉ်ခင်း (၂) ထပ်အိမ်။ ဒေါ်ခင်မူမှာ သား(၂)ယောက်၊ သမီး(၁)ယောက်၊ လင်ယောကျ်ားဖြစ် သူက ကျန်းမာရေးမကောင်း။ အိပ်ခန်း ထဲမှာ အမြဲနေလေ့ရှိ။ တစ်ခါတစ်ရံသာ အပြင်ထွက်တတ်။ သား(၂)ယောက်က အရွယ်ရောက်လို့ ကားဝပ်ရှော့တွင် ည ဘက်အလုပ်ဆင်း၊ နံနက် (၃) နာရီ လောက်မှ ပြန်လာတတ်ကြ။ ဒေါ်ခင်မူ သမီးက အသက် (၁၈) နှစ်၊ (၉)တန်း ကျောင်းသူ။ အိမ်ပေါ်ထပ်မှာ သား (၂) ယောက်အိပ်ပြီး အောက်ထပ်တွင်တော့ ဒေါ်ခင်မူတို့လင်မယားအိပ်ကြ၏။ သမီး ငယ်ကအောက်ထပ်၊ ဒေါ်ခင်မူတို့အခန်း နှင့်ကပ်လျက်။ သူ့အဝတ်အစားအသုံး အဆောင်၊ ကျောင်းစာအုပ်တွေနှင့်။ ကိုယ်လုံးကိုယ်ထည် ဖွံ့ဖွံ့ဖြိုးဖြိုး လှသွေး အကြွယ်ဆုံးအရွယ်။ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်မှု၊ တင့်တယ်စေမှု သိကြား ထုဟု ဆိုရမလောက်။ ညို့ငင်အား အပြည့်ပါသော မျက်နှာပေါက်မျိုး။ အသားက ဖြူဖြူဖွေးဖွေးလေးဆိုတော့ ချစ်စရာလေး။ စီးပွားရေးအခြေအနေ ကလည်း ချောင်ချောင်ချိချိ။

ဆရာချစ် တစ်ခဏလေးအချိန် အတွင်း ဒေါ်ခင်မူတို့ရဲ့ အခြေအနေ အရပ်ရပ်အားလုံးကို ဘက်စုံထောင့်စုံမှ သိရှိလို့သွားပေပြီ။ (ဒီလိုပါပဲလေ၊ ကျား သတ္တဝါဆိုတာမျိုးက သူကျက်စားရမယ့် တောရဲ့အခြေအနေ၊ သားကောင်တွေရဲ့ အခြေအနေကို လေ့လာပြီးမှ ချောင်း မြောင်းဖမ်းဆီးစားသောက်တတ်ကြတယ် မဟုတ်လား။) ဒီလိုလေ့လာမှုတွေပြီးဆုံး သွားတော့ ဆရာချစ် သူ့အတွက်ပြင် ထားတဲ့ထမင်းဝိုင်းမှာ အကျအနထိုင်ပြီး မြိန်ရေရှက်ရေ ထမင်းစားနေလိုက်၏။ သူ့တပည့် မောင်အေးကိုလည်း ထိုက် သင့်သောငွေကြေးများပေး၍ ပြန်လွှတ် လိုက်ပြီဆိုတော့ သူတစ်ယောက်တည်း ရသမျှ သိမ်းကျုံးယူမယ့်ပုံစံမျိုး။ ဆရာ ချစ် ထမင်းစားရင်း ပြောလိုက်တဲ့စကား က -

"ငါ့တပည့်မကြီး သေသေချာချာ နားထောင်ပါ။ လုပ်ငန်းစကြမှာက ည (၉) နာရီ၊ (၉) နဝင်းကျေအောင်ပေါ့။ တို့ဆရာများအဖွဲ့က သာသနာပြုနေ တာဆိုတော့ ခုလိုကြုံကြိုက်လာတဲ့အခါ လူသားအပေါင်းကို ဒုက္ခတွေ၊ အန္တရာယ် တွေကြားက ကယ်တင်ပေးတယ်။ ဒါပေ မယ့် ပညာတက်ပိုင်ခွင့်တော့မရှိဘူး"

ပညာတက်ပိုင်ခွင့်မရှိဘူးဟု ဆို လိုက်တာနှင့် ဒေါ်ခင်မူ ခြေမကိုင်မိ လက်မကိုင်မိနှင့် မျက်စိမျက်နှာပျက်ကုန် ပြီ။ ဆရာချစ်ပစ်လိုက်တဲ့မြား ပစ်မှတ် တည့်တည့်ဝင်သွားပေပြီ။

"ဒါပေမယ့် တပည့်မကြီးနဲ့ဆရာ က ဘဝတစ်ခုမှာ မောင်နှမတော်စပ်တဲ့ ပဋ္ဌာန်းဆက်ရှိတာကြောင့် အထက် ဆရာကြီးတွေက ပညာပေးလိုက်ပါဆိုပြီး အမိန့်ချလိုက်တယ်"

ခုမှ ဒေါ်ခင်မူ ဟင်းခနဲသက်ပြင်း ချလိုက်နိုင်၏။

"အေး-တို့ဆရာများသာသနာပြု တဲ့အခါ ငါ့တပည့်မရဲ့အလှူဒါနပြုရမှာ ဖြစ်တဲ့အတွက် တို့ဆရာများသာသနာ ပြုတဲ့အခါ ငါ့တပည့်မ စေတနာသဒ္ဓါ တရားရှိသလောက် ဒါနတစ်ခုပြုရမယ်"

ဆရာချစ် ငွေစကားပြောလာပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်မူကလည်း ဖင်တကြွကြွနှင့် -

"ဆရာတို့ သာသနာပြုပွဲမှာ တပည့်မကိုလည်း ထည့်ဝင်လှူဒါန်းခွင့်ပြုပါဆရာ။ တပည့်မကြီး ထိုက်ထိုက်တန်တန် လှူဒါန်းပါ့မယ်"

ဆရာချစ်က ချက်ချင်းလက်ကာပြလိုက်ပြီးနောက်-

"ဟဲ့ဟဲ့ - ဒီစကားမပြောရဘူး။ သာသနာပြုတယ်ဆိုတာ ဘယ်ရွှေ့ဘယ်မျှမသတ်မှတ်ရဘူး။ စေတနာထက်သန်ဖို့သာ အဓိကပဲ"

- ဒေါ်ခင်မူရဲ့စိတ်ထဲမှာ တော်တော်ကြည်ညိုစရာကောင်းတဲ့ဆရာပါလား။ ဘာတစ်ခုမှလောဘမရှိပါလားပေါ့။

ည (၉) နာရီရောက်တော့ ဆရာချစ်ကိုယ်တိုင် ကန်တော့ပွဲမှာစိုက်ထားတဲ့ ဖယောင်းတိုင်ကြီး (၃)တိုင်မှာ မီးထွန်းလိုက်တဲ့အခါမှာတော့ ဒေါ်ခင်မူလက်ထဲက ငွေစက္ကူများထည့်ထားသည့်စာအိတ်တစ်အိတ်က ဆရာချစ်လက်ထဲရောက်လို့သွားပြီ။ အထဲမှာတော့ ငွေ (၅၀၀၀) (ထိုစဉ်က ရွှေတစ်ကျပ်သားတစ်သောင်းပင်မရှိသေး) ဆရာချစ်က ဂါထာတိုလေးတစ်ပုဒ်ပေးကာ ပုတီးတစ်ကုံးပေးပြီး ဂါထာ့တစ်ပုဒ်၊ ပုတီးတစ်လုံးတဲ့။

ဒေါ်ခင်မူက သူ့သမီးကို -

"ဟဲ့ - သမီး၊ ဆရာ အညောင်းပြေခါးဆန့်ဖို့ အပေါ်ထပ်မှာ အိပ်ရာပြင်ပေးလိုက်ပါ"

ဟု ပြောပြီး ဒေါ်ခင်မူ လုပ်ငန်းစနေပေပြီ။ ဆရာချစ်အား ဒေါ်ခင်မူ့သမီးက အပေါ်ထပ်ခေါ်သွား၍ ဆရာချစ်အတွက် အိပ်ရာပြင်ပေးလိုက်ရာ ဆရာချစ်က -

"သမီးရာ၊ တစ်နေ့လုံး ဟောရပြောရ လူတွေကိုကူညီရနဲ့ ညောင်းကိုက်နေတာပဲ"

ဆိုပြီး အိပ်ရာပေါ် ပက်လက်လှန်လှဲချလိုက်၏။ ဒေါ်ခင်မူသမီးကို အနားတွင်ထိုင်ခိုင်းပြီး သရဲ၊ တစ္ဆေ၊ မြေဖုတ်ဘီလူးအကြောင်းတွေကို တတွတ်တွတ်ပြောပြနေရာ ဒေါ်ခင်မူသမီးကြောက်လာ၏။ ဆရာချစ်အနားတဖြည်းဖြည်းကပ်လာ၏။ ဆရာချစ်က ပက်လက်အနေအထားဖြင့် လက်နှစ်ဖက်ကိုဆန့်တန်းပြီးနောက် ဘယ်ဘက်လက်မောင်းကို ဒေါ်ခင်မူသမီးအား နှိပ်ခိုင်း၏။ဆရာချစ်ဘယ်ဘက်လက်မောင်းနှင့်ကိုယ်လုံးကြားတွင် ကလေးမလေးကျုံ့ကျုံ့ထိုင်လျက်အနေအထား။ ဆရာချစ် သူနှင့်ထိတွေ့နေသော ဒေါ်ခင်မူသမီး၏အလှအပကို တစိမ့်စိမ့်ကြည့်နေ၏။ အသွေးအသားတို့ဆူဖြိုးအလှတွေတိုးနေသည့်သမီးပျို။ ရုပ်ရည်ရော ကိုယ်လုံးကိုယ်ထည်ပါ ဘာအပြစ်မှပြောစရာမရှိသည့် သမီးပျိုလေး။

ဆရာချစ် ဘယ်ဘက်ကိုစောင်းလိုက်ပြီးနောက် သူ၏ ဘယ်လက်ကို ကလေးမလေးပေါင်ပေါ် အမှတ်တမဲ့တင်လိုက်သောအခါ သမီးပျိုလေးတစ်ချက်တွန့်သွား၏။ တစ်ဆက်တည်းဆိုသလို ဆရာချစ်၏ ညာဘက်လက်က သမီးပျိုလေး၏ကျောပြင်အားပွတ်သပ်ကာ 'ငါ့သမီးလေးကျန်းမာပါစေ၊ ချမ်းသာပါစေ' နှင့် လူကြီးတစ်ယောက်အား ပြုစုပေးနေသည့် ကလေးတစ်ယောက်အား ဆုတောင်းပေးသည့် မေတ္တာစကားသံမျိုးဖြင့် လက်က ကလေးမလေး၏ကျောပြင်မှမခွာ။ ကလေးမလေးပေါင်ပေါ်တင်ထားသည့်လက်ကလည်း ကလေးမလေး၏ပေါင်ကိုခပ်ကြမ်းကြမ်းပွတ်လာသည်။ ဆရာချစ်၏ လက်နှစ်ဖက်က တစ်ချက်လေးမှအနားမနေတော့။

ဒေါ်ခင်မူသမီး စပါးကြီးမြွေအညှို့ခံထားရသည့်ပမာ တစ်ကိုယ်လုံးမလှုပ်နိုင်မရှားနိုင်တော့။ ဆရာချစ် သို့မဟုတ် အယုတ်တမာ ဘိုးတော်ချစ် ဇာတိရုပ်ပြလာပြီ။ ဘိုးတော်ယုတ်၏ လက်နှစ်ဖက်က မိန်းမပျိုလေး၏ တစ်ကိုယ်လုံးကို သိမ်းကြုံးဖက်လို့။ သူ့ကိုယ်လုံးပေါ်သို့ ဆွဲတင်လိုက်၏။ ယင်ဖိုတောင်မနားဖူးသေးဟု တင်စားရလောက်အောင် ခြောက်ပြစ်ကင်းသဲလဲစင် သမီးပျိုလေး ဘိုးတော်ယုတ်က ရှူးဆိုကာ သူ့ပါးစပ်ကို လက်ညှိုးနှင့်ထောက်လို့ -

"ဘယ်သူ့မှမပြောနဲ့။ ဆရာ့ကိုစောင့်ကြည့်နေတဲ့ အစောင့်အရှောက်တွေ သမီးကိုအန္တရာယ်ပြုလိမ့်မယ်။ ငြိမ်ငြိမ်လေးနေ"

ဒေါ်ခင်မူသမီးလေး ဘာတစ်ခုမှ ရုန်းကန်ခြင်းမပြုနိုင်။

ဖူးဖူးညွန့်ညွန့် လှသွေးကြွယ်ဝပန်းလေးတစ်ပွင့် ကြွေကျမြေခလေပြီ။ ဘိုးတော်ယုတ်၏ နင်းခြေခြင်းကိုပါခံလိုက်ရပြီပေါ့။

အောက်ထပ်မှာကတော့ ဒေါ်ခင်မူတစ်ယောက် အရှိန်ကောင်းစွာ တောက်လောင်နေသည့် ဖယောင်းတိုင်ရှေ့မှာ ဘိုးတော်ပေးလိုက်သည့်ဂါထာနှင့် ပုတီးစိပ်လို့ကောင်းဆဲ။ ဖယောင်းတိုင်က တောက်လောင်နေသည့်မီးထက် အဆပေါင်းမြောက်များစွာ ရင်ထဲမှာ ပူလောင်ရတော့မယ့်အဖြစ်ကိုတော့သူမသိ

လောဘသားတို့ရဲ့သဘာဝအတိုင်း ပ

ပတ်ပြည့်သွားပြီးလျှင်တော့ ပညာ

ရရှိလိုက်သည့်အခါ ဟိုက ဆရာမ

ဒေါ်ခင်မူ၊ ဒီက ဆရာမကြီးဒေါ်ခ

နှင့် ပင့်ကြွဖိတ်ကြမှာကိုမြင်ယော

ဟု ဟီဟီလို့ပင် အသံထွက်ရယ်လို

သေး၏။

အယုတ်တမာထိပ်ခေါင်ဘိုး

ယုတ် သမီးပျိုလေး၏ဘဝကို ဖျ

လိုက်ပုံကကျွမ်းကျင်လှပါဘိ။သား

ကိုစောင့်၍ဖမ်းတတ်သော ကျားသ

တို့ရဲ့ကျွမ်းကျင်မှုကအစားခံလိုက်ရ

သားကောင်လေးများ ကျားပါး

ရောက်သွားသည်ကိုပင် ရောက်မှန်း

လိုက်ရတဲ့အဖြစ်မျိုးကဲ့သို့ ဒေါ်ခင်မူ

လေး ဘာမှပင်မသိလိုက်ရ။ ရုန်းက

ထွက်ပြေးသွားဖို့လည်း စိတ်စွမ်းအာ

မရှိတော့။ မှင်တက်မိနေတဲ့ စိတ်ဆို

တစ်ခဏပါ။ ဒီစိတ်ကလေးလန့်နိုး

အခါမှာတော့ လန့်ဖျပ်စွာလူးလဲထ

တော့ အားလုံးလွန်ကုန်ပြီ။ ဒေါ်ခ

သမီး ဘိုးတော်ယုတ်ရဲ့ရင်ခွင်မှာ

ထပြီး ဖရိုဖရဲဖြစ်နေသောကြယ်သီး

နေသည့်အင်္ကျီအား ကြယ်သီးက

တမ်းတပ်၊ ထဘီကိုပြင်ဝတ်ပြီး အော

ထပ်သို့ပြေးဆင်းကာ သူမ၏အိပ်ခ

ဝင်၍ ချုံးပွဲချ ရှိုက်ကြီးတငင် ငိုကြွေ

ပါတော့သည်။ ဒါပေမယ့် အသံ

မထွက်ရဲ။ဒေါ်ခင်မူသမီးကြွေပျက်

သွားသောနှလုံးသားနှင့်အတူ ပူ

သောရင်မရွှင်သောနှလုံးဖြင့် ယူကျုံး

အပူလုံးကြွကာ အလူးအလဲခံစား

ရပေပြီ။

အယုတ်တမာဘိုးတော်

အကွက်ချောင်းနေ၏။ ခက်တာက

(၁၂)နာရီသာသာပင်ရှိသေးသည့်အ

ညဏ်နီညဏ်နက်တွေထုတ်လို့နေ

ရင်တမမနှင့် အခြေအနေကိုစောင့်

နေ၏။

ဒေါ်ခင်မူ ပုတီးပတ်ပြည့်

လိုက်ပြီးနောက် အပေါ်ထပ်ကို

လိုက်သေး၏။ အပေါ်ထပ်သို့တက်

သောအခါ ဘိုးတော်ယုတ် အိပ်ချ

ဆောင်နေ၏။ ဒေါ်ခင်မူ အောက်

ပြန်ဆင်း၍ သမီးအိပ်ခန်းမှာ

တံခါးပိတ်ထားသောကြောင့်

သို့ဝင်အိပ်လိုက်တော့သ[illegible]။ နံနက်

နာရီခန့် ဒေါ်ခင်မူ သ[illegible]၂)ယော

လာသံကိုကြားလိ[illegible]၏။ အားလုံးအ

ကြပြီဖြစ်သော[illegible]ကြောင့် ခြေဖော



www.burmeseclassic.com

www.burmeseclassic.com

အိမ်ပေါ်တက်လို့ သူတို့အခန်းထဲအသီးသီးဝင်သွားကြ၏။ ထိုအချိန်ရောက်မှ ဘိုးတော်ယုတ် ဗူးခနဲသက်ပြင်းမှုတ်ထုတ်လိုက်နိုင်တော့သည်။ ဘိုးတော်ယုတ် အိပ်ရာမှထပြီး သူ့လွယ်အိတ်ကိုလွယ်၍ အောက်ထပ်သို့ဆင်းပြီး တံခါးမကြီးကိုဖွင့်ကာ အသာလေးထွက်သွား၏။ ဘိုးတော်ယုတ် သွေးသားရဲ့အစာလည်း ပြည့်သွားသည့်ပြင် ဝမ်းရေးအတွက်လည်း ဖူလုံသွားပြီ။

နံနက်(၄)နာရီ အုန်းမောင်းခေါက်သံ ဘုန်းတော်ကြီးကျောင်းမှ ကြားလိုက်ရ၏။ ဒေါ်ခင်မူသမီး တစ်ညလုံးငိုထားလို့ မျက်လုံးတွေနီ၊ မျက်ခွံတွေမို့လျက်။ နံနက်မိုးလည်းလင်းလာပြီ။ ဘိုးတော်ယုတ်လည်းမရှိတော့ကြောင်းသိလိုက်ရသောအခါ ဒေါ်ခင်မူသမီး ကြောက်စိတ်တွေကင်းသွားလို့ ယူကျုံးမရမှ တကယ့်ကိုယူကျုံးမရအဖြစ်မျိုးဖြင့် -

"အောင်မလေး အမေရေ လုပ်ပါဦး သမီးဘဝတော့ ပျက်ပါပြီအမေရဲ့"

ဆိုပြီး အားရပါးရ အော်ဟစ်ငိုကြွေးလိုက်တဲ့အခါ -

"ဟဲ့ဟဲ့ - သမီးဘာဖြစ်တာလဲ"

ဆိုပြီး ဒေါ်ခင်မူတစ်ယောက် သူ့သမီးအခန်းထဲပြေးဝင်သွား၏။ သမီးဖြစ်သူက ဒေါ်ခင်မူကိုဖက်ပြီး ရှိုက်ကြီးတငင်ငိုကြွေးကာ ညကအဖြစ်အပျက်ကိုပြောပြလိုက်၏။ သား (၂) ယောက်ကလည်း အိမ်ပေါ်ထပ်မှပြေးအဆင်း သူတို့ညီမလေးပြောလိုက်သည့်အသံကိုကြားလျှင်ကြားချင်း ငှက်ကြီးတောင်ဓားတစ်ယောက်တစ်လက်ဆွဲလို့ အိမ်ပေါ်ကပြေးဆင်းသွားကြသောအခါ အယုတ်တမာဘိုးတော် ကံကောင်းသွားသည်ဟုဆိုရပေမည်။ ဘိုးတော် ခေတ္တတည်းခိုတဲ့အိမ်က ဘိုးတော် မနက် (၃) နာရီလောက်အိမ်ကိုပြန်လာပြီး အရေးကြီးကိစ္စရှိတယ်ဆိုတာ ထွက်သွားပြီတဲ့။

ဒေါ်ခင်မူသား(၂)ယောက် အိမ်ပြန်လာပြီး ဒေါသအထွတ်အထိပ်ရောက်နေသောကြောင့် လက်ထဲတွင်ကိုင်ထားသောငှက်ကြီးတောင်ဓားနှင့်ကန်တော့ပွဲတွေကို ဘယ်ပြန်ညာပြန်ခုတ်လိုက်တာများ တက်ခနဲဟက်ခနဲနှင့်။ ငှက်ပျောသီး၊ အုန်းသီးတွေက အစိတ်စိတ်အမြွှာမြွှာ။ တော်သေးတာပေါ့၊ ဘိုးတော်ယုတ်ကိုသာများတွေ့လိုက်လို့ကတော့ ခေါင်းတခြားကိုယ်တခြားဖြစ်သွားမှာ အသေအချာပါပဲ။

❑

ဒေါ်ခင်မူအိမ်ဘက်က ဆူညံဆူညံအသံတွေကြောင့် အရပ်လူကြီးတွေရောက်လာပြီး အကြောင်းစုံသိရှိလိုက်တော့ -

"ဒါ ရဲတပ်ဖွဲ့နဲ့ဆိုင်တဲ့ကိစ္စ၊ ရဲစခန်းကို အမြန်ဆုံးအကြောင်းကြားပါ"

ဆိုပြီး ကာလသားရှင်တွေကိုခေါ်၍ ရဲစခန်းသို့ ရောက်လာကြ၏။ အဖြစ်အပျက်ကိုသိလျှင်သိချင်း တရားခံဖမ်းဆီးရမိရေးကအဓိက။ ဒါပေမယ့် တရားခံဘိုးတော်ကပြေးပြီ။ ဒါမျိုးတွေကို ရဲတပ်ဖွဲ့ဝင်တွေ အတွေ့အကြုံရှိပြီးသား။ ရဲတပ်ဖွဲ့ရဲ့ လိမ္မာပါးနပ်မှုကြောင့် မထင်မှတ်တဲ့နေရာတစ်ခုဖြစ်တဲ့ မြို့အထွက်အတော်အလှမ်းကွာတဲ့နေရာမှာ ဘိုးတော်ယုတ်ကို ဖမ်းမိသွားကြပြီ။

ရဲတပ်ဖွဲ့က ကြိုတင်သိနေတယ်လေ။ ဘိုးတော်ဟာ ပြစ်မှုကျူးလွန်ပြီး ရန်ကုန်ထွက်မယ့်ကားကို ကားဂိတ်မှစီးမှာမဟုတ်။ ပထမဦးဆုံးထွက်မယ့်ကားကို မြို့ပြင်တစ်နေရာကစောင့်ပြီးစီးမယ်။ ဒါကြောင့် ရဲတပ်ဖွဲ့က ရန်ကုန်ဘက်ထွက်မယ့် ပထမဦးဆုံးကားကို ခဏစောင့်ခိုင်းပြီး ရဲတပ်ဖွဲ့ဝင်တွေက အရပ်ကားတစ်စီးနဲ့ ရန်ကုန်ဘက်ကားလမ်းအတိုင်း ရှေ့ကထွက်သွားတော့ ဘိုးတော်ကိုမိသွားတာပေါ့။ တော်ပါသေးရဲ့ ဒေါ်ခင်မူသား (၂)ယောက်ပါမလာတာ။ ရဲတပ်ဖွဲ့လက်ထဲ ဘိုးတော်ယုတ်ရောက်သွားတာ ကံကောင်းတယ်လို့မှတ်ရမယ်။ ဒေါ်ခင်မူသားတွေနဲ့သာ ကြိုတင်တွေ့သွားလိုက်ရင်တော့ ဘိုးတော်ဘဝ မတွေးရဲစရာ။ ဒါတောင် ဘိုးတော်ကိုခေါ်လာပြီး ရဲစခန်းကိုရောက်တော့ ဒေါ်ခင်မူဆွေမျိုးတစ်စုက ရန်ပြုဖို့လုပ်သေး၏။ ဒါပေမယ့် ရဲတပ်ဖွဲ့လက်ထဲရောက်ပြီးနေတဲ့ တရားခံတစ်ယောက်ကို အခြားအန္တရာယ်မဖြစ်အောင် ကာကွယ်ရမည်၊ ပြစ်မှုကျူးလွန်သည့်တရားခံကို ဥပဒေနှင့်အညီ တရားစွဲဆိုပြီး ထိုက်သင့်သည့်အပြစ်ဒဏ်ရအောင် ဆောင်ရွက်ရမည်ဆိုတာရဲတပ်ဖွဲ့ရဲ့တာဝန်ဖြစ်ကြောင်း နားလည်ထားကြ၏။

ဘိုးတော်ကို ရဲစခန်းအပေါ်ထပ် အချုပ်ထဲချက်ချင်းထည့်လိုက်ပြီးနောက် ဘိုးတော်တည်းခိုတဲ့အိမ်ရှင်တွေကအစ အမှုနှင့်သက်ဆိုင်သူအားလုံးကို အသေးစိတ်စစ်ချက်တွေရယူလိုက်၏။ ကျူးလွန်ခြင်းခံရသည့်မိန်းကလေးကိုတော့ ရဲမေတစ်ယောက်နှင့်အတူထား၏။ စခန်းမှူးက အဖြစ်အပျက်တွေကို အစမှအဆုံးတိုင် မေးမြန်းနေသည့်ပြင် သက်သေခံပစ္စည်းအဖြစ် ပြစ်မှုကျူးလွန်ခြင်းခံရစဉ်က သက်သေခံပစ္စည်းတွေကို မထိခိုက်အောင် ထုပ်ပိုး၍ သက်သေလူကြီးများနှင့်အတူ ချိပ်ပိတ်လိုက်၏။ ကွင်းဆက်သက်သေခံချက်အဖြစ် ဒေါ်ခင်မူပေးလိုက်သောငွေ (၅၀၀၀) ကိုလည်း ဘိုးတော်ထံမှ သိမ်းဆည်းလိုက်၏။ အမှုကို ခိုင်လုံစွာ တည်ဆောက်ဖို့က ရဲတပ်ဖွဲ့ဝင်တို့ရဲ့ အဓိကတာဝန်ဆိုတာ နားလည်ထားကြသည်လေ။ ဒါမှ ပြစ်မှုကျူးလွန်သည့်သူတွေကို ထိုက်သင့်တဲ့အပြစ်ဒဏ်ပေးနိုင်မှာပေါ့။

ဘိုးတော်ယုတ်ရဲ့လျှို့ဝှက်ချက်နှင့် ဖြစ်ရပ်မှန်ကို ဖော်ထုတ်ပေးလိုက်တာကလည်း ယနေ့ရဲတပ်ဖွဲ့ပါပဲ။ အာပြဿနာမှမဖြစ်လျှင် ရဲတပ်ဖွဲ့အနေနှင့် ဘာမှဝင်ရောက်စွက်ဖက်ခြင်းမပြုပါ။ သူယုံကြည်ရာယုံကြည်ရာကိုးကွယ်ဆည်းကပ်ကြတယ်ဆိုတာ ရဲတပ်ဖွဲ့အလုပ်မဟုတ်ပါ။ အဲ - ဒါပေမယ့် ပြဿနာတစ်ခုဖြစ်လို့ ဥပဒေနှင့်ငြိစွန်းလာပြီဆိုရင်တော့ ရဲတပ်ဖွဲ့က ဝင်ပါလာရမှာပေါ့။ ဖြစ်ရပ်မှန်တွေကို ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ရမှာက ယနေ့ ရဲတပ်ဖွဲ့ဝင်တွေ၏တာဝန်သာဖြစ်သည်။ ဒါကြောင့် ဘိုးတော်ချစ်၏လျှို့ဝှက်ချက်နှင့် ဖြစ်ရပ်မှန်တွေကို ရဲတပ်ဖွဲ့က ဘယ်လိုဖော်ထုတ်လိုက်သလဲဆိုလျှင်တော့ . . .

❑

မြို့နယ် ရဲတပ်ဖွဲ့မှူး ဒီသတင်းတွေကိုကြားပြီးတဲ့နောက် ရဲစခန်းကိုရောက်လာ၏။ ထိုအချိန်က ဘိုးတော်ဟာ ရဲစစ်ဆေးဆဲ ချုပ်ရီမန်ကြီးတစ်ပတ်ယူထားတဲ့အချိန်။

"ကဲ- စခန်းမှူး၊ ဟိုနေ့ကဘိုးတော်ဆိုတဲ့ပုဂ္ဂိုလ်ကို အချုပ်ထဲကခဏထုတ်လိုက်ပါ"

ဘိုးတော်ရောက်လာတော့ မြို့နယ်ရဲတပ်ဖွဲ့မှူးထိုင်နေသည့်စားပွဲရှေ့မှာရပ်နေ၏။ မြို့နယ်မှူးက ရဲဘော်တစ်ယောက်ကို ခုံတစ်ခုံယူခိုင်းလိုက်ပြီးနောက် -

"ကဲ-ဆရာချစ်၊ ဒီခုံမှာထိုင်ပါ"

မြို့နယ်မှူးကပြောလိုက်သည့်အခါ ဘိုးတော် မြို့နယ်မှူးစားပွဲရှေ့ခုံမှာ ထိုင်လိုက်၏။

မြို့နယ်မှူးက -

"ကဲ-ဖြစ်ပျက်ပုံလေးပြောပြစမ်းပါဦး"

ဟု ဆိုလိုက်တော့ ဘိုးတော်က



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်မူနှင့်တွေ့ကြပုံကအစ ဒေါ်ခင်မူ အိမ်ရောက်သွားပုံတွေကို အမှန်အတိုင်း အစစ်ခံပေမယ့် ဒေါ်ခင်မူသမီးကို ဘာ တစ်ခုမှကျူးလွန်ခြင်းမရှိကြောင်း အစစ်ခံ လိုက်သည်။ မြို့နယ်မှူးတစ်ယောက် အနေနှင့် အမှုကိုစစ်ဆေးတယ်ဆိုတာ အကြောင်းရှိလို့ ဟန်ပြစစ်ဆေးတာပါ။ အမှုစစ်အရာရှိက ဒါတွေအားလုံး စစ်ဆေး ထားတယ်ဆိုတာ မြို့နယ်မှူးအနေဖြင့် နားလည်ထားပြီးသား။ မြို့နယ်မှူးက စစ်ချက်ယူနေရာက အမှတ်တမဲ့ -

"ဒါနဲ့ ဆရာချစ်ပညာအစွမ်းထက် တယ်လို့ သတင်းတွေကြားနေရတယ်။ ပျက်စီးသွားပြီဖြစ်တဲ့နာရီကို ချက်ချင်း မူလအတိုင်းဖြစ်အောင် ပြန်လုပ်ပေးနိုင် တယ်။လက်စွပ်တွေကိုလည်း ဖုထောင်း ပြီး မူလပကတိအတိုင်းဖြစ်အောင် ပြန် လုပ်ပေးတယ်လို့ သတင်းကြီးနေတယ်။ ဆရာ့ပညာစွမ်းကိုတော့ လေးစားပါ တယ်ဗျာ"

ဟု မြို့နယ်မှူးကဆိုလိုက်တော့ ဘိုးတော်က -

"ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . ဟုတ် ပါတယ်"

မြို့နယ်မှူးလိုချင်နေတာက အဲဒီ 'ဟုတ်ပါတယ်' ဆိုတဲ့စကားပဲ။ မြို့နယ် မှူးက ဆက်လက်ပြီး ချိုသာသောမျက်နှာ ထားနှင့် -

"အကူအညီလိုလည်းပြောပေါ့ဗျာ"

ဟု အယုံသွင်းလိုက်တော့ ဘိုးတော် ဝမ်းသာပြီး ရွှေသွားပေါ်အောင်သွားတွေ ဖြဲသွားတာပေါ့။ ဘိုးတော်က အားကိုး တစ်ခုရသွားတဲ့အနေနဲ့ ထိုင်နေတဲ့ခုံကို တောင် ရှေ့နည်းနည်းဆွဲလိုက်သေး။

မြို့နယ်မှူးက ရဲဘော်တစ်ယောက် ကို နာရီခေါက်သည့် သံမှုချောင်းယူခိုင်း လိုက်ပြီးနောက် အမှတ်တမဲ့ သူ့လက် ထဲကလက်စွပ်ကိုချွတ်လိုက်တယ်။

"ကဲ - ဒီလက်စွပ်ကို ဒီသံချောင်းနဲ့ ထုပြီး အကောင်းပြန်လုပ်ပေးစမ်းပါဗျာ။ ဆရာ့အစွမ်းကို လေးစားလို့ပါ"

ဘိုးတော် အငိုက်မိသွားလေပြီ။ ဒီပညာမျိုးတွေလုပ်တတ်ပါတယ်လို့ သူ ဝန်ခံခဲ့ပြီးပြီလေ။

ဒီတော့ ဘိုးတော်ချစ်က -

"ကျွန်တော့်မှာသာ အလားတူ လက်စွပ်တစ်ကွင်းရှိနေရင် ဆရာ့လက် စွပ်ကိုကြေမွအောင်ထုခြေလို့ အကောင်း ဖြစ်အောင်လုပ်ပေးလိုက်မှာပေါ့"

မြို့နယ်မှူး သဘောပေါက်သွား ပြီ။ ဘိုးတော်လက်ထဲက သူ့လက်စွပ်ကို ပြန်ယူပြီး ဘိုးတော်ပခုံးကို ခပ်ကြမ်းကြမ်း လေးပုတ်ပြီးနောက် ဘိုးတော်ကိုရယ်ပြ ကာ ပြန်ထွက်သွား၏။မြို့နယ်မှူးနောက် သို့ စခန်းမှူးနှင့်အတူ အခြားအရာရှိတွေ လိုက်လာတာတွေ့လို့ ကားပေါ်မတက် သေးဘဲ ခေတ္တရပ်လို့ သူ့တပ်ဖွဲ့ဝင်တွေ ကိုပြောလိုက်တာက -

"လက်လှည့်ပညာတွေပါ။ သူဟာ လက်လှည့်ပညာတော်တော့်ကိုကျွမ်းကျင် တဲ့သူတစ်ယောက်။ ဒါပေမယ့် လမ်းဆုံ လမ်းခွမှာ မျက်လှည့်ပြပြီး စီးပွားမရှာ။ အနားမှာကပ်ပြီးကြည့်နေကြတဲ့သူတွေ တောင်မသိလိုက်နိုင်တဲ့ ကျွမ်းကျင်လွန်း လှတဲ့လက်လှည့်ပညာတွေနဲ့ လူတွေကို အယုံသွင်းအထင်ကြီးအောင်လုပ်တယ်။ အထက်ဆရာကြီးတွေရဲ့ အမိန့်လိုလို ဘာလိုလိုနဲ့ လူတွေကိုဖိန့်ထားတယ်။ လူတွေအထင်ကြီးလာအောင်လုပ်ပြတယ်။ လူတွေအထင်ကြီးပြီး သူ့ကိုမေးကြမြန်း ကြနဲ့ လူတွေအထင်ကြီးလာတာပေါ့။ အဲဒီအခါမှာ သူ့ခွင်ထဲဆွဲသွင်းလိုက်တာ ပေါ့"

မြို့နယ်မှူးက စကားကိုခေတ္တရပ် လိုက်သည်။

"နာရီတွေ၊ လက်စွပ်တွေ ထုထောင်းတယ်ဆိုတာက လမ်းဘေးက နာရီအပေါ်စား အဟောင်းအပျက်တွေ၊ ရွှေလက်စွပ်အတုတွေအများကြီးစုဆောင်း ထားတယ်။ သူ့ကိုဝိုင်းဝန်းယုံကြည့်နေ တဲ့သူတွေထဲက သူ့မှာရှိပြီးသားနာရီ၊ လက်စွပ်အနေအထားမျိုးဝတ်လာတဲ့သူ ဆိုရင် ခေါ်ပြီး ဓာတ်စီးသလိုလိုဘာလို လိုနဲ့ နာရီတို့၊ လက်စွပ်တို့ကို ချွတ်ခိုင်း လိုက်တယ်။ ပြီးတော့ သံဆုံထဲထည့် ထောင်းပြလိုက်တာက သူ့မှာ နဂိုက စုဆောင်းထားတဲ့နာရီအပျက်နဲ့ လက်စွပ် အတုတွေ ဘယ်သူမှမသိလိုက်ရဘူး။ ထုထောင်းပြီးသား နာရီတို့၊ လက်စွပ် တို့ကိုပြန်ယူပြီး ပြန်ပေးလိုက်တာက ပိုင်ရှင်ရဲ့နာရီတို့ လက်စွပ်တို့အစစ်အမှန် တွေ။ လက်လှည့်ပညာကို တော်တော် တတ်ကျွမ်းထားတာဆိုတော့ ဘယ်သူမှ မရိပ်မိနိုင်ကြဘူးပေါ့။ သူထိုင်ပုံထိုင် နည်းကို စုံစမ်းကြည့်ပါလား။ တင်ပျဉ်ခွေ ထိုင်မယ်။ ပြီးရင် တစ်ဖက်ကပေါင်ပေါ်၊ တစ်ဖက်က ခြေထောက်တင်ထားလိမ့် မယ်။ အဲဒါ သူ့ပုဆိုးကို အိတ်ပုံသဏ္ဌာန် ဖြစ်အောင်လုပ်ထားတာ။ အဲဒီထဲမှာ သူလိုအပ်တဲ့ပစ္စည်းတွေအားလုံးရှိတယ်။ ဒီနေ့ နာရီနဲ့ လက်စွပ်လုပ်မယ်ဆိုရင် နာရီနဲ့ လက်စွပ်ကို အိတ်ထဲမှာထားလို့ အလဲအလှယ်လုပ်လိုက်တယ်။ [illegible] ဖယောင်းတိုင်မီးထွန်းပြီး စည်းချ[illegible] တယ်ဆိုတာကလည်း ဟန်ပြလုပ်[illegible] တာ။ လူတွေကိုကြောက်အောင်ဖိန့်[illegible] တာ။ ဒါမှ လူတွေသူ့အနားမကပ်ရဲ[illegible] သူလှည့်ချင်သလိုလှည့်လို့ရသွားတယ်[illegible]

မြို့နယ်မှူးက သူ့တပည့်တွေ[illegible] ရှည်ရှည်ဝေးဝေး သဘောပေါက်အော[illegible] ရှင်းပြပြီးနောက် -

"ကဲ-စခန်းမှူး၊ အမှုတွဲကိုသေ[illegible] ချာချာ ပီပြင်စေအောင် တည်ဆော[illegible] ပါ။ သက်သေခံပစ္စည်းတွေနဲ့ပတ်သ[illegible] ပြီး သက်ဆိုင်ရာကပြန်ကြားချက်[illegible] တာနဲ့ ဥပဒေအကြံပြုချက်တောင်[illegible] မြန်မြန်တရားစွဲနိုင်အောင် ကြိုးစား[illegible]

မြို့နယ်မှူးက လိုအပ်သည်မျာ[illegible] စခန်းမှူးအား ညွှန်ကြားပြီးနောက် [illegible] ပေါ်တက်၍ ပြန်ထွက်သွား၏။ တပ်[illegible] ဝင်များက အလေးပြုလျက်။

❑

မြို့တစ်မြို့လုံး ဒီသတင်း[illegible] ချက်ချင်း ဟိုးလေးတကျော်ဖြစ်သွား[illegible] မြို့လူထုလည်း အုန်းအုန်းကျွက်ကျွ[illegible] ဖြစ်သွားကြသဖြင့် ဒေါ်ခင်မူသမီး [illegible] ကိုယ်မိမိ တစ်စုံတစ်ရာလုပ်လိုက်[illegible] စိုးရိမ်ကြလို့ မျက်ခြည်ပြတ်ပင်မခံရဲ[illegible]

ကျွန်တော် (မြို့နယ်မှူး) အိမ်[illegible] ရောက်လို့ အဖြစ်အပျက်အလုံး[illegible] မိသားစုတွေအားပြောပြလိုက်ပြီးနော[illegible]

"ဒီနှစ် ကျောင်းတွေပြန်ဖွင့်[illegible] ဘယ်လိုများကျောင်းပြန်တက်နိုင်ပါ့[illegible] သမီးရယ်"

လို့ သားသမီးချင်းကိုယ်ချင်း[illegible] စိတ်ဖြင့် ကြေကွဲစရာဇာတ်လမ်းလေး[illegible] အဖြေရှာနေတာကတော့ ကျွန်တော်[illegible]

ဒေါ်ခင်မူတစ်ယောက်က[illegible] ယူကျုံးမရအပူလုံးကြွလို့ကြေမွပျက်[illegible] သွားတဲ့ အသည်းနှလုံးက ခံစားချက်[illegible] အော်ဟစ်ငိုကြွေးလိုက်တာက -

"သဒ္ဓါလွန်ကဲ ယုံကြည်[illegible] ခုတော့ အမေ အသည်းကွဲရပြီပေါ့ [illegible] ရယ်"

စာဖတ်ပရိသ[illegible]
သင်ခန်းစာရရှိ[illegible]
စာပေသ[illegible]
အကျိုးမျှော်ကိုး[illegible]

မြင်သာ-သောင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကိုညိုလုံး

# ထမင်းရည်ချောင်းစီး တစ်သောင်းခရီး မောင်းတီးတဲ့အလှူကြီး

ဧပြီ ၂ ရက်နေ့က မိုးကုတ်သို့ ဘောင်းစည်ဟိန်းဆောက်လုပ်ရေးပိုင်ရှင် ဦးမြင့်အောင်၊ ဆရာမောင်ထွဏ်းဝင်း (သာမြေ)၊ ကိုအောင်သူ (AT Group) တို့နှင့်သွားခဲ့သည်။ မန္တလေးကနေထွက် ခဲ့ရာ ဖီးကြမ်း၊ ပိန္နဲသီး၊ ကွမ်းနုဝါတို့ အမည်ကျော်သော မတ္တရာ၊ အနုပညာ အရည်အသွေးကို သဘောကျလွန်း အဖြင့် လက်သုံးတော် ရတနာကျောက်စိ လွှေကို ဆုချတော်မူခဲ့သော စဥ့်ကူးမင်း အပိုင်စားရာ ၊ စဥ့်ကူးလမ်းခွဲရှိသော သတ်ပန်လှ၊ မြန်မာပြည် နယ်တစ်လွှား ကနေ သူဌေးအိပ်မက်လှလှဖြင့် သွားကြ သော်လည်း 'အနိစ္စအမြဲမရှိ လိပ်ကျမွဲ၏' ဟု သံဝေဂယူကြရသော ရွှေ သတ္တု တွင်းရှိရာ 'လိပ်ကျ'၏ဝန်းကျင်ရှိ နွယ်ရုံ ချောင်းကြီး စသည်တို့ကို ခပ်သွက်သွက် ဖြတ်သန်းခဲ့သည်။ စဥ့်ကူးမြို့နယ်ကို ကျော်ခဲ့အပြီး သပိတ်ကျင်းမြို့နယ်ထဲသို့ ဝင်တတည်းက တောဆန်ဆန် ပင်ပျို တွေနှင့် မြေသားနီနီတွေကို မြင်ရပါ ပြီ မြန်မာနိုင်ငံအလယ်ပိုင်းကလို မြေ သားအရောင်ဖျော့ဖျော့မဟုတ်၊ ပကတိ ရွှေစွေးများချည်းသာ။

**ရွှေမိုးမိ ဘာဘူကြီးနှုတ်ခမ်းမွေး**

ကျွန်တော့်ရောက်ခဲ့သော လွန်ခဲ့ သည့် နှစ် (၂၀) ကျော်က မိုးကုတ်၏ ထဲထင်ဆဲပုံရိပ်တချို့ကို ယခု မိုးကုတ် ချိန်စက်ကြည့်နေမိသည်။ ဟိုစုန်းက ကြီးဝါးကြီးပင်လုံးတုတ်တုတ်ဖြောင့် ချောင့်တွေ မျက်စိတစ်ဆုံးရှိနေသော တောကြီးထဲကနေ ဖြတ်သွားရသည်။ တော့ ဝါးရုံအုပ်သည်ပင် မလုံ့တလုံ့။ ကဲ့က မန္တလေးသို့ဆင်းမည့်ယာဉ် အားလုံး နံနက်ပိုင်းတွင် ကျပ်ပြင်ရှိဂိတ် တန်းစီကြရသည်။ ကားများစုံပြီဆိုမှ ယာဉ်တန်းရှည်ကြီး၏ ရှေ့၊ လယ်၊ နောက်တို့တွင် လုံခြုံရေးများလိုက်ပါပြီး တိုက်လေ့ရှိသည့်နေရာအရောက် သေနတ်ဖောက်ကြ၏။ သေနတ်သံ တောအုပ်ကြီးထဲတွင်ဟိန်းသွားပြီး သည်မှ ပဲ့တင်ရိုက်ဟည်းလာသည်



မောင်တော်ဦးဘုရားနှင့် အလှူလှည့်လှတန်းရှည်ကြီး



ကျပ်သိန်း (၂၁၀၀) တန်ဖိုးရှိ ဓမ္မဝါဒီကျောင်းဆောင်သစ်



အလှူလှည့်နှင့် မိုးကုတ်မြို့ခွင်းအပေါ်စီးအလှ



www.burmeseclassic.com


www.burmeseclassic.com



မင်္ဂလာပြောအဖွဲ့ကို အလှူရှင်မိသားစုက ကြိုဆို



ရှင် (၁၀၈) ပါးနှင့် လှူမှုရေးအဖွဲ့များ



မိုးကုတ်မြို့ရှုခင်းအလှ

ကို ယနေ့တိုင်ကြားယောင်မိဆဲ။ မိုးကုတ်သို့အသွားတုန်းကလည်း မိုးကုတ်သူများဖြစ်ကြသော မစိုး၊ မခိုင်တို့က ထိုနေရာသို့မရောက်မီ လက်ဝတ်လက်စားတွေ ချွတ်ပြီးသိမ်းကြတာကိုလည်း အမှတ်တရရှိနေသည်။

ရွှေညောင်ပင်ကို ရောက်ရှိတော့ ဟိုတုန်းကလိုပဲ ဈေးဆိုင်တန်းများဖြင့် စည်ကားနေသည်။ နာမည်ကြီး မိုးကုတ်လက်ဖက်ညွန့်၊ လက်ဖက်ခြောက်၊ လီဆူငရုတ်သီးခြောက်နှင့် ရာသီပေါ် သီးနှံများ ဝေဝေဆာဆာ ခင်းကျင်းထားသည်။ မလှမ်းမကမ်းရှိ အိမ်တစ်လုံးရှေ့တွင် လီဆူအဘွားအိုတစ်ဦးက လက်ဖက်ခြောက်လှန်းနေသည်။ သကြိန်အကြို မိုးမတိုင်ခင် လှိုလစိုက်ပါမှ အရသာလေး ပင်မွှေးကြိုင်သော ရွှေဖီမိုးလွတ်၊ စော်ဘွားကြီးနှုတ်ခမ်းမွှေးကဲ့သို့ သေးသေးကျစ်ကျစ်

လက်ဖက်ခြောက်ကောင်းကိုရပေသေ
မိုးဖြိုင်ဖြိုင်ကျပြီးပြီဆိုလျှင်ဖြင့် ရွှေဖီ
တို၊ ဘာဘူကြီးနှုတ်ခမ်းမွှေးတို့ကဲ့
ခပ်ကြမ်းကြမ်းအဖတ်လိုက်နှင့် ဖပ်
သပ်အရသာပေါ့ပေါ့ကိုသာ ရနိုင်တေ
မည်။

□ ဂေါ်ရခါးခေါက်

မိုးကုတ်တောင်တက်လမ်းသ
၉၉၉ ကွေ့ရှိတယ်ဆိုတာ ဟုတ်လော
သည်။ လမ်းတွေ့က ကွေ့ပြီးရင်းကွေ
ကွေ့. . . ကွေ့. . . ကွေ့. . . တ
လမ်းတစ်လျှောက်တွင် အိမ်စီးကား
လေးတွေ၊ မန္တလေး-မုံရွာ-ရွှေဘို-မိုးကု
လိုင်းပြေးသော အန်စာတုံးကား
လည်း တွေ့ရသည်။ လမ်းတွေကော
မွန်လာတာ၊ လက်ပံလှလမ်းခွဲတ
စဥ့်ကူး - ကျောက်မြောင်း ဇရာဝတီ
ကူးတံတားကြီးကိုဖြတ်နိုင်တာ၊ ခရိုင်
ဆက်လမ်းတွေရယ်ကြောင့် ခရီးတာ
ပြီး မြေကြောရှုံ့နိုင်ကြပါပြီ။ ယခင်
မကောင်းခင်အခါတုန်းက 'တစ်မိုး
ဖျောက်ဆိပ်' မင်းမူခဲ့သော ဟိုင်းလ
ကားတွေကတော့ ရှားရှားပါးပါး တ
တည်းသာ တွေ့ရပေမယ့် အမိုးပေါ်
ဆိုင်ကယ်နှစ်စီးနှင့်ကုန်တွေကပေါင်း
နေသည်။ ကား၏နောက်အပိတ်ကို
ကာ ရိုးရာမပျက် ကြက်သွန်အိတ်
တင်ပြီးပြေးဆွဲနေဆဲ။

မန္တလေး-မိုးကုတ်က (၁၂၆)
ခရီးဆိုပေမယ့် တောင်တက်ခရီးပါ
ရာ မိုင် (၁၀၀) စွန်းစွန်းတွင် ကျွန်
တို့ကားထိုးရပ်သွားသည်။ ကျွန်
တို့ ခရီးဖော်လေးဦး၏ ကိုယ်စီတို
အသက်မွေးမှုမတူကြသော်ငြား
အတတ်ကို ဝါသနာဘာဂီဆက်တို
ကြသည်ဖြစ်ရာ ကားစက်ထိုးရ
ရှေ့ခေါင်းထဲမှ မီးခိုးလုံးဖြူဖြူကြီး
လာသည်နှင့် ကားပေါ်မှဖြိုင်တူဆ
တော့သည်။ စက်အခြေအနေကြည့်
တော့မဟုတ်။ ခပ်ဝေးဝေးတွင် သွ
သူကရပ်၊ ကားမီးလောင်လျှင် လွတ်
စိမ့်သောငှာ ခရီးဆောင်အိတ်ကလေ
ကသုတ်ကရက်ဆွဲပြီး ခပ်လှမ်းလှမ်း
ချသူကချ၊ ကြောက်သည်ဟုအ
လို၍ အဝေးသို့လည်းမသွား
လည်းမကပ် ခြံစည်းရိုးခွ
ရှိ၊ တစ်ဦးသားကတော့ ထူးခြား
ကားပေါ်တွင်ပင် ကျကျ လဲလျော
ရင်း ချက်တင်ကာကိုယ့်ဘဝ၊ ဖွဘုတ်
ကိုယ့်ရဲ့ကမ္ဘာတည်ဆောက်ကာ



www.burmeseclassic.com

www.burmeseclassic.com

လောကကြီးနှင့် ကင်းကွာနေသည်။ အတန်ကြာတော့မှ မျက်နှာချင်းဆိုင်က ကားကြီးတစ်စင်းဆင်းလာ၍ ကျွန်တော်တို့ကအကူအညီတောင်းတော့မှ 'ရေဆူ' မှန်းသိရ၏။ ထိုသောအခါတွင် ချက်တင်ဘဝ၊ ဖွဘုတ်ကမ္ဘာကြီး မျက်လုံးပြူး၊ မှုတ်ဆန်ပြူးနှင့်ဆင်းလာပြီး မီးခိုးလုံးကြီးကိုကြည့်၍

"ဟာ. . . ကံကောင်းလို့" ဟူ၏။

ကားကြီး ဆရာက သွက်သွက်လက်လက်ပင် လှုပ်ရှားသည်။ ဘယ်နေရာကနေ ရေရနိုင်သည်ကိုလည်း သိသည်။ မမြင်ရသောအရပ်မှ တောင်ကျရေကို ဘယ်ဆီမှန်းမသိရသောနေရာသို့ ပိုက်ရှည်တစ်မျှော်တစ်ခေါ်ကြီးဖြင့်သွယ်ယူထားရာ အဆက်နေရာမှဖြုတ်၍ ရေကိုယူ၊ ပြီးတော့ ပိုက်ကို ပြန်ဆက်ထားလိုက်ရုံသာ။ ကားကြီးဆရာကို ကျေးဇူးတင်စကားပြောပြီး ခရီးရှေ့ဆက်ခဲ့ရာ ကပိုင်ရွာမဝင်ခင်လေးတွင် ရေဆူပြန်သည်။ ယခုတစ်ကြိမ်တွင်တော့ ပူပူနွေးနွေးသင်တန်းဆင်း ကျွန်တော်တို့လေးဦးသည် တောင်ကျရေကို ကန်ဖွဲ့ထားသောလမ်းဘေးက ရေအိုင်လေးထဲ အနေခပ်ပြီးရေဖြည့်ရလောင်းကြသည်။ အင်ဂျင်လည်းအေးအောင်စောင့်ရင်း အလုပ်သိမ်းပြီးပြန်လာကြသော အပျိုမတစ်သိုက်ကို နှုတ်ဆက်၍ မေးကြည့်ရာ သတ်ဖက်'ကောက်'ပြီး ပြန်လာသည်ဟူ၏။ မိုးကုတ်၏ ဒေသိယအခေါ်မှာ ဘူးညွန့်၊ ဂေါ်ရခါးညွန့်တို့ကို ဘူးငေါက်၊ ခေါ်ရခါးငေါက်ဟူ၍ ခေါ်လေ့ရှိသည်။ ကျွန်တော့်မိတ်ဆွေ ညွန့်ဝေဝေ-ဓာတ်ပုံဆိုသူကို 'ငေါက်ဝေဝေ' ဟု ခေါ်လျှင် မိတ်ဆွေကြီးခမျာ ဘယ်လိုနေရှာမည် မသိတတ်နိုင်။ ကားရေဆူတာကိုအမှတ်တမဲ့ထားခဲ့သောကျွန်တော်တို့(၄)ဦးသား၏ အပြန်ခရီးတွင် အနှစ်နှစ်အလလက ထိုလျှိုးနေခဲ့သော အံ့နုပညာဗီဇများကို ဖော်ဆောင်ဖော်ထုတ်လိမ့်မည်ဟု ကြိုတင်မသိခဲ့ပါပေ။

## တောင်ကြီးဖဝါးအောက် နှံ့တောပြားပြားမှောက်

ကပိုင်ရွာကိုဖြတ်တော့ ညနေ ၅နာရီဝန်းကျင်ရှိပါပြီ။ နေခြည်ဆမ်းသည်ဆိုတာကို မျက်မြင်ကြုံဖူးရသည်။ ကင်လုဆဲဆဲ နေခြည်နုလေးတွေက တောတောင်လျှိုမြောင်အလိုက် တောစုစုတန်းများ၏ သစ်ပင်ထိပ်စက်ဝိုင်းခြမ်းအဆက်များပေါ်တွင် နိမ့်မြင့်စီရရီဝိုင်းဝိုင်းခုံးခုံးလေးတွေ အနှားသတ်အောင် ဆွတ်ထား၊ ဆမ်းထား၊ ဖျန်းထားတာက လှမှလှ။ ရာသီဥတုကလည်း မပူမအေးနေလို့ကောင်း၊ ရှုခင်းကောင်းကောင်း၊ ရွာတွေကိုဖြတ်တိုင်း တွေ့မြင်ရသော ရွာသူရွာသားများကလည်း အသားအရေ စိုစိုလှလှဆိုတော့ ကျွန်တော်တို့၏မိုးကုတ်ခရီးစဉ်သည် အထူးပြောစရာမရှိ၊ နဖူးကြောသာကြည့်၊ ဦးဩဘာအသိပင်ဖြစ်ပါ၏။ ညီအစ်ကိုမသိတသိအချိန်တွင် ကျွန်တော်တို့တစ်တွေ မြို့လုံးကျွတ်လေအေးစက်တပ်ဆင်ထားသောမိုးကုတ်မြို့ထဲသို့ဝင်ခဲ့ကြသည်။ အကျဦးထောင်နှင့် မနီးမဝေး ချောင်းနံဘေးက သုံးထပ်လေးခန်းတွဲ လုံးချင်းတိုက်နှစ်လုံးကို ရောက်သည်။ ကောင်းစည်ဟိန်းကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်နေသော စီမံကိန်းဖြစ်ပါ၏။



မိုးကုတ်အင်းကြီးနှင့် မြို့ရှုခင်းအလှ



အလုပ်အကိုင်နဲ့မို့ ထက်ဖက်ရည်အမြည်းဘုဖေး



မြန်မာ့ တရုတ် ဟင်းမျိုးစုံ ချက်ခန်းပြတ်ခန်း



www.burmeseclassic.com

www.burmeseclassic.com





မျက်နှာစာတွင် တသွင်သွင်ရစ်ခွေစီးဆင်းနေသော ချောင်းရိုး၊ ထိုမှသည် တောင်ပေါ်ဒေသ အအေးပိုင်း၏ သင်္ကေတ ဒေသပေါက်ပင် စိုစိုစိမ်းစိမ်းများက မဟူရာကမ္မလာလွှမ်းခြုံထားသည်။ နောက်ခံပန်းချီကားတွင်မူ မြေမျက်နှာသွင်ပြင်အလိုက် တိုက်တာများက မြေပြန့်မှသည် တောင်စောင်းအထိ မီးရောင်စုံးတန်းများကဲ့သို့ လင်းလက်တောက်ပနေ၏။ ထို့ကြောင့် ကြွားရရှားဝင့်ထည်နေသော အဆောက်အအုံကြီးနှစ်လုံးက ပြန့်ပြူးသောမြေခင်း၊ တောင်စောင်းပတ်ပတ်လည်က မီးရောင်ထိန်ထိန်နှင့် ပနံရလှသည်။ ယခုလုပ်ငန်းစဖို့ ဦးမြင့်အောင်တို့ရောက်ချိန်တုန်းက လူသွားလျှင် ခါးလောက်အထိနက်သော နွံတောကြီးမို့ အလုပ်လုပ်လို့ရအောင် တစ်လကျော် ရှင်းလင်းကြိုးစားခဲ့ရသည်။ ဒေသခံများကလည်း မယုံကြည်စွာဖြင့် စောင့်ကြည့်နေရင်း မျက်စိရှေ့တွင်ပင် အဆောက်အအုံကြီး လုံးကြွပေါ်လွင်လာခဲ့သည်။ ယခုတော့လည်း ထိုအကြောင်းတွေမှာ ပါးစပ်ရာဇဝင်လေးတစ်ခုဖြစ်သွားပါပြီ။ တောင်ကြီးလျှပ်ဖဝါးအောက် နွံတောလည်း လူတွေရဲ့ စွမ်းပကားအောက်မှာ ပြားပြားမှောက်ရပါတော့၏။

**□ သဖန်းပင် မင်္ဂလာဖြော**

နောက်တစ်နေ့တွင် မနက်စာစားပြီး စည်ပင်သာယာရပ်၌ ပြင်ဆင်နေသော အလှူအိမ်သို့ သွားကြသည်။ ကျွန်တော်တို့က မမ္မဝါဒီကျောင်းဆောင်ရေစက်ချ၊ ကထိန်နှင့် ရှင် (၁၀၈) ပါး အလှူတော်ကြီးကို ကြည်ညိုပြီး သာဓုနှုမော်ခေါ် ဆိုဖို့လာကြခြင်းပင်။ ရေကန်တောင်ကျောင်းဆရာတော်၊ နမ့်ပွန်ကျောင်းဆရာတော်၊ ပဋ္ဌောတာရုံကျောင်းဆရာတော်နှင့် အနေကတ္တာအနန္တငါးပါးကို ဦးထိပ်ထားပြီး နှစ်ဖက်မိဘများကို အမှူးထားသော အလှူကြီးလ... ဖြစ်သည်။ အလှူရှင်က ပြင်ဦးလွင်မြို့... ကျောင်းဒါယကာကြီးဦးအောင်တော... ကျောင်းဒါယိကာမကြီး ဒေါ်လှလှ... (ANGEL KING OASIS - AKO)တ... လီမိတက်၊ သားသမီးများဖြစ်ကြ... ဗိုလ်မှူးသီဟန်ထွန်း - မစုသီ... ကိုဇေယျအောင်ကျော် - မသိမ့်သီ... ဗိုလ်ကြီးဘုန်းမြတ်ကျော်-မသင်းရွှေ... အောင်၊ ဗိုလ်ကြီးကျော်မြတ်လင်း-... မျိုးလွင် မိသားစုတို့ ဖြစ်ပါသည်။ အ... အမအိမ်မှာ ပတ်ဝန်းကျင်အိမ်နား... တွေမှာလည်း ဖြိုးလိမ်းပြင်ဆင်... သည်။ မြောက်ဘက်နားတွင်... အလှူမှာကျွေးမည့်အချိုပွဲဆန္ဒ... ကျောက်ကျော၊ ပူတင်းတွေထ...

ကျွန်တော်တို့ ရောက်သွား... အိမ်ရှေ့ဖွင် ကားတစ်စီးရပ်ပြီး ... ရေသန့်ဘူးတွေကို လက်ဆင့်ကမ်း... နေကြသူတွေထဲတွင် ဗိုလ်ကြီးဘုန်း...



www.burmeseclassic.com

www.burmeseclassic.com

တော့်လည်းပါသည်။ မကြာခင်မှာပင် ပြောအဖွဲ့ကို ဗိုလ်မှူးသီဟန်ထွန်းက ကန်တော့ပွဲဖြင့် ကြိုဆိုရှေ့ဆောင်ပြီး အပေါ်ထပ်သို့တက်ကြသည်။ မိုးကုတ်၏ ထုံးစံအတိုင်း ကြီးကျယ်ခမ်းနား၍ သပ္ပာယ်လှသော ဘုရားခန်းတွင် ကန်တော့ကြပြီးနောက် မင်္ဂလာပြော တီးခတ်၍ အလှူရှင်မိသားစုကို ဂုဏ်ပြုကြသည်။ ပြောအဖွဲ့သားတွေထဲတွင် ဒေါ်လှလှတင်၏ သားချင်းများပါဝင် သဖြင့် ဝမ်းသာအားရနှုတ်ဆက်စကား ပြောကြသည်။

ပြောအဖွဲ့အကြောင်းကို ဦးစိန်ထွန်းက -

“မိုးကုတ်အစ သဖန်းကလို့ဆိုရိုးရှိတယ်။ မိုးကုတ်က အလှူလှူညီတွေမှာ ကျွန်တော်တို့ ပြောအဖွဲ့ကိုငှားကြတယ်။ ကျွန်တော်လိုက်တီးတော့ ကြုံခဲ့ဖူးတာက အလှူလှူတော့မယ့်အချိန် ရာသီဥတုက မိုးအုံ့နေတယ်။ မိုးရွာချင်နေတယ်ဆိုလည်း ပြောသံပေးလိုက်ရင် မိုးမရွာတော့ဘူး။ သဖန်းပင် ပြောအဖွဲ့ရဲ့ သက်တမ်းက နှစ် (၂၀၀)၊(၃၀၀) မကတော့ပါဘူး။ မျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်းပြီး တော့တီးလာခဲ့ကြတာ”

ဟု ပြောပြပါသည်။

**□ ပိုင်းလို့စားရင် အားကြီးချို**

ခနတိုင်းရင်းသား ဆိုရိုးတစ်ခုတွင် ‘ပိုင်းလို့စားရင် အားကြီးချို’ ဟု ဆိုသည်။ ဟင်းမကောင်းလည်း ဝိုင်းဖွဲ့စားရင်း အရသာရှိ ချိုမြိန်သည်ဟု ဆိုလိုခြင်း ဖြစ်၏။ ယခုအလှူကြီးတွင်လည်း မိုးကုတ်မှ ခံတွေ၊ ဦးမြင့်အောင်တို့လို အဝေးက ဧည့်သည်တွေပါ ဝိုင်းကြဝန်းကြတာဆို တော့ ‘သောသောရုတ်ရုတ်၊ အုပ်အုပ် သည်းသည်း၊ အုံ့အဲဘနန်း၊ လက်ပန်း ခတ်၊ လက်ဖျစ်ရိုက်တီး’ ရအောင် ပွဲကြီးသဘင်နှင့် ဝဲချီးဆင်ယင်ကျင်းပ ခြင်း ဖြစ်သည်။ အလှူ့အမကြီးအိမ် မှနေ ဖောင်တော်ဦးဘုရားခြေတော်ရင်း က မဏိရတနာခန်းမသို့သွားကြသည်။ စောင့်နေကြတာများ မောင်ရင်လောင်း တွေ နောက်တန်းမှာက လူမှုရေးအဖွဲ့ များနှင့် ခန်းမကြီးအပြည့်။ အချိုရည်နှင့် မုန့်တွေ ကျွေးမွေးနေကြသူများထဲက ယဉ်မေကို သူတို့ပါဝင်ကူညီသော အပိုင်းကို မေးမြန်းကြည့်သည်။

“ကျွန်မတို့ မိုးကုတ်ထာပွဲကျောက် ရတနာသည်ပွဲစားများအဖွဲ့ အနေနဲ့ အဖွဲ့ဝင် ပေါင်းအား (၃၀၀၀) ရှိပါတယ်။ ရေဇဘား၊ လေဘေးတို့လို မျိုးသဘာဝဘေးအန္တရာယ် ကျရောက်ချိန်မှာ ကျွန်မတို့အသင်းအနေ နဲ့ တတ်စွမ်းနိုင်သမျှ အမြန်ဆုံး သွား ရောက်ကူညီပံ့ပိုးပေးပါတယ်။ အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေရဲ့ အစ်မအလှူမို့လို့ ကျွန်မ တို့က တတ်နိုင်သလောက် လာရောက် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အလှူ လှည့်လိုက်တဲ့သူတွေကို အချိုရည်နဲ့မုန့် ဝေတယ်။ သူတို့စားပြီးပစ်ခဲ့တဲ့ အမှိုက် တွေကို လိုက်ကောက်ပါမယ်။

**□ အရွယ် (၃)ပါး အလှ (၃)မျိုး**

မကြာခင်မှာ ခန်းမထဲကို အလှူ ရှင်မိသားစု ရောက်လာပြီး ဦးအောင် ကျော်ဦးတို့က လီဆူယဉ်ကျေးမှုအဖွဲ့၊ ဂေါ်ရခါးရိုးရာယဉ်ကျေးမှုအဖွဲ့တို့ကို ကျေးဇူးတင်စကားပြောရင်း အမှတ်တရ ဓာတ်ပုံလည်း တွဲရိုက်သည်။ လီဆူအဖွဲ့ တွင် အရွယ်၏ ကောင်းခြင်းနှင့်ပြည့်စုံ သော ငယ်ငယ်ချောချောကလေးတွေ၊ တစ်သက်တာ၏ အလှဆုံးအချိန် ကျက်သရေရှိလှသည့် အသက် (၂၀) ဝန်းကျင်လူငယ်စုံတွဲ၊ တည်ငြိမ်ရင့်ကျက် သော အလှပိုင်ရှင်အမျိုးသမီးကြီးတွေ စုပေါင်းဖွဲ့စည်းထားတာမို့ အရွယ်(၃)ပါး ၏အလှ (၃) မျိုးကို တစ်ပြိုင်တည်းရှုစား နိုင်သည်။

မခင်နှင်းအေး (လီဆူယဉ်ကျေးမှု အဖွဲ့) ပြောပြတာက -

“ကျွန်မတို့မှာ ဝင်းလှည့်ဖို့အတွက် အဖွဲ့ဝင် (၆၀) ခန့် ရှိတာပေါ့ရှင်။ အမျိုး သမီးကော်မတီအဖွဲ့ကိုက (၂၀၀) ကျော် ရှိပါတယ်။ အခုလို အလှူလှည့်တာ အပြင် တခြားပွဲတွေအနေနဲ့ ဘုန်းကြီးပျံ၊ ရှာပနပွဲ၊ စာအောင်ဂုဏ်ပြုပွဲ၊ ဘွဲ့တံဆိပ် တော် ဆက်ကပ်ပူဇော်ပွဲတွေမှာလည်း လိုက်ပြီးတော့ ဆောင်ရွက်ပေးတာမျိုး ရှိတာပေါ့ရှင်။ အဖွဲ့အတွက် ရှေးရှေး တုန်းကလုပ်ခဲ့တဲ့ လူကြီးတွေရဲ့ လမ်းစဉ် တွေကလည်း အရမ်းကောင်းတဲ့အခါ ကျတော့ လက်ရှိမှာ ကျွန်မတို့အဖွဲ့က အရမ်းအောင်မြင်နေပါတယ်။ အဖွဲ့ကို ဒီထက်မက အောင်မြင်အောင် ကျွန်မတို့ က ဆောင်ရွက်သွားပါမယ်ရှင်’

မြန်မာဝင်းခင်းသောအခါ မင်းညီ မင်းသား၊ နန်းတွင်းသူ၊ နန်းတွင်းသား၊ မင်းပရိသတ် စုံလင်သကဲ့သို့ ဂေါ်ရခါး ရိုးရာယဉ်ကျေးမှုအဖွဲ့၏ အဖွဲ့ဝင် (၄၀) တွင်လည်း ဘုရင်နှင့်မိဖုရား၊ စာပေပညာ ရှင် (စာတော်ဖတ်)၊ ဂေါ်ရခါးဓား ကောက်ကိုယ်စီနှင့် ကိုယ်ရံတော်များ၊ နန်းတွင်းသူ၊ နန်းတွင်းသားများနှင့် စုံလင် စွာပါဝင်၍ မြိုင်ဆိုင်ကြောင်း ဂေါ်ရခါး ရိုးရာယဉ်ကျေးမှုအဖွဲ့မှ ဒေါ်ရှီမား (ဒေါ်ခင်ဖုန်းမြင့်) က ပြောပြသည်။

**□ တက်သစ်နေ မင်္ဂလာရဝိလိုပ**

အလှူတော်ကြီးလှည့်လည်ပါပြီ။ လှည့်ရမည့် ခရီးတာအတွက် ကျွန်တော် က ကိုငြိမ်းမင်း၏ Mandalay Production အဖွဲ့နှင့် လိုက်ပါတာမို့ ဟန်ကိုကျ လို့။ မိတ်ဆွေကိုငြိမ်းမင်းက မန္တလေးမှာ ဒါရိုက်တာလည်းလုပ်၊ လေယာဉ်ကွင်း ပောင်းအနီးတွင် အော်စကာသရုပ် ဆောင်သင်တန်းကိုလည်း ဖွင့်လှစ်ထား သည်။

အလှူလှည့်လည်ရာတွင် ရှေ့ဆုံး က ဘုရားကန်တော့ပွဲ၊ နောက်က သဖန်းပင်မင်္ဂလာပြောအဖွဲ့၊ ပြီးတော့ တံခွန်ကုက္ကားမုလေးပွားကိုင်ဆောင်သော ပုဂ္ဂိုလ်များ၊ တစ်ဆက်တည်းတွင် ကွမ်း တောင် ပန်းတောင်ကိုင် အလှပဂေးများ၊ ထို့နောက် အလှူရှင်မိသားစုများ၊ ပြီး တော့ ရှင်လောင်း မောင်ထူးလက်ျာ၊ နောက်မှာ ပုဂံဝင်းနှင့် ရှင်လောင်း(၁၀၈) ပါး၊ ရှင်မိရှင်ဖများ၊ ရတနာ့ပုံဝင်း၊ နားသ ယဉ်ကလျာ မလင်းလက်ျာ၊ မဝင့်ဇေယျာ အောင်၊ ပြီးတော့ ပန်းပဒေသာအမျိုး သမီးအဖွဲ့၊ လီဆူတိုင်းရင်းသားယဉ်ကျေး မှုအဖွဲ့၊ သင်္ကန်းကိုင်ဆောင်သော အမျိုး သမီးဧည့်ခံအဖွဲ့၊ ဂေါ်ရခါးရိုးရာယဉ် ကျေးမှုအဖွဲ့၊ တီးဝိုင်းကားနှင့်အတူ အက အလှ သွက်သွက်လက်လက် ဖျော်ဖြေ သော ဘုန်းကညာ (၂) ပါး၊ အလှူအကူ ကားတန်းရယ်ဆိုတော့ နည်းတဲ့လူတန်း ရှည်ကြီးမဟုတ်။ စုရပ်ဖြစ်သော ဖောင် တော်ဦးဘုရား မဏိရတနာခန်းမကနေ မျက်နှာချင်းဆိုင်တည့်တည့်ကထွက်ပြီး ဈေးကိုဖြတ်သည်။ မိုးကုတ်အင်းကြီးကို အရောက် ဘယ်ဘက်သို့ချိုးရာ နောက်ခံ တောင်တန်းပေါ်မှ စေတီပုထိုးများဖြင့် လိုက်ဖက် တင့်တယ်လှပေစွတကား။ တက်သစ်နေမင်္ဂလာရဝိလို ရှုမြင်ရတာ ကျက်သရေမင်္ဂလာရှိလိုက်ပါဘိ။ ရှင်မိ ရှင်ဖ တစ်ဦးဖြစ်သော မသီတာဝင်း (ကျပ်ပြင်) ကို အလှူလှည့်နေစဉ်မှာပင် မေးမြန်းကြည့်ပါသည်။

“ကျွန်မတို့က ပတ္တမြားကျောင်း ကနေ လိုက်ထရပ်သုံးစီးနဲ့အပြည့်လာခဲ့ ကြတာပါ။ ကိုယ့်ရဲ့မောင်ရှင်လောင်းပါ တော့ ပျော်တာပေါ့။ အလှူ့အမက ပေါက်ပေါက်ကြဲဖို့ လာခေါ်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မညီမကပြောတယ်။ သူက ကလေးအငယ်နဲ့မို့ မယူထားလိုက်ဘူးတဲ့။ တကယ်က ကိုယ့်ရဲ့အလှူလိုပဲဟာ၊ ကြွပေးရမှာပေါ့'

## ❑ ဝက်ခြံထဲက မျှစ်စို့ပေါက်

အလှူလှည့်သော လှူတန်းကြီးကို မင်းတံတားစာသင်ကျောင်းရှေ့ကနေ ကားများဖြင့် ကြိုကာ ပဋ္ဌာနတာရုံကျောင်းတွင် ကျွေးမွေးဧည့်ခံသည်။ ဒေသ၏ စည်းစနစ်ကျသော လူမှုရေးအဖွဲ့ပီပီ သပ်ရပ်သော မိုးကာမဏ္ဍပ်များ၊ ထိုင်ခုံများဖြင့် အစီအစဉ်တကျ ပြင်ဆင်ထားသည်။ အရင်ရောက်နှင့်သူများက ကျောင်းသစ်ကြီး၏ အောက်ထပ်တွင် ထမင်းသုံးဆောင်နေစဉ် နောက်ရောက်လာသူများက လေ့ကားထိပ်ရှိ မဏ္ဍပ်တွင် အေးအေးလူလူ ထိုင်စောင့်ရသော။ ထမင်းကျွေးသောနေရာတွင် စားပွဲဝိုင်းအားလပ်သည်နှင့် လာခေါ်မည်ဖြစ်ရာ ဣန္ဒြေရလှသည်။ လူရွှင်တော်တွေက ကြက်သားနည်းသော ဆန်ပြုတ်ကို ဆန်ပြုတ်အိုးထဲ ကြက်ဖြတ်ပြေးသွားတယ်ဟု ပြက်ခဲ့ကြဖူးသည်။ ယခုအလှူဝင်နေ့တွင်ကျွေးမွေးသော ဝက်သားနှင့်မျှစ်ချဉ်ဟင်းမှာမူ ဝါးရုံတောထဲ ဝက်ဖြတ်ပြေးသည် မဟုတ်။ ဝက်ခြံထဲတွင် မျှစ်စို့ပေါက်တချို့ဟိုတင်္ဂေါက်ဒီတင်္ဂေါက်ထွက်နေသည်။

ဝက်သားနှင့်မျှစ်ချဉ်မှာ အလိုက်ဖက်ဆုံးဟင်း အတွဲအစပ်ဖြစ်ပြီး ဝက်သားက လျှာပေါ်တင်ရုံနှင့် အရည်ပျော်လုမတတ် နူးအိနေသည်။ မျှစ်ချဉ်၏ အချဉ်ဓာတ်က ဝက်သားထဲသို့ဝင်သဖြင့် မအီတော့။ မျှစ်ချဉ်ထဲသို့ ဝက်သားအရသာဝင်ပြန်သဖြင့် နင်လားငါလားမချဉ်ပြန်။ ဒေသထွက်ဝါးပိုးမျှစ်ချဉ်နုနုကလည်း အဖတ်လိုက်ထည့်ထားတာတောင် နူးညံ့လှပါဘိ။ ရေစက်ချမည့် ကျောင်းဆောင်သစ်ကြီး၏ အောက်ထပ်တွင် ထမင်းသုံးဆောင်ပြီးသည်နှင့် အထွက်က မဏ္ဍပ်တွင် လက်ဖက်ရည်အမြည်းဘူဖေးသုံးဆောင်ရသော။ စားပွဲအရှည်ကြီးပေါ်တွင် ရေနွေးကြမ်းပန်းကန်များအပြည့်၊ ဘေးတွင် ဓာတ်ဘူးများလည်း အဆင်သင့်။ ဧည့်ခံနေသော လူပျိုများက လက်လှမ်းလိုက်သည်နှင့် ရေနွေးကြမ်းကို အဆင်သင့်ထည့်ပေးပါလိမ့်မည်။ အချို့ပွဲများကတော့ စားပွဲပေါ်တွင် အပြည့် စိတ်ကြိုက်ယူစားကြရသော။ ရေနွေးကြမ်းပန်းကန်ကတစ်ဖက်၊ အချို့ပွဲလေးစားလိုက်၊ စကားစမြည်ပြောလိုက်နှင့် သူတို့လူမှုမလေ့က အေးချမ်းလှသည်။

## ❑ ဆရာဒကာ ညီညွတ်စွာ

ကျွန်တော်တို့လည်း ထမင်းစား၊ အချိုတည်းပြီးမှ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုမိသည်။ မိုးကုတ်မြို့လယ်လမ်းမကြီးမှ ဘုန်းကြီးကျောင်းရှိရာ တောင်ခုလတ်သို့ အတက်လမ်းက ကျဉ်းလည်းကျဉ်းသည်။ မတ်လည်းမတ်သည်။ ကျောင်းဘက်သို့ ချိုးလိုက်သည်နှင့် ယာဉ်ရပ်နားရန် ကွင်းပြင်ရှိသည်။ ဘုန်းကြီးကျောင်းရှိရာသို့ နောက်တစ်ဆင့်တက်ရသည်။ ယခု ရေစက်ချမည့် ကျောင်းသစ်ကြီးအတွက် မြေနေရာတချို့ကို တောင်စောင်းမှဖို့ထားရသည်။ ပတ်ဝန်းကျင်ရှုခင်းက လှမှလှ။ မိုးကုတ်မြို့ကိုလည်းမြင်ရမည်။ အနီးကပ်တွင် တည်င်းပင် စသည့် စားပင်သီးပင်များ၊ ပန်းအလှပင်များဖြင့် ဝေဆာလှသည်။ လက်ဖက်ပင်မှာ သဘာဝအတိုင်းထားသဖြင့် လူတစ်ရပ်ကျော်မြင့်နေပြီ။ အမြင့်ထိပ်တွင်ကား နာမည်ကျော် မိုးကုတ်လက်ဖက်ညွန့်များ ဇလပ်ပုံကြီးရှိနေသတည်း။

ပဋ္ဌာနတာရုံစာသင်တိုက်အတွင်း၌ ဓမ္မဝါဒီနှစ်ထပ်ကျောင်းဆောင်သစ်ကို ကျပ်သိန်း (၂၁၀၀) ခန့် အကုန်အကျခံကာ ဆောက်လုပ်ပြီးပြီမို့ ယခုအလှူတွင် တစ်ပေါင်းတည်း ရေစက်ချလှူဒါန်းမည်ဖြစ်သည်။ ပဋ္ဌာနတာရုံဆရာတော်ဘဒ္ဒန္တဇောတိက (သာသနဓဇ ဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂရေ နိကာယပဋ္ဌာနတက ဒီဃဘာဏက၊ နိကာယပဋ္ဌာနတသမိတိ ဒီဃနိကာယကောဝိဒ) က ပိဋကတ်တစ်မုံခွဲအောင်မြင်ပြီး အင်္ဂလိပ်စာလည်း တတ်မြောက်တာမို့ မကြာခင်မှာ စာသင်သားများ၏ စာအံစာကျက်သံတည်ညံနှင့် စည်ကားနေဦးမည်ဖြစ်သည်။ စာသင်တိုက်နှင့် ပတ်သက်၍ ကျွန်တော်က လျှောက်ထားရာ ဆရာတော်ကြီးက မိန့်ကြားတော်မူပါသည်။

"စာသင်တိုက်မှာ ဝါဆိုသံဃာ စာရင်းအရ (၉) ပါးရှိပါတယ်။ ခန်းနေဦးပဉ္စင်းတစ်ပါး၊ ကိုရင် (၇) ပါးရှိပါတယ်။ သာသနာအတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်အောင် ကိုယ်တတ်သရွေ့ပို့ချမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ စာသင်တိုက်ဖွင့်ခဲ့တာပါ။ မုံရွာပဋ္ဌာနတာရုံမှာနေတုန်းက ဆရာတော်ကြီးက ကိုယ်အကျိုးပေးရာ ဌာနမှာ သာသနာနဲ့ဆိုင်ရာလုပ်ဖို့ရာ ဩဝါဒပေးခဲ့တယ်။ စာသင်တိုက်စခါစ လွန်ခဲ့တဲ့ (၁၆) နှစ်ဝန်းကျင်က စာသင်သား (၂... ပါးလောက်ရှိပေမယ့် နေထိုင်ထိုင်ခင်း ကျပ်တည်းမှုတို့၊ ရာသီဥတုဒဏ်မခံနိုင်တာတို့ကြောင့် သူတို့က ပြန်ပြန်သွားကြတယ်။ ဒီကျောင်းကနေ အကြီးတန်း အထိရောက်တာ(၄-၅-၆)ပါး၊ သာသနာ တက္ကသိုလ်တက်တဲ့ (၃) ပါးထဲက တစ်ပါးဘွဲ့ရတယ်။ ကျောင်းကြီးကို အခု လို ဒကာတစ်ဦးတည်းနဲ့ လာဆောက်... ပြည့်စုံသွားပြီဆိုတော့လည်း စာချ... ကြီးရော၊ စာသင်သားရော ပြည့်ပြည့်... မို့ ကိုယ့်အတွက်ချည်းမဟုတ်၊ သာသနာ အတွက်လည်း အကျိုးများပါတယ်"

## ❑ လူမတတ်ရင် လက်ဖက်ထုပ်တတ်တယ်

မိုးကုတ်၏ ရိုးရာဓလေ့နှင့် ပတ်သက်သည်များကိုမူ မင်းတံတား... အမျိုးသမီးဧည့်ကြိုခေါင်းဆောင်ဖြစ်... ဒေါ်ငယ်က ပြောပြပါသည်။

"ကျွန်မတို့ မိုးကုတ်အဆိုရှိတာ... ပေါ့။ လူမတတ်ရင် လက်ဖက်ထုပ်တ... တယ်တဲ့။ အလှူတစ်ခုလုပ်တော့မယ်... ရင် အမျိုးသားဧည့်ကြိုအဖွဲ့၊ အမျိုးသမီး ဧည့်ကြိုအဖွဲ့၊ ထမင်းကျွေးအဖွဲ့၊ လက်ဖက်ရည်တိုက်တဲ့အမျိုးသားလူငယ်အဖွဲ့၊ ပန်းကမ်းတဲ့အမျိုးသမီးလူငယ်အဖွဲ့၊ ချက်ပြုတ်ရေးအဖွဲ့ (၆) ဖွဲ့ရဲ့ ခေါင်းဆောင်တွေကိုဖိတ်ပြီး လက်ဖက်ထုပ်တင်လိုက်... ပြီဆိုရင် သူ့အပိုင်းနဲ့သူ မေတ္တာစေတနာနဲ့ အကုန်လုံးကို တာဝန်ယူကြတယ်... လက်ဖက်ထုပ်တင်တယ်ဆိုတာက... လက်ဖက်ကို ငှက်ပျောဖက်နဲ့ထုပ်ထား... တယ်။ ထုံးစံတစ်ခုရှိတာက နာရေးဆို... ငှက်ပျောဖက်ကို ကန့်လန့်ထုပ်တယ်... မင်္ဂလာအတွက်ဆိုရင် ထောင်လျက်... လေးထုပ်တယ်။ အလှူရှင်က ကျွန်တော်... ကျွန်မတို့အလှူအတွက် လက်ဖက်ထုပ် တင်ပါတယ်။ အလှူကြီးကို ပြီးမြောက်... အောင် အစစအရာရာ ဆောင်ရွက်ပေး... ပါဆိုရင် ရပ်ကွက်က ခေါင်းဆောင်... အသီးသီးက လိုအပ်ချက်ကိုပြော... တယ်။ အဲဒီလိုအပ်ပြီးရင် အလှူ... အလှူ့အမကာအငြိမ်းပဲ။ တာဝန်မရှိ... ဘူး။ ရေစက်ချမှ ရေစက်ခွက်... 

သူတို့တတ်နိုင်တဲ့ ...နေ... ကို ကျွန်မတို့ကိုအပ်... တာ။ ဥ... အားဖြင့် ကျွန်တော်တို့က လူ...



www.burmeseclassic.com

www.burmeseclassic.com

လောက်ဖိတ်ပါမယ်။ အလှူပွဲကြီးဆိုလူ (၁၀၀၀) ပေါ့။ ချက်ချင်တဲ့ဟင်းနဲ့ အလှူရှင်တတ်နိုင်တာနဲ့ အဆင်ပြေအောင်လုပ်ပေးပါတယ်။ အလှူဝင်နေ့မှာ လက်ဖက်ရည်အမြည်းကို စားပွဲပေါ်မှာပဲ တင်ကျွေးတာက မိုးကုတ်အခေါ် အလုပ်အကိုင်နဲ့ မို့ပါ။ အလှူကြီးနေ့မှာ စားပွဲဝိုင်းနဲ့ ကျကျနနတိုက်မှာ။ ထမင်းဝိုင်းက ခြောက်ယောက်တစ်ဝိုင်းစီ။ ထမင်းစားပြီးမှ ဟိုဘက်ဝိုင်းမှာ အချိုပွဲနဲ့ ဧည့်ခံတယ်။ ထမင်းဝိုင်း (၂၅) ဆို လက်ဖက်ရည်ဝိုင်း (၂၅) ပဲ။ အပိုအလိုမရှိစေရဘူး။ ထမင်းကျွေးအဖွဲ့နဲ့ အမျိုးသားဧည့်ခံအဖွဲ့နဲ့ ကြိုပြီးတော့ ညှိနှိုင်းထားတာပေါ့လေ။

မိုးကုတ်မှာ ဝက်သားနှပ်က မပါမဖြစ်ဟင်းပါဘဲ။ အလှူဝင်နေ့ဆို သားပွမ်းဟင်းဖြစ်စေ၊ မှျစ်ချဉ်နဲ့ဝက်သားဖြစ်စေကျွေးကြတယ်။ သားပွမ်းကကျောက်နရုံသီးနဲ့ဖြစ်ဖြစ်၊ မုန်ညင်းရာသီဆိုမုန်ညင်းပေါ့။ အလှူကြီးနေ့မှာတော့ အလှူရှင်ဆန္ဒရှိသလို ဝက်သားနှပ်၊ ကြက်သားနှပ်၊ ငါးပေါင်း၊ အချဉ်အငန်တင်းရည် စတာတွေနဲ့ အနည်းဆုံး ဟင်း(၇) ခွက်ကျွေးပါတယ်။ အလှူကြီးဆို(၁)ခွက်ကျွေးတယ်။ အကျဉ်းရုံးတဲ့အလှူဆိုရင်တော့ အလှူဝင်နေ့ ကျွေးမွေးပြီးရှင် တစ်ခါတည်းဆံချတယ်။ အလှူကြီးနေ့မှာတော့ ရှင်မည်ခံလုပ်တယ်။ အလှူကြီးဆိုရင်တော့ အလှူဝင်တစ်ရက်၊ အလှူကြီးနေ့မှာ ရှင်လောင်းစံမယ်။ နောက်တစ်ရက်မည်ခံမှာ ရေစက်ချပြီး(၁) ရက်လုပ်ကြတယ်"

ထမင်းချက်နေတဲ့နေရာမှာတော့ အမျိုးသမီးတွေ ကိုယ်စီအလုပ်များနေကြ၏။ စည်ပင်သာယာရပ်နှင့် ထင်းရှူးခြံရပ်က လူ (၂၀) အဖွဲ့ ဖြစ်သည်။ မြှမ်းကြည့်ရာ ဆန်တစ်ပုံး (၈) ပြည်လုံတစ်ရာနှုန်းဖြင့် ပေါ် ဆန်းမွှေး၊ ဒီတ်၊ မိုင်းလုံဆန် စသော ရှမ်းဆန်စေးများကို ကျွေးလေ့ရှိသည်။ အလှူကြီးနေ့တွင် ကြက်ဆီပေါင်း (အနှစ်မပါ ဆီဖြင့်ပေါင်းနှပ်ထားသောဟင်း)၊ ဝက်သားနှပ်၊ ငြုံးလုံးချမ်းသာဟင်း စသည်ဖြင့် စုံစုံလင်လင် ကျွေးမွေးဧည့်ခံရန် ပြင်ဆင်နေကြသည်။

**ရေအကျိုး (၁၀) ပါး**

ကျွန်တော်တို့၏ မော်တော်ကားကြောခဏဆူသည်ကို ဝပ်ရှော့တွင် ဆိုင်းပြင်ဆင်နေရသည်နှင့် အလှူကို မနက် (၉) နာရီခန့်တွင် ရောက်ရာဘိသိက်ခန်းပြီးပါပြီ။

ဆိုင်းအဖွဲ့မှတစ်ဦးက -

"မိုးကုတ်တို့၊ ပြင်ဦးလွင်တို့မှာ အလှူတွေက ဒီလိုပဲ အစောကြီးဘိသိက်မြှောက်တာ။ မွန်းလွဲ (၂) နာရီဆိုရင် ရေစက်ချပြီးပဲ"

ဟု ပြောပြသည်။

ထို့ကြောင့် မေတ္တာဖြင့်ကူသော ဘိသိက်ဆရာဦးသာဝကို မဆုံလိုက်ရတော့ပေ။ ပဲစိမ်းနှင့်ကြက်ဥ၊ ဂျူးဖူးနှင့်ကြက်ဥ၊ အရွက်သုပ် စသောဟင်း(၈)မျိုးနှင့် မင်္ဂလာထမင်းတို့ ပြင်ဆင်ထားသည်ကိုသာ တွေ့ရတော့သည်။ အလှူနှင့်ပတ်သက်၍ ကိုယ်တိုင်လည်း တွေ့ခဲ့မြင်ခဲ့ရပြီ။ ဝိုင်းကြဝန်းကြသူတွေနှင့်လည်း စကားပြောဖြစ်ခဲ့ပြီ။ အလှူရှင်၏ ရင်တွင်းစကားပဲကျန်တော့ရာ ဦးအောင်ကျော်ဦးက ရိုးရိုးရှင်းရှင်းပြောပြခဲ့သည်။

"ကျွန်တော့်ရဲ့မွေးဇာတိကတော့ အဖေ့ရဲ့ရွာဖြစ်တဲ့စစ်ကိုင်းတိုင်းဒေသကြီး ရွာသစ်ကြီးရဲ့အနောက်ဘက်၊ ငါန်းဇွန်နဲ့ မျက်နှာချင်းဆိုင် တစ်ဖက်ကမ်းမှာရှိတဲ့ မြင်းဆည်ရွာမှာပါ။ ကျွန်တော်ငယ်ငယ်က ရွှေဘို သီလုံးဘုန်းတော်ကြီးကျောင်းမှာနေခဲ့တော့ ဘုန်းကြီးကျောင်းရဲ့ အငွေ့အသက်က ကျွန်တော့်မှာ အခုထိခံစားရတုန်း။ ကျွန်တော်က လှူတဲ့အခါမှာ ဂုဏ်ဖော်ပြီးတော့လုပ်ချင်တာမဟုတ်ဘဲနဲ့ အများအတွက် ဘယ်လိုလုပ်ရမလဲလို့ ကျွန်တော်စဉ်းစားတယ်။ ဒီဘက်က ရေကန်တောင်မှာ တစ်ရပ်ကွက်လုံးကို ရေပေးတဲ့ရေကန်ရှိတယ်။ ကျွန်တော်တို့ လှူခဲ့တာပါ။ ကျွန်တော်ရောက်တဲ့အရပ်မှာ အစီစီတွင်း စသဖြင့် ရေနဲ့ပတ်သက်တာတွေလှူဖြစ်ပါတယ်။ ဦးစောလွင်နဲ့ပေါင်းပြီး AKO သောက်ရေသန့်လုပ်တော့ မထင်မှတ်ဘဲနဲ့ အောင်မြင်သွားတယ်။ စက်ရုံကို ဧရာဝတီမြစ်ဘေးမှာသွားတည်လိုက်တော့ မြစ်ရေကြောနဲ့ တစ်ဆက်တည်းဖြစ်နေတယ်။ မြစ်ရေဆိုတော့ တခြားသောက်ရေသန့်တွေနဲ့ကွာတယ်။ ထမင်းချက်တာကအစ မဝါဘူး၊ ဖြူတယ်။ ရေသန့်ကလည်း ရေအကျိုး (၁၀) ပါးကြောင့် အောင်မြင်တယ်လို့ ယုံကြည်ပါတယ်။

**▫ ကျေးဇူးတော်အနန္တများစွာ**

အဖေ့ရွာက ရွှေဘုံသာဘုရားမှာ ဘုရားပွဲကျင်းပတဲ့ တော်သလင်းလပြည့်ဝန်းကျင်ဆိုရင် မိုးနဲ့မလွတ်တတ်လို့ အာရုံခံဇရပ်ပတ်ပတ်လည်လှူဒါန်းတယ်။ ရွာထိပ်မှာ မွေ့ရုံလှူဒါန်းတယ်။ ကျွန်တော်အမျိုးသမီးဘက်ကိုလည်း လှူဖြစ်ခဲ့တာက အမေကြီးက အခု အသက် (၈၀) ကျော်သွားပြီ။ အမေကြီးရှိတုန်း ကျောင်းအမကြီးဖြစ်ဖို့ အမေ့ဆန္ဒလည်းပြည့်အောင် လှူဖြစ်တယ်။ အဓိကရည်ရွယ်တာက ဘုန်းကြီးကျောင်းမှာ ကျောင်းသားတွေများများရှိရင် ကိုရင်တွေများများရှိမယ်။ ဒီကိုရင်တွေများများဖြစ်မှ စာဝါတက်ပြီးတော့မှ ပဉ္စင်းခံ၊ ဆရာတော်တွေဖြစ်လာမယ်။ အဲဒါဆိုရင် ဗုဒ္ဓသာသာမကွယ်တော့ဘူးလို့ ယုံကြည်တာပေါ့။ စာသင်သားတွေကိုလည်း ဘုန်းကြီးကျောင်းမှာ ပျော်ပိုက်အောင် တဲပေါက်စလေးမှာ စာသင်မယ့်အစား ဒီလိုအဆောက်အအုံမျိုးနဲ့ သင်စေချင်တယ်"

ဆရာတော်ရဲ့ဇာတိ မြင်းမူ၊ ကင်းရွာမှ ဆွေမျိုးများကလည်း အလှူကိုလာရင်း ဒီလိုကျောင်းကြီးရဲ့ ဒါယကာကြီး၊ ဒါယိကာမကြီး မိသားစုဓာတ်ပုံကို ရွာမှာပြန်ပြဖို့ ဖုန်းကိုယ်စီနှင့် ရိုက်ကြသေးသည်။ ဘေးလူတွေ၏ အမြင်ပင်လျှင် ယခုလိုရှိနေပါက စာသင်သားများအတွက်ဆိုလျှင်မူ တွေးကြည့်နိုင်ပါသည်။

**▫ မရှိလို့မလှူတာထက် ပိုဆိုး**

ကျောင်းဒါယကာကြီး ဦးအောင်ကျော်ဦး ဆက်လက်ပြောပြသည်များကိုလည်း မှတ်သားရပါသည်။

"အနော်ရထာမင်း ပုဂံပြည်မှာ ထေရဝါဒဗုဒ္ဓဘာသာ ထူထောင်တော့ ကျွန်တော်တို့ထက် ပိုပြီးတော့ ဘယ်လောက် ပင်ပန်းခက်ခဲလိုက်မလဲ စဉ်းစားကြည့်ပါ။ သူ့လက်ထက်က အရည်းကြီးတွေကို ရှင်အရဟံရောက်လာမှ ဖယ်ရှားတာလေ။ ရှိပြီးသား ကြည်ညိုပြီးသား ပုဂ္ဂိုလ်တွေကို အစွဲချွတ်ဖို့ဆိုတာ သူလည်း ဘယ်လောက်ခက်ခဲလိုက်မလဲ စဉ်းစားကြည့်ပေါ့။ ကျွန်တော်တို့လုပ်တယ်ဆိုတာ ဘာမှမဟုတ်ပါဘူး။ ကျွန်တော့်သားတွေကိုလည်းအဖော်ခေါ်လာတယ်ဆိုတာ ကျွန်တော်တို့ စိတ်အားထက်သန်သလို ဒီကျောင်းကို မင်းတို့ဆက်ပြင်ရမယ်။ မင်းတို့တာဝန်ပဲ။ သူတို့ကိုခေါ်ပြီးလက်လွှဲပြတာ။ ကျွန်တော်တို့လည်း သင်္ခါရသဘောအရသွားမှာပဲ။ ဘယ်ဟာမှ မမြဲဘူး။ ဒါပေမယ့် တည်မြဲနေမယ့် စိတ်ဓာတ်တော့ ဗုဒ္ဓဘာသာ

www.burmeseclassic.com

သည် ကမ္ဘာတည်သရွေ့တော့ ဖြစ်စေချင်တယ်။ ကိုယ့်သားသမီးတွေကိုလည်း ဘာသိဘာသာ ဗုဒ္ဓဘာသာမဟုတ်ဘဲ စွဲစွဲမြဲမြဲနဲ့ ဖြစ်စေချင်တယ်။

ကျွန်တော်တို့က စစ်သားဆိုတော့ နေ့မြင်ညပျောက်ကို လက်တွေ့ကြုံခဲ့ရတာ။ လောကငရဲကို ကျွန်တော်တို့မိခဲ့ပြီ။ အစာငတ်ရေငတ်လည်းကြုံခဲ့ရပြီ။ ရိက္ခာတစ်ပတ်စာကိုတစ်လခန့်စားလိုက်၊ ဆန်ပြုတ်သောက်လိုက်နဲ့ ဝဋ်တစ်မျိုးပါပဲ။ သူများအိပ်နေတဲ့အချိန်မှာ ကိုယ်က လမ်းလျှောက်နေရတယ်။ ကိုယ်ဖျားနေတဲ့အချိန်မှာ ဆေးရုံမတက်ရဘဲ ဘယ်ကို အရောက်ချီတက်ပါဆို သွားရတာပဲ။ ကျွန်တော်တို့ဟာ လောကငရဲကျခဲ့တာပါ။ အဲဒီတုန်းကတည်းက ၂၄-ပစ္စည်း နေ့တိုင်းရွတ်တယ်။ ကြောက်ကြောက်နဲ့ ရွတ်တာလည်းပါမှာပေါ့။ ဘယ်ဗေဒင်ယတြာမှ ချေစရာမလိုဘူး။ စစ်မြေပြင်မှာ ထူးထူးဆန်းဆန်းတွေ ကြုံခဲ့ဖူးတယ်။ တိုက်ပွဲဖြစ်တော့မယ်ဆိုရင် စိတ်ထဲမှာ ကြိုသိတယ်။ အိပ်မက်ကြိုရတယ်။ အဲဒီကျတော့ တိုက်ဆိုင်မှုပဲပြောရမလား။ အန္တရာယ်ကြုံတော့မယ်ဆို အမြဲတမ်း သတိပေးတယ်။ ဒါကြောင့် ကျွန်တော် အသက်ဘေးတွေကလွတ်ခဲ့တာအများကြီးပဲ။

အခုတော့ ကျွန်တော်က မနက် (၅)နာရီဆိုအိပ်ရာထ၊ ကိုယ်လက်သန့်စင်ပြီးတာနဲ့ ပဋ္ဌာန်း၊ ပရိတ်ကြီး (၁၁) သုတ် ရွတ်ပါတယ်။ ရက်ဆက်မှန်အောင်ကြိုးစားခဲ့အတွက် ကိုယ်လိုချင်တဲ့နေရာ၊ ကိုယ်လိုချင်တဲ့ပန်းတိုင်ရပါတယ်။ ကျားကွက်ရွှေ့သလို လိုက်ပြီးတော့ လုပ်စရာမလိုဘူး။ ပဋ္ဌာန်းက ပိတ်နေတာတွေကိုလည်းပွင့်တယ်။ ရည်ရွယ်ချက်ထားရင်လည်း အောင်မြင်ပါတယ်။

နောက်ထပ် ဘုရားတည်ဖို့ပိုက်ဆံစုနေတယ်။ မရှိလို့မလှူတာထက် မလှူလို့မရှိတာက ပိုဆိုးပါတယ်။ ကျွန်တော်ဆို ဗိုလ်ကြီးဘဝကတည်းက ကိုယ့်လစာကိုရအောင်စု၊ မိန်းမကလည်း မိုးကုတ်သူမို့ ကျောက်အရောင်းအဝယ်လုပ်၊ တစ်ဖက်တစ်လမ်းကနေ ရွာမှာ ပဲလှော်၊ နှမ်းလှော်လုပ်ပြီး ရတဲ့ငွေရဲ့ (၁၀) ဖို့ (၁)ဖို့ကို လှူဖို့စုဆောင်းခဲ့တာပါ။ ပဋ္ဌာန်းတန်ခိုးတော်ကိုယုံယုံကြည်ကြည်နဲ့ရွတ်ပါ။ ဆုတောင်းစရာမလိုပါဘူး။ အားလုံးက အဆင်ပြေသွားမှာချည်းပါပဲ။

□ လူ့ဗဟိုတစ်နည်း အတုယူမှီး

ကျွန်တော်တို့မိသားစု အနှစ်နှစ်အလလက ရည်ရွယ်ထားတဲ့ အခုအလှူကိုဖြစ်ပါ့မလား၊ အောင်မြင်ပါ့မလား ကိုယ်က စိုးရိမ်စိတ်တွေ အများကြီးရှိခဲ့တာလေ။ အောင်အောင်မြင်မြင်နဲ့ ရည်ရွယ်ချက်ကြီးကိုရလိုက်တော့ ထီပေါက်သလိုပါပဲ။ ကျွန်တော်က သာသနာအတွက်ကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေနဲ့ တစ်ခုတော့ လုပ်လိုက်ရလေပြီဆိုပြီးတော့ အမေ့အတွက်လည်းဝမ်းသာတယ်။ ကျွန်တော်တို့မိသားစုအတွက်လည်း ဝမ်းသာတယ်။ အလှူမှာ လာစားကြတာကိုကြည့်ပြီး ကိုယ်ကပီတိဖြစ်တာပဲ။ အဲဒီပီတိကတော့ ဘယ်လိုမှပြောလို့မရ၊ ဘာနဲ့မှလဲလို့မရပါဘူး။

ဒီလိုလှူရမလိမ့်မယ်ဆိုတာ စိတ်ကူးယဉ်အိပ်မက်ပါပဲ။ ဒီလောက်အထိ ခမ်းနားကြီးကျယ်သွားလိမ့်မယ်လို့လည်း ကျွန်တော်တို့ မထင်ခဲ့ဘူး။ ဒါပေမယ့် ကျွန်တော့်ကို ပံ့ပိုးပေးတာက ပဋ္ဌာန်းပါပဲ။ ပြီးတော့ ကျွန်တော်အမျိုးသမီး၊ သားသမီးနဲ့ ညီ၊ ညီမတွေကအစ မိတ်ဆွေသူငယ်ချင်းတွေရောပေါ့လေ။ လှူချင်တယ်ဆို မိသားစုက တက်ညီလက်ညီ စိတ်ပါရှိတယ်။ ဒါတော့ မထည့်ပါနဲ့၊ ကုန်သွားလိမ့်မယ်လို့ မတွန့်ခဲ့ဘူး။ စိတ်တူသဘောတူဖြစ်ခဲ့လို့ အခုလို ပီတိဖြစ်တာပေါ့။

ဆန္ဒရှိမယ်ဆိုရင် ကြိုးစားပါ။ ကျွန်တော်က ဘယ်သူ့ကို နည်းယူသလဲဆိုရင် သီဟသုမမ္ဗသိင်္ဂီ ဒေါက်တာဦးကျော်ဝင်း(ရတနာပုံမြို့တည်နန်းတည် သတ္တဋ္ဌာနအနက် မီးလောင်ပျက်စီးခဲ့သောပိဋကတ်တိုက်၊ သိမ်တော်စသည်များကို ကျပ်သိန်းပေါင်း သောင်းဂဏန်းများစွာဖြင့်အသစ်ပြန်လည်တည်ဆောက်လှူဒါန်းခဲ့သူ) ကိုပေါ့။ ကျွန်တော် ဗိုလ်ကြီးဘဝတုန်းက သူက ဒု-တပ်ကြပ်ပါ။ သူက စက်ဘီးလေးနဲ့ လက်ဖက်ခြောက်လိုက်ရောင်းလိုက်နဲ့ ဝင်ငွေရှာတယ်။ တနင်္ဂနွေနေ့ဆို ဘိုးဘွားရိပ်သာမှာ ဘိုးဘွားတွေကို ထမင်းကျွေးတဲ့အချိန် ကျွန်တော်တို့ကို ဖိတ်တယ်။ ဘေးကနေပြီး ဘိုးဘွားတွေရဲ့ သာဓုသံကို နားထောင်ပေးစမ်းပါတဲ့။ အဲဒီမှာ ကျွန်တော်လည်း သူ့ကိုအားကျတာ။ သူ့တော်င်မှ ဒီလိုလုပ်နိုင်ရင် ငါလည်း ဘာလို့မလုပ်နိုင်ရမှာလဲ၊ ယှဉ်ပြိုင်ချင်စိတ်တော့မဟုတ်ဘူး။ အားကျတဲ့စိတ်ဖြစ်လာတဲ့အခါ ကျွန်တော်တို့လည်း ကိုယ်

တတ်စွမ်းသမျှတော့ အလှူလုပ်ခဲ့တာ...
လုပ်ပေမယ့် လူမသိသူမသိနဲ့ပါပဲ။ ...
ထက်ငယ်၊ ကိုယ့်လက်အောက်...
မယ့်လည်း ဆရာတင်ရတာပါပဲ။ အား...
ပြီး အတုယူရတာပေါ့'

□ အကြောင်းကြောင့် အကျိုးဖြစ်

ဓမ္မဝါဒီကျောင်းဆောင်ရေစက်...
ကံထပ်နှင့် ရှင် (၁၀၈) ပါး အလှူ...
နှင့်အတူ သံဃာတော်များအား ...
ခဲဖွယ်၊ ဘောဇဉ်၊ သင်္ကန်း၊ ဆေးပ...
အစရှိသည့် လှူဖွယ်များဆက်ကပ်...
တို့ဖြင့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး...
ပစ္စည်း (၄) ပါး အလှူတော်ကြီး...
ဖြစ်ပါသည်။ အလှူတော်တွင် ပရိသ...
ထောင်ဂဏန်းကျော်ကို ထမင်း...
ချောင်းစီး တစ်သောင်းခရီးက ကြ...
အောင် မောင်းတီး၍ ရက်ရက်ရော...
ကျွေးမွေးဧည့်ခံခဲ့သည်။ လှူဒါန်းသူ...
မှာ လှူနိုင်ရတဲ့အကြောင်းရှိတာမို့ ...
ရရှိလာတာတွေထဲကနေ (၁၀)ဖို့ (...
ကို စုဆောင်းလှူဒါန်းသကဲ့သို့ နည်း...
ကောင်းများကို အတုယူကျင့်သုံးနိုင်...
အကျိုးများကြမည် ဖြစ်သည်။

ယခု ကျွန်တော်ရောက်...
မိုးကုတ်ကား ဒေသခံများ တနိုင်...
စီးပွားရှာထွက်နေကြသည်။ အိမ်...
အမျိုးသမီးနှင့် သားသမီးများသာ ...
ခဲ့သည်။ ရွာနေပြည်ထိုင်ကား လူ...
များသာ ဖြစ်ပါ၏။ ယနေ့မိုးကုတ်...
စီးပွားရေးတွင် ကြီးမားသောအ...
ဖြစ်ပေါ်ပြောင်းလဲသော်လည်း ...
တရားထက်သန်မှုတွင် မပြောင်း...
နေသေးသည်ကိုမူ ဝမ်းသာပီတိဖြစ်...
၏။

ဧပြီ ၄ ရက်နေ့မှာ အလှူ...
ပွဲဧည့်ခံတဲ့ JOKER အဖွဲ့၊ (၅) ရက်...
FIVE STAR အဖွဲ့တို့ကို မကြည့်...
တော့ဘဲ မန္တလေးသို့ ပြန်ခဲ့ကြ...
ကားရေဆူခြင်းကို ဝပ်ရှော့တွင် ...
တိုင်းကျပြင်ခဲ့ပါသော်လည်း ကျွန်...
တို့ကားမှာ ဒုံရင်းဒုံရင်းအတိုင်း...
ထို့ကြောင့် လမ်းတစ်လျှောက် တွေ့...
ရေအိုင်တိုင်းတွင် ရေခပ်၍ဖြည့်ခဲ့...
ဗေဒါရီမပါသော ကျွန်တော်တို့...
ယောက်သားခမျာ ရေဘူးတွေကို...
လိုက်၊ ရေတိုင်ကီထဲကို...
လှုပ်ရှားခဲ့ကြတာများ ...
ယိမ်းကနေသလိုပင်ဖြစ်ပါ၏။

ကိုညီ...



www.burmeseclassic.com

www.burmeseclassic.com

# နေဝိဇ္ဇာ
# နာမည်များနှင့်ဗေဒင်းခုံခြင်း
(၁၃)

**အာရုံပျော်သောနာမည်များ**

သည်နေ့ အရင်ရက်တွေက နိစ်စံနဲ + ကာရကအတွဲဝေဖန်တာတွေကို တွေ့မကြာသေးခင် အခါပိုင်းပြော ခဲ့တဲ့ သူတို့ဇာတာခွင်နဲ့ နှိုင်းယှဉ်ပြပုံ အကြောင်းဆက်ကြရအောင်။ တချို့ကို တော့ အဖွတ္တာ၊ ဗဟိဒ္ဓတိုင်ထုပြပြီး မထူး ခြားရာတော့ ဗဟိဒ္ဓတိုင်တစ်ခုတည်း ကြဲဆ ဟောမှုပြုပါ့မယ်။

မွေးနံ၊ နာမည်ထပ်တူကျခြင်း၊ ကွဲ နေခြင်းက ပဓာနမကျပါဘူး၊ နှစ်သက် ရွေးချယ်ပိုင်ခွင့်ရှိတယ်လေ။ ကံကြမ္မာ ကြောင့် ဘယ်သူမှစိတ်ကြိုက်ရွေးချယ်ခွင့် ရှိပါဘူး။ ဖြစ်ချင်တိုင်းမဖြစ်၊ ချစ်ချင်သူ လည်းမချစ်၊ လက်မခံချင်ပေမယ့် ရယူ ရတွေ၊ သုခတွေ၊ ဘဝရဲ့နိမ့်၊ မြင့်တွေ ကို နာမည်နဲ့ အကြောင်း၊ အကျိုးရှာပြီး ချိန်ပဲတတ်နိုင်တာကိုး။ ပြုပြင် ဆင်ခြင် မှာ နာမည်ရှင်ရဲ့တာဝန်။

ကဲ - ပထမဆုံး သည်မိန်းကလေး အတာနဲ့ရှာကြည့်ကြစို့။ နာမည်အသံ ထွက်တော့လွှဲထားတယ်ဆိုတာ သဘော ပေါက်ထားပါ၊ အက္ခရာတော့ အမှန်။

ဟောသောနေ့ - ဖေဖော်ဝါရီလ၊ ၂၀၁၄။

မခိုင်ဖူးမွန်ငွေး၊ ၁၃၅၂ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ နေ့ ၂း၁၀ အချိန်၊ တနင်္လာနေ့။

၁-ကြွင်း ပုတိဖွား၊ အာရုံက အရော အနှော မိဿကအာရုံရှင်။

သူမရဲ့ မိခင်နဲ့အတူလာပြီး-

"ခရီးဝေးသွားပြီး အလုပ်လုပ်ဖို့ စီစဉ်ထားပါတယ်။ ကောင်း၊ မကောင်း ကြည့်ချင်လို့ပါ ဆရာ" တဲ့။

မိခင်နဲ့တော့ငါသိနေသားပဲ။ သမီး ဟာ မြို့ကြီးတစ်မြို့ရှိ ပုဂ္ဂလိကကုမ္ပဏီ တစ်ခုမှာ လစာငွေကောင်းကောင်းနဲ့ အဆင်ပြေနေကြောင်းတွေပါ အရင်က ပြောပြဖူးခဲ့လေတော့ အဲဒါ ခုပါတဲ့သမီး ဆိုတာ ငါသဘောပေါက်လိုက်ရင်း ကိန်း စဉ်ကိုရေ့လာလိုက်တော့။

ခိုင်-ဖူး-မွန်-ငွေး နာမည်ဆိုးအား ၁၁ သာမိ၊ ဩကာသ၊ တိုင်ခြေရှိ ဝ၁ အာလုတ်တို့ အကုန်အနိဋ္ဌဖြစ်နေပါ ပကော။ ခရီး+အလုပ်+ လက်ရှိရပ်တည် မှုအလုပ် ဒီသုံးချက်နဲ့နာမည်ကာရကဆီး သုံးချက်ညီရတော့မယ်။ သွားမယ့်ခရီး ဗြိုဟ် ၆၀ သုတ၊ ကံနဲ့တိုင်ထိပ်ဆိုမှုဖြင့် သွားဖို့သိပ်ခိုင်မြဲနေပြီ။ ဖြစ်ဆဲ၊ ကြုံဆဲ ဝင်ကံမို့ ဒါ ခိုင်ဖူးမွန်ငွေးရဲ့ ပကတိ အနေအထား။ ဟုတ်ပြီ၊ သွားအောင် ဘယ်အရာကစေ့ဆော်သလဲ ရှာတော့။

တိုင်ခြေ ဝ၁ အာလုတ်၊ နောက် တန်းကပ် ၄၅ ကရိုဏ်း၊ ဒီကရိုဏ်းဟာ ကောင်းအား ၆ နဲ့ အများဆုံးနော်။ တနင်္လာသမီးရဲ့တနင်္ဂနွေဘင်အနိဋ္ဌသက် ရောက် + ဗုဒ္ဓဟူးမရဏအနိဋ္ဌဗြိုဟ်အိပ် စတင်ရာ အသက်ပိုင်းဖြစ်လေတာ ကြောင့် ဒီ ၄၅ ကရိုဏ်းက တကယ်ပဲ ဇာတာရှင်အတွက် ကောင်းကျိုးပြုမတဲ့ လား။

ဒီတော့ အာလုတ်နဲ့ကရိုဏ်းတွဲစပ် စဉ်းစားကာ စနေဟာ ပြည်ပ၊ လူမျိုးခြား ပရိယာယ်ရှိနေတာမို့ -

"ပြည်ပရှိသူငယ်ချင်းတွေနဲ့အတူ အလုပ်သွားလုပ်ဖို့ခရီးထွက်ချင်တာလား"

လို့ ငါကစူးစမ်းရင်း ပုစ္ဆာဖြေခိုင်း လိုက်တော့ ဝမ်းသာအားရနဲ့ -

"ဟုတ်ပါတယ်ဆရာ၊ သူငယ်ချင်း တွေက အဆင်ပြေတယ်၊ change ခဲ့ တော့ဆိုလို့ မကြာခင်ဗီဇာကျတာနဲ့သွား မှာပါ"

တဲ့။

အားလုံးရှင်းသွားပါပြီ။ ဒါကြောင့် ခပ်တိုတိုနဲ့-

"သွားတာတော့ သွားရလိမ့်မယ်။ သေချာပေါက် သူငယ်ချင်းတွေထံက အလုပ်ရမယ်။ ကိုယ်တတ်ထားတဲ့ပညာနဲ့ ဆက်စပ်ရာမှန်မှကောင်းမယ်။ အဲဒီလို မဟုတ်ရင်တော့ အလုပ်အဆင်မပြေ နိုင်ဘူး။ စိတ်ညစ်ရမယ်။ သူငယ်ချင်း စကားဟာယုံလို့မရဘူး"

လည်း ဟောလိုက်ရော အထင် သေး၊ ဒေါသစွတ်မျက်နှာနဲ့-

"သမီးသူငယ်ချင်းတွေက ညာစား တတ်သူတွေမရှိပါဘူးဆရာ" တဲ့။

သည်နေ့ ဧပြီလ ၂၅ ရက်နော်။ ခုချိန်ထိ ဟိုမှာအလုပ်မရသေးဘူး။ သူငယ်ချင်းတွေစုငှားနေတဲ့ အခန်းထဲမှာ နေရင်း သူတို့တွေကအင်တာနက်ထဲက နေ ကုမ္ပဏီတွေရဲ့အလုပ်ခေါ်ကြော်ငြာ ကြည့်ရှာကြသတဲ့။ ဟိုရောက်မှသူငယ်

**နာမည်နှင့် ခရီး**

| | | |
|---|---|---|
| ၂ | ၆ ၀ - | ကံ၊ ၂ကောင်း (ရှိ) (၃) အမှန်ပင် ခရီးဝေးသွားခဲ့ရာ |
| ၅ | ၅ ၆ - | ဩကာသ၊ ၄ ဆိုး (မဲ့) ဖူးမွန် (၅) (ရှိရင်းစွဲအလုပ်လည်းထွက်ရ၊ ပညာနှင့်မဆိုင်သော) |
| ၁ | ၄ ၅ - | ကရိုဏ်း၊ ၆ ကောင်း (မဲ့) (၁) ပြည်ပရှိသူငယ်ချင်းများမှခေါ်၍ (အားကျသဖြင့်) |
| ၄ | ၃ ၄ - | အပါဒါန်၊ ၂ ကောင်း (ရှိ) |
| ၀ | ၂ ၃ - | သာမိ၊ ၅ ဆိုး (မဲ့) ခိုင်၊ (၄) လက်ရှိငွေကုန် အလုပ်တန်းမရဘဲ ယောင်တင်နေကာ |
| ၃ | ၁ ၂ - | ကတ္တား၊ ၁ ကောင်း (မဲ့၊ ရှိ) (၆) အလုပ်ကိုဝင်ချင်ကဝင်-သို့မဟုတ် ဗီဇာစေ့သော် ၄ာနေ၍သား |
| ၆ | ၀ ၁ - | အာလုတ်၊ ၂ ဆိုး (မဲ့) ငွေး၊ (၂) (ပြည်ပထွက်ခွာရန် ဆုံးဖြတ်လျက်) (၇) ပြန်လာနိုင်။ |



www.burmeseclassic.com

www.burmeseclassic.com

ချင်းတွေလည်း အလုပ်လျှောက်ပြီးရကြတာဆိုပဲ။ ငါတော့နားမလည်ပါဘူး၊ နားလည်တာက လူလိမ်ထိခံရ၊ လူတွေ (သူငယ်ချင်း) ယုံမရတာကိုပေါ့။ ဒီအကြောင်းတွေသိတာက သူမိခင်ရင်ဖွင့်ပြောပြနေလို့ပါ။

၁ ကြွင်း ၂၄-နှစ် တနင်္လာရှင်အားလုံးလိုလို အလုပ်ပြောင်းလဲလုပ်ခြင်း၊ ငွေစုငွေရင်းဖြင့် အကျိုးတူပူးပေါင်းအလုပ်သစ်စခြင်း၊ လက်ထပ်ကပြဿနာကြုံခြင်း၊ ချေးငှားကိစ္စကြောင့် အမှုကြုံခြင်း၊ လူလိမ်လူညာထိခြင်း၊ နေရာ၊ အိမ်သို့ဒုက္ခဝင်ခြင်းတွေပေါ် တတ်ရာအသက်ပိုင်းဖြစ်တတ်တယ်။

ယခု ခိုင်ဖူးမွန်ဌေး 'ခိုင်' မွေးနံ့တူအစအကျရာ၊ ၂၃ နိစ်ခံ၊ သာမိနဲ့ ဆိုးအားငါးရှိနေတာမို့ စုထားတဲ့ငွေကုန်၊ ရှိရင်းစွဲနေရာ ဖယ်ကြဉ်ကပ်ဂြိုဟ်မရဏကပြန်ဝင်ရောက်လာတော့ အခြေပျက်ရန်သောကများအောင်ပို့နေပြီ။

'ဖူး၊ မွန်' နှစ်ခုထပ်ကြာသပတေးနေတာက ၅၆ ပြခွင်၊ ဩကာသနဲ့ကပ်ဂြိုဟ် သောကြာ ကိစ္စ၊ အဆိုး ၄ အား၊ အဆိုးမှအကောင်းဖြစ်စေမယ့် အနေအထားမဖြစ်လာဘဲ ကောင်းနေတဲ့တည်ရာမှီရာဌာန၊ ဘွဲ့နဲ့ပတ်သက်တဲ့အလုပ်၊ ရင်းနှီးထားရာတွေ အိမ်၊ မိသားစုအရေးကောင်းတွေ၊ အသိဉာဏ်ကောင်းတွေအားလုံးဟာ ဩကာသနေရာလွှဲချက်ကြောင့် ဌေး- ၀၁ တိုင်ခြေ၊ အာလုတ်ထံပို့ဆောင်သွားပြန်ရော။ ဒီတိုင်ခြေဂြိုဟ်ကစပြီး တိုင်ခြေနာမည်အဆုံးဓာတ်သက်ကူးခံရမှုပေါ့။ အိမ် + အလုပ်ပရိယာယ်ရှိရာ ၁၂ ကတ္တားကို ခိုင်+ ဌေး (၂၃+ ၀၁) နာမည်ညှပ်ပိတ်ထားတဲ့အတွက် ၁၂ က သိပ်ဝေဖန်စရာမလိုတော့ပါဘူး။ အလိုလိုအဆိုးထဲပါသွားပြီ။

ဟုတ်တယ်၊ ပြည်ပကိုထွက်ခွာချင်အောင် ခိုင်ဖူးမွန်ဌေးရဲ့စိတ်ကို တန်းကပ် ၄၅ အတွဲ ၆ ကောင်းအားနဲ့ လှုလှုပပဝင့်ဝါနေတာကြောင့် အားကိုး၊ ယုံကြည်၊ အားကျစိတ်နဲ့ လက်တွဲလိုက်တာကစတဲ့ စနေအစ၊ စနေနိဂုံးဆိုလည်းမမှားပါဘူး။ အာလုတ်နဲ့စနေတွဲပြီဆိုမှဖြင့် ပြည်ပကိုအလုပ်ကိစ္စရှာသော်လည်း ဟိုဟာကောင်းနိုးနိုး၊ သည်ဟာအဆင်ပြေနိုးနိုး အာလုတ်ရဲ့စရိုက်အတိုင်း လည်နေဦးမယ်။

**(နာမည်နှင့်အညီ)**

နာမည် - သက်နိုင်စိုး။

မွေးသက္ကရာဇ် - ၁၃၃၃ ခုနှစ်၊ သီတင်းကျွတ်လကွယ်၊ တနင်္လာနေ့၊ နေ့ ၁၂း၄၁ မိနစ်အချိန်။

၃ ကြွင်း အထွန်းဖွား ဇေယျနာမည်ကို အင်္ဂဝိဇ္ဇာတိုင်စဉ် ပဥ္စပွတ်၊ ဆပွတ်နဲ့အညွန့် တွဲစပ်အမည်ရှင်၊ နာမက္ခရအလိုတော့ ဇောက်ထိုးကျ၊ မရဏ (ကိစ္စ)၊ အဓိပတိ (ဗျယ)၊ ဘင် (မရဏ) အနိဋ္ဌ၊ မွေးသက္ကရာဇ်လည်း အနိဋ္ဌအားများနေသူပါ။

အထွန်းဖွားတွေ အင်္ဂဝိဇ္ဇာနာမည်ပေးကြပြီဆိုလျှင် ဆန့်ကျဉ်ဘက်ပဋိပက္ခဒဏ် ခုနစ်နှစ် တစ်ကြိမ်ကျခံရစမြဲပါပဲ၊ သုံးကြွင်းဇေယျတိုင်ထူကြည့်လေ။

**ဇေယျတိုင်**

| | |
|---|---|
| ဇေ | (၂)- မွေးနံ |
| ၀ | ၅ - |
| လာ | ၁ - |
| ဒွ | ၄ - |
| ဗျ | (၀)- နိုင် |
| မ | (၃)- စိုး |
| ကိ | (၆)- သက် |

မွေးနှစ်အစ ၁၃၃၃၊ ၁၃၄၀၊ ၁၃၄၇၊ ၁၃၅၄၊ ၁၃၆၁၊ ၁၃၇၅ နှစ်တို့အရွတ္တ၊ ဗဟိဒ္ဓတိုင်တွေကို မွေးနံထိပ်၊ နာမည်နောက်ပိတ် ကောင်း၊ ဆိုး အားပြိုင်လေ့ရှိတယ်။ အရှုံး၊ အနိုင်အာရုံများရာဘက်သို့ပါလိမ့်မယ်။ ၁၃၇၅ ခု၊ ကဆုန်လပေါ်ခဲ့စဉ် သူ့အသက်က (၄၁) နှစ်နှင့် (၆) လအတွင်း နှစ်တိုင်ထူပြပါ့မယ်။

| | | |
|---|---|---|
| (၂) | ၁ ၅ | -ကရိုဏ်း၊ ၇ ကောင်း(ဩကာသ) |
| ၅ | ၀ ၄ | -သမ္ပဒါန် (မွဲ)၊ (နိုင်) (ကရိုဏ်း) |
| ၁ | ၆ ၃ | -သာမိ (မွဲ)၊ (သက်) (ကံ) |
| ၄ | ၅ ၂ | -ကတ္တား၊ ၆ ကောင်း (သမ္ပဒါန်) |
| (၀) | ၄ ၁ | -အာလုတ် (မွဲ)၊ (သာမိ) |
| (၃) | ၃ ၀ | -ကံ၊ ၅ ဆိုး၊ (စိုး) (အပါဒါန်) |
| (၆) | ၂ ၆ | -ဩကာသ၊ ၈ဆိုး (မွေးနံ)၊ (ကတ္တား)(နာမည်ကာရကစရာ) |

အရွတ္တ၊ စနေဂြိုဟ်အိပ်

နာမည်နဲ့ မွေးနံမတူတဲ့သူတွေကို ကာရကတွဲစပ်တဲ့အခါ နှစ်မျိုးပေါင်းချရမယ်ဆိုတာ ဦးစွာသိထားစေချင်တယ်။ ပထမမွေးနံ တနင်္လာဂြိုဟ်ခွင်အစပြုပြီး ကတ္တား၊ သာမိ၊ သမ္ပဒါန်ဂြိုဟ်ရှစ်ခွင်အစဉ်တိုင်းချသွားတာ၊ ဒုတိယနာမည်ရဲ့ ပထမအက္ခရာရဲ့ နံဂြိုဟ်ကနေထပ်ပြီး အစဉ်လိုက်ချရတယ်။ ယခု တန[illegible] သား တန်းကပ် ၅၂ ကနေ ၂၊ ၃၊ ၄ [illegible] ၅ စတဲ့ ဂြိုဟ်ခွင်အတိုင်းချရတာ[illegible]

နာမည် 'သက်' သောကြာမှ[illegible] ပြီးချပေါ့။ ကတ္တား၊ ငါတို့မြန်မာ့[illegible] ဗေဒင်ပညာရပ်တီထွင်ပေါ်ပြော[illegible] ရှေးခေတ်ဆရာကြီးတွေက လူ[illegible] ယောက် မွေးဖွားလာသည်နှင့် [illegible] အမည်ကိုရှေ့ကထားပြီး မှည့်လေ့[illegible] ပါတယ်။ ဒါက-

၁။ မွေးနံအားထင်ရှားစွာသိစေ[illegible]

၂။ ၎င်းနံအရ စရိုက်၊ ဂြိုဟ်၏ သ[illegible] သဘာဝ အညမညဆောင်[illegible] ရေး။

၃။ မွေးနံရှင်၏ ပင်ကိုစိတ်၊ ဉာ[illegible] ကို အစိုးရရေးတို့ ရည်ရွ[illegible] ခေါ်လေ့ရှိကြတာဖြစ်တယ်။

ယခု မွေးနံနဲ့ နာမည်ကွဲ[illegible] ကြောင့် တနင်္လာအထွန်းစရိုက်[illegible] သောကြာ့မရဏစရိုက်ဆိုးက ငါ[illegible] ရာခိုင်နှုန်းပါနေပြီလေ။ ပင်ကိုတန[illegible] အားနည်းသွားတာအမှန်ပဲ။ ဒါတ[illegible] နံနှင့်နာမည်မညီညွတ်ခြင်းရဲ့အ[illegible] ကြုံလို့ပြောပြတာပါ။

နောက်တစ်တိုင်မထူပြခင် '[illegible] နိုင်စိုး' ဗျုပ္ပတ်ရှာ၊ ဓာတ်၊ ရန်၊ မိ[illegible] ရအောင်။ 'သက်' ဒီအက္ခရာက [illegible] လိုနဲ့ရှုပ်နေတယ်။ အသက်, သက်[illegible] ပါဘူး၊ အသက်ကိုရှေ့က အ[illegible] သက်တစ်လုံးတည်းနဲ့ နေလို[illegible] အသက်ကတွဲလျက်နာမ်ဖြုတ်လည်း[illegible] က လူသက်၊ နတ်သက်ရှိရဲ့။ 'မြ[illegible] သက်၊ ရော်ရင့်ရွက်သို့. . .

ရှေးကဗျာတွေစပ်လေ့ရှိတဲ့ 'သ[illegible] အောက်ကျခြင်း၊ ရွေ့လျားခြင်း၊ [illegible] ရွေ့ခြင်းအဓိပ္ပာယ်ပဲ။ မြတ်စွာ[illegible] ရှင်သည် တာဝတိံသာနတ်နန်း[illegible] ကြငှန်းမှ လူ့ပြည်သို့ ဆင်းသက်[illegible] လေ၏တို့၊ ခါးသက်သက်အ[illegible] ရှိတဲ့ 'သက်' ပေါ့။ ဒါကြောင့် [illegible] သိပ်အဆင်မပြေချင်ဘူး။ [illegible]

'သက်ပိုင်စိုး' သက်နိုင် (သုတ) [illegible] သက်စိုး (သားဆွေ) ပြင်မိတ်[illegible] ပြင်ရန်တုဖြစ်နေလေရဲ့၊ အပြင်[illegible] ဒဏ်ကြောင့် သက်ဆင်းပြီး [illegible] သက်ဖြစ်၊မဖြစ် ဗဟိဒ္ဓတိုင်ထူ[illegible]

အင်္ဂါ ဘင်ဂြိုဟ်+ဌေး[illegible] ဓာတ်ရန် ပြီး တနင်္လာ[illegible] သ[illegible] ရဲ့နာမည်မှ နိုင်,ဂြိုဟ်အိပ်+ [illegible] ရောက်လို့လည်း ယူနိုင်တယ်။ [illegible] နော်။ ဒီဝေဒနာဖြစ်မယ်ဆိုတာ [illegible]





www.burmeseclassic.com

www.burmeseclassic.com

| | | | |
|---|---|---|---|
| ၂ - ဇ | ၀၆ | - ဩကာသ(မဲ့)(နိုင်) | (နာမည်ကာရကစရာ)(ကတ္တား) |
| ၅ - ဝ | ၆၅ | - ကရိုဏ်း၊ ၃ကောင်း(သက်) | (ဩကာသ) |
| ၁ -လာ | ၅၄ | - သမ္ပဒါန်၊ ၃ကောင်း | (ကရိုဏ်း) |
| ၄ - ဒ္ဓ | ၄၃ | - သာမိ၊ ၁ဆိုး | (ကံ) |
| ၀ - ဗျ | ၃၂ | - ကတ္တား၊ ၂ကောင်း (စိုး) | (သမ္ပဒါန်) |
| ၃ - မ | ၂၁ | - အာလုတ်၊ ၁ ဆိုး၊ မွေးနံ | (သာမိ) |
| ၆ - ကိ | ၁၀ | - ကံ၊ ၆ ဆိုး | (အပါဒါန်) |

**မဟာဒ္ဒတိုင် အင်္ဂါသက်ရောက်**

ထားရာဂြိုဟ်ကြည့်မယ်။ မွေးနံတနင်္လာ ၆၊ တိုင်ခြေ ၂၁၊ တိက္ခနိစ် ၉၊ အား အနိဋ္ဌ၊ ကတ္တား၊ အာလုတ်၊ ဩကာသ။

ကိုမေးလိုက်မိတယ်။

"ငါ့တူ သည်ပြီးခဲ့တဲ့ ငါးလခန့်က နေ အမျိုးသမီးတစ်ဦးနဲ့ အကျိုးတူမြေ

တောင်းပြီးချေပြ၊ ပြုကြရုံနဲ့ အားလုံး ကောင်းသွားပါသည်လို့ မှတ်ယူကြသူ တွေအများသား။ ဘယ်ရမလဲကွာ။ ဖြစ်ခဲ့ ရာကိုလည်း ကိုယ့်ရဲ့စရိုက်၊ စာရိတ္တ အမှားကနေ ဇွတ်တိုးလုပ်ခဲ့ကြတာပဲ။ ဖြစ်လာတော့မယ့်အရေး သိရရင်ပြင် လေ၊ ရှောင်လေ၊ ဆက်မမှားအောင် စိတ်ထားပြင်၊ အိမ်မှာမြဲနေ၊ ဇနီးကိုအမှန် ဝန်ခံပြုပေါ့၊ ကတိပေး။

ဒါက အထိရောက်စွမ်းအားမြင့် ယတြာပဲ။ ဗေဒင်၏ အနှစ်သာရသည် ယတြာဆိုတာက လူတစ်ယောက်ရဲ့

| | |
|---|---|
| နာမည် သက် | - ၆၃ တန်းကပ်၊ ၆၅ ပြ၊ ၃ အား ဣဋ္ဌ၊ သာမိ၊ ကမ္မ၊ ကရိုဏ်း၊ ဩကာသ၊ |
| နာမည် နိုင် | - ၀၄ ပြ၊ ၀၆ ထိပ်၊ ကောင်း၊ ဆိုးမဲ့၍ နေဝဏ္ဏဣဋ္ဌအနိဋ္ဌ၊ သမ္ပဒါန်၊ ကရိုဏ်း၊ ဩကာသ၊ ကတ္တား၊ |
| နာမည် စိုး | - ၃၀ တိက္ခနိစ်၊ ၃၂ မန္ဒနိစ်၊ နှစ်ခုပေါင်း ၅ ဆိုး ၂ ကောင်း၍ ၃,အနိဋ္ဌကျန်၊ ကံ၊ အပါဒါန်၊ ကတ္တား၊သမ္ပဒါန် |

စုပေါင်းသော် ဘာဖောင်း၊ ဆိုးမှ အားမရှိတော့ဘူး။ သူ့ဇာတာကို ငါစကြည့် တော့ စိတ်ဝင်စားမိတာ စနေပါပဲ။

၁။ မွေးနံမှ လေးခွင်မြောက်ဘုမ္မိဂြိုဟ်၊

၂။ ၎င်းစနေသည် မူလ တနင်္လာရဲ့ ပြဿနာစတင်ခြင်း၊ အားထုတ်ခြင်း၊ အမှုသစ်၊ အလုပ်သစ်စတင်ခြင်း၊ လှုပ်ရှားဆဲရှိခြင်းသဘော ဆောင် ကမ္မကံကာရက။

၃။ ၎င်းစနေသည် နေဝဖြစ်တာ နာမည်၏အလယ်အကွာရာဖြစ်နေ၊ ဒီသုံးချက်ကို အစကောက်လို့ သူ့ အနာဂတ်မှန်းမျှော်ကြည့်မိတယ်။

သက်နိုင်စိုးရဲ့ဇာတာကို ငါမန္တလေး အင်္ဂရတ်ဆရာကြီးဦးအာကာအိမ် ည်းနေခိုက် ကြည့်ခဲ့တာပဲ။ သူက နာတွေ အရောင်းအဝယ်လုပ်ပြီး ှားရှာနေတာကြောင့် ပြည့်စုံတယ်။ တစတိုးဆိုင်ပိုင်ရှင်။ အတွင်းရေးက သောကဟူသမျှ မြူတစ်စပင်မရှိသူ ဆိုနိုင်ပါတယ်။

စနေဂြိုဟ်စိတ်ဝင်စားရင်း ကျန် တွေဘက်လှည့်ရှာမိတဲ့အခါ အင်္ဂ ရဲ့တန်းကပ် ၅၂၊ ၆ အားကောင်း၊ ဒ်တိုင်တန်းစီးမှာ ၅၄၊ ၃ အား ာင်းသွားတွေ့တယ်။ ဒါက စနေရဲ့ မြောက်ပေးရာ တွန်းအားလို့မြင်ရင်း သပတေးနံတွေဖြစ်တဲ့ ပတ္တမြား၊ မြ၊ ကြီး မြေယာ၊ မိန်းမ၊ အင်း . . မိန်းမ တိုင်မှာ ဇေယျကပ်၊ ဗဟိဒ်တော့ နောက်သမ္ပဒါန်ကာရက အကူအ ောင်း၊ ဆက်ဆံရေးချောမွေ့ လုပ် တင့်တယ်၊ ဒီအထဲ ကိုယ်တိုင်စတင် စေတဲ့ ကတ္တားကပါနေတာမို့ သူ့

ယာ၊ အိမ်မြေ စတဲ့ ဘက်ပူပေါင်းပြီးလုပ် နေတာရှိခဲ့လား"

"ဟုတ်ကဲ့ နည်းနည်းပါးပါးတော့ လုပ်ထားမိပါတယ်"

"အေး-သူ့အဖြေနည်းနည်းပါးပါး ဆိုပေမယ့် ငါအမြင်တော့ အဲဒါရောမ ကြီးဖြစ်နိုင်တယ်။ ကပ်ဂြိုဟ် ၆ ကိစ္စက ဆန့်ကျဉ်နေရာကို အပိုင်စီးထားပြီလေ၊ စပြီပေါ့။ အပျော်နှင့်အဖော် မလျော်ရာ ယိမ်းဖို့က ၅၂ နှင့် ၅၄ တို့ အသက်ဝင် သွားကြရော"

"ဒါဆို ၆၃ နှင့် ၆၅ ရှိ အိမ်သူ သက်ထား သာမိသခင်ကာရကနဲ့ အတွင်း အမာခံဩကာသတို့ သတင်းစကားသံ။ ဒါမှမဟုတ် ကိုယ်တိုင်ကိုယ်ကျသိခဲ့သည် ရှိသော် ကံ + အပါဒါန်အတိအနိဋ္ဌဝင် အိမ်ထောင်ရေးမုန်တိုင်းဝင်ပြီပေါ့။ ဝင် ရန် သေချာသလောက်ပဲလေ။ ဟိုအရင် ကာရကနဲ့ပတ်သက်တာတွေ ရှင်းပြခဲ့စဉ် အန္တောခာတ်ရဲ့အနိဋ္ဌဝင်က တစ်နည်း နည်းနဲ့အိမ်ထောင်ရေးပေါက်ကွဲမှု၊ သစ္စာ မဲ့မှုလည်း အကျုံးဝင်ကြောင်း ပြောခဲ့ပါ တယ်။ ဒါလည်း ကပ်ဂြိုဟ်စနေဆိုတော့ ဖြစ်နိုင်သွားပြီး အင်္ဂတိုင်နိစ်ကြီးရှိ ၃၀၊ ၅ အားဆိုး၊ ဗဟိဒ်မှာ တိုင်ခြေ ၁၀၊ ၆ အဆိုး စုပေါင်းမှာ ၁၁ အားတောင်ရှိနေ ရဲ့။ ဒါကို ကံနဲ့ အပါဒါန်ဝင်နှောင့်နေပြီ မဟုတ်လား။

ပြောခဲ့၊ ဆုံးမခဲ့ပါတယ်။ ယတြာ ချေရအောင် အကြံပေးပါတဲ့။

ဩော် - ဆေးဆရာထံက ဆေး တောင်းပြီးသောက်ရင် ရောဂါပျောက် စေနိုင်ပေမယ့် ဗေဒင်ဆရာထံက ယတြာ

ဖြစ်လာမယ့်အရာဆိုးတွေကို အားပေး၊ အားမြောက်ပေးတတ်သော ဂြိုဟ်ဆိုး၊ ကာရကဆိုးတွေရဲ့စရိုက်၊ လက္ခဏာ မဝင်ခံနိုင်အောင် ကာကွယ်ထိန်းသိမ်း ခြင်းစစ်စစ်ပါ။

တစ်လောလေးကမှ သက်နိုင်စိုး ရဲ့ဇာတ်လမ်းအဆုံးပိုင်းကြားခဲ့တယ်။ ၄၂ နှစ်ရဲ့နှစ်လရောက်မှာပဲ လင်မယားကွဲ ကြသတဲ့။ ဇနီးကမှာနခဲ၊ လင်ရဲ့သတင်း တွေစတင်သိရကတည်းက သတိပေး ထားတယ်ဆိုပဲ။ တစ်စတစ်စအနံ့တွေ လိုင်လာတော့ ကိုယ်တိုင်လင်ရှိရာကို တိတ်တဆိတ်စုံစမ်းကြည့်ခဲ့စဉ် ပက်ပင်း ကြုံရရော။

**နာမည်နှင့်ထီ**

**ဗုဒ္ဓဟူးဂြိုဟ်ဘက်အိပ်+သောကြာဂြိုဟ်သိုက်သက်ရောက်**

| | | | |
|---|---|---|---|
| ၀ | ၅ | ၁ | - အာလုတ်၊ ၁ ကောင်း၊ ပဒေအာင် |
| ၃ | ၄ | ၀ | - ကံ၊ ၄ ကောင်း၊ လှဒန်း (လား) |
| ၆ | ၃ | ၆ | - ဩကာသ၊ ၅ ကောင်း၊ ဆွေသား |
| ၂ | ၂ | ၅ | - ကရိုဏ်း (မဲ့)၊ ဂမ္ဘော (ကူ) |
| ၅ | ၁ | ၄ | - အပါဒါန်၊ ၆ ဆိုး၊ ပါ-အဉ် |
| ၁ | ၀ | ၃ | - သာမိ (မဲ့)၊ ပါ-အဉ် |
| ၄ | ၆ | ၂ | - ကတ္တား၊ ၄ ဆိုး၊ သောက |

**တနင်္လာသား (၃၉) နှစ်**

၁၃၃၄ ခု၊ သီတင်းကျွတ်လဆုတ် ၈ ရက်၊ တနင်္လာသား ကုလားတဲ့။ အဖေကျတော့ ဦးအောင်ပ၊ သမီးက မတော်ရင်း၊ အငယ်သားတော့ သားဆွေ တဲ့။ ရှားပါးနာမည်ပိုင်မိသားစု။ အဖေ တော့ ရိုးရိုးနာမည်ပါ။ သူတို့အဖေရဲ့ ရွှေ ဉာဏ်တော်စူးရောက်၍ အထူးမြောက် မှည့်ခေါ်ရာတွေလေ။ ကိုနိုးသိပ်မဝေးတဲ့ ရွာတစ်ရွာကပါ။



www.burmeseclassic.com

www.burmeseclassic.com

လေးကြွင်း၊ ရာဇဖွား။ ဒါပေမယ့် နှစ်၊ လ၊ ရက်၊ နာရီ၊ နာမည် အနိဋ္ဌအာရုံတွေပဲ။ ကုလားဝါသနာက ထီလုစဉ်တိုင်းထိုးတယ်။ ထီ၊ မဲနှိုက်၊ ဖဲ၊ ကြွေအန်၊ စတာမှန်သရွေ့ လောင်းကစားနည်းအတွင်းအကျုံးဝင်ရာ အနိဋ္ဌရှာဖွေမှုကြီးပါ။ ကိုယ်ရဲ့ကာယ၊ ဉာဏစွမ်းအားနဲ့ ရိုးရိုးသားသား ကြိုးကြိုးစားစား လုံ့လပြုလို့ ချီးမြှင့်ခြင်း၊ ဂုဏ်ပြုခြင်း၊ ပူဇော်ခြင်းတာရရှိတာဆို ဣဋ္ဌရှာဖွေမှုလို့မှတ်နိုင်ပါတယ်။

လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူရွဲ့စောင်း၊ ကံတစ်ကြောင်းဖြင့် မကောင်းလည်းကံ၊ ကောင်းလည်းကံဟု ကံကိုချည်းသာ၊ မကိုးရာဘူး မဃဒေဝလင်္ကာအတိုင်း ယုံကြည်ထားကအကောင်းဆုံးပါ။

ဦးလေး၊ ကျွန်တော် လူပျိုပေါက်ဘဝကတည်းက ထီထိုးလာခဲ့တယ်။ ဂဏန်းသုံးလုံးတူတာပင် မရှိဖူးဘူး။ ဒီတစ်သက်ကော ပေါက်ကိန်းရှိပါ့မလားတဲ့။ ဒီကောင်က လူအေးပါ။ အိမ်ဆိုင်ဖာလေးနဲ့ မိဘအမွေလယ်သုံးဧကကိုသာ တစိုက်မတ်မတ်ကြိုးစားလုပ်နေတာ။ ကုလားရဲ့ အသက် (၃၈) နှစ် တစ်လစွန်း ကထိန်ရာသီမှာဟောပေးခဲ့ပြီး ကိန်းစဉ်အလိုက် ဆောင်ရွက်ရန် စာရိတ္တယတြာတွေ ချမှတ်ပေးခဲ့တယ်။ ပထမဆုံး ငွေကံ လာဘ်ပွင့်၊ မပွင့် ရှာကြည့်လိုက်လေ။

ထီပေါက်ရန် ယေဘုယျအားဖြင့် ထီဆိုသောစနေနံ၊ ငွေစက္ကူဆိုသော တနင်္လာနံဒီနှစ်ခုကို ဦးစားပေးကြည့်လေ့ရှိကြတယ်။ စနေ၊ တနင်္လာကောင်းသော ငါးကြွင်း၊ သုံးကြွင်းဖွားတွေရော့တော့ ထီပေါက်ငွေရကံကောင်းကြောင်း ဣဋ္ဌကြည့်ပြီး ဆိုတတ်ကြတယ်။ တကယ်တော့ လူတိုင်းရပ်တည်မှုကံကြမ္မာက မတူကြပါဘူး၊ ဣဋ္ဌရပ်တည်မှု၊ အနိဋ္ဌရပ်တည်မှုနဲ့ နေ့ဝဆိုပြီးသုံးမျိုးသုံးစား စီးပွားရေးဘက်ရပ်တည်ကြတာပါ။ တစ်နည်းအားဖြင့် သမ္မာအာဇီဝစီးပွားရေး၊ မိစ္ဆာအာဇီဝစီးပွားရေး၊ မိဿကဇီဝစီးပွားရေးပဲပေါ့။

တချို့ နဝင်းနဲ့ မူလမဟာဘုတ် ညှိအဖြေရှာတာလည်းရှိတယ်။ ရှင်းသွားအောင် မူလမဟာဘုတ်ကို အင်္ဂလိပ်၊ နဝင်းမဟာဘုတ်ကို မြန်မာဂဏန်းနဲ့ယှဉ်တွဲပြီး အဖြေပေးပါ့မယ်။

**အနိဋ္ဌကံလာဘ်**

| | | |
|---|---|---|
| | 5၃ | |
| 0၅ | 3၁ | 6၄ |
| 4၂ | 1၆ | (2၀) |

(၁) ကြွင်း

**အနိဋ္ဌကံလာဘ်**

| | | |
|---|---|---|
| | 6၄ | |
| 1၆ | 4၂ | 0၅ |
| 5၃ | (2၀) | 3၁ |

(၂) ကြွင်း

**ဣဋ္ဌကံလာဘ်**

| | | |
|---|---|---|
| | 0၅ | |
| (2၀) | 5၃ | 1၆ |
| 6၄ | 3၁ | 4၂ |

(၃) ကြွင်း

**ဣဋ္ဌကံလာဘ်**

| | | |
|---|---|---|
| | 1၆ | |
| (3၁) | 6၄ | 2၀ |
| 0၅ | 4၂ | 5၃ |

(၄) ကြွင်း

**နေဝကံလာဘ်**

| | | |
|---|---|---|
| | (2၀) | |
| 4၂ | 0၅ | 3၁ |
| 1၆ | 5၃ | 6၄ |

(၅) ကြွင်း

**အနိဋ္ဌကံလာဘ်**

| | | |
|---|---|---|
| | 3၁ | |
| 5၃ | 1၆ | 4၂ |
| (2၀) | 6၄ | 0၅ |

(၆) ကြွင်း

**ဣဋ္ဌကံလာဘ်**

| | | |
|---|---|---|
| | 4၂ | |
| 6၄ | (2၀) | 5၃ |
| 3၁ | 0၅ | 1၆ |

(၀) ကြွင်း

(၁) (၂) (၆) ကြွင်း အနိဋ္ဌ [illegible] ကရောရာပဲ။ အကောင်း၊ အဆိုး [illegible] စလုံးဖြစ်နိုင်ကဲ့ နေ့ဝ (၃) (၄) (၀) [illegible] ရှင်တို့ ဣဋ္ဌလာဘ်။

အနွှော၊ စရေ (မိန်းမ-၁၁- [illegible] ဂဇ္ဈော၊ ဝံသေ (ယောကျ်ား- ၂၅- [illegible] ခာတ်ရဲ့ ပါပ၊ သောမအလိုက် [illegible] ကြပေမယ့် ဆိုပါစို့ အနိဋ္ဌ [illegible] ယောကျ်ားတစ်ယော [illegible] အနွှော [illegible] ကောင်းနေရင်တော့။ တကယ် [illegible] မိန်းမတို့မှန်သမျှ ပါပခာတ် ( [illegible] ရာ) အနိဋ္ဌဘာရင်းသွင်းပစ်ပြီး [illegible]

www.burmeseclassic.com

www.burmeseclassic.com

သက်မဲ့ ခွဲယူတာပါ။ ဣဋ္ဌအားကောင်းနေသော် ဣဋ္ဌ (သောမ-၂၅-၄၆) လည်း အကျိုးပြုပါတယ်။

သုံးတန်ပေါ်နိစ်တိုင် တနင်္လာသားသမီးတို့အတွက် ဘယ်တိုင်စဉ်၊ ဘယ်သက်ရောက်မှ အင္ဂါ ၁၀၊ ဂဗ္ဘော ၂၅၊ ဝံသေ ၄၆ အတွဲတို့ တန်းပေါ်မှာ မရှိဘူး။ တန်းအောက်မှာသာရှိတယ်။ စရေ ၃၈ ဆိုတာက အနိဋ္ဌသက်သက်တန်းအောက်ကိုရှိနေမှ၊ တန်းပေါ်ကျတော့ စရေမဟုတ်ပြန်၊ ၃၄သာဖြစ်နေပြီလေ။

အင်္ဂါသားသမီးတို့လည်း တန်းပေါ်မယ်။ အင္ဂါ ၁၀ တစ်ခုသာရှိနေတယ်။ အားလုံးကျန်တာအောက်မှာ။

ဗုဒ္ဓဟူးဆိုရင် အင္ဂါ ၁၀ မရှိပါဘူး။ ရာဟုသက်ရောက် ဝံသေ ၄၆ ထိပ်ဆုံးကျန်တဲ့ ဂဗ္ဘော ၂၅၊ စရေ ၃၈တို့ နိစ်ဆင်းနေမယ်။

ကြာသပတေးတော့ အင္ဂါအထက်၊ ဝံသေပြခွင်၊ ဂဗ္ဘောနဲ့ စရေတို့ တိုင်ခြေအဆုံးမှာ။

သောကြာ ဂဗ္ဘောထိပ်၊ စရေထိပ်ရှိလည်း ၃၄ ဖြစ်နေပြီ၊ ဝံသေ၊ တန်းကပ်၊ အင္ဂါတန်းအောက် အားလုံး ဣဋ္ဌခွင်တွေမှာ သန့်ရှင်းစွာရှိနေတယ်။ သောကြာသားသမီးတို့ဟာ ဓာတ်တွဲကိုက်ညီနေကြတယ်။ စနေသားသမီးမှာလည်း ဝံသေတန်းအောက်၊ အင္ဂါနိစ်ထဲ ကျန်တဲ့ဓာတ်မရှိဘူး။ တနင်္ဂနွေမှာလည်း ဂဗ္ဘော တန်းကပ်၊ ဝံသေ မန္တနိစ်၊ အင္ဂါ တိက္ခနိစ်၊ စရေ မရှိပြန်ဘူး။

ကဲ - ခု ကုလားရဲ့ဇာတာခွင်ကိန်းရာခွင် ဣဋ္ဌဖွား။ဒါပေမယ့် အနိဋ္ဌအာရုံခင်နော်။ ၄ ကြွင်းဆိုတော့ ဗွေတနင်္လာ+စနေ ၂၀ အတွဲဟာ ရာဇခွင်ဣဋ္ဌဌာနရှိနေတယ်မဟုတ်လား။ တန်းအောက်အဝင်ဌာနမှာ ဂဗ္ဘောဓာတ် ၂၅ ကရိုဏ်းက တပ်ထားပြန်ရဲ့။ ဒါအဓိကသော့ချက်ပဲ၊ ဣဋ္ဌကံလာဘ်အုပ်စုရှင်ပေါ့။

အနိဋ္ဌအာရုံရှင် အနိဋ္ဌယတြာကိုအားပြုချေရလိမ့်မယ်။ ဒီဂဗ္ဘောဓာတ်မှာ တန်းအောက်ကို ဗျာယကပ်ပြီး ဘာအားမှ မရှိဘူး။ အရေးကြီးတာက အဆိုးမရှိဖို့ ဒါကြောင့် ကရိုဏ်းကာရကနဲ့အညီ အထောက်အပံ့အကူအညီကောင်းအကြံ ဆောင်းအဖြစ် -

(က) ကုလားဟာ မဟာဘုတ် ကြွင်း အနိဋ္ဌအာရုံရှင်ဆိုတော့ ပုတီး အတွဲနံ ကြာသပတေး + စနေနံ တဲ့ ပဌာန်း-၂၄ ပစ္စည်းကို နေ့စဉ်သက်စေ့ပုတီးစိပ်စေ။

(ခ) ဂဗ္ဘောဓာတ်နဲ့ တိက္ခနိစ်ရှိပါ အဖွဲ့တွဲ ၀၃ ငွေထီသဘောမြင့်တင်လာစေရန် (၂+၀) သံဃာတော်တွေ အသုံးပြုရာ ကုဋီ (၂+၀) ကို နံနက်တိုင်း သန့်ရှင်းရေးလုပ်၊ ဆပ်ပြာခဲထားခြင်း နိစ္စဘတ်ဝတ်ပြုစေ (ထီ + ငွေ၊ ကုဋီ၊ ကက်ကင်းပြန်ကုသိုလ်)

(ဂ) ငါးပါးသီလကို ရက်ပေါင်း (၇၂) ရက်ခိုင်မြဲစွာတည်စေ။

(ဃ) အိပ်ရာမဝင်မီ ဘုရားရှိခိုးပြီးနောက် မိရိုးဖလာဆိုင်ရာ နတ်တို့ ပ,သရိုးရှိလျှင် ၎င်းနတ်တို့အား အထူးမေတ္တာပို့သ၊ ဆုတောင်းပြီးလျှင် ကျန်အရာများပြုမြဲအတိုင်းပြုစေ (မည်သည့်ပုဂ္ဂိုလ်မဆို နတ်သုံးမျိုးအပေါ် မေ့လျော့၍မရစကောင်း။ (၁) **သမုတိနတ်** - တိုင်းပြည်အုပ်ချုပ်သောသူ၊ (၂) **ဥပတ္တိနတ်**- ပကတိနတ်ဒေဝတာများ။ (၃) **ဝိသုဒ္ဓိနတ်** - မြတ်စွာဘုရား၊ ရဟန္တာ၊ သံဃာတော်များ။ နတ် ဆိုသည်မှာ ပါဠိမှဆင်းသက်လာသောမြန်မာစကားပင်။ **နာထ**- ကိုးကွယ်အားထားရာဟု အဓိပ္ပာယ်ရှိသည်။ ၎င်းနာထပုဒ်ကနေ အဆင့်ဆင့် နာထ၊ နာတ်၊ နတ်ဟုဖြစ်လာခြင်းပင်။)

ဒီစည်းကမ်းတွေကို နတ်တော်လမှစပြီး ကုလားအတွက် ပေးခဲ့ပါတယ်၊ 'လိုက်နာပါ့မယ်' ဆိုတဲ့ ပဋိညာဉ်ပေးကာ အစွမ်းရှိသရွေ့ ဒီကောင်အမှန်ကြိုးစားလုပ်ပါတယ်၊ ထီနံပါတ်လား၊ မပေးခဲ့ပါဘူး။မင်းတစ်သက်ဖြစ်ပျက်ကြုံခဲ့တာတွေထက် အထူးအခြားအိပ်မက်၊ အတိတ်၊ နိမိတ်တစ်ခုခုအာရုံပေါ်လာရာ ဂဏန်းနံပါတ်ကိုသာရွေးထိုးပါလို့ ပြောထားတယ် လေ။

အိမ်ကဘုရားပန်းအိုးမှာ မွေးနေ့တိုင်း သက်ရောက်တိုင်ရှိ တန်းကပ်အင်္ဂါ+တိုင်ထိပ်ကြာသပတေးအတွဲ စံပယ်၊ စိန်ပန်း၊ ဆပ်သွားဖူး စတဲ့ နံ့ပန်း ၆ ခက်၊ ပွင့်ထက်ပိုလှူခိုင်းခဲ့တယ်။ ဒါက ၃၆ ငါးအားကောင်း၊ ၅၁၊ တိုင်ထိပ် တစ်အားကောင်းကိုစုပြီးယူတာပါ။

ဧပြီလဖွင့်တဲ့ထီမှာပေါက်ခဲ့တယ်။ ဒီကောင် ထီရာစုကြီးပေါက်ခဲ့ရာမှစလို့ သီလမြဲ၊ ပဌာန်းစွဲ၊ ကုဋီလည်း အသစ်တစ်လုံးပါ ဆောက်လှူခဲ့သေးတော့ ငါ ဖြင့်ညွှန်ပြရကျိုးနပ်ပါပေ့ဆိုပြီး သိပ်ပီတိဖြစ်ခဲ့ရသေးတော့၊ အင်း - ဗေဒင်ပညာရပ်နဲ့ ယတြာချေတဲ့အခါ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတရား၊ ဤငါးပါးနှင့်ပြည့်ငြားသူသာ၊ လိုရာရာကို၊ ပတ္ထနာဆုတောင်း၊ တောင်းတိုင်းမှချ၊ ပြည့်စုံရ၏။

ပဥ္စမွာ၊ ဤငါးဖြာနှင့်၊ ကင်းကွာသူပေါင်း၊ ဆုပင်တောင်းလည်း၊ တောင်းတိုင်းမရ၊ မပြည့်ဝဘူး။

(မယဒေဝလာလင်္ကာ)

ကုလားရဲ့ထီပေါက်စေရန် စာရိတ္တယတြာနှင့် ကာယယတြာအဖြစ် ရတနာသုံးတန်နှင့် ကံ၊ ကံ၏အကျိုးကိုယုံကြည်ခြင်း၊ လမ်းညွှန်ကြားချက်က သူ့အတွက်ပြုခဲ့သော် အမှန်ကောင်းကျိုးရနိုင်စေခြင်း၊ သဒ္ဓါတရားနှင့် ကုဋီသန့်စင်ခြင်း၊ ပန်းဆက်ကပ်ခြင်းကိုပြုတဲ့ စာဂတရား၊ နောက် လိုက်နာခံယူမှု သီလ၊ ရွတ်ဖတ်ပူဇော်ပြီး သမာဓိထူထောင် ပုတီးစိပ်မှုပညာ၊ ဒိဋ္ဌသုတ၊ အာဂမသုတဘက်လက်တွေ့လိုက်နာပြီး ရွက်ဆောင်ခြင်းတွေကို လွှမ်းထုံထားနိုင်ပြီဆိုမှတော့ ကိုယ်မျှော်လင့်ရာအကျိုးက ဘယ်မှာလွတ်နိုင်ပါလိမ့်မလဲ။ မုချပြည့်စုံပြီပေါ့။ သီလနှင့်ပညာမပါဘဲ လွယ်လွယ်ပြုလုပ်တဲ့ယတြာမျိုးက အာမခံချက်မရှိနိုင်ပါဘူး။

**နိဂုံး**

၁။ မူလ,နဝင်း၊ တူညီသွင်း၊ အကြွင်းကြည့်မြင်၊ ဉာဏ်ဖြင့်ယှဉ်။
ဣဋ္ဌကံလာဘ်၊ အာရုံမြတ်၊
ထွန်းကပ်ဂြိုဟ်ခွင်၊ ဓမ္မတင်။
ဓာတ်ပျော်နားခို၊ တန်းအလို၊
အားကိုအစဉ်၊ ခွဲကြံဆင်။
ကောင်းပြည့်ဗလ၊ ကျားနဂ၊
ဒါနနံတင်၊ သီလခင်။
ဣဋ္ဌကာဖေ၊ မှန်မြတ်ပေ၊
လာဘ်ငွေကံဝင်၊ အရှိပင်။

၂။ အာရုံအနိဋ္ဌ၊ မွေးရှင်ဟိတ်၊
ခိုကိစ်ဉာဏ်ထု၊ စရဏယူ။
စရဏစွဲ၊ ကက်ကင်းမြဲ၊ ပေါ်တွဲနံမူ၊
အားဖြည့်ကူ။
အင္ဂါဂဗ္ဘော၊ ဓာတ်လေးထွေ၊ ရှာဖွေတွေ့မူ၊ ကျိုးကြောင်းချူ။

၃။ မျှဝေနာထ၊ မေတ္တာဝ၊ ဂဏာဗျည်းဆူ၊ ထက်ပေးယူ။
နိမိတ်တိတ္ထ၊ သုပိန၊ ထူးစွ စိတ်ဖြူ၊ အောင်လံထူ။
သဒ္ဓါသီလ၊ စွန့်ပညာ၊ ငါးဝဋ္ဋ၊ မလွဲဟူ။
နာဂနှင့် ကျား၊ စံပျော်ငါး၊ စီးပွားသိမှု၊ ခွဲခြားလူ။

နေဝင်ဗွာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနာမည်မှာ ခင်မေအေး ဖြစ်ပြီး မိဘနှစ်ပါးစလုံးမှာ မြန်မာစစ်စစ်များ ဖြစ်ကြပါသည်။ သို့သော် ဗုဒ္ဓဘာသာဝင်များမဟုတ်ပါ။ ကျွန်မတို့မိသားစုသာမက တစ်ရွာလုံးမှာလည်း ထိုဘာသာဝင်များဖြစ်ပြီး မိမိတို့နှင့် ဘာသာမတူသူများကို ရွာတွင် အခြေချခြင်းကို လက်မခံကြပါ။ အလွန်အယူသီးကာ အစွဲအလမ်းကြီးသူများဖြစ်ကြပြီး ဒီဘာသာက ငါတို့ရွာမှာ မိရိုးဖလာ ယုံကြည်ခဲ့တဲ့ဘာသာဖြစ်တယ်လို့ မကြာမကြာ ကြွားဝါတတ်ကြသည်။

ရွာစီးပွားရေးမှာ စိုက်ပျိုးရေးသာဖြစ်ပြီး အညာထုံးစံအတိုင်း စပါးနှင့်ပဲကို အလှည့်ကျစိုက်ပျိုးကြ၍ အနေအထိုင်ကျစ်လျစ်သဖြင့် ကုံလုံကြွယ်ဝသူများသာများ၏။ ကျွန်မ (၁၀) တန်းအောင်၍ မန္တလေးတက္ကသိုလ်တွင် ပညာသင်ရန်ဖြစ်လာသောအခါ ပညာဆက်လက်သင်ခွင့်ပေးရေး၊ မပေးရေးကိစ္စ ရွာလူကြီးများထဲတွင် သဘောထားကွဲ၍ ဆွေးနွေးကြသည်။ ကျွန်မတို့ဘာသာအရ မိန်းကလေးများပညာတတ်ရန်မလိုဟူသော အယူအဆရှိကြသည်။ ထိုအချိန်တွင် ကျွန်မ၏အစ်ကိုဝမ်းကွဲဖြစ်သူကိုခင်မောင်ညွန့် ရောက်လာ၍ သူက အဆုံးအဖြတ်ပေးသွားပါသည်။သူလည်း ခေတ်ပညာတတ်ဖြစ်ပြီး မြို့ပေါ်တွင်သွား၍ အခြေချသူဖြစ်ရာ ယခင်က ရွာကာလသားခေါင်းဆောင်ဖြစ်၍ ရွာ၌ဩဇာရှိပါသည်။

"ဒီမှာ ခင်ဗျားတို့သိပ်အတွေးတိမ်မနေနဲ့၊ မိန်းကလေးတွေလည်း ပညာတတ်သင့်တယ်။ မန္တလေးတက္ကသို... သွားကြည့်စမ်း၊ ပညာသင်နေကြ... မိန်းကလေးဦးရေကတောင်ပိုများ... တယ်။ ဒီတော့ ခင်ဗျားတို့ ဒီလိုတ... နေရင် ကျုပ်တို့ရွာက မိန်းကလေး... တခြားဘာသာဝင်တွေနဲ့ယှဉ်ရင်... နောက်ပိတ်ခွေးဖြစ်လိမ့်မယ်။ ... ချင်တယ်ဆိုရင် အိမ်ကလည်း... ရင် ဘယ်သူဖြစ်ဖြစ် ... သင်ပါ..."

နောက်ဆုံးတွင် ကျွန်မ ... တက္ကသိုလ်တွင် ပညာဆက်သင်ခွင့်...



www.burmeseclassic.com

www.burmeseclassic.com

# ထွန်း (နောင်ချို)

# အတိတ်ကံ



သည်။ ထိုစဉ်ကာလ မြန်မာပြည်တွင် သိပ္ပံတက္ကသိုလ်ဟူ၍ မန္တလေးနှင့် ...နှသာရှိပြီး နယ်ကောလိပ်အနည်း ...ရှိပါသည်။ နယ်ကောလိပ်များမှ ...ယနှစ်ကို အောင်မြင်ပြီးသည်နှင့် ...တ္တသိုလ်ကြီးနှစ်ခုတွင် ဆက်လက် ...ကြားရပါသည်။ ကျွန်မ ဓာတုဗေဒ ...ဖြင့် မန္တလေးတက္ကသိုလ်ကို

ရောက်သောအခါ ပင်မအဆောက်အအုံကြီးကိုကြည့်ပြီး အံ့သြဘနန်း ဖြစ်ခဲ့ရသည်။ ပင်မအဆောက်အအုံကို 'မိန်း' ဟုသာခေါ်ကြပြီး တိုင်လုံးကြီးများ

www.burmeseclassic.com

www.burmeseclassic.com

မှာ လူတစ်ဖက်စာမကကြီးပြီး မြင့်မားလှသည်။

စတက်ရမည့်အခန်းကို မော်ကွန်းထိန်း ဦးခင်မောင်အုန်းအား မေးကြည့်သောအခါ -

"ဟိုမှာမြင်လား၊ အဲဒီအားဗားအိပ်မှာတက်ရမယ်. . ."

ဟု ပြောသည်။

ကျွန်မ နားမလည်သော်လည်း အဲ့သည်ဟု အထင်ခံရမည်စိုး၍ သူညွှန်ပြရာအဆောက်အအုံသို့ လွယ်အိတ်လွယ်၍ ခပ်တည်တည်နှင့် ထွက်လာခဲ့၏။ အတန်းတက်ဖော်အသစ်များနှင့် မိတ်ဖွဲ့၍ အတန်းတက်ရင်း (၁) လလောက်ကြာမှ အားဗားအိပ်ဆိုသည်မှာ အင်းဝအဆောက်အအုံအခန်းအမှတ် (၈) ဟု သိလာရသည်။ ယင်းအင်းဝအဆောက်အအုံမှာ စက်ဝိုင်းပုံရှိပြီး စာသင်ခန်းများကို အင်းဝ (၁)၊ အင်းဝ (၂) စသည်ဖြင့် စာတန်းလေးများများ ထိုးထားရာ ကျွန်မတို့ ဓာတုဗေဒအဓိကများသည် အင်းဝ (၈) တွင် တက်ရပါသည်။ အင်းဝ(၇)မှာ စိတ်ပညာသင်တန်းဖြစ်၍ အင်းဝ (၉) မှာ ဟောပြောပွဲပြုလုပ်ရာခန်းမ ဖြစ်၏။ ကျွန်မတို့ အင်းဝ (၈) ၏ရှေ့လမ်းခြားလျှင် တက္ကသိုလ်အရုံတပ်ရင်း၏ စစ်ရေးပြကွင်းရှိပြီး ညနေ (၄) နာရီဆိုလျှင် ကွင်းတစ်ခုလုံး ယူနီဖောင်းဝတ် ကျောင်းသားများဖြင့် ပြည့်နေပြီး တစ်၊ နှစ်၊ သုံး၊ ဘယ်၊ ညာ၊ ဘယ်၊ ညာ စသည့်အသံများသာ ဟိန်းထွက်နေပါသည်။ ကျွန်မ ဤအကြောင်းအရာများကို အကြောင်းမဲ့ရေးနေခြင်း မဟုတ်ပါ။

တစ်ညနေတွင် မိန်းပေါ်ရှိ ဓာတ်ခွဲခန်းသို့အသွားတွင် ဘေးနားသို့ ယူနီဖောင်းဝတ်ကျောင်းသားတစ်ဦး ရောက်လာပါသည်။

"ခင်မေအေး ဟုတ်သလား"

"ရှင် - ဟုတ်ကဲ့"

ကျောင်းသားကျောင်းသူခြင်းဖြစ်သော်လည်း ကျွန်မတို့ရွာမှ ကျောင်းသားကျောင်းသူများသည် ယူနီဖောင်းဝတ်ကို ကြောက်ကြပါသည်။

"ဒီမှာ ခင်မေအေးရဲ့ကျောင်းသားမှတ်ပုံတင်ကောက်ရထားလို့လာပြန်ပေးတာပါ။ ဒါဟုတ်တယ်နော်"

"ဩော်-ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်။ မနေ့ ညနေကတည်းက ပျောက်နေတယ်လို့တော့ထင်သား"

"ကျွန်တော်က စိတ်ပညာမှာ တက်နေတာပါ။ နာမည်က ချစ်အောင်ပါ။ ရော့၊ ရော့"

ကျွန်မကို ကျောင်းသားမှတ်ပုံတင်ပြန်ပေးပြီးထွက်သွားပါသည်။ ထိုနေ့မှစ၍ စာသင်ခန်းချင်းကပ်နေသော စိတ်ပညာစာသင်ခန်းကို သတိထားမိပါသည်။ မျက်နှာချင်းဆိုင်တွေ့လျှင် ပြုံးပြီးခေါင်းညိတ်ပြသွားသည်။ ညနေသင်တန်းဆင်းချိန်တွင် ကိုချစ်အောင်ကို ယူနီဖောင်းနှင့် လေ့ကျင့်ရေးကွင်းထဲမှာ တွေ့ရတတ်သည်။ အသားညိုညို အရပ်ရှည်ရှည်နှင့် လူချောမဟုတ်သော်လည်း ခံ့ညားတည်ကြည်သူဟု ကျွန်မထင်ပါသည်။

"ဟဲ့-ခင်မေအေး နင့်အကြောင်းကို ဟိုစိတ်ပညာကကောင်တစ်ယောက်ကမေးတယ်ဟဲ့။ ငါ့မောင်ဝမ်းကွဲကိုကပ်မေးနေတာတဲ့၊ ချစ်အောင်ဆိုလားပဲ"

တစ်နေ့တွင် ကျွန်မကျောင်းတက်ဖော် ရီရီထွန်းတို့ညီအစ်မနှင့် အင်ဂျလာတို့က ကျွန်မကို သတင်းပေးလာသည်။ သူတို့တစ်တွေမှာ လူလုံးလူဖန်ကြီးကြ၍ ဓာတုဗေဒကျောင်းသားများက ဆင်ပေါက်များဟု ချစ်စနိုးကျီစယ်ခေါ်ဝေါ်ကြပါသည်။ တက္ကသိုလ်မှာ (၄) နှစ် ပညာသင်ခဲ့သည်ကို ဖွဲ့နွဲ့မရေးလိုတော့ပါ။ ထူးခြားမှုအနေဖြင့် တတိယနှစ်တွင် ကိုချစ်အောင်က ကျွန်မကို 'မေ' ဟု ခေါ်၍ ကျွန်မက သူ့ကို 'ကိုအောင်' ဟုခေါ်ဖြစ်ခဲ့သည်သာ ထူးခြားပါသည်။ ဘွဲ့ရပြီးနောက်ပိုင်း ကျွန်မသည် သမဝါယမဦးစီးဌာနတွင် အလုပ်ဝင်ခဲ့ပြီး ကိုချစ်အောင်ကတော့ ဗိုလ်လောင်းသင်တန်းတက်ပြီး တပ်မတော်တွင် ဝင်ရောက် အမှုထမ်းခဲ့ပါသည်။ နှစ်ဦးစလုံး ဘဝရှေ့ရေးကို တွေးသောအခါ ဘာသာရေးသည် ရင်လေးစရာဖြစ်လာသည်။ နှစ်ဦးစလုံး အတွေးဝယ် ကိုယ်ယုံကြည်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသည်ဟု ခံယူထားကြသော်လည်း လက်ထပ်ရန် နှစ်ဖက်မိဘများဖွင့်ပြောကြစို့ဟု ဆုံးဖြတ်သောအခါ ကျွန်မမှာ များစွာရင်လေးခဲ့ရပါတော့သည်။ ပထမဆုံး ကျွန်မ မိဘများနှင့် ရွာလူကြီးများမေးသောမေးခွန်းမှာ -

"နင့်ကောင်လေးက ငါတို့ဘာသာထဲဝင်နိုင်မလား။ ဝင်နိုင်ပါတယ်လို့ပြောရုံနဲ့ မရဘူးနော် သူ့ဘာသာကို စွန့်လွှတ်နိုင်ကြောင်း ငါတို့ယုံကြည်အောင်လုပ်ပြဖို့ ငါတို့ကခိုင်းကြည့်ဦးမှာ"

ယုံကြည်အောင်လုပ်ခိုင်းမည့်အ... များကို ကျွန်မသိပါသည်။ တစ်... ဘာသာကို စော်ကားလုပ်ဆောင်ရ... ဖြစ်၍ ကိုအောင်လုပ်မည်မဟုတ်သ... ကျွန်မလည်း မခိုင်းရက်ပါ။ နောက်... ကြံရာမရ၍ ကျွန်မလည်း အစ်ကိုဝ... တော်သူ ကိုခင်မောင်ညွှန့်ကို လ... အကူအညီတောင်းရပါတော့သည်။

ကိုခင်မောင်ညွှန့်နှင့် မိဘ... ရွာလူကြီးများဆွေးနွေးပုံမှာ စိတ်ဝ... စရာကောင်းလှ၍ အနည်းငယ်... ပါရစေ။

ထိုညနေက ကိုခင်မောင်ညွှ... မိဘများ၊ ရွာလူကြီးများ ဆွေးနွေး... ဖြစ်၍ ဧည့်ခံရန် ကျွန်မက မုန့်နှင့်... များကိုပြင်ရင်း မျက်ရည်ကျမိသည်... မြင်သွားသော ကိုခင်မောင်ညွှန့်က -

"မေအေး၊ နင်ကလည်း စိတ်... လိုက်တာ ဘာလို့ငိုရတာလဲ။ စိတ်... အဆင်ပြေစေရမယ်။ မပြေရင် ငါ... တိုင် အထုပ်ထမ်းပြီး နင့်လူဆီလို... ပေးမယ်"

ဟု အားပေးပါသည်။

လူကြီးများလည်းစုံပါပြီ။အခ... နိဒါန်းတွေရေးမပြတော့ပါ။ ဘာ... ပြောင်းနိုင်၊ မပြောင်းနိုင်ကိစ္စမှာ အ... အတင်အကျဆုံးဟု ဆိုရပါမည်။

အစ်ကိုက -

"ကဲ-ဘာကြောင့်သဘော... ဆိုတာကို ကျွန်တော်တစ်ခုချင်း... ကောင်လေးက လူမျိုးခြားလား ... လည်းဗမာ၊ ကျွန်တော်တို့လည်း ... ဘာသဘောမတူရမှာလဲ"

"လူမျိုးချင်းတူပေမယ့် ဘာ... မတူဘူးလေကွာ"

"သူက ကျွန်တော်တို့ဘာ... ပြောင်းမယ်ဆိုရင်ကော"

"ဟာ-လွယ်လွယ်နဲ့တော့... လေ။ ငါတို့ဘာသာကို ယုံကြည်... ဘာသာကို စွန့်လွှတ်ကြောင်း သ... ပြနိုင်းရဦးမှာပေါ့ကွ"

"ဘာလဲ၊ မတော်တရော်... ပြီးသက်သေပြခိုင်းမလို့လား။ ကျွ... တို့ ဘာသာဝင်အမျိုးသမီးတွေ... ပြောင်းသွားတာတွေရှိတယ်... သာကမှ ယုံကြည်လေ... ဘာ... ဘာစားပြလို့ ခိုင်း... မရှိဘူး။ အဲ... ရမယ်လို့လည်း ကျမ်းစာထဲမှာ ... နေရာမှာ... ပြ။ ဘာသာဝင်...



www.burmeseclassic.com

www.burmeseclassic.com

...တ်ခံချင်ရင် ကျမ်းစာထဲကစာလေး ...စ်ပိုဒ်ရွတ်ပြရုံနဲ့လည်း ဖြစ်တာပဲဟာ"

ဝင်းမှ အစပြု၍ ဆွေးနွေးပွဲက ...င်းထန်လာရာ မင်္ဂလာကိစ္စဆွေးနွေးပွဲ ...ည်မတူဘဲ ဘာသာရေးငြင်းခုံပွဲနှင့်တူနေ ...တော့သည်။

နောက်ဆုံး ရွာမှ အသက်ကြီးဆုံး ...တိုးက -

"ဒါတော့ ဒါပေါ့ကွာ။ ဒါပေမယ့် ...ရွာက ဘိုးစဉ်ဘောင်ဆက်က ဒီ ...ဘာသာကိုပဲ ကိုးကွယ်တဲ့ရွာအဖြစ်နဲ့ ...လာတာကွ။ဘိုးဘွားတွေရဲ့စည်းကမ်း ...တော့ လိုက်နာရမှာပဲ၊ ဘိုးဘွားတွေရဲ့ ...က်နှာကို အပျက်မခံနိုင်ဘူး"

"ဘိုးဘွားတွေကို လေးစားတယ် ...ာ ကျွန်တော် လက်ခံပါတယ်။ ရွာ ...တ စေတီပျက်ဟာ ကျွန်တော်တို့ ...ဘွားဘီဘင်လက်ထက်ကတည်းက ...ထားခဲ့တာလို့ သိထားပါတယ်။ ... သူတို့ကို မလေးစားတော့ဘူး ...

နောက်ဆုံး ရွာမှာပင် လက်ထပ် ...ရန် လက်ခံလိုက်ကြသည်။ မင်္ဂလာ ...ပြုလုပ်မည့်တွင် ရွာသို့ ကိုအောင် ...တစ်စီးဖြင့်ရောက်လာရာ ရွာနီးချုပ် ... လူကြီးများ၊ ရွာလူကြီးများနှင့် မိဘ ...ာ အိမ်ထဲကပင် ခပ်တည်တည် ...းစိမ်းလှမ်းကြည့်နေကြသည်။ ကား ...ခွင့်ပြီး ဗိုလ်မှူးဖူးနီဖောင်းနှင့် ခုံညား ...င်းလာသော ကိုအောင်ကိုမြင် ...အခါ ရွာလူကြီးများမှာ မအောင့် ...ည်းနိုင်ကြဘဲ ဝမ်းပန်းတသာထွက် ...ကြသည်။ ကိုအောင် ရာထူးတက် ...င် ကျွန်မမသိလိုက်ပါ။ ရွာနီးချုပ် ...ရွာလူကြီးများရှေ့တွင် ကျွန်မမိဘ ...နှင့် ရွာလူကြီးများမှာ ငါတို့ရွာမှာ ...သူတွေရှိတယ်ဟု လက်မထောင် ...နေသယောင်။

□

ကျွန်မတို့ အိမ်ထောင်သက် (၃၀) ...ပြီ။ သမီးအကြီးလည်း ဆရာဝန် ...ပြီ၊ သားငယ်လည်း တပ်မတော် ... အမှုထမ်းနေပါပြီ။ ကျွန်မတို့ ...သားမှာလည်း တစ်ဦးကိုတစ်ဦး ...ကြီး၊ အမေကြီး' ဟု အခေါ် အဝေါ် ...ပြောင်းပါပြီ။ နေတော့လည်း ...ရှိ အရာရှိများတိုက်ခန်းတွင်နေပြီး ...တို့အခန်းမှာ ဒုတိယအလွှာတွင် ...ည်။ ကျွန်မတို့ လင်မယားမှာ ...ဘာသာကို တစ်ဦးလေးစားသော



အားဖြင့် ကြက်၊ ငါးနှင့် သက်သတ်လွတ် အသီးအရွက်ဟင်းတို့ကိုသာ ချက်ပြုတ်စားကြ၏။

ကျွန်မတို့တိုက်နှင့် မျက်စောင်းထိုး ရှိ တိုက်မြေညီထပ်မှ ဖြူဖြူခုံခုံအမျိုး သမီးတစ်ဦးသည် နံနက်တိုင်း သပ်သပ် ရပ်ရပ်ပြင်ဆင်ပြီး တဘက်ကလေးပခုံး ပေါ်တင်၍ ရဟန်းတော်များကို ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူနေသည်ကို နံနက်တိုင်းမြင်ရပြီး ကျွန်မလည်း စိတ်ဝင် စားမိပါသည်။ ငါလည်း အဲလိုနေ့တိုင်း ဆွမ်းလောင်းရရင် ဘယ်လိုနေမလဲဟု လည်း တစ်ခါတစ်ရံ စဉ်းစားမိပါသည်။ မှတ်မှတ်ရရ တပို့တွဲလပြည့်နေ့ဖြစ်ပါ သည်။ ကျွန်မမှာ မနက် (၄) နာရီက တည်းကထ၍ ချက်ပြုတ်ပြင်ဆင်နေ သည်။ ကိုအောင်ထလျှင် ကော်ဖီနှင့် မုန့်ကို အဆင်သင့်စားနိုင်ရန် ပြင်ထား သည်။ ခဏကြာသော် ကိုအောင်ထလာ ၍ မျက်နှာသစ်၊ ကော်ဖီနှင့်မုန့်စားပြီး စိပ်ပုတီးလေးအိတ်ထဲထည့်ကာ ထွက် သွားပါသည်။ ဥပုသ်နေ့တိုင်း ကိုအောင် သည် နီးရာဘုရားသွား၍ ပုတီးစိပ်မှန်း ကျွန်မသိပါသည်။

ထိုနေ့က ကျွန်မစိတ်မှာ ပေါ့ပါး လန်းဆန်းနေ၍ လင်ပန်းတစ်ချပ်ထဲတွင် ထမင်းတစ်ပန်းကန်၊ သက်သတ်လွတ် ဟင်းတစ်ပန်းကန် ငှက်ပျောသီးမွှေးနှစ် လုံးနှင့် ဆွမ်းဇွန်းပြင်ကြည့်မိပါသည်။ နောက် ဘာလုပ်မလဲ ဒီလို ပဝါလေးပခုံး ပေါ်တင်ပေါ့။ ထိုစဉ် လေသာဆောင် ဘက်မှ တစ်ခုခုကိုရိပ်ခနဲမြင်၍ ဆွမ်းဇွန်း တိုင်ရက်တန်းလန်းနှင့်ပင် လေသာ ဆောင်တံခါးကို ပြေးဖွင့်ကြည့်မိပါသည်။

ကျွန်မတို့ လေသာဆောင်မှာ ကျဉ်းကျဉ်းသာဖြစ်၍ စတီးလက်ရန်းဖြင့် ကာထားပြီး တတိယထပ်ဖြစ်၍ မြေပြင် နှင့် ပေနှစ်ဆယ်၊ အစိတ်အကွာတွင်ရှိ ပါသည်။ လေသာဆောင်သို့ထွက်လို လျှင် ရှေ့တံခါးမှ အိမ်ထဲကို ဖြတ်၍သွား ရပါသည်။ လေသာဆောင်သို့တက်ရန် ဘာမှမရှိ။ သို့သော် လေသာဆောင်တွင် ရဟန်းတစ်ပါး ဆွမ်းခံရပ်နေသည်ကို တွေ့သောအခါ မှင်တက်၍ကြည့်မိပြီး လက်ထဲမှ ဆွမ်းဇွန်းထဲရှိ ဆွမ်း၊ ဆွမ်း ဟင်း၊ ငှက်ပျောသီးများကို ရဟန်းတော် ၏ သပိတ်ထဲသို့ လောင်းလှူမိပါသည်။ သပိတ်ထဲတွင် ဆွမ်းဟင်းခွက်မပါဘဲ ဒီအတိုင်း အကုန်လောင်းထည့်လိုက် သည်။ ထိုအခါမှ သတိထားမိသည်မှာ ကျွန်မဆွမ်းလောင်းနေသည်မှာ လေသာ ဆောင်မှဖြစ်ပြီး ဆွမ်းခံရပ်နေသော ရဟန်းသည် လေထဲတွင်ရပ်နေပါလား။ အံ့ဩလွန်း၍ ကျွန်မသည် ကြမ်းပြင် ပေါ်သို့ ဒူးတုပ်ထိုင်ချကာ ဆွမ်းဇွန်းကို အောချပြီး ရဟန်းတော်၏ မျက်နှာတော် ကို ဖူးမြော်လိုက်ရာ ထိုခဏ၌ပင် ကျွန်မ ခြေမထိပ်မှစ၍ ဦးနှောက်ထဲထိ ဓာတ် လိုက်သလိုခံစားရပြီး ဒိန်းခနဲမြည်သွား သည်ဟုပင် ခံစားမိပါသည်။

"အိုး. . . ငါကိုးကွယ်သော ဆရာ တော်ပါလား. . ."

ကျွန်မသည် ကြမ်းပြင်ပေါ် ဒူးတုပ် ထိုင်နေရာမှ လက်အုပ်ချီ၍ ပျပ်ဝပ်ရှိခိုး နေမိသည်မှာ ဘယ်နှကြိမ်မှန်းပင် မမှတ်မိပါ။ ကျွန်မတစ်ကိုယ်လုံးသည် ပီတိအဟုန်ဖြင့် ပေါ့ပါးလွင့်ပျံနေသလား ထင်ရပါသည်။ ငါကိုးကွယ်သော ဆရာ တော်မှန်းသေချာသိသည်။ ဘယ်တုံးက လဲ၊ ဘယ်မှာလဲဆိုသည်ကိုတော့ မသိ ပါ။ မျက်စိမှိတ်၍ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော် တို့ကို နှုတ်မှရေးလွတ်ရွတ်ဆိုနေမိပါ သည်။ မျက်လုံးဖွင့်ကြည့်သောအခါ ရဟန်းတော်မရှိတော့ပါ။

ကျွန်မသည် လက်အုပ်ချီရင်း ထိုင်နေရာမှမထဖြစ်ပါ။ ပီတိအဟုန်ကို ခံစားရင်း ငါသည် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်သည်ဆိုသည်ကိုလည်းသိနေပါသည်။ ဒီဂုဏ်တော်တွေကို ငါဘယ်လိုလုပ်ရွတ် ဆိုနိုင်ရတာလဲ ယခုအတွင်မှ တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com

မဖတ်မှတ်မိတာတော့ သေချာသည်။ ငါ့ဆရာတော်၏ ကျေးဇူးကြီးလှပါဘိ ဟုသာ အကြိမ်ကြိမ်ဆင်ခြင်သုံးသပ်နေမိပါသည်။

အိမ်ရှေ့ဆီမှတံခါးဖွင့်သံကြောင့် ကိုအောင် ပြန်လာမှန်း သိပါသည်။ ကျွန်မက မျက်စိမှိတ် အာရုံပြုမပျက် -

"အမေကြီး၊ ဘာတွေလုပ်နေတာလဲ"

ဟူသောအသံနှင့်အတူ ကိုအောင် ဝင်လာပြီး ကျွန်မအနေအထားကို သေချာကြည့်နေသည်ကို သိနေသည်။ ခဏကြာမှ ဘေးနားရှိ ဆွမ်းဗန်းကို အသံမမြည်အောင် သိမ်းယူသွားသည်ကိုလည်း သိပါသည်။ ခဏကြာသော် အသံမမြည်အောင် လျှောက်လာပြီး ဘေးခပ်လှမ်းလှမ်း၌ ထိုင်နေမှန်းလည်း သိသည်။ ကျွန်မကား မလှုပ်မယှက်။ နံနက် (၁၀) နာရီထိုးသံကြားမှ ဟင်းများပြန်နွှေးရဦးမှာပါလားဟု သတိရပြီး ညာဘက်သို့ လှည့်ကြည့်သောအခါ ကိုအောင်သည် မျက်စိမှိတ်၍ တရားမှတ်နေပုံရပါသည်။ ကိုအောင့်ကိုကြည့်ရင်းမှ ရယ်ချင်လာသည်။

"တရားမှတ်တယ်ဆိုလည်း နှာသီးဖျားမှတ်ရင် နှာသီးဖျားမှတ်ရင် နှာသီးမှာပဲထား၊ ဝိန်ဖောင်းမှတ်မယ်ဆိုလည်း ဝိန်ဖောင်းသေချာမှတ်။ စိတ်ကတခြားလျှောက်သွားနေလို့တော့ ထိုင်နေတာပဲရှိတယ် အကျိုးမရှိဘူး။ အလကားပဲ"

ကိုအောင်သည် ထိုအခါကျမှပြုံးပြီး မျက်လုံးပွင့်လာသည်။

"မေကသိသားပဲ၊ ဘယ်လိုသိလဲ"

"မေအေးတို့က ဒါမျိုးနောနေပြီ"

ပြောရင်းမှ ကျွန်မ သတိရလာသည်။ ကျွန်မ ဒါတွေကို ဘယ်လိုသိတာလဲ။ ခက်သည်က ကျွန်မဘယ်ဘဝတုံးက ကိုးကွယ်တဲ့ဆရာတော်လဲ၊ ဘယ်လိုလုပ် တရားစာတွေကိုရသလဲ မသိခြင်းပါ။

လင်မယားနှစ်ယောက် ထမင်းစားပြီးသောအခါ အချိုပွဲပြင်ပေးရင်း ကိုအောင်က စကားစလာသည်။

"မေ ကိုယ်ကဘာကိုမှလွယ်လွယ် မယုံတတ်တာ မေလည်းသိမှာပါ။ စောစောက အိမ်နီးချင်းတွေလျှောက်မေးကြည့်တယ်။ ရဟန်းတစ်ပါးများ ကျွန်တော့်အိမ်ကို ဆွမ်းခံကြွလာသလားလို့မေးတော့ မြင်တဲ့သူတစ်ယောက်မှမရှိဘူး။ ဒီတော့ မေပြောတာတွေကို ယုံဖို့တော့ နည်းနည်းခက်နေတယ်"

ကျွန်မသိပါသည်။ ကိုအောင့်ကို ယုံလောက်အောင် တစ်ခုခုသက်သေမပြနိုင်လျှင် အဖြေတစ်ခုမထွက်မချင်း လှည့်ပတ်ပြီးမေးနေမည်သာဖြစ်ပေရာ သက်သေပြရမည်ကိုသိပါသည်။

"ကိုအောင်၊ အိမ်မှာ ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ စာအုပ်ဘယ်နှအုပ်ရှိလဲ"

"ကိုယ်က ဘာသာရေးစာအုပ်တွေကို ကိုယ့်ရုံးခန်းမှာပဲထားတာလေ။ အိမ်မှာထားရင် မေစိတ်အနှောင့်အယှက်ရှိမှာစိုးလို့"

"မေကော ဘယ်နှခါဘာသာရေးစာအုပ်တွေဖတ်တာတွေ့ဖူးလဲ"

"ဟင့်အင်း၊ မတွေ့ဖူးဘူး"

"ကိုအောင် ပရိတ်ကြီး (၁၁)သုတ် အကုန်ရလား"

"အမှန်အတိုင်းပြောရရင် အကုန်ရဘူး။ အလယ်တန်းမှာတုန်းက မင်္ဂလသုတ်ကို ဆရာသင်ပေးလို့ရတယ်"

"တပ်ထဲရောက်တော့ မေတ္တာသုတ် အလွတ်ကျက်တယ်၊ ဒါလောက်ပဲ"

"ကဲ - ကိုအောင် နားထောင်"

"ကျွန်မ ရတနသုတ်ကို စရွတ်သည်။ နောက် မေတ္တာသုတ်ရွတ်သည်။

"ပရိတ်ကြီး (၁၁) သုတ် ရွတ်ပြရဦးမလား ကိုအောင်"

"ရပါပြီ မေ။ အင်း-အဖြစ်ကပြောရင် ယုံကြမှာမဟုတ်ဘူး။ ကွယ်ရာမှာ ရယ်မောကဲ့ရဲ့လုပ်ကြလိမ့်မယ်။ ဘယ်သူမှမပြောတာကောင်းမယ်ထင်တယ် မေ"

"မှန်ပါတယ် ကိုအောင်၊ တစ်ခုပဲ ခွင့်တောင်းချင်တယ်။ မေ တရားစခန်း တစ်ခုမှာ (၁၀) ရက်လောက်ဝင်ချင်တယ် ခွင့်ပြုပါ"

"ကိုအောင်၊ စီစဉ်ပေးပါ့မယ်။ စိတ်ချလက်ချကျင့်ကြံပါ"

သို့နှင့် (၁၀) ရက်တရားစခန်းဝင်ပါသည်။ နောက် တစ်လခြား၍ တစ်လ တရားစခန်းဝင်ပါသည်။ နောက် ဝါတွင်း သုံးလစခန်းဝင်ပါသည်။ မိမိသည် ယခင်ဘဝက ဗုဒ္ဓဘာသာဖြစ်ပါလျက် ယခုဘဝတွင် ဘာကြောင့် ဘာသာခြား၌ဖြစ်ရပါသနည်းဟု ရဟန္တာဟုကျော်ကြားသော ဆရာတော်ကြီးတစ်ဦးထံ လျှောက်မိရာ ဆရာတော်က -

"အင်း-ဘဝဟောင်းကအကြောင်းကိုပြန်မပြောသင့်ဘူး။ ဒါပေမယ့်ဒကာမကြီးက လွန်ခဲ့တဲ့ဘဝနောက်ဆုံးအချိန်မှာ ဘာသာခြားတို့ရဲ့ဝတ်ပြုဖို့နှိုး[…] ကိုကြားပြီး စွဲလမ်းလို့ဖြစ်ရတာ [...] ကြီး"

ဟု ပြောပါသည်။

ယခုဘဝတွင် ကျွန်မ ထိုသို့[…] မခံနိုင်ပါ။ ထို့ကြောင့်ပင် ကိုအော[…] ခွင့်ပန်၍ အသက် (၆၀) ပြည့်[…] အပြီးအပိုင် သီလရှင်ဝတ်၍ တရား[…] ထုတ်နေပါသည်။

❑

ညီမလေးခင်မေအေးက ကျွ[…] (ခင်မောင်ညွန့်) ကို အလုံးစုံပြော[…] ပါသည်။ ညီမလေး သီလရှင်ဝတ်[…] ကြောင်း ကိုချစ်အောင်က ပြော[…] ညီမလေးကို ကိုချစ်အောင်က စိတ်[…] အောင် တစ်စုံတစ်ရာပြုလေသလာ[…] စိုးရိမ်စိတ်နှင့် ညီမလေးနေထို[…] သီလရှင် ကျောင်းသို့လိုက်သွားရာ [...] လေးက ဖြစ်ကြောင်းကုန်စင်ပြော[…] သည်။

ကျွန်တော်သည် ရွာမှ မြို့တ[…] ကြီးပွားချမ်းသာခဲ့ပါသည်။ သို့[…] စီးပွားရှာရုံမက အမှန်တရားကိုပါ [...] သင့်လျှင်သင့်သလိုရှာခဲ့ပါသည်။ [...] ကိုးကွယ်မှုမှအစ ကမ္ဘာ့ဘာသာ[…] ကိုလည်း လေ့လာခဲ့ပါသည်။ [...] အမှန်ကို သိသလိုလိုလည်း ရှိပါ[…] ဇနီးသည်ကွယ်လွန်ပြီးနောက် [...] များက လက်ငုပ်လက်ရင်းအလု[…] ဆက်ဆံလုပ်ကိုင်နေကြသည်။ [...] အေးထံမှ ပြန်လာပြီး ကျွန်တော်[…] တစ်လမ်းလုံး ခေါင်းများနောက်[…] တွေးလျက် ခြေကျင်လျှောက်ပြန်[…] ပါသည်။ ကျွန်တော် သတိထား[…] တွင် ကျွန်တော့်ရှေ့၌ စေတီတစ်[…] ကျွန်တော်နှင့် ခင်မင်ရင်းနှီးသော [...] ကြီးကျောင်းကိုတွေ့ရသည်။ [...] ဝင်းအဝင်ဝ၌ ခြေစုံရပ်ရင်း ကျောင်[…] အတွင်းဝင်၍ ခွင့်တောင်းကာ [...] ဝတ်ရမည်လော၊ မိမိကျင်လည်[…] စီးပွားရေးအဝန်းအဝိုင်းသို့ပြန်သွာ[…] လောဟု တွေဝေစဉ်းစားနေမိပါသ[…]

(ဆရာမကြီးဒေါ်ခေမာ[…] မှာ (၁၀)နှစ်ကျော်ပြီဖြစ်၍ [...] အမည်၊ နေရာလွှဲ၍ အဖြစ်မှန်ကို[…] သည်။)

ထွန်းနေ[…]



www.burmeseclassic.com

www.burmeseclassic.com



[…]ပြီးခဲ့သည့်လက ဝိဇ္ဇာဓရလောက […]ရာ ဝေါဟာရတစ်ရပ်ဖြစ်သည့် မှား […]မှောက်မည်နှင့်ပတ်သက်၍ အခြေခံ […] အခြေခံလမ်းစဉ်ဖြစ်သော ပါရမီ […]ပါး အပြားသုံးဆယ်လမ်းစဉ်တို့ကို […]ခဲ့ပါသည်။ ဤပါရမီလမ်းစဉ်ဆယ် […]း သာမန်ဗုဒ္ဓဘာသာဝင်များပင်သိ […]သောလမ်းစဉ် ဖြစ်၏။ တကယ်တမ်း […]ဆင့်မြင့်သော ဗုဒ္ဓဘာသာဆိုင်ရာ […]ဓရလမ်းစဉ်အတိုင်း ဗုဒ္ဓဘိသေက […]ဆင့်ဆင့်ထိသွားမည်ဆိုပါမူ ထိုပါရမီ […]ပါးအပြားသုံးဆယ်တို့ကို သာမန် […]သည်ရုံမျှမကတော့ဘဲ အလွန်ပင် […]ဝန်းလေးနက်လှသော ပါရမီတော် […]ပေါင်းသုံးဆယ့်နှစ်ပါးသဘောတရား […]မြင့် ထပ်မံပေါင်းစပ်၍ ဖြည့်ဆည်း […]ထုတ်ရမည် ဖြစ်၏။

အဆိုပါ ပါရမီတော်ကြီးများသည် […] ဒိုလ်ရရှိရန်မျှမက ဝိဇ္ဇာဓိုရ်ထွက်ရပ် […]တ်အဆင့်မှသည် ဆုကြီးပန်အဆင့် […]ထိသွားနိုင်သော လမ်းကြောင်းလည်း […]၏။ မူဝါဒဆိုင်ရာအထိန်းအကွပ် […]ည်း ဖြစ်၏။

ဤပါရမီတော်ကြီးသုံးဆယ့်နှစ်ပါး […]သည် မည်မျှပင် ကျယ်ဝန်းနက်ရှိုင်းပါ […]နည်းဟူမူ ပါဝင်သည့် ပါရမီတော် […]ပါးချင်းစီကိုပင်လျှင် သုံးသပ်ကြည့်

ရေလျှင်ကြောင့် အစုန်အဆန်မျှောပါနေတော့မည်သာ ဖြစ်၏။ အဆိုပါ မူဝါဒလမ်းညွှန်မရှိသော လမ်းစဉ်တို့သည် လည်းကောင်း၊ ဘာသာသာသနာတို့သည် လည်းကောင်း မည်သို့ဖြစ်ကုန်ပါမည် နည်း။

စစ်မှန်သောပန်းတိုင်သို့ သွားရာလမ်းကြောင်းတို့သည် များစွာရှိကောင်းရှိမည်ဟုဆိုနိုင်ပါသည်။ သို့သော် အလွန်အဆင့်မြင့်သော၊ ပို၍ပို၍ အဆင့်မြင့်သောပန်းတိုင်သို့ သွားရာလမ်းကြောင်းကား တစ်စထက်တစ်စနည်းသွားမည် ဖြစ်၏။ ပို၍တိကျသေချာရန်၊ စနစ်မှန်ရန် လိုအပ်လာ၏။ ထို့နောက် အမြင့်ဆုံးသောပန်းတိုင်သို့ သွားရာလမ်းကား တစ်ကြောင်းတည်းသာရှိတော့၏။

ဤအချက်သည် အရေးကြီး၏။ ထိုပြည့်စုံမှုမရှိသော ဝိဇ္ဇာဓရလမ်းစဉ်တို့သည် မည်မျှပင် အစွမ်းထက်သည်၊ ကောင်းမွန်ပါသည်ဆိုစေကာမူ လိုရင်းသို့ရောက်မည် မဟုတ်ပေ။ ထို့အတူ အခြားအခြားသော ဘာသာ၊ သာသနာဟူသည်တို့သည်လည်း ထိုနည်းအတိုင်းပင် ကြုံတွေ့ရမည်ဖြစ်၏။ ထိုအချက်တို့ကြောင့် လမ်းစဉ်များလျှင်မှောက်မည်သာ ဖြစ်၏။

အမှားတကာ အမှားအပေါင်းတို့တွင် လမ်းစဉ်ဆိုင်ရာအမှားသည် လည်းကောင်း၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာတရားအမှားတို့သည် လည်းကောင်း အရေးကြီးဆုံးသောအမှားများ ဖြစ်၏။ ဤအမှားမျိုးတို့သည် ပြုပြင်ရန်သော် လည်းကောင်း၊ ပြင်ဆင်ရန်သော် လည်းကောင်း၊ ပြောင်းလဲရန်သော် လည်းကောင်း လွန်စွာခက်ခဲလှ၏။ အမှား၏သဘောမှာ တစ်ကြိမ်မှားလျှင် နောက်တစ်ကြိမ်မှားနိုင်တော့၏။

နောက်အမှားတစ်ရပ်ကား လူပုဂ္ဂိုလ်၏အမှား ဖြစ်၏။ ဤအမှားမျိုးကား ပြန်ပြင်ရန်ခဲယဉ်းလှ၏။ အချို့သည် လမ်းစဉ်မှန်သော်လည်း လူပုဂ္ဂိုလ်က မလိုက်နာနိုင်၍ မှားခြင်းမျိုးဖြစ်၏။ အချို့သောပုဂ္ဂိုလ်တို့ကား ကျင့်စဉ်ဆိုင်ရာ ကတိကဝတ်ဆိုင်ရာတို့နှင့်ပတ်သက်ပြီး ထိန်းသိမ်း စောင့်ရှောက်ပါမည်ဟု ကတိပြုခြင်း၊ သစ္စာပြုခြင်း၊ သီလခံခြင်း၊ အဓိဋ္ဌာန်ဆောက်တည်ခြင်းတို့ကိုပြုပြီးသောအခါတွင်မှ နောင်တစ်ကြိမ်ကြိမ်တွင် မမျှော်လင့်ဘဲသော် လည်းကောင်း၊ မတော်တဆသော် လည်းကောင်း ဖောက်ဖျက်ကျူးလွန်မိ၏။ မှားမိတတ်၏။ ထိုအမှားတို့တွင် အချိန်မီပြန်လည်

ဝိဇ္ဇာဓရမြန်မာ့အင်္ဂါရပ်ပညာ (၆၅)

# ဆရာဦးဆက်ထွန်းလင်း
(အာယုဗေဒ)

## ဝိဇ္ဇာဓရလောက ဝေါဟာရများ



[…]က ပင်လယ်သမုဒ္ဒရာကြီးများပမာပင် […]ဖြစ်နေကြောင်းတွေ့မြင်သိရှိနိုင်ပါသည်။

ထိုလမ်းစဉ်ဆိုင်ရာ ပါရမီတို့ကို […]တ်ကိုင်ပြုပြီး လျှောက်လှမ်းနိုင်မှသာ […]တ်ရပ်ပေါက်နိုင်မည့်ဆုကြီးပန်အဆင့် […]တန်းသို့ရောက်နိုင်မည်ဖြစ်၏။ ထိုသို့ […]မ်းညွှန်မူဝါဒမရှိပါမူကား သံသရာ

www.burmeseclassic.com

ကုစားနိုင်သောအမှားတို့ကား အမြန်ဆုံး ပြန်လည်ကုစားသည်နှင့် အကျိုးကျေးဇူး ပြန်ခံစားရနိုင်ပါသည်။

အချို့ကား ပြန်လည်ကုစားခြင်းငှာ မဖြစ်နိုင်တော့သော သိက္ခာပုဒ်များဖြစ်၏။ သာဓကအားဖြင့် ပရဒါရကံခေါ်သူတစ်ပါး၏ လင်ယောကျ်ားရှိသော မယား၊ ကာမပိုင်မယားရှိသော သူတစ်ပါးလင်တို့ကို ကျူးလွန်ခြင်းမျိုး၊ အဗြဟ္မစရိယာသိက္ခာပုဒ်အတိုင်း မေထုန်မှီဝဲခြင်းကိုရှောင်ကြဉ်ရမည့်အစား မရှောင်ကြဉ်ဘဲကျူးလွန်ခြင်းမျိုး၊ ရဟန်းတော်များအတွက်ကား ပါရာဇိကတ် (၄) ပါးကျူးလွန်ခြင်းမျိုးဖြစ်၏။ ဤအမှားတို့သည် ပြန်လည်ကုစား၍ရနိုင်ရန် ခဲယဉ်းလှသော ဖောက်ဖျက်ကျူးလွန်မှုမျိုးဖြစ်၏။ ထိုအမှားမျိုးများလျှင်ကား ကျိန်းသေမှောက်တော့မည်ဖြစ်၏။

လူသားတို့သည် ဝိဇ္ဇာစရဏသိက္ခာပုဒ်ဆိုင်ရာစီနည်းစည်းကမ်းများနှင့်ပတ်သက်ပြီး အတိအကျလိုက်နာရ၏။ ကံတစ်ပါးလုံးခြုံအောင်စောင့်ထိန်းသည်နှင့် ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးစလုံး အကျုံးဝင်အောင် စောင့်ထိန်းကြရ၏။

ထို့ကြောင့် လမ်းကြောင်းစစ်လမ်းကြောင်းမှန်၊ ဘာသာအစစ်သာသနာအမှန်တို့ဆိုသည်မှာ လောကတွင်ပေါ် ချင်တိုင်းပေါ် သည် မဟုတ်ပေ။ မကြာခဏလည်း ပေါ်ပေါက်လေ့ရှိသည်မဟုတ်။ အနည်းဆုံး လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီအားဖြည့်ကျင့်ထားသည့်ပုဂ္ဂိုလ်မျိုး ပေါ်ပေါက်ပွင့်ထွန်းသောအခါတွင်မှ စစ်မှန်သောဓမ္မစစ်တို့သည် ပေါ်ပေါက်ရရှိထုံးစံရှိသည်။ ထိုပါရမီရှင်၏ ဓမ္မစစ်တို့ ကွယ်ပသောအခါ၌ကား လောကသည် သာသနာပကာလဖြစ်ရ၏။ ဤသာသနာပကာလကား ခေတ်ကာလအတိုင်းအတာသတ်မှတ်ချက်ဖြင့် ဖော်ပြသည့် သာသနာပကာလဖြစ်၏။

နောက်သာသနာပကာလကား လူပုဂ္ဂိုလ်ဆိုင်ရာသာသနာပပုံစံဖြစ်၏။ ထိုပုံစံကား အနည်းဆုံး လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီဖြည့်ကျင့်ထားသောပါရမီရှင်၏ သာသနာတွင်းကာလတွင်ပင် အချို့သောပုဂ္ဂိုလ်များအဖို့ သာသနာပအခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့ကြရတတ်၏။

ထိုသို့ဖြစ်ရသည့်အခြေအနေတို့ကား အချို့သောပုဂ္ဂိုလ်တို့သည် ပါရမီရှင် မြတ်စွာဘုရား၏တရားတော်တို့ကိုမသိ၊ မကြား၊ မတွေ့ကြရခြင်း၊ မဖူးကြရခြင်း၊ အချို့လည်း တရားတော်ကိုနာယူရသော်လည်း သက်ဝင်နိုင်သည့်ဉာဏ်ပညာအားမမီသဖြင့် နားမလည်သဘောမပေါက်ဘဲဝေးနေခြင်း။ ဤသို့ဖြစ်ရခြင်း၏ အခြေခံအကြောင်းအရင်းမှာ ပါရမီဓာတ်ခံ အားနည်းသောကြောင့်သာဖြစ်၏။ အချို့ကလည်း မိဘ၊ ဆရာသမားနှင့် မိမိတို့ယုံကြည်အားထားရသည့် ပုဂ္ဂိုလ်တို့က ဤကား တရားမဟုတ်၊ ဘုရားမဟုတ်ဟုဆိုသဖြင့် ထိုသူတို့၏ စကားအတိုင်းလိုက်ကာ ဗုဒ္ဓသာသနာတော်၏ သာသနာပအခြေအနေမျိုးဖြစ်သွားရ၏။

ထို့ပြင် အချို့သောပုဂ္ဂိုလ်တို့သည် ဗုဒ္ဓသာသနာတော်ပွင့်ထွန်းပေါ်ပေါက်ရာဒေသနှင့် ဝေးကွာလွန်းသောနေရာတို့တွင်နေထိုင်ကြရခြင်း၊ အချို့သောအမျိုးစုဖြစ်သည့် ပုဂ္ဂိုလ်တို့ကား မိမိတို့ဘိုးဘွားမိဘ အစဉ်အဆက် ကိုးကွယ်လာခဲ့သည့် ကိုးကွယ်မိရာဘာသာတရားကိုပင် အကြောင်းအကျိုးခွဲခြားဆင်ခြင်မှုမပြုတော့ဘဲ ဆက်လက်၍ မိရိုးဖလာသဘောအရသာ ကိုးကွယ်ကြခြင်း၊ အချို့သော ပုဂ္ဂိုလ်တို့သည် လူအများစုကိုးကွယ်ရာဘာသာတရားသည် အမှန်ဟု အလွယ်တကူ ဆုံးဖြတ်ကြသောကြောင့်လည်းကောင်း၊ အချို့သောပုဂ္ဂိုလ်တို့မှာ လူနေမှုအဆင့်အတန်းမြင့်မားသောသူများ၊ ချမ်းသာကြွယ်ဝသောလူကုံထံများ၊ ခေတ်ပညာတတ်သူများ၊ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများ၌ ကိုးကွယ်သောဘာသာတရားကိုသာ ဘာမှမစဉ်းစားတော့ဘဲ မိမိကလည်း ထိုပုဂ္ဂိုလ်များနှင့် တစ်တန်းတည်းဖြစ်သွားသကဲ့သို့ ယူဆသွားပြီး အထင်ကြီးသောကြောင့် ကိုးကွယ်ကြခြင်းသည် လည်းကောင်း သာသနာပအခြေအနေသို့ရောက်ရှိသွားကြရ၏။

ထို့အပြင် နောက်ထပ်သာသနာပအခြေအနေပုံစံတစ်မျိုးဖြင့် ရောက်ရှိနေသောပုဂ္ဂိုလ်များလည်းရှိသေး၏။ ထိုပုဂ္ဂိုလ်များကား မည်သည့်သာဘာတရားကိုမျှ မကိုးကွယ်ကြပေ။ ဘာသာတရားသည် မှိုင်းနှင့်တူသည်ဟု ယုံကြည်သဖြင့် ဖရီးသင်ကာခေါ် ဘာသာမဲ့များအဖြစ်နေထိုင်ပြီး သာသနာပအခြေအနေနှင့် ကြုံတွေ့နေကြရ၏။

ထိုသို့ သာသနာသက်တမ်းကျော်လွန်သွားသဖြင့် သာသနာပအခြေအနေသည်လည်းကောင်း၊ သာသနာတွင်းပင်ဖြစ်သော်လည်း လူပုဂ္ဂိုလ်ဆိုင်ရာကြောင့်သာသနာပင်ဖြစ်ခြင်းသည်လည်း[illegible] ကြုံတွေ့ကြရသောအခါ လူများ[illegible] ဘာသာတရားတစ်ခုခုကို ကိုးကွ[illegible] ကြိုးစားအားထုတ်ကြမည်သာ [illegible] ထိုအခါ လူမျိုးအသီးသီး၊ နိုင်ငံအ[illegible] တို့၌ ကိုးကွယ်ရာဘာသာအမျိုးမျိုး[illegible] ပေါ်ပေါက်ခဲ့ရ၏။ ထိုအခါ ယုံ[illegible] နားလည်ရလွယ်ကူသော ဖန်ဆင်း[illegible] ဖန်ဆင်းခံသဘောတရားတို့သည် အ[illegible] အလွန် အမှီသဟဲပြုကာ ကိုင်းတွ[illegible] ကျွန်းကိုင်းမှီအခြေအနေမျိုးဖြင့် [illegible] တိုးတက်သည့်အသွင်ဆောင်လာ[illegible] ၏။ ဤကိစ္စသည် ယခုဖော်ပြနေ[illegible] များလျှင် မှောက်မည်သဘောတ[illegible] အရေးကြီးဆုံးဖြစ်နေပါသဖြင့် အ[illegible] ငယ် ချဲ့ထွင်ဖော်ပြလိုပါသည်။

**□ဖန်ဆင်းရှင်နှင့်ဖန်ဆင်းခံသဘောတ[illegible]**

အထက်ပါဖန်ဆင်းရှင်နှင့်ဖန်ဆင်း[illegible] သဘောတရားကို အပြန်အလှန်သ[illegible] လည်နေသည့် သဘောတရားဟု[illegible] မည်ကဲ့သို့ဖြစ်နေ၏။ ဗုဒ္ဓဘာသာ[illegible] ဖန်ဆင်းရှင်ဝါဒကို လက်ခံသည့်[illegible] ဖြစ်၏။ အဆိုပါ ဖန်ဆင်းရှင်ဝါ[illegible] ခေါင်းဆောင်အဦးအစဘာသာတရား[illegible] ဟိန္ဒူဝါဒဖြစ်၏။ ထို့ပြင် အဆိုပါ [illegible] ဝါဒကိုပင် ကမ္ဘာပေါ်၌ပေါ်ထွန်းခဲ့[illegible] သောဘာသာတရားတို့အနက် အဦး[illegible] အစောဆုံးဘာသာတရားအုပ်စုများ[illegible] ထည့်သွင်း၍သတ်မှတ်ကြ၏။

ဤနေရာတွင် ဗုဒ္ဓဘာသာ[illegible] ပတ်သက်၍မူ ဆိုရန်ရှိပါသည်။ [illegible] ဘာသာသည် ဤကမ္ဘာမြေပေါ်တွင် [illegible] လွန်ခဲ့သည့်နှစ်ပေါင်း ၂၆၀၀ တွင်[illegible] စတင်ပေါ်ပေါက်ခဲ့ရသည် မဟုတ်[illegible] ဤသာသနာကား ဤကမ္ဘာမြေပေါ်တွင် စတုတ္ထမြောက် ပွင့်ထွန်းတော်မူသော ဗုဒ္ဓဂေါတမဘုရားရှင်၏သာသနာဖြစ်[illegible] သည်။ ဤကမ္ဘာမြေ၏သက်တမ်းသ[illegible] ဘူမိဗေဒပညာရှင်များအရ လွန်ခဲ့သည့်နှစ်သ[illegible] ပေါင်း (၄. ၆) ဘီလီယံအချိန်ကာလ[illegible] တည်းက ဖြစ်တည်ခဲ့သည်ဟု ဆိုကြ[illegible] ထိုကမ္ဘာမြေ ဖြစ်တည်ပြီးနောက်ပိုင်း ကာလတွင်မှ ဩကာသလောက၊ သ[illegible] လောက၊ သင်္ခါရလောကတို့ပေါ်ပေါ[illegible] ကြ၏။

ကမ္ဘာပေါ်မှလူသား[illegible]လည်း သတ္တလောက၏ ဖြစ်[illegible]နှင့်အတူပေါ် ပေါက်ခဲ့ကြ၏။ [illegible]မှ ကမ္ဘာပေါ်တွင် လူဟူ၍အနီးစပ်[illegible]သက်သေအထော[illegible] အထားစ[illegible]ည်ရှိချိန်ကို ခန့်မှန်းသ[illegible]

www.burmeseclassic.com

www.burmeseclassic.com

မှတ်ရာတွင် လွန်ခဲ့သည့်နှစ်ပေါင်းသန်း (၄၀) ကျော်ဟု အကြမ်းဖျင်းသတ်မှတ်နိုင်သည့်ကာလ၌ မြန်မာနိုင်ငံ ပုံတောင်ဒေသတွင် လူတူပရိုင်းမိတ်များကိုတွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သဖြင့် ထိုကာလမှ နှစ်သန်းအနည်းငယ်တွင် ဖွံ့ဖြိုးစပြုလာသည့် လူသားဘဝသို့ရောက်ရှိနိုင်မည်ဟု ခန့်မှန်းနိုင်၏။

ထိုလူယဉ်ကျေးမှုစတင်ပြီး ခေတ်ဦးပိုင်းအခြေအနေတစ်ရပ်တွင် ဤကမ္ဘာမြေ၏ ဗုဒ္ဓဘာသာဆိုင်ရာ ပထမဦးဆုံးသော ကကုသန်ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်ခဲ့မည်ဖြစ်၏။ ထို့နောက် ကောဏာဂုံဘုရားရှင်၊ ကဿပဘုရားရှင်တို့၏ သာသနာများသည် ယခုမှ နှစ် (၂၆၀၀) မတိုင်မီကတည်းက ပွင့်ထွန်းခဲ့ပြီး ဖြစ်၏။ ထို့ကြောင့် ဤကမ္ဘာမြေနှင့် ပတ်သက်၍ ဗုဒ္ဓသာသနာတော်သည် လွန်ခဲ့သည့်နှစ် (၂၆၀၀) ကာလဟုသာ သတ်မှတ်၍သင့်မည်မထင်ပေ။ထို့ကြောင့် ကကုသန်ဘုရားရှင်မှ စတင်ပြီး ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်၌ စတင်ပေါ်ပေါက်ခဲ့ဖြင့် ကမ္ဘာအစောဆုံးအဦးဆုံး ဘာသာတရားအဖြစ် ဗုဒ္ဓဘာသာကို သတ်မှတ်သင့်၏။

ထို့ပြင် ကမ္ဘာ့ဘာသာတရားအများဆုံးသည် မဇ္ဈိမဒေသ၌ပေါ်ပေါက်ခဲ့၏။ အဆိုပါ မဇ္ဈိမဒေသ၌ပေါ်ပေါက်ခဲ့သော အဓိကကျသည့် ဓမ္မ (ဝါ) ဒဿနများကို သုံးသပ်ပါက အောက်ပါအတိုင်း တွေ့ရှိရမည် ဖြစ်၏။ ထိုဒဿနများအနက် ဖန်ဆင်းရှင်ဝါဒကိုလက်မခံသည့် ဒဿနများကို ဦးစွာဖော်ပြလိုသည်။ ထိုဒဿနတို့မှာ -

**ဖန်ဆင်းရှင်ဝါဒလက်မခံသည့်ဒဿနများ**

၁။ ဗုဒ္ဓဝါဒ ဒဿန

၂။ ဂျိန်းဝါဒ ဒဿန

အဆိုပါ ဂျိန်းဝါဒခေါ် ဇိနဝါဒကို စတင် တည်ထောင်သည့် ပုဂ္ဂိုလ်မှာ နိဂဏ္ဌနာထပုတ္တခေါ် မဟာဝီရ ဖြစ်၏။

၃။ မီမံသာဝါဒဒဿနကို စတင်တည်ထောင်သည့်ပုဂ္ဂိုလ်များမှာ ဂျေမိနိရသေ့နှင့် ဗျာသရသေ့တို့ဖြစ်၏။ ဤမီမံသာဒဿနတွင် အပိုင်းနှစ်ပိုင်းရှိ၏။ တစ်ပိုင်းကို ပုဗ္ဗမီမံသာဒဿနခေါ်၏။

ထိုဒဿနကို ဂျေမိနိရသေ့က တည်ထောင်ခဲ့သည်။ ကျန်တစ်ပိုင်းမှာ ဥတ္တရမီမံသဒဿနခေါ်၏။ ထိုဒဿနကို ဗျာသရသေ့က တည်ထောင်ခဲ့၏။ ဤဂျေမိနိ၊ ဗျာသတို့၏ မီမံသာဝါဒဒဿနတို့သည် ဝေဒန္တဒဿနများပင်ဖြစ်၏။ ဝေဒဘာသာရပ်၏ အခြေခံမှာ ဤစကြဝဠာဂြိုဟ်၊ နက္ခတ်တာရာစသည့် သဘာဝဖြစ်စဉ်တို့၏နိယာမများကြောင့်သာ လူသားများ၊ ကုသိုလ်၊ အကုသိုလ်များ ပေါ်ပေါက်ရသည်ဟုယူပါသည်။ ထို့ကြောင့် ဝေဒဒဿနတို့ကိုလည်း ဖန်ဆင်းရှင်ဝါဒကို လက်မခံသည့်ဝါဒများထဲတွင် ထည့်သွင်းရခြင်း ဖြစ်၏။ အဆိုပါ မီမံသာဒဿနနှစ်ရပ်သည်လည်း ဟိန္ဒူဝါဒ၏ဒဿနနှစ်ရပ်သည်လည်း ဟိန္ဒူဝါဒ၏ ဒဿန (၆) ပါးထဲတွင် အပါအဝင်ဖြစ်နေ၏။

ထို့ကြောင့် ကျန်ရှိနေသေးသော ဒဿနလေးပါးမှာ ဖန်ဆင်းရှင်ဝါဒကို လက်ခံသည့်ဒဿနများ ဖြစ်၏။

**□ ဖန်ဆင်းရှင်ဝါဒလက်ခံသည့်ဒဿနများ**

၁။ **ဈာယဒဿန** - ဤဒဿနကို ဂေါတမရသေ့က တည်ထောင်ခဲ့၏။

၂။ **ဝိဝေသိကဒဿန** - ဤဒဿနကို ကလာဒရသေ့ကတည်ထောင်ခဲ့၏။

၃။ **ဆံခယဒဿန** - ဤဒဿနကို ကပိလရသေ့ကတည်ထောင်ခဲ့၏။

၄။ **ယောဂဒဿန** - ဤဒဿနကို ပတဉ္စလိရသေ့ကတည်ထောင်ခဲ့၏။

ဤကား ဖန်ဆင်းရှင်ဝါဒဆိုင်ရာ ဟိန္ဒူတို့၏ ပဓာနကျသော ဒဿနများဖြစ်၏။ ဖန်ဆင်းရှင်ဝါဒကို လက်ခံသည့် အဓိကကျသော နောက်ပိုင်းဘာသာတရားများမှာ -

၁။ ရိုဗိုအက်စတာဘာသာ-စရသုစထြက တည်ထောင်ခဲ့၏။

၂။ ဂျူးဘာသာ - တမန်တော်မိုးဇက်က တည်ထောင်ခဲ့၏။

၃။ ခရစ်ယန်ဘာသာ - တမန်တော်ယေရှုက တည်ထောင်ခဲ့၏။

၄။ အစ္စလာမ်ဘာသာ - တမန်တော်မိုဟာမက်က တည်ထောင်ခဲ့၏။

အဆိုပါ ဘာသာတရားများအပြင် အခြားသော ဖန်ဆင်းရှင်ဝါဒကို လက်ခံသည့်ဘာသာ အများအပြားပင် ရှိပါသေးသည်။ ဤတွင် ပဓာနကျသော ဘာသာတို့ကိုသာဖော်ပြခဲ့ခြင်း ဖြစ်၏။ ဤဘာသာတို့သည်ကား ဟိန္ဒူဘာသာကဲ့သို့ပင် ဖန်ဆင်းရှင်ဝါဒကို လက်ခံသူများဟုဆိုသော်လည်း ဟိန္ဒူနှင့်မတူသည့်အချက်မှာ ဒဿနဟု ခေါ်ရလောက်အောင် သဘော၊ အနက်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်တို့သည် ဤဘာသာတို့တွင် ပါရှိမှုနည်းသဖြင့် လည်းကောင်း၊ ယုံကြည်မှုဆိုင်ရာ သဒ္ဓါတစ်ခုတည်းပေါ်၌ လည်းကောင်း အဓိကအားပြုတည်ဆောက်ထားသဖြင့် ဒဿနဟု မသုံးစွဲနိုင်ဘဲ ဘာသာတရားဟုသာသုံးစွဲသင့်သည်ဟု ယူဆပါသည်။

**□ ဖန်ဆင်းခြင်းလော၊**
**လောကသဘာဝ နိယာမလော**

လောကဟု ခြုံငုံ၍ခေါ်ဆိုရသော ဤကမ္ဘာကြီးသည် လွန်ခဲ့သောနှစ်သန်းပေါင်း (၄.၆) ဘီလျံကတည်းက ဖြစ်တည်ခဲ့သည်ဟုဆိုခဲ့ပြီး ဖြစ်၏။ ထိုအချိန်က ချော်ရည်၊ ချော်မြုပ်များ၊ မီးတောက်မီးလျှံများ စသည်တို့ဖြင့် စတင်ခဲ့ပြီး နောက်ပိုင်းတစ်စထက်တစ်စအေးခဲလာခဲ့၏။ ထို့နောက် မီးလောင်ခဲ့သောအခိုးအငွေ့များကြောင့် ငွေ့ရည်ဖွဲ့ကာ မိုးကြီးများ မရပ်မနား ရွာသွန်းခဲ့သဖြင့် ကမ္ဘာမြေပေါ်တွင် သမုဒ္ဒရာကြီးဖြစ်ပေါ်လာခဲ့၏။ ထိုမှတစ်ဖန် ကုန်းမြေပေါ်တွင် တောတောင်သစ်ပင်ကြီးများပေါ်ပေါက်လာသကဲ့သို့ သမုဒ္ဒရာထဲတွင်လည်း သတ္တလောက၏ ဇီဇဓာတ်များဖြစ်ပေါ်ခဲ့၏။

ထိုသတ္တလောက၏ဇီဇမှ ရေသတ္တဝါငယ်များ၊ ရေသတ္တဝါကြီးများဖြစ်ခဲ့၏။ ထိုမှရေသတ္တဝါအချို့သည် ကုန်းပေါ်သို့ အချို့တစ်ဝက်တက်သည့် ရေတစ်ပိုင်း ကုန်းတစ်ပိုင်းသတ္တဝါ၊ ကုန်းပေါ်နေ သတ္တဝါများအဖြစ် ဇီဇပြောင်းလဲခဲ့၏။ ထိုမှတစ်ဖန် လူသားတို့၏ဇီဇသည်လည်း ထိုမှပင်စတင်ခဲ့၏။ ဤဖြစ်စဉ်မျိုးသည် မိမိတို့၏ဤကမ္ဘာတွင်မှဖြစ်ပေါ်ခြင်းမျိုး မဟုတ်ပေ။ ဤကမ္ဘာအပါအဝင် အခြားအခြားသောဂြိုလ်များအားလုံးအားပါဝင်သည့် စကြဝဠာကြီးတစ်ခုလုံးသည် ဤစကြဝဠာအပါအဝင်ဖြစ်သော မဟာစကြဝဠာ၊ အနန္တစကြဝဠာအားလုံးပါဝင်သည့်ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ်အားလုံးတို့သည် ဤသို့ပင်ဖြစ်လိုက်၊ နောက်သက်တမ်းစေ့သောအခါ၌ ပျက်လိုက်ဖြင့် နိယာမသံသရာလည်နေခြင်းသာ ဖြစ်၏။ ဤကား သဘာဝ နိယာမပင် ဖြစ်သည်။ ထိုနိယာမကို မည်သည့်ပုဂ္ဂိုလ်၊ ဖန်တီးရှင်မျိုးကမျှ ပြုပြင်ပြောင်းလဲ၍ မရနိုင်သည့်အ ကေန်ပင် ဖြစ်၏။

ဤအချက်ကို ဗုဒ္ဓကလွန်ခဲ့သည့် နှစ်ပေါင်းထောင်ချီကတည်းက အသေအချာဟောဖော်ပြခဲ့ပြီးဖြစ်သကဲ့သို့ ယနေ့ခေတ်သိပ္ပံပညာကလည်း ဤဖြစ်စဉ်၏



www.burmeseclassic.com

www.burmeseclassic.com

သဘောသဘာဝကို အတော်ပင် ဖော်ပြနိုင်ခဲ့ပြီးလည်း ဖြစ်၏။ ထိုသို့ သဘာဝနိယာမ၏စွမ်းအားကို မျက်ကွယ်ပြုပြီး ဤမျှကြီးကျယ်သောကိစ္စကို ဖန်ဆင်းရှင်က ဖန်ဆင်းတာသာ ဖြစ်နိုင်သည်ဟု ယုံကြည်ခြင်းသည် ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ဟု စဉ်းစားရန်မှာ မိမိတို့၏ ပုဂ္ဂလိကသဘောဆန္ဒနှင့်သာ သက်ဆိုင်ပါသည်။

အချို့သော ဖန်ဆင်းရှင်ဝါဒကို လက်ခံသည့် ကျမ်းစာများတွင် ဤကောင်းကင်၊ ကမ္ဘာ၊ သမုဒ္ဒရာ၊ ရေ မြေ၊ တောတောင်တို့ကို ခုနစ်ရက်နှင့်အပြီး ဖန်ဆင်းသည်ဟုဆိုထား၏။ အမှန်ကား ကမ္ဘာမြေ၏ဘူမိဖြစ်စဉ်တစ်ခုတည်းပင် နှစ်ပေါင်းသန်းထောင်ချီ၍ကြာမြင့်၏။ အခြားသော ရေ၊ မြေ၊ တောတောင်၊ ပင်လယ်၊ သမုဒ္ဒရာ၊ သတ္တဝါတို့၏ဖြစ်စဉ်များသည်လည်း ဤအတိုင်း လွန်စွာကာလရှည်လျားစွာပင် ကြာမြင့်ခဲ့၏။ ထိုကဲ့သို့သော အခြေခံသဘာဝယုတ္တိမျိုးပင် ဘောင်မဝင်သောအချက် အလက်ပေါင်းများစွာပါနေ၏။

ထို့ပြင် ကမ္ဘာပျက်သည့်အချိန်၊ တရားစီရင်သည့်အချိန်တွင် ဖန်ဆင်းရှင်၏ ကိုယ်စားလှယ်က လူသားတို့၏ ကောင်းမှု မကောင်းမှုများကို သက်သေခံပေးမည်ဟု ဆိုထား၏။ ဤအချက်မျိုးကိုလည်း မည်သို့သောအထောက်အထားဖြင့် အခိုင်အမာလက်ခံကြပါသနည်း။ အဆိုပါကိုယ်စားလှယ်ဆိုသည့် ပုဂ္ဂိုလ်များ (ဝါ) တမန်တော်ဟုလည်း ခေါ်ကြသူများသည် စာပေမှတ်တမ်းများအဆိုရ လွန်ခဲ့သည့်နှစ်ပေါင်းတစ်ထောင်ကျော် နှစ်ထောင်၊ သုံးထောင်ဝန်းကျင်အစောဆုံး အထောက်အထားသာတွေ့ရ၏။ ကျမ်းစာများ၌ သူတို့ထက်စောသော၊ ပို၍စောသောတမန်တော်များရှိသည်ဟုဆိုခဲ့သည်။ သို့သော်လည်း ဤအချက်တို့သည် လွန်စွာမှုန်ဝါးလှ၏။ ထို့ကြောင့် လူသားတို့အား ဖန်ဆင်းရှင်ထံသက်သေခံပေးမည့် ပုဂ္ဂိုလ်များ၏ အခြေအနေကိုလည်း စဉ်းစားရန်လို၏။ လူသားတို့ စတင်ပေါ်ပေါက်ခဲ့သည်မှာကား နှစ်သောင်းသန်းနှင့်ချီရှိခဲ့ပြီးဖြစ်၏။ သို့ပါ၍ ယနေ့မှလွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်၊ သုံးထောင်မတိုင်မီက လူဖြစ်ခဲ့သည့်လူသားများကို မည်သူကသက်သေခံပေးပါမည်နည်း။ ထိုလူသားများကို မည်သည့်ဘာသာဝင်ဟု သတ်မှတ်ပြီး မည်သည့် ကိုယ်စားလှယ်တမန်တော်က သက်သေပြုပေးပါမည်နည်း။

အဆိုပါ ဖန်ဆင်းရှင်ဝါဒကျမ်းစာများအရ ဤဘာသာသည် ဤမည်သော တမန်တော်စတင်ပေါ်ပေါက်သည့်နေ့မှ စတင်၍ ″ ပေါ်ပေါက်သည်ဟူသော ကြေညာစာတမ်းမျိုးကို တွေ့ရပါသည်။ ဤတမန်တော်သည်သာ အစိက ရှေ့တမန်တော်သည် သာမညသဘော ဆောင်ကြောင်း အမိပ္ပာယ်သက်ရောက်စေသည့် ဖော်ပြချက်များကို ဆင်ခြင်၍ ဤနှစ်နည်းအတွင်း ဖန်ဆင်းခံရသော လူသားများသည်သာ သက်သေခံအကျိုးခံစားခွင့်ရှိတော့မည်ဖြစ်ပြီး ကျန်သော နှစ်ပေါင်းသန်းချီရှိသည့် လူသားများ၏ အဟောသိကံအခြေအနေမျိုးကို မည်သို့ဆိုပါမည်နည်း။

ထို့ပြင် ဤကမ္ဘာပေါ်တွင် စတင်လူသားပေါ်ပေါက်ခဲ့ရသည့် နှစ်ပေါင်းသန်းချီရှိသော သက်တမ်းအတွင်းရှိခဲ့သည့် လူသားများ၏ အခြေအနေတို့ကား ဤဖန်ဆင်းရှင်တို့၏ စံနှင့်ဆုံးဖြတ်ပါက ရင်လေးဖွယ်ရာသာဖြစ်နေတော့၏။ တရားစီရင်မှုကိုလည်း ကမ္ဘာပျက်ချိန်အထိသချိုင်းထဲတွင်သာ စောင့်ဆိုင်းထားခိုင်းခြင်းကလည်း သဘာဝယုတ္တိမတန်ပေ။

ထို့မှမက လူသားတို့၏ရုပ်ဆင်း အင်္ဂါဥပမိရုပ်ကလည်း ယခုမှစတင်ဖန်ဆင်းသည်ဆိုပြီး အချို့ကလည်း အလွန်ချောမောလှပသလို အချို့ကလည်းလွန်စွာမှ ရုပ်ရည်ကြမ်းတမ်းနေခြင်းကလည်း မည်သည့်ကံကံ၏အကျိုးမရှိသေးသူများကို ဖန်ဆင်းရှင်က သူဖန်ဆင်းချင်သလို တစ်ဖက်သတ် ဆုံးဖြတ်ခြင်းပေလော၊ ထို့ပြင် မေးရန်ရှိသည်မှာ ရုပ်ကိုဖန်ဆင်းသလို စိတ်ကိုပါဖန်ဆင်းပါသလော။

တကယ်တမ်းမှာမူ လောက၏ ဆိုးဝါးညစ်ညမ်းလှသော မကောင်းမှုပြုသူတို့၏လုပ်ရပ်များအားလုံးသည် ထိုလူသား၏ စိတ်အခြေခံမှ စတင်ပါသည်။ ထိုအခါ ထပ်ဆင့်သုံးသပ်ပါက ဖန်ဆင်းရှင်သည် လူသား၏စိတ်ကိုပါ ဖန်ဆင်းသည်ဆိုပါက လောကဥပဒေအရဆိုရပါမူ ၎ လာကမကောင်းမှုဒုစရိုက်ဆိုးရွားရက်စက်မှုအပေါင်း၏ အခြေခံသည် မူလဖန်ဆင်းသူအပေါ်၌သာ အထားကျသည့်သဘောမျိုး သက်ရောက်သွားစေနိုင်၏။

ထို့ကြောင့် လူသားသည် မိမိအသေအချာ သိထားမှုမရှိသော အကြောင်းအကျိုးခိုင်မာမှုမရှိသော ကိစ္စကြီးကို အဓိကပဓာန ပင်မမဏ္ဍိုင်ပြု၍ တည်ဆောက်လိုက်သော ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာတရားတစ်ခုကို၊ ကိုးကွယ်မှုဆိုင်ရာ ဘာသာတရားတစ်ခုကို အလွယ်ထင်၍ တည်ဆောက်လိုက်ခြင်းသည်ပင် ကြီးကျယ်သောမဟာအမှားကြီးတစ်ရပ်ကိုပြုဘိသကဲ့သို့ဖြစ်နေတော့၏။ ထို့ကြောင့် လိုက်လေအေးလေသာဖြစ်ပေတော့မည်။

ဤဆောင်ပါးရှေ့ပိုင်းတွင် ဆိုခဲ့သော ဖန်ဆင်းရှင်ဝါဒတို့တွင် လေးနက်သောမေတ္တာဒဿနတို့သည် အားနည်းသည်ဟုဆိုခဲ့ခြင်းနှင့်ပတ်သက်ပြီး အနည်းငယ်ထပ်မံတင်ပြလိုပါသည်။ ဤဝါဒတွင် ဘာသာရေးဆိုင်ရာ ဒဿနလုံးဝမပါတော့ဘူးလောဟု ဆိုရန်ရှိပါသည်။ မရှိမဟုတ် ရှိတော့ရှိပါသည်။ သို့သော် အားနည်းစွာရှိခြင်းမျိုးဖြင့်သာရှိနေပါသည်။ သာဓကအားဖြင့် မေတ္တာဝါဒကိုပဓာနပြုပြီး တည်ဆောက်ထားသည် မဟုတ်လော စောကြောရန်ရှိ၏။ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာတရားတစ်ရပ်ဟု ဆိုလိုက်သည်နှင့် စောင့်ထိန်းရမည့် သဘောတရားများ ကျင့်စဉ်ဆိုင်ရာ သဘောတရားများ သစ္စာဆိုင်ရာ သဘောတရားများအပြင် အထူးအားဖြင့် ပညာဆိုင်ရာ သဘောတရား များစွာပါရမည်ဖြစ်၏။

ထို့တွင် မေတ္တာဆိုင်ရာကို ပဓာနပြုထားသည်ဆိုသော်လည်း ဆိုင်ရာကျမ်းစာများအား လေ့လာကြည့်ပါက အဆိုပါ ၎မေတ္တာသဘောတရားသည် စလယ်ဆုံးသုံးပါးစလုံး ညီညွတ်စွာပါခြင်းမျိုးမဟုတ်ဘဲ မေတ္တာသဘောတရားသည် စလယ်ဆုံးသုံးပါးစလုံးညီညွတ်စွာပါခြင်းမျိုးမဟုတ်ဘဲ မေတ္တာဖြင့်ဆန့်ကျင်သည့်သဘောတရားများပင်ပါရှိနေသည်ကိုတွေ့ရ၏။ မေတ္တာသည် အဒေါသဖြစ်သဖြင့် ဆန့်ကျင်ဘက်သည် ဒေါသဖြစ်၏။ သာဓကတစ်ခုကို ဖော်ပြလိုပါသည်။ ခရစ်ယာန်သမ္မာကျမ်းစာတွင် ခရစ်ဝင်ကျမ်းနှစ်စောင်စလုံးမှ တညီတညွတ်တည်း ဖော်ပြထားရာတွင် ခရစ်တော်၏ဘဝနောက်ဆုံးအချိန် လက်ဝါးကပ်တိုင်၌တင်ထားစဉ် အော်ဟစ်မြည်တမ်းသည်မှာ 'ဘုရားသခင်သည် သူ့အားမကယ်ပဲ လစ်လျူပြုထားသည့်'သဘောမျိုးဆောင်သောစကားကိုဆိုခဲ့၏။ ၎င်းတွင် စာမျက်နှာကိုငဲ့ပြီး ဆိုလိုရင်းကိုသာဖော်ပြလိုက်ပါသည်။

ဤမြည်တမ်းခဲ့သော စကားကိုကြည့်ခြင်းဖြင့် သူသည် သေခြင်းတရားကို မလွှဲသာမရှောင်သာသဖြင့် လက်ခံသွားခဲ့ရပုံပေါ်၏။ သူ၏ပထမပိုင်းထားရှိခဲ့သော မျှော်လင့်ချက်ကြီးမှာ ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ခင်သည် မည်မျှဆိုးဝါးသော အခြေ အနေမျိုးကြုံတွေ့ရသည်ဖြစ်စေ သူ့အား ဖြစ်ဖြစ်သည့်နည်းဖြင့် ပြန်ကယ်လိမ့် မည်ဟု အမှန်တကယ် ယုံကြည်ခဲ့ပုံပေါ် ၏။ ထို့ကြောင့် ဤဝါဒကိုစတင်မျိုးစေ့ ချခဲ့သောပုဂ္ဂိုလ်၏ အခြေအနေကိုပင် ဆကြည့်နိုင်ပါသည်။

သို့ပါ၍ ဤကျမ်းစာတို့၌ ဖော်ပြ ထားသော အဖြစ်အပျက်သဘောတရား သည်လည်းကောင်း၊ ဖြစ်စဉ်ဖြစ်ရပ်တို့ သည်လည်းကောင်း၊ ဓမ္မဆိုင်ရာတို့တွင် သည်းကောင်း စလယ်ဆုံးညီညွတ်မှုမရှိ ဖြစ်နေရခြင်း ဖြစ်၏။ ထို့ကြောင့် ကိုယ် အလှယ်ပုဂ္ဂိုလ်များသည် လည်းကောင်း ဤကျမ်းစာများကို ခေတ်အဆက်ဆက် ပူဇော်ခဲ့သည့်ပုဂ္ဂိုလ်များတို့သည် ၎င်းကိုယ် တိုင် ဖန်ဆင်းခြင်းသဘောတရားဆိုင်ရာ တို့ကိုကောင်းစွာသဘောမပေါက်ကြောင်း ဆင်ရှား၏။ ထို့ကြောင့်လည်း ဤကျမ်း စာတို့၏အဆင့်သည် ဓမ္မဒေသနအဆင့် ဆတ် နီတိလောက်တွင်သာရှိနေကြောင်း ဆင်ရှားလှပါသည်။

**ဘုရားသခင်က လူသားကို ဖန်ဆင်းခြင်း လော၊ လူသားက ဘုရားသခင်ကို ဖန်ဆင်း ခြင်းလော**

ဤခေါင်းစဉ်၏ ဆိုလိုရင်းကို ကောင်းစွာဆဝါးမိမည် ယူဆပါသည်။ ဤအခြင်းအရာနှင့်ပတ်သက်ပြီး သာဓက တစ်ရပ်ကို ထုတ်ပြလိုပါသည်။ ဖန်ဆင်း ရှင်ဝါဒ၏ ဦးစီးပဓာနဖြစ်သော ဟိန္ဒူ ဝါဒကိုပင်ကြည့်နိုင်၏။ သူတို့ကိုးကွယ် သည့် ဗြဟ္မာဘုရား စသည်တို့သည် ဓမ္မတာဗြဟ္မာအမျိုးအစားကို ကိုးကွယ် သည်မျိုးမဟုတ်ပေ။ လူသားတို့က မိမိ တို့အလိုရှိသည့် အခြင်းအရာများကို သင်္ကေတသဖွယ် ထည့်သွင်းဖန်တီးထား သည်ကိုတွေ့နိုင်မည် ဖြစ်သည်။ ဖို၊ မ သင်္ကေတများပြည့်စုံအောင်လည်းဖန်တီး ထား၏။ ထို့အပြင် ဖန်ဆင်းမှုစွမ်းအား၊ တာကွယ် စောင့်ရှောက်မှု စွမ်းအား ဖျက်ဆီးမှု စွမ်းအား စသည့် ဖြစ်၊ တည်၊ ပျက်သုံးစုလုံးကို ကိုယ်စားပြုထား သင်္ကေတများဖြစ်နေကြသည်ကိုတွေ့ရ ည်ဖြစ်၏။ ဤအခြင်းအရာတို့သည်ပင် လျှင် ဓမ္မတာအတိုင်းမဟုတ်ဘဲ ပုံစံဝင် အောင် တမင်ဖန်တီးထားသည့်အချက် တား ထင်ရှား၏။ သာဓကအားဖြင့် မဟာပိန္နဲ(ဂနေ့ရှ်)ကိုပင် နမူနာအဖြစ် ကြည့်နိုင်ပါ၏။

မဟာပိန္နဲပုံတစ်ခုလုံးမှာ ပညာကို ကိုယ်စားပြုသင်္ကေတဖြစ်၏။ ခေါင်းမှာ ဆင်ခေါင်းကြီးဖြစ်၏၊အသိဉာဏ်ကြွယ်ဝ ခြင်းသင်္ကေတဖြစ်၏။ နားရွက်ကြီးမားမှု သည် ရင့်ကျက်ခြင်းသင်္ကေတ၊ စီးတော် ယာဉ်ကြွက်သည် အငြိမ်မနေခြင်း၊ လှုပ်ရှားခြင်းသင်္ကေတ၊ အသိဉာဏ် သင်္ကေတ၊ ခြေတစ်ဖက်တင်၊ ခြေတစ် ဖက်ချခြင်းကား ဟန်ချက်ညီခြင်းသင်္ကေ တ၊ လောကဓမ္မဟန်ချက်ကိုပါ ဆိုလို၏။ လက်တစ်ဖက်တွင် ပေါက်ချွန်းကိုင်ထား ခြင်းသည် ဆင်ကိုချွန်းအုပ်သည့်သင်္ကေ တ၊ စိတ်ကိုထိန်းရန် ပညာကိုထိန်းရန် သင်္ကေတ၊ အခြားတစ်ဖက်မှကိုင်ထား သောသင်္ကေတသည် ပိုက်ကွန်၊ ထောင် ချောက်မမိစေရန်သင်္ကေတ၊ ထို့အပြင် စစ်သေနာပတိ၊ စစ်ခေါင်းဆောင်မှုဟာ အကြီးအကဲဆိုင်ရာသင်္ကေတ၊စစ်အောင် နိုင်စေသောသင်္ကေတ၊ ဒုက္ခအားလုံးဖယ် ရှားစေနိုင်သောသင်္ကေတ စသည်တို့ကို ဖော်ဆောင်ထား၏။

ထို့အတူ သီဝဘုရားကိုလည်း ကြည့်ပါက မျက်စိမဖွင့်မပိတ်အနေ အထားသည် သမာဓိ၊ ဈာန်ဝင်စားမှု၊ ကိလေသာကင်းစင်မှု၏သင်္ကေတ၊ လည် တိုင်နှင့် လက်မောင်းတွင် မြွေပတ်ထား သည့်သင်္ကေတမှာ ခန္ဓာကိုယ်အတွင်းရှိ ကုဏ္ဍလိနီစွမ်းအင်ကိုဖော်ပြခြင်းဖြစ်၏။ အသားအရောင်ပြာနေခြင်းမှာ ကောင်း ကင်နှင့် ရေနက်လှစွာသောသမုဒ္ဒရာတို့ ၏အပြာရောင်ကို ကိုယ်စားပြုထား၏။ လက်တစ်ဖက်တွင် ကိုင်ထားသည့်မှိန်း သုံးခွမှာ ကြီးကျယ်သောဖျက်ဆီးမှုစွမ်း အားကိုဖော်ပြသည့်သင်္ကေတ၊ ရုပ်သွင် နှစ်ခု၏သင်္ကေတမှာ တစ်ခုသည် ယောဂီ အသွင်သင်္ကေတဖြစ်ပြီး အခြားတစ်ခု မှာ အကဘုရင်သင်္ကေတဆံပင်များလွင့် ပြီး မီးစက်ဝန်းအတွင်းရှိနေခြင်းသည် သံသရာလည်ခြင်းကို ကိုယ်စားပြုသည့် သင်္ကေတဖြစ်၏။

စသည်ဖြင့် လူသားတို့၏လိုအပ် ရာရာမှန်သမျှကို သင်္ကေတဖြင့်ဖြည့်စွက် ထား၏။ ထို့ကြောင့်လည်း ဟိန္ဒူဘာသာ တွင် အလွန်များပြားသော နတ်ဘုရား များရှိနေခြင်း ဖြစ်၏။ ဤကား ရုပ်တု ကိုးကွယ်၍ သင်္ကေတများဖြည့်ကြသကဲ့ သို့ ရုပ်တုမကိုးကွယ်သော ဖန်ဆင်းရှင် ဝါဒများတွင်ကား ပို၍ပင်များပြားလေ ပေ၏။ အဘယ်ကြောင့်ဆိုသော် သူတို့ ၏ စိတ်ကူးအာရုံပေါ် သမျှ တန်ခိုးအနန္တ နှင့် မိမိစိတ်မှဖြစ်စေလိုသမျှစွမ်းအားများ ကို စိတ်ကူးပုံဖော်၍ ကိုးကွယ်ကြ၏။ ထို့ကြောင့် သူတို့၏ ဖန်ဆင်းရှင်ဘုရား သခင်သည် သူတို့စိတ်ကူးအာရုံမြင်ကွင်း နှင့်မဆုံအောင်ပင် ကြီးမားချင်တိုင်း ကြီးမားနေတော့၏။ တန်ခိုးစွမ်းအားတို့ ကလည်း မမျှော်မှန်းနိုင်တော့လောက် အောင် စုံချင်တိုင်းစုံနေတော့၏။ ကိုင်စွဲ ထားသည့် (ဝါ) အသုံးပြုနိုင်သည့် လက်နက်ကိရိယာအမျိုးအစားကလည်း များချင်သလောက်များပြီး ဆန်းချင်တိုင်း လည်းဆန်းနေပါလိမ့်မည်။ တစ်စုံတစ်ခု သော သတ်မှတ်ချက်ကွယ်ပျောက်ကာ စည်းမဲ့အသွင်ပင်ဆောင်နေတော့၏။

ထိုအချက်အားလုံးကို အနှစ်ချုပ် လိုက်ပါက ဖန်ဆင်းရှင်တို့၏ သဘော သဘာဝသည် ရုပ်တုပါသည်ဖြစ်စေ၊ ရုပ်တုမပါသည်ဖြစ်စေ၊ စည်းရှိအသွင် ဖြစ်စေ၊ စည်းမဲ့အသွင်ဖြစ်စေ၊ ကန့်သတ် ချက်ဘောင်ရှိသည်ဖြစ်စေ၊ ကန့်သတ် ချက်လွန်ပင်ဖြစ်စေ အားလုံးတို့သည် လူသားတို့၏ အလိုဆန္ဒများကြောင့်သာ ဖြစ်တော့၏။ လိုအပ်သောဆန္ဒများရှိ လာသောအခါတွင် ထိုအတွက် သင်္ကေတ များကိုရုပ်တုကိုးကွယ်သောဝါဒက ရုပ်တု ထဲတွင် ထပ်မံဖြည့်စွက်ကြသလို ရုပ်တု မကိုးကွယ်သောဝါဒက စိတ်ကူးအာရုံ ထဲတွင် ထပ်မံ ထည့်သွင်းကြ၏။

ထို့ကြောင့် တကယ့်တကယ်သော ဖန်ဆင်းရှင် ဟူသည်ကို အသေအချာ ချင့်ချိန်သုံးသပ်သင့်တော့၏။ ထို့ကြောင့် လူသားသည် မိမိကိုးကွယ်လိုသည့် ဖန်ဆင်းရှင်ကိုပင် မိမိလိုအပ်ချက်များ အတိုင်း ပြည့်စုံအောင်ဖန်ဆင်းပြီးမှသာ ထိုဖန်ဆင်းရှင်ကို ကိုးကွယ်တတ်သည့် ထူးခြားသောစရိုက်မျိုးရှိတတ်သည်ကို လည်း ထည့်သွင်းစဉ်းစားသင့်လှပါတော့ ၏။

သို့ပါ၍ ဝိဇ္ဇာဓရလမ်းစဉ်အပါ အဝင် အခြားသော လောကီလွန်လမ်း စဉ်များ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ များတွင်လည်း တော်တည့်မှန်ကန်စွာ လျှောက်လှမ်းနိုင်ရန်သည် မည်မျှခဲယဉ်း မည်ဖြစ်ကြောင်း တွေ့မြင်နိုင်မည်ဖြစ်၏။ ထို့ကြောင့်လည်း ဝိဇ္ဇာဓရလောက ဝေါဟာရတစ်ရပ်ဖြစ်သော 'မှားလျှင် မှောက်မည်' ဟူသည့် စကား၏အနက် အဓိပ္ပာယ်ကို မည်မျှနက်နဲစွာသုံးသပ်ရန် လိုအပ်ကြောင်း တင်ပြအပ်ပါသည်။

(ရှေ့လဆက်ဖော်ပြပါရန်)

ဆရာကြီးဆက်ထွန်းလင်း

(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

ကိုခင်ဇော်နဲ့မိတ်ဆွေဖြစ်လိုက်တာနဲ့ သူ့ဘဝဇာတ်လမ်းထဲကအဖြစ်အပျက်တစ်ခုကို ကျွန်တော်ကတော်တော်လေးစိတ်ဝင်စားသွားတယ်။ ဒါကြောင့် သူ့ကို ဒီအကြောင်း နောက်တစ်ခေါက်လောက်ပြောပါဦးဆိုပြီး ပွဲတောင်းရတာပေါ့။ သူကလည်း အထာပေါက်ပါတယ်။ ဒီအကြောင်းကို ခင်ဗျားစာရေးဦးမလို့လား။ ပါလာရင် ကျုပ်ကို မေတ္တာလက်ဆောင်တစ်အုပ်ပေးလို့ ဆိုလာတယ်။ ဒီကိစ္စလောက်က ကျွန်တော့်အတွက် စာမဖွဲ့လောက်ပါဘူး။ အခုလို ရင်ဖွင့်ပြောပြတဲ့လူကို ကျွန်တော်ကလည်း ဝယ်ပြီးပေးနေကျပါ။ သူက ဘယ်နေရာကစပြီးပြောရမလဲလို့စဉ်းစားနေချိန်မှာ ကျွန်တော်က ဒီလိုအစဖော် ပေးလိုက်တယ်။

ခင်ဗျားအိမ်ရှေ့ မြက်ပေါက်တဲ့နေရာကစလိုက်ရင် လုံလောက်ပါတယ်ဆိုမှ အစကောက်လို့ရသွားပြီး အိတ်သွန်ဖာမှောက်ပြောပါတော့တယ်။

ကျုပ်နေတဲ့ အိမ်ခေါင်းရင်းမှာ သားအမိ (၃) ယောက်နေတယ်။ ကျုပ်နဲ့ မောင်နှမနှစ်ဝမ်းကွဲတော်တာယ်ပေါ့ဗျာ။ သူတို့က ကမ်းနားဘက်ကနေ ဈေးသက်သာတဲ့ကျုပ်အိမ်ဘေးလာဝယ်ရင်း ကျုပ်နဲ့အနီးကပ်ဖြစ်သွားတယ်။ ပထမတော့ မောင်လေးနဲ့နီးတော့ မမတို့လည်းအားရှိတာပေါ့လို့အဆင်အပြေသား။ အဆင်မပြေစဖြစ်တာက မြက်ပေါက်တဲ့ကိစ္စပါပဲ။ ကျုပ်ကအိမ်ရှေ့ကမြက်တွေကိုပေါက်နေချိန်မှာ ကျုပ်ရဲ့အစ်မကြီးဒေါ်ခင်ခင်က ပြင်ဆင်ပြီးရှုံ့စမိုးနဲ့အပြင်ထွက်လာတယ်ခင်ဗျ။

ပုံကြည့်ရတာ အလှူပွဲတစ်ခုသွားဖို့ဖြစ်ပါလိမ့်မယ်။ ရွှေတွေဆိုတာ ညွတ်နေတာပဲ။ ဒါပေမယ့် အသက်အရွယ်က (၅၀) ကျော်ဆိုတော့ ပြင်လွန်းလို့ဖင်ချွန်းဆိုတာမျိုးလို့အရုပ်မျက်နှာနဲ့တူနေတယ်။ ကျုပ်က စေ့စေ့တောင်မကြည့်ရဲပါဘူး။ ကြည့်မိရင် ရယ်မိမှာစိုးလို့ပါ။ အသာလေးခေါင်းငုံ့ပြီးမြက်ပေါက်နေရတာပေါ့။

အဲဒါနဲ့ ဒေါ်ခင်ခင်တစ်ယောက် အလှူကလည်း ပြန်ရောက်ရော သူ့လည်ပင်းက ဆွဲကြိုးကြီးပါမလာတော့ဘူး။ ကျုပ်အိမ်နဲ့ ဒီအစ်မကြီးအိမ်က တစ်အိမ်နဲ့တစ်အိမ်နီးနေတော့ သူတို့ညီအစ်မတွေပြောနေတာကို အကုန်ကြားနေရလို့ ဆွဲကြိုးကိစ္စ သိတာပါ။ ကျုပ်ရဲ့ပြဿနာက တစ်ပတ်ကျော်လောက်ကြာမှ ပေါ်လာတာဗျ။ ကျုပ်ရဲ့အဘွား ဒေါ်သိန်းခင်က ကျုပ်အိမ်ကို မလာစဖူး အလာထူးပြီး ရောက်လာပါလေရော။ ရောက်တာနဲ့ ဆိုင်းမဆင့် ဗုံမဆင့် ဒီစကားနဲ့စလာတယ်။

"မောင်မောင်ရယ် သူများပစ္စည်းယူထားရင်လည်းပြန်ပေးလိုက်ပါဟယ်"

ကျုပ်ကနားမရှင်းတော့ -

"ဘယ်လို၊ ဘယ်သူကဘာပစ္စည်းယူထားလို့ ဘယ်သူ့ကိုပြန်ပေးရမှာလဲ၊ ကျွန်တော်နားမလည်တော့ဘူး"

ဆိုတော့မှ -

"ဒီလိုဟေ့ မင်းအစ်မကြီးခင်ခင်တစ်ယောက် ကျွန်ခဲ့တဲ့ တနင်္ဂနွေနေ့က အလှူကိုသွားတော့ သူ့ဆွဲကြိုးနှစ်ကျပ်သားကြီးကျပျောက်သွားတယ်။ ဘယ်မှာပျောက်မှန်းလဲမသိဘူး။ ဒါနဲ့ ဗေဒင်






www.burmeseclassic.com

www.burmeseclassic.com



ဆရာကို သွားမေးကြည့်တယ်။ ဗေဒင်ဆရာက တွက်ချက်ပြီး ဒီဆွဲကြိုးဟာ သူမှာပျောက်တာ မဟုတ်ဘူး။ အိမ်အထွက်မှာ ပျောက်ခဲ့တာ။ ပြုတ်ကျမျိုးဖြစ်လိမ့်မယ်။ အင်း - ဒီပစ္စည်း အနီးဆုံးဆွေမျိုးသားချင်းတစ်ဦးက ကောက်ယူထားလိမ့်မယ်။ ချောမော့ပြီး တောင်းကြည့်ပေါ့လို့ ခင်ခင့်ကို ဟောလိုက်လို့ သိတာ"

လို့ ပြောတယ်ဗျ။

ကျုပ်ဆိုတာ အသားတွေတောင်တုန်သွားတာတယ်။ ရှက်လည်းရှက်၊ ဒေါလည်းဒေါတော့တာပေါ့။ အဲဒီ ဗေဒင်ဆရာနာမည်သိသလားဆိုတော့ မသိဘူးတဲ့။ ကျုပ်က အသံကျယ်ကျယ်နဲ့ -

"ဒီကိစ္စလုံးဝမဟုတ်ဘူး။ ဒီဆွဲကြိုးကျွန်တော်ယူထားတယ်ထင်ရင် ရဲစခန်းမှာ အမှုဖွင့်လိုက်ပါ။ ရှာဖွေဝရမ်းနဲ့ ကျွန်တော့်အိမ်ကိုစိတ်ကြိုက်ရှာခိုင်းလေ။ ဘာမှမတွေ့လို့ကတော့ ပြောတဲ့လူ၊ ဟောတဲ့လူအားလုံးကို အသရေဖျက်မှုနဲ့ တရားကိုစွဲပစ်မယ်။ တွေ့ကြသေးတာပေါ့လို့ ဒေါ်သိန်းခင်ပါရောပြီး ဟောက်လိုက်တယ်။

ကျုပ်အစ်မ ဒေါ်ခင်ခင်က ကျုပ်ကို တည့်တည့်မပြောရဲလို့ ကျုပ်အဒေါ် ဒေါ်သိန်းခင်နဲ့လွှတ်ပြီးပြောခိုင်းတာကိုး။ ဒါပေမယ့် ဆွဲကြိုးကြီးကပျောက်ချက်သားကောင်းနေတယ်။ အဲဒီအချိန်ကစပြီး ဒီဗေဒင်ဆရာအဟောကြောင့် ကျုပ်ကလည်း သူ့ကိုမုန်း။ သူကလည်း ဆွဲကြိုးကြီးကိုယူထားတဲ့သူဆိုပြီး အသေမုန်းတော့တာပါပဲ။

ဒီကိစ္စကိုကျုပ်ဘက်ကပြီးသွားပေမယ့် သူတို့ဘက်ကမပြီးကြဘူး။ ဘာသက်သေခံအထောက်အထားမှမရှိလို့ ကျုပ်ကိုအရေးမယူရဲလို့ အောက်လမ်းဆရာနဲ့ပေါင်းပြီး တစ်မျိုးလုပ်ပြန်တယ်။ ဒီကိစ္စကို အစကကျုပ်ကမသိဘူး။ မသိမသာကနေ သိသိသာသာ စီးပွားပျက်လာတယ်။ သမီးအကြီးက ခေတ်စားနေတဲ့ သွေးလွန်တုပ်ကွေးဖြစ်ပြီး ပုသိမ်ဆေးရုံတက်ရပြန်တာပေါ့။

အကြီးပြီးတော့ အငယ်မကထပြီး ဖောက်လာပြန်တယ်။ ညနေဆို ကိုယ်ပူအဖျားတက်၊ မနက်ဆိုရင်အကောင်း။ ဒီလိုနဲ့ ရပ်ကွက်ထဲက ဆရာဝန်နဲ့ဆေးထိုးလည်းကိုယ်ပူကမကျဘူး။ ကလေးအထူးကုပြလည်း ညနေဘက်ဆိုအဖျားကတက်တာပါပဲ။ ကျုပ်သမီးငယ်ရောဂါကပျောက်ချင်တော့လည်း ခပ်ဆန်းဆန်းဗျ။ ပင်လယ်ပိုင်းမှာ ကျုပ်တို့ရဲ့ မွေးစားသားရှိတယ်။ ဒီကောင်လေးက သူရှင်ပြုမှာဖြစ်လို့ မိသားစုလိုက်အကုန်လာပါတဲ့။ ကျုပ်မှာက ဖနမကောင်းတဲ့ကလေးတစ်ဖက်နဲ့ဘယ်လိုဆုံးဖြတ်ရမှန်းမသိဖြစ်နေတယ်။

အဲဒီအချိန်မှာ ကျုပ်ဦးလေးတစ်ယောက်ရောက်လာပြီး မင်းပင်လယ်ကိုဆင်းသွား။ မင်းကလေးက ရေပြောင်းမြေပြောင်းဆိုရင် ရောဂါကပျောက်တတ်တယ်၊ ယတြာချေတဲ့သဘောမျိုးပေါ့လို့အားပေးတာနဲ့ ကျုပ်တို့မိသားစုပင်လယ်ဆင်းသွားတယ်။ ဟိုင်းကြီးကျွန်းက စံထူးဆိုတဲ့ရွာကိုသွားတာပါ။ ဟုတ်တယ်ဗျ၊ ရွာရောက်တာနဲ့ ကျုပ်သမီးဘာဆေးမှမသောက်ရဘဲကောင်းသွားတယ်။ ပုံကြည့်ရတာ အစီအရင်လုပ်တဲ့နယ်ကလွတ်သွားလို့ ပျောက်တာဖြစ်တယ်။ ဒါက နောက်ပိုင်းမှာ ဆက်စပ်တွေးကြည့်လို့သိတာဗျ။

ကျုပ်ပင်လယ်ပိုင်းဆင်းတဲ့ချိန်မှာ စီးပွားရေးက တော်တော်လေးအဆင်မပြေတဲ့အချိန်ဘဲ။ အဆင်မပြေတဲ့အလုပ်လေးတစ်ခုပြောရဦးမယ်။ ကျုပ်ပင်လယ်ပိုင်းရောက်တော့ ပဲစိုက်ဖို့မြေတွေထွန်ယက်နေတဲ့အချိန်။ ဦးတင်မောင်က ဘာပြောသလဲဆိုရင် -

"မင်းက ပုသိမ်မှာနေတဲ့လူဆိုတော့ ပုရွက်ဆိတ်ဆေးရအောင်ရှာပါလား။ ပဲခင်းဆိုတာ ပုရွက်ဆိတ်ကြိုက်တဲ့အပင်မျိုးပဲ။ မင်းရသလောက်တော့ ဝယ်လာ။ ပါသလောက် ရောင်းကောင်းတဲ့ပစ္စည်းပါပဲ။ မင်းသဘောနဲ့ထည့်ပေးလိုက်။ ငါရောင်းပေးမယ်"

ဒီလိုအားပေးတာနဲ့ ကျုပ်ကပုသိမ်လည်းပြန်ရောက်ရော စိုက်ပျိုးရေးဌာနက သူငယ်ချင်းကိုကပ်ရတာပေါ့။

သူကလည်း မင်းလျှောက်လွှာတင်လိုက်၊ ပဲခင်းပိုင်ရှင်အမည်၊ ဧက၊ နေရပ်လိပ်စာတွေဖြည့်ထား။ ရအောင်လုပ်ပေးမယ်ဆိုတာနဲ့ လျှောက်လွှာတွေတင်လိုက်တာ၊ ပီနံအိတ်တစ်လုံးစာရတယ်ဗျ။ ကျုပ်က တစ်ဆယ်သားအထုပ်ကလေးတွေထုပ်ပြီး စံထူးရွာကိုပို့လိုက်တာပေါ့။

ဟိုရောက်တော့ ဘယ်လိုပြဿနာပေါ်သလဲဆိုရင် ပဲခင်းရှင်တွေက ကျုပ်ဆေးအိတ်ကိုဖောက်ပြီး လက်မနဲ့ လက်ညှိုးကော်ယူတယ်။ ပါလာတဲ့အမှုန့်လေးကိုဖိကြည့်တယ်။ ပြီးတော့ လက်မနဲ့လက်ညှိုးကိုခွာလိုက်တယ်။ အမှုန့်ကအပြားလေးဖြစ်ပြီး အောက်ကိုကျသွားတယ်။ ဒါက သူတို့စမ်းသပ်နည်းတဲ့။ သူတို့ဆီရောက်တဲ့ဆေးမှုန့်တွေကို ဒီနည်းနဲ့စမ်းသပ်ကြတယ်။ လက်မနဲ့ လက်ညှိုးဖိပြီး လွှတ်လိုက်လည်း ဆေးမှုန့်တွေက မတွဲဘူး။ အမှုန့်အတိုင်းလက်ထဲကထွက်သွားတယ်တဲ့။ ဒါမှဆေးမှုန့်စစ်တာတဲ့။ ကျုပ်ဆေးတွေက လက်မနဲ့လက်ညှိုးဖိလိုက်ရင် မှုန့်ပြားကြီးလို အပြားလေးဖြစ်သွားတယ်။ ဒါကြောင့် အတုလို့ပြောကြတာပေါ့။ ဒီလိုနဲ့ တစ်ထုပ်ကောင်ရောင်းလို့

www.burmeseclassic.com

မဖြစ်သွားတယ်။ တာဝန်ခံပြီး စက်လှေဆိုင်ဆင်းယူတဲ့ ဦးတင်မောင်ကတော့ သူ့ပဲခင်းမှာပက်လိုက်တယ်။ လက်တွေ့လုပ်ပြတာတောင် တောင်သူတွေက မယူတော့ဘူးဗျ။ ဒီလိုနဲ့ ပုရွက်ဆေးလုပ်လိုက်တာ ဝက်ဝက်ကွဲရှုံးတော့တာပါပဲ။

ဒါက တစ်ခုလောက်အဆင်မပြေတာကို သိအောင်ပြောပြတာပါ။ ဘာလုပ်လုပ် အဆင်ကိုမပြေဘဲ စားဝတ်နေရေးပါကျပ်လာတယ်။ အိမ်ကိုရောင်းရတော့မယ့်အခြေအနေပဲ။ အဲဒီအချိန်မှာ ဂမ္ဘီရဆရာသူငယ်ချင်း ကျုပ်အိမ်ရောက်လာတယ်။ သူက ဘာပြောသလဲဆိုရင် ခင်ဗျားကိုတစ်ယောက်ယောက်ကတိုက်ထားပြီ။ ခင်ဗျားကို ကျုပ်လုပ်ပေးထားတဲ့အင်းရှိတယ်မဟုတ်လား။ ကျုပ်မျက်စိထဲမှာ-အဲဒီအင်းက တိုက်အင်းတွေကို ဖောက်ဖောက်ဝင်နေတာ တွေ့ရတယ်။ ဒီလိုတွေ့ပြီဆိုရင် ခင်ဗျားကို အောက်လမ်းနဲ့တစ်ခုခုလုပ်ထားတာကျိန်းသေပဲ။

အဲဒီ အောက်လမ်းအင်းတွေကို ဖော်ထုတ်တဲ့ပညာရှိသေးတယ်။ ကျုပ်တော့မလုပ်တတ်ဘူး။လုပ်တတ်တဲ့ဆရာပင့်ပြီး အဲဒါတွေကိုဖော်ထုတ်ပစ်လိုက်။ အခုကိစ္စက ကျုပ်ရဲ့အဆောင်အင်းရှိလို့ ခင်ဗျားခံသာနေတာ။ လုပ်တဲ့ကိစ္စက အသေလုပ်တဲ့သဘောပဲ။ အငယ်မဖျားတာကိုကြည့်၊ ခင်ဗျားပင်လယ်ပိုင်ဆင်းလည်းသွားရော နေကောင်းသွားတယ်မဟုတ်လား။ ဒါကအစီအရင်ကရှောင်တဲ့သဘောဖြစ်သွားတယ်။ ပဌာန်း - ၂၄ ပစ္စည်းကို (၁၈) ကြိမ်လောက် နေ့တိုင်းရွတ်ပေးဆိုပြီး သတင်းပေးသွားတယ်။

ကျုပ်လည်း ဟိုစုံစမ်းဒီစုံစမ်းနဲ့ ရေကြည်ဦးက ဆရာဦးတင်ဦးဆီရောက်သွားတယ်။ ဒီဆရာက အင်းဖော်စပယ်ရှယ်လစ်တဲ့၊ သူ့ဆီကိုသွားရင် အိမ်ရဲ့အတက်အဆင်းက မြေကြီးလက်တစ်ဆုပ်တူးပြီးယူသွားရတယ်။ သူ့ဆီရောက်ရင် သူ့ကိုပေးထားတဲ့ အင်းတုံးကြီးကို ဖလားမှာစိမ်ပြီး ဘယ်လက်က မြေကြီးကိုဆုပ်တယ်။ ညာလက်က အင်းတုံးစိမ်တဲ့ဖလားထဲနှစ်လိုက်တယ်။ မျက်စိမှိတ်ပြီး အာရုံခံတာနဲ့ အဖြေသိတယ်လို့လုပ်ဖူးတဲ့လူတွေကပြောပြတယ်။

ဒါနဲ့ ကျုပ်လည်း ဆရာဦးတင်ဦးဆီရောက်တဲ့အခါ တိုက်အင်းတွေမြှုပ်ထားကြောင်း ဆရာကအဖြေပေးထားပါတယ်။ နောက် ဆရာ့ကိုအိမ်လာဖို့ပင့်ရတယ်။ကျုပ်အိမ်ရောက်တာနဲ့ ဘုရားခန်းကိုဝင်လိုက်တယ်။ ဖလားနှစ်လုံးယူလာဆိုတာနဲ့ တစ်လုံးကိုရေဖြည့်ပြီး သူ့ကိုပေးလိုက်တယ်။ ဆရာက ငါးပါးသီလခံယူပြီး သူ့ရဲ့အင်းတုံးကြီးကို ရေမှာစိမ်လိုက်တယ်။ အဲဒီရေကို ကျန်တဲ့ဖလားထဲသွန်ထည့်ပေးတယ်။ ခင်ဗျားအိမ်ပြတင်းပေါက်ကနေ လက်လှမ်းမီသမျှပက်လိုက်လို့ တစ်ခွက်ပြီးတစ်ခွက်ထည့်ပေးတယ်ဗျ။

သဘောက အိမ်ပတ်ပတ်လည်ကို နှံ့နှံ့စပ်စပ်ပက်ခိုင်းတဲ့သဘောပဲ။ အားလုံးပြီးတော့ ခင်ဗျားတစ်ယောက်တည်းအိမ်တစ်ပတ်လည်လိုက်ရှာလိုက်။ တစ်လက်မပတ်လည်မည်းမည်းအပြားလေးတွေတွေ့ရင်ကောက်လာခဲ့။ အဲဒါတွေဟာ တိုက်အင်းတွေပဲ။ ပထမအင်းတွေကို မြေထဲမှာ လက်တစ်လုံး၊ နှစ်လုံးလောက်တူးပြီး မြှုပ်ထားတာမျိုးပေါ့။ အခုလို အင်းရေနဲ့ပက်လိုက်ရင် အလိုလိုပေါ်လာလိမ့်မယ်။ တူးပြီးရှာစရာမလိုဘူး။

ဆရာပြောတဲ့အတိုင်းပါပဲ။ ကျုပ်လိုက်ရှာတာ အင်း (၁၀) ခုလောက်တွေ့တယ်။ ကျောက်သင်ပုန်းလိုလို မြေသပိတ်ကွဲလိုလိုပစ္စည်းပါပဲ။ ဆရာပြောသလို တစ်လက်မပတ်လည်လောက်တော့ရှိပါလိမ့်မယ်။ ဆရာက သူ့အင်းကြီးစိမ်ထားတဲ့ဖလားထဲကို ဒီအင်းတွေထည့်ပြီး ဆရာ့အင်းတုံးကြီးကို ဖယ်လိုက်တယ်။ ပြီးတော့ ဆရာကဘာပြောသလဲဆိုရင်-

"အခုလို ဘုရားအင်းစိမ်တဲ့ရေထဲကိုထည့်လိုက်တာနဲ့ စီရင်ထားတဲ့တိုက်အင်းတွေပျက်သွားပါပြီ။ ခင်ဗျားက ပုသိမ်မြစ်ရေအကျမှာ ဒီအင်းတွေကို စက္ကူနဲ့ထုပ်ပြီးပစ်လိုက်ပါ။ အထူးသဖြင့် မီးတော့မရှို့ပါနဲ့။ မီးရှို့ရင်လုပ်တဲ့လူကို တည့်တည့်ကြီးပြန်ထိတတ်တယ်။ ရေမှာသာပစ်လိုက်ပါဗျာ"

လို့ ကျုပ်ကိုပြောပြတယ်။

ကျုပ်ကလည်း ဟုတ်ကဲ့ပါခင်ဗျာဆိုပြီးစက္ကူနဲ့ထုပ်ထားလိုက်တယ်။

ဆရာလည်းပြန်သွားရော အိမ်ရှေ့ဖိနပ်ချွတ်မှာ မီးသွေးမီးဖိုကို မီးရဲနေအောင်ယပ်ခတ်ပြီး ဒီအင်းတွေကိုမီးဖုတ်လိုက်တာပေါ့။ မီးလောင်တော့မှ အင်းကအဖြူရောင်ဖြစ်လာပြီး လူ့အရိုးခေါင်းသဘောလို အရေးအကြောင်းလေးတွေပေါ်လာတယ်။ သပိတ်ကွဲနဲ့ သင်ပုန်းကျောက်မဟုတ်တာတော့သေချာသွားပါပြီ။ အင်းကွက်ထဲကိုကြည့်လိုက်တော့ ဘီလူးပုံအလယ်မှာ တွေ့ရပြီး သေ၊ ပြောင်း၊ ပျက်၊ ပြေးဆိုတဲ့ စာသားတွေပေါ်လာတယ်။ ကျုပ်မြင်ပြီးသိပ်မကြာပါဘူး။ ပြာဖြစ်သွားပါတယ်။

အင်းဆရာ ဦးတင်ဦး မပြန်ခင် ကျုပ်ကမေးပါသေးတယ်။

"ကျွန်တော့်အိမ်ကိုတိုက်တဲ့လူတို ပြောပါ ဆရာ"

ဆိုတော့ -

"ကျွန်တော့်မှာပြောပိုင်ခွင့်မရှိ... တိုက်အင်းအစီအရင်ကို ပျက်အောင်... လုပ်ခွင့်ပဲရှိတယ်။ သိပ်မကြာပါ... ခင်ဗျားဘာသာ အလိုအလျောက်... လာပါလိမ့်မယ်"

လို့ ပြောပြီးပြန်သွားတာဗျ။

ကျုပ်ခေါင်းထဲမှာ သေပြောင်း... ပျက်ပြေးဆိုတဲ့အစီအရင်ဟာ ငါ... မဖြစ်တော့ဘူး။ ဘယ်သူတွေဖြစ်မ... ပတ်ဝန်းကျင်ကိုအကဲခတ်ကြည့်တာ... (၆) လလောက်အကြာမှာ ခေါင်း... အိမ်က ဒေါ်ခင်ခင့်မိခင်ဆုံးသွားတ... ဒီအထိလည်း မရိပ်မိသေးပါဘူး။ ... သေတယ်ပေါ့ဗျာ၊ ကျုပ်က အသုဘ... လိုက်တောင်ပို့လိုက်သေးတယ်။

နာရေးကိစ္စပြီးတော့ ကျုပ်အိမ်... ကြီးဒေါ်ခင်ခင်ညီအစ်မနှစ်ယောက်... ရန်ကုန်တက်ပြီး သူတို့မှာရှိတဲ့စိန်... သွားရောင်းတယ်လို့ ကြားတယ်... လွှန်ခဲ့တဲ့ နှစ်သုံးဆယ်က သိန်း (... ဆိုတာ နည်းတဲ့ပိုက်ဆံလား။ ရတဲ့... တွေကို ရန်ကုန်က အဒေါ်အကူအညီ... ကုန်သည်ကြီးတစ်ယောက်ကို ချေး... တယ်တဲ့။ ဖြစ်ချင်တော့ အဲဒီကုန်သည်... ကြီးက သင်္ဘောမှောက်တဲ့အထဲပါသွား... တယ်။ ဒါကြောင့် ငွေတွေပါဆုံးပါ... ရော။

သေနဲ့ ပျက်ဖြစ်တဲ့အထိလည်း... ကျုပ်ကမသိသေးဘူး။ လောဘကြော... ဖြစ်ရိုးဖြစ်စဉ်လို့ထင်တာပေါ့။ သိပ်မကြာ... ပါဘူး။ သိန်း (၂၀) ဆုံးသွားတာ... တစ်လချင်းရမယ့်အတိုးကရပ်သွား... နေတဲ့အိမ်ကို ရရာဈေးနဲ့ရောင်းပြီး... ကြတယ်။ အခုလိုမြို့ကအိမ်ကနေ ... ကအိမ်ကိုပြောင်းပြီးပြေးတော့မှ ... ပြောင်း၊ ပျက်၊ ပြေးကို နည်းနည်း... အဓိပ္ပာယ်ပေါ်လာတယ်။ သူတို့... အရင်နဲ့ သူတို့တည့်တည့်ကြီးတိုး... လားလို့ ကျုပ်တောင် စိတ်မကောင်း... မိပါတယ်။

ဒီပွဲမှာ ကျုပ်က...ကြီးပေလို့ ... သူတွေတွေ့သွားတာပါ။ ဒီခေတ်... ရောက်တဲ့... အောက်လမ်းပညာ... ရှိပါသေးသလားလို့ အံ့ဩမိတယ်ဗျ။ ...




www.burmeseclassic.com

www.burmeseclassic.com

မိဘဆိုသော စကားရပ်သည် မိခင်နှင့် ဖခင်နှစ်ဦးအားအခြေခံ၍ အချိုးညီညီ ပေါင်းစပ်ထားအပ်သော နာမ်စားတစ်မျိုးဖြစ်ပါသည်။ ရင်နှင့်လွယ်၍ သားနှင့် သမီးတို့ကို မွေးဖွားသန့်စင်ပေးခဲ့ပြီးသော အထက်တန်းပြဆရာမတစ်ဦးလည်းဖြစ်သည့် မိခင်တစ်ဦးအနေဖြင့် ကောင်းစွာသိရှိနားလည်ပြီး ဖြစ်ပါသည်။ မိခင်နှင့်ဖခင်တို့သည် သဘာဝအားဖြင့် တူညီသော လူသားနှစ်ဦးဖြစ်ကြပြီး သဘာဝတရားမှ ပေးအပ်ထားသော ကျား၊ မတို့၏ မွေးရာပါတာဝန်များကို ဆောင်ရွက်နေကြခြင်းသာဖြစ်၍ သားသမီးများအပေါ်တွင် မိခင်၊ ဖခင်တို့၏ ကျေးဇူးပြုမှုများသည် သွင်ပြင်အားဖြင့် ကွဲပြားနေကြပေမယ့် မေတ္တာစိတ်၏တန်ဖိုးအနှစ်သာရများသည် ညီမျှခြင်းတစ်ခုသာဖြစ်ချေမည်။

မျက်မှောက်ခေတ် မိဘများ၏ မေတ္တာကို ဖော်ကျူးကြရာတွင် မိခင်များ၏မေတ္တာနှင့် ဂုဏ်ကျေးဇူးများကိုသာ ထင်ဟပ်ဖော်ညွှန်းနေကြပြီး အဖေများ၏ မေတ္တာတရားနှင့် ဂုဏ်ကျေးဇူးများကို ဖော်ညွှန်းခံစားဂုဏ်ပြုမည့်သူများ မရှိသလောက်ပါပဲ။ ဉာဏ်မီသလောက် ကျွန်မစဉ်းစားတွေးခေါ်ကြည့်မိပါသည်။ အဖေနှင့် အမေ နှစ်ဦးတွင် ကိုးလလွယ် ဆယ်လဖွားခဲ့ရ၍ အမေတစ်ဦးတည်းသာ ကျေးဇူးကြီးမားပြီး ဝါးဖတ်တော် ကစီနှစ်ရဖို့အတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ပေးခဲ့ရသောအဖေ၏ကျေးဇူးနှင့်မေတ္တာကို အသိအမှတ်ပြု၍ ကျေးဇူးပြုရန်မေ့နေခဲ့၍လား။ ဒါမှမဟုတ် အသိအမှတ်ပြုရလောက်သည်အထိမရှိခဲ့၍လား၊ အမှန်ဆိုလျှင် စူးနေရာတွင် စူးသည် အမိကကျသလို ဆောက်၏နေရာတွင်လည်း ဆောက်သည် အမိကကျနေသလို မိခင်၊ ဖခင်တို့၏ ဂုဏ်ကျေးဇူးသည် ချိန်ခွင်လျှာညီနေသကဲ့သို့ အညီအမျှပဲမဟုတ်ပါလား။ တစ်စုံတစ်ခုကို ကျွန်မသတိထားလိုက်မိပါသည်။

ဝေဒနာပြပွဲအခင်းအကျင်းကျွမ်းကျင်သော အမေ့မေတ္တာသည် သစ်လွင်တောက်ပ၍ ပေါ်လွင်နေပေမယ့် ဝေဒနာပြပွဲအခင်းအကျင်းမတတ်သော



# မောင်လွမ်းမိုး

(ချောင်းဆုံ)

## မလျော့သောမေတ္တာများဖြင့် ပေးဆပ်သူ

www.burmeseclassic.com

www.burmeseclassic.com

အဖေများ၏ မေတ္တာသည် အင်အားကြီးမားစွာဖြင့် နှလုံးအိမ်တွင် ငုပ်ကောင်အဖြစ် တည်နေခဲ့သည်ကို သားနှင့်သမီးများ သိရှိနားလည်ရန် ကြိုးစားသင့်ပြီလို့လည်း တိုက်တွန်းပါရစေ။ နေရောင်တောင်ဆွယ်မှာကွယ်လို့ လမိုက်ညများစွာ ရောက်လာပါမှ နေမင်းကြီးအား တမ်းတပူဆွေးမှုတွေ မဖြစ်ကြစေရန် အဖေ့မေတ္တာကို ဖော်ညွှန်းခံစားလိုစိတ်များ ကျွန်မ၏ရင်မှာ တင်းကျပ်စွာ ဖွဲ့စည်းနေပြီမို့လည်း အဖေများ၏ ကြီးမားသောမေတ္တာကို ဖော်ညွှန်း ခံစားနေမိပါသည်။

စင်စစ် အဖေ ဆိုတာ ကျွန်မတို့ အမေများ၏ ဝမ်းကြာတိုက်မှာ သန္ဓေသားကိန်းအောင်းနေပြီဟု သိရှိလိုက်စဉ် အခါမှစ၍ မွေးဖွားခြင်းမတိုင်မီကာလအထိ သန္ဓေသားလောင်းအန္တရာယ်ကင်းကျန်းမာသန်စွမ်း၍ ကိုယ်အင်္ဂါပြည့်စုံသည့် သားကောင်းရတနာများ မွေးဖွားနိုင်ရန် မေတ္တာအပြည့်ပေး၍ အမေများအားကြိုးကြပ်လမ်းညွှန်၊ ကူညီထောက်ပံ့၊ စောင့်ရှောက် ပျိုးထောင်ပေးခဲ့သော သမားတော်တော်ကြီးတစ်ဦးလည်း ဖြစ်ခဲ့သည်။

မွေးဖွားပြီးကာလမှ သားသမီးများ အရွယ်ရောက်သည့်ကာလအထိ မိခင်နှင့် သားသမီးများအပေါ် ကျရောက်နေဆဲ အန္တရာယ်နှင့်ကျရောက်လာမည့် အသွယ်သွယ်သော အန္တရာယ်တို့ကို ပြည့်ဝသောလက်ရုံးရည်၊ မြင့်မြတ်သော ယောကျ်ားကောင်းတို့၏ နှလုံးရည်များဖြင့် ကာကွယ်စောင့်ရှောက်ပေးခဲ့သော သူရဲကောင်းတစ်ဦးလည်း ဖြစ်ခဲ့သည်။

သားသမီးများအရွယ်ရောက်လာပြန်လည်း ကျယ်ဝန်းသော ဘဝပင်လယ်ပြင်ကြီးကို အမျိုးမျိုးသောနည်းလမ်းများဖြင့် ဖြတ်ကူးလျှောက်လှမ်းရာမှာ တွေ့ကြုံရမည့်အခက်အခဲများစွာဖြတ်ကျော်နိုင်ရန် အဆင့်မြင့်ပညာရပ်များသင်ကြားတတ်မြောက်စေရေး၊ အမျိုးဘာသာ သာသနာနှင့် လူ့ဘောင်အကျိုးစီးပွားများဆောင်ရွက်နိုင်ရန် ဓနဥစ္စာများကို မိမိစွမ်းနိုင်သောနည်းများဖြင့် ရှာဖွေစုဆောင်းပြီး အမေနှင့် သားသမီးများ၏ ဘဝတွေ မယိမ်းမယိုင်စေရန် လမ်းညွှန်ထိန်းကျောင်းပေးခဲ့သော မာလိန်မှူးကြီးလည်းဖြစ်ခဲ့သည်။

နူးညံ့သိမ်မွေ့သောအမေများ၏ မေတ္တာနှင့် နှိုင်းယှဉ်ကြည့်လျှင် အဖေများ၏မေတ္တာသံစဉ်သည် အားအင်အပြည့်မို့ ကမ္ဘာကြီးတောင်တုန်ခါသွားမည်ထင်ပါသည်။ အိမ်ထောင်စုတစ်ခုသည် ဥယျာဉ်ခြံမြေတစ်ခုအဖြစ်ပမာထားပါလျှင် အမေနှင့် သားသမီးများသည် ဥယျာဉ်အတွင်းမှ ပျိုးပင်များဖြစ်၍ အဖေသည် ဥယျာဉ်မှူးတစ်ဦးဖြစ်လာမည်မှာ အသေချာပဲမဟုတ်ပါလား။

## အခန်း (၁)

"သမီးတို့ရေ"

တနင်္ဂနွေနေ့ဖြစ်ပါသည်။

ကျွန်တော်တို့ မိသားစု၏ အိမ်တွင်းလက်မှုလုပ်ငန်းမှထုတ်လုပ်သော အုန်းဆံချည်မျှင်များဖြင့် ရက်လုပ်သော ခြေသုတ်ခုံများကို မန္တလေး၊ မုံရွာမြို့များသို့သွားရောက်ရောင်းချပြီး အိမ်သို့ပြန်ရောက်သည့်နေ့ ဖြစ်ပါသည်။ ကျောင်းပိတ်ရက်မို့ အိမ်မှာ မိသားစုတွေ စုံစုံလင်လင်ရှိနေကြမည်ဟု ထင်ပါသည်။ ကျွန်တော် ခရီးမှပြန်လည်ရောက်ရှိသည့် အကြိမ်တိုင်း ပြောနေကျစကားဖြင့် အသံပြုလိုက်ပါသည်။

"အဖေ၊ ပြန်လာပြီ"

အထွေးဆုံးသမီးငယ် လပြည့်ဝန်း ပြေးထွက်လာပြီး ကျွန်တော့်ခါးကိုဖက်တွယ်ထားပါသည်။ အိမ်အတွင်း လှမ်းမျှော်ကြည့်လိုက်သောအခါ ဟိုတစ်စု သည်တစ်စုထိုင်နေကြသော မိသားစုများ၏မျက်နှာတွင် တစ်စုံတစ်ခုကို စိုးရိမ်ပူပန်နေကြသည့် အနေအထားကို တွေ့လိုက်ရပါသည်။ မိသားစုအားလုံးကို စေ့စေ့ငငကြည့်လိုက်မိပါသည်။ အဆိုးဝါးဆုံးအနေအထားဖြင့် ညှိုးမှိုင်းသော မျက်နှာ၊ ရီဝေသော မျက်လုံးများဖြင့် ငေးငိုင်နေသူသည် ကျွန်တော်၏ချစ်ဇနီး မိပန်းကြည်ပဲပေါ့။ မိသားစုအတွင်း ထူးခြားဖြစ်စဉ်တစ်ခုခုဖြစ်နေပြီဆိုတာ ကျွန်တော်သိနေပါပြီ။

"သမီးကြီးတစ်ယောက်လည်း မတွေ့ပါလား၊ ငါမေးနေတယ်လေ"

တစ်အိမ်လုံးငြိမ်သက်နေပါသည်။ ကျွန်တော့်အသံတွေ တင်းမာနေသည်ကိုသိပါသည်။

"အဖေ၊ မမကြီးလင်နောက်လိုက်သွားတယ်"

အထွေးဆုံး အသွက်မလေး မိလပြည့်ဝန်းသည် ကျွန်တော့်အနားတိုးကပ်လာပြီး တိုးညင်းသောလေသံဖြင့် ပြောလာခဲ့သော်လည်း ကျွန်တော့်နားစည်မှာ ပေါက်ကွဲအားအလွန်ပြင်းထန်သော ဗုံးတစ်လုံးပေါက်ခွဲလိုက်သည့်နှယ်။ ပြီးတော့လည်း ချော်ရည်ပူများ မျိုချလိုက်[...] မိသူလို အသက်ရှူလမ်းကြောင်းတ[...] လုံး ပူလောင်အက်ကွဲတင်းကျပ်နေ[...] ပြင်းရှဆိုနှင့်သော ဝေဒနာတစ်ရပ်ခံ[...] လိုက်ရပါသည်။ ခဏကြာတော့မှ န[...] စည်းချက် ခပ်ကြမ်းကြမ်းနိုးထလာ[...] သည်။ အသိအားလုံးကို ထိန်းချုပ်[...] ဝင်လေ၊ ထွက်လေကို မှန်မှန်ရှူလိုက်[...] သာ နှလုံးအိမ်တွင်းမှ ပြင်းရှရှဝေဒ[...] များ သက်သာလာပြီး နှလုံးခုန်စည်းချ[...] မှန်လာပါသည်။

ကျွန်တော် မရရှိခဲ့သော အဆင့်[...] မြင့်ပညာတွေ ကျွန်တော့်သားသမီးတွေ[...] ရရှိစေရမည်ဟု ရည်မှန်းထားခဲ့သ[...] အိပ်မက်တွေတစ်စစီပဲ့ကြွေခဲ့ရပါသည်[...]

"သမီးကြီး၊ အိမ်ကထွက်သွား[...] ဘယ်လောက်ကြာပြီလဲ"

"သုံးရက်"

ဇနီးသည်၏ မဝံ့မရဲအသံထွက်[...] လာပါသည်။ သုံးရက်ဆိုသောအချိန်[...] ကာလသည် ပြုပြင်မည့်သူလည်းရှိ[...] ပြုပြင်ခံရမည့်သူကလည်း ပြုပြင်ခံ[...] မည့်စိတ်ထားရှိခဲ့ပါလျှင် အချိန်မီပြု[...] ၍ရနိုင်ပါသေးသည်။ ကြိုးစားမှုသ[...] အချည်းနှီးဖြစ်မှာ မဟုတ်သည်[...] ကျွန်တော် ယုံကြည်သည်။ အိမ်ထော[...] စုတစ်စု၏ ဖြေရှင်းရန်ခက်ခဲသော[...] ပြဿနာများကို ရင်ဆိုင်ဖြတ်သန်းကျော်[...] လွှားပေးရမည့်တာဝန်မှာ အိမ်ထောင်[...] ဦးစီးဖြစ်သော အဖေများ၏ တာဝန်[...] တစ်ရပ်ဟု ရဲဝံ့စွာ ခံယူရပါမည်။

မိသားစုတစ်စု၏ ကံကြမ္မာအနိမ့်[...] အမြင့်သည် အိမ်ထောင်ဦးစီးအဖေမျာ[...] ၏ အရည်အသွေးအပေါ်တွင် အဓိက[...] အားဖြင့် တည်မှီနေသည်မဟုတ်ပါလား[...]

## အခန်း (၂)

"သမီး"

"ရှင်"

ကျွန်မတို့ သားအဖနှစ်ဦးလုံး[...] အသံတွေ တုန်ခါနေတာအမှန်ပဲ။

"သမီးနှင့် မောင်ရဲနိုင်တို့ကို အ[...] လိုခေါ်တွေ့ရတာ အကြောင်းရှိတ[...] သမီး"

အဖေသည် စကားကို ခဏ[...] လိုက်ပြီး ကျွန်မတို့ဇနီးမောင်နှံ၏[...] ကို စူးစိုက်ပြီးကြည့်နေပါသည်[...] မျက်ဝန်းတစ်စုံသည် တ[...]သော[...] အားအပြည့်ဖြင့် ညို[...]နေသလို ခံစား[...] ရပါသည်။ ကျ[...]တို့ ဇနီးမောင်နှံ[...] စိတ်သည် [...]ကြောင့်မှန်းမသိ နူး[...]



www.burmeseclassic.com

www.burmeseclassic.com

မျှော့ပျောင်းသွားပါသည်။ ညှိုးလျော်သောအသွင်ဖြင့် အမေသည်လည်း ကျွန်မတို့ကို ငေးကြည့်နေပါသည်။ ကျွန်မတို့သည် အဖေ့မျက်နှာကို တစ်ချက်မျှသာ မော့ကြည့်ကြပြီး မျက်လွှာချ၍ ခေါင်းငုံ့နေလိုက်ကြပါသည်။ ကျွန်မတို့ ချစ်ခြင်းကိုခွဲမှာစိုးရွံ့၍နေမိတာ အမှန်ပဲ။

"အဖေနဲ့ သမီးတို့ အပေးအယူ တစ်ခုလုပ်ကြရအောင်နော်။ သမီးတို့ရဲ့ ချစ်ခြင်းကို အဖေမခွဲရက်ပါဘူးကွယ်။ ဖြစ်ပြီးတဲ့ကိစ္စတွေလည်း ပြုပြင်ပြောင်းလဲလို့မရမယ့်အတူတူ အဖေတို့မိသားစုကို ချစ်တယ်ဆိုရင် အဖေပြောမယ့်စကားကို သမီးတို့နားထောင်ကြည့်နော်"

"ဟုတ်"

"သမီးတို့ကျောင်းကိုအဖေရောက်ခဲ့ပြီး ဆရာမကြီးနဲ့လည်း တွေ့ခဲ့ပြီးပြီ။ သမီးရဲ့ထူးချွန်ထက်မြက်တဲ့ အရည်အသွေးတွေကြောင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲဆက်ဖြေရမယ်။ အဖေနဲ့ ဆရာမကြီးတို့ကို ကူညီပေးပါ"

အဖေ့ထံမှ လုံးဝမျှော်လင့်မထားသောစကားကို ကြားရသောအခါ သားသမီးများအပေါ် ထားရှိသော အဖေ့မေတ္တာ အတိမ်အနက်ကို တိုင်းတာသိရှိခဲ့ရပါသည်။ ဒါပေမယ့် အချိန်နှောင်းသွားပါပြီ။ အဖေ့ဆန္ဒကို ကျွန်မဘယ်လိုမှ ဖြည့်ဆည်းပေးနိုင်တော့မည်မဟုတ်ပါ။

"အိမ်ထောင်သည်တစ်ယောက် ဖြစ်သွားခဲ့တဲ့ သမီးအနေနဲ့ စာသင်ခန်းထဲပြန်ဝင်ရမှာ ရှက်ဖို့ကောင်းလိုက်တာ အဖေရယ်။ သမီးမိုက်ကို ခွင့်လွှတ်ပေးပါ"

ပစ္စုပ္ပန်တည့်တည့်မှာ ရောက်ရှိနေသည့်ကျွန်မ၏ဘဝနှင့်ယှဉ်ပြီး ထပ်တူညီသော အသိတရားဖြင့် ချင့်ချိန်ပြောဆိုမိပါသည်။

"ဩော် - သမီးရယ်၊ အဖေပြောမယ့်စကားတွေကို ခေါင်းအေးအေးနဲ့ စဉ်းစားပြီးမှ အဖေ့ကို ပြန်ပြောပါလားကွယ်။ သမီးရဲ့ဘဝတစ်ခုလုံးနှင့်ဆိုင်နေတယ်ကွယ်"

"သမီးကျောင်းပြန်တက်လို့မဖြစ်တော့လို့ပါ အဖေရယ်။ အဖေ့ရဲ့မေတ္တာစေတနာတွေကိုလည်း သမီးနားလည်ခံစားမိပါတယ်"

အဖေ့ရည်ရွယ်ချက်တွေကို ဖျက်ဆီးမခံဘဲ ဆက်ပြောနေပါသည်။

"ဒီလိုလုပ်လေ သမီး။ အခုအချိန်ဟာ စာမေးပွဲဖြေဖို့ နှစ်လပဲလိုတော့



တယ်လေ။ ကျောင်းသင်ခန်းစာတွေလည်း သင်ရိုးကုန်လို့ ပြန်လေ့ကျင့်နေတဲ့အချိန်မို့ သမီးကျောင်းတက်စရာမလိုတော့ဘူးလေ။ အိမ်မှာပဲ စာဖတ်ပြီး စာမေးပွဲဝင်ဖြေပါ သမီးရယ်"

အဖေစကားတွေကိုခဏရပ်လိုက်သည့်အခါမှာ အဖေနှင့် ကျွန်မ အကြည့်ချင်းဆုံသွားပါသည်။ အဖေ့မျက်နှာတစ်ပြင်လုံး ချွေးစီးတွေဖြင့် နီမြန်းပြောင်လက်နေပါသည်။ မျက်လုံးအိမ်တွေ မှေးမှိန်နေတာကိုကြည့်လျှင် အဖေ့ဆန္ဒတွေ ပျက်ပြယ်သွားမှာကို ဘယ်အတိမ်အနက်ရှိုင်းစွာ ကြေကွဲခံစားနေမည်ကို ကျွန်မသိပါသည်။

"သမီး နေ့ခင်းစာဖတ်တဲ့အခါ အဖေတို့အိမ်မှာ စာလာဖတ်ပြီး အိပ်ချိန်တန်တော့ မောင်ရဲနိုင်တို့အိမ်မှာ ပြန်အိပ်လေ။ အဲဒါကို မောင်ရဲနိုင်ကလည်း ခွင့်ပြုပေးစေချင်ပါတယ်။ နောက်ဆုံးအနေနဲ့ အဖေပြောချင်တာလေးက သမီးတို့ဇနီးမောင်နှံ အထောက်အပံ့တစ်ခုမှမရှိဘဲ ဘဝခရီးကို ဘယ်လိုဖြတ်သန်းကြမလဲ။ ကိုယ့်မှာ ဥစ္စာနှင့်တူတဲ့ ပညာရှိနေရင် ဘဝခရီးမှာ တွေ့ကြုံလာမယ့် အခက်အခဲတွေကို တစ်နိုင်ဖြေရှင်းနိုင်မှာမို့ သမီးရဲ့အဖြေတစ်ခုအပေါ်မှာ မိဘတွေရဲ့ တာဝန်တစ်ခုကို ကျေပွန်အောင် ဆောင်ရွက်ပေးပါရစေလားကွယ်"

နောက်ဆုံးအနေဖြင့် စကားတွေအများကြီးပြောပြီးရပ်လိုက်ပါသည်။

အသေအချာ စဉ်းစားတွေးခေါ်ကြည့်လိုက်သောအခါ အဖေပြောခဲ့သော စကားတွေသည် အဖေ့အတွက်စိုးစဉ်းမျှမပါဘဲ ကျွန်မတို့အသစ်စက်စက်ဇနီးမောင်နှံအတွက် ဘဝရှေ့ရေးတွေဖြစ်နေတာကို ကျွန်မနားလည်သွားပါသည်။ အဖေ့မေတ္တာတွေက ရယူလိုခြင်းလုံးဝမဟုတ်မူဘဲ ပေးဆပ်ခြင်းသက်သက်မျှပါလား။

"အဖေ့ဆန္ဒနဲ့ ရည်မှန်းချက်တွေ သမီးကြောင့် မပျက်စီးစေရအောင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စေရမယ်လို့ အဖေ့ကို ကတိပေးပါတယ်"

အဖေ့ကို ကတိတစ်ခုပေးပြီးပြီမို့ ကျွန်မ၏ ခင်ပွန်းကို လှည့်ကြည့်မိပါသည်။ ကိုရဲနိုင်သည် လက်မထောင်၍ ခေါင်းညိတ်ပြပြီး ကြည်လင်စွာပြုံးနေပါတော့သည်။

## အခန်း(၃)

"အဖေ သမီး စာမေးပွဲအောင်တယ်။ သင်္ချာဘာသာဂုဏ်ထူးပါတယ်"

အသံနှင့်အတူ သွက်လက်သောခြေလှမ်းများဖြင့် အိမ်ပေါ်သို့ပြေးတက်လာသောသမီး။ ကျွန်တော့်ရှေ့မှာ ပုဆစ်တုပ်ထိုင်ပြီး ကျွန်တော်၏ခြေဖမိုးကို သူမ၏နဖူးဆံစများနှင့်ပွတ်တိုက်၍ကန်တော့ပါသည်။ မျက်နှာကိုမော့လိုက်သောအခါ မျက်ရည်တွေပြည့်လျှံနေတာကို တွေ့ရပါသည်။

"ကျေးဇူးကြီးမားပါတယ် အဖေရယ်"

"အဖေ့သမီးကြီး လိမ္မာပါတယ်ကွယ်။ မိဘရဲ့မေတ္တာဆိုတာ ရယူပိုင်ဆိုင်လိုခြင်းမဟုတ်ဘဲ ပေးဆပ်အနစ်နာခံခြင်းဆိုတာ သမီးနားလည်တယ်ဆိုရင် သမီးရဲ့အောင်မြင်မှုဟာ မိဘအတွက် ကျေးဇူးပြုရာရောက်သွားပြီလေ။ အဖေ ကျေကျေနပ်နပ်ကြီး ခွင့်လွှတ်ဂုဏ်ယူပါတယ် သမီးရယ်"

မိသားစုအတွင်းမှာ ကျွန်တော်၏ ရည်မှန်းကြိုးစားမှုတွေ အောင်ပွဲရသည့်အတွက် အဖေတစ်ယောက်၏ ကြိုးပမ်းဆောင်ရွက်နိုင်မှုအတွက် ကျွန်တော့်ကိုယ်ကျွန်တော် ဂုဏ်ယူမိတာအမှန်ပဲ။ ဧည့်ခန်းတွင် မိသားစုတွေ စုံလင်နေပါသည်။

"သမီးကြီးစာမေးပွဲအောင်မြင်မှုအတွက် မိသားစုတွေ ဂုဏ်ယူနေကြတာ သမီးကြီးလည်း သိပါတယ်လေ။ ဒါပေမယ့် အဖေတာဝန်မကျေသေးဘူး သမီးရယ်"

ပြောလက်စ စကားကို ခေတ္တရပ်နားပြီး မိသားစုတွေရဲ့မျက်နှာတွေကို ကြည့်မိပါသည်။ ဆက်လက်ပြောကြားမည့် ကျွန်တော့်စကားကို စိတ်ဝင်စားနေသည်ကို မြင်ရပါသည်။

"သမီးကြီးနဲ့ မောင်ရဲနိုင်တို့ကို အဖေတစ်ခုပြောချင်တယ်။ အဖေတို့




www.burmeseclassic.com

www.burmeseclassic.com

# သွေးဝမ်းသွားတာ ကြောက်စရာမဟုတ်ပါ

ပညာကျော်



ကိုယ့်မြေ၊ ကိုယ့်ရေနှင့် သဘာဝအရင်းအမြစ်ဖြစ်သော လွန်စွာအားကိုးရသည့် ရတနာတန်းဝင် ဘယဆေးပင်များစွာပေါက်ရောက်၍ မြန်မာ့ဂုဏ်ကို မြှင့်ပေးနေသော မြန်မာ့မြစ်ချင်းပြီးဆေးမြီးတိုများမှာ အံ့သြဘနန်း အစွမ်းထက်လှပါသည်။ ကျွန်ုပ်တို့၏ ရှေးအတိတေအဘိုးအဘေးများမှာစ၍ လက်ဆင့်ကမ်းသယ်ယူလာခဲ့ကြသော ရပ်သုံးရွာသုံး တကယ်စွမ်းသည့်တန်းဝင်သည့် ဆေးမြီးတိုများစွာတို့ ယခုထက်တိုင် ဒေသတိုင်းတွင်ရှိနေကြဦးမည်ဟု ယုံကြည်ပါသည်။

မေတ္တာကြီးမားသော ရှေးကဆရာသခင်သူတော်စင်များနှင့် မြန်မာ့ဆေးကို အမှန်တကယ် တတ်မြောက်ကြသော သမားတော်ကြီးများ၏ မေတ္တာဖြင့် ရောဂါဝေဒနာရရှိသော ဝေဒနာသည်များကို ဆင်းရဲ၊ ချမ်းသာမရွေး ရက်ရောစွာမျှဝေပေးခဲ့သည့် မြစ်ချင်းမြီးဆေးနည်းများစွာမှာလည်း နေရာဒေသအလိုက် ယနေ့တိုင် သုံးစွဲနေကြသည်ကိုလည်း သိရှိရပါသည်။

ကျွန်ုပ်တို့ ကြိမ်ဖန်များစွာ ကြား... နားဝရှိနေသည့်စကားစုတို့မှာ နွယ်မြ... သစ်ပင်ဆေးဖက်ဝင်၏ဟု အများသူ... ပြောနေခဲ့ကြပါသည်။ အမှန်တကယ်... သိရှိနားလည်ရန်ကိုတော့ လိုအပ်လှ... သည်။ မြန်မာတို့၏ တိုင်းရင်းဆေးပညာ... သဘောတရားအရ အသီး၊ အပွ... အညွန့်၊ အရွက်၊ အကိုင်း၊ အခေ... အခေါက်၊ အသား၊ အမြစ် စသည်တို့...

မိသားစုမှာ သမီးတို့အိမ်ထောင်အတွက် ဖြည့်ဆည်းပေးဖို့ လယ်ယာချောင်းမြောင်းမရှိသလို စီးပွားရေးကလည်း တောင့်တင်းမှုမရှိလို့ အခက်ခဲများစွာရှိခဲ့တယ်။ ဒီနေ့ခေတ်ကြီးမှာ တက္ကသိုလ်ဝင်တန်းအောင်ရုံလောက်နဲ့ ဘာမှဖြစ်မလာဘူး။ အဆင့်မြင့်ပညာဘွဲ့တစ်ခုခုရထားဖို့လိုအပ်တယ်။ မနဥစ္စာနည်းပါးသူတွေ တစ်ဘဝလုံး သုံးစွဲလို့မကုန်နိုင်တဲ့ ပညာရပ်တစ်ခုခုကို ဆုံးခန်းတိုင်သင်ကြားသင့်တယ်။ ဒါကြောင့်လည်း သမီးကြီးမှာလိုအပ်နေတဲ့ ပညာရွှေအိုးတစ်လုံး မြှုပ်နှံပေးပါရစေလားကွယ်"

ကျွန်တော်၏အဆိုပြုချက်အပေါ်မှာ ချီတုံချတုံစဉ်းစားနေဟန်တူပါသည်။

"အဖေ့စကားတွေ နာခံရတာ ကျွန်တော်တို့မှာ ခွန်အားတွေတိုးလာပါတယ်။ အဖေပြောသလို ညီမကလည်း တက္ကသိုလ်ဆက်တက်စေချင်တယ်။ အလွန်ဆုံး (၃) နှစ်ပေါ့။ အဲဒီကာလအတွင်းမှာ အစ်ကိုလည်း တစ်ဖက်နိုင်ငံမှာ အလုပ်ထွက်လုပ်မယ်။ ဒါမှလည်း အဖေ့ရည်မှန်းချက်တွေ ပြည့်မီပြီး အစ်ကိုတို့မိသားစုဘဝလည်း အဆင်ပြေလာမယ်လေ။ ကျောင်းပိတ်ရက်တွေမှာ အစ်ကိုတို့ တစ်နှစ်တစ်ကြိမ် ပြန်ဆုံကြမယ်လေ"

ကျွန်တော့်သားမက် မောင်ရဲနိုင်၏ စကားစုတစ်ခုသည် ကျွန်တော်၏ စကားစုတစ်ထောင်ထက်ပင် တန်ခိုးကြီးပါပေသည်။ ဒါလည်း သမုဒယနှောင်ဖွဲ့မှု၏ စွမ်းအားတစ်ရပ်ဖြစ်မည်ထင်ပါသည်။

"အဖေ့ဆန္ဒအတိုင်းပါပဲ"

သမီးကြီး၏ ခိုင်မာသောဆုံးဖြတ်ချက်ကြောင့် မိသားစုတွေ စိတ်ချမ်းသာသောအပြုံးကိုယ်စီဖြင့် သူတို့၏မျက်နှာများကို ကြည့်ရသည်မှာ ကျွန်တော့်မိသားစုကမ္ဘာလေးတွင် လဆယ်စင်းပေါ်ထွန်းလာသည့်နှယ် ဘဝင်စိတ်ဝမ်းငြိမ်းချမ်းလှပါသည်။

## အခန်း(၄)

ကျွန်မ မော်လမြိုင်တက္ကသိုလ်သချာအဓိကဘာသာဖြင့် သိပ္ပံဘွဲ့တစ်ခုရရှိခဲ့ပြီး ပညာရေးဒီပလိုမာသင်တန်းတက်ရောက်အောင်မြင်၍ နိုင်ငံဝန်ထမ်းမူလတန်းဆရာမအဖြစ် ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ရာ လုပ်သက် (၃) နှစ်ပြည့်သောအခါ အလယ်တန်းပြဆရာမအဖြစ် တိုးမြှင့်ရရှိခဲ့ပါသည်။ အလယ်တန်းပြဆရာမဘဝတွင် ဘီအီးဒီသင်တန်းတက်ရောက်ခွင့်ရခဲ့ပါသည်။ လုပ်သက် (၈) နှစ်တွင် မွန်ပြည်နယ်သို့ ပြောင်းရွှေ့ခွင့်ရခဲ့ပြီး ပြောင်းရွှေ့ခွင့်နှင့်အတူ အထက်တန်းပြဆရာမအဖြစ် ချောင်းဆုံမြို့နယ် ကလွှိကျေးရွာ အခြေခံပညာရေးအထက်တန်းကျောင်း (ခွဲ) သို့ ရောက်ရှိခဲ့ပါသည်...

ကလွှိကျေးရွာသည် ကျွန်မတို့ရွာနှင့်အနီး... နားကျေးရွာဖြစ်ပြီး အိမ်မှပင် ကျောင်း... တက်ရ၍ ကျွန်မတို့မိသားစုမှာ ပို... နွေးထွေးပြည့်စုံ သာယာသော မိသား... ဘဝကို တည်ဆောက်ခွင့်ရလာသည်မှာ... သုဝဏ္ဏသာမ မိဘနှစ်ပါးတောင်းသော... ဆုလို သားရွှေအိုးထမ်းကိန်းဆိုက်သည်... နှယ် အဖေနှင့် အမေတို့လည်း ကြည်နူး... ဝမ်းသာနေကြသလို ကျွန်မတို့မိသားစု... ဝမ်းသာကြည်နူးမှုသည် မျက်ရည်များပ... ရစ်ဝဲလာပါသည်။ အဖေ့ကျေးဇူးတွေ... တမ်းတသတိရ၍ ကျသောမျက်ရည်များ... ဖြစ်ပါသည်။

ကျွန်မ နိဒါန်းပိုင်းမှာ ပြောခဲ့သ... ပါပဲ။ မိဘဆိုတာဘုရားရှင်နှင့်တစ်ဂိုဏ်း... တည်းပြခဲ့သည်ကို သိနေကြပါလျက်... အမေတစ်ဦးတည်း၏ ကျေးဇူးတရား... ဖော်ကျူးသလို အမေနှင့်တစ်ပြေး... မလျော့သောမေတ္တာများဖြင့် သားသ... အပေါ် ပေးဆပ်အနစ်နာခံခဲ့သည့် အဖေ... များ၏ ဂုဏ်ကျေးဇူးများကို ဖော်ကျူး... ကျေးဇူးဆပ်နိုင်ကြရန်နှင့် ကမ္ဘာပေ... ကြီးမှာ ကျွန်မတို့အဖေလို အဖေများ... ဖြစ်ထွန်းလာပါစေကြောင်း အဖေများ... ကျေးဇူးတော်အနန္တကို ကြည်နူးစွာ... ပူဇော်ကန်တော့အပ်ပါသည်။

မောင်လွမ်းမိုး(ချောင်းဆုံ)



www.burmeseclassic.com

www.burmeseclassic.com

သဖန်ပိုင်းခြားပြီး ရေလဲမျိုးစုံဖြင့်သောက်ခြင်း၊ လိမ်းခြင်း၊ အုံခြင်း စသည်တို့ပြုလုပ်ကုသရသကဲ့သို့ ကျိုချက်၍လည်း ဖန်ဆေးခြင်း၊ ရေချိုးသကဲ့သို့ချိုးရခြင်း၊ တန့်သတ်ကျိုချက်သည့်နည်းစနစ်များအတိုင်း သောက်သုံးရခြင်း စသည်ဖြင့် ကုထုံးများစွာရနေခဲ့ပါသည်။

မြန်မာ့ဆေးပညာနယ်မှ မြစ်ချင်းဦးဆေးမြီးတိုကုထုံးများနှင့် ပတ်သက်၍ အရိပ်အမြွက်မျှ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ သမီးကဲ့သို့ ရင်းနှီးခင်မင်သော တပည့်မ မိမိလှိုင်တစ်ယောက် ရောက်ရှိလာပါသည်။ တပည့်မ မိမိလှိုင်သည် ကျန်းမာစဉ်အခါက ကြည့်ပျော်ရှုပျော်ရှိသော်လည်း ယခုအခါ ရောဂါဝေဒနာ၏နှိပ်စက်မှုနှင့်စိတ်ဖိစီးခံနေရသောကြောင့် ရုပ်ရည်သွင်ပြင်လက္ခဏာလုံးဝမကျန်တော့ပါ။ အရွယ်(၇၀)ကျော် အမယ်အိုတစ်ယောက်ကဲ့သို့ ရုပ်လက္ခဏာများက ဖော်ပြနေပါသည်။

ကျွန်ုပ်ကို တွေ့သည်နှင့် တပည့်မ မိမိလှိုင်သည် အငိုတစ်ပိုင်းနှင့်အောက်ပါအတိုင်းပြောပြပါတော့သည်။

"ဆရာရယ်၊ သမီးဘဝတော့ ဒီရောဂါနဲ့လုံးပါးပါးတော့မှာပါ။ အမေကတွေလို့ မောင်ညီမများကလည်း သမီးကို မကြည်ဖြူကြတော့ဘူး။ ဆေးရုံတတ်၊ ဆေးဝါးကုသ၊ နာမည်ကြီးသမားတော်တွေနဲ့ကုပေမယ့် တစ်ခဏသာသက်သာပါတယ် ဆရာရယ်။ ဆေးသက်ကုန်တဲ့အချိန်ပြန်ပြီး ရောဂါဒုတ်ကပြန်ပေါ်လာတာပါပဲ။ မြန်မာဆရာများနဲ့လည်း ကုခဲ့ပါသေးတယ်။ တစ်ခဏသာသက်သာပြီး ရောဂါအမြစ်မပြတ်တော့ အစားအသောက်ကိုလည်း ပိတ်ပင်ဟန့်တားတာတွေကများသေးတယ်။ စားချင်တာစားရနဲ့ ရောဂါကသာမပြတ်တာ အားကပြတ်နေပြီ ဆရာ"

ဟု လွန်စွာဝမ်းနည်းပက်လက်ဖြင့် ကြားရမြင်ရသူ သနားလာအောင်ပြောပြနေပါတော့သည်။

တပည့်မ မိမိလှိုင်တစ်ယောက် ပြန်ကောင်းလာပုံကို အခွင့်သင့်တုန်း ဖော်ပြလိုပါသည်။ ကျွန်ုပ်၏တပည့် မောင်ခင်မောင်ဝင်းတစ်ယောက် ပုဂံညောင်ဦးဘုရားစုံနှင့်ပုပ္ပားတောင်ကလပ်သို့ မိသားစုနှင့်အတူ ဘုရားဖူးသွားကြသည်ဖြစ်၍ ပုပ္ပားတွင် မှာစရာရှိတာမှာခဲ့ လာရောက် အကြောင်းကြားသည့်အတွက် ကျွန်ုပ်အသုံးပြုလိုသော ပုပ္ပားနယ်မှထွက်သည့် တောင်တန်ကြီးနှင့် စံကားပန်းကိုမှာလိုက်ပါသည်။

ကျွန်ုပ်၏ဆရာများအဆိုအမိန့်နှင့် စာပေလေ့လာမှုအရ စံကားပန်းတို့မှာ အောက်ပါအတိုင်း အမျိုးအစားကွဲပြားကြပါသည်။

စံကားဖြူ၊ စံကားစိမ်း၊ စံကားနီ၊ စံကားဝါ၊ စံကားနက်ဟု အမျိုးမျိုးရှိသော်လည်း ပုပ္ပားတောင်တော်ဒေသတွင် စံကားဝါကိုသာ လှိုင်လှိုင်များများတွေ့ရပါသည်။

ကျွန်ုပ်တပည့်အား စံကားပန်းများကို ပုလင်းနှင့်တာရှည်ခံထည့်သွင်းထားသည့် ပန်းပုလင်းကို မလိုချင်ကြောင်း၊ စံကားဝါဖြစ်စေ၊ စံကားစိမ်းဖြစ်စေ ရရာပန်းပွင့်အစိုကိုသာလိုချင်ကြောင်း ရှင်းလင်းပြောပြမှာလိုက်ရပါသည်။ စံကားဖြူ၊ စံကားနီနှင့် စံကားနက်ပန်းတို့မှာရှိသော်လည်း လွန်စွာရှားပါး၍ နတ်ပန်းဟုပင် တင်စားခေါ်ဝေါ်ကြောင်း ကျွန်ုပ်၏ဆရာများက ပြောကြားဖူးပါသည်။

ကျွန်ုပ်မှာလိုက်သော တောင်တန်ကြီးအတုံးနှင့် စံကားဝါပန်းပွင့်တို့ကို ကျွန်ုပ်တပည့်မ မရောက်ခင် တစ်နာရီခွဲလောက်က လာရောက်ပို့သွားသဖြင့် မိမိလှိုင်ခံစားနေရသော သွေးဝမ်းသွားသည့်ရောဂါအတွက် ပရဆေးဖြစ်သော စံကားဝါပန်းကို ကျွန်ုပ်အနေဖြင့် လွယ်လင့်တကူပေး၍ ချီးမြှောက်နိုင်လိုက်ပါသည်။ သွေးဝမ်းသွားသည့်ရောဂါအတွက် လွန်စွာ အစွမ်းထက်သည်ကို အံ့ဩလောက်အောင် ကိုယ်တွေ့ကြုံရမည် ဖြစ်ပါသည်။

**□ စံကားဝါပန်း၏ ကုထုံးလမ်းညွှန်**

စံကားဝါပန်းပွင့် (၃၂) ပွင့်ကို ရေတစ်ပိဿာဖြင့် သုံးခွက်တစ်ခွက်တင်ကျန်အောင်ကျိုပါ။ ထိုပန်းပွင့်ပြုတ်ရည်ကို ငါးပုံမျှဝေ၍ တစ်ကြိမ်လျှင် ဆေးရည်တစ်ပုံစာ၊ အကြိမ်ရေ ငါးကြိမ်ပြည့်အောင်သောက်ရန် ဖြစ်ပါသည်။ သမားခေါ် အရပြောရလျှင် ဆေးငါးခွက်စာသောက်ရန် ဖြစ်ပါသည်။

တပည့်မ မိမိလှိုင်သည် စံကားဝါပန်း(၃၂)ပွင့်ကိုယူ၍ ဝမ်းမြှောက်ဝမ်းသာပြန်သွားပါတော့သည်။ အချိန်ကာလတို့မည်သည် စောင့်မျှော်နေရလျှင် အလွန်ကြာမည် ဖြစ်သည်။ အချိန်ကုန်ခဲ့သည်ဟု အထင်ရောက်တတ်ကြမြဲ ဖြစ်ပါသည်။

"ဆရာ"

ဟု ခေါ်သံနှင့်အတူ ရွှေသပြေပန်းဟု အမည်ရှိသော သပြေပန်းများဖြင့် ပြုံးရွှင်စွာဝင်ရောက်လာသော မိမိလှိုင်ကို ကျွန်ုပ်ပင်လျှင် တအံ့တဩကြည့်မိပါတော့သည်။ ကျွန်ုပ်မှာလည်း တပည့်မကို ကျန်းကျန်းမာမာနှင့် တွေ့ရသဖြင့် ဝမ်းမြှောက်ဝမ်းသာဖြစ်ရပါတော့သည်။

တပည့်မက အောက်ပါအတိုင်း ပြန်လည်ပြောပြပါတော့သည်။

"ဆရာပေးလိုက်တဲ့ဆေးကို ဆရာလမ်းညွှန်တဲ့အတိုင်း ငါးခွက်သောက်ပါတယ်ဆရာ။ ဆေးတစ်ခွက်စသောက်ကတည်းက သွေးဝမ်းသွားတာကိုသိသာပါတယ်။ သုံးခွက်သောက်ပြီးတော့ ပျောက်ပြီလို့ကိုပြောနိုင်ပါတယ်။ ဆရာပြောတဲ့အတိုင်း ဆေးငါးခွက်ပြည့်အောင် သောက်ခဲ့ပါတယ်။ သွေးဝမ်းသွားတဲ့ရောဂါလည်းပျောက်၊ စားကောင်း အိပ်ပျော်ပြီး နဂိုကလိုပြန်ဖြစ်လာခဲ့တာပါ ဆရာ။

နောက်တစ်လလောက်အကြာမှာ ပုပ္ပားကိုဘုရားဖူးသွားဖြစ်တာနဲ့ စံကားဝါပန်းဝယ်လာပြီး ဘုရားလည်းလှူ၊ ဆေးလည်းတစ်ကြိမ်ဖော်ပြီး ငါးခွက်သောက်လိုက်ပါသေးတယ်။ ထပ်ပြီးဆေးသောက်တာက ရောဂါမပျောက်တာ မဟုတ်ဘူးဆရာ။ ရောဂါကပျောက်နေပါပြီ။ ကောင်းသထက်ကောင်းအောင်ဆိုပြီး ထပ်သောက်လိုက်တာပါဆရာ"

ဟု ပြုံးရွှင်စွာ ပြောပြနေပါတော့သည်။

စာချစ်သူမိတ်ဆွေများအနေဖြင့် မိမိတို့၏နိုင်ငံသဘာဝသယံဇာတအရင်းအမြစ်များမှ လွယ်ကူစွာရရှိသော ရောဂါကုရာတွင် တန်းဝင်သည့် ဆေးမြီးတိုကုထုံးကိုမှ နှစ်သက်သူများအတွက် ကုန်ကျစရိတ်နည်းပါးပြီး အမှန်တကယ်ပျောက်ကင်းသည့်ဆေးကို ဖော်စပ်၍ လွယ်လင့်တကူ သောက်နိုင်ကြစေရန် ဤစာစုကို ရေးသား တင်ပြလိုက်ရပါသည်။

*ရောဂါကင်းကွာ၍ကျန်းမာကြပါစေ*

ပညာရွှေဖြိုး

**ကိုးကား**

ကျွန်ုပ်ဆရာ၏သြဝါဒမှတ်စု
(လက်ရေးမူ)

www.burmeseclassic.com

လွန်ခဲ့သော အနှစ် (၂၀) ခန့်က အဖြစ်အပျက်ဖြစ်ပါသည်။ ကိုဝင်းထွန်းမှာ အသက် (၁၉) နှစ်တွင် (၁၀) တန်းအောင်ခဲ့သည်။ စသုံးလုံးထောက်လှမ်းရေးဌာနသို့ အလုပ်ဝင်ခဲ့သည်။ အသားညိုညို၊ ထောင်ထောင်မောင်းမောင်း၊ စိတ်ထားကောင်းသဖြင့် သူနှင့်ဆက်ဆံသည့်လူတိုင်းက သူ့ကို ချစ်ကြ၊ ခင်ကြသည်။

ထိုစဉ်အခါက ထောက်လှမ်းရေးဝန်ထမ်းများကောင်းစားသည့်အလျောက် ကိုဝင်းထွန်းလည်း အထိုက်အလျောက် ကောင်းစားခဲ့သည်။ ကိုဝင်းထွန်းက ခြောက်လှန့်ခြိမ်းခြောက်၍ သူများဆီက ငွေကိုမညှစ်ယူတတ်။ စေတနာအလျောက်ပေးအပ်သည်ကိုသာယူတတ်သူဖြစ်သည်။ ကိုဝင်းထွန်းမှာ လူပျိုလူလွတ်ဖြစ်သည့်အလျောက် အသောက်အစားနည်းနည်းရှိသည်။ သို့သော် လွန်လွန်ကျွံကျွံမဟုတ်။



ကိုဝင်းထွန်း လုပ်သက် (၆) နှစ် အတွင်းမှာပင် သူ၏ မိဘနှစ်ပါး ဒီမြို့လေးမှာပင် အခြေချ နေထိုင်လာနိုင်ခဲ့သည်။ နှစ်ထပ်တိုက်နှင့် သားသားနားနား ဖြစ်လာသည်။ ဒီမြို့နှင့် အနီးအနားရှိ အခြားမြို့သုံးမြို့မှ သူ့သူငယ်ချင်းသုံးယောက်က ကိုဝင်းထွန်းဆီ နှစ်လ၊သုံးလတစ်ခေါက် ဆိုသလို လာလည်တတ်၏။ ကိုဝင်းထွန်းလည်း အရင်ကထက်စာလျှင် လည်လည်ဝယ်ဝယ်ရှိလာသည်ဟု ဆိုရမည်။ မိဘနှစ်ပါးကတော့ ကိုဝင်းထွန်းတစ်ယောက် သူ့သူငယ်ချင်းများနှင့် အရက်သောက် မူးရူးတတ်သည်ကို မကြိုက်။ ကိုဝင်းထွန်းမှာ တစ်ခုတော့ ကောင်းသည်။ အလုပ်ဝင်ကတည်းက သူ့မွေးနေ့ဖြစ်သော ဗုဒ္ဓဟူးနေ့တိုင်းတွင် သတ်သတ်လွတ်စား ဥပုသ်အမြဲစောင့်သည်။ ယနေ့ထိ တစ်ခါမျှမပျက်ယွင်းခဲ့။ သူ့မွေးနေ့တွင် အရက်လုံးဝမသောက်တတ်။ သူငယ်ချင်းများက စိတ်ဆိုးသော်လည်း သူလုံးဝမမှု။

ယခုလည်း သောကြာ၊ စနေ၊ တနင်္ဂနွေ ထူးထူးခြားခြား ပိတ်ရက်သုံးရက်ရသဖြင့် ကိုဝင်းထွန်း၏ သူငယ်ချင်းသုံးယောက် သူ့ဆီလာလည်ကြသည်။ သူတို့မတွေ့ကြတာ လေးလလောက်ရှိသွားပြီ။ အရက်သောက်ဖို့ စီစဉ်သည့် အချိန်က ညနေငါးနာရီထိုးတော့မည်။ သူငယ်ချင်းသုံးယောက်အရက်ငါးပုလင်းဝယ်လာသည်။ပုလင်းကြီးများ။ အမြည်းက ကိုဝင်းထွန်းအိမ်မှာ အမြန်လုပ်လိုက်သည်။ ကြက်ဥကြော်၊ အမဲသားကြော် ပူပူနွေးနွေး၊ လတ်လတ်ဆတ်ဆတ်။ ကိုဝင်းထွန်းကို သူ့သူငယ်ချင်းသုံးယောက်က ခေါ်သွားသည့် အရက်သောက်ဖို့နေရာရောက်တော့မှသိရတော့သည်။ ဆိုင်မဟုတ်. ဘာမဟုတ်ဘဲ သုသာန်မှာ သောက်ကြမယ်တဲ့။

ကိုဝင်းထွန်းက -

"ဟော့ကောင်တွေ ဟုတ်မှလည်းလုပ်ပါကွာ။ နေရာကလည်း ရှားရှားပါးပါး သုသာန်မှာပဲသောက်ရတယ်လို့၊ ဇာတ်လမ်းတွေရှုပ်ကုန်မယ်နော်"

ကိုဝင်းထွန်းကို မင်းဇော်က ဖြည်းဖြည်းပြောပြသည်။

"ဟော့ကောင် ဝင်းထွန်း၊ ဆိုင်... က လူရှုပ်တယ်၊ ဈေးကြီးတယ်။ ဒီမှာ... အေးအေးဆေးဆေး၊ နားအေး... လေကွာ"

နောက်ဆုံး သုံးမဲ၊ တစ်... ကိုဝင်းထွန်းရှုံးသွားသည်။ သုသာ... အုတ်ဂူပေါ်မှာ အရက်နှင့်အ... များကိုချကာ လေးယောက်... သောက်ကြစားကြတော့သည်။

သူငယ်ချင်းသုံးယော... အကြံသမား။ သူတို့ကလျှော့... သည်။ ကွယ်ရာတွင် သော်... လိုနှင့်သွန်ပစ်သည်။ ... ထွန်းမှာ သတိမမှ... လည်း လူမှန်းသူ... မသိအောင် ...



www.burmeseclassic.com

www.burmeseclassic.com

…တွင် သူငယ်ချင်းသုံးယောက်တို့က …ထွန်းကို သုသာန်မှာထားခဲ့သည်။ …ထွန်းအိပ်ပျော်နေခဲ့ပြီး သူတို့တမင် …ခဲ့တာဖြစ်သည်။ ကိုဝင်းထွန်းစီးပွား …နေသည်ကို သူတို့သုံးယောက်လုံးဝ …လို။

(နောင်တစ်ချိန်တွင် ကိုဝင်းထွန်း …ဘနှစ်ပါးက သူတို့သုံးယောက်ကို -

"မင်းတို့ကွာ မင်းတို့သူငယ်ချင်း …ဒီလိုလုပ်စရာလား။ မင်းတို့မလုပ် …မလုပ်ထိုက်တာကိုလုပ်ခဲ့ကြတယ်"

ဟု ဆိုသောအခါ -

"ဦးလေးနဲ့ အဒေါ်ရေ၊ ကျွန်တော်တို့က ဘာရယ်မဟုတ်ပါဘူး။ နောက်ပြောင်တာပါ"

"မင်းတို့မဟုတ်တာကွာ၊ ဒါနောက်စရာလား"

ဟု ဆိုသောအခါတွင် သူတို့သုံးယောက် ဘာမှပြန်မပြောနိုင်တော့။)

ကိုဝင်းထွန်း အိပ်မှုန်စုံမွှားဖြင့် နိုးလာတော့ ခေါင်းထဲမှာမူးနေဒက်နေသည်။ မနက်ဝေလီဝေလင်းမှောင်မှောင်မည်းမည်း လက်မှနာရီကကြည့်လိုက်တော့ နံနက်တစ်နာရီထိုးနေပြီ။ သူ့ဘေးနားတွင် သူငယ်ချင်းသုံးယောက် လုံးဝမရှိတော့။ သူတစ်ယောက်တည်းသာ။ ထလို့လည်းမရ၊ ထိုင်လို့လည်းမရ မူးယစ်ဝေဝါးနေသည်။



သူ တဖြည်းဖြည်း ပြန်စဉ်းစားသည်။ နောက်မှ ဒီနေရာ သုသာန်ဖြစ်နေတာကို သတိရတော့သည်။ အမျိုးမျိုးခြောက်လှန့်တာခံရသည်။ သရဲတစ္ဆေ ပရလောကသားများက အမျိုးမျိုးသောပုံသဏ္ဍာန်ဖြင့် သွေးလှန့်အောင်လုပ်ကြ၏။ ကိုဝင်းထွန်းတစ်ယောက် ရူးကြောင်ကြောင်ဖြစ်လေပြီ။ အမူးလည်းမပြေ၊ ထထိုင်လို့လည်းမရ၊ သွားလာလို့လည်း မရ၊ သွေးပျက်နေပြီ။ ထို့နောက်တော့ အိပ်ပျော်သလိုဖြစ်သွားပြန်သည်။ နံနက်လေးနာရီခန့်မှာ ကိုဝင်းထွန်း တစ်ဖန်နိုးလာပြန်သည်။ ဦးနှောက်အနည်းငယ် ကြည်လင်လာသလိုဖြစ်နေခိုက် ကိုဝင်းထွန်းမှာ အားကုန်ရုန်းထ၏ သုသာန်မှအတင်းထွက်ပြေးခဲ့သည်။

နောက်ဆုံး သူ့အိမ်သို့ရောက်လာသည်။ အဖေ၊ အမေတို့ နှစ်ယောက်က ကိုဝင်းထွန်းကို မအိပ်ဘဲငုတ်တုတ်ထိုင်စောင့်နေကြ၏။ ကိုဝင်းထွန်းတငိုငိုတရှိုက်ရှိုက်ဖြစ်နေ၏။ အိမ်မှာတစ်ယောက်တည်း ရှိနေသလိုလို ကြောက်လန့်နေသည်။ တုန်တုန်ယင်ယင်ဖြစ်နေသည်။ မိဘနှစ်ပါးကိုလည်း မြင်လိုက်၊ မမြင်လိုက်နှင့် ကြောက်လန့်အားကြီးလာ၏။ တစ်ယောက်တည်း ဆဲလိုက်ဆိုလိုက်၊ အော်လိုက်ဟစ်လိုက်ဖြစ်လာသဖြင့် ရှုံးတက်၍လည်းမရတော့။

အဖေကလိုက်ပို့၍ ရုံးသို့ရောက်သောအခါ ခဏသာကောင်းနေသည်။ မကြာမီဖောက်လာသည်။ တွေ့သမျှလူကို အော်ဟစ်ဆဲဆိုနေသည်။ ရိုက်မောင်းပုတ်မောင်းလုပ်လာ၏။ အင်္ဂလိပ်ဆေး တိုင်းရင်းဆေးနည်းပေါင်းစုံဖြင့် ကုသရာ


သက်လှိုင်မျိုး

ပေးချင်သောစိတ်ရှိလျှင်

ပေးနိုင်ပါသည်


ခဏသာသက်သာပြီး ပြန်ဖြစ်သည်၊ ပြန်ဖောက်သည်၊ နောက်ဆုံး ဘယ်လိုနည်းနှင့်မျှ ရုံးတက်၍မရတော့။ နောက်ဆုံး ကိုဝင်းထွန်းကို မနာလိုနေသည့်၊ ကိုဝင်းထွန်းကို အရက်မူးအောင်တိုက်ခဲ့သည့် ကိုစိန်မင်းကပင် အထက်အရာရှိအား သတင်းပို့လိုက်သည်။ ကိုဝင်းထွန်းတစ်ယောက် ဘယ်လိုမှ ပြန်မကောင်းနိုင်တော့သည့်အကြောင်း။ မတတ်သာသည့်အဆုံး ကိုဝင်းထွန်းကို ဌာနဆိုင်ရာအရာရှိက အလုပ်မဖြုတ်ချင်ဘဲ ဖြုတ်လိုက်ရသည်။ ထုတ်ပယ်လိုက်ရသည်။ လုပ်သက်နှ၍ ပင်စင်ပေး၍မရ။ ကိုဝင်းထွန်းအလုပ်ပြုတ်ပြီး နှစ်လခန့်အကြာတွင် ကိုဝင်းထွန်း နေရာသို့ ကိုစိန်မင်းရလာခဲ့သည်။

သူငယ်ချင်းသုံးယောက်က ကိုဝင်းထွန်း ရူးကြောင်ကြောင်ဖြစ်အောင် ကွမ်းယာထဲယာပေးသည်ပို၊ လက်ဖက်သုပ်



www.burmeseclassic.com

www.burmeseclassic.com

ထဲထည့်ကျွေးသလိုလိုသတင်းတွေကြားလာရသည်။ ကိုဝင်းထွန်းဘဝက သနားဖို့ကောင်း၏။ တစ်ရံတစ်ခါ စိတ်ဖောက်ပြန်သည့်အခါ မိုးလင်းလို့ ပထမဆုံးမြင်ရသည့်မျက်နှာအတိုင်း လူတိုင်းကို အဲဒီမျက်နှာပဲမြင်နေရသည်။ ကိုဝင်းထွန်းကို ဘဝပြောင်းသည့်သဘောဖြင့် ဘုန်းကြီးဘဝသို့သွတ်သွင်းကြသည်။ အိမ်မှာပင်ကျောင်းအမှတ်သီတင်းသုံးစေသည်။

ဘုန်းကြီး ဦးဝင်းထွန်းမှာ နံနက်နှစ်နာရီကတည်းက လူမသိဘဲ ပတ်ဝန်းကျင်မသိဘဲ ဆွမ်းထချက်သည်။ နံနက်ငါးနာရီမှာ ဘယ်သူဆွမ်းချက်သွားမှန်းမသိ၊ လုပ်တတ်သေးသည်။

အိမ်နီးနားချင်းအချို့က ကြည်ညို၍ အိမ်သို့လာကြသည်။ ဘုန်းကြီးဆီမှ နှစ်လုံး၊ သုံးလုံးဂဏန်းတောင်းသည်။ ဘုန်းကြီးကရမ်းသန်းပေးသည်။ ကြက်ကန်းဆန်အိုးတည့်တည့်တိုးကာ ပေါက်ဂဏန်းနှင့်တိုးသွားတော့ တဖြည်းဖြည်းနာမည်ကြီးလာသည်။ ခြောက်လခန့်တော့ အိမ်တွင်လူဝင်လူထွက်များကာ စီးပွားဥစ္စာများနည်းနည်းရလိုက်သည်။ နောက်ထပ်သုံးလအကြာတွင် ကိုဝင်းထွန်းတစ်ယောက် ဘုန်းကြီးဘဝမှလူပြန်ထွက်သည်။ ပုတီးစိပ်သည်၊ ချဲထိုးသည်။ သုံးခါထိုး တစ်ခါပေါက်၊ လေးခါထိုး တစ်ခါပေါက်။ နှစ်လုံး၊ သုံးလုံးကစားပြီးနောက် ခြောက်လခန့် ကြာသောအခါ လောဘကြီးလာသည်။ ကိုဝင်းထွန်းတစ်ယောက် ညဥ့်နက်သန်းခေါင် ဘောလုံးပွဲတွေကြည့်လာသည်။ ဂဏန်းတစ်လုံးပါထိုးလာသည်။ အိပ်ရေးပျက်လာသည်။

ဘုန်းကြီးဘဝက တစ်လ-(၇၀၀၀) ဖိုးခန့် စိတ်ရောဂါနှင့် ပတ်သက်သောဆေးများ မှန်မှန်သောက်သော်လည်း ယခုမသောက်ဘဲနေသည်မှာ နှစ်လခန့်ကြာခဲ့ပြီ။ ကိုဝင်းထွန်းတစ်ယောက် ရူးကြောင်ကြောင်ပြန်ဖြစ်လာ၏။ ဆေးတိုက်လို့လည်း မရတော့။ တွန်းထုတ်ပုတ်ထုတ်၏။ လေးရက်တစ်ခါတောင် ရေမချိုးချင်တော့။ သုံးလုံးဂဏန်းလုံးဝမပေါက်တော့သည်မှာလည်း သုံးလခန့်ကြာခဲ့ပြီ။ တွေ့သည့်လူတိုင်းကို ကိုဝင်းထွန်းရန်ရှာသည်။ တစ်နေ့လုံး ဆဲဆို၍ သောင်းကျန်းနေတော့သည်။

အရင်ကတော့ စိတ်ရောဂါကုဆေးရုံသို့ဖုန်းဆက်လိုက်သည်နှင့် ဆေးရုံက ချက်ချင်းလာခေါ်သည်။ ဆေးရုံတွင် တစ်လလောက် ကုသလိုက်သည်နှင့် ပြန်ကောင်းသွားတော့သည်။

ယခုတော့ မိဘနှစ်ပါးက နယ်သို့ ခေတ္တပြန်သွားသည်။ နှစ်ရက်သာ ကြာသည်။ စိတ်ထဲထင့်သဖြင့် အိမ်သို့ပြန်လာရာ ကိုဝင်းထွန်း ဆဲဆိုသောင်းကျန်းနေပုံကို တွေ့မြင်သဖြင့် ချက်ချင်းဆိုသလို စိတ်ရောဂါကုဆေးရုံသို့ ဖုန်းဆက်သည်။ သူတို့လာခေါ်သွားသည်။

ဆေးမှန်မှန်သောက်သဖြင့် ကိုဝင်းထွန်း စိတ်ရောဂါသက်သာလာပါသည်။ နောက်ငါးနှစ်အကြာတွင် မိဘနှစ်ပါးမှာ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့သည်။ မိဘနှစ်ပါးကွယ်လွန်ပြီး နှစ်နှစ်အကြာတွင် ကိုဝင်းထွန်းတစ်ယောက် မိဘနှစ်ပါး၏ဇာတိရွာတွင် ဘုန်းကြီးဝတ်သွားသည်ဟု ကြားရသည်။ ကြောင်ဝင်မြို့ ဗျောတောဝရွာ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေသည်မှာ ငါးနှစ်ကျော်ခဲ့ပြီး ဝိပဿနာတရားကို ထိထိမိမိကျင့်ကြံအားထုတ်နေသော ဘုန်းတော်ကြီးဦးဝင်းထွန်း (ခ) အရှင်ဝိလာသကို ရွာသူရွာသားတွေက ကြည်ညိုကြသည်။

အရှင်ဝိလာသမှာ ယခု သက်တော် (၆၅) နှစ်၊ ဝါတော် (၁၅) ဝါရှိခဲ့ပြီ။ အရှင်ဝန်ထမ်းဘဝက အရှင့်အပေါ် မကောင်းကြံခဲ့သည့် သူငယ်ချင်း သုံးယောက်မှာ အသက်(၅၀)ခန့်တွင် တစ်နှစ်၊ နှစ်နှစ်စီခြားလျက် ရောဂါမည်မည်ရရရှာမရဘဲ သေဆုံးသွားခဲ့လေသည်။

အရှင်ဝိလာသကျောင်းတော်မှာ သစ်ရိပ်ဝါးရိပ်နှင့်မှိုင်းညို့၍နေသည်။ အရှင်ဝိလာသမတိုင်ခင်က ကျောင်းထိုင်ကိုယ်တော်မှာ နှစ်နှစ်၊ သုံးနှစ်ခန့်သာ မြဲသည်။ ထိုအတောအတွင်း လူထွက်သွားသည့်သာ။ ရွာသူရွာသားများက မည်သို့ပင်တားသော်လည်းမရ။ ယခုလေးပါးမြောက် အရှင်ဝိလာသလက်ထက်မှသာ ကျောင်းထိုင်မြဲသည်ဟုဆိုရမည်။ အရှင်ဝိလာသတွင် ကျောင်းသားလုံးဝမရှိ။ ကပ္ပိယကြီးဦးမျိုးချစ်တစ်ယောက်သာရှိသည်။ သူလည်း အသက် (၅၅) နှစ်ရှိနေပြီ။

အရှင်ဝိလာသ၏ ကျောင်းတော် ဘုရားခန်းရှိ ဉာဏ်တော်သုံးပေခန့် ကျောက်ဆင်းတုတော်မှာ အထူးသပ္ပာယ်သည်။ ကြည်ညိုဖွယ်ကောင်းသည်။ တစ်ခါတစ်ရံ မြွေများလာဖူးတတ်သည်။ ကျောင်းတော်၏ နောက်ဘက်နားတွင် ဘုရားငုတ်တိုကြီး (မြေပြင်ပေါ်တွင် သုံးပေခန့်ပေါ်ထွက်နေသည်။) တစ်ဆူရှိရာ မြို့ပေါ်မှ ဘုရားဒကာ ဦးခင်မောင်

သန်း၊ ဦးစံရွှေအောင်နှင့် သူငယ်[...] တစ်စုက စေတီပြန်တည်ရန် ပ[...] ပြင်ဆင်နေသည်မှာ နှစ်ပတ်ခန့်ရှိ[...] ပြီ။

ယခုတစ်လော အရှင်ဝိလာသ[...] ညစဉ်ဆိုသလို အိမ်မက်မက်သ[...] အိပ်မက်ထဲတွင် ကျောင်းတော်သို့ [...] များလာကြသည်ဟုမက်သည်။တိုတ်[...] သည်ဟု ဆိုရမည်။

ယနေ့ည(၇)နာရီခန့်တွင် လုံး[...] လက်ဖက်ရည်ပန်းကန်လုံးခန့်၊ အ[...] ရှစ်ပေခန့် ငန်းတော်ကျားမြွေတစ်[...] တက်လာပြီး ဆင်းတုတော်ကြီး[...] ဦးတိုက်ပူဇော်ပြီး ပြန်ဆင်းသွားသည်[...]

နေ့လယ်ကလည်း စေတီတ[...] မည့် ဘုရားငုတ်တိုကြီး၏ တောင်[...] အစပ်နားကို ကိုခင်မောင်သန်းတို့ [...] လက်တူးဖော်နေစဉ် စပါးအုံးမြွေဥ[...] (၁၇) လုံးကိုရရှိခဲ့သည်။

အရှင်ဝိလာသက -

"ဒီမြွေဥပိုင်ရှင်တွေဟာ ဘု[...] ဒါယကာ၊ ဒါယကာမများဖြစ်နေတ[...] ဆိုရင် မိမိဆီလာခဲ့ကြပါ"

- ဟု ဖိတ်ခေါ် လိုက်သည်။

မြွေဥ (၁၇) လုံးမှ မြွေလေး[...] ပေါက်ဖွားလာပြီး (၁၆)ကောင် အသ[...] ရှင်ကြသည်။ မြွေဖိုးကြီးနှင့် မြွေမကြီး[...] ဘုရားကုန်းတော်ပေါ် သို့ ရောက်[...] ကြသည်။

မြွေမကြီးနှင့် မြွေပေါက်လေးမျာ[...] က ဘုရားကုန်းတော်ပေါ်မှ ပြန်ဆင်[...] သွားကြသည်။ မြွေဖိုကြီးမှာ ကျန်နေ[...] သည်။ ဆရာတော် အရှင်ဝိလာသ[...] အိပ်မက်ပေးသည်။ သူတရားနာ[...] ကြောင်း၊ တရားနာပြီးလျှင် ဒီဘဝတွ[...] လွတ်မှာဖြစ်ကြောင်း။

ဆရာတော် အရှင်ဝိလာသ[...] ရွာသူကြီးဦးချစ်ဟန်နှင့်အဖွဲ့အား အ[...] ဆုံး စီစဉ်ပေးပြီး တရားပွဲကျင်းပ[...] လိုက်သည်။ရွာသားတွေပါ ရွာလုံးကျွ[...] တရားနာကြသည်။

အိပ်မက်ပေးသော မြွေကြီးသည် အလျား(၈)ပေ၊ လုံးပတ်မှာ ငှက်ပျော[...] ပုလင်းလောက်ရှိပါသည်။ ထိုမြွေ[...] သည် တရားနာပြီး (၁၅)မိနစ်ခန့်[...] တွင် သေဆုံးသွားပါသည်။


မြွေကြီးမှာကောင်း[...] သုဂတိ[...] သို့ ရောက်သွားပြီဟု ဆိုရပေမည်။

သက်[...]မျိုး(စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



# မုန်းရှိအောင်

## ရခိုင်ရာဇဝင်ထဲက ဂန္ဓာရီပညာဆိုင်ရာပုံရိပ်များ (၂)

ရခိုင်ရာဇဝင် (ဝါ) ရခိုင်သမိုင်းတွင် မဉ္ဇုဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်ဟူ၍ ခေတ်ကာလတို့ ပိုင်းခြားထားသည့်အလျောက် ရခိုင်ရာဇဝင်လာ ဂန္ဓာရီပညာဆိုင်ရာများကိုလည်း မဉ္ဇုဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်ကို တစ်ပိုင်း မြောက်ဦးခေတ်ကို တစ်ပိုင်း အပိုင်း ခွဲခြားဖော်ပြရန် ဖြစ်သော်လည်း အပိုင်းတစ်ခု၌ ဖော်ပြရမည်ကို အကြောင်းအမျိုးမျိုးအကြောင့် ကြွင်းကျန်ခဲ့သဖြင့် ဤနေရာမှာ ဖြည့်စွက်တင်ပြလိုက်ရပါသည်။

'အစွယ်ခေါ်ခေါ် မင်းစောပုဂံဆန်းထွဲ' ဟူသော သိုက်တဘောင်ပေါ်လာသဖြင့် ပုဂံပြည်ရှင် ကျည်စိုးမင်းသည် ထိတ်တလန့်ဖြစ်သဖြင့် လျှို့ဝှက်စုံစမ်းထောက်လှမ်းရာ ; သူနှင့်ခေတ်ပြိုင်ဖြစ်သော ရခိုင့်လေးမြို့ခေတ် ပဉ္စာပြည်ရှင်မင်းလာတော်မင်း၏ငယ်မည်မှာ မင်းစောဖြစ်ရုံသာမက ထိုမင်း၏ အံသွားနှစ်ခုသည် အစွယ်နှစ်ခုသဖွယ်ဖြစ်နေသည်ကို သိရှိရလေတော့ဖြစ်၏။

ပုဂံပြည်ရှင် ကျည်စိုးမင်းက ထိုအခြင်းအရာသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် မိမိအား အန္တရာယ်ပြုနိုင်သည်ဟု ယုံကြည်လာသဖြင့် လက်ဦးမှုယူရှင်းလင်းတားမြစ်နိုင်ရန်အတွက် ယတြာသျှို့အတတ်၊ ဂန္ဓာရီပညာအတတ်၌ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်သော ဘားတလုံးအမည်ရှိသည့် ရှင်ယောင်တစ်ဦးကို ချစ်ကြည်ရေးသံတမန်အသွင်ဆောင်လျက် စေလွှတ်လိုက်သည်။

ဘားတလုံးရှင်ယောင်သည် ဝဂ်ဉာဏ်၊ ဥပါယ်တံမျဉ်ဉာဏ် အမျိုးမျိုးသုံးလျက် ပဉ္စာပြည်ရှင်မင်းလာတော်မင်းကို စည်းရုံးအယုံသွင်းကာ လုပ်ကြံသတ်ဖြတ်ပြီး ပုဂံရွှေပြည်သို့ထွက်ပြေးလွတ်မြောက်လာခဲ့သည်ဟူ၏။

ဤတွင် မေးစရာ၊ တွေးစရာဖြစ်လာသည်က ရှင်ယောင် ဟူသည် အဘယ်နည်း။ ရခိုင်ရာဇဝင်လာ ရခိုင်ဂန္ဓာရီပညာဆိုင်ရာတို့၌ ရှင်ယောင်တို့၏ ပါဝင်ပတ်သက်မှုသည် မနည်းမနောရှိသည်ကို တွေ့ရှိရပေသည်။

ဥပမာအားဖြင့် ကာလစန္ဒြားမင်းလက်ထက်က ပုဂံကရောက်ရှိလာသော လဝကာနှင့် မာဇလုံ ရှင်ယောင်နှစ်ပါး၊ သိဂ်စန္ဒြားမင်းလက်ထက်က ပုဂံကရောက်ရှိလာသော မစ္စလုံနှင့် ဘေသက ရှင်ယောင်နှစ်ပါး၊ ငမင်ငတုံမင်းလက်ထက် ပုဂံကရောက်ရှိလာသော ဘားတလုံး ရှင်ယောင်တို့သည် တခြားမဟုတ် ထိုစဉ်တုန်းက ပုဂံပြည်တွင် ကောင်းစားနေသော အရည်းကြီးရဟန်းတို့ပင် ဖြစ်

www.burmeseclassic.com

သည်။ ထိုအရည်းကြီးရဟန်းတို့သည် တန္တရအတတ်၊ မန္တရအတတ် စသော ဂန္ဓာရီပညာ၌ ကျွမ်းကျင်သူများဖြစ်ကြသည်။

တစ်ခါ ရခိုင်လေးမြို့ခေတ် ဒုတိယ ပုရိန်ပြည်ရှင် ဒသရာဇာမင်းလက်ထက် (ပုဂံပြည်ရှင် အလောင်းစည်သူမင်းနှင့် ခေတ်ပြိုင်) တွင် ဗုဒ္ဓဘုရားရှင်မျက်မှောက်တော်၌ သွန်းလုပ်တော်မူသော မဟာမုနိဘုရား သီတင်းသုံးတော်မူရာ မဟာမုနိဘုရားကုန်းတော်ကို ဘက်စုံပြုပြင်မွမ်းမံတော်မူပြီး ခပ်သိမ်းသောဘေးရန်ဥပဒ်အန္တရာယ်ကင်းဝေးပြီး စည်းစိမ်ဥစ္စာလာဘ်လာဘတိုးပွားစေရန်အတွက် နေ့သင့်နံသင့်ဟူးရားဆရာရှစ်ယောက်ဖြစ်ကြကုန်သော အရှေ့ဘက်က ဆရာဝက်ချေ၊ အရှေ့တောင်ထောင့်ကဆရာငရွှေတောင်၊ တောင်ဘက်က ဆရာငသစ်ကိုင်း၊ အနောက်တောင်ထောင့်က ဆရာငစစ်ရစ်၊ အနောက်ဘက်က ဆရာဥက္ကလတိုင်း၊ အနောက်မြောက်ထောင့်က ဆရာရှစ်လှတို့နေလျက် မင်္ဂလာအခါရောက်လျှင် စံကားပင်စိုက်ခြင်း၊ ဆေးစီရင်ခြင်း၊ အင်းစီရင်ခြင်းစသော လောကီပညာဆိုင်ရာတို့ ပြုလုပ်ခဲ့သည်ဟူ၏။

တစ်ဖန် ရခိုင်မြောက်ဦးခေတ်၌ ပထမမြောက်ဦးမြို့တည်နန်းတည်မင်းဖြစ်သော မင်းစောမွန်မင်း (အင်းဝ မိုးညှင်းသတိုးမင်းနှင့်ခေတ်ပြိုင်) လက်ထက်၌ မြောက်ဦးရွှေပြည်ရွှေနန်းကို စတင် တည်ဆောက်သောအခါတွင် အရပ်ရှစ်မျက်နှာမှ ရန်အပေါင်းကို ကာကွယ်နှိမ်နင်းနိုင်ရန်အတွက် ဆိုင်ရာဆိုင်ရာနေရာများတွင် -

၁။ မြောက်ဦးရှင်မကြာဇံဖြူနတ်
၂။ ဝန်တီးနတ်
၃။ ရက္ခတောင်မဟာဂင်္ဂါနတ်
၄။ ဥတုသမ္မာနတ်
၅။ ရက္ခမုနိတောင်ရှင်မနတ်
၆။ သာရပဗ္ဗတတောင်စန္ဒီရှင်မနတ်
၇။ ဂဝံတောင်ရှင်မနတ်
၈။ ရွှေတောင်ရှင်မနတ်

ဟူသော နတ်ကြီးရှစ်ရပ်ကို နေရာချပေးရလေသည်။ သို့လိုပင် ဘုရားငါးဆူဖြစ်ကြသော မျက်မှောင်တော်ဘုရား၊ လေးမျက်နှာဘုရား၊ မုတ်ဆိတ်တော်ဘုရား၊ မြတန်းဆောင်ဘုရား၊ ဝိဇယရံသီဘုရားတို့ကို စီမံတည်ထားတော်မူလေသည်။ ပြီး အိုင်နှစ်အိုင် (မြို့သစ်အိုင်၊ ပရီအိုင်)၊ ကျုံးတစ်ကျုံး (အိုင်ဝန်ကျုံး)၊ ကန် (၆) ကန် (နံ့သာကန်၊ ဦးတော်ဆီးကန်) ဒိုင်းကျီကန်၊ ဒိုင်းကျားကန်၊ ဘီလူးကန်၊ မနော်မာရီကန်) တို့ကို တည်တော်မူသည်။ နန်းတော်နှင့် မနီးမဝေးရှိ ဖိုးခေါင်တောင်ကို ဆီမီးအရောင်၊ မဟာမုနိဆီမီးအရောင်တို့နှင့် နှစ်ပါးအပြိုင်ထွက်စေသည်။ မဟာမုနိဘုရားကအစပြု၍ ဓာတ်နံတွဲစပ်လျက် ဦးရာဇ်တော်ဓာတ်ဘုရားတိုင်အောင် အစီအမံပြုပူဇော်လေသည်။ နောက်နံစန်းသင့်အောင် ထိုထိုသောအရပ်တို့၌ အကာကြီး (အင်းချပ်ကြီး)၊ အကာငယ် (အင်းချပ်ငယ်) တစ်ထောင်စီကို ကောင်းစွာစီရင်၍ထားကြသေးသည်။ ထိုသို့ ပြုပြင်စီရင်၍ထားလေသောကြောင့် မြောက်ဦးမြို့ (မြောက်ဦးနေပြည်တော်) ကို တစ်ရာကျိန်းထား၍တည်သော်လည်း မြို့သက်ဆက်တတ်သည်ဆိုသော် အနှစ် (၁၀၀၀)၊ အနှစ် (၁၀၀၀၀) ပင် စည်ပင်သာယာအံ့ဟု နတ်မျက်စိအမြင်ရှိသော ဟူးရားတတ်တို့က ဆိုကြကုန်၏။

မင်းစောမွန်မင်းကို ဆက်ခံသော မင်းနရနူမင်း (အင်းဝ နရပတိမင်းနှင့် ခေတ်ပြိုင်) လက်ထက်တွင် မြောက်ဦးမြို့တော်ကို တစ်ထောင်ကျိန်းတည်အောင် ဝသဲနှင့် မြို့သစ်ကိုတွဲ၍ ဓာတ်နမန္တာနှင့်ညီအောင် ဟူးရားတတ်တို့၏ ဆောင်ရွက်မှုဖြင့် မြို့သက်ဆက်၍တည်တော်မူနိုင်ခဲ့သည်ဟူ၏။

ထို့ပြင်တဝ ဒုတိယမြောက်ဦးမြို့တည်နန်းတည် မင်းဗာကြီးမင်း (ကေတုမတီပြည်ရှင် တပင်ရွှေထီးမင်း၊ ဟံသာဝတီပြည့်ရှင် ဘုရင်နောင်မင်းနှင့်ခေတ်ပြိုင်) လက်ထက်တွင်လည်း ရွှေပြည်ရွှေနန်း ဘေးရန်ကာကွယ်လုံခြုံကြီးပွားစေရေးအတွက် ဘုရားကြီးငါးဆူ၊ နတ်ကြီးရှစ်ရပ်ကို စီရင်တည်ထားတော်မူခဲ့သေးသည်။ ဘုရားကြီးငါးဆူဆိုသည်မှာ ရှမ်းတောင်စေတီ၊ ရန်အောင်တော်စေတီ၊ တောင်မြင့်မိုရ်နန်းဘုရား၊ ရွှေတောင်စေတီ၊ စံကားတောင်စေတီတို့ ဖြစ်ကြသည်။

နတ်ကြီးရှစ်ရပ် ဆိုသည်မှာ မြောက်ဦးရှင်မကြာဇံဖြူနတ်၊ ဝန်တီးနတ်၊ ရက္ခတောင်မဟာဂင်္ဂါနတ်၊ ဥတုသမ္မာနတ်၊ ရက္ခမုနိတောင်ရှင်မနတ်၊ သာရပဗ္ဗတတောင် စန္ဒီရှင်မနတ်၊ ဂဝံတောင်ရှင်မနတ်၊ ရွှေတောင်ရှင်မနတ်တို့ ဖြစ်ကြသည်။

ယင်းအပြင် မြောက်ဦးမြို့ (နေပြည်တော်) ကို ဘက်စုံပြုပြင်မွမ်းမံပြီး နောက် မြို့သစ်နှင့် ဝသဲဘက်ကို သိုက်ဓာတ်နမန္တကိန်အလိုဖြင့် အသက်ဆ[illegible] ၍တွဲဖက်ပြီးမှ အရှေ့ဘက်က အစပြု[illegible] ရန်အောင်မြို့၊ သန်လျင်မြို့၊ မြတော[illegible] မြို့ အပါအဝင် အရံမြို့ငယ် (၁၁) မြို့[illegible] တည်စေသည်။

နောက်မြို့၏ အဓိမှတ်နေ[illegible] တိုင်းပြည်၏ အဓိမှတ်နေရာများတွ[illegible] အကာကြီး (အင်းချပ်ကြီး) တစ်[illegible] အကာငယ် (အင်းချပ်ငယ်) တစ်ထော[illegible] တို့ကို စီရင်မြှုပ်နှံခဲ့သည်ဟူ၏။

စိတ်ဝင်စားစရာတစ်ခုမှာ မင်း[illegible] ကြီးမင်းလက်ထက်တွင် ရှင်မြဝါ (မြ[illegible] သူငယ်မြဝါ) အမည်ရှိသော ထင်[illegible] သော ရခိုင်ဂန္ဓာရီပညာရှင်တ[illegible] ပေါ်ပေါက်ခဲ့ခြင်းပင်ဖြစ်သည်။ တ[illegible] တော့ ရှင်မြဝါသည် ရခိုင်မင်းမျိုးမင်း[illegible] တစ်ဦးဖြစ်ရုံသာမက မင်းဗာကြီးမ[illegible] ညီအစ်ကိုဝမ်းကွဲတော်စပ်သူ၊ နို[illegible] ကစားဖက်၊ ကျောင်းနေဖက်လည်း[illegible] သည်။ ရှင်မြဝါသည် အရွယ်ရော[illegible] သောအခါတွင် မင်းရေးမင်းရာကို[illegible] မင်းစိုးရာဇာစည်းစိမ်များကို မစုံမက်[illegible] မဝင်စားဘဲ ဂန္ဓာရီပညာကိုသာ ရွေး[illegible] သလို တစိုက်မတ်မတ် လိုက်စားဆ[illegible] ပူးတော်မူခဲ့သည်။

တိတိပပပြောရလျှင် ရှင်မြ[illegible] သည် အိန္ဒိယပြည် မဇ္ဈိမဒေသသို့[illegible] ရောက်ပြီး သိဝဂိုဏ်းသား သီရိဗိ[illegible] ရသေ့ကြီးထံတွင် ဓာတ်ပြောင်းဓာတ်[illegible] အတတ်၊ ရုပ်ဓာတ်ကို ရထရေမြူ တ[illegible] ရေမြူ အဏုမြူ ပရမာဏုမြူဆို[illegible] မြူလေးပါးအားဖြင့် ခွဲခြမ်းစိတ်ဖြာ[illegible] အတတ်၊ ဘူတရုပ်များကို သဘာဝ[illegible] ကလာပရုပ်၊ ယဏ္တာရုပ်စသဖြင့်ဖြစ်[illegible] လာပုံ၊ ပေါင်းစည်းပုံ၊ ဖြိုဖျက်ပုံ စသ[illegible] အတတ်၊ ယတြာလေးဆယ်အတ[illegible] ပတြာလေးဆယ်အတတ်၊ ဝိ[illegible] သုံးဆယ် စသော လောကီအတ[illegible] ဝေဒသုံးပုံ၊ ဗေဒင်သုံးပုံ၊ အင်း[illegible] ခလုတ်၊ ဆေးဝါးမန္တန်၊ မန္တရား[illegible] နက္ခတ် စသော လောကီပညာအ[illegible] ထွေတိုင်း (၂၃) နှစ်တိုင်တိုင် ကံ့ကူ[illegible] လှည့်သင်ယူဆည်းပူးနိုင်ခဲ့သည်ဆို၏။

ရှင်မြဝါသည် မြောက်ဦးရွှေ[illegible] သို့ ပြန်လည် ရောက်ရှိလာ[illegible] တွင် မင်းဗာကြီးမင်း၏ တိုင်းပြည်[illegible] ကိစ္စရပ်ကြီးများတွင် သ[illegible]မ်းကျင်[illegible] ဂန္ဓာရီပညာဆိုင်ရာ[illegible]ဖြစ် ပါဝင်[illegible] ဆောင်ရွက်ပေး[illegible]သည်ဖြစ်၏။

ရှင်မြ[illegible] ဂန္ဓာရီပညာဆိုင်[illegible] ဆောင်ရွ[illegible]ချက်များ မြောက်မြားစွ[illegible]

www.burmeseclassic.com

www.burmeseclassic.com

သည့်အနက် ထင်ရှားရာတချို့ကို ဤနေရာ၌ တင်ပြခြင်းပါသည်။ သက္ကရာဇ် ၈၉၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ စနေ နေ့တွင် မင်းဗာကြီးမင်းသည် ဘင်္ဂါ (၁၂) ပြည်ထောင်အား သူရတန်မင်းထံမှ ပြန်လည်သိမ်းပိုက် အောင်ပွဲဆင်နိုင်သောအထိမ်းအမှတ်၊ ကျူးကျော်ရန်စလာသော ပေါ်တူဂီရေတပ်ကြီးကိုဖြိုခွင်းသတ်သင်နိုင်သောအထိမ်းအမှတ်အဖြစ် မြောက်ဦးရွှေနန်းတော်မနီးမဝေးတွင်ရှိ ဒိုးခေါင်တောင်ကုန်းပေါ်တွင် မင်းကြီးကိုယ်တော်တိုင် ဗုဒ္ဓသရီရဓာတ်တော်မွေတော်များ၊ ဗုဒ္ဓဆင်းတုတော်ရှစ်သောင်းလေးထောင်၊ မဟာသမယသုတ်တော်လာနတ်ဒေဝတာရုပ်တုရှစ်သောင်းလေးထောင် ဆိုင်ရာဆိုင်ရာ အင်းချပ်ကြီးရှစ်သောင်းလေးထောင်၊ အင်းချပ်ငယ်ရှစ် သောင်းလေးထောင် စသည်တို့ကို ဌာပနာပြုလျက် ရန်အောင်ဇေယျခေါ် ရှစ်သောင်းဘုရားပုထိုးတော်ကြီးကို ဂန္ဓာရီပညာရှင်ရှင်မြဝါ၏ အစီအရင်ဖြင့် တည်ထား ကိုးကွယ်တော်မူခဲ့လေသည်။

အမှန်မှာတော့ ဤရှစ်သောင်းဘုရားပုထိုးတော်ကြီးကို သာမန်စစ်နိုင်အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်ခြင်းသက်သက်မဟုတ်ပါ။ ဂန္ဓာရီပညာရှင် ရှင်မြဝါက မဏ္ဍိုင်ကြီးငါးရပ်အစီအရင်ကို အဓိကထားထည့်သွင်းစီမံထားသည် ဟူ၏။ သို့ဆိုလျှင် မဏ္ဍိုင်ကြီးငါးရပ်ဟူသည်အဘယ်နည်း။ မဏ္ဍိုင်ကြီးငါးရပ် ဆိုသည်မှာ တခြားမဟုတ်။ ဗုဒ္ဓမဏ္ဍိုင်၊ ဗြဟ္မာမင်းမဏ္ဍိုင်၊ သိကြားမင်းမဏ္ဍိုင်၊ စတုမဟာရာဇ်နတ်မင်းများမဏ္ဍိုင်၊ လူမင်းမဏ္ဍိုင်တို့ဖြစ်ကြပါသည်။ ထိုရှစ်သောင်းဘုရား၏ဗဟိုချက် ဂန္ဓကုဋိတိုက်၌ ဗုဒ္ဓမဏ္ဍိုင် (ဗောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူဟန် ဗုဒ္ဓဆင်းတုတော်)၊ ဗုဒ္ဓမဏ္ဍိုင်၏အင်္ဂါထောင့်၌ ဗြဟ္မမဏ္ဍိုင် (ဗြဟ္မာမင်းရုပ်တု)၊ တနင်္ဂနွေထောင့်တွင် သိကြားမင်းမဏ္ဍိုင် (သိကြားမင်းရုပ်တု) ရာဟုထောင့်၌ စတုမဟာရာဇ်နတ်မင်းများမဏ္ဍိုင် (စတုမဟာရာဇ်နတ်မင်းများရုပ်တု) စနေထောင့်၌ လူမင်းမဏ္ဍိုင် (မင်းဗာကြီးမင်းရုပ်တု) တို့ကို စီရင်ပြုလုပ်ထားသည်။ ဗြဟ္မာမဏ္ဍိုင်သည် ဗြဟ္မာဘုံ(၆)ဘုံ၏ အကြီး အချုပ်အဖြစ်၊ စတုမဟာရာဇ်နတ်မင်းများမဏ္ဍိုင်သည် အပါယ်လေးဘုံသားတို့၏ အကြီးအချုပ်အဖြစ်၊ လူမင်းမဏ္ဍိုင်သည် ထိုမဏ္ဍိုင်ကြီးလေးရပ်၏ အကြီးအချုပ်အဖြစ် ရှင်မြဝါက ရည်ညွှန်း စီရင်ထားခြင်း ဖြစ်သည်။ ဘုရားလောင်းသိဒ္ဓတ္ထမင်းသားဖွားတော်မူစက ကောဏ္ဍည ပုဏ္ဏားတော်မှတစ်ပါး တခြားပုဏ္ဏားတော်တို့က လက်နှစ်ချောင်းထောင်၍ ဗုဒ္ဓဘုရားရှင်ဖြစ်လိမ့်မည်၊ သို့မဟုတ် စကြာတေးမင်းဖြစ်လိမ့်မည်ဟု ဗေဒင်ဟောချက်ထုတ်ခဲ့ကြသည် မဟုတ်ပါလား။ ထို့ကြောင့် ဤမဏ္ဍိုင်ကြီးငါးရပ်အစီအရင်သည် စကြဝတေးမင်းကဲ့သို့ ဘုန်းတန်ခိုးအာနုဘော်ကြီးမားစေသော အစီအရင်များဖြစ်နေလေသလား။

တစ်ခါ ရှင်မြဝါနှင့်ပတ်သက်လာလျှင် မဖြစ်မနေပြောရမည့်အစီအရင်တစ်ခုမှာ မြို့ချာတိုင်အစီအရင်ပင်ဖြစ်သည်။ ဤအစီအရင်သည် မြို့၏သက်တမ်းကို ရှည်လျားစေသော အစီအရင်ပင် ဖြစ်သည်။ တကယ်တော့ ဤအစီအရင်ပြုလုပ်ရမည့်အချိန်သည် အလွန်တရာတိုကောင်းလှပေသည်။ အစီရင်ပြုလုပ်နေတုန်းမှာ မဖြစ်မနေပါဝင်ရမည့်ကြာသပတေးနံ ကြွက်ဖြူလေးငါးကောင် လွတ်ပြေးသွားသဖြင့် တိုတောင်းသောအချိန်တွင် အခြားသော ကြာသပတေးနံများကို သွားရှာဖွေရန်မဖြစ်နိုင်တော့၍ ကြာသပတေးသားဖြစ်သော ရှင်မြဝါသည် မင်္ဂလာအချိန်ကိုက်ထူထောင်ရမည့် မြို့ချာတိုင်တွင် သူ့ရင်ကိုခွဲ၍ ထုတ်ယူလာသောအူကို ရစ်ပတ်ပြီး မြို့ချာတိုင်ကိုထူထောင်စေကာ သူကလည်းအူတစ်ဆုံးပြေးလျက် မြေပေါ်လဲကျကွယ်လွန်ခဲ့လေသည်။ ရှင်မြဝါက သူလဲကျသေဆုံးသောနေရာတွင် သူ့အားမြှုပ်နှံသင့်ပြုပ်ပါဟု မှာကြားခဲ့သည်။ သို့သော် မင်းဆွေမင်းမျိုးများက ရှင်မြဝါသည် မင်းမျိုးမင်းနွယ်ဖြစ်သောကြောင့် မြင့်မြတ်သောနေရာမှာသာ သင်္ဂြိုဟ်သင့်သည်ဟုဆိုကာ တခြားမြင့်မြတ်သည်ဟုထင်သောနေရာသို့ ပြောင်းရွှေ့မြှုပ်နှံခဲ့လေသည်။ ထို့ကြောင့် မြို့ချာတိုင်အစီရင်သည် အောင်မြင်သင့်သလောက်မအောင်မြင်ခဲ့ရပေဟု ဆို၏။



ထိုသို့ပင်လျှင် မြောက်ဦးပြည်ရှင်မင်းဖလောင်းမင်း (ဟံသာဝတီပြည်ဘုရင့်နောင်မင်း နှောင်းပိုင်းကာလ) လက်ထက်ကတည်းက ထူးခြားသော ဂန္ဓာရီပညာရှင်တစ်ဦး ပေါ်ပေါက်ခဲ့ပါသေးသည်။ ၎င်းမှာ တခြားမဟုတ်။ ဗားမဲ့ဆရာတော်လောင်းလျာ ရှင်နန္ဒသာရပင် ဖြစ်သည်။ ရတနာပူရ အင်းဝဇာတိ မဟာမြိုင်ဆရာတော်အသျှင်ဝဏ္ဏစင်ရေးသားသော ဗားမဲ့ဝိဇ္ဇာမဟာသိဒ္ဓိကျမ်းရင်းထဲတွင် ဗားမဲ့ဆရာတော်လောင်းလျာကို ရခိုင်ရိုးမတောင် ဗားမဲ့တောင်ခြေရွာတွင် သက္ကရာဇ် ၉၃၃ ခုနှစ်တွင် ဖွားမြင်သည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ ရခိုင်ရာဇဝင်မှတ်တမ်းတချို့တွင် မဟာမုနိဘုရားကုန်းတော်အရှေ့ဘက် ရခိုင်ရိုးမတောင်ဆွယ် တောလယ်အောင်စင်တောင်တန်းအနောက်ဘက် ကိုးဆယ့်ကိုးတောင်ဝင် ဗားမဲ့တောင်ခြေ ဗားမဲ့ရွာတွင် ဗားမဲ့ဆရာတော်လောင်းလျာကို ဖွားမြင်သည်ဟု ဆိုထားကြသည်။ ဗားမဲ့ဆရာတော်လောင်းလျာ သူငယ်လေးသည် အရွယ်ရောက်လျှင် ဗားမဲ့ရွာဦးဆရာတော်ထံ ရှင်သာမဏေပြု ပညာသင်ကြားသည်။ ဗားမဲ့ရှင်သူငယ်လေးသည် ဂန္ဓာရီပညာလောကီပညာ၌ ဝါသနာထုံပြီး တတ်လွယ်နားလည်လွယ်သည်ကို ရွာဦးဆရာတော်က သတိပြုမိသဖြင့် မြောက်ဦးနေပြည်တော်ရှိ ဗားမဲ့ကျောင်းတိုက်သို့ ပညာသင်ကြားရန် ပို့လွှတ်လိုက်လေသည်။

မြောက်ဦးနေပြည်တော်ရှိ ဗားမဲ့ကျောင်းတိုက်သည် အင်းအိုင်ခလုတ်ဆေး စသော လောကီပညာရပ်တို့ကို အဓိက သင်ကြားပေးနေသောကျောင်းတော်ဖြစ်သည်။ ဗားမဲ့ရှင်သူငယ်အဖို့ အသဿတိုရ်မြင်းတွင် တောင်ပံတပ်ပေးလိုက်သလိုဖြစ်သွားသည်။ ဗားမဲ့ရှင်သူငယ်သည် ဆယ်ကျော်သက်လူငယ်သည် ပါရမီအလျောက် လောကီပညာရပ်များ၌ ထူးချွန်စွာ တတ်မြောက်သွားသည်။ ဗားမဲ့ရှင်သူငယ်သည် ဆယ်ကျော်သက်လူငယ်ဘာသာဘာဝအလျောက် အနောက်အပြောင် အကျီအစယ်သန်သူ၊ အဆော့သန်သူဖြစ်ရကား သူတတ်မြောက်သော အင်းပညာ၊ ဆေးပညာ မန္တန်ပညာကိုသုံးရန် သူအမြင်ကတ်နေသူများကို နောက်ပြောင်ချိစယ်ဆော့ကစားလေ့ရှိသည်။ ကိုယ်ပျောက်ဆေးသုံး၍ ဘုရင်ပွဲပေါ်ကို သွားရောက်

www.burmeseclassic.com

www.burmeseclassic.com


နှိုက်စားခြင်း၊ ကောက်ရိုးရုပ်များကို မန္တရားစုပ်သည် ရဲမက်အဖြစ်ဖန်တီးကာ မြို့စောင့်ကင်းရုံများကို နှောင့်ယှက်စေခြင်း၊ မိဖုရားရေအိမ်မှပစ္စည်းများကို ဘုရင့်စက်တော်ရာဆောင်သို့ရောက်စေခြင်း စသည်တို့ဖြင့် ဆော့ကစား ကျီစယ်လေ့ရှိရာ ပြည်ရှင်မင်းကြီး အလွန်မျက်စိစပါးမွေးစူးလှသည်ဆို၏။

ရုပ်ပါသည်ဆိုနေမှ ကောက်ရိုးပွေ့လာဆိုသလိုပင် ဗားမဲ့ရှင်သူငယ်သည် သာမန်မဟုတ်သော ထိပ်တိုက်ရင်ဆိုင်ကြုံဆုံမှုတစ်ခုကို တွေ့လိုက်ရသည်။ နှစ်စဉ် တော်သလင်းလရောက်တိုင်း ရွှေနန်းတော်၏ တော်ဝင်မိသားစုဝင်ကို လှေပြိုင်ပွဲပြုလုပ်လေ့ရှိကြသည်။ ပြည်ရှင်မင်းကြီးက ပြိုင်လှေတစ်စီး၊ မိဖုရားကြီးက ပြိုင်လှေတစ်စီး၊ အခြားမိဖုရားများကလည်း ပြိုင်လှေတစ်စင်းစီ၊ မင်းသားမင်းသမီးများကလည်း ပြိုင်လှေတစ်စင်းစီ၊ မင်းမျိုးမင်းနွယ်များ ပြိုင်လှေတစ်စင်းစီ အဖြစ်မနေ ဝင်ရောက်ယှဉ်ပြိုင်ရလေ့ရှိသည်။ ထိုသို့ ယှဉ်ပြိုင်လေတိုင်း ပြည်ရှင်မင်း၏ပြိုင်လှေက အမြဲတမ်း တခြားပြိုင်လှေများကို အနိုင်ယူပြီး ပထမဆုကို ရလေ့ရှိသည်။ ဤသည်ကို မကျေနပ်နိုင်သော မိဖုရားကြီးက ဗားမဲ့ရှင်သူငယ်ထံ အကူအညီယူရန် ပြည်ရှင်မင်းကြီးကို အနိုင်ယူရန် ကြံစည်တော့သည်။ ဗားမဲ့ရှင်သူငယ်သည် အင်းတစ်ကွက်ကိုစီရင်ပြီး မိဖုရားကြီး၏ ပြိုင်လှေဦးတွင် ပြိုင်ပွဲမဝင်မီကပ်ပါဆိုပြီး ပေးလိုက်လေသည်။

လိုရင်းဆိုရလျှင် ယခုလှေပြိုင်ပွဲ၌ ပထမဆုရနေကျ ပြည်ရှင်မင်းကြီး၏ ပြိုင်လှေကို မိဖုရားကြီး၏ ပြိုင်လှေက ဖြတ်ကျော်၍ ပထမဆုရရှိသွားခဲ့သည်။ ဤသည်ကို မကျေနပ်နိုင်သဖြင့် ပြည်ရှင်မင်းကြီးသည် တိတ်တဆိတ်စုံစမ်းသော ဗားမဲ့ရှင်သူငယ်၏လက်ချက်မှန်း သိရှိသွားလေတော့သည်။

ပြည်ရှင်မင်းကြီးသည် အစကနဦးတွင် ဒေါမနဿပွားပြီး စိတ်ဆိုးမာန်ဆိုးဖြစ်သွားရသည်။ နောက်မှတစိမ့်စိမ့်တွေးမိသည်မှာ တစ်စုံတစ်ယောက်က ဤဗားမဲ့ရှင်သူငယ်နှင့် ပေါင်းဖက်ပြီး လောကီပညာကိုသုံးပြီး သူ့ထီးနန်းစည်းစိမ်ကိုကြံလျှင် ကိုယ်ကျိုးနည်းရချည်ရဲ့ဆိုပြီး ရတက်မီးပွားခြင်းပင် ဖြစ်သည်။

ထို့ကြောင့် ပြည်ရှင်မင်းကြီးသည် ဗားမဲ့ရှင်သူငယ်ထံ ဥပါယ်တံမျဉ်သုံးချည်းကပ်ကာ ကျောင်းဆောက်လှူဒါန်း



မည်ဆိုပြီး သွေးဆောင်ဖြားယောင်းကာ ကျောင်းဆောက်နေရာအနီးရှိ ဂူတစ်ဂူတွင် ဗားမဲ့ရှင်သူငယ်ကို ဝင်ရောက်သီတင်းသုံးနေစေသည်။ အကွက်ချဆင်ကြံကြံနေသော ပြည်ရှင်မင်းသည် ဂူထဲတွင် ဗားမဲ့ရှင်သူငယ်တစ်ပါးတည်းရှိနေစဉ်အတွင်း အငိုက်ဖမ်းလျက် ထိုဂူပေါက်ကို ပိတ်ဆို့လိုက်ပြီး ဗားမဲ့ရှင်သူငယ်ကို သေကြောင်းကြံစဉ်တော့၏။ သို့သော် သတိအမြဲရှိနေသော ဗားမဲ့ရှင်သူငယ်သည် စီရင်ထားသောအင်းတစ်ချပ်ကို အသုံးပြု၍ ဂူခေါင်မိုးကို ဖောက်ထွင်းကာ ထွက်ပြေးလွတ်မြောက်သွားသည်။ ဗားမဲ့ရှင်သူငယ်သည် ဤတိုင်းပြည်မှာ ဆက်လက်နေထိုင်ရန် မသင့်တော့ဘူးဟု ဆုံးဖြတ်ပြီး လှေမြန်တစ်စင်းကိုယူကာ ကစ္စပနဒီ (ကုလဒန်ရန်) မြစ်ကို စုန်ဆင်းထွက်ပြေးလေသည်။ ဘုရင့်လှေမြန်တို့ကလည်း ဗားမဲ့ရှင်သူငယ်ကို သုတ်သင်ရန်အတွက် နောက်က ထက်ကြပ်မကွာ လိုက်လံလေသည်။ မြစ်ဝအရောက်တွင် ကျောက်ဆောင်တန်းကြီးတစ်ခုကဆီးတားနေသည်။ နောက်ကလိုက်လာသော ဘုရင့်လှေမြန်တို့ကလည်း မြားတစ်ကမ်းနီးပါးရောက်ရှိလာ၏။ ဗားမဲ့ရှင်သူငယ်သည် ရှေ့ကကျောက်ဆောင်တန်းကို ရှောင်ကွင်းသွားနေရန် အချိန်မရတော့သဖြင့် စီရင်ထားပြီးသော အင်းတစ်ချပ်ပစ်ပေါက်တိုက်လျှင် အပေါက်လမ်းကြောင်းကြီးတစ်ခုဖြစ်သွားပြီး ဗားမဲ့ရှင်သူငယ်သည်လည်း ထိုအပေါက်အဝမှ လွတ်မြောက်သွားသည်။ (ထိုနေရာသည် ယခု စစ်တွေမြို့အနီးရှိ အင်းပေါက်ဝနေရာပင် ဖြစ်သည်။)

ဗားမဲ့ရှင်သူငယ်သည် ထိုနေရာမှ တစ်ဆင့် ဟံသာဝတီပြည်သို့ ရောက်ရှိသွားပြီး ယင်းမှာပင် အခြေချနေထိုင်ကြသည်။ ရခိုင်သမိုင်းမှတ်တမ်းတချို့တွင် အင်းဝညောင်ရမ်းမင်းကြီး၊ အနောက်ဘက်လွန်မင်းကြီး၊ သာလွန်မင်းကြီးတို့ လက်ထက်တွင် ထင်ရှားခဲ့သော ဗားမဲ့ဆရာတော်သည် ဤဗားမဲ့ရှင်သူငယ်ဖြစ်သည်ဟု ပြဆိုမှုများရှိနေပေသည်။ ဝေဖန်ဖို့နှင့် သုတေသနပြုဖို့ကောင်းလှပေသည်။

တစ်ခါ ရခိုင်ရာဇဝင်ထဲ၌ မြန်မာနှစ် (၁၀၀၀) ပြည့်နှစ်ခန့်တွင် မြောက်ဦးရွှေပြည်၏ထီးရေးနန်းရေးအရှုပ်အထွေးတစ်ခုသည် ဂန္ဓာရီပညာနှင့်နွယ်ယှက်ပြီး ပေါ်ထွက်လာသည်ကို ထူးထူးခြားခြား တွေ့ရှိရလေသည်။ ထိုစဉ်က မြောက်ဦးပြည်ရှင်မှာ သီရိသုဓမ္မရာဇာမင်း (အင်းပြည်ရှင် သာလွန်မင်းခေတ်ပြိုင်) ဖြစ်သည်။ ထိုမင်းကြီးတွင် ထူးချွန်သော ပညာရှိအမတ်ကြီးနှစ်ဦးရှိသည်။ တစ်ဦးမှာ မြန်မာစာပေလောကတွင် နေတစ်ဆူ လတစ်ပါးလို ထင်ရှားသည့် မဟာပညာကျော်လျှောက်ထုံးကို ဖြစ်ပေါ်စေသော မဟာပညာကျော်အမတ်ကြီး၏မြေးဖြစ်သူ လေးမြို့မြို့စား သိုက်တတ်ငလက်ရုံး ဖြစ်ပြီး နောက်တစ်ဦးမှာ ဒုတိယမြောက်ဦးမြို့တည်နန်းတည် မင်းဗာမင်းကြီး၏သားတော်ဖြစ်သော လောင်းကြက်စားမင်းရန်အောင်နှင့် ဘုရင့်ဥယျာဉ်တော်မှူး ကျွန်မဘုန်းမရှင်၏သား လောင်းကြက်စားကုသလအမတ်တို့ ဖြစ်ကြပါသည်။

အဆိုပါ သိုက်တတ်ငလက်ရုံးနှင့် ကုသလအမတ်တို့သည် ဝေဒပညာ ဗေဒင်ပညာ၊ ယတြာပညာ၊ အယူတော်မင်္ဂလာပညာ၊ အင်းအိုင်၊ စမ၊ ဆေးဝါးမန္တန်ပညာ၊ ဓာတ်ရိုက်ဆင်ပညာ၊ ပတြာပညာတို့၌ အလွန်ထက်မြက်ထူးချွန်သူများ ဖြစ်ကြသည်။ သိုက်တတ်ငလက်ရုံးသည် အယူတော်မင်္ဂလာပညာလာ သိုက်ပညာ၌ အလွန်တရာထူးချွန်သောကြောင့် သူ၏မူလနာမည် ငလက်ရုံးရှေ့တွင် သိုက်တတ်ဟူသော နာမဝိသေသနတပ်၍ သိုက်တတ်ငလက်ရုံးဟု အထွတ်တင်ခေါ်ဆိုကြသည်။ လောင်းကြက်စားကုသလအမတ်မှာမူ ယတြာ၊ ပတြာ (တန်ပြန်ယတြာ)၊ ဓာတ်ရိုက်ဓာတ်ဆင် အတတ်၌ အလွန်တရာထက်မြက်သည်ဟူ၏။

ဆိုခဲ့သလို လောင်းကြက်စားကုသလအမတ်သည် မင်းဗာကြီးမင်း၏ မြေးတော်စပ်သူဖြစ်သလို လက်ရှိမြောက်ဦးပြည်ရှင် သီရိသုဓမ္မရာဇာမင်းသည် ထိုမင်းဗာကြီးမင်း၏ မြေးတော်တော်စပ်သူ ဖြစ်သည်။ ရှေးစဉ်မျိုးဆက်အရ လောင်းကြက်စားကုသလအမတ်သည် ဖခင်က ပြည်ရှင်မင်း၏သားတစ်ဦးဖြစ်သည့်တိုင် မိခင်မှာ ဘုရင့်ဥယျာဉ်တော်

www.burmeseclassic.com

ကျွန်မတစ်ဦးသာဖြစ်သောကြောင့် ဘော်ဝင်မိသားစုစာရင်းထဲတွင် ထည့်သွင်းခြင်းမခံရဘဲ ဖခင်၏ လောင်းကြက်များကို ဆက်ခံစားရသည်တိုင် မှူးမတ်စာရင်း၊ ကျွန်စာရင်းမှာပဲသွက်သွင်းကာ ခွဲတွပ်ခွဲခြားဆက်ဆံခြင်းကိုအလူးအလဲခံရှာသည်။ ဤသည်ကို အခဲမကျေနိုင်သဲ အငြိုးအတေးကြီးစွာဖြင့် နေသေးသပ ချိုသွေးတမြမြ ချိုထဲက ဆိုသလိုပါဘဲ အချိန်အခါကို အောင့်အည်းလျက် စောင့်ဆိုင်းနေခဲ့သည်။

တစ်နေ့သောအခါတွင် လောင်းကြက်စား ကုသလအမတ်သည် 'ညောင်ပင်ကြီးရင်း၊ ဟိန်းစွချဉ်း၊ မင်းထီးတို့ရှင်၊ ဘုရင်နန်းရဖြစ်လိမ့်မည်' ဆိုသောစာကို ရေးလျက် မြို့ရွာအနှံ့အပြားက ကလေးသူငယ်များကို မုန့်ဖိုးပေးလျက် ရွတ်ဆိုသီဆိုစေသည်။ စာလက်သည် မြို့ရွာအနှံ့အပြားတွင် သောင်းသောင်းညံညံ ထွက်ပေါ်လာခဲ့လေသည်။ ဤသည်ကို တဘောင်ဖော်သည်ဟု ခေါ်သည်။

ထိုအခါ လောင်းကြက်စား ကုသလအမတ်သည် မိဖုရားခေါင်ကြီး နတ်ရှင်မယ်ကို ကြိုတင်စည်းရုံးထားပြီး အလျောက် ပြည်ရှင်မင်း သီရိသုဓမ္မ ရာဇာမင်းကို ဤသို့လျှောက်သည်။

"မြို့အနှံ့ရွာအနှံ့တွင် 'ညောင်ပင်ကြီးရင်း' အစချီသော တဘောင်သည် ပေါ်ပေါက်လျက်ရှိ၏။ ဤတဘောင်၏အလိုအရ မကြာမီတွင် အရှင်မင်းကြီးထံသို့ ဆင်ဖြူတော်တစ်စီးရောက်ရှိလာပြီး ဘုန်းရှိန်ကရှိန်မြင့်တက်ပါမည်။ ထိုဆင်ဖြူတော် အလျင်အမြန်ရောက်ရန် ရွှေနန်းတော်၏အင်္ဂါထောင့်တွင် ဆင်ရေသောက်စားဖို့ ရေကန်တစ်ခုတူးရပါလိမ့်မည်။ ထိုဆင်စားရန် ဟိန်းစွစပါးစိုက်ရပါလိမ့်မည်။ ထိုဆင်လေ့ကျင့်ရန် ဆင်အိုးတစ်ခုတည်ရပါလိမ့်မည်၏"

လျှောက်တင်လေသည်။

လောင်းကြက်စားကုသလအမတ်၏ကြိုတင်စည်းရုံးထားချက်အရ မိဖုရားကြီးနတ်ရှင်မယ်ကလည်း စစ်ကူလျှောက်တင်လေသည်။ပြည်ရှင်မင်းကြီးကလည်း ရွှေ၊ နောက်စဉ်းစားဆင်ခြင်တော်မမူတော့ဘဲ ခွင့်ပြုပေးလိုက်လေရာ လောင်းကြက်စား ကုသလအမတ်ကလည်း သူ့အကြံအစည်ကို တက်သုတ်ရိုက် အကောင်အထည်ဖော်လေသည်။

နောက်မှ အလုံးစုံကိုသိခွင့်ရသော သိုက်တတ်လက်ရုံးက ပြည်ရှင်မင်းကြီးကို ဤသို့ တားမြစ်လျှောက်ထားလေသည်။

"အရှင်မင်းကြီး၏ မွေးနံသည် အင်္ဂါဖြစ်ပါသည်။ ထိုအခါ နံအရပ်၌ ဆင်၏အရာဖြစ်သော ဆင်ရေကစားရန် ရေကန်၊ ဆင်စားရန် ဟိန်းစွစပါးစိုက်ခင်း၊ ဆင်လေ့ကျင့်ရန် ဆင်အိုးတည်ခြင်းသည် အင်္ဂါသား၏ ဘုန်းရှိန်ကံရှိန်နိမ့်လျော့ရန် ပြုမူခြင်းသာ ဖြစ်သည်။ ဟိန်းစွစပါး၏ နာမည် ဟိန်းစွဆိုသော ဝေါဟာရသည် ဟိန (ညှိုးဖျင်းခြင်း) မှ လာသောကြောင့် အရှင်မင်းကြီး ဘုန်းကံကို ထိခိုက်နစ်နာတော်မူပါလိမ့်မည်။ ဆင်နံဖြစ်သည့် ဗုဒ္ဓဟူးသား လောင်းကြက်စား ကုသလအမတ်သည်သာလျှင် ဘုန်းရှိန်ကံရှိန်မြင့်မားသွားပြီး အမြင့်သို့တက်လှမ်းရန် အခြေအနေသို့ ရောက်ရှိသွားလိမ့်မည်"

ဟု လျှောက်တင်သော်လည်း ပြည်ရှင်မင်းကြီးသည် တုဏှိဘာဝေဆိတ်ဆိတ်နေလေသည်။

ထိုအခါ သိုက်တတ်လက်ရုံးက ဤကိစ္စ ပြေငြိမ်းရန်အတွက် ကျွန်ုပ်ယတြာသွားပြုအံ့ဆိုပြီး သိုက်တတ်လက်ရုံးသည် လောင်းကြက်စားကုသလအမတ်အိမ်ကိုသွားရန် ခေါသုံးဆယ်၊ ပန်းဖွားသုံးဆယ်ဖြင့် သွားရောက်ယတြာပြုလေသည်။ ဤသည်ကို လောင်းကြက်စားကုသလမတ်ကသိရှိလေသောတန်ပြန်ယတြာတစ်မျိုးဖြစ်သော ပတြာ(ပတ္တရာ) တစ်မျိုးကိုပြုလေ၏။ ထိုပတြာ(ပတ္တရာ)မှာ တခြားမဟုတ်၊ စေည်းချင်းခေါ် ငစည်းသီချင်းကို သီဆိုကခုန်မှုပင် ဖြစ်သည်။ ငစည် ဆိုသည်မှာ ငါးရှဉ့်နှင့် အလွန်တူသောငါးတစ်မျိုး ဖြစ်သည်။ ငရှဉ့်လို ရေစပ်စပ်ရွံ့မြေရှိ တွင်းအောင်းငါးတစ်မျိုး ဖြစ်သည်။ ငါးရှဉ့်သည် အကောင်နည်းနည်းသေး၍ နှုတ်သီးမချွန်၊ ငစည်နှုတ်သီးကချွန်သည်။ ငါးရှဉ့်အမြီးက ငါးခူအမြီးလိုပြားသော်လည်း ငစည်အမြီးက မြွေအမြီးလို ရှူးသွယ်သွားသည်။ သို့သော် မြွေအမြီးလိုလိုလုံးသွယ်သွယ်မဟုတ်၊ ခပ်ပြားပြားသွယ်ရှူးသွားသည်။ ငစည်ချင်းဆိုသည်မှာ ကြံစုံငစည်ငါးတစ်ကောင်ကို ရခိုင်ပြည်အနှံ့ လိုက်လံရှာဖွေပုံကို သီကုံးထားသောသီချင်း ဖြစ်သည်။

ယောက်ျားတစ်ဦးကို ခါးတောင်းတင်မြှောင်အောင်ကျိုက်ပြီး ဆင်နှာမောင်းလို အစွယ်ထုတ်၍ ခေါင်းပေါင်းပေါင်းစေကာ လက်ဖျစ်တဖြောက်ဖြောက်တီးလျက်၊ လက်ခုပ်တဖြောင်းဖြောင်းတီးလျက် ခါးကို နွဲ့ပျောင်းယိမ်းထိုးလျက် ငစည်ချင်းကို သီဆိုကခုန်စေခြင်းကို လူစည်ကားရာတွင်ပြုစေသည်။ ၎င်းတို့နှစ်ခြိုက်သဘောကျကြသူများက လိုက်လံတုပသီဆိုကခုန်ကြလေ့ရာ မြို့ရွာအနှံ့တွင် တကျော်တကြားဖြစ်လာခဲ့သည်။

ဤသည်ကိုအခွင့်ကောင်းယူလျက် လောင်းကြက်စား ကုသလအမတ်သည် ပြည်ရှင်မင်းကြီးကို မြို့ရွာထဲမှာ ကျော်စောနေသော ငစည်သီချင်းငစည်အကကို နန်းတွင်းကို ခေါ်ယူ ကြည့်ရှုနာထောင်သင့်ကြောင်း လျှောက်ထားလေသည်။ ဤသည်ကိုသိသောရှစ်သောင်းဘုန်းကြီး ဂုဏမဥ္ဇူနှင့် သိုက်တတ်လက်ရုံးတို့က ငစည်ချင်းငစည်အကသည် အင်္ဂါသားဖြစ်သော အရှင်မင်းကြီး၏ ဘုန်းရှိန်ကံရှိန်ညှိုးဖျင်းအောင် အသက်အန္တရာယ်ဖြစ်အောင် စီရင်ထားသောပတြာ (ပတ္တရာ) ဖြစ်သဖြင့် အရှင်မင်းကြီး မကြည့်ရှုနားမထောင်သင့်ကြောင်း အရှင်မင်းကြီး အသက်အိုးအိမ်စည်းစိမ်ပြတ်စေနိုင်၏ဟု လျှောက်ထားလေသည်။ သို့သော် ပြည်ရှင်မင်းကြီးသည် ခေါ်ယူကြည့်ရှုနားထောင်မိသဖြင့် ခုနစ်ရက်အလွန်ရောက်လျှင် နတ်ရွာစံကံကုန်ခဲ့ရသည်။ လောင်းကြက်စားကုသလအမတ်သည်လည်း နရပတိမင်းကြီးဘွဲ့ကို ခံယူကာ မိဖုရားကြီးနတ်ရှင်မယ်နှင့်လက်တွဲလျက် ရွှေထီးရွှေနန်းကိုရယူခံစားရလေသည်။ တချို့က ဤနရပတိမင်းကြီးကို လွန်ခဲ့သော နှစ်သုံးရာလောက်ကပေါ်ပေါက်ခဲ့သော နာနာရုပ်အတတ်ပညာရှင် ရှင်သူငယ်စိတြနှင့် နာရဒတို့၏ တပည့်ကျော် နန်းကျားကြီးမင်းဝင်စားသူဟု ဆိုကြပါသေးသည်။

ထို့ပြင် မြောက်ဦးပြည်ရှင်စန္ဒသုရိယမင်း (အင်းဝဟံသာဝတီရောက်မင်းနှင့်ခေတ်ပြိုင်) လက်ထက် သက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် အလွန်တရာ ထူးထွေဆန်းပြားသော ကြေးခေါင်းလောင်းကြီးတစ်လုံးကိုသွန်းလောင်းပြုလုပ်ခဲ့ပါသည်။ ထိုကြေးခေါင်းလောင်းသည်ကား အလွန်ထင်ရှားသော ဓမ္မစေတီကြေးခေါင်းလောင်းကြီးလို လောကီပညာတို့နှင့် ထုံမွမ်းနေသော ယတြာခေါင်းလောင်းကြီးကို သွန်းလောင်းခဲ့သောအခါတွင် လောကီပညာဆိုင်ရာ ဂါထာမန္တန်မန္တန်များစွာ အင်းအိုင်၊ စမဇယားများဖြင့် စီရင်ပြုလုပ်ထားသည်ဆို၏။ ထိုခေါင်းလောင်းကြီး၏ အပေါ်ပိုင်းမှာအင်းကွက်ကြီး (၈) ကွက်၊ ယင်းတို့အောက်ဘက်မှာ အင်းကွက်ငယ်(၃၈)ကွက်တို့ကို ပါဠိ၊



www.burmeseclassic.com

www.burmeseclassic.com

သက္ကတ၊ ရက္ခဝဏ္ဏဝေါဟာရ၊ အက္ခရာတို့နှင့် စီရင်ထားသည့်ဖြစ်၏။ ထိုယတြာခေါင်းလောင်းအစီအရင်၏ အဓိကရည်ရွယ်ရင်းသည် အရပ်ရှစ်မျက်နှာမှ လာရောက်နိုင်ဖွယ်ရှိသော ရန်သူများဘေးအန္တရာယ်မှ ကာကွယ်ရန်၊ တားဆီးရန်၊ ဖြိုခွင်းရန်ဖြစ်သည်။ သို့ကလို ရန်သူဖြစ်နိုင်လာဖွယ်ရှိသော ခေတ်ပြိုင်တိုင်းနိုင်ငံများ၏ ဆိုင်ရာဆိုင်ရာ နက္ခတ်၊ ကိန်းဂဏန်း၊ အက္ခရာ၊ ဂါထာမန္တန်၊ မန္တရားများကို ဆိုင်ရာအင်းကွက်များအဖြစ် စီရင်ထားရှိခြင်းဖြစ်သည် ဟူ၏။ အဆိုပါ ရန်သူနိုင်ငံတစ်ခုခုက ထိပါးပွတ်တိုက်လာပါက ထိုတိုင်းနိုင်ငံနှင့်ဆိုင်သော အင်းကွက်နေရာကို နံရက်အချိန်အခါ ဂြိုဟ်နက္ခတ်တို့နှင့် ကိုက်ညီပြီး သတ်မှတ်နေ့နံကိုက်ညီသူက သတ်မှတ်ဂါထာမန္တန်ကို ရွတ်ဆိုလျက် သတ်မှတ်သစ်ချောင်းဖြင့် သတ်မှတ်ကြိမ်ရေတီးခတ်ရသည် ဟူ၏။ ဤခေါင်းလောင်းမြည်ဟည်းသံကြောင့် ထိုရန်သူတိုင်းနိုင်ငံသည် ဆောက်တည်ရာမရဖြစ်ကာ ရန်မပြုနိုင်တော့ဟုဆို၏။


သို့ကလို ရန်သူဖြစ်နိုင်ဖွယ်ရှိသော တိုင်းနိုင်ငံများအဖြစ် ထိုယတြာခေါင်းလောင်း၌ -

၁။ ဗရင်ဂျီ
၂။ ယိုးဒယား
၃။ မုတ္တမ
၄။ ပဲခူး
၅။ မွန်တလိုင်း
၆။ သန်လျင်
၇။ ပြည်
၈။ တောင်ငူ
၉။ ပုဂံ
၁၀။ အင်းဝ
၁၁။ အောက်သား
၁၂။ ဥဒရစ်ပြည်
၁၃။ ပထန်းကုလား
၁၄။ ရှမ်း
၁၅။ သက်

ဟူ၍ ဖော်ပြကာ အင်းကွက်များ စီရင်ထားသည် ဖြစ်၏။

ထို့ပြင် ထိုခေါင်းလောင်းပါအင်းကွက်၏ အညွန်းအရဆိုင်ရာ တိုင်းနိုင်ငံတစ်ခု ပျက်လိုသောအခါတွင် ထိုတိုင်းနိုင်ငံ၏ ခါတ်တူနံတူအရပ်၌ -

၁။ ဘုရားတည်ခြင်း၊
၂။ ကန်တူးခြင်း၊
၃။ သစ်ပင်စိုက်ခြင်း၊
၄။ နဂါးတိုင်ထူခြင်း၊



၅။ နေရာရွေးခြင်း တို့ ပြုရသည် ဟူ၏။

ဥဒါယရက်ဆိုရသော် ဟံသာဝတီပျက်စေလိုလျှင် ဖရုံကာကျွန်းတွင် (၄) တောင်ပြည့်ဘုရားတည်ခြင်း၊ နဂါးတိုင်ကို ပျဉ်းကတိုးသစ်ဖြင့် ပြုလုပ်ခြင်း၊ ၎င်းအနီး၌ ရင်ခွေပင်စိုက်ခြင်း၊ မြောက်ဘက်၌ ရေကန်တူးခြင်းတို့ ပြုရသည် ဟူ၏။

တောင်ငူကို ပျက်လိုသောအခါတွင် အညာအရပ်၊ တောင်စဉ်အရပ်၌ တောင်ငူတိတောင်ထွတ်တို့တွင် နှစ်တောင်ခန့်နှိမ့်၍စေတီတည်ခြင်း၊ အရှေ့တောင်ထောင့်ကကန်တူးလျက်၊ တောင်ကြက်သစ်ကို ဦးစောက်ထည့်ခြင်း၊ ကန်ထောက်တို့၌ ပေါက်နှင့် ပေါက်ပန်းဖြူစိုက်ရသည်ဆို၏။ ပုဂံကိုပျက်လိုသောအခါဝယ် ရှမ်းတောင်၊ ပုဂံတောင်၌စေတီတည်ခြင်း၊ အရှေ့ဘက် (သို့) အနောက်ဘက်၌ ကန်တူးခြင်း၊ ပြန်သားကိုစိုက်ခြင်း၊ ကန်ထောင့်တိုင်း၌ မှိုင်စရီပင်စိုက်ခြင်းတို့ပြုရသည်ဟူ၏။

စိတ်ဝင်စားစရာတစ်ခု ဤယတြာခေါင်းလောင်းကို ရခိုင်ဘုရင်အဆက်ဆက် မဟာမုနိဘုရားကုန်းတော်အထက်ပစ္စယံ တနင်္ဂနွေထောင့်ဝယ် အမြဲတစေချိတ်တွဲထားလေ့ရှိသည်ဟူ၏။ ပြီး တချို့က ဤယတြာခေါင်းလောင်းကို မြောက်ဦးပြည်ရှင်စန္ဒသုရိယမင်းလက်ထက်တွင် ပြုလုပ်သည်မဟုတ်ဘဲ လွန်ခဲ့သော နှစ်သုံးရာက နန်းကျားကြီးမင်းဝင်စားသည်ဆိုသော မြောက်ဦးပြည်ရှင် နရပတိကြီးမင်းလက်ထက်မှာ ပြုလုပ်ပုံပေါ်သည်ဟုယူဆကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုနရပတိမင်းကြီးကိုယ်တိုင်က ဂန္ဓာရီပညာလောကီပညာအရပ်၌ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်သောကြောင့် ဖြစ်သည်ဆို၏။

ယင်းအပြင် မြောက်ဦးပြည်ရှင် မဟာသမ္မတရာဇာမင်းလက်ထက်တွင် ထီးပြိုင်နန်းပြိုင် အမရပူရပြည်ရှင် ဘိုးတော်မင်းက ရခိုင်ပြည်အကြောင်းကို စူးစမ်းထောက်လှမ်းလိုသဖြင့် ငခိုင်လှ၊ ငချင်းခိုင်ဆိုသူနှစ်ဦးကို ကုန်သည်ယောင်ဆောင်လျက် စေလွှတ်လိုက်၏။ ငချင်းခိုင်၊ ငခိုင်လှတို့သည် အင်းကွက်အမျိုးမျိုး ထိုးနှံထားသောမြင်းတစ်စီးကိုပါယူလျက် ရခိုင်ရိုးမတောင်ခြေ တန်းလွဲနယ်ဘက် စစ်ဘုရင် ကျားရေဝတ်ကျော်ထွေးကို လက်ဆောင်ပေးကာ သွေးဆောင်ဖြားယောင်းမှုပြုကာ လက်ရှိအုပ်စိုးနေသော မြောက်ဦးပြည်ရှင်မင်း၏ ဇာတိမြေ ရမ်းဗြဲကျွန်းသို့ သွားရောက်စူးစမ်းထောက်လှမ်းမှုများ ပြုလုပ်ကြသည်။ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် အမရပူရပြည်ရှင်သည် ရှင်ယောင်နှစ်ဦးကို စေလွှတ်ကာ မာန်အောင်ကျွန်း၊ ရမ်းဗြဲကျွန်းတွင် လှည့်လည်ကာ ဟူးရားတတ်ယောင်ဆောင်လျက် လှည့်လည်ဟောပြောမှုပြုလျက် ထိုကျွန်းများရှိ အဓိမှတ်ဘုရားစေတီများနတ်ကွန်းများ၌ အဖျက်သဘောဆောင် ယတြာပြုလေသည်။ ဟောပြောမှုမှန်ကန်လွန်းသဖြင့် နာမည်ထင်ရှားလာသဖြင့် မြောက်ဦးနေပြည်တော်တိုင် ကျော်ကြားလေသည်။ ထို့နောက် မြောက်ဦးသို့ ရောက်ရှိပြီး ဟောကြားမှုထင်လှသည်။ နောက်ဆုံးတွင် မြောက်ဦးပြည်ရှင်ကို ချဉ်းကပ်ကာ ဥပါယ်တံမျဉ်ဖြင့် မဟာမုနိဘုရားကုန်းတော်ပေါ်က ဝသုန္ဒြေရွှေတွင်းကို အညစ်အကြေးပစ်သွင်းပြီး ဖျက်ဆီးပစ်ခွင့်ရသွားလေသည်။ ယင်းနောက်မှာ ထိုရှင်ယောင်နှစ်ဦးတို့သည်လည်းပျောက်ကွယ်သွားလေသည်။

သိပ်မကြာမီတွင် မိုးကြီးရက်ရှည်ရွာပြီး မြစ်ရေကြီးရေလျှံခြင်းအပါအဝင် နိမိတ်ဆိုးများပေါ်သဖြင့် ၎င်းကိုပြေပျောက်စေရန်အတွက် ပြည်ရှင်မင်းကြီးသည် မဟာမုနိဘုရားကုန်းပေါ်တက်ပြီး ယတြာချေ၊ ဘုရားပူဇော်အစီရင်ပြုပြီး ဝသုန္ဒြေရေတွင် ရေစက်ချလျက် ဒင်္ဂါးပြားများ ထည့်သွင်းရန်ပြုစဉ် ကလေးလက်လိုလက်တစ်ခုထွက်ပြူလာပြီး ပုတ်ချလိုက်သောကြောင့် ဒင်္ဂါးများတခြားနေရာသို့ လွင့်စဉ်ကျသွားကာ မအောင်မြင်ဖြစ်သွားခဲ့ရသည်။ ထိုနှစ်မကုန်မီအတွင်း မြောက်ဦးရွှေပြည်သည် အမရပူရပြည်၏စစ်ပြုသိမ်းပိုက်ခြင်းကိုခံလိုက်ရလေသည်။

ပုန်းရှိအောင်



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက်

# မနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

မနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ မနသိဒ္ဓိနက္ခတ်လင်္ဂဖြတ်ကျော်ချိန်၊ မနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် ၎င်းအခါ သုံးပါးထပ်ချိန်တို့၌ အမိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အမိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အမိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ခြင်း အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်ရွတ်ဖတ်ခြင်း အပါအဝင် မနလာဘ်ဆိုင်ရာဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများမည်ဆိုပါလျှင် ကောင်းကျိုးချမ်းသာရမည်မှာ သေချာပါသည်။ ၁၁-၁၀-၂၀၁၆ နေ့ နံနက် (၇း၂၃) နာရီတွင် မနသိဒ္ဓိနက္ခတ်ကို စန်းစတင် ဝင်ရောက်မည်ဖြစ်ပြီး ၎င်းနေ့ ညဥ့် (၇း၂၂း၃၁) နာရီတွင် မနသိဒ္ဓိနက္ခတ်နှင့် စန်းတို့ယှဉ်နေမည်ဖြစ်ကာ (၁၂-၁၀-၂၀၁၆) နေ့ နံနက် (၇း၂၃) နာရီဝယ် မနသိဒ္ဓိနက္ခတ်မှ စန်းစတင်ထွက်ခွာမည်ဖြစ်သည်။ ၁၁-၁၀-၂၀၁၆ နေ့ (၁၄း၃၀း၂၆) နာရီမှ (၁၆း၃၁း၅၃) နာရီတွင် လင်္ဂသည် မနသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည်ဖြစ်ပြီး ၎င်းနေ့ (၂၁း၀၆း၂၇) နာရီမှ (၂၀း၅၄း၁၉) နာရီ တွင် မွန်းတည့်မျဉ်းသည် မနသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည် ဖြစ်သည်။

### လင်္ဂဖြတ်ကျော်ချိန်

| ရက် | စတင်ဝင်ရောက်ချိန် | စတင်ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၅း ၀၉း ၄၆ | ၁၇း ၁၁း ၁၇ |
| ၂ | ၁၅း ၀၅း ၅၀ | ၁၇း ၀၇း ၂၁ |
| ၃ | ၁၅း ၀၁း ၅၄ | ၁၇း ၀၃း ၂၅ |
| ၄ | ၁၄း ၅၇း ၅၈ | ၁၆း ၅၉း ၂၉ |
| ၅ | ၁၄း ၅၄း ၀၂ | ၁၆း ၅၅း ၃၃ |
| ၆ | ၁၄း ၅၀း ၀၆ | ၁၆း ၅၁း ၃၇ |
| ၇ | ၁၄း ၄၆း ၁၀ | ၁၆း ၄၇း ၄၁ |
| ၈ | ၁၄း ၄၂း ၁၄ | ၁၆း ၄၃း ၄၅ |
| ၉ | ၁၄း ၃၈း ၁၈ | ၁၆း ၃၉း ၄၉ |
| ၁၀ | ၁၄း ၃၄း ၂၂ | ၁၆း ၃၅း ၅၃ |
| ၁၁ | ၁၄း ၃၀း ၂၆ | ၁၆း ၃၁း ၅၇ |
| ၁၂ | ၁၄း ၂၆း ၃၀ | ၁၆း ၂၈း ၀၁ |
| ၁၃ | ၁၄း ၂၂း ၃၄ | ၁၆း ၂၄း ၀၅ |
| ၁၄ | ၁၄း ၁၈း ၃၈ | ၁၆း ၂၀း ၀၉ |
| ၁၅ | ၁၄း ၁၄း ၄၂ | ၁၆း ၁၆း ၁၃ |
| ၁၆ | ၁၄း ၁၀း ၄၆ | ၁၆း ၁၂း ၁၇ |
| ၁၇ | ၁၄း ၀၆း ၅၀ | ၁၆း ၀၈း ၂၁ |
| ၁၈ | ၁၄း ၀၂း ၅၄ | ၁၆း ၀၄း ၂၅ |
| ၁၉ | ၁၃း ၅၈း ၅၈ | ၁၆း ၀၀း ၂၉ |
| ၂၀ | ၁၃း ၅၅း ၀၂ | ၁၅း ၅၆း ၃၃ |
| ၂၁ | ၁၃း ၅၁း ၀၆ | ၁၅း ၅၂း ၃၇ |
| ၂၂ | ၁၃း ၄၇း ၁၀ | ၁၅း ၄၈း ၄၁ |
| ၂၃ | ၁၃း ၄၃း ၁၄ | ၁၅း ၄၄း ၄၅ |
| ၂၄ | ၁၃း ၃၉း ၁၈ | ၁၅း ၄၀း ၄၉ |
| ၂၅ | ၁၃း ၃၅း ၂၂ | ၁၅း ၃၆း ၅၃ |
| ၂၆ | ၁၃း ၃၁း ၂၆ | ၁၅း ၃၂း ၅၇ |
| ၂၇ | ၁၃း ၂၇း ၃၀ | ၁၅း ၂၉း ၀၁ |
| ၂၈ | ၁၃း ၂၃း ၃၄ | ၁၅း ၂၅း ၀၅ |
| ၂၉ | ၁၃း ၁၉း ၃၈ | ၁၅း ၂၁း ၀၉ |
| ၃၀ | ၁၃း ၁၅း ၄၂ | ၁၅း ၁၅း ၁၃ |
| ၃၁ | ၁၃း ၁၁း ၄၆ | ၁၅း ၁၃း ၁၇ |

### မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်

| ရက် | စတင်ဝင်ရောက်ချိန် | စတင်ထွက်ခွာချိန် |
|---|---|---|
| ၁ | ၂၁း ၅၅း ၄၇ | ၂၁း ၃၄း ၃၉ |
| ၂ | ၂၁း ၄၁း ၅၁ | ၂၁း ၃၀း ၄၃ |
| ၃ | ၂၁း ၃၇း ၅၅ | ၂၁း ၂၆း ၄၇ |
| ၄ | ၂၁း ၃၃း ၅၉ | ၂၁း ၂၂း ၅၁ |
| ၅ | ၂၁း ၃၀း ၀၃ | ၂၁း ၁၈း ၅၅ |
| ၆ | ၂၁း ၂၆း ၀၇ | ၂၁း ၁၄း ၅၉ |
| ၇ | ၂၁း ၂၂း ၁၁ | ၂၁း ၁၁း ၀၃ |
| ၈ | ၂၁း ၁၈း ၁၅ | ၂၁း ၀၆း ၀၇ |
| ၉ | ၂၁း ၁၄း ၁၉ | ၂၁း ၀၂း ၁၁ |
| ၁၀ | ၂၁း ၁၀း ၂၃ | ၂၀း ၅၈း ၁၅ |
| ၁၁ | ၂၁း ၀၆း ၂၇ | ၂၀း ၅၄း ၁၉ |
| ၁၂ | ၂၁း ၀၂း ၃၁ | ၂၀း ၅၀း ၂၃ |
| ၁၃ | ၂၀း ၅၈း ၃၅ | ၂၀း ၄၈း ၂၇ |
| ၁၄ | ၂၀း ၅၄း ၃၉ | ၂၀း ၄၄း ၃၁ |
| ၁၅ | ၂၀း ၅၀း ၄၃ | ၂၀း ၃၀း ၃၅ |
| ၁၆ | ၂၀း ၄၆း ၄၇ | ၂၀း ၃၆း ၃၉ |
| ၁၇ | ၂၀း ၄၂း ၅၁ | ၂၀း ၃၄း ၄၃ |
| ၁၈ | ၂၀း ၃၈း ၅၅ | ၂၀း ၃၀း ၄၇ |
| ၁၉ | ၂၀း ၃၄း ၅၉ | ၂၀း ၂၆း ၅၁ |
| ၂၀ | ၂၀း ၃၁း ၀၃ | ၂၀း ၂၂း ၅၅ |
| ၂၁ | ၂၀း ၂၇း ၀၇ | ၂၀း ၁၈း ၅၉ |
| ၂၂ | ၂၀း ၂၃း ၁၁ | ၂၀း ၁၄း ၀၃ |
| ၂၃ | ၂၀း ၁၉း ၁၅ | ၂၀း ၁၁း ၀၇ |
| ၂၄ | ၂၀း ၁၅း ၁၉ | ၂၀း ၀၇း ၁၁ |
| ၂၅ | ၂၀း ၁၁း ၂၃ | ၂၀း ၀၃း ၁၅ |
| ၂၆ | ၂၀း ၀၇း ၂၇ | ၁၉း ၅၉း ၁၉ |
| ၂၇ | ၂၀း ၀၃း ၃၁ | ၁၉း ၅၅း ၂၃ |
| ၂၈ | ၁၉း ၅၉း ၃၅ | ၁၉း ၅၁း ၂၇ |
| ၂၉ | ၁၉း ၅၅း ၄၃ | ၁၉း ၄၄း ၃၁ |
| ၃၀၁၉း ၅၁း ၄၇ | ၁၉း ၄၃း ၃၅ | |
| ၃၁ | ၁၉း ၄၇း ၅၁ | ၁၉း ၃၉း ၃၉ |



www.burmeseclassic.com

ဩ မာရေတိ ရေကမ ဘိယုဖ္တိတ သဗ္ဗ ရတ္တိံ
ယောရုံမနာ ဥ္မာဝက ယက္ခသထဒ္ဓ ယက္ခံ
ခန္တီ ဒသန္တ ဝိမိနာ ဇိတဝါ မုနိန္ဒော
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။ ။

အောင်ခြင်းရှစ်ပါးမှ အာဠဝက ဘီလူးကို ဗုဒ္ဓဘုရားရှင် အောင်တော်မူခြင်းဂါထာ ဖြစ်၏။

❑

အချိန်ကား မြန်မာနိုင်ငံကို နယ်ချဲ့မျက်နှာဖြူများ လက်နက်အားကိုးဖြင့် သိမ်းပိုက်အုပ်ချုပ်ထားချိန်လည်း ဖြစ်၏။

နေရာကား မြန်မာနိုင်ငံအောက်ပိုင်းဒေသ မြစ်ဝကျွန်းပေါ်ရပ်ဝန်း ဖြစ်သည့် လှော်ကားတာဆုံရွာကြီးတွင် ဖြစ်၏။

၎င်းလှော်ကားတာဆုံရွာကြီးအား အင်္ဂလိပ်အစိုးရမင်းမှ နှစ်လုံးပြူးသေနတ် ချီးမြှင့်ခြင်းခံထားရသော သူကြီးမင်း ဦးရွှေဘော်မှ အုပ်ချုပ်နေ၏။

သူကြီးမင်း ဦးရွှေဘော်အား အင်္ဂလိပ်အစိုးရမင်းမှ နှစ်လုံးပြူးသေနတ်အား အကြောင်းမဲ့ ချီးမြှင့်ထားခြင်း မဟုတ်ချေ။

ဤ၌ လှော်ကားတာဆုံရွာကြီး၏ တည်နေရာကို ဦးစွာပထမ ပြဆိုလို၏။

ဆိုရသော် လှော်ကားတာဆုံရွာကြီးသည် ဧရာဝတီမြစ်ကြီး၏ခွဲထွက်လာသော လှိုင်မြစ်ကြီး၏မြစ်နှစ်မြွာခွဲထွက်ရာ ကျွန်းကြီးပေါ်တွင် ရွာတည်ထားသော ရွာကြီးတစ်ရွာသာ ဖြစ်ပေ၏။

၎င်းကျွန်းကြီး၏ အမြွာအမြွာကွဲထွက်သွားသော ကျွန်းငယ်လေးများပေါ်တွင် တောပုန်းကြီး ကျော်ခဲသည် တပည့်လက်သားအခြွေအရံသုံးယောက်နှင့်အတူ ခိုအောင်းနေထိုင်သလို အခြေအနေပေးလျှင်ပေးသလို ရွာငယ်လေးများဖြစ်သည့် ရွှေလင်ပန်း၊ ကြံ့တနီး၊ မိုးညို၊ ငလက်လှ စသည့်ရွာလေးများသို့လည်း ဝင်ရောက် တိုက်ခိုက် လုယက်တတ်လေ၏။ ပစ္စည်းယူရုံတင်မဟုတ်ချေ။ ရွာ၏ အပျိုချောအချို့ကိုလည်း လက်နက်အားကိုးဖြင့် အတင်းအဓမ္မ သိမ်းပိုက်တတ်လေ၏။

သမီးရှင်တို့၏ မိဘမောင်ဖွားတို့မှာ တောပုန်းကြီးကျော်ခဲနှင့်အဖွဲ့ကို မကျေနပ်ကြချေ။ သို့သော် သေနတ်လက်နက်ကို မယှဉ်သာ၍ ငြိမ်ကုပ်နေကြရလေ၏။

ထိုအခြေအနေမှာပင် အိမ်ခြေငါးရာခန့်ရှိသည့် လှော်ကားတာဆုံရွာကြီးသို့ပါ တောပုန်းကြီးကျော်ခဲသည် ဝင်ရောက် လုယက်တိုက်ခိုက်လာလေ၍ သူကြီးမင်း ဦးရွှေဘော်မှာ ကြိတ်မနိုင်ခဲမရဖြစ်ကာ ရင်တွင်းမီးတငွေ့ငွေ့ လောင်မြိုက်နေ၏။

ထို့ကြောင့် သူကြီးဦးရွှေဘော်မှာ တောပုန်းကြီးကျော်ခဲနှင့် လူဆိုးများရှိရာ တောနက်တွင်းသို့ တစ်ကိုယ်တော် ထောက်လှမ်းရေးပြု၏။ ဝင်လမ်းထွက်လမ်းနှင့် စခန်းတည်နေပုံကို လေ့လာ၏။

တစ်ခုသော လကွယ်ညတွင်တော့ တစ်ကိုယ်တော်ဓားတစ်စင်းနှင့် တောပုန်းကြီးကျော်ခဲနှင့်အဖွဲ့ကို ဝင်ရောက်တိုက်ခိုက်ကာ တောပုန်းကြီးကျော်ခဲကို အရှင်လက်ရဖမ်းဆီး၍ အင်္ဂလိပ်အစိုးရမင်းလက်သို့ အပ်နှင်းခဲ့လေတော့၏။

ဤ၌ အင်္ဂလိပ်အစိုးရမှာ လှော်ကားတာဆုံရွာသူကြီး ဦးရွှေဘော်အား နှစ်လုံးပြူးသေနတ်နှင့် နာမည်ကောင်းလက်မှတ်ချီးမြှင့်ခဲ့သည်။


ဤသည်ပင် လှော်ကားတာဆုံရွာသူကြီးဦးရွှေဘော်၏စွမ်းဆောင်ရည်နှင့် အရည်အချင်းပင်ဖြစ်ပေတော့၏။

ယခုအချိန်တွင်တော့ သူကြီးမင်း ဦးရွှေဘော်သည် အိုစာခဲ့ပြီ ဖြစ်၏။

ဇနီးမယားဖြစ်သူ မရွှေပွင့်...
ဇရာထောင်း၍ အိုမင်းမစွမ်းဖြစ်...
သေရွာသို့မြန်းခဲ့ပြီ ဖြစ်၏။

ဒေါ်ရွှေပွင့်နှင့် ဦးရွှေဘော်တို့...
မောင်နှံတွင် တစ်ဦးတည်းသော...
တစ်ယောက်တည်းသော ရင်သွေး...
အောင်ချိမ့်ရှိ၏။ ယခုအခါတွင်...
အောင်ချိမ့်ပင်လျှင် လူပျိုကြီးဖား...
ခဲ့ပြီ ဖြစ်၏။

အောင်ချိမ့်ဆိုလျှင်ကား မိဘ...
သည် လှော်ကား တာဆုံရွာကြီး...
ကြေးရတတ်မိဘများဖြစ်သလို ရွာ...
တစ်ဦးတည်းသော သူကြီးမင်းဖြစ်...
ရွှေလင်ပန်း၊ ကြံ့တနီး၊ ငလက်လှ၊ မိုး...
ရွာကြီးများသို့ပါ အာဏာစက်ဖြန့်...



...ထားသော သူကြီးမင်း၏ တစ်ဦးတည်း...
သောသားဖြစ်လေ၍ လှော်ကား တာ...
ရွာကြီးနှင့် ရွာနီးချုပ်စပ်များသို့...
အောင်ချိမ့်အား မျက်မွေးတော်မော်...
ပင်ကြည့်ဝံ့သူရှား၏။

မိဘများမှာ အောင်ချိမ့်အား ...
စဉ်အခါက အတန်းကျောင်းထား...
နဝမတန်းအထိ အောင်လိုက်၊ ကျလိုက်...
နှင့် ဒသမတန်းတွင်တော့ အောင်ချိ...
တဗုန်းဗုန်းကျတော့၏။

အဆုံးတွင်တော့ အောင်ချိမ့်...
မိဘများ မျှော်မှန်းထားသည့် BA ...
လည်းမရ၊ မြို့အုပ်မြို့ပိုင်လည်း မ...
ခဲ့ဘဲ လှော်ကားတာဆုံရွာကြီးသို့ ...
ရောက်လာကာ ထန်းရည်သမား၊အ...
သမားသာဖြစ်ခဲ့လေတော့၏။

အောင်ချိမ့်သည် လှော်ကားတာ...
ဆုံရွာကြီးနှင့် ရွှေလင်ပန်း၊ ငလက်...
မိုးညို၊ ကြံ့တနီးရွာများသို့ တပည့်...
လက်သား အပေါင်းအဖော်များနှင့်...
ရွာစဉ်လှည့်ကာ ထန်းရည်သောက်...

အရက်သောက်၏။ အရက်သမား၊ ထန်းရည်သမားကြီးဖြစ်လာ၏။

တစ်ခုကောင်းသည်က အောင်ချိမ့်သည် မိန်းမမရှုပ်ချေ။

တစ်နေ့. . .

ရွာကြီးနှင့် မိုးညို၊ လေက်လှ၊ ရွှေလင်ပန်း၊ ကြံ့တနီး စသည့် ရွာများသို့တိုင် အလှဂုဏ်သတင်းကျော်၏။

မြလေးမုံ၏ အသားအရေသည် ဆင်စွယ်နှစ်ကဲ့သို့ ဖြူမယောင်နှင့်ဝါ၏။ ဝါမယောင်နှင့်ဖြူ၏။ နှာတံစင်းစင်းနှင့် မျက်ဝန်းနက်ပြာပြာ၊ ပါးမို့မို့နှင့်ဖူးဖူးကျသော နှုတ်ခမ်းတစ်စုံသည် မြင်ရသူတိုင်း တစ်ခါကြည့်၍ အားမရ အနည်းဆုံး သမင်လည်ပြန်သော် ထပ်ကြည့်ရသည်သာ ဖြစ်၏။

အထူးခြားဆုံးကား မြလေးမုံ၏ ဆံပင်၏ကောင်းခြင်းနှင့် ပြည့်စုံမှုကြောင့် အလှကို အယဉ်ဆင့်သကဲ့သို့ ဖြစ်ကာ ပုရိသယောကျ်ားသားတို့၏မနောအာရုံကို ထပ်ဆင့်ငြိတွယ်လေပြီး လှော်ကားတာဆုံရွာကြီးနှင့် ရွာနီးချုပ်စပ်များသို့တိုင် အလှဂုဏ်သတင်းကျော်စောကိတ္တိကြီးမား ပြန့်ကားသွားခဲ့လေခြင်း ဖြစ်ပေတော့၏။

ထိုနေ့က သူကြီး ဦးရွှေဘော်အိမ်သို့ မြို့မှ မြို့ပိုင်လေး မောင်ကျော်စွာ ရောက်ရှိနေသလို အလှဘုရင်မလေး မြလေးမုံ ပါဝင်လာသော ရှင်လောင်း

# နှုတ်ခမ်းဝင်းကျော်ခေါင်

(ဇာတ်လမ်းတို)

## အာဇာဝကမော်



အောင်ချိမ့်နှင့် အပေါင်းပါတို့ ...ညိုရွာ၏ ရှင်လောင်းလှည့်ပွဲတစ်ခု ...င် တွမ်းတောင်ကိုင်မလေး မြလေးမုံ ...တွေ့လိုက်ရပြီး ယခုခေတ်စကားဖြင့် ...ရသော် HEART ထိသွားခဲ့လေ၏ဟု ...ရပါတော့မည်။

မြလေးမုံသည် မိုးညိုရွာ၏အလှ ...ဘုရင်မလေးဖြစ်သလို လှော်ကားတာဆုံ

www.burmeseclassic.com

လှည့်ပွဲကြီးမှာလည်း သူကြီးဦးရွှေဘော် အိမ်ရှေ့သို့ ဖြတ်အလာ မြို့ပိုင်လေး မောင်ကျော်စွာမှ မြလေးမှုံကို မြင်တွေ့သွားလေ၏။

မြို့ပိုင်လေး မောင်ကျော်စွာ တစ်ယောက် မြလေးမှုံကို မြင်တွေ့သွားသလို သူကြီးဦးရွှေဘော်၏သားဖြစ်သူ အောင်ချိမ့်မှာလည်း မိုးညိုရွာ၏ ကွမ်းတောင်ကိုင်မလေး မြလေးမှုံအား မြင်တွေ့သွားခဲ့လေ၏။

မြလေးမှုံမှာမူ ဆင်မယဉ်သာ လျှောက်နည်းဖြင့် မျက်လွှာလေးချ၍ ရွှရွှလေးလှမ်းလာလေသူမို့ မြို့ပိုင်လေး မောင်ကျော်စွာကို မမြင်မိ မတွေ့သလို အောင်ချိမ့်ကိုလည်း မတွေ့၊ မမြင်ခဲ့ချေ။

မြို့ပိုင်လေး မောင်ကျော်စွာမှာ သူကြီးမင်း ဦးရွှေဘော်၏တပည့်ဖြစ်သူ ငမှုံကြီးအား မြလေးမှုံအား လက်ညှိုးညွှန်ပြ၍ ဘယ်ရွာကလဲ၊ ဘယ်သူ့သမီးလဲ၊ နာမည်ဘယ်လိုခေါ်သလဲဟု သိလိုသည်ကို ရေပက်မဝင်မေး၏။

ငမှုံကြီးမှာ အသက်ပဲ လေးဆယ်ကျော်ခဲ့ပြီဖြစ်၍ မြို့ပိုင်မင်းစိတ်ကိုခန့်မှန်းမိ၏။ မိုးညိုရွာ၏ ကွမ်းတောင်ကိုင်အလှဘုရင်မလေးမြလေးမှုံကို မြို့ပိုင်မင်း မြင်တွေ့သွားပြီး အသည်းထိမျှညွှတ်ကျသွားပြီကို အသက်အရွယ်အရ တွယ်ဆနိုင်လိုက်၏။

မြို့ပိုင်လေးကျော်စွာမှာ မြင်မြင်ချင်း မြလေးမှုံကို ညွှတ်သွားသလို လှော်ကားတာဆုံရွာကြီး၏သူကြီးဖြစ်သူ ဦးရွှေဘော်၏သား အောင်ချိမ့်သည်လည်း အလှဘုရင်မလေး မြလေးမှုံကို မြင်တွေ့သွား၏။

ဤတွင် အောင်ချိမ့်မှာ မဆိုလျှင်ခြေမ၊ လက်မပင်လျှင် ဂရုမစိုက်ခဲ့သော်လည်း မြလေးမှုံကိုတော့ မဆီမဆိုင် ထန်းရည်သမား အပေါင်းအသင်းတို့အားမေး၏။

"ဟေ့ကောင်ဝသန်၊ ကွမ်းတောင်ကိုင်တာ ဘယ်ရွာကလဲကွ။ လှလိုက်တာကွာ"

"သွားပြီ သွားပြီ၊ အောင်ချိမ့်တော့ မြလေးမှုံရဲ့ အလှကွန်ချက်မှာ မိသွားပြီ ဟား ဟား ဟား ဟား"

"ဟင် - သူ့နာမည်က မြလေးမှုံတဲ့လား"

"ဟုတ်ပါ့ကွာ၊ နာမည်လေးက မြလေးမှုံတဲ့။ မိုးညိုရွာကကိုယ့်လူ"

"ကြိုက်တယ်ကွာ၊ အောင်ချိမ့်ဆိုတဲ့ငါ့အသည်းကိုထိအောင် ပစ်နိုင်တာ သူလေးတစ်ယောက်ပဲရှိတယ် အပေါင်းအသင်းတို့"

"ကြိုက်ရင်လိုက်ပေါ့ကွာ။ ဘာဆန်းတာမှတ်လို့"

"ဘယ်လိုလိုက်ရမှာလဲကွ"

"သူတို့အိမ်မှာ မုန့်ကြိတ်တယ်ကွ။ မုန့်သွားကြိတ်ပေါ့ကွ"

"မုန့်ကြိတ်ပြီး ငါကဘာမုန့်လုပ်စားရမှာလဲ"

"မင်းမစားလည်း ငါ့အမေကိုပေးလိုက်၊ မုန့်လုံးရေပေါ်လုပ်စားလိုက်မယ်"

"ကြိုက်တယ်။ ငွေဘယ်လောက်ကုန်ကုန် မြလေးမှုံကိုသာရမယ်ဆိုရင်"

"မင်းအဖေ သူကြီးမင်းနဖူးသိုက်တူးမလို့လား"

"× × ×"

ထိုနေ့က သူကြီးသား အောင်ချိမ့်မှာ ကွမ်းတောင်ကိုင်မလေး မြလေးမှုံကို မြင်တွေ့သည့် အထိမ်းအမှတ်အဖြစ် ကိုချက်ကြီးထန်းတောတွင် ထန်းရည်အဝသောက်ကြ၏။ လူတွေပင် အမူးလွန်ပြီး နောက်သို့ဖင်ထိုင်လဲကျ၏။ နောက်နေ့တွင် မိုးညိုရွာသို့သွား၍ မြလေးမှုံ၏ မုန့်ကြိတ်ဆုံသို့သွားကာ မုန့်ကြိတ်ကြမည်ဟု တိုင်ပင်ကြ၏။

အချစ် ဟူသော ကာမမီးသည် အောင်ချိမ့် ဟူသော သကောင့်သား၏ ရင်ဝယ် ဖွဲမီးသဖွယ် တငွေ့ငွေ့လောင်ကျွမ်းခဲ့လေပြီ ဖြစ်၏။

ဤသို့ မြင်သိစိတ်ကို ဖြစ်ပေါ်စေသော မျက်စိအကြည့်၊ အဆင်းရူပါရုံတို့တွင် ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမပါ မျက်စိအကြည့် ရုပ်တရားသက်သက်သာရှိ၏။

တစ်ဖန် အကြောင်းတရား၌လည်း ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမပါ၊ အကျိုးတရား၌လည်း ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမပါလေသောကြောင့် ငါမြင်သည်၊ သူတစ်ပါးမြင်သည်၊ ယောကျ်ားမြင်သည်၊ မိန်းမမြင်သည်၊ ပုဂ္ဂိုလ်သတ္တဝါမြင်သည်ဟု ပြောဆို၍ မရပါ။

သူတော်ကောင်းစစ်စစ်တို့သည် ဤသို့ သက္ကာယဒိဋ္ဌိပြုတ်လေ၏။

သို့သော် ကိလေသာသမားစစ်စစ်ကြီးများဖြစ်ကြသည့် မြို့ပိုင်လေး မောင်ကျော်စွာနှင့် အချစ်သမားကြီး အောင်ချိမ့်တို့နှစ်ယောက်မှာ သက္ကာယဒိဋ္ဌိမပြုတ်သည့်ပြင် ကိလေသာ၌ အမြစ်တွယ်ခဲ့လေတော့၏။

ထိုအချိန်မှာပင် လှော်ကားတာဆုံ ရွာကြီးသို့ ယောပြန်ဆရာကြီး ဘမှုတ် ရောက်ရှိလာ၏။ ယောပြန်ဆရာကြီး ဘမှုတ်သည် ငွေမျက်နှာတစ်ခုတည်း သာကြည့်သူ ဖြစ်၏။

အောင်ချိမ့်မှာ အရက်သေစာ ခုံခုံမင်မင်သောက်သုံးသူဖြစ်သော်လည်း ယောပြန်ဆရာကြီးဘမှုတ်နှင့် တွေ့ သောအခါတွင် တုတ်ပြီး၊ ဓားပြီး၊ သေနတ် ပြီးသော အင်္ဂဝကဆေးထိုးလို အရက်သေစာကို မသောက်သုံးတော့ ဟု သစ္စာကတိပြုပါက အင်္ဂဝကဆေး ထိုးပေးမည်ဆို၍ အောင်ချိမ့်မှာ အရ ကိုဖြတ်၏။ ယုတ်စွအဆုံး ရွာအစွန်း ကိုမှုံကြီး၏အရက်ဆိုင်ရှေ့သို့ပင်ဖြတ် မလျှောက်တော့ချေ။

ထိုနေ့ညက ယောပြန်ဆရာကြီး ဦးဘမှုတ်မှ လှော်ကားတာဆုံရွာလူကြီး ဦးရွှေဘော်အိမ် ဘုရားခန်းတွင် သား သူ အောင်ချိမ့်အား အင်္ဂဝကဆေး ၏။ ဘုရားရှင်အား ကန်တော့ပွဲတ ဆက်ကပ်လှူဒါန်းသလို အင်္ဂဝက ဘီလူးအား အုန်း၊ ငှက်ပျော၊ ကွမ်းယာ သုံးယာဖြင့် ကန်တော့ပွဲထိုးပွဲပေး အင်္ဂဝကမှော်ဆေးထိုး၏။ ထိုည အောင်ချိမ့်မှာ အင်္ဂဝကဆေးထိုး သည်နှင့် အင်္ဂဝကဘီလူးဝင်ပူး၏။

အောင်ချိမ့်အား အင်္ဂဝက ဘီလူးဝင်ပူးချိန်၌ အောင်ချိမ့်အား သူ အပေါင်းအသင်းသူငယ်ချင်းတို့ထိန်း မနိုင်ချေ။ ဖခင်ဖြစ်သူ သူကြီးမင်း ဦးရွှေဘော်ကိုယ်တိုင်ပင် သားဖြစ် အောင်ချိမ့်အားကြည့်၍ ခေါင်းတညိတ် ညိတ်ဖြင့် သဘောကျနေ၏။ ယောပြန် ဆရာကြီး ဦးဘမှုတ်မှာ အောင်ချိမ့်အား ကြည့်၍ လူတစ်ရာမှာ အောင်ချိမ့် ကန် တော့ပွဲပေးချိန်၌ ပူးခြင်းကပ်ခြင်း သည်ဟု ပြော၏။

လူငယ်တစ်ယောက်အား လွန် ထက်လှစွာသော ဓားရှည်တစ်ချောင်း ပေး၍ ကြိုက်သလောက် အား သလောက် ထိုးခုတ်ခိုင်း၏။

သို့သော် ထိုလူငယ်မှာ အောင် အားထိုးဖို့ ခုတ်ဖို့ဝေးစွ အောင်ချိမ့်အ ကြည့်၍ အနားပင်မကပ်ရဲချေ။

ထိုအချိန်တွင် လှော်ကားတာ ရွာကြီးမှ အောင်ချိမ့်တို့သားအ အစီးမကိုက်လှသည့် ဓားဆိုသော မှာ သူခုတ်လိုကြေ အကယ်၍ပြ သေကျေခဲ့သော် ဆရာကြီးတာဝန် နိုင်မလားမေးရာ ယောပြန်ဆရာ



www.burmeseclassic.com

www.burmeseclassic.com

…အမှတ်မှာ ထိုလူအား ကွမ်းလေး …မြို့ဝါးကာ ကြည့်ရင်း ပြုံး၏။ ပြီး …သော် ထိုလူအားကြည့်ရင်း ပြော၏။

"မင်းအောင်ချိမ့်ရဲ့လက်တစ်ချောင်း …ကိုရအောင်ခုတ်နိုင်ရင် မင်းမှာလုံးဝ …တာဝန်မရှိဘူး။ အေး - တာဝန်မရှိတဲ့ …အပြင် ဟောဒီမှာ ငါ့လက်သူကြွယ်မှာ …ထားတဲ့ ရွှေလက်စွပ်၊ ပတ္တမြားကွင်း …တယ်။ မင်းကိုအပိုင်ဆုချမယ်။ ဟော့ …- ငါ့တပည့် အောင်ချိမ့်ရဲ့လက်ကို …ရအောင်ခုတ်စမ်း"

ဆရာကြီး၏စကားအဆုံး မိုးသီး …သော လူငယ်မှာ လွန်စွာထက်မြက် …သော ဇက်ကြီးတောင်ဓားရှည်ကိုဆွဲ …လိုက်၏။ ပြီးသော် ဓားရှည်ကို …တိုးသံတွေတရွှန်းရွှန်းမြည်အောင် …ယမ်း ၏။

အောင်ချိမ့်၏ဖခင် သူကြီးမင်း …ရွှေဘော်မှာ သားဖြစ်သူနှင့် ဓားသမား …တို့အား စိုးတထိတ်ထိတ်ခုန်သော …အစုံကို မသိမသာ လက်ဖြင့်ဖိရင်း …တိတ်စွာကြည့်၏။

မိုးသီးမှာ မသိမသာမဲ့ပြုံးတစ်ချက် …၏။

အောင်ချိမ့်မှာ လူသုံးလေးယောက် …၍ ချုပ်နှောင်ဖမ်းဆီးထားရာမှလွတ် …ပြီး မိုးသီးနှင့် မျက်နှာချင်းဆိုင်ရပ် …။

မိုးသီးမှာ သူ့ရှေ့တွင် ဓားဖြင့် …ယသိုင်းခုတ်ရန် မတ်တတ်ရပ်ပေး …သည့် အောင်ချိမ့်အား အားပါလှစွာ …တ်ချလိုက်၏။

သို့သော် မိုးသီးခုတ်ချလိုက်သော …ရှည်ခုတ်ချက်သည် ခပ်ထုံထုံဖော့တုံး …တုံးအား ခုတ်ချလိုက်သကဲ့သို့ဖြစ်ပြီး …၍ ပြန်ကန်ထွက်သွားလေ၏။

အောင်ချိမ့်မှာ ထိုလူအား စူးစိုက် …ကြည့်ရင်း ခပ်ထုံထုံရှိ၏။ အောင်ချိမ့်၏ …ခင် သူကြီးမင်း ဦးရွှေဘော်မှာ သူ၏ပွဲ …င်းအောင်ဓားဖြင့် သူ့သားအောင်ချိမ့် …မိုးသီးမှ အားကုန်ခုတ်ချလိုက်သော် …သည်း သွေးတစ်စက်မျှမစို့၊ ပြတ်ရှရာ …တစ်ချက်ပင်မထိ မရှခဲ့လေ၍ …စွာအံ့ဩခြင်းကြီးစွာဖြစ်၏။

"ကဲ-သူငယ်၊ မင်းအစွမ်းဒါအကုန် …သွားကွယ့်။ ငါ့အတပည့်အောင်ချိမ့်ရဲ့ …ဆက်မပြတ်တဲ့အပြင် မျက်နှာမှာ အပြုံး …အောင်မပျက်ပါလားကွ"

မိုးသီးမှာ အံ့ဩလွန်း၍ ကြက် …သေသလိုပင်ဖြစ်နေလေ၏။

ထိုအချိန်မှစကာ အောင်ချိမ့်၏ အမည်နာမရှေ့၌ အာဋ္ဌဝက ဟူသော နာမဝိသေသပုဒ်တစ်ခု ထပ်မံတိုးကာ အာဋ္ဌဝကအောင်ချိမ့်ဟု လှော်ကား တာဆုံရွာကြီးနှင့် ရွာနီးချုပ်စပ်သို့တိုင် ကျော်စောလေတော့၏။

ထိုအချိန်မှစကာ အလှပိုင်ရှင် မလေး မြလေးမှုံတို့ မိုးညိုရွာလေးသို့ အောင်ချိမ့် စားကျက်ကျတော့၏။

မြလေးမှုံ ရေခပ်သွားလျှင် နောက် တော်ပါးမှလိုက်၍ ချစ်စကားဆို၏။

သို့သော် မြလေးမှုံ၏ခေါင်းယမ်း ငြင်းဆိုခြင်းကိုသာခံခဲ့ရလေ၏။ အောင် ချိမ့်မှာ လွန်စွာမခံချိမခံသာဖြစ်၍နေ၏။

ထိုအချိန်မှာပင် မြို့ပိုင်ပေါက်စ လေးမောင်ကျော်စွာမှ မိုးညိုရွာ၏အလှ ပဂေးမလေး မြလေးမှုံ၏မိဘများထံသို့ ရွှေနားတော်သွင်းဖချင်းဖွင့်၍ နှစ်သက် ပါသဖြင့် လက်ဆက်လိုပါကြောင်း တင့်တောင်းတင့်တယ် တောင်းရမ်းလေ တော့၏။

ဤသတင်းသည် လှော်ကား တာဆုံရွာကြီးသို့သာမက ရွာနီးချုပ်စပ် သို့တိုင် ကျော်စော၏။ ရွှေချင်းထပ် မြတ်၏ဟု ဆိုသူကဆို၏။ သို့သော် ဤ သတင်းကြောင့် အာဋ္ဌဝကအောင်ချိမ့် မှာ အသည်းကို ဓားဖြင့်နုပ်နုပ်စဉ်းသလို ခံစားရလေတော့၏။

မြို့ပိုင်မင်းလေးမှာ မြလေးမှုံနှင့် နှစ်ယောက်သား တွေ့ဆုံ၍ ချစ်စကား ဆိုခွင့်ရသော်လည်း မြလေးမှုံ၏ညင်သာ သော ငြင်းဆိုမှုကိုခံရလေ၏။ သို့သော် မြလေးမှုံ၏မိဘနှစ်ပါးမှာ မြို့ပိုင်မင်း ဟူသောဂုဏ်ပုဒ်နှင့် ပိုင်ဆိုင်ရမည့်အခွင့် အရေးများကြောင့် လက်ခံခဲ့ကြလေ၏။

မြလေးမှုံမှာ မချစ်မနှစ်သက်သည့် လူ၏ရင်ခွင်တွင်း၌ တစ်သက်လုံးမနေလို ၍ စိတ်သောကကြီးစွာဖြစ်၍နေ၏။

မြလေးမှုံနှင့် မြို့ပိုင်လေး မောင်ကျော်စွာတို့၏သတင်းကို ကြား ကာ အာဋ္ဌဝက အောင်ချိမ့်မှာ အူနုနု ကို ကျွဲရိုင်းခတ်ခြင်းခံရသလို စပ်ဖျဉ်းဖျဉ်း ကြီးခံစားချက်ပြင်းကာ မသောက်ပါဘူး ဟု အာမဘာန္တေခံထားသော သူရာမေရ ယကာကိုပင်ချိုးဖောက်လုနီး ဖြစ်၏။

ထိုအချိန်မှာပင် မြို့ပိုင်လေး မောင်ကျော်စွာ၏ လက်ရုံးနှစ်ယောက် ဖြစ်သည့် ကံကြီးမောင်နှင့် အောင်ဒင် တို့နှစ်ယောက်နှင့် ဆုံတော့၏။

ကံကြီးမောင်နှင့် အောင်ဒင်တို့ နှစ်ယောက်မှာ လှော်ကားတာဆုံရွာမှ သူကြီးဦးရွှေဘော်၏သား အာဋ္ဌဝက အောင်ချိမ့်ကို မျက်ဝါးထင်ထင်မြင်တွေ့ လိုက်ပြီး ဆရာသမားမြို့ပိုင်မင်းအတွက် ခလုတ်တံသင်း အနှောင့်အယှက် အတားအဆီးဖြစ်နေသည်ကို သိကာ ခလုတ်တံသင်းကို ရှင်းချင်နေသော် လည်း အာဋ္ဌဝကအောင်ချိမ့်၏ မိုက် ဂုဏ်၊ အာဋ္ဌဝကဟူသည် တုတ်ဖြင့်ရိုက် တုတ်ကျိုး၊ ဓားဖြင့်ခုတ် ဓားခွေဟူသော အစွမ်းအစများကို သိုးသိုးသန့်သန့်ကြား ဖူးထားလေ၍ ပဇာသို့ပြုရမှန်းမတွေးဆ တတ်ကြချေ။

သို့သော်လည်း မြို့ပိုင်မင်း မောင်ကျော်စွာ၏ခလုတ်ကိုရှင်းပေးခြင်း သည် မင်္ဂလာတရားနှင့်ညီ၏ဟူသော လူ့အောက်တန်းစားတို့၏ ဉာဉ်အတိုင်း ကံကြီးမောင်နှင့်အောင်ဒင်တို့နှစ်ယောက် မှာ အာဋ္ဌဝကအောင်ချိမ့်အား အရက် မူးသလိုလိုဖြင့်ရှိ၏။ မထိလေးစားပြု၏။

အောင်ချိမ့်မှာ မွေ့ပွေ့လိုလူဆို သည်ကို မြို့ပိုင်မင်းတပည့်နှစ်ယောက် လုံးမသိကြချေ။

ထိုနေ့က ရန်ပွဲတွင်တုတ်အချောင်း ချောင်းကျိုး၏။ ဓားအစင်းစင်းခွေ၏။

သို့သော် မြို့ပိုင်မင်းကျော်စွာ၏ တပည့်နှစ်ယောက်တို့မှာ ခေါင်းအကွဲ အပြဲ မျက်နှာအစုတ်အပြတ်ဖြစ်ကာ ခံစားခဲ့ရပြီး ထွက်ပြေးခဲ့ရ၏။

အောင်ချိမ့်ခေါ် အာဋ္ဌဝကမော် အောင်သူ လှော်ကားတာဆုံရွာသူကြီး မင်း၏သားမှာ အောင်ပွဲခံခဲ့လေ၏။

ဤဖြစ်ရပ်ကို ကြားသိကြကုန် သော လူအပေါင်းတို့မှာ အာဋ္ဌဝက အောင်ချိမ့်အား ပို၍အထင်ကြီးကြကုန် ၏။

မြို့ပိုင်မင်း မောင်ကျော်စွာ၏ တပည့်များကိုလည်း အထင်ကြီးခြင်းမရှိ ကြဘဲ။ လွန်စွာအထင်သေးကြကုန်၏။

မြို့ပိုင်မင်း မောင်ကျော်စွာမှာ လည်း တပည့်နှစ်ယောက်ကို ဆူပူ၏။ မရဲဘဲ ကျွဲပြမစီးနှင့်ဟု ပြော၏။ ကြိမ်း ၏။

လူမိုက်ဟူသည် အသက်ကြီးလေ ကံမွဲ၏။ အသိမွဲ၏။ ကံမွဲသည်က အရေး မကြီး။ အသိမွဲ၊ ဉာဏ်မွဲလျှင် နိဗ္ဗာန် ရောက်ကြောင်းတရားပင် နာကြားရ သော်လည်း မသိနိုင်တော့ချေ။

နာချက်ပြင်းလွန်းလှတော့၏။

ထို့ကြောင့်လည်း ဆရာတော်ကြီး များသည် နိဗ္ဗာန်သည် ကံ၏အကျိုး မဟုတ်၊ ဉာဏ်၏အကျိုးသာဖြစ်၏ဟုဆို ကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် မြလေးမှုံမှာ မချစ်မနှစ်သက်သည့်လူနှင့် ပေါင်းသင်းမည်လား။

မြလေးမှုံ နှစ်သက်မြတ်နိုးလေသော မြလေးမှုံ၏မိဘများအိမ်တွင် စာရင်းငှားအလုပ်ကိုလုပ်ကိုင်နေရသည့် မောင်လူလှနှင့် ပေါင်းသင်းရမည်လားဟူသည်ကို တွေးတောစဉ်းစားလေတော့၏။

အကယ်တန္တဆိုသော် မြလေးမှုံနှင့် မောင်လူလှတို့နှစ်ယောက်မှာ မိဘများ မသိရှိကြဘဲ တစ်ဦးနှင့်တစ်ဦး လွန်းတင်သည့်ကြိုးဖြင့် သံယောဇဉ်ရှိခဲ့ကြသည်မှာ သုံးနှစ်သုံးမိုးပင်ကြာခဲ့ပြီဖြစ်လေ၏။

ရွှေနှင့်ငွေနှင့်လာသော လူကိုအလေးတင်းရမည်လား။

မေတ္တာနှင့်လာသော မောင်လူလှဘက် အလေးသာရမည်လားဆိုသည်ကို ပြတ်ပြတ်သားသားဆုံးဖြတ်ချိန်ကျရောက်နေပြီ ဖြစ်၏။

ထိုကဲ့သို့ မြလေးမှုံစဉ်းစားဆုံးဖြတ်ရခက်နေချိန်တွင် အငြာဝကအောင်ချိမ့်မှာလည်း လူတစ်ဖောက်ကန်းပီပီ မြလေးမှုံအား အခမ္ဘကြဲစည်တော့၏။

မြလေးမှုံ လယ်တဲထမင်းချိုင့်သွားပို့ရာလိုက်၏။

ဤတွင် မြလေးမှုံနှင့် မောင်လူလှတို့နှစ်ယောက်၏ အခြေအနေကို တွေ့မြင်သိရှိသွား၏။

မြင်မြင်ချင်းခဏမှာပင် အငြာဝကအောင်ချိမ့်မှာ နတ်ပူးသကဲ့သို့ တဆတ်ဆတ်တုန်၏။

မောင်လူလှရင်ခွင်တွင်းတွင်ရှိနေသော မြလေးမှုံမှာလည်း မမျှော်လင့်သည့်နေရာ မမျှော်လင့်သည့်အချိန်တွင် အငြာဝက အောင်ချိမ့်အား မြင်တွေ့လိုက်ကာ လွန်စွာ အံ့သြတုန်လှုပ်သွားလေသည်။

ထိုနေ့က အောင်ချိမ့်သည် မြလေးမှုံ ဆွဲလွဲတားမြစ်နေသည့်ကြားတမှ မောင်လူလှမှာ လက်သီးချက်ပေါင်းများစွာ ထိုးနှက်ခြင်းခံလိုက်ရပြီး သတိမေ့မြောသွားခဲ့လေ၏။

မြလေးမှုံမှာလည်း အောင်ချိမ့်အား လူရမ်းကားလူမိုက်ဟု ငိုကြီးချက်မဖြင့်ပြော၏။

သို့သော် အောင်ချိမ့်သည်ကား-

"လူ့ဘဝကြီးမှာ နင်လူဖြစ်လာတာ ဘယ်သူ့အတွက်မှမဟုတ်ဘူး။ အောင်ချိမ့်ဘဝအတွက် အသုံးတော်ခံဖို့ဆိုတာ မြဲမြဲမှတ်ထား"

ထိုသတင်းသည် မိုးညိုရွာတစ်ရွာလုံး ပျံ့နှံ့သွားလေတော့၏။

အငြာဝကအောင်ချိမ့်မှာ ထိုနေ့ကစပြီး မြလေးမှုံနှင့် ပတ်သက်၍မြို့ပိုင်လေး မောင်ကျော်စွာတစ်ဦးတည်းမဟာ ပြိုင်ဘက်ဟု သတ်မှတ်ထားချိန်တွင် မထင်မှတ်စွာ လယ်ကူလီလေး မောင်လူလှသည်လည်း အနီးကပ်ဆုံး အဓိပတိပြိုင်ဘက်ကြီးတစ်ဦးရှိနေလေမှန်း တွေးတောသိရှိသွားလေတော့၏။

ထို့အတူပင် မြလေးမှုံမှာလည်း အငြာဝကအောင်ချိမ့်နှင့်အပြိုင် မြို့ပိုင်လေးမောင်ကျော်စွာတို့ နှစ်ယောက်စလုံးသည် မြလေးမှုံဘဝအတွက် ကြီးစွာသော အန္တရာယ်အယှက် အတားအဆီးကြီးနှစ်ရပ်ဖြစ်၏ဟု သိရှိသွားကာ သူမနှင့် ချစ်သူ မောင်လူလှတို့၏အချစ်ရေးတွင် ကြီးစွာသော အခက်အခဲများဖြစ်သည်ဟု ရိပ်စားမိကာ စိတ်သောကကြုံတွေ့နေရလေ၏။

ထိုအချိန်မှာပင် အောင်ချိမ့်မှာ သူ၏ပြိုင်ဘက် လူလှအား ပြတ်ပြတ်သားသားမြလေးမှုံနှင့် ကင်းကင်းနေရန်ပြောဆိုအံ့ဟု မောင်လူလှရှိရာ လယ်တဲသို့လာခဲ့လေရာ လယ်တောရှေ့တွင် မောင်လူလှအား မြို့ပိုင်မင်း၏လူယုံလူမိုက်တို့မှ ထိုးကြိတ်ရိုက်နှက်နေကြသည်ကို မြင်တွေ့သွားလေတော့သည်။

"ဒီမယ် လယ်ကူလီကောင်၊ မြလေးမှုံဆိုတဲ့ မဥ္ဇူသကနတ်ပန်းဟာ မင်းလိုကောင်နဲ့ မတန်ဘူးကွ။ တို့ဆရာ မြို့ပိုင်မင်းအတွက်ပွင့်တဲ့ပန်းကွ။ နောက်တစ်ကြိမ် မြလေးမှုံနဲ့ ပတ်သက်ကြည့် မင်းအသက်ပါပျောက်မယ်"

မြို့ပိုင်မင်း၏တပည့်နှစ်ယောက်ထွက်ခွာသွားချိန်တွင် အောင်ချိမ့်မှာ လူလှထံသွား၏။ လူလှမှာ သွေးအလိမ်းလိမ်းနှင့် မျက်ရည်ထွေထွေကျဆင်းနေ၏။

"လူလှ၊ မင်း မြလေးမှုံကိုသိပ်ချစ်သလား"

အောင်ချိမ့်၏ အမေးစကားကို ကြားလိုက်သော လူလှမှာ မည်သည့်စကားကိုမျှ ပြန်မဖြေပါချေ။ ခပ်ထွေထွေသာ အောင်ချိမ့်ကိုပြန်ကြည့်၏။

"မင်း မြလေးမှုံကိုသိပ်ချစ်မယ်ဆိုတာငါသိပါပြီကွာ။ အေး မင်း မြလေးမှုံကို သိပ်ချစ်သလို ငါလည်း မြလေးမှုံကို သိပ်ချစ်တယ်ဆိုတာယုံပါ"

အောင်ချိမ့်၏ရင်တွင်းစကားကို ကြားလိုက်ရသော လူလှမှာ မျက်ရည် နေသည့်မျက်ဝန်းအစုံဖြင့်ဒုတိယအကြိ ထပ်မံကြည့်ပြန်၏။ ပြီးသော် အောင် ချိမ့်အား ထူးထူးဆန်းဆန်း စကား တစ်ခွန်းပြော၏။

"မြလေးမှုံနဲ့ ကျွန်တော် မတန် ဘူး ကိုကြီးအောင်ချိမ့်"

ဤစကားကို ကြားလိုက်သော အငြာဝကအောင်ချိမ့်မှာ လူလှအား သနားသွားလေတော့၏။

အောင်ချိမ့်မှာ လူလှအပါးမှ စိတ် မကောင်းခြင်းကြီးစွာဖြင့် ထွက်ခွာလာ လေ၏။

ထိုအချိန်၌ နေလုံးကြီးသည် ထန်း ပင်ပျိုထိပ်ဖျားခန့်ရောက်ရှိနေ၏။

ထိုအချိန်၌ပင် ဆွမ်းခံရဟန်း တစ်ပါးသည် လူလှရှိရာ လယ်တဲရှေ့ ဆွမ်းခံရပ်လာ၏။ လူလှမှာ သူစား ထမင်းနှင့် ဟင်းသာရှိ၏။ ဆွမ်းခံရပ် သော ရဟန်းအား လောင်းလှူရန် ဆွမ်း ဆွမ်းဟင်းမရှိချေ။ သို့သော် ရဟန်းအား မော်ဖူးဦးချလိုက်ချိန်တွင် လွန်စွာကြည် ညိုသဒ္ဓါစိတ်ဖြစ်ပေါ်လာပြီး သူစား ဟင်းနှင့်ထမင်းကို ဆွမ်းအရပ်လာသော ကိုယ်တော်အား အကုန်လောင်းလှူ လိုက်လေ၏။

ထိုအခါ ထိုရဟန်းတော်မှာ လူ ၏မျက်နှာမှ အထိုးအကြိတ်ခံထား သော ဒဏ်ရာဒဏ်ချက်များကို ကြည့် ကာမေး၏။

"ဒကာလေးမျက်နှာက ဒဏ် တွေက ဘာဖြစ်တာလဲ"

လူလှမှာ ရဟန်းတော်၏ အမေး စကားကို မညာလို၍ မှန်သည့်အ ထုတ်ဖော်ပြောကြားလိုက်သည်။

ထိုအခါ ရဟန်းတော်မှာ လူ စကားကိုကြားပြီး လူလှအား စူး စိုက် တစ်ချက်ကြည့်လိုက်ပြီး မြ ဘုရားရှင်ကိုယ်တော်မြတ်ကြီးမှ အ ဝကနတ်ဘီလူးမင်းအား အောင် သည့်ဂါထာတော်မြတ်ကြီးကို ပေး လေတော့၏။

(လူလှအား ရဟန်းတော် ချီးမြှင့်သည့်ဂါထာတော်မှာ ဤဝတ္ထု ၏အစတွင် ဖော်ပြထားပြီး ဖြစ်

လူလှမှာ ရဟန်းတော်မြတ် တိုက်သင်ကြားပေးခဲ့သည့် ဂါထာ အရကျက်မှတ်၍ ဆောင်ဆောင်လေ

မြလေးမှုံ လူလှအား အောင် က နိုင်စက် မြို့ပိုင်၏တပည့်များ အနိုင် လိုက်ဖြင့် စိတ်ဆင်းရဲသော

www.burmeseclassic.com

နှင့် ရုပ်ဆင်းရဲရုပ်ဒုက္ခများ ခံစားနေရသည့် သတင်းများကြားသိကာ လူလုကို ၍ မြတ်နိုးမိသလို ပို၍လည်း သနားလေတော့၏။

ထိုအချိန်မှာပင် မြို့ပိုင်လေး အောင်ကျော်စွာနှင့် မြလေးမှုံ၏ မိဘ တို့မှာ မြို့ပိုင်လေးနှင့် မြလေးမှုံတို့ လက်ထပ်ပွဲကို ရက်သတ်မှတ်လိုက်ကြလေတော့၏။

ဤ၌ ဒေါသပုန်ထကြွသူမှာ အဠာဝက အောင်ချိမ့်ဖြစ်၍ ကြေကွဲ ခံစားရသူက မောင်လူလုဖြစ်၏။

ထိုအချိန်မှာပင် မြလေးမှုံမှာ မောင်လူလုကို မခွဲနိုင်၍ ပြတ်ပြတ်သား သားပင် မောင်လူလုကို ခေါ်၍ မိုးညို ကြီးမှ ထွက်ပြေးကြလေတော့၏။

မြို့ပိုင်လေး မောင်ကျော်စွာမှာ မင်္ဂလာခန်းဝင်ပစ္စည်းများဝယ်ယူပြီးချိန် တွင်တဲ့သို့ မင်္ဂလာသတို့သမီး၏ပစ်ခွာစွန့် ခြင်းကို ခံစားလိုက်ရလေ၍ မခံမရပ် နိုင်ဘဲ လူလုနှင့် မြလေးမှုံတို့ ထွက်ပြေး ရာနောက်သို့ အပြင်းလိုက်လေတော့၏။

ဤတွင် အဠာဝကအောင်ချိမ့် မှာလည်း ဤပြဿနာကို မြလေးမှုံ၊ လူလု၊ မြို့ပိုင်လေးမောင်ကျော်စွာတို့နှင့် မျက်နှာချင်းဆိုင်ရင်ဆိုင်ဖြေရှင်းရန်လိုက်ပြန် လေတော့၏။

ရိုးချောင်းလေးမှ လှေဖြင့်လှော် ခတ်ထွက်ပြေးကြသော လူလုနှင့်မြလေးမှုံ တို့နှစ်ယောက်မှာ အနောက်မှ စက်တပ် လှေတစ်စင်း အပြင်းလိုက်လာသည်ကို တွေ့၍ နီးရာချောင်းကမ်းစပ်ကိုကပ်ပြီး ထွက်ပြေးကြလေ၏။

လူလုမှာ မြလေးမှုံကို စတွေ့တွေ့ ချင်း မြလေးမှုံ၏ လက်လေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သလို သူ့အားဆွမ်းခံရဟန်း တော်အရှင်သူမြတ် နှုတ်တိုက်သင်ကြား ပေးခဲ့သည့် ဗုဒ္ဓဘုရားရှင်မှ အဠာဝက ဘီလူးမင်းအား အောင်တော်မူခဲ့သည့် ဂါထာတော်ကိုမှ မပြတ်ရွတ်ပွားလာခဲ့ လေ၏။

ယခုကဲ့သို့ မြို့ပိုင်လေးနှင့်အဖွဲ့ အပြင်းလိုက်လာသည်ကိုတွေ့ရှိလိုက်၍ ထွက်ပြေးစဉ်လည်း နှုတ်က ချစ်သူ မြလေးမှုံ၏လက်ကို ကိုင်ဆွဲထားပြီး လူလု၏နှုတ်ဖျားကမူ ဂါထာတော်ကို ရွတ်ရွတ်ပွားမှုမပျက်ခဲ့ချေ။

ထိုအချိန်တွင် မြလေးမှုံနှင့် လူလု တို့ထွက်ပြေးရာ ရိုးချောင်းလေးထိပ်ဖျား ကမ်းဆင်းလမ်းလေးမှာ အဠာဝက အောင်ချိမ့်မှာ ကျောတွင် ငှက်ကြီး တောင်ဓားတစ်စင်းအား လွယ်ပိုးလျက် ဆင်းလာလေတော့၏။

မြလေးမှုံမှာ အောင်ချိမ့်ကိုတွေ့လိုက်ရ၍ မျက်နှာအပျက်ကြီးပျက်၏။

လူလုမှာမူ အဠာဝကဘီလူးကို နိုင်တော်မူသော ဂါထာတော်ကို အရွတ်မပျက်ခဲ့ချေ။

အဠာဝကအောင်ချိမ့်မှာ မြလေးမှုံနှင့် လူလုတို့လာရာလမ်းတွင် ဓါးကြီးထောက်ပြီး စောင့်ကြိုနေ၏။

မော်တော်စက်သံမှာလည်းနီးကပ်လာနေချေ၏။ အဠာဝကအောင်ချိမ့်၏အနီးသို့ မြလေးမှုံတို့ ရောက်ရှိသွားသောအခါ အောင်ချိမ့်မှာ မြလေးမှုံမျက်နှာကို စူးစူးစိုက်စိုက်ကြည့်၏။ မြလေးမှုံမှာ လူလုပခုံးအား ဆွဲကိုင်၍ နောက်သို့မသိမသာဆုတ်၏။ လူလုမှာမူ အောင်ချိမ့်အားကြည့်ရင်း အဠာဝက ဘီလူးအား ဗုဒ္ဓရှင်တော်မြတ် နိုင်တော်မူသောဂါထာတော်ကို တီးတိုးရွတ်ရင်း အဠာဝကအောင်ချိမ့် အားကြည့်လိုက် ချစ်သူမြလေးမှုံအား ကြည့်လိုက်ဖြင့် အဆုံးအဖြတ်အချိန်အခါကို စောင့်မျှော်နေသည့်အလား ရှိနေလေသည်။

ထိုအချိန်မှာပင် ထူးထူးဆန်းဆန်း အဠာဝက အောင်ချိမ့်မှာ လူလုနှင့် မြလေးမှုံတို့နှစ်ယောက်အား ရိုးလမ်းအတိုင်းမသွားခိုင်းဘဲ ချောင်းစပ်တောလမ်းကလေးအတိုင်း ခပ်သွက်သွက်ပြေးခိုင်းလေတော့၏။

မြလေးမှုံမှာ လွန်စွာအံ့ဩသွား၏။ အောင်ချိမ့်မျက်နှာကို အံ့ဩလွန်း၍ကြည့်လိုက်စဉ်မှာတော့ မျက်လုံးတို့၌ မျက်ရည်အဝဲသားတွေ့လိုက်ရချေတော့၏။

လူလုနှင့် မြလေးမှုံမှာ အောင်ချိမ့်ပြေးခိုင်းသည့် ချောင်းအစပ်တောလမ်းကလေးအတိုင်း ခပ်သုတ်သုတ်ပြေးလေတော့၏။

ထိုအချိန်မှာပင် ရိုးချောင်းလေးအစပ်သို့ မြို့ပိုင်လေး မောင်ကျော်စွာနှင့် တပည့်နှစ်ယောက်တို့ စီးနင်းလာသော မော်တော်ဆိုင်ကယ်သံကြားလိုက်ရပြီး ကုန်းမြေပေါ်သို့တက်လာကြလေတော့သည်။

မြို့ပိုင်လေး မောင်ကျော်စွာ တွေ့ထင်ထားသည်က မြလေးမှုံနှင့် လူလုကို တွေ့မြင်ရလိမ့်ဟုထင်၏။

ယခုသော် အဠာဝကအောင်ချိမ့်ခေါ် လှော်ကားတာဆုံရွာမှ လူမိုက်ကြီးကို ဓားကြီးတစ်ချောင်းလက်တွင်းအသင့်ကိုင်ရက်သား တွေ့လိုက်ရ၍ လွန်စွာအံ့အားသင့်ထိတ်လန့်သွားချေတော့၏။

အောင်ချိမ့်မျက်နှာကိုကြည့်လိုက်တော့ လွန်စွာခက်ထန်မာကျောနေသည်ကို မြင်တွေ့လိုက်ကာ ရှေ့ဆက်သွားရကောင်းနိုး နောက်သို့ပြန်လှည့်ရကောင်းနိုးဖြင့် လွန်စွာဝေခွဲမရဖြစ်နေလေတော့၏။

ဘယ်ညာလက်ရုံးနှစ်ယောက်ဖြစ်သည့်အောင်ဒင်နှင့် ကံကြီးမောင်တို့၏ မျက်နှာကို ကြည့်လိုက်ပြန်လေသော် ကံကြီးမောင်နှင့် အောင်ဒင်တို့၏မျက်နှာ နှစ်ခုစလုံးတို့မှာ မြို့ပိုင်လေးကျော်စွာ ကဲ့သို့ပင် ကြောက်ရွံ့တုန်လှုပ်နေပုံမှာ အထင်းသားပေါ်လွင်နေတော့၏။

ထိုအချိန် အဠာဝကအောင်ချိမ့်မှာ ငှက်ကြီးတောင်ဓားကြီးတစ်ချောင်း တင်းတင်းရင်းရင်းဆုပ်ကိုင်ရင်း ရှေ့သို့ တစ်လမ်းချင်းတိုး၍တိုး၍လာနေသည်ကို မြင်တွေ့ကာ မြို့ပိုင်မင်းအုပ်စုမှာ နောက်ကြောင်းသို့ တစ်ချိုးတည်းပြန်လှည့်ပြေးကြလေတော့၏။

အောင်ချိမ့်၏ မျက်နှာတွင်တော့ ဒေါသအသွင်ဆောင်၍ မာကျောနေသော်လည်း မျက်လုံးအစုံတွင်တော့ မျက်ရည်တို့ဝဲ၍နေလေသည်ကို မြို့ပိုင်လေးမောင်ကျော်စွာသာ မြင်တွေ့သွားခဲ့သော် လွန်စွာအံ့ဩသွားမည် ဖြစ်၏။

အဠာဝကမှော်အောင်သူ တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီးသည်ဆိုသော အောင်ချိမ့်၏ ရင်တွင်းစကားမှာတော့ ဗလောင်ဆူနေပြီး လွန်စွာမခံစားနိုင်ဖြစ်ကာ မျက်ရည်စက်တို့ မြေသို့တပေါက်ချင်းတပေါက်ချင်း ကျဆင်းသွားလေတော့၏။

လွန်စွာထူးဆန်းပေစွ၊ အောင်ချိမ့်ဟူသည့်လူမိုက်လူရမ်းကားကြီးသည် သူ၏ အသည်းပေါက်မတတ် ချစ်ခဲ့ မြတ်နိုးခဲ့လေသော မြလေးမှုံကို တစ်ပါးသူရင်ခွင်ထက် မေးစက်ပျော်ပါးခွင့် ခွင့်ပြုလိုက်ခြင်းသည် လွန်စွာထူးဆန်းပေစွဟု သာဆိုရပေတော့မည် ဖြစ်၏။

ထိုနေ့မှစ၍ ရက်များမကြာမီ အဠာဝကအောင်ချိမ့်ခေါ် လှော်ကားတာဆုံရွာသူကြီးမင်း ဦးရွှေဘော်၏ တစ်ဦးတည်းသောသားမှာ ဖခင်သူကြီးမင်း ပိုင်ဆိုင်သည့် လယ်ယာချောင်းမြောင်းများ၊ အိုးအိမ်၊ ကျွဲနွားများအားလုံးကို စွန့်လွှတ်၍ သာသနာ့ဘောင်သို့ အပြီးတိုင် ကူပြောင်းဝင်ရောက်သွားသည်ကို မြင်တွေ့လိုက်ရပါတော့သတည်း။

နန္ဒဝင်းကျော်ခေါ်(ခတ္တာ-လှုပြည်)



www.burmeseclassic.com

www.burmeseclassic.com

# မောင်မောင်ညွန့်
(သရက်)
# တန်ပြန်သက်ရောက်မှု



အရှေ့ဦး လင်းကြက်တွန်သံနှင့်အတူ ဘိုးသာဟန်၏ဘုရားရှိခိုး၊ မေတ္တာပို့ အမျှဝေသံက အိမ်နီးနားပတ်ဝန်းကျင်ကို ပျံ့လွင့်သွားသည်။

"သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ဝေနေယျသတ္တဝါအပေါင်း နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ဥပဒ်ရန်ဘေးကင်းစင်ဝေးငြိမ်းအေးကြပါစေ။ အမျှ၊ အမျှ၊ အမျှယူတော်မူကြပါကုန်လော့"

"နောင် ဝေ ဝေ ဝေ ဝေ"

အိမ်နီးချင်း မဒန်းခင်က ဆွမ်းချက်ရင်း သာဓုခေါ်လိုက်သည်။

"သာဓု၊ သာဓု၊ သာဓု"

ထိုအခါ ရေနံဆီမီးခွက်မီးရောင်ဖြင့် ယုန်ပိုက်ပြင်နေသော မဒန်းခင်၏ယောက်ျား ကိုဖိုးငွေက မဒန်းခင်အားကြည့်၍ -

"အလုပ်မရှိအလုပ်ရှာ မင်းကိုဘယ်သူက သာဓုခေါ်ခိုင်းလို့လဲ"

ကိုဖိုးငွေစကားကြောင့် မဒန်းခင်စိတ်ခုသွားသည်။

"ကိုဖိုးငွေ၊ တော်စောစောစီးစီး ကျုပ်ကိုရန်စကားလာမပြောနဲ့။ နေစမ်းပါဦး၊ သာဓုခေါ်တာ တော့်ပါးစပ်ငှားခေါ်လို့လား"

"နားငြီးတယ်"

"နားငြီးရင် ယာထဲကတဲမှာသွားနေ။ တော့်မှာ တစ်နေ့တစ်နေ့ ဖော်ငှထောင်ကြောင်ထောင်ဖို့ အကုသိုလ်အလုပ်တွေပဲ လုံးပန်းနေတယ်"

"ငါယုန်ထောင်ကြောင်ထောင်တာ မင်းခြေမင်းလက်တွေငှားထောင်လို့လားပြော"

မဒန်းခင် လင်မယားချင်းရန်ဖြစ်မှာကို မလိုလား၍ နှုတ်ပိတ်နေလိုက်သည်။ အသွင်တူမှ အိမ်သူဖြစ်သည်။ စကားရှိသော်လည်း ကိုဖိုးငွေနှင့်မဒန်းခင်က ပြဒါးတစ်လမ်းသံတစ်လမ်းဆိုသလို မဒန်းခင်က ဘာသာတရားကို အလေးထားကိုင်းရှိုင်းသော်လည်း ကိုဖိုးငွေက အိပ်ရာဝင်၊ အိပ်ရာထ ဘုရားကိုဦးသုံးကြိမ်ကန်တော့ဖို့ပင် နေ့တိုင်းပြောနေရသည်။ ယနေ့လည်း ဥပုသ်သီလစောင့်ရန် ထွက်သွား၏။ ကိုဖိုးငွေက မဒန်းခင်ကို တစ်ချက်ကြည့်လိုက်ပြီး သူ့ဝသီအတိုင်း -

"မယ်မင်းကြီးမ ကျောင်းကပြန်ငါ့ကို တရားဟောဦးမယ်"

ပြောပြောဆိုဆို ကိုဖိုးငွေ ယုန်ပိုက်ယူ၍ တောထဲသို့ထွက်သွားသည်။

❑

"ကိုဖိုးငွေတို့ ညောင်ပင်ခုံကိုင်းကွက်က ဒီနှစ် ဆောင်းမြေပဲအထွက်ကောင်းပါလား"

ကိုဖိုးငွေ ကိုင်းထဲကအပြန် ငပျော့ထန်းတောမှာ ထန်းရည်ဝင်သောက်ရင်း တစ်ရွာတည်းသား လှမောင်၊ ငွေမောင်တို့နှင့်ဆုံမိကြသည်။

"ဟုတ်တယ်ဗျာ၊ အရင်နှစ်တွေ[illegible] အခုလိုအထွက်မကောင်းဘူး။ ဒီနှစ်[illegible] တော့ အရမ်းအထွက်ကောင်းတယ်"

ကိုဖိုးငွေက အုန်းမှုတ်ခွက်ထဲ[illegible] အမြှုပ်တစီစီထနေသော ထန်းရည်[illegible] တစ်ရှိန်ထိုးမော့သောက်လိုက်သည်[illegible]

ကိုငွေမောင်းက -

"ခင်ဗျားရဲ့ မြေပဲ[illegible]အထွက်[illegible] ကောင်းတာ ကိုင်းစပ်[illegible]ညောင်ပင်[illegible] ကို ထမင်းဦးဟင်းဦး[illegible]တင်လို့ပြော[illegible] တယ်"

"ခင်ဗျားကိုဘယ်သူပြောတာ[illegible]"

"ရွာတောင်ပိုင်းက နတ်ကတော်[illegible]



www.burmeseclassic.com

www.burmeseclassic.com

သန်းမေပြောတာ”

“အမိပွာယ်မရှိတာ”

ကိုဖိုးငွေ ပြန်စဉ်းစားလိုက်တော့ သူနှင့် မဒန်းခင် ကိုင်းထဲကိုလာတိုင်း တိုင်းတွက်မြောက်ဘက်စပ် ညောင်ပင်ကြီးရင်း ကျောက်တုံးကြီးပေါ်တွင် မဒန်းခင်က စားသီးစားများဖြင့် တရိုတသေ တင်သည်ကိုမြင်ယောင်လာ၏။ ကိုဖိုးငွေ အိမ်ပြန်ရောက်တော့ မဒန်းခင်ကိုမေးကြည့်သည်။

“နတ်ကတော် သန်းမေနဲ့ ကျုပ်နဲ့တစ်လောမတွေ့မိပါလား”

မဒန်းခင် ရွှေးပြီးသား မြေပဲဆန်များကို စိုက်တောင်းထဲထည့်ရင်း ပြောလိုက်သည်။

“ငါကြိုးစားပြီးလုပ်ကိုင်လို့ မြေပဲအထွက်ကောင်းတာကို ညောင်ပင်ကြီးကမ,သလိုလို၊ ရုက္ခစိုးကမ,သလိုလိုပြောကြတာ အဲဒီညောင်ပင်ကို မီးရှို့လှဲပစ်မယ်”

“ကိုဖိုးငွေ၊ တော့်မကြံကောင်း မစည်ရာတွေမပြောပါနဲ့”

ကိုဖိုးငွေစကားကြောင့် မဒန်းခင် ပျာပျာသလဲဖြစ်သွားသည်။

“မင်းကို ငါမေးပါဦးမယ်။ အဲဒီညောင်ပင်က ရုက္ခစိုးကို မင်းမြင်ရလို့လား”

“တော်ကတတ်တီးကတ်ဖွဲ့စကားလာမပြောနဲ့ တော်ကောမြင်ရလို့လား”

“ငါက လက်တွေ့သမားကွ။ သရဲတစ္ဆေလည်းမယုံဘူး၊ ရုက္ခစိုးလည်းမယုံဘူး”

“တော်မယုံချင်နေပေါ့။ ဆရာတော်တွေ မေတ္တာပို့တဲ့ မြင်အပ်၊ မမြင်အပ်နှစ်ရပ်များစွာသတ္တဝါ ချမ်းသာကိုယ်စိတ် . . .”

“တော့်စမ်းကွာ နင်ဘာပြောပြော အဲဒီညောင်ပင်ကို တစ်နေ့လှဲပြမယ် မှတ်ထား”

❑

ကိုဖိုးငွေ ကိုင်းစပ်က ညောင်ပင်ကြီးကို မီးရှို့လှဲပစ်မည်ဟူသော သတင်းက ရေဦးတစ်ရွာလုံး သတင်းပြန့်သွားသည်။ ရွာဦးကျောင်းဆရာတော်က ကိုဖိုးငွေအား ကျောင်းသို့ခေါ်ပြီး အကျိုးအကြောင်းပြော၍ ညောင်ပင်အားမလှဲရန် မေတ္တာရပ်ခံသည်။

“ဒကာဖိုးငွေ၊ ညောင်ပင်ကိုလှဲလိုက်တော့ ဘာအကျိုးရှိမှာလဲ”

ဆရာတော်၏ အမေးစကားကို





www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိဖြစ်သွားသည်။ ဆရာတော်က ဖိုးငွေတို့၏ ငယ်ဆရာဖြစ်သည်။ သီလသမာဓိပညာ သိက္ခာသုံးရပ်နှင့်ပြည့်စုံသည့်ဆရာတော် တစ်ပါးဖြစ်သည်။ ကိုဖိုးငွေ ကျောင်းသားဘဝက ကျောင်းဝိုင်းတောင်ဘက်စပ်သရက်ပင်ပေါ်မှ ရှဥ့်သိုက်ကို ဝါးလုံးနှင့် တက်ထိုးချသောကြောင့် ဆရာတော်က ကြိမ်ဖြင့်ရိုက်သည်ကို ပြန်လည်မြင်ယောင်မိသည်။ ရှင်လိင်ပြန်ကျောင်းကထွက် အရွယ်ရောက်အိမ်ထောင်ကျသော်လည်း ဆရာတော်ကို ချစ်ကြောက်ရိုသေကြည်ညိုကြသည်။

"ဟဲ့- ဖိုးငွေ၊ ဘုန်းကြီးမေးနေတာကြားလား"

"ကြား. . . ကြားပါတယ် ဘုရား။ ဟို ညောင်ပင်လောင်းရိပ်ကြောင့် အဲဒီတစ်ဝိုက်ကသီးနှံပင်တွေ မကောင်းတာကြောင့် တပည့်တော် ဟို. . ."

"ညောင်ရိပ်ကြောင့် မင်းရဲ့သီးနှံပင်တွေဘယ်လောက်ပျက်စီးလို့လဲ။ မင်းတို့ကိုင်းထဲလာလို့ နေပူရင် အဲဒီညောင်ပင်ရိပ်မှာပဲ ခိုကြနားကြတယ်မဟုတ်လား"

"တင်ပ့ါ ဘုရား"

"ဒီတော့ သူ့အရိပ်ခိုပြီး သူ့ကိုလှဲပစ်မယ်ဆိုတော့ တရားတဲ့အလုပ်လား၊ မတရားတဲ့အလုပ်လား"

"မတရားတဲ့အလုပ်ပါဘုရား"

ကိုဖိုးငွေ ဆရာတော်ထံပါးမှ အမြန်ဆုံးထပြေးချင်သော်လည်း ဆရာတော်ပြန်မလွှတ်သေး၍ အောင့်အည်းနေရသည်။

"ပြီးတော့ ဒီညောင်ပင်က တို့တွေကလေးဘဝတည်းက ထီးထီးမားမားရှိခဲ့တာ။ အခု ဘုန်းကြီးအသက်ထောင်သက်တော် (၈၀) ကျော်ပြီဆိုတော့ အဲဒီညောင်ပင်ကြီးရဲ့သက်တမ်းကို ခန့်မှန်းကြည့်ပေရော့။ ပြီးတော့ မမြင်အပ်တဲ့ ပရလောကသားတွေလည်း ဒီညောင်ပင်မှာ မှီခိုနေနိုင်တယ်။ ငါ့စကားနားထောင်ရင် မင်းချမ်းသာမယ်"

ဆရာတော်က ကိုဖိုးငွေအား ဩဝါဒပေးပြီး ပြန်လွှတ်လိုက်သည်။ မွန်းကျပ်နေသော ဖိုးငွေ၏ စိတ်အစဉ်သည် ယခုမှ လွတ်လပ်ပေ့ါပါးလန်းဆန်းသွားသည်။

မည်သို့ဖြစ်စေ ဖိုးငွေ၏အတွေးထဲမှာတော့. . .။

❑

"ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ဂုဏ်တော်အနန္တနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားအား လျှိုဒါန်းဆက်ကပ်ရသည့် ဆွမ်းဒါနကုသိုလ်ကောင်းမှုကို သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ဓဝနေယျအပေါင်းတို့အား အမျှပေးဝေပါ၏။ အားလုံး အမျှ၊ အမျှ. . ."

"ဟဲ့- ဒန်းခင် ဒန်းခင် ငါခေါ်တာမကြားဘူးလား ဒန်းခင်"

အိမ်ရှေ့မှ ကိုဖိုးငွေခေါ်သံကြောင့် မဒန်းခင် အမျှသုံးကြိမ်ပြည့်အောင် မဝေလိုက်ရ။

"ဘာဖြစ်လို့ ဒီလောက်တောင် အော်ကြီးဟစ်ကျယ်ခေါ်နေရတာလဲ"

မဒန်းခင်၏ ပမာမခန့် ပြန်ပြောလိုက်သောအသံကြောင့် ကိုဖိုးငွေစိတ်တိုသွားသည်။

"အောင်မာ နင်ကများ ငါ့ကိုဘယ်တုံးကပြန်အော်ဘူးလို့လဲ။ သေတော့မယ်"

"ကျုပ်ကိုအပြစ်မရှိအပြစ်လာမရှာနဲ့။ တော်ဘာပြောချင်လို့လဲ"

"ကိုင်းစပ်က ညောင်ပင်ကို ငါမီးရှို့လှဲပစ်မယ်လို့ပြောတာ ဆရာတော်ကို နင်ပြန်လျှောက်တယ်မဟုတ်လား"

"ကျုပ်မလျှောက်ဘူး ပေးချင်တဲ့သစ္စာပေး"

"နင်မလျှောက်လို့ဘယ်သူလျှောက်မှာလဲ"

ဖိုးငွေက အိမ်ခြေရင်းမီးဖိုခေါင်ဖိုးတွင်ထိုးထားသော နွားမောင်းနှင်တံ (နကန်) ကို ဆွဲယူလိုက်သည်။

"ဟေ့ကောင် ဖိုးငွေ၊ မင်းတစ်ဇွတ်ထိုးမလုပ်နဲ့နော်။ ပြောမရရင် သူကြီးနဲ့ တိုင်လိုက်ရမလား"

ဦးလေးဖြစ်သူ ဦးကံထူးကိုတော့ ကိုဖိုးငွေကြောက်သည်။မနှစ်က ကိုဖိုးငွေ အရက်မူးပြီး မဒန်းခင်ကို ဆံဆိုရိုက်နှက်သောကြောင့် ဦးကံထူးကိုယ်တိုင် သူကြီးကိုသွားတိုင်ရာ ကိုဖိုးငွေထိတ်တုံးအခတ်ခံရသည်ကို အမှတ်ရနေ၏။ ဒါပေမယ့် ဖိုးငွေက လူပါး။

"ဟာ - ဦးလေးကလည်း ဒန်းခင်ကို တကယ်မရိုက်ပါဘူး။ ကြွက်ရုံလန့်ရုံခြောက်တာပါ"

ကိုဖိုးငွေစိတ်ထဲမှာတော့ ယာထဲဝါကောက်သွားလျှင် စိတ်ရှိလက်ရှိရိုက်ပစ်မည်ဟု တေးထားလိုက်သည်။

"အေး - လူဆိုတာ ကိုယ်ချင်းစာတရားရှိရတယ်ကွ။ ဒါမှလူလို့ခေါ်တယ်"

"ကျုပ်နောက်ဒီလိုမဖြစ်ရပါဘူး"

"ဆွေရင်းမျိုးရင်း မကင်းရာမကင်းကြောင်းမို့ အမုန်းခံပြောတာ"

မဒန်းခင်က ဦးကံထူးကို ကျေးဇူးတင်သည့်မျက်လုံးများဖြင့် ကြည့်နေရှာသည်။

ကိုဖိုးငွေကတော့ ဒေါသရိပ်လွှမ်းနေသောမျက်နှာထားဖြင့် ရွာလယ်လမ်းမသို့ထွက်သွားသည်။

❑

ကိုင်းစပ်ညောင်ပင်အောက်ဆီသို့ရောက်တော့ နေမွန်းတည့်ပေပြီ။ အသင့်ယူလာသော ကောက်ရိုးနှင့်မြက်ခြောက်များကို မြေပြင်နှင့် (၃) တောင်ကွာသော ညောင်ခေါင်းထဲသို့ စုပြုံထိုးထည့်လိုက်ပြီး မီးခြစ်ခြစ်၍တို့လိုက်ရာ ကောက်ရိုးမြက်ခြောက်များမီးစွဲလောင်၍ မီးခိုးများတလူလူထွက်လာ၏။ ခဏအကြာ မီးအရှိန်ကောင်းလာ၍ ညောင်ခေါင်းတစ်လျှောက် မီးစွဲလောင်တော့၏။ ထိုခဏ၌ ညောင်ခေါင်းထဲတွင် အသိုက်ဖွဲ့နေသော လင်ကောင်ပိုးငှက် (ညဥ့်ငှက်)တို့၏ အလန့်တကြားအော်သံများ ထွက်ပေါ်လာသည်။

"ဂီး. . . ဂီး. . . . ဂရီး"

မီးလောင်ဒဏ်ရာများဖြင့် ညဥ့်ငှက်နှစ်ကောင်ပြုတ်ကျလာသည်။ သေလုမြောပါးဖြစ်နေသော ငှက်နှစ်ကောင်ကို ကျောက်ခဲဖြင့်ထုကာ လွယ်အိတ်ထဲကောက်ထည့်ပြီး ညောင်ပင်အောက်မှအမြန်ထွက်လိုက်သည်။ ကိုဖိုးငွေ ညောင်ပင်ကို သမင်လည်ပြန်ကြည့်၍ အောင်ပွဲခံသောလေသံဖြင့် -

"ညောင်ပင်ပေါ်က ရုက္ခစိုးနဲ့သခင်ကောင်တွေ သေဖို့သာပြင်ပေတော့"

မကောင်းမှု အကုသိုလ်ကံသည် နွားနောက်မှလိုက်နေသော လှည်းဘီးပမာကဲ့သို့ ပြုသူနောက်မှ ထက်ကြပ်မကွာလိုက်နေသည်ကို ကိုဖိုးငွေ မသိရှာပေ။

နောက်(၃)ရက်အကြာ ကိုဖိုးငွေ၏ အ,မင်္ဂလာသတင်းက ရေဦးတစ်ရွာလုံးပြန့်သွားသည်။

"ကိုဖိုးငွေ အရက်မူးပြီး ယာထဲကတဲမှာအိပ်ပျော်နေတုန်း တောမီးလောင်တာ တဲရောလူရောပါသွားပြီတဲ့"

တကယ်တော့ ဖိုးငွေတစ်ယောက် သူပြုလိုက်သော အကုသိုလ်ကံက ပြန်သက်ရောက်မှုက ချက်ချင်းအကျိုးပေးခဲ့ပြီတည်း။

မောင်မောင်ညွန့် (သရက်)



www.burmeseclassic.com

www.burmeseclassic.com

မောင်ပွင့်ဉာဏ်
(မော်ရ)

# ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်

## စင်ကာပူ-မလေးရှားခရီးစဉ်

**အချိန်တစ်နာရီခွဲပျောက်ဆုံးသွားခြင်း**

အချိန်ဆိုတာ လောကမှာ အင်မတန်မှ ဆန်းကြယ်တဲ့ အတိုင်းအတာ (dimension) တစ်ခု ဖြစ်တယ်။ လူတိုင်း အချိန်ကိုပြောနေကြပေမယ့် အချိန်ဆိုတာ ဘာလဲလို့မေးရင် တိတိကျကျ ဖြေနိုင်ကြမှာ မဟုတ်ပါ။ အချိန်ဆိုတာ အကောင်အထည်ပြလို့မရတဲ့ စိတ္တဇနာမ်(abstract noun)တစ်ခုသာ ဖြစ်တယ်။


အခု ဒီစာရေးနေတဲ့ နေ့လယ်တစ်နာရီမှာ ကျွန်တော်က အမေရိကားမှာရှိတဲ့ သူငယ်ချင်းတစ်ယောက်ဆီကို ဖုန်းဆက်လိုက်ရင် သူက အိပ်ချင်မူးတူးနဲ့

"ဟေ့ကောင် ဒီအချိန်ကြီးမှဘာလို့ဖုန်းဆက်တာလဲကွာ၊ ဘာများအရေးကြီးလို့လဲ"


လို့ ပြန်မေးကောင်းမေးပါလိမ့်မယ်။ သူတို့ဆီမှာ ညသန်းခေါင်ကျော်အချိန်ကိုး။

အခုလည်း ရန်ကုန် မင်္ဂလာဒုံလေဆိပ်ကနေ မနက် (၁၀း၃၀) နာရီလေယာဉ်ထွက်ခဲ့တာ စင်ကာပူကိုပျံသန်းချိန် (၂) နာရီခွဲကြာမြင့်တာမို့ စင်ကာပူကို ရောက်ချိန်ဟာ မွန်းလွဲ (၁) နာရီဖြစ်ရမယ့်အစား (၂) နာရီခွဲဖြစ်နေပါတယ်။ နေရင်းထိုင်ရင်း အချိန်တစ်နာရီခွဲပျောက်သွားရတဲ့ အကြောင်းက စင်ကာပူစံတော်ချိန်ဟာ မြန်မာစံတော်ချိန်ထက် (၁) နာရီခွဲနောက်ကျလို့ဖြစ်ပါတယ်။ စင်ကာပူဟာ ရန်ကုန်ထက် အရှေ့ဘက်ပိုကျတာမို့ နေထွက်တာကို အရင်မြင်ပါတယ်။ ရန်ကုန်မှာ နေထွက်တဲ့အချိန် (ဆိုပါစို့ (၆) နာရီအချိန်) မှာ စင်ကာပူဟာ နေထွက်ပြီးတာ တစ်နာရီခွဲလောက်ရှိသွားတာမို့ (၇) နာရီခွဲရှိနေမှာဖြစ်တယ်။

သိပ်ဝေးတဲ့ နိုင်ငံတွေကိုသွားရင် ဒီအချိန်ကွာခြားမှုက လူကိုအတော်ဒုက္ခပေးပါတယ်။ ကိုယ်က နေ့ဘက်သွားလို့ဟိုရောက်သွားတဲ့အချိန်မှာ ညဖြစ်ရမယ့်အစား နေ့ပဲဖြစ်နေရင် လူဟာ အိပ်လို့လည်းမရနဲ့ မအီမသာခံစားရတတ်ပါ



အပျော်စီးသင်္ဘောနှင့် စင်ကာပူမြစ်တွင်း ညရှုခင်း




စင်ကာပူနိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုအဆောက်အအုံ (World Trade Centre)



မီးအလှဆင်ထားတဲ့ တံတားတွေနဲ့ စင်ကာပူမြို့လယ်ကောင်ရှုခင်း




www.burmeseclassic.com

www.burmeseclassic.com



ပုံအရှေ့ဘက်မှ အင်္ဂလိပ်ကိုလိုနီခေတ်က အဆောက်အအုံတွေကို မြင်နိုင်တယ်


စင်ကာပူမှာ တည်းခဲ့တဲ့ Chancellor @ Orchard ဟိုတယ်


သမ္မတအိမ်တော်ဝင်းအပြင်ဘက်ပန်းခြံ

တယ်။ အလွန်မြန်တဲ့ဂျက်လေယာဉ်တွေနဲ့သွားတဲ့အခါ ခံစားရတတ်တဲ့ ဒီဝေဒနာကို အင်္ဂလိပ်လို Jet Lag လို့ခေါ်ပါတယ်။ ဒီအကြောင်း ဆရာကြီး ဒေါက်တာလှဘေကို ပြောပြတော့ ဆရာကြီးက -

"အန်ကယ်တို့လို အသက်ကြီးပိုင်းတွေ ပိုခံစားရတာပေါ့။ အဲဒီစကားလုံးကို မြန်မာလိုဘယ်လိုပြန်ရမှန်း အန်ကယ်လည်း စဉ်းစားလို့မရဘူး"

လို့ ပြန်ဖြေပါတယ်။

**ချန်ဂီလေဆိပ်က Free Wi-Fi**

ချန်ဂီလေဆိပ်မှာ free Wi-Fi ရ... တယ်ဆိုလို့ စင်ကာပူမှာ ကျောင်းတက်... နေတဲ့ကောင်လေးတစ်ယောက်ကို ... တွေ၊ တက်ဘလက်တွေပေးပြီး ဖွင့်ခိုင်း... ကြတယ်။ (ရန်ကုန် မင်္ဂလာဒုံလေဆိပ်မှာ လည်း free Wi-Fi ရပါတယ်) ခဏ... အကြာမှာ အိမ်သူရဲ့အစ်မကြီးက -

"ငါ့ phone မှာ (၃) နာရီထိုး... တော့မယ်။ အဲဒါ စင်ကာပူအချိန်လား... ငါလည်း ဘာမှမပြောင်းထားဘူး"

လို့ မေးပါတယ်။

ကျွန်တော့် tablet ကြည့်လိုက်... တော့လည်း အဲဒီအချိန်ပဲပြပါတယ်... စင်ကာပူစံတော်ချိန်ပါပဲ။

ခေတ်ပေါ်နည်းပညာရဲ့စွမ်းဆောင်... ချက်ကတော့ ဖုန်းတွေ၊ တက်ဘလက်... တွေဟာ နိုင်ငံကူးသွားတာနဲ့ အဲဒီနိုင်ငံရဲ့... စံတော်ချိန်ကို အလိုအလျောက်ပြောင်း... သွားပါတယ်။ အဲဒီလိုပြောင်းနိုင်ဖို့... အတွက် internet လည်း ချိတ်ဆက်... ထားရမယ်။ phone setting, time and date မှာလည်း Automatic Time Zone ကို ရွေးထား (select) ရပါမယ်။ စင်ကာ... ကပြန်လာလို့ မြန်မာနိုင်ငံကို ပြန်ရောက်... တဲ့အခါမှာလည်း မြန်မာစံတော်ချိန်ကို... အလိုအလျောက်ပြန်ပြောင်းသွားပါတယ်...

**သေချာတဲ့စင်ကာပူလူဝင်မှုကြီးကြပ်ရေး...**

ချန်ဂီလေဆိပ် လူဝင်မှုကြီးကြပ်... ရေးမှာ အဖွဲ့ဝင်တစ်ယောက် ပြဿနာ... တက်နေတဲ့အကြောင်းနဲ့ အရင်အပတ်... ဆောင်းပါးကို အဆုံးသတ်ခဲ့ပါတယ်... အဖွဲ့ဝင်တစ်ယောက်လိုနေလို့ ပါလာတဲ့... ဧည့်လမ်းညွှန်ကသွားပြန်စုံစမ်းပါတယ်... အမှန်မှာ အဖွဲ့ဝင်အားလုံးရဲ့ နောက်ဆုံး... ကမှ သူကလိုက်ထွက်လာရမှာဖြစ်တယ်...

ခဏအကြာမှာ ဧည့်လမ်းညွှန်... အတူ ကျန်နေတဲ့တစ်ယောက်ပါ ပါလာ... ပါတယ်။ Immigration Form မှာ Mer-chant (ကုန်သည်) လို့ပဲ ရေးထားတဲ့... အတွက် ဘာကုန်တွေအရောင်းအဝယ်... လုပ်မှန်းမသိလို့ စစ်ဆေးနေတာလို့ သိ... တယ်။ ကြည့်ရတာ သူတို့သတင်းရထား... တဲ့ Arms & Ammunition Mer... (လက်နက်နဲ့ခဲယမ်းမီးကျောက်ကုန်သည်)... နဲ့တူနေလို့ဖြစ်မယ်လို့ နောက်... ပြောလိုက်မိတယ်။ ... ဖြစ်တဲ့အတွက်... လေဆိပ်မှာလာကြိုနေတဲ့ စင်ကာပူ... သွားကုမ္ပဏီက ဧည့်လမ်းညွှန်တစ်ယောက်... ခေါ်လာ... ဘတ်စ်ကားပေါ် တက်ကြ...

www.burmeseclassic.com



မုန်အဝိုနှင့်လူသွားစင်္ကြံ




မလေး-တရုတ်မင်္ဂလာဆောင်တစ်ခုမှ သတို့သားနှင့်သတို့သမီး



ဟိုတယ်ခန်းတွင်းမှ
ရေပူ၊ ရေအေး ရေနွေး မျိုးစုံရ ကိရိယာ



မြို့လယ်ကောင်ကမြစ် အမှိုက်တစ်စမှမရှိ

တယ်။ ခရီးသွားကုမ္ပဏီတွေဟာ ဒီလိုပဲ နိုင်ငံခြားက ခရီးသွားကုမ္ပဏီတွေနဲ့ ချိတ်ဆက်ပြီး အလုပ်လုပ်ကြရတယ်။

Tour အဖွဲ့ဝင်အယောက် (၃၀) လုံးအတွက် ဟိုတယ်တစ်ခုတည်းမှာ အခန်းမရလို့ နှစ်နေရာခွဲပြီးတည်းကြရ တယ်။ တစ်ဖွဲ့က YWCA အသင်းပိုင် Fort Canning Lodge မှာတည်းရပြီး ကျွန်တော်တို့အဖွဲ့က Hotel Chancellor @ Orchard မှာ တည်းရတယ်။ YWCA (Young Women Christian Association) ဆိုတာ ခရစ်ယာန်အမျိုးသမီးလူငယ်များအသင်းဖြစ်ပြီး အဆင့်မြင့်ဟိုတယ်ကြီးတောင်ပိုင်တယ်ဆိုတော့ ဘဏ္ဍာရေး အတော်တောင့်တင်းတဲ့ အသင်းတစ်သင်းဖြစ်မှာ သေချာပါ တယ်။ မြန်မာနိုင်ငံမှာတော့ ရန်ကုန် သိမ်ဖြူလမ်းက YMCA အသင်းတိုက်ကို လူသိများပါတယ်။

ဟိုတယ်နာမည်တွေကိုရှာရလွယ်အောင် လမ်းနာမည်တွေ ( Fort Canning Road, Orchard Road) နဲ့ တွဲပြီး နာမည်ပေးထားပါတယ်။ နှစ်ခုစလုံးက အထပ်မြင့်ဟိုတယ်တွေ ဖြစ်ပါတယ်။ ကျွန်တော်တို့တည်းတဲ့ဟိုတယ်ရဲ့နာမည် Hotel Chancellor @ Orchard ကို တိုက်ရိုက်ဘာသာပြန်ရင်တော့ သီးပင်စိုက်ခင်းက နန်းရင်းဝန်ဟိုတယ်လို့ အဓိပ္ပာယ်ရပါမယ်။ ကိုယ်မသိတဲ့ စကားလုံးအသစ်တွေတွေ့တိုင်း dictionary လှန်တာက အကျင့်ပါနေလို့ပါ။

Orchard Road ဟာ စင်ကာပူမှာ သာမက အာရှမှာပါ ဈေးဝယ်လို့ကောင်းတဲ့နေရာအဖြစ်ထင်ရှားပါတယ်။ မြို့လယ်ကောင်မှာရှိပြီး နာမည်ကြီးတံဆိပ်တွေနဲ့ ပစ္စည်းအစုံရနိုင်တဲ့ ကုန်တိုက်ကြီးတွေ အများအပြားရှိပါတယ်။ ကုန်တိုက်တစ်ခုတည်းကိုပဲ ကောင်တာအနှံ့လိုက်ကြည့်ရင် အနည်းဆုံး တစ်ရက်အချိန်ကုန်တယ်လို့ဆိုတယ်။

**ဓာတ်လှေကားထဲကပြဿနာ**

ဟိုတယ်ကောင်တာမှာ အခန်းနံပါတ်ခွဲယူကြပြီး အခန်းဖွင့်ဖို့ ပလတ်စတစ်ကတ်တစ်ကတ်ကို ပေးပါတယ်။ ကျွန်တော်တို့နှစ်ယောက်က Room (660) ရတယ်။ ခြောက်ထပ်က အခန်းနံပါတ် (၆၀) ဖြစ်တယ်။ ဓာတ်လှေကားရှိရာကို ဒေါ်မွေးက အရှေ့ကသွားပြီး ကျွန်တော်က အနောက်ကလိုက်ပါတယ်။ ဓာတ်လှေကားခေါ်တဲ့ခလုတ်ကို နှိပ်ပြီး တံခါးပွင့်သွားတဲ့အချိန်မှာ သူက တံခါးကိုကိုင်ထားပြီး အထုပ်အပိုးတွေနဲ့ ကျွန်တော်က လိုက်ဝင်ရတယ်။ ဇာကယ်လို့သာ တံခါးကိုမကိုင်ထားလို့ တံခါးပိတ်သွားရင် ဝင်နေရင်းတန်းလန်း မောင်ပွင့်ညပ်သွားမှာ ချစ်ချစ်က စိုးရိမ်သကိုး။

www.burmeseclassic.com

foreign tour မှာ ကျွန်တော်က သူ့ကို ဆရာ အဲလေ ဆရာမ,နေရာမှာ ထားရပါတယ်။ (ဖောရိန်း (foreign)) ဆိုတဲ့စကားလုံးကို နိုင်ငံခြားဆိုတဲ့ အဓိပ္ပာယ်နဲ့ I went foreign. လို့ပြောရင် မှားပါတယ်။ I went abroad.လို့ ပြောရပါမယ်။ foreign ဟာ အင်္ဂလိပ်သဒ္ဒါ (grammar) အရ နာမဝိသေသန (adjective) ဖြစ်တဲ့အတွက် I went to foreign countries. လို့ပြောရင်တော့ ရပါတယ်။)


တံခါးပိတ်သွားတဲ့အခါ ကျွန်တော့်ဆရာမက အထပ်နံပါတ်(၆)ခလုတ်ကို နှိပ်ပါတယ်။ မီးမလင်းပါ။ ဒေါ်မွေးနှိပ်လို့မပွင့်တာ၊ မောင်ပွင့်နှိပ်ရင် ပွင့်မယ်ထင်ပြီး နှိပ်ကြည့်တော့လည်းမပွင့်ပါ။ ဓာတ်လှေကားတံခါး ဖွင့်၊ အဝင်အထွက်လုပ်၊ ပြန်ဖွင့်ကြည့်၊ ဒါလည်းမရ။ နှစ်ယောက်သား ချွေးပြန်နေတုန်း နိုင်ငံခြားသားတစ်ယောက် ဝင်လာပါတယ်။ သူ့မှာပါလာတဲ့ ပလတ်စတစ်ကတ်ကို sensor လို့ ရေးထားတဲ့နေရာမှာ တစ်ချက်ကပ်လိုက်ပြီး တက်ချင်တဲ့အထပ်ကို နှိပ်လိုက်ပါတယ်။ တန်းပွင့်သွားပါတယ်။ အို့ဟိုး. . . ဒါကြောင့်ကိုး။

အပြင်လူတက်လို့မရဘဲ ,အခန်းတည်းဧည့်သည်မှတက်လို့ရအောင်လုပ်ထားတာပါ။ ဇတ်လိုက်တာ။ ကိုယ်တွေကညံ့လိုက်တာ။ နောက်ထပ်ညံ့တာတွေ အများကြီးလာပါဦးမယ်။ အဲခန်းနေရာတွေရပြီးတော့ အချိန်ရတုန်း အပြင်ထွက်လည်ဖို့ (၃)ထပ်က တစ်ယောက်က (၆) ထပ်က ကျွန်တော်တို့ကိုခေါ်ဖို့ ဓာတ်လှေကားခလုတ်နှိပ်တာ မရပြန်ပါ။ ဘယ်ရမလဲ၊ (၃) ထပ်မှာတည်းတဲ့ သူ့ကို သူ့ကတ်က (၃) ထပ်အထိပဲ တက်ခွင့်ပေးထားတာကိုး။ ဟိုတယ်တစ်ခုလုံး လွှတ်ထားတဲ့ air-com ကြောင့် ဓာတ် လှေကားထဲမှာလည်း အေးနေပေမယ့် သူက ချွေးပြန်ရုံမက ရှူးရှူးပါထွက်ချင် သွားတယ်လို့ဆိုတယ်။

**စင်ကာပူညနေခင်း**


အဲသလိုနဲ့ ဟိုတယ်ဧည့်ခန်းမှာ အားလုံးလူစုမိတဲ့အခါ ဒေါ်မွေးတူမ ရဲ့သူငယ်ချင်းလင်မယားပါရောက် တာတွေ့ရတယ်။သူတို့က ချန်ဂီလေ မှာ အလုပ်လုပ်နေပြီး ရက်အားနဲ့တို နေလို့ ကျွန်တော်တို့အဖွဲ့ကို guide လု ပေးဖို့လာကြတာပါ။ ဘတ်စ်ကား မတက် တက္ကစီမခေါ် ခြေကျင်ပဲချီတ ကြပါတယ်။ ခြေထောက်ညောင်း ညောင်းပါစေ ကမ္ဘာမှာ အသန့်ရှင်း မြို့လို့ နာမည်ကျော်တဲ့ စင်ကာပူကို ပြေနပြေ ငေးကြည့်ချင်ပါတယ်။

ဘတ်စ်ကားတွေက မှတ်တိုင်


ဗီးလောင်လျှင် အရေးပေါ်ထွက်ပေါက် လမ်းကြောင်းပြပုံ



စင်ကာပူကျွန်းမြေပုံ (ဆန်တိုဆာကျွန်းက ကျွန်းမကြီး၏တောင်ဘက်တွင် ရှိသည်)






www.burmeseclassic.com

www.burmeseclassic.com

ရာမှာ အတိအကျရပ်ပါတယ်။ ကျွန်တော်တို့ဆီမှာလို မှတ်တိုင်မရောက်ခင်ရပ်တာ၊ မှတ်တိုင်ကျော်ပြီးရပ်တာတွေ မရှိပါ။ သိပ်ကောင်းမလဲဗျာ။ ခရီးသည်တွေ အညောင်းပြေအညာပြေအပြေးလေ့ကျင့်ခန်းမလုပ်ကြရဘူးပေါ့။ မှတ်တိုင်မှာဆိုရင်လည်း ခရီးသည်အားလုံး တန်းစီစောင့်ရပြီး အလှည့်ကျတက်ရပါတယ်။ မောင်ပွင့်စိတ်ထဲမှာ ဒီလူတွေ မတိုးတက်သေးဘူးလို့ဘဲ ထင်လိုက်ပါတယ်။

တက္ကစီရပ်တဲ့ မှတ်တိုင်ကသပ်သပ်။ အဲဒီမှာလည်း တန်းစီပဲ။ အရင် ရောက်တဲ့လူ အရင်တက်။ ရှိသေးတယ်၊ တက္ကစီတစ်စီးမှာလူ(၄)ယောက်ထက်ပိုမစီးရ။ မောင်ပွင့်တို့ဆီမှာလာကြည့်။ ဗင်ကားအနောက်ဖုံးကိုဖွင့်၊ လူ(၄) ယောက်လောက် ထပ်ထည့်ပြီး အပျော်တပါးခရီးသွားကြတာ၊ ဒီလူတွေ အတုယူဖို့ကောင်းတယ်။

လမ်းထောင့်က မီးပွိုင့်တွေမှာ ဘာဉ်အချက်ပြမီးစိမ်းနေရင်. လူကူးအချက်ပြမီးနီနေပါတယ်။ လမ်းဘယ်လောက်ရှင်းနေပစေ လူကူးအချက်ပြမီးစိမ်းမှဖြတ်ဖို့ အ ဘးလုံးကိုသတိပေးပါတယ်။ ကားအားလုံးကလည်း လူကူးတဲ့နေရာမှာ မီးနီနေရင် ဖြတ်ကူးတဲ့လူမရှိလည်း ရပ်နေကြတာပါပဲ။ စင်ကာပူကို အမီလိုက်ချင်တယ်ဆိုတဲ့လူတွေ ကိုယ့်ကိုယ်ကိုယ်စည်းကမ်းလိုက်နာမှုရှိ၊ မရှိ အရင်ဆန်းစစ်ကြည့်ဖို့တော့ လိုနေပြီထင်ပါတယ်။

Bridge Rd. နဲ့ Coleman St. လမ်းထောင့်မှာ မြန်မာနိုင်ငံသားတွေ ရောက်လို့အများသိကြတဲ့ ပင်နီစူလာပလာဇာ (Pennisula Plaza) ကြီးကိုတွေ့ရတယ်။ အပြင်ဘက်မှာလည်း မြန်မာလိုရေးထားတဲ့ဆိုင်းဘုတ်တွေ ကပ်ထားတယ်။ ဖြတ်လမ်းလေးတစ်ခုမှာ လူကူးစကြိုကို ပြဒါးမှန်အမိုးကွေးနဲ့ အုပ်မိုးထားပြီး လမ်းကိုလည်း မီးပွင့်လေးတွေနဲ့ အန်ဆာဆင်ထားတာ တွေ့ရတယ်။ အတော်လှလို့ လူစုပြီးဓာတ်ပုံရိုက်ကြပါတယ်။

ပါလာတဲ့လမ်းပြ ကိုမြင့်ဝင်းကပြောတယ်။

"ဒီစကြိုအမိုးနဲ့ လမ်းကို နောက် (၂) နှစ်၊ (၃) နှစ်လောက်ကြာရင် ချက်ပစ်လိုက်ပြီး အသစ်ပြန်လုပ်မှာ"တဲ့။

"ဟာ-အကောင်းကြီးရှိသေးတာ၊ ဖျက်ပစ်ရမှာ နှမြောစရာကြီး"

လို့ ကျွန်တော်ကပြောတော့ သူက စင်ကာပူလာတဲ့ နိုင်ငံခြားသားတွေအတွက် နောက်တစ်ခေါက်လာရင် အရင်တစ်ခါနဲ့မတူအောင် အမြဲတမ်းပြောင်းလဲနေတာလို့ ပြန်ဖြေပါတယ်။ သြော်- ချမ်းသာတဲ့ နိုင်ငံပေကိုး။

နေရာတိုင်းမှာ နိုင်ငံခြားသားခရီးသွားတွေတွေ့ရတယ်။ မိသားစုလိုက် ကလေးပုစုခရုတွေတောင်ပါလိုက်သေး။ ဟိုတယ်တွေဆိုရင်လည်း (၃)၊(၄)ထပ်တောင်မတွေ့ဘဲ အထပ်မြင့်ဟိုတယ်ကြီးတွေ နေရာတိုင်းမှာ ရှိပါတယ်။ အဆောက်အအုံအားလုံးကို ညဘက်မှာ ဒီဇိုင်းအမျိုးမျိုးနဲ့ မီးအလှဆင်ထားလို့ ညဘက်ဆို အင်မတန်လှတဲ့ မြို့ကြီးတစ်မြို့ဖြစ်တယ်။ မီးခိုးမထွက်တဲ့လုပ်ငန်း (smokeless industry) လို့ တင်စားခေါ်ကြတဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း (tourism) ကနေ စင်ကာပူဟာ တစ်နှစ်တစ်နှစ်ကို ဒေါ်လာသန်းပေါင်းများစွာ ဝင်ငွေရနေတာဖြစ်တယ်။

စင်ကာပူနိုင်ငံရဲ့ အမှတ်အသားတစ်ခုဖြစ်တဲ့ ပါးစပ်ကရေပန်းထွက်နေတဲ့ ခြင်္သေ့ရုပ်ပန်းခြံမှာ အပန်းလာဖြေသူတွေ၊ ဓာတ်ပုံရိုက်သူတွေနဲ့ ကြိတ်ကြိတ်တိုးစည်ကားနေပါတယ်။ ကျွန်တော်တို့သွားတဲ့အချိန်က စင်ကာပူမှာ ည (၇) နာရီလောက်မှ မှောင်စပျိုးပါတယ်။ ညနေစာကို KFC ဆိုင်တစ်ဆိုင်မှာ ကြက်ကြော်စားပြီး ဟိုတယ်ပြန်ရောက်တော့ ည (၈) နာရီလောက် ရှိပါပြီ။

**ဟိုတယ်ခန်း**

တံခါးလက်ကိုင်ဘုအောက်က အပေါက်ထဲကို ပလပ်စတစ်ကတ်ထိုးထည့်ပြီး ဘုလှည့်ဖွင့်ရတယ်။ အခန်းထဲက ကတ်ထည့်တဲ့နေရာမှာ ပလတ်စတစ်ကတ်ကိုထည့်လိုက်မှ အခန်းမီးတွေ ဝင့်လို့ရတယ်။ လေအေးစက်တွေကို အလုံးလိုက်တပ်ထားတာမရှိပါ။ မျက်နှာကျက်လေဝင်ပေါက်ကနေ လေအေးဝင်ပါတယ်။ လေအေးအနည်းအများထိန်းတဲ့ ခလုတ်ကို ရေချိုးခန်းအပြင်ဘက်မှာ တပ်ထားတယ်။

လေအေးထိန်းခလုတ်ဘေးက ခလုတ်တစ်ခုအပေါ်မှာ On/Off Hair Drier Switch ဆိုတဲ့ စာတန်းကပ်ထားတယ်။ ရေချိုးခန်းထဲက ဆံပင်အခြောက်ခံလေပူမှုတ်စက်ကို အဖွင့်၊အပိတ်လုပ်တဲ့ ခလုတ်ဖြစ်ပါတယ်။ ကျွန်တော်တို့ အုပ်စုထဲကတစ်ယောက်က ဒီခလုတ်ကိုမသိလို့ (မတွေ့တာမဟုတ်) Hair Drier ပျက်နေလားမသိဘူးလို့ပြောပါတယ်။ သွားလေရာမှာ တွေ့သမျှအင်္ဂလိပ်စာဖတ်တဲ့အလေ့အကျင့်လေးလုပ်ထားတာ ကောင်းပါတယ်။

အခန်းတံခါးရဲ့ အတွင်းဘက်မှာ ကျွန်တော်တို့ရှိနေတဲ့ (၆)ထပ်ရဲ့ အခန်းမြေပုံကိုပြထားပြီး Fire Escape Plan လို့ စာတန်းရေးထားတယ်။ မီးလောင်ရင် ဓာတ်လှေကားကိုမသုံးဘဲ ကိုယ့်အခန်းနဲ့ အနီးဆုံးအရေးပေါ်ထွက်ပေါက်ဆီသွားတဲ့ လမ်းကြောင်းကိုပြထားတယ်။

အခန်းနံရံမှာ ရေမျိုးစုံရနိုင်တဲ့ စက်တစ်ခုလည်းတပ်ထားတယ်။ ရေမျိုးစုံဆိုတာက ရိုးရိုးရေ၊ ရေခဲရေ၊ ရေနွေးနဲ့ ရေပူတွေပါ။ တစ်ခါနှိပ်ရင် ပေးထားတဲ့ ကြွေပန်းကန်လုံးတစ်လုံးစာထွက်ပြီး ရပ်သွားပါတယ်။ ရေကျနေရင်းတန်းလန်း ရပ်ချင်ရင်တော့ ခလုတ်ကို တစ်ချက်ပြန်နှိပ်လိုက်ရပါတယ်။ ကော်ဖီဖျော်ဖို့ ရေပူချတဲ့ခလုတ်ကို ကျွန်တော်တို့နှစ်ယောက် (၁၀) မိနစ်လောက်ကြာအောင်ရှာရပါတယ်။

အခန်းတိုင်းမှာတပ်ထားတဲ့ဖုန်းက အခန်းနံပါတ်နှိပ်ပြီး အခန်းအချင်းချင်း ခေါ်လို့ရသလို ဧည့်ကြိုကောင်တာ (Reception) ကို ခေါ်ပြီး လိုအပ်တာ ပြောလို့ရပါတယ်။ မနက်ကိုယ်ထချင်တဲ့ အချိန်ကိုမှာထားရင် မနက်ကျရင် ဖုန်းနဲ့ နှိုးပေးပါတယ်။ ဒါကို morning call လို့ ခေါ်ပါတယ်။ ဒေါ်မွေးတို့ အစ်မကြီးအခန်းက တီဗွီဖွင့်လို့မရတာကို ကျွန်တော်လုပ်ကြည့်တော့လည်းမရတာနဲ့ Receptionကို ဖုန်းနဲ့ အကြောင်းကြားလိုက်တာ ချက်ချင်းလူလွှတ်ပြီး ပြင်ပေးပါတယ်။

**စင်ကာပူဆိုတာ**

အာရှမှာသာမက ကမ္ဘာမှာပါ နာမည်ကျော်တဲ့စင်ကာပူနိုင်ငံအကြောင်း သိချင်လို့ယူလာတဲ့ လက်ကမ်းစာစောင် (pamphlet) တွေ၊ ဖုန်းက အင်တာနက်နဲ့ ကွန်ပျူတာက Microsoft Encarta, Britinnica စတဲ့ စွယ်စုံကျမ်း (Encyclopaedia)တွေကို လိုက်ဖတ်ကြည့်ပါတယ်။ စင်ကာပူဆိုတဲ့စကားလုံးဟာ ပါဠိလို သီဟပူရ (Sihapura) က ဆင်းသက်လာတာလို့ တချို့ကယူဆကြတယ်။ (သီဟ-ခြင်္သေ့+ပူရ-နိုင်ငံ)

စင်ကာပူမြို့ကို ၁၈၁၉ ခုနှစ်မှာ Sir Thomas Stamford Raffles က စတင်တည်ထောင်ခဲ့တယ်။ အဲဒီအရင်



www.burmeseclassic.com

www.burmeseclassic.com

က စူလ်တန် (Sultan) လို့ခေါ်တဲ့ မွတ်စလင်စော်ဘွားတွေ အုပ်ချုပ်ခဲ့ပြီး နောက်ဆုံးအုပ်ချုပ်ခဲ့တဲ့ စူလ်တန်က အစ္စကန်ဒါရှား (Iskandar Shah) ဖြစ်တယ်။ ၁၈ ရာစုနှစ် စောစောပိုင်းက သူဆောက်ခဲ့တဲ့ ဗလီဟာ စင်ကာပူမှာ အကြီးဆုံးဗလီဖြစ်တယ်။

၁၉၆၃ ခုနှစ်မှာ မလေးရှားပြည်ထောင်စုနိုင်ငံ (The Federation of Malaysia) ထူထောင်တော့ စင်ကာပူဟာ မလေးရှားနိုင်ငံရဲ့ ပြည်နယ်တစ်ခုအနေနဲ့ပါဝင်တယ်။ အဲဒီတုန်းက စင်ကာပူဟာ ဘာထွက်ကုန်မှမရှိဘဲ ကျန်တဲ့ပြည်နယ်တွေအပေါ် မှီခိုနေရတာကြောင့် မလေးရှားအစိုးရက ဆက်ပြီးတာဝန်မယူချင်တာနဲ့ ၁၉၆၅ ခုနှစ်မှာ သီးခြားလွတ်လပ်ရေးပေးခဲ့တာလို့ သိရတယ်။

စင်ကာပူနိုင်ငံရဲ့ တရားဝင်အမည်အပြည့်အစုံက စင်ကာပူသမ္မတနိုင်ငံ (Republic of Singapore) ဖြစ်တယ်။ ဧရိယာအကျယ်အဝန်းက (၆၈၅)စတုရန်းကီလိုမီတာ (၂၆၅ စတုရန်းမိုင်) ဖြစ်တယ်။ မြန်မာနိုင်ငံရဲ့အကျယ်အဝန်း (၂၆၁,၂၁၈)စတုရန်းမိုင်နဲ့ နှိုင်းစာလိုက်ရင် စင်ကာပူနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ တစ်ထောင်ပုံတစ်ပုံသာသာကလေးပဲရှိတယ်။

အာရှတိုက်က ကျားငါးကောင်ထဲမှာပါတဲ့ စင်ကာပူကို စင်ကာပူကျွန်း၊ စင်ကာပူနိုင်ငံ၊ စင်ကာပူမြို့လို့ အမျိုးမျိုးခေါ်နိုင်တယ်။ မလေးကျွန်းဆွယ်ရဲ့ တောင်ဘက်အစွန်းမှာကပ်လျက်ရှိတဲ့ စင်ကာပူနိုင်ငံမှာ ပင်မကျွန်းကြီးတစ်ကျွန်းနဲ့ကပ်လျက် ကျွန်းငယ်ပေါင်း (၅၀) လောက်ရှိတယ်။ စင်ကာပူကျွန်းဟာ မလေးရှားနိုင်ငံနဲ့ အလွန်ကျဉ်းတဲ့ ဂျိုဟိုရေလက်ကြား (Johore Strait) ခြားပြီး တည်ရှိတယ်။ မလေးရှားနိုင်ငံ ဂျိုဟိုဘာဟာရူးမြို့ (Johor Baharu)နဲ့ ကားလမ်းရော ရထားလမ်းပါ ဆက်သွယ်ထားတယ်။

တောင်ဘက်မှာ စင်ကာပူကျွန်းဟာ အင်ဒိုနီးရှားနိုင်ငံ ရီအော်ကျွန်းဆွယ် (Riau Archipelago) နဲ့ စင်ကာပူရေလက်ကြား (Singapore Strait) ခြားပြီး တည်ရှိတယ်။ (၆၅) မိုင် (၁၀၅ ကီလိုမီတာ)ရှည်လျားတဲ့ ဒီရေလက်ကြားကပဲ အနောက်ဘက် အိန္ဒိယသမုဒ္ဒရာနဲ့ အရှေ့ဘက် တောင်တရုတ်ပင်လယ်တို့ကို ဆက်သွယ်ပေးတဲ့လမ်းကြောင်းဖြစ်လာပြီး စင်ကာပူဟာ ကုန်သွယ်ရေးအချက်အချာကျတဲ့နိုင်ငံဖြစ်လာတယ်။

စင်ကာပူဟာ ကမ္ဘာပေါ်မှာ ကုန်စည်စီးဆင်းမှုအဝင်အထွက်အများဆုံးနိုင်ငံတွေထဲမှာ တစ်နိုင်ငံအပါဝင်ဖြစ်တယ်။

သယံဇာတဘာမှမထွက်ဘဲ ရေကိုတောင် မလေးရှားကနေ ဝယ်သောက်ရတဲ့ စင်ကာပူနိုင်ငံရဲ့တိုးတက်မှုဟာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု (Human Resource Development) ကြောင့်ဖြစ်တယ်။ တစ်နည်းအားဖြင့် ပညာနဲ့တိုင်းပြည်တည်ဆောက်လို့ ဖြစ်တယ်။ နိုင်ငံတကာနဲ့ယှဉ်လိုက်ရင် ပညာရေးအဆင့်အတန်းနိမ့်ကျလွန်းတာကြောင့် မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံစာရင်းထဲမှာပါနေတာဖြစ်တယ်။ ဒီလိုဖြစ်ရတာဟာ ဘယ်သူ့ကြောင့်ဘယ်ဝါကြောင့်လို့ လက်ညှိုးထိုးနေမယ့်အစား မြန်မာနိုင်ငံမှာ ပညာခေတ်ရောက်အောင် အားလုံး ဝိုင်းဝန်းကြိုးစားကြရမှာ ဖြစ်တယ်။

ကျန်းမာရေး စောင့်ရှောက်မှုနဲ့ ကျန်းမာရေးပညာပေးကောင်းမွန်တာကြောင့် ၂၀၀၈ ခန့်မှန်းစာရင်းအရ စင်ကာပူနိုင်ငံသားတစ်ယောက်ရဲ့ ပျမ်းမျှသက်တမ်း (Life expectancy) ဟာ (၈၁. ၉) နှစ်ဖြစ်တယ်။ (ကျား ၇၉. ၃၊ မ ၈၄. ၇) အလားတူနှစ်မှာပဲ မြန်မာနိုင်ငံသားတစ်ယောက်ရဲ့ ပျမ်းမျှသက်တမ်းကတော့ (၆၂. ၉) နှစ်ဖြစ်တယ်။ (ကျား ၆၀. ၇၊ မ ၆၅. ၃) ထူးခြားတာကတော့ နိုင်ငံတိုင်းမှာလိုလိုပဲ ယေဘုယျအားဖြင့် အမျိုးသားတွေဟာ အမျိုးသမီးတွေထက် အသက်တိုပါတယ်။

တစ်ချိန်က ဗြိတိသျှကိုလိုနီလက်အောက်ကျရောက်ခဲ့လို့ ကိုလိုနီခေတ်လက်ကျန်အဆောက်အအုံတွေ အများကြီးရှိတယ်။ သမိုင်းအမွေအနှစ် (Historical Heritage) လို့ဆိုရမယ့် အဲဒီအဆောက်အအုံတွေကို မဖျက်ပစ်ဘဲ လက်ရာမပျက် ထိန်းသိမ်းမွမ်းမံထားလို့ ကမ္ဘာလှည့်ခရီးသည်တွေ အများအပြားလာရောက်ကြည့်ရှုကြတယ်။ ကျွန်တော်တို့ဆီမှာတော့ တန်ဖိုးမသိသူတွေက မရောင်ရာဆီလူးအကြောင်းပြချက်တွေနဲ့ဖျက်ဆီးပစ်ကြလို့ ဆုံးရှုံးကြရတယ်။

လူမျိုးပေါင်းစုံ အခြေချနေထိုင်တဲ့ စင်ကာပူနိုင်ငံမှာ တရုတ်နဲ့မလေးလူမျိုးတွေက အများဆုံးဖြစ်တယ်။ ၂၀၀၈ခုနှစ် ခန့်မှန်းခြေစာရင်းအင်းအရ တရုတ်- (၇၇%)၊ မလေး (၁၄%)၊ အိန္ဒိယ (၈%) နဲ့ ကျန်လူမျိုးများ (၁%) ဖြစ်ပါတယ်။ လူဦးရေသိပ်သည်းမှုက တစ်စတုရန်းမိုင်မှာ (၁၇,၄၇၅) ဦးဖြစ်ပြီး ကမ္ဘာ့လူဦးရေ

အသိပ်သည်းဆုံးမြို့တွေထဲမှာ အပါ
အဝင် ဖြစ်တယ်။

တရားဝင်ရုံးသုံးစကား (Official
language) အနေနဲ့ တရုတ်၊ မလေး၊
တမီးလ်၊ အင်္ဂလိပ်စကားတွေသုံးတယ်။
စင်ကာပူသားအများစုဟာ တရုတ်နဲ့
အင်္ဂလိပ်စကားတွေပြောတတ်ကြတယ်။
စင်ကာပူသား (Singaporean)တွေပြော
တဲ့ အင်္ဂလိပ်စကားကို (Singlish) လို့ခေါ်
တယ်။

တရုတ်-မလေး မင်္ဂလာဆောင်
တွေမှာ သတို့သားနဲ့ သတို့သမီးတို့ဟာ
ဘုရင်နဲ့ ဘုရင်မပုံစံ ဝတ်စားဆင်ယင်
တတ်ကြတယ်။ ဆွေမျိုးမိတ်ဆွေတွေက
အန်ပေါင်း (ang pow)လို့ခေါ်တဲ့ မင်္ဂလာ
လက်ဖွဲ့ငွေသားကို စာအိတ်အနီနဲ့ထည့်
ပြီး မင်္ဂလာမောင်နှံကို လက်ဆောင်
အဖြစ်ပေးကြတယ်။ ကံကောင်း
အထိမ်းအမှတ်အနေနဲ့ ငွေစက္ကူ
မဟုတ် အကြွေစေ့တွေကို စုံဂဏန်း
ထည့်ကြတဲ့ အစဉ်အလာရှိတယ်။

အခုတော့ စင်ကာပူသားတွေ
ပိုခေတ်မီလာပြီး မင်္ဂလာဆောင်ဖိတ်စာ
ထဲမှာ ငွေလက်ဖွဲ့လို့ရနိုင်တဲ့ အ
စာရင်းနံပါတ် (Bank Account No.)
တစ်ခါတည်းထည့်ပေးကြတယ်။ ဒါလည်း
ကောင်းတာပါပဲ။ လက်ဖွဲ့ဝယ်ရထို
ရတဲ့ဒုက္ခတွေကင်းသွားတာပေါ့။

စင်ကာပူမှာ တရုတ်နှစ်သစ်ကူး
တော်ကို (၁၅) ရက်လောက်ကြာအောင်
ကျင်းပတယ်။ လူမျိုးပေါင်းစုံနေထိုင်
ကြတာဖြစ်လို့ မွတ်စလင်နှစ်သစ်ကူး
(Hari Raya Puasa)၊ ထိုင်းနှစ်သစ်ကူး
(Loy Krathong)၊ ဟိန္ဒူနှစ်သစ်ကူး
တွေလည်းရှိတယ်။ စင်ကာပူနိုင်ငံ
အကြီးဆုံးကုန်သွယ်ရေးမိတ်ဖက်နိုင်ငံ
ကတော့ အမေရိကန်ပြည်ထောင်စု
တယ်။

စင်ကာပူနိုင်ငံ လွတ်လပ်ရေး
ခါစက စင်ကာပူမြို့တည်ဖို့ ဟိုတုန်း
အရှေ့တောင်အာရှမှာ အလှဆုံးမြို့
တစ်မြို့ဖြစ်တဲ့ ရန်ကုန်မြို့ကို နမူနာ
ယူကြရတယ်။ စင်ကာပူကရဲတွေ
မြန်မာနိုင်ငံက ရဲသင်တန်းကျောင်း
မှာ လာတက်ကြရတယ်။ စင်ကာပူသား
တွေဟာ ရန်ကုန်တက္ကသိုလ်မှာလာ
ပညာသင်ကြရတယ်။

အခုတော့ . . . အခုတော့ . . .

မင်္ဂလာပွားနိုင်ကြပါ

မောင်ပွင့်ဉာဏ် (ဓာ



www.burmeseclassic.com

www.burmeseclassic.com

# ညွန့်ဝေယျာ
## ဘုရားငှတ်ခယောင်းတော့မှ
## သာမဏေ



မဂဓတိုင်း၊ နာလကခေါ်သော ပုဏ္ဏားရွာတွင် နေထိုင်သော ဝင်္ကန္တပုဏ္ဏားကြီးနှင့် ဇနီးသည် ရူပသာရီ ပုဏ္ဏေးမကြီးတို့တွင် သားသမီးခြောက်ယောက် ဖွားမြင်ပေါက်ခဲ့သည်။

သားအကြီးဆုံး ဥပတိဿအား မိဘနှစ်ပါးစလုံးက အားထား၍ မိဘအရိုက်အရာကို ခံယူစေချင်သည်။

သို့သော် သားကြီးသည် လောကီလူ့ဘောင်တွင် မပျော်ပိုက်၍ ရဟန်းပြုရန် သိဥ္စည်းဆရာထံပို့ပေးလိုက်ရသည်။

သိဥ္စည်းဆရာထံတွင် ကြာရှည်မခံဘဲ မိမိတို့အလိုဆန့်ကျင်ကာ ရှင်ဂေါတမ၏ သာသနာဘက်သို့ ကူးပြောင်းသွားခဲ့သည်။

မိဘတို့၏ မျိုးရိုးအစဉ်အလာကို ဆန့်ကျင်၍ထွက်ခွာသွားခဲ့သောသားကြီးအတွက် လက်လွှတ်ခဲ့ရသော်လည်း သားငယ် စုန္ဒနှင့် ဥပသေနတို့ရှိနေသေး၍ ဖြေသားသေး၏။

ထိုသို့စဉ်းစားနေစဉ်မှာပင် မကြာမီကာလတွင် သားငယ်နှစ်ယောက်ကိုပါ သားကြီး ဥပတိဿက စည်းရုံးခေါ်သွားပြန်သည်။

ပိုဆိုးသည်မှာ သမီးသုံးယောက်ကပါ သူ့အစ်ကိုကြီးဖြစ်သူနောက်သို့ကောက်ကောက်ပါအောင် လိုက်သွားကြပြန်သည်။

ပုဏ္ဏားအိုလင်မယားမှာ မိမိတို့ကိုထား၍ အဝေးသို့ ထွက်ခွာသွားသည့် သားသမီးများအား ကရုဏာဒေါသဖြစ်ရုံမှတစ်ပါး အခြားမတတ်နိုင်တော့။

သို့သော် ယခုအခါ ကံကောင်းထောက်မစွာ သားရတနာတစ်ပါးရခဲ့ပြန်သည်။ အသက်အရွယ်ရလာသောအခါ မိဘတိုင်း သားသမီးများကို အားကိုးအားထားပြုလိုကြသည်မှာ ဓမ္မတာပင်။

ယခု သားယောကျ်ားကလေးတစ်ယောက် ထွန်းပေါက်လာ၍ အဘိုးအို၊ အဘွားအိုနှစ်ဦးမှာ ရွှင်မြူးနေ၏။

သူတို့၏သားအကြီးဆုံးမှ စလိုက်သဖြင့် ရဟန်းဂေါတမနောက်လိုက်ပါသွားကြသည်မှာ သားသုံးယောက်၊ သမီးသုံးယောက်ဖြစ်သည်။

သားသုံးယောက်မှာ ဥပတိဿ၊ စုန္ဒ၊ ဥပသေနနှင့် သမီးသုံးယောက်ဖြစ်ကြသော စာလာ၊ ဥပစာလာ၊ သီသူပစာလာတို့ဖြစ်၏။

ယခုနောက်ဆုံး အထွေးဆုံးသားကလေးအား ရေဝတဟု အမည်ပေးထား၏။

အငယ်ဆုံးလည်းဖြစ်၊ သားယောကျ်ားကလေးလည်းဖြစ်ရာ မိဘနှစ်ဦးစလုံးမှာ မိမိတို့၏ စည်းစိမ်အားထိန်းသိမ်းမည့်သူအဖြစ် မျှော်လင့်ထားသည်။

ထို့အတူ အရင်က သားသမီးကြီးများမှာ မိအိုဖအိုကိုစွန့်ပစ်၍ ရဟန်းဂေါတမ၏နောက်သို့ ကောက်ကောက်ပါအောင်လိုက်သွားကြသည်။ ယခု သားငယ်ကိုတော့ လက်လွှတ်ခံ၍မဖြစ်။ လူ့ဘောင်ကို မစွန့်ခွာနိုင်အောင် အသိုင်းအဝိုင်းသံယောဇဉ်၊ ပစ္စည်းသံယောဇဉ်တို့ဖြင့် ကြိုကြိုတင်တင် ချည်နှောင်ထားရန် ဆုံးဖြတ်လိုက်သည်။

အငယ်ဆုံးသားကလေးကိုတော့ သားကြီး ဥပတိဿ သွေးဆောင်မှုမခံရအောင် ကြံမှဖြစ်တော့မည်။ သို့ဖြစ်ရာ မိမိတို့ဓလေ့အတိုင်း အရွယ်မရောက်သေးစေကာမူ ကြိုတင်၍အိမ်ထောင်ချထားရန် စီစဉ်လိုက်သည်။

လက်ထပ်မင်္ဂလာဆင်နွှဲရန်အချိန်သို့ရောက်ရှိလာသည်။ ရေဝတ၏မိဘများနေထိုင်ရာ ဥပတိဿရွာကြီးသည် ရာဇဂြိုဟ်နှင့်မနီးမဝေးရှိသဖြင့် မင်္ဂလာပွဲထုံးစံအတိုင်း သတို့သမီးရှိရာ ရာဇဂြိုဟ်သို့ သတို့သားက သွားရောက်၍ သတို့သမီးတောင်းရန်ဖြစ်သည်။ ထို့နောက် သတို့သမီးအိမ်တွင် မင်္ဂလာပွဲဆင်နွှဲပြီး သတို့သမီးကို သတို့သားရှိရာသို့ ခေါ်ဆောင်လာမည် ဖြစ်၏။

သို့ဖြစ်ရာ ရေဝတသတို့သားအား ကောင်းစွာ ဝတ်စားဆင်ယင်၍ သတို့သမီး၏နေအိမ်တွင် မင်္ဂလာပွဲဆင်နွှဲလေသည်။

ခုနစ်နှစ်အရွယ် သတို့သားရေဝတအဖို့မူ ကလေးသူငယ်ဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com

အလျောက် အကြောင်းတစ်စုံတစ်ရာ မထူး ခြားသေး။

သို့သော် မင်္ဂလာအခမ်းအနားတွင် မင်္ဂလာစကားပြောကြားရာ၌ သတို့သမီး၏အိမ်တွင် အသက် (၁၂၀) ရှည်သော သတို့သား ရေဝတ၏ အဘွားသည် မင်္ဂလာကောင်းချီးသြဘာစကားပြောကြားလေသည်။

မိဘများက အဘွားအိုကိုရှိခိုးစေကြပြီးလျှင် -

"ချစ်သမီး၊ သင်ချစ်သမီးသည် သင်၏ ယခုအဘွားထက် အသက်အရွယ်ကြီးရင့်စွာနေရသူဖြစ်ပါစေသတည်း"

ဟု မင်္ဂလာစကားဆုတောင်းပြောဆိုကြလေ၏။

ရေဝတသည် မိဘတို့၏မင်္ဂလာဆုတောင်းစကားကိုကြားရလေလျှင် -

'ဤသူငယ်မသည် အသက်ငယ်သူ ပထမအရွယ်နုပျိုနေခိုက် ဖြစ်သည်။ ဤမျှ တင့်တယ်သော ရုပ်အဆင်းသည် ငါ့အဘွား၏ ရုပ်အဆင်းနှင့် အလားတူ ရွတ်တွယိုယွင်းအိုမင်းရမည်ဖြစ်လိမ့်မည်။ ပို၍ရှင်းလင်းအောင် ငါမေးရဦးမည်'

ဟု ကြံရွယ်ကာ -

"အမိ အဖတို့ခင်ဗျား၊ အဘယ်ကို ရည်ရွယ်၍ ပြောဆိုခြင်း၊ ဆုတောင်းခြင်း ပြုပါသလဲ"

ဟု မေးလေရာ -

"ချစ်သား၊ ဘုန်းကံကြီးမားသူမှာ မောင့်အဘွားအရွယ် အိုအောင်မင်းအောင် ပေါင်းသင်းနေထိုင်ကြရသည်။ ထို့ကြောင့် သတို့သမီးသည် အသက် (၁၂၀)မက ရှည်ကြာစွာ ပေါင်းသင်းနေထိုင်နိုင်ရန် ဆုတောင်းကြခြင်း ဖြစ်၏"

ထိုစကားသည် သာမန်ပုဂ္ဂိုလ်များအဖို့ မည်သို့မျှ မထူးခြားသော်လည်း ပါရမီဓာတ်ခံရှိနေသော သတို့သား ရေဝတအဖို့မှာမူ များစွာတုန်လှုပ်သွားလေတော့သည်။

အဘွားအိုကို တစ်ချက်ကြည့်လိုက်သည်။ လဲပြိုတော့မတတ် ခါးကိုင်းလျက်ရှိသည်။ ဆံပင်များက ဆွတ်ဆွတ်ဖြူလျက် သွားမရှိတော့သဖြင့် နှုတ်ခမ်းများက အတွင်းသို့ခွက်ဝင်လျက်ရှိသည်။ ခန္ဓာကိုယ်အသားအရေတို့မှာ ခြောက်ခန်းလျက် သစ်ခြောက်ပင်အလားတူနေတော့သည်။

ထို့ကြောင့် ရေဝတသည် သူ့မိဘများကိုမေးလိုက်၏။

"ကျွန်တော့် အမျိုးသမီးလည်း ဒီအဘွားလိုအိုမင်းရမှာလားခင်ဗျာ"

"ဒါကတော့ မောင်ရယ်၊ မောင့်အမျိုးသမီးတွင်မကပါဘူး။ လူသတ္တဝါမှန်သမျှ တစ်နေ့အိုမင်းယိုယွင်းလာရတာပါပဲ"

အနီးရှိ ဆွေမျိုးတစ်ဦးကဖြေလိုက်လေသည်။

ဤတွင် ရေဝတသည် သူ၏ အစ်ကိုများ၊ အစ်မများကို မြင်ယောင်မိတော့သည်။ သူတို့တစ်တွေသည် ဤမျှများပြားလှသည့် စည်းစိမ်ဥစ္စာများကို စွန့်ပစ်၍သွားကြသည်။ အကြောင်းမဲ့မဟုတ်တန်ရာ။ အိုခြင်းဒုက္ခ၊ နာခြင်းဒုက္ခ၊ သေခြင်းဒုက္ခမှ လွတ်မြောက်ရာသို့ ထွက်ခွာသွားကြခြင်း ဖြစ်ပေမည်။ ငါလည်း သူတို့လမ်းစဉ်အတိုင်း ရဟန်းပြုတော့မည်ဟု ဆုံးဖြတ်လေသည်။

မင်္ဂလာအခမ်းအနားကျင်းပနေချိန်ဖြစ်သဖြင့် အပြင်သို့မထွက်ရန် မိဘများက တားမြစ်ထားသော်လည်း လူငယ်သဘာဝ ဆော့ကစားလိုသည်ဟူသောအကြောင်းပြချက်ဖြင့် သူငယ်ချင်းများနှင့် ပြေးတမ်းလိုက်တမ်း ကစားနေလေသည်။

ပထမအချီတွင် ရေဝတသည် မလှမ်းမကမ်းသို့ပြေးပြီး ပြန်လာ၏။ ဒုတိယအချီတွင် ပို၍ဝေးသောနေရာသို့ ပြေးပြီး ပြန်လာလေသည်။ တတိယအချီတွင် မိမိသည် ဤနေရာမှ အပြီးတိုင် ထွက်ပြေးတော့မည်ဟု အကြံရှိသည့်အတိုင်း အဝေးဆုံးနှင့် အမြန်ဆုံး ပြေးခဲ့ရာ ရာဇဂြိုဟ်နှင့် အတန်ဝေးရာ တောအုပ်တစ်ခုသို့ ရောက်ပါလေ၏။

တောအုပ်အစတွင် သစ်ခက်တောကျောင်းအချို့ကို တွေ့ရ၏။ ကျောင်းသခ်မ်းအနီးတွင်ရှိသော ရဟန်းအချို့အား -

"တပည့်တော်အား ရှင်ရဟန်းအဖြစ်သို့ ချီးမြှင့်ပေးသနားတော်မူကြပါဘုရား"

ဟု အမောတကောလျှောက်ထားလိုက်လေသည်။

အရွယ်ကငယ်ငယ်၊ အချိန်အခါမဟုတ်၊ ကောင်းစွာဝတ်စား၍ လက်ဝတ်တန်ဆာအပြည့်နှင့် သတို့သားရေဝတကိုတွေ့မြင်လိုက်ရာ -

အကြီးအကဲဖြစ်လေဟန်တူသော ရဟန်းတစ်ပါးက -

"အလိုလေး သည်းခံပါ ဒကာလေး၊ ငါတို့သည် လူ့ဘောင်ကို ငြီးငွေ့သဖြင့် ယခုကဲ့သို့ တောရဆောက်တည်၍ ရဟန်းပြုနေခြင်းဖြစ်ပါသည်။ အိမ်ရာတည်ထောင် လူ့ဘောင်မှပြသ... ငါတို့ထံယူမလာပါနှင့်"

ဟူ၍ လက်ဝါးကာပြီး အကြ... ကြိမ် ငြင်းပယ်နေလေသည်။

ထို့ကြောင့် ရေဝတသည် သူ... ဖြစ်ကြောင်းကုန်စင် ရှင်းပြပြီးသည်... သူသည် ဂေါတမဗုဒ္ဓ၏တရားစစ်သူ... အရှင်သာရိပုတ္တရာ၏ ညီဖြစ်ကြော... ရှင်းလင်းပြလိုက်လေသည်။

ထိုစဉ် အကြီးအကဲရဟန်းက -

"ဟုတ်ပြီ၊ ထို့နောင်တော်ကြီး... အရှင်သာရိပုတ္တရာ တစ်ခါက မှာ... တယ်။ သူ၏အမျိုးအနွယ်များမှာ မိ... ဒိဋ္ဌိများဖြစ်ကြ၍ အကယ်၍ ထိုအ... အနွယ်များထဲမှ တစ်ဦးတစ်ယောက်... ရဟန်းပြုခွင့်တောင်းခံလာလျှင် မည်သူ... ထံမှခွင့်တောင်းရန်မလိုဘဲ ရဟန်းပြု... ဖို့ မှာထားဖူးသည်။ ထို့ကြောင့် ရဟ... ပြုပေးကြကုန်စို့"

ဟု ပြောဆိုပြီး ရေဝတအား ဆံ... ရိတ်ခြင်း၊ သင်္ကန်းပေးခြင်းဖြင့် ရဟန်း... အဖြစ် ဆောင်ရွက်ပေးလိုက်ကြသော... သည်။

သာမဏေအဖြစ်ရောက်ရှိခဲ့သော်... လည်း သူ၏ခရီးကား မဆုံးသေး။ ဤ... နေရာသည် သူ၏မိဘများလာရောက်... နိုင်သောနေရာ ဖြစ်၏။

ထို့ကြောင့် တောနေရဟန်းများ... ထံမှ အရဟတ္တဖိုလ်တိုင်ဆိုက်ရောက်နိုင်... သော ကမ္မဋ္ဌာန်းတရားများကိုတောင်း... ပြီး ရာဇဂြိုဟ်မှ ယူဇနာသုံးဆယ်ခန့်ကွာ... ဝေးသော ရှားငုတ်တောကြီးအတွင်းသို့... တစ်ပါးတည်း သီတင်းသုံးနေလေ၏။

ရှားငုတ်တောကြီးဆိုသည်မှာ မြေ... ပြန့်မရှိ ကျောက်ခဲ၊ ကျောက်ဆောင်များ... နှင့်သာ ပြည့်နှက်နေ၏။ ဆူးပင်ချုံပင်နှင့်... ကန္တာရအပင်များသာရှိရာ သာမန်... ရဟန်းများအဖို့ စိတ်ကူးမျှပင်မကြံစည်... နိုင်ချေ။

ရှင်ရေဝတ၏မိဘများသည် နေရာ... အနှံ့ လိုက်လံရှာဖွေကြ၏။ မတွေ့တော့... သည့်အဆုံးတွင် သူတို့၏သားငယ်သည်... ကျားရဲတိရစ္ဆာန်များ၏ သတ်ဖြတ်စား... သောက်ခံရသည်။ သို့မဟုတ် လက်ဝတ်... တန်ဆာများကြောင့် လူဆိုးသူခိုးတို့သတ်... ဖြတ်လုယူခြင်းခံရပေလိမ့်မည်ဟု ဖွင်... သောကပရိဒေဝစိတ်ဖြင့် လက်လျှော့၍... နေကြရလေသည်။

ရေဝတလေး သာမဏေဝတ်ပြီး... ရှားငုတ်ခယောင်းတောတွင်ရောက်ရှိနေ... ကြောင်း သာမဏေပြုပေးသူ တောနေ...



www.burmeseclassic.com

www.burmeseclassic.com

ရဟန်းများက နောင်တော်ကြီး အရှင်သာရိပုတ္တရာထံ သတင်းပို့လိုက်သည်။

သတင်းကို အမြန်ဆုံးပို့မှုဖြစ်မည်။ အကြောင်းမှာ အရွယ်နုနယ်သော ရေဝတကလေးသည် သာမဏေဝတ်ပြီး သူတို့နှင့်အတူမနေဘဲ မိဘများမလိုက်နိုင်သည့်ရှားငုတ်တောသို့ တစ်ပါးတည်း သွားရောက်နေထိုင်သည်မှာ စိုးရိမ်ဖွယ် ဖြစ်နေသည်မဟုတ်လော။

ထိုသို့ ကြားသိရသည်နှင့် နောင်တော်ကြီး အရှင်သာရိပုတ္တရာမှာ မိမိနှင့် မိမိတို့၏ သာသနာကိုအားပြု၍ ရောက်လာသည်ဖြစ်ရာ မိမိတွင် တာဝန်ရှိကြောင်း တွေးမိ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်အား အသက်အရွယ်အားဖြင့် ခုနစ်နှစ်သာရှိသေးသော ညီငယ်အား စောင့်ရှောက်နိုင်ရန် အခွင့်ပန်လေသည်။

"အရှင်မြတ်ဘုရား၊ ခုနစ်နှစ်သားအရွယ် တပည့်တော်၏ ညီငယ်သည် သာမဏေပြုပြီး မိဘများလာရောက်ခေါ် ငင်မည်စိုးသဖြင့် တစ်ပါးတည်း ရှားငုတ်တောတွင် သီတင်းသုံးလျက်ရှိပါသည်။ သို့ပါ၍ တပည့်တော်သွားရောက်၍ စောင့်ရှောက်ခွင့်ပြုပါ ဘုရား"

ဟု လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်က -

"သာရိပုတ္တရာ၊ သင်၏ညီငယ် ရှင်ဝတ၏ကိစ္စကို ငါသိ၏။ သင်သွားရန် အချိန်မကျသေး၍ ဆိုင်းငံ့ဦး"

ဟု တားမြစ်တော်မူလေသည်။

ထိုမျှသာမဟုတ်သေး။ နောက်ထပ်တစ်ကြိမ် ညီငယ်သာမဏေအား စောင့်ရှောက်ရန်အတွက် သွားခွင့်ပြုရန် ခွင့်ပန်ရာတွင်လည်း ဘုရားရှင်သည် နှစ်ကြိမ်တိုင်တိုင် တားမြစ်တော်မူ၏။

နောင်တော်ကြီး ရှင်သာရိပုတ္တရာက ငယ်ရွယ်လွန်းသော ညီငယ်အတွက် စောင့်ရှောက်ရန် ခွင့်ပန်ခြင်း ဖြစ်သည်။

သို့သော် ဘုရားရှင်အနေဖြင့်မူ သာမဏေ ရေဝတသည် ငယ်ပင်ငယ်ငြားသော်လည်း သူ၏ အဇ္ဈာသယကိုသိပြီးဖြစ်သည်။ သို့ဖြစ်ရာ ရှင်ရေဝတ၏ ကြိုးကြိုးစားစား တရားအားထုတ်နေခြင်းကို အနှောင့်အယှက်မဖြစ်စေခြင်းငှာ တားမြစ်တော်မူခြင်း ဖြစ်၏။

ဒုတိယအကြိမ် တားမြစ်စဉ်က ဘုရားရှင်သည် တားမြစ်ရုံမကဘဲ -

"သင်သွားသည့်အခါ ငါဘုရားကိုယ်တိုင်လိုက်ပါတော်မူမည်"

ဟု အမိန့်တော်ရှိရာ ရှင်သာရိပုတ္တရာသည် နောက်ထပ် ခွင့်ပန်လျှောက်ထားခြင်းမပြုတော့ချေ။

ထို့နောက် ရှားငုတ်ခယောင်းတောတွင် ရှင်ရေဝတသည် တောနေရဟန်းဆရာများထံမှ ကမ္မဋ္ဌာန်းကိုယူပြီးနောက် ကျောက်စရစ်၊ ကျောက်ခဲပေါများလှသည့် ရှားတောအတွင်းသို့ ဝင်ရောက်၍ ရဟန်းတရားပွားများကြိုးကုတ်အားထုတ်လေ၏။

"ငါသည် အရဟတ္တဖိုလ်သို့ မရောက်သေးဘဲ ဘုရားရှင်ကိုသော်လည်းကောင်း၊ နောင်တော်မထေရ်မြတ်ကိုသော်လည်းကောင်း မဖူးသေး"

ဟု ဇွဲစိတ်သန်သန်ဖြင့် ကမ္မဋ္ဌာန်းတရားပွားများအားထုတ်ရာ အချိန်သုံးလကုန်ခဲ့လေ၏။

လူ့ဘဝတွင် သိမ်မွေ့နူးညံ့စွာနေထိုင်စားသောက်ခဲ့ရပြီး ယခုအခါ အလွန်ကြမ်းတမ်းသောနေရာထိုင်ခင်း၊ အလွန်ညံ့ဖျင်းသောအစာအာဟာရများဖြင့် နေထိုင်မှီဝဲနေရသဖြင့် တရားအားထုတ်ရာတွင် များစွာခက်ခဲလျက်ရှိ၏။

မည်သို့ဆိုစေ မူလမိမိရည်မှန်းထားသည့်အတိုင်း ရဟန်းကိစ္စပြီးမြောက်အောင် အားထုတ်မည်ဟု မိမိစိတ်ကို ဝီရိယာဓိပတိဇွဲရှိရှိဖြင့်အားထုတ်လေရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။

ရှင်သာရိပုတ္တရာက တတိယအကြိမ်မြောက် တောင်းပန်သောအခါ ထိုအချိန်သည် အရှင်ရေဝတ အရဟတ္တဖိုလ်သို့ရောက်ရှိပြီးဖြစ်သည်ကို ဘုရားရှင်ကသိပြီးဖြစ်သဖြင့် -

"ချစ်သား သာရိပုတ္တရာ၊ ငါဘုရားလည်း သင်ချစ်သားတို့နှင့်အတူလိုက်ပါပေအံ့။ ရဟန်းတို့အားပြောကြားလေလော"

ဟု မိန့်တော်မူ၏။

ရှင်သာရိပုတ္တရာက ရဟန်းတို့အား စည်းဝေးစေ၍ -

"ငါ့ရှင်တို့၊ မြတ်စွာဘုရားသည် ဒေသစာရီကြွချီတော်မူလိုသည်။ လိုက်ပါလိုသောရဟန်းတို့သည် လာရောက်ကြကုန်လော့"

ဟု ရဟန်းအားလုံးအား ပြောကြား၏။ မြတ်စွာဘုရားရှင် ဒေသစာရီလှည့်လည်တော်မူတိုင်း ကျောင်းတိုက်၌ ချန်ရစ်သည့်ရဟန်းတို့ကား အလွန်နည်းပါးသည်။

"မြတ်စွာဘုရားရှင်၏ ရွှေဆင်းရှိလော ရူပကာယကိုယ်တော်ကိုလည်း မပြတ်ဖူးမြော်ကြရလိမ့်မည်။ ချိုမြိန်သောတရားစကားကိုလည်း နာကြားကြရလိမ့်မည်"

ဟု ကြံစည်အောက်မေ့ကြကာများသောအားဖြင့် လိုက်ပါလိုသောရဟန်းတို့ကသာများကြကုန်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ရဟန်းသံဃာများစွာခြံရံလျက် 'ရေဝတကို ကြည့်ရှုတော်မူမည်' ဟု ကျောင်းတော်မှ ထွက်ကြွတော်မူခဲ့လေသည်။

**။ အရှင်သီဝလိ၏ဘုန်းတန်ခိုး**

ထိုသို့ ဘုရားရှင်နှင့် ရဟန်းတော်များကြွလာရာတွင် လမ်းနှစ်မြွာသို့ ရောက်လာ၏။

ထိုအခါ အရှင်အာနန္ဒာမထေရ်က-

"မြတ်စွာဘုရား၊ ဤအရပ်၌ လမ်းနှစ်မြွာရှိကြပါသည်။ အဘယ်လမ်းဖြင့် သံဃာများသည် ကြွသွားစေလိုပါသနည်း"

ဟု မေးလျှောက်၏။

မြတ်စွာဘုရားရှင်က -

"ချစ်သား အာနန္ဒာ၊ အဘယ်လမ်းသည် မကွေ့မကောက်ဖြောင့်မတ်သနည်း"

ဟု မေးရာတွင် ညီတော်အာနန္ဒာက -

"အရှင်ဘုရား၊ မကွေ့မကောက်ဖြောင့်မတ်သောလမ်းသည် ယူဇနာသုံးဆယ်ကွာဝေး၍ နတ်ဘီလူးတို့စိုးအုပ်ရာ အစာလည်းခေါင်းပါး၊ ဘေးရန်လည်းများလှပါသည် ဘုရား။ ကွေ့ကောက်၍ သွားရမည့် (အများသွားနေကျ) လမ်းရိုးသည်ကား ယူဇနာခြောက်ဆယ်ရှိ၍ ဘေးရန်ကင်းကွာ အစားအစာပေါများလှပါသည်ဘုရား"

ဟု လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က -

"ချစ်သား အာနန္ဒာ၊ သီဝလိရဟန်းသည် ငါတို့နှင့်အတူလိုက်ပါလာ၏လော"

ဟု မေးမြန်းတော်မူရာ အရှင်အာနန္ဒာမထေရ်က -

"လိုက်ပါလာပါသည်ဘုရား"

ဟု လျှောက်ထားသဖြင့် -

"ရှင်သီဝလိရဟန်း ငါတို့နှင့်အတူလိုက်ပါလာလျှင် သံဃာအများသည် ဘေးရန်ပေါများ၊ အစာရှားသည့်ဖြောင့်မတ်လမ်း (အဖြောင့်လမ်း)ကိုပင်သွားလော့"

ဟူ၍ မိန့်တော်မူလေ၏။

မြတ်စွာဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် အရှင်သီဝလိ၏ဘုန်း

www.burmeseclassic.com

တန်ခိုးကို လက်တွေ့စုံစမ်းသိရှိနိုင်ရန်နှင့် အရှင်သီဝလိ၏ရှေးကောင်းမှုကို ရဟန်းအားလုံးသိရှိနိုင်ရန် အစာရှားသည့်တောအုပ်လမ်းမှ ကြွချီတော်မူလေသည်။

ရှားငုတ်ခယောင်းတောသို့အသွားခရီးသည် ယူဇနာအားဖြင့် သုံးဆယ်ရှိသည်။ လူနေအိမ်ခြေကင်းမဲ့ပြီး အစာရေစာရှားပါးလှသည်ဟု ဆိုခဲ့လေပြီ။

သို့သော် တကယ်လက်တွေ့တွင်မူ တစ်ယူဇနာခရီးအရောက် ကျောင်းသင်္ခမ်းများဝေဝေဆာဆာ၊ ဥယျာဉ်ရေကန် သစ်သီးပန်းမန်များနှင့်တင့်တယ်ပြီး သံဃာ ငါးရာအတွက် တည်းခိုရန်ကျောင်းတိုက်ကြီးကိုတွေ့ရလေသည်။

ရဟန္တာအရှင်များအဖို့ အထူးအဆန်းမဟုတ်သော်လည်း ပုထုဇဉ်ရဟန်းများအတွက်မူကား များစွာအံ့သြခြင်း ဖြစ်ရလေသည်။

နတ်အပေါင်းသည် တစ်ယူဇနာ၊ တစ်ယူဇနာအရပ်၌ မြို့ကြီးတစ်ခုစီ ဖန်ဆင်းကြ၏။ မြတ်စွာဘုရားရှင်နှင့်တကွ သံဃာတော်များရောက်တိုင်း နတ်သားတို့သည် ပြည့်ရှင်မင်းကစေလွှတ်လိုက်သည့် မင်းမှုထမ်းပမာ အာဟာရဆွမ်းခဲဘွယ်တို့ကို ထမ်းပိုးယူဆောင်လာကြသည်။ နှုတ်မှလည်း -

"အရှင်သီဝလိမထေရ် အဘယ်မှာနည်း၊ အရှင်သီဝလိမထေရ်အဘယ်မှာနည်း"

ဟု မေးမြန်းလိုက်ပါကြလေ၏။

လမ်းခရီးတွင် ကြိုဆိုလှူဒါန်းကြသူများသည် ဘုရားရှင်ကိုသာဦးထိပ်ပန်ဆင်၍ လှူဒါန်းကြရမည်ဖြစ်သော်လည်း အရှင်သီဝလိမထေရ်ကိုသာ တဖွဖွမေးမြန်းလှူဒါန်းလျက်ရှိလေ၏။

ဤသည်မှာလည်း ဘုရားရှင်၏အလိုဆန္ဒအတိုင်းပင်ဖြစ်၏။ အကြောင်းမှာ ဘုရားရှင်သည် အရှင်သီဝလိ၏ဘုန်းတန်ခိုးကို ထင်ရှားသိသာစေရန် ဤခရီးကို စတင်ခဲ့ခြင်း ဖြစ်၏။

ထို့အတူပင် အရှင်ရေဝတ၏ဘုန်းတန်ခိုးကို ထုတ်ဖော်ပြသပေးရန် ရည်ရွယ်တော်မူသည်။

လူ့လောကတွင်ရော ရဟန်းလောကတွင်ပါ လာဘ်လာဘပေါများခြင်းကြောင့် ကျော်ကြားလှသည့် ရှင်သီဝလိမထေရ်၏ သတင်းကို ယခုအခါ မျက်ဝါးထင်ထင် တွေ့မြင်ရလေတော့သည်။

အရှင်သီဝလိမထေရ်သည် မိမိအား လှူဒါန်းသော လှူဖွယ်ဝတ္ထုအစုစုကို မြတ်စွာဘုရားရှင်အား ကိုယ်တိုင်ပေးလှူစေ၏။

တစ်ယူဇနာလျှင် တစ်မြို့ဖန်ဆင်း၍ တောစောင့်နတ်၊ တောင်စောင့်နတ်များက ပူဇော်လှူဒါန်းကြလေသည်။ ဘုရားရှင်နှင့် သံဃာတော်ငါးရာသည် ရက်သုံးဆယ်ခရီးဖြင့် အရှင်ရေဝတ သီတင်းသုံးရာ ရှားငုတ်တောသို့ ရောက်ရှိလာလေ၏။

ရှားငုတ်တောသို့ရောက်သောအခါ ဘုရားရှင်နှင့် သံဃာတော်များအတွက် ပြင်ဆင်ထားသော ကျောင်းများမှာ အထူးခမ်းနားထည်ဝါလှ၏။ ဘုရားရှင်အတွက် ဇေတဝန်နှင့် ပုဗ္ဗာရုံကျောင်းတော်များနှင့်မခြား တည်ထား၏။ ဂန္ဓကုဋိတိုက်တော်၊ သံဃာတော်တစ်ပါးစီအတွက် တစ်ကျောင်းစီ ဆောက်လုပ်ထားသည်။ ဥယျာဉ်၊ ရေကန်၊ ပန်းမန်တို့မှာလည်း တင့်တယ်ကြည်နူးဖွယ်ကောင်းလှ၏။

ဘုရားရှင်နှင့် သံဃာတော်များအတွက် ပဋိသမ္ဘိဒါပတ္တဘက်စုံပြည့် ရဟန္တာမထေရ် အရှင်ရေဝတကလေး၏တန်ခိုးတော်နှင့် စီစဉ်ထားခြင်းဖြစ်၏။

ညီငယ်အရှင်ရေဝတရဟန်းကိစ္စပြီးမြောက်နေပြီဖြစ်၍ နောင်တော်ကြီး သာရိပုတ္တရာမှာ ဝမ်းသာကြည်နူးရလေသည်။ ထို့အတူ ညီငယ်ရေဝတမှာလည်း မိမိထံ အရေးတယူ ကြွရောက်ချီးမြှင့်သောဘုရားရှင်နှင့်သာဝကကြီးများအား ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ရသဖြင့် ဝမ်းမြောက်ရွှင်လန်းလျက်ရှိလေသည်။

သို့သော် ပုထုဇဉ်ရဟန်းအချို့က ဤခရီးကို ဘဝင်မကျဖြစ်ရလေသည်။

ရဟန်းတစ်ပါးက -

"ပြောတော့ တောရကျောင်းဆိုရဲ့၊ လက်တွေ့မှာတော့ မြို့ကျောင်းရှုံးလောက်ပါတယ်"

ထိုအခါ ကျန်တစ်ပါးက -

"တောရကျောင်းဆိုတာတောင် ရိုးရိုးတောရကျောင်းမဟုတ်ဘူးတဲ့။ ရှားငုတ်နဲ့ ဆူးချုံပေါ်တဲ့ ခယောင်းတောလို့ ပြောတာပါပဲ"

နောက်တစ်ပါးက ထပ်၍ဖြည့်လိုက်သည်။

"အလွန်ကြမ်းတမ်းခက်ခဲတဲ့တောကြီးကို ဒီလိုအဆောက်အအုံကြီးတွေဖြစ်လာအောင် မနည်းကြိုးစားလုပ်ရမှာပဲ။ ဒါဆို တရားအလုပ်ကောင်းကောင်းလုပ်ဖို့မလွယ်ပါဘူးလေ"

"မှန်လိုက်လေဗျာ၊ တောရကျောင်းသာဆိုတယ် မြို့ကျောင်းထက်သာပါသေးတယ်"

ပုထုဇဉ်ရဟန်းတို့ အသီးသီး ဝေဖန်လျက်ရှိပြီး ဘုရားရှင်သည် တရားစစ်သူကြီး အရှင်သာရိပုတ္တရာ၏ညီမို့လို့ မျက်နှာလိုက်သည်တု စွပ်စွဲပြောဆိုလေသည်။

မြတ်စွာဘုရားရှင်သည် ဤသို့ စဉ်းစားတော်မူ၏။

"တောကျောင်းနေရဟန်းတို့မည်သည် ဆိတ်ငြိမ်ခြင်းကို အလိုရှိကြကုန်၏။ ငါဘုရား ကြာကြာနေလျှင် ရှင်ရေဝတ မချမ်းမသာ နေရခြင်းဖြစ်ပေလိမ့်မည်"

သို့ဖြစ်ရာ လဝက် (တစ်ဆယ့်ငါးရက်) သီတင်းသုံးပြီး အလာခရီးအတိုင်း ပြန်လည်ကြွချီရန် ရှားငုတ်တောကျောင်းမှ ထွက်ကြွတော်မူလေသည်။

ထိုသို့ထွက်ခွာလာစဉ် ရှင်ရေဝတ၏ကျေးဇူးမဲ့ကိုပြောဆိုကြသည့် ပုထုဇဉ်ရဟန်းများအား သူတို့၏ ထောင်ဖွေး ဖိနပ်၊ နယ်ဆီဘူး၊ ထီးတို့ကိုမေ့ကျန်စေရန် တန်ခိုးတော်ဖြင့် စီမံတော်မူလေ၏။

ထိုရဟန်းများသည် မိမိတို့မေ့ကျန်ပစ္စည်းများအား ပြန်လည်ရယူရန် မူလခရီးအတိုင်း အရှင်ရေဝတ၏ကျောင်းသင်္ခမ်းသို့ လာခဲ့ကြလေ၏။

သို့သော် မိမိတို့နေရာကိုမမှတ်မိနိုင်အောင်ရှိကြ၏။ မညီညွတ်သော (မူလပကတိ) လမ်းဖြင့် သွားကြရပြီး သစ်ချုံ၊ ဆူးပင်များဖြင့်ပြည့်နှက်နေ၏။

ပင်ပန်းဆင်းရဲစွာသွားကြရပြီး မိမိတို့နေခဲ့သောအရပ်နှင့်တူသည့် နေရာရောက်မှ မိမိတို့ကျန်ရစ်ခဲ့သော ထီး ဖိနပ်၊ နယ်ဆီဘူးများ၊ တောင်ဝှေးများကိုချိတ်လျက် ထောင်လျက် ဆူးပင်များတွင် တွေ့ရလေသည်။

ထိုအခါမှ ထိုဥဒ္ဒစ္စသမားရဟန်းများသည် -

"ဤအရှင်ရေဝတရဟန်းသည် ဣဒ္ဓိရှင်၊ တန်ခိုးရှင်ပေတည်း"

ဟုသိကြ၍ မိမိတို့၏ပရိက္ခရာများကိုယူဆောင်ခဲ့ကြပြီးလျှင် -

"ဩ - မြတ်စွာဘုရားရှင်အတွက် စီမံအပ်သောပူဇော်သက္ကာရသည် ဤမျှ အံ့ဖွယ်သဘောရှိပါတကား"

ဟုပြောဆိုကာ သာဝတ္ထိပြည်သို့ သွားရောက်ကြလေ၏။

သာဝတ္ထိသို့ ရောက်နှင့်ကြသော ရဟန်းများက ကျောင်းအမကြီးဝိသာခါအား အရှင်ရေဝတ၏ ကျောင်းသင်္ခမ်းသည် ထည်ဝါခမ်းနားကြောင်း ပြောပြကြလေသည်။


သူရဇ္ဇမဂ္ဂဇင်း

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ရောဂါတွေလည်း ပျောက်စေမည့် ကန်းဇော်ဆီ

တနင်္သာရီတိုင်းဒေသမှာ ရရှိနိုင်သော ရှားပါးသည့် နာမည်ကြီး ကန်းဇော်ဆီ ဖြစ်သည်။ မြိတ်၊ ထားဝယ်သို့သွားရောက်ကြသောမိတ်ဆွေများကို မှာကြားရသည်။ ပေါ်ခါစအချိန်က ကန်းဇော်ဆီအစစ်ကိုရရန် ခဲယဉ်းသည်။ ယခုအချိန်အခါတွင် ရန်ကုန်မြို့ သိမ်ကြီးဈေး ကုန်စျေးတန်းလမ်းရှိ ဘယဆေးဆိုင်များတွင် ရရှိနိုင်၏။

လွန်ခဲ့သောနှစ်လခန့်က သူငယ်ချင်းတစ်ဦးနှင့်ဆုံတွေ့သည်။ မတွေ့တာကြာသောကြောင့် သူ့ကိုကောင်းကောင်းမမှတ်မိ။ သူက နှုတ်ဆက်၍သာ ကျွန်ုပ်သူ့ကိုသေသေချာချာကြည့်လိုက်တော့မှ ငယ်ရုပ်ကိုမှတ်မိ၍ -

"မင်း၊ လှမြင့်မဟုတ်လား"

ဟု မေးရာ သူက ခေါင်းညိတ်ပြ၏။ မင်းဘယ်လိုဖြစ်နေတာလဲဟု မေး၏။ သူ၏ရုပ်ရည်မှာ ပိန်ချည့်နေသည်။ သူက-

"မင်းမြင်တဲ့အတိုင်းပါပဲကွာ မသေထိုက်လို့မသေတာကွ။ ငါတော်တော်ကြာကြာ ဗိုက်အောင့်ဝေဒနာခံနေရတာ ဆေးထိုးဆေးစားစုံနေတာပေါ့။ ခဏပဲ သက်သာလိုက်၊ ပြန်ဖြစ်လိုက်နဲ့ နောက်ဆုံးတော့ ငါ့ဇနီးရဲ့အစ်ကိုက မြိတ်မှာ တာဝန်ကျနေတာ။ ငါ့ရောဂါအကြောင်း သူသိသွားတာနဲ့ ကန်းဇော်ဆီကိုပို့ပေးလိုက်တာ။ ပျားရည်နဲ့ဆတူရောပြီး ည၊ နံနက် တစ်နေ့ (၂) ကြိမ် လက်ဖက်ရည်ဇွန်းနဲ့ မှန်မှန်သောက်ရတာကွ"

"အခုကောဘယ်လိုနေသေးလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ -

"တစ်လအတွင်း တော်တော်သက်သာသွားတာနဲ့ သူ့ဆီကို ထပ်မှာထားတယ်ကွ"

ကျွန်ုပ်က -

"မင်းကွာညံ့ပါ့၊ ကုန်စျေးတန်းက ဘယဆေးဆိုင်တွေမှာရသားနဲ့"

"ဟာ- မင်းကလည်း ကန်းဇော်ဆီစစ်စစ်ကရဖို့မလွယ်ဘူးကွ။ ဒါကြောင့် အစစ်ရနိုင်တဲ့ဆီမှာရတာ။ စျေးကြီးပြီး အရောတွေနဲ့တွေ့ရင် ရောဂါမပျောက်ဘဲဒုက္ခရောက်နေပါ့မယ်"

"အေး - မင်းပြောတာလည်း ဟုတ်ပါ့။ ကန်းဇော်ဆီဆိုတာ ငါကြားဖူးတာလည်းကြာပြီ။ အသုံးပြုတာနည်းနည်းပဲသိတယ်"

လှမြင့်က -

"မင်း ဘာမှမပူနဲ့။ ငါ့ယောက်ဖ ကန်းဇော်ဆီပို့တုန်း အသုံးပြုလို့ ပျောက်တဲ့ရောဂါတွေနဲ့ သုံးနည်းမျိုးစုံစာရွက် ငါ့မှာရှိတယ်။ မင်းဆီကို မိတ္တူကူးပြီး ကျိုက်လတ်ကိုပို့ပေးလိုက်မယ်"

"အေး-ကျေးဇူးပါပဲမောင်ရင်ရယ်။ အဲဒီစာရွက်ရမှ အများအတွက် စာရေးပြီး ကုသိုလ်ယူရဦးမယ်။ ငါ့လိပ်စာက အရင်အတိုင်းပါပဲကွာ"

**❑ ကန်းဇော်ဆီနှင့်သုံးစွဲနိုင်သည့်ရောဂါများ**

၁။ ထိခိုက်၊ ပွန်းပဲ့ရှနာနှင့် ခွဲစိတ်ကုသဒဏ်ရာများ။

၂။ အနာစိမ်း၊ သွေးစုနာ (အိုင်းအနာများ)

၃။ အဆစ်အမြစ်ကိုက်ခဲ၊ အဆစ်ရောင်နှင့် ကိုယ်လက်ညောင်းညာခြင်း။

၄။ အပူလောင်၊ မီးလောင်ဒဏ်ရာများ။

၅။ လိပ်ခေါင်း၊ ဒူလာရောဂါများ။

၆။ လည်ချောင်း၊ ပါးစပ်အတွင်းနှင့် ရင်သားအဖုအကျိတ်များ။

၇။ နှလုံး သည်းခြေ အားနည်းခြင်း၊ ဝမ်းတွင်းကင်ဆာရောဂါ။

၈။ ချောင်းဆိုးသွေးပါရောဂါနှင့် ဗိုက်အောင့်၊ ဗိုက်နာရောဂါများ။

**❑ ကုသပြုစုရန်**

၁။ ထိခိုက်ပွန်းပဲ့၊ ရှနာနှင့် ခွဲစိတ်ကုသဒဏ်ရာများ၊ အဆစ်အမြစ်ကိုက်ခဲရောင်ရမ်းခြင်း၊ ကိုယ်လက်ညောင်းညာခြင်းများအတွက် တစ်နေ့ (၂) ကြိမ်၊ (၃) ကြိမ်အထိ မှန်မှန်လိမ်းပါ။

၂။ အနာစိမ်းနှင့် အိုင်းနာများ၊ ပူလောင်နာ၊ မီးလောင်ဒဏ်ရာများ၊ အကျိတ်အဖုများနှင့် ရင်သားအကျိတ်များ တစ်နေ့ (၃) ကြိမ်အထိ အနာပတ်လည်တွင်လိမ်းပေးပါ။

၃။ ဗိုက်အောင့်၊ ဗိုက်နာရောဂါအတွက် ကန်းဇော်ဆီနှင့်ပျားရည်ဆတူရော နံနက်၊ ည (၂) ကြိမ် လက်ဖက်ရည်ဇွန်းနှင့်သောက်ပါ။

၄။ နှလုံး၊ သည်းခြေအားနည်းခြင်း၊ ဝမ်းတွင်းကင်ဆာရောဂါများအတွက် တစ်နေ့ (၂) ကြိမ်မှ (၃) ကြိမ်အထိ ဟင်းစားဇွန်းတစ်ဇွန်းသောက်ပါ။

၅။ ချောင်းဆိုးသွေးပါများအတွက် နံနက်စောစောတွင် ကန်းဇော်ဆီနှင့် ထမင်းပူပူရောပြီးစားပါ။

*ခုနစ်နေ့သားသမီးများ*
*ရောဂါဘယာဘေး*
*ကင်းဝေးကြပါစေ*

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

---

နောက်မှရောက်ရှိလာသောရဟန်းများကမူ အရှင်ရေဝတသည် အလွန်ခက်ခဲကြမ်းတမ်းသောရှားငုတ်ခယောင်းတောတွင် နေထိုင်ရရှာကြောင်းပြောပြလေသည်။

ထိုသို့မတူကွဲပြားသောအကြောင်းအရာတို့ကြောင့် ဝိသာခါကျောင်းအမကြီးသည် အမှန်ကိုသိရှိနိုင်ရန် ဘုရားရှင်အား မေးမြန်းလျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က -

"ဝိသာခါ - လောကအခေါ် မွေ့လျော်ဖွယ်အရပ်ပင်ဖြစ်စေ၊ မမွေ့လျော်ဖွယ်အရပ်ပင်ဖြစ်စေ ထိုအရပ်၌ အရိယာတို့၏စိတ်သည် မွေ့လျော်၏။ ထိုအရိယာတို့ စိတ်မွေ့လျော်ရာအရပ်သည်သာလျှင် မွေ့လျော်ဖွယ်အရပ်မည်ပေ၏"

ဟု မိန့်တော်မူ၏။

နောင်အခါ ရဟန်းတော်တို့အား ဧတဒဂ်ဘွဲ့ထူး အပ်နှင်းသောသဘင်ဆင်ယင်ကျင်းပသောအခါ ရှင်ရေဝတ (အရှင်ခဒိရဝနိယရေဝတ) မထေရ်အား 'အရညက - တောကျောင်းနေသောအရာဝယ်' အသာဆုံး အမြတ်ဆုံးထားတော်မူလေ၏။

(မှတ်ချက် - အမည်ရင်းမှာ ရေဝတမထေရ်ဖြစ်သည်။ မြေမညီညွတ် ခရွတ်ခရော်နှင့် ကျောက်စရစ်ပေါသည့် ရှားတောအရပ်ဝယ် တောကျောင်းနေတော်မူသောကြောင့် 'ခဒိရဝနိယရေဝတမထေရ် - ရှားတောကျောင်းနေ အရှင်ရေဝတမထေရ်'ဟုအမည်တွင်လေ၏။)

ညွှန့်ဝေမျှ

**မိုးငြမ်း -**

မင်းကွန်းတိပိဋက[illegible]ရဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင်[illegible]သင္ဂမတွဲ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်မောင်မောင်အေးသည် ဤစာစုလေးကို ရေးနေချိန်မှာ အသက် (၈၀) ပြည့်ရန် လပိုင်းလောက်သာလို တော့တာမို့ ဘဝတစ်လျှောက်ကျင်လည် ဖြတ်သန်းခဲ့ရတဲ့ အတိတ်ကြောင်းလေး များကိုပြန်လည်တွေးတောနေမိပါသည်။ ဖြတ်သန်းခဲ့ရာ ဘဝခရီးတစ်လျှောက်မှာ ထူးခြားဆန်းကြယ်သော ဂမ္ဘီရဖြစ်ရပ်များ စသည်ဖြင့်အလျှင်းသင့်သလိုပြန်ပြောင်း သတိရမိပါသည်။

ယခုလည်း မရောက်သည်မှာ ကြာပြီဖြစ်သော ရွှေတိဂုံစေတီတော် မြတ်ကြီးသို့ မိသားစုသုံးဦး ဘုရားဖူးသွား ကြရာမှာ မြောက်ဘက်မုခ်စောင်းတန်း အတိုင်း တက်ခဲ့ကြပါသည်။ သားက ဓာတ်လှေကားဖြင့်တက်ရန် အဆိုပြု သော်လည်း ကျွန်တော်က လုပ်သက် တစ်လျှောက်လုံး တောတောင်တွေမှာ ဆာဗေယာလုပ်ခဲ့သောမာန်ကလေးကရှိ နေဆဲမို့ -

"ဟေ့ - သားရဲ့ ငါက ဒီသိဂုံတ္တရ တောင်တော်ထက် အဆပေါင်းများစွာ မြင့်တဲ့တောင်တွေမှာ ဆာဗေးလုပ်ခဲ့တဲ့ ဆာဗေယာပါကွ။ ဒါလောက်တော့တက် နိုင်ပါသေးတယ်"

ဆိုရင်း တက်ခဲ့ကြရာ လှေကား ထစ်ငါးဆယ်ခန့်သာ ဟန်မပျက်တက်နိုင် ခဲ့ပြီး တဖြည်းဖြည်း သူတို့သားအမိနှင့် ဝေးကျန်ခဲ့ပါသည်။ ကျွန်တော်က အသက် (၈၀)ဆိုတော့ -

အင်း - ကိုယ့်ကိုယ်ကိုယ် ဝန်မခံ ချင်သေးပေမယ့် အဘိုးကြီးဖြစ်နေပြီပဲ။ သားက ခုမှ (၂၄) နှစ်ပဲရှိသေးသလို အမေကလည်း (၅၀)တောင်မပြည့်သေး တော့ အဘွားလေးတောင် ခေါ်လို့မရ သေးပါ။ ဒီတော့ သူတို့သားအမိကို မီ အောင်မလိုက်နိုင်တော့ တဖြည်းဖြည်း အားခဲ၍တက်ခဲ့ရာ စောင်းတန်းလှေကား ထစ်များဆုံးတော့မှ သားအမိနှစ်ယောက် ကိုမီပါတော့သည်။ လှေကားထစ်များ အဆုံး ရင်ပြင်တော်ပေါ် တွင်ထိုင်စောင့် နေကြသဖြင့် မီခြင်းဖြစ်၏။ ကျွန်တော် လည်း သားအမိနှစ်ယောက်ဘေးတွင် ခြေပစ်လက်ပစ်ထိုင်လိုက်ပါသည်။

အမောဖြေရင်းဝဲယာကိုလှည့်ပတ် ကြည့်မိရာ ကျွန်တော်တို့မိသားစုထိုင် နေသည့် အရှေ့ဘက်ဘေးနားတွင် မှန်ဗီမာန်ဖြင့် ခံ့ညားစွာထိုင်နေသည့် ယက္ခမယ်တော်ရုပ်တုကြီး စူးစိုက်ကြည့် မိရာမှ ကျွန်တော့်မျက်နှာတွင် အပြုံးရိပ် တို့သန်းလာပါသည်။

ဤသည်ကို အကဲခတ်မိသော အဘွားလေး တင်တင်နွဲ့ (ရန်ကုန်တက္ကသိုလ်) က -

"ယက္ခမယ်တော်ကို ကြည့်ပြီး ဘာပြုံးနေတာလဲ။ ဘယ်ရည်းစားနဲ့တွဲပြီး ယက္ခ မယ်တော်ဆီလာတာအမှတ် ရနေတယ်မဟုတ်လား"

ဟု ရာဇသံပေးသဖြင့် ကျွန်တော် လည်း ချက်ချင်းပင် -

"ဟာ - မဟုတ်ရပါဘူး အဘွား လေး အယ် - ဟုတ်ပါဘူး ချစ်မရယ်"

ဟု အမှားမှားအယွင်းယွင်းဖြေ လိုက်ရပါသည်။ ကျွန်တော်က သူ့ ချစ်မဟုခေါ်ပါသည်။

"ဒါဆိုရင်ဘာပြုံးတာလဲပြော"

ဟု Complain တက်လာ သဖြင့်-

"ပြောရမှာက အရှည်ကြီး ဘုရားဖူးပြီးမှ ဝိဇ္ဇာတန်ဆောင်းမှာ ရင်း အေးအေးဆေးဆေးပြောပြမယ်"

ဟု ဆိုကာ ဘုရားသို့ဆက်ခဲ့ကြ သည်။

❑

ကျွန်တော်မောင်မောင်အေးသည် သတ္တုတွင်းဝန်ကြီးဌာနလက်အောက် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တု ဖွေရေးဦးစီးဌာနကြီးတွင်ရှိသော တိုင်းဌာနစိတ်မှ ကြီးကြပ်ရေးဆာဗေ ဖြစ်ပါသည်။ (ယခုပင်စင်စား) ထို ကာလများသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက ဦးဆောင် သဖြင့် ခပ်တိုတိုပင် မဆလ အစိုးရဟုပင်ခေါ်ကြပါသည်။





www.burmeseclassic.com

www.burmeseclassic.com

# တက်ပုံ-မောင်မောင်အေး

## ယက္ခမယ်တော် တကယ်တောင်မတယ်

၁၉၈၀ ပြည့်နှစ်က ကျွန်တော် မောင်မောင်အေးသည် ကပ္ပလီပင်လယ်ပြင်ရှိ ကျွန်းပေါင်း (၈၀၀) ကျော်ရှိသည် ဆိုသော မြိတ်ကျွန်းစုများမှ ကျွန်းတစ်ကျွန်းဖြစ်သော ရပ်ဆဲလ်ကျွန်း မြန်မာနာမည် ရွှေကျွန်းတွင် မြေတိုင်းလုပ်ငန်းများ ဆောင်ရွက်နေပါသည်။ ရွှေကျွန်း၏ တည်နေရာသည် တနင်္သာရီကမ်းရိုးတန်းမှ အနောက်ဘက် မိုင် (၃၀) ခန့် ကော့သောင်းမြို့၏ အနောက်မြောက် (၅) မိုင်၊ ဇာဒက်ကြီးကျွန်း၏ မြောက်ဘက် (၂၈) မိုင်ခန့်တွင် တည်ရှိပါသည်။

ကျွန်း၏မြောက်ဘက်ခြမ်းသည် လေးကိုင်းသဏ္ဌာန်ကမ်းခြေဖြစ်၍ အလျား မိုင်ဝက်ခန့်တွင် ဆွတ်ဆွတ်ဖြူနေသည့် ငွေသဲသောင်ရှိသဖြင့် အလွန်သာယာလှပသောကမ်းခြေ ဖြစ်ပါသည်။ သဲသောင်သည် တင်စားခေါ်ဝေါ်သော ငွေသဲသောင်မဟုတ်ဘဲ တကယ်ပင် ဆန်မှုန့်၊ ဂျုံမှုန့်လို ဆွတ်ဆွတ်ဖြူလျက်ရှိသော ငွေရောင်သဲပြင် ဖြစ်၏။ သဲပြင်အဆုံးကမ်းစပ်၌ အမြဲစိမ်းသစ်တောမှ လမုပင်၊ သမဲ့ပင်၊ ဖျူးပင်၊ မုတ္တူပင်၊ ပင်လယ်အုန်းပင်တို့က ငွေသဲပြင်၏ အခြားတစ်ဖက်တွင် ပင်လယ်ရေပြာက မိုးကုပ်စက်ဝိုင်းအထိ ရှုမဆုံးအောင် ကျယ်ပြောလှပါသည်။

ညနေ အလုပ်သိမ်းချိန်တွင် ရေချိုးသန့်စင်ကာ အဝတ်အစားလဲလှယ်၍ ငွေသဲပြင်ပေါ် ခြေပစ်လက်ပစ်ထိုင်ရင်း ဆုံးစမထင်သော ပင်လယ်ပြာကြီးကိုငေးကာ နဖူးစာမင်ရည်ကဲ့လို့ လွဲခဲ့ရရှာသော ရွှေညာသူလေး၏ပုံလွှာအား ပင်လယ်ပြာကြီးအထက်တွင် ရှာဖွေတွေးတော လွမ်းမောနေမိသည့်အရသာကို ယနေ့တိုင်မမေ့နိုင်ပါ။ မဖြစ်နိုင်တော့သည့် အတိတ်ပုံလွှာကို ရှာဖွေမိသောကြောင့်လားမသိပါ။ မွေးရာပါ နှလုံးသွေးကြောကျဉ်းရောဂါက ဆိုးဝါးလာသောကြောင့် ရွှေကျွန်းဆရာဝန်က ကျွန်းတာဝန်ခံ ဘူမိဗေဒအရာရှိချုပ်အား လျှို့ဝှက်အစီရင်ခံသည်မှာ ဤပုဂ္ဂိုလ်သည် ခုနစ်ရက်အတွင်း ရှောနိုင်သည် ဟူသတည်း။ နောက်မှ ကျွန်တော် ပြန်ကြားရခြင်းပါ။

သို့ဖြင့် ဘူ/ချုပ်ကလည်း ရလိုရငြား စေတနာထား၍ ရန်ကုန်ဆေးရုံကြီးသို့ အမြန်ပြန်ပို့ပါသည်။ ဆေးရုံကြီး နှလုံးရောဂါအထူးကုသဆောင်တွင် (၅) ရက် ကုသရာ ယနေ့တိုင် အသက်ရှင်လျက်ပါ။ ရန်ကုန်ဆေးရုံကြီးသို့ ဆေးကုသရန် ခေတ္တပြန်လာခြင်းဖြစ်၍ ကျွန်တော်၏ မြေတိုင်းလုပ်ငန်းသုံး သီအိုဒိုလိုက်၊ လယ်ဗယ်၊ ထရန်စစ်၊ အော်လတီမီတာ စသော ပစ္စည်းတို့က ကျွန်းတွင် ကျန်ရစ်၏။

မှတ်မှတ်ရရ ၁၉၈၀ ပြည့်နှစ်၊ ဧပြီ ၁ ရက်နေ့ မနက် (၁၀) နာရီခန့်တွင် ထိုစဉ်က ဘူမိဗေဒညွှန်ကြားရေးမှူး (ဆရာခင်မောင်ညို - ယခု ကွယ်လွန်) က ခေါ်သည်ဆိုသောကြောင့် ဆရာညို၏ အခန်းသို့ရောက်ခဲ့ရသည်။

ရောက်မဆိုက်ပင် -

"မောင်မောင်အေး၊ မင်းရဲ့မြေတိုင်းလက်နက်ကိရိယာတွေအခုပြန်ယူလိုက်။ အကူအဖြစ် လက်ထောက်ဆာဗေယာ မောင်ကျော်ဝေလှပါခေါ်ခဲ့"

ဟု တစ်ချက်လွှတ်အမိန့်တော် ထုတ်လေရာ ကျွန်တော်က -

"ဆရာခင်ဗျား၊ ကျွန်တော်ရဲ့ ပစ္စည်းတွေ ရွှေကျွန်းမှာကျန်နေပါတယ်"

ဟု အယူခံဝင်ရာ -

"ဒါတွေ ငါမသိဘူး။ မင်းစတိုမှာ ရှိတာတွေ ခုသွားယူ"

ကျွန်တော်လည်း ခွန်းတုံ့ပြန်စရာ မရှိတော့ပြီမို့ စတိုမှာရှိနေတဲ့ ချိုကျိုးနားရွက်ပဲ့ပလိန်းတေဘယ်လ်အယ်လီဒိတ်





www.burmeseclassic.com

www.burmeseclassic.com

ယူပြီး ကျော်ဝေလှနှင့်အတူ ညွန့်ကြား ရေးမှူးအခန်းသို့ ပြန်ခဲ့ကြပါသည်။ ချက်ချင်းပဲ ညွှန်မှူးကိုယ်တိုင်မောင်းတဲ့ မာဇဒါဂျစ်အစိမ်းလေးနှင့်အတူ ရန်ကင်း တိုက်လေးလုံးရှေ့က ဘူမိဗေဒလေ့လာ ရေးရုံးချုပ် (ယခု ကလေးဆေးရုံ) မှ ထွက်ခဲ့ကြပါသည်။ ဘယ်သွားတာလဲ။ ဘာလုပ်ရမှာလဲစသည်တွေ လုံးဝမသိရ။

ကားလေးရပ်သွားတော့မှ ဘေးဘီ ကိုကြည့်ရာ ရွှေတိဂုံစေတီတော်ကြီး၏ မြောက်ဘက်စောင်းတန်း အဝနားဖြစ် ကြောင်းသိရပါသည်။

"ကိုင်း-ဒီမှာဆင်း၊ မင်းတို့လုပ်ရ မှာက ရွှေတိဂုံစေတီတော်ကြီးရှိနေတဲ့ သိင်္ဂုတ္တရကုန်းတော်တစ်ခုလုံးပဲ။

ဟိုစောင်းတန်းလှေကားအနောက် ဘေးနားမှာ B.M ရှိတယ်။အဲဒီကစလုပ်။

ကွန်တိုအင်တာဗယ်ခြားနားချက် က သုံးပေ။

ဧပြီလ ၇ ရက်နေ့အပြီးလုပ်ရ မယ်။ ဘယ်သူကလာမေးမေး ဘာမှမပြော ရဘူး။ သက်ဆိုင်ရာ (ထောက်လှမ်း ရေးကို ဆိုလိုသည်။) က လာမေးရင် အထောက်အထား ခိုင်မာစွာပြနိုင်ရင် နိုင်ငံတော်အကြီးအကဲရဲ့အမိန့်အရလုပ် တာလို့ဖြေ"

ဟု ဗျာဒိတ်တော်ခြွေ၍ ပြန်ပါ လေသတည်း။

ကျွန်တော်နှင့် ကျော်ဝေလှတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့် ရင်း သေဟဲ့ နန္ဒယလို့သာ အော်လိုက်မိ ပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ရှိရာ သိင်္ဂုတ္တရတောင်တော်ဆို သည်က ခန့်မှန်းခြေအကျယ်အဝန်း ဧက (၄၀၀) ထက် မလျော့ချေ။ ဧက (၄၀၀) အကျယ်အဝန်းမှာ စေတီ၊ တန်ဆောင်း၊ ကျောင်းဇရပ်တွေကလည်းမနည်းမနော။ ကွန်တိုနိမ့်မြင့်ခြားနားချက် သုံးပေဆို သည်က အနုစိတ်ဖြစ်၏။ (၇) ရက်မဆို ထားနှင့် ရက် (၇၀) ပင် ပြီးမည်မထင်။ အလုပ်သမားလည်း မပါ။ ဆာဗေယာ နှစ်ယောက်တည်း ပလိန်းတေဘယ်လ် ပစ္စည်းတွေဘေးချ၊ ငိုရတော့မလိုဖြစ် နေဆဲ။ မာဇဒါအီး(၂၀၀၀) ကားတစ်စီး အနားကိုလာရပ်လို့ ကြည့်လိုက်တော့ လုပ်ဖော်ကိုင်ဖက် ဘူမိဗေဒအရာရှိလေး တွေလေးငါးခြောက်ဦး။ သူတို့လည်း Brunton Compass, Geological, Hammer ပေကြိုးများကိုင်ရင်း မျက်နှာ ဟိုဒင်းမှန်ထားသလို မသာမယာဖြင့် ကားပေါ်ကဆင်းလာကြ၏။

နောက်ထပ် ကားတစ်စီးရောက် လာပြန်၏။ ညီနောင်ဌာနကြီးတစ်ခုမှ အင်ဂျင်နီယာသုံးဦး၊ သူတို့တွင် တိုင်းတာ ရေးကိရိယာသီအိုဒိုလိုက်ပါလာ၏။ သူ တို့မျက်နှာလည်း မရွှင်ပျကြ။ အားလုံးစု မိကြရာ ထိုစဉ်က နိုင်ငံတော်အကြီးအကဲ က ရွှေတိဂုံစေတီတော်မြတ်ကြီးအောက် ရှိ ဆံတော်ဌာပနာတိုက်ကိုဝင်ရန် ဘုရား တည်စဉ်ကာလက ဖောက်လုပ်ထားခဲ့ သော လိုဏ်ဂူ TUNNEL လမ်းကြောင်း ဟောင်းအား ရှာဖွေဖော်ထုတ်ပေးရန် သက်ဆိုင်ရာဌာနအလိုက် တာဝန်ပေး လိုက်ကြောင်းသိရပါသည်။ လိုဏ်ခေါင်း လမ်းကြောင်းသည် N 44° E မြောက် (၄၄) ဒီဂရီအရှေ့တွင်ရှိသည်ဟူလို။

"ကဲဟေ့ - ညည်းနေလို့တော့ပြီး မှာမဟုတ်ဘူး"

ဟု ကျွန်တော်ကစတင်ဆော်ဩ လိုက်ရာ ပထမဆုံး တုံ့ပြန်လာသူက ညီနောင်ဌာနကြီးမှ အင်ဂျင်နီယာ ညီငယ်တစ်ဦး။

"ဟုတ်တယ် အစ်ကိုကြီးရေ၊ လုပ်ငန်းချင်းတူနေတာကလည်း အစ်ကို ကြီးအဖွဲ့နဲ့ ကျွန်တော်တို့ပဲ။ တစ်ဖွဲ့တစ် မျိုးစီခွဲပြီး ဆာဗေးလုပ်နေရင်ထွက်လာ မယ့် ကွန်တိုမက်က Coincide ဖြစ်ဖို့ မလွယ်ဘူး။ ပေါင်းလုပ်မှဖြစ်မှာ။ ဒီတော့ အားလုံးထဲမှာ အစ်ကိုကြီးက အသက် ရော အတွေ့အကြုံကျွမ်းကျင်မှုပါကြီး တာကြောင့် အစ်ကိုကြီးကိုခေါင်းဆောင် တင်ပါတယ်။ အစ်ကိုကြီး ဦးဆောင်မှု နောက်မှာ ကျွန်တော်တို့လိုက်ပါ့မယ်"

ဟု တပ်ပျက်မှာ ဗိုလ်လုပ်ရပါ တော့သည်။

"ကဲ - လုပ်ငန်းစရအောင် B.M သွားစို့"

ဆိုကာ မြောက်မုခ်စောင်းတန်း ခြေရင်းဘေးနားရှိ B.M သို့ ထွက်ခဲ့ကြပါ သည်။ B.M ဆိုသည်မှာ မြေတိုင်းလုပ် ငန်းများတွင် အသုံးပြုရန်အတွက် Horizontal and Vertical Control Station အဖြစ် သတ်မှတ်စိုက်ထူထားသည့်အ မြင့် တစ်ပေခွဲနှစ်ပေခန့်ရှိ ကျောက်တိုင် ဖြစ်သည်။ ၎င်းကျောက်တိုင်တွင် တိုင်း တာမှုလုပ်ငန်းနှင့်ဆိုင်သော ကိန်းဂဏန်း များပါရှိသည်။ B.M ၏ သင်္ကေတမှာ Symbol: B.M ဖြစ်သည်။

B.M ၌ သီအိုဒိုလိုက်နေရာချထား ပြီးသောအခါ မြေတိုင်းလုပ်ငန်း၏လုပ် ရိုးလုပ်စဉ်အတိုင်း သိင်္ဂုတ္တရတောင် တော်အား Closed Traverse လုပ်ရမည် ဖြစ်၍ အလယ်ပစ္စယာကားလမ်းအတိုင်း Traverse Stationများ တိုင်းတာကြ... လုပ်ငန်းစ၍ တစ်နာရီပင်မကြာသေး... ကျွန်တော်တို့အနီးသို့ ကြယ်ပွင့်နံပါ... ပြားတပ်ထားသည့် အစိမ်းပုပ်ရောင် မာဇဒါဂျစ်ထိုးဆိုက်လာကာ-

"ဘယ်ဌာနကလဲ၊ ဘာအတွက်... ဘယ်သူ့အမိန့်နဲ့လဲ"

ဆိုသော မေးခွန်းသုံးရပ် ထွ... ပေါ်လာသဖြင့် ကျွန်တော်လည်း ပထ... ဒုတိယတို့ကို မဖြေဘဲ တတိယမေးခွ... သာဖြေလိုက်ရာ ချက်ချင်းပင် မာဇဒါ ဂျစ်မောင်းထွက်သွား၏။

ကျွန်တော်တို့တစ်တွေ စိတ်ပ... လက်ပျက်ဖြစ်ကြရသည်မှာ ရွှေတိ... စေတီတော်မြတ်ကြီး၏ ဌာပနာတိုက် အဝင်ဥမင်လိုဏ်ခေါင်း TUNNEL အ... ခုနစ်ရက်အတွင်းတွေ့အောင်ရှာဖွေပေး နိုင်ခဲ့သော်ဆိုသည့် စိုးရိမ်ပူပန်မှုများ... ၏။ ဥမင်လှိုင်ခေါင်းလမ်းကြောင်းသည် မြောက် (၄၄) ဒီဂရီအရှေ့ ဆိုသည်... လည်း အထောက်အထားပြစရာမရှိ... ထို့ကြောင့် ဘူမိဗေဒပညာရှင်၊ ဘူမိ... ဗေဒပညာရှင်၊ သတ္တုတွင်းအင်ဂျင်နီ... နှင့် ကျွန်တော်တို့ဆာယာများ ပြ... ဦးခေါင်းထမ်းထားရသလို ဝန်ထုပ်ဝန် ကြီးဖြစ်နေပါသည်။

ကြုံကြိုက်တုန်း တင်ပြလိုသည်... မှာ ၂၀၁၂ ခု၊ ဧပြီလထုတ် ဂမ္ဘီရမဂ္ဂ... တွင် စာရေးဆရာ ဖိုးဒေါင်းသား ... ထားသော 'ရွှေတိဂုံနောင်တော်ကြီး... ထူးခြားဆန်းကြယ်သော ဖြစ်ရပ်မှန်မျာ... တွင် အကျယ်တဝင့်ပါရှိပါသည်။ ဆ... ဖိုးဒေါင်းသား ရေးသည့်အထဲမှ သ... တွင်းဌာနပညာရှင်များ ဆိုသည်... ကျွန်တော်တို့အဖွဲ့များ ဖြစ်ပါသည်... ထိုစဉ်က ရွှေတိဂုံစေတီတော်ဌာပ... တိုက်အဝင်လမ်းကြောင်းလိုဏ်ခေါင်း... ကြရသည့်အဖွဲ့တွင်ပါဝင်သော ပညာ... များ ယနေ့တိုင် သက်ရှိထင်ရှား... သေးသည်။ တပ်ပျက်ဗိုလ်လုပ်ခဲ့သော ကျွန်တော် မောင်မောင်အေးသည်... အသက် (၈၀) ရှိပါပြီ။

ဆာဗေးလုပ်ရသည်မှာ ဧပြီလ... ဖြစ်၍ နေကပူလှပါသည်။ နေ... ထမင်းစားချိန်တွင် ရင်ပြင်... တက်၍ ဝိဇ္ဇာတန်ဆောင်း... ပါသည်။ ကမ္ဘာကျော်... တန်ခိုးကြီး... သော ရွှေတိဂုံစေတီတော်မြတ်ကြီး... အရိပ်ဝါသအောက်တွင် ရောက်ရှိ... ကိုင်နေကြပါလျက် စေတီတော်မြတ်...

www.burmeseclassic.com

အား ရှိခိုးဦးခိုက်ကာ ဤဒုက္ခမှ အမြန်ဆုံးကင်းလွတ်ရန် ဆုတောင်းဖို့သတိမရကြပါ။

ရွှေတိဂုံစေတီတော်မြတ်ကြီးထံတွင် ဆုတောင်းဖို့ သတိမရကြသော်လည်း ထမင်းစားပြီး၍ မြောက်ဘက်စောင်းတန်းမှ ပြန်ဆင်းလေတိုင်း စောင်းတန်းထိပ် အရှေ့ဘက်နားရှိ ယက္ခမယ်တော်ကြီး၏အနီးမှ ဖြတ်သန်းလေတိုင်း-

"မယ်တော်ကြီး၊ ကျွန်တော်တို့ဒုက္ခကိုကြည့်နေတော့မှာလား။ ဒီဒုက္ခမှ လွတ်အောင် အမြန်ဆုံး စောင်မပါဦး"

ဟု အော်ပြောပြီးမှ လုပ်ငန်းရှိရာ သွားကြပါသည်။ ဤသို့ပြောခြင်းမှာလည်း ဂမ္ဘီရသဘောနားလည်၍ ပြောခြင်းမဟုတ်ပါ။ နတ်များက ကူညီမစတတ်သည်ဟု ကြားဖူး၍ ဖြစ်ပါသည်။

ဗုဒ္ဓဘာသာစာပေတို့၌ နတ်များစောင်မသည့်ဖြစ်ရပ်များကို အတော်ပင်တွေ့ရှိရပါသည်။ ဓမ္မပဒအဋ္ဌကထာတွင် ကာဠီယက္ခနီဘီလူးမဝတ္ထု၌ သာဝတ္ထိပြည်သူပြည်သား လယ်သမားတို့သည် သောတာပန်ဖြစ်သော ကာဠီယက္ခနီဘီလူးမအား ယာဂုခဲဖွယ်ဘောဇဉ် ချိုချဉ်သစ်သီးတို့ဖြင့် ပူဇော်ပသကြရာ ကာဠီယက္ခနီဘီလူးမကလည်း လယ်သမားတို့အား ဤနှစ် မိုးကောင်းလိမ့်မည်။ ဤနှစ်မိုးခေါင်လိမ့်မည်ဟုကြိုတင်ပြောကြားသဖြင့် မိုးနှင့်လျော်အောင် ထွန်ယက်စိုက်ပျိုးနိုင်ကြသည့်အတွက် နှစ်စဉ်အောင်မြင်သော သီးနှံများရရှိသောသာဓကရှိ၏။

မဟာရာဇဝင်တော်ကြီး၌လည်း မဟာဂီရိနတ်က ကျန်စစ်သားအား စောင်မဖူးသော သာဓကများပါရှိသည်။ ကျွန်တော်လည်း ထိုအကြောင်းများကို သတိရသည့်အတွက် ယက္ခမယ်တော်အား တိုင်တည်ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ သတ္တုတွင်းဌာနမှ ပညာရှင်တစ်စု ပူပင်သောကအထွေထွေနှင့် သိင်္ဂုတ္တရတောင်တော်ဌာပနာတိုက်အဝင် လမ်းလိုဏ်ခေါင်းဥမင်ရှာဖွေတိုင်းတာမှုများ ဆောင်ရွက်နေကြရသည်မှာ မိုးလင်းမှမိုးချုပ်တိုင်အောင်ဖြစ်ပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား မီးပူဇော်သောအလင်းရောင်ထွက်လာမှ မှုန်ကားဖြင့် အိမ်တိုင်ရာရောက်လိုက်ပို့သလို နံနက်လင်းသည်နှင့် အကြိုကားအိမ်ရှေ့ရောက်နေပါပြီ။

ထိုလထိုရာသီတွင် ကျောင်းများလည်းပိတ်ထားပြီဖြစ်ရာ ရှင်ပြု၊ ပဉ္စင်းခံ၊ နားသမင်္ဂလာပွဲပြုလုပ်သူတို့သည် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တက်၍ ပူဇော်လှည့်လည်ကြသည်မှာ တစ်နေ့တစ်နေ့ မနည်းမနောရှိပါသည်။ အိုးစည်ဗိုးပတ်အကအခုန်များတို့ဖြင့် တပျော်တပါးရှိနေကြသည်ကို မြောက်ဘက်စောင်းတန်းဓာတ်လှေကားအနီး၌ တိုင်းတာမှုများဆောင်ရွက်ရင်း မြင်နေရရာ သူတို့တော့ပျော်နိုင်ရန်ကောဟုပင် မနာလိုစိတ်ဖြစ်မိပါသည်။

မှတ်မှတ်ရရတစ်နေ့တွင် ရွှေတိဂုံစေတီတော်ကြီးအား ပူဇော်ပြီး၍ ဓာတ်လှေကားဖြင့် ပြန်ဆင်းလာသောအဖွဲ့က အောက်သို့ရောက်၍ ဘာဂျာတီးခါးဖွင့်အထွက် အပြင်မှ အပေါ်သို့ တက်ရန် စောင့်ဆိုင်းနေသည့်အဖွဲ့ကလည်း ထွက်သူများ ကုန်အောင်မစောင့်ဘဲ အတင်းတိုးဝင်ကြရာ အဆင်းမှ သပိတ်ပရိက္ခရာလွယ်ထားသော ရှင့်ဒကာကြီးတစ်ဦးကို ဝင်တိုက်မိရာ ရှင့်ဒကာကြီးလဲကျသွားပြီး သပိတ်ပရိက္ခရာတို့ဂလုံဂလွမ်ဖြင့်လွင့်စဉ်ကုန်၏။ ရှင့်ဒကာကြီးဒေါသအိုးပေါက်ကွဲကာ ပုဆိုးခါးတောင်ကျိုက်လျက် ကလော်တုတ်သည့်ပွဲလေးမြင်ခဲ့ရသည်ကို မမေ့သေးပါ။ ရွှေတိဂုံက ထူးခြားဖြစ်ရပ်ကလေးဟု ဆိုနိုင်ပါသည်။

မြောက်ဘက်စောင်းတန်း၏အရှေ့ဘက်ခြမ်းဇရပ်တို့တွင်နေသူတို့ကလည်း ကျွန်တော်တို့အဖွဲ့အား မျက်စောင်းတခဲခဲရှိနေကြပါသည်။ ဥမင်လိုဏ်ခေါင်းရှာဖွေရေးကိစ္စအတွက် ဇရပ်တွင်နေသူများ၊ မကြာခင် ပြောင်းရွှေ့ပေးရတော့မည်ဆိုသော ကောလာဟလများကြောင့် ကျွန်တော်တို့ကို မကြည်ကြပါ။ ဆို့သော်မဖယ်ခဲ့ရပါ။

သိင်္ဂုတ္တရတောင်တော်ကြီးအား ဆာဗေးလုပ်ရသည်မှာ တွင်းထွက်သယံဇာတလေ့လာရှာဖွေရသည့် တောကြမ်းတောင်ကြမ်းများမှာကဲ့သို့ ပင်ပန်းမှုမရှိပါသော်လည်း မဖြစ်နိုင်သော (၇) ရက်အတွင်းပြီးရမည်ဆိုသော အမိန့်ကြောင့် လူမပန်းသော်လည်း စိတ်နွမ်းကြရပါသည်။ ဤအတွက်ကြောင့်ပင် ယက္ခမယ်တော်အား နေ့လယ်စာစားပြီးတိုင်း -

"မယ်တော်ကြီးခင်ဗျား၊ကျွန်တော်တို့ဒုက္ခကိုကြည့်နေတော့မှာလား။ ဒီဒုက္ခမှလွတ်အောင် အမြန်ဆုံးစောင်မပါဦး"

ဟု နားပူနားဆာလုပ်ခဲ့မိသည်မှာ ယနေ့ဆိုလျှင် သုံးရက်မြောက်ပေပြီ။ ယက္ခမယ်တော်ကြီးသာ တကယ်ရှိပါလျှင် ဒီကောင်လေးတွေငါ့ကိုတော်တော်နားပူနားဆာလုပ်ပါလားဟုဆိုလေမလား။

□ ယက္ခမယ်တော်စောင်မပြီ

ထူးဆန်းသည်ဟု ဆိုရပါမည်။ လေးရက်မြောက်နေ့နံနက် ကိုးနာရီခန့်တွင် နောင်တော်ကြီးစေတီတော်မြောက်ဘက်အောက်နားရှိ ဇရပ်များတစ်ဝိုက်တွင် တပ်ပျက်ဗိုလ်ကျွန်တော်ဦးဆောင်၍ ညီငယ်အင်ဂျင်နီယာတစ်စုနှင့်အတူ သီအိုဒိုလိုက်ဖြင့် တိုင်းတာနေကြစဉ် ကျွန်တော်၏ပခုံးကိုလက်ဖြင့်ပုတ်ကာ -

"မောင်ရင်တို့ တိုင်းတာမှုတွေရပ်လိုက်တော့"

ဟု ဆိုသဖြင့် ထိတ်လန့်တကြားဖြစ်ကာ လှည့်ကြည့်မိရာ ကျွန်တော်တို့ဘူမိဗေဒဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနကြီးမှ ညွှန်ကြားရေးမှူးချုပ်ကြီး ဗိုလ်မှူးကြီး ဖြစ်နေပါသည်။ ကျွန်တော်ရော ညီငယ်အင်ဂျင်နီယာတစ်စုတို့မှာ ဝမ်းသာလိုက်သည်မှာ ပြောဖွယ်ရာမရှိပါ။

ဗိုလ်မှူးကြီးခေါ်ရာနောက်လိုက်ပါရင်း ယက္ခမယ်တော်ကြီးအနီးမှ ဖြတ်သန်းစဉ် လက်အုပ်ချီ ဂါရဝပြုလျက်-

"ယက္ခမယ်တော် တကယ်စောင်မတာ ကျေးဇူးမမေ့ပါဘူးခင်ဗျာ"

ဟု တီးတိုးပန်ကြားခဲ့ပါသည်။

အကျိုးဟူသည် အကြောင်းအားလျော်စွာဖြစ်တတ်သောသဘောအရ ကျွန်တော်တို့ စိတ်မချမ်းမြေ့စွာလုပ်နေရသည့် လုပ်ငန်းသည် မပြီးသေးပါဘဲလျက် လုံးဝရပ်လိုက်ရခြင်းသည် ယက္ခမယ်တော်၏စောင်မခြင်းဟုသာ. . .။

ညွှန်ချုပ်ကြီးနှင့် ကျွန်တော်တို့အဖွဲ့အားလုံးကို သားမွေးကောဇောအပြည့်ခင်းထားသည့် ရွှေတိဂုံစေတီတော်ဂေါပကရုံးဧည့်ခန်းတွင် ကြက်သားဒံပေါက်၊ ရေခဲမုန့်၊ ချိုချဉ်သစ်သီးတို့ဖြင့် နံနက်စာကျွေးမွေးဧည့်ခံသည်ကို ယနေ့တိုင် မမေ့နိုင်သေးပါကြောင်း တင်ပြရင်း. . .

ဓာတ်ပုံမောင်မောင်အေး

စာကြွင်း

အကျယ်ကို သိလိုပါက ဆရာဖိုးဒေါင်းအား၏ ရွှေတိဂုံနေ့စဉ်တော်ကြီးနှင့် ထူးခြားဆန်းကြယ်သောဖြစ်ရပ်မှန်များ ၂၀၁၂ ခု၊ ဧပြီလထုတ် ဂမ္ဘီရမဂ္ဂဇင်းတွင် ရှာဖွေဖတ်ရှုကြပါကုန်။




www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)

# မြင်းခြံ စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားကြီး ဦးကဝိ



၄-၁၂-၁၉၇၂ ရက်နေ့။

ဖခင်စာရေးဆရာကြီးဦးရန်အောင်၊ စာရေးဆရာကြီးလင်းယုန်မောင်မောင်၊ စာရေးဆရာကြီးတောင်တွင်းဦးအောင်သင်းတို့နှင့်အတူ ကျွန်တော်ပါကပ်ပါပြီး မြင်းခြံမြို့ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲသို့ ရောက်နေကြ၏။ ကျွန်တော်တို့သည် မြင်းခြံမြို့သို့ ရောက်ခိုက် မြန်မာနိုင်ငံတွင် ရဟန္တာတစ်ပါးအဖြစ် ကျော်ကြားခဲ့သော စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ရှိရာသို့လာခဲ့ကြသည်။ မြင်းခြံမြို့စွန်းလွန်းဂူကျောင်းဝင်းအတွင်း၌ 'ဂန္ဓကုဋီသံသရာအေးစေတီ'တည်ကာ စေတီအောက်ခြေ၌ ရုပ်ကလာပ်တော်ကို မှန်ခေါင်းဖြင့် အပူဇော်ခံထားရှိပါသည်။

စွန်းလွန်းဂူကျောင်းဆရာတော်ကြီး ပရိနိဗ္ဗာန်ပြုတော်မူသည်မှာ ကာလအတော်ကြာပြီ ဖြစ်ပါသည်။ ဂန္ဓကုဋီတိုက်အတွင်း မှန်ကျောင်းဆောင်ဖြင့် ပူဇော်ထားသော ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဝေယျာဝစ္စလူကြီး ဦးသံခဲက ဖွင့်လှစ်ပူဇော်ခွင့်ပေးသဖြင့် အနီးကပ်ထိတွေ့ပူဇော်ခွင့်ရခဲ့ပါသည်။ အသားအရေမှာ နှစ်ကာလကြာရှည်လာသည်နှင့်အမျှ ညိုမောင်းသောအရောင်သို့ ပြောင်းလဲလာသည်ဟု သိရပါသည်။ သို့သော် မည်းညစ်သွားခြင်းမဟုတ်။ သပြေသီးကဲ့သို့ ညိုဝင်းတောက်ပြောင်လာခြင်း ဖြစ်သည်။ ဆေးရည်စိမ်ခြင်း၊ ဝမ်းဗိုက်တော်အား ခွဲစိတ်ပြုပြင်ထားခြင်းမရှိကြောင်း သက်န်းတော်ကိုလှပ်၍ပြသည်။ လက်မောင်း၊ လက်ဖျံတော်အား ကိုင်တွယ်ကြည့်ရာ အချို့နေရာတွင် ခက်မာ၍ အချို့နေရာတွင် နူးညံ့မှုမပါသော ပျော့ပျောင်းမှုကို ခံစားရသည်။ အကြောမျှင်များကား ထင်ရှားလျက်ပင်ရှိပါသည်။ ခြေသည်း၊ လက်သည်းများညှပ်လှီးဖြတ်တောက်ပေးရပါသလားဟု မေးမြန်းရာ လှီးဖြတ်ပေးရခြင်းမရှိပါ။ ရှင်သန်ရှည်ထွက်လာခြင်းမရှိပါဟု ဦးသံခဲက ဖြေကြားသည်။ လက်ဖျံတော်အားနမ်းကြည့်ရာ သင်းပျံ့စူးရှခြင်းမရှိသောအမွှေးနံ့ကိုရပါသည်။ သရက္ခန်သစ်သား၏ရနံ့သကဲ့ဖြစ်သည်။ စန္ဒကူးနံ့သာနံ့နှင့်ဆင်တူသည်။ ဦးခေါင်းတော်မှ ဆံပင်များထိုးထောင်ရှင်သန်နေသည်ကို ဖူးမြင်ရပါသည်။ နှစ်ပရိစ္ဆေဒများ ကြာညောင်းခဲ့ပြီဖြစ်သောကြောင့် ရုပ်ကလာပ်တော်သည် သစ်တုံးကဲ့သို့ မာကျောပြီး ခြေဖျား၊ လက်ဖျား၊ နှာသီးဖျား စသည်တို့၌ ပွန်းပဲ့နေလေပြီ။

ဆရာတော်၏ ကြီးမားသော ဂုဏ်ကျေးဇူးတော်များကို နှလုံးသွင်းအောက်မေ့လျက် အသုဘသညာနှင့်တကွ ရုပ်ကလာပ်တော်ကို ဖူးမြော်နိုင်လျှင် ထူးကဲသော ကုသိုလ်စိတ်များကုဋေကုဋာဖြစ်ပေါ်ပေလိမ့်မည်ဟု ပညာရှင်များက မိန့်ဆိုကြပါသည်။

ရှေးအခါက တဘောင်တစ်ခုပေါ်ခဲ့ဖူးသည်။

တဘောင်မှာ -

'အင်းခန်းတော့ ငှက်ကျ၊ ငှက်တော့ လယ်တီ၊ လယ်တီတော့ ထွန်ဆင်း' ပင် ဖြစ်ပါသည်။

ငှက် ဆိုသည်မှာ ငှက်တွင်းဆရာတော်ဟု ဆိုလိုကြောင်း၊ လယ်တီမှာ လယ်တီဆရာတော်ကို ဆိုလိုကြောင်း၊ ထွန်ဆင်းမှာ မြင်းခြံစွန်းလွန်းဆရာတော်ကို ဆိုလိုကြောင်း သိရှိရပါသည်။

ထွန်ဆင်းဆရာတော်ဟု ဆိုအပ်သော စွန်းလွန်းဂူကျောင်းဆရာတော်၏ ဘွဲ့အမည်မှာ ဦးကဝိဖြစ်ပါသည်။ တ... က ထွန်ဆင်း သို့မဟုတ် ထွန်ဆ... ဆရာတော်ဟုလည်း ခေါ်ဝေါ်သမုတ်ကြသည်။ နောင်အခါတွင် မြင်းခြံမြို့ စွန်းလွန်းဂူကျောင်းတို့၌ပွင် သီတင်းသုံးတော်မူသောကြောင့် စွန်းလွန်း... ကျောင်းဆရာတော်ဟူ၍ ထင်ရှားတော်...



www.burmeseclassic.com

www.burmeseclassic.com

ကြားလာခဲ့လေသည်။

ဆရာတော်ကြီး၏ ငယ်ဘဝမှာ မြင်းခြံမြို့အနီး စွန်းလွန်းရွာတွင် နေထိုင်သော အဖ ဦးသန့်၊ အမိဒေါ်တုတ်တို့မှ အေဒီ ၁၈၇၈ ခုနှစ်၊ မတ်လ ၄ ရက်၊ (ကောဇာနှစ် ၁၂၃၉ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်) တနင်္လာနေ့ နံနက် သုံးချက်တီးကျော်တွင် ထူးမြတ်သည့် ပုံသွင်နှင့် သားကောင်းရွှေစင်ကို ဖွားမြင်လေသည်။ ခေါင်းဆေးမင်္ဂလာပြုသည့်အခါ မောင်ကျော်ဒင်ဟုအမည်နာမတွင်စေသည်။

မွေးချင်း သုံးယောက်ရှိသည့် အနက် မောင်ကျော်ဒင်မှာ ဒုတိယမြောက်သားရတနာဖြစ်ပါသည်။ အကြီးဆုံးမှာ အစ်မကြီး မသင်းဖြစ်ပြီး ညီဖြစ်သူအငယ်ဆုံးမှာ မောင်အောင်ခိုင် ဖြစ်လေသည်။

မောင်ကျော်ဒင် ငယ်စဉ် ကလေးဘဝက မြင်းခြံမြို့ မင်းကျောင်းဆရာတော်ထံ အပ်နှံ၍ စာပေသင်ကြားစေခဲ့သော်လည်း ဉာဏ်ထုံထိုင်းလှသဖြင့် စာတောင်းစွာ မတတ်မြောက်ခဲ့ပေ။ ကျောင်းမှထွက်ပြီးနောက် အသက်(၁၅)နှစ်သို့ရောက်သော် ဖခင် ဦးသန့်နှင့်အတူ မြင်းခြံမြို့ အရေးပိုင်မင်းရုံးတော်တွင် ဝင်ရောက်အမှုထမ်းသည်။ လုပ်ရသောအလုပ်မှာ ယပ်လေကြိုးဆွဲရသော မင်းစေအလုပ်ဖြစ်သည်။

အသက်(၂၂)နှစ်တွင် ကိုကျော်ဒင်သည် တစ်ရွာတည်းနေ မရွှေရီနှင့် ချည်ငင်သို့မြတ်၍ သားသမီးလေးယောက် ထွန်းကားခဲ့သည်။ သို့သော် သားသမီးသုံးယောက်မှာ လူလားမမြောက်မီ ငယ်ရွယ်စဉ်ကပင် သေဆုံးကြသဖြင့် သားဖြစ်သူ မောင်ရှိန်ခေါ် မောင်ကံညွန့်တစ်ယောက်သာ ကျန်ရှိခဲ့လေသည်။ ကိုကျော်ဒင်သည် မင်းခစားအလုပ်ဖြင့် တိုးတက်ရန် လမ်းစမမြင်တော့လေရာ အသက် (၃၀) အရွယ်တွင် အလုပ်မှ နုတ်ထွက်ပြီး မိဘတို့၏လက်ငုတ်လက်ရင်းဖြစ်သော လယ်ယာလုပ်ငန်းသာလုပ်တော့သည်။

## □ အဓိဋ္ဌာန်နှမ်းကြဲ၊ ဆီမီးတစ်ထောင်

ကိုကျော်ဒင်သည် လယ်ယာလုပ်ငန်းကို လုပ်ကိုင်နေရာမှ တစ်ခါသော် ယာကွက်အသစ်တစ်ကွက်ကို ထပ်မံဝယ်ယူလိုက်ပြီး နှမ်းတင်းလေးဆယ်ထွက်က ဘုရားတွင် ဆီမီးတစ်ထောင် ပူဇော်ပါမည် ဟူသော အဓိဋ္ဌာန်ဖြင့် ယာသစ်ထဲ၌ နှမ်းကိုကြဲလေသည်။ ထိုနှစ်တွင် မိုးခေါင်သဖြင့် တခြားသူများ၏ နှမ်းခင်းများ ပျက်စီးကုန်သော်လည်း ကိုကျော်ဒင်၏ ယာကွက်ထဲမှ နှမ်းခင်းများ မပျက်စီးဘဲ နှမ်းတင်းရေလေးဆယ်တိတိ တစ်လက်မစွန်းမျှ အပိုအလိုမရှိ ကောင်းမွန်စွာ ရရှိလေသည်။

ထိုအခါ အဓိဋ္ဌာန်ထားသည့်အတိုင်း နှမ်းကို ဆီကြိတ်ပြီး အေဒီ ၁၉၁၉ ခု၊ အောက်တိုဘာလ ၈ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၂၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့) တွင် ဘုရား (၉) ပိသာ၊ တရား (၁) ပိသာ၊ သံဃာ (၄) ပါးကို တစ်ပါးလျှင် (၂) ပိသာစီ လှူဒါန်း၍ ဆီမီးရေစက်ချပရိတ်တရားတော်နာပြီးလျှင် ရွာ၏အရှေ့တောင်ဘက်ရှိ စေတီတော်တွင် ဆီမီးတစ်ထောင် ထွန်းညှိပူဇော်လေသည်။

## □ သေရမှာကြောက်၍ ကျင့်ကြံအားထုတ်

အေဒီ ၁၉၁၉ ခုနှစ်အကုန် ၁၂၈၁ ခုနှစ်တွင် မြင်းခြံတစ်မြို့လုံးသာမက ရွာနီးချုပ်စပ်တောအရပ်ဒေသများ၌ပင် အနာရောဂါအမျိုးမျိုးထူပြောကာ ရောဂဏ္ဍရကပ်ကြီးဆိုက်ရောက်နေသဖြင့် လူများအသေအပျောက်များနေသည်။ ထိုအချိန်တွင် ကိုကျော်ဒင်တစ်ယောက်မှာ မိမိတို့မိသားစု စီးပွားဥစ္စာတိုးတက်လာပြီဖြစ်သော်လည်း မိမိ၏ မွေးသက္ကရာဇ်ကို တွက်စစ်ကြည့်သော် စနေဂြိုဟ်ထဲသို့ရောက်နေပြီဖြစ်လေရာ ကပ်ရောဂါနှင့်တွယ်ငြိပြီး သေရမှာကို ကြောက်သွားမိလေသည်။

ကိုကျော်ဒင်သည် သေရမည့်အကြောင်းလန့်တွေးရင်း ကုသိုလ်ကောင်းမှုများရစေရန်အလို့ငှာ အလုပ်လုပ်နေလျှင်သော် လည်းကောင်း၊ လမ်းလျှောက်သွားနေလျှင်သော်လည်းကောင်း၊ ထိုင်နားနေလျှင်သော် လည်းကောင်း၊ အိပ်၍နေလျှင်သော် လည်းကောင်း နှာသီးဖျားမှ ဝင်လေ၊ ထွက်လေ အာနာပါနအသိတရားများနှင့်တကွ ကမ္မဋ္ဌာန်းတရားများကို နေ့စဉ်နှင့်အမျှ ကျင့်ကြံအားထုတ် ပွားများလေသည်။

ကိုကျော်ဒင် တရားထူးတရားမြတ်ရရာတွင် အဓိကနည်းပေးလမ်းညွှန်ပြုသူတစ်ဦးမှာ ဦးစံတင်ဆိုသူ ဖြစ်လေသည်။ ဦးစံတင်ကို သမာဓိမြော်အောင်သူဟု ပြောသူကပြောကြပါ၏။ တစ်ခါတစ်ရံ ကမ္ဘာစောင့်နတ်ကြီးများ ပူးကပ်ခံရသူဟုလည်း ဆိုကြပါသည်။

ဦးစံတင်၏ အနာဂတ်ဟောချက်ကို မှတ်တမ်းတင်ခဲ့သူများရှိခဲ့ပါသည်။

ဟောချက်မှာ -

"အမယ်ဗုဒ်ချည်ခင်ဟာ ဘယ်လောက်ပဲရှုပ်ရှုပ် ရက်ကန်းစင်ကျရင်ရှင်းသွားတာပဲ ကိုကျော်ဒင်ရဲ့။ အမယ်ဗုဒ်ခေါ်တဲ့ဒီဘုရားရှင်လက်ထက်မှာ အဝိဇ္ဇာချည်ခင်ရှုပ်ကြီးကို သတိပဋ္ဌာန်ရက်ကန်းစင်မှာ သတိလွန်းတစ်လုံးတည်းနဲ့ပဲ ခင်ဗျားရှင်းရလိမ့်မယ်ဗျာ။

အဲဒီအခါမှာ စွန်းလွန်းရွာတောင်ဘက်မှာ တကယ့်ရက်ကန်းစင်လည်း ပေါ်လာလိမ့်မယ်။ ရက်ကန်းစင်ပေါ်တဲ့ ကျွန်းဖိုကုန်းမှာ ခင်ဗျားသာသနာပြုရလိမ့်မယ်။သာသနာပြုတဲ့အခါ ကျွန်းတိုင်နှစ်လုံးပဲပါလိမ့်မယ်။ ဘုရားငုတ်တိုရောင်တော်လွှတ်ဆိုတာက ငုတ်တိုနေတဲ့ ပဋိပတ္တိသာသနာတော်ကြီး ပြန်ပေါ်လာတော့မယ်လို့ ဆိုလိုတာပဲဗျာ။ အဲဒီတော့ ကိုကျော်ဒင် ခင်ဗျားရဲ့ တရားလက်ခတ်သံကို တစ်နိုင်ငံလုံး (၃၁) ဘုံလုံးက ကြားလာရမှာပါ"

ဟု ဆက်တိုက် မမောနိုင်မပန်းနိုင် ပြောလျက်ရှိရာ -

"ဦးစံတင်၊ တော်စမ်းပါဗျာ။ တောက်တီးတောက်တဲ့တွေပြောမနေစမ်းပါနဲ့"

ဟု ကိုကျော်ဒင်က မကြားလိုဟန် ပြောလိုက်သောအခါ -

"ခင်ဗျား စောင့်ကြည့်သေးတာပေါ့"

ဟု ပြောလိုက်လေသည်။

## □ အတပ်ဟောသော ဆရာကြီးဖြစ်လာ

ကိုကျော်ဒင်သည် ကျင့်ကြံမှုများလာသောအခါ ရွာကလူတွေနှင့်စကားပြောနည်းလာပြီး တချို့သူများနှင့်တွေ့လျှင် -

"ဟေ့ - မင်းတို့ ဘုရား၊ တရား၊ သံဃာဖက်ကြ။ မင်းတို့သေတော့မယ်။ (၃) ရက်ကြာရင်သေမယ်၊ (၅) ရက်ကြာရင်သေမယ်၊ (၇) ရက်ကြာရင်သေမယ်"

ဟူ၍ သတိပေးစကားပြောသည်။

သတိပေးခံရသူများသည်လည်း ကိုကျော်ဒင်ပြောသည့်အတိုင်း သေကုန်ကြ၍ ရွာသူရွာသားများက ကိုကျော်ဒင်ကို အလွန်တရာအံ့ဩမိကြလေသည်။

## □ ပျောက်စေဆရာကြီးဖြစ်လာ

ယင်းနောက် ရွာတွင် ကျွဲပျောက်၊ နွားပျောက်ကစပြီး လူနာအတွက်

www.burmeseclassic.com

ဆေးဝါးနှင့် ခါတ်စာ လာမေးကြသည်ကို တပ်အပ် ပြန်လည်ဖြေကြားနိုင်ခဲ့ရာ ရွာမှလူများက အကြားအမြင်ဆရာကြီးဟု လည်းကောင်း၊ ပျောက်စေဆရာကြီးဟူ၍ လည်းကောင်း အသိအမှတ်ပြုလာကြသည်။

စွန်းလွန်းဆရာတော် ဦးကဝိလောင်းလျာဖြစ်သော ကိုကျော်ဒင်သည် နွားစာအတွက် မြောင်းရိုးများကို နုပ်နုပ်စဉ်းသည့်အခါ လက်ကို -

"မြောက်တယ် ချတယ်၊ မြောက်တယ် ချတယ်"

ဟု သတိကပ်ပြီး ခုတ်စဉ်းသည့်အတွက် တစ်နေကုန်ခုတ်စဉ်းသော်လည်း မမောပန်းခဲ့ချေ။

"အလုပ်လည်းတွင်၊ မောလည်းမမော၊ အမှားအယွင်းလည်းမရှိ၊ သမာဓိလည်းတည်၊ တယ်ဟန်ပါလား"

ဟု ကိုကျော်ဒင် မှတ်ချက်ချခဲ့လေသည်။

ကိုကျော်ဒင်သည် နေ့စဉ် နိစ္စဓူဝ ဝိပဿနာကမ္မဋ္ဌာန်းတရားကို ကြိုးကြိုးကုတ်ကုတ်အားထုတ်နေလေရာ ဇနီးဖြစ်သူက မကြားဝံ့မနာသာအပြစ်စကားများပြောသော်လည်း ကိုကျော်ဒင်မှာ တုတ်တုတ်မျှမလှုပ်ချေ။ သည်းခံခြင်းဟူသောတရားကိုသာ ရင်ဝယ်ပိုက်လျက် တရားမေ့ကို ဆက်လက် အားထုတ်ပွားများလျက် ပွားမျှားဆဲပင် ဖြစ်ပါသည်။

ကိုကျော်ဒင်သည် ဇနီးဖြစ်သူ မကြည်ဖြူသည့်ကြားမှ ဝိပဿနာကမ္မဋ္ဌာန်းတရားကို ဆက်လက်အားထုတ်လိုက်ရာ အေဒီ ၁၉၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက် (၁၂၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်) ကြာသပတေးနေ့ ည (၁၀) နာရီတွင် ပထမအကြိမ် တရားထူးကို ရတော်မူလေသည်။

အေဒီ ၁၉၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၁ ရက် (၁၂၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်)၊ စနေနေ့ ည (၁၀) နာရီတွင် ဒုတိယအကြိမ် တရားထူးကိုရတော်မူလေသည်။

ဒုတိယအကြိမ် တရားထူးရပြီးနောက် ဇနီးသည် ဒေါ်ရွှေရီနှင့် လမ်းခွဲလိုက်လေသည်။

အေဒီ ၁၉၂၀ပြည့်နှစ်အောက်တိုဘာလ ၁၁ ရက် (၁၂၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၁၃ရက်) တနင်္လာနေ့ ည (၁၀) နာရီတွင် တတိယအကြိမ် တရားထူးကိုရတော်မူလေသည်။

(မှတ်ချက် - တော်သလင်းလပြည့်ကျော် ၁၃ ရက်မှာ တနင်္ဂနွေနေ့ဖြစ်ကြောင်း ပညာအလင်းပြ နှစ်တစ်ရာပြက္ခဒိန် ၁၉၆၆၊ ပထမအကြိမ် စာမျက်နှာ ၃၄၁ တွင် တွေ့ရသည်။)

အေဒီ ၁၉၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်၊ အင်္ဂါနေ့ (၁၂၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်) အင်္ဂါနေ့ ည(၁၀)နာရီတွင် စတုတ္ထအကြိမ်မြောက် တရားထူးကို ရရှိတော်မူလေသည်။

တရားထူးရခြင်းနှင့် စပ်လျဉ်း၍ ဆရာစဉ်ဆက် လေ့လာသုံးသပ်ပုံအချို့ကို တင်ပြမှသာလျှင် စွန်းလွန်းဆရာတော်ဘုရားကြီး၏ ရဟန်းထူးရဟန်းမြတ်ဘဝကို ထင်သာမြင်သာဖြစ်ပေလိမ့်မည်။ ထို့ကြောင့် အောက်ပါကောက်နုတ်ချက်ကို ဖတ်ကြည့်ပါ။

'ထိုရထားပွဲကြီး၏ ထောင့်လေးထောင့်တွင် နတ်မင်းကြီးလေးယောက်နှင့် လက်ယာဘက်တွင် သိကြားမင်းကို တွေ့ရသည်။ အားလုံးအရိုအသေပြုနေကြသည်။ တစ်နေ့ကပင် ကျောင်းအနီး၌မှိုပွင့်ကြီးတစ်ပွင့်တွေ့၍ နုတ်လိုက်ရာ မှိုင့်၊ မှိုဖြစ်ပါမကျန် တစ်အုံလုံးကျွတ်ထွက်လာကြသည်ကို တွေ့ရကတည်းက အမြစ်ပြတ် လုံးဝအကျွတ်အလွတ်တရားရတော့မည်ဟု ယူဆကာ အရိုးကြေကြေအရေခန်းခန်းမထတမ်းကြိုးစားခဲ့ရာ ယခု နတ်သိကြားများကို တပ်အပ်သေချာတွေ့မြင်ရပြန်သောအခါ ငါ့အားတရားထူးရတော့မည်ဖြစ်၍ လာရောက်စောင့်ကြသည်ဟု မှတ်ထင်လိုက်သည်။ နတ်ရထားနှင့် နတ်၊ သိကြားတို့ကို ဂရုမမူဘဲ ကြိယာပုတ်တစ်ခုတည်းဖြင့် တစ်ရှိန်တည်း၊ တစ်သန်တည်း ခန္ဓာကိုယ်နှင့် အသက်ကိုပင်စွန့်၍ အားထုတ်ရာ ထိုနေရာ၌ပင် ရဟန္တာဖြစ်တော်မူလေသည်'

ထို့နောက် ကိုကျော်ဒင်သည် မိတ္ထီလာ ရေလယ်ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်အရ ရှင်သာမဏေဝတ်ခဲ့သည်။ ရှင်မည်မှာ ရှင်ကဝိ ဖြစ်လေသည်။

**□ ဘဝပေါင်းများစွာကိုဆင်ခြင်ကြည့်ရှုခြင်း**

ရှင်ကဝိသည် တရားထူးများကို ရရှိပြီးနောက် မိမိကူးပြောင်းခဲ့ရသော ဘဝပေါင်းများစွာကို အကျိုးပေါ်ကနေပြီး အကြောင်းကို ပြန်လည် ဆင်ခြင်ကြည့်လေရာ တိရစ္ဆာန်ဘဝအမျိုးမျိုး ဖြစ်ခဲ့သည်ကများပြီး လူ့ဘဝရရှိသည်မှာ အလွန်နည်းကြောင်း တွေ့ရှိရသည်။

ယခု ဘဒ္ဒကမ္ဘာတွင် မဟာကဿပ ဘုရားရှင်လက်ထက်တုန်းက ကျေးသားကြက်တူရွေးဘဝအဖြစ်နှင့် ဘုရားရှင်အား သစ်သီးကပ်လှူဆုတောင်းခဲ့ဖူးသော အကြောင်းအကျိုးဆက်ကြောင့် ယခုလက်ရှိ လူ့ဘဝတွင် တရားထူးများကို ပေါက်ရောက်စွာရရှိကြောင်း သိရှိရသည်။

ဂေါတမမြတ်စွာဘုရားသခင်၏ သာသနာတော်အတွင်း၌ သုဝဏ္ဏဘူမိ သထုံပြည်ကြီးကို စိုးမိုးအုပ်ချုပ် မင်းလုပ်တော်မူခဲ့သော သာသနာ့ဒါယကာ မနူဟာမင်းကြီး၏ ဆည်းကပ် ကိုးကွယ်ခြင်းခံရသော 'တားမဲ့ဆရာတော်' ...လည်း ဖြစ်ခဲ့ရပြန်သည်။

တစ်ခုသောဘဝတွင် တက္ကသိုလ်ဆရာကြီးဖြစ်ခဲ့ဖူးကြောင်းမှတ်တမ်းရှိ... သည်။ လေ့လာဆင်ခြင်ဖွယ်များဖြစ်... သည်။ ထိုဘဝများက တွေ့ကြုံဆက်... ဖူးသူတိုင်း ယခုအခါ ငါထံသို့လာရောက်ကြ၍ ကိလေသာရောဂါကင်းဝေးအောင် တရားဆေးကို စားသုံးကြလိမ့်မည်ဟု လည်း မြင်တော်မူပါသည်။

ငင်းဘဝမှ စုတေ၍ သံသရာ ကျင်လည်ခဲ့ပြန်ရာ၊ ယခုလူ့ဘဝတွင် ကိုကျော်ဒင်မှသည် ရှင်ကဝိဘဝသို့ ရောက်ခဲ့ခြင်း ဖြစ်ပေသည်။

**□ ရဟန်းအဖြစ်ခံယူ**

ရှင်ကဝိသည် မိတ္ထီလာရေလယ် ဆရာတော်ကြီး၏ တိုက်တွန်းချက်အရ အေဒီ ၁၉၂၁ ခုနှစ်၊ ဧပြီလ ၁၈ ရက် (၁၂၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်) တနင်္လာနေ့ ညနေ (၄) နာရီ (၉) မိနစ်အချိန်ခန့်တွင် မိတ္ထီလာမြို့ ရေလယ်ကျောင်းတိုက် ခဏ္ဍသိမ်တွင် ဟင်းရန်ကန်ဆရာတော်အား ဥပဇ္ဈာယ် အဖြစ်ထားကာ ရေလယ်ဆရာတော် ညောင်လွန့်ဆရာတော်နှင့်တကွ ရဟန်း တစ်ကျိပ်ကျော်တို့အား ကမ္မဝါဆရာများ အဖြစ် အသီးသီးလျာထားလျက် ကိုရင် သာမဏေဘဝမှ ရဟန်းဘောင်သို့ သွတ်သွင်း ချီးမြှောက်ခြင်းခံလေသည်။

ဆရာတော်ဦးကဝိသည် ... ပေါ်ကျောင်းတွင် သီတင်းသုံးနေ... အေဒီ ၁၉၂၃ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက် (၁၂၈၅ ခုနှစ်၊ သီတင်းကျွတ်လကွယ်...) နေ့တွင် ဒါယကာဦးဘိုး ဆောက်လုပ် လှူဒါန်းသော စွန်းလွန်းချောင်း...



www.burmeseclassic.com

www.burmeseclassic.com

…ဘားရှိ သုံးပင်နှစ်ထပ်ဆောင်ကျောင်း …တိုက်သို့ ပြောင်းရွှေ့ကာ သီတင်းသုံး …တော်မူသည်။ ထိုကျောင်းကို စွန်းလွန်း …တိုက်ကျောင်းဟု ခေါ်ဝေါ် သမုတ် …သည်။ နောင်အခါတွင် ၎င်းကျောင်း …တိုက်အနီး၌ တရားအားထုတ်ရန် ဂူများ …သဖြင့် စွန်းလွန်းဂူကျောင်းတိုက်ဟူ၍ …ယနေ့ထိတိုင် အမည်တွင်လေသည်။ …ဖြင့် ယင်းကျောင်းတိုက်၌ သီတင်း …သုံးတော်မူသော ဆရာတော်ဦးကဝိ …သည်လည်း စွန်းလွန်းဂူကျောင်းဆရာ …တော်ဟု ထင်ရှားလာလေသည်။

စွန်းလွန်းဆရာတော်အား ရဟန္တာ …တ်၊ မဟုတ် အ ကြမ်းဖျင်းအားဖြင့် …စမ်းသပ်သူများလည်း ပေါ်ပေါက်ခဲ့ဖူး …သည်။

ဆရာတော်ကြွနေစဉ် နောက်မှ …နေ၍ ပေထုပ် (ဖြောက်အိုး) ဖောက်ခဲ့ …ခြင်း အလျှုတစ်ခု၌ ဘီလပ်ရည်တွင် …အရက်နှင့်ရော၍တိုက်ခြင်း စသည်တို့ …ဖြင့် စမ်းသပ်ကြသည်။

ဘီလပ်ရည်နှင့် အရက် ရော၍ …တိုက်ရာ၌ ပါးစပ်ထဲသို့ဝင်သွားသော် …လည်း အရက်သတ္တိပျက်ပြယ်သွားသည် …ဟု ဆရာတော်ဦးကဝိမိန့်လေသည်။

တစ်ခါကမူ ခရီးသွားစဉ် ဆရာ …တော်နှင့် မျက်နှာချင်းဆိုင် မြင်းလှည်း …တစ်စီး အရှိန်ပြင်းစွာမောင်း၍လာလေ …သည်။ ဆရာတော်ကား မတုန်လှုပ်ချေ။ …မြင်းလှည်းသာလျှင် အနီးသို့အရောက် …တွင် တလိမ့်ခေါက်ကွေးတိမ်းမှောက် …သွားလေသည်။ အကြမ်းစမ်းသပ်သူများ …တွေ့ရောက်သွားကြခြင်းပင်။ တရားထူး …နှင့်စပ်၍ မည်သူ့ကိုမျှ မည်သည့် …အဆင့်ဟု မိန့်တော်မမူချေ။ သူဟုတ် …သွင်ဟုတ်လိမ့်မည်ဟုသာ မိန့်လေ့ရှိပါ …သည်။

ကိုကျော်ဒင်တစ်ဖြစ်လဲ ဦးကဝိဘဝ …တစ်ဆင့် ရဟန္တာအရှင်မြတ်ကြီးဖြစ် …တော်မူသော မြင်းခြံ စွန်းလွန်းဆရာ …တော်ဘုရားကြီး တရားထူးတရားမြတ် …တော်မူသောအခါ ယခင်က လမ်းညွှန် …ခဲ့သော လမ်းညွှန်ဆရာဦးစံတင်သည် …သည်း မောင်ရင်ပေါ် ချောက်၌ ကျောင်း …ဆောက်ပြီးလျှင် ရဟန်းဝတ်ခဲ့လေသည်။

စွန်းလွန်းဆရာတော် ဦးကဝိ …ရဟန္တာအရှင်မြတ်ကြီးသည် ငယ်စဉ် …ကာလ ကိုကျော်ဒင်ဘဝက အိမ်ထောင် …ကျခဲ့သော မရွှေရီဆိုသူ၏ ဇာတ်လမ်း …မှာလည်း အလွန်စိတ်ဝင်စားဖွယ်ရာ …ဖြစ်ပါသည်။

ထိုအခါ ဇနီးဟောင်းဖြစ်ခဲ့သော မရွှေရီ၏ ကြေကွဲဖွယ်ရာ ဇာတ်သိမ်းခန်း ကလေးမှာ -

ဒေါ်ရွှေရီသည်လည်း တရားများ အားထုတ်နေသည်။ ဒေါ်ရွှေရီသည် ကာလကြာသောအခါ ကပ္ပိယဦးပြောင်းနှင့် အိမ်ထောင်ကျသည်။ နောက် ကွယ်လွန်သောအခါ ပြိတ္တာဘဝသို့ရောက် နေသဖြင့် ဆရာတော်ဦးကဝိ ဟောချွတ်တော်မူရလေသည်။

စွန်းလွန်းဆရာတော်ဘုရားကြီး သည် အေဒီ ၁၉၅၂ ခုနှစ်၊ မေ ၁၇ ရက် (၁၃၁၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်) စနေနေ့ ညနေ (၅) နာရီ (သက်တော် (၇၅) နှစ်၊ ဝါတော် (၃၂) ဝါ) တွင် ပရိနိဗ္ဗာန်ပြုတော်မူလေသည်။

**■စွန်းလွန်းဂူဆရာတော်ကြီး၏ရုပ်ကလာပ်**

မြန်မာနိုင်ငံတွင် ရဟန္တာတစ်ပါး အဖြစ် ကျော်ကြားခဲ့သော စွန်းလွန်းဂူ ကျောင်းဆရာတော်ကြီး၏ ရုပ်ကလာပ် ကို ယခုအခါ မြင်းခြံမြို့ စွန်းလွန်းဂူ ကျောင်းဝင်းအတွင်း၌ ဂန္ဓကုဋီသံသရာ အေးစေတီ တည်ကာ မှန်ခေါင်းဖြင့် ပူဇော်ထားပါသည်။

စွန်းလွန်းဆရာတော် ဦးကဝိနှင့် တော်ကူးဆရာတော်တို့ နှစ်ပါးစလုံးပင် လယ်သမား ယာသမားဘဝမှ သာသနာ့ ဘောင်သို့ကူးပြောင်းခဲ့ကြပါသည်။ ဆရာ တော်နှစ်ပါးစလုံးပင် အိမ်ရာထူထောင် ခဲ့ကြပြီးနောက် အသက်ကြီးရင့်သည့် အခါမှ ပဗ္ဗဇိတရဟန်းဘဝသို့ ကူးပြောင်း ခဲ့ကြသည်။ သမထ၊ ဝိပဿနာတရား များကို စွဲစွဲမြဲမြဲအားထုတ်ခဲ့ကြပါသည်။

စွန်းလွန်းဆရာတော်လောင်းလျာ ဖြစ်သော ဦးကျော်ဒင်သည် တောင်ယာ လုပ်ကိုင်ရင်း အသက် (၄၃) နှစ်အရွယ် တွင် အာနာပါနဿတိခေါ် ထွက်သက်၊ ဝင်သက်ကမ္မဋ္ဌာန်းကို စတင်ရှုမှတ်ခဲ့လေ သည်။

လူအမည် ဦးကျော်ဒင်၊ ထို့နောက် ရဟန်းဘွဲ့တော် ဦးကဝိသည် သတိမြဲမြဲ ဇွဲရှိရှိဖြင့် ဝိပဿနာရှုမှတ်ခဲ့ရာတွင် ခုနစ် လအချိန်အတွင်း၌ပင် လေးမဂ်လေးဖိုလ် ရပြီး တေဝိဇ္ဇရဟန္တာအဖြစ်သို့ ရောက်ရှိ တော်မူသည်ဆိုခြင်းမှာ အလွန်ထူးခြား အံ့ဩစရာကောင်းလှပေသည်။

စွန်းလွန်းဆရာတော်ဘုရားကြီး သည် မပျံလွန်တော်မူမီကပင် -

"ငါသေရင် ဘာမှမလုပ်နဲ့၊ ထိုး ထားလိုက်"

ဟူသော ဆရာတော်၏ အမှာ စကားအရ ရုပ်ကလာပ်တော်ကို ကြိုတင် ပြုလုပ်ထားသည့် အုတ်ဂူအတွင်းထည့် သွင်းပြီး အင်္ဂတေဖြင့်ပိတ်ထားလိုက်ကြ သည်။

ခုနစ်နှစ်ကြာညောင်းသည့်အခါ အထက်အညာ မြင်းခြံမြို့သို့ နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ဦးနု ရောက်ရှိလာစဉ် စွန်းလွန်းဂူကျောင်းသို့ သွားရောက်ပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ဖူးမြော်လိုသဖြင့် ဂူပေါက်ဝကိုဖွင့်စေ သည်။

ရုပ်ကလာပ်သည် ဂူထဲမှထုတ် လိုက်သည့်အခါတွင် အသားရေစစ်ပြီး သွေ့ခြောက်နေလေပြီ။ အပုပ်နံ့လည်း ကင်းနေသည်။ သို့အတွက် စွန်းလွန်းဂူ ကျောင်းအတွင်း၌ပင် ဂန္ဓကုဋီသံသရာ အေးစေတီကို တည်ပြီးလျှင် စေတီ အောက်ခြေ၌ ရုပ်ကလာပ်တော်ကို မှန်ခေါင်းဖြင့် အပူဇော်ခံထားရှိပါသည်။

စွန်းလွန်းဂူဆရာတော်ဘုရားကြီး ၏ ရုပ်ကလာပ်တော်သည် ပရိနိဗ္ဗာန်ပြု ပြီးသည့်အချိန်မှစ၍ ယခုထိတိုင် မည်သို့ မျှ ချို့ယွင်းချက်မရှိ မပုပ်မသိုးတည်ရှိနေ သည်ကို ဖူးတွေ့နိုင်ပေသည်။

(ဤဆောင်းပါးဖြင့် စွန်းလွန်းဂူ ကျောင်းဆရာတော်ဘုရားကြီးနှင့် အဖေ ဦးရန်အောင်တို့အား ဦးခိုက်လျက်)

တင်အောင် (စက်မှုတက္ကသိုလ်)

**ကျမ်းကိုး -**

၁။ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ (ဓမ္မာစရိယ-ဦးဌေးလှိုင်)၊
၂။ စွန်းလွန်းဂူကျောင်းဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိအကျယ် (ဦးတင်ဖေ၊ ဘောက်ထော်ဂူ ကျောင်းဒါယကာ၊ မြင်းခြံမြို့)
၃။ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် တော်ကူး ဆရာတော်ဘဝဆည်းဆာ (ဒေါက်တာမင်းတင်မွန်)
၄။ မြန်မာနိုင်ငံရဟန္တာနှင့်ရဟန်းထူး များ (ပထမတွဲ) (မောင်ပန်းမွှေး-ပြုစုသည်)
၅။ သာသနာ့တန်ဆောင်ဆရာတော် ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ဆန်း များ (တင်အောင်၁၃) (တိုးတက် စီစဉ်၍ ရန်အောင် စာပေမှ ထုတ်ဝေသည်။)

www.burmeseclassic.com

www.burmeseclassic.com

မြစ်ကြီးနားမြို့က ဒေါ်ရီက ရှမ်းတိုင်းရင်းသားပါ။ ခင်ပွန်းက တိုင်းရင်းဆေးဆရာပါ။ ကျောက်စိမ်းမှော် (ဖားကန့်ရှာ) သို့ အဝတ်အထည်များ ဒေါ်ရီ သွားရောက် ရောင်းချ၏။ သူကိုယ်တိုင် (ခြင်းကြီးဖြင့်) အဝတ်အထည်ကိုထမ်း၏။ သားကြီးက အထည်သာမက အိုးခွက်များနှင့် စားစရာများထမ်းရ၏။ အဖော်ဈေးသည်များနှင့် စုဝေးသွားကြရသည်။ (လွန်ခဲ့သောနှစ်ငဝက ခြေကျင်ခရီးသာရှိသော ကျောက်စိမ်းမှော်သွားရသောအခြေအနေပါ။)

ဝါခေါင်လဆန်း သူငယ်ချင်းမတစ်ဦး ဒေါ်ရီထံရောက်လာ၏။ သူငယ်ချင်းမက အပူမီးတွေဝိုင်းနေရှာ၏။ အမှုထမ်းဖြစ်သူ အမျိုးသားက အစိုးရငွေကိစ္စဖြင့် အချုပ်ကျနေသည်။ တရားရုံးတွင် အမှုစစ်ခံနေရသည်။ သားသမီးကများလှသည်။ ကျောင်းသားများပါ။ ငွေကြေးကျပ်တည်းလှ၏။ ဗမာသုသာန်၌ သီတင်းသုံးနေသော ဘိုးပေါက်ဆိန်ကို အကူအညီတောင်းခံလို၏။ အဖော်အဖြစ် ဒေါ်ရီက လိုက်ပါကူညီရသည်။ ဘိုးပေါက်ဆိန်အကြောင်းမကြားဘူးပါ။ မတွေ့ဘူးခဲ့ပါ။

ဗမာသုသာန်တဲကျောင်းကလေး။ ဘိုးပေါက်ဆိန်ကို ဖူးတွေ့ရပါပြီ။ သင်ဖြူးဖျာပုံပေါ်ကြီးမှာ ထိုင်နေလေသည်။ သူငယ်ချင်းမ (မဝ့်မရဲလေသံဖြင့်) က အကူအညီတောင်း၏။ကြောက်ကြောက်ရွံ့ရွံ့ဖြစ်နေသည်။ ငိုမလိုမျက်နှာပေးနှင့်ပါ။

ဘုန်းတော်ကြီးက -

"အမှုကိစ္စက ကွင်းလုံးကျွတ်လွတ်မယ်။ အောက်ကလူကြောင့် သူခံရတာ။ အဲဒီလူပဲ အပြစ်ပေးခံရမယ်။ အခုပေးလိုက်တဲ့ ဖယောင်းတိုင်ကြီးကို နေ့စဉ်မီးထွန်းပါ။ ဂါထာပြန် (ဝေ-ဒါ-သာ-ကု) ကိုရွတ်။ အချုပ်ထဲက နင့်လူကို အမြဲရွတ်ခိုင်းပါ။ နင်ယူလာတဲ့ မုန့်၊ သစ်သီးတွေပြန်ယူသွား။ ကြွေးတွေနဲ့ဝယ်လာရတာ၊ ကလေးတွေကိုပဲကျွေးလိုက်။ ပြန်ကြ၊ ငါ့အလုပ်ရှိတယ်"

ပြတ်ပြတ်သားသား မာမာကြီးပြော၏။ (ဘုန်းတော်ကြီးမည်သူနှင့်မဆိုဆက်ဆံသောလေသံပါ။)

ဒေါ်ရီ (စိတ်ထဲက)ဘိုးပေါက်ဆိန်၏လေသံကို မကြိုက်ပါ။ မာတင်းလှသောလေသံကို အပြစ်မြင်၏။

ဒေါ်ရီဘက်လှည့်ပြီး ဘိုးပေါက်ဆိန်က -

"ငါက ပြတ်ပြတ်ပဲပြောတတ်တယ်။ မကြိုက်လည်းမတတ်နိုင်ဘူး။ နင်စီးပွားရေးဖြစ်နေလို့ ဘဝင်မမြင့်နဲ့။ နင့်သားကြီးက အိမ်ထောင်ကျတော့မယ်။ နင်ရှန်းကန်ရတော့မယ်"

သူ့စိတ်ထဲကိုများ ဘုန်းကြီးသိနေသလား။

ဒေါ်ရီက မယုံကြည်ပါ။ သားကြီးက ဘာမှစိတ်မဝင်စား။ အမေ့ကိုကူညီသူ၊ မိသားစုအပေါ် တာဝန်ကျေသူပါ။ မောင်နှမများကို ဦးစားပေးသူပါ။ အိမ်ရောက်တော့ အိမ်သား ဆေးဆရာ[illegible] ပြန်ပြောပြမိ၏။ မကျေမနပ်။

သို့သော် သူငယ်ချင်းမ၏ခင်[illegible] အမှု ကွင်းလုံးကျွတ်လွတ်လာ၏။ [illegible] ကိစ္စ) နှင့်ပတ်သက်သူ (အောက်လူ) [illegible] အပြစ်ကို ဝန်ခံလာ၏။ နှစ်ပတ်အ[illegible] ထူးခြားသောကိစ္စပါ။ သူငယ်ချင်း[illegible] ခင်ပွန်းက ဘုန်းတော်ကြီး၏ခြေကို[illegible] ၍ ကန်တော့သည်။ အရက်ပြတ်သွား[illegible] ပုတီးမှန်မှန်စိပ်၏။ (ဘုန်းတော်ကြီး[illegible] သောကျင့်စဉ်) ပါ။ ဘုန်းတော်[illegible] ဘိုးပေါက်ဆိန်၏တပည့်ဖြစ်သွားခဲ့[illegible] အလုပ်ခွင်၌ ရာထူးအတိုင်းပြန်လုပ်[illegible]



ဒေါ်သုမနဝိဝိတ္တ
(B.Sc, H.G.P, Dip.Ed)
ကြို့ရဆုံရ ဝိဇ္ဇာဓရ

www.burmeseclassic.com

www.burmeseclassic.com

...တဲ့။ (သတင်းများ)။ ဒေါ်ရီကို ...ယ်ချင်းမက ပြန်ပြောပြသည်။

ဒေါ်ရီ့ခင်ပွန်းက ပြောလာ၏။ ...သာချအတည်၊ ဝိဇ္ဇာမမည်တဲ့။ ...ပါက်ဆိန်က ဝိဇ္ဇာကြီးပါတဲ့။ ဒေါ်ရီ ...လိုက်ရပါပြီ။

"ဆေးဆရာရယ် အစကပြောပြ ...ားကွယ်"

ဟုသာ ဒေါ်ရီက ရေရွတ်မိတော့ ...ည်။

ဝိဇ္ဇာတဲ့လား။

ဒေါ်ရီ (၆) တန်းအထိ စာသင်ဖူး ...ည်။ မြန်မာစကားမပြောတတ်သော ...ဘနှစ်ပါးမှ ဆင်းသက်လာပြီး ဗုဒ္ဓ ...သာအကြောင်း ကောင်းစွာမသိခဲ့ ...။ မိမိထက် အသက် (၁၂) နှစ်ကြီး ... ဆေးဆရာက လူအေး၊ စကား ...သူ၏။ မိမိက အရောင်းအဝယ်ဖြင့် ...အချိန်ကုန်နေရသူပါ။ အိမ်မှာနေ ...ည်း အိမ်မှုကိစ္စနှင့်လုံးပန်းနေရသူပါ။ ...အကြောင်း ဗဟုသုတမရှိခဲ့ပါ။ ဆေး ...တလည်း ဆေးကုထွက် (နယ် ...) နေရ၍ မျက်နှာချင်းဆိုင်စကား ...ရသည်ဟု ဒေါ်ရီမှာမရှိခဲ့။ သူငယ်ချင်းမ၏ အဖော်အဖြစ်လိုက်ပါသွားရ၍ ဝိဇ္ဇာကိုဖူးဖူးခဲ့သည်။ စကြဲ့ဖူးခဲ့ရသည်။ သည့်အပြင် ဒေါ်ရီဘာမှမသိပါ။ စိတ်ထဲက စိုးရိမ်နေသည့်အချက်ရှိနေသည်။ ဝိဇ္ဇာကြီးပြောသောစကား၊ သားကြီးနှင့်ပတ်သက်သောစကားပါ။

ဒေါ်ရီတို့ဈေးသည်များ ခရီးထွက်ကြပြီ။ တော်သလင်းလရောက်နေပြီဖြစ်သော်လည်း မိုးကမစဲပါ။ မိုးသဲသဲမဲမဲရွာသောနေ့က ခရီးထွက်ကြရ၏။ မြစ်ကြီးနားမြို့မှ မိုးကောင်းမြို့သို့ ကုန်ရထားစီးရ၏။ မိုးမလင်းမီ မှောင်မှောင်မည်းမည်းတွင်စီးရ၏။ နံနက်လင်းတော့ မိုးကောင်းမြို့ရောက်၏။ မိုးကောင်းမြို့မှ ဂျစ်ကားစီးရ၏။ ဂျစ်ကားကြီး၏ ခေါင်းဖုံးပေါ်တွင် ယောကျ်ားများစီးရသည်။ ဂျစ်ကားကိုယ်ထည်တွင် မိန်းမများထိုင်ကြသည်။





www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းထုပ်တွေပေါ် ထိုင်ကြရခြင်းပါ။ နောက်တွဲထွေပေါ် ပစ္စည်းအပြည့်။ ထိုအပေါ်တွင် ယောကျ်ားများထိုင်ရ၏။ လမ်းကဆိုးဆိုး၊ လူကများ၊ ကုန်ကလည်း အပြည့် အသိပ်။ ကားက ဖြည်းဖြည်းသာမောင်းနေရသည်။

ဆောင်းခါရွာအလွန် တောတန်းရှေ့မှသွားနေသောဘုန်းကြီးတစ်ပါးကို တွေ့ကြရ၏။ ကားဆရာ ကားကိုရပ်၏။

"ဘယ်သွားမှာလဲဘုရား။ တပည့်တော်အနားက ကပ်ထိုင်လို့ရပါတယ်ဘုရား"

ဘုန်းကြီးက -

"လုံးခင်းရွာအထက်၊ ကန်စီးရွာသွားမှာ။ သွားသာသွားကြ။ လမ်းလျှောက်ပြီးသွားမယ်"

ပြတ်ပြတ်သားသားကြီး။ ဤအသံကြားဖူးသည်ဟု ဒေါ်ရီထင်သည်။ လူတွေကျပ်ညပ်နေသည့်အထဲမှ ဘုန်းကြီးကို ဒေါ်ရီလှမ်းကြည့်၏။ ဗမာသုသာန်ဘုန်းကြီးဘိုးပေါက်ဆိန်ပါလား။ တောင်ဝှေးကို လက်တစ်ဖက်ကကိုင်၏။ သပိတ်ကိုလွယ်ထား၏။ ထီးမပါ၊ ဖိနပ်မပါ။ သင်္ကန်းအနားပတ်တွင် (A.F) အမှတ်အသား။အဝါရောင်ပေါ်တွင် အနီရောင်စာလုံးကထင်ထင်ရှားရှား။ ဗမာသုသာန်သို့ သူငယ်ချင်းမ၏အဖော်အဖြစ်လိုက်သွားစဉ်ကပင် ထို (A.F) ကို စိတ်ဝင်စားခဲ့၏။ ကားပေါ်မှ လူများစိုရွှဲနေ၏။ (မိုးသဲသဲမဲမဲရွာနေပြီး ကားအမိုးမရှိပါ) သို့သော် ဘုန်းကြီးက မိုးမစိုနေပါ။ ရွှံ့ဗွက်လမ်းက လျှောက်နေသော်လည်း ရွှံ့မကပ်နေပါ။ ဒေါ်ရီစိတ်ထဲက ထူးဆန်းနေ၏။ မိုးကောင်းမြို့မှ ကားမိုင်းရွာ မိုင် (၂၀) ကျော်၊ ကားမိုင်းရွာမှ လုံးခင်းရွာမိုင် (၂၀) ကျော်၊ လုံးခင်းရွာမှ ကန်စီးရွာ (၇) မိုင် လမ်းလျှောက်မည်။ ခရီးက မနည်းမနောကြီး။

နန့်ဟိုင်ရွာတွင် ကားကရပ်နား၏။ နေ့လယ်စာစားကြ၏။

စားနေစဉ် ဒေါ်လှက -

"မရီ၊ ဆောင်းခါးတောထဲမှာ ဘိုးပေါက်ဆိန်ကိုတွေ့ခဲ့တယ်တော့။ မရီဖူးဘူးလား။ ကျွန်မကတော့ အံတော်ရှင်ဘုရားမှာ၊ သုသာန်မှာ၊ ဆုတောင်းပြည့်ဘုရားမှာ (၃) ခေါက်ဖူးဖူးတယ်။ မိုးလည်းမစို၊ ရွှံ့လည်းမပေဘူး။ အလွန်မတန်ကိုထူးဆန်းတာ။ လူတွေကပြောနေကြတယ်၊ ဘိုးပေါက်ဆိန်နဲ့တွေ့တဲ့သူ ကံကောင်းသတဲ့လေ။ ကျွန်မတို့ ကံကောင်းပြီ၊ ဈေးရောင်းတော့မှာ"

အားရဝမ်းသာပြောလာ၏။

ဒေါ်အာကျယ်က -

"ဝိဇ္ဇာပါဆို မိုးစိုပါ့မလား၊ ရွှံ့ပေပါ့မလား စဉ်းစားပြောမှပေါ့။ ဝိဇ္ဇာမိုရ်ကြီးလို့ ကျွန်မအဘိုးကြီးကပြောတာ"

အော်ကျယ်ဟစ်ကျယ်ပြောနေ၏။ ဒီလိုပြောတတ်လို့ နာမည်အရင်းပျောက်ပြီး ဒေါ်အာကျယ်အမည်ပေါက်နေရခြင်းပါ။

'ဝိဇ္ဇာမိုရ်' သိရပြန်ပြီ။ ဒေါ်ရီနားမလည်၊ ဘာလဲဆိုတာမသိ။

ဒေါ်အာကျယ်က -

"မုန့်ဆိုင်က လောပန်ကြီးမိသားစု ဆွမ်းကပ်သွားကြတယ်။ အဘိုးကြီးနဲ့ ကျွန်မလိုက်သွားကြတယ်။ ဆွမ်းဘောဇဉ်တွေ အစုံပါပဲ။ ဘိုးပေါက်ဆိန်က နည်းနည်းပဲဘုဉ်းတာပါ။ ဆွမ်းထမင်းပေါ် ပဲဟင်းရည်လေးဆမ်းပြီးဘုဉ်းတာ။ ရွှေနိုင့်ငှက်ပျောသီးနှစ်လုံးဘုဉ်းပေးတယ်။ တစ်လုံးမှာ တစ်ဝက်ချန်တယ်။ နှစ်လုံးမှာ တစ်ဝက်စီချန်တာ နှစ်ခု။ လောပန်ကြီးနဲ့ လောပန်ကတော်ကိုစွန့်တယ်။ လောပန်ကြီးက တစ်ဝက်စားရတယ်။ လောပန်ကတော်က တစ်ဝက်စားရတယ်။ ဆရာဝန်နဲ့ နေ့တိုင်း ဆေးထိုးနေကြရတဲ့ လောပန်တို့နှစ်ယောက် အခုဆိုကျန်းမာလိုက်တာ ဒေါင်ဒေါင်မြည်ပဲ။ ဘိုးပေါက်ဆိန်က ဆွမ်းနဲ့ ဆွမ်းဟင်းတွေ နယ်ဖတ်တယ်။ ပြီးတော့ ခွေးတွေကျွေးတာ။ ခွေးတစ်ကောင်စီ နာမည်ခေါ်ကျွေးတာ။ ခွေးနာမည်ကလည်း လူနာမည်တွေတော့"

အာတွေ့စွာ ပြောဆို၏။ ထမင်းပင်ကောင်းစွာမစားနိုင်။ ဈေးသည်တွေ ဘိုးပေါက်ဆိန်အကြောင်း အမျိုးစုံပြောကြ၏။

ဒေါ်ရီက -

"ဘုန်းကြီး၊ နေ့ဆွမ်းဘယ်လိုဘုဉ်းမလဲနော်။ ဆောင်းခါးရွာနဲ့ နန့်ဟိုင်ရွာကြား တောကြီး။ ရွာလည်းမရှိ"

ပူပူပန်ပန်ပြောမိ၏။

ဒေါ်အာကျယ်က -

"ပူမနေနဲ့၊ တောထဲကရက္ခစိုးတွေ ဆွမ်းကပ်ကြလိမ့်မယ်။ ပြီးတော့ ဝိဇ္ဇာဆိုတာ မစားလည်းနေနိုင်သတဲ့"

ထပ်ဆင့်ပြောလာ၏။ ဒေါ်ရီဝိဇ္ဇာအကြောင်း တစ်စွန်းတစ်စသိရပြီလေ။

ညနေ နေဝင်စ။ ကားမိုင်းရွာရောက်သည်။ တည်းခိုသောအိမ်ကြီးက ကုန်စုံဆိုင်ရောင်း၏။ အမြဲတည်းခိုနေကျ။ ညနေစာချက်ပြုတ်စားကြ၏။

အိမ်ရှင်မကို ပစ္စည်းလက်ဆောင်ပေး...
၏။ စကားဝိုင်းဖွဲ့ပြောကြ၏။ အ...
အဆန်းစကား။

အိမ်ရှင်မက -

"မြစ်ကြီးနားက ဘုန်းကြီး...
ဆွမ်းခံလာလို့၊ နေ့ဆွမ်းလောင်းလို...
တယ်။ ငါးနဲ့ ကင်ပွန်းရွက်ချက်ကြ...
ကြော်၊ ပဲနှပ်အပြင် တည်သီးခြောက်...
ခုလောင်းလိုက်တယ်။ ဒေါ်ရီ ဟိုအ...
ကပေးတဲ့ တည်သီးခြောက်ပေါ့နော်"

ဒေါ်အာကျယ်က -

"မကြည်၊ ဘယ်လိုပုံစံလဲ၊ ...
ပေါက်ဆိန်ဖြစ်နေဦးမယ်နော်။ မြစ်...
နားမြို့ ဗမာသုသာန်က ဘိုးပေါက်...
ကို ဆောင်းခါးရွာတောထဲမှာ တွေ့ခဲ့...
ပါနော်"

သေချာအတိအကျပြောနေ...

နံနက်စောစော ကားမိုင်းရွာ...
ခြေကျင်ခရီးဖြင့် ဒေါ်ရီတို့ခရီးစရ...
ကားတစ်စီးတည်းစီးခဲ့ကြသောလူ...
ရှေ့ဆင့်နောက်ဆင့် သွားနေကြ၏။ ...
သွားရပါသည်။ တောလူများနှင့် ...
တော်က မကြာခဏ တိုက်ပွဲ...
သည်။ ထိုအခါ စုရုံးတိမ်းရှောင်ကြ...
တောကြီးကို ဖြတ်သန်းသွားရသဖြင့် ...
ရုံးရုံးသွားမှ လုံခြုံသည်။ ညအိပ်လျှင် ...
အိပ်ရ၏။

တစ်ပတ်ကျော်ကြာမှ လုံခင်း...
အနီး ကန်စီးလယ်ကွင်းများသို့ရောက်...
၏။ ညနေစောင်းပြီ။ မောင်ထွန်း ...
တဲ၌ တည်းခိုကြ၏။ မောင်ထွန်း ...
က ကားမိုင်းရွာကပါ။ ကန်စီးတော...
ကြီးပိုင်လယ်ကွင်းများတွင်နေပြီး ...
လုပ်ရင်း စောင့်ရှောက်နေကြပါ...
လူများနားနေရန်၊ တဲတန်းရှည်ကြီး...
ထားသည်။ လူများကတည်းခိုကြ...
ထင်း၊ ရေအဆင်သင့်။ မောင်ထွ...
အစ်ကိုဝမ်းကွဲ (ကြံ့တိုင်း) က ဈေး...
အဖွဲ့တွင်ပါလာ၏။ ဒေါ်လှ...
အထမ်းသမားပါ။ ဒေါ်လှ...
တစ်လမ်းလုံးဖျားလာ၏။ ကြံ့တိုင်း...
ဒေါ်လှဝင်းကို လုံးခင်းရွာထဲအထိ...
မည်။ ဆေးကုခန်းက လုံးခင်းရွာ...
ရှိ၏။ လုံးခင်းရွာမှ ကျောက်စိမ်း...
ပိုင်ရှင် ဦးမြင့်ညီအစ်ကိုနှင့် လူ...
(ကျင်းသား) တို့လည်း လုံးခင်းရွာ...
ပြန်ကြ၏။

ညနေစာ ချက်ပြုတ်စား...
ပြီးကြပါပြီ။ အိမ်ရှင်နှစ်ယော...
ဒေါ်ရီတို့က လက်ဆောင်ပေး...
စကားဝိုင်းဖွဲ့ကြ၏။ မောင်ထွ...

www.burmeseclassic.com

တားအဆန်းကြားရ၏။ အားလုံး အံ့အားသင့်ရ၏။

မောင်ထွန်းက -

"တော်သလင်းလဆန်း ၃ ရက်နေ့က မြစ်ကြီးနားမြို့က ဘုန်းကြီးတစ်ပါး ကြွလာတယ်။ ကျွန်တော်က လုံးခင်းပို့ဖို့ ငှက်ပျောသီးတွေလုပ်နေတယ်။ ရုတ်တရက်ရောက်လာတာ။ သပိတ်ကိုပိုက်ပြီး တောင်ဝှေးတစ်ချောင်းကိုင်ထားတယ်။ မိုးတွေသဲသဲမဲမဲရွာနေတာ။ သင်္ကန်းမစိုဘူးဗျာ။ ရွံ့လမ်းကလာတာ ရွံ့ပေရမှာ မပေဘူးဗျာ။ နေ့ဆွမ်းကပ်လိုက်ရတယ်။ သူ့သပိတ်ထဲက ထမင်း၊ ဟင်းတွေ အကုန်စွန့်ခဲ့တယ်။ သပိတ်ဆေးပြီး ကျွန်တော်ကပ်တဲ့ထမင်းနဲ့ မဖြူချက်ထားတဲ့ ကန်စွန်းရွက်ဟင်းနည်းနည်းဘုဉ်းပေးတယ်။ ငှက်ပျောသီးတော့ ဘုဉ်းပေးတယ်။ ဒါလည်း တစ်လုံးပဲဘုန်းပေးတာ။ သူစွန့်ခဲ့တဲ့ဟင်းက ငါးနဲ့ ကင်းပွန်းချဉ်ရွက်ကြော်၊ ကြက်ဥကြော်၊ ပဲနှပ်ပါ။ ကျွန်တော်တို့စားရတယ်။ စက္ကူနဲ့ထုပ်ထားတဲ့ တည်သီးခြောက် (၃) ပြားကတော့ မစားရသေးဘူး"

မဖြူက -

"တည်သီးခြောက်စားဖို့ မေ့နေလိုက်တာ။ ကျွန်မမေ့နေလိုက်တာ။ ဆွမ်း၊ ထမင်းကို ထမင်းအိုးသစ်ကလေးထဲမှာထည့်ထားတာ။ အခုထိ မလှင့်ပစ်ရသေးဘူး"

နေရာမှထ၍ ထမင်းအိုးသစ်ရှိရာသွား၏။ ထမင်းကိုဖွင့်ပြီးနမ်းကြည့်၏။ အားရဝမ်းသာ အော်ပြောလေ၏။

"ထမင်းက ကြာလှပြီ။ မသိုးသေးဘူး ကိုထွန်းရေ"

ဈေးသည်များထံယူလာပြီး ပြသ၏။ ဈေးသည်များနမ်းကြည့်၏၊ စားကြည့်၏။

"ဟဲ့-နည်းနည်းစီစားကြ၊ ဆေးဖြစ်တယ်ဟဲ့။ ဝိဇ္ဇာထမင်းဟဲ့"

ဒေါ်အာကျယ်ကတော့ ဝမ်းသာအားရပါ။ ဒေါ်ရီတို့သားအမိ အနည်းငယ်စီစားရ၏။

ဒေါ်အာကျယ်က -

"အဲဒါ ဘိုးပေါက်ဆိန်ပေါ့။ မောင်ထွန်းတို့ ကံကောင်းတော့မယ်။ တို့ကားတုန်းက လဆန်း ၃ ရက်ပါတော်။ ဘိုးပေါက်ဆိန်က လုံးခင်းအထိ နေ့ဆွမ်းအမီရောက်တာဟဲ့။ ကန်စီးရွာကြွမှာတဲ့။ တစ်နေ့တည်းနဲ့ ကန်စီးရွာရောက်မှာပါတော်"

အားရဝမ်းသာပြောနေ၏။

မောင်ထွန်းက -

"ကျွန်တော့်လှေနဲ့ လုံးခင်းရွာဘက်ကမ်းပို့ပေးလိုက်တယ်။ ကန်စီးရွာကြွမယ်လို့မိန့်တာဗျ။ အခု (၉) ရက်ကြာသွားပါပြီ။ ပြန်ကြွလာတာ မတွေ့သေးဘူးဗျ။ ပြန်လာတာတွေ့ရင်တော့ ဆွမ်းကပ်ဦးမယ်ဗျာ"

မဖြူက -

"ကျွန်မလည်း နေ့တိုင်းမျှော်နေမိတယ်။ ပြန်မကြွလာသေးဘူး"

ဈေးသည်များကလည်း မိုင် (၅၀) နီးပါးခရီးကြွပုံကို အံ့အံ့သြသြပြောနေကြ၏။ ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်ရ၏။

ဒေါ်ရီ၏သား အပြန်ခရီးတွင် မပါလာတော့ပါ။ ကျောက်စိမ်းမော်တွင် ဈေးရောင်းသောမိန်းမနှင့်ယူသွားခဲ့ပြီ။ ဒေါ်ရီမှာ တငိုငိုတရီရီနှင့် ပြန်လာရ၏။ အိမ်ပြန်ရောက်တော့လည်း ငိုချင်းချလို့မဆုံး။ ဆေးဆရာက နှစ်သိမ့်ရှာ၏။

သီတင်းကျွတ်လပြည့်နေ့။ သူငယ်ချင်းမနှင့်ဒေါ်ရီ ဗမာသုသာန်ကျောင်းသို့ရောက်ကြ၏။ သူငယ်ချင်းမ၏ ခင်ပွန်း (အမှုကွင်းလုံးကျွတ်အရာရှိ) ကလျှောက်ကြားပေးနေ၏။ ဘုန်းတော်ကြီး ဘိုးပေါက်ဆိန်က ဒေါ်ရီအားကြည့်ပြီး-

"ဈေးသည်မ၊ နင့်သားအိမ်ထောင်ကျသွားပြီနော်။ ငါတော်သလင်းလဆန်း ၃ ရက်က ကန်စီးမသွားဘူး။ ဒီမှာပဲရှိနေတယ်။ ကန်စီးစော်ဘွားရဲ့ဇနီးအကူအညီတောင်းလို့ ကန်စီးရွာကိုတော့ စိတ်ညွတ်မိတယ်ဟဲ့။ ကဲ-ပြန်တော့၊ ကျေနပ်ပြီမဟုတ်လား"

ဒေါ်ရီက -

"ဘုန်းကြီးရဲ့ သင်္ကန်းက (A.F) ဆိုတာ ဘာအဓိပ္ပာယ်လဲဘုရား"

သိချင်ဇောကို မမျိုသိပ်နိုင်ရှာ။

ဘုန်းတော်ကြီးက -

"ဦးအောင်သမီးက ဦးအောင်မိသားစုအလှူလို့ သင်္ကန်းမှာမှတ်ထားတာဟဲ့။ အထူးအဆန်းမထင်နဲ့"

ထိုစဉ် တိုင်းမှူး (နောင်တစ်ချိန်တွင် တိုင်းပြည်၏အကြီးဆုံးရာထူးရခဲ့သူ) နှင့်ဇနီး၊ ကိုယ်ရေးအရာရှိဗိုလ်ကြီး၊ ဒရိုင်ဘာတို့ ရောက်လာ၏။ လှူဖွယ်အစုံ၊ ဆွမ်းကပ်ရန်ချိုင့်ကြီးများ၊ ထမင်းအိုးကြီး (ဘုန်းတော်ကြီးက ထမင်းများများချက်လာမှကြိုက်သည်။ ဘုန်းတော်ကြီးထံ မှီခိုနေသောခွေးများကို ကျွေးမွေးရန်ပါ။) အစုံအလင်။ အရပ်သားအဝတ်အစားများနှင့် ဖြစ်၏။ ဘုန်းတော်ကြီးက လက်နက်များနှင့်လာခြင်းမကြိုက်ပါ။

ဒေါ်ရီနှင့်သူငယ်ချင်းမ ပြန်ခဲ့ရသည်။ လမ်းတွင်သူငယ်ချင်းမက -

"ဘုန်းတော်ကြီးဘိုးပေါက်ဆိန်ကို တိုင်းမှူးက ကျောင်းလှူချင်တယ်၊ ဘုန်းတော်ကြီးက လက်မခံဘူး။ တဲစုတ်လေးနဲ့ပဲနေချင်သတဲ့။ လောပန်တွေလည်း လှူချင်ကြတယ်။ လုံးဝကိုလက်မခံတာ"

ရှင်းပြနေ၏။

❑

စာဖတ်သူများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဝိဇ္ဇာဓရဘုန်းကြီး ဘိုးပေါက်ဆိန် မြစ်ကြီးနားမြို့တွင် သီတင်းသုံးစဉ်ကပါ။ နောက်မှ ရန်ကုန်မြို့သို့ ရောက်ရှိသွားခြင်းပါ။ မြစ်ကြီးနားမြို့တွင် ဘုန်းတော်ကြီးကယ်တင်ခဲ့သောဖြစ်ရပ်များစွာပါ။ ရေး၍မကုန်နိုင်ပါ။ ဤဇာတ်လမ်းတွင် ပါခဲ့သော မောင်ထွန်း၊ မဖြူမှာ ယခုအခါ တိုက်ပိုင်ကားပိုင်နှင့် စီးပွားရေးပြေလည်၍ သားသမီး၊ မြေးများ ထွန်းကားနေပါသည်။ မောင်ထွန်း ဘိုးပေါက်ဆိန်ကို လှေဖြင့် လုံးခင်းရွာကမ်းဘက် လိုက်ပို့ပါသည်။ ဘိုးပေါက်ဆိန်က ကမ်းနားမှ ကျောက်တုံးကို ခြေဖြင့်ပွတ်ပြပါ၏။ ကျောက်စိမ်းအကွက်ကြီး ပေါ်လာ၏။ လုံးခင်းရွာ ကျောက်စိမ်းတွင်းပိုင်ရှင် ဦးမြင့်ကို လျှို့ဝှက်စွာ မောင်ထွန်းရောင်းချ၏။ ထိုစဉ်အခါက တောလူများကို ကြောက်ရွံ့ရ၏။ တပ်မတော်က အရေးယူမှာကြောက်ရ၏။ ရရှိသော ငွေကြေးများဖြင့် ကားမိုင်းရွာပြန်ပြီး လုပ်ကိုင်စားသောက်ကြရင်း စီးပွားဖြစ်လာ၏။ မောင်ထွန်းနှင့်ကြုံတိုင်း ဘိုးပေါက်ဆိန်ကို ကန်တော့ခြင်း၊ လှူခြင်းများပြုလုပ်ခဲ့၏။ အနှစ် (၂၀) ကျော်ကြာမှ ဒေါ်ရီကို မောင်ထွန်းက ဖွင့်ပြောပြပါသည်။ ဘုန်းတော်ကြီးနှင့် မောင်ထွန်း သံသရာဆွေမျိုးဖြစ်ခဲ့ပါသည်။ ဇာတ်လမ်းပိုင်ရှင် ဒေါ်ရီ ဘိုးပေါက်ဆိန်၏ ကျင့်စဉ်များအားထုတ်နေပါသည်။ ဆေးဆရာနှင့် ဒေါ်ရီသည် ဘိုးပေါက်ဆိန်၏ တပည့်များဖြစ်လာပါသည်။

*ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ*
*ခန္ဓာ့ဝန်ကို လွယ်ကူစွာ*
*ဆောင်ရွက်နိုင်ကြပါစေ*

ဒေါ်သုမနဝိစိတ္တ
(B.Sc, H.G.P, Dip.Ed)



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော (၂၅)နှစ်ခန့် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်။ ဆင်ခလောက်ရွာလေး၏ ဝါတွင်းကာလ ဥပုသ်နေ့ နံနက်ခင်းမှာ အလွန်မင်္ဂလာရှိနေလေ၏။ ဥပုသ်သည်များသည် ယောဂီတဘက်ကိုယ်စီလွှမ်း၍ ရွာဦးဘုန်းကြီးကျောင်းသို့ စီတန်းသွားနေကြသည်။ မနက်ကိုးနာရီမထိုးခင်မှာပင် ကျောင်းဝင်းတရားနာဇရပ်အတွင်း၌ ဥပုသ်သည်များ တရားနာရန် အစုံအလင်ရောက်နေကြလေပြီ။

ကိုးနာရီခွဲခန့်တွင် ကျောင်းထိုင်ဆရာတော်ကြွလာပြီး ဥပုသ်သည်များအား တရားပေး၏။ တရားပေးပြီး၍ အမျှဝေပြီးသောအခါ ဆရာတော်သည် ဥပုသ်သည်များ၏ရှေ့ဆုံး၌ထိုင်နေသော ဒေါ်ဖွားနှစ်အား ကြည့်လိုက်ပြီးလျှင် -

"ဒကာမကြီး ဒေါ်ဖွားနှစ်"

"ဘုရား"

"ဥပုသ်စောင့်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် ဘုရား"

"အေးအေး - အဆင်မပြေတာရှိရင် ဘုန်းကြီးကိုပြော။ အားမနာနဲ့"

"ပြေပါတယ်ဘုရား၊ အားလုံးပြည့်စုံပါတယ် ဘုရား"

ဒေါ်ဖွားနှစ်အဖြေကို ဆရာတော်ဘုရားက ကျေနပ်စွာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း အခြားဥပုသ်သည်များအား တစ်ချက်ဝေ့ကြည့်ပြီးနောက် ကျောင်းပေါ်သို့ ပြန်ကြွသွားလေသည်။

အခြားသောဥပုသ်သည်များထက် ဒေါ်ဖွားနှစ်အား ဆရာတော် ဂရုတစိုက်ရှိသည်မှာ ဆင်ခလောက်ရွာ၌ မထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com

…တော့ပေ။ ဒေါ်ဖွားနှစ်သည် ဆင်ခ…လောက်ရွာ၏ ဂုဏ်ထူးဆောင် ဘာသာ…ရေးသမားဖြစ်၏။ အနီးအပါးရွာများက…လည်း ဒေါ်ဖွားနှစ်ကို လေးစားကြသည်။ …ဒေါ်ဖွားနှစ်၏ဂုဏ်သတင်း ပို၍မွှေးသ…ထက်မွှေးရသောအကြောင်းကား ယခု…အခါ ဒေါ်ဖွားနှစ်သည် သုသာန်မှုတင်…ကိုဆောင်နေသည်မှာ တစ်နှစ်ခန့်ပင်ရှိ…ချေပြီ။ ဤနေရာ၌ ဒေါ်ဖွားနှစ်အား လူ…အများလေးစားရသောအကြောင်းအား…ဖော်ပြရသည်ရှိသော်. . .

❑

# ကိုသဲယု

(မုံရွာ)

## ရှုတင်ဒေါ်ဖွားနှစ်နှင့် ဆင်ခလောက်ရွာသုသာန်ကြမ်း

ဒေါ်ဖွားနှစ်နေထိုင်သော ဆင်ခလောက်ရွာကလေးသည် ပုဂံညောင်ဦးမြို့နယ်အတွင်းတည်ရှိပြီး အိမ်ခြေငါးရာကျော်သော ရွာကြီးတစ်ရွာဖြစ်သည်။ ဆင်ခလောက်ရွာအား သီပေါမင်းပါတော်မူပြီး (၁၃)နှစ်ခန့်တွင်တည်ခဲ့ခြင်းဖြစ်၍ ရွာ၏သက်တမ်းမှာ နှစ် (၁၀၀) ကျော်ခဲ့ချေပြီ။ ရွာအား စတင်တည်ခဲ့သော သူကြီးနာမည်မှာ ဦးဖိုးပြားဖြစ်၏။

ဒေါ်ဖွားနှစ် ဘာသာရေးလုပ်ရာတွင် သတင်းကြီးရသောအကြောင်းကား ဒေါ်ဖွားနှစ်သည် လူမှုန်းသိတတ်စအရွယ်ကပင် ပုတီးစိပ်ခြင်း၊ သမထအားထုတ်ခြင်းတို့ကိုပြုလုပ်ခဲ့ပြီး အသက်(၄၀) ကျော်ခန့်မှစ၍ မြန်မာပြည်အနှံ့ ဂန္ဓာရီခရီးလှည့်ခြင်းကို မကြာခဏပြုလုပ်ခဲ့သည်။

မိဘအမွေအနှစ်များ အတော်အသင့်ရထား၍လည်း ဤသို့မကြာခဏခရီးထွက်နိုင်ခြင်းဖြစ်ပြီး အလှူအတန်းလည်းရက်ရောသည်။ အသက် (၂၅)နှစ်ခန့်တွင် အိမ်ထောင်ကျခဲ့ပြီး သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့သည်။ ခင်ပွန်းဖြစ်သူကတော့ ဒေါ်ဖွားနှစ် အသက် (၄၅) ခန့်တွင် ကွယ်လွန်သွားခဲ့သည်။

ဤကဲ့သို့ တောကြိုအုံကြားမှာ မွေးဖွားပြီး နိုင်ငံအနှံ့ ဂန္ဓာရီလှည့်နိုင်သောဒေါ်ဖွားနှစ်သည် ဗဟုသုတလည်း စုံလင်၏။ သူမ၏နိုင်ငံအနှံ့ ဘုရားဖူးခရီးစဉ်များအားပြန်ကြားရသော တောသူတောင်သားများအတွက်မူ အံ့ဖွယ်သရဲပင်။

အသက် (၆၀) ကျော်သောအခါ ဒေါ်ဖွားနှစ်သည် အသက်အရွယ်အရ





www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓာရီလှည့်ခြင်းကိုရပ်နားခဲ့ပြီး ရွာရှိ သူမ၏အိမ်တွင်ပင် တရားဘာဝနာကျင့်ကြံခဲ့သည်။ ဥပုသ်နေ့တိုင်း ရွာဘုန်းကြီးကျောင်း၌ မပျက်မကွက် ဥပုသ်စောင့်သည်။ သားနှင့်သမီးဖြစ်သူကလည်း ဒေါ်ဖွားနှစ်အား လိုလေသေးမရှိပြုစု၍ ပါရမီဖြည့်ကြပါ၏။

ထိုသို့ဖြင့် လွန်ခဲ့သောတစ်နှစ်ခန့်မှစ၍ ဒေါ်ဖွားနှစ်သည် သုသာန်မုတင်ကို စ၍ကျင့်လာခဲ့သည်။ အစတွင် ရွာသုသာန်သို့ နေ့ဘက်များတွင်သာ သွားသော်လည်း နှစ်လခန့်ကြာသော် ညဘက်များတွင်ပါ သွားရောက်ကျင့်ကြံခဲ့ သည်။

ဆင်ခလောက်ရွာသုသာန်ကလည်း မြေကြမ်းသောရာဇဝင်ရှိ၍ ဒေါ်ဖွားနှစ်အား သားနှင့်သမီးက စိတ်ပူကြသည်။ ရွာဦးကျောင်းဆရာတော်နှင့် ရွာသူရွာသားများကလည်း စိတ်ပူကြလေ၏။ ထို့ကြောင့် သုသာန်သို့မသွားရန်တားမြစ်ကြသော်လည်း ဒေါ်ဖွားနှစ်ကလက်မခံဘဲ တစ်ပတ်လျှင် သုံးညခန့်သွား၍ ကျင့်ကြံခဲ့သည်။

ထိုသို့ဖြင့် ငါးလ၊ ခြောက်လခန့်ကြာသည်အထိ ဒေါ်ဖွားနှစ်၏ အသွင်အပြင်က ဘာမှကြောက်လန့်စိုးရွံ့ပုံမပြဘဲ ပို၍တည်ငြိမ်လာသောကြောင့် မည်သူမျှစိတ်မပူကြတော့။ ဒေါ်ဖွားနှစ်၏ ကျင့်ကြံနိုင်သော စရဏအားကို အံ့သြချီးမွမ်းကြ၏။

ဤနေရာ၌ မြေကြမ်းသည်ဟု နာမည်ကြီးသော ဆင်ခလောက်ရွာသုသာန်၏ရာဇဝင်အားအနည်းအကျဉ်း ဖော်ပြရသော် ရွာသက်တမ်း နှစ် (၅၀) ကျော်ခန့်ရောက်သော် သုသာန်မှာ သက်တမ်းကြာရှည်ပြီဖြစ်၍ သုသာန်ကြီးတစ်ခုဖြစ်လာခဲ့သည်။ ထိုအချိန်မှာပင် သုသာန်စောင့် သုဘရာဇာမှာ တူးလက်စမြေကျင်းထဲတွင် ကြောက်လန့်စိုးရွံ့နေသောမျက်နှာအမူအရာဖြင့် သေဆုံးနေခဲ့သည်။ ထိုခေတ်အခါက ရွာအားအုပ်ချုပ်ခဲ့သောသူကြီးမှာ ဦးဘပြုံးဖြစ်၏။

ဦးဘပြုံးသည် သုဘရာဇာသေဆုံးမှုကိုစစ်ဆေးသော် ဒဏ်ရာအနာတရမတွေ့ရသဖြင့် ရောဂါတစ်စုံတစ်ရာဖောက်ပြန်ကာ သေဆုံးသည်ဟုသာ သတ်မှတ်ခဲ့ရသည်။ သုဘရာဇာသေဆုံးမှုကတော့ ရွာနီးချုပ်စပ်သို့ပင် သတင်းပြန့်၍ ထင်မြင်ချက်အမျိုးမျိုးပေးခဲ့ကြသေးသည်။ ထို့နောက် ဦးဘပြုံးသည် သုဘရာဇာအသစ်တစ်ဦး ရှာဖွေခန့်ထားခဲ့ သည်။

ထိုသို့ဖြင့် လပိုင်းခန့်အကြာတွင် အသစ်ခန့်ထားသော သုဘရာဇာသည် သုသာန်ဇရပ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်မရှိဘဲ သေဆုံးနေခဲ့ပြန်သည်။ ထိုအခါတွင်လည်း သူကြီးဦးဘပြုံးသည် သုဘရာဇာသေဆုံးမှုအား စုံစမ်းစစ်ဆေးပြန်ရာ ယခင်သုဘရာဇာကဲ့သို့ပင် ရောဂါတစ်စုံတစ်ရာကြောင့် သေဆုံးသည်ဟုပင် သတ်မှတ်ခဲ့ရပြန်သည်။ ယခုအခါတွင်တော့ တစ်ရွာလုံး သုသာန်ကိစ္စအား အလွန်စိတ်ဝင်စားနေကြချေပြီ။ မည်သူ သုဘရာဇာလုပ်ရဲဦးမည်နည်းဟု စောင့်ကြည့်နေကြသည်။

သိပ်မကြာလိုက်။ သုဘရာဇာအသစ်တစ်ဦး ပေါ်လာပြန်သည်။ ထိုသူမှာ ဆင်ခလောက်ရွာသားတော့မဟုတ်ချေ။ တေပေလေလွင့်ပြီး ရွာသို့ရောက်လာသော ခြေသလုံးအိမ်တိုင်တစ်ဦးဖြစ်၏။ထိုသူက သုဘရာဇာလုပ်ချင်ကြောင်း ပြောလာ၍ သူကြီးဦးဘပြုံးက ထိုသူ၏ ရဲစွမ်းသတ္တိအား အသေအချာစစ်ဆေးပြီးမှ ခန့်အပ်လိုက်သည်။

ဤသို့ဖြင့် လပိုင်းခန့်အကြာ မိုးတွင်းကာလတစ်ခု၌ တတိယမြောက် သုဘရာဇာမှာလည်း သုသာန်ဇရပ်အတွင်း အကြောင်းမဲ့ ကြိုးဆွဲချသေဆုံးနေခဲ့သည်။ တစ်ရွာလုံး အတော်ပင်ဖြုံသွားကြသည်။ ထို့နောက်ပိုင်း သုသာန်အတွင်း နေ့ဘက်၌ဖြတ်သန်းသွားလာသူများပင် ပုလင်းကွဲရှခြင်း၊ ငုတ်စူးခြင်းများ မကြာခဏဆိုသလို ကြုံကြလေသည်။ ထိုအခါ သူကြီးဦးဘပြုံး သုဘရာဇာအသစ်မရှာရဲတော့ချေ။ သုသာန်မှာ ရှေးသုသာန်ဖြစ်၍ မြေကြမ်းလာပြီဟု ယူဆခဲ့သည်။

ထိုအချိန်မှစ၍ ရွာသုသာန်တွင် သုဘရာဇာမထားတော့ဘဲ အသုဘကိစ္စကြုံလာလျှင် ရွာကာလသားများကိုသာ လုပ်အားပေး၍ တွင်းတူးခြင်း၊ ခေါင်းရိုက်ခြင်းများကိုပြုစေ၍ အသုဘကိစ္စများကို ပြီးစေခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပေသည်။

ဤကဲ့သို့ ရာဇဝင်ဆိုးရှိဖူးသော ဆင်ခလောက်သုသာန်တွင် မုတင်ကျင့်နိုင်သော ဒေါ်ဖွားနှစ်၏သတ္တိမှာ အံ့ဖွယ်သရဲပင်။ ထို့အပြင် ဒေါ်ဖွားနှစ်၏စရဏစွမ်းအားနှင့်ပတ်သက်၍ ထူးခြားမှုတစ်ခုကလည်း အထင်အရှားဖြစ်လာခဲ့ပြန်သည်။

ဤကား အခြားမဟုတ်။ ဒေါ်ဖွား… နှစ် အစဉ်အမြဲ တရားထိုင်ရာနေရာ… သုသာန်ထောင့်ရှိ ရှားပင်အောက်… ဖြစ်သည်။ ရှားပင်ဆိုသည်မှာ ပင်စ… အဖြောင့်မျိုးဖြစ်ကာ အပွေးမျာ… သနပ်ခါးပင်အပွေးနှင့်ဆင်၍ မည်း… ညစ်အဆင်းရှိ၏။

ဒေါ်ဖွားနှစ် မုတင်ကျင့်သော… လ တစ်နှစ်ခန့်အကြာတွင် ထိုရှားပင်… အပွေးများမှာ အပင်အား နဂါး… ကောင် ပတ်ခွေထားသကဲ့သို့ပေါ်ပေါ်… လာခဲ့သည်။ ရွာသူရွာသားများနှင့် ရွာ… ချုပ်စပ်မှ စပ်စုတတ်သူများ သွားရော… ကြည့်ရှုသော် ရှားပင်၏အပွေးများ… အမှန်ပင် အပင်အား နဂါးတစ်ကော… ပတ်ခွေထားသကဲ့သို့ ပေါ်ပေါက်နေ… သည်။ ယခင်က ထိုရှားပင်တွင် ထို… အပွေးများမရှိခဲ့ချေ။

ထို့ကြောင့် ဒေါ်ဖွားနှစ်၏စရ… စွမ်းအားကို လူအများအံ့သြကြရ… သည်။ ဒေါ်ဖွားနှစ်၏တရားအဆင့်… လွန်း၍ နဂါးကပင် စောင့်ရှော… ကြောင်း ထင်မြင်ချက်ပေးကြသ… မုတင်ကျင့်နေသည်မှာလည်း တစ်နှစ်… ကြာပြီဖြစ်၍ ဒေါ်ဖွားနှစ်အား မည်သ… မျှ စိတ်မပူကြတော့ပေ။ ထိုအခါ… ဒေါ်ဖွားနှစ်သည် မုတင်ဒေါ်ဖွားနှ… နာမည်ကြီးနေခဲ့လေ၏။ ဒေါ်ဖွားနှ… တရားအဆင့်ကိုလည်း အမျိုးမျိုးထ… ချက်ပေးကြလေသည်။

❑

နွေလေရူးတို့ တဝှေ့ဝှေ့တိုက်… နေသော အညာဒေသ၏ နွေလ… တစ်ည ဖြစ်လေသည်။ ညဥ့်အ… အောက်တွင် ဆင်ခလောက်ရွာတ… မှာ တိတ်ဆိတ်စွာ အိပ်မောကျနေ… အချိန်ကား ညဥ့်သန်းခေါင်ကျော်… နွေညဥ့်လေအဝှေ့တွင် ထန်းလက်… ခက်ချင်းထိခတ်သံများ၊ သစ်ပင်… သစ်ခက်ချင်းပွတ်တိုက်သံတို့သာ… နေ၏။

ထိုတိတ်ဆိတ်သော ညဥ့်အ… အောက်တွင် ရွာနောက်ဘက်မှ… ရွာလယ်လမ်းတစ်လျှောက် လူ… ကယောင်ချောက်ချားအော်သံ… ပြေးလွှားလာနေသည်။

"ကယ်ကြပါဦး၊ ကယ်ကြ… မကောင်းဆိုးဝါးတွေလိုက်လာလို့"

"ကယ်ကြ… ငါ့ကိုကယ်… တစ္ဆေတွေသရဲတွေ၊ ငါ့နောက်မှာ…



www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်လှသောညဥ့်လယ်တွင် သွေးပျက်လောက်အောင် ထိုအော်သံကြောင့် ရွာသူရွာသားအချို့ လန့်နိုးသွားကြသည်။

"ဘာဖြစ်တာတုံးဟေ့၊ ဘယ်သူတုံး"

"ဘာဖြစ်ကြတာလဲ"

"ထွက်ကြည့်ကြဦးဟေ့၊ ဘယ်သူလဲမသိဘူး"

ရွာသူရွာသားအချို့ တဲအသီးသီးမှ ဓာတ်မီးကိုယ်စီ၊ မီးခွက်ကိုယ်စီဖြင့် အယ်ုလျှိုထွက်လာကြသည်။ ထို့နောက် ရွာလယ်လမ်းအတိုင်း အော်ဟစ်၍ပြေးလာသူကို စူးစမ်းကြ၏။ ထိုသူကား အခြားသူမဟုတ်။ မူတင်ဒေါ်ဖွားနှစ်ဖြစ်နေသည်။ ရွာသူရွာသားအချို့ ဒေါ်ဖွားနှစ်အား အော်ဟစ်၍မေးမြန်းကြသည်။

"ဒေါ်ဖွားနှစ်၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ ဒေါ်ဖွားနှစ်၊ ဘာဖြစ်လို့လဲ"

ဒေါ်ဖွားနှစ်သည် လူအုပ်၏ အလယ်ရောက်သော် ရုတ်တရက်ရပ်တန့်လိုက်ပြီး မျက်ပြူးဆန်ပျာဖြင့် -

"ငါ့နောက်မှာ မကောင်းဆိုးဝါးတွေ ငါ့နောက်မှာ ကယ်ကြပါ၊ ကယ်ကြပါ၊ တစ္ဆေတွေသရဲတွေ"

ထိုသို့ အော်ဟစ်ပြီးနောက် ဒေါ်ဖွားနှစ်သည် သတိလစ်ကာ ပုံလျက်သားလဲကျသွားသဖြင့် အနီးအနားမှလူများပြေး၍ပွေ့လိုက်ကြသည်။

"ဒေါ်ဖွားနှစ်၊ ဒေါ်ဖွားနှစ် သတိလစ်သွားပြီဗျ"

"ကြည့်ရတာ သချိုင်းက တရားထိုင်ပြီး ပြန်ပြေးလာတာထင်တယ်"

"ဘယ်လိုလုပ်ကြမလဲ"

"ကဲကဲ-အနီးဆုံးတဲထဲကိုပွေ့ခေါ်၊ တစ်ယောက်ယောက်က ဆေးဆရာသွားပင့်ပေး"

ရွာသူရွာသားများ အလုပ်ရှုပ်ကုန်သည်။ ခဏအကြာ ရွာတိုင်းရင်းဆေးဆရာကြီးရောက်လာပြီး ဒေါ်ဖွားနှစ်ကို စမ်းဆေးသည်။

"နှလုံးတော့ ရပ်မသွားဘူးဗျ။ အကြောက်လွန်ပြီး သတိလစ်သွားတာ။ ဘာတွေတွေ့လာတယ်မသိဘူး"

ဆေးဆရာကြီးက ရှူဆေးထုပ်အား သတိလစ်နေသောဒေါ်ဖွားနှစ်၏ နှာခေါင်းဝသို့တေ့ပေးရင်း ကုသမှုများလုပ်သည်။ ဆေးဆရာကြီး၏ကုသမှုကြောင့်မြက်၍ ခဏအကြာ ဒေါ်ဖွားနှစ်သတိပြန်လည်လာသည်။ ဒေါ်ဖွားနှစ်၏ မျက်လုံးများကား ကြိုးကန်းတောင်းမှောက်ဂနာမငြိမ်ဘဲ ကယောင်ချောက်ချားအော်ဟစ်နေတော့သည်။

"မကောင်းဆိုးဝါးတွေ တစ္ဆေတွေ သရဲတွေ ငါ့နောက်မှာ"

❑

အချိန်ကား လပိုင်းအနည်းငယ်ကြာခဲ့ချေပြီ။ ဒေါ်ဖွားနှစ်အား စိတ်ပြန်လည်တည်ငြိမ်အောင် သားနှင့်သမီးဖြစ်သူမှာ တစ်လခန့်ကုယူခဲ့ရသည်။ သူမသချိုင်းတွင် ဘာတွေဖြစ်ခဲ့သည်ကို မည်သူမျှမသိ၍ ထင်မြင်ချက်များသာ အမျိုးမျိုးပေးနိုင်တော့သည်။

ဒေါ်ဖွားနှစ်သည် ပြန်လည်တည်ငြိမ်သွားခဲ့သော်လည်း ယခင်ကလိုမဟုတ်တော့ပေ။ တစ်ခါတစ်ရံ မကြားဝံ့မနာသာများ အော်ဟစ်ဆဲဆိုနေတတ်သည်။ တစ်ခါတစ်ရံ ဘုရားရှိခိုး၊ တရားထိုင်နေတတ်ပြန်သည်။သုသာန်ကိုတော့ လုံးဝမသွားတော့။ လူကောင်းတစ်ယောက်ဟုတော့ သတ်မှတ်၍မရတော့ပေ။

တစ်ခါတစ်ရံ မြို့အရပ်မှအလည်ရောက်လာသူများက သူမအကြောင်းမသိဘဲ တဲအတွင်းဝင်၍ စကားစမြည်ပြောနေမိလျှင် အစပိုင်းတွင် လေပေးဖြောင့်နေပြီး ခဏအကြာ မိုးမွှန်အောင်ဆဲဆိုတော့သည်။ ထိုအခါကျမှ စကားပြောမိသူမှာ သူမအား ရူးနေမှန်းသိ၍ ထပြေးရတော့၏။

အချိန်ကြာလာတော့ ဒေါ်ဖွားနှစ်၏တဲဆီမှကြားရသော ဆဲဆိုနေသံများမှာ ဆင်ခလောက် ရွာသူရွာသားများရိုးအီ၍သွားလေပြီ။ သူမ၏သားနှင့်သမီးများလည်း ယူကျုံးမရဖြစ်ကြရသည်။ တစ်ရွာလုံးကလေးစားရပြီး ဘာသာရေးသမားအချင်းချင်း အလွန်အားကျရသော အလွန်တည်ငြိမ်ရင့်ကျက်လှသည်ဆိုသော ဒေါ်ဖွားနှစ်၏အဖြစ်ကို တစ်ရွာလုံးအပြင် ရွာနီးချုပ်စပ်များကလည်း စိတ်မကောင်းကြ။

ဒေါ်ဖွားနှစ်၏အဖြစ်အား ရွာသူကြီးက ရွာဦးဆရာတော်ဘုရားအား လျှောက်၍ ထင်မြင်ချက်မေးသောအခါ ဆရာတော်က ဤသို့မိန့်ကြား၏။

"အင်း- တန်ဆေးလွန်ဘေးဆိုတာ အဲဒါပဲပေါ့ ဒကာကြီးရဲ့၊ မြတ်စွာဘုရားရဲ့ တရားဆိုတာဟာ လူရဲ့စိတ်စေတသိက်အတွက် ဆေးတစ်မျိုးပါပဲ။ မှန်မှန်ကန်ကန် ကျင့်ကြံနိုင်ရင် နိဗ္ဗာန်ထိတောင်ရောက်နိုင်ပါတယ်။ ဒါပေမယ့် ကိုယ်နဲ့တန်တဲ့အကျင့်၊ အဆင့်ကိုသိရမယ်။ ဒေါ်ဖွားနှစ်ဟာ တစ်သက်တာပတ်လုံး တရားကျင့်လာခဲ့တာ မှန်တယ်။ ဒါပေမယ့် သူကိုယ်သူ မိန်းမသားတစ်ယောက်ဆိုတာမေ့နေပုံရတယ်။ သူနောက်ဆုံးကျင့်သွားတဲ့အကျင့်က မူတင်အကျင့်။ မူတင်ဆောင်တယ်ဆိုတာ ဘုရား၊ ရဟန္တာ၊ အရိယာကြီးတွေပဲလုပ်နိုင်တာ။ တော်တန်ရုံရဟန်းတောင်မကျင့်ရဲဘူး။ အခုဟာက ဒေါ်ဖွားနှစ်ကျင့်တာက သုသာန်မူတင်။ အရမ်းပြင်းထန်ပြီး အရမ်းကြောက်မက်ဖွယ်ရာကောင်းတဲ့အကျင့်ပေါ့။ တန်ဆေးလွန်ဘေးဆိုတဲ့ သဘောကိုသာ သူသတိကပ်ခဲ့ရင် ခုလိုအဖြစ်ဆိုးမျိုးကြုံမှာမဟုတ်ဘူး"

"ဒါဆို အရှင်ဘုရား၊ ဒေါ်ဖွားနှစ်ဟာ သချိုင်းမှာ ဘာတွေများတွေ့ခဲ့လို့ပါလိမ့်တုရား"

"အင်း- ဒါကတော့ ကာယကံရှင်မှသာသိတော့မပေါ့ ဒကာကြီးရဲ့။ အရပ်ထဲပြောတတ်တာကတော့ တရားစည်းပေါက်တယ်။ မကောင်းဆိုးဝါးတွေက တရားပေါက်ခါနီး နှောင့်ယှက်တယ်ပေါ့လေ။ တကယ်တမ်းကတော့ အဓိကကျတာက မိမိရဲ့စိတ်ပါပဲ ဒကာကြီး။ ဘာအလုပ်လုပ်လုပ် ကိုယ်နိုင်ရာအလုပ်ကို လုပ်တာ အကောင်းဆုံးပါပဲ"

ဆရာတော်၏ မိန့်ကြားချက်များကား မှတ်သားစရာကောင်းလှပေသည်။ ဒေါ်ဖွားနှစ်ကတော့ ပြန်လည်၍ကောင်းမွန်လာခြင်း မရှိတော့ပါ။ သူမသည် တစ်သက်တာလုံး တရားသမားဘဝနှင့် နေလာခဲ့ပြီး အသက် (၆၀)ကျော်ခန့်တွင် ရူးသွပ်ခဲ့ကာ (၇၈) နှစ်ခန့် ၂၀၀၅ ခုနှစ်ခန့်တွင် စိတ်ရောဂါသည်ဘဝဖြင့်ဝင် (၉၆) ပါးရောဂါဖြင့် ကွယ်လွန်သွားခဲ့ပါသည်။

ထူးဆန်းသောအဖြစ်တစ်ခုကား ဒေါ်ဖွားနှစ်တရားထိုင်သော သုသာန်တွင်းမှ ရှားပင်ဖြစ်၏။ ထိုရှားပင်မှ နဂါးတစ်ကောင်ခွေပတ်နေပုံသစ်ပွေးများမှာ ဒေါ်ဖွားနှစ်စိတ်နောက်သွားပြီးနောက်ပိုင်း တဖြည်းဖြည်း ပျောက်ကွယ်သွားပြီး သာမန်သစ်ပင်အပွေးများကဲ့သို့ ပြောင်းလဲသွား ခြင်းပင်ဖြစ်၏။

ယခုသော် ထိုသုသာန်အတွင်း၌ပင် ဒေါ်ဖွားနှစ်၏ ရုပ်အလောင်းအား ဂူသွင်းမြှုပ်နှံထားခဲ့ပြီးပြီလေသည်။

ကိုသဲယု(ပုဂံမြေ)

www.burmeseclassic.com

အောင်စကြာ-အရှင်သုမင်္ဂလာ (အငြိမ်းစားကျန်းမာရေးမှူး)

# သိဒ္ဓိဝင်ပျားရည်၏နောက်ဆက်တွဲ ရောဂါပျောက်ဆောင်းပါးများ

□ ပျားရည်နှင့် AIDS ရောဂါသည်

စာရေးသူ သီတင်းသုံးသော အောင်စကြာကျောင်းတိုက်သို့ ဘက်ပ တစ်ခရစ်ခရစ်ယာန်သာသနာပြုဂိုဏ်းချုပ် (မြို့နယ်အဆင့်) သရာဒီးနားလည်း ရောက်ဖူး၏။

အစ္စလာမ်ဘာသာဝင် အာဖက် (ခေါ်) မောင်အုန်းမောင်လည်း ရောက်ဖူး၏။ ဟိန္ဒူဘာသာဝင် မောင်မောင်လှ လည်းရောက်ဖူး၏။

စာရေးသူသည် ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီးတစ်ပါးဖြစ်ပြီး သက်ရှိသတ္တဝါမှန်သမျှကို မေတ္တာ၊ စေတနာတရားဖြင့်သာ ဆက်ဆံ၏။ လူမျိုးဘာသာ သာသနာမရွေး ကူညီစရာရှိလျှင် ကူညီပေးတတ်၏။

ကမ္ဘာပေါ်မှာ လူအမျိုးမျိုးရှိကြသလို ယုံကြည်မှုသဒ္ဓါမျိုးစုံဖြင့် ကိုးကွယ်မှုအဖုံဖုံလည်းရှိနေကြ၏။ မည်သည့်ဘာသာဝင်ကိုမှ ပုတ်ခတ်၍ နှိမ့်ချ၍ မဆက်ဆံပါ။

ဘာသာတိုင်း ဘာသာတိုင်းတွင် သူ့စည်းသူ့ကမ်းနှင့် ကိုယ်ကျင့်သီလတရားတွေကရှိပြီးသားဖြစ်၏။ စောင့်ထိန်းသည်၊ မစောင့်ထိန်းသည်သာ ကွာချင်ကွာကြမည်။

အစ္စလာမ်ဘာသာဝင် အာမက် (ခေါ်) မောင်အုန်းမောင်မှာ အားကစားလိုက်စားသဖြင့် ကိုယ်လုံးကိုယ်ပေါက်ဖြောင့်၏။ အနောက်နိုင်ငံမှ ရုပ်ရှင်မင်းသားများကဲ့သို့ပင် ရုပ်ရည်ကလည်း ခပ်ဆင်ဆင်။ အသက်အရွယ်က (၂၄)၊ (၂၅) နှစ်ခန့်။ သူ၏မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးက သူ့ရုပ်ရည်ကို ဖျက်ဆီးနေသည်ဟု စာရေးသူစိတ်ထဲမှာထင်မိ၏။ ထုတ်တော့မပြောပါ။

မောင်အုန်းမောင်က ဘုရားနှင့် ဘုန်းကြီးသံဃာတော်များကို ဝတ်မပြုသော်လည်း တင်ပါ့ဘုရား၊ မှန်ပါ့ဘုရား စသည်ဖြင့် ပြောတတ်၍ ရိုရိုသေသေ လေးလေးစားစားလည်း ဆက်ဆံတတ်၏။

အာမက် (ခေါ်)မောင်အုန်းမောင်သည် စာရေးသူကျောင်းသို့ မရောက်လာသည်မှာ (၅) နှစ်၊ (၆)နှစ်ခန့်လောက်ရှိမည်ဟု ခန့်မှန်းမိ၏။

တစ်နေ့တော့ အာမက် (ခေါ်) မောင်အုန်းမောင်တစ်ယောက် မမျှော်လင့်ဘဲ စာရေးသူ၏ကျောင်းသို့ရောက်လာ၏။ သူ့ကိုကြည့်ရသည်မှာ ယခင်ကလို စိုစိုပြည်ပြည်မရှိ။ လူလည်းပိန်ကျသွား၏။ မျက်တွင်းကလည်း ဟောက်ပက်။ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးတွေကိုလည်း ပြောင်နေအောင် ရိပ်ထား၏။

စာရေးသူကို လှူဒါန်းရန် ဟောလစ်ဘူးတစ်ဘူးနှင့် ပန်းသီးများလည်းပါလာ၏။

"ဆရာတော်၊ ဒီပစ္စည်းတွေက ဆရာတော်ကို လှူဖို့ပါဘုရား"

ဟု ဆိုပြီး ရိုရိုသေသေကပ်၏။

"ဒကာကြီး ကျန်းမာရေးမကောင်းဘူးလား။ နည်းနည်းပိန်သွားသလိုပဲ။ ဒကာကြီး ဘာတွေများဖြစ်ခဲ့လို့လဲ"

"ပြောပြရမှာတော့ အရှည်ကြီးပဲဘုရား။ တပည့်တော် အစအဆုံးပြောပြပါမယ်ဘုရား"

"ပြောပါဦး ဒကာကြီး"

"တပည့်တော် ပျောက်သွားတာ။ ရန်ကုန်မှာသွားပြီး အလုပ်လုပ်ပါတယ်ဘုရား။ အမျိုးတစ်ဦးရဲ့ကူညီပေးမှုနဲ့ တပည့်တော် ကားစပယ်ယာအလုပ်ရပါတယ်ဘုရား။ တပည့်တော်တို့ရဲ့ကားအုံနာကလည်း ချမ်းသာတယ်ဘုရား။ သဘောလည်းကောင်းတယ် ဘုရား။ တပည့်တော်လိုက်ရတဲ့ကားက ကုန်တွေတင်ကဲ့ကားဘုရား။ ရှမ်းပြည်နယ်ဘက်၊ တောင်ကြီးဘက်ကိုတက်ရတယ်ဘုရား"

"နယ်နှံ့တာပေါ့ ဒကာကြီးရဲ့"

"မှန်ပါ့ဘုရား၊ တပည့်တော်နဲ့ အတူတူအလုပ်လုပ်တဲ့ ကားဒရိုင်ဘာက ကားရပ်နား ညအိပ်နေရာမှာ အရက်လည်းသောက်တယ်။ မိန်းမလည်းပွေတယ်ဘုရား။ သူ့အဆွယ်ကောင်းလို့ တပည့်တော်လည်း သောက်တတ်စားတတ်လာတယ်ဘုရား။ သောက်ရုံစားရုံတွင်မကပါဘူးဘုရား။ မိန်းမပျက်တွေနဲ့ပါ နှစ်ပါးသွားမိပါတယ်ဘုရား"

"အင်း - ပြောပါဦးကွယ့်"

"တစ်နှစ်လောက်လည်းကြာရော တပည့်တော်ကိုယ်မှာ ရေယုန်နာတွေပေါက်လာပါတယ်ဘုရား။ လူလည်း မစားချင်မသောက်ချင်နဲ့ ပိန်ကျလာပါတယ် ဘုရား"

"ဆက်ပြောပါဦး"

"ဒါနဲ့ တပည့်တော်ရဲ့မော်တော်ကားအုံနာက တပည့်တော်ကို ဆေးခန်းပို့ပေးတယ်ဘုရား။ ဆရာဝန် ဆရာ[...] တွေက တပည့်တော်ကို သွေးစစ်[...] တယ်ဘုရား။ သွေးစစ်ကြည့်တော[...] တပည့်တော်ရဲ့သွေးထဲမှာ HIV ပိုးတွေ[...] တယ်တဲ့။ တပည့်တော် AIDS ရော[...] ဖြစ်ပြီပေါ့ဘုရား။ သူ့အိမ်မှာလည်း[...] တော့ဘူးဘုရား။ တပည့်တော်အလု[...] လက်မဲ့ဖြစ်သွားပြီပေါ့ဘုရား"

"ဒကာကြီးရဲ့ ကုသိုလ်[...] တယ်ဆိုးပါလား"

"တပည့်တော်၊ ကန်တော်[...] ဗလီနားက အမျိုးအိမ်မှာသွားနေ[...] တယ်။ စပယ်ယာလိုက်တုန်းက တ[...] တော်လုပ်ထားတဲ့ ငါးမူးသားခန့်ရွှေ[...] ကြိုးကိုရောင်းတယ်ဘုရား"

"ရောင်းပြီး ဆေးကုတာပေါ့"

"မဟုတ်ဘူးဘုရား၊ ရတဲ့ပိုက်[...] ကံဘဲ့ဘူတာနားမှာ ချောင်ကျတဲ့ အ[...] ဆိုင်တစ်ဆိုင်ရှိတယ် ဘုရား။ အဲဒီ[...] နေ့တိုင်းပဲ အရက်သွားသောက်[...] ဘုရား"

"ပြောပါဦးကွယ့်"

"တစ်ညနေခင်းကျတော့ တ[...] တော် အရက်မူးမူးနဲ့ ကျောက်[...] ရန်ကင်းက ဟိန္ဒူဘုရားကျောင်းထဲ[...] ရောက်သွားတယ်ဘုရား။ အဲဒီကျော[...] ထဲမှာမူးပြီးအိပ်ပျော်သွားပါတယ်ဘု[...]"

"ပြောပါဦးကွယ့်"

"အဲဒီ ဟိန္ဒူဘုရားကျောင်း[...] ဆရာကာလီဆိုတဲ့ ဘုရားလူကြီးရှိ[...] ဘုရား။ တပည့်တော် မနက်အိပ်[...] နိုးတော့ နွားနို့တစ်ခွက်တိုက်[...] ဘုရား။ နဖူးကိုလည်း ဟိန္ဒူဘာသာ[...] တို့ရဲ့ထုံးစံအတိုင်း ပြာသုတ်ပေးပါ[...] ဘုရား။ ဒါနဲ့ တပည့်တော်နဲ့ဆရာ[...] မိတ်ဆွေဖြစ်သွားရတယ်ဘုရား"

"ပြောပါဦးကွယ့်"

"ဆရာကာလီကို တပည့်တော်[...] တပည့်တော်ရဲ့ရောဂါအကြောင်းကို[...] ပြပါတယ်ဘုရား"

"ဆရာကာလီက တပည့်တော်[...] ပျားရည်နဲ့ နွားနို့ကိုသောက်ခိုင်းပါ[...] ဘုရား။ သံပရာသီးနဲ့ ကြက်သွန်[...] လည်း စားခိုင်းပါတယ်ဘုရား။ ပြ[...] သူကပြောပါတယ်ဘုရား။ မင်းအ[...] မသောက်ပါနဲ့တဲ့။ အရက်မသော[...] မင်းရောဂါပျောက်ပါမယ်တဲ့။ [...] တပည့်တော်ကို ပြာတွေလည်း[...] ပါတယ်ဘုရား"

"ဆက်ပါဦးကွယ့်"

"အဲဒါနဲ့ တပည့်တော်[...] ကန်တော်လေးက အမျိုးအိမ်ကို[...] ဆရာကာလီပြောတဲ့အတိုင်း ပျား[...] နွားနို့ကိုသောက်ပါတယ်ဘုရား။ သံ[...]

www.burmeseclassic.com

သီးနဲ့ ကြက်သွန်ဖြူကိုလည်း စားပါတယ် ဘုရား။ တပည့်တော်ရဲ့အဒေါ်လုပ်သူက တပည့်တော် အရက်မသောက်တာကို တွေ့ရတော့ သိပ်ဝမ်းသာသွားတယ်။ တပည့်တော်ရဲ့ ရောဂါအကြောင်းကို အဒေါ်ကသိတယ်ဘုရား"

"ပြောပြပါဦးကွယ့်"

"အဒေါ်က အမဲသားအသား ကောင်းကောင်းကိုဝယ်ပြီး အမဲသားနှပ် ဟင်းချက်ကျွေးတယ်ဘုရား။ အဒေါ်က တပည့်တော်ကိုလည်းချစ်ပါတယ်ဘုရား"

"ပြောပါဦးကွယ့်"

"ဦးလေးက မွတ်စလင်၊ အဒေါ် က မြန်မာလူမျိုးဘုရား။ တပည့်တော် အားလိုက်တုန်းကရတဲ့ငွေတွေမှန်သမျှ ကို အဒေါ်ကိုပဲအပ်ထားတယ်ဘုရား။ ဘာကြောင့်ပဲလားတော့ မသိဘူးဘုရား။ အဒေါ်က တပည့်တော့်ရောဂါပျောက်ဖို့ အစစအရာရာလုပ်ပေးတယ်ဘုရား။

ဦးလေးက မွတ်စလင်ဘာသာဝင် ဘုရား။ တပည့်တော်ရဲ့ဦးလေးအရင်း ပါပဲ။ ဦးလေးက စမ်းချောင်းဘက်က ဆော်တော်ကားဝပ်ရှော့တစ်ခုမှာ အလုပ် လုပ်တယ်ဘုရား။ ကားပြင်ဆရာဘုရား။ ဝင်ငွေကောင်းတယ်ဘုရား"

"ပြောပါဦးကွယ့်"

"ဦးလေးက မွတ်စလင်ဘာသာ ဝင်ဖြစ်ပေမယ့် သူ့ဇနီးကို တော်တော် ချစ်လို့လားမသိဘူးဘုရား။ ကိုးကွယ်မှုကို ဘာမှမချုပ်ချယ်ဘူးဘုရား။ အဒေါ်က တော့ ဗုဒ္ဓဘာသာဝင်ဖြစ်လို့ ဘုရားမှန် မှန်ရှိခိုးတယ်ဘုရား။ ဦးလေးကတော့ ဘာကြာနေ့ဗလီတက်တာလည်းမတွေ့ ဘူး ဘုရား"

"ကိုးကွယ်မှုဘာသာမတူကြပေ မယ့် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းဆိုတဲ့ မေတ္တာတရားနဲ့နေထိုင်ကြတဲ့အိမ်ထောင် သည်တွေဖြစ်မှာပေါ့ကွယ်"

"မှန်လှပါဘုရား"

"ဒါနဲ့ တစ်နေ့ကျတော့ တပည့် တော်တို့ ကန်တော်လေးကအိမ်ကို လူ ကြီးတစ်ယောက် ရောက်လာပါတယ် ဘုရား။ တိုက်ပုံအင်္ကျီအပြည့်နဲ့ပါ ဘုရား။ ဆံပင်လည်းမရှိဘူး။ ပုဆိုးကအကွက် ကြီးနဲ့ ဆေးပြင်းလိပ်လည်း လက်ထဲမှာ ကိုင်လို့ ဘုရား"

"ပြောပါဦးကွယ့်"

"သူ့အိမ်ထဲကို ခဏဝင်ပါရစေလို့ အဒေါ်ထံမှာခွင့်တောင်းပြီး ရေတစ်ခွက် တောင်းသောက်တယ်ဘုရား။ အဒေါ် ကလည်း ရိုရိုသေသေပဲ ခပ်ပေးတယ် ဘုရား"

"စိတ်ဝင်စားစရာပဲ။ ပြောပါဦး ကွယ့်"

"အဲဒီလူကြီး အိမ်ထဲကို အကဲခတ် ကြည့်တယ်ဘုရား။ အဒေါ်လုပ်သူရဲ့ ဘုရားကျောင်းဆောင်ကို တွေ့ရတယ်။ သူဘုရားဝတ်ပြုတယ်ဘုရား"

"ပြောပါဦးကွယ့်"

"ငါ့တူ ရောဂါပျောက်ချင်ရင် ရွှေတိဂုံဘုရားကိုသွားပြီး နွားနို့နဲ့ ပျားရည်သွားလှူလိုက်ပါတဲ့။ နောက်ပြီး ဆု လည်းတောင်းပါတဲ့။ အဲဒီလိုပြောပြီး ထပြန်သွားပါတယ်ဘုရား"

"ဒါနဲ့သွားလှူလားကွယ့်"

"အဒေါ်လုပ်သူက ပျားရည်တစ် ပုလင်း၊ နွားနို့ကျိုပြီးသားတစ်ပုလင်းကို လက်ဆွဲခြင်းလေးနဲ့ သေသေချာချာ ထည့်ပေးပြီး တပည့်တော်ကိုသွားလှူခိုင်း ပါတယ်ဘုရား"

"တပည့်တော်လည်း သွားလှူပါ တယ်ဘုရား။ တနင်္ဂနွေထောင့်မှာပါ ဘုရား။ အဲဒီနေ့ရာမှာ သက်န်းနွမ်းနွမ်း နဲ့ ဘုန်းကြီးအိုကြီးတစ်ပါးနဲ့တွေ့တယ် ဘုရား"

"ပြောပါဦးကွယ့်"

"ဘုန်းကြီးအိုကြီးက ပြောတယ် ဘုရား"

"ဘာပြောလဲကွယ့်"

"ငါ့သား မောင်အုန်းမောင်နဲ့တွေ့ ချင်နေတာကြာပြီ။ ခုမှတွေ့ရတယ်တဲ့။ တပည့်တော်ရဲ့အမည်ကိုခေါ် ပြောလိုက် တော့ တပည့်တော်လည်း အံ့ဩသွားရ တယ်ဘုရား"

"ဒါနဲ့ ဘုန်းကြီးအိုကြီးက ဘာ ပြောလဲကွယ့်"

"မောင်အုန်းမောင်၊ မင်းယခင်ဘဝ က ငါ့သားတဲ့။ မင်းရောဂါဖြစ်နေလည်း ပျောက်မှာပါတဲ့။ နွားနို့နဲ့ ပျားရည်ကို တော့ မှန်မှန်သောက်ပါတဲ့။ ရောဂါ ပျောက်ဖို့ တော်တော်နီးလာပါပြီတဲ့"

"နောက်ဘာပြောသေးလဲကွယ့်"

"မင်းမှတ်ဆိတ်နဲ့ နှုတ်ခမ်းမွေးတွေ ကိုရိတ်ပစ်ပါတဲ့။ မင်းဟာ ဟိုဘဝက ဗုဒ္ဓ ဘာသာဝင်ဘုန်းကြီးတစ်ပါးကွယ့်။ မင်း ဟာ ဘုန်းကြီးဘဝနဲ့ မွတ်စလင်ဘာသာ ဝင်တွေကို အပြစ်ပြောလို့ မင်းဒီဘဝမှာ မွတ်စလင်ဘာသာဝင်ဖြစ်ခဲ့ရတာတဲ့။ နောက်ပြီး ပြောပြသေးတယ် ဘုရား"

"ပြောပါဦးကွယ့်"

"ငါ့သား အုန်းမောင်တဲ့။ အောင် ပါတဲ့ဘုရား၊ အောင်ပါတဲ့ဘုန်းတော်ကြီး ကျောင်းကိုသွားပြီး လှူဒါန်းပါတဲ့။ ပြီး တော့ အဲဒီကျောင်းမှာသက်န်းဆီးပါတဲ့"

"ဒါဖြင့် အခု မောင်အုန်းမောင် ဒီကိုလာတာ သက်န်းဆီးဖို့ပေါ့ဟုတ် လား"

"မှန်လှပါဘုရား"

"ဒါနဲ့ မင်းရောဂါကရော ပျောက် ကင်းပြီလားကွယ့်"

ထိုအခါ တစ်ခါမောင်အုန်းမောင် က စာရေးသူ ဆောင်းပါးရေးသည့် သုရဿတီမဂ္ဂဇင်းစာအုပ် (၃) အုပ်ကိုထုတ် ပြီး ထိုမဂ္ဂဇင်းစာအုပ်ထဲမှာ စာရွက်လေး တစ်ရွက်ကို ထုတ်ပြ၏။

မောင်အုန်းမောင် (၃၁) နှစ်၊

နေရပ်-ရန်ကုန်၊ ကန်တော်လေး၊

HIV NEGATIVE.

ကျန်းမာရေးဌာနမှ HIV ပိုးမရှိ ကြောင်း ဆေးစစ်မှတ်တမ်းကိုပါ ပြပါ၏။

မှန်ပါ၏။ ခိုင်လုံပါ၏။

"ဆရာတော် သုရဿတီမဂ္ဂဇင်းမှာ ရေးတဲ့ သိဒ္ဓိဝင်ပျားရည်ဆောင်းပါး (၃) အုပ် တပည့်တော် ဖတ်ပြီးပါပြီဘုရား။ ဒီမှာစာအုပ်ပါဘုရား"

ဒကာမောင်အုန်းမောင်က သုရဿ မဂ္ဂဇင်းစာအုပ် ၂၀၁၆ ခု၊ ဇွန်လ၊ ဇူလိုင် လ၊ ဩဂုတ်လ (၃) အုပ်ကိုပြပါ၏။

အမှန်ပါပဲ။ ထိုစာအုပ်ထဲမှာ သိဒ္ဓိ ဝင်ပျားရည်အကြောင်းဆောင်းပါးများ ဖော်ပြခဲ့ရပါ၏။ ထိုဆောင်းပါးများ ဖော်ပြခဲ့ရပြီး အနယ်နယ်အရပ်ရပ်မှ တယ်လီဖုန်းတွေဆက်ပြီးမေးကြသည် များလည်း နေ့စဉ်ပါပဲ။

ယခု AIDS ရောဂါသည်ဖြစ် သော မောင်အုန်းမောင်၏ ပြောပြချက် အရ သူ့ကိုဆေးနည်းပေးလိုက်သူက ဟိန္ဒူဘုရားရှိခိုးကျောင်းမှ ဆရာကာလီ ဟု ဆို၏၊

၁။ ပျားရည် (၃) ဇွန်း။

၂။ နွားနို့တစ်ဖန်ခွက်ရောပြီး နေ့စဉ် တစ်နေ့ (၃) ကြိမ်သောက်၏။

၁။ သံပရာသီးနှင့် ကြက်သွန်ဖြူကို စား၏။

၂။ အဒေါ်လုပ်ပေးသူ၏ အမဲသား နှပ်ကိုစား၏။

ယခုတော့ မောင်အုန်းမောင် AIDS ရောဂါပျောက်နေပေပြီ။

ဆေးမှတ်တမ်းက သက်သေပါပဲ။

စာရေးသူက ပို၍သေချာစေရန် စာရေးသူနှင့်ရင်းနှီးလှသော ဆရာဝန် တစ်ဦးနှင့် တိုင်ပင်ပြီး မောင်အုန်းမောင် ကို သွေးစစ်ဆေးစေပါ၏။

မှန်ပါသည်။ မောင်အုန်းမောင်မှာ HIV ပိုးမတွေ့ရပါ။

ယခုတော့ မောင်အုန်းမောင် သည် အောင်စကြာစေတီရှိသည့် အောင်စကြာဘုန်းတော်ကြီးကျောင်းမှာ ဦးပဉ္စင်း ဦးဥက္ကံသဘွဲ့ဖြင့် ရဟန်းဖြစ်နေ ပါတော့သတည်း။

အောင်စကြာ

အ[illegible]သုမ္မသာရ

အငြိမ်းစားကျန်းမာရေးမှူး




www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပညာ၏ လျို့ဝှက်နက်နဲမှုများ

ဦးအောင်မင်း






**စိတ်ပိုင်းဆိုင်ရာ၌ အပြစ်အနာအဆာရှိနေကြောင်း ဖော်ပြသည့်လက္ခဏာအရေးအကြောင်းများဖွဲ့စည်းပုံ**

နမူနာအရ လက်မတည်ဆောက်ပုံ ပျော့ပျောင်းခြင်းကြောင့် စိတ်လိုက်မာန်ပါ ကမူးရှူးထိုးမလုပ်တတ်ဘဲ ကြိတ်မှိတ်ခံစားနေတတ်သူ၊ ခံစားချက်ဗဟုသမျှအား လျှို့ဝှက်သိုသိပ်စွာဖုံးဖိထားသူ စိတ်ဓာတ်ခွန်အားနည်းသူအဖြစ် ဖော်ပြနေပါသည်။ အဆိုပါ လက္ခဏာမျိုးသည် အတွေးခေါင်တတ်ခြင်းကြောင့် လက်တွေ့ကျသော အကြောင်းအကျိုးများကို အလဟဿဖျက်ဆီးပစ်မိတတ်သည်။

ဦးခေါင်းလမ်းကြောင်းကိုလေ့လာပါက လက်ဝါးပြင်အောက်ဘက်သို့ ကွေးညွတ်၍ ရှည်လျားစွာဆင်းနေခြင်း၊ ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာ (အစပိုင်း၌) ကျဉ်းမြောင်းနေခြင်းတို့ကြောင့် ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းအားနည်းကြောင်း B က ဖော်ပြသည်။ ၎င်းပြင် နှလုံးလမ်းကြောင်းရှည်လျားပြီး ဦးခေါင်းလမ်းကြောင်း ကတ္တိဘာဝပုံစံကွေးညွတ်နေခြင်းကြောင့် စိတ်ခံစားမှု၌ ဆတ်ဆတ်ထိမခံတတ်သူဖြစ်ကြောင်း အမှတ် D က ဖော်ပြ၏။ C အနေဖြင့် ဦးခေါင်းလမ်း ကြောင်းနှင့် အသက်လမ်းကြောင်းသီးခြားစီဝေးကွာလျက်ရှိနေသောကြောင့် (တစ်ဖက်စွန်းမရောက်သည့် သတိကြီးစွာထားတတ်သူ) သာမန်သဘာဝအရ သတိထားတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

သောကြာခါးပတ်ကိုလေ့လာပါက လက်ညှိုး၊ လက်ခလယ်ကြားမှ လက်သူကြွယ် လက်သန်းကြားအထိ ထင်ရှားစွာ ကွေ့ဝိုက်နေသောကြောင့် နှလုံးသားရေးရာ (ဖို-မ) ကိစ္စများ စိတ်အစဉ်လွှမ်းမိုးနေတတ်ကြောင်း အမှတ်အသား E က ဖော်ပြသည်။

တွေးခေါ်စိတ်ကူးများပတ်သက်၍ F ဖော်ပြသည်။ ထို့ပြင် ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့က အစပြုနေရာ၌ သီးခြားစီဝေးကွာနေသည့်ပြင် လက်မတည်ဆောက်ပုံ ပျော့ပျောင်းနေခြင်းကြောင့် စိတ်ခံစားတုံ့ပြန်မှု၌ အမြင့်ဆုံးအဆင့်တွင်ရှိနေကြောင်း G အမှတ်အသားက ရည်ညွှန်းဖော်ပြသည်။

လက်ညှိုး တည်ဆောက်ပုံ... လေ့လာပါက သေးငယ်ပြီး တိုတောင်းခြင်းကြောင့် မာန်မာနကြီးသူ၊ သဘော... ထားခက်ထန်သူအဖြစ် အမှတ်အသား H က ဖော်ပြသည်။

လက်ချောင်းများအောက်ခြေနှင့် နှလုံးလမ်းကြောင်းကြားနေရာစော... နက်ဝေးကွာနေသည့်အပြင် နှလုံးလမ်းကြောင်းတည်ဆောက်ပုံ အားကောင်းနေသောကြောင့် အချစ်ရေးကိစ္စများ လွှမ်းမိုးမှုရှိနေကြောင်း I က ဖော်ပြသည်။


ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာ အစပိုင်း... ကျဉ်းမြောင်းသော်လည်း အလယ်နေရာ၌ ဝေးကွာကျယ်ပြန့်နေခြင်းကြောင်း စိတ်ရှည်သည်းခံနိုင်စွမ်းရှိသူဖြစ်ကြောင်း အမှတ်အသား J က ရည်ညွှန်းဖော်ပြသည်။

အကယ်၍ နှလုံးလမ်းကြောင်းသည် လက်ညှိုးနှင့် လက်ခလယ်ကြား... အစပြုပြီး ၎င်းလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းကြားနေရာ သိသာ... ကျဉ်းမြောင်းနေပါက တစ်ကိုယ်ကောင်း... ဆန်တတ်သူ၊ အများနှင့်အဆင်ပြေအော... မွေ့အောင် မဆက်ဆံတတ်ဘဲ ဘာ... ဘာသာနေတတ်သူ(သဘောထားကျဉ်း... မြောင်းသူ) အဖြစ် တွေ့ရပါမည်။

**ငယ်ရွယ်သော ကလေးငယ်တစ်ဦး၏ ယာဘက်လက်ဝါးပြင်ပုံစံကိုလေ့လာခြင်း**



နမူနာပုံအရ လက်မတည်... ဆောက်ပုံ ဖြောင့်တန်းသန်မာ... ခြင်းနှင့် ဦးခေါင်းလမ်းကြောင်း... တည်ဆောက်ပုံ မျှတခြင်း... ကြောင့် စိတ်ဓာတ်ခွန်အား... ကောင်းသူဖြစ်ကြောင်း A ...




www.burmeseclassic.com

www.burmeseclassic.com

…ဖော်ပြပြီး အကျိုးအကြောင်းဆင်ခြင်နိုင်စွမ်းရှိကြောင်း B က ဖော်ပြသည်။

အဓိကလမ်းကြောင်းများတို့ကို လေ့လာပါက အသက်လမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့သည် ၎င်းတို့အစပြုနေရာ၌ ချိတ်ဆက်နေသောကြောင့် လက်တွေ့ကျကျမှုတသည့်စိတ်ထားရှိကြောင်းနှင့် အရာရာသတိကြီးစွာထားရှိတတ်ကြောင်း C က ရည်ညွှန်းဖော်ပြသည်။

၎င်းအပြင် လက်ဝါးပြင်ပါ လမ်းကြောင်းများသေးမျှင်၍ သောကြာခုံး…တတ်တည်ဆောက်ပုံကောင်းမွန်ခြင်းကြောင့် စိတ်ခံစားတုံ့ပြန်မှု လွယ်ကူလျင်မြန်သူဖြစ်ကြောင်း D က ဖော်ပြသည်။ ၎င်းပြင် ဖိုမကိစ္စများနှင့်ပတ်သက်၍ E က ဖော်ပြသည်။

အဓိကလမ်းကြောင်းများကို လေ့လာပါက ဦးခေါင်းလမ်းကြောင်းနှင့်နှလုံးလမ်းကြောင်းကြားနေရာ ကျဉ်းမြောင်းနေသောကြောင့် သည်းခံစိတ်နည်းသူဖြစ်ကြောင်း (စိတ်သဘောထားကျဉ်းမြောင်း) သူ ဖြစ်ကြောင်း F ကဖော်ပြသည်။

လက်ချောင်းများအောက်ခြေနှင့် နှလုံးလမ်းကြောင်းကြားနေရာ ဖောက်…တ်စွာကျယ်ပြန့်နေခြင်းကြောင့် အချစ်ကြီးသူ၊ စာနာထောက်ထားတတ်သူဖြစ်ကြောင်း H က ဖော်ပြသည်။ တစ်ဖန် လက်ညှိုးတည်ဆောက်ပုံသည် တိုတုတ်ခြင်းက မာန်မာနကြီးသူဖြစ်ကြောင်း G က ဖော်ပြသည်။ ၎င်းပြင် အမုန်း၊ အငြိုး၊ အာဃာတထားစရာကိစ္စများ နည်းပါးသူဖြစ်ကြောင်း I က ရည်ညွှန်းဖော်ပြသည်။




နမူနာပုံအရလက်မတည်ဆောက်ပုံတောင့်တင်းသန်မာခြင်းကြောင့် စိတ်ဓာတ်ခွန်အားကောင်းသူ (စိတ်မာသူ) အဖြစ် တွေ့ရှိရပြီး ဦးခေါင်းလမ်းကြောင်းနှင့် တည်ဆောက်ပုံရ လောင်ဂျီတွဒ်နှင့်ဆိုင်သော C နယ်မြေနှင့် လတ္တီတွဒ်နှင့်ဆိုင်သော D နယ်မြေတို့အထိရောက်ရှိနေသောကြောင့် လက်တွေ့ကျကျလုပ်ကိုင်ဆောင်ရွက်မှုများနှင့် စိတ်ဓာတ်ခွန်အားရှိနေခြင်းတို့ ပေါင်းစပ်ကာ စွမ်းဆောင်အကောင်ထည်ဖော်နိုင်ကြောင်း A က ဖော်ပြပြီး အကျိုးအကြောင်းညီညွတ်မှုတမှုရှိကြောင်း Bကဖော်ပြသည်။

ဦးခေါင်းလမ်းကြောင်းနှင့်အသက်လမ်းကြောင်းကို အစပြုနေရာ၌ ချိတ်ဆက်နေသောကြောင့် အရာရာသတိကြီးစွာထားရှိတတ်ကြောင်း C ကဖော်ပြသည်။

နှလုံးလမ်းကြောင်းတည်ဆောက်ပုံအရ လက်ညှိုး၊ လက်ခလယ်ကြားမှ အစပြုပြီး လက်ဝါးပြင်အချွန်ထိ ကွေ့ဝိုက်စွာရှည်လျားနေသောကြောင့် ဖိုမဆိုင်ရာအလိုဆန္ဒများ၌ ပြင်းထန်လွန်ကဲတတ်သူဖြစ်ကြောင်း၊ သောကြာခုံးပတ်တည်ဆောက်ပုံတို့အားကောင်းဖွံ့ဖြိုးနေခြင်းကြောင့် ဖိုမဆိုင်ရာစိတ်ခံစားမှုများစွာရှိနေကြောင်း F က ဖော်ပြသည်။ နှလုံးသားရေးရာနှင့်ပတ်သက်၍ G က ဖော်ပြသည်။ တစ်ဖန် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာအတော်အတန်ကျဉ်းမြောင်းနေသောကြောင့် မိမိအရေးကိုသာ အာရုံစူးစိုက်တတ်သူ၊ အတ္တကြီးသူ၊ သည်းခံစိတ်နည်းသူဖြစ်ကြောင်း H က ဖော်ပြသည်။

**ကံလမ်းကြောင်းအနေအထားကို စစ်ဆေးခြင်း**

ကံလမ်းကြောင်းတည်ဆောက်ပုံမကောင်းခြင်း (သို့) ၎င်းလမ်းကြောင်းပေါ်၌ အဖြတ်အတောက်အတားအဆီးများနေခြင်းတို့သည် စိတ်ပိုင်းဆိုင်ရာထိခိုက်ပျက်စီးမှုများနှင့် ရုပ်ပိုင်းဆိုင်ရာအရ ခန္ဓာကိုယ်တွင်း ရောဂါဝေဒနာများရှိနေကြောင်း တိုက်ရိုက်ကိုယ်စားပြုဖော်ပြနေပါသည်။




အသက်လမ်းကြောင်းသည် နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့ကဲ့သို့ပင် အရေးပါသောအဓိကလမ်းကြောင်းတစ်ခု ဖြစ်သည်။

အကယ်၍ ကံလမ်းကြောင်းသည် လှိုင်းတွန့်ပုံစံကွေးကောက်ခြင်း၊ ဖြတ်တောက်ခြင်း (သို့) လမ်းကြောင်းပေါ်၌ ကျွန်းခံနေခြင်းရှိပါက ဘဝတစ်သက်တာအတွင်းကြိုးစားရုန်းကန်မှုမှန်သမျှ အရာမရောက်သူ (ကြိုးစားရကျိုးမနပ်သူ) အဖြစ်ဖော်ပြနေခြင်းကြောင့် စိတ်ပိုင်းနှင့် ရုပ်ပိုင်းနှစ်ခုအကြား မျှတအောင် ညှိနှိုင်းပေးရန် လိုအပ်နေပါသည်။

တစ်ဖန် လက်ဝါးပြင်ပါလမ်းကြောင်းတစ်ခုခုက ကံလမ်းကြောင်းနှင့် မျဉ်းပြိုင်သဖွယ်လှန်လျက် လက်သူကြွယ်အောက်ခြေသို့ ထောင်တက်သွားပါက ဘဝ၏ ကြိုးစားသမျှ အောင်မြင်မှုခြေလှမ်းများအစပြုနေပြီ ဖြစ်ကြောင်း ရည်ညွှန်းနေပါသည်။ ထိုအနေအထားကို အောင်မြင်ရေးလမ်းကြောင်း Apollo Line ဟုလည်း ခေါ်သည်။

သို့သော် အောင်မြင်ရေးလမ်းကြောင်းပေါ်၌ကျွန်းခံနေခဲ့ပါက ကြိုးစားရုန်းကန်နေဆဲကာလများအတွင်းအခက်အခဲအတားအဆီးများအသက်အန္တရာယ်ရှိသောအဖြစ်အပျက်များနှင့် ကြုံတွေ့ရတတ်ကြောင်း ရည်ညွှန်းနေပါသည်။

အကယ်၍ ကံလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် ချိတ်ဆက်လျက်စတင်နေခဲ့ပါက ငယ်ရွယ်စဉ်ကာလများအတွင်း အကန့်အသတ်အချုပ်အချယ်များစွာဖြင့် ရှင်သန်ရပ်တည်ခဲ့ရကြောင်း၊ တိုးတက်ရန် ကြံဆောင်မှုမှန်သမျှ၌ အနှောင့်အယှက်များစွာဖြင့် ကြုံခဲ့ရကြောင်း အသိပေးနေပါသည်။

သို့မဟုတ် ကံလမ်းကြောင်းသည် လက်ဝါးပြင်အစွန်း အနီးတစ်နေရာ (လက်မနှင့်ဆန့်ကျင်ဘက် မျက်နှာချင်းဆိုင်နေရာ) မှ စတင်ခဲ့ပါက ငယ်စဉ်ကာလများအတွင်း သြဇာတိက္ကမရှိသူများ၏ကူညီပံ့ပိုးမှုများစွာရရှိခဲ့ကြောင်း တွေ့ရှိရပါမည်။

တစ်ဖန် ကံလမ်းကြောင်းသည် လက်ဝါးပြင်အလယ်တည့်တည့် လက်ကောက်ဝတ်အနီးမှ စတင်၍ အပေါ်ဘက်သို့ဖြောင့်တန်းစွာတောက်လျှောက်တက်သွားပါက အခက်အခဲအတားအဆီးအချို့နှင့် ကြုံတွေ့တတ်သည်မှလွဲ၍ တဖြည်းဖြည်းချင်း တိုးတက်မှုရှိ

www.burmeseclassic.com


www.burmeseclassic.com

လာနိုင်ပါသည်။

အသက်လမ်းကြောင်း အပြတ်အတောက်များနေခြင်း၊ သေးမျှင်သောလမ်းကြောင်းများစွာက အသက်လမ်းကြောင်းနှင့် ယှဉ်ပြိုင်လျက်တက်နေခြင်း၊ လမ်းကြောင်းထင်ရှားဖြောင့်တန်းခြင်းမရှိဘဲ အချို့နေရာများ၌ မှေးမှိန်ပျောက်ကွယ်နေခြင်းရှိခဲ့ပါက တစ်သက်တာအချိန်တိုအတွင်း မလိုလားသော (မနှစ်မြို့စရာ)အပြောင်းအလဲများ၊ စိတ်မကျေနပ်စရာများကြုံတွေ့ရနိုင်ကြောင်းဖော်ပြနေပါသည်။

အကယ်၍ လက်မအောက်ခြေမှ လမ်းကြောင်းငယ်များစွာက အသက်လမ်းကြောင်းကိုဖြတ်လျက် လက်ဝါးပြင်အပေါ်ဘက်သို့ တက်နေခဲ့ပါက ပြင်ပရောဂါတစ်ခုခုကြောင့် စိတ်ခံစားမှု၌ မကောင်းသော အခြေအနေများက လွှမ်းမိုးနေပါမည်။





နမူနာပုံအရ ဦးခေါင်းလမ်းကြောင်းသည် ရှည်လျားဖြောင့်တန်းလောင်ဂျီတွဒ်နှင့်ဆိုင်သော နယ်မြေ A နှင့်B အထိ လတ္တီတွဒ်နှင့်ဆိုင်သောနယ်မြေ D အထိ ရောက်ရှိနေသောကြောင့် စဉ်းစားဆင်ခြင်ဉာဏ် အားကောင်းသူ စိစစ်တွက်ချက်ချိန်ဆတတ်သူဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

တစ်ဖန် ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့ အစပြုနေရာတွင် ချိတ်ဆက်နေခြင်းကြောင့် အရာရာသတိကြီးစွာထားတတ်ခြင်းနှင့် စိစစ်တွက်ချက် (အသေးစိတ်ကျ) တတ်ခြင်းတို့ ပေါင်းစပ်ကာ ကြောက်ရွံ့စိုးရိမ်ခြင်းနှင့် သံသယများတတ်သည့် (အယုံအကြည်မဲ့သည့်) စိတ်ကိုမွေးဖွားလာစေပါသည်။

လက်မတည်ဆောက်ပုံ လေ့လာပါက တောင့်တင်းသန်မာမှုရှိသောကြောင့် စိတ်ဓာတ်ခွန်အားကောင်းခြင်းကို ကိုယ်စားပြုပြီး သေးငယ်သောလမ်းကြောင်းငယ်များစွာက လက်ညှိုးအောက်ခြေရှိ အသက်လမ်းကြောင်းနှင့်ချိတ်ဆက်နေခြင်းကြောင့် ရည်မှန်းချက်ကြီးသူ၊ ရည်မှန်းချက်အတိုင်း တစိုက်မတ်မတ်အကောင်အထည်ဖော်ဆောင်ရွက်တတ်သူအဖြစ် ဖော်ပြနေပါသည်။

လက်ချောင်းတည်ဆောက်ပုံများအနက် လက်ညှိုးသည် အသင့်အတင့်ရှည်လျားနေခြင်းကြောင့် မာန်မာနစိတ်လွန်ကဲမှုမရှိဘဲ သာမန်မျှသာကိန်းအောင်းနေတတ်ပါသည်။

တစ်ဖန် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာ အသင့်အတင့်ဝေးကွာ(ကျယ်ပြန့်)နေခြင်းကြောင့် သည်းခံခွင့်လွှတ်စိတ် နားလည်ခံစားပေးနိုင်စိတ်၊ စာနာစိတ်ထားရှိတတ်သူအဖြစ်တွေ့ရသည်။ ၎င်းအပြင် လက်ချောင်းများအောက်ခြေနှင့် နှလုံးလမ်းကြောင်းကြားနေရာတွင်ရှိ သောကြားခါးပတ်ထင်ရှားကောင်းမွန်သောကြောင့် စိတ်ခံစားတုံ့ပြန်မှု၌ လွယ်ကူလျင်မြန်တတ်သူအပြင် နှလုံးသားရေးရာ (ဖိုမကိစ္စ) များနှင့် ရှုပ်ထွေးနေတတ်သူအဖြစ် တွေ့ရှိရသည်။

အဓိကလမ်းကြောင်းများကိုလေ့လာပါက နှလုံးလမ်းကြောင်းတည်ဆောက်ပုံဖြောင့်တန်းပြီး လက်ဝါးပြင်အောက်ဘက်သို့ ညင်သာစွာကွေးညွတ်နေသည့်အပြင် လမ်းကြောင်းအစသည် လက်ညှိုးနှင့် လက်ခလယ်ကြား၌ ခက်ရင်းခွပုံစံဖြစ်နေသည်ကို တွေ့ရှိရသည်။ တစ်ဖန် ခက်ရင်းခွ၏အောက်ဘက်အစတစ်ဖက်က လက်ညှိုးအောက်ခြေသို့ရောက်နေပြီး ကျန်အစတစ်ဖက်က လက်ညှိုးနှင့် လက်ခလယ်ကြားနေရာတွင်ရှိနေပါသည်။ လက်ညှိုးအောက်ခြေနေရာသည် ကြာသပတေးဂြိုဟ်ခုံ၏နယ်မြေဖြစ်ပြီး လက်ခလယ်အောက်ခြေ စနေဂြိုဟ်ခုံ၏နယ်မြေ ဖြစ်သည်။

နမူနာအရ နှလုံးလမ်းကြောင်းတည်ဆောက်ပုံအပေါ် အဓိကအာ စိုက်လေ့လာခြင်းဖြင့် စိတ်ခံစားမှုပိုင်း အမြင့်ဆုံးအဆင့်တွင်ရှိနေသူဖြစ်ကြောင်း တွေ့ရပါမည်။

တစ်ဖန် လက်ချောင်းများအောက်ခြေနေရာနှင့် နှလုံးလမ်းကြောင်းကြားနေရာ ဖောက်နက်ကျယ်ဝန်းသောကြောင့် စာနာထောက်ထားတတ်သူ၊ သနားစိတ်ဖြင့် အားပေးကူညီတတ်သူ ဖြစ်ကြောင်း ရည်ညွှန်းဖော်ပြနေပါသည်။

**အဓိပ္ပာယ်နက်နဲမှုများကိုဖော်ပြနေသည့် ရှုပ်ထွေးသောလက္ခဏာအရေးအကြောင်းများ**

နမူနာအရ လက်မတည်ဆောက်ပုံဖြောင့်တန်းသန်မာ၍ စိတ်ဓာတ်ခွန်အားရှိသူ (စိတ်မာသူ) ဖြစ်ကြောင်း A က ဖော်ပြသည်။

ဦးခေါင်းလမ်းကြောင်းဖြောင့်တန်း ရှည်လျားပြီး အဆုံးသတ်နေရာ၌ ကွ ခံနေခြင်းကြောင့်စိတ်ကူးအတွေးအခေါ် နှင့် လက်တွေ့ဘဝအကြား (သို့) သိစိတ် နှင့် မသိစိတ်အကြား ကျိုးကြောင်း ညီညွတ်မှုရှိနေကြောင်း B က ဖော် သည်။

ဦးခေါင်းလမ်းကြောင်းဖြောင့်တန်း ရှည်လျားခြင်းသည် စိစစ်တွက်ချက်နိုင် စွမ်းရှိသူဖြစ်ကြောင်း C က ဖော်ပြပေး သည်။

တစ်ဖန် ဦးခေါင်းလမ်းကြောင်း ပေါ်၌ အမွေးပွပုံစံ(ဂွမ်းစ)ပုံစံများ နေသောကြောင့် (သို့) ၎င်းလမ်းကြောင်း ပေါ်အစက်အပြောက်များစွာရှိနေသော ကြောင့် စိစစ်တွက်ချက်ချိန်ဆတတ် ဖြစ်ကြောင်း D က ဖော်ပြသည်။

ထို့ပြင် ဦးခေါင်းလမ်းကြောင်း အသက်လမ်းကြောင်းသည် အစပြု ရာ၌ (လွန်ကဲမရှိဘဲ) ထိရုံမျှသာ ဆက်နေခြင်းကြောင့် အစိုးရိမ်လွ သည့်သတိထားမှုမျိုးမဟုတ်ဘဲ သတိကြီးသူ (သတိတရား ထားသူ) တွေ့ရတတ်ကြောင်း E ဖော် ပြပေးသည်။

လက်ဝါးပြင်ရှိလမ်းကြောင်းအား လုံးလိုလို သေးမျှင်သောကြောင့် ထင်



www.burmeseclassic.com

www.burmeseclassic.com

ရှိနေသည့်သောကြာခါးပတ်နှင့်ပေါင်းစပ်အဖြေထုတ်ပါက စိတ်ခံစားတဲ့ပြန်မြင့်မားသူဖြစ်ကြောင်း F က ဖော်ပြသည်။

လက်ချောင်း၏သာမန်ရှည်လျားခြင်းကြောင့် မာနအနည်းငယ်ရှိတတ်ကြောင်း G က ဖော်ပြသည်။ တစ်ဖန်လက်ချောင်းများ အောက်ခြေနှင့် နှလုံးလမ်းကြောင်းနေရာ ဖောက်နက်ခြင်းကြောင့် အချစ်ကြီးတတ်ကြောင်းနှင့် စာနာထောက်ထားတတ်ပုံကို H က ဖော်ပြသည်။ ချစ်ခြင်း၊ မုန်းခြင်းနှင့်ပတ်သက်၍ အကျိုးအကြောင်း၊ အကန့်အသတ်ထားတတ်ကြောင်း I ကဖော်ပြပြီး ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာ ကျယ်လွန်းခြင်း၊ ကျဉ်းလွန်ခြင်းမရှိဘဲ သာမန်အကျယ်အဝန်းရှိနေခြင်းကြောင့် သည်းခံနားလည် ခွင့်လွှတ်တတ်သူဖြစ်ကြောင်း J က ဖော်ပြသည်။

နှလုံးလမ်းကြောင်းတည်ဆောက်ပုံအရ ဖြောင့်တန်းရှည်လျားပြီးအစပြုနေရာ၌ ကျွန်းခံနေခြင်းကြောင့် စိတ်ခံစားမှုပိုင်း၌ နူးညံ့လွန်း၍ စိတ်ပျော့သူ (သို့) ခံနိုင်ရည်မဆန်သူအဖြစ် K နှင့် L က ဖော်ပြသည်။ ယင်းအနေအထားကို နှလုံးလမ်းကြောင်းအစနေရာရှိ ခက်ရင်းခွ (အပေါ်ဘက်အနားစ) က ပိုမိုထင်ရှားစေသည်။

လက်ဝါးပြင်ပါ လမ်းကြောင်းများ ရှင်းလင်းထင်းရှားပြီး အသက်လမ်းကြောင်းက လက်ဝါးပြင်အလယ်ကောင်နေရာ၌ ထင်ရှားဖြောင့်တန်းစွာရှိနေခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာအားကောင်းသူဖြစ်ကြောင်း M ကဖော်ပြသည်။

လက်ဝါးပြင်ပါလမ်းကြောင်းများ ရှင်းလင်းထင်ရှား သေးမျှင်သော်လည်း အမြောက်မြားစွာ မပါရှိခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာအား တိုက်ရိုက်အကျိုးသက်ရောက်စေသည်။ Vital Energy အားကောင်းကြောင်း N ဟု ဖော်ပြသည်။

လက်ဝါးပိုင်ရှင်၏စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာအရည်အသွေးများ မျှတညီညွတ်မှုရှိကြောင်း O က ဖော်ပြသည်။

ၡင်းအပြင် လက်ညှိုးအောက်ခြေတွင်ရှိ လမ်းကြောင်းတစ်ခုက အသက်လမ်းကြောင်းရှိရာသို့ ဆင်းလာပြီး ချိတ်ဆက်နေသောကြောင့် ရည်မှန်းချက်ကြီးမားသူအဖြစ် ရည်ညွှန်းပြီး ကံလမ်းကြောင်းဖြောင့်တန်း၍ အပြတ်အတောက်မရှိခဲ့ခြင်းကြောင့် ရည်မှန်းချက်ပန်းတိုင်ရှိရာသို့ တိုက်ရိုက်ရောက်အောင်သွားနိုင်သည့်သူဖြစ်ကြောင်း အသိပေးနေ၏။ ထိုသို့ ရည်မှန်းချက်အကောင်အထည်ဖော်ရာ၌ လက်မတည်ဆောက်ပုံကောင်းခြင်းကြောင့် စိတ်ဓာတ်ခွန်အားရှိမှုကိုပါ ပေါင်းစပ်လိုက်ပါက ပန်းတိုင်သို့ရောက်နိုင်အောင် သွားနိုင်မည့်အကြောင်း P က ရည်ညွှန်း ဖော်ပြနေပါသည်။

**ဓားပြခေါင်းဆောင် SPADA ၏ လက်ဝါးပြင်ပုံစံ**



လက်ဝါးပိုင်ရှင်ဖြစ်သူ ဓားပြခေါင်းဆောင် SPADA အား လူပေါင်းမြောက်မြားစွာအား သတ်ဖြတ်ခဲ့မှုဖြင့် ပြင်သစ်အာဏာပိုင်တို့က သေဒဏ်ပေးရန် စီရင်ချက်ချခဲ့သည်။

SPADA ၏လက်ဝါးပြင်ပါအရေးကြောင်းနှင့်လက္ခဏာတည်ဆောက်ပုံများအရ ဉာဏ်နီဉာဏ်နက်များသူ၊ အကင်းပါး၍အတင့်ရဲတတ်သူ၊ အန္တရာယ်ရှိသည့်တိုင် သွေးအေးအေးဖြင့်မကြောက်မရွံ့ရင်ဆိုင်ရဲသူအဖြစ် တွေ့ရှိရသည်။

လက်မတည်ဆောက်ပုံကိုလေ့လာပါက လက်မတစ်ချောင်းလုံး သန်မာတုတ်ခိုင်ပြီး လက်မ၏ပထမလက်ဆစ်ရှိနေရာ၌ အပြင်သို့ကား၍ ထိပ်ဖျားလုံးဝန်းနေသောကြောင့် အကျိုးအကြောင်းဆင်ခြင်မှုမရှိဘဲ (ဆုံးဖြတ်ပြီးသည့်အတိုင်း) ခေါင်းမာမာ(အသည်းမာမာ)ဖြင့်လုပ်ကိုင်တတ်သူအဖြစ် တွေ့ရပါမည်။

အဓိကလမ်းကြောင်းများကိုလေ့လာပါက ဦးခေါင်းလမ်းကြောင်းတိုတောင်းနေခြင်းကြောင့် စဉ်းစားတွေးခေါ်မှု၌ အားနည်းသူ၊ လက်တွေ့ကျကျအကောင်အထည်ဖော်ရခြင်းကိုနှစ်သက်သူအဖြစ် တွေ့ရှိရသည်။

ၡင်းပြင် ကံလမ်းကြောင်းလုံးဝမပါရှိခြင်းကြောင့် ရည်မှန်းချက်တိတိကျကျမထားရှိတတ်ဘဲ ကြုံရာကျပန်းနည်းဖြင့် အလျဉ်းသင့်သလို ဖြေရှင်းတတ်သူ၊ တုံးတိုက်ထိုက်ကျားကိုက်ကိုက် (မိမိအသက်အန္တရာယ်ကိုပင်) ဂရုမထားတတ်သူအဖြစ် ဖော်ပြနေပါသည်၊ SPADA ၏ လက်ချောင်းများကို လေ့လာပါက လက်မသာမက ကျန်ရှိလက်ချောင်း (၄) ချောင်းစလုံး၏ ထိပ်ဖျားများကား၍ လုံးဝန်းနေပြီး လက်ချောင်းအားလုံးတောင့်တင်းသန်မာနေသည်ကိုတွေ့ရပါမည်။

**လူသတ်သမား၏လက်ဝါးပြင်ပုံစံ**

နမူနာပုံပါလက်ဝါးပြင်သည် မနာလိုဝန်တိုမှုနှင့်ပတ်သက်၍ (သို့) ချစ်ခြင်း၊ မုန်းခြင်းနှင့်ပတ်သက်၍ စိတ်ခံစားမှုပိုင်းတစ်ဖက်စွန်းရောက်ကာ လူသတ်၍ ကျူးလွန်ခဲ့သူဖြစ်ကြောင်း ဖော်ပြနေပါသည်။

လက်ဝါးပြင်ပါအဓိကလမ်းကြောင်းများကို လေ့လာပါက ဦးခေါင်းလမ်းကြောင်း ရှည်လျားပြီး လက်ဝါးပြင်အောက်ဘက်သို့ (တနလ်ာဂြိုဟ်ခုံအထိ) ကွေးညွှတ်ဆင်းနေခြင်းကြောင့် စိတ်ကူးပေါက်သည့်အတိုင်း လက်တွေ့ကျကျအကောင်အထည်ဖော်လုပ်ကိုင်တတ်သူအဖြစ်တွေ့ရပြီး နှလုံးလမ်းကြောင်းတည်ဆောက်ပုံဖြောင့်တန်း၍ ကွက္ကဘာဝဆန်နေသောကြောင့်အကျိုးသင့်အကြောင်းသင့်ချိန်ထိုးတွက်ချက်ခြင်းမရှိဘဲ စိတ်ခံစားမှုအလိုအတိုင်း ပြုမူတတ်သူဖြစ်ကြောင်း သိသာစွာတွေ့ရပါမည်။

တစ်ဖန် လက်မတည်ဆောက်ပုံကို လေ့လာပါက တည်ဆောက်ပုံပုပျပ်



www.burmeseclassic.com

www.burmeseclassic.com

တိုတုတ်၍ သန်မာနေပြီး လက်မထိပ်ဖျားလုံးဝန်း၍ကားထွက်နေသောကြောင့် ခေါင်းမာတတ်သူ၊ ဖွတ်တရွတ်နိုင်သူ၊ ပြန်လှန်စဉ်းစားခြင်းမရှိတတ်သူ ဖြစ်ကြောင်း ဖော်ပြနေပါသည်။ အဆိုပါလက္ခဏာမျိုးသည် အကောင်း၊ အဆိုး ခွဲခြားသုံးသပ်နိုင်ရန် အချိန်မပေးဘဲ ရည်ရွယ်ထားပြီးသည့်အတိုင်း ပြီးဆုံးအောင် လက်စသတ်နိုင်သူများ ဖြစ်သည်။

လက်ချောင်းထိပ်ဖျားများကို လေ့လာပါက အားလုံးသောလက်ချောင်း အသီးသီး၌ ခရုပတ်ဝွေ (Whorl Type) ပါရှိပြီး လက်ညှိုးက ကျန်လက်ချောင်းများထက် သိသာစွာ တိုတောင်းနေခြင်းကြောင့် မိမိကိုယ်မိမိ တန်ဖိုးမထားတတ်သူ၊ အသက်ကိုရင်း၍ရင်ဆိုင်ဖြေရှင်းရဲသူ၊ (လုံးဝအကြောက်အလန့်မရှိတတ်သူ) အဖြစ် တွေ့ရပါမည်။

**ကလေးငယ်တစ်ဦး၏ လက်ဝါးပြင်ပါ လက္ခဏာများအဆင့်ဆင့်ပြောင်းလဲလာပုံကိုလေ့လာခြင်း**

Fig-30 A သည် (၆) လမှ (၈)လ ကြားအသက်အရွယ်ရှိ ကလေးငယ်တစ်ဦး၏ ယာဘက်လက်ဝါးပြင်ပုံစံဖြစ်ပြီး Fig-30 B က ၎င်းကလေးငယ်အား (၂) နှစ်ခွဲကာလကြာပြီးနောက် လေ့လာခဲ့သော (ပြောင်းလဲလာသည့်လက်ဝါးပြင်) ပုံစံဖြစ်သည်။

Fig-A အရ (၆) လမှ (၈) လကြားအရွယ်ကလေး၏လက်ဝါးပြင်ပါ လက္ခဏာသည် စိတ်လှုပ်ရှားလွယ်သူ (ဆတ်ဆတ်ထိမခံတတ်သူ) များ ဖြစ်ကြောင်း၊ ၎င်းအပြင် မိဘနှစ်ပါးစလုံးက မကြာခဏအပြောင်းအလဲမျိုးစုံလုပ်ခဲ့ခြင်းကြောင့် ထိုသို့ပြောင်းလဲမှုများ၏ဒဏ်ကို ကလေးငယ်က ခံစားခဲ့ရကြောင်း လေ့လာ တွေ့ရှိရသည်။

Fig- B သည် (၂) နှစ်ခွဲကြာကာလပြီးနောက်ပိုင်း ကလေးငယ်၏ အနည်းငယ် ရင့်ကျက်ပြောင်းလဲလာသော လက္ခဏာပုံစံဖြစ်သည်။ ယင်းတွင် လက်ဝါးပြင်တစ်ခုလုံးပေါ်၌ သေးမျှင်၍များပြားသောလမ်းကြောင်းများ ရှုပ်ထွေးစွာပါရှိနေသည်ကိုတွေ့ရသည်။ ထိုအနေအထားသည် စိတ်ခံစားမှုပိုင်းမြင့်တက်နေခြင်းကြောင့် အန္တရာယ်ရှိနိုင်သည့် အခြေအနေကို ဖော်ပြနေပါသည်။ အဓိကလမ်းကြောင်းများကိုကြည့်ပါက စိတ်ပိုင်းဆိုင်ရာအခြေအနေအရပ်ရပ်အား ကိုယ်စားပြုသည့် ဦးခေါင်းလမ်းကြောင်းပေါ်၌ ကျွန်းခံနေသောကြောင့် အာရုံစူးစိုက်နိုင်မှု စွမ်းရည်လျော့နည်းနေကြောင်း ဖော်ပြပါသည်။


ကံလမ်းကြောင်းသည် Fig-30 A တွင်ပါရှိခဲ့သော်လည်း (၂) နှစ်ခွဲကြာပြီးနောက်ပိုင်း မှေးမှိန်ပျောက်ကွယ်သွားသည်ကိုတွေ့ရသည်။

လက်မတည်ဆောက်ပုံကိုလေ့လာပါက A တွင်ပါရှိသည့်အတိုင်း တောင့်တင်းသာမန်သည့်ပုံစံ (စိတ်ဓာတ်ခွန်အားကောင်းမည့်ပုံစံ) ပြခဲ့သော်လည်း B အရ ပျော့ပျောင်းသည့်ပုံစံသို့ ပြောင်းလဲသွားခြင်းကြောင့် စိတ်ဓာတ်ပျော့ညံ့သူဖြစ်ရန် အလားလာရှိနေပါသည်။

တစ်ဖန် A တွင် အသက်လမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့က အစပြုနေရာတွင် ချိတ်ဆက်နေခဲ့သောကြောင့် အရာရာသတိကြီးစွာဖြင့်နေတတ်သူ၊ မိမိကိုယ်မိမိယုံကြည်စိတ်ချမှုမရှိသူ၊ အများအပေါ် သံသယဝင်တတ်သူအဖြစ် ဖော်ပြခဲ့သော်လည်း Fig- B နှင့် ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်း သီးခြားစီ လွတ်လပ်စွာ အစပြုနေ ၎င်းလမ်းကြောင်းနှစ်ခုကြားနေရာကျ ပြန့်နေခြင်းကြောင့် လွတ်လပ်စွာရှင်သ ရပ်တည်လိုသူ ကန့်သတ်ထိန်းချုပ်မှု မလိုလားသူ၊ မိမိကိုယ်မိမိ ယုံကြ စိတ်ချသူအဖြစ် ဖော်ပြနေပါသည်။



A



B

Fig-30 A နှင့် B

A နှင့် B ကို နှိုင်းယှဉ်လေ့လာ က B တွင်ပါရှိသော အနေအထား လုံးက စိတ်ပိုင်းဆိုင်ရာမတည်ငြိမ်ခြ စိတ်ပညာအရ အပျက်သဘော ဦးတည်နေခြင်းအခြေအနေများအဖြ တွေ့ရပါသည်။

**စိုးမိုးခြယ်လှယ်နိုင်စွမ်းရှိရန်မြော်မြင်တွ ချက်တတ်သူ၏လက်ဝါးပြင်ပုံစံ**

နမူနာပုံအရ လက်ညှိုးသည် အခြားလက်ချောင်းများထက် သိသာ ရှည်လျားခြင်းကြောင့် မာနကြီးတတ်သူ ဘဝင်မြင့်သူ၊ အမြင့်ကိုမျှော်မှန်းတတ်သူ နှင့်အများအပေါ် လွှမ်းမိုးချုပ်ကိုင် စိတ်ရှိသူအဖြစ် ဖော်ပြနေပါသည်။

လက်ချောင်းများကို လေ့လာပါ က လက်ချောင်းအားလုံးတို့၏အောက ခြေနေရာများ ထူထဲတုတ်ခိုင်နေသည် ကို တွေ့ရသည်။ ယင်းမှာ ကာမဂုဏ် ခံစားရခြင်းကို လိုလားနှစ်သက်သူအဖြ ရည်ညွှန်းပါသည်။

တစ်ဖန် စိတ်ပိုင်းဆိုင်ရာအခြေ အနေအရပ်ရပ်ကို ရည်ညွှန်းသည့် ဦးခေါင်းလမ်းကြောင်း ရှည်လျားဖြော တန်းနေခြင်းကြောင့် လက်တွေ့ကျ အကောင်အထည်ဖော်ဆောင်ရွက်တတ် သူ၊ စိစစ်တွက်ချက်မှုအားကောင်းသူ အဖြစ် ဖော်ပြနေပါသည်။

ကံလမ်းကြောင်းကိုလေ့လာပါ



Fig-3

www.burmeseclassic.com

www.burmeseclassic.com

ည်လျား ရှင်းလင်းနေသောကြောင့် ခတည်းသော ရည်မှန်းချက်ကိုသာ ရှိတတ်ပြီး ၎င်းရည်မှန်းချက်ပြည့်ဝ အောင်မြင်ရန် မယိုင်လဲသောစိတ်ဖြင့် တိတ်မတ်မတ် ကြိုးစားတတ်သူဖြစ် ကြောင်း အသိပေးနေပါသည်။

နှလုံးလမ်းကြောင်းတည်ဆောက် ကိုလေ့လာပါက လက်ညှိုးနှင့်လက် ယ်ကြားမှအစပြု၍ လက်ဝါးပြင်စွန်း တ်သန်းအောက်) ထိရှည်လျားကွေး တ်နေပါက (ဣတ္ထိဘာဝဆန်သည့် ဖြောင့်တန်းသောနှလုံးလမ်းကြောင်းပုံစံ ဆန့်ကျင်သော) စိတ်သဘောထားရှိ ဖိမဆန္ဒ၌ အလိုဆန္ဒပြင်းပြတတ်သူ ဖြစ်တွေ့ရှိရသည်။

လက်မတည်ဆောက်ပုံသည် (လူ တ်သမားလက်မကဲ့သို့) တုတ်ခိုင်သန် ခြင်းမရှိဘဲ ဖြောင့်မတ်ရှည်လျား၍ နည်းငယ် ပျော့ပျောင်းနေသည်ကို တွေ့ရမည်။ ယင်းမှာ စိတ်ဓာတ်ခွန်အား အတိုင်းအတာမဲ့စွာပြင်းထန်ခြင်း) မရှိဘဲ ပိုင်းနှင့် ရုပ်ပိုင်း (၂) ရပ်စလုံး၌ ညီ တ်မျှတနေတတ်သူဖြစ်သည်။ အဆိုပါ ဏ္ဍာရှင်မျိုးသည် အများအပေါ် အာဏာဖြင့် လွှမ်းမိုးချုပ်ကိုင်နိုင် မနှုလွန်း၊ မကြမ်းလွန်းသော အစွန်း ပါးလွတ်သည့် နည်းဗျူဟာများကို သုံးပြုတတ်သူများပင် ဖြစ်သည်။

**င်တူလိင်ကွဲနှစ်မျိုးစလုံးကို စိတ်ဝင် သူ၏လက်ဝါးပြင်ပုံစံ**

နမူနာပုံအရ ဦးခေါင်းလမ်းကြောင်း ည်လျားပြီး အောက်ဘက်သို့ကွေးညွတ် င်းနေခြင်းကြောင့် စိတ်ကူးများကို ဖော်နိုင်စွမ်းရှိသူ၊ စိတ်ကူးရှိသည့် တိုင်း လက်တွေ့အကောင်အထည် ဖော်နိုင်သူဖြစ်ကြောင်း ရည်ညွှန်းနေပါ သည်။

အဓိကလမ်းကြောင်းများကို လေ့ လာပါက နှလုံးလမ်းကြောင်းသည် လက် ညှိုးနှင့် လက်ခလယ်ကြားမှ အစပြုပြီး အစပြုရာနေရာ၌ ခက်ရင်းခွခံနေ သည်ကိုတွေ့ရမည်။ ထိုသို့ နှလုံးလမ်း ကြောင်းအစပိုင်း၌ ထင်ရှားစွာ ခက်ရင်း ခွနေပြီး ခက်ရင်းခွ၏အောက်ဘက်ကျ သော အနားစတစ်ဖက်က လက်ညှိုး အောက်ခြေသို့ ဦးတည်နေပါက ထို ဏ္ဍာရှင်သည် လိင်တူလိင်ကွဲနှစ်မျိုး စလုံး၌ စိတ်ပါဝင်စားသူဖြစ်ကြောင်း အကျုမှတ်ယူနိုင်ပါသည်။

ကံလမ်းကြောင်းတည်ဆောက်ပုံ

Fig-32




ကို လေ့လာပါက ထင်ရှားမှုမရှိဘဲ တစ် ဝက်တစ်ပျက်နှင့် မှေးမှိန်ပျောက်ပျက်နေ ခြင်းကြောင့် ရည်မှန်းချက်တိတိကျကျ မထားရှိတတ်သူ၊ ကြုံရာကျပန်းဖြေရှင်း တတ်သူအဖြစ် ဖော်ပြနေပါသည်။

တစ်ဖန် လက်သူကြွယ်အောက် ခြေရှိရာသို့ ထောင်တက်နေသည့် အောင်မြင်ရေးလမ်းကြောင်း (Apolli Line) သည် ရုပ်ပိုင်းဆိုင်ရာအခြေအနေ အရပ်ရပ်အပေါ် စိတ်ကျေနပ်မှုရှိသူဖြစ် ကြောင်းနှင့် စိတ်အလိုလိုက်၍ သာယာ မှုရှာတတ်သူဖြစ်ကြောင်း ဖော်ပြနေပါ သည်။

၎င်းပြင် လက်ချောင်းများအောက် ခြေနှင့် နှလုံးလမ်းကြောင်းကြားနေရာကို လေ့လာပါက သောကြာခါးပတ်ပါဝင် ခြင်းမရှိသောကြောင့် စိတ်ခံစားမှု၌ (နှလုံးသားမပါသော မေတ္တာရေးနှင့် မသက်ဆိုင်သော) ဖိမဆန္ဒအလိုသက် သက်အဖြစ် လိင်တူလိင်ကွဲနှစ်မျိုးစလုံး ၌ စိတ်ဝင်စားသူဖြစ်ကြောင်း လေ့လာ တွေ့ရှိရသည်။

**ဦးခေါင်းလမ်းကြောင်း၏ အရေးပါသော ပြောင်းလဲမှုများ**




နမူနာပုံအရ ခုနှစ်အလိုက် ဦးခေါင်းလမ်းကြောင်းတည်ဆောက်ပုံ တစ်မျိုးစီပြောင်းလဲလာပုံကို တွေ့မြင်ရ ပါမည်။

**အပေါ်မှ အောက်သို့**

၁၉၃၃
၁၉၃၇
၁၉၄၀

ဦးခေါင်းလမ်းကြောင်း
တည်ဆောက်ပုံပြောင်းလဲပုံများ
(နမူနာပုံ)

Fig-33 အရ ၁၉၃၃ ခုနှစ်တွင်ရှိ နေခဲ့သော ဦးခေါင်းလမ်းကြောင်းသည် စိတ်ခံစားတုံ့ပြန်မှုလွယ်ကူလျင်မြန်သူ၊ စိတ်လှုပ်ရှားလွယ်တတ်သူအဖြစ် ဖော်ပြ နေပြီး ထိုစဉ်ကရှိခဲ့သော နှလုံးလမ်း ကြောင်းမှာ (ဣတ္ထိဘာဝဆန်သော) ဖြောင့်တန်းနေခဲ့သည်ကို တွေ့ရသည်။

၁၉၃၇ အရောက်တွင် ရှိနေသော ဦးခေါင်းလမ်းကြောင်း တည်ဆောက်ပုံ အရ အလိုဆန္ဒအဝ၌ အတားအဆီး အတိုက်အခံရှိနေကြောင်း ဖော်ပြနေပါ သည်။

၁၉၄၀ အရောက်၌ ဦးခေါင်းလမ်း ကြောင်းပေါ်တွင် အမွေးများဖွာထွက်နေ ဟန် (အပြတ်အတောက်လမ်းကြောင်း များ) ကိုတွေ့ရသောကြောင့် ထိုကာလ ၌ အရာရာအာရုံစူးစိုက်နိုင်မှုလျော့နည်း လာခြင်း၊ ရည်မှန်းချက်များအား အကောင်အထည်မဖော်နိုင်ခြင်းနှင့် စိတ် ပိုင်း၊ ရုပ်ပိုင်းအခြေအနေနှစ်ရပ်စလုံး ညီညွတ်မျှတမှုမရှိခြင်းတို့ကြောင့် အတား အဆီးအခက်အခဲများစွာထိခိုက်ပျက်စီး မှုများစွာဖြင့် စိတ်အနှောင့်အယှက်ဖြစ် နေရမည့်ကာလပင်ဖြစ်ကြောင်းလေ့လာ တွေ့ရှိရသည်။

ထိုသို့ ဦးခေါင်းလမ်းကြောင်းပေါ် ၌ အဖြတ်အတောက်များပေါ်လာပြီး နောက်ပိုင်း ပုံမှန်အတိုင်း ပြန်လည်ထင် ရှားနိုင်ခြင်းမရှိတော့သည်ကို တွေ့ရှိရ သည်။

ထိုအနေအထားသည် နောက်ထပ် အောင်မြင်စရာအခြေအနေ (လမ်းစ) များမရှိတော့သည့် အန္တရာယ်များသည့် ဦးခေါင်းလမ်းကြောင်းတည်ဆောက်ပုံ အဖြစ် တွေ့ရပါမည်။ .

[ပြီးပါပြီ]

ဦးအောင်မင်း

www.burmeseclassic.com

www.burmeseclassic.com

ကံ ဆိုသည်မှာ ပါဠိဘာသာ ကမ္မမှဖြစ်လာသော မြန်မာဝေါဟာရဖြစ်သည်။ ပြုလုပ်ခြင်းဟု အဓိပ္ပာယ်ရသည်။ ပြုလုပ်ခြင်းဟူသောကံသည် -

က။ **ကာယကံ** - ကိုယ်ဖြင့်ပြုလုပ်ခြင်း
ခ။ **ဝစီကံ** - နှုတ်ဖြင့်ပြောဆိုခြင်း
ဂ။ **မနောကံ** - စိတ်ဖြင့်ကြံစည်ခြင်း

ထိုကံ (၃) မျိုးသည် စေတနာအရင်းခံ၍ ဖြစ်ပေါ်လာရသောကြောင့် စေတနာကို ကံဟုခေါ်သည်။ ဤသည်ကိုစွဲ၍ လူအများပြောဆိုနေကြသော စေတနာကောင်းလျှင် ကံကောင်းသည်။ စေတနာမကောင်းလျှင် ကံမကောင်း။ ကံကောင်းလိုလျှင် စေတနာကောင်းထား၍ ကံ (၃) မျိုးကို ပြုလုပ်၊ ပြောဆို၊ ကြံစည်သင့်သည်ဟူသော အတွေးကို မျှဝေခံစားမိပါသည်။

ကောင်းမှုကုသိုလ်ပြုသောသူပင်ဖြစ်သော်လည်း မိမိပြုသော ကောင်းမှုကုသိုလ် အကျိုးမပေးသမျှ မကောင်းကျိုးနှင့် တွေ့ရသေး၏။ ကောင်းမှုကုသိုလ် အကျိုးပေးသောအခါ ထိုကောင်းမှုကုသိုလ်ကိုပြုသောသူသည် ကောင်းကျိုးချမ်းသာနှင့် တွေ့ရ၏။

*(ဓမ္မပဒ-အရှင်သေဋ္ဌိလ)*

❑

ကျွန်တော်တို့အဖွဲ့ ကော်ဖတ်နံ့ရွာကလေးသို့ ရောက်ရှိသွားချိန်မှာ ညနေ (၅) နာရီ ထိုးနေပြီ။ ကျွန်တော့်အဖွဲ့တွင် ဦးအောင်တင်၊ ဦးညိမ်းမောင်နှင့် ကျောင်းဆရာ ကိုဝင်းသူတို့ ပါဝင်ပါသည်။ တောင်ပေါ်တိုင်းရင်းသားတို့ နေထိုင်သော ရွာကလေး အိမ်ခြေ (၂၀) ခန့်ရှိသည်။ ရွာသူရွာသားများ အဓိကတောင်ယာလုပ်ငန်းကို စိုက်ပျိုးလုပ်ကိုင်ကြပြီး တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဘဲ၊ ဆိတ် စသည်တို့ကို မွေးမြူကြသည်။ ယောကျ်ားအများစုကတော့ တောလိုက်ခြင်း၊ သားကောင်များကို ရှာဖွေသတ်ဖြတ်ခြင်း စသည်မှုဆိုးအလုပ်ကို အများဆုံး လုပ်ကိုင်ကြသည်။ ကျွန်တော်တို့အဖွဲ့ ရွာသူကြီးအဘောဂေ၏ အိမ်မှာ တည်းခိုကြသည်။ ပေ (၃၀၀၀) ကျော်တောင်ပေါ် ရွာကလေးသို့ တက်ရောက်လာရသဖြင့် မောပန်းနွမ်းနယ်လာသည်နှင့် ဟန်မဆောင်နိုင်တော့ဘဲ မိမိတို့ထိုင်သည့်နေရာမှာပင် ပက်လက်လှန် အမောဖြေနေကြသည်။

"ဆရာတို့အဖွဲ့ ထမင်းစားရအောင်"

ကျွန်တော်တို့အဖွဲ့ အမောဖြေအနားယူနေစဉ် ရွာသားတစ်ဦးမှ ထမင်းစားလာခေါ်သဖြင့် နာရီကိုကြည့်လိုက်ရာ ညနေ (၆း၃၀) နာရီ ရှိနေပြီဖြစ်ကြောင်း သိလိုက်ရသည်။

"ဆရာတို့ရေ၊ ညတုန်းက အားမဲရယ် တောဝက်တစ်ကောင်ရလို့ ဆရာတို့ကို ထမင်းစားလာခေါ်တာ"

ရွာလူကြီးအဘောဂေမှ ရှင်းပြပြီး သူကိုယ်တိုင် ရှေ့မှဦးဆောင်၍ အား[illegible]
တို့အိမ်သို့ ထမင်းစားသွားကြပါသ[illegible]

အားမဲတို့အိမ်ရောက်သော[illegible]
ထမင်းဝိုင်းကို အိမ်ဦးခန်းတွင် အ[illegible]
စားပွဲနှင့် သေချာပြင်ထား၏။ အ[illegible]
စားပွဲဆိုသည်မှာ အားခါတိုင်းရင်း[illegible]
တို့ ဝါးနှီးဖြင့်ရက်လုပ်ထားသော အ[illegible]
(၁) ပေကျော်ရှိ လေးထောင့်ပုံ[illegible]
စားပွဲဖြစ်ပါသည်။

စားပွဲပေါ်တွင် နှမ်းဖြစ်နှင့် တို့[illegible]
စရာ ငရုတ်သီးစိမ်း အပါအဝင် အ[illegible]
အရွက်များ အမယ်စုံပါသည်၊ [illegible]
အလယ်တွင် တောဝက်သား၊ ဝ[illegible]
ကလီစာများကို ဆီနှင့်ကြော်ထ[illegible]

## (ကျိုင်းတုံ)င
## အေးမင်း
## ကံတူအကျိုးပေး





www.burmeseclassic.com

www.burmeseclassic.com

ဇလုံလတ်လတ်နှင့် ထည့်ထားသည်က ဟင်းတစ်ခွက်၊ တောဝက်သားကို ဆီပြန်ချက်ထားသည်က အသားဟင်းတစ်ခွက်၊ အသားများကို နုပ်နုပ်စဉ်းထားပြီး ဂျုံမြစ်နှင့်ရော၍ အရည်သောက်ချက်ထားသည်က ဟင်းတစ်ခွက်၊ ငရုတ်သီးမှုန့်နှင့် ဆားရောထည့်ထားသည့် သေးငယ်သောပန်းကန်လေးနှင့်ထည့်ထားသည်ကတစ်မျိုး အမယ်တော်တော်စုံလင်လှပါသည်။

ထမင်းဝိုင်းတွင် လူကြီးများ၊ ဧည့်သည်များ၊ အိမ်ရှင်များပတ်လည်စုဝေးထိုင်မိကြလျှင် ဦးစွာရေနွေးကြမ်းသောက်ကြွေပန်းကန်လုံးလေးများကို တစ်ဦးချင်းစီ၏ရှေ့မှာချထားပေးပါသည်။

ထမင်းစားပွဲကို တာဝန်ယူဆောင်ရွက်သူက -

ဦးစွာ ကြွေပန်းကန်လုံးလေးထဲသို့ ရေနွေးကြမ်းများ ထည့်ပေးပါသည်။ ထမင်းဝိုင်းထိုင်သူအားလုံးက ရေနွေးကြမ်းပန်းကန်ကိုယူ၍သောက်ပြီး မိမိရှေ့မှာ ပြန်ချထားရသည်။ ပန်းကန်များအားလုံးချထားပြီးပါက ဒုတိယအကြိမ်ငုံးပန်းကန်အတွင်းသို့ အရက်ဖြူ(ဒေသအရက်) လိုက်၍ထည့်ပေးပါသည်။

အကယ်၍ အရက်မသောက်သူဖြစ်ပါက လေးစားစွာ အရက်မသောက်ကြောင်းပြောပါက အရက်ထည့်မပေးပါ။ ပန်းကန်အားလုံး အရက်များထည့်ပြီးပါက အရက်ခွက်ကိုကိုင်၍ စတင်သောက်ကြပါသည်။

အရက်အနည်းငယ်သောက်ပြီးပါက ထမင်းဝိုင်းအတွင်းထိုင်နေသူများအနက် အသက်အကြီးဆုံးလူကစတင်၍ စားပွဲပေါ်တွင်ရှိသော အသားဟင်းများကို စတင်၍စားပါသည်။

ထိုလူကြီး စတင်စားပြီးချိန်တွင် ကျန်လူများ မိမိကြိုက်နှစ်သက်ဟင်းလျာများကိုစားလိုက်၊ အရက်ခွက်ထဲမှ အရက်ကလေးကိုသောက်လိုက် ထမင်းစားပွဲသည် အသက်ဝင်လှုပ်ရှားလာပါတော့သည်။

ကျွန်တော်တို့အဖွဲ့သည်လည်း အဘောဂေတို့ပြောသောစကားများကို အာရုံစိုက်ကာနားထောင်နေမိပါသည်။ ကျွန်တော်တို့ ထမင်းစားပွဲနေရာ၏ အရှေ့ဘက် နံရံအမိုးတွင် ချိတ်ဆွဲထားသောတိရစ္ဆာန်များ၏ ဦးခေါင်းများ၊ ခြေထောက်များ စသည့်သဏ္ဍာန်အမျိုးမျိုးကို သိလိုစိတ်ပြင်းပြနေသဖြင့် -

အဘောဂေအား -

"အဘော၊ ဟိုအမိုးမှာချိတ်ဆွဲထားတာတွေကဘာကောင်တွေလဲ"

အဘောဂေမှ လက်တွင်ရှိသော အရက်ခွက်အား ကြမ်းပြင်ပေါ်သို့ချပြီး-

"ဆရာရေ၊ အဘောတို့တောင်ပေါ်သားတွေက တောတောင်တွေပေါ်မှာ နေထိုင်လုပ်ကိုင်စားသောက်ကြရတယ် မဟုတ်လား"

အဘောစကားကို ကျွန်တော် စိတ်ဝင်စားစွာ နားထောင်နေမိသည်။

"တောင်ပေါ်တောကြီးတွေထဲမှာ တောပျော်တိရစ္ဆာန်တွေလည်း ရှိကြတာပေါ့ ဆရာ။

အဘောဂေမှ စကားဖြတ်ပြီး အရက်ခွက်ကို ကောက်ကိုင်၍ အနည်းငယ်သောက်လိုက်၊တောဝက်သားကြော်တစ်တုံး ဝါးလိုက်ပြီးမှ စကားဆက်ပါသည်။

"ကျွန်တော်တို့ တိုင်းရင်းသားတွေက တောကောင်တွေရရင် သူတို့ဦးခေါင်းတွေကို နေပူလှန်းအခြောက်ခံပြီး ယခုလို အိမ်ခေါင်းရင်းနံရံတွေမှာ ချိတ်ဆွဲထားတာ"

ကျွန်တော်မှ -

"ဘယ်လိုရည်ရွယ်ချက်နဲ့ ချိတ်ဆွဲထားတာလဲ အဘောဂေ"

"ဒီရွာမှာ သားကောင်အများကြီးရတဲ့သူက သူရဲကောင်းပေါ့။ တချို့ဆိုရင် ကျားတို့၊ ကျားသစ် တို့၊ ဝက်ဝံတို့ သူတို့ကိုရလို့ သူတို့ခေါင်းတွေကို အခုလို အိမ်ခေါင်းရင်းမှာ ချိတ်ဆွဲထားနိုင်ရင် သိပ်ပြီးဂုဏ်ယူတာ။ ရွာသားတွေကလည်း သူ့ကို သိပ်ပြီးလေးစားအားကျတာဆရာရေ။ အခုလိုအိမ်ခေါင်းရင်းဘက်မှာ ချိတ်ဆွဲထားတာဟာ အလှကြည့်ဖို့မဟုတ်ဘဲ ဒီအိမ်ရှင်တောလိုက်လို့ရတဲ့ တောကောင်တွေရဲ့ ခေါင်းတွေများများချိတ်ဆွဲထားနိုင်တဲ့သူဟာ ဒီရွာ





www.burmeseclassic.com

www.burmeseclassic.com

ရဲ့လူစွမ်းကောင်း၊ သူရသတ္တိနဲ့ပြည့်စုံတဲ့ သူလို့ အများက လေးစားဂုဏ်ပြုကြတာ ပေါ့။

"ခု ဒီမှာချိတ်ဆွဲထားတာက ဘယ် တိရစ္ဆာန်ရဲ့ခေါင်းတွေလဲ"

ကျွန်တော်မှ အဘောဂေအား သိလိုစိတ်ပြင်းပြစွာဖြင့်စုံစမ်းကြည့်ရာ -

"ဒီတိရစ္ဆာန်ခေါင်းတွေက အားမဲ ပစ်လို့၊ ထောင်ချောက်နဲ့ဖမ်းလို့ရတဲ့ တိရစ္ဆာန်ခေါင်းတွေပါ။ အများဆုံးက တော့ ချေခေါင်းတွေများတယ်။ တော ဝက်၊ တောကြောင်ခေါင်းတွေအပြင် မျောက်ခေါင်းလည်း ပါသေးတယ်။ အကောင်သေးတွေဖြစ်တဲ့ ရှဉ့်တို့၊ ပွေးတို့ ကတော့ အရေခွံခွာပြီး အခြောက်လှန်း ထားတာရှိတယ်။ တစ်ခါတလေဖွတ်တွေ လည်းရတာရှိတယ်"

အဘောဂေမှ စကားပြောရတာ အာခြောက်သွားသည်။ အရက်အနည်း ငယ်သောက်ပြီး -

"ကဲ-ဆရာတို့ စကားလည်းပြော၊ ထမင်းလည်းစားလိုက်ကြရအောင်"

အားလုံးထမင်းစားပြီး၍ ရေနွေး ကြမ်းသောက်နေစဉ် -

ကျွန်တော်မှ အဘောဂေအား-

"သားကောင်တွေကို ဘယ်လိုဖမ်း သလဲ"

ဟု စပ်စုမိပြန်ပါသည်။

"သူ့အချိန်အခါနဲ့သူ တစ်မျိုး မဟုတ်တစ်မျိုးတော့ရတာပဲ ဆရာရေ့။ မိုးဦးကျပြီဆိုတာနဲ့ နွေရာသီက မီးရှို့ ထားတဲ့မြေပြင်မှာ မြက်နုကလေးတွေ ထွက်ပြီဆိုရင် သမင်တို့၊ ချေတို့ သိပ် ကြိုက်တယ်။ နံနက်စောစော အစာရှာ ထွက်လာပြီး မြက်နုကလေးတွေစားနေ ချိန်ဆိုရင် ပစ်လို့ရတာများတယ်။ ကျား တို့၊ ကျားသစ်တို့၊ ဝက်ဝံတို့ကတော့ အတော်လေးရှားပါးကုန်ပြီ။ မိုးရွာလို့ မှိုစ်တွေ၊ ဝါးနုတွေထွက်ချိန်ဆိုရင် တော ဝက်တွေအရများတယ်။ တောင်ယာ စပါးတွေမှည့်ချိန်ဆိုရင် တောကြက်တွေ ရတယ်။ လက်ပံပွင့်ချိန်ရောက်ရင်တော့ မျောက်လေပွေတို့၊ ငှက်မျိုးပေါင်းစုံအရ များတယ်"

အဘောဂေက စကားအရှည်ကြီး ပြောလိုက်သဖြင့် မောသွားဟန်ဖြင့် ရေနွေးကြမ်းပန်းကန်ကိုကိုင်၍ မော့ သောက်ပြီး ဝါးဖြင့်ပြုလုပ်ထားသော ဆေးတံကို ဆေးဖြည့်ကာ မီးညှိ၍ ဆေးတံဖွာရင်းမှိန်းနေသည်။

"သားကောင်တွေကို ဘယ်လိုဖမ်း သလဲ"

ကျွန်တော်မှ စပ်စုမိပြန်ပါသည်။

"ဖမ်းနည်းကစုံပါတယ်။ ချေတို့၊ သမင်တို့၊ တောကြက်၊ ဝက်ဝံ၊ တော ဝက်တွေ စသည့်အကောင်တွေကိုတော့ တူမီးသေနတ်နဲ့ချောင်းပြီး ပစ်ခတ်သတ် ဖြတ်တာပေါ့။ တစ်ခါတလေကျတော့ လည်း သူတို့သွားလာကျက်စားတတ်တဲ့ လမ်းတွေကို သေသေချာချာရှာဖွေပြီး ကျားပါးစပ်ခေါ်တဲ့သံထောင်ချောက်ကြီး တွေနဲ့ ဖမ်းဆီးရတာပေါ့။ ငှက်တွေကျ တော့ ငှက်ထောင်ချောက်တွေနဲ့ ဖမ်း ရတာပေါ့။

လက်ပံပွင့်ချိန်ဆိုရင် လက်ပံပင် ပေါ်တက်ပြီး လက်ပံပွင့်ထဲမှာ တရုတ် ဘက်ကလာတဲ့ ဆေးရည်လေးနည်း နည်းစီ လိုက်ထည့်ထားလိုက် မနက် သွားကောက်ရုံပဲ။ ငှက်တွေရာနဲ့ချီပြီး သေဆုံးကုန်တာပဲ"

ကျွန်တော်တို့ ရေနွေးကြမ်းဝိုင်း စကားကောင်းနေစဉ် -

အားမဲဦးဆောင်တဲ့ လူလတ်ပိုင်း (၃) ယောက် ပလိုင်းကြီးကြီးကို ပုခုံး ပေါ်ထမ်းလျက် အိမ်ပေါ်သို့တက်လာပါ သည်။

ပလိုင်းထဲတွင် ငါးတွေအပြည့် အချိန် (၁၀)ကျော်မည်။

အဘောဂေမှ -

"အားမဲရေ၊ မင်းငါးတွေက များ လှချေလား"

အားမဲမှ -

"ဟုတ်တယ် အဘောရေ။ ဒီနေ့ မိုင်း(၂)လုံးခွဲလိုက်တာ အတော်ရတယ်"

အားမဲတို့အုပ်စုသည် ယခုလို မိုးဦးကျတွင် မိုးရွာလိုက်၊ ပြတ်လိုက်ဖြစ် နေချိန်၊ ငါးရစ်များစတင်မြူးထူးချိန် ချောင်းထဲသို့သွား၍ ငါးများကို မကြာ ခဏ ငါးမိုင်းခွဲလေ့ရှိသည်။ ငါးမိုင်းခွဲ တိုင်း ငါးများ အနည်းနှင့်အများ ရလေ့ရှိ ရာ အတော်လေးပျော်ရွှင်နေကြသည်။

အမှန်မှာ ငါးရစ်များသည် ဥချ သောငါးများဖြစ်၍ ငါးရစ်တစ်ကောင် ၏ဥချန္နန်းမှာ ထောင်ကျော်နေပါသည်။ ဤဥများမှ ငါးများပေါက်ဖွားလာပါက ငါးများ တိုးပွားများပြားလာမည်ကို အားမဲတို့အုပ်စုမသိပေ။ ယခုလိုရာသီ ငါးဖမ်းရာတွင် ငါးများကို လျှပ်စစ်ဖြင့် ရှော့တိုက်ဖမ်းဆီးခြင်း၊ မိုင်းခွဲ၍သတ် ဖြတ်ခြင်းများသည် ကြာလျှင် ငါးမျိုးများ တုံးသွားမည်ကို မစဉ်းစားမိကြ။

လတ်တလော မိမိတို့စားသောက် ဖို့ သတ်ဖြတ်နေရသည်ကို ပျော်စရာ မှတ်ထင်နေမိသည်လား ကျွန်တော် သူတို့တစ်တွေ သဘောပေါက်နားလည် အောင် ရှင်းပြချင်နေပါသည်။

❑

၁၁-၄-၂၀၁၆ ရက်နေ့။

ကျွန်တော်တို့ ကျိုင်းတုံမြို့ပြည်သူ့ ဆေးရုံကြီးသို့ လူနာမေးသွားကြပါသည်။

လူနာဆောင်အမှတ် (xxxx) သို့ ကျွန်တော်တို့အဖွဲ့ ရောက်ရှိသွားချိန်တွင် လက်နှစ်ဖက်ကို ပတ်တီးအဖြူများ ထပ်စည်းထားပြီး လူနာခုတင်ပေါ် ညှိုးငယ်သောမျက်နှာနှင့် ထိုင်နေသော အားမဲအား တွေ့ရပါသည်။

ကျွန်တော်တို့အဖွဲ့မှလူနာအတွက် ဝယ်လာသော လက်ဆောင်ပစ္စည်းများ ကို အားမဲဇနီးအားပေးရင်း -

"ဘယ်လိုဖြစ်တာလဲ"

အားမဲဇနီးမှ -

"သူတို့အဖွဲ့ နမ့်လွေချောင်းသွား ပြီး ငါးမိုင်းခွဲတာ။ ငါးမိုင်းခွဲဖို့ မိုင်းကိုတင် ပြီး ရေကြောကိုကြည့်ရှုလေ့လာနေတုန်း ငါးမိုင်းက လက်ထဲမှာတင်ကွဲသွားတာ ဆရာရေ"

"ခု ဘယ်လိုဖြစ်သွားတာလဲ"

အားမဲဇနီးမှ-

"လက်နှစ်ဖက်စလုံး တစ်တောင် ဆစ်အောက်နားကနေ ဖြတ်ပစ်လိုက်ရ တယ်"

ဟု မျက်ရည်ကျရင်း ငိုသံနှင့်ပြော သောစကားကို ကျွန်တော်တို့ ဝမ်းနည်း ကြေကွဲစွာနားထောင်နေမိသည်။

"ဆေးရုံတက်တာဘယ်နှရက်ရှိပြီ လဲ"

ကျွန်တော်မှ မေးကြည့်ရာ -

"ဒီနေ့ပါဆို (၃) ရက်ရှိပြီ ဆရာ"

ကျွန်တော်တို့အဖွဲ့ ခုတင်ပေါ် တွင် မျက်ရည်ဝေ့နေသော မျက်လုံးအစုံ ဖြင့် ကျွန်တော်တို့အား ညှိုးငယ်စွာ ကြည့်နေသော အားမဲ၏မျက်နှာကလေး ကို မြင်ယောင်နေမိစဉ် -

မကောင်းမှုကို ပြုသောသူသည် မကောင်းမှု၏ အကျိုးတရားကို သူပြု သောမကောင်းမှုကံနှင့် ထပ်တူခံစားရ မည်ကို စိတ်ဝယ်သံဝေဂပွားမိပါ သည်။

ဇော်ပန်း၊ ကျန်း
ချမ်းသာပါ
အေးမင်း(ကျိုင်းတုံ)



www.burmeseclassic.com

www.burmeseclassic.com

လောကလူသားများ ပြောတတ်ကြသည့်စကားစုလေးပါပဲ။ မေတ္တာသည် အလျား၊ အနံမရှိသော်လည်း အသွားအပြန်တော့ရှိပါသည်တဲ့။ မေတ္တာရယူလိုသူသည် မိမိကိုယ်တိုင်က မေတ္တာမျှဝေနိုင်သူဖြစ်ရပါမည်။ သို့မှသာ ရယူလိုသောဆန္ဒအတိုင်း လူအများထံမှ အေးမြမွှေးစင်သည့်မေတ္တာကို ရယူပိုင်ဆိုင်နိုင်မှာပါ။ ကိုယ်က ရင်းနှီးမြုပ်နှံပြီး အမှရောင်းအဝယ်ပြုမှ အမြတ်အစွန်းမြင်ရပါမည်။ ထံမဝါပါလျှင် အရင်းပါပြုတ်သွားသူများလည်း အနန္တပါ။ အဓိကအရေးအကြီးဆုံးက ဖြူစင်သည့် မေတ္တာတရားပါ။ အိမ်လည်း မဆုံးရှုံးဘဲ ရသင့်သည့်အမြတ်အစွန်းကိုရစေ၊ ဝယ်သူတို့လည်း ပစ္စည်းမှန်ဈေးမှန်ဖြစ်ကြပါလျှင် အပေးအယူမျှသည့်ကုန်သွယ်ခြင်းပါပဲ။

ဤကမ္ဘာမြေအား ဘိုးတော်သိကြားမင်းမှ အစပြု၍ လောကပါလနတ်မြတ်နတ်ကောင်းများ၊ သာသနာကိုစောင့်ရှောက်ကြသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ၊ ရှေးဘုရင်အဆက်ဆက်အမိန့်တော်ဖြင့် ကယ်သင့်သူ ကယ်,မကာသာသနာတော်ကိုစောင့်ရှောက်ကြသည့် မြို့တော်ရှင်၊ နယ်တော်ရှင်နတ်ကြီးများသည် အထက်မှပေးအပ်သည့်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်လျက်ရှိနေကြပါ၏။ လူတချို့က ဆိုကြပါသည်။ ဘိုးတော်များကို မယုံကြည်ပါ။ မိဆိုင်ဖဆိုင်နတ်များသည်လည်း အသေဆိုးနှင့်သေလွန်ခဲ့ကြပြီး အစိမ်းသေအောက်နတ်များဖြစ်၍ ကိုးကွယ်ပ,သရန်မလိုဟုလက်ခံထားကြပါသည်။ ကျန်စစ်မင်းကြီးလက်ထက် အိမ်တွင်းနတ်အား ကူညီဖူးသည်မရှိဟု အပြစ်တင်ပြောကြားခဲ့ရာ အနော်ရထာမင်းမျက်၍ လှံဖြင့်ထိုးစဉ် နှောင်ကြိုးကိုဖြတ်စေခြင်း၊ ငရမန်ကန်းဖမ်းဆီးထားသည့် စောလူးမင်းအား ကယ်ဆယ်ရန်အသွား ညီအစ်ကိုချင်းယုံကြည်စိတ်မရှိ၊ နို့စို့ဖက်ကိုသာယုံကြည်ခဲ့သည့်ကြောင့် ကျန်စစ်သား ငါ့ကိုခိုးသူသည်ဟု ဟစ်အော်ရာ ကိုယ်လွတ်ရုန်းပြေးရစဉ် နွံအိုင်အတွင်းကုန်းမြေဖန်ဆင်း၍ကူညီခြင်း၊ ဇရာဝတီမြစ်ကိုဖြတ်ကူးနိုင်ရန် တံငါသည်သားအဖဟန်ဖြင့်ကူညီပေးခြင်းတို့ကိုသိစေမှ မင်းမဟာဂီရိနတ်မင်းအား ပုဂံမြေတစ်ခွင် နန်းနှင့်တကွ ကိုးကွယ်ကြစေရန် အမိန့်တော်ထုတ်ပြန်ခဲ့ဖူးပါ၏။

မည်သည့်အကြောင်းတို့ကြောင့်ဖြစ်စေ ဤမြေ၌ နတ်ကောင်းနတ်မြတ်များ၊ သူတော်စင်ပုဂ္ဂိုလ်ကြီးများ၊ မြို့ရှင်ရွာရှင်များနှင့် မိဆိုင်ဖဆိုင်နတ်တို့ကလည်း အစွမ်းရှိရာ သိဒ္ဓိများဖြင့် ကူညီစောင့်ရှောက်နေကြသည်ကို ယုံကြည်ပါသည်။ နတ်ဆိုင်းတခြိမ့်ခြိမ့်တီးခတ်၍ ဗလိနတ်စာကျွေးကာ ပူဇော်ပ,သမှ မဟုတ်ပါ။ နေ့စဉ် မိမိပြုသမျှ ကုသိုလ်ဒါနအစုစုကို မမေ့မလျော့ မေတ္တာပေးဝေခြင်းသည်လည်း ဗလိနတ်စာကျွေးခြင်းနှင့်တူညီသောအကျိုးကိုရရှိပါသည်။ အလှူဒါနပြုပြီးပေးဝေသည့်အမျှရကြ၍ သာဓုခေါ်ကာ အနိမ့်စားဘဝမှ မြင့်မြတ်သော နတ်စည်းစိမ်ကို ရရှိခံစားရသည့် နတ်အပေါင်းတို့ကလည်း မေတ္တာရှင်ကို ကျေးဇူးတင်ကာ ကူညီစောင့်ရှောက်ကြပါတော့၏။

ဘုရားရှင်လက်ထက်တော်မှစ၍ ဘီလူးမအား ကျွေးမွေးဒါနပြုကြသည့် ပုန်းမကြည်မနတ်သည် ယခုတိုင်အောင်တောင်သူတို့အားစောင့်ရှောက်သည်ဟု ယုံကြည်ကာ ပုန်းမကြည်မနတ်ကို ပ,သဆဲရှိနေကြပါသေးသည်။

မြန်မာပြည်အရပ်ရပ်၌ မိုးခေါင်လျှင် မိုးခေါင်ကျော်စွာနတ်ကို ကန်တော့ပွဲပေးကာ လွန်ဆွဲကြတုန်းပါပဲ။ စာရေးသူတို့လည်း ငယ်စဉ်က လွန်ဆွဲပွဲနွှဲဖူးပါသည်။ တစ်ဖက်နှင့်တစ်ဖက် အနိုင်မခံ အရှုံးမပေးဘဲ အားကုန်ဆွဲကြရ၍ ပျော်စရာကောင်းလှသည်။ အသက်ခြောက်ဆယ်၊ ခုနစ်ဆယ်အဘိုးကြီးများကလက်ခုပ်လက်ဝါးတီးကာ-

"ယာခင်းစောင့်တဲ့ ဖိုးအောင်ကျော်ရေ မိုးခေါ်ခဲ့

## ရတနာဒေဝီ

### မေတ္တာပေးဝေမှ မေတ္တာရပါမည်





www.burmeseclassic.com

www.burmeseclassic.com

. . . မိုးခေါ်ခဲ့"

ဟု သံပြိုင်သီဆိုကြပါသည်။

ဝါးခြင်းကြီးတစ်ခု၌ ဝါးတိုတစ်ချောင်းလျှိုကာ အကျီအသစ်၊ ထဘီအသစ်ဝတ်ပေးကြပါသည်။ ခေါင်းပိုင်းကို ဆံစုများဖြင့် ဘီးဆံထုံးဆံမြိတ်ချပုံထုံးဖွဲ့၍ နှင်းဆီပန်းအနီများပန်ဆင်ပေးကာ အမွှေးနံ့သာပက်ဖျန်းပြီး မနှင်းဆီနတ်ကို ကန်တော့ကြပါသည်။

ဒိုးပတ်အဖွဲ့က -

"မနှင်းဆီ တောင်ပေါ်ရိုးက. . . မိုးခေါ်ခဲ့. . . မိုးခေါ်ခဲ့"

ဟု ဟစ်ကြွေးကာ မြို့လည်၍သွားကြရာ ခြင်းကြီးက ယိမ်းထိုးပြီးရှိနေပါသည်။ အားကောင်းသည့်လူပျိုများက ခြင်းအခြေကိုခိုင်မြဲအောင်ဆွဲထားသော်လည်း ခြင်းကြီးက လူဝင်ကနေသည့်နှယ် ခုန်မြောက်ပြီး ဘယ်၊ ညာယမ်းနေပါတော့သည်။ ဧရာဝတီမြစ်ဆိပ်အထိဆင်းကာ ခါးလယ်ရေမြုပ်သည်အထိဆင်း၍ တောင်းကြီးကို မြစ်ထဲမျှောချလိုက်ကြပါ၏။ ထိုစဉ်မှာပင် မိုးဖွဲကလေးများကျရောက်လာကာ သိပ်မကြာလိုက်ပါ။ ကောင်းကင်တစ်ခုလုံး မည်းတက်လာပြီး မိုးသည်းအောင်ရွာချပါတော့၏။ မယုံ၍မဖြစ်နိုင်ပေ။

စာရေးသူတို့နယ်၌ တောပုန်းများထကြွ၍ မိုင်းထောင် လူသတ်ခဲ့ကြရာ အေးချမ်းမှုမရှိခဲ့။ လူကြီးများက အိတ်လေးများထဲတွင် ထမင်းခြောက်မုန့်ကြွပ်၊ ကိတ်ခြောက်များနှင့် ရွှေတိုငွေစများထည့်ထားပေးပါသည်။သေနတ်သံကြားလျှင် အိတ်ကို ကောက်လွယ်ပြီး ခြေဦးတည့်ရာပြေးကြရာ လူချင်းကွဲသွားလျှင် အစာရေစာမငတ်ရအောင်စီစဉ်ပေးခြင်းပါ။ စာရေးသူကတော့ ကိုးတန်းရော ဆယ်တန်းပါ အစိုးရစစ်မို့ ကျောင်းသားကတ်၊ မင်ဘူး၊ ဖောင်တိန်၊ စာအုပ်များပါသည့် ကျောင်းလွယ်အိတ်ကိုသာ ဦးစားပေး ကောက်လွယ်ပါသည်။ ပြေးတိုင်း ရိက္ခာအိတ်မပါပါ။ စာမေးပွဲကျလျှင် တစ်နှစ်နာမည်စိုး၍ လွယ်အိတ်ကသာ အရေးအကြီးဆုံးဟု ယူကြည်၍ပါ။

ဝါရင့်နတ်ကတော်ကြီး ဦးစီးပြီး နတ်ကွန်း၌ ပွဲအသစ်တင်လျှခြင်း၊ မုန့်ဖြူမုန့်နီနှင့် ငါးကြော်၊ ကောက်ညှင်းပေါင်းများ၊ ရေချမ်း၊ ပန်းနှင့် ဆီမီးများလျှဒါန်းကာ စောင့်ရှောက်ပေးရန် ဆုတောင်းကြပါသည်။ ညဦးသန်းခေါင်ကျော်မှစ၍ နံနက်လေးနာရီကျော်အထိ တာလမ်းမပေါ်တွင် မြင်းခွာသံတဖြောင်းဖြောင်း ကြားကြရပါ၏။ တချို့ကလည်း သိုရင်းအကျီဝတ်ပြီး ဗောင်းတော်၊ စလွယ်များဝတ်ဆင်ထားသည့် ရွှေမြန်မာကြီးတစ်ယောက် မြင်းဖြူကြီးစီးကာ မြို့ကိုပတ်နေသည်ဟု ဆိုပါသည်။ မည်သို့ပင်ဖြစ်ပါစေ စာရေးသူတို့မြို့ကို ရန်သူများ တစ်ခါမျှ စီးနင်းအောင်မြင်ခဲ့ခြင်းမရှိခဲ့ပါ။

တစ်ခါက ကျန်းမာရေးကြောင့် ဂလူးကို့စ်နှင့် ဆေးများသွင်းရပြီး အိပ်ရာထဲလဲနေခဲ့ပါ၏။ ဆေးမှူးက ဆေးရည်များမြန်မြန်ကုန်အောင် ခလုတ်ကိုဆွဲမချလိုက်ပါနှင့်ဟု အတန်တန်မှာကြားကာ ဆေးခန်းပြန်သွားခဲ့ပါသည်။ ရေမှအပ အစာရေစာမဝင်တော့၍ ဆေးသွင်းပေးခြင်းပါ။ မိခင်နှင့် အဒေါ်နှစ်ဦးက အိမ်ဆောက်ထပ်ဆင်း၍ နံနက်စာစားနေကြပါပြီ။ ကျောင်းဖွင့်ရက်မို့ ကလေးများလည်း မရှိကြပါ။ အနီးအနားတွင် အစောင့်မရှိပါ။ အိပ်ရာပေါ်လဲလျောင်းရင်း ဆေးပုလင်းကို ကုန်နိုင်ခဲလိုက်တာဟု မကြာခဏ လှမ်းကြည့်မိပါသည်။ ဆေးပုလင်းမှ ဆေးရည်များကလည်း တစ်စက်ချင်းချထား၍ နှစ်နာရီကျော်လောက်ကြာဦးမည်မို့ စိတ်ရှုပ်ထွေးစွာ ရှိနေရပါ၏။

ထိုစဉ်မှာပင် အိပ်ခန်းအပြင် ရေချိုးခန်းဘက်ဆီမှ လူတစ်ဦး ရိပ်ခနဲဝင်လာသည်ကို မြင်ရပါသည်။ ထဘီအနက်ကို ရင်ရှားဝတ်ဆင်ကာ ဆံပင်ကို ကျောသို့ ဖားလျားဖြန့်ချထားပါသည်။ ရေချိုးခန်းကြီးတံခါးနှင့် ပြတင်းပေါက်ကို ဖွင့်ထားသော်လည်း သာမန်ယောကျ်ားတစ်ဦးပင် ရေချိုးခန်းအတွင်းဝင်လာရန် ခဲယဉ်းလှပါသည်။ မိလ္လာပိုက်ကို တွယ်တက်နိုင်မှသာ ရေချိုးခန်းအတွင်းဝင်နိုင်ပါမည်။ ယခု ဝင်ရောက်လာသူမှာ မိန်းမတစ်ဦးမျှသာဖြစ်ပြီး ထဘီရင်ရှားနှင့်မို့ ဘယ်နည်းနှင့်မှ တွယ်တက်နိုင်ရန် အကြောင်းမရှိပါ။

ထိုအမျိုးသမီး၏ မျက်နှာမှာ တင်းမာနေပြီး ရန်ပြုမည့်ဟန်ရှိနေပါသည်။ တစ်လှမ်းချင်းတိုးလာသည်မှာ စာရေးသူအနား ရောက်တော့မှာပါ။ ဝင်ရောက်လာသူကို စူးစိုက်ကြည့်ရင်း-

"ကျွန်ုပ် လျှဒါန်းသမျှ၊ သီတင်းသီလဆောက်တည်သမျှ၊ ပရိတ်များရွတ်ပွားရသည့်ကုသိုလ်ကို ထပ်တူထပ်မျှ သာဓုခေါ်နိုင်ပါစေ"

ဟု မေတ္တာပို့လိုက်ပါတော့၏။

အမျိုးသမီးကြီးမှ စာရေးသူ၏ မျက်နှာအား အသေအချာကြည့်နေပြီး လက်အုပ်ချီကာ နောက်ပြန်တစ်လှမ်းချင်း ဆုတ်သွားသည်မှာ ရေချိုးခန်းတံခါး အရောက်ရောက်မှ မျက်စိရှေ့က ပျောက်ကွယ်သွားပါတော့သည်။

နောက်တစ်နေ့ မိသားစုလိုင်း... ဆရာကြီး၏ ဇနီးတစ်ဦးက သူ့အိမ်တွင် ... ထိုင်ကနားလုပ်ပါမည်။ စိတ်ပြေလက်... ပျောက်ဖြစ်အောင်လာခဲ့ပါ။ အိမ်မှာနေ... လျှင် ရောဂါအကြောင်းပဲ တွေးမိပါမည်... နတ်ဝင်သည်ကို ရှုံရာတင်မြှောက်ပေး... ကကဆက်မှ နတ်ဆိုင်းဖြင့် နတ်ကခြင်း... ပြုမည်ဆို၍ မမြင်ဘူး၍ သွားရောက်... ပါသည်။ အိမ်ရှင်၏ အပိုင်စားနတ်များ... ကို ဗလိနတ်စာကျွေး၍ နတ်ချော့... သည်။ နောက်ဆုံး ကြွလာသူမှာ 'အမေ... ရေယဉ်' ဟု ဆိုပါ၏။ နတ်ဒိုးသံနှင့်အ... ကပြပြီး စားတော်ပွဲကို စားသုံးပါသည်... စားသုံးရင်း စာရေးသူကိုလှမ်းကြည့်နေ... ၏။ ပြီးမှ လက်နှစ်ဖက် ရင်ဘတ်ပေါ်... ယှက်တင်ကာ -

"သမီးလေး၊ အမေ မနေ့က သမီး... အသက်ကိုနုတ်ဖို့လာခဲ့တာကိုခွင့်လွှတ်... ပါ။ မေတ္တာပို့သံကြားရမှ အမေတို့... အမြဲအမျှအတန်းဝေနေသ်ကို မှတ်မိ... နောက်ပြန်လှည့်ခဲ့ရပါတယ်။ အမေ... ကို စေခိုင်းသူက အစိမ်းစားတော်... မြှောက်ပြီး ဆုတောင်းလို့ ပွဲတင်သ... အတိုင်း ဆောင်ရွက်ရတာပါ။ ရန်ပြု... သော်လည်း တင်သူ ဆုတောင်း... ထိုသူဆန္ဒကို ဖြည့်ပေးရခြင်းပါ။ သမီး... ရတနာသုံးပါးကို အလေးအမြတ်ထား... မေတ္တာပေးဝေတတ်သူမို့ အမေ... သာဓုခေါ် နေရတာ။ အတိုက်အခိုက်... ရန်မလုပ်နိုင်ကြောင်း ပုဂ္ဂိုလ်များထံ... ၍ လျှောက်ထားရပါတယ်။ သမီးအ... မှတ်မိ၍ အများမပြုခဲ့ခြင်းပါ"

ဟု ပြောကာ ပြုခဲ့သမျှ ကုသိုလ်... ကို မေတ္တာမျှဝေတော့ သာဓုခေါ်... သည်။ ထိုနေ့မှစ၍ ကျန်းမာလာခြင်း...

မြန်မာမှုနံ့သမျှ အိမ်တစ်အိမ်... မေတ္တာမျှဝေ၍ ကြေးစည်ထုသံကြား... လျှင် သာဓုအနုမောဒနာခေါ် ဆိုတတ်... ကြပါ၏။ ပဋ္ဌာန်းအကျယ်ရွတ်ဖတ်... လျှင် ဖြတ်သန်းသွားလာနေသည့် ... မြတ်နတ်ကောင်းတို့သည် အိမ်... တန့်၍ လက်အုပ်ချီမိုးကာ သာဓုခေါ်... သည်ဟု ကြားဖူးပါသည်။ ပြု... ကုသိုလ်အတွက် နတ်ဒေဝါနတ်ကောင်း... တို့အား အမျှမေတ္တာပေးဝေရပါသည်... နာကြားသူအားလုံး ကြည်နူးစိတ်ကြေ...



www.burmeseclassic.com

www.burmeseclassic.com

**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

# လာဘ်ပွင့် လူလာ စရေ အခါ ဆောင်ရွက်ပါ

နိုင်ငံတစ်ဝန်းတွင်ရှိသော စီးပွားရေးသမား ကြီး၊ ငယ်မဟူ အရောင်းအဝယ်သမားတော်တော်များများသည် မိမိတို့၏ လုပ်ငန်းဆောင်တာများတွင် အဆင်ပြေချောမွေ့ပြီး တိုးတက်ကြီးပွားလိုကြ၏။ ဈေးဆိုင်များဆိုလျှင်လည်း လူစည်စည်ကားကားနှင့်အရောင်းအဝယ်ကောင်းလိုကြသည်။ လာဘ်လာဘပွင့်လန်းလိုကြ၏။ မည်သူမဆို မိမိတို့၏ စီးပွားရေးလုပ်ငန်းများကျယ်ပြန့်ကြီးပွားချောမွေ့လိုကြသည်။

ဈေးဆိုင်များတွင် လူလာလာဘ်ပွင့်စေနိုင်သော ရှေးဆရာကြီးများစီရင်သုံးစွဲခဲ့သောနည်းကို ရှာဖွေ၍ (၇) ရက်သားသမီးများအားလုံးအတွက် ပညာဒါနပြုလိုက်ပါ၏။

ထိုအစီအရင်ကို ဆောင်ရွက်မည့်ပုဂ္ဂိုလ်များသည် ပထမ ရှေးဦးစွာ နံနက်စောစော ဘုရားကို သရဏဂုံသုံးပါးနှင့် ကိုးကြိမ်ရွတ်ဆိုပူဇော်ကန်တော့ပါ။ ပြီးလျှင် အနန္တောအနန္တငါးပါးကို ငါးကြိမ်ပူဇော်ကန်တော့ပါ။

ထို့နောက် မိမိပြုလုပ်ရမည့် (စရေအခါမှာပြုလုပ်ရန်) ကိစ္စကို ပြုလုပ်ပါ။

□ **စရေအခါများ**

**တနင်္ဂနွေနေ့**

နံနက် (၇) နာရီ (၃၀) မိနစ်မှ နံနက် (၉) နာရီတွင်း။

**တနင်္လာနေ့**

နေ့လယ် (၁) နာရီ (၃၀) မိနစ်မှ ညနေ (၃) နာရီအတွင်း။

**အင်္ဂါနေ့**

နံနက်(၉)နာရီမှ နံနက်(၁၀)နာရီခွဲအတွင်း။

**ဗုဒ္ဓဟူးနေ့**

ညနေ (၃) နာရီမှ ညနေ (၄)နာရီခွဲအတွင်း။

**ကြာသပတေးနေ့**

နံနက် (၁၀) နာရီခွဲမှ နေ့လယ် (၁၂) နာရီအတွင်း။

**သောကြာနေ့**

နံနက် (၆) နာရီမှ နံနက် (၇) နာရီခွဲအတွင်း။

ညနေ (၄) နာရီခွဲမှ ညနေ (၆) နာရီအတွင်း။

**စနေနေ့**

နေ့လယ် (၁၂) နာရီမှ နေ့(၁)နာရီခွဲအတွင်း။

□ **ပြုလုပ်ရန်ကိစ္စများ**

**တနင်္ဂနွေသားသမီးများ**

အိုးကို ဝါးဖြင့် (၁၇) ချက်ခေါက်။

**တနင်္လာသားသမီးများ**

ကတ်ကြေးကို မှန်ဖြင့်(၁၉)ခေါက်။

**အင်္ဂါနေ့သားသမီးများ**

ဖွန်းကို သံချောင်းဖြင့် (၂၁) ချက်ခေါက်။

**ဗုဒ္ဓဟူးနေ့သားသမီးများ**

ဝါးကို ဓားနှင့် (၁၀) ချက်ခေါက်။

**ကြာသပတေးသားသမီးများ**

ဇွန်း၊ ဖော့ကို အပ်နှင့် (၆) ချက်ခေါက်။

**သောကြာသားသမီးများ**

သော့ကို ကတ်ကြေးနှင့်(၁၅)ချက်ခေါက်။

**စနေသားသမီးများ**

ဓားကို ဇွန်းနှင့်(၈)ချက်ခေါက်ပါလေ။

(မိမိတို့ဆန္ဒရှိရာကို ဆုတောင်း၍ ပြုလုပ်ပါ။)

ခုနစ်နေ့သားသမီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာကျန်းမာကြပါစေ

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

---

ဆုမွန်ကောင်းတောင်းပေးကြ၍ မေတ္တာပေးသူကို စောင့်ရှောက်ကြသည်ဟုသိထားပါ၏။ ကုသိုလ်ပြုပြီးတိုင်း မေတ္တာပေးဝေရန် မမေ့ခဲ့ပါ။

မိတ္တီလာ၌နေစဉ် သားကြီးကို စာမကြိုးစား၍ ဆူလိုက်မိပါသည်။ အားငယ်တတ်သူမို့ နံနက်အစောကြီးအိမ်ကထွက်သွားပါတော့သည်။ အဘွားကရေးထားသည့်စာရွက်လေးလာပြ၍ အာလုပ်ရမှန်းမသိတော့ပါ။ ကားဆရာရောက်လာ၍ အကျိုးအကြောင်းပြောပြတော့ သားပုဆိုးတစ်ထည်တောင်းပြီး အသိဗေဒင်ဆရာထံသွားပါတော့သည်။ ဆရာက ရဟန်းလူထွက်ဖြစ်ပြီး ဟောချက်မှန်သည်ဟု သိရပါသည်။ ဘုရားခန်းဝင်ပြီး ဘုရားဝတ်ပြုရင်း မြို့ရှင်ကြီးအား ဆီမီးလှူရန်စိတ် ဖြစ်ပေါ်လာပါ၏။ ဖယောင်းတိုင်ထွန်းညှိကာ -

"မြို့ရှင်ဘိုးဘိုးကြီးဘုရား၊ သားအငြိသားအိမ်မှ ထွက်သွားပါသည်။ ရောက်ရာအရပ်မှာ ခြေတစ်လှမ်းပင် မရွေ့နိုင်ရန် ကြိုးတုပ်၍ထားပေးပါ"

ဆုတောင်းလိုက်ပါ၏။ (၄၅) မိနစ်အကြာတွင်မူ ကားဆရာပြန်ရောက်လာပါသည်။ သားလက်ကိုဆွဲ၍ ကားဆရာအိမ်ထဲဝင်လာပါသည်။' မိတ္တီလာ - သာစည်လမ်းခွဲညောင်ပင်ကြီးအောက်မှာ တွေ့ခဲ့သည်ဟု ဆိုပါသည်။ ခြေဆင်းကာ လက်နှစ်ဖက်ပိုက်ထားသည်ဟုလည်း ပြောပါသည်။ နောက်မှ အဘွားဖြစ်သူအား သူ့ကိုကြိုးနှင့်တုပ်သလိုခံစားရပြီး လှုပ်ရှား၍မရခဲ့ပါဟု သားကပြောပြကြောင်း သိရပါသည်။

စာရေးသူ ဆုတောင်းသလိုပင် ကြိုးတုပ်၍ထားခဲ့ပုံပေါ်ပါသည်။ ရတနာသုံးပါးအပေါ် မြတ်နိုးယုံကြည်သူတို့အား နတ်တို့စောင့်ရှောက်သည်ဟု ယုံကြည်မိပါတော့၏။ လောကကို စောင့်ရှောက်သည့်နတ်များ၊ မြို့ရှင်ရွာရှင်များသည် ရတနာသုံးပါးယုံကြည်သူတို့ အခက်အခဲကြုံလျှင် ကူညီမစတတ်သည်ဟူသည့်သာဓကတစ်ခုပါပဲ။ ကုသိုလ်ပြုပြီးတိုင်း မေတ္တာမျှဝေရန်မမေ့မလျော့ကြပါနှင့်။ မေတ္တာ၏ အလျား၊ အနံသည် အတိုင်းမသိရှည်လျားသလို မေတ္တာနယ်သည်လည်း များစွာကျယ်ဝန်းလှသည်ကို ယုံကြည်ရပါတော့သည်။ မေတ္တာတံတိုင်းသည် ခိုင်ခံ့၍ လုံခြုံမှုပေးနိုင်ပါ၏။

မေတ္တာ[illegible]၍
မေတ္တာရယူနိုင်ကြပါစေ

ရတနာဒေဝီ



www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်းလင်း (တီ-အေ)

# ဂိုဒေါင်ထဲက အဖြူရောင်ပရိစ္ဆာဉ်

အချိန်ကာလအားဖြင့် လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော် ၁၉၈၄ ခုနှစ်ခန့်က ဖြစ်သည်။ ရန်ကုန်မြို့ သမိုင်းလမ်းဆုံအနီးတစ်နေရာတွင်တည်ရှိသော (xxx) စက်ရုံတွင် အညွန့်၊ မျိုးဝင်းနှင့် လွန်းခင်တို့သည် ကုန်ထမ်းအလုပ်သမားများဖြစ်ကြသည်။ စက်ရုံအလုပ်သမားများဟုဆိုရသော်လည်း တရားဝင်အလုပ်သမားများဟု မသတ်မှတ်နိုင်ပြန်ပေ။ စက်ရုံနှင့် ကုန်ကြမ်းဂိုဒေါင်၊ ကုန်ချောဂိုဒေါင်တို့သည် အနည်းငယ်အလှမ်းဝေးစွာ တည်ရှိကြသဖြင့် ကုန်ကြမ်းသယ်၊ ကုန်ချောပို့ဆောင်ရန် ကားပေါ်သို့ ကုန်ပစ္စည်းတင်ချအလုပ်များအတွက် လုပ်သားလိုအပ်ချက်ရှိနေသဖြင့် ပြင်ပမှ ကုန်ထမ်းအလုပ်သမားများကို ငှားရမ်းသုံးစွဲပြီး လုပ်အားခကို ပုတ်ပြတ်ငွေရှင်းပေးရ သည်။

တရားဝင်ရုံးပိတ်ရက် (စက်ရုံပိတ်ရက်) မှအပ အခြားနေ့ရက်များတွင် စက်ရုံလည်ပတ်နေလျှင် သူတို့အတွက် အလုပ်ကတစ်မျိုးမဟုတ်တစ်မျိုး သေချာပေါက်ရှိနေပြီးဖြစ်လေသည်။ ထို့ကြောင့် သူ့ခေတ်ကာလအလျောက် သူတို့လည်း ဝမ်းစာရေးအတွက် ပုံမှန်ဝင်ငွေကိုက်ကြသည်သာဖြစ်၏။ အလျဉ်းသင့်လျှင် သူတို့ကုန်ထမ်းအလုပ်သမားများထဲမှလည်း စက်ရုံ၏ တရားဝင်ဝန်ထမ်းဖြစ်သွားနိုင်လေသည်။ စက်ရုံပိုင် (TE)ကုန်တင်ကားကြီးမောင်းနေသည့် ဒရိုင်ဘာအောင်သိန်းသည်ပင်လျှင် တစ်ချိန်တုန်းက သူတို့ထဲမှ ကုန်ထမ်းအလုပ်သမားတစ်ဦး ဖြစ်ခဲ့သည်။

အနောက်ဂေါရာကျွန်းသို့ နေမင်းကြီး ငုပ်လျှိုးဝင်ရောက်ပေတော့မည်။ တစ်နေ့တာလုပ်ငန်းတာဝန်များ ပြီးစီးချိန်နီးကပ်လာသဖြင့် စက်ရုံဝန်ထမ်းများ အိမ်ပြန်ချိန်နီးကပ်လာသဖြင့် အလုပ်ကိုလက်စသိမ်းပြီး အသင့်ပြင်နေကြ၏။ ထိုအချိန်တွင် စက်ရုံထဲမှ ကုန်ထုတ်လုပ်ငန်းတာဝန်ခံလူကြီးဖြစ်သူ ဦးလှဝင်းရေးကြီးသုတ်ပျာဖြင့်ထွက်လာပြီးနောက်-

"ဘညွန့်တို့ ကုန်ထမ်းအဖွဲ့ အိမ်ပြန်လို့မရသေးဘူး။ ကုန်ချောဂိုဒေါင်ကို ကားနဲ့ ကုန်ချောပစ္စည်းတွေတစ်ခေါက် သွားပို့ဖို့ရှိနေသေးတယ်။ နောက်တစ် ... မှ ပို့ဖို့ဆိုတာ အချိန်မရနိုင်တော့ ... နက်ဖြန်မှာ စက်ရုံကို (VIP) ... ခရီးစဉ်ရှိနေလို့ အခုချက်ချင်း ကုန် ... ပစ္စည်းပို့တစ်ခေါက်သွားပေးထားမှ ... ရုံထဲမှာ ရှင်းလင်းသွားမယ်"

မမျှော်လင့်ထားသော ဦးလှ ... ၏စကားကြောင့် ကုန်ထမ်းအဖွဲ့မှ ... တို့လူစုမှာ အကြံအိုက်သွားပြီးနေ ... တစ်ယောက်မျက်နှာတစ်ယောက် ... လိုက်ကြရင်းမှ -

"ကဲ - အခြေအနေကတော့ ... လုံးကြားလိုက်ကြတဲ့အတိုင်းပါပဲ ... ပေါ် ကိစ္စကြုံရတာဆိုတော့ ... ကတက်နေလို့လည်းရှင်းမယ့်ကိစ္စ ... ဘူး။ တို့ဘဝက စ ... ရုံနဲ့မှ မကင်း ... တာကိုး။ အချိန်လွန်မှ ကားနဲ့ ကု ... ကုန်ချကဲ့ ... လုပ်ကပေါ် လာတော့ ...



www.burmeseclassic.com

www.burmeseclassic.com

ဒါတို့ဝင်ငွေတိုးလာတာပေါ့။ ကုန်ချော ပစ္စည်းတွေကို ကားပေါ်ရောက်အောင် ဒါတို့တင်နေနှင့်မယ်လေ။ မျိုးဝင်းက အရောက်ဆိုင်ကို အမြန်ပြေးပြီး (BE) တစ်ပုလင်းဝယ်လာခဲ့။ ငါတို့အလုပ်လုပ် ရင်းသောက်၊ သောက်ရင်းအလုပ်လုပ် ကြ. ဒါပဲရှိတာပေါ့ ဟုတ်ဖူးလား"

ဘညွှန့်ပြောစကားက မှန်ကန်ပေ သည်။ အလုပ်မရှိက ဝင်ငွေမရှိ၊ အလုပ် ရှိမှ ဝင်ငွေရရှိသော ကုန်ထမ်းအလုပ် သမားဘဝသည် ယခုကဲ့သို့ အချိန်လွန်မှ ပေါ်ပေါက်လာသော ကားတစ်ခေါက် စာကုန်တင်ချလိုက်ရလျှင် 'ဘိုးသူတော် မျက်စိလည်လေ ဆန်ရလေ' ဟူသော စကားကဲ့သို့ပင် ပိုမိုအဆင်ပြေဖို့သာ ဖြစ် လေသည်။

ခက်သည်က ညနေစောင်းလျှင် အချိန်မှန်မှန် သွေးသားကတောင်းဆိုနေ ပြီဖြစ်၍ ဘုံဆိုင်ကိုဝင်ရမည့်အချိန်တွင် အလုပ်က မပြတ်သေးခြင်းတည်း။ ဘညွှန့်၏ ပြောစကားက 'သွားရွှေအိုး ထမ်းလာသည်ကို မြင်တွေ့ရသလို' တစ်ချက်ခုတ်နှစ်ချက်ပြတ်ဖြစ်နေတာမို့ မကျေနပ်သူမရှိ အားလုံး ဘဝင်ခွေ့ အောင် သဘောကျသွားလေသည်။

(P.I.C) ဂိုဒေါင်ဟု လူအများက ခေါ်ဆိုနေသော ကုန်ချောဂိုဒေါင်သည် ပင်မစက်ရုံနှင့် ကိုက် လေး ရာ မျှ အ ကွာ





www.burmeseclassic.com

www.burmeseclassic.com

အဝေးတွင်တည်ရှိသည်။ သမိုင်းလမ်းဆုံဘတ်စ်ကားမှတ်တိုင်မှ လမ်းလျှောက်ပြီးဝင်သွားလျှင် ငါးမိနစ်ခန့်အချိန်နှင့်ရောက်ရှိသွားစေနိုင်ပါသည်။

ထိုဂိုဒေါင်သည် နီစွေးစွေးအရောင်အဆင်းဖြစ်နေသော နှစ်ထပ်အုတ်တိုက်ကြီးတစ်လုံးဖြစ်ပြီး ကိုလိုနီခေတ်လက်ကျန်အဆောက်အအုံတစ်လုံးဖြစ်နိုင်ပါသည်။ အတွင်းပိုင်းမှာ အတော်ကျယ်ဝန်းသဖြင့် အပေါ်ထပ်နှင့်အောက်ထပ် နှစ်ထပ်လုံးကို ကုန်မစ္စည်းထားသိုရန် ဂိုဒေါင်အဖြစ် သုံးစွဲနေခဲ့ခြင်းဖြစ်ပါသည်။ မဆလပါတီခေတ်ဦးပိုင်းအချိန်ကာလတုန်းဆီက ပြည်သူပိုင်သိမ်းဆည်းခြင်းခံခဲ့ရသော အရာများထဲတွင်လည်းပါလေသည်။ သက်တမ်းကို တွက်စစ်ကြည့်ခဲ့လျှင် မနည်းတော့ပေ။ ဂျပန်ခေတ်ကာလအထိ ဤဂိုဒေါင်နှင့် အနီးအနားဝန်းကျင်သည် သချိုင်းမြေထဲတွင်ပါဝင်သည်ဟု သက်ကြီးစကားသက်ငယ်ကြားဖြင့် သိရှိရပေသည်။

(P.I.C) ဂိုဒေါင်နှင့်အနီးဝန်းကျင်မှာပင် အဖြူရောင်အဝတ်အစားဖြင့် ဂျပန်မ ပရလောကသူကို ညအခါ တွေ့ရတတ်လေ့ရှိကြောင်း လူတချို့က ပြောကြသည်။ မည်သည့်အချိန်မှာတုန်းကမည်သူတွေ့ခဲ့ရတာလဲဟုဆိုလျှင်လည်း ရေရေရာရာ မရှိပြန်တော့ပေ။ စက်ရုံပိုင်ကုန်ချောပစ္စည်းများ ထားသိုရန်ဂိုဒေါင်ဖြစ်နေ၍ နေ့ခင်းပိုင်းအချိန်ကာလများတွင် ဂိုဒေါင်မှူးတာဝန်ဖြင့်စက်ရုံဝန်ထမ်းဖြစ်သူ ကိုအောင်မြိုင်ကအချိန်ပြည့်ရှိနေတတ်သလို ညအချိန်ကာလနှင့် ရုံးပိတ်ရက်များတွင်မူ လုံခြုံရေးဝန်ထမ်းထားရှိရလေသည်။

ယနေ့မှာမူ ရုံးချိန်ကာလကုန်လွန်သွားပြီဖြစ်သော်လည်း (P.I.C)ကုန်ချောဂိုဒေါင်မပိတ်နိုင်သေးပါ။ ပင်မစက်ရုံမှ ကုန်ချောပစ္စည်းတင်ကားလွှတ်ပေးရန်ရှိနေသေးကြောင်း ကြိုတင်၍ တယ်လီဖုန်းဆက်ထားသဖြင့် ဂိုဒေါင်မှူးကိုအောင်မြိုင်သည် အိမ်မပြန်ရသေးဘဲ ပစ္စည်းလက်ခံသိမ်းဆည်းရန် အသင့်စောင့်ဆိုင်းပေးနေရလေသည်။

ဒရိုင်ဘာအောင်သိန်း မောင်းနှင်သော (TE) ကုန်တင်ကားကြီးသည် စက်ရုံမှ ပစ္စည်းတင်၍ မောင်းနှင်ထွက်ခွာလာခဲ့ချိန်တွင် လမ်းမီးများလင်းနေပြီဖြစ်၏။ ဒအောင်သိန်း၏ကားကြီးသည် ရှေ့မီးကြီးများထိုးပြီး အသင့်ဖွင့်ထားသော ဝင်းတံခါးမှဝင်လာ၍ ဂိုဒေါင်တံခါးရှေ့မှာရပ်ထားလိုက်သည်။ ဘညွန့်တို့အဖွဲ့လည်း ကားပေါ်မှ ခုန်ဆင်းလိုက်ကြပြီး အချိန်ဆွဲမနေတော့ဘဲ ချက်ချင်းကုန်ပစ္စည်းများကိုချလေသည်။

"အောက်ထပ်မှာ ပစ္စည်းတွေများလွန်းလို့ အသစ်ရောက်လာတဲ့ ကုန်ချောပစ္စည်းတွေကို အပေါ်ထပ်ကိုသာ အရောက်ပို့ပေးကြပါ"

ဂိုဒေါင်မှူး ကိုအောင်မြိုင်မှ ပြောခြင်း ဖြစ်သည်။

"မိုးချုပ်ရတဲ့အထဲ အပေါ်ထပ်ကိုတက်ရဦးမှာပါလား"

ပင်ကိုအားဖြင့် စကားနည်းတတ်လေ့ရှိသော်လည်း ယစ်ရွှေရည်မှီဝဲထား၍ အာသွက်လျှာသွက်ဖြင့် လွန်းခင်က ပြောလိုက်မိပြီးမှ ကိုအောင်မြိုင်ကို အားနာသွားပြန်သောကြောင့် -

"အပေါ်ထပ်မှာရောက်မှ လူပြောများနေတဲ့ ဂျပန်သရဲမဖြူဖြူလေးနဲ့တွေ့နေရင်တော့ မလွတ်တမ်းဖက်ထားလိုက်ရဦးမယ်ဗျ ဟား. . . ဟား"

ဟု ရယ်စရာစကားလုပ်ပစ်လိုက်သည်။ ကိုအောင်မြိုင်ကလည်း လွန်းခင်အရက်သောက်ထားကြောင်း ရိပ်စားမိသည်။

"မင်းမှာ မိန်းမမရှိသေးတာဘဲ လွန်းခင်။ အိမ်အပြန်မှာ တစ်ခါတည်းခေါ်သွားပြီး သားမှတ်မှတ်မယားမှတ်မှတ် ပေါင်းသင်းလိုက်ရင် အကောင်းဆုံးပေါ့"

ဟု ကိုအောင်မြိုင်ပြောလိုက်မှ အားလုံးရယ်လိုက်ကြရသည်။

ဘညွန့်တို့ ကုန်ထမ်းအဖွဲ့သည် ကားကြီးနောက်ဘီးနားတွင်ထောင်ထားသော အရက်ပုလင်းမှ အရက်ကိုငုံလိုက်၊ အလုပ်လုပ်လိုက်နှင့် နှစ်မျိုးတစ်ပြိုင်နက်အဆင်ပြေလျက်ရှိကြလေသည်။ ကားပေါ်မှ ပစ္စည်းချရသောအလုပ်ကို အမြန်ပြီးစီးသွားအောင် ပိုက်ပျော့ခွေကုန်ချောများကို ဘယ်ညာလက်နှစ်ဖက်မှာ နှစ်ခွေဆွဲယူရုံသာမက လည်ပင်းမှာလည်း တစ်ခွေစွပ်၍ သယ်ကြလေသည်။

"ချစ်သူလာသောညက××× ငွေလသာပါတယ် ×××× ချစ်သူမလာသောခုည×××ငွေလဘယ်ကိုပျောက်နေသလဲကွယ်××× ချစ်သူမုန်းလို့ ငွေလရယ်ပုန်းရှောင်နေသလားကွယ်"

အရက်မူးမူးနှင့် အလုပ်လုပ်နေရင်း မျိုးဝင်းဆိုနေသောတွံတေးသိန်းတန်၏သီချင်းသံမှအပ တိတ်ဆိတ်နေလေသည်။

ထိုအချိန်တွင် မမျှော်လင့်... လျှပ်စီးသည် ရုတ်တရက်ပြတ်သွား... သဖြင့် ဝန်းကျင်တစ်ခုလုံး မည်းမှောင်... သွားလေတော့သည်။ ဂိုဒေါင်... ကိုအောင်မြိုင်သည် ယခုလို မီးပျက်သွား... က သုံးစွဲနိုင်ရန် အသင့်ဆောင်ထား... သောမီးခြစ်နှင့် ဖယောင်းတိုင်... တစ်တိုင်ပြီးတစ်တိုင် ထွန်းညှိ၍ ... ပစ္စည်းသယ်ဆောင်မည့် လမ်းကြော... တစ်လျှောက် အလင်းရအောင်လုပ်... ၏။ ဖယောင်းတိုင်ကြောင့် 'မီးမလော... အောင်လည်း သတိထားကြပါ' ... ပြောနေလေသည်။

မီးပျက်သွားသည်နှင့်တစ်ပြိုင်... အရက်ပုလင်းအနားသို့ စုပြုံရောက်... နေကြသော ဘညွန့်တို့လူသိုက်သ... အလုပ်ကို ဆက်လက်လုပ်ကိုင်နေ... ပြန်သည်။ လွန်းခင်သည် အပေါ်ထ... ပစ္စည်းသွားပို့ပြီး လှေကားအတိ... အောက်ထပ်သို့ ပြန်ဆင်းလာနေ... ကြက်သီးမွေးညင်းများ တဖျဉ်းဖျ... သွား၏။ တက်လိုက်၊ ဆင်းလိုက်နှင့် ... ထွက်လွန်းသဖြင့် စွပ်ကျယ်အကျီ... မကပ်တော့ဘဲ ခန္ဓာကိုယ်အပေါ်... ဗလာရှိနေရာက အဘယ်ကြောင့် ဤ... ဖြစ်ရသည်ကို အဖြေရှာမရပေ။

ဖယောင်းတိုင်၊ မီးတိုင်... အလင်းရောင်သည် အားနည်းလှသ... လှေကားထစ်မှ ခြေချော်မကျ... အတော်သတိထားရသည်။ ... အရက်သောက်ထားသောကြောင့် ... ကလည်း အတော်လေးမူးနေသ... လှေကားတစ်ဆစ်ချိုးကွေ့အရောက်... လွန်းခင်၏ရှေ့မှ တစ်စုံတစ်ဦးက ... ပိတ်၍ရပ်နေသောကြောင့် ဦး... မော့ကြည့်လိုက်သည်။

အဖြူရောင်အဝတ်အစားကို ... ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော ... တစ်ယောက်နှင့် မျက်နှာချင်းဆိုင်... ရပ်မိနေ၏။ သူမရုပ်ရည်ကိုကား ... ရန်မဖြစ်နိုင်ပေ။ အဘယ်ကြော... သော် မျက်နှာတွင် နှာခေါင်း၊ မ... နှင့် ပါးစပ်များမပါသော ပြောင်... ချောမျက်နှာမျှသာဖြစ်နေသော... တည်း။ လွန်းခင်ဆီသို့ ထိုမိန်း... လက်နှစ်ဖက်ရှေ့သို့ဆန့်တန်း... ကပ်လာသည်။ လွန်းခင်သည် ... ထားသော အရက်ကြောင့် မူး... တာပြေသွားပြီ။ နောက်သို့ဆုတ်... သည်။ သူ... ရှေ့သို့တစ်လှ... သည်။ ... ဖြင့် လှေကားကို ...



www.burmeseclassic.com

www.burmeseclassic.com

...တက်နေရင်းမှ ကြောက်လန့်တုန်လှုပ်
...ဖြင့် -

"ဟေး - ရှေ့ကိုတိုးမလာခဲ့နဲ့နော်၊ ...တိုးခဲ့နဲ့လို့ ငါပြောနေတယ်"

ဟု လွန်းခင်၏အသံကုန်အော်နေ...ကြီးက ဂိုဒေါင်ထဲမှာ ဟိန်းနေလေသည်။ အော်ရင်း နောက်ဆုတ်သွားရာ ...ဒေါင်အပေါ်ထပ်သို့ ပြန်လည်ရောက်...သွားသည်။ လွန်းခင် မည်မျှအော်ဟစ်နေလည်း ဂရုမစိုက်ဘဲ ရှေ့သို့တက်လိုက်...လိုက်နေရာ ရေဘူးခွံများ စုပုံထားရာနေရာနားသို့ အရောက်တွင် လွန်းခင်က ရေဘူးခွံများကို တစ်လုံးပြီးတစ်လုံး ...ကောက်ယူ၍ ထိုမိန်းမအား ပစ်ပေါက်...ရာ ရေဘူးခွံများက သူမကိုမထိဘဲထွင်း...ဖောက်သွားကြောင်း တအံ့တဩတွေ့မြင်ရသည်။

လွန်းခင်၏ အော်ဟစ်နေသံကို ဘညွန့်နှင့် မျိုးဝင်းတို့လည်း ကြားနေကြသယ်။ ယခုလိုအန္တရာယ်ရင်ဆိုင်တွေ့နေရ၍ အော်ဟစ်တာဖြစ်ကြောင်း သဘောမပေါက်ကြသလို အတော်လေး...နေကြပြီ ဖြစ်၏။

အလွန်ပင်ကြောက်လန့်စိတ်ဖြင့် ...ချားနေသော လွန်းခင်မှာ နောက်ကိုဆုတ်ရင်းနှင့် တဖြည်းဖြည်း ...ပိတ်မိခံရတော့မလို အခြေအနေ...ဆိုက်နေသည်။ သူ့ရှေ့မှာ တံခါးဖွင့်ထားသော ပြတင်းပေါက်အနားသို့ ရောက်ရှိသွားသည်။ လှမ်းကြည့်လိုက်...င် မိမိတို့ပစ္စည်းများချယူနေသော (T.E) ကုန်ကားကြီးက အောက်ဘက်မှာ ရောက်နေသည်။

တစ်ဝက်လောက်သယ်ဆောင်ပြီး...နေသော ပိုက်ပျော့ခွေများကို အား...သော ဖယောင်းတိုင်မီးရောင်အောက်တွင် မြင်ရလေသည်။ လက်နှစ်...ဆန့်တန်းကာ ရှေ့ကိုသာတိုးလာနေ...သူ ထိုမိန်းမလက်မှ လွတ်မြောက်ရန်အတွက် နည်းလမ်းများများမရှိတော့...။ လှေကားအတိုင်းဆင်းပြေးရန် တစ်နည်းသာရှိရာ ထိုလမ်းကို သူမက...ထားပြီးဖြစ်၏။ ထို့ကြောင့် လွန်းခင်သည် ပြတင်းပေါက်ကို ခွကျော်လိုက်ပြီးနောက် ကုန်ကားကြီးထက်မှ ပိုက်ပျော့ခွေပုံထဲ မှန်းဆကာ ခုန်ချလိုက်တော့...သည်။

ကံကြမ္မာကလည်း ကျီစားတတ်...သေးဟု ဆိုရန်သာရှိ၏။ ကုန်ကား...မှ ပိုက်ပျော့ခွေအပုံပေါ်သို့ လွန်းခင်...တစ်ယောက် ဝုန်းခနဲ ကျလာသည်နှင့်



တစ်ပြိုင်နက်တည်းလိုလိုပင် လျှပ်စစ်မီးကလည်း ဝင်းခနဲလင်းထိန်သွားလေသည်။

"လွန်းခင်၊ ဘယ်လိုဖြစ်လို့ လှေကားအတိုင်းမဆင်းလာဘဲ ပြတင်းပေါက်က ခုန်ချဆင်းရတာလဲ"

"စောစောတုန်းက မင်းအော်သံကြားလိုက်တယ်။ ဘယ်သူ့ကိုအော်ခေါ်တာလဲ"

ဟု ဘညွန့်နှင့် မျိုးဝင်းတို့က တစ်ယောက်တစ်မျိုး မေးမြန်းရင်း ပိုက်ပျော့ခွေပုံပေါ်မှာ ပက်လက်လန်နေသည့် လွန်းခင်ကို ငုံ့ကြည့်နေကြသည်။

ယခုတော့လည်း အန္တရာယ်စက်ကွင်းကလွတ်ကင်းသွားလေပြီ။ စောစောက ဒုက္ခကြုံနေတုန်းမှာ အကူအညီမပေးနိုင်ခဲ့သော သူငယ်ချင်းများကို စိတ်ထဲမှာ နည်းနည်းတင်းမိသည်ကြောင့် သူတို့မေးခွန်းကို တစ်စုံတစ်ရာအဖြေမပေးဘဲ လွန်းခင်ကုန်းထလိုက်ရာ မထနိုင်ဘဲ ဘယ်ဘက်ခြေချင်းဝတ်က နာကျင်နေသည်။

ထို့ကြောင့် -

"ဟာ-ဘယ်ဘက်ခြေထောက်က မထောက်နိုင်လို့ ငါထလို့မရတော့ဘူး။ လုပ်ကြပါဦးကွာ"

လွန်းခင် ကိုဘညွန့်နှင့် မျိုးဝင်းတို့မှ တစ်ဖက်စီတွဲပြီး ထူမ၍ ကားကြီးပေါ်မှ ဆင်းခဲ့ကြသည်။ ပြတင်းပေါက်မှ ခုန်ချလိုက်စဉ် ပိုက်ပျော့ခွေအပုံပေါ်သို့ ကိုယ်ခန္ဓာက အကျမှန်သွားခဲ့သော်လည်း ဘယ်ခြေဖဝါးကား အမိုးကိုင်းကိုထောက်လျက်ကျမိခဲ့၍ ခြေပွတ်တိုင်လည်သွားခြင်းဖြစ်၏။ ထိုဒဏ်ရာကြောင့် လွန်းခင် လမ်းမလျှောက်နိုင်ဘဲဖြစ်နေရသည်။

ပိုက်ပျော့ခွေများ ဂိုဒေါင်အပေါ်ထပ်ကိုပို့ခဲ့အပြီး အဆင်းတွင် လှေကားထစ်တစ်ဝက်တွင် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကိုပြန်ပြောမှ အားလုံးအံ့အားသင့်နေကြလေသည်။

"ဘယ်လိုလဲကွ လွန်းခင်ရ။ သရဲမနဲ့တွေ့ရင် မလွတ်တမ်းဖက်ထားလိုက်မယ်ဆို။ တကယ်တမ်း နဖူးတွေ့ဒူးတွေ့ကြုံရပြီး သရဲမကလက်ကမ်းပေးနေတာတောင် မင်းကရှောင်ပြေးတယ်။ ပြေးလို့မလွတ်တော့ အပေါ်ထပ်ကနေ ခုန်ချပစ်လိုက်တယ်။ အပြောနဲ့ အလုပ်က တခြားစီပဲကိုးကွ ဟား. . . ဟား. . . ဟား"

ဂိုဒေါင်မှူး ကိုအောင်မြိုင်၏ အပြောကို လွန်းခင် ဘာမှမတုံ့ပြန်နိုင်တော့ပေ။

"တော်သေးတယ်၊ ကားအမိုးကိုင်းပေါ် ခြေနဲ့မကျဘဲ ခန္ဓာကိုယ်နဲ့သာကျရင် မစားသာဘူး လွန်းခင်"

မျိုးဝင်းက ပြောခြင်း ဖြစ်သည်။

ကိုအောင်မြိုင်သည် ဂိုဒေါင်ထဲတွင် ဘုရားကျောင်းဆောင်မှ ပရိတ်ရေပုလင်းသွားယူလာခဲ့ပြီးနောက် လွန်းခင်ကို ပရိတ်ရေနှင့်တောက်၊ ပရိတ်ရေတိုက်ပေးလုပ်ပေးမှ တဖြည်းဖြည်း လွန်းခင် စိတ်တည်ငြိမ်သွားလေသည်။

ကိုအောင်မြိုင်သည် ဂိုဒေါင်ထဲတွင် ဘုရားကျောင်းဆောင်မှ ဘုရားပန်းများကပ်လှူထားခြင်း၊ ဘုရားမီးတစ်ပွင့်လှူဒါန်းထားခြင်းတို့ကို လွန်းခင်တို့ ယခုမှ ကောင်းစွာ သတိထားမိသွားလေသည်။ ယခင်က ကိုအောင်မြိုင်ကို အရက်မသောက်တတ်သူတစ်ယောက်မျှသာထင်မှတ်ခဲ့မိကြရာ ယခုမှ ဘာသာတရားကို ရိုသေကိုင်းရှိုင်းသူဖြစ်ကြောင်းကို သဘောပေါက်သွားကြရလေသည်။ နေကောင်းသွားမှ တစ်နေ့ ကိုအောင်မြိုင်ကို လက်ဖက်ရည်တိုက်၍ ကျေးဇူးဆပ်ရဦးမည်။ ယခုတော့ ခြေပွတ်တိုင်လည်သွားသော ဘယ်ခြေထောက်ဒဏ်ရာကို ဆေးစည်းထားပြီး လွန်းခင်သည် တစ်လကျော်လောက် အလုပ်မဆင်းဘဲ အိမ်မှာအနားယူနေခဲ့ရလေသည်။

အောင်ဆန်းလင်း(ဘီအေ)

**စာကြွင်း**

- စက်ရုံဝန်ထမ်း(အငြိမ်းစား)ဒေါ်ညွန့် ပြောပြခဲ့သော ဖြစ်ရပ်တစ်ခုကို လူတချို့၏ နာမည်များ လွဲပြောင်းပြီးရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# မင်းချမ်းမြေ

## သွပ်စာတတ်ဓါပရိယာယ်နှင့် သွပ်ဒုက္ခ (၂)

သည်တစ်ခါ ဇာတ်လမ်းအစမှာ တော့ ကိုဘညွန့်ကိုယ်တိုင် တက်တက် ကြွကြွနှင့် ဦးဆောင်ပြီး လုပ်ရှားပါတော့ သည်။ ငွေပင်ငွေရင်းစိုက်ထုတ်ပေးနိုင် သည့် လယ်ပိုင်ရှင်သူငယ်ချင်းကိုယ်တိုင် တက်ကြွနေလေတော့ ကျောင်းဆရာ နှင့် ရွာဦးကျောင်းက ဦးသူတော်ကြီး တို့လည်း ဝမ်းသာအားရဖြစ်ကြပြီး -

သည်တစ်ခါမှာတော့ ဒင်းလုပ်ရတ် စားလမ်း မာတ်စခန်း အောင်ကိုအောင်မြင် ရလိမ့်မည်ဟု တထစ်ချ မှတ်လိုက်ကြ လေသည်။

ပထမနည်းစဉ်အတိုင်း လိုအပ် သော ဓာတ်ဆေးပစ္စည်းများ စုံလင်စွာ စုဆောင်းပြီး (၃) ဦးသား တက်ညီလက်ညီ လုပ်ဆောင်လိုက်ကြတာ ယခင်ကလိုပဲ (၄)၊ (၅) ရက်အတွင်း ဓာတ်သေလုံး မည်းမည်းပြောင်ပြောင် ဖိုးမဲတောက်တာ ကို့သို့ရရှိခဲ့လေပြီ။

ဘော်ဓာတ်အရည်ကျိုပြီး ငုတ် ပေါ်လုပ်ထုံး စမ်းသပ်လိုက်လေတော့ ဘော်ဓာတ်သားမှာ ယခင်ကထက် ပို၍ ငါလာပြီး အတွင်းသားပါ ဝါသော်လည်း ထင်သလောက် မှတ်ရည်မစွဲပြန်လေ တော့ (၃) ယောက်သား ခေါင်းချင်းဆိုင် လက်မှိုင်ကျသားပြန်လေပြီ။

သည်တစ်ခါမှာ ပြန်လည်နှစ်သိမ့် အားပေးသူကတော့ ဦးသူတော်ကြီးပင် ဖြစ်ပေသည်။

"ကဲ- အေးမောင်နဲ့ဘညွန့်၊ မင်းတို့ ထင်ထားသလို အဂ္ဂိရတ်ဓာတ်လမ်းတွေ က တစ်ခါလုပ်တစ်ခါအောင်မြင်တာမျိုး ဆိုတာက ဝိဇ္ဇာလမ်းပေါက်မြောက်ပြီးတဲ့ သူတွေသာရတာကွ"

ငါတို့လို သာမန်ပုထုဇဉ်တွေက ဉာဏ်အား၊ ကံအားက နည်းလေတော့



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါမရ နှစ်ခါ၊ နှစ်ခါမရ သုံးခါပေါ့ကွာ။ ငါ့မှာရှိတဲ့ဓာတ်ပစ္စည်းတွေ၊ မီးသွေးတွေယူသုံးကွာ။

သကြံန်ရက်အတွင်းမှာ နောက်ထပ်တစ်ခါထပ်လုပ်ကြတာပေါ့။ အားမလျှော့ကြနဲ့ ကိုယ့်လူတို့ရေ"

ဟု သက်ကြီးဝါကြီးသူပီပီ နှစ်သိမ့်အားပေးလေတော့ -

ကိုဘညွန့်လည်း နဂိုခေါင်းကြောမာသူပီပီ -

"ကဲ - လုပ်မယ်ဗျာ။ ဦးသူတော်ရေ အဆင်သင့်သာပြင်ထား။ သကြံန်ရက်အတွင်း ကျွန်တော် ကိတ် (၁) မတ်သားထပ်ရှာလာခဲ့မယ်"

ဟု ကတိပေးလိုက်လေသည်။

ဒီလိုနှင့် ကိုဘညွန့်တို့(၃)ယောက်သီတင်းကျွတ်၊ တန်ဆောင်တိုင်ကနေ နှစ်သစ်ကူးတဲ့ တန်ခူးလသင်္ကြန်အခါသမယတွေမှာ (၃)ကြိမ်၊ (၃)ခါထိုဓာတ်လမ်းကို ကြိုးစားအားထုတ်ကြပါသော်လည်း ငုတ်ပေါ်ဓာတ်လုံးစမ်းသပ်လိုက်တိုင်း ဘော်ဓာတ်ဟာ ကိတ်သက်မကူးနိဗ္ဗာန်မဝင်ဘဲ တုံးလုံးသာခံနေလေတော့သည်။

အများအမြင်မှာတော့ ဒီလောက်(၃)ကြိမ်၊(၃)ခါလုပ်တာတောင် မအောင်မြင်လျှင်တော့ ကိုဘညွန့်တစ်ယောက်အဂ္ဂိရတ်ကို လုံးလုံးစိတ်နာပြီးယတိပြတ်စွန့်လိုက်လိမ့်မည်ဟုထင်ကြသော်လည်းလက်တွေ့မှာက ကိုဘညွန့်စိတ်အစဉ်ဝယ်နာလိုခံခက် သူ၏မာနကို လာထိခိုက်သလိုဖြစ်နေပြီဆိုတော့ အဂ္ဂိရတ်ပညာနှင့်ပတ်သက်ပြီး ဖျာလိပ်ထဲဝင်မိနေလေပြီဆိုတော့ ဘာဖြစ်ဖြစ် ရှေ့ကိုသာဆက်တိုးရတော့မှာပဲဟု မာန်ခဲပြီး ထိုနေ့မှစ၍ဆရာရှာလေတော့သည်။

အဂ္ဂိရတ်သေရာပေါင်းစုံ၊ နယ်ပေါင်းစုံအနှံ့သွားလာပြီး အဂ္ဂိရတ်ပညာသင်အဖြစ် (၃)၊ (၄) နှစ် ခန့်လိုက်လေ့လာပါသော်လည်း ဟုတ်ဟုတ်ငြားငြား မတွေ့ရမြန်ဖြစ်နေလေသည်။

အိမ်မှာလည်း ဖားဖို (၁) လုံးနှင့်မီးသွေး (၂၅) တင်းဝင် ပုတ် (၁) လုံးအပြည့်အဆင်သင့်ရှိနေလေတော့ အဂ္ဂိရတ်ပိုးရှိနေကြသူတို့ထုံးစံအတိုင်း မရှိလျှင် ရှိသည့်ဟာရှိသည့်ဓာတ်ကိုပဲ ဖိုထိုးမည်ဟုကြိမ်းဝါးပြီး အဂ္ဂိရတ်ပိုးစတင်ခါစကလုပ်ခဲ့သော 'လက်ဝဲစားလမ်းလုပ်ရတ်လမ်း' တစ်ခုဖြစ်သည့် 'အောင်မြေဗောဓိလမ်း' ခေါ် 'ကိတ်သေငုတ်ပေါ်ဘော်ဝါရွှေဖြစ်လမ်း' ဖြစ်သော 'ယမ်းစိမ်း၊ အိမ်သုံးဆား၊ လက်ချား၊ ဟင်းရိုင်းနီ၊ ဆီးဖြူကန့်၊ ဒုတ္တာ' စသော နာမ်ဓာတ်ဆေး (၆) ပါးကို တစ်မျိုးလျှင် အလေးချိန် (၂) ကျပ် (၄) ပဲသားစီ ဆေး (၆) မျိုးစုစုပေါင်းအလေးချိန် (၁၃) ကျပ် (၈)ပဲသားကို စုပေါင်း၍ ညက်အောင်ထောင်းပြီး ၎င်းဆေးကို (၉) ပုံပုံကာ ဆေး(၁)ပုံကို (၃) လုံးခွဲ၍ ရုပ်ဓာတ်ဖြစ်သည့် မီးလင်းအခေါက်ရွှေ (ကိတ်) (၄) ပဲသားကို လုံဖောက်အနေတော်မှာထည့်ပြီး ရွှေအရည်ပျော်အောင်မီးထိုးသည်။

ရွှေအရည်ကောင်းစွာပျော်သည့်အချိန်မှာ ဓာတ်ဆေး (၁) ပုံထဲမှ သုံးပုံတစ်ပုံထပ်ခွဲယူပြီး ၎င်းရွှေအရည်ကဲ့သို့ဆေးပေါက်ထည့်ပေး၏။ သမသွား၍ဆေးဝင်သွားအောင် လုံကို အဖုံးငှားဖြင့်ဖုံးထားပြီး ဖိုခွင်ထဲမှာ အသာနှပ်ထားပါ။

လုံနှုတ်ခမ်းညိုလာသည့်အချိန်၌ လက်ကျန်ဆေး (⅔) ကို ထပ်၍ပေါက်ကျွေးပါ။ ၎င်းနည်းအတိုင်း ဆေး(၁)ဖုံကို (၃) ကြိမ်ခွဲ၍ ဆေးဝင်အောင်ကျွေးပြီး လုံခိုင်သရွေ့ နှပ်မီးသာသာလေးနှင့် ထိုးသွားရမည်။

၎င်းနည်းအတိုင်း ဆေးတစ်ဖုံ (၁၃) ကျပ် (၈) ပဲသာကုန်အောင် ကျွေးပြီးပါက လုံခြောက်မီးမှန်မှန်နှင့် လေဖိုတင်၍ မီးတေဇောပေးလိုက်ပါက ရွှေသည် နာမ်ဓာတ်ဆေးအာနိသင်ဝင်လာပြီး ပိုးမဲတောင်တာအရောင် နက်မှောင်လာပြီး ရွှေသေဓာတ်လုံးကို ရရှိလာပါမည်။

၎င်းနည်းအတိုင်း မီးပေးမီးနေမှန်ကန်ပါက ဓာတ်တေဇောဝင်လာပြီး (၂၇) ရက်ခန့် လေဖိုမီးနှင့်တေဇောပေးလိုက်လျှင် ကိတ်ဓာတ်သည် နက်ရွှဲကာလာပြီး သပိတ်ရောင်ထ၍ လာပြီဆိုလျှင် -

ဘော်ဓာတ်သားသန့်သန့်(၁)ကျပ်သားကို အရည်ကျို၍အရည်လျှင်ပြီဆိုပါက ကိတ်သေဓာတ်လုံးကို မီးကင်အပူပေး၍ ဘော်ဓာတ်အရည်ထဲသို့နှစ်လိုက်လျှင် ကိတ်ဓာတ်လုံးကငုတ်ဝင်သွားပြီး တစ်အောင့်လောက်အကြာမှာ လက်ဝဲရစ်လှည့်၍ ဘော်အရည်အပေါ်ပြန်၍ ငုတ်ပေါ်ဓာတ်လုံးဖြစ်ပြီး ဘော်သည် နိဗ္ဗာန်ဝင်၍ ရွှေသားအသွင်ဖြစ်လာစေမည့် လုပ်ရတ်နည်းလမ်းပင်ဖြစ်ပါသည်။

သို့သော် ကိုဘညွန့်တို့လုပ်ခဲ့သမျှသော အကြိမ်တိုင်း ကိတ်သေဓာတ်လုံးသည် ငုပ်ပြီးပြန်ပေါ်လာပါသော်လည်းဘော်မသေ ရွှေမကူးဖြစ်နေ၍ မအောင်မြင်ဖြစ်နေပေသည်။

ထို 'အောင်မြေဗောဓိ ငုတ်ပေါ်ဓာတ်လမ်း' မှာ ကိုဘညွန့်ရင်းနှီးထားခဲ့တဲ့ ကိတ်အခေါက်မီလင်းရွှေဓာတ်သား (၁) ကျပ်သားခန့် အသားတင် အနက်ရောင် ကိတ်သေဓာတ်သားက သူ၏လက်ဝယ်ရှိနေလေတော့ ဘာမှမဖြစ်မည့်အတူတူရှိပြီးသား ကိတ်သေသပိတ်ရောင်ဓာတ်သား (၁) ကျပ်သားကို အဆင်သင့်ရှိနေပြီဖြစ်သော ဖားဖိုနှင့် မီးသွေးတို့ကိုအားကိုးပြီး နေ့စဉ်နှင့်အမျှ တစောစောဓာတ်လုံးထိုးလာခဲ့ရာ လူမှာလည်း မီးပေါက်ရာဗရပွ ပုဆိုးအကောင်း၊ အင်္ကျီအကောင်းနှင့်မမြင်ရ။ အဂ္ဂိရတ်ဆရာရုပ်လုံးလုံးကိုပေါက်နေပေတော့သည်။

ဤသို့ အချိန်ရှိတိုင်း ၎င်းကိတ်သေသပိတ်ရောင်ဓာတ်လုံးကိုသာ မီးတေဇောတက်လာခဲ့ရာ လုံပေါင်း (၁၀၀၀) ကျော်ခန့်အရောက်တွင် ထိုကိတ်သေဓာတ်လုံးမှာ တဖြည်းဖြည်းကျစ်လျစ်ကာ ဃနလက်လေးလက်စနှစ်၍လာပြီး သာမန်ရွှေ(၁)ကျပ်သားပမာဏထက် ပို၍သေးငယ်ကျစ်လျစ်သွား၏။ ဓာတ်အလေးချိန်ကိုချိန်ကြည့်လိုက်တော့လည်း (၁) ကျပ်သားလုံးဝမလျော့ပေ။

သူပြောလူပြောနှင့် ပြဒါးအရည်ထဲသို့ ၎င်းကိတ်သေဓာတ်ကိုထည့်ကြည့်လိုက်လျှင် ပြဒါးရည်ထဲသို့ လုံးဝငုပ်လျှိုးသွားသည်ကို ထူးဆန်းစွာတွေ့ရပါတော့သည်။

ဘာပဲပြောပြော ငါးမရရေချိုးပြန်ဆိုသကဲ့သို့လုပ်ခဲ့သော်လည်း ကိတ်သေဓာတ်လုံးဟာ ဓာတ်ကောင်းလက္ခဏာများနှင့်ကိုက်ညီလာလေတော့ ကိုဘညွန့်တစ်ယောက် အလွန်ပင်ဝမ်းသာပီတိဖြစ်မိလေသည်။

တစ်ခါတလေများ ရှေ့မှာကြုံတင်ဖြစ်လာမည့် အလုပ်ကိစ္စ၊ လူမှုကိစ္စများကိုပင် ကြိုတင်ကာ အိပ်မက်မက်မိပြီးများမကြာမီ အိပ်မက်ထဲကအတိုင်း တစ်သဝေမတိမ်းဖြစ်ပေါ်၍လာကြသည်ကို ထူးကဲစွာတွေ့ရလေသည်။

ထိုသို့ ထူးခြားမှုများဖြစ်ပေါ်လာလေလေ ဓာတ်လုံးအပေါ်မှာ ကိုဘညွန့်က ပို၍တန်ဖိုးထားလေလေဖြစ်နေတော့သည်။

သည်ဓာတ်လုံးကတော့ ငါ့ကိုကျိန်းသေပေါက် အကျိုးကျေးဇူးပြုမှာပဲဟု တထစ်ချယုံကြည်လိုက်ပါတော့၏။

(တတိယပိုင်းကို နောက်လတွင် တင်ဆက်ပေးပါမည်။)

မင်းချမ်းမြေ့(ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

လှဖေတို့ သားအဖသုံးယောက်က တညင်ကုန်းရွာလေး၌ နေထိုင်ကြသည်။ လှဖေ၊ လှငွေနှင့် ဦးစံလှတို့ သုံးယောက်ဖြစ်သည်။ ဖခင်ကြီးဦးစံလှက လှဖေတို့ကိုမမွေးမီက သည်ရွာမှာပင် အိမ်ထောင်ကျခဲ့၍ လက်လုပ်ကိုင်စားသောက်ခဲ့လေသည်။

လယ်မြေငါးဧကရှိခဲ့သော်လည်း ထိုလယ်ပွဲမှာ ထောင်ခြေအနိမ့်၌ရှိနေ၏။ ကုန်းကျသည့်အပြင် လယ်မြေမှာလည်း ကျပ်တီးကုန်းမြေမျိုးဖြစ်ရာ ဂရုတစိုက်နှင့် အပင်ပန်းခံလုပ်နိုင်ပါမှ ဝမ်းစာသာသာအနိုင်နိုင်ရသည်။ အချို့နှစ်များတွင် မိုးပါးသဖြင့် နေပူရက်ကများနေသောကြောင့် စိုက်ထားသော ကောက်ပင်များမှာ နေပူမိပြီးခြောက်လိမ်သွားကြသဖြင့် စပါးတစ်စေ့မှမရသည့်နှစ်လည်းကြုံရလေသည်။

"ဟေ့ - စံလှ၊ မင်းလယ်ကဒီမိုးမှာ စိုက်ကောစိုက်ရပါဦးမလားကွ"

"အေးလေကွာ၊ မိုးက ခါတိုင်းနှစ်တွေလို မကောင်းလေတော့ ရေမရလို့ မစိုက်နိုင်ဘဲဖြစ်နေတယ်လေကွာ"

"ဟုတ်တယ်ကွ၊ ငါတို့စိုက်ပျိုးပြီးသားလယ်တွေကိုတောင် ကန်သင်းတွေ အလုံပိတ်ပြီး ရေရှိနေအောင်လှောင်ထားပေးနေရတယ်လေ"

"ရေမရလေတော့ ငါ့လယ်ပွဲကို ထယ်မထိုးသေးဘူးလေကွာ။ ထယ်ထိုးထားရင်လည်း အခုလိုပူနေပုံမျိုးနဲ့ဆိုရင် ထယ်ခဲတွေနေပူပြီးခြောက်ကုန်မှာလေကွာ"


"ဟုတ်တာပေါ့၊ ထယ်ခဲတွေ ခြောက်ကုန်ရင် သမန်းလူးရင်လည်း သမန်းကောင်းမရနိုင်တော့ဘူးပေါ့ကွာ"

ကိုစံလှမှာ ထိုလယ်ပွဲကိုလယ်လုပ်နေရသည်မှာ တဖြည်းဖြည်းစိတ်ပျက်လာမိသည်။ လယ်မြေရှိနေ၍သာ လယ်သမားအမည်ခံကာလုပ်ကိုင်နေခဲ့ရသော်လည်း စပါးရသည့်နှစ်ကနည်းပါးသည် ဝမ်းစာသာအနိုင်နိုင်ရသည့်နှစ်။ ... နှစ်ဆိုလျှင် မိုးခေါင်၍ လယ်လုံးဝ ... ရသောနှစ်ပင်ရှိခဲ့လေသည်။

"လှဖေရေ၊ ကျွဲတွေကိုတော့ ... ဝအောင်သေချာဂရုစိုက်ကျွေးပါ ... ဒီနှစ်က လယ်မလုပ်ရလို့ ကော ... မထွက်လေတော့ လွတ်ကျောင်းပြီး ... အစာဝအောင်ကျွေးရတော့မှာပဲ"

ကိုစံလှက သူ့အိမ်တွင် ခိုင်း... တစ်ရှဉ်းအပြင် ကျွဲမကိုပါတွဲဖက်၍ ... ထားသဖြင့် ထိုကျွဲမမှ ပေါက်ဖွား... သော ကျွဲလေးများနှင့်ဆိုလျှင် ခြေ... ကောင်ရှိနေလေသည်။

နှစ်စဉ်လိုလို လယ်လုပ်ရအ... အခဲများနှင့် ကြုံတွေ့နေကြ...





www.burmeseclassic.com

www.burmeseclassic.com

လယ်ပွဲကို ဆက်မလုပ်လိုတော့ပေ။ လှည်းနှင့် ကျွဲများကိုသာ ချန်ထားပြီး လယ်လိုချင်သူအားရောင်းချလိုက်တော့သည်။

"ဟင် - ရှင်လယ်မလုပ်တော့ ဝမ်းစာစပါးဘယ်ကရမလဲတော့"

"အိုကွာ-ငါတို့မှာကျွဲတွေနဲ့လှည်းရှိနေတာပဲ။ တောင်ပေါ် တက်ပြီး ထင်းတို့ ဝါးတို့ခုတ်ဆွဲရောင်းချရင် စပါးပြန်ဝယ်နိုင်တာပဲလေ. ငါတို့လယ်ကမိသားစုတွေအားလုံး အပင်ပန်းခံပြီးလုပ်ခဲ့တာတောင် အလုပ်မှမဖြစ်တာဘဲကွာ"

ကိုစံလှက ထိုလယ်ပွဲကို ရောင်းလိုက်ရခြင်းနှင့် ဝမ်းစာစပါးရရန် တောတက်ကာ ထင်း၊ ဝါးခုတ်ရောင်းချ၍ ရှာမည်ဖြစ်ကြောင်း သူ့မိသားစုကို ရှင်းပြနေလေသည်။

ကိုစံလှတို့ ရွာကလေးကား [illegible] မြေနှင့်မဝေးလှသလို မြို့နှင့်လည်းနှစ်[illegible] ခန့်သာ ဝေးကွာသည်။ တောမဝေးမြို့မဝေးရွာလေး ဖြစ်သည်။ ရန်ကုန် - မန္တလေးသွားကားလမ်းနှင့် ရထားလမ်းတို့က ရွာကလေး၏ အရှေ့ဘက်တစ်မိုင်ခန့်ပင်မဝေးချေ။ ထို့ကြောင့်လည်း ထိုရွာကလေးမှ မြို့သို့ ဈေးဝယ်ရန်ဖြစ်စေ၊ နာမကျန်းဖြစ်၍ မြို့ဆေးခန်းပြရန်ဖြစ်စေ၊ ကျောင်းသွားရန်ဖြစ်စေ ရွာမှတား လမ်းသို့ဖောက်ထားသော မြေဖို့လှသွားလမ်းအတိုင်းလျှောက်[illegible] လမ်းရောက်လေလျှင် [illegible] ဆိုက်ကား၊ မြင်းလှည်း၊ [illegible] လိုက်သွားနိုင်ကြသည်။ [illegible] ကျောင်းသားကျောင်း[illegible]မတော့ မိမိတို့တွင်ရှိသော [illegible]လေးများနှင့်ကျောင်းသွား[illegible]သည်။

"သားကြီး [illegible] အဖေတို့ သားအဖ မနက်စောစောထပြီး တောထဲ ဝါးတက်ခုတ်ကြမယ်ဟေ့"

"ဟုတ်ကဲ့ - အဖေ၊ ဘယ်အချိန်လောက်ထသွားကြမှာလဲဗျ"

"မနက်အက် ကြက်ဦးတွန်ရင်ထွက်ကြမယ်လေကွာ။ ဒါမှ တောထဲက

တင့်ထူး (ဗေဒါဝတီ)

# မီးပြသရဲ၏ပရိယာယ်





www.burmeseclassic.com

www.burmeseclassic.com

ဝါးခုတ်မယ်နေရာကို စောစောရေခပ်ပြီး ဝါးစောစောခုတ်တင်နိုင်တော့ အဖေတို့ရွာကို နေသိပ်မပူမီပြန်ရောက်နိုင်မယ်။ လူရောကျွဲတွေပါ နေပူမမိဘူးပေါ့ကွာ။ သားမအိပ်ခင် ကျွဲတွေကို ကောက်ရိုးချကျွေးပေးထားဦးဟေ့"

"အဖေ၊ မနက်ကြက်ဦးတွန်ရင် ကျွန်တော်မနိုးရင် အဖေကနှိုးဦးနော်"

"အေးပါကွာ၊ အဖေနှိုးပါ့မယ်"

မနက်ကြက်ဦးတွန်သံကြားလျှင် ဦးစံလှက သားဖြစ်သူလှဖေကိုနှိုးသည်။ နံနက်စောစော ရေနွေးကြမ်း၊ ပဲပြုတ်ကြော်၊ ငါးပိကြော်နှင့် ထမင်းကြမ်းစားကြသည်။ စားသောက်ပြီးသည်နှင့် လှည်းကောက်ကာ သားအဖနှစ်ယောက် တောထဲသို့မောင်းလာခဲ့ကြသည်။ လှဖေက လှည်းမြီးတို၏ လှည်းဆောင်ပန်းပေါ်တွင် ထိုင်၍လှည်းမောင်းသည်။ သူ့ဖခင်ကတော့ လှည်းဇင်တုံးပေါ် ထိုင်လိုက်ကာ ဆေးလိပ်သောက်ကာလိုက်ပါလာသည်။ စောစောထွက်လာခဲ့ကြ၍ လေနုအေးက တိုက်ခတ်နေသဖြင့် ချမ်းအေးနေလေသည်။

"အဖေကိုင်ထားနော်၊ ရှေ့မှာ ချောင်းထဲဆင်းတော့မယ်"

"အေးပါကွာ အဖေသိပါတယ်။ မင်းသာမောင်းဆင်းပါ"

ချောင်းအဆင်းဆိုတော့ ကျွဲနှစ်ကောင်ကအမြေးဆင်းလေသည်။ချောင်းထဲရောက်လျှင် ချောင်းရေစပ်စပ်ထဲတွင် ရပ်ကြ၍ ကျွဲများကသေးပေါက်ချေးပါလုပ်ကြသည်။

"အဖေ၊ သားချောင်းထဲဆင်းပြီး ကျွဲနှစ်ကောင်ကိုချောင်းရေနဲ့ပက်ပေးဦးမယ်လေ"

"အေး-သိပ်ကောင်းတာပေါ့ကွာ။ စောစောစီးစီး ကျွဲတစ်ကိုယ်လုံးရေရွှဲနေအောင်ပက်ပေးရင် အပူတွေထွက်ပြီး ကျွဲတွေကျန်းမာတာပေါ့ကွာ"

လှဖေက ပုဆိုးခါးတောင်းကျိုက်ကာ ချောင်းထဲဆင်းပြီး ကျွဲနှစ်ကောင်ကို လက်ခုပ်နှင့်တစ်လှည့်စီရေပက်ပေးလေသည်။ ရေပက်ပေးသည်ကို ကျွဲများကအလွန်နှစ်သက်ကြ၏။

"ဟာ- အဖေ၊ ကျွဲတွေကိုယ်လုံးထဲက အငွေ့တွေတအားထွက်လာတယ် ဗျို့"

"သားရေ၊ ဒီနားမှာပဲ ကျွဲတွေဖြုတ်ပြီး ဝါးရုံပင်မှာချည်ထားဟေ့။ ဒီနားမှာ ထင်းဝါးတွေပေါတယ်ကွ၊ အဖေတို့သားအဖ ဝါးတစ်ရာကျော်လောက်ရအောင် ခုတ်ကြစို့ကွာ"

အချိန်တစ်နာရီကျော်ကျော်ခန့်ကြာအောင် သားအဖနှစ်ယောက်ခုတ်ခဲ့ကြ၍ ထင်းဝါးတစ်ရာကျော်ခန့်ရခဲ့ကြ၏။ ထိုဝါးများအား တစ်နေရာတည်းတွင် အရင်းအဖျားသီးသန့်ချ၍ စုပုံကြသည်။ ပြီးလျှင် ထိုဝါးအဖျားပိုင်းသုံးပုံးတစ်ပုံခန့်မှ သံကြိုးနှင့်ပတ်၍ချိတ်လိုက်သည်။ ကျန်သော သံကြိုးတစ်စကို စွတ်ထမ်းပိုး၌ သံကြိုးချိတ်နှင့်ပတ်၍ချိတ်ကာ လှည်းစခန်းရောက်သည်အထိ မောင်းဆင်းလာခဲ့ကြသည်။ စွတ်လမ်းအတိုင်း ကျွဲ၊ နွားများနှင့် ဝါး၊ ထင်းတုံးများစွတ်ဆွဲချရာတွင် အမောင်းကျွမ်းကျင်ကြရသည်။ အမောင်းမကျွမ်းကျင်လျှင် ဝါးထိပ်အချွန်းများက ကျွဲ၊ နွားခြေထောက်ကိုထိုးကြမည်ဖြစ်သလို တုံးဆိုလျှင်လည်း ကျွဲ၊ နွားခြေထောက်များအား တုံးကြိတ်ခံရမည်ဖြစ်သည်။

"သားရေ၊ မင်းလည်းနောက်ဆိုစွတ်နဲ့မောင်းဆင်းတတ်အောင် မောင်းဆင်းတာကို ကြည့်ထားကွ။ စွတ်လမ်းက တစ်ဖြောင့်တည်းမဟုတ်ဘူး။ တချို့တစ်နေရာမှာ အကွေ့အစောင်းတွေရှိတယ်လေ။ အကွေ့ဆင်းမှာ မောင်းဆင်းမယ်ဆိုရင် အတိုင်ဘက်ကကျွဲကို နဖားကြိုးဆွဲပြီးထိန်းထားရပြီးတော့ အလှည့်ကျွဲကို ရှေ့ဘက်နည်းနည်းလွန်အောင် မောင်းဆင်းပေးရတယ်။ ဒါမှတုံးထိပ်၊ ဝါးထိပ်တွေက ကျွဲ၊ နွားတွေရဲ့ခြေထောက်ကို မထိုးမိမကြိတ်မိမှာကွ"

မကြာမီ လှည်းစခန်းရောက်ကြပြီး ထိုဝါးတို့ကို လှည်းမြီးတို့ပေါ် စီတင်ကြသည်။ ရှေ့ဘက်သို့အဖျား၊ နောက်ဘက်ကအရင်းထား၍တင်ပြီးခဲ့လျှင် သံကြိုးပတ်၍ ဂျက်တင်းတင်းရိုက်ထားရသည်။

"ကဲ- သားရေ၊ ကျွဲတွေဆွဲလာပြီး လှည်းကောက်ကြမယ်ဟေ့"

ဝါးခုတ်ပြီး လှည်းပေါ်တင်ရသည်က လက်နှင့်မ,ယူ၍တင်ရုံပင်။ ထင်းတုံးဆို ပါက မ,၍မနိုင်သဖြင့် လှည်းပေါ်သို့တင်ရာတွင် တဖြည်းဖြည်းသံတူးရွင်းနှင့် ကုပ်ကုပ်ပြီး ရွှေ့တင်ယူရလေသည်။

"မောင်းဟေ့ လှဖေ၊ သွက်သွက်တို့မောင်းကွ။ လမ်းမှာနေပူမိနေမယ်ဟေ့"

"တောထဲကထွက်ပြီး ကွင်းပြန်ရောက်ရင် လှည်းဖြုတ်ထားပြီး ကျွဲတွေအစာစားရအောင်လွှတ်ကျောင်းဦးမလားအဖေ"

"အင်း- အချိန်ရှိသေးရင်လည်း လွှတ်ကျောင်းကြတာပေါ့ကွာ"

နံနက် ဆယ်နာရီခွဲအချိန်ခန့်တွင် အိမ်ပြန်ရောက်ခဲ့ကြသည်။

"ညီလေးမောင်ငွေ၊ ဒီကျွဲနှစ်ကောင်ကို ရွာပြင်က ကန်သင်းတွေဆီမောင်းသွားပြီး စားကြောင်းတိုက်ကျောင်းပါကွာ"

ကျွဲစားကြောင်းတိုက်ရာမှ ရှေ့တွဲကျောပေါ်တွင်ထိုင်လိုက်၍ နောက်တကျွဲတစ်ကောင်ကို ကြိုးရှည်ရှည်နှင့် ကိုင်၍ ကန်သင်းတစ်လျှောက် တဖြည်းဖြည်းကျောင်းကာ ကန်သင်းမှမြက်များကိုစားကြစေခြင်း ဖြစ်သည်။

ထိုသို့ လယ်ကိုစွန့်လွှတ်ပြီး ထင်းတုံး၊ ဝါးများတက်ဆွဲကာ လုပ်ကိုင်စားသောက်ခဲ့ကြရင်းက ယခုတော့ မိခင်ကြီးကွယ်လွန်ခဲ့ပြီဖြစ်၍သားအဖသုံးယောက်သာ ကျန်ခဲ့တော့သည်။

❑

ဦးစံလှအသက်က ငါးဆယ်ကျော်ခြောက်ဆယ်အတွင်းရောက်လာခဲ့ပြီ။

"အဖေ၊ တောတောင်ထဲအလုပ်ကို သားပဲသွားလုပ်ပါ့မယ်။ အဖေက အသက်ရလာပြီဆိုတော့ အိမ်မှာပဲနေပြီး အချက်အပြုတ်နဲ့ပဲနေပါ။ ကျွဲတွေကိုတော့ ညီလေးမောင်ငွေကကျောင်းပါလိမ့်မယ်"

အိမ်၏ ဝင်ငွေရရန် အလုပ်ကို သားကြီး လှဖေက လုပ်ကိုင်ခဲ့တော့သည်။ မြို့သို့ ဝါးလှည်း၊ ထင်းလှည်းမောင်းသွားလျှင် ဝါးလိုအပ်သူ၊ ထင်းလိုအပ်သူတွေက ဝယ်ယူအသုံးပြုကြသည်။ တချို့က ထပ်၍မှာကြသဖြင့် လှဖေလည်း တောတက်၍ခုတ်ပေးရလေသည်။ မြို့တွင် ထင်းတုံး၊ ဝါးများရောင်းချပြီး၍ ငွေရလာလျှင် အိမ်အတွက် လိုအပ်သော ပစ္စည်းတချို့ကို ပြန်ဝယ်လာခဲ့ရသည်။

"အင်း- ငါ့အဖေဟာ ဟိုတုန်းက မြို့ပေါ် ထင်းဝါးရောင်းလာခဲ့ရင် ခေါက်ဆွဲကြော်စားနေကျပဲ။ ကြိုက်လည်းတော်တော်ကြိုက်ရှာတယ်။ အခုတော့ ကိုယ်တိုင်မလုပ်နိုင်မသွားနိုင်လေတော့ မစားရရှာဘူး။ ဒါကြောင့် ငါရွာအပြန် အဖေနဲ့ညီလေးအတွက် ခေါက်ဆွဲကြော် ထုပ်ဝယ်ယူသွားမှပဲ"

"ဟ - သားကြီးလှဖေ မင်း ပြန်လာတာစောလှပါလား၊ ရောင်းကောင်းရဲ့လား သားကြီးရဲ့"

"ရောင်းကောင်းပါတယ် အဖေ နောက်ထပ်တောင် ဝါးတွေပို့ပေးဖို့



www.burmeseclassic.com

www.burmeseclassic.com

လိုက်ကြသေးတယ်။ ဟောဒီမှာ အခေါကြိုက်တတ်တဲ့ ခေါက်ဆွဲကြော် ယ်လာတယ်ဗျ။ အဲဒါမအေးသေးခင် စားလိုက်ဦးဗျ"

"သားရယ်၊ အဖေ့အတွက် တားဝယ်လာတယ်ကွာ။ ပိုက်ဆံ န်တာပေါ့"

"အိုဗျာ - ပိုက်ဆံက ထင်းဝါးခုတ် ောင်းပြီးထပ်ရှာရင်ရပါတယ် အဖေရဲ့။ အခေါကြိုက်တတ်မှန်းသိလို့ သားဝယ် လာပေးတာပါဗျာ"

တစ်နေ့တွင် ရွာထဲမှစက်တုံးထမ်း တက်ခုတ်သော ကိုဖိုးချစ်ရောက် လာသည်။

"ဟေ့- လှဖေရေ လှဖေရှိလား"

"ရှိပါတယ် ကိုဖိုးချစ် လာလေဗျာ။ ာတိစ္စရှိလို့လဲဗျ"

"ဒီလိုပါကွာ၊ ဟိုထိုးကျကြီး အထက်က မျောက်လွတ်ပင်ကြောပေါ် ငါခုတ်ထားတဲ့ စက်တုံးအကြမ်းတုံး တွေကို မင်းရွာအရောက်ဆွဲပေးဖို့ပါပဲ"

"ဈေးကတော့ သူများတွေပေးတဲ့ အတိုင်းပဲပေါ့။ အဲဒါ ဒီညသွားစွတ်ပေးမှ နောက်နေ့မနက် ပဲခူးကကားရောက်လာ ရင် တစ်ခါထဲတင်ပေးနိုင်မှာကွ"

"ဟာ - ကိုဖိုးချစ်ကလည်း အရေး ကြီးချည်းပါလားဗျ။ ကျုပ်ကျွဲတွေက နေ့မှ မြို့ကတစ်ခေါက်ပြန်လာတာလေ ဗျ"

"လုပ်ပေးစမ်းပါ လှဖေရာ အရေး ကြီးလို့ပါ။ ငါသူတကာပေးတဲ့ဈေးထက် တစ်တုံးကို သုံးကျပ်စီပိုပေးပါ့မယ်ကွာ"

"ကောင်းပြီလေ၊ ခင်ဗျားကို အားနာလို့ ကျုပ်သွားဆွဲပေးပါ့မယ်"

ညနေလေးနာရီခန့်တွင် လှဖေတို့ ညီအစ်ကို တောတက်လာခဲ့ကြသည်။ သာရက်ဖြစ်၍ ညဘက်တက်ဆွဲနိုင် ခြင်း ဖြစ်လေသည်။ စက်တုံးများခွဲထား ရာနေရာသို့ ညဆယ်နာရီအချိန်ခန့် ရောက်လာကြသည်။ ညဘက်ဖြစ်၍ တောတောင်ထဲတွင် လူသံသူသံတိတ် ဆိတ်နေသည်။ ပုစဉ်းရင်ကွဲအော်မြည် သံများ၊ ငှက်ငယ်လေးများလန့်ပျံသံများ၊ တစ်ခါတစ်ရံ တောထဲမှချေဟောက်သံ တို့ကိုသာကြားရသည်။ ထိုစက်တုံးများ အား သံကြိုးနှင့်ပတ်ချည်ကာ လှည်း ခန်းသို့ဆွဲချလာကြသည်။ စခန်းရောက် လျှင် လှည်းပေါ် တင်ပြီး ဂျက်တုတ်ကာ ရွာသို့ပြန်မောင်းလာခဲ့ကြရာ နံနက် တစ်ဦးတွန်ချိန်၌ ပြန်ရောက်ခဲ့ကြလေ သည်။

ယခုဆိုလျှင် လှဖေက ထိုအလုပ် များလုပ်နေရသည်မှာ အခေါက်ခေါက် အခါခါဖြစ်လာသောကြောင့် လုပ်ငန်း၌ ပင် ကျွမ်းကျင်နေပေတော့သည်။ ဝါး၊ ထင်းတုံး၊ စက်တုံး၊ ဖျဉ်များတက်ဆွဲပေး ရသည့်အခါ စွတ်လမ်းအဆင်းတွင် ကျွဲ တွေက တဖြည်းဖြည်းထိန်း၍ဆင်းရ ကြောင်းသိနေကြသည်။ စွတ်လမ်းကွေ့ ကောက်အဆင်းတို့တွင်ပင် အတိုင် အလှည့်ကျွဲများက ဘယ်ကျွဲကရှေ့တတ် ရမည်ကိုပါ နားလည်နေကြတော့သည်။

"သားကြီးရေ တောတက်တဲ့အခါ ကျွဲတွေကို ညှာညှာတာတာခိုင်းပါကွာ။ သူတို့ အားနဲ့အင်နဲ့လုပ်ပေးနေကြလို့ အဖေတို့သားအဖ အခုလိုဘဝရပ်တည် နေနိုင်ကြတာ မဟုတ်လား"

"ဟုတ်ကဲ့ပါ အဖေ၊ သားလည်းသိ ပါတယ်။ ဒါကြောင့် ခိုင်းရာမှာညင်ညင် သာသာပဲခိုင်းပြီး အပြန်မှာမြက်ပေါတဲ့ နေရာတွေ့ရင် လှည်းဖြုတ်ပြီး အစာဝ အောင်လွှတ်ကျောင်းပေးပါတယ်။ ရေ ပက်ပြီးရေလည်းချိုးပေးပါတယ်"

လှဖေ ထိုသို့ဂရုစိုက်ခဲ့သဖြင့် ကျွဲ နှစ်ကောင်မှာ အလုပ်တွေကိုပင်ပန်းကြီး စွာလုပ်ကြရသော်လည်း ဝဖြိုးနေလေ သည်။ အိမ်ကကျန်သော ကျွဲမနှင့်ကျွဲ ငယ်များကိုတော့ ဦးလေးလှငွေက ထိန်း ကျောင်းပေးခဲ့လေသည်။

တစ်နေ့နံနက်ပိုင်း တောင်ပေါ် အထက်ဘက်ဆီမှ ဝါးစွတ်တစ်စွတ် မောင်းဆင်းလာသံကြားကြလေသည်။

"ဟေ့ဟေ့- အထက်ဘက်က ဝါး စွတ်တစ်စွတ်မောင်းဆင်းလာနေတယ် ဟေ့။ လမ်းဘေးဘက်တက်ပြီးရှောင်နေ ကြဟေ့"

"ဟာ"

"ဟင်"

"ဝါးစွတ်နောက်က မောင်းလာ သူလည်းပါမလာပါလား။ ကျွဲတွေချည်း ဆွဲဆင်းလာနေကြတာပါလား"

လူမပါဘဲ ကျွဲတွေချည်းဆွဲဆင်း လာသည်ကို တအံ့တဩတွေ့မြင်ကြ ကာ ကျွဲခြေထောက်များ ဝါးချွန်များနှင့် ထိုးမိလေမှခက်ကြမည်ဟု တွေးပူကြ လေသည်။

"ဟ- ဒီစွတ်ဆွဲချသွားတဲ့ ကျွဲနှစ် ကောင်က ဟိုလှဖေရဲ့ကျွဲတွေပဲကွ။ ဒီ အကောင်နောက်မှာဘာလုပ်ကျန်နေခဲ့ ပါလိမ့်"

"လှဖေက သူ့ကျွဲတွေကျွမ်းတာ ကို ယုံကြည်တယ်လေ။ သူ့ကျွဲတွေက အကွေ့အကောက်အဆင်းတွေမှာ ဘယ် လိုဆင်းကြရမှာကို နားလည်ပြီးသားကွ။ လှည်းစခန်းရောက်အောင်ဘာမှမဖြစ်ဘဲ ဆွဲဆင်းသွားပြီး လှည်းစခန်းရောက်သွား တာနဲ့ နောက်ကသခင်ရောက်အလာကို စားမြုံ့ပြန်ရင်း ရပ်စောင့်နေကြတော့ တာလေကွာ"

"အေးကွာ၊ လိမ္မာလိုက်တဲ့ကျွဲတွေ ပဲကွာ"

လှဖေနှင့် ထိုကျွဲများက တောထဲ သို့ အခေါက်ခေါက်အခါခါ သွားလာ လုပ်ကိုင်နေကျဖြစ်၍ လမ်းကြောကို အလွတ်ရနေကြသည်။

တစ်ညမှာတော့ ခပေါင်းပင်စခန်း အထက်၌ခွဲထားသော စက်တုံးအကြမ်း တုံးများအား တက်ဆွဲပေးရန် လှဖေတစ် ယောက်တည်း လှည်းမြီးတိုကိုမောင်းလာ ခဲ့လေသည်။ သည်တောသည်တောင် က သွားနေလာနေကျဖြစ်၍ လှဖေအဖို့ ရေအိုးနှင့်ရေမှုတ်လိုသဘောထားခဲ့၏။

ညသန်းခေါင်ကြက်တွန်သည်နှင့် ရွာမှလှည်းကောက်ကာ မောင်းထွက်လာ ခဲ့သည်။ အဖော်လှည်းဖျားက နံနက် လေးနာရီလောက်မှ တောတက်လာကြ မည်ဖြစ်သည်။ လှဖေဆွဲပေးရမည့် စက် တုံးများက မိုးလင်း ရွာအရောက်ဆွဲပေး ရမည်ဖြစ်၍ အရေးကြီးသဖြင့် ညတွင်း ချင်းတက်လာရခြင်း ဖြစ်သည်။ လဆုတ် ရက်ဖြစ်သောကြောင့် လတစ်ခြမ်းသာ လင်းသဖြင့် လရောင်က သိပ်မလင်းချေ။ တစ်ယောက်တည်း လှည်းပေါ် ထိုင်ကာ မောင်းလာရင်း တောထဲရောက်လာ သောအခါ သစ်ရိပ်ဝါးရိပ်များကြောင့် အေးလာလေသည်။

"ဟာ - တော်တော်အေးလာတာ ပဲ။ မဖြစ်ဘူး၊ အအေးသက်သာအောင် ငါဆေးလိပ်မီးညှိဖွာလေမှပဲ"

လှဖေ သူ့အင်္ကျီအိတ်ထဲမှ ဆေး တစ်လိပ်ကို ပါးစပ်တွင်တပ်ကာ မီးခြစ် နှိုက်ရှာသည်။

"ဟင်"

"အဲဗျာ အဲဒါမှဒုက္ခပဲ။ ငါမီးခြစ် မှထည့်မလာမိဘဲ မေ့ခဲ့တာပါလား"

လှဖေမှာ ဆေးလိပ်သောက်တတ် သူဖြစ်၍ သူ့အိတ်ထဲတွင် မီးခြစ်နှင့်ဆေး လိပ်ကအမြဲဆောင်ထားတတ်၏။ အိတ် ထဲ၌ ပိုက်ဆံသာမရှိပေမယ့် ဆေးလိပ်နှင့် မီးခြစ်ကတော့ အမြဲရှိ၏။ လှည်းမောင်း ရင်း၊ စွတ်ဆွဲရင်း၊ ဝါးခုတ်ရင်း ဆေးလိပ် ခဲကာလုပ်လေသဖြင့် သူ့အဝတ်အစား များမှာ မီးလောင်ပေါက်ဗရပွနှင့်ဖြစ်လေ

www.burmeseclassic.com

# ကိုသက်ရှည်

# ကလေးအတက်ရောဂါပျောက်ဆေးတစ်နည်း

ကလေးငယ်များ ငယ်စဉ်အခါ လေးဖက်တွားအရွယ်မှ မတ်တတ်ပြေးသည့်အရွယ် အသက် (၄)၊ (၅)နှစ်သား အရွယ်တိုင်း ငိုသည့်အခါ တက်၍သွားတတ်သည့်ကလေးငယ်များ တွေ့ဖူးကြပါလိမ့်မည်။ ထိုကဲ့သို့ ရှုတ်တရက်ငိုလျှင် တက်တတ်သည့်ကလေးငယ်တို့မှာ လူကြီးသူမတို့အဆိုအရ အကြောကြီးသူ၊ စိတ်ကြီးသူများဖြစ်သည်။

တက်တတ်သည့် ကလေးငယ်တို့မှာ ကလေးထိန်းရင်း မတော်တဆ ထိခိုက်မိ၍ဖြစ်စေ၊ လူကြီးများက်နောက်ပြောင်ကျီစယ်လွန်သည့်အခါဖြစ်စေ ငိုလျှင် အသံတော်တော်နှင့်ထွက်၍မလာဘဲ မေ့မြောသွားသည့်တိုင် အသက်အောင့်၍တက်သွားတတ်သည်။ ထိုသို့တက်၍သွားလျှင် လူကြီးများကတတ်သရွေ့မှတ်သရွေ့ ဝိုင်းဝန်းကာ နှိပ်ကြရသည်။ ခြေသလုံး၊ တံကောက်ကြော၊ ပေါင်တွင်းကြောတို့အား နှိပ်နယ်ပေးမှသာ သတိပြန်ဝင်လာကာ ဟင်းခနဲ သက်ပြင်းရှည်ကြီးမှုတ်ထုတ်ကာ သတိပြန်ဝင်လာတတ်သည်။

ထိုသို့မကြာခဏတက်တတ်သည့် ကလေးငယ်တို့မှာ အတက်လွန်၍အချိန်လွန်လျှင် အသက်ပင်ဆုံးရှုံးနိုင်သည် အထိ ဖြစ်သည်။ စိတ်တိုလွယ်၊ စိတ်ကြီးသူများပီပီ ငိုတာနှင့် တစ်ပြိုင်နက် အသံတော်တော်နှင့်မထွက် အသက်မရှူဘဲ မေ့မြောအောင်တက်၍သွားလေ့ရှိသည်။

စာရေးသူ၏ညီအငယ်ဆုံးဆိုလျှင် ငယ်စဉ်က ငိုသည့်အခါတိုင်း တက်၍သတိမေ့သွားလေ့ရှိရာ ဝိုင်းဝန်းကာ ခြေသလုံးကြော၊ တံကောက်ကြော၊ ပေါင်တွင်းကြောတို့အား ဝိုင်းကူနှိပ်ပေးမှ အတက်ပြန်ပေါ်လာကာ သတိဝင်လာတတ်သည်။ တက်၍သတိမေ့သွားလျှင်လည်း လူမှာပျော့အိနွံ့ခွေသွားလေ့ရှိသည်။ ကလေးအား မည်သူမျှမစ မနောက်ရဲကြပေ။

ကလေးငယ် အတက်ရော...
ပျောက်ကင်းစေသည့်နည်းမှာ ...
တောင်ယာမြေများအတွင်း တွေ့ရှိ...
သည့် တောကင်းခြေများ၊ အကော...
ကြီးလျှင် လူ့လက်ညှိုး၊ လက်ခလ...
အရွယ်၊ အကောင်အရှည် တစ်ထွာ...
မိုက်ရှိပြီး အရောင်မှာ မန်ကျည်း...
ရောင် နီညိုရောင်ပေါက်နေသည့် ...
ကင်းခြေများအား မီးဖုတ်၊ ဖျားရှည်...
ကျွေးကာပေးရမည်။

စာရေးသူ၏ ညီအငယ်ဆုံးမှာ ...
နည်းနှင့် ပျောက်ကင်းသွားခဲ့သည်...
ယနေ့တိုင်ပင် ဖြစ်ပါသည်။

အချို့က တက်သည့် ကလေး...
အား ဘုရားဆွမ်းတော်တင်အားရှ...
စတိကျွေးကြသူများလည်းတွေ့ရသည်...

ကိုသက်ရှည်

---

သည်။

"ငါဆေးလိပ်သောက်ရဖို့က လူကြုံတွေ့မှပဲ မီးခြစ်တောင်းပြီးညှိသောက်နိုင်တော့မှာပဲ"

"တောင်ပေါ်က စွတ်မောင်းလာသူတွေ မြန်မြန်တွေ့နိုင်ပါစေ"

စိတ်ပျက်ပျက်နှင့် လှည်းမောင်းလာခဲ့လေရာ ရှေ့ခပ်လှမ်းလှမ်းတွင် လှည်းတစ်စီး သူ့ရှေ့မှမောင်းသွားနေပြီး လှည်းပေါ်တွင် ဆေးလိပ်မီးတဖွားဖွားလွင့်နေသည်ကို မြင်တွေ့လိုက်ရသည်။

"ဟာ - ငါ့ရှေ့ကလှည်းမှာ မီးပါတာပဲ။ ရှေ့လှည်းကို အမှီလိုက်ပြီး ဆေးလိပ်မီးတောင်းညှိမှပဲ"

လှဖေ သူ့လှည်းပေါ်မှဆင်းကာ ရှေ့လှည်းသို့အမီပြေးလိုက်သည်။

"ဟင် - ငါဒီလောက်မြန်မြန်ပြေးလိုက်တာတောင် ရှေ့လှည်းကိုမမှီနိုင်ပါလား"

လှဖေမှာ ထိုထက်မြန်မြန်ပြေးလိုက်ပြန်သည်။

"ဟော - ရှေ့လှည်းပေါ်က ဆေးလိပ်သောက်နေတဲ့လူဟာ လှည်းပေါ်ကဆင်းပြီး တောင်ကုန်းတစ်ခုပေါ်တက်သွားပါလား။ ဒီကောင် ကုန်းပေါ်မှာ တစ်ခုခုခုတ်ယူမယ်ထင်တယ်"

လှဖေ ထိုတောင်ကုန်းပေါ်ဆက်၍ လိုက်ခဲ့သော်လည်း တောင်ကုန်းသာဆုံးသွားခဲ့သည်။ ထိုသူကိုလုံးဝမတွေ့တော့ပါချေ။ သူစိတ်ပျက်ပျက်နှင့် တောင်ကုန်းပေါ်မှ ပြန်ဆင်းလာခဲ့ရာ သူ့နောက်မှ ဝါးခုတ်တက်လာသော လှည်းသမားများမီလာ၍တွေ့လေသည်။

"ဟင် - လှဖေ၊ စောစောစီးစီး တောင်ကုန်းပေါ်တက်ပြီး ဘာသွားလုပ်တာလဲကွ"

"မီးတဖွားဖွားတရဲရဲနဲ့ဆေးလိပ်သောက်ပြီး တောင်ကုန်းပေါ်တက်သွားတဲ့လူကိုတွေ့လို့ ဆေးလိပ်မီးတောင်းရအောင်လိုက်ခဲ့တာဗျာ။ တောင်ကုန်းသာဆုံးသွားတယ်။ လူကိုလည်းမတွေ့ရ၊ မီးလည်းမရလို့ စိတ်ပျက်ပြီးပြန်ဆင်းလာခဲ့တာလေဗျာ"

"ဟင် - ဟုတ်လား"

"မင်းဘယ်မီးတောင်းလို့ရနိုင်...
လဲကွ၊ ဒီတောင်ကုန်းပေါ်မှာက ...
သရဲရှိတယ်လေ။ ငါတို့ရွာက သာ...
လည်း မင်းလိုအဖြစ်မျိုးကြုံခဲ့ဖူးတာ...
ကြာသေးလို့လဲကွာ"

"ဟုတ်ရဲ့လားဗျာ၊ ကျုပ်ဒီလမ်း...
နေ့နေ့ညညအခေါက်ပေါင်းမရေ...
နိုင်အောင် သွားလာနေတာ တစ်...
မကြုံဖူးခဲ့ပါဘူးဗျာ"

"မင်းအခေါက်ခေါက်သွားပေ...
အဖော်တွေနဲ့သွားရင် မတွေ့ပေ...
တစ်ယောက်တည်းသွားလာတာကြုံ...
ဒီလိုမီးပြပြီးခြောက်တတ်တယ်လေ"

ထိုရွာသားလှည်းသမားပြော...
တော့မှပင် လှဖေလည်း သူ့အား...
လိပ်မီးဖွားပြကာ ခြောက်လှန့်ခဲ့...
မီးပြသရဲကိုသိလာရတော့သည်...
တွင် ထိုတောသို့တက်ရပါက အဖော်...
သာသွားရန် ဆုံးဖြတ်ခဲ့ပေတော့သည်...

ဘင့်ထူး (ဇေယျာ...



www.burmeseclassic.com

www.burmeseclassic.com

သုဒ္ဓ(နဝင်းမြို့)

# ရတနာများစွာရောက်ရှိလာစေနိုင်သော မဏိရတနာအိုးစမ

ဆောင်းပါး(၅)

တစ်နေ့သ၌ ကျွန်ုပ်သည် နေ့စဉ်မပြတ်ဖြစ်သောကျင့်ဝတ်နှင့် အရဟံမဟာသိဒ္ဓိအဓိဋ္ဌာန်ကြီး၏ အဓိဋ္ဌာန်ကျင့်စဉ်ကို နေ့စဉ်မပျက် ဆောင်ရွက်မြဲ ဖြစ်ပါသည်။ နိစ္စဓူဝကျင့်ဝတ်နှင့် အဓိဋ္ဌာန်ကျင့်စဉ်တို့ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးသည်နှင့် ဘုရားခန်းမှထွက်လာပြီး အလုပ်စားပွဲတွင်ထိုင်ကာ အရှေ့လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာမှာရှိကြသောဝေနေယျများစွာ သတ္တဝါတို့အား မေတ္တာပို့သခြင်း၊ ကုသိုလ်အမျှပေးဝေခြင်းတို့ကို ထပ်ဆင့်ပြုလုပ်မြဲဖြစ်ပါသည်။

ကျွန်ုပ်ဇနီးသည်၏ စီမံပေးမှုဖြင့် အမြဲမီးငြိမ်းအေးစေရန် အစောစာကိုစားသောက်ပါသည်။ ဤနေရာတွင် အခွင့်အခါကြုံတုန်း စာချစ်သူမိတ်ဆွေများ သိနိုင်ကြစေရန် ကနဦး ဓမ္မလက်ဆောင်အဖြစ် ရေးသားဖော်ပြလိုပါသည်။ ယခုကျွန်တော်ပေးမည့် လက်ဆောင်မှာ နေ့စဉ်နှင့်အမျှ အစာစားခြင်း၊ ရေနှင့်အဖျော်ရည်တို့အား သောက်သုံးစဉ်တွင် အဦးအစ၌ 'သရဏဂုံသုံးပါးကို စိတ်မှတ်ဖြင့် နှုတ်လုံးသွင်းရွတ်ဆိုပြီးမှ' အစာစားသောက်ခြင်း၊ အရည်သောက်သုံးခြင်းတို့ကို ပြုလုပ်မြဲ ဖြစ်ပါသည်။ (ကျွန်ုပ်အလယ်တန်းကျောင်းတက်စအရွယ်က ဆရာတစ်ယောက်၏ သွန်သင်ဆုံးမပြောပြခဲ့သည့် ဩဝါဒစကားအတိုင်း ယနေ့တိုင် ဆောင်ရွက်နေခဲ့ခြင်း ဖြစ်ပါသည်။)


ကျွန်ုပ် ပြုဖွယ်ကိစ္စပြီးသွားသည်နှင့် ကျန်ရှိနေသည့် အလုပ်တာဝန်များ၊ အဝေးမှမေးမြန်းကြသည့် 'ဘဝရှေ့ရေးအတွက်ဟောစာများ၊ ဝိဇ္ဇာဓရဂမ္ဘီရပညာဖြင့်ဆောင်ရွက်ပေးရမည့်ကိစ္စများ၊ မြတ်စွာဘုရားသခင်ဟောကြားတော်မူသောဒေသနာတော်မှ သုတ်ပရိတ်တော်များဖြင့် စီမံပေးရသည်များကို အတတ်ကျန်မရှိအောင် ဆောင်ရွက်မြဲဖြစ်ပါသည်။ ယခုအခါတွင် အခြားဆောင်ရွက်စရာကိစ္စများမရှိတော့သဖြင့် ကျွန်ုပ်ပင်တိုင်ရေးနေသော မဂ္ဂဇင်းတိုက်ကိုပို့ရန်အတွက် စာမူရေးရန် စဉ်းစားလိုက်ပါသည်။

လိုအပ်သည့် အကြောင်းအချက်များကို ရယူ၍ စာအုပ်စာတမ်းများ၊ ကျွန်ုပ်ရေးမှတ်ထားခဲ့သော မှတ်စုမှတ်တမ်းများ ရှာဖွေလိုက်ပါသည်။ ထားသိုစရာအခက်အခဲကြောင့် စာကြည့်တိုက်များကဲ့သို့ တိကျစွာ ခွဲခြားမထားနိုင်သဖြင့် စာအုပ်ပုံများနှင့်စာအုပ်ဗီရိုများကို တစ်နေရာပြီးတစ်နေရာ ရှာဖွေနေရပါတော့သည်။ လိုချင်သော စာအုပ်စာတမ်းများ၊ မှတ်စုများကို ရှာဖွေရာတွင် စာအုပ်တစ်အုပ်ချင်းစီ စာမျက်နှာတချို့ကို ရှာဖွေဖတ်ရှုရပါသည်။ ထိုသို့ စာအုပ်အနည်းငယ် ရှာဖွေဖတ်ရှုနေရသဖြင့် အချိန်မည်မျှကြာသွားသည်ကို သတိမထားမိပါ။ ကျွန်ုပ်လိုချင်သော ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်မှ စမမှတ်တမ်းများ၊ လက်ရေးမူကို တွေ့ရှိရပါပြီ။ ထိုလက်ရေးမူစာအုပ်တွင် သိဒ္ဓိရာဇာဆရာအောင်၏နတ်ဒေဝတာစမများ၊ ပြဟ္မာနှစ်ဆယ်စမများ၊ ဗျည်းအဲက္ခရာစမများနှင့် ရုပ်စမများ၊ ပထံမံစမများတို့ကို ခွဲခြားရေးမှတ်ထားသည့် လက်ရေးမူစာအုပ်ကို တွေ့၍ယူလိုက်ခြင်း ဖြစ်ပါသည်။

လွန်ခဲ့သောနှစ်များက မဂ္ဂဇင်းအချို့တွင် အင်းများ၊ စမများနှင့်ပတ်သက်၍ ဝိဇ္ဇာဓရဂမ္ဘီရပညာအကြောင်းများ၊ သဘောထားတို့ကို ရေးသားတင်ပြခဲ့ဖူးပြီး ဖြစ်ပါသည်။

ယခုအခါတွင် ခုနစ်နေ့သားခုနစ်နေ့သမီး စာချစ်သူ မိတ်ဆွေအများစုသည် မိမိတို့တစ်နိုင်တစ်ပိုင်လုပ်ကိုင်နေရသောအလုပ်၏ လုပ်ခဝင်ငွေများနှင့် ကြီးလေးသောမိသားစု၏ ဝန်ထုပ်ဝန်ပိုးတို့က မမျှမတဖြစ်နေကြသဖြင့် မိမိတို့၏ သီလ၊ သမာဓိ၊ ဝီရိယအစွမ်းလက်နက်တို့ဖြင့် လောကဓံတရားရှစ်ပါး၏နှိပ်စက်မှုကို ကာကွယ်၍ ချမ်းချမ်းသာသာ နေထိုင်ကြစေလိုသောဆန္ဒဖြင့် ပစ္စက္ခနှင့် အတိတ်ကံအကျိုးတို့ကို ပေါင်းကူးဆက်သွယ်၍ ပစ္စက္ခဆင်းရဲတွင်းမှလွတ်ထွက်စေရန်စေတနာဖြင့် ကျင့်စဉ်များ၊ အဆောင်ကောင်းများကို ရေးသားတင်ပြလိုက်ပါသည်။

အရိယာသူတော်စင်ကြီးများနှင့် ဆရာသခင်အရှင်မြတ်တို့၏ ပါရမီနှင့် ဉာဏ်အမြင်တို့ကို မသိမမီနိုင်၍ ကျွန်ုပ်



၏ စာချစ်သူမိတ်ဆွေများ ကျင့်စဉ်ကိုမှ ဆောင်ရွက်လိုကြ၊ အဓိဋ္ဌာန်နှင့်မှမွေ့ပျော်သူများအတွက် အကောင်းဆုံးအကျိုးပြုစေနိုင်သော စာစုများကိုသာ ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။

ဘာသာတရားနှင့် ဝိဇ္ဇာဓရဂမ္ဘီရပညာကို ထမင်းမေ့ဟင်းမေ့ လေ့လာမှတ်သားခြင်း၊ ကျင့်ကြံအားထုတ်ခြင်းတို့ဖြင့် ဖြတ်သန်းလာခဲ့ရသော နှစ်ကာလများမှ အကောင်းဆုံးတွေ့ကြုံခဲ့ရသည့် အကြောင်းအရင်းများကိုသာ ရေးသားပါသည်။ ယခု ရေးသား တင်ပြသကဲ့သို့ ကျွန်ုပ်ကျန်းမာရေးကောင်းမွန်နေသည်နှင့်အမျှ ကောင်းသည်ထက်ကောင်းမည်ဟုအထင်ရောက်သောကျင့်စဉ်တော်နှင့် အဆောင်များကို ဆက်လက် ရေးသားတင်ပြပါဦးမည်။

အထက်တွင် ကျွန်ုပ်ဖော်ပြခဲ့သော သိဒ္ဓိရာဇာဆရာအောင်၏အင်းစမပညာများနှင့် အဓိဋ္ဌာန်ကျင့်စဉ်မှတ်တမ်းများ (လက်ရေးမူ) စာအုပ်တွင် ဗျည်းစမများမှ အထူးခြားသည့်စမကို တွေ့ရှိခဲ့ပါသည်။ ဝိဇ္ဇာဓရဂမ္ဘီရပညာသခင်တော်သမုဒ္ဒရာကြီးကဲ့သို့ လွန်စွာကျယ်ပြန့်ခြင်း၊ နက်ရှိုင်းနူးညံ့သိမ်မွေ့ခြင်းသိပ်သည်း၍ ကျစ်လျစ်ခိုင်မာခြင်း၊ သိုးဖောက်နက်ရှိုင်းခြင်း၊ အခေါင်အဖျားရောက်အောင်မြင့်



www.burmeseclassic.com

www.burmeseclassic.com

တက်ခြင်းစသည့် အစွမ်းသိဒ္ဓိများတို့ဖြင့် ပြည့်စုံစေပါသည်။

ယခုတင်ပြမည့်စမသည် ဂဃဏန မဏိရတနာအိုးဟု ဆိုသောစမသည် ပုံပန်းသဏ္ဌာန်ကိုမြင်ရုံဖြင့် မြင်သောသူ၏စိတ်ကိုကြည်လင်စေခြင်း၊ အေးချမ်း၍ ပြုံးပျော်စေနိုင်သည့် စိတ္တဇစွမ်းအင်ဖြင့် ခံစားရပါသည်။ မြင်ရသည့်ရုပ်ပသာဒမှာ (ဂဃဏနှင့် ဏ၏ နှစ်ဖက်အင်္ဂါ အတွင်းတွင် ဝတစ်လုံးစီတည်ရှိနေသည့်အတွက် မဏိရတနာအိုး၏ အဖုံးကို လွန်စွာနုနှ၍ အနုပညာမြောက်သည့် ပန်းပွတ်လက်ရာ၊ ပန်းပု ပန်းတော့ စသည့် အနုပညာမြောက်သည့် အဖုံးတစ်ခုအဖြစ် တည်ရှိပြီး အဖုံးအနှင့် ထိုက်တန်သည့်မဏိရတနာအိုးကို မကိုဋ်ဆောင်ထားသည့်အလား တင့်တယ်လှပါသည်။

မဏိရတနာအိုးအဖြစ် စီမံထားပုံသည် ဥရင်ကောက်နှင့် ဌဝမ်းဘဲတို့၏ ခေါင်းများကို အိုးနှုတ်ခမ်းအဖြစ်ထားရှိ၍ အောက်ခံခြေများကို အိုးသဏ္ဌာန်စီမံထားရှိပါသည်။ အိုးဖင်ခွေကို 'စ'နှင့်'ဝ' အက္ခရာတို့ဖြင့် စီမံထားရှိ၍ လွန်စွာတင့်တယ်ကာ ကျက်သရေရှိပါသည်။ မဏိ ရတနာအိုး၏ ဝမ်းခေါင်းအလယ်တွင် နငယ်အက္ခရာဖြင့် စက်ခွဲထားပြီး ဓအောက်မြိတ်နှင့် ဗထက်မြိတ်တို့ကို ဝဲ၊ ယာအခြမ်းတို့တွင် တစ်ကန့်စီထားရှိတာကို တွေ့ရှိရပါသည်။

ဗျည်းအက္ခရာ (၁၆) လုံးဖြင့် အပြီးစီမံထားသော မဏိရတနာအိုးစမသည် ချမ်းသာကြီးပွားကြောင်းအင်္ဂါ ဆယ့်တစ်ပါးနှင့်ပြည့်စုံခြင်း၊ ကောင်းသောရှာမှီးခြင်းဖြင့် များစွာသော စီးပွားဥစ္စာလာဘ်လာဘတို့ နေ့ညမစဲလာစေနိုင်ပြီး ရရှိလာပြီးသော ရတနာရွှေငွေဟူသမျှတို့ ယိုပေါက်ထွက်ပေါက်မရှိရလေအောင်သိမ်းဆည်းစုဆောင်းထားနိုင်ခြင်း စသည့်သိဒ္ဓိအစွမ်းတို့ဖြင့် ပြည့်စုံစေသည်ဟုညွှန်းဆိုထားပါသည်။ ထိုစမကို စီမံ၍ပြီးစီးသည်နှင့် သုံးစွဲရန်နည်းလမ်းကိုလည်း ညွှန်ပြထားပါသည်။

အမြဲတမ်း ဂုဏ်ရည်မြင့်၍ အရည်အသွေးမြင့်မားကာ လောကီချမ်းသာတို့ကို စုဆောင်းနိုင်စွမ်းသော သိဒ္ဓိအထူးကို လျော့ပါးမသွားစေရန် စိန္တာမဏိဂါထာတော်နှင့် သဗ္ဗဇယမင်္ဂလာဟုခေါ်သော ဒိဝါတပတိဂါထာတော်တို့ဖြင့် နေ့စဉ်ရွတ်ဖတ်ပူဇော်ရမည်ဖြစ်ပါသည်။ မူလစီမံထားရစ်ခဲ့သော ဆရာ၏အလိုအရ အများသူငါ မြင်သာသော ဧည့်ခန်းများ၊ စီးပွားရေးလုပ်ငန်းဖြစ်သော လုပ်ငန်းကြီးများ၏ ဧည့်ခန်းများတွင် တင့်တယ်လှပသော မှန်ပေါင်များဖြင့် ချိတ်ဆွဲထားရှိခြင်း၊ ရွှေငွေနှင့် ရတနာများ အရေးကြီးသော စာချုပ်စာတမ်းများ သိမ်းဆည်းသည့်သေတ္တာ၊ မီးခံသေတ္တာတို့တွင် သင့်လျော်သည့်အရွယ်ပမာဏနှင့်ထားရှိရမည် ဖြစ်ပါသည်။

ထိုစမကို စီမံဆောင်ရွက်ရာတွင် သာမန်ရက်ရာဇာကဲ့သို့သောရက်ကောင်းကိုရွေးချယ်ခြင်းထက် သဗ္ဗမင်္ဂလာအခါပေးကျမ်းများအရ ပြသထားသော ရက်ကောင်းတို့တွင် စတင်ရပါမည်။ ထိုစင်ကြယ်သောရက်တွင် မဏိရတနာအိုးစမကိုစီမံပြီးသောအခါ ရွတ်ဆိုရမည်ဖြစ်သောဂါထာနှစ်ပုဒ်ကို နေသိဒ္ဓိနက္ခတ်စွန်းယှဉ်ချိန်နှင့် အဘိဇိနက္ခတ် မွန်းတည့်ချိန်တို့ကို အတိအကျမှတ်သား၍ စတင်ရွတ်ဆိုသင့်ပါသည်။အခါအချိန်တစ်ကြိမ်ညီလျှင် အောင်မြင်ပါပြီ။

နေ့စဉ်ပူဇော်ရာတွင် ပထမစတင်သည့်အချိန်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဓိဋ္ဌာန်ကာလသည် (၃၅) ရက် ထားရှိရပြီး (၅) အင်္ဂါခွဲ၍ တစ်ဝါရလျှင် (၇) ရက်ကျစီဖြင့် ငါးဝါရကိုပြတ်တောက်ခြင်း၊ အလပ်အခြားမရှိစေရဘဲ တစ်ဆက်တည်းသွားရမည်ဖြစ်ပါသည်။

အဓိဋ္ဌာန်ဝင်ရောက်ပုံမှာ စာချစ်သူမိတ်ဆွေများဆန္ဒရှိသည့်အတိုင်း (မိမိတို့အဓိဋ္ဌာန်ဝင်ရောက်ပုံနည်းစနစ်အတိုင်း အဓိဋ္ဌာန်ဝင်နိုင်ကြပါသည်။) အဓိဋ္ဌာန်ဝင်ရမည့်ဂါထာနှစ်ပုဒ်ကို အောက်တွင် ရေးသား ဖော်ပြပေးလိုက်ပါသည်။

အထူးသတိပေးလိုသည်မှာ မဏိရတနာစမအိုးစီမံရာတွင် မိမိကိုယ်တိုင် မပြုလုပ်နိုင်ပါက မိတ္တူကူးစက်များဖြင့် ကူးယူသုံးစွဲနိုင်ပါသည်။ ထိုစမကူးသည့်အချိန်တွင်လည်း အခါကောင်းရက်ကောင်းနှင့်ညီညွတ်လျှင် ကောင်းပါသည်။

□ ရွတ်ဆိုရန်ဂါထာတော်များ

စိန္တာမဏိ ရတနာနိ၊
ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ။
ကရံ ကရတိ သရဏံ၊
ဒိပ္ပမေဝ သမိဇ္ဈတု။
စိန္တာမဏိ ရတနာနိ၊
ဓမ္မံ ဓမ္မ ရတနာနံ။
ကရံ ကရတိ သရဏံ၊
ဒိပ္ပမေဝ သမိဇ္ဈတု။
စိန္တာမဏိ ရတနာနိ၊
သံဃံ သံဃ ရတနာနံ။
ကရံ ကရတိ သရဏံ၊
ဒိပ္ပမေဝ သမိဇ္ဈတု။ ။

❑

ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမှာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
ဘာဒိသံ တေဇသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။
နမက္ကာရာ နုဘာဝေန၊
သဗ္ဗေပူရေန္တု သင်္ကပ္ပာ။ ။

ဂါထာတော်များကိုရွတ်ဆိုရာ[...] စိန္တာမဏိဂါထာတော်ကို (၉) ခေါ[...] တိတိ ရွတ်ဆိုရန်နှင့် ဒိဝါတပတိဂါ[...] တော်ကို (၁၀) ခေါက် ရွတ်ဆိုရပါ[...] နေ့စဉ်ရွတ်ဆိုရမည့်အခေါက်ရေများ [...] ပါသည်။ ထိုစမအဆောင်နှင့်ဤ[...] ကိုဆောင်ရွက်သူ မိတ်ဆွေများ တစ်[...] တခြား ကြီးပွားတိုးတက်မှုကိုရ[...] ဖြစ်ပါသည်။ အထူးတလည်ဆောင်[...] သင့်သောပုဂ္ဂိုလ်များမှာ ရွှေငွေရ[...] ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ တွင်း[...] ရတနာရှာဖွေတူးဖော်ရေးလုပ်ငန်း[...] များအနေဖြင့် ယခုရေးသားဖော်ပြ[...] သည့်ကျင့်စဉ်တော်နှင့် စမအဆောင်[...] ယုံယုံကြည်ကြည် စီမံ၍ ဆောင်[...] သင့်ကြောင်း ထပ်လောင်း အကြံပြု[...] ပါသည်။

အကျိုးပေးကြသည့် မိတ်ဆွေ[...] အနေဖြင့် မိမိ၏အလိုဆန္ဒအတိုင်း [...] ပြဋ္ဌာန်း၍ ထေရဝါဒသာသနာတော်[...] ခိုင်မာတောင့်တင်းစေရန် စာသင်[...] ကြီးများနှင့် တက္ကသိုလ်ကြီးများ[...] လှူဒါန်းပေးကြပါရန် အသိပေး[...] ပါသည်။

ပညာတိုး[...]
အကျိုးများကြ[...]

သုဒ္ဓ (...)

ကိုးကား -

သီရိမင်္ဂလာပရိ[...]တော်ဝတ်ရွတ်[...]
သိဒ္ဓိရာဇာ[...]ရာအောင်၏
အင်းစ[...](လက်ရေးမူကျမ်း)



www.burmeseclassic.com

www.burmeseclassic.com

# မေ့မရသော သမိုင်းစာမျက်နှာများ

လှျမ်းထက်





နန်ကျင်းမြို့သိမ်းတပ်ဖွဲ့


ကျွန်တော်တို့ မြန်မာနိုင်ငံမှ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်နေ့ ထုတ်ဝေသော Daily Elevenသတင်းစာကြီးတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရပါသည်။

### ယူနစ်စကိုက နန်ကျင်းအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုအား မှတ်တမ်းတင်သွင်းမည့်ဆုံးဖြတ်ချက်ကို ဂျပန်က ရှုတ်ချကန့်ကွက်

ကမ္ဘာ့အောက်မေ့ဖွယ်ရာဖြစ်ရပ်များမှတ်တမ်းတွင် နန်ကျင်းအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်နှင့်ပတ်သတ်သောအချက်အလက်များကိုထည့်သွင်းရေးသားရန် ယူနစ်စကိုအဖွဲ့၏ဆုံးဖြတ်ချက်ကို ဂျပန်အစိုးရက အောက်တိုဘာ ၁၀ ရက်တွင် ကန့်ကွက်ရှုတ်ချခဲ့သည်။ ယူနက်စကို၏ ထိုဆုံးဖြတ်ချက်သည် အလွန်စိတ်မကောင်းဖြစ်စရာကောင်းပြီး ပြောင်းလဲပေးရန် ဂျပန်က တောင်းဆိုခဲ့သည်။

ကမ္ဘာ့အောက်မေ့ဖွယ်ရာဖြစ်ရပ်များမှတ်တမ်း၌ အကြောင်းအရာ(၄၇)ခုကို ထပ်မံ ထည့်သွင်းရန် ကုလသမဂ္ဂ ယဉ်ကျေးမှုနှင့်သိပ္ပံအဖွဲ့ (UNESCO) က အောက်တိုဘာလ ၉ ရက်က ဆုံးဖြတ်ခဲ့သည်။ ထို (၄၇) ခုထဲတွင် တရုတ်အစိုးရက ထည့်သွင်း ရေးသားပေးရန် တောင်းဆိုထားသော နန်ကျင်းအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ် ပါဝင်ခဲ့သည်။

၁၉၃၇ ခုနှစ်က ဂျပန်တို့လက်ထဲသို့ တရုတ်မြို့ နန်ကျင်းကျသွားခဲ့ပြီးနောက် ဂျပန်တပ်ဖွဲ့များသည် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း၊ မုဒိမ်းကျင့်ခြင်းကိုပြုလုပ်ခဲ့ကြသည်ဟု တရုတ်က ဆိုထား၏။ 'နန်ကျင်းမုဒိန်းကျင့်မှုကြီး' ဟုလည်း ရံဖန်ရံခါဖော်ပြလေ့ရှိသည့် အဆိုပါဖြစ်ရပ်သည် တရုတ်နှင့် ဂျပန်တို့အကြား မကြာခဏ တင်းမာမှုဖြစ်စေသော ထိရှလွယ်သောကိစ္စတစ်ရပ်လည်းဖြစ်သည်။ ယင်းဖြစ်ရပ်အတွက် ဂျပန်သည် လုံလောက်သည့် တောင်းပန်ခြင်းမရှိသေးဟု တရုတ်က ပြောကြားထား၏။




"ယခုလို ထည့်သွင်း ရေးသားဖို့ ဆုံးဖြတ်လိုက်တာဟာ အလွန်ကို စိတ်မကောင်းဖြစ်စရာကောင်းပါတယ်။ ဂျပန်ဟာ ဒီကိစ္စတွေနှင့် ပတ်သက်ပြီး ထပ်တလဲလဲ တောင်းပန်ပြီးသွားပါပြီ။ ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းတစ်ခုအနေနဲ့ မှတ်တမ်းရေးသားရာမှာ မျှတပြီး သမာသမတ်ရှိသင့်ပါတယ်"

ဟု ဂျပန်နိုင်ငံခြားရေးဌာန၏ ထုတ်ပြန်ချက်ထဲတွင် ဖော်ပြသည်။

ထို့ပြင် ဆုံးဖြတ်ချက်သည် နိုင်ငံရေးအရ ဘက်လိုက်ခြင်းဖြစ်ပြီး ပြုပြင်ပေးရန် တောင်းဆိုခြင်းကြောင်းလည်း ထည့်သွင်းဖော်ပြခဲ့သည်။

မှတ်တမ်းအဖြစ် ထည့်သွင်းရေးသားပေးရန် (၂) နှစ်အတွင်း နိုင်ငံပေါင်း (၄၀) မှ တင်သွင်းထားသည့် အချက်အလက်များကို ယူနက်စကိုက ဆုံးဖြတ်

www.burmeseclassic.com

ခဲ့ခြင်း ဖြစ်သည်။

နန်ကျင်းမြို့တွင် ဂျပန်တပ်များသည် ရက်သတ္တပတ် ခြောက်ပတ်ကြာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများပြုလုပ်ခဲ့ပြီး လူပေါင်း (၃) သိန်းခန့် သေဆုံးခဲ့သည်ဟု တရုတ်တို့က ပြောကြားခဲ့သည်။ အခြားပြည်ပပညာရှင်များ၏ ပြောကြားချက်များတွင် သေဆုံးသူဦးရေမှာ တရုတ်ထက်အနည်းငယ်နည်းနေပြီး နန်ကျင်းသတ်ဖြတ်မှုဖြစ်အပေါ် သံသယရှိသည့် ပညာရှင်အနည်းငယ်သာရှိ၏။ ဂျပန်နိုင်ငံထဲတွင်မူ အချို့သောရှေးရိုးစွဲဝါဒီနှင့်အမျိုးသားရေးဝါဒီများက နန်ကျင်းလူသတ်ပွဲကြီးမဖြစ်ပေါ်ခဲ့ဟု ပြောနေပြီး ယင်းဖြစ်ရပ်သည် ဂျပန်နိုင်ငံထဲတွင်လည်း ဝိဝါဒကွဲပြားစရာဖြစ်နေဆဲ ဖြစ်သည်။

(Å.F.P)

အထက်ဖော်ပြပါ နန်ကျင်းအစုလိုက်အပြုံလိုက် လူသတ်မှုနှင့်ပတ်သက်သောသတင်းကိုပင် ကျွန်တော်တို့မြန်မာနိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များကလည်း စိတ်ဝင်စားဖွယ်ခေါင်းစဉ်များဖြင့် ရေးသား ဖော်ပြခဲ့ကြ၏။ တရုတ်နိုင်ငံမှ ထုတ်လွှင့်သော စီစီတီဗီရုပ်သံလွှင့်အစီအစဉ်၊ အင်္ဂလန်နိုင်ငံမှ ဘီဘီစီရုပ်သံလွှင့်အစီအစဉ်၊ အမေရိကန်ပြည်ထောင်စုမှ ထုတ်လွှင့်သော စီအင်အင်ရုပ်သံလွှင့်အစီအစဉ်များကလည်း ထိုသတင်းကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်သွားခဲ့သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဂယက်ရိုက်ခဲ့သောသတင်း ဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့သည်မှာ နှစ်ပေါင်း (၇၀) ကျော်ခဲ့ပြီ ဖြစ်သော်လည်း ဒုတိယကမ္ဘာစစ်ကြီးကာလနှင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဖြစ်ပွားခဲ့သောထူးခြားဖြစ်ရပ်များကို ကမ္ဘာ့နိုင်ငံအသီးသီးမှလူထုသည် မမေ့နိုင်ကြပေ။ ယင်းနန်ကျင်းအစုလိုက်အပြုံလိုက်သတ်မှုအချို့ဖြစ်စဉ်များမှာ ခွင့်မလွှတ်နိုင်သော၊ လူသားမဆန်သောမှုခင်းများဟု သတ်မှတ်ခဲ့၏။ အချို့မှုခင်းများသည် အမှန်တကယ်ကျူးလွန်ခဲ့သောရက်စက်မှုများဖြစ်နိုင်ပါသလားဟု သံသယရှိခဲ့ကြ၏။ သမိုင်းစဉ်လာအရ ဘူရှီဒိုဟူသော လူကြီးလူကောင်း(Gentle man) စိတ်ဓာတ်ရှိသော ဂျပန်ဘုရင်တပ်မတော်သားများသည် ဤကဲ့သို့ လူသားမဆန်သောရက်စက်မှုမျိုး ကျူးလွန်ပါမည်လောဟု ဆိုကြ၏။ ထိုစဉ်က နန်ကျင်း





အောင်ပွဲခံနေသော ဂျပန်အရာရှိကြီးများ

စစ်မျက်နှာတွင်ရှိနေကြသော ဂျပန်နိုင်ငံသတင်းစာကြီးများမှစစ်သတင်းထောက်များပေးပို့သည့် သတင်းများမှာလည်း ဖုံးဖုံးဖိဖိ ရေးသားဖော်ပြခဲ့သဖြင့် ဂျပန်လူထုမှာ နန်ကျင်းအစုလိုက်အပြုံလိုက်သတ်မှု၏ အမှန်ဖြစ်စဉ်ကို သိခွင့်မရ။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှ ထုတ်ဝေသော ဩဇာတိက္ကမကြီးမားသည့် နယူးယောက်တိုင်းသတင်းစာကြီးမှ နန်ကျင်းမြို့ရောက် စစ်သတင်းထောက် ဖရင်(ခ)တယ်(လ်) မင်တာဒင် ရေးသားသည့် နန်ကျင်းစစ်မျက်နှာအတွေ့အကြုံဆောင်းပါးအား ဓာတ်ပုံသာကေအထောက်အထားများနှင့်ဖော်ပြခဲ့သောအခါ ကမ္ဘာ့နိုင်ငံအသီးသီးမှလူထုက အံ့အားသင့်သွားခဲ့သည်။

ထိုဆောင်းပါးတွင် ဂျပန်ဘုရင်တပ်မတော်မှ ဘူရှီဒိုစိတ်ဓာတ်ရှိပါသည်ဟုဆိုသော စစ်သားများသည် လက်နက်

ချတရုတ်စစ်သုံ့ပန်းများ၊ မြို့သူမြို့သား အပြစ်မဲ့ပြည်သူများအား အစုလိုက်အ လိုက် ရက်ရက်စက်စက်သတ်ဖြတ် အမျိုးသမီးကြီးငယ်မဟူ မုဒိမ်းကျ သတ်ဖြတ်မှုများကို ခရေစေ့တွင်း ရေးသားခဲ့ပြီး သေဆုံးရသူဦးရေ နှစ် ဟု ရေးသား ဖော်ပြခဲ့၏။

ထိုစဉ်က နန်ကျင်းမြို့တော် သံတမန်များနှင့် မိသားစုများ နိုင်ငံ သားလုပ်ငန်းရှင်များ နေထိုင်သော တကာအမျိုးသားရပ်ကွက်ဟုအသိအ ပြုထားသောရပ်ကွက်ကြီးမှ နိုင်ငံ သားများအဖို့ ဤရက်စက်မှုကြီး ကြသည်သာမက ထိုရပ်ကွက် ဝင်ရောက်ခိုလှုံသောစစ်ရှောင်ဒုက္ခ နန်ကျင်းမြို့သူမြို့သား နိုင်ငံ သံတမန်များက ကယ်ဆယ်ရေးအဖွဲ့ ကူညီခဲ့ကြသည်ဟုလည်း သိရ၏။

ထိုစဉ်က မှတ်တမ်းများ

www.burmeseclassic.com

www.burmeseclassic.com

နန်ကျင်းမြို့နိုင်ငံတကာရပ်ကွက်တွင်နေထိုင်သော နာဇီဂျာမန်သံရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ရာဘီကမူ နန်ကျင်းအစုလိုက်အပြုံလိုက်လူမျိုးတုံးသတ်မှုသည် ဂျာမနီနိုင်ငံမှ နာဇီအက်(စ်)အက်(စ်) တပ်စုတာပိုတပ်သားများကိုယ်တိုင်ပင် တအံ့တသြဖြစ်ခဲ့ရသည်ဟု ဆိုခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးနောက် တိုကျိုမြို့တော်တွင် ဖွင့်လှစ်သော နိုင်ငံတကာစစ်ခုံရုံးတွင် အစစ်ဆေးခံရသူတစ်ဦးမှာ ဂျပန်ဘုရင်တပ်မတော်မှ ဗိုလ်ချုပ်မတ်ဆုအီ ဖြစ်၏။ ၁၉၃၇ ခုနှစ်က တရုတ်နိုင်ငံအလယ်ပိုင်း တပ်မင်းအဖြစ်ဆောင်ရွက်ခဲ့သူ ဖြစ်၏။ ထိုစဉ်ကာလ အထက်တွင်ဖော်ပြခဲ့သော ကမ္ဘာ့သမိုင်းတွင် တုန်လှုပ်ချောက်ချားစရာကောင်းလှသည့် နန်ကျင်းအစုလိုက်အပြုံလိုက်သတ်ပွဲ (The Rape of Nanking) အား သူ့တပ်များက ကျူးလွန်ခဲ့သည်ဟူသော ပြစ်မှုနှင့်တရားစွဲဆိုခဲ့၏။ ထိုလူသတ်ပွဲသည် သူ့တွင် တာဝန်ရှိသည်ဟု စွဲချက်တင်ခဲ့သည်။

မှန်ပါသည်။ နန်ကျင်းတွင် လူ့သမိုင်း၌ မကြုံဘူးသော ရက်စက်မှုများကို ဂျပန်စစ်တပ်မှ အာဏာပိုင်များသည် ကောင်းစွာသိကြ၏။ သို့သော် တစ်စုံတစ်ရာ အရေးယူမှုမပြုခဲ့ကြပေ။ သို့ဖြစ်၍ တိုကျိုစစ်ခုံရုံးက တပ်မင်းဗိုလ်ချုပ်မက်ဆူအီအား ရာဇဝတ်ကောင်အဖြစ် တရားစွဲဆို၍ ပြစ်ဒဏ်ချမှတ်ခဲ့၏။

စစ်ကြီးပြီးဆုံးခဲ့သည်နှင့် ထိုနန်ကျင်းအစုလိုက်အပြုံလိုက်သတ်မှုအား ကမ္ဘာ့လူထုက မေ့လျော့သွားခဲ့ကြသည်။ ၁၉၇၇ ခုနှစ်တွင်မူ ဂျပန်နိုင်ငံပညာရေးဝန်ကြီးဌာနသည် အထက်တန်းကျောင်းသုံးကမ္ဘာ့သမိုင်းစာအုပ် ရေးသားပြုစု၍ ထုတ်ဝေဖြန့်ချိခဲ့၏။ထိုစာအုပ်တွင် ဂျပန်တို့ စစ်ကြေညာခြင်းမရှိသော တရုတ်နိုင်ငံကျူးကျော်ရေးစစ်ပွဲတွင်းဖြစ်ပျက်ခဲ့သော နန်ကျင်းအစုလိုက်အပြုံလိုက်လူသတ်ပွဲအကြောင်း ထည့်သွင်း ဖော်ပြခြင်းမရှိသဖြင့် တရုတ်နိုင်ငံက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သဖြင့် ထိုစာအုပ်အား ဂျပန်ပညာရေးဝန်ကြီးဌာနက ပြန်လည်သိမ်းယူခဲ့ရသည်ဟု ဆို သည်။

၁၉၉၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ ကွန်ဆာဗေးတစ် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် အီရှီဟာရာရှင်တာရို ရေးသား ပြုစုသော 'ဂျပန်နိုင်ငံ ကမဟုတ်ပါ' ဟုဆိုသော အရောင်းရအတွင်ကျယ်ဆုံးစာအုပ် ဖြစ်ခဲ့သည်။ ရေးသားသူနှင့် PlayBoy မဂ္ဂဇင်းသတင်းထောက်တို့ တွေ့ဆုံပွဲတွင် ရှင်တာရိုက နန်ကျင်းအစုလိုက်အပြုံလိုက်သတ်မှုဆိုသည်မှာ တကယ့်သမိုင်းတွင် မရှိပါ။ တရုတ်နိုင်ငံမှ တာဝန်ရှိသူများက ဇာတ်လမ်းဆင်ထားခြင်းသာ ဖြစ်ပါသည်ဟုဆိုသဖြင့် တရုတ်ပြည်နှင့် ဂျပန်နိုင်ငံတို့အကြား ပွဲဆူခဲ့၏။

၁၉၉၇ ခုနှစ်တွင် တရုတ်အမျိုးသမီး စာရေးဆရာမ အိုင်ရစ်ချန်း၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသား ထုတ်ဝေသော နန်ကျင်းအစုလိုက်အပြုံလိုက်သတ်မှု (The Rape of Nan King) ဟူသောစာအုပ်တစ်အုပ်ထွက်လာသည်။ အရောင်းရစံချိန်တင်ရသော စာအုပ်တစ်အုပ်ဖြစ်ခဲ့သည်သာမက ကမ္ဘာ့နိုင်ငံအသီးသီးရှိ သမိုင်းပညာရှင်များ သုတေသီများအဖွဲ့ တအံ့တသြဖြစ်ခဲ့ရသည်။ ထိုစာအုပ်ကို ရေးသားသူ၏ မိခင်နှင့်ဖခင်တို့မှာ ဆရာဝန်များ ဖြစ်ကြ၏။ အထက်ဖော်ပြပါ နန်ကျင်းအရေးတော်ပုံဖြစ်ခဲ့စဉ် သူ့ဖခင်နှင့် မိခင်ဖြစ်သူတို့မှာ နန်ကျင်းမြို့ အလယ်တန်းကျောင်းမှ ကျောင်းသူကျောင်းသားများဖြစ်ကြပြီး အခြေအနေအရပ်ရပ်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့ကြသည်။ သူတို့နှစ်ယောက်၏ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများအားလုံး နန်ကျင်းလူသတ်မှုကြီးတွင် အသတ်ခံရပြီး နေအိမ်များ၊ ဈေးဆိုင်များ မီးရှို့ဖျက်ဆီးခံခဲ့ရကာ လူသတ်ပွဲကြီး၏ကြေကွဲဖွယ်ရာအနိဋ္ဌာရုံများကို မျက်မြင်တွေ့ခဲ့ရသူများဖြစ်သူဟု ဆိုသည်။

ဤစာအုပ်သည် မေ့လျော့သော နန်ကျင်းအစုလိုက်အပြုံလိုက်လူသတ်ပွဲအား ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြန်လည်သတိရလာကြသည်။ ဤနန်ကျင်းအရေးတော်ပုံကြောင့် တရုတ်၊ ဂျပန်ဆက်ဆံရေးမှာလည်း ပြန်လည် တင်းမာလာခဲ့သည်။ နောက်ဆုံးတွင် ထိုစဉ်က ဂျပန်အစိုးရအဖွဲ့သည် တရုတ်အစိုးရအား ထိုဖြစ်ရပ်အတွက် ဝန်ချတောင်းပန်သဖြင့် တရုတ်အစိုးရက ရေငုံနှုတ်ပိတ်နေခဲ့သည်။

ယခုနှစ် အောက်တိုဘာလတွင်မူ ထိုနန်ကျင်းအစုလိုက်အပြုံလိုက်သတ်မှုအတွက် ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ကုလသမဂ္ဂယူနက်စကိုအဖွဲ့က ထိုဖြစ်ရပ်ကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့သည်။ ဤအချက်သည် တရုတ်ဆက်ဆံရေးကို ပြန်လည် တင်းမာလာခဲ့သည်။ နောက်ဆုံးရရှိကြတာကြေးနန်းသတင်းဌာန၏သတင်းအရ ဂျပန်အစိုးရကမူ ဤကဲ့သို့ နန်ကျင်းအစုလိုက်အပြုံလိုက်သတ်မှုအား ယူနက်စကိုအဖွဲ့က ကမ္ဘာ့သမိုင်းဝင် အမွေအနှစ်အဖြစ် စာရင်းထည့်သွင်းခြင်းသည် ဘက်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ယူနက်စကိုအဖွဲ့သည် ဝိဝါဒကွဲပြားနေသောဖြစ်စဉ်အား တရုတ်အဖွဲ့အစည်းများ၏တင်ပြသည့်အမြင်အရ တင်ပြခြင်းကို လက်ခံသဖြင့် ဂျပန်နိုင်ငံအနေဖြင့် ထိုအဖွဲ့သို့ ရန်ပုံငွေထည့်ဝင်ခြင်းကိုဖြတ်တောက်ဖွယ်ရှိသည်ဟု ဆိုသည်။

ဤအငြင်းပွားဖွယ်၊ စိတ်သောကရောက်ဖွယ်ဖြစ်ခဲ့ရသော ဒုတိယကမ္ဘာစစ်ကြီးကာလ ၁၉၃၇ ခုနှစ် နန်ကျင်းအစုလိုက်အပြုံလိုက်သတ်မှုသည် အဘယ်ကြောင့် ဂျပန်ဘုရှီဒိုသူရဲကောင်းများ ကျူးလွန်ခဲ့ကြသနည်း။ တရုတ်လူမျိုးများကို ရက်ရက်စက်စက် သတ်ဖြတ်လို၍လော သို့မဟုတ် ဂျပန်တို့အား ကြောက်ရွံ့ လက်ခံလာက ဂျပန်တို့၏ လက်အောက်ခံလုပ်ထားလို၍လော စသည့်မေးခွန်းများထုတ်စရာပေါ်လာခဲ့၏။ မည်သို့ပင်ဖြစ်စေကာမူ ယင်းအစုလိုက်အပြုံလိုက်လူသတ်မှုကြီးမှာ သမိုင်းကြေးမုံပြင်တွင် ဖျောက်၍မရသော အစွန်းအထင်းဖြစ်လာရ၏။

ဤရက်စက်မှုခြင်းဖြစ်ပွားရခြင်းမှာ ဤသို့ဖြစ်၏။

ပထမကမ္ဘာစစ်ပြီးကာလကပင် အရှေ့တောင်အာရှ၌ အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်လာသောဂျပန်နိုင်ငံသည် ကိုရီးယားနှင့် မန်ချူးနိုင်ငံများအား သိမ်းယူခဲ့ပြီးနောက် တရုတ်နိုင်ငံအား မကြေညာသောစစ်ပွဲဆင်နွှဲ၍ သိမ်းယူရန် စီစဉ်လာခဲ့သည်။ သမိုင်းအဆက်ဆက် နိုင်ငံတကာကမော်ကြည့်ခဲ့ရသော တရုတ်နိုင်ငံတော်ကြီးမှာ တဖြည်းဖြည်း အင်အားချည့်နဲ့လာပြီး ဝါးအစည်းပြေသကဲ့သို့သောအခြေအနေ ရောက်လာသည်။ တရုတ်သမ္မတနိုင်ငံထူထောင်ပြီး လပိုင်းမှာပင် တရုတ်စစ်ဘုရင်ခံများသည် အချင်းချင်းအာဏာလုခံရာမှ တရုတ်နိုင်ငံတော်ကြီးမှာ နိုင်ငံတကာမှ နယ်ချဲ့သမားများ၏ စားကွက်ဖြစ်ခဲ့ရသည်။ ဤတွင် အင်အားကြီးနိုင်ငံဖြစ်လာသော ဂျပန်နိုင်ငံသည် အာရှတိုက်သည် အာရှတိုက်သားများအတွက်သာ ဖြစ်ရမည်ဟူသောဝါဒကိုစွဲမှတ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ၁၉၃၁ ခုနှစ်မှစ၍ တရုတ်ပြည်အား မကြေညာသောစစ်ပွဲစတင်ဆင်နွှဲလာခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် တရုတ်ပြည်၌ မြှုပ်နှံထားသော စီးပွားရေးလုပ်ကွက်များအား အကာအကွယ်ပေးရန် တရုတ်ကူမင်တန်အစိုးရအား နောက်ကွယ်မှ စစ်လက်နက်ပစ္စည်းများ၊ ရိက္ခာများ၊ လောင်စာဆီများ၊ စစ်အသုံးအဆောင်များအား အကူအညီပေးခဲ့၏။ ဤတွင် ဂျပန်တို့သည် စစ်ရှိန်တိုးမြှင့်ကာ တရုတ်နိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့များ သိမ်းပိုက်ထားခြင်းဖြင့် တရုတ်တို့အား စစ်ကူမရအောင် ပြုလုပ်၍ စစ်အရှိန်ကို တိုးမြှင့်ခဲ့သည်။အမေရိကန်ပြည်ထောင်စုသည် ဗြိတိသျှကိုလိုနီနိုင်ငံဖြစ်သော မြန်မာနိုင်ငံမှတစ်ဆင့် တရုတ်နိုင်ငံသို့ စစ်ကူပေးပို့ခဲ့၏။ တရုတ်-မြန်မာလမ်းမကြီးအား လူမသိသူမသိ ဖောက်လုပ်၍ ထိုလမ်းမှတစ်ဆင့်စစ်ကူများပေးခဲ့သည်။

ဂျပန်တို့ကလည်း စစ်အရှိန်ကို အစွမ်းကုန်တိုးမြှင့်လာခဲ့သည်။ ၁၉၃၇ ခုနှစ်၊ ဒီဇင်ဘာလဆန်းတွင် တရုတ်နိုင်ငံ အလယ်ပိုင်းတွင် ချီတက်တိုက်ခိုက်နေသော တရုတ်တပ်မကြီးသည် ကွန်မင်တန်အစိုးရမြို့တော်ဖြစ်သော နန်ကျင်းမြို့အနီးချဉ်းကပ်လာခဲ့သည်။ ဤသတင်းကိုကြားသည်နှင့် နန်ကျင်းမြို့မှ မြို့တော်သူမြို့တော်သားအချို့မှာလည်း ပြောင်းရွှေ့သွားကြ၏။ ကွန်မင်တန်တပ်ဖွဲ့ကြီးသည် တရုတ်တပ်မတော်သား (၅၀၀၀) ပါဝင်သောတပ်အား နန်ကျင်းမြို့စောင့်တပ်အဖြစ်ထားခဲ့လျက် ဆုတ်ခွာသွားခဲ့၏။

ဒီဇင်ဘာလ ၁၂ ရက်နေ့တွင်မူ နန်ကျင်းမြို့ ဆင်ခြေဖုံးသို့ ချဉ်းကပ်လာသည့် ဂျပန်တပ်များသည် နန်ကျင်းမြို့တောင်ဘက် မြို့ဝင်ဂိတ်အား စတင်၍ လက်နက်ကြီးများဖြင့် ပစ်ခတ်၍ သံချပ်ဖြင့် ဇွတ်အတင်း တိုက်ခိုက်လာခဲ့သည်။ လက်နက်အင်အား မယှဉ်သာနိုင်သော တရုတ်တပ်များသည် အရှေ့ဘက်ဂိတ်နှင့် အနောက်ဘက်ဂိတ်တို့သို့ ဆုတ်ခွာထွက်ပြေးခဲ့ကြသည်။ ဂျပန်ဘုရင်လေတပ်မတော်ကလည်း ဗုံးကြဲတိုက်ခိုက်သဖြင့် တရုတ်ကွန်မင်တန်တပ်များမှာ ကစဉ့်ကလျားဆုတ်ခဲ့ကြသည်။ ဒီဇင်ဘာ ၈ ရက်နေ့နံနက်တွင် ဂျပန်တပ်တို့သည် နန်ကျင်းမြို့တွင်းဝင်ရောက်လာခဲ့ကြ၏။

တရုတ်ကွန်မင်တန်တပ်သားများသည် ၎င်းတို့၏စစ်ဝတ်စုံများကို ချွတ်၍ လက်နက်များစွန့်ကာ နန်ကျင်းမြို့ နိုင်ငံ့တကာရပ်ကွက် (International Safety Zone) အတွင်း ဝင်ရောက် ပုန်းခိုနေကြ၏။ ရှေးဟောင်းအစဉ်အလာကြီးမားခဲ့သော နန်ကျင်းမြို့ကြီးမှာ မုဆိုးလက်တွင်းကျရောက်သော သားကောင်သဖွယ်ဖြစ်ခဲ့ရ၏။ တရုတ်ကွန်မင်တန်တပ်သား (၁၀၀၀၀) သည် အလံဖြူတင်၍ ဂျပန်တပ်ဦးတွင် လက်နက်ချ အညံ့ခံကြသည်။

ဂျပန်တပ်များသည် နန်ကျင်းမြို့သိမ်းပိုက်ပြီး (၇၂) နာရီအတွင်း လက်နက်ချ တရုတ်တပ်သားများအား ယန်စီမြစ်ကမ်းသို့ ခေါ်ဆောင်သွားပြီး အစုလိုက်အပြုံလိုက် စက်သေနတ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။

စစ်ဦးဘီလူးဟုဆိုရမည့် အထက်ဖော်ပြပါ (၇၂) နာရီသည် နန်ကျင်းမြို့ကြီးအဖို့ လောကငရဲကျရောက်ခဲ့ရတော့၏။ အောင်ပွဲခံဂျပန်တပ်မတော်သားများသည် တပ်ဖွဲ့လိုက်မူးယစ်သောက်စား၍ တစ်လမ်းဝင် တစ်လမ်းထွက် လုယက်ခြင်း၊ မီးရှို့ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ သတ်ဖြတ်ခြင်းများပြုကြတော့သည်။ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ ကလေးဖြစ်စေ၊ မည်သည့်အကြောင်းမျှမပြဘဲ အကြောင်းမဲ့လမ်းများပေါ်တွင်ပစ်သတ်ခြင်း၊ ဓားဖြင့်ခုတ်သတ်ခြင်း၊ လှံစွတ်ဖြင့်ထိုးသတ်ခြင်းများကို ထင်သလိုပြုကျင့်ကျ၏။ ထိုတပ်သားတို့အား ဟန့်တားထိန်းကွပ်ခြင်းလည်းမရှိပေ။ သို့ဖြစ်၍ နန်ကျင်းမြို့တော်လမ်းများ၊ လမ်းကြိုလမ်းကြားများမှာ လူသေကောင်များဖြင့် ပြည့်နေခဲ့သည်ဟု သိရ၏။

နိုင်ငံတကာသံရုံးများတည်ရှိသော ရပ်ကွက်အတွင်း စစ်ဝတ်စုံများကိုချွတ်၍ အရပ်သားဝတ်စုံများဖြင့် ထွက်ပြေးတိမ်းရှောင်သွားခဲ့သော တရုတ်စစ်သားများ၏ ဂျပန်တပ်မတော်သားများသည် ဇွတ်အတင်းဝင်ရောက်ဖမ်းဆီး၍ လမ်းမများပေါ်တွင်သေနတ်ဖြင့်ပစ်သတ်ခဲ့သည်ဟု နိုင်ငံတကာရပ်ကွက်မှ နိုင်ငံခြားသားမျက်မြင်သက်သေများက ပြောဆိုခဲ့ကြ၏။

ထိုစဉ်ကာလက ကံအားလျော်စွာ အသက်မသေ ကျန်ရစ်ခဲ့သည့် တရုတ်လူမျိုး မျက်မြင်သက်သေတစ်ဦးကမူ ဂျပန်ဘုရင်တပ်မတော်သား ဘူရှီဒိုသူရဲကောင်းများသည် နန်ကျင်းမြို့တော်သူမြို့တော်သားများအား ယုန်ငယ်များအားဖမ်းသည့် မုဆိုးကဲ့သို့ဖြစ်စေသည်ဟုဆို၏။ နန်ကျင်းသို့ ဂျပန်တို့ဝင်ရောက်သည့် (၇၂)နာရီအတွင်း အပြစ်မဲ့ တရုတ်ပြည်သူ တစ်သိန်းနှစ်သောင်းကျော် အသတ်ခံရသည်ဟု သိရ၏။

ထိုစဉ်က တရုတ်အမျိုးသမီးများအား ဂျပန်တပ်မတော်သားများက ဗလက္ကာရပြုခြင်းမှာ အဆန်းမဟုတ်တော့။ ထိုကဲ့သို့ ပြုမူခြင်းများကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက တားမြစ်ခြင်းမပြုခဲ့ကြ။ တရုတ်အမျိုးသမီးများကို ဝင်ရောက်ကယ်ဆယ်သူအား နေရာတွင်ပင် အသက်ပျောက်စေသည်။

မျက်မြင်သက်သေ ဂျာမန်ကောင် စစ်ဝန်ရုံးမှ ဂျာမန်အရာရှိတစ်ဦးက အသက်ငယ်ငယ် ကလေးများကအစ အသက်ကြီးရွယ်အို အမျိုးသမီးကြီးများ အထိ မည်သူ့ကိုမျှ ချမ်းသာမပေး စာဖြင့် ရေးသားဖော်ပြ၍ မသင့်တော် လောက်အောင်ဖြစ်သည်ဟု ဆိုသည်။ ဤသို့ စော်ကားခံရသော အမျိုးသမီး ကြီးငယ်လေးများကိုလည်း အရှင်မထား သတ်ခဲ့ကြသည်ဟု ဆိုသည်။

ဤကဲ့သို့ နန်ကျင်းမြို့ကြီးအား သွေးချောင်းစီးခဲ့ပြီး လေးရက်မြောက်နေ့ တွင် တပ်မင်းဗိုလ်ချုပ် မတ်ဆူအီသည် နန်ကျင်းသို့ရောက်လာသည့်အချိန်တွင် နန်ကျင်းမြို့သူမြို့သား(၁၅၀,၀၀၀)ကျော် တို့မှ ပြောင်မြောက်သော ဂျပန်တို့၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ပြီ ဖြစ် ဗိုလ်ချုပ်မက်ဆူအီ နန်ကျင်းသို့ အောင် အခမ်းအနားဖြင့် ဝင်ရောက်သည့်အခါ နန်ကျင်းကား မြို့ပျက်ကြီးဖြစ်ခဲ့ပြီ ဖြစ် သည်။ သူပြန်သွားပြီး ရက်သတ္တပတ် ခြောက်ပတ်အထိ ဂျပန်တပ်မတော်သား များသည် ရာဇဝတ်မှုများကို ဆက်လက် ကျူးလွန်ခဲ့၏။

ကံဇာတာတို့ ညှိုးငယ်ရှာသော နန်ကျင်းမြို့တော်သူမြို့တော်သားများ မည်သူမျှ အကာအကွယ်မပေးနိုင်ခဲ့ ထိုသတင်းများသည် တောမီးပမာ တစ် သို့ ပျံ့နှံ့သွားခဲ့၏။ ထိုဂယက်ရိုက်ခဲ့သည် မှာ ယနေ့တိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

လျှမ်း...

Ref;

1. The Rape of Nanking
   By. I RIS Chang.
2. The Kinght of Bushido.



www.burmeseclassic.com

www.burmeseclassic.com

# အေးချမ်းအောင်(ရမည်းသင်း)
# ဟင်းငုတ်ပင် သို့မဟုတ် အဆိပ်ပြေပင်

အဆိပ်ပြေပင်ဟု လူအတော်များများသိထားကြသော၊ စာရေးဆရာအတော်များများလည်း ရေးသားတင်ပြလေ့ရှိသော ဟင်းငုတ်ပင်အကြောင်း၊ ကျွန်တော်သိရှိထားသည်များကို ထပ်မံတင်ပြလိုပါသည်။

ဟင်းငုတ်ပင်သည် အပင်အနေနှင့် ကြီးထွားမှုမြန်ဆန်သည့် အပင်မျိုးဖြစ်သည်။ ကျွန်မတော်တို့ အညာဒေသနေရာအတော်များများတို့၌ပေါက်ရောက်လေ့ရှိသည့်အပင် ဖြစ်လေသည်။

ဟင်းငုတ်ပင်၏ ပင်စည်ကို အိမ်ဆောက်ရာတွင်အသုံးပြုကြသလို အပွင့်ကို ဟင်းချက်စားလေ့ရှိကြသည်မှာ ရှေးယခင်ကတည်းကဖြစ်လေသည်။ ယခုအခါတွင် ဟင်းငုတ်ပွင့်သည် အဆိပ်အတောက်ပြေစေသည်ဟု လူအတော်များများသိရှိလာကြသလို ဟင်းငုတ်ပွင့်ချိန်ဖြစ်သည့် ဧပြီလဆန်းမှ စက်တင်ဘာလအတွင်း နေ့စဉ်ပွင့်လေ့ရှိသော ဟင်းငုတ်ပွင့်ကို ကောက်ယူ အခြောက်လှန်းကာ သိုဆောင်းလေ့ရှိကြသည်။

ဟင်းငုတ်ပွင့်၏ ပုံသဏ္ဌာန်မှာ အသံချဲ့စက်၊ အော်လံ (ဟွန်း) ပုံစံ အဖြူရောင်အပွင့်များဖြစ်ပြီး အပွင့်မှာကြီးမားပါသည်။ မူလက အဖြူရောင်ဖြစ်သော်လည်း နေလှန်း၍အခြောက်ခံထားလျှင် ဟင်းချက်လျှင် အပူနှင့်ထိတွေ့ပါက အရောင်မည်းသွားလေ့ရှိသည်မှာ သဘာဝဖြစ်လေသည်။

ဟင်းငုတ်ပွင့်ကို ဟင်းချက်စားသုံးပါက ဆီနိုင်နိုင်ထည့်၍ဆီပြန်သည်အထိချက်ပြုတ်စားသောက်မှ သင့်လျော်ပါသည်။ ဆီနည်းပါက ဝမ်းကိုက်ချင်သလိုဖြစ်တတ်ပါသည်။ ဟင်းငုတ်ပွင့်ကိုပြုတ်၍ လက်သုပ်သုပ်စားလျှင်လည်း ရလေသည်။

ကျွန်တော်တို့ စပျစ်စိုက်ပျိုးသူများမှာ စပျစ်ခြံကို ပိုးသတ်ဆေး၊ မှိုသတ်ဆေးအမျိုးမျိုးတို့ကို နေ့စဉ်ကိုင်တွယ်ပက်ဖျန်းကြရသည်။ စပျစ်ခြံသမားတို့၏ ခန္ဓာကိုယ်မှာ အနည်းနှင့်အများ အဆိပ်သင့်နေကြသူများဆိုလျှင် မမှားပါ။

ပိုးသတ်ဆေး၊ မှိုသတ်ဆေးများကိုင်တွယ်ပက်ဖျန်းပြီးပါက ထန်းလျက်ခဲစားပေးခြင်း၊ နွားနို့သောက်ပေးခြင်းစသည့် ခန္ဓာကိုယ်ထဲ နည်းမျိုးစုံဖြင့် ဝင်ရောက်သွားသော ဓာတုဆေးဝါးများ၏ အဆိပ်များပြေသွားစေရန်အတွက် စားသုံးခဲ့ကြသည်။

ယခုအခါတွင် ဟင်းငုတ်ပွင့်ကို ဟင်းချက်စားခြင်းဖြင့် ခန္ဓာကိုယ်ထဲတွင် အဆိပ်အတောက်ဖြစ်နေသည်များကြေပျက်သွားသည်ဟု သိရှိထားပြီဖြစ်၍ စပျစ်ခြံသမားတိုင်း စားသုံးကြသည်။

ဟင်းငုတ်ပင်၏ အစွမ်းသတ္တိထူးခြားမှုအကြောင်း ဆက်တင်ပြပါဦးမည်။

ပိုးသတ်ဆေး၊ (အဆိပ်) မိထားသောကြက်များ အဆိပ်မိတာဟု ချက်ချင်းသိပါက ဟင်းငုတ်ပင်၏ အခေါက်ကိုခွာ၍ အဆိပ်မိနေသောကြက်များကို တိုက်ကျွေးပါက ပြန်ကောင်းပါသည်။

စပျစ်စိုက်ခြံသမား အများစုတို့သည် စပျစ်ခြံမှာပင် နေထိုင်ရန် အဆောက်အအုံများ အခိုင်အမာဆောက်လုပ် နေထိုင်ကြခြင်းကြောင့် တစ်နိုင်ကြက်မွေးမြူလေ့ရှိကြသည်။

စပျစ်ခြံကို ဆေးဖျန်းရာတွင် စပျစ်ပင်ကို လာရောက်စားသောက်လေ့ရှိကြသည့် ပိုးမွှားများ ခြံအောက်ပြုတ်ကျသေဆုံးနေသည်များကို ကြက်တွေကကောက်ယူစားလေ့ရှိကြသည်။

ပြင်းထန်လွန်းသော ပိုးသတ်ဆေးများ ပက်ဖျန်းရာ၍ သေဆုံးသွားသော ပိုးကောင်များကို စားသောက်မိကြသော ကြက်များ အဆိပ်မိကြသည်။ ထိုကဲ့သို့ဖြစ်လျှင် အနီးဆုံးတွင်ရှိနေသော ဟင်းငုတ်ပင်ကို အပြေးသွား အခေါက် (အခွံ) ခွာတိုက်ကျွေးကြရသည်။

ပိုးသတ်ဆေးပုလင်းများ၊ ဘူးများကို ဟင်းငုတ်ပင်တွင် ချိတ်ထားမိပါက ပုလင်းအတွင်း၌ရှိနေသော ဆေးများအာနိသင်ပျက်ပြယ်ကာ အနံ့သာရှိနေခဲ့ပြီး ဆေးမှာ လုံးဝအာနိသင်မရှိတော့ဘဲ ရေဖြစ်သွားပါသည်။

ဟင်းငုတ်ပွင့်ကို မြို့ပေါ်မှာ အထူးတလည် မှာယူသူများ၏ စကားအရ ဟင်းငုတ်ပွင့်သည် ကင်ဆာရောဂါကို ကာကွယ်သည်၊ ကင်ဆာရောဂါကို ပျောက်ကင်းသည်ဟု သိရပါသည်။

၎င်းတို့ပြောပြသလို ကင်ဆာရောဂါမဖြစ်တာ၊ ပျောက်တာတော့ ကျွန်တော့်အနေနှင့် မသိပါ။ သို့သော် ဟင်းငုတ်ပင်သည် ပိုးသတ်ဆေးအဆိပ်ကိုတော့ အမှန်တကယ်ပင် ပြေပျောက်ပါကြောင်း သိရှိထားသည်များကို တင်ပြလိုက်ရပါသည်။



ကြွေကျနေသော ဟင်းငုတ်အပွင့်နှင့် ဟင်းငုတ်ပင်



www.burmeseclassic.com

www.burmeseclassic.com



# မောင်မောင်မိုးအောင်

## သရဲခြောက်ပုံဆန်းသည့်ရေကန်ကြီး

မုဒုံမှ ကန်ကလေးရွာသို့အသွားတွင် ကန်ကလေးရွာမရောက်မီ နေရာတစ်ခုတွင် ရေကန်တစ်ကန်ရှိသည်။ ထိုရေကန်သည် ညနေမိုးချုပ်မှောင်စပျိုးသည်နှင့် သရဲခြောက်သည်ဟု နာမည်ကြီးနေသော ရေကန်လည်းဖြစ်သည်။ ညနေမိုးချုပ် မှောင်စပြုသည်နှင့် ထိုရေကန်အနီးသို့ မည်သူမျှမသွားကြတော့ပေ။ နေ့ခင်းဘက်တွင်မူ လူများ ရေဆင်းချိုးခြင်း၊ အဝတ်လျှော်ခြင်း၊ လှည်းရေဆေးခြင်းများ ပြုလုပ်လေ့ရှိသည်။

အချိန်ကာလမှာ မြန်မာပြည် လွတ်လပ်ရေးမရသေးသည့် သူ့ကျွန်ဘဝကာလဖြစ်သည်။ ယခု မွန်ပြည်နယ် မုဒုံမြို့လေးတွင် ထိုစဉ်က နွားလှည်းကိုယ်ထည်လုပ်ငန်းများ တွင်ကျယ်စည်ပင်နေသောကာလလည်း ဖြစ်သည်။ ထိုခေတ်က နွားလှည်းသည် ကျေးရွာများတွင် အဓိကကျသည့် သယ်ယူပို့ဆောင်ရေးယာဉ် ဖြစ်သည်။ ထိုမုဒုံမြို့အလွန်တွင် ကန်ကလေးကျေးရွာတည်ရှိရာ ထိုကန်ကလေးကျေးရွာမှ ယောကျ်ားပျိုသူ ငယ်ချင်းနှစ်ဦးသည် မုဒုံမြို့ ယခုစာစဉ်ဟုခေါ်သောလမ်းမရှိ နွားလှည်းကိုယ်ထည်ပြုလုပ်သည့် အလုပ်ရုံတွင် အတူအလုပ်လုပ်ကိုင်နေကြသည်။

ကန်ကလေးရွာသားများဖြစ်သော မောင်ကွန်ပါနှင့် မောင်ပါနောက်တို့မှာ လွန်စွာချစ်ခင်ကြသောသူငယ်ချင်းများဖြစ်သည်။ နှစ်ယောက်အတူ လှည်းဘီးအလုပ်ရုံတွင် လုပ်ကိုင်နေသူများလည်း ဖြစ်သည်။ ညီအစ်ကိုရင်းတမျှ ချစ်ခင်ကြပြီး သွားအတူလာအတူဖြစ်သော သူငယ်ချင်းနှစ်ဦးလည်း ဖြစ်ပါသည်။ ကန်ကလေးရွာမှ မုဒုံသို့ လာရောက်အလုပ်လုပ်၏။ ညနေ့အလုပ်သိမ်းချိန်တွင် သူငယ်ချင်းနှစ်ယောက် နေရပ်ကန်ကလေးရွာသို့ ပြန်နေကျလည်း ဖြစ်သည်။ မနက်စောစော ကန်ကလေးရွာမှ မုဒုံသို့ လာရောက်အလုပ်လုပ်ပြီး ညနေအလုပ်သိမ်းချိန် ရွာသို့ပြန်နေကျဖြစ်သည်။

တစ်နေ့ အလုပ်တွင် အရေးကြီးသည့် အပ်ထည်ရှိ၍ လှည်းဘီးနှစ်ခုကို နေ့ခင်းပြီးလုပ်ကိုင်ပေးရမည်ဖြစ်သည်။ သူငယ်ချင်းနှစ်ဦး ကြိုးစားပမ်းစား လုပ်ကိုင်နေကြရသည်။ အလုပ်ရှင်က အလုပ်အလျင်စလိုရှိ၍ အပြီးဆောင်ရွက်နေရသည်။ ယခင်နေ့များထက် ရွာပြန်ချိန်နောက်ကျခဲ့ရသည်။ ညနေမှောင်စပြုပြီးမှ အလုပ်လက်စသတ်နိုင်တော့သည်။ နှစ်ယောက်စလုံးချွေးတရွှဲရွှဲနှင့်ဖြစ်နေကြသည်။ အလုပ်ပြီးသည်နှင့် မောင်ကွန်ပါက သူငယ်ချင်းဖြစ်သူ မောင်ပါနောက်ကိုပြောလိုက်သည်။

"ဟဲ-ပါနောက်ရေ မှောင်တောင်မှောင်နေပြီ။ အိမ်မှာပိုက်ဆံပြတ်နေတာနဲ့ အတော်ပဲ။ အလုပ်ရှင်က ဒီနေ့ငွေရှင်းပေးလိုက်တယ်။ အမေ့အတွက် ဆေးဝယ်ဖို့ အဆင်ပြေသွားတော့တယ်"

"လာ-ကွန်ပါ၊ မင်းအမေအတွက် ဆေးအရင်ဝယ်ရမယ်။ တော်ကြာ ဆေးဆိုင်တွေပိတ်သွားဦးမယ်။ ဆေးဝယ်ပြီးမှ ပြန်ကြတာပေါ့"

သူငယ်ချင်းနှစ်ဦး အလုပ်ရုံမှ ပြန်လာပြီး လိုအပ်သောဆေးဝါးများ အလျင်ဝယ်ကြသည်။ အားလုံးပြီးမှ မုဒုံမှ ကန်ကလေးရွာသို့ ပြန်လာကြသည်။ ယခင်နေ့များက တွေ့ရာလှည်းကြုံဖြင့် ပြန်ကြရသော်လည်း ယနေ့နောက်ကျကာ မှောင်နေပြီဖြစ်၍ လှည်းကြုံမရနိုင်တော့ပေ။

"ဒီနေ့အလုပ်သိမ်းတာနောက်ကျတော့ လှည်းကြုံမရနိုင်တော့ဘူး။ လမ်းလျှောက်ပြီးပဲပြန်ရမယ်ထင်တယ်"

သို့ဖြင့် လှည်းကြုံကိုကြည့်ရင်း သူငယ်ချင်းနှစ်ဦး စကားတပြောပြောနှင့် ရွာသို့ လမ်းလျှောက်ပြန်လာကြသည်။ မကြာမီ ရွာထိပ်ရေကန်အနီးသို့ရောက်လာသည်။

မောင်ပါနောက်က -

"ဟဲ - သူငယ်ချင်းကွန်ပါ၊ ငါတော့ ချွေးတွေနဲ့နေလို့မရတော့ဘူး၊ ပူလောင်နေတာပဲ။ ရေကန်မှာရေဆင်းချိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တော့မယ်"

"အေး-မင်းအကြံကောင်းသားပဲ။ ငါလည်း ရေချိုးချင်နေတာနဲ့အတော်ပဲ။ ဒါပေမယ့် ပါနောက်ရေ"

"ဘာဒါပေမယ့်လဲကွ"

"ဒီလိုကွ၊ ခုမှောင်နေပြီလေ။ ဒီကန်မှာရေချိုးလို့ဖြစ်ပါ့မလား"

"နှစ်ယောက်ရှိတာပဲ၊ မကြောက်ပါနဲ့ကွာ"

"ဒီကန်ကသရဲခြောက်တာနာမည်ကြီးနော်။ ပြီးတော့ တစ်ခါမှအခြောက်မခံရတဲ့သူဆိုရင် ပိုပြီးတွမ်းကြမ်းတမ်းတမ်းခြောက်တယ်တဲ့။ တို့နှစ်ယောက်ကလည်း တစ်ခါမှအခြောက်မခံရဘူးသေးတဲ့သူတွေဆိုတော့"

"သတိတော့ထားရမှာပေါ့ကွာ။ သရဲခြောက်တာလည်း တစ်ခါမှမကြုံဖူးသေးဘူးလေ"

"ဘာပဲဖြစ်ဖြစ် သတိထားတာက အကောင်းဆုံးပဲ။ လာ- ကန်ထဲဆင်းကြမယ်"

သူငယ်ချင်းနှစ်ဦး လုပ်အားခငွေများ၊ ဝယ်ထားသောဆေးဝါးများ၊ အဝတ်များကို ကန်စပ်တွင်စုပုံထားကာ ရေကန်ထဲရေဆင်းချိုးကြ၏။မည်သည့်အနှောင့်အယှက်မှမတွေ့ရဘဲ တစ်ယောက်နှင့်တစ်ယောက် ရေပက်ကစားနေလိုက်သေးသည်။ ထိုစဉ် မလှမ်းမကမ်းမှ ရေသံကြား၍ လှမ်းကြည့်လိုက်ရာ မိမိတို့ကဲ့သို့ရေချိုးနေသည့်လူကြီးတစ်ဦးကို တွေ့လိုက်ရသည်။ အဖော်တစ်ဦးတွေ့ရသဖြင့် ကြောက်စိတ်များအတန်အသင့်ပြေလျော့ခဲ့သည်။

"ကဲ - ပါနောက်၊ ငါ့ကျောကုန်းကြေးတွန်းပေးပါလား။ မင်းကိုလည်း တစ်လှည့် ကြေးပြန်တွန်းပေးမယ်လေ"

"အေး - ကောင်းသားပဲ။ လာ- ကွန်ပါ၊ ငါ့အနားလာခဲ့၊ မင်းကျောကုန်း ငါအရင်ကြေးတွန်းပေးမယ်"

ပြောပြောဆိုဆို သူငယ်ချင်းနှစ်ဦးကတစ်ယောက်ကျောကုန်းတစ်ယောက်တစ်ပြန်စီ ကြေးတွန်းပေးနေကြသည်။ သူတို့နှစ်ယောက်အဖြစ်ကို မလှမ်းမကမ်းတွင်ရေချိုးနေသောလူကြီးကတွေ့သွားပြီး အနားသို့ရောက်လာကာ -

"မင်းတို့သူငယ်ချင်းနှစ်ယောက်က တော်တော်ချစ်ကြပုံရတယ်နော်။ တစ်ယောက်နဲ့တစ်ယောက် ကြေးတွန်းပေးနေလိုက်ကြတာ ငါတောင်အားကျလာတယ်"

"ဟုတ်တယ်ဦးလေးရဲ့၊ ကျွန်တော်တို့နှစ်ယောက်က သိပ်ချစ်တဲ့သူငယ်ချင်းတွေဆိုတော့ ဒီလိုပဲလုပ်ပေးနေကျပါ"

"ဒါနဲ့ မင်းတို့ဘယ်ရွာကလဲ၊ ဒီမှုဒိုကပဲလား"

"မဟုတ်ဘူး၊ ကျွန်တော်တို့က ကန်ကလေးရွာကပါ။ ရွာအပြန်မှာ လမ်းမှာရေချိုးချင်ကြတာနဲ့ ခုလိုရေဆင်းချိုးနေကြတာပါ"

"ဒါနဲ့ မင်းတို့ ဒီအချိန် ဒီရေကန်မှာ သရဲခြောက်တာ မကြားဖူးကြဘူးလား"

"ကြားဖူးပါတယ်၊ ဒီကန်က သရဲခြောက်တာနာမည်ကြီးပဲဟာ။ ဒါပေမယ့် ဒီနေ့ ကျွန်တော်တို့နှစ်ယောက်သာမက ဒီကဦးလေးလည်း အနားမှာရှိနေတော့ မကြောက်တော့ပါဘူး"

"အင်း - မင်းတို့နှစ်ယောက်က တော်တော်သတ္တိကောင်းကြတယ်"

"သတ္တိကောင်းတာတော့မဟုတ်ပါဘူး။ ဒီနေ့ အလုပ်မှာ ပင်ပင်ပန်းပန်းလုပ်လိုက်ရတော့ ချွေးတွေထွက်နေတာနဲ့ ဒီကန်မှာ ရေဆင်းချိုးဖြစ်တာပါ"

"ရေချိုးရင်း တစ်ယောက်တစ်လှည့် ကျောကုန်းကြေးတွန်းပေးနေကြတာ ငါတောင်အားကျလာပြီ။ ငါလည်း မင်းတို့လို တစ်လှည့်စီကြေးတွန်းချင်တယ် လုပ်ကြမလား"

"ရပါတယ် ဦးရယ်၊ ကျွန်တော်တို့ အနားလာလေ လုပ်ပေးပါ့မယ်"

"ဘယ်ဟုတ်ပါ့မလဲ၊ တစ်ယောက်တစ်လှည့်ပေါ့။ ကဲ- လာ၊ ငါအရင်ကြေးတွန်းပေးမယ်၊ ဘယ်သူ့ကျောကုန်းကြေးအရင်တွန်းပေးရမလဲ" -

"ကဲ- ပါနောက်ရေ၊ ငါပဲကြေးတွန်းခံလိုက်တော့မယ်။ နောက်မှ တို့နှစ်ယောက် ဒီဦးလေးကို ကြေးတွန်းပေးကြတာပေါ့"

"ဘယ်သူ့ကျောကုန်းကြေးအရင်တွန်းပေးရမလဲ"

လူကြီး၏စကားအဆုံး မောင်ကွန်ပါက ပြောလိုက်သည်။

"ကျွန်တော်တို့က လူငယ်ပါ။ ဦးလေးကြေးတွန်းပေးချင်တယ်ဆိုလို့ သာခွင့်ပြုလိုက်ရတယ်၊ အားတော့နာပါတယ်။ ကျွန်တော့်ကျောကုန်းပဲ ကြေးတွန်းပေးပါ"

"ကောင်းပြီ၊ ဦးလေးအရင်ကြေးတွန်းပေးမယ်။ နောက်တော့မှ တစ်လှည့်ငါ့ကျောကုန်းပြန်ပြီးကြေးတွန်းပေးပေါ့ကွာ"

"ဟုတ်ကဲ့ - ရပါတယ်"

"ကဲ- မင်းကျောကုန်းငါကြေးတွန်း ပေးပြီတော့"

ပြောပြောဆိုဆို လူကြီးသည် မောင်ကွန်ပါ၏ ကျောကုန်းကို ကြေးတွန်းပေးသည်။ ကျောခိုင်းထား သောမောင်ကွန်ပါက ကြေးတွန်းပေး နေသောလူကြီး၏ မျက်နှာကိုမမြင်ရသေ နိုင်ဘေးမှကြည့်နေသောမောင်ပါနောက် က လူကြီး၏မျက်နှာကိုမြင်နေရသည်။ ကြေးတွန်းပေးနေသော လူကြီး၏ မျက်နှာမှာ တစ်မျိုးတစ်ဖုံထူးခြားနေ သည်ဟု မောင်ပါနောက် သတိပြု သည်။ ထိုလူကြီးကို မသင်္ကာသော မျက်လုံးဖြင့်ကြည့်နေမိသည်။ လူကြီး အတန်ကြာ မောင်ကွန်ပါ၏ ကျောကုန်း ကိုကြေးတွန်းပေးသည်။

"မင်းရဲ့ခါးနည်းနည်းကုန်းလိုက် ဦး။ ခါးကစပြီး အပေါ်ဘက်ကိုကြေး တွန်းပေးချင်လို့ပါ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ - ရပါတယ်"

မောင်ကွန်ပါက လူကြီးပြောသည့် အတိုင်း ခါးကိုအနည်းငယ်ကုန်းပေး လိုက်သည်။ လူကြီးက မောင်ကွန်ပါ၏ ခါးဆစ်အနားမှစ၍ ကျောကုန်းအပေါ် ပိုင်းရောက်သည်အထိ အောက်မှအပေါ် သို့ ကြေးတွန်းပေးသည်။

"ဘယ်လိုလဲ ငါ့တူ၊ အဆင်ပြေရဲ့ လား"

"ဟုတ်ကဲ့-အဆင်ပြေပါတယ်ဦး အားတော့နာလိုက်တာဦးရယ်"

"ငါက ခါးအောက်ပိုင်းခါးဆစ် စပြီး အောက်ကအထက်ကိုကြေးတွ ပေးတာ မင်းကျောကုန်းကြေးတွေ တော့ဘူး။ ငါ့အလှည့်ပြီးပြီ။ မင်းတို့နှ ယောက် ငါ့ကျောကုန်းကိုကြေးတွန်းပေ ကြဦး"

"ဟုတ်ကဲ့ ဦးလေး၊ နှစ်ယောက် လုံး ဦးလေးရဲ့ကျောကုန်းကြေးတွန်းပေး ရမှာလား"

"အေးပေါ့ကွ၊ နှစ်ယောက် ပြိုင်တူ ငါ့ကျောကုန်းကိုကြေးတွန်းပေး ပေါ့။ ခုနက မင်းကိုငါကြေးတွန်းပေး ပုံစံအတိုင်း ခါးအောက်ပိုင်းက ကျောကုန်းအပေါ်ပိုင်းကို ကြေး ပေးပါ။ ငါခါးကုန်းပေးထားမ ယောက်စလုံးကြေးတွန်းနော်"

ထိုလူကြီးက မောင်ကွန်ပါ မောင်ပါနောက်တို့နှစ်ယောက် လာပြီး ကျောကုန်းကို ကြေးတွန်းနိုင် ငံ့ပေးထားသည်။

"ကဲ- ပါနောက်ရေ၊ တို့အ



www.burmeseclassic.com

www.burmeseclassic.com

..ဆောက်လာပြီ။ သူပြောတဲ့ပုံစံအတိုင်း ..ကြေးတွန်းပေးရအောင်"

"ကောင်းပြီ - ကွန်ပါရေ၊ သူပြော ..အတိုင်း တို့နှစ်ယောက် တစ်ပြိုင် ..ည်းလုပ်ကြတာပေါ့။ ကဲ- စရအောင်"

ရှေ့မှခါးကုန်းထားသောလူကြီး၏ ..ကျောကုန်းကို ခါးမှစ၍ အပေါ် ..သို့ နှစ်ယောက်သားပြိုင်တူကြေး ..တွန်းလိုက်ရာ -

"ဟာ - ကွန်ပါရေ၊ ဘယ်လိုဖြစ် ..လဲ"

"ဟာ - ပြဿနာပဲ၊ ကြည့်ပါဦး ..ဆန်းလိုက်တာ"

လူကြီး၏ကျောကုန်းကိုနှစ်ယောက် ..ပြိုင်တူ ကြေးတွန်းလိုက်ရာ လူကြီး ..၏ ကျောကုန်းထက်မှ အရေပြားသည် ..ပြားလိုက်အောက်မှ အထက်သို့လန် ..သွားပြီး သွေးစိမ်းများထွက်ကျလာ ..ည်ကို ထိတ်လန့်ဖွယ် တွေ့လိုက်ရ ..ည်။ ကျောကုန်းကိုဖုံးအုပ်ထားသော ..ပေါ်ယံအရေပြားမှာ လန်ထွက်သွား ..ကြောင့် နံရိုးများပေါ်လာပြီး ကိုယ်တွင်းရှိ ..လီစာများကို အတိုင်းသား သွေးသံရဲရဲ ..ဖြင့် မြင်တွေ့လိုက်ရသည်။ ထူးဆန်း ..ထိတ်လန့်ဖွယ်အဖြစ်ကြောင့် သူတို့နှစ်ဦး ..တက်မိနေရာမှ -

"ဟာ - ပါနောက်ရေ၊ ဒီလူကြီးက ..ရဲ ပြေး. . . ပြေးကြစို့"

မောင်ကွန်ပါစကားဆုံးသည်နှင့် ..စ်စဝ်တွင်စုပုံထားသောအဝတ်များကို ..ယူရန်သတိမရတော့ဘဲ ရေစိုပုဆိုး ..စ်စီဖြင့် ကန်ကလေးရွာဘက်သို့ ..ကြောက်လန့်တကြား အပြေးထွက်လာ ..ကြသည်။ မောရမှန်းပင်မသိတော့ပါ။ ..ကြောက်စိတ်ကသာ လွှမ်းမိုးနေသည်။ ..တမ်း နောက်လှည့်မကြည့်ဘဲ အား ..ဖြင့်သာပြေးနေကြသည်။ လူအချို့က ..အဆန်းသဖွယ် သူတို့နှစ်ယောက် ..ကြည့်နေကြသည်။

"ရေကန်ကသရဲဗျို့၊ နောက်က ..လိုက်လာသလားမသိဘူး။ ပြေးကြ ..ကြ"

သူငယ်ချင်းနှစ်ယောက် နှုတ်မှ ..အော်ရင်း မရပ်မနားပြေးသွားနေသည်။ ..ကြာသွားသည်ပင် သတိမရတော့ ..ရွာအဝင်လမ်းထိပ်ရောက်မှ ကြောက် ..အနည်းငယ်ပြေသွားကာ အပြေးရပ် ..လိုက်သည်။ ကြောက်စိတ်ဖြင့် နောက် ..ပြိုင်တူလှည့်ကြည့်လိုက်သည်။ မည် ..လိုက်မလာပါ။ မည်သည့်ထူးခြားမှု ..တွေ့ရပါ။ နှစ်ယောက်သား ဟောဟဲ ဟောဟဲနှင့်မောနေကြပြီ ဖြစ်သည်။ အသက်ကိုလု၍ရှူနေရသည်။ ရွာအဝင်လမ်းထိပ်သို့ ရောက်ရှိလာပြီဖြစ်၍ ကြောက်စိတ်ပြေကာ ခေတ္တရပ်နားလိုက်သည်။ ထိုအချိန်မှာ မှောင်နေပြီဖြစ်သည်။ တောရွာမလေ့၊ ခေတ်ကာလ အခြေအနေအရ လူသွားလူလာကျဲပါးနေသည်။

"တို့ဝယ်ထားတဲ့ ဆေးတွေနဲ့ ပိုက်ဆံတွေကန်စပ်မှာကျန်ခဲ့ပြီကွ"

"မနက်စောစော အလုပ်သွားတော့မှဝင်ယူကြတာပေါ့။ ဘယ်သူမှသိမှာမဟုတ်ဘူး"

နှစ်ယောက်သား အမောဖြေ၍ စကားပြောနေစဉ်မှာပင် လမ်းလျှောက်လာသောလူတစ်ဦးကိုတွေ့လိုက်ရသည်။

ထိုလူကပင် စကားစ၍ပြောလိုက်သည်။

"စောစောက မင်းတို့နှစ်ယောက် အမောတကောနဲ့ပြေးလာတာတွေ့လိုက်ရတယ်။ ဘာတွေဖြစ်ခဲ့လို့လဲ"

"မပြောပါနဲ့တော့ ဘကြီးရယ်၊ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် လမ်းထိပ်ကရေကန်မှာ ရေဆင်းချိုးကြတာ သရဲအခြောက်ခံရလို့ အဲဒီကန်ကနေ ပြေးလာကြတာ"

"ဘယ်လိုအခြောက်ခံရတာလဲ"

"ရေချိုးနေတဲ့လူကြီးတစ်ဦးနဲ့ဆုံတယ်။ သူလည်းရေချိုးနေတာပါပဲ။ ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက်က တစ်ယောက်ကျောကုန်း တစ်ယောက် တစ်လှည့်စီ ကြေးတွန်းပေးနေကြတာ၊ သူလည်း ကြေးတွန်းချင်တယ်ဆိုလို့ခွင့်ပြုလိုက်တာ၊ သူက ကျွန်တော်တို့ကို အရင်ကြေးတွန်းပေးတယ်။ ကျွန်တော်တို့ အလှည့်မှာ သူ့ကျောကုန်းကိုကြေးတွန်းပေးလိုက်တာ"

မောင်ကွန်ပါက စကားမဆက်နိုင်တော့ဘဲရပ်ထားလိုက်သည်။

"အဲဒီလူ့ကျောကုန်းကို မင်းတို့ နှစ်ယောက် ကြေးတွန်းပေးလိုက်တော့ ဘာဖြစ်သွားတာလဲ"

"ခုမှတော့မထူးတော့ပါဘူး၊ သရဲအခြောက်ခံရပုံပြောပြပါ့မယ်။ အဲဒီလူ့ကျောကုန်းကို ကြေးတွန်းလိုက်တော့ ကျောပေါ်ကအရေပြားတစ်ခုလုံး အပေါ်ဘက်ကိုလန်တက်သွားပြီး သွေးစိမ်းတွေထွက်ကျလာတယ်။ ပြီးတော့ နံရိုးပြိုင်းပြိုင်းပေါ်လာတယ်။ နံရိုးအတွင်းက ကလီစာတွေသွေးသံရဲရဲနဲ့မြင်ခဲ့တာ။ အဲဒီလိုသရဲအခြောက်ခံခဲ့ရတာ"

"အင်း- မင်းတို့နှစ်ယောက် သရဲအခြောက်ခံခဲ့ရတဲ့ပုံစံက တော်တော်ထူးဆန်းပါလား။ ရေကန်ထဲကလူရဲ့ အရေပြားတွေလန်သွားပြီး သွေးသံရဲရဲနဲ့ အတွင်းကလီစာတွေမြင်ခဲ့ရပုံထပ်ပြောပြပါဦး"

"ဟာ - တော်ပါပြီ ကြောက်စရာကြီး၊ မပြောချင်တော့ပါဘူး"

"အေးပါ၊ မင်းထပ်မပြောတော့ ငါပဲပြရတော့မှာပေါ့။ မင်းတို့သရဲအခြောက်ခံရပြီး သွေးသံရဲရဲမြင်ခဲ့ရတာ ဒီလိုပုံမဟုတ်လား"

စကားပြောနေသောသူက ထိုသို့ပြောပြီး သူ့ကျောကုန်းကိုလှည့်၍ပြလိုက်သည်။ သူငယ်ချင်းနှစ်ယောက် ဟာ၊ ဟင်တွေဖြစ်ကုန်သည်။ ကျောကုန်းလှည့်၍ပြသောထိုသူ၏ကျောကုန်းသည် ရေကန်တွင်တွေ့ခဲ့ရသောလူ၏ကျောကုန်းပုံစံနှင့် တစ်ထေရာတည်းတူနေသည်။ သွေးသံရဲရဲ နံရိုးများ အတွင်းမှကလီစာများကို ထပ်တွေ့ရပြန်သည်။

"အပါရေ ပြေး. . . . ပြေးကြဦးစို့၊ ရေကန်ကသရဲ ဒီအထိလိုက်လာတာဖြစ်မယ်"

"အေး- ဟုတ်တယ် ပါနောက်ရေ၊ ရေကန်ကသရဲကြီးလိုက်လာတာပဲ။ ပြေးပြေးတော့"

သူငယ်ချင်းနှစ်ယောက် ကြောက်လန့်တကြား ရွာအဝင်လမ်းအတိုင်း မိမိတို့နေထိုင်ရာအိမ်များဘက်သို့ အမောတကောပြေးခဲ့ကြသည်။ မကြာမီ အိမ်သို့ ရောက်လာခဲ့သည်။ ထိုအချိန်ကျမှ ကြောက်စိတ်များလျော့ပါးခဲ့ကြရသည်။ တစ်ယောက်စကားတစ်ဆင့်စကားဖြင့် ထွန်ပါနှင့်ပါနောက်တို့သူငယ်ချင်းနှစ်ဦး သရဲအခြောက်ခံရသည့်သတင်းက ရွာတွင်းသို့ပြန့်သွားတော့သည်။ မကြာမီ အိမ်နီးနားချင်းမှ လူများစုရုံးရောက်ရှိလာကြတော့သည်။ မောင်ကွန်ပါတို့နေအိမ်တွင် လူများစုရုံးစုရုံးဖြစ်နေပြီး သရဲခြောက်သည့်အကြောင်း တစ်ယောက်တစ်ပေါက်ထင်ရာမြင်ရာပြောဆိုနေကြသည်မှာ ဆူညံနေပါတော့သည်။

"ဒီလောက် သရဲခြောက်တာ နာမည်ကြီးနေတဲ့ရေကန်မှာမှ မင်းတို့ နှစ်ယောက် နေဝင်ရီသရောအချိန်မှာ ရေဆင်းချိုးရတယ်လို့ကွာ"

"မကြောက်မလန့်နဲ့၊ အခြောက်ခံရတာတောင်နည်းသေးတယ်"

"ဘာမှမဖြစ်တာ[illegible]သေးတယ်"

"ကန်ထဲကသရဲက ရွာအဝင်လမ်း



www.burmeseclassic.com

www.burmeseclassic.com

# မိုးရာသီကျန်းမာရေးနှင့်တိုင်းရင်းဆေးပညာ

မိုးရာသီရောက်ရှိလာတဲ့အခါမှာ တိုင်းရင်းဆေးပညာအမြင်အရ ရာသီဥတုသဘောသဘာဝနဲ့ ရာသီဥတုအလိုက်ဖြစ်ပေါ် ကျရောက်တတ်တဲ့ရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန်အချက်များ၊ လိုက်နာနိုင်ရန်အချက်များနဲ့ ရှောင်ကြဉ်နိုင်ရန်အချက်များကို တင်ပြလိုပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဆရာမ ဒေါ်နေနေဗိုင်ရည်နဲ့ မေးမြန်းဆွေးနွေးခန်းကို တင်ပြပါ့မယ်။

မေး ။ ။ ဆရာမ ခင်ဗျား/ရှင်။ မိုးဥတုရဲ့ ကာလအပိုင်းအခြားသဘာဝနှင့် ပညာရပ်ဆိုင်ရာ ခေါ်ဆိုသုံးနှုန်းပုံများကို တိုင်းရင်းဆေးပညာအလိုအရ ကျေးဇူးပြုပြီး ရှင်းပြပေးပါ ခင်ဗျား/ရှင့်။

ဖြေ ။ ။ ကျန်းမာရေးနဲ့ဆေးပညာ ကဏ္ဍကနေပြီး ပြည်သူများ ယခုတင်ပြမယ့်အကြောင်းအရာကတော့ မိုးရာသီကျန်းမာရေးနဲ့ တိုင်ရင်းဆေးပညာအကြောင်း ဖြစ်ပါတယ်။ 'မေထုန်ခွင်၊ နွေစွန်လမှာမို့ မိုးမာန်ကတအုံအုံ၊ မည်းတဲ့လို့မှုန်' ဆိုတဲ့ တိုင်းတားမြို့သူကြီးဦးဖက်ရေးသားခဲ့တဲ့ တေးထပ်အဆိုအရ နယုန်လဟာ ကောင်းကင်တစ်ပြင်လုံး မိုးသားမည်းမှောင်အုံ့ဆိုင်းပြီး မိုးသံပေးကာ မိုးသေးဖွဲများရွာသွန်းလာချိန် ဖြစ်ပါတယ်။ နေပူရှိန်လျော့လျော့လာပြီး မိုးကလည်း တစ်ကျော့ပြီးတစ်ကျော့လာနေချိန် ဖြစ်ပါတယ်။ စာဆိုပညာရှင်များက နယုန်လကို နွေနှောင်းလ၊ နွေစွန်လလို့ ဖွဲ့နွဲ့လေ့ရှိပါတယ်။ 'လနယုန် မေထုန်ဆန်းရင်ဖြင့်၊ ခိုင်ပန်းပွင့် စံပယ်ဖြူ' လို့ဆိုတဲ့အတိုင်း နယုန်လမှာ စံပယ်ပန်းများလည်းပွင့်တတ်ကြပါတယ်။ နွေကုန်ဆုံးလို့ မိုးရာသီ မိုးဥတုရောက်ရှိလာနေပြီဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာအလိုအရ မိုးရာသီကို ဝါဆိုလပြည့်ကျော်၁ရက်နေ့ကနေ တန်ဆောင်မုန်းလပြည့်နေ့အထိ သတ်မှတ်ထားပါတယ်။ မိုးရာသီအချိန်အခါကိုလည်း မိုးဦး၊ မိုးလယ်၊ မိုးနှောင်းကာလများဆိုပြီး ဝေါဟာရအားဖြင့် ပိုင်းခြားတတ်ကြပါတယ်။ အခုလို နွေရာသီအဆုံးပိုင်းကာလများနဲ့ မိုးရာသီအစပိုင်းကာလများမှာ အပူ၊ အအေး နှစ်ပါးပြိုင်ဆိုင်တတ်ပါတယ်။ ရာသီဥတုအကူးအပြောင်းပြုချိန်၊အဆက်အစပ်ပြုနေချိန်များမှာ ကိုယ်ခံအားလျော့နည်းသူများမှာ ရောဂါဘယနှိပ်စက်မှုများကို ခံရတတ်ကြပါတယ်။ 'ရတုသန္ဓိရောဂါဖိ၊ သတိရှိကြစေ' ဆိုတဲ့ စကားအရ ဥတုအကူးအပြောင်းပြုနေချိန်များမှာ ရောဂါဘယအဖြစ်များတတ်ကြတာမို့ အစားအသောက်၊ အနေအထိုင်၊ အပြုအမူ... ကို သတိနဲ့ယှဉ်ပြီး နေထိုင်စားသော... သင့်ကြပါတယ်။

'ဝါဆိုလပြောင်း၊ မိကျောင်း... ဖွေး၊ မိုးအေးအေး' ဆိုတဲ့ တောင်သူ... များစကားအတိုင်း ဝါဆိုလမှာ ရွာသွ... တဲ့မိုးရေမှာ အလွန်အေးမြပြီး မိကျော... ပန်းများ ဖွေးဖွေးဖြူအောင်ပွင့်နေ... တို့ကိုတွေ့မြင်နိုင်ပါတယ်။ တိုင်းရင်း... ပညာအလိုအရ ဝါဆိုလနဲ့ ဝါခေါင်... များဟာ ဝသန္တဥတုမှာ ပါဝင်ကြော... သဘာဝဆေးကျမ်းမှာ ဖော်ပြထား... တယ်။

ဒီလတွေမှာ လောကဓာတ်... ဟာ စိုစွတ်ပြီးနေတတ်ပါတယ်။ ... အေးတုံ့ရှိပါတယ်။ ကောင်းကင်ယံ... မိုးတိမ်တွေမပြတ်ရှိနေတတ်ပါတ... အနောက်ဘက်ဆီမှလေများကျရော... တတ်ပါတယ်။ မှက်၊ ခြင်၊ ယင်၊ ... စတဲ့ သတ္တဝါများ ပေါများလာပါတ... ထိမ်၊ မအူ၊ လက်ထုပ်၊ ဆတ်သွား၊ မ... ပုန်းညက် အစရှိတဲ့ ပန်းများပွင့်တတ်... ပါတယ်။ မြစ်ချောင်းအင်းအိုင်ရေ... ရေများမှာ ရေများပြည့်လျှံနေပါတ... မြေပြင်တစ်ဝှမ်းမှာ စပါးပင်မျ... တင့်တယ်လှပနေပါတယ်။

အဲဒီအခါမျိုးမှာ အပလေ...

---

အထိလိုက်လာပြီးခြောက်တာ မင်းတို့ရေချိုးရင်း ဘာအမှားတွေလုပ်ခဲ့ကြလို့လဲ"

"ဘာဖြစ်လို့ ဒီရေကန်က သရဲခြောက်နေရတာလဲ။ ဒီလိုသရဲခြောက်တာ ဘယ်လောက်ကြာနေပြီလဲ"

"ဒီသရဲခြောက်တဲ့ရေကန်ရဲ့ရာဇဝင်ကို ဘယ်သူသိလဲ"

စသဖြင့် တစ်ယောက်တစ်ပေါက်ပြောဆိုနေကြရင်း တဖြည်းဖြည်း လူစုကွဲသွားသည်။ ထိုညက မောင်ကွန်ပါတစ်ယောက် လွယ်လွယ်နှင့်အိပ်၍မပျော်ဘဲဖြစ်နေသည်က သရဲခြောက်သည့်အဖြစ်ကို မြင်ယောင်နေသည်။ နံရိုးပြိုင်းပြိုင်း၊ သွေးသံရဲရဲလူတစ်ဦး၏ အံတွင်းကလီစာများကို မြင်ယောင်နေသည်။ ထိုသို့တွေးရင်း ညဉ့်နက်မှ အိပ်ပျော်သွားတော့သည်။

နောက်တစ်နေ့ နံနက်အလုပ်သွားချိန်တွင် မောင်ပါနောက်က သူငယ်ချင်း မောင်ကွန်ပါကိုဝင်ခေါ်သည်။မောင်ကွန်ပါမှာ အိပ်ရာပေါ်တွင်သာ လဲလျောင်းနေဆဲရှိနေသည်။

မောင်ပါနောက်က -

"အလုပ်သွားကြမယ်၊ ဘာလုပ်နေတာလဲ။ အိပ်နေတုန်းပဲလား"

"ငါဒီနေ့တော့ အလုပ်မသွားနိုင်တော့ဘူး။ အလုပ်ရှင်ဦးကွန်ဒေ့ကို မင်းပဲကြည့်ပြောလိုက်တော့ကွာ"

"ဘာဖြစ်လို့အလုပ်မသွားနိုင်တာလဲ"

"ငါကိုယ်တွေပူပြီး ဖျားနေလို့ပါကွာ။ ဒီနေ့တော့အလုပ်မသွားနိုင်တော့ဘူး။ ပြီးတော့ မနေ့ညကရေကန်မှာကျန်ခဲ့တာတွေ မင်းပဲသွားယူခဲ့တော့"

"အင်း - မင်းက သတ္တိကောင်းသလိုလိုနဲ့ သရဲအခြောက်ခံရလို့ဖျားနေပြီကိုး။ မင်းအဖြစ်က ကြောက်ဖျားဖျားတာဖြစ်မယ်။ မလိုက်နိုင်ရင်လည်းနေခဲ့တော့၊ ငါသွားပြီဟေ့"

"ရေကန်မှာကျန်ခဲ့တဲ့ပစ္စည်း... ယူဖို့မမေ့နဲ့နော်။ ပိုက်ဆံတွေလည်း... ခဲ့တာ"

ထိုနေ့က မောင်ပါနော... တစ်ယောက်တည်းသာ အလုပ်သွ... ခဲ့သည်။ မောင်ကွန်ပါမှာ ကြောက်... ဖျားနေသည်ဟုထင်ရသည်။ မော... နောက်တစ်ယောက်တည်း ည... ဆင်းချိုးခဲ့သောရေကန်သို့ ရောက်... သည်။ မိမိတို့ကျန်ခဲ့သော ပစ္စည်း... လက်ရာမပျက်ပင် ပြန်တွေ့ရ... မောင်ကွန်ပါနှင့် မောင်ပါနော... သူငယ်ချင်းနှစ်ယောက် သရဲအခြော... ခံရသည့်အဖြစ်ကြောင့် ထိုရေ... ပို၍ပင်နာမည်ကြီးခဲ့သည်။ ညဘ... သည်နှင့် ရေကန်အနီးသို့ ... တစ်ယောက်မျှ ဖြတ်... သွားလာ... မရှိတော့သည်မှာ ... များစွာကြာခဲ့... သည်။

မောင်မောင်မိုး...



www.burmeseclassic.com

www.burmeseclassic.com

ကြီးပြီးတော့ သည်းခြေခါတ်ငုပ်တယ်၊ သေခါတ်ဖျက်တယ်၊ ဝမ်းမီးနှံ့တယ်လို့ ဆိုပါတယ်။ လူသတ္တဝါတွေရဲ့ ခန္ဓာကိုယ်မှာ ခြေဖျက်အားနည်းပါးရုံမျှမက ဒီရာသီမှာ ပေါ်ပေါက်တဲ့အသီး၊ အပွင့်၊ အရွက်၊ အခေါက်၊ အမြစ်များဟာလည်း ပေါက်သစ်စဖြစ်ပြီး နုနယ်လို့ အစွမ်းသတ္တိနည်းနေကြသေးတယ်လို့ ဆိုပါတယ်။

မေး။ ။ မိုးရာသီမှာ ရာသီဥတုအလိုက် ဖြစ်ပေါ်ကျရောက်တတ်တဲ့ ရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန် အချက်များ၊ လိုက်နာနိုင်ရန်အချက်များနဲ့ ရှောင်ကြဉ်နိုင်ရန်အချက်များကိုလည်း ပြောပြပေးပါဦးခင်ဗျား/ရှင့်။

ဖြေ။ ။ မိုးရာသီ မိုးဥတုနဲ့အတူ ပေါ်ပေါက်လာတတ်တဲ့ ဇရာဝံသလို့ ခေါ်တဲ့ အမှည့်လွန်သော သစ်သီးများ၊ သင်နားစာများ၊ ဝမ်းနူးစာများ၊ မသန့်ရှင်းသောအစားအစာများ၊ ပုတိမံသလို့ ခေါ်တဲ့ မလတ်ဆတ်သော အစားအစာများကို ရှောင်ကြဉ်သင့်ပါတယ်။ အဆီအစေးမရှိတဲ့ သခွား စတဲ့အစာ၊ မြာ၊ ဆား စသည်တို့ကိုလည်း မစားသင့်ပါဘူး။ နွေးနွေးထွေးထွေးဝတ်စားဆင်ယင်ပြီး နေထိုင်သင့်ပါတယ်။

မိုးဥတုမှာ ဖက်ဆွတ်ရေ၊ ကန်ငယ်ရေ အိုင်ငယ်ရေတို့ကိုသောက်မိရင် အနာရောဂါများ နှိပ်စက်ခံရတတ်ပါတယ်။ အဝင်ပန်းခံခြင်း၊ မိုးသက်လေနဲ့အတူပါလာတဲ့ လေအေးတိုက်ခတ်ခြင်းတို့ကို မပြုလုပ်ရဘူးလို့ အာယုဗ္ဗေဒဆေးကျမ်းမှာ ပြဆိုထားပါတယ်။

ဒီဥတုမှာ ချွေးအောင်းခြင်း၊ အနှိပ်အနင်းခံခြင်း၊ ကရမက်၊ ကတိုးတုမ်ဆိုတဲ့ အမွှေးနံ့သာများကို ရောနှောလိမ်းကျံခြင်းပြုသင့်ပါတယ်။ အစပ်၊ အခါး စတဲ့ကြေလွယ်တဲ့အစာအာဟာရများကို စားသောက်သင့်ပြီး ကျောက်အတ်စီတဲ့တွင်းကြီးရေများကို သောက်သုံးသင့်ပါတယ်။ ကုန်းမှာကျက်စားတဲ့ သားငှက်များရဲ့အသားကိုစားသင့်တယ်လို့ ဆိုပါတယ်။ ဆေးအနေနဲ့ကတော့ ဥတုမှာ ကြစုသီးနဲ့ သိန္ဓောတို့ကို မှီဝဲသင့်တယ်လို့ဆိုပါတယ်။

မိုးရာသီဟာ အလွန်ပူပြင်းတဲ့ နွေရာသီနဲ့ အလွန်အေးမြတဲ့ ဆောင်းရာသီတို့ရဲ့အကြားမှာ တည်ရှိနေတာဖြစ်တဲ့အတွက် အပူနဲ့အအေးရောထွေးယှက်ဆံပြီးဖောက်ပြန်တဲ့အတွက် ဝမ်းမီးအညံ့ဆုံး၊ ရောဂါအဖြစ်အများဆုံး၊ ရောဂါအခုံလင်ဆုံးရာသီဖြစ်တာကို တွေ့ရှိရပါတယ်။

မိုးရာသီမှာ ဖြစ်တတ်တဲ့ရောဂါများကို အတွေ့အကြုံအရ တင်ပြရရင် လေထိုးခြင်း၊ လေအောင့်ခြင်း၊ လေဖြတ်ခြင်း စတဲ့ လေနဲ့စပ်ဆိုင်တဲ့ရောဂါများ၊ ဆီးလွန်ခြင်း စတဲ့ ဆီးနဲ့ဆိုင်သောရောဂါများ ဝမ်းဖောခြင်း၊ ဝမ်းရောင်ခြင်း၊ ဝမ်းပျက်ခြင်း၊ ဝမ်းလျှောခြင်း စတဲ့ဝမ်းနဲ့စတဲ့ရောဂါများ၊ အစာအိမ်နဲ့ ပတ်သက်တဲ့ ရောဂါများ၊ ချမ်းဖျားတုန်ဖျား၊ တုပ်ကွေးဖျား၊ ဥတုပြိုင်ရောဂါများ၊ ယားနာနဲ့ အနာလုံးကြီးများ၊ မျက်စိနာ၊ သန်နဲ့ပတ်သက်သောရောဂါများ စတဲ့ ဝေဒနာအတော်များများကို တွေ့ရပါတယ်။

မေး။ ။ အခုလိုမိုးရာသီမှာ သန်ကောင်နဲ့ ပတ်သက်တဲ့ ရောဂါများဟာ ကလေးသူငယ်များမှာ အထူးသဖြင့် ပိုမိုဖြစ်ပွားတတ်ကြပါတယ်လို့ ကြားဖူးပါတယ်။ ဒါကြောင့် လက္ခဏာတွေနဲ့တကွ ရှင်းပြပေးပါဦးခင်ဗျား/ရှင့်။

ဖြေ။ ။ အခုလိုမိုးရာသီမှာ သန်ကောင်နဲ့ ပတ်သက်တဲ့ ရောဂါများဟာ ကလေးသူငယ်များမှာ အထူးသဖြင့် ပိုမိုဖြစ်ပွားတတ်ကြပါတယ်။ ဒါကြောင့် သန်ကောင်နဲ့ပတ်သက်ပြီး -

(က) ဝမ်းဗိုက်မှာ သန်ကောင်ရှိတဲ့ လက္ခဏာ။

ခ။ သန်ကောင်ရောဂါ ကြိုတင်ကာကွယ်ရေး။

ဂ။ တိုင်းရင်းဆေးပညာအလိုအရ ပြည်သူများလက်လှမ်းမီနိုင်လောက်တဲ့ သန်ကျဆေးများကို အနည်းငယ် တင်ပြဖို့လိုပါတယ်။

(က) ကလေးသူငယ်များမှာ သန်ကောင်ရောဂါရှိပြီဆိုလျှင် တအိအိငိုချွဲတတ်ခြင်း၊ ပါးစပ်အနံ့မကောင်းခြင်း၊ ခေါင်းချွေးများထူးခြားစွာထွက်ခြင်း၊ ဗိုက်ပူနံကားဖြစ်လာခြင်း၊ မျက်ရစ်သားများ စိမ်းပြာရောင်ရှိခြင်း၊ သွေးအားနည်းနေခြင်း၊ ဝမ်းပျက်ခြင်း၊ အညီအဟောက်ပိုကြိုက်ခြင်း၊ ရံဖန်ရံခါ ဝမ်းဗိုက်နာတတ်ခြင်း၊ ပျို့အန်တတ်ခြင်း၊ အိပ်ပျော်နေစဉ်အများအားဖြင့် သွားကြိတ်တတ်ခြင်း၊ နှာခေါင်းနှိုက်တတ်ခြင်း၊ အိပ်သောအခါ ဝမ်းလျားမှောက်လျက်အိပ်တတ်ခြင်း၊ လက်သည်းကိုက်တတ်ခြင်း၊ ခန္ဓာကိုယ်အောက်ပိုင်းအေးတဲ့ (တစ်ပိုင်းပူ၊ တစ်ပိုင်းအေး) ဖြစ်ခြင်း စတဲ့လက္ခဏာတွေဟာ ကလေးသူငယ်တို့ရဲ့ ဝမ်းဗိုက်မှာ သန်ကောင်ရောဂါရှိကြောင်းနိမိတ်ပြတဲ့လက္ခဏာများ ဖြစ်ပါတယ်။

ဒါ့အပြင် အချို့ကလေးငယ်များသည် ဖင်ဘူးတောင်းထောင်နေတတ်ခြင်း၊ သွားကြိတ်တတ်ခြင်း၊ အချို့သွားရည်ကျတတ်ခြင်း၊ ကလေးငယ်များ၏ အောက်မျက်ခွံများ ဖြူဖပ်ဖြူရော်ရှိနေခြင်း၊ မျက်လုံးအိမ်နောက်ကျိကျိဖြစ်နေခြင်း စသည့်လက္ခဏာများ ဖြစ်ပါတယ်။ ဒီလက္ခဏာများအပြင် ကလေးငယ်၏ ဝမ်းဗိုက်ကို လက်ဖြင့်ကပ်ပြီးစမ်းသပ်ကြည့်လျှင် ဗိုက်သားများ ပူလောင်နေသောအထိအတွေ့သည် သန်ကောင်ရှိနေခြင်း၏ ကျိန်းသေအချက်တစ်ချက်ပင် ဖြစ်ပါတယ်။

မေး။ ။ တိုင်းရင်းဆေးပညာအလိုအရ ပြည်သူများလက်လှမ်းမီနိုင်လောက်တဲ့ သန်ကောင်ကျစေတဲ့ဆေးများကိုလည်း ရှင်းပြပေးပါဦးခင်ဗျား/ရှင့်။

ဖြေ။ ။ (ခ) တိုင်းရင်းဆေးပညာအလိုအရ ပြည်သူများ လက်လှမ်းမီနိုင်လောက်တဲ့ သန်ကောင်ကျစေတဲ့ဆေးများကိုလည်း ဆက်လက်ပြီး တင်ပြလိုပါတယ်။

ကလေးတွေကို သန်ချဆေးကျွေးတဲ့အခါမှာ ညနေ (၄) နာရီလောက်မှာ သန်ချရမယ့်ကလေးကို အစာကိုလျှော့ကျွေးပြီး အဲဒီနောက် ဘာမှမကျွေးတော့ဘဲ အရည်လောက်ကိုသာ တိုက်ကျွေးပြီး ည (၉) နာရီမှာ ကလေးကို သန်ချဆေးတိုက်ကျွေးပါ။

ပထမဦးစွာ သန်ငြိမ်ဆေး၊ လိမ်းဆေးအနေဖြင့် တိုင်းရင်းဆေးသုံးဆေးနံပါတ် (၄၇) ပါးဆေးဝါလေးကို ကော်ဖီဇွန်းတစ်ဇွန်းစာ အုန်းဆီနဲ့ အနည်းငယ်ဖျော်၍-ကလေးငယ်ရဲ့ လည်မျို ရင်ချိုင့်မှစပြီးတော့ ဆီးစပ်အထိ ခပ်ပါးပါးလိမ်းပေးပါ။

**တစ်နည်း**

တိုင်းရင်းဆေးခန်းသုံးဆေးနံပါတ် (၂၃) ဆေးပုလဲကလာပ်ဆေးဟာ သန်နိုင်တဲ့သတ္တိကြောင့် ၎င်းဆေးကော်ဖီဇွန်း (၁) ဇွန်းခန့်ကို အုန်းဆီအနည်းငယ်ရော၍ ကလေးငယ်ရဲ့ ဝမ်းဗိုက်ကို ခပ်ပါးပါးလိမ်းပေးနိုင်ပါတယ်။

နံနက်အစာစားပြီးချိန်မှာ တိုင်းရင်းဆေးသုံးဆေးနံပါတ် (၄၇) ပါး ဆေးဝါလေး ကော်ဖီဇွန်းတစ်ဝက်ခန့်ကို ပျားရည် (သို့) ရေကျက်အေးနဲ့ တိုက်နိုင်ပါတယ်။

နေ့ခင်းဘက်မှာ တိုင်းရင်းဆေးခန်းသုံး ဆေးနံပါတ် (၄၇) ပါးဆေးဝါး



www.burmeseclassic.com

www.burmeseclassic.com

ဆေးကို ကော်ဖီဇွန်းတစ်ဝက်ခန့် ၎င်းနှင့်ဆတူ နှမ်းဆီနှင့်စပ်ပြီး တိုက်ကျွေးပါ။ ညနေဘက်မှာ တိုင်းရင်းဆေးခန်းသုံးဆေးနံပါတ် (၄၇)ပါးဆေးဝါလေးကော်ဖီဇွန်းတစ်ဝက်နှင့် ၎င်းနှင့်ဆတူ ဆေးခန်းသုံး ဆေးနံပါတ် (၂၃) ဆေးပုလဲကလာပ်ဆေးတို့ကို ရောစပ်ပြီး ပျားရည်ကော်ဖီဇွန်း (၁) ဇွန်းစာနဲ့ ညနေ (၅) နာရီတွင် တိုက်ပါ။ (အရွယ်မရွေးတိုက်နိုင်ပါတယ်)

ဒါ့အပြင် နာနတ်သီးမှည့်သည် သန်ကျစေတတ်သော အာနိသင်ရှိတာကြောင့် ၎င်းနာနတ်သီးကို ပျားရည်နှင့်ရောစပ်ပြီး တစ်နေ့ (၂) ကြိမ် စားနိုင်သလောက် ကျွေးပါ။

ညအစာစားပြီးတိုင်း (၁၀) မိနစ်ခန့်တွင် ဝမ်းပျော့ပျော့သွားစေတတ်သော ဆေးနံပါတ် (၁၀) ဆီးရှင်ဝမ်းနုတ်ဆေး ကော်ဖီဇွန်းတစ်ဇွန်းကို ရေအေးတစ်ဖန်ခွက်နှင့်တိုက်ပါ။

မေး ။ ။ အခြားသန်ကျဆေးဆေးမြီးတိုများကိုလည်း ပြောပြပေးပါဦး ခင်ဗျား/ရှင့်။

ဖြေ။ ။ အခြားသန်ကျဆေးဆေးမြီးတိုများအနေဖြင့် ကလေးများသန်ထလျှင် -

၁။ ပုတတ်စာဥကိုအခြောက်လှန်းအမှုန့်ပြုလုပ်ပြီး တိုင်းရင်းဆေးခန်းသုံးဆေးနံပါတ် (၄၇) ပါးဆေးဝါလေး ဆတူရောစပ်ပြီး ကော်ဖီဇွန်းတစ်ဝက်ခန့် ရေကျက်အေးနဲ့တိုက်ပါ။

၂။ သင်္ဘောစေ့ကို ထန်းလျက်နဲ့ရောပြီး ဟင်းစားဇွန်းတစ်ဝက်ခန့် ရေအေးနဲ့တိုက်ပါ။

၃။ ဆူးကောက်နက်၊ ဆယ်ထပ်ချင်း၊ စောင်ချမ်းမြစ်၊ သံသတ်ပင်၏ အမြစ်၊ အခေါက်များကိုသွေးပြီး ညဘက်မှာ ကော်ဇီဇွန်းတစ်ဇွန်းစာတိုက်ကျွေးခြင်းအားဖြင့် သန်ပိုး၊ တုတ်ပိုးကိုနိုင်ပါတယ်။

၄။ သန်ကောင်များစွဲကပ်နေတဲ့ ကလေးသူငယ်တို့ကို မက်မန်းသီးရဲ့ သတ္တုရည်ကို သင့်တော်ရုံ တိုက်ကျွေးလျှင် သန်ကောင်များကျဆင်းပါတယ်။

၅။ နာနတ်ရွက်ကြိတ်ပြီး သတ္တုရည်ကို ကလေးများအား ကော်ဖီဇွန်း (၂)ဇွန်းခန့်တိုက်ပါက သန်ကောင်များသေပြီးကျပါတယ်။

၆။ ဝမ်းတွင်းရှိပိုးများ ပျက်စီးစေရန်နှင့် သန်ကောင်များ ကျဆင်းစေရန်အတွက် မြက်မုန်ညင်းအမှုန့်ကော်ဖီဇွန်း (၁) ဇွန်းစာ ရေကျက်အေးဖြင့် တိုက်ကျွေးပါ။

**ဒီဆေးမြီးတိုများအပြင် -**

မြန်မာ့တိုင်းရင်းဆေး သန်ချဆေးနည်းတစ်မျိုးကို ဖော်ပြပါမယ်။

ပုံလုံခါးသီးအစေ့ကို စင်ကြယ်စွာရေဆေးပြီး အခြောက်လှန်းပြီးထောင်းပါ။ အမှုန့်ရအောင်ပြုလုပ်ပါ။ ဒီအမှုန့်ခြောက်သန့်သန့်ကို (၂) နှစ်သားအရွယ်ကလေးကို ကော်ဖီဇွန်း (၁) ဇွန်း ရေကျက်အေးနှင့် တိုက်ကျွေးပေးလျှင် သန်ကောင်များပျက်စီးပြီး သန်ကိုကျစေပါတယ်။

ပုံလုံခါးသီး၏သတ္တိမှာ ခါး၏၊ ပူ၏၊ ဝမ်းသက်၏၊ အဖျားကိုနိုင်ပြီး ပိုးများကိုလည်း ဖျက်စီးနိုင်စွမ်းရှိပါတယ်။

ဒါ့အပြင် ကြက်တက်ရွက်ကိုသုပ်စားခြင်း၊ ကြက်တက်မြစ်ကို ဆန်ဆေးရည်နဲ့သွေးပြီး ဆား (၂) ရွေးခန့်ထည့်တိုက်ခြင်း၊ သင်္ဘောသီးအစိမ်းကို အစေးတွေမဖယ်ဘဲသုပ်စားခြင်း၊ သင်္ဘောသီးအစေ့များကို အသက်အရွယ်အလိုက် တိုက်ကျွေးခြင်း၊ သင်္ဘောသီးအစိမ်းကို အမဲသားနဲ့ တစ်လမှာ (၃)ကြိမ်လောက် ချက်စားခြင်း၊ ကိုင်းပင်အဆစ်ရင့်ရင့်ကို သင့်တော်ရုံဖြတ်ပြီးပြုတ်ပါ။ အဲဒီပြုတ်ရည်ကို ပျားရည် (သို့) ထန်းလျက်နဲ့ကျွေးခြင်း၊ ထားဝယ်မှိုင်းအစေ့များကို အမှုန့်ပြုပြီး သင့်တော်ရုံပျားရည်နဲ့တိုက်ကျွေးခြင်း၊ နာနတ်သီးနဲ့ ပျားရည်ကိုကျွေးခြင်းစသည်တို့ကိုဆောင်ရွက်ရင် သန်ကောင်များကျစေပါတယ်။

မေး ။ ။ သန်ကောင်ရောဂါကြိုတင်ကာကွယ်ရန်နှင့် လိုက်နာသင့်တဲ့အချက်များကိုလည်း ပြောပြပေးပါဦး ခင်ဗျား/ရှင့်။

ဖြေ။ ။ (ဂ) သန်ကောင်ရောဂါကြိုတင်ကာကွယ်ရာမှ လိုက်နာသင့်တဲ့အချက်များကို တင်ပြလိုပါတယ်။ သန်ကောင်ရောဂါမှ ကင်းဝေးနိုင်ရန် အစားအစာများကို မစားသောက်မီ လက်ကိုစင်ကြယ်အောင် ဆေးကြောပြီးမှ စားသောက်ခြင်း၊ လက်သည်းခြေသည်းများကို အနည်းဆုံး တစ်ပတ်တစ်ခါ အစဉ်တစိုက်ညှပ်ပေးခြင်း၊ ဟင်းသီးဟင်းရွက်များကို မစားသောက်မီ စင်ကြယ်အောင်ဆေးကြောခြင်း၊ ဟင်းကျွေးဟင်းလျာများ ချက်ပြုတ်ရာမှာ အသားမျှင်များ၊ အူများ၊ သားငါးများနဲ့ ဟင်းသီးဟင်းရွက်များကို အပူချိန်လုံလောက်စွာပေးပြီး အသားများကို နူးနပ်သည့်တိုင်အောင် ချက်ပြုတ်ပြီးမှ စားသောက်ခြ[...] တစ်ကိုယ်ရေသန့်ရှင်းရေး၊ အိမ်တွ[...] သန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်း[...] စတဲ့သန့်ရှင်းမှုများကို အလေးအ[...] ထား လိုက်နာဆောင်ရွက်ခြင်းအား[...] သန်ကောင်ရောဂါဘေးမှ ကြိုတင်[...] ကွယ်နိုင်ပါတယ်။

ကလေးငယ်များအား ဖြောင်း[...] ကောက်ညှင်း၊ ပေါက်ပေါက်များ မ[...] ရပါ။ သန်ထတတ်ပါတယ်။ အသား[...] များကို ကလေးငယ်များရဲ့အရွယ်[...] လိုက်ပြီး မျှတစွာကျွေးပါ။ အသီးအရွ[...] များများကျွေးပါ။

မေး။ ။ ဆရာမခင်ဗျား/ရှင့်။ အ[...] လိုမိုးရာသီမှာ လူတွေကို ကျန်းမာ[...] ကြောင်းသိလာနိုင်တဲ့ ယေဘုယျလ[...] ဏာတွေရှိပါသလား။ ကျေးဇူးပြု[...] ရှင်းပြပေးပါ ခင်ဗျား/ရှင့်။

ဖြေ။ ။ အခုလိုမိုးရာသီမှာ [...] တစ်ပြိုက်၊ နေတစ်လှည့်ဖြစ်နေပြီး သိ[...] နဲ့ဥတု အပူနဲ့အအေးတို့ (ဝိရောဓိ) [...] ပက္ခဖြစ်နေတာကြောင့် ဝါယော ([...] ဓာတ်) နဲ့ အာပေါ (အဖွဲ့ဓာတ်) [...] လွန်ကဲကြီးစိုးတယ်လို့ ဒေသနာ[...] ဆေးကျမ်းများမှာ ပြဆိုထားပါတ[...] ဒါ့ကြောင့်မို့ မိမိတို့ကိုယ် မိမိတို့ ရာ[...] ဥတုအလိုက် ကျန်းမာနေတဲ့ ရုပ်လ[...] ဏာနှင့် ညီညွတ်မှုရှိ/မရှိ ဂရုပြုနိုင်[...] စေရန်အတွက် ဆေးကျမ်းများအလို[...] မိုးဥတုမှာ ကျန်းမာနေတဲ့ ရုပ်လက္ခ[...] များကို တင်ပြလိုပါတယ်။

လူ စတဲ့ သတ္တဝါများမှာ ကျန်[...] နေတဲ့ ရုပ်လက္ခဏာတွေကတော့ ဆ[...] ခြင်း၊ ဆီးများခြင်း၊ ဓာတ်များခြင်း၊ [...] ထွက်နည်းခြင်း၊ ဓာတ်ခိုးဓာတ်တ[...] သွေးလေကြောသက်ရခြင်း၊ ရေမ[...] ခြင်း၊ ကိုယ်သားကိုယ်ရေနွေး[...] အသားအရေကြမ်းခြောက်ခြင်း [...] လက္ခဏာများဟာ မိုးရာသီ မိုးဥတု[...] မှာ ကျန်းမာနေကြောင်း ထင်ရှား[...] လက္ခဏာများဖြစ်ပါတယ်။

ဒါ့ကြောင့် လုပ်သားပြည်သူ[...] မိမိတို့ရဲ့ကျန်းမာရေးကို မိမိတို့ကိုယ်[...] မမေ့မလျော့ မပေါ့မဆ ဆောင်ရွ[...] ကြစေရန် မိုးရာသီကျန်းမ[...] တိုင်းရင်းဆေးပညာအကြောင်[...] လိုက်ရပါတယ်။

ဒေါ်နန်းနေနိုင်[...]

တိုင်းရင်း[...]



www.burmeseclassic.com

www.burmeseclassic.com

## ဦးစန္ဒိမ(စလင်း)

# ပဏ္ဍိတာရာမရွှေတောင်ကုန်းဆရာတော်ကြီး (၁၂၈၃-၁၃၇၇)

ရန်ကုန်မြို့က ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကို စာရေးသူ တစ်ခါတစ်ခေါက်မှမရောက်ဘူးသေးပါ။ ပဏ္ဍိတာရာမဆရာတော်ကြီးကိုလည်း တစ်ခါမှ မဖူးမြော်ဘူးသေးပါ။ သို့ပင်ငြားလည်း ဆရာတော်ဘုရားကြီးကိုလည်း အထူးကြည်ညိုရပါတယ်။ ၎င်းပဋိပတ္တိရိပ်သာတော်ကြီးရဲ့ စည်းကမ်းနည်းလမ်းတွေကိုလည်း လေးစားအားကျမိပါတယ်။ စာရေးသူက စာဖတ်တယ်၊ စာရေးတယ်၊ မှတ်စုတွေရေးတယ်။ အဲဒီကနေ ဆရာတော်ကြီးများ၊ တချို့လူပုဂ္ဂိုလ်အများအကြောင်း တော်ရှုမှတ်သားရပြီး လေးစားကြည်ညိုခဲ့ရတယ်လေ။

စာရေးသူက ဩဝါဒတွေ၊ ဖြတ်သန်းမှုတွေ၊ စကားပုံတွေ ကြိုက်ပြီလားဆိုရင် မှတ်တမ်းစာအုပ်ထဲမှ မှတ်စုတူးရေးထားလေ့ရှိတာကလား။ နံပါတ်တစ် စာရေးသူက အရင်ကြည်ညိုရတယ်။ ဒီလိုကြည်ညိုစရာ၊ စံပြုနမူနာယူစရာ၊ ကြိုးစားအားထုတ်မှုတွေ၊ လေ့လာဆည်းပူးမှုတွေ၊ ထူးချွန်ထက်မြက်မှုတွေကို စာဖတ်ပရိသတ်တွေကိုပါ မြတ်နိုးစေချင်လို့ တစ်ဆင့်ဖောက်သည်ချရေးတော့တာပါပဲ။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ပဓာနနာယကဆရာတော်ကြီးအကြောင်းတွေ စာလည်းဖတ်ဖူး၊ ဆရာတော်ကြီးတပည့်သာဝကတွေဆီကလည်း ကြားနာဖူးပြီးကတည်းက ဆရာတော်ကြီးရဲ့ ထေရုပတ္တိ ရေးသားပူဇော်ချင်နေတာပါ။ ခုမှပဲ အခါအခွင့်သင့်ပါတော့တယ်။

### □ ဆရာတော်ကြီးဩဝါဒများ

လောကမှာ လူရယ်လို့ဖြစ်လာရင် လူပီသဖို့၊ လူလိုစိတ်ထားတတ်ဖို့၊ လူ့အသိဉာဏ်ရှိပြီး လူ့ထက်လူဖြစ်ဖို့အတွက် အခြေခံကိုယ်ကျင့်သီလနဲ့ လူမှုဝတ္တရား အရေးကြီးပါတယ်။ ဒါအခြေခံပါပဲ။ အခြေခံကိုယ်ကျင့်သီလပျက်ပြီး ဝတ္တရားချို့တဲ့သွားပြီဆိုရင် အခြေခံမရှိတဲ့ လူ့အသိုင်းအဝိုင်းဟာ လူမပီသတော့ဘူး။ ခဏလေးနဲ့ ပျက်စီးပါတယ်။



ရဟန်းအသိုင်းအဝိုင်းဆို ရဟန်းမပီသတော့ဘူး။ မိသားစုအသိုင်းအဝိုင်းဆိုလည်း မိသားစုမပီသတော့ပါဘူး။ ဆရာတပည့်အသိုင်းအဝိုင်းဆိုရင်လည်း ဆရာတပည့်မပီသတော့ပါဘူး။ အစစအရာရာ အောက်တန်းကျသွားပါတယ်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့သည်လည်း ဒီအတိုင်းပါပဲ။ ကိုယ်ကျင့်တရားမဲ့ပြီး ဝတ္တရားလည်းချို့တဲ့ပြီဆိုရင် ဘာမှမကျန်တော့ပါဘူး။ ဒီတော့ ကိုယ့်ကျင့်တရားနဲ့ ဝတ္တရားဟာ လူ့အသိုင်းအဝိုင်းမှာအခြေခံအုတ်မြစ်ပဲ။ ကိုယ်ကျင့်တရားကောင်းလေလေ လူမှုဝတ္တရားကျေပွန်လေလေ အောက်ခြေခိုင်လေလေပဲ။

ဒီလိုဖြစ်ဖို့ရန်အတွက် ရတနာ (၃) ပါးရဲ့ ဂုဏ်ရည်တွေသိဖို့ အရေးကြီးပါတယ်။ ရတနာ (၃) ပါးရဲ့ဂုဏ်ရည်တွေ မသိဘူးဆိုရင် ဘုရားလည်းမရှိသေး၊ တရားညွှန်ကြားချက်ကိုလည်းမသိတော့ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိသာရွတ်ဆိုသွားတာ ဘာမှအဓိပ္ပာယ်မသိတော့ဘူး။ ရတနာ (၃) ပါးရဲ့ဂုဏ်ကျေးဇူးတွေသိမှ၊ အထူးသဖြင့် ဓမ္မရဲ့ဂုဏ်ကျေးဇူးတွေသိမှ နောက်ပိုင်းက အကျင့်သိက္ခာတွေကိုလည်း သိလာတော့တာပဲ။ ဝတ္တရားတွေလည်းကျေလာတော့တာပဲ။အိမ်ဆောက်တဲ့အခါ မှာ အုတ်မြစ်ခိုင်မှသာလျှင် ဒိုင်း၊ ထုပ်၊ လျှောက်၊ အမိုးတို့ ခိုင်မာတာပဲ။

ယောဂီပုဂ္ဂိုလ်ဟာ ကာယဗလလေ့ကျင့်တဲ့ပုဂ္ဂိုလ်နဲ့တူတယ်။ ကာယဗလလေ့ကျင့်တဲ့ပုဂ္ဂိုလ်ဟာ တစ်နေ့တာလေ့ကျင့်ရုံနဲ့ ဘာမှမထူးသလို ယောဂီပုဂ္ဂိုလ်ဟာလည်း (၅) ရက်မျှအားထုတ်ရုံနဲ့ ဘာမှမထူးနိုင်ပေ။ နေ့စဉ်ရက်ဆက် မပျက်မကွက် ကြိုးစားအားထုတ်ပါမှ နှစ်လ၊ သုံးလကြာတဲ့အခါ ထူးခြားလာသလို ယောဂီဟာလည်း နှစ်လ၊ သုံးလကြာ အားထုတ်ပါမှ ထူးခြားမှုတွေရလာနိုင်ပါတယ်။

လူတွေဟာ ထမင်းကိုဆာလည်းစား၊ မဆာလည်းစားရသလို ယောဂီပုဂ္ဂိုလ်ဟာလည်း တရားကို စိတ်ပါလည်းအားထုတ်ပါ၊ မပါလည်းအားထုတ်ပါ။ နေ့စဉ်စားနေကျထမင်းဟာ ဆာလာရင် ရိုးမသွားသလို တရားကိုလည်း သံသရာဘေးကြောက်က ရိုးမသွားထိုက်ပေ။ မှန်မှန်အားထုတ်သင့်ပေတယ်။

အားထုတ်ပွားများမှု ဘာဝနာကုသိုလ်တံခါးမရှိပါက အကုသိုလ်ကိလေသာ ခိုးသူတို့ဝင်၍ အခိုးခံရမည်။ ပွားများအားထုတ်မှု ဘာဝနာကုသိုလ်တံခါးလုံခြုံပါက အကုသိုလ်ကိလေသာ ခိုးသူတို့ဝင်၍ မခိုးနိုင်သလို မိမိစိတ်ရိုင်းစိတ်ညစ်တွေဖြစ်လာလျှင် ဘာဝနာတံခါးနဲ့ လုံအောင်ပိတ်ရမယ်။

ပြည်ပယောဂီတွေက ဘုန်းကြီးကိုလျှောက်ကြတယ်။

'မြန်မာနိုင်ငံက အကောင်းဆုံးထွက်ကုန်ဟာ သတိပဋ္ဌာန်တရားပဲ' တဲ့။

ကမ္မဋ္ဌာန်းဆရာဟာ လူနာကို



www.burmeseclassic.com

www.burmeseclassic.com

ဆေးပေးတဲ့ ဆရာဝန်နဲ့တူတယ်။ လူနာက တင်ပြချက်မှန်ရင် ဆရာဝန်၏ဆေးချက်မှန်လို့ ရောဂါပျောက်လွယ်တယ်။ လူနာနှင့်တူတဲ့ယောဂီက လျှောက်ထားချက်မှန်ရင် ကမ္မဋ္ဌာန်းဆရာရဲ့ညွှန်ကြားချက်မှန်လို့ တရားတက်လွယ်တယ်။

သေနတ်ပစ်လေ့ကျင့်ရေးသမားဟာ ပစ်မှတ်ကို ချိန်ရွယ်ပြီး မှန်အောင်ပစ်ရတယ်။ ယောဂီဟာလည်း ဖောင်းပိန်တဲ့ ရှုသွင်းအာရုံကိုရည်စူးပြီး ထိမှန်အောင် မှတ်ရမယ်'

## ❑ ထေရုပတ္တိအကျဉ်း

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ဘုရားကြီးကို ၁၂၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ ၂၈-၇-၁၉၂၁ ခုနှစ်၊ ကြာသပတေးနေ့ ရန်ကုန်မြို့ တံတားလေးရွာ ရွှေဘိုစုမှာ မွေးဖွားပါတယ်။ ခမည်းတော်မှာ ဦးဖေ၊ မယ်တော်ကတော့ ဒေါ်ချစ်စုပါ။ မွေးချင်း (၁၀) ယောက်မှ (၉) ယောက်မြောက် သားရတနာပေါ့။ (၄) နှစ်သားအရွယ်မှာ မိခင်ကွယ်လွန်ပြီး (၁၂) နှစ်သားအရွယ်မှာ ဖခင်ဆုံးတယ်။ (၇) နှစ်သားအရွယ်ရောက်တော့ ပဲခူးကော့ချဲကျေးရွာကျောင်း ဆရာတော်အရှင်ဇာဂရထံ ပညာစပြီးသင်ယူတယ်။ ကျောင်းသားအရွယ်မှာပဲ ကဝမြို့နယ် အုံနွဲ့ရွာ ဒက္ခိဏာရုံ ရွှေကျင်တိုက် ပရိယတ္တိအာဂုံစာပြန်ပွဲမှာ ပထမငယ်နဲ့ ပထမလတ် အောင်မြင်တယ်။

(၁၂) နှစ်သားအရွယ်မှာ အရှင်ဇာဂရထံ ရှင်သာမဏေဖြစ်တယ်။ ဘွဲ့အမည် ရှင်ပဏ္ဍိတပါ။ (၁၈) နှစ်အရွယ် ပဲခူးကျောက်တန်းရွာမဟာဗောဓိတောရ ဆရာတော်အရှင်ကေလာသမဟာထေရ်ထံ ရောက်ရှိကာ နေ့ဝါ၊ ညဝါသင်ကြားရင်း ပရိယတ္တိအာဂုံစာပြန်ပွဲမှာ ပထမကြီးတန်းပြန်ဆိုအောင်မြင်တယ်။ သက်တော် (၂၀) ပြည့်တဲ့အခါ ကျောက်တန်းရွာ ဦးဘိုဟန်၊ ဒေါ်သောင်းတို့ ပစ္စယာနုဂ္ဂဟနဲ့ ရဟန်းဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ပြီးစမှာ သယ်န်းကျွန်း ကျိုက္ကဆံ ရွှေကျင်တိုက်သစ်မှာ အဂ္ဂုဇာချပို့ချခဲ့တယ်။ သက်တော် (၂၆) နှစ်မှာ ပါဠိပထမပြန်စာမေးပွဲမှာ ပထမလတ်တန်း၊ (၂၇) နှစ်မှာ ပထမကြီးတန်းနဲ့ စေတီယင်္ဂဏပရိယတ္တိသီးခြားစာသင်တန်းအောင်ခဲ့ပါတယ်။

သက်တော် (၂၈) နှစ်မှာ မန္တလေး ဝိသုဒ္ဓါရုံ ဇီးပင်ဆရာတော်အရှင်သုဇာတထံ ဆက်လက် ပညာသင်ယူခဲ့တယ်။ ရန်ကုန်မြို့ ဘုရားကြီးတိုက်မှ လည်းကောင်း၊ ဆရာကြီး ဦးအောင်မြတ်ထွဋ်ထံမှ လည်းကောင်း၊ သန်လျင်မြို့ သပြေကန်မွှေ ဓမ္မိကာရာမတိုက် အရှင်ဝါသေဋ္ဌာဘိဝံသထံမှ လည်းကောင်း စာချတန်းဆိုင်ရာစာပေများ လေ့လာခဲ့တယ်။ သက်တော် (၃၀) အရွယ်မှာ သီရိပဝရဓမ္မာစရိယတန်းနဲ့ သာသနဓဇသီရိပဝရစာချတန်းကို ဖြေဆိုအောင်မြင်ခဲ့ပြီး သက်တော်(၃၁)မှာ စေတီယင်္ဂဏစာချတန်းကို ပထမဖြင့် အောင်မြင်ခဲ့ပါတယ်။ ကျိုက္ကဆံ ရွှေကျင်ကျောင်းမှာနေစဉ် ဆရာကြီးဦးဖေသင်ထံ အင်္ဂလိပ်စာသင်ယူခဲ့ပါသေးတယ်။ ဆရာကြီးနဲ့ တရားကို စပြီးတွေ့သူက ပြောကြစတမ်းလို့ ကတိကဝတ်ပြုခဲ့ကြရာ ဆရာကြီးကရှေးဦးက မဟာစည်ရိပ်သာမှာ တရားအားထုတ်ကျေနပ်အားရပြီး အရှင်ပဏ္ဍိတကို မဟာစည်မှာ တရားအားထုတ်ဖို့ တိုက်တွန်းလို့ သက်တော် (၂၉) နှစ်မှာ မဟာစည်ဆရာတော်ကြီးထံ ရောက်ရှိကာ တရားအားထုတ်ခဲ့တယ်လေ။

သက်တော် (၃၃) နှစ်မှာ ဆဋ္ဌသင်္ဂါယနာတင်တဲ့အခါ ပါဠိဝိသောဓကအဖြစ် ဆောင်ရွက်တော်မူခဲ့ပါတယ်။ သက်တော် (၃၄) နှစ်မှာ မဟာစည်ဆရာကြီးထံရောက်ရှိပြန်ပြီး ဆရာတော်ဘုရားကြီးပေးအပ်တဲ့တာဝန်ကို ဆောင်ရွက်ခဲ့ပါတယ်။ သက်တော် (၃၇) နှစ်မှာ သီဟိုဠ်နိုင်ငံ ကိုလံဘိုမြို့ ကမ္မဋ္ဌာန်းဌာနသစ်ဖွင့်ရန် အရှင်ပဏ္ဍိတကို မဟာစည်ဆရာတော်ဘုရားကြီးက ခေါင်းဆောင်ခဲ့တယ်။ သီဟိုဠ်မှာ (၃) နှစ် နေထိုင်သာသနာပြုပြီး ကျန်းမာရေးမကောင်းသဖြင့် မြန်မာပြည်ပြန်လာကာ မဟာစည်ဆရာတော်ဘုရားကြီးထံ နက်နဲဆန်းကြယ်တဲ့ ပရိယတ်၊ ပဋိပတ်နည်းနာနိဿယဆက်လက်ဆည်းပူးလေ့လာရင်း ယောဂီများအား တရားဟောတရားပြတယ်။

သက်တော်(၅၇)နှစ်မှာ မဟာစည်သာသနာ့ရိပ်သာနာယကဆရာတော်တစ်ပါးအဖြစ် တာဝန်ယူလျက် ၁၉၈၂ ခုနှစ် မဟာစည်ဆရာတော်ဘုရားကြီး ပံလွန်တော်မူပြီး သာသနာ့အမွေကိုခံယူကာ ဩဝါဒါစရိယဆရာတော်အဖြစ် (၈) နှစ်တာဝန်ယူအကျိုးဆောင်ခဲ့တယ်။ ၁၉၉၀ ပြည့်နှစ် သက်တော် (၆၈) နှစ်မှာ ပဏ္ဍိတာရာမရွှေတောင်မဟာစည်သာသနာ့ရိပ်သာနာယကဆရာတော်အဖြစ် တည်ထောင်ခဲ့ပါတယ်။ ပရိယတ်မကင်းတဲ့ ပဋိပတ်၊ ပဋိပတ်မကင်းတဲ့ ပရိယတ်မှုနဲ့ စီမံဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ် သက်တော် (၈၆) နှစ်မှာ နှလုံးခွဲစိပ်ကုသခံယူရပါတယ်။

ပဏ္ဍိတာရာမတောစခန်းရိပ်သာမှာ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ရက်ပေါင်း (၆၀) အထူးတရားစခန်းပွဲအပြင် ရန်ကုန်၊ ပဲခူး၊ သန်လျင်၊ မော်လမြိုင်၊ ကျွဲခြံ၊ ပြင်ဦးလွင်၊ ထောက်ကြန့်၊ အမေရိက၊ တိုင်ဝမ်၊ နီပေါ၊ စင်ကာပူ၊ ဩစတြေးလျ၊ ကိုရီးယား၊ အင်္ဂလန်၊ ကနေဒါ၊ မလေးရှားရိပ်သာခွဲများ တည်ထောင် တရားပြခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာ ပြည်တွင်း ပြည်ပရိပ်သာခွဲအားလုံး ဆရာတော်ကြီးဩဝါဒခံယူ မျက်နှာစုံညီ ဓမ္မမိသားစုဆုံစည်းပွဲကျင်းပလာခဲ့ရာ ၂၀၁၅ ခုနှစ်မှာ (၆) ကြိမ်တိုင်ခဲ့ပါပြီ။ ဆရာတော်ကြီး ၂၀၁၅ ခုနှစ်မှာ သက်တော် (၉၄) နှစ်ရှိတော်မူလျက် ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာကြီး(၂၅)နှစ်ပြည့်ငွေရတုပွဲ ကျင်းပအောင်မြင်ခဲ့ပြီလေ။ ဆရာတော်ကြီးဟာ ကျန်းမာရေးကောင်းနေဆဲ၊ ပဋိပတ်အလုပ်တွေ အားသွန်ခွန်စိုက်လုပ်နေဆဲပါ။ ဒါကိုကကြည်ညိုစရာပါ။ ဆရာတော်ကြီးက စည်းကမ်းကြီးတယ်၊ တိကျတယ်၊ မျက်နှာကြီးငယ်မလိုက်ဘူး၊ အပြောပြတ်တယ်၊ အလုပ်ကိုအလုပ်နဲ့တူအောင်လုပ်မှုကြိုက်တယ်၊ ဒါကြောင့် ရိပ်သာကြီး တစ်နေ့တခြားတိုးတက်နေတာပါ။

သိက္ခာသုံးရပ်အနေနဲ့သာမကဘဲ ဆရာတော်ကြီးက အများပြည်သူအတွက်ပါ နိုင်ငံရေးဘက်မှာလည်း အားပေးတော်မူလျက် အမှန်တရားကိုမြတ်နိုးပြီး အမှန်တရားဘက်တော်သား ခေါင်းဆောင်ပုဂ္ဂိုလ်များကိုပါ စိတ်ဝင်တစားအားပေးတော်မူလို့ အထူးကျေးဇူးတင်ကြည်ညိုရပါကြောင်း။

ဦးစန္ဒိမ (စလင်း)

**စာကြွင်း**

*ဆရာတော်ကြီးဟာ ၁၃၇၇ခုနှစ် ... အတက်နေ့ သက်တော် (၉၅) နှစ်၊ ... နိုင်ငံသို့ ကြွရောက် ဆေးကုသ... ထိုင်းစံတော်ချိန် နံနက် (၈)... (၅)မိနစ်မှာ လွန်တော်မူပါတယ်၊ ၂၀၁၆၊ ... ၂၂ ရက်နေ့ မြန်မာနိုင်ငံ ပဲခူးမြို့နယ် (၁၀) မိုင်ကုန်းတောရစခန်းရိပ်သာ သင်္ချိုင်းမှာ ... နပွဲကျင်းပပါတယ်။*

www.burmeseclassic.com

www.burmeseclassic.com

(အစာလည်းဆေး ဆေးလည်းအစာ)

ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနှဝင်း(မှသိမ်) ၈၉

ရွှေမြန်မာတို့၏ လူတန်းစားမရွေး နှစ်သက်စွာ အချိန်မရွေး နှုတ်ခံတွင်းကို တွေ့စေသော စားသုံးသီးနှံဟင်းရွက် တစ်မျိုးမှာ ချဉ်ပေါင်ရွက် ဖြစ်ပါသည်။

'ရွှေချဉ်ပေါင်တုံးမှ မောင်ဘုန်းမြန်လာမယ်'

'ချဉ်ပေါင်ကို ခြေကန်ရုန်း သွားဟဲ့ ဝတုံး'

'ချဉ်ပေါင်နဲ့ ဝက်သားမလဲနိုင်ပါ'

ဆိုသည့်စကားရပ်များ မှတ်တမ်းတွင်ကျန်ခဲ့အောင်ပင် မြန်မာနှင့် ချဉ်ပေါင်ခွဲမရအောင်(Favourite)ဖြစ်လှပါသည်။ ချဉ်ပေါင်ကြော်၊ ချဉ်ပေါင်ဟင်းတစ်ခွက်ကောင်းနှင့်ပင် ထမင်းပြီးကြပေသည်။

နေထိုင်မကောင်းဖြစ်နေသူ လူမမာများကတောင် ချဉ်ပေါင်ကြော်၊ ချဉ်ပေါင်ဟင်းအနံ့ရလိုက်တာနှင့် နှုတ်ခံတွင်းမှာ သွားရည်တများများကြွလာပြီး ခံတွင်းလိုက် နှုတ်မြိန်သဖြင့် လျင်မြန်စွာနာလန်ထနိုင်ခဲ့ကြသည်မှာ လက်တွေ့ဖြစ်ပါသည်။

ချဉ်ပေါင်ပင်သည် ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရှိပါသော်လည်း စာရေးသူတို့ဆီမှာတော့ ချဉ်ပေါင်နီ (ဘီလပ်ချဉ်ပေါင်)၊ ချဉ်ပေါင်ဖြူ၊ ဓာတ်ချဉ်ပေါင်၊ ချဉ်ပေါင်လက်ခြား (ရွှေဘိုချဉ်ပေါင်) နှင့် ဝက်မချဉ်ပေါင် (ယိုးဒယားချဉ်ပေါင်)၊ တောချဉ်ပေါင်ပင် ဟူ၍ အမျိုးအစားမျိုးစိတ် (၅) မျိုးခန့် တွေ့ရပါသည်။

၎င်းတို့အနက်မှ ချဉ်ပေါင်နီ (ဘီလပ်ချဉ်ပေါင်) မှာ လူကြိုက် အများဆုံးနှင့် စိုက်ပျိုးထုတ်လုပ်မှုအများဆုံး ချဉ်ပေါင်မျိုးစိတ်ဖြစ်ပါသည်။

ချဉ်ပေါင်နီကို အင်္ဂလိပ်လို Roselle ဟုခေါ်ပြီး မျိုးစိတ်(Sabdariffa) ဖြစ်၍ မျိုးစု (Hibiscus) နှင့် မျိုးရင်း Malvaceae မျိုးရင်းဝင်အပင်မျိုးဖြစ်ပါသည်။

မိုးဦးကျနှင့် ဆောင်းဦးပေါက်ရာသီများတွင် ချဉ်ပေါင်ရွက်ဖားဖားကြီးများ၊ အနီရောင်သန်းပြီး သန်မာဖွံ့ဖြိုးစွာနှင့် ဈေးခင်းထဲတွင် အိမ်ရှင်မများကို မဝယ်ဘဲမနေနိုင်အောင် ညို့ငင်ဖမ်းစားနေကြလေသည်။

ရာသီပေါ် မျှစ်နုနုလေးများနှင့် ရွှေချဉ်ပေါင်၊ ငရုတ်စိမ်း၊ ပင်စိမ်းအုပ်ပြီး အလျှဉ်းသင့်ရာ ငါး၊ ပုစွန်တစ်မျိုးမျိုးနှင့် တွဲဖက်ချက်လိုက်သည့် ဟင်းတစ်ခွက်သည် မိသားစုထမင်းဝိုင်းတွင် ခေါင်းမဖော်တမ်း အားပေးကြသည့် တော်ဝင်ဟင်းတစ်ခွက်ဖြစ်ပေတော့သည်။

ချဉ်ပေါင်ရွက်ကိုသာမက ချဉ်ပေါင်သီး၊ ချဉ်ပေါင်ပွင့်တို့ကိုလည်း နှုတ်မြိန်ဟင်းရံအမျိုးမျိုးဖန်တီး၍စားသောက်နိုင်ပါသေးသည်။

ချဉ်ပေါင်သီးငါးပိထောင်းမှာလည်း လွန်စွာစားကောင်းကာ နှုတ်မြိန်ခံတွင်းလိုက်လှသော ဟင်းအမယ်စာရင်းမှာ ပါဝင်နေပါသည်။ ချဉ်ပေါင်သီးယို၊ ချဉ်ပေါင်သီးသနပ်၊ ချဉ်ပေါင်သီးဖတ်အခြောက်လှန်းပြီး ရေနွေးကြမ်းခတ်ပြီး ချဉ်ပေါင်သီးဖတ်ရေနွေးကြမ်းဟာလည်း အဆီကျ ခံတွင်းရှင်းစေတဲ့ ဆေးဖက်ဝင်လက်ဖက်ခြောက်တစ်မျိုးပါပဲ။

တောနယ် အညာမြေလတ်ဒေသများတွင် ချဉ်ပေါင်မှုန်ရောင်ဟင်းချို၊ ကြက်သားတာလသားချက်နှင့် ချဉ်ပေါင်သီး၊ ငရုတ်သီးငါးပိထောင်း၊ ဟင်းစပ်အတွဲများချက်ခဲ့ပြီဆိုလျှင် ပုံမှန်ထမင်း (၄) ဘူးချက်တဲ့အိမ်ဆိုလျှင် (၂) ဘူးထပ်ဆောင်းပြီး ဆန် (၆) ဘူးချက်ထားမှ တော်ရုံကြမည်ဆိုသလို အိမ်သားများထမင်းကို ထောင်းသိပ်သလို လွန်စွာနှုတ်မြိန်ခံတွင်းတွေ့စေသည့်ဟင်းအတွဲပင် ဖြစ်ပေသည်။

ရွှေဘိုချဉ်ပေါင် (ချဉ်ပေါက်လက်ခြား) ကတော့ အရသာအနည်းငယ်ခါးသက်သက်ရှိပြီး အရွက်ကြီးမားကြပါသည်။ သူ့ကိုတော့ ရေနွေးဖြော၍ ငါးပိတို့စရာအဖြစ် လည်းကောင်း၊ သနပ်စုံဟင်းရွက်သုပ်ရာတွင် လည်းကောင်း အသုံးများပါသည်။

ဝက်မချဉ်ပေါင် (ယိုးဒယားချဉ်ပေါင်) ကတော့ ချဉ်ပေါင်ဆိုပေမယ့် ချဉ်ပေါင်ရွက်နှင့်မတူဘဲ မုန်လာပင်အရွက်နှင့် ဆင်တူပြီး အရွက်သားမှာထူ၍ အရည်ရွှမ်းကာ ဟင်းချက်လိုက်သည့်အခါ အရွက်အားလုံးကြေမွလွယ်ပြီး အချဉ်သင့်ရုံအရသာရှိသည်။ နူးညံ့သည့် ခံတွင်းအရသာကိုပေးသည့် ချဉ်ပေါင်မျိုးဖြစ်ပြီး စား၍လွန်စွာကောင်းပါသည်။

၎င်းကို ငါးတန်၊ ငါးကြင်း၊ ဝက်သားသုံးထပ်သားစသည်တို့ဖြင့် ချက်စားလျှင် လွန်စွာစားကောင်းနှုတ်မြိန်စေပါသည်။ တောချဉ်ပေါင်ပင်သည် အရိုင်းပေါက်သောသဘာဝအတိုင်းပေါက်သည့် အပင်မျိုးဖြစ်ပြီး ချဉ်ပေါင်ရွက်အသေးစားမျိုးဖြစ်ကာ အချဉ်ဓာတ်ရှိ၍ အရွက်မှာ အမွေးကြမ်းလေးများပါရှိပါသည်။ ၎င်းကို တောထဲတောင်ထဲအလုပ်လုပ်ကိုင်နေသူများ ချဉ်ပေါင်ဟင်းလျာအဖြစ် ချက်ပြုတ် စားသောက်ကြပြီး အနာပေါက်ငန်းမှန်းကိုနိုင်စေပါသည်။

## ▫ ရိုးရာတိုင်းရင်းဆေးကျမ်းများတွင်

ချဉ်ပေါင်ပင်၏ ဆေးဖက်ဝင်အာနိသင်ကို ယခုလိုမှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပါသည်။ ချဉ်ပေါင်ရွက်သည် ချဉ်၍ အခွဲဓာတ်ရှိပြီး အေးမြစေးထန်းမှုအားကောင်းခြင်းတို့ကြောင့် အနာပေါက်၊ အဖုအကြိတ်၊ ငန်းမန်းဝင်၍ နီရဲရောင်ရမ်းနေသောအနာများကို နိုင်ပါသည်။

- ၎င်းအနာများကို -

ချဉ်ပေါင်ရွက်ကို သန့်စင်အောင်ဆေးကြောပြီး ထမင်းကြမ်းခဲ (အိုးကပ်ထမင်းချိုး) နှင့်အတူ ရောထောင်း၍ အနာကိုအုံ၍ နံနက်/ညစည်းပေးခဲ့လျှင် အနာ၊ အဖုအကြိတ်နုလျှင်ကြေပျောက်သွားစေပြီး ရင့်လျှင် ပြည်အမြန်ပေါက်၍ အမြစ်ထွက်လွယ်၍ အနာအကျက်မြန်စေပါသည်။

နီရဲရောင်ရမ်းမှုနှင့်ကိုက်ခဲနာကျင်မှုကို လျင်မြန်စွာသက်သာပျောက်ကင်းစေပါသည်။ အထူးသဖြင့် ပေါင်ရင်းသက်တန့်နာ၊ ချိုင်းတွင်ဖြစ်သောကိုနာ၊ ကျောတွင်ပေါက်သော အနာစသည့်ရောဂါများတွင် လွန်စွာအသုံးဝင်ပါသည်ဟု မှတ်တမ်းပြုထားပါသည်။

တစ်ဖန် ချဉ်ပေါင်ပင်၏ အရွက်၊ အသီး၊ အပွင့်တို့ကို စားသုံးလျှင် အစာ



www.burmeseclassic.com

www.burmeseclassic.com

ကြော၊ ဝမ်းမီးတောက်စေပြီး ဆီး၊ ဝမ်းလေကို ဖြောင့်မှန်စေ၍ နှုတ်ခံတွင်းကို အကျိုးပြုစေသည်။ ကိုယ်တွင်းအပူကို ငြိမ်းအေးစေပြီး မကောင်းသည့်အညစ်အကြေး မလဓာတ်များကို သုတ်သင်ဖယ်ရှင်းပေးစေသည်ဟု ညွှန်းဆိုထားပါသည်။

ဤသို့ ညွှန်းဆိုမှတ်တမ်းပြုထားသည့်အချက်များနှင့် ယနေ့ ခေတ်မီဆေးသိပ္ပံသုတေသနတွေ့ရှိချက်များနှင့် တစ်ထပ်တည်းကျနေသည်ကို တွေ့ရှိပါသည်။

သုတေသနပြုမှုများတွင် ချဉ်ပေါင်ကို သွေးတိုးသွေးတွင်းအဆီများခြင်း၊ ကင်ဆာရောဂါများ၊ ကျောက်ကပ်နှင့် ပတ်သက်သောရောဂါရပ်များ၊ နှလုံးရောဂါများနှင့် Body weight ချသည့် စားသောက်မှုပုံစံများတွင် ချဉ်ပေါင်၏ အရာရောက်မှုများကို သုတေသနပြုလုပ်နေကြပါပြီ။

အာဟာရဆေးသိပ္ပံတွေ့ရှိချက်များအရ -

ချဉ်ပေါင်တွင် Vit C ဓာတ်များစွာပါဝင်နေသည့် သဘာဝပေါက်အပင်မျိုးဖြစ်၍ အမျှင်ဓာတ်၊ ကယ်ဆီယမ်၊ ဖော့စဖရပ် သံဓာတ်၊ ကယ်ရိုတင်း၊ သိုင်ယာမင်း၊ ရိုင်ဘိုဖလေဗင်ဓာတ်များနှင့် နိုင်ယာစင်ဓာတ်တို့ကို Vit B ဓာတ်တွေကလည်း ပါဝင်ဖွဲ့စည်းနေပါသည်။

တစ်ဖန် ချဉ်ပေါင်သီး၏အစေ့ကို ဆီကြိတ်ပြီး ရလာသော ချဉ်ပေါင်ဆီကလည်း လူ့ကျန်းမာရေးကိုလွန်စွာအကျိုးပြုသည့် ဆီအမျိုးအစားတွင် ပါဝင်နေပြီး ကိုယ်တွင်းမှ မကောင်းသော အဆီဆိုးများကို ဖယ်ရှားပေးပြီး ရောင်ရမ်းမှုကို လျှော့ချပေးသည့် သဘာဝအစွမ်းရှိပါသည်။

အင်တီအောက်ဆီးဒင့်ဓာတ်များစွာပါဝင်နေ၍ ၎င်း၏ဆေးဖက်ဝင်အစွမ်းသတ္တိကြောင့် သွေးတိုးကိုကျစေပြီး သွေးတိုးကိုဖြစ်ပေါ်စေတဲ့ Lipoprotein ဓာတ်တွေကို ဓာတ်တိုးမှုမဖြစ်အောင်ကာကွယ်တားဆီးပေးပြီး သွေးကြောများအတွင်းမှ မလိုလားအပ်သည့်အဆီတွေကို ဖယ်ရှားပေးစေခြင်းကြောင့် နှလုံးရောဂါကိုလည်း အကျိုးပြုနေပါသည်။

**❑ သုတေသနတွေ့ရှိချက်တစ်ခုအရ**

ချဉ်ပေါင်တွင် လူ့ခန္ဓာကိုယ်အတွင်း စားသောက်လိုက်သဖြင့် ဝင်ရောက်လာကြသည့် သကြားဓာတ်နှင့် ကစီဓာတ်တွေကို (Amylase) အင်ဇိုင်းဓာတ်က ပြုပြင်ပြောင်းလဲမှုကြောင့် အဆီဓာတ်များ စုပြုလာပြီး အဝလွန်လာခြင်းကို ချဉ်ပေါင်တွင် ထို အင်ဇိုင်းဓာတ်ထုတ်လုပ်ခြင်းကို တားဆီးပေးသည့် ဓာတ်သတ္တိများ ပါဝင်နေသည့်အတွက် အဝလွန်အဆီတိုးခြင်းကို ကာကွယ်မှုပေးပါသည်။

နိဂုံးချုပ်ရသော် စာရေးသူတို့ ရွှေမြန်မာများ နေ့စဉ်ထိတွေ့နေပြီး ပေါများကြွယ်ဝစွာအလွယ်တကူရရှိနေသော ဟင်းရွက်ကန်စွန်းအနွယ်ဝင်. . .

ချဉ်ပေါင်ပင်သည် မိသားစုကျန်းမာရေးအတွက် စားကောင်းနှုတ်မြိန်ခံတွင်းတွေ့စေပြီး လွန်စွာဆေးဖက်ဝင်အစွမ်းထက်သည့် စားသုံးသီးနှံဟင်းရွက်ဖြစ်နေခြင်းက လွန်စွာမှထူးကဲကောင်းလှပေသည်ဟု စာဖတ်ပရိသတ်များကို အသိပေး တင်ပြလိုက်ပါသည်။

မိသားစုတိုင်း အဖိုးနည်းဝန်ပါ ကျန်းမာစွာဖြင့် နေထိုင်စားသောက်နိုင်ကြစေရန်အတွက် စာရေးသူမှ ချဉ်ပေါင်ပါဝင်ပြီး သဘာဝအတွက် ပိန်းဖူးတို့ဖြင့် စီမံချက်ပြုတ်နိုင်သော ချဉ်ပေါင်ပိန်းဖူးငါးမြွေထိုးကျပ်တိုက်ချက် ဆေးဖက်ဝင်စားမြိန်ဟင်းလျာချက်နည်းစနစ်ကိုတင်ပြပေးပါမည်။

**❑ ပါဝင်ပစ္စည်းများ**

၁။ ချဉ်ပေါင်ရိုးနီ (၃) စည်းအရွက်ခြွေထားပါ။
၂။ ပိန်းဖူးအဖူး (၂၀) ကို တစ်ရည်ပြုတ်ပြီး ပိန်းဖူးအဖတ်ချည်းသက်သက်ယူထားပါ။
၃။ ငါးမြွေထိုးငါးကျပ်တိုက် (၂၀)သား (ကျပ်တိုက်ကင်မရပါက ငါးမြွေထိုးအစိုကို သပွတ်ရစ်မီးကင်၍ အသားနွှာပြီးထည့်ပေးပါ။)
၄။ ငရုတ်စိမ်း (၁၅) တောင့်။
၅။ ရှမ်းနံနံအပင် (၃) ပင်။
၆။ ငရုတ်၊ ကြက်သွန်ဖြူ၊ နီ ဟင်းတစ်အိုးစာထောင်းထားပါ။

**❑ စီမံချက်ပြုတ်နည်း**

ငရုတ်၊ ကြက်သွန်ဖြူ၊ နီ ထောင်းထားသည်တို့ကို ပဲဆီသန့်သန့်နှင့်ဆီသတ်ပြီး ကြက်သွန်ဖြူနီလိပ်လာလျှင် အသားနွှာထားသော ငါးမြွေထိုးကျပ်တိုက်များကို ထည့်၍မွှေပေးပြီး ဟင်းခတ်မှုန့်၊ ငါးငံပြာရည်တို့ကို ဟင်းတစ်အိုးစာ အနေတော်ခတ်ပြီး ချဉ်ပေါင်ရွက်များ အုပ်ထည့်ပါ။

ချဉ်ပေါင်ရွက်နွမ်းအိလာပြီဆိုလျှင် ပိန်းဖူးပြုတ်ထားတဲ့အဖတ်များကိုထည့်၍ အားလုံးသမသွားအောင်မွှေပေးပါ။

ပြီးလျှင် ဟင်းတစ်အိုးစာ ရေနွေးဆူဆူအနေတော်ထည့်၍ ဆူပွက်လာတဲ့အထိချက်ပါ။ ဟင်းအိုးဆူပွက်လာပြီး ဆီကျန်ရေကျန်ဟင်းအနေတော်အချိန်တွင် နောက်ဆုံးအနေနှင့် ဟင်းစပ်အရသာကိုပြုပြင်ပြီး ရှမ်းနံနံအရွက်များကိုခတ်၍ မီးဖိုပေါ်မှချလိုက်ပြီဆိုလျှင် လွန်စွာ မွှေးကြိုင်ပြီး နှုတ်ခံတွင်းမြိန်၍ ဆေးဖက်ဝင်ဆေးဓာတ်စာဟင်းလျာကို သုံးဆောင်နိုင်ကြပါပြီ။

ထိုဟင်းလျာသည် နှုတ်ခံတွင်းကို အလွန်မြိန်စေသောကြောင့် နာလန်ထလူနာများ၊ ဒူလာပါဒရက်၊ မြင်းသရိုက်ရောဂါရှိသူများ အားအင်ချည့်နဲ့၍အစားအသောက်ပျက်နေသူများ၊ ပန်းအားနည်း၍ ယောက်ျားတန်ခွန်မလျှော့နိုင်သူများအတွက် လွန်စွာအစွမ်းထက်လှသည့် ဆေးဓာတ်စာဟင်းလျာ ဖြစ်ပါသည်။

၎င်းချဉ်ပေါင်ပိန်းဖူးငါးမြွေထိုးကျပ်တိုက်ဟင်းလျာကို အိမ်ရှင်မတော်တော်များများမသိကြပါ။

ယခု ဟင်းစပ်အတွဲမှာ ပါဝင်နေတဲ့ ပိန်းဖူးဆိုသည်မှာ အလေ့ကျပေါက်ရောက်နေသည့် ပိန်းရိုင်းပင်များမှ ရရှိသောပိန်းဖူးကို ရေနွေးဆူဆူမှာ နူးအိအောင်ပြုတ်ပြီး အလယ်မှ ဝက်ဆံတိုင်ကိုဖယ်ခွာပြီး ပိန်းဖူးအဖတ်လေးများကို ဟင်းလျာအဖြစ် ချက်ပြုတ်ရသည့်ဟင်းဖြစ်ပါသည်။

အချို့က ပိန်းရိုင်းဆိုလျှင် စားလိုက်လျှင် ယားယံမှာပဲဟု အထင်ရောက်တတ်ပါသည်။ ၎င်းပိန်းဖူးကို စာရေးသူ တင်ပြခဲ့သလို တစ်ရေပြုတ်ပြီး အလယ်အူတိုင်ဝက်ဆံ ဖယ်ရှားလိုက်လျှင် လုံးဝယားယံခြင်းမရှိပါကြောင်းနှင့် ပိန်းဖူးမှာကိုက အလွန်မွှေးကြိုင်သည့် ရနံ့ရှိပြီး နူးညံ့ကာချိုမွှေးနေခြင်းကြောင့် ချဉ်ပေါင်နှင့်တွဲပြီး ငါးမြွေထိုးကျပ်တိုက်နှင့် စီမံချက်ပြုတ်လိုက်ပါလျှင် တစ်ခါစားဖူးပါက တစ်သက်မမေ့နိုင်သည့် ဆေးဖက်ဝင် ဟင်းလျာဖြစ်ပါကြောင်း ထပ်လောင်းအထည်ပြုချက်ပေးလိုက်ပါသည်။

သဘာဝများ
စားသုံးသူများဖြစ်၍
ကျန်းမာကြပါစေ

ရွှေနဝင်း(ပုသိမ်)




www.burmeseclassic.com

www.burmeseclassic.com


# ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက်

# စီးပွားရေးဗေဒင်ဟောကိန်း


မင်းရှိန်အောင်




(၁-၁၀-၂၀၁၆) နေ့ သာယနဇာတာခွင်




(၁၁-၁၀-၂၀၁၆) နေ့ သာယနဇာတာခွင်




(၂၁-၁၀-၂၀၁၆) နေ့ သာယနဇာတာခွင်

ပထမဆယ်ရက်ကာလတွင် ရွှေဈေးကွက်၊ ငွေကြေးဈေးကွက် ပုံမှန်မဟုတ်။ တက်ရိပ်ကျရိပ်ရှုပ်ထွေးတတ်သည်။ ကျောက်မျက်ဈေးကွက်ထိုင်းမှိုင်းနေမည်။ စတော့ရှယ်ယာဈေးကွက်တက်ဈေးကျဈေးခန့်မှန်းရခတ်နေမည်။ ရေထွက်ကုန်ပစ္စည်း၊ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းဈေးကွက်ပျက်နေမည်။ မီဒီယာ၊ စာနယ်ဇင်း၊ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာဈေးကွက်များ ထိုင်းမှိုင်းနေမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ/အနုပညာဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာဈေးကွက်များ နှေးကွေးနေမည်။ ဆေးနှင့် ဆက်စပ်ပစ္စည်းများ၊ သစ်နှင့်ဆက်စပ်ပစ္စည်းများ၊ ဈေးကွက်များ ဈေးကွက်မှန်းဆရမလွယ်ဖြစ်နေမည်။ အိမ်ခြံမြေဈေးကွက်၊ ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက် ကပြောင်းကပြန်ဖြစ်နေမည်။ သတ္တုတွင်းထွက်ပစ္စည်းဈေးကွက်အတက်အကျမြန်ဆန်နေမည်။ လျှပ်စစ်အီလက်ထရွန်နစ်ရေဒီယိုပစ္စည်းဆိုင်ရာဈေးကွက်မငြိမ်မသက်ရှိနေမည်။

ဒုတိယဆယ်ရက်ကာလတွင် ရွှေဈေးကွက်အတက်အကျကြမ်းမည်။ ငွေကြေးဈေးကွက် ရုတ်တရက်ကျတတ်ပြီး တရိပ်ရိပ်ပြန်တက်တတ်မည်။ စတော့ရှယ်ယာဈေးကွက် မငြိမ်သော်လည်း တက်ရိပ်ရှိသည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့် ဆက်စပ်ပစ္စည်းဈေးကွက် အတက်အကျ ပုံမှန်မဟုတ်၊ အတက်အကျကြမ်းနေမည်။ ကျောက်မျက်ဈေးကွက်ငြိမ်သက်နေမည်။ မီဒီယာ၊ စာနယ်ဇင်း၊ ဖုန်းနှင့် ဆက်သွယ်ရေး စသည့်ဈေးကွက်များ အမြင့်ဈေးမျှော်နိုင်မည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ ယာဉ်ကားဆိုင်ရာဈေးကွက် ထိုင်းမှိုင်းနေမည်။ အိမ်ခြံမြေဈေးကွက်၊ ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက် အတက်အကျအပြောင်းအလဲမြန်ဆန်နေမည်။ စိုက်ပျိုးရေးထုတ်ကုန်၊ ရေလုပ်ငန်းထုတ်ကုန်တို့ ကျဈေးမိတတ်သော်လည်း တရိပ်ရိပ်ပြန်ဈေးတက်တတ်မည်။ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ ရေဒီယိုပစ္စည်းတို့ကို ဈေးကွက်မတည်မငြိမ်ဖြစ်မည်။ စက်နှင့် ဆက်စပ်ပစ္စည်းများ၊ ကုန်မာပစ္စည်းများ ဈေးကွက်ဘောင်ဘင်ခတ်နေမည်။ သတ္တုတွင်းထွက်ပစ္စည်းများဈေးကွက်ပြောင်းဆန်နေမည်။

တတိယ ဆယ်ရက်ကာလတွင် ရွှေဈေးကွက်တက်ရိပ်မြင်ရသော်လည်း အကျဘက်ရောက်သွားတတ်မည်။ ငွေကြေးဈေးကွက်၊ စတော့ရှယ်ယာဈေးကွက် အမြင့်ဈေးထက် အနိမ့်ဈေးကိုပိုဦးတည်နေသည်။ ကျောက်မျက်ဈေးကွက် အတက်အကျရှုပ်ထွေးနေမည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း တက်ဈေးထက်ကျဈေးကိုပိုဦးတည်နေသည်။ ရေလုပ်ငန်းထုတ်ကုန်များ၊ စိုက်ပျိုးရေးထုတ်ကုန်များကျဈေးမိတတ်မည်။ မီဒီယာ၊ စာနယ်ဇင်း၊ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ ဈေးကွက်များ ပုံမှန်မဟုတ်လျှောဆင်းတတ်မည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ ယာဉ်ကားဆိုင်ရာဈေးကွက်များ တက်ရိပ်ကျရိပ် ဘောင်ဘင်ခတ်နေမည်။ အိမ်ခြံမြေဈေးကွက်၊ ဆောက်လုပ်ရေးဈေးကွက် ပုံမှန်မဟုတ် မှန်းဆရခက်နေမည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ ရေဒီယိုဆိုင်ရာဈေးကွက် အပြောင်းအလဲရှုပ်ထွေးနေမည်။ သတ္တုတွင်းထွက်ပစ္စည်းဈေးကွက်ဖျက်မည်။

မင်းရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com

"ပိုက်ဆံကိစ္စပါပဲ ဆရာ"
"ဘာလဲ - အကြွေးပဲလား"
"ဟုတ်"
"ဟိုတစ်ခါ. . . လာဖူးတယ်နော်"
"လာဖူးတယ် ဆရာ။ အဲဒီတုန်းက ရွှေလာငွေလာပင်ကို ဘုရားမှာအိုးတစ်လုံးသတ်သတ်နဲ့ ပူဇော်ခိုင်းတယ်။ ငှက်တွေကို ညှ၊ မနက် အစာကျွေးခိုင်းတယ်။ ဒိဝါတပတိဂါထာကို တစ်နေ့ သုံးရာ သွားရင်းလာရင်း ရွတ်ခိုင်းတယ်"
"ဩော် - အဲဒါဆိုရင် အကြွေးတွေပြန်ဝင်လာပြီ။တဖြည်းဖြည်းချင်းပြန်ဝင်လာပြီ။ ဦးဆုံးဝင်လာတဲ့ပိုက်ဆံကို ဘုရားစေတီတွေမှာသွားပြီး ညလုံးပေါက်လျှပ်စစ်မီးပူဇော်တာတို့၊ ပန်းပေါင်းစုံပူဇော်တာတို့ပူဇော်ပြီးမှ လူသုံးရမယ်။ ဟုတ်တယ်မို့လား အဲလိုပြောလိုက်တာ"
"ဟုတ်ပါတယ် ဆရာ"
"ရတယ်မို့လား"
"ဟုတ်. . . ဟို. . . လုပ်ရင်တော့ ရမယ်ဆိုတာ ယုံပါတယ် ဆရာ"
အံ့အားသင့်သွားပြီး သူ၏မျက်နှာကြောင့် ညီလေးကိုသနားပြီး မလုပ်ရက်ဘူး ဆရာ"
သူ၏စကားများမှာ ဘာတွေမှန်း မသိတော့။ ကြွေးပြန်ပေးရမည့်သူကို သူက အားနာနေ၏။ ကိုယ့်ဟာကိုယ် လာဘ်ရွှင်ဖို့တောင် တစ်ဖက်ကိုင့်ပြီး မလုပ်ရက်ဟုဆိုလာသူအား ကျွန်ုပ်ဘယ်လိုပြောရမှန်းမသိတော့။
"ခုရော၊ ခုလာတာက"
"အဲဒီကြွေးကိစ္စပဲ ဆရာ"
"ဟင် - ခင်ဗျားပဲသနားလို့မလုပ်ဘူးဆို"
"အဲ. . . . ဘယ်လိုပြောရမလဲ၊ ပိုက်ဆံလည်း ကျွန်တော့်မှာ အခက်အခဲတွေ ဖြစ်. . . ဖြစ်"
"ကျွန်တော်မလုပ်ပေးတတ်ဘူးဗျာ။ စိတ်မဆိုးပါနဲ့ ကျေးဇူးတင်ပါတယ်"

❑

"ကျွန်မက ရစရာရှိတာလေးတွေ ပြန်ရချင်လို့ပါ"
"အကြွေးလား"
"ဟုတ်ကဲ့"
ညင်သာစွာ စကားဆိုလာသူ၏ ချမ်းသာတဲ့သူတွေ၊ အထင်ကရပဲ ဟို. . . တော်တော်ချမ်းသာတာ။ သူလို နေတဲ့အချိန်လေးမှာ ကျွန်မဆီက ငါးရာ ဆွဲသွားတာ၊ လှမ်းတောင်းတာပေ့ါနော် ကျွန်မကသွားပေးရတာ"
"အေးလေ - ချမ်းသာတယ်ဆိုရင် ပြန်တောင်းလေ"
"မဟုတ်ဘူး ဆရာ။ ယူတာက သမီး၊ ချမ်းသာတာက အဖေ။ အဲဒီ ကောင်မလေးက နိုင်ငံခြားသွားဖို့ကိစ္စ တစ်ခုရှိလို့ ကျွန်မဆီကဆွဲသွားတာ ပြန်တောင်းဖို့ခက်နေတယ်"
"ဟင် - ဘာဖြစ်လို့"
"အဲဒီကလေးမလေးကို ဖုန်းဆက်တော့ အဖေကြီးမသိပါစေနဲ့တဲ့။ အဖေကြီးသိရင် အန်တီမလွယ်ဘူးတဲ့။ အဖေကြီးက စိတ်ကြီးတယ်တဲ့"
"ဟင်-ဘာဆိုင်လို့လဲ။ သူ့ဟာသူ စိတ်ကြီးတာတွေဘာတွေဘာလိုက်ပြီး စိုက်နေစရာလိုလဲ။ ကိုယ့်ပိုက်ဆံကိုယ် တောင်းတာပဲ"

# ဆရာဦးမောင်မောင်သန်း
## (ရှင်ကိုယ်‌ဆေးကြံ့ခိုင်ရေး)
# အားနာတတ်သူများ



ကို သေချာကြည့်လိုက်မိ၏။ သူ၏ပုံစံမှာ ရှိုးတိုးရှန့်တန့်နှင့် ရယ်ကျဲကျဲဖြစ်နေပြီး ဟိုကြည့်ဒီကြည့်ကြည့်နေ၏။
"ဘာလဲမသိဘူး၊ ခင်ဗျားပြောတာ သိပ်နားမလည်ဘူး"
"ဩော် . . . ကြွေးပေးရမယ့်သူက ကျွန်တော့်ညီလေးဖြစ်နေလို့ပါ။ ကျွန်တော်မလုပ်ရက်ဘူးဖြစ်နေလို့မလုပ်ဖြစ်ပါဘူးဆရာ"
"ဘာကိုမလုပ်ရက်တာလဲ။ သူ့ကိုသွားလုပ်စရာဘာအကြောင်းရှိလို့လဲ"
"မဟုတ်ပါဘူး ဆရာ၊ ကျွန်တော်က ဆရာခိုင်းလိုက်တဲ့ ငွေဝင်အစီအရင်တွေလုပ်ရော။ ညီလေးခမျာ မပြေလည်ရှာဘူး။ ကျွန်တော်လုပ်တဲ့ခါတ်ကြောင့် ညီလေးခမျာ မရှိတဲ့ကြားက ဘယ်လိုရှာမယ်ဆိုတာ ကျွန်တော်မတွေးရဲဘူး။ ဒါ ခုနစ်သက္ကရာဇ်ကိုမေး၍ သေချာတွက်ရင်း ကံကိုအကဲခတ်နေ၏။
"ကြွေးပြန်ပေးရမယ့်သူက ဘယ်သူလဲ"
"(×××) ပါ ဆရာ"
"ဩော် - ဒါဆို သိပ်တော့မလွယ်ဘူး။ နည်းနည်းချင်းပြန်တောင်းယူမှရမယ်"
"ဆရာ"
"ဟုတ်ကဲ့"
"မတောင်းဘဲနဲ့ သူ့အလိုလိုပေးချင်လာအောင် ဆရာပဲ ဒီကလုပ်ပေးလို့ မရဘူးလား"
"ဟာ - ကျွန်တော်က တန်ခိုးရှင်မှမဟုတ်တာ ဘယ်ရမလဲ။ ကာယကံရှင်ရဲ့ငွေပဲ၊ ကိုယ်တိုင်လုပ်မှရမှာပေ့ါ"
"သူတို့က . . . သူတို့က အရမ်း
"သူက . . . သူက အရှိန်အဝါ[illegible] တယ်ဆရာ။ ကျွန်မလည်းမပြောရဲဘူး ကလေးမလေးကိုဖုန်းဆက်တော့ မ[illegible] တော့ဘူး"
"ကျွန်တော် အများကြီးတွေ့[illegible] တယ်။ မပြောရဲမဆိုရဲလောက[illegible] ဝိတ်ကြီးတစ်ခုခုသုံးပြီး ဥပမာဗျာ[illegible] ဘယ်သူဌေးကြီးရဲ့တူမတို့၊ ဘယ်[illegible] ကြီးနဲ့အမျိုးတော်တာတို့၊ [illegible] ရင်းနှီးတာတို့ဆိုတဲ့ဝိတ်ကြီးတွေသုံး[illegible] ချေးသမျှပိုက်ဆံတွေပြန်မပေးတော့[illegible] ပြောင်ပြောင်နေတဲ့သူတွေ တွေ့[illegible] တယ်။ အဲဒါအတွက်ချပြီးလိမ်သွား[illegible]



www.burmeseclassic.com

www.burmeseclassic.com

၏ ပြန်မတောင်းရဲလောက်မှန်းသိတော့ ရဲရဲတင်းတင်းလုပ်သွားတာပဲ"

"ကျွန်မကလည်း . . . အရမ်းကို ခင်နေတော့၊ သားသမီးလိုခင်နေတော့ အရမ်းအားနာ. . . ပြီးတော့ ကျွန်မကို ပြဿနာတစ်ခုခုလုပ်မှာကိုစိုး. . ."

"ကျွန်တော်ပြောမယ်။ ခင်ဗျား ကြွေးတောင်းတာပဲ၊ သူ့ကိုသွားဆဲနေတာမှမဟုတ်တာ။ ခင်ဗျားကြည့်ရတာ ကြောက်နေပုံရတယ်။ ဒီတော့ ခင်ဗျား သူ့ကို လေပြေကလေးနဲ့ ချော့ပြောမှာ သေချာတယ်။ အဲဒါ ခင်ဗျားကို ဘာပြဿနာလုပ်မှာမို့လို့လဲ။ ကျွန်တော်တွေ့နေရတာတွေ ပြောရရင် တချို့က အဲဒီလို ဘယ်သူနဲ့သိတာ ဘယ်ဝါနဲ့သိတာဆိုပြီး တစ်ဖက်သားရဲ့ငွေတိုမပေးချင်လို့ လှည့်ပတ် ခြိမ်းခြောက်ပေ မယ့် တကယ်တမ်း ထိထိရောက်ရောက် စုံစမ်းခိုင်းရင် အဲဒီသူတို့သိတယ်၊ ခင်တယ်ဆိုတဲ့လူတွေက သူ့ဟာသူနေကြတာပါဗျာ။ သူတို့ရဲ့ဂုဏ်သိက္ခာအကျခံပြီး ဒီလိုလူမျိုးတွေကို အားပေးပါ့မလား။ ခင်ဗျားစဉ်းစားကြည့်၊ တချို့ သိတောင်မသိဘူး။ ပါးစပ်ထဲတွေ့တဲ့လူတစ်ယောက်ယောက်ဆွဲထည့်၊ ဘယ်လိုခင်တယ်၊ ဘာတော်တယ်တွေ လျှောက်လုပ်တာ။ အလကား - သူတို့ နာမည်တပ်တဲ့လူတွေက သူ့သိက္ခာနဲ့သူနေနေကြတဲ့သူတွေဗျ။ အဲဒီလိမ်တဲ့လူတွေနဲ့ ဘာမှမဆိုင်ဘူး၊ သိလည်းမသိကြဘူး။ အလကားလှန့်နေတာ"

"ခုဟာက သူ့အဖေက . . ."

"အေးလေ - ကျွန်တော်ပြောတာ ရှင်းရှင်းလေး။ သူ့အဖေ ဒါလောက် ချမ်းသာနေတဲ့လူက သူ့သမီးကို ခင်ဗျားဆီ လာလိမ်ခိုင်းပါ့မလားဗျာ။ နည်းနည်းလေးတွေးပါ။ သူ့သိက္ခာကို လူသိရှင်ကြား အကျခံပါ့မလား။ ယူတုန်းကယူပြီးမှ ဖအေဝိတ်နဲ့ခြိမ်းခြောက်တာကတော့ ခင်ဗျားစဉ်းစားလေ။ ခင်ဗျားမတောင်းဘဲနဲ့တော့ ဘာအစီအရင်မှလုပ်လို့မရဘူး"

"ဟို. . . သူ့ဟာသူ. . ."

"ခက်ပါလား၊ ခင်ဗျားကို တစ်ပြားမှမပေးချင်လွန်းလို့ ဖုန်းတောင်ပိတ်ထားပါတယ်ဆို ခင်ဗျားပဲပြောတာ။ ဒီလိုလူမျိုးက ဘယ်ပေးတော့မလဲ။ တောင်းရမှာပေါ့။ ဖုန်းမကိုင်ရင်တော့ လူကိုယ်တိုင်သွားတွေ့ပြီး. . ."

"အမလေး. . ."

တွန့်ခနဲဖြစ်သွားပြီး ရယ်နေသောသူမအား ကျွန်ုပ် အလွန်သနားနေမိပါသည်။ လူကိုယ်တိုင်တွေ့ရန် အတော်ထိတ်လန့်နေပုံရ၏။

ကျွန်ုပ် အဘက်ဘက်က စဉ်းစားကြည့်၏။ ကျွန်ုပ် သင်ကြားခဲ့ဖူးသမျှ ပညာရပ်တို့သည် သူမအတွက် အရာမရောက်တော့ပြီ ဖြစ်၏။ ကြွေးမတောင်းရဘဲ အလိုလို လာဆပ်အောင် လုပ်နိုင်စွမ်းသောပညာအား မသင်ခဲ့မိလေခြင်းဟု ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်နေမိပါတော့သတည်း။

❑

"ဘယ့်နှယ် - မောနေပါလား"

"အသက်က (၇၀) ကျော်ပြီလေ ဆရာ။ လမ်းလျှောက်တော့မောချင်ပြီ"

"အမောဖြေနား"





www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးတင်ပါတယ် ဆရာ။ ကိစ္စလေးအရေးကြီးလို့ပါ"

"ပြောလေ - ရပါတယ်"

"ငွေကိစ္စပါ၊ ပြန်ရချင်တာ"

ထိုအမျိုးသမီးကြီး ရောက်လာသောအခါနှင့် သူ၏ခုနှစ်သက္ကရာဇ်အားတွက်လိုက်ပြီး -

"ငွေပြန်ပေးရမှာ နာမည်ဘယ်သူလဲ"

"(xxx) ပါ"

"ဟင် - ဒီနာမည်က အစ်မကြီးကံမှာကောင်းနေသားပဲ။ ငွေနံလည်းအဆိုးကြီးမဟုတ်ဘူး။ တစ်ခုခုတော့လွဲနေပြီနဲ့တူတယ်"

"ကျွန်မက မတောင်းရက်တာပါ"

"ဗျာ"

"သနားလို့ပါ၊ မတောင်းရက်တာ။ ကောင်လေးက ကျွန်မအိမ်မှာ တောက်တိုမည်ရလိုတာလေးတွေခိုင်းနေတဲ့ကလေးပါ။ ကြာလာတော့ သံယောဇဉ်လေးဖြစ်ပြီး သူစင်ကာပူသွားချင်တယ်ဆိုတာကို ကျွန်မ သိန်းသုံးဆယ်ထုတ်ပေးလိုက်တယ်၊ နောက်ထပ်လည်း လိုတာလေးတွေထပ်ထုတ်ပေးပေါ့။ ခုတော့ စင်ကာပူမှာ တစ်နှစ်ပြည့်တော့မယ်။ မိန်းမတောင်ယူလိုက်ပြီကြားတယ်။အဲဒါ အဲဒါ ကျွန်မကိုလည်း ဘာအဆက်အသွယ်မှမလုပ်တော့ဘူး"

"ဟာ - သွားပြီပေါ့၊ အစ်မကြီးက မဆက်သွယ်ဘူးလား"

"ကျွန်မအဲဒီကလေးကိုသံယောဇဉ်ရှိပါတယ်။ သနားပါတယ်။ အဝေးကပဲ မေတ္တာပဲပို့ပေးနေမိတယ်။ အဲဒါ ဆရာရယ် သူ စင်ကာပူကနေ ကျွန်မကိုဆက်သွယ်ချင်လာအောင် စိတ်ကလေးကိုညို့ပြီး. . ."

"ကျွန်တော်က စိတ်ညို့ဆရာမှ မဟုတ်တာ အစ်မကြီးရဲ့"

"သူ့သဘောလေးနဲ့သူပြန်ပေးချင်လာအောင်လေးလုပ်လို့များရမလားလို့"

ကျွန်ုပ်၏စိတ်ထဲတွင် ဘဝင်မကျတစ်ခုဖြစ်သွား၏။ သူ့ကိုကြွေးပြန်ပေးရမည့်သူမှာ တနင်္လာနာမည်ဖြစ်၏။ သူမ၏ကံမှာ တနင်္လာအလွန်ကောင်းနေပြန်ရာ -

"အစ်မကြီး၊ လူပိုတွေဘာတွေ ခေါ်သေးလား"

"ခေါ်တယ်၊ တနင်္လာပဲ။ ဟိုကောင်လေးနေ့ပဲ။ အဲဒီခေါ်ထားတဲ့ ကလေးမလေးက သူ့လက်သူ့ခြေပဲဆရာ၊ ကျွန်မကို အရမ်းအလိုက်သိတာ"

တစ်ခါတစ်ခါ ကံအလှည့်အပြောင်းများဖြစ်သွားပုံမှာ နူးညံ့သိမ်မွေ့လှ၏။ အဖြေရှာမရဖြစ်တတ်၏။ အကျိုးပေးခြင်း၊ အကျိုးမပေးခြင်းကို အလွန်သတိထား၍ကြည့်ရ၏။ ယခု အစ်မကြီးကံတွင် ငွေနံများ၊တနင်္လာနံများကောင်းနေသည့်ကြားမှ အဘယ်ကြောင့်ဤသို့ဖြစ်ရသည်ကိုတွေးရင်းစဉ်းစားရင်း အစ်မကြီးအပေါ်ကောင်းနေသော တနင်္လာသမီးပေါ်လာခဲ့ရခြင်း ဖြစ်ပါသည်။

အစ်မကြီး၊ သူ့မျက်နှာကိုပေါ်အောင်ကြည့်ပြီးတစ်ခုခုရွတ်ရမယ်"

"ကျွန်မ အဲလိုကိုမလုပ်ချင်လို့ပါ ဆရာရယ်။ ဒီကလေးလေးကို သနားပြီး"

"ကျွန်တော်ရွတ်ခိုင်းမှာက ဘုရားစာ။ သူ့ကိုဒုက္ခပေးမှာမှမဟုတ်တာဗျာ။ ကျွန်တော်က အကုသိုလ်ကို ကြားကဝင်ခံပြီး တစ်ဖက်သားကိုလုပ်မတဲ့လား။ စဉ်းစားပါဦး"

"ကျွန်မက သူ့ကိုသနားတော့လည်း ပြန်မတောင်းရက်ဘူး။ သူဟာသူပေးပေးချင်လာအောင် သူ့စိတ်ကလေးကိုညို့ပြီး. . ."

ကိုယ့်ကိုယ်ကိုယ်မကျေမနပ်တွေးလိုက်မိ၏။

'ငါ့နှယ် - စိတ်ညို့တဲ့ပညာကို သင်မထားခဲ့မိပြန်ဘူး'

❑

"သူငယ်ချင်း"

"ဟေ - လာ ထိုင်"

"ငါ ကိစ္စလေးရှိလို့ မင်းဆီလာတာ"

"အေး - ဘာလုပ်ပေးရမလဲ"

"ငါ့မှာ ရစရာရှိတဲ့အကြွေးတွေ နှစ်ချီလာပြီ၊ မရဘူးဖြစ်နေလို့ကွ"

"ဘယ်လောက်လဲ"

"သိန်းသုံးထောင်ကျော်လောက်တော့ရှိမယ်"

"မင်းကပြန်မတောင်းဘူးလား"

"ဒီလိုကွ၊ ငါ့ရဲ့သားချင်းတွေပဲ။ ဒုက္ခရောက်လို့လာပြောလိုက်၊ ငါက အရင်းအနှီးထုတ်ပေးလိုက်၊ နောက်တစ်ယောက်လာပြောလိုက်၊ ငါကအရင်းအနှီးထုတ်ပေးလိုက်နဲ့ တဖြည်းဖြည်းများသွားတာ။ တစ်ခုကတော့ ငါ့တူတစ်ယောက်ရဲ့ကုမ္ပဏီမှာ ရှယ်ယာဝင်လိုက်တာကွ။ ငါ့လည်းရှိတာလေးကုန်ခမန်းဖြစ်သွားတာပေါ့ကွာ"

"မင်းခုနှစ်ပြောစမ်း"

". . . . ."

"မင်းကံမှာ ငွေနံပျက်နေတယ် ဟုတ်တယ်။ ဒီတော့ မင်းကန်တော်ကြီး မှာသွားပြီး ကျီးတွေကျွေးရလိမ့်မယ်၊ ဒါ ကြွေးမရတဲ့လူတွေကို ငါပေးနေကျဓာတ် ပဲ။ ကြာခဲ့ပြီ။ ဒီလိုသွားကျွေးရင်းကျွေး ရင်းနဲ့ ကြွေးတွေပြန်ရကုန်တာမနည်း တော့ဘူး။ ဒါပေမယ့် တစ်ခါပဲ၊ နှစ်ခါပဲ တော့မရဘူး။ ဓာတ်ထိအောင် ခုနစ်ခါ တော့ကျွေးရမယ်။ တစ်ပတ်တစ်ခါဆို ရပြီ။ လိုရင် ထပ်ကျွေးရမယ်။ အိမ်ရှေ့ မှာလည်း ငှက်လေးတွေကျွေးရမယ်"

"မင်းပြောတာ ငါခေါင်းကိုက် သွားပြီ"

"ဟင် - ဘာဖြစ်လို့၊ မင်းငွေတွေ ပြန်ရအောင်ပဲလေ"

"အေးကွာ - မကင်းရာမကင်း ကြောင်းလေးတွေပေါ့။ ပေးရင်းပေးရင်း နဲ့ ငွေကများလာတာ။ ငါ ဓာတ်ရိုက်ရ မလား"

"မင်းကို ခုနငါပြောတာ ဒါဓာတ် ရိုက်တာလေ။ ဘာလဲ၊ ငွေကုန်မှ ဓာတ် ရိုက်တာစူးတယ်ထင်လား၊ ဒါဖြင့်. . ."

"နိုးနိုး-သူငယ်ချင်း၊ မဟုတ်ပါဘူး ဟ။ မင်းကလည်း ခုထိစိတ်မြန်တုန်းပဲ ငါပြောတာ ငါဓာတ်ရိုက်ရမလား။ ရိုက် ရမယ်ဆို ငါမရိုက်ချင်ဘူးကွာ။ သူတို့ကို လည်း အားနာတယ်"

"ငါမလုပ်တတ်တော့ဘူး သူငယ် ချင်း"

"မဟုတ်ဘူးလေ၊ အဲလိုလည်း မပြောပါနဲ့။ မင်းက ကြွေးတောင်းတာ လက်စွမ်းထက်တယ်ကြားလို့"

"တိုက်ဆိုင်သွားကြတာနေမှာပါ ငါပေးရင် ခုနဓာတ်ပဲ၊ မင်းမလုပ်ချင်ရင် မရဘူးပေါ့ကွာ"

"မင်းကလည်းပဲ သူငယ်ချင်းချင်း အားကိုးပြီးလာခါမှပဲ"

"မင်းက ငါ့ကို အားကိုးပြီးလာ တိုင်ပင်လို့လား။ မင်းသဘောနဲ့မင်း ပေးချင်သလိုပေးပြီးမှ မရတော့မှ ငါ့ဆီ လာပြီး အားကိုးတယ်ဆိုလို့ ငါကဘာ လုပ်ပေးရမှာလဲ။ ငါပေးတဲ့အစီအရင်ကျ တော့လည်း မင်းကလက်ကြောမသန် ဘူး"

သူငယ်ချင်း ရယ်ကျဲကျဲလုပ်နေ ငိုင်သွားပြီ ဖြစ်၏။

"ကန်တော်ကြီးမှာ ကျီးကန်း ဘယ်နှရက်. . ."

"ကျီးကန်းဆိုရင်တော့ မင်းသွား မကျွေးနဲ့ဦး။ နောက်မှပဲကျွေးတော့ ငါ က မင်းကို ကျီးကျွေးခိုင်းတာ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com

ကျီးကန်းဆိုတော့ နေဦး"

"ဟင် - ဘာဖြစ်လို့လဲ"

"ကျီးကန်းသွားကျွေးမယ်ဆိုပြီးပြော သွားတဲ့သူတွေ သိပ်အဆင်မပြေဘူး၊ မထူးဘူး။ ဒါကြောင့်ပါ"

❑

အားနာတတ်သူများနှင့် -

အကြိမ်ပေါင်းများစွာ၊ နှစ်ပေါင်း များစွာ စကားပြောခဲ့ဖူးပါသည်။

ကိုယ်ကမလွဲမရှောင်သာ၍ပေးခဲ့ ရသည့် ကိုယ့်ငွေကိုပင် ပြန်တောင်းရန် အားနာနေသူများ ငွေကြေးဆုံးရှုံးသွား ကြသည်သာများပါသည်။

ကျွန်မကလည်း သူ့ကိုအရမ်း သနားတော့. . .

ကျွန်မကလည်း အရမ်းအားနာ တတ်တော့. . .

ကျွန်မကလည်း သနားတတ် တော့ သူ့ကြည့်ရတာစိတ်မကောင်းဖြစ် ပြီး. . .

ကျွန်တော်ကလည်း သူငယ်ချင်း အရင်းအချာကြီးမို့ အားတွေနာပြီး. . .

ကျွန်တော်ကလည်း ကိုယ့်ဆရာ ဆိုတော့ အားတွေနာပြီး. . .

ရှယ်ယာထည့်ကြတာတွေက ဒိတ် ဒိတ်ကြဲတွေဆိုတော့ ကျွန်မကလည်း ယုံ စားပြီး . . . .

ဟူသော စကားလုံးများနှင့် ငွေ ကြေးဆုံးရှုံးသွားကြသူများ မရေမတွက် နိုင်တော့ပြီ။

တစ်ဖက်သားကို မျက်စိမှိတ် ယုံတတ်သူများ -

တစ်ဖက်သားကို မပြောရဲ မပြော ရက်သူများ ငွေချေးခြင်းကိစ္စကို စိတ်ကူး တောင်မယဉ်သင့်ပါ။

အချို့ ငွေချေးပြီး နာမည်အကြီး ကြီးများနှင့် ခြိမ်းခြောက်သလိုပြောပြီးပြန် မပေးသူများရှိကြပါသည်။ သူတို့ပြော သော နာမည်အကြီးကြီးများမှာ သေချာ စုံစမ်းကြည့်လျှင် သူတို့နှင့်ဘာမှမပတ် သတ်ပါ။ သက်သက်မဲ့ တစ်ဖက်သား၏ နာမည်ကိုယူသုံးပြီး သူ့ကိုယ်သူကာကွယ် လိုက်ခြင်းသာ ဖြစ်ပါသည်။ ထိုလူမျိုး များ၊ စကားအကြီးကြီးပြောလာသူများ ကို သတိချပ်ပါ။ အားမနာပါနှင့်။ မတွေ ဝေပါနှင့်။

ငွေချေးခြင်း ဟူသည် ကိုယ့်လက် ထပေးမှ သူရမှာဖြစ်ပါသည်။ ကိုယ်မပေး လျှင် သူမရပါ။

စကားကြီးစကားကျယ်ပြောပြီးငွေ ချေးပြီဆိုလျှင် လိမ်တော့မည်မှန်းသိသိ နှင့် အားမနာပါနှင့်။ ကိုယ်ရှာထား သည်မှာ ကိုယ့်ချွေးနဲ့စာဖြစ်ပါသည်။ ကိုယ့်ချွေးနဲ့စာကို ကိုယ်ကတန်ဖိုးထားမှ ငွေကကိုယ့်ကိုခင်တွယ်မည်ဖြစ်ပါသည်။ ယုံပါ။

တစ်ခါက လူတစ်ယောက်နှင့် စကားပြောဖူးပါသည်။

သူလည်း အားနာတတ်သူများ တွင်ပါ၏။

သူ့ထံမှချေးထားသောသိန်းတစ်ရာ ကို နေ့ရွှေ့ညရွှေ့နှင့်နှစ်ချီလာ၍ငွေပြန်ရ ရန်လာခြင်း ဖြစ်ပါသည်။

သို့သော် -

"ကျွန်တော်ကတော့ အဲဒီငွေကို သူတို့ကိုသနားပြီး သူတို့အခက်အခဲကို ဖြေရှင်းပေးလိုက်တာပါ။ အဲဒါပြန်ရ အောင်ဘယ်လိုများလုပ်ပေးနိုင်မလဲလို့။ တကယ်လို့ပြန်မရလည်း အဲ-ကိစ္စတော့ မရှိပါဘူး၊ ဒါလောက်ငွေက"

ဟု ပြော၏။

ကျွန်ုပ်က -

"ဒါဆို အလုပ်ရှုပ်ခံပြီး ဘာမှ မလုပ်နဲ့တော့"

ဟူ၍ ပြောလိုက်သောအခါ ပျာပျာသလဲနှင့် -

"ဘာဖြစ်လို့လဲ ဆရာ"

ဟု ပြန်မေး၏။

"ခင်ဗျားက ကိစ္စမရှိဘူး၊ ဒါလောက် များဆိုတော့ လုပ်ပေးရမယ့် ပညာက တန်ဖိုးမရှိတော့ဘူး။ ဘာလို့အလုပ်ရှုပ် ခံပြီး ကျွန်တော့်ပညာနဲ့လုပ်တော့မလဲ။ ဒီတိုင်းခံနေလိုက်တော့"

ဟု ပြန်ပြောလိုက်၏။

ထိုအခါကျမှ ကျွန်ုပ်ကိုတောင်းပန် ၏။

အမှန်က သူသည် သူ့ငွေများကို ပြန်လိုချင်၍ ကျွန်ုပ်ထံလာခြင်း ဖြစ်၏။ သို့သော် သူ့ငွေတွေကိုရအောင်ပြန်လုပ် ပေးလျှင် ကျွန်ုပ်က သူ့အားယတြာဖိုး ဘာဖိုးနင်းကန်တောင်းမည်ဟုထင်နေပုံ ရ၏။ ထို့ကြောင့် သူ့ကို ငွေနင်းကန် မတောင်းအောင် ပေါ့ရှုံ့ရှုံ့ပြောလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်က သတ်မှတ်ထားသော ငွေကြေးကိုလက်ညှိုးထိုးပြပြီး လေယာဉ် ပျံတစ်စီးလုံးရောင်းရအောင်ခတ်ရိုက် လည်းဒီဟာပဲ၊ သင်္ဘောတစ်စီးလုံးရောင်း ရအောင်ခတ်ရိုက်လည်း ဒီပိုက်ဆံပဲဟု ပြောလိုက်မှ ကျွန်ုပ်ကို အလွန် အားနာ သွားပြီး အကြိမ်ကြိမ်တောင်းပန်၏။

သူသည် သူ၏ချွေးနဲ့စာကို တန်ဖိုးမထား သောစကားပြောခဲ့သူဖြစ်၍လားမသိ။ ယခုဆို သူများအိမ်ဘေးခန်းတွင်နေရ သည့်ဘဝရောက်နေချေပြီ။

ထို့ကြောင့် ကိုယ့်ချွေးနဲ့စာကို ကိုယ်ကတန်ဖိုးထားမှ ငွေက ကိုယ့်ကို ခင်တွယ်မည်ဖြစ်ပါသည်။

ပေးလျှင်လွယ်ပါသည်။

ပြန်တောင်း၍ အလွန်ခက်လှပါ သည်။

ကိုယ့်ငွေကိုယ်ပြန်တောင်းလိုက် သည်နှင့် ရန်သူဖြစ်သွားရသည်ချည်းများ ပါသည်။

ဈေးတစ်ဈေးတွင် နေ့ပြန်တိုးပေး နေသူအား ချေးသည်နှစ်ဦးကဝိုင်းပြီး ပါးပိတ်ရိုက်လွတ်လိုက်သည်ကို မျက်စိ နှင့်မြင်ခဲ့ဖူးပါသည်။ သွားပြီ၊ သူထပ် တောင်းရဲတော့မည်မဟုတ်ပါ။

အချို့ စာချုပ်စာတမ်းနှင့်ချေးကြ ၏။

တကယ်တမ်းပြန်မပေးဘဲကြောင် တောင်နေသောအခါ စာချုပ်ကြီးတွေကိုင် ပြီး မျက်ရည်စက်လက်နှင့် ဘာလုပ်ရ မှန်းမသိသောသူများကိုလည်း မကြာ ခဏတွေ့ဖူးပါသည်။

လူရင်းမို့လို့၊ လူရင်းမို့လို့ ဟူသော စကားကို တွင်တွင်ပြောကြပါသည်။ သူတို့ပြောသည့်လူရင်းကပင် သူတို့ကို ပြောင်ပြောင်လိမ်သွားပြီ ဖြစ်၏။

ထို့ကြောင့် -

အားနာခြင်း၏နောက်တွင်အလွန် အလုပ်ရှုပ်လာမည့်ကိစ္စများရှိနေပါသည်။ သတိမလစ်ပါနှင့်။

အချို့ ငွေများဆုံးရှုံးသွားပြီး စိတ် ထိခိုက်၍ အသက်ပါထိခိုက်သွားကြသူ များရှိပါသည်။

လူမှုရေးမုန်းခြင်း၊ ကျန်းမာရေး ထိခိုက်ခြင်း၊ ရအောင်ပြန်ယူရန် နည်း လမ်းပေါင်းစုံစဉ်းစားရခြင်း စသည့် အလွန်အလုပ်ရှုပ်သည့်ကိစ္စများကတန်းစီ နေပါသည်။

အကြိမ်ကြိမ်အထပ်ထပ် စဉ်းစား ပါ။

ငါသည် အားနာတတ်သူဖြစ်နေ ပြီလား ဟူသော သတိတရားနှင့် အထပ် ထပ်စဉ်းစားပြီးမှ ဤစာစုလေး၏ နောက်တစ်ကြိမ်ထပ်ဖတ်လိုက်ပါဟု မေတ္တာစကားပြောကြားရင်း

ဆရာဦး[illegible]မောင်သန်း

(ရင်[illegible]အေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ကျွန်တော် အမှုကိစ္စနဲ့သွားခဲ့တယ်။ နေပြည်တော်ကိုရောက်တော့ စည်ပင်ဧည့်ရိပ်သာမှာတစ်ညတည်းလိုက်တယ်။ အဲဒီတည်းခိုရိပ်သာမှာ ဦးဇော်ဝင်းအောင်နဲ့ တွေ့တာပါပဲ။ တစ်ခန်းကို (၁၂၀၀၀) ကျပ် ဆိုတော့ ကျွန်တော်တို့နှစ်ဦးပေါင်းလိုက်တော့ တစ်ယောက်ကို (၆၀၀၀)ကျပ်ပဲကုန်တယ်လေ။ အဲဒီလိုနဲ့ ရုံးချုပ်မသွားခင်မှာ ဟိုစကားဒီစကားပြောရင်း သူ့ရဲ့ထူးဆန်းတဲ့ပိုက်ဆံအိတ်အကြောင်းရောက်သွားတယ်။ ဒါကြောင့် ကျွန်တော်က သူ့ပိုက်ဆံအိတ်ကို 'ဂမ္ဘီရဆန်သောပိုက်ဆံအိတ်' လို့ အမည်ပေးလိုက်ခြင်းပါပဲ။ သူ့ရဲ့ပိုက်ဆံအိတ်အကြောင်းကိုတော့ သူ့အပြောအတိုင်းပဲ တင်ပြပေးပါမယ်။

ထဲပါမလာတော့ ကားထဲမှာရှိလိမ့်မယ်လို့ ကိုယ့်အတွေးနဲ့ကိုယ် ရပ်ထားတဲ့ကားထဲမှာ ဝင်ပြီးရှာတာပေါ့။ ဒီတော့မှ ခေါင်းပိုကြီးသွားတယ်။ ကားထဲမှာလည်း မရှိဘူး။ ထည့်လာတဲ့ပိုက်ဆံက (၃) သိန်း ကားလိုင်စင်၊ မှတ်ပုံတင်၊ ရှေ့နေကတ်ပြားတွေပါ အတွဲလိုက်ထည့်ထားလို့ ပုသိမ်ကို ပြန်ပြေးရမယ့်ကိန်းဆိုက်နေတယ်။ နေပြည်တော်တရားလွှတ်တော်ချုပ်မှာ မှတ်ပုံတင်ရှိရင်ရှိ၊ မပါရင်ရှေ့နေကတ်ပြားပါမှ အထဲကိုဝင်ခွင့်ရနိုင်မယ်မဟုတ်လား။

ဒီခရီးမှာ ကျွန်တော်က အဓိက။

❑

ကျပ်ပိုက်ဆံအိတ်က ငွေ(၃)သိန်းလောက်ကို ချောင်ချောင်ချိချိကာတယ်။ ဒီပိုက်ဆံအိတ်ထဲမှာ မှတ်ပုံတင်ရော ကားလိုင်စင်ရော၊ ရှေ့နေကတ်ပါထည့်ထားတယ်။ အဲဒီအခေါက်က ကိုယ်ပိုင်ကားနဲ့ နေပြည်တော်တက်ခဲ့တယ်။



# မောင်မောင်သန်းထွန်း

## ဂမ္ဘီရဆန်သောပိုက်ဆံအိတ်

ကိုယ်ပိုင်ကားဆိုလို့ သိပ်အထင်ကြီးမသွားနဲ့။ အမှုသည်က အသွားအပြန်ငှားလာတဲ့ကားပါ။ ညောင်တုန်းတံတားအဲ - ဗိုလ်မြတ်ထွန်းတံတားရောက်တော့ ညနေစောင်းနေပြီ။ အဲဒီမှာဆင်းပြီး အညောင်းပြေလမ်းလျှောက်မယ်ဆိုပြီး ကားတစ်စီးလုံးဆင်းပြီးတော့လျှောက်ကြတယ်။

ကားဆရာက စားသောက်ဆိုင်ဝင်းထဲက ကားရပ်တဲ့နေရာမှာစောင့်နေတယ်။ ဒီလိုနဲ့ တစ်စုလုံး လက်ဖက်ရည်ဝင်သောက်တော့မှ ပိုက်ဆံအိတ်အကြောင်းသတိရလာတယ်။ စားသောက်ပြီးရင် ပိုက်ဆံရှင်းရတော့မယ်လေ။လက်

အမှုတင်မယ့်ရှေ့နေက ကျွန်တော်။ အခုတော့ တရားလွှတ်တော်ချုပ်ထဲ ကျွန်တော်ဝင်ခွင့်မရှိတော့ဘူး။ ဒါဆိုရင် နေပြည်တော်ဆက်သွားလည်းအလကားခရီးပဲဖြစ်မှာပေါ့။ လမ်းလျှောက်တဲ့နေရာကနေပြီး စားသောက်ဆိုင်အထိ တစ်ဖာလုံသာသာခရီးကို ခေါက်တုံ့ခေါက်ပြန်ရှာပါသေးတယ်။ လုံးဝကို မတွေ့ဘူး။ အခုလို ဘာဆက်လုပ်ရမှန်းမသိအောင် စိတ်အိုက်နေချိန်မှာ ကျပ်ဆီကို ဖုန်းတစ်ကောဝင်လာတယ်။ ဖုန်း

ကတော့ ခါးမှာချိတ်ထားလို့ ပျောက်[...]
အထဲမှာ မပါဘူးပေါ့ဗျာ။ စိတ်မပါ[...]
မပါနဲ့ ဖုန်းကိုကောက်ကိုင်တယ်ဆို[...]

"ဟဲလို - ဦးဇော်ဝင်းအောင် [...]လားခင်ဗျား"

"ဟုတ်ပါတယ်"

"မှတ်ပုံတင်အမှတ်[...]လေး[...]ပါဦး"

ဒီလိုမေးတ[...] ကျွန်တော်[...]
တော်တော်လေးဒေါပွသွားတယ်။ [...]
နာမည်ခေါ်ပြီး မှတ်ပုံတင်နံပါတ် [...]



www.burmeseclassic.com

www.burmeseclassic.com



သောက်လဲလို့ မေးတဲ့လူမှမရှိတာ။

ကျုပ်က -

"ဦးဇော်ဝင်းအောင် ဟုတ်တယ် ...လဲလောက်နေပါပြီ။ ဘာလို့မှတ်ပုံတင် ...ပါတ်မေးတာလဲ။ ဘယ်လိုအခြောင်း ...ရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"စိတ်မရှိပါနဲ့ ခင်ဗျာ။ ကျွန်တော်က မြန်မာစာတတိယနှစ်က ကျောင်းသားပါ။ ဦးရဲ့ပိုက်ဆံအိတ်ကိုကောက်ရထားတယ်။ အထဲမှာ ငွေ(၃)သိန်းကောင်ပါနေတယ်ဗျ။ ဒါကြောင့် ဦးဇော်ဝင်းအောင်အစစ်ဆိုရင်တော့ မှတ်ပုံတင်ကိုသိမှာပဲဆိုပြီး နံပါတ်ကိုမေးမိတာပါ"

ဒီလိုလည်း ပြောသံကြားတယ်ဆိုရင်ပဲ ကျုပ်လေ ရင်တထိတ်ထိတ်ခုန်သွားတယ်။ အရေးထဲ ကျုပ်မှတ်ပုံတင်နံပါတ်ကိုရွတ်ပြဖို့မှန်မှမှန်ရဲ့လားလို့ စိုးရိမ်စိတ်တွေများလိုက်တာဗျာ။ ချက်ချင်းကြီးနံပါတ်မပြောရဲဘူး။ မှားသွားရင် ငွေ(၃) သိန်းဆုံးနိုင်တာကိုး။ ပထမကိုယ့်နံပါတ်ကို လက်ဝါးမှာရေးကြည့်တယ်။ မှန်လိမ့်မယ်လို့ ဆုံးဖြတ်ပြီးမှ နံပါတ်ကိုပြောလိုက်တယ်ဗျ။

တစ်ဖက်က ညောင်တုန်းတံတားတိုးဂိတ်နားမှာ ကျွန်တော်တို့ ဆိုင်ကယ်ရပ်ထားတယ်။ အစ်ကိုစီးလာတဲ့ ကားနံပါတ်လေးပြောပါဦးတဲ့။ ကျုပ်မှာ ကားရှိတဲ့နေရာသွားကြည့်ရသေးတယ်။ အခုခရီးမှာ ငှားတဲ့ကားဆိုတော့ ဘယ်လာချက်ချင်းကြီး နံပါတ်ကိုအလွတ်ရပါ့မလဲ။

တိုးဂိတ်အနားလည်းရောက်ရော ကောင်လေးက ကျွန်တော်တို့ကားနားရောက်လာတယ်။ ကားနံပါတ်ကိုကြည့်ပြီး ကောင်လေးက လာတာပါ။ အနားကိုရောက်တာနဲ့ -

"အစ်ကို၊ ပိုက်ဆံအိတ်စစ်ကြည့်ပါဦး။ ငွေနဲ့ ပစ္စည်းစေ့၊ မစေ့စစ်ပါအစ်ကို"

"ဟာ - မစစ်တော့ပါဘူးကွာ။ ပြန်ရတာပဲ ကျေးဇူးတင်လို့မဆုံးပါဘူး။ အစ်ကိုကိစ္စက မှတ်ပုံတင်ကတ်ပြားပေါ်မှာမူတည်နေတာ။ အဲဒါမရှိရင် တရားလွှတ်တော်ချုပ်ထဲ ဝင်လို့မရတော့ဘူး။ ညီလေးကို ဘယ်လိုကျေးဇူးတင်မှန်းကိုမသိတော့ပါဘူး"

ကျုပ်က ဒီညီလေးကို ငါးသောင်းလက်ဖက်ရည်ပေးတယ်။ လုံးဝမယူဘူး။ ငွေရော၊ မှတ်ပုံတင်ရော၊ ရွှေနေကတ်ရော၊ကားလိုင်စင်ပါဘာမှမပျောက်ဘူး။ ဒီလိုနဲ့ ရွှေခရီးကို စိတ်ချမ်းသာကိုယ်ချမ်းသာသွားဖြစ်သွားတယ်။ အခုပြောပြတဲ့အဖြစ်အပျက်လောက်က သိပ်မဆန်းသေးပါဘူး။ လူကောင်းသူကောင်းနဲ့တွေ့ဆုံလို့ မဆုံးတာလို့ ကောက်ချက်ချရင်လည်း ရနိုင်ပါတယ်။

ဒုတိယအကြိမ်ဖြစ်တာကတော့



လူတစ်သောင်းမှာ တစ်ယောက်ကြုံဖို့မလွယ်ပါဘူး။ အဲဒီဒုတိယအကြိမ်ကိစ္စဖြစ်ပြီးတာနဲ့ ကျုပ်လည်း ပိုက်ဆံအိတ်ကိုလက်ကလုံးဝမကိုင်တော့ပါဘူး။ လက်ဆွဲအိတ်ထဲထည့်တဲ့အကျင့်ကို ပြောင်းလိုက်တယ်။ ကြုံတဲ့နေ့ကိုပြောရရင် နေပြည်တော်မှာ လျှောက်လဲချက်ပေးပြီးချိန်မှာ နံပါတ်စဉ် (၁) ဖြစ်လို့ အစောကြီးပြီးနေတယ်။ နံနက် (၁၀) နာရီကျော်ကျော်ဆိုတော့ နေ့ချင်း ပုသိမ်ပြန်ချင်တာနဲ့ (၁၁) နာရီထွက်တဲ့ကားနဲ့ ရန်ကုန်ကိုထွက်လာတယ်။

ခရီးစဉ်က မိုင်တိုင် (၁)ရောက်ရင်ဆင်းရတယ်။ အဲဒီနေရာကနေပြီးတော့ လှိုင်သာယာကိုတက္ကစီစီးပြီးသွားမှ ညနေ (၆) နာရီကား (၇) နာရီကားတွေ မှီနိုင်ပါတယ်။ ဒါတောင် မိုင်တိုင် (၁) ကနေလှိုင်သာယာခရီးမှာ မီးပွိုင့်တွေနဲ့ရှေ့ကားတွေပိတ်မိနေတာကြောင့် ညနေ(၆)နာရီကျော်ကျော်ရောက်မှ လှိုင်သာယာဂိတ်ကို ရောက်တယ်ဗျ။

ကားဆရာက ဟိုမှာ ရွှေတိုင်းပြည်ကား မထွက်သေးဘူး။ ပုသိမ်ထွက်မယ့် အချိန်က (၇း၃၀) ဆိုပေမယ့် ကိုယ့်ဆရာ (၈)နာရီလောက်မှထွက်လိမ့်မယ်။ အေးအေးဆေးဆေး ထမင်းစားလိုက်ဦး။ မှီသေးတယ်လို့ပြောပြီး သူလည်း ကားပြန်မောင်းသွားတယ်။ လက်မှတ်ဝယ်ဖို့ကြည့်လိုက်တော့ ပိုက်ဆံအိတ်က မရှိပြန်ဘူး။ ပိုက်ဆံအိတ်ကိုလက်ကကိုင်တဲ့အကျင့်ကြောင့် ကားထဲမှာ ကျိန်းသေကျန်ခဲ့ပြီဆိုတာသိလိုက်တယ်။ ဒီတစ်ခါတော့ မှတ်ပုံတင်နဲ့ ရွှေနေကတ်ပြားကအိမ်ထဲမှာ။ ကားလက်မှတ်ဝယ်ဖို့ ငွေနည်းနည်းလိုနေတယ်။ ညစာထမင်းလည်း စားရဦးမှာကိုး။

ဒါနဲ့ ရန်ကုန်မှာနေတဲ့ သမီးကို ပိုက်ဆံယူလာပြီး လှိုင်သာယာအဝေး ပြေးဂိတ် ရွှေတိုင်းပြည်နေရာကို အမြန် လာခဲ့ပါလို့ မှာလိုက်တယ်။ ပိုက်ဆံအိတ် ပျောက်သွားလို့ ငွေမရှိကြောင်းလည်း ခပ်တိုတိုပဲပြောလိုက်ရတယ်။ ကျုပ်စိတ် အိုက်ဇနေချိန်မှာ သမီးဆီက ဖုန်းဝင်လာ တယ်။ ပြောတဲ့စကားက အထူးအဆန်း ဗျ။

ပါးပါးရဲ့ပိုက်ဆံအိတ်ပြန်တွေ့ပြီ အထဲမှာ ငွေတစ်သိန်းခွဲနဲ့ ကားလိုင်စင် တွေ့တယ်။ အဘထရှူဆေးဘူးလည်း ပါတယ်မဟုတ်လားလို့ မေးတယ်ဗျ အားလုံးက အမှန်တွေကြီးပါပဲ။ ခေါင်း မှာ ငါ့သမီးဟာ ဒီလောက်ကျယ်တဲ့ ရန်ကုန်မြို့ကြီးထဲမှာ ငါ့ဆီလာတုန်းမှာ ပြန်တွေ့တယ်ဆိုတော့ ဘယ်လိုမှအဖြေ ထုတ်လို့မရပြန်ဘူး။

ည (၇) နာရီ (၃၀) ကျော်မှ သမီး ကြီးရောက်လာပါတယ်။ သမီးကားပေါ် ကဆင်းတော့မှ ဒိတ်ပေါက်သွားတယ် ကျုပ်ကိုလိုက်ပို့ပြီးပြန်တဲ့ကားကို သမီး ကြီးကစီးမိတာကိုး။ ကျုပ်က နောက်ခန်း မှာထိုင်လေ့ထိုင်ထရှိတယ်ဗျ။ ဒါကြောင့် အနောက်ဘက်မှာထိုင်ပြီး ပုသိမ်ကား လက်မှတ်အဆင်ပြေပါ့မလားလို့ စိတ် ကစောနေတာ။လှိုင်သာယာဂိတ်ရောက် တာနဲ့ ပိုက်ဆံအိတ်ကိုမေ့ပြီး လက်ဆွဲ အိတ်နဲ့ ရွှေတိုင်းပြည်ဂိတ်ကိုဆင်းလိုက် တာကိုး။

နောက်ခန်းမှာထိုင်ပြီး နောက်ခန်း ကထွက်သွားတော့ ကားဆရာလည်း သတိမထားမိတာမျိုး ဖြစ်ပါလိမ့်မယ် အဲဒီကားကိုမှ ကျုပ်သမီးက ငှားစီးမိတဲ့ အဖြစ်ဗျ။ သူကလည်း ကျုပ်လိုပဲ။ ရှေ့ မှာဘယ်တော့မှမထိုင်ဘူး။ နောက်ခန်း ကပဲစီးတယ်။ ဒါကြောင့် နောက်ခန်းမှာ ကျန်ခဲ့တဲ့ ပိုက်ဆံအိတ်ကိုမြင်ပြီး ကျုပ် အိတ်မှန်းသိလိုက်တာပါ။ ကားလိုင်စင် က ပိုင်ရှင်ကိုဖော်ပြနေတာကိုး။ဒီကိစ္စ ကားဆရာတောင်မသိဘူး။ ဒါကြောင့် ဒုတိယအကြိမ် ပြန်ရတာတော့ ဘေ တော်လေးထူးဆန်းတဲ့အထဲမှာပါတယ်လို့ ဆိုရမယ်ဗျ။

ကျွန်တော်က ဦးဇော်ဝင်းအောင် ရဲ့ ပိုက်ဆံအိတ်ကို ဂမ္ဘီရဆန်သော ပိုက်ဆံအိတ်လို့ဖော်ပြပြီး ... တစ်ကျော့ပြန်၍ဖော်ပြလိုက်ရပါကြောင်း

မောင်မောင်သန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com

# မျိုးတင့်

(ညောင် လေးပင်)

## ပင်းတယရွှေဥမင်လိုဏ်ဂူက ထူးဆန်းသော ကိုရင်ကြီး

ကိုရင်ကြီးတစ်ပါး။ အသက်က (၃၀) လောက်။ ကိုရင်ကြီးဆိုသော်လည်း ခေါင်းတုံးမဟုတ်ဘဲ ဆံပင်များရှည်နေသည်။ ကြက်တောင်စည်း၍ရလောက်အောင်ရှည်သည်။ အရပ်ပုပု၊ အသားမည်းမည်း၊ ဓနုတိုင်းရင်းသားလား၊ ပလောင်တိုင်းရင်းသားလား ခွဲခွဲခြားခြားတော့မသိရ။

ကိုရင်ကြီးကို တချို့က စိတ်မနှံ့ဟု ပြောကြသည်။ တချို့ကတော့ ဈာန်ရနေသူဟုပြောသည်။ ကိုရင်ကြီးသည် ပင်းတယရွှေဥမင်ဘုရား၏ အလယ်ဂူကြီးတွင် သီတင်းသုံးသည်။ လူတွေ့မခံဘဲ ဂူအတွင်းပိုင်း၌သာ နေထိုင်လေ့ရှိကြောင်း သိထားသည်။

❑

စာရေးသူတို့အဖွဲ့သည် ရှမ်းပြည်နယ်အခြေခံပညာရေးမှူးရုံးမှ ကျောင်းစစ်ဆေးရေးခရီးထွက်ခဲ့ကြသည်။ ထိုစဉ်ကာလက ပင်းတယမြို့တွင် ကိုရင်ကြီးအကြောင်းကို ကြားသိခဲ့ရခြင်းဖြစ်သည်။ စာရေးသူတို့၏ အဖွဲ့ခေါင်းဆောင်မှာ လက်ထောက် ပြည်နယ်ပညာရေးမှူး ဆရာကြီးဦးသိန်းလှိုင် (အင်းသား) ဖြစ်သည်။ ရှမ်းတိုင်းရင်းသူ ဒေါ်ကြော့ယဉ်၊ ရပ်စောက်မြို့မှ အင်းတိုင်းရင်းသူ ဒေါ်ခင်မြခက်နှင့် ဦးမောင်ကို (ပန်းချီ)၊ ဒိုက်ဦးသားနှင့် စာရေးသူတို့မှာ လက်ထောက်ကြီးကြပ်ရေးမှူး စစ်ဆေးရေးတာဝန်ကိုယူကြရသည်။ စာရေးသူတို့အဖွဲ့သည် ရောက်ရာအရပ်ဒေသများတွင် စစ်ဆေးရေးတာဝန်များကို ထမ်းဆောင်ရင်း ဒေသဆိုင်ရာဇာတ်သုတ





www.burmeseclassic.com

www.burmeseclassic.com

ရှာမှီးခြင်းများကိုပြုလေ့ရှိပါသည်။

အချိန်ကာလမှာ ၁၉၉၅ ခုနှစ်ခန့်က ဖြစ်သည်။ ကျောင်းစစ်ဆေးရေးတာဝန်ပြီး၍ ပင်းတယမြို့မှ ကမ္ဘာကျော် ပင်းတယ ရွှေဥမင်ဘုရားများကို သွားရောက် ဖူးမြော်ရန် စီစဉ်ခဲ့ကြသည်။ ထိုစဉ်တုန်းက ပင်းတယအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးမှာ ဒေါ်ခင်မမ ဖြစ်သည်။ ဆရာမကြီး၏ စီစဉ်ပေးမှုကြောင့် TE (၁၁) ကားလေးနှင့်ထွက်ခဲ့ကြသည်။ ဘုရားလည်းဖူးကြမည်။ ပင်းတယကိုရင်ကြီးကိုလည်း ဖူးမြော်ကြမည်ဟု အားခဲထားကြသည်။ ပင်းတယမြို့ကလေးသည် ရှမ်းပြည်နယ်တောင်ပိုင်း၏ သာယာလှပသော မြို့ကလေးဖြစ်သည်။ ရှေးဟောင်းသမိုင်းနောက်ခံနှင့် ကြီးကျယ်ခမ်းနားခြင်းရှိသည်။

ပင်းတယမြို့၏ဒဏ္ဍာရီဆန်သော သမိုင်းနောက်ခံသည် ယနေ့ခေတ်တိုင် ဝိညာဉ်ပုံရိပ်အဖြစ် ရှင်သန်နေသည်။ ပင်းတယမြို့၏ သာယာလှပမှုကို ပုန်းတလုတ်ကန်က အားဖြည့်ထားသည်။ မြို့လယ်ရှိ စည်ပင်သာယာဥယျာဉ်တွင် ပင့်ကူကြီးနှင့် ဘယကုမ္မာမင်းသားတို့၏ ရုပ်လုံးများကိုတွေ့ရသည်။ စာရေးသူတို့အဖွဲ့သည် နှင်းမှုန်ပဝါပါးခြုံထားသည့် ပင်းတယမြို့လေးကို ပုန်းတလုတ်ကန်ပတ်လမ်းအတိုင်း မော်တော်ယာဉ်ဖြင့် ဖြတ်ကျော်ခဲ့သည်။ မကြာမီ မြန်မာနိုင်ငံ အနှံ့အပြားတွင် တွေ့မြင်တွေ့ရခဲ့သော သက်တမ်းရင့်ညောင်ပင်တောအုပ်ကြီးများကို တွေ့ရသည်။ ညောင်ခြေထောက် (ခေါ်) မြစ်ပါးပျဉ်းများနှင့် ဘယ်ခေတ်ကာလကတည်းက ပေါက်ရောက်နေသည်ဟု ခန့်မှန်းရန် မလွယ်ကူသော ညောင်ပင်အိုကြီးများကို တွေ့ရသည်။ နေပြောက်မထိုးအောင် ထီးကြီးများနှင့်အုပ်မိုးထားသကဲ့သို့ရှိ၍ သဘာဝအအေးခန်းကြီးသဖွယ် ဖြစ်နေသည်။

ရွှေဥမင်သဘာဝလိုဏ်ဂူတော်များမှာ တောင်ကုန်းမြင့်ပေါ်တွင် တည်ရှိနေရာ ကုန်းမြင့်ရင်ပြင်ပေါ်အထိ ကားမောင်း၍တက်ခဲ့ကြသည်။ ရွှေဥမင်သဘာဝလိုဏ်ဂူတော်များအတွင်းတွင် ရှေးမင်းအဆက်ဆက်တို့ ပူဇော်ကိုးကွယ်ခဲ့သော ဗုဒ္ဓရုပ်ပွားဆင်းတုတော်ပေါင်းများစွာကို ဖူးမြော်ရသည်။ ထိုလိုဏ်ဂူတော်သည် လွန်ခဲ့သောနှစ်သန်းများစွာကတည်းက တည်နေခဲ့ကြောင်း ပညာရှင်များက ဆိုကြသည်။ ပုဂံခေတ်မှ ယနေ့ခေတ်အထိ ကောင်းမှုရှင်တို့၏ လက်ရာ ရှေးဗိသုကာထုဆစ်မှုအမျိုးမျိုးမှာ အံ့မခန်းဖြစ်သည်။ ဘုရားဆင်းတုတော်အဆူဆူတို့ကို လိုဏ်ဂူနံရံတွင် အဆင့်ဆင့် ထွင်းထုပူဇော်ထားသည်။ သဘာဝအတိုင်းတည်နေသောကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များကို လေ့လာတွေ့ရှိရသည်။ ရှေးဟောင်းရှေးပွားတော် (၈၀၉၄) ဆူရှိကြောင်း ဆရာမကြီးက ပြောပြခဲ့သည်။ လိုဏ်ဂူတော်တွင် ဗုဒ္ဓဆင်းတုတော်ကြီးသုံးဆူကို အဓိကပြု၍ တည်ထားသောနေရာ (၃) ခုရှိသည်။ အဝင်ဂူပေါက်ဝတွင် ရွှေဥမင်စေတီတော်ကြီးကို ဦးစွာဖူးရပြီး ပထမဂူ၊ ဒုတိယဂူ၊ တတိယဂူ လိုဏ်များကို စောင်းတန်းများနှင့်သွယ်တန်းထားသည်။

ကြည့်လေတိုင်းတွင် ရုပ်ပွားတော်များမှာ ကြည်ညိုဖူးမဝနိုင်အောင်ရှိ၏။ ခနတိုင်းရင်းသားတို့၏ ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်မှုအားကောင်းပုံကို အထင်းသားပင် လေ့လာနိုင်တော့သည်။ လိုဏ်ဂူအတွင်းဘက်တစ်နေရာ၌ မျက်နှာကြက်မိုးထားသော ကျောက်စက်ပန်းဆွဲများကို ဝါးလုံးတံနှင့်ထိုး၍ ခနတိုင်းရင်းသားဆရာက တီးခတ်ပြသည်။ သေသေချာချာနားထောင်ရန် တိုက်တွန်းသေးသည်။

ဆရာကပြောပြသည်။

"လိုဏ်ဂူအမိုးမှာရှိတဲ့ ကျောက်စက်ပန်းဆွဲတွေက ခနဒိုးစည်သံ၊ မောင်းသေးသံ၊ စည်တော်ကြီးသံ၊ တုံးခေါက်သံ စသည်ဖြင့် ထူးဆန်းထွေလာအသံများ မြည်ဟီးလာလိမ့်မည် နားထောင်ပါ"

ဟုဆိုသည်။

နားစွင့်ကြည့်ရာ ပြောသလိုကြားရ၍ အံ့သြကြရသည်။

စာရေးသူတို့အဖွဲ့သည် လိုဏ်ဂူတော်ကြီး၏အလယ်ပိုင်းဂူကြီးသို့ ဝင်ရောက်လိုက်သည်နှင့် မိမိတို့တွေ့ချင်ဖူးမြော်ချင်နေသော ကိုရင်ကြီးကိုဖူးမြော်ခွင့်ရတော့မည်ဟု ထင်မှတ်လျက် ရင်ဖိုနေခဲ့ကြပါသည်။ သည်အချိန်ဆိုလျှင် ကိုရင်ကြီးဆွမ်းခံကြွနေမည်လား၊ ဂူအတွင်း၌ပင် ရှိနေမည်လား၊ ရှိနေလျှင်ကော အလွယ်တကူ ဖူးခွင့်ရပါမည်လော။ ဈာန်ပျံသည်ဆိုသော ကိုရင်ကြီးသည် ဘယ်ကဲ့သို့ပုဂ္ဂိုလ်မျိုးပါနည်း စသည်ဖြင့် အမျိုးမျိုးတွေးနေခဲ့ကြပါသည်။

ကိုရင်ကြီးသည် တစ်ခါတစ်ရံ ပင်းတယမြို့အတွင်း ဆွမ်းခံနေသည်ကို တွေ့ရတတ်ပြီး တစ်ချိန်တည်းတွင်ပင် ပွေးလှဆိုသော ခနုရွာကလေး၌လည်း ဆွမ်းခံကြွနေသည်ဟု ဆိုကြသည်။ လမ်း၌တွေ့ရသော ကားသမားများက ကိုရင်ကြီးကိုလိုက်ပါရန် ကားကိုရပ်၍ပင့်ဆောင်သော်လည်း မလိုက်ပါဘဲ ကားထက်စော၍မြို့သို့ပြန်ရောက်နေကြောင်းလည်း ပြောကြသည်။ ဤသို့ဖြင့် ကိုရင်ကြီးသည် သင့်တင့်ရုံ ဆွမ်းရသော် ဆွမ်းမခံတော့ဘဲ လှည့်ပြန်တတ်၍ ဆွမ်းအလှူရှင်တို့မှာ မျှော်တိုင်းမဖြစ် တောင့်တတိုင်းအလိုမပြည့်ဘဲရှိကြသည်ဟုဆိုလေသည်။

လူတို့၏သဘာဝတစ်ခုမှာ အထူးအဆန်းကို စိတ်ဝင်စားခြင်းဖြစ်သည်။ စာရေးသူတို့အဖွဲ့လည်း ကိုရင်ကြီးကို စိတ်ဝင်စားပြီး ဖူးမြော်ရန်ဆန္ဒရှိနေကြသည်။ မိမိတို့တတ်စွမ်းသမျှ ငွေများကို စုဆောင်းပြီး စာအိတ်တစ်အိတ်တွင် ထည့်ကြသည်။ အသင့်ပါလာသော လိမ္မော်သီး၊ သစ်တော်သီးနှင့်ပန်းသီးများကို ပလတ်စတစ်အိတ်တွင် ထည့်၍ ကိုရင်ကြီးကို လှူရန်စီစဉ်ကြသည်။

ခက်နေသည်မှာ လိုက်ပါပို့ဆောင်ပေးသော ခနုတိုင်းရင်းသားဆရာက ကိုရင်ကြီးသည် လူတွေ့မခံလိုကြောင်း အထူးသဖြင့် အမျိုးသမီးများ သူ့ထံသို့လာသည်ကို လုံးဝလက်သင့်မခံကြောင်းနှင့်ငေါက်ငမ်းမောင်းထုတ်လေ့ရှိကြောင်း ပြောပြထားခြင်းဖြစ်သည်။ အဖွဲ့သားများက ကိုရင်ကြီးထံ ဝင်ရောက်ဖူးမြော်ရေးအတွက် စာရေးသူကို လူစွမ်းကောင်းရွေးချယ်ခဲ့ကြသည်။ စာရေးသူတို့သည် ကိုရင်ကြီးအလယ် လိုဏ်ဂူဘုရားကြီးတွင်ရှိ မရှိ ဦးစွာချောင်းမြောင်းလေ့လာကြသည်။

တွေ့ရပါပြီ။ ပုတီးကြီးကိုလည်း၌ဆွဲလျက် မည်းညစ်သော သင်္ကန်းတော်နှင့် ဆံရှည်၊ မုတ်ဆိတ်ရှည် ကိုရင်ကြီးတစ်ပါး။ ကိုရင်ကြီး၏နှုတ်မှ ဘာတွေရွတ်ဆိုနေသည်မသိရဘဲ တတွတ်တွတ်အသံပြုနေသည်။ ဂူအတွင်းပိုင်း ရုပ်ပွားတော်ကြီး၏နောက်ကွယ်မှ ကိုရင်ကြီးသဏ္ဌာန်မှာ ကြိုတင်မသိထားလျှင် ထိတ်လန့်ဖွယ်ပင်ကောင်းနေသေးသည်။

စာရေးသူသည် သင်္ကန်းအိတ်ကိုင်လျက် အရဲစွန့်၍ ဂူအတွင်းသို့ လိုက်သည်။ နောက်မှ ဆရာကြီးဦးသိန်းလှိုင်၊ ဦးမောင်ကို၊ ဒေါ်ကြော့ယဉ်...

www.burmeseclassic.com

# ကြည့်လွှင်
# တံဆိပ်ခေါင်းဆိုင်ရာ ဂင်းနစ်ကမ္ဘာ့စံချိန်များ

ဂင်းနစ်ကမ္ဘာ့စံချိန်စာအုပ်ကြီး (Guinness Book of World Records) သည် ကမ္ဘာပေါ်ရှိ ကဏ္ဍအသီးသီး၊ ဘာသာရပ်အမျိုးမျိုး၊ ဖြစ်ရပ်အဖုံဖုံတို့၏ စံချိန်များကို မှတ်တမ်းတင်ထားသော စာအုပ်ကြီး ဖြစ်သည်။ ဤစာအုပ်ကြီးမှာ ထင်ရှားလှပြီး အကြီးဆုံး၊ အသေးဆုံး၊ ရှေးအကျဆုံး၊ ပထမဆုံး စသည့် အဆုံးအစွန်များကို မှတ်တမ်းတင်၍ နှစ်စဉ် ပုံနှိပ်ထုတ်ဝေလေ့ရှိပါသည်။ ဤကဲ့သို့ 'စံချိန်' မှတ်တမ်းများတင်ရာ၌ တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဝါသနာဆိုင်ရာ စံချိန်များကိုလည်း ချန်လှပ်ခဲ့ခြင်းမရှိပေ။ တံဆိပ်ခေါင်းဆိုင်ရာ အဆုံးအစွန်များ (Philatelic Superlatives) ဟု ခေါ်ဆိုနိုင်သော ကမ္ဘာ့စံချိန်များကို အင်္ဂလန်နိုင်ငံမှတံဆိပ်ခေါင်းဝါသနာရှင်ဖြစ်သော ဂျေ၊ မက်ကေး (J.Mackay) က စာအုပ်အဖြစ် သီးသန့်ပုံနှိပ်ထုတ်ဝေထားရာ သုရဋ္ဌမဂ္ဂဇင်းစာဖတ်ပရိသတ်အတွက် အမြည်းသဘောအဖြစ် တံဆိပ်ခေါင်းဆိုင်ရာ စံချိန်အချို့ကို ထုတ်နုတ် ဖော်ပြထားခြင်းဖြစ်သည်။ မြန်မာတံဆိပ်ခေါင်းများအတွက်လည်း ဝါသနာရှင်တစ်ဦး ပြုစုထားသည့် အဆုံးအစွန်များစာရင်းမှ အနည်းအငယ် ထုတ်နုတ် ဖော်ပြထားပါသည်။

## ❑ ဂင်းနစ်ကမ္ဘာ့စံချိန်စာအုပ်ကြီး

ဂင်းနစ်ကမ္ဘာ့စံချိန်စာအုပ်ကြီးဖြစ်ပေါ်လာပုံကလည်း စိတ်ဝင်စားစရာကောင်းလှသည်။ ၁၉၅၁ ခုနှစ်က ဂင်းနစ်ဗျစ်(ဘီယာ)စက်ရုံလုပ်ငန်း (Guinness Breweries) ၏ ဦးဆောင်အရာရှိကြီး ဆာဟုချ်ဘီဗာ (Sir Hugh Beaver) မှာ ငှက်ပစ်ကစားထွက်ရင်း ဥရောပတိုက်၏ အမြန်ဆုံးငှက်နှင့်ပတ်သက်၍ မိတ်ဆွေတစ်ဦးနှင့် အငြင်းပွားခဲ့ကြလေသည်။ နောက်ပိုင်း၌ ဆာဟုချ်က စဉ်းစားမိသည်မှာ အင်္ဂလန်နိုင်ငံတစ်ဝန်းရှိ ဘီယာဆိုင်များ၌ ယခု သူကြုံတွေ့ခဲ့ရသကဲ့သို့သော အငြင်းပွားမှုများ မည်မျှများပြားလိုက်လေမည်နည်း ဟူ၍ ဖြစ်သည်။ ထို့ကြောင့် အမြန်ဆုံး၊ အနှေးဆုံး စသည့် ကိစ္စများကို ဆုံးဖြတ်နိုင်ရန်အတွက် လက်စွဲစာအုပ်လိုအပ်မည်ဖြစ်၍ လန်ဒန်မြို့ရှိ အချက်အလက်ရှာဖွေရေးအေဂျင်စီမှ နောရစ်နှင့် ရော့(စ်)မက်ဝှါတာ (Norris and Ross Mc-Whirter) ညီအစ်ကိုနှစ်ယောက်အား အဆုံးအစွန်များစာရင်း ပြုစု၍ စာအုပ်ထုတ်ဝေရန် တာဝန်ပေးအပ်လိုက်သည်။ ဤသို့ဖြင့် 'ဂင်းနစ်စံချိန်

---

ဒေါ်ခင်မြခက်တို့က မီးရထားလုပ်တမ်းကစားသလို အတွဲလိုက်ကြီး ခြေကိုဖွဖွနင်းရင်း သည်းထိတ်ရင်ဖို့လိုက်ပါလာကြသည်။

"ကိုရင်ကြီးဘုရား"

စာရေးသူက မရဲတရဲအသံပြုလိုက်သည်။ လှမ်းကြည့်သည်။ ကိုရင်ကြီး၏မျက်လုံးများမှာ နီရဲဝင်းတောက်နေသလိုထင်ရသည်။ စာရေးသူက သစ်သီးအိတ်ကို ကိုရင်ကြီးလက်အတွင်းသို့ထည့်၍ လျှုဒါန်းလိုက်သည်။ ကိုရင်ကြီးက သစ်သီးအိတ်ကို ဖျတ်ခနဲဆွဲယူလိုက်ပြီး သစ်သီးများကို တစ်လုံးပြီးတစ်လုံးနှိုက်ယူကာ -

"ဟေ့ - ရှမ်းမတွေ၊ နင်တို့မဝင်ခဲ့နဲ့ သွား. . . သွား"

ဟု အော်ပြောရင်း လိမ္မော်သီး၊ သစ်တော်သီးများနှင့် ပစ်ပေါက်လေတော့သည်။ စာရေးသူတို့အဖွဲ့လည်း အရေးမသာပြီဖြစ်၍ ရထားတွဲကြီးတိမ်းမှောက်သွားသလို ဖရိုဖရဲလှည့်၍ပြန်ထွက်ပြေးခဲ့ကြရပါတော့သည်။

နဖူးမှန်သူမှန်၊ ခေါင်းထိသူထိနှင့် ပင်းတယအတွင်းလိုဏ်ဂူတွင်းမှ အပြင်သို့ရောက်အောင်ပြေးကြရတော့သည်။ ပြေးရင်းလွှားရင်း အပြင်ဘက်ရင်ပြင်သို့ ထွက်မိသည်နှင့် အားလုံးအလန့်တကြား ဖြစ်ရပြန်သည်။ 'ဟိုက်ခနဲ' အာမေဍိတ်ပြုမိကြသည်။

ကိုရင်ကြီး (ဂူအတွင်း၌တွေ့ခဲ့ရသော ကိုရင်ကြီး) သည် ပင်းတယရွှေဥမင်အလယ်ဂူဘုရားရင်ပြင်ပေါ်သို့ စောင်းတန်းမှတစ်လှမ်းချင်းလှမ်းလျက် မျက်လွှာတော်ကိုချကာ သပိတ်ကိုပိုက်ရင်း တက်လာသည်ကို ဖူးမြင်လိုက်ကြရခြင်းကြောင့်ပင် ဖြစ်သည်။

ဂူအပြင်တွင်လည်း ကိုရင်ကြီး၊ ဂူအတွင်း၌လည်း ကိုရင်ကြီး။ ထိုကိုရင်ကြီးကနှစ်ပါးလော၊ တစ်ပါးတည်းလော ရုပ်ဆင်းပုံဟန်တော်များကမူ ခွဲခြား၍ မရအောင်ရှိသည်။ ဆွမ်းခံမှပြန်ကြွလာသော ကိုရင်ကြီးသည် စာရေးသူတို့အဖွဲ့ကို လုံးဝမကြည့်ပါဘဲ ဂူအတွင်းပိုင်းသို့ တန်းတန်းမတ် ဝင်ရောက်တော်မူနေသည်။

စာရေးသူသည် အံ့အားသင့်နေရာမှ ကောင်းစွာ သဘောပေါက်သွားမိပြီး-

"ခင်ဗျားတို့ ကိုရင်ကြီးကို ဖူးချင်ကြတယ်ဆို ဖူးကြလေ"

ဟု သတိပေးရင်း မိမိကိုယ်တိုင်လည်း ရေးကြီးသုတ်ပျာဦးချကန်တော့လိုက်ပါသည်။ ထိုအခါမှ စာရေးသူတို့အဖွဲ့သားများလည်း အရေးတကြီး ကန်တော့ရှိခိုးကြတော့သည်။ ကန်တော့နေစဉ်ပင် ကိုရင်ကြီးသည် ဂူအတွင်းပိုင်းသို့ ဝင်ရောက်သွားရာ အရိပ်အယောင်မျှ မမြင်ရတော့ပါ။ စာရေးသူတို့လည်း ဒုတိယအကြိမ် ကိုရင်ကြီးကို ဖူးမြော်ရန် လုံးဝမကြိုးစားရဲတော့ပါ။

❑

ကြာခဲ့ပါပြီ။ စာရေးသူလည်း တာဝန်မှအနားယူကာ မိမိမြို့ရွာသို့ပြန်ရောက်ခဲ့ပြီ။ ဆရာကြီးဦးသိန်းလှိုင် (ဒု-ပြည်နယ်ပညာရေးမှူး၊ ကျိုင်းတုံ) လည်း အနိစ္စရောက်ခဲ့ရှာပြီ။ အဖွဲ့ဝင်အသီးသီးတို့သည် အငြိမ်းစားယူလျက် မိမိတို့မြို့ရွာများ၌ အခြေချနေထိုင်ခဲ့ကြလေပြီ။

ပင်းတယရွှေဥမင်လိုဏ်ဂူကြီးတွင် ဖူးတွေ့ခဲ့ရသော ထူးဆန်းသည့်ကိုရင်ကြီးသည် ယခုအခါရှိနေသေးသလော၊ မရှိတော့ပြီလော၊ ဘယ်နေရာဒေသသို့ ရောက်နေပြီကို မသိရှိရတော့ပါ။ တစ်ချိန်သောအခါက ထူးဆန်းသော ကိုရင်ကြီးတစ်ပါး ပင်းတယဂူကြီးတွင် သီတင်းသုံးခဲ့ဖူးသည်မှာ ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ခုပင်ဖြစ်ပါလေသည်။

(ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်မှူးရုံးပညာရေးမိသားစုများကို အမှတ်တရ)

မေတ္တာရည်လျက်

မျိုးတင့် (ညောင်လေးပင်)



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်' ဟူ၍ ထွက်ပေါ်လာခဲ့သည်။

ပထမဆုံးဂင်းနစ်စံချိန်စာအုပ်ကို ၁၉၅၄ ခု၊ ဩဂုတ်လ၌ အုပ်ရေ (၁၀၀၀) ပုံနှိပ်ဖြန့်ချိခဲ့လေသည်။ နောက်နှစ် ၁၉၅၅ ခုနှစ်၌ ထုတ်ဝေသော ဂင်းနစ်စံချိန်စာအုပ်မှာ ဗြိတိန်နိုင်ငံ၏ အရောင်းရဆုံးစာအုပ်ဖြစ်ခဲ့သည်။ ဆက်လက်၍ စာအုပ်အမည်ကို 'ဂင်းနစ်ကမ္ဘာ့စံချိန်စာအုပ်' ဟူ၍ ပြောင်းပြီး အမေရိကန်နိုင်ငံ၌ ထုတ်ဝေရာ အုပ်ရေ (၇၀၀၀၀) ရောင်းချနိုင်ခဲ့သည်။ ယနေ့တွင် ဂင်းနစ်ကမ္ဘာ့စံချိန်စာအုပ်မှာ သန်းနှင့်ချီ၍ ရောင်းချနေရပြီး နိုင်ငံပေါင်း (၁၀၀) ကျော်၌ ဘာသာပေါင်း (၃၇) မျိုးဖြင့် ထုတ်ဝေနေနိုင်ပြီ ဖြစ်သည်။ 'ဂင်းနစ်ကမ္ဘာ့စံချိန်စာအုပ်' ကိုယ်၌ကလည်း ကမ္ဘာ့အရောင်းရဆုံး ရည်ညွှန်းစာအုပ်အဖြစ် 'စံချိန်' တင်ထားနိုင်ပြီ ဖြစ်သည်။

ယခုအခါ ကမ္ဘာ့ဒေသအမျိုးမျိုး ဖြစ်ရပ်အဖုံဖုံနှင့် အကြောင်းအရာအမျိုးအပြားကို ဂင်းနစ်စံချိန်စာအုပ်ကြီးမှ စံချိန်တင်ဆုံးဖြတ်အတည်ပြုပေးလျက်ရှိသည်။ ဤစံချိန်များနှင့်ပတ်သက်၍ အင်တာနက်ဝက်(ဘ်)ဆိုက်သီးသန့် လွှင့်တင်ထားသည်။ ဂင်းနစ်စံချိန်များနှင့်ပတ်သက်၍ ရုပ်မြင်သံကြားအစီအစဉ်လည်း လွှင့်ထုတ်လျက်ရှိသည်။ မြန်မာနိုင်ငံမှလည်း ဂင်းနစ်ကမ္ဘာ့စံချိန်များကို တင်နိုင်ခဲ့ရာ ၁၉၅၄ ခုနှစ်၌ ပိဋကတ်သုံးပုံမှ စာမျက်နှာ (၁၆၀၀၀) ကို အာဂုံဆောင်၍ ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံးပုဂ္ဂိုလ်အဖြစ် မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ (၁၉၁၁ - ၁၉၉၃) က စံချိန်တင်ထားခဲ့လေသည်။ ထို့အတူ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးအဖြစ် မန္တလေးမြို့ ကုသိုလ်တော်ဘုရားမှ ပိဋကတ်သုံးပုံကို ထွင်းထုထားသော (၁၅၀) × (၁၂၀) စင်တီမီတာရှိသည့် ကျောက်စာချပ်ပေါင်း (၁၄၆၀) ချပ်က စံချိန်တင်ထားရှိသည်။

ယခု ဤဆောင်းပါးမှာ တံဆိပ်ခေါင်းဆိုင်ရာစံချိန်များကို ဖော်ပြခြင်းဖြစ်ပြီး ဤစာရေးသူ လက်လှမ်းမီသည့် ၁၉၈၂ ခုနှစ်က (အခြားထုတ်ဝေခြင်း Editions များရှိသေးသည်) ထုတ်ဝေခဲ့သောစာအုပ်မှ စံချိန်များသာဖြစ်သော်လည်း ယနေ့အထိ စံချိန်မကျိုးသော အချက်အလက်များစွာပါဝင်လေသည်။

**□ စာတိုက်များနှင့်စာပို့စနစ်**

**၁။ ကမ္ဘာ့ ရှေးအကျဆုံး စာပို့**ဝန်ဆောင်မှုကိုထူထောင်ခဲ့သည့်နိုင်ငံမှာ တရုတ်ပြည်ဖြစ်ပြီး ခရစ်တော်မပေါ်မီ နှစ်ပေါင်း(၅၀၀၀)ကပင် စာပို့ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်းသိရသည်။ ထို့အတူ အီဂျစ်နှင့်အက်ဆီးရီးယားနိုင်ငံတို့၌လည်း ခရစ်တော်မပေါ်မီ နှစ်ပေါင်း (၃၀၀၀) လောက်တည်းက စာပို့ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်ခဲ့သည်။ တရုတ်နှင့် အီဂျစ်နိုင်ငံတို့က ဘုရင်နှင့် မှူးမတ်များအတွက်သာ စာပို့ဝန်ဆောင်မှုပေးခဲ့သော်လည်း အက်ဆီးရီးယားတွင်မူ ဘုရင်၊ မှူးမတ်များသာမက ကုန်သည် အသိုင်းအဝန်းအတွက်လည်း စာပို့ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။

**၂။ ကမ္ဘာ့စာပို့တိုက်များသမဂ္ဂ (Universal Postal Union - UPU)** ဟူ၍ ပထမဆုံး အမည်မှည့်ခေါ်ခဲ့သည်မှာ ၁၈၇၈ ခုနှစ်၊ ဒုတိယအကြိမ် စာပို့တိုက်များညီလာခံကို ပဲရစ်မြို့၌ နိုင်ငံပေါင်း (၃၈) နိုင်ငံဖြင့် ကျင်းပစဉ်ကဖြစ်သည်။ ယခုအခါ စာပို့ဌာနရှိသည့် ကမ္ဘာ့နိုင်ငံအားလုံးမှာ အသင်းဝင်နိုင်ငံများဖြစ်နေလေပြီ။ ဤသမဂ္ဂအသင်းကြီးမှာ ကမ္ဘာ့အချောမွေ့ဆုံးသောအပြည်ပြည်ဆိုင်ရာအသင်းကြီးဖြစ်ပြီး ကမ္ဘာစစ်ကြီးနှစ်ခုကို ကြံ့ကြံ့ခံ ကျော်လွှားနိုင်ခဲ့သော သမဂ္ဂအသင်းကြီးလည်းဖြစ်သည်။

**၃။ တံဆိပ်ခေါင်း ပထမဆုံးထုတ်ဝေသောအပြည်ပြည်ဆိုင်ရာအသင်းကြီးမှာ** (ကုလသမဂ္ဂဟုမခေါ်ဝေါ်မီက) နိုင်ငံပေါင်းချုပ်အသင်းကြီးဖြစ်ကာ ဆွစ်တံဆိပ်ခေါင်းများပေါ်၌ ထပ်ဆင့်ရိုက်၍ ဂျနီဗာမြို့ရှိ ရုံးချုပ်တွင် ၁၉၂၂ ခုနှစ်က စတင်သုံးစွဲခဲ့သည်။ ကမ္ဘာ့အလုပ်သမားသမဂ္ဂ(ILO)ကလည်း ဆွစ်တံဆိပ်ခေါင်းများပေါ်၌ ထပ်ဆင့်ရိုက်၍ ၁၉၂၃ ခုနှစ်တွင် စတင်သုံးစွဲခဲ့သည်။

**၄။ ကမ္ဘာ့အကြီးဆုံးစာတိုက်မှာ** အမေရိကန်နိုင်ငံ အီလီနွိုင်းပြည်နယ်ရှိ ရှီကားဂိုး (Chicago) စာတိုက်ကြီး ဖြစ်သည်။ ထိုစာတိုက်ကြီးမှာ အရွယ်အစားအားဖြင့်လည်း ကြီးမားပြီး ပြည်သူများအတွက် စာပို့ကောင်တာများ၊ တံဆိပ်ခေါင်းပြူရုံး၊ စာရွေးဌာနရုံးခန်းများနှင့် အမေရိကန်နိုင်ငံ စာပို့ဌာနချုပ်၏ အုပ်ချုပ်ရေးရုံးများ ပါဝင်သည်။ ဤစာတိုက်ကြီးကို ၁၉၃၁ ခုနှစ်၌ ဖွင့်လှစ်ခဲ့သည်။

**၅။ ကမ္ဘာ့ အသေးဆုံး စာတိုက်**အဖြစ် စံချိန်ချိုးရန် ကမ္ဘာ့နိုင်ငံအရပ်ရပ်မှ တောင်းဆိုမှုများရှိကြသော်လည်း လက်ရှိအခြေအနေ၌ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်မှ အိုခိုပီး(Ochopee) စာတိုက်ကို သတ်မှတ်ထားသည်။ ဤစာတိုက်မှာ အောက်ဖော်ပြပါ ယခင်စံချိန်တင်ထားသော စာတိုက်များထက် သေးငယ်သည်။ ပင်ဆယ်ဗေးနီးယားပြည်နယ်မှ ဘင်းပလေ့(စ်) (Bill's Place) စာတိုက်မှာ အတိုင်းအတာ (၇) ပေ၊ (၂) လက်မ × (၄)ပေ၊ (၁၁) လက်မသာရှိသည်။ ဩစတြေးလျနိုင်ငံမှ လော့စလီ (Locksley) စာတိုက်မှာ (၈) ပေ (၆) လက်မ × (၇) ပေ (၆) လက်မရှိသည်ဟူ၏။

**၆။ ကမ္ဘာ့ တစ်ခုတည်းသော ရေအောက်စာတိုက်မှာ** ဘဟားမတ်(စ်) (Bahamas) ကျွန်းနိုင်ငံ၏ ပင်လယ်ရေပိုင်နက် ရေအောက်ကြမ်းပြင်တွင် အမေရိကန် ရေအောက်သုတေသနလုပ်ငန်းအတွက် ၁၉၃၉ ခုနှစ်က ဖွင့်လှစ်ထားရှိခဲ့သည်။ ဤစာတိုက်မှပေးပို့သော စာအိတ်များပေါ်၌ စာတိုက်အမှတ်အသားတွင် 'ပင်လယ်ရေအောက်ကြမ်းပြင် ဘဟားမတ်(စ်)'(SEA FLOOR / BAHAMAS) ဟူ၍ ပါရှိသည်။

**၇။ ကမ္ဘာ့ပေါ်၌ စာတိုက်အများဆုံးနိုင်ငံမှာ** (UPU စာရင်းအင်းများအရ) အိန္ဒိယနိုင်ငံဖြစ်ပြီး စာတိုက်အလုံးပေါင်း (၁၂၈၇၇၁) လုံး ရှိသည်။ ဒုတိယလိုက်သည်မှာ ဆိုဗီယက်ယူနီယံနိုင်ငံဖြစ်ပြီး (၁၀၂၉၁၇) လုံး ဖြစ်သည်။ တတိယ စာတိုက်အများဆုံးမှာ အမေရိကန်နိုင်ငံဖြစ်ပြီး (၃၈၄၈၆) လုံး ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှစာရင်းများ မရရှိသဖြင့် မဖော်ပြနိုင်ပေ။

**၈။ ကမ္ဘာ့ပေါ်၌ စာတိုက်ဝန်ထမ်းအများဆုံးနိုင်ငံမှာ** ဆိုဗီယက်ယူနီယံနိုင်ငံဖြစ်ပြီး အချိန်ပြည့်စာတိုက်ဝန်ထမ်းပေါင်း (၇၃၁၀၀၀) ရှိသည်။ အမေရိကန်နိုင်ငံမှာ ဒုတိယလိုက်ပြီး ဝန်ထမ်းပေါင်း (၇၀၀၀၀၀) ရှိသည်။ သို့ရာတွင် အမေရိကန်နိုင်ငံ၌ ဝန်ထမ်းအင်အား လျော့လျက်ရှိရာ ပိုမို၍ နည်းလာနိုင်သည်။ အိန္ဒိယနိုင်ငံတွင် စာတိုက်ဝန်ထမ်း (၅၀၁၀၀၀) ရှိသည်။

**၉။ ထူးထူးခြားခြား အပြ... စာတိုက်ပုံးများ** ကို သမိုင်းကျ... စာတိုက်ပုံးများမှ သွေဖည်၍ အင်္ဂ... နိုင်ငံ၊ လန်ဒန်မြို့၌ ၁၈၅၀ ပြည့်နှ... သုံးစွဲခဲ့သည်။ သို့ရာတွင် ၁၉၃၈ ... ရောက်သော် ဒါပြာရောင်စာတိုက်... များ သုံးစွဲခြင်းကို ရပ်တန့်ခဲ့သည်။ ...

www.burmeseclassic.com

www.burmeseclassic.com




**စာပို့တံဆိပ်ခေါင်း တီထွင်သူ ဆာရိုလန်ဟီးလ်**

ရောင်စာတိုက်ပုံးများ ထားရှိခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ လေကြောင်းဖြင့်ပို့သော ချောစာများထည့်ရန် အတွက်ဖြစ်သည်။

**၁ စာပို့တံဆိပ်ခေါင်းများ**

၁။ စာပို့တံဆိပ်ခေါင်းစတင်တီထွင်သူအဖြစ် ယခုအခါ အားလုံးက လက်ခံထားကြသူမှာ အင်္ဂလိပ်လူမျိုး ဆာရိုလန်ဟီး(လ်) (Sir Rowland Hill) ဖြစ်သည်။ သို့ရာတွင် ဒန်ဒီးမြို့ (Dundee) မှ စာအုပ်ဆိုင်ပိုင်ရှင် ဂျိမ်းချာ(လ်း)မား (James Chalmers) ဆိုသူကလည်း ၁၈၂၅ ခုနှစ်မှစ၍ တံဆိပ်ခေါင်းတီထွင်ရေးအပါအဝင် စာပို့စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်ခဲ့သည်။ ၁၈၃၉ ခုနှစ်၌ ချာ(လ်း)မားက စာပို့စနစ်ပြုပြင်ရန် အဆိုပြုလွှာများ တင်ပြခဲ့သော်လည်း ပယ်ချခံခဲ့ရသည်။ ရိုလန်ဟီး(လ်)က ၁၈၃၇ ခုနှစ်တွင် အစီရင်ခံစာတင်သွင်းခဲ့ရုံသာမက လက်ကမ်းစာစောင်များ ရိုက်နှိပ်၍ (၁) လက်မ အရွယ်ခန့် လေးထောင့်စက္ကူငယ်ကို ကော်သုတ်ပြီး စာအိတ်ပေါ်၌ကပ်ရသည့် အခွန်ကောက်ခံသောစနစ်ကို ဖြန့်ဝေခဲ့သည်။

ဤအချက်ကိုကြည့်ခြင်းအားဖြင့် ရိုလန်ဟီး(လ်)က စာပို့လုပ်ငန်းပြုပြင်ပြောင်းလဲရေးနှင့် တံဆိပ်ခေါင်းတီထွင်ရေးတို့ကို ချာ(လ်း)မားထက် စော၍ အစီရင်ခံခဲ့သည်မှာ ပေါ်လွင်ပေသည်။ ထို့ကြောင့် နောက်ဆုံး၌ ချာ(လ်း)မားက ရိုလန်ဟီး(လ်)သည်သာ တံဆိပ်ခေါင်းတီထွင်သူဟူ၍ အသိအမှတ်ပြု လက်ခံခဲ့လေသည်။

သို့သော် ရိုလန်ဟီး(လ်)ကွယ်လွန်ပြီး မကြာမီမှာပင် ချာ(လ်း)များ၏ သားဖြစ်သူ ပက်ထရစ် (Patrick) က သတင်းစာများမှတစ်ဆင့် ရိုလန်ဟီး(လ်)မှာ သူ့ဖခင်၏အကြံအစည်ကို ခိုးယူသူဟူ၍ စွပ်စွဲတော့သည်။ ထိုအခါ ရိုလန်ဟီး(လ်)၏သားဖြစ်သူ ပီယာဆင် (Pearson) က လက်ကမ်းစာစောင်များဖြန့်ဝေ၍ ပြန်လည် တိုက်ခိုက်ခဲ့သည်။ နောက်ဆုံး၌ တရားရုံးသို့ရောက်ကြပြီး တရားသူကြီးက ရိုလန်ဟီး(လ်)သည်သာ တံဆိပ်ခေါင်းတီထွင်သူဟူ၍ ဆုံးဖြတ်ခဲ့သည်။ ဤအဖြစ်အပျက်များမှာ ၁၈၈၄ ခုနှစ်မှ ၁၈၈၉ ခုနှစ်များအတွင်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဇာတ်လမ်းမှာ ဤမျှနှင့်မပြီးသေးဘဲ ပက်ထရစ်၏ သမီးဖြစ်သူ လီယာချာ(လ်း)မား(Leah)နှင့် ရိုလန်ဟီး(လ်)၏မြေးဖြစ်သူ ဗိုလ်မှူးကြီးဟီး(လ်)တို့ကြား၌လည်း အငြင်းပွား စွပ်စွဲမှုများ ဖြစ်ပေါ်ခဲ့ပြန်သည်။

မည်သို့ပင်ဖြစ်စေ ရိုလန်ဟီးလ်မှာ ပထမဆုံးတံဆိပ်ခေါင်းဒီဇိုင်းရေးဆွဲရာတွင် လည်းကောင်း၊ ပုံထွင်းရာတွင် လည်းကောင်း ပါဝင်ခဲ့သူ ဖြစ်သည်။ 'တံဆိပ်ခေါင်းဖခင်ကြီး' ဟူသောဂုဏ်ပုဒ်ကို ရယူလိုကြ၍ ရိုလန်ဟီး(လ်)အား တိုက်ခိုက်ကြကာ သူတို့သည်သာ တံဆိပ်ခေါင်းတီထွင်သူဟူပြီး စောဒကတက်ကြသူများမှာ ဗြိတိသျှပြတိုက်မှ ဒေါက်တာ ဂျွန်ဂရေး (John Gray)၊ အခွန်အရာရှိ ဆင်မြူရယ် ဖောရစ်တာ (Samuel Forrester)၊ လန်ဒန်မြို့မှ စာရေးကိရိယာရောင်းသူ ချာ(လ်း)ဝတ်တင်း (Charles Whiting) နှင့် အခြား (၅) ဦးတို့ ဖြစ်သည်။

**၂။ ကမ္ဘာ့ ပထမဆုံး စာပို့တံဆိပ်ခေါင်းမှာ ဗြိတိန်နိုင်ငံမှ ပဲနီအနက် (Penny Black) ဖြစ်သည်။** ပဲနီအနက်ကို ၁၈၄၀ ပြည့်နှစ်၊ မေလ ၁ ရက်နေ့တွင် စတင်ရောင်းချပြီး မေလ ၆ ရက်နေ့၌ စာပို့လုပ်ငန်းတွင် စတင်အသုံးပြုခွင့်ပေးခဲ့သည်။ ပဲနီအနက်နှင့် တစ်ပြိုင်တည်း ထုတ်ဝေခဲ့သော (၂) ပဲနီအပြာ (Two pence Blue) ကိုလည်း ကမ္ဘာ့ပထမဦးဆုံးသော စာပို့တံဆိပ်ခေါင်းများအဖြစ် အချို့ကက်တလောက်နှင့် စာအုပ်များ၌ နှစ်ပေါင်းများစွာ ဖော်ပြလာခဲ့ကြသည်။ သို့ရာတွင် နောက်ပိုင်း၌ စာတိုက်ဌာနနှင့် ပြည်တွင်းအခွန်ဘုတ်အဖွဲ့တို့၏ ရှေးဟောင်းစာတွဲ၊ ဖိုင်တွဲများကို ပြန်လှန်စစ်ဆေးကြည့်ရှုရာ တံဆိပ်ခေါင်းပုံနှိပ်လုပ်ငန်းမှ စာတိုက်သို့ (၂) ပဲနီအပြာ တံဆိပ်ခေါင်းများကို ၁၈၄၀ ပြည့်နှစ်၊ မေလ ၈ ရက်နေ့တွင်မှ တင်ပို့ခဲ့သည် ဟူသည့် မှတ်တမ်းကို တွေ့ရှိကြသည်။ သို့ဖြစ်၍ ကမ္ဘာ့ပထမဆုံး တံဆိပ်ခေါင်းမှာ ပဲနီအနက်တစ်မျိုးတည်းသာ ဖြစ်ကြောင်း သက်သေထူနိုင်ခဲ့သည်။




**ကမ္ဘာ့ပထမဆုံး စာပို့တံဆိပ်ခေါင်း ပဲနီအနက်**





**ဗြိတိန်ပြည်ပထုတ် ပထမဆုံး တံဆိပ်ခေါင်း**

၃။ ဗြိတိန်နိုင်ငံပြင်ပ၌ တစ်နိုင်ငံလုံးအတွက် ပထမဆုံး တံဆိပ်ခေါင်းကို ပုံနှိပ်၊ ဖြန့်ဖြူး၊ ထုတ်ဝေသုံးစွဲခဲ့သော နိုင်ငံမှာ ဘရာဇီးနိုင်ငံ ဖြစ်သည်။ ဘရာဇီးနိုင်ငံ၌ စာပို့တံဆိပ်ခေါင်းများကို ၁၈၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် စတင် သုံးစွဲခဲ့သည်။ ဘရာဇီးနိုင်ငံမှာ စာပို့စနစ်ပြုပြင်ပြောင်းလဲပြီး တံဆိပ်ခေါင်းစတင်သုံးစွဲရန်ဥပဒေကို ၁၈၄၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ဘရာဇီး၏ ပထမဆုံး တံဆိပ်ခေါင်းပုံမှာ နွားသိုးမျက်လုံး (Bull's Eye) နှင့် အလွန်တူသောကြောင့် ဝါသနာရှင်များနှင့် ပြည်သူများက ထိုတံဆိပ်ခေါင်းများကို 'နွားသိုးမျက်လုံး' ဟု ခေါ်ဝေါ်ကြသည်။ ထိုအခေါ်အဝေါ်မျိုးကို ဘရာဇီးအစိုးရက နှစ်ခြိုက်၍လောမသိ နောက်ထုတ်ဝေသည့်တံဆိပ်ခေါင်းများကို 'မြွေမျက်လုံး'(၁၈၄၄)၊ 'ဆိတ်မျက်လုံး'(၁၈၅၀) နှင့် 'ကြောင်မျက်လုံး'(၁၈၅၄) ဟူ၍ အမည်ပေးခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့တန်ဖိုးအရှိဆုံးတံဆိပ်ခေါင်း
(ဗြိတိသျှဂီယာနာ ၁၈၅၆-ခုနှစ်)

**၄။ ကမ္ဘာ့ အရှားပါးဆုံး တံဆိပ်ခေါင်းများကို ဗြိတိသျှဂီယာနာ** (British Guiana) **နှင့် ရုရှား** (Russia) **နိုင်ငံများက ထုတ်ဝေခဲ့သည်။** ကမ္ဘာ့အရှားပါးဆုံး တံဆိပ်ခေါင်းဟုဆိုလျှင် လူအများက ဗြိတိသျှဂီယာနာနိုင်ငံမှ ၁၈၅၆ ခုနှစ်တွင် ထုတ်ဝေသော အနီရောင်ခံထားသည့် (၁)ဆင့်တန်တံဆိပ်ခေါင်းကို မြင်ယောင်ကြပါမည်။ သို့သော် ထိုတံဆိပ်ခေါင်းမှာ ကမ္ဘာ့အရှားပါးဆုံးတံဆိပ်ခေါင်း မဟုတ်ပေ။ ဤစံချိန်စစ်တမ်းအရဆိုရလျှင် ထိုတံဆိပ်ခေါင်းကို 'ကမ္ဘာ့တန်ဖိုးအရှိဆုံး တံဆိပ်ခေါင်း' ဟု သတ်မှတ်ထားပါသည်။ အမှန်တကယ် ကမ္ဘာ့အရှားပါးဆုံးတံဆိပ်ခေါင်းမှာ ဗြိတိသျှဂီယာနာနိုင်ငံမှ ၁၈၆၆ ခုနှစ်တွင် ထုတ်ဝေသည့် (၄) ဆင့်တန် တံဆိပ်ခေါင်းကို ထက်ဝက်ဖြတ်သုံးထားသောတံဆိပ်ခေါင်း (bisect) ဖြစ်သည်။ ထို့အတူပင် ရုရှားနိုင်ငံ ဇာဘုရင်များ လက်ထက်က သုံးစွဲခဲ့သော ဇမ်စတဗို (Zemstvo) တံဆိပ်ခေါင်းများမှာလည်း ကမ္ဘာ့အရှားပါးဆုံး တံဆိပ်ခေါင်းများ ဖြစ်သည်။ ထိုခေတ်က ထိုတံဆိပ်ခေါင်းများကို (၂) ပိုင်းဖြတ်သုံးရလေ့ရှိသည်။ တစ်ပိုင်းကို စာအိတ်ပေါ်တွင်ကပ်ရပြီး ကျန်တစ်ပိုင်းကို စာတိုက်၌ အထောက်အထားအဖြစ် သိမ်းဆည်းထားရရာ ၁၈၆၉ ခုနှစ်ထုတ် (၃)ကိုပက် တံဆိပ်ခေါင်း၏ စာတိုက်ဖြတ်ပိုင်းတစ်ခုကိုသာ တွေ့ရှိထားသည်။ ဤအပိုင်းမှာ ကမ္ဘာ့အရှားပါးဆုံး တံဆိပ်ခေါင်း ဖြစ်လေသည်။




ကမ္ဘာ့အရှားပါးဆုံး တံဆိပ်ခေါင်း (ရုရှ ၁၈၆၉-ခုနှစ်)

**၅။ ကမ္ဘာ့အသေးဆုံးတံဆိပ်ခေါင်းများကို ကိုလံဘီယာနိုင်ငံမှ** ၁၈၆၃-၆ ခုနှစ်များအတွင်း ထုတ်ဝေခဲ့သည်။ တံဆိပ်ခေါင်းတန်ဖိုးများမှာ (၁၀)စင်တာဗိုနှင့် (၁)ပီဆိုတံဆိပ်ခေါင်းများဖြစ်သည်။ အရွယ်အစားမှာ (၈×၉) မီလီမီတာသာ ရှိသည်။ ယခုခေတ်သစ်တွင်လည်း ကိုလံဘီယာနိုင်ငံမှသာ အသေးဆုံးတံဆိပ်ခေါင်းစံချိန်ကို ရယူထားသည်။ ၁၉၄၀ ပြည့်နှစ်မှ စတင်ထုတ်ဝေခဲ့သော အခွန်စာပို့တံဆိပ်ခေါင်းများမှာ (၁၅ × ၁၀) မီလီမီတာသာရှိသည်။



ကမ္ဘာ့အကြီးဆုံးတံဆိပ်ခေါင်း
(ဖူဂျီရားနိုင်ငံ ၁၉၇၇-ခုနှစ်)

**၆။ ကမ္ဘာ့အကြီးဆုံးတံဆိပ်ခေါင်းများကို** တရုတ်ပြည်မှ ထုတ်ဝေခဲ့သည်ဟု ဆိုရပေမည်။ အမြန်ချောစာအတွက် သီးခြားထုတ်ဝေသောတံဆိပ်ခေါင်းများကို ၁၉၀၅-၁၂ ခုနှစ်များအတွင်း ထုတ်ဝေသုံးစွဲခဲ့ပြီး အရွယ်အစားမှာ (၂၀၀× ၆၅) မီလီမီတာရှိသည်။ ထိုတံဆိပ်ခေါင်းများတွင် အပ်ပေါက်ရာ (Perforation) မပါရှိပေ။ သို့ရာတွင် ရှလေးပေါက်ရာ (Rouletted) ဖြင့် အပိုင်း (၄)ပိုင်း ခွဲထုတ်၍သုံးစွဲရသည်။ ပထမပိုင်းကို စာတိုက်လက်ခံအဖြစ် သိမ်းဆည်းထားရသည်။ စတုတ္ထပိုင်းကို စာပို့သူက လက်ခံအဖြစ် သိမ်းဆည်းထားရသည်။ ဒုတိယပိုင်းကို စာလက်ခံသူက လက်မှတ်ထိုးပြီး စာပို့သမားက စာတိုက်သို့ ပြန်ပေးသည်။ တတိယပိုင်းမှာ စာအိတ်တွင် ကပ်ထားပြီး ထိုအပိုင်းကိုပြ၍ စာပို့သမားက စာပို့ခတောင်းရသည်။

သို့ရာတွင် အမှန်တကယ် အပ်ပေါက်ရာအပြည့်ပါရှိသော အကြီးမားဆုံးတံဆိပ်ခေါင်းမှာ အာရပ်စော်ဘွားနိုင်ငံငယ် ဖူဂျီရား (Fujeira) မှ ၁၉၇၂ ခုနှစ်ကထုတ်ဝေသော လကမ္ဘာပေါ်ရောက် အပိုလိုအာကာသယာဉ်ဂုဏ်ပြု တံဆိပ်ခေါင်းဖြစ်သည်။ အရွယ်အစားမှာ (၈၀ × ၁၄၇) မီလီမီတာရှိသည်။ ကက်တလောက်အများစုက ဤတံဆိပ်ခေါင်းကို စာရင်းပြုစုရာတွင် မထည့်သွင်းကြဘဲ အမေရိကန်နိုင်ငံမှ ၁၈၆၅ ခုနှစ်တွင် ထုတ်ဝေသည့် အကြီးဆုံးသတင်းစာတံဆိပ်ခေါင်းများ (၅၁×၉၅ မမ) ကိုသာ ထည့်သွင်းကြသည်။

**၇။ ကမ္ဘာ့ပထမဆုံးသုံးထောင့်ပုံ တံဆိပ်ခေါင်းများကို** အာဖရိကတိုက်ရှိ ဂွတ်ဟုတ်အင်ငူ (The Cape of Good Hope) မှ ၁၈၅၃ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ထုတ်ဝေခဲ့သည်။ ဂွတ်ဟုတ်ကိုလိုနီနိုင်ငံမှ ချား(လ်)ဘဲ(လ်) (Charles Bell) က သုံးထောင့်ပုံတံဆိပ်ခေါင်းဒီဇိုင်းများကို လန်ဒန်မြို့သို့ ပို့ပေးခဲ့သည်။ ရည်ရွယ်ချက်မှာ သာမားရိုးကျ လေးထောင့်ပုံမဟုတ်သည့် မိမိတို့နိုင်ငံ တံဆိပ်ခေါင်းများကို ပညာမပြည့်စုံသည့် ဒေသခံ စာတိုက်ဝန်ထမ်းများက လွယ်ကူစွာ မှတ်မိပြီး အလုပ်မြန်ဆန်စေရန်အတွက် ဖြစ်သည်။ သုံးထောင့်တံဆိပ်ခေါင်းများကို လန်ဒန်မြို့၌ ပုံနှိပ်ပြီး ဂွတ်ဟုတ်အင်ငူသို့ပို့၍ တံဆိပ်ခေါင်း ထုတ်ဝေခဲ့သည်။

**၈။ ကမ္ဘာ့ ပထမဆုံး စက်ဝိုင်းသဏ္ဍာန် တံဆိပ်ခေါင်းများကို** အနေ့... အိန္ဒိယကုမ္ပဏီအတွက် စာအိတ်ပေါ်တွင် ဖောင်းကြွစက်ဝိုင်းသဏ္ဍာန်တံဆိပ်ခေါင်းအဖြစ် (၁၈၅၂-၅၄) ခုနှစ်အတွင်း အသုံးပြုခဲ့သည်။ တံဆိပ်ခေါင်းပေါ်... ဟင်ဒီဘာသာဖြင့် 'ဒေါ(ခ်)' (Dawk) ... ပုံနှိပ်ထားရာ အဓိပ္ပာယ်မှာ 'စာပို့' ဟု... ဖြစ်သည်။ စက်ဝန်းသဏ္ဍာန်တံဆိပ်ခေါင်းများကို အိန္ဒိယပြည်နယ်များ... ကြသည့် အင်ဒိုး ၁၈... ကက်ရှမီး (၁၈၆၆-... တို့တွင်လည်း သုံး... သည်။ အာ...




ကမ္ဘာ့ပထမဆုံး သုံးထောင့်ပုံ တံဆိပ်ခေါင်း (၁၈၅၃-ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com

နှစ်တန်မှ တံဆိပ်ခေါင်းအချို့ (၁၈၇၁-၉၀)မှာလည်း အဝိုင်းသဏ္ဌာန်ဖြစ်သည်။

၉။ ပထမဆုံးစိတ်ကြိုက်ပုံသဏ္ဌာန် (Free-Form) တံဆိပ်ခေါင်းများကို ဆီယာရာလီယွန်း(Sierra Leone)နိုင်ငံမှ ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့၌ နယူးယောက်ကမ္ဘာ့ကုန်စည်ပြပွဲကြီးကိုဂုဏ်ပြု၍ထုတ်ဝေခဲ့သည်။ တံဆိပ်ခေါင်းများ၏သဏ္ဌာန်မှာ ဆီယာရာလီယွန်းမြေပုံ ပုံစံအတိုင်းဖြစ်သည်။ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလတွင် တွန်ဂါနိုင်ငံ (Tonga) မှလည်း နှလုံးသားပုံနှင့် နိုင်ငံမြေပုံသဏ္ဌာန်ကို ထုတ်ဝေခဲ့သည်။ တွန်ဂါတံဆိပ်ခေါင်းများကို ပါးလွှာသော သတ္တုပြင်ပေါ်၌ ပုံနှိပ်ထားခြင်း ဖြစ်သည်။

၁၀။ ကမ္ဘာ့စာပို့ခ တန်ဖိုးအနည်းဆုံးအဖြစ်ထုတ်ဝေသော တံဆိပ်ခေါင်းမှာ ဟန်ဂေရီနိုင်ငံမှ ၃၀၀၀ ပင်ဂို (Pengo) တံဆိပ်ခေါင်းဖြစ်ပြီး ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်က ထုတ်ဝေခဲ့သည်။ အမှန်စင်စစ် ပုံမှန်တန်ဖိုးရှိသော တံဆိပ်ခေါင်းအဖြစ် ထုတ်ဝေရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ထုတ်ဝေရန် လပေါင်းများစွာ နှောင့်နှေးနေစဉ်၌ အတိုင်းထက်အလွန် ငွေကြေးဖောင်းပွခြင်း(Hyper-inflation) ဖြစ်ခဲ့ရာ တံဆိပ်ခေါင်းထုတ်ဝေချိန်တွင် ပင်ဂို၏ တန်ဖိုးများစွာကျဆင်းခဲ့ရပြီး ဗြိတိန်နိုင်ငံ ဆယ်လီစနစ် (decimal) ၏ အနည်းဆုံး ငွေကြေး (၁) ပဲနီမှာ (၁၅၀,၀၀၀,၀၀၀,၀၀၀,၀၀၀) ပင်ဂိုနှင့် ညီမျှသည်အထိ ဖြစ်ခဲ့ရ၍ ထိုတံဆိပ်ခေါင်းမှာ တန်ဖိုးအနည်းဆုံး တံဆိပ်ခေါင်းဖြစ်ခဲ့ရသည်။

၁၁။ ကမ္ဘာ့စာပို့ခတန်ဖိုးအကြီးဆုံး တံဆိပ်ခေါင်းများမှာ အရှေ့အာဖရိကဒေသ (ကင်ညာ၊ ယူဂန္ဒာ၊ တန်ဂန်ညီကာ) မှ ၁၉၂၅ ခုနှစ်တွင် ထုတ်ဝေသည့် တံဆိပ်ခေါင်းနှစ်မျိုးဖြစ်သော (၇၅)ပေါင်နှင့် (၁၀၀) ပေါင်ဟူ၍ ပုံနှိပ်ထားသည့် တန်ဖိုးများပါရှိသော တံဆိပ်ခေါင်းများ ဖြစ်သည်။ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံက ၁၉၂၅ ခုနှစ်တွင်ပင် ထုတ်ဝေသည့် တံဆိပ်ခေါင်းမှာ ရူပီး (၁၀၀၀) ဟု ပြသထားသည်။ ဗြိတိသျှတံဆိပ်ခေါင်းများ၌ တန်ဖိုးအကြီးဆုံး တံဆိပ်ခေါင်းမှာ (၅)ပေါင်သာဖြစ်ပြီး အမေရိကန်တံဆိပ်ခေါင်းများ၌ ၁၈၉၅ ခုနှစ်က ထုတ်ဝေသော သတင်းစာတံဆိပ်ခေါင်းမှာ ဒေါ်လာ (၁၀၀) ဖြစ်သည်။

၁၂။ တံဆိပ်ခေါင်းပေါ်၌ ပထမဆုံး ပုံနှိပ်ဖော်ပြခြင်းခံရသောပုဂ္ဂိုလ်မှာ ဗိတိုရိယဘုရင်မကြီး (Queen Victoria) ဖြစ်ပြီး ၁၈၃၇ ခုနှစ်က ဝီလျံဝိုင်အွန် (William Wyon) ထုလုပ်သော တံဆိပ်ပုံပေါ်မှရုပ်ပုံကို တံဆိပ်ခေါင်းဒီဇိုင်းအဖြစ် ယူထားခြင်း ဖြစ်သည်။ ဗိတိုရိယဘုရင်မကြီး အသက် (၁၈) နှစ်အရွယ်ကပုံဖြစ်သည်။ ဘုရင်မကြီးမှာ အသက်(၈၂)နှစ်တွင် ကွယ်လွန်ခဲ့ပြီး ၁၉၀၁ ခုနှစ်အထိ တံဆိပ်ခေါင်းများပေါ်၌ ဗိတိုရိယဘုရင်မကြီးပုံပါရှိခဲ့သည်။

၁၃။ တံဆိပ်ခေါင်းပေါ်၌ ပထမဆုံးဖော်ပြခြင်းခံခဲ့ရသည့် နိုင်ငံ့ဦးသျှောင်မဟုတ်သောလူပုဂ္ဂိုလ်မှာ ဘင်ဂျမင်ဖရန်ကလင် (Benjamin Franklin)ဖြစ်သည်။ သူ့ကို အမေရိကန်နိုင်ငံမှ ၁၈၄၇ ခုနှစ်တွင် ထုတ်ဝေသော (၁၀) ဆင့်တန် တံဆိပ်ခေါင်းပေါ်၌တွေ့နိုင်သည်။ ဖရန်ကလင်သည် အမေရိကန်နိုင်ငံ၏ ပထမဆုံး စာတိုက်မှူးကြီးလည်း ဖြစ်သည်။ သူ့ကို သမ္မတများနှင့်အတူ ဂုဏ်ပြုတံဆိပ်ခေါင်းများပေါ်၌ ဖော်ပြထားခြင်း ဖြစ်သည်။

၁၄။ တံဆိပ်ခေါင်းများပေါ်၌ အများဆုံး ပုံနှိပ်ဖော်ပြခြင်းခံရသောပုဂ္ဂိုလ်မှာ ဗြိတိန်နိုင်ငံ၏ လက်ရှိဦးသျှောင် ဒုတိယမြောက် အယ်လီဇဘက်ဘုရင်မကြီး ဖြစ်သည်။ ၁၉၅၂ ခုနှစ် ဘုရင်မကြီး နန်းတက်လာစဉ်မှစ၍ ဗြိတိသျှဓနသဟာယနိုင်ငံများမှ ထုတ်ဝေသော တံဆိပ်ခေါင်း (၇၆၁၉) မျိုး (၁၉၈၁ ခုနှစ်ထိ) တွင် ဘုရင်မကြီး၏ရုပ်ပုံပါရှိခဲ့သည်။ ဘုရင်မကြီးမှာ နန်းမတက်မီကပင် ဓနသဟာယနိုင်ငံများ၏ တံဆိပ်ခေါင်း (၂၈) မျိုးပေါ်တွင် ပုံနှိပ်ဖော်ပြခြင်းခံခဲ့ရသည်။

၁၅။ နိုင်ငံတစ်နိုင်ငံတည်း၏ တံဆိပ်ခေါင်းများပေါ်၌ အများဆုံးပုံနှိပ်ဖော်ပြခြင်းခံရသောပုဂ္ဂိုလ်မှာ တရုတ်နိုင်ငံမှ ၁၉၁၂ ခုနှစ်မှစတင်၍ ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများပေါ်တွင်ဖော်ပြခြင်းခံရသော ဒေါက်တာဆွန်ယက်ဆင် ဖြစ်သည်။ ၁၉၃၁-၁၉၄၉ ခုနှစ်များအတွင်းထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများပေါ်တွင် ဒေါက်တာဆွန်ယက်ဆင်၏ပုံကို တံဆိပ်ခေါင်းများပေါ်၌ တွေ့ရှိရပြီး စုစုပေါင်း တံဆိပ်ခေါင်း (၉၀၈) မျိုးရှိသည်။

၁၆။ တံဆိပ်ခေါင်းတစ်မျိုးတည်းပေါ်၌ ဘာသာစကားအများဆုံးဖြင့် ပုံနှိပ်ထားသောတံဆိပ်ခေါင်းမှာ ဒိန်းမတ်နိုင်ငံမှ ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော ကြက်ခြေနီအသင်းကြီးကိုဂုဏ်ပြုသည့် တံဆိပ်ခေါင်း (၂)လုံးတွဲဖြစ်သည်။ ထိုတံဆိပ်ခေါင်းတွဲပေါ်၌ 'လူသားချင်းစာနာခြင်းမှသည် ငြိမ်းချမ်းရေးဆီသို့' ဟု အဓိပ္ပာယ်ရသောစာလုံးများကို အောက်ဖော်ပြပါ ဘာသာစကား (၃၂) မျိုးဖြင့် ပုံနှိပ်ထားသည်။ ဒိန်း၊ ပြင်သစ်၊ အိုက်စလန်၊ ဒပ်ချ်၊ ဟင်ဒီ၊ မလေး၊ ရုရှ၊ ဟန်ဂေရီ၊ အာမာရစ်၊ ဂရိ၊ အာမေးနီးယန်း၊ ယူကရိန်း၊ ဂျပန်၊ ရူမေးနီးယား၊ ထိုင်း၊ ချက်၊ အယ်လ်ဘေးနီးယန်း၊ ပါရှီ၊ ပိုလန်၊ အာရဗီ၊ ဆပ်ကရို၊ တူရကီ၊ တရုတ်၊ စပိန်၊ ပေါ်တူဂီ၊ ဂါလစ်၊ ပန်ချာဘီ၊ ဂျပန်၊ အင်္ဂလိပ်၊ အီတာလျံနှင့် ဆွီဒင်တို့ ဖြစ်သည်။



ကမ္ဘာ့အသက်အငယ်ဆုံး
တံဆိပ်ခေါင်းဒီဇိုင်း ရေးဆွဲသူ
(အသက်-၅ နှစ်)

၁၇။ ကမ္ဘာ့ အသက်အငယ်ဆုံး တံဆိပ်ခေါင်းဒီဇိုင်းရေးဆွဲသူမှာ အင်္ဂလန်နိုင်ငံမှ ဆမာသာဘရောင်း (Samatha Brown) ဖြစ်ပြီး ၁၉၈၁ ခုနှစ်ထုတ် (၁၁) ပဲနီတန် ခရစ်စမတ်တံဆိပ်ခေါင်းကို ခရစ်စမတ်ဘိုးဘိုးကြီး (Santa Claus) ရုပ်ပုံဖြင့် ဒီဇိုင်းရေးဆွဲခဲ့သည်။ ဒီဇိုင်းရေးဆွဲစဉ်က အသက် (၅) နှစ်သာရှိသေးသည်။

၁၈။ ကမ္ဘာ့ အသက်အကြီးဆုံး တံဆိပ်ခေါင်းဒီဇိုင်းရေးဆွဲသူမှာ သင်္ချိုင်းတော်ရဘုန်းတော်ကြီးကက်ဘလီမာတင် (Rev. W. KebleMartin) ဖြစ်သည်။ ဘုန်းတော်ကြီးသည် အင်္ဂလန်နိုင်ငံမှ ၁၉၆၇ ခုနှစ်တွင် ထုတ်ဝေသော ပန်း (၄)မျိုးပုံ တံဆိပ်ခေါင်းများကို ဒီဇိုင်းရေးဆွဲခဲ့ပြီး ရေးဆွဲစဉ်က အသက်(၉၁)နှစ်ရှိပြီ ဖြစ်သည်။


၁၉။ ယနေ့တိုင်လုပ်ငန်းဆက်လက်လုပ်ကိုင်လျက်ရှိသော ရှေးအကျဆုံး တံဆိပ်ခေါင်းထုတ်လုပ်သည့် ကုမ္ပဏီမှာ လန်ဒန်မြို့မှ ဒီလာရူး (De La Rue)

www.burmeseclassic.com

www.burmeseclassic.com

ကုမ္ပဏီ ဖြစ်သည်။ ဂန်ဆီလူမျိုး သောမတ်(စ်)ဒီလာရူးမှာ ၁၈၄၀ပြည့်နှစ်၌ ပုံနှိပ်လုပ်ငန်း ထူထောင်ခဲ့ပြီး ၁၈၅၃ ခုနှစ်တွင် တံဆိပ်ခေါင်းများ လက်ခံပုံနှိပ်ခဲ့သည်။ နောင်အခါ အရှေ့အိန္ဒိယကုမ္ပဏီအတွက် တံဆိပ်ခေါင်းများ ပုံနှိပ်ပေးခဲ့ရသည်။ ပြင်သစ်နိုင်ငံအတွက် လက်ခံ၍ တံဆိပ်ခေါင်းပုံနှိပ်ပေးသည့် တစ်ခုတည်းသော ပြည်ပကုမ္ပဏီဖြစ်သည်။ အမေရိကန်ပြည်ပ၌ အမေရိကန်တံဆိပ်ခေါင်းများ ပုံနှိပ်ပေးရသည့် တစ်ခုတည်းသော ကုမ္ပဏီလည်း ဖြစ်သည်။

၂၀။ **ကမ္ဘာ့ပထမဆုံးပို့စကတ်** ကို ဩစတြီးယား (Austria) နိုင်ငံမှ ၁၈၆၉ ခုနှစ်၊ အောက်တိုဘာလတွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဒေါက်တာဟားမင်း (Dr. Harrmann) က တီထွင်ခဲ့ပြီး စာရေးဆက်သွယ်သော အကြောင်းအရာများကို လူတကာမြင်တွေ့နိုင်၍ ပထမဆုံးသော ပို့စကတ်များ၌ 'ရေးသားထားသောအကြောင်းအရာများနှင့်ပတ်သက်၍ စာတိုက်မှ လုံးဝတာဝန်မယူပါ' ဟူသော စာတန်းပါရှိလေသည်။



**ကမ္ဘာ့ပထမဆုံး ပို့စကတ်**
**(ဩစတြီးယားနိုင်ငံ ၁၈၆၉-ခုနှစ်)**

**□ တံဆိပ်ခေါင်းဝါသနာ**

၁။ ကမ္ဘာ့ပထမဆုံးတံဆိပ်ခေါင်းဝါသနာရှင်မှာ အင်္ဂလန်နိုင်ငံမှ ဗြိတိသျှပြတိုက်တာဝန်ခံ ဒေါက်တာ ဂျွန်ဂရေး (Dr. John Gray) ဖြစ်ပြီး ၁၈၄၀ပြည့်နှစ်၊ မေလ ၁ ရက်နေ့တွင် ထုတ်ဝေခဲ့သော ပဲနီအနက်တံဆိပ်ခေါင်းများကို မှတ်တမ်းအဖြစ် သိမ်းဆည်းခဲ့သည်။ နောက်ပိုင်းထုတ်ဝေသော တံဆိပ်ခေါင်းများကိုလည်း မှတ်တမ်းအဖြစ် စုဆောင်းခဲ့ပြီး ၁၈၆၃ ခုနှစ်တွင် ပထမဆုံးသော တံဆိပ်ခေါင်းကက်တလောက်ကိုလည်း ပုံနှိပ်ထုတ်ဝေခဲ့သူ ဖြစ်သည်။

၂။ တံဆိပ်ခေါင်းပညာ (Philately)၏ ဝါသနာခွဲများမှာ (၁) Decalcomania စတစ်ကာနှင့် အညွှန်းကတ်များကို လေ့လာသည့်ဝါသနာ၊ (၂) Deltiology မှာ ရုပ်ပုံပို့စကတ်များကို လေ့လာသည့် ဝါသနာ၊ (၃) Erinnophily မှာ အထိမ်းအမှတ်အညွှန်းကတ်များကိုလေ့လာသည့် ဝါသနာ၊ (၄) Marcophily မှာ စာတိုက်မှ ထုနှိပ်သော အမှတ်အသားများကို လေ့လာသည့်ဝါသနာ၊ (၅) Maximaphily မှာ မက်ဆီမန်ကတ်များကို လေ့လာသည့်ဝါသနာနှင့် Philometry မှာ စာပို့မီတာအမှတ်အသားများကို လေ့လာသည့် ဝါသနာတို့ ဖြစ်သည်။


၃။ စတင်လေဂစ်ဘွန်း (Stanley Gibbons)ကုမ္ပဏီ၏ အဆုံးအစွန်များမှာ (၁) ယနေ့တိုင်ဆက်လက်လုပ်ကိုင်လျက်ရှိသော ရှေးအကျဆုံးတံဆိပ်ခေါင်းကုမ္ပဏီ၊ (၂) တံဆိပ်ခေါင်းများကို လက်လီရောင်းချသည့်အကြီးဆုံးကုမ္ပဏီ၊ (၃) တံဆိပ်ခေါင်းကက်တလောက်များကို ယနေ့တိုင်ထုတ်ဝေနေသည့်ရှေးအကျဆုံးသောကုမ္ပဏီ၊ (၄) တစ်အုပ်တည်းချုပ်လုပ်ထုတ်ဝေသော ကမ္ဘာ့အကြီးဆုံးကက်တလောက်ထုတ်ဝေသည့်ကုမ္ပဏီ၊ (၅) တံဆိပ်ခေါင်းလောက၌ တစ်ကြိမ်တည်း တံဆိပ်ခေါင်းအများဆုံး(ဒေါ်လာ ၁ ကုဋေဖိုး) ဝယ်ယူသည့် ကုမ္ပဏီ၊ (၆) တံဆိပ်ခေါင်းထုတ်ဝေ၍ဂုဏ်ပြုခံရသည့် တစ်ခုတည်းသောတံဆိပ်ခေါင်းကုမ္ပဏီ၊ (Ajmanနိုင်ငံမှ ၁၉၆၅ ခုနှစ်၌ စတင်လေဂစ်ဘွန်းတံဆိပ်ခေါင်းကက်တလောက်ရာပြည့်ဂုဏ်ပြုတံဆိပ်ခေါင်း) တို့ ဖြစ်သည်။

၄။ ယနေ့တိုင် ဆက်လက်တည်ရှိသော ရှေးအကျဆုံး တံဆိပ်ခေါင်းအသင်းကြီးမှာ လန်ဒန်မြို့ရှိ တော်ဝင်တံဆိပ်ခေါင်းအသင်းကြီး (Royal Philatelic Society) ဖြစ်ပြီး ၁၈၆၉ ခုနှစ်က စတင်တည်ထောင်ခဲ့သည်။

**□ မြန်မာ့တံဆိပ်ခေါင်းဆိုင်ရာ အဆုံးအစွန်များ**

၁။ **မြန်မာနိုင်ငံ၏ ပထမဆုံးစာတိုက်** မှာ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲအပြီး ရခိုင်ဒေသနှင့် တနင်္သာရီဒေသတို့ကို အင်္ဂလိပ်တို့အားပေးခဲ့ရပြီးနောက် အင်္ဂလိပ်တို့က ရခိုင်ဒေသရှိ စစ်တွေမြို့၌ ၁၈၂၇ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် စာတိုက် ဖြစ်သည်။

၂။ **ရန်ကုန်မြို့၏ ပထမဆုံးစာတိုက်မှူး** မှာ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ၁၈၄၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်၌ ရန်ကုန်မြို့တွင် ပထမဆုံးစာတိုက်ဖွင့်လှစ်ခဲ့သည်။ ထိုစာတိုက်မှာ





**ဗိုလ်ချုပ်ကြီးနေဝင်းအား ဂုဏ်ပြုထုတ်[...]**
**အထူးစာတိုက်အမှတ်အသား**
**(ပါကစ္စတန်နိုင်ငံ ၁၉၆၅-ခုနှစ်)**

ယနေ့ ဒဂုံမြို့နယ်နေရာတွင် တည်ရှိခဲ့ပြီး စာတိုက်မှူးအဖြစ် စီ၊ အမ်၊ ခရစ် (C.M. Crisp) ကို ခန့်အပ်ခဲ့သည်။

၃။ **ပြည်ပခရီးစဉ်၌ အထူးစာတိုက်အမှတ်အသား ထုတ်ဝေ၍ ဂုဏ်ပြုခြင်းခံရသော ပထမဆုံးမြန်မာ့ခေါင်းဆောင်**မှာ ၁၉၆၅ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သော တော်လှန်ရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်ကြီးနေဝင်းဖြစ်ပြီး လာဟိုးစာတိုက်၏ ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့စွဲပါ အထူးစာတိုက်အမှတ်အသား ထုနှိပ်ပေးခဲ့ခြင်း ဖြစ်သည်။

၄။ **ပြည်ပနိုင်ငံတစ်ခုမှ တံဆိပ်ခေါင်းထုတ်ဝေ၍ ဂုဏ်ပြုခြင်းခံရသော ပထမဆုံးမြန်မာလူမျိုး**မှာ ကုလသမဂ္ဂ ယခင်အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့် ဖြစ်ပြီး ၁၉၆၆ ခုနှစ် မက်ဆီကိုခရီးစဉ်[...] တံဆိပ်ခေါင်းထုတ်ဝေ၍ ဂုဏ်ပြုခဲ့ခြင်း ဖြစ်သည်။ ဦးသန့်ပုံဖြင့် အထိမ်းအမှတ် တံဆိပ်ခေါင်းတစ်မျိုးကို မက်ဆီကိုနိုင်ငံ[...] ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ထုတ်ဝေခဲ့သည်။

၅။ **မြန်မာနိုင်ငံ၏ ပထမဆုံးတံဆိပ်ခေါင်းအထိမ်းအမှတ် မှတ်တမ်းလွှာ (Souvenir Sheet)** မှာ ၁၉၇၁ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်၌ ထုတ်ဝေခဲ့သော ပထမ[...] အကြိမ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ[...] ညီလာခံကိုဂုဏ်ပြုသည့် တံဆိပ်ခေါင်း[...] အထိမ်းအမှတ် မှတ်တမ်းလွှာဖြစ်သည်။ ထူးခြားချက်မှာ ထိုမှတ်တမ်းလွှာပေါ်[...] အင်္ဂလိပ်ဘာသာဖြင့်သာ ပုံနှိပ်ထားခြင်း ဖြစ်သည်။

၆။ **မြန်မာ့ ပထမဆုံး အနားကွပ်ဘောင်မပါသော တံဆိပ်ခေါင်းများ**[...] (၂၅)နှစ်မြောက် ကုလသမဂ္ဂကလေး[...] ရန်ပုံငွေအဖွဲ့ကို ဂုဏ်ပြုထုတ်ဝေ[...] (၁၅) ပြားနှင့် (၅၀) ပြားတန် တံဆိပ်ခေါင်းနှစ်မျိုးဖြစ်သည်။ ထိုတံဆိပ်ခေါင်း[...] နှစ်မျိုးမှာ မြန်မာ့ပထမဆုံး စတုရန်း[...] တံဆိပ်ခေါင်းများလည်းဖြစ်ပြီး ၁၉[...] ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ထုတ်ဝေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

၇။ **မြန်မာ့ ပထမဆုံး သုံးထောင့်ပုံ စာတိုက်အမှတ်အသား**ကို ၁၉၈၂ ခုနှစ်၊ ဧပြီလ ၁၀ ရက်၌ ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဂုဏ်ပြုထုတ်ဝေသော ပထမနေ့တံဆိပ်ခေါင်းကပ်စာအိတ်ပေါ်တွင် ထုနှိပ်ပေးခဲ့သည်။

၈။ **မြန်မာ့အရွယ်အစားအကြီးဆုံး စာပို့တံဆိပ်ခေါင်း**မှာ ၁၉၇၄ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ထုတ်ဝေသော ပထမအကြိမ်ပြည်သူ့လွှတ်တော်ဂုဏ်ပြုအထိမ်းအမှတ် တံဆိပ်ခေါင်းဖြစ်ပြီး အရွယ်အစားမှာ (၃၀×၈၄) မီလီမီတာရှိသည်။

၉။ မြန်မာ့အရွယ်အစားအသေးဆုံးစာပို့တံဆိပ်ခေါင်းမှာ ၁၉၄၀ ပြည့်နှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ထုတ်ဝေခဲ့သော (၁)ပိုင်တန် သတင်းစာပို့တံဆိပ်ခေါင်းဖြစ်ပြီး အရွယ်အစားမှာ (၂၀.၃၂ ×၂၄.၁၃) မီလီမီတာသာရှိသည်။

၁၀။ **မြန်မာ့စာပို့ခတန်ဖိုးအကြီးဆုံးတံဆိပ်ခေါင်း**မှာ ၁၉၃၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ထုတ်ဝေခဲ့သည့် မြန်မာ့ပထမဆုံး အစဉ်သုံး တံဆိပ်ခေါင်းများမှ (၂၅) ရူပီးတန်တံဆိပ်ခေါင်း ဖြစ်သည်။ ထိုခေတ်က ထိုမျှသော ငွေကြေးဖြင့် ရွှေ (၂) ကျပ်သားနီးပါးခန့် ဝယ်ယူနိုင်သည့် တန်ဖိုးရှိသည်။ ငွေကြေးစနစ်အသစ် (ကျပ်ပြား) ၌ စာပို့ခတန်ဖိုး အကြီးဆုံးတံဆိပ်ခေါင်းမှာ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုတံဆိပ်ခေါင်းဖြစ်ပြီး စာပို့ခတန်ဖိုးမှာ (၁၂၀၀) ကျပ်ဖြစ်သည်။

၁၁။ **မြန်မာ့စာပို့ခတန်ဖိုးအနည်းဆုံးတံဆိပ်ခေါင်း**မှာ ၁၉၄၀ ပြည့်နှစ်၊ ဩဂုတ် ၁ ရက်နေ့တွင် ထုတ်ဝေသည့်




**မြန်မာ့တန်ဖိုးအနည်းဆုံး တံဆိပ်ခေါင်းအဆိုပြုသူ ဦးဘလှိုင် ဂုဏ်ပြုပုံဖော်ရုပ်**

(၁) ပိုင်တန် တံဆိပ်ခေါင်းဖြစ်သည်။ ထိုတံဆိပ်ခေါင်းမှာ သတင်းစာများပို့ရန် သီးသန့်စာပို့ခနှုန်းအဖြစ် သတ်မှတ်နိုင်ရေးအတွက် ပါလီမန်အမတ် ဦးဘလှိုင် အဆိုတင်သွင်းခဲ့သောကြောင့် ထုတ်ဝေခဲ့ရခြင်း ဖြစ်သည်။ ဤတံဆိပ်ခေါင်းမှာ မြန်မာ့စာပို့ခအနည်းဆုံးတံဆိပ်ခေါင်းသာမဟုတ် ဗြိတိသျှအင်ပါယာအတွင်း၌လည်း စာပို့ခတန်ဖိုးအနည်းဆုံးတံဆိပ်ခေါင်းဖြစ်သည်။ နိုင်ငံတကာငွေကြေးဖြင့် တန်ဖိုးကို မြင်သာအောင်ပြရပါက ဗြိတိသျှငွေကြေး (၂၅) ပဲနီမှာ အကြမ်းအားဖြင့် (၄၀၀၀)ပိုင်နှင့် ညီမျှပေသည်။

၁၂။ **မြန်မာ့ပထမဆုံး ဂုဏ်ပြုအထိမ်းအမှတ် တံဆိပ်ခေါင်း**မှာ ၁၉၄၀ ပြည့်နှစ်၊ မေလ ၆ ရက်နေ့တွင် ထုတ်ဝေခဲ့သော ကမ္ဘာပေါ်၌ တံဆိပ်ခေါင်းထုတ်ဝေခဲ့သည့် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်တံဆိပ်ခေါင်း ဖြစ်သည်။ တံဆိပ်ခေါင်းမှာ ကရဝိက်ဖောင်ဒီဇိုင်းဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် 'အထိမ်းအမှတ်၊ ပဲနီစာပို့ခ ၁၈၄၀၊ မေလ ၆' ဟူသော ထပ်ဆင့်ရိုက်ချက်နှင့် တန်ဖိုးပြောင်းထပ်ဆင့်ရိုက်ထားသော တံဆိပ်ခေါင်းဖြစ်သည်။

၁၃။ **မြန်မာ့ပထမဆုံးဗုဒ္ဓသာသနာဆိုင်ရာ တံဆိပ်ခေါင်း**မှာ ထုတ်ဝေရန် ရည်ရွယ်ခဲ့သော်လည်း မထုတ်ဝေဖြစ်ခဲ့သည့် ဂျပန်ခေတ်က ရွှေတိဂုံစေတီပုံ တံဆိပ်ခေါင်းဖြစ်သည်။ သို့သော် အမှန်တကယ်ထုတ်ဝေသုံးစွဲခဲ့သည့် ပထမဆုံး ဗုဒ္ဓသာသနာဆိုင်ရာတံဆိပ်ခေါင်းများမှာ ၁၉၅၄ ခုနှစ် မေလ ၁၅ ရက်နေ့တွင် ထုတ်ဝေခဲ့သည့် ဆဋ္ဌသင်္ဂါယနာအထိမ်းအမှတ်တံဆိပ်ခေါင်းများ ဖြစ်သည်။

၁၄။ **မြန်မာနိုင်ငံအမည်ကို တံဆိပ်ခေါင်းဒီဇိုင်း၌ ပထမဆုံးပုံနှိပ် ထုတ်ဝေခဲ့သည့် တံဆိပ်ခေါင်းများ**မှာ မြန်မာနိုင်ငံ၏ ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်တွင် ထုတ်ဝေသော အစဉ်သုံး တံဆိပ်ခေါင်းများ ဖြစ်သည်။

၁၅။ **မြန်မာနိုင်ငံမှ ထုတ်ဝေသော်လည်း နိုင်ငံအမည်နှင့် စာပို့ခတို့မပါရှိသော မြန်မာ့တံဆိပ်ခေါင်း**မှာ ဂျပန်ခေတ် ၁၉၄၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင်ထုတ်ဝေခဲ့သည့် ယာန်ကိုတံဆိပ်ခေါင်းဖြစ်သည်။ ပုံနှိပ်ခဲ့ခြင်းမရှိသော်လည်း စာပို့ခတန်ဖိုး (၁) ပဲအဖြစ် သုံးစွဲခဲ့ကြရသည်။

□ **အကြံပြုချက်**

အထက်ဖော်ပြပါ တံဆိပ်ခေါင်းဆိုင်ရာစံချိန်များမှာ ဂင်းနစ်စံချိန်စာအုပ်ကြီးထဲမှ အနည်းအငယ်ကို ရွေးချယ်၍ တံဆိပ်ခေါင်းဆိုင်ရာအဆုံးအစွန်များ၏ သဘောကိုသိရှိစေရန် တင်ပြထားခြင်းဖြစ်သည်။ ထိုစာအုပ်ကြီးထဲ၌ စိတ်ဝင်စားဖွယ်ရာ တံဆိပ်ခေါင်းဆိုင်ရာအချက်အလက်မြောက်မြားစွာ ကျန်ရှိနေပေသေးသည်။

ဤဆောင်းပါး၌ မြန်မာတံဆိပ်ခေါင်းများနှင့် ပတ်သက်၍ 'အဆုံးအစွန်များ' ဟူသော ခေါင်းစဉ်ငယ်တပ်၍ဖော်ပြခဲ့ပြီး 'စံချိန်' ဟူသော စကားလုံးကိုအသုံးမပြုခဲ့ပေ။ ဖော်ပြခဲ့သော မြန်မာ့အဆုံးအစွန်များမှာ ဝါသနာရှင်တစ်ဦး၏ရှာဖွေတွေ့ရှိချက်များမှ ကောက်နုတ် ဖော်ပြခြင်းသာဖြစ်ပြီး မည်မျှပြည့်စုံသည်၊ မည်မျှမှန်ကန်သည်ကို တာဝန်ခံအတည်ပြုထားခြင်းမရှိပေ။ အမှန်မှာ မြန်မာ့တံဆိပ်ခေါင်းဆိုင်ရာ အဆုံးအစွန်များနှင့် ပတ်သက်၍ ရှာဖွေ၊ ဖော်ထုတ်၊ ပြုစုရန်များစွာကျန်ရှိနေပေသေးသည်။ စင်စစ် တံဆိပ်ခေါင်းဆိုင်ရာအဆုံးအစွန်များမှာ မှတ်တမ်းတင်သင့်သောအချက်အလက်များ ဖြစ်ပေသည်။ ထိုအချက်အလက်များကို မှတ်တမ်းသက်သက်အဖြစ်သာမက သမိုင်းဆိုင်ရာမှတ်တမ်းဟူ၍လည်း မှတ်ယူနိုင်သည်။ ဤကဲ့သို့ သမိုင်းမှတ်တမ်းတင်ရမည့် အချက်အလက်များကို သက်ဆိုင်ရာ အစိုးရဌာနတစ်ခုဖြစ်သည့် 'မြန်မာ့စာတိုက်လုပ်ငန်း'မှ တရားဝင်အသိအမှတ်ပြု၍ 'စံချိန်'အဖြစ် ထိန်းသိမ်းထားရှိအပ်ပေသည်။ ရန်ကုန်မြို့ အခြေစိုက်ယာယီတံဆိပ်ခေါင်းအသင်းအမှုဆောင်များကလည်း အထောက်အထားများရှာဖွေကာ မြန်မာ့တံဆိပ်ခေါင်းဆိုင်ရာစံချိန်များကို ရှာဖွေဖော်ထုတ်၍ တံဆိပ်ခေါင်းဝါသနာရှင်များကို တင်ပြသင့်ပေသည်။

**ကြည်လွင်**

**ကိုးကားမှုများ -**

၁။ Wikipaedia (2016), "Guinness Book of World Records".

၂။ J. Mackay (1982) The Guinness Book of Stamps - Facts and Feats. Guinness Superlatives Ltd.

၃။ ဦးအောင်ကို (၂၀၁၆) 'မြန်မာ့တံဆိပ်ခေါင်းဆိုင်ရာ အဆုံးအစွန်များ' လက်ကမ်းဆိုမေးမြန်းခြင်း

www.burmeseclassic.com

www.burmeseclassic.com

ယခု မျက်မှောက်ခေတ်ကာလသည် ဘုရားသာသနာတော်နှင့်ကြုံကြိုက်နေကြရသည့်အချိန်ဖြစ်သည်နှင့်အညီ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော သံသရာမှလွတ်မြောက်ရာလွတ်မြောက်ကြောင်းတရားတော်များအား နာကြားပွားများအားထုတ်ခွင့်ရနေကြ၍ အချိန်ကောင်းအခါကောင်းဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအတွက် အားတက်ဝမ်းမြောက်ဖွယ်ဖြစ်ရလေ၏။

မြန်မာလူမျိုးတို့၏ စိတ်အစဉ်၌လည်း ရသည့်အခွင့်ရေးကို လက်လွှတ်မခံကြဘဲ သံသရာမှလွတ်မြောက်နိုင်ရန်အတွက် ရတနာသုံးပါးကို ဦးထိပ်ထားလျက် ကုသိုလ်ကောင်းမှုများကို တွတ်တွတ်အားသရွေ့ပြုလုပ်ကြခြင်း၊ ဝိပဿနာတရားများကို ကြိုးစားအားထုတ်ကြခြင်း၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်များအား ဆရာတော်သံဃာတော်တို့မှ လက်ဆင့်ကမ်းဟောကြားတော်မူကြသည်များကို နာကြားလိုက်နာ ကျင့်ကြံ ကြိုးစားပွားများအားထုတ်ကြခြင်းဖြင့် ကုသိုလ်ရေးကိုအလေးထားလျက်ရှိနေကြသည်ကဖြင့် အားရကျေနပ်စရာပင်ဖြစ်နေတော့သည်။

သို့ပါသော်လည်း ထိုသို့ သံသရာမှလွတ်မြောက်ရာလွတ်မြောက်ကြောင်းတရားများကို ကျင့်ကြံကြိုးကုတ်ကြိုးစားအားထုတ်နေကြသည့်တိုင် စွဲလမ်းမှုဆိုသော မိမိရင်ထဲက ဥပါဒါန်ဟုခေါ်သည့်ဆန္ဒရာဂကို မဖြတ်နိုင်ကြလေတော့ ထိုစွဲလမ်းမှု၏ အကျိုးပေးမကောင်းမှုများကြောင့် တမလွန်အထိ လိုက်ပါခဲ့

# ငွေလသာ (တွံတေး)

# စွဲလမ်းခြင်းဟူသည်





www.burmeseclassic.com

www.burmeseclassic.com

ပေးနေကြသည့်အဖြစ်များအား ကြားသိလိုက်ရသောအခါ အလွန်ပင်စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရလေသည်။

ထိုသို့ ကြားရသိရချိန်တွင် ထိုအကြောင်းအရာများနှင့် စပ်လျဉ်း၍ ဆရာတော်ရဝေနွယ်(အင်းမ) ရေးသားတော်မူသော 'မစွဲလမ်းပါနဲ့' ဆိုသည့် အိတ်ဆောင်တရားစာအုပ်လေးတွင်ပါရှိသော စာပိုဒ်လေးအား သတိတရရှိရပါသည်။

□ စွဲလမ်းတာဟာ သက်ရှိကိုစွဲလမ်းတာလည်း မကောင်းဘူး။ သက်မဲ့ကို စွဲလမ်းတာလည်း မကောင်းဘူး။ ဒဏ္ဍပွန်မှာပူလောင်ရသလို တမလွန်ဘဝမှာလည်း ပူလောင်ရသည်. . .

ဟု ရေးသား ဆုံးမထားသည်ကို အောက်မှတ်သားရခြင်း ဖြစ်လေသည်။

ထိုစာအုပ်လေးကို စာရေးသူဖတ်လိုက်မိချိန်ကတည်းက အတွေးတစ်ခုဝင်နေခဲ့သည်။ ထိုအကြောင်းအရာနှင့်သက်ဆိုင်သော စာမူကလေးတစ်ပုဒ် ရေးသားရန် စိတ်ကူးမိခြင်း ဖြစ်သည်။ ထို့ကြောင့် အကြောင်းအကျိုး သက်ဆိုင်သော အကြောင်းအရာများကို စုစည်းနေစဉ် စိတ်မချမ်းမြေ့ဖွယ်သတင်းများကို ကြားရပြန်တော့ ပို၍ရေးဖြစ်ရန် အကြောင်းဖန်လာခဲ့မှ ယခု ရေးသားသောစာမူလေးဖြစ်ပေါ် လာရလေသည်။

များသောအားဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် ကုသိုလ်ကောင်းမှုများကို ကြိုးစားပြုလုပ်၍ ဝိပဿနာတရားများကို ကြိုးစားအားထုတ်နေကြသည်နှင့်အညီ ဆရာတော်သံဃာတော်အပေါင်းတို့မှာ ဟောကြားတော်မူအပ်သောတရားဒေသနာများကို နာယူမှတ်သားကြခြင်းဖြင့်လည်းကောင်း၊ ဆရာတော် သံဃာတော် အရှင်သူမြတ်များ ရေးသားဆုံးမတော်မူသော တရားစာအုပ်များကို လေ့လာဖတ်ရှုသားကြခြင်းဖြင့် လည်းကောင်း စွဲလမ်းမှု၏ဆိုးကျိုးများ၊ စွဲလမ်းမှု၏ ကောင်းကျိုးပေးပုံများကို သိထားသင့်သလောက်သိထားကြပြီးဖြစ်သလို နားလည်သင့်သလောက်လည်း နားလည်နေကြပြီးဖြစ်ကြပါသည်။

သို့သော်လည်း မသိနားမလည်ကြသေးသော မောင်ငယ်၊ ညီမငယ်များ သိရှိနားလည်သဘောပေါက်နိုင်ကြစေရန်နှင့် သိရှိပြီးကြသူများလည်း ပို၍သိရှိနားလည် သဘောပေါက်နိုင်ကြစေရန် ရည်သန်၍ ဆရာတော်ရဝေနွယ်(အင်းမ) ရေးသားတော်မူသော အိတ်ဆောင်တရားစာအုပ်လေးထဲမှ သားဖြစ်သူကို စွဲလမ်းစိတ်ကြောင့် မြွေခွေးမကြီးဖြစ်သွားရရှာသော ဇာတ်လမ်းလေးတစ်ပုဒ်အား ရေးသားတင်ပြရင်း စာရေးသူ၏ မောင်ဝမ်းကွဲလေး တစ်ယောက်ပြောပြသော သူ၏ကိုယ်တွေ့ဖြစ်ရပ်လေးနှစ်ခုကိုပါ စုပေါင်း ရေးသား တင်ပြလိုက်ပါသည်။

### ဆရာတော် ရဝေနွယ် (အင်းမ) ရေးသားဆုံးမတော်မူသော မစွဲလမ်းပါနဲ့

တစ်ခါတုန်းက ဘုရားအလောင်းတော်ဟာ သူခိုးငါးရာကိုအုပ်ချုပ်နေတဲ့ ခိုးသူမှူးကြီးဖြစ်နေခဲ့ပါတယ်။ အဲဒီအချိန်ကာလမှာပဲ ဗာရာဏသီပြည်က သူဌေးတစ်ယောက်ဟာ ဇနပုဒ်သားတစ်ဦးကို အသပြာတစ်ထောင်ချေးထားပါတယ်။ ချေးထားတဲ့ အသပြာတစ်ထောင်ပြန်မရခင်မှာဘဲ သူဌေးကသေသွားပါတယ်။

သူဌေးနဲ့ မရှေးမနှောင်းမှာဘဲ သူဌေးရဲ့ဇနီးလည်း မကျန်းမမာဖြစ်လာပါတယ်။ ငွေချေးထားတဲ့အကြောင်းကို သူဌေးရဲ့ဇနီးက ကောင်းကောင်းသိပါတယ်။ ဒါကြောင့် သူသေသွားရင် သားဖြစ်သူ မရမှာစိုးလို့ 'သားရေ သင့်အဖေဟာ ဇနပုဒ်သားကို အသပြာတစ်ထောင် ချေးထားတယ်။ တကယ်လို့ အမေပါ သေသွားရင် အဲဒီအသပြာတစ်ထောင်ကို သားကိုပေးတော့မှာ မဟုတ်ဘူး။ အခုကတည်းက သွားတောင်းချေ' ဆိုပြီး ကြွေးတောင်းလွှတ်လိုက်ပါတယ်။

သားသွားနေတုန်းမှာပဲ မိခင်ဖြစ်သူဟာ သားကိုစွဲလမ်းစိတ်နဲ့သေသွားပါတယ်။ စွဲလမ်းစိတ်နဲ့ သေသွားတာဆိုတော့ ဥပပါတ်မြွေခွေးမဖြစ်သွားရရှာပါတယ်။ အသပြာအကြွေးတစ်ထောင်ရလာတဲ့သားက တောအုပ်အဝကိုရောက်လာတဲ့အခါ မြွေခွေးမက တောထဲမှာ ဘုရားအလောင်း ခိုးသူမှူးကြီးအုပ်စုရှိနေလို့ မသွားစေလိုလို့ ဟောင်ဟောင်ပြီးတားရှာပါတယ်။ ဒါကို မသိတဲ့သားလုပ်သူက ခဲနဲ့ပေါက်ပစ်လိုက်ပါတယ်။

ဒီအချိန်မှာ ရန်သူဖြစ်ခဲ့ဖူးတဲ့ ခေါက်ရှာငှက်က ခိုးသူတွေကို အချက်ပြပါတယ်။ ဘာမှမသိရှာတဲ့လုလင်ငယ်က ခေါက်ရှာငှက်ရဲ့အသံကြားတော့ ငါ့အတွက် မင်္ဂလာနိမိတ်ပဲဆိုပြီး လက်အုပ်ချီလိုက်ပါသတဲ့။ ဒါကို ဘုရားအလောင်းခိုးသူကြီးက တစ်နေရာကနေ အစအဆုံးတွေ့နေရပါတယ်။ ဘုရားအလောင်းဟာ သတ္တဝါတွေရဲ့အသံကို ကောင်းကောင်းသိပါတယ်။ နောက်ဆုံးတော့ လုလင်ငယ်ဟာ ခိုးသူတွေရဲ့လက်တွင်းကို ရောက်သွားပါတယ်။ အစအဆုံးသိနေတဲ့ ဘုရားအလောင်းခိုးသူကြီးက လုလင်ငယ်ဆီက ငွေကိုမယူပါဘူး။ အဖြစ်မှန်ကိုပဲ ပြောပြပါတယ်။

"သင့်အမေဟာ သင့်ကိုစွဲလမ်းစိတ်နဲ့ သေသွားတဲ့အတွက် မြွေခွေးမဖြစ်နေရှာတယ်။ လမ်းမှာတွေ့တဲ့ မြွေခွေးမဟာ သင့်အမေပဲ။ ခေါက်ရှာငှက်ကတော့ သင့်ရဲ့ရန်သူဖြစ်ခဲ့ဖူးသူပဲ။ သင့်အမေ သင့်အတွက် သိပ်ကျေးဇူးများတယ်။ အမေ့ရဲ့ကျေးဇူးကို အာရုံပြုပြီး သင့်ရဲ့ အသပြာတစ်ထောင်ကိုယူသွားပါတော့"

လို့ ပြောပြီး ပြန်လွှတ်လိုက်ပါတယ်။

ဤဇာတ်လမ်းလေးကို ဖတ်ရပြီးချိန်မှာတော့ စွဲလမ်းမှု၏နောက်ကွယ်မှ မကောင်းမှုဆိုးကျိုးများကို တွေ့ကြရမှာဖြစ်ပါသည်။

လုလင်ငယ်၏မိခင်သည် အသက်ရှင်စဉ်ကလည်း အသပြာတစ်ထောင်ပြန်မရမှာ စိုးရိမ်ပူပန်နေခဲ့ရပြီး သားဖြစ်သူ ကြွေးသွားတောင်းတော့လည်း သားကို စွဲလမ်းစိတ်နှင့် စိုးရိမ်ပူပန်နေခဲ့ရလေသည်။ သေလွန်ပြီး တမလွန်ဘဝမှာပင် သားကို စွဲလမ်းစိတ်ကြောင့် မြွေခွေးမဖြစ်နေသည့်တိုင် နောက်ကတကောက်ကောက်လိုက်ပြီး စောင့်ရှောက်နေပြန်သေးတော့သည်။

ခေါက်ရှာငှက်ကို ကြည့်ပြန်လျှင်လည်း အတိတ်မှ ရန်သူဖြစ်ခဲ့ဖူးသူလုလင်ငယ်အား တိရစ္ဆာန်ဘဝသို့ကူးပြောင်းသွားတာတောင် ရန်ငြိုးမပြေဘဲ အငြိုးအတေးစွဲလမ်းစိတ်ဖြင့် လုလင်ငယ် ဒုက္ခရောက်အောင် ဖန်တီးခဲ့လေသည်။

ထိုအကြောင်းအရာတို့ကိုထောက်ရှုခြင်းဖြင့် စွဲလမ်းမှုဟူသည် ဘယ်သောအခါမှ ကောင်းကျိုးကိုမပေးနိုင်ကြောင်း ထင်ရှားလှပေသည်။

ထို့ကြောင့်လည်း ဆရာတော်မှ သံဝေဂရကြစေရန် သတိပေးဆုံးမစာလေး ရေးသားဆုံးမခြင်း ဖြစ်ပေလိမ့်မည်။

□



www.burmeseclassic.com

www.burmeseclassic.com

ယခုတစ်ခါ စာရေးသူ၏ မောင်ဝမ်းကွဲလေးပြောပြသော သူဘုန်းကြီးကျောင်းသားဘဝမှ တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်လေးနှင့် သူအရွယ်ရောက်၍ လုပ်ငန်းခွင်ထဲဝင်ချိန်တွင် တွေ့ကြုံခဲ့ရသော ကိုယ်တွေ့ဖြစ်ရပ်လေးနှစ်ခုအား ရေးသား တင်ပြလိုက်ပါသည်။

သူဘုန်းကြီးကျောင်းသားဘဝငယ်စဉ်အချိန်က ဖြစ်ပျက်တွေ့ကြုံခဲ့သောအဖြစ်အပျက် ဆိုသော်လည်း ယနေ့တိုင်မမေ့နိုင်ဟု ဆိုလေသည်။

သူဘုန်းကြီးကျောင်းသားလုပ်ခဲ့သော ကျောင်းဝင်းအတွင်း၌ သိမ်ဆောက်သောအချိန်က ဖြစ်၏။ သိမ်ဆောက်ရာတွင် လက်သမား(၅)ယောက် ကျောင်းသို့ရောက်လာခဲ့သည်။ ထိုငါးယောက်တွင် လက်သမားခေါင်းဆောင်၌ သားနှစ်ယောက်ပါ၍ ‟တပည့်နှစ်ယောက်နှင့် အားလုံး ငါးယောက် ဖြစ်သည်။ သိမ်သည် သစ်ဖြင့်ဆောက်သောကြောင့် တူထုသံများ၊ လွှဖြတ်သံများဖြင့် တစ်နေ့တစ်နေ့ ဆူညံနေတော့သည်။

ထိုသို့ နေ့စဉ်ရက်ဆက် ကြိုးစားပန်းစားလုပ်နေကြရင်း ကြမ်းခင်းတွေခင်းပြီးချိန်တွင် လက်သမားများ လေးငါးခြောက်ရက်ပျောက်သွားကြလေသည်။ သူတို့ဘယ်သွားကြသည်၊ ဘာကြောင့်ပျောက်သွားကြသည်ကို ‘မသိချင်ခဲ့၊’ ကလေးသဘာဝ အသစ်ဆောက်ထားသော ကျောင်းကြီးပေါ်တွင် အိပ်ရလျှင် အေးနေမှာပဲဆိုသည့်အတွေးပဲဝင်နေမိ၏။ ထို့ကြောင့် ကျန်ကျောင်းသားများကို အဖော်ညှိမိသည်။ ကျောင်းတွင် ကျောင်းသားက (၁၀) ယောက်ရှိလေရာ (၆) ယောက်က သဘောတူ၍ ကျန် (၄) ယောက်က ငြင်းကြသည်။ သူတို့အိပ်နေကျဘုရားခန်းရှေ့တွင်ပင် အိပ်ကြမည်ဟု ဆိုသည်။

ဖြစ်ချင်တော့ ထိုနေ့မနက်ကတည်းက ကျောင်းထိုင်ဆရာတော်အား တောမှလာပင့်သွားသဖြင့် ဆရာတော် ဒီညပြန်မရောက်မှန်းသိ၍ ပိုပြီးပျော်သွားကြ၏။ ညကျတော့ တိုင်ပင်ထားကြသည့်အတိုင်း (၆) ယောက်သား သိမ်ပေါ်တွင် တက်အိပ်ကြလေသည်။ အမိုးအကာမရှိသေးသောကြောင့် လေတဖြူးဖြူးနှင့် အိပ်၍ပင်ကောင်းသောကြောင့် ဇိမ်ကျနေကြလေသည်။

အိပ်ပျော်နေစဉ် နားထဲတွင် တူထုသံလိုလို၊ လွှဖြတ်သံလိုလိုကြားသောကြောင့် မျက်လုံးကို ဖျတ်ခနဲဖွင့်ကာ



နားစွင့်လိုက်မိသည်။ ဒီအချိန် ဘယ်ကထုနေတာဖြစ်မလဲဆိုပြီး သတိထားနားထောင်မိတော့ ကိုယ်အိပ်နေတဲ့ခြေရင်းကလိုလို၊ ခေါင်းရင်းကလိုလိုနှင့် ဇဝေဇဝါတွေဖြစ်နေတော့သည်။

နားစွင့်ရင်းနားစွင့်ရင်းနှင့် စိတ်တွေချောက်ချားလာပြီး ဘေးကအဖော်အား လက်ကုတ်ကာ နှိုးလိုက်မိသည်။ သူကလည်း နိုးနေပြီး သူလည်းကြားတယ် အသာနေဆိုသည့်ပုံစံနှင့် လက်ကာပြကာ လက်နှစ်ချောင်းပေါင်ကြားထဲ ပြန်ညှပ်ရင်း မျက်လုံးကိုအတင်းမှိတ်ထားတော့သည်။ ဒီတော့မှ ပို၍ကြောက်စိတ်ဝင်လာကာ ကြက်သီးများပင်ဖြန်းခနဲဖြန်းခနဲထလာပြီး ကြောက်ကြောက်နှင့် ထထိုင်မိလျက်သားဖြစ်သွားရ၏။

သူလည်း ထထိုင်လိုက်ရော ကျန်တဲ့ငါးယောက်ကပါ မတိုင်ပင်ရပါဘဲ အတင်းကျုံးထကြကာ သိမ်ပေါ်ကနေ ပြိုင်တူပြေးဆင်းကြရင်း ကျောင်းကြီးပေါ်သို့ လှေကားထစ်များအတိုင်း ကသောကမျောတက်လာမိကြလေ၏။ ကျောင်းကြီးပေါ်ရောက်သည်နှင့် ကျောင်းတံခါးကို အလုအယက်ခေါက်နေမိကြ၏။ ဘုရားခန်းရှေ့တွင် အိပ်နေသော ကျောင်းသားများ နိုးသွား၍ တံခါးလာဖွင့်ပေးသောကြောင့် ကျောင်းပေါ်သို့ အပြေးတက်ရင်း ကျောင်းတိုင်ကိုမှီ၍ သက်ပြင်းကိုယ်စီချလျက် အမောဖြေကြရလေသည်။

မနက်လည်းကျရော ကျောင်းစောင့်ထားခဲ့သောကိုယ်တော်၏ရိုက်ချက်ကြောင့် အတော်လေးအီသွားခဲ့ရသည်။ ဒါပေမယ့် သိမ်ဘက်ကိုတော့ ခြေဦးတောင်မလှည့်မိကြတော့ပေ။ ဆရာတော်ကြီး ပြန်ကြွလာတဲ့အခါမှာလည်း (၆) ယောက်စလုံး အဆူခံထိ၍ ပိုပြီးငြိမ်ကုပ်နေမိကြသည်။

နောက်သုံးရက်လောက်အကြာမှာ လက်သမားများပြန်ရောက်လာကြသည်၊ သားအဖသုံးယောက်မှာ နှစ်ယောက်ပဲ ပြန်လာတာတွေ့ရ၏။ ရောက်လာတဲ့ လေးယောက်ပဲ အလုပ်ဆက်လုပ်နေကြ ၏။ နောက်မှသိရသည်က လက်သမားခေါင်းဆောင်၏ သားကြီးဖြစ်သူသည် အစာအိမ်ရောဂါဖြင့် ဆုံးသွားကြောင်း သိရလေသည်။ လက်သမားများလည်း ညညဆို အသံများကြားနေရသည်ဟု ပြောကြသည်၊

ထိုသို့ကြုံတွေ့ရပြီး လူကြီးတွေ ပြောစကားအရ လက်သမား၏သားကြီး သည် သိမ်မပြီးသေးတာကို စိတ်စွဲပြီး သူသေသွားသော်လည်း သူ့ဝိညာဉ်က သိမ်မှာအလုပ်လာဆက်လုပ်နေတာဖြစ် မည်ဟုယူဆကြလေသည်။ နေ့ဘက်မှာ ဘာသံမှမကြားရသော်လည်း ညလူခြေ တိတ်ချိန်တွင် သူ၏လှုပ်ရှားမှုများကိုကြား နေရခြင်းဖြစ်ပေလိမ့်မည်ဟု တွက်ဆကြ ၏။

အခြေအနေအားလုံးကို ဆရာ တော်ကြီးသိရှိထား၍ သိမ်ပြီးသွားသည့် အချိန်တွင် သိမ်သမုတ်ပွဲအပြီး၌ သေဆုံး သူအား ရည်စူး၍ အမျှအတန်းများဝေ ဝေလိုက်လေသည်။

သေဆုံးသူသည် သာဓုခေါ်နိုင် သလား၊ မခေါ်နိုင်သလား မသိကြ သော်လည်း ထိုနေ့ထိုအချိန်မှစ၍ ဘာသံမှကြားကြရတော့တာဖြင့် အေး ပင် ဖြစ်သည်။ သိမ်ပြီးသွား၍လည်း ဖြစ်ကောင်းဖြစ်နိုင်သလို သာဓုခေါ်နိုင်၍ ကျွတ်လွတ်သွားတာလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။

ဘယ်သို့ဆိုစေ စွဲလမ်းမှုကြောင့် ရလိုက်သောရလဒ်သည်က ကောင်း မဟုတ်တာတော့ ဧကန်မုချပင်ဖြစ် လေ၏။

နောက်ထပ်သူ့ကိုယ်တွေ့ကတော့ သူအရွယ်ရောက်မှ ထိုင်းဘက်သို့အလု သွားလုပ်ရင်း ကြုံခဲ့ရသည့်အဖြစ်လေး ဖြစ်ပါသည်။

ထိုင်းဘက်သို့ အဖော်ကောင်း အလုပ်သွားလုပ်ဖြစ်သည်။ ရောက် တော့ အလုပ်မှာအဆင်မပြေ၍ အ ဖွေတစ်ခုပြီးတစ်ခု ပြောင်းခဲ့ရသည် နောက်မှအဆက်အသွယ်ကောင်းနှင့် ကာ ပန်းရန်အလုပ်ကိုလုပ်ဖြစ်လေသည် သူ၏အလုပ်ကြိုးစားမှုကြောင့် အချိန်

www.burmeseclassic.com

တွင်းမှာ အလုပ်သမားများကို ဦးဆောင်ရသည့်အလုပ်သမားခေါင်းဆောင်ဖြစ်ခဲ့ရသည်။

တစ်နေ့ အလုပ်လာအပ်၍ သူ့ဆရာက သူ့ကိုအလုပ်ခွဲပေးလိုက်သည်။ အလုပ်သမား(၁၆)ယောက်ကို ဦးဆောင်ကာ အလုပ်လုပ်မည့်နေရာသို့ထွက်ခဲ့ကြလေ၏။ အလုပ်လုပ်ရမည့်နေရာရောက်တော့ အလုပ်ရှင်က ဘေးချင်းကပ်ခြံထဲရှိ တဲကြီးတစ်လုံးတွင်ခေတ္တနေကြရန်နေရာချထားပေး၏။

တဲကြီးဆိုသော်လည်း မိုးလုံလေလုံနှင့် အိမ်နှင့်မခြားကျယ်ဝန်းလေသည်။ သို့သော် အခန်းမရှိဘာမရှိမို့ အကုန်စုအိပ်ရမည့်အခြေအနေကြောင့် အခက်တွေ့နေရသည်။

ကိုယ်က အလုပ်သမား (၁၆) ဦးတို့ အုပ်ချုပ်ရသည့်သူဆိုသောအသိနှင့် အလုပ်သမားတွေနှင့် အတူမအိပ်ချင်သောဆန္ဒကြောင့် အလုပ်ရှင်အဒေါ်ကြီးကို တစ်ယောက်တည်း အိပ်ချင်ကြောင်းပြောပြလိုက်ရာ ခဏကြာတော့ အဒေါ်ကြီးက ခေါက်ခုတင်တစ်လုံးလာပေးပြီး-

"တခြားနေရာတော့ မရှိဘူး။ ဒီတဲထဲကကွက်လပ်မှာပဲ အိပ်ပေါ့"

ဟု ပြောကာပြန်သွားလေသည်။

ဘာပဲဖြစ်ဖြစ် အလုပ်သမားတွေနှင့်ရောမအိပ်ရပြီးရောဆိုပြီး အလုပ်သမားတွေ နေရာယူထားတဲ့ တန်းလျားရှေ့ကကွက်လပ်မှာ ခေါက်ခုတင်ကိုခင်းလိုက်သည်။ ညလည်းကျရော ထိုခုတင်မှာအိပ်ဖြစ်၏။

မှေးခနဲ အိပ်ပျော်သွားစဉ် ခုတင်ကို တွန်းလိုက်သလိုမျိုး ခံစားလိုက်ရသောကြောင့် မျက်လုံးဖွင့်ကြည့်မည်ကြံပြီးမှ ဘာမှထပ်မဖြစ်တော့တာနှင့် ဆက်အိပ်နေလိုက်သည်။ အိပ်ပျော်မည်မှမကြံသေး၊ ထပ်လှုပ်ပြန်သည်။ ဒီတော့မှ မျက်လုံးဖွင့်ကာ ဘေးသို့ကြည့်လိုက်မိသည်။ လန့်ဖျပ်ပြီး ကြက်သီးများပင်ထသွားရ၏။ အကြောင်းမှာ တစ်ကိုယ်လုံးမီးလောင်ထားသလို အသားဖတ်တွေလန်ပြီး နီရဲနေသည့်အပြင် မျက်လုံးကမီးထတောက်မတတ်ကြည့်နေသောလူတစ်ယောက်ကိုတွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ညက သောက်ထားတာများလို့ ကယောင်ကတမ်းဖြစ်သည်အထင်နှင့် မျက်လုံးကိုပြန်မှိတ်ကာ အိပ်ပျော်ရန်ကြိုးစားလိုက်၏။ အိပ်ပျော်ချိန်တောင်မရလိုက်။ ခုတင်ကိုဘယ်လိုလုပ်လိုက်သည်မသိ မြေကြီးပေါ်ကိုမှောက်လျက်သား ပစ်စလက်ခတ်ကိုကျသွားရတော့သည်။

ဒီတစ်ခါတော့ အရက်မူးလို့ဖြစ်တာမဟုတ်မှန်းအသိသာကြီးမို့ မှောက်လျက်ကနေ အတင်းကျုံးထရင်းမော့ကြည့်မိရာ ခုနကလူပင်ဖြစ်နေတာကို တွေ့ရပြီး မျက်လုံးပြူးလျက်ကြည့်နေဆဲမို့ ဘာကိုမှတွေးမနေအား အတူမအိပ်ချင်သောအလုပ်သမားများရှိရာတန်းလျားပေါ်သို့ ပြေးတက်ခဲ့ရသည့်အဖြစ်၊ ပြီးတော့ သူတို့ကြားထဲ တိုးဝင်အိပ်လိုက်ရသည့်အဖြစ်ကလည်း ငိုရမလိုရယ်ရမလိုဖြစ်ခဲ့ရသည်။

မနက်လင်းတော့ အလုပ်ရှင်အဒေါ်ကြီးအားပြောပြရာ ထိုခေါက်ခုတင်သည် သူ့ယောက်ျား မကျန်းမာစဉ်ကစ၍ သေဆုံးသည်ထိ အိပ်သွားသောခုတင်ဖြစ်ကြောင်း၊ အစွဲအလမ်းကြီးသော သူ့ယောက်ျားက သူအိပ်နေကျခုတင်မှာ တခြားသူအိပ်နေတာတွေ့၍ လာပြီးဖယ်ခိုင်းတာဖြစ်မည်ထင်သည့်အကြောင်းနှင့် ဒီလိုဖြစ်မည်မှန်းမသိ၍ ထိုခုတင်ကိုပေးမိတာဖြစ်ကြောင်းတို့ကို ပြောပြရင်း တောင်းပန်စကားဆိုနေသော်ငြား ပြန်ပြောရန် စကားရှာမရဖြစ်နေရ၏။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ကိစ္စမရှိပါဘူး၊ ရပါတယ် ဆိုတာကလွဲပြီး အပိုတွေမပြောဖြစ်တော့ပေ။

အဒေါ့်ယောက်ျား ဘယ်တုံးက ဆုံးသွားလဲလို့မေးမည်ကြံပြီးမှ မမေးဖြစ်တော့ဘဲ ကိုယ်နှင့်မှတိုက်ဆိုင်စွာလာဆုံရတဲ့အဖြစ်ကိုသာ အံ့သြမဆုံးဖြစ်နေရသည်။

ဘုန်းကြီးကျောင်းသားကလေးဘဝတုန်းကလည်း ကိုယ်စပ်ဆော့မိ၍ ကြုံလိုက်ရသည့်အဖြစ်နှင့် ယခုတစ်ခါကြုံလိုက်ရသောအဖြစ်က တစ်သက်တာလုံး မေ့ပျောက်လို့ရမည်မထင်။ နောင်ရော ဘယ်နေရာမှာဘယ်လိုပုံစံတွေနဲ့ ကြုံလေဦးမလဲဟုတွေးကာ ကျောချမ်းနေမိတော့သည်။

နောင်ဖြစ်မှာ နောင်ကြုံရမှာကိုတွေးပူပြီး ကျောချမ်းနေလို့မဖြစ်သေး။ ယခုလက်ရှိ ကြုံလိုက်ရတဲ့အဖြစ်မျိုးထပ်မကြုံရအောင်သာ ထိုညမှစ၍ အလုပ်သမားခေါင်းဆောင် ဆိုသောဘဝင်ရူးလည်းမရူးရဲတော့ဘဲ အလုပ်သမားများနှင့်သာ အတူအိပ်ဖို့ ဆုံးဖြတ်လိုက်ရ ပါ၏။

ထိုအဖြစ်အပျက်ကလေးများကိုထောက်ချင့်၍ကြည့်သော် စွဲလမ်းမှုမှန်သမျှ ဘယ်တော့မှ ကောင်းကျိုးဖြစ်မလာမှန်းတွက်ဆမိကြမည်ထင်ပါသည်။

ဆရာတော်ကြီး၏ဆုံးမစာနှင့်အတူမြတ်စွာဘုရားရှင်လက်ထက်မှ ထိုအဖြစ်အပျက်များနှင့်နည်းတူ သံဝေဂရစရာသင်ခန်းစာများကို တခြားတခြားသောဆရာတော်သံဃာတော်တို့မှလည်းဟောကြား၍တစ်ဖုံ ရေးသား၍တစ်မျိုး ဆုံးမသြဝါပေးနေကြသည်မို့ လေ့လာဖတ်ရှုမှတ်သားကြခြင်းဖြင့် သိသင့်သလောက်သိထားကြပြီး နားလည်သင့်သလောက်နားလည်နေကြပြီး ဖြစ်နေကြမှာကအမှန်ပင်ဖြစ်နေကြမှာပါ။

သို့ပါသော်လည်း စာရေးသူနိဒါန်းပျိုးခဲ့သလိုပါပဲ မသိနားမလည်ကြသေးသော မောင်ငယ်၊ ညီမငယ်များ သိရှိနားလည်သဘောပေါက်နိုင်ကြစေရန်နှင့် သိရှိပြီးသူများလည်း ပို၍သိရှိသဘောပေါက်နိုင်ကြစေရန် ရေးသား တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။


အခုလိုရေးသားလိုက်တော့ ရယ်စရာဖြစ်နေလိမ့်မည်ထင်ပါသည်။ ဘာဖြစ်လို့လဲဆိုတော့ စာရေးသူကိုယ်တိုင်လည်း စာမရေးရမနေနိုင်၊ စာမဖတ်ရမနေနိုင်တဲ့စွဲလမ်းမှုကို ဖြတ်ဖို့အတော်လေးခဲယဉ်းနေလို့ပါပဲ။

စာဖတ်ပရိသတ်အပေါင်း
ကျန်းမာရွှင်လန်းစိတ်မအေးပန်းဘဲ
လိုရာဆန္ဒအားလုံးပြည့်စုံကြပါစေ

ငွေလသာ(ဘုံဘေး)



www.burmeseclassic.com



# မင်းထက်ရတနာညို

## ခရီးကြုံခဲ့ရစဉ်က

လွန်ခဲ့သော ၁၉၈၄ ခုနှစ်က ဖြစ်သည်။

မအူပင်မြို့သို့ အလုပ်တာဝန်ဖြင့် ပြောင်းရွှေ့ခဲ့ရာမှာ အခြေချနေထိုင်ဖြစ်ခဲ့ပါသည်။ ထိုစဉ်က ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့သောဌာနတွင် လူအင်အား (၅၀)ကျော်ရှိသည်။ ရုံးထိုင်ဝန်ထမ်းနှင့် နယ်ဝန်ထမ်းဟူ၍ ခွဲခြားဆောင်ရွက်ရာတွင် ကျွန်တော်က နယ်ဝန်ထမ်းတစ်ဦးဖြစ်ခဲ့ရသည်။ နယ်ဝန်ထမ်းဆိုသည်မှာ ကျေးရွာအုပ်စု (၇၆) အုပ်စုတွင် နယ်မြေသတ်မှတ်ပြီး ကွင်းဆင်းတာဝန်ထမ်းဆောင်ရခြင်း ဖြစ်သည်။

ထိုစဉ်က မအူပင်မြို့မှာ ယခုအချိန်အခါလို လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်နေသည်ကား မဟုတ်ပါ။ မြစ်ဝကျွန်းပေါ် မြို့ကြီးတစ်မြို့ဖြစ်သည်နှင့်အညီ မြစ်၊ ချောင်း၊ အင်းအိုင်ပေါများလှသည်။ ကျေးရွာများကိုသွားသောလမ်းဟူ၍ မြို့ပတ်တာဘောင်ပေါ်မှ သာသွားရသလို မအူပင်-ရေလဲကလေးကားလမ်းတစ်ခုသာရှိသည်။ ကျန်သည့်နေရာများမှာ နွေမှာဆိုလျှင် ခြေကျင်ခရီးဖြင့်လည်းကောင်း၊ မိုးဆိုလျှင် လှေဖြင့်သာသွားလာရလေသည်။

ကျွန်တော်တို့ နယ်ဝန်ထမ်းများမှာ ကိုယ်တာဝန်ကျရာ ကျေးရွာအုပ်စုဆီသို့ သွားလာတစ်ချီ၊ မြို့ပေါ်ပြန်တက်တစ်လှည့် ဆိုသလို တာဝန်ထမ်းဆောင်ရလေသည်။ ထို့အတွက် နယ်အတွေ့အကြုံများ အလွန်ပင် များပြားလှလေသည်။

စနေနေ့တစ်နေ့တွင် ရုံးတက်ပြီးသည်နှင့် ကျွန်တော် အိမ်မပြန်တော့ဘဲ ကိုကြည်ဝင်းအိမ်ဘက်သို့ အလည်လိုက်ခဲ့သည်။ ထိုစဉ်က စနေနေ့တွင် ရုံးမပိတ်ဘဲ နေ့တစ်ဝက်ရုံးတက်ရသောအချိန်ဖြစ်သည်။ ကိုကြည်ဝင်းအိမ်မှာ လမ်းမကြီးတစ်ခုဘေးတွင်ရှိပြီး ကိုယ်ပိုင်ခြံဝင်းဖြင့်ဖြစ်သည်။

အိမ်ကလေးမှာ သုံးပင်နှစ်ခန်းအိမ်ကလေးဖြစ်ပြီး ခြံဝင်းအလယ်တွင် ဆောက်ထားရာ ဘေးဘယ်၊ ညာ၊ ရှေ့၊ နောက်များတွင်မြေကွက်လပ်များရှိသည်။ အိမ်နှင့်လွတ်နေ၍သာ မြေကွက်လပ်ဟူ၍ရှိသည်ပြောရသော်လည်း ထိုနေရာများတွင် ပန်းပင်များက နေရာယူထားသည်။

အများအားဖြင့် နေရာယူထားသည်မှာ ဂမုန်းပင်များဖြစ်ပြီး ပန်းအိုးများဖြင့် အစီအရီစိုက်ထားသည်။ ကျွန်တော်လည်း ပန်းပင်စိုက်သည်ကို ဝါသနာပါသဖြင့် ခြံဝင်းထဲရောက်ရောက်ချင်းပင် အိမ်ပေါ် တန်းမတက်သေးဘဲ ခြံဝင်းထဲရှိ ဂမုန်းပင်များ၊ ပန်းပင်များကို လှည့်ပတ်ကြည့်ရှုနေလေသည်။

"ကိုညီ လာလေကွာ၊ ပန်းပင်တွေနောက်မှကြည့်။ အခုတော့ အိမ်ပေါ် အရင်တက်ဦး"

ကိုကြည်ဝင်းက ပြောလိုက်သ...
ကျွန်တော်လည်း ပန်းပင်များကိုမ...
တော့ဘဲ အိမ်ပေါ်တက်လိုက်သ...
အိမ်ရှေ့ခန်းတွင်ရှိသော သစ်...
ဆက်တီခုံပေါ်တွင်ထိုင်လိုက်သည်။

"မိန်းမရေ၊ ဟောဒီက အစ်ကို...
အလုပ်ထဲက ကိုညီညီတဲ့။ ကိုညီ...
ဒါက အစ်ကို့ဇနီးမသွယ်တဲ့"

"ဟုတ်ကဲ့-အစ်ကို့သူငယ်ချင်း...
တော့ မသွယ်သူငယ်ချင်းပေါ့။ ...
အားမနာနဲ့။ ငါးခြောက်ဖုတ်စား၊ ...
ကြမ်းသောက်နော်"

ကိုကြည်ဝင်းဇနီးကသွက်...
ဖြင့် ပြောလိုက်သည်။ ကျွန်တော်...
ရေနွေးကြမ်းငှဲ့လိုက်ကာ ငါးခြော...
တစ်ဖတ် ကောက်ဝါးလိုက်သည်။

"ကိုကြည်ဝင်းအိမ်မှာ ဂမုန်း...
တွေ စုံလှချေလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"စုံတာတော့ မပြောနဲ့။ အစ်ကိုက ဂမုန်းဆိုရင် ထမင်းမေ့ဟင်းမေ့ အိမ်က မိန်းမတောင်မှမေ့တယ်"

"မိန်းမကလည်းကွာ၊ ကိုညီကို ဟုတ်တာတွေသိပ်မပြောပါနဲ့ကွာ"

"မသွယ်ပြောသလို ကိုကြည်ဝင်း ကကော ဟုတ်လို့လား"

ကျွန်တော်က ရေနွေးကြမ်းကို သောက်လိုက်ရင်း စကားဝင်ထောက် လိုက်သည်။

"ဟုတ်တာမှ ဟုတ် . . . ဟုတ် . . . ဟုတ်နဲ့တောင် အသံမြည်နေသေးတာ။ နောက်ဆိုရင် ကိုညီ့အစ်ကိုအကြောင်း သိလာမှာပါ"

"ဒီလိုပဲ ကိုညီရေ၊ အစ်ကို့မိန်းမ က ဂမုန်းဆိုရင် လေသံတောင်မကြား ချင်ဘူးဖြစ်နေတာကွ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့လဲ ကိုကြည်ဝင်းရဲ့"

ကျွန်တော့်မှာ ကိုကြည်ဝင်းတို့ ဇနီးမောင်နှံ၏ စကားများကြောင့် နောက်ပြောင်နေသလား၊ တကယ်ပြောနေတာလားဆိုသည်ကို ဝေခွဲမရဖြစ်နေမိသည်။ ကိုကြည်ဝင်းတို့ ဇနီးမောင်နှံ နှစ်ယောက်၏ မျက်နှာထားများကတော့ ပုံမှန်အတိုင်းပင် ဖြစ်သည်။

"အေးကွာ အစ်ကိုကလည်း မိန်းမပြောမယ်ဆိုရင်လည်း ပြောစရာပဲကွာ။ ဂမုန်းပင်ဆိုရင် အရမ်းဝါသနာပါလွန်းလို့လေ။ ဂမုန်းပင်အသစ်အဆန်းဆိုတဲ့ပြောသံကြားရင်ကြားတဲ့နေရာသွားတာလေ။ အဲဒီတော့ အစ်ကို့မိန်းမပြောမယ်ဆိုလည်း ပြောစရာကြီးဖြစ်နေတာပေါ့"

"ဟုတ်တယ် ကိုညီရေ၊ အစ်ကို့အကြောင်းပြောရင်လည်း မနားတော့ဘူး။ အခု ကိုညီကိုအိမ်အလည်ခေါ်လာတာ ဘုရားကျောင်းဆောင်ပေါ်က ဆင်းတုတော် လေးအကြောင်းပြောမလို့ဘဲလို့၊ ဟုတ်တယ်မဟုတ်လား အစ်ကို"

"ဟုတ်တယ် ကိုညီ။ ဂမုန်းအကြောင်းကတော့ နောက်မှပြောမယ်။ အခုတော့ ငါးခြောက်ဖုတ်စား၊ ရေနွေးကြမ်းသောက်။ အစ်ကိုရခဲ့တဲ့ ဆင်းတုတော်လေးအကြောင်းပြောမယ်။ နားထောင်မယ်မဟုတ်လား"

"နားထောင်ရတာပေါ့ ကိုကြည်ဝင်းရယ်"

ကျွန်တော့်မှာက အိမ်ပြန်လည်း လုပ်စရာအလုပ်မရှိဘဲ အလကားဖြစ်နေမည့်အတူတူ ကိုကြည်ဝင်းပြောသမျှ နားထောင်မည်ဟု ဆုံးဖြတ်လိုက်ပြီး နားထောင်မည်ပြောလိုက်ရ၏။ ကိုကြည်ဝင်းပြောပြမည့် အကြောင်းအရာက ဘာမှမထူးဆန်းပါဘူးဟူ၍ တွက်ဆထားပြီး ဖြစ်သည်။

သို့ပါသော်လည်း. . .

❑

အမှန်ဆိုရလျှင် ဒီခရီးကိုသိပ်မသွားချင်ခဲ့တာတော့ အမှန်ပင်ဖြစ်ပါသည်။ မသွားချင်ခဲ့ပေမယ့် တာဝန်ကိုဦးထိပ်ထားရသောဝန်ထမ်းဘဝဖြစ်သည့်အတွက်သွားရပြန်ပါသည်။ အရေးပေါ်တာဝန်ဆိုတော့ ခရီးသွားဖော်မရှိခဲ့။ တစ်ယောက်တည်းသွားရသည်။ တာဝန်ကျရာကျေးရွာသို့ နေ့လယ်ဘက်သင်္ဘောငယ်ဖြင့်လိုက်ပါပြီး ကုန်းကြောင်းလျှောက်သည်။ အလန်းကြီးကျေးရွာသည် ကွင်းလယ်မှာရှိသည် မဟုတ်ပါလား။ အလန်းကြီးကျေးရွာတွင် တာဝန်ထမ်းဆောင်ပြီး ပိန်းချောင်း၊ ကျီးချောင်းကို ဆက်ထွက်လာသည်။ ပိန်းချောင်းတွင် ညအိပ်လိုက်သည်။

ဒီမနက်မှာတော့ ကိုကြည်ဝင်းမှာ အိပ်ရာကစောစောနိုးနေမိသည်။ အပြန်ခရီးအတွက် စိတ်စောနေတာလည်းပါသည်။ တစိမ်းအိမ်မှာမို့လည်း အိပ်ရာထဲနှပ်ပြီးမနေချင်တာလည်းပါသည်။

ကိုကြည်ဝင်း စိတ်စောနေမိတာကတော့ မအူပင်အိမ်ကို အမြန်ပြန်ရောက်လို၍ဖြစ်သည်။ အိမ်မှာက ဇနီးသည်တစ်ယောက်တည်း ကျန်ခဲ့သည်။ နောက်ပြီး မပေါ့မပါးကြီးနှင့် မွေးခါနီးဖွားခါနီးအခြေအနေဖြစ်သည်။ ဆရာဝန်ခန့်မှန်းပေးထားသည်မှာ ယခုအပတ်အတွင်း မွေးဖွားမည်ဟူ၍ ဖြစ်သည်။ ဒီတော့ ကိုယ်မရှိတုန်း မွေးဖွားသွားမှာကို စိတ်ပူနေရသည်။

နောက်ပြီး ဒီခရီးက လှေလည်း မပေါက်၊ ကုန်းလမ်း၊ လှည်းလည်း မပေါက်သေးသည့်အချိန် ဖြစ်သည်။ အလာတုန်းကလို လှည့်ပြီး သင်္ဘောခရီးစဉ်ဖြင့်ပြန်လျှင် နောက်တစ်ညထပ်အိပ်ရမည်။ သင်္ဘောခရီးစဉ်က ကျုံစုတ်ရွာမှ နံနက်စောစောထွက်ပြီး မအူပင်မြို့မှ နေ့လယ်ဘက်မှသာ ပြန်ထွက်သည်။ လာသည့်ခရီးစဉ်အတိုင်း ပြန်လှည့်လျှင် ကျုံစုတ်မှ တစ်ညအိပ်ရမည်သာ ဖြစ်သည်။ ထို့အတွက် မအူပင်မြို့သို့ ကုန်းကြောင်းပြန်ရန် ပြင်ဆင်လိုက်သည်။

တည်းခိုညအိပ်သောအိမ်မှ နံနက်စာအဖြစ် ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ်ဆီဆမ်းစားပြီး အပြန်ခရီးကို စတင်လိုက်သည်။ ခရီးထွက်တိုင်း ဆောင်ယူလာသော စစ်သားသုံးရေဘူးတွင်ရေအပြည့်ထည့်လိုက်သည်။စာရွက်စာတမ်းများနှင့် တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်းများ ထည့်ထားသောကျောပိုးအိတ်ကိုလွယ်လျက် ဦးထုပ်ဆောင်းလိုက်သည်နှင့် အပြန်ခရီးအတွက်ပြည့်စုံသွားပြီဖြစ်သည်။

သွားရိုးသွားစဉ်လမ်းအတိုင်းသွားလျှင် ခရီးကြန့်ကြာနေမည် စိုးရိမ်သဖြင့် ဖြတ်လမ်းက ပြန်ရန်ဆုံးဖြတ်လိုက်သည်။ ထိုစဉ်က ပိန်းချောင်းမှပြန်လျှင် ကြီးချောင်း၊ အချော၊ ရွှေဘိုရွာကလေးများကိုဖြတ်ပြီးမှ ဆိတ်ချေးကုန်းကိုရောက်မည်။ ထိုမှတစ်ဆင့် ငါးပိအိုင်ကိုကျော်မှ မအူပင်ကိုရောက်မည်ဖြစ်လေသည်။ခရီးကရှည်သည်။ နေ့လယ်ဘက်မှ မအူပင်ပြန်ရောက်နိုင်သည်။ ယခု ကိုကြည်ဝင်းပြန်မည့်လမ်းက မအူပင်မြို့ကို ပိန်းချောင်းမှ အဖြောင့်အတိုင်း ပြန်မည့်လမ်းဖြစ်သည်။ လမ်းဟူ၍ သတ်သတ်မှတ်မှတ်မရှိပါ။

လယ်ကွက်တွေထဲမှ ဖြတ်ကျော်လျှောက်ရသည်။ စပါးများ ရိတ်သိမ်းဆဲဖြစ်သဖြင့် လှည်းလမ်း၊ လူလမ်းမရှိ။ ကန်သင်းရိုးပေါ်မှ ဟိုကွေ့ဒီကွေ့ဖြင့်လာရသည်။ စပါးရိတ်ပြီးသော လယ်ကွက်တွေကို ရိုးပြတ်များကြားမှ ဖြတ်လျှောက်ရသည်။ ရိုးချောင်းများကိုလည်း ဖြတ်ကျော်ရသည်။ တချို့ရိုးချောင်းများမှာ ရေကခန်းနေသဖြင့် ဖြတ်ရတာလွယ်ပေမယ့် တချို့ရိုးချောင်းများမှာ ရေမခန်းတခန်းဖြစ်လေရာ ခါးတောင်းကျိုက်၍ ဖြတ်ကျော်ရသည်။ ဒီကြားထဲတွင် ကိုင်းတောကြီးများခံနေပါက ကိုင်းတောစပ်မှ ကွေ့ပတ်သွားရသည်။ ကိုင်းတောကြီးများ၏အမြင့်မှာ လက်ခုပ်တစ်ဖောင်မကမြင့်ပြီး ဟိုဘက်သည်ဘက် မမြင်ရသည်ကများသည်။ ရေရိုင်းမြေရိုင်းကွင်းဖြစ်သဖြင့်လည်း ကိုင်းတောများက ပေါက်ချင်သလောက်ပေါက်နေကြတာ ဖြစ်သည်။

အဆိုပါ ကိုင်းတောများမှနေ၍ ကိုင်းပင်များကို ခုတ်ယူ၊ အဖျားဖြတ်လျှင် ကိုင်းတံများရသည်။ ကိုင်းတံများကို ခြံစည်းရိုးတန်းများ၊ ဘူးပင်၊ ဖရုံပင်၊ သခွားပင် စင်တန်းနှင့် အမိုးများ၊ တိုင်ထောင်ရန်များအတွက် တန်းတိုင်များ ပြုလုပ်ကြရန် ကလွဲပြီး ကျန်နေရာများတွင် အသုံးမပြုကြသဖြင့် အနည်းအပါးသာ ခုတ်ယူကြသည်။ ထို့အတွက် ကိုင်းပင်များပေါက်ချင်တိုင်းပေါက်လျက် တောထချင်တိုင်းတောထလျက်ရှိသည်။ ထိုစဉ်ကာလက ရေနက်ကွင်း လယ်ယာမြေများကို မဖော်ထုတ်ပေးသဖြင့် ရှင်းလင်းပြီး စိုက်ပျိုးမြေ မလုပ်ကြသေးသဖြင့် ကိုင်းတောများ ပေါက်ချင်သလောက် ပေါက်နေတာ ဖြစ်သည်။

ကိုကြည်ဝင်းမှာ ဇနီးသည်ကို စိတ်ပူလျက် တစ်ခါမှမပြန်ဘူးသော ဖြတ်လမ်းကို ရမ်းသန်းပြီး လျှောက်လာသည်။ မအူပင်မြို့ဆီသို့မှန်းကာလျှောက်လာခြင်း ဖြစ်သည်။

ရိုးချောင်းတစ်ချောင်းကို ကျော်ဖြတ်လာအပြီးတွင် ကိုင်းတောကို လှမ်းမြင်လိုက်သည်။ ရိုးချောင်းတစ်လျှောက်၌ ကျည်းပင်များအုပ်မိုးပေါက်ရောက်နေသည်ဖြစ်၍ ဟိုးအဝေးကို လှမ်းမမြင်



www.burmeseclassic.com

www.burmeseclassic.com

ရသဲ ရိုးချောင်းကျော်လျက် ကျည်းပင်များ အလွန်တွင်မှ ကိုင်းတောကို လှမ်းမြင်ရသည်။ ကိုင်းတောအပေါ်တွင်ကျော်တွက်မြင်ရသည်က မအူပင်မြို့၏ အုတ်သရေဆောင်ဖြစ်သော ရွှေဘုန်းမြင့်စေတီတော်၏ ထီးတော်ထိပ်ဖျားပင်ဖြစ်သည်။ ကိုကြည်ဝင်းမှာ အားတက်သွားသည်။

သို့သော် နေကထန်းတစ်ဖျားခန့်ရောက်သောအချိန်ဖြစ်နေပြီး ကိုင်းတောမှာ တစ်ဧကခန့်ကျယ်ဝန်းမည်ဟု ခန့်မှန်းရသည်။ ကိုင်းတောစပ်မှ ကွေ့ပတ်သွားလျှင် ခရီးကရှည်မည်။ ကိုင်းတောအစပ်တွင် ခြေသွားလမ်းလေးတွေ့ပြီး ဖြတ်လမ်းဖြစ်မည်ဟု ယူဆသဖြင့် ထိုလမ်းအတိုင်းသွားပြီး ကိုင်းတောကိုဖြတ်ရန်ဆုံးဖြတ်လိုက်သည်။

ခြေသွားလမ်းလေးအတိုင်း ကိုင်းတောထဲ ဝင်လိုက်ရာတွင် ပေတစ်ရာခန့် ဝင်မိသောအခါ ကိုင်းတောအဆုံးသို့ မရောက်သည့်အပြင် ကိုင်းပင်များထူပိန်းနေကာ ရှေ့ဆက်သွား၍မရဖြစ်နေသည်။ သို့နှင့် လာလမ်းအတိုင်းပြန်ထွက်လျက် ကိုင်းတောကိုကွေ့ပတ်သွားမည်ဟု ဆုံးဖြတ်ချက်ချလိုက်ပြီး ကိုင်းတောထဲဝင်လာရာလမ်းအတိုင်း ပြန်ထွက်လိုက်သည်။

သို့သော် ဝင်လာခဲ့သောလမ်းကို (၁၀)ပေခန့်သာလျှောက်၍ရပြီး ကိုင်းပင်များကာထားသည်ကို တွေ့ရသည်။ အပြင်သို့ ပြန်မရောက်ချေ။ သို့နှင့် ရေဘူးကိုထုတ်လျက် ရေသောက်ပြီး အမောအပန်းဖြေလိုက်သည်။ ပြီးလျှင် လမ်းဟုထင်ရသောနေရာဆီသို့ တိုးဝင်လျှောက်ခဲ့ပြန်ပါသည်။ သို့သော်လည်း ကိုင်းတောအပြင်သို့ ပြန်မရောက်ချေ။ တစ်ကိုယ်လုံးမှာလည်း ကိုင်းရွက်များရှသားသဖြင့် စပ်ဖျဉ်းဖျဉ်းဖြစ်နေလေသည်။ လက်များနှင့် ခြေထောက်များမှာ ဆိုးသည်။ ကိုင်းရှထားသဖြင့် စပ်ဖျဉ်းဖျဉ်းဖြစ်နေရသည့်အထဲ ယားယံလာသေးသည်။

တစ်ကြိမ်တွင် ကိုင်းပင်များကြားတိုးဝင်ပြီးလျှောက်လိုက်ရာ ကျည်းပင်စုစုကလေးပေါက်နေတာ တွေ့လိုက်ရသည်။ နေပူဒဏ်ကိုရှောင်ရန်အတွက် ကျည်းပင်စုစုဆီ လျှောက်သွားလိုက်ပြီး ကျည်းပင်အရိပ်အောက်တွင် ထိုင်ချကာ ပါလာသောရေကို မော့သောက်လိုက်သည်။ ရေမှာကုန်သွားပြီ ဖြစ်သည်။

ကျည်းပင်အောက်တွင်အမောဖြေပြီး နေအရိပ်ကိုကြည့်ကာ လမ်းမရှိသော ကိုင်းတောကို ဖြတ်လျှောက်လိုက်သည်။ သို့သော် ကိုင်းတောမှာ တိုးရမခက်ဘဲ လမ်းလေးသဖွယ်ဖြစ်နေသဖြင့် ကိုကြည်မှာ ဝမ်းသာသွားသည်။ လမ်းလျှောက်ရတာသွက်လာသည်။ မကြာခင်မှာ ကိုင်းတောကို လွန်မြောက်ပြီး ရှေ့မှာတော့ ရေကန်တစ်ကန်နှင့်အတူအိမ်ကြီးတစ်လုံးကို တွေ့လိုက်သည်။

ကိုကြည်ဝင်းမှာ အံ့ဩဝမ်းသာသွားလျက် ရှေ့ခရီးကို လှမ်းမျှော်ကြည့်ရာ ရေကန်ဘေးတွင် အုတ်စီလမ်းကလေးရှိပြီး အိမ်ကြီးခေါင်းရင်းဘက်မှ နေ၍ ဟိုးတစ်ဖက် ကိုင်းတောစပ်ထိလမ်းကမြောင့်ဖြူးနေသည်။

"ကောင်ကလေး၊ ဘယ်ကပြန်လာတာလဲ"

ကိုကြည်မှာ ရေကန်ဘေးမှ အုတ်စီလမ်းအတိုင်း ‐ လျှောက်လာလျက် အိမ်ကြီးရှေ့သို့ရောက်သောအခါ အိမ်အတွင်းမှ ကုလားအဘိုးကြီးတစ်ဦးထွက်လာပြီး လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

"ကျွန်တော် ပိန်းချောင်းဘက်ကပြန်လာတာပါ။ မအူပင်ကိုပြန်မလို့ ကိုင်းတောထဲကဖြတ်လာတာပါ အဘ"

ကိုကြည်ဝင်းက ရိုသေလေးစားစွာဖြင့် ပြန်ဖြေလိုက်သည်။

ကုလားအဘိုးကြီးမှာ ကိုကြည်ဝင်းတွေ့ဖူးသမျှ ကုလားအဘိုးကြီးများနှင့် လုံးဝမတူဘဲ ကွဲပြားနေသည်ဖြစ်ရာ အလိုလိုရိုသေမိသွားခြင်း ဖြစ်သည်။

"ကောင်ကလေးကို အိမ်ပေါ်ခေါ်လိုက်ပါလား။ မောနေတာတွေပျောက်သွားအောင် ခဏနားခိုင်းဦးလေ"

ထိုအချိန်တွင် အိမ်အတွင်းမှ ဆာရီခြုံထားသော ကုလားမကြီးတစ်ဦးပါထွက်လာပြီး ကုလားအဘိုးကြီးကို လှမ်းပြောလိုက်သည်။

"ကောင်ကလေး၊ အိမ်ပေါ်ခဏတက်ပြီး နားပါဦးလား။ အမားက ခဏနားဖို့ ပြောနေတယ်"

ကုလားအဘိုးကြီးက ကိုကြည်ဝင်းကို ပြုံးပြလိုက်ပြီး အိမ်ပေါ်တက်ရန်ဖိတ်ခေါ်လိုက်သည်။ ကိုကြည်ဝင်းမှာ လမ်းလျှောက်ရတာကြာလာသည့်အပြင် လမ်းစရှာမတွေ့သဖြင့် ဟိုတိုးဒီတိုးလုပ်ရသဖြင့် မောလာသည်။ ဗိုက်ထဲမှာလည်း မနက်ပိုင်းက စားလာခဲ့သည့် ကောက်ညှင်းပေါင်းမှာ ဘယ်ချောင်ကပ်သွားမှန်းမသိဘဲ ဟာတာတာဖြစ်လာသည်။ သောက်ရေမှာလည်း ကုန်သွားသည့်အတွက် ရေထပ်ဖြည့်ရန်လိုသဖြင့် ဖိတ်ခေါ်မှုကို မငြင်းတော့ဘဲ အိမ်ပေါ်တက်လိုက်သည်။

အိမ်ကြီးမှာ လေးပေ၊ သုံးခန်းဆောက်ထားသော ခြေတံရှည်အိမ်ကြီးဖြစ်သည်။ သစ်တိုင်များ၊ သစ်ခင်း၊ သစ်ကာများ၊ အုတ်ကြွပ်မိုးထားပြီး ရေနံချေးသုတ်ထားသဖြင့် ဆွဲဆောင်မှုရှိလှသည်။ အိမ်ရှေ့ခန်းတွင် ကုလားမကြီးက ရေနွေးကြမ်းတစ်အိုးနှင့်အတူ ငှက်ပျောတစ်ဖီးကို ဗန်းနှင့်ထည့်ကာ အသင့်စောင့်နေလေသည်။ ကိုကြည်ဝင်းမှာ ခြေရင်းဘက်တွင် ဝင်ရောက်ထိုင်လိုက်ပြီး ကျောပိုးအိတ်ကိုဖြုတ်လျက် ဘေးတွင် ချထားလိုက်သည်။ ဦးထုပ်ကို ချွတ်ကာ ကျောပိုးအိတ်ပေါ် သို့တင်ထားလိုက်သည်။

"လာ-ကောင်ကလေး၊ ဆာနေမှာဆိုတော့ ငှက်ပျောသီးစား၊ ရေနွေးကြမ်းလည်းသောက်ဦး၊ ကကြုလို့စားဖြစ်တယ်လို့မှတ်ထား သိလား"

ကုလားမကြီးက စကားလည်းပြောရင်း ငှက်ပျောသီးမှ ငှက်ပျောသီးတစ်လုံးကိုဖဲ့လျက် ကိုကြည်ဝင်းကိုပေးလိုက်သည်။ ငှက်ပျောသီးမှာ ကိုကြည်ဝင်းတွေ့ဖူးသော ရခိုင်ငှက်ပျောသီး၊ သီးမွှေးငှက်ပျောသီး၊ နံ့သာပုငှက်ပျောသီးများနှင့် လုံးလုံးမတူဘဲ ဝင်းဝါလျက်ရှိနေသည်။ ကိုကြည်ဝင်းမှာ လက်ထဲရလာသည့် ငှက်ပျောသီးကို အခွံနွှာပြီး စားလိုက်သည်။ ငှက်ပျောသီး၏အရသာသည် ဘယ်လိုအရသာရှိသည်ဟူ၍ မဝေခွဲနိုင်ဘဲဖြစ်နေရသည်။ ကိုကြည်ဝင်းဘဝတွင် ယခုငှက်ပျောသီးကဲ့သို့သော အရသာမျိုးကို တစ်ခါဖူးမှ စားဖြစ်ခဲ့ခြင်းမရှိဟူ၍ ဝန်ခံရမည်ဖြစ်ပါသည်။

ကိုကြည်ဝင်းမှာ နောက်ထပ်ငှက်ပျောသီးနှစ်လုံးကို ဆက်တိုက်ယူစားလိုက်သောအခါ ဗိုက်ထဲမှာ အနေတော်ဖြစ်သွားသည်။ ဆက်ပြီးစားချင်စိတ်မရှိတော့ချေ။ ငှက်ပျောသီးစားပြီးသောအခါတွင် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်သည်။ ရေနွေးကြမ်းမှာ လက်ဖက်ခြောက်အနံ့နှင့်အတူ အမျိုးအမည်မသိနိုင်သော အနံ့ကလေးမွှေးသင်းသင်းကလေးရှိနေသည်။ ရေနွေးကြမ်းကိုလည်း (၃) ခွက်သောက်လိုက်သည်။ ကုလားမကြီးမှာ စကားထပ်မပြောဘဲ ကိုကြည်ဝင်း စားသောက်နေသည်ကို ပြုံးပြုံးကြီးကြည့်နေရှာသည်။




www.burmeseclassic.com

www.burmeseclassic.com

"ကဲ-ကောင်ကလေး၊ မင်းနဲ့ထိုက်လို့ဘုရားတွေဖူးရတော့မယ်။ ဘုရားခန်းသွားရအောင် လာခဲ့"

ကိုကြည်ဝင်းမှာ ငှက်ပျောသီးစား၊ ရေနွေးကြမ်းသောက်အပြီးတွင် ကုလားမကြီးကပြောပြီး ထိုင်ရာမှနေထလျက် ခေါင်းရင်းတက်ဆီသို့ သွားလေသည်။ ကိုကြည်ဝင်းမှာ အည့်ခံနေရသောသူကဲ့သို့ ဘာမှပြန်မပြောဖြစ်ဘဲ ကုလားမကြီးခေါ်ရာနောက်သို့ လိုက်ခဲ့ရသည်။

"ဟင်"

ကိုကြည်ဝင်း၏စိတ်ထဲ အံ့သြစမ်းသာစိတ်ဖြင့် ဟင်ခနဲဖြစ်သွားလေသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားခန်းတံခါးများမှာ အဝိတ်ထားခြင်းဖြစ်ရာ ကုလားမကြီးက ဖွင့်လိုက်သောအချိန်တွင် အတွင်း၌ မုဒြာအမျိုးမျိုးနှင့် ဆင်းတုတော်များကို ဖူးမြင်လိုက်ရ၍ဖြစ်သည်။

ဘုရားခန်းမှာ အတော်အတန်ကျယ်ဝန်းသော်လည်း ဆင်းတုတော်အကြီး၊ အသေးများနှင့် ပြည့်နေသည်။ အလယ်တွင် ကြေးဆင်းတုတော်ကြီးတစ်ဆူက ခံ့ထည်စွာရှိနေပြီး ဘေးဘက်တွင် ရွှေဆင်းတုတော်၊ ငွေဆင်းတုတော်၊ ကျောက်စိမ်းဆင်းတုတော်၊ ပတ္တမြားဆင်းတုတော်၊ စိန်ဆင်းတုတော် စသည်ဖြင့် ဆင်းတုတော်အကြီးကြီးရော အသေးလေးများပါ မျိုးစုံကိုဖူးမြင်လိုက်ရသည်။

ဘုရားခန်းအတွင်းမှာလည်း မည်သည့်နေရာကဝင်လာသည်မသိသော အလင်းများဖြင့်ပြည့်နေပြီး စံပယ်ရနံ့လား၊ နှင်းဆီရနံ့လားဟူ၍ ခွဲခြားမရသော ရနံ့လေးဖြင့် သင်းသင်းလေးမွှေးနေသည်။ ဘုရားခန်းအတွင်း အလင်းတိုင်ထွန်းညှိထားခြင်း၊ အမွှေးတိုင်ပူဇော်ထားခြင်း၊ ပန်းမျိုးစုံကပ်လှူထားခြင်း မရှိဘဲနှင့်လင်းနေပြီး ရနံ့မွှေးမွှေးလေး သင်းပျံ့နေသည်မှာ ထူးခြားလှပေသည်။

ကိုကြည်ဝင်းမှာ ကြည်ညိုစိတ်များ ဖြစ်ပေါ်လာသဖြင့် ဘုရားခန်းအဝင်ဝတွင်ပင် ထိုင်လိုက်ပြီး လက်အုပ်ချီမိုးလျက် ဦးသုံးကြိမ်ချလိုက်သည်။ အထိုင်မဖြုတ်သေးဘဲ ဆင်းတုတော်များကို ဖူးနေမိသည်။ ကိုကြည်ဝင်းရင်ထဲမှာ အေးချမ်းမှုပီတိများ ဖြစ်ပေါ်နေသည်။

"ကဲကဲ - ကောင်ကလေး ထထ။ မင်းနဲ့ထိုက်လို့ ဖူးမြင်ရတာပဲ။ မင်းအတွက် ပူဇော်ဖို့ ဆင်းတုတော်တစ်ဆူပေးလိုက်မယ်"

ကုလားမကြီးမှာ ကိုကြည်ဝင်းပြုမူသမျှကို တစ်ခွန်းမှမပြောဘဲ အသာပြုံးလျက် ကြည့်နေရာမှ ဘုရားခန်းထဲဝင်လိုက်ပြီး ပြောလိုက်သည်။ ကိုကြည်ဝင်းလည်း ထိုအခါတွင်မှ သတိဝင်လာသလိုဖြစ်ပြီး ဦးသုံးကြိမ်ချလျက် ထလိုက်သည်။ ကုလားမကြီးမှာ ဆင်းတုတော်များကြားထဲမှ ရွှေရောင်ဝင်းလက်နေသော တစ်လက်မသာသာခန့်ရှိသည့် ဆင်းတုတော်လေးကိုယူလျက် ကိုကြည်ဝင်း လက်ထဲထည့်လိုက်သည်။ ကိုကြည်ဝင်းက ဆင်းတုတော်လေးကို အိတ်ကပ်ထဲအသာထည့်လိုက်သည်။

"ကဲ-ကောင်ကလေး၊ နေလည်းအတော်မြင့်နေပြီ။ ကောင်ကလေး ပြန်မှဖြစ်မယ်။ ငှက်ပျောသီးတစ်လုံးထပ်စားပြီး ရေနွေးကြမ်းတစ်ခွက်ထပ်သောက်သွားဦး"

စောစောကထိုင်နေရာသို့ပြန်ထိုင်ပြီးချိန်တွင် ကုလားမကြီးက ကိုကြည်ဝင်းကိုပြောလိုက်သဖြင့် ငှက်ပျောသီးတစ်လုံးထပ်စားပြီး ရေနွေးကြမ်းတစ်ခွက်သောက်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ။ အခုလို ငှက်ပျောသီးကျွေးပြီး ရေနွေးကြမ်းလည်းတိုက်လို့ ဘုရားဆင်းတုတော်လေးကို ပူဇော်ခွင့်ပေးတဲ့အတွက်ပါ။ ကျွန်တော်ကို ပြန်ခွင့်ပြုပါဦး"

"အေးအေး - အားလုံးပြည့်စုံပါစေကွယ်"

ကိုကြည်ဝင်းက ကုလားမကြီးကို ကျေးဇူးတင်စကားပြောလျက် ကျောပိုးအိတ်ပြန်လွယ်ကာ ဦးထုပ်ဆောင်းလျက် အိမ်ပေါ်မှ ဆင်းလာခဲ့သည်။ အိမ်ကြီးအောက်သို့ရောက်သောအခါ စောစောက ဘယ်ရောက်နေမှန်းမသိသော ကုလားအဘိုးကြီးက ကိုကြည်ဝင်းဘေးဆီရောက်လာသည်။

"ကောင်ကလေး၊ အိမ်နောက်ဘက်လမ်းကသွားသိလား"

"ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ကျွန်တော့်ကိုသွားခွင့်ပြုပါဦး"

"အေးအေး-အားလုံးပြည့်စုံပါစေကွယ်"

ကုလားအဘိုးကြီးက အိမ်ဝအထိလိုက်ပို့ပြီး လမ်းညွှန်သည့်အတိုင်း အိမ်ကြီးခေါင်းရင်းလမ်းမှ အိမ်နောက်ဘက်ကို လျှောက်လာခဲ့သည်။ ကိုင်းတောအစပ်တွင် လမ်းကလေးတွေ့၍လျှောက်လိုက်ရာ ခဏလေးမှာပင် ကိုင်းတောအပြင်ကိုရောက်သွားသည်။ မအူပင်မြို့ကို လှမ်းမြင်လိုက်ရာ ကိုကြည်ဝင်းစိတ်ထဲ ဝမ်းသာသွားပြီး သွက်သွက်လျှောက်လိုက်ရာ မြို့သိန်းတန်ဆန်စက်နောက်ဘက်သို့ ချက်ချင်းရောက်သွားသည်။

အိတ်ထဲတွင် ထည့်ထားသော ဆင်းတုတော်ကလေးကိုသတိရ၍ စမ်းလိုက်ပြီး နောက်သို့ပြန်လှည့်ကြည့်လိုက်ရာ ကိုင်းတောကြီးကိုသာလှမ်းမြင်လိုက်ရသည်။ ကိုကြည်ဝင်းရင်ထဲတွင် ဖော်မပြနိုင်သော ကြည်နူးဝမ်းသာမှုတို့ဖြင့် ပြည့်ဝနေတော့သည်။

❑

"ဒါဆိုရင် အခု အဲဒီဆင်းတုတော်လေးရှိသေးရဲ့လား"

"ရှိတာပေါ့ကွာ၊ အစ်ကိုပြမယ်"

စတင်နားထောင်စဉ်က ဘာမှ မထူးဆန်းပါဘူးဟု၍ ယူဆထားခဲ့သော်လည်း ကိုကြည်ဝင်းပြောပြတော့မှ ထူးခြားမှုတွေကြားလိုက်ရသည်။ ကိုကြည်ဝင်းယူပြသော ဆင်းတုတော်လေး ရွှေရောင်ဝင်းလျက်ရှိနေသေးသည်ကို တွေ့လိုက်ရသည်။

"ဒါနဲ့ အစ်ကို၊ အဲဒီကိုထပ်ရောက်ဖြစ်သေးသလား"

"ထပ်ပြီးတော့ မရောက်ဖြစ်တော့ပါဘူးကွာ။ အဲဒီတုန်းကတော့ ကိုယ့်ဘာသာကိုယ်မို့သာသွားတာ။ အခုတော့ တောင်မသွားချင်တော့ဘူး"

"ဘာဖြစ်လို့လဲ အစ်ကိုရ"

"အဲဒီနောက်ပိုင်း ပိန်းချောင်းက လူတွေလာတော့ အစ်ကို့အဖြစ်အပျက်ကို ပြောပြလိုက်တယ်။ သူတို့ပြောတာကတော့ကွာ အဲဒီကိုင်းတောထဲမှာ အဲဒီလိုအိမ်မှမရှိဘူးတဲ့။ ကိုင်းတောထဲ ဝင်ရင်လည်း လမ်းပျောက်တတ်လို့ ဘယ်သူမှ ကိုင်းတောကဖြတ်ပြီးမသွားဘူးတဲ့။ သွားစရာလာစရာရှိရင် ကိုင်းတောကိုပဲ ကွေ့ပတ်ပြီးသွားကြတယ်လို့ ပြောကြတယ်ကွာ။ အဲဒီတော့ အဲဒီနေရာကို အစ်ကိုဘယ်သွားဖြစ်မှာလဲလို့။ ဘာပဲဖြစ်ဖြစ် အစ်ကို့ဆီမှာဒီဆင်းတုတော်လေးရှိနေတာမို့ တကယ်ကြုံခဲ့တာလို့ပဲ အစ်ကိုယုံကြည်နေပါတယ်"

ကိုကြည်ဝင်းတို့အိမ်မှ ကျွန်တော် ပြန်ခဲ့ပါသော်လည်း ကျွန်တော့်စိတ်ထဲတွင်ကား ကိုကြည်ဝင်းကြုံခဲ့ရသည့် အဖြစ်အပျက်သည် ဖူးတို့ လိုက်ပါကပ်ငြိနေပါတော့သည်။

မင်းထက်ဝေ



www.burmeseclassic.com

www.burmeseclassic.com

ဘသုန်

# ယနေ့ခေတ်သုံး လက္ခဏာကွန်ရက်

**လက်သန်း (The Little Finger)**

လက်သန်းသည် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းနှင့် ကုမ္ပဏီဘဏ္ဍာရေးရာကိစ္စများအားလုံး၏ အပြောင်းအလဲအတွက် ကိုယ်စားပြုထား၏။ လက်သန်းသည် လုပ်ငန်းသဘာဝတစ်ခုနှင့်တစ်ခုအား ဆက်သွယ်ပေးသူအဖြစ်လည်း ရပ်တည်ပေးသည်။

လက်သန်းသည် လက်သူကြွယ်၏ လက်သန်းအနီးထိရောက်ရှိသည့်တိုင် ရှည်လျားပါက လူအများအပေါ် လွှမ်းမိုးချုပ်ကိုင်၊ ခြယ်လှယ်နိုင်ခြင်း၊ အယုံသွင်းဖြားယောင်းတတ်ခြင်း၊ စကားဖောင်ဖွဲ့တတ်ခြင်း စသည့်အရည်အသွေးများပါရှိပါမည်။

လက်သန်းသည် တိုတောင်း၍ အခြားလက်ချောင်းများထက်ပျော့နေပါက အရှက်အကြောက်ကြီးသူ၊ လူတကာနှင့်မျက်လုံးချင်းအဆုံမခံဝံ့သူ၊ လူတောမတိုးရဲသူဖြစ်ပါမည်။ သို့သော်လည်း ၎င်းလက္ခဏာရှင်များက အဖော်ကောင်းလျှင် ဘက်ပေါင်းစုံ၌ လုပ်ရဲကိုင်ရဲ ပြောဆိုရဲသူဖြစ်တတ်ပါသည်။

အကယ်၍ နှလုံးလမ်းကြောင်းသည် လက်ညှိုးအောက်ဘက်တွင်အဆုံးသတ်ပြီး လက်သန်းကလည်း တိုတောင်းပါက မိဘကောင်း၊ ဆရာကောင်းများဖြစ်တတ်ပါသည်။ ၎င်းအပြင် အဆိုပါလက္ခဏာများအား ရုပ်/သံ၏ ကလေးအစီအစဉ်တင်ဆက်သူများ၊မူကြိုဆရာမများအဖြစ်တွေ့ရတတ်သည်။

**လက်ချောင်းတစ်ချောင်းချင်းစီတွင်ပါရှိသော လက်ချောင်းရိုး (၃) ချောင်း**

လက်မမှလွဲ၍ ကျန်ရှိသောလက်ချောင်း (၄)ချောင်း၏ တစ်ချောင်းချင်းစီ၌ လက်ချောင်းရိုး (အပေါ်၊ အလယ်၊ အောက်) အပိုင်း (၃) ပိုင်းစီပါရှိသည်။ ဆိုင်ရာလက်ချောင်းရိုးတစ်ချောင်းချင်းစီသည် ဦးနှောက်အသိဉာဏ်အဆင့်တန်းအား ကိုယ်စားပြုထားသည်။

**လက်ချောင်းရိုး (ထိပ်ဆုံးပိုင်း)**

လက်ချောင်းရိုး၏ ထိပ်ဆုံးပိုင်း လက်သည်းခွံရှိသောနေရာသည် ကျွန်ုပ်တို့၏ လိုအင်ဆန္ဒများ မည်သို့ရှိနေသည်ကိုဖော်ပြသည်။အကယ်၍ လက်ချောင်းရိုးထိပ်ဆုံးပိုင်းက ကျန်ရှိလက်ချောင်းရိုး (အလယ်၊ အောက်) တို့ထက် ပိုမိုရှည်လျားနေပါက နှုတ်ဆိတ်၍ ဣန္ဒြေကြီးသူ၊ ဘာသာရေးလွန်စွာလိုက်စားသူဖြစ်ကြောင်းဖော်ပြပါသည်။ လက်ချောင်းရိုးထိပ်ဆုံးပိုင်း ပိုမိုတိုတောင်းနေပါက မိမိအရေးကိစ္စမှလွဲ၍ ပြင်ပလောက၌ ဖြစ်ပျက်သမျှအားလုံးအား စိတ်မဝင်စားတတ်သူဖြစ်ပါမည်။

**လက်ချောင်းရိုး (အလယ်ပိုင်း)**

လက်ချောင်းရိုး (အလယ်ပိုင်း) သည် စည်းရုံးဆွဲဆောင်နိုင်စွမ်းရည်မြင့်မားကြောင်း၊ လက်တွေ့ကျကျလုပ်ကိုင်တတ်ကြောင်း၊ အရည်အချင်းအစစ်အမှန်ပြခွင့်ရကြောင်း ကိုယ်စားပြုဖော်ပြနေပါသည်။ ဦးခေါင်းလမ်းကြောင်းဖြောင့်တန်း၍ လက်ချောင်းရိုး (အလယ်ပိုင်း) ရှည်လျားပါက အထက်ပါအရည်အသွေးများ ပိုမိုတောက်ပြောင်နေပါမည်။ အကယ်၍ လက်ချောင်းရိုး (အလယ်ပိုင်း) တိုတောင်းပါက စည်းရုံးမှုစွမ်းရည်ကျဆင်းခြင်း၊ ဘဏ္ဍာရေးပြဿနာမဖြေရှင်းနိုင်ခြင်း၊ စီမံခန့်ခွဲမှုအပိုင်းညံ့ဖျင်းခြင်းဖြစ်တတ်ပါသည်။

**လက်ချောင်းရိုး (အောက်ပိုင်း)**

လက်ချောင်းရိုး (အောက်ပိုင်း) သည် ကျွန်ုပ်တို့၏ အခြေခံလိုအပ်ချက်များ၊ အလိုဆန္ဒများအတွက် ကိုယ်စားပြုထားသော လက်ချောင်းရိုးဖြစ်သည်။ လက်ချောင်းရိုးအောက်ပိုင်းသည် လက်ချောင်းများအား လွှမ်းမိုးထားပါက မိမိကိုယ်မိမိ စိတ်အလိုလိုက်သူ၊ ပျော်ရွှင်မှုပဓာနလက်ကိုင်ထားသူ (အထူးသဖြင့်) အစားအသောက်၊ အဝတ်အစား၊ စီးပွားဉစ္စာပိုင်ဆိုင်မှု၊ မူးယစ်သောက်စားခြင်းနှင့် လိင်အပျော်အပါးလိုက်စားခြင်းတို့အပေါ် နှစ်သက်စွဲလမ်းသူဖြစ်ကြောင်း ဖော်ပြနေပါသည်။ လက်ချောင်းရိုး (အောက်ပိုင်း) သိသိသာသာတိုနေခြင်းမရှိသလောက် ရှားပါးပါသည်။ အကယ်၍ရှိခဲ့ပါက အဆိုပါလက္ခဏာရှင်အနေဖြင့် မိမိကျန်းမာရေးကို ဂရုမစိုက်တတ်သူ၊ ဖြစ်သလိုနေထိုင်စားသောက်တတ်သူဖြစ်ပါမည်။ လက်ချောင်းရိုး (အောက်ပိုင်း) သည် အောက်ခြေအဆုံးဘက်၌ ရှုံ့တွဖြူရော်၍ညှက်နေပါက အစားအသောက်ဇီဇာကြောင်သူ၊ ကြေးများသူဖြစ်ပါမည်။

**ယောက်ျားဆန်သော အရည်အသွေးနှင့် မိန်းမဆန်သောအရည်အသွေး**

ပျမ်းမျှအားဖြင့် အမျိုးသားများ၏ လက်သူကြွယ်က လက်ညှိုးထက်အနည်းငယ်ရှည်လျားတတ်ကြပြီး အမျိုးသမီးများ၌ လက်ညှိုးနှင့်လက်သူကြွယ်ရှည်လျားပုံ အရွယ်အစားတစ်ပုံစံတည်းရှိတတ်သည်။

ရှည်လျားသော လက်သူကြွယ်သည် အဆုတ်၊ ဦးနှောက်၊ နှလုံး စသည့်ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ ဖွံ့ဖြိုးအားကောင်းစေရေးအတွက် အတိမ်းအစောင်းမခံလောက်အောင်အရေးပါသည့် လက်ချောင်းအဖြစ် ကိုယ်စားပြုထားသည်။

အကယ်၍ ရှည်လျားသောလက်ညှိုးဖြစ်ပါက အမျိုးသမီးဓမ္မတာနှင့်ပတ်သက်သောဟော်မုန်း(အီစတြိုဂျင်)အနေအထားနှင့် သားသမီးမွေးဖွားနိုင်မှုအရည်အသွေးတို့အား ကိုယ်စားပြုပါမည်။

ကျွန်ုပ်တို့လက်ဝါးပြင်ပါလက္ခဏာအရေးအကြောင်းများအား ဆန်းစစ်လေ့လာပါက ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့ဖြောင့်တန်းလျှင် ဆတ်ဆတ်ထိမခံတတ်သည့်သဘော၊ တွက်ချက်တတ်သည့်သဘောများပါရှိသည့် မိန်းမဆန်သောလက်အဖြစ် ကိုယ်စားပြုပြီး ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း အကွေးပုံစံရှိပါက ယောက်ျားဆန်သောလက်အဖြစ် အရည်အသွေးခွဲခြားသတ်မှတ်ရပါသည်။

**လက်ချောင်းများ၏ရပ်တည်မှုအနေအထား**

လက်မနှင့်ကျန်ရှိလက်ချောင်း (၄)



www.burmeseclassic.com

www.burmeseclassic.com

ချောင်းတို့၏ တစ်ခုနှင့်တစ်ခုဆက်စပ်နေမှုများက သက်ဆိုင်ရာလက္ခဏာရှင်၏ မိမိကိုယ်မိမိယုံကြည်မှုရှိခြင်း၊ မရှိခြင်းအပေါ် ဖော်ပြနေပါသည်။

**လက်ဝါးပြင်နှင့်နီးကပ်စွာရှိနေသောလက်မ**

လက်မသည် လက်ဝါးပြင်နှင့် နီးကပ်စွာရှိနေပါက မိမိကိုယ်မိမိ လုံခြုံစိတ်ချမှုမရှိသလို အခြားသူတစ်ဦးတစ်ယောက်၏ စီရင်ဆုံးဖြတ်မှုကို မခံယူရဲသလိုခံစားနေရပါမည်။ လက်မတည်ဆောက်ပုံအနေအထား မကောင်းခြင်းကြောင့် မိမိအပေါ် သိက္ခာမဲ့ခင်မင်သည့်သူ လွန်စွာနည်းပါးနေပါမည်။ သိက္ခာမဲ့သူရှိလာအောင် အိမ်သို့ဖိတ်ခေါ်ကျွေးမွေးခြင်းဖြင့်သာ ဖန်တီးရုံမှလွဲ၍ ခင်မင်သူ (မိတ်ဆွေ) နည်းနေပါမည်။

လက်မတည်ဆောက်ပုံ တွန့်လိမ်နေပါက စိတ်ဓာတ်ခွန်အားညံ့ဖျင်းသူဖြစ်တတ်ပြီး လူမှုအသိုင်းအဝန်းအတွင်းဝင်မဆံ့ရဲသူဖြစ်ပါမည်။

ယာဘက်လက်မထက် ဝဲဘက်လက်မက လက်ဝါးပြင်နှင့်ပိုမိုနီးကပ်နေပါက အရာရာအတိုင်းအဆအဆင်အခြင်မဲ့တတ်သူဖြစ်ပါမည်။

ဝဲဘက်လက်မထက် ယာဘက်လက်မက လက်ဝါးပြင်နှင့်နီးကပ်သည့်ပုံစံအား တွေ့ရခဲသည်။

လက်မတည်ဆောက်ပုံအားနည်းသောသူများအား ၎င်းတို့နေထိုင်ရှင်သန်ရာဝန်းကျင်၌အဆင်ပြေချောမွေ့နေမည်ဟု အများကထင်မှတ်ကြသော်လည်း လက်တွေ့အခြေအနေ၌ ၎င်းလက္ခဏာရှင်တို့အဖို့ လောကကြီးအပေါ် ကြောက်ရွံ့ထိတ်လန့်စရာအဖြစ်ရှုမြင်နေတတ်ကြသည်။

ဝဲဘက်လက်မနှင့်ယာဘက်လက်မ (၂) ချောင်းစလုံးက လက်ဝါးပြင်နှင့်နီးကပ်စွာမရှိဘဲ ဝေးကွာနေမှသာ မိမိ၏ကိုယ်ရေးကိုယ်တာ ကိုယ်စားပြုသော ဝဲဘက်လက်နှင့် လူအများနှင့်ပတ်သက်မှုကိုယ်စားပြုသော ယာဘက်လက်တို့မှ မိမိကိုယ်မိမိယုံကြည်မှုစိတ်ကို မြှင့်တင်ပေးသွားပါမည်။

**B. တောင့်တင်းခိုင်မာသောလက်မတည်ဆောက်ပုံ**

လက်မတည်ဆောက်ပုံအနေအထားကောင်းမွန်ပါက အများနှင့်ပတ်သက်ဆက်ဆံမှု၌ အဆင်ပြေချောမွေ့ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်စိတ်ချခြင်းသဘောကို ဖော်ပြပါသည်။ ၎င်းပြင်အဆိုပါလက္ခဏာရှင်သည် စာစ်ကိုယ်တော်စကားပြောကောင်းသူဖြစ်တတ်ပြီး လူအများအပေါ် စကားလုံးများဖြင့်ဆွဲဆောင်ဖမ်းစားနိုင်စွမ်းရှိသည်။

**C. လက်ညှိုးနှင့် လက်သန်းတို့က အခြား လက်ချောင်းများနှင့်ဝေးရာသို့ ခေါ်ထွက် (ကားထွက်)နေခြင်း**

လက်ညှိုးနှင့် လက်သန်းတို့၏ သမားရိုးကျမဟုတ်သော အနေအထား ကြောင့် အဆိုပါလက္ခဏာရှင်အနေဖြ မိမိဘဝအပေါ် မချင့်မရဲဖြစ်ခြင်း၊ မခံချ စိတ်များခြင်းကြောင့် ဆန့်ကျင်ပုန်က လိုခြင်း၊ စည်းကမ်းဖောက်လိုခြင်းစသ အရွဲ့တိုက်လိုသောစိတ်ဓာတ်များ ကိ အောင်းနေတတ်ပါသည်။ အရာရာ မကျေနပ်ချက်များနေခြင်းကြောင့် အမျ နှင့်မတူ တစ်မူထူး၍ စိတ်လွတ်ကိုယ် လွတ်(စည်းလွတ်ဝါးလွတ်) နေထိုင်တ ကြသည်ကို တွေ့ရပါမည်။

**D. လက်ဝါးပြင်မှ အပြင်သို့ခေါ်ထွက်နေ သည့်လက်ညှိုး**

မိမိကိုယ်မိမိယုံကြည်မှုရှိခြင်း၊ စိ အားထက်သန်ခြင်း၊ မိမိလိုချင်သည့် ရာအတွက် ရဲရင့်စွာရင်ဆိုင်ရယူနိုင်ခြ မိမိကိုယ်မိမိ ဆုံးဖြတ်နိုင်ခြင်းသဘော များကိုရည်ညွှန်းသည့် လက်ချောင်းဖြ သည်။

**E. လက်ခလယ်ဘက်သို့တိမ်းစောင်း သည့်လက်ညှိုး**

အဆိုပါ လက်ဝါးပိုင်ရှင်များအ ဖြင့် မိမိအား အများကမဖော်ရွေသ မိမိအတွက် ရှက်ရွံ့ကြောက်လန့်စ ငြီးငွေ့စရာဝန်းကျင်ဖြစ်နေသလို ခံစား တတ်ပါသည်။လက်ညှိုးက လက်ခလ ရှိရာဘက် တိမ်းစောင်းနေခြင်းကြော ဘဝတစ်သက်တာအတွင်း မိမိကိုယ် လုံခြုံမှု၊ စိတ်ချမှုကင်းမဲ့နေသလို စိတ်ညှိုး ငယ်စွာခံစားနေရပါမည်။

**F. လက်သူကြွယ်နှင့်လက်ခလယ် နီး ကပ်စွာရှိနေခြင်း**

အဆိုပါ လက်ချောင်းပိုင်ရှင်များ သည် မိမိလုပ်ငန်းအတွင်း စိတ်ရောကို ပါနှစ်မြှုပ်၍ ပျော်ရွှင်စွာလုပ်ကိုင်နေ တတ်သူများဖြစ်သည်။ သို့သော်လည်း အနာဂတ်အရေးတွေး၍ စိတ်ပူပန် တတ်ကြသည်။

လက်သူကြွယ်နှင့် လက်ခလယ် နီးကပ်စွာရှိသူ လက္ခဏာရှင်တို့ အများအတွက် ကိုယ်ကျိုးစွန့်အနစ် ခံရဲသူများဖြစ်သည်။ ၎င်းပြင် မိသား အတွင်း အားနည်းချက်ရှိသူကို တ တတ်ခြင်း၊ နာမကျန်းဖြစ်သူ ဆွေမျိုး တစ်ဦးဦးအား ပြုစုစောင့်ရှောက်တ



Palm Print-21

လက်ချောင်းများအနေအထားပြ နမူနာပုံကြမ်း



www.burmeseclassic.com

www.burmeseclassic.com

ခြင်း စသည့် စိတ်စေတနာကောင်းများ ထားရှိတတ်သည်။

လက်ခလယ်သည် လက်သူကြွယ် ရှိရာသို့ သိသိသာသာကွေးသွားပါက ဘဝ၏ ကျေနပ်ပျော်ရွှင်စရာများ နှစ် အတန်ကြာ တည်တံ့နေပါမည်။

**G. လက်ခလယ်နှင့်ဝေးကွာစွာရှိနေသည့် လက်သူကြွယ်**

အထက်ပါ လက်ချောင်းတည် ဆောက်ပုံပါရှိသူ လက္ခဏာရှင်သည် မိသားစုနှင့်မှဝေးရာ၌ ပျော်ရွှင်တတ်ခြင်း၊ အလုပ်တာဝန်ဝတ္တရားများအား တာဝန် ယူတတ်ခြင်း၊ ရည်မှန်းချက်အတိုင်း ကြိုး စားတတ်ခြင်း စသည့်အရည်အသွေးများ ပါရှိတတ်သည်။

**H. လက်သန်းတွန့်လိမ်နေခြင်း**

တွန့်လိမ်နေသောလက်သန်းပိုင်ရှင် ဖြစ်ပါက အရှက်အကြောက်ကြီး၍ အရာ ရာတွန့်ဆုတ်တုံ့ဆိုင်းတတ်သူဖြစ်ပါမည်။ လက်သန်းသည် ဆက်သွယ်ရေးနှင့် ပတ်သက်သောကိစ္စများအား ကိုယ်စား ပြုသည်။

**I. လက်သူကြွယ်ဘက်သို့ယိမ်းနေသည့် လက်သန်း**

အဆိုပါလက္ခဏာရှင်သည် စီးပွား ရေး၊ ငွေရေးကြေးရေးကိစ္စများ၌ ဂရုတ စိုက် စိစစ်တတ်သူဖြစ်ပါမည်။

**J. လက်ဝါးပြင်မှငေါ်ထွက်နေသည့်လက် သန်း**


လက်သန်းသည် လက်ဝါးပြင်မှ ငေါ်ထွက်နေဟန်ရှိပါက သစ္စာမရှိသူ၊ ဖောက်လွဲဖောက်ပြန်တတ်သူဖြစ်ပါမည်။ ၎င်းပြင် အဆိုပါ လက္ခဏာရှင်သည် ယခင်က ထိခိုက်နာကျင်မှုအား ကာလ အတော်ကြာ ရင်ထဲကိန်းအောင်းထား တတ်သည်။ လက်သန်းသည် လက်ဝါး ပြင်၌ (မူလရှိသင့်သောအနေအထားအ တိုင်း) ပြန်လည်နီးကပ်မှသာ အများနှင့် ဆက်ဆံမှုနှင့် (တစ်ဦးအပေါ်တစ်ဦး) ယုံ ကြည်မှုအတိုင်းအတာ မြင့်မားလာနိုင်ပါ သည်။

**K. အခြားသောလက်ချောင်းများထက် သိသာစွာ ပု-နိမ့်လွန်းသောလက်သန်း**

အဆိုပါလက်သန်းပိုင်ရှင်ဖြစ်ပါက ငယ်စဉ်ကတည်းကပင် မိဘမေတ္တာ (အထူးသဖြင့်) ဖခင်မေတ္တာငတ်မွတ်သူ ဖြစ်တတ်ပါသည်။ အကယ်၍ မိဘဖြစ်သူ (ဖခင်) သက်ရှိထင်ရှားရှိနေသေးပါ က သားသမီးနှင့်ဖခင်ကြား နားလည်မှု ရှိစေရန် ထိတွေ့ဆက်သွယ်ပေးရပါမည်။

**Palm Print-22**




Palm-A၏လက်ချောင်းအားလုံး က ဖြန့်ကားလျက်ရှိပြီး အကန့်အသတ် အချုပ်အချယ်၊ ချည်နှောင်မှုမှန်သမျှ အား ရွံရှာမုန်းတီးသူဖြစ်ကြောင်း ဖော်ပြ နေပါသည်။ လက်ဝါးပြင်မှလက်ချောင်း များ တည်ဆောက်ပုံဖြန့်ကားနေခြင်း ကြောင့် သဘောထားပွင့်လင်းသူ၊ အရာ ရာလက်ခံစဉ်းစားပေးတတ်သူ၊ နားလည် မှုပြည့်ဝသူ၊ တစ်ဖက်သားအပေါ် ရက် ရောစွာကူညီမစတတ်သူ၊ လွတ်လပ်မှုကို လိုလားသူ၊ မိမိတာဝန်မိမိယူရဲသူဖြစ် ကြောင်း ဖော်ပြပါသည်။

Palm-B ၏ လက်ချောင်းများ တည်ဆောက်ပုံသည် လူအများနှင့် လိုက်လျောညီထွေနေတတ်သော်လည်း ရှေးရိုးစွဲဆန်သူဖြစ်ကြောင်း ဖော်ပြပါ သည်။ လက်ချောင်းများဘေးသို့ဖြန့်ကား ခြင်းမရှိသောကြောင့် စကားနည်းသူ၊ မိမိအလိုဆန္ဒကိုထိန်းချုပ်နိုင်သူ၊ လုံခြုံ စိတ်ချရမှုကို ဦးစားပေးသူ၊ လက်တွေ့ လုပ်ကိုင်တတ်ခြင်းမရှိသည့်တိုင် အရာ ရာသေချာစွာ လေ့လာထားတတ်သူ ဖြစ်ပါမည်။ ၎င်းပြင် အတွင်းစွဲဝါဒရှိနေ ပြီး မိမိဘာသာအတွေးနယ်ချဲ့နေတတ် သည်။


**4. လက်ဗွေတည်ဆောက်မှုပုံစံအမျိုးမျိုး (finger print patterns)**

လက်ချောင်းအဖျားတွင်ရှိသော လက်ဗွေများသည် ကျွန်ုပ်တို့၏စိတ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



Palm Print 23
The Memory Loop

ဆိုင်ရာနှင့်ပတ်သက်သမျှ အခြေအနေ အရပ်ရပ်အား အသေးစိတ်ဖော်ပြပေးရုံမက မျိုးရိုးဗီဇလက္ခဏာများကိုပါ အတိအလင်း ဖော်ထုတ်ပေးနိုင်ပါသည်။

ကျွန်ုပ်တို့၏မွေးရာပါစရိုက်လက္ခဏာအကောင်း-အဆိုးနှင့် မျိုးရိုးဗီဇကောင်း-မကောင်းအား လက်တည်ဆောက်ပုံနှင့် လက်ချောင်းပေါ်ရှိ လက်ဗွေများအားကြည့်ခြင်းဖြင့် ဟောကိန်းထုတ်နိုင်ပါသည်။

ကျွန်ုပ်တို့လူသားမခြောက်မီ မိခင်ဝမ်းကြာတိုက်အတွင်း သန္ဓေသားဘဝ (၅)လခန့်အရွယ်တတည်းက လက်တည်ဆောက်ပုံ၊ လက်ချောင်းနှင့် လက်ဗွေလက္ခဏာများ (ပြောင်းလဲ၍မရနိုင်အောင်) အခြေတည်လျက် မွေးရာပါအရည်အသွေး စရိုက်လက္ခဏာများအဖြစ် တစ်ပါတည်း ပါရှိပြီးဖြစ်သည်။ လက်ဗွေများ၏ ထူးခြားချက်မှာ မိခင်ဖြစ်သူကိုယ်ဝန်ဆောင်ကာလအတွင်း သားအိမ်အတွင်း၌ ဖြစ်ပျက်တွေ့ကြုံခဲ့ရသည့်ကိစ္စများကိုပါ မှတ်တမ်းအဖြစ် ပါရှိနေစေခြင်းပင် ဖြစ်သည်။ သိပ္ပံပညာရှင်များအနေဖြင့် ,လက်ဗွေများ မည်သို့ စတင်ပေါ်လာသည်ကို တိကျစွာမသိနိုင်သေးပေ။

စိတ်လှုပ်ရှားစရာ အဖြစ်အပျက်များအား ကောင်းစွာအမှတ်ရနေသည့် သဘောကိုယ်စားပြုသည့် Memory Loop (လက်ဗွေပုံစံ) အား "Palm Print-23" (နမူနာပုံ) တွင်ပြသထားသည်။

**လက်ဗွေပုံစံအမျိုးအစား**

အခြေခံအားဖြင့် လက်ဗွေပုံစံ (၃) မျိုးရှိသည်။

1. Loop =ကြိုးကွင်းသဏ္ဌာန်လက်ဗွေ၊
2. Whorl = အလိပ်လိုက်ပုံစံ လက်ဗွေ၊
3. Arch = မုခ်ဝ၊ အခုံးသဏ္ဌာန်၊ လက်ဗွေ ဟူ၍ဖြစ်သည်။

အထက်ပါ လက်ဗွေအမျိုးအစား တစ်ခုချင်းစီအလိုက် အခြားသောလက်ဗွေများနှင့် ကွဲပြားမှုရာခိုင်နှုန်း တစ်မျိုးစီရှိနေကြသည်။

ကြိုးကွင်းသဏ္ဌာန် လက်ဗွေ (Loop) က (65%) နီးပါး) အခုံးပုံစံလက်ဗွေ (arch) က (5%) နှင့် (6%) ကြား၊ အလိပ်လိုက်ပုံစံလက်ဗွေ (whorl) က (30%) စသည်ဖြင့် ကွဲပြားမှုရှိကြသည်။

လက်ဗွေများအား မည်သည့်လက်ဗွေအမျိုးအစားတွင် ပါဝင်သည်ကို ခွဲခြားသိမြင်နိုင်ရန် မင်၊ နှုတ်ခမ်းနီ ပေါင်ဒါ စသည်တို့အသုံးပြု၍လိမ်းခြယ်၍ စာရွက်ပေါ်(လက်ဗွေနှိပ်)မှသာ အထင်အရှားပေါ်လာပြီး ခွဲခြားနိုင်ပါမည်။

လက်ဗွေများကိုစစ်ဆေးဖတ်ကြားရာ၌ ဝဲ-ယာလက်(၂)ဖက်စလုံးရှိ လက်မလက်ဗွေနှင့် လက်ညှိုးလက်ဗွေတို့တစရိုက်လက္ခဏာဖော်ပြခြင်း၌ အရေးအပါဆုံးဖြစ်ကြောင်း သတိပြုရပါမည်။

Loop (ကြိုးကွင်းသဏ္ဌာန်)လက်ဗွေ- "U-Turm" (သို့) ဂငယ်တွေ့ပုံစံရှိသည်။

"whorl"(အလိပ်လိုက်ပုံစံ)လက်ဗွေ- စက်ဝိုင်းပုံစံ(သို့) ပစ်မှတ်ပုံစံရှိသည်။

"Arch"(မုခ်ဝ-အခုံးပုံစံ)လက်ဗွေ- တောင်ကုန်းပုံသဏ္ဌာန် ဖွဲ့စည်းထားသည်။

"Temted Arch"(ရွက်ဖျင်တဲပုံစံ) လက်ဗွေ - ရွက်ဖျင်တဲနှင့် အမှန်တကယ်

Palm Print-24




**အခြေခံလက်ဗွေပုံစံ (၃) မျိုးပါဝင်သော လက်ဗွေပုံစံ (၁၂) မျိုး**



www.burmeseclassic.com

www.burmeseclassic.com

ဆင်တူစွာ ဖွဲ့စည်းထားသည်။

"Composite"(ပုံစံ ၂ မျိုး၊ ၃ မျိုး ပါ) လက်ဗွေ - အလိပ်လိုက်ပုံစံနှင့် ကြိုးကွင်းပုံစံတို့ ပေါင်းစပ်ပါဝင်သည်။

"Peacock's Eye"(ဥဒေါင်းမျက်လုံးပုံစံ)လက်ဗွေ - အလိပ်လိုက်ပုံစံဘေးမှ ပတ်လည်ဝိုင်းရံလျက် အလယ်၌ ကြိုးကွင်းပုံစံဖြစ်နေသော လက်ဗွေပုံစံ။

"Loop Arch" (ကြိုးကွင်းနှင့်မုခ်ဝ အခုံးပုံစံတို့ ပေါင်းစပ်ပါဝင်သည့်လက်ဗွေ-ကြိုးကွင်းသဏ္ဌာန်လက်ဗွေနှင့် မုခ်ဝ အခုံးပုံစံတို့ မျှတစွာပါဝင်ဖွဲ့စည်းထားသည်။



"Loop" (ကြိုးကွင်းသဏ္ဌာန်လက်ဗွေ) - ၎င်းလက်ဗွေအမျိုးအစားသည် ဘက်စုံထူးချွန်ခြင်း၊ အလိုက်သင့်ပြောင်းလဲနေထိုင်တတ်ခြင်း၊ မီးစဉ်ကြည့်ကတတ်ခြင်း စသည့် အရည်အသွေးများပိုင်ဆိုင်ထားပြီး မည်သူနှင့်မဆို အဆင်ပြေချောမွေ့စွာ ပေါင်းသင်းဆက်ဆံတတ်သည့် စိတ်ဓာတ်ပေါ့ပါးလွတ်လပ်သူများဖြစ်ကြောင်း ဖော်ပြပါသည်။

ကြိုးကွင်းပုံစံလက်ဗွေ - လက်ညှိုး (ဘယ်-ညာ) (၂) ဖက်စလုံးတွင်ပါရှိခဲ့ပါက အဆုံးအဖြတ်မပေးနိုင်သည့် (မပြတ်သားသည့်) သဘာဝရှိကြောင်း ဖော်ပြပါသည်။ ၎င်းလက်ဗွေပိုင်ရှင်များကို အရောင်းဈေးသည်၊ သူတစ်ပါးအတင်းအဖျင်းပြောဆိုသူ၊ နေ့စဉ်အဖြစ်အပျက်အကြောင်းအရာများအား (မိမိ မိသားစုအရေးမဟုတ်ဘဲ) ဆွေးနွေးဝေဖန်တတ်သူများ၌ အများဆုံးတွေ့ရတတ်သည်။

ကြိုးကွင်းသဏ္ဌာန်လက်ဗွေများကို တစ်ခါတစ်ရံ လက်ချောင်းထိပ်ဖျား၌ တွေ့ရှိရသည်။ ၎င်းအနေအထားသည် ရေဓာတ်ကိုကိုယ်စားပြုပြီး အတွေးအခေါ်၊ အမြော်အမြင်အားကောင်းသလို ဆတ်ဆတ်ထိမခံတတ်သည့်သဘောရှိကြောင်းလည်း ဖော်ပြပါသည်။ကြိုးကွင်းသဏ္ဌာန်လက်ဗွေများအား လက်သန်းနှင့်လက်မတို့၌ အများဆုံးတွေ့ရှိရသည်။

"whorl" (အလိပ်လိုက်ပုံစံရှိလက်ဗွေ) - ၎င်းလက်ဗွေပိုင်ရှင်များသည် အရာရာခွဲခြားနားလည်တတ်သူ၊ အထုံပါရမီအားကောင်းသူများဖြစ်ပြီး မည်သည့်အလုပ်တွင်မဆို စိတ်ဓာတ်ပြင်းထန်တက်ကြွစွာ လုပ်ကိုင်တတ်သူများဖြစ်သည်။ အဆိုပါ အရည်အသွေးရှိသူတို့၏ လက်ချောင်းလက်ဗွေများကို လေ့လာပါက အလိပ်လိုက်ပုံစံရှိလက်ဗွေများ အဓိကလွှမ်းမိုးထားသည်ကိုတွေ့ရပါမည်။ အကယ်၍ "whorl" ပုံစံလက်ဗွေကို လက်သူကြွယ်ထိပ်ဖျားတစ်ချောင်းတည်းတွင်သာ တွေ့ရှိရပါက အနုပညာပိုင်း၌ ထူးချွန်ထက်မြက်သူ၊ ဗိသုကာပညာရှင်၊ ဒီဇိုင်နာ၊ ဂီတပညာရှင်များဖြစ်လာမည်ဟု ဖော်ပြနေပါသည်။ အဆိုပါ လက်ဗွေပိုင်ရှင်များသည် သူတကာထက်တစ်မူထူးတတ်သူ၊ ဝတ္ထုဇာတ်လမ်းဆန်သူ၊ အစွဲအလမ်းကြီး၍ အကဲပိုတတ်သူများလည်း ဖြစ်သည်။ "whorl" လက်ဗွေပိုင်ရှင်တို့၏ ဘဝရှင်သန်ရပ်တည်သူသည် အများနှင့်မတူဘဲ မိသားစုနှင့် ကွဲကွာနေရတတ်ခြင်း၊ အပယ်ခံထားရသလို အထီးကျန်သလို ခံစားရတတ်ခြင်း၊ မိသားစုအတွင်း ဧည့်သည်သဘောဖြစ်နေခြင်း၊ မိတ်ဆွေအပေါင်းအသင်းများနှင့်အဆက်အသွယ်ပြတ်တောက်နေခြင်း စသည့် ဘဝ၏ လိုအပ်ချက် အားနည်းချက်များစွာရှိနေပါမည်။

ယာဘက်လက်ချောင်းများပေါ်၌ အလိပ်လိုက်ပုံစံရှိဗွေ (whorl) များစွာပါရှိနေပါက သွေးတိုးရောဂါဖြစ်လာနိုင်ကြောင်း (လက္ခဏာဆိုင်ရာ သုတေသနစာတမ်း) များက ဆိုသည်။

ဘယ်၊ ညာလက်(၂)ဖက်ရှိ လက်ချောင်း (၁၀) ချောင်းရှိသည့်အနက် လက်ချောင်း (၇) ချောင်း (သို့) (၈) ချောင်း၌ "whorl" လက်ဗွေများပါရှိနေပါက သာမန်လူများထက်တစ်မူထူးသည့်



စွမ်းရည်များပိုင်ဆိုင်ထားပြီး အရောင်းအဝယ်သမားဖြစ်ပါက အရောင်းအဝယ်ကောင်းသူဖြစ်ပါမည်။ ပင်ကိုစွမ်းရည်ထူးခြားသလို အနေအထိုင်အပြုအမူ၊ (ဆံပင်ထားပုံ)နှင့် ဝတ်စားဆင်ယင်ပုံများလည်း ထူးခြားတတ်ပါသည်။ အချို့သော "whorl" လက်ဗွေပိုင်ရှင် (အမျိုးသား) များက ဘဝကြင်ဖော်မရှာဘဲ မိမိဘဝမိမိထိန်းကျောင်း၍ ပျော်သလိုနေတတ်သူ၊ အချို့က မိန်းမမုန်းတီးသူ (misogynist) များဖြစ်ကြောင်း တွေ့ရတတ်သည်။



"Arch" (မုခ်ဝ-အခုံးပုံစံ) လက်ဗွေ - ၎င်းလက်ဗွေ၏ပင်ကိုသဘာဝအရ အရာရာလက်တွေ့ကျကျ ထိရောက်စွာလုပ်ကိုင်တတ်ခြင်း၊ လက်နှင့်ထိတွေ့လုပ်ကိုင်ရသောအလုပ်များ၌ ကျွမ်းကျင်ခြင်းရှိတတ်သည်။ အဆိုပါ လက်ဗွေပိုင်ရှင်များကို မက္ကင်းနစ်၊ အင်ဂျင်နီယာ၊ ကြွေပြား၊ မြေအိုး၊ ပန်းပု၊ ကျောက်ဆစ်လုပ်ငန်းလုပ်ကိုင်သူ၊ သတ္တုကြေးသွန်းလောင်းသည့်လုပ်ငန်းလုပ်ကိုင်သူများ၌ အများဆုံးတွေ့ရှိရသည်။ လက်ချောင်းများတွင် "Arch" ပုံစံလက်ဗွေပါရှိသူများ အနေဖြင့် လက်တွေ့ကျ၍ ကျိုးကြောင်းဆင်ခြင်ဉာဏ်ရှိပြီး လက်တွေ့ဘဝနှင့်နီးစပ်သောကိစ္စများကိုသာ အာရုံစိုက်တတ်ကြသည်။ ၎င်းပြင် ဟန်ဆောင်မှုကင်းမဲ့၍ ရိုးသားဖြူစင်သောစိတ်ထားထားနိုင်သူများလည်း ဖြစ်ကြသည်။ အခုံးပုံစံရှိ လက်ဗွေ (Arch) များကို လက်ညှိုးထိပ်ဖျားများ၌ အများဆုံး တွေ့ရှိရသည်။ ၎င်းလက္ခဏာရှင်များသည် ဘဝ၏ စိန်ခေါ်မှုအသစ်များအား ရင်ဆိုင်ဖြေရှင်းဝံ့သူများဖြစ်ပြီး ကျရာနေရာမှ အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်နိုင်သူများဖြစ်သည်။ အတားအဆီးအခက်အခဲများအား ခေါင်းမာမာနှင့် ကြံ့ကြံ့ခံနိုင်သောကြောင့် စိတ်ဓာတ်ကျသည်ဟူ၍မရှိတတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



"Temted arch" (ရွက်ဖျင်တဲပုံစံ) လက်ဗွေ - စိတ်ဓာတ်ခွန်အားကောင်းခြင်း၊ တစ်ပါးသူအပေါ် စည်းရုံးဆွဲဆောင်နိုင်ခြင်း စသည့် အရည်အသွေးများ ပိုင်ဆိုင်ထားကြောင်း ဖော်ပြသည်။ ရွက်ဖျင်တဲပုံစံရှိ လက်ဗွေအမျိုးအစားကို တစ်ခါတစ်ရံ လက်ညှိုးတစ်ချောင်းတည်းပေါ်၌ တွေ့ရှိရသည်။ ထိုအနေအထားသည် အနာဂတ်ကာလလုပ်ငန်းအစီအစဉ်များအတွက် ကြိုတင်ပြင်ဆင်မှုပြုတတ်ကြောင်း၊ ရည်မှန်းချက်ရှိသည့်အတိုင်း အကောင်းဆုံး ကြိုးစားတတ်ကြောင်း ဖော်ပြပါသည်။



"composite" (ပုံစံ (၂)မျိုး (၃)မျိုး ပါဝင်ပေါင်းစပ်ထားသည်) လက်ဗွေ - အဆိုပါလက်ဗွေများကို လက်မနှင့်လက်ညှိုးပေါ်၌သာ အမြဲတစေ တွေ့ရတတ်သည်။ ၎င်းလက်ဗွေပိုင်ရှင်အနေဖြင့် ပြဿနာအခြေအနေတစ်ရပ်အား နှစ်ဖက်မျှ၍စဉ်းစားအဖြေရှာခြင်း၊ အရမ်းကာရော ဆုံးဖြတ်ချက်မချတတ်ခြင်း စသည့်အရည်အသွေးများ ပိုင်ဆိုင်ထားသည်။ ၎င်းပြင် မဟာဗျူဟာမြောက် တွေးခေါ်ကြံစည်တတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာအဖြေရှာတတ်ခြင်းတို့ကြောင့် ရာဇဝတ်တရားသူကြီး၊ စေ့စပ်ဖြန်ဖြေရေးအဖွဲ့ခေါင်းဆောင်များအဖြစ် တွေ့ရတတ်သည်။



"Peacock's eye" (ဥဒေါင်းမျက်လုံးပုံစံ) လက်ဗွေ- ၎င်းလက်ဗွေပုံစံအား လက်သန်းနှင့်လက်သူကြွယ်တို့အပေါ်၌သာ တွေ့ရတတ်သည်။ အဆိုပါလက်ဗွေပိုင်ရှင်များသည် မိမိကိုယ်မိမိ လွန်စွာကာကွယ်တတ်သလို အများအားဖြင့် ကံကောင်းတတ်သူများဖြစ်သည်။ အထူးသဖြင့် မတော်တဆထိခိုက်ဒဏ်ရာရမှုများ၌ ကြုံဖန်၍လွတ်မြောက်တတ်ကြသည်။



"Loop arch" (ကြိုးကွင်းပုံစံနှင့် အခုံးပုံစံတို့ပေါင်းစပ်ပါဝင်သည့်) လက်ဗွေ - အထက်ပါလက်ဗွေပုံစံ(၂)မျိုးအား လက်ချောင်းထိပ်ဖျား၌ အညီအမျှစီပါဝင်သည်ကိုတွေ့ရတတ်သည်။ အဆိုပါလက်ဗွေပိုင်ရှင်များအနေဖြင့် ဘက်ပေါင်းစုံ၌ ထူးချွန်တတ်ကြသော်လည်း ဒုက္ခအန္တရာယ်အကြီးအကျယ်ကျရောက်တတ်ကြသည်။အားနည်းချက်အနေဖြင့် အလုပ်တစ်ခုကို ပြီးဆုံးအောင် လက်စမသတ်သေးဘဲ အခြားအလုပ်တစ်ခုလုပ်ရန် စိတ်ဝင်စားတတ်ခြင်းပင်ဖြစ်သည်။

**လက်ချောင်းများအလိုက် ပါရှိနေသော လက်ဗွေတစ်မျိုးစီ၏ အရည်အသွေးများ**

**လက်မလက်ဗွေ-** လူတစ်ဦးချင်းစီ၏ပင်ကိုစရိုက်နှင့် ရှိရင်းစွဲစွမ်းအင်၊ ခွန်အားတို့အား လက်တွေ့အသုံးချနိုင်ခြင်းကို ကိုယ်စားပြုသည်။

**လက်ညှိုးလက်ဗွေ** - ပင်ကိုစရိုက်နှင့် မိမိဆန္ဒ၊ သဘောထားအမြင်အား ထုတ်ဖော်ပြောရန် ဝန်မလေးတတ်ခြင်းသဘောကို ဖော်ပြသည်။

**လက်ခလယ်လက်ဗွေ** - အလုပ်လုပ်သည့်ကိုယ်ပိုင်ဟန်နှင့် တာဝန်ဝတ္တရားများရှိနေခြင်းကို ရည်ညွှန်းသည်။

**လက်သူကြွယ်လက်ဗွေ** - လူတစ်ဦး၏ အထုံဝါသနာအရည်အသွေးနှင့် ဖန်တီးနိုင်မှုစွမ်းရည်ကို ကိုယ်စားပြုဖော်ပြသည်။

**လက်သန်းလက်ဗွေ** - ပြောဆိုဆက်ဆံတတ်သည့်ပုံစံနှင့် လိင်မှုကိစ္စအခြေအနေများကို ရည်ညွှန်းဖော်ပြသည်။

**အခြားနမူနာပုံစံများ**

လက်မပေါ်၌ ကြိုးကွင်းပုံစံ (Loop) လက်ဗွေပါရှိပါက အရာရာ၌ နှစ်ဖက်မျှ၍ တွေးတောရှုမြင်တတ်သူဖြစ်ပါမည်။

လက်ခလယ်ပေါ်၌ ကြိုးကွင်းပုံစံ (Loop) လက်ဗွေပါရှိပါက အခြားသူတစ်ဦးဦးနှင့်တွဲ၍ အလုပ်လုပ်ရန်လိုကြောင်းဖော်ပြပါသည်။

လက်မပေါ်၌ အလိပ်လိုက်ပုံစံ (whorl) လက်ဗွေပါရှိပါက ခေါင်းမာတတ်သူ၊ အသစ်တဆန်းတီထွင်တတ်သူဖြစ်ကြောင်း ရည်ညွှန်းပါသည်။

လက်ညှိုး၌ (whorl) လက်ဗွေပါရှိလျှင် အမှန်တရားကိုရှာဖွေတတ်သူအဖြစ် ကိုယ်စားပြုပါသည်။

လက်ခလယ်ပေါ်၌ (whorl) လက်ဗွေပါရှိလျှင် ပညာရပ်တစ်ခုခု၌ ပါရဂူဖြစ်နိုင်ကြောင်း ဖော်ပြပါသည်။

လက်သူကြွယ်၌ (whorl) လက်ဗွေပါရှိပါက အနုပညာဆိုင်ရာဖန်တီးနိုင်မှုစွမ်းရည်မြင့်မားခြင်းသဘောကိုပြပါသည်။

လက်သန်းပေါ်၌ (whorl) လက်ဗွေပါရှိခဲ့လျှင် အရာရာအလေးအနက်ထားတတ်သူဖြစ်ပါမည်။

ဘသုန်

www.burmeseclassic.com

ငယ်စဉ်ကနေ ဘဝတစ်လျှောက်လုံး မိုးကုတ်မှာ ကျောက်တွင်းလုပ်ကိုင်နေတဲ့ ကျွန်တော်ဟာ ကျန်းမာရေးလေ့ကျင့်ခန်းဆိုလို့ ဘာမှမလုပ်ခဲ့ပါဘူး။ လုပ်စရာလည်းမလိုပါဘူး။ ဘာလို့လဲဆိုတော့ တစ်နေ့တာလုံး အလုပ်ကို ပင်ပင်ပန်းပန်းသွားလာလုပ်ကိုင်နေရတော့ကာကိုယ်လက်လှုပ်ရှားမှု အပြည့်အဝရနေတာကြောင့်ပါ။

ကျောက်တွင်းလုပ်ငန်းလုပ်သူတိုင်းဟာ အငြိမ်နေရတယ်ဆိုတာမရှိတာကြောင့် ကျန်းမာရေးလည်း ပြည့်စုံကြပါတယ်။ ကျောက်တွင်းလုပ်ငန်းက အနားမယူမချင်းတစ်နေ့တာသွားလာလုပ်ကိုင်မှုတွေဟာအမှန်တကယ်လည်း ကျန်းမာရေးကို အထောက်အကူဖြစ်စေပါတယ်။

# နေပြည်တော်ကျော်ကျော်စိုး

## လမ်းနောက်ပြန်လျှောက်ခြင်းဖြင့်



အသက်ကြီးလို့ ကျောက်တွင်းလုပ်ငန်းကနေ နားလိုက်ပြီဆိုရင်တော့ အဲဒီလူတွေဟာ နေမထိထိုင်မသာဖြစ်လာကြတာများတယ်။ ညောင်းကိုက်ပြီး ခြေမသယ်ချင်လက်မသယ်ချင်ဖြစ်ကုန်တတ်ပါတယ်။ တစ်သက်လုံးပြေးလွှားလုပ်ကိုင်နေတဲ့ မြင်းတစ်ကောင်ကို အလုပ်မခိုင်းဘဲ မြင်းဇောင်းထဲထည့်ထားရင် အဲဒီမြင်းဟာ အညောင်းမိပြီးနေထိုင်မကောင်းသလိုပါဘဲ တွင်းသမားတွေလည်း တစ်သက်လုံးပင်ပန်းကြီးစွာလုပ်ကိုင်နေရာကနေ အနားယူလိုက်တဲ့အခါ ခြေလက်တွေနာလာတတ်တာပါပဲ။ ညောင်းသလို၊ ကိုက်သလို၊ ခြေလက်မသယ်ချင်သလို ခံစားရလေ့ရှိတယ်။ ဒါက ကိုယ်လက်လှုပ်ရှားမှုမရှိတော့လို့ပါ။

ကျွန်တော် မိုင်းရှူးမှာ ဆယ်နှစ်နေပြီး ပြန်ရောက်တော့ အရွယ်ရင့်ပြီမို့ အနားယူပါပြီ။ စာရေးတာတစ်ခုပဲလုပ်ပါတယ်။ အဲဒီမှာ နေရထိုင်ရတာ အဆင်မပြေချင်ဘူး။ အဲဒါနဲ့ မနက်စောစောအင်းတစ်ပတ်လမ်းလျှောက်တော့ ကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com

ရေးလေ့ကျင့်ခန်းစလုပ်ရပါတော့တယ်။ စောစောထပြီး လမ်းလျှောက်တော့ကာ တစ်နေ့တာကို ပေါ့ပါးလန်းဆန်းစွာ ဖြတ်သန်းလို့ရတယ်။ လမ်းလျှောက်ချိန် (၁) နာရီကျော်ကျော် ကြာပါတယ်။ ဒါက ၂၀၁၀ မိုးကုတ်မှာနေစဉ်ကပါ။

၂၀၁၁ မှာ နေပြည်တော်ပြန်လာပြီးနေပါတယ်။ အဲဒီမှာ မနက် (၄) နာရီလောက် ပုံမှန်ထတာ လမ်းလျှောက်ပါတယ်။ ပြန်ကပြေးရွာကနေ မြို့အဝင်ယောက်သွား အင်းရပ်ကွက်အစပ်နားအထိပါ။ အသွားအပြန် (၄)မိုင်လောက်ရှိမယ်ထင်ပါရဲ့။

နောက်ပိုင်းရွာဦးထိပ်မှာ လျှောက်လမ်းသုံးခုပါတဲ့ ဇီဇဝါပန်းအဝိုင်းကြီး တည်ဆောက်ပေးတဲ့အခါ အဲဒီအဝိုင်းကြီးမှာပဲ ကြိုက်ရာစကြံမှာလျှောက်ပါတယ်။ ကိုယ်လက်လေ့ကျင့်ခန်းတွေ လုပ်တယ်။ ဘယ်သူလာလာမလာလာ ကျွန်တော်ကတော့ ဝတ်မပျက်လျှောက်ပါတယ်။ မိုးရွာနေရင် ထီးနဲ့လျှောက်ပါတယ်။ ဆောင်းရာသီမှာတော့ လူအတော်များများ လာလျှောက်တာတွေ့ရတယ်။

အဲဒီလူတွေထဲမှာ အလယ်စကြံလမ်းမှာလာပြီးနောက်ပြန်လမ်းလျှောက်ကြတဲ့လူတွေ တွေ့ဖူးတယ်။ အများကြီးတော့ မဟုတ်ဘူး။ လူအနည်းအကျဉ်းပါ။ ကျွန်တော် အဲဒီလူတွေမြင်ရတော့ ဒီလူတွေဘယ်လိုပါလိမ့်ပေါ့။ လမ်းများနောက်ပြန်လျှောက်ရတယ်လို့ဆိုပြီး စိတ်ထဲ အထူးအဆန်းမှတ်မှတ်သားသားရှိနေရပါတယ်။

ဒီလို နောက်ပြန်လမ်းလျှောက်တဲ့လူတွေဟာ အဆော့သန်တာလား၊ သူများထက်ထူးပြီး နဖူးမှာ ချိုပေါက်တဲ့လူတွေလား သို့တည်းမဟုတ် ကျန်းမာရေးလေ့ကျင့်ခန်းလား ဒါမှမဟုတ် သူများတွေကြည့်အောင် စတန့်လုပ်ပြတာလား စသည်ဖြင့်ပေါ့လေ။ အမျိုးမျိုးတွေးခေါ်ကြည့်ပါတယ်။ အဖြေက မရေမရာပါပဲ။

တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေခါးနာနေတာ အိပ်ရာကမထနိုင်ဘူးဆိုတာကြောင့် လူမှုရေးအရသွားမေးရပါတယ်။ သူက ကိုတင်ထွန်းပါ။ ထုံးစံအတိုင်း ဆေးခန်းကိုသွားတယ်လို့ ဆိုပါတယ်။ ကားပေါ်ကို လူနှစ်ယောက်က ဘယ်ညာတွဲခေါ်ပြီး တင်ပေးရခြင်းပါ။ အဲဒီလို ဆေးခန်းသွားတဲ့အခါ အလှည့်မကျတော့ ထိုင်စောင့်နေရပါတယ်။ ဒီလို ထိုင်စောင့်နေစဉ်မှာ ဘေးနားက အမျိုးသမီးကြီးနဲ့ စကားစပ်မိတဲ့အခါ သူလည်း ခါးနာ၊ ဒူးနာဝေဒနာ (၃)လကျော်ကျော် ခံစားခဲ့ရပါကြောင်း၊ မိတ်ဆွေတစ်ဦးက လမ်းနောက်ပြန်လျှောက်ရင် လွဲမှားနေတဲ့အကြောတွေပြန်တည့်ပြီး ဝေဒနာသက်သာ ပျောက်ကင်းနိုင်ပါကြောင်း ပြောတာနဲ့ လမ်းနောက်ပြန်လျှောက်လေ့ကျင့်ပြီး တစ်နေ့ကို ခြေလှမ်း (၈၀၀) လောက်လျှောက်ကြည့်တဲ့အခါမှာတော့ ဝေဒနာသက်သာလာခဲ့ကြောင်း၊ အဲဒီလို နောက်ပြန်ဆက်လျှောက်တာကြောင့် အခုဆိုရင် ဝေဒနာအရှင်းပျောက်သွားပြီဖြစ်ကြောင်း ပြောပြတယ်လို့ ကိုတင်ထွန်းက ပြောပြပါတယ်။

အဲဒီကျမှလမ်းနောက်ပြန်လျှောက်တဲ့လူတွေဟာ အကြောင်းမဲ့လျှောက်တာမဟုတ်ဘူးဆိုတာ သဘောပေါက်ရပါတယ်။ လောကမှာ ကိုယ်မသိတာတွေ အသင်္ချေအနန္တရှိနေပါလားဆိုတာလည်း ပိုပြီးသဘောပေါက်ရပါတယ်။

အဲဒီအမျိုးသမီးက နည်းကောင်းညွှန်ပါသော်လည်း ကိုတင်ထွန်းအနေနဲ့ လမ်းလျှောက်ဖို့မဆိုထားနဲ့ မတ်တတ်တောင်မရပ်နိုင်တဲ့အခြေအနေပါ။ အဲဒီတော့ အခက်ကြုံရပါတယ်။ လူနှစ်ယောက်တွဲထူမှထနိုင်တဲ့အခြေအနေဆိုတော့ လက်လုပ်တောင်ဆရာတော်ညွှန်တဲ့ သိုက်ချောင်းလမ်းဆုံက ဆရာဦးမြင့်သိန်းဆီ (၃) ကြိမ်သွားနှိပ်ပါမှ သက်သာရာရပါတော့တယ်။

အမည်တောင်မသိလိုက်တဲ့ ဆေးခန်းမှာ ခေတ္တဆုံလိုက်ရတဲ့ အမျိုးသမီးကြီးဆီက နည်းကောင်းကို ရလိုက်ပေမယ့် ကိုတင်ထွန်းမကျင့်သုံးနိုင်ခဲ့ပါဘူး။ ကျင့်သုံးတာက ကျွန်တော်ပါ။

အသက်ကြီးလာတော့ကာ ပျက်စီးမှုတွေကြောင့်ထင်ရဲ့။ မကြာမကြာ ဒူးနာ၊ ခြေဆစ်နာဖြစ်တတ်ပါတယ်။ ကြက်ရိုးပြုတ်သောက်လိုက်၊ ဒဏ်ကြေလိမ်းဆေးလိမ်းလိုက်၊ ဆေးလေးစားလိုက်နဲ့ သက်သာနေတာပါပဲ။ ကျွန်တော်က မြန်မာ့ရိုးရာနည်းလေးတွေသိနေတော့ အခက်အခဲတယ်မရှိပါဘူး။

ဒါပေမယ့် လမ်းနောက်ပြန်လျှောက်ခြင်းဖြင့် လွဲမှားနေတဲ့အကြောတွေ ပြန်ကောင်းတယ်ဆိုတာတော့ မသိပါဘူး။ နောက်ပြန်လျှောက်တဲ့လူတွေကို စိတ်ထဲကတစ်မျိုးထင်နေမိတာပါ။ ယောခုတော့ ကျွန်တော်ပါ အဝိုင်းရဲ့အလယ်လျှောက်လမ်းမှာ နောက်ပြန်လျှောက်နေပါပြီ။

နောက်ပြန်လျှောက်တယ်ဆိုရာမှာ လျှောက်လမ်းကောင်းဖို့တော့လိုပါတယ်။ ခလုတ်တံသင်းရှိရင် လျှောက်လို့မရပါ ဘူး။ နောက်ပြန်လဲခြင်းဖြင့် အန္တရာယ် ကြီးတာမို့ လျှောက်လမ်းဖြောင့်ဖြူးချော မွေ့ဖို့လိုပါတယ်။ အဝေးကြီးမဟုတ် တောင် ဝေ့ဝိုက်လျှောက်လို့ရတဲ့ ကွင်း ငယ်ငယ်လိုအပ်ပါတယ်။ အိမ်ကျယ် ကျယ်ရှိရင်လည်း ရနိုင်ပါတယ်။

ခုချိန်မှာ နေပြည်တော် ဇမ္ဗူသီရိ မြို့ အောင်ဇမ္ဗူရပ်ကွက်ထိပ်က ဇီဇဝါ ပန်းအဝိုင်းကြီးရဲ့ အလယ်လျှောက်လမ်း မှာ နောက်ပြန်လမ်းလျှောက်နေတတ်တဲ့ ကျွန်တော့်ကို လူတွေက ဟိုးအရင်က ကျွန်တော် သူများကို တွေးထင်သလို ထင်ကြမှာ သေချာပါတယ်။ မသိခင်က သူများကို အမျိုးမျိုးထင်ခဲ့တဲ့ ကျွန်တော် ဟာ တကယ်တော့ ဝင်္ကလည်တာလား မသိဘူးပေါ့နော်။ ဘယ်လိုထင်ထင် ထင်ကြပါစေ။

ပထမနေ့ နောက်ပြန်လျှောက်ပြီး တာနဲ့ ခြေထောက်တွေပေါ့ပါးသွားသလို ခံစားရပါတယ်။ ရှေ့ပြန်လျှောက်တော့ ပေါ့နေတယ်။ ဒါဆိုမဆိုးဘူးပဲဆိုပြီး နေ့စဉ်လျှောက်ခဲ့တာ အတော်ကြာခဲ့ ပြီ။ အလေ့အကျင့်လည်းရခဲ့ပါပြီ။

ဒီတော့ကာ ကြက်ရိုးပြုတ် မသောက်ရတာကြာပါပြီ။ ဒဏ်ကြေ လိမ်းဆေးတွေလည်း လိမ်းစရာမ တော့ပါဘူး။ ဆေးစားစရာလည်း မ တော့တာအမှန်ပါ။ ခုဆို လူငယ်လေး တစ်ယောက်လို သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်သွားနိုင်ပါတယ် ခြေထောက်ဝေဒနာကင်းရှင်းနေပါတယ်

အမျိုးသမီးကြီးက ကိုတင်ထွန်း နည်းပေးတာပါ။ လက်တွေ့ကျင့်သုံး အကျိုးခံစားရတာက ကျွန်တော် အဲဒီတော့ သူတို့ကို ကျေးဇူးတင်နေ တယ်။ ပြီးတော့ ပြည်သူကို တင်ပြ ရတာမို့ အကျိုးကျေးဇူးကြီးလှပါတ

အကြောဝေဒနာခံစားနေရသူ နောက်ပြန်လမ်းလျှောက်ခြင်းဖြင့် ကြေးကုန်ကျမှုမရှိဘဲ သက်သာပျော် ကင်းနိုင်ကြောင်း သတင်းကောင်း လိုက်ရခြင်းပါ။

ချမ်းမြေ့ကြ

နေပြည်တော်ကျော်ကျော

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

စိုးမင်း(မြောက်ဝည်း)

# ကျောက်တည်ရောဂါနဲ့ရှူးပျံသေး

မနှစ်က အလွန်ရင်းနှီးတဲ့ မြို့သာရွာသား ကိုပွား ကျွန်တော့်အိမ်အလည်ဝင်ရင်း ရွှန်းရွှန်းဝေဖောက်သည်ချသွားသောနည်းဖြစ်၏။ တစ်ဖန် သူ့မိတ်ဆွေ ကျော်ဆန်းဝင်းနှင့်တွေ့လို့ မေးပြန်တော့ ဆေးနည်းက ပိုလို့သေချာသွားပါသည်။

ဆင်ခေါင်းတောတိုက်သည် ကျွန်တော်တို့ရွာနှင့် (၁၃) မိုင်နီးပါးဝေးပါသည်။ မြစ်သာ၊ နန့်ကသဲမြစ်နှစ်မြစ်ဖြတ်ကူး၍ တောင်ပေါ်တက်ရသောခရီးကြမ်းဖြစ်ပါသည်။ တောတိုက်တွင် သူတဲ့ကိုယ့်တဲ ဆေးအိတ်ကိုယ်စီရှိကြသလို မြို့ပေါ်ရွာတွေက ဆေးတောင်းလျှင်လည်းပို့ပေးတဲ့အကြောင်း၊ မအားသည့်အခါ လူကိုယ်တိုင် လာယူကြကြောင်း၊ ဆေးတန်ဖိုးကတော့ မုန့်ဖိုးမျှသာပေးရကြောင်း သိရပြန်ပါသည်။

ကျော်ဆန်းဝင်းရဲ့အဖေ ကိုဝင်းက ကျွန်တော်၏ မိတ်ဆွေအရင်းဖြစ်သလို သူက ဆေးလိပ်၊ အရက်၊ ကွမ်းစုံသူမို့ ဆီးကျောက်တည်ဝေဒနာခဏခဏဖြစ်သည်ဟုဆိုသဖြင့် ဤဆေးအား တဲတွင် အမြဲဆောင်ထားတဲ့အကြောင်းပြောပြပါသည်။

ဆီးရောဂါ ခဏခဏဟုဆိုရာ၌ တစ်နှစ်မှာ တစ်ခါလောက်သာ ဖြစ်ပါသည်။ သူ့ဆီမှာ ဆေးအိတ်အပိုတွေပင် ရှိတဲ့အကြောင်း သိရပြန်ပါသည်။

ဦးစွာပထမ ဆေးနည်းနှင့်ပတ်သက်၍ ကြိုတင်မေတ္တာရပ်ခံပါရစေ။ ဆေးနည်းသိသော်လည်း ဆေးရဖို့ မလွယ်ဟု အားလျှော့သွားမှာစိုး၍ဖြစ်ပါသည်။ ဆေးနည်းက တချို့သူတွေအတွက် ခက်ခဲမည်ကို ကြိုတင်သိပါသည်။ ခက်ခဲမည်ထင်သောသူများလည်း အကြံပေးလိုက်ပါမည်။ မိမိတို့နှင့်ရင်းနှီးသည့် မိတ်ဆွေမုဆိုးတစ်ဦးဦးဆီ အကူအညီတောင်းလျှင် အလွယ်လေးရပါကြောင်း ကြိုတင်လမ်းညွှန်ပေးပါသည်။

ဆေးရှာပုံ -

ရှူးပျံတိရစ္ဆာန်အကောင်ရမှ ဆေးရပါသည်။ ရှူးပျံကို တချို့က ကြောင်ပျံဟုလည်းခေါ်ပါသည်။ တောထဲတောင်ထဲတွင် နေ့၊ ည အချိန်မရွေး တွေ့ရပါသည်။ နက်ပြာရောင်၊ နီညိုရောင်အများဆုံးတွေ့ရပြီး အလေးချိန်ပုံမှန် (၅၀)သားမှ ကြီးလျှင် (၇၀) သား၊ (၁) ပိဿာ အထိရှိပါသည်။

သူတို့သည် မြေပြင်တွင် အနေနည်း၍ သစ်ပင်အမြင့်ထိပ်ဖျားများတွင် အနေများ၏။ သွားလာသည့်အခါ ဝမ်းဗိုက်အောက်ဘေးနှစ်ဖက်မှ အရေပြားအား အတောင်သဖွယ် ဖြန့်ကားလျက်မြင့်ရာမှ နိမ့်ရာသို့ တစ်ပင်ပြီးတစ်ပင် ပြေးတက် ဝဲပျံကူးလေ့ရှိပါသည်။

ဆေးဖော်ပုံ -

တောလည်မုဆိုးသည် ဆန်စေ့အလုံး (၅၀) ခန့် ကြိုတင်ယူထားရပါမည်။ ရှူးပျံအကောင်ရလျှင်ရချင်း (ချက်ချင်း) ဗိုက်ခွဲ၍ ဆီးအိမ်အား ခွဲထုတ်ယူပါ။ ဆီးပြွန်ခေါင်းမှတစ်ဆင့် ဆန်စေ့များတစ်စေ့ချင်းတစ်စေ့ချင်း စိတ်ရှည်စွာထည့်ပါ။ ပုံမှန် (၅၀) သားအကောင်ဆိုလျှင် ဆန်စေ့အလုံး (၄၀) ခန့် ထည့်နိုင်ပြီး သူထက်ကြီးလျှင် ဆန်စေ့အလုံး (၅၀) ကျော် ထည့်နိုင်ပါသည်။ ဆန်စေ့ထည့်ထားသော ဆီးအိမ်အိတ်အား ထိုနေ့ တစ်ညတာသိပ်ထားပြီး လေလုံစွာထားပါ။ နောက်တစ်နေ့ ဆေးအဖြစ်အသုံးပြု၍ရပါသည်။

သတိပြုစရာမှာ -

ရှူးပျံ (သို့)ကြောင်ပျံသည် အလွန်ကြောက်တတ်သောအကောင်ဖြစ်သလို လူသံ၊တိရစ္ဆာန်အသံကြားလျှင်ပင် အလိုလိုကြောက်သေးပန်းသောအကောင်ဖြစ်ပါသည်။

ယခုဆေးယူသည့်အခါတွင်လည်း ချက်ချင်းမယူနိုင်လျှင် ဆီးကုန်သွားပါမည်။ ဆိုလိုသည်မှာ သူ့ကိုရလျှင် အောက်သို့ကျသည့်အခါရှိသလို တစ်ခါတစ်ရံ အပင်ပေါ်တွဲလောင်းကုပ်တွယ်နေသည့်အခါအကောင်သေသော်လည်း သူ့သေးကမရပ်ပါ။ တဆတ်ဆတ်ထွက်နေပါသည်။

ရှူးပျံသေး၏စွမ်းရည် သူ၏ သေး(ဆီး)တစ်စက်အား အလွန်မာသောကျောက်တုံးပေါ်တွင် အမှတ်အသားပြု၍ တစ်ညသိပ်ထားပါ။ မနက်လင်းလျှင် ထိုအမှတ်အသားအား လက်နှင့်ကုတ်ကြည့်ပါ။ ဆီးတစ်စက်ခန့်နေရာမှာ မြေမှုန့်၊ ကျောက်မှုန့်ဖြစ်၍ ကြေမွနေသလို ချိုင့်ခွက်ဖြစ်၍နေပါမည်။ ကျောက်ကြေကျောက်ကွဲသောဆီး ဖြစ်ပါသည်။

ဆေးစားပုံက -

မိတ်ဆွေ ကိုပွားကတော့ ပထမနေ့မှာ ဆန်တစ်စေ့ (တစ်လုံး) စားပါ။ ဒုတိယနေ့ ဆန်တစ်စေ့အား ကျောက်ပျဉ်တွင်သွေး၍ ဆီးခုံတွင် လိမ်းပေးပါ။ ဆန်(၂)စေ့စာလိမ်းပြီးလျှင် ဆီးကျောက်များကွဲ၍အမှုန့်များဆင်းပါမည်။

ဆီးကျောက်များဆက်တိုက်ဆင်း၍ ရောဂါအနည်းငယ်ကျန်လျှင်၊ လိုအပ်လျှင် နောက်ထပ် ဆန်တစ်စေ့ထပ်စားပါ။ ဆီးကျောက်ရောဂါအမြစ်ပြတ်သည်ဟုဆိုပါသည်။

ဤနေရာ၌ ကျောက်ကပ်တွင်ကျောက်တည်သူ၊ အသည်းတွင်ကျောက်တည်သူ၊ သည်းခြေတွင် ကျောက်တည်သူများအကြောင်း သတိမပေါ်၍ မမေးလိုက်ရပါ။ ဤဝေဒနာသည်များလည်း ယခုနည်းကို အသုံးပြုလျှင် အကျိုးများမည်ဟုထင်ပါသည်။

သည်းခြေ၊ အသည်းကျောက်တည်လျှင် ဆန်စေ့စား၊ အသည်းရှိရာရင်ခေါင်းသွေးလိမ်း၊ ကျောက်ကပ်ကျောက်တည်သူက ဆန်စေ့စား နောက်ကျောဘက် ချက်နဲ့တန်းတန်းသွေးလိမ်းပေးလျှင် အလွန်အကျိုးရှိစေပါမည်။

ရှူးပျံသေးမှာ ကျောက်ကြေကြောက်ကွဲသဖြင့် ခန္ဓာအတွင်းမှ ကျောက်များ အလိုလိုကွဲကြေမည်သာဖြစ်ပါသည်။ ဆီးကျောက်ဝေဒနာတစ်ဦးလျှင် ဆန်စေ့ (၂) စေ့၊ (၃) စေ့သာကုန်သည့်အတွက် ဆေးအိတ်တစ်ခုရလျှင် သူနာ (၁၀) ဦးမက သုံးစွဲနိုင်ပါသည်။

မနှစ်က ကျော်ဆန်းဝင်းနှင့်တွေ့တော့ ဆေးအကြောင်းပြောမိပါသေးသည်။ သူက ဆေးလိုလျှင် သူရှိရာတောင်ပေါ် လာခဲ့ပါတဲ့။ မေတ္တာလက်ဆောင်လိုသလောက်ပေးလိုက်မည်ဖိတ်ခေါ်ထားတော့ (၇) ရက်သားသမီးတွေအတွက်မို့ သွားရပါမည်။


သူနေတဲ့တောင်ပေါ်နှင့်ကျွန်တော်နေတဲ့ရွာက (၁၃) မိုင်လောက်ဝေးပေမယ့် မနက်စောစောသွားလျှင် နေ့လယ်မွန်းတည့်အမီခရီးမို့ . . .။

စိုးမင်း(မြောက်ဝည်း)



www.burmeseclassic.com

www.burmeseclassic.com





ဦးအောင်လှိုင်(သုဝဏ္ဏ)

# တရုတ်ဂမ္ဘီရ ဖုန်းရွှေပညာ

အရပ်ထောင့်များအား စွမ်းအင်မြှင့်တင်လိုသောအခါတွင် အောက်ပါအတိုင်း အဆင့်ဆင့်လိုက်နာဆောင်ရွက်ရပါမည်။


ဖုန်းရွှေပညာ၏ကွာ(Kua) ဖော်မြူလာအရ ပုဂ္ဂိုလ်တစ်ဦးချင်းစီအလိုက် ကောင်းသောအရပ်ထောင့်လေးထောင့်နှင့် မကောင်းသောအရပ်ထောင့်လေးထောင့် ရှိကြပါသည်။ အကောင်း၊ အဆိုးဆန့်ကျင်ဘက်နိမိတ်များက အချိန်ကာလအပေါ် မူတည်၍ ပြောင်းလဲနေပါမည်။ ထိုသို့ အကောင်း၊ အဆိုးအရပ်ထောင့်များ ခွဲခြားသိမြင်ရန် အိမ် (၈) အိမ် (အရပ်ရှစ်ထောင့်ကို) နားလည်ရပါမည်။

အိမ် (၈) အိမ်တွင် ပါဝင်သော အရှေ့လေးအိမ်နှင့် အနောက်လေးအိမ် အိမ် (၈) အိမ်ဆိုသည်မှာ အနား(၈)ဖက်ပါ ပါ့ကွာ၏အနားတစ်ဖက်စီအား ကိုယ်စားပြုသော အရပ်ဌထောင့် (၈) ထောင့်ကိုဆိုလိုပြီး ၎င်းအိမ်(၈)အိမ်အား အရှေ့လေးအိမ်နှင့် အနောက်လေးအိမ်ဟူ၍ ထပ်မံခွဲခြားထားပါသည်။ အခြေခံသဘောတရားကို ဇယားပုံစံဖြင့် ဖော်ပြပါမည်။

**ဆင်ရတနာ**

ဆင်သည် ရတနာထိုက်သော သတ္တဝါ၊ အောင်အတိတ်အောင်နိမိတ်များကိုပေးသောအမှတ်လက္ခဏာအဖြစ် (အထူးသဖြင့် ထိုင်းနိုင်ငံ၌) အများဆုံးတွေ့ရှိရသည်။

ဆင်များအနက် ဆင်ဖြူ တိုက်ကောင်းခြင်းနိမိတ်အဖြစ် ပို၍တန်ဖိုးထားတတ်ကြသည်။ ဆင်သည်ပေါများကြွယ်ဝခြင်း၊ မွေးဖွားစေခြင်း အဓိပ္ပာယ်ရှိသောကြောင့် ဒူးထောက်နေဟန် ဆင်ရုပ်တုအား သစ်သားဖြင့်ထွင်းထု၍ အိမ်ထောင်သည်တို့အိပ်ခန်း၌ ထားရှိပါက သားရတနာဖွားမြင်လိုသည့်ဆန္ဒ ပြည့်ဝစေပါသည်။



| အရှေ့(၄)အိမ် | | |
|---|---|---|
| 'လီ' | အနောက်ဘက်-တောင် | အရှေ့ဘက်- မြောက် 'မီး' |
| 'ကန်' | အနောက်ဘက်-မြောက် | အရှေ့ဘက်-တောင် 'ရေ' |
| 'ချင်' | အနောက်ဘက်-အရှေ့ | အရှေ့ဘက်-အနောက် 'သစ်သား' |
| 'ဆွန်' | အနောက်ဘက်-အရှေ့တောင် | အရှေ့ဘက်-အနောက်မြောက် 'သစ်သား' |

| အနောက်(၄)အိမ် | | |
|---|---|---|
| 'ချီယင်' | အနောက်ဘက်-အနောက်မြောက် | အရှေ့ဘက်-အရှေ့တောင်- 'သတ္တု' |
| 'ကွန်' | အနောက်ဘက်-အနောက်တောင် | အရှေ့ဘက်- အရှေ့မြောက်-'မြေ' |
| 'ကင်' | အနောက်ဘက်-အရှေ့မြောက် | အရှေ့ဘက်- အနောက်တောင်-'မြေ' |
| 'တွီ' | အနောက်ဘက်-အနောက် | အရှေ့ဘက်-အရှေ့-'သတ္တု' |


အဆုံးစွန်မင်္ဂလာရှိစေသော မန်ဒါလာ(Mandala)အမှတ်သင်္ကေတ မန်ဒါလာအမှတ်သင်္ကေတများသည် စကြဝဠာအတွင်းရှိ သန့်ရှင်းမွန်မြတ်သည့်အရာများအား စုပေါင်းကိုယ်စားပြုထားသည့် အောင်နိမိတ်ဆောင် အမှတ်သင်္ကေတများပင် ဖြစ်သည်။

မန်ဒါလာအမှတ်သင်္ကေတအား စီရင်ဖန်တီးရာ၌ လိုရာကျွမ်းကျင်ရန်နှင့် လက်ရာမြောက်ရန် အရေးကြီးပါသည်။



www.burmeseclassic.com

www.burmeseclassic.com









မန်ဒါလာအမှတ်လက္ခဏာအား အကောင်းဆုံး စီမံပြုလုပ်နိုင်သူများမှာ အိန္ဒိယနိုင်ငံမှ ဘုန်းတော်ကြီးများပင် ဖြစ်သည်။ ၎င်းပြင် နီပေါနှင့် တိဗက်မှ ဘုန်းတော်ကြီးများကလည်း မန်ဒါလာကို စီရင်နိုင်ကြပါသည်။ မန်ဒါလာ အမှတ်သင်္ကေတများကို အိမ်တွင်ထားရှိခြင်းဖြင့် ကျက်သရေမင်္ဂလာတိုးစေပါသည်။



**Chapter-Nine**


**ကြီးပွားချမ်းသာခြင်းနိမိတ်ကို မြင့်တက်စေခြင်း**

ဖုန်းရွှေပညာအရ မကောင်းသောချီဓာတ်များအား လမ်းလွဲသွားစေရန်နှင့် ကောင်းသောချီဓာတ်များ ပိုမိုစီးဆင်းဝင်ရောက်လာစေရန်၊ သစ်ပင်အား နေရာမှန်စိုက်ပျိုးတတ်ရန် အရေးတကြီး လိုအပ်ပါသည်။

အကယ်၍ သင်၏အိမ်ရှေ့တံခါးသည် လမ်းဆုံလမ်းခွနှင့်တန်းနေပါက ၎င်းနေရာမှ မကောင်းသောချီဓာတ်များ မိမိအိမ်တွင်းသို့ ဝင်ရောက်မလာနိုင်ရန်နှင့် လမ်းလေးခွဆုံမြင်ကွင်းပျောက်သွားအောင် (အတားဆီးအကာအရံ) အဖြစ် သစ်ပင်စိုက်ထားပေးရပါမည်။ တစ်ခါတစ်ရံ မိမိအိမ်နီးချင်းအိမ်များမှ အစွန်း၊ အချွန်းပုံစံများကလည်း မိမိအိမ်အတွက် မကောင်းသောချီဓာတ်ကိုဖြစ်စေပါသည်။

မိမိအိမ်အကာအကွယ်အတွက် သစ်ပင်စိုက်ရာ၌ အောက်ပါအချက်များကို သတိပြုရပါမည်။ ပထမဦးစွာ သစ်ပင်စိုက်မည့်တိကျသောနေရာကိုသတ်မှတ်ပါ။ မိမိစိုက်မည့်သစ်ပင်အမျိုးအစားကို ရွေးချယ်ပါ။ ပြီးလျှင် မိမိ၏စီးပွားဥစ္စာ တိုးတက်မှု ကိုယ်စားပြုသော အရပ်ထောင့်ဟုတ်၊ မဟုတ်ကို စစ်ဆေးပါ။ အကောင်းဆုံးသော သစ်ပင်စိုက်မည့် အစီအစဉ်မှာ အိမ်၏ အလယ်ဗဟိုနေရာမှ အရှေ့အရပ်ကျသောနေရာကို ရွေးချယ်၍ ပုံကွာအတိုင်း အိမ်အလယ်နေရာမှ အရှေ့အရပ်သို့ (၄၅) ဒီဂရီစိတ်ယိုင်၍ရှိနေရပါမည်။ အပင်စိုက်ရာ၌ အုံထူ၍ အရွက်ဝိုင်းများပါသောသစ်ပင်ဖြစ်ပါက ပိုကောင်းပါသည်။ ပြီးလျှင် ငွေအကြွေစေ့ပေါင်း (၁၀၀၀) ကို ကြိုးအနီဖြင့်သီ၍ အပင်မှတွဲကျနေဟန် ချိတ်ဆွဲထားပေးပါ။ ထိုအခါ သင့်အတွက်စီးပွားဥစ္စာတိုးတက်ပြီး မကောင်းသောချီဓာတ်များမှ ကာကွယ်ပေးသောအပင်ကို ပိုင်ဆိုင်နိုင်ပြီ ဖြစ်သည်။


**သစ်ပင်စိုက်ရန်အသင့်တော်ဆုံးနေရာပြပုံ**






www.burmeseclassic.com

www.burmeseclassic.com




**နွားရုပ်အား အရှေ့တောင်အရပ်တွင်ထားရှိခြင်း**

စီးပွားဥစ္စာတို့တိုးတက်မှုအတွက် အောင်နိမိတ်ဆောင်နွားရုပ်အား ဧည့်ခန်းအတွင်း အရှေ့တောင်အရပ်၌ထားရှိခြင်းဖြင့် လက်တွေ့အကျိုးထူးများရရှိပါမည်။ ထိုသို့ထားရှိရန် ပါ့ကွာကို အသုံးပြု၍ မိမိအိမ်ဧည့်ခန်းမှ အရှေ့တောင်အရပ်ကျသောနေရာ၌ နမူနာပုံပါအတိုင်း နွားရုပ်ကို ချိတ်ဆွဲပေးပါ။ နွားရုပ်တုထားရှိပေးပါက ပိုမိုကောင်းမွန်ပါသည်။

နွားသည် တိရစ္ဆာန်များစွာအနက် လူသားတို့အား အန္တရာယ်မပေးရုံမက တတ်စွမ်းနိုင်သမျှ အကူအညီပေးနိုင်ခြင်းကြောင့် အိန္ဒိယ နီပေါနိုင်ငံတို့၌ ၎င်း၏အသားစားသုံးခြင်းကို ရှောင်ကြဉ်တတ်ကြသည်။

**တောင်ထွတ်တောင်တန်းပုံများနောက်ခံထားခြင်းဖြင့် အောင်နိမိတ်ယူခြင်း**

ဖုန်းရွှေပညာရပ်အရ တောင်ထွတ်တောင်တန်းများတွင် ကောင်းကင်ဘုံကိုယ်စားပြု အရှေ့အရပ်စိုးမိုးသော နဂါး၊ တောင်အရပ်စိုးမိုးသော ဖီးနိတ်စ်ငှက်၊ မြောက်အရပ်ကိုစိုးမိုးသောလိပ်နှင့် အနောက်အရပ်ကိုစိုးမိုးသောကျားတို့၏ စွမ်းအင်များအားလုံး ပါဝင်ပိုင်ဆိုင်ထားသည်။ ၎င်းပြင် တောင်များသည် ယင်နှင့် ယန်စွမ်းအင်နှစ်ရပ်ကိုလည်း တောင်၏ အနေအထားအလိုက် ပိုင်ဆိုင်ထားပြန်သည်။ ထို့ပြင်မက တောင်တန်းတောင်ထွတ်တို့၏ ပုံသဏ္ဌာန် အရွယ်အစားတို့အလိုက် ဓာတ်ကြီးငါးပါးအား ထပ်မံကိုယ်စားပြုနေပါသည်။ တောင်တန်းများသည် စီးပွားဥစ္စာတိုးတက်ခြင်း၊ ကျောထောက်နောက်ခံပြုခံရခြင်း၊ ဩဇာအာဏာပိုင်စိုးထားနိုင်ခြင်းသဘောများကို ပိုင်ဆိုင်ထားသောကြောင့် နမူနာပုံတွင်ပါရှိသည့်တောင်တန်းများအနက် ထင်ထင်ရှားရှား တွေ့မြင်နေရသည့် တောင်ထွတ်သည် မိသားစုအတွင်း သားအကြီးဆုံးနှင့် ၎င်း၏မိသားစုတို့မှ နောင်တစ်ချိန်တွင် စီးပွားဥစ္စာနှင့်ဩဇာရှိန်ဝါတိုးတက်ပိုင်ဆိုင်လာမည့်နိမိတ်ကိုဖော်ပြနေပါသည်။


တောင်တန်းများပုံပန်းချီကားအား မိမိအလုပ်ခန်းရှိ စားပွဲနောက်ကျောနံရံ၌ နောက်ခံထား၍ ချိတ်ဆွဲပေးပါ။ ထိုအခါ စီးပွားရေးမှအစ အဘက်ဘက်၌ ကျောထောက်နောက်ခံသဖွယ်ရပ်တည်



ပံ့ပိုးပေးပါမည်။ တောင်တန်းများပုံပန်းချီကားနောက်ခံထား၍ ချိတ်ဆွဲရာ၌ ၎င်းတောင်တန်းပုံ၌ ရေတံခွန်၊ ရေအိုင်၊ မြစ်ချောင်းပုံများ လုံးဝတွဲလျက်မပါရှိစေရန် သတိပြုရပါမည်။ အကယ်၍ ပါရှိခဲ့ပါက သင့်အတွက် ကံကောင်းခြင်းနိမိတ်အပြည့်အဝရရှိနိုင်မည်မဟုတ်ပေ။



**ရိုက်သိမ်းတော့မည့်ဆဲဆဲ (သို့) ခူးဆွတ်ရမည့်ဆဲဆဲ မှည့်ဝင်းနေသော ကောက်ပဲသီးနှံများပုံပန်းချီကားချိတ်ဆွဲခြင်း**



အောင်နိမိတ်ဆောင် သင်္ကေတအဖြစ် အသုံးပြုမည့် ကောက်ပဲသီးနှံများပန်းချီကားအပြင် ရုပ်တုများကို မိမိတတ်နိုင်သရွေ့ ကျောက်စိမ်း၊ ဆင်စွယ်၊ ကြွေမြေထည်တို့ဖြင့်လည်း ဖန်တီးပြုလုပ်နိုင်ပါသည်။ အဆိုပါပန်းချီကား (သို့) ရုပ်တုများကို ထမင်းစားခန်းအတွင်းထားရှိခြင်းဖြင့် မိသားတစ်စုလုံး၏ စီးပွားဥစ္စာတိုးတက်မှုနိမိတ်ကိုဖြစ်စေပါသည်။

**သံစဉ်ညှိထားသောဆည်းလည်း ချိတ်ဆွဲထားရှိခြင်း**

မကောင်းသောချီဓာတ်များ ဝင်ရောက်စီးဆင်းခြင်းမှကာကွယ်ရန် ဆည်းလည်းများကိုအသုံးပြုရာ၌ သတ္တုချောင်းငါးချောင်း(သို့) ခြောက်ချောင်းပါ ဆည်းလည်းကို အဓိကထားသုံးရန် သင့်လျော်ပါသည်။ အထူးသဖြင့် သတ္တုချောင်းခြောက်ချောင်းပါ ဆည်းလည်းသည်



www.burmeseclassic.com

www.burmeseclassic.com

မကောင်းသော ကြယ်ပွံ့ကိန်းဂဏန်းများ၏ တိုက်ခိုက်နှောင့်ယှက်ခြင်းမှ အထူးကာကွယ်ပေးပါသည်။ မိမိအိမ်အတွင်း မကောင်းသော ကြယ်ပွံ့တို့ သက်ရောက်နိုင်မည့်အရပ်ထောင့် ရက်မပေါ်မှ ၎င်းဆည်းလည်းကို ချိတ်ဆွဲပါ။ သံစဉ်ညီသော ဆည်းလည်းများအား ကြေးနီ၊ ကြေးဝါ၊ ငွေ၊ စတီးနှင့် သတ္တုစပ် (အလွိုင်း) အစရှိသည့် သတ္တုနွယ်ဝင်များဖြင့်သာ ပြုလုပ်အပ်သည်။ အနောက်အရပ်နှင့် အနောက်မြောက်အရပ်သည် သတ္တုနွယ်ဝင်များဖြင့်သာ ပြုလုပ်အပ်သည်။ အနောက်အရပ်နှင့် အနောက်မြောက်အရပ်သည် သတ္တုကိုယ်စားပြုအရပ်ဖြစ်ခြင်းကြောင့် မိမိအိမ်၊ ရုံးခန်း၏ ဧည့်ခန်းအတွင်း အနောက်မြောက်ထောင့်အရပ်တွင် ထားရှိပါက ဖခင်နှင့်ဆိုင်သော ကံကောင်းခြင်းနိမိတ်ကို ရရှိစေပြီး အနောက်အရပ်တွင် ထားရှိပါက သက်ရှည်ကျန်းမာခြင်း ဟူသည့် ကံကောင်းခြင်းနိမိတ်ကို ရရှိပါမည်။ အချုပ်အားဖြင့် သတ္တုချောင်းခြောက်ချောင်းပါ ဆည်းလည်းကို အနောက်မြောက်အရပ်တွင် ချိတ်ဆွဲပြီး သတ္တုချောင်းခုနစ်ချောင်းပါ ဆည်းလည်းအား အနောက်အရပ်တွင် ချိတ်ဆွဲထားရှိပါက အကောင်းဆုံးဖြစ်ပါသည်။

**ရေနှင့်ပတ်သက်သောအစီအရင်များအား အရှေ့ အရှေ့တောင်နှင့် မြောက်အရပ်တို့တွင် စီမံထားရှိခြင်း**

ရေနှင့်ပတ်သက်သောအစီအရင်များမှာ ရေကန်ငယ်၊ အလှလုပ်ထားသော စမ်းချောင်း၊ ရေတံခွန်အတုနှင့် အလှမွေးငါးကန်တို့ကို ဆိုလိုပါသည်။ ရေနှင့်ပတ်သက်သောအစီအရင်များကို သက်ဆိုင်ရာအရပ်ထောင့်တစ်ခုချင်းစီအလိုက် လိုအပ်သလို စွမ်းအင်မြှင့်တင်ပေးရန် အသုံးပြုနိုင်ပါသည်။

ရေဓာတ်နှင့် ပတ်သက်၍ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေသော အရပ်ထောင့်သုံးခုမှာ အရှေ့၊ အရှေ့တောင်နှင့် မြောက်အရပ်တို့ဖြစ်ပြီး ၎င်းအရပ်ထောင့်သုံးခုအနက် မြောက်အရပ်တွင် ရေအစီအရင်ကို ထားရှိခြင်းက အကောင်းဆုံးဖြစ်ပါသည်။ အကြောင်း



မှာ မြောက်အရပ်သည် ရေဓာတ်ကိုယ်စားပြုအရပ်ဖြစ်ပြီး အရှေ့နှင့် အရှေ့တောင်အရပ်က သစ်သားဓာတ်ကို ကိုယ်စားပြုခြင်းကြောင့် ဖြစ်သည်။

ရေအစီအရင်ထားရှိရာ၌ အိမ်၏ နောက်ဖေးဘက်တွင် လုံးဝမထားရ။ ထားခဲ့ပါက မိမိအတွက် အခွင့်အရေးကောင်းများ ဆုံးရှုံးလက်လွှတ်ရတတ်ပါသည်။ အကယ်၍ မြောက်အရပ်သည် သင့်နောက်ဖေးတွင်ရှိနေပါက ၎င်းအရပ်၌ပင် ရေအစီအရင်ကိုထားနိုင်ပါသည်။ ရေအစီအရင်ကို အရှေ့ပင်မတံခါး၏ ယာဘက်အခြမ်းတွင် လုံးဝမရှိစေရ။ ပင်မတံခါး၏ဝဲဘက်ခြမ်းတွင်သာ အမြဲထားရှိပေးပါ။


**တောင်အရပ်၌ ယန်(Yang) စွမ်းအင်မြှင့်တင်ခြင်း**

Yang (ယန်) စွမ်းအင်မြှင့်တင်ရာ၌ သံစဉ်ညီဆည်းလည်းချိတ်ဆွဲနိုင်ခြင်းအပြင် မီးရောင်ထိန်လင်းတောက်ပစွာ ထွန်းညှိခြင်းဖြင့်လည်း စွမ်းအင်မြှင့်တင်နိုင်ပါသည်။ သန့်စင်ခန်း(အိမ်သာ) နေရာထားမှုရှိခြင်းကြောင့် ဖြစ်ပေါ်လာသည့် မကောင်းသောချီဓာတ်များအား အလင်းရောင်အားဖြင့် ခုခံကျော်လွှားနိုင်ပါသည်။ အကယ်၍ မီးအလင်းရောင်များကို အနောက်တောင်အရပ်တွင် ထားရှိပါက အိမ်ထောင်ရေး၊ အချစ်ရေး၌ အမြဲတစေ ကံကောင်းနေပါမည်။ မိခင်၊ အိမ်ထောင်ဦးစီး၊ အမျိုးသမီးအကြီးအကဲကို ကိုယ်စားပြုသည့် အနောက်တောင်အရပ်တွင် စွမ်းအင်မြှင့်လိုပါက ညစဉ် အနည်းဆုံး သုံးနာရီကြာမျှ မီးထွန်းပေးထားပါ။

**မီးဆိုင်းများထားရှိခြင်း**

သလင်းကျောက်ဖြင့် စီမံပြုလုပ်သည့်မီးပန်းဆိုင်းများကိုထွန်းညှိခြင်းဖြင့်လည်း မီးဓာတ်နှင့် မြေဓာတ်တို့အား ပေါင်းစပ်၍ စွမ်းအင်မြှင့်တက်စေပြီး မီးပန်းဆိုင်းမှရရှိသော Yang (ယန်)





www.burmeseclassic.com

www.burmeseclassic.com

စွမ်းအင်က ရှင်ချီခေါ် ဥစ္စာဓနကြွယ်ဝခြင်း၊ ဩဇာအာဏာထက်မြက်ခြင်း၊ အရာရာတွင်ထူးချွန်တတ်ခြင်းဟူသည့် ကောင်းသောချီဓာတ်များကို ယူဆောင်ပေးပါမည်။


မီးပန်းဆိုင်းအသေးကို ပင်မတံခါးနှင့် တိုက်ရိုက်မျက်နှာချင်းဆိုင်ကျသည့် အိမ်အပြင်ဘက်နေရာ၌ ချိတ်ဆွဲပေးပါ။ ပြီးလျှင် အိမ်အတွင်း၌လည်း ပင်မတံခါးနှင့် မျက်နှာချင်းဆိုင်ကျသောနေရာ၌ မီးပန်းဆိုင်းငယ်တစ်ခု ထပ်မံချိတ်ဆွဲပေးပါ။ ၎င်းမီးပန်းဆိုင်းငယ်နှစ်ခုက အိမ်အတွင်းသို့ ကောင်းသော ချီဓာတ်များ ဝင်ရောက်လာအောင် ခေါ်ယူပေးပါမည်။

## Chapter-Ten
## (၁၂) ရာသီစက်ဝိုင်း

တရုတ်လူမျိုးတို့၏ (၁၂) ရာသီစက်ဝိုင်းသည် ရာသီရုပ်ကြွက်မှစတင်၍ ဝက်တွင်အဆုံးသတ်ပါသည်။

ရာသီရုပ်တစ်ခုချင်းစီက ကိုယ်စားပြုထားသည့် နှစ်ကာလအရပ်ထောင့်နှင့် ဆိုင်ရာသက်ရောက်နှစ်အတွင်း ကောင်းသောအရပ်၊ မကောင်းသောအရပ်တို့ကို ကြည့်ရှု၍ တစ်နှစ်ချင်းစီအလိုက် ကြိုတင် စီရင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ပါသည်။

ရာသီရုပ်တစ်ခုချင်းစီအား နှစ်အလိုက် ဒုက္ခပေးနေသောအရပ်ထောင့် သုံးထောင့်အား အောက်ပါဇယားပုံဖြင့် လေ့လာနိုင်ပါသည်။




The 12 Zodiac signs and their corresponding directions

**Lunar Calendar (တရုတ်ပြက္ခဒိန်)**

တရုတ်ပြက္ခဒိန်ကို မိုးကောင်းကင်ပင်စည်များနှင့် မြေပြင်အကိုင်းအခက်တို့အားဖြင့် အခြေခံ၍ ဖွဲ့စည်းထားပါသည်။ ပင်စည်အနေဖြင့် (၁၀) ခုရှိပြီး အကိုင်းအခက်များအနေဖြင့် (၁၂)ခုပါရှိသည်။

ပင်စည်ဆယ်ခုတွင် သဘာဝအင်အားစုငါးခု (သို့) ဓာတ်ကြီးငါးပါးနှင့် Yin (ယင်) အမဓာတ်၊ Yang (ယန်) အဖို ဓာတ်ဟူသည့် စွမ်းအင်နှစ်ရပ်ပါရှိသည်။ ထို့အခါ -

ဓာတ်ကြီးငါးပါး × စွမ်းအင်နှစ်ရပ်= မိုးကောင်းကင်ပင်စည်

၅ × ၂ (ယင်) + (ယန်) = ၁၀

ဟူ၍ ရရှိပါမည်။

ပင်စည် (၁၂) ခုဆိုပါက (၁၂) ရာသီစက်ပါ ရာသီရုပ် (၁၂) ခုကို ရည်ညွှန်းသည်။ ဖော်ပြပါ ပင်စည်နှင့် အကိုင်းအခက်များသည် ကောင်းကင် နှင့် မြေကြီးတို့အကြား အပြန်အလှန် အကျိုးသက်ရောက် ဆက်စပ်နေခြင်း သဘောကိုပြနေ၏။ ထိုသို့ ကောင်းကင် နှင့် မြေကြီးတို့၏ သက်ဆိုင်ရာစွမ်းအင် ရှိန်ဝါများအလိုက် လူသားတို့၏ ဘဝ နေထိုင် (ရှင်သန်ရပ်တည်) မှုတို့အား ကောင်းတစ်ခါ ဆိုးတစ်လှည့် အကျိုး သက်ရောက်နေပါသည်။

### (၁၂) ရာသီစက်ဝိုင်းနှင့် ၎င်းတို့ကိုယ်စား ပြုသောအရပ်ထောင့်များ

လူပုဂ္ဂိုလ်တစ်ဦးချင်းစီတို့အလိုက် ကိုယ်ပိုင် (မိုးကောင်းကင်ပင်စည်နှင့်) (အကိုင်းအခက်) များရှိထားပြီး ဖြစ် သည်။

မိမိနှင့်ပတ်ဘက်သမျှ စိတ်ကို သိလိုပါက သင့်မွေး အတွင်း သက်ရောက်သော ကောင်းကင် ပင်စည်၏ ကိုယ်စား တ်ကိုရှာဖွေ ပြီးနောက် သင့် နှစ်အား ကိုယ်စား ပြုသောဓာတ်၏ ရာသီရုပ်ကိုရှာဖွေ

| နှစ် | ရာသီရုပ် | အန္တရာယ်ဒုက္ခပေးနိုင်သည့်အရပ်ထောင့်များ | | |
|---|---|---|---|---|
| 2007 | ဝက် | အရှေ့မြောက် | အနောက် | အနောက်မြောက်-7 |
| 2008 | ကြွက် | တောင် | တောင် | မြောက် |
| 2009 | နွား | မြောက် | အရှေ့ | အရှေ့မြောက်- 1 |
| 2010 | ကျား | အနောက်တောင် | မြောက် | အရှေ့မြောက်- 3 |
| 2011 | ယုန် | အရှေ့ | အနောက် | အရှေ့ |
| 2012 | နဂါး | အရှေ့တောင် | တောင် | အရှေ့တောင်- 1 |
| 2013 | မြွေ | ဗဟိုအရပ် | အရှေ့ | အရှေ့တောင်- 3 |
| 2014 | မြင်း | အနောက်မြောက် | မြောက် | တောင် |
| 2015 | သိုး | အနောက် | အနောက် | အနောက်တောင်- 1 |
| 2016 | မျောက် | အရှေ့မြောက် | တောင် | အနောက်တောင်- 3 |
| 2017 | ကြက် | တောင် | အရှေ့ | အနောက် |
| 2018 | ခွေး | မြောက် | မြောက် | အနောက်မြောက်- 1 |



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သင့်အတွက်ကျက်သရေမင်္ဂလာ ရှိစေသော အမှတ်သင်္ကေတများကို ရွေးချယ်နိုင်ရန် အကိုင်းအခက်များကို ရရှိပြီး ဖြစ်ပါသည်။

**ရာသီရုပ်တစ်ခုချင်းစီအလိုက်ဖော်ပြခြင်း**

ရာသီရုပ် ကြွက်-၁၉၁၂၊ ၁၉၂၄၊ ၁၉၃၆၊ ၁၉၄၈၊ ၁၉၆၀၊ ၁၉၇၂၊ ၁၉၈၄၊ ၁၉၉၆။

ကြွက်သည် တရုတ် (၁၂) ရာသီစက်၏ ပထမဆုံးသောရာသီရုပ်ဖြစ်သည်။ သဘာဝအင်အားစုအနေဖြင့် ရေဓာတ်ကိုကိုယ်စားပြုသည်။ ကြွက်နှင့်ပတ်သက်သည့် အချိန်၊ နာရီပိုင်းသည် ည (၁၁း၀၀)နှင့်နောက်နေ့နံနက် (၁း၀၀) အတွင်း ကျရောက်သည်။ ထို့ကြောင့် ညသန်းခေါင်အချိန်မွေးဖွားသူများအား ကြွက်နာရီအတွင်း မွေးဖွားသူများအဖြစ် သတ်မှတ်ရသည်။ ဖုန်းရွှေအိမ်မြှောင်စက်ဝိုင်းအရ ကြွက်သည် (၃၃၇. ၅) ဒီဂရီနှင့် (၇. ၅) ဒီဂရီကြားတွင်ရှိနေပြီး အရပ်ထောင့်အနေဖြင့် မြောက်အရပ်တွင် ကျရောက်ပါသည်။ စက်ဝိုင်းသဘောအရ (၃၆၀)ဒီဂရီရှိခြင်းကြောင့် ရာသီရုပ် (၁၂) ရုပ်၏ တစ်ရုပ်ချင်းစီက (၃၀)ထောင်တစ်ခုစီ အသီးသီးယူထားကြသည်။ ထိုအရပ်ထောင့်သည် ကြွက်နှစ် သို့မဟုတ် ကြွက်ကိုယ်စားပြုသောမည်သည့်ခုနှစ်တွင် မွေးဖွားသူများကိုမဆို ကံကောင်းခြင်းနိမိတ်များ ပေးစွမ်းပါသည်။ ကြွက်နှစ်တွင် အကျိုးဝင်သော ခုနှစ်များကို အပေါ်တွင်ဖော်ပြပေးပြီးဖြစ်သည်။

သင်သည် ကြွက်နှစ်တွင်ကျရောက်သည့် ခုနှစ်တစ်ခုခုတွင် မွေးဖွားသော်လည်း သင့်မွေးလက တရုတ်နှစ်သစ်ကူးချိန် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလ အကြားကာလနှင့် ငြိစွန်း(တိုက်ဆိုင်)နေပါက ထိုနှစ်အတွက် ဘဝနှင့်ပတ်သက်သည့် အပြောင်းအလဲ၊ ကံကောင်းခြင်းများက သင်နှင့်မသက်ဆိုင်ဘဲ သင့်မွေးနှစ် (ကြွက်နှစ်) မတိုင်မီ ရှေ့တွင်ရှိသည့် ဝက်နှစ်တွင်မွေးဖွားသူများနှင့်သာသက်ဆိုင်သည်ကိုသတိပြုပါ။ ထိုနည်းအတိုင်း လာမည့်နှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီကြားကာလအတွင်း (နှစ်သစ်ကူးချိန်)၌ တစ်နှစ်လုံးအတွက် အကျိုးသက်ရောက်မှုများက သင်နှင့်သာ သက်ဆိုင်ပြီး သင့်ရာသီခွင်အောက်ရှိ နွားနှစ်မွေးဖွားသူများနှင့် သက်ဆိုင်ခြင်းမရှိပါ။

တရုတ်နှစ် (၁၀၀) ပြက္ခဒိန် (Lunar Calendar) ဖြင့်တွဲ၍ လေ့လာနိုင်ပါသည်။ ကြွက်နှစ်နှင့် သက်ဆိုင်သော အရပ်ထောင့်အား စွမ်းအင်မြှင့်တင်၍ ကံကောင်းခြင်းနိမိတ် ရယူနိုင်ပါသည်။ ထိုသို့လုပ်ရာ၌ အိမ်အတွင်း ကြွက်နှင့်ဆိုင်သောအရပ်ထောင့်၌ ကြွက်ရုပ်ကို ထားရှိပေးပါ။ ကြွက်သည် ရေဓာတ်ကိုယ်စားပြုခြင်းကြောင့် ရေနှင့်ပတ်သက်သောအစီရင်လည်း ပြုလုပ်နိုင်ပါသည်။ အကယ်၍ သင်၏ကြွက်နှစ်အား ကိုယ်စားပြု မြောက်အရပ်၌ မီးဖိုချောင် (သို့) ရေအိမ်တည်ရှိနေပြီး ၎င်းနေရာတို့၏မကောင်းသောအကျိုးသက်ရောက်မှုများမှကာကွယ်ရန်ရေဓာတ်နှင့်ဆိုင်သော အစီအရင်လုပ်ပေးရခြင်း ဖြစ်သည်။

သင်၏ရာသီရုပ်သည် ကြွက်ဖြစ်ခြင်းကြောင့် နဂါးနှစ်နှင့် မျောက်နှစ်တို့တွင်မွေးဖွားသူများကို ကိုယ်စားပြုသည့် အရပ်ထောင့်နှစ်ခုကလည်း သင့်အား ကောင်းကျိုးပြုပါသည်။ နဂါးရာသီရုပ်သည် East-Southeast ဖြစ်ပြီး မျောက်ရာသီရုပ်က West-Southwest အရပ်ကို ကိုယ်စားပြုထားသည်။



Water Feature

ကြွက်နှစ်တွင် မွေးဖွားခဲ့သူများ၏ နှစ်အလိုက် ကံကောင်းခြင်း၊ ကံမကောင်းခြင်းတို့အားအောက်ပါအတိုင်း လေ့လာနိုင်ပါသည်။



2016 ခုနှစ်အတွင်း စီးပွားဥစ္စာပျက်စီးဆုံးရှုံးရခြင်း၊ မားပြတိုက်ခံရခြင်း၊ သူခိုးခိုးခံရခြင်းတို့နှင့်ကြုံတွေ့နိုင်ပါသည်။ သင့်အိမ်အဝင်ဝ ပင်မတံခါး၌ Fu Dog ဖို-မတစ်စုံထားပေးပါ။

2017 ခုနှစ်အတွင်း - ယခင်က ဆုံးရှုံးထားရသည့်အရာမှန်သမျှပြန်လည်ရရှိလာပါမည်။ ခြေသုံးချောင်းပါသော ဖားပြုပ်တစ်ကောင်က ပိုက်ဆံပြား (ငွေအကြွေစေ့)အား ကိုက်ချီထားဟန်ရုပ်တုကို သက်ဆိုင်ရာအရပ်ထောင့်တွင် ထားရှိခြင်းဖြင့် စီးပွားဥစ္စာ ပြန်လည်ဝင်ရောက်ပိုင်ဆိုင်လာပါမည်။

2018 ခုနှစ်အတွင်း - မကောင်းသောနှစ်ဖြစ်သောကြောင့် ငွေကြေးလက်လွတ်ဆုံးရှုံးရခြင်း၊ အိုးအိမ်အလုပ်အကိုင်အခြေပျက်တတ်ခြင်း၊ ဆွေမျိုးအသိုင်းအဝန်း၏ ပစ်ပယ်ခြင်းခံရခြင်းကိစ္စများ ကြုံတွေ့မည်။ ထိုအခြေအနေဆိုးများမှ သက်သာစွာ ကျော်လွှားရန် မြောက်အရပ်၌ သတ္တုချောင်းခြောက်ချောင်းပါ ဆည်းလည်းချိတ်ဆွဲထားပေးပါ။

ဦးအောင်လှိုင်(သုဝဏ္ဏ)

www.burmeseclassic.com

www.burmeseclassic.com

**▫ကျောက်တို့၏အောင်းအိမ်**

မိုးကုတ် တည်းဟူသော ပတ္တမြားမြေသည် သက်ရင့်မြေဖြစ်ရာ မိုးကုတ်တစ်ခွင်တွင် အများအားဖြင့် ကျောက်စိုင်ကျောက်ခဲ၊ ကျောက်တုံးကျောက်ဆောင်၊ ကျောက်တောင်၊ ကျောက်စရစ်တို့ဖြင့်တည်ရှိကာ မြေသားသန့်သန့်ဟူ၍ မရှိသလောက်ပင်ရှားပါသည်။ မြေသားရှိခဲ့သော် ထိုမြေသည် ကျောက်စရစ်၊ ကျောက်မှုန်တို့ဖြင့် ရောနှောနေတတ်လေ၏။

မြေပြန့်ဟူ၍ သဘာဝအတိုင်းဖြစ်ပေါ်နေသောနေရာသည် ဖျာတစ်ခင်းစာသော်မျှမတွေ့ရပေ။ အိမ်ရာတစ်ရာရလိုသော် မညီညာသော တောင်စောင်းမြေတို့ကို တူးဆွ၍ဖြန့်ကြရ၏။ ကျောက်ဆိုင်ကျောက်တုံးကြီးများအား ယမ်းဖြင့်ခွဲထုတ်ကာ ဖယ်ရှားကြရ၏။ မိုးကုတ်မြေသည် အပေါ်ယံတွင် မြေသားသာရှိနေခဲ့သော် မြေအောက်တွင် ကျောက်တုံးကြီးများစီထပ်၍နေလေ့ရှိရာ အိမ်ရာတစ်ရာဖြန့်လျှင် အလွန်ပင်ခက်ခဲလှပေ၏။ အပေါ်ယံမြေလွှာသည် မြေဩဇာအလွန်ကောင်းသော မြေမည်းဖြစ်သော်လည်း တစ်ပေကျော်လျှင် မြေနီနှင့်ကျောက်တုံးများ ရောနှောသောအလွန်မာကျောသည့်မြေတို့အဖြစ် ပြောင်းလဲသွားလေ့ရှိသည်။ ထိုမြေနီတွင် ပတ္တမြားတို့ကိန်းအောင်းတတ်ပါသည်။

မိုးကုတ်တွင် မြေနီသည် ဖြုန်း၏အခြေခံဖြစ်ပါသည်။တောင်ကြီးများအားမျှော်တိုက်ပါက အများအားဖြင့် မြေနီတောင်တို့ဖြစ်ကြပြီး ထိုမြေနီတွင် ကျောက်စိုင်ကျောက်တုံး၊ ကျောက်စရစ်တို့ ပြွတ်ခဲနေခဲ့သော် ထိုမြေနီသည် ဖြုန်းဖြစ်ပါသည်။


ထိုမြေနီထဲတွင် ဖြုန်းပြာ၊ ဖြုန်းဝါ၊ မီးလောင်ဖြုန်းခေါ် ဖြုန်းနက်၊ ကျောက်မာချောလေးများခဲပြွတ်နေသော ရွှေးဖြုန်း၊ သဲကြောင်းထိုးဖြုန်း၊ မြေနီကြွပ်ဖြုန်း၊ စမြေးစေးဖြုန်း၊ သဲဖြုန်းစသည်ဖြင့် အရောင်အမျိုးမျိုး ဖြုန်းအမျိုးမျိုးတည်ရှိတတ်လေ၏။

နောက်တစ်ရောင်တည်ရှိသည်မှာ ကျောက်ပုပ်မြေဝါများဖြစ်ကြသည်။ ထိုကျောက်ပုပ်မြေဝါတို့မှာမူ ထုံးတောင်များဖြစ်ကြကာ ထိုကျောက်ပုပ်မြေဝါ၌ ဖြူဖွေးသောထုံးကြောများထိုးတတ်ကြပြီး အများအားဖြင့် နီလာခေါ် ကျောက်ပြာတို့အထွက်များလေ၏။

ထိုကျောက်ပုပ်မြေဝါကြောများ၌လည်း မည်းညစ်ညစ်ဖွယ်စုတ်စုတ် ကျွဲချေးနှင့်တူသော ကျွဲချေးဖြုန်း ခပ်စိမ်းစိမ်းစိမ်း၊ ခပ်ကြမ်းကြမ်း မြင်းချေးဖြုန်း၊ အင်္ဂတေနှင့်တူသော ခပ်ပြာပြာ အင်္ဂတေဖြုန်း၊ မည်းမှောင်နေသော မီးလောင်ဖြုန်း စမြေဝါဖြုန်း၊ သဲဖြုန်း ကျောက်ပုပ်ဖြုန်း စသဖြင့် အောင်းအိမ်

# နေပြည်တော်ကျော်ကျော်စိုး

# ပြကျောက်





www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့၍တည်ရှိကြကာ ထိုဖြူနှန်းတို့တွင်မူ ကျောက်နီ၊ ကျောက်ပြာအစုံထွက်လေ့ရှိသည်။ ထိုအထဲမှ မီးလောင်ဖြူနှန်းတွင် ဝက်ချေးတောင့်ခေါ် သော ခရုစွတယ် ပုံဆောင်ခဲကျောက်နီအတောင့်များထွက်လေ့ရှိသည်။ သို့သော် ကျောက်ကောင်းနည်းကာ ကျောက်တို့သည် စလူပေါက်တို့ဖြင့် ကျောက်ကောင်းစာရင်းမဝင်ကြချေ။

ကျောက်ပုပ်တောင်တို့သည်လည်းရောင်စုံရှိကြသည်။ ကျောက်ပုပ်၏မူလအရောင်မှာ အဝါနုရောင်ဖြစ်သော်လည်း အချို့ အဖြူရောင်၊ အချို့ အနီရောင်၊ အချို့စိမ်းပြာပြာအရောင်၊ အချို့ မည်းညစ်ညစ်အရောင်ဟူ၍ သဘာဝမှ အရောင်အမျိုးမျိုးဆိုး၍ ပေးထားတတ်လေ၏။ ဤသည်တို့မှာ မိုးရာသီမျှော တိုက်ရာမှ တွေ့ကြုံရသော အတွေ့အကြုံများဖြစ်ကြသည်။





www.burmeseclassic.com

www.burmeseclassic.com

ရှေးလူတို့သည် ဖြုန်းကုန်ဆုံးသောအောက်ခြေကို အခံဟုခေါ်ကြလေ၏။ ထိုအခံထားသည်တို့မှာ စကျင်ကျောက်၊ အရပ်အခေါ် မုကျောက်အခံ၊ ကျောက်ပုပ်မြေဖြစ်သော ကျောက်ပုပ်အခံတို့ဖြစ်ကြပါသည်။ ကျောက်ပုပ်တွင်လည်း ကျောက်ပုပ်အပျော့ခံ၊ ကျောက်ပုပ်အမာခံဟူ၍ နှစ်မျိုးရှိသည်။

မိုးကုတ်အနောက်ပိုင်း ကျပ်ပြင်အင်းကောင်းလုပ်ကွက်တွင် ရှေးအစဉ်အလာအတိုင်း ကျောက်ပုပ်ကိုအခံလုပ်ကြလေ့ရှိသည်။ ထိုကျောက်ပုပ်အောက်၌ ဖြုန်းမရှိတော့ပြီ။ ဖြုန်းမရှိသော် ကျောက်မရှိတော့ပြီဟု အယူရှိကြ၏။

အရေးအခင်းပြီးသည့်နောက်ပိုင်း ဖက်စပ်များချပေးရာ စက်ကြီးများဖြင့်လုပ်ကိုင်ကြသဖြင့် ရေဆုံးမြေဆုံးလိုက်ကြရာ ကျောက်ပုပ်မြေလွှာအောက်၌ အောက်ခြေစကျင်အခံတိုင်အောင် ကျောက်ပုပ်သဲဖြုန်းများတည်ရှိနေသည်ကိုတွေ့ရပြီး ကျောက်စစ်ကျောက်ကောင်းများလည်း များစွာထွက်ရှိကြောင်းသိရပါသည်။

ရှေးလူတို့သည် ထိုကျောက်ပုပ်လွှာကိုအခံထားခဲ့သဖြင့် ကျောက်ပုပ်လွှာဖုံးအုပ်ထားသော ကျောက်ပုပ်သဲဖြုန်းများကို စားခွင့်ရမသွားကြပါ။ မသိသူတို့ကကျော်သွားသောအခါ သိသူတို့ကဖော်၍စားသွားကြခြင်း ဖြစ်ပါသည်။ ရတနာသည် ထိုက်သူကိုစောင့်နေသည့်သဘော ဖြစ်သည်။ ကျောက်ပုပ်လွှာအောက်မှသဲဖြုန်းတို့သည်သာ ဖြုန်းစစ်၊ ဖြုန်းမှန်၊ ဖြုန်းကောင်းတို့ဖြစ်ကြပါသည်။ ရှေးလူတို့ ထိုဖြုန်းတို့ကို တစ်ဦးမှစားမသွားကြရပေ။ ကျောက်ပါးသောအပေါ်ယံဖြုန်းတို့ကိုသာ စားသွားကြရပါသည်။

တော်လှန်ရေးအစိုးရတက်ပြီးနောက်ပိုင်း ကျောက်တွင်းများ ပြည်သူပိုင်သိမ်းပြီးမကြာမီပင် ဘော်ဗဒန်းရွာ၏ စကျင်တောင်တန်းတွင် စကျင်ကျောက်တို့မှ ပတ္တမြားအနီများ စတင်ထွက်ရှိပါသည်။

ထိုသို့စကျင်ကျောက်ခေါ် ကျောက်တုံးကျောက်ခဲတို့မှ ပတ္တမြားတို့ထွက်သောအခါ လူတို့က အစိုးရကမြေတွင်းမလုပ်ရဘူးဆိုတော့ 'ဟော - ခုကျောက်တုံးကျောက်ခဲတွေကနေ ပတ္တမြားတွေထွက်ပေးနေပြီ။ နောင်ဆို သစ်ပင်တွေကတောင် ကျောက်နီပတ္တမြားတွေထွက်ရင်ထွက်ပေးနေဦးမှာ။ ဒါဟာ တို့မိုးကုတ်သားတွေရဲ့ကံပေါ့' ဟု ပြောဆိုတတ်ကြလေ၏။ ထိုစကျင်ကျောက်ကို ယမ်းဖြင့်ခွဲ၍ထုခြေကာ ကျောက်ရှာကြသောတွင်းတို့အား ခဲတွင်းဟုခေါ်ကြပါသည်။

ခဲကျောက်တို့သည် မြေကျောက်ထက်ပို၍ ပွင့်အားကောင်းရာ ခဲကျောက်သည် မြေကျောက်ထက် ဈေးကောင်းပို၍ရပါသည်။ စကျင်ကျောက်ထဲတွင် ပတ္တမြားရှိသည်ဟုသိသွားသောအခါ လူတို့၏စူးစမ်းမှုကြောင့် မိုးကုတ်အနောက်ဘက်တွင် ကာဆီးနေသော ဘော်ဗဒန်းတောင်တန်းကြီးအမြင့် များပြားသော စကျင်တောင်တန်းတို့အထဲမှ မိုးတုတ်ခတ်တော်တောင်၊ လင်းရောင်ခြည်တောင်တို့၌ လည်းကောင်း၊ မိုးကုတ်အနောက်ပိုင်းမှ သူရိန်တောင်တန်းရှိဇလပ်တောင်၊ ဘောလုံးကြီးရွာအနီးရှိ စကျင်တောင်တန်းမှ လည်းကောင်း ကျောက်နီပတ္တမြားတို့ ထွက်ရှိကာ ကျောက်ပြဿဒ် သူရိန်တောင်တန်းကြီးရှိ ပေါ်တော်မူအောက်ခြေ စကျင်ကြောမှ နီလာများထွက်ရှိခဲ့ကြပါသည်။

ထို့ပြင် မိုင်းရှူးရတနာမြေ၌လည်း ဝမ်ကန်စကျင်တောင်တန်းကြီး၌ ဖက်စပ်များ ခဲတွင်းလုပ်ကိုင်ကြရာ ပတ္တမြားကျောက်နီတို့ များပြားစွာ ထွက်ရှိခဲ့ကြပါသည်။

ထုံးပျော့မှသည် ထုံးမာအသွင်ပြောင်း၏။ ထုံးမာမှ စကျင်ကျောက်သို့အသွင်ပြောင်း၏။ စကျင်ကျောက်မှသည် ပတ္တမြားအသွင်သို့ပြောင်းလဲရာ စကျင်မှထွက်သော ပတ္တမြားတို့သည် မိခင်စကျင်ကျောက်ကို အောင်းအိမ်ပြု၍ထွက်သောကျောက်များဖြစ်ကြသည်။ သို့ကြောင့် ပို၍သန့်ကြပါသည်။

မြေဖြုန်းမှထွက်သောပတ္တမြားတို့မှာမူ ထုံးပျော့အတုံးလေးမှသည် အဆင့်ဆင့်ဆင့် ပတ္တမြားအဆင့်သို့ ကူးပြောင်းသွားခြင်းဖြစ်ပေရာ မြေမှထွက်သော ပတ္တမြားတို့သည် မြေကို အောင်းအိမ်ပြုကြ၏။

လူးတွင်းမှထွက်သောပတ္တမြားတို့မှာမူ လူးဟူသည် စကျင်ကျောက်တို့ဖြင့်ဖွဲ့စည်းထားသော လိုဏ်ဂူများဖြစ်ရာ မိခင်စကျင်ကျောက်မှကြွေကျသွားသော ပတ္တမြားများဖြစ်ကြပါသည်။

ထို့ကြောင့် မြေကျောက်၊ လူးကျောက်၊ ခဲကျောက်ဟူ၍ သုံးမျိုးကွဲပြားသွားကာ မြေကျောက်နှင့် လူးကျောက်မှာ ခဲကျောက်လောက်ပွင့်အားမကောင်းလှပေ။ ထို့ကြောင့် ဈေးကွက်တွင်လည်း သိသိသာသာကွာသွားပါသည်။ မြေကျောက်တို့သည် အမှန်ပင် ခဲကျောက်လောက် ပွင့်အားမကောင်းကြ။ ထို့ကြောင့် ဈေးနှုန်းတွင်လည်း သိသာစွာ ကွာခြားပါသည်။

ဤသည်မှာ ဆက်စပ်၍ တင်ပြခြင်း ဖြစ်ပါသည်။

### ◻ ကျောက်ဖျာရွာ

ကျောက်ဖျာရွာမှာ ကျောက်ပြဿဒ်ရွာကြီး၏ တောင်ဘက်၌တည်ရှိကာ ခြေကျင်သွားသော် (၁၅) မိနစ်မျှသွားရပါသည်။ ကျောက်ဖျာကား မြန့်ယောင်ယောင်ရှိကာ ကျောက်ပြဿဒ်ဘုရားတောင်တည်ရှိရာ တောင်တန်းကြီး၏ တောင်ဘက်အလဲဆင်ခြေလျှောတွင် တည်ရှိခြင်း ဖြစ်သည်။

မူလက ထိုမြန့်ယောင်ယောင်တွင် မိုးကုတ်အနောက်ဘက်ရှိ ဘုရားကုန်းရွာသားများ ကျွဲများလာကျောင်းရာနေရာဖြစ်ပြီး ထိုကုန်းမြန့်တွင် တဲကလေးများဖြင့်နေကြ၏။

ထိုကုန်း၏ ပတ်ပတ်လည်တွင် ကျောက်မျက်ပတ္တမြားများထွက်ရှိသောလုပ်ကွက်တို့ ဝန်းရံနေသောအခါ ထိုကျွဲကျောင်းရာကုန်းမြန့်သို့ ဘုရားကုန်းတစ်ရွာလုံးရွှေ့လာပြီး ကျောက်မျက်ရတနာတူးဖော်ကြတော့၏။

ကျောက်ကြီးကျောက်ကောင်းများရသောအခါ အိမ်ကြီးအိမ်ကောင်းတို့ဖြစ်လာလျက် ရွာထိပ်တွင် ဘုန်းကြီးကျောင်းဆောက်ခြင်း၊ ဘုရားတည်ခြင်းတို့ပြုကာ ခိုင်မာသောရွာဖြစ်လာခဲ့၏။

ထိုရွာအား ရွာလယ်ရှိအိမ်တစ်လုံးစာမျှကျယ်ဝန်းသောကျောက်ဖျာကြီးတ… အစွဲပြုကာ ကျောက်ဖျာရွာဟူ၍ခေါ်ဆ… ကြပါသည်။ ထိုကျောက်ဖျာတည်ရှိ… သည် မြန်မာဘုရင်ပါတော်မူပြီးနော… အင်္ဂလိပ်တို့အုပ်စိုး၍ တိုင်းပြည်တည်ငြိ… စအချိန်ဟူ၍ ရှေးလူတို့ကဆိုကြပါသည်။

ထိုဝန်းကျင်တွင် ရေအေးရွာသည် ရှေးအကျဆုံးဖြစ်ကာ မြန်မာဘုရင်များ မိုးကုတ်မြေကို စိုးမိုးစဉ်ကာလက … သည်။ ဆင်လမ်း၊ မြင်းလမ်းတွင်တည်… ဆင်၊ မြင်းတို့တစ်ထောက်နားစခန်းချ… ရွာဖြစ်ခဲ့ပြီး ကျောက်ပြဿဒ်ရွာ… ရေအေးရွာထက် အတန်ငယ်… ဟန်တူသော်လည်း မြန်မာဘုရင်များ… လက်ထက်ကပင်တည်… သောရွာဖြစ်… ပါသည်။

မြန်မာနိုင်ငံ၏ မြို့ပြတိုင်းတို့… လည်း… တစ်တိုင်းပြည်လုံးအ…



www.burmeseclassic.com

www.burmeseclassic.com

ဖြင့်လည်းကောင်း နာမည်တူရွာများ အများပြားရှိတတ်ကြပါသည်။ ဥပမာ သပြေကုန်း၊ သာယာကုန်း၊ ဆီးကုန်း (ဇီးကုန်း)၊ ကုက္ကိုကုန်း စသည်ဖြင့်နာမည်တူရွာများ ပေါများလှပေ၏။ ကျောက်မြောင်းမြို့သည်ပင်လျှင် ကျောက်မြောင်း (ရွှေဘို)၊ ကျောက်မြောင်း (ရန်ကုန်) ဟူ၍ ခွဲခြားရေးရပါသည်။

ထို့အတူပင် ကျောက်ဖျာဟူသောရွာအမည်တူများမှာလည်း ပေါများလှပေ၏။ထိုသို့မှည့်ခေါ်ခြင်းမှာ အကြောင်းမဲ့မဟုတ်ချေ။ ဖျာကဲ့သို့ပြန့်နေသော ကျောက်ဖျာကို အစွဲပြု၍ မှည့်ခေါ်ကြခြင်း ဖြစ်ပေမည်။

ကျွန်ုပ်တို့အနီးတွင် ရေနီရွာနား၌ ကျောက်ဖျာတစ်ရွာရှိ၏။ ထိုရွာကို ရေနီကျောက်ဖျာဟုခေါ် လျက် ကျွန်ုပ်နေထိုင်ရာ ကျောက်ဖျာကို ကျောက်ပြဿဒ်ကျောက်ဖျာဟူ၍ခွဲခြမ်းခေါ်ကြပါသည်။ ထိုသို့ ခွဲခြမ်းပြီးမရေးသဖြင့် စာများမှား၍ပို့ခြင်းမကြာမကြာကြုံရတတ်ပါသည်။

ရေနီကျောက်ဖျာကား ကင်းအုပ်စုတွင်ပါလျက် ကျွန်ုပ်တို့ကျောက်ဖျာကား ရေအေးအုပ်စုတွင်ပါပါသည်။ ရေအေးသည် ရွာသာသေးသော်လည်း ထိုတစ်ဝိုက် ရှေးအကျဆုံးဖြစ်ရာ မြန်မာဘုရင်များလက်ထက်ကပင် ရေအေးသည် တိုက်နယ်သူကြီးထိုင်ရာဖြစ်ခဲ့လေ၏။

မိုးကုတ်မှမန္တလေးသို့သွားသော် သပိတ်ကျင်းနယ်ကားလမ်းအတိုင်းသွားရရာ ထိုကားလမ်းဘေး၌ ကျောက်ဖျာဟူသော ရွာလေးတစ်ရွာရှိပါသည်။ သပိတ်ကျင်းနယ်ရွှေကြောများပေါ်ပြီးနောက်ပိုင်း လူများစည်ကားလာကာ မြို့ပြအသွင် ပြောင်းလဲတိုးတက်နေကြပြီ ဖြစ်သည်။

**၁ ပတ္တမြားငမောက်**

မြန်မာ့နန်းစဉ်ရတနာ ဖြစ်သောရတီ(၉၀)ရှိ ပတ္တမြားငမောက်အကြောင်းကို အများအားဖြင့်သိကြသူများပါသည်။ အတိအကျမသိသော်မှလည်း ပတ္တမြားငမောက်ကိုကြားဖူးကြပါသည်။ တန်ဖိုးဖြတ်မရမှန်းလည်းသိကြပါသည်။

သလ္လာဝတီခေါ် ချင်းတွင်းမြစ်ဝန်းကျင်မှလူများအား ချင်းတွင်းနယ်သားဟုခေါ်ကြပါသည်။ ယခုခေတ်အခေါ် အရမူ မုံရွာသားဟုခေါ်ကြမည်ထင်ပါသည်။ ထိုချင်းတွင်းဝန်းကျင် မုံရွာနယ်မှလူများနှင့်ရွှေဘိုနယ်မှလူများမှာ ရှေးမြန်မာမင်းများလက်ထက်ကပင် မိုးကုတ်ပတ္တမြားမြေသို့ လာရောက် အခြေချနေထိုင်ကြကြောင်း ပတ္တမြားငမောက်၏ရာဇဝင်က သက်သေဖြစ်သည်။

ထိုချင်းတွင်းနယ်သား ငမောက်သည် မိုးကုတ်သို့တက်၍ မိုးကုတ်အနောက်ပိုင်း ကျပ်ပြင်အင်းကောင်းပြန့်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုပါသည်။ ထိုအင်းကောင်းပြန့်ကား တစ်မိုင်နီးပါးမျှရှည်လျားကာ မြောက်အရပ်မှတောင်နှင့်တောင်အရပ်မှ တောင်တို့နှစ်ခုအကြားလျှိုပြန့်ကြီးဖြစ်နေခြင်းဖြစ်ရာ လယ်ယာသီးနှံများစိုက်ပျိုး၍ အဆင်ပြေပါသည်။ လျှိုကား အရှေ့၊ အနောက်တည်နေခြင်းဖြစ်ပြီး ယခုခေတ်တွင် ပတ္တမြားမြေမိုးကုတ်သို့ဝင်ရာ တစ်ခုတည်းသောကားလမ်းဖြစ်ပါသည်။

ထိုအင်းကောင်းပြန့်၌ ငမောက်သည် လယ်ယာစိုက်ပျိုးရေးများလုပ်၍ နေထိုင်ရာ တစ်ညတွင် မိမိ၏ခြံအတွင်း တစ်နေရာမှ နီရဲလင်းထိန်နေသောအရာတစ်ခုကို တွေ့ရလေ၏။ အရောင်မှာ တဖျပ်ဖျပ်နှင့်တောက်ပကာ လင်းနေသောအရာ ဖြစ်သည်။

စုန်းမီးအကြောင်းကိုကြားဖူးသော ငမောက်သည် စုန်းမီးပေလောဟု သံသယဖြစ်သော်လည်း စုန်းမီးဟူသည် ရွေ့လျား၏။ ယခုနီရဲလင်းထိန်တောက်ပနေသောအလင်းရောင်ကား ရွေ့လျားခြင်းမရှိပေ။ သို့အတွက် စူးစမ်းမှုပြုမှဖြစ်မည်ဟု တွေးတောကာ ထိုနီရဲသောအလင်းရောင်ရှိရာသို့ သွားကြည့်သော် နီရဲလုံးဝန်းသော ပတ္တမြားကြီးတစ်ပွင့်မှ ထွက်နေသောအလင်းရောင်ဖြစ်ကြောင်းကိုသိရရာ ထိုပတ္တမြားကြီးအား ဝမ်းမြောက်ဝမ်းသာကောက်၍ယူခဲ့လေ၏။

အမှန်သော် ထိုပတ္တမြားကြီးသည် ပတ္တမြားအစစ်ဖြစ်ပါသည်။ ထိုပတ္တမြားအစစ်ကြီးသည် မိုးရွာရာမှ မိုးရိုက်၍ပေါ်ခြင်းလည်းဖြစ်ချင်ဖြစ်မည်။ သို့တည်းမဟုတ်ပါမူ ပတ္တမြားကို စောင့်ရှောက်သောနတ်အရှင်သခင်တို့က လာရောက်ပို့ထားခြင်းလည်း ဖြစ်ချင်ဖြစ်ပါမည်။ မည်သို့ဆိုစေ ငမောက်အား အလင်းရောင်ဖြင့်ပြ၍ခေါ်ခြင်းကြောင့် ထိုပတ္တမြားငမောက်ကြီးသည်လည်း ပြကျောက်ဖြစ်ပါသည်။ အရောင်အဆင်း အလင်းဖြင့်သာမပြခဲ့သော် ထိုကျောက်ကြီးအား ငမောက်မမြင်တန်ရာ။ ထိုကျောက်ကား ပြ၍ရသောကျောက်ကြီး ဖြစ်ပါသည်။

ကံတရားများ ဆန်းကြယ်လိုက်သည်မှာ တွင်းမလုပ်ရ ဝင်ပန်းကြီးစွာမတူးမဆွရပါဘဲလျက် အလွန်လှပသော ပတ္တမြားကြီးတစ်ပွင့် လက်သို့ဝိုင်ဝိုင်ရောက်ရှိခဲ့ခြင်းဖြစ်ပေ၏။ ညသို့တိုင်လျှင် ထိုပတ္တမြားကြီး၏ အလင်းရောင်ဖြင့်ပင် နေထိုင်ကြလေ၏။

ငမောက်၏မိသားစုတို့သည် ထိုပတ္တမြားကြီး၏အလင်းရောင်ဖြင့်ပင်လျှင် ဝါဖန့်ခြင်း၊ ဗိုင်းငင်ခြင်း ပြုလုပ်လေ့ရှိကြောင်း ပြောဆိုကြလေ၏။ ထိုအင်းကောင်းပြန့်၌ ငမောက်တို့မိသားစုများ သူ့ခြံကိုယ့်ခြံဖြင့်နေထိုင်ကြသဖြင့် ဝန်းကျင်မှ အကြံပေးကြလေ၏။

ပတ္တမြားကြီး၏ပကတိအရွယ်မှာ ရတီ (၂၀၀)ခန့်မှ ဗလီအားဖြင့်ဆိုသော် (၃)ဗလီခန့်မျှရှိပါသည်။ တစ်ဗလီသည် (၆၄)ရတီရှိပါသည်။ကျောက်ကြီးတို့အား ဗလီချိန်နှင့်ခေါ် ဆိုသောအလေ့အထ ရှေးကပင်ရှိခဲ့ပါသည်။ ထိုမျှကြီးသော ကျောက်ကြီးအား မီးထွန်းနေရုံမျှဖြင့် အကျိုးမရှိပြီ။ မင်းသို့ဆက်ရသော် မကောင်းလောဟု ငမောက်ကဆိုရာ ယောက်ဖဖြစ်သူ ငရွှေက -

"မင်းသို့ဆက်သော် မင်းဘဏ္ဍာအဖြစ်သိမ်း၍ ပေးသမျှနှင့်ရောင့်ရဲရပေမည်။ တစ်ခြမ်းအားခွဲ၍ မင်းသို့ဆက်ပြီး တစ်ခြမ်းအား ကုန်သည်တို့ကိုရောင်းချသော် ပို၍အကျိုးကျေးဇူးရှိပေမည်"

ဟု ဆိုရာ သဘောကြိုက်ညီ၍ ထိုလုံးဝန်းသောပတ္တမြားကြီးအား နှစ်ပိုင်းရအောင် ရက်ရှည်ဖြတ်တောက်ကြလေ၏။

ပတ္တမြားအစစ်ဟူသည် ဖန်သားမှန်သားဖြစ်ကာ အပြစ်အနာမြူမျှပင်မပါဘဲ ဇေါ် လည်းကင်းစင်ရပါသည်။ ပတ္တမြားကြီးကား အရည်၊ အသား၊ ပုံစံ ပြောစရာမရှိအောင် ကောင်းမွန်သော အခါ နှစ်ပိုင်းပြတ်သော် ကွမ်းသီးခြမ်းသဏ္ဍာန် သို့မဟုတ် ပေါက်စီသဏ္ဍာန် (၂)ပွင့်ဖြစ်သွားပါသည်။ ထိုသဏ္ဍာန်သည် ကျောက်တစ်ပွင့်၏အကောင်းဆုံးသောပထမတန်းစားသဏ္ဍာန်ဖြစ်ပါသည်။ အကောင်းဆုံးပုံစံဟု ခေါ်ရပါမည်။ အရည်၊ အသားပုံစံပြောစရာမရှိအောင် ရှုမငြီးသောကျောက်ကြီး (၂)ပွင့်ဖြစ်သွားခဲ့လေ၏။

ထိုပတ္တမြား(၂)ပွင့်မှတစ်ပွင့်အား မြန်မာနှစ် ၁၄၂၃ ခုနှစ်တွင် ငါးထပ်ကြီးဘုရားဒါယကာဖြစ်သော ပင်းတလဲမင်းလက်ထက် အင်းဝမြို့တော်သို့ ငမောက်





www.burmeseclassic.com

www.burmeseclassic.com

မှ သွားရောက်ဆက်သလေ၏။ ဘုရင်မင်းမြတ်သည် များစွာနှစ်ထောင်အားရတော်မူသဖြင့် ငမောက်အား ဆုတော်လာဘ်တော်များစွာ ချီးမြှင့်ပေးသနားတော်မူလိုက်လေ၏။

ထိုရှုမငြီးအောင်လှပသောပတ္တမြားကြီးအား ငမောက်မှလာရောက်ဆက်သသဖြင့် ငမောက်ပတ္တမြားဟု အမည်တွင်လျက် နန်းစဉ်ရတနာတို့တွင် ထိပ်ဆုံးမှ နေရာရခဲ့ပါသည်။ ထိုကျောက်အား ယခုခေတ်တွင် ပတ္တမြားငမောက်ဟုခေါ်တွင်ကြလေ့ရှိသည်။

ကျန်သော ပတ္တမြားကြီးတစ်ပိုင်းကိုမူ ယောက်ဖဖြစ်သူ မောင်ရွှေအား တရုတ်ပြည်သို့ရောင်းရန် စေလွှတ်လိုက်လေ၏။ မောင်ရွှေသည် ထိုကျောက်ကြီးအား တရုတ်ကုန်သည်ထံ ရောင်းခဲ့လေ၏။

မြန်မာဘုရင်မှ ချီးမြှင့်လိုက်သောငွေများနှင့် တရုတ်ပြည်တွင်ရောင်းခဲ့ရသောငွေတို့ကြောင့် ငမောက်တို့မိသားစုများ ကြွယ်ဝသောဘဝကိုရောက်ခဲ့ကြပါသည်။ ထိုအခါ ချင်းတွင်းနယ်မှ ဆွေစုမျိုးစုများကိုလည်း မိုးကုတ်သို့ခေါ်လာခဲ့ကြလေ၏။

ငမောက်တို့ဆွေစုမျိုးစုများသည် တောင်သူမျိုးရိုးများဖြစ်သဖြင့် ရေမြေကောင်းသော မိုးကုတ်၌ စိုက်ပျိုးရေးအလုပ်ကိုသာလုပ်ကြရာ ကျပ်ပြင်မှ အလွန်ကြီးမဝေးလှသော ယခု လောင်းစင်ခေါ် ရွာငယ်လေးအနီးရှိ ချောင်းဘေးတွင် လယ်မြေများစွာရှိရာ ထိုနေရာသို့ ပြောင်းရွှေ့ပြီး လယ်များဖော်လျက် ရွာတည်ပြီး အေးချမ်းစွာပင် လုပ်ကိုင်စားသောက်နေထိုင်ကြလေတော့၏။

**□မခွဲအပ်သောကျောက်စစ်ကျောက်ကောင်း**

ကျောက်စစ်ကျောက်ကောင်းတို့ဟူသည် ရလာခဲ့သော် မခွဲအပ်ပေ။ ခွဲခဲ့သော် ဒဏ်သင့်တတ်ကြ၏။ အဘယ်ကြောင့်ဆိုသော် ကျောက်စစ်ကျောက်ကောင်း ကျောက်ကြီးတို့သည် ပင်ကိုကပင် သိဒ္ဓိရှိ၍ဖြစ်ပါသည်။ ထို့ပြင် နတ်တို့ပေးသောပစ္စည်းလည်းဖြစ်ပါသည်။

ငမောက်နှင့် ယောက်ဖဖြစ်သူငရွှေတို့သည် ညအမှောင်တွင် မီးလင်းသောပတ္တမြားအစစ်ကြီးအား နှစ်ပိုင်းရအောင် ခွဲဖြတ်လိုက်ကြလေ၏။ တစ်ပိုင်းကို တရုတ်ပြည်သွားရောင်းကာ တစ်ပိုင်းကိုမူ မြန်မာဘုရင်သို့ဆက်သလိုက်ကြပြီး ရလာသောငွေကြေးတို့ဖြင့် လယ်ဧကများစွာဖော်ထုတ်ကာ ရွာတည်လျက် အေးအေးချမ်းချမ်းနေခဲ့ကြပြီဖြစ်သည်။

ငမောက်နှင့်ငရွှေတို့ ဆွေစုမျိုးစုများအခြေကျ၍ မကြာမီမှာပင် တရုတ်ပြည်၌ မင်းမင်းဆက်ပျက်စီး၍ စစ်ဖြစ်ရာ ပြည်သူတို့သည် စစ်ဘေးမှကင်းဝေးရာ ဒေသများသို့ ပြေးလွှားပုန်းရှောင်ကြရပါသည်။

ထိုသို့ပုန်းရှောင်ရာ၌ ယူနန်ပြည်နယ်နှင့်နယ်နိမိတ်ချင်းဆက်စပ်နေသော မြန်မာပြည်သို့လည်း တရုတ်တို့ဝင်ရောက်ခိုလှုံကြပါသည်။ ထိုသို့ခိုလှုံသော တရုတ်များတွင် မောင်ရွှေသွားရောက်ရောင်းပေးထားသော ပတ္တမြားကြီးတစ်ခြမ်းလည်းပါလာရာ ထိုပတ္တမြားကြီးကို မြန်မာဘုရင်ထံ သွားရောက် ဆက်သကြည့်ရှုစေရာ မြန်မာဘုရင်မှ မိမိတွင်ရှိနေသော ငမောက်ပတ္တမြားနှင့် အရည်အသွေး၊ အသားပုံစံတူနေသဖြင့် ကျောက်နှစ်ပွင့်ဆက်ကြည့်ရာ တစ်ပွင့်တည်းဖြစ်နေသည်ကို အံ့သြဖွယ်တွေ့ရလေ၏။

နှစ်ပွင့်ဆက်ကြည့်သော် နီရဲလုံးဝန်းသောပတ္တမြားကြီးဖြစ်၍သွားရာ ရှုမငြီးအောင် လှပလွန်းလေသည်။ ထိုအခါ ကျောက်တစ်ပွင့်တည်းကို နှစ်ပွင့်ဖြစ်အောင်ဖြတ်ပစ်လိုက်ကြောင်း ဘုရင်သိသွားခဲ့ပြီး ဤကျောက်အား မည်သူ့ထံမှ ဝယ်ပါသနည်းမေးသော် မြန်မာနိုင်ငံ ငရွှေထံမှ ဝယ်ယူပါကြောင်း လျှောက်တင်သော် ဘုရင်သည် ကျောက်အားအားလုံးကိုမဆက်ဘဲ တစ်ခြမ်းခွဲ၍ဆက်သရကောင်းလားဟူ၍ ဒေါသအမျက်ကြီးစွာထွက်လေတော့၏။



ထိုအခါ ငမောက်နှင့်ဆွေ(၇)ဆက်မျိုး(၇)ဆက်တို့အား ကွပ်မျက်ရန် အမိန့်ချမှတ်လေ၏။ ဆွေ(၇)ဆက်မျိုး(၇)ဆက်တို့အားလည်း မည်သို့စုစည်းရမည်ကို ဘုရင်မှ ရာဇပရိယာယ်ဖြင့်အသေအချာမှာလိုက်လေ၏။

**□ ရာဇဝတ်ကျောက်**

ငမောက်ဦးစီးနေထိုင်သောရွာ၏အနီး ချောင်းတောင်ဘက်တောင်ကြောတွင် သစ်တောကြီးရှိရာ ထိုသစ်တောကြီးမှသစ်ဝါးတို့ထုတ်လုပ်ကာ အိမ်ကြီးအိမ်ကောင်းများ ဆောက်လုပ်လျက် တင့်တယ်စွာနေထိုင်ကြလေ၏။

ရွာကလေးအသားကျနေထိုင်ပြီးနှစ်အနည်းငယ်အကြာတွင်မူ ထိုရွာလေးသို့ စစ်သည်ရဲမက်များရောက်လာခဲ့ကြပါသည်။ ငမောက်နှင့်ငရွှေတို့မှ ကောင်းမွန်စွာကြိုဆိုဧည့်ခံကြပါသည်။

ထိုအခါ ဦးစီးသူက မြန်မာဘုရင်သို့ ပတ္တမြားကြီးဆက်သသဖြင့် များစွာနှစ်ထောင်းအားရပါကြောင်း၊ ငမောက်တစ်ဦးတည်းကို ဆုတော်လာဘ်တော်များပေးခဲ့ရသည်မှာ နည်းလှပါကြောင်း၊ ထို့ကြောင့် ငမောက်၏ ဆွေ(၇)ဆက်မျိုး(၇)ဆက်များကိုပါ ဆုတော်လာဘ်တော်များပေးသနားရန် ဘုရင်မင်းတရားကြီးမှ အမိန့်တော်ရှိလိုက်သဖြင့် ရွှေငွေတို့သယ်ဆောင်လျက် ရောက်ရှိလာခဲ့ရပါကြောင်း၊ သို့ကြောင့် ငမောက်နှင့်ဆွေမျိုးတော်စပ်သူမှန်သမျှ အရောက်စုဝေးကြပါရန်ဟုဆိုလေရာ တစ်ရွာလုံးထွက်၍စုဝေးကြပါသည်။ ဆုတော်လာဘ်တော်ကိုမရချင်သူဟူ၍ ရှားပါသည်။

ဆင်ခြင်တွေးတောစိတ်ရှိသော ငမောက်၏အစ်မဖြစ်သူ မနန်းမှာမူ ဘုရင်စစ်သည်တော်များအား သင်္ကာမကင်းရှိသဖြင့် စုဝေးရာတွင်မပါဝင်ဘဲ ရှိသမျှရတနာများအား ထုပ်ပိုးကာ ကျပ်ပြင်ဘက်သို့ပြေးလေတော့၏။

ထိုရွာလေး၏ဘေးတွင် တသွင်သွင်စီးဆင်းနေသော ရေစီးသန်သည့်ရေကြည်ချောင်းရှိ၏။ ငမောက်နှင့်ရွာသားတို့အား ရေနှင့်ဝေးရာ ကုန်းထိပ်တစ်ခုသို့ခေါ်သွားပြီး လောင်စင်ကြီးဆောက်စေပါသည်။ ရိုးသားသောရွာသားတို့မှာ ဘာလုပ်မှန်းမသိကြပေ။ ထိုစင်ကြီးအောက်၌ ထင်းခြောက်၊ ဝါးခြောက်များစုပုံစေပါသည်။ ပြီးသည်နှင့်အားလုံးကိုကြိုးဖြင့်ချုပ်ကာ လောင်စင်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်တက်စေပါသည်။ ထိုအခါကျမှ သူတို့အားလုံးကို မီးရှို့၍သတ်တော့မည်ကို သိကြလေတော့၏။ အသိကားများစွာနောက်ကျခဲ့ပေပြီ။

သို့နှင့်ပင် ငမောက်နှင့်ဆွေ(၇)ဆက်မျိုး(၇)ဆက်တို့အား လောင်စင်တင်၍ မီးရှို့ကွပ်မျက်လေ၏။ ငမောက်သည်လည်းကောင်း၊ ဆွေစုမျိုးစုတို့သည်လည်းကောင်း၊ သူတို့အား မည်သည့်အပြစ်ကြောင့်သတ်သည်ကို သိခွင့်မရခဲ့ကြပေ။

မနန်းမှာမူ ကျပ်ပြင်အနောက်ဖျားရှိ တောင်ကုန်းပေါ်သို့ရောက်သော် တောင်းကုန်းထိပ်မှ မိမိတို့ဒေသဆီကြည့်လေ၏။ တောင်ပေါ်မှစီးကြည့်သော် မိမိတို့နေထိုင်ရာဒေသသည် အလွန်ကြီးမဝေးလှဘဲ အပေါ်စီးမှမြင်နေရပါသည်။ မှုန်ပျပျ သူတို့ရွာလေးကို မြင်နေရပါသည်။

ထိုအခါ တလိပ်လိပ်တက်လာနေသော မီးခိုးမှိုင်းလုံးကြီးအားမြင်နေရရာ သူ့မောင်နှင့်ဆွေစုမျိုးစုများအား မီးရှို့၍သတ်နေသည်ကိုသိသဖြင့် မနန်းသည် ထိုနေရာ၌ပင်လျှင် ရင်ကွဲနာကျကာ သေဆုံးသွားပါသည်။ သေသော်နတ်ဖြစ်သည်ဟုယူဆလျက် ထိုတောင်အား ဒေါ်နန်းကြည့်တောင်ဟု ခေါ်တွင်ကာ လွမ်းစေတီတည်ထားပြီး ဒေါ်နန်း၏ ရုပ်တုလည်း ပြုလုပ်ထားပါသည်။ ယခုသော် အတော်ပင်စည်ကားနေပြီ ဖြစ်သည်။

ထိုငမောက်သည်လည်းကောင်း၊ ငရွှေသည်လည်းကောင်း ပတ္တမြားအစစ်ကြီးအား ခွဲပစ်လိုက်သဖြင့် ရတနာခိုက်ကာ ရာဇဝတ်ဘေးသင့်ခဲ့ရခြင်း ဖြစ်သည်။ ကံတူအကျိုးပေးကြသူတို့မှာ သူတို့၏ဆွေစုမျိုးစုတို့ဖြစ်ကြလေ၏။

ထိုသို့ ပတ္တမြားကြီးတစ်ပွင့်ကြောင့် ဆွေစဉ်မျိုးဆက် ပျက်သုဉ်းအောင် ကွပ်မျက်ခံခဲ့ကြရရာ ထိုသည်မှစ၍ ရှေးလူတို့သည် အလွန်ကောင်းမွန်သော ကျောက်နီပတ္တမြားကြီးများမြင်သော် ထိုကျောက်ကြီးအား ရာဇဝတ်ကျောက်ဟု ခေါ်တွင်ကြကာ လက်ဖြင့်ပင်မတို့ထိရဲဘဲ ဝါးညှပ်ပြုလုပ်ကာ ဝါးညှပ်ဖြင့် ကောက်လျက် လွှင့်ပစ်လိုက်ကြလေ၏။ ငမောက်တို့၏ အစဉ်အလာအရိပ်မည်းသည် မြန်မာမင်းများအုပ်စိုးစဉ်ကာလ တစ်လျှောက်၌ အသိမကြွယ်သူတောနေတွင်းတူးသမား လူတန်းစားများအား ခြောက်လှန့်လျက်နေခဲ့၏။ ထို့ကြောင့် ကြီးမားသော ကျောက်နီပတ္တမြားတွေ့ခဲ့သော် လက်ဖြင့်ပင် တို့ထိရဲခြင်းမရှိခဲ့ကြောင်း ရှေးလူတို့အစဉ်အလာအားဖြင့် ပြောစမှတ်ပြုကြပါသည်။

## ◻ ကျောက်ကြီးရသောဦးအိုက်မတ်

ကျောက်ဖျာရွာတည်ပြီးသောအခါ ကျောင်းဒကာပေါ်လာသဖြင့် တစ်ရွာလုံးလုပ်အားဖြင့် ရွာ၏အနောက်ဘက်ရှိ တောင်စောင်းစားမြေဖြန့်ပြီး ကျောင်းကြီးဆောက်လုပ် လှူဒါန်းလေ၏။ ကျောင်းဒကာကျောင်းအမတို့အား ရှမ်းထုံးစံအတိုင်း ဘိုးကျောင်းဘွားကျောင်းဟုလေးစားစွာခေါ်ကြပါသည်။

ရှမ်းထုံးစံမှာ ဇရပ်လှူသော် ဘိုးဇရပ်ဘွားဇရပ်၊ ထီးလှူသော် ဘိုးထီးဘွားထီးဟု ရိုသေလေးစားစွာ ခေါ်ဝေါ်ကြလေ၏။ ထိုသို့ဘိုးဘွားအမည်တပ်ခြင်းမှ အရွယ်ကြောင့်မဟုတ်ပါ။ ဂုဏ်ကြောင့် ဖြစ်ပါသည်။ ဂုဏ်ကိုရိုသေကြခြင်း ဖြစ်၏။

(ကျွန်ုပ်သည် ကျောက်ဖျာ၌လည်းကောင်း၊ မိုးကုတ်၌လည်းကောင်း လူတို့ကို သဘာဝပေါက်ပင်တို့ဖြင့် ရောဂါစုံကုပေးလေ့ရှိရာ မိုးကုတ်မြို့ရှိ ကျွန်ုပ်၏ အိမ်သို့ရောက်နေစဉ် အသက် (၆၀)ကျော်၊ (၇၀)နီးပါးရှိဟန်တူသော အဘွား (၂) ယောက် ရောက်လာကာ ပါလာသောမုန့်များဖြင့် ကျွန်ုပ်အား ကန်တော့မည်ပြု၏။ အသက် (၄၀)ဝန်းကျင်သာရှိသေးသောကျွန်ုပ်သည် လန့်ကာ ထိုင်ရာမှထ၍ တားမြစ်ပါသည်။ ကျွန်ုပ်သည် သူတို့ကို ဆေးကုပေးထားရာ ဝေဒနာပျောက်ကင်း၍ လာကန်တော့ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်၏မိခင်အရွယ်များဖြစ်၍ တားမြစ်ခြင်းဖြစ်ရာ အဘွားတို့က -

"ပူဆလာရယ်၊ ပူဆလာရဲ့ပညာကိုကန်တော့တာပါ။ လက်ခံပါ"

ဟု ဆိုလေ၏။

"ကန်တော့စရာမလိုပါဘူးအဘွားရယ်။ အဘွားတို့ ပျောက်ကင်းရင်ပဲ ကျွန်တော်ကျေနပ်လှပါပြီ။ အခုလိုအသိအမှတ်ပြုတာနဲ့တင် ကျေးဇူးတင်လှပါပြီ"

ဟု ပြောဆိုတားမြစ်ကာ စကားစမြည်ထိုင်ပြောကြလေ၏။ 'ပူဆလာ' ဟူသည်မှာ ရှမ်းလို 'ဘိုးဆရာ' ဟူ၍ အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် ကျောင်းဒကာများအား ပူကျောင်း(ဘိုးကျောင်း) နိုင်းကျောင်း (ဘွားကျောင်း) ဟု ခေါ်လေ့ရှိပါသည်။ ဤသည်မှာ စကားချပ် ဖြစ်သည်။)

ထိုအလွန်သေးငယ်သောကျောက်ဖျာရွာလေး၌ ကုသိုလ်ကံကောင်း၍ ချမ်းသာသူတို့မှာ တွင်းသားများမွေး၍ လိုင်စင်ခံကာ တွင်းကို အကြီးအကျယ်လုပ်ကိုင်ကြလေ၏။ ထိုသည်မှာလက်ချိုးရေတွက်သော် လက်ဆယ်ချောင်းပင်မပြည့်သောပမာဏ ဖြစ်လေ၏။ ကျန်သော အိမ်ထောင်စုတို့မှာ လိုင်စင်ခံနိုင်ခြင်းမရှိဘဲခိုး၍လုပ်ကြရသည်။ကြာကြာတစ်ခါ အင်္ဂလိပ်အစိုးရ၏ ကုလားပုလိပ်များလာဖမ်းသော် လွတ်အောင်ပြေးကြရလေ၏။

ရှေးလူတို့သည် လွန်စွာရိုးသားကြကာ အလွန်လည်းကြောက်တတ်ကြပါသည်။ ပုလိပ်တွေတွင်းလာဖမ်းမယ်တဲ့ ဟူသောသတင်းရရှိခဲ့သော် အတော်နှင့် တွင်းမဆင်းရဲအောင်ရှိတတ်လေရာ ကံမကောင်းအကြောင်းမလှသောလက်လုပ်လက်စားတွင်းသမားတို့မှာ စားရေးအလွန်ခက်ခဲလှပါသည်။

ထိုသာမန်တွင်းသမားများထဲတွင် ရိုးသားသော ဦးအိုက်မတ်လည်း အပါအဝင်ဖြစ်သည်။ သို့သော် သူ့တွင်းသည် ဖြုန်းကောင်းသဖြင့် တွင်းစတွင်းနမှန်သောတွင်းဖြစ်၏။ ဆိုရသော် ထမင်းစားကျောက်မြိုင်သောတွင်းဖြစ်ပေ၏။ ပြီးသော် သူသည် တွင်းသားမမွေးဘဲ သူတစ်ဦးတည်း ကျောက်ဖျာချောင်းရိုးတွင် တစ်နိုင်တစ်ပိုင်မျှောတိုက်နေသူဖြစ်၏။

တစ်နေ့တွင် ဦးအိုက်မတ်သည် ပတ္တမြားအစစ်ကြီးတစ်ပွင့်ကိုရခဲ့လေ၏။ ပတ္တမြားကား သေးသေးမဟုတ်ပေ။ တစ်ဗလီခွဲမျှကြီးသောကျောက်ကြီး ဖြစ်ပေ၏။ အရည်အသားပြောစရာမရှိ သက်ကဲ့သို့ ပုံစံမှာလည်း ဝေါ်လီကဲ့သို့ လုံးဝန်းသော ကျောက်နီပတ္တမြားအစစ်ကြီးဖြစ်ရာ အိမ်ရောက်သော် ကျောက်ကြီးကိုကြည့်၍ ဝမ်းနည်း၊ ဝမ်းသာခံစားနေရပါသည်။

ကျောက်နီပတ္တမြားအစစ်ကြီးကား ရတီ (၉၀)ကျော်ရှိရာ ဘယ်လိုကြည့်ကြည့် ကြည့်၍မဝနိုင်အောင်လှလွန်းလှပေ၏။ သို့သော် လိုင်စင်မခံဘဲ ခိုး၍လုပ်ကိုင်နေရသောအခါ ထိုကျောက်ကြီးရောင်းခဲ့သော် နာမည်ကြီးကာ အဖမ်းခံရနိုင်ဖွယ်ရှိ၏။ သို့ကြောင့် ဝမ်းနည်းခြင်းဖြစ်၏။ ဝမ်းသာရသည်မှာ တစ်သက်နှင့်တစ်ကိုယ် ဤကျောက်မျိုးအား မြင်ပင်မမြင်ဘူးခဲ့ပေ။ ထို့ကြောင့် ဝမ်းသာလိုက်သည်မှာလည်း ပြောစရာမရှိပေ။

www.burmeseclassic.com

**□ ရာဇဝတ်ကျောက်ကြီးပေလော**

"ကိုမတ်"

အိပ်ရာတွင် ပက်လက်လှန်ကာ တွေးတောနေသော ဦးအိုက်မတ်သည် သုံ့ဇနီး ဒေါ်နန်းဖော့၏ခေါ်သံကြောင့် အတွေးအာရုံပျက်သွားလေ၏။

"ဘာတုံး နန်းဖော့ရ"

"တော့်ကျောက်ကြီးကို ဘယ်လိုလုပ်မလဲ"

"အေး - ငါလည်း အဲဒါကိုစဉ်းစားနေတာဟ။ ဒီလောက်ကြီးတဲ့ကျောက်ကို ဘယ်လိုရောင်းရမှန်းမသိအောင်ဖြစ်နေတာ စိတ်ဆင်းရဲရပါတယ်ဟာ"

"အေးတော်-ကျုပ်လည်းကျောက်ကြီးကိုမြင်တော့ ရင်တုန်ပန်းတုန်ရှိလိုက်တာ။ ဒီကျောက်ကြီးဟာ ရာဇဝတ်ကျောက်ကြီးဖြစ်နေရင် ဒုက္ခနော်"

"ဟုတ်တယ်၊ ငါလည်း အဲဒါကိုစဉ်းစားနေတာ။ တော်ကြာ မြန်မာဘုရင်လက်ထက်ကငမောက်လိုဖြစ်နေမှာလည်း စိုးရသေးတယ်ဟ"

"ကျုပ်လည်း - အဲဒါကိုတွေးမိပြီး ကြောက်နေမိတယ်။ ကျောက်ကြီးကျောက်ကောင်းဆိုတာ ကံအလျဉ်းမသင့်ရင် ခိုက်တယ်ဆိုတာ ရှေးလူကြီးတွေလည်းပြောကြတယ်"

"အေးကွာ၊ ငမောက်ဟာ ပတ္တမြားကြီးကိုမရခဲ့ရင်ကောင်းမှာ။ ရခဲ့တော့ စည်းစိမ်ခဏသာ ခံစားလိုက်ရပြီး ဆွေပြတ်မျိုးပြတ်ကို အသတ်ခံလိုက်ရတာ။ ဘယ်လောက်ဒုက္ခပေးတဲ့ကျောက်လဲ"

"ဒါဆို ကျုပ်တို့ဘယ်လိုလုပ်ကြမလဲ။ အင်း- ဟိုစကားပုံထဲကလို စားရမှာလည်းသဲနဲ့တရုပ်ရုပ်၊ ပစ်ရအောင်ကလည်း ဆီနဲ့တဝင်းဝင်းဆိုတာလိုဖြစ်နေပြီ။ တစ်သက်နဲ့တစ်ကိုယ် ကျောက်ကြီးကျောက်ကောင်းကလည်း ဒီတစ်ခါပဲရဖူးတာ"

"အင်း- ဘယ်လိုလုပ်ရမလဲကွာ"

ဟု ညည်းတွားကာ ဘေးနားတွင် ထွန်းထားသော ရေနံဆီမီးခွက်ကိုယူလျက် မိမိတို့၏ဘေးတွင်ရှိနေသောကျွန်းသေတ္တာခပ်ညစ်ညစ်ကိုဖွင့်ပြီး အဝတ်ခပ်ညစ်ညစ်နှင့်ထုပ်ထားသော အထုပ်ကလေးကို နှိုက်ယူလိုက်၏။

အချိန်မှာ ညဉ့်ကြက်ဦးပင်တွန်ပြီဖြစ်ရာ သူငယ်တိတ်ဆိတ်အချိန်သို့ ရောက်နေပေပြီ။ သို့ကြောင့် သမီးပျိုနှစ်ဦးသည် အခန်းတွင်း၌ အိပ်စက်နေကြပေပြီ။ သို့သော် ဦးအိုက်မတ်နှင့်ဒေါ်နန်းဖော့တို့မှာ အိပ်စက်၍မပျော်နိုင်ကြပါ။ ပတ္တမြားကြီးက သူတို့၏စိတ်ကို ချည်နှောင်တုပ်ဖွဲ့ထား၍ဖြစ်သည်။ သူတို့သည် အသက် (၄၀) ကျော်စပြုသော အရွယ်များဖြစ်ကြသည်။

ဦးအိုက်မတ်သည် တုန်ယင်သော လက်တို့ဖြင့် ညစ်ထေးထေးအထုပ်လေးကိုဖြေကာ အထဲမှ ပတ္တမြားကြီးကို မီးရောင်မှိန်မှိန်ဖြင့် ထောင်၍ကြည့်နေ၏။ နီရဲသောအရည်သည် သွေးများပမာ ရဲတွတ်၍နေကာ ယိုစီးကျမတတ်ရှိနေလေ၏။ ကြည့်၍မဝအောင်လှသော အလှစစ်ဖြစ်ပေ၏။

"ဟဲ့-နန်းဖော့၊ လာကြည့်ပါဦးဟ"

"ကြည့်ပြီးပါပြီတော်၊ သူ့ကိုကြည့်ရတာ ရင်တုန်ပန်းတုန်ရှိလွန်းလို့ မကြည့်ချင်တော့ပါဘူး"

"အင်းကွာ - ဒီလောက်မကြီးဘဲ လေးငါးရတီလောက်ရှိတဲ့ကျောက်လေးငါးဆယ်ပွင့်လောက်ရရင်ကောင်းမှာ၊ ခုတော့ ဘာလုပ်ရမှန်းမသိအောင်ကိုဖြစ်နေရတာ ဟင်း"

"ကိုအိုက်မတ်"

"အင်"

"ဒီပတ္တမြားကြီးက ငမောက်လို မီးမလင်းတာပဲရှိတာ၊ အရည်၊ အရွယ်၊ အသား ငမောက်နဲ့အတူတူလောက်ဆိုတော့ ကျုပ်တို့ကိုဒုက္ခမပေးဘူးလို့ပြောလို့မရဘူး။ ကျောက်စစ်ကျောက်ကောင်းတွေဆိုတာ အစောင့်ရှိတယ်လို့ ကြားဖူးတယ်။ အဲဒီတော့ တော်ပြောသလို လေးငါးရတီလောက်ရှိတဲ့ ကျောက်တွေဖြစ်အောင်လုပ်ပစ်ကြစို့လား။ ဒါဆိုရင် အစောင့်တွေလည်း ရှိမှာမဟုတ်တော့ဘူး။ ကျောက်ကြီးမဟုတ်တော့ ခိုက်လည်း မခိုက်နိုင်တော့ဘူးလေ"

"ဩော် - နန်းဖော့ရယ်၊ နင်ကလည်းဟာ တကယ်ပဲ အပြောတော့ လွယ်လိုက်တာ။ ဒါဟာအလွန်မာကျောတဲ့ပတ္တမြားဟ။-အလွယ်တကူခွဲလို့ရတဲ့ ထန်းလျက်ခဲမဟုတ်ဘူး"

"အို- ကျုပ်သိတာပေါ့ ကိုအိုက်မတ်ရဲ့။ ဘယ်လောက်မာမာ တူနဲ့ထုတဲ့ဒဏ်ကိုတော့ ဒီပတ္တမြားခံနိုင်မယ်မထင်ပါဘူး။ ပထမ အဝတ်ကိုထူထူခေါက်တော်၊ နောက် အဝတ်နဲ့အဲဒီကျောက်ကို သေသေချာချာထုပ်၊ အမာခံပေါ်တင်ပြီး တူနဲ့ထုခြေလိုက်ရင် တော့်ကျောက်က သံတုံးသံခဲမှမဟုတ်တာ၊ သေချာပေါက် ကြေထွက်ကုန်မှာပေါ့။ ဒါဆို တော်ပြောတဲ့လေးငါးရတီကျောက်တွေဖြစ်ကုန်ပြီလေ။ ဟော- တစ်ပွင့်ပြီးတစ်ပွင့်ရောင်းစားနေရုံပဲ။ ရာဇဝတ်ကျောက်လည်း မဟုတ်တော့ဘူးလေ"

"အေးဟာ၊ ငါ အဲဒါကိုမတွေးမိဘူးဟ။ နန်းဖော့ရာ နင်မို့တွေးတတ်ပလေ။ တော်လိုက်တဲ့မိန်းမဟာ"

"အိုတော် - ကျုပ်တို့က တော်တို့လိုသာ အားမကောင်းတာပါတော့။ ဒီလောက်တော့တွေးတတ်ပါတယ်တော့်"

"အေးဟာ- ခုမှ ငါ့ရင်ထဲကအလုံးကြီးကျသွားတော့တယ်။ ကောင်းတယ်ဟာ၊ အဲဒီအကြံကောင်းတယ်။ မနက်ဖြန် ငါလုပ်မယ်"

ဟုပြောကာ ကျောက်ကြီးကိုထုပ်လိုက်ပြီး ကျွန်းသေတ္တာထဲသို့ပြန်ထည့်ကာ ပြန်ပိတ်လိုက်လေ၏။ ပြီးသော် ရေနံဆီမီးခွက်အား ကျွန်းသေတ္တာအဖုံးပေါ်တင်ကာမှုတ်လိုက်ပြီး အိပ်ရာပေါ် လှဲချလိုက်လေတော့၏။ နှစ်ကိုယ်ကြားပြောနေသောတိုးတိုးသံတို့ တိတ်ဆိတ်သွားပေပြီ။

**□ တောက်ခေါက်သောပတ္တမြား**

ဦးအိုက်မတ် ယနေ့ တွင်းမသွားပါ။ အေးအေးလူလူပင် ရေနွေးကြမ်းထိုင်သောက်နေလေ၏။ သမီးဖြစ်သူ နန်းကြာအုံနှင့်နန်းကြာမုံတို့သည်ပင်လျှင် သူတို့၏သူငယ်ချင်းများနှင့် တွင်းတောများတွင် ကနဲ (ကနယ်) ဆေးရန်ထွက်သွားကြပေပြီ။ နံနက်စာဖြစ်သော ထမင်းကို တွင်းသမားတိုင်းသည် နံနက် (၈)နာရီတွင်စားကြကာ (၈)နာရီခွဲတွင် တွင်းသို့သွားသောထုံးစံရှိရာ တစ်ရွာလုံးရှိတွင်းသမားတို့ မိမိတို့လုပ်ကိုင်ရာတွင်းတောဆီသို့သွားနေကြသည်ကို ဦးအိုက်မတ်မြင်နေရလေ၏။ မိန်းမကြီးငယ်တို့မှာလည်း ကနဲဆေးရန်သွားကုန်ကြရာ ရွာတွင် ကလေးများနှင့်ဘိုးဘွားတို့သာကျန်နေကာ ရွာသည် တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

အကြံရှိသူ ဦးအိုက်မတ်မှာမူ မည်သူမျှအသိမခံနိုင်သော ကျောက်ကြီးကျောက်ကောင်းတစ်ပွင့်အား လက်ဝယ်ပိုင်ပိုင်ဆုပ်ကိုင်ထားရာ ထိုကျောက်ကို ယနေ့ထုခွဲမည် ဖြစ်သည်။ သူ့အိမ်မှာ သဘာဝအလျောက်ဖြစ်နေသော ကျောက်တုံးကြီးရှိသော်လည်း ကျောက်တုံးမှာ ပြန့်ပြန့်ပြူးပြူးမဟုတ်ဘဲ သိပ်ကျောင်းသဏ္ဌာန်ဖြစ်နေရာ ၎င်းအပေါ် တွင်တင်၍ ထုသော် ချော်ထွက်သွားနိုင်၏။

အကောင်းဆုံးအောက်ခံကျောက်



www.burmeseclassic.com

www.burmeseclassic.com

မြားမှာ ကျောက်ဖျာရွာဟုအစွဲပြု၍ ခေါ်ခဲ့သော ရွာ၏အထက်ပိုင်းအောက်ပိုင်းအကြားရှိ ကျယ်ဝန်းသောကျောက်ဖျာကြီး ဖြစ်သည်။ ထိုကျောက်ဖျာကြီးကား မောင်အောင်ဘတို့အိမ်ခြံနောက်ဖေးတွင်ဖြစ်သည်။ ထိုကျောက်ဖျာကြီး၏ အောက်တွင် လျှိုကြီးရှိကာ ထိုလျှိုကြီးကား ကိုကြာဥနှင့် ကိုဖိုးရန်တို့၏အိမ်ကြီးသို့ ဦးတိုက်နေလေ၏။

ဦးအိုက်မတ်သည် ကျောက်ကြီးအား ပုဆိုးလေးထပ်ခေါက်၍ ထုပ်ယူလာခဲ့သည်။ ထုခွဲရန် (၄)ပေါင်တူလည်း ပါလာ၏။ တူမှာ အင်္ဂလန်လုပ်တူဖြစ်ရာ သံသားမာကျောလှပေ၏။ ထိုအင်္ဂလန်တူ၏ဒဏ်ကို ကျောက်ကြီးခံနိုင်ဖွယ်မရှိဟု ဦးအိုက်မတ်ယုံကြည်လေ၏။

ရွာသည် လူတို့လုပ်ငန်းခွင်ရောက်ကုန်သဖြင့် ရွာလမ်းတွင် လူမတွေ့ရပေ။ ဦးအိုက်မတ်သည် ရွာအောက်ပိုင်းအစွန်မှသည် ကျောက်ဖျာကြီးရှိရာသို့လာခဲ့ပါသည်။ ကျောက်ဖျာကြီးဝန်းကျင်တွင် ချုံတို့ရှိနေသဖြင့် ဦးအိုက်မတ်ကို မည်သူမျှမမြင်နိုင်ပါ။ ကျောက်ဖျာကြီးသည် ရွာ၏အနိမ့်ပိုင်းတွင်တည်နေခြင်းဖြစ်၍ အဆင်ပြေလှပေ၏။

ပြန့်ပြူးသောကျောက်ဖျာကြီး၏ အလယ်တွင်ထုသော် အဝတ်ပေါက်ပြ၍ မတော်တဆလွင့်စဉ်ခဲ့သော် ကောက်၍လွယ်လေ၏။ ထို့ကြောင့် ဤကျောက်ဖျာကြီးကိုရွေးခြင်း ဖြစ်သည်။

ကျောက်ဖျာကြီး၏ အလယ်တွင်ထိုင်ကာ ကျောက်ထုပ်၏ အစွန်းထွက်အစကိုကိုင်၍ထုရန် (၄) ပေါင်တူကိုမြှောက်လိုက်စဉ် -

"တောက် . . ."

ဟူသော ပြင်းထန်သည့်တောက်ခေါက်သံကြီးကို ကြားလိုက်ရရာ 'ဘယ်သူလဲ၊ ဘယ်ကလဲ' ဟူသောအတွေးဖြင့် ပတ်ဝန်းကျင်ကို လန့်ဖျပ်စွာ လှည့်ပတ်ကြည့်ရှုလေ၏။ ပတ်ဝန်းကျင်ကား ပကတိ တိတ်ဆိတ်လျက်သာရှိလေ၏။

ဘာမှဟုတ်မှာမဟုတ်ပါဘူး၊ စိတ်ကထင်လို့နေမှာပါဟုတွေးကာ ဒုတိယအကြိမ်ထုရန် တူကိုမြှောက်လိုက်ပြန်လေ၏။

ထိုစဉ် -

"တောက် . . ."

ဟူသော ကျယ်လောင်သည့် တောက်ခေါက်သံကြီးက ထွက်ပေါ်လာပြန်ရာ ထုမည့်လက်ကိုရုတ်သိမ်းလျက် ပတ်ဝန်းကျင်သို့ ကျီးကြည့်ကြောင်ကြည့် လှည့်ပတ်ကြည့်ရှုနေပြန်လေ၏။

**၆. ပျံထွက်သွားသောပတ္တမြားကြီး**

သည်တစ်ခါတွင်မူ ဦးအိုက်မတ်သည် ကြောက်စိတ်ကြောင့် ကြက်သီးမွေးညင်းတို့တဖျန်းဖျန်းထလာခဲ့တော့၏။

"ဘာလဲကွာ၊ ဒါက နေ့လယ်ကြီး သရဲများခြောက်နေတာများလား။ အိုက်မတ်ကိုခြောက်လို့ ကြောက်မယ်မထင်နဲ့ ဂရုမစိုက်ဘူး"

ဟု ပွစိပွစိပြောကာ တတိယအကြိမ် တူအမြှောက်တွင်မူ -

"တောက် . . ."

ဟူသော တောက်ခေါက်သံကြီး၏တရားခံကိုတွေ့ရပြီဖြစ်သည်။ ထိုသည်မှာ မိမိတူနှင့်ထုခြေရန်ထုပ်ထားသော ပတ္တမြားကြီးမှဖြစ်ကြောင်း သတိထားလိုက်မိ၍သိရခြင်း ဖြစ်သည်။

"ဩော်- မင်းက တောက်ခေါက်နေတာကိုးကွ။ ငါ့ကိုကြောက်မယ်ထင်သလား။ အိုက်မတ်က မကြောက်တတ်ဘူးလေ။ ကဲ - ဒီတစ်ခါတော့ မင်းကိုချမ်းသာမပေးတော့ဘူး။ ကဲကွာ - လာလေ့"

ဟု ကြိမ်းဝါးကာ တူဖြင့်အားစိုက်၍ထုချလိုက်လေ၏။

"ဖြောင်း"

"ဝိုး . . ."

ထုလိုက်သည်နှင့် တစ်ပြိုင်နက် ပတ္တမြားကြီးသည် ကြေမွမသွားဘဲ အဝတ်လေးထပ်ကိုဖောက်ထွက်ပျံသန်းကာ အောက်ဘက်လျှိုထဲသို့ကျသွားလေတော့၏။ ပတ္တမြားကြီးလွင့်စဉ်ပျံသန်းသွားသည်ကိုလည်း ဦးအိုက်မတ်မြင်တွေ့လိုက်ရလေ၏။



"ဟာ"

ဦးအိုက်မတ်သည် လက်ထဲမှ ပုဆိုးစုတ်အထုပ်လေးကိုကြည့်နေမိ၏။ အဝတ်လေးထပ်စလုံးဖောက်ထွက်ကာ ပတ္တမြားကြီးကား လျှိုထဲသို့ကျသွားလေတော့၏။ နှမြောခြင်းကြီးစွာ၊ ဝမ်းနည်းခြင်းကြီးစွာ၊ တုန်လှုပ်ခြင်းကြီးစွာဖြင့် ကတုန်ကယင်ထရပ်ကာ အဝတ်စုတ်လေးကိုလွှင့်ပစ်ပြီး လျှိုထဲသို့ဆင်းကာ ပတ္တမြားကြီးကျသွားသောနေရာတစ်ဝိုက်၌ လှည့်ပတ်ရှာဖွေ၍နေလေ၏။ လျှိုသည် သစ်ပင်များ၊ ချုံပင်များ၊ နွယ်ပင်များဖြင့် ရစ်ပတ်ဖွဲ့နှောင်သောလျှိုဖြစ်ရာ ရုတ်တရက်မတွေ့နိုင်ပေ။

ထို့ကြောင့် ဦးအိုက်မတ်သည် အိမ်သို့ ချုံနွယ်များရှင်းရန် ဓားပြန်ယူရာ ဒေါ်နန်းဖော့ကမေးလေ၏။

"ဘယ်လိုလဲ ကိုအိုက်မတ်၊ အဆင်ပြေရဲ့လား"

"အေးကွာ၊ ထုလိုက်တော့ ကျောက်က အဝတ်ကိုဖောက်ထွက်ပြီး လွင့်ထွက်သွားတယ်ကွ။ လွင့်ထွက်သွားတာက ကျောက်ဖျာကြီးအောက်ကလျှိုထဲလွင့်သွားတာဆိုတော့ ငါလည်းရှာတာပဲ။ ချုံနွယ်တွေနဲ့ဆိုတော့ ရုတ်တရက်မတွေ့ဘူးဖြစ်နေတယ်။ အဲဒါ ချုံတွေရှင်းပြီးရှာမလို့"

"တော့်နှယ်တော်၊ အဝတ်ထူထူထုပ်ပါလို့ပြောထားရဲ့သားနဲ့။ တော်ထူထူမထုပ်လို့ပေါ့"

"ဘယ့်နှယ်မထူရမှာလဲ၊ လေးထပ်တောင်ထုပ်ထားတာ။ အဲဒါကိုဖောက်ထွက်သွားတာတော့ ငါလည်းမတတ်နိုင်ဘူး နန်းဖော့ရာ"

"အောင်မလေး-ရင်ကျိုးပါပြီတော်နှမြောလိုက်တာ။ တစ်သက်မှာ ဒီတစ်ခါသာ ဒါမျိုးကျောက်မြင်ဖူးတာတော့"

"သိပ်လည်း စိတ်မပူပါနဲ့ဟာ။ ကျောက်မှာ ခြေထောက်ပါတာမှမဟုတ်တာ၊ သူမပြေးနိုင်ပါဘူး။ ပျောက်သောသူရှာရင်တွေ့တဲ့ဟာ တွေ့မှာပါ။ သိပ်လည်းပူမနေစမ်းပါနဲ့"

ဟုပြောကာ တောယမ်းဓားဆွဲ၍ လျှိုထဲသို့လာခဲ့လေ၏။ ကျသွားသော ဝန်းကျင်မှချုံနွယ်များ အောက်ခြေအကြွေများကို စိတ်ရှည်လက်ရှည်ရှင်းကာ အသေးစိတ်ရှာဖွေကြည့်ရှုပါသော်လည်း ကျောက်ကြီးအား မတွေ့ရပေ။ သို့နှင့်ပင် တစ်နေကုန်လေ၏။

ရွာ၏အောက်ခြေမှလျှိုကြီးမို့ ဦး

www.burmeseclassic.com

www.burmeseclassic.com

အိုက်မတ် ချုံများနွယ်များခုတ်ထွင်ရှင်းလင်းနေသည်ကို မည်သူမှသတိမထားမိကြပေ။ ထိုလျှို၏အောက်ဘက်သို့တိုင်ရက်အတန်ကြာခုတ်ထွင်ရှင်းလင်း၍ရှာပါသော်လည်း မတွေ့ရပေ။

သို့သော် ပတ္တမြားအစစ်တစ်ပွင့်၏ ညှို့ငင်ဆွဲဆောင်မှုကြောင့် ဦးအိုက်မတ်မှာ လျှိုထဲမှမထွက်နိုင်ခဲ့ပေ။ နေ့စဉ်အောက်ခြေမြေပွပွတွင် ကြက်ယက်သလိုယက်၍ရှာဖွေနေဆဲဖြစ်၏။ ဦးအိုက်မတ်မှာ တွင်းပင်မဆင်းနိုင်ရှိနေရတော့၏။ ကြီးစွာသောပတ္တမြားသည် ဦးအိုက်မတ်ကိုဒဏ်ခတ်လိုက်ပြီဖြစ်သည်။ ပတ္တမြားအစစ်ဟူသည် မခွဲစကောင်းဟူသည်ကိုသိပါသော်လည်း လောဘစိတ်ကြောင့်မှားခဲ့ရခြင်း ဖြစ်ပေ၏။

## ❑ ပြကျောက်

"ကိုအိုက်မတ်ရယ်၊ တော့်မလည်းကိုယ့်အလုပ်ကိုယ်မလုပ်နိုင်တော့ဘဲ နေ့တိုင်း ကျောက်ရှာတဲ့အလုပ်နဲ့ပဲ အချိန်ကုန်နေတော့တာပဲ။ တော့်ကျောက်ကြီးက ပြကျောက်နေမှာပါတော်။ ပြရုံပြပြီးခုတော့ ပျံသန်းပျောက်ကွယ်သွားတာနေမှာပေါ့။ တော်ဒီလောက်ပိုက်စိပ်တိုက်ပြီးရှာနေတာ မတွေ့မှတော့ မရှိတော့ဘူးလို့မှတ်ယူလိုက်ပေါ့။ ကိုယ့်တွင်းကိုယ်ဆင်းတာကမှ ဆယ်ကျောက်ရာကျောက်လေးတွေရပြီးစားရဦးမှာ။ တော့်ကျောက်ကြီးရှာတဲ့အလုပ်ကိုလက်လျှော့လိုက်ပါတော့"

ဟု ဖျောင်းဖျရှာလေ၏။

ဒေါ်နန်းဖော့ပြောမည်ဆိုလည်းပြောလောက်စရာဖြစ်သည်။ ကျောက်ကြီးပျောက်သွားပြီးကတည်းက ဘယ်သူ့မှစကားမပြောသလို ထမင်းလည်းဟုတ်တိပတ်တိစားခြင်းမရှိပေ။

ထိုကျောက်ကြီးကိစ္စအား ရွာမှအများသိသော် ရွာလူကြီးများက -

"အိုက်မတ်ရာ၊ မင်းလည်း မိုးကုတ်သားပဲကွာ။ မိုးကုတ်ပတ္တမြားတွေအကြောင်းသိမှာပါ။ ကျောက်ကြီးကျောက်ကောင်းတွေဆိုတာ ရလာခဲ့ရင်အထူးဃတိထားရတယ်ကွ။ အချို့ကျောက်ကြီးတွေက ချမ်းသာရာချမ်းသာကြောင်းဖြစ်စေတယ်။အချို့ကျောက်ကြီးတွေကျတော့ ပထမလာဘ်ကိုပေးတယ်။ နောက်ဆက်တွဲဥပဒ်ကိုပေးတတ်တယ်။ ပတ္တမြားငမောက်ပဲကြည့်ကွာ။ ပထမတော့ ပျော်စရာကြီးပေါ့။ ဟော-နောက်တော့ အားလုံးအသတ်ခံရတော့တာပဲ။ အခု မင်းရတဲ့ ကျောက်ကြီးကျတော့မင်းက သူ့ကိုထုခြေပြီးခွဲမယ်လုပ်တာကိုး။ တောက်ခေါက်ပြီးတားတုန်းကသာမင်းက နောင်တရပြီးမထုဘဲ အိမ်ပြန်ယူခဲ့ပြီးသိမ်းထားရင် မင်းခုလိုခံစားရမှာမဟုတ်ဘူး။ တကယ်တော့ မင်းကျောက်က ပြကျောက်ပဲကွ။ မင်းအသုံးမကျတော့ ပြရုံပြပြီးပျံထွက်သွားတော့တာပေါ့"

စသည်ဖြင့် ချွေးသိပ်ကြလေ၏။

ထိုအခါ -

"ဒီထုခွဲဖို့အကြံကို နန်းဖော့ပေးတာဗျ။ နန်းဖော့ကြောင့်ဖြစ်ရတာ"

ဟု ကြိတ်မနိုင်ခဲမရဆိုလေ၏။

"အိုကွာ- ဒီလိုလည်းဘယ်ဟုတ်ပါ့မလဲ။ဒီလိုဖြစ်သင့်ဖြစ်ထိုက်လို့ ရတနာစစ်ရတနာကောင်း မင်းတို့နဲ့မထိုက်လို့ခုလိုဖြစ်ရတာပါ။ နန်းဖော့အပြစ်မဟုတ်ပါ ဘူး။ ကံပေါ့ အိုက်မတ်ရာ၊ ကံစီမံရာပေါ့။ မင်းတို့ငါတို့ရဲ့ရတနာအလုပ်ကိုကကံကို အားကိုးအားထားပြုပြီးလုပ်ရတာမဟုတ်လား။ တစ်ပွင့်သွားရင် နောက်တစ်ပွင့်လာမှာလို့ မျှော်လင့်ပြီး ကိုယ့်အလုပ်ကိုယ်ပြန်လုပ်ပေါ့ အိုက်မတ်ရာ"

"ကျွန်တော်တော့ ကိုယ့်လက်ထဲရောက်ပြီးမှ ပြန်လွတ်ထွက်သွားတာမကျေနပ်ဘူးဗျာ။ အဲဒီလျှိုကိုမျှော်တိုက်ပြီးရှာဦးမယ်"

ဟု ဆိုပြီး ထိုလျှိုအားအောက်ခြေချောင်းစပ်မှစကာ မျှော်တိုက်လေတော့၏။ ရေရရန် ကျောက်ပြဿဒ်ရွာခြေရှိချောင်းမှ မြောင်းသွယ်ကာ တင်ယူရပါသည်။ ထိုအခါတွင် အခြားထမင်းစားကျောက်များသာရရှိသော်လည်း ထိုပတ္တမြားအစစ်ကြီးကိုမူ လုံးဝမတွေ့ရတော့ပေ။ ကျောက်ဖျာ၏ရာဇဝင်တွင်စာတင်ရသောကျောက်တို့၌ ထိုတောက်ခေါက်သောကျောက်သည် ပြကျောက်ဖြစ်ကြောင်း ယခုတိုင်ပြောစမှတ်ပြုကြလေ၏။

## ❑ လောင်းစင်ရေဝေ

ထိုတောက်ခေါက်သောပြကျောက်ပတ္တမြားကြီး၏ သမိုင်းရုပ်ကြွင်းအဖြစ်ထိုလျှိုထဲတွင် မျှောဟောင်းကျောက်စီများ ယခုထက်တိုင် တွေ့မြင်နိုင်ပါသေးသည်။

တိုင်းတစ်ပါး အင်္ဂလိပ်တို့သိမ်းပိုက်သွားသော နန်းစဉ်ရတနာပတ္တမြားငမောက်၏သမိုင်းရုပ်ကြွင်းမှာမူ ငမောက်တို့နေထိုင်လုပ်ကိုင်သွားရာ ရွာကလေးအား တစ်ရွာလုံးလောင်စင်တင်ကာ မီးရှို့အသတ်ခံရသဖြင့် ထိုရွာအား ရှေးကလောင်စင်ရွာဟု ခေါ်တွင်ခဲ့ကြလေ၏။

ငမောက်နှင့် ဆွေစုမျိုးစုတို့ဖော်ထုတ်လုပ်ကိုင်သွားခဲ့သော လောင်စင်ရွာချောင်းဘေးရှိ လှေကားထစ်သဖွယ်များစွာသောလယ်ကွက်လေးများမှာလည်း ယခုတိုင်ရှိနေချေသေး၏။

ထိုရွာသည် ဘယ်နားဘယ်နေရာလုပ်လုပ် မိုးကုတ်မြေဖြစ်ပါသော်လည်း ဖြုန်းသာရှိ၍ ကျောက်မရှိပေ။ မယုံကြည်သူတို့ လုပ်ကိုင်ကြည့်ကြရာ ဖြုန်းမည်မျှကောင်းပါစေ ကျောက်လုံးဝမရှိကြောင်း အိုက်နော်ဟု ခေါ်သောလောင်းစင်ရွာသား သူငယ်ချင်းတစ်ဦးက ပြောပြဖူးလေ၏။ လောင်းစင်သားအိုက်နော်သည် ကျွန်ုပ်တို့ကျောက်ဖျာတွင် တွင်းသားလာလုပ်စဉ်က သူကိုယ်တိုင် လက်တွေ့မျှောတိုက်ခဲ့ဖူးကြောင်းပြောပြလေ၏။

အချို့သော ရှေးလူတို့ကမူ သစ္စာမရှိသော ငမောက်နေသည့်ဒေသအားကျောက်လုံးဝမထွက်အောင် ဘုရင်ကကျိန်စာတိုက်ခဲ့သည်ဟု ဆိုကြလေ၏။ သို့သော် ထိုသို့ကျိန်စာတိုက်ကြောင်းကိုမူစာထဲတွင်မတွေ့ဘူးသဖြင့် ယုတ္တိမရှိဟုဆိုချင်ပါသည်။

ကာလရွေ့လျောသော် လောင်စင်ရွာမှသည် လောင်းစင်ရွာဟုအစဉ်အလာခေါ်ခဲ့ကြကြောင်းဆိုပါသည်။ ရေဝေးရာ ကုန်းထိပ်ပြန့်တွင် လောင်စင်ပြု၍မီးရှို့သတ်သောနေရာမှာမူ ရှေးအခါကရေဝေးဟု ခေါ်ခဲ့ကြသော်လည်း ယခုခေတ်တွင်မူ ထိုကုန်းပြန့်တွင် ရွာကြီးဖြစ်နေကာ ရေဝေရွာဟုအမည်တွင်ပါသည်။ ထိုရွာဝန်းကျင်တွင်မူ ကျောက်ရောရွှေပါထွက်ပါသည်။ ဤသည်မှာ ပြကျောက်များနှင့်ဆက်နွယ်၍ တင်ပြလိုက်ခြင်းဖြစ်ပေ၏။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး

**ကိုးကား -**

*ဦးသိန်းလွင်၏ပတ္တမြားမြေသမိုင်းနှင့် ကျောက်ဖျာရွာမှ ဘိုးဘွားတို့၏ပြောစကားများအား မှီငြမ်းပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နယ်ထရမ့် (Donald J.Trump) ကို အိမ်ယာမြေဆောက်လုပ်ရေး လုပ်ငန်းရှင် သန်းကြွယ်သူဌေးကြီးဖြစ်သူ ဖရက်ဒရစ်ထရမ့်နှင့် မေရီထရမ့်တို့မှ ၁၉၄၆ ခုနှစ် ဇွန်လ ၁၄ ရက်နေ့ နံနက် (၁၀) နာရီ (၅၄) မိနစ်တွင် မွေးဖွားခဲ့ပြီး မွေးဖွားသည့်မြို့မှာ အမေရိကန် နယူးယော့ခ်ပြည်နယ် ဂျမေကာမြို့တွင် ဖြစ် သည်။

၁၉၆၈ ခုနှစ်တွင် ပင်ဆယ်လ်ဗေးနီးယားတက္ကသိုလ်မှ ဘွဲ့ရရှိပြီးနောက် ၌ရှိသော အမြင့်ဆုံး Trump International Hotel & Tower, Trump University, Trump National Golf Club, Go Trump Com (ထရမ့်ခရီးသွားအေဂျင်စီ) Donald J.Trump Singature Collection ဒေါ်နယ်ဂျေထရမ့်အမျိုးသားဝတ်စုံ ဖက်ရှင်လုပ်ငန်း၊ ကုလသမဂ္ဂ ပလာဇာ၌ (၇၂) ထပ်ပါသော ကမ္ဘာ့အကြီးမားဆုံး အဆောက်အအုံအဆင့် (၄၈) သတ်မှတ်ခံရသော Trump Wall Towerအာရုပ်စော်ဘွားများပြည်ထောင်စု (ဒူဘိုင်း) တွင် အထပ် (၅၀) ရှိ ဟိုတယ်တစ်လုံး၊ Saturday Night Live ရုပ်သံ အစီအစဉ်တင်ဆက်သူ၊ စကားပြောကောင်း သူ၊ စာရေးကောင်းသူ၊ FORBS မဂ္ဂဇင်း၏ ၂၀၁၅ ခုနှစ် ကုဋေကြွယ်သူဌေးကြီးများစာရင်းတွင်ပါဝင်သူ ယင်းမဂ္ဂဇင်း၏ ဒေါ်လာ(၄.၁)ဘီလျံကြွယ်ဝချမ်းသာသူဟု ဖော်ပြခြင်းခံရသူ။

"မဂ္ဂဇင်းမှာ ရေးထားတာတွေက အမှားတွေ။ တကယ်တော့ ကျုပ်ရဲ့ကြွယ်ဝချမ်းသာမှုက ဒေါ်လာ (၁၁.၅ )ဘီလျံ

## ဆရာချမ်းမင်း (LL.B)


# ဒေါ်နယ်ထရမ့်သည် (၄၅)ဦးမြောက်သမ္မတ ဖြစ်နိုင်၊ မဖြစ်နိုင်

ဖခင်ဖြစ်သူ၏ Trump Organization ကုမ္ပဏီတွင် ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့သည်။ ကောလိပ်တက်နေစဉ်ကာလ၌ပင် ထရမ့်သည် အိုဟိုင်းယိုးပြည်နယ် စင်စင်နက်တီတွင် အခန်းပေါင်း (၁၊၂၀၀) ပါသော တိုက်ကြီးကို ဆောက်လုပ်ပြီး အမြတ်ငွေ ဒေါ်လာခြောက်သန်း ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူ ဖြစ်သည်။

၁၉၈၂ ခုနှစ် နယူးယောခ်ရှိ ပဉ္စမ ရိပ်သာလမ်း၌ ထရမ့်တာဝါအဆောက်အအုံကြီးကိုတည်ဆောက်ပြီးနောက်ပိုင်း ဆောက်လုပ်ရေးနယ်ပယ်၏ ထိပ်တန်းသို့ရောက်ရှိလာခဲ့၏။ ၂၀၀၃ ခုနှစ်တွင် NBC ရုပ်မြင်သံကြားမှ The Apprentice ရုပ်မြင်သံကြားဇာတ်လမ်းတွဲကိုတင်ဆက်ခဲ့ရာ လွန်စွာအောင်မြင်ခဲ့ပြန်သည်။

ဒေါ်နယ်ထရမ့်သည် အိမ်ယာမြေလုပ်ငန်းအပြင် ရုပ်မြင်သံကြားတွင်လည်း နာမည်ကျော်ကြားလာသည့်အတွက် Trump နာမည် အမှတ်တံဆိပ်ဖြင့် စီးပွားရေးထုတ်ကုန်တို့ကို ဈေးကွက်ထဲသို့ တင်ပို့ရောင်းချသည်။ Trump Financial, Trump Sales & Leasing, Trump Restaurants ထရမ့်တာဝါရှိ အစားအသောက်အဖျော်ယမကာအမျိုးမျိုးအရောင်းဆိုင်များ၊ သောက်ရေသန့်၊ အဝတ်အထည်ထုတ်လုပ်ရေး၊ အိမ်အလှမွမ်းမံပြင်ဆင်ရေး၊ ဗီဒီယိုဂိမ်း၊ စာအုပ်စာပေမဂ္ဂဇင်းစာအုပ်မှသည် ဗော့ဒကာအရက်အထိ ဈေးကွက်ထဲသို့ တင်သွင်းလျက်ရှိသူ။

နီဗားဒါးပြည်နယ် လက်ဗီးဂတ်စ်မြို့








www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နယ်ထရမ့်ဇာတာ




တောင်ရှိတယ်"

ဟု ပြောခဲ့သူ။ Trump စာတန်းထိုးထားသော ကိုယ်ပိုင်လေယာဉ်ကိုစီးကာ ခရီးသွားလာတတ်သူ။

အထက်ဖော်ပြပါ ဇာတာသည် သူဌေးကြီးဒေါ်နယ်ထရမ့်၏ ဇာတာဖြစ်သည်။ လဂ်သည် သိဟ်လဂ်ဖြစ်ပြီး ရာသီစက်တွင် လဂ်နှင့် လဂ်သခင်ဂြိုဟ် တနင်္ဂနွေဂြိုဟ်သည် ထိုရာသီ၌ ရပ်တည်လျက်ရှိ၏။ လဂ်အိမ်ရှင်ဂြိုဟ် တနင်္ဂနွေသည် M.C မွန်းတည့်မျဉ်းကြောင်းပေါ်တွင် (၁၀) တန့်ဘာဝ၌ ရပ်တည်လျက်ရှိသည်။ တနင်္ဂနွေဂြိုဟ်သည် ဘုရင်သမ္မတကို ကိုယ်စားပြုသောကြောင့် ဇာတာရှင်သည် အမေရိကန်သမ္မတဖြစ်ရမည်ကို ညွှန်းဆိုလျက်ရှိသည်။ သို့သော် တနင်္ဂနွေဂြိုဟ်သည် (၂၉) ဒီဂရီ၊ (၅၄) မိနစ်ရှိသောကြောင့် ဘာဝစက်တွင် (၁၁) တန့်ဘာဝ၌ ကူးပြောင်းရပ်တည်လျက်ရှိသည်။ (၁၁)တန့်ဘာဝသည် ဇာတာရှင်အား သမ္မတအဖြစ်သို့ ပို့ဆောင်ပေးနိုင်မည့် အတန့်မဟုတ်ဘဲ ငွေကြေးစီးပွားဓနဥစ္စာပြည့်စုံမည့် ထရီလျံနာတစ်ဦးအဖြစ်သို့ပို့ဆောင်ပေးသည့်ဘာဝသာလျှင်ဖြစ်သည်။ ယင်းတနင်္ဂနွေဂြိုဟ်သည် အင်္ဂါနက္ခတ်ပိုင်ဂြိုဟ်ဖြစ်၍ အိမ်ခြံမြေကို ကာရကပြုသော ဘူမိကာရကဂြိုဟ်ဖြစ်သည်။ ဇာတာရှင်အား အိမ်ခြံမြေသူဌေးကြီးအဖြစ်သို့ ပို့ဆောင်ပေးသောဂြိုဟ် ဖြစ်သည်။

တနင်္ဂနွေဂြိုဟ်သည် စနေဘုတ္တိနက္ခတ်နယ်ပယ်အတွင်း ကျရောက်လျက်ရှိသည်။ ယင်းစနေဂြိုဟ်သည် ကြာသပတေးဂြိုဟ်ပိုင်ဖြစ်ပြီး အင်္ဂါဘုတ္တိနက္ခတ်နယ်ပယ်တွင် ကျရောက်လျက်ရှိသည်။ သို့ဖြစ်၍ ဇာတာရှင်အား အိမ်ခြံမြေသူဌေးကြီးဖြစ်ရန် ပို၍ထပ်ဆင့်ပို့ဆောင်ပေးလျက်ရှိသည်။ ယင်းအင်္ဂါဂြိုဟ်သည် သိဟ်လဂ်၏ (၄) တန့်ဘာဝ ဗန္ဓုအိမ်ရှင်ဂြိုဟ် ဖြစ်သည်။ ယင်းအင်္ဂါဂြိုဟ်သည် လဂ်တွင်ပူးလျက်ရှိ၍ ကိတ်နက္ခတ်ပိုင်ဂြိုဟ်ဖြစ်သည်။ သို့ဖြစ်၍ အချိုပေါ်သကာလောင်းသကဲ့သို့ အိမ်ခြံမြေသူဌေးကြီးဖြစ်ရန်အတွက် ထပ်ဆင့်ပို့ဆောင်ပေးလျက်ရှိပြန်သည်။

ဇာတာရှင်၏(၁၀)တန့်သန္ဓိဘာဝကို ဆက်လက်စိစစ်ကြည့်ရာ တနင်္လာနက္ခတ်ပိုင်ဂြိုဟ်ဖြစ်ပြီး စနေဘုတ္တိနက္ခတ်နယ်ပယ်တွင် ကျရောက်လျက်ရှိသည်။ ယင်းတနင်္လာဂြိုဟ်သည် ဗုဒ္ဓဟူးနက္ခတ်ပိုင်ဖြစ်သည်။ ယင်းဗုဒ္ဓဟူးဂြိုဟ်သည် ရာဟုနက္ခတ်ပိုင်ဖြစ်ပြီး သောကြာဘုတ္တိနက္ခတ်နယ်ပယ်တွင် ကျရောက်လျက်ရှိသည်။ ရာဟုဂြိုဟ်သည် သောကြာအိမ်တွင် ရပ်တည်လျက်ရှိသည်။ သောကြာဂြိုဟ်သည် ဟိုတယ်နှင့် ဖက်ရှင်၊ အဝတ်အစား၊ အဖျော်ယမကာတို့ကို ကိုယ်စားပြုသောဂြိုဟ် ဖြစ်သည်။ အိမ်ခြံမြေတိုက်တာကားတို့ကို ဖော်ညွှန်းသော ဗန္ဓုဘာဝ (၄) တန့်သိန္ဓိကို ဆက်လက်စိစစ်ကြည့်ရာ (၄)တန့်သန္ဓိဘာဝသည် ဗုဒ္ဓဟူးနက္ခတ်ပိုင်ဖြစ်ပြီး ဗုဒ္ဓဟူးဘုတ္တိနက္ခတ်နယ်ပယ်တွင် ကျရောက်လျက်ရှိသည်။

ဗုဒ္ဓဟူးဂြိုဟ်သည် ရာဟုနက္ခတ်ပိုင်ဂြိုဟ်ဖြစ်ပြီး သောကြာဘုတ္တိနက္ခတ်နယ်ပယ်တွင် ကျရောက်လျက်ရှိကြောင်းကို အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ အိမ်၏ ကာရကမှာ ဗုဒ္ဓဟူးဂြိုဟ် ဖြစ်သည်။ သို့ဖြစ်၍ ဒေါ်နယ်ထရမ့်သည် အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းနှင့် လွန်စွာအကျိုးပေးခဲ့ခြင်း ဖြစ်သည်။ ၎င်းအပြင် ဒေါ်နယ်ထရမ့်အား ထရီလျံနာအဖြစ်သို့ ပို့ဆောင်ပေးခဲ့သော ဘာဝများမှာ (၂) တန့်၊ (၅) တန့်၊ (၁၁) တန့်ဘာဝဂြိုဟ်များပင် ဖြစ်သည်။ (၂) တန့်ဘာဝအိမ်ရှင်ဂြိုဟ် ဗုဒ္ဓဟူးသည် (၁၁)တန့်ဘာဝတွင် ကသစ်ဖြင့် ရပ်တည်လျက်ရှိခြင်း၊ (၅) တန့်ဘာဝ အိမ်ရှင်ဂြိုဟ် ကြာသပတေးသည် (၂) တန့်ဘာဝတွင် ရပ်တည်လျက်ရှိခြင်း၊ယင်းကြာသပတေးဂြိုဟ်သည် ရန်အိမ်တွင် ရပ်တည်တာဗျတ္တစာ (ဝကြ) သွားလျက်ရှိသောကြောင့် ယင်းကြာသပတေးဂြိုဟ်သည် ပို၍အားကောင်းလျက်ရှိသည်။ စင်စစ် (၂) တန့်ဘာဝ ကာရကဂြိုဟ် ကြာသပတေးသည် (၂)တန့်ဘာဝတွင်ရပ်တည်လျက်ရှိသောကြောင့် ယင်းဘာဝကို ပျက်စီးစေနိုင်လင့်တစား ကြာသပတေးဂြိုဟ်သည် နောက်ပြန်သွားလျက်ရှိသောကြောင့် ဆုံးရှုံးပျက်စီးစေခြင်းမှ ပြန်လည် အောင်မြင်မှုရရှိလာမည်ဟု မှတ်ယူရမည် ဖြစ်သည်။


ဇာတာရှင်သည် ၁၉၉၀ ပြည့်နှစ်တွင် စီးပွားရေးပျက်စီးကာ ဒေါ်လာသန်း (၉၀၀) ကျော် အကြွေးတင်ရှိခဲ့သည့်အပြင် လုပ်ငန်းခွင်ထဲ၌ အလုပ်အတွက် တင်ရှိနေသောအကြွေးမှာ ဒေါ်လာ (၃.၅)ဘီလျံဖြစ်သွားခဲ့ရခြင်းမှာ (၂) တန့်ဘာဝ ကာရကကို ကိုယ်စားပြုသော ကြာသပတေးဂြိုဟ်သည် (၂)တန့်ဘာဝတွင်ရပ်တည်လျက်ရှိသောကြောင့်ဆိုရမည် ဖြစ်သည်။ သို့သော် ယင်းကြာသပတေးဂြိုဟ်သည် နဝင်းစက်၌ မိမိ၏မိတ်ဆွေအိမ်ဖြစ်သောသိဟ်ရာသီ၌ ရပ်တည်လျက်ရှိသောကြောင့် ၂၀၀၀ပြည့်နှစ်နောက်ပိုင်းတွင် ဒေါ်လာ (၃) ဘီလျံကျော်ခန့် ပြန်လည်၍ ချမ်းသာလာခဲ့ခြင်း ဖြစ်သည်။

ရွေးကောက်ပွဲဇာတာရှိ စနေဂြိုဟ်သည် မူလဇာတာ၏ ရာသီစက်၌ရှိသော (၁၀) တန့်ဘာဝကို လှမ်းမြင်လျက်ရှိခြင်း၊ ၎င်းပြင် ရွေးကောက်ပွဲဇာတာရှိ ဥစ္စာ၌ရှိလျက်ရှိသော အင်္ဂါဂြိုဟ်သည် (၁၀)တန့်ဘာဝ အိမ်ရှင်သောကြာဂြိုဟ်ကို လှမ်းမြင်လျက်ရှိခြင်း၊ မူလဇာတာ၏ သိဟ်



www.burmeseclassic.com

www.burmeseclassic.com




**(၈-၁၁-၂၀၁၆) U.S.A New York ဒေသခံတော်ချိန် နံနက် (၆) နာရီ ရွေးကောက်ပွဲဇာတာ**

လဂ်ကို ဥစ်ရလျက်ရှိသော အင်္ဂါဂြိုဟ်က လှမ်းမြင်ခြင်း၊ သိဟ်လဂ်တွင် ပူးလျက်ရှိသော အင်္ဂါဂြိုဟ်ကို ဥစ်ရသော အင်္ဂါဂြိုဟ်က ထပ်ဆင့်မြင်ခြင်း၊ ဝဲဂုတ္တမနဝင်းစီးလျက်ရှိသော ရာဟုဂြိုဟ်က လဂ်ကိုစီးနင်းလျက်ရှိခြင်းတို့ကြောင့် လဂ်အားသည် လွန်မွာအားနည်းသွားသည်။


သို့သော် ရွေးကောက်ပွဲနေ့၌ လဂ်အိမ်ရှင်ဂြိုဟ် တနင်္ဂနွေသည် နိစ္စဘင်ယှဉ်ရလျက်ရှိခြင်းကြောင့် လဂ်အားကို ပိုမို၍ ပြန်လည်အားကောင်းသွားစေပြန်သည်။ သို့သော် ယင်းတနင်္ဂနွေဂြိုဟ်ကို ရွေးကောက်ပွဲဇာတာ၏ နဝင်းစက်ရှိ ရာဟုဂြိုဟ်က (၉) တန့်အမြင်ဖြင့် လှမ်းမြင်လျက်ရှိခြင်း၊ စနေဂြိုဟ်က (၃) တန့်အမြင်နှင့်မြင်လျက်ရှိခြင်း၊ အင်္ဂါဂြိုဟ်က (၄) တန့်အမြင်နှင့် လှမ်းမြင်လျက်ရှိခြင်း ယင်းဥစ်နဝင်းစီးလျက်ရှိသော တနင်္ဂနွေဂြိုဟ်သည် ပါပဂြိုဟ်သုံးလုံး၏ အမြင်ခံလျက်ရှိသောကြောင့် လွန်စွာ အားပျော့လျက်ရှိသည်။

ဤနေရာတွင် နက္ခတ်ဗေဒင်ဝါသနာရှင်များအနေဖြင့် အထူးသတိထားရမည့်အချက်မှာ မကာရနှင့် ကုံရာသီတို့သည် စနေဂြိုဟ်ပိုင်အိမ်များဖြစ်သည်။ သို့ဖြစ်၍ မကာရအိမ်တွင် ရပ်လျက်ရှိသော စနေဂြိုဟ်သည် ကုံရာသီတွင်ပါ ရပ်တည်လျက်ရှိသည်ဟု မှတ်ယူရမည်ဖြစ်ပြီး ကုံရာသီတွင် ရပ်တည်လျက်ရှိသော အင်္ဂါဂြိုဟ်ကို မကာရရာသီတွင် ရပ်တည်လျက်ရှိသော အင်္ဂါဂြိုဟ်ဟု မှတ်ယူ၍ ဟောချက်ထုတ်ခြင်းပင် ဖြစ်သည်။

ဝိသောတ္တရီ ဒသာအရ ဒေါ်နယ်ထရမ့်၏ မူလဇာတာတွင် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်မှ ၂၀၃၂ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်အထိ ကြာသပတေး ထူလဒသာစားလျက်ရှိပြီး ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်မှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်အထိ ကြာသပတေးအန္တရဒသာစားလျက်ရှိ၏။ အမေရိကန်သမ္မတအဖြစ် ရွေးကောက်ပွဲဝင်ရမည့် ကာလတွင်မူ ကြာသပတေး ထူလ၊ ကြာသပတေး အန္တရ၊ ကြာသပတေး ပြတန္တရ ဒသာစားလျက်ရှိသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်အထိ ကြာသပတေး ပြတန္တရဒသာ စားချိန်ဖြစ်သည်။

ဒေါ်နယ်ထရမ့်၏ မူလဇာတာ၏ ရာသီစက်တွင် ကြာသပတေးဂြိုဟ်သည် ကန်ရာသီတွင်ရပ်တည်လျက်ရှိပြီး ဘာဝစက်တွင်မူ တူရာသီတွင် ရပ်တည်လျက်ရှိသည်။ နဝင်းစက်တွင်မူကား ကြာသပတေးဂြိုဟ်သည် သိဟ်ရာသီ၌ ရပ်တည်လျက်ရှိသည်။ ကြာသပတေးဂြိုဟ်သည် အင်္ဂါနက္ခတ်အပိုင်ဖြစ်ပြီး ရာဟုဘုတ္တိနက္ခတ်နယ်ပယ်တွင် ကျရောက်လျက်ရှိသည်။ ယင်းအင်္ဂါဂြိုဟ်သည် (၄) တန့်ဘာဝ၏ ဗန္ဓုအိမ်ရှင်ဂြိုဟ်ဖြစ်ပြီး အိမ်ခြံမြေကို ကာရကပြုသော ဘူမိကာရကဂြိုဟ် ဖြစ်သည်။ ရာဟုဘုတ္တိဂြိုဟ်သည် ပြိဿရာသီ သောကြာအိမ်တွင်ရပ်တည်လျက်ရှိသည်။ သောကြာဂြိုဟ်သည် ဟိုတယ်နှင့် ခရီးသွားလာရေး၊ ဖက်ရှင်၊ အဝတ်အထည်၊ အဖျော်ယမကာတို့ကို ကိုယ်စားပြုသောဂြိုဟ်ဖြစ်သည်။ ဘုရင် (သို့) သမ္မတကိုညွှန်းဆိုဖော်ဆောင်သော ဂြိုဟ် စိုးစဉ်းမျှမဟုတ်ပေ။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အချက်အလက်တို့ကိုဆက်နွှယ်ပေါင်းစပ်၍ နောက်ဆုံး ကောက်ချက်ချရသည်ရှိသော် သူဌေးကြီးဒေါ်နယ်ထရမ့်သည် (၄၅) ဦးမြောက် အမေရိကန်သမ္မတဖြစ်လာရန်မရှိကြောင်းကို နက္ခတ်ဗေဒင်ပညာအမြင်ဖြင့် ရေးသား ဖော်ပြအပ်ပါသည်။



ဆရာချမ်းမင်း (LL.B)



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ"

"သား. . ."

"နေကောင်းသွားပြီနော်။ လာ - အန်တီ၊ ထိုင်ပါ ခင်ဗျ"

အန်တီ့မျက်နှာဟာ အရင်နှစ်ခေါက်ရောက်ခဲ့ဖူးတုန်းကနဲ့တောင်မတူတော့ဘူး။ နုဖတ်နေတာပဲ ပြုံးလို့။

"အန်တီ တော်တော်နေကောင်းသွားပြီ သား။ အဲဒါလေ သားလေးကို ကျေးဇူးတင်လွန်းလို့ပါ"

လက်ထဲက စပျစ်သီးအခိုင်လိုက်အထုပ်အကြီးကြီးကို စားပွဲပေါ်တင်လိုက်ပါတယ်။

"အန်တီရယ်၊ ဒါတွေမလိုပါဘူး။ အန်တီနေကောင်းသွားတာကိုပဲ ကျွန်တော်က ဝမ်းသာနေပြီ"

"ဟုတ်ကဲ့ပါ သားရယ်။ သားပြောသလို အန်တီလေ မနက်အစောကြီးကလေးတွေကို ဆွမ်းထချက်ခိုင်းပြီး အရှက်ဆွမ်းခံကြွလာတဲ့ သံဃာတော်အရှင်သူမြတ်တွေကို ဆွမ်းလောင်းတာ ခုဆိုမလောင်းဘဲမနေနိုင်တော့ဘူး။ ဆွမ်းခံကြွလာတဲ့သံဃာတော်တွေကိုဆိုရင်လည်း ခုဆို အန်တီပဲလောင်းပြီ။ အရင်က ကလေးတွေကိုလောင်းခိုင်းတာ။ ခုတော့ မရတော့ဘူး၊ မလောင်းဘဲကို မနေနိုင်တော့ဘူး ကိုယ်တိုင်ပဲ"

အားရပါးရပြောနေပေမယ့် အန်တီ့ကိုကြည့်ရတာ မမောပါဘူး ပြုံးလို့။ ကျွန်တော်ဆို ဘယ်လိုဝမ်းသာမှန်းမသိဘူး။ ဝမ်းသာလွန်းပြီး အချိန်ပြည့်သတိရနေတဲ့နေ့လေးကို ပြေးသတိရလိုက်ပါတယ်။

တနင်္လာနေ့တိုင်း ကျေးဇူးတော်ရှင် ရွှေအုတ်ပလ္လင်ဆရာတော်ဘုရားကို အဖေနဲ့သွားသွားပြီးဆွမ်းချက်ကပ်တာလေ။ တစ်ပတ်ကိုတစ်ခါ။ အဖေနဲ့ ကျွန်တော် တစ်လှည့်စီချက်ပြီး ဆွမ်းကပ်ကြရတာ အရမ်းပီတိဖြစ်တာပဲ၊ ပျော်လိုက်တာမှ။ အဖေက သက်သတ်လွတ်သီးစုံပဲဟင်းနဲ့ မနုဿနီချက်တာ အရမ်းတော်တယ်။ ရွှေအုတ်ပလ္လင်ကျောင်းကိုရောက်ရင် မမောနိုင်မပန်းနိုင် အားရပါးရ ပုဆိုးကြီးဒူးလောက်ဝတ်ပြီး ကိုယ်တိုင်ချက်တာ။ ချွေးတလုံးလုံးပဲ၊ သူ့မျက်နှာမှာ ပြုံးလို့ပျော်လို့။

အားရပါးရချက်ပြီးရင် ဆရာတော်ကို ဆွမ်းကပ်တဲ့အခါ အဖေ အမောတွေပြေပြီး အဖေ့မျက်နှာမှာ ပြုံးနေတာပဲ။ အဖေက ဆရာတော့်မျက်နှာတော်ကိုပဲ အမြဲကြည့်ကြည့်နေတတ်တယ်။

သူ့ရင်ထဲမှာ သူ့သားအရင်းခေါက်ခေါက်လိုပဲ ခံစားရတယ်တဲ့၊ အမြဲပြောတယ်။

ကျွန်တော်ချက်ရတဲ့အပတ်ဆိုရင်လည်း ဂျုံတို့၊ ပဲတို့နဲ့လုပ်ထားတဲ့ ဟင်းချက်စရာတွေကို ပုံစံအမျိုးမျိုးနဲ့ချက်ပြီး ဆရာတော်ကို ကပ်လှူရတာ စိတ်ချမ်းသာ ပီတိဖြစ်လိုက်တာ။

အဖေဆို ခုနောက်ပိုင်း အသားအရေတွေဝင်းပြီး ကျန်းမာနေလိုက်တာ ဒေါင်ဒေါင်မြည်နေတာပဲ။ မနက်ဆို ပုံမှန်ထိုက်ချီကစားတာမပျက်ဘူး။ အိပ်ရင်လည်း တရှူးရှူးပဲ။ ဘာဆေးမှကို မသောက်ရတော့တာ။ ကျွန်တော်လည်း ရင်ဘတ်နားက လေလေးတွေဆစ်ခနဲခေါင်းကနောက်ခနဲတွေဘယ်ရောက်ကုန်မှန်းကိုမသိတော့ဘူး၊ ဒေါင်ဒေါင်မြည်ပဲ။

အဖေကပြောတယ်။

"တို့ဆရာတော်ကို တို့သားအဖ ဆွမ်းချက်ကပ်ခွင့်ရတာနည်းတဲ့ကုသိုလ်ကြီးမဟုတ်ဘူး။ ဒီကုသိုလ်ကြီးက ဆရာတော်ချီးမြှင့်ထားလို့ရတာကွ"

ဆိုပြီး အမြဲပြောတယ်။

ဆရာတော့်ကို အဖေက အရမ်းကြည်ညိုတာပဲ။ ခုဆိုသားအဖနှစ်ယောက်ရောဂါကင်းနေကြတာဟာ ကျေးဇူးရှင်ဆရာတော်ရဲ့မေတ္တာပဲ။ သံဃာတော်အရှင်သူမြတ်ကို ပူဇော်ရတဲ့ အကျိုးကျေးဇူးပဲ။

အဖေရော၊ ကျွန်တော်ရောက ဆွမ်းဟင်းချက်ကပ်နေရရင် ဘာကိုမှသတိမရအောင် ပျော်နေကြတယ်။ ဆရာတော်ကို ဆွမ်းဟင်းချက်ကပ်နေရရင်ပြီးရော။ ဒီကုသိုလ်ကြောင့် ဘာဖြစ်ပါစေလို့လဲ ဆုမတောင်းကြဘူး။ ဆုမတောင်းဘဲပြည့်နေတဲ့ကုသိုလ်ကြီးတွေပါ။

ကျွန်တော့်အတွေးတွေ ရွှေအုတ်ပလ္လင်ကနေ ပြန်ရောက်လာပြီ။

ခုဆို အန်တီလည်း သံဃာတော်အရှင်သူမြတ်တွေကိုပူဇော်ရတဲ့ ကောင်းကျိုး လက်တွေ့ခံစားနေရပါပြီ။ ရတနာမြတ်(၃)ပါးရဲ့ဂုဏ်ကျေးဇူးဘယ်လောက်ကြီးတယ်ဆိုတာ အန်တီသိနေပါပြီ။

အခုအန်တီ့ကိုပြုခိုင်းခဲ့တဲ့ကုသိုလ်ကြီးဟာ စိတ်ကူးယဉ်ကုသိုလ်မဟုတ်ပါဘူး။ လက်တွေ့ကုသိုလ်ကြီးတွေပါ။ အန်တီ့ကိုပြုခိုင်းခဲ့တဲ့ကုသိုလ်နဲ့ အဖေ ကျေးဇူးတော်ရှင် ရွှေအုတ်ပလ္လင်ဆရာတော်ကိုဆွမ်းချက်ကပ်ရတဲ့ကုသိုလ်တွေ ပီတိဝေဖြာနေကြပါပြီ။

အန်တီနဲ့ စကားပြောနေရင်း [illegible] နောင်တော်ဖြစ်တဲ့ ရွှေအုတ်ပ[illegible] ဆရာတော်ဦးသီလစာရကို [illegible] လက်အုပ်ချီကန်တော့နေလိုက်ပါတယ်။

အန်တီကတော့ ကျွန်တော် ဘာလုပ်နေပါလိမ့်[illegible]အကြည့်နဲ့ကြည့်လို့ပေါ့။

❑



www.burmeseclassic.com

www.burmeseclassic.com



# မင်းပြည့်

## ကုသိုလ်တူ

"ဆရာ"

"ဟုတ်ကဲ့ ဦး"

"ကျွန်တော် ရာထူးတက်တဲ့အထဲ ပါသွားပြီ"

"ဩော် - ဟုတ်ကဲ့၊ ဝမ်းသာပါတယ် ဦး"

"အဲဒါ ဆရာ့ကို လာပြောတာ၊ ဆရာကြီးကော"

"အဖေစာအုပ်တိုက်သွားပါတယ်"

"ဟုတ်ကဲ့- အဲဒါလေး ဆရာဝမ်းသာအောင်ပြောပြရင်း . . . ပြီးတော့ ဆရာခိုင်းသလို မွေးနံ့ထောင့်ကစပြီး လက်ယာရစ်လှည့် ဂြိုဟ် (၈) ခွင်လုံးမှာ ဖယောင်းတိုင် (၅) တိုင်စီ၊ အမွှေးတိုင် (၅) တိုင်စီ ပတ်ထွန်းရဦးမလားလို့။ ကျွန်တော်သွားသွားပူဇော်တာ(၁၀)ကြိမ်ကျော်ပြီ။ (၁၀) ကြိမ်မှာ ပရိုမိုးရှင်း သတင်းကြားရတာပဲ"

"ဟုတ်လား၊ အဲဒါဆို ရပါပြီ၊ ဒါပေမယ့် ဦးရဲ့စိတ်ထဲမှာ ကုသိုလ်စိတ်တွေတအားဖြစ်ပြီး ဆက်ပူဇော်နေချင်သပဆိုရင်တော့ ပူဇော်ပါ ပိုကောင်းတာပေါ့။ ကုသိုလ်တွေဆက်ဆက်ပြီး ရနေတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

## ဂြိုဟ်(၈)ခွင်လုံးပူဇော်ခဲ့ခြင်း

တော်တော့်ကိုဆိတ်ငြိမ်အေးချမ်းတဲ့ ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီးမှာ သကြန်တွင်းသက်န်းဆီးခဲ့တုန်းက ဘုရားကြီးကို နေ့တိုင်းနေ့တိုင်း သောကြာထောင့်ကစပြီး ဖယောင်းတိုင်(၆)တိုင်စီ၊ အမွှေးတိုင် (၆) တိုင်စီ ပူဇော်ခဲ့ပါတယ်။ ကြည်နူးလိုက်တာမှ အရမ်းပဲ။ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်၊ ညတစ်ကြိမ် ပူဇော်ရတာ။ ကိုရင် ရှင်ပညာသီရိကလည်း အဲ့သလိုလိုက်ပူဇော်တယ်လေ။

အဲဒီလို ဂြိုဟ် (၈) ခွင်လုံး ပူဇော်ပြီးတိုင်း တရားထိုင်ရတာ ဘယ်လိုတည်ငြိမ်အေးချမ်းမှန်းမသိဘူး။ လူဟာဘုန်းတွေ၊ ကံတွေမြင့်မြင့်တက်လာသလိုပဲ။ ပုတီးစိပ်ရရင်လည်း စိတ်ကငြိမ်လိုက်တာမှ။ အားရပါးရ ပရိတ်ရွတ်ရတဲ့အသံကကိုယ့်အသံတောင် ဟုတ်ပါ့မလားဆိုပြီး အံ့ဩယူရလောက်အောင် အသံအောင်သလားမမေးနဲ့။ လည်ချောင်းကိုရှင်းနေတာပဲ။ သံဃာတော်အရှင်သူမြတ်ဘ၀နဲ့ တရားအားထုတ်နေချိန်မှာ မြင်တဲ့လူတိုင်းက 'အရမ်းကြည်ညိုဖို့ကောင်းတာပဲ။ မျက်နှာရော အသားအရေရော ၀င့်ထည်ပြီး၀င်း၀ါနေတာပဲ။ တည်ငြိမ်လိုက်တာလည်းအရမ်းပဲ'ဆိုပြီးကြည်ညိုလိုက်ကြတာမှ ပီတိဖြစ်ရပါတယ်။

ဂြိုဟ် (၈) ခွင်လုံးကနေ ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီးကို ပူဇော်ရတဲ့ ကောင်းကျိုးတွေဟာဝေဖြာလွန်းပါတယ်။ ဘာနဲ့မှမတူပါဘူး။ လူဟာ ကံတွေ အဆင့်ဆင့်မြင့်တက်နေသလိုပါပဲ။

ခုဆို ကျွန်တော့်ဆီလာတဲ့ဦးလေးလည်း ဘ၀အဆင့်ဆင့်မြင့်တက်သွားပါပြီ။ ဒါဟာ ဘုရားတန်ခိုးပါပဲ။ ဘုရားရှင်ကို ဂြိုဟ်ထောင့်တစ်ထောင့်ကတောင် မဟုတ်ပါဘူး၊ (၈) ထောင့်ကနေ ပူဇော်ခဲ့တဲ့အကျိုးပါ။

ကိုယ်တိုင် အရှင်သုန္ဒရဘ၀နဲ့ အဲဒီလိုပူဇော်ခဲ့တော့ ဒီကုသိုလ်ကြီးရဲ့ကောင်းခြင်းကြီးတွေကိုသိနေပြီလေ။ ဒါကြောင့် ကျွန်တော့်ဆီကိုလာကြတဲ့သူတွေထဲမှာ ရာထူးတိုးချင်သူမှန်သမျှ ဒီကုသိုလ်ကြီးနဲ့ပဲ ဘ၀မြင့်စေခဲ့ပါတယ်။ ဦးလေးလိုပဲ တစ်ဆင့်တက်သွားကြသူတွေလည်း လေး၊ ငါးဦးမကရှိပါတယ်။ ဒါပေမယ့် ရွှေအုတ်ပလ္လင်စေတီတော်ကြီးမှာ သကြန်တွင်းကျွန်တော်သက်န်းဆီးပြီးတဲ့နောက်ပိုင်း ရာထူးတိုးတာ ဦးဆုံးစကြားရတဲ့ ဦးလေးကြောင့် ဒီကုသိုလ်ကံမြင့်အစီအရင်ကို ပြောပြဖြစ်ခဲ့ရတာပါ။ တကယ်ပီတိဖြစ်ရပါတယ်။

❑

"သူငယ်ချင်း မောင်ထွန်း"

"အေး - ဟော့ကောင်မင်းဘာစားမလဲ"

"အမယ် - နောက်ထပ်အလုပ်ပြောင်းလိုက်ပြီနဲ့တူတယ်"

"ဟင် - မင်းပဲဒီမှာပဲဆက်လုပ်၊ မပြောင်းနဲ့ဆို"

"အေးလေ၊ ခု မင်းက . . . ငါ နားမလည်တော့ဘူး"

"ငါအတိုက်အခံတွေများလွန်းတာ မင်းသိတယ်နော်"

"သိတယ်လေ၊ ငါပဲ မင်းကို ဘုရားရင်ပြင်တော်မှာသွားပြီးတံမြက်စည်းတွေလှည်း၊ အမှိုက်တွေကောက်၊ မြက်တွေနုတ်ခိုင်းတာ"

"အေး - ခု အဲဒါတွေခဏခဏသွားလုပ်တာ ငါ့ကို အတိုက်အခံအရမ်းလုပ်တဲ့လူက ဒီအလုပ်ထက်ပိုကောင်းတယ်ဆိုပြီး ဒိပြင်အလုပ်ကိုပြောင်းသွားပြီကွ။ သူ့လူတွေကလည်း သူမရှိတော့ ငါ့မြင်ရင်မျက်နှာချိုသွေးသလားမပြောနဲ့။ ခုဆို ကုမ္ပဏီမှာ ငါမှငါလိုဖြစ်နေပြီ။ ဒါကြောင့် ငါ့ကျေးဇူးရှင်ကြီးကို ငါမေးတာပါ၊ ဘာစားမလဲလို့။ ငါလည်းလာမယ်၊ လာမယ်နဲ့ မအားလို့ပါ"

"အေးပါ - ရပါတယ်။ မင်းမှာ အခက်အခဲရှိမှ ငါ့ဆီလာဖို့ အားပါကွာ။ ကျန်တဲ့အချိန်တွေမအားပါနဲ့၊ ငါတောင်းပန်ပါတယ်"

"လုပ်ပြီကွာ မင်းကလည်း၊ အချင်းချင်းကို"

"အေးလေ-ငါကလည်းအကောင်းပြောတာပါ"

မောင်ထွန်းကိုပြောနေရင်း သတိရတာကတော့ မော်ဘီ မြောင်းတကာစံပြကျေးရွာက ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီးပါပဲ။ သကြန်တွင်းသက်န်းဆီးခဲ့စဉ်က ဘုရားကြီးရဲ့ရင်ပြင်တော်မှာ နေ့တိုင်း မနက်တစ်ခါ၊ ညတစ်ခါ တံမြက်စည်းလှည်းခဲ့တာတွေ၊ အမှိုက်ကောက်ခဲ့တာတွေ မျက်လုံးထဲမှာပေါ်လို့။ အဲဒီလို တံမြက်စည်းလှည်းခဲ့တုန်းကလည်း အဖေသင်ပေးထားသလို ငါ့ဆီလာကြတဲ့ ငါ့မိတ်ဆွေတွေမှာ အတိုက်အခံ အခက်အခဲတွေရှိရင် အားလုံးအဆင်ပြေပြီး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စိတ်ချမ်းသာကြပါစေ စိတ်ထဲမှာ ဆုတောင်းရတာအမော။

ကျွန်တော့်ဆီလာကြတဲ့ ရန်များနေသူတွေကို ဘုရားသွားသွားပြီး ဒီလိုတံမြက်စည်းလှည်း၊ အမှိုက်ရှင်းခိုင်းထားတော့ ကိုယ်တိုင်တံမြက်စည်းတွေလှည်းနေတဲ့အချိန်တိုင်း သတိရတာပေါ့။

ဒါတင်မကဘူး၊ ကျေးဇူးရှင်ဆရာတော်ကို တနင်္လာနေ့တိုင်း သွားအဖနှစ်ယောက် သွားပြီးဆွမ်းကပ်နေကျမို့ တနင်္လာနေ့တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်းဖြစ်နေပြန်ပါတယ်။ တကယ်ကို မွန်မြတ်လှတဲ့ကုသိုလ်ပါ။

"မင်းဘာစားမလဲ"

"ဟေ - မစားပါဘူးကွာ"

"ငါဆက်လှည်းရဦးမလား၊ ရပ်လိုက်ရင်ရပြီလား"

"ကုသိုလ်ဆိုတာ ဆက်နေရင်ကုသိုလ်ဆက်တာပေါ့၊ သူငယ်ချင်းရားရပ်လိုက်ရင် ကုသိုလ်တွေရပ်သွားမှာပေါ့"

"လုပ်ပြီ၊ မင်းကလည်း သူငယ်ချင်းအချင်းချင်းကို"

❑

အမိဌာန်ကြီးတွေအောင်ခဲ့ရတဲ့-

မော်ဘီမြောင်းတကာစံပြကျေးရွာက ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီးကို အမြဲသတိတရရှိနေပါတယ်။

နောင်တော်ဖြစ်တဲ့ ဆရာတော်ဦးသီလစာရကိုလည်း အချိန်ရှိသရွေ့ သတိရပြီး ကြည်ညိုနေမိပါတယ်။

နောင်တော် ဆရာတော်ဘုရားရဲ့ မေတ္တာရိပ်အောက်မှာ ကြီးမားလှတဲ့ ကုသိုလ်ကြီးတွေ အတိုင်းအဆမရှိ ရခဲ့တာရယ်၊ ကျင့်ကြံအားထုတ်ခဲ့ရတာတွေရယ်၊ အမိဌာန်ကြီးတွေပြီးသွားတဲ့နောက်ပိုင်း (၇) ရက်သားသမီးတွေနဲ့ ပြန်ဆုံရပြောရ၊ အကြံပေးရတဲ့အခါမှာ -

ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီးမှာ ကိုယ်တိုင်ကုသိုလ်ပြုခဲ့ရတဲ့ပြုရပုံတွေနဲ့ ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင်အောင်မြင်သွားကြသူတွေကြောင်းရင်ထဲကပီတိတွေကို စာဖွဲ့လိုက်ရပြန်ပါပြီ။

ကိုယ်တိုင်က ဒီကုသိုလ်ကြီးတွေကိုပြုတော့ ဒီကုသိုလ်မျိုးကြီးတွေ[illegible] အောင် ကိုယ်အကြံပေးခဲ့သူတွေ အောင်မြင်ကြတာပါလားဆိုတဲ့ ပီတိဟာ. . .။

မင်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



# ချောင်းဆုံအုန်းသွင်

## တာန်ရာ တာန်ရာ

ကျွန်တော်ငယ်စဉ် (၁၀) နှစ်သားအရွယ်လောက်က ကျွန်တော်တို့ဒေသတွင် လှပေါ်စံ ဆိုသူနှင့် မအုန်းမေ ဆိုသူ စိတ်ဝေဒနာရှင်နှစ်ဦးရှိပါသည်။ သူတို့သည် ကျွန်တော်တို့ဒေသမှမဟုတ်။ မည်သည့်ဒေသကမှန်းမသိ။ သူတို့က လူကို အန္တရာယ်မပြုပေ။ လှပေါ်စံက အင်္ဂလိပ်လိုပြောပြီးလျှောက်သွားနေသည်။ မအုန်းမေက သီချင်းဆိုပြီး လျှောက်ကနေသည်။ လှပေါ်စံက ကွမ်းကြိုက်သည်။ မအုန်းမေက ဆေးလိပ်ကြိုက်သည်။ လူများက သူတို့ကို ကျွေးမွေးကြပါသည်။

ကျွန်တော်တို့ တာကူကနာရွာနှင့် ချောင်းဆုံအကြား၌ (၄) ဖာလုံပတ်လည်ခန့်ရှိကန်ရှိပါသည်။ ချောင်းဆုံမဟာတန်တော်ကြီးဟုခေါ်ပါသည်။ နှစ်စဉ်သီတင်းကျွတ်လဆန်း ၅ ရက်မှ ၁၄ ရက်နေ့အထိ (၁၀) ရက်တိုင်တိုင် လှေပြိုင်ပွဲကျင်းပပါသည်။ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှလာပြိုင်ကြပါသည်။ အလွန်စည်ကားလှပါသည်။

သီတင်းကျွတ်လပြည့်နေ့၌ ဘီလူးကျွန်းတစ်ကျွန်းလုံးရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာအလိုက် အချိုးကျပင့်ပြီး သံဃာတော်အပါး (၅၀၀) ကို ဆွမ်းဆန်စိမ်းများ လောင်းလှူပါသည်။ တစ်ကျွန်းလုံးမှ လာလောင်းကြသဖြင့် အလွန်စည်ကားလှပါသည်။

ထိုနှစ်ပွဲစလုံးကို ဘီလူးကျွန်းအကြီးအကဲဖြစ်သော မြို့ပိုင်ကိုယ်တိုင်ဦးစီးသည်။ လှေပွဲကို အချိန်ရသရွေ့လာကြည့်ပြီး ဆုကြီးများကို ကိုယ်တိုင်ပေးသည်။

တစ်နှစ်။ တစ်နေ့တွင်လှေပွဲကြည့်ရန် မြို့ပိုင်မင်းအတွက်ပြင်ထားသော ကုလားထိုင်တွင် မအုန်းမေ ဝင်ထိုင်နေသည်။ မည်သို့မျှ အဖယ်ခိုင်း၍ မရ။ 'ကူးတတ်သည်' ဆိုပြီး အရှုးကို မထိရဲ၊ မကိုင်ရဲကြပေ။ ကြံရာမရဖြစ်နေစဉ်တွင် လှပေါ်စံရောက်လာသည်။ တစ်ယောက်က အကြံရပြီး လှပေါ်စံကို -

"လှပေါ်စံ၊ဟိုမှာ အုန်းမေ မြို့ပိုင်မင်းထိုင်မယ့်နေရာမှာဝင်ထိုင်နေတယ်။ ဘယ်လိုမှဖယ်ခိုင်းလို့မရဘူး။ လုပ်ပါဦး"

ဟု ပြောပါသည်။

လှပေါ်စံက သွားပြီး -

"အောင်မယ် အရှူး တန်ရာတန်ရာမနေဘူး။ အရိုက်ခံချင်လို့လား"

ဟု ငေါက်လိုက်ရာ မအုန်းမေ



www.burmeseclassic.com

ချက်ချင်းထပြေးပါသည်။

အသက် (၁၀) နှစ်မျှရှိသေးသော ကျွန်တော်သည်လည်း ထိုအနားတွင် ရောက်နေပါသည်။ အရှူးလှုပေါ်စံထံမှ 'တန်ရာတန်ရာ'ဆိုသော စကားကိုစတင် ကြားဖူးခဲ့ပါသည်။ ထို့နောက် မေ့မေ့ပျောက်ပျောက်နေခဲ့ပါသည်။

၁၉၄၉ ခုနှစ်ခန့်က ကျွန်တော် ရန်ကုန်ဗဟိုစာတိုက်ကြီးတွင် စာပို့လုလင်တာဝန်ထမ်းပါသည်။တစ်နေ့ ကျွန်တော်တို့အဖွဲ့ လုလင်သုံးယောက် စာဝေရန် ကမ်းနားလမ်းအတိုင်း ပန်းဆိုးတန်းလမ်းဘက်သို့ လျှောက်လာရာ ကမ်းနားလမ်း ဟိုတယ်ရှေ့ရောက်တော့ တစ်ယောက်က -

"တစ်ခါလောက် စထရင်းဟော်တယ် (ကမ်းနားလမ်းဟော်တယ်) တက်ပြီးစားသောက်ဦးမှပဲ"

"တန်ရာတန်ရာပြောစမ်းပါကွာ။ မင်းတစ်လခ (၉၆) ကျပ်နဲ့လောက်မယ်ထင်လို့လား"

ဟု ပြောပါသည်။

ထိုအခါ 'တန်ရာတန်ရာ' ဟူသော စကားကို ထပ်မံကြားရပြီး အဓိပ္ပာယ်ကိုပါ သိလိုက်ပါသည်။

"ကိုယ့်ဝင်ငွေနဲ့သင့်တာကိုပဲပြော" ဟူ၍။

နောက်တော့ အသက်အရွယ်ရလာ အတွေ့အကြုံများလာသည်နှင့်အမျှ တန်ရာတန်ရာ ဟူသော စကားကို ကြားရဖန်များပြီး တန်ရာတန်ရာ သင့်အောင် မသုံးစွဲသဖြင့် မိမိအပါအဝင် ဆင်းရဲဒုက္ခရောက်သူ၊ ဘဝပျက်သူများကို တွေ့လာရပေသည်။

မိမိတို့နိုင်ငံတွင်သာကမ ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း ဒုနှင့်ဒေးဖြစ်ကုန်ကြသည်။ ၁၉၇၀ ပြည့်လောက်က ဖတ်ရသည့် သတင်းတစ်ပုဒ်အရ အမေရိကန်နိုင်ငံတွင် မွေးဖွားလာသည့် ကလေးတစ်ယောက်အဖို့ အမိဝမ်းက ကျွတ်သည်နှင့် ဒေါ်လာ (၃၀၀)အကြွေး တင်ပြီးဖြစ်သည်ဟု ဆိုသည်။

ဤကား တန်ရာတန်ရာမသုံးစွဲနိုင်ကြသောကြောင့် ဖြစ်ပါသည်။ကျွန်တော်တို့နိုင်ငံတွင် နိုင်လွန်ပေါ်စက ဘဝပျက်သွားသော မိန်းကလေးများသတင်းကို ထိုခေတ်ကိုမီသော၊ သတိထားမိသောသူများသိရှိမှတ်မိကြပေမည်။

တန်ရာတန်ရာ ဟူသည်ကို အမျိုးဇာတ်အားဖြင့် လည်းကောင်း၊ လူတန်းစားအားဖြင့်လည်းကောင်း၊ ရာထူးဂုဏ်



သိန်အဆင့်အားဖြင့်လည်းကောင်းစသည် ဖြင့် ခွဲခြား၍မရပါ။ အမျိုးမြတ်ဇာတ်မြင့် သူများ စား၊ ဝတ်၊ သုံးဆောင်နေထိုင်သလို အမျိုးဇာတ်နိမ့်သူများမပြုရဟုဆိုလျှင် အခုခေတ် လူ့အခွင့်အရေးသမားများနှင့် တွေ့သွားပေသည်။

မိမိသုံးစွဲနိုင်သည့် အင်အားနှင့် သုံးစွဲသည့်ပမာဏ တန်ခြင်း၊ တော်ခြင်း၊ သင့်လျော်ခြင်း၊ မျှတခြင်းကိုသာ ဆိုလိုပါသည်။

ဤတွင်ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပြပါမည်။ ကျွန်တော်ဝန်ထမ်းဘဝ အရာရှိငယ်ဘဝက အတူလုပ်ကျွန်တော့် အထက်အရာရှိလတ်တစ်ဦးရှိပါသည်။ သူနှင့် အိမ်နီးချင်းလည်း ဖြစ်ပါသည်။ ရိုးလည်းရိုးသား၊ ကြိုးလည်းကြိုးစား၊ စိတ်ကောင်းလည်းရှိသဖြင့် သူ့အား ထက်အောက်ညီတူ ဝန်ထမ်းအားလုံး ချစ်ခင်လေးစားကြပါသည်။

သူ့တွင် ဇနီးနှင့် သားသမီးသုံးယောက်ရှိသည်။ သားကြီးက (၁၀)တန်း၊ သမီးလတ်က (၈) တန်း၊ သားငယ်က (၆) တန်း၊ ဇနီးက အလုပ်မလုပ်၊ အိမ်ထောင်ကို ဦးစီးပြီး စီမံအုပ်ချုပ်သည်။

သူ့ဇနီးက သူ့ကိုဆင်ပေးထားသည်မှာ အနားပြာပိတ်ရှပ်အကျီ၊ အုန်းခွံရောင်ပင်နီတိုက်ပုံအထူ၊ ပလေကတ်ချည်ချောလုံချည်ဖြစ်ပြီး ဖြူစင်သန့်ရှင်းသပ်ရပ်လှသည်။

သားသမီးများကိုလည်းသင့်လျော်ရုံဆင်ယင်ထားသည်။ အစားအသောက်လည်း သင့်လျော်ရုံ ဖြစ်သည်။

သူတို့မှာ ရုံးလခမှတစ်ပါး အခြားဝင်ငွေမရှိ၊ ကိုယ်ခံအင်အားလည်းမရှိ။ ကျောထောက်နောက်ခံလည်း မရှိပေ။ သို့သော် သူတို့အသင့်အတင့်ချောင်လည်သည်။ ကြွေးမြီးမရှိ။ အနည်းအကျဉ်းစုမိဆောင်းမိရှိသည်။

မကြာမီပင် သူ့ကို (၃၃၀) စကေးမှ (၄၅၀) တိုကျော်ပြီး (၆၀၀) စကေး အကြီးတန်းအရာရှိအဖြစ်တိုးပေးလိုက်သည်။ ဌာနလည်းပြောင်းသွားသဖြင့်

ကျွန်တော်နှင့်ကွဲသွားသည်။ သူ့ဌာန
ပြင်ပနှင့် ဆက်ဆံရသောဌာန ဖြစ်သည်

ရာထူးလည်းတိုး၊ ဌာနလည်း
ပြောင်းတော့ ပေါင်းသင်းရေးတွေ
ပြောင်းကုန်သည်။ သူကအရာရှိကြီးများ
နှင့်၊ သူ့ဇနီးက အရာရှိကတော်များနှင့်
ထိုအခါတွင် ပတ်ဝန်းကျင်အခြေအနေ
သူ့ဇနီးက လူနေမှုအဆင့်အတန်းကို
ပြောင်းလိုက်သည်။ စားရာ၊ ဝတ်ရာ၊ သုံး
ဆောင်ရာ စတာတွေကို အဆင့်အတန်း
မြှင့်လိုက်သည်။

ပလေကတ်ချည်ချောလုံချည်
အနားပြာပိတ်ရှပ်အကျီ၊ ပင်နီတိုက်ပုံဝ
သော ဦး(×××)သည် ရခိုင်လုံချည်
ရှပ်စတင်ရှပ်အကျီ၊ တက်ထရက်တိုက်
တိုကိုဝတ်ရသည်။ ဆင်းဒေါ့လက်ပ
နာရီအဟောင်းအစား အဲဗားဟ
ရွှေရောင်နာရီဖြစ်လာသည်။

"ဦး (×××) နာရီက တယ်ကောင်း
ပါလား။ ဘယ်လောက်ပေးရသလဲ"

မေးတော့ -

"ကျုပ်ဘာမှမသိပါဘူး။ မိန်း
ကျွေးသလိုစားပြီး ဆင်သလို ဝတ်ရတာ"

ဟု ပြောသည်။

အမှန်ပင် ဦး(×××)ဘာမှမသိ
သူသိသည်မှာ အလုပ်သာ ဖြစ်ပါသည်

အကြမ်းအားဖြင့် ဝင်ငွေ (၆၀
သုံးငွေ (၁၀၀၀) သဘော ဖြစ်ပါသည်
ထိုအခါ ပထမကြွေးတင်သည်။ နော
တော့ ကြွေးဝိုင်းသည်။ ကြွေးထူသည်
ကြွေးပူသည်။ နောက်ဆုံး ဦး (×
အဂတိလိုက်စားမှုဖြင့် ထောင်ကျ၊ အ
ပြုတ်သွားသည်။

ဤသည်မှာ ဝင်ငွေနှင့် ထွက်
တန်အောင်တန်ရာမျှတစွာမသုံးစွဲသော
ကြောင့် ဖြစ်ပါသည်။

ယနေ့ ကမ္ဘာပေါ်တွင် မဆင်
သင့်ဘဲ ဆင်းရဲနေသူများ၊ ဆင်းရဲ
သည်ထက်ပိုပြီးဆင်းရဲနေသူများ၊ မသ
မှုများ၊ အဂတိမှုများ၊ ရာဇဝတ်မှုမျ
ကျူးလွန်ကြသူများ၊ ဘဝပျက်သူ
အများစုမှာ တန်ရာတန်ရာမသုံး
ခြင်း၊ မနေနိုင်ခြင်း၊ တုပခြင်း၊ ဂုဏ်
ခြင်း စသည်တို့ကြောင့် ဖြစ်ပါသ
ငါးတုပြီး ခရုပွက်တော့ အိုင်ပျ
ဆိုသည့်စကားအတိုင်း 'မနိုင်သူတို
လျှင် ရှုံးပြီး ပျက်စီးမည် ဖြစ်သ

တန်ရာတန်ရာသုံးစွဲခြင်းဖြင့်
ခြင်းမှလွတ်ကင်းကြပါကုန်။

ချောင်းဆုံအုန်

www.burmeseclassic.com

ဆောင်းပါးခေါင်းစဉ်တွင် 'ဟော့' ဟူသောစာလုံး ပါရှိသည်ဖြစ်၍ ရိုင်းပျသည်ဟု မထင်မှတ်စေလိုပါ။ သီချင်းတစ်ပုဒ်၏ မူလစာသားကို ယူသုံးထားခြင်းဖြစ်ကြောင်း ဦးစွာရှင်းလင်းတင်ပြပါရစေ။ ကျေးလက်တစ်ခုက တေးရေးစာဆို ကိုအေးကျော်၏ 'ပန်းရည်ဘဏ်တိုက်' သီချင်းမှစာသား ဖြစ်ပါသည်။ (၁၉၅၇-၅၈) ခုနှစ်ခန့်က မြန်မာ့အသံရေဒီယိုတေးဖြစ်ပြီး မူလအဆိုတော်သည် 'ခင်သစ်လွင်' ဖြစ်သည်။ ၁၉၈၀ ပြည့်လွန်နောက်ပိုင်းတွင် နီနီဝင်းရွှေက ပြန်သီဆိုခဲ့ရာက ခေတ်ဟောင်းတေးအဖြစ် ပြန်လည်ခေတ်စားလာခဲ့ရသည့် သီချင်း ဖြစ်သည်။

နွားပွဲစား ကိုအေးကျော်သည် သွားလေရာသို့ ခဲတံနှင့် ဗလာစာအုပ်ယူသွားသည်။ တေးပြုသည်။ ဒါကို တစ်ရွာတည်းသား မြင်းခြံခရိုင် ကန်မြဲရချမ်း (ရွာက နှစ်ရွာဖြစ်သော်လည်း နာမည်ကို ပူးတွဲခေါ်ကြ၏။) က ဖန်မီးအိမ်တဗျာဆရာကရန်ကုန်သို့ယူလာခဲ့သည်။ တေးပြုစာဆို 'လင်းခေးလုလင်'က အသံသွင်းကာ ခင်သစ်လွင်ကိုဆိုစေခဲ့သည်။ ကိုအေးကျော်၏ နောက်တေးတစ်ပုဒ်က 'တောင်ဝေ့ာ်ပုပ္ပား' ဖြစ်သည်။ စာရေးဆရာမင်းကျော်၏ 'ဘယ်သူပြိုင်လို့လှပါတော့နိုင်' ဆိုသော အသုံးလုံးပညာပေးမှတ်တမ်းဝတ္ထုကို ဆရာကြီးဦးသုခက ရုပ်ရှင်အဖြစ်အသက်သွင်းခဲ့သည်။ ယင်း 'ဘယ်သူပြိုင်လို့လှပါတော့နိုင်' စာသားကလည်း ကိုအေးကျော်၏ တောင်တော်ပုပ္ပားသီချင်းမှ ဖြစ်ပါ၏။ 'အပြန်အပြန်အပြန်လားဟော့××××အသွားအသွားအသွားပါကွယ့်××××ခေါက်တုံ့လူးလာ×××မြူးကာပျံ့ကြပုံ×××' စသော တေးသွားကို မောင်းဆိုင်းသံနောက်ခံတို့နှင့် ကြည်နူးဆွတ်ပျံ့ဖွယ်ရာနားဆင်ရသည်ကို ကြားဖူးသူများ မှတ်မိကြမည်ထင်ပါသည်။

လူ့ဘဝတွင် လူဖြစ်လာရသူဟူသရွေ့သည် အသွားခရီးကိုသွားနေသူ (သို့) အပြန်ခရီးကို ပြန်နေကြသည့် ခရီးသွားများသာပဲဖြစ်ပါ၏။ သည့်ထက်ပို၍ ချဲ့ကားကာပြောရပါသော် (၃၁) ဘုံသား ဟူသရွေ့သည် ခရီးသွားများသာပဲ ဖြစ်ပါ၏။ဘယ်ကလာခဲ့သည် ကျွန်တော်မသိ။ လူ့ဘဝသို့ရောက်ခဲ့၏။ ဘယ်ကိုသွားရမည်ကျွန်တော်မသိ။ မကြာသောကာလတစ်ခုတွင်မတော့ (အသက်က ၆၅-ပြည့်ခဲ့ပြီးပါပြီ) ကျွန်တော် ပြန်ရဦးမည် ဖြစ်ပါ၏။ ဒါက လောကုတ္တရာအမြင်အရပြောရခြင်းပါ။

လောကီအရမူ. . .

"ဘာကိစ္စရှိလို့လဲ"

ဟု စားပွဲတွင်ထိုင်နေသူကမေး၏။

"စာရေးစာမေးပွဲဖြေထားတာ ပါ၊ မပါသိချင်လို့ပါ"

"အမည်ပြောပါ"

ကျွန်တော်က အမည်ကိုပြောလိုက်သည်။

စားပွဲတွင်ထိုင်နေသူက နာမည်ကြားရုံနှင့် ဖိုင်တွဲကိုမကြည့်သေးဘဲ -

"ပါတယ်၊ ပါတယ်"

ဟု ပြောသည်။ ပြီးမှ ဖိုင်တွဲကိုယူ၍ ကျွန်တော့်နာမည်ကိုရှာသည်။

"ဒီမှာတွေ့လား"

ဟု ပြောသည်။

ဤမျှ လူ (၁၀၀) ကျော်စာရင်းတွင် ကျွန်တော့်နာမည်ကိုစာရွက်မကြည့်ဘဲ မှတ်မိနေသည်မို့ ကျွန်တော်က အံ့ဩသွားသည်။

၁၉၇၀ ပြည့်နှစ် မေလလယ်က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ရုံးကြီးတစ်ရုံးတွင် ဖြစ်ပါ၏။ တကယ်တော့ ဤရုံးကြီးလိပ်စာကို ကမ်းနားလမ်းဟုသာတပ်သည်။ တကယ်တမ်း အဝင်၊ အထွက်ပြုရသည်က ရှားဖရက်လမ်း

# မင်းဘူး-ဗိုလ်ဥတ္တမ
## ဘဝနှင့်လောကဓံတရား
## (အပြန်-အပြန်-အပြန်လားဟော့)



(ယခု ဘဏ်လမ်း) ဖြစ်သည်။ ရုံးဝင်ပေါက်လက်ဝဲဘက်ရှိ စုံစမ်းရန် ဟူသောအခန်းမှာ ဖြစ်သည်။ စားပွဲတွင်ထိုင်နေသူမှာ ဒုအရာခံဗိုလ်အုန်းမြင့်ဖြစ်သည်။ နောက်လူတွေ့စစ်ဆေးခြင်းဝင်ရသည်။ လူတွေ့စစ်မေးသူက ဗိုလ်ကြီးသိန်းအောင်ဖြစ်သည်။ သူနှင့်တွေ့ရပုံကလည်း ရှင်းလှပါသည်။

"ဘွဲ့ရပြီးမှ စာရေးဝင်လုပ်တာဆိုတော့ အထူးမေးဖို့ရာမရှိပါဘူး။ တစ်ခုမေးချင်ပါတယ်။ တခြားဌာနတွေမှာ ပြောင်းလျှောက်ဖို့ရာ ရည်ရွယ်ချက်ရှိပါ



www.burmeseclassic.com

www.burmeseclassic.com

သလား"

အင်မတန်မှကြောင်းကျိုးညီသော မေးခွန်းဖြစ်၏။

"ဒီရုံးမှာ စာပြစာမေးပွဲကို ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလမှာ ဝင်ဖြေခဲ့ဖူးပါတယ်။ မအောင်ခဲ့ပါဘူး။ ကျွန်တော်ဟာ စာပေဝါသနာရှင်တစ်ဦး ဖြစ်ပါတယ်။ စာပြုလုပ်ချင်ပါတယ်။ စာရေးအဖြစ်နဲ့ လျှောက်ရင် အတွင်းလူမို့ အခွင့်အရေး ပိုရမယ်ယူဆလို့ ယခုလို စာရေးအဖြစ် လျှောက်ထားခြင်း ဖြစ်ပါတယ်"

ကျွန်တော်က ဖြေသည်။

"ကောင်းပါပြီ၊ သွားနိုင်ပါပြီ"

ဤသို့နှင့် ၁၉၇၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့မှစကာ ဤရုံး၏ဝန်ထမ်း ဖြစ်ခဲ့သည်။ ဤကဲ့သို့ ဇွန်လ ၁ ရက်နေ့တွင် စတင်လှမ်းတက်လိုက်သော ပထမဆုံးခြေလှမ်းသည် ဤရုံးကြီးတွင်(၁၈)နှစ်တာ အမှုထမ်းဖို့ရာဖြစ်လာခဲ့ပါတော့သည်။ စာရေး၊ စာရေးကြီး၊ သုတေသနလက်ထောက်(စာပြ)နှင့် လက်ထောက်စိစစ်ရေးမှူးတာဝန်များ ထမ်းရွက်ခဲ့သည်။

ထို့နောက် ဤ(၁၈) နှစ်ဝန်ထမ်းဘဝရှိသည် . . .

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ လဆန်းဖြစ်၏။ ကုန်းမြင့်သာ့အဆောင် (၁) အစည်းအဝေးခန်းမသို့ ဝန်ထမ်းတွေကို စုဝေးစည်းရုံးစေ၏။ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

"ဝန်ထမ်းတွေဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်တော်တို့တာဝန်ရှိသူတွေသိပါတယ်။ ဒီတော့ ကျွန်တော်တို့ အတွေ့အကြုံနဲ့ယှဉ်ပြီး ပြောပြပါ့မယ်။ တစ်ဖက်ကရန်သူက ကျည်အားနဲ့ဖိပစ်နေတော့ ကျွန်တော်တို့မှာ ခေါင်းမဖော်နိုင်ဘူး။ ဒီလိုပဲခံနေရတော့မှာလားလို့ ကျွန်တော်တို့က တာဝန်ရှိသူကိုစောဒကတက်တယ်။ ဒီတော့ တာဝန်ရှိသူက လေယာဉ်ပျံတွေလာတော့မှာပါ။ မကြာခင်ပဲ လေယာဉ်ပျံတွေလာပြီး ရန်သူ့အပေါ် ဗုံးကြဲတော့မှ ကျွန်တော်တို့မှာ ခေါင်းဖော်နိုင်တော့တယ်။ အခုလည်း ဝန်ထမ်းတွေကိုပြောလိုတာက မကြာခင်ပဲ လေယာဉ်ပျံတွေလာတော့မှာပါ။ သည်းခံအောင့်အည်းနေကြပါ"

ပြောပုံက ပရိယာယ်ပါ၏။ ပညာသားပါ၏။ မကြာခင်ပဲ ဘာဖြစ်တော့မည်ဆိုခြင်းကို သွယ်ဝိုက်၍ပြောသွားခဲ့၏။ သူပြောသော လေယာဉ်ပျံများက ရက်ပိုင်းအတွင်း ရောက်လာခဲ့ပါ၏။ သို့သော် ရောက်လာသော လေယာဉ်ပျံများသည် သူ့ဘက်ရော ကိုယ့်ဘက်ရော ရော၍ ဗုံးကြဲသွားခဲ့ပေရာ ကျွန်တော်တို့ ဝန်ထမ်းများမှာ အရင်းလဲခဲ့ပြီဖြစ်သဖြင့် ထင်းဖြစ်ခဲ့ရပါပကော။

၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့။

"မနက်ဖြန်မှစ၍ ရုံးတက်ရန်မလိုတော့ပါ။ လစာကို အပြည့်ပေးပါသည်။ လစာပေးမည့်ရက်ကိုသတင်းစာမှာကြည့်ပါ"

အမိန့်ထွက်လာခဲ့သည်။

ကျွန်တော်က ရုံးတွင်ထားသော စာအုပ်တွေကိုစု၍ကြိုးနှင့်ချည်၊ တစ်ထုပ်ကိုထမ်းကာ တစ်ထုပ်ကိုလက်ကဆွဲ၍ စက်လှေကားကနေ ဆင်းလာခဲ့သည်။

ဩော် - ကျွန်တော်၏ အပြန်ခရီးပါလား။ အပြန်ခရီးသည်မို့လည်း ခြေထောက်တွေက လေးလံလို့နေပါကလား။ လေအေးစက်တပ်အခန်းက နေထွက်လျှင် ထွက်လိုက်လျှင်ပဲ ပြင်ပလေပူ၏တိုက်ခတ်ခြင်းကိုခံလိုက်ရသည်။ ဘဝနေပူပူမှာလျှောက်လှမ်းရတော့မည်။ အတိတ်နိမိတ်ပေပဲလား။ ကျွန်တော်၏ မြင်ကွင်းထဲ၌မူ ကျွန်တော့်လိုပဲ ဝန်ထမ်းကိုယ်စီကို အထုပ်တွေကိုယ်စီနှင့်မြင်တွေ့ရသည်က မီးဘေးဒုက္ခသည်တွေ၊ စစ်ပြေးဒုက္ခသည်တွေနှင့်တူလှသည်။

တစ်ချိန်တည်းတွင် ဒုတိယကမ္ဘာစစ် စစ်ပြန်ကြီးတစ်ဦး ပြောသောစကားကို သတိရလိုက်မိသည်။ အချိန်သည်ကား ၁၉၄၂ ခုနှစ် ဂျပန်တပ်များက မြန်မာပြည်တွင်းဝင်လာပြီမို့ စစ်ပြန်ကြီးတို့၏ ဗြိတိသျှတပ်တွေက သေပြေးရှင်ပြေး ဆုတ်ခွာနေရသည့်အချိန်ပဲ ဖြစ်သည်။

သည်တုန်းက ရေဦးမြို့မှာပေါ့။ အချိန်က ညနေစောင်းနေဝင်ရီတရော အချိန်ပဲ။ စစ်ခရာသံရှည်လျားစွာပေါ် ထွက်၍လာခဲ့သည်။ သည်ခရာသံ၏ အဓိပ္ပာယ်ကတော့ ငါတို့စစ်ရှုံးပြီ။ မင်းတို့ သွားလိုရာကိုသွားနိုင်ပြီ။ ဘာတာဝန်မှ မရှိတော့ဘူးဆိုတဲ့ အဓိပ္ပာယ်ပင်။ သိပ်ပြီး ကြေကွဲဝမ်းနည်းစရာကောင်းလှသည်။

ယခုလည်း ကျွန်တော်တို့အား နက်ဖြန် အောက်တိုဘာ ၁၅ ရက် နေ့မှ စပြီး ရုံးတက်ရန်မလိုတော့ပါ ဟူသော ခရာသံပေး၍ 'သင်သွားလိုရာသွားနိုင်ပြီ' ဟူသော အမိန့်ပြန်တမ်းကိုထုတ်ခဲ့ပါပြီ။ ဝန်ထမ်းတစ်ဦး ကွယ်လွန်သော် အသုဘ အခမ်းအနားတွင် တာဝန်ရှိပုဂ္ဂိုလ်က ဤသို့ 'သင်သွားလိုရာသွားနိုင်ပြီ' အမိန့်ပြန်တမ်းကို ဖတ်ကြားလေ့ရှိသည်။ သေသူနှင့် ရှင်သူသာ ကွာခြားသည်။ ကျွန်တော်တို့ကမူ ဤသင်သွားလိုရာ သွားနိုင်ပြီအမိန့်ကိုပိုက်၍ ရှင်လျက်နှင့်ပင် ရုံးတော်ကြီးမှ ဆင်းလာခဲ့ကြရပါပြီကော။

၁၉၇၃ ခုနှစ်ခန့်က ဖြစ်၏။ အစ်မဖြစ်သူထံက စာတစ်စောင်ရောက်လာခဲ့သည်။

"အဖေကပြောတယ်။ မောင်ဝမ်းစီးထားတဲ့ဖိနပ်က မခိုင်ဘူး။ ခိုင်တဲ့ဖိနပ်ကို ပြောင်းစီးပါ" တဲ့။

အဖေဖြစ်သူက ရုံးပြောင်းလုပ်စေလိုသည်။ ယခု အဖေပြောသည့်အတိုင်းပဲ တကယ်ဖြစ်လို့လာခဲ့ပြီ။ မှန်သည်။ ခရီးဆိုသည်မှာ ဖိနပ်ခိုင်ခိုင်စီးမှဖြစ်မှာ မဟုတ်လား။ ကျွန်တော်က တောင့်တင်းခိုင်မာခြင်းကိုမကြည့်၊ စီးချင်သောဖိနပ်ကိုသာစီးခဲ့သည်။ ယခု ဤဖိနပ်က လမ်းခရီးမှာပဲပြတ်ခဲ့ပြီ။ ဖိနပ်ပြတ်က ကျွန်တော့်ကို စွန့်ခွာလို့သွားခဲ့ပြီ။ ကျွန်တော်က ဖိနပ်ပြတ်ကို စွန့်ခွာခဲ့ရပြီ။ အဖေသည် ဘာကိုကြည့်၍ ကျွန်တော့် ဘဝကို ဟောကိန်းထုတ်ခဲ့တာပါလဲ။ ကျွန်တော်မသိပါ၊ တစ်ခုတော့ သေချာသည်။ ထိုအချိန်က အဖေသည် သမထသမားတစ်ဦး၊ စိပ်ပုတီးသမားတစ်ဦး မဟုတ်ဆိုခြင်းပင် ဖြစ်သည်။

၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၂ ရက်နေ့နံနက်၊ ဒေသစံတော်ချိန် (၉) နာရီခန့်တွင် ဘန်ကောက်မြို့သို့ရောက်သည်။ ဤအချိန်မှာပဲ ဘန်ကောက်၏နံနက်ခင်းက အတော်ကလေးပင် ပူလို့နေပါပြီ။ အီကွေတာနှင့်ပို၍နီးသောကြောင့်ဟုထင်သည်။ ခရီးတစ်ခုကို ကျွန်တော်ကစတင်လို့ထွက်ခွာလာခဲ့ပြန်ပါပြီ။ ရှုပ်ထွေးပွေလီသော ကျိုးလန့်စာစားအခြေအနေတွင် ကျွန်တော် မနေလိုပါ။ မနေတတ်ပါ။ ဒါကြောင့် ဤနေရာကနေ အမြန်ဆုံး ထွက်ခွာဖို့ကြိုးစားသည်။ ဒါတောင် (၁)နှစ်ခန့်ကြာခဲ့သည်။ ဘယ်နိုင်ငံသွားမည်လဲ ကျွန်တော်မသိပါ။ ဘာအလုပ် လုပ်ရမည်လဲ ကျွန်တော် မသိပါ။ ဤခရီး မရေရာမသေချာဘဲ ကျွန်တော် ဤခရီးကို ထွက်လာခဲ့ခြင်း ဖြစ်သည်။ တစ်ခုတော့ သေချာသည်။ ဆူညံရှုပ်ထွေးသော အခြေအနေတစ်ရပ်ကိုမူ ကျွန်တော် ဖောက်ထွက်၍လာနိုင်ခဲ့ပြီ။

(၁) နှစ်ခန့် အောင့်အည်းနေခဲ့ရသည်။ စိတ်ရှုပ်ခြင်း၊ သည်းခံခြင်း၊ မျိုသိပ်ခြင်းတို့သည် အောင်မြင်မှုရေး



www.burmeseclassic.com

www.burmeseclassic.com

သော သို့မဟုတ် မိမိဖြစ်လိုရာကိုဖြစ်စေသော အလေ့အကျင့်များ ဖြစ်သည်။ တစ်နည်းအားဖြင့် လောကီစရဏကျင့်စဉ်ဆိုတာက မမှားပါ။ တစ်ခါကလည်း (၂) နှစ်ခွဲကာလမျှ ဤကဲ့သို့ စိတ်ရှည်၊ သည်းခံ၊ အောင့်အည်း၊ မျိုသိပ်နေခဲ့ရဖူးသည်။ အိမ်ထောင်ရေးပြဿနာဖြစ်စဉ်က ဖြစ်သည်။ နောက်ဆုံး မိမိလိုချင်သောခွင့်ရောက်အောင် ချိုးယူရသည်။ ထိုအဆင့်ကိုရောက်မှ လက်ပြန္နတ်ဆက်လိုက်သည်။ သွားတော့၊ ရှင်းရှင်း မင်းကိုပြောမယ် သွားတော့။ ၁၉၇၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင်စတင်ခဲ့သော အိမ်ထောင်ရေး ခရီးရှည်သည်လည်း ၁၉၈၇ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် ကွဲကွာခြင်းဖြင့် နိဂုံးချုပ်ခဲ့သည်။ ဝန်ထမ်းဘဝခရီးရှည်သည် လည်းကောင်း၊ အိမ်ထောင်ရေး ဘဝခရီးရှည်သည် လည်းကောင်း အရှုံးနှင့် အဆုံးသတ်ခဲ့သည်။ ဒါဖြင့်လျှင် ယခု ကျွန်တော်၏ တတိယမြောက်ခရီးဖြစ်သည့် နိုင်ငံခြားငွေရှာခရီးကကော ဘယ်လိုရှိမည်လဲ မသိသေးပါ။ ယခုမှ ခြေလှမ်းစတင်လှမ်းရုံပဲရှိပါသေးသည်။

ဘန်ကောက်တွင် (၂) လခွဲခန့်သောင်တင်သည်။ နောက်ဆုံး ရွေးစရာမရှိတော့ပေရာ မလေးရှားသို့ တစ်ဦးတည်းထွက်လာခဲ့သည်။ ဟတ်ဂျိုင်ဆိုသော ထိုင်းတောင်ပိုင်းမြို့တော်ကနေ ပီနံကို စုပေါင်းတက္ကစီစီးရသည်။ ချန်ဂလုံဆိုသော ထိုင်း - မလေးနယ်စပ် ထိုင်းလူဝင်မှုက ကျွန်တော့်ကို အထွက်မခံပါ။ အခွန်မဆောင်ရသေး၍ ဖြစ်သည်။ သို့နှင့် အနီးဆုံး ဆာဒါအို (Sadao) မြို့လေးသို့ပြန်ရသည်။ အခွန်ဆောင်ပြီးတော့ နေ့ခင်း (၂) နာရီခန့်ရှိပါပြီ။ ဆာဒါအိုအခွန်ရုံးရှေ့က သစ်ပင်ရိပ်တွင် အိတ်လေးနှစ်လုံးဘေးချကာ ကျွန်တော် ငုတ်တုတ်လေးထိုင်နေသည်။ ဟတ်ဂျိုင်ကို ပြန်ရမည်။ ယင်းကမှ ပီနံတက္ကစီရှိသည်။ ဟတ်ဂျိုင်ကို ဘယ်လိုပြန်မလဲ။ နေပူရှိန်ပူပြင်းလှ၍ လူမပြောနှင့် ခွေးတစ်ကောင်ကြောင်တစ်မြီးမျှပင် မရှိပါ။ စိတ်ထဲက မေတ္တာသုတ်ကို တစ ခေါက်ပြီးတစ်ခေါက် ပွားဇော်နေသည်။ တစ်ခဏအကြာ 'ဟတ်ဂျိုင် ဟတ်ဂျိုင်' ဟု အော်၍ တက္ကစီတစ်စီးပေါ်လာသည်။

"ထောက်လိုင်ခပ်"

(ဘယ်လောက်လဲ) ဆိုတော့ -

"ယီဆစ်ဆတ်"

(ဘတ် ၂၀)

ဆို၍ အိတ်တွေပစ်တင်ကာလိုက်သွားတော့သည်။ မနက်က တက္ကစီဂိတ်ရောက်တော့ ယခု ကားမရှိ၊ မနက်မှရှိသည်ဟုဆိုသည်။ ကိစ္စမရှိပါ။ အနားတွင် စားသောက်ဆိုင်နှင့် တည်းခိုခန်းရှိသည်။ ထိုစဉ်မှာ တက္ကစီအလွတ်တစ်စီးဝင်လာသည်။ တက္ကစီဂိတ်ကလူက -

"ခင်ဗျားတစ်ယောက်တည်းလိုက်ရမယ်။ ဘတ် (၃၀၀) ဆိုတော့ လိုက်မယ်"

ဟုပြောကာ ယင်းတက္ကစီနှင့်လိုက်သွားတော့သည်။ အခွန်ပြေစာပါရန် ယခု တစ်ခေါက်တွင် ပြဿနာမရှိတော့ပါ။

ချန်ဂလုံမှသည် ပီနံတစ်ဖက်ကမ်းဘာတာဝပ်ခပ်သွားရာလမ်းက လှပလှသည်။ တစ်ဖက်ကို ယာဉ်ကြောသုံးခုရှိသည်။ အလယ်ကောင်မှာကျွန်းတွေရှိပြီး ပန်းရောင်စုံတွေစိုက်ထားသည်။ (ယနေ့ ရန်ကုန်-ပဲခူးလမ်းနှင့်တူ၏) အဝေးတွင် တောဖြိုတန်းတွေရှိသည်။ ဝဲယာတွင် တစ်ခါတစ်ရံ ဆီအုန်းတော၊ တစ်ခါတစ်ရံ ရော်ဘာတောတွေရှိသည်။ ဖလိုင်းယင်း အိုဗာခေါ် မိုးပျံတံတားမျိုးတွေလည်းတွေ့ရသည်။ ပီနံတည်းခိုခန်းရောက်တော့ ည (၇) နာရီခန့်ရှိပါပြီ။ မနက်ကတည်းက မျက်နှာလည်းမသစ်ရသေး၊ မနက်စာ ညစာလည်း မစားရသေး။ တစ်နေ့လုံး စိတ်ဇောလူမောနှင့် ခုတင်ပေါ် လှဲချလိုက်ရာ အိပ်ပျော်သွားတော့သည်။ ည (၁၀) နာရီခန့်မှ တစ်ရေးနိုးရာ အောက်ဆင်းပြီး ခေါက်ဆွဲတစ်ပွဲစားလိုက်သည်။ နောက်နေ့ ညကားနှင့် ပီနံ-ကွာလာလမ်ပူအဝေးပြေးကားစီးခဲ့သည်။

ဧပြီ ၅ ရက်နေ့ မနက် (၁၁) နာရီခန့်တွင် ဆာလာယမ်းဘာရူးမြို့လေး ထဲမှာ လိပ်စာတစ်ခုရှာရင်း ကျွန်တော့်မှာ ချာချာလည်လို့နေခဲ့သည်။ ဒါကိုမြင်သော အဇီဇာ ဆိုသည့် မလေးအမျိုးသမီးက သူ့ကားပေါ် တင်ပြီး လိုက်ရှာပေးသည်။ (သူ့သမီးငယ်လေးလည်းပါ၏။) ယင်းမှ ရှာသောလိပ်စာတွေ့၏။ မြန်မာတည်းခိုအိမ်ရောက်သွားခဲ့သည်။ ထိုမှတစ်ဖန် ကွာလာလမ်ပူမြို့အပြင်ဘက် (၁၄) မိုင်ရှိ သံစစက်တွင် အလုပ်ကြမ်းသမားအဖြစ် (၁၁) လလုပ်ခဲ့သည်။ (၁၀)လက မလေးရှားတွင်ခိုးနေခဲ့ခြင်း ဖြစ်သည်။

ဘန်ကောက်တွင် ဂျပန်ဗီဇာလျှောက်ရန် ကွာလာလမ်ပူ ခိုဒါဘာရူး (ကလေတန်ပြည်နယ်) အဝေးပြေးကားစီးကာထွက်ခဲ့သည်။ ရတာန်ဗဂျန်း (ထိုင်းဘက်က ဆူဂိုင်းဂလုပ်တူခေါ်၏။) ဝိတ်ကနေ ထိုင်းသို့ဝင်သည်။ တံကောင်းသဖြင့် အဖမ်းမခံခဲ့ရပါ။ ဘန်ကောက်တွင် ဂျပန်ဗီဇာမရ၍ သူငယ်ချင်းတစ်ဦးအကြံပေးချက်အရ မကာအိုသို့ရောက်သွားခဲ့သည်။ မကာအိုမှာ (၁၃)နှစ်ကြာခဲ့သည်။ လူဝမ်ကျွန်းက ဘီစီအမ်ဘဏ်မှာပဲ (၈) နှစ်ကြာခဲ့သည်။ လူဝမ်၊ ချစ်သောလူဝမ်၊ သန့်ရှင်းသော၊ သပ်ရပ်သော၊ လှပသော၊ တိတ်ဆိတ်သောလူဝမ်သည် ကျွန်တော့်ဘဝတွင်းက တစ်စိတ်တစ်ဒေသနေရာလေးသာ ဖြစ်ခဲ့သည်။

စပ်လျဉ်း၍ တင်ပြပါရစေဦး။ ဤလူဝမ်ကို အခြားတရုတ်လုံခြုံရေးများက မကြိုက်ပါ။ ဝေး၍ဖြစ်သည်။ ကျွန်တော်ကကြိုက်သည်၊ အေးဆေး၍ဖြစ်သည်။ အလုပ်တစ်ခုကိုလုပ်ကိုင်လျှင် သူများမကြိုက်တာကိုယူပါ။ မြဲသည်။ ဖယ်စရာရှိလျှင်၊ ဖြုတ်စရာရှိလျှင် လူကြိုက်သည့်နေရာကလူတွေပါသွားတတ်သည်။ မကာအိုလုံခြုံရေးကုမ္ပဏီက မကာအိုမှတ်ပုံတင်မရှိသည့် ဂတ်ဒ်ကိုဖြုတ်ရာ ကျွန်တော်ကျန်ခဲ့သည်။ မြန်မာစကားတွင် 'ကိုယ့်ရွာနေကြက်ဖ၊ သူများရွာနေကြက်မ၊ ကိုယ့်ရွာနေကြက်မ၊ သူများရွာနေကြက်ဖ' ဟူ၍ မှုကွဲရှိသည်။ ကျွန်တော့်သဘောကမူ ကိုယ့်ရွာဖြစ်စေ၊ သူများရွာဖြစ်စေ၊ နေရာသစ်တစ်ခုတွင် အောက်စည်းကနေဝင်ပါ။ ကာလကြာသည်နှင့်အမျှ မိမိသည်အပေါ် စီးရောက်ပါလိမ့်မည်။ လုပ်ငန်းရှင်က မိမိကို အားထားလာရပါလိမ့်မည်။ ရောက်စ မိမိကမပိုင်သေးခင်မှာ စိတ်ရှည်သည်းခံအောင့်အည်းမျိုသိပ်ရသည်။ ကာလကြာလာသော် မိမိကပိုင်နိုင်သူဖြစ်လာလိမ့်မည်။

မကာအိုကနေ ဘန်ကောက်သို့ အကြောင်းကြောင်းနှင့် သွားလိုက်၊ ပြန်လိုက်လုပ်ခဲ့ရသေးသည်။ ၂၀၀၃ ခုနှစ်မှာတော့ အသက်ကလည်း (၆၀) နားကပ်လာပြီမို့ အပြီးပဲပြန်လာခဲ့တော့သည်။ ကျွန်တော်၏နိုင်ငံခြားခရီးသည် အမြတ်ကြီးမမြတ်ခဲ့ပါ။ သို့သော် မရှုံးပါ။ ထိုက်သင့်သော ငွေကြေးကိုမူ စုဆောင်းရရှိခဲ့သည်။ အမိမြေတွင် ဘယ်လိုမှ မရနိုင်သောငွေကြေးကို စုဆောင်းရရှိခဲ့ပါသည်။

သို့သော်. . .

ဤ သို့သော်ကို ကျွန်တော်မပြောချင်ပါ။ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းကို ရင်းနှီး၍ ရရှိခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

ငွေကြေးပဲဖြစ်ပါ၏။

(၃၁) ဘုံသား ဟူသမျှတို့သည် သံသရာခရီးသွားများသာဖြစ်သည်။

ကာမဘုံသား×××ဆုံလည်နွားသို့နှယ်××× အနမတဂ္ဂတွေရယ်××× ကျင်လည်ခဲ့ရပြန်တယ်××× မဆုံးနိုင်ကြတယ် ××× တဝဲလည်လည် ××× သမုဒယဆိုသောတဏှာရယ်×××ဖြစ်လာတယ်××× သံယောဇဉ်ကကွယ်××× သားရယ်××× သမီး ရယ်×××ဇနီးရယ်×××ခင်ပွန်းသည်ရယ် ××× ဆွေရယ်မျိုးရယ်××× ချစ်ကြိုးသွယ်သွယ်နှောင်ဖွဲ့ ကာရယ်×××မရုန်းနိုင်ကြတယ်×××မြခိုင်လှတဲ့×××သံသရာခရီးသည်×××ကြားဖူးကြပါလိမ့်မည်။ ကြားခဲ့ဖူးကြပါလိမ့်မည်။ အဆိုတော်ကြီး ဒေါ်မေလှမြိုင် သီဆိုခဲ့သော 'သံသရာခရီးသည်' သီချင်းပဲ ဖြစ်သည်။ ဘယ်ကလာသလဲမသိ၊ ဘယ်ကိုသွားမည်လဲမသိ၊ မျက်မှောက်ဘဝတွင်ကားကိလေသာနွံ၌နစ်နေ၏။ နစ်နေပေမယ့်လည်း နစ်နေမှန်းမသိ။ ယင်းမသိမှုကိုပင် 'ပဋိစ္စသမုပ္ပာဒ်'တရားတော်ဝယ် 'အဝိဇ္ဇာ' ဟုခေါ်၍ အဘိဓမ္မာတရားတော်တွင် 'မောဟ' ဟု ခေါ်ပါ၏။ အဝိဇ္ဇာဟူသည် အမှန်ကို မသိခြင်းသာမက အမှားကို အမှန်ထင်ခြင်းပဲ ဖြစ်ပါ၏။

ဤ (၃၁) ဘုံသားတို့သည် လူ့ဘဝကိုသွားလိုက်၊ လူ့ဘဝကနေ ပြန်လာလိုက်၊ အပါယ်ဘုံဖြစ်သောငရဲကိုသွားလိုက်၊ ငရဲဘုံကပြန်လာလိုက်၊ ငရဲက လွတ်ပြန်တော့ တိရစ္ဆာန်ဘုံသွားလိုက်၊ တိရစ္ဆာန်ဘုံကနေပြန်လာလိုက်ကြနှင့် သံသရာတွင် မဆုံးနိုင်သောခရီးကို လျှောက်လှမ်းကာနေကြပါ၏။ ဒါကြောင့်လည်း ကျွန်တော်က 'အပြန်×××အပြန်အပြန်လားဟေ့×××အသွား×××အသွားအသွားပါကွယ့်' ဟူသော တေးသွားကို ကိုးကားခဲ့ခြင်း ဖြစ်ပါ၏။ ဒါဖြင့်လျှင် အသွားသာရှိ၍ အပြန်ကမူ မရှိသော ခရီးကောမရှိဘူးလားဟု အမေးရှိလာသော် ရှိပါ၏။ နိဗ္ဗာန်ခရီးပဲဖြစ်လေသည်။ ~~နိဗ္ဗာန်ခရီးတို့မည်သည် အသွားအလာရှိ၍~~ အပြန်မရှိသောခရီးဖြစ်သည်။ နိဗ္ဗာန်ခရီးကိုသွားခဲ့ကြသူများတွင် မြတ်ဗုဒ္ဓမှအစပြုကာ ပြန်လှည့်၍ မလာကြသော၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့ဆုံးရာ အနုပါဒိသေသပရိနိဗ္ဗာန်ပြုခဲ့လေသော ရဟန္တာပုဂ္ဂိုလ်ပေါင်းများစွာတို့ရှိခဲ့ပြီဖြစ်ပါ၏။

မကာအိုမြို့ လူဝမ်ဘဏ်တံခါးဝတွင် ကျွန်တော်သည် ညာဘက်တိုင်ကိုထောက်မှီကာ ရပ်လို့နေသည်။ ဘဏ်လုံခြုံရေး ကျွန်တော်သည် ပြင်ပကမျက်နှာစိမ်းများ၏မျက်နှာကို မှတ်မိစေရန် ဖတ်နေရခြင်းပါ။ ကျွန်တော်၏ မြင်ကွင်းထဲတွင်မူ ဝမ်ခမ်မြစ်နှင့် အခြားမြစ်တစ်ခုတို့ဆုံရာမြစ်ဆုံကရှိနေသည်။ ရေတက်ရက် ရေတက်ချိန်မို့လည်း ရေမျက်နှာပြင်ကတင်းတင်းကြွလို့နေသည်။ ဖြစ်ပျက်ဓမ္မသင်္ခါရကို သိနားလည်ခြင်းမရှိသော၊ အောင်မြင့်နေသော လူသားတစ်ဦး၏ 'ငါနှင့်ငါသာနိုင်းစရာ' မျက်နှာပေးနှင့်လည်းတူလှပါသည်။ လှိုင်းလုံးများက တရိပ်ရိပ်ပြေးလာကာ ဝမ်ခမ်ဘက်ကမ်းက ကျောက်ဆောင်ကျောက်သားကို ပြေး၍ရိုက်လိုက်တော့ ရေတို့ကဖွားခနဲလွင့်စဉ်၍သွားကြသည်။ ဤမြင်ကွင်းကိုကြည့်ကာ ကျွန်တော်က အတွေးနယ်ချဲ့လို့နေမိပြန်သည်။ ကဗျာဘက်လေးများလည်း ကွန့်မြူးမိပြန်ပါ၏။

- မသိမှုအဝိဇ္ဇာ၊ ငါလိပ်ပြာပျံကာဝဲ၊
  နားပဲမနားခဲ့။
- အပါယ်တဲ့လေးဘုံ
  ငါဘယ်နှခါကြုံခဲ့ပြီးပြီလဲ။
- လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံ
  ဥဿုံ လုံးဝ စိတ်မချရ၊
  နိဗ္ဗာန်သာ ထာဝရ။ ။

ဤကဗျာ ကဗျာရသမမြောက်ခဲ့ပါသော် သည်းခံ၍သာ ဖတ်ရှုပါ။ ကဗျာပညာကို ဖော်ထုတ်ရန်မဟုတ်ဘဲ သတ္တဝါတို့၏ သံသရာဖြစ်စဉ်ကို ကဗျာပုံစံဖြင့်သာ ဖော်ညွှန်းခြင်း ဖြစ်ပါ၏။ ဤသံသရာခရီးကိုပင် 'ကြောက်စရာကောင်းလှသည်။ ရုပ်နာမ်ခန္ဓာဟူသည် မည်သည့်ပုံစံနှင့်ပဲပေါ်လာခဲ့သည်ဖြစ်စေ ဆင်းရဲခြင်းသက်သက်သာဖြစ်သည်' ဟု အရိယာသူတော်စင်တို့က ဖော်ညွှန်းခဲ့သည်။ နားလည်သူက နားလည်သည်။ နားမလည်သူကား နားမလည်။ နားလည်သည့်တိုင် ဤဆင်းရဲမှလွတ်မြောက်ရန် လက်တွေ့ကြိုးပမ်းမှုလမ်းပေါ်သို့ရောက်သူကမှ ရောက်သည်။ မရောက်သူတို့ကား မရောက်ကြ။ ရောက်သူတို့က ဤလက်တွေ့လမ်းကြောင်းပေါ်သို့ ရောက်ပေသည့် 'နိဗ္ဗာန်' ဟူသော အရဟတ္တမဂ်ဉာဏ်ကို ရသူတို့မှရ၍ မရသေးသူတို့ကား မရကြသေးပါ။ ပါရမီလိုပါသည်။ ပါရမီ ဟူသည် ဘဝများစွာ၌ လေ့ကျင့်ခဲ့သော လုံလောက်သည့် အလုပ်တရားပဲ ဖြစ်သည်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ဖြစ်ရန်ဖြစ်ရန် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းလေ့ကျင့်ရသည်။ လက်ဝဲ၊ လက်ယာရံသာဝကဖြစ်ရန် တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းကျင့်ရသည်ဟု မှတ်သားရဖူးပါသည်။

ဒါကြောင့်ပဲ မိုးကုတ်ဆရာတော်ဘုရားကြီးက အမေးရှိခဲ့သည်။

"ဆုကြီးပန်လား၊ ခုရ ခုယူမယ့်သူလား။ ဆုကြီးပန်ဆိုရင်တော့ အတော်သတ္တိရှိတယ်ပြောရမယ်ဗျ"

ဟု ပါရှိခဲ့ပါ၏။

'ဆုကြီးပန်' ဆိုသည်က ဘုရားဆုပန်ဖြစ်သည်။ ဘုရားဆုပန်ဆိုလျှင် အနည်းဆုံး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း သံသရာဝယ်လည်ရပေဦးမည်။ ဤနေရာတွင် ဂေါတမမြတ်စွာဘုရားသခင်သည် သုမေဓာရှင်ရသေ့ဘဝဝယ် 'ဗျာဒိတ်ပေး ဒီပင်္ကရာ' ဘုရားထံမှ ဗျာဒိတ်ရပြီးမှသာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကျင်လည်ခဲ့ရခြင်းဖြစ်သည်။ သည့်အရင်ကမူ စိတ်ဖြင့်က ခုနစ်သင်္ချေ၊ နှုတ်ဖြင့် ကိုးသင်္ချေ ဆုတောင်းခဲ့ရပြီး ဘုရားဖြစ်ရန်အလို့ငှာ သင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတစ်သိန်း ဆုတောင်းခဲ့ရသည်ဟု ဇန်းမော်ဆရာတော်ကြီး၏ ပဋ္ဌာန်းတရားတော်တွင် လည်းကောင်း၊ သမ္ဗုဒ္ဓေဂါထာတရားတော်တွင် လည်းကောင်း မှတ်သားရပါ၏။

ခရီးသွားများ၊ တစ်ဘဝခရီးကိုသွားနေကြလေသူများ၊ သံသရာခရီးကိုသွားနေကြသူများ ဤခရီးကိုမောင်းနှင်စေခိုင်းနေသည်က ကိလေသာပဲ ဖြစ်သည်။ ဤကိလေသာကိုပဲ သောက်လေသောက်လေ ငတ်မပြေဖြစ်ရသည်။ ကိလေသာဆားငန်ရေဆိုတာဘာလဲ။ အမြင်အာရုံများ၊ အကြားအာရုံများ၊ အနံ့အာရုံများ၊ အစားအာရုံများ၊ အထိအတွေ့အာရုံများ၊ အတွေးအာရုံများပဲဖြစ်သည်။ ကြိုက်လျှင် လောဘဖြစ်၍၊ မကြိုက်လျှင် ဒေါသဖြစ်မည်။ ဒါမှမဟုတ် ဘာမှန်းမသိသော မောဟဖြစ်မည်။ ဤသို့နှင့်ကိလေသာကိုအကြောင်းပြု၍ စေတနာကံတို့ဖြစ်လေသည်။ ထိုစေတနာကံကြောင့် ဘဝသစ်တစ်ဖန်ရ[illegible]ပြန်သည်။ ရုပ်နာမ်ရှိလျှင် ကိလေသာ[illegible]သည်၊ ကိလေသာရှိလျှင် ဇောရှိသ[illegible] ဇောရှိလျှင် ကုသိုလ်-အကုသိုလ်[illegible] ကုသိုလ်-အကုသိုလ်ရှိလျှင် [illegible]သည် ကံဆိုသောစေတနာရှိလျှ[illegible] ရုပ်နာမ်[illegible] သည်။ ဤသည်ကား [illegible]သရာခရီးဖြစ်[illegible] ပေတည်း။

မင်းဘူး-ဗိုလ်ဥတ္တ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဦးကြည်ဝင်း(ရွှေစင်)ချောက်

# လေ့လာမှတ်သားလိုက်နာ ကျန်းမာစေရာ တိုင်းရင်းဆေးပညာ

လူသားတိုင်း ကျန်းမာစေရန်နှင့် အသက်ရှင်ရေးအတွက် ကံ-စိတ်-ဥတု-အာဟာရဟူသောအကြောင်းအထောက်ပံ့ (၄) ပါး (Supporting Power) ကို လူတိုင်းသာမန်အားဖြင့် သိထားကြပြီး ဖြစ်ပါသည်။

ကာမာဝစရကံက ထောက်ပံ့ထားသော ဤရုပ်နာမ် ခန္ဓာကိုယ်ကြီးသည် ကံအားနည်းလာလျှင် မကျန်းမမာဖြစ်တတ်ပါသည်။ သို့ဖြစ်ပါ၍ မွေးနေ့များတွင် ဘုရားစေတီများသို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူခြင်း မိမိနေအိမ်တွင် သံဃာတော်များ ဆွမ်းကပ်လှူ၍ ရေစက်နှင့် ပစ္စုပ္ပန်ကံဆက်ကြသောကုသိုလ်များကိုပြုလုပ်ကြပါသည်။

လူသားတိုင်း တွေ့ကြုံရမည်ဖြစ်သော အဆိုးလောကဓံရှစ်ပါးနှင့် တွေ့ကြုံရသောအခါများတွင်လည်း စိတ်ဓာတ်အားကျတတ်ပါသည်။ ထိုအခါမျိုးတွင် လောကီပညာရှင်များ ရေးသားသော စိတ်ဓာတ်တက်ကြွစေသောတတ်ကျမ်းများကို ဖတ်ရှုခြင်း၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ ဂုဏ်တော်များပွားများခြင်းဖြင့် စိတ်ဓာတ်အားကို မြှင့်တင်ရပါမည်။

ကံနှင့် စိတ် မျှတနေသော်လည်း ဥတုရာသီနှင့် မျှတအောင်မနေတတ်ပါကလည်း ကျန်းမာရေးကို ထိခိုက်စေပါသည်။ သို့ပါ၍ ဥတုအလိုလိုက်နေထိုင်နည်း ဥတုအကြိုက် အစာများကိုလည်း စားသုံးရန် လိုအပ်ပါသည်။

ကံ၊ စိတ်၊ ဥတုသုံးပါး ညီညွတ်နေသော်လည်း အစားမတော်တစ်လုတ်ဆိုသည့်အတိုင်း အစားအသောက်မှား၍ ကျန်းမာရေးကို ထိခိုက်စေပြန်ပါသည်။

ဤဆောင်းပါးတွင် ကံ-စိတ်၊ ဥတု အာဟာရ ဟူသော အကြောင်းအရာ (Supporting Power) အနက်မှ ဥတုနှင့် ညီညွတ်မှုရှိအောင် နေထိုင်စားသောက်နည်းများကို ရေးသားသွားပါမည်။

လူသတ္တဝါတွေ အစဉ်အမြဲ ကျန်းမာနေစေရန် ကျရောက်ဆဲဥတုရာသီနှင့်လိုက်လျောညီညွတ်မှုရှိအောင် နေတတ်စားတတ်ဝတ်တတ်ရန် လိုအပ်ပါသည်။ ဥတုရာသီနဲ့ဆန့်ကျင်ပြီးနေထိုင်စားသောက်လျှင်တော့ ရောဂါဘယဝင်ရောက် စွဲကပ်တတ်ပါသည်။

ဒါကို ရာသီဖျားလေးပဲဆိုပြီး ပေါ့ဆမိလျှင်တော့ ကုသရခက်တဲ့ ရောဂါကြီးများအထိ ဆင့်ပွားဖြစ်သွားနိုင်ပါသည်။

ဒီအကြောင်းနှင့် ပတ်သက်လို့ သဘာဝဓမ္မသမားတော်ကြီးများက-

'ခေတ်ကို ဆန့်ကျင်ရင်မှားမယ်။ ဥတုကို ဆန့်ကျင်ရင်ဖျားမယ်'

ဟု မိန့်မှာခဲ့ဖူးပါသည်။

တိုင်းရင်းဆေးပညာတို့အလိုအရ တစ်နှစ်တာကာလကို တက်ဥတုနဲ့ သက်ဥတုဟူ၍ နှစ်ပိုင်းခွဲခြားသတ်မှတ်ထားပါသည်။

၁။ ပြာသိုလပြည့်ကျော် ၁ ရက်နေ့ကစပြီး ဝါဆိုလပြည့်နေ့အထိ (၆)လကာလကို တက်ဥတုဟုခေါ်ပါသည်။

အဲဒီဥတု (၆) လတာ ကာလမှာ နေမင်းဟာ ကမ္ဘာမြေကြီးရဲ့တောင်ဘက်စွန်းကနေ မြောက်ဘက်စွန်းရှိရာကို ရွေ့လျားလာနေပြီး တစ်နည်းအားဖြင့် အပြင်ဗဟိဒ္ဓကနေ အတွင်းအဇ္ဈတ္တသို့ လာနေပါသည်။ တက်လာနေသည်ဟုလည်း ဆိုနိုင်ပါသည်။

အဲဒီတက်ဥတု (၆) လအတွင်း နေမင်းဟာ နိမ့်ရာကမြင့်ရာကို တက်နေသည့်နည်းတူ သတ္တဝါတို့ရဲ့သန္တာန်မှာလည်း တေဇောနှင့် ဝါယောဓာတ်တို့ ဦးဆောင်ပြီး ဓာတ် (၄) မျိုးတို့ တက်ကြွသည့်လက္ခဏာတွေဆောင်ပါသည်။

ဩကာသလောကအတွင်းမှာရှိနေသည့် သစ်ပင်တွေဟာလည်း အာပေါဓာတ်ရည်တွေ၊ အညွန့်အဖူးတွေဆီတက်နေကြတဲ့အတွက် စိမ်းလန်းစိုပြည်ပြီး အဖူးအညွန့်တွေနှင့် ဝေဆာလို့နေ၏။ တစ်နှစ်တာရဲ့ကျန်တဲ့ (၆) လဖြစ်တဲ့ ဝါဆိုလပြည့်နေ့ကျော် ၁ ရက်နေ့ကနေ ပြာသိုလပြည့်နေ့အထိကာလကိုတော့ သက်ဥတုဟုခေါ်ပါသည်။

အဲဒီ (၆) လမှာတော့ နေမင်းဟာ ကမ္ဘာမြေကြီးရဲ့မြောက်ဘက်စွန်းကနေ တောင်ဘက်စွန်း၊ တစ်နည်းအားဖြင့် အတွင်းမှာ အပြင်သို့၊ တစ်နည်းအားဖြင့် အတွင်းစွန်း အမြင့်ဘက်ကနေ အပြင်စွန်း အနိမ့်ဘက်ကို တဖြည်းဖြည်းသက်၍သက်၍ ဆင်း၍ဆင်း၍သွားပါသည်။

အဲဒီဥတု(၆)လတာကာလအတွင်း နေမင်းဟာ မြင့်ရာက နိမ့်ရာသို့သက်ဆင်းနေသည့်နည်းတူ သတ္တဝါတွေ၏သန္တာန်မှာလည်း ပထဝီနှင့် အာပေါဓာတ်တို့ ဦးဆောင်ပြီး ဓာတ် (၄) ပါးတို့အသက်လက္ခဏာများသို့ဆောင်နေကြပါသည်။

ဩကာသလောကအတွင်းမှာရှိတဲ့ သစ်ပင်တွေဟာလည်း အာပေါဓာတ်ရည်များ လျော့ကျသက်ဆင်းသွားတဲ့အတွက် အညွန့်အဖူးတွေ ရင့်ရော်ခြောက်သွေ့ပြီး ကြွေကျသက်လျောကြရပါသည်။

အဲဒီတက်ဥတု (၆) လနှင့် သက်ဥတု (၆) လတွေမှာ လူတွေမှာ ဖြစ်ပေါ်နေတဲ့ ရုပ်လက္ခဏာအသီးသီးကို ကြည့်တတ်လျှင် ကျန်းမာနေသည့် မာရုပ်၊ မကျန်းမမာဖြစ်တော့မည့်နာရုပ်တွေကို မြင်နိုင်ပါသည်။

ပြာသိုလပြည့်ကျော် (၁) ရက်နေ့မှစလို့ ဝါဆိုလပြည့်နေ့အထိ တက်ဥတု (၆) လမှာ လူတွေရဲ့သန္တာန်မှာ-

၁။ ရေငတ်ခြင်း၊
၂။ ချွေးထွက်များခြင်း၊
၃။ ကိုယ်သားကိုယ်ရေနူးညံ့ခြင်း၊
၄။ ဆီးနီခြင်း၊ နည်းခြင်း၊
၅။ ဓာတ်ချုပ်ခြင်း၊
၆။ အအိပ်နည်းခြင်း၊
၇။ ခန္ဓာကိုယ်ပေါ့ပါးသွက်လက်ခြင်း၊
၈။ တေဇော၊ ဝါယော၊ အာကာသဓာတ်တွေ ဦးဆောင်လျက် ရှိခြင်းရုပ်တွေ ဖြစ်တတ်ပါတယ်။

ဒီပုဂ္ဂိုလ်ဟာ ကျန်းမာနေမယ်လို့ ကောက်ချက်ချလို့ရပါသည်။ အဲဒီလက္ခဏာတွေရဲ့ဆန့်ကျင်ဘက်လက္ခဏာတွေ့ရရင်တော့ မကျန်းမမာဖြစ်တော့မယ့် လက္ခဏာတွေဖြစ်လို့ ကြိုတင်ပြုပြင်နေထိုင်စားသောက်ဖို့လိုအပ်ပါသည်။

ဒီလိုပါပဲ။ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှစလို့ပြာသိုလပြည့်နေ့အထိ



www.burmeseclassic.com

www.burmeseclassic.com

(၆) လတာကာလဖြစ်တဲ့ သက်ဥတုမှာတော့ လူတွေရဲ့သန္တာန်မှာကျန်းမာနေတဲ့ရုပ်လက္ခဏာတွေဖြစ်တဲ့ -

၁။ ရေမငတ်ခြင်း၊
၂။ ချွေးထွက်နည်းခြင်း၊
၃။ ကိုယ်သားကိုယ်ရေတို့ ကြမ်းတမ်းခြင်း၊
၄။ ဆီးဖြူခြင်း၊ များခြင်း၊
၅။ ဓာတ်သက်လွယ်ခြင်း၊
၆။ အအိပ်များခြင်း၊
၇။ ခန္ဓာကိုယ်လေးလံထိုင်းမှိုင်းခြင်း၊
၈။ ပထဝီ၊ အာပေါဓာတ်တို့ဦးဆောင်လျက်ရှိခြင်းတို့ရှိနေဖို့ လိုအပ်ပါသည်။

အပြန်လက္ခဏာတွေ တွေ့နေရင်တော့ ဒီပုဂ္ဂိုလ်ဟာ နေထိုင်မကောင်းဖြစ်တော့မှာသေချာပါသည်။ တက်ဥတု (၆) လကို အချို့ဆေးကျမ်းကြီးတွေမှာ ဥတ္တရာယာဥ်ကာလဟု ခေါ်ပါသည်။ အာဒါနကာလလို့ ခေါ်ပါသည်။ သက်ဥတု (၆) လကိုတော့ ဒက္ခိဏယာဥ်ကာလလို့ခေါ်သလို ဝိသဂ္ဂကာလဟုလည်း ခေါ်ပါသေးသည်။

မာရုပ်၊ နာရုပ်နှင့်ပတ်သက်၍ နွေ၊ မိုး၊ ဆောင်းတစ်နည်းအားဖြင့် ဂိမှာနဥတု၊ ဝဿန္တဥတုန၊ ဟေမန္တဥတုဆိုပြီး ဥတုသုံးပါးလိုက် ခွဲခြားသတ်မှတ်ခြင်း၊ ဝသန္တ၊ ဂိမှ၊ ဝဿန၊ သရဒ၊ ဟေမန္တ၊ သိသိရဆိုပြီး ဥတု (၆) ပါးအလိုက် ခွဲခြားသတ်မှတ်ခြင်းတွေလည်းရှိပါသေးသည်။

တက်ဥတုနှင့် ဆက်ဥတုနှစ်ပါးအကြောင်းသိသွားပြီးဆိုတော့ တက်ဥတုမှာ တက်စာတွေ အလွန်အများမစားမိစေရန်နှင့် သက်ဥတုမှာ သက်စာတွေ အလွန်အကျွံမစားမိဖို့ သတိထားရပါမယ်။ ဒီတော့ တက်စာနှင့်သက်စာတွေသိထားမှာ ဖြစ်ပါသည်။

တက်စာ၊ သက်စာဆိုတာက အတိုချုပ်ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။ အမှန်ကတော့ သွေးတက်စာနှင့် သွေးသစ်စာကို ဆိုလိုရင်း ဖြစ်ပါသည်။ ဆရာ့ဆရာများဆုံးဖြတ်ချက်အရဆိုလျှင် ခုန်ပျံမြူးကြွတဲ့သတ္တဝါတွေရဲ့အသားဟာ သွေးကိုတက်စေတတ်သည်ဟု ဆိုပါသည်။

ဥပမာအားဖြင့် ကောင်းကင်မှာပျံသန်းနေကြတဲ့ ငှက်သတ္တဝါတွေရဲ့ အသားတွေ၊ ကြက်၊ ဆိတ်၊ ပုစွန်၊ ဖား အစရှိကြတဲ့သတ္တဝါတွေရဲ့အသားတွေဟာ သွေးတက်စာတွေပဲပေါ့။

ငါးထဲက ဘယ်ငါးဟာ တက်သလဲသိချင်လျှင် သူတို့ရဲ့အနေအထားကိုကြည့်ရပါ့မယ်။ ရေပေါ်မှာခုန်ပျံမြူးကြွပြီး သွားလာတတ်တဲ့ ကဘီလူး၊ ငါးဇင်းအစရှိတဲ့ ငါးမျိုးတွေနှင့် အခြားသွက်လက်ပေါ့ပါးတဲ့ငါးမျိုးမှန်သမျှ သွေးတက်စာတွေလို့ မှတ်ယူရပါသည်။ ရေအောက်မှာ လေးလေးပင်ပင်သွားလာတတ်ကြတဲ့ ငါးကြီးမျိုးမှန်သမျှ သွေးသက်စာ ဖြစ်ပါသည်။

ကုန်းသတ္တဝါတွေထဲကဆိုလျှင် ခုန်ပျံပေါ့ပါးသွားလာတတ်ကြတဲ့ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပုတတ်တို့နှင့် ဓွဲး၊ ဆိတ်၊ ကြောင်၊ ကျား၊ နွား၊ ကြက် ဟူသမျှတွေကို သွေးတက်စာရယ်လို့ မှတ်ယူကြရပါသည်။ လေးလေးတွဲတွဲသွားလာလှုပ်ရှားတတ်ကြတဲ့ ကျွဲ၊ ဝက်၊ ကြွံ၊ ဆင်အစရှိတဲ့ခြေလေးချောင်းသတ္တဝါတွေနှင့် ဝမ်းဘဲ၊ စစ္စလီ၊ အစရှိတဲ့ရေမှာကျက်စားကြတဲ့သတ္တဝါတွေဟာ သွေးသက်စာတွေဖြစ်ပါသည်။

တိုတိုနှင့်လိုရင်းကို မှတ်မိဖို့ကတော့ သက်ရှိသတ္တဝါတွေထဲက ပေါ့ပါးလျှင် သွေးတက်စာ၊ လေးလံလျှင် သွေးသက်စာလို့ မှတ်ယူကြပေလိုပါသည်။

အသီးအနှံတွေထဲကဆိုလျှင်တော့ အများအားဖြင့် အခါးအရသာရှိတဲ့ အသီးအနှံတွေဟာ လေကိုကြွပြီးသွေးကိုတက်စေတတ်ပါသည်။

အာဒိကပ္ပကမ္ဘာဦးကျမ်း၏အဆိုမှာတော့ သစ်ပင်များ၏ပွင့်ခြင်း၊ သီးခြင်း၊ ဥခြင်းတို့မှာ ဝါယောဓာတ်ကြောင့်သာဖြစ်သည်ဟုဆိုထားတဲ့အတွက် သစ်သီး၊ သစ်ရွက်၊ သစ်ဥများကို သွေးတက်၊သွေးသက်နှင့် မရွေးချယ်ဘဲ လေသက်နှင့်ရွေးချယ်ရလျှင် ပိုပြီး သဘာဝကျမလားဟု တွေးမိပါသည်။

ဥပမာအားဖြင့်အထက်ကိုပင့်တဲ့လေကြောင့် သစ်သီးများသီးရသည်။ အောက်ကိုသက်တဲ့လေကြောင့် သစ်ဥများဥရတယ်ပေါ့။ လေတက်လျှင် သွေးလည်းတက်မှာပဲဆိုတာ သိသာနိုင်လောက်ပါသည်။

အပွင့်နှင့်အပိတ်သဘောကတော့ လူ့ကိုယ်ရဲ့အသားအရေဟာ အဝတ်များလို ဆန်ကာပေါက်ကလေးတွေအပြည့်ရှိတဲ့အကြောင်း လူတိုင်း သိပြီး ဖြစ်ကြပါလိမ့်မည်။ ကိုယ်ထဲမှာအချွဲဓာတ်များလို့ အဲဒီအပေါက်လေးတွေ ပိတ်သွားလျှင် ကိုယ်ထဲက အပူခိုးတွေဟာ အပြင်ကိုမထုတ်နိုင်တော့ဘဲ အထက်ကိုတက်ပြီး ခေါင်းမူး၊ ဇက်လေးဖြစ်တတ်ပါသည်။ အဲဒါကို အခိုးပိတ်သည်ဟုခေါ်ပါသည်။

လူရဲ့ကိုယ်ထဲမှာရှိသမျှ အရည်အားလုံးဟာလည်း မချွဲတာ၊ မစေးတာတစ်ခုမှမရှိပေ။ ချွေး၊ တံတွေး၊ သွေး၊ နှပ်၊ ကျင်ကြီး၊ ကျင်ငယ်စတဲ့ ကိုယ်ထဲကထွက်သမျှ အရည်အားလုံးဟာ အချွဲအစေးတွေချည်းပဲမဟုတ်လား။ အဲဒီအချွဲတွေဟာ ချွဲသင့်တာထက်ပိုပြီး ချွဲလျှင် အပေါက်ပိတ်ပြီး အခိုးမထွက်ဘဲ ဖြစ်တတ်ပါသည်။

နည်းနည်းပါးပါး အခိုးမထွက်နိုင်တော့ ခေါင်းအုံ၊ ဇက်လေးဖြစ်ရုံပါပဲ။ များများမထွက်နိုင်သည့်အခါကျတော့ အသားတွေပွပြီး ဖောရောင်လာတတ်ပါသည်။ လေသင်တုန်းဖြတ်တတ်သည်၊ ဦးနှောက်သွေးကြောပြတ်လို့ သေတယ်ဆိုတာမျိုးတွေဟာ . အဆီအသားလူဝကြီးတွေမှာ အခိုးကလည်း အလွန်ပိတ်လေကလည်း အထက်ကိုသန်အားကြီးလို့ ဖြစ်ကြရတာတွေပဲပေါ့။

ဒါကြောင့် အခိုးမှုစွာထွက်အောင် အချိုများတဲ့ အစားအစာတွေကို လျှော့ပြီးစားရပါမည်။ အချိုဟာ အစေးများသည့်အတွက် အခိုးပိတ်တတ်ပါသည်။ သားငါးဖြစ်စေ၊ ဟင်းသီးဟင်းရွက်ဖြစ်စေ အချိုများလျှင် အခိုးပိတ်တယ်လို့ မှတ်ယူသွားကြစေလိုပါသည်။

အခိုးပိတ်သည့်အစာရှိသလို အခိုးပွင့်သည့်အစာများလည်းရှိပါသေးသည်။ အစေးအချွဲကြောင့် အခိုးပိတ်ရခြင်းဖြစ်သည့်အတွက် အစေးအချွဲကိုပြေစေနိုင်လျှင် အခိုးပွင့်မှာသေချာတယ်မဟုတ်လား။ သားငါးတွေကို (အချဉ်) နှင့် နယ်လျှင် အစေးပျောက်သွားတာကိုထောက်ဆသောအားဖြင့် အချဉ်ဟာ အစေးပြယ်တဲ့အစာ (ဝါ) အခိုးပွင့်စာဟု မှတ်ယူသင့်ပါသည်။

ဇက်ကြောတက်၊ မူးဝေတတ်ကြသည့်လူများဟာ အချဉ်ကိုစားရပါသည်။ လူက အားနည်းနေမည်ဆိုလျှင် အားရှိမည့်သား ငါး၊ ပုစွန်၊ ဟင်းသီးဟင်းရွက်တို့ကို အချဉ်နှင့်တွဲပြီး ချက်ပြုတ်စားရပါသည်။

စာရေးသူ၏ဆောင်းပါးကိုဖတ်ပြီး စာဖတ်သူတို့သည် ဥတုအလိုက် အစားအသောက်များ စားသောက်ပြီး ကျန်းမာပျော်ရွှင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

ဦးကြည်ဝင်း(ရွှေစင်)ချောင်း




www.burmeseclassic.com

www.burmeseclassic.com

# ဦးကိုကိုကြီး(စစ်ဆေးရေး)
## ကာစစ(၁၂)၊ ဂ ထုံးဘို
# ဘူးသီးဆေး

၁၄-၂-၂၀၁၆ နေ့က ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ရွာထောင်ကျေးရွာသို့ ဖြိုးသီဟအောင်၊ စုမွန်မွန်ဇော်တို့က မင်္ဂလာဆောင်ဖိတ်ကြားသဖြင့် ဇနီးဖြစ်သူ ချစ်ညိုနှင့်အတူ သွားခဲ့ကြပါသည်။

မင်္ဂလာဆောင်ကို ရောက်တော့ မင်္ဂလာမဏ္ဍပ်တွင်လူများပြည့်နေသဖြင့် ချက်ပြုတ်ရေးအဖွဲ့များရှိရာ နောက်ဖေးဘက်ဆီသို့ စာရေးသူတို့ ရောက်သွားကြပါသည်။

ထိုနေရာတွင် မင်္ဂလာဆောင်တွင် ဝိုင်းဝန်းလုပ်ကိုင်ပေးကြသည့် လုပ်သားကိုင်သားများအား ချက်ပြုတ်ကျွေးမွေးရန် ချက်ပြုတ်လုပ်ကိုင်နေကြသည်ကို တွေ့ရှိကြရပါသည်။

လုပ်ကိုင်နေကြသူများထဲမှစာရေးသူနှင့် ရင်းနှီးသူ မသန်းနွဲ့ဆိုသူသည် ချက်ပြုတ်လုပ်ကိုင်နေရင်း တစ်ခုခုကို ကိုက်စားလုပ်ကိုင်နေသည်ကို တွေ့မြင်နေရသဖြင့်-

"ဟဲ့ မသန်းနွဲ့၊ အလုပ်တစ်ဖက်နဲ့ ဘာတွေကိုများဝါးစားနေရတာလဲ"

ဟု တရင်းတနှီးဖြင့် မေးမြန်းလိုက်မိပါသည်။

မသန်းနွဲ့မှ-

"ဒီလိုအစ်ကိုကြီးရေ၊ မြင်တဲ့အတိုင်းပဲ ကြော်၊ လှော်၊ ချက်၊ ပြုတ်နေရတော့ ညှော်ဒဏ်ခံနိုင်အောင် ဘူးသီးစိတ်အစိမ်းကိုကိုက်စားနေတာ"

ဟု ပြန်ဖြေပါသည်။

သူမမှ အလုပ်တစ်ဖက်နှင့်ပြောလိုက်သည့်စကားမှ စာရေးသူ၏နားထဲ မရှင်းမလင်းဖြစ်သွားရ၏။ သို့အတွက်ကြောင့် ထပ်မံမေးလိုသည့်စိတ်ကို ခဏအောင့်ထားကာ မီးဖိုတွေနှင့် ခပ်လှမ်းလှမ်းရှိ ထိုင်ခုံလွတ်တစ်လုံးတွင်ဝင်ထိုင်လိုက်ရင်း မေးမြန်းရန်အတွက် မသန်းနွဲ့အားလောက်မည့်အချိန်ကို စောင့်ဆိုင်းလိုက်ပါသည်။

တောခလေ့ ချက်ကြပြုတ်ကြ၊ ရယ်ကြမောကြ၊ ပြောကြဆိုကြသည်တို့ကို မြင်ရ၊ ကြားရသည်တို့မှာ ပျော်စရာပင်ကောင်းလွန်းလှပါပေသည်။

မသန်းနွဲ့ နားနေချိန်မတော့ စာရေးသူ သွားရောက် မေးမြန်းခဲ့ပါ၏။

"ဒီလိုအစ်ကိုကြီးရေ ကျွန်မရဲ့ အောက်သွားတစ်ပိုင်းက ကျိုးသွားပြီး တစ်ပိုင်းက သွားဖုံးထဲမှာကျန်ခဲ့တာ။ အဲဒီသွားက ညှော်ခံလိုက်ရင်ဖြစ်စေ၊ ညှော်မိသွားရင်ဖြစ်စေ မနေနိုင်အောင် ကိုက်ခဲလာပြီး ပါးကြီးပါရောင်ကိုင်းလာတယ်။ အဲဒီလိုဖြစ်လာရင် ကျွန်မမှာ မနေနိုင်အောင် ဝေဒနာခံစားရတယ်။

အိပ်လို့လည်းမရ၊ ထမင်းလည်းမစားနိုင်၊ ဟင်းလည်းမစားနိုင်နဲ့ဆန်ပြုတ်ကို မသောက်ချင်သောက်ချင် သောက်နေရတယ်လေ။

အဲလိုမျိုး ကျွန်မခံစားနေရတုန်းက ကျွန်မခံစားနေရတာကိုသနားတဲ့ ကျွန်မရဲ့ အဒေါ်တစ်ယောက်က ကျွန်မကို ပြောပါတယ်။

မနုမရင့်တဲ့ ဘူးသီးတစ်လုံးကို ရှာခိုင်းတယ်၊ ရတာနဲ့ ပါးပါးလှီးပြီးတော့ ဝါးစားခိုင်းတယ်။ သွားကနာနေတော့ ဝါးမစားနိုင်ဘူးလေ။ အဲဒီတော့ ငရုတ်ဆုံကို စင်အောင်ဆေးပြီး ညက်နေအောင် ထောင်းရတယ်။ နောက် ဇွန်းနဲ့ခပ်ပြီး သောက်ရတာပေါ့။ အဲဒီလိုမျိုး (၄) နာရီခြားတစ်ခါထောင်းသောက်ရတယ်။ တစ်ခါသောက်ရင် ဟင်းရည်သောက်ဇွန်းနဲ့ (၂) ဇွန်းလောက် သောက်ရတယ်။ အဲဒီလိုသောက်ပြီး နောက်တစ်နေ့ကျတော့ ရောင်တာတွေ လျော့ကျလာတယ်။ ကိုက်ခဲတာတွေ သက်သာလာတယ်။ (၃) ရက်လောက် ဆက်လည်းသောက်ရော လုံးဝသက်သာသွားတယ်။

ဒီဆေးနည်းက ခုလိုချက်ပြုတ်နေရင်လည်း သွားကိုက်တာခဲတာတွေ၊ ပါးရောင်တာတွေမဖြစ်အောင် ကြိုတင်





စားထားလို့ရတယ်။ ဒါကြောင့် ခု ကျွန်မကို အစ်ကိုကြီးမြင်တဲ့အတိုင်းပဲ ဘူးသီးကို ပါးပါးလှီးပြီး သွားကလည်းမကိုက်တော့ ဝါးစားလို့တယ်လေ။ ဝါးစားရင်း ချက်ပြုတ်လုပ်ကိုင်နေနိုင်တာပေါ့။

"ဒီဘူးသီးဆေးက သွားကိုက်သွားနာလို့ ပါးရောင်ရောဂါတွင်မကပါဘူး။ အခြားအခြားသော အနာမျိုးစုံတွေရှိလို့ ညှော်ကြောက်နေကြသူများအတွက်လည်း အားကိုးရတဲ့ဆေးမြီးတိုပေါ့။ ကျွန်မတို့ တောခလေ့ကတော့ ဒီလောက်ရောဂါလောက်နဲ့ ဆေးရုံ၊ ဆေးခန်း ဘယ်သွားနေနိုင်မလဲ။ တောဆေးတောဝါးနဲ့ပဲ ကုကြတာပဲ။ တောဆေးတောဝါးဆိုပြီး အထင်မသေးလိုက်ပါနဲ့။ ဝေဒနာလည်း သက်သာ ပျောက်ကင်းစေပါတယ်"

ဟု ရှင်းပြပြောဆိုပါသည်။

သို့ကလို မသန်းနွဲ့နှင့် စကားပြောဆိုလိုက်ရသည့်အတွက် စာရေးသူကိုယ်တိုင်လည်း မျက်မြင်ကိုယ်တွေ့စားနေရသည်ကို ကြုံတွေ့လိုက်ရသည့်ကြောင့် သူရဇ္ဇမဂ္ဂဇင်းကြီး၏ စာဖတ်ပရိသတ်များအတွက် အကျိုးရှိစေမည့် တောဆေးတောဝါးကလေးတစ်ခုအား တင်ပြလိုက်နိုင်ပါပေသည်။

ဦးကိုကိုကြီး(စစ်ဆေးရေး)
ကာစစ(၁၂)၊ ထုံးဘို



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကိုငြိမ်အောင်ထိန်းလိုက်ရင်း-

ပတ်ဝန်းကျင်ကိုဝေ့ကြည့်လိုက်ပြီး ကွင်းပိုင်ကြီးနှင့် နောက်လိုက်နောက်ပါ တပည့်သားသမီးများ၊ ရွာတော်ရှင်ကြီးနှင့် နောက်လိုက်နောက်ပါတပည့်သားသမီးများအားလုံးကို မေတ္တာပို့လိုက်၏။

အကြောင်းကြီးငယ်ရှိလျှင် ထိုသို့တိုင်တည်တတ်အောင် သင်ပေးထားသူမှာ ကျွန်ုပ်၏မိခင်ကြီးပင် ဖြစ်၏။ အမေသည်လည်း ဘယ်နေရာသွားသွား၊ ဘယ်ကိစ္စကြောင့်သွားသွား ဤသို့တိုင်တည်တတ်၏။ ထို့ကြောင့် အမေ အမြဲတမ်းအန္တရာယ်ကင်း၏။ ကျွန်ုပ်ကို စိန်ဂျွန်းဈေးသွားလျှင်ပင် ထိုသို့ မေတ္တာပို့ခိုင်းလေ့ရှိ၏။

"မြို့လယ်ချောင်းမှာဆုံခဲ့တဲ့သူငယ်ချင်းတွေကိုး"



ပြောရင်းနှင့် သူ့ဘေးမှလူများအားတစ်ယောက်ချင်းအကဲခတ်နေလိုက်၏။ ထိုသူများ၏အမူအရာမှာ ခပ်အေးအေး ခပ်ပြုံးပြုံးဖြစ်နေရုံမက မောင်ကံ၏အမူအရာမှာလည်း ခပ်အေးအေးနှင့်ဖြစ်နေ၏။ ရန်လိုသည့်ပုံမပေါ်။ 'အင်း-ဘယ်လိုပရိယာယ်တွေသုံးမလဲတော့မသိဘူး။ ရုပ်တွေကတော့ ရန်လိုတဲ့ပုံမပြကြပါလား' ဟု စိတ်ထဲမှာတွေးရင်း မောင်ကံကို စိုက်ကြည့်လိုက်၏။

"အေး - ငါလည်းလာစောင့်နေတာပါ။ ဒါ ငါ့ညီဝမ်းကွဲတွေကွ"

"ဩော်"

"သူတို့က မင်းဆီမှာ ခါလာတေးသင်ချင်လို့။ ဒါပေမယ့် ဒီကောင်တွေက လက်တွေ့သမားတွေကွ"

"ဘယ်လိုလက်တွေ့လဲ"

"မင်းနဲ့ ငါနဲ့ နည်းနည်းတော့ စကားပြမှ။ သူတို့က မင်းရဲ့အကွက်တွေ ဒါတွေဘာတွေကိုကြည့်ချင်ကြတယ်ကွ"

ပြောရင်းနှင့် လက်နှစ်ဖက်ကို လေထဲတွင်မြှောက်ပြီး လက်သီးနှစ်ချက်

www.burmeseclassic.com

www.burmeseclassic.com

သုံးချက်ထိုးပြသော မောင်ကံ့ကိုကြည့်ရင်း ပြုံးနေလိုက်ပါ၏။

"ဩော် - ဒီလိုလား၊ ကစားမနေချင်ပါဘူးဗျာ။ ကြိုက်ရင်လည်းသင်၊ မကြိုက်ရင်လည်းမသင်နဲ့ပေါ့။ ကျွန်တော်ကလာသင်ပါလို့ခေါ်တာမှမဟုတ်တာ"

"ဒီလိုလည်းမဟုတ်ဘူးလေ၊ သူတို့ကလည်းသင်ချင်လို့ပဲဟာ။ တို့နယ်ဘက်က ဒီလိုပဲ၊ နည်းနည်းတော့စမ်းတတ်တယ်။ နည်းနည်းပါ"

ဇော်မြင့်ကိုလှည့်ကြည့်လိုက်၏။

"ဇော်မြင့်၊ မင်းဘယ်လိုအကြံနဲ့ ငါ့ကိုခေါ်လာတာလဲ"

"ဟာ - မဟုတ်ရပါဘူး ဆရာ။ သူတို့ခေါ်ခိုင်းတုန်းက ကစားချင်တာပဲပြောတာ၊ ဒီလိုစမ်းမှာမပါဘူး"

ကျွန်ုပ်စဉ်းစားလိုက်၏။ ကရာတေးပညာကို သင်ကြားပြသပေးလိုက်သော ဆရာဦးထွန်းအောင်ကျော်စိုး၊ ဆရာဦးဝင်းနိုင်တို့ကို မျက်လုံးထဲပေါ်အောင် အာရုံပြုလိုက်၏။ သတ်ကွက်များကိုသာ ရွေးပြီးသင်ပေးသော ကျေးဇူးရှင် ဆရာဦးသန့်ဇင်ကိုလည်း စိတ်ထဲမှရှိခိုးလိုက်၏။

ဆရာဦးထွန်းအောင်ကျော်စိုး၏ လျှပ်စီးလက်သလို မြန်ဆန်လွန်းလှသော တိုက်ကွက်များ၊ ရန်သူကို မထေမဲ့မြင်ပြုံးပြတတ်သောအပြုံးများ၊ ဆရာဦးဝင်းနိုင်၏ ထက်မြက်သော လျှပ်တစ်ပြက်တိုက်ကွက်များ၊ စူးရှတောက်ပသောမျက်လုံး၊ အလွန်ဒေါင်ကောင်းလှသောအသွင်အပြင်၊ ဆရာဦးသန့်ဇင်၏ တစ်ဖက်ရန်သူကို တုံးခနဲပစ်လဲပြီး အကြောများတဆတ်ဆတ်ဆွဲနေသည်ထိ ပြင်းထန်လှသော အတွင်းအားတိုက်ကွက်များ မျက်လုံးထဲမှာ အစီအရီပေါ်လာ၏။ အားတွေပြည့်လာသလို ခံစားရ၏။

ရန်ကုန်ဆိပ်ကမ်း ကမ်းနား ကီလီတွင် လူငါးဆယ်၊ တစ်ရာခန့်ဝိုင်းရိုက်သည်ကို ထမ်းပိုးတစ်ချောင်းဖြင့်ပြန်လည်တိုက်ခိုက်သတ်ပုတ်လှဲသိပ်နိုင်စွမ်းခဲ့သော သိုင်းဆရာကြီး ဘကြီးမျှင်၏ တုတ်ပြီး၊ ဓားပြီးပုံများကိုလည်း အာရုံပြု၍ အဘကို စိတ်တွင်းမှရှိခိုးလိုက်၏။

ဗိန်းမောင်းသံ၊ လင်းကွင်းသံများကြားတွင် ဘတစ်ပြန်ကျားတစ်ပြန် အလဲအကွဲထိုးခဲ့စဉ်ကစိတ်များလည်း ချက်ချင်းရောက်လာ၏။

# ဆရာဦးမောင်မောင်သန်း

(ရင်ကိုဒေအေးမြဝေဝေဆာစး)

## ပညာရှင်

(အင်္ဂလိပ်စာဂုဏ်ထူးအခန်းဆက်ဝတ္ထုရှည်)





www.burmeseclassic.com

www.burmeseclassic.com

ရွာနှစ်ရွာကြားမှ ကျွန်ုပ်တို့ လျှောက်ခဲ့သောလမ်းမှာ မြို့အထိ တောက်လျှောက်ပေါက်၏။ လှမ်းမြင်နေရ၏။ တစ်စုံတစ်ခုဖြစ်လျှင် အနားခပ်လှမ်းလှမ်းတွင်ရပ်ထားသော မြင်းလှည်းနှစ်စီးမှ တစ်စီးပေါ်ခုန်တက်ပြီး ဒုန်းမောင်းသွားလို့ရ၏။ ထွက်ပေါက်များကို ကြိုတင်စဉ်းစားလိုက်ပြီး -

"ကဲ - ကစားဆိုလည်း. . ."

"ပါးပုတ်တမ်းလောက်ပေါ့ကွာ၊ မင်းကလည်း"

"ရတယ်လေ၊ ဘယ်လိုပဲဖြစ်ဖြစ်ရပါတယ်"

"ချစ်ကြည်ရေးပေါ့"

"ရတယ်"

နှစ်ယောက်သား ဟန်ရေးပြ၍ ပါးပုတ်တမ်းကစားကြ၏။မောင်ကံသည် ကျွန်ုပ်ထင်ထားသလိုမဟုတ်။တကယ်ပင် ပါးပုတ်တမ်းသာကစား၏။ ပထမအကြိမ်ဆုံခဲ့စဉ်က သဲသဲမဲမဲသတ်ပုတ်ခဲ့ကြသော တိုက်ကွက်မျိုးများ၊အမူအရာများမဟုတ်တော့။

ကျွန်ုပ်လည်း တစ်ဖက်ပြိုင်ဘက်၏ ပရိယာယ်ကိုလျှော့မတွက်။ ဘယ်လိုပုံစံနှင့် ဘယ်အချိန်ကျမှဝင်လာမည်ကို တွေးရင်း ကစားနေလိုက်၏။ သတိတော့ အလစ်မခံပါ။

ကစားရင်းကစားရင်း အမှန်တကယ်ပင် ခပ်ပျော့ပျော့လေး ပါးပုတ်ကစားနေသော မောင်ကံ၏ မျက်နှာမှာ ရယ်နေ၏။ ကျွန်ုပ်ကလည်း ပြန်ရယ်၍ ကစားလိုက်ပါသည်။ကျွန်ုပ်ပါးပုတ်သောလက်များကို သူသိပ်မဖယ်တတ်။ ခေါင်းကြီးငုံ့ငုံ့သွား၏။ ကျွန်ုပ်က ကစားနေကျလက်များဖြစ်၍ သူ့လက်များကို အသာလေးပုတ်ပုတ်ဖယ်လိုက်လျှင် ဘေးမှကြည့်နေသူများက သဘောကျကြ၏။

အတော်လေး ရှောင်ကြတိမ်းကြ ကစားကြရင်း ကျွန်ုပ်မထင်မှတ်သော အဖြစ်အပျက်များဆီသို့ ရုတ်ခြည်းပြောင်းလဲသွား၏။ ကျွန်ုပ်နှင့် ကစားနေရင်းမှ ခါးမတ်လိုက်ပြီး -

"တွေ့လား၊ မင်းတို့ . . . ခါလာတေးပညာက အဲသလိုကောင်းတယ်၊ လုံတယ်။ ဝူး. . . မောလိုက်တာကွာ၊ အဲဒါ. . . မင်းတို့. . . ဒီဆရာဆီမှာသင်၊ မင်းတို့အတွက်ပဲ. . . ဝူး. . ."

"ကိုမောင်ကံ မောနေပါလား၊ ဘယ်လိုဖြစ်တာလဲ"

ကျွန်ုပ်ကပြောရင်း သူ့မျက်နှာကို သေချာစိုက်ကြည့်နေ၏။ ဟုတ်မှဟုတ်ပါ့မလားဟူသောစိတ်လည်းဖြစ်နေ၏။ တကယ်လို့များ သူဝှန်းခနဲတစ်ရှူးထိုးဝင်လာလျှင် ကျွန်ုပ်ကလည်း တန်ပြန်တိုက်ခိုက်ရန် အသင့်ပြင်ထားပြီး ဖြစ်၏။

"မောတာပေါ့ ခါလာတေးဆရာရယ်။ ဆေးလိပ်. . . ဆေးလိပ်ကမပြတ်သောက်တာကိုး"

"အေးလေ"

"ကဲ - ခါလာတေးဆရာ၊ ငါ့ညီတွေကိုအပ်တယ်ကွာ။ သူတို့ကို တစ်ပတ်တစ်ရက်ဖြစ်ဖြစ်၊ နှစ်ရက်ဖြစ်ဖြစ်လာသင်ပေးလိုက်ပါ။ မြင်းလှည်းခသူတို့ခံလိမ့်မယ်။ သူတို့က အလုပ်လုပ်ကြရတယ်လေ။ ခါလာတေးဆရာဆီမလာနိုင်လို့ပါ"

ခေါင်းညိတ်ပြလိုက်၏။

မောင်ကံသည် ကျွန်ုပ်၏ ပခုံးကို လှမ်းပုတ်၏။ ကျွန်ုပ်က သူ့လက်အသွားအလာကို သတိနှင့်ကြည့်နေလိုက်၏။ သူကခင်မင်သောသဘောဖြစ်ပါသည်။

"ကိုမောင်ကံ၊ ခင်ဗျားဝက်ကုန်းက ဘယ်မှာထိုးထားတာလဲ"

မောင်ကံ ကျောလှည့်၍ စွပ်ကျယ်လှန်ပြ၏။ ခါးမှဝက်ကုန်းပုံမှာ အလွန်လှ၏။ အလွန်အသက်ဝင်၏။ စမများမှာလည်းများလှ၏။ ကျွန်ုပ် ယခုမှမြင်ဖူးပါသည်။

"မင်းရော၊ ကျားဆေးရှိတယ်ကြားတယ်"

ကျွန်ုပ်ကလည်း ပေါင်လှန်ပြလိုက်၏။

မောင်ကံသည် ကျားခါးပြတ်ကို ကြည့်၍ အတော်သဘောကျနေ၏။

နှစ်ယောက်သား တောင်ပြောမြောက်ပြောပြောကြရင်း ကျွန်ုပ်နှင့် ဇော်မြင့်ကို မြေပဲဆားလှော်နှင့် ဧည့်ခံကြ၏။

"မင်းကတော်တော်ဇက်ရဲလက်ရဲရှိတယ်နော်"

"အဲသလိုလည်း မဟုတ်ပါဘူး ကိုမောင်ကံရယ်"

"မထင်ရဘူး၊ မင်းကြည့်တော့ ပြုံးပြုံးလေးနဲ့။ ရက်ရက်စက်စက်လုပ်ရဲကိုင်ရဲမယ်လို့တောင်မထင်ရဘူး။ လူပုံကနွဲ့နွဲ့နဲ့"

"ဟုတ်လား၊ ဒါဆို ကျွန်တော်ဂန်ဒူးနဲ့တူနေပြီပေါ့"

"ဘာဖြစ်လို့လဲ"

"နွဲ့တယ်ဆို"

တဝါးဝါးနှင့်ရယ်ကြ၏။ ဇော်မြင့်လည်း ယခုမှရယ်နိုင်တော့၏။ ကျွန်ုပ်သူ့ကိုသံသယဝင်နေမှန်းသိ၍ သူ့မျက်နှာမှာ သွေးမရှိတော့။

အစမ်းသဘောနှင့် သူ့ညီများကို အခြေခံအကွက်များစတင်ပြပေးလိုက်ပါသည်။ အားကြိုးမာန်တက်လုပ်ကြ၏။ အမှန်တကယ်သင်ချင်နေကြသူများဖြစ်၍ ကျွန်ုပ်ကလည်း အပင်ပန်းခံကာပြ၏။ တစ်နာရီကျော်ကျော်ခန့်သင်ပေးပြီးမှ မောင်ကံကိုယ်တိုင်တင်ပေးလိုက်သော မြင်းလှည်းနှင့် ပြန်လာခဲ့ပါတော့သည်။

ထိုနေ့မှစ၍ ဝက်ကုန်းမောင်ကံနှင့် သင့်မြတ်သွားခဲ့ရပြီး မထင်မှတ်ဘဲနှင့် သူငယ်ချင်းများဖြစ်သွားခဲ့ရပါသည်။ မောင်ကံသည် နောက်ပိုင်း ကျွန်ုပ်ကို အလွန်ခင်ပြီး မကြာခဏလာလည်၏။ သူ့ခများချို့တဲ့လွန်း၍ ကျွန်ုပ်ကမကြာခဏပေးကမ်းခဲ့ရပါသည်။ ဘကြီးမျှင်ပြောဖူး၏။ ဝက်ကုန်းအောင်သွားသူများသည် စီးပွားရှာ၍ အဆင်မပြေတတ်ကြောင်း ပြောဖူး၏။ ယခုလက်တွေ့ဖြစ်ပါသည်။

ကျားစိတ်ဝင်ခြင်းနှင့်ပတ်သက်၍ -

ထူးထူးခြားခြား တစ်ကြိမ်ကြုံခဲ့ဖူးသည်မှာ -

အလွန်ဝေးလံလှသောတောနယ်ဘက်မှ ရွာလေးတစ်ရွာသို့သွားခဲ့ဖူးပါသည်။ ဦးလေးလိုနေသူတစ်ယောက်နှင့် လိုက်သွားခြင်း ဖြစ်၏။ ဦးလေးသည် ကျွန်ုပ် ကရာတေးကစားခြင်း၊ လက်ဝှေ့ထိုးခြင်း၊ တုတ်ကြမ်း၊ ဓားကြမ်းခုတ်ခြင်း၊ ကျားခါးပြတ်ထိုးထားခြင်းတို့ကိုသိထား၏။

တစ်နေ့ တောထဲသို့ ဆေးပင်ခုတ်ရန်နှင့် ဆေးမြစ်တူးရန်သွားကြရာ ကျွန်ုပ်လည်းလိုက်သွား၏။ အားလုံးလူသုံးယောက်ဖြစ်ပြီး လှည်းဆရာနှင့်ပါလေးယောက်ဖြစ်၏။

တောမှာတဖြည်းဖြည်းနက်လာပြီး တစ်နေရာအရောက်တွင် နွားများအနည်းငယ်ရုန်း၍ လှည်းထိန်းရင်းကြည့်ကြရာ အလွန်တုတ်ခိုင်သောကျွဲကြီးတစ်ကောင် လမ်းလယ်ကောင်တွင်ရပ်နေရင်း ပေစောင်းစောင်းလုပ်နေသည်ကို တွေ့ကြရ၏။ ချိုမှာတစ်ဖက်တည်းရှိပြီး တစ်ဖက်မှာလုံးဝမရှိတော့။ ချိုတစ်ဖက်တည်းနှင့်ဖြစ်၏။

(ၡင်းချိုတစ်ဖက်တည်းရှိသောကျွဲကြီးမျိုးကို ငယ်စဉ် ကလေးဘဝ ခြောက်တန်းကျောင်းသားအရွယ်တွင် တစ်ကြိမ်တွေ့ခဲ့ဖူးပါသည်။ ထိုစဉ်က ကသာခရိုင် ကျောက်ထုံးကြီးရဲစခန်းတွင်

www.burmeseclassic.com

အဖေ စခန်းမှူးအဖြစ် တာဝန်ယူရစဉ်က ဖြစ်၏။ တစ်လလျှင် တစ်ကြိမ် (သို့) နှစ်ကြိမ် တောဘက်ရှိရွာများကို အဖေ ကွင်းဆင်းလေ့ရှိ၏။ တစ်ခါဆင်းလျှင် တစ်ပတ်ခန့်ကြာ၏။ ရောက်ရာရွာများတွင် စခန်းချကာအိပ်ရ၏။ တစ်ခါတစ်ခါ ငါးရက်ခန့်ကြာ၏။ ကျောက်ထုံးကြီးပတ်ဝန်းကျင်သည် အလွန်တောနက်လှလေရာ သားကောင်မျိုးစုံရှိ၏။ တစ်နေ့ လှည်းနှစ်စီးနှင့်သွားနေကြရင်း ရှေ့မှ ကျွန်ုပ်တို့စီးလာသောလှည်းသည် ဝုန်းခနဲ နောက်ပြန်ဆွဲလှည့်သလို နွားများ ခုန်ပေါက်၍ နောက်ပြန်လှည့်ကြ၏။ ကျွန်ုပ်သည် အဖေ့ဘေးတွင်ထိုင်နေရာမှ လှည်းဘေးတိုင်များနှင့် ခေါင်းနှင့်ဆောင့်မိသွား၏။

"ဟာ"

"တစ်ကောင်ဘွားကြီးဟ"

လှည်းဆရာအော်သံနှင့် အခြားတစ်ယောက်အော်သံကြောင့် ရှေ့ဆီ ကြည့်လိုက်ရာ တောထဲမှ တစ်လှမ်းချင်း ထွက်လာသော ကျွဲကြီးတစ်ကောင်ကို လှမ်းမြင်လိုက်ရ၏။ လှည်းဆရာသည် နွားများကိုချော့ရင်းထိန်းရင်း တဖြည်းဖြည်းဆုတ်လိုက်၊ ဘေးကပ်လိုက်နှင့်လုပ်နေ၏။ ကျွဲကြီးမှာ ချိုတစ်ဖက်သာရှိ၏။ ကျန်တစ်ဖက်ကချိုမှာ ကောင်းကင်သို့ လွှင့်ပျံနေသလားထင်ရလောက်အောင် ကော့ပျံလှပပြီးချွန်နေ၏။

"ဒီကောင်ကြီးက စိတ်ရိုင်းတွေဝင်နေပြီ။ ရှေ့ဆက်သွားလို့မရဘူး။ တောကောင်နှစ်ကောင်လောက်ကိုအသေခတ်သတ်ပလိုက်တာ။ တော်ကြာ ရန်မူရင် ကျုပ်နွားတွေသေကုန်မယ်"

"ချောက် . . . ချောက်"

"ဟေ့ - မလုပ်နဲ့"

နောက်နားကပ်ရက်လိုက်ပါလာသောလှည်းဆီမှ ရဲကြပ်ကြီးလှကြီးမောင် ရိုင်ဖယ်ကျည်ထိုးလိုက်သောအသံ ဖြစ်၏။ အဖေသည် ချက်ချင်းလက်ကာတားလိုက်ပြီး အားလုံးငြိမ်ကြည့်နေကြ၏။ ကျွဲကြီး၏ချိုမရှိတော့သောဘက်မှာ အနာများတောင်ဖြစ်နေပြီး ယင်တလောင်းလောင်းနှင့်ဖြစ်၏။ မကြာသေးခင်ကမှ တစ်ကောင်ကို ခတ်သတ်ထားကြောင်း တစ်ဦးကပြော၏။

တော်တော်ကြီးကြာမှ တောထဲသို့ တစ်လှမ်းချင်းပြန်ဝင်သွားတော့၏။ ထိုအခါကျမှ လှည်းများထွက်ရ၏။ လှည်းပေါ်မှ အဖေ့တပည့်ရဲများသည် လှည်းပေါ် ထိုင်နေရင်းမှ ကျွဲကြီးဝင်သွားရာဘက်ဆီသို့ ရိုင်ဖယ်များ၊ ကာဘိုင်များနှင့်ထိုးချိန်ကာ အသင့်စောင့်ရင်း လိုက်လာကြ၏။

ကျောက်ထုံးကြီးတွင်နေခဲ့ရစဉ်က ကြုံခဲ့ရခြင်း ဖြစ်ပါသည်။)

❑

"ဩော် - ဟိုတစ်လောက ကျားကို အသေခတ်ထဲ့လိုက်တဲ့ကောင်ကြီးပဲ"

လှည်းဆရာပြောလိုက်၍ အားလုံးကြည့်နေကြ၏။ ကျွဲကြီးမှာ လုံးဝမလှုပ်၊ ခပ်ပေပေစောင်းစောင်း။

"ဒီကောင်ကြီးကအသေဖိုခတ်ပစ်တာ။ အသံတွေကြားလို့ နီးစပ်ရာထင်းခုတ်နေတဲ့လူတွေပြေးကြည့်တော့ ကျားက အူတွေပွင့်ပြီးသေနေပြီ။ ကျားကြီးက နည်းနည်းနောနောကြီးမဟုတ်ဘူး။ ကျွန်တော့်အစ်မစမ်းကွဲအိမ်မှာ အဲဒီကျားဆီကမေးရိုးနဲ့အစွယ်ကြီးတောင်ယူထားတာရှိတယ်"

"ဟာ - ဒါဆို ဆက်သွားလို့ဖြစ်ပါ့မလား"

သူတို့ပြောနေရင်း ကျွန်ုပ်မှာ တဆတ်ဆတ်တုန်လာ၏။ ကျွဲကြီးကို ကြည့်ရင်း ကျွန်ုပ်ဘာဖြစ်လာမှန်းမသိ ကြောက်သလိုလို၊ ရွံ့သလိုလို၊ ဒေါသထွက်သလိုလိုနှင့်တုန်လာ၏။ ဦးလေးသည် လှည်းဘေးတိုင်များတွင်ချည်ထားသောလျှော်ကြိုးများကိုလှမ်းယူလိုက်ပြီး -

"ဒီကောင့်ကို ကြိုးတွေနဲ့ဝိုင်းတုပ်စမ်း"


"တုပ်ဟေ့၊ တုပ်ထား"

"လှည်းမြန်မြန်လှည့်ဟေ့"

ကျွန်ုပ် သတိမလစ်ပါ။ သို့သော် တစ်ကိုယ်လုံးတုန်နေ၏။

"ဟေ့ကောင် - သတိရလား"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး။ ဘာဖြစ်လို့လဲ ဝ္ဂပ် . . . ဝ္ဂပ် . . . ဝ္ဂပ် . . . ဝ္ဂပ် . . . ဝ္ဂပ်"



"ဘာဖြစ်ရမလဲ၊ မင်းက ကျွဲကြီးကိုကြည့်ပြီး ကျားစိတ်တွေဝင်ချင်နေပြီ။ ခုပဲ တခွပ်ခွပ်နဲ့မေးရိုက်ပြီးကျားစိတ်စဝင်နေပြီ။ အဲဒါမင်းကိုယ်မင်းသိလား။ တစ်ခုခုဖြစ်သွားရင် မင်းလိုကောင်လောက်တော့ အူပွင့်ရုံတင်မကဘူး၊ တစ်စစီဖြစ်သွားမယ် ဘာမှတ်လဲ။ နည်းနည်းပါးပါးထိန်းစမ်းပါဟ။ အကုန်သေကုန်မယ်"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး။ ဘာလို့တုပ်ထားတာလဲ"

"အေး- အဲဒါကြောင့်ပဲ။ မင်းကိုယ်မင်းထိန်းနိုင်ပလား"

"ကျွန်တော်မှဘာမှမဖြစ်တာ"

"ကိုင်း - ဒါဖြင့် ကြိုးတွေဖြေပေးလိုက်ကြ။ ဘယ့်နှယ် - ဒီလိုမှမတုပ်ရင် ကျွဲကလည်းခွာရုပ်နေပြီ။ ဒီကောင်ကလည်း နှာတရှုံးရှုံးနဲ့အံတွေကြိတ်နေပြီ"

"ဟုတ်တယ်၊ ဟိုကလည်းလှမ်းစောင်နေပြီ။ သူကလည်း အဲဒီကျွဲကြီးကို မျက်တောင်မခတ်ကြည့်ရင်း အသက်ရှူမြန်နေပြီ။ လွှတ်ပေးလိုက်လို့ကတော့ ဟင်း . . . အူပွင့်နေတဲ့ကျားကိုတောင် စီစီညက်ညက်ကြေအောင်ခတ်သတ်လိုက်တဲ့ကောင်ကြီးဗျ ဘာမှတ်လဲ ဟင်း"

ကြိုးများဖြေလိုက်ပြီဖြစ်၍ ကြိုးရာများကို ငုံ့ကြည့်လိုက်ပြီး ဘာမှမပြောတော့ပါ။ လူလည်းတဖြည်းဖြည်းငြိမ်သွားပြီ ဖြစ်၏။ တဖြည်းဖြည်း တဖြည်းဖြည်းနှင့် . . .။

❑

"လူလေး၊ ဟေ့ - လူလေး"

"အမယ် - ငိုက်နေတယ်"

အဘ၏စကားကြောင့် ကျွန်ုပ်၏ စိတ်တို့ ကျွန်ုပ်ထံပြန်ရောက်လာပါတော့သည်။

"မငိုက်ပါဘူး အဘ"

"ဒါဖြင့်ဘယ်လိုဖြစ်နေတုံး။ စကားလည်းမပြောဘာမပြောနဲ့၊ စကားလေး ဘာလေးပြောဦးလေ"

"ကျွန်တော် . . . . ကျွန်တော် တောင်တွေးမြောက်တွေးဖြစ်သွားလို့ပါ အဘ"

"ဘာလဲ၊ ကျားခါးပြတ်အကြောင်း ပြောလို့ ကျားခါးပြတ်အကြောင်းတွေ တွေးနေတာလား"

ကျွန်ုပ် ဘာမှမပြောပါ။ အဘ၏ မျက်နှာကိုသာလှမ်းကြည့်လိုက်ပြီး မရယ်ချင့်ရယ်ချင်နှင့်ရယ်နေလိုက်၏။

တိမ်တစ်လုံးဘာ . . . သည် ကျွန်ုပ်ကို အကဲခတ်နေ၏။ ကျားခါးပြတ်ကို



www.burmeseclassic.com

www.burmeseclassic.com

ဘယ်နေရာမှာထိုးထားပါလိမ့် ဟူသော အတွေးနှင့် ကြည့်နေပုံရ၏။

"ကိုယ့်ညီလေး၊ အဲဒီကျားခါးပြတ်ကို ဘယ်မှာထိုးခဲ့တာလဲ"

"မြန်မာ့ရိုးရာ သိုင်းပညာရှင်ကြီးတွေပေါ့ဗျာ။ သိုင်းမှာမသိသူမရှိတဲ့ဆရာကြီးတွေပဲ။ ရတနာပုံသိုင်းအဖွဲ့ ဆရာကြီးဦးသွင်နဲ့ဆရာကြီးဦးမျှင်တို့ထိုးပေးခဲ့တာဗျ။ ဒီမှာ"

တိမ်တစ်လုံးဘရှင်သည် ကျွန်ုပ်၏ ပေါင်မှ ကျားခါးပြတ်ပုံကိုသေချာကြည့်နေပြီး ဆေးကြောင့်အမှားတွေ့သွားသူများအကြောင်းကို အဘနှင့်ဆက်ပြောနေ၏။ အဘသည်လည်း တိမ်တစ်လုံးဘရှင်နှင့် စကားစမြည်အတန်ကြာအောင် ပြောဆိုနေပြီး ကျွန်ုပ်တို့ လမ်းခွဲကြတော့၏။ ကျွန်ုပ်နှင့်အဘသည် ထုံးစံအတိုင်း သယ်န်းကျွန်းဘက်သို့ထွက်ရာ လမ်းမကြီးပေါ် သို့ရောက်သည်နှင့် တစ်ဖက်ယပ်တဲထိုး၍ရောင်းနေသောစုတ်ချာချာထမင်းဆိုင်လေးထဲသို့ ဝင်ရောက်လိုက်ကြတော့၏။

"လူလေး"

"ဗျာ - အဘ"

"ကိစ္စလေးရှိလို့ စောလာခိုင်းတော့လည်း လူလေးရောက်အောင်လာသားပဲ"

"အဘတစ်ခွန်းပါပဲ အဘ"

"အေးအေး - ဒါ မောင်စံချစ်တဲ့၊ ဆယ်သိန်းရပ်ကွက်မှာနေတာပေါ့ကွာ။ ဟိုဘက်က သူ့သား ကျော်စိန်"

အဘဘေးနားတွင်ထိုင်နေသူနှစ်ယောက်ကို မျက်လုံးဝေ့ကြည့်လိုက်၏။ ခေါင်းတော့မလှည့်ပါ။

တစ်ဦးမှာ မျက်နှာပေါက်ဆိုးဆိုး၊ မေးရိုးကားကားနှင့်ဖြစ်ပြီး တစ်ဦးမှာ ကျွန်ုပ်နှင့်သက်တူရွယ်တူလောက်ရှိသူဖြစ်၏။ သူ့သားဖြစ်ဟန်တူသူသည် ကျွန်ုပ်ကို မျက်တောင်မခတ်ကြည့်နေ၍ ကျွန်ုပ်ကလည်း မျက်တောင်မခတ်ပြန်ကြည့်နေလိုက်၏။

"လူလေး"

အဘခေါ်မှ မျက်တောင်ခတ်ပြီး အဘဘက်သို့ ပြန်လှည့်ကြည့်လိုက်ရသော်လည်း စိတ်ထဲမှာ ဘဝင်မကျ။ ရင်ဆိုင်ကြည့်နေခြင်းမှ ကိုယ်ကစပြီး မျက်နှာလွှဲလိုက်ရသလိုဖြစ်သွား၏။

"စံချစ်က အင်ဝိဇ္ဇာနည်းနည်းပါးပါးတတ်တယ်၊ သင်ခဲ့ဖူးတယ်ပေါ့ကွာ။ ရွာမှာနေခဲ့တုန်းက"

"ဟုတ်ကဲ့"

"သူ့သားကို သူနဲ့ကက်ကင်းပေးထားတာ သားသတိထားမိလား။ စံချစ်နဲ့ ကျော်စိန်"

"ဟုတ်ကဲ့ - အခုသတိထားမိပါပြီ အဘ"

"အေး - သူတို့ကလည်း လူလေးအကြောင်းကို အဘက ပြောပြောပြတော့ တွေ့ချင်တာပေါ့ကွယ်။ စံချစ်ခမျာ ဘဝကြမ်းပေမယ့် ၊ စိတ်ထားနူးညံ့ပါတယ်။ သား ခင်ခင်မင်မင်နဲ့ စကားလေးဘာလေးပြောနော်"

"ဟုတ်ကဲ့ အဘ"

"တူလေးက ပညာနဲ့ပတ်သက်ရင် ဖွဲ့ကောင်းတယ်ကြားတယ်"

"ဟုတ်ကဲ့ - ကြိုးစားနေတုန်းပါ ခင်ဗျ"

"အခါတွေဘာတွေတော့သိမှာပါ"

"ဟုတ်ကဲ့ - သောကြာအခါပါ"

"ဟာ - မြန်လိုက်တာ"

အဘဘက်သို့လှည့်၍ပြောလိုက်သော ဦးစံချစ်ကို အဘကမကြည့်။ တစ်ဖက်သို့လှည့်၍မျက်နှာမော့ထား၏။ တွေ့ပြီလား ဟူသောသဘောဖြစ်မည်ထင်ပါသည်။

"ဒါဖြင့် ဦးလေးက ပဋ္ဌပ္ပတ်ဆိုတော့ ကောင်းမှာပေါ့"

"ဦးလေးက ကောင်းပါတယ်။ ဦးလေးသားက ဇောက်ထိုးဖြစ်နေတယ်။ သူက အတော်ညံ့တယ်။ အကောင်းကို မကောင်းထင်ပြီး မကောင်းကိုအကောင်းထင်တာ၊ ပိုင်းခြားဝေဖန်နိုင်တဲ့ဉာဏ်က ခိုက်နေတဲ့အခါလေ။ ဦးလေးလည်းသိပြီးသားပါ"

ဦးစံချစ်မှာ ကျွန်ုပ်ကို စိတ်ဝင်စားသလိုကြည့်ပြီး ပြုံးစပြုလာသော်လည်း သူ့သားက ညာဘက်ပေါင်ပေါ်ကို ညာဘက်လက်သီးဆုပ်ထားရင်းတင်ထားပြီး ကျွန်ုပ်ကိုစိုက်ကြည့်နေ၏။ကျွန်ုပ်ကလည်း လျှော့မည်မဟုတ်တော့။ စိတ်ထဲတွင်လည်းတွေးထားလိုက်၏။ 'အင်း-ဒီတစ်ချီတော့ အဘကို အားနာနာနဲ့ပဲ ငါ့လက်တွေလှုပ်ရှားရတော့မယ်နဲ့တူတယ်' ဟု တွေးထား၏။

"ဟုတ်တယ် - တူလေးပြောတာမှန်တယ်၊ အပေါင်းအသင်းမှားတာလေ"

ကျွန်ုပ်က နဝင်းရှိ အင်္ဂါကို ပြေးမြင်လိုက်စဉ် -

"ဆေး ဆေး၊ ဆေးခြောက်စွဲသွားတာမှမနည်းလုပ်ထားရတယ်။ ဆရာကြီးစိန်လည်းသိပါတယ်။ ဒါတောင်မှ ဦးလေးသူ့ကိုနာမည်ပေးထားတာ ဦးလေးနဲ့ ကက်ကင်းနော်။ ကက်ကင်းနဲ့ကိုပေးထားတာ"

"ဟုတ်ကဲ့ - အဲဒီကက်ကင်းကပဲ ဒုက္ခပေးသွားတာပါ"

"ဟင် - တူလေး၊ ကက်ကင်းဟာ အကောင်းလေ။ ဘယ်လိုဖြစ်တာတုံး လွဲနေပြီနဲ့တူတယ်"

"မလွဲပါဘူး၊ ကက်ကင်းဟာ အဲဒီလို အားဖြိုင်လာရင် တစ်ယောက်ယောက်က ထိခိုက်သွားတာများပါတယ်။ ကက်ကင်းရဲ့သတ္တိကိုက တစ်ဦးကောင်းရင် တစ်ဦးပျက်သွားတာချည်းပါပဲ။ ဒါကတော့ သင်တာထက်စာရင် လက်တွေ့ကြည့်တဲ့အတွေ့အကြုံတွေနဲ့မှသိရတဲ့ပညာခန်းတွေပါ ဦးလေး။ ခုပဲကြည့် - ဦးလေးက ဦးလေးနဲ့ကက်ကင်းဆိုပြီး ဦးလေးသားကိုပေးတယ်။ အဲဒီမှာတင် ဦးလေးသားထိတာပဲ၊ သွားတာပဲ"

"ထိတယ်ဆိုတာ ဘာလဲ"

ကျော်စိန်သည် ငြိမ်ပြီးနားထောင်နေရာမှ ကျွန်ုပ်ကို မျက်တောင်မခတ်ကြည့်ရင်း ခပ်ဆတ်ဆတ်မေးလိုက်၏။

ကျွန်ုပ်ကလည်း ပြန်ကြည့်လိုက်ပြီး -

"ထိတယ်ဆိုတာ အဲဒီလို မူးယစ်ဆေးစွဲသွားတာကိုပြောတာ၊ အပေါင်းအသင်းမှားသွားတာ"

"အခု မလုပ်တော့တာကျတော့ကော"

"အခုမလုပ်ပေမယ့် ထိပြီးမှမလုပ်တော့တာလေ"

ကျော်စိန် ဘာမှမပြောဘဲ ဆက်ကြည့်နေ၏။ သူ့စိတ်ထဲတွင် သူနှင့်ရွယ်တူဖြစ်နေ၍ ပမာမခန့်ဖြစ်နေ၏။ ကျွန်ုပ်ကလည်း ခြေတို့လက်တို့လိုင်စင်ယူထားသူမဟုတ်၍ ဂရုမစိုက်။

"ဒါဖြင့် ဒီလိုပဲအမြဲတမ်းထိနေမှာပဲလား"

"ထိမှာပဲ"

"မထိရင်ကော"

"ထိမှာပဲ"

"နေဦး နေဦး၊ ဒီကလေးက ... သားလေးလိုနေတဲ့ကလေး၊ ... ကိုလည်း အင်မတန်ရိုသေ... ဆင်ခြင်တုံတရားလေးနဲ့... ကွယ်"

အဘ၏... ကိုနားထောင်... ကျွန်ုပ် စိတ်မကောင်းဖြစ်သွား... ကျော်စိန်... တည့်တည့်ပြောလိုက်...



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သော်လည်း ကျော်စိန်မှာ ပမာမခန့်။

"ဆယ်သိန်းမှာတော့ ဗေဒင်ဆရာဆိုရင် ဝိုင်းစမ်းကြတာများတယ်"

ကျွန်ုပ်သိပါသည်။ ဆယ်သိန်းရပ်ကွက်ထဲတွင် အလွန်လက်ယဉ်သူများရှိ၏။ တချို့တစ်ဦးတလေ ကျွန်ုပ်နှင့်ခင်၏။ သူတို့သည် လူမိုက်ကြီးများမဟုတ်ပါ။ သို့သော် ထိုသို့ လက်ယဉ်သော အစ်ကိုကြီးများကို ခုတုံးလုပ်နာမည်သုံး၍ လူမိုက်ဆန်ဆန်နေသူအချို့ရှိ၏။ ထိုလူမိုက်ဆန်ဆန်နေသူတစ်ဦးတလေနှင့်လည်း သွားရင်းလာရင်း ဆုံဖူး၏။ ယခု ကျော်စိန်မှာ ထိုပုဂ္ဂိုလ်များ၏အရိပ်ကို အားကိုးနေပုံရ၏။ အရှိန်နှင့်ခြိမ်းခြောက်ချင်သလိုဖြစ်လာ၏။ အဘကိုပင် ပမာမခန့်။

"ကောင်းတယ်၊ အဲလိုဝိုင်းစမ်းကြတာကောင်းတယ်။ ဒါမှ ပညာစစ်၊ မစစ်ရိုက်စားလားဘာလားသိရမယ်။ ငါလည်းအဲလိုစမ်းတဲ့ကောင်ပဲ။ အဘသိတယ်ငါ့အကြောင်း။ ငါက ငါ့ရှေ့မှာ ဗေဒင်ဟောပြီဆိုရင် စမ်းကိုစမ်းချင်တာ။ အမှန်တကယ်တတ်တဲ့ပညာရှင်ကြီးတွေကိုတော့ငါမစမ်းရဲပါဘူး။ ရိုက်စားလုပ်ပြီဆိုလို့ကတော့ ငါကလက်တွေ့စမ်းတာ။ မနက်ကဘာဟင်းနဲ့စားလာလဲဆိုပြီး မှန်အောင်ဟောခိုင်းတာ။ မဟောနိုင်ဘဲ ယောင်တောင်တောင်လုပ်နေရင် ပါးပိတ်ရိုက်ပလိုက်တာ။ ပညာကိုခုတုံးလုပ်ပြီးလိမ်စားမယ်မကြံနဲ့။ ငါကလုပ်ကိုလုပ်ချင်တာ"

"ခင်ဗျားက အခုဗေဒင်ဟောတာမဟုတ်ဘူးလား"

"ငါဟောတာမဟုတ်ဘူး၊ မင်းတို့သားအဖကို အင်္ဂဝိဇ္ဇာပညာနဲ့ငါပြောတာ. မင်းအဖေသိတယ်။ မေးကြည့်"

"စိတ်မဝင်စားဘူး"

"စိတ်မဝင်စားရင် မင်း ဘာလို့ငါ့မေးလဲ"

"ဟဟ - နေဦးလေ။ တူလေးရာ၊ ဦးလေးတောင်းပန်ပါတယ်။ပညာစကားပြောနေတာတောင်ဘယ်ဆီရောက်ကုန်မှန်းမသိဘူး။ ကျော်စိန်ရာ၊ ငါပြောတယ်မလိုက်ခဲ့နဲ့လို့။ ဆရာစိန်တို့ရှေ့မှာ မင်းဒါလောက်မရိုင်းသင့်ဘူး"

ကျွန်ုပ်လုံးဝမခံတော့။ မိုက်ကြည့်ကြည့်နေသောကျွန်ုပ်အား ကျော်စိန်စိုက်ကြည့်နေရာမှ မျက်တောင်ပုတ်ခတ်ပုတ်ခတ်ဖြစ်သွား၏။ကျွန်ုပ်ကလည်းသိလိုက်၏။ 'ဒီကောင်ငါ့ကိုမယှဉ်ရဲတော့ဘူး' ဟုသိလိုက်၏။ဦးစံချစ်က ကျွန်ုပ်ကိုတောင်းပန်၏။ အဘက ကျွန်ုပ်၏လက်ကိုလှမ်းဆွဲထား၏။

"လူလေးဟာ ဈေးထွက်ရတယ့် စိန်ဂွမ်းဈေးမှာ၊ အားတာမဟုတ်ဘူး. စံချစ်။ မင်းတို့ပဲတွေ့ချင်တယ်ပြောလို့ ငါ့မှာခေါ်ပေးရတာ။ မင့်သားကကွယ်"

"ကျွန်တော် အပြောအဆိုမတတ်သလိုဖြစ်သွားလို့ပါ ဦးကြီး"

"အေးလေ၊ ဘာပဲဖြစ်ဖြစ် လူလေးဟာ ငါ့ကြောင့်ဒီလာရတာ"

ကျော်စိန် ကျွန်ုပ်ကိုကြည့်နေ၏။ ကျွန်ုပ်က သူ့မျက်ခွက်ကိုမကြည့်တော့။ အခါတစ်ခါ၏ ဇောက်ထိုးနာမည်များသည် မူလအလယ်အခြာကို ပြိုပျက်စေသောသဘောရှိ၍ မူလ သောကြာကိုပျက်သွားစေပြီး စကားပြောရိုင်းသွားသည်ကို ကျွန်ုပ်သဘောပေါက်ပါသည်။

"ကျွန်တော် အားနာပါတယ်။ ကျွန်တော်ဟာ တကယ်တော့ လူမိုက်တစ်ယောက်ပါ။ ကြေးစားလူမိုက်ပါ။ တစ်လက်မကွဲအောင်ရိုက်ရင် တစ်ကျပ်၊ နှစ်လက်မကွဲအောင်ရိုက်ရင် နှစ်ကျပ်နဲ့ ရိုက်တဲ့သူပါ။ ကြေးစားပါ။ ဒါကြောင့်အဘရှေ့မှာရော ဦးလေးစံချစ်ရှေ့မှာရော စကားပြောတာရိုင်းသလိုဖြစ်ကောင်းဖြစ်နေပါလိမ့်မယ်။ ကျွန်တော့်ဘဝကိုကျွန်တော်ပြည်ဖုံးကားချပြီး အဘဘေးနားမှာ လူကောင်းတစ်ယောက်မဖြစ်ဖြစ်အောင်ကြိုးစားပြီးနေနေတာပါ။ ကျွန်တော်လူမိုက်ပါ။ ရိုင်းလည်းရိုင်းပါတယ်။ သွားလေရာ ဓားဝီပါပါတယ်။ ဂစ်တာ'တစ်'ကြိုးလည်းပါပါတယ်။ ဒီနေ့မှမယူလာတာပါ"

"တူလေးရာ၊ ဦးလေးက တူလေးကိုခင်ပါတယ်။ ခင်ခင်မင်မင်ရှိချင်လို့ပဲ ခုလိုဆုံတာပါ။ ဦးလေး စိတ်မကောင်းဘူး"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ ဦးလေးကိုခင်ပါတယ်"

စကားသာပြောနေသော်လည်း သူတို့သားအဖကိုရော အဘကိုပါ ကျွန်ုပ်မကြည့်တော့။

"ခင်ဗျားကိုကျွန်တော်ရန်လုပ်တာ ရန်လိုတာမဟုတ်ပါဘူး။ ကျွန်တော်က ဒီလိုပဲပြောတတ်လို့"

"ငါကလည်း မင်းကို ရန်သူလို့ မသတ်မှတ်ပါဘူး။ သတ်မှတ်ရင် မင်းခုလောက်ဆို မင်းမျက်နှာသုံးမရတော့ဘူး မှတ်ထား"

"အေးပါ တူလေးရယ်၊ ပညာအကြောင်းပဲပြောကြစို့ရဲ့။ ခုနပြောတဲ့ ကက်ကင်း လုပ်ပါဦး"

"အဲဒါပဲလေ၊ ကက်ကင်းက တစ်ယောက်ကောင်းရင် တစ်ယောက်က ပျက်ပေးရစမြဲပဲ။ ဒါက လက်တွေ့ပညာတွေ"

"ဒါဆို လူတစ်ယောက်က သူမွေးထားတဲ့ ကလေးတစ်ယောက်ကို သူနဲ့ကက်ကင်းဖြစ်အောင် နာမည်ပေးတိုင်း ဖြစ်တာပဲလား"

"ဖြစ်တာပဲ၊ တစ်ယောက်ကတော့ ဂြိုဟ်ဆိုးဝင်တာပဲ။ မလွဲဘူး၊ ရှောင်လို့မရဘူး"

"ဒါဖြင့် တူလေး၊ လူတွေအဆောင်ဆောင်တာကျတော့ရော"

"ဘယ်လိုလဲ"

"ဒီလိုလေ လူလေး၊ စံချစ်ဆိုလိုတာက တင်မောင်ဆိုရင် ပိတောက်အဲလိုဆောင်တာမျိုး။ ဟုတ်ကဲ့လား စံချစ် အဲလို"

"ဟုတ်တယ် ဆရာစိန်"

"ရတယ်၊ ဒီလိုကက်ကင်းအဆောင်တွေကျ ကောင်းတယ်ဗျ။ ဒါပေမယ့် ဆောင်သင့်တဲ့နှစ်ဆိုတာ ရှိသေးတယ်။ ဆောင်ရမယ့်ကိစ္စဆိုတာလည်း ရှိသေးတယ်။ နောက်ဆောင်ရမယ့်အချိန်၊ ဘယ်လောက်ကြာကြာဆောင်မှာလဲ ရှိသေးတယ်"

အဘ ကျွန်ုပ်ကို လှည့်ကြည့်၏။ သူ၏အကြည့်မှာ 'လူလေး၊ အတော်လေ့လာထားတာပဲ' ဟူသော ပုံစံထွက်နေ၏။ ကျွန်ုပ်ကလည်း ကျော်စိန်ကို မခံချင်၍ နှုတ်ကဆက်တိုက်ထွက်သွားခြင်း ဖြစ်ပါသည်။

"အေး - ဦးလေး မသိတာတွေရှိသေးသကိုး"

"ဟုတ်ကဲ့-ကျွန်တော်လည်းအားတာနဲ့ လေ့လာနေတုန်းပါခင်ဗျ"

"တချို့ လူတောင်သေတာတွေရှိတယ်ကြားတယ်"

"ဟုတ်ကဲ့ - လှေကားမှာစီရင်လို့ သေတာတွေရှိသလို လမ်းပါးမှာ၊ သချိုင်းမှာစီရင်ရင်လည်း သေပါတယ်။ အဲဒီလူ





www.burmeseclassic.com

www.burmeseclassic.com

တွေရဲ့နာမည်က ခုနပြောတာတွေနဲ့ ကက်ကင်းဖြစ်နေပြီဆိုရင် မထိဘဲမနေပါဘူး"

"ဩ. . ."

"ကက်ကင်းဟာ သေစေ၊ ရှင်စေရပါတယ် ခင်ဗျ။ အင်္ဂလိပ်ဗိဇ္ဇာပညာရပ်မှာ ကက်ကင်းတစ်ခုတည်းကိုင်တဲ့ဆရာကြီးတွေတောင်ရှိပါတယ်။ လူတစ်ယောက်ကို ချမ်းသာသွားစေနိုင်သလို မွဲသွားစေနိုင်ပါတယ်။ နောက်ဆုံး သေတဲ့အထိ လုပ်နိုင်တာတွေရှိပါတယ်။ဒါ-ကက်ကင်းပါ။ အင်္ဂလိပ်ဗိဇ္ဇာပါ။ ကက်ကင်းဆိုတဲ့ပညာကြီးဟာ အင်မတန် နက်ရှိုင်းပါတယ်။ တစ်ယောက်တတ်ထားတာနဲ့တစ်ယောက်တတ်ထားတာမတူကြပါဘူး။ ကက်ကင်းပညာခန်းကို ကျွမ်းကျင်တဲ့ ပညာရှင်ကြီးတွေနဲ့ဆုံခဲ့ဖူးသလို ဖွတ်ကက်ကင်းနေတဲ့လူမျိုးနဲ့လည်း ခင်ခဲ့ဖူးပါတယ်"

ကျွန်ုပ်၏စကားကိုနားထောင်ရင်း ဦးစံချစ်မျက်နှာငယ်လေးနှင့်ဖြစ်နေ၏။ ကျော်စိန်မှာ နားထောင်နေသော်လည်း လူမိုက်ကြည့်မကြည့်တော့။ မိုက်ချင်သည့်အရှိန်များလျော့ကျသွားပုံရ၏။

"တူလေး၊ ဖွတ်ကက်ကင်းဆိုတာ"

"ဖွတ်ကက်ကင်းဆိုတာ ကက်ကင်းမဖြစ်ဖြစ်အောင်ယိုက်ကောက်နေတာမျိုးတွေပေါ့။ ဥပမာဗျာ ကံရင် ဆိုတဲ့လူဟာ သူနဲ့ကက်ကင်းဖြစ်ပြီး အောင်မြင်အောင် 'ရေကူး'တယ်ဆိုတာမျိုး၊ ခင်တုတ် နာမည်ကြီးအောင် 'တန်းခုန်' ခိုင်းတာမျိုး၊ ဘစံကိုအသက်ရှည်အောင် 'စက်ဘီး' စီးခိုင်းတယ်ဆိုတာမျိုး၊ စံရင် ဘုန်းကြီးအောင် ခဏခဏ လက်ကို 'ရေဆေး' ခိုင်းတာမျိုး၊ ချောင်းဆိုးနေရင် 'စမ်းချောင်း' မှာ လမ်းလျှောက်ခိုင်းတာမျိုး၊ မအေးကို ကက်ကင်းဖြစ်အောင်ဆိုပြီး 'အမြန်' လျှောက်ခိုင်းတာမျိုး၊ အမြန်ကားစီးခိုင်းတာမျိုး၊ ခင်လှကို နာမည်ကြီးအောင် 'လက်ခုပ်' တီးခိုင်းတာမျိုး။ တကယ့်ကို ပေါကြောင်ကြောင့်နိုင်လိုက်တာဗျာ။ အဲဒါ ဖွတ်ကက်ကင်းတွေပဲ။ နာမည်ပြောင်းပြန်လုပ်လို့ နာမည်ကြီးကြစတမ်းဆိုရင် 'တင်ကို' ဆိုတဲ့လူတစ်ယောက်ကို 'ကြံတော'မှာသွားအိမ်ဆောက်ပြီးနေခိုင်းမယ်ဗျာ။ ကဲ - ကြံတောကို တစ်နေ့တစ်ခါသွား၊ မျက်နှာပွင့်မယ်လို့ပြောမယ်ဗျာ၊ ဘယ့်နှယ် ဦးလေး"

ဦးစံချစ် အားရပါးရ ရယ်ပြီး ခေါင်းညိတ်သလို အဘကလည်း အားရပါးရရယ်၏။ ကျော်စိန်က ပြုံးစိစိ။

"ကံရင်ကို ကက်ကင်းဖြစ်အောင်



ရေကူးခိုင်းရင်း ရေနစ်မှဟုတ်ပေ့ဖြစ်နေမယ်။ ကြွက်တက်နေရင်တောင်မှ 'ဟာ တင်ကို ရေကူးလို့ကြွက်တက်ရင် ကက်ကင်း' လို့ လုပ်ကြဦးမှာဗျ"

"ဟား. . . ဟား. . . ဟား. . . ဟား"

ဦးစံချစ် အားရပါးရရယ်၏။

"ဘစံကို အသက်ရှည်အောင် စက်ဘီးစီးခိုင်းရင်း အမောဆို့သွားမှ ကိစ္စပြတ်နေမယ်။ ချောင်းဆိုးရင် စမ်းချောင်းမှာရေသွားစိမ်ခိုင်းလို့ကတော့ ကာလနာတိုက်ကုန်မယ်။ ကန်တော့ပါ အဘ"

ရုတ်တရက် ပြောချလိုက်ပြီးမှ လွှတ်ခနဲထွက်သွားသောစကားကို သတိထားလိုက်မိပြီး အဘဘက်သို့ လက်အုပ်ချီလိုက်၏။ အဘမျက်နှာမှာ တစ်မျိုးပြောင်းသွား၏။ တစ်စုံတစ်ခုကို စူးစမ်းနေသလိုမျိုးဖြစ်နေ၏။ တစ်ခုခုကိုကြားဖူးသလိုမျိုး ကျွန်ုပ်ကိုစိုက်ကြည့်နေရင်း မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်နေ၏။ ကျွန်ုပ်သိလိုက်ပါသည်။ 'ကာလနာတိုက်ကုန်မယ်'ဟူသော ဆရာသခင်ကျေးဇူးရှင်ပြောနေကျစကားကို ကျွန်ုပ်ပြောလိုက်သောကြောင့် အဘနားထဲ ရုတ်တရက်ကြောင်သွားမှန်း ကျွန်ုပ်သိလိုက်ပါသည်။

"တူလေးပြောတာတွေ ခုမှပဲကြားဖူးတော့တယ်"

"ဟုတ်ကဲ့ - ကျွန်တော်လည်း လျှောက်လေ့လာလွန်းလို့ပါ။ စာအုပ်တွေဖတ်၊ မသိရင် သိတဲ့ပညာရှင်တွေဆီ ချဉ်းကပ်မေး၊ မရှက်ဘူး။ ရအောင်ချဉ်းကပ်မေးတာပဲ။ ဒီအကျိုးလေးတွေပေါ့"

"ဩော် - ဒါဆို ကက်ကင်းကို မရေရာဘဲသွားသုံးလိုက်လို့ ကျော်စိန်မှာသွားထိနေတာကိုး။ အင်း - တူလေးဆို ကက်ကင်းတွေ တော်တော်သုံးခဲ့မှာပဲနော်"

"ဟုတ်ကဲ့ - သုံးခဲ့ပါတယ်။ တစ်ခါက လူတစ်ယောက်ဟာ အမေ့ကို အရှင်းရန်လုပ်ပါတယ်။ အမေမျက်ရည်ကျရတဲ့အထိကို ရန်လုပ်ပါတယ်။ တစ်ကြိမ်နှစ်ကြိမ်၊ သုံးကြိမ်လည်းကျရော ကျွန်တော်အမေ့ကို ဘာမှမပြောတော့ပါဘူး။ သူ့နာမည်က ကြာသပတေးစ တနင်္လာပိတ်ပါ။ မနဲ့ကနဲ့တွဲထားတာပါ။ ကျွန်တော် ပန်းကန်ကွဲမှာ သူ့နာမည်ရေးပြီး ကမ်းပါးဆီကိုထွက်သွားပါတယ်။ ပန်းကန်ကွဲမှာ သူ့နာမည်ရေးတဲ့အချိန်ကစပြီး သူ့မျက်နှာကိုပဲတောက်လျှောက်ပေါ်အောင်ကြည့်နေခဲ့ပါတယ်။ ခုလို သောကြာအခါပါပဲ။ ကမ်းနားရောက်တော့ ပတ်ဝန်းကျင်နိမိတ်ကိုကြည့်နေလိုက်ပါတယ်။ ကလေးတစ်ယောက်ဟာ ကမ်းနားက အမှိုက်ပုံက မီးချောင်းအကျွမ်းတစ်ချောင်းကိုဆွဲယူပြီး သေချာကြည့်နေပါတယ်။ ဆော့မလို့လား၊ ရောင်းစားမလို့လားတော့ မသိဘူးလေ"

"အင်းပေါ့၊ အင်းပေါ့"

"ဟုတ်ပြီ၊ နိမိတ်ကမီးချောင်းကျွမ်းပြီ။ ကျွမ်းတာဟာ အသက်မရှိတော့တာဘဲ၊ ရပ်ဆိုင်းသွားတာပဲ။ သုံးလို့မရတော့တာဘဲ။ ဒါဖြင့်အနိဋ္ဌပဲ။ ကြာသပတေးတနင်္လာနံနိမိတ်တစ်ခုရပ်သွားတာတွေ့ပြီ"

"ဒါ - နိမိတ်ကြည့်လိုက်တာပေါ့"

"သူဟာသူနေရင်တော့ တစ်မျိုးလေ။ ခုဟာက ပတ်ဝန်းကျင်နိမိတ်ကိုကြည့်လိုက်ချိန်မှာ မီးချောင်းအကျွမ်းက မျက်စိထဲဝင်လာအောင်ကို မြင်လိုက်ရတာ။ ကလေးက ဒီပြင် ပုံးတို့၊ ခွက်တို့ကောက်ရင် တစ်မျိုးလေ"

"ဩော် - ဟုတ်သား"

"နိမိတ်ခိုင်ပြီလည်းဆိုရော ပန်းကန်ကွဲကို ကမ်းပါးမှာမြှုပ်လိုက်တယ်"

"ပန်းကန်ကွဲ၊ ကမ်းပါး အင်း. . . ကက်ကင်းပဲ။ မီးချောင်းကျတော့ရော"

"သူနံတူလေ၊ သူနံတူကိုက အသက်မရှိတော့ဘူး။ ရပ်ဆိုင်းတဲ့နိမိတ်။ ဒီတော့ စီရင်ရတာ ဓာတ်ထိပြီပေါ့။ သွားတာပဲ အဲဒီလူ"

ဦးစံချစ်မျက်နှာမှာ ငြိမ်သွား[illegible] ကျွန်ုပ်ကိုကြည့်နေ၏။ ကျော်စိန်[illegible] ခေါင်းကြီးငုံ့ထားရင်းမှ ကျွန်ုပ်[illegible]မျက်[illegible] လှန်၍မသိမသာခိုးခိုးကြည့်[illegible]။ အဘ[illegible] အိမ်ရှေ့ဘက်ဆီသို့ငေးနေ၏။ တစ်[illegible] ကို စိတ်မကောင်းနေဟန်ရှိ၏။

"ဒါ - [illegible]လေးပြောတဲ့ကက်ကင်း ပညာခန်း[illegible]။ ကက်ကင်းတကယ်ရှိ[illegible]

www.burmeseclassic.com

ပြီဆိုရင် မထိဘူးဆိုတာမရှိပါဘူး။ လူတောင် သေပါတယ်။ တကယ်တမ်း ကက်ကင်းနဲ့တင်ရင်လည်း လူတကယ် ချမ်းသာပါတယ်။ ဒါကြောင့် 'ကက်ကင်း သေရှင်လူ ထက်အောက်ပြန်လှန်ကူ' ဆိုတာ တကယ့်ပညာပါ"

- အဘ ကျွန်ုပ်ကို ဆတ်ခနဲလှည့်ကြည့်၏။

"ဒီလိုသိအောင် ဖတ်လိုက်ရတဲ့စာတွေနည်းမှတ်လို့ ဦးလေးရာ။ စာအုပ်ပေါင်းကိုစုံနေတာပဲ"

အဘ တစ်ဖက်သို့ ပြန်လှည့်သွားပါသည်။

ပြောချင်သောစကားများကိုပြောပြီးပြီဖြစ်၍ ပညာနှင့်ယှဉ်သောစကားများကို ကျွန်ုပ်ရပ်လိုက်ပါသည်။ ဤသို့ပြောခြင်းမျိုးကို ဆရာသခင်ခွင့်မပြုပါ။ ဆရာ့ကွယ်ရာဖြစ်သော်လည်း ကျွန်ုပ်ထိန်းလိုက်ပါသည်။

"ဒါဆို တူလေး၊ မသိလို့ထပ်မေးတာပါ"

"ဟုတ်ကဲ့"

"လူတစ်ယောက်ကို သာသာလေးနော်၊ ကက်ကင်းက"

"ဟုတ်ကဲ့ - အခုနေ စိန်ခြယ်ပင်တစ်ပင်ရရင် ဟိုမှာထိုင်နေတဲ့ကျော်စိန်ကို တစ်ခုခုထိခိုက်သွားအောင်လုပ်လို့ရတယ်"

ကျွန်ုပ် တမင်ပြောလိုက်သော်လည်း ကျော်စိန်မှာကြည့်လိုက်၊ ငုံ့လိုက်၊ သူ့အဖေဘက်လှည့်ကြည့်ပြုံးလိုက်နှင့် သာငြိမ်နေပါသည်။ ကျွန်ုပ်က ရယ်သလို မောသလို ရင်းနှီးသလို ပြောလိုက်ခြင်းဖြစ်၏။

"အေးလေ - ကက်ကင်းပဲ"

❑

"လူလေး"

"ဗျာ - အဘ"

"စံချစ်က တောင်လေ့လာမြောက်လေ့လာမို့ အဘကိုယ်တိုင် လူလေးနဲ့ဆုံပေးခဲ့တာပါ"

"ဩော် - ဟိုနေ့က ဦးစံချစ်"

"အေး - သူ့သားလေးကတော့ နည်းနည်းရိုင်းတယ်။ ဒါပေမယ့် အဲဒီနေ့က ပုံစံတစ်မျိုးပဲ။ မာရေကျောရေဖြစ်နေတာကနေငြိမ်သွားသလားလို့။ ဗွေဆော် ဦးတုန်းကဆို အဘကကြည့်နေတာ၊ လူလေးတော့ထထိုးပြီဟော့လို့"

"ထိုးမလို့ အဘ၊ အဘကို ကျွန်တော် ရှိသေလို့ လက်နဲ့မလုပ်ဘဲ ပညာနဲ့လုပ်လိုက်တာ"

"ဟေ. . ."

"အဘသတိထားမိမှာပေါ့။ ကျွန်တော် သတ်တာပုတ်တာ၊ သေတာကျေတာတွေချည်းဖိပြောနေတာ၊ ဒုစရိုက်တွေပဲဖိပြောနေတာ"

"အေး. . ."

"စနေလေ အဘ"

"အေး. . ."

"အမှုအခင်းပြဿနာတွေကိုဖိပြော၊ ပညာရပ်တစ်ခုနဲ့ လူတစ်ယောက်ကိုဒုက္ခပေးခဲ့တာဖိပြောဆိုတော့ အနိဋ္ဌတွေချည်းဖြစ်နေပြီ"

"အေး"

"ပြီးတော့ ကျော်စိန်နဲ့စကားပြောရင်း အနောက်တောင်ဘက်နားရွှေ့ထိုင်လိုက်တယ်လေ။ ထိုင်ပြီး ကျွန်တော့်ဒူးတွေ၊ တံတောင်တွေကိုပွတ်ပွတ်ပြီး စကားပြောတာ အဘတွေ့လား"

"အေး - နေရာရွှေ့ထိုင်လိုက်တာသိလိုက်တယ်"

"ဒါ စနေတွေပဲဆိုတော့ တနင်္လာနံ ကျော်စိန်ကို အနိုင်ဆင်လိုက်တာပါ အဘ။ ဆပွတ်မာတ်ပါ"

"လူလေး အာဂပဲ"

"အဘ့သိပြီးသားတွေပါ ခင်ဗျာ။ ကျွန်တော်က အဘကိုပြောပြရတာတောင် လိပ်ပြာမလုံဘူး"

"ဘယ်-ဒီလိုဟုတ်မလဲ၊ လူလေးလုပ်ပုံလေးတွေသဘောကျလို့ အဘက မေးတာပါ။ လူလေးလုပ်သွားတာလေးတွေဟာ အင်း. . ."

အဘပြုံးရင်း ခေါင်းတညိတ်ညိတ်လုပ်နေ၏။ ပီတိဖြစ်နေပုံရ၏။ ပြီးမှ ကျွန်ုပ်ကိုလှည့်ကြည့်လိုက်ပြီး ခေါင်းကို သူ့လက်လေးနှင့်လှမ်းပွတ်၏။ ကျွန်ုပ်က အဘ၏တင်ပျဉ်ခွေထားသည့်အပေါ်သို့ ခေါင်းလေးဆိုက်ချလိုက်ပြီး အဘခါးကို ဖက်ထားလိုက်ပါတော့၏။

❑

"ဒီနေ့ အဘတရားထိုင်တာကြာတယ်နော်"

"ဘာလဲ၊ လူလေးထိုင်စောင့်ရတာ ပျင်းနေပြီလား။ လူလေးကော မထိုင်ဘူးလား"

"ထိုင်တယ် အဘ၊ ကျွန်တော်က ထိုင်ပြီး အဘကိုကြည့်နေတာ"

"တယ် - ဒီကလေး"

ကျွန်ုပ်၏ ပခုံးကို လှမ်းပုတ်လိုက်သော အဘလက်ကလေးကိုလှမ်းဆွဲပြီး ကိုင်ထားလိုက်ပါသည်။ မလွှတ်ချင်ပါ။ အဘ၏လက်ကလေးများလွတ်သွားမှာကို ကျွန်ုပ် မလိုလားပါ။

"ဆရာစိန်"

အသံကြား၍လှည့်ကြည့်လိုက်ရာ ဘရှင် တိမ်တစ်လုံးဘရှင် ခပ်သုတ်သုတ်နှင့် လိုက်လာ၏။

"ဟော့ - ဘရှင်ကြီး၊ ဘယ်တုံး"

"ဟိုဘက်ပဲ၊ ကိုကျင်မောင်နဲ့ချိန်းထားလို့ အလုပ်ရှိတယ်လေ"

"ဩော် - အေး"

"ညီလေး"

"ဗျာ"

"အစာနဲ့လျှောက်လိုက်နေတာပဲ ဟုလား"

"ဟုတ်ကဲ့"

"အေးအေး - အစ်ကိုသွားဦးမယ်။ ဆရာစိန်နဲ့ ညီလေးကိုမြင်လို့ လှမ်းနှုတ်ဆက်တာ၊ အစ်ကိုက ကျောက်စာတိုင်ဘုရားဘက်သွားမှာ"

"ဩော် - ဟုတ်ကဲ့၊ ဟုတ်ကဲ့"

အဘကို နှုတ်ဆက်၍ ခပ်သုတ်သုတ်ထွက်သွားသော တိမ်တစ်လုံးဘရှင်၏ကျောကိုငေးကြည့်နေမိ၏။

"အဘ"

"ဟော"

"ကိုဘရှင်ကိုကြည့်ရတာတစ်မျိုးပဲနော်"

"ဘာဖြစ်လို့လဲ၊ လူလေးဘယ်လိုထင်လို့လဲ"

"သူ့ကြည့်ရတာ. . . ကျွန်တော့်ကို ဘာရန်မှမလိုတော့သလိုဘဲ"

အဘသည် အသံမထွက်သော်လည်း အားရပါးရရယ်လိုက်၏။ မျက်နှာလေးမော့ကာမော့ကာရယ်လိုက်ပြီး -

"လူလေးက ဘရှင်ကြီးကို ဘယ်လိုမြင်လို့လဲ"

"ဘာဖြစ်လို့လဲ အဘ"

"ဘာဖြစ်လို့လဲ ဆိုတဲ့ စကားကို အဘက လူလေးကိုမေးလိုက်၊ လူလေးက အဘကိုမေးလိုက်နဲ့ သံသရာလည်နေပြီ။ အဘပြောမယ်၊ သူဟာ လူလေးရဲ့ရန်သူမဟုတ်ပါဘူးကွာ။ အဘရဲ့ မိတ်ဆွေပါ။ အဘကိုယ်တိုင် သူ့ကိုခေါ်ပြီး လူလေးနဲ့ဆုံပေးခဲ့တာပါ"

"ဗျာ. . ."

(ရှေ့လဆက်ရန်)


ဆရာဦး[illegible]မောင်သန်း

([illegible]ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com



(ကျောက်တောင်)
# ဒေါက်တာအောင်
## အသက်ဉာဏ်စောင့်

"ဦးဦး"

"ဗျား"

"ကျွန်တော့်သူငယ်ချင်းရဲ့ အဖေနဲ့ အမေဟာ သိပ်ချမ်းသာကြတယ်။ သူတို့သား ကျွန်တော့်သူငယ်ချင်းဆိုလည်း အလိုလိုက်ကြတယ်။ စားစရာမုန့်တွေ၊ အချိုရည်တွေဘာတွေဆိုလည်း ဘာမဆို အကုန်ကျွေးတာပဲ။ သူ့သားကလည်း ဘာမဆိုအကုန်စားတာပဲ။ ဒါပေမယ့် သူက ပိန်တာပဲ။ ဘယ်တော့မှ နေကောင်းတယ်မရှိဘူး။ ကျောင်းလည်း မှန်မှန်မတက်ဘူး။ ဆရာဝန်တွေနဲ့လည်း ဆေးကုတာပဲ၊ ဒါပေမယ့် ဒီအတိုင်းပဲ ကောင်းမလာဘူး။ အဲဒါ ဘာဖြစ်လို့လဲ ဦးဦး"

"အေး- အဲဒါမိဘတွေဟာ ပစ္စည်းသာရှိပြီး ဉာဏ်မရှိလို့ပေါ့ကွာ"

"ဘယ်လိုလဲ ဦးဦး"

"အသက်ဉာဏ်စောင့်တယ် ဆိုတဲ့ ရှေးစကားရှိတယ်ကွယ့်။ အနေအထိုင်၊ အစားအသောက်၊ အသွားအလာ၊ နေရာတကာမှာ ဉာဏ်နဲ့စဉ်းစားပြီး သွားလာ၊ စားသောက်၊ နေထိုင်ရတယ်ကွယ့်။ အစားအစာဆိုတာ ဘယ်လိုကောင်းကောင်း ကိုယ်နဲ့မတည့်လို့



www.burmeseclassic.com

www.burmeseclassic.com

ရင်ကျပ်၊ ချောင်းဆိုး၊ ဖျားနာမယ်ဆိုရင် မစားနဲ့။ အမေ အဖေ တွေကလည်း မကျွေးနဲ့၊ ရှောင် လိုက်။ တည့်တဲ့အစာကိုပဲစား၊ ကျွေး စသည်ဖြင့်ပေါ့ကွာ။ အဲဒီလိုဉာဏ်နဲ့စဉ်းစားပြီး စားသောက်၊ သွားလာ၊ နေထိုင်သွားရင် ကျန်းမာမယ်၊ အသက်ရှည်မယ်၊ ပညာတတ်မယ်၊ စီးပွားရှာနိုင်မယ်၊ ချမ်းသာမယ်ပေါ့ကွာ။ ဒီတော့ ဉာဏ်ဟာ အရေးအကြီးဆုံးပဲဆိုရမှာပေါ့ကွာ။ ဒါကြောင့် အသက်ဉာဏ်စောင့်လို့ ရှေးလူကြီးများကဆိုခဲ့ကြတာပေါ့ကွယ့် ငါ့တူရဲ့။

အဲဒီဉာဏ်ရှိလို့ အသက်ရှည်တဲ့အကြောင်း ပုံပြင်လေးနားမထောင်ချင်ဘူးလားကွ"

"နားထောင်ချင်ပါတယ် ဦးဦး၊ ပြောပြပါ"

"အေး - ပြောပြမယ်၊ နားထောင်ကွယ့်။ ဒီလို ဒီလို။

ဟိုရှေးရှေးတုန်းက ဟိမဝန္တာတောကြီးထဲမှာ မျောက်ပေါင်းများစွာကိုအုပ်ချုပ်နေတဲ့ မျောက်ကြီးတစ်ကောင်ရှိသတဲ့ကွယ့်။ အဲဒီမျောက်ကြီးဟာ သူ့မျောက်အုပ်ထဲက မျောက်မတစ်ကောင်မှာ မျောက်ကလေးမွေးလာလို့ အထီးလေးဖြစ်ရင် အဲဒီမျောက်ထီးကလေးကိုကိုက်သတ်ပစ်တာပဲတဲ့"

"ဘာဖြစ်လို့လဲ ဦးဦး"

"ကြီးလာလို့အားရှိလာရင် အနိုင်တုပြီး သူ့ကိုဒုက္ခပေးမှာစိုးလို့ပေါ့ကွာ။ တစ်ခါမှာတော့ မျောက်မတစ်ကောင်ဟာ မျောက်ထီးလေးမွေးဖွားလာတာနဲ့ မျောက်ကြီးရန်ကို ကြောက်တဲ့အတွက် မျောက်ကြီးနဲ့ဝေးတဲ့တစ်နေရာကိုသွားပြီး သားကလေးကို မွေးမြူစောင့်ရှောက်ထားလို့ မျောက်ကလေးအတော်ကြီးလာလို့ အရွယ်ရောက်တဲ့အခါ အင်မတန်ခွန်အားဗလကြီးမားပါသတဲ့။

တစ်နေ့မှာ အဲဒီမျောက်သားငယ်က သူ့အဖေ ဘယ်မှာရှိသလဲလို့မေးမြန်းတာနဲ့ မိခင်က သူ့အဖေမျောက်ကြီးအကြောင်း အကုန်လုံးပြောပြတဲ့အခါ မျောက်သားငယ်က -

"မိခင်မစိုးရိမ်ပါနဲ့၊ ဖခင်မျောက်ကြီးထံပို့သာပို့ပေးပါ"

လို့ ဇွတ်အတင်းပြောတဲ့အတွက် မိခင်က ပို့ပေးရပါသတဲ့ကွ။

မျောက်ကြီးဟာ မျောက်သားငယ်ကိုမြင်တဲ့အခါ ချစ်ခင်ယောင်ဆောင်ပွေ့ဖက်ပြီး ဖျစ်ညှစ်သတ်ပစ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ -



"သားမောင် ဒီလောက်အချိန်ကြာအောင်ဘယ်သွားနေသလဲ။ လာ- အဖေ့ဆီလာခဲ့"

လို့ ခေါ်ယူပွေ့ဖက်ပြီးညှစ်တာနဲ့ မျောက်သားငယ်က သူ့ထက်သန်မာတဲ့ခွန်အားနဲ့ ပြန်ညှစ်လိုက်တာ မျောက်ကြီးဟာ နာကျင်တာနဲ့ပြန်လွှတ်ရလိုက်သတဲ့။ ဒီတော့ မျောက်သားငယ်ဟာ မသေတော့ဘူးပေါ့ကွယ်"

"ဒါကို အသက်ဉာဏ်စောင့်လို့ ပြောတာလား ဦးဦး"

"ဒါက ဉာဏ်ကြောင့်မှမဟုတ်ဘဲ မျောက်ငယ်ရဲ့ခွန်အားဗလစွမ်းရည်သတ္တိကြောင့်ပဲ။ ဒါက မိခင်ရဲ့အပိုင်းကဏ္ဍကွယ့်။ မိခင်က ဉာဏ်ရှိလို့ သားငယ်ကိုမျောက်ကြီးအန္တရာယ်နဲ့ကင်းတဲ့နေရာကိုယူသွားပြီး ကျန်းမာအောင်၊ အားရှိအောင် ကျွေးမွေးပြုစုစောင့်ရှောက်လာလို့ မျောက်သားငယ်ဟာ အခုလိုအသက်ရှင်ပြီး ကျန်းမာ၊ ချမ်းသာ၊ ခွန်အားဗလတို့ကောင်းလာတာမဟုတ်လား။

လိမ္မာဉာဏ်ရှိတဲ့မိဘများဟာ သူတို့သားသမီးများကို မတည့်တဲ့အချဉ်ထုပ်တို့၊ မသန့်ရှင်းတဲ့ လမ်းဘေးအသုပ်တို့၊ မုန့်ပဲသရေစာတို့ စသည်တွေကိုမကျွေးဘဲ သန့်ရှင်းလတ်ဆတ်တဲ့အသီးအနှံ စားစရာသောက်စရာတွေကိုသာ ကျွေးမွေးစောင့်ရှောက်တဲ့အတွက် သူ့တို့သားသမီးတွေဟာ ကျန်းမာသန်စွမ်းအားကောင်းပြီး ဉာဏ်ပညာထက်မြက် အထက်တန်းကျကျ စာမေးပွဲအောင်ကြ၊ ပညာတတ်ကြသလိုပေါ့ကွာ။ ကဲ - ပုံပြင်ဆက်ကြဦးစို့။

အဲဒီလို လွှတ်လိုက်ရပေမယ့် မျောက်ကြီးဟာ မကျေနပ်သေးဘဲ ဒီမျောက်ငယ်ကို ပရိယာယ်နဲ့သေအောင်သတ်မယ်လို့ကြံစည်ပြီး ရေကန်ထဲဆင်းလာတဲ့သတ္တဝါတွေကိုဖမ်းယူစားသောက်တတ်တဲ့ ဘီလူးစောင့်တဲ့ရေကန်ရှိရာကို-

"အမောင်ချစ်သား၊ ချစ်သားကိုမင်းမြှောက်မယ်။ အဲဒီရေကန်ထဲကကြာမန်း (၁၀) ပွင့်ကို ခူးယူခဲ့ချေ"

လို့ပြောပြီး စေလွှတ်လိုက်သတဲ့။

မျောက်ငယ်လေးဟာ ရေကန်ရှိရာသွားရောက်ပြီး အလျင်စလိုမဆင်းသေးဘဲ ရေကန်အနေအထားကိုလေ့လာတဲ့အခါ ရေကန်ထဲဆင်းတဲ့ခြေရာကိုသာတွေ့ရပြီး ပြန်တက်တဲ့ခြေရာကို မတွေ့ရတဲ့အတွက် ရေကန်ရဲ့သဘော၊ ဖခင်မျောက်ကြီးရဲ့သဘောကိုသိရပါရောတဲ့။

ဒါနဲ့ မျောက်ငယ်ဟာ ရေကန်ထဲမဆင်းတော့ဘဲ ရေကန်တစ်ဖက်ကမ်းမှာရပ်၊ တခြားတစ်ဖက်ကမ်းရောက်လောက်အောင်အားယူပြီး တအားခုန်ရင်း ကန်အလယ်ကောင်အရောက်မှာ ကြာပန်းကို ခူးယူကာ ဟိုဘက်တစ်ဖက်ကမ်းမှာချတယ်။ အဲဒီလို အပြန်ပြန်အလှန်လှန်ခုန်ပျံခူးယူပြီး ကြာပန်း (၁၀) ပွင့်ပြည့်တဲ့အခါ ခဏအနားယူလို့ ကြာပန်းတွေကိုစီနေတယ်တဲ့။

ဒီအခါ ရေကန်စောင့်ဘီလူးဟာ 'ဒီကန်မှာငါနေတာကြာလှပြီ။ ဒီလောက်အံ့ဖွယ်သရဲထူးကဲတဲ့သတ္တဝါကို ငါမမြင်ဖူးဘူး။ ငါ့အာဏာစက်တည်ရာရေထဲကိုမဆင်းဘဲ ကြာပန်းတွေကိုရအောင်ယူနိုင်ပါပေတယ်' လို့ စိတ်ထဲကချီးကျူးလိုက်ပြီး ရေထဲကတက်လာကာ -

"အို - မျောက်မင်း၊ လောကမှာ မည်သူမဆို ပုဂ္ဂိုလ်တစ်ယောက်ဟာ ရဲစွမ်းသတ္တိ၊ ဉာဏ်ပညာ၊ လုံ့လဝီရိယ ဒီကျေးဇူးတရားသုံးပါးရှိရင် ဘယ်ရန်သူကိုမဆို အောင်မြင်နိုင်မည်သာတည်း"

လို့ ဥဒါန်းစကားပြောကြားပါသတဲ့ကွာ"

"ဥဒါန်းစကား ဆိုတာ ဘယ်လိုဟာလဲ ဦးဦး"

"ဥဒါန်းစကားဆိုတာ အကြောင်းအရာတစ်ခုခုကို သဘောကျအားရကျေနပ်လွန်းတဲ့အတွက် စိတ်ထဲ၊ ရင်ထဲမှာ မျိုသိပ်မထားနိုင်တဲ့အတွက် နှုတ်က ပွင့်ထွက်လာတဲ့စကားမျိုးကိုခေါ်တယ်လို့ မှတ်ထားကြကွယ့်။ ဗဟုသုတပေါ့"

"ဟုတ်ကဲ့ပါ ဦးဦး၊ မှတ်ထားပါ့မယ်"

သော်တာအောင်(ကျောက်တော်)

www.burmeseclassic.com

www.burmeseclassic.com



# ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ကောင်းကျိုးပေဖြာ တစ်နေ့တာလမ်းညွှန်

**ဒေါ်ခင်စံသူ (B.Sc)**

**အောက်တိုဘာ ၁ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅၊ ၆)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာ ၂ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ပုဗ္ဗပုဗ္ဗဧမိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၃ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၄ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က ဗေဒါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်သို့လှည့်၍ ဓမ္မံပုဗ္ဗဧမိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၅ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာ ၆ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာ ၇ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၈ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာ ၉ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၁၀ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၁၁ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာ ၁၃ ရက်၊ ကြာသ**



www.burmeseclassic.com

www.burmeseclassic.com

**ပတေးနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၁၄ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၁၅ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၉၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သ တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာ ၁၆ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၅)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၁၇ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာနှင့် သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၁၈ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေနှင့် တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၂၀ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၆၊ ၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၂၁ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓဇိနော (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာ ၂၂ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေနှင့် တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာ ၂၃ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၅၊ ၆)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အနီရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၂၄ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာ ၂၅ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာ ၂၇ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၈ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၉ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါနှင့် ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၃၀ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။


**အောက်တိုဘာ ၃၁ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေနှင့် တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြ ၈၈ သ ၁၁)

## ကာသိုလ်ဆက်-ကံတက်
## သူရဲငှလက်ဆောင်



မေ့နေကြတာလေးတွေ -
ရှိကောင်းရှိပါလိမ့်မယ်။
ဒါမှမဟုတ် -
သတိမထားမိတာလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။
ဘာပဲဖြစ်ဖြစ် -
မသိသေးတဲ့သူတွေ၊ အမှုမဲ့အမှတ်မဲ့နေနေကြသူတွေအတွက် စကားလက်ဆောင်လေးပါးချင်လို့ပါ။
နေ့သစ်တစ်ခုကို စတင်ခြင်း ဆိုတဲ့ နံနက်ခင်းဟာ အင်မတန်မှ မင်္ဂလာကျက်သရေအပေါင်းနဲ့ ပြည့်စုံလှတဲ့ အချိန်အခါပါ။
ဘာပဲဖြစ်ဖြစ် မင်္ဂလာရှိတဲ့အချိန်အခါကောင်း ဖြစ်ပါတယ်။
ဒီအချိန်မှာ ဘာပဲပြောပြော ဒိပြင်ကိစ္စတွေဘေးချိတ်ထားဦး -
ဘုရားရှင်ကို ကြည်ညိုလိုက်ပါ။
ဘုရားရှင်ကို ပူဇော်ဖို့ ပန်း၊ ဆီမီး၊



www.burmeseclassic.com

www.burmeseclassic.com

ရေချမ်း၊ ဆွမ်းကပ်လှူပူဇော်ဖို့ စတင်လိုက်ပါ။

ဘယ်လိုစတင်ရမလဲ။

တတ်နိုင်သမျှ ငွေကြေးကို စတင်လိုက်ပါ။

တစ်ရာတန်တစ်ရွက်ဖြစ်ဖြစ်၊ နှစ်ရာတန်တစ်ရွက်ဖြစ်ဖြစ်၊ ငါးရာတန်တစ်ရွက်ဖြစ်ဖြစ်၊ တစ်ထောင်တန်တစ်ရွက်ဖြစ်ဖြစ် စတင်လိုက်ပါ။ ဒီငွေကို ကတ်ထူစက္ကူဘူးလေး ဒါမှမဟုတ် ဘူးလေးတစ်ခုထဲ စထည့်လိုက်ပါ။ ဘုရားဆောင်မှာတင်ပြီး ပူဇော်ထားပါ။

နေ့တိုင်း ထည့်လှူပူဇော်ထားရမှာဖြစ်ပါတယ်။

ဒါကြောင့် မနိုင်ဝန်မထမ်းပါနဲ့။ ပုံမှန် ပူဇော်နိုင်သလောက်နဲ့ စတင်ပြီး ပုံမှန် ပူဇော်ပါ။

မွေးနေ့ကပဲ စတင်လိုက်ပါ။

တစ်ပတ်ပြည့်လို့ မွေးနေ့ကို ရောက်ပြီဆိုတာနဲ့ အဲဒီငွေကိုယူ။ ပန်း၊ ဆီမီး၊ ဆွမ်းဝယ်ပြီး ကပ်လှူပူဇော်လို့ရပါပြီ။ တစ်ပတ်လုံးအတွက်ကို ပူဇော်နေလို့ရပါပြီ။

တစ်ရာစစုရင် မွေးနေ့ရောက်တာနဲ့ ရှစ်ရာဖြစ်ပါပြီ။ အဲဒီရှစ်ရာကိုတစ်ပတ်လုံးအတွက် ဆွမ်း၊ ပန်း၊ အလင်းတိုင်၊ အမွှေးတိုင် အဆင်ပြေသလို ကပ်လှူပူဇော်သွားလို့ရပါပြီ။

တစ်နေ့ကို တစ်ရာတန်အကြော်



www.burmeseclassic.com

www.burmeseclassic.com

ဝယ်ကပ်ရင်တောင် တစ်ပတ်ပြည့်ထိ ကပ်လို့ရပါပြီ။

နှစ်ရာစုထားရင် ထောင့်ခြောက်ရာ ရပါပြီ။

တစ်ထောင်စုတဲ့သူဆို ရှစ်ထောင် ဖြစ်ပါပြီ။

တစ်ပတ်ပြည့်တာနဲ့ စလှူလို့ရပါပြီ။

ဒါပေမယ့် တစ်ပတ်ပြည့်လို့ ဘုရားကိုပူဇော်ဖို့ ဒီငွေကိုယူလိုက်ရင် အရင်လို နေ့စဉ် ထပ်ပူဇော်ရမှာ ဖြစ်ပါတယ်။ ဆက်ပြီး နေ့စဉ်ပူဇော်ပါ။ တစ်ပတ်ပြည့်တိုင်း ဘုရားကို ပူဇော်ပါ။ လွယ်သလို ယူဝယ်တဲ့ပိုက်ဆံ မဟုတ်တော့ပါဘူး။ မွေးနေ့ကစပြီး ဘုရားရှင်ကို ကြည်ညိုသဒ္ဓါနဲ့ နေ့စဉ် ပူဇော်ခဲ့တဲ့ ငွေတွေပါ။ နေ့တိုင်း ကုသိုလ်ပြုခဲ့တာပါ။ တစ်ပတ်ပြည့်တာနဲ့ ပန်း၊ ဆီမီး၊ ဆွမ်း ဝယ်ပြီး ပူဇော်လိုက်တဲ့အခါ ကိုယ်ပူဇော်ထားတဲ့ လှူဖွယ်ပစ္စည်းတွေကိုကြည့်ပြီးဖြစ်လာတဲ့ပီတိဟာ ဘာနဲ့မှ မလဲနိုင်တာ တွေ့ရပါလိမ့်မယ်။ သြော် - ငါဒီလိုပူဇော်နိုင်အောင် နေ့တိုင်းစုလာခဲ့ရတာပါလားဆိုပြီး ကြည်ညိုမဝဖြစ်နေပါလိမ့်မယ်။

ဒါဟာ -

ဘယ်လိုမှ တန်ဖိုးဖြတ်လို့မရတဲ့ ပီတိနဲ့ ကုသိုလ်ကြီးတွေပါပဲ။ နေ့တိုင်း မိုးလင်းတာနဲ့ ဘုရားကို သတိတရ ကြည်ညိုနေပြီဆိုမှတော့၊ လှူဖို့စနေပြီဆိုမှတော့ ဒီကုသိုလ်ထူးကြီးတွေက ပီတိ မဖြစ်ဘဲနေပါတော့မလား။

လက်ငင်းဒိဋ္ဌ အကျိုးပေးတဲ့ ကုသိုလ်ကြီးတွေပါ။

ဘာမှပင်ပင်ပန်းပန်းမလုပ်ရဘဲ၊ ခဲခဲယဉ်းယဉ်း မလုပ်ရဘဲနဲ့ကိုဖြစ်သွားတဲ့ ကိုယ့်ရဲ့ကောင်းခြင်းကြီးတွေပါ။ အင်မတန်မှ ကြည်နူးစရာကောင်းလှပါတယ်။

ဟိုး - ခပ်လှမ်းလှမ်းမှာရှိတဲ့ မြို့လေးတစ်မြို့ကို ရောက်ခဲ့စဉ်က မနက်မိုးလင်းလို့ လျှောက်ကြည့်ရင်း မုန့်ဗိုင်းတောင့်ရောင်းတဲ့ ကလေးမလေးကို သတိထားလိုက်မိပါတယ်။ သူ့ဆိုင်ရှေ့မှာ ကြွလာတဲ့ သီလရှင် ဆယ့်ငါးပါးလောက်ကို သူလှူနေတာမို့ပါ။ အများကြီးမဟုတ်ပေမယ့် နည်းနည်းချင်းစီရအောင်လှူနေတဲ့ ကလေးမလေးပါ။ သူ့ဆီမှာ မုန့်ဗိုင်းတောင့်ဝယ်လိုက်ပါတယ်။ ပီတိဖြစ်လို့ စကားတီးခေါက်ကြည့်တော့ သွားတည်းတဲ့သူငယ်ချင်းတို့လမ်းထဲက ကလေးမလေးဖြစ်နေပါတယ်။ အရင်က သူ့အမေရောင်းတယ်။ အခု သူ့အမေက လေဖြန်းထားတော့ သူရောင်းပါတယ်။

ဒါနဲ့ အဲဒီနေ့ ညနေကျတော့ သူငယ်ချင်းရဲ့သမီးလေးက သွားခေါ်လာလို့ ကလေးမလေး ရောက်လာပါတယ်။ မြင်လိုက်တော့ ဟာ- မနက်က ငါ့ဆီက မုန့်ဗိုင်းတောင့်ဝယ်သွားတဲ့ ဦးလေးကြီးပဲဆိုပြီး သူငယ်ချင်းရဲ့ သမီးလေးကို တိုးတိုးပြောပါတယ်။

အဲဒီမှာ စကားစမြည်ပြောရင်းကနေ သူ့စေတနာ၊ အနန္တငါးပါးကို ဦးထိပ်ထားတဲ့၊ မိခင်ကိုလုပ်ကျွေးတဲ့ သူ့ရဲ့စိတ်ဓာတ်ကို ချီးကျူးလွန်းလို့ -

အခု သူ့ရဲ့လက်ဆောင်ပေးနေတဲ့ မနက်မိုးလင်းတိုင်း ငွေစုခြင်းကိုပြောခဲ့ပါတယ်။ သူက ယတြာတွေပေးနေလည်း ဘာမှလုပ်နိုင်မှာမဟုတ်ပါဘူး။ ဒီနည်းကိုပဲပေးခဲ့ပါတယ်။

သူက ဝမ်းသာအားရ သမီးလုပ်မယ်၊ ဖြစ်အောင်လုပ်မယ်။ တစ်နေ့ တစ်ရာကစဖယ်ပြီး လှူမယ်လို့ ပြောပါတယ်။

အဲဒီမြို့လေးကို ထပ်မရောက်တော့ပေမယ့် လေး၊ ငါး၊ ခြောက်လလောက်ကြာလို့ သူငယ်ချင်းမိသားစု ရန်ကုန်ကိုရောက်လာတဲ့အခါ မေးကြည့်ပါတယ်။ မထူးခြားသေးပါဘူး။ ဈေးတော်တော်ရောင်းကောင်းတယ်ဆိုတာပဲ ကြားပါတယ်။

တစ်နှစ်ကျော်လို့ ထပ်ရောက်လာတော့ အဲဒီကလေးမလေးမုန့်ဗိုင်းတောင့် မရောင်းတော့ပါဘူး။ စက်ချုပ်နေပြီဆိုတာ ကြားရပါတယ်။ တော်တော်ကို အဆင်ပြေလာပုံရတယ်လို့ပြောပါတယ်။ သူကလည်း ဟိုဦးလေးမလာဘူးလားလို့ ခဏခဏမေးတယ်လို့ပြောကြပါတယ်။

တစ်နေ့တော့ -

သူငယ်ချင်းမိသားစုနဲ့ အဲဒီကလေးမလေး ရန်ကုန်ကိုပါလာပါတယ်။သူ့လက်ထဲမှာ ချည်ချောလုံချည်လေးနဲ့။ သူစက်ချုပ်နေပြီဆိုတဲ့အကြောင်း၊ မနားရဘူးဆိုတဲ့အကြောင်း၊ ဝင်ငွေလည်း အသင့်အတင့်ကောင်းနေပြီ၊ အဆင်ပြေနေပြီဆိုတဲ့အကြောင်း အားရပါးရပြောပြနေပါတယ်။ စက်ချုပ်တာမှာတင်ရပ်မနေဖို့ ဒီဇိုင်းလှလှကလေးဝတ်လေးတွေ၊ မိန်းကလေးဝတ်တွေကို တက်လှမ်းပြီး ကြိုးစားဖို့ ထပ်အကြံပေးလိုက်ပါတယ်။ သူ့ရဲ့ဂါရဝကိုလည်း ပီတိတွေအများကြီးနဲ့ ခံယူလိုက်ပါတယ်။

သူဟာ ခုဆို တစ်နေ့ နှစ်ရာ ဦးဦးဖျားဖျားဖယ်ပြီး ဘုရားပူဇော်နေပြီဆိုတာ ကြားရတော့ ပိုဝမ်းသာရပါတယ်။ လပြည့်နေ့ရောက်ရင် မုန့်ဗိုင်းတောင့်လေးနည်းနည်းပါးပါးရအောင်လုပ်ပြီး ဘုရားပူဇော်တာရယ်၊ သီလရှင်ကြီးတွေကို လောင်းလှူတာရယ် ထပ်ကြားရတော့ ဘယ်လိုဝမ်းသာမှန်းမသိတော့ပါဘူး။

သူဟာ တစ်နေ့ကို ငါးရာလောက်ဖယ်ပြီး ပူဇော်နိုင်တဲ့ထိကြိုးစားမယ်လို့ ပြောတော့ သမီးဖြစ်ကိုဖြစ်လိမ့်မယ်လို့ နိမိတ်ကောင်းပေးလိုက်ပါတယ်။

ခု စက်ချုပ်အလုပ်သမား ကလေးမလေးနှစ်ယောက်တောင် ငှားထားပြီး သူဟာ အော်ဒါချုပ်တွေလက်ခံချုပ်နေပါပြီ။ ဓားစက်တွေနဲ့တော်တော်အောင်မြင်နေပါပြီ။ သူကညှပ်ပေးပြီး ပေးပေးချုပ်ရတဲ့ မိန်းကလေးသုံးယောက်က ခဏခဏနေမကောင်းဖြစ်လို့ သူ့မှာ နည်းနည်းပါးပါး စိတ်ညစ်ရတာကလွဲရင် ဝင်ငွေကောင်းနေပါပြီ။ သူ့အမေကို သူကျကျနန ထားနေပါပြီ။

ဒါဟာ တိတိကျကျ ပူဇော်ခဲ့တဲ့ သူ့ရဲ့ကုသိုလ်ပါပဲ။ မနက်မိုးလင်းတာနဲ့ ဘုရားကို စပြီးကြည်ညိုတဲ့ ကုသိုလ်ကြီးပါပဲ။

ဒီလိုပူဇော်ခိုင်းလို့ အောင်မြင်ကြတဲ့သူတွေထဲက တချို့ မရှင်းတာလေးတွေကို ရှင်းပြရတာရှိပါတယ်။

ခုလည်း -

သူရဿကို သံယောဇဉ်ကြီးလှတဲ့ ကျေးဇူးရှင်ပရိသတ်ကြီးမရှင်းမှာစိုးလို့ ရှင်းပြလိုက်ပါဦးမယ်။

အဲဒါကတော့ မနက်မိုးလင်းတာနဲ့ (၂၀၀) စလှူပြီဆိုပါတော့။ ကိုယ့်မှာရှိတဲ့ ပိုက်ဆံထဲက (၂၀၀) တန်ကို လှူရမှာဖြစ်ပါတယ်။ ဈေးဆိုင်စဖွင့်လိုက်လို့ ဦးဦးဖျားဖျားဝင်လာတဲ့အထဲကမှမဟုတ်ပါဘူး။ မနက်ငါးနာရီလောက် ဘုရားဝတ်ပြုရင် အဲဒီငါးနာရီမှာ ရှိတဲ့(၂၀၀)စလှူရမှာဖြစ်ပါတယ်။ ဆိုင်က (၇)နာရီလောက်မှဖွင့်ရင် ဆိုင်ကငွေ မလိုတော့ပါဘူး။

ဈေးစရောင်းရမှ လှူမယ်ဆိုတာမျိုး မဟုတ်ပါဘူး။

မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ စလှူရမှာပါ။

နှစ်ရာတန်မရှိရင် ကြိုပြီးအမ်းထားပါ။ တစ်ရာစလှူမယ်ဆိုလည်း တစ်ရာတန်ကြိုပြီးအမ်းထားပါ။ ငါးရာဆိုလည်း ကြိုအမ်းထားပါ။ ဒီနေ့ နှစ်ရာလှူပြီး နောက်နေ့ကျ တစ်ထောင်တန်

www.burmeseclassic.com

www.burmeseclassic.com

တစ်ရွက်ကိုတင်လိုက်ပြီး ငါးရက်စာပဲလို့ မလုပ်ပါနဲ့။ နေ့တိုင်းဖြစ်အောင်လှူရမှာ ဖြစ်ပါတယ်။ ဒါတော့ သတိထားရပါလိမ့်မယ်။ ဒါမှ ကုသိုလ်အားဟာ ပုလဲသွယ်လေးလို၊ ပုတီးကုံးလေးလို တဖြည်းဖြည်းနဲ့အားတွေပြိုင်ပြီးထိုးတက်သွားမှာ ဖြစ်ပါတယ်။ လေး၊ ငါးရက်ဆက်လှူပြီး တစ်ရက်မေ့သွားလို့ဆိုရင်လည်း အဲဒီငွေကို အဲဒီမှာတင်ရပ်ထား၊ ယူလိုက်ပြီး ဘုရားရှင်ကို ဆွမ်းချက်ပူဇော်လိုက်ပါ။ နောက်မွေးနေ့ကပြန်စလိုက်ပါ။ မမေ့ပါစေနဲ့။ စဉ်းစားပါ။ ကိုယ်ဟာ ထမင်းစားဖို့ မမေ့ပါဘူး။ ဒီတော့ ထမင်းစားဖို့တောင် သတိရတဲ့သူဟာ ဘုရားကို တစ်နေ့ (၁၀၀)၊ ဒါမှမဟုတ် (၂၀၀)၊ (၅၀၀) ပူဇော်ဖို့ သတိရရမှာပေါ့။

သူငယ်ချင်းတစ်ယောက်ကတော့ သူမေးလွန်းလို့ ဒီပူဇော်နည်းကိုပြောလိုက်ပါတယ်။

သူက တော်တော့်ကို စိတ်ပါလက်ပါ အားရဝမ်းသာနဲ့ လုပ်ပါ့မယ် ပြောပေမယ့် တကယ်'က'တော့ ချိုမိုင်မိုင်ဖြစ်ပါတယ်။ ခုနပြောသလို ငါးရာတန်တစ်ရွက်တင်ထားလိုက်၊ နောက်နေ့ မတင်ဖြစ်ဘဲ နောက်နေ့ကျမှပေါင်းပြီး တစ်ထောင်တန်တင်လိုက်နဲ့၊ နောက်ငါးရက်စာပေါင်းတင်လိုတင်နဲ့ သူကြည့်ရတာ ဗျာများနေပါတယ်။ အေးအေးဆေးဆေးယူရမယ့်ကုသိုလ်ဟာ ဗျာများနေပါတယ်။ သူလည်း ဘာမှ သိပ်ထူးခြားတာတော့ မတွေ့ပါဘူး။

ဒါလေးကိုတောင်ဖြစ်အောင်မလုပ်နိုင်တဲ့သူတွေ တွေ့ဖူးပါတယ်။ ဘာမှ ခဲခဲယဉ်းယဉ်းလုပ်ရတာလည်း မဟုတ်ဘဲနဲ့ကို ခဲယဉ်းနေကြသူတွေပါ။


ဒီကုသိုလ်ရဲ့ အဓိကက ဘုရားရှင်ကို နေ့စဉ် မနက်တိုင်း မမေ့မလျော့ ကြည်ညိုပူဇော်ခြင်းပါ။

ရှိမှလှူမယ်ဆိုတာမျိုး မဖြစ်တော့ပါဘူး။

မရှိဘဲနဲ့လှူပြီး ရှိသွားကြသူတွေ မနည်းတော့ပါဘူး။

ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်တွေဟာ မဖြစ်နိုင်ဘူးဆိုတာတွေ မရှိတော့ပါဘူး။

အရေးကြီးတာ မနက်မိုးလင်းလို့ ကိုယ်လှူမယ့်ငွေ စဖယ်တိုင်း အင်း - ငါဟာ ဘုရားပူဇော်ဖို့ ငါ့ချွေးနဲ့စာကို စစုနေရပြီ၊ ငါအတော်ကုသိုလ်ထူးတာပဲဆိုတာသိနေရပါလိမ့်မယ်။ အဲဒီပီတိဖြစ်နေရပါလိမ့်မယ်။



တစ်ရက်က နှစ်ရက်၊ နှစ်ရက်က သုံးရက်ဖြစ်လာတာနဲ့ ကပျာကယာဟာ - ငါးရာဖယ်ရမှာ မေ့နေလိုက်တာဆိုပြီး ကပျာကယာ ဘူးထဲထည့်လို့တော့ သိပ်မဟုတ်ဘူးပေါ့။

တချို့ဆို ဒီလို နေ့စဉ်ဖယ်သွားတာ တစ်နှစ်လည်းပြည့်ရော အားရပါးရ လှူကြတာတွေရှိနေပါတယ်။ တစ်ပတ်တစ်ခါလှူတဲ့အပြင် တစ်နှစ်ပြည့်ထိရအောင် စုသွားပြီး လှူကြတာတွေပါ။ တကယ်လည်း အောင်မြင်နေကြပါတယ်။

ပွင့်ပွင့်လင်းလင်းပြောရရင် မရှိတဲ့လူတွေ ရှိကုန်ကြပါပြီ။ ရှိတဲ့လူတွေ ပြည့်စုံလာကြပါပြီ။

ဟာ - ဒါလေးများ ရတာပေါ့၊ ဘာခက်တာလိုက်လို့ဆိုပြီး မတွေးပါနဲ့။

နေ့စဉ်မှန်မှန်ပြုလုပ်ဖို့ အတော်သတိထားရပါတယ်။ တချို့ဆို ငါးရက်လောက်မှန်ပြီးမှ မေ့သွားတာတွေရှိပါတယ်။ ဒါတောင်မှ တစ်ပတ်တစ်ခါနော်။

ဘယ်လိုမေ့လဲဆိုတော့ ခုနပြောသလို သတိမေ့နေရာက ကပျာကယာထပြီး ပိုစုတာတို့ဘာတို့ပေါ့။ အဲဒီလိုတွေလည်းရှိပါတယ်။ လက်တွေ့ကြည့်လိုက်ပါ။

မေ့ရင်မေ့တဲ့နေ့မှာပဲရပ်ပါ။ ရထားသမျှနဲ့ ပန်း၊ ဆီမီးဝယ်ပြီး ပူဇော်လိုက်ပါ။ ရက်ကျော်မစုပါနဲ့။

ခင်ခင်မင်မင်နဲ့ ရောက်လာကြတဲ့ မိတ်ဆွေတွေထဲက လေး၊ ငါး၊ ခြောက်ဦးလောက် ဒီကုသိုလ်နဲ့ဘဝအဆင့်ဆင့် မြင့်တက်လာကြပါပြီ။ နေ့စဉ်ပြုနေတဲ့သူတို့ရဲ့ ကြည်ညိုသဒ္ဓါစိတ်နဲ့ ကုသိုလ်က အကျိုးပေးသွားတာ ဖြစ်ပါတယ်။

ဒါကြောင့် -

ဒီအထိ ဖတ်လာပြီးပြီဆိုရင် လာမယ့်မွေးနေ့ကစပြီး စတင်ဖို့ စီစဉ်လိုက်ပါလေ။

ညွန်းမနေတော့ပါဘူး။

အောင်မြင်သွားကြသူတွေကို တစ်ဦးစီရေးပြမနေတော့ပါဘူး။ သူတို့အကြောင်းတွေပြောပြမနေတော့ပါဘူး။

အောင်မြင်ချင်တဲ့သူတွေကိုသာ လက်ကမ်းလိုက်ပါတယ်။

ကြည်ညိုပါ။

လက်ငင်းဒိဋ္ဌ နေ့ချင်းညချင်း ပူဇော်ခြင်း စတင်ပါ။ လက်ငင်းဒိဋ္ဌအကျိုးပေးပါလိမ့်မယ်။

ဘုရားရှင်ကို ပူဇော်ဖို့ ကိုယ့်ရဲ့ ချွေးနဲ့စာလေးကို စတင်ဖယ်နေပြီဆိုတာနဲ့ လက်အုပ်ချီ၊ လက်အုပ်ကြားထဲမှာ ညှပ်ပြီးရင် ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်တွေကို ရည်မှန်းရည်မှတ်ပြီး နေ့စဉ်ရှိခိုးသလိုပဲ ဝတ်ပြုရှိခိုးပါ။ အာရုံပြုပြီး ရှိခိုးပါ။ ကျန်းကျန်းမာမာဘဝနဲ့ ဘုရားရှင်ကို ပူဇော်ဖို့ ကိုယ့်ချွေးနဲ့စာနဲ့ ကုသိုလ်ယူနေရတဲ့ဘဝ၊ ကုသိုလ်ယူနေနိုင်တဲ့ဘဝကို ကျေနပ်အားရ ပီတိဖြာလိုက်ပါ။ ဒီပီတိဟာ စကြဝဠာတစ်တိုင်းလုံး ပျံ့နှံ့သွားပါလိမ့်မယ်။ မယုံမရှိပါနဲ့။

ပြီးရင် ဘူးလေးထဲမှာ ရိုရိုသေသေ ထည့်ပါ။

နေ့စဉ် ဝတ်ပြုနေကျအတိုင်း၊ နေ့စဉ်လှူနေကျအတိုင်း လှူပါ၊ ဝတ်ပြုပါ။ ကိုယ့်ချွေးနဲ့စာလေးနဲ့ ဘုရားပူဇော်တာပဲ ပိုသွားတာပါ။

ဒီကုသိုလ်ကြောင့် -

ချမ်းသာလာကြသူတွေ၊ ကျန်းမာလာကြသူတွေရှိနေပါပြီ။

အောင်မြင်နေကြပါပြီ။

အောင်မြင်မှုတွေကိုသာ ပေးချင်လွန်းတဲ့ -

သူရဇ္ဇရဲ့ထုံးစံအတိုင်း -

ချမ်းသာခြင်းကိုဖြစ်ဖို့ သူရဇ္ဇ လက်ဆောင်ပါးလိုက်ပါပြီ။

အခုပဲ စတင်လိုက်ပါလို့ မေတ္တာစကားပြောကြားရင်း . . . ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

# ရွှေနွယ်ဦး
# ဝမ်းကိုက်ပျောက်ဆေး အလွယ်လေး

'ကုန်ကူး၊ ကြံဖူးမှသိ'၊ 'ကိုယ်ဝမ်းနာ၊ ကိုယ်သာသိ' ဟူသော မြန်မာဆိုရိုးစကားများက ကုန်ကူးခြင်းနှင့် ဝမ်းနာဝမ်းကိုက်ခြင်းတို့ကို စာတွေ့ (ဗဟုသုတ) ဖြင့်မသိနိုင်။ ငါတွေ့ (ဗဟုဒိဋ္ဌ) ဖြင့်သာ ပြည့်ဝစုံလင်စွာ တွေ့ရှိခံစားနိုင်ကြောင်း ညွှန်းဆိုနေပါသည်။

ထိုညွှန်းဆိုချက်နှင့်အညီ ဝမ်းကိုက်လျှင် မည်သို့မည်ပုံခံစားရတတ်ကြောင်းကို ဝမ်းကိုက်ရောဂါဖြစ်ဖူးသူများသာလျှင် ခံစားသိရှိနားလည်နိုင်ပြီး မဖြစ်ဘူးသူများမှာ သိရှိနားလည်နိုင်ကြမည် မဟုတ်ပေ။

ဝမ်းကိုက်ရောဂါမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းလေးပါးအနက် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဟူသော ဓာတ်ကြီးလေးပါး အနက် တစ်ပါးပါး သို့မဟုတ် တစ်ပါးထက်ပိုသောအကြောင်းများကြောင့် ဖြစ်တတ်သည်ဟု တိုင်းရင်းမြန်မာဆေးဆရာကြီးများကဆိုပါသည်။

ဝမ်းကိုက်ရောဂါဖြစ်တော့မည်ဆိုလျှင် ရှေးဦးစွာ ဆီး၊ ဝမ်း၊ လေးသုံးမျိုးအနက် ဆီးမှာမသိမသာစတင်ချုပ်လာတတ်ပါသည်။ မကြာမီဝမ်းလည်းချုပ်လာပါသည်။သို့သော် အစားအသောက်၊ အနေအထိုင်မပျက်၊ နာကျင်ကိုက်ခဲမှုဝေဒနာတစ်စုံတစ်ရာလည်း မရှိသောကြောင့် သတိမထားမိတတ်ကြပါ။ သို့သော် မကြာမီ လေပါချုပ်လာသောအခါ၌ကား ဝမ်းဗိုက်ထဲမှမအီမသာဖြစ်လာပါသည်။ ဆီးလည်းနည်းကာ ဝါလာတတ်ပါသည်။ လေလည်ချင်သလိုလို၊ ဝမ်းသွားချင်သလိုလိုလည်းဖြစ်လာတတ်ပါသည်။

ထို့နောက် မကြာမီ ဝမ်းဗိုက်ထဲမှ စတင်နာကျင်ကိုက်ခဲလာပါသည်။ အထူးသဖြင့် ချက်ပတ်လည်တစ်ဝိုက်ရစ်၍ရစ်၍ နာတတ်ပါသည်။ ပြီးလျှင် လေလည်ချင်စိတ်ပေါက်လာပြီး လေလည်လိုက်သောအခါ လေနှင့်ဝမ်းကောင်းကောင်းမကွဲတော့ဘဲ အဝါရောင်သို့မဟုတ် အညိုရောင်ဝမ်းအရည်များပါ ထိန်းမနိုင်သိမ်းမရပါလာတတ်ပါသည်။ အိမ်သာတက်လိုက်သောအခါ၌ကား အားရအောင်မသွားဘဲ ဝမ်းအသွားရပ်ကာ စအိုဝမှအမြှုပ်များတစီစီမြည်ကာ ပေါ်ထွက်လာ တတ်ပါသည်။ သို့ရာတွင် ဝမ်းကား အားရအောင်မသွားရပါ။ ဤသို့လျှင် မကြာမကြာအိမ်သာတက်နေရတတ်ပါသည်။

အစာမာမစားရဘဲ စွပ်ပြုတ်၊ ဆန်ပြုတ်၊ အရည်များနှင့်ရေကျက်အေးကိုသာ သောက်ပါသော်လည်း စားသောက်သမျှမှာ မကြေညက်ဘဲ ဗိုက်နာ၊ ဝမ်းလျှောလေဝမ်းမကွဲဖြစ်နေတတ်ရာ အာဟာရမဖြစ်တော့ဘဲ နှစ်ရက်၊ သုံးရက်အတွင်းမှာပင် လူနာမှာအားအင်များသိသိသာသာဆုတ်ယုတ်သွားပြီး လမ်းပင်မြန်မြန်မလျှောက်နိုင်တော့လောက်အောင် ချည်နဲ့သွားတတ်ပါသည်။

ဤသို့ဤနှယ် ဝမ်းကိုက်ရောဂါဒဏ်ကို မခံစားရလေအောင် ဝမ်းကိုက်ရောဂါစဖြစ်သည်နှင့် ဝမ်းကိုက်ပျောက်ဆေးသောက်ဖို့လိုပါသည်။ ယခုတင်ပြမည့် ဝမ်းကိုက်ရောဂါပျောက်ဆေးမှာ အဖိုးအခအထူးမကုန်ဘဲ အလွယ်တကူရရှိနိုင်ပြီး ဘေးထွက်ဆိုးကျိုးလည်း လုံးဝမရှိပါ။ နှစ်ခွက်လောက်သောက်ရုံမျှနှင့်ပင် ယူပစ်လိုက်သလို သက်သာပျောက်ကင်းနိုင်သောကြောင့် ဝမ်းကိုက်ပျောက်ဆေး၊ အလွယ်လေးဟု ဆိုလိုက်ရခြင်းဖြစ်ပါသည်။

ကွမ်းစားထုံးကြက်တက်ရည်ဟင်းစားဇွန်းတစ်ဇွန်းနှင့် နှမ်းဆီစစ်စစ် (နှမ်းဖြူဆီရလျှင်ပိုကောင်းပါသည်) ဟင်းစားဇွန်းတစ်ဇွန်းတို့ကို ကြွေပန်းကန်တစ်လုံးတွင်ထည့်ပြီး ကြွေဇွန်းဖြင့် သမအောင်မွှေပေးပါ။အတန်ကြာမွှေပေးပါ။ အတန်ကြာမွှေလိုက်လျှင် အဝါနုရောင်အရည် ဟင်းစားဇွန်း တစ်ဇွန်းစာရပါသည်။ နှစ်ဇွန်းမရပါ။ ထုံးကြက်တက်ရည်နှင့်နှမ်းဆီဓာတ်ပြုသွားခြင်းကြောင့် ဖြစ်ပါသည်။

ဆန်ပြုတ် သို့မဟုတ် စွပ်ပြုတ်ရည်တစ်ခုခုကိုသောက်ပြီး ထိုဆေးရည်ကို ကြွေဇွန်းဖြင့်ခပ်သောက်ပါ။ မခါးပါ။ ထုံးအရသာကို မသိမသာခံစားရပြီး နှမ်းဆီနံ့သင်းနေပါလိမ့်မည်။ ထို့နောက် အိပ်စက်အနားယူလိုက်ပါ။ လေလည်ချင်စိတ်များ ထင်ရှားစွာပေါ်ပေါက်လာပါလိမ့်မည်။ ထိန်းမနေပါနှင့်။ ညိုဝါရောင်ဝမ်းအရည်များလုံးဝပါမလာတော့ဘဲ လေချည်းသက်သက်သာ အသံတိတ်စတင်လည်လာပါလိမ့်မည်။ လေလည်ဖန်များသည်နှင့်အမျှ ဗိုက်နာလည်း သက်သာလာပါလိမ့်မည်။ မကြာမီ ဗိုက်လည်း ဆာလာပါလိမ့်မည်။ သို့ရာတွင် အစာမာများကို မစားသင့်သေးပါ။ ဆန်ပြုတ်၊ စွပ်ပြုတ်နှင့် ရေကျက်အေးကိုသာ စားသောက်သင့်ပါသည်။ စားသောက်ပြီး လဲလျောင်းအနားယူပါ။ လေများအသံထွက်လည်လာကာ ဗိုက်လည်းမနာတော့ဘဲ ဆီးရောဝမ်းပါ တဖြည်းဖြည်းကောင်းလာပြီး သက်သာပျောက်ကင်းသွားပါလိမ့်မည်။ ဤနည်းဖြင့် ဆေးတစ်ခွက်သောက်လိုက်ရုံမျှဖြင့်ပင် နေ့ချင်းပြီး ပျောက်ကင်းသွားသူများပါသည်။

မပျောက်ကင်းသေးပါက နောက်တစ်ကြိမ် ဗိုက်အဆာတွင် ဆန်ပြုတ်သို့မဟုတ် စွပ်ပြုတ်တစ်ခုခုသောက်ပြီး အထက်ပါနည်းအတိုင်း ဆေးထပ်သောက်ကာ အိပ်စက်အနားယူလိုက်ပါ။ အထက်ပါအတိုင်း လေလည်၊ ဆီးသွားကာ၊ ဝမ်းလည်းကောင်းလာပြီး ဝမ်းကိုက်ရောဂါပျောက်ကင်းသွားမည်ဖြစ်ကြောင်း စေတနာကောင်းဖြင့် ရေးသား တင်ပြလိုက်ရပါသည်။

ရွှေနွယ်ဦး



www.burmeseclassic.com

www.burmeseclassic.com

## တနင်္ဂနွေ

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော ဆွမ်းခံကြွလာသော သံဃာတော်များကို တန်းဆွမ်းလောင်းပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို မြောက်အရပ်က အကျိုးဆောင်နှင့်စပ်ရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်းပေါင်းစုံဝေဝေဆာဆာကပ်လှူပူဇော်ပြီး အမိဋ္ဌာန်ပုတီးများစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့် စက်ပစ္စည်းအဟောင်းအပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ပန်းခြောက်များစွန့်ပစ်ပေးခြင်း၊ အမှိုက်များကောက်ခြင်း၊ တံမြက်လှည်းခြင်းများပြုပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအမည်းရောင်လေးများဝတ်မသွားပါနှင့်။ ငှက်ကလေးများကိုလည်း အစာကျွေးပါ။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။

**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာတွေ့သောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## တနင်္လာ

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆန်၊ ဆေးဝါးများလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့်မကြာမကြာစတိရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို နံ့သာတုံးဖြင့် စတိခေါက်ပြီး စနေနာမည်ရှင်နှင့်စပ်ပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** -ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ဆီမီးများထွန်းညှိပူဇော်ပြီးအမိဋ္ဌာန်ပုတီးများစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အား ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - နေ့စဉ် မိုးမလင်းတလင်းထ၍ လမ်းမှာတံမြက်စည်းထွက်လှည်းပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆန့်ကျင်ဘက်ဖြစ်စေမည့် စကားများမပြောပါနှင့်။ ကိုယ်ကလျှော့ပေးပါ။

**ကျန်းမာရေး** - နွမ်းပါးသောသက်ကြီးရွယ်အိုများကိုတွေ့လျှင် ဆေးဝါး၊ ငွေကြေးလှူပါ။

**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၇) ဂဏန်းများစွာပါရှိအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**အင်္ဂါသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ရွတ်ဖတ်ပူဇော်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီအစချီသောဘုရားရှိခိုးဂါထာကို ပုတီးစိပ်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့်မကြာမကြာစတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသောဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံ့မှစ၍ ဗြိုဟ်ရှစ်ခွင်လှည့်ပြီး ဆီမီးထွန်းညှိပူဇော်ပါ။ မွေးနံပြန်ရောက်လျှင် မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေဂါထာတော်ရွတ်၍ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်းဆောင်ရွက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအမည်းရောင်လေးများဝတ်မသွားပါနှင့်။

**ကျန်းမာရေး** - ရေသတ္တဂါလေးများကို တစ်နိုင်ဇီဝိတဒါနပြုပါ။

**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်တွင် (၂) ဂဏန်းများစွာပါအောင်ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်းများ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** -သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အုန်းညွန့် (၆) ညွန့်နှင့် မကြာခဏ စတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - စနေနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းသို့သွား၍ ကုဋီများကိုရေဆေးခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေဖြည့်ခြင်းကုသိုလ်များပြုပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။

**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဒ္ဓသဂါထာရွတ်မန်းပြီးစားပါ။

**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ကြာသပတေးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံအသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆေးဝါး၊ ဓာတ်စာ၊ ငွေများလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပါ။

**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံမှစ၍ဗြိုဟ်ရှစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။ မွေးနံပြန်ရောက်လျှင် မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော် တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းကုသိုလ်ပြုပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အမည်းရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။





www.burmeseclassic.com

www.burmeseclassic.com

**ကျန်းမာရေး** - ငါးအရှင်လေးများကို ဈေးမဆစ်ဘဲ တစ်နိုင်ဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံထီဆိုင်တွင် (၁) ဂဏန်းများစွာပါအောင်ရွေးချယ်ကံစမ်းထားလိုက်ပါ။

**သောကြာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံအသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် နေ့စဉ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို သင်္ကန်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ရှေ့အဝင်ဝတွင် ဆီး (၈) ခက်ကိုကြိုးနှင့်ချည်ထားပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံများကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** -ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်းခဲ့ပါ။ အမှိုက်များကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - သက်ဆိုင်သူကို စိတ်ထဲမှာ အာရုံစူးစိုက်၍ (၁၅) မိနစ်ခန့် နေ့စဉ်မေတ္တာပို့ပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်းလမ်းမှာကြုံသော ထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီကံကောင်းတတ်ပါသည်။

**စနေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် (၃) ရက်ဆက်ဆေးပြီး တနင်္ဂနွေသားနှင့်စပ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ကြာသပတေးနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာခဏ သွား၍ တံမြက်လှည်း၊ အမှိုက်များကောက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူမွေးနေ့နှင့် ကိုယ့်မွေးနေ့ရက်များရောက်တိုင်း ဘုရားစေတီသို့သွား၍ မွေးနံထောင့်တွင် ရေသပ္ပာယ်ပါ။
**ကျန်းမာရေး** - စာကလေး (၃) ကောင် ဇီဝိတဒါနလွှတ်ပေးပါ။ စာကလေးများအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - လမ်းလျှောက်သွားရင်း လက်ဖက်ရည်ဆိုင်နှင့်နီးသော ထီဆိုင်တွင် (၄) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

ယခုလတွင်-

ဗုဒ္ဓဟူးစ အင်္ဂါပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ် သရဇ္ဈာယ်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။

ဥပမာ- ဝင်းချာန်၊ လှိုင်ညို၊ ရွှေဆက်၊ လူဇင်

*မိမိကောင်းမှုအကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည်သိန်းဇော်



www.burmeseclassic.com

www.burmeseclassic.com

# အစွမ်းထက်မြက် ကုက္ကိုရွက်

'အစွမ်းထက်မြက် ကုက္ကိုရွက်' ဆိုသည့်ဆောင်းပါးအား စာရှုသူများ အကျိုးရှိစေချင်သော စာရေးသူ၏ပင်ကို စိတ်ရှိသည့်အတိုင်း အကျိုးရှိကြစေလို သောအလို့ငှာ ရေးသားတင်ဆက်လိုက် ပါသည်။

တင်ဆက်သည်ဟုဆိုရာတွင်လည်း ကုက္ကိုရွက်ကို ဘယ်ကဲ့သို့လုပ်လိုက်ပါ ပျောက်ပါသည်ဟု တန်းရေးလိုက်ပါက စာရေးသူ၏ စိတ်သဘောအရပြောရပါ လျှင် စာအရလည်း ပေါ့သွားနိုင်သလို စာရှုသူတို့အတွက်လည်း သိရှိမှုအနှစ် အရသာပေါ့နိုင်သည်ဟုထင်ပါသည်။

သို့အတွက်ကြောင့် အမှန်တကယ် လက်တွေ့ကျကျ ပျောက်ကင်းသည့် ဝေဒနာရှင်နှင့် စာရေးသူတို့ တွေ့ဆုံ မေးမြန်းကာ ရေးသားတင်ဆက်ထားပါ သည်။ သို့မှသာ စာရှုသူတို့ ကွင်းကွင်း ကွက်ကွက်ကြီး သိရှိသွားကြလိမ့်မည်ဟု တွေးမိပါသဖြင့် စာရှုသူအပေါင်းတို့သည် မိမိတို့၌ဖြစ်စေ၊ အခြားသူတို့မှာဖြစ်စေ ကြုံတွေ့လာသောအခါဝယ် ကုသနိုင် သောနည်းဖြစ်ပါသဖြင့် ကုက္ကိုရွက်အစွမ်း ထက်မြက်ခြင်းအား သိရှိနားလည်ဗဟု သုတရသွားကြမည် ဖြစ်ပေသည်။

သုရဿဝတီမဂ္ဂဇင်းကြီးတွင် ကုက္ကိုရွက် ကြောင့် ရောဂါပျောက်ကြောင်းရေးကြ သည့် စာရေးသူများရှိကြပါသည်။

ထိုသို့ ရေးသားနေကြသည့်ကြား ထဲမှပင် စာရေးသူမှ ထပ်လောင်းကာ 'ရောဂါဆန်းတစ်ခု' ပျောက်ကင်းပုံကို ရေးသားတင်ပြလိုက်သောအခါ စာရှုသူ အပေါင်းအကျိုးကောင်းများထပ်ဆောင်း ၍ ရသွားရမည်ဟု စာရေးသူ ယုံကြည် မိပါသဖြင့် အတတ်နိုင်ဆုံး အတိုချုံးကာ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

□

ထိုဆေးရရှိပုံမှာ ၁၀-၆-၂၀၀၉ ညနေပိုင်းက (၂) မတယစက်ရုံဂိတ်ကြီး မှ စာရေးသူနှင့် စက်မှုကျောင်းအတူတူ ဆင်းခဲ့သူလည်းဖြစ်၊ ရင်းနှီးရတဲ့သူငယ် ချင်းလည်းဖြစ်သူ ဦးကျော်ဝင်း (လုံခြုံ ရေး) နှင့် တွေ့ဆုံမေးမြန်းခွင့်ရရှိကာ သိရှိခဲ့ရခြင်း ဖြစ်ပါသည်။

စာရေးသူ မေးမြန်းဖြစ်ခြင်းက လည်း ကွင်းလှစာတိုက် စာရေးမလေး မအေးအေးခိုင်မှ ဦးကျော်ဝင်း၏ဇနီး ရောဂါပျောက်ကင်းသွားပုံကို အကျဉ်းမျှ ပြောပြခဲ့ရာမှ အစပြု၍ စာရေးသူသည် ပို၍ ခိုင်မာသေချာစေရန် သူငယ်ချင်း ဦးကျော်ဝင်းထံသွားရောက်ကာ တွေ့ဆုံ ဆွေးနွေးမေးမြန်း၍ ဆေးနည်းအား ရရှိ ခဲ့ခြင်း ဖြစ်ပါသည်။

□

ဦးကျော်ဝင်းပြောပြပုံမှာကတော့ သူ၏ဇနီးသည် အူမကြီးကင်ဆာရောဂါ ဝေဒနာကို စတင်ဖြစ်တဲ့အချိန်မှ ယနေ့ အထိ (၃) နှစ်ခွဲခန့်ကြာအောင် ကုစားခဲ့ ရပါကြောင်း စတင်ပြောပြပါသည်။

အစပထမတွင် ဦးကျော်ဝင်း၏ ဇနီးသည် အူမကြီးကင်ဆာရောဂါအား ဆေးထိုး၊ ဆေးသောက် ကုသနေခဲ့ရာမှ မပျောက်သဖြင့် ခွဲစိတ်ကုသမှုခံယူခဲ့ပါ သည်။

ခွဲစိတ်ကုသပြီး သက်သာသလိုလို နှင့် မသက်မသာဖြစ်လာသောအခါ ပါရဂူနှင့် ထပ်မံဆေးစစ်ကြည့်ရာ ရောဂါ ၏ အခြေအနေအရ ဒုတိယအကြိမ် ထပ်မံခွဲစိတ်ကုသမှုကို ခံရပြန်ပါသည်။

ဒုတိယအကြိမ် ခွဲစိတ်ကုသပြီး ၍ ဆေးဆက်သောက်နေပါသော်လည်း တစ်ဖန် သက်သာသယောင်နှင့် မသက် မသာပြန်ဖြစ်လာခဲ့ရာ တတိယအကြိမ် ထပ်မံ၍သွားရပြန်ပါလေသည်။

နောက်ဆုံး တတိယအကြိမ်တွင် အူမကြီးအကုန်လုံး ဖြတ်ထုတ်ကုသခံခဲ့ ရာ မစင်လမ်းကြောင်းကိုပင် ဗိုက်မှ ဖောက်ထုတ်၍ လွှဲပစ်လိုက်ရသည်အထိ ဖြစ်ခဲ့ရလေသည်။ ထိုအခါ စအိုဝသည် နို့ဆီဘူးအဝခန့် အနာပေါက်ကြီးဖြစ်ကာ ကျန်ရစ်သဖြင့် အနာကျက်ရန် ကုသရ ပြန်ပါလေ၏။ နိုင်ငံခြားဆေးနည်းမျိုးစုံ သော်လည်း အနာရောဂါမပျောက်သည့် အပြင် ပို၍ပင်ဆိုးလာသဖြင့် ငွေကုန်လူ ပန်းဖြစ်နေသော ဦးကျော်ဝင်းခမျာ ဇနီးအတွက် စိုးရိမ်စိတ်တို့ ပိုမိုဆိုးရွား လာပါလေသည်။

ထိုသို့နေရာမှ ကွင်းလှ လယ်ပြင် တန်းကျေးရွာမှ ဦးအေးနိုင်ဆိုသူနှင့် ဦးကျော်ဝင်းတို့ မမျှော်လင့်ဘဲ ဆုံစည်း ကြရာ ဦးအေးနိုင်ဆိုသူမှ သူနှင့်သိကျွမ်း သူ အမျိုးသမီးတစ်ဦးသည် ရင်သား ကင်ဆာဖြစ်သဖြင့် သူမ၏ ရင်သား နှစ်ဖက်စလုံး ဖြတ်တောက်ကုသရာတွင် ရင်သားနှစ်ဖက်စလုံးသည် ပြည်တရွှဲရွဲ နှင့်နေရာမှ သူကိုယ်တွေ့ ဤဆေးနည်း ဖြင့် ပျောက်ကင်းကြောင်း ပြောပြသဖြင့် ရရှိခဲ့ရလေသည်။

ကြုံရာမရဖြစ်နေသော ဦးကျော် ဝင်းသည် ကုက္ကိုရွက်နုများကိုခူးကာ ကျောက်ပျဉ်ပေါ်တွင် ကျောက်ခဲသန့် သန့်ဖြင့် ထုထောင်းပြီး အရည်ညှစ်ကာ ရေနွေးအကြမ်းပန်းကန် တစ်ဝက်ခန့် အရည်ရသည်နှင့် ဇနီးဖြစ်သူအား စတင် တိုက်လေသည်။

အနံ့မှာ စိမ်ရွှေရွှေဖြစ်ပြီး အရသာ မှာတော့ ခါးလှပါသဖြင့် ဇနီးသည်မှာ မျိုချရခက်သည်ဟု ဆိုပါသည်။

သို့သော်လည်း ရောဂါပျောက် ရေးအတွက် သောက်ရပေသည်။ ထိုနေ့ မှာပင် နံနက်၊ နေ့လယ်၊ ည ဟူ၍ (၃) ကြိမ်တိုက်လိုက်ပါသည်။

ထိုသို့ (၃) ရက်တိုက်ပြီး နောက် နေ့တွင် စအိုအနာကို ဖွင့်ကြည့်လိုက်ရာ ပြည်တစိုစိုအရည်တစိုစိုနှင့်ဖြစ်နေသော အနာသည် ခြောက်သယောင်ယောင် အသွင်သဏ္ဌာန်ပြောင်းနေသည်ကို တွေ့ ရသဖြင့် ဝမ်းသာသွားကာ နေ့စဉ်တိုက် ခဲ့ရာ (၃) ပတ်အတွင်း အနာလုံးဝသက် သာပျောက်ကင်းသွားခဲ့ပါလေသည်။

ပထမဆုံးအပတ်တွင် ဆေးကို တစ်နေ့ (၃) ကြိမ်တိုက်ခဲ့သော်လည်း ဒုတိယအပတ်နှင့် တတိယပတ်တို့တွင် တစ်နေ့တစ်ကြိမ်မျှသာတိုက်သည်ဟုဆို ပါသည်။

ယခင်က ညှော်ရှောင်ရ၊ အစား အစာရှောင်နေရသော ဦးကျော်ဝင်း၏ ဇနီးသည် အညှော်တို့၊ အစားအစာတို့ ရှောင်စရာမလိုတော့ဘဲ အနာနှင့်ကင်ဆာ ရောဂါဝေဒနာတို့ ပျောက်ကင်းသွားကာ ကျန်းမာသွားပြီဖြစ်ကြောင်း စာရေးသူ အား ဝမ်းပန်းတသာပြောပြခဲ့ပါသည်။

စာရေးသူတို့ မြန်မာပြည်ကြီးတွင် ကုက္ကိုပင်တို့သည် နေရာဒေသအနှံ့ ပေါများစွာရှိနေပါသဖြင့် အလွယ်တကူ ရရှိနိုင်ပြီး ငွေတစ်ပြားတစ်ချပ်မကုန်ဘဲ ရောဂါပျောက်ကင်းနိုင်ပါသောကြောင့် ဦးကျော်ဝင်းတို့ မိသားစုနှင့်အတူ စာရေး သူကပါ စေတနာအပေါင်းဝေဖြာလောင်း ၍ စာရှုသူအပေါင်းတို့အား ကြေညာ မောင်းခတ်လိုက်ရပါတော့သတည်း။

ဦးကျော်ဝင်း (လုံခြုံရေး)
(၂) မတယအား
ကျေးဇူးတင်စွာဖြင့်
သုရဿဝတီမဂ္ဂဇင်းကြီးမှတစ္ဆ
စာဖတ်ပရိသတ်တို့အား
အစဉ်လေးစားလျက်

ဦးကိုကိုကြီး(စစ်ဆေးရေး)
ဝစစ (၁၂)၊ ထုံးဘို



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ အတွက်

ဆရာဦးမောင်မောင်သန်း

(ရှင်ကိုအေးမြေဓသေး)

# ခုနစ်ရက်သားသမီး ဟောစာတမ်း

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် တနင်္လာနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့်တိုင်ပင်ပါ။ ကူညီပံ့ပိုးမှုများရရှိပြီး အောင်မြင်ပါလိမ့်မည်။ (၇) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စက်ပစ္စည်းဝယ်ရန်ရှိပါက နံသင့်သူများနှင့် တိုင်ပင်ပါ။ ဝယ်ယူစဉ်က အကောင်း၊ ကိုယ့်ဆီရောက်မှပျက်သွားတတ်၍ဖြစ်ပါသည်။ ကြာသပတေးနံသင့်ကိစ္စများ ထစ်ငေါ့နေတတ်ပါသည်။ အရှုပ်အရှင်းရှိတတ်၍ အထူးသတိထားဆောင်ရွက်ပါ။ လူမျိုးကွဲနှင့်အလုပ်အတူတွဲလုပ်ပါက အခက်အခဲများရှိတတ်၍ ရှောင်လိုက်ပါ။ အိမ်တွင်းရေး အိမ်ထောင်ရေးများသာယာမည်။ ကျန်းမာရေးကောင်းနေစေရန်အတွက် ဆီး၊ ဝမ်း၊ လေအချုပ်မခံပါနှင့်။ အချဉ်၊ အစပ်များ လွန်ကဲစွာမစားပါနှင့်။ ဒူးနာ၊ အကြောနာဂရုစိုက်ပါ။ ဆေးမကြာခဏလူ့ပါ။ ပညာရေးကောင်းပါသည်။ ရာထူးတိုးစာမေးပွဲဖြေဆိုလျှင်လည်းအောင်မည်။ အပေါင်းအသင်း သူငယ်ချင်းများနှင့် အသွားအလာ အပျော်အပါးလျှော့ပါ။ နှလုံးသားရေးရာကိစ္စများတွင် ချစ်သူနှင့်စကားပြောရင်း စိတ်တိုရတတ်ပါသည်။ လိုရင်းပြောသင့်ပါသည်။ ထီဝါသနာပါသူများအတွက် သောကြာနံထီဆိုင်တွင် (၁၊ ၆၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ဘုရားရှင်အား အုန်းသီးစိတ်များနှင့် ပူဇော်ပါ။*



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် စနေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၅)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ သူတစ်ပါး၏ ငွေကြေးကိစ္စများကိုလည်း လုံးဝအာမမခံပါနှင့်။ ကားမောင်းနေသူဖြစ်လျှင် ကားကို လုံးဝအမြန်မမောင်းပါနှင့်။ အိမ်တွင်းရေးများသာယာနေစေရန် စကားကိုဆင်ခြင်ပြောပါ။ နားလည်မှုထားပေးပါ။ အတိုက်အခံများလွန်းပါက နီးရာဘုရားစေတီတစ်ဆူသို့လမ်းလျှောက်သွားပြီး တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။ ကျန်းမာရေးကောင်းစေရန် ဓာရဏပရိတ်တော်ကို အဓိဋ္ဌာန်နှင့်ရွတ်ပါ။ လမ်းများများလျှောက်ပါ။ ဆီးနှင့်ဆိုင်သောဝေဒနာများဖြစ်မလာအောင် အစားအသောက်ဆင်ခြင်ပါ။ လွန်ကဲစွာအဆာမခံပါနှင့်။ ခါးနာတတ်၍ အလေးအပင်များမ,လျှင် သတိထားပါ။ ပညာရေးကံများကောင်းနေပါသည်။ ကြိုးစားရင်း အဖျားမရှူးပါစေနှင့်။ အလုပ်လျှောက်ထားသူများ ရသည့်အလုပ်နှင့်မိမိအဆင်မပြေဖြစ်နေပါလိမ့်မည်။ နောက်ထပ်တစ်ကြိမ်ရသည့်အလုပ်သာကိုယ်နှင့်သင့်တော်မည်။ ချစ်တတ်သူများအတွက် စကားများများပြောမိတိုင်း အမှားပါနေတတ်ပါသည်။ ခိုလေးများကို အစာကျွေးပါ။ ထီကံကောင်းနေပါသည်။ စနေနာမည်ရှင်များနှင့် စပ်တူရှယ်ယာထိုးထားပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ ကြိုက်ရာထိုးပါစေ။ ထီပေါက်တတ်ပါသည်။

ယတြာ ။ ။ *ဘုရားရှင်အား ပန်းပေါင်းစုံ (၇)မျိုးနှင့် ပူဇော်ပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် တနင်္လာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၃) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ လူမျိုးကွဲနှင့် စပ်တူရှယ်ယာကိစ္စများ အကျိုးမပေး၍ ရှောင်လိုက်ပါ။ မိမိအိမ်တွင် စက်ပစ္စည်းများမကြာခဏပျက်နေတတ်ပါသည်။ ဆိုင်ကယ်စီး၊ စက်ဘီးစီးမည်ဆိုပါက အကြမ်းပတမ်းမစီးပါနှင့်။ ရရန်ရှိသောငွေများ မမျှော်လင့်ဘဲပြန်ရခြင်း၊ မမျှော်လင့်ဘဲ ငွေအစုလိုက်အပုံလိုက်ဝင်ခြင်းများကြုံမည်။ အဝင်ကြမ်းသလို အထွက်လည်းကြမ်းမည်။ အိမ်တွင်းရေးသာယာမည်။ အတိုက်အခံများသောကိစ္စများရှိနေပါက ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။ ကျန်းမာရေးကောင်းနေသော်လည်း အစာအိမ်ရောဂါဖြစ်ဖူးသူများ လွန်ကဲစွာအဆာမခံပါနှင့်။ ငှက်ကလေးများကို အစာကျွေးပါ။ ကိုယ်လက်လှုပ်ရှားပေးပါ။ မွေးနေ့ရောက်တိုင်း အသားစားရှောင်ပါ။ ပညာရေးကံများကောင်းနေပါသည်။ လွန်စွာအိပ်ရေးပျက်ခံရန်မလိုပါ။ ပုံမှန်စာကိုလုပ်ရပါမည်။ ချစ်တတ်သောသူများအတွက်လည်း သာယာပျော်ရွှင်မှုများရရှိနေပါလိမ့်မည်။ ငှက်ကလေးများကိုသာ မကြာမကြာအစာကျွေးပါ။ ထီဝါသနာရှင်များ သောကြာနံ၊ တနင်္လာနံထီဆိုင်များတွင် (၆၊ ၁၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ငါးအရှင်လေးများကို တစ်နိုင်လွှတ်ပေးပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများတွင် စနေနာမည်ရှင်များ၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၅)ဂဏန်းလုံးဝအကျိုးမပေးပါ။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ အိမ်ရှိ စက်ပစ္စည်းအဟောင်းများ ပြန်လည်အသုံးဝင်နေတတ်သည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စကားဟောင်း၊ ပြဿနာအဟောင်းအတွက် ကတောက်ကဆဖြစ်တတ်ပါသည်။ ကိုယ်ကလျှော့ပေးသည်းခံပေးလိုက်ပါ။ စိတ်ချမ်းသာမှုရရှိပါလိမ့်မည်။ ကျန်းမာရေးအတွက်လိုအပ်ပါက ကိုယ့်သဘောနှင့်ကိုယ် ဆေးဝယ်မသောက်ပါနှင့်။ ဆေးပညာရှင်များ၏ညွှန်ကြားမှုကိုသာ ခံယူပါ။ အတိုက်အခံများနေပါက သမ္ဗုဒ္ဓေဂါထာကို အဓိဋ္ဌာန်နှင့်ရွတ်ပါ။ ပညာရေးကံများ တစ်ခါတစ်ခါ ယိုင်ယိုင်သွားတတ်၍ စိတ်ကိုတည်တည်ငြိမ်ငြိမ်နှင့်ကြိုးစားပါ။ အပေါင်းအသင်းတွေနှင့် အသွားအလာမလျှော့ပါ။ ချစ်တတ်သူများ စိတ်ပျော်ရွှင်မှုရရှိပါလိမ့်မည်။ ကိုယ့်ချစ်သူကို သဝန်မတိုမိပါစေနှင့်။ စကားပြောလည်းဆင်ခြင်ရပါမည်။ ထီဝါသနာပါသူများအတွက် သောကြာနံ၊ စနေနံထီဆိုင်များတွင် (၆၊ ၇၊ ၄၊ ၈) ဂဏန်းများများပါအောင် ရွေးချယ်ကံစမ်းထားပါ။ စနေနာမည်ရှင်များနှင့် စပ်တူကံများလည်းကောင်းပါသည်။

ယတြာ ။ ။ *မျက်စိဝေဒနာရှင်တစ်ဦးဦးကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသောကိစ္စများအတွက် တနင်္ဂနွေနာမည်ရှင် ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၃) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ လူမျိုးတွဲအကျိုးပေး၍ စပ်တူ ရှယ်ယာကိစ္စများတွဲဖက်မလုပ်ပါနှင့်။ သူတစ်ပါးကိုအာမခံရမည့်ကိစ္စများရှောင်ရပါမည်။ ရန်ဖြစ်တာ၊ လောင်းကစားလုပ်တာ တွေလည်း အထူးဆင်ခြင်ပါ။ အတိုက်အခံများလွန်းပါက သမ္ဗုဒ္ဓေဂါထာကို နေ့စဉ် (၁၀၈) ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ အိမ်ထောင်ရေး၊ အိမ်တွင်းရေးများသာယာနေစေရန် နှစ်ဖက်ညီအစ်ကိုမောင်နှမများ၏စကားကို အထအနတောက်ပြီး စကား နိုင်မလုပ်ပါနှင့်။ စကားများလျှင်လာဘ်ပိတ်သွားတတ်ပါသည်။ အလုပ်လျှောက်ထားသူများ၊ အင်တာဗျူးဖြေဆိုထားသူများနှင့် ရာထူးတိုးစာမေးပွဲဖြေဆိုထားသူများ အောင်မြင်မှုများရရှိပါလိမ့်မည်။ ကျန်းမာရေးကောင်းပါမည်။ လိုအပ်ပါက ပရိမိတ္တဇာလ သုတ်၊ ဖုဿသဂါထာတို့ကို အမိဋ္ဌာန်ဖြင့်ရွတ်ပါ။ ဆေးလှူပါ။ လမ်းများမျှားလျှောက်ပေးပါ။ ပညာရေးနှင့်ဆိုင်သောကံများ ကောင်းနေပါသည်။ ကြိုးစားပါ။ အဖျားမရှူးသွားပါစေနှင့်။ ချစ်တတ်သူတို့၏ နှလုံးသားရေးရာများတွင် စိတ်ဆိုးစိတ်ကောက် သွားအောင် မကျီစားပါနှင့်။ မကြာခဏ ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်ဖြစ်နေတတ်ပါသည်။ ထီဝါသနာပါသူများ တနင်္ဂနွေနံ ထီဆိုင်တွင် (၁) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။** ***ဂုဏ်တော်(၉)ပါးကို အဓိဋ္ဌာန် (၉) ရက်ဝင်၍ ပုတီးစိပ်ပါ။***

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် သောကြာနာမည်ရှင်၊ စနေနာမည် ရှင်၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ လောင်းကစားကိစ္စ ကိုယ်လည်းမလုပ်ပါနှင့်။ သူတစ်ပါးကိုလည်း အာမမခံပါနှင့်။ ငွေကြေးအခက်အခဲများအတွက် အဆင်ပြေသွားစေရရန် ကျီး လေးများကို အမြဲအစာကျွေးပါ။ အလုပ်ကိစ္စများထစ်ငေါ့နေပါက မိမိမွေးနံထောင့်တွင် အဓိဋ္ဌာန်ဝင်ပါ။ ပုတီးများစိပ်ပါ။ အထူးအောင်မြင်မှုရရှိပါလိမ့်မည်။ အိမ်တွင်းရေးများသာယာစေရန် အိမ်ဆူအိမ်ပူသည်အထိ မြည်တွန်တောက်တီးနေခြင်းများ ရှောင်လိုက်ပါ။ ကျန်းမာရေးတွင် ခါးနာခြင်း၊ ခြေထောက်နာခြင်း၊ အဆစ်များနာခြင်းဖြစ်တတ်ပါသည်။ အလေးအပင်များ မ,မပါနှင့်။ ကိုယ်နှင့်မတည့်သောအစားအသောက်များ ရှောင်လိုက်ပါ။ ခွေးလေးများကို အစာကျွေးပါ။ ပညာရေးကောင်း နေပါသည်။ ဖတ်မှတ်ထားသောစာများမေ့မသွားအောင် ဖိဖိစီးစီးကျက်မှတ်ပါ။ ချစ်တတ်သူများအနေဖြင့် မည်မျှပင်ရန်ဖြစ်ဖြစ်၊ စကားများများ ပြန်တည့်သွားပါလိမ့်မည်။ သို့သော် ရေသတ္တဝါလေးများကိုလည်း မကြာမကြာအစာကျွေးပါ။ ထီထိုးမည်ဆိုပါက ခရီးသွားရင်း လမ်းမှာတွေ့သောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

**ယတြာ ။ ။** ***ဘုရားစေတီတစ်ဆူဆူသို့သွားပါ။ ဘုရားဖူးလာသော သက်ကြီးဝါကြီးတစ်ဦးဦးကို ဘုရားပူဇော်ဖို့ ပန်းပေါင်းစုံဝယ် ပေးလိုက်ပါ။ ပြီးလျှင် ငွေလှူလိုက်ပါ။***

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင် ဆောင်ရွက်ပါ။ ဗုဒ္ဓဟူးနာမည်ရှင်များ ဒုတိယအကျိုးပေးပါသည်။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ကိုယ်မကျွမ်းကျင် သောလုပ်ငန်းများမလုပ်ပါနှင့်။ ငွေကြေးကိစ္စများအရှုပ်အရှင်းမရှိအောင် စာရင်းဇယားများနှင့် ဆောင်ရွက်ထားပါ။ စက်ပစ္စည်း အဟောင်း၊ အသစ်များမဝင်ပါစေနှင့်။ အတိုက်အခံများနေပါက သွားရင်းလာရင်း သမ္ဗုဒ္ဓေဂါထာရွတ်ဖတ်သရဇ္ဈာယ်ပါ။ အလုပ် လျှောက်ထားသောနေရာတိုင်းမှ အလုပ်ခန့်စာများရရှိနေ၍ ရွေးချယ်ရန်လိုအပ်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးသာယာ မည်။ သားသမီးများ၊ မောင်နှမသားချင်းများ၏ သတင်းကောင်းများကြားရမည်။ ကျန်းမာရေးပူစရာမလိုပါ။ အချိုအဆိမ့်များ လွန်ကဲစွာမစားပါနှင့်။ ချဉ်စာများရှောင်ပါ။ လမ်းများမျှားလျှောက်ပေးပါ။ ပညာရေးကံများကောင်းပါသည်။ ရပါသည်ဟုထင်ပြီး သာ အဖျားရှူးမသွားပါစေနှင့်။ ဆက်ကာဆက်ကာကြိုးစားပါ။ ဆက်ကာဆက်ကာ အောင်မြင်မည်။ ချစ်တတ်သူများအတွက် ကိုယ့်ချစ်သူကို သူတစ်ပါးနှင့်နှိုင်းယှဉ်ပြီး စကားမပြောမိပါစေနှင့်။ အပြန်အလှန်သစ္စာရှိနေသည်ဟု ယုံကြည်ထားပါ။ လာဘ် လာဘအတွက် ငွေဝင်စေသောဂါထာများကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။ အကုန်အကျလည်း သက်သာသွားပါမည်။ ထီထိုး ရန်အတွက် တနင်္ဂနွေနံထီဆိုင် (၂) ဆိုင်ခွဲထိုးပါ။ (၁၊ ၆၊ ၄၊ ၈) ဂဏန်းများနှင့် ပြည့်နေအောင် ရွေးချယ်ပါ။

**ယတြာ ။ ။** ***ကဏန်းအရှင်လေးများကို ရေအရှင်မှာ ဘေးမဲ့လွှတ်ပေးပါ။ မရလျှင် ငါးအရှင်လေးများလွှတ်ပေးပါ။***

ရ င် ကို ေ အ း မြ ေ စ သ ာ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၇၅၂) ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့



www.burmeseclassic.com